
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com













## ဘာသာရေးဆောင်းပါးများ


၅ တပည့်ကောင်း
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၆ အသွားမတော်တစ်လှမ်း(၂)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၁၅ ဝေပုလ္လာရာမဆရာတော်ဘုရားကြီး၏
မေတ္တာသိဒ္ဓိဘာဝနာကျမ်းလာ
မေတ္တာသီလခံယူဆောက်တည်ပုံ
မြတင်း(ဓနသ)

၁၆ ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန
ခရီးသွားမှတ်တမ်း
ဦးဥာဏ(ကြွယ်ဓိဝ်ချွ)

၂၆ ဂုဏ်တော်တန်ခိုးအကျိုးကြီးကျယ်
ကောင်းစံသာ(မင်းတုန်း)

၂၉ ရွှေကံ့ကူလေပုံ့သစ်တော်ရုပ်ရှင်တော်
မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များ
လာရောက်ဖူးမြော်ခြင်း၊ ကျွတ်တမ်းဝင်
ကြခြင်းများနှင့်ထူးခြားမှုများ
ဘိုဘို(ရွှေကံ့ကူ)

၃၉ သရဏဂုံကိုယ်လုံးခြုံ
ချောင်းဆုံအုန်းသွင်

၄၁ သိရီမွှောသောကမင်းပမာ
ဗဒုံမင်းသာသနာ
ဗန်းမော်မြို့ ဓာတ်ပေါင်းစုစေတီမဟာ
ခင်ခင်ဝင်း(မောရဝတီ)

၅၀ သိဒ္ဓိပြီးကြောင်းလက္ခဒ္ဓိပါဒ်များ
မျှော်ပုံတင်နိုင်ဝင်း

၅၃ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၁၁)
ကံဝင်း

၅၉ သမ္မုဒ္ဓေနှင့်ပရိတ်ပဌာန်းအစွမ်းအံ့မခန်း
မြတ်သရုပ္ပ(အထက်မင်းတု)

၆၁ တန်ခိုးဩဇာပြည့်စုံစေသော
ခြသေ့်မင်းစမဆောင်ရအောင်
သုဓ္မ(နဝင်းမြို့)

၆၃ သချိုင်းဂူတွေကြားက
ချောင်းခွရွာသုသာန်ကျောင်း
တရားစခန်းသို့
ကလေး-ဝင်းသူ

၇၁ အမြစ်အညွန့်နှစ်နံတွဲ
စိုက်ပျိုးတတ်လျှင်ချမ်းသာမြဲ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၇၃ နှစ်ပေါင်းတစ်ရာကျော်က တည်ထား
ကိုးကွယ်ခဲ့ကြသော မတ်တစ်ထောင်
စေတီတော်သို့
ဘုန်းခေါင်

၇၇ ဘုန်းကံကြီးမား မင်းဧကရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၁)
သစ္စာပါဠိ-ဦးမြင့်အောင်

၈၁ ရှေးမြန်မာမင်းများခေတ်အဆက်ဆက်
၏ပဌာန်းပူဇော်ပွဲများ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၈၈ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၁၆)
ထုံးတောင်-အရှင်ဓမ္မပီယ(ခမြောင်)

၁၀၃ ရက်ကန်းစင်တောင်ဆရာတော်ကြီး
အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၁၁၀ ပထမံဝိဇ္ဇာရေ
ထွက်ရပ်ပေါက်လောကီပညာနှင့်
ကျေးဇူးရှင် စစ်ကွင်းဆရာတော်
ဦးစန္ဒောဘာသ (၂၅)
ပထမံဆရာဦးအေးရွှေ

၁၂၂ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၁၂၇ ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်
ကြီး တရားထူးရာမှီးခဲ့ရာ ခရီးလမ်း
ကြမ်းတမ်းခက်ထန် တောင်တော်
သုဝဏ္ဏသို့
အာကာသ(သာစည်)

၁၄၁ ဘိုးတော်ဘုရား(ဗဒုံမင်း)ကောင်းမှု
သိမ်(၄)သိမ်၊ ဂူ(၄)ဂူ ရွှေဂူစေတီတော်
မောင်စိမ်းအေး(ထားဝယ်)

၁၅၃ မြန်မာ့ဗုဒ္ဓသာသနာ့ဂုဏ်ဆောင်
ရဟန္တာနှင့်ဓာတ်တော်များ
ရွှေချို့အောင်(ငပလီ)

၁၇၂ ဥပ္ပါတသန္တိအစီအရင်ဂါထာမြတ်
ရာမည-သွေးမွှန်

၁၇၇ မဟာကျန်ရုပ်ရှင်တော်မြတ်
ယန်းချီလူးလု
(ရှေးဟောင်းသုတေသန)

၁၈၅ မဟာဗောဓိပင်နှင့်
သတ္တဌာနတည်နေရာ
အကွာအဝေးများ (၂)
ဉာဏ်လွင်မြင့်

၁၈၇ နဘုလယ်ဒေသမှ မြတ်စွာဘုရား
လက်ဝဲခြေတော်ရာတစ်ဆူ
အဋ္ဌနု(မန္တလေး)


www.burmeseclassic.com

www.burmeseclassic.com

## သုတရသဆောင်းပါး


နတ်ပြဂ္ဂသို့တစ်ခေါက်
မင်းမြတ်သိန်း(လားရှိုး)

ထိုင်းနိုင်ငံမှမပုပ်မသိုးရုပ်ကလာန်းတော်ရုပ်
အလောင်းများစံမြန်းရာအောင်မြေများဆီသို့
ကျော်နိုင်ခန့်

ဥယျာဉ်ဒက
ဦးစန္ဒိမ(စလင်း)

ဓနူကျမ်းဂန်ထဲက
လျှို့ဝှက်ဖြစ်ထွေပုံရိပ်များ(၁)
မင်းရှိန်အောင်

ဆုဇဝင်ထဲက
အနောက်ပွဲတက်အခမ်းအနား
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

အဘအောင်မင်းခေါင်နှင့်
ဝိဇ္ဇာဂန္ဓာရီခရီးစဉ်(၆)
အဏ္ဏဝါလှိုင်း

သဘာဝဓမ္မ
ကိုးကွယ်ထိုက်စွာ ဆရာအစစ်
ချောင်းဆုံအုန်းသွင်

ဓနောမယဂန္ဓာရီ(၂)
မောင်ကျောက်တိုင်

မြွှမပြည့်ရှင်ဝါရီရှ
နိုင်ခင်မောင်လေး

သွိုယဘိုမင်းနှင့်
နှာလရာဇ်ဆေးကုထုံးများ
ကိုဓနေ

ဦးနိုပိုးမွှားကျနေလျှင်
ကောင်းစံသာ(မင်းတုန်း)

သာသနာဖျက်အခံခက်
နိုင်နိုင်

ဒုန်နိုမေသတင်းထောက်၏
သေရွာပြန်စာရင်း
သွန်းထက်

ဒုကိုင်းအတွက် မိုတိုင်းဖုန်းအကြောင်း
ကောင်းစရာ
မောင်မွှင့်ညာဏ်(မောရ)

မြကုရိုးရာနတ်ယုံကြည်မှုဓလေ့
မောင်သန်းဆွေ(ထားဝယ်)

ညောင်ရမ်းထိပ်တင်မကြီး၏ရွာပန
တင်နိုင်တိုး

ကိုဘိုနီခေတ်
မြှောင်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

အောက်ကပ်ဘယ်လိုဆေးသလဲ
[illegible]

ကိုလိုနီခေတ်အရဏ်ဦးမှ
ဆေးခေတ္တရာမြို့ဟောင်း
[illegible](ညောရေး)

ဆောင်ခနိုင်စေ
[illegible]အောင်(မြင်းခြံ)


## သုရဿတိုင်းရင်းဆေး


၁၄၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(ဆေးတက္ကသိုလ်)

၁၄၇ အဘိုးပေးသောဆေးမြီးတို
ကြည်ပြာမောင်(သဖင်မြေ)

၁၆၃ ဖောက်ကင်းစင်၍
ဆံကေသာနက်မှောင် သန့်စွမ်းလိုသော်
စနေသား(မြောင်းမြ)

၁၇၄ လက်တွေ့ကိုယ်ရောင်ပျောက်ဆေးနည်း
အေးချမ်းအောင်(ရမည်းသင်း)

၁၉၅ ကြက်မျက်သင့်ဝေဒနာ
မစိုးရိမ်ပါနှင့်
ဖန်ခါးမောင်မောင်(စား/ထွေ)

၂၃၀ အဆိပ်မိခြင်း၊သွေးသွန်ခြင်း၊သွေးလွန်ခြင်းများအတွက် ဆေးနည်းကောင်းနစ်လက်
တက္ကသိုလ်မောင်လှလှ

၂၃၃ ဘကြီးပေးသောမြွေဆေး
တင်နိုင်ဝင်း(ထမင်းရေးမြို့)

၂၅၃ နာခေါင်းရောဂါအတွက်
ဆေးတစ်လက်
ဇာတိဂုဏ်-မျိုးမြင့်အောင်

၃၀၀ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက် လျှာလည်းလောက်သည့် ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ(၁)
ဦးမင်းဇင်(ရွှေနဝင်း)

၃၀၆ ဣသရမူလီအရွက်
ကင်ဆာရောဂါ တကယ်ပျောက်သလား
ထွန်းအောင်ရင်


## သုရဿဝတ္ထုတို


၁၄၈ ပါထာဘတိပါတလူမိုက်
နန္ဒဝင်းကျော်ခေါင်

၁၆၀ ဗိညာဉ်အငြိုး
ပြည်စိုး(စစ်ကိုင်း)

၁၉၈ ရှင်ပြုမသာ
နေပြည်တော်ကျော်ကျော်စိုး


၂၁၀ နေညိုညို ရေစိုစိုနှင့် မေပျို
နေဝိဇ္ဇာ


၂၂၂ ကြောင်အပြေးခွေးအလိုက်
သန့်ဇင်

၂၂၅ လူဝင်စား
မောင်မောင်သန်းထွန်း

၂၃၄ မောင်နှံခုနစ်ဖော်ရေကန်တော်မှ
ဆန်းကြယ်သောငွေမတ်စေ့ကလေး
ကိုဇော်ဝင်း(လှတော)

၂၄၂ တွံတေးတောကြီးတန်းတစ်နေရာမှ
ရင်နင့်ဖွယ်ရာ အတိတ်ဇာတ်လမ်းလေးတစ်ပုဒ်
ငွေလသာ(တွံတေး)




၂၄၆ အဘဘိုးမင်းခေါင်ရဲ့
ဂမ္ဘီရဆန်သောလက်တွေ့ပြသမှု
ရသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

၂၅၈ အဖြေမဲ့သောထိုပုစ္ဆာ
နန္ဒာစိုး(ဆင်ဖြူကျွန်း)

၂၇၀ ငါ့အိမ်
ရွှေပြည်စိုး(မိုးကုတ်)

၃၁၄ ရခိုင်ရိုးမဓားပြ
မဟာနွယ်(မန်းတက္ကသိုလ်)

၃၂၀ သိုက်နန်းသို့မပြန်ရအောင်
ကောင်းသော်

၃၄၀ ရထားလမ်းသစ်မှမျက်နှာစိမ်းများ
တင်အေးကျော်(အောင်လံ)

၃၅၄ အိပ်မက်မဟုတ်သောဘုံတစ်ခု
စိုးမင်း(မြောက်ဥက္ကလာ)

၃၇၈ ငွေယားတောင်
ထောင်မှူးကြီးသိန်းဝင်း


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၈၂ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၂၃၁ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့-သုတေသီ)**
**မိုးကောင်း**
၂၅၄ ဖုန်းရွှေပညာသိကောင်းစရာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၂၉၅ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ
အစဦးအလာ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၃၀၆ မှန်သောတည်ကိန်းနှင့် ကြည့်လေသော်
**မင်းပြည့်**
၃၁၀ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း
**တြိရတနာ-ဆရာဝေယျာလင်း**
၃၂၅ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**
၃၃၀ သရောဒယခရီးသည်(၄)
**သရောဒယခရီးသည်**
၃၃၄ နာမည်မြင်ကွင်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၆၆ အားနာတတ်သူများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၇၃ ကမ္ဘာကျော်နက္ခတ်ဗေဒင်ပညာရှင်
လျှပ်စစ်ဗေဒင်ဆရာကြီးဦးအုန်းသင်
**ဆရာချမ်းမင်း(LL.B)**
၃၈၃ အင်္ဂဝိဇ္ဇာပညာနယ်မှ အစွမ်းထက်သော
ဓာတ်ယတြာများ(၂)
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**


## သုရဿလက်တွေ့အသုံးချ


၁၇၅ ဂုဏ်တော်ကိုးပါးကို
ဂမ္ဘီရဆန်ဆန်ပူဇော်ခြင်း(၂)
**ရသဂမ္ဘီရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**
၁၉၂ အင်္ဂဝိဇ္ဇာပညာရပ်များဖြင့်
ပစ္စည်းပျောက်ကို ဆပွတ်ဓာတ်ဆင်၍
ရှာနည်း
**မုဒိတာ(ကျိုက်လတ်)**
၂၁၆ ကျွဲမေန်းနှင့်ဂမ္ဘီရနည်းထွေတလာ
**ထင်ကျော်စွာ(ဂမ္ဘီရရွာစု)**
၂၃၇ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၁၉ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**
၃၂၉ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၃၆၅ ပြည်မြန်မာ၏
၂၀၁၅ ခုနှစ် မကာရရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၄၀၀ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**
၄၀၂ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၀၆ အောင်မြင်မည့်နတ်ဖျား
စကားအရာမှသည် သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၁၁ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


BURMESE CLASSIC


**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန်း
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၄၇၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၇၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်ထွန်း
နှင်းသဉ္ဇာကျော်၊ အိအိပိုင်

**ရုံးအဖွဲ့**
တင်မိုးခိုင်၊ အေးအေးစန်း၊ ကြူကြူနိုင်
စုမွန်၊ စုစုစံ၊ နုနု၊ ပြုံးရတနာ၊ ဆန်းထွန်း[illegible]
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၈၂) မန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၇၇၇၃၇
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မန္တလေး**
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂင်္ဂနဒီ၊ မိလျှံနှာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၂၇၀၀ )ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# တပည့်ကောင်း

သင့်ဉာဏ်သင့်စိတ် မှန်တိတ်ဆိတ်လည်း
မျက်ရိပ်မျက်ခ ဆရာပြ
ထဖြစ်အောင်ပဲ ထလိုက်ပါ။

ထသာထလျက် ဉာဏ်မသက်လည်း
နှုတ်မြွက်ခွန်းလှည့် ဆရာဖြည့်
ကြည့်ဖြစ်အောင်ပဲ ကြည့်လိုက်ပါ။

ကြည့်ပင်ကြည့်ရာ ဉာဏ်မပါလည်း
ဆရာလက်ကုတ် ပြချက်ထုတ်
လုပ်ဖြစ်အောင်ပဲ လုပ်လိုက်ပါ။


သည်သို့သည်ငှာ မြတ်ဆရာ၏
သိက္ခာပြည့်နက် သူ့ညွှန်ချက်ကို
သက်ကဲ့သို့ထား ယုံစိတ်ပွားပြီး

လမ်းမှားချောက်တွန်း တစ်ပေါက်စွန်း
မညွှန်းမဆိုရာ။

ငါ့ကျိုးစီးပွား ပျက်ရာကြား
လမ်းထားမပေးရာ။

ငါ့အားရှေ့ထုတ် ခုတုံးလုပ်
သူယုတ်ဇာတ်တွင်း မသွင်းရာ။

ထိုရာသုံးချက် ဆင်ခြင်ကွက်ဖြင့် သွက်
လက် မြန်ဆန် တစ်သံမကွာ တစ်သွေမငြီ
လွှန်စောင့်သိ
ငါ့၏တပည့်ကောင်း…။



www.burmeseclassic.com

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ၂

# အသွားမတော်တစ်လှမ်း

## (လောဒကဗ္ဗနကထာ)



(ယခင်လမှအဆက်)

**မိုးမိတ်အဝင်ကပင် ဖွဲ့ချင်ချင်**

ကားသည် မြို့ထဲပြန်ဝင်သွားပြီ။

ငါတို့သည်သာ လမ်းရှိအတိုင်း ရှေ့ဆက်လျှောက်နေသည်။ ရာသီကြည်ပြာ လသာသာအောက် လမ်းလျှောက်ရသည်မှာ အလွန်ကောင်း။ ရပ်နားစားကျက်သတ်မှတ်ချက်မရှိ သောကမငြိ၍ ခရီးလှည့်နေရသည်မှာ အလွန်ကောင်း။ ဤကောင်းနှစ်ကောင်း ခေါင်းဆောင်း၍ တစ်ကြောင်းတည်းသောလမ်းလှမ်းခဲ့ရာ ခရီးအတော်အတန်ပေါက်လာ၏။ လမ်းဘေးတွင် မိုးဘုံ ဆိုသော ဆိုင်းဘုတ်တိုင်လေးလည်းတွေ့ရ၏။နောက်မှသိရသည်မှာ ထိုလမ်းကား ကျောက်မဲသွားလမ်းဆို၏။ မိုးဘုံကား မိုးမိတ်နှင့် ရှစ်မိုင်မျှ ခရီးကွာဝေးသည် ဆို၏။

ငါတို့သည် ထိုမိုးဘုံဆိုင်းဘုတ်လေး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လျက်က ရှေ့ခရီးဆက်ခဲ့၏။ ခဏအကြာ အင်ပင်များပေါက်နေသည့်လမ်းဘေးအကွက်လေးတစ်ခုတွေ့ရာ ထို၌ ပင် တစ်ညတာကုန်ဆုံးရန် စခန်းချလိုက်သည်။ မကြာလှပါ။ မော်တော်ဆိုင်ကယ်သံများ ကြားလာရပါသည်။ မကြာလှပါ။ ငါတို့အနား လူအများဝိုင်းထားပြီးသားဖြစ်နေချေပြီ။ ထိုစဉ် သစ်ပင်မှို၍ စိတ်အခြေတည်ရဆဲသော ငါတို့သည် လာခွင့်ပြုကြောင်း အသိပေးသောအားဖြင့် အနီးရှိ သပိတ်အား မီးဖြင့်ထိုးပြလိုက်ရာ ဟိုမှသည်မှ အလျှိုလျှို လူအများ အင်တောလေးထဲသို့ ဝင်လာကြသည်။ ပြီးသော် မေးလိုမြန်းလိုသူက ငါတို့ရှေ့ ဝင်ထိုင်ပြီး မေး၏။

ထိုအမေးမှာ . . .

"အရှင်ဘုရား ဘယ်ကလာသလဲ" . . . မေး။

ငါတို့က -

"တောကြီးထဲကလာတာပါ"

ဖြေ၏။ (မဟာမြိုင်တောကြီးကို ရည်၍. . .)

တစ်ဖန် -

"အရှင်ဘုရားဘယ်သွားမှာလဲ"

သူကအမေး။

"ငါတို့ကတောထဲသွားမှာ"

ဖြေ၏။

တစ်ဖန် -

"အရှင်ဘုရားဘွဲ့ ဘယ်လိုခေါ်သလဲ" မေး။



www.burmeseclassic.com

www.burmeseclassic.com

ငါတို့က -

"တောထွက်ရဟန်း"

ဖြေ၏။ (ဝနဝါသီကိုရည်၍)

ထိုစဉ် -

"မေးမရ မ-ယ-ကသွားခေါ်ကွာ"

ဘေးမှ အသံတစ်သံထွက်လာ၏။

တစ်ဖန် -


"အရှင်ဘုရား၊ ဘာဖြစ်မှုနဲ့ သည်ကိုရောက်လာသလဲ" မေး။

ငါတို့က -

"ငါတို့အမှုက လူကြောက်တဲ့ဖြစ်မှုပါ"

ဖြေ၏။


သည့်နောက် နှစ်လုံးထိဂဏန်းပေးနိုင်၊ မပေးနိုင် စသည်များကိုပါ မေး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စစ်ကြ၏။ ကြာသော် စကားမပြတ်။ အလကားနေရင်း ဇာတ်ရှုပ်မခံနိုင်တော့သဖြင့် -

"ဒကာကြီးများ တို့ကို လာမေးစစ်နေတော့ ဒကာကြီးများလည်း အဂါရဝဖြစ်စေပါထယ်။ တို့များလည်းပဲ မဖြေချင်တာဖြေနေရလို့ ပင်ပန်းလှပါတယ်။ တကယ် တိတိကျကျ သိချင်လျှင် ငါတို့လိုက်ပို့တဲ့ကား မြို့ထဲမှာပဲရှိပါဦးမည်။ တည်းခိုးခန်းတစ်ခုခုတည်းမည် လျှောက်သွားကြပါတယ်။ အဲ့ဒီဒကာများ အခုချက်ချင်း မော်တော်ဆိုင်ကယ်များနဲ့ သွားမေးကြပါ။ ကားနံပါတ်က ၁ဃ/၈၇၁၇ ပါ။ ကားအမျိုးအစားက ပါဂျဲရိုးပါ။ ကားပိုင်ရှင်က ဒေါက်တာလှထွန်းဝင်းပါ။ အကူအဖော်က ဦးဝင်းဆွေပါ။ တဲ - သွားမေးကြပါ"

သည်တော့မှ အားလုံးရှဲသွားကြပါတော့သည်။

မိုးကိုမိတ်ဖွဲ့ အဖွဲ့ကား ဝင်ဝင်ချင်း ခံလိုက်ရပြီ။ အသွားမတော်တစ်လှမ်းသည်ကပင် အစမ်းခံလိုက်ရပြီ။

ဤ၌ ငါတို့ငယ်ငယ်က အဘွားဖြစ်သူ သင်ပေးထားသည့် ဦး. . . တစ်ပုဒ်သတိရလာ၏။

ယင်းကား -

*၁ ဦး ဘဝင်စိတ်ဇော ဗုဒ္ဓေါဇောဇေယျံ*

*အသွားမတော်ရန်သူအပေါ်*

*ဂုဏ်တော်တံမြက်လှည်း. . .*

ဟူ၏။

သို့သော် မိုးဘုံခိုးနားရာမှ ပေါ်လာသော ဤအရာကား ရန်သူမဟုတ်ပါ။ ဆိုင်ရာတာဝန်ခံများ၏ တာဝန်အရ စစ်ချက်မျှသာ ဖြစ်၏။

သို့ကြောင့်-

'အသွားမတော်ရန်သူပေါ် အစားအသွားမမှန် အစစ်ခံ' ဟူ၍သာ ပြောင်းထဲရပါတော့မည်။

မိုးဘုံရပ်ဝှမ်း တောစခန်း
အလှမ်းမှတော် ဖြစ်ခဲ့ပြီ။

**မဘိန်း မတိမ်းနဲ့နော် ငါလာပြီ...**

ငါသည် လွန်ခဲ့သည့် (၁၈) နှစ်ကတက (၁၃၅၅ ခုနှစ်က) ပျဉ်းမနားလက်လုပ်တောင်ကနေ မဘိန်းကိုတစ်ခေါက်ရောက်ခဲ့ဖူး၏။

ထိုစဉ်က မဘိန်း၏ မြို့နယ်ပညာရေးမှူးသည် သာစည်အ-ထ-က(၁)၌ ကျောင်းအုပ်ဆရာကြီးတာဝန် ထမ်းဆောင်သွားသည့် ဆရာကြီးဦးချစ်မောင်ဖြစ်၏။ ဦးချစ်မောင်နှင့် ငါတို့ကလည်း သာစည် ရွှေကျောင်းကုန်းတောင်နေစဉ်ကပင် ရင်းနှီးပြီးသားဖြစ်ခဲ့၏။

သို့ကြောင့် ပျဉ်းမနားလက်လုပ်တောင်မှ မဘိန်းဂူကြီးများသို့ စိတ်ဦးတည်ကာ လက်လုပ်တောင်မှထွက်ခဲ့၏။ ထိုစဉ် ငါတို့ကို လိုက်ပို့မည့် မန္တလေးနေမင်းဆေးလိပ်ခုံပိုင်ရှင် ဦးသောင်းစိန်အား ပထမ ရှမ်းပြည်နယ် တောင်ပိုင်းရှိ အောင်ပန်းနယ်လိုက်ပို့ရန် ပြောမိ၏။ သည့်နောက်မှ မန္တလေး ညဝင်ကျိန်းပြီး မိုးမိတ်သွားကားပေါ် တင်ပေးလေလျှင် ဦးသောင်းစိန်လည်း ခရီးပိုအဖြစ် အောင်ပန်းအထိ လိုက်ပို့စရာမလိုဘဲ ကိုယ့်မန္တလေး ကိုယ်ပြန်ရုံနှင့် ပြီးစီးမည်။ ငါတို့ကလည်း ယခင်ကြားဖူးနားဝရှိထားသည့် မဘိန်းနယ်ထဲက ဂူကြီးများတွင် ဝင်ရောက် ခိုလှုံခွင့်ရမည်။

သို့စိတ်ကူးပေါ် လာရာမှ -

"အဘိုးသောင်းစိန်၊ တို့ကို အောင်ပန်းအထိ လိုက်ပို့မည့်အစား အဘိုး မန္တလေးပြန်ရင်း ငါတို့ခေါ် သွားပြီး နောက်ရက် မိုးမိတ်သွား ကားပေါ် တင်ပေးလျှင် မကောင်းလား"

ပြောင်းလဲ ဆန္ဒတောင်းကြည့်မိ၏။

သို့ပြောမိရာ -

"အရှင်ဘုရားကြွမည့် အောင်ပန်းကိုသာကြွပါ။ တပည့်တော် လိုက်ပို့ပါ့မယ်"

သည်သို့ မဘိန်းတောလားဖြတ်ခြားခံလိုက်ရခြင်းကြောင့် မဘိန်းနှင့်ငါ စိမ်းခဲ့ဖူးပါသည်။

ယခုသော် လဆန်း ၁၄ ရက်နေ့ည (၁၃၇၄ ခုနှစ်၊ တန်ခူး) ကုန်ဆုံးသည်နှင့် ၁၅ ရက်၏ လပြည့်နေ့သည် အလှည့်ဝင်ယူလာချေပြီ။ ထိုစဉ် တစ်ညတာကျောင်းအဖြစ် အမှီလုပ်ခဲ့သော သစ်ပင်ကြီးမှ ကျောကိုခွာ၍ ရှေ့ဘက်ရမည့်ခရီးတွက် တာစူရပါသည်။ သို့ဖြင့် ဝန်းကျင်ပတ်လည်သို့ မျက်လုံးကစားကြည့်၏။ တောကင်းတောင်မှဲ့ချည်းဖြစ်နေတော့၏။ ကျောက်မဲဘက်၊ တွင်းငယ်ဘက်၊ မိုးကုတ်ဘက် နေရာစုံ အကုန်လယ်နှင့်ကွက်လပ်ချည်းတွေ့ရ၏။ ငါတို့နေရာ မိုးဘုံနှင့် မျက်စိတစ်ဆုံးမျှသာ မြင်ကွင်းအမြင်ဖြစ်၏။

သို့ကြောင့် မဘိန်းဘက် ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်ပြီ။ ယင်းကား မိုးမိတ်တွင်းသို့ လာလမ်းအတိုင်း ပြန်မဝင်တော့ဘဲ ခါးလယ်မှနေ ဖောက်ဝင်ရန် မိုးမိတ်မြောက်ဘက်ရှိ လယ်ကွင်းများဆီသို့ ဦးတည်ထွက်လာခဲ့သည်။ ထိုစဉ် လယ်ကွင်းအလွန်မြို့အနီး လျှိုကြီးဘေးမှနေ ဖောက်ဝင်ခဲ့၏။ အိမ်ငယ်တစ်လုံးခေါင်းရင်းရောက်သွား၏။ အထဲတွင် အသက် (၅၀) ခန့် အမျိုးသမီးကြီးနှင့် သမီးငယ်လေးတစ်ဦး တွေ့ရ၏။ မဘိန်းသွားလိုသဖြင့် လမ်းမေးရန် -

"သည်အိမ်မှာ ဒကာကြီးရှိလား"

အမေး -

"မရှိဘူး"

ဖြေ၏။

တစ်ဖန် -

"မဘိန်းသွားတဲ့လမ်းသိလား"

အမေး -

"ကျွန်မ မသိဘူး"

ဖြေ၏။

ထိုအခါ ငါတို့သည် စိတ်တွင်းပြုံးပြုံးရင်းက မိုးမိတ်တင်း ချက်ချင်းပြောမိသည်။

"ဟဲ့ - မိုးမိတ်၊ နင့်ဟာက အဖွဲ့အဆိတ်များလှချည်လား"

ထိုမှနေ လူသွားလမ်းအတိုင်း လိုက်လာရာ ရှေ့မှာ အုတ်တံတိုင်းခတ်ထားသော ကျောင်းတိုက်ကြီးတစ်တိုက် တွေ့လာရပါသည်။ နောက်မှသိ၏။ ပုဖွာရုံတဲ့။

တွေ့ရသော ထိုကျောင်းတိုက်ကြီးထဲဝင်၍ တိုက်ကြီးပေါ်တွင် စာကျက်နေသည့် သံဃာတစ်ပါးအား -

"မဘိန်းဘယ်လမ်းကသွားရပါသလဲ"

မေးကြည့်မိ၏။

ထိုသံဃာက -

"ခဏနေပါဦးဘုရား၊ သည်မှာ မဘိန်းကလာနေတဲ့ ရဟန်းတစ်ပါးရှိပါတယ်။ တပည့်တော်ခေါ် ပေးပါ့မယ်"

ပြော၍သွားခေါ် ပေး၏။

သည့်နောက် မဘိန်းသား သံဃာတော် လိုက်လာပြီး ငါတို့ကို ကျောင်းတိုက်၏ အနောက်ပေါက်မှနေ ကားလမ်းထိပ်ထိခေါ် သွားကာ သွားရမည့်လမ်စဉ်ကို မျက်စိထဲမြင်သာလောက်အထိ ညွှန်ပြတော်မူ၏။ ငါတို့လည်း ထိုလမ်းညွှန်သံဃာအား အရိုအသေပြုလက်အုပ်ဂါရဝဖြင့် နှုတ်ဆက်၍ မဘိန်းခရီးစတင်ထွက်ခဲ့ပြီ။

**မိုးမိတ်ဘိုးဘိုး ပက်ပင်းတိုး မရိုးမရွလုပ်သလား**

သံဃာညွှန်းလမ်းစဉ်အတိုင်း ငါတို့



www.burmeseclassic.com

www.burmeseclassic.com

ခရီးထွက်ရာ အ-ထ-တကျောင်းရှေ့မှသည် မိုးမိတ်ဘိုးဘိုးကြီးနတ်နန်းရှိရာ ညောင်ပင်ကြီးအောက် စသည်များ ဖြတ်သန်းလာခဲ့ရာ လား. . လား. . . ငါတို့လိုက်ပို့သောကား၊ ငါတို့လိုက်ပို့သောဒကာများ တည်းခိုလျက်ရှိသော မြနှင်းဝေတည်းခိုခန်းရှိရာလမ်း တန်းခန့်ကြီးရောက်လာပါပေါ့လား။ ယင်းသည် အကြောဖြတ်ထားခဲ့သော (ငါတို့က လိုက်ပို့များကို မိုးမိတ်အပို့ခိုင်းပြီး သူတို့ကွယ်သည်နှင့် မဘိန်းကူးဆက်ရန် အကြံရှိထား၍) လိုက်ပို့သူများနှင့်လွတ်လောက်ပြီအထင်ဖြင့် မြို့ဝင်လာရာမှ ပက်ပင်းတိုးမိခြင်းပင်။

ထိုစဉ် ဒေါက်တာလှထွန်းဝင်းက တည်းခိုခန်းရှေ့ ရပ်ထားသောကားမှနေ တည်းခိုခန်းဝင်းထဲ ပြန်ဝင်သွားချိန် ငါတို့က ကားတစ်ဖက်ဘေးမှဖြတ်သွားချိန် ဖြစ်နေ၏။ မမြင်လောက်တန်ကောင်း အထင်ဖြင့် မျက်နှာလွှဲကာဆက်လျှောက်ခဲ့၏။ မကြာပါ သူတို့နှစ်ယောက်ပါ (ဒေါက်တာလှထွန်းဝင်းနှင့် ဦးဝင်းဆွေ) ငါတို့ရှေ့ရောက်လာပြီး ဆွမ်းလောင်းရန် ဟန်ပြင်ကြတော့ရာ -

"အဲ - ဆွမ်းခံစရာသပိတ်က အခြားပစ္စည်းတွေနဲ့ပြည့်နေပြီဗျ"

သို့ ပြောလွှတ်လိုက်ပြီး ငါတို့သွားရမည့်လမ်းအတိုင်း ဆက်လျှောက်နေ၏။ ငါတို့က မဘိန်းစိတ်စဉ်ကိန်း၍ချိန်းသွားအသွား. . . သူတို့က သည်ကိုယ်တော်ကြီး ဆွမ်းခံကြွလာသည်အထင်များ။ မိုးမိတ်ဘိုးဘိုးကြီး ရွှဲ့လိုက်ပုံကဖြင့် အဝင်နှင့်အထင် ပါစင်အောင်လွဲစေ၏။ နောက် မိုးမိတ်နေရက်ရလာသောအခါ ဒကာမတစ်ယောက် ငါတို့ကို လျှောက်၏။

"အရှင်ဘုရား မိုးမိတ်ဘိုးဘိုးကြီး ညောင်ပင်အောက် ရောက်သူမှန်သမျှ ဘယ်တော့မှ မိုးမိတ်က ခွာလို့မရတော့ ဘူးဘုရား့" တဲ့။

ရွှဲ့နှင့်ပေါ့ ဘိုးဘိုးရာ . . . ။

ထိုမှနေ မြို့ထွက်ခါနီးအရောက်တွင် ဒေါက်တာလှထွန်းဝင်းတို့နှစ်ဦး ငါတို့ကို မီလာပြီး ပလတ်စတစ်အိတ်ဖြင့် ထုပ်ယူလာသည့် ဆွမ်းဖြူနှင့် အကြော်များ ဆက်ကပ်ကြသဖြင့် အလှူခံ၏။ သပိတ်ဖုံးပေါ် တင်စေ၏။ ပြီးသော် ငါတို့လည်း ငါ့ကိုယ်ငါထိန်း မဘိန်းအရောက် ဆက်လျှောက်၏။ သူတို့လည်း သူ့ကားသူစီး မိုးမိတ်ထဲကထွက်ကရော့ထင်မိ၏။ သို့ဖြင့် ထိုသည့်ငါ မိုးမိတ်မှ ထွက်စပြုပြီ။ နမ့်မိတ်ချောင်းကူးခဲ့ပြီ။ အုံးကြောရွာဟောင်းဘက်ထွက်လာနေပြီ။

ထိုစဉ် ငါ့၌ဆွမ်းစားချင်စိတ်ပေါ်လာ၏။ ဘယ်နားစားရပါ့မလဲ။ နေရာရှာနေမိ၏။ လမ်းဘေး စျေးတဲဟောင်းလေးတစ်လုံးတွေ့၏။ ဝင်စားရကောင်းမလား၊ ရှေ့စိတ်က အားယူလိုက်၏။ နောက်စိတ်က လမ်းသွားလမ်းလာများရှေ့ အမြင်မတော်ဖြင့် ကန့်ကွက်၏။ သို့နှင့် မစားဖြစ်ဘဲ ကားလမ်းကြီးအတိုင်း ဆက်လျှောက်လာရာ အုံးကြောရွာဟောင်းလည်း လွန်ခဲ့ပြီ။ ရွှေဇာလီရွာလယ်သို့ ရောက်လာနေပြီ။ ငါ့ခြေမများရှိအနာဟောင်းများကလည်း သွေးစိမ်းဖွဲ့၍ အရွဲ့တိုက်ပြနေကြပြီ။

ထိုစဉ် ယာဘက်ကနေ လမ်းဘေးအိမ်စျေးဆိုင်အတွင်းမှ ဒကာမငယ်တစ်ဦး လမ်းထွက်လာပြီး မိုးမိတ်၏ဦးဆုံးသော အလှူ့အမအဖြစ်ဖြင့် ကော်ဖီမစ်တစ်ထုပ် ဆက်ကပ်လာသည်။ ငါတို့က ကြည်ဖြူစွာ လက်ခံ၍ မေတ္တာပွားပို့၏။ မကြာပါ စိတ်မချ၍ထင်၏။ ဒေါက်တာလှထွန်းဝင်းတို့ကား ငါ့အနားတိုးကပ်လာ၏။ကားကပ်လာသည်နှင့် စီးလက်စဖိနပ်တစ်ရံ လမ်းပေါ် ချွတ်ပေးထားခဲ့ ပြီး မလိုက်ခဲ့နှင့်တော့ ထားခဲ့၏။ ခြေထိပ်က သွေးများကား မျက်စပ်ပစ်၍ တခစ်ခစ်။

တစ်ဖန် ရှေ့နားအရောက် ဒကာမကြီးတစ်ဦးက ဒုတိယမ္ပိအလှူ့အမအဖြစ် ဆွမ်းထွက်လှူပြန်၏။ ငါတို့က ဆွမ်းခံစရာ သပိတ်မရှိဖြင့် ပယ်ထားခဲ့၏။ ထို ဒုတိယမ္ပိ အလှူ့အမ ကျေနပ်ပုံမရ။ ငါတို့အတော်ဝေးဝေးအရောက် မော်တော်ဆိုင်ကယ်ဖြင့် လိုက်ပြေးလာပြီး ငွေလှူပြန်၏။ ငါတို့ကလည်း ငွေအလှူမခံဖြင့် ဒုတိယမ္ပိ ပယ်ထားခဲ့ရပြန်ပါ၏။ သိပ်မကြာလှပါ။ ငါထံရှိခြေထောက်ကသွေးများ မျက်စအပစ် ဂျစ်ခနဲ မြင်လိုက်မိကြသော ဒေါက်တာလှထွန်းဝင်းတို့နှစ်ယောက် ထပ်မံရောက်ချလာပြီး ရောက်ရာအရပ် အနာဆေးကြောစရာဆေးဘူးများလည်းလှူ၏။ ငါတို့ကလည်း လက်ရှိလွယ်ပိုးထားရ သောပစ္စည်းများဖြင့်ပင် လေးလံနေပြီ။ နောက်ထပ်ပစ္စည်းသစ်များ ထပ်မသယ်ချင်တော့ဘူးဖြင့် ပယ်ထားခဲ့ရပြီ။

သို့ဖြင့် ရွှေဇာလီရွာမှလည်း ထွက်ခဲ့ပြီ။ ဒေါက်တာများမှလည်းလွတ်ခဲ့ပြီ။ မကြာမီ အုံးကြောရွာသစ်ထဲဝင်တော့မည်။ ကိုးမြို့ရှင်နန်းနားရောက်လာပြီ။

"အိမ်ထဲကြွပါဦးဘုရား။ ဆွမ်းကပ်ချင်လို့ပါဘုရား"

ဤအသံကား ဒကာမတစ်ဦး၏အသံ။ ငါ့ရှေ့လမ်းပေါ်ကနေ ဆီးအော်နေသောအသံ။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ပွဲမြင်ရန်ဝယ်လာသောအုန်း၊ ငှက်ပျောတောင်း ခေါင်းပေါ်ရွက်လျက်က ဒကာမတစ်ဦး။ သို့ဖြင့် ကိုးမြို့ရှင်နတ်နန်းနှင့်လမ်းခြားပြီး ကားလမ်းမကြီး၏ ယာဘက်တွင်ရှိသောအိမ်ငယ်လေးအတွင်း ဝင်ရောက်နားခွင့်ရသည်။ သပိတ်တင်ဆွမ်းထုပ်လေးလည်း သည်တော့မှ လှလှပပစားခွင့်ကျတော့သည်။

မကြာပါ။ ပထမဆုံးသော အလှူ့အမ၏အိမ်သားလည်း (နောက်မှသိရသည်မှာ သူ့နာမည် မောင်မောင်ဦးဖြစ်ပြီး အလှူ့အမ၏အမည်က အဝိုင်းဆို၏။) ထိုအိမ်ထဲရောက်လာ၏။ အခြားဒကာ၊ ဒကာမများလည်း ရောက်လာကြ၏။ ထိုစဉ် ဆွမ်း၊ ဆွမ်းဟင်းများက ရုတ်တရက်ဖြစ်သော်မှ မြိုင်ဆိုင်လှသည်။ ပါလာသည့်ဆွမ်းဖြူနှင့် အကြော်များကလည်း ကောင်းမှကောင်း။ သည့်နောက်ဆွမ်းကိစ္စပြီးစီးသည်နှင့် အချိုပွဲများ ကပ်လှူသုံးဆောင်ရင်း ဆွမ်းအမက စကားစတော့သည်။ (နောက်မှသိရသည်မှာ ဆွမ်းဒကာက သန်လျင် ကျောက်တန်းသား၊ ဆွမ်းအမက ငါန်းဇွန်သူဖြစ်ပြီး ဦးအောင်နိုင်၊ ဒေါ်နှင်းမှုံအမည်တွင်၏။ သူတို့သည် ရေအားလျှပ်စစ်ဌာန၏ ပန်းရန်အမှုထမ်းများဖြစ်ကြသဖြင့် နယ်တကာစုံပြီး လူတကာစုံတို့၏ပုံကိုဖမ်း၍ ဂဏန်းတွက်နိုင်သူများဖြစ်ကြသည်ဆို၏။) ငါန်းဇွန်သူ ဆွမ်းအမ၏ ပထမဆုံး စကားမေးခွန်းမှာ -

"အရှင်ဘုရား၊ ဘယ်ကြွမှာလဲဘုရား" ဟူ၏။

ထိုစဉ် ငါတို့က -

"မဘိန်းဘက်ခရီးဆက်မှာ"

ဖြေလိုက်ရာ ထိုဆွမ်းအမကား မဘိန်းမကောင်းကြောင်း ထောင်းလမောင်းထပြောပြပါတော့သည်။

"မဘိန်းက သစ်ခုတ်သမားတွေ ကရိုင်းတယ်ဘုရာ့"

"သစ်ထုတ်ကားတွေကလည်း နေရာတကာဝင်ထွက်နေတာဘုရာ့"

"ဆိတ်ငြိမ်မှုမရှိတဲ့နေရာ ဖြစ်ပါတယ် ဘုရား"

စသည်တို့ဖြင့်။

တစ်ဖန် -

"မိုးမိတ်ရဲ့ သည်တစ်ကြော (ရွှေ မြင်တင်ဘုရားရှိရာဘက် လမ်းညွှန်၍)



www.burmeseclassic.com

www.burmeseclassic.com

မှာတိတ်ဆိတ်ပါတယ်ဘုရား။တကယ်လို့ ဘုရားရင်ပြင်ပေါ်မနေချင်လျှင် ဘုရားအနီးမှာ တောင်တစ်တောင်ရှိပြီး တောင်ထိပ်ဦးဉာဏောဆောက်ထားတဲ့ကျောင်း ရှိပါတယ်။ အဲသည်ကျောင်း နေသူမဲ့နေပါတယ်ဘုရား"

လျှောက်ထားသည်။

ငါတို့ကား အင်းမတုတ်၊ အဲလည်းမတုတ် ငုတ်တုတ်ပင်ရှိသေး။

သို့ကြောင့် ဆက်လျှောက်ပြန်၏။

"တောင်ပေါ်မှာ အဆင်း၊အတက်ခက်လို့ အရှင်ဘုရားမနေလိုလျှင် တောင်အောက် ဦးဉာဏောနေတဲ့ ကျောင်းဝန်းကျင်မှာလည်း တိတ်ဆိတ်ပါတယ်ဘုရား။ ရေနဲ့လည်း နီးပါတယ်။ ဆွမ်းခံရွာများနဲ့လည်း အဆင်ပြေပါတယ်ဘုရား"

အတွေ့အကြုံ ရင့်ကျက်နေသော ဆွမ်းအမပေပဲ။သည်နေရာ သပ္ပာယမမျှပြောမရအောင် အပိတ်အဆို့ကောင်းသော ဆွမ်းအမပေပဲ။

သည်အချိန် ကမ်းနားသစ်ပင်ဖြစ်နေသော ငါတို့မှာလည်း တိုက်ရာလဲခွဲရာမျော လှော်ရာပါ စိတ်မျှသာရှိရာ ...

"အင်း ... ဦးနေဝင်းကြီးတို့ ခေဆ-လအစိုးရလက်ထက်က ဝန်ကြီးခန့်သလို တို့ကလည်း အဖြေပေးရမှာပ။ ဦးနေဝင်းကြီးလက်ထက် ဝန်ကြီးတစ်ဦးခန့်လိုက်လျှင် ဘယ်သူ့ကို ဘယ်ဌာနမှာ အစမ်းခန့်လိုက်သည်ဖြစ်၍ ခန့်လေ့ရှိတယ် အစိပ္ပာယ်ကတော့ မင်းကို အစမ်းခန့်ကြည့်မယ်။ မင်းအရည်အချင်းကသည်နေရာနှင့် လိုက်ဖက်လျှင်တော့ မြဲပေါ့။ အင်း... မင်းနဲ့ သည်ဌာနမလိုက်ဖက်လျှင်တော့ ပြန်ထွက်ပေးရမယ်ပေါ့။ အခု ငါတို့ကလည်းပဲ ဒကာမကြီးလျှောက်ထားချက်အရ ဒကာမကြီးပြောတဲ့သည်ဒေသခဏအစမ်းနေကြည့်မယ်ပေါ့"

သည်စကားဖြင့် နှစ်ဦးနှစ်ဖက် အရောင်းအဝယ်တည့်သွားကြပြီ။ ဆွမ်းအလှူ့ရှင်း ရွှေမြင်တင်သို့ ရွှေဇာလီမှ ထိုက်လာသော ဒကာ မောင်မောင်ဦး (ဘတ်ဦးအလှူ့အမ၏အိမ်သား) က ထိုက်ပို့သည်။ ရွှေမြင်တင်ဘုရားမုခ်ဦး ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်နေ့ (၁) နာရီတိတိ အချိန်ဆိုက်ရောက်ကြသည်။

ထိုစဉ် ငါတို့ကလည်း မောလွန်းသဖြင့် မုခ်ဝတွင်အနား ရွှေမြင်တင်ကုန်းတော်ပေါ်ရှိ ဓမ္မရတနာကျောင်း၌ သီတင်းသုံးသည့် သံဃာတော်ကလည်း မြို့ထဲမှ ကားဖြင့်ပြန်ကြွအလာ ပက်ပင်းဆုံမိကြလေရာ ထိုအရှင်က နှုတ်ဆက်၏။ သူ့ကျောင်းကြွရန်လည်း ဖိတ်ကြား၏။ ကျောင်းအမည်ကိုလည်း ပြောကြား၏။ ငါတို့ကား အမောပြေချိန်လာပါမည့်အကြောင်း ဝန်ခံကာ နားမြနားလျက်နေရစ်ခဲ့ပါသည်။

(၁) နာရီခန့်အကြာ အမောပြေသွား၏။ ချွေးများလည်းသိမ်းသွား၏။ သို့ဖြင့် ကုန်းတက်စောင်းတန်းအတိုင်း ဖြည်းညင်းစွာတက်လာခဲ့ကြပြီ။ ရွှေမြင်တင်ကုန်းတော်ပေါ်ရောက်သည်နှင့် ဓမ္မရတနာဆောင် မေးရ၏။ ကြာကြာမမေးရပါ။ ဓမ္မရတနာကျောင်းခြေရင်းမှ တက်ခဲ့ရာ ကျောင်းရှေ့မှာပင် 'ဒါ ဓမ္မရတနာကျောင်းပဲ' အဖြေကရပါတော့သည်။ တာဝန်ခံသံဃာနှင့်တွေ့သည်နှင့် သံဃာ့ထုံးစံအတိုင်း အချင်းချင်း သိက္ခာဝါများ မေးကြ၊ ဖြေကြရ၏။ သည့်နောက် ဓမ္မရတနာဆောင်သံဃာ၏ ခင်းပေးသောနေရာတွင် ဝင်ရောက်နေထိုင်ခွင့်ရတော့၏။ ရောက်မဆိုက် ထိုတာဝန်ခံသံဃာက ငါတို့အား ကျွဲအအေးဘူးဆက်ကပ်ပြီး လိုက်ပို့သူဒကာအားလည်း ပင်မှည့်အချိုဘူးချိုးမြှင့်လေ၏။ လိုက်ပို့သူ (မောင်မောင်ဦး)ကား ရွှေဇာလီအထိပြန်ရမည်ဖြစ်၍ အအေးသုံးပြီးသည်နှင့် ပြန်သွားတော့သည်။

ထိုသံဃာတော်သည် ရခိုင်သံတွဲဇာတိဖြစ်ပြီး မိုးမိတ်၌ အခြေချနေထိုင်သူဖြစ်ကာ သမထ၊ ဝိပဿနာဘာဝနာများ ပွားများနေ၏။ ညောင်နီအောက်ရွာ၏ မှီခိုထားခြင်းခံရသူဟု သိရ၏။

**ရွှေမြင်တင်လပြည့်တစ်ကွေ့၏ အတွေ့အကြုံများ**

သည်နေ့က တန်ခူးလပြည့်နေ့ဖြစ်နေသည်ကြောင့် ရွှေမြင်တင်ဘုရား၌ ပရိသတ်စည်ကားနေ၏။ ဘုရားအရှိန်ကြောင့် ဓမ္မရတနာကျောင်းဆောင်သည်လည်း ပရိသတ်များ ညအထိ အဝင်၊ အထွက်မစဲ။

ထိုစဉ် ပထမဆုံးဝင်လာသူက ထောင်ထောင်မောင်းမောင်း၊ ရုပ်ရည်သန့်သန့် ဒကာမကြီးတစ်ဦး (နောက်မှသိရသည်က နာမည် ဒေါ်ခင်ဝေတဲ့။) ထိုဒကာမကြီးသည် အဆောင်တာဝန်ခံသံဃာနှင့် ရင်းရင်းနှီးနှီးစကားပြောဆိုကြ၏။ စကားပြောလည်းရဲတင်းလှ၏။ အမူအရာကလည်း ဆိုးဆိုးဆတ်ဆတ်နိုင်လှ၏။ သူတို့အချင်းချင်း စကားပြောပြီးကြသော် ထိုဒကာကြီးက တစ်ဖန် ငါတို့ဘက် စကားလှည့်လာ၏။

ပထမ လာခဲ့ရာအရပ် မေး၏။ သည့်နောက် ငါတို့နေ့နံ၊ အသက်များ မေးမြန်းတော့၏။ ပြီးသော် မျက်လုံးစုံမှိတ်၍ ငါတို့အတိတ်အာရုံယူလိုက်၏။ အာရုံရသည်နှင့် ငါတို့အား ဗေဒင်ဟောပါတော့သည်။

အရှင်ဘုရားနောက်မှာ အတိုက်အခိုက်ရှိနေတယ်။

အရှင်ဘုရား ကိုယ်တိုင်ကလည်း ဟိုသွားချင် သည်သွားချင်ပဲ။

ဗေဒင်ဝေဟင်က ပစ်ချလိုက်သည့်ပမာ ငါတို့ခေါင်းပေါ်သို့တည့်တည့်ကြီးကျလာပါပကော။ ငါ့အကြောင်း မည်သူမျှ ချောင်းကြည့်၍မရတန်ကောင်း ထင်ခဲ့မိသော ငါ့အတွေး ဗေဒင်ဆရာမကြီးနှင့်တွေ့တော့ ဘယ်ပြေးမှန်းမသိတော့ပါကလား။

ညနေ (၅) နာရီခန့်တွင် ထူးထူးခြားခြား သံဃာတော်တစ်ပါးကြွလာ၏။ ငါတို့အား အသက်၊ သိက္ခာများမေး၍ ဂါရဝပြု၏။ ပြီးသော် -

"အရှင်ဘုရားဘွဲ့ ဘယ်လိုခေါ်ပါသလဲ" မေး၏။

"ဘုရားတပည့်တော်ဘွဲ့က ဦးဥေယျ"

ဖြေမိ၏။

သည်တွင် ရှေ့ဆက်၏။

"သည်လိုဆို ဝနဝါသီဥေယျဓမ္မသာမိပဲ ဖြစ်မှာပေါ့ ဘုရား"

မေးပြန်၏။

ထိုအခါ ဟုတ်မှန်ကြောင်း ငါတို့က ဖြေမိလေရာ -

"အရှင်ဘုရားရေးတဲ့ကျမ်းစာအုပ်တွေနဲ့ တပည့်တော်တို့ညီအစ်ကို(အစ်ကိုက လူထွက်၊ ယခု ဦးဖြူအမည်ဖြင့်) ကိုရင်ဘဝထဲက ရင်းနှီးနေကြတာပါဘုရား"

သို့ လျှောက်ထားလေရာ ငါတို့ခမျာ ဘာပြန်ပြောရမည်ပင် မသိတော့ပါ။ ငါတို့လာခဲ့စဉ်က မိုးမိတ် မဘိန်း ငါနှင့်စိမ်း၏။ သူစိမ်းအကြား ငါဝင်သွားက ငါလားဘာလား တစ်ပါးမသိ ငါချောင်ချိ ဗဟိနှစ်ဟိ ရယ်နိုင်သည်။ သည်အတွေးများ အဝေးလွင့်စဉ်သွားပြီ။ သို့ကြောင့် ငါလာခဲ့မိသော သည်စခန်း အသွားမတော်တစ်လှမ်းထဲ တန်းဝင်စေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

လာပြန်ပြီ တစ်ယောက်။ ည (၇) နာရီလောက်မှာ သူကား ဦးအေး အမည်တွင်၏။ မဘိန်းတွင် ဘက်ထရီ အားသွင်းဆိုင်ဖွင့်ထားသည်ဆို၏။ ယခု မိုးမိတ်က အမျိုးများ၏ရှင်ပြုပွဲသို့ လာရောက် ကူညီရင်းက ရွှေမြင်တင်သို့ ဘုရားဖူးလာသည် ဆို၏။ ယင်းသည် တရားပွားမှု ရင့်ကျက်နေသည့်အတိုင်း ဝိပဿနာနည်းပညာကို များစွာလျှောက် ထား၏။

ထိုစဉ် -

အဆောင်တာဝန်ခံ ဆရာတော်က -

"ဒကာကြီး၊ ဆရာတော်က ဒကာကြီးတို့ မဘိန်းကြွချင်လို့တဲ့ဗျ"

မိန့်ရာ -

"အရှင်ဘုရား၊ အခုကြွမည်ဆိုကား ခဆင်သင့်ပါတယ်ဘုရား။

ဟိုရောက်လျှင် ရိပ်သာဆရာတော်ကျောင်းတည်းရုံပါပဲဘုရား။

ရိပ်သာဆရာတော်ကလည်း သဘောအလွန်ကောင်းပါသည်ဘုရား"

လျှောက်ထား၏။

ထိုစဉ် -

"ငါတို့က မြို့နားနီး၊ လူနားနီးနေ မလို့လာတာမဟုတ်ဘူးဗျ။ မဘိန်းမှာ လူသူမနီး တောကြီးမျက်မည်းထဲ ဂူကြီးတွေရှိတယ်ကြားလို့ လိုက်လာတာရယ်"

"အဲသည် ဂူကြီးများအကြောင်းတော့ တပည့်တော် မကြားဘူးထားပါဘုရား"

ထိုဦးအေးက သည်စကားများ လျှောက်ထားကာ ပြန်သွားပါတော့သည်။

**မဟာဗောဓိမြိုင်ဆရာတော်ဆိုပါလား**

ငါ့ထံရှိ မဟာဗောဓိမြိုင် လိုင်းလုံးက ဘယ်လောက်ကြီးသည်မသိ။ ရိုက်ခတ်သံကဖြင့် တိုင်းစွန်ပြည်ဖျားအထိ တအိအိနှင့်လှည့်နေ၏။ ပိနေ၏။ ရွှေမြင်တင်တွင်း လပြည့်ကျော် ၆ ရက်နေ့အထိ တစ်ပတ်မျှနေခွင့်ရ၏။ ထိုအတောအတွင်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရွှေမြင်တင်ကုန်းတော်အပေါ်မှာ ရောက်နေသတဲ့ဆိုသော သတင်းစကားကြောင့် မြို့လုံးကျွတ်နီးပါး ပရိသတ် တဖွဲဖွဲရောက်လာကြ၏။ နံနက် (၅) နာရီ အရုဏ်တက်မှနေ ည (၁၀) လောက် အထိ နေ့စဉ်ဧည့်ခံနေရ၏။

သည်အထဲ မြို့နယ်တာဝန်ခံများ လည်းပါ၏။ ဘာသာရေးအဖွဲ့၊ လူမှုရေး အဖွဲ့ဝင်များလည်းပါ၏။ ကြက်ခြေနီ အဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လည်း ပါသေး၏။ သည်မျှမက မိုးမိတ်နှင့် နယ်ချင်းစပ် မဘိန်းကပါ ပါလိုက် သေး၏။

သို့ရှိရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကြီးကား တာဝန်ဖြင့်လာရသော ဟူ၏။ သတင်းစကားကြားရသည်မှာ ဆိုင်ရာပိုင်ရာကြီးများ၏ အမှုထမ်းထင်၏။ ထိုသူက ငါတို့၏ CD ပြား (ငါတို့ ရုပ်သံပါသော CD ပြား) တစ်ချပ်ယူလာပြီး အုပ်ချုပ်ရေးမှူးကြီးကို ဖွင့်ပြသည် ဆို၏။ ပြီးသော် . . .

"သည်ကိုယ်တော် ခင်ဗျားတို့မြို့ ရောက်နေတာ သိသလား"

မေး၏။

အုပ်ချုပ်ရေးမှူးကြီးက မသိသေးကြောင်း ဖြေသည်ဆို၏။

ထိုစဉ် -

"သည်ကိုယ်တော် ရွှေမြင်တင်မှာ ရှိနေတယ် သွားစုံစမ်းပါ"

သည်သို့ အမိန့်ပေးထားခဲ့သောကြောင့် တာဝန်ဖြင့်လာရသည် ဆို၏။ လာရုံမက အရုဏ်ဆွမ်းများလည်း ဆက်ကပ်၏။ နောက်ရက်များတွင် ပြည်မြို့ သွားရာမှ ပြန်ရောက်လာသော ဇနီးသည်ပါ ခေါ်လာပြီး ဖူးစေ၏။

တန်ခူးလပြည့်ကျော် ၂ ရက်လောက်အရောက်တွင် ငါတို့နေရေးအတွက် နေရာစီစဉ်ကြည့်ကြရာ ငါတို့ စိတ်၌ချိတ်မိလာသည်မှာ မပဒ်ဂူပင်။

အကြောင်းမှာ ညောင်နီရွာနှင့် သုံးမိုင်လောက်ဝေး၏။ တစ်နာရီ လောက်လျှောက်မှရောက်၏ ဆိုသော သတင်းစကားကြောင့်။

သို့ဖြင့် ဦးသံတွဲပြောပြသောနေရာများထဲမှ ထိုမပဒ်ဂူကိုပင် ရွေးချယ်လိုက်ပြီး သွားရောက် လေ့လာကြပါသည်။ သို့ - လေ့လာရာ၌ ကျောင်းအမ ဖြစ်မည့် ဒေါ်လှလှရီ၏ ဦးလေးသည် ခေါင်းဆောင်အဖြစ် ပါဝင်၏။ ကျောင်းဒကာဖြစ်မည့် ဦးစိုင်းမိုးသည် အားဖြည့် အဖြစ် ပါဝင်၏။ သည့်နောက် ဦးသံတွဲက အိမ်ရှင်အဖြစ်ပါဝင်၍ ငါတို့က ဧည့် အဖြစ်ပါဝင်၏။ တစ်နာရီမျှ ခက်ခဲကြမ်းတမ်းစွာသွားကြရ၏။ ဂူသို့ ရောက်သော် ဂူဝန်းကျင်အနီး ရေမရှိ။ ဂူကား တိတ်ဆိတ်မှုဖြင့် ဧည့်ခံနေ၏။ သူ့အထဲ ဝင်လိုက်မိသည်နှင့် ဂူဟိတ်ကြောင့် ဖြစ်သော အအေးဓာတ်တစ်ခု ရုတ်တရက် ခံစားလိုက်ရ၏။

ကြိုက်ပြီ မပဒ်ကို။ သို့ကြောင့် ရွေးလိုက်ပြီ မပဒ်ကို။ ဂူထဲက မထွက်မီပင် ပါလာသော ဒကာနှစ်ယောက်အား ဟင်းလင်းပေါက်ဖြစ်နေသောဂူ၏ တစ်ဖက်တစ်ချက်ကို ဝါးကပ်ဖြင့် ယာယီပိတ်ပေးရန် တောင်းခံလိုက်၏။ သူတို့ကား အားလုံး အပြီးအစီး တာဝန်ယူဆောင်ရွက်ကြ၏။ သည့်အပြင် အဝေးရောက်နေသည့် ဂူကျောက်စာချပ်ကြီးကိုပါ ရွှေ့ယူပေးထားကြ၏။ မပဒ်နှင့် အတူနေရေးအား ငါ့အဖို့ စိတ်အေးရချေပြီ။

**မပဒ်နှင့်ချိန်း မဘိန်းက လာပါ၊ လာပါ**

မပဒ်ဂူကပြန်ခဲ့ပြီး နောက်ရက် နံနက်ပိုင်းတွင် မဘိန်းနယ်က ဒကာ၊ ဒကာမများ ငါတို့ဆီရောက်လာကြ၏။ ထိုအထဲ ထူးထူးခြားခြား အမျိုးသမီးငယ် တစ်ယောက်ပါ၏။ ထူးထူးခြားခြား ဆိုသည်မှာ သဝဏ္ဏသျှံတောင်နေတုန်းက တွေ့ခဲ့ရ၊ မြင်ခဲ့ရဖူးသည့် အတွင်းခေါင်းဘီးရှည်ခံ၊ အပြင်ထဘီအရံဖြင့် ဝတ်စားထားခြင်းပင်။ ဤမိုးမိတ်ဒေသ၌ သူမတစ်ဦးတည်းသာ တွေ့မိရ၏။

တစ်ဖန် ထိုသူမ၏ သွားပုံလာပုံ အမူအရာများက အများထက် သွက်လက်နေသည်ကိုတွေ့ရ၏။ ရဲတင်းသော စိတ်၊ ထက်မြက်သောစိတ်၏သင်္ကေတပြများ ဖြစ်ကြ၏။ ထိုသူမ (နောက်မှသိရသည်မှာ သူ့အမည်က မိုးဆမ်းတဲ့။) သည် ငါတို့အနား ပရိသတ်ခဏစဲသွားသည် နှင့်ဝင်လာ၏။ ပြီးသော် . . .

"အရှင်ဘုရား၊ မဘိန်းက ဂူတွေ လိုက်ရှာနေတယ်ဆိုတာဟုတ်ပါသလား"

မေး၏။

ငါတို့ကလည်း အဲသည်ဂူတွေ အာရုံပြု၍ထွက်လာကြောင်း ဖြေ၏။

ထိုစဉ် -

"တပည့်တော်မက မဘိန်းနယ် ယမ်းဘိုရွာက ဖြစ်ပါသည်။ အဲသည်ဂူကြီးများက တပည့်တော်မတို့ရွာကနေ သွားလျှင်ရောက်ပါသည်။ ရွာမှာ တပည့်တော်မ၏ အစ်ကိုရဟန်းရှိပါသည်။ သူ လိုက်ပို့ပါလိမ့်မည်"

လျှောက်၏။ တစ်ဖန် ဂူအကြောင်း သူ့အကြောင်းများ ဆက်လက်လျှောက် ထား၏။

ဂူကြီးတွေက (၉၀) ကျော်ရှိပါသည်။ နတ်သမီးဂူ၊ သိကြားဂူ စသည့် နာမည်များ သီးခြားစီရှိကြပါသည်။ နတ်လည်းအလွန်ကြီးပါသည်။ တံတွေးထွေး



www.burmeseclassic.com

www.burmeseclassic.com

သည်ကိုပင် သည်းမခံကြပါ။ လုံခြုံမှုကတော့ အထူးစိတ်ချရပါသည်။ တစ်ခါက လူ (၂၅) ယောက် ဝင်အပုန်းခိုင်းပြီး အများဝိုင်းရှာကြရာ မတွေ့ကြရပါ။

ဤကား မမိုးဆမ်းပြောသော ဂူအကြောင်း။ တစ်ဖန် သူ့အကြောင်းဘက် ဆက်လျှောက်ပြန်သေး၏။

တပည့်တော်မအိမ်သားက သစ်လုပ်ငန်းက အမှုထမ်းပါ။ သစ်ကားဖြင့် သစ်တင်အလုပ်လုပ်ရင်း သစ်လုံးပိပြီး မြစ်ဆုံမှာ သေရပါသည်။ တပည့်တော်မလည်း ခင်ပွန်းသေရာ မြစ်ဆုံက မခွာဘဲ နေပါသည်။

ဤကား မမိုးဆမ်းပြောသော သူ့အကြောင်း။ သူမအကြောင်း နောက်ထပ်သိရသည်မှာ သူမ၌ ကလေး (၄) ယောက်ကျန်ခဲ့သည်။ သူမနှင့် ကလေးများ၏ အသက်မွေးဝမ်းကျောင်းရန်အတွက် ပထမအကြော်ကြော်ရောင်း၍ ဘဝကို ရုန်းကန်ပါသည်။ ယခုသော် ရေခဲချောင်းပုံး ပခုံးလွယ်လည်ရောင်းနေပါသည်။ ထိုစကားများ သူမအိမ်သား၏ သူငယ်ချင်း (ကျော်စိုးဝင်းတင်၏) ပြောပြသွားပါသည်။ ဖြစ်ချင်တာနှင့် ဖြစ်လာတာ အနောက်နှင့်အရှေ့ ကမ္ဘာမျှကွာ၏၊

လောကကြီးသည် အာဏာ ပါးကွက်သားပမာ လူကိုခြယ်လှယ်ပါ၏။

လူက ခြယ်လှယ်၍ လောကကြီးသည်ထွက်သွားသည်ကား မရှိ။

ဤ၌ မဘိန်းဂူအကြောင်း သမီးသာပြောသည်က မပဒ်ဂူရွှေ့ပြီးနောက်မှ

သို့ဖြစ်ရာ -

"သမီးရေ၊ ကန်တော့ဆွမ်းပဲကွယ်"

ပြောလိုက်ရပါတော့သည်။

မိုးမိတ်ဘိုးဘိုး ခနိုးခနဲ့ တို့ကိုများ နဲ့နေလှည့်နေသလား။

**မိုးမိတ်ဘိုးဘိုးခနိုးခနဲ့**

ရွှေမြင်တင်တွင် တစ်ပတ်မျှ နေထိုင်စဉ်အတောအတွင်း ဘယ်က ဘယ်က သတင်းလွင့်လိုက်သည် မသိ။ သတင်းတစ်ခုလွင့်လာနေ၏။

ယင်းမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များသည် ထွက်ခါနီး၏နောက်ဆုံးတွင် ဤရွှေမြင်တင်သို့ လာရမြဲ ဖြစ်သည်။ ဤအတိုင်းဆို သည်ငါကြီးက ထွက်ရပ်ပေါက်ကြီးလိုလို။ တစ်ဖန် မပဒ်ဂူရောက်သာသမျှ ရသေ့များ နောက်ဆုံး ဘယ်ရောက်မှန်းမသိ ပျောက်သွားကြတော့၏။ သည်လိုဆိုတော့ သည်ငါကြီးလည်း ပျောက်ဆရာကြီးလိုလို. . .။

စင်စစ် ထိုသည့်ငါသည် လူ့ဘဝက သမထအလုပ်ဖြင့် စခဲ့၏။ ဘိုးမင်းခေါင် ဦးဆောင်သော သံခမောက်ဆောင်းလေးယောက်ကောင်းများနှင့် ဆက်မိ၏။ ဤ၌ လေးယောက်ဆိုသည်မှာ ရာကျော်၊ ရက်တန်းစင်တောင်၊ ဘိုးမင်းခေါင်နှင့် ဘိုးဘိုးအောင်တို့ ဖြစ်ကြသည်။ ထိုလေးယောက်တွင် လူ့ဘဝ တစ်လျှောက် ဘိုးမင်းခေါင်က အနီးကပ်စောင့်ရှောက်ပေး၏။

ရဟန်းဘဝတစ်လျှောက် ရက်ကန်းစင်တောင်က အရေးပေါ်စောင့်ရှောက်ပေး၏။

သို့သော် ငါသည် ဘာဂိုဏ်းမှ မဝင်။ ဘာဂိုဏ်းစင်မှမတက်ခဲ့။ ဂုဏ်တော်မေတ္တာပွား၍ ငါ့စိတ်ငါ့အနားထားရန် အားထုတ်ခြင်းမျှသာ။

တစ်ဖန် သံခမောက်ဆောင်းဆိုသည့် စေတီတော်များ ပြုပြင်ခြင်း၊ အသစ်တည်ခြင်း၊ ထီးတင်ခြင်းဖြင့် သာသနာပြုစုခြင်း၏ အတွင်းစကား။

သည့်နောက် လူ့ဘဝနှင့်ပင် အဘာဝိမလထံမှောက် ရောက်ရှိလာသော်အခါ အဘ၏ ကပ္ပိယကာရကအဖြစ်ဖြင့် အဘသွားရာလိုက်ပါရ၏။ အဘခိုင်းစေရာလုပ်ပေးရ၏။ သုံးနှစ်မျှကြာ၏။ သုံးနှစ်ပြည့်မြောက် ထိုသည့်နောက်တွင် ထိုအဘသည် ငါ့အား မဟာစည်ရိပ်သာသို့ စခန်းဝင်ရန် မိန့်တော့သည်။ တစ်ကြိမ်နှင့်မသွား၊ နှစ်ကြိမ်၊ နှစ်ကြိမ်နှင့်မသွား သုံးကြိမ်. . .။ သည်သို့ သုံးကြိမ်တိုင်တိုင် တိုက်တွန်းလေမှ ငါတို့သွားဖြစ်ခဲ့ရပါသည်။

မဟာစည်သည် ဝိပဿနာယာဉ်ဖြင့် နိဗ္ဗာန်သို့တင်ပို့ပေးနေသည့်စခန်း။

မဟာစည်သည် စာတွေ့နှင့်လက်တွေ့ညှိ၍ အရှိအံရှိတိုင်း မြင်သိစေသည့်စခန်း။

စည်းကမ်းလည်းကြီး၊ နည်းလမ်းလည်းမှန်၊ အသင်အညွှန်းကလည်း ကျွမ်းကျင်ပြန်သော ထိုမဟာစည်မှပင် နိဗ္ဗာန်သွားလမ်း ငါတို့မျက်မှန်းတန်းမိခဲ့ရာ ယနေ့တိုင်အောင် ထိုလမ်းပေါ်မှ တစ်ဖဝါးမှဖဲ့မနင်းပါ။

သို့ကြောင့် မိုးမိတ်ဘိုးဘိုး ခနိုးခနဲ့လုပ်သော ထိုလိုလိုဤလိုလိုများသည် အလိုထားသူများအတွက် များစာတစ်ခုမျှသာ။ ငါတို့နှင့်မသက်ဆိုင်ပါ။

**မပဒ် အရကြုံမိသော ထိုသည့်ငါ**

၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ သောကြာ၊ သင်္ကြန်အကျနေ့နံနက်တွင်ကား ရွှေမြင်တင်ကုန်းတော်ပေါ်ရှိ မမ္မရတနာဆောင်မှ ပမဒ်သို့ ရှေးရှုကာ ထွက်ခွာခဲ့ပါပြီ။ မမ္မရတနာမှ ထွက်သည်နှင့် -

ဆွမ်းလောင်းလှူကြမည့် ပရိသတ်များက အစီအရီစောင့်ကြိုနေကြ၏။

ပစ္စည်းလှူကြမည့် ပရိသတ်များကလည်း အစီအရီစောင့်နေကြ၏။

ငါတို့အား ဖူးမြော် ဂါရဝပြုရန်စောင့်နေကြသည့် ပရိသတ်ကလည်း အစီအရီပင်။

ငါတို့နောက်မှာလည်း နောက်ပါအဖြစ် လ-ဝ-ကနှင့် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိကြီးလည်း ပါ၏။ စည်ပင်မှ ဦးစီးအရာရှိကြီးလည်းပါ၏။ မြို့ပေါ်နေ ပင်စင်စားတရားသမားကြီးများလည်းပါ၏။ တစ်ဖန် ဖွားဖက်တော်ပမာ မဟာမြိုင်ကတည်းက မကွာမကွေရှိနေကြသော တန့်ဆည်မှ အောင်နီဦး၊ ဦးသန်းရှိန်နှင့် အဖော်သုံးယောက်တို့လည်းပါ၏။ သည့်အတူ ပါ၏။ ပါ၏။ မော်ကွန်းတင်ရမည့်သူများကား . . .

ညောင်နီအောက်ရွာမှ ကျောင်းဒကာ၊ ကျောင်းအမနှင့် ဆွေမျိုးများ။

မိုးမိတ်မြို့မှ ဘာသာရေးလေးစားသည့် ဒကာ၊ ဒကာမများ။

မိုးမိတ်မှ ဘာသာရေး၊ လူမှုရေးအသင်းခေါင်းဆောင်များ. . . ပင်။

ကြည့်လိုက်ပါ၊ ရွာရိုးကိုးပေါက်တစ်လျှောက်လုံး ခွေးတစီစီ ဖုန်တထောင်း ယင်တလှောင်းလှောင်း။ ကြည့်လိုက်ပါ။ သွားလမ်းတစ်လျှောက်လုံး အားတက်အင်တက် ခြေလှမ်းများက သွက်သွက်က်လက်။ တစ်နာရီခန့်အကြာ မပဒ်ဂူ ရောက်ကြပြီ။ ရောက်သည်နှင့် ငါတို့လည်း အမောဖြေရင်း အနားဆေးထည့်ခံရင်း ဧည့်ခံနေရ၏။ ဦးသံတွဲလည်း အမောဖြေရင်း၊ အအေးသုံးရင်း ဧည့်ခံနေရရှာ၏။

ထိုစဉ် ဂူတွင်း၌လည်း မိုးမိတ်၏ မြို့ပရိသတ်နှင့် ပြည့်ညပ်နေ၏။ ဂူပြင်၌လည်း မိုးမိတ်၏ မြို့ပရိသတ်နှင့်ပင် ပြန့်ကျဲနေ၏။ ညောင်နီရွာပရိသတ်အားမြို့ပရိသတ်တို့အကြား ဆားနေရာဝင်သွားပြီ။ မိုးမိတ်ရှမ်းတို့၏ သဒ္ဓါကားအထင်းသားပေါ်လွင်လှစွာ၏။

သူတို့၌ သွေးအုပ်စု (ဝဲအုပ်စု) ကြီးစိုးနေပြီး၊ လေအုပ်စု (ယာအုပ်စု) ဘက်က မလှုပ်သာမထသာဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com

ဟန် လက္ခဏာရှိ၏။ သို့ကြောင့် သဒ္ဓါအားကောင်းလျက် ပညာကား ခေါင်းမထွက်နိုင်ဖြစ်နေချေရာ. . . ဘာတဲ့ဆို လှူလိုက်မဟဲ့တန်းလိုက်မဟဲ့က ခြေလှမ်းစပြီးသားဖြစ်နေကြပြီ။ ဘယ်လိုကြီးတဲ့ဆို ကိုယ်တိုင်ဖူးရမှ၊ ကိုယ်တိုင်လှူရမှတို့က ရှန်းထနေကြပြီ။ သည်ကြားထဲ ပွဲလှန့်ဖျာခင်းက ဝင်နှောင့်လိုက်သေး။

ယင်းမှာ အဝေးပြေးကားသင်းများက 'မိုးမိတ်ရဟန္တာဖူးလိုက်ကြမလား' ကြေညာခြင်းများပင်။ သို့ဖြင့် မန္တလေးက စီးဝင်လာကြ၏။ မိုးကုတ်၊ ကျပ်ပြင်တို့က လှိမ့်ဝင်လာကြ၏။ ထူးခြားသည်က မိုးကုတ် ဂေါ်ရခါးလူမျိုးများ၏အကြီးအငယ်၊အရွယ်မရွေး ပြေးလာကြခြင်းပင်။ အားလုံးက ရဟန္တာကြီးအဖြစ် အထင်ကပ်နေကြ၏။ အားလုံးက ဝိဇ္ဇာကြီးအဖြစ်လည်း ထင်မြင်နေကြသေး၏။ သည်ကြားထဲ ဂေါ်ရခါးအဘိုးအို၏ အဆင်းဘီးတွန်းကလည်း ပါလိုက်သေး၏။ 'ငါဖူးချိန်မှာ ခြေထောက်မြေမထိဘူး' ဆိုသော စကား. . . သည်ဥစ္စာက မိုးမိတ်ဘိုးဘိုးကြီးများ မရှိုးမရွဆွပေးနေသလားမှမသိတာ။

▫ သဒ္ဓါသည် သတိ၊ ပညာမပါက တဏှာသို့ ပို့ပေးနေတတ်၏။

ဘယ်လိုပုဂ္ဂိုလ်မျိုး လှူရလျှင်ဖြင့် ငါ့အတွက် ဘယ်လောက်ဘယ်လောက်စသည် . . .။ ဘယ်လိုပုဂ္ဂိုလ်မျိုးချဉ်းကပ်ရလျှင်ဖြင့် ငါ့အဖို့ ဘယ်လိုဘယ်လိုစသည် . . .။

▫ တစ်ဖန် သဒ္ဓါမပါသော ပညာကလည်း မာနသို့ထိုးပို့တတ်ပြန်၏။

လူပြောသူပြောများသောသူကို ခြေဆုံးခေါင်းဆုံးကြည့်လျက်က. . .။

သူကဘာမို့လို့လဲ။ တခြားထက် ခေါင်းတစ်လုံး မသာပါဘူး စသည် . . .။ လူရှေ့မို့ ဟန်ဆောင်နေတဲ့ပုံပါ။ လူကွယ်ရာ ဗလာကျင်းမျိုးထဲကပါပဲ စသည်။ သို့ကြောင့် သဒ္ဓါနှင့် ပညာ ချိန်ခွင်လျှာညီဖို့ အထူးအရေးကြီးသည်။ ချိန်ခွင်လျှာညီဖို့ကလည်း စိတ်ကို ဝိပဿနာဉာဏ်ပညာတို့ဖြင့် ပုံသွင်းပေးပြီး အနည်းဆုံး သောတာပတ္တိမဂ်ပညာ၊ ဖိုလ်ပညာအထိပို့ထားမှသာ ညီပါမည်။ ထိုနေရာသည် ကိုယ်ပိုင်သဒ္ဓါ၊ ကိုယ်ပိုင်ပညာတို့ အမွေရရာနေရာဖြစ်၍. . .။

ယခု ရွှေမိုးမိတ်သို့ သဒ္ဓါကား မိဘတို့ရိုးရာမှဆင်းသက်လာသော သဒ္ဓါမျှဖြစ်ကြရာ 'တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား' ၏ သရုပ်ပြဖြစ်နေသည်။

ပန်းများအပွင့်လွန်က ပွင့်ဖတ်လန်ကွာကျသွားဘိသို့ ဤမိရိုးဖလာသဒ္ဓါများကလည်း သဒ္ဓါအလွန်ဆန် သဒ္ဓါလန်ဘက် ကန်တက်သွားတတ်သည်။

**ဆွမ်းလောင်းပွဲခေါင်းခဲရ**

မပဒ်ဂူသို့ (၇) ရက် သင်္ကြန်အကျနေ့ ဝင်ရောက်ပြီးသည်နှင့် ၁၃၇၄ ခု၊ လပြည့်ကျော် ၈ ရက် သင်္ကြန်အကြတ်နေ့ (ပ) မှ စတင်ကာ အထက်ညောင်နီရွာသို့ ဆွမ်းခံဆင်းခဲ့ပြီ။ ဆွမ်းခံဆင်းရင်း သင်္ကြန်းတွင်း တရားဟောမည်။ (နောင်မဟောတော့။)ကတိစကားဖြင့် အကြတ် (ပ)၊ အကြတ် (ဒု)၊ အတက်၊ နှစ်ဆန်း (၁) ရက်နေ့အထိ လေးရက်ဆက်ဟောသည်။

ဟောသည်က ငါးပါးသီလ၏ တစ်ပုဒ်ချင်းတစ်ပုဒ်ချင်းများအကြောင်းနှင့် ငါးပါးတွင် သုံးပါးအထွက်တင်၍ (၈) ပါး ဖြစ်လာရခြင်း အကြောင်းများပင်။ သည့်နောက် မဟော။ သို့သော် လူများပြုံကျလာကြ၏။ မိုးမိတ်မှုမက မိုးမိတ်အနီးက တောရွာများပါ ပါလာ၏။ သည့်အတူ မဘိန်းနှင့် မဘိန်းနယ်၊ တွင်းငယ်နှင့် တွင်းငယ်နယ်တို့ပါ ပါလာကြကုန်ကြ၏။

ထူးထူးချွန်ချွန် လာရှိုး၊ နောင်ချိုမြို့များကလည်း ပါဝင်လာကြသည်။

ဆွမ်းလောင်းတန်းကြီးကား ရွာသုံးရွာတန်းလျှောက်တိုးမပေါက်။

ထိုစဉ် ကဆုန်လပြည့် ရွှေမြင်တင်၌ တရားဟောမည်ပွဲလှန့်သံကြောင့် ဤလပြည့်နေ့သည် ခါတိုင်းတို့ထက်ပိုကဲလာနေ၏။ တစ်ဖန် ကဆုန်လပြည့်ကျော် ၃ ရက်နေ့ မပဒ်က ကျောင်းများ၊ ဂူများရေစက်ချပေးမည်။ ထပ်ပိုးတပ်လှန့်သံကြောင့် ထိုနေ့က ပို၍ပင်ဆိုးလာ၏။ လောင်းသူဘက်က ပုံပျက်ပန်းပျက် လူအုပ်ကြီး ပြွတ်သိပ်ထပ်လျက်ကြောင့်။ အလှူခံဘက်မှာလည်း ကြွေမြေမဲ့၊ သိက္ခာမဲ့ ဘောလုံးပွဲ ဂိုးဖမ်းပမာ အလှူခံပေးနေရ၏။

သို့ကြောင့် ဆွမ်းခံပြီးသည်နှင့် နောက်ရက် ဆွမ်းမခံတော့။ ဆိုင်ရာအသိပေးထားခဲ့၏။ ရှုပ်ယှက်ခတ်အလှူပေး၊ အလှူခံအလုပ်သည် ကုသိုလ်ရသော အလုပ်မဟုတ်တော့ကြောင်းလည်း သတိပေးထားခဲ့ရသေး၏။ ဆွမ်းလောင်းပွဲ ခေါင်းခဲရဖြစ်ခဲ့ပြီ။ သို့ဖြင့် နောက်ရက် (ကဆုန်လပြည့်ကျော် ၄ ရက်) နေ့ ဆွမ်းခံမထွက်တော့ပါ။ သည်နေရာ တို့မထွက်သဖြင့် သူတို့ထွက်လာကြရပါသည်။

ယင်းကား မိုးမိတ်မြို့၏တာဝန်ခံများဖြစ်ကြသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးကြီး၊ မြို့နယ် လ-ဝ-က နှင့် သာသနာရေးဦးစီးမှူးတို့ပင်။ ထိုသုံးဦးတို့သည် မိုးမိတ်၏အဓိကတာဝန်ခံများဖြစ်ကြသည်။ ထိုသုံးဦးတို့သည် ငါတို့၏ အဓိက အထိန်းတော်ကြီးများလည်း ဖြစ်ကြသည်။

ဤ၌ စကားကျန်တစ်ခွန်း ပြန်လည်ကာ ညွှန်းလိုသေး၏။ ငါတို့မပဒ်ဂူရောက်ပြီးသည့်နောက် အုပ်ချုပ်ရေးမှူးဒကာကြီး ငါတို့ဆီရောက်ရှိလာ၏။ ၎င်းနှင့်အတူ အမိန့်တော်လည်းပါလာ၏။ ယင်းမှာ တစ်လတစ်ကြိမ် ငါတို့ဂူသူတို့သုံးဦး တက်ရောက် စစ်ဆေးမည့်အကြောင်းပင်။

ထိုစဉ် -

"ဘာလုပ်ဖို့လာနေမလဲ ဒကာကြီးရဲ့"

ပြန်မေးသောအခါ -

"တပည့်တော်တို့ ဝတ္တရားအရပါဘုရား"

ပြန်လည် လျှောက်ထားသွားသည်။

"အင်း - ငါတို့ကို အစိုးရမင်းကြီးများက တစ်လတစ်ကြိမ် တက်စစ်မည်ဆိုပါကလား"

ဝတ္တရားအရဆိုသည်နှင့် မင်းအာဏာမှန်း သိလိုက်ရ၏။ သို့ကြောင့် ထိုသုံးဦးကို ငါတို့၏ အထိန်းတော်ကြီးဆိုရသည်။ ယနေ့ ထိုအထိန်းတော်ကြီးသုံးဦးတို့က နက်ဖြန်မှစ၍ စနစ်တကျအလှူရှင်မှာ တစ်ယောက်ချင်း တန်းစဉ်ပေးပါမည့်အကြောင်းနှင့် နက်ဖြန်ကစ၍ ဆွမ်းခံကြွပါမည့်အကြောင်းပါ လာရောက် လျှောက်ထားကြ၏။ ငါတို့ကလည်း လက်ခံ၏။ နောက်နေ့မှစ၍ ပွဲလှန့်လည်းကင်း၊ တာဝန်ခံတို့ စနစ်တကျတန်းစဉ်ပေးကြခြင်းကြောင့် အားလုံးစိတ်ဖြောင့်စွာ ကုသိုလ်ထုပ်မြှုပ်ခွင့်ရခဲ့ကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒဿန)

## ဝေဗုလ္လာရာမဆရာတော်ဘုရားကြီး၏ မေတ္တာသိဒ္ဓိဘာဝနာကျမ်းလာ

## မေတ္တာသီလသံယုအောက်တည့်ပုံ

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်နေ့နံနက်။

ထိုနေ့နံနက်က ကျွန်တော်သည် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်သည်ပူဇော်ပြီး အင်္ဂါထောင့်တစ်နေရာ၌ ထိုင်လျက် စေတီတော်ကြီး၏ အချိုးအစားပြေပြစ်ပုံကို အံ့ဩစွာကြည့်နေစဉ် မှူမိတ်ဆွေတစ်ဦးရောက်လာပါသည်။ ထိုမိတ်ဆွေသည် ကျွန်တော့်ကို မြင်သည်နှင့် ဤသို့စကားစပါသည်။

"ဆရာ၊ ဝေပုလ္လာရာမဆရာတော်ဘုရားကြီးရဲ့ အနှစ် (၇၀) ပြည့် ဝိဇာတမင်္ဂလာအထိမ်းအမှတ် အလှူတော်မင်္ဂလာပွဲကို မသွားဘူးလား"

"သွားပါတယ်ဗျာ၊ ခုနကပဲ ပြန်ရောက်လာတာ။ ကျွန်တော်တို့ ဂေါပကအဖွဲ့ ပုံမှန်အစည်းအဝေးက (၉) နာရီမှစမှာ။ အချိန်ပေးသေးတာနဲ့ ဘုရားရှိခိုးပြီး အင်္ဂါထောင့်မှာထိုင်ပြီး စေတီတော်မြတ်ကြီးရဲ့ အချိုးအစားပြေပြစ်ပုံကို ကြည့်နေတာပါ"

"ဆရာတော်ဘုရားကြီးဟာ ဝါခေါင်လပြည့်နေ့မှာ မွေးဖွားတာဆိုတော့ မေတ္တာအခါတော်နေ့မှာ မွေးဖွားတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ပါတယ်၊ မေတ္တာအခါတော်နေ့မှာ မွေးဖွားတယ်လို့ ဆိုရမှာပေါ့"

"မေတ္တာအခါတော်နေ့မှာ မွေးဖွားတာဆိုတော့ အခုလို ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ ဆရာတော်ဘုရားကြီးက မေတ္တာတရားအကြောင်း ဟောမှာပေါ့နော်"

"ဟောတာပေါ့ဗျာ။ ဟောရုံတင်မကပါဘူး။ တပည့်ဒါယကာ၊ဒါယိကာမတွေ အမြဲလက်စွဲပြုပြီး ဖတ်ကြဖို့ မေတ္တာသိဒ္ဓိဘာဝနာကျမ်းကိုလည်း ရေးပေးခဲ့ပါသေးတယ်"

"အဲဒီစာအုပ်ထွက်ပြီလားဆရာ"

"ထွက်ပြီးပါပြီဗျာ။ ၂၀၀၉ ခုနှစ်က ထွက်ခဲ့တာပါ"





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီစာအုပ် ကျွန်တော့်မှာ မရှိဘူးဆရာ"

"ကျွန်တော့်မှာ ရှိပါတယ်ဗျာ။ မိတ်ဆွေဖတ်ချင်တယ်ဆိုရင်ပေးပါ့မယ်"

"ကျေးဇူးပါဆရာ။ ဒါ့ထက် အဲဒီစာအုပ်ထဲမှာ မေတ္တာပို့နည်းတွေအစုံပါရဲ့လား"

"ပါတာပေါ့ဗျာ။ ရှေးရှေးသောတောရဆောက်တည်ကြတဲ့ ဆရာတော်တွေရဲ့ မေတ္တာပို့သနည်း၊ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တွေရဲ့ မေတ္တာပို့သနည်း၊ နောက် ဆရာတော်ကိုယ်တိုင်ရဲ့ မေတ္တာပို့သနည်း။ မေတ္တာပို့သနည်း အစုံပါပါတယ်။ မေတ္တာပို့သနည်းတွေအပြင် မေတ္တာသီလ ခံယူ ဆောက်တည်ပုံကိုလည်း အကျယ် မိန့်ဆိုထားပါတယ်"

"မေတ္တာသီလခံယူဆောက်တည်ပုံဆိုတာ ကိုးပါးသီလခံယူဆောက်တည်ပုံကို ပြောတာလား"

"အများကတော့ ကိုးပါးသီလခံယူဆောက်တည်နည်းလို့ မှတ်ယူထားကြပါတယ်။ ဝေပုလ္လာရာမဆရာတော်ဘုရားကြီးကတော့ ငါးပါးသီလကိုလည်း မေတ္တာနဲ့တွဲပြီးတော့ ဆောက်တည်လို့ရတယ်။ ဗြဟ္မစရိယသီလကိုလည်း မေတ္တာနဲ့တွဲပြီး ဆောက်တည်လို့ရတယ်လို့ မိန့်ဆိုထားပါတယ်"

"ကျွန်တော်သဘောမပေါက်ဘူးဆရာ။ ရှင်းပြပါဦး"

"မိတ်ဆွေ ငါးပါးသီလကို အမြဲဆောက်တည်တယ် မဟုတ်လား"

"ငါးပါးသီလကိုတော့ အမြဲဆောက်တည်တာပေါ့။ နေ့စဉ်ဘုရားရှိခိုးတဲ့အခါမှာလည်း သီလဆောက်တည်ခန်းပါပါတယ်။ သီလဆောက်တည်ခန်းဆိုတာ ငါးပါးသီလဆောက်တည်တာကို ပြောတာပါ"

"ငါးပါးသီလ ဆောက်တည်ပြီးတဲ့အခါ 'မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ'ကိုထည့်ဆိုလိုက်ရင် ငါးပါးမေတ္တာသီလဖြစ်သွားတာပေါ့။ အဲဒီလိုပါပဲ၊ ဗြဟ္မစရိယငါးသီလဆောက်တည်ပြီးတဲ့အခါမှာလည်း 'မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ' ကို ထည့်ဆိုလိုက်ရင် ဗြဟ္မစရိယငါးပါး မေတ္တာသီလဖြစ်သွားတာပေါ့"

"အဲဒီလိုတော့ မသိဘူးဗျာ။ ကျွန်တော်တို့က ကိုးပါးသီလဆောက်တည်ပုံ 'မေတ္တာသဟဂတေန စေတသာ



သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ' ကို ထည့်ဆိုရတာလို့ မှတ်ယူထားတာ"

"အစဉ်အလာကတော့ အဲဒီလိုမှတ်ယူလာကြတာပေါ့ဗျာ။ ကျွန်တော်တို့လည်း ဆရာတော်ရဲ့ မေတ္တာသိဒ္ဓိဘာဝနာကျမ်းကို ဖတ်ရတော့မှ အဲဒါတွေကို သိလာရတာ။ ဆရာတော်က မေတ္တာလမ်းကိုလျှောက်လှမ်းလိုတဲ့ပုဂ္ဂိုလ်၊ မေတ္တာသိဒ္ဓိဘာဝနာ အကျင့်တရားကို ပေါက်မြောက်လိုကြတဲ့ ပုဂ္ဂိုလ်တွေဟာ အနည်းဆုံးအောက်ထစ်ဖြစ်တဲ့ ရိုးရိုးငါးပါးသီလကို မေတ္တာနဲ့တွဲပြီး အားထုတ်သင့်တယ်လို့ မိန့်ဆိုထားပါတယ်"

"ကျွန်တော်တို့က အဲဒီလိုမသိတော့ အစဉ်အလာအတိုင်းပဲ ငါးပါးသီလဆောက်တည်ကြတာပဲ။ မေတ္တာနဲ့တွဲပြီး ဆောက်တည်ရတယ်ဆိုတာကို အခု ဆရာပြောပြမှသိရတာ"

"ဆရာတော်ကတော့ ဖြစ်နိုင်ရင် ဗြဟ္မစရိယငါးပါးသီလကို မေတ္တာနဲ့တွဲပြီး ဆောက်တည်ပါတဲ့။ အကောင်းဆုံးကတော့ ကိုးပါးသီလဆိုတဲ့ မေတ္တာသီလကိုဆောက်တည်ဖို့ပါပဲတဲ့"

"အခွင့်ကြုံတုန်း ဗြဟ္မစရိယငါးပါးသီလဆောက်တည်ပုံကို ပြောပြပါဦး ဆရာ"

"ဗြဟ္မစရိယငါးပါးသီလဆောက်တည်ပုံဟာ ရိုးရိုးငါးပါးသီလဆောက်တည်ပုံနဲ့ သိပ်မထူးပါဘူး။ 'ကာမေသု မိစ္ဆာစာရ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ' ဆိုတဲ့နေရာမှာ 'အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ' လို့ အစားထိုးပြီး ဆောက်တည်လိုက်ရုံပါပဲ"

"သဘောပေါက်ပါပြီ ဆရာ"

"တစ်ဆက်တည်း ဆရာတော်မိန့်မှာတာကို ပြောရဦးမယ်။ ဆရာတော်မိန့်မှာထားတာက မေတ္တာခရီးလမ်းလျှောက်လမ်းမယ့်သူတွေဟာ အစပထမကတော့ ငါးပါးသီလကို မေတ္တာနဲ့တွဲပြီး အားထုတ်ကြရမှာပါတဲ့။ အတော်အသင့်အားထုတ်ပြီးတဲ့အခါ ဗြဟ္မစရိယငါးပါးသီလကို မေတ္တာနဲ့တွဲပြီးအားထုတ်ကြရမှာပါတဲ့။ ဝါတွင်းကာလမှာတော့ မေတ္တာသီလဖြစ်တဲ့ ကိုးပါးသီလကို ဆောက်တည်ရမှာပါတဲ့။ နောက်ဆုံးတော့ ကိုးပါးသီလကိုပဲ အသက်ထက်ဆုံး ဆောက်တည်သွားကြရမှာပါတဲ့"

"ကျေးဇူးပါပဲ ဆရာ"

"မိတ်ဆွေနဲ့ စကားပြောလို့ကောင်းပါရဲ့။ အစည်းအဝေးကရှိနေသေးတော့ စကားဖြတ်ရတော့မယ်။ ဝေပုလ္လာရာမ ဆရာတော်ဘုရားကြီးရဲ့ မေတ္တာသိဒ္ဓိဘာဝနာကျမ်းမှာ မေတ္တာတရားနဲ့ပတ်သက်လို့ ကျွန်တော်တို့အမြဲနှလုံးသွင်းရမယ့် အချက်တွေကိုလည်း ဆရာတော်ဘုရားကြီးကမိန့်ဆိုထားသေးတယ်။ အခွင့်ကြုံတော့ပြောကြသေးတာပေါ့ဗျာ။ ဒါ့ထက် ဒီကနေ့ ညနေ (၅)နာရီမှာ ကျားပျံမကောက်မမှာရုံမှာ မေတ္တာအခါတော်နေ့အခမ်းအနားရှိပါတယ်။ မိတ်ဆွေကို ဖိတ်ကြားပါတယ်။ တက်ဖြစ်အောင်တက်ပါဗျာ။ အဲဒီအခမ်းအနားမှာ ဝတ်အသင်းပေါင်း (၈၀) ကျော်တက်ရောက်ကြပြီး မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆိုကြမှာပါ။ အဲဒီလိုရွတ်ဆိုပြီးနောက် ဝတ်အသင်းများက မေတ္တာသုတ်လာမေတ္တာပို့နည်း၊ ဒိသာဖရဏမေတ္တာပို့နည်းတို့နဲ့ မေတ္တာပို့ကြမှာပါ။ မေတ္တာပို့ရာမှာ တစ်ဦးတစ်ယောက်တည်း မေတ္တာပို့တာထက် စုပေါင်းမေတ္တာပို့တာက ပိုပြီးအကျိုးများတယ်လို့ ဆရာတော်ဘုရားကြီးများက ဟောထားတယ်မဟုတ်လား။ မိတ်ဆွေလည်း မေတ္တာအခါတော်နေ့ အခမ်းအနားလာရောက်ပြီး ဝတ်အသင်းများနဲ့အတူ မေတ္တာပို့လှည့်ပါဗျာ"

"လာရမှာပေါ့ဗျာ"

"ဒါ့ထက် မိတ်ဆွေ မနက်ဖြန်ဘုရားကို လာဦးမှာမဟုတ်လား။ မနက်ဖြန် ကျွန်တော်ဝေပုလ္လာရာမဆရာတော်ဘုရားကြီးရဲ့ မေတ္တာသိဒ္ဓိဘာဝနာကျမ်းစာအုပ်ယူခဲ့ပါမယ်"

"ယူခဲ့ပါ ဆရာ။ ကျွန်တော် လာမှာပါ"


ထို့နောက် ခမ္မမိတ်ဆွေသည် ဘုရားကိုကန်တော့ပြီး စေတီတော်ကြီးတောင်ဘက်စောင်းတန်းမှ ဆင်းသွားပါသည်။

မြဝင်း (ဓသသန)



www.burmeseclassic.com

www.burmeseclassic.com




၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၁၂-၃-၂၀၁၄၊ ဗုဒ္ဓဟူးနေ့။

မိမိတို့မိသားစု အပါအဝင် မဟာတိုးဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် လိုက်ပါကြမည့် နယ်ပေါင်းစုံမှ ပုဂ္ဂိုလ်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နံနက် (၁၁) နာရီအရောက်သွားကြသည်။ မိမိအပါအဝင် ရဟန်း (၃) ပါးနှင့် လူပုဂ္ဂိုလ် (၁၆) ဦး ဖြစ်သည်။ နေ့လယ် (၁၂)နာရီတွင် လေယာဉ်စထွက်မည်ဖြစ်၍ မဟာတိုးကုမ္ပဏီမှ မိမိ အပါအဝင် ရဟန်း (၃) ပါးတို့ကို လေဆိပ်အနီးရှိ ထမင်းဆိုင်တွင် နေ့ဆွမ်းကပ်သည်။ လေဆိပ်တွင်စောင့်နေစဉ် ရာပြည့်သုခ၊ မဇ္ဈိမအလင်း စသော ဘုရားဖူးအဖွဲ့များနှင့်လည်းဆုံမိကြသည်။ လေယာဉ်ထွက်ချိန် မွန်းလွဲ (၁) နာရီသို့ ပြောင်းသွားသည်။ လေယာဉ်ပေါ်တွင် မိမိနှင့် ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော်ကြီး ဦးဉာဏိန္ဒတို့ ထိုင်ခုံချင်းကပ်လျက် အတူထိုင်ရပါသည်။ ဆရာတော်ကြီးသည် သံဃမဟာနာယက အစည်းအဝေးအတွက် ကြွလာရခြင်း ဖြစ်ကြောင်း သိ

ဦးဉာဏ(ကြွယ်အိပ်ဖွဲ့)

# ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန ခရီးသွားမှတ်တမ်း



[illegible]သူဌေးသမီး ယနာနို့ဆွမ်းချက်ရာအထိမ်းအမှတ်စေတီ
(ဆေနာနိဂုံ၊)


www.burmeseclassic.com

ရသည်။ ရန်ကုန်လေဆိပ်မှ ဂယာလေဆိပ်သို့ တိုက်ရိုက်ပျံသန်းချိန်မှာ (၂) နာရီ (၁၀) မိနစ် ကြာမြင့်သည်။ မြေပြင်ပေါ် သို့ ဆင်းသက်ခါနီးတွင် ဗုဒ္ဓဂယာဆရာတော်ကြီးက ဒုတ္တရစရိယာ တောင်နှင့် နေရဉ္ဇရာမြစ်ကို ပြသဖြင့် ဖူးမြော်ခွင့်ရသည်။

**ဘုရားရှင်အသွေးအသားပွင့်တော်မူရာ အတုမဲ့ အောင်မြေရှိ မဟာဗောဓိစေတီ**

လေဆိပ်တွင် လူစုံအောင်စောင့်ပြီးနောက် မြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားကြသည်။ Guide ဖြစ်သူ ကိုကျော်အောင်က မနက်ဖြန်နံနက်ကျမှ မဟာဗောဓိ စေတီတော်ကို အေးအေးဆေးဆေး လာဖူးကြမည်။ ယခုခေတ္တဝင်ဖူးမည်ဟု ဆိုပါသည်။ မိမိတို့အဖွဲ့များ 'မဟာဗောဓိစေတီတော်' သို့ ဝင်ရောက် ဖူးမြော်ကြသည်။ ၂၀၁၃ ခု၊ ဇူလိုင်လ၌ မဟာဗောဓိပင်အနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေး အထူးတင်းကြပ်ထားသည်။ ယခင်ကလို ဝင်ချင်သည့် နေရာမှ ဝင်လို့မရတော့။ လူနှစ်ရပ်ခန့်ရှိ အုတ်တံတိုင်းကြီးများဖြင့် ကာရံထားပြီး ဝင်ပေါက်နှင့် ထွက်ပေါက် ကိုသီးသန့်ခွဲခြားထားသည်။ အမျိုးသားနှင့်အမျိုးသမီးကိုလည်း ခွဲခြားထားသည်။ စစ်ဆေးရေးဂိတ်နှစ်ဆင့်၌ စစ်ဆေးရေးကိရိယာများဖြင့် အစစ်ဆေးခံပြီးမှသာ ဝင်ခွင့်ပြုသည်။ ဖုန်းများလုံးဝယူဆောင်ခွင့်မပြု။ ကင်မရာများလည်း ရူပီးငွေ (၁၀၀) ပေးမှသာ ယူဆောင်ခွင့်ပြုသည်။

မဟာဗောဓိရုပ်ပွားတော် ဗောဓိပင်နှင့် ရွှေပလ္လင်တော်တို့ကို ဖူးမြော်၍စရိယာပိဋကပါဠိတော်လာ ပါရမီ (၁၀) ပါးဂါထာများနှင့် ဇိနာလင်္ကာရကျမ်းလာ ဘုရားအဖြစ်သို့ ရောက်ရှိပုံ ဂါထာများကို ရွတ်ဆို၍ ရှိခိုးပူဇော်သည်။ ပြီးနောက် မြန်မာကျောင်းသို့သွားကြသည်။ ညနေပိုင်းတွင် မဟာဗောဓိ စေတီတော်ကိုနောက်တစ်ကြိမ်ထပ်ဖူးကြ၏။



www.burmeseclassic.com


www.burmeseclassic.com

ပြည်ပ ဘုရားဖူးအဖွဲ့များ သာမက ပြည်တွင်းဘုရားဖူးအဖွဲ့လည်း အတော်များများ လာကြသည်။ ယခင်အခေါက်များက အိန္ဒိယနိုင်ငံသား ဘုရားဖူးများကို သိပ်မတွေ့ရ။ ယခု အတော်များများ လာကြသည်ကို တွေ့ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ အတိုင်းတိုင်း အပြည်ပြည်မှ လာရောက် ဖူးမြော်ကြသော ဘုရားဖူးများဖြင့် နေ့ ညမစဲ အမြဲစည်ကားနေခြင်းကလည်း ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟံဂုဏ်တော်ကို ပေါ်လွင်ထင်ရှားစေသည်။ လူပုဂ္ဂိုလ်များသာမက နတ်၊ ဗြဟ္မာများ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများလည်း အမြဲလာရောက်ဖူးမြော်ကြလိမ့်မည်ဟု ယုံကြည်မိပါ၏။

၁၃-၃-၂၀၁၄။

နံနက်စာစားပြီး 'သုဇာတာ ယနာနို့ဆွမ်း ကပ်လှူသောနေရာ' သို့ သွားရောက် ဖူးမြော်ကြသည်။ သုဇာတာ သူဌေးသမီးက ယနာနို့ဆွမ်း ကပ်လှူနေပုံကို ထုလုပ်ထားသည်။ ရုပ်ပွားတော်၏ ဦးခေါင်းတော် အရွယ်အစားတို့ [illegible]တ်မှု မရှိ။ ဦးခေါင်းတော်ကသေးနေသည်။ ဦးခေါင်းတော်များ ရိုက်ချိုး[illegible]ခြင်းခံရ၍ အသစ်ပြန်ပြုပြင်ထား[illegible]ကြောင်း သိရသည်။ ဤနေရာ[illegible] သုဇာတာသူဌေးသမီးသည် သားဆု[illegible] ဆုတောင်းပြည့်သဖြင့် ရုက္ခစိုး[illegible] နှစ်စဉ် ယနာနို့ဆွမ်းလာရောက်[illegible]ခြင်းဖြစ်သည်။ ညောင်ပင်အောက်[illegible] တရားအားထုတ်နေသော ဘုရား[illegible]လောင်းတော်ကို ရုက္ခစိုးနတ်ဟု မှတ်[illegible] ရွှေခွက်နှင့်တကွ ယနာနို့ဆွမ်း[illegible]ကပ်လှူဒါန်းသည်။ အလောင်း[illegible] ဘုဉ်းပေးပြီးနောက် ရွှေခွက်ကို[illegible]မြစ်အတွင်းသို့ အဓိဋ္ဌာန်ပြု၍[illegible]။ 'ရွှေခွက်မျှောသောနေရာ'[illegible]အမှတ်အဖြစ် ရုပ်တော်မူ ဗုဒ္ဓ[illegible]တော်တစ်ဆူကို နေရဉ္ဇရာမြစ်[illegible]ထားသည်။ မြစ်ဟုဆိုသော်[illegible] နွေရာသီတွင် ရေမရှိ။ မိုးတွင်း[illegible] ကမ်းပြည့်ကမ်းလျှံ ရေစီးဆင်း[illegible] သိရ၏။ တောင်မှမြောက်သို့[illegible]သောမြစ် ဖြစ်သည်။ ကာဠ[illegible] ဘုံဗိမာန်ကား ဤမြစ်အောက်[illegible]မည်။

[illegible]နို့ဆွမ်း ကပ်လှူသောနေရာ[illegible]ပြီးနောက် သေနာနိဂုံးရှိ[illegible]သူဌေးသမီးအိမ်ရာ၌ တည်[illegible] စေတီကြီးကို သွားရောက်


တရားဦးဓမ္မစကြာဟောတော်မူရာ ဓမ္မရာဇိကစေတီ (မိဂဒါဝုန်)


အမြဲသီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်း၊ ဂန္ဓကုဋိ (သာဝတ္ထိမြို့)



နေ့စဉ်တရားဟောတော်မူရာ ပလ္လင်တော်ကြီးနှင့်မျှော်ရှု (ဇေတဝန်ကျောင်းတော်)



www.burmeseclassic.com

www.burmeseclassic.com





တာဝတိံသာနတ်ပြည်မှ ပြန်လည်ဆင်းသက်ရာ အစလလစေတီကုန်းတော် (သင်္ကဿမြို့)

ဖူးမြော်ကြသည်။ ဘုရားရှင်အား ကပ်လှူမည့်ဆွမ်းကို ချက်ပြုတ်ရာနေရာဖြစ်သောကြောင့် အသောကမင်းကြီးက တည်ထားခဲ့ခြင်း ဖြစ်ကြောင်း Guide ဆရာတော်က ရှင်းပြသည်။ ယခင်က မြေကြီးကုန်းမျှသာ ဖြစ်သော်လည်း ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်တူးဖော်ခဲ့ရာ စေတီတော်ကြီး ပြန်လည်ပေါ်ထွက်လာသည်။

မိမိစိတ်အာရုံတွင် ယနာ့နို့ဆွမ်းချက်ရာ၌ နတ်ပြဟ္မာများဝိုင်းဝန်းကူညီဆောင်ရွက်ကြပုံကို မှန်းဆကြည်ညိုမိသည်။ ဘုရားဖြစ်မည့်နေ့တွင် ဘုဉ်းပေးရသောဆွမ်းဖြစ်၍ အခြားသောဆွမ်းများထက် အကျိုးအာနိသင် ကြီးမားကြောင်း ဟောကြားတော်မူခဲ့သည်ကိုလည်း အမှတ်ရမိသည်။ လှူဒါန်းခွင့်ရသော သုဇာတာသူဌေးသမီးသည်လည်း အရတော်ပါပေစွ၊ ကုသိုလ်ကံထူးပါပေစွ။ နှစ်ပေါင်း (၂၆၀၀) ကျော်ပြီဖြစ်သော်လည်း သုဇာတာ၏အမည်ကား ယနေ့တိုင်အောင် မဟာဗောဓိနယ်မြေတစ်ခွင်၌ ထင်ရှားသော အမည်နာမအဖြစ် နေရာတိုင်းတွင် တွေ့နေရဆဲပင်။

သုဇာတာ၏ အိမ်ရာမှအပြန်သောတ္ထိယမြက်ထမ်းသမားက ဘုရားအလောင်းတော်အား 'မြက်ရှစ်ဆုပ်လှူဒါန်းသောနေရာ' ကို ဝင်ရောက်ဖူးမြော်ကြသည်။ ကားလမ်းနံဘေးရှိ အဆောက်အအုံငယ်တစ်ခုတွင် မြက်ရှစ်ဆုပ်လှူဒါန်းပုံကို ထုလုပ်ထားပြီး ရှေးဟောင်း သမိုင်းဝင်နေရာအဖြစ် ဆိုင်းဘုတ်ဖြင့် ရေးသား မှတ်တမ်းတင်ထားသည်။

၎င်းနောက် မဟာဗောဓိစေတီတော်သို့သွား၍သက်နင်းကပ်လှူကြသည်။ Guide ဆရာတော်က အလောင်းတော်သည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်တွင် မာရ် (၅) ပါးကို အောင်မြင်တော်မူ၍ ဘုရားအဖြစ်သို့ရောက်ရှိပုံ၊ ဗောဓိပင်ရင်း၌ ဖလသမာပတ်ဝင်စား၍ (၇) ရက်တိုင်တိုင် ပထမသတ္တာဟအဖြစ် စံနေတော်မူပုံ၊ ဒုတိယသတ္တာဟအဖြစ် ရတနာစင်္ကြံကြွ၍စံနေတော်မူပုံ၊ စတုတ္ထသတ္တာဟအဖြစ် အဘိဓမ္မာ (၇) ကျမ်းကို ဆင်ခြင်တော်မူ၍ (၇) ရက်တိုင်တိုင် ရတနာဃရစံအိမ်တော်တွင် စံနေတော်မူပုံ၊ ဆဋ္ဌမသတ္တာဟအဖြစ် မုစလိန္ဒာရေအိုင်အနီးတွင် ဖလသမာပတ်ဝင်စား၍ (၇) ရက်တိုင်တိုင် စံနေတော်မူပုံ၊ သတ္တမသတ္တာဟအဖြစ် ရာဇာယတန

www.burmeseclassic.com

လင်းလွန်းပင်အရင်း၌ ဖလသမာပတ် ဝင်စား၍ (၇) ရက်တိုင်တိုင် စံနေတော်မူပုံတို့ကို ရှင်းလင်းပြသည်။ 'သတ္တဋ္ဌာန' တွင် လှည့်လည်ဖူးမြော်ကြပြီးနောက် အချိန်စောနေသေး၍ မြန်မာကျောင်းသို့မပြန်သေးဘဲ ဗောဓိပင်အောက်တွင် နေခဲ့သည်။

မဟာဗောဓိဌာနကား **ဘုရားရှင် အဆူဆူတို့၏ အတုမဲ့အောင်မြေ** ဖြစ်၏။ သံသရာနှင့်ချီ၍ကြာခဲ့သော ကိလေသာတို့ကို အနုသယဓာတ်ပါမကျန်အောင် အကြွင်းမဲ့ချေမှုန်းပစ်ရာဌာနကြီး ဖြစ်၏။ ကိလေသာဟူသမျှ မြူမျှ မကျန်အောင် ချေမှုန်းနိုင်သဖြင့် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကြီးလည်ပတ်ခွင့်မရတော့ဘဲ သံသရာခရီးပြီးသွားတော့၏။ ဘုရားရှင် အဆူဆူတို့ ကိလေသာရန်သူကို အောင်မြင်ရာဌာနဖြစ်၍ ကမ္ဘာတည်သောအချိန်တွင် ပထမဦးဆုံးတည်လာပြီး ကမ္ဘာပျက်သောအခါ၌လည်း နောက်ဆုံးအချိန်မှ ပျက်ရ၏။ ကမ္ဘာတည်ခါစအချိန်က ကြာရေကန်ကြီးရှိပြီး ဘုရားတစ်ဆူပွင့်သည့်ကမ္ဘာဖြစ်ပါက ကြာတစ်ပွင့်ပွင့်လာမည် ဖြစ်၏။

ဤမျှထူးမြတ်လှသောနေရာဌာနကို ဖူးမြော်ခွင့်ရကြသူအပေါင်းတို့သည်လည်း ကုသိုလ်ကံထူးလှပါပေ၏။ မိမိတို့သည် မဟာဗောဓိပင်အောက်၌ထိုင်၍ ရတနသုတ်၌လာသော ဂေါတမဘုရား အလောင်းတော် ဒီပင်္ကရာမြတ်စွာဘုရား အထံတော်၌ဗျာဒိတ်ခံယူပုံ၊ ပါရမီ(၁၀)ပါး စွန့်ခြင်းကြီး(၅)ပါး၊ စရိယ(၃)ပါး တို့ကိုဖြည့်ကျင့်ပုံ၊ ဗောဓိပင်နှင့် ရွှေပလ္လင်ထက် မာရ်(၅)ပါးကို အောင်မြင်တော်မူပုံတို့ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားပြီး နေ့လယ်စာစားချိန်အမီ မြန်မာကျောင်းသို့ ပြန်ခဲ့သည်။

မူလအစီအစဉ်အရ ဗုဒ္ဓဂယာတွင် (၂) ညအိပ်ပြီးမှ မိဂဒါဝုန်သို့ ခရီးဆက်ရန် ဖြစ်သော်လည်း (၁၆)၊ (၁၇) ရက်နေ့များမှာ ကုလားသင်္ကြန် (Holy ပွဲတော်) ဖြစ်၍ ကားလမ်းများ ပိတ်ဆို့နေမည် ဖြစ်၍ သင်္ကြန်ရက်အတွင်း သက်သသို့ ရောက်သွားရန် Guide ဖြစ်သူ ကိုကျော်အောင်ကစီစဉ်သည်။ သက်သသို့ခေါင်သောနေရာတွင် နေရထိုင်ရ အဆင်ပြေနိုင်သဖြင့် ယခုကဲ့သို့ စီစဉ်ရခြင်း ဖြစ်သည်။ ၎င်းအစီအစဉ်အရ ကျန်ရှိသော ဂယာတွင် (၂) ညအိပ်ရန် အစီအစဉ်ပြောင်းလိုက်ရသည်။

**တရားဦးဟောတော်မူရာ မိဂဒါဝုန်**

နေ့လယ်စာစားပြီး ဗာရာဏသီသို့ ခရီးဆက်ကြသည်။ ဗာရာဏသီသို့ မရောက်မီ ဂင်္ဂါမြစ်ကို ဖြတ်ကျော်ခဲ့ရသည်။ ဗာရာဏသီမြို့သည် စည်ကားသောမြို့ဖြစ်သဖြင့် မြန်မာကျောင်းသို့ ရုတ်တရက် မရောက်နိုင်။ မိုးချုပ်မှ ဆေးဝက်ပါမြန်မာကျောင်းသို့ ရောက်ရှိသည်။ မူလကျောင်းဆောင်ကြီးအပြင် ဘုရားဖူးများအတွက် တည်းခိုဆောင်ကြီးကိုလည်း အသစ်ဆောက်လုပ်ထားသည်။ ကျောင်းဆောင်အသစ်ဆောက်လုပ်ထားသည်မှာ ခေတ်မီ အဆင့်မြင့်သည်။ အခန်းနံပါတ်ကတ်ပြားထည့်မှ အခန်းတွင်မီးလင်းသည်။ တည်းခိုခဲ့သမျှတွင် ဤတစ်နေရာသာ အဆင့်မြင့်မြင့် တည်ဆောက်ထားသည်ကိုတွေ့ရသည်။

ကျောင်းထိုင်ဆရာတော်ကြီးက မိဂဒါဝုန်သမိုင်း၊ အိန္ဒိယဗုဒ္ဓဘာသာ သမိုင်းနှင့် ဆေးဝက်ပါမြန်မာကျောင်း သမိုင်းတို့ကို အကျယ်တဝင့်ရှင်းပြသည်။ ဘာသာအယူဝါဒ၊ ယဉ်ကျေးမှုဓလေ့ ထုံးစံ မတူညီသော အိန္ဒိယတွင် အခက်အခဲမျိုးစုံအကြား၌ သာသနာပြုနေရကြောင်းနှင့် ဤကျောင်းတော်ကြီးကို အမူအမျိုးမျိုး ရင်ဆိုင်လျက် ဒေါ်လာ (၆) သန်း အကုန်အကျခံကာ ထိန်းသိမ်းစောင့်ရှောက်နေရကြောင်းမိန့်ကြားသည်။ မြန်မာကျောင်းသည် ဗာရာဏသီမြို့တွင်း၌ တည်ဆောက်ထားသောကျောင်းဖြစ်၍ မိဂဒါဝုန်နှင့် (၇) မိုင်ဝေးကွာကြောင်း သိရသည်။ သို့ဖြစ်၍ ညပိုင်းတွင် အပြင်ထွက်၍ဖူးမြော်လေ့လာစရာမရှိ။ တစ်ညတာပြီးကြရတော့သည်။

၁၄-၃-၂၀၁၄။

နံနက်စာစားပြီးနောက် တရားဦးဓမ္မစကြာဟောတော်မူရာ ဣသိပတနမိဂဒါဝုန်သို့ သွားကြသည်။ မိဂဒါဝုန်သို့ အဝင်တွင် လမ်းဘေး၌ 'ချောက်ခဏ္ဍီစေတီ' ကို ဝင်ဖူးကြသည်။ ဘုရားရှင်ကို ပဉ္စဝဂ္ဂီငါးပါးက ခရီးဦးကြိုပြုရာဌာန ဖြစ်သည်။ အသောကမင်းကြီးက ထိုနေရာ၌ စေတီတည်ခဲ့သည်။ ဘာသာခြား မဂိုဘုရင် အက္ကဘာမင်းက သူ့ခမည်းတော် စစ်ရှုံးစဉ်အခါတွင် ပုန်းအောင်းခဲ့သော နေရာဟုဆိုကာ ထိုစေတီအပေါ်၌ မျှော်စင်တည်ဆောက်လိုက်လေသည်။ သမိုင်းဝင်ဌာနဖြစ်သဖြင့် စနစ်တကျ ထိန်းသိမ်းထားသည်။ ၎င်းနောက် မိဂဒါဝုန်ရှိ ဓမ္မစကြာတရားဟောတော်မူရာ ဓမ္မရာဇိကစေတီနေရာတွင် ဓမ္မစကြာသုတ်တော်ကို စုပေါင်းရွတ်ဆိုကြသည်။ မိမိကမူ သုတ္တနိပါတ်ပါဠိတော်၌ လာသော ဟေမဝတသုတ်နှင့် နာလကသုတ်ကိုပါ ရွတ်ဆိုပူဇော်သည်။

ဓမ္မစကြာတရားတော်ကို ဘုရားရှင်ထံမှ နာကြားခဲ့ရသော သာတာဂိရနတ်စစ်သူကြီးက သူငယ်ချင်းဖြစ်သူ ဟေမဝတနတ်စစ်သူကြီးထံ သွား၍ ဘုရားရှင်ကို ဖူးမြော်ရန် ဖိတ်ခေါ်သော အခါ ဟေမဝတက ဘုရားစင်စစ် ဟုတ်၊ မဟုတ် စစ်တမ်းထုတ်သည်။ အားရကျေနပ်မှုရှိသဖြင့် ဘုရားရှင်ကို ဖူးမြော်၍ တရားနာယူကာ သောတာပန်များ ဖြစ်သွားကြသည်။

ယင်းနတ်စစ်သူကြီး (၂) ဦးတို့ အပြန်အလှန် အမေး၊ အဖြေပြု၍ ဘုရားစစ်တမ်းထုတ်ပုံနှင့် ဘုရားရှင်ထံမှ အာယတန(၆)ပါးနှင့်ပတ်သက်သော ဖြေကြားချက်များကို မှတ်တမ်းတင်ထားသည်က ဟေမဝတသုတ် ဖြစ်၏။

နာလကသုတ်ကမူ ဘုရားအလောင်းတော် ဖွားမြင်ပြီးနောက် တန်ခိုးရှင် ဒေဝီလရသေ့ကြီးက ဤမင်းသားငယ်သည် မုချအမှန် ဘုရားဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ပြီးနောက် သူကိုယ်တိုင်ကမူ ဘုရားပွင့်သည့်အချိန်တိုင်အောင် အသက်ရှည်တော့မည်မဟုတ်သဖြင့် နာလကအား ဘုရားပွင့်လျှင် နည်းခံအားထုတ်ခွင့်ရအောင် လမ်းညွှန်ခဲ့သည်။ ဘုရားပွင့်လာသောအခါ မိဂဒါဝုန်သို့ လိုက်လာပြီး မောနေယျအကျင့်တရားကို ဟောကြားပါရန် လျှောက်ထားချက်အရ ဘုရားရှင်က ခက်ခဲပြင်းထန်သော မောနေယျအကျင့်တရားကို ဟောပြသောသုတ်ဖြစ်သည်။ ထိုနှစ်သုတ်စလုံး မိဂဒါဝုန်၌ ဟောခဲ့သည်ဖြစ်၍ အမှတ်တရ ရွတ်ဆိုပူဇော်ခဲ့သည်။

၎င်းနောက် 'နန္ဒိယသူဌေးကြီး ဆောက်လုပ် လှူဒါန်းခဲ့သော ကျောင်းတော်ရာ' ကို လှည့်လည် ဖူးမြော်ကြသည်။ အလွန်ကြီးမားသော ကျောင်းတော်ကြီးဖြစ်ပြီ အလျား (၂၀၀) ခန့်ရှိသည်။ အုတ်နံရံထုကြီးမှာ (၁၀) ပေခန့်ရှိသည်။ အသောကမင်းကြီးက ပြန်လည်ပြုပြင်ခဲ့ခြင်း ဖြစ်သည်။ တရုတ်ရဟန်းတော် ဟူယင်ဆန် ဘုရားဖူးလာသော ခေတ်က ပေ (၂၀၀) ခန့်မြင့်သော ခုနစ်ထပ်တိုက်ကျောင်းကြီးအဖြစ် မြင်တွေ့ခဲ့ရသည်ဟု မှတ်တမ်းတင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နန္ဒိယကျောင်းတော်ကြီးကို ဖူးမြော်ရသောအခါ ဓမ္မပဒပါဠိတော်မှ 'စီရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ' အစရှိသောဂါထာကိုလည်း အမှတ်ရမိသည်။ ကျောင်းရေစက်ချအပြီး မသေဆုံးမီကတည်းက တာဝတိံသာနတ်ပြည်၌ ဘုံဗိမာန်ပေါ်ပေါက်နေသည်ကို အရှင်မဟာမောဂ္ဂလာန်က မြင်တွေ့ခဲ့ရသဖြင့် ဘုရားရှင်ကို လျှောက်ထားသည်။

ဘုရားရှင်က -

"နှစ်ပေါင်းများစွာ ကွဲကွာနေသောရပ်ဝေးခရီးမှ ချမ်းသာစွာပြန်ရောက်လာသူကို ဆွေမျိုးအပေါင်းက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြသကဲ့သို့ ကောင်းမှုရှင်ကိုလည်း တမလွန်ဘဝမှ ကောင်းမှုတို့သည် ကြိုဆိုကြကုန်၏"

ဟု ဟောတော်မူသည်။

နန္ဒိယကျောင်းတော်ရာကို ဖူးမြော်ပြီးနောက် အသောကကျောက်စာတိုင် အကျိုးအပဲ့များကို လေ့လာကြသည်။ တစ်ချိန်က သံဃာတော်များ သီတင်းသုံးစဉ် သံဃာညီညွတ်ရေးအတွက် စိုက်ထူခဲ့ခြင်း ဖြစ်သည်။ သံဃာသင်းခွဲခြင်းမပြုရ။ ပြုလုပ်လျှင် အဝတ်ဖြူလဲစေ၍ ကျောင်းတိုက်မှ နှင်ထုတ်ခြင်းခံရမည်ဟု အမိန့်ထုတ်ထားခြင်း ဖြစ်သည်။

၎င်းနောက် ဂေါဝိန္ဒစန္ဒရမင်း၏ မိဖုရားကြီး ကုမာရဒေဝီ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ရာကို လေ့လာကြသည်။ ကျောင်း၌သီတင်းသုံးသော ဘိက္ခုနီများ မိဂသမ္မတာမြစ်အတွင်းသို့ ရေချိုးဆင်းရန် မြေအောက်လမ်းဖောက်လုပ်ထားသည်။

ကုမာရဒေဝီ ကျောင်းတော်သို့ လေ့လာပြီးနောက် ဘုရားရှင် ပထမဦးဆုံး ဝါဆိုဝါကပ်သီတင်းသုံးတော်မူခဲ့ရာ 'မူလဂန္ဓကုဋီ'ကို ဖူးမြော်ကြသည်။ နန္ဒိယကျောင်းတော်၏ အစိတ်အပိုင်းနေရာတစ်ခု ဖြစ်သည်။ ပထမဆုံးဝါဆိုတော်မူခဲ့သောနေရာကို ဗဟိုပြု၍ နန္ဒိယသူဌေးကြီးက ကျောင်းတော်ကြီးဆောက်လုပ်ခဲ့ခြင်းဖြစ်နိုင်စရာရှိ၏။ ဤနေရာ၌ ဘုရားရှင်သည် ပဉ္စဝဂ္ဂီ (၅) ပါး၊ တာရာဏသီမြို့မှ ယသသူဌေးသား အမှူးပြုသော အပေါင်းအပါ (၅၅) ပါး၊ စုစုပေါင်း ရဟန္တာ(၆၀)နှင့်အတူ သီတင်းသုံးတော်မူ၍ဝါဆိုတော်မူခဲ့သည်။ ဝါကျွတ်တော်မူသောအခါ ရဟန္တာ (၆) ကျိပ်တို့ကို နေရာအနှံ့အပြားသို့ သာသနာပြုခရီး စေလွှတ်တော်မူသည်။ ဘုရားရှင်က ရဟန်းတို့အား လူ၊ နတ်၊ ပြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားအတွက် ခရီးလှည့်လည်ကြ၊ အစ-အလယ်-အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသော စင်ကြယ်မြင့်မြတ်သည့်တရားတော်ကို ဟောပြောကြ၊ တစ်နေရာသို့ နှစ်ပါးအတူမသွားကြနှင့်ဟု သာသနာပြုစေလွှတ်တော်မူပုံကို အာရုံပြု၍ 'စရထ ဘိက္ခဝေ စာရိကံ၊ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ' အစရှိသောပါဠိကို ရွတ်ဆိုပူဇော်ခဲ့သည်။

နန္ဒိယကျောင်းတော်ရာနှင့် ကပ်လျက် 'ဘုရားရှင် တရားဟောတော်မူရာ ပလ္လင်တော်ကြီး' ကို အင်္ဂတေအမိုးဖြင့်မိုး၍ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ပရိသတ် (၄) ပါးတို့ကို နေ့စဉ် တရားဟောရာ ပလ္လင်တော် ဖြစ်သည်။ ယသသူဌေးသားကိုလည်း ဤနေရာ၌ တရားဟော၍ အကျွတ်တရားရစေတော်မူခဲ့သည်။ ပလ္လင်တော်ကြီးကို ဖူးမြော်ပြီးနောက် 'အနတ္တလက္ခဏသုတ်ကို ဟောကြားရာနေရာရှိ ဓမ္မေခစေတီတော်ကြီး' ကို ဖူးမြော်၍ အနတ္တလက္ခဏသုတ်ကို စုပေါင်းရွတ်ဆိုပူဇော်ကြသည်။

နေနှင့် လတို့ မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး စကြဝဠာတစ်ခွင်၌မှောင်အတိကျနေသကဲ့သို့ ဘုရားရှင်မပွင့်ပေါ်သေးသမျှကာလပတ်လုံး သစ္စာတရားအလင်းရောင် ထွန်းပြောင်ခွင့်မရဘဲ မှောင်အတိကျနေသည်။ ကဿပမြတ်စွာဘုရား၏သာသနာတော်ကွယ်ပသည့်အချိန်မှစ၍ သစ္စာ (၄) ပါးနှင့် အနတ္တတရားကို မည်သည့်ပုဂ္ဂိုလ်ကမျှ ထုတ်ဖော်ဟောပြနိုင်စွမ်းမရှိခဲ့။ ပစ္စေကဗုဒ္ဓါအပါး (၅၀၀) ကို တစ်ပြိုင်နက်တည်းပေါ်ထွန်းသည့် အချိန်အခါမျိုး၌ပင် ကမ္ဘာလောကအတွင်း၌ သစ္စာတရားအလင်းရောင်ထွန်းပြောင်လာတော့သည်။ သစ္စာတရားကို ဟောပြတော်မူရာ မိဂဒါဝုန်သည်လည်း သာသနာတော်၌ အရေးပါသော ထိပ်တန်းနေရာဌာနတစ်ခု ဖြစ်လာတော့သည်။

မိဂဒါဝုန်၌ လှည့်လည် ဖူးမြော်ပြီးနောက် သီရိလင်္ကာနိုင်ငံသား အနာဂါရိကဓမ္မပါလ တည်ထားခဲ့သော မူလဂန္ဓကုဋီကျောင်းဆောင်သစ်သို့ သွားရောက်ဖူးမြော်ကြသည်။ မိဂဒါဝုန်ကို ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားခဲ့သူဖြစ်၍ ဘုရားဖူးသွားသူများ မမေ့အပ်သောပုဂ္ဂိုလ် ဖြစ်သည်။ ဂန္ဓကုဋီကျောင်းဆောင်၏ မြေအောက်ခန်းတွင် ဓာတ်တော်များကို လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ထားပြီး နှစ်စဉ် ဓာတ်ဆောင်မုန်းလပြည့်နေ့တိုင်း ထုတ်ဆောင်၍အပူဇော်ခံလေ့ရှိသည်။ မိမိတို့အဖွဲ့ နေ့လယ်စာစားချိန်အမီ ဆေးဝက်ပါမြန်မာကျောင်းသို့ ပြန်ခဲ့ကြသည်။

**မဟာသတိပဋ္ဌာနသုတ်ဟောတော်မူရာဌာနီကုရုတိုင်း (နယူးဒေလီ)**

နေ့လယ်စာစားပြီးနောက် အိန္ဒိယနိုင်ငံ၏မြို့တော်ဖြစ်သော နယူးဒေလီသို့ ခရီးဆက်ကြသည်။ မိဂဒါဝုန်နှင့် မိုင် (၅၀၀) ခန့် ကွာဝေးသည်ဟု သိရသည်။ နေ့ (၁၂) နာရီမှစ၍ တစ်နေ့လုံးတစ်ညလုံး ကားစီးကြရသည်။ လမ်းတွင် ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ ပေါင်းဆုံသောနေရာကို ပြသသည်။ လမ်းခရီးတွင် ခေတ္တမျှသာရပ်နားပြီး နောက်တစ်နေ့ နံနက်မိုးလင်းချိန်တွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

၁၅ - ၃ - ၂၀၁၄။

နံနက်ခင်းတွင် နယူးဒေလီမြို့အတွင်း၌ လှည့်လည်လေ့လာကြသည်။ ကြီးကျယ်လှသောမြို့ကြီးဖြစ်၍ သွားစရာနေရာ များပြားသည်။ အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီး ဂန္ဒီကိုမီးသင်္ဂြိုဟ်သောနေရာ၊ သမ္မတအိမ်တော်၊ လွှတ်တော်ခန်းမ၊ အင်ဒရာဂန္ဒီပြတိုက်၊ ဘာသာပေါင်းစုံဝတ်ပြုနိုင်ရန် ကြာပွင့်ပုံဆောက်လုပ်ထားသော Lotus Temple၊ အိန္ဒိယဂိတ်တို့ကို လေ့လာကြသည်။ ၎င်းနောက် 'မဟာသတိပဋ္ဌာန' သုတ်ကို ဟောတော်မူရာ တောင်ကုန်းသို့သွားရောက်ဖူးမြော်ကြသည်။ နယူးဒေလီမြို့လယ်ကောင်တွင် ဥယျာဉ်တစ်ခုအဖြစ်ဖြင့် တည်ရှိနေပြီး အလယ်တွင် ကျောက်ဆောင်ကျောက်တုံးကြီးများရှိသည်။အသောကမင်းကြီးလက်ထက်ကတည်းက အသိအမှတ်ပြုခဲ့သောနေရာဖြစ်ကြောင်း ဆိုင်းဘုတ်ရေးထိုးထားသည်။ ဤနေရာ၌ ဘုရားရှင်သည် မဂ်ဖိုလ်နိဗ္ဗာန်ရရေးအတွက် တစ်ကြောင်းတည်းသောခရီးလမ်းဖြစ်သည့် မဟာသတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူပုံကို အာရုံပြု၍ 'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိ သုဒ္ဓိယာ' အစရှိသော မဟာသတိပဋ္ဌာနသုတ်လာ ပါဠိများဖြင့် ရွတ်ဆိုပူဇော်ခဲ့သည်။

၎င်းနောက် မိမိတို့အဖွဲ့ တည်းခိုကြမည့် တည်းခိုခန်းသို့ သွားကြသည်။ တစ်နေ့လုံးတစ်ညလုံးကားစီးလာခဲ့ရ၍ နေ့လယ်စာစားပြီးနောက် အနားယူ[ကြ]သည်။ ညနေပိုင်းတွင် ဈေးသို့သွား၍

www.burmeseclassic.com

www.burmeseclassic.com

ဈေးဝယ်ကြသည်။ ညပိုင်းတွင် အခြားသို့ သွားစရာ၊ ဖူးမြော်လေ့လာစရာမရှိတော့၍ မိမိတို့တည်းခိုရမည့်အခန်းသာ အနားယူကြရတော့သည်။ ဤနယူးဒေလီမြို့နေရာဒေသသည် ဘုရားရှင်လက်ထက်မတိုင်မီကတည်းက ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး အမည်တွင်ခဲ့သည်။ အလောင်းတော် မဟာသုတမင်းဘဝက လူသားစား ပေါရိသာဒကို ဆုံးမရာ နေရာဒေသလည်း ဖြစ်ပါသည်။ ဘုရားရှင်လက်ထက်တော်က သတိပဋ္ဌာန်တရားကို ဤနယ်မြေရှိ ပုဂ္ဂိုလ်အသီးသီးသည် ထင်းခွေ၊ ရေခပ်ရင်းနှင့်ပင် လက်တွေ့ကျင့်သုံးခဲ့ကြသော မဇ္ဈိမနယ်မြေကြီးဖြစ်ပြီး အရိယာပုဂ္ဂိုလ်အမြောက်အမြား ပေါ်ထွက်ခဲ့ကြသည်။ မာဂဏ္ဍိယသုတ်၊ မဟာနိဒါနသုတ် အစရှိသော လေးနက်သည့် သုတ္တန်ဒေသနာတော်များကိုဟောကြားခဲ့ရာနေရာဒေသလည်းဖြစ်သည်။ ယနေ့အချိန်တွင် သတိပဋ္ဌာန်တရားဆိုသည်ကို ကြားဖူးနားဝပင်ရှိကြမည်မဟုတ်။ စိတ်ဓာတ်စင်ကြယ်စေရေး၊ စိုးရိမ်ပူဆွေးမှုကင်းစင်စေရေး၊ ကိုယ်စိတ်ဆင်းရဲကင်းစင်ရေး၊ မဂ်ဖိုလ်နိဗ္ဗာန်ရစေရေးအတွက် တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်သည့် သတိပဋ္ဌာန်တရားတော်နှင့် လွဲချော်နေကြရသည်။ ချမ်းသာသုခရဖို့ရန် ကောင်းကင်ဘုံသို့ မျှော်မှန်း၍ဆုတောင်းရုံမှတစ်ပါး အကျင့်စရဏတရားကို အားကိုးရကောင်းမှန်း မသိကြ။ ကျောက်ခဲကို [illegible]ကြိတ်၍ မရနိုင်သကဲ့သို့ မှန်ကန်မှုမရှိသောလမ်းစဉ်သည်လည်း ပန်းတိုင်သို့ရောက်အောင် ပို့ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။

၁၆ - ၃ - ၂၀၁၄။

နံနက်စာစားပြီး သင်္ကဿမြို့သို့ ခရီးဆက်ကြရသည်။ လမ်းခရီးတွင် အာဂရာမြို့သို့ဝင်၍ နေ့လယ်စာစားပြီး ကမ္ဘာ့အံ့ဖွယ် (၇) သွယ်တွင် တစ်ခုအပါအဝင်ဖြစ်သော တာဂျ်မဟာအဆောက်အအုံသို့သွားကြသည်။ပြီးနောက် ခရီးဆက်ကြသည်။ လမ်းတစ်လျှောက်ရှိမြို့များတွင် တုလားသင်္ကြန်ဆင်နွှဲနေသည်။ တစ်ဦးနှင့်တစ်ဦး ဆေးရောင်စုံမှုန့်များ ပက်ကြကြသည်။ လမ်းဘေးတွင် [illegible] ဆေးရောင်စုံမှုန့် ရောင်းချသော [illegible]များကို တွေ့ရသည်။ ဟိန္ဒူဘာသာဝင်များ၏ အယူအဆနှင့် ရည်ရွယ်ချက်ကို မသိရသော်လည်း [illegible]သင်္ကြန်နှင့် များစွာကွဲပြားခြားနားသည်။ မြန်မာသင်္ကြန်က အညစ်အကြေးစင်ကြယ်အောင် ရေစင်ရေအေးဖြင့် သွန်းလောင်းပေးခြင်းဖြစ်ပြီး ၎င်းတို့၏ သင်္ကြန်ကမူ ဆေးမှုန့်ဖြင့်ပက်ကြသဖြင့် အရုပ်ဆိုးအကျည်းတန်မှုကိုဖြစ်စေ၏။ သင်္ကြန်ပွဲတော်ဆင်နွှဲနေသဖြင့် မြို့ကြီးများတွင် ကားကို ဖြည်းဖြည်းမောင်းရသည်။

မြို့ကြီးများမှခွဲထွက်လာပြီးနောက် သင်္ကဿသို့သွားသော ကားလမ်းမှာ လမ်းကျဉ်းသဖြင့် ခရီးဖင့်သည်။ အနီးနားတွင် ကျေးရွာများနှင့် လယ်ကွင်းများသာရှိသည်။ မိုးချုပ်မှသာ သင်္ကဿနဂိုရ်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်သည်။ မြန်မာကျောင်းအနီးတွင် ဗုဒ္ဓဘာသာနိုင်ငံများမှ ဘုန်းတော်ကြီးကျောင်းများရှိသော်လည်း အလွန်ခေါင်သောဒေသဖြစ်သည်။ ညအချိန်မတော်မှရောက်လာသော ဘုရားဖူးကားများကို ကျောင်းအတွင်းသို့ ဝင်ခွင့်မပြု။ နေရာဒေသ၏အခြေအနေအရ ဤသို့စည်းကမ်းသတ်မှတ်ထားခြင်း ဖြစ်နိုင်သည်။ မိမိတို့အဖွဲ့နှင့်အတူ အခြားဘုရားဖူးအဖွဲ့များလည်း ရောက်လာကြသည်။ ဒါနဘုရားဖူးအဖွဲ့ခေါင်းဆောင် ရွှေမြင့်တင် ဦးညိုနှင့်လည်းဆုံကြသည်။ (၉၁) ကြိမ်မြောက်ရောက်လာခြင်းဖြစ်ကြောင်းနှင့် ဘုရားဥပနာပိတ်ပွဲအတွက် လာရခြင်းဖြစ်ကြောင်း ပြောသည်။

ဘုန်းကြီးကျောင်းမြေကို အသစ်တိုးချဲ့ထားပြီး စေတီတစ်ဆူတည်နေသည်။ ဘုရားရှင် တာဝတိံသာမှ ဆင်းသက်တော်မူရာ အထိမ်းအမှတ်အဖြစ် ဒေဝေါရောဟနအစလစေတီတော်တည်နေခြင်း ဖြစ်သည်။ ကမ္ဘာလုံးပုံစေတီတော်ပေါ်၌ ရုပ်တော်မူ ရုပ်ပွားတော် တည်ထားသည်။ ဥပနာပိတ်ပွဲပြုလုပ်ပြီးသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။ မြန်မာမှုလက်ရာဖြင့် တည်ဆောက်ရန် မြန်မာဗိသုကာပညာရှင်များ ရောက်ရှိနေကြသည်။

**ဘုရားရှင် တာဝတိံသာမှ ဆင်းသက်ရာ အဝိဇဟိတဌာန သင်္ကဿ**

၁၇ - ၃ - ၂၀၁၄။

နံနက်စာစားပြီးနောက် ဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ရာ အစလစေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။ သီတင်းကျွတ်လပြည့်မီးထွန်းပွဲတော် စတင်ပေါ်ပေါက်သော နေရာ ဖြစ်သည်။ တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ စောင်းတန်းသုံးသွယ်ဖြင့်ပြန်လည်ဆင်းသက်တော်မူပုံ၊ လောကတစ်ခွင်ကို တိုးလျှိုပေါက်မြင်တွေ့နိုင်အောင် လောကဝိဝရဏတန်ခိုးပြတော်မူပုံတို့ကို အာရုံပြုကြည်ညိုပူဇော်ကြသည်။ မဟာတိုးအဖွဲ့မှ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ရွတ်ဆိုပူဇော်ကြသည်။ မိမိလည်း တာဝတိံသာမှ ဆင်းသက်လာသော မြတ်စွာဘုရားရှင်ကို ရှင်သာရိပုတ္တရာ မေးလျှောက်၍ ပြန်လည်ဖြေကြားတော်မူသော သုတ္တနိပါတ်လာ သာရိပုတ္တသုတ်ကို ရွတ်ဆိုပူဇော်ခဲ့သည်။ အစလစေတီတော်ကို အသောကမင်းကြီးက စတင်တည်ထားခဲ့ပြီး ဗြဟ္မဏဘုရင်များလက်ထက်တွင် ဖျက်ဆီးခံရသည်ဟု သိရသည်။ ဘုရားရှင် တာဝတိံသာမှ ဆင်းသက်ရာ အဝိဇဟိတဌာနဖြစ်၍ သာသနာတော် ထွန်းကားစဉ်က ဤနေရာတွင် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များ၊ အရိယာသူတော်စင်များ၊ ပရိသတ်လေးပါးတို့ဖြင့် ကြက်ပျံမကျစည်ကားခဲ့ပေလိမ့်မည်။ ယခုမူ စေတီပျက်မျှသာကျန်ခဲ့ပြီး အသောကမင်းကြီး စိုက်ထူထားခဲ့သောကျောက်စာတိုင်၏ထိပ်ပိုင်း ဆင်ရုပ်မျှသာ မြင်တွေ့ရတော့၏။ ယင်းဆင်ရုပ်သည်ပင်လျှင် နှာမောင်းမရှိတော့ပေ။ အနီးနားရှိ ညောင်ပင်အောက်တွင် နတ်သားနှစ်ဦးက ထီးမိုးပေးထားပုံ ရုပ်ပွားတော်ငယ်တစ်ဆူကို အုတ်တိုက်ငယ်တစ်ခု၌ ပူဇော်ထားသည်ကိုသာ တွေ့ခဲ့ရ၏။ အနီးနားတစ်ဝိုက်တွင် လယ်ကွင်းများချည်းသာ တွေ့ရ၏။

အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာကို အဘိဓမ္မာတရားသင်ကြားပို့ချပေးသော နေရာကို မေးမြန်းကြည့်သောအခါ Guide ဖြစ်သူ ကိုကျော်အောင်က ၎င်းနေရာသို့ ကားဖြင့်သွား၍မရနိုင်ကြောင်း၊ လယ်ကွင်းထဲတွင် ခြေကျင်လျှောက်သွားမှသာရောက်နိုင်ကြောင်း၊ နွံ့ဗွက်များ၊ နွားချေးများကြားမှသွားရမည်ဖြစ်ကြောင်း၊ အဝေးမှသာ အာရုံပြုပါရန် ပြောသဖြင့် ကားပေါ်မှသာ အာရုံပြုလိုက်ရတော့သည်။ ကျောင်းသို့ပြန်၍ နေ့ဆွမ်းစားပြီးနောက် ခေတ္တအနားယူကြသည်။ ညနေပိုင်းတွင် စေတီတော်ကို ထပ်မံဖူးမြော်လိုသော်လည်း တုလားသင်္ကြန် အိန္ဒိယ Holy ပွဲတော်ရက်လည်းဖြစ်၊ သွားရမည့်နေရာမှာ လူပြတ်သောနေရာလည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၍မသွားပါနှင့်ဟုတားကြ၍ ကျောင်းမှသာ အာရုံပြုရတော့သည်။

သက်ဿမြို့သည်ကား ဘုရားရှင်တာဝတိံသာမှ ခမ်းနားကြီးကျယ်စွာ ဆင်းသက်တော်မူရာ ဌာနလည်းဖြစ်၊ မည်သည့်ဘာသာတရားမှာမျှမရှိသည့် ခမ်းနားကြီးကျယ်လှသော အဘိဓမ္မာတရားတော် စတင်ပေါ်ပေါက်လာသောနေရာလည်းဖြစ်၍ သာသနာ့သမိုင်းတွင် ထိပ်တန်းနေရာဌာနတစ်ခု ဖြစ်ခဲ့သော်လည်း ယခုအခါတွင်မူ သမိုင်းရုပ်ကြွင်းအနည်းငယ်မျှသာ ကျန်ရစ်တော့သည်ကို သံဝေဂယူမိပါသည်။ သမိုင်းဝင်နေရာဌာနအချို့ ကွယ်ပျောက်ခဲ့ရသော်လည်း ယခုခေတ် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာမှဗုဒ္ဓဘာသာကျောင်းအသစ်များ ဆောက်လုပ်၍ သာသနာတော်ကို ပြန်လည်ပြုစုပျိုးထောင်နေကြသည်ကိုကား အထူးဝမ်းမြောက်မိပါသည်။ ဝေးလံသီခေါင်၍ လူသူလေးပါးအဆက်ပြတ်သော ယခုလိုနေရာမျိုးတွင် ကြိုးစားပမ်းစားသာသနာပြုနေကြသော ဆရာတော်သံဃာတော်များကို ချီးကျူးမိ အထူးလည်း ကြည်ညိုမိပါ၏။

**တရားရေအေးအမြိုက်ဆေးကို အများဆုံးထုတ်ဖော်ဟောရာ အဝိဇဟိတဌာနီ သာဝတ္ထိပြည်**

ယနေ့သည် အိန္ဒိယ Holy ပွဲတော်ဖြစ်သဖြင့် မြို့ပေါ်တွင် ကားများအလွန်များပြား၍ လမ်းကျပ်သောကြောင့်သာ သက်ဿလိုခေါင်သောမြို့၌ တစ်နေကုန်နားနေရခြင်း ဖြစ်သည်။ အဖွဲ့သားများ ညနေစာစားပြီးသောအခါ သာဝတ္ထိသို့ ခရီးဆက်ကြသည်။ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်၏မြို့တော် လက္ခနောင်းမြို့ကို ည (၁၂) နာရီခန့်တွင် ဖြတ်ကျော်ခဲ့ကြသည်။ မြစ်ကြီးငါးစင်းတွင် အပါအဝင်ဖြစ်သော သရဘူမြစ်ကိုလည်းဖြတ်ကျော်ခဲ့ကြသည်။ သက်ဿမှ သာဝတ္ထိသို့ ခရီးမိုင် (၂၈၀) ရှိသည်။ တစ်ညလုံးကားစီးပြီး မိုးလင်းခါနီးတွင် သာဝတ္ထိရွှေမြို့တော်ကြီးသို့ ရောက်ရှိသည်။ သာဝတ္ထိမြန်မာကျောင်းသစ်ကြီးတွင် တည်းခိုကြသည်။

၁၈ - ၃ - ၂၀၁၄။

နံနက်စာစားပြီး နောက် ဘုရားရှင် ရေမီးအစုံတန်ခိုးပြာဋိဟာပြတော်မူရာဖြစ်သော 'သရက်ဖြူပင်ကုန်းစေတီတော်'သို့ သွားရောက်ဖူးမြော်ကြသည်။ ယခင်က မြေကြီးကုန်းမျှသာဖြစ်သော်လည်း ယခုတူးဖော်မှုများအရ စေတီတော်ကြီးပေါ်ထွက်လာပြီကို ဖူးတွေ့ခဲ့ရသည်။ 'ကဏ္ဍမ္ဗမူလေ ပရဟိတကရော ယော မုနိန္ဒော နိသိန္နော' အစရှိသောဂါထာဖြင့် ရွတ်ဆိုပူဇော်၍ ဘုရားရှင် ရေမီးအစုံတန်ခိုးပြတော်မူပုံကို အာရုံပြုကာ ရှိခိုးကန်တော့ကြသည်။

ငှင်းနောက် သာဝတ္ထိမြို့တွင်းသို့ သွားရောက်ကြသည်။ ကောသလမင်း၏ နန်းတော်ရာကို အထင်အရှားမတွေ့ရပါ။ အရှင်အင်္ဂုလိမာလစေတီတော်နှင့် သုဒတ္တ(အနာထပိဏ်)စေတီတို့ကိုသာ ဖူးတွေ့ရသည်။ ဘုရားရှင်လက်ထက်တော်က နေ့စဉ် သံဃာတော်များနှင့် အတူ ဆွမ်းခံကြွခဲ့သော အရိယာသူတော်စင်များ ပေါများလှသော သာဝတ္ထိ ရွှေမြို့တော်ကြီးသည် ယနေ့အချိန်တွင် သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းလျက် သင်္ခါရသဘာဝကို ပြသနေလေပြီ။ ကောသလမင်းနှင့် မလ္လိကာမိဖုရား၊ ဝိသာခါ၊ အနာထပိဏ် အစရှိသော မြတ်ဗုဒ္ဓ၏ တပည့်သာဝက မြောက်မြားစွာတို့နေထိုင်ရာမြို့တော်ကြီးလည်းဖြစ်၊ ဘုရားရှင် (၂၅) ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့ရာလည်းဖြစ်သော၊ သာသနာတော်အတွက် အချက်အချာအကျဆုံး မြို့တော်ကြီးကို ကြည့်ရှုလေ့လာ၍ မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်ဖြစ်တတ်သော သင်္ခါရသဘာဝကို သံဝေဂတရားပွားများခဲ့မိတော့သည်။

သာဝတ္ထိမြို့တွင်း၌ လေ့လာခဲ့ပြီးနောက် 'ဇေတဝန်ကျောင်းတော်' သို့ သွားရောက် ဖူးမြော်ကြပါသည်။ ဇေတဝန်ကျောင်းတော်အနီးတွင် ထိုင်းနိုင်ငံမှ လာရောက်တည်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ကမ္ဘောဒီးယားကျောင်းတော်ကြီးကို ဖူးတွေ့ခဲ့ရသည်။ အလွန်ခမ်းနားထည်ဝါပြီး ဗုဒ္ဓဝင်ဌာနနှင့် ထိုက်တန်ဆီလျော်သောတည်ထားမှုကို မြင်တွေ့ရသဖြင့် အထူးဝမ်းမြောက်မိသည်။ ဇေတဝန်ကျောင်းတော်သို့ဝင်ရန် တစ်ဦးလျှင် (၅) ရူပီးဖြင့် လက်မှတ်ဝယ်ယူကြရသည်။ ကျောင်းတော်ပရိဝုဏ်အတွင်း၌ နိုင်ငံတကာမှ ဘုရားဖူးအဖွဲ့များ စည်ကားလှသည်။ မြန်မာဘုရားဖူးအဖွဲ့များလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ဖူးနေကြသည်ကို တွေ့ရသည်။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိမြို့သူမြို့သားများသည် ဤကဲ့သို့ ကြိတ်ကြိတ်တိုးနေအောင် ဘုရားရှင်ကို နေ့စဉ်လာရောက် ဖူးမြော်ကြပေလိမ့်မည်ဟု မှန်းဆကြည့်မိသည်။

Guide ဆရာတော်မှ ဇေတဝန်ကျောင်းတော်၏သမိုင်းကို ရှင်းလင်းပြသည်။ အနာထပိဏ်သူဌေးကြီး သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ကုန်အရောင်းအဝယ်သွားရင်း ဘုရားရှင်ကို ဖူးတွေ့ခဲ့ရပုံ၊ ကျောင်းတော်ဆောက်လုပ်ရန် ဇေတမင်းသားထံမှ မြေဝယ်ရာတွင် ရွှေဒင်္ဂါးပြားများအပြည့်ခင်း၍ဝယ်ယူခဲ့ရပုံ၊ နံ့သာကျောင်းဆောင် (ဂန္ဓကုဋီ) ကို အလယ်မှထား၍ ခံတက်ပင်ကျောင်းဆောင် (ကရေရိကုဋီ) နှင့် ကြို့ပင်ကျောင်းတော် (ကောသမ္ဗကကုဋီ) တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပုံ၊ ထင်းရှူးကျောင်းဆောင် (သလဠာဂါရကုဋီ) ကိုမူ ကောသလမင်းက ဆောက်လုပ်လှူဒါန်းခဲ့ပုံ၊ အာနန္ဒာဗောဓိပင်ကို ဘုရားရှင်ကိုယ်စားအဖြစ် စိုက်ပျိုးပူဇော်ခဲ့ကြပုံ၊ အာနန္ဒာဗောဓိပင်ကိုအလယ်၌ထား၍ ကျောင်းမြေဧရိယာ မြောက်ဘက်ခြမ်းကို အနာထပိဏ်သူဌေးက လှူဒါန်းပြီး တောင်ဘက်ခြမ်းကို ကောသလမင်းက လှူဒါန်းခဲ့ပုံတို့ကို ရှင်းလင်းပြသည်။

ကျောင်းတော်အတွင်း၌ ဂန္ဓကုဋီကို အဓိကထား၍ဖူးမြော်ကြပြီး ကျောင်းတော်ရာများကို လှည့်လည်ဖူးမြော်ကြသည်။ မြောက်ဘက်ဆုံးမှ ကရေရိကုဋီ၊ ငှင်းနောက် ဂန္ဓကုဋီ၊ ကောသမ္ဗကကုဋီ၊ အာနန္ဒာဗောဓိပင်၊ ဒွေး၊ ပြည်တို့ စီရွဲလျက် အပုပ်နံ့ထွက်နေသော ပူတိဂတ္တတိဿမထေရ်ကို ဘုရားရှင်ကိုယ်တော်တိုင် မရွံ့မရှာကြင်နာစွာပြုစုခဲ့သောနေရာတွင် တည်ထားသောစေတီ၊ သလဠာဂါရကုဋီတို့ကို အစဉ်အတိုင်း ဖူးတွေ့ရသည်။ အနောက်ဘက်ခြမ်း၌ ရဟန္တာစေတီများ၊ ရှင်သီဝလိကျောင်းဆောင်နှင့် ကျောင်းတော်ရာများကို ဖူးတွေ့ရသည်။ အရှေ့ဘက်ခြမ်း၌ တရားဟောဓမ္မာရုံတော်ကြီးနှင့် ဘုရားရှင် နေ့စဉ်တရားဟောတော်မူရာ ပလ္လင်တော်၊ ဘုရားရှင် အသုံးပြုခဲ့သော ရေတွင်း၊ ဘုရားရှင်၏ စင်္ကြံတော်စေတီတို့ကို ဖူးတွေ့ရသည်။

ထိုင်းဘုရားဖူးအဖွဲ့များကလည်း သဒ္ဓါတရား ထက်သန်စွာ ရွတ်ဆိုပူဇော်ကြသည်။ ထိုင်းသံဃာများထဲမှ ဆရာတော်ကြီးတစ်ပါးက မိမိတို့အဖွဲ့ကို ဘယ်ကလာဖူးကြတာလဲဟု မြန်မာသံပီပီသဖြင့် မေးမြန်းပြီး သူငယ်စဉ်က မော်လမြိုင်မြို့၌နေခဲ့ဖူးကြောင်း၊ ယခုတော့ မြန်မာစကားကို အနည်းအကျဉ်းမျှသာ ပြောနိုင်တော့ကြောင်း၊ ထိုင်းသံဃာ



www.burmeseclassic.com

www.burmeseclassic.com

(၁၀၁) ပါး အတူတကွ ဘုရားဖူးလာကြခြင်းဖြစ်ကြောင်း၊ လမ်းစရိတ်ကို ထိုင်းအစိုးရက ထောက်ပံ့ခြင်းဖြစ်ကြောင်း ပြောပြသည်။ ထိုင်းသံဃာတော်များ အပိတ်ပိုက်၍ တန်းစီဆွမ်းခံကြ၍ ထိုင်းဘုရားဖူးအဖွဲ့များက လောင်းလှူကြသည်ကို မြင်တွေ့ရသည်မှာလည်း အလွန်ကြည်နူးဖွယ်ကောင်းလှပါသည်။

မြန်မာဘုရားဖူးအဖွဲ့များ ကျောင်းသို့ပြန်၍ နေ့လယ်စာစားပြီးနောက် ခေတ္တအနားယူကြသည်။ ညနေ(၃)နာရီခန့်တွင် ဇေတဝန်ကျောင်းတော်သို့ထပ်မံဖူးမြော်လိုသူများကို အဖော်စပ်၍ လမ်းလျှောက်သွားကာ ဖူးမြော်ကြသည်။ လမ်းတစ်လျှောက်တွင် နိုင်ငံတကာမှ ကျောင်းတော်များ လာရောက် တည်ဆောက်ထားကြသည်ကို တွေ့ရသည်။ မြန်မာကျောင်းမှ ဇေတဝန်ကျောင်းတော်သို့ (၁၅) မိနစ်ခန့် လမ်းလျှောက်ရသည်။

ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်ဖူးမြော်ကာ ဂန္ဓကုဋီအနီး သစ်ပင်ရိပ်တွင် တရားထိုင်ကြ၊ ဘုရားရှိခိုးကြ၊ ဆုတောင်းဆို ပူဇော်ကြသည်။ မိမိစိတ်အာရုံတွင် မြတ်စွာဘုရားရှင်သည် ကရေရိကုဋီ၌ ဘုရားခုနစ်ဆူတို့၏ ဗုဒ္ဓဝင်ကို အာဏာဝါရပေါင်း(၁၂၆)ခုဖြင့် တန်ဆာဆင်လျက် သုတ္တန္တရာဇာဟု အမည်တွင်သော 'မဟာပဒါနသုတ်' ဟောကြားတော်မူပုံကို သတိရမိသည်။ ဂန္ဓကုဋီ၌ သုပရိသတ်၊ ရဟန်းပရိသတ်တို့ကို နေ့စဉ်၌ အဖူးမြော်ခံကာ တရားဓမ္မဟောကြားတော်မူပုံ၊ နေ့စဉ်မပြတ် ဗုဒ္ဓကိစ္စ(၅)ပါးကို ဆောင်ရွက်တော်မူပုံ၊ ဆွမ်းခံမှအပြန် ဆော်တော်ဆေးရင်း သံဃာတော်တို့အား သုဗ္ဗာတရား(၅)ပါးကို ဟောကြားတော်မူ၍ စကြံကြွတော်မူပုံတို့ကို မြင်ယောင်မိသည်။

သတ္တပဥ္စသုတ်နိဒါန်းအရ သလဥပါရတုဋီ၌သီတင်းသုံးစဉ် သိကြားမင်းလာရောက် ဖူးမြော်ရာတွင် ဉာဏ်မရင့်ကျက်သေးကြောင်းသိတော်မူ၍ ဖူးတွေ့ခွင့်မပေးဘဲ သမာပတ်ဝင်စားတော်မူနေပုံ၊ ရာဇဂြိုဟ်မြို့ရောက်မှသာ အဖူးမြော်ခံပုံ စသည်တို့ကို အတွေးနယ်ချဲ့ကာ ဗုဒ္ဓါနုဿတိဘာဝနာပွားနေမိသည်။ နောက် ဘုရားရှင် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေစဉ် ဟောကြားတော်မူခဲ့သော ဥဒါန်းဂါထာများကို ဆောင့်ယူဆောင်လာသော စာအုပ်ဖြင့် ရွတ်ဆို ပူဇော်ခဲ့သည်။ ယခုအကြိမ် ဇေတဝန်ကျောင်းတော်ကို အားပါးတရ အချိန်ကြာကြာဖူးမြော်ခွင့်ရခဲ့သည်။

ညနေ (၅) နာရီကျော်လာပြီဖြစ်၍ သာဝတ္ထိမြန်မာကျောင်းသို့ ပြန်ခဲ့ကြသည်။ လမ်းတွင် ဂျိန်းဘာသာဝင်တို့၏ ဘုရားကျောင်းတွင် ခေတ္တဝင်ရောက်လေ့လာကြသည်။ အဝတ်မဝတ်သော ဂျိန်းဘုရားရုပ်တုများကို အစီအစဉ်တကျထားရှိသည်။ ဂျိန်းဘုန်းကြီးကိုမူ မတွေ့ခဲ့ရ။ ဂျိန်းဘုန်းကြီးဓာတ်ပုံများကိုသာ တွေ့ခဲ့ရသည်။ ဓာတ်ပုံတွင် အဝတ်မဝတ်ထားသော်လည်း မျက်မှန်တပ်ထားသည်ကို တွေ့ရသည်။ ခန္ဓာကိုယ်၏ လိုအပ်ချက်အရ ဝတ်ဆင်ရမည့် အဝတ်သင်္ကန်းဝတ်သည်ကိုပင် အပြစ်တစ်ခုအဖြစ် လက်ခံထားကြသော ဂျိန်းဘာသာဝင်များက မျက်မှန်တပ်ဆင်မှုကိုတော့ မည်သို့လက်ခံခွင့်ပြုထားကြသည်ကို မသိရ။ ဂျိန်းဘုရား မဟာဝီရသာရှိနေသေးပါလျှင် မျက်မှန်တပ်ဆင်မှုကို ကိလေသာမကင်းစင်သေးသူတို့၏ အကျင့်ဟု သတ်မှတ်လေမည်လားမသိ။

ဇေတဝန်ကျောင်းတော်မှအပြန်တွင် သာဝတ္ထိမြန်မာကျောင်းဆရာတော်အား စုပေါင်းကန်တော့ကြသည်။ ဆရာတော်က ပဥ္စဂ္ဂပုဏ္ဏားကြီးအကြောင်းကို ဟောပြရင်း ဂျိန်းဘာသာအကြောင်းကိုပါ ရှင်းလင်းပြသည်။ ဗုဒ္ဓနှင့်ခေတ်ပြိုင် နိဂဏ္ဌနာဋပုတ္တဟု အမည်တွင်သော မဟာဝီရ ဆိုသူက တည်ထောင်ခဲ့သော အယူဝါဒဖြစ်ကြောင်း၊ အဝတ်လုံးဝမဝတ်ဘဲ၊ ထမင်းစားရာ၌ပင် ခွက်ဖြင့်ထည့်မစားဘဲ လက်ခုပ်ထဲထည့်၍စားကြကြောင်း၊ ယောက်ျားအင်္ဂါကို တုတ်၊ ဓား စသည်တို့ဖြင့် ညှဉ်းဆဲနိုင်မှသာ ရဟန်းဟု အသိအမှတ်ပြုကြောင်း၊ အိန္ဒိယတစ်နိုင်ငံလုံး၌ ဂျိန်းရဟန်းများ တစ်ရာကျော်မျှသာရှိကြောင်း၊ ၎င်းတို့ကို ကိုးကွယ်သူများမှာ သန်းနှင့်ချီ၍ရှိကြောင်း၊ ၎င်းတို့က အခြားဘာသာဝင်များကို ဆွဲဆောင်စည်းရုံးတတ်ကြောင်း၊ ဂျိန်းဘာသာ ကိုးကွယ်ကြသူများသည် ကုန်သည်များ၊သူဌေးများဖြစ်ကြကြောင်း အကျယ်တဝင့် မိန့်ကြားတော်မူသည်။ ဆရာတော်က ဂျိန်းဘာသာဝင်တို့၏ ကျမ်းစာများကို လေ့လာကြည့်ရာတွင် ဗုဒ္ဓ အဘိဓမ္မာ၏ အနှစ်ချုပ်ဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်) ကျမ်းကို ၎င်းတို့ဘာသာ၏ကျမ်းစာအဖြစ် ကူးယူထည့်သွင်းသည်ကို တွေ့ရကြောင်း မိန့်တော်မူသည်။ ဤကဲ့သို့ဖြစ်ရပ်များသည် နောင်တစ်ချိန်တွင် အငြင်းပွားစရာဖြစ်လာနိုင်သဖြင့် အထူးသတိပြုသင့်၏။

ဘာသာခြားတို့သည် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော နေရာဌာနများကို အပိုင်စီးခြင်း၊ ကောင်းသောအကျင့်တရားများကို အတုခိုးခြင်း၊ ဗုဒ္ဓဘာသာကျမ်းစာများကို ကူးယူ၍ ၎င်းတို့ဘာသာ၏ ကိုယ်ပိုင်တရားဖြစ်လေဟန် ဝါဒဖြန့်ခြင်း စသည်တို့ကို ပြုလုပ်တတ်ကြ၏။ ရှေးခေတ် ပုဏ္ဏားများက ဗုဒ္ဓကျမ်းစာများမှ အဆီအနှစ်တို့ကို ထုတ်ယူ၍ ၎င်းတို့၏ ကျမ်းစာများထဲသို့ ကူးယူထည့်သွင်းကာ ဗုဒ္ဓသည်ပင်လျှင် ငါတို့ဝါဒကို မှီငြမ်းပြုခဲ့ရသည်။ ဗုဒ္ဓ၌ ကိုယ်ပိုင်တရားဘာမှမရှိဟု စွပ်စွဲခဲ့သောဖြစ်ရပ်များရှိခဲ့ကြသည်။

ဂျိန်းဘာသာကလည်း နောင်တစ်ချိန်တွင် ဤသို့သောစကားမျိုးပြောမလားဟု မဆိုနိုင်ပေ။ အဘိဓမ္မတ္ထသင်္ဂဟသင်္ဂြိုဟ်ကျမ်းကို ဂျိန်းဘာသာ၏ ကျမ်းစာအဖြစ် ကူးယူထည့်သွင်းထားခြင်းဖြင့် ၎င်းတို့ဘာသာအတွက် အလွန်ခိုင်မာပြီး စနစ်တကျ နက်နဲသိမ်မွေ့သော သဘောတရားများကို ရရှိပိုင်ဆိုင်ကာ အဆင့်အတန်းမြင့်သော ဘာသာတရားတစ်ခုအဖြစ် မြှင့်တင်နိုင်မည်မှာ မလွဲပေ။ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာ နှစ်ခုလုံးက ဖန်ဆင်းရှင် ထာဝရဘုရားကို ငြင်းပယ်ကြသည်။ကံနှင့်ကံ၏အကျိုးကို လက်ခံပြီး ဘဝသံသရာအယူအဆကိုလည်း လက်ခံကြသည်။ သံသရာမှ ထွက်မြောက်ရေးအတွက် အကျင့်တရားသည် အဓိကကျသည်ဟု အသိအမှတ်ပြုကြသည်။

ယင်းသို့ ဗုဒ္ဓဘာသာနှင့် တူညီသော အချက်အလက်များကို လက်ခံထားသည့်ဂျိန်းဘာသာအနေနှင့် အနတ္တတရားမှတစ်ပါး ဗုဒ္ဓအဘိဓမ္မာသဘောတရားများကို ဆန့်ကျင်ကြလိမ့်မည်မဟုတ်ပေ၊ ထို့အတွက်ကြောင့်လည်း ဗုဒ္ဓအဘိဓမ္မာသဘောတရားများကို ကူးယူထားကြသည်ဟုထင်၏။ ဗုဒ္ဓတရားတော်ကို ကြိုက်နှစ်သက်သူ မည်သည့်ဘာသာဝင်မဆို လိုက်နာကျင့်သုံးခွင့်ရှိ၏။ ဗုဒ္ဓဘာသာဝင်များကလည်း ဝမ်းမြောက်ကြည်ဖြူကြပါ၏။သို့သော် မလိမ့်တပတ်ဖြင့် ကူးယူထားပြီးကာမှ ပိုင်ရှင်ကို သူခိုးဟု စွပ်စွဲခြင်းမျိုးကား မဖြစ်သင့်ပါပေ။

*(ဆက်ရန်)*

ဦးဉာဏ (ကြွယ်အိပ်ပွဲ)

www.burmeseclassic.com

# (မင်းတုန်း) ကောင်းစံသာ
## ဂုဏ်တော်တန်ခိုး အကျိုးကြီးကျယ်

ကျွန်ုပ်တို့နေထိုင်သော ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားနေသော မြန်မာနိုင်ငံတော်အတွင်း၌ စိပ်ပုတီးသည် အလွန်ခေတ်စားသောအရာ ဖြစ်၏။ အချို့ မိမိနေအိမ်၌စိပ်ကြ၏။ အချို့ကား စေတီပုထိုး၌စိပ်ကြ၏။ အချို့ သုသာန်၌ စိပ်ကြ၏။ အချို့ကမူ တိတ်ဆိတ်ငြိမ်သက်သောသစ်ပင်ကြီးအောက်၌ စိပ်ကြ၏။

ရည်ရွယ်ချက်အမျိုးမျိုးတို့ရှိကြရာ ပုတီးစိပ်သောအရာလည်း အမျိုးမျိုးကွဲပြားကြ၏။ အချို့က သရဏဂုံသုံးပါးကို ပုတီးစိပ်၏။ အချို့က ဂုဏ်တော်များစိပ်ကြ၏။ အချို့က လောကီဂါထာမန္တန်တစ်ခုခုကိုစိပ်ကြ၏။ ပုတီးစိပ်ခြင်းသည် ထာဝစဉ်ပျံ့လွင့်လျက်ရှိသော လောဘအာရုံ၊ ဒေါသအာရုံ အစရှိသော အာရုံအမျိုးမျိုးတွင် ကျက်စားသွားလာနေသော စိတ်ဆိုသော နာမ်တရားကို ပုတီးတည်းဟူသော ချည်တိုင်၌ မြဲခိုင်စွာ တုပ်နှောင်ထားခြင်းပင် ဖြစ်၏။

ကြိမ်ဖန်များစွာ ပုတီး တည်းဟူသော ချည်တိုင်၌မြဲခိုင်စွာထားသောအခါ စိတ်သည် ထိုပုတီး၌သာလျှင် တရစ်ဝဲဝဲ ရှိပြီး အခြားအာရုံများသို့ ပျံ့လွင့်မှုမရှိသောအခါ ရေအိုးတစ်လုံးတည်း၌ရှိသော အနည်အမှုန်တို့ မရွေ့လျားဘဲငြိမ်နေဘိသကဲ့သို့ရှိတော့၏။

ပုတီးစိပ်မည့်သူသည် ခန္ဓာကိုယ်သန့်ရှင်းမှုရှိဖို့ အထူးလိုအပ်၏။ သို့မှသာ မိမိဝတ်စားထားသော အဝတ်အထည်များမှချွေးနံ့ စသည် မထွက်သဖြင့် စိတ်အစဉ်လည်း လန်းဆန်းကြည်လင်မည် ဖြစ်၏။ သမာဓိမရမီကာလ၌ ပတ်ဝန်း





www.burmeseclassic.com

www.burmeseclassic.com

တျင်အသံများ၏ နှောင့်ယှက်မှုမှ ကင်းဝေးရန်လည်း လိုအပ်၏။

ပုတီးစိပ်ခြင်းသည် စိတ်ကိုတည်ငြိမ်အောင်ပြုလုပ်သည့် သမထလုပ်ငန်းဖြစ်ရာ သမထကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဘုရားဂုဏ်တော်ကိုးပါးသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်သည်ဆို၏။

ဘုရားရှင်၏ ဂုဏ်တော်သည် -

၁။ အရဟံဂုဏ်တော်၊
၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊
၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၊
၄။ သုဂတဂုဏ်တော်၊
၅။ လောကဝိဒူဂုဏ်တော်၊
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်၊
၇။ သတ္ထာဒေဝမနုဿနဂုဏ်တော်၊
၈။ ဗုဒ္ဓဂုဏ်တော်၊
၉။ ဘဂဝါဂုဏ်တော်

ဟူ၍ ကိုးပါးရှိ၏။ ထိုဂုဏ်တော်ကိုးပါးလုံးကိုဖြစ်စေ၊ မိမိနှစ်သက်ရာတစ်ပါးပါးကိုဖြစ်စေ စိပ်ပွားပါက မိမိလိုလားသော အကျိုးတရားများကို ရရှိသည် ဖြစ်၏။ (ဝါ)သိဒ္ဓိတစ်မျိုးမျိုးကို ရရှိသည် ဖြစ်၏။

သိဒ္ဓိ(၁၀)မျိုးရှိ၏။ ၎င်းတို့မှာ -

၁။ ပီယသိဒ္ဓိ
၂။ မနသိဒ္ဓိ
၃။ လာဘသိဒ္ဓိ
၄။ ပယောဂသိဒ္ဓိ
၅။ ကာယသိဒ္ဓိ
၆။ ပထဝီသိဒ္ဓိ
၇။ ဥဒကသိဒ္ဓိ
၈။ အာကာသသိဒ္ဓိ
၉။ တေဇောသိဒ္ဓိ
၁၀။ အာဟာရသိဒ္ဓိတို့ ဖြစ်၏။

၁။ ပီယသိဒ္ဓိ ဟူသည် ခုနစ်ရက်သားသမီးများဖြစ်သော လူ၊ နတ်၊ ဗြဟ္မာ၊ မှစသော သတ္တဝါများက အလိုအလျောက်ရင်းနှီးမွေးဖွားသောသားကဲ့သို့ ချစ်ခြင်းကို ဖြစ်ပေါ်စေခြင်း ဖြစ်၏။

၂။ မနသိဒ္ဓိ ဟူသည် ရွှေ၊ ငွေ၊ ရတနာဥစ္စာဓန စသောအသုံးအဆောင်အမျိုးမျိုးတို့ မိမိအလိုရှိသောအခါ ဆောင့်တတိုင်း ပြီးစီးခြင်းပင် ဖြစ်၏။

၃။ လာဘသိဒ္ဓိ ဟူသည် စီးပွားတက်လာဘနှင့် ပတ်သက်လာလျှင် ထိခိုက်သေးမရှိ ပေါ်များပြည့်စုံပြီးစီးခြင်းပင် ဖြစ်၏။

၄။ ပယောဂသိဒ္ဓိ ဟူသည် တစ်စုံတစ်ယောက်သောသူ၏ အတတ်ပညာ၊ မန္တာန်ဝိဇ္ဇာဖြင့် နှိပ်စက်ကလူပြုခြင်းမှ ကင်းဝေးခြင်းပင် ဖြစ်၏။

၅။ ကာယသိဒ္ဓိ ဟူသည် ခန္ဓာကိုယ်၌ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာနှင့် ထိခိုက်ရှနာဖြစ်ခြင်းအမျိုးမျိုးတို့မှ ကင်းဝေးခြင်း ဖြစ်၏။

၆။ ပထဝီသိဒ္ဓိ ဟူသည် မြေကြီးအတွင်းသို့ ဖောက်ထွင်းဝင်ရောက်သွားလာနိုင်ခြင်း ဖြစ်၏။

၇။ ဥဒကသိဒ္ဓိ ဟူသည် ရေပေါ်တွင် မြေပြင်ပေါ်၌ သွားလာရဘိသကဲ့သို့သွားလာနိုင်ခြင်းနှင့် ရေဘေးအန္တရာယ်မှကင်းဝေးခြင်း ဖြစ်၏။

၈။ အာကာသသိဒ္ဓိ ဟူသည် ကောင်းကင်ပြင်တွင် မည်သည့်ယာဉ်အကူအညီတစ်စုံတစ်ခုမှမပါရှိဘဲ သွားလာနိုင်ခြင်းနှင့် အာကာသရှိ ဂြိုဟ်၊ နက္ခတ်တာရာ၊ စကြဝဠာသို့သွားလာနိုင်ခြင်း၊ စကြဝဠာအတွင်းရှိ ဂြိုဟ်၊ နက္ခတ်တာရာတို့၏ အခြေအနေအရပ်ရပ်တို့ကို ကောင်းစွာသိမြင်ခြင်း ဖြစ်၏။

၉။ တေဇောသိဒ္ဓိ ဟူသည် ပူခြင်း၊ အေးခြင်း ဟူသော တေဇောဓာတ်၏ သဘာဝဘေးဒုက္ခကိုခံနိုင်ခြင်း ဖြစ်၏။

၁၀။ အာဟာရသိဒ္ဓိ ဟူသည် အစားအစာအာဟာရကို မတောင့်တဘဲ ရရှိခြင်း၊ အာဟာရမစားမသောက်ဘဲနေနိုင်ခြင်း၊ မည်သည့်အာဟာရကို မဆိုစားသောက်သော်လည်း အန္တရာယ်မရှိခြင်း ဖြစ်၏။

၎င်းတို့ကား လောကီသိဒ္ဓိတို့ဖြစ်၏။ ထိုလောကီသိဒ္ဓိတို့ကိုပြီးစေဖို့ရာ မိမိကိုယ်တိုင် စိတ်သန့်ရှင်းနေခြင်း၊ သမာဓိခိုင်ခံ့တည်ကြည်မြဲမြံခြင်း၊ သီလမြဲခြင်းတို့သည် အဓိက အရေးကြီးသောအရာတို့ ဖြစ်၏။

ဖော်ပြပါ သိဒ္ဓိဆယ်ပါးတို့ကို လူတိုင်းလောက်နီးနီး လိုချင်ကြ၏။ သို့သော်လည်း ရှေးအတိတ်မှပါလာခဲ့သော ပါရမီကံနှင့် ယခုလက်ရှိ ပစ္စုပ္ပန်ကာလရှိ အလုပ်ကျင့်စဉ်ပေါ် မူတည်၍ ပေါက်ရောက်အောင်မြင်မှုဖြစ်လေ့ရှိ၏။

**ဘုရားဂုဏ်တော်ပွားများရကျိုး**

ဂုဏ်တော် ပွားများမည့်သူသည် မိမိပွားများလို၊ ပုတီးစိပ်လိုသော ဂုဏ်တော်၏ အနက်အဓိပ္ပာယ်သဘောသဘာဝကို ကျကျနန ဂယနဏ ပိုင်ပိုင်နိုင်နိုင်သိရှိထားဖို့ရာ အထူးလိုအပ်၏။ သို့မှသာ မိမိလိုလားသော အကျိုးကို ပြည့်ပြည့်ဝဝရရှိမည် ဖြစ်၏။

၁။ အရဟံ - လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရား။

အရ-ဟံ - ကိလေသာရန်သူကို ပယ်သတ်တော်မူသော မြတ်စွာဘုရား။

အ-ရဟံ - ဆိတ်ကွယ်အရပ်၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ - သစ္စာလေးပါးကို ဆရာမရှိဘဲ သိမြင်တော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာသုံးပါး၊ စရဏဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော - ကောင်းသောစကားကိုဆိုတော်မူသောမြတ်စွာဘုရား။

၅။ လောကဝိဒူ - လောကသုံးပါးကို သိမြင်တော်မူသောမြတ်စွာဘုရား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ - ကြမ်းတမ်းသော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင်ဆုံးမတော်မူသောမြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ - လူ၊ နတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ - သစ္စာလေးပါးမြတ်တရားကို သူတစ်ပါးသိအောင် ဟောကြားတော်မူသောမြတ်စွာဘုရား။

၉။ ဘဂဝါ - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤကား ဂုဏ်တော်တစ်ပါးချင်း၏ အနက်အဓိပ္ပာယ် အကျဉ်းချုပ် ဖြစ်၏။ ၎င်း၏အကျယ်ကို ကျမ်းဂန်များ၌ ရှာဖွေဖတ်ရှု၍ဖြစ်စေ၊ လူပညာရှိ၊ရဟန်းပညာရှိ လောကုတ္တရာစာပေကျမ်းကျင်လိမ္မာသောသူတို့ထံ ချဉ်းကပ်၍ဖြစ်စေ သိရှိနားလည်အောင် ကြိုးစားသင့်၏။

၁။ အရဟံဂုဏ်တော်ကို ပုတီးစိပ်လျှင် ကျက်သရေတိုး၍လာဘ်လာဘရွှင်မည်။

၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို ပုတီးစိပ်လျှင် ဉာဏ်ပညာထက်မြက်စူးရှမည်။

၃။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ကို ပွားများလျှင် ကောင်းမြတ်သော အကြံအစည်များ အောင်မြင်၏။

၄။ သုဂတဂုဏ်တော်ကို ပုတီးစိပ်လျှင် မိမိပြောဆိုသမျှသော စကားအောင်မြင်၏။



www.burmeseclassic.com

www.burmeseclassic.com

၅။ လောကဝိဒူဂုဏ်တော်ကို ပုတီးစိပ်လျှင် ကောင်းသတင်းကျော်စော၍ အတတ်ပညာများ တတ်မြောက်လွယ်၏။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ကို ပုတီးစိပ်လျှင် စရိုက်ကြမ်းသူတို့ကို မိမိပြောဆိုလျှင် နာခံရိုကျိုးစေနိုင်၏။

၇။ သတ္ထာဒေဝမနုဿနံဂုဏ်တော်ကို ပုတီးစိပ်လျှင် သူတစ်ပါးတို့၏ အကူအညီအစောင့်အရှောက်ကိုရ၍ မိမိပြောဆိုတိုင်းပြီးစေနိုင်၏။

၈။ ဗုဒ္ဓေါဂုဏ်တော်ကို ပုတီးစိပ်လျှင် သူတစ်ပါးတို့ စိတ်မနှောအကြံအစည်ကို မပြောဘဲသိစေနိုင်၏။

၉။ ဘဂဝါဂုဏ်တော်ကို ပုတီးစိပ်လျှင် သူတစ်ပါးတို့၏ ပူဇော်ကန်တော့လှူဒါန်းမှုကောင်းဝေး၍ ဘုန်းသမ္ဘာကြီးမားစေနိုင်၏။

မြန်မာရာဇဝင်တွင် စာတင်ခဲ့ရသော အလောင်းမင်းတရားကြီးသည် မြန်မာမင်းများစွာအနက် ထင်ရှားကျော်ကြားသော မင်းတစ်ပါးဖြစ်ခဲ့၏။ ကမ္ဘာတွင် မြန်မာဟု မြန်မာ့နိုင်ငံမြေကို ကျယ်ကျယ်ပြန့်ပြန့် လူသိများစေခဲ့၏။

ထိုကဲ့သို့ တိုင်းပြည်ကို အုပ်ချုပ်ရသည့် မင်းတစ်ပါးဖြစ်ရခြင်းသည် လည်းကောင်း၊ မင်းစည်းစိမ်ခံစားရခြင်းသည် လည်းကောင်း၊ အဆင့်ဆင့်အောင်မြင်ရခြင်းသည် လည်းကောင်း မြတ်စွာဘုရားရှင်၏ဂုဏ်တော်တို့ကို နေ့စဉ်ပွားများရခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်၏။

ဦးအောင်ဇေယျသည် ရွှေဘိုနယ် မုဆိုးဘိုရွာသား တောင်သူယာလုပ်စားမခုတ် တောသားစစ်စစ်တစ်ယောက်ဖြစ်၏။ တစ်ခုထူးခြားသည်မှာကား ဦးအောင်ဇေယျသည် ရတနာသုံးပါးဆည်းကပ်ကိုးကွယ်သော မိဘနှစ်ပါးမှ ဖွားလာရခြင်း၊ ဆရာဘုန်းကြီးတို့၏ သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းလာရခြင်းတို့ကြောင့် ဘုရားဂုဏ်တော်ကို တစ်နေ့လျှင် တစ်ထောင်အောက်မနည်း ပုတီးစိပ်၏။ ထိုသို့ ပုတီးစိပ်ရာတွင် အပတ်ရေပြည့်ကာမျှမတ္တမဟုတ်ဘဲ ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို သိမြင်အောက်မေ့ကြည်ညိုစိတ်တဖွားဖွားဖြစ်ပေါ်လျက်စိပ်လေတော့၏။

ဂုဏ်တော်ကို ပုတီးစိပ်ရာတွင် ဂုဏ်ကျေးဇူးကြောင့် ဆင်းရဲစွာ လုပ်ကိုင်စားရသောတောင်သူဘဝမှလွတ်မြောက်ကာ ဟံသာဝတီမင်းလက်ထက်တွင်



ရွာစားကြီးဟူသောရာထူးကို ခန့်အပ်ခံရလေတော့၏။

ဦးအောင်ဇေယျသည် ဘုရားရှင်၏ဂုဏ်တော်တို့ကို အလေးအနက်ထား၍ မမှိတ်မသုန် ယုံကြည်သူဖြစ်သည့်အားလျော်စွာ မိမိ၏နိစ္စဘတ်ဂုဏ်တော်ပုတီးစိပ်ခြင်းကို အနည်းငယ်မျှ အဖျက်မခံဘဲပြုလုပ်ခဲ့၏။ ရွာစားကြီးအဆင့်မှသည် ဝန်မင်းအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရ၏။ ရာထူးတိုးသည်သာမဟုတ်နာမည်သတင်းကျော်စောမှု၊ ဩဇာတိက္ကမကြီးမှု၊ ယုံကြည်အားထားရသည့်တပည့်တပန်းပေါများမှု၊ လာဘ်လာဘပေါများမှုတို့သည်လည်း တစ်နေ့တခြားတိုးတက်လာ၏။

ဂုဏ်တော်ပွားများမှုကို ဆတက်ထမ်းပိုး တိုး၍တိုး၍ အာသေသနပစ္စည်းတပ်ကာ စွဲစွဲမြဲမြဲ ပုတီးစိပ်ခဲ့လေသောကြောင့် နောက်ဆုံး၌ မြန်မာပြည်ကြီးနှင့်တကွ ရှမ်း(၉၉)စော်ဘွား၊ ယိုးဒယားပြည်၊ တနင်္သာရီ၊ ရေး၊ မြိတ်၊ ထားဝယ်၊ ရခိုင်၊ မဏိပူရ၊ အာသံ စသော ပြည်ကြီးတို့ကိုအုပ်စိုးရသော ရှင်ဘုရင်ကြီးဖြစ်ရ၏။ ဤသာဓကကို ထောက်ဆပါက ဘုရားဂုဏ်တော်သည် ရာထူးတိုးတက်စေပြီး ရှင်ဘုရင်ဖြစ်သည်အထိ လောကီအကျိုးကို ဒိဋ္ဌဓမ္မ အခါမလင့်အကျိုးပေးနိုင်ပုံမှာ သိသာလှ၏။

နောက်တစ်ခု တင်ပြချင်သေး၏။ ရှမ်းဘုရင် သိုဟန်ဘွားလက်ထက်တွင် ၎င်းသည် ဗုဒ္ဓသာသနာတော်ကိုယုံကြည်ကိုးကွယ်သူမဟုတ်သဖြင့် သံဃာတော်တို့ကို သတ်ဖြတ်ခြင်း၊ တိုင်းသူပြည်သားတို့အပေါ် ရင်ဝယ်သားကဲ့သို့ သဘောမထားဘဲ ကြမ်းတမ်း ရက်စက်စွာ ပြုမူဆက်ဆံခြင်းတို့ဖြင့် အုပ်ချုပ်ခဲ့သူဖြစ်၏။

ထိုအချိန်လောက်မှစ၍ စလင်းမြို့စား စည်သူကျော်ထင်သည် ဘုရားဂုဏ်တော်ကိုးပါးကို တစ်ထောင်ထက်မနည်း ပုတီးအမြဲစိပ်လျက် အချိန်ရသမျှ ပွားများခဲ့မှုကြောင့် စစ်တိုက်တိုင်း အနိုင်ရခဲ့၏။ လုပ်ငန်းဆောင်တာ မည်မျှပင် အရေးကြီးသော်လည်း သူ့အချိန်နှင့်သူ အချိန်မှန် နိစ္စဘတ်ဝတ်ထားပြီး တစ်နေ့မပြတ်ပုတီးစိပ်ခဲ့လေသောကြောင့် စလင်းမြို့စားအဖြစ်မှ စစ်ကိုင်းဘုရင်ဖြစ်လာ၏။ စစ်ကိုင်းဘုရင်မှ အင်းဝမြို့တော်ကြီး၏ ဧကရာဇ် ဘုရင်ဖြစ်သည်အထိ တိုးတက်အောင်မြင်သွား၏။ ဤကား ဂုဏ်တော်၏ အကျိုးကျေးဇူးများ ဖြစ်၏။

အခြားတစ်ပါးသော သာဓကများစွာတို့ရှိသော်လည်း မဖော်ပြတော့ပါ။

ဘုရားရှင်၏ ဂုဏ်တော်သည် ကမ္ဘာ္ဌာန်းလေးဆယ်တို့တွင် အသာလွန်ဆုံး၊ အမြင့်မြတ်ဆုံးဖြစ်သည်ဟုဆိုသည့်အတိုင်း -

၁။ လာဘ်လာဘများပြား၍ စီးပွားတိုးတက်ခြင်း၊

၂။ အကြံကောင်း၊ ဉာဏ်ကောင်းများတိုးတက်ခြင်း၊

၃။ အတတ်ပညာတိုးပွားခြင်း၊

၄။ စကားပြောကောင်းသူများနှင့် ယှဉ်ပြိုင်၍ စကားပြောပါက မိမိကသာအနိုင်ရခြင်း၊

၅။ လောက၌ ထင်ပေါ်ကျော်စောသောပညာရှိကြီးဖြစ်ရခြင်း၊

၆။ အတုမရှိသော လူထူးလူချွန်ဖြစ်၍ သူတစ်ပါးနှင့်ပြိုင်ဆိုင်က မိမိကသာ အနိုင်ရခြင်း၊

၇။ သူတစ်ပါးတို့အပေါ်၌ မိမိပြောဆိုသောစကားအောင်မြင်၍အာဏာတည်မြဲခြင်း၊

၈။ ဘုန်းကြီး၍အသက်ရှည်ခြင်း

စသော လောကီအကျိုးများသာမက နိရောဓသစ္စာဟု ဆိုအပ်သော သန္တိသုခ နိဗ္ဗာန်အထိပင် အကျိုးကျေးဇူးများစွာ ရရှိခံစားနိုင်၏။

ထို့ကြောင့် ဗုဒ္ဓုပ္ပာဒဒုလ္လဘဟုဆိုအပ်သော သာသနာပွင့်ခိုက်၌ ကံကြုံရသောသူတို့အဖို့ မိမိတို့ရရှိထားသည့် အခွင့်ထူးကြီးကို လက်လွှတ်မခံဘဲ ပွားများ အားထုတ်သင့်လှ၏။ သမထဘာဝနာမှသည် ဝိပဿနာဘာဝနာသို့တိုင် တစ်ဆင့်တက်၍ ပွားများနိုင်ပါမူ အလွန်အလွန် ကောင်းမြတ်မည်ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးကမွတ် အဖြီးသတ်ပါသတည်း။

ကောင်းစံသာ (မင်း[illegible])



www.burmeseclassic.com

www.burmeseclassic.com

### ဆိုးဆိုး(ရွှေကံကူ)

# ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များလာရောက်ဖူးမြော်ခြင်း၊ ကျွတ်တမ်းဝင်ကြခြင်းများနှင့်ထူးခြားမှုများ

(သခင်လမှအဆက်)

သို့ဖြစ်၍ (၅) ရက်ခန့်အကြာတွင် [illegible]ပူစူးမသည် ၎င်း၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်နိုင်ခဲ့ပါ[illegible]တော့သည်။ မပူစူးမသည် တကယ်[illegible]တော့ ငွေကြေးပြည့်စုံကြွယ်ဝသူ မဟုတ်[illegible] ၎င်း၏ ကြီးမားသော သဒ္ဓါတရား[illegible]ကြောင့် ပင့်ဆောင်ပူဇော်ခွင့်ရရှိခြင်း ဖြစ်[illegible] ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်[illegible]ကြောင့်ပင် ဝိုင်းဝန်းကူညီကြသူတို့ပေါ်[illegible]ပေါက်လာသဖြင့် မော်တော်ယာဉ်တန်း[illegible] ခပြေးမော်တော်ဆိုင်ကယ်များတို့ဖြင့် [illegible]ကားသိုက်မြိုက်စွာ ကြွမြန်းတော်မူ[illegible]သည်။


မပူစူးမတို့နေအိမ်သို့ ရုပ်ရှင်တော်[illegible] ရောက်ရှိတော်မူသည်မှာ နေ့ဆွမ်း[illegible] တခြားအိမ်မှကြွမြန်းတော်မူလာ[illegible]ရာ နေ့လယ် (၁၂) နာရီကျော်မှ ရောက်ရှိတော်မူခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူပြီး မကြာမီမှာပင် ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသော သောက်တော်ရေဖန်ခွက်များအတွင်းတွင် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်များ ပေါ်ပေါက်၍လာပါသည်။ အိမ်ရှင် ပူစူးမ၊ ၎င်း၏အမျိုးသားနှင့် ဘုရားဖူးပရိသတ်များတို့သည် ဝမ်းသာအံ့သြခြင်းများဖြင့် အကြိမ်ကြိမ်ဦးချကန်တော့၍ မဝနိုင်အောင်ရှိနေကြပါသည်။ထို့နောက် သောက်တော်ရေဖန်ခွက်များတွင်သာမကတော့ဘဲ လှူ



၂၀၀၇ ခုနှစ်၊ ဂ လပိုင်းတွင် မိတ္ထီလာမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးနေအိမ်၌ ပင့်ဆောင်စဉ် တန်ခိုးတော်ဖြင့် ငွေပြည်တောင်ပေါ်သို့ ကြွရောက်တော်မူစဉ်



[illegible] ၂ (၁) လပိုင်းတွင် လှိုင်ကော်သို့ [illegible]ချုပ်ရေးမှူး ဦးနေဝင်းအောင် + [illegible]နှင်းတခြည်ဦးမိသားစု [illegible]ဆောင်ပူဇော်စဉ် စိန်ပန်းပင်၌ [illegible]သောစာလုံးများ ပေါ်ပေါက်လာပုံ




၂၀၀၆ ခု၊ ဂ လပိုင်းတွင် မိတ္ထီလာမြို့ ခုရဲအုပ်ကျော်ဆန်းဦး + ဇနီး မငယ်တို့၏နေအိမ်တွင် တန်ခိုးတော်ဖြင့် ငွေ[illegible]လားအတွင်း ကြွရောက်တော်မူပုံ



www.burmeseclassic.com


www.burmeseclassic.com



၁၇-၈-၂၀၁၂ နေ့တွင် မြေးမြို့တာချာရပ်ကွက် ရွှေပြည်စံခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ပင့်ဆောင်ပူဇော်စဉ် ရဟန္တာ လာရောက်ဖူးမြော်ပုံ



နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ဆရာတော်ကြီး ဒေါက်တာအရှင်ကုမာရမှ ရွှေကံ့ကူသာသနာပြုမယ်တော်ကြီးအား သီဟိုဠ်စွယ်တော်ပွား ချီးမြှင့်စဉ် (၄-၁-၂၀၁၃)



၂၀၀၇ ခုနှစ်၊ မေလတွင် ရွှေကြက်ယက်ကျေးရွာ ကိုမြင့်ဦး + မနွဲ့နွဲ့ရှိနေအိမ်၌ ပင့်ဆောင်စဉ် ဖယောင်းချိုးမှ ကြက်မင်းသဏ္ဌာန်ဖြစ်ပေါ်ပုံ

ဒါန်းထားသော ရေသန့်ဘူးများတွင်ပါ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်များ ပေါ်ပေါက်၍လာပြန်ပါသည်။

ထိုကဲ့သို့ ထူးခြားသောအဖြစ်တို့ကို ဓာတ်ပုံရိုက်ကူးမှတ်တမ်းတင်လို၍ မပူစူးမမှ ဓာတ်ပုံဆရာကို သွားရောက်ခေါ်ဆောင်ခဲ့ပါသည်။ ဓာတ်ပုံဆရာသည် ခရစ်ယာန်ဘာသာဝင် လူငယ်တစ်ဦးဖြစ်ရာ လူငယ်ခေတ်ပညာတတ်တို့၏သဘောအရ လည်းကောင်း၊ ဘာသာခြားဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဗုဒ္ဓ၏တန်ခိုးတော်ဟု လက်မခံနိုင်ဘဲ ပြတင်းပေါက်မှန်ပြတင်းမှ နေရောင်ခြည်ကျရောက်နေ၍ ထင်ယောင်ထင်မှားဖြစ်စေသည်ဟု ယူဆကာ နေရောင်ခြည်များကို အဝတ်နှင့်ကာစေပါသည်။ သို့သော် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်တို့သည် ပေါ်ပေါက်နေဆဲပင်ရှိရာ နေရောင်ခြည်ကြောင့်မဟုတ်လျှင် ကြေးမုံ (ကြည့်မှန်) ၏ သဘောတရား၊ အလင်းပြန်ခြင်းနိယာမကြောင့်ဟုဆို၍ ရုပ်ရှင်တော်မြတ်သည် အရာဝတ္ထုတစ်ခု၊ ထိုအရာဝတ္ထုနှင့် မျက်နှာချင်းဆိုင်တွင် မှန်များချထားလျှင် ချထားသော မှန်အားလုံးတွင် ရှေ့မှာရှိသော အရာဝတ္ထု၏ပုံရိပ် ထင်ဟပ်ပေါ်ပေါက်နေမည်သာ ဖြစ်ပါသည်။ ယခုလည်း သောက်တော်ရေဖန်ခွက်များနှင့် ရေသန့်ဘူးများသည် မှန်များသဖွယ် ဖြစ်နေပါသည်။ သို့ဖြစ်၍ ရုပ်ရှင်တော်မြတ်၏ ပုံတော် လာရောက်ပေါ်ပေါက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ အကယ်၍ ရုပ်ပွားတော်အား အဖြူရောင်အဝတ်ဖြင့်ဖုံးအုပ်လိုက်လျှင် သောက်တော်ရေခွက်များနှင့် ရေသန့်ဘူးတို့တွင် မျက်နှာတော်မှာ ကွယ်ပျောက်သွားပြီး အဖြူရောင်သာ ပေါ်ပေါက်လာပါလိမ့်မည်ဟု ဆိုပြန်ပါသည်။

တကယ်တော့ ဓာတ်ပုံဆရာသည် ...ခြင်းကို ဓာတ်ပုံရိုက်ကူးပေးရန် ခေါ်ယူခြင်းသာ ဖြစ်သည်။ ဤကိစ္စကို ဝေဖန်သုံးသပ်ပေးရန် ခေါ်ယူခြင်း မဟုတ်ပါ။ ယခု ဘုရားတန်ခိုးတော်ကို တန်ခိုးတော်မဟုတ်၊ သဘာဝတရားမျှသာဖြစ်၍ မထူးဆန်းပါဟု ငြင်းခဲ့သည့်သဘော သက်ရောက်လျက်ရှိပေပြီ။ အိမ်ရှင်မိန်းကလေးသည် မပြည့်စုံသော အခြေအနေတွင် ဤမျှတန်ခိုးတော်ကြီးမား၍ အရှိန်အဝါကြီးမားလှသော ရုပ်ရှင်တော်မြတ်ကို မဝံ့မရဲ ပင့်ဆောင်နေရသည့်အချိန်တွင် ဓာတ်ပုံဆရာမှ မယုံသလို ပြောဆိုနေသောအခါ မယ်တော်ကြီးနှင့် အန်တီအေးတို့ကို အလွန်ပင် အားနာလျက်ရှိပါသည်။ သို့သော်လည်း မယုံကြည်၍ ငြင်းနေခြင်းဖြစ်ရာ ငြင်းနေသူမှ အမှန်လော သို့မဟုတ် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့က အမှန်လော ဆိုသည်ကို ပရိသတ်အတွင်းမှ လူအချို့ လည်း သို့လောသို့လောဖြင့် သံသယဝင်နေကြမည်ဖြစ်ပါ၍ မယ်တော်ကြီးမှ ကျေနပ်သည်အထိပြုပါစေဟု ခွင့်ပေးလိုက်ပါသည်။ ထိုအခါ ဓာတ်ပုံဆရာလူငယ်လေးသည် ရုပ်ရှင်တော်မြတ်အား စာအုပ်ဖြင့် ရှေ့မှကွယ်ထားပြီး သောက်တော်ရေဖန်ခွက်များကို ကြည့်လိုက်ပါသည်။

ဗုဒ္ဓ၏ တန်ခိုးတော်တို့သည်ကား ကျောက်အတင်ခံသော စစ်မှန်သည့် တန်ခိုးတော်တို့သာဖြစ်နေပါ၍ ဖန်ခွက်များတွင် လည်းကောင်း၊ ရေသန့်ဘူးများတွင်လည်းကောင်း၊ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်သည် ပျောက်ကွယ်သွားခြင်းမရှိပါ။ (ပို၍ ထူးခြားသည်မှာ ရုပ်ရှင်တော်မြတ်သည် ထိုအိမ်တွင် တစ်ညအိပ်သာ သီတင်းသုံးတော်မူ၍ နောက်တစ်နေ့တွင် အခြားတစ်အိမ်သို့ ကြွမြန်းတော်မူသွားသော်လည်း ဖန်ခွက်များနှင့် ရေသန့်ဘူးအတွင်းမှ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်တို့သည် (၃)၊ (၄) ရက်ခန့် ကြာမြင့်သောအခါမှသာ တဖြည်းဖြည်းချင်း ကွယ်ပျောက်သွားကြောင်း သိရပါသည်။)

ထိုအခါမှ ဓာတ်ပုံဆရာကလေး



၂၀၀၇ ခုနှစ်၊ မေလတွင် ရွှေကြက်ယက်ကျေးရွာ ကိုမြင့်ဦး + မနွဲ့နွဲ့ရှိနေအိမ်၌ ပင့်ဆောင်စဉ် ဖယောင်းချီးမှ ကြက်မင်းသဏ္ဌာန်ဖြစ်ပေါ်ပုံ





၂၀၁၀ ပြည့်နှစ်တွင် နေပြည်တော်(ပျဉ်းမနား) သို့ ဦးမြဝင်း+ဒေါ်ကြည်ကြည်စန်းမိသားစုတို့ ပင့်ဆောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com

သည် ဤအခြင်းအရာသည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့်သာ ဖြစ်ပေါ်ရကြောင်းလက်ခံသွားပြီး ဓာတ်ပုံရိုက်ကူးမည်ပြုစဉ် ရုပ်ရှင်တော်မြတ်မှ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးတော်မူလာပါသည်။ သို့သော် ကင်မရာတွင် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့နိုင်သော်လည်း ရိုက်ကူးသည့် ခလုတ်နှိပ်လိုက်လျှင် ကတ်ပြည့်နေသကဲ့သို့ ပုံရိပ်မဖမ်းဘဲရှိနေပါသည်။ ကတ်မပြည့်သေးပါ။ ထို့ကြောင့် ဓာတ်ပုံဆရာကလေးမှာ ကင်မရာချို့ယွင်းခြင်းလောဟု ဆန်းစစ်ပြန်ပါသည်။ ကင်မရာတွင် ချို့ယွင်းချက်မရှိပါ။ သို့ဖြင့် အခက်တွေ့နေ၍ မယ်တော်ကြီးမှ ရုပ်ရှင်တော်မြတ်ကို ဓာတ်ပုံရိုက်ခွင့်တောင်းပါဟု ပြောလိုက်ပါသည်။ ထိုသို့ခွင့်တောင်းပြီးမှ ဓာတ်ပုံရိုက်ကူး၍ ရရှိပါတော့သည်။


(ရုပ်ရှင်တော်မြတ်အား ခွင့်မတောင်းဘဲ ဓာတ်ပုံရိုက်ကူး၍မရသော အဖြစ်တို့ ရုပ်ရှင်တော်မြတ်၏သမိုင်းတွင် မကြာခဏ ကြုံကြိုက်ရလေ့ရှိပါသည်။ မကြာသေးမီ ၂၀၁၃၊ (၁၀) လပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် ရှမ်းပြည်နယ် တောင်ပိုင်း ရွှေညောင်မြို့ ဦးမြတ်ထွန်း (၀၉ - ၅၀၉၇၁၃၇) ၏ နေအိမ်မှ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ ဦးမြတ်ထွန်း၏ တူ၊ တူမများလည်း ကျိုင်းတုံမြို့မှ တကူးတက လာရောက်ပြီး ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြပါသည်။ ဦးမြတ်ထွန်း၏ တူကလေးမှ ရုပ်ရှင်တော်မြတ်ကို ဓာတ်ပုံရိုက်ကူးရာ ဖုန်းကင်မရာ အသစ်ဖြစ်သော်လည်း ဓာတ်ပုံရိုက်ကူးမရဖြစ်နေ၍ ဦးမြတ်ထွန်းမှ ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ကြီးမားလှသည်။ ထို့ကြောင့် အစောင့်အရှောက်တို့များစွာရှိသည်။ ရိုသေစွာရှိခိုးကန်တော့လျှောက်ထားခွင့်တောင်းပြီးမှ ရိုက်ကူးပါဟုဆို၍ ထိုကဲ့သို့ပြုလုပ်ပြီးမှ ရိုက်ကူးသောအခါမှ ဓာတ်ပုံရရှိသည့်အပြင် ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်ကို နဂါးပတ်နေဟန် ပေါ်ပေါက်လျက်ရှိသည်ကို အံ့သြဖွယ်တွေ့ရှိရပါသည်။

ထို့အပြင် နောက်တစ်ဦးမှာ မန္တလေးမြို့ ဘုရားကြီးမြောက်စောင်းတန်းနှင့် မျက်နှာချင်းဆိုင်ရှိ တရုတ်လက်ဖက်ရည်ဆိုင်မှ ကိုပန်ချာ (တရုတ်လူမျိုးဖြစ်ပါသည်။) ၏ ပြောပြချက် ဖြစ်ပါသည်။ ကိုပန်ချာသည် ၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်ကို စတင်သိရှိပြီး ၎င်း၏လမ်းညွှန်ဦးဆောင်မှုဖြင့် ထိုနှစ်ထဲမှာပင် ရုပ်ရှင်တော်မြတ်ကို မန္တလေးမြို့ မဟာမြိုင်ရှိ၎င်းအစ်မကြီး၊ ယောက်ဖနှင့် တူ၊ တူမများနေအိမ် ကျောက်စိမ်းကုမ္ပဏီသို့ ပင့်ဆောင်ပူဇော်ပြီးနောက် အောင်မြေနှင့် ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာ နေအိမ်ဌာနများသို့ မဖူးဘူးသေးသော မိတ်ဆွေများကို လိုက်လံပို့ဆောင်ပေးလေ့ရှိပါသည်။

ဤသို့ဖြင့် တစ်နေ့တွင် ရုပ်ရှင်တော်မြတ်သည် အောင်မြေသို့ပြန်လည်ကြွမြန်းရောက်ရှိနေတော်မူခိုက် ဖားကန့်မှရောက်ရှိလာသော ၎င်း၏ မိတ်ဆွေတစ်ဦးကို လိုက်ပါပို့ဆောင်ပေးပါသည်။ စာရေးသူသည် ကိုပန်ချာနှင့် ခင်မင်နေပြီဖြစ်၍ စကားပြောလျက်ရှိစဉ် ၎င်း၏ မိတ်ဆွေသည် ဘုရားကန်တော့ပြီး ဖုန်းဖြင့် ရုပ်ရှင်တော်မြတ်ကို ဓာတ်ပုံရိုက်ပါသည်။ စာရေးသူနှင့် ကိုပန်ချာတို့က တော့ စကားကောင်းလျက်ရှိနေပါသည်။ ထိုဧည့်သည်အပြင်ထွက်ပြီး ဓာတ်ပုံရိုက်လိုက်၊ ဘုရားခန်းသို့ဝင်ပြီး ရုပ်ရှင်တော်



ရွှေက်ကူအောင်မြေ၌ မယ်တော်ကြီးထံသို့ နဂါးငွေ့အလင်းတန်းများ ရောက်ရှိလာပုံ



၂၀၀၆ ခု၊ (၂)လပိုင်းတွင် မြစ်ကြီးနားမြို့ ကိုမွန်မြတ်ကို + နန်းသိန်းသိန်းမြင့်တို့၏နေအိမ်တွင် ပင့်ဆောင်စဉ် ကြက်သွန်ဥမှ အင်ကြင်းပန်းများ ထွက်ပေါ်လာပုံ




၂၀၁၂ (၁) လပိုင်းတွင် လွိုင်ကော်သို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင် + ဒေါ်နှင်းတာခြည်ဦး၏မိသားစု ပင့်ဆောင်စဉ် နဂါးငွေ့များထွက်ပေါ်လာပုံ



www.burmeseclassic.com

www.burmeseclassic.com




လေပျံ့ ရေဆန် ကျွန်းသစ်တော်ကြီး တွေ့ရှိရာ တည်နေရာပြမြေပုံ

[illegible]ကို ဓာတ်ပုံရိုက်လိုက်လုပ်နေသည်။ [illegible]ကြာတွင် ထိုဇည့်သည်ထွက်လာ [illegible] စာရေးသူကိုလည်း နှုတ်ဆက်ပါ [illegible] ထို့နောက် ကိုပန်ချာနှင့်အတူ [illegible]ည်ထွက်ခွာသွားကြပါတော့သည်။

[illegible]စ်ပတ်ခန့်အကြာတွင် စာရေး [illegible]လေးမြို့ ဘုရားကြီးမြောက်စောင်း [illegible] အင်ကြင်းစံနိဗ္ဗာန်ကုန်ပန်းပုဆိုင် [illegible]ရှိ၍ ဆိုင်ရှင် ကိုမြင့်စိုးမှ [illegible]၏ဆိုင်သို့ လက်ဖက်ရည်ဖြင့် [illegible]ည်။ ထိုစဉ် ကိုပန်ချာရောက်ရှိ [illegible]၏အစ်မကို ဆေးကုပေးရန် [illegible]၍ စာရေးသူမှ သစ္စာပြု၍ [illegible]လိုက်ပါသည်။

[illegible]နောက် ကိုပန်ချာနှင့် စကား [illegible]ရာ -

[illegible]တစ်နေ့က ဖားကန့်က ကျွန် [illegible] မှတ်မိတယ်မို့လား။ သူက [illegible] အဲဒီဘုရားသိပ်တန်ခိုးကြီး [illegible] မတတ်ဟောင်းနဲ့ ဘုရား [illegible]တာ ဘယ်လိုမှရိုက်မရဘူးဗျာ။ ဘုရားရိုက်မရလို့ အပြင်ထွက်ရိုက်ကြည့်တော့ရတယ်။ ဘုရားပြန်ရိုက်ရင် မရဘူး။ အပြင်ထွက်ရိုက်တော့ရပြန်ရော။ ဒါနဲ့ ကျွန်တော်လည်း အဲဒီကတ်ထဲမှာ မသန့်တာတွေပါနေတာကို သတိရမိလိုက်တယ်။ ကျွန်တော့်မှာလည်း ကတ်အသစ်ပါလာတာနဲ့ ကတ်အသစ်ပြောင်းထည့်ပြီး ဘုရားကို ဓာတ်ပုံရိုက်ကြည့်လိုက်တော့ အဲဒီတော့မှ ဘုရားပုံတော်ရတော့တယ်"

ဟု ပြောပါသည်။

ယခုလည်း ဓာတ်ပုံဆရာကလေးသည် ဘာသာခြားဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ကြီးမားသောရုပ်ပွားတော်ဖြစ်သည်ဟု ယုံကြည်လက်ခံသွားပါတော့သည်။ ဤနေအိမ်မှာ တစ်ထပ်အိမ်ကျဉ်းကျဉ်းကလေးမျှသာဖြစ်ပြီး ဆောက်လက်စတန်းလန်းဖြစ်ကာ အပြီးမသတ်ရသေးပါ။ သောက်တော်ရေဖန်ခွက်များတွင် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်များ ပေါ်ပေါက်စဉ်ကတည်းက တစ်ယောက်စကား တစ်ယောက်နားဖြင့် ဇည့်သည်တို့ပြည့်လျက်ရှိရာမှ ရောင်ခြည်တော်ကွန့်မြူးတော်မူလိုက်သောအခါ ပရိသတ်မှာ တံခါးပေါက်ဝအထိပင် ပြည့်လျှံတိုးဝှေ့လျက်ဖူးမြော်၍နေကြပါသည်။ မယ်တော်ကြီးသည်လည်း ပဌာန်းနဂါးကျင့်စဉ်အမိဋ္ဌာန် ဝင်ရောက်လျက်ရှိသည်မှာ (၂) လပြည့်သောနေ့ (၄-၃-၂၀၀၇) ဖြစ်နေပါ၏။ ဤယနေ့တွင်မှ ရုပ်ရှင်တော်မြတ်သည် ဒေါ်စမ်းရင်၏တူမ ကိုမောင်မောင်၊ ဒေါ်ဌေးဌေးဝင်းတို့နေအိမ်မှ ဤအိမ်သို့ ကြွရောက်တော်မူလာသောနေ့လည်း ဖြစ်ပါသည်။

ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်ကို ပူဇော်ရန် ဓမ္မစကြာအဖွဲ့လည်း ရောက်ရှိ၍လာပါသည်။ သို့သော် အိမ်တံခါးဝအထိ လူတို့ တိုးဝှေ့ကျပ်ညပ်လျက်ရှိနေသဖြင့် ဓမ္မစကြာအဖွဲ့သားများသည် အိမ်အတွင်းသို့ဝင်၍မရသေးပါ။ မည်သူကမျှ လမ်းဖယ်ပေးကြမည် မဟုတ်ပါ။ ထို့ကြောင့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်တွင်ရှိသော လက်ဖက်ရည်ဆိုင်တွင် ခေတ္တထိုင်၍ လူအစဲကို စောင့်ကြည့်နေကြပါသည်။ ထိုစဉ် တရုတ်ပြည်ဘက် အရှေ့မိုးကောင်းကင်ကချင်တောင်တန်းများဆီမှ ဖြူဖြူလက်လက်ဖြင့် ပလတ်စတစ်အကြည်စကြီးတစ်ခုလွင့်လာသကဲ့သို့ ဓမ္မစကြာအဖွဲ့မှ မတင်မြင့်နှင့် မအေးအေးဝင်းတို့ စတင်တွေ့မြင်လိုက်ကြရပါသည်။

ထိုအရာသည် ကောင်းကင်အမြင့်မှ လာနေခြင်းဖြစ်ပြီး ရုပ်ရှင်တော်မြတ်ပူဇော်ထားရှိသော မပူစူး၏ နေအိမ်အထက်သို့ ရောက်ရှိလာသောအခါ အောက်သို့ ထိုးဆင်းလာပါသည်။ အိမ်၏ ခေါင်မိုးအနီးသို့ ရောက်သောအခါ နေအိမ်ကို လက်ယာရစ် (၃) ပတ်ပျံဝဲပါသည်။ ထိုအရာဝတ္ထုမှာ မြေပြင်နှင့် ပေ (၁၀၀) အထက်ခန့်သာရှိတော့၍ ထင်ရှားစွာ တွေ့မြင်ရပြီ ဖြစ်ပါသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူး၍ မတင်မြင့်နှင့် မအေးအေးဝင်းတို့သည် အံ့ဩလွန်းလှပြီး -

"ဟော့ - ဗီဒီယိုကြည့်မနေကြနဲ့ ဟော့။ ဘုရားကြွတဲ့ အိမ်ခေါင်ပေါ်မှာ နဂါးကြီးဘုရားလာဖူးနေတယ်။ ဟိုမှာ မြင်ကြရဲ့လား"

ဟု အော်ဟစ်ပြောဆိုပြီး ဆိုင်အတွင်းမှ မပူစူးအိမ်ဘက်သို့ပြေးထွက်သွားရာ လက်ဖက်ရည်ဆိုင်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com

လူများနှင့် လမ်းသွားလမ်းလာလူအများတို့ပါ သွားရောက် ကြည့်ရှုကြပါသည်။ နဂါးကြီးမှာ (၁၂) တောင် (၁၅ ပေခန့်) ရှည်လျားပါသည်။ ငါး၏ကိုယ်လုံးကဲ့သို့ အကြေးခွံများဖြင့် ငွေရောင်တလက်လက်တောက်ပကာ ဖြူဖွေးလျက်ရှိပါသည်။ ဆူးတောင်နှင့် အမြီး၊ အမောက်တို့ကိုလည်း ပီပြင်ထင်ရှားစွာ မြင်တွေ့နေရပြီး နေရှိန်ကောင်းစွာ ထွန်းလင်းတောက်ပသော နေ့ (၂) နာရီအချိန်ဖြစ်၍ ယခုမှ ရေထဲကတက်လာသကဲ့သို့ နဂါးကြီးမှာ စွတ်စိုလျက်ရှိသည်။ တစ်ကိုယ်လုံး အဖြူရောင်ဖြစ်ပြီး မျက်လုံးနှစ်လုံးသည်သာ နီရဲတောက်ပလျက်ရှိပါသည်။ နဂါးကြီးသည် လျှင်မြန်သောအဟုန်ဖြင့် လှည့်ပတ်နေခြင်းမဟုတ်ဘဲ ဖြည်းဖြည်းမှန်မှန် ရေထဲတွင် ကူးခပ်နေသကဲ့သို့ လှိုင်းတွန့်တွန့်၍လှည့်ပတ်နေခြင်း ဖြစ်ပါသည်။

လက်ယာရစ် (၃) ပတ်စေ့သောအခါ တိုးနရားကသကဲ့သို့ ယိမ်းထိုးပြီးနောက် ဦး(၃)ကြိမ်ချသည်။ ထို့နောက် ခြေမှုားပတ်ပြီးလျှင် ပြန်၍ဖြေသကဲ့သို့ လက်ဝဲရစ် (၃) ပတ်ပတ်ပြန်ပါသည်။ ပြီးလျှင် ကောင်းကင်အမြင့်သို့ထောင်တက်သွား၍ လာရာလမ်းအတိုင်း အရှေ့ဘက်မိုးကောင်းကင် ကချင်တောင်တန်းများဆီသို့ ပျံသန်းထွက်ခွာသွားပါသည်။

ထိုအချိန်၌ အိမ်ထဲမှလူများသည်လည်း ရုပ်ရှင်တော်မြတ်မှ ရောင်ခြည်တော်များထွက်ပေါ်နေ၍ အိမ်တွင်း၌ အသံဗလံများ ဆူညံလျက်ရှိနေသောကြောင့် သိကြရခြင်း ဖြစ်ပါသည်။ နဂါးကြီးကို ဤအိမ်အနီးမှ မြင်လိုက်ကြရသူတို့မှာ ဓမ္မစကြာအဖွဲ့သားများအပါအဝင် လူ (၅၀) ခန့်မျှသာရှိသော်လည်း ဤအိမ်၏ ဘေးပတ်ဝန်းကျင်နေအိမ်များမှလည်း မြင်တွေ့လိုက်ကြရသူတို့လည်းရှိပါသည်။

ထိုသူတို့သည် နဂါးကြီးပြန်လည်ထွက်ခွာသွားသောအခါမှ ဤအိမ်သို့ ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်ကြပြီး နဂါးကြီးကို တွေ့မြင်လိုက်ကြကြောင်း အန်တီအေးနှင့် မယ်တော်ကြီးတို့ကို ပြောပြကြပါသည်။ တောင်၊ မြောက်၊ အရှေ့၊ အနောက်၊ ဝဲ၊ ယာမှ လာရောက်ကြသူအားလုံးကို မယ်တော်ကြီးမှ သေချာစွာ မေးမြန်းပါသည်။ ထိုအခါ လူအားလုံးမှ နဂါးကြီး၏အရွယ်အစား၊ပုံပန်းသဏ္ဍာန်၊အရောင်အသွေး၊ အပြုအမူတို့ကို 'ငင်းတို့မြင်တွေ့ကြရသည့်အတိုင်း ပြောပြကြသည်များအားလုံး တစ်ထပ်တည်းကျနေပါသည်။ နဂါးကြီးမှာ တရုတ်နဂါးကဲ့သို့ ခြေ၊ လက်များ မပါရှိပါ။ မြန်မာဘုရားကျောင်းကန်များတွင် တွေ့မြင်ရလေ့ရှိသော ပန်းချီ၊ ပန်းပု နဂါးများ၏ ပုံသဏ္ဍာန်အတိုင်း ဖြစ်ပါသည်။

နောက်တစ်နေ့တွင် ထိုအိမ်နှင့် မလှမ်းမကမ်းရှိ တောင်ယာလုပ်ကိုင်နေသော ဂျိန်းဖောဇနီးမောင်နှံမှ -

"မင်းတို့ဗမာတွေဘုရားကန်တော့ရင် ဘယ်နှခါကန်တော့သလဲ"

ဟု မေးမြန်းရာ ဗုဒ္ဓဘာသာများမှ (၃) ကြိမ်ကန်တော့ကြောင်း ဖြေကြားလိုက်လျှင် -

"ဒါဆို ဟုတ်တယ်။ အဲဒီနဂါးကြီးဟာ ဘုရားလာဖူးတာပဲ။ ငါတို့ တောင်ယာထဲကနေ (၃) ကြိမ်ကန်တော့တာကို မြင်လိုက်ရတယ်"

ဟု ပြောကြပါသည်။

တစ်ဖန် ဒေသခံများမှလည်း -

"အရှေ့ဘက်ကအင်ခိုင်ပွန်တောင်ကြီးမှာ နဂါးဖြူကြီးတစ်ကောင်နေထိုင်တယ်လို့ ခေတ်အဆက်ဆက်မှာ ပြောခဲ့ကြတယ်။ ဒါပေမယ့် တစ်ခါမှ အပြင်မှာ မြင်ဖူးသူမရှိခဲ့သေးဘူး။ အိပ်မက်ထဲမှာသာ မြင်ဖူးကြတာ။ အရိယာသူတော်စင်တွေကတော့ မြင်နိုင်ကြမှာပေါ့။ အခုမှပဲ ဒီနဂါးကြီးကို မြင်ဖူးရတာပဲ"

ဟု အိမ်နီးချင်းတစ်ဦးမှ မယ်တော်ကြီးကို ပြောပြပါသည်။

ဤမျှထူးခြားဆန်းပြားလှပါသောအဖြစ်တို့သည် ယုံတမ်းစကားမဟုတ်၊ ပုံပြင်မဟုတ်ပါ။ အမှန်တကယ် ဖြစ်ပွားပေါ်ပေါက်ခဲ့ခြင်းသာဖြစ်ပါ၍ အံ့ဩမကုန်နိုင်ဖွယ်ပင် ဖြစ်ပါ၏။

ထို့အပြင် မကြာသေးမီကာလ ၁၆-၉-၂၀၁၃ နေ့ကလည်း ထူးဆန်းသောအဖြစ်တစ်ခု တွေ့ကြုံရပါသေးသည်။ ထိုနေ့က ရုပ်ရှင်တော်မြတ်ကို ရတနာပုံသတင်းစာကြော်ငြာဌာန မန္တလေးမြို့ (၈၄) လမ်းနှင့် ၂၉× ၃၀ လမ်းကြား ယခင်ဟံသာဝတီသတင်းစာတိုက်ဟောင်း (၈၄) လမ်း၏ အနောက်ဘက်ခြမ်းဝင်းကြီးအတွင်းတွင် နေထိုင်သော ဗိုလ်ကြီးစိုးခိုင်၊ ဇနီး ဒေါ်သင်းပျံ့ကြူတို့၏နေအိမ်မှ ပင့်ဆောင်ပူဇော်စဉ်က ဖြစ်ပါ၏။ ဗိုလ်ကြီးစိုးခိုင် (၀၉-၅၁၃၆၁၉၂) ၏ဇနီး ဒေါ်သင်းပျံ့ကြူမှ စဥ့်ကိုင်မြို့ အောင်မြေသို့ လာရောက်ပြီး ရက်ချိန်းတောင်းခံခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်သင်းပျံ့ကြူ၏ရုပ်ရည်နှင့် အနေအထိုင်မှာ သိမ်မွေ့လှ၍ အနုပညာရှင်တစ်ဦးနှင့် တူနေသည်ဟု စတင်တွေ့ရှိစဉ်ကထင်မှတ်ခဲ့ပါသည်။ ထင်သည့်အတိုင်းပင် ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ရထားသူဖြစ်ပြီး ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ ပထမဦးဆုံးကျင်းပသောနှစ်က အမျိုးသမီး ကလေးဆိုင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိထားပြီး ဆိုင်းဝိုင်း၊ စောင်းနှင့် စန္ဒရားတို့ကို ကျွမ်းကျင်စွာ တီးခတ်တတ်သူဖြစ်ကာ အနုပညာတက္ကသိုလ်ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လာသူဖြစ်ကြောင်း သိရပါသည်။ ခိုင်သင်းကြည်နှင့်ရွယ်တူဖြစ်ပြီး ရုပ်ချင်းဆင်တူလှပါသည်။

ဤနေအိမ်တွင် (၂) ည၊ (၂) ရက်တိတိ သီတင်းသုံးပါသည်။ ဗိုလ်ကြီးစိုးခိုင်၏နေအိမ်တွင် တစ်နေကုန်မျှသာမက ည(၁၀)နာရီခန့်အထိပင် ဧည့်သည်တို့မပြတ်တမ်းလာရောက်လျက်ရှိပါ၏။ ရတနာပုံသတင်းစာတွင် ရုပ်ရှင်တော်မြတ်၏သတင်း ပါရှိထားသောကြောင့် ဖိတ်ကြားခြင်းမခံရသူများပါ သတင်းစာဖတ်၍ လာရောက်ကြခြင်း ဖြစ်ပါသည်။

ထူးခြားမှုမှာ ဤနေအိမ်တွင် ပလ္လင်တော်အလုံး (၉၀) ကျော် အလှူခံရရှိခြင်းပင် ဖြစ်ပါသည်။ စာရေးသူထံ သစ္စာအဓိဋ္ဌာန်ရေဖြင့် ဆေးကုသခံလာရောက်ကြသူတို့လည်း အတော်များပါသည်။ ဗိုလ်ကြီးစိုးခိုင်တို့ဇနီးမောင်နှံသည် စာရေးသူအား လိုလေသေးမရှိအောင် နေရာထိုင်ခင်းစီစဉ်ပေးခြင်း ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် ဧည့်ဝတ်ကျေပွန်လှပါ၏။ ဤခရီးမှအပြန်တွင် ရုပ်ရှင်တော်မြတ်သည် တောင်ကြီးမြို့သို့ ဒေသစာရီ ကြွမြန်းတော်မူရမည်ဖြစ်၍ အန်တီအေးနှင့် မယ်တော်ကြီးတို့ အောင်မြေတွင် နားနေခဲ့ခြင်း ဖြစ်ပါသည်။ ဆွမ်းဆက်ကပ်ချိန်ရောက်လျှင်တော့ စာရေးသူမှ မယ်တော်ကြီးထံဖုန်းခေါ်၍ ဖုန်းအသံချဲ့လျက် စာရေးသူနှင့်တကွ အိမ်ရှင်မိသားစုမှ မယ်တော်ကြီးတိုင်ပေးသည့်အတိုင်း လိုက်ဆိုကြရပါသည်။ ထို့ကြောင့် မယ်တော်ကြီးသည် အောင်မြေတွင် နားနေခဲ့သည်ဆိုသော်လည်း ဖုန်းဖြင့် ဆွမ်းကပ်ပေးခြင်း၊ ဆေးစက်ချခြင်းတို့ ဆောင်ရွက်ပေးရပါသေးသည်။

အမှန်မှာ ဤနေအိမ်သို့ ၁၅ ရက်နေ့တွင်ရောက်ရှိပြီး ၁၆ ရက်နေ့တွင် ပြန်လည် ကြွမြန်းရန် ဖြစ်သော်လည်း ဗိုလ်ကြီးစိုးခိုင်ဇနီးမောင်နှံမှ ၁၆ ရက်



www.burmeseclassic.com

www.burmeseclassic.com

ညပါ သီတင်းသုံး အိပ်စက်ပေးရန် ကောင်းပန်သဖြင့် တစ်ညဆက်လက် ပေးရန် လိုက်လျှောလိုက်ပါသည်။ နေ့ ညနေ (၇) နာရီခန့်တွင် ဘုရားဖူး သည်များ ဥဒဟိုလာရောက်လျက် ဗိုလ်ကြီးစိုးခိုင်နေအိမ်၏ အရှေ့ တ် (၄) ပေခန့်တွင် အုတ်တံတိုင်းရှိ အုတ်တံတိုင်းနှင့် ဟိုဘက်ကပ်လျက် (၄) ထပ်တိုက်ကြီး (၂) လုံးရှိပါ သည်။ ထိုစဉ် (၄) ထပ်တိုက်ကြီးများ၏ င်မိုးပေါ်မှလည်းကောင်း (သို့) မိုး ကောင်းကင်မှလည်းကောင်း၊ မည်သည့် ရာက ကျလာသည်မသိပါ။ မြေစိမ်း ကောင်သည် လေဟုန်စီးပြီး ဖုတ်ခနဲ လာပါသည်။ သာမန်မြေဆိုလျှင် ဤ အမြင့်မှကျလာလျှင် ရှင်သန်နိုင် အကြောင်းမရှိပါ။ သို့သော် မြေ သည် မသေပါ။ သွက်လက်စွာပင် ဥ်းထောင်၍ လူမတ်တတ်ရပ်သကဲ့ ရပ်၍ ရုပ်ရှင်တော်မြတ်ရှိရာ ဘုရား ကို မော့၍ဖူးနေပါသည်။ သွားလာ သောလူများ၏အနီးတွင် ကျရောက် ခြင်းဖြစ်၍ လူများကလန့်ပြီး အော် တာ မြေကိုခြောက်လှန့်၍ထုတ်လိုက် ပါသည်။ ဤနေရာတွင် မြေပြင်မရှိ ခိုဝင်ပုန်းအောင်းစရာလည်း မရှိပါ။ သော် မြေသည် မျက်စိအောက်မှာပင် တရက်ကွယ်ပျောက်သွားပါသည်။ မြွေ မိုးပေါ်မှကျလာပုံနှင့် ပျောက် ယ်သွားပုံမှာ ထူးဆန်းလှပါသည်။

ထိုမြွေရောက်ရှိပျောက်ကွယ်သွား (၁) နာရီခန့်အကြာတွင် ဘုရားဖူး သည်တစ်ဦးအား နဂါးဝင်ရောက် ပြီး ငိုယိုပါသည်။ စာရေးသူသည် အတွင်း၌ အနားယူရင်းသွားလေ ယူဆောင်လာခဲ့သော ပိဋကတ်တော် ပ်ကို ပူဇော်ရွတ်ပွားလျက်ရှိပါ ။ ဗိုလ်ကြီးစိုးခိုင်မှ စာရေးသူအား ရောက်ခေါ်ယူ၍ နဂါးစီးနေသူကို သိမ်းပေးရန် မေတ္တာရပ်ခံပါသည်။ ရေးသူလည်း မေတ္တာပို့သ၍ ကြွ တ်နေသော ပုဂ္ဂိုလ်ကို မည်သည့် ကြောင်းကိစ္စရှိပါသနည်းဟု မေးမြန်း

"သူတို့က ခေါ်တုန်းကခေါ်ကြပြီး တော့လည်း ဘယ်သူကမှ မကြိုဆို မောင်းထုတ်ကြတယ်"

ဟု ဆိုကာ ငိုယိုလျက်ရှိပါသည်။

ထိုသို့ဆိုလျှင် စောစောကမြွေ သည် သာမန်မြွေမဟုတ်နိုင်တော့သည် သေချာသွားပြီ ဖြစ်ပါ၏။ မမြင်အပ် သော နတ်နဂါးပင် ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နဂါးစီးသော မိန်းကလေးမှာလည်း ဗိုလ်ကြီးစိုးခိုင် တို့၏ အသိမိတ်ဆွေမဟုတ်သကဲ့သို့ စောစောက ကောင်းကင်မှ မြွေပြုတ်ကျ လာခြင်းကိုလည်း ထိုမိန်းကလေးသိရှိ ထားခြင်းမရှိဘဲ ယခုကဲ့သို့ စီးနင်းပြော ဆိုခြင်းဖြစ်၍ မြွေပြုတ်ကျလာခြင်းနှင့် နဂါးစီးခြင်းတို့မှာ တိုက်ဆိုင်၍နေသည် မှာ ထူးဆန်းလှပါသည်။

ထို့အပြင် မိတ္ထီလာမြို့သို့ ၂၀၀၇ ခုနှစ်တွင် ကြွရောက်တော်မူစဉ်ကလည်း ထူးဆန်းသောအဖြစ်တို့ ကြုံရပြန်ပါသေး သည်။ ထိုအကြောင်းမှာ မိတ္ထီလာခရီး စဉ်ဆောင်းပါးတွင် ထည့်သွင်းဖော်ပြခဲ့ ပြီးဖြစ်သော်လည်း ဤဆောင်းပါးတွင် အကျုံးဝင်နေသည့်အပြင် ထိုဆောင်းပါး ကို မဖတ်လိုက်ကြရသူများပါ သိရှိစေ ရန် ရည်ရွယ်၍ အကျဉ်းချုံး ဖော်ပြလိုက် ပါသည်။

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးလှမျိုးရှိန် (ယခု ရှမ်း/ မြောက်- ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး)၏ ဇနီး ဒေါ်မင်းမင်းထွေးတို့၏ ပင့်ဆောင်ပူဇော် မှုဖြင့် မိတ္ထီလာမြို့သို့ရောက်ရှိနေသော ရုပ်ရှင်တော်မြတ်အား ဒုရဲအုပ်ကျော် ဆန်းဝင်း၊ ဇနီး မငယ်တို့မှ မငယ်၏မိဘ များနေအိမ် ဇောတိကဆီစက် (ကျောက် ပန်းတောင်းအထွက် ကားလမ်းနံဘေး ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်) သို့ ပင့်ဆောင် ပူဇော်ပါသည်။ ဤနေအိမ် တွင် ပူဇော်ထားရှိစဉ် ရုပ်ရှင်တော်မြတ် သည် ပလ္လင်တော်ပေါ်စံမြန်းလျက်ရှိနေ တော်မူရာမှ တန်ခိုးတော်ဖြင့် ငွေဖလား အတွင်းသို့ ကြွရောက်တော်မူခဲ့ပြီး ငွေ ဖလားအတွင်းမှတစ်ဖန် စားပွဲကြမ်းပြင် ပေါ်သို့ တန်ခိုးတော်ဖြင့် ဆက်လက် ကြွမြန်းတော်မူပါသေးသည်။

(၂) ရက်၊ (၂) ညတာပူဇော်ခဲ့ရာ ၌ ဒုတိယနေ့ နေ့လယ် (၂) နာရီခန့်တွင် လိုက်ထရပ်ကားတစ်စီး ထိုးဆိုက်လာ ပြီး အရပ်အမောင်းကောင်း၍ကြံ့ခိုင်သန် စွမ်းလှသည့် လူ (၅) ဦး (အသက် ၅၀ ဝန်းကျင်ခန့်) နှင့် အသက် (၈၀) ကျော်၊ (၉၀) နီးပါးခန့် အဘိုးတစ်ဦးတို့ ဇောတိ ကဆီစက်ဝင်းအတွင်းသို့ ဝင်ရောက်လာ ကြကာ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ခွင့် တောင်းခံကြပါသည်။ အိမ်ရှင်များမှ အိမ်ရှေ့ထုတ်၍ ချိတ်ဆွဲထားသော ဗီနိုင်းဆိုင်းဘုတ်ကို မြင်တွေ့၍ ဝင် ရောက်ဖူးမြော်ခြင်းလောဟု မေးမြန်းရာ ထိုသို့မဟုတ်ပါ။ တမင်တကာပင် လာ ရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ မိမိတို့ အရပ်တွင် ရွှေကံကူရုပ်ရှင်တော်မြတ် သည် တန်ခိုးတော်ကြီးမြတ်လှသည်ဟု လူတိုင်းပြောနေကြ၍ လာရောက် ဖူး မြော်ကြခြင်း ဖြစ်ပါသည်။ မိမိတို့သည် ဖခင်နှင့် သား (၅) ဦးဖြစ်ကြောင်း ပြော ပါသည်။ ဘယ်အရပ်ဒေသက လာ ရောက်ကြပါသလဲဟု ဆက်လက် မေး မြန်းသောအခါ ပုပ္ပားတောင်ရှိရာဘက် သို့ လက်ညှိုးညွှန်ပြပြီး အနောက်အရပ် က လာခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြ ပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်ကို အချိန်ကြာမြင့်စွာ အလေးအနက် ပူဇော် ကန်တော့ကြပါသည်။ ထူးခြားမှုမှာ ဤ (၆) ဦးအနက်မှ အသက်အကြီးဆုံး အဘိုး၏ရုပ်သွင်သည် ကလေးငယ်တစ် ဦး၏ အသားအရေကဲ့သို့ နုနယ်လျက်ရှိ နေခြင်းဖြစ်ပြီး အိတ်ထဲတွင် အသင့်ယူ ဆောင်လာသော ငွေ (၅၀၀၀) တိတိ (တစ်ရာတန်များဖြစ်၍ ရာနှုန်းပြည့် ဟူသော အဓိပ္ပာယ်ကောက်ယူနိုင်ပြီး သာသနာ ၅၀၀၀ ကို ရည်ညွှန်းကြောင်း ဖြစ်နိုင်ပါသည်။) ရုပ်ရှင်တော်မြတ်ကို လှူဒါန်းပါသည်။

ထိုနေ့က မယ်တော်ကြီးတို့သည် ရဲမှူးကြီးတို့မိသားစုနှင့် ဝဲလောင်သို့ ဝန်ကြီး၏ကထိန်သို့ ရောက်ရှိနေ၍ အိမ် ရှင်များနှင့်သာ တွေ့ဆုံနေကြခြင်း ဖြစ်ပါ သည်။ ထိုအခါ အိမ်ရှင်မငယ်မှ အဘ ကို ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော် တစ်ပုံ လက်ဆောင်ပေးအပ်ပါမည်ဟု ပြောလိုက်သောအခါ -

"ငါ့သမီးပေးမယ့်ဓာတ်ပုံက နှစ် ကာလကြာရင် ဟောင်းနွမ်း၊ ပျက်စီး၊ ပျောက်ဆုံးနိုင်တာတွေရှိမယ်။ အဘရဲ့ မျက်စိထဲ၊ နှလုံးသားထဲမှာ ဒီဘုရားရဲ့ ပုံတော်က စွဲမြဲသွားပြီ။ ဒါကြောင့် အဘ မှာ ဓာတ်ပုံမလိုတော့ဘူး"

ဟု ပြောပါသည်။

ထို့နောက် အိမ်ရှင်များကို နှုတ် ဆက်ပြီး လာလမ်းအတိုင်း ကားကိုပြန် လည် မောင်းထွက်သွားပါသည်။ ထူး ဆန်းသည်မှာ ထိုအဖွဲ့ရောက်ရှိစဉ်က စံကားဝါပန်းနံ့ကဲ့သို့ရရှိပြီး ၎င်းတို့၏ စကားသံများမှာလည်း လိုဏ်သံပေါက် လျက်ရှိနေပါသည်။ ထို့ကြောင့် ၎င်းတို့ သည် လူလော၊ နတ်လော၊ ဝိဇ္ဇာလော မခွဲခြားနိုင်သောပုဂ္ဂိုလ်များဖြစ်၍ ပုပ္ပား တောင်မှ လာရောက်ကြသည်ဟု ယူဆ



www.burmeseclassic.com

www.burmeseclassic.com

ရပါ၏။ ဗိုလ်လေး ကျော်ဆန်းဝင်းနှင့် မငယ်ခေါ် မခိုင်မြတ်ထွန်းတို့သည် ၂၀၁၂ ခုနှစ်ခန့်တွင် စာရေးသူတို့၏ စဉ့်ကိုင်မြို့သို့ စခန်းမှူးအဖြစ်နှင့် ပြောင်းရွှေ့ရောက်ရှိလာပြီး စာရေးသူကို လာရောက် နှုတ်ဆက်ကြကာ အထက်ပါအကြောင်းအရာတို့ကို ပြန်လည်ပြောပြကြပါသေးသည်။

မငယ်သည် ကလေးများ၏ပညာရေးနှင့် အခြားသောစီးပွားရေးလုပ်ငန်းများကြောင့် စဉ့်ကိုင်တွင် လိုက်ပါနေထိုင်နိုင်ခြင်းမရှိပါ။ သံဝေဂရယူဖွယ်ကောင်းလှပါ၏။ အသက် (၄၀) ကျော်ရုံမျှသာရှိသော မခိုင်မြတ်ထွန်းသည် ၂၀၁၃ ခုနှစ်တွင် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်ဟု သိရပါသည်။ မငယ် ကောင်းရာသုဂတိလားပါစေသတည်း။

ယခုတစ်ဖန် ၂၀၀၄ ခုနှစ်တွင် လားရှိုးမြို့သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူခဲ့ပါသည်။ ထိုသို့ ကြွရောက်တော်မူသောအခါတွင်လည်း ထူးခြားသောဖြစ်ရပ် ပေါ်ပေါက်ခဲ့ပါသေးသည်။ ထိုဖြစ်ရပ်သည်လည်း လားရှိုးမြို့ ဒေသစာရိခရီးစဉ်တွင် ဖော်ပြထားရှိပြီးဖြစ်ပါ၍ ဤနေရာတွင်အကျဉ်းမျှသာ ဖော်ပြလိုက်ပါသည်။

ထိုစဉ်က စာရေးသူတို့၏ မိခင်ကြီး သက်ရှိထင်ရှားရှိနေပါသေးသည်။ မြန်မာလို ဝါဆိုလဆန်းဖြစ်ပါ၏။ မယ်တော်ကြီးတို့သည် ရန်ကုန်မြို့ ဒုတိယနှစ်ခရီးစဉ်မှ ပြန်လည် ကြွမြန်း ရောက်ရှိတော်မူခါစသာရှိပါသေးသည်။ ထိုအချိန်၌ အမေကောင်းသည် ကျန်းမာရေးအတော်ချို့ယွင်းနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် လားရှိုးမြို့သို့ စာရေးသူလိုက်ပါသွားခဲ့ရခြင်း ဖြစ်ပါသည်။

ပထမဦးဆုံး (၈) ရပ်ကွက် မန်ဆူဈေးအနီးရှိ ရွှေမေတ္တာစားတော်ဆက်တွင် ကြွရောက်တော်မူပြီး ဒုတိယနေအိမ်ဌာနမှာ အဆောက်အအုံကန်ထရိုက်တာ ဦးကျော်မင်း၊ ဇနီးနှင့် မိသားစုနေအိမ်တွင်ဖြစ်ပါသည်။ ထိုနေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်ပျားကြီး (၂) ကောင်ခန့် ရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ်ရှေ့တွင် ပျံဝဲလျက် ပြန်လည်ထွက်ခွာသွားပါသည်။ (၁၅) မိနစ်ခန့်အကြာတွင် ပျားကြီးအကောင် (၂၀) ခန့် ထပ်မံရောက်ရှိလာပြန်ပြီး ဘုရားခန်းအတွင်း လှည့်လည်ပျံဝဲကာ ထွက်ခွာသွားပြန်ပါသည်။ နာရီဝက်ကျော်တစ်နာရီခန့်ကြာမြင့်သောအခါ ပျားကြီးအကောင်ပေါင်း ထောင်သောင်းချီ၍ ရောက်ရှိလာကြပြီး ပြန်လည် ထွက်ခွာသွားခြင်းမရှိတော့ဘဲ ဘုရားခန်းအတွင်းမှာသာ ပျံဝဲ၍နေကြပါတော့သည်။ လူတစ်ရပ်ခန့်အထက်မှ ပျံဝဲနေကြခြင်းဖြစ်ပါသည်။ လူတို့ကိုလည်း မတုပ်ပါ။

ညရောက်လျှင်ဖြင့် ၎င်းတို့၏ အသိုက်အအုံရှိရာသို့ ပြန်လည်ထွက်ခွာသွားကြလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း ပြန်လည်ထွက်ခွာသွားခြင်းမပြုဘဲ အုတ်နံရံထောင့်တွင် အုံဖွဲ့၍နေကြပါသည်။ ရုပ်ရှင်တော်မြတ်သည် ထိုနေအိမ်တွင် (၂)ည၊ (၂) ရက်တိတိ သီတင်းသုံးတော်မူပါသည်။ ရုပ်ရှင်တော်မြတ် တခြားနေအိမ်သို့ ဆက်လက် ကြွမြန်းတော်မူသောအချိန်တွင်မှ ပျားများလည်း ပြန်လည် ထွက်ခွာသွားကြခြင်းဖြစ်ပါသည်။

ကိုကျော်မင်း၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် စတင်ရောက်ရှိသော ည (၉)နာရီကျော် (၁၀) နာရီခန့်တွင် ဘုရားကျောင်းဆောင်အောက်မှ စူးရှကျယ်လောင်သော မြွေတွန်သံ (၆) ချက်ထွက်ပေါ်လာပါသည်။ မတွေ့မြင်ကြရပါ။ အသံအနေအထားအရဆိုလျှင် အတော်ကြီးမည်ဟုယူဆရပါသည်။ ခဏအကြာတွင် နေရာပြောင်းရွှေ့၍ တွန်ပြန်ပါသည်။ ထပ်မံရှာဖွေကြည့်သော်လည်း မတွေ့ရှိရပါ။ ဤသို့ဖြင့် ခဏနားလိုက်၊ နေရာရွှေ့၍ တွန်လိုက်နှင့် ညဉ့်နက်၍လာပါသည်။

ထိုအခါ အိမ်သားများက မအိပ်ရဲတော့ပါ။ စာရေးသူမှ ဖြေရှင်းပေးရန် ပြောကြပါသည်။ စာရေးသူလည်း ဤအဖြစ်မျိုး မကြုံတွေ့ဘူးပါ။ သို့သော်လည်း စိတ်အာရုံတွင် ပေါ်လာသည့်အတိုင်း ယခု ဘုရားဖူးကြွရောက်လာသော ပုဂ္ဂိုလ်အား မိမိရပ်ဌာနေသို့ ပြန်လည်ထွက်ခွာပေးပါဟု မေတ္တာရပ်ခံပြောကြားစေလိုက်ပါသည်။ ထိုအခါ မျက်နှာကြက်သို့ ရိပ်ခနဲတက်သွားပြီး ပုန်း၊ ပုန်း ပုန်းဟူသော အသံ (၃) ချက်ထွက်ပေါ်လာပါသည်။ နောက်ဆုံးဦး (၃) ကြိမ်ချရာမှ မျက်နှာကြက်ဖြင့်မေးရိုက်သံပင် ဖြစ်ပါသည်။ အကောင်အထည်တော့မမြင်ရပါ။ အစက မြွေဟုထင်မှတ်ထားကြသော်လည်း မျက်နှာကြက်တွင်ရောက်ရှိသွား၍ မြွေမဟုတ်နိုင်ပါ။ နဂါးဖြစ်ရပေလိမ့်မည်။

ထို့ကြောင့် -

"နဂါးကြီး ထွက်တော့မယ်။ ပြတင်းပေါက်တွေ၊ တံခါးပေါက်တွေ အကုန်ဖွင့်ထားကြပါ"

ဟု စာရေးသူမှ ပြောကြားလိုက်ပါသည်။

သို့သော် နဂါးကြီးသည် မျက်နှာကျက်မှ ဖောက်ထွက်သွားသကဲ့သို့ 'ရှီ' ဟူသော သံရှည်ဆွဲ၍ တွန်သံသည် မိုင်ပေါင်းများစွာ အကွာအဝေးထိ အသံပြတ်မသွားဘဲ တဖြည်းဖြည်းတိုး၍သွားကာ အသံပျောက်ကွယ်သွားပါသည်။ အလွန်ထူးဆန်းလှသောဖြစ်ရပ်ပင် ဖြစ်၍ စာရေးသူနှင့်တကွ ကိုကျော်မင်းတို့မိသားစုနှင့် တပည့်ကလေးများ၊ ညအိပ်စောင့်ရှောက်ပေးကြသော စစ်မှုထမ်းဟောင်းများပါ အံ့ဩမဆုံးအောင်ဖြစ်ကြရပါသည်။

ကိုကျော်မင်း၏ တပည့်ကလေးမှ နဂါးတွန်သည့်အချက်ရေကို မှတ်သားထားရှိရာ တစ်ခါတွန်လျှင် (၆) ချက်နှုန်းဖြင့် အကြိမ်ပေါင်း (၃၆၅) ကြိမ်တိတိ တွန်ကျူးသွားခြင်းဖြစ်ပါ၍ ထင်ယောင်ထင်မှားမဟုတ်၊ နားကြားလွဲခြင်းမဟုတ်ဘဲ တကယ်ထူးခြားသောအဖြစ်ပင် ဖြစ်ပါ၏။ ထိုနဂါးကြီးရောက်ရှိမလာမီ အိမ်အပြင် တံစက်မြိတ်ဆီမှ အသံကြား၍ ထွက်ကြည့်စေရာ ထွာဆိုင်ခန့်ရှိသော လိပ်ပြာကြီးတောင်ပံခတ်၍အသံပေးနေသည်ကို တွေ့မြင်ကြရပါသည်။ ဤလိပ်ပြာကြီးရောက်ရှိလာပြီးမှ ဘုရားကျောင်းဆောင်အောက်သို့ နဂါးကြီးရောက်ရှိလာပြီး တွန်ကျူးခြင်းဖြစ်ပါ၍ ထိုလိပ်ပြာနှင့် နဂါးကြီးတို့မှာ ဆက်စပ်မှုရှိနေမည်သာ ဖြစ်ပါ၏။

လားရှိုးမြို့သို့ ရောက်ရောက်ချင်း ကြွမြန်းတော်မူခဲ့သော ရွှေမေတ္တာစားတော်ဆက် ဒေါ်ယဉ်မေ၏ နေအိမ်တွင်မူ ပထမဆုံးရောက်ရှိတော်မူသော ညတွင် ကိုကျော်မင်း၊ ၎င်း၏ ဇနီးနှင့် ဧည့်သည်တစ်ယောက် အပါအဝင် လူ (၃) ဦး ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့စဉ် နဂါးများဝင်စီး၍ တရှီးရှီးနှင့် နှာမှုတ်လျက်ရှိသည်မှာ (၁) နာရီခန့်အထိပင် ကြာမြင့်ခဲ့ပါ၏။ စာရေးသူသည်ပင် နဝါးဝင်စီး၍ ဘုရားကန်တော့နေကြသော ထို (၃) ဦးကို ကြည့်ကာဘာလုပ်၍ဘာကိုင်ရမှန်းမသိ တုန်လှုပ်သွားမိခဲ့ပါသေးသည်။ ထိုညက ကိုကျော်မင်းတို့ဇနီးမောင်နှံတွင် ထိုသို့ဖြစ်ပေါ်ခဲ့ပြီးမှ ၎င်း၏နေအိမ်တွင် ပင့်ဆောင်ပူဇော်စဉ် ပျား၊ လိပ်ပြာနှင့် နဂါးတို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိလာသည်မှာ အကြောင်းဆက်နွယ်၍နေမည်မှာ သေချာလှပါသည်။

နောက်တစ်ခု ထူးခြားမှုမှာ ၂၀၁၁ ခုနှစ်၊ (၅) လပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ကြွရောက်တော်မူစဉ် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၁၆-၅-၂၀၁၁ ရက်နေ့တွင် လွိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဇနီး ဒေါ်နှင်းဇာခြည်ဦးတို့၏နေအိမ်မှ ပင့်ဆောင် ပူဇော်လျက်ရှိစဉ် လွိုင်ကော်မြို့ နမ့်ဘော်ဝမ်(ဂေါ်ရခါး) ကျေးရွာမှ ဦးခွန်မောင်မျိုး၏ ဇနီး ဒေါ်နမ်းခမ်းသည် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်အခွေနှင့် ဓာတ်ပုံတော်တို့ကို ဝယ်ယူပူဇော်၍သွားပါသည်။ ညပိုင်းတွင် ဖြစ်တော်စဉ်အခွေကိုကြည့်ရှုပြီး အိပ်ရာဝင်ကြစဉ် အိမ်အပြင်မှ ရုပ်ရှင်တော်မြတ်၏ပုံတော်ကို ဖူးတွေ့လို၍ အိမ်အပြင်သို့ ပင့်ဆောင်ပေးပါရန် တောင်းဆိုသောအသံများ ကြားကြရပါသည်။ ဦးခွန်မောင်မျိုးတို့လည်း ကြောက်ရွံ့၍ ဓာတ်ပုံတော်ကို အိမ်အပြင်သို့ ပင့်ဆောင်ရကြပါ။ ထိုအခါ တံခါးဝတိုင်များကိုပါ တွန်းလှုပ်နေကြ၍ အရဲစွန့်ကာ အိမ်အပြင်ဝရန်တာသို့ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကိုထုတ်၍ ပူဇော်ပေးကြရပါသည်။

ထိုသို့ တောင်းဆိုသူများမှာ လူသားများမဟုတ်ကြပါ။ မမြင်အပ်သော နာမ်လောကသားများပင် ဖြစ်ပါ၏။ ထိုညက ဦးခွန်မောင်မျိုးတို့လည်း အလွန်ပင် ထိတ်လန့်တုန်လှုပ်ကာ အံ့သြမဆုံးဖြစ်ကြရ၍ နံနက်လင်းသည်နှင့် ဦးနေဝင်းအောင်နှင့် ဒေါ်နှင်းဇာခြည်ဦးတို့ထံ အလျင်အမြန် သွားရောက် ပြောဆိုခဲ့ကြသည်။ စာရေးသူတို့သည် ဦးနေဝင်းအောင် ရေးသား မှတ်တမ်းတင်ပေးအပ်သော မှတ်စုမှ ဤအကြောင်းအရာတို့ကို သိရှိခဲ့ကြရခြင်း ဖြစ်ပါသည်။

နောက်တစ်ခု ထူးခြားမှုမှာ ၁၈-၆-၂၀၁၂ နေ့က ဖြစ်ပါသည်။ ထိုနေ့က ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြင်လယ်မြို့သစ် (၅၁) လမ်းနှင့် (၅၂) လမ်းကြား ရွာလယ်လမ်းမကြီး၏ အနောက်ဘက် လမ်းသွယ်ပေါ်ရှိ အရှေ့ဘက်မျက်နှာလှည့် မိုးတိမ်ယံ (မယ်တော်ကြီးမှ မောင်မင်းမင်းထွန်းဟု နာမည်ပြောင်းပေးထားသည်။) မိသားစုမှ မိခင်၊ ဖခင်တို့အား အမှူးထား၍ မရင်၊ မထွေး၊ မောင်သန်းထူး၊ မောင်မင်းမင်းထွန်း စသည့် မိသားစုတို့မှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ ဤနေအိမ်တွင် တစ်ရက်တစ်ညသာ ပူဇော်ခွင့်ရရှိခြင်းဖြစ်ပြီး ဤမိသားစုသည် ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့တွင် ဒေသစာရီခရီးများ ကြွနေတော်မူသော အချိန်တွင် စာရေးသူနှင့် ရင်းနှီးခဲ့ကြသူများဖြစ်ပါ၍ ရုပ်ရှင်တော်မြတ် ၎င်းတို့၏ နေအိမ်သို့ ကြွမြန်းတော်မူသောအခါတွင် စာရေးသူကို အထူးတလည် ဖိတ်ခေါ်ကြသောကြောင့် ထိုညက စာရေးသူ သွားရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

စာရေးသူနှင့်အတူ တပည့်များဖြစ်ကြသော စဉ့်ကိုင်မြို့မှ ဆေးသုတ်လုပ်ငန်းရှင် ကိုမောင်နိုင်၊ ဆိုင်ကယ်ဝပ်ရှော့ မောင်အောင်နေလင်း၊ ပန်းရန်ဆရာ မောင်ကျော်ခိုင်တို့လည်း လိုက်ပါလာခဲ့ကြပါသည်။ ည (၈) နာရီခန့်တွင် စဉ့်ကိုင်မြို့သို့ ပြန်မည်ပြုသောအခါ စာရေးသူထံ ဆေးကုသလိုသူတစ်ဦးမှ ခေတ္တမျှ စောင့်ဆိုင်းပေးပါရန် ဖုန်းဆက်သဖြင့် စောင့်ဆိုင်းပြီး ဆေးကုသနေသဖြင့် တစ်နာရီနီးပါးမျှ နောက်ကျသွားခဲ့ပါသည်။

ထိုစဉ်မှာပင် မောင်မင်းမင်းထွန်း အိမ်အပေါ်ထပ်သို့တက်လာပြီး အိမ်ရှေ့လမ်းပေါ်တွင် လူများရုတ်ရုတ်သဲသဲဖြစ်နေကြောင်း၊ ရောင်ခြည်တော်ဟုပြောဆိုနေကြကြောင်း စာရေးသူကို လိုက်ပါကြည့်ရှုပေးရန်ပြော၍ စာရေးသူတို့တစ်ဖွဲ့လုံး အိမ်ပေါ်မှဆင်းကာ လမ်းပေါ်သို့ ထွက်ခဲ့ကြပါသည်။

မောင်မင်းမင်းထွန်းတို့၏ နေအိမ်သည် တောင်၊ မြောက်လမ်းပေါ်တွင် လမ်းအနောက်ဘက်ခြမ်းမေးတင် အရှေ့ဘက်မျက်နှာလှည့် ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ လမ်း၏ အရှေ့ဘက်ခြမ်းတွင်လည်း မင်းမင်းထွန်းတို့နေအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်များ တန်းလျက်ရှိပါသည်။ ထိုအိမ်များသည် မြင့်မားခြင်းမရှိပါ။ ခပ်နိမ့်နိမ့်သာဖြစ်ပါ၏။ လမ်းပေါ်တွင် လူတော်တော်များပါသည်။ အရှေ့ဘက် အိမ်ခေါင်မိုးများပေါ်သို့ မော့ကြည့်နေကြပါသည်။ ၎င်းတို့ကြည့်နေရာသို့ စာရေးသူလည်း မော့ကြည့်လိုက်ပါသည်။ ချက်ချင်းမမြင်တွေ့ရပါ။ ရောင်ခြည်တော်ဟု ပြောနေကြ၍ အလင်းရောင်တန်း (သို့) အလင်းရောင်အလုံး စသည်တို့ကို ရှာဖွေနေသောကြောင့် ဖြစ်ပါသည်။

မောင်မင်းမင်းထွန်းမှ ဟိုမှာဆရာ၊ ဟိုမှာဟု လက်ညှိုးညွှန်ပြသသောအခါမှ စာရေးသူမြင်တွေ့ရခြင်း ဖြစ်ပါသည်။ ထိုအရာမှာ မီးရောင်ကဲ့သို့အလင်းရောင် မထွက်ပေါ်ပါ။ တိမ်ဖြူကဲ့သို့သာ ဖြစ်ပါ၏။ ဖျာ (၂) ချပ်၊ (၃) ချပ်စာမျှ ကြီးမားပြီး တောင်၊ မြောက်သက်တံခုံးသဏ္ဌာန် ရွေ့လျားနေခြင်း ဖြစ်ပါသည်။ တိမ်ဖြူသဏ္ဌာန်သည် တစ်ခုတည်းမဟုတ်ပါ။ နှစ်ခု ဖြစ်ပါ၏။ ထိုနှစ်ခုသည်လည်း တစ်နေရာစီမှမဟုတ်ပါ။ ယှဉ်တွဲလျက် အထက်၊ အောက်၊ ဝဲ၊ ယာရွေ့လျားလှုပ်ရှားပြီးသွားလာနေကြခြင်း ဖြစ်ပါသည်။ တောင်၊ မြောက်ရွေ့လျားခြင်းမှာလည်း ပေ (၂၀၀) ခန့်သာဖြစ်ပြီး မြောက်ထိပ်သို့အရောက်တွင်လည်းကောင်း၊ တောင်ထိပ်သို့အရောက်တွင် လည်းကောင်း ခေတ္တငြိမ်သက်နေပြီးမှ ပြန်လည် ရွေ့လျားခြင်း ဖြစ်ပါသည်။

အပေါ်မှထိုးစိုက်ဆင်းလိုက်သောအခါ ကြီးမားသော အဖြူရောင်သည် ရှေ့မှသွားပြီး အနည်းငယ်သေးသော အဖြူရောင်သည် နောက်မှ ရွေ့လျားခြင်း ဖြစ်ပါသည်။ ထိုသို့ ထိုးစိုက်ဆင်းချိန်၌ ကိုယ်လုံးသဏ္ဌာန်ကို ရိပ်ခနဲ လျှပ်တစ်ပြက် တွေ့မြင်ရပါသည်။ ထိုအခါမှ ဤအရာသည် ဘာမှန်းမသိဖြစ်နေရာမှ နဂါးကြီးဖြစ်နေကြောင်း သိကြရပါသည်။

စာရေးသူတို့ ရပ်ကြည့်နေဆဲခဏမှာပင် ဆိုင်ကယ်များ၊ ကားများ၊ ခြေလျင်များဖြင့် လမ်းသွယ်ကလေး တစ်လျှောက် လူတို့ပြည့်နှက်၍သွားပါသည်။ စာရေးသူ၏ တစ်သက်တွင်လည်း ဤမြင်ကွင်းမျိုး တစ်ကြိမ်မှ မကြုံခဲ့ဘူးသေးပါ။ ရင်ထဲတွင် တလှပ်လှပ်နှင့် ငိုချင်သလို၊ ဝမ်းနည်းသလို ကြည်နူးပီတိဖြစ်ရသလို အမည်မဖော်နိုင်သော စိတ်ခံစားမှုမျိုး ဖြစ်ပေါ်ခံစားရပါသည်။ ဤပရိသတ်အတွင်းတွင်လည်း အချို့ကြက်သီးများတဖြန်းဖြန်းထလာကြသကဲ့သို့ အချို့လည်း ငိုယိုကြပါ၏။

စာရေးသူတို့လည်း တစ်နာရီနီးပါးကြာမြင့်သည်အထိ ရပ်ကြည့်နေကြပြီး အပြန်မိုးချုပ်မည်ကြောင့် ပြန်ကြရန် မယ်တော်ကြီးတို့အား နှုတ်ဆက်မည်ရှိသော အိမ်အပေါ်ထပ်တွင် လည်းကောင်း၊ အိမ်အောက်ထပ်တွင် လည်းကောင်း ဧည့်သည်တို့ တိုးမပေါက်အောင် ပြည့်ကျပ်နေပြီဖြစ်၍ နှုတ်မဆက်တော့ဘဲ ဆိုင်ကယ်များဖြင့် ထွက်ခွာခဲ့ကြပါသည်။ စာရေးသူသည် ဆိုင်ကယ်နောက်မြီးမှ လိုက်ပါခဲ့ခြင်းဖြစ်၍ နောက်သို့ မကြာမကြာလှည့်ကြည့်မိပါ

www.burmeseclassic.com

သည်။

ထိုအရာသည် နိမ့်နိမ့်ကလေးမျှသာဖြစ်၍ တစ်ပြခန်းအရောက်တွင် မမြင်ရတော့ပါ။ သို့သော် လမ်းတစ်လျှောက်တွင် လမ်းနံဘေးဝဲ၊ ယာ၌ဟိုနေရာရှိန်းစုရှိန်းစုဒီနေရာရှိန်းစုရှိန်းစုဖြင့် လူအများကောင်းကင်ကိုမော့ကြည့်နေကြသဖြင့် စာရေးသူလည်း မော့ကြည့်မိပါသည်။ ဤနေ့သည် လကွယ်နေ့ဖြစ်ပါ၍ ကောင်းကင်တွင် မှိတ်တုတ်မှိတ်တုတ်လင်းလက်လျက်ရှိသောကြယ်လေးများမှအပ နက်မှောင်မှိုင်းပျလျက်ရှိပါ၏။

အနက်ရောင်ကောင်းကင်နောက်ခံတွင် မိုးတိမ်တိုက်များ အမြင့်ခန့်နေရာ၌ ဝါကြင့်ကြင့်အလင်းရောင်အဝိုင်းလေးနှစ်ခု လူးလွန့်လှုပ်ရှားလျက်ရှိပါသည်။ ပမာပြုရလျှင် ကြောင်လေး (၂) ကောင် ဆော့ကစားနေသကဲ့သို့ ဖြစ်ပါသည်။ ထိုအဝိုင်း (၂) ခု၏ ရွေ့လျားမှုမှာ ဝေးဝေးလံလံသို့ မရောက်ရှိပါ။ ထိုနေရာတစ်ဝိုက်မှာပင် ရွေ့လျားနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူလည်း ပထမတွင် စဉ်းစားမရ၊ မတွေးတတ်အောင်ဖြစ်ရပါ၏။ ထိုညက ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ မောင်မင်းမင်းထွန်း၏ နေအိမ်နှင့် အိမ်ရှေ့လမ်းမသို့ လူပေါင်းသုံး၊ လေးထောင်မျှမက ရောက်ရှိခဲ့ကြပြီး စာရေးသူ မြင်တွေ့ရသကဲ့သို့ တိမ်ဖြူသဏ္ဍာန်ကို တွေ့မြင်ကြရပြီး မန္တလေးမြို့တွင်းနေရာအနှံ့မှလည်း မိုးကောင်းကင်ထက်မှ အလင်းရောင် အဝိုင်း (၂)ခုကို မြင်တွေ့ခဲ့ကြရသောကြောင့် နောက်တွင်မှ အဖြေကို စဉ်းစားရရှိပါသည်။

အမှန်မှာ မင်းမင်းထွန်းတို့အိမ်အနီးတွင် ထွက်ပေါ်သော တိမ်ဖြူသဏ္ဍာန်နှစ်ခု၏လှုပ်ရှားမှုနှင့် မိုးကောင်းကင်အမြင့်တွင်ထွက်ပေါ်သော အလင်းရောင် အဝိုင်း (၂) ခု၏ လှုပ်ရှားမှုတို့မှာ တူညီလျက်ရှိပြီး အရွယ်အစားသာ ကွာခြားမှုရှိရာ မြေပြင်အနီးတွင် သွားလာလှုပ်ရှားလျက် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့လျက်ရှိသော နဂါးကြီး၏အရိပ် ကောင်းကင်တွင် ထင်ဟပ်ခြင်းသာ ဖြစ်ပါ၏။ ထိုထင်မြင်ယူဆချက်ကို မောင်မင်းမင်းထွန်း၏ အိမ်ရှေ့လမ်းပေါ်သို့ ရောက်ရှိခဲ့သူအပေါင်းကတော့ ထိုအတိုင်းပင် တွေးမိကြပေမည်။ သို့သော် အနီးကပ် တိမ်ဖြူသဏ္ဍာန်ကို မတွေ့မြင်ကြရဘဲ မိုးကောင်းကင်ပေါ်မှ အလင်းဝိုင်း (၂) ခုကိုသာ အဝေးမှတွေ့မြင်လိုက်ကြရသူတို့တွင် အကြောင်းအရင်းမှန်ကို မသိရှိကြ၍ ၎င်းတို့၏ ဉာဏ်မီသမျှလောက်ဖြင့် အမျိုးမျိုးထင်မြင်ယူဆပြောဆိုလျက်ရှိနေကြပါ၏။

ထိုညက မောင်မင်းမင်းထွန်း၏ နေအိမ်အနီးတွင် ထွက်ပေါ်ခဲ့သော တိမ်ဖြူသဏ္ဍာန်နှစ်ခုကို လာရောက် ကြည့်ရှုတွေ့မြင်လိုက်ကြရသူတို့မှာလည်း လူပေါင်း သုံး၊ လေးထောင်မျှရှိသကဲ့သို့ မန္တလေးမြို့ မိုးကောင်းကင် အရှေ့မြောက်ထောင့်တွင် ပေါ်ပေါက်သော အလင်းရောင်အဝိုင်းနှစ်ခုကို တွေ့မြင်လိုက်ကြရသူတို့မှာလည်း လူပေါင်းသုံး၊ လေးထောင်မျှရှိခဲ့သဖြင့် နောက်တစ်နေ့တွင် ထိုအကြောင်းအရာတို့မှာ မန္တလေးမြို့ပေါ်တွင် ဂယက်ရိုက်လျက်ရှိပါသည်။

ဤအဖြစ်မျိုးသည်လည်း စာရေးသူတို့၏ ရွှေကံ့ကူသာသနာ့သမိုင်းတွင် ပထမဦးဆုံးအကြိမ် ဖြစ်ပေါ်ခြင်းသာဖြစ်ပါ၍ ထူးခြားလှသောဖြစ်ရပ်အဖြစ် မှတ်တမ်းတင်ထားရှိရမည်သာ ဖြစ်ပါ၏။ ထိုညက မောင်မင်းမင်းထွန်းတို့၏ နေအိမ်တွင်လည်း ဘုရားဖူးဧည့်ပရိသတ်တို့မှာ ထိန်းမနိုင်သိမ်းမရ များပြားလွန်းလှပါ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ ညတွင်းချင်း ရာဇမက်များ ကာရံ၍ အိမ်ရှေ့လမ်းပေါ်သို့ထုတ်ပြီး ရုပ်ရှင်တော်မြတ်ကို ပူဇော်စီစဉ်ပေးခဲ့ကြရကြောင်း သိရပါသည်။

ထိုနည်းတူစွာ နောက်တစ်ခု ထူးခြားမှုကြုံတွေ့ရသည်မှာ ၂၀၁၃-၂၀၁၄ ရန်ကုန်ခရီးစဉ် ယခုနှစ် ရာသီမှာပင် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်နေ့များတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အိုးရှင်းအိမ်ပွိုင့် တိုက် (B) စတုတ္ထတွင် နေထိုင်သော သဘော်ာကပ္ပတိန် ကိုဝင်းထွန်းထွန်း၊ အကောက်ခွန်ဌာန ဒု-ဦးစီးမှူး ဒေါ်အေးအေးဝင်းတို့မှ ရုပ်ရှင်တော်မြတ်ကို ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။

ကိုဝင်းထွန်းထွန်း၊ မအေးအေးဝင်းတို့သည် ရုပ်ရှင်တော်မြတ်အား ကြည်ညိုလွန်းလှပါ၍ မိမိတို့နေအိမ်၌ ကြိုတင်ဆင့်ကြံခဲ့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်ရရှိခိုက်တွင် တစ်ညလုံး မအိပ်ကြဘဲ ဖူးမြော်ကြည်ညိုလျက်ရှိပါသည်။ ၎င်းတို့နေအိမ်သည် ကြီးမားသော မှန်ချပ်ကြီးများ ကာရံထားရှိပါသည်။ ညဉ့်နက်သန်းခေါင်ပိုင်းသို့ ရောက်ရှိသောအခါ ၎င်းတို့၏ အိမ်နံရံမှန်ချပ်ကြီးများတွင် မဟာဗန္ဓုလတံတားဘက်ဆီမှ ကြီးမားသော လူရိပ်များစွာ လှုပ်ရှားဖြစ်ပေါ်၍လာပါသည်။ ထိုလူရိပ်တို့သည် လူများ ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်၍နေသကဲ့သို့ ဥဒဟိုရောက်လာကြသူ၊ ဖူးမြော်ပြီး ပြန်လည်ထွက်သွားကြသူ အစရှိသဖြင့် ထင်မှတ်ရပါသည်။

ထိုရက်များက မြန်မာနိုင်ငံတွင် အအေးလှိုင်းဖြတ်သည့် ကာလများဖြစ်နေပါ၍ ရန်ကုန်ဆောင်းသည်ပင် ခါတိုင်းနှစ်များနှင့်မတူဘဲ ချမ်းအေးလှသည်ဖြစ်သောကြောင့် အဲယားကွန်းများလည်းမဖွင့်၊ ပြတင်းပေါက်များလည်း မဖွင့်ဘဲထားရှိပါသည်။ ထို့ကြောင့် အိမ်ခန်းတွင်း၌ လေတိုက်ခတ်မှု၊ ဝင်ရောက်မှုမရှိဘဲ ငြိမ်သက်လျက်သာရှိပါသည်။ သို့သော် ဘုရားကျောင်းဆောင်တွင် ပူဇော်ထားရှိသော တံခွန်တိုင်တို့မှာ လေမတိုက်ဘဲ လှုပ်ခတ်နေသဖြင့် မိသားစုအားလုံး အံ့သြလျက်ရှိကြပါသည်။

မှန်နံရံတွင်ထင်ဟပ်လှုပ်ရှားလျက်ရှိသောအရိပ်တို့မှာ လူတို့၏ အရိပ်သဏ္ဍာန်ပင် ဖြစ်ပါ၏။ သို့သော် အပြင်တွင် လူတစ်ဦးတစ်ယောက်မျှ မရှိပါ။ မြေညီထပ်လည်းမဟုတ်၍ တကယ့်လူတို့၏အရိပ်များ ထင်ဟပ်လာရန်မှာ ပို၍ပင် ဖြစ်နိုင်ခြေမရှိပါ။ သို့သော် ထိုညက ထိုအိမ်တွင် အမှန်တကယ် လူရိပ်များ ပေါ်ပေါက်ခဲ့ပြီး ဤမိသားစုအားလုံး မြင်တွေ့ခဲ့ကြရသည်မှာလည်း အမှန်တကယ်ဖြစ်နေပါ၍ လူတို့၏ ပကတိမျက်စိဖြင့် မမြင်တွေ့နိုင်သောပုဂ္ဂိုလ်များ လာရောက် ဖူးမြော်ကြခြင်း ဖြစ်သည်ဟု အိမ်ရှင်မိသားစုများက မှတ်ချက်ချကာ ရုပ်ရှင်တော်မြတ်အား ကြည်ညိုမဆုံးဖြစ်လျက်ရှိကြပါသည်။

ဤအဖြစ်မျိုးသည်လည်း ရုပ်ရှင်တော်မြတ်၏ သာသနာ့သမိုင်းတွင် ဤတစ်ကြိမ်တွင်သာ ဖြစ်ပေါ်ခဲ့ခြင်းရှိပါသေး၍ ထူးခြားဖွယ်သော ဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်းတင်ထားရှိရမည်သာ ဖြစ်ပါ၏။ အထက်ပါ ထူးခြားဖြစ်စဉ်ကို ရန်ကုန်တိုင်းမ်သတင်းစာတွင် သတင်းထောက်တစ်ဦးမှ ရေးသားပေးပို့ ဖော်ပြပါရှိခဲ့ပါသေးသည်။

(ဆက်ရန်)

ဘိုဘို (ရွှေကံ့ကူ)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုအာန်းသွင်

သရဏဂုံ ကိုယ်လုံးမြဲ



ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုက္ခပဲ၊ ကားမှတ်တိုင်ရောက်နေတာ တစ်နာရီကျော်နေပြီ။ အခုထက်ထိ ကားပေါ်မှ မတက်ရသေးဘူး။ အချိန်မီ မှမရောက်ရင် ရေးဖြေအောင်ထားတာ အလကားဖြစ်တော့မှာပဲ။

ကိုမောင်မောင် တစ်ယောက် ရန်ကုန်မြို့ထဲသွားဖို့ ကမာရွတ်ဘူတာရုံ မှတ်တိုင်မှာ ကားစောင့်နေတာ တစ်နာရီ ကျော်ပြီ။ အင်တာဗျူးက (၉) နာရီခေါ် ထားပါတယ်။ ကိုမောင်မောင်က ကား မှတ်တိုင်ကို (၇) နာရီအရောက်လာခဲ့ သည်။ ယခု (၈) နာရီထိုးပြီးနေပြီ၊ ကား ပေါ် မတက်နိုင်သေး။ ကားမလာ၍ မဟုတ်၊ လေး၊ ငါးခြောက်စီးမက လာ သွားပြီ။ လာသောကားများမှာ လူ အပြည့်ပါပြီး မှတ်တိုင်မရောက်မီရပ်ခြင်း၊ မှတ်တိုင်ကျော်ပြီးရပ်ခြင်းတို့ကြောင့် မှတ် တိုင်စုပြုံရပ်နေကြသော ကိုမောင်မောင် တို့လူအုပ်မှာ တစ်ယောက်စနှစ်ယောက် စမှာ တွဲခိုပြီးပါသွားကြတယ်။ ကိုမောင် မောင် မတက်လိုက်ရ။ နှုတ်မှလည်း သရဏဂုံကို ရွတ်လိုက်၊ ညစ်ညူးလိုက် ဖြင့် စိတ်မောလူမောဖြစ်နေပါသည်။

ဤသည်မှာ လွန်ခဲ့သည့် လေး၊ ငါးနှစ်က အဖြစ်အပျက် ဖြစ်ပါသည်။

ကိုမောင်မောင်သည် ကမာရွတ် ဘူတာရုံနားတွင်နေသည်။ အလုပ်တစ်ခု မှ လူလျှော့ရာတွင်ပါပြီး အလုပ်လက်မဲ့ ဖြစ်နေသည်မှာ တစ်နှစ်ကျော်သွားပြီ။ သားသမီးများက ကျောင်းနေတုန်း။ အမျိုးသမီးက အိမ်မှုကိစ္စနှင့်သာ အချိန် ကုန်သဖြင့် သူတစ်ယောက်ကို မှီခိုနေရ ပြီး သူကစာရင်းသမားဖြစ်သည်။ အလုပ် လက်မဲ့ဘဝတွင် အချိန်ပိုင်းလိုက်လုပ်ပြီး မရတစ်ချက်ရတစ်ချက်အလုပ်မလောက် မငဝင်ငွေဖြင့် ရုန်းကန်နေရသည်။

ဆင်းရဲလွန်းသဖြင့် သူကိုးကွယ် သည့်ဆရာတော်ထံမှာ အကျိုးအကြောင်း လျှောက်ထားပြီး အဆောင်တောင်း သည်။ဆရာတော်က -

"လောကမှာ ရတနာသုံးပါး အဆောင်ထက်ကောင်းတဲ့ အဆောင်မရှိ ဘူး၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်း ကပ်။ သရဏဂုံကိုယ်လုံးမြဲ အကုန်သိဒ္ဓိ တည်းတဲ့။ အဲဒီတော့ သရဏဂုံသုံးပါး ကို မပြတ်ရွတ်ဆိုပူဇော်။ အဓိပ္ပာယ်ကို သိတယ်မို့လား။ မြတ်စွာဘုရားကို ကိုးကွယ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ပါ၏။ သံဃာတော်မြတ်ကို ကိုးကွယ်ပါ၏တဲ့။

အဲဒီလောက်နဲ့တင် မပြီးသေးဘူး။ ဘုရားကို ဘာကြောင့် ကိုးကွယ်ရသလဲ။ တရားကို ဘာကြောင့် ကိုးကွယ်ရသလဲ။ သံဃာကို ဘာကြောင့် ကိုးကွယ်ရသလဲ။ အဲဒီလိုသိရမယ်။ ရတနာသုံးပါးကိုးကွယ် တယ်ဆိုတာ မျက်မှောက်ဘဝမှာ ချမ်းသာ ဖို့ တမလွန်ဘဝမှာချမ်းသာဖို့နဲ့ သံသရာ က လွတ်မြောက်ဖို့အတွက်ကိုးကွယ်တာ လို့ သိရမယ်။ ပြီးတော့ ရတနာသုံးပါး မှာ ဘယ်လိုဂုဏ်တွေ၊အရည်အချင်းတွေ ရှိတယ်ဆိုတာလဲသိရမယ်။ ရတနာသုံး ပါးရဲ့ဂုဏ်ဆိုတာ အတိုင်းအဆမရှိဘဲ။ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တိုင်က အကျဉ်းချုပ်ပြီး ဓဇဂ္ဂသုတ်မှာဟောထား တာရှိတယ်။ မြတ်စွာဘုရားရဲ့ဂုဏ်က (၉)ပါး၊ တရားတော်မြတ်ရဲ့ဂုဏ်က (၆)



www.burmeseclassic.com

www.burmeseclassic.com

ပါး၊ သံဃာတော်မြတ်ရဲ့ဂုဏ်က (၉) ပါး၊ ဒါကို အနက်အဓိပ္ပာယ်နဲ့တကွသိအောင် လုပ်ရမယ်။ မသိသေးရင်သိအောင်လုပ်၊ ပြီးတော့ သရဏဂုံကို ပွားများတဲ့အခါမှာ အဲဒါကိုသာ အာရုံပြု။

လောကမှာဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့အတွက် အချက် (၃) ချက်ရှိတယ်။ အဲဒါတွေက ကံ၊ ဉာဏ်၊ ဝီရိယတို့ပဲ။ အဲဒီသုံးခုစလုံး ပြည့်စုံတဲ့အခါ၊ ကောင်းတဲ့အခါ ချမ်းသာတယ်။ မပြည့်စုံတဲ့အခါ၊ ကံမကောင်းတဲ့အခါ ဆင်းရဲတယ်။ ဉာဏ်နဲ့ ဝီရိယက မိမိရဲ့ကိုယ်ပိုင်အရည်အချင်းပေါ်မှာတည်တယ်။ ကံကတော့ အတိတ်ဘဝက ကံပေါ်မှာလည်း တည်မှီတယ်။ တစ်ခါတစ်ရံ အတိတ်ကံကို အပိတ်အဆို့များရှိတတ်တယ်။ အဲဒီကောင်းကံကို ပိတ်ဆို့တဲ့အပိတ်အဆို့ကို သရဏဂုံသုံးပါးနဲ့ ဖယ်ရှားနိုင်တယ်။ ဉာဏ်လည်းပါတယ်။ ဝီရိယလည်းပါတယ်။

နတ်တို့ရဲ့အားကိုးရာက ကံသက်သက်ပဲ။ သူတို့ဟာ ကောင်းကံသက်သက်ကို အားကိုးပြီးနေရတာ။ ဘာမှဝီရိယစိုက်ထုတ်ဖို့မလိုဘူး၊ လူမှာတော့ ကံသက်သက်ကို အားကိုးလို့မရဘူး။ ဘာဖြစ်လို့လဲဆိုရင် လူဖြစ်ရတာ ကောင်းကံ၊ မကောင်းကံနှစ်မျိုးရောပြီး ဖြစ်လာတာ။ ဒီတော့ မကောင်းကံတွေ လိုက်မနှောင့်ယှက်နိုင်အောင် ဝီရိယနဲ့ ဖယ်ရှားရမယ်။ ဘယ်လိုဖယ်ရှားရမလဲဆိုတော့ ဉာဏ်ရဲ့အလုပ်ပဲ။ ကံမရှိတောင် ဉာဏ်နဲ့ဝီရိယရှိရင် ထိုက်သင့်တဲ့အကျိုး ကျေးဇူးကို ရမယ်"

ဟူ၍ ဆရာတော်က မိန့်ကြားပါသည်။

ကိုမောင်မောင်က ကားဆီပြေးရင်း အကျီအိတ်ထဲက တစ်ခုတည်းသော ငါးမူးစေ့ကို ကျမသွားအောင် လက်ဖြင့် ဖိထားရပါသည်။ ဤသည်မှာ အသွားကားခသာ ဖြစ်ပါသည်။ အပြန်ကားခမရှိ။ သို့သော် မပူရ။ သူသူငယ်ချင်းကိုမြသန်းလည်း ရေးဖြေအောင်ပြီး အင်တာဗျူးလာဖြေမည်။ သူ့ဆီက အပြန်ကားခရနိုင်မည်။ ကံကောင်းလျှင် နံနက်စာပါစားရနိုင်သည်။

သို့ဖြင့် အရှေ့ပြေးလိုက်၊ အနောက်ပြေးလိုက် တိုးတက်လိုက်ဖြင့် (၈) နာရီခွဲသွားမည်။ ကားပေါ်မရောက်သေး။ ကိုမောင်မောင် အကြီးအကျယ် စိတ်ဓာတ်ကျသွားလေပြီ။ အလုပ်က ငွေစာရင်းအရာရှိရေးဖြေမှာ အမှတ်ကောင်းကောင်းဖြင့်အောင်ထားကြောင်း သူသိထားသည်။ မိုက်လိုက်တဲ့ငါ့နှယ် - အိမ်က စထွက်ကတည်းက ရန်ကုန်ကို လမ်းလျှောက်သွားရင် အခုလောက်ဆို ရောက်သွားပြီ၊ အခုမှစဉ်းစားမိပြီ။

ခရီးသည်များက မှတ်တိုင်မှာစုပြုံနေကျ၊ ဘတ်(စ်)ကားများက မှတ်တိုင်မရောက်ခင်ရပ်၊ မှတ်တိုင်ကျော်ပြီးရပ်လိုက်၊ ခရီးသည်များက ကားရပ်သည့်နေရာသို့ ပြေးသွားလိုက်၊ တစ်ယောက်နှစ်ယောက်ပါသွားလိုက်ဆက်ဖြစ်နေပြီး ဤသို့ရပ်သည်မှာပင် ဆင်းသည့်သူရှိ၍ဖြစ်သည်။ ဆင်းမည့်သူမရှိလျှင် လုံးဝမရပ်။ တစ်ခါတစ်ရံ ဆင်းမည့်သူရှိလျက်ပင် မရပ်တော့။

ဒီတော့ ကိုမောင်မောင်က -

"ဒီလိုပဲ၊ လူအုပ်နဲ့ ငါလိုက်နေလို့ကတော့ ကားပေါ်ရောက်မှာမဟုတ်ဘူး၊ ဒီတော့ မှတ်တိုင်အလွန်မှာ တစ်ယောက်တည်းသွားစောင့်နေမယ်။ - ခရီးသည်ဆင်းပြီးရင် အရင်ဆုံးတက်ရမယ့်သူက ငါပဲဖြစ်ရမယ်"

ဟု စိတ်ကူးနေပြီးသွားရပ်နေလိုက်သည်။ နှုတ်မှမူ သရဏဂုံမပြတ်ရွတ်နေပြီး ဂုဏ်တော်များကိုလည်း အာရုံပြုနေပြီး ထိုအခိုက် သူ့ဘေးတွင် အငှားယာဉ်လေးဘီးကားတစ်စင်းထိုးရပ်လာပြီး ရှေ့ကားတံခါးကိုဖွင့်ကာ -

"မြို့ထဲသွားမှာမဟုတ်လား၊ ကားပေါ်တက်"

ဟု ပြောပါသည်။

ကားမောင်းသူမှာ အသက် (၅၀) ကျော်(၆၀)ကျော်ခန့်လူကြီးတစ်ယောက်ဖြစ်ပါသည်။ သူ့မှာ ပိုက်ဆံ (၅) မူးသာပါသဖြင့် -

"အဘ၊ ကျွန်တော့်မှာ . . ."

"စကားမများနဲ့၊ စာမေးပွဲဖြေဖို့ နောက်ကျနေပြီ မဟုတ်လား"

ဟု ပြောသဖြင့် သူကားပေါ်တက်လိုက်ပါသည်။ သူ့စိတ်ထဲမှာ တစ်ခါမှမသိဘူး၊ မကြုံဘူးသော ကားဆရာကြီးက ငါစားမေးပွဲဖြေရမယ်ဆိုတာကို သူဘယ်လိုလုပ်သိပါလိမ့်ဟု စဉ်းစားမိပြန်သည်။ သိချင်စိတ်ကို မမျိုသိပ်နိုင်သဖြင့် -

"အဘကျွန်တော့်ကိုသိနေသလား"

ဟု မေးမိပါသည်။

ကားဆရာကြီးက -

"အဲဒါတွေ စဉ်းစားနေလို့ မင်းမှာ အကျိုးမရှိဘူး။ အင်တာဗျူးမှာဘာမေးနိုင်တယ်ဆိုတာကိုယ်သာစဉ်းစား"

ဟု လေသံခပ်ပြတ်ပြတ်ဖြင့် ပြန်ပြောပါသည်။ ထို့ကြောင့် သူဆက်မမေးဝံ့တော့ဘဲ အင်တာဗျူးမှာမေးနိုင်မည့်အကြောင်းအရာများကိုသာ စဉ်းစားနေခဲ့သည်။

"ကဲ - ဆင်းတော့၊ မင်း (၅) မိနစ်တောင်ပိုနေသေးတယ်။ ငါနဲ့မတွေ့ရင် ဒီအလုပ်မင်းနဲ့လွဲပြီ"

ဟု ဆိုပြီး ကားဆရာက သူဖြေရမည့်ရုံးရှေ့တွင် ကားရပ်ပေးပါသည်။

သူက ကားပေါ်မှဆင်းပြီး -

"အများကြီးကျေးဇူးတင်ပါတယ် အဘရယ်"

ဟု ကားဆရာကြီးကို ကြည့်ကာ လေးလေးစားစားကျေးဇူးတင်စကားပြောလိုက်ပါသည်။

ကားဆရာကြီးက -

"အေး - အဆင်ပြေပါစေ"

ဟု ဆိုကာ ကားမောင်းထွက်သွားပါသည်။ ထိုအခါမှ သူထပ်ပြီးအံ့သြမိပြန်သည်။

ကားပေါ်တက်စဉ်က သူသွားမည့်နေရာ ကားဆရာကို မပြောခဲ့။ ကားဆရာက ဤမျှသိနေပါလိမ့်ဟု စဉ်းစားမိပါသည်။ ထို့နောက် ဆက်မစဉ်းစားနိုင်တော့ဘဲ အင်တာဗျူးဖြေရမည့်နေရာသို့ အချိန်မီအောင်သွားခဲ့ပါသည်။

ရေးဖြေတွင် သူအမှတ်အများဆုံးရသဖြင့် တန်းစီဇယားတွင် သူထိပ်ဆုံးဖြစ်နေပါသည်။ အင်တာဗျူးခေါ်ရာတွင် သူ့ကို အရင်ဆုံးခေါ်ပါသည်။ သူက သရဏဂုံရွတ်ပြီး အခန်းထဲဝင်သွားသည်။ ကံကောင်းထောက်မပြီး မေးသမျှကို ချောမောစွာ ဖြေနိုင်ခဲ့သည်။ အခန်းအတွင်းက ပြန်ထွက်လာတော့ ကားဆရာပုံကိုပြန်မြင်ယောင်မိသည်။ အတွင်းက စွပ်ကျယ်အကျီသာ ဝတ်ထားပြီး အပြင်က တိုက်ပုံအကျီထပ်ဝတ်ထားသည်မှာ ထူးခြားသည့်အမှတ်တရပုံစံဖြစ်နေသည်။ သူ့နှုတ်မှတိုးတိုးရွတ်လိုက်မိသည်။

"အဘဘိုးမင်းခေါင်"

ဟူ၍ ဖြစ်ပါသည်။

ဤသို့ စောင့်ရှောက်ခံရခြင်းမှာ သရဏဂုံ၏တန်ခိုးဟု သူကောင်းစွာယုံကြည်မိပါသည်။

သရဏဂုံကိုယ်လုံးခြုံ


အကုန်သိဒ္ဓိပြီး။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



# သီရိဓမ္မာသောကမင်းပမာ ဗဒုံမင်းသာသနာ

# ဗန်းမော်မြို့ ဓာတ်ပေါင်းစုစေတီမဟာ

ခင်ခင်ဝင်း(မော်ရဝတီ)

**မွန်ပြည်နယ် မော်လမြိုင်မြို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့သို့**

မမျှော်လင့်သော ဘုရားဖူးခရီးစဉ်တစ်ခုက အမှတ်မထင် ရောက်လာသည်။ ဆွေမျိုးထဲမှ ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ပြောင်းရွှေ့သွားပြီးနောက် ဘွန်းမထံသို့ လေယာဉ်စရိတ်နှင့်အတူ လာခဲ့ပါရန် ဖိတ်ခေါ် လာပါသည်။ စရိတ်မကုန်သောဘုရားဖူးခရီးများ ဆက်တိုက် ပေါ် လာသော ထူးခြားသောနှစ်ဟုဆိုရပေမည်။ ဗန်းမော်မြို့သို့ရောက်လျှင် သွားရောက်ဖူးမြော်ရမည့် ဘုရားများ၊ လေ့လာရမည့်အကြောင်းအရာစာအုပ်များကို ရှာဖွေ စုဆောင်း လေ့လာ မှတ်သားခြင်း၊ ရောက်ဖူးသူများထံ သွားရောက်မေးမြန်းစုံစမ်းခြင်း၊ သွားရခဲ့သော ခရီး၏ အသေးစိတ်ကစ လေ့လာမှုများ မကျန်ရစ်ရလေအောင် စုဆောင်းယူဆောင်သွားရသည်။ သီရိဓမ္မာသောကမင်းကြီး သာသနာဒေသဟု သိရှိရသဖြင့် သီရိဓမ္မာသောကမင်းကြီး၏ အကြောင်းအရာစာများကိုလည်း စုဆောင်းမှတ်သားသွားရသည်။ ဗဒုံမင်း (ဘိုးတော်ဘုရား)၏သာသနာပြုဒေသဟုသိရပြန်သဖြင့် ဗဒုံမင်း၏ အကြောင်းအရာများကိုလည်း စုဆောင်းရှာဖွေရပြန်သည်။ အားလုံးစုံလင်ပြီဟု စိတ်ချရသည်နှင့်



ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး




www.burmeseclassic.com

www.burmeseclassic.com


ကချင်ပြည်နယ် ဗန်းမော်မြို့သို့ စတင်ခရီးထွက်ခဲ့ပါတော့သည်။ သစ်ပင်ကြီးငယ်များ စိမ်းစိမ်းစိုစိုနှင့် မြွေလိမ်မြွေကောက်လမ်းများ၊ ချိုင့်ဝှမ်း၊ ရေအိုင်၊ ရေကန်များနှင့် လမ်းဘေး ဝဲယာမြေနိမ့်များက ရှေးက နဂါးများပျော်မြူးကူးလူးရာမှဖြစ်ပေါ်လာရသော သင်္ကေတများဖြစ်ပြီး တစ်ချိန်က နဂါးပွက်မြို့ဖြစ်ခဲ့ကြောင်း ကြားသိရပါသည်။

**သီရိဓမ္မာသောကမင်းကြီးသာသနာ**


သီရိဓမ္မာသောကမင်းကြီးသည် (ဘီစီ ၂၇၃-၂၃၂) တောင်ဘက်စွန်းပြည်နယ်များမှအပ အိန္ဒိယကျွန်းဆွယ်တစ်ခုလုံးကို တိုက်ခိုက်သိမ်းပိုက် စုပေါင်းမိပြီးနောက် သွေးချောင်းစီးလျက် မမြင်ဝံ့လောက်အောင် သေကျေပျက်စီးအိုးမဲ့အိမ်မဲ့ဖြစ်ကုန်ကြသည်ကို မျက်ဝါးထင်ထင်မြင်ရသောအခါ အလွန်သနားလာ၏။ ကြီးမားသော လက်နက်အားဖြင့် သူတစ်ပါးတို့ကိုနှိပ်စက်မိပြီဟု နောင်တကြီးစွာရပြီး စစ်တိုက်ခြင်းကို ငြီးငွေ့သွားလေသည်။ လက်နက်အင်အားဖြင့်၊ လူအင်အားဖြင့်အနိုင်ယူမည့်အစား မေတ္တာဖြင့်သာ အနိုင်ယူတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဗုဒ္ဓဘာသာသည် မေတ္တာကို အရင်းခံသောတရားဟု သိမြင်လာပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လိုက်သည်။ ဘုရားပွင့်တော်မူရာအရပ်များသို့ သွားရောက်ဖူးမြော်ခြင်း၊ လူမျိုးမရွေးဇာတ်မရွေး ပေးကမ်းစွန့်ကြဲခြင်း၊ သက်သက်လွတ်စားသုံးခြင်း၊ ဥပါသကာအဖြစ် (၂)နှစ် သင်ယူဆည်းပူးပြီး ဘိက္ခုအဖြစ် ရဟန်းပြုခြင်း၊ ကိုးတိုင်းကိုးဌာန




နှစ်ပေါင်း (၂၅၀) ခန့်က (၇) ပေခွဲရှိ ရှေးဟောင်းကြေးဆင်းတုတော်ကြီးပတ်လည်တွင် ရှေးဟောင်းဌာပနာရုပ်လုံးများ၊ စီခင်း အဖူးခံ ပြသထားပါသည်




ဘကြီးတော်မင်းတရား၏ ထုမြှတ်လှသော စကျင်ကျောက်ရှင်ဖြူဘုရား



ခရူသိမ်တော်အတွင်းမှ ရှေးဟောင်းဘုရားကြီး



လိုဏ်အတွင်း ရှေးဟောင်းဘုရားများ



လိုဏ်အတွင်း ရှေးဟောင်းဘုရားများ




လိုဏ်အတွင်း ရှေးဟောင်းဘုရားများ



www.burmeseclassic.com

www.burmeseclassic.com




ဓာတ်ပေါင်းစုစေတီတော်ကြီး



အတွင်း ရွှေဟောင်းဘုရားများ




လိုဏ်အတွင်း ရွှေဟောင်းဘုရားများ



လိုဏ်အတွင်း ရွှေဟောင်းဘုရားများ

သာသနာပြုစေလွှတ်ခြင်း၊ လမ်း ရေတွင်း၊ ရေကန်၊ ဆည်မြောင်း ဆောက်၊ အရိပ်ရအပင်စိုက်၊ စေတီ ည်ခြင်းများပြုခဲ့သည်။

သီရိဓမ္မာသောကမင်း၏ စေတီ ရှစ်သောင်းလေးထောင်တည်ရာ မော်မြို့၏ မြစေတီမှာ ဇန်းမော် မြို့သည့်အထဲပါသွားပြီဟုယူဆ သိရပါသည်။ ကသာမြို့တွင် သီရိဓမ္မာသောကမင်းကြီး၏ မှာ ယခုတိုင် ထင်ရှားရှိသည်ဟု ဆရာတော်ထံမှ သိရှိရပါ



ဇေတုဂီရိမုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com


**သီရိဓမ္မာသောကမင်းပမာ ဗဒုံမင်းတရား သာသနာ**

ကုန်းဘောင်မင်းဆက် ဗဒုံမင်း (ဘိုးတော်မင်းတရား၊ သီရိဓမ္မရာဇာ ၁၁၀၆-၁၁၈၁) သည် မင်းအဖြစ်သို့ ရောက်သောအခါ ရတနာသုံးပါးကို ကိုင်းရှိုင်းတော်မူရင်းရှိခြင်း၊ ပညာဗဟုသုတနှင့် ပြည့်စုံသောကြောင့် မြို့နန်းအသစ်တည်လိုခြင်း၊ ရှေးသူတော်ကောင်းမင်းတို့၏စံနမူကို နာယူလိုခြင်းတို့ကြောင့် အမရပူရမြို့တော်ကို ရွေးချယ် တည်တော်မူလေသည်။ မြို့နေရာ ရွေးချယ်ရာတွင် -

"ထီးပေါင်းကားအရပ်သည်ကား မြတ်စွာဘုရား ဒေသစာရီလှည့်လည်တော်မူသောအခါ ငတောင်ငမန်၊ ငတောင်ကြီး၊ ငတောင်ပြုံး၊ ငတောင်မြင့် ဘီလူးလေးဦးတို့သည် နောင်အခါ ထိုအရပ်ကို စောင့်ရှောက် ထိန်းသိမ်း၍ မင်းနေပြည်တော်ဖြစ်လတ္တံ့ဟု ဘုရားဗျာဒိတ်ပေးခဲ့သည်ကို ငါကြားဖူးတော်မူသည်။ ထိုအရပ်ဌာနတို့သည် ကကုသန်ဘုရားလက်ထက်တော် ပဌာနာမုဏ္ဍိ၊ ကောဏဂုံဘုရားလက်ထက်တော် ဓမ္မ



ဆံတော်ပယ်နေဟန်ရုပ်လုံး၊ (ဘုရားပျက်များမှ တူးဖြားတော်သားဌာပနာဘုရား)



ဘုရားအလောင်းတောထွက်ပုံ မြင်းနှင့်အမတ်မောင်ဇံရုပ်လုံး (တူးဖြားတော်သားဌာပနာများ)



သိဒ္ဓတ္ထမင်းသား ဥယျာဉ်တွင်းကြည့်စဉ်ရုပ်ထု (တူးဖြားတော်သားရှေးဘုရားပျက်ဌာပနာများ)



ရှေးဘုရားပျက်ဌာပနာများမှရရှိသော တူးဖြားတော်သား တော်တော်ကြုတ် (ဓာတ်ပေါင်းစုစေတီတွင် အပူဇော်ခံထားပါသည်)



သုမေဓာရှင်ရသေ့ တံတားခင်းဟန်ရုပ်လုံး (ဓာတ်သားတူးဖြား ဌာပနာဘုရားပျက်မှ ရရှိပူဇော်ထားသည်)




လူအို၊ လူနာ၊ လူသေ၊ ရဟန်းပုံ ဘုရားပျက်ဌာပနာများမှ တူးဖြားတော်သားရုပ်တုများ (ဓာတ်ပေါင်းစုစေတီလိုဏ်တွင် အပူဇော်ခံထားပါသည်)




www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပေါင်းစုစေတီမုခ်ဦး



ဓာတ်ပေါင်းစုစေတီတော်ကြီး၏တံခွန်တိုင်



စတုဂီရိဗိမာန်တော်

ပတ္တ၊ ကဿပဘုရားလက်ထက်တော် ဒေဝပတ္တ၊ ဂေါတမဘုရားလက်ထက်တော် သိဃ်ာပတ္တဟု လေးကြိမ်သော အမည်ရှိသည်ဟု ပညာရှိတို့ပြောသော စကားကို ငါကြားဖူးတော်မူသည်။ ရှေးသိုက်စာပေါင်းများတွင်လည်း -

> ။ ထီးပေါင်းကား တောင်၊ ညောင်ပင်ကြီးရင်း တမ်ရာနှင်းသည်၊ ဆောင်းတွင်းနှင်းဝေဝေ၊ နွေသို့လည်းရောက်၊ နန်းသစ်ပေါက်။ နှစ်ယောက်မင်းများနောင်။
> တောင်သမန်တောင်ကျည်း၊ နန်းလည်း၊ ခြောက်ဆောင်ဆောက်လတ္တံ့။
> ဘိုးတော်တောင်ပါး၊ ပက်ပါနားက၊ စ၍ မြို့တည်လတ္တံ့။
> တောင်လေးလုံးကြီး၊ ရွှေစည်တီးသည်၊ ပြည်ကြီးအလိုဖြစ်လတ္တံ့။
> ထီးပေါင်းကားကြီး၊ ထီးလည်းမှိုသို့ပေါက်လတ္တံ့။
> ဆင်ဖြူ၊ ဆင်နီ၊ မမြင့်မီခင်ရောက်လတ္တံ့။
> ရခိုင်စိုးခြင်း၊ အနောက်မင်းလည်းရောက်လတ္တံ့။
> ဘုရားကြီးစွာအနောက်မင်းလည်းရောက်လတ္တံ့။
> တရုတ်၊ ကုလားနှစ်ပြည်သားလည်း ဝင်စားမည်။


ဟု ရှေးသိုက်စာပေါင်းပညာများ၊ ဘုရားဗျာဒိတ်စကားတော်များအတိုင်း ဆောင်ရွက်တော်မူသည်။ သားတော် အိမ်ရှေ့စံ သီရိမဟာဓမ္မာဘိဇယ သီဟသူရသည် ရခိုင်ဘုရင် စန္ဒသူရိယမင်းဘဝမှ အမိဌာန်များကြောင့် မဟာမြတ်မုနိဘုရားကြီးအားလည်း ပင့်ဆောင်၍ မန္တလေးမြို့နေရာတွင် ဘုံကိုးဆင့်ရှိသော ပြာသာဒ်နှင့် တည်ထား ကိုးကွယ်တော်မူသည်။ ဗဒုံမင်းသည် ဆက်လက်၍ သာသနာပြု သီရိဓမ္မာသောကမင်းကြီး၏ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်သည်ကို အတုယူ အားကျတော်မူသဖြင့် မြန်မာပြည်အတွင်း ဗုဒ္ဓဘာသာ သာသနာတော်ထွန်းလင်းစေရန် ပြည်နယ် (၃၉) ဌာနနှင့် ပြည်မ (၁၇) ဌာန၊ စုစုပေါင်း (၅၆) ဌာနများသို့ သာသနာပြု အရိယာသံဃာတော်ပေါင်း (၂၄၆) ပါးတို့ကို ပိဋကတ်သုံးပုံကျမ်းဂန်တို့ကိုအပ်၍ သာသနာပြု စေလွှတ်တော်မူခဲ့သည်။

ဇန်းမော်မြို့သို့ တောင်လေးလုံးဆရာတော်၏ တပည့် အရှင်ဓမ္မိန္ဒရသည် ဓမ္မိန္ဒရမဇ္ဈိ မဟာရာဇာဂုရု ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com




ဓာတ်ပေါင်းစုစေတီတော်၏လိုဏ်




ကျောင်းဝင်းအတွင်း သာသနာ့အဆောက်အအုံများ



မင်းကြီးမဟာသီရိသီဟသူ
မှတ်တမ်းပြုခဲ့သော ခေါင်းလောင်းတော်ကြီး
(ဓာတ်ပေါင်းစုစေတီရှေ့)



ခေါင်းလောင်းတော်ပေါ်ရှိစာများ



လိုဏ်အတွင်း ဗုဒ္ဓဝင်ပန်းချီကားများ

တံဆိပ်တော်နှင့် အရိယာသံဃာငါးပါးနှင့်အတူ သာသနာပြုရန် ရောက်ရှိလာပါတော့သည်။

**ဗုဒ္ဓမင်းသာသနာ ဗန်းမော်မြို့တောင်လေးလုံးကျောင်း**

တောင်လေးလုံးဆရာတော် ဖြစ်တော်မူသော အရှင် ဓမ္မိန္ဒရ သီတင်းသုံးရာ ကျောင်းတိုက်ဖြစ်သည့်အတွက် တောင်လေးလုံးကျောင်းတိုက်ဟု အမည်တွင်ခဲ့သည်။ ထေရဝါဒသာသနာတော်၏ မူလဘူတလည်း ဖြစ်ခဲ့သည်။ ထိုစဉ်က ကချင်ပြည်နယ်သည် တရုတ်ပြည်ဘက်မှ လည်းကောင်း၊ တိဗက်ဒေသ အိန္ဒိယမြောက်ပိုင်းဒေသများမှ မဟာယာနဝါဒများ တစိမ့်စိမ့်ဝင်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ဘိုးတော်ဘုရားသာသနာပြု ဆေလွှတ်၍ အရှင်ဓမ္မိန္ဒရ ဦးစီးသော သာသနာပြုအဖွဲ့သည် ဗန်းမော်မြို့ တောင်လေးလုံးကျောင်းတိုက်၌ အောင် မြင်စွာ သာသနာပြုနိုင်ခဲ့လေသည်။ သာသနာပြုအောင်မြင်သော အထိမ်း အမှတ်အဖြစ် ကျောင်းတိုက်အတွင်း တွင် စေတီတော်ပေါင်း (၂၆) ဆူအထိ အများအပြား တည်ထားနိုင်ခဲ့သည်။

ထိုစေတီများအနက် ဘကြီးတော် မင်းတရားလက်ထက် မြန်မာနိုင်ငံ မြောက်ပိုင်းကို အုပ်ချုပ်စီစဉ်ရန် ခန့်ထား ခြင်းခံရသော မင်းကြီး မဟာသီရိသီဟ သူတောင်းမှုစေတီတော်သည် ထင်ရှား ၏။ မင်းကြီးမဟာသီရိသီဟသူသည် ဘိုးတော်ဘုရား၏ အမိန့်တော်အရ ဗန်းမော်မြို့ တောင်လေးလုံးကျောင်း တိုက်အတွင်း စေတီတော်များ တည် ထားသည်။ ဘကြီးတော်မင်းတရားထံ မှလည်း စကျင်တောင်မှ ထုံးမြတ်လှ သောကျောက်ကိုရွှေနန်းတော်တွင်းသွင်း ၍ ဉာဏ်တော်နှစ်တောင်တစ်မိုက်လက် လေးသစ်ရှိသော ရှင်ဖြူဘုရားရုပ်တု တော်ထုလုပ်ပြီး ဗန်းမော်မြို့သို့ ပို့စေ သည်။ ဤအကြောင်းများကို မင်းကြီး မဟာသီရိသီဟသူက ဘုရားရှေ့တော် တွင် ခေါင်းလောင်းတော်ကြီး ချိတ်ဆွဲ လှူဒါန်း၍ ခေါင်းလောင်းတွင် စာရေး မှတ်တမ်းပြုခဲ့သည်မှာ ယနေ့အထိ အထင်အရှားရှိပါသည်။

**ခေါင်းလောင်းတော်နှင့်စာတမ်းများလေ့ လာခြင်း**

ခေါင်းလောင်းတော်၏အပေါ်ပိုင်း ကြွပန်းကနုတ်များပျက်စီးသွားပြီ ဖြစ် သော်လည်း ခေါင်းလောင်းတော်ပေါ် တွင် ရေးထိုးထားသောစာလုံးများ ပီပြင် စွာ ဖတ်လို့ရသည့်အတွက် အလွန် ဝမ်းသာရပါသည်။ နောင်လာနောက် သားများအတွက် မှတ်သားစရာ၊အားကိုး စရာအဖြစ် တွေ့ရပါသည်။ စာအပြည့် အစုံမှာ ဘုန်းတော်အလွန်တရာကြီးမြတ် တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် လက်နက်စကြာသခင်၊ အရှင် ဘဝရှင် မင်းတရားကြီးဘုရား၊ ရတနာပူရအဝရွှေမြို့တော်ကြီး၊ ရွှေဘုံ နန်းရွှေပြာသာဒ်သခင်မင်းတရားကြီး နန်းစံ (၄) နှစ် (မြန်မာနှစ် ၁၁၈၄ ဗန်းမော်မြို့နှင့် မြောက်မျက်နှာမြို့ ရွာများကို အုပ်ချုပ်စီရင်ရမည်။ မင်း ကြီးမဟာသီရိသီဟသူဘွဲ့နှင့် သူတောင်း



ဦးဆောင်ဆရာတော် ဘဒ္ဒန္တဇာဂရဗုဒ္ဓိမဟာထေရ်
(မဟာသဒ္ဒမ္မဇောတိကဓဇဘွဲ့တံဆိပ်ယူစဉ်)




ယနေ့ဖူးတွေ့ရသော ဦးဆောင်ဆရာတော် မဟာသဒ္ဒမ္မဇောတိကဓဇ ဘဒ္ဒန္တဇာဂရ
(သက်တော် ၉၀)



www.burmeseclassic.com



ထီးတော်တင်ပွဲအမှတ်တရ



ထီးတော်တင်ပွဲအမှတ်တရ (ဇန်းမော်မြို့)



ထီးတော်တင်ပွဲအမှတ်တရ



ရှေးဗိသုကာဆရာကြီး ဦးလွယ်ရှိန်

ပြုတော်မူ၍ ဇန်းမော်မြို့သို့ရောက်လျှင် အစိန္ဒြေယျအပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူ သော၊ မြတ်စွာဘုရားသရီရဓာတ်တော် မွေတော်ကိန်းဝပ်ရန် စေတီဖိနပ်အချင်း (၂၇) တောင်၊ တံတိုင်းမုခ်လေးမျက်နှာ ဘုရားကို ကံကျွေးလက်ခပေး၍ အုတ်မြဲ ပြီးတည်လုပ်၍ ဖိနပ်တော်၊ ထီး၊ ရွှေ မွမ်းမံပြီးလျှင် ရတနာပူရ အဝစတုတ္ထမြို့ တော်ကြီးတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား စကျင် တောင်က ထူးမြတ်လှသောကျောက်ကို ရွှေနန်းတော်တွင်းသို့သွင်း၍ ရှင်ဖြူဘုရား ရုပ်တုတော်ကို ပုံသဏ္ဍာန်ထုလုပ်စေ သည်။ ကျောက်ဖြူဆင်းတုတော် နှစ် တောင်တစ်မိုက်လက်လေးသစ်၊ သီတင်း သုံးရန် တန်ဆောင်းသုံးထပ်၊ ဝန်းကျင် ပတ်လည်၊ နှစ်ကျိပ်ရှစ်ဆူ သီတင်းသုံးရန် မုခ်လိုဏ်တို့ဖြင့် လုပ်ဆောင်ပြီးလျှင် အတွင်းပြင်ရွှေမွမ်းမံချ၍ကိုးကွယ်သည် ခေါင်းလောင်းကြေးသပြာ (၁၂၅) ကို ကံကျွေးလက်ခပေး၍ သွန်းစေပြီးလျှင် စေတီနှတော်ရုပ်တုတော် သီတင်းသုံးရန် တန်ဆောင်းခေါင်းလောင်းများကို သာ သနာတော် ၅၀၀၀ ပတ်လုံးတည်စိမ့် သောငှာ မြန်မာနှစ် ၁၁၈၉ ခု ပြာသို လဆန်း ၃ ရက်နေ့ တည်ထား ဆောက် လုပ်၍ ဇန်းမော်မြို့နှင့် မြောက်မျက်နှာ မြို့ရွာအပေါင်းကို အုပ်ချုပ် စီရင်ရသော မင်းကြီးမဟာသီရိသိဟသူ သမီးခင်ပွန်း ကိုးကွယ်ပါသည်။ ဤကောင်းမှုအကျိုး ကို မွေးသည့်မိခင်၊ မွေးသည့်ဖခင်၊ ဆရာ ဆဒ္ဒန် ဆင်မင်းသခင်။ ဆင်ဖြူများရှင် လက်နက်စကြာသခင်၊ ဘဝရှင်မင်း တရားကြီးဘုရား၊ (၃၁) ဘုံ၌ ကျင်လည် ကုန်သော ဝေနေယျသတ္တဝါများအ



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းတို့ကို အမျှဝေပါသည်။ အမျှရကြသည်ဖြစ်စေသော်။ ဤကောင်းမှုကိုသည်း အရိမေတ္တေယျဘုရားသခင် ပွင့်တော်မူသောကာလ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်တရားမြတ်ကို ရသည်ဖြစ်စေသောဝ်။

**ဆက်အဆက်ဆက် ဆရာတော်များနှင့် တောင်လေးလုံးကျောင်း**

ဗန်းမော်မြို့ တောင်လေးလုံးကျောင်းတိုက်ကြီးသည် ၁၁၄၇ ခုနှစ် ဘိုးတော်ဘုရားလက်ထက်၊ သာသနာပြုအရှင်မမ္မိန္ဒရမှစ၍ ၁၂၈၂ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်နေ့ ဗန်းမော်မြို့ ဒုတိယ ကျောင်းချုပ်ဆရာတော် ဦးနရိန္ဒဆရာတော်အထိ ထင်ရှားခဲ့သည်။ ထိုဆရာတော် ပျံလွန်တော်မူပြီးသောအခါ ဒုတိယ ကမ္ဘာစစ်ကြီးနှင့်ကြုံတွေ့သဖြင့် ကျောင်းထိုင်စောင့်ရှောက်သူကင်းမဲ့ကာ စေတီတော်များအားလုံး ကျိုးပဲ့ပျက်စီးကုန်သည့်အပြင် ချုံနွယ်များ ဖုံးအုပ်ပျောက်ကွယ်သွားတော့သည်။ ကျောင်းနေရာမြေနေရလောက်သဖြင့် လူနေအိမ်ခြေများ ဝင်ရောက်နေရာယူဆောက်လုပ်နေထိုင်ကြလေသည်။ ဗန်းမော်မြို့မမြို့ဖများသည် တောင်လေးလုံးကျောင်းတော်ကြီးပြန်ပေါ်ရေးအတွက် တိုင်ပင်ကြလေသည်။

**ကျောင်းထိုင်ရှာဖွေခြင်း**

ထိုအချိန်တွင် ဗန်းမော်မြို့ သိမ်ကျောင်းဆရာတော် ဦးဝါသဝဆရာတော် ပျံလွန်တော်မူသောကြောင့် အိုးဘိုဆရာတော်ဦးကုန္ဒောဘာသသည် မန္တလေးမှ ဗန်းမော်သို့ ကြွရောက်တော်မူလာပြီး သိမ်ကျောင်းတိုက်တွင် ကျန်ရစ်သော ဦးအာစနနှင့် ဦးဇာဂရတို့အား ခေါ်ယူလိုက်လေသည်။ ဈာပနပွဲပြီးသွားသောအခါ ဦးဇာဂရအား မန္တလေးသို့ပေးမပြန်တော့ဘဲ ဗန်းမော်မြို့တောင်လေးလုံးကျောင်းထိုင် သီတင်းသုံးပေးပါရန် တောင်းပန်ကြသည်၊ ဆရာတော်ကြီးများလည်း ခွင့်ပြုပေးသဖြင့် လက်ခံလိုက်ရပါသည်။ ထိုစဉ်က ကျောင်းမှာ အလျား (၅) ခန်း အနံ (၃) ခန်း ထရံကာမျှသာရှိလေသည်။ စေတီများလည်း တောင်ပို့ဖြစ်နေသည်။ သိမ်အဆောက်အအုံမှာ ရုပ်ပွားတော်ပင် မိုးရွာအစိုခံ နေပူအခြောက်ဖြစ်နေသည်။ မျက်နှာစာ တွင် ကျော်အိမ် (၆) လုံးက ဖုံးကွယ်ထားသည်။ ဒါယကာများ၏ ကူညီမှု ဆရာတော်၏ ကြိုးစားအားထုတ်မှုတို့ကြောင့်၊ ရှေးကန်ထရိုက်တာ ဦးလွယ်ရှိန်၏ ကူညီမှုများကြောင့် သိမ်တော်ကို စဆောက်ကြသည်။ ကျူးကျော်အိမ်များကို နေရာအစားပေးဖယ်ရှားလိုက်သည်။ စေတီပြိုပျက်များကို ဓာတ်ပေါင်းစုစေတီအဖြစ် စုပေါင်းဘုရားတည်ရန် အိပ်မက်လိုလို လူသူတော်စင်တစ်ဦး ရောက်လာပြီး လျှောက်ထားသဖြင့် ဆရာတော် ဦးဇာဂရသည် ဒါယိကာများနှင့်တိုင်ပင်ပြီး အစွမ်းကုန်ကြိုးစားလေတော့သည်။

ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး ၁၃၃၂ ခု၊ နတ်တော်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့မှစ၍ အရပ်လူထုဖြင့် သန့်ရှင်းရေးလုပ်ခြင်း၊ ကော်မတီဖွဲ့ခြင်း၊ အလှူခံခြင်းများပြုလုပ်ကာ ၁၃၃၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ မွန်းတည့်ချိန် ဓာတ်ပေါင်းစုစေတီတော်ကြီး အုတ်မြစ်ချရန် စတင်ပန္နက်ရိုက်သည်။ မြို့သူမြို့သားများ၊ အနီးအနား ရွာများမှ လုပ်အားပေးများ၊ တပ်မတော်သားများ၊ ရဲဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ နေ့၊ ညအလှည့်ကျ လုပ်အားပေးများ တပျော်တပါးဟု သိရပါသည်။

**ဓာတ်ပေါင်းစုစေတီတော်ကြီးရွှေထီးတော်တင်ပွဲ**

ဓာတ်ပေါင်းစုစေတီတော်ကြီးထဲသို့ တောင်လေးလုံးကျောင်းရှိ ဘုရားစေတီပျက်များအပြင် ကန်ဦးကျောင်းဝင်းမှ စေတီပျက်များ၊ လယ်ပေါ်ကျောင်းထိုင် အတွင်းမှ စေတီပျက်များ၊ မင်းကျောင်း ကုန်းကျောင်းဝင်းမှ စေတီပျက်များအားလုံးကို ဓာတ်ပေါင်းစု စေတီတော်ကြီး အတွင်း ဝမ်းစာထည့်ဌာပနာလိုက်လေသည်။ ထို့နောက် ညဏ်တော် (၇) ပေ ခွဲရှိ ရှေးနှစ်ပေါင်း ၂၅၀ ခန့်မှ ကြေးဆင်းတုတော်ကြီးကို ဓာတ်ပေါင်းစုစေတီတော် ပေ (၂၀) မြင့်သော ဘုရားလိုဏ်အတွင်းသို့ စည်ကားသိုက်မြိုက်စွာပင့်ဆောင်ကြလေသည်။ ၁၃၃၈ ခု၊ တပို့တွဲလဆုတ် ၂ ရက်နေ့မှစ၍ ပွဲတော်ရက် (၁၀) ရက် ကျင်းပပြီး ဓာတ်ပေါင်းစုစေတီတော်ကြီး၊ ထီးတော်၊ စိန်ဖူးတော်များ တင်သပူဇော်ပွဲအောင်မြင်တော်မူလေသည်။

**ဗန်းမော်မြို့၏ ညီညွတ်မှုစံပြ ဓာတ်ပေါင်းစုစေတီတော်နှင့် ဦးဆောင်ဆရာတော်**

ဆရာတော် ဦးဇာဂရသည် ငယ်စဉ်ကာလ ရဟန်းဟု ဖြစ်လာပြီး ရဟန်းဘဝရခိုက် ကျင့်သင့်ကျင့်ထိုက်သော ပဋိပတ်အလုပ်ကို ရန်ကုန်မြို့ ကုက္ကိုင်း သာသနာ့ရိပ်သာမဟာစည်ဆရာတော်ထံတွင် ၁၃၂၂ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့၌ တရားအားထုတ်တော်မူလေသည်။ (၈၃) ရက် တရားအလုပ်အားထုတ်ပြီး တောင်လေးလုံးကျောင်း ပြန်လည်ဖြစ်မြောက်ရေး၊ ဓာတ်ပေါင်းစုစေတီတည်ထားရေးတို့ကို ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌဖြစ်လာပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တော်ဆက်ကပ်ခြင်းခံရသည်။ ယခုအခါ သက်တော် (၉၀) ခန့်ရှိပြီဟု ဆရာတော်မှ ပြောပြပါသည်။

ဘာအဆောင်၊ ဘာတရားများ ကျင့်ပါသလဲဘုရားဟု မေးလျှောက်သောအခါ မဟာစည်ဆရာတော်ဘုရားထံမှ သင်ယူခဲ့သော ဝိပဿနာတရားတော်တစ်ခုပါပဲလို့ မိန့်တော်မူပါသည်။

ထူးဆန်းသော ရုပ်လုံးဌာနများအကြောင်းမေးကြည့်တော့ ရှေးတုန်းက ဘုရားတည်လျှင် ဘုရားဖြစ်စဉ် ရုပ်လုံးများ ဌာပနာရသည်ဟု ပြောပါသည်။ နိမိတ်ကြီး (၄) ပါးမြင်ပုံ၊ တောထွက်ပုံ၊ ဆင်မြင်းရထားများ၊ သုမေဓာရသေ့ တံတားခင်းနေပုံများ၊ ဓာတ်တော်ကြုတ်များ၊ ဆံတော်ပယ်နေပုံ၊ ရုပ်လုံးများသည် သေးငယ်သော်လည်း မှကြည့်သောအခါ အလေးချိန်တော်တော်စီးနေသည်။ ထိန်းသိမ်းထားအပ်သော ရှေးလက်ရာများဖြစ်ပေသည်။ ဗန်းမော်မြို့တွင် သုံးလနေထိုင်ခဲ့သော ကာလတွင် ဆရာတော်ဘုရားထံ မကြာမကြာသွားရောက်လှူဒါန်းရင်း ဗဒ္ဒမင်း၏သာသနာ ဓာတ်ပေါင်းစုစေတီမဟာကို တစ်ဝကြီး ဖူးမြော်ခဲ့ရခြင်းကို ပြန်လည်ကုသိုလ်ပြု ရေးသားလိုက်ရပါတော့သတည်း။

ခင်ခင်ဝင်း (မောရဝတီ)

**ကျမ်းကိုး -**

၁။ ဗုဒ္ဓမြတ်စွာသာသနာတော်စည်ပင်ပြန့်ပွားပုံ (သနန္တနဓမ္မပါလ အဖွဲ့)
၂။ ရတနာသီခ ကုန်းဘောင်မဟာ ရာဇဝင်အကျဉ်း (နဂါးဗိုလ်ထိပ်တင်ထွေး)
၃။ တောင်လေးလုံး ဓာတ်ပေါင်းစု စေတီတော်သမိုင်း (ရွှေထီးကုန္ဒ ရာ) တည်တောဆရာတော်
၄။ ကိုယ်တိုင်သွားရောက်ဖူးခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com




# ဖျာပုံတင်နိုင်ဝင်း

## သိဒ္ဓိပြီးကြောင်းကုဒ္ဓိပါဒ်များ

လောကလူသားတို့သည် စားဝတ်နေရေး ပြေလည်စေချင်သည့်အပြင် ပညာရေး၊ ကျန်းမာရေး စသော ဂုဏ်ရည်ဂုဏ်သွေးများကိုလည်း ရရှိပိုင်ဆိုင်လိုကြပါသည်။ ထို့အပြင် ပစ္စည်းဥစ္စာပေါကြွယ်ဝလျက် ချမ်းချမ်းသာသာနေလိုကြသည်မှာလည်း ဓမ္မတာပင် ဖြစ်သည်။ သို့သော် အရာရာသည် အလိုရှိတိုင်း မရနိုင်ကြပေ။ မိမိတို့၏ ဉာဏ်ပညာ၊ ဝီရိယပေါ် မူတည်၍ အောင်မြင်ပြီးစီးမှုဟူသည် ဖြစ်၏။ ဉာဏ်ပညာနည်းပါးကာ ဝီရိယနည်းသွားပါက အောင်မြင်မှု မရနိုင်တော့ပေ။

လူတို့သည် ပြီးပြည့်စုံမှုအမျိုးမျိုးကို အမှန်တကယ် လိုအပ်နေပါသည်။ မိမိတို့ဘဝ အသက်ရှင်သန်ရပ်တည်ရေးအတွက် ပစ္စည်းပစ္စယများ လိုအပ်သလို အခက်အခဲပြဿနာများ ဖြေရှင်းရန်အတွက်လည်း အတတ်ပညာအမျိုးမျိုးလိုအပ်ပါသည်။ လိုအပ်ချက်အတိုင်း လိုချင်သည်ကို လောဘကြီးသည်ဟု မဆိုသာပါ။ အသုံးလို၍ ရှာဖွေရမည်မှာ လောကဓမ္မတာပင်ဖြစ်ပါသည်။ မတရားသော လိုချင်တပ်မက်မှုကိုသာ လောဘဟု ခေါ်ဆိုနိုင်ပါသည်။ တရားမျှတသော လိုချင်မှုကို သမ္မာဆန္ဒဟု ခေါ်ဆိုသင့်ကြောင်း ကျမ်းစာအချို့၌ ဖတ်ရှုရပါသည်။

ရှေးဟောင်းကျမ်းစာတို့၌ လောကလူသားတို့ အလိုရှိကြသော၊ အမှန်တကယ်လည်း ရယူနိုင်သော သမ္မာဆန္ဒဖြစ်သည့် သိဒ္ဓိဆယ်ပါး ဟူသည် ရှိကြောင်း လေ့လာနိုင်ပါသည်။

၎င်းသိဒ္ဓိဆယ်ပါးမှာ -

(၁) အနာရောဂါကင်းခြင်း-အာရောဂျသိဒ္ဓိ၊
(၂) အိုသောအဖြစ်မှ ပျိုရွယ်၍လာခြင်း - ယေဝဗ္ဗနသိဒ္ဓိ၊
(၃) အသက်ရှည်စေခြင်း-အာယုသိဒ္ဓိ၊
(၄) ဓားပြီး၊လှံပြီး၊သေနတ်ပြီး ရှိန်းပြီးစေခြင်း - ကာယသိဒ္ဓိ၊
(၅) ချစ်စေခြင်း - ပီယသိဒ္ဓိ၊
(၆) ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာတိုးပွားစေခြင်း - ဓနသိဒ္ဓိ၊
(၇) မြေကြောရှုံ့နိုင်ခြင်း - ပထဝီသိဒ္ဓိ၊
(၈) ရေပေါ်၌သွားနိုင်ခြင်း-ဥဒကသိဒ္ဓိ၊
(၉) ကောင်းကင်၌ သွားနိုင်ခြင်း - အာကာသသိဒ္ဓိ၊
(၁၀) အထူးထူးအပြားအပြား တန်ခိုးပြနိုင်ခြင်း - ကုဒ္ဓိဝိဓသိဒ္ဓိ - ဟူ၍ ဖြစ်ပါသည်။

အထက်ပါ သိဒ္ဓိဆယ်ပါးကို ရှေးနှောင်းပုဂ္ဂိုလ်တို့သည် သင်ကြားတတ်မြောက်ထားသော ဆေးဝါးမန္တရားကျင့်ကြံမှုစွမ်းပကားများဖြင့် အမှန်တကယ် ရယူနိုင်ခဲ့ကြောင်း ရှေးဟောင်းစာပေအထိုထို၌ တွေ့ရှိနိုင်ပါသည်။ ရှေးလူတို့သည် ၎င်းသိဒ္ဓိဆယ်ပါးကို ဝိဇ္ဇာအတတ်ပညာများဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်၏။ ထိုဝိဇ္ဇာအတတ်ပညာ၏သဘောမှာ စိတ်ကို အခြေခံထားပြီး ရွတ်ဖတ်မန်းမှုတ်၊ကျင့်ကြံအားထုတ်လျက် အချိန်ကြာမြင့်စွာ လုပ်ဆောင်ရသည့်ဝိစ္စမျိုး

www.burmeseclassic.com

ဖြစ်သည်။တစ်နည်းအားဖြင့် ဉာဏ်ပညာ [illegible]ကျက်အားကောင်းအောင် ထပ်တလဲလဲ ကြိုးစားအားထုတ်ရယူသော ပညာ[illegible]မျိုး ဖြစ်သည်။ ကိုယ်ပိုင်စိတ်တန်ခိုး ရှိအောင် လေ့ကျင့်ရသော အသိပညာ အခြေခံသော လောကီဝိဇ္ဇာအတတ်မျိုး ဖြစ်သည်။

ဒုတိယနည်းမှာ မိမိ၌ သီလ၊ သမာဓိရှိအောင် လေ့ကျင့်ကြိုးစားလျက် အခြားသိဒ္ဓိတန်ခိုးရှိသော ပုဂ္ဂိုလ်များထံမှ ကူညီမ,စမှုကို ခံယူသော အတတ်ပညာနည်းလမ်းမျိုး ဖြစ်သည်။ (၃၁) ဘုံအတွင်း၌ ရှိကြသော အသိဉာဏ်ပညာနှင့် သိဒ္ဓိတန်ခိုးကြီးမားကြသော ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ အပါအဝင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များသည် လူတို့၌ သီလ သမာဓိရှိလျှင် ချစ်ခင်နှစ်သက်ကြ၍ အလိုဆန္ဒရှိပါက သူတို့၏တန်ခိုးသိဒ္ဓိများဖြင့် လူတို့အား ကူညီမ,စလေ့ရှိကြသည်။ ထိုအခါ သိဒ္ဓိဆယ်ပါးအနက် အချို့သော အလိုရှိရာသိဒ္ဓိများကို မိမိတို့ ရရှိခံစားတတ်ကြပါသည်။

တတိယမြောက်နည်းလမ်းတစ်ခု လည်းရှိသေးသည်။ သိဒ္ဓိပြီးမြောက်ခဲ့ကြသောပုဂ္ဂိုလ်များက မိမိတို့၏တပည့်တပ်သားများအတွက်သော် လည်းကောင်း၊ ကျေးဇူးမကင်းသူများအတွက်သော်လည်းကောင်း၊ သနားကရုဏာရှိသူတို့အတွက်သော် လည်းကောင်း သိဒ္ဓိများအတတ်ပညာဖြင့် အဆောင်လက်[illegible]လှည့်၊ အင်းအိုင်များကို စီရင်ထား[illegible]ပါသည်။ ၎င်းအဆောင်လက်ဖွဲ့[illegible]တို့ကို ဆောင်ထားခြင်း၊ မန်းမှုတ်[illegible]ခြင်းဖြင့်လည်း စီရင်ခဲ့သူတို့၏ [illegible]သအတိုင်း မိမိတို့၌ သိဒ္ဓိဟူသည့် [illegible]မြင့်ခြင်းအကျိုးကျေးဇူးကို ရရှိ[illegible]နိုင်ကြပါသည်။

အချို့မှာမူ ရှေးဘဝက ပါလာ[illegible] အကြောင်းအမျိုးမျိုးကြောင့် [illegible] သိဒ္ဓိတန်ခိုးများ အလိုလိုဖြစ်ပေါ်[illegible]နေရသည်လည်း ရှိ၏။ ဥပမာ [illegible]ဆောင့်အချို့ လူ့ဘဝသို့ရောက်ရှိလာ[illegible]အခါတွင် ရွှေ ငွေများကို အလိုလို [illegible]ရှိလာအောင်ဖန်တီးနိုင်ကြသည်။ [illegible] ရှေးဘဝက ဆွေရင်းမျိုးနှီးတော်[illegible]သော ရုက္ခစိုးနတ် စသည်တို့က [illegible]ဘဝရောက်လာ၍ ဆင်းရဲနွမ်း[illegible]တို့ မြင်သဖြင့် ရှေးဘဝက ရင်း[illegible]စပ်ခဲ့ဖူးသော အတိတ်ကံအရှိန် [illegible]ကြောင့်လည်း ဓနသိဒ္ဓိ စသည်တို့ [illegible]တတ်ကြပါသည်။ အချို့လည်း ရှေးဘဝက ဆည်းပူးလေ့ကျင့်ခဲ့သော အတတ်ပညာ၏ အထုံပါရမီကြောင့် လည်း ယခုဘဝတွင် သိဒ္ဓိအတတ်မျိုးကို အထူးသင်ကြားမနေရဘဲ တတ်မြောက်နေတတ်၏။ ထိုအခြေအနေသည် အတိတ်ဘဝကပါလာသော သိဒ္ဓိတန်ခိုးကို ရရှိနိုင်သောနည်းလမ်း ဖြစ်သည်။

၎င်းသိဒ္ဓိတန်ခိုး တတ်မြောက်မှုနည်းလမ်းမျိုးတွင် ကိုယ်တိုင် ကျင့်ကြံအားထုတ်၍ ကိုယ်ပိုင်ရရှိထားသော သိဒ္ဓိတန်ခိုးမျိုးသာ အကောင်းဆုံး ဖြစ်သည်။ ထိုသို့ ကိုယ်ပိုင်ရရှိထားပါက အလိုရှိရာသိဒ္ဓိကို အလိုရှိသည့်အချိန်၌ အခါမရွေးရယူနိုင်ပါသည်။နတ်ကောင်းနတ်မြတ်များ ကူညီမ,စမှု ရရှိနိုင်သည့် သိဒ္ဓိတန်ခိုးနည်းလမ်းမျိုးမှာလည်း ဆိုင်ရာဆိုင်ရာ မ,စမည့်ပုဂ္ဂိုလ်က မိမိ၏အနီးအပါးတွင်ရှိဦးပါမှ အဆင်ပြေနိုင်သည်။ အကယ်၍ ဆိုင်ရာပုဂ္ဂိုလ်က မိမိနှင့်ဝေးရာသို့ တက်ရောက်နေလျှင်သော် လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်သော် လည်းကောင်း မိမိနှင့်နီးစပ်မှုမရှိချိန်တွင် မိမိအလိုရှိရာသိဒ္ဓိမျိုးကို ကူညီစောင်မပေးနိုင်လိမ့်မည် မဟုတ်ပေ။ ထို့အပြင် ရှေးပုဂ္ဂိုလ်တို့သည် စီရင်ခဲ့သော အဆောင်လက်ဖွဲ့တို့သည်လည်း အဓိဋ္ဌာန်ထားသည့် အချိန်ကာလကုန်ဆုံးသွားလျှင်သော် လည်းကောင်း၊ မိမိနှင့် မအပ်စပ်လျှင်သော် လည်းကောင်း၊ မီးနေသည်အိမ်သွားမိခြင်း၊ ထဘီတန်းအောက်ဝင်မိခြင်း၊ ကာမရာဂဖောက်ပြန်မိခြင်း၊ အမဲသားစားမိခြင်း စသည့် မဆီလျော်ရာ အကြောင်းတို့ကြောင့်သော် လည်းကောင်း၊ မိမိတို့လက်ဝယ်ရှိ အဆောင်လက်ဖွဲ့၊ အင်းအိုင်တို့မှာ တန်ခိုးသိဒ္ဓိ ပျက်ပြယ်တတ်ပါသည်။ ထိုသို့ပျက်ပြယ်သွားသော် မိမိတို့အလိုရှိရာသိဒ္ဓိကို ရနိုင်တော့မည် မဟုတ်ပေ။ တစ်ခါတစ်ရံ၌ မိမိ၏ ဖောက်ပြန်မှောက်မှားမှုတစ်စုံတစ်ရာကြောင့် ဆေးဝါးမန္တရား၊ လက်ဖွဲ့များကို စီရင်ခဲ့သူ ဝိဇ္ဇာဓိုရ်၊ သမ္မာဒေဝတို့က ပြန်လည်ရုပ်သိမ်းသွားတတ်သည်လည်းရှိရာ အဆောင်လက်ဖွဲ့ စသည့် ပစ္စည်းပစ္စယများကိုဆောင်၍ သိဒ္ဓိတန်ခိုးရယူသည့်နည်းလမ်းမှာလည်း မိမိဘဝတာအတွက် စွဲမြဲသေချာမှုမရှိတတ်လှချေ။ ထို့ပြင်တစ်ဝ ရှေးအတိတ်ဘဝက တန်ခိုးသိဒ္ဓိများကို ယခုဘဝတွင် ရရှိနိုင်ရန်မှာလည်း မလွယ်ကူလှချေ။ ထိုသို့ရရှိရန်မှာ ရှေးဘဝက ထိုသို့သော တန်ခိုးသိဒ္ဓိမျိုးကို နောင်ဘဝအထိ ဤကူးစက်သွားနိုင်လောက်အောင် အထုံရေစက်ကောင်းပါဦးမှ လက်ရှိဘဝတွင် ရရှိခံစားနိုင်ပါသည်။

ထိုသိဒ္ဓိအတတ်မျိုးကို မတတ်မြောက်ခဲ့လျှင်သော် လည်းကောင်း၊ တတ်ရုံလေး တတ်မြောက်ခဲ့လျှင်သော် လည်းကောင်း ယခုဘဝသို့ ကူးစက်ရောက်ရှိလာရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် မိမိတို့ဘဝအတွက် အလိုရှိရာ ပြီးစီးနိုင်သော သိဒ္ဓိတန်ခိုးတစ်မျိုးမျိုးကို ရရှိပိုင်ဆိုင်နိုင်ရန် ကြိုးစားရာတွင် ကိုယ်တိုင် သင်ကြား တတ်မြောက်ထားသော၊ ကိုယ်တိုင်ကျင့်ပွားအားထုတ်ရာမှ ရရှိထားသော သိဒ္ဓိအတတ်ပညာသည်သာ နေရာဒေသ၊ အချိန်ကာလမရွေး ဆောင်ကြဉ်းနိုင်သောကြောင့် အကောင်းဆုံးဟု ဆိုအပ်လှပေသည်။

သိဒ္ဓိပညာကို မိမိ၌ ပိုင်ဆိုင်တတ်မြောက်ထားသောကြောင့် အချိန်အခါ၊ နေရာဒေသမရွေး အသုံးချနိုင်ပြီး အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သိဒ္ဓိတန်ခိုးများပျက်ပြယ်သွားပါကလည်း မိမိ၌ အတတ်ပညာရှိနေခြင်းကြောင့် အချိန်မရွေး သိဒ္ဓိတန်ခိုးကို ပြန်လည်ဖန်တီးနိုင်ပါသည်။ မိမိတို့၌ သီလ၊ သမာဓိရှိနေသရွေ့၊ အတတ်ပညာမျိုးရှိနေသရွေ့ သိဒ္ဓိတန်ခိုးမှာ မိမိအဖို့ ပျောက်လျှိုးသွားလိမ့်မည် မဟုတ်ပေ။ မည်သည့်အရာမဆို ကိုယ်ပိုင်ရရှိထားခြင်းနှင့် ကိုယ်တိုင်တတ်မြောက်ထားခြင်းသည်သာ အရေးရာဆုံးနှင့် အသေချာဆုံးမဟုတ်ပါလော။ ထို့ကြောင့် ၎င်းသိဒ္ဓိပညာကို နှောင်းလူတို့ တတ်မြောက်နိုင်ရန် ရှေးဆရာတို့က နည်းအမျိုးမျိုးဖြင့် သင်ကြားရေးနည်းလမ်းနိဿယများကို စီရင်ထားခဲ့ကြပါသည်။ ၎င်းနည်းလမ်းများအနက် လောကီသိဒ္ဓိများကိုပါမက မဂ်၊ ဖိုလ် စသော လောကုတ္တရာသိဒ္ဓိများကိုပါ ပြီးစီးစေနိုင်သော သိဒ္ဓိတန်ခိုးရရှိခြင်း၏ အခြေခံဖြစ်သည့် ကြွဒ္ဓိပါဒ်လေးပါးကို ပြဆိုပါအံ့။

ဣဒ္ဓိပါဒ်၏ အဓိပ္ပာယ်ကား -

ဣဒ္ဓိယာပါဒေါ ဣဒ္ဓိပါဒေါ။ ။

ဣဒ္ဓိယာ - ပြည့်စုံခြင်း၊ ပြီးစီးခြင်းအမျိုးမျိုး၏။ ပါဒေါ - အခြေအမြစ်သည်၊ ဣဒ္ဓိပါဒေါ - ဣဒ္ဓိပါဒ်မည်၏ ဟူသော ဘုရားဟောပါဠိလာရှိသောကြောင့် ဣဒ္ဓိပါဒ်ဟူသည်မှာ တန်ခိုးသိဒ္ဓိများရရှိခြင်း၊ အလိုရှိရာပြည့်စုံပြီးစီးခြင်း၏ အခြေခံအုတ်မြစ်သဘောကို ဆိုလိုပါသည်။ တစ်နည်းအားဖြင့် သိဒ္ဓိတန်ခိုးများရရှိရေး



www.burmeseclassic.com

www.burmeseclassic.com

သင်ကြားတတ်မြောက်ရေး၏ အခြေခံရမည့်နည်းလမ်းများကို ဣဒ္ဓိပါဒ်ဟု ခေါ်၏။

ဎင်းဣဒ္ဓိပါဒ်သည် လေးပါးရှိ၏။

**၁။ ဆန္ဒိဒ္ဓိပါဒေါ = ဆန္ဒဣဒ္ဓိပါဒ်**

အလိုရှိရာကို မရမနေ ကြိုးစားမည် ဟူသော ပြင်းပြသောစိတ်ဆန္ဒမျိုးသည် တန်ခိုးသိဒ္ဓိရရှိရေး၏ ရှေးဦးစွာအခြေခံရမည့် နည်းလမ်းတစ်ရပ် ဖြစ်သည်။ အရာရာသည် စိတ်ဆန္ဒမရှိက မဖြစ်ထွန်းနိုင်။ မအောင်မြင်နိုင်။ စိတ်ဆန္ဒရှိမှသာ ပြီးစီးအောင်မြင်နိုင်မည် ဖြစ်သည်။ မိမိအဖို့ ကြီးပွားချမ်းသာစေရန် ပြင်းပြသောဆန္ဒဖြင့် ကြိုးစားရမည် ဖြစ်သည်။ ထိုဆန္ဒသည် ခဏဆန္ဒမျိုး မဖြစ်စေရန်နှင့် စွဲမြဲသောစိတ်ဆန္ဒဖြစ်ရန်လည်း အလွန်အရေးကြီးပါသည်။ ထိုစိတ်ဆန္ဒ၏ အစွမ်းအာနိသင်ကား မိမိ တတ်မြောက်လိုသော သိဒ္ဓိပညာရပ်များကို မရမနေ သင်ကြားမည် ဟူသော ထကြွမှုကို ဖြစ်စေလျက် သင်ကြားရာတွင် အမိကအထောက်အကူပြုပါသည်။ ထို့ကြောင့် ပြီးစီးခြင်း တည်းဟူသော အောင်မြင်မှု သိဒ္ဓိတန်ခိုးများ ရရှိရေးအတွက် လေ့လာသင်ကြား ကြိုးစားအားထုတ်ရာတွင် ဆန္ဒဣဒ္ဓိပါဒ်သည် ရှေးဦးစွာ မဖြစ်မနေ ကျင့်သုံးအပ်သော ဣဒ္ဓိပါဒ်တစ်ခု ဖြစ်သည်။

**၂။ ဝီရိယိဒ္ဓိပါဒေါ = ဝီရိယဣဒ္ဓိပါဒ်**

အလိုရှိရာ ပြီးစီးအောင်မြင်နိုင်ရန် ဝီရိယသည်လည်း မပါမဖြစ်သော အခြေခံရမည့် ဣဒ္ဓိပါဒ်တစ်မျိုး ဖြစ်သည်။ ဝီရိယ၏သဘောမှာ နောက်မတွန့်လိုသော ရဲရင့်သည့် စိတ်ဓာတ်မျိုးကို ဆိုလိုသည်။ သိဒ္ဓိတန်ခိုးမျိုးရရှိရေး၌ မကြောက်နောက်မတွန့်ဘဲကြိုးစားမည် ဟူသော ဝီရိယစိတ်မျိုးရှိမှသာ ပြီးစီးအောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ မည်သည့်အလုပ်မဆို ဝီရိယမရှိလျှင် အောင်မြင်လိမ့်မည် မဟုတ်ပေ။ အောင်မြင်လိုသူတိုင်းသည် ဝီရိယကို စွဲစွဲမြဲမြဲကျင့်သုံးရန် လိုသည်။ အရာရာသည် ဝီရိယနည်းပါက အောင်မြင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ပြီးစီးအောင်မြင်လိုသူသည် ဝီရိယ ဟူသော ဣဒ္ဓိပါဒ်ကိုလည်း အခြေခံထား၍ ကြိုးစားလုပ်ဆောင်ရပေလိမ့်မည်။

ဝီရိယဣဒ္ဓိပါဒ်၏ အစွမ်းကား အခက်အခဲဟူသမျှကို အလွယ်တကူ ကျော်လွှားနိုင်ပြီး အလိုရှိရာကိုလည်း ဦးတည်ချက်မပျက်ဘဲ ဆက်လက်လုပ်ဆောင်သွားနိုင်ပါသည်။ ဝီရိယ၏ အာနိသင်သဘောသည် အလိုရှိရာသို့ မရောက်မချင်း ကြိုးစားချင်စိတ်ကို မလျှော့ဘဲ ဇွဲကောင်းကောင်းဖြင့် လုပ်ဆောင်နေတတ်ခြင်းကြောင့် ဝီရိယသည် ပြီးစီးအောင်မြင်ရေးအတွက် မရှိမဖြစ်သော ဣဒ္ဓိပါဒ်တစ်မျိုး ဖြစ်သည်။

**၃။ စိတ္တိဒ္ဓိပါဒေါ - စိတ္တဣဒ္ဓိပါဒ်**

ပြီးစီးအောင်မြင်မှု၌သာ အမြဲတမ်းကြံစည်စိတ်ကူးတတ်သောသဘောကို အခြေခံရမည့် ဣဒ္ဓိပါဒ်ကို ဆိုလိုသည်။ တစ်နည်းအားဖြင့် မိမိဆန္ဒရှိရာ၊ ဝီရိယရှိရာကိုသာ စွဲစွဲလမ်းလမ်းဖြစ်တည်နေသော အတွင်းစိတ်ဓာတ်ကို ဆိုလိုသည်။ အရာရာအောင်မြင်ပြီးစီးနိုင်ရန် စိတ်ဓာတ်သည် အလွန်အရေးကြီး၏။ စိတ်မပါဘဲ လုပ်ဆောင်နေရသည့်အလုပ်သည် အောင်မြင်ရန် ခဲယဉ်းလှပေသည်။ မိမိလုပ်ငန်းအပေါ် အမြဲစွဲဆင်ခြင်တိုင်းထွာနေမှသာလျှင် လုပ်ဆောင်ရမည့် လုပ်ငန်းလမ်းကြောင်းကို ရှင်းရှင်းလင်းလင်းသိလာပြီး အောင်မြင်သည်အထိ ရှေ့ဆက်ဆောင်ကြဉ်းသွားနိုင်မည် ဖြစ်သည်။ မိမိအလိုရှိရာကို ကြိုးစားရာတွင် တစ်ခါတစ်ရံ၌ စိတ်အလျဉ်ပြတ်သွားပြီး စိတ်မပါ လက်မပါဖြစ်ကာ ကျဆုံးသွားတတ်ပါသည်။ ထို့ကြောင့် အောင်မြင်ပြီးစီးနိုင်ရန် စိတ်အလျဉ် တည်းဟူသော စိတ္တဣဒ္ဓိပါဒ်ကို အခြေခံတစ်ခုအဖြစ်ထားရှိရန် မမေ့သင့်ပေ။

**၄။ ဝီမံသိဒ္ဓိပါဒေါ - ဝီမံသဣဒ္ဓိပါဒ်**

ဝီမံသဣဒ္ဓိပါဒ် ဆိုသည်ကား ဆင်ခြင်တိုင်းထွာတတ်သောဉာဏ်ပညာကို ဆိုလိုသည်။ တစ်နည်းအားဖြင့် အကြောင်းအကျိုးဆက်နွယ်မှုကို ဝေဖန်ပိုင်းခြားနိုင်သော အသိပညာကို ဆိုလိုပါသည်။ သိဒ္ဓိတန်ခိုးရရှိရေးအတွက် အမျိုးမျိုးကြိုးစားကြရာတွင် အသိဉာဏ်ပညာရှိပါက အမှားအယွင်းမျိုးစုံနှင့် ကြုံတွေ့ရနိုင်သည်။ အလုပ်တစ်ခုကို ဆင်ခြင်တိုင်းထွာမှုမရှိဘဲ ဖြစ်ကတတ်ဆန်း လုပ်ဆောင်ပါက လိုရာမရောက်ဘဲ လမ်းကြောင်းပင်လွဲသွားနိုင်ပေသည်။ ဤအကြောင်းတရားကို ပြုလုပ်လျှင် ဤအကျိုးတရားကို ရရှိနိုင့်မည်ဟု ဝီမံသခေါ် ဉာဏ်ပညာဖြင့်ဆင်ခြင်၍ လုပ်ဆောင်မှသာလျှင် အကြောင်းအကျိုးညီညွတ်သည့်အားလျော်စွာ လိုရာကိုပြီးစီးအောင်မြင်နိုင်ပါသည်။ ထို့ကြောင့် ပြီးစီးအောင်မြင်ရေးအတွက် ဝီမံသဣဒ္ဓိပါဒ်ခေါ် ဆင်ခြင်ဉာဏ်ကို အခြေခံထားရှိရန်လည်း မမေ့သင့်ပေ။

လောကတွင် အသိဉာဏ်နည်းပါးသူ များလှပေသည်။ ထိုသို့ အသိဉာဏ်နည်းပါးခြင်းကြောင့် မိမိလိုရာပြီးမြောက်အောင်မြင်နိုင်ရန် နည်းလမ်းများကို ရှာဖွေတွေ့ရှိရန် ခဲယဉ်းလှပေသည်။ ထို့ကြောင့် အလုံးစုံသိသော သဗ္ဗညုတ ရွှေဉာဏ်ရှင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သတ္တဝါအများတို့အား လိုရာပြီးစီး အောင်မြင် ချမ်းသာစေခြင်းငှာ ဣဒ္ဓိပါဒ်တရားလေးပါး(ခေါ်)အောင်မြင်ရေး အခြေခံနည်းလမ်း (၄) ခုကို ထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် ဘုရားလောင်းဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့သော ကိုယ်တွေ့ အောင်မြင်ခဲ့သည့်နည်းလမ်းများလည်း ဖြစ်ပါသည်။

ထိုနည်းလမ်းများအတိုင်း ဇွဲ လုံ့လပြုလျက် အဖန်ဖန်ကြိုးစားမည်ဆိုပါက မိမိတို့မျှော်မှန်းထားရာ သိဒ္ဓိဆယ်ပါးထဲမှ လိုရာပြီးစီးအောင်မြင်မှုများကို ဧကန်ရရှိ ကြမည် ဖြစ်သည်။ အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်းအပြင် မြေလျှိုးမိုးပျံ သမာဓိ အခြေခံ ဈာန်အဘိညာဉ်တန်ခိုးများ ရရှိ ရေးအတွက်ပါမက ဤဣဒ္ဓိပါဒ်လေးပါးသည် ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရခြင်းသဘောတို့ကို တွေ့မြင်လျက် ဆင်းရဲကိုပယ်နိုင်သော မဂ်ဉာဏ်ကိုပင် ရရှိစေနိုင်ပါသည်။ ထို့ကြောင့် လောကီစီးပွား၊ လောကုတ္တရာစီးပွားတို့ အတွက် ကြိုးစားအားထုတ်နေသူတို့ အား မိမိတို့ကိစ္စအဝဝ အောင်မြင်ပြီးစီး နိုင်ရေးအတွက် ဤဣဒ္ဓိပါဒ်တရားလေး ပါးကို ဆင်ခြင်ရှုပွား၍ ကြိုးစားလုပ် ဆောင်ကြပါရန် တိုက်တွန်းလိုက်ရ သည်။

ဖျာပုံတင်နိုင်ဝင်း

**မှီငြမ်း -**

၁။ သေက္ခတောင်ဆရာတော် အရှင် တိလောကမထေရ် စီရင်အပ်သော ပဋ္ဌာန်တဝေဒနီယဒီပနီကျမ်း

၂။ လယ်တီဆရာတော်ကြီး၏ ဗောဓိပက္ခိယဒီပနီကျမ်း



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့် ... ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့် ... လွန်စွာ နာမည်ကြီးလှသော ဗေဒင် ... ရာတစ်ဦး ပေါ်ပေါက်ခဲ့ဖူးလေ၏။ ... ဗေဒင်ဆရာအား ရှမ်းဘိုးဘိုးဟု ... သူကခေါ်ကြ၏။ ရှမ်းဘိုးတော်ဟု ... လူသိများလှ၏။ ထိုရှမ်းဘိုးတော် ... အန္တိမရည်မှန်းချက်က ဝိဇ္ဇာမဂ္ဂဇိမ်ရ ... ရပ်များဖြင့် အထက်တန်း ထွက်ရပ် ... တိုမြန်းရန် ဖြစ်၏။

ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှာ အမြဲတမ်း အမိဋ္ဌာန်ဝင်ပုတီးစိပ်လေ့ရှိပြီး ဘုရားဖူးလာရင်း မကျန်းမမာဖြစ်နေသူများတွေ့ပါက အသင့်ဖော်စပ်ထားဆေးဝါးများကုသပေးခြင်း၊ အခက်အခဲတစ်ရပ်အနေဖြင့် အကျပ်တည်းဆိုက်နေသူများတွေ့ပါက ဗေဒင်ပညာယတြာတို့ဖြင့် စောင့်မစောင့်ရှောက်ပေးခြင်း၊ မေတ္တာရောင်ပြန် ကျေးဇူးတုံ့ပြန် လှူဒါန်းသွား ဝတ္ထုငွေကြေးများဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ပါသည်။

ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး ဘုရားများတွင် လှည့်လည်အမိဋ္ဌာန်ဝင်ရင်း ရှေးဟောင်းခြံပျက်ကြီးတစ်ခုအတွင်း၌ ပျက်စီးယိုယွင်းနေသောဘီလူးရုပ်များစွာကို တွေ့မြင်ရသောအချိန်မှစ၍ ထိုပျက်စီးယိုယွင်းနေသော ဘီလူးရုပ်များ ပြန်လည် ပြုပြင် အသုံးပြု၍ ဘုရားတစ်ဆူတည်ရလျှင် ကောင်းလေစွဟု စိတ်မှာဖြစ်ပေါ်လာမှုနှင့်အတူ ဘုရား


ကံဝင်း

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ


# ထူးထူးခြားခြား ပဒေါ်ယိုဘုရား အမှတ်(၁၁)



... စင်ခြေရင်းမှပဒေါ်ယိုဘုရား သို့မဟုတ် အောင်မြင်ခြင်းစေတီတော်



... ဘုရားစေတီတော်အစုအဝေးဖူးရစဉ်



ပဒေါ်ယိုဘုရားမှဖူးမြော် နောင်တော်ကြီးစေတီတော်



www.burmeseclassic.com

www.burmeseclassic.com


ပခေါ်ယိုစေတီတော်မှ နဂါးရုံဘုရား


အရှေ့ဘက်မျက်နှာလှည့်မှန်ဦးဘုရား


ပခေါ်ယိုဘုရားမှ မတ်ရပ်တော်ဘုရား


ရုပ်ပွားတော်မြတ်နှင့်
အစောင့်ဘီလူးရုပ်ပုံ


(၇၄) မြတ်စွာဘုရားနှင့်
ရှေးခေတ်လက်ရာ ဘီလူးရုပ်တု


နဂါးရုံဘုရားရှေ့
ကန်တော့ပွဲကပ်လှူထားပုံ

တည်ရန် စိတ်ရည်သန်နေခဲ့လေ၏။

ရှေးဟောင်းဘီလူးရုပ်များသည် ကလေးများဆော့ကစား၍လည်းကောင်း၊ သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း ပျက်စီးယိုယွင်းနေလေ၏။ ဘီလူးသိုက်မှ ဟု ဆိုသော ကြောက်မက်ဖွယ်သွင်ပြင်များက ဘုရားတစ်ဆူတည်ပေးပါရန် အိပ်မက်ထဲတွင် မေတ္တာရပ်ခံကြပြန်၏။

ဤသို့ဖြင့် ရှမ်းဘိုးတော်ကြီးသည် ဘုရားတည်ရန် အဓိဋ္ဌာန်ဝင်တော့၏။ သက်သတ်လွတ်စား ဂုဏ်တော်ပုတီးပွားများရန် အောင်ဓါတ်ကိန်းမည့်နေရာဌာန တနင်္ဂနွေထောင့်ကို ရွေးချယ်လိုက်၏။ နေ့စဉ်အဓိဋ္ဌာန်ဝင်ပြီးမြောက်သည်နှင့် ဗေဒင်မေးမည့်သူများတန်းစီစောင့်ဆိုင်းနေတတ်၏။ ဟောပြောခြင်းမှ ရရှိလာသော ဝတ္ထုငွေကြေးများနှင့် ဘုရားတည်ရန် လာရောက်လှူသော ဝတ္ထုငွေကြေးများကို လုံခြုံစွာ သိမ်းဆည်းထားရာမှ ထိုငွေများသည် ပွားနေသည်ကို ထူးခြားစွာ တွေ့ရ၏။ အဓိဋ္ဌာန်စခန်းပြီးမြောက်ခရီးရောက်ချိန်မှာ ဘုရားတည်ရန် ငွေကြေးလည်း အလုံအလောက်ရလာ၏။ ဘုရားတည်ရန် နေရာဌာနကို သာရှာရန်ရှိတော့၏။ အဓိဋ္ဌာန်ပြီးချိန်မှာ လက်ကို ဆန့်တန်းလိုက်၏။ ဆန့်တန်းသောလက်၏ လားရာအရပ်ကို ကြည့်လိုက်ရာ နောင်တော်ကြီးဘုရားခြေရင်းနား ဗောဓိပင်အနီး၌ ရောင်ခြည်တော်များကွန့်မြူးနေသည်ကို အံ့သြစွာဖြင့် ဖူးမြင်လိုက်ရ၏။

ရှမ်းဘိုးတော်ကြီးသည် လက်ကို ဆန့်တန်းရင်း ရောင်ခြည်တော်ကွန့်မြူးရာဌာနသို့ အဓိဋ္ဌာန်ဝင်ရာဌာနမှဦးတည်လျှောက်လှမ်းလာလေ၏။ ရောင်ခြည်တော် ကွန့်မြူးနေရာသို့ ရောက်ရှိသောအခါ ဤနေရာသည် ဘုရားတည်ရန် မြေမြတ်မဟာအောင်မြေသာတည်းဟု ဆိုလျက် နေရာအဝန်းအဝိုင်းသတ်မှတ်၍ ဘုရားစေတီ တည်တော်မူခဲ့သည်ဟု ရှေးမိနောက်မီလူကြီးများပြောစကားအရ သိရပါသည်။ ဘုရားတည်ရာတွင် ဘီလူးသိုက်မှ ဘီလူးများက များစွာအကူအညီများပေးကြ၏။ ရှာဖွေတွေ့ရှိသော ဘီလူးရုပ်များ၊ ကျိုးပဲ့ပျက်စီးနေသော ဘီလူးရုပ်များကို အကောင်းပကတိဖြစ်အောင်ပြုပြင်၍ ဘုရားဆောင်ဘုရားရုပ်ပွားအောက်ခြေတွင် ထားရှိထား၏။

စာရှုသူ ဓမ္မမိတ်ဆွေများ ပခေါ်ယိုဘုရား သွားရောက် ဖူးမြော်ကြလျှင် ဘုရားဆောင်များ၏ ခြေရင်းတွင်



www.burmeseclassic.com


www.burmeseclassic.com



နတ်ဘီလူးရုပ်များ



အသက်ဝင်နေသော ဘီလူးကြီးရုပ်တု



ပခေါ်ယိုဘုရားမှာ သာသနာပြုနေတော်မူသော ဆရာတော်ဦးဝိသာရဒနှင့် စာရေးသူ



ကန်တော့ပွဲလှူ ဆုတောင်းနေစဉ်



ပခေါ်ယိုဘုရားမှာ ဆုတောင်းအဓိဋ္ဌာန်ပြုကြစဉ်

အသက်ဝင်နေသော အစောင့်ဘီလူးရုပ်တုများ တွေ့ကြရပါလိမ့်မည်။ လက်ရာ အလွန်မြောက်သောဘီလူးရုပ်များဖြစ်ကြပါသည်။ ယခင်က ဘီလူးရုပ်တုရုပ်တု (၈) ခုမှ ဘီလူးရုပ် (၆) ခု၏ အမည်နာမများကို ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့နိုင်ပါသည်။

၁။ ဟေမဝတ၊
၂။ သုစိလောမ၊
၃။ သာတာဂီရိ၊
၄။ ခရလောမ၊
၅။ အာဠာဝက၊
၆။ ကုမ္ဘကတို့ ဖြစ်ပါသည်။

ထိုဘီလူးရုပ်များသည် အလွန်အသက်ဝင်နေသည်ကို မြင်ရသည်ဟု ဆိုနိုင်ပါသည်။


ရှမ်းဘိုးတော်ကြီးအဓိဋ္ဌာန်အောင်မြင်၍ ကြွေးကြော်ခဲ့သော ပခေါ်ယိုစကားသည် ရှမ်းဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်မှာ 'အောင် မြင်ခြင်း' ဟု သိရပါသည်။ မြန်မာလို 'အောင်မြင်ခြင်းဘုရား' ဟု ဘွဲ့အမည်တော် မှည့်ခေါ်နိုင်ပါသည်။ သို့သော် အများက မာတ်ပိုင်းဆိုင်ရာ၊ အဓိဋ္ဌာန်ပိုင်းဆိုင်ရာ ကျင့်ကြံပွားများအားထုတ်ကြသူများနှင့် ဘုရားဖူးအများစုက ပခေါ်ယို အသံထွက် 'ပခေါ်ရှစ်' ဘုရားဟုသာ ခေါ်ဝေါ်တော်မူကြပါသည်။

**ထူးထူးခြားခြား နဂါးရုံဆုတောင်းပြည့်ဘုရား**

အောင်မြင်ခြင်းဟု အဓိပ္ပာယ်ရသောပခေါ်ယိုစေတီတော်ပတ်ပတ်လည်၌ ဘုရားဆောင်များ၊ ရုပ်ပွားတော်ကြီးများဖြင့် ဖူးတွေ့နိုင်ပါသည်။ အထူးသဖြင့် အနောက်ဘက်လှည့် ဂူအတွင်း နဂါးသိုက်နှင့် ဆက်နွယ်နေသူ အလှူရှင်တစ်ဦး၏နဂါးရုံဘုရားတစ်ဆူသည်လည်း ထူးထူးခြားခြားတည်နေတော်မူသည်ကို



www.burmeseclassic.com



ပခေါယိုဘုရားရှေ့အမိဠာန်ဝင်သူများ



လွန်ခဲ့သောနှစ်ပေါင်း (၄၀) က အသစ်ပြန်ပြုပြင်သူတို့၏ ကမ္ပည်းကျောက်စာ



ပခေါယိုဘုရားလာရောက်ဖူးမြော် ကုသိုလ်တော်ယူကြစဉ်

ဖူးတွေ့နိုင်ပေလေ၏။ အများအားဖြင့် ထို အနောက်ဘက်လှည့် မုခ်ဝရှေ့တွင် နဂါး သိုက်နှင့်ပတ်သက်သူများ၊ ဘီလူးသိုက် နှင့်ပတ်သက်သူများ၊ အမိဌာန်ဝင်လာကြ ကုန်သော သူတော်စင်များ အမိကအား ထားဖူးမြော် ပွဲလျှ ပွဲကပ်၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူကြသည်ကို တွေ့မြင်နိုင် ပါသည်။ ထိုနဂါးရုံဘုရားမုခ် အောက် ခြေမျက်နှာဝတွင် သာဓကဝင်လှုပါသော ဟေမဝတ၊ သုစိလောမ၊ သာတာဂီရိ ဟူသော ဘီလူးရုပ် (၃) ရုပ်ထားရှိခြင်း က ထူးခြားလှပါသည်။

နဂါးသိုက်နှင့် ပဋ္ဌာန်းဆက်ရှိသူ များက ထိုနဂါးရုံဘုရားရှေ့တွင် ပွဲလှူပွဲ ကပ်၍ စိတ်ကြံသမှု အဓိဋ္ဌာန်ပြု ဆု တောင်းကြသောအခါ ထူးထူးခြားခြား အကျိုးများသွားကြ၏။ ဆုတောင်းပြည့် ၏။ ဘီလူးသိုက်နှင့် ပဋ္ဌာန်းဆက်ရှိသူ များလည်း ပခေါယိုဘုရားသို့ပွဲ လှူပွဲ ကပ်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသော အခါ လိုရာပြီးမြောက် ခရီးရောက် ကြောင်းကြားသိရပါသည်။

**ပခေါယိုဘုရားမှာ သာသနာပြုနေသော ဆရာတော်**

စာရေးသူသည် ကျေးဇူးရှင် ချောင်းဝဆရာတော်ထံပါး၌ ပွဲလှူ ကံ (၂) ပါးထိန်း၊ သစ္စာဆို အဓိဋ္ဌာန်ပြု တပည့်ခံယူခဲ့သော ၁၉၇၉ ခုနှစ်မှစ၍ ရွှေတိဂုံစေတီတော်သို့ တနင်္လာနေ့တိုင်း တက်ရောက်၍ နိုင်ရာ ဒါနမှု၊ သီလမှု ဘာဝနာမှု အပတ်စဉ်ပြုနေခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပါပြီ။ လွန်ခဲ့ သော (၁၀) နှစ်ခန့်မှစ၍ ရွှေတိဂုံဘုရား ရင်ပြင်တော်တွင် သတိပြုမိခဲ့သော အချက်မှာ အောင်မြင်ခြင်းဟု အမည်ရ သော ပခေါယိုဘုရားစေတီတော်ရင်ပြင် တော်တစ်ပိုက်တွင် သာသနာပြုနေ သော ဆရာတော်တစ်ပါးကို သတိပြုနေ ခဲ့မိပါသည်။

ထိုဆရာတော်၏ ဘွဲ့တော်မှာ ဦးဝိသာရဒဟုသိရပါသည်။ ဆရာတော် သည် လူငယ်ဘဝ ကမာရွတ် သုခလမ်း မှာနေ၍ မိဘများသည် ချမ်းသာကြွယ်ဝ ကြပါသည်။ မိဘများ၏ချမ်းသာမှုကို အခွင့်အကောင်းယူ၍ သေရည်မူးယစ် ဆိုးသွမ်းမိုက်မဲမှုများဖြင့် လူငယ်ဘဝကို ကုန်လွန်စေခဲ့ပါသည်။ အကျွတ်တရား ရပြီဆိုပြန်တော့လည်း အံ့သြစွာဖြင့် မူးယစ်သောက်စားဆိုးသွမ်းမှုများ စွန့် လွှတ်၍ သာသနာ့ဘောင်သို့ကူးပြောင်း ကာ အမေအို၏ဆန္ဒကို အကောင်အ ထည်ဖော်သောအားဖြင့် သာသနာ့ ဘောင်မှာ စွန့်စွန့်စားစား မန္တန်တရား ပွားများအားထုတ်နေရသည်မှာ အား အတုယူဖွယ်ကောင်းလှပါသည်။

နေ့စဉ် နံနက် (၇)နာရီဆိုပါလျှင် ဘုရားပေါ်ရောက်ရှိ၍ ပန်း၊ ရေ အမွှေးနံ့သာ စုံစွာကပ်လှူ သူများ



www.burmeseclassic.com

www.burmeseclassic.com




ရှေးအခါက ရွှေတိဂုံရင်ပြင်တော်မှာ ဗေဒင်မေးသူများနှင့် ဗေဒင်ဟောဆရာပုံ

...ဗ္ဗာပို့သ မျှတပေးဝေ ကောင်းမှုအ ...တွေ့မြင်ပါသည်။ မြတ်စွာဘုရားအား ...ရှင်းရေးမှအစပြု ဝေယျာဝစ္စဆောင် ...ခြင်း၊ အနီးအပါးဗောဓိပင်နှင့် သိုက် ...ဘုရားများတွင် သန့်ရှင်းရေးပြု၍ ...ကြီး(၁၁)သုတ်ရွတ်၊ မာရဏပရိတ် ... ပရိမိတ္တဇာလသုတ်၊ ပဋ္ဌာန်းတော် ... ရွတ်ပွား ရွတ်ဖတ်ပူဇော်ပြီး သိုက် ...ကြီးနှင့် သိုက်နန်းရှင်တွေ၊ ဘုရား ...င့်တွေ၊ နဂါးသိုက်၊ ဘီလူးသိုက်နှင့် ...အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါတို့ ... မေတ္တာပို့သ၍ အမျှပေးဝေခြင်း ... နေ့စဉ် (၃) ကြိမ်ခန့် ပြုလုပ်ခြင်းနှင့် ...ည့် လကွယ်နေ့တိုင်း ရွှေတိဂုံစေတီ ...အောက်ပစ္စယံမှစ၍ စေတီတော် ...စ်ဝန်းလုံး ပဋ္ဌာန်း၊ ပရိတ်တော်များ ...လည်း ရွတ်ဆိုမှုများ ပြုလုပ်၏။ ထို့ ... ရွှေတိဂုံစေတီတော် ကကုသန်၊ ...ဂုံ၊ ကဿပ၊ ဂေါတမ မုခလေး ...ညွှ်၍ အဓိဋ္ဌာန်ဝင်ခြင်း၊ နောင် ...ကြီးဘုရားမုခ် (၄) မုခ်လှည့်၍ ...ဋ္ဌာန်ဝင်ခြင်းများ အခါအားလျော် ...ဆောင်ရွက်တော်မူပါသည်။ ရွှေတိဂုံ ...တော် မုခ်(၄)မုခ်၊ ဘုရား(၄)ဆူ ...တင်းသုံး၍ နောင်တော်ကြီးဘုရားမုခ် ...ခ်တွင် အထက်ဝိဇ္ဇာလိုင်းနှင့်ထွက် ...ပေါက်တျင့်စဉ်များဖြင့် အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့ကြသော အရှင်သူမြတ်များ သီတင်းသုံးကြပါသည်။ ရှေ့မုခ်တွင် ရှင်အရဟံတန်ဆောင်း၊ အနောက်ဘက်မုခ်တွင် ဝိဇ္ဇာတန်ဆောင်း၊ တောင်ဘက်မုခ်တွင် ရှင်အဇ္ဇဂေါဏ၊ မြောက်ဘက်တွင် ရှင်မထီး ဟူသော ဝိဇ္ဇာကြီးများ ဆက်နွယ်နေသော မုခ်(၄) မုခ်တွင် အဓိဋ္ဌာန်ဝင်ရွတ်ဖတ်ပူဇော်မျှတပေးဝေ အမျှဝေမှုများ ပြုလုပ်တော်မူပါသည်။

ထိုသို့ လှည့်လည် ပူဇော်ခြင်းနှင့် ပခေါယိုဘုရားတွင် အဓိကထားပွားများမှုများကြောင့် မမြင်ရသောလောကမှ လိုအပ်လျှင် လိုအပ်သလို ကူညီညာဝိုင်းမိုင်းမမှုတွေရရှိတော်မူလေ၏။ သာသနာပြုဆရာတော် ဦးဝိသာရဒ၏ တပည့်သာဝကများနှင့် (၇) ရက်သားသမီးများမှ အခက်အခဲများ ကြုံတွေ့လာသောအခါ လောကီရေးရာ၊ လောကုတ္တရာကိစ္စရပ်များတွင် သက်ဆိုင်ရာသို့ ဆရာတော်မှ မေတ္တာရပ်ခံ ဆောင်ရွက်ပေးသဖြင့် အောင်မြင်သွားသူများ များစွာရှိကြောင်း ကြားသိရ၏။ ကျန်းမာရေးမကောင်းသူများကိုလည်း ပရိတ်၊ ပဋ္ဌာန်းရေများတိုက်ကျွေး၍ ရောဂါဘေးမှ ကင်းဘင် ပေးသနားတော်မူနေသော ဆရာတော်တစ်ပါးဟု သိရှိရပါသည်။

**ရောဂါရန်ဘေးမှကင်းဝေးသူ**

အမည်က ငြိမ်းအိထွန်းဟု ခေါ်သော မိန်းကလေး၊ ပျိုရွယ်နုပျိုချောမောသော မိန်းကလေး ဖြစ်၏။ သို့သော် ပျိုရွယ်ငယ်သူဖြစ်သော်လည်း စိတ်ရွှင်လန်းဆန်းမှုမရှိ ပင်ပန်းနွမ်းနယ်နေလေ၏။ ကင်ဆာဟုကျော်ကြားသောရောဂါတစ်ခုကို ခံစားနေရ၏။ ကုရာနတ္ထိ ဆေးမရှိ။ ဘုရားဖက်တော့ အသက်ရှည်။ ရွှေတိဂုံဘုရားပေါ် တက်ခဲ့၏။ နေ့စဉ်နီးပါး ဘုရားပေါ်ရောက်၏။ မငြိမ်းအိထွန်း၏ကုသိုလ်ကံအခွင့်က ပန်းလိုပွင့်ခဲ့၏။ အောင်မြင်ခြင်းဟု အမည်ရသော ပခေါယိုဘုရားထံပါး သွားရောက်ဖူးမြော်ဆုတောင်းနေတော်မူရင်းမှ ပရိတ်ကြီးရွတ်ဖတ်ပူဇော်နေသော ရဟန်းတစ်ပါးကို သတိပြုမိ၏။ ထိုရဟန်းတော်ကို ကြည်ညိုမှုများစွာဖြင့် ရှိခိုးကန်တော့ခဲ့၏။ မကြာခဏ ပခေါယိုဘုရားတွင် ထိုပရိတ် ရွတ်ခေတ္တနားချိန်၌ လျှောက်ထားမိလိုက်၏။ မငြိမ်းအိထွန်း ခံစားရောဂါဝေဒနာများ ထိုရဟန်းတော်မှ ကြားသိရသောအခါ ရဟန်းတော်လည်း စိတ်မကောင်းဖြစ်ရ၏။

ထိုရဟန်းတော်မှ -

"ဒကာမလေး၊ အကြွေးရှိရင်တော့ ကျေအောင်ဆပ်ရပါလိမ့်မယ်၊ အကြွေး



www.burmeseclassic.com

www.burmeseclassic.com

မရှိဘူးဆိုရင်တော့ ဘယ်လောက်ဆိုးဝါးတဲ့ရောဂါဖြစ်ပါစေ ဘာမှမပူပါနဲ့။ ပရိတ်ပဋ္ဌာန်းတန်ခိုးတော်နဲ့ ဧကန်မုချပျောက်ကင်းပါလိမ့်မယ်"

ဟု မိန့်တော်မူသောအခါ မငြိမ်းအိထွန်း ဝမ်းသာသွား၏။

ရဟန်းတော်ထံ ရေသန့်တစ်ဘူးကပ်လှူပေးပြီးချိန်မှာ ရဟန်းတော်သည် ဦးစွာပထမ မြတ်စွာဘုရား ဦးထိပ်ပန်ဆင်ရှိခိုးကန်တော့ပြီးနောက် သက်ဆိုင်ရာသို့ ပင့်ဖိတ်၏။ ဘုရားစောင့်နတ်၊ သိုက်စောင့်ဘီလူး၊ သိုက်ချုပ်၊ သိုက်နန်းရှင်၊ နဂါးသိုက်စောင့်နတ်များ ဖိတ်ကြား၍ တရားတော်များ နာကြားကြဟုဆိုလျက် ပရိတ်ကြီး (၁၁) သုတ်ရွတ်၏။ ပဋ္ဌာန်းတော်များ ရွတ်ဖတ်ပူဇော်လေ၏။ ဗုဒ္ဓမြတ်၏ အစွမ်းထက် ဂါထာတော်များ ရွတ်ဖတ် ပူဇော်ပြီးသောအခါ မိမိ၏ သာသနာပြုလုပ်ငန်းများ သစ္စာဆို၏၊ တိုင်တည်၏။ ပြီးတော့ (၇) ရက်သားသမီးများနှင့် ဘုရားစောင့်နတ်၊ သိုက်စောင့်ဘီလူး၊ ပခေါယိုဘုရားရှိ နတ်ဘီလူး (၆) ပါး သိုက်ချုပ်၊ သိုက်နန်းရှင်၊ နဂါးသိုက် စသဖြင့် အမျှဝေလေ၏။ အဖုံးဖွင့်ထား ပရိတ်ရေဘူးဝတွင် ရေတို့က ဘောင်ဘင်ခတ် လှုပ်ရှားသွား၏။ ထိုပရိတ်ရေကို ရဟန်းတော်မှဆုတောင်းပြီး မငြိမ်းအိထွန်းကို တိုက်လိုက်၏။ မငြိမ်းအိထွန်း၏ ရင်ထဲမှာ ဓရေခဲရေသောက်ရသကဲ့သို့ အေးစိမ့်သွားလေ၏။

ထိုအစွမ်းထက်ပရိတ်ရေသောက်ပြီး တစ်ပတ်အကြာ ထိုရဟန်းတော်ထံပါး မငြိမ်းအိထွန်း ရောက်လာလေ၏။ သူ့လက်ထဲမှာ ဖိုင်တစ်ခုပါ၏။ ထိုဖိုင်သည် ဗဟိုစည်ဆေးရုံမှ ဆေးစစ်ချက်မှတ်တမ်းဖိုင် ဖြစ်၏။ ထိုဆေးစစ်ချက်၌ ရောဂါဟူသမျှ မြူမှုန်မျှမရှိတော့ကြောင်း မှတ်တမ်းရေးထိုးထား၏။ အစွမ်းထက်ပရိတ်ရေသောက်ပြီး ရက်ပိုင်းမျှဖြင့် ကင်ဆာရောဂါဆိုးမှ ကျော်လွန်လွတ်မြောက်ချမ်းသာခြင်းသို့ ရောက်ခဲ့ရ၏။ ကင်ဆာဝေဒနာရှင် ငြိမ်းအိထွန်းအား ပရိတ်ရေတိုက်ကျွေး မေတ္တာဓာတ်တွေ ပေးခဲ့သော ရဟန်းကား တခြားမဟုတ်။ ပခေါယိုဘုရားမှာ ဝေယျာဝစ္စပြု မေတ္တာပွားများနေသော ဆရာတော်ဦးဝိသာရဒ အရှင်မြတ် ဖြစ်လေ၏။

**အိမ်ခြံမြေရောင်းလိုသလား**

မိမိပိုင်အိမ်ခြံမြေများအကြောင်းပေါင်းမတည် အရောင်းအဝယ်မဖြစ်ကြသူများ ပခေါယိုဘုရားသို့ရောက်ရှိသွားပါက ဆရာတော်ဦးဝိသာရဒမှ အကြံဉာဏ်ပေး၏။ ဘုရားရှိ အရိယာနတ်ဘီလူး (၆) ပါးနှင့် သိုက်စောင့်ဘီလူးများ၊ မြေစောင့်ဘီလူးတို့အား ပင့်ဖိတ်၍ နဂါးရုံဘုရားသို့ အတူတကွ ပွဲလှူဒါန်းကတိသစ္စာပြု ဆုတောင်းစေသောအခါ မိမိတို့ ရည်မှန်းထား ဈေးနှုန်းများဖြင့် ရောင်းပန်းဝယ်ပန်းပွင့်လန်းသွားကြ၏။

တချို့က မိမိလိုအင်ပြည့်စုံလျှင် ကျေးဇူးရှင်ကိုပင် မေ့တတ်ကြ၏။ ဘုရားအတွက် ရွှေသက်န်းအလှူပွဲမကပ်၊ ဒါနများမပြု ကတ်တတ်တတ်နှင့် ကတိမတည်သူများ ဒုက္ခများကြုံတွေ့ကြသည်ဟု ကြားသိရ၏။

**အခက်အခဲတွေကြုံနေသလား။ ပခေါယိုဘုရားသို့သွား**

ကိစ္စမြားမြောင် လူတို့ဘောင်ဝယ်ဆိုသည့်အတိုင်း လူလောကဝယ် ကိစ္စရပ်များ များလှ၏။ ရှုပ်ထွေးလိမ်လှသော လူလောကကြီးဝယ် ပြဿနာမျိုးစုံအဖုံဖုံတို့ ရောပြွမ်းလျက်ရှိနေတတ်၏။ လူ့ဘဝ၏ ရေလှိုင်းသဖွယ် နိမ့်တစ်ခါ မြင့်တစ်လှည့် ကံကြမ္မာလှည့်ကွက်တွေက တချို့က ငွေလိမ်ခံရ၏။ လူယုံကိုပုံမိလို့ ငွေတွေကုန်ခဲ့၏။ စီးပွားပျက်ကြ၏။ တချို့က အပြိုင်အဆိုင် အတိုက်အခိုက်များနှင့် ရောင်းပန်းမလှ ဒုက္ခတွေ့ကြရ၏။ တချို့ကျပြန်တော့ လုပ်ငန်းတွေတည်မရ အဆုံးအရှုံးများနှင့် ကံကလည်းမကူ နာလန်မထူဖြစ်နေကြ၏။ မည်သို့သော အခက်အခဲ အကျပ်အတည်းနှင့်ကြုံကြုံ ဓမ္မမိတ်ဆွေများ ပခေါယိုဘုရား ရောက်အောင်သွားပြီး အောက်ပါအတိုင်းပြုကြည့်ပါ။ အားလုံးအဆင်ပြေသွားပါမည်ဟု အကြံပြုအပ်ပါသည်။

**ပခေါယိုဘုရားမှာကပ်လှူရန်**

၁။ ဘုရားပွဲ (၅) ဖီးပွဲ (၁) ပွဲ
၂။ သိုက်ပွဲ (၂) ပွဲ (၃) ဖီးပွဲ
၃။ နတ်ဘီလူးများအတွက် (၃) ဖီးပွဲ (၁) ပွဲ
၄။ နဂါးသိုက်အတွက် (၃) ဖီးပွဲ (၁)ပွဲ
၅။ ဆီမီး (၁၀) တိုင်၊ အမွှေးတိုင် (၁၀) တိုင်၊ ရေသန့် (၁) ဘူး
၆။ နွားနို့ (နဂါးရုံဘုရားရှေ့မှာ ဘုရားအတွက် (၁) ခွက်ကပ်လှူ)
စကားချပ် - နွားနို့ကို ဘီလူးသိုက်အတွက် (၁) ခွက်၊ နဂါးသိုက်အတွက် (၁) ခွက်၊ တစ်ခါသုံးခွက်များဖြင့် ကပ်နိုင်၊ ပွဲကို နဂါးရုံဘုရားရှေ့မှာ လှူနိုင်သည်။ ဘုရားပေါ်မှာ ပွဲမှာနိုင်သည်။ ဈေးနှုန်းများ ပုံသေသတ်မှတ်ထားသည့် မိမိအစီအစဉ်ဖြင့် ဝယ်ခြမ်းလာလျှင်လည်း ဖြစ်သည်။ မတတ်နိုင်သူများက ငှက်ပျောသီး အပါအဝင် သစ်သီးများဖြင့် ကပ်လှူနိုင်သည်။
၇။ ပွဲလှူဒါန်းရကျိုးကြောင့် (မိမိလိုရာဆုတောင်း)
၈။ (၅) ပါးသီလ (၈) ပါးသီလ၊ (၉)ပါးသီလ နိုင်ရာ သီလခံယူ
၉။ မေတ္တာသုတ်ရွတ်ပါ၊ အရပ် (၁၀) မျက်နှာ မေတ္တာပို့၊ မေတ္တာသုတ်မရက လုံးစုံများစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ စသည်ဖြင့် မေတ္တာများများပို့၊ ချမ်းသာကိုယ်စိတ်မြဲပါစေ စသည်ဖြင့် မေတ္တာများများပို့။
၁၀။ အဓိဋ္ဌာန်ပြုမိမိတောင်းသောဆုပြည့်ပါက ယခုကဲ့သို့ ပြန်လည်လှူဒါန်းပါမည်။
၁၁။ အမျှဝေရန်။

အဓိက - ဘုရားစောင့်နတ်၊ သိုက်စောင့်ဘီလူး၊ အရိယာနတ်ဘီလူး(၆)ပါး သိုက်စောင့်နတ်များ အစောင့်အကြပ်နတ်များစွာ မပါမဖြစ်ထည့်၍ အမျှဝေရသည်။

စာရှုသူ ဓမ္မမိတ်ဆွေများ ထူးထူးခြားခြား အကျိုးထူးများစွာဖြင့် ထင်ရှားကျော်ကြားနေတော်မူသော၊ အတိတ်ထူးနိမိတ်ထူးများဖြင့် အတိတ်တဘောင်နိမိတ်ဆောင်နေတော်မူသော ရွှေတိဂုံစေတီတော် နောင်တော်ကြီးဘုရားခြေရင်း ဗောဓိပင်အနီးမှ 'အောင်မြင်ခြင်းဘုရား' ဟု အမည်ပွင့်ရသော ပခေါယိုဘုရားသို့ အရောက်သွား၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြခြင်းဖြင့်၊ ဘဝခရီးလမ်းမှာ မပင်မပန်း ရှင်သန်းစွာဖြင့် ဖြတ်သန်း ဘဝအောင်ပန်းတွေ ပွင့်လန်းလာမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဓမ္မမိတ်ဆွေများ စိတ်ချမ်းသာကိုယ်အေး လိုလေသေးမရှိ ပြည့်စုံကြပါစေဟု ဆုမွန်ခြွေရင်း -

မေတ္တာများစွာဖြင့်

ကံ့ကော်ပင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ၁၉၈၄ မှစ၍ ဥပဒေ ...ရှိပြီး အထက်တန်းရှေ့နေဘဝ၊ ...ရားလွှတ်တော်ရှေ့နေဘဝနှင့် ဥပဒေ ...ကို ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ပါ သည်။ အသက်အိုးအိမ်စည်းစိမ်ရာထူး ...ည်မြဲရေး၊ ခိုင်မာရေး၊ တိုးတက်ရေး ...သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် ...မတို့ဘာသာရေးအတွက် အထူးလို ...ချက်ဖြစ်ကြောင်း လုပ်ငန်းဆောင် ...ရင်း ယုံကြည်စွာ စူးစိုက်လုပ်ဆောင် ... သတ်တွေ့ကြုံခဲ့ရပါသည်။

ကျွန်မအနေနှင့် အမျိုးသမီးတစ်ဦး ...၍ လည်းကောင်း၊ မိမိခံယူချက်အရ ...ကောင်း အမျိုးသမီးနှင့် အမျိုးသား တို့ဖြစ်လေ့ရှိသည့် မုဒိမ်းမှု၊ ကာမလိမ် လည်မှု၊ ကာယက္ကန္ဒြေပျက်ပြားစေမှု အစ ရှိသည်တို့၌ အမျိုးသားများဘက်မှ ရှေ့နေအဖြစ်လိုက်လေ့မရှိပါ။ မည်မျှ ခင်မင်ပါစေ၊ မည်မျှအခကြေးငွေနှုန်း ထားမြင့်ပါစေ ငြင်းပယ်ခဲ့ခြင်းများရှိပါ သည်။ မတော်မတရားစွပ်စွဲခံရသည်ဟု ယူဆလျှင် ထိုသို့သော အမှုတွဲများ၌ ငွေရမ်းခငွေ မတတ်နိုင်လျှင်တောင်မှ ကိုယ်စရိတ်ကိုယ်စား အင်တိုက်အား တိုက် အမှုလိုက်ပေးလေ့ရှိပါသည်။

လွန်ခဲ့သည့် ၁၉၈၇ခုနှစ် မဆလ ခေတ်က ဖြစ်ပါသည်။ ပြည်သူ့တရား သူကြီးများအဖြစ် ဥပဒေဘွဲ့များမဟုတ် ကြဘဲ ပြင်ပမှ အမာခံကေဒါများဖြစ် သည့် လက်လုပ်လက်စား၊ စစ်မှုထမ်း ဟောင်း စသည့် အခြားဌာနမှသူများ တာဝန်ယူကြသည့်အချိန်က ဖြစ်ပါ သည်။

အချို့တရားသူကြီးများမှာ ကျွန်မ နှင့် ထိပ်ပုတ်ခေါင်းပုတ်ဆော့ကစားခဲ့ သည့် တစ်တန်းတည်း၊ တစ်ကျောင်း တည်းသားများ၊ ခင်မင်ရင်းနှီးသူများဖြစ် ၍ တစ်ခါတစ်ရံ ကျွန်မတို့က အမှုစစ် ဆေးစဉ် ဥပဒေအရ လိုအပ်သည့် အချက်များကိုသာ မေးခဲ့သော်လည်း ၎င်းတို့က သက်သေအား အပြင်ကြားသိ လာသမျှကို အချိန်များစွာမေးလေ့ရှိ သဖြင့် ကျွန်မနှင့် အချေအတင်ပြောရ တတ်သည်များရှိသော်လည်း ငယ်က

# (အထက်မင်းလှ)
# မြတ်သရဖူ
## သမ္မာဒေ့ဗ်နှင့်ပရိတ်ပဋ္ဌာန်းအရွှမ်းအော့်မခန်း



ပေါင်းသည့် ငယ်ပေါင်းများဖြစ်၍ ယနေ့ အထိ ခင်မင်ရင်းနှီးဆဲပင်ရှိပါသည်။

ထိုအချိန်က မုဒိမ်းမှုမှာ အလွန်ပင် ရှားပြီး ကလေးမုဒိမ်းမှုမှာ မရှိသလောက် ဖြစ်ပါသည်။ ရုံးတွင် ထိုနေ့က လူသတ် မှုစစ်ပြီးအပြန် (ထိုစဉ်က မြို့နယ်တရား သူကြီးအဖွဲ့သည် သေဒဏ်အထိ စစ် ဆေးနိုင်ပါသည်။) အိမ်တွင် သူငယ်ချင်း ဖြစ်သူ ဦးအေးချို စောင့်နေပါသည်။ ဦးအေးချိုက ကျွန်မအား တွေ့လျှင်တွေ့ ခြင်း-

"သူငယ်ချင်းဆီလာရတာ ရှက် လည်းရှက်၊ အားလည်းနာပါတယ်။ ငါ့ သမက်က ကျောင်းဆရာလေ။ သူ့ အတန်းက (၄) တန်းကျောင်းသူလေးကို ဗလက္ကာရပြုလို့ဆိုပြီး အဖမ်းခံရတယ် ကယ်ပါဦး သူငယ်ချင်းရာ။ ငါက အမျိုး မျိုးမေးတော့လည်း ခေါင်းခါနေတယ်။ သူမဟုတ်ဘူးတဲ့။ လူကြားလို့တောင် မတော်ပါဘူးကွယ်"

ပြောရင်းငိုနေသဖြင့် ကျွန်မက နှစ်သိမ့်ပေးရင်း -

"သူငယ်ချင်း၊ ငါဒီလိုအမှုမျိုးကို ယောကျ်ားလေးဘက်ကမလိုက်တာ နင် အသိ။ နောက်ပြီး တစ်ဖက်က (၄) တန်း ကျောင်းသူ (၉)နှစ်၊ (၁၀)နှစ်အရွယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ ငါဘယ်လိုမှမဖြစ်ပါဘူးကွာ။ ငါ သူငယ်ချင်းရွှေနေတစ်ယောက်ကို လွှဲပေးမယ်။ မင်းသမက်နေရေးထိုင်ရေးကို ငါအတတ်နိုင်ဆုံးအကူအညီပေးပါမယ်"

ဟု ပြော၍ သူငယ်ချင်းရွှေနေအား အမှုလိုက်ရန် လွှဲအပ်ပေးပြီး ကျောင်းဆရာလေး ကိုမြတ်သူနှင့် သွားရောက်တွေ့ဆုံသည့်အခါ ကျောင်းဆရာမှာငိုရင်း -

"ဆရာမကြီးရယ်၊ အဲဒီနေ့က ကလေးမလေးရဲ့အဖေက ထန်းရည်ခါးနဲ့ ကြက်သားသောက်ရအောင်ဖိတ်လို့သွားသောက်ရင်း အမူးလွန်အိပ်ပျော်သွားပါတယ်။ အိပ်ရာကနိုးတော့ အစွပ်စွဲခံရပါတယ်။ ကျွန်တော်ဘာမှမသိပါဘူး"

"ကဲ - ဒီကိစ္စကို ငါ့သူငယ်ချင်းရွှေနေက အားလုံးတာဝန်ယူလုပ်ပေးလိမ့်မယ်။ မင်းရတဲ့ပရိတ်ပဌာန်းကိုတတ်နိုင်သမျှ ရွတ်ဖတ်ပေတော့။ ကံနိမ့်ရင် ကံမြင့်နိုင်တာက ဘာသာရေးကလွဲပြီး မရှိဘူး။ ဘာသာရေးယုံကြည်မှုကို တစိုက်မတ်မတ်လုပ်တာပဲ ဖြစ်တယ်။ တတ်နိုင်သမျှလုပ်ပါ ရှေ့ - စိပ်ပုတီး"

ဟု စိပ်ပုတီးပေးရင်း ပြန်လာခဲ့ပါသည်။

နောက်ပိုင်း မကြာခဏတွေ့သည့်အခါ ပရိတ်၊ ပဌာန်းများ အမြဲရွတ်ကြောင်း၊ သမ္ဗုဒ္ဓေဂါထာတော်ကိုတော့ တစ်နေ့တစ်ထောင် အနည်းဆုံးရအောင် ရွတ်ကြောင်း၊ ကျန်းမာရေးလည်း ကောင်းကြောင်းသိရပြီး တစ်ဖက်မိန်းကလေးမိဘများကလည်း ကျောင်းဆရာဖြစ်ပြီး မိမိ၏ လေးတန်းကျောင်းသူတစ်ယောက်အား ဗလက္ကာရပြုကျင့်သဖြင့် ထိရောက်စွာ ဟန့်တား ပြစ်ဒဏ်ချမှတ်ရန် ပါတီကောင်စီ အဖွဲ့အစည်း အဆင့်ဆင့်သို့ လူဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း တိုင်ကြားထားမှုများရှိ၍ အမှုစစ်ဆေးရာတွင် အကျပ်အတည်းများရှိနေကြောင်း သူငယ်ချင်းရွှေနေ ပြောပြ၍လည်း သိရပါသည်။

ကျွန်မအမှုသည်တစ်ဦးမှာ ကိုယ်တိုင်စစ်ဆေးရန်ရှိ၍ လိုအပ်သည့်အချက်များသိရှိပြောကြားရန် ရဲအချုပ်သို့ နံနက် (၁၀) နာရီခန့်တွင်သွားခဲ့ရာ ကျောင်းဆရာမြတ်သူကို ရုံးထုတ်ရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။

ကိုမြတ်သူအား သံလက်ထိတ်ခတ်စဉ် 'ချောက်' ဟုမြည်၍လက်ထိတ်မှာပြုတ်ထွက်သွားပါသည်။ (၄)၊(၅)ကြိမ်ခန့် လက်ထိတ်ကို လွှဲပြောင်းခတ်သော်လည်း လက်ထိတ်မှာ ပြုတ်ထွက်နေ၍ ခတ်မရပါ။ အခြားတရားခံကိုခတ်လျှင် လက်ထိတ်မှာခတ်ရနေသဖြင့် ထူးဆန်းဖြစ်စဉ်ကို ကျွန်မမှာ တအံ့တသြကြည့်မိပါသည်။

ကိုမြတ်သူကိုခတ်မရသည့် လက်ထိတ်များမှာ အခြားတရားခံ(သို့)ရဲအားခတ်ကြည့်လျှင် ရသော်လည်း ကိုမြတ်သူလက်၌ခတ်လျှင် ချောက်ဟုမြည်၍ပြုတ်ထွက်နေပါသည်။ ထိုနေ့က ကိုမြတ်သူအား လက်ထိတ်ခတ်မရဘဲ အကြိမ်ကြိမ်ပြုတ်ထွက်နေသဖြင့် ကြိုးဖြင့်ချည်၍ရုံးထုတ်သွားသည်ကို မြင်လိုက်ရပါသည်။

ထိုနေ့ ရဲစခန်းအချုပ်အပြန်တရားရုံးသို့သွားစဉ် လမ်း၌ရှိနေသည့် ပါတီယူနစ်ရုံးတွင် သံဃာနာယကဥက္ကဋ္ဌနှင့် ဆရာတော်များ၊ ရွာသူကြီးများ ဆရာလေးကိုမြတ်သူအား စွပ်စွဲထားသည့်မိဘများနှင့် ကျောင်းသူတို့ ရောက်ရှိနေကြသည်ကို တွေ့ရပါသည်။

ထို့နေ့ ကျောင်းဆရာ၏ အမှုကို အပြီးသတ် အမိန့်ချမှတ်ရန်ဖြစ်သော်လည်း မည်သည့်အကြောင်းကြောင့်မသိဘဲ အမိန့်ချရက်ကို ရွှေ့ပြောင်းလိုက်ကြောင်း သူငယ်ချင်းရွှေနေပြောပြ၍သိရပါသည်။

နောက်ရက်တွင်ကြားရသည်မှာ ဆရာလေးကိုမြတ်သူ၏ အကျင့်စာရိတ္တကိုသိသည့် ရွာဦးကျောင်းဆရာတော်မှာ စွပ်စွဲသူ မိသားစုနှင့် သမီး လေးတန်းကျောင်းသူကိုခေါ်၍မေးရာ မိဘများက သမီးဖြစ်သူမှာ အိပ်ခန်းအတွင်းက 'ဆရာ ကျွန်မကို ဖက်အိပ်နေတယ်' ဟု အလန့်တကြားအော်၍ ထွက်လာသဖြင့် ကြည့်စဉ် ဆရာဦးမြတ်သူကို သမီးဖြစ်သူ၏အိပ်ရာတွင် ဘောင်းဘီတိုဖြင့်အိပ်နေသည်ကိုတွေ့ရကြောင်း၊ လေးတန်းကျောင်းသူ၏ အိပ်ရာတွင် ကျောင်းသူ၏ ခြုံစောင်အတွင်း ဘောင်းဘီတိုနှင့် ဝင်အိပ်သည့် ကျောင်းဆရာအား သမီးဖြစ်သူ မုဒိမ်းမှုဖြင့်တရားစွဲကြောင်းပြောပြခဲ့ပြီး သမီးဖြစ်သူအားမေးရာ နံနက်စောစော အိပ်ရာအထတွင် မိမိစောင်အတွင်း၌ ဆရာအိပ်နေသည်ကို တွေ့ရကြောင်း၊ လက်မှာ ၎င်းကိုဖက်ထားပြီး ဆရာ့ခြေထောက်တစ်ဖက်မှာ မိမိကိုယ်ပေါ် တင်နေကြောင်း၊ ဆရာမှာ ဘောင်းဘီတိုနှင့်ဖြစ်ကြောင်း ပြောပြသိရှိရသဖြင့် ဆရာတော်မှာ မနေသာဘဲ မြို့သို့တက်လာပြီး ဆေးဘက်ဆိုင်ရာသက်သေ မြို့နယ်ဆရာဝန်အား မေးမြန်းစုံစမ်းကြည့်ရာ ကလေးတွင် မုဒိမ်းမှုကျူးလွန်ထားသည့်လက္ခဏာ လုံးဝမတွေ့ရကြောင်း၊ ယုတ်စွအဆုံး ရှန်းကန်သည့် ဒဏ်ရာပင်မရှိဘဲ မိမွေးတိုင်းဖမွေးတိုင်းပင်ဖြစ်ကြောင်း ပြောပြသိရသဖြင့် ဆက်လက်၍ သံဃာ့နာယကဆရာတော်အားလျှောက်ထားပြီး အမှန်တရားပေါ်ပေါက်စေခြင်းငှာ ကလေးမိဘများအားခေါ်၍ ပါတီကောင်စီသို့ သွားရောက်ပြီး အဖြစ်မှန်အတိုင်းဖြစ်စေရန် မေတ္တာရပ်ခံပေးခဲ့ကြောင်း သိရပါသည်။

နောက်ဆုံး ဆရာလေး ဦးမြတ်သူအား မင်းလှမြို့နယ်တရားရုံးမှ အပြီးအပြတ်လွှတ်မိန့်ချလိုက်ပြီး ဆရာလေးမှာ ချက်ချင်း အိမ်သို့မပြန်ဘဲ ကျွန်မကိုလာ၍ကန်တော့ပါသည်။

"ဆရာမကြီးရဲ့၊ ကံနိမ့်ရင် ကံမြင့်နိုင်တာက ဘာသာရေးကလွဲပြီးမရှိဘူး။ ပရိတ်၊ ပဌာန်း အမြဲရွတ်ဖတ်ပါ ဆိုတဲ့စကားကို အသည်းစွဲပြီး အချုပ်ထဲမှာ ပရိတ်၊ ပဌာန်း အမြဲရွတ်ဖတ်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တစ်နေ့တစ်ထောင်အထက် အမြဲ ရွတ်ဖတ် ပူဇော်နေတာကြောင့် အမှန်တရားပေါ်ပေါက်ခဲ့ရပါသည်။ ဒီကာလမှာ ပါတီကောင်စီကိုတိုင်ကြားထားပြီး ပါတီကောင်စီက ဖိအားပေးရင် ဘယ်လိုမှမလွတ်နိုင်တဲ့ အမှုမျိုးမှာ၊ လူတိုင်းရှုံးတဲ့အမှုမျိုးမှာ သမ္ဗုဒ္ဓေ၊ ပရိတ်ပဌာန်းအစွမ်းကြောင့် အံ့မခန်းအောင် အမှုမှန်ပေါ်ပေါက်ခဲ့တဲ့အတွက် လူ့လောကကိုလည်း စိတ်ကု[illegible]ပြီး ဘာသာရေးကိုပဲ တစိုက်မတ်မတ်လုပ်ချင်စိတ်ပေါက်နေလို့ ဒီကအပြ[illegible]သက်န်းဆီးတော့မှာပါ"

ဆရာလေး၏စကားကို ကျွန်မ[illegible]ဝမ်းသာစွာ၊ ပီတိဖြစ်စွာ မျက်ရည်ဝေ[illegible]သာမုဒေါ်မိပါသည်။

ဤအဖြစ်အပျက်မှာ ဆယ်စု[illegible]နှစ်စုကျော်သော်လည်း မမေ့နိုင်[illegible]ထိုနေ့က ဆရာလေး၏လက်အား လ[illegible]ထိတ်ခတ်လျှင် 'ချောက်' ဟု အသံမြ[illegible]ကာ လက်ထိတ်ပွင့်ပွင့်သွားပုံ၊ တခြား[illegible]ခတ်လျှင်ပိတ်သွားပုံ၊ ရဟန်းတော်မျ[illegible]ပင် မနေသာဘဲ အမှန်တရားဖော်ထု[illegible]ခဲ့ရသည့် သမ္ဗုဒ္ဓေနှင့် ပရိတ်၊ ပဌာ[illegible]အစွမ်း အံ့မခန်းစရာ အဖြစ်အပျက်[illegible]တင်ပြလိုက်ရပါသည်။

*(ဖြစ်ရပ်မှန်ဖြစ်ပြီး အမည်[illegible]လွှဲပြောင်း တင်ပြခြင်း ဖြစ်ပါသည်[illegible]*

မြတ်သရဖူ (အထက်[illegible]




www.burmeseclassic.com

www.burmeseclassic.com

### သုဒ္ဓ(နဝင်းမြို့)

# တနင်္ဂနွေဝါ ပြည့်စုံစေသော ခြင်္သေ့မင်းစမဆောင်ရအောင်

ခြင်္သေ့မင်းစမ အောင်းစီမံရပုံ



၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်၊ တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ထိုလပြည့်နေ့ကို 'မေတ္တာအခါတော်နေ့' ဟုလည်း သိကြပါသေးသည်။ ကျွန်ုပ်မှာ မျှော်မှန်းဘဲနှင့် တိုက်ဆိုင်မှုတို့ကြုံဆုံနေရသည့်အတွက် လွန်စွာဝမ်းမြောက်ခဲ့ရပါသည်။

ယခုကဲ့သို့ ကျွန်ုပ် ဝမ်းမြောက်ရခြင်းကိုလည်း စာချစ်သူများကို အသိပေးလိုပါသည်။ ကျွန်ုပ်သည် စဉ်ဆက်မပြတ်ဝင်ရသော မဟာအဓိဋ္ဌာန်ကြီးဝင်နေချိန် ဖြစ်ပါသည်။ ကျွန်ုပ်ဝင်သည့် ထိုအဓိဋ္ဌာန်ကျင့်စဉ်ကို 'အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီး' ဟု ကိုယ့်ဆန္ဒအရ အမည်နာမသတ်မှတ်ထားပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်ကြီးပွားများပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အဓိဋ္ဌာန်ကာလကို တစ်ကြိမ်လျှင် (၉) ရက် သတ်မှတ်ထားပြီး (၉) ရက် (၁၈) ကြိမ်ဝင်ရပါသည်။ (၁၈)ကြိမ်ပြည့်လျှင် ဝါကြီး(၁)ဝါရအောင်မြင်ပါသည်။ ဝါကြီး(၃)ဝါရသွားရပါသည်။

အဓိဋ္ဌာန်တစ်ကြိမ်လျှင် တစ်နှစ်ကျော်ပါသည်။ ဝါရငယ်မှာ (၉)ရက်ဖြစ်ပါသည်၊ အလပ်အခြားရပ်နားခြင်းမရှိပါ။ တစ်နေ့တာတွင် အဓိဋ္ဌာန်ကျင့်သည် 'အရဟံငါးမျိုး' အဓိဋ္ဌာန်ပုတီးစိပ်ရာ၌ တစ်နေ့လျှင် ပုတီး(၅)ပတ်စိပ်ရပါသည်။

ယခု ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နှင့် ကျွန်ုပ်ဝင်နေသော မဟာအဓိဋ္ဌာန်ကျင့်စဉ်ကြီး၊ ဒုတိယဝါရကြီး၏ (၁) ကြိမ်မြောက် (၉) ရက်အဓိဋ္ဌာန်ကို အဆောင်ရွက်ရခြင်းနှင့်တိုက်ဆိုင်နေသည့်အတွက် အထူးတလည်ဝမ်းမြောက်ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့၏ နေ့စဉ်ကိစ္စတို့ကို ဆောင်ရွက်ပြီးသည့်အတွက် ဘုရားခန်းမှထွက်လာခဲ့ပါသည်။ ဝမ်းမီးငြိမ်းစေရန် အစောစာဖြင့်အာဟာရဖြည့်ဆည်းလိုက်ပြီး အလုပ်စားပွဲကို သွားရောက်ထိုင်လိုက်ပါသည်။

အလုပ်စားပွဲရောက်တော့ ပြုမြဲဖြစ်သော မေတ္တာသုတ်တော်ကို ရွတ်ဖတ်လိုက်ရပါတော့သည်။ ကျွန်ုပ်နိစ္စဘတ်ကိစ္စပြီးသွားချိန်တွင် ကျွန်ုပ်၏ တပည့်မောင်ကောင်းထက် အမည်ရှိသော လူရွယ်တစ်ယောက် ရောက်ရှိလာပါတော့သည်။

မောင်ကောင်းထက်သည် ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရထားသူ ဖြစ်ပါသည်။ နေရာဒေသမရွေးသွားလာရမည်ဖြစ်၍ ကျွန်ုပ်ထံသို့ သင့်တော်သော အဆောင်တစ်ခုစီမံပေးရန် လာရောက်တောင်းဆိုခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် မောင်ကောင်းထက်၏မိဘများစီးပွားရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင် ပါဝင်ကူညီပေးနေရသော သားသမီးနှင့်မခြားနိုင်သော တပည့်များဖြစ်နေ၍ မောင်ကောင်းထက်အတွက် အကောင်းဆုံးဖြစ်မည်ဟု ယူဆသည့် 'ခြင်္သေ့မင်းစမအင်း' အဆောင်ကို စီမံ၍ ချီးမြှင့်ပေးလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုချီးမြှင့်ပေးလိုက်သော ခြင်္သေ့မင်းစမအင်းသည် လွန်ခဲ့သော နှစ်ပေါင်း (၁၂၀) ကျော်က စမအင်းများကို ရေးသားထားခဲ့သော လက်ရေးမူစမအင်းကျမ်းမှ ဖြစ်ပါသည်။ လွန်စွာမှ ဂမ္ဘီရမြောက်ပါသည်။

စာချစ်သူ မိတ်ဆွေများအတွက် အထူးတလည် ကြုံဆုံနေပြီဖြစ်သော မေတ္တာအခါတော်နေ့နှင့် ကျွန်ုပ်ဝင်နေသော အဓိဋ္ဌာန်ကျင့်စဉ်အစနေ့နှင့်တိုက်ဆိုင်နေခြင်းအပြင် ကျွန်ုပ်၏ ဝေါဟာရအသက် (၇၃)နှစ်ရောက်တို့ပါ ဆုံစည်းနေပြန်သဖြင့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ ခုနစ်နေ့သားတို့အတွက် ကောင်းမှုကုသိုလ်တစ်ခုအဖြစ် ခြင်္သေ့မင်းစမအင်းစီမံရပုံကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့လူမျိုးသည် မိမိနယ်မြေတိုင်းနိုင်ငံသည် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုနှင့် ပညာရပ်များစွာတို့ ပိုင်ဆိုင်ထားကြသော လူ့ယဉ်ကျေးများဖြစ်ကြပါသည်။ ယခုခေတ်ကာလအတွင်း သိပ္ပံပညာ ရှေ့တန်းရောက်နေချိန်ဖြစ်သော်လည်း မိမိတို့၏ ရတနာအမွေအနှစ်ဖြစ်သော ဝိဇ္ဇာဓရဂမ္ဘီရပညာမှ အင်းများအိုင်များ၊ စမ်များ (စမ ဆိုရာတွင် နာမ်စမများ၊ ရုပ်စမများ) နှင့် ဂါထာများ၊ လက်ဖွဲ့၊ ခါးလှည့် စသည့် များစွာသော ပညာများတို့ကိုလည်း တိမ်မြုပ်ပျောက်ကွယ်မသွားစေလိုပါ။

ထိန်းသိမ်းကြ၊ စောင့်ရှောက်ကြရမည့်တာဝန်သည် အဓိကတာဝန်တစ်ခုဟု ကျွန်ုပ် ယုံကြည်သဖြင့် လေ့လာလိုက်စားလိုသော လူရွယ်လူငယ်များ၊ မဟာဂန္ဓာရီလမ်းကိုမှ လျှောက်လှမ်းလိုသူများ၊ ဝါသနာရှင်များအတွက် ခြင်္သေ့မင်းစမစီမံရပုံ အပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

**၁။ ရက်ရွေးချယ်ရခြင်းနှင့် ကာလသတ်မှတ်ရခြင်းများ**

(က) **စတင်ရမည့်ရက်မှာ** အခြားသော စီမံရပုံနှင့် လုံးဝမတူညီပါ။ ပထမံပညာနည်းလမ်းအရ အောက်ပါနေ့ရက်တို့တွင် စတင်နိုင်ပါသည်။

- အင်္ဂါနေ့
- စနေနေ့
- တနင်္ဂနွေနေ့တို့တွင်စတင်ပါရန်။

(ခ) **ကာလသတ်မှတ်ရာတွင်** တစ်ကြိမ်လျှင် (၈) ရက် သတ်မှတ်ရပြီး သုံးကြိမ်ဆက်ရမည်ဖြစ်၍ စုစုပေါင်း (၂၄) ရက်ဖြစ်နေပြန်ပါသည်။

**၂။ ကြိုတင်ပြင်ဆင်ဖွယ်များ**

- ခြင်္သေ့စမအင်းကို ကြိုတင်စီမံထားရန် ဖြစ်သည်။

စမအင်းကို ကာယကံရှင်ကိုယ်တိုင်ရေးပါ။အခွင့်မသာလျှင် ကွန်ပျူတာမိတ္တူဖြင့်ကူးပြီးထားပါရန်။

- မိမိမှ မြတ်စွာဘုရားရှင်အား လှူဒါန်းလိုသည်များကိုကြိုတင်စုဆောင်းထားပါရန်။

**၃။ စီမံနေရသော (၂၄)ရက်ကာလအတွင်း နေ့စဉ်ပြုဖွယ်များ**

- စတုလောကပါလနတ်မင်းကြီးလေးပါးကိုဖိတ်ထားပါ၊
- ဝိဇ္ဇာလေးပါးကိုပင့်ဖိတ်ထားပါ၊
- ပန်း၊ ရေချမ်း၊ နံ့သာ၊ အလင်းတိုင်များကို မြတ်စွာဘုရားရှင်အား ကပ်လှူပါ၊
- ဘုရားကန်တော့ခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းပြုလုပ်ပါ။

**ခြင်္သေ့မင်းစမအင်းကို အောက်ပါအတိုင်း အဆင့်ဆင့်ရွတ်ဖတ်ပူဇော်ပါရန်**

**(က) ပူဇော်ရန်ဂါထာတော်**

- ဂုဏ်တော်ကိုးပါးတန်ခိုးထွားစေ ဗုဒ္ဓသိဒ္ဓိအောင်စေ။
- ဂုဏ်တော်ခြောက်ပါးတန်ခိုးထွားစေ ဓမ္မသိဒ္ဓိအောင်စေ။
- ဂုဏ်တော်ကိုးပါးတန်ခိုးထွားစေ သံဃသိဒ္ဓိအောင်စေ။

(၃) ကြိမ် (၉) ခေါက် ရွတ်ဖတ်ပူဇော်ပါ။

- ဂုဏ်တော်အများတန်ခိုးထွားစေ သဗ္ဗသိဒ္ဓိအောင်စေ။

(၃) ကြိမ် ရွတ်ဆိုပါရန်။

**(ခ) အောက်ပါ ခြင်္သေ့မင်းဂါထာကို ရွတ်ဖတ်ပူဇော်ပါ**

- သီဟော၀ သီဟသဒ္ဒေနံ၊ မဟာသီဟော

မဟာတေဇော၊ အဟောမမ ဗလေဇဟော၊

ဘယဂေါ် သီဟတေဇော။

- သိဒ္ဓိကိစ္စံ သိဒ္ဓံ ကမ္မံ သိဒ္ဓိ ကာရံ တံထာဂတံ၊

သိဒ္ဓိတေဇေန သယုတ္တံ၊ နမေတံ သိဒ္ဓိကမ္မတော။

ထို (၂) ဂါထာကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါရန်။

**(ဂ) နတ်ဒေဝတာများကိုအပ်နှံရန်**

- ဇေယျတု သာသနာတော်စောင့်သော်မကာ၊ တေဇာ့ရှိန်ပြင်း၊ နတ်မင်းများစွာ နတ်ဒေဝါတို့။

ဘုမ္မာရုက္ခာ၊ အာကာသဋ္ဌ၊ လောကပါလာ၊ ဒေဝါဝိစတု၊ ဝိရူဠှကာ၊ ဝိရူပက္ခ၊ ကုဝေရနှင့် ဓတရဋ္ဌ၊ နာမထင်ရှား၊ ရှင်နတ်များပြင်၊ ငါးပါးခေါ်မှတ်၊ သူရဿတီစန္ဒီ၊ ပရမေသွာ၊ မဟာပိန္နဲ၊ ကျောက်ထဲပေစ္ဆ၊ ဂေါရမန္တာ၊ နတ်ဒေဝါတို့၊ ဝိဇ္ဇာလေးပါး၊ ခုနစ်ပါးဒေဝီ၊ တစ်လီမယွင်းအတွင်းသုံးဆယ်၊ ခုနစ်သွယ်နတ်မင်းစောင့်ခြင်းနိစ္စ၊ ဘေးရန်ပအောင်၊ စောင့်ကြပ်ကြပါ၊ နတ်ဒေဝါတို့။

ဒါယကာပေါင်း၊ သူတော်ကောင်းတို့၊ လျှင်ကြောင်းမစ၊ သုခချမ်းသာ၊ မကွာရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ ရွှာသွန်းဖြိုးသို့၊ မညှိုးစေရာ၊ တန်ခိုးဖြာလျက်၊ မကွာနေ့ည၊ စောင့်ကြပ်ကြပါ၊ နတ်ဒေဝါတို့။

(ခြင်္သေ့ရုပ်၏ ကျောပေါ်တွင် ဗျည်းစမလေးလုံးပါဝင်သော လေးကွက်စမအင်းကို တွေ့ရမည် ဖြစ်ပါသည်။ ထိုပသာဒအမြင်သည်ပင် ဝိသေသလက္ခဏာဖြစ်နေပါသည်။ ဤသည်ကပင် ဂမ္ဘီရပညာဖြစ်နေသည်ကို သတိပြုမိပါသည်။)

**(ဃ) သစ္စာပြုဆုတောင်းခံပါ။ ဝေနေယျတို့အား မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။ ဖိတ်ထားသူများ နေရပ်ဌာနပြန်ပို့ပေးပါရန်**

- စီမံရန် ရက်(၂၄)ရက်ပြည့်သွားသည်ဆိုလျှင် အသင့်ဆောင်နိုင်ကြပြီဖြစ်ပါသည်။

မည်သည့် သိဒ္ဓိအထူးကိုရမည်ဟု မတင်ပြချင်ပါ။ ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ကြခြင်းဖြင့် ကိုယ်တိုင်မုချသိရမည် ဖြစ်ပါသည်။

ကျွန်ုပ်သည် ဇရာနယ်သို့ချဉ်းနင်းလာပြီဖြစ်၍ အထက်တွင် ရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း အခွင့်ကြုံပါက မြန်မာ့ရတနာအမွေတစ်ခုအနေဖြင့် ထူးခြားဆန်းပြားပြီး အများအကျိုးပြုအင်းများစမများအကြောင်းကို ဆက်လက် ရေးသား တင်ပြပါဦးမည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ(နဝင်းမြို့)




www.burmeseclassic.com

www.burmeseclassic.com

၁ အရှိမပြတ်၊ သိမှတ်နေလျှင်၊
အနတ္တရောက်၊ ထိုးဖောက်သိမြင်။
ဖြစ်ပျက်ကုန်ဆုံး၊ ဆိတ်သုဉ်းဝေဟင်
ဒုက္ခငြိမ်း၊ ဇာတ်သိမ်းနိဗ္ဗာန်ဝင်။

အရှင်ဥက္ကသေန
(သုသာန်လိုဏ်ဂူ)



# သံချိုင်းဂူတွေကြားက ချောင်းခွရွာသုသာန်ကျောင်းတရားစခန်းသို့

ကလေး-ဝင်းသူ

အထက်ပါ သိမှတ်စရာစာသား ကလေးမှာ ကလေးမြို့နယ် ချောင်းခွရွာ သုသာန်ကျောင်းတွင် သီတင်းသုံးနေ ထိုင်၍ ပျံလွန်တော်မူသွားသော သုသာန် ဆရာတော်ကြီး အရှင်ဥက္ကသေန၏ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိစာရွက်လေး (၅)ရွက် နောက်ဆုံးစာမျက်နှာအောက် က ဩဝါဒစာသားကလေး ဖြစ်ပါသည်။

စာရေးသူက ဆရာတော်ကြီး အကြောင်း စာရေးခွင့်ပြုပါရန် လျှောက် ထားခဲ့ရာ ဆရာတော်ကြီးက -


"ငါ့ဘဝကို ငါကိုယ်တိုင် ရေးပေး မယ်"

ဆိုကာ စာရေးသူအား ရေးပေး ထားခဲ့သော ကိုယ်တိုင်ရေးထေရုပ္ပတ္တိ အကျဉ်းကလေး ဖြစ်ပါသည်။

ဆရာတော်ကြီးသည် တောင် သားတိုင်းရင်းသား၊ ယောသားတစ်ဦး ဖြစ်ပါသည်။ ထီးလင်းမြို့နယ် ဝက်သက် ရွာဇာတိ ဖြစ်သည်။ ငယ်စဉ် ကိုရင်ဘဝ က ဝက်သက်ရွာသုသာန်ကျောင်းတွင်



ချောင်းခွရွာသုသာန်ကျောင်းဝင်းအတွင်းက
သိမ်ကျောင်းဆောင်ကလေး





www.burmeseclassic.com

www.burmeseclassic.com



သုသာန်ကျောင်းဝင်းအတွင်းက ဆွမ်းစားဆောင်
(သုသာန်ဆရာတော်ကြီးပျံလွန်တော်မမူမီက ဆောက်ထားခဲ့သော ကျောင်းဆောင်)

ရှင်သာမဏေဝတ်ခဲ့ရာ တစ်နေ့တွင် ဖခင်ဖြစ်သူက ကိုရင်အခန်းထဲ မလာ စဖူး လာရောက်ကာ -

"မောင်ရှင်၊ ဒီသင်္ကန်းအဝတ်နဲ့ အမြဲနေပါ။ လူမထွက်နဲ့။ လူ့ဘဝဟာ ပင်ပန်းဆင်းရဲလှပါတယ်။ နော့ မောင်ရှင်"

ဟု မှာကြားပြောကြားပြီး ထိုနေ့ည(၉)နာရီတွင် အိပ်ပျော်ရင်း ကွယ်လွန်သွားခဲ့ပါသည်။


ထိုစဉ်က အရှင်ဥက္ကသေနဖြစ်လာမည့် ကိုရင်လေး၏အသက်မှာ (၁၃) နှစ်သာရှိသေးသည်။ ဖခင်ကြီးမှာကြားပြီး တစ်နှစ်အကြာတွင် မိခင်ကြီးပါလိုက်ပါ ကွယ်လွန်သွားခဲ့ပါသည်။ ထိုအခါ ကိုရင်လေး ဥက္ကသေနမှာ အမိမဲ့သား ရေနည်းငါးပမာ ခိုကိုးရာမဲ့ဖြစ်သွားခဲ့ရသည်။




သုသာန်ဆရာတော်ကြီး ဥက္ကသေန တရားအားထုတ်သွားခဲ့သော ကျောင်းဆောင်ကလေးနှင့် ကုသိနာရုံ



သုသာန်ဆရာတော်ကြီး အရှင်ဥက္ကသေန



နှစ်စဉ်သင်္ကြန်ကာလ တရားစခန်းဖွင့်ပေးနေသော တရားအားထုတ်ရာ မွှာရုံကျောင်းဆောင်ကလေး



နှစ်စဉ် ချောင်းဖွရွာသုသာန်ကျောင်း၌ တရားစခန်းဖွင့်ပေးနေသော သုသာန်ဆရာတော်လေး အရှင်နာဂိ



www.burmeseclassic.com

www.burmeseclassic.com



…က်ရှိသုသာန်ဆရာတော်လေး အရှင်နာဂိန္ဒ ထိုဇာတ်ဂူအတွင်း တရားကျင့်နေစဉ်




မပုပ်မသိုးဘဲရှိနေသည့် …သာန်ဆရာတော်ကြီး၏ရုပ်အလောင်း

…င်လေးအား ကျန်ရစ်သူ မောင်နှမ …မျိုးများနှင့် ရွာဦးကျောင်းဆရာ … ဦးသောဘဏတို့က ခေါ်ယူကျွေး …တော်ရှောက်ခဲ့ကြရသည်။

မိဘနှစ်ဦး ကွယ်လွန်ပြီး ဒုတိယ …စစ်အတွင်း ဂျပန်အပြေး မဟာ …ဝင်တွင် ကျောင်းထိုင်ဆရာတော် …ဘဏနှင့်အတူ ပေါက်မြို့သို့ …င်လျှောက်ကာ မန္တလေးမြို့သို့ …သင်ရန် ထွက်ခွာလာခဲ့သည်။ …ခ်နှ့်အကြာတွင် ပို့ဆောင်သော …တော်ပျံလွန်တော်မူခဲ့ရာ မန္တလေး …တောက်ပြင် ဝေယာမ်ဘုံသာဆရာ … ဦးနန္ဒိယက ဆက်လက် စောင့် …ပြီး မန္တလေး အမှတ်(၁)အထက် …ကျောင်းတွင် ကျောင်းထားပေးခဲ့ …

အတန်းပိုင်ဆရာမမှာ ဒေါ်သန်း …သည်။ ဆရာမ၏ကူညီမှုဖြင့် မိဘ



လက်ရှိသုသာန်ဆရာတော်လေး အရှင်နာဂိန္ဒ သီတင်းသုံးနေထိုင်နေသော သုသာန်ကျောင်းကလေး



နှစ်စဉ် သင်္ကြန်ကာလရောက်တိုင်း ကျောင်းခွဲရွာသုသာန်ကျောင်းတရားစခန်းသို့ စခန်းဝင် ရဟန်းပြုလာကြသော ဧည့်သည်ရဟန်းများ



ချောင်းခွဲရွာသုသာန်ကျောင်း၌ မောင်ဆောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပနေစဉ်




www.burmeseclassic.com

www.burmeseclassic.com



သုသာန်ဆရာတော်ကြီး ခိုငှက်ကလေးများအား အစာကျွေးနေစဉ်



ချောင်း၊ခွရွာသုသာန်ကျောင်း၌ ရပ်ထျက်တရားအားထုတ်နေကြသူများ၊



ချောင်း၊ခွရွာသုသာန်ကျောင်းအဝင်ဝက သုသာန်ဇရပ်ကလေးတစ်ဆောင်

မဲ့ပညာတော်သင်အဖြစ် (၄)နှစ်၊ နန်းတော်ရှေ့အနုပညာပန်းချီကျောင်းတွင် (၂) နှစ် ပညာဆည်းပူးခွင့်ရခဲ့သည်။

ပန်းချီကျောင်းတွင် ပညာသင်ကြားနေစဉ် (၅)ကြိမ်မြောက် လွတ်လပ် …ကဲ့ဆိပ် ဆု ရရှိခဲ့သည်။ ထိုမှ မန္တလေးဆရာအတတ်သင်သိပ္ပံတွင် ပန်းချီအထူးသင်တန်း၌ တစ်နှစ်တက်ရောက်အောင်မြင်ပြီး ယောနယ် ထီးလင်းမြို့ အစိုးရအထက်တန်းကျောင်းတွင် ပန်းချီအနုပညာဆရာအဖြစ် (၃) လ၊ မန္တလေးမြို့နန်းတွင်းအလယ်တန်းကျောင်း (ယခု အထက-၁၈) တွင် ကိုးနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုသို့ ဆရာလုပ်ကိုင်ရင်း နေ့ခင်းတစ်ချိန်တွင် ရဟန်းပြုမည်အကြံဖြင့် ပိဋကတ်သုံးပုံ၊ နိကာယ်ကြီးငါးရပ်၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ဝေဿန္တရာဇာတ်၊ မွတ်စလင်ခိုရန်ကျမ်း၊ ဟိန္ဒူရာမယနကျမ်း၊ ခရစ်ယာန်(HOLYBIBLE)၊ သမ္မာကျမ်းစာ၊ ဓမ္မဟောင်းထွင် (၃၉) ကျမ်း၊ ဓမ္မသစ်ထွင် (၂၇) ကျမ်း၊ စုစုပေါင်း (၆၆) ကျမ်းတို့ကို အသေးစိတ်ဖတ်ရှုလေ့လာခဲ့သည်။

ထိုသို့လေ့လာဖတ်ရှုခဲ့ရာ ဗုဒ္ဓဝင်၊ ဇိနတ္ထပကာသနီကျမ်းတို့တွင် အလောင်းတော်ကြီးများတောထွက်ခန်းတို့ကို ဖတ်ရှုခဲ့ရာ အားကျ အတုယူလာမိသည်။ ထီးနန်းစွန့်ကာ တောထွက်ခန်းတို့ကို သဒ္ဓါပွားမိ၊ ကြည်ညိုမိသည်။ ငယ်စဉ်ကိုရင်ဘဝက ဖခင်ကြီး မှာကြားခဲ့သော စကားတို့ကို ကြားယောင်မိလာသည်။ လူ့လောကကြီး ဆင်းရဲဒုက္ခရောက်ကြပုံများမကြာမီပင် သေလွန်ကြပုံတို့ကို တွေးတောစဉ်းစားမိကာ အဖော်မမှီးတစ်ကိုယ်တည်းနေချင်စိတ်များ တဖွားဖွားပေါ်လာတော့သည်။ ငြိမ်သက်ခြင်းအေးငြိမ်းခြင်းတရားကိုကိုယ်မှာရှာတော့မည်ဟု ဆုံးဖြတ်မိသည်။

ထိုသို့ ဆုံးဖြတ်ခြင်းနှင့်အတူ အလွန်ကြောက်မက်ဖွယ်ရာငရဲခန်းကြီးများကိုလည်း အိပ်မက်မက်နေမိလေ၏။ လန့်နိုးပြီး တစ်ကိုယ်လုံးပူကာ ချွေးဒီးဒီးကျခဲ့သည်။ ကျောင်းဆရာအလုပ်တို့လည်း လုံးဝစိတ်မဝင်စားတော့။ တပည့်ကျောင်းသား၊ လုပ်ဖော်ကိုင်ဖက်ဆရာများ၊ အိမ်သူအိမ်သားများနှင့်လည်း စကားမပြောချင်တော့။ ရောဂါမရှိဘဲ တစ်ကိုယ်လုံး ပိန်ချုံးမောဟိုက်လာတော့သည်။ ရဟန်းမဝတ်ရလျှင် သေရမလောက်အခြေမျိုး ရောက်လာခဲ့သည်။

ရဟန်းဝတ်ဖို့လည်း မည်သူမှ သဘောမတူ။ ဆရာအလုပ်ထွက်ဖို့တလည်း တိုင်းပညာရုံးကလက်မခံ။ ရဟန်းပြုဖို့ အခက်ကြုံရသည်။

သို့ဖြင့် တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညနေ ဘုံကထိန်ခင်းပြင်ဆင်နေကြစဉ် အိမ်တွင် မည်သူမျှမရှိခိုက် (၆) နှစ်အရွယ် သားကလေးကို ပွေ့ဖက်လိုက်ပြီးပြန်ချကာ ပြည့်သော မျက်ရည်ဖြင့် ခွဲခွာကာ နန်းတော်ရှေ့ ဓမ္မစကြာ ရိပ်သာကျောင်းသို့ ထွက်လာကာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူတွေ၊ အင်ပင်တွေကြားက အမျိုးသမီးယောဂီဆောင်ကလေး



သုသာန်ဆရာတော်ကြီး၏
ရဟန်းကျောင်းဒါယကာ ဦးတာတား၏အုတ်ဂူ



ချောင်းခွရွာ ကုသိနာရုံသုသာန်ကျောင်းဝင်းအတွင်းရှိ ဆရာမကြီး၊ ဒေါ်အေးသာ၏အုတ်ဂူ

...အား ဥပဇ္ဈာယ်ဆရာပြု၍ ရှင်သာ...ဝတ်ခဲ့သည်။ တန်ဆောင်မုန်း...ပြည့်နံနက် (၈) နာရီတွင် သံဃာ... (၂၅) ပါးဖြင့် ခင်မကန်သိမ်တွင်...န်းဘောင်သို့ တက်ရောက်ခဲ့တော့...သည်။

ဥပဇ္ဈာယ်ဆရာတော်က -

"ဘုရားလက်ထက်က ဇာတ်...သမီးကိုစွန့်ပြီး ရဟန်းပြုခဲ့တဲ့ သူဌေး... ဥဂ္ဂသေနနဲ့ တူတယ်ဟေ့။ မင်းကို...သေနလို့ ဘွဲ့အမည်ပေးရမယ်"

ဟု ဘွဲ့အမည်ပေးကာ ဥဂ္ဂသေန...တ်ကြောင်းကိုလည်း ပြောပြပေးခဲ့...သည်။

ထိုသို့ ရဟန်းပြုပြီးနောက်...ကျောင်းဆရာအလုပ်ထွက်စာကိုလည်း...လိပ်စာမဖော်ပြဘဲ တိုင်းပညာရုံး...မှ၍ပို့ပေးခဲ့သည်။ ထို့နောက် နန်းရွှေ့ ဓမ္မစကြာရိပ်သာတွင် သုံးလခန့်နေထိုင်ပြီးနောက် ရန်ကုန်မြို့ ဗုဒ္ဓသာသနာပြုသင်တန်းသို့ သွားရောက်၍ သင်တန်းတစ်နှစ်တက်ရောက်ခဲ့သည်။ သင်တန်းဆင်းပြီးနောက် ယောနယ်ဇာတိမြေ ဝက်သက်ရွာသို့ပြန်လာကာ ရွာလူကြီးများအားအသိပေးပြီး ရွာသုသာန်ဇရပ်တွင် သီတင်းသုံး ဝါဆိုနေထိုင်ခဲ့သည်။

သီတင်းဝါလကျွတ်သောအခါတွင် ထီးလင်း၊ ဂန့်ဂေါ၊ ကလေး၊ ကချင်ပြည်နယ်များသို့ ရွာစဉ်လှည့်ကာ သပိတ်တစ်လုံးလွယ်၍ ခြေကျင်ခရီးဖြင့် တရားဟောထွက်ခဲ့သည်။ ထိုသို့ ခရီးထွက်လာရာ ကလေးမြို့နယ် ချောင်းခွကျေးရွာအရောက် ဂေါပကများက ကျောင်းထိုင်ပေးရန် လျှောက်ထားတောင်းဆိုကြသဖြင့် ချောင်းခွရွာ ရန်ရှင်းကျောင်းတွင် (၁၀) နှစ်ကြာမျှ နေထိုင်သီတင်းသုံး၍ ကိုရင်၊ ကျောင်းသား၊ ဒကာ၊ ဒကာမများကို အခြေခံဗုဒ္ဓမင်္ဂလာတရားတော်များကို သင်ကြားပေးခဲ့သည်။

ထိုသို့ နေထိုင်စဉ် မိမိ၏ လွတ်မြောက်မှု၊ အေးငြိမ်းမှုကို မိမိကသာ မဆုတ်မနစ် ကြိုးစားအားထုတ်ရမည်။ ဤမျှနှင့်ရပ်မနေသင့်။ လေ့၊ သင်္ဘော နစ်မြုပ်သူသည် ရွှေထုပ်၊ ငွေထုပ်ကို မငြိတွယ် လွတ်မြောက်ရာရှာသကဲ့သို့၊ လျှောင်အိမ်မိသော သားသမင်သည် လွတ်မြောက်နိုင်မည့်အပေါက်ကိုရှာ၍ ထွက်ပြေးသကဲ့သို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ကာမဂုဏ်အာရုံအတွယ်အတာများကို စွန့်လွှတ်ရမည်ဟု ဆုံးဖြတ်ကာ ချောင်းခွရွာကျောင်းနှင့် အခြေအရံတို့ကိုစွန့်ကာ မန္တလေး၊ မကွေး၊ မင်းဘူး၊ မန်းစက်တော်ရာ ခြေတော်ရာများသို့ ဘုရားဖူးထွက်ခဲ့သည်။ မန်းရွှေစက်တော်ရှိ မြတ်စွာဘုရားရှင်၏ ခြေတော်ရာကို ဦးခိုက်ပြီး သံယောဇဉ်အတွယ်အတာများကို ဖြတ်တောက်ပါတော့မည်၊ တောကျောင်းမှာသာနေပါတော့မည်ဟု သစ္စာအဓိဋ္ဌာန်ပြုသည်။ (၇) ရက်ခန့် စက်တော်ရာတွင် ဆွမ်းခံနေထိုင်ကာ ဇာတိမြေ ဝက်သက်ရွာသို့ ပြန်ခဲ့သည်။

ရွာသို့ပြန်ရောက်လျှင် ဆိုင်ရာမြို့နယ်သံဃာ့နာယကထံ အကြောင်းကြားပြီး မိမိဇာတိ ဝက်သက်ရွာသုသာန်တွင် သီတင်းသုံးနေထိုင်ခဲ့လေသည်။ သို့ဖြင့် ဝက်သက်ရွာသုသာန်တွင် (၁၀) နှစ်ကြာ သီတင်းသုံးနေထိုင်ပြီးနောက် မိမိစိုက်ပျိုးခဲ့သောဇောင်ပင်ကြီးကို ရေသွန်းလောင်းပွဲပြုလုပ်ကာ ကဆုန်လဆုတ် ၁ ရက်နေ့တွင် မိမိကျောင်းထိုင်ခဲ့ရာ ချောင်းခွရွာသို့ ခရီးဆက်ခဲ့သည်။ ချောင်းခွရွာအ

www.burmeseclassic.com

ရောက်တွင် ရောက်မဆိုက်ပင် ချောင်းခွ ရွာ ဒကာ၊ ဒကာမများက တစ်ဝါဆို ကျောင်းထိုင်ရန် လျှောက်ထားကြသည်။ မိမိက ဆိတ်ဆိတ်နေဝန်ခံပြီး -

"ရွာကျောင်းမှာတော့ မနေလို့ တော့ဘူး၊ စမ်းရေထွက်တဲ့ ဝေပုလ္လ တောင်ခြေမှာနေလိုတယ်"

ဟုပြောပြရာ -

"ဝေပုလ္လတောင်ခြေမှာနေပါက ဆွမ်းရေးမလွယ်ကူပါ"

ဟု လျှောက်ထားကြရာ -

"ဒါဆိုရင် ရွာမှာလည်း သုသာန် မှာနေခဲ့တာ၊ သုသာန်ထဲမှာ ကျောင်း ဆောက်ပေးရင် နေမယ်"

ဟု ဝန်ခံခဲ့ရာ ချောင်းခွရွာဒကာ၊ ဒကာမများက ချောင်းခွသုသာန်အတွင်း၌ တရားအားထုတ်ရန် လိုဏ်ဂူနှင့်ကမ္မဋ္ဌာန်းကျောင်းလေးတစ်ဆောင်ကိုဆောက် လုပ်လှူဒါန်းကာ ရေတွင်းကလေးပါတူး ဖော်ပေးခဲ့ကြပါသည်။ သုသာန်ကျောင်း၌ နေထိုင်ခွင့်ရရန်လည်း ဆိုင်ရာသံဃာ့ နာယကထံ လျှောက်ထား အသိပေးခဲ့ပါ သည်။

ထိုသုသာန်ကျောင်း၌ နေ့အခါ ပူအိုက်လျှင် လိုဏ်ဂူထဲဝင်၊ ချမ်းအေး လျှင် ကမ္မဋ္ဌာန်းကျောင်းလေးပေါ်တက် ကာ အာနာပါန၊ ကာယဂတာ၊ သတိ ပဋ္ဌာန်ကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများနေထိုင် သီတင်းသုံးခဲ့လေသည်။

ဤသို့ဖြင့် သုသာန်ဆရာတော် အရှင်ဥဂ္ဂသေနသည် ချောင်းခွရွာ ရန်ရှင်း ကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော် အဖြစ် (၁၀) နှစ်၊ ဇာတိ ဝက်သက်ရွာ သုသာန်တွင် (၁၀) နှစ်၊ ချောင်းခွရွာ သုသာန်တွင် (၁၂) နှစ်၊ စုစုပေါင်း (၃၂) နှစ်ကြာ ရဟန်းဘဝဖြင့် ဘာဝနာတရား ပွားများရင်း နေထိုင်လာခဲ့ရာ ၁၃၆၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့နံနက် (၆) နာရီခွဲချိန်တွင် ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူ သောအခါ ဆရာတော်ကြီး မှာကြား ထားခဲ့သည့်အတိုင်း ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်ခြင်းမပြုဘဲ ဆရာတော်ကြီးတရားကျင့်ကြံအားထုတ် ရာ ကုသိနာရုံလိုဏ်ဂူအတွင်း၌ ယနေ့ တိုင်ထားရှိခဲ့ကြပါသည်။ မပုပ်မသိုးသော ရုပ်ကလာပ်မှာ ယနေ့တိုင် ဂူအတွင်း၌ ရှိနေဆဲ၊ မြင်နေရဆဲ ဖြစ်ပါသည်။

ကျွန်တော်သည် သုသာန်ဆရာ တော်ကြီးရှိစဉ်က တစ်နှစ်တစ်ခါ၊နှစ်ခါ ဆိုသလို ရောက်ဖူးသော်လည်း ဆရာ တော်ကြီး ပျံလွန်တော်မူပြီးနောက် တော်တော်နှင့် မရောက်ဖြစ်တော့ပေ။ (၄၊ (၅) နှစ်မျှ ကြာသွားသောအခါ သုသာန်ဆရာတော်ကြီး၏ကျောင်းတွင် ချောင်းခွရွာကပင် ဦးနာဂိန္ဒ ဟူသော ဆရာတော်လေး ကျောင်းထိုင်၍ သာသ နာပြုနေကြောင်း၊ နှစ်စဉ် သင်္ကြန်ကာလ ၌ တရားစခန်းများဖွင့်လှစ်၍ တရားပြ တရားဟော သာသနာပြုနေကြောင်း သတင်းကောင်းများကြားလာရသည်။

သို့အတွက် သုသာန်ကျောင်း တရားစခန်းသို့ သွားရောက် လေ့လာရန် ဆုံးဖြတ်ထားခဲ့ရာမှ ၁၃၇၅ခုနှစ် နှ ရာသီ သင်္ကြန်ကာလအတွင်း ရောက်ရှိ သွားခဲ့ပါသည်။

နေအိမ်မှ ကင်မရာလွယ်အိတ် လွယ်၍ ခြေကျင်ထွက်လာခဲ့ရာ နာရီ ဝက်ကျော်ကျော်အကြာတွင် ချောင်းခွ ရွာသုသာန်သို့ ရောက်ရှိသွားပါသည်။ အချိန်မှာ နံနက် (၆) နာရီကျော်ကျော် ရှိနေပြီး ပါလာသော ကြေးမုံသတင်းစာ ကို သုသာန်အနီးရှိ 'သားလျှန်ဆန်း' နေ အိမ်ဝင်ကာပေးထားခဲ့ပြီး သုသာန်လမ်း အတိုင်း လမ်းလျှောက်လာခဲ့သည်။

ချောင်းခွရွာသုသာန်ကား တစ ပြင်ဆိုသကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေ သည်။ အုတ်ဂူဖွေးဖွေးတို့ကား အတိုင်း သားမြင်နေရသည်။ ထိုအုတ်ဂူတွေကြား က ဘယ်တစ္ဆေများထွက်လာမလဲဟု စိုးရိမ်စိတ်ပင်ပေါ်လာခဲ့သည်။ အုတ်ဂူ များမှာ ခရစ်ယာန်အုတ်ဂူရော၊ မြန်မာ အုတ်ဂူများပါ ဖွေးဖွေးလှုပ်နေပါသည်။ အုတ်ဂူကြီးများကား ကြီးမားခိုင်ခံ့လှပ နေကြပါသည်။

ယေရှုခရစ်တော်၌ အိပ်ပျော်ခြင်း ရေးထားသော ကြက်ခြေခတ်မှတ်တိုင် များကိုတွေ့ရှိရသလို သုသာန်ကျောင်း အဝင် ဇရပ်အနီးရှိ အုတ်ဂူပြာပြာကြီးမှာ ဦးအထော် အသက်(၇၇)နှစ်၊ ကွယ်လွန် သည့်နေ့ ၁-၂-၂၀၁၂၊ ဗုဒ္ဓဟူးနေ့ဟု ကမ္ပည်းထိုးထားသော မြန်မာလူမျိုး အုတ်ဂူလှလှကြီးကိုလည်း တွေ့ရသည်။

ထိုအုတ်ဂူများကိုဖတ်ရှု၍လျှောက် လာခဲ့ရာ ရွာထဲမှယောဂီအမျိုးသမီးကြီး တစ်ဦးသည် သောက်ရေအိုးရွက်၍ထွက် လာသည်ကို မြင်ရလေ၏။ ထိုအခါမှ တိတ်ဆိတ်နေသော အုတ်ဂူများကို ကြောက်ကြောက်နှင့်ပင် လျှောက်ကြည့် နေရာမှ အကြောက်သက်သာသွားတော့ သည်။

ထိုအမျိုးသမီးယောဂီသည်ကား သုသာန်ကျောင်းတရားစခန်းတွင် ဝင် ရောက်တရားထိုင်နေသော ချောင်းခွရွာ မှ ယောဂီအမျိုးသမီးကြီး ဖြစ်သည်။ ထိုအမျိုးသမီးကြီးနောက်ကလိုက်သွား ရာ မကြာမီ ကုသိနာရုံသုသာန်ကျောင်း ဟု ရေးထိုးထားသော ကျောင်းအဝင် မုခ်ဦးကြီးကို တွေ့ရသည်။ ထိုမုခ်ဦး ပေါက်ဝမှ အနောက်ဘက်သို့မျှော်ကြည့် လိုက်သောအခါမှုကား ဝေပုလ္လတောင် ချင်းတောင်တန်းရှည်ကြီးကို တစ်မျှော် တစ်ခေါ် တွေ့ရလေသည်။

ထိုဝေပုလ္လတောင်ကြီးသည်ကား သုသာန်ဆရာတော် ဥဂ္ဂသေန သီတင်း သုံးချင်သောတောင်တန်းကြီး ဖြစ်ပေ သည်။ ရွာနှင့် (၃) မိုင်၊ (၄) မိုင်ခန့်ဝေး ၍ ဆွမ်း၊ ကွမ်း အခက်အခဲရှိသဖြင့် ယခု ချောင်းခွရွာ သုသာန်ကျောင်းတွင်ပင် သီတင်းသုံး နေထိုင်သွားခဲ့ရခြင်း ဖြစ် သည်။

သုသာန်ကျောင်းအဝင်ဝမှ ကျောင်း ဝင်းအတွင်း အနည်းငယ် လျှောက်သွား လိုက်သောအခါ ဗုဒ္ဓသာသနာ ဝတ္တက မြေ (၂၀၀၄ အေဒီ) ဟု ရေးသားထား သော ကျောက်တိုင်အနီးတွင် ရဟန်း ကျောင်းဒါယကာ ဦးတာတား၊ အသက် (၅၄) နှစ်၊ (၂၃-၁၂-၂၀၀၆) ဟု ရေးထား သောအုတ်ဂူ၊ ထိုအုတ်ဂူရှေ့နားတွင် ဂန့်ဂေါ်မြို့နယ် ယင်းမာရွာ ဦးမောင် နက်၊ ဒေါ်သန်းအေးတို့၏ သမီး မငွေ ငွေဦး အသက်(၂၃)နှစ်၊ တတိယနှစ် သမိုင်း (၁-၅-၂၀၀၀နေ့) ဟု ရေးထိုး သည့်အုတ်ဂူ၊ ထိုအုတ်ဂူနှစ်လုံး၏တောင် ဘက်တွင် ဆရာမ ဒေါ်အေးသာ (၅၇) နှစ်၊ ၁၃၆၅ ခု၊ ဝါခေါင်လဆုတ် ၉ ရက် နေ့ကွယ်လွန် (၁၁-၈-၂၀၀၃) ဟု ရေး ထိုးထားသော အုတ်ဂူကြီးတစ်လုံးကို တွေ့ရသည်။ ထိုအုတ်ဂူကြီးမှာ ဆယ်နှစ် မျှကြာသွားပြီဖြစ်၍ မွဲပြာရောင်ပေါက် နေလေပြီ။

ထိုဆရာမကြီး ဒေါ်အေးသာကား ထီးလင်းမြို့နယ် ကင်းပန်းရွာသူ ဖြစ် သည်။ နတ်ချောင်းရွာ အ-ထ-ကတွင် မူလတန်းပြဆရာ၊ အလယ်တန်းပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင်ပြီး နတ်ချောင်းရွာသား ပညာ့ဗိမာန်ဘော်ဒါ ဆောင် ဆရာကြီး ဦးတင်မြင့်နှင့် အိမ် ထောင်ကျကာ နတ်ချောင်းရွာတွင်ကွယ် လွန်သွားခဲ့သူ ဖြစ်သည်။

ဆရာမကြီးဒေါ်အေးသာနှင့်အ စာရေးသူသည်လည်း နတ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

အ-ထ-ကတွင် မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာ၊ အထက်တန်းပြဆရာအဖြစ် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဆရာမဒေါ်အေးသာနှင့် ဆရာဦးတင်မြင့်တို့ မင်္ဂလာဆောင်သောအခါ စာရေးသူသည် ထီးလင်းမြို့နယ် ကင်းပန်းရွာသို့ လိုက်ပါသွားခဲ့ဖူးသည်။ ဆရာဦးတင်မြင့်မှာ စာရေးသူ၏ ...ယ်ဆရာ (အလယ်တန်းကျောင်းသား ...ဝကဆရာ) ဖြစ်ခဲ့သောကြောင့်တည်း။

ယခု ဆရာကြီးမှာ အသက် (၇၀) ...ကျော်ရှိနေပြီး စာရေးသူမှာ(၆၇)နှစ်ရှိနေ... ဆရာဇနီးဒေါ်အေးသာမှာ ကင်ဆာ ...ရောဂါဖြင့် အသက်(၅၈)နှစ်တွင် ကွယ်...လွန်ခဲ့သည်။ ဆရာကြီးတို့ဇနီးမောင်နှံမှာ ...ခင် သုသာန်ဆရာတော်ကြီး အရှင်...ဥက္ကသေနအား ကိုးကွယ်ကြသူများ ဖြစ်...သည်။ ထို့ကြောင့် ဆရာမကြီး၏ ရုပ်...ကလာပ်ကို ဤကုသိနာရုံသုသာန်...ကျောင်းတွင် မြှုပ်နှံထားခြင်း ဖြစ်သည်။

ရဟန်းကျောင်းဒကာ ဦးတာတား (...)နှစ်မှာလည်း ဂေါ်ရခါးလူမျိုးဖြစ်ပြီး ...သုသာန်ဆရာတော် အရှင်ဥက္ကသေနကို ...လေးတိုင်စင်ကပ်မိုးကပ်ကာကျောင်းလေး ...ဆောင် ဆောက်လုပ် လှူဒါန်းခဲ့သော ...ကျောင်းဒကာ ဖြစ်သည်။ သူ့ဇနီးမှာ ...ခရစ်ယာန် ချင်းအမျိုးသမီး ဖြစ်သည်။ ...သုသာန်ဆရာတော်အား ကြည်ညို ...ကိုးကွယ်ကြသော ဇနီးမောင်နှံဖြစ်သည်။

ဂန့်ဂေါမြို့နယ် ယင်းမာရွာက ...အတွင်းသိုလ်ကျောင်းသူလေး မငွေးငွေးဦး (...)နှစ်မှာလည်း သုသာန်ဆရာတော် ...ကြီးနှင့် ယခုလက်ရှိ သုသာန်ဆရာတော် ...လေး (အရှင်နာဂိန္ဒာ) ကို ကိုးကွယ်ကြသူ ...များ ဖြစ်ပါသည်။

ကျွန်တော်သည် ထိုအုတ်ဂူများကို ...ကြည့်ရင်း ကုသိနာရုံလိုဏ်ဂူဟုရေးထိုး ...ထားသော လိုဏ်ဂူကြီးဆီသို့ မျက်စိ ...ရောက်သွားပါသည်။ထိုလိုဏ်ဂူကြီးကား ...သုသာန်ဆရာတော်ကြီး အရှင်ဥက္ကသေန ...အား ကျင့်ကြံအားထုတ်၍ ယနေ့တိုင် ...ရုပ်ကလာပ်ကို ထားရှိသောနေရာ ...လိုဏ်ဂူ ဖြစ်သည်။ ဆရာတော်ကြီး၏ ...ရုပ်ကလာပ်ကို ဆရာတော်ကြီး သီတင်း ...သုံးစံပါယ်စက်သော သံခုတင်လေးပေါ် ...တွင် ထားရှိပါသည်။

ရုပ်ကလာပ်ထားသော လိုဏ်ဂူကို ...ပိတ်ထားပါသည်။ထိပ်နှစ်ဖက်တွင် ...ရုပ်ကလာပ်ကိုဖူးမြော်နိုင်ရန် တစ်ပေ ...လေးထောင့်မှန်များကာရံထားပါ ...ခြေရင်း၊ ခေါင်းရင်းကဖြစ်သည်။ ...ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ခြေရင်းဘက်မှ နေအလင်းရောင်ဝင်သည့်အခါ ကြည့်ရှု၍ရပါသည်။ဂူအတွင်းကား သာမန်အချိန်တွင် မှောင်မည်းနေပါသည်။ စာရေးသူသည် ဆရာတော်ကြီး၏ မပုပ်မသိုးသောရုပ်ကလာပ်ကို ခေါင်းရင်းဘက်မှ ကင်မရာကိုချိန်ရွယ်၍ ရိုက်ယူခဲ့ပါသည်။ ဆရာတော်ကြီး၏ ဦးခေါင်းပင်မပေါ်ပါ။ ရုပ်ကလာပ်ခြေရင်းမှာ ပြားလျားနေပြီးဖြစ်၍ အရိုးစုများသာ ကျန်ရစ်တော့မည်ဟု ခန့်မှန်းရပါသည်။

ဆရာတော်ကြီးသည် ထိုလိုဏ်ဂူ၌ (၁၂) နှစ်ကြာ တရားအားထုတ်ပြီး ပျံလွန်တော်မူသွားခဲ့ခြင်း ဖြစ်သည်။ ဆရာတော်၏ မှာစကားအတိုင်း ရုပ်ကလာပ်ကို ယခုအတိုင်း ထားရှိကြခြင်း ဖြစ် သည်။

ကျွန်တော်သည် ရုပ်ကလာပ်ကို ဓာတ်ပုံရိုက်ယူအပြီး ဆရာတော်ကြီး သီတင်းသုံးနေထိုင်သွားခဲ့သည့် သစ်သားကမ္မဋ္ဌာန်းကျောင်းလေးပေါ် တက်သွားပါသည်။ ဆရာတော်ကြီး၏အခန်းကို သော့ပိတ်ထားပါသည်။ အခန်းပြင်ဘက်တွင်ကား ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ဓာတ်ပုံမှတ်တမ်းများကို မြင်တွေ့ရပါသည်။ တစ်နေရာတွင် ဆရာတော်ကြီး ရှိစဉ်က ခိုး ငှက်ကလေးများကို အစာကျွေးနေသောဓာတ်ပုံကို မြင်တွေ့ရပါသည်။ ထိုပုံကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

သည်ကမ္မဋ္ဌာန်းကျောင်းကလေးကို နတ်ချောင်းရွာက ဒေါ်ခင်ငွေက ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ လိုဏ်ဂူကိုမူ စုပေါင်းလှူဒါန်းထားခြင်းဖြစ်သည်။ ဆရာတော်ကြီးရှိစဉ်က စာရေးသူမှာ ထိုကမ္မဋ္ဌာန်းကျောင်းပေါ် တက်၍ ဆရာတော်ကြီးအား (၃)၊ (၄)ကြိမ် ဖူးတွေ့ပူဇော်ခဲ့ရပါသည်။ ထိုကျောင်းလေးပေါ်ကပင် စာရေးသူအား ဆရာတော်ကြီးက သူ၏ကိုယ်ရေးအကျဉ်း (ထေရုပ္ပတ္တိ) ကို ရေးပေးတော်မူခဲ့ခြင်း ဖြစ်သည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဆရာတော်ကြီးအား အနီးကပ်ပြုစုလုပ်ကျွေးတပည့်ခံခဲ့သော ချောင်းခွရွာမှ ဦးသံလုံး၊ ဒေါ်ဝိုင်းလုံတို့၏သား မောင်တင်လှိုင်မင်းသည် ဆက်လက်၍ ရဟန်းဝတ်ကာ သုသာန်ဆရာတော်အဖြစ် သီတင်းသုံးနေခြင်း ဖြစ်ပါသည်။

ထိုဆရာတော်လေး၏မိဘနှစ်ပါးမှာ ဖခင်ဖြစ်သူက ဂေါ်ရခါးလူမျိုးဖြစ်ပြီး မိခင်မှာ ချင်းအမျိုးသမီး ခရစ်ယာန်ဘာသာယူသူများဖြစ်ကြပါသည်။ သူ၏မိဘနှစ်ပါးမှာ သားဖြစ်သူ ဗုဒ္ဓဘာသာဝင်၍ ရဟန်းပြုသွားသဖြင့် အလိုအလျောက် ဗုဒ္ဓဘာသာဝင်များဖြစ်သွားကြပါသည်။

မောင်တင်လှိုင်မင်းမှာ ချောင်းခွရွာ ဂေါ်ရခါးလူမျိုး ဦးဘိုတဲကြီး၏မြေးဖြစ်ပါသည်။ မောင်တင်လှိုင်မင်းဘဝမှ အရှင်နာဂိန္ဒဖြစ်လာသော သုသာန်ဆရာတော်လေးက စာရေးသူကို တွေ့လျှင်-

"ဆရာကြီးဦးဝင်းသူရဲ့တပည့်ပါ၊ နဝမတန်းတုန်းက စာသင်ဖူးတယ်"

ဟု မိန့်ကြားသောအခါမှ မောင်တင်လှိုင်မင်းခေါ် သုသာန်ဆရာတော်လေး အရှင်နာဂိန္ဒမှာ စာရေးသူတပည့်မှန်း သိရတော့သည်။

တပည့်မရှား၊ တစ်ပြားမရှိဆရာမို့ တပည့်တွေက ပေါလှပါ၏။ ယခင်ကလည်း နှစ်တန်းကျောင်းသား မောင်ထွန်းလှိုင်မှာ ဦးအာဒေယျ ဟူသော ဆရာတော်တစ်ပါးဖြစ်သွားဖူးပါသည်။ ဘုန်းကြီးဆရာဖြစ်ခဲ့ရ၍ ဝမ်းသာရပါ၏။ ကြည်နူးရပါ၏။ ပီတိဖြစ်ရပါ၏။

ယခုလည်း သုသာန်ဆရာတော်လေးမှာ စာရေးသူ၏တပည့်ဖြစ်ခဲ့၍ အားမနာတမ်း မေးမြန်းခဲ့ရသည်။ စေ့ငုခဲ့ရသည်။

သုသာန်ဆရာတော်လေး အရှင်နာဂိန္ဒသည် ၁၃၄၆ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ စနေနေ့တွင် ချောင်းခွရွာ၌ ဖွားမြင်တော်မူခဲ့ပါသည်။

မိဘများမှာ ဦးသံလုံး၊ ဒေါ်ဝိုင်းလုံ ဖြစ်ကြပြီး မွေးချင်း(၃)ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ အစ်ကိုတစ်ယောက်၊ ညီမတစ်ယောက်ရှိသည်။

၁၃၆၅ ခုနှစ်တွင် ရှင်သာမဏေဝတ်ခဲ့ပြီး ၁၃၆၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဦးပဇ္ဈာယ်ဆရာတော်မှာ သုသာန်ဆရာတော်ကြီး အရှင်ဥက္ကသေန ဖြစ်သည်။ ဆရာတော်ကြီး ပျံလွန်တော်မမူမီလေးနှစ်မှစ၍ ရဟန်းပြုခဲ့ခြင်း ဖြစ်သည်။ မပျံလွန်မီ ဆရာတော်ကြီးက အရှင်နာဂိန္ဒအား မှာကြားဆုံးမသွားတော်မူခဲ့ပါသည်။ ဆရာတော်လေးက မှတ်စုလေး ထုတ်၍ စာရေးသူကို ပြသပါသည်။

ထိုဩဝါဒစကားများမှာ -

၁။ ဆွမ်းခံပါ။

၂။ ရန်ငြိုးမထားနဲ့၊ ဒေါသမကြီးနဲ့။

၃။ တည်တည်တံ့တံ့နေပါ။



www.burmeseclassic.com

www.burmeseclassic.com

၄။ လာဘ်လာဘတွေ မလိုချင်နဲ့။
၅။ စိတ်မတိုနဲ့။
၆။ ခင်ခင်မင်မင်နေပါ။
၇။ ဗုဒ္ဓဝင်ကိုကြည့်ပါ။
၈။ ခူတင်ဆောင်ပါ။
၉။ တောင်တွေးမြောက်တွေးမ တွေးနဲ့။

၁၀။ သူများပင့်သည်ဖြစ်စေ၊ မပင့်သည်ဖြစ်စေ ဘာမှစိတ်မပူနဲ့။

၁၁။ ကိုရင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာမှဖြစ်မနေနဲ့။

၁၂။ လူတွေနဲ့ ရောရောနှောနှော မနေပါနဲ့။ကြည့်ပေါင်းပါ။ ခေတ်ကိုလည်း နားလည်ပါ။

၁၃။ သူများ ကဲ့ရဲ့သည်ဖြစ်စေ၊ ချီးမွမ်းသည်ဖြစ်စေ ဘာမှစိတ်မကောင်း မဖြစ်နဲ့။ ကိုယ့်တရားနဲ့ကိုယ်နေပါ။ အာနာပါနနဲ့နေပါ။

၁၄။ ကျောင်း၊ ကျောင်းဝင်းတို့လည်းရပြီးပြီ။ ရှင်ပြုနည်းလည်းတတ်ပြီးပြီ။ ရဟန်းခံနည်းလည်းတတ်ပြီးပြီ။

၁၅။ ဒကာ၊ ဒကာမတွေလှူထားတဲ့ပစ္စည်းတွေကိုလည်း ကောင်းကောင်းသုံးပါ။ ကောင်းကောင်းသိမ်းထားပါ။ အလဟဿမဖြစ်ပါစေနဲ့။

၁၆။ လူကြီးတွေကို ရိုသေပါ။ ဒကာ၊ ဒကာမတွေကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါ။ လှူပါ၊ ကျွေးပါ၊ ကမ်းပါ၊ သနားပါ။

၁၇။ တောက်တဲ့၊ တောခွေး၊ ယုန်တို့လည်း လာကြတယ်။ ဘာမျှကြောက်မနေနဲ့။

ဟူ၍ဖြစ်သည်။

သုသာန်ဆရာတော်ကြီး အရှင်ဥဂ္ဂသေနရှိစဉ်က ကုသိနာရုံသုသာန်ကျောင်းတွင် ရဟန်းသုံးပါးရှိခဲ့သည်။ ထိုရဟန်းတို့မှာ ဦးဝေပုလ္လ၊ ဦးနာဂဝံသနှင့် ဦးနာဂိန္ဒတို့ဖြစ်သည်။ ဦးနာဂဝံသမှာ အိန္ဒိယကုလားလူမျိုး ဖြစ်သည်။ ယခု ထိုဆရာတော်မရှိတော့ ဦးနာဂိန္ဒနှင့် ဦးဝေပုလ္လရဟန်းနှစ်ပါးသာ ရှိသည်။ ယနေ့လက်ရှိတွင် သုသာန်ကျောင်း၌ ရဟန်းငါးပါး၊ ကိုရင်လေးပါး သီတင်းသုံးလျက်ရှိသည်။

မိုးကုတ်ဝိပဿနာတရားစခန်းကို သုသာန်ဆရာတော်ကြီး အရှင်ဥဂ္ဂသေန ပျံလွန်တော်မူသည့် ၁၃၆၉ ခုနှစ်မှစ၍ တရားစခန်းဖွင့်လှစ်ခဲ့ရာ ယခုအခါ ငါးကြိမ်ရှိသွားပြီ ဖြစ်သည်။ ပထမဦးဆုံးဖွင့်စဉ်က ရဟန်း (၁၂) ပါး၊ နောက်နှစ်များတွင် နှစ်စဉ်ပုံမှန် (၃၀)၊ (၄၀) ခန့် လာရောက် တရားအားထုတ်ကြပါသည်။ ယောဂီများကမူ သီလယူ ဥပုသ်စောင့်ရင်း တရားအားထုတ်ကြပါသည်။

ချောင်းခွရွာ ကုသိနာရုံ သုသာန်ကျောင်းတရားစခန်းသို့ ဆည်တော်ဦး၊ ချင်းဆိုင်၊ ကလေးမြို့၊ ဇင်းကလင်း၊ နတ်မြောင်း၊ နတ်ချောင်း၊ ချောင်းခွ၊ ငါးဖား၊ ဒအောင်ချမ်းသာ၊ ဂန့်ဂေါနယ်ရှိ ဟံသာဝတီ၊ ကုက္ကား၊ မြောက်ခင်ရန်း စသောကျေးရွာများကပါ လာရောက် တရားအားထုတ်ကြပါသည်။

ကျွန်တော်သည် သုသာန်ဆရာတော်လေး အရှင်နာဂိန္ဒအား သိလိုသည်များမေးမြန်းပြီး ဆရာတော်လေး တရားအားထုတ်သည့်လိုဏ်ဂူနှင့် သစ်ပင်ခြေရင်းတွင် တရားထိုင်နေပုံများကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ထို့နောက် ဆရာတော်လေး တရားပြနေသော ဓမ္မာရုံပေါ်တက်ကာ သွား၊ ရပ်၊ ထိုင်၊ လျောင်းတရားရှုမှတ်နေသောရဟန်းများနှင့် ယောဂီများကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ စာရေးသူရောက်ရှိချိန်၌ တရားစခန်းဝင် ယောဂီနှင့်ရဟန်းများမှာ မတ်တတ်ရပ်၍တရားအားထုတ်နေကြပါသည်။ စုစုပေါင်း တရားအားထုတ်သူပေါင်း (၃၀) ကျော်ရှိပါသည်။ ဓမ္မာရုံလေးနှင့်မပြည့်တပြည့်ဖြစ်သည်။

ဓမ္မာရုံပေါ်တွင် သုသာန်ဆရာတော်ကြီး အရှင်ဥဂ္ဂသေန၏ ဗီနိုင်းဓာတ်ပုံကြီးကို ဖူးမြော်ရပါသည်။ ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ ထိုမှ ကျောင်းဝင်းအတွင်း ဆင်းလာပြီး သာသနိကအဆောက်အအုံများကို ဓာတ်ပုံရိုက်ယူပါသည်။

ကုသိနာရုံ သုသာန်ကျောင်းဝင်းအတွင်း၌ ငါးမာန်အောင်စေတီတော်၊ သိမ်ကျောင်း၊ ဓမ္မာရုံ၊ သုသာန်၊ ဇရပ်၊ ဆွမ်းစားဆောင်၊ ဗြဟ္မာ့ဝိဟာရကျောင်း၊ ရေတွင်းတို့ရှိသည်။

ငါးမာန်အောင် စေတီတော်ကို ၁၃၇၁ ခုနှစ်က တည်ထားခဲ့သည်။ ဘုရားဒကာများမှာ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် ဦးမောင်မောင်စီ၊ ဇနီး ဒေါ်ခင်ဝင်းတင် (အောင်နိုင်သူမုန့်ဟင်းခါးလုပ်ငန်း) တို့ဖြစ်သည်။ ဘုရားစေတီရော တံတားကလေးပါ လှူဒါန်းခဲ့ကြရာ ကျပ်ငွေ (၂၈) သိန်းကုန်သည်ဟု သိရသည်။

သိမ်ကျောင်းမှာ ဗုဒ္ဓသာသနမဏ္ဍာသိမ်ဟု ခေါ်သည်။ ဓမ္မာရုံကို ၁၃၇၀ ပြည့်နှစ်က အမျှားကောင်းမှုဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းအဝင်ရှိ သုသာန်ဇရပ်ကိုမူ ၁၃၇၄ ခုနှစ်ကဆောက်လုပ်ခဲ့ပြီး ဖခင်ကြီးဦးဘတော်အား ရည်စူး၍ ဒေါ် ××× မိသားစု မြေးမြစ်တို့က စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ဆွမ်းစားဆောင်ကိုမူ ၁၃၆၉ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး ၁၃၇၀ ပြည့်နှစ်တွင် ပြန်ပြင်၍ တိုးချဲ့ဆောက်လုပ်ခဲ့သည်။ ဆရာတော်ကြီး အရှင်ဥဂ္ဂသေန ပျံလွန်တော်မမူမီက ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။

ထိုဆွမ်းစားဆောင်အောက်တွင်ကား -

'မိုးကုတ်ဝိပဿနာ
(၇)ရက်တရားစခန်းပွဲ'

တန်ခူးလဆန်း ၁ ရက်နေ့မှစ၍ ၇ ရက်နေ့အထိ။

တရားအားထုတ်ကြသောဒုလ္လဘ၊ ယောဂီအပေါင်းတို့အား ဆွမ်းဒါန၊ ဖျော်ရည်ဒါန မည်သူမဆို ကုသိုလ်ပြုနိုင်ပါသည်။

သေရမှာ ကြောက်စရာမလိုပါဘူး။ အသေမတတ်တာ ကြောက်စရာပါ ဟု ရေးထားသော သစ်သားသင်ပုန်းကြီးကိုလည်း ဖတ်ရှုမှတ်သားခဲ့ရပါသည်။

ချောင်းခွရွာ သုသာန်ကျောင်းကလေးကား လူသူမနီး သချိုင်းအတွင်း၌ရှိနေလေရာ တိတ်ဆိတ်ငြိမ်းချမ်းလျက်ရှိပါသည်။ အင်ပင်ကြိုအင်ပင်ကြားတွင် ဆောက်လုပ်ထားသော သာသနိကအဆောက်အအုံကလေးများကလည်း 'လာရောက်၍ တရားအားထုတ်လှည့်ပါ' ဟု ခေါ်နေသယောင် အရိပ်အာဝါသကောင်းလှပါ၏။

ကျောင်းဝင်းအတွင်းရှိ ရေကန်အတွင်း၌မူ ငါးကြီးများမှာ ပျော်မြူး၍နေကြပါသည်။ သိမ်ကျောင်းကလေးရှေ့ရှိ ငါးမာန်အောင်စေတီတော်မှလည်း ခေါင်းလောင်းသံတချွင်ချွင်တို့မှာ လေတိုက်တိုင်း အသံပြုနေကြရာ ကုသိနာရုံသုသာန်ကျောင်းကား သုသာန်နှင့်မတူ မြတ်စွာဘုရားရှင်လက်ထက်က ကုသိနာရုံကျောင်းနှင့်ပင် တူနေပါတော့သည်။

အပြန်ခရီးကား အလာတုန်းကလို ကြောက်ရွံ့မှုမဖြစ်တော့။ သေရမှာကြောက်စရာမလိုပါ၊ အသေမတတ်တာကြောက်စရာပါ'ဟူသောစကားကိုသတိရရင်း အသေတတ်၊ အနေမြတ်၍ တရားစခန်းဝင် တရားအားထုတ်ကြပါစို့ ... တိုက်တွန်း နှိုးဆော် သတိပေးလိုက်ရပါသတည်း။

ကလေး-ဝင်းသူ



www.burmeseclassic.com

www.burmeseclassic.com

# အမြစ်-အညွန့် နှစ်နံတွဲ စိုက်ပျိုးတတ်လျှင် ချမ်းသာမြဲ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

မြန်မာ့ဗေဒင် အင်္ဂဝိဇ္ဇာပညာရပ်၌ ကျော်ဇုရှင် မ,တစ်လုံးကျေ ဆရာတော် ခင်ကြီးဖျော်အစ ဘားမဲ့ဆရာတော်၊ ရေနံချောင်းမြို့ တွင်းကုန်းကျောင်းတိုက် မုတ်ထုတ်ဆရာတော်၊ ပိုင်စွန်နံဆရာတော်၊ ထုတ်လုမ်းဆရာတော်၊ ခနုဖြူမြို့ ရေဝန်းကျောင်းတိုက်ဆရာတော်အရှင်ကုန္ဒဝံသ စသော ဆရာတော်ကြီးများ၏ လေ့လာဆည်းပူးသင်ကြားပြသရေးသားခဲ့သော အင်္ဂဝိဇ္ဇာဗေဒင်ရပ်များနှင့် ယနေ့ နိုင်ငံအဝန်းရှိ ဗေဒင်ပညာရှင် ကျား၊ မ မဟူ ကြီးငယ်ရွယ်လတ်သောပုဂ္ဂိုလ်များသည် မိတို့ထံ လာရောက် တိုင်ပင်ဆွေးနွေးကြသည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး လူမှုရေးကိစ္စအဝဝအရပ်ရပ်တို့ကို ကူညီပံ့ပိုးအကြံဉာဏ်များပေးကြရသည်။ ကောင်းကျိုး၊ မကောင်းကျိုးပေးမည်၊ ပေးမည် စသည့် အချက်အလက်များကိုလည်း စာဖြင့် ရေးသား ပညာပေးသူတဖြန့်ဝေကြ၏။ ယခုလည်း များအကျိုးအတွက် အင်္ဂဝိဇ္ဇာပညာမှ အမြစ်၊ အညွန့်နှစ်နံတွဲ ဓာတ်ဆင်နည်းကို လိုသူများအကျိုးငှာ ဖော်ပြလိုက်ပါသည်။ အကျိုးတရားတိုးပွားရကြပါစေ။

**စိုက်ပျိုးရန်အဓိကအချက်များ**

၁။ အမြစ်၊ အညွန့် နှစ်နံတွဲအပင်
၂။ စိုက်ပျိုးရန်ပထဝီဓာတ်အချိန်အခါ
၃။ စိုက်ပျိုးရန် အမြိတ္တစုတ်ရက်ရွေးခြင်း
၄။ စိုက်ပျိုးမည့်သူ၏ မူလအရပ်ရွေးခြင်းနှင့် အပင်စိုက်ရန် အစီအစဉ်များ

**၁။ အမြစ်၊ အညွန့် နှစ်နံတွဲအပင်များ**

၁။ တနင်္ဂနွေသား/သမီးများအတွက် အမြစ်၊ အညွန့်တွဲအပင် - ဒန်းကြီး၊ နန်းလုံးကြိုင်
၂။ တနင်္လာသား/သမီးအတွက် အမြစ်၊ အညွန့်တွဲအပင် - ဩဇာပင်
၃။ အင်္ဂါနေ့သား/သမီးအတွက် အမြစ်၊ အညွန့်တွဲအပင် - ကြောင်လျှာပင်၊ ခရေပင်
၄။ ဗုဒ္ဓဟူးသား/သမီးအတွက် အမြစ်၊ အညွန့်တွဲအပင် - စိန်ပန်းပင်၊ စံပယ်ပင်
၅။ ကြာသပတေးသား/သမီးအတွက် အမြစ်၊အညွန့်တွဲအပင် - လောက်သေပင်၊ လသာပင်
၆။ သောကြာနေ့သား/သမီးအတွက် အမြစ်၊အညွန့်တွဲအပင် - ပိတောက်ပင်၊ ပိန္နဲပင်
၇။ စနေသား/သမီးအတွက် အမြစ်၊ အညွန့်တွဲအပင် - သစ်အယ်ပင်၊ သင်အူပင်
(အပင်နှစ်မျိုးမှာ ရနိုင်သည့် အပင်ကိုစိုက်ပါ။)

**၂။ စိုက်ပျိုးရန်ပထဝီဓာတ်အချိန်**

မည်သည့်နေ့မဆို နံနက်(၆)နာရီမှ နံနက် (၉) နာရီအချိန်အတွင်းသည် ပထဝီဓာတ်အချိန် ဖြစ်သည်။ ခိုင်မာစေလိုလျှင်၊ မြဲစေလိုလျှင်၊ ရန်သူများမလှုပ်ရှားနိုင်စေလိုလျှင် ပထဝီအချိန်မှာပြုလုပ်ရ၏။

**စိုက်ပျိုးရန်၊ အမြိတ္တစုတ်ရက်ရွေးရန်နေ့များ**

ဒုလက်ာ - ဇော်ပူး၊ နှစ်ဆင်၊ သုံးတွင် ကျားထား၊ လေးရက်ကား ကြွက်။
ငါးရက် နာဂ၊ သတ္တ အင်္ဂါ၊ ရှစ်မှာ ဂဠုန်၊ ဆန်း-ဆုတ်ကြုံ မှတ်ကုန်၊ အမြိတ္တာ။
'အမြိတ္တရက်များ၊ တွေ့ကြုံငြား၊ ကောင်းစား ထိပ်ခေါင်ကျ'။

**အပင်စိုက်ပျိုးရန် နေ့သားများ၏ မူလအရပ်များ**

အင်း - ဝ - ရှင် - ကြီး - ထန်း- သီး - စုတ် - ဖတ်၊
ရာဟုအရပ်ကစ၊ လက်ယာပတ်၊ မူလအရပ်မှတ်။

**အင်း** - တနင်္ဂနွေနေ့သား၊ အနောက်မြောက်
**ဝ** - ဗုဒ္ဓဟူးနေ့သား၊ မြောက်အရပ်
**ရှင်** - ရာဟုနေ့သား၊ အရှေ့မြောက်
**ကြီး** - တနင်္လာနေ့သား၊ အရှေ့အရပ်
**ထန်း** - စနေနေ့သား၊ အရှေ့တောင်
**သီး** - သောကြာနေ့သား၊ တောင်အရပ်
**စုတ်** - အင်္ဂါနေ့သား၊ အနောက်တောင်
**ဖတ်** - ကြာသပတေးသား၊ အနောက်ရပ်

**စိုက်ပျိုးရန်အစီအစဉ်များ (စိုက်ရန်အချိန်**

လဆန်း (၁) ရက်၊ လဆုတ် (၁) ရက်၊ သောကြာနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
လဆန်း (၂) ရက်၊ လဆုတ် (၂) ရက်၊ ဗုဒ္ဓဟူးနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
လဆန်း (၃) ရက်၊ လဆုတ် (၃) ရက်၊ တနင်္လာနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
လဆန်း (၄) ရက်၊ လဆုတ် (၄) ရက်၊ ကြာသပတေးနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
လဆန်း (၅) ရက်၊ လဆုတ် (၅) ရက်၊ စနေနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
လဆန်း (၇) ရက်၊ လဆုတ် (၇) ရက်၊ အင်္ဂါနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်၊ တနင်္ဂနွေနေ့ကျလျှင် **အမြိတ္တစုတ်ရက်**
**(အမြိတ္တစုတ်ရက်သည် ရက်ရာဇာနေ့ထက် ပိုကောင်းမွန်၏)**



www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| | | ကြီး ၂ | | |
| ၈ ရှင် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | ထန်း ၇ |
| ၄ ဝ | မြောက် | အရပ် ၈ မျက်နှာ | တောင် | သီး ၆ |
| အင်း ၁ | အနောက် မြောက် | အနောက် | အနောက် တောင် | စုတ် ၃ |
| | | ဖတ် ၅ | | |

သတိပြုပါ)

**၁။ တနင်္ဂနွေသား/သမီးအတွက်စိုက်ရန်**

အမြစ်၊ အညွန့်နှစ်နံ့တွဲ **အိန္နကြီးပင်** ဖြစ်စေ၊ **နန်းလုံးကြိုင်ပင်**ကိုဖြစ်စေ တနင်္ဂနွေသား/သမီး၏မူလအရပ်ရာဟုထောင့်ဖြစ်သောအနောက်မြောက်ထောင့်အရပ်၌စိုက်ပျိုးပြီး ရတနာရွှေရေငွေရေတို့ဖြင့် (၂၅)ခွက်လောင်း၍ (ဤအပင်ကြီးထွား စည်ပင် သန်မာခိုင်ခံ့သကဲ့သို့ အကျွန်ုပ် တနင်္ဂနွေသား/သမီးသည်လည်း ကြီးပွားချမ်းသာတည်တံ့ခိုင်မြဲပါစေသတည်းဟု ဆုတောင်းပါ။ မိမိရွေးချယ်ထားသော အမြိတ္တစုတ်ရက်၏ နံနက် (၆) နာရီမှ နံနက် (၉) နာရီမှာ စိုက်ပါ။

**၂။ တနင်္လာသား/သမီးအတွက်စိုက်ရန်**

အမြစ်၊ အညွန့်နှစ်နံ့တွဲ **ဩဇာပင်**ကို တနင်္လာသား/သမီး၏ မူလအရပ် အရှေ့အရပ်ဖြစ်သော တနင်္လာထောင့်အရပ်၌ နံနက်(၆)နာရီမှ နံနက်(၉)နာရီအတွင်း စိုက်ပျိုးပြီး ရတနာရွှေရေ၊ ငွေရေတို့ဖြင့် ကောင်းမွန် သန့်ပြန့်စွာ ရေ (၁၄) ခွက် သွန်းလောင်း၍ ဤအပင်ကြီးထွား စည်ပင် ဝေဆာ ခိုင်မာသကဲ့သို့ အကျွန်ုပ် တနင်္လာသား/သမီးသည်လည်း စီးပွားချမ်းသာတည်တံ့ခိုင်မြဲပါစေသတည်းဟု ဆုတောင်းပါလေ။

**၃။ အင်္ဂါသား/သမီးအတွက်စိုက်ရန်**

အမြစ်၊ အညွန့် နှစ်နံ့တွဲအပင် **ကြောင်လျှာပင် (သို့) ခရေပင်**ကို အင်္ဂါသား/သမီး၏ မူလအရပ်ဖြစ်သော အနောက်တောင် စနေထောင့်အရပ်တွင် ပထဝီဓာတ်အချိန်ဖြစ်သည့် မိမိရွေးချယ်ထားသော အမြိတ္တစုတ်ရက်၏ နံနက် (၆) နာရီနှင့် နံနက် (၉) နာရီအတွင်းအချိန်မှာစိုက်၍ ရတနာရွှေရေငွေရေတို့ဖြင့် ကောင်းမွန်သန့်ပြန့်စွာ ရေ(၃၂)ခွက်သွန်းလောင်း၍ ဤအပင်ကြီးထွား ရှင်သန်ဝေဆာသကဲ့သို့ ကျွန်ုပ် အင်္ဂါသား/သမီးသည်လည်း စီးပွားချမ်းသာတည်တံ့ခိုင်မြဲပါစေ၊ ရရှိပါစေသတည်းဟု ဆုတောင်းပါလေ။

**၄။ ဗုဒ္ဓဟူးသား/သမီးအတွက်စိုက်ရန်**

အမြစ်၊ အညွန့်နှစ်နံ့တွဲ **စိန်ပန်းပင်၊ စံပယ်ပင်** ရရာအပင်ကို မိမိ၏ မူလအရပ် သောကြာထောင့် မြောက်အရပ်မှာ မိမိရွေးထားသော အမြိတ္တစုတ်ရက်၏ ပထဝီအချိန် နံနက် (၆) နာရီမှ (၉) နာရီအတွင်းမှာစိုက်ပြီး ရတနာရွှေရေ၊ ငွေရေများဖြင့် ကောင်းမွန် သန့်ပြန့်စွာ ရေ (၂၇) ခွက်ကို သွန်းလောင်း၍ ဤအပင် ရှင်သန် ကြီးထွားလာသကဲ့သို့ ကျွန်ုပ်သည်လည်း စီးပွားချမ်းသာ တည်တံ့ခိုင်မြဲစွာ ရရှိပါစေသတည်းဟု ဆုတောင်းပါလေ။

**၅။ ကြာသပတေးသား/သမီးများအတွက် စိုက်ရန်**

အမြစ်၊ အညွန့်နှစ်နံ့တွဲ **လောက်သော၊ လသာပင်** ရနိုင်သောအပင်ကို မိမိ၏ မူလအရပ် ကြာသပတေးထောင့် အနောက်အရပ်မှာ မိမိရွေးထားသည့် အမြိတ္တစုတ်ရက်၏ ပထဝီအချိန် နံနက် (၆) နာရီမှ နံနက် (၉) နာရီအတွင်း၌ စိုက်၍ ရတနာရွှေ၊ ငွေရေဖြင့် ကောင်းမွန်သန့်ပြန့်စွာ ရေ (၃၈) ခွက်လောင်းပြီး ဤအပင် ရှင်သန် ကြီးထွားလာသလို ကျွန်ုပ်၏ စီးပွားချမ်းသာလည်း တစ်နေ့တခြား တိုးတက်ခိုင်မြဲစွာ ရရှိလာပါစေဟု ဆုတောင်းပါ။

**၆။ သောကြာသား/သမီးအတွက်စိုက်ရန်**

အမြစ်၊ အညွန့်နှစ်နံ့တွဲ **ဝိတောက်၊ ဝိန္ဒဲ** ရရာအပင်ကို မိမိ၏ မူလအရပ်ဖြစ်သော ဗုဒ္ဓဟူးထောင့် တောင်အရပ်မှာ မိမိရွေးထားသော အမြိတ္တစုတ်ရက်၏ ပထဝီအချိန် နံနက် (၆) နာရီမှ (၉) နာရီအတွင်းတွင်စိုက်၍ ရတနာရွှေရေ၊ ငွေရေများဖြင့် ကောင်းမွန်သန့်ပြန့်စွာ (၂၉) ခွက် သွန်းလောင်းပြီးလျှင် ဆုတောင်းရန်မှာ ဤအပင်ရှင်သန်ကြီးထွားဝေဆာလာသကဲ့သို့ ကျွန်ုပ်တို့၏ ဥစ္စာစီးပွားများလည်း တိုးတက်ဖွံ့ဖြိုးခိုင်မြဲစွာရရှိတည်တံ့ပါစေဟု ဆုတောင်းပါလေ။

**၇။ စနေနေ့သား/သမီးများစိုက်ရန်**

အမြစ်၊ အညွန့်နှစ်နံ့တွဲ **သစ်အယ်ပင်**မှာ (ရှမ်းပြည်နယ်အရပ်ဒေသတွင်ရှိပါသည်။) ၎င်းသစ်အယ်ပင်ကို မိမိ၏ မူလအရပ် အရှေ့တောင်ထောင့် အင်္ဂါအရပ်မှာ မိမိရွေးချယ်ထားသော အမြိတ္တစုတ်ရက်၏ပထဝီဓာတ်ပေါ်သော နံနက် (၆) နာရီမှ နံနက် (၉) နာရီအတွင်းမှာ စိုက်၍ ရတနာရွှေရေ၊ ငွေရေများ ကောင်းမွန်သန့်ပြန့်စွာဖြင့် ထိုအပင်ကို ရတနာရေများ (၂၇) ခွက် သွန်းလောင်းပေးပြီးလျှင် ဆုတောင်းပါ။ ဤအပင်ရှင်သန်ကြီးထွားဝေဝေဆာဆာ တည်တံ့ခိုင်မြဲလာသလို ကျွန်ုပ်တို့ မိသားစုများသည်လည်း စီးပွားချမ်းသာ တိုးတက်ရရှိပါစေဟု ဆုတောင်းပါ။

။။ အထူးမှာကြားပါသည်။

၎င်းအမြစ်၊ အညွန့်နှစ်နံ့တွဲအပင်စိုက်ပျိုးသူများသည် မိမိတို့စိုက်ပျိုးသောအပင်ကို ရှင်သန်အောင် ဂရုစိုက်စေလိုပါသည်။ မစိုက်မီမှာ စိုက်ပျိုးရန်အချက်များကို သေချာစွာ ဖတ်ရှုပါ ခင်ဗျား။

အမြစ်၊ အညွန့်အတွဲအပင်များစိုက်ရန်၊ အမြိတ္တစုတ်ရက်ရွေးရန်၊ ခုနစ်နေ့သား/သမီးများအတွက် မူလအရပ်ရွေးချယ်ရန် ပထဝီဓာတ်အချိန်အခါနာရီများပါ ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။

*ခုနစ်နေ့သားသမီးများ*
*ကြီးပွားတိုးတက်ချမ်းသာကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မြို့သည် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းတွင် တည်ထားသောမြို့ ဖြစ်ပါသည်။ လွန်စွာ ရှေးကျသည့်မြို့လည်း ဖြစ်ပါသည်။ မြန်မာ့ဗေဒ ဂမ္ဘီရပညာနှင့်ပြောရလျှင် နဝင်းရှိသော ရပ်ကွက် (၉) ခု၊ အုပ်ချုပ်သူ သူကြီး (၉) ဦး၊ တန်း (၉) တန်းတို့ဖြင့် တည်ထားခဲ့သောမြို့ ဖြစ်ပါသည်။

မြို့အမည်မှာလည်း နဝင်းဖြစ်ပါသည်၊ နာမည်ကိုရေးသားထားသည်ကို ကြည့်လျှင် သိနိုင်ပါသည်။ ပခုက္ကူဟု ပြောရလျှင် မြို့၏မိတ်ဆက်စကားပင် ဖြစ်ပါသည်။

ဘုရားကို ရှိသေစွာရှိခိုးပါ၏။
တရားကို ရှိသေစွာရှိခိုးပါ၏။
သံဃာကို ရှိသေစွာရှိခိုးပါ၏။
အမိအဖကို ရှိသေစွာ ရှိခိုးပါ၏။
ဆရာကို ရှိသေစွာရှိခိုးပါ၏။

ရတနာသုံးပါး၊ အနန္တငါးပါးကို ရှိသေစွာကိုင်းရှိုင်းကြသော ကျွန်တော်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျွန်တော်တို့တွင် မမေ့အပ်သော အရပ်အားဖြင့် (၃) မျိုးရှိပါသည်။

၁။ ဖွားမြင်ရာအရပ်
၂။ အဘိသိက်ခံရာအရပ်
၃။ ရန်အောင်ရာအရပ်

ဟူ၍ ရာဇာမင်းတို့မမေ့အပ်သော အရပ်ဌာန ဖြစ်သည်။

တစ်နည်း -
(က) ဖွားမြင်ရာအရပ်၊
(ခ) ရှင်ရဟန်းပြုရာအရပ်၊

ကုန်းခေါင်

# နှစ်ပေါင်းတစ်ရာကျော်က တည်ထားကိုးကွယ်ခဲ့ကြသော

# မြတ်တစ်တောင်စေတီတော်သို့

ပါတွင်ပါသည်။ နာမည်ကိုကြည့်ရုံဖြင့် မြို့၏နက်နဲမှုကို သိနိုင်ကြပါပြီ။

ကျွန်တော်တို့မြို့သည် သာသနာတော် လွန်စွာ စည်ကားရာမြို့ ဖြစ်သလို ကောဝိသုတာရာမတိုက်၊ မဟာဝိဇယာရာမတိုက်၊ သာသနဝိပုလာရာမတိုက် အတွင်းသည့် ပိဋကတ်ပါဠိတက္ကသိုလ် စာသင်တိုက်ကြီး(၃)တိုက်အပြင် အခြား ကျောင်းပေါင်းများစွာ ရှိသည့်အတွက် ကျောင်းပေါင်း (၁၀၀) ကျော် (၁၅၀) ခန့်ရှိနေပါသည်။


ရဟန်းသံဃာတော်များ သီတင်းသုံးနေကြသည့် သံဃာတော် (၃၀၀၀) ကျော်ရှိမည် ဖြစ်ပါသည်။ သံဃာတော်များ ပရိယတ်၊ ပဋိပတ် ကောင်းစွာ အားထုတ်နိုင်ကြရန် မြို့မိမြို့ဖတို့မှ ပစ္စည်းလေးပါး ဒါယကာများအဖြစ် တာဝန်ယူကြပါသည်။

နံနက်တိုင်း သံဃာတော်များ၏ ဆွမ်းအတွက် နေ့စဉ် ဆွမ်းလောင်းလှူကြသောဆွမ်းလောင်းအသင်း ပေါင်း (၆) သင်းပင်ရှိနေပါပြီ။

မြတ်စွာဘုရားရှင်၏ဓာတ်တော် မွေတော်များ ကိန်းဝပ်စံပယ်တော်မူကြသည့် သမိုင်းဝင်ဘုရားကြီးများနှင့်အခြား စေတီပုထိုးပေါင်းများစွာကိုလည်း ကြည်ညိုဖူးနိုင်ကြပါသည်။

ယခုအခါတွင် ကျွန်တော်တို့မြို့သည် မကွေးတိုင်းဒေသကြီး၏ ခရိုင်တွင် အပါအဝင်ဖြစ်သော ပခုက္ကူ ခရိုင် ပခုက္ကူမြို့ ဖြစ်ပါသည်။

ယခု ကျွန်တော် ရေးသား တင်ပြမည်မှာ ဤစာစု၏မိတ်ဆက် တစ်နည်း






www.burmeseclassic.com


www.burmeseclassic.com



ဂန္ဓကုဋိတိုက်နှင့်ဆာလုံခံတန်ဆောင်း



လေသာတိုက်သစ်ကျောင်းဆိုင်းအတွင်းရှိ ဆရာတော်သီတင်းသုံးခဲ့သောတိုက်ပေါ်မှ ဘုရားခန်း



အသစ်ပြန်လည်တည်ဆောက်ခဲ့ရသော နှစ်ထပ်တိုက်ကျောင်း

(ဂ) တရားထူးရရာအရပ်တို့သည် ရဟန်းများ မမေ့အပ်သောအရပ်ဒေသ ဖြစ်သည်။

(တိကနိပါတ်-အင်္ဂုတ္တိုရ်)

ကျွန်တော် စိတ်ကူးထားခဲ့သော်လည်း အကြောင်းမညီညွတ်သည်က များနေခဲ့ပါသည်။ ပြီးခဲ့သော ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၄ ရက်နေ့များတွင် ပွဲရက် ဖြစ်ပါသည်။ လဆန်းရက်ကပင် မြတ်စွာဘုရားသခင်ကို အမှူးထားပြီး တပည့်သား၊ ရဟန်းသံဃာတော်များကို ကပ်လှူရန်အတွက် ဆွမ်းသပိတ် အလှူခံဖိတ်လာကြသည့်အချိန်က ကျွန်တော့်စိတ်ကူးကို ဒီတစ်ခါ ထမြောက်ပြီဟု ထင်မြင်ခဲ့ပါသည်။

သဗ္ဗေဓမ္မာသခ်ီရာ ဆိုထားသည့်အတိုင်း ဖိတ်ခေါ်ထားခြင်းမရှိဘဲ ကျွန်တော်ထံသို့ သွေးဒူလာရောဂါမှာ ဝင်ရောက်လာလေတော့သည်။ ရုပ်ရှိနေတော့ ရောဂါရတာမို့ သွေးဒူလာကို လေးလလောက်ပင် ပြင်းပြင်းထန်ထန် သူ့အနှိပ်စက်ကိုခံခဲ့ရပါသည်။

ပြီးခဲ့သော ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (အထူးထုတ်) တွင် စာမျက်နှာ (၁၉) တွင် ထူးဆန်းသော မတ်တစ်ထောင်စေတီဆောင်းပါးကို ဆရာမကြွေးလှမြင့် ရေးသားသည်ကို ဖတ်ရတော့မှ ကျွန်တော့်အဖြစ်ကိုကျွန်တော် သဘောကျခဲ့မိပါသည်။ကျွန်တော့်အဖြစ်က ခတ်ကွင်းကြီးပြင်နေတာနဲ့ ရွာသစ်ကြီးရောက်ရောဆိုတဲ့ စာချိုးလိုမျိုး ဖြစ်နေမလားလို့ ပြုံးမိတာပါ။

ကျွန်တော့်စိတ်ကူးတွေအကောင်အထည်ဖော်ရန် ကြိုးစားရပါပြီ။ ကျွန်တော့်အနေဖြင့် ဒီတစ်ခါ အပျက်မခံနိုင်တော့ပါ။ မမေ့အပ်သောအရပ် (၃) ပါးတွင်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်၏သာမဏေဉပဇ္ဈာယ်ဆရာတော်ကြီးများဖြစ်သော ဆရာတော်ကြီး ဦးကေလာသ၊ ဒုတိယဆရာတော် ဦးဂန္ဓမာတို့ထံတွင် ရှင်သာမဏေဝတ်ခဲ့သောကျောင်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။

လေသာတိုက်သစ်ကျောင်းအာရာမ်အတွင်းတွင် တည်ထား ကိုးကွယ်ခဲ့သော မတ်တစ်ထောင်စေတီအကြောင်းကို ရေးသားပူဇော်ရန် နောက်ကြောင်းသမိုင်းကို အကျဉ်းမျှ တင်ပြလိုက်ပါသည်။

ပထမဆရာတော်ကြီးနှင့် ဒုတိယဆရာတော် ညီနောင်နှစ်ပါးတို့သည် ပုဂံမြို့ အရှေ့တောင်အရပ်တွင်ရှိသော ကန်နီပေါက်ကျေးရွာမှ အဖ ဦးကျော်လုံး၊ အမိ ဒေါ်ကံပေါ် တို့မှ ဖွားမြင်တော်မူခဲ့ပါ သည်။

ဆရာတော်ကြီးများ၏ အထက်အစ်ကိုကြီးမှာလည်း ဆရာတော်ပင် ဖြစ်လေသည်။ ဆရာတော်တို့၏မွေးချင်းများမှာ -

၁။ ဦးကြီး၊
၂။ ဦးကဝိန္ဒ၊
၃။ ဦးကေလာသ၊
၄။ ဒေါ်အိမ်နေ၊
၅။ ဒေါ်အိမ်ဝ၊
၆။ မောင်ဖိုးကျွန်း။



www.burmeseclassic.com

www.burmeseclassic.com

(နောင်)ဆရာတော် ဦးဂန္ဓမာ ဖြစ်လာ။

လေသာတိုက်သစ်ကျောင်းတိုက်ကို ပထမဦးစွာ တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီး ဦးကေလာသသည် ပုဂံမြို့ အာနန္ဒာဘုရားကြီးတိုက်၏ နတ်ထောင့်ဂိုဏ်းကြီး ဦးစီးနာယကဖြစ်တော်မူသော ဆရာတော် ရှင်ဂမ္ဘီရထံတွင်ပညာသင်ကြားရင်း သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

နောက် ပခုက္ကူမြို့၏ လေသာတောရကျောင်းတိုက် ဆရာတော်ကြီး အရှင်ဓမ္မိကထံသို့ ဆက်လက်ပညာသင်ကြားတော်မူခဲ့ပါသည်။ ဆရာတော်ကြီးကို စွန်သိုက်ရပ် ဦးမဲကြီး၊ ဒေါ်တုပ်တို့၏ ဒွေးယာနဂ္ဂဟဖြင့် ရဟန်းအဖြစ်ရောက်တော်မူခဲ့ပါသည်။ ရဟန်း (၃) ဝါတွင် ချင်းမနားမြို့ လေးဂိုဏ်းထောက်ဆရာတော်ကြီးထံ ဆက်လက်ပညာသင်ကြားတော်မူခဲ့ပါသည်။

ပျဉ်းမနားမှာ စာသင်ယူနေစဉ် စွန်သိုက်ရပ် ဦးဆိုးပေ၊ ဒေါ်လယ်တို့က နေရပ်ပြန်လည်ကြွလာရန် ပင့်လျှောက်၍ ယခုလေသာတိုက်သစ်နိမိတ်အတွင်း တွင် ကျောင်းဆောက်ကိုးကွယ်ခဲ့သည်။

နောက် ရွာသစ်ရပ် ဦးရွှေညို၊ ဒေါ်ဆွဲမိတို့မှ မဟာသီရိဓရကျောင်းကြီး ဆောက်လုပ် လှူဒါန်းခြင်းနှင့် သာသနာ ပြုအဝဝ ဆောင်ရွက်ရန် သိမ်တော်၊ သံဃာတော်များနေရန် ကျောင်းများ ဆောက်လုပ်၍ ဒါယိကာများမှ စုပေါင်း လှူဒါန်းခဲ့ကြပါသည်။ လေးဖက် လေးတိုင်းများဖြင့် ပခုက္ကူသာသနာမြေ ရှိ အရန်ကျောင်းများတွင် စာသင် သံဃာ(၆၀)လောက်ဖြင့် သာသနာ ပြုထားခဲ့ပါသည်။


ဆရာတော်ကြီး သက်တော်ကြီး ရင့်လာချိန်တွင် ညီတော်ဖြစ်သော ဒုတိယ ဆရာတော် ဦးဂန္ဓမာမှ လေသာတိုက် နာယကတာဝန်နှင့် သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မူလဆောက်လုပ်လှူဒါန်းခဲ့သော ဘိုးတော်ဆောင်ပျဉ်ခင်းကျွန်းကျောင်းကြီးမှာ ၁၉၆၀ ခုနှစ်၊ ဧပြီလ ၄ ရက် နေ့လယ် ၁၂ နာရီတွင် ပခုက္ကူမြို့လုံးကျွတ် မီးလောင်သောမီးကြီးတွင် ကျောင်းကြီး ပါသွားခဲ့ပါသည်။

လေသာတိုက်သစ်ကျောင်းကြီး၏ ကျောင်းဆောက်ခြမ်းအလယ်လောက်တွင် ... ဆောင်၊ မတ်တစ်ထောင်ဖြင့် ... ကိုးကွယ်ကြသော မတ်တစ် ... စေတီတော်ကို တည်ထားခဲ့ပါ


ဆရာတော်ဦးကေလာသပျံလွန်တော်မူသည်အထိသီတင်းသုံးခဲ့သော သစ်သားကျောင်းနေရာတွင် အမှတ်တရ နှစ်ထပ်တိုက်ကျောင်း


လေသာတိုက်သစ်ကျောင်းကြီး၏အနောက်ဘက်မှ အဝင်မုခ်ဦးတံခါး


သာသနာ့ကိစ္စတို့ဆောင်ရွက်သည့် သိမ်တော်


သစ်သားကျောင်းနေရာတွင်အမှတ်တရ ဇုတ်တိုက်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးကေလာသ
(လေသာတိုက်သစ်ပထမဆရာတော်)



ဆရာတော်ဦးဂန္ဓမာ
(လေသာတိုက်သစ်ဒုတိယမြောက်ဆရာတော်)




ဘဒ္ဒန္တသူရိယ (ပဓာနနာယက)
(လေသာတိုက်သစ်စတုတ္ထမြောက်ဆရာတော်)

သည်။ ပြီးခဲ့သော ဒီဇင်ဘာလထဲတွင် ဓာတ်ပုံဆရာကိုခေါ်ပြီး လေသာတိုက်သစ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယထံ သွားရောက်ခဲ့ပါသည်။ ဆရာတော်အား အလုံးစုံ လျှောက်ထားပြီး ခေါ်လာခဲ့သော ဓာတ်ပုံဆရာအား မှတ်တမ်းအနေဖြင့် ဓာတ်ပုံများ ရိုက်ကူးခဲ့ပါသည်။

ယခင်က မတ်တစ်ထောင်စေတီတော်၏ ဂန္ဓကုဋိတိုက်တော်သည် နှစ်ပေါင်း (၁၀၀) ကျော်လာနေပြီဖြစ်၍ ဟောင်းနွမ်းခြင်း၊ ချို့ယွင်းပျက်စီးခြင်းတို့ ဖြစ်ပေါ်နေသောကြောင့် ယခုလေသာတိုက်သစ်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယမှ ဦးစီးရွေ့ဆောင်ပြုပြီး ခုနစ်နေ့သား၊ ခုနစ်နေ့သမီး ဒါယကာ၊ ဒါယိကာမများတို့ဖြင့် စုပေါင်းပြီး အသစ်ဆောက်လုပ်လှူဒါန်းရာတွင် မူလမတ်တစ်ထောင်စေတီတော် ကိန်းဝပ်စံပယ်သော ဂန္ဓကုဋိအတွင်းတွင် ရုပ်ပွားတော်တစ်ထောင် တည်ထားပါသည်။ အတွင်းနံရံများတွင် ရုပ်ပွားတော်များ စံပယ်ကြပါသည်။

ဂန္ဓကုဋိတိုက်ပေါ်တွင် ဘုံဆင့်များစွာဖြင့် ကြည်ညိုစဖွယ် အသစ်တည်ထားခြင်း၊ အာရုံခံတိုက်တော်ကိုလည်း အသစ်တည်ဆောက်ခဲ့ပါသည်။

ယခုလက်ရှိ လေသာတိုက်သစ်ကျောင်းတိုက်၏ပဓာနနယကဆရာတော် ဘဒ္ဒန္တသူရိယသည် ကျောင်းတိုက်အတွင်း ရဟန်း၊ သာမဏေအပါး (၆၀) တို့အား စာပို့ချခြင်းနှင့် ရပ်ကွက်သံဃာ့နာယကဒုဥက္ကဋ္ဌအဖြစ် သာသနာ့တာဝန်တို့ကို ထမ်းဆောင်လျက်ရှိပါသည်။



ပခုက္ကူမြို့ မြို့လုံးကျွတ်မီးလောင်ခဲ့စဉ်က မီးထဲပါသွားသည့် မူလကျောင်းကြီး

လေသာတိုက်သစ်ကျောင်းဝိုင်းအတွင်းတွင် တည်ထားကိုးကွယ်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ရှိပြီ ဖြစ်သော မတ်တစ်ထောင်မြတ်စွာဘုရားကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၄ ရက်နေ့တို့တွင် ဆွမ်းချပွဲတော်ကို ပြုလုပ်မြဲ ဖြစ်ပါသည်။

စာရေးသူ၏လျှောက်ထားချက်အရ လေသာတိုက်သစ်ကျောင်းတိုက် စတုတ္ထမြောက် ပဓာန နာယကဆရာတော်မှ အောက်ပါအတိုင်း ခုနစ်နေ့သား သမီးတို့အတွက် ဩဝါဒစကား မိန့်ကြားခဲ့ပါသည်။

"ဒါယကာ၊ ဒါယိကာမအပေါင်းတို့။ ဘုန်းကြီးပြောချင်တာက တစ်နေ့တာအတွက် -

ကုသိုလ်၊
ပညာ၊
ဥစ္စာ

(၃) မျိုးကို သုံးမျိုးလုံးရအော[င်]
ကြိုးစားကြပါ။

အကယ်၍ပြား ဆုံးပါးမှုမရှိရအေ[ာင်]
အောင် သုံးမျိုးထဲက တစ်မျိုးတော့ ပ[ိုင်]
အောင်အရယူကြပါလို့ မိန့်မှာချင်[ပါ]
တယ်။

အားလုံးကျန်းမာချမ်းသာကြ[ပါ]
စေ"

ကျွန်တော့်အနေဖြင့် မမေ့[...]
သော အရပ်ဌာနမှာ တည်ရှိနေသော
မတ်တစ်ထောင် မြတ်စွာဘုရား[...]
ကျွန်တော်၏ ငယ်ဆရာတော်မျာ[း]
ပူဇော်ခွင့်ရသည့်အတွက် လွန်စွာ[...]
မြောက်မိပါသည်။

စာချစ်သူ မိတ်ဆွေများလည်[း]
ကြည်ညိုသဒ္ဒါပွားနိုင်ကြပါစေ

ပညာတိုးပွာ[း...]
အကျိုးများကြ[...]

ဘုန်း[...]



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကံကြီးမားမင်းကောရာဇ်များနှင့်အစီအရင်အဆောင်ဂါထာများ(၁)

# ဒွတ္တဘောင်မင်းကြီးနှင့်အဆောင်ပုတီးစိပ်ဂါထာတော်

သစ္စာဝါဒီ-ဦးမြင့်အောင်

လွန်ခဲ့သော သာသနာတော်နှစ် (၁၀၀) ခုနှစ်အခါက ဖိုးဦးတောင်ဖျား၌ မြတ်စွာဘုရားသခင်ထားတော်မူခဲ့သော ဗျာဒိတ်တော်နှင့်အညီ ညဥ့်တွင်းချင်းမှာပင် နိမိတ်ကြီးငါးပါး တစ်ပြိုင်နက် ထူးခြားစွာ ပေါ်ပေါက်ခဲ့ပါသည်။

**မြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်**

သုံးလောကထွက်ထား အတုမဲ့ ယောလူသား ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ရောက်တော်မူ၍ ငါးဝါမြောက်သော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အရဟတ္တဖိုလ်သို့ ရောက်စေပြီးလျှင် မင်းကြီး ပရိနိဗ္ဗာန်ပြုတော်မူလေသော် အလောင်းတော်ကို သဂြိုဟ်ပြီးနောက် သာသာတော်အပါးငါးရာခြံရံလျက် သီဟဥဿာမအမည်ရှိသောကျွန်းသို့ ကူးကာ နတ်၊ နဂါး၊ ဘီလူးတို့ကို ဆုံးမဩဝါဒပေးတော်မူပြီးနောက် သီဟပဗ္ဗတတောင်သို့ကြွတော်မူခဲ့ပါသည်။ ထိုအခါ သမ္မာဒိဋ္ဌိရှိသော နတ်၊ နဂါး၊ ဘီလူးအပေါင်းတို့သည် မြတ်စွာဘုရားသခင်အား ထီး၊ တံခွန်၊ ဆီမီး၊ ခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ နံ့သာတို့ဖြင့် လှူဒါန်းပူဇော်ခဲ့ကြလေသည်။

ထိုစဉ်အခါက သီဟပဗ္ဗတောင်တွင် ဒွတ္တမမည်သော ပွေးဖို၊ ပွေးမနှစ်ကောင်တို့ရှိခဲ့ပါသည်။ ထိုပွေးဖို၊ ပွေးမတို့သည် နတ်၊ နဂါး၊ ဘီလူးတို့ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးပူဇော်ကြသည်ကို မိမိတို့ မှီအောင်းနေကြသည့် တွင်းထဲမှ ကြားသိကြလေရာ ပွေးဖို၊ ပွေးမတို့သည် အချင်းချင်း ကတိစကားဆိုခဲ့ကြလေသည်။

"မြတ်စွာဘုရား ကြွရောက်တော်မူလာလျှင် သင် ရှေးဦးစွာသိက ငါ့ကိုပြော၊ ငါဦးစွာသိလျှင်လည်း သင့်ကိုပြောပါအံ့"

ဟူ၍ ကတိကဝတ်ပြုကြပြီးလျှင် မြေလမ်းခရီးဖောက်၍ တစ်ယောက်တစ်လမ်းစီ အသီးသီးနေထိုင်ကျက်စားခဲ့ကြလေသည်။

ဤသို့ဖြင့် မြတ်စွာဘုရားသခင် ကြွချီတော်မူလာခိုက် ပွေးဖိုနှင့်ကြုံတွေ့လေရာ ပွေးဖိုသည် 'ပွေးမမည်သည့် လမ်း၊မည်သည့်ခရီးတွင်နေသည်ကိုမသိရလေသောကြောင့် ငါသွား၍ရှာဖွေနေစဉ်တွင် မြတ်စွာဘုရားသခင် ကြွမြန်းသွားတော်မူပါက ငါမဖူးတွေ့ရဖြစ်ပေတော့မည်'ဟု တွေးတောပြီးလျှင် ပွေးမကို အကြောင်းမကြားမိတော့ဘဲ မြေကြီးကို လက်နှစ်ဖက်နှင့်ကျုံးယူပြီးလျှင် -

"မြတ်စွာဘုရား၊ အကျွန်ုပ်ကားဘုန်းကံနည်းလှသည်ဖြစ်၍ လှူဖွယ်ဝတ္ထုမရှိပါ။ ဤလက်တွင်ပါသောမြေကို လှူဒါန်းပါ၏"

ဟူ၍ ပွေးဖိုသည် ရိုသေလေးမြတ်စွာပူဇော်လိုက်လေသည်။

ထိုအခါ မဟာကရုဏာတော်အရှင်မြတ်စွာဘုရားရှင်သည် ရွှေမုန်ရိုးစည်နှင့်တူသောလည်ကို ညွတ်တော်မူလျက် သာခုသုံးကြိမ် ခေါ်ဆိုတော်မူခဲ့လေသည်။ ပြုံးလည်း ပြုံးတော်မူလေသည်။

ထိုအခါ ညီတော်အာနန္ဒာမထေရ်က ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ပြုံးတော်မူသည့်အကြောင်းကား



www.burmeseclassic.com

www.burmeseclassic.com

အဘယ်သို့နည်းဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသခင်သည် အရှေ့ထောင့်သို့ကြည့်တော်မူပြန်လျှင် ရေပြင်ပေါ်၌ နွားချေးခြောက်ပမာဏရှိသော ဒိုက်ပင်သည် ပေါလောပေါ်လျက်ရှိရာ မြတ်စွာဘုရားရှင်မှ ညီတော် အာနန္ဒာအား ဤသို့မိန့်ဆိုတော်မူလိုက်ပါသည်။

"အာနန္ဒာ၊ ငါဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက် ငါ၏ သာသနာတော် (၁၀၁)နှစ်ရောက်လေလျှင် ဤဒွတ္တမည်သောပွေးဖိုသည် မျက်စိသုံးခု အတုမဲ့ ခေါင်ဒွတ္တဘောင် ဟူသော မင်းဖြစ်၍ ရေ၌ပေါလောပေါ်နေသော ထိုဒိုက်ပင်ငယ်တည်ရာ၌ သီရိခေတ္တရာမတိုင်းကြီးနဂရပြည်ကြီးဖြစ်၍ ငါ၏သာသနာတော်ကို အစဉ်စောင့်ရှောက်ပေလတ္တံ့"

ဟု ဗျာဒိတ်ပေးတော်မူက မဇ္ဈိမဒေသသို့ ပြန်လည်ကြွမြန်းတော်မူခဲ့လေသည်။

ထိုအကြောင်းကို နောက်မှသိလိုက်ရသော မွေးမသည် မြတ်စွာဘုရားသခင်အား မဖူးမြင်လိုက်ရဘဲ ပွေးဖို၏ကတိစကားပျက်ယွင်းသည်ကို ဝမ်းနည်းစိတ်နာလှသည်ဖြစ်၍ -

'နောင်ဖြစ်လေရာဘဝ၌ သင်နှင့်အတူ မဖြစ်လိုပါ'

ဟု ဆုတောင်းလိုက်ရှာခဲ့လေ၏။

ဤအခါတွင် ပွေးဖိုက -

'တစ်တိုင်းတစ်ပြည်ခြားစေဦးတော့ သင်သည် ငါ၏သတင်းစကားကိုကြားရလျှင် အလွန်ချစ်ခင်နှစ်သက်သည်ဖြစ်၍ ငါ့ထံလာရောက်စေသတည်း'

ဟူ၍ ဆုတောင်းခဲ့ပါလေတော့သည်။

သည်ဆုတောင်းပြည့်ခဲ့ပါလေပြီ။ ပွေးဖိုသည် မဟာသမ္ဘဝမင်း၏သားတော် ဒွတ္တဘောင်မင်း ဖြစ်လာခဲ့လေသည်။ သို့နှင့် သာသနာတော်နှစ် ၁၀၁ ခုနှစ်အရောက်တွင် ဂဝံပတေ့ရသေ့၊ သိကြားနဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေ၊ သုရာ ဤသူမြတ်ခုနစ်ယောက်တို့သည် မြတ်စွာဘုရားသခင် ဗျာဒိတ်တော်ရှိခဲ့သည်နှင့်အညီ မြို့တည်ရန် စုရုံးတိုင်ပင်ညီညွတ်ကြပြီးလျှင် သာယာပြန့်ပြူးညီညာစွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ရပ်နေပြီးလျှင် နဂါးကိုစက်ကြီးပြု၍ လှည့်တော်မူ၏။ ဤသို့နဂါးစက်ကြီးဖြင့် ရစ်လည်သောအခါတွင် အချင်း



အားဖြင့် တစ်ယူဇနာ၊ အဝန်းအားဖြင့် သုံးယူဇနာရှိသော တံခါးကြီးသုံးဆယ့်နှစ်တံခါး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်လျောက်၊ တန်ဆောင်း၊ ပြအိုး စသည့်မြို့၏ အင်္ဂါခုနစ်ပါးနှင့် တင့်တယ်သာယာစွာ သိကြားနေရာ သုဒဿနမြို့ကဲ့သို့ ကောင်းမြတ်သောအသရေဆောင်သည့် သရေခေတ္တရာရွှေမြို့တော်ကိုတည်ထားခဲ့လေသည်။

မြို့တည်သောသက္ကရာဇ်သည်ကား မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး သာသနာတော်နှစ် ၁၀၁ ခု၊ တန်ခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ နက္ခတ်တစ်ဆယ့်ခြောက်လုံး နေထွက်တစ်ပြူတွင် ရွှေနန်းတော်၊ မြို့၊ ကျုံး၊ ဤသုံးဌာနတို့ကို တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

ထိုသရေခေတ္တရာပြည်သည်ကား ကကုသန်ဘုရားရှင်လက်ထက်တော်က ပဏ္ဍာနပတိဟုတွင်ခဲ့ပြီး ကောဏာဂုံဘုရားလက်ထက်တော်တွင် ပုဏ္ဏဝတီဟုတွင်၍ ကဿပဘုရားလက်ထက်တော်၌ ပုဏ္ဏဟုတွင်ကာ ဂေါတမဘုရားလက်ထက်တော်ဝယ် သရေခေတ္တဟုတွင်ခဲ့ပါသည်။ တကောင်းမင်း၏ယောက်ဖတော် ရှင်ရသေ့သီတင်းသုံးသည်ကိုအကြောင်းပြု၍ ရသေ့ပြည်ဟု နောင်၌ တွင်ခဲ့ပါသည်။ မဇ္ဈိမဒေသတွင် ဝေသာလီပြည်၌ ကာလာသောကမင်းကို အမှီပြု၍ ရှင်မဟာယသ အမှူးရှိသော ရဟန္တာမထေရ်မြတ်ခုနစ်ရာတို့ ဒုတိယသင်္ဂါယနာတင်သည့်နှစ်သည် ဂေါတမမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အနှစ်တစ်ရာတွင်ဖြစ်ပြီး နောက်တစ်နှစ်တွင် ဘုရားရှင် ဗျာဒိတ်တော်ခံယူခဲ့ရသော ပွေးဖိုဖြစ်ခဲ့ဖူးသည့် ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာရွှေမြို့တော်၌ မင်းဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

ဒွတ္တဘောင်မင်းကြီးသည် လွန်စွာဘုန်းကံကြီးမားလှပြီး ဂိမရတု၊ ဝဿာနရတု၊ ဟေမန္တရတု ဥတုသုံးလီတို့၌ မွေ့လျော်စံပျော်စေခြင်းငှာ ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်၊ ဘုံကိုးဆင့်ရှိသော ပြာသာဒ်၊ ဘုံတစ်ဆယ့်တစ်ဆင့်ရှိသော ပြာသာဒ် ဟူသော သုံးဆောင်သော ပြာသာဒ်တို့ကို နတ်တို့ဖန်တီး၍ မြို့နှင့်တကွ ခုနှစ်အတွင်းမှာပင်ပြီးစီးခဲ့သည်။ ထိုသို့ မြို့အင်္ဂါနန်းတော်အပြည့်အစုံပြီးလျှင် ဒွတ္တဘောင်မင်းကြီးအား သိကြားမင်းကိုယ်တိုင်လက်ကိုမ,၍ ရွှေနန်းတင်ခဲ့ပြီးလျှင် ရာဇဘိသေကခံတော်မူခဲ့ပါသည်။ မင်းကြီး၏မိဖုရားက ပျူမိဖုရားကိုခမည်းတော် မဟာသမ္ဘဝမင်းကြီးမိဖုရားမြောက်ရာမှ ဖွားမြင်သော နှမတော် စန္ဒာဒေဝီမိဖုရားနှင့် နဂါးမင်းသမီးဘေစန္ဒီမိဖုရားဟူ၍ မိဖုရားနှစ်ပါးဖြစ်ပါသည်။

ဒွတ္တဘောင်မင်းကြီး၏ဘုန်းသမ္ဘာကြောင့် သိကြားမင်းက သီလဝံဓားစသည့် မင်းမြောက်တန်ဆာငါးပါးတို့နှင့် မင်းဧကရာဇ်တို့နှင့် ထိုက်တန်သော မင်းသုံးမင်းဆောင်၊ မင်းခမ်းမင်းနားတို့နှင့်တကွ ရန်သူအပေါင်းတို့ကိုနှိမ်နင်းစေနိုင်သော အရိန္ဒမာလှံ၊ ခေါင်းလောင်းစည်ကြီးတို့နှင့် မင်းကြီးစီးနင်းရန် အရပ်တစ်ဆယ့်ငါးတောင်၊ အလျားအတောင်နှစ်ဆယ်ကြီးမားသည့် နာဠာဂီရိဆင်နှင့်တကွ ဝလာဟကမြင်းတို့ကို လည်းကောင်း၊ မင်းကြီး၏ ကိုယ်ရံအစောင့်အရှောက်နတ်သူရဲတစ်ကျိပ်ခုနစ်ယောက်တို့ကိုလည်းကောင်း၊ သံတမန်စေခြင်းငှာ လိမ္မာသော ဘုန်းပညာအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအမတ်တို့ကို လည်းကောင်း၊ အတွင်းပင်လယ်၊ အပြင်ပင်လယ်တို့ကိုလည်း သိကြားမင်းဖန်တီးဆောင်နှင်းပေးခဲ့လေသည်။

ဒွတ္တဘောင်မင်းကြီးသည် လွန်စွာဘုန်းကံကြီးသောမင်းဖြစ်၍ နင်းလိုက်တိုင်းမြေတို့ကျွံ၍ သိကြားမင်းက မိမိတန်ခိုးကဒ္ဒိပါဒ်ဖြင့် မင်းကြီးခြေလှမ်းတိုင်းသံမှိုခံစေသည်ဟူ၏။ ဇမ္ဗူဒီပါကျွန်းမှစ၍ အသုရာပြည်၊ နဂါးပြည်တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

အခွန်ဘဏ္ဍာခံယူသည် ဟူ၏။

မင်းကြီးအခွန်ဘဏ္ဍာတော်ဆင့်ရာတွင် အထူးထူးသောအမိန့်အမှာစာကို ရေးသားပြီးလျှင် အရိန္ဒမာလှံပျံ၌ဆွဲပြီးနောက် လှံထိုးတောင်သို့တက်တော်မူသား မင်းကြီးလက်တော်ဖြင့် ထိုးလေလျှင် ဆိုခဲ့ပြီးသောမင်းတို့၏ဦးခေါင်းတို့ထံပျံကျအံ့သကဲ့သို့တည်၍ မင်းတို့သည် ထိတ်လန့်၍ ခယရိုသေစွာတောင်းပန်ပြီး ပူဇော်သက္ကာရပြုလေမှ လှံပျံသွားသည် ဟူ၏။

ခေါင်းလောင်းကြီး၊စည်ကြီးတို့ဖြင့် အခွန်ဘဏ္ဍာဆင့်ဆိုသောအခါတွင်လည်း တစ်ချက်တီးခတ်လိုက်ပါက လူမင်း၊နဂါးမင်းတို့နားရင်း၌ တီးခတ်ဘိသကဲ့သို့ အသံတို့ဖြစ်ပေါ်၍ ရိုသေခယစွာ တောင်းပန်စကားပြောမှသာ အသံစဲလေသည် ဟူ၏။

ထိုသို့ မင်းကြီးအခွန်ဘဏ္ဍာခံသောအခါတွင် မြေအပြင်ဝယ်ရှိသော တစ်ရာသောမင်းတို့သည် ရိုသေခန့်ညားစွာဖြင့် သမီးကညာရတနာအစရှိသည့် ဆင်ရတနာ၊ မြင်းရတနာတို့ကို လည်းကောင်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသော ရတနာတို့ကို လည်းကောင်း၊ အထူးထူးသော လက်ဆောင်ဘဏ္ဍာတို့ကို နှစ်စဉ်ဆက်သကြလေရာ အတောင်[illegible]ဆယ်ပမာဏရှိသောအပုံကြီး ဖြစ်လေသည် ဟူ၏။

တစ်ရံသောအခါတွင် နတ်ဘီလူး [illegible]ကောင်သည် အချိန်အခါမဲ့တွင် မင်းကြီးနန်းတော်အနီး သွားမိသည်ကို [illegible]ကြားမင်းသိလေ၍ သာသနာတော်ကို ချီးမြှောက်သော ဘုန်းကံကြီးမားလှသည့်မင်း၏နန်းရင်ပြင်၌ နင်သွားရာသနည်းဆိုကာ ထိုဘီလူးကို သံလှောင်ချိုင့် [illegible]သွင်းထားခဲ့လေရာ ထိုဘီလူးကို သိကြား[illegible]ခဲ့လေသကဲ့သို့ နောင်လာလတ္တံ့သောမင်းတို့သိရစ်စေရန် ကျောက်ကို [illegible]ချုပ်ထုလုပ်၍ လှောင်ချိုင့်သွင်းကာ [illegible]တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၆၇ ခု၊ တပို့တွဲလ [illegible] ၁၀ ရက်၊တနင်္လာနေ့၊ ပြိဿလဂ်၊ [illegible]စန်း၊ တူရာသီတွင် အင်္ဂါ၊ မကာရ [illegible] တနင်္ဂနွေ၊ ဗုဒ္ဓဟူး သောကြာဟူး [illegible] တုံတွင် စနေ ရာဟု၊ မိန်တွင် [illegible]ပတေး၊ ထိုအခါတွင် နှောက်ကိန်း [illegible] ပြင်နန်းတော်ဆောက်၍ ယကြော [illegible]တော်မူသည်။ ရသေ့ဂဝံပတေ့ ပေး [illegible]အခါ ၁၆၈ခု၊ ဝါဆိုလဆန်း ၁ ရက်၊ [illegible]ပတေးနေ့ ပြိဿလဂ်တွင် နှောကိန်းစက်၍ နန်းတက်တော်မူသည်။ ဒွတ္တဘောင်မင်းကြီး လက်ထက်တွင် ဆင်ဖြူသုံးရာ့ခြောက်ဆယ်၊ဆင်မည်းသုံးကုဋေခြောက်သန်း၊ စစ်သည်သူရဲပေါင်း တစ်ခေါဘဏီရှိသောဟူ၏။ ရတနာမိုးကြီး ငါးကြိမ်တိုင်ရွာခဲ့ပြီး မင်းကြီးသည် ဘုရားသခင်၏တပည့်သားတော်ရဟန္တာ မြတ်သုံးထောင်အားလည်း နေ့စဉ်မပြတ် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည် ဟူ၏။

မြတ်စွာဘုရားသခင်၏သာသနာတော်စည်ပင်၍ ခပ်သိမ်းသောပြည်သူအပေါင်းတို့ ကိုးကွယ်ပူဇော်စေနိုင်ရန် မြတ်စွာဘုရားသခင်၏ သရီယဓာတ်တော်ကို စေတီပုထိုးတည်ထားတော်မူရာ သောကြမ္မာဟူသောကောင်းမှုတော်တစ်ဆူ၊ ညည်းညည်းဟူသော ကောင်းမှုတော်တစ်ဆူ၊စည်စည်ဟူသောကောင်းမှုတော်တစ်ဆူ၊ ပေါပေါဟူသောကောင်းမှုတော်တစ်ဆူ၊ လျော့လျော့ဟူသော ကောင်းမှုတော်တစ်ဆူ၊ မြသိတင်ဟူသောကောင်းမှုတော်တစ်ဆူ၊ ဘုရားတောင်ဟူသော ကောင်းမှုတော်တစ်ဆူ၊ ဆုတောင်းပြည့်ဟူသော ကောင်းမှုတော်နှစ်ဆူ၊ ဘုရားသခင်၏ လက်ရုံးတော်ဓာတ်ကိုဌာပနာပြု၍ မြင်ဗာဟုဟူသောကောင်းမှုတော်တစ်ဆူ၊ ဘုရားသခင်၏ နဖူးသင်းကျစ်တော် ဓာတ်တော်တို့ကို ကမ်းယံပြည်မှဆောင်ယူ၍ တည်ထားဌာပနာသော ပုထိုးကြီးတစ်ဆူ၊ ပေါင်းကောင်းမှုတော် တစ်ဆယ့်တစ်ဆူတို့ကို တည်ထား ပူဇော်တော်မူခဲ့ပါသည်။

ဒွတ္တဘောင်မင်းကြီးလက်ထက်တွင် မြတ်စွာဘုရားသခင်၏ သာသနာတော်ထင်ရှားပွင့်လင်းတော်မူခဲ့ပြီး နောင် မင်းတို့မှတ်သားစိမ့်သောငှာ မင်းကြီးသည် ရဟန္တာအရှင်မြတ်သုံးထောင်တို့နှင့်တိုင်ပင်၍ ခပ်သိမ်းသော သတ္တဝါတို့အကျိုးစီးပွားအလို့ငှာ အပါယဂတိမုပါယံဂါထာ ဦးတပ်သော ဓမ္မသတ်ကျမ်းကို စီရင်ပြုစုတော်မူခဲ့သည် ဟူ၏။



## ဒွတ္တဘောင်မင်းကြီးနှင့်ပန်ထွာမိဖုရား

တစ်ရံသောအခါတွင် မင်းကြီးသည် ပန်ထွာပြည်သို့ရောက်တော်မူခဲ့ရာ ပန်ထွာမိဖုရားသည် မကောင်းသောစိတ်နှလုံးဖြင့် မကောင်းသောပုဆိုးကိုယူစေ၍ အထူးထူးသော ယုတ်ညံ့စေတတ်သည့် အစီအရင်တို့ဖြင့်စီရင်ကာ နူးညံ့သိမ်မွေ့လှစွာသော မျက်နှာသုတ်ပဝါကို စီရင်ပြီး မင်းကြီးအား ဆက်သလေရာ မင်းကြီးသည် အမှတ်မဲ့မစူးစမ်းမဆင်ခြင်မိဘဲ ယုံကြည်တော်မူ၍ ထိုမျက်နှာသုတ်ပဝါဖြင့် မျက်နှာကိုသုံးသပ်မိလေသည်။ ထိုအခါတွင် မင်းကြီး၏နဖူးတော်၌တည်ရှိသောမဲ့ရှင်သည် ကွယ်ပျောက်သွားပြီး ဘုန်းကံနိမ့်သွား၍ နဂါးမင်းသမီးဘေစန္ဒီမိဖုရားလည်း ထွက်သွားခဲ့လေသည်။

ဒွတ္တဘောင်မင်းကြီး၏နဖူးအလယ်တည့်တည့်၌ရှိသော ထိုမဲ့ရှင်သည် ပတ္တမြားအနီအဆင်းနှင့်တူ၍ ထိုမဲ့ရှင်ကိုရံသော ရှစ်လုံးသောမဲ့ရှင်တို့သည် စိန်ရောင်ရတနာကိုးပါးအရောင်တို့ဖြင့် နဖူးဖြင့်၌ တထိန်ထိန်တောက်ပလျက် အလွန်တင့်တယ်ပြီး ထိုကိုးလုံးသောမဲ့ရှင်တို့သည် အကြောင်းရှိလျှင် နိမိတ်ပြုကုန်၍ နတ်မျက်စိကဲ့သို့ အလုံးစုံမြင်နိုင်စွမ်းရှိကာ သူတစ်ပါးတို့၏စိတ်အကြံကို သိစေနိုင်သည် ဖြစ်၏။ ထို့ကြောင့် ဒွတ္တဘောင်မင်းကြီးအား လူမျက်စိ၊ နတ်မျက်စိတို့ကိုရသည်ဖြစ်၍ မျက်စိသုံးခု အတုမဲ့ခေါင် ဒွတ္တဘောင်ဟုခေါ်တွင်ခြင်းဖြစ်ပါသည်။ ထို့အတူ စူဠသမ္ဘဝ၊ မဟာသမ္ဘဝ ဟူသော အဖနှစ်ယောက်တို့၏သားဖြစ်သောကြောင့်လည်း ဒွိတပေါင် ဟူ၍လည်းတွင်၍ ပွေးဘဝမှ တစ်ဖြစ်လဲသောမင်းဖြစ်ခြင်းကြောင့်လည်းကောင်း ခေါ်တွင်ကြောင်းနှင့် ပျူဘာသာစကားဖြင့် မင်းကို ဒတ်တဗန်းဟုခေါ်ရာမှ ဒွတ္တပေါင်ဖြစ်လာကြောင်းဆိုပါသည်။

မင်းကြီးသည် ဘုန်းကံနိမ့်ပါးချိန်ရောက်၍ ပန်ထွာမိဖုရားဆက်သသည့် မျက်နှာသုတ်ပဝါကို သုံးစွဲမိရာမှ မဲ့ရှင်ကွယ်ကာ နှလုံးမသာမယာဖြစ်လျက် ပြည်တော်ပြန်လာတော်မူရာတွင် မင်းကြီးသည် ထွေးမြဲထွေးခံတွင် တံထွေးထွေးတော်မမူမိဘဲ လှေတော်ထက်မှ သမုဒ္ဒရာထဲသို့ထွေးတော်မူမိသည်။ မင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးကံကုန်ချိန်ဖြစ်၍ သမုဒ္ဒရာရှိနဂါးတို့သည် မင်းကြီးအား နဂါးကြေးလှေနှင့် တကွ နဂါးပြည်သို့ ယူဆောင်ခဲ့လေသည်။

ဗုဒ္ဓဘောင်မင်းကြီးကား အင်္ဂါသားတည်း။ အိမ်နိမ့်စံသုံးဆယ့်ငါး၊ စည်းစိမ်ခုနစ်ဆယ်၊ သက်တော်တစ်ရာ့ငါးနှစ်၊ သာသနာတော်နှစ် တစ်ရာ့ခုနစ်ဆယ့်တစ်ခုတွင် နဂါးတို့ သမုဒ္ဒရာမှဆောင်ယူကြောင်း ရာဇဝင်စာတင်ခဲ့ကြပါသည်။

ဘုန်းကံကြီးမား မင်းဇကရာဇ်တစ်ပါးဖြစ်တော်မူသော ဗုဒ္ဓဘောင်မင်းကြီးအား ရဟန္တာအရှင်မြတ်များ ချီးမြှင့်တော်မူသော ဂါထာတော်နှင့် ပုတီးစိပ်နည်းကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

**ဗုဒ္ဓဘောင်မင်းကြီးအား ရဟန္တာအရှင်မြတ်များ ချီးမြှင့်သောဂါထာတော်**

၁။ အတီတံ ဗုဒ္ဓရတနံ၊
ဗုဒ္ဓဝံသ မနာဂတံ။
မမသီသေ ဌပေတွာန၊
ယာဝဇီဝံ နမတ္ထုမေ။
၂။ အတီတံ ဓမ္မရတနံ၊
ဓမ္မဝံသ မနာဂတံ။
မမသီသေ ဌပေတွာန၊
ယာဝဇီဝံ နမတ္ထုမေ။
၃။ အတီသံ သံဃရတနံ၊
သံဃဝံသ မနာဂတံ။
မမသီသေ ဌပေတွာန၊
ယာဝဇီဝံ နမတ္ထုမေ။

အနက်မြန်မာပြန် -

**အတီတံ** - လွန်လေပြီးကုန်သော၊ **ဗုဒ္ဓရတနံ** - ဘုရားရတနာတို့ကိုလည်းကောင်း၊ **အနာဂတံ** - နောင်ပွင့်တော်မူလတ္တံ့သော၊ **ဗုဒ္ဓဝံသံ** - ရှေးဘုရားတို့ကဲ့သို့လာခြင်းကောင်းသောအနွယ်တော်ဖြစ်သောဘုရားရှင်တို့ကို လည်းကောင်း၊ **မေမမ** - အကျွန်ုပ်၏၊ **သီသေ** - ဥတ္တမင်္ဂစသည်ဆန်းထူး ဦးခေါင်းဦး၌၊ **ဌပေတွာန** - ထားပြီး၍၊ **ယာဝဇီဝံ** - အသက်ထက်ဆုံးတိုင်အောင်၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထု** - ဖြစ်ပါစေသတည်း။

**အတီတံ** - လွန်လေပြီးကုန်သော၊ **ဓမ္မရတနံ** - တရားရတနာတို့ကို လည်းကောင်း၊ **အနာဂတံ** - နောင်ဘုရားတို့သည် ဟောတော်မူလတ္တံ့သော၊ **ဓမ္မဝံသံ** - တရားတည်းဟူသော အနွယ်အဆက်ကို လည်းကောင်း၊ **မေမမ**-အကျွန်ုပ်၏၊ **သီသေ** - ဥတ္တမင်္ဂစသည်ဆန်းထူး



ဦးခေါင်းဦး၌၊ **ဌပေတွာန** - ထားပြီး၍၊ **ယာဝဇီဝံ**-အသက်ထက်ဆုံးတိုင်၊ **နမော**-ရှိခိုးခြင်းသည်၊ **အတ္ထုဘာဝတု** - ဖြစ်ပါစေသတည်း။

**အတီတံ** - လွန်တော်မူပြီးကုန်သော၊ **သံဃရတနံ** - သံဃာတော်တည်းဟူသောရတနာကိုလည်းကောင်း၊ **အနာဂတံ** - နောင်တစ်ဖန်ဖြစ်လတ္တံ့သော၊ **သံဃဝံသံ** - သံဃာတော်တည်းဟူသော အနွယ်ကို လည်းကောင်း၊ **မေမမ** - အကျွန်ုပ်၏၊ **သီသေ** -ဥတ္တမင်္ဂဆန်းထူး ဦးခေါင်းဦး၌၊ **ဌပေတွာန** - ထားပြီး၍၊ **ယာဝဇီဝံ** - အသက်ထက်ဆုံးတိုင်အောင်၊ **နမော နမကာရော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘာဝတု** - ဖြစ်ပါစေသတည်း။

ဗုဒ္ဓဘောင်မင်းကြီးသည် ရဟန္တာအရှင်မြတ်များ ချီးမြှင့်တော်မူသော ဤသုံးဂါထာကို နေ့စဉ် ရွတ်ဆိုပူဇော်သရဇ္ဈာယ်သောကြောင့် ဘုန်းတန်ခိုး အလွန်ကြီးမားတော်မူခဲ့ကြောင်း ရာဇဝင်ချုပ်ဆရာတို့အဆိုရှိပါသည်။

ဤဂါထာတော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုန်းတန်ခိုးဩဇာအာဏာကြီးမားစေနိုင်သည်သာမက ရန်ခပ်သိမ်းကို အောင်စေနိုင်ကြောင်း လောကီဂါထာ မန္တန်ကျမ်းဟောင်းတို့၌လာရှိပါသည်။

ဘုန်းကံကြီးမားတော်မူသော ဗုဒ္ဓဘောင်မင်းကြီးရွတ်ပွားသရဇ္ဈာယ်လေ့ရှိသော ပုတီးစိပ်ကိုလည်း ဖော်ထုတ်တင်ပြလိုက်ပါသည်။

**ဗုဒ္ဓဘောင်မင်းကြီးပုတီးစိပ်**

စတေ၊ စာတေ၊ ထာပတေ၊ သုစတေ၊
ခါမတေ၊ က္ကလန္တေ၊ က္ကလာတေ၊ ကတေ။

**အကျိုးတရား -**

❑ စတေ ရွတ်မှု သူခပ်သိမ်းကြဲ၍မဖြစ်။
❑ စာတေ ရွတ်မှု အသက်ရှည်အံ့။
❑ ထာပတေ ရွတ်မှု အနာပျောက်အံ့။
❑ သုစတေ ရွတ်မှု မိုးရွာအံ့။
❑ ခါမတေ ရွတ်မှု ရောဂါပိုးဘေးခပ်သိမ်းပျောက်အံ့။
❑ က္ကလန္တေ ရွတ်မှု ချမ်းသာများအံ့။
❑ က္ကလာတေရွတ်မှု ဆင်ထက်တသက်၍ ရှိခိုးအံ့။
❑ ကတေရွတ်မှု ကြံတိုင်းပြီးစီးအံ့။

ဤဒိတ္တိဘောင်မင်းကြီးပုတီးစိပ်ကို က္ကန္ဒာစရိယတြိနေတြမာတ်ကျမ်းကိုစီရင်ခဲ့သည့် ချောင်းဦးမြို့ အောင်ချမ်းသာရွာရှေ့ကျောင်း အသျှင်က္ကန္ဒာစရိယ၏ ပုရပိုက်မူမှ ကူးယူရရှိခဲ့ကြောင်း ဂါထာမန္တန်ကျမ်းများ၌ ဆိုပါသည်။

ဖော်ပြပါ ဘုန်းကံကြီးမား မင်းဇကရာဇ်တစ်ပါးဖြစ်သော ဗုဒ္ဓဘောင်မင်းကြီး အစဉ်အမြဲ ရွတ်ပွားသရဇ္ဈာယ်တော်မူခဲ့သော ဂါထာတော်နှင့် ပုတီးစိပ်ကို လေးမြတ် ယုံကြည် စွဲမြဲစွာ ရွတ်ပွားပုတီးစိပ်လျက် မှန်ကန်သောသစ္စာမကိုမပေါက် မပြောက်မကျားသောသီလတို့နှင့် ပြည့်စုံဆောက်တည်ခြင်းဖြင့် ဘေးဥပဒ်ရန်စွယ်အသွယ်သွယ်မှ ကင်းပ၍ ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်စုံခံစားနိုင်ကြပါစေဟု ဆန္ဒပြုတင်ပြအပ်ပါသတည်း။

သဒ္ဒိသံပါကံဇနေတိ
သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး -**

၁။ မှန်နန်းရာဇဝင်တော်ကြီး
၂။ ပါဒကြီး၊ ပါဒလေး စေတီတော်သမိုင်းနှင့်ကျင့်စဉ်ကျမ်း၊ ကျောက်ထီးတန္တသာသနာပြုအဖွဲ့နာယကဆရာတော် (ဓမ္မပမာဏိကမဟာဋီကာဂန္ထကာရက)
၃။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့မြန်မာဝတ်ရွတ်စဉ်
၄။ နန်းစဉ်သုံးဂါထာမန္တန်ကျမ်း ဆရာဦးမင်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com

(ရန်ကုန်တက္ကသိုလ်)

# လှမြင့်

# ရှေးမြန်မာပင်းများခေတ်အဆက်ဆက်၏ ပဋ္ဌာန်းပူဇော်ပွဲများ

ပဋ္ဌာန်း ဝေါဟာရသည် ပဋ္ဌာန်ဟူသော ပါဠိဘာသာမှ မြန်မာမှုပြုဆက်ခံသုံးစွဲမှု ဖြစ်သည်။ ပဋ္ဌာန်း၊ ပဋ္ဌာန၏အဓိပ္ပာယ်မှာ -

၁။ အမျိုးမျိုးသောအကြောင်း၊

၂။ ဝေဖန်ခြင်း၊

၃။ ကျက်စားသွားလာရာ

ဟူ၍ ဖွင့်ဆိုခဲ့ကြသည်။

ထို့ကြောင့် ပဋ္ဌာန်းဟူသည် -

၁။ အကြောင်းအမျိုးမျိုးကို ဟောတော်မူသောကျမ်း ဖြစ်သောကြောင့် ပဋ္ဌာန်း ဟူ၍ ခေါ်ဆိုသည်။

၂။ ကုသိုလ် စသော တရားတို့ကို ၂၄ - ပစ္စည်းတို့ဖြင့် ဝေဖန်ထားသောကျမ်း ဖြစ်သောကြောင့် ပဋ္ဌာန်း ဟူ၍ ခေါ်ဆိုသည်။

၃။ သဗ္ဗညုတဉာဏ်၏ လွတ်လွတ်လပ်လပ် ကျက်စားသွားလာရာကျမ်း ဖြစ်သောကြောင့် ပဋ္ဌာန်း ဟူ၍ ခေါ်ဆိုသည်ဟု မိန့်ဆိုသတ်မှတ်ခဲ့သည်။

ပဋ္ဌာန်းတရားတော်ကြီးကို ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သက်တော်(၄၂) အရွယ်၊ ဝါတော် (၆) ဝါအလွန် (၇) ဝါအရောက်၌ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ နတ်၊ ဗြဟ္မာပရိသတ်များကို ဟောကြားတော်မူခဲ့သည်။ ဟောကြားတော်မူခဲ့ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မယ်တော်မိနတ်သားအား နို့ဖိုးဆပ်တရားအဖြစ် ကျေးဇူးဆပ်လို၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။



မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်သမိုင်းစဉ်တွင် ပဋ္ဌာန်းတရားတော်များကို ဟောကြားခြင်း၊ နာယူခြင်း၊ ပဋ္ဌာန်းပူဇော်ပွဲများ ပြုလုပ်ကျင်းပခဲ့မှုများသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက် (အေဒီ- ၁၀၇၃ ခေတ်) မှ စတင်၍ ထေရဝါဒ ဗုဒ္ဓသာသနာတော်စည်ပင်ဖွံ့ဖြိုးတိုးတက်ချိန်ကပင် စတင်မျိုးစေ့ချထွန်းကားခဲ့ကြောင်း စာပေအထောက်အထားများအရ အထင်အရှား လေ့လာသိရှိနိုင်သည်။

သာသနာဝံသပ္ပဒီပိကာကျမ်း၏ အဆိုအမိန့်အရ ပုဂံခေတ်တွင် အနော်ရထာမင်းလက်ထက်မှစတင်၍ ပုဂံသားတို့သည် မင်းမှူးမတ်၊ နန်းတွင်းသူနန်းတွင်းသားမှအစ ပုဂံမြို့နှင့် ကျေးရွာဒေသအဆုံး ပဋ္ဌာန်းတရားတော်များ ဟောကြားခြင်း၊နာယူခြင်း၊ပဋ္ဌာန်းပူဇော်



www.burmeseclassic.com

www.burmeseclassic.com

ပွဲများကို မင်းနှင့် ပြည်သူတို့ ကြီးပမ်းဆောင်ရွက်ခဲ့သည်။ ပုဂံခေတ် အမျိုးသမီးများသည် ပဋ္ဌာန်းကျမ်းကို နှုတ်တက်အာဂုံဆောင် ကျက်မှတ် ရွတ်ဆို ပူဇော်မှုပြုခဲ့ကြသည် ဟူ၍။

ပုဗ္ဗေကိရ အရိမဒ္ဒနနာဂရေ မာတုဂါမာပိ ဂန္ထဥဂ္ဂဏှိံသု - ရှေးအခါက အရိမဒ္ဒန မည်သော ပုဂံနေပြည်တော်၌ အမျိုးသမီးများသည် စာပေကျမ်းဂန်များကို သင်ယူကြကုန်၏။ သမန္တမဟာပဋ္ဌာနေဝန ကုသလတ္တိကမတ္တံဝဝါ စုဂ္ဂတံကဒရာမိတိအာဟာတိ (သမန္တမဟာပဋ္ဌာန်းကျမ်းမှ ကုသလတိက်မျှလောက်ကိုသာ နှုတ်တက်ဆောင်နိုင်ပါသည်။) ဟု ရေးသား မှတ်တမ်းတင်ခဲ့မှုအရ သိရှိနိုင်သည်။

သာသနာလင်္ကာရစာတမ်း၏ အဆိုအမိန့်အရ အင်းဝခေတ်တွင်လည်း အင်းဝနေပြည်တော်၌ မင်းအဆက်ဆက်တွင် ပဋ္ဌာန်းပူဇော်ပွဲများကို မင်းနှင့် ပြည်သူတို့ ခြိမ့်ခြိမ့်သဲ ဆင်ယင်ကျင်းပခဲ့ကြောင်း သိရှိရသည်။ ထိုနည်းတူပင် တောင်ငူခေတ်၊ ညောင်ရမ်းခေတ်များတွင်လည်း ပဋ္ဌာန်းပူဇော်ပွဲများကို စဉ်ဆက်မပြတ် ပူဇော်ကျင်းပခဲ့သည်။

မြန်မာနှစ် ၁၀၃၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက် ညောင်ရမ်းမင်း မင်းရဲကျော်ထင်လက်ထက်၌ ငရဲဆရာတော်၏ စီမံခန့်ခွဲမှုအတိုင်း ကျူတော်သစ်ပဋ္ဌာန်းတစ်ရပ်တွင် မြန်မာရဟန်းတော်များသည် ရှေးဦးစွာ ပဋ္ဌာန်းတရားတော်ကို ဟောကြားသည်။ သဘင်ကြီးစွာခံတော်မူသည်။ ပြည်သူပြည်သားတို့ ပူဇော်သက္ကာပြုကြသည်ဟူ၍ ညောင်ရမ်းခေတ်၏ ပဋ္ဌာန်းပူဇော်ပွဲကြီးကို ရက်ရှည်ကျင်းပခဲ့ကြောင်း သိရှိနိုင်ပေသည်။

ဟံသာဝတီ (ပဲခူး) နေပြည်တော်တွင်လည်း ပဋ္ဌာန်းပူဇော်ပွဲများကို ထေရဝါဒဗုဒ္ဓဘာသာ စတင်ဖွံ့ဖြိုးခဲ့သော မနူဟာမင်း (သထုံ) လက်ထက်မှစတင်၍ မင်းအဆက်ဆက် ကျင်းပပူဇော်ခဲ့ကြသည်။ မြန်မာနှစ် ၁၁၀၈ ခုနှစ်တွင် ဟံသာဝတီမင်း သေနာပတိရာဇာသည် မြတ်စွာဘုရားပွင့်တော်မူရာအရပ်ဒေသတွင် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ပဋ္ဌာန်းတရားဟောကြားတော်မူခဲ့သော တရားပလ္လင်ဇရပ်တန်ဆောင်းဖြစ်သော သာသနိကအဆောက်အအုံကြီး ပျက်စီးယိုယွင်းနေသည်ကို သားတော် အိမ်ရှေ့ဥပရာဇာအားစေလွှတ်၍ ပြုပြင်တည်ဆောက် မွမ်းမံစေခဲ့သည်။ မြန်မာနှစ် ၁၁၁၀ ပြည့်နှစ်တွင် အိမ်ရှေ့ဥပရာဇာ သမိန်ထောဘွဲ့ခံ ဆင်ကျားရှင်သည် ကြငှန်းတိုင် (၄၀) အထက်နှင့်တကွ ကြငှန်းတိုင် (၉၀) ရှိသော ပဋ္ဌာန်းဇရပ်ကြီးကို တည်ဆောက်တော်မူခဲ့သည်။ ဘုံကိုးဆင့်ရှိသော ပဋ္ဌာန်းပြာသာဒ်ဆောင်ကြီးနှင့်အတူ ပဋ္ဌာန်းခေါင်းလောင်းတော်ကြီးကိုလည်း သွန်းလုပ်လှူဒါန်းခဲ့သည်။

ထိုနည်းတူ ကုန်းဘောင်ခေတ် ဘိုးတော်မင်း (ဗဒုံမင်း) လက်ထက်တွင်လည်း အမရပူရနေပြည်တော်၌ ပဋ္ဌာန်းပူဇော်ပွဲများကို ပထမမောင်းထောင်သာသနာပိုင်ဆရာတော်ကြီး၏ဦးဆောင်မှုဖြင့် ဘိုးတော်ဘုရားသည် မင်းနှင့်ပြည်သူတို့ပါဝင်ဆင်နွှဲကုသိုလ်ပြုသည့် ပဋ္ဌာန်းတရားပွဲများ၏ ဘာသာသာသနာပုံရိပ်များကို အမေးတော်ဖြေကျမ်းနှင့် ဤသို့သမိုင်းဝင် မှတ်တမ်းတင် ဖော်ပြခဲ့သည်။

ဆင်ကျိုးရွှေဂူမဟာရာမ်အတွင်း ပဋ္ဌာန်းဇရပ်မှာ ဝိနည်းသုတ်များနှင့် မာတိကာ၊ ဓာတုကထာ၊ ယမိုက်ပဋ္ဌာန်း၊ အဘိဓမ္မာကျမ်းများကို ဝါတွင်း၊ ဝါပတစ်လလေးကြိမ် ဆွေးနွေးမေးမြန်း ရွတ်ဖတ်သရဇ္ဈာယ်စေသည့် အကြောင်းကို စည်းဝေးစေ၊ ရွှေပြည်တော်အတွင်း အပြင်မှစ၍ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ ပြည်သူပြည်သား၊ ရပ်စုကွက်စု၊ သူဌေးသူကြွယ်၊ မည်သည့်လူမျိုးမဆို သဒ္ဓါတတ်အားသမျှ လှူဒါန်းစေ။

ကုန်းဘောင်ခေတ်နှောင်း မန္တလေးရတနာပုံခေတ်၏ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်တွင်လည်း ပဋ္ဌာန်းပူဇော်ပွဲများကို မင်းနှင့်ပြည်သူတို့ ပူဇော်ကြည်ညိုခဲ့ကြသည်။ မန္တလေးရတနာပုံနေပြည်တော်ကြီးကို မင်းတုန်းမင်းသည် မြန်မာနှစ် ၁၂၂၁ ခုနှစ်တွင် စတင် တည်ဆောက်ရာ၌ ရွှေမြို့တော်ကြီးနှင့်အတူ (၇) ဌာနစာရင်းဝင် ပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီးကိုလည်း တည်ဆောက်ခဲ့သည်။ မန္တလေးတောင်ခြေအနီး ကျောက်တော်ကြီးဘုရား အရှေ့မုခ်အထွက် မြောက်ဘက်ဘေးတွင် တည်ရှိသည်။ တောင်ဘက်ဘေးတွင် သုဓမ္မာဇရပ်တော်များ တည်ရှိသည်။ သုဓမ္မာရွှေဇရပ်တွင် သာသနာရေးကိစ္စများ ဆွေးနွေးတိုင်ပင်ကြသည်။ ပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီးသည် နယုန်လစာပြန်ပွဲတော်၌ ထူးချွန်စွာ အောင်မြင်တော်မူသော ရဟန်းတော်များကို နှစ်စဉ်ဝါဆိုလတွင် ဥပသမ္ပဒကံစီမံဆောင်ရွက်သော သာသနာ့ဘိသေကမင်္ဂလာပြုရာဌာနကြီး ဖြစ်သည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတွင် မင်းတုန်းမင်း၏ ပဋ္ဌာန်းဟော ရွှေသိမ်တော်၏အကြောင်းကို -

ပဋ္ဌာန်းဟော ရွှေသိမ်တော်သည် သုဓမ္မာရွှေဇရပ်တော်နှင့်ပုံစံတူ ဤကုန်ကျငွေ ဟူသည် တန်ဖိုးငွေ (မန္တလေးခေတ်၏ ငွေပေါင်း) သုံးသောင်းနှစ်ထောင်ခုနစ်ရာ့ရှစ်ဆယ် ကုန်ကျသည်။ ရွှေသိမ်တော်တွင် အသံမစဲပဋ္ဌာန်းပွဲများပြုလုပ်မှု၊ ပဋ္ဌာန်းတရားတော်များဟောကြားမှု၊ နာယူမှုများပြုလုပ်ခဲ့ခြင်းကြောင့် ပဋ္ဌာန်းမဟာရွှေသိမ်တော်ဟူ၍ ခေါ်တွင်ခဲ့သည်။ ယောမင်းကြီးဦးဘိုးလှိုင်တကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ မီးလောင်ပျက်စီးသွားခဲ့သည်။

ယင်းပဋ္ဌာန်းမဟာရွှေသိမ်တော်ကြီးတွင် မင်းတုန်းမင်းကြီးသည် တစ်လလျှင် လေးသီတင်းကျ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်စေသည်။ ပဋ္ဌာန်းတရားတော် ရွတ်ဆိုချီးမြှင့်သော ဆရာတော်ရှစ်ပါးကို တစ်ပါးလျှင် ပဒေသာပင်တစ်ပင်ကျ လစဉ် နှစ်စဉ် လှူဒါန်းတော်မူခဲ့သည်။

သီပေါမင်းလက်ထက်တွင်လည်း ပဋ္ဌာန်းမဟာရွှေသိမ်တော်ကြီးတွင် ပဋ္ဌာန်းပူဇော်ပွဲကြီးကို အစဉ်အလာမပျက် ဆက်လက် ကုသိုလ်ပြု လုပ်ဆောင်ခဲ့သည်။ မြန်မာနှစ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့မှစတင်၍ လစဉ် လှူဒါန်းမြဲ ပဋ္ဌာန်းပဒေသာပင်အလှူတော်ကြီးကို မြောက်စမုခ်ရေစက်သွန်း ပြာသာဒ်ဆောင်သို့ ထွက်စံတော်မူ၍ ကိုယ်တော်တိုင် ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့သည်။ သီပေါမင်းသည် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ပါတော်မူသည့်အချိန်တိုင်အောင် လစဉ် ပဋ္ဌာန်းသိမ်ဇရပ်တော်၌ ပဋ္ဌာန်းပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ကျင်းပ ပူဇော်ခဲ့သည်ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) ၌ မှတ်တမ်းတင် ဖော်ပြထားသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)
၂။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး (တတိယတွဲ)
၃။ အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ (မာဂဓီ-သာစည်)



www.burmeseclassic.com

www.burmeseclassic.com

# နတ်ပြဂူသို့တစ်ခေါက်

မင်းပြတ်သိန်း(လားရှိုး)

'မိုးနှင့်နွားသိုး အစိုးမရ' ဆိုသည့်အတိုင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၏မခန့်မှန်းနိုင်သောမိုး။ ရွာလိုက်သည်မှာ မိုးတိတ်မည့် အရိပ်အယောင်မမြင်ရပါ။ ကျွန်ုပ်လည်း တူမောင်ဇော်ကစ်၏ 125 ဆိုင်ကယ်ဖြင့် လားရှိုးမြို့၏ အထင်ကရ ထင်ရှားသောတောက်ဂူဖြစ်သည့် နတ်ပြဂူသို့သွားမည်ဟု အားထည့်ထားခဲ့ပါသည်။

တစ်နေ့သ၌ တစ်ညလုံးရွာနေသော ကိုရွှေမိုး၏ မိုးအတိတ်ကိုစောင့်နေရာမှ နံနက် (၁၀) နာရီကျော်ခန့်တွင် မိုးသားကင်းစင်ပြီး တိတ်သွားပါတော့သည်။ မိုးတိတ်သည်နှင့် မောင်ဇော်ကစ်ကိုခေါ်၍ဆိုင်ကယ်ဖြင့်ထွက်လာခဲ့သည်။

"လေးလေး၊ မိုးကရွာချင်ရွာဦးမှာနော်။ လမ်းကအသစ်ဆိုတော့ သတိထားသွားရမှာ"


ကျွန်ုပ်မှ -

"လမ်းကဆိုးသလားကွာ။ ကျေးရွာချင်းဆက်လမ်းဆိုတော့ ကောင်းပါတယ်"


"ဒါပေမင့် လေးလေးက အသက်ကြီးတော့ ဒုက္ခရောက်စိုးလို့"

"မင်းက ငါ့ကို အသက်ကြီးတယ်ထင်နေတာ။ ငါကဘုရား၊တရားကိုစွဲဆိုတောထဲတောင်ထဲသွားနေကျပါကွာ"

"လေးလေးက လူငယ်လေးကျနေတာပဲ။ လေးလေးခန္ဓာကိုယ်က အမြဲပေါ့ပါးပြီး စိတ်မြန်ကိုယ်မြန်ဖြစ်တဲ့အကြောင်းကို လေးလေးတူမ မယုယုက ပြောပြတယ်။ လွန်ခဲ့တဲ့(၁၀)နှစ်လောက်က ဆေးရုံတင်ပြီး ခွဲစိတ်တော့ ဘုရား၊ တရား၊ သံဃာနဲ့ ပုဂ္ဂိုလ်ထူးကြီးကျေးဇူးတွေကြောင့် အသက်နဲ့ ခန္ဓာပြန်ဆက်



နတ်ပြဂူနှင့်စေတီတော် (၂) ဆူ



ထူးခြားသည့် ကျိုက်ထီးရိုးစေတီတော်



ဘုရားနှင့်ကျိုက်ထီးရိုးစေတီတော်




www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူအတွင်းတစ်နေရာမှ
ရပ်တော်မူဘုရားကြီး



ဂူတွင်းတစ်နေရာတူးစဉ် တွေ့ရသော ဘုရား



နောက်ဆုံးဂူတွင်းတစ်နေရာမှဘုရား
တရားထိုင်ရာနေရာ

မောင်ဇော်ကစ် မေးမြန်းမှုများကို ဖြေကြားလျက် လားရှိုး-မန္တလေးကားလမ်းဘေးမှ တိုင်းရင်းသားပေါင်းစုံတို့နေထိုင်ရာ မယ်ဟန်ရှမ်းကျေးရွာလေးသို့ ရောက်လာခဲ့ပါတော့သည်။ ကားလမ်း၏အရှေ့ဘက် နတ်ပြဂူတောရကျောင်းသို့ လမ်းညွှန်ကြားရာ ဆိုင်းဘုတ်ကလေးအတိုင်း ကျေးရွာချင်းဆက် မြေနီကျောက်ခင်းထားသော လမ်းကြားလေးအတွင်းသို့ ဝင်လိုက်သည်နှင့် ချိုင့်တချို့၊ ကျင်းခွက်တချို့ကို စသည်ဖြင့် တွေ့ရပါသည်။ မောင်ဇော်ကစ်၏ ဆိုင်ကယ်စီးကျွမ်းကျင်မှုကြောင့် လိုရာခရီးသို့ ချောမောစွာရောက်ခဲ့၍ လမ်းဘေးဝဲ၊ ယာတွင် စပါးခင်း၊ ပြောင်းခင်းများနှင့် တောင်ယာသမားတို့ စိုက်ပျိုးထားသော စိုက်ပျိုးပင်များကို မျက်စိတစ်ဆုံး မြင်တွေ့ရသလို တချို့စားပင်များဖြစ်သော ဘူး၊ ဖရုံသခွားများကိုပါ တွေ့ရလျက် အေးမြကြည်လင်သော စမ်းချောင်းလေးများ စီးဆင်းမှုကို တောတောင်သဘာဝမြင်တွေ့ရ၍ စိတ်၏အေးမြကြည်လင်မှုကို ခံစားမိပါသည်။

တောကြိုအုံကြားလူသူအရောက်အပေါက်နည်းသောဒေသတွင် လှပသေသပ်သည့် အစိုးရမှုလတန်းကျောင်းလေးတစ်ကျောင်းကို ဘွားခနဲ တွေ့မြင်လိုက်ရသဖြင့် ကျွန်ုပ်သည် ခေတ္တဝင်ရောက်ပြီး လေ့လာကြည့်ရှုမိသည်။ ဆရာမလေး (၃) ယောက်၏ ဖြူစင်စွာခေါ်ယူမှုကြောင့် ဝင်ရောက် လေ့လာခဲ့ရာ ဆရာမလေး (၃) ယောက်၏ ဖွဲ့မေတ္တာ၊ စေတနာဖြင့် တိုင်းရင်းသားဆွေမျိုးမိသားစုများအား စာသင်ပြနေတာကို



ဂူအကျွင်းအဝင် ပထမဆုံးဖူးမြော်ရသောဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဂူတွင်းတစ်နေရာမှ ရုပ်တော်မှုဘုရားနှင့် မြန်မာပြည်မြေပုံ



နတ်ပြဂူအဝင်ဝ



ဂူအတွင်းကျောက်စက်ကျောက်မိုးများ


တွေ့ရသလို ဆရာမလေးများအား ဂုဏ်ယူလျက် မေးမြန်းစုံစမ်းကြည့်ရာ အချို့မှာ လားရှိုးမှလည်းကောင်း၊ နယ်မှလည်းကောင်း လာရောက် တာဝန်ထမ်းဆောင်ကြကြောင်း၊ ဆရာမလေးများ မြို့ကိုပြန်လျှင် စက်ဘီးတစ်မျိုး၊ ဆိုင်ကယ်တစ်မျိုးဖြင့် ပြန်ရကြောင်း၊ မိုးရွာလျှင် အင်မတန် ဒုက္ခရောက်ကြောင်း၊ ဒါပေမင့် ဝါသနာပါ၍ တိုင်းရင်းသားမိသားစုများအပေါ် ပညာတတ်များဖြစ်စေချင်သော ဆန္ဒစေတနာကို အခြေခံ၍ သင်ကြားနေကြောင်း၊ ထို့ကြောင့် ကျွန်ုပ်သည် ထိုဆရာမလေး (၃)ယောက်ကို မချီးကျူးဘဲမနေနိုင်ပါ။ သူတို့ကျောင်းတွင် ကျောင်းသား (၂၅) ဦးရှိပါသည်။ ဆရာမ(၃)ဦးဖြင့် ကျောင်းသားများကို စည်းရုံးပြီး တာဝန်သိသိ လုပ်ကိုင်နေသော ဆရာမများကို ဂုဏ်ယူမိပါသည်။ ဆရာမလေးများကို နှုတ်ဆက်၍ ဆိုင်ကယ်ဖြင့် ကျေးရွာချင်း ဆက်လမ်းလေးအတိုင်း ကောင်းခါး ရွာသို့ဝင်ခဲ့ရာ နတ်ပြဂူတောရကျောင်း ဟူသော ကျောင်းဝင်းအတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါတော့သည်။

ကျောင်းအဝင်ဝ၌ ရှင်သောဘိတ ဆရာတော်၏ဗုဒ္ဓမေတ္တာအခမဲ့ဆေးပေးခန်းဆိုသော ဝါးကျောင်းလေးကို ထိုနေရာထိုအရပ်၌ တွေ့ရှိလိုက်ရ၏။ ဆရာတော်၏ မေတ္တာစေတနာဖြင့် တိုင်းရင်းသားအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး ကူသပြုစု၍ သာသနာပြုနေသည်ကို တွေ့ရှိရသောအခါ ဆရာတော်ကို ကြည်ညိုမဆုံးဖြစ်ရသည်။ ကျွန်ုပ်သည် ကျောင်းဝင်းအတွင်းသို့လှည့်လည်ကြည့်ရှုလိုက်ရာ ဆရာတော်နေထိုင်ရာ ဘုံငါးဆင့်ကျောင်း၊ သိမ်၊ ဆွမ်းစားကျောင်း၊ အလှူအတန်းပြုလုပ်သောအခါ ဧည့်ခံကျောင်း၊ ဆွမ်းချက်ဆောင်၊ မီးစက်ထားရာနေရာအဆောက်အအုံများကို သူ့နေရာနှင့်သူ အသီးသီးသေသေသပ်သပ် ဆောက်လုပ်ထားသည်ကို တွေ့ရှိ၍ ကျွန်ုပ်သည် ဆရာတော်ကို သက်တော်ကြီး၊ ဝါတော်ကြီး ဆရာတော်ကြီးဟု ထင်မိပါသည်။ ဆရာတော်နေသော အရှေ့မြောက်အရပ်တွင် နတ်ပြဂူဆိုတာ ထင်ထင်ရှားရှားတွေ့ရသကဲ့သို့ ၎င်းဂူပေါ်တွင် စေတီ (၂) ဆူတည်ထားလျက် တံခွန်တိုင်တစ်ခုပါ ဘုံးခြားစွာ ဖူးတွေ့သည်။ ၎င်းစေတီတော်(၂)ဆူ၏အောက် 'အဓိဋ္ဌာန်အောင် နတ်ပြဂူ' ဟု ရေးသားထားသည်ကို မြင်လိုက်ရပါသည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com


ဂူထိပ်တက်သော အတွင်းလှေကား


ဆရာတော်ရှင်းပြနေသောအတွင်းပိုင်းတစ်နေရာ


ဂူကြီးအတွင်းပိုင်းများ


ဂူအတွင်းပိုင်းကျောက်ဖျာ

သည် ဆရာတော်ရှိရာကျောင်းသို့ ဆရာတော်ကို ကန်တော့ရန် ဝင်လိုက်သည်နှင့် အထင်အမြင် လွဲမှားသွားပါတော့သည်။ ဆရာတော်မှာ သက်တော် (၃၀)၊ ငယ်ငယ်ဖြစ်သည်ကို ဖူးတွေ့ရပါသည်။

ဆရာတော်မှ -

"ဒကာကြီးဘယ်ကလာတာလဲ"

"ဦးပဥ္စင်းကိုဖူးရအောင် လားရှိုးမှ လာတာပါဘုရား"

"ဦးပဥ္စင်းဒီမှာတစ်ပါးတည်းလား"

"ဦးပဥ္စင်းနဲ့ ကိုရင်လေးတစ်ပါး သီတင်းသုံးတယ်။ ကပ္ပိယမရှိသေးဘူး။ ဒကာကြီးဘယ်နှခေါက်ရောက်ဖူးသလဲ"

"တစ်ခါမှမရောက်ဘူးပါဘုရား"

"ဒကာကြီးရောက်တုန်း ဂူကြီးထဲကို လိုက်ပြဦးမယ်"

"နေပါစေဘုရား၊ တပည့်တော်တို့ ဘာသာသွားပါမယ်ဘုရား"

"မဟုတ်ဘူး ဒကာကြီး။ ဒကာကြီး က မေးတတ်၊ စုံစမ်းတတ်တော့ ကိုယ်တော်ပဲ လိုက်ပြပါ့မယ်"

ကျွန်ုပ်သည် ဆရာတော်ကို အားနာပေမည့် ရေငတ်တုန်း ရေတွင်းထဲကျသလို အသာနေနေလိုက်ပါတော့သည်။ ဆရာတော်မှ ရှေ့ဆောင်၍ ကျွန်ုပ်တို့ နတ်ပြဂူထဲသို့ ဝင်လိုက်ပါသည်။ ဆရာတော်မှ ဓာတ်ခဲ်ရှိလျှင် သိသိသာသာ ကြက်သီးမွေးညင်းထမည်။ တချို့ဆိုလျှင်-ဇီးချင်သလိုလို၊ ကချင်သလိုလို၊ မူးချင်သလိုလို ဝင်ပူးကြလွန်းလို့ ဆရာတော်မှ တော်တော်လေး မေတ္တာရပ်ခံယားရ၏။ ထို့ကြောင့် ဂူဝတွင် အဓိဋ္ဌာန်အောင် နတ်ပြဂူဟု ရေးထားပါသည်။ ကျွန်ုပ်သည် ဂူဝတွင် ရေးသားထားသော

ဖခင်ဦးရာမေ၊ မိခင်ဒေါ်မိနှာ အမျိုးထား၍ သားဦးဗိုလ်ဗိုလ်အောင်၊ ဒေါ်နန်းမြို့ ခမ်း၊ ပါရာဂွန်အင်တာနေရှင်နယ်မိသား စုကောင်းမှု ဟူသော စာသားကိုပါ တွေ့ ရှိရပါသည်။

ဂူကြီးအတွင်းသို့ဝင်လိုက်သည်နှင့် ပထမဦးဆုံး ပလ္လင်ပေါ်တွင် သပ္ပာယ် ကြည်ညိုလှသော မြတ်စွာဘုရားရှင် အား-ဖူးမြော်ကန်တော့လိုက်ပြီးနောက် ကျိုက်ထီးရိုးစေတီတော်အား ဖူးတွေ့ရ ပါသည်။ ထိုမှဆက်၍ ဆရာတော်နှင့် အတူ ဂူကြီး၏အတွင်းပိုင်းသို့ဝင်လာ ရပ်တော်မူဘုရားကြီးအား ဖူးမြော်၍ ဘုရားရှင်၏ ဘယ်ဘက် ကျောက်သား ပန်းဆွဲကြီးတစ်ခုတွင် ထင်ထင်ရှားရှား မြန်မာပြည်မြေပုံကိုတွေ့လိုက်ရပါသည် ဆက်၍ ဂူကြီးအတွင်းပိုင်းသို့ဝင်ခဲ့ရာ ဂူ ၏အထက်မှအမိုးတွင် ကျောက်ချွန်များ မှ လည်းကောင်း၊ ကျောက်ပွင့်များ လည်းကောင်း ရေများကျနေသည် တွေ့ရသလို ဂူကြီးအတွင်းမှကျောက်နံ များတွင် တလက်လက်ဖြင့် တောက် နေသော ကျောက်ပွင့်လေးများကို တွေ့ ရပြီး ဂူကြီး၏အတွင်းရောက်လေ မှော် လေ မည်သည့်နေရာမှလာသော မျ်ားမသိပါ၊ အေးစက်လှပါသည်။ အချို့ နေရာတွင်ဖင်ထိုင်သွား၍လည်းကောင်း ငုံ့၍လည်းကောင်း၊ ဘေးတိုက်စောင်း၍ လည်းကောင်း သွားရပါသည်။ အချို့ ရာရောက်သောအခါ အပေါ်သို့တက် သော လှေကားတစ်ခုကိုတွေ့၍ မေး ကြည့်ရာ ဦးပဥ္စင်းမှ တောင်ထိပ်ကို ထွ နေရာမှတက်လို့ရသည်ဟု ပြောပြသော အခါ ကျွန်ုပ်အား အပေါ်တက်ကြည့် မှာလားဟု ဆရာတော်မှ မေးလေ ကျွန်ုပ်မှ မတက်တော့ပါဘူး ဘုရား ရှေ့ဆက်၍ ဂူကြီးအတွင်းသို့ ဆက်သွား ပါမည်ဟု လျှောက်လိုက်ပါသည်။ အတွင်းပိုင်းသို့ရောက်လေ အလွန်အေး လာပါသည်။ ကျွန်ုပ်မှ ဆရာတော် မေးကြည့်ရာ -

"ရှေ့ဆက်သွားလို့ရပါသေးလား ဘုရား"

ဆရာတော်မှ -

"တချို့နေရာတွေက လူတစ် ချင်းတောင်မှ သွားရခက်ခဲပါတယ်"


ဟု မိန့်ပါသည်။

ကျွန်ုပ်သည် နောက်ဆုံးရော သည့်နေရာမှ ပလ္လင်ပေါ်တွင် သပ္ပာ စွာတွေ့ရသောဘုရားရှင်အား ကန်တော




www.burmeseclassic.com

www.burmeseclassic.com



နတ်ပြုဂူကျောင်းအဝင်



ဆရာတော်နေသောကျောင်းနှင့်သိမ်



ကျောင်းအဝင်ဝ ဆေးကုသဆောင်

မြော်လိုက်ပါသည်။

ဆရာတော်မှ -

"ဒီနေရာမှာ အဓိဋ္ဌာန်ဝင်ကြ ဆိတ်ငြိမ်တယ်။ အေးချမ်းတယ်။ ဘာမှမလိုဘူး။ ဒီနေရာမှာ တရားထိုင်လို့ သိပ်ကောင်းတယ် ဒကာကြီး။ ဒီဂူထဲမှာ မီးမရှိရင် လုံးဝမှောင်နေတာ။ ကျုပ်ရောက်တုန်းက ဖယောင်းတိုင်နဲ့ လက်နှိပ်ဓာတ်မီးရယ် မမြင်မစမ်းနဲ့သွားခဲ့ရတာ။ ကျုပ်ကလည်း အမျှားသူငါ ဖူးရအောင်ဆိုပြီး လျှပ်စစ်မီးကို ရအောင်လုပ်တယ်။ ပထမတော့ မီးစက်ပေါ့ဗျာ။ နောက်တော့ အစိုးရကနေပြီး မီးတွေ၊ မီတာတွေချပေးတော့ ရလာတာပေါ့။ ဒီဂူကြီးရဲ့ အလယ်တည့်တည့်မှာ ပလ္လင်လုပ်ဖို့တူးတဲ့အခါ ဘုရားတစ်ဆူတွေ့ရတယ်။ တော်တော်ကြာပြီလို့ပြောတာပဲ။ ကျောင်းရောက်မှ ဖူးကြတာပေါ့"

ကျွန်ုပ်တို့သည် ဂူအတွင်းမှ ပြန်ထွက်လိုက်ရာ ဆရာတော်မှ -

"သတိထားသွားနော်။ ခေါင်းတွေနဲ့ ဂူနံရံတွေ၊ ဂူအစွန်းတွေတိုက်မိတယ်။ တချို့နေရာတွေမှာ ဂူအမိုးတွေကနိမ့်တယ်"

ဟု ပြောဆို၍ ကျွန်ုပ်တို့လည်း သတိထား၍ ဂူအတွင်းမှ ထွက်လာခဲ့ပါသည်။

ဆရာတော်၏ ကျေးဇူးကြောင့် ယခင်ကကဲ့သို့ မှောင်နှင့်မည်းမည်း မသွားရတော့ပေ။ မီးများထွန်းထား၍ အလွယ်တကူ ဂူအတွင်းသို့ ဝင်နိုင်၊ ထွက်နိုင်၊ ချောချောမောမောသွားနိုင်ပါသည်။ ကျွန်ုပ်တို့လည်း ဂူပြင်ရောက်သည်နှင့် ပြင်ပလေ၏ ထူးထူးခြားခြား ခံစားမှုအရသာကိုတွေ့ရပါသည်။ ဆရာတော်ကျောင်းရောက်သည်နှင့် ဧည့်သည်များတွေ့ရပြီး ကျောင်းမှ ဆရာမလေး(၃)ယောက် ကျောင်းဆင်း၍ပြန်ရန် ဆရာတော်ကို လာရောက်ကန်တော့ပြီး နောက်တစ်နေ့ ဝါဆိုပန်းကပ်နှင့်သင်္ကန်းကပ်လှူရန် ဆရာတော်ကို လာရောက်လျှောက်ထားနေသည်ကို ကြားလိုက်မိပါသည်။ ကျွန်ုပ်တို့နှစ်ယောက်လည်း မိုးတိတ်၍ နေသာလာသည်နှင့် ဆရာတော်အား ကန်တော့၍ ပြန်လာခဲ့ပါတော့သည်။

မှတ်ချက် - ဆရာတော်၏ပြောပြချက်အရ နဂါးမယ်တော်နှင့် ပဋ္ဌာန်းဆက်ရှိသူများ ဝင်ရောက် ဖူးမြော်လျှင် တချို့အမျိုးသမီးများ နဂါးမယ်တော်ဝင်ပူး၍ လူးလိမ့်နေတတ်ကြောင်း ဆရာတော်မှ ပြောပြပါသည်။

ဓမ္မမိတ်ဆွေများ လားရှိုးရောက်လျှင် နတ်ပြုဂူသို့ သွားရောက် ဖူးမြော်ကြပါ။ ဆုတောင်းပြည့်ဝပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၊ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မင်းမြတ်သိန်း(လားရှိုး)



www.burmeseclassic.com

www.burmeseclassic.com



(မြောင်)

# ထုံးတောင်-အရှင်ဓမ္မပီယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း ၁၆

### မင်းကွန်းရိပ်သာတစ်လကြာ

အရှင်ဝိဝေကမှာ သဒ္ဓမ္မရံသီရိပ်သာ၌ ဉာဏ်စဉ်တရားနာယူပြီးနောက် တစ်လခန့်ကြာအောင် ဆက်လက်အားထုတ်နေသေး၏။ စာသင်တိုက်သို့လည်း ပြန်ကြွချင်စိတ်မရှိတော့သည်နှင့် အေးအေးဆေးဆေး သီတင်းသုံးတရားအားထုတ်ရမည့်နေရာကို စုံစမ်းလေ့လာနေ၏။ သို့နှင့် တရားအားထုတ်ဖက်ဖြစ်သော ဒါယကာကြီးတစ်ယောက်၏ လမ်းညွှန်မှုဖြင့် မင်းကွန်းရိပ်သာသို့သွားရောက် တရားအားထုတ်ဖြစ်ခဲ့သည်။

မင်းကွန်းရိပ်သာမှာ ရန်ကုန်မြို့တော်၏ အဓိကကျသောနေရာမှာ ဖြစ်လင့်ကစား (၂၆) ဧကကျယ်ဝန်းပြီး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် တရားအားထုတ်ရန် အလွန်ကောင်းသောနေရာဖြစ်၏။ရဟန်းတော်များအတွက်လည်း စင်္ကြံပတ်လမ်းပါသော တစ်ပါးနေသီးသန့်ကျောင်းငယ်လေးများရှိ၏။ ဆွမ်းစခ... လည်းမယူ၊ နေရာထိုင်ခင်းလည်းကော... ကောင်းပေးပြီး အားထုတ်ခွင့်ပြု... ထူးခြားချက်မှာ ဓမ္မာရုံမှာစုပြီး အမ... သူငါ ရောနှောတရားထိုင်စရာမလို... မိမိနေရာကျောင်း၊ မိမိနေရာအခန်းမှ... မှာ လွတ်လွတ်လပ်လပ် အားထုတ်... ပေးထားခြင်း ဖြစ်သည်။ နေ့လယ်ပိုင်း... တစ်ချိန်သာ အလုပ်ပေးတရား... တရားစစ်ခံဖို့ ဆရာတော်များ အလု... ကျဟောကြားပေးသည့် မင်းကွန်းတ... ကိုနာယူကြဖို့ ယောဂီများအားလုံး ဓမ္မ... ကိုသွားကြရသည်။

တရားအားထုတ်နည်းကတော... သထုံမြို့ ပထမ မင်းကွန်း ဇေတ... ဆရာတော်ကြီး၏နည်းအတိုင်း ... လျှင်ထိုင်တယ်၊ သွားလျှင်သွားတ... ရပ်လျှင်ရပ်တယ်၊ စားလျှင်စားတယ်... မိမိပြုလုပ်နေဆဲ လှုပ်ရှားမှုအရပ်ရပ်... အမြဲမပြတ် သတိကပ်ပြီး ရှုမှတ်ရ...

www.burmeseclassic.com

www.burmeseclassic.com



...ဖြစ်၏။ မဟာစည်ဆရာတော်နည်းနှင့် ...ကွန်းရိပ်သာနည်းမှာ သိပ်ပြီးမထူး ...လှပေ။ မင်းကွန်းဇေတဝန်ဆရာ ...တော်ဘုရားကြီး၏ တပည့်များဖြစ်၍ ...အားထုတ်နည်းခြင်း အတူတူပင် ဖြစ်၏။

အရှင်ဝိဝေက တရားရိပ်သာဝင် ...တ ပဓာနနာယကဆရာတော်မှာ ...က်တော် (၉၀) ရှိပြီဖြစ်သော ဆရာ ...တော် ဦးပဏ္ဍိ ဖြစ်၏။ သက်တော်ကြီး ...ပြီဖြစ်သော်လည်း ယောဂီများစွာကို ...သမာမာနှင့် ရှင်းလင်း ပြတ်သားစွာ ...ဟောပြောနိုင်ဆဲ ဖြစ်၏။ ထိုသက်တော် ...ည်ဆရာတော်ကြီး၏ ထူးခြားချက်မှာ ...ပေါင်းများစွာ ကမ္မဋ္ဌာနာစရိယအဖြစ် ...ရားခမ္မများပြသခဲ့သော်လည်း မည် ...သည့်ဘွဲ့တံဆိပ်ဂုဏ်ထူးကိုမှ လက်ခံရယူ ...ခြင်းမရှိပေ။မင်းကွန်းခမ္မာရုံမှာ ယောဂီ ...နှင့် အလုပ်ပေးတရားနာယူပြီး ကိုယ့် ...ကျောင်းသခ်မ်းလေးမှာ တရားရှုမှတ်ခွင့် ...။

## ...ကွန်းရိပ်သာတရားအားထုတ်နည်း

ထိုင်တယ်၊ အိပ်တယ်၊ သွားတယ်၊ ...တယ်လို့ အားထုတ်ရသောနည်းမှာ ...သာနုပဿနာကျရိယာပထနည်းပဲ ...တယ်။ သွားတဲ့အခါ ကြွတယ်၊ လှမ်း ...အခါ ချတယ်လို့ မှတ်ရတယ်။ သွား ...သောတုန်းအခိုက်မှာ အာရုံတစ်ခုခု ...ရင်လည်း မြင်တယ် မြင်တယ်လို့ ကြားပြန်ရင်လည်း ကြားတယ်, ...တယ်လို့မှတ်၊ အစားတစ်ခုခုစားပြန်ရင်လည်း စားတယ်လို့မှတ်။

ထို့ထက် အမှတ်စိပ်ပြီး စားမယ်လို့ ဇွန်းကိုကိုင်ရင် ကိုင်တယ်လို့မှတ်။ ဟင်းကို ခပ်လိုက်တဲ့အခါ ခပ်တယ်လို့ ရှုမှတ်ရပါတယ်။

'စက္ခုံ စ ပဋိစ္စ ရူပေစ ဉပ္ပဇ္ဇတိ စက္ခုဝိညာဏ်' လို့ ဆဆက္ကသုတ်ဒေသနာမှာလာသည့်အတိုင်း ကောင်းသည့်အာရုံတွေ့တွေ့၊ မကောင်းသည့်အာရုံတွေ့တွေ့၊ မြင်တယ်၊ မြင်တယ်လို့ မှတ်ဖန်များလာတော့ ကမ္မဋ္ဌာန်းအာရုံစိပ်စိပ်လာပြီး မြင်သိပျက်၊ မြင်သိပျက်တွေ ပေါ်လာတယ်။

မြင်တဲ့အဆင်းက ရုပ်၊ သိတာက နာမ်ပဲဟု ရုပ်၊ နာမ်ခွဲခြားသိလာတယ်။ ရှုတဲ့အခါ မြင်တဲ့အဆင်းပဲရှုရှု၊ သိတဲ့ နာမ်ပဲရှုရှု တစ်ခုခုသိအောင်၊ မိအောင် ရှုရတယ်။ မရှုမိရင် ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တယ်။

တဏှာမဖြစ်အောင် အသိအမှတ်နဲ့ မပြတ်ရှုတော့ တစ်ခုနဲ့တစ်ခု၊ တစ်သဘောနဲ့တစ်သဘော ပြောင်းလဲသွားတာလေးတွေတွေ့ရတယ်။ တဏှာဖြစ်ရင် ဥပါဒါန်၊ ကံ၊ သင်္ခါရတွေ ဖြစ်လာပါလိမ့်မယ်။ သတိကြပ်ကြပ်ထားရှုပါ။ ဝေဒနာပညာဖြစ်အောင် အားထုတ်ပါ။

ပရမတ္ထတရားတို့ တစ်ခုနဲ့တစ်ခု သူ့အလိုလိုပြောင်းလဲသွားတာလေးတွေ တွေ့တော့ ဝေဒနာတဏှာမဖြစ်ဘဲ တဏှာရပ်စဲသွားမယ်။ တဏှာချုပ်တော့ နောင်ဘဝပေါင်း အသင်္ချေဖြစ်နေမယ့် ဥပါဒါန်ကံတွေလည်းချုပ်သွားတာပါပဲ။

သို့အတွက် ကောင်းတဲ့အာရုံတွေ့သော်လည်း တဏှာမဖြစ်တော့ဘူး၊ မကောင်းတဲ့အာရုံ တွေ့သော်လည်း ဒေါသမဖြစ်တော့ဘူး။ ကောင်း၊မကောင်း အာရုံတွေ့သော်လည်း မောဟမဖြစ်တော့ဘူး။ အဲဒီလို သတိနဲ့မပြတ်ရှုလိုက်တော့ မြင်တာလည်း မြင်ကာမတ္တပဲ။ ဒါကြောင့် 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ' လို့ ဟောကြားထားတာပါ။

ချုပ်ရုံတင်မကဘူး၊ တရားထူးတွေ တောင်ပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုတော့ မြင်တယ်၊ မြင်တယ်၊ မြင်သိပျက်၊ မြင်သိပျက်လို့ အမှတ်နဲ့ရှုလိုက်တော့ ဒီအမှတ်တွင်းမှာ မဂ္ဂင်ရှစ်ပါး ပါလာတယ်။ ပါလာပုံမှာ နာမ်၊ ရုပ်တို့ ဖြစ်ပျက်နေတာကို အမှန်သိ၊ အမှန်မြင်လာတာက သမ္မာဒိဋ္ဌိမဂ္ဂင် မည်တယ်။ ဖြစ်၊ ပျက်ပေါ် စိတ်လေးတင်ထားလိုက်တော့ သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်လာတယ်။ အဲဒီမဂ္ဂင်နှစ်ပါးဟာ ပညာမဂ္ဂင်လို့ ခေါ်တယ်။ စိတ်ကတည်လို့ ကမ္မဋ္ဌာန်းအာရုံကို မှတ်လို့ရတာ၊ စိတ်ကမတည်ရင် မှတ်လို့မရဘူး။ အဲဒီလို စိတ်တည်တာဟာ သမ္မာသမာဓိမဂ္ဂင်ပဲ။

စိတ်လေး တခြားမသွားအောင်၊ တည်နေအောင် ဆွဲဆောင်တဲ့ လုံ့လက သမ္မာဝါယမမဂ္ဂင်ပဲ၊ မှတ်လို့ရနေတာက သမ္မာသတိမဂ္ဂင်ပဲ၊ စိတ်တည်ကြည်တာက သမ္မာသမာဓိမဂ္ဂင်ပဲ၊ အဲဒီမဂ္ဂင်သုံးပါးကို သမာဓိမဂ္ဂင်လို့ ခေါ်ပါတယ်။

အဲဒီလို မပြတ်မှတ်ရင်းမှတ်ရင်းနဲ့ ဝိပဿနာဉာဏ်တွေဖြစ်ပေါ်လာတာပဲ။ ဘယ်လိုဖြစ်လာသလဲဆိုရင်တော့ မြင်တယ်လို့မှတ်ရင်၊ မြင်တဲ့အဆင်းက ရုပ်၊ မြင်တာက ရုပ်၊ သိတာကနာမ်လို့ ခွဲခြားလိုက်နိုင်ရင် နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပြီလို့ ဆိုနိုင်တယ်။

ထို နာမရူပပရိစ္ဆေဒဉာဏ်က သက္ကာယဒိဋ္ဌိကိုပယ်တယ်။ မြင်တဲ့စိတ်ကလေး ဖြစ်ပေါ်ဖို့ရာမှာ စက္ခုအကြည်ဓာတ်ရယ်၊ မြင်တဲ့အဆင်းရုပ်ရယ်၊ အလင်းရောင်ရယ်၊ နှလုံးသွင်းရယ် ဤလေးပါးအကြောင်းများကြောင့် စက္ခုဝိညာဏ်စိတ်ကလေး ဖြစ်ပေါ်လာတယ်လို့သိလိုက်ရင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပြီလို့ ဆိုနိုင်တယ်။

ဒီပစ္စယပရိဂ္ဂဟဉာဏ်က ဝိစိကိစ္ဆာကိုပယ်တယ်။ ပယ်တယ်ဆိုပေမယ့် ပုထုဇဉ်ဖြစ်နေသေးတော့ အကြွင်းမဲ့တော့ မပယ်နိုင်သေးဘူးပေါ့။ ဒါပေမယ့် တဒင်္ဂအားဖြင့် ပယ်နိုင်တယ် ဆိုတော့ သောတာပန်စခန်းရောက်နေပြီလို့ ဆိုနိုင်တယ်။

ဖြစ်ပေါ်လာပြီးတော့ ပျက်ပျက်သွားလို့ မမြဲတဲ့ အနိစ္စလက္ခဏာ၊ မပျက်စီးအောင် အောင့်အည်းမရလို့ ပျက်ပျက်သွားတဲ့ ဒုက္ခလက္ခဏာ၊ ပျက်ပျက်နေလို့ ကိုယ့်အလိုတိုင်းမဖြစ်တဲ့ အနတ္တလက္ခဏာတွေဖြစ်လာရင် သမ္မသနဉာဏ်ဖြစ်နေပြီလို့ ဆိုရတယ်။

ထိုသမ္မသနဉာဏ် ဖြစ်ပေါ်လာတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ငါစွဲ (ဂါဟ) သုံးပါးလာတော့တယ်။ 'ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟကိုယ်တတ်သည်' ဆိုတာ ဒီဂါဟတွေပဲ။ အနိစ္စလက္ခဏာဖြင့် မာနစွဲပြုတ်သွားတယ်။ အနတ္တလက္ခဏာဖြင့် ဒိဋ္ဌိစွဲပြုတ်သွားတယ်။ ရုပ်၊ နာမ်တို့ရဲ့ ရေပွက်ပမာဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲတဲ့ အနိစ္စလက္ခဏာ၊ ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ၊ အစိုးမရအလိုမလိုက်တဲ့ အနတ္တလက္ခဏာတို့ကို သာမညလက္ခဏာလို့ ခေါ်တယ်။

ဖြစ်ပျက်၊ဖြစ်ပျက်နေတာကတော့ သင်္ခတလက္ခဏာလို့ ခေါ်တယ်။

ရုပ်နာမ်အစုအဝေးကြီးတစ်ခုလုံး အချမ်း၊ အပူ စတဲ့ အကြောင်းတွေကြောင့် ဖောက်ပြန်တဲ့သဘောကိုတော့ ရုပ္ပနလက္ခဏာ။

နာမ်အစုအဝေးကြီးတစ်ခုလုံး၏ အာရုံသို့ ညွတ်ညွတ်သွားတဲ့ နမနလက္ခဏာတို့ကိုတော့ သဘာဝလက္ခဏာလို့ ခေါ်တယ်။

ရုပ်တို့မှာ ပထဝီ စသည့် ကက္ခဠလက္ခဏာများ၊ နာမ်တရားတို့မှာ စိတ်၏ အာရမဏ ဝိဇာနနလက္ခဏာ၊ ဖဿ စသော ဖုသနလက္ခဏာ စသည်တို့ကို ဝိသေသလက္ခဏာလို့ခေါ်ရတယ်။ လက္ခဏာသိမှ သဘောကိုသိတယ်။ သဘောကိုသိမှ ပရမတ်ပေါ်တယ်။ ပရမတ်ပေါ်မှ ပညတ်ငုပ်သွားမယ်။ အဲဒါကြောင့် လက္ခဏာတို့ကိုသိဖို့လည်း အရေးကြီးပါတယ်။

ဝိပဿနာဉာဏ်စဉ် ဖြစ်ပွားပုံကို ကြည့်မယ်ဆိုရင်လည်း သမ္မသနဉာဏ်ဖြစ်ပြီးတဲ့နောက် အဖြစ်အပျက်ကိုရှုတဲ့ ဥဒယဗ္ဗယဉာဏ်ဖြစ်တယ်။ ဒီနေရာမှာ အထူးသိမှတ်ဖို့လိုသည်မှာ ကာလသုံးပါးဖြင့် ဖြစ်၊ ပျက်ကိုမြင်တာက သမ္မသနဉာဏ်၊ ပစ္စုပ္ပန်ကာလဖြင့် ဖြစ်ပျက်ကို မြင်တာက ဥဒယဗ္ဗယဉာဏ်လို့ ခွဲခြားမှတ်ပါ။

ထို့အပြင် သောတာပန်ဖြစ်ပြီးနောက် သကဒါဂါမ်ဖြစ်အောင်၊ သကဒါဂါမ်ပြီးနောက် အနာဂါမ်ဖြစ်အောင်၊ အနာဂါမ်ဖြစ်ပြီးနောက် ရဟန္တာဖြစ်အောင်ဟာ ဒီဥဒယဗ္ဗယဉာဏ်ကစပြီး အားထုတ်ရပါတယ်။

ဤဥဒယဗ္ဗယဉာဏ်ဖြစ်ပြီးသည့်နောက် အပျက်သာထင်သည့် ဘင်ဉာဏ်၊ ကြောက်စရာထင်သည့် ဘယဉာဏ်၊ သံသရာဝဋ်၏ အပြစ်တွေကို တရေးရေးထင်သည့် အာဒီနဝဉာဏ်၊ သံသရာဝဋ်ကိုငြီးငွေ့လာသည့် နိဗ္ဗိန္ဒဉာဏ်၊ ဤနိဗ္ဗိန္ဒဉာဏ်ကိုဖြစ်လာပြီဆိုရင်တော့ ပုထုဇဉ်ဆိုဖေမယ့် အရိယာတို့၏ စိတ်လိုဖြူစင်သွားပြီဖြစ်လို့ လိင်္ဂအရိယာလို့ခေါ်တယ်။

ဒီနေရာမှာ အရိယာ (၄) မျိုး ခွဲခြားသိဖို့လိုတယ်။

၁။ ဝိပဿနာတရား စပြီးအားထုတ်နေတယ်ဆိုရင် အာစာရအရိယာ။
၂။ အားထုတ်လို့ ရုပ်၊ နာမ်ကွဲသွားပြီဆိုရင် ဒဿနအရိယာ။
၃။ သံသရာဝဋ်ဒုက္ခကိုငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်ဖြစ်လာပြီဆိုရင် လိင်္ဂအရိယာ။
၄။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုက်လို့ သောတာပန်ဖြစ်ပြီ ဆိုရင်တော့ ပဋိဝေဓအရိယာလို့ ခေါ်ပါတယ်။

လိင်္ဂအရိယာကစပြီးတော့ -
ကိဉ္စိ ဘဝံ နာဘိဝန္ဒိ။
ကိဉ္စိဘဝံ - ဘယ်လိုချမ်းသာတဲ့ ဘဝမျိုးကိုမှ နာဘိဝန္ဒိ - လိုချင်ဖော်ဖြင့် မမက်မောတော့' ဟု ဆိုထားပါတယ်။

ထို့နောက် သံသရာဘဝဒုက္ခကို ရှုမုန်းလာပြီး သံသရာမှလွတ်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com

မုစ္စိတုကမျတာဉာဏ် ဖြစ်လာတယ်။ နောက်တော့ ဝိပဿနာရဲ့အာရုံတွေကို အထပ်ထပ်ရှုမှသာ လွတ်မည်လို့သိတဲ့ ပဋိသင်္ခါရဉာဏ်တွေ အစဉ်အတိုင်း ပေါ်လာတယ်။

ထို့နောက် သူ့အလိုလိုသူ့သဘော အလျောက် ကုန်ကြ၊ ပျက်ကြတဲ့ သင်္ခါရတရားတွေကိုလျစ်လျူရှုတဲ့သင်္ခါရုပေက္ခာဉာဏ်၊ ရှေ့ဝိပဿနာဉာဏ်စဉ်နဲ့ နောက်ဝိပဿနာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့အား လျော်စွာ အနုလောမဉာဏ်တွေဖြစ်ပြီး ဂေါတြဘူဉာဏ်ကညွှတ်ပေးလိုက်တော့ မဂ်ဉာဏ်က ကိလေသာတွေကို အကြွင်းမဲ့သတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပဲ။

အထူးမှတ်သားရန် ဝိပဿနာဉာဏ် (၁၆) ပါးမှာ -

၁။ နာမရူပပရိစ္ဆေဒဉာဏ်၊
၂။ ပစ္စယပရိဂ္ဂဟဉာဏ်၊
၃။ သမ္မသနဉာဏ်၊
၄။ ဥဒယဗ္ဗယဉာဏ်၊
၅။ ဘင်္ဂဉာဏ်၊
၆။ ဘယဉာဏ်၊
၇။ အာဒီနဝဉာဏ်တို့ကို တရုဏဝိပဿနာဉာဏ် (အားနည်းတဲ့ ဝိပဿဉာဏ်) လို့ ခေါ်တယ်။ ယထာဘူတဉာဏ်လို့လည်း ခေါ်ကြရတယ်။

ကျန်တဲ့ -

၁။ နိဗ္ဗိန္ဒဉာဏ်၊
၂။ မုစ္စိတုကမျတာဉာဏ်၊
၃။ ပဋိသင်္ခါဉာဏ်၊
၄။ သင်္ခါရုပေက္ခာဉာဏ်၊
၅။ အနုလောမဉာဏ်၊
၆။ ဂေါတြဘူဉာဏ်၊
၇။ မဂ်ဉာဏ်၊
၈။ ဖိုလ်ဉာဏ်၊
၉။ ပစ္စဝေက္ခဏာဉာဏ်တို့ကို ဗလဝဝိပဿနာဉာဏ် (အားကောင်းသောဝိပဿနာဉာဏ်) လို့ ခေါ်ကြတယ်။

ဒါဟာ ဝိပဿနာဉာဏ်စဉ် (၁၆) ပါးပါပဲ။

**ဝိပဿနာရှုရမှာ သမာဓိရှိဖို့လိုတယ်**

ဝိပဿနာဆိုတာ ရုပ်တရားတွေကို ရှေ့ပြေးအဖြစ် နာမ်တရားတွေက နောက်လိုက်အဖြစ်နဲ့ ရှေ့သွားနောက်လိုက်အနေပြုလုပ်ပြီး မပြတ်ရှုမှတ်နေရတာ ဖြစ်တယ်။

အထူးအားဖြင့် မည်သည့်ဝိပဿနာနည်းနဲ့ပဲ အားထုတ်ထုတ် သမာဓိရအောင် အရင်လုပ်ရတာချည်းပဲ။ သတိခိုင်မှ သမာဓိပိုင်တယ်။ သမာဓိပိုင်မှ ဝိပဿနာနိုင်ပါတယ်။

ဝိပဿနာပညာ နိုင်နိုင်နင်းနင်း ဖြစ်လာရင် ဝိဇ္ဇာအလင်းဓာတ်ပေါ်မယ်။ ပရမတ်ပေါ်ရင် ပညတ်ချုပ်တယ်။ နာမ်ရုပ်မြင်လျှင် ဒိဋ္ဌိချုပ်တယ်။ ဖြစ်ပျက်မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိချုပ်တယ်။ အပျက်မြင်လျှင် သဿတဒိဋ္ဌိချုပ်တယ်။

တရားအားထုတ်တယ် ဆိုတာ သံသရာကို ချဲ့ထွင်နေတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတွေကိုသတ်ဖို့ပဲ။ ယင်းတရားသုံးပါးဟာ သံသရာကိုရှည်အောင် ချဲ့ထွင်နေတဲ့ ပပဉ္စတရားလို့ ခေါ်တယ်။ ဒီတရားသုံးပါးဖြစ်အောင် ဘယ်သူတွေက လုပ်ပေးနေသလဲဆိုတော့-

၁။ အမှန်ကိုမသိအောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာ။
၂။ လမ်းမှန်မဟုတ်သည်ကို စဉ်းစားကြံစည်အားပေးနေတဲ့ အယောနိသောမနသိကာရ။
၃။ ရုပ်၊နာမ်တို့ကို အမှန်အတိုင်းမသိဘဲ 'ငါ' ဟု ထင်မှတ်နေတဲ့ အသ္မိမာန။
၄။ ဒုစရိုက်သုံးပါး ပြုလုပ်ရန်မရှက်တဲ့ အဟိရိက။
၅။ ဒုစရိုက်သုံးပါးကို ပြုလုပ်ရန် မကြောက်တဲ့ အနောတ္တပ္ပ။
၆။ စိတ်မငြိမ်မသက် ဟိုရောက်ဒီရောက် ပျံ့လွင့်နေတဲ့ ဥဒ္ဓစ္စဆိုတဲ့ တရား (၆) မျိုးဟာ မြှောက်ထိုးပင့်ကော်ထားတယ်။

ဒါတွေသိပြီးတော့ တရားအားထုတ်ရာမှာ အနှောင့်အယှက် (၃) ပါးကိုလည်း သတိထားရမယ်။ ဘယ်တရား (၃) ပါးလဲဆိုတော့-

'ငါအားထုတ်နေတာ ဟုတ်မှဟုတ်ရဲ့လား။ စာပေတွေကဒီလိုဆိုထားတယ်။ စာပေကျမ်းဂန်နှင့်ကောညီရဲ့လား' ဆိုတဲ့ တွေးတောခြင်း ဥဒ္ဓစ္စ၊ သို့လောသို့လော ယုံမှားဖြစ်ပြီး ပူပန်တဲ့ နီဝရဏ၊ ကုက္ကုစ္စ၊ 'ငါဟာ ဉာဏ်ရှိသူ၊ ကံရှိသူ၊ ဖွဲလုံ့လရှိသူဖြစ်လျက် ဘာကြောင့် တရားမရရှိရမှာလဲ' ဆိုတဲ့ မာန်မာနတရား၊ ဒီတရားတွေဟာ တရားတက်ရာမှာ နှောင့်ယှက်တတ်လို့သတိပြုရမယ်။

ပိဋကတ်သုံးပုံဆောင် မဟာသီဝမထေရ်ကြီး သူစာသင်ပေးလို့ တတ်မြောက်သွားတဲ့တပည့်တွေ သုံးသောင်းကောင်ရှိတယ်။ အဲဒီတပည့်တွေ တရားအားထုတ်လို့ အကုန်ရဟန္တာဖြစ်သွားကြတယ်။ 'ငါ့ စာချပေးတဲ့ တပည့်တွေတောင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်သေးတာပဲ။ ငါအားထုတ်ရင် သုံးရက်နဲ့ ရဟန္တာဖြစ်ရမှာပေါ့' ဆိုတဲ့ မာန်မာနထားပြီး အားထုတ်ရာ နှစ်ပေါင်း (၃၀) ကြာသည့်တိုင်အောင် တရားမရဘဲဖြစ်နေလို့ ထိုင်ငိုနေတယ်။

ဒီတော့ အနီးမှာရှိနေတဲ့ နတ်သမီးက တရားအားထုတ်တာ ငိုနေသလား။ ငိုလို့ တရားရမယ်ဆိုရင် တပည့်တော်မတို့လည်း နေ့တိုင်း ငိုနေမှာပဲလို့ ပြောင်သလို လှောက်ထားမှ သတိတရားရပြီး တရားကို ဆက်လက် အားထုတ်လို့ အာသဝေါကုန်ခန်း ရဟန္တာကြီးဖြစ်သွားပါသတဲ့။ ဒါဟာ မာနတရားက တရားမရနိုင်အောင် တားဆီးနေတယ်ဆိုတာ သတိပြုကြဖို့ပါပဲ။

အရှင်ဝိဝေကမှာ သဒ္ဓမ္မရံသီရိပ်သာ၌ နှစ်လကျော်မျှ မဟာစည်နည်းဖြင့် တရားအားထုတ်လာခဲ့သည်ဖြစ်ရာ နည်းချင်းသိပ်မကွာသော မင်းကွန်းနည်းဖြင့် တရားအားထုတ်ပုံနှင့် ဉာဏ်စဉ်တရားများကို လွယ်လွယ်ကူကူပင် သဘောပေါက်နားလည်ခဲ့သည်။

ထို့ပြင် တစ်ပါးနေကျောင်းလေးမှာ သီတင်းသုံး၍ စကားပြောဖော်လည်း မရှိ၊ မိမိကို စောင့်ကြည့် အကဲခတ်နေတတ်သည့် ယောဂီထိန်းလိုလို ပုဂ္ဂိုလ်များလည်း မရှိသည့်အလျောက် စိတ်အနှောင့်အယှက်မရှိ လွတ်လပ်စွာအားထုတ်ခွင့်ရနေသည်။ ဆွမ်းဘုဉ်းပေးချိန်၊ တရားနာယူချိန်လောက်သာ အများနှင့် ထိတွေ့ခွင့်ရှိရာ ကျန်အချိန်များမှာ ကာယဝိဝေက၊ စိတ္တဝိဝေကနှစ်ပါးနှင့် ပြည့်စုံနေတော့၏။

အထူးသဖြင့်တော့ တစ်နာရီထိုင်၊ တစ်နာရီလျှောက် လုပ်စရာမလိုဘဲ နှစ်သက်ရာ ဣရိယာပုတ်နှင့် နှစ်သက်သလို အားထုတ်ခွင့်ပြုသည့်အတွက် သမာဓိတရားများ တစ်ရက်ထက်တစ်ရက် ရင့်သန်လာ၏။ စကားပြောစရာအပေါင်းအဖော်မရှိခြင်းကလည်း သမာဓိတရားကို ပိုမိုရင့်သန်တာဖြစ်ပါလိမ့်မည်။ ကမ္မဋ္ဌာန်းအာရုံအပေါ်မှာ အချိန်ပြည့်စူးစိုက်မှတ်ရှုနိုင်သည့်အတွက် ရုပ်၊ နာမ်တရားတို့၏ သင်္ခါရဖြစ်ပျက်အပေါ်မှာ ဉာဏ်အမြင် ရှင်းသထက်ရှင်းလာခဲ့၏။

သဒ္ဓမ္မရံသီ ရိပ်သာမှာတုန်းက အထူးတလည်မမှတ်ဖြစ်ခဲ့သော ပြကာ

www.burmeseclassic.com

မျှ၊ ကြားကာမျှအာရုံတွေကို ပိုပြီး ဂရုတစိုက်မှတ်ဖြစ်သည်။ နောက်တော့ ယောက်ျားသံ၊ မိန်းမသံ၊ ကားသံ စသည်ဖြင့် အမှတ်အသားမရှိတော့ဘဲ ကြားကာမတ္တ၊ မြင်ကာမတ္တဆိုသော သဘောကို သေသေချာချာ သဘောပေါက်လာ၏။

မိမိ၊ သူတစ်ပါး ရုပ်ကိုယ်ကြီးများမှာလည်း မျက်စိဖွင့်လျက်၊ ပိတ်လျက်မည်သည့်အနေအထားမှာမဆို ရိပ်ရိပ်ရိပ်ရိပ်နှင့် လှိုင်းထသလို လှုပ်ရှားပျက်စီးနေ၏။ စင်္ကြံလျှောက်ရာမှာလည်း နှစ်နာရီ၊ သုံးနာရီကြာအောင်လျှောက်နေပေမယ့် မညောင်းမပြု၊ ထိတိမိမိ၊ တိတိကျကျ တစ်လှမ်းပြီးတစ်လှမ်း၊ လှမ်းနေချိန်မှာ ကုန်ပျက်မှုတွေ မရေတွက်နိုင်အောင် အမျှင်တန်းလျက် အပျက်ကြီးပျက်နေတာကိုပဲတွေ့နေရ၏။ အမြဲမရှိ တဖွဲဖွဲ တရိရိ ကုန်ဆုံးပျက်ပြုန်းနေသည့် ဒုက္ခဘုံကြီးအဖြစ် လောကကြီးကို ရှုမြင်သုံးသပ်နေမိ၏။

မင်းကွန်းရိပ်သာမှာ ရဟန်းယောဂီများအား တရားအားထုတ်ရာ၌ ဖြစ်ပေါ်လာသော အတွေ့အကြုံ၊ အသိအမြင်တို့ကို ဆရာတော် ဦးဉာဏ (ပါဠိပါရဂူ) ထံသို့ သီးသန့် သွားရောက်လျှောက်ကြားနိုင်၏။ ဆရာတော်က တရားအားထုတ်နည်းမှန်၊ မမှန် စစ်ဆေးတည့်မတ်ပေးလေ့ရှိသည်။ အရှင်ဝိဝေက သွားရောက် လျှောက်ထားစဉ်မှာ ဆရာတော်က သမာဓိဉာဏ်ထက်သန်ပြီး မဂ်ကျပုံအဆင့်ဆင့်ကို ရှင်းရှင်းလင်းလင်း ပြောပြ၏။

ဆရာတော်က မဂ်ကျပုံမှာသိသာထင်ရှားလွန်း၍ နူးညံ့သိမ်မွေ့သောမှတ်သိမှုအနေအထားမှ နောက်ကျောကိုလက်နှင့် တွန်းလိုက်သလို ထင်ရှား၏ဟု မိန့်ဖူးပါသည်။

ရဟန်းတော် အရှင်ဝိဝေက မင်းကွန်းရိပ်သာမှာ တစ်လတိတိ တရားအားထုတ်ဖြစ်ခဲ့သည်။ ရိပ်သာမှ ထွက်လာပြီးနောက် ထူးထူးခြားခြားအနေနှင့်ကတော့ 'ဒိဘဝ ဒိအလုပ်ပဲ' ဟု ဆုံးဖြတ်ချက်သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာချမှတ်နိုင်ခြင်း ဖြစ်၏။

**မခံသာမှန်ပါဘိသည့်တရား**
**(စွန်းလွန်းဝိပဿနာ)**

အရှင်ဝိဝေက အားထုတ်ခဲ့ဖူးသော ဝိပဿနာတရားနည်းများထဲမှ စွန်းလွန်းဆရာတော်ဘုရားနှင့် စွန်းလွန်းဝိပဿနာနည်းမှာ ထူးထူးခြားခြားရှိလှ၍ မှတ်တမ်းတင်ထားဖြစ်ခဲ့၏။

ထူးခြားသည်ဟု ဆိုရခြင်းမှာ စွန်းလွန်းဆရာတော်သည် အိမ်ထောင်သားမွေးမှုနှင့် အသက်လေးဆယ်ကျော်ကာမှ အာနပါနကမ္မဋ္ဌာန်းကို နားစွန်နားဖျားကြားရပြီး တရားအားထုတ်ရာမှ တရားထူးရပြီး ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သော ပုဂ္ဂိုလ်တစ်ပါးဖြစ်သောကြောင့်တည်း။ စွန်းလွန်းဆရာတော်မှာ စာပေပရိယတ္တိ ကောင်းစွာ မသင်ကြားခဲ့ရသော်လည်း တရားပြနည်းမှာ ဘုရားဟောကျမ်းဂန်နှင့် ကိုက်ညီနေသည့်အတွက် ပရိယတ္တိဆရာတော်များကပင် ထောက်ခံအားပေးခဲ့ကြသောဝိပဿနာရှုနည်းဖြစ်၏။

အရှင်ဝိဝေကမှာ စွန်းလွန်းဆရာတော်ကို သက်ရှိထင်ရှားမမီလိုက်သော်လည်း အရှင်ဝိဝေက၏ အဘိုး၊ အဘွားဖြစ်သူများမှာ စွန်းလွန်းဆရာတော်ရှိစဉ်က မြင်းခြံမြို့ရိပ်သာ၌ အချိန်များစွာ အားထုတ်ခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်ကြီးများ ဖြစ်၏။ အရှင်ဝိဝေကမှာတော့ စွန်းလွန်းဆရာတော် ထူထောင်ပေးခဲ့သော ရှမ်းပြည်နယ် တောင်ကြီးမြို့စွန်က စွန်းလွန်းဂူရိပ်သာမှာ ဝင်ရောက်အားထုတ်ခွင့်ရခဲ့သည်။ တောင်ကြီးမြို့ စွန်းလွန်းရိပ်သာဆရာတော်မှာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်ဆက်ကပ်ခံခဲ့ရသော ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသမထေရ် ဖြစ်၏။ ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှာ ပဋ္ဌာန်းစာဝါများ အထူးပို့ချပေးနေရာမှ စွန်းလွန်းအားထုတ်နည်းကို သဘောကျ အားထုတ်ပြီးနောက် ရိပ်သာဆရာတော်အဖြစ် တရားပြနေသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယတစ်ပါး ဖြစ်၏။

ဆရာတော်၏ ထူးခြားချက်မှာ တရားအားထုတ်ရန်လာသော ယောဂီပုဂ္ဂိုလ်များအား မေးမြန်းစုံစမ်းပြီး တရားဓမ္မနှင့် ပတ်သက်သည့် သူ၏အမြင်ကို ပွင့်လင်းစွာရှင်းပြတတ်သည်။ မည်သည့်ကမ္မဋ္ဌာန်းနည်းနှင့် အားထုတ်လာသူဖြစ်ပါစေ အားထုတ်ခဲ့သူ၏ဉာဏ်အမြင်ကို အသေးစိတ် မေးမြန်းပြီး စွန်းလွန်းနည်းနှင့် နှိုးနှောပြသတတ်ခြင်းပင် ဖြစ်၏။ အခြားကမ္မဋ္ဌာန်းများကို ပုတ်ခတ်ဟောပြောလေ့မရှိဘဲ မိမိတို့စရိုက်နှင့် ကိုက်ညီရာ ကမ္မဋ္ဌာန်းကို အားထုတ်သင့်ကြောင်း မိန့်မြွက်လေ့ရှိ၏။ စွန်းလွန်းနည်းမှာပင် လူတိုင်းအား အလွန်အမင်းအသက်ရှူသွင်း၊ ရှူထုတ်ခြင်းကိုလက်မခံချင်သူဖြစ်၏။

စွန်းလွန်းတရား အားမထုတ်မီ ရှေးဦးစွာ ပြုဖွယ် (ပုဗ္ဗကိစ္စ) တို့ကို ပြုရ၏။ (အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ မိဘ၊ဆရာသမားနှင့်တကွ အရိယာပုဂ္ဂိုလ် ထိုထိုပုဂ္ဂိုလ်တို့၏အပေါ်၌ ဘဝသံသရာအဆက်ဆက်မှ ယနေ့တိုင်အောင် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့သော် ထိုအပြစ်တို့မှ သည်းခံ ခွင့်လွှတ်တော်မူကြပါ။

မြတ်စွာဘုရား၊ တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ယခုတရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏။

သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်း ဘေးရန်ကင်းကွာ၊ ကျန်းမာချမ်းသာကြပါစေ။

ဝိပဿနာကုသိုလ်တို့အား ဝေနေယျသတ္တဝါတို့အား အမျှပေးဝေပါ၏။

သူတော်ကောင်း၊ သူတော်မြတ်အပေါင်းတို့၏ ပို့သသောမေတ္တာ၊ ပေးဝေသောကုသိုလ်အဖို့ကိုလည်း အကျွန်ုပ်တို့ ခံယူကြပါ၏)

ဤသို့ ပုဗ္ဗကိစ္စများ ပြုလုပ်ပြီးပါက မိမိကြိုက်နှစ်သက်ရာ ဣရိယာပုထ်ဖြင့် ထိုင်နိုင်၏။ ကြာကြာထိုင်နိုင်သော အနေအထားဖြင့် ထိုင်ပြီးလျှင်-

'ဥဇုံ ကာယံ' ဆိုသည့်အတိုင်း ခါးကို မတ်မတ်ထားပါ။ လက်နှစ်ဖက်ကို တောင့်တောင့်ထားလျက် ဘယ်လက်ပေါ် ညာလက်တင်ထားပါ။ လက်မောင်းနှစ်ဖက်ကို ကိုယ်နှင့်ကပ်၍ ခပ်ကျပ်ကျပ် ခပ်တင်းတင်းထားပါ။ ဦးခေါင်းကို ရှေ့သို့မငိုက်၊ နောက်သို့မလန်စေဘဲ ပုံမှန်ထားပါ။ အသင့်ဖြစ်လျှင် မျက်စိကိုမှိတ်၍ ပါးစပ်ပိတ်ပြီး ဝင်သက်ကစ၍ ပြင်းပြင်းရှူပါ။ (ဝင်လေကို ပွတ်ဆွဲပြီး ခပ်ပြင်းပြင်းလေးရှူပါ။)

ခပ်ပြင်းပြင်း၊ ခပ်တင်းတင်း ရှူရခြင်းမှာ ပြင်ပကအသံများ မကြားရအောင်၊ စိတ်အာရုံ အခြားသို့ ရောက်မသွားအောင်၊ သမာဓိမြန်မြန်ရအောင် ပေါ်လာသည့် ဝေဒနာကို နိုင်နင်းစွာ သတိပြုနိုင်အောင် ပြင်းပြင်းတင်းတင်း ရှူရှိုက်ခြင်း ဖြစ်သည်။

အရှင်ဝိဝေကမှာမူ မဟာစည် အားထုတ်နည်း၊ မင်းကွန်းနည်းတို့ဖြင့် အသားကျပြီး သမာဓိလည်း ထိုက်သလောက်ရှိနေပြီဖြစ်ရာ ဝင်သက်၊ ထွက်

www.burmeseclassic.com

သက်ကိုပြောင်းပြီး ရှုခါစ၌ အခက်အခဲတွေ့ရ၏။ အထူးသဖြင့် ခပ်ပြင်းပြင်းရှုရခြင်းအပေါ်မှာ ဆရာတော်အား မေးခွန်းများ ထုတ်ကြည့်ခဲ့သည်။ သို့သော် ဝင်သက်၊ ထွက်သက်ကို အမှတ်စဉ် ရေတွက်ပြီးရှုသည့် ဂဏနာနည်း (ဝင်လေကို တစ်မှ ခုနစ်ထိမှတ်ပြီးရှု၊ ထွက်လေကို တစ်မှ ခုနစ်ထိ ရှိုက်ပြီးထုတ်) ခြင်း လေ့ကျင့်ကြည့်ရာ နှစ်ချိန်၊ သုံးချိန်အတွင်းမှာ အခက်အခဲမရှိ ရှုရှိုက်၍ရသည်။

ရှုသည့်အခါ နှာသီးဖျား သို့မဟုတ် နှုတ်ခမ်းဖျားနေရာတစ်ဝိုက်မှာ ဝင်လေ၊ ထွက်လေတို့ ထိထိသွားတာကို သိလာပါလိမ့်မည်။

သိသည့်အပေါ်မှာ သတိထား ရှုပြီး ခင်ပြင်းပြင်း၊ ခပ်တင်းတင်း၊ ခပ်မြန်မြန် ရှုပါ၊ ရှိုက်ပါ။

စွန်းလွန်းဆရာတော်ကြီးက 'ထိမှုသိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု' ဟု အမိန့်ရှိသည့်တိုင်း နှာသီးဖျားတစ်နေရာရာမှာ ဝင်လေ၊ ထွက်လေတိုး၍ထိသွားသည်ကိုသိအောင် ရှုရမည်။

ထိုသိသည့်အပေါ်မှာ သတိကြပ်ကြပ်ပြု၊ ဝီရိယစိုက်၍ စိတ်ကို တင်းတင်းထား အခြားအာရုံကို စိတ်မရောက်စေနှင့်၊ စိတ်အာရုံဘေးထွက်တာနှင့် ခပ်ပြင်းပြင်းရှုရှိုက်ပါ။ အားမလျှော့ပါနှင့်။

သတိပြုသည့်အခါမှာလည်း ဝင်လေ ထွက်လေနောက်ကို အသိက လိုက်ပါမသွားပါနှင့်။ ထိမှုသက်သက်ကိုသာ သတိပြုရမည်။

ရှုသည့်အခါ ရေကို စုတ်တံဖြင့် စုပ်ယူသလို ရှိုက်လေများ များအောင် ဝင်သက်ကို ဂရုစိုက်ပြီး ဆွဲပါ။ ထွက်လေကတော့ သူ့အလိုလို ထွက်လာလိမ့်မည်။ (ဝင်သက်ကိုသာ ရှိုက်ပြီး ကပ်ဆွဲရခြင်းမှာ သမာဓိရင့်သန်လွယ်သည်။)

ဝေဒနာလည်း အထူးတက်စေပါသည်၊ ဝင်သက်ကို ဂရုစိုက်ရှုမှ ဝင်သက်နှင့် ထွက်သက်မျှသွားပါသည်။

(တခြားဝိပဿနာရှုနည်းများဖြင့် ကမ္မဋ္ဌာနုပဿနာ၊ ဓမ္မာနုပဿနာတိုင် အောင် ရှုခဲ့ဖူးသူများအဖို့မူ ဝင်လေ၊ ထွက်လေ ထိသိရာ၌ ဉာဏ်ပါနေတတ် သမာဓိရနှောင့်နှေးတတ်ပါသည်။ ဉာဏ်ပါသည် ဆိုသည်မှာ ဝင်လေ၌ ရှည်ခြင်းသဘော၊ ထွက်လေ၌ နွေးခြင်း သဘောတို့ကို သိနေတတ်ခြင်းနှင့် ရှုရှိုက်ချင်စိတ်ကြောင့် ဝင်လေဖြစ်နေတယ်။ ရှိုက်ချင်စိတ်ကြောင့် ထွက်လေဖြစ်တယ် စသည့်ဉာဏ်များ ဖြစ်ပေါ်နေခြင်း ဖြစ်၏။)

ကျမ်းဂန်များ၌မူ လွှဆွဲသကဲ့သို့ မပြတ်ထိ၍ ရှုးရှဲရှုးရှဲမြည်သွားအောင် ရှုရှိုက်ပါက ထိုသို့ ဆင်ခြင်ဉာဏ်တွေ ပျောက်သွားနိုင်ပါသည်။ ခြေ၊ လက်၊ ဦးခေါင်း၊ ကိုယ်ကိုမလှုပ်ဘဲ ငြိမ်ငြိမ်ရှုပါ။ 'ညောင်းလည်းမပြင်နဲ့၊ ယားလည်း မကုတ်နဲ့၊ နေရာမရွှေ့နဲ့' ဟု စွန်းလွန်းဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း အားထုတ်နိုင်ပါက သမာဓိအဖြစ်မြန်ပြီး ဝေဒနာကောင်းစွာတက်ပါသည်။

ခပ်ပြင်းပြင်း အသက်ရှုသွင်း၊ ရှုထုတ်လုပ်ရသည်မှာ အစပိုင်းတွင် ရင်ဝ၌ အောင့်၍ မောကျပ်ကျပ်ဖြစ်နေတတ်၏။ သို့သော် အရှုအရှိုက် မရပ်ပါနဲ့။ ဝီရိယကိုမလျှော့ပါနဲ့။ ထိုသို့ဖြစ်နေခြင်းမှာ ဝင်သက်ကို တိုတိုရှုပြီး ထွက်သက်ကို လွန်စွာမှုတ်ထုတ်နေခြင်းကြောင့် လည်းကောင်း၊ ဝင်သက်ထွက်သက်တို နေခြင်းကြောင့် လည်းကောင်း၊ ဝင်သက်ထွက်သက်မမျှခြင်းကြောင့် မောကျပ်နေခြင်းဟုမှတ်ပါ။ ခပ်သန်သန်ခပ်ပြင်းပြင်း ဆက်တိုက် ရှုရှိုက်နေပါက ဝင်သက်၊ ထွက်သက်များ ပုံမှန်ဖြစ်ပြီး အမောအညောင်းပြေပျောက်လာပါလိမ့်မည်။

**ဝေဒနာလိုက်တယ်ဆိုတာ**

ထိုသို့ ရှုရှိုက်နေရင်းဖြင့် ကိုက်ခဲသောဝေဒနာများ၊ ခန္ဓာကိုယ်တစ်ခုလုံး ပူလောင်ပြီး ကြက်သီးနွေးများထသော ဝေဒနာများတက်လာပါလိမ့်မည်။ ထိုဝေဒနာများကို သတိကပ်ထားသော်လည်း အရှုမရပ်ပါနှင့်၊ အရှုရပ်လိုက်ပါက ဝေဒနာများ ချက်ချင်း လျှော့ကျပျောက်သွားတတ်၏။

စွန်းလွန်းဆရာတော်က အရှုအရှိုက်အစိတ်သား၊ ဝေဒနာအစိတ်သား ပြည့်ရမည်ဟု မိန့်၏။ ဆိုလိုသည်မှာ ဝေဒနာတွေ အရှိန်နှင့်တက်နေသော်လည်း အရှုအရှိုက်မရပ်ပါနှင့်။ ရှုရှိုက်ကို နာရီဝက်လုပ်လျှင် ဝေဒနာလိုက်ချိန်ကိုလည်း နာရီဝက်အချိန်ပေးရမည်ဟူလို။

သို့သော် သမာဓိနုသေး၍ ဝေဒနာမခံမရပ်နိုင်ဖြစ်လာပါက ရှုရှိုက်ကိုလျှော့ပြီး ဝေဒနာလိုက်ခွင့်ပြုထားသည်။

ဝေဒနာလိုက်ပုံမှာ ရှုရှိုက်လုပ်၍ ဝေဒနာလုံလောက်အောင် တက်လာပြီဟု ယူဆလျှင် အရှုရပ်လိုက်ပါ။ အရှုရပ်ခါနီးမှာ အချက်နှစ်ဆယ်၊ အစိတ်ခန့် ခပ်သန်သန် မြန်မြန်ပြင်းပြင်းတင်းတင်း ရှုလိုက်ပါဦး။

ထို့နောက် ဝင်သက်ကို ဆတ်ခနဲ ရှုအောင့်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကိုခြုံပြီး သတိပြုပါ။ ခဏနားပြီး အရှုကို ဝင်သက်နှင့် ဆတ်ခနဲရပ်။ အသက်ကို အောင့်ထား၊ ကိုယ်ရောစိတ်ပါအားတင်းပြီး ခပ်မြန်မြန် ရှုရှိုက်လုပ်လိုက်ပါ။ ထိုအခါ နာကျင်ကိုက်ခဲပြီး စူးရှပူအေးခြင်း စသောဝေဒနာများပေါ်လာပါလိမ့်မည်။

(အရှင်ဝိဝေကမှာမူ ထိုသို့ အရှုရပ်လိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး အပ်ဖျားလေးတွေနှင့် နေရာအနှံ့ထိုးနေသလိုမျိုး ထူးထူးဆန်းဆန်းကြုံလိုက်ရသည်။ ကျဉ်စက်သေးသေးနှင့် ရှော့ခ်ရိုက်သလိုမျိုးဖြစ်မည်ထင်၏။ အစပိုင်း၌ အလွန်ခံရခက်သော်လည်း အချိန်အနည်းငယ် စိုက်ရှုလိုက်သောအခါ အရသာရှိသလို ခံစားလာရသည်။)

ထို့ကြောင့် စွန်းလွန်းဆရာတော်ကြီးက 'သာသာထိတော့ သာသာသိ၊ နာနာထိတော့ နာနာသိ' ဟု မိန့်ဆိုထားသည်။

ထိုသို့ ပေါ်ပေါက်လာသောအခါ အထင်ရှားဆုံးဝေဒနာကို ကြပ်ကြပ်သတိပြုနေခြင်းသည် ကျမ်းဂန်တို့၌လာသော ကပ်ရှုခြင်းပင် ဖြစ်၏။

ပို၍လည်းမသိပါနှင့်၊ လို၍လည်း မသိပါနှင့်၊ အစစ်အမှန်ကိုသာသိပါစေ၊ ဖြစ်ပေါ်သမျှကို ဖြစ်ပေါ်သည့်အတိုင်း သာသိပါစေ။ ဖြစ်ကာမတ္တမျှဟူ၍ သိပါ။

ငါ့ခြေ၊ ငါ့လက်၊ ငါ့ခါး၊ ငါ့ဒူးနာသည်ဟု ငါမပါ၊ ပါစေနှင့်။ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား အနိစ္စ၊ ဤကား ဒုက္ခ၊ ဤကား အနတ္တ ဟူ၍လည်း ပါးစပ်က မရွတ်ပါနှင့်။ စိတ်ကလည်း မတွေးတောပါနှင့်။ အမည်တပ်ပြီး ဝေဖန်စဉ်းစားဆင်ခြင်ခြင်းသည် ပညတ်သာ ဖြစ်ပါသည်။

ဝိပဿနာလမ်းမှာ မလွှဲသာ မရှောင်သာ ရင်ဆိုင်ရမည်မှာ ဝေဒနာဖြစ်သည်။ ထိုဝေဒနာကို ရင်ဆိုင်ရာ၌ မလျှော့သောလုံ့လဖြင့် ရင်ဆိုင်အားထုတ်ရမှာ ဖြစ်၏။

ဝေဒနာမှာ အနိစ္စသဘောပင်ဖြစ်ရာ တစ်နေ့နေ့မှာ ကုန်ခြင်း၊ ဆုံးခြင်း၊ ချုပ်ပြတ်ရပ်စဲခြင်းကိုရောက်ရပေမည်။ ထိုဝေဒနာကုန်ဆုံးချုပ်ပြတ်ရပ်သွားသောအခါ အလွန်ချမ်းသာသော ငြိမ်းအေးမှု



www.burmeseclassic.com

www.burmeseclassic.com

ကို ရရှိပေလိမ့်မည်။

မြတ်စွာဘုရားရှင်က ဝေဒနာနံ ယော ဘိက္ခု နိဗ္ဗာတော ပရိ နိဗ္ဗုတောဟု ဟောတော်မူ၏။ အဓိပ္ပာယ်မှာ ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်သည် ဝေဒနာတို့၏ ကုန်ဆုံးချုပ်ပြတ်ရခြင်းကြောင့် တောင့်တဆာလောင်ခြင်းကင်းပျောက်သည်ဖြစ်၍ ခန္ဓာငြိမ်းသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏ဟု ဆိုသည်။ သာမန်ယောဂီများမှာ တောင့်တ၊ ကြောင့်ကြ၊ ငိုကြွေးမှုတွေငြိမ်းပြီး ဘုရား၊ ရဟန္တာများမှာတော့ အဆုံးစွန်ပရိနိဗ္ဗာန်စံဝင်နိုင်ကြသည်။

ဒုက္ခဝေဒနာကို ပိုင်အောင်၊ နိုင်အောင်ထိုင်ရသည်။ ဒုက္ခဝေဒနာပိုင်မှ သုခဝေဒနာနိုင်မည်။ ဒုက္ခဝေဒနာက လေးမျိုးလေးစားရှိ၏။ ပြုပြင်စီရင်တဲ့ သင်္ခါရဒုက္ခ၊ ဖောက်ပြန်တဲ့ ဝိပရိဏာမဒုက္ခ၊ ကပ်၍နှိပ်စက်တဲ့ သံတာပဒုက္ခ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတဲ့ဒုက္ခ ဟူ၍ လေးမျိုးရှိ၏။ ဒုက္ခဝေဒနာပိုင်မှ သုခဝေဒနာနိုင်မည်။ လောကဓံမှာ ဆင်းရဲတာခံနိုင်ရည်ရှိပြီး ချမ်းသာတာ မခံနိုင်ကြဘူး ဆိုတာ ဒီသဘောကြောင့် ဖြစ်၏။

ဒုက္ခဝေဒနာက မခံသာအောင်ဖြစ်လာလျှင် ခန္ဓာကိုယ်ကို ပြင်ချင်သည့်စိတ်က အာရုံကိုဘေးသို့လွှင့်၏။ အာရုံဘေးရောက်သည်နှင့် ဝေဒနာပျောက်ပြီး သမာဓိမရင့်သန်နိုင်တော့ချေ။ သမာဓိမရင့်သန်က မဂ်၊ ဖိုလ်ကို ဘယ်လိုမျှော်လင့်မည်နည်း။

စွန်းလွန်းဆရာတော်ကြီးက 'မခံသာ မှန်ပါဘိ သည်တရား၊ ခံသာလျှင် သံသရာကြောမှာ မျောလိမ့်အများ' ဟု မိန့်၏။


ရှုရိုက်ရပ်၍ဝေဒနာပြင်းစွာတက်ပြီး သတိမကပ်နိုင်သည့်အခါ ကိုယ်နှင့်စိတ်ကို ကျုံ့ကျုံ့ထားပြီး အသက်အောင့်ထားကြည့်ပါ။ ဝေဒနာပေါ်မှာ သတိကို ဆွဲကပ်ထားပါ။ ထိုသို့မှ မခံသာသေးလျှင် ကိုယ်၊ လက်၊ ခေါင်း၊ ခြေတို့ကို တောင့်တောင့်ထားပါ။ စိတ်ကိုတင်းထားပါ။ အောင့်လိုက်၊ တောင့်လိုက်၊ တင်းလိုက်နှင့် လွန်ဆွဲသူတွေလိုလုပ်ရ၏။

ထိုသို့ အောင့်လိုက်၊ တင်းလိုက်၊ တောင့်လိုက်လုပ်လို့မှ ဝေဒနာကို မနိုင်နင်းသေးလျှင် ဝေဒနာကို သေချာစွာ သတိကပ်ရှုပြီး ခန္ဓာကိုယ်ကို ကျုံ့ကာ စိတ်ကို အားမာန်သွင်းလျက် ဖိအားနှင့် တွန်းထုတ်ခြင်းလုပ်ကြည့်ပါ။

ဝေဒနာလိုက်ရာမှာ မဆုတ်မနစ်သော လုံ့လနှင့်လိုက်ရမည်။ ဇောကို တင်းထားရမည်။ ဇောမအေးရ။ ဇောအေးလျှင် ရောထွေးတတ်၏။ ဇောတင်းမှ အမြင်ရှင်း၏။ ဇောတင်းမှ ဝေဒနာမှာ ငါနာသည်၊ ငါကိုက်သည်။ ငါပူသည် မဖြစ်ဘဲ သတိနှင့် သမ္ပဇဉ်ယှဉ်ကာ အဘိဇ္ဈာ၊ ဒေါမနဿကင်းပြီး ဝေဒနာကို သည်းခံနိုင်စွမ်းရှိလေမည်။

ဝေဒနာနုပဿနာရှုရမည့် စေတသိကဝေဒနာကား လွန်စွာသိမ်မွေ့သောကြောင့် ကာယိကဒုက္ခကဲ့သို့ အောင့်လိုက်၊ တောင့်လိုက်၊ တင်းလိုက်၊ တွန်းလိုက်မဖြစ်ပါ။ အသိအမှတ်ဖြင့်သာကပ်ထားရမည်။ လုံ့လထက်သန်စွာ ကြိုးပမ်းရှုမှတ်ရပါမည်။ ကာယိကဒုက္ခကဲ့သို့ ခပ်သန်သန် ခပ်တင်းတင်းလိုက်ရမည်။ နာမ်တရားဖြစ်၍ ရုပ်တရားကဲ့သို့ မမြင်လွယ်သော်လည်း ကာယိကဒုက္ခကို အသားကျအောင် အားထုတ်ခဲ့ပါက စေတသိကဝေဒနာကို ကောင်းစွာ သတိချပ်ရှုမှတ်နိုင်ပါမည်။

သို့သော် စေတသိကဝေဒနာမှာ စေတသိကချည်းသက်သက်မပါဘဲ ကာယိကဒုက္ခဝေဒနာနှင့် တွဲဖက်ပေါ်တတ်၏။ ကာယိကဝေဒနာဆိုသည်မှာ ရုပ်ဆင်းရဲကို ဆိုလိုခြင်းဖြစ်ပြီး စေတသိကဒုက္ခ၊ စေတသိကဝေဒနာမှာ စိတ်ဆင်းရဲကို ဆိုလိုသည်။ ထိုဝေဒနာနှစ်[...]လုံးကုန်အောင်၊ ဆုံးအောင်၊ ချုပ်ပြတ်ရ[...]အောင် လိုက်ရမည်။



(ထိုသို့ ဝေဒနာကို ရှုမှတ်နေရင်းဖြင့် အလင်းရောင် စသော ပညာ[...] နိမိတ်များကို မြင်ရတတ်၏။ ရုပ်ကိုယ်[...]ကြီးမှာ ရေခဲတုံးလိုကြည်လင်ပြီး ဖန်သား[...]ပြင်ကြီးလိုလည်း တွေ့ရတတ်၏။ ထို[...] အခါ ယောဂီသည် ဝေဒနာကိုပစ်၍ ထို[...] အာရုံများနောက်ကို လိုက်သွားမိတတ်၏။ မဂ်ဖိုလ်ကိုအလိုရှိပါမူ ထိုအာရုံများကို စိတ်မဝင်စားဘဲ ခပ်ပြင်းပြင်းရှုမှတ်ပြီး ထိမှု၊ သိမှုကိုသတိပြုကြရသည်။)

ခန္ဓာကိုယ်တစ်ခုလုံး နေရာအနှံ့မှာ သူပေါ်ချင်သလိုပေါ်နေသော ဝေဒနာများကို သိကာမတ္တမျှ ကုန်ခြင်း၊ ဆုံးခြင်း၊ ချုပ်ပြတ်ရပ်ခြင်းတိုင်အောင်လိုက်နိုင်သည့် သမာဓိတရားကောင်းလာသော ယောဂီပုဂ္ဂိုလ်မှာ ပေါ်လာသောဝေဒနာများ သတိထားရှုမှတ်လိုက်တိုင်း [...] အလိုလို ပျောက်ပျက်ကုန်ဆုံးသွား[...] သည်ဟု သိမြင်လာသည်။ ထိုအခါ ခန္ဓာကိုယ်၌ သီးခြားဝေဒနာအဖြစ်မထင်[...] တော့ဘဲ တစ်ကိုယ်လုံးခြုံပြီး အဆင်[...] ဆုံးဒုက္ခကြီးအဖြစ်ထင်လာသည်။

ရုပ်၊ နာမ်တရားတို့၏ ဖြစ်ခြင်း[...] ပျက်ခြင်းကို အလွန်ဆင်းရဲစွာတွေ့ရ[...] ခန္ဓာကိုယ်ကြီးကို ဒုက္ခဆင်းရဲတုံး[...] အဖြစ် မုချပိုင်ပိုင်သိမြင်နိုင်၏။ ထိုအ[...] ခန္ဓာကိုယ်ပေါ်မှာ နှစ်သက်သာ[...] မက်မောမှု အထင်မှားကြီး ပြေလျော့[...] ပြုလာတော့သည်။

**သတိပဋ္ဌာန်လုပ်မှ ဝိသုဒ္ဓိဖြစ်မယ်**

စွန်းလွန်းဆရာတော်ကြီးက ခန္[...] ကို အမှန်အတိုင်း မသိကြခြင်းနှင့်[...] သက်၍ -

မသိလို့လိုချင်၊ လိုချင်လို့စွဲလ[...] စွဲလမ်းတော့ပြုလုပ်၊ ပြုလုပ်တော့[...] ရရှိတော့ ခံကြရတာပဲ -

ဟု ဟောတော်မူသည်။

ထိုသို့မသိတာက အဝိဇ္ဇာ၊ လို[...] တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ပြုလုပ်တာက သင်္ခါရ၊ ၎င်းတို့ ပေါ်[...] တော့ ဇာတိတရားကြီးပေါ်လာ[...] တယ်။ ပေါ်လာတော့မှာပေါ့။ သ[...] ဝိပ္ပလာသတရားက လိမ်ထားတာ[...] လှည့်စားထားတာကိုး။ လိမ်ထား[...] လှည့်စားထားတာပဲ အဟုတ်ကြီးထ[...] လုပ်ချင်နေကြတာ။ စဉ်းစား[...] ဝေဖန်ကြည့်ကြပါ။ ရှိတာကြီး[...]



www.burmeseclassic.com

www.burmeseclassic.com

…တို့မြင်တတ်တဲ့ ပုထုဇဉ်အကန်းတွေ …တဲ့။

မြတ်စွာဘုရားက အနိစ္စလို့ ဟော …။ သညာက နိစ္စလို့လိမ်ထားတယ်။ …ရားက ဒုက္ခလို့ဟောတယ်၊ သညာက …လို့လိမ်တယ်။ ဘုရားက အနတ္တလို့ …တယ်၊ သညာက အတ္တလို့ လိမ် …။ ဘုရားက အသုဘလို့ ဟော …။ သညာက သုဘလို့ လိမ်တယ်။

အဲဒီ သညာတရားက နိစ္စ၊ သုခ၊ … သုဘလို့လိမ်ထားတာကို မြတ်စွာ …ရားက သတိပဋ္ဌာန်လေးပါးနဲ့ သက် …အောင် ရှင်းတော်မူတယ်။

ကာယာနုပဿနာနဲ့ သုဘထင် …တို့ အသုဘအစစ်ပါလို့ ရှင်းထား …။

ဝေဒနာနုပဿနာနဲ့ သုခထင်တာ … ဒုက္ခအစစ်ပါလို့ ရှင်းထားတယ်။

စိတ္တာနုပဿနာနဲ့ နိစ္စထင်တာကို …လို့ရှင်းတယ်။

ဓမ္မာနုပဿနာနဲ့ အတ္တထင်တာ … အနတ္တအစစ်ပါလို့ ရှင်းထားပါတယ်။

ဒါကြောင့် သံသရာဝဋ်ဘောင် …တ်အောင် အသိဉာဏ်နှင့် သတိ …န်တရားအားထုတ်ကြပါလို့ဆိုတယ်။ …ပဋ္ဌာန်တရားက ဘယ်လိုရှင်းလဲဆို … -

ထိမှုသဘောကို သတိပြုနေတာ … ကာယာနုပဿနာ ခေါ်တယ်။

ခံစားမှုကို လိုက်လျောသတိပြုနေ … ဝေဒနာနုပဿနာခေါ်တယ်။

အာရုံသို့ လိုက်သိမှုသဘောကို …ပြုနေတာက စိတ္တာနုပဿနာ ခေါ် …။

နှောင့်ယှက်နေတဲ့ နီဝရဏတွေကို …ပြုနေတာက ဓမ္မာနုပဿနာခေါ် …။

အဲဒီလို သတိဆိုတဲ့ အမှတ်တရား … ပေးလိုက်တော့ ထင်းခနဲ၊ လင်း … အမှတ်တရားပေါ်လာတယ်။ သက် …သွားတယ်။ အနိစ္စကို အနိစ္စမှန်း၊ … ဒုက္ခမှန်း၊ အနတ္တကို အနတ္တမှန်း …တယ်။ သိတော့ သမ္မသနဉာဏ် …ပေါ်လာတော့တာပဲ။

(အမှန်တော့ ကာယာနုပဿနာ၊ …နုပဿနာ၊ စိတ္တာနုပဿနာ၊ …ဿနာတို့မှာ သီးခြားစီပေါ်ကြ …တရားများမဟုတ်ကြ။ တစ်ပြိုင် … ၌ တစ်ပြိုင်နက်အားထုတ်ရ …တရားများ ဖြစ်၏။)

…သော် ကိုယ်ကာယကဲသည့် အခါ ကာယာနုပဿနာ ခေါ်၏။ ဝေဒနာကဲသည့်အခါ ဝေဒနာနုပဿနာခေါ်ရ၏။ စိတ်ကဲသည့်အခါ စိတ္တာနုပဿနာခေါ်ခြင်း ဖြစ်၏။

ဥပမာ သံပရာရည်ဖျော်ရာ၌ သံပရာကဲသည့်အခါချဉ်၏။ သကြားကဲသည့်အခါ ချို၏။ ဆားများသည့်အခါ ငန်၏။ ဤသဘောပင်တည်း။

ထိုသို့ သတိပဋ္ဌာန်တရားလေးပါးနှင့်ပြည့်စုံပါက သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး စသည့် ဗောဓိပက္ခိယတရား (၃၇) ပါးတို့နှင့် ပြည့်စုံပြီ ဖြစ်၏။

ဝေဒနာကို ကုန်ဆုံးချုပ်ပြတ်၊ ရပ်သည့်တိုင်အောင်၊ သဘောသဘာဝကို သိရှိနားလည်သည့်တိုင်အောင်လိုက်နိုင်သည့်အခါ ကြည်လင်ငြိမ်းအေးသည့် စိတ်အခြေအနေကို တွေ့ရမည်။ ထိုအခါ စိတ္တာနုပဿနာစခန်းသို့ ရောက်၏။

ဤစိတ္တာနုပဿနာမှာ စိတ်ကို အခြေခံပြီး ကမ္မဋ္ဌာန်းအာရုံသတ်မှတ်၍ ရှုရသောကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာတို့ကို ကောင်းစွာရှုမှတ်နိုင်လျှင် ဓမ္မာနုပဿနာတရားတို့ နောက်ပိုင်း၌ ပေါ်လာ၏။ ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် သူ့သဘောကိုသူဆောင်၍ သုခ၊ ဒုက္ခကို လျစ်လျူရှုနေ၏။ အလွန်သိမ်မွေ့၏။ ဝိပဿနာ၌ ပိတ်ပင်တားဆီးတတ်သော နီဝရဏတရားများနှင့် ခန္ဓာ (၅) ပါး၊ အတွင်းအာယာတန (၆) ပါး၊ အပြင်အာယာတန (၆) ပါး၊ ဗောဇ္ဈင် (၇) ပါး၊ သစ္စာ (၄) ပါးတို့ကို အာရုံပြုသည်။

ဓမ္မာနုပဿနာသည် မဂ်ရရန် အကြောင်း သတိပဋ္ဌာန်ဖြစ်သည့်အားလျော်စွာ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို ပြင်းထန်စွာ အားထုတ်နိုင်ခဲ့ရာမှ ဖြစ်ပေါ်လာသော အကျိုးရလဒ်ဟု ဆိုနိုင်လေသည်။

ထိုသို့ သတိပဋ္ဌာန်တရားအားထုတ်သည့်အခါ၌ ဝိသုဒ္ဓိ (၇) ပါး ဖြစ်ပေါ်လာပုံတို့ကို စွန်းလွန်းဆရာတော်ကြီး ရှင်းလင်းပြပုံအတိုင်း အကျဉ်းမျှ ဖော်ပြဦးမည်။

ဝိသုဒ္ဓိ (၇) ပါးဖြစ်ပုံမှာ -

တောင်ကြည့်မြောက်ကြည့်မကြည့်လို့ ဣန္ဒြေလုံလျှင် သီလဝိသုဒ္ဓိပါပဲ။

ဝေဒနာဖြစ်ပေါ်လာတော့ စိတ်က ဝေဒနာအပေါ်စိုက်ပြီးကြည်လင်နေသော စိတ္တဝိသုဒ္ဓိ။

သီလကလည်း လုံခြုံ၊ စိတ်ကလည်း ကြည်လင် စင်ကြယ်နေတော့ အမြင်မှန်ရလာတာဟာ ဒိဋ္ဌိဝိသုဒ္ဓိလို့ ခေါ်တယ်။

တရားကို အမှန်မြင်တော့ ငါသည် ရှေးကတစ်ခုခုဖြစ်ဖူးသလား၊ နောက်ကောဖြစ်ဦးမှာလားဆိုတဲ့ ယုံမှားမှုတွေကင်းသွားတာကို ကင်္ခါဝိတရဏဝိသုဒ္ဓိ။

ဤဝိသုဒ္ဓိစခန်းကို ရောက်တော့ စိတ်က အလွန်ကြည်လင်လို့ ဩဘာသဆိုတဲ့အရောင်အဝါတွေထွက်လာတယ်။ အလွန်ကြည်အိတဲ့ ပီတိတွေဖြစ်လာတယ်။

ငြိမ်းချမ်းတဲ့ပဿဒ္ဓိဖြစ်လာတယ်။ သဒ္ဓါတရားထက်သန်တဲ့ အဓိမောက္ခဖြစ်လာတယ်။ အားပေးတဲ့ဝီရိယဖြစ်လာတယ်။ တစ်ကိုယ်လုံး အေးမြချမ်းသာသော သုခဖြစ်လာတယ်။ ဝရဇိန်မိုးကြိုးလက်နက်လို ထက်မြက်တဲ့ ဝိပဿနာဉာဏ်ဖြစ်လာတယ်။ အာရုံမှာ စွဲမြဲစွာ ကပ်တည်သော သတိ ဆိုတဲ့ ဥပဋ္ဌာနလည်း ဖြစ်လာတယ်။ ဖြစ်ပျက်မှုတရားတွေ အလွန်ထင်ရှားလို့ အသင့်အားဖြင့်ရှုတတ်တဲ့ တတြမဇ္ဈတ္တုပေက္ခာခေါ် ဥပေက္ခာလည်းဖြစ်လာတယ်။ ဝိပဿနာဉာဏ်ကိုနှစ်သက်နေတဲ့ နိကန္တိခေါ်သည့် တဏှာလည်း ဖြစ်ပေါ်လာတယ်။

ဒီလို နှစ်သက်ဝမ်းမြောက်နေတာဟာ လမ်းမှန်မဟုတ်ဘူး။ မဂ်မဟုတ်သေးဘူး။ဝိပဿနာကို ညစ်ညူးစေတတ်တဲ့ ဘေးရန်တွေပဲလို့ စိတ်ထဲက ခန္ဓာပေါ်မှာ အာရုံပြန်ပြီး သိမ်းလိုက်တော့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပေါ်လာတာပဲ။

အဲဒီနောက် အာရုံက အထက်သို့သွားလိုက်၊ အောက်သို့ကျလိုက်ဖြစ်နေရာက ဇောကိုတင်းလိုက်တာဟာ မဂ်သို့ရောက်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်တာပဲ။ အဲဒီနောက် မဂ်ဉာဏ်ဟာ ဉာဏဒဿနဝိသုဒ္ဓိ ခေါ်တာပဲ။ အဲဒီဉာဏ်ဖြစ်လာတော့ ပရိကံ၊ ဥပစာ၊ အနုလုံခေါ်တဲ့စိတ်သုံးပါးက ကိလေသာကင်းအောင် ဖယ်ရှားလိုက်တော့ နိဗ္ဗာန်ကိုမြင်တော့တာပေါ့။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မပီယ(ဗြောင်)



www.burmeseclassic.com

www.burmeseclassic.com

ကျော်ခိုင်ခန့်


# ထိုင်းနိုင်ငံမှမပုပ်မသိုးရဟန်းတော်ရုပ်အလောင်းများ စုံမြန်းရာအောင်မြေများဆီသို့



အယ်(လ်)ဝီပွန်းရဟန်းတော်ရုပ်အလောင်း
ဝပ်ဖိုင်ထွမ်ဘုန်းတော်ကြီးကျောင်းကို တွေ့မြင်ရစဉ်

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ (၁၁) နိုင်ငံအနက် ဗုဒ္ဓဘာသာ ရာခိုင်နှုန်း အများဆုံး ကိုးကွယ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့ပြင် အသက် (၂၀) မပြည့်ခင် ကိုရင်ဝတ်ပြီးသော အမျိုးသားအများဆုံးနှင့် အသက် (၂၀) ပြည့်လျှင် ရဟန်းတက်ပြီးသူ အမျိုးသားအများဆုံးဖြစ်ခြင်း စသည့် မှတ်တမ်းများကိုလည်း ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ရဟန်းသံဃာကို အလွန်အမင်း ရိုသေလေးစားတန်ဖိုးထားသော နိုင်ငံဖြစ်ခြင်းကြောင့် ထိုင်းလူမျိုးများက ၎င်းတို့၏ နိုင်ငံကို 'သင်္ကန်းရောင်လွှမ်းသောတိုင်းပြည်' ဟု ဂုဏ်တင်ပြောဆိုလေ့ရှိကြသည်။ လက်ရှိကမ္ဘာပေါ်တွင် နန်းသက်အရှည်ဆုံးဘုရင်အဖြစ် မှတ်တမ်းဝင်လျက်ရှိသော ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်(ရှ်)သည် နန်းစည်းစိမ်ခံပြီးနောက် ရဟန်းအဖြစ် (၃) ဝါ သီတင်းသုံး နေထိုင်ခဲ့ဖူးသည်။ ထိုစဉ်က မြတ်စွာဘုရား၏သားတော်ပီပီ ခြေသလုံးမြင်းခေါင်းကို အမိုပြုပြီး ရွာစဉ်လှည့်ကာ ဆွမ်းခံကြွတော်မူသည်။ ထို့ကြောင့် ယနေ့တိုင် ထိုင်းဘုရင်ကို အစိုးရအဖွဲ့နှင့် ပြည်သူတစ်ရပ်လုံးက အလေးအမြတ်ပြုလျက်ရှိနေကြခြင်းပင် ဖြစ်သည်။

ထိုင်းလူမျိုးများသည် ရဟန်းသံဃာတော်ကို အလွန်အမင်း ရိုသေလေးစား တန်ဖိုးထားတတ်ကြသည်။ သာမန်လူအချင်းချင်းတွေ့သည်နှင့်ပင် လက်အုပ်ချီကာ နှုတ်ဆက်လေ့ ရှိကြသည်။ ရဟန်းဆိုလျှင်ကား ပြောဖွယ်ရာမရှိပေ။ ရဟန်းကိုမြင်သည်နှင့် ဒူးတုပ်လက်အုပ်ချီမြဲဖြစ်သည်။ ယင်းကဲ့သို့ ဗုဒ္ဓဘာသာကို အထွတ်အမြတ်ထားသော ထိုင်းနိုင်ငံ၌ သံဃာ့မထေရ်အစဉ်အဆက်တို့သည် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာကို အသက်ထက်ဆုံး ကျင့်ကြံနေထိုင်သွားကြသည်ဖြစ်ရာ ယနေ့ ထိုင်းနိုင်ငံနေရာအသီးသီး၌ မပုပ်မသိုး ရဟန်း




ဝပ်ဖိုင်ထွမ်ဘုန်းတော်ကြီးကျောင်းရှိ အယ်(လ်)ဝီပွန်းရဟန်းတော်ရုပ်အလောင်း၏
ဆရာတော်၏ဖယောင်းရုပ်တုရုပ်တုကို တွေ့မြင်ရစဉ်




www.burmeseclassic.com

www.burmeseclassic.com





ခလန်း(ဂျ်)ဘန်း(ဂျ်)ဖရာဘုန်းတော်ကြီးကျောင်းမှ အယ်(လ်)ပီပတ်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်းကို တွေ့မြင်ရစဉ်



ခလန်း(ဂျ်)ဘန်း(ဂျ်)ဖရာဘုန်းတော်ကြီးကျောင်းမှ အယ်(လ်)ပီပတ်ရဟန်းတော်၏ ပုံတူဖယောင်းရုပ်တုကို တွေ့မြင်ရစဉ်

တော်များ၏အလောင်းကိုတွေ့မြင်လျက်ရှိကြသည်။ ယင်းမြင်ကွင်းသည်ပင်လျှင် ယင်းရဟန်းတော်များ၏ ပဋိပတ်အကျင့်စခန်းနှင့် မြတ်စွာဘုရား၏ဓမ္မတရားတို့ထုံမွမ်းခဲ့ပြီဖြစ်ခြင်းကို သက်သေပြလျက်ရှိနေပေသည်။

**ဝပ်ပိုင်လွမ်းဘုန်းတော်ကြီးကျောင်းရှိ အယ်(လ်)ပီပွန်းရဟန်းတော်ရုပ်အလောင်း (LP Poon of Wat Pailom)**

နခွန်ပထုံ(Nakhon Pathom) မြို့ရှိ ဝပ်ပိုင်လွမ်းဘုန်းတော်ကြီးကျောင်းရှိ အယ် (လ်) ပီပွန်း ရဟန်းတော်ရုပ်အလောင်းမှ ထင်ရှားသောနေရာတစ်ခုဖြစ်သည်။ စင်ကာပူနှင့်မလေးရှားလူမျိုးများပင် ထိုနေရာကိုသိကြ၏။ ကျောင်းထိုင်ဆရာတော် အာဂျန်ဖွန်း (Ajarn Foon) ပျံလွန်တော်မူပြီးနောက် ဆက်လက်အုပ်ချုပ်ရသည်။ အယ်(လ်)ပီပွန်းရဟန်းသည် ပျံလွန်တော်မူသွားသည်မှာနှစ်များစွာကြာပြီဖြစ်သော်လည်း ယနေ့ထက်တိုင် မပုပ်မသိုးဘဲ တည်ရှိနေသည်ကို ထူးခြားစွာတွေ့မြင်ရသည်။ ကျောင်းအဝင်မုခ်ဦးတွင် မတ်တတ်ရုပ်ဘီလူးညီနောင်ရုပ်တုနှစ်ရုပ်ကိုတွေ့မြင်ရသည်။ ကျောင်းဆောင်အတွင်း၌ ရဟန်းတော်အယ်(လ်)ပီပွန်း၏ပုံစံတူ ဖယောင်းရုပ်တုတော်ကိုတွေ့မြင်ရသည်။ ရုပ်အလောင်းကိုမူ မှန်ခေါင်းဖြင့်ထည့်သွင်းပူဇော်ပြသထားသည်။ ရုပ်အလောင်းသည် အမည်းရောင်သို့ ပြောင်းလဲသွားသော်လည်း ယနေ့တိုင် ပုပ်သိုးနံစော်ခြင်းမရှိပေ။ ထိုအခြင်းအရာကပင် ခရီးသွားဧည့်သည်များကို လာရောက် လေ့လာကြည့်ရှုနိုင်မည့် ဖိတ်ခေါ်မှုတစ်မျိုးပင် ဖြစ်လို့နေသည်။

**ခလန်း(ဂျ်)ဘန်း(ဂျ်)ဖရာဘုန်းတော်ကြီးကျောင်းမှ အယ်(လ်)ပီပတ်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်း (LP Put of Wat Klang Bang Phra)**


နခွန်ပထုံမြို့ရှိ ခလန်း(ဂျ်)ဘန်း(ဂျ်)ဖရာ ဘုန်းတော်ကြီးကျောင်းမှ အယ်(လ်)ပီပတ်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်းမှာလည်း ထူးခြားပါသည်။ သို့သော် ဘုန်းကြီးကျောင်းနှင့် ရုပ်အလောင်း တည်ရှိရာနေရာမှာ အနည်းငယ် အလှမ်းဝေးသည်။ ရဟန်းတော်သည် သာသနာနှစ် ၂၅၄၂ ခုနှစ်၊ ခရစ်နှစ် ၁၉၉၉ ခုနှစ်က ပျံလွန်တော်မူသည်။ သို့သော် ယနေ့တိုင် မပုပ်မသိုးသောကြွင်းကျန်ခန္ဓာက ဖူးမြော်ရသူများ

www.burmeseclassic.com

အတွက် အံ့သြစရာမြင်ကွင်းတစ်ခု ဖြစ်လို့နေသည်။ ရဟန်းတော်၏ ဖယောင်းရုပ်တုတော်ကိုလည်း ဖူးမြင်တွေ့နိုင်သည်။ ရုပ်အလောင်းစံမြန်းရာ ကျောင်းဆောင်အတွင်း၌လည်း အခြားသော မြတ်စွာဘုရားရုပ်တုများကို ဖူးမြင်တွေ့ရသည်။ Luang Por Yai ဘွဲ့အမည်ရှိ မြတ်စွာဘုရားရုပ်တုတော်ကြီးကိုလည်း ရုပ်အလောင်းစံမြန်းရာ ကျောင်းဆောင်၏နောက်ဘက်တွင် ထင်ရှားစွာ ဖူးမြင်တွေ့နိုင်သည်။

**ချင်းမိုင်မြို့ရှိ ခရူဘာဝန်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်း**
**(Kruba Woon from Chiang Mai)**

ချင်းမိုင်မြို့ ပတ်ဒဲအန်း(ဂ်)ဘုန်းတော်ကြီးကျောင်းရှိ ရဟန်းတော် ခရူဘာဝန်၏ ရုပ်အလောင်းမှာလည်း ထင်ရှားသည်။ သက်တော်ထင်ရှားရှိစဉ်က သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ရဟန်းတော်ဖြစ်သည်နှင့်အညီ ကြည်ညို ဆည်းကပ် ကိုးကွယ်သူများပြားခဲ့သည်။ ခရစ်နှစ် ၁၉၂၆ ခုနှစ်တွင် ဖွားမြင်သော ရဟန်းတော် ခရူဘာဝန်သည် အယုဒ္ဓယ (Ayuttaya) မှ ချင်းမိုင် (Chiang Mai) မြို့သို့ကြွပြီး ဝိပဿနာတရားကို လေ့လာသင်ကြားအားထုတ် ကျင့်ကြံတော်မူသည်။ ယင်းနောက် အယုဒ္ဓယမြို့သို့ ပြန်မကြွတော့



ချင်းမိုင်မြို့ရှိ ခရူဘာဝန်ရဟန်းတော်၏ ပုံတူဖယောင်းရုပ်တုကို တွေ့မြင်ရစဉ်



ချင်းမိုင်မြို့ရှိ ခရူဘာဝန်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်းကို တွေ့မြင်ရစဉ်



www.burmeseclassic.com


www.burmeseclassic.com



ပရီဒါရမ်ကျောင်းတော်မှ မြတ်စွာဘုရားရုပ်ပွားတော်ကြီးကို တွေ့မြင်ရစဉ်



ပရီဒါရမ်ကျောင်းတော်မှအယ်(လ်)ပီဆာဝေရဟန်းတော်၏မပုပ်မသိုးရုပ်အလောင်းကိုတွေ့မြင်ရစဉ်



ချွန်ပရာတန်ဘုန်းတော်ကြီးကျောင်းမှ
ရဟန်းတော် အယ်လ်ပီရစ်၏ မပုပ်မသိုး ရုပ်အလောင်းကို တွေ့မြင်ရစဉ်

ဘဲ ပျံလွန်တော်မူသည်အထိ ချင်းမိုင်မြို့မှာပင် သီတင်းသုံး နေထိုင်ခဲ့သည်။ ဆရာတော်၏ ထူးခြားချက်မှာ ဦးခေါင်းတော်မှ ဆံပင်များသည် မဖြီးမသင် မပြုပြင်ရဘဲ ဆံခွေလေးများအဖြစ်သို့ အလိုအလျောက် ပြောင်းလဲသွားပြီး ဆံခွေ (၈၀)တိတိ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဆရာတော်သည် ခရစ်နှစ် ၂၀၀၅ ခုနှစ်တွင် ပျံလွန်တော်မူသည်။ သို့သော် ရုပ်အလောင်းမှာ ယနေ့တိုင် မပုပ်မသိုးဘဲ တည်ရှိနေသည်။ ရုပ်အလောင်းကို မှန်ခေါင်းဖြင့် ထည့်ထားသည်။ ပျံလွန်တော်မူပြီးနောက် ဆံပင်များကို ရိတ်ဖြတ်ပေးရသည်။

**ပရီဒါရမ်ကျောင်းတော်မှ အယ်(လ်)ပီဆာဝေရဟန်းတော်၏မပုပ်မသိုးရုပ်အလောင်း**
**(LP Sawai Wat Preedaram)**

ဆရာတော် အယ်(လ်)ပီဆာဝေသည် ခရစ်နှစ် ၁၉၂၁ ခုနှစ်တွင် ဖွားမြင်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ပျံလွန်တော်မူသည်။ သို့သော် ယနေ့တိုင်ပင် ရုပ်အလောင်းမှာ မပုပ်မသိုးဘဲ တည်ရှိနေသည်ကို ထူးခြားစွာ တွေ့မြင်ရသည်။ အထူးသဖြင့် ဆရာတော်သည် မေတ္တာဘာဝနာကို အထူးစီးဖြန်းပွားလေ့ရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု တပည့်များက ပြောဆိုသည်။ ပရီဒါရမ်ကျောင်းသည် နခွန်ပထုံမြို့မှ အဝေးပြေးလမ်းမကြီးအတိုင်းလာရသည်။ သို့သော် ကျောင်းတည်နေရာမှာ အတန်ငယ်အလှမ်းဝေးသည်။ လာရောက် ကြည့်ရှုဖူးမြော်ကြည်ညိုကြသူများက ဆရာတော်၏ ရုပ်အလောင်းကို ရွှေဆိုင်းများဖြင့် ကပ်လှူပူဇော်ကြသည်။ ကျောင်းဆောင်တည်ရှိရာဝင်းအတွင်း၌လည်း မြတ်စွာဘုရားရုပ်တုကြီးများကို တွေ့မြင်ဖူးမြော်နိုင်သည်။


**ချွန်ပရာတန်ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော် အယ်လ်ပီရစ်၏ မပုပ်မသိုး ရုပ်အလောင်း**
**(LP Rit of Wat Chonpratan)**

ချွန်ပရာတန် ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော် အယ်(လ်)ပီရစ်၏ မပုပ်မသိုးရုပ်အလောင်းမှာလည်း ထင်ရှားသည်။ Buri Ram ဆရာတော်အဖြစ် နာမည်ကျော်ကြားခဲ့ပြီး ၂၀၀၅ ခုနှစ်၊ သက်တော် (၈၉) နှစ်အရောက် ပျံလွန်တော်မူသည်။ သို့သော် ရုပ်အလောင်းမှာ ပျံလွန်တော်မူပြီးနောက် မပုပ်မသိုးအနံ့မထွက်ဘဲ ယနေ့တိုင်




www.burmeseclassic.com

www.burmeseclassic.com




ချာအိုးဖန္နန်ဒင်ကျောင်းတော်မှအယ်(လ်)ပီ သမ္မာရန်းစီ ရဟန်းတော်၏ တတ်ပုံကိုတွေ့မြင်ရစဉ်



ချာအိုးဖန္နန်ဒင်ကျောင်းတော်မှ အယ်(လ်) ပီသမ္မာရန်းစီရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်းကို တွေ့မြင်ရစဉ်

တည်ရှိမြင်တွေ့နေရသည်။ အလောင်းတော်ကို မှန်ခေါင်းဖြင့် ထည့်သွင်းပူဇော်ထားသည်။ ကျောင်းတော်အတွင်း၌ Chinaraj Buddha ဟူ့အမည်ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးမြင်တွေ့နိုင်သည်။

**ချာအိုးဖန္နန်ဒင်ကျောင်းတော်မှ အယ်(လ်) ပီသမ္မာရန်းစီရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်း**

**(LP Thammarangsi of Wat Kha Panom Din)**

ချာအိုးဖန္နန်ဒင် ကျောင်းတော်မှ အယ်(လ်)ပီသမ္မာရန်းစီ ရဟန်းတော်သည်လည်း မေတ္တာစွမ်းအားကြီးမြင့်သူဟု နာမည်ကျော်ကြားသောပုဂ္ဂိုလ် ဖြစ်သည်။ အထူးသဖြင့် မေတ္တာဖြင့် ပြုလုပ်သော အဆောင်လက်ဖွဲ့များကို ပြုလုပ်ချီးမြှင့်ပေးသည်။ Ban Pong ရွာမှဆိုလျှင် အတန်ငယ် အလှမ်းဝေးသောနေရာ၌ ဘုန်းတော်ကြီးကျောင်းက တည်ရှိနေသည်။ ဆရာတော်မှာ ပျံလွန်တော်မူသွားသော်လည်း ရုပ်အလောင်းမှာမူ ယနေ့တိုင် မပုပ်မသိုးဘဲ တည်ရှိနေသည်။ ကျန်ရစ်သူ တပည့်ဒါယကာများက ဆရာတော်၏ရုပ်အလောင်းကို မှန်ခေါင်းဖြင့် ထည့်သွင်းပူဇော်ထားသည်။

**သတ်န္နိုင်ဘုန်းတော်ကြီးကျောင်းမှ ပီတီကလိုင်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်း**

**(PT Klai of Wat That Noi)**

ဆရာတော် ပေါတန်ကလိုင်သည် ခရစ်နှစ် ၁၈၇၆ ခုနှစ်တွင် ဖွားမြင်ပြီး ၁၉၇၀ ပြည့်နှစ်တွင် သတ်န္နိုင်ဘုန်းတော်ကြီးကျောင်း၌ပင် ပျံလွန်တော်မူသည်။ နက်ဟွန်စီသမ္မာရပ် (Nakhon Si Thammarat) မြို့၌ သံယာဓိရာဇဂုရုအဖြစ်လည်း အမည်ကျော်ကြားသည်။ အထူးသဖြင့် ဆရာတော်သည် ဝစီပိတ်ဓုတင်ကို ဆောင်တော်မူသည့်အတွက် ပိုပြီးကြည်ညိုဖွယ်ရာဖြစ်ခဲ့သည်။ ဝစီပိတ်ဓုတင်မဆောင်ခင်က ဆရာတော်သည် အာရုံနိမိတ်မြင်မက်မှုများအရ ပြောဆိုသမျှ အဆိုး၊ အကောင်းတို့ တကယ်ဖြစ်ပေါ်ခဲ့ရာ အကောင်းဖြစ်သော် ဝမ်းသာရသော်လည်း အဆိုးများတကယ်ဖြစ်သည့်အခါ ဆရာတော်ခမျာ ဝမ်းနည်းဖွယ်ကြုံရသည်။ ယင်းနောက် ဝစီပိတ်အကျင့်ကို ပြောင်းလဲ ကျင့်သုံးခဲ့သည်။ ကျောင်းဆောင်အတွင်း၌ ဆရာတော်ပုံစံတူရုပ်တုကို ဖယောင်းဖြင့် ပြုလုပ်ပူဇော်ထားသည်ကိုလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ်နှိုင်ဘုန်းတော်ကြီးကျောင်းမှ လျောင်းတော်မူမြတ်စွာဘုရား၏ ရုပ်တုကို တွေ့မြင်ရစဉ်

Phra Non ဘွဲ့အမည်ရသည့် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကိုလည်း တွေ့မြင်နိုင်သည်။ ဆရာတော် ပျံလွန်တော်သည်မှာ နှစ်ပေါင်း (၄၀) နီးပါး ရှိပြီဖြစ်သော်လည်း ရုပ်အလောင်းမှာ ယနေ့တိုင် မပုပ်မသိုးဘဲတည်ရှိနေသည်မှာ ထူးခြားဖွယ်ဖြစ်သည်။

**သာလန်တောင်ဘုန်းတော်ကြီးကျောင်းမှ ပေါ်တန်ကလင်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်း**
**(PT Kling of Wat Thaluntong)**


သာလန်တောင်- ဘုန်းတော်ကြီးကျောင်းမှ ပေါ်တန်ကလင်ရဟန်းတော်၏ မပုပ်မသိုးရုပ်အလောင်းတည်ရှိရာနေရာမှာလည်း ထူးခြားသောနေရာတစ်ခုအဖြစ် တည်ရှိနေသည်။ နက်ဟွန်စီသမ္မာရပ် (Nakhon Si Thammarat) မြို့၌ သံဃာမိရာဇာဂုရုအဖြစ်လည်း အမည်ကျော်ကြားသည်။ ပျံလွန်တော်မူသည်မှာ မကြာသေးသော်လည်း ဆရာတော်၏ ရုပ်အလောင်းမှာ ယနေ့တိုင် မပုပ်မသိုးဘဲတည်ရှိနေသည်မှာ ထူးခြားသည်။ ရုပ်အလောင်းကို မှန်ခေါင်းဖြင့် ထည့်သွင်းပူဇော်ထားသည်။



သတ်နှိုင်ဘုန်းတော်ကြီးကျောင်းမှ ပီတီကလိုင်ရဟန်းတော်၏
မပုပ်မသိုးရုပ်အလောင်းကို တွေ့မြင်ရစဉ်

**တွန်လီယက်(ပ်)ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော် အယ်(လ်)ပီဂျမ်နီယန်၏ မပုပ်မသိုးရုပ်အလောင်း**
**(LP Jamnian at Wat Tonliap)**

ဆွန်ခလာ(Songkhla)မြို့၌ တည်ရှိသော တွန်လီယက်(ပ်)ဘုန်းတော်ကြီး



သာလန်တောင်ဘုန်းတော်ကြီးကျောင်းမှ ပေါ်တန်ကလင်ရဟန်းတော်၏
မပုပ်မသိုးရုပ်အလောင်းကို တွေ့မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



တွန်လီယက်(စ်)ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော် အယ်(လ်)ပီဂျမ်နီယန် ဆေးထုံကူးနေသည်ကို တွေ့မြင်ရစဉ်



တွန်လီယက်(စ်)ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော် အယ်(လ်)ပီဂျမ်နီယန်၏ သက်တော်ထင်ရှားရှိစဉ် ရိုက်ကူးထားသောဓာတ်ပုံကိုတွေ့မြင်ရစဉ်



တွန်လီယက်(စ်)ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော် အယ်(လ်)ပီဂျမ်နီယန်၏ မပုပ်မသိုးရုပ်အလောင်းကို တွေ့မြင်ရစဉ်

ကျောင်းမှ ရဟန်းတော် အယ်(လ်)ပီဂျမ်နီယန်၏ မပုပ်မသိုးရုပ်အလောင်းမှာ ထင်ရှားသည်။ လွန်ခဲ့သော (၁၀) နှစ်ကျော်က ပျံလွန်တော်မူသွားသော်လည်း ရဟန်းတော်၏ ရုပ်အလောင်းမှာ ယနေ့တိုင်မပုပ်မသိုးဘဲတည်ရှိနေသည်။ ဆရာတော် သက်ရှိထင်ရှားရှိစဉ်ကလည်း ထိုင်းသတင်းစာနှင့် ဂျာနယ်များ၌ ဆရာတော်၏အကြောင်းကို ထည့်သွင်းဖော်ပြခဲ့ကြသည်။ ဆရာတော်သည် ဆေးဝါးကုသမှုအပိုင်းတွင်လည်း ကျော်ကြားသူဖြစ်ပြီး ဆေးပေါင်းခနက္ခတ်ပွဲများကိုလည်း ကိုယ်တိုင် ဦးစီး ပြုလုပ်ခဲ့သည်။ ဆေးထုံကူးသည့်အခါ ဒါယကာနှင့်အတူ ကိုယ်တိုင်ပြုလုပ်လေ့ရှိသည်။

ကျော်ခိုင်ခ

ရည်ညွှန်း -

*http://www.lianhuayuan.net*

*http://waynedhamma.blogspot.co*



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ရက်ကန်းစင်တောင်ဆရာတော်ကြီး

## အမှတ်တရ

၁၀-၆-၂၀၁၄ ဗုဒ္ဓဟူးနေ့၊ ညနေ (၆) နာရီ။

နက်ဖြန်ဆို နယုန်လပြည့်နေ့ ဖြစ်ပါသည်။

ကျွန်တော်သည် ငယ်စဉ်က ...ငယ်မှသာ ဖူးမြော်ခဲ့ရသော ပျဉ်းမနား ...နယ်ရှိ စမတောင်သို့ ထွက်ခွာခဲ့သည်။ ...ခရီးတွင် စမတောင်တော်နှင့်ပတ်သက် ...သည်များကို တွေး၍လာခဲ့သည်။ စမ ...တောင်မှာ နာမည်ငါးမျိုးဖြင့် ထင်ရှားခဲ့ ...သည်။ နာမည်ငါးမျိုးမှာ (၁) ရက်ကန်း ...စင်တောင်၊ (၂) စမတောင်၊ (၃) မင်းဝင် ...တောင်၊ (၄) ဂူတောင်၊ (၅) ဖိုဦးတောင် ...တို့ ဖြစ်ကြသည်။

ကျွန်တော်သည် စမတောင်ပေါ် ...တွင် လပြည့်နေ့၌ ဘုရားဝတ်ပြုပြီး ...နောက် လပြည့်ကျော် ၁ ရက်နေ့တွင် ...တောင်တော် အနောက်ဘက် (၇)မိုင် ...အကွာရှိ ရက်ကန်းစင်တောင်သို့ ရောက် ...ခဲ့သည်။ ရက်ကန်းစင်တောင်ပေါ် ရှိ ...ဘုရား ပုထိုးများကို လှည့်လည် ဖူးမြော် ...ရင်း စိတ်သည် အတိတ်ဆီသို့ ပြန်လည် ...ရောက်ရှိသွားသည်။

၉-၄-၁၉၆၅၊ စနေနေ့၊ နံနက် ...နာရီ။

ကျွန်တော်၏ဖခင် စာရေးဆရာ ...ဦးရန်အောင်သည် မြဝတီမဂ္ဂဇင်း ...တွင် အယ်ဒီတာလုပ်နေခိုက် စနေ ...နေ့တစ်ဝက်တက်ရရာ ကျွန်တော့် ...သို့ခေါ် သွားသည်။ ထိုအချိန်တွင် ...၏အလုပ်စားပွဲသို့ တရုတ်ကြီးတစ် ...နှင့် သုတေသီမြင့်ထွန်း (ဆရာ ...အရိန္ဒမာ၊ ဂမ္ဘီရဆရာပွဲ၊ မိန်မိန် - ...) တို့ ရောက်လာကြသည်။ ...သီမြင့်ထွန်း၏ကလောင်အမည်ခွဲ ... ဖော်ပြရခြင်းမှာ နာမည်ကြီး ...ဆရာတစ်ဦးသည် သုတေသီ ...နှင့် ဆရာကြီး အရိန္ဒမာ တစ်ဦး ...ကြောင်း မသိ၍ဖြစ်ပါသည်။ ...ကြီး၏အမည်မှာ ဦးစပ်စုဖြစ်ပြီး ...နန်း၏ ဦးလေးတော်စပ်သူဖြစ် ...မြန်မာစကားတတ်ပြီး မြန်မာစာ ...သော်လည်း စာရေးဆရာဖြစ် ... အဖေက မြန်မာစာသင်ပေးကာ 'ထူးတဲ့စပ်စု ဦးစပ်စု' စာအုပ် ရေးသား ထုတ်ဝေကာ စာအုပ်သောင်းချီရိုက်နှိပ်ခဲ့ရလေသည်။ ဦးစပ်စုနှင့် ဦးမြင့်ထွန်းတို့သည် အဖေ့ကို သူတို့အိမ် (အမှတ်၉၊ စဉ့်အိုးတန်းလမ်း) သို့ ဖိတ်လေသည်။

ဖိတ်ရခြင်းအကြောင်းမှာ သူတို့နှင့် ဆွေမျိုးမကင်းသော ရက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသကို အိမ်တွင်ပင့်၍ ဆွမ်းကပ်သဖြင့် အဖေ့ကို ဆရာတော့်ကို ဖူးရန် လာဖိတ်ခြင်း ဖြစ်လေသည်။ အဖေသည် မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ် သူရိယဦးသိန်းမောင်ကို ခွင့်ပန်ပြီး ဦးစပ်စုတို့နှင့်အတူ လိုက်ခဲ့လေသည်။ ကျွန်တော်ပါ ကပ်ပါသွားသည်။

နေ့လယ် (၁၁) နာရီတွင် ဆရာတော်ကြီးကြွလာသည်။ ဆရာတော်ကြီး၏ညာဘက်ခြေတော်သည် အနည်းငယ်မသန်ဖြစ်နေသည်။ ဆရာတော်ကြီးကို ဖူးမြော်ချိန် တစ်နာရီသာအချိန်ရသည်။ ဆရာတော်ကြီး၏ လည်ပင်းတော်တွင် ပုတီးအဖြူကြီးတစ်ကုံး ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး၏အရပ်တော်မှာ ငါးပေခန့်သာရှိပြီး သစ်နက်ခေါက်ရောင်သင်္ကန်းကိုရုံထားလေသည်။ ဆရာတော်ကြီးနှင့် အဖေ တွေ့သောအခါ အဖေက-

"ဘယ်ဇာတိပါလဲ ဘုရား"

ဆရာတော်ကြီးက -

"ဒီလိုမျိုး ဘယ်နှယောက်မေးပြီးပြီလဲ"

အဖေက ပြုံးနေသောအခါ ဆရာတော်ကြီးက -

"မန္တလေးအထက်က မွေ့ပုံကံရွာဇာတိပါ"

အဖေက -

"သက်တော်ဘယ်လောက်ရှိပြီလဲ"

ဆရာတော်ကြီးက -

"မှန်းကြည့်လေ"

ဆရာတော်ကြီး၏ မျက်နှာတော်မှာ ရင့်သွားလိုက်၊ နုသွားလိုက်နှင့် မှန်းရခက်နေသည်။

ဆရာတော်ကြီးက -

"မင်းတုန်းမင်းလက်ထက်၊ ၁၂၀၂ က မွေးတာပဲ"

အဖေက -

"ဘာနေ့သားပါလဲ"

ဆရာတော်ကြီးက -

"အဲဒါတော့ ပြောရခက်ပြီ။ ဘာပြုလို့လဲဆိုတော့ တနင်္ဂနွေနဲ့ တနင်္လာနေ့



ရက်ကန်းစင်တောင်ဆရာတော် ငယ်စဉ်ကပုံတော်




(၂၄-၄-၁၉၇၀) ပြည့်နှစ်၊ စနေနေ့တွင် ရိုက်ကူးခဲ့သောပုံ



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ ခု၊ နိဝင်ဘာလတွင် ရိုက်ကူးခဲ့သောပုံ

…တူး ည (၁၂) နာရီတိတိမှာ မွေးတာ…

အဖေက -

"အဲအဲ - ဆရာတော်ကြီးကိုမှတ်…မြဲ တပည့်တော်တို့ငယ်စဉ်က ပြည်ရွှေ…ဆံတော်ဘုရားခြေတော်ရင်းမှာ အရှူ…ဆောင်ဆောင်ပြီး တရားကျင့်သွားတာ …ရှင်ဘုရား မဟုတ်လား"

ဆရာတော်ကြီးက ပြုံးနေလေ…သည်၊ ဆရာတော်ကြီးကို ဆွမ်းကပ်…သောအခါ အနီးဆုံးဟင်းခွက်ရှိ ဟင်းကို …ဦးပေးပြီး ကျန်သည့် ထမင်းဟင်းများ …ကို သတ္တဝါများ စားသုံးရန် စွန့်ကြဲခဲ့လေ…သည်၊

ဆရာတော်ကြီး၏ မွေးနေ့မှာ …နင်္ဂနွေနေ့နှင့် တနင်္လာနေ့စပ်ကြားဖြစ်…၍ လူအမည်မှာ မောင်ကွန်းဖြစ်ပြီး …ရှင်းဘွဲ့မှာ ဦးသြဘာသဖြစ်ခဲ့လေ…သည်။

ဆရာတော်ကြီးမိန့်သွားသည်မှာ-

"လူအတော်များများ အစားအ…သောက်နဲ့သေကြတယ်။ ကြားလို့မကောင်း…ဘူး ကိုယ့်ဝမ်းကိုချင့်ပြီးစားရမယ်။ သူ…တော်ကောင်းဆိုတာ သူကောင်းကောင်း …ကောင်းကောင်း ကိုယ်က ကောင်းရ…မယ်၊ ငါးပါးသီလကို ဆောက်တည်ခံယူ…သောသူ၊ ဒုစရိုက်ဆယ်ပါးတို့မှ ရှောင်…ကြဉ်သောသူတို့ကို သူတော်ကောင်းလို့ …ဆိုရမယ်။ သူတော်ကောင်းတို့ ကိုယ်ပိုင် ဥစ္စာတရားခုနစ်ပါးက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတို့ ဖြစ်ကြတယ်။ သူတော်ကောင်းတို့ရဲ့ အင်အားဟာ သည်းခံနိုင်ခြင်းပဲဖြစ်တယ်။ သည်းခံခြင်းအားဖြင့် လူအပေါင်းတို့ ချစ်ခင်ခြင်း၊ ရန်မများခြင်း၊ အပြစ်မများခြင်း၊ မတွေဝေဘဲသေရခြင်း၊ သေတဲ့အခါ ကောင်းရာသုဂတိရောက်ခြင်းဟူတဲ့အကျိုးငါးပါးကို ရရှိနိုင်တယ်"

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲအောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသော သာသနာပြုပုဂ္ဂိုလ်တွေထဲမှာ ကျေးဇူးတော်ရှင် ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီးသည် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ သာသနာပြုအဓိဋ္ဌာန်ဦးထိပ်ပန်ဆင်ပြီး ပါရမီလမ်းကြောင်းပေါ်မှာ သမထဘာဝနာအားထုတ်နေသူအတော်များများ အထူးသဖြင့် ဆုကြီးပန်များ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဆုထူးပန်များ၊ ပါရမီရှင်ပေါင်းများစွာဟာ ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီးကို မသိသောသူမရှိပါ။ သိသည်ဆိုရာတွင် ကိုယ့်အထွာနှင့်ကိုယ်သာ သိကြခြင်း ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီး၏ ပါရမီတော်များ၊ ကျင့်စဉ်များ၊ သိဒ္ဓိ၊ မဟိဒ္ဓိဆိုင်ရာ စွမ်းရည်သတ္တိထူးများ၊ တစ်ဘဝပြီးတစ်ဘဝ နာမ်အထူးနှင့် ရုပ်ကူးထုံကူးပြီး သာသနာပြုသွားပုံများသည် အဆန်းတကြယ်နိုင်လွန်းလှသလောက် ထွင်းဖောက်သိမြင်ရန် အလွန်ခဲယဉ်းပါလိမ့်မည်။ ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီး၏ အနီးနေ သာဝကများ၊ ဆွေမျိုးသားချင်းများသော်မှ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်နှင့် မမှကျင့်စဉ်များကို ကုန်စင်ပြည့်စုံအောင် ပြောနိုင်မည်၊ သိနိုင်မည်မဟုတ်ပါချေ။

ရက်ကန်းစင်တောင် ဆရာတော်ကြီးကို ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်း မတ္တရာ စဉ့်ကူးဒေသ မွေပုံကံရွာတွင် ခမည်းတော် ဦးရာကျော်၊ မယ်တော် ဒေါ်ငွေနှင်းတို့မှ ၁၂၀၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းမောင်နှမ နှစ်ယောက်သာရှိပြီး ဆရာတော်ကအကြီး ဖြစ်ပါသည်။ဆရာတော်၏ငယ်မည်က မောင်ကွန်းဖြစ်ပြီး နှမ၏အမည်က မလှဝင်း ဖြစ်ပါသည်။ (ဆရာတော်၏ဇာတိရွာ မွေပုံကံရွာလေးကို ဓာတ်သဘောအရ မွေးဘုန်းကံဟု ခေါ်ကြောင်းလည်း သိရပါသည်။ ဘုန်းကံကြီးမားသူ မွေးဖွားရာဟု အဓိပ္ပာယ်ရပါသည်။)

ရက်ကန်းစင်တောင်ဆရာတော် လောင်းလျာသည် အသက်ကိုးနှစ်တွင် ရှမ်းမြောင်ရိုးဆရာတော်ထံတွင် စတင်



www.burmeseclassic.com

www.burmeseclassic.com

ပညာသင်ကြားခဲ့ပါသည်။ အရွယ်နှင့်မလိုက်အောင်ပင် ဉာဏ်ကောင်းပြီး သင်လွယ်တတ်လွယ်မှုကြောင့် ရှမ်းမြောင်ရိုးဆရာတော်၏ ချီးစားပေးခြင်းခံခဲ့ရပါသည်။ ဆရာတော်ခရီးသွားလျှင် မောင်ကွန်းကို နောက်ပါကျောင်းသားအဖြစ်ခေါ်သွားလေ့ရှိပါသည်။ မန္တလေးခရီးစဉ်တွင် မောင်ကွန်းကိုခေါ်လာခဲ့ပြီး မိုးဒါးကျောင်းမှာ တည်းခိုပါသည်။

တစ်နေ့မှာ မိုးဒါးကျောင်းဆရာတော်နှင့် ရှမ်းမြောင်ရိုးဆရာတော်တို့ စကားလက်ဆုံကျနေစဉ် ကျောင်းပေါ်သို့ အင်္ဂလိပ်ရဟန်းတစ်ပါး ရုတ်တရက်ကြွလာတော်မူပါသည်။ ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် ကျောင်းပေါ်တွင်ဆော့နေသော ကလေးတစ်ယောက်သည် ကောက်ကာငင်ကာတက်ပါလေသည်။ အနီးအပါးရှိ ကိုရင်များ၊ ကျောင်းသားများ ဝိုင်းအုံလာပြီး ခြေမကိုလှန်ချီးသူချီး၊ လက်ဆွဲပါးပုတ်လုပ်သူလုပ်နှင့် ချက်ချင်းပဲ အလုပ်ရှုပ်ကုန်ပါသည်။

"ဟေ့ - ဖယ်ကြစမ်း"

ဟု အသံခြဇာအပြည့်နှင့် အမိန့်ပေးလိုက်ပြီး အတက်ရောဂါဖိစီးနေသော ကျောင်းသားလေးကို ဂါထာမန္တန်တစ်ပုဒ်ကိုရွတ်ပြီး မန်းမှုတ်ပေးလိုက်ပါသည်။ ကျောင်းသားလေးသည် သတိမရအောင်တက်နေရာမှ ချက်ချင်းအကောင်းပကတိဖြစ်သွားပါသည်။ အားလုံးသည် တအံ့တသြနှင့် ဟင်၊ ဟာဆိုသည့် အာမေဍိတ်သံများထွက်ပေါ်လာကာ အာဂန္တုဆရာတော်ကို ကန်တော့လိုက်ပါသည်။ ထိုအခြင်းအရာကို မိုးဒါးဆရာတော်နှင့် ရှမ်းမြောင်ရိုးဆရာတော်တို့ မြင်သွားပြီး စကားပြောနေရာမှ ထလာကာ -

"အရှင်ဘုရား၊ ဝါတော်မည်မျှရှိပါပြီလဲ၊ ဘွဲ့အမည်ဘယ်လိုခေါ်ပါသလဲ"

ဟု ခရီးဦးကြိုပြု နှုတ်ခွန်းဆက်စကားနှင့် လျှောက်ထားကြပါသည်။

အာဂန္တုရဟန်းတော်၏ဘွဲ့အမည်ကိုကြားလိုက်သည်နှင့် ဆရာတော်နှစ်ပါးသည် အလွန်အမင်း အံ့သြခြင်းဖြစ်သွားရပါသည်။ ဝမ်းလည်းသာလေသည်။ ဆရာတော်နှစ်ပါးသည် နာမည်ကြီးသော ဤဆရာတော်၏ဘွဲ့အမည်ကို ကြားရုံသာ ကြားဖူးခဲ့ရာမှ ယခုမျက်မြင်ဒိဋ္ဌ ပက်ပင်းဆုံလိုက်ရသောအခါ အံ့သြဝမ်းသာဖြစ်သွားကြပါသည်။

တွံ့တေးမြို့မှ ပေါက်ဆရာတော် ဦးဓမ္မစာရီ။

"ဩော်-အရှင်ဘုရားကိုး၊ တပည့်တော်တို့ကြားဖူးနေတာ အတော်ကြာပါပြီဘုရား။ အရှင်ဘုရား မြွေကိုက်လို့ကုရာမှာလည်း အလွန်တော်တယ်လို့ ကြားဖူးပါတယ်။ ဒီကျောင်းမှာ ပျော်သလောက် သီတင်းသုံးနိုင်ပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။

ဒီလိုနှင့် ပေါက်ဆရာတော် ဦးဓမ္မစာရီသည် မိုးဒါးကျောင်းတွင် သီတင်းသုံးလျက်ရှိပါသည်။ တကယ်တော့ ဒီကိုရောက်လာတာ ပါရမီရှင်လောင်းလျာကို လာရှာတာ ဖြစ်သည်။ ပါရမီရှင်ကို ပါရမီနှိုးပြီး ပါရမီအမွေးပေးရမည် ဖြစ်သည်။

ပါရမီဓာတ်ခံဘယ်လောက်အထိ ရင့်သန်နေသည်ဆိုတာ သိရအောင် အမိဋ္ဌာန်ကြည့်ရမည် ဖြစ်သည်။ ဆရာတော်ဦးဓမ္မစာရီ၏ ပါရမီသင်္ကေတစမ်းသပ်ကိရိယာကား ကျောက်တံလေးတစ်ချောင်းပင်။

"ဒီကျောက်တံရရှိသူဟာ ငါလိုမြင်စေ၊ ငါလိုကြားစေ၊ ငါလိုတတ်စေ"

ဟု အဓိဋ္ဌာန်ပြီး ကျောင်းအောက်တွင် ဆော့ကစားနေသော ကလေးတွေဆီ ပစ်ချလိုက်ပါသည်။

တချို့ကလေးသည် ကျောက်တံကိုမြင်သည်၊ အရေးလုပ်ပြီးမကောက်ကြဘူး၊ တချို့ကလေးတွေ ကျော်လွှားသွားကြသည်။ အကစားမပျက်ကြချေ။

ကလေးတွေထဲမှ ကလေးတစ်ယောက်။ မောင်ကွန်းသည် ကျောက်တံအနားသို့ ရောက်လာပြီး ကျောက်တံကို သေသေချာချာကြည့်သည်။ ပြီးတော့ ရိုရိုသေသေကောက်ယူပြီး ရင်မှာအပ်လိုက်သည်။ မောင်ကွန်းဟာ ရွှေချောင်းကြီးကောက်ရတာထက်ပျော်သွားသည်။ ဆက်မကစားတော့ဘဲ သူနေရာသူပြန်လာသည်။ ကျောက်သင်ပုန်းထုတ်ယူပြီး ကောက်ရလာသော ကျောက်တံလေးနှင့် ရေးစမ်းကြည့်သည်။ အံ့သြဖွယ်ရာပင်။ ကျောက်သင်ပုန်းတစ်ခုလုံး အင်းကွက်များနှင့် ပြည့်သွားသည်။ ဘဝများစွာသံသရာက ဖြည့်ကျင့်ခဲ့ရသော ဗိဇပါရမီ နိုးကြားပွင့်လင်းချိန်ရောက်ခဲ့လေပြီတကား။

ထို့နောက် မောင်ကွန်းသည် အသက် (၁၄) နှစ်တွင် ရှမ်းမြောင်ရိုးဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေပြုခဲ့ပါသည်။ ရှင်သာမဏေတို့ တတ်အပ်သောပရိယတ္တိစာပေကို အချိန်တိုတိုအတွင်းမှာပင် တစ်ဖက်ကမ်းခပ်သင်ယူတတ်မြောက်ခဲ့သည်။ ရှင်သာမဏေဘွဲ့အမည် ရှင်ဩဘာသ၏ ဉာဏ်ရည် ပါရမီကို ထောက်ချင့်မိသော ရှမ်းမြောင်ရိုးဆရာတော်သည် လောကုတ္တရာစာပေများကိုသာမက လောကီဆိုင်ရာ နက္ခတ်၊ ဗေဒင်၊ အင်းအိုင်၊ ခါးလှည့်စသောပညာရပ်များကိုပါ သင်ကြားပေးတော်မူခဲ့ပါသည်။

ရက်ကန်းစင်တောင် ဆရာတော်ကြီး ဦးဩဘာသည် ကိုရင်ကြီးဘဝဖြင့် မွေ့ပုံကံ့ရွာတွင် အတော်ကြာကြာနေသွားခဲ့သည်။ စိတ္တသုခကျောင်းနေရာတွင်ရှိသောဇရပ်မှာ ဆရာတော်ကြီးသီတင်းသုံးနေသွားခဲ့ပါသည်။ ထို့နောက် ဘုတလင်မြို့ တောင်ကလပ်ဆရာတော် ဦးရာဇိန္ဒ၏ဥပဇ္ဈာယ်ဖြင့် မြင့်မြတ်သောရဟန်းဖြစ်ခဲ့သည်။ငယ်စဉ် ကျောင်းသားဘဝက ကျောက်တံလေးရခဲ့တဲ့ မန္တလေးမိုးဒါးကျောင်းမှာ ပရိယတ္တိစာပေဆက်လက်သင်ယူခဲ့သည်။ ဦးဩဘာသသည် ပါရမီလမ်းစဉ် အခိုင်အမာရှိနေသည့်အတွက် မိုးဒါးကျောင်းကြီးကို မျက်နှာလွှဲခဲ့ပါသည်။ ဇာတိနယ်ဘက်ပြန်ကြွလာပြီး ဟသ်ာမရွာမှာ သီတင်းသုံး သာသနာပြုပါသည်။

ဆရာတော်ကြီးသည် ၁၂၅၈ခုနှစ် တပေါင်းလဆန်း ၈ ရက်၊ ညနေ (၅)နာရီအချိန်၌ မတ္တရာမြို့အနီးတွင် အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော ဆုတောင်းပြည့်စေတီတော်၏ အရှေ့တောင်ဘက် မနီးမဝေးရှိ မဟာသီလာမြကျောက်ဖျာကြီးပေါ်တွင် ပေါက်မြောက် အောင်မြင်ခဲ့သည်။ ရက်ကန်းစင်ဆရာတော်ကြီးနှင့် ဆက်နွယ်ဆက်စပ်နေသော ရက်ကန်းစင်လေးစင်ရှိပါသည်။ ယင်းတို့မှာ (၁) မတ္တရာရက်ကန်းစင်၊ (၂) စမတောင်ရက်ကန်းစင်၊ (၃) ပုပ္ပားရက်ကန်းစင်၊ (၄) ဘိုကလေးရက်ကန်းစင်ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ကြီးနှင့်ပတ်သက်သော ဖြစ်ရပ်မှန်ကို ပထမကျော် ဦးစိန်ခန့် ထုတ်ဝေသော ပထမံတရားမဂ္ဂဇင်းတွင် ဖတ်ရှုရပါသည်။ ထိုမဂ္ဂဇင်းမှာ ရှားပါးလှသဖြင့် ဆရာမောင်ပန်းမွှေးထံမှ ဖတ်ရလေသည်။ ထိုအချိန်တွင် ကျွန်တော်၏ဖခင် ဦးရန်အောင်သည် သူ၏အစ်ကို ရွှေနေဦးဘဆွေနှင့် ပြည်မြို့တွင် အတူနေသဖြင့် ယင်းဖြစ်ရပ်သည် မှန်ကန်ကြောင်းနှင့် အဖေကိုယ်တိုင် ဆရာတော်ကြီးကို ငွေတစ်ကျပ် လှူဒါန်းဖူးကြောင်း ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

...မှုက ပုံပြင်ဆန်ဆန်ဖြစ်ရပ်မှန်

ဆရာတော်ကြီး၏အစောင်အမကို ...လိုသောပုဂ္ဂိုလ်များအတွက် အချက် ... ဝေဖန်နိုင်ကြရန် သိလိုသော ...နာဖြင့် ဖော်ပြရပေသတည်း ...သော ဝတ္ထုဆန်ဆန်ဇာတ်လမ်းမှာ -

ပြည်မြို့တွင် (၃) နှစ်ပတ်လုံး ...ဆံတော်ဘုရားအနီး ရင်ခွဲဇရပ်ကြီး ...ပါရမီရှင်များအတွက် ဆရာတော် ...သည် အရှုးယောင်ဟန်ဆောင်၍ ...တင်းသုံးနေထိုင်တော်မူသည်။ ဆရာ ...ကြီး၏လုပ်ငန်းစဉ်မှာ နေ့စဉ်မပြတ် ...တ်ထား၍ ပြည်ဆံတော်စေတီ ...ကြီး၏မြောက်ဘက်စောင်းတန်းဦး ...ခြသေ့ကြီးအောက်တွင် သီတင်းသုံး ...ိုင်၍ နှုတ်တော်က ပြောချင်ရာရာ ...တွန်တောက်တီးနေသည်။ ဘုရားဖူး ...ကြသောပုဂ္ဂိုလ်တို့တွင် အချို့က ...ကြီးထင်မှတ်၍ အရေးမယူဘဲသွား ...သည်။ အချို့ကလည်း ဆရာတော် ...ံ ချဉ်းကပ်၍ ရှိခိုးသွားကြသည်။ ...တားသောအခါ ရင်ခွဲဇရပ်ကြီးမှာပင် ...ရာတော်လေးတစ်ပါးက ဆွမ်းခံ၍ ...ဆွမ်းကပ်သည်။ ယင်းဆရာတော် ...တား ယခုအခါတွင် ဆရာတော် ... စောင်မချက်ကြောင့် ထွက်ရပ် ...သို့ ကြွမြန်းသွားလေပြီ။ ထို့ပြင် ...မြို့မှ ပန်းထိမ်ဆရာတစ်ဦးသည် ...တော်လေး၏ အမိန့်ရှိချက်ကြောင့် ...ခြင်းတွင် ဆရာတော်ကြီးထံ အမြဲ ...၍ ပန်း၊ ရေချမ်း၊ ဖယောင်းတိုင်တို့ ...ဒါန်းပြီးလျှင် အဆုံးအမကို ခံယူ ...

ပန်းထိမ်ဆရာ၏ရည်ရွယ်ချက်မှာ ...သာလိုသော စေတနာရှေးရှု၍ ...တင်အမကို ယူလိုသောကြောင့် ...ရာတော်ကြီးထံ နေ့စဉ်လာ၍ ရှိခိုး ...တ်မူပြုလေသည်။ တစ်ခါတစ်ရံ ...ထိမ်ဆရာမှ ဆရာတော်ကြီးအား ...ျှောက်ထားသည်မှာ -

"တပည့်တော်ချမ်းသာချင်ပါသည် ... သားလေးကိုလည်း အကြီး ...ည် ရှင်ပြုချင်ပါသည် ဘုရား။ ...င်မတော်မူပါ"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ကြီးက ...းချင်ယောင်ဆောင်နေ၍ နှုတ် ...တ ဗုဒ္ဓေါ၊ ဗုဒ္ဓေါဟု ဆိုနေသည်။ ...ထိမ်ဆရာလည်း ဆရာတော်လေး ...ကြားချက်ကို ယုံကြည်ပြီးလျှင် နေ့တိုင်းနေ့တိုင်း စိတ်မပျက်ဘဲ ဆရာတော်ကြီးထံ အမြဲလာရောက်ဆည်းကပ်နေသည်မှာ (၃) နှစ်နီးပါးခန့်ကြာလေ၏။ တစ်နေ့သောအခါ ဆရာတော်ကြီးသည် အဓိဋ္ဌာန်နှစ်စေ့ခြောက်သဖြင့် ပြည်မြို့မှ တစ်ဖန် သထုံမြို့သို့ကြွရန် ဓာတ်စခန်းဓာတ်လမ်းတို့ကို စီစဉ်ပြန်လေသည်။

ဝိဇ္ဇာဓိုရ်ဆရာများ၏ထုံးတမ်းစဉ်လာဓမ္မတာသည် ဝတ်၊ နိပါတ်နှင့် ပြည့်စုံသော တပည့်တို့အား ကြံဆောင်၍ ချီးမြှောက်မြဲဖြစ်သည့်အားလျော်စွာ ပန်းထိမ်ဆရာသည်လည်း ဆရာတော်ကြီးအား (၃) နှစ်တိုင်တိုင် ကြည်ညိုဆည်းကပ် ဝပ်တွားခိုလှုံအယူးယုံကြည်အားကိုးချက်ရှိသောကြောင့် စောင်မစောင့်ရှောက်ရန် တာဝန်ရှိသဖြင့် ဆရာတော်ကြီးသည် ဓနိသိဒ္ဓိခေါ် ရွှေ၊ ငွေရတနာတို့ကို စီမံပြုလုပ်ပေးချင်သော်လည်း သာသနာတော်၏ အကျိုးစီပွားနှင့်မယှဉ်သောကြောင့် ဓနိသိဒ္ဓိလမ်းကို ဆောင်ရွက်မပေးတော့ဘဲ ပန်းထိမ်ဆရာ၏ အရောင်းအဝယ်ဖွံ့ဖြိုးရေးကိုသာ ရှေးရှု၍စောင်မပေးရန် အာရုံပြုပြီးလျှင် ဆရာတော်ကြီးကိုယ်တော်တိုင် မိမိ၏ ခြေထောက်ကို ခြုံဆွဲပြီးသော် ပြည်ဆံတော်စေတီတော်ကြီး၏ မြောက်ဘက်စောင်းတန်းခြသေ့ဦးတွင် သင်္ကန်းဝတ်ရုံတော်ကို ခင်းကျင်း၍ အရူးယောင်ဆောင်ပြီးလျှင် အပင်ပန်းခံတော်မူ၍ ကပြယောင်ပြုလေသည်။ ထိုအခါ ကြည့်ကြသော ပုဂ္ဂိုလ်တို့က ဘုန်းကြီးအရူးကြီး ကပြ၍ပိုက်ဆံတောင်းကြောင်း သိကြသဖြင့် ဝိုင်းဝန်း၍ တစ်ပြား၊ နှစ်ပြားစသည့်ဖြင့် ခင်းကျင်းထားသော သင်္ကန်းပေါ်တွင် ပစ်ချကြလေသည်။ တစ်နာရီကျော်ကျော်ရှိသောအခါ မိမိသင်္ကန်းပေါ်သို့ ပစ်လှူကြသော ပိုက်ဆံတို့ကို ကောက်ယူ၍ သီတင်းသုံးရာ ရင်ခွဲဇရပ်သို့ ပြန်လေသည်။

ပန်းထိမ်ဆရာလည်း ရင်ခွဲဇရပ်သို့ရောက်နှင့်ပြီး ဆရာတော်နှင့်တွေ့လေရာ ရက်ကန်းစင်တောင်ဆရာတော်ကြီးက -

"ရော့-တပည့်၊ ငါဖြင့်မောလိုက်တာ။ ဟောဒီငွေကို မင်းယူတော့။ မင်းချမ်းသာပါလိမ့်မယ်"

ထိုအခါ ပန်းထိမ်ဆရာသည် ဆရာတော်ကြီး ချီးမြှောက်သော ငွေကို ရေတွက်ကြည့်ရာ (၇) ကျပ်၊ (၈) ပဲရှိသည်။ အိမ်သို့ရောက်သောအခါ ဆွမ်းခံကြွသော ဆရာတော်လေးနှင့်တွေ့၍ ဆရာတော်ကြီးထံမှ ငွေ (၇) ကျပ်၊ (၈)ပဲ ရခဲ့ကြောင်း လျှောက်ထားရာ ဆရာတော်လေးက -

"ဒကာကြီး ချမ်းသာပြီ၊ ဒီငွေက ဣစ္ဆာသယငွေပဲ ဒကာကြီး။ ကောင်းမွန်စွာ သိမ်းထား၊ မသုံးနဲ့"

ဟု အမိန့်ရှိသောကြောင့် ထိုငွေကို ရွှေထည့်သောသေတ္တာတွင် သိမ်းထားလေ၏။ ဆရာတော်ကြီးလည်း နောက်များမကြာမီ ခြသေ့ဦးတွင် ပျံလွန်တော်မူလေသည်။ ထိုအခါ ပန်းထိမ်ဆရာမှာ အရောက်နောက်ကျသောကြောင့် မမီလိုက်ရဘဲ ဘုရားလူကြီးများက သုသာန်တွင် မြှုပ်နှံလိုက်ကြောင်းကို သူများပြော၍ သိရလေသည်။ ပန်းထိမ်ဆရာလည်း ဆရာတော်ကြီးကို မတွေ့ရ၍ ဝမ်းနည်းနေရာ တစ်နေ့သောည (၁၀) နာရီလောက်တွင် နေအိမ်သို့ကြွလာ၍ -

"ဟေ့ကောင်၊ငါ့ကိုမင်းသိသလား"

ဟု မေးရာ ပန်းထိမ်ဆရာသည် ဆရာတော်ကြီးမှန်းသိ၍ ခြေထောက်ကို ဖက်၍ငိုရာ -

"ငါ သထုံသွားဦးမယ်"

ဆို၍ ကြွသွားလေသည်။

ငွေ(၇)ကျပ်၊ (၈)ပဲကို အကြောင်းခံ၍ ရောင်းရေးဝယ်ရေးပွင့်လင်းပြီးလျှင် မကြာမီ ရွှေဆိုင်ကြီးဖြစ်လာပြီး ပြည်မြို့တွင် ပန်းထိမ်ဆရာသည် ကြီးပွားချမ်းသာသွားလေသည်။

ဆရာတော် ဦးသြဘာသသည် ထွက်ရပ်ပေါက်ဆရာတော်အဖြစ် သတင်းကြီးလာခဲ့ပြီး အဝေးအနီးကရောက်လာကြသောရောဂါဝေဒနာရှင်များကို ဆေးကုပေးခြင်းဖြင့် သတ္တဝါကယ်အလုပ်ကို ဆောင်ရွက်တော်မူပြန်ပါသည်။ ဆရာတော်ကြီးထံသို့ ရောဂါဝေဒနာရှင်များကို ရောက်လာသကဲ့သို့ ပညာလိုချင်သူများလည်း ဝပ်တွားခစားရောက်ရှိလာကြပါသည်။ တပည့်သာဝကတွေ၏ ပါရမီအနု၊ အရင့်ကိုလိုက်ပြီး ထိုက်သင့်ရာပညာများ သင်ကြားချီးမြှင့်ပေးခဲ့ရာမှာ ဆရာချန်၊ ဆရာဆိုင်၊ ဆရာဦးရဲသူ၊ ဆရာလှိုင်တို့သည် သမထဝိဇ္ဇာလောကမှာ အောင်မြင်ပေါက်မြောက်အထူးပင် ခရီးရောက်ခဲ့သူများဖြစ်ကြပါသည်။

**ဆရာချန်**သည် ဇီဝကြီးကိုင်ဆေးဝိဇ္ဇာအဖြစ် တာဝန်အပ်နှင်းခံရသူဖြစ်သည်။ တစ်နေ့တွင် ဆရာကြီး ဦးကွန်း (ရက်ကန်းစင်တောင်ဆရာတော်) သည် တောင်ရှည်ပုဆိုးတစ်ထည်ယူလာပြီး



www.burmeseclassic.com

www.burmeseclassic.com

"ငါ၀တ်ဖို့မင်းလက်နဲ့ချုပ်ပေးပါ" ဟု ခိုင်းခဲ့ကြောင်း။ ထိုအခါ ဆရာချန်သည် မညည်းမညူ ချုပ်ပေးခဲ့ကြောင်း၊ ထိုအခါ ဦးကွန်းက အမိန့်ရှိသည်မှာ-

"လက်နဲ့ချုပ်ပြီး ငါ့တပည့်တွေထဲမှာ မင်းဟာ လက်မှာအချုပ်ပဲ"

အမိန့်ရှိခဲ့သည်။

ဤသို့ဖြင့် ဆရာချန်သည် သိဒ္ဓိရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာပြီး ဆရာချန်၏ သား သမီးများမှာ ဘိုးဆင်တန်း၊ ဦးဘဂျမ်းနှင့် ဒေါ်ရွှေချည်တို့ဖြစ်ပြီး . ဝက်ပေါင်းရွာတွင် နေထိုင်လျက်ရှိပါသည်။

ဆရာဆိုင်သည် ရက်ကန်းဆရာတော်ကြီး၏ဩ၀ါဒအတိုင်း မန္တလေးမှာ သီဟိုဠ်(သီရိလင်္ကာ) က ပင့်ဆောင်လာသော ဗောဓိပင်ပေါက်လေးကို ရှင်သန်အောင် ပြုစုပျိုးထောင်ပါသည်။ ဗောဓိပင်ကို နေ့စဉ် ရေလောင်းပြီး ဗောဓိပင်အနီးမှာ တရားကျင့်ခဲ့ပါသည်။ ဗောဓိပင်ကလေး တဖြည်းဖြည်းကြီးလာတော့ ဗောဓိပင်အနီးမှာ တဲထိုးပြီး တရားဆက်ကျင့်ပါသည်။ မိမိပေါက်မြောက်သောအခါ လူများကို တရားဓမ္မဟောပြသွန်းသင်သည်။ဗောဓိပင်ကို အကြောင်းပြု၍ 'ဗောဓိမဏ္ဍိုင်ဆရာဆိုင်' ဟုအမည်ကျော်ခဲ့ကြောင်း၊ ဆရာဆိုင်ကို ရက်ကန်းစင်တောင်ဆရာတော်ကြီးက တိုင်းပြုပြည်ပြုတာ၀န်ပေးခဲ့သည်။

**ဆရာဦးရဲသူ**သည် ချင်းတိုင်းရင်းသား ဖြစ်ပါသည်။ ဆရာသည် ထွက်ရပ်လမ်းမ၀င်မီ ရန်ကုန်-မန္တလေးမီးရထားလမ်းအတိုင်း ဆယ်နှစ်လုံးလုံး ခြေကျင်လျှောက်၍ ကြေးစည်ထုပြီး မေတ္တာပို့ခဲ့သူပါ။ ထူးခြားအံ့ဩဖွယ်ရာဖြစ်ပါသည်။ သရဏဂုံတည်၍သီလမြဲကြပါစို့ဟု ဟစ်ပြီး ကြေးစည်တီးကာ ရန်ကုန်-မန္တလေး ရထားလမ်းဆုံးအောင် ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး သတိပေးခဲ့ရသည်။ အင်္ဂလိပ်၊ ဂျပန်နယ်ချဲ့များက အရူးဟန်ဆောင်ထားသော သူလျှိုထင်ပြီး ချုပ်နှောင် နှိပ်စက်တာခံခဲ့ရသည်။ သတ္တ၀ါတွေကို ကယ်ရန် လူ၀တ်၊ ရသေ့၀တ်၊ ရဟန်း၀တ်၊ အ၀တ်အမျိုးမျိုးပြောင်းပြီး ဂန္ဓာရီထွက်ခဲ့သည်။ ရက်ကန်းစင်တောင်ဆရာတော်ကြီးက ဆရာဦးရဲသူကို သာသနာကို စောင့်ရှောက်ရန် သာသနာ့ကြီးကိုင် တာ၀န်အပ်နှင်းခဲ့ပါသည်။

**ဆရာလှိုင်**၏ နာမည်အပြည့်အစုံမှာ ဦးချမ်းလှိုင် ဖြစ်ပါသည်။ မန္တလေး ဂေါ၀န်ဆိပ် စိန်ပန်းရပ်၊ ဂွမ်းပုံဈေးနားက ဝါဆိုကျောင်းတိုက်အနီးမှာ နေခဲ့ပါသည်။ အရပ်ပုပု၊ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ ခေါင်းတုံးနှင့်သာအမြဲနေ၍ ဘုန်းကြီးလူထွက်နှင့်တူပါသည်။ ဦးဝိန်နှင့် ဦးပိန် ဆိုသော သားနှစ်ယောက်ရှိပါသည်။ ငှက်ပြောကားဂိတ်မဆုံးမီအနီးတွင် ဦးချမ်းလှိုင် တည်ခဲ့သော ဘုရားတစ်ဆူရှိပါသည်။ မနီးမဝေးတွင် ရက်ကန်းစင်တောင်ဆရာတော်ကြီး တည်ခဲ့သော ဘုရားတစ်ဆူရှိပါသည်။ ဆရာလှိုင်သည် ဆုကြီးပန် ပါရမီရှင်တစ်ဦးဖြစ်ပြီး ရက်ကန်းစင်တောင်ဆရာတော်ကြီးက မနော မယကြီးကိုင်တာ၀န် အပ်နှင်းတော်မူခဲ့သည်။

ရက်ကန်းစင်တောင်ဘိုးဩဘာ၏ အဆက်အနွယ်ထဲတွင် အဖေရှင် ဆိုသူလည်း ပါဝင်လေသည်။ အဖေရှင်သည် စမတော်င်သာသနာကို ဖွင့်နိူးခဲ့သူဖြစ်သည်။ ဆကေသဓာတု ဓာတ်ဘုရားခြောက်ဆူကို ရှာဖွေသူလည်း ဖြစ်သည်။ ဦးဆောင်သူလည်းဖြစ်သည်။ အဖေရှင်သည် ဆရာဦးချမ်းလှိုင်၏ တပည့်တစ်ဦးဖြစ်ကြောင်း သိရပါသည်။ အဖေရှင်သည် ဆုကြီးပန်ပါရမီရှင်တစ်ဦးဖြစ်ပြီး ဓမ္မဝိဇ္ဇာ၊ နေမြင်၊လမြင်ပုဂ္ဂိုလ်ဟု အများက သိကြပါသည်။

၁၉၆၂ ခုနှစ်တွင် မန္တလေးမျက်ပါးရပ်မှာ ကောက်ညှင်းဆန်ဝယ်ပြီး ထမနဲထိုးကာ ခွေးများကို ဘိုးဩဘာဒါပြုကျွေးမွေးခဲ့ပါသည်။ ညဦးကတည်းက ခွေးတွေကို စိတ်မနောဖြင့် ဖိတ်ကြားထား၏။ ဘိုးဩဘာ၏ အပိုင်းအခြားအကန့်အသတ်မရှိသော မေတ္တာဓာတ်သည် အဟိတ်တိရစ္ဆာန်ဖြစ်သော ခွေးများကိုပင် ယဉ်ကျေးသိမ်မွေ့သွားပါသည်။ ခွေးအပေါင်းတို့သည် ဟိုကဒီက ညီညာဖျဖျ ရောက်လာကြပြီး လမ်းဘေးမှာ ဖျာတွေနှင့်ခင်းပြီးကျွေးသော ထမနဲများကို ငြိမ်သက်စွာ၊ စည်းကမ်းရှိစွာ စားကြသည်။ ခွေးများသည် တစ်ကောင်နှင့် တစ်ကောင် ရန်မစောင်၊ မာန်မဖီဘဲ ချစ်ကြည်စွာစားခဲ့ကြပြီး လာရာလမ်းကို တန်းစီပြီး စနစ်တကျ ပြန်သွားကြောင်း (လက်မှာအချုပ် ဆရာချန်၏ ဇနီး ဒေါ်လှဝိုင်းက) ပြန်ပြောပြခဲ့သည်။

၉-၅-၁၉၇၄ (ကြာသပတေးနေ့)

အဖေဦးရန်အောင်နှင့် ကျွန်တော်သည် ၁၀၇၊ ၇၄ လမ်း၊ စိတ္တရမဟီရပ် မန္တလေးရှိ ဂုဏ်ထူးဦးသိန်းနိုင် (မြန်မာစာ) အိမ်တွင် တည်းခိုနေသည်။ အဖေသည် ပြင်ဦးလွင်ရှိ သခင်အုန်းဖေ (ပြင်ဦးလွင်သခင်) ဒေါ်တင်တင်လှအိမ်တွင် အဖေ ဟူသော လုံးချင်းဝတ္ထုကို (၇)ရက်ကြာရေးပြီးနောက် မန္တလေးသို့ ဆင်းလာပြီး ရန်ကုန်ပြန်ရန် ရထားလက်မှတ်စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ (သခင်အုန်းဖေအိမ်သည် ၁၁၃၊ နန္ဒာလမ်း ကန်တော်ကြီးစောင်းတွင်ရှိသည်။ ထိုအချိန်၌ ကျော်ဟိန်း၊ ချိုပြုံး၊ မြင့်နိုင်တို့ ပါဝင်သော 'လွမ်းနေမယ်မမ' ရုပ်ရှင်ကားကို လာရိုက်နေချိန် ဖြစ်သည်။) ထိုစဉ် အဖေ့ထံသို့ အဖေ၏တူတော်သူ ပန်းချီအုန်းကြိုင် (မြို့မတေးအဖွဲ့ဥက္ကဋ္ဌ) ရောက်လာပြီး အဖေ့ကို ရက်ကန်းစင်တောင်လိုက်ပို့ချင်ကြောင်း ပြောလာသည်။ အဖေကလည်း မဆိုင်းမတွပ် လိုက်ရန် ဆုံးဖြတ်သည်။

မန္တလေးမှ မတ္တရာအထိ (၂၂) မိုင်ဝေးသည်။ မတ္တရာမှ ရက်ကန်းစင်တောင်ခြေအထိ မိုင် (၂၀) ဝေးသည်။ ရွာကလေးမှာ အိမ်ခြေ (၆၀) လောက်ရှိသည်။ ၁၃၃၀ ပြည့်နှစ်က တောကြီးဖြစ်ပြီးလျှင် တောင်ခြေရွာကလေးမှာ အိမ်ကလေးတစ်လုံး၊ နှစ်လုံးပဲရှိသည်ဟု သိရပါသည်။ မတ္တရာမှ မြောက်သို့ မော်တော်ကားလမ်းမှာ ကောင်းသည်။ မန္တလေး - သပိတ်ကျင်း - မိုးကုတ်လမ်း ဖြစ်သည်။ တစ်နေရာအရောက်တွင် 'ရက်ကန်းစင်တောင်' သို့ ဟူသော တင့်တင့်တယ်တယ်မှခ်ဦးကြီးကို လမ်းဘေးတွင် ထီးထီးမားမားကြီး မြင်လိုက်ရသည်။ မုခ်ဦးလမ်းခွဲမှချိုးကာ အနောက်စူးစူးသို့ထွက်ခဲ့ရသည်။ တောက်လျှောက် မြေလမ်းဖြစ်သည်။ အဝေးမှတောင်တန်းကြီးများကို မှိုင်းပျပျ မှုန်ရီရီ မြင်နေရသည်။ လမ်းဘေးဝဲ၊ ယာတချို့နေရာ၌ စိုက်ခင်းများ၊ တချို့နေရာ၌ ချုံနွယ်ပိတ်ပေါင်းများဖြင့် တောအတိရှိလေသည်။

ရက်ကန်းစင်တောင်တော်အခြေတွင် ရွာငယ်တစ်ရွာရှိသည်။ ၎င်းရွာကိုလွန်သည်နှင့် တောင်တော်တက်လမ်းတွေ့လိုက်ရသည်။ လမ်းမှာ နှစ်ခွဖြစ်သည်။ တစ်လမ်းမှာ မုခ်ပေါက်မှတက်ရသော ခြေကျင်တောင်တက်လမ်းဖြစ်၍ တစ်လမ်းမှာ တောင်ကိုပတ်၍တက်ရသော တောင်တက်လမ်း ဖြစ်သည်။ ကျွန်တော်တို့မှာ ကားဖြင့်လာသည်ဖြစ်ရာ ထိုတောင်တက်ကားလမ်းမှ တက်ရသည်။ လမ်း၏တစ်နေရာအရောက် ညာဘက်တောင်စောင်းတွင် စေတီတော်တစ်ဆူကို သပ္ပာယ်စွာ မြင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အောင်တော်မူစေတီတော် စာတန်းရေးထိုးထားပါသည်။ တော်မှာ ကိုးပေခန့်သာရှိသော ကျောက်သားဆင်ရုပ်ကြီး၏ပခုံး ၌ တည်ထားခြင်းဖြစ်လေရာ မြင့် သလိုရှိပြီး အမြင်တစ်မျိုးဆန်းနေ ဖူးမြင်ရသူတိုင်း ကြည်နူးရပါ ။ (ဤနေရာတွင် ရက်ကန်းစင် ဒုတိယဆရာတော်ဦးကလျာဏ အားထုတ် ပေါက်မြောက် အောင် ခဲ့ကြောင်း သိရသည်။) ကျွန်တော် ရက်ကန်းစင်တောင်ပေါ်သို့ ရောက် မှောင်နေလေပြီ။ လက်ရှိ ဆရာ ဦးသာသနက ကျွန်တော်တို့အား င်းသင်္ခမ်းအောက်နားရှိ ရက်ကန်း တောင်ပထမဆရာတော်ကြီး၏အောင် ခါတ်ခန်းတွင် နေရာချပေးလေရာ ခါတ်ခန်း၌ပင် အိပ်စက်ခဲ့ရသည်။

ရက်ကန်းစင်တောင်သို့ ရောက် အထူးအမှတ်ထားကျင့်ပွားအား သင့်သောနေရာထူး (၃) နေရာမှာ ဆုတောင်းပြည့်စေတီတော်၊ (၂) ပေါက်ခါတ်ကျောင်း၊ (၃) အောင် ကျောက်ဖျာနေရာတို့ ဖြစ်ကြသည်။

၁။ ဆုတောင်းပြည့်စေတီတော် အလောင်းစည်သူမင်း၏ ကောင်းမှု ဖြစ်ပြီး ဉာဏ်တော် (၃၆) ပေရှိ သီးသန့်ပရိဝုဏ်ရှိသည့်အပြင် ဓမ္မာ ည်းရှိသောကြောင့် အမှတ်ဝင်သူ အတွက် အဆင်ပြေ၏။

၂။ သိဒ္ဓိပေါက်ခါတ်ကျောင်းမှ ဆု င်းပြည့်စေတီမှ (၁၀၈)ကိုက်အကွာ ရှိကာ မိုးလုံလေလုံဖြစ်ပြီး ကျယ်ဝန်း ၊ ဦးခေါင်းရင်းတွင် ရက်ကန်းစင် င်ဆရာတော်ကြီး၏ရုပ်ပုံကို ထုလုပ် ထားသည်။ ဆရာတော်ကြီးအား ကာ အိပ်ရာ၊ ခုတင်တို့ကိုလည်း ရှင်း သပ်ရပ် သေသပ်စွာ ပြင်ဆင် သည်။

၃။ အောင်မြေကျောက်ဖျာသည် တန်းစင်တောင် ဆရာတော်ကြီး တ်မြောက်သွားရာနေရာထူး ဖြစ်ပါ ။ ဆုတောင်းပြည့်စေတီတော်၏ တောင်ထောင့်၊ သိဒ္ဓိပေါက်ခါတ် င်း၏အနီးတွင် ကြား၌ရှိပါသည်။ သဘာဝကျောက်ဖျာဖြစ်ပြီး ထောင့် ထောင့်၊ စတုဂံပုံသဏ္ဌာန်ဖြစ်ပြီး ခုင်းလေးပေရှိသည်။

ကျောက်ဖျာရှေ့တွင် 'အောင်သိဒ္ဓိ င်' ဘွဲ့စေတီတစ်ဆူရှိသဖြင့် အာရုံ ပွားများ၍ကောင်းလှသည်။



ရက်ကန်းစင်တောင်၏ အဓိကရ (၃) ဌာနအနီးတွင် ရက်ကန်းစင်တောင် ဆရာတော်ကြီး၏ထေရုပ္ပတ္တိကျောက်စာ တိုင်စိုက်ထူထားလေသည်။ ရက်ကန်း စင်တောင်ဆရာတော်ကြီး၏ လိုက်နာ မှတ်သားဖွယ်ရာ ဩဝါဒတချို့ကိုလည်း ထိုကျောက်စာ၌ မှတ်တမ်းပြုထားသည် မှာ-

ဒအို - သူတော်ကောင်းတို့ မဟာ ဂန္ဓာရီလမ်းမှန်ဆီသို့ အဆင့်ဆင့်တက်ဖို့ စည်းကမ်းပေးမည်။ လေးနက်စွာ လိုက်နာကြပါလော့။

၁။ ယုတ်မာညစ်ဆိုး မကောင်းမှုမျိုး စုံကို တစ်ရံတစ်ဆစ်မျှ မပြုလုပ် ကြပါနှင့်။
၂။ ဓမ္မိယလဒ္ဓ စင်စွာရသည့်ပစ္စည်း ကိုပင် မလိုချင်ဘဲ ရှောင်လွှဲကြ ရန်။
၃။ အဖော်မညှိ တစ်ကိုယ်တည်းသာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းနေရန်။
၄။ ဆရာ၊ မိဘ အလိုကျဖြင့် မိတ္တ ကလျာစည်းရုံးရာသည်။
၅။ ကမ္မဋ္ဌာန်းအာရုံ တကယ်ထုံ အောင် နေ့စဉ်ပွားများအားထုတ် ပါ။
၆။ ရပြီးကမ္မဋ္ဌာန်း ထိုထက်ဆန်း အောင် ထပ်ထပ်ခါခါ ရှုမှတ်ပါ လော့။
၇။ ဖြူစင်သီလ မြတ်ဓမ္မကို နေ့ည မကွာ စောင့်စည်းပါ။
၈။ ပညာရှိကို ချစ်ခင်မြတ်နိုးရိုကျိုး ပါ။
၉။ နိဗ္ဗာန်သည်သာ အားထားရာဟု ဘာဝနာလမ်းမြတ် ကမ္မဋ္ဌာန်းကို ကြိုးစားကာဖြင့်နေပါ။
၁၀။ ဆရာ့ဆရာ သူတော်စွာတို့ပြုပြု သမျှ ပဋိပတ္တိဒါနကုသလကို ခံစားလို မှု တောင်းဆုယူပါ။

ဤသို့သာလျှင် စည်းကမ်း (၁၀) ချက် မပျက်စေအောင် ကျင့်ကြံဆောင် ကာ ဝိဇ္ဇာမိုရ်ရခေါ်ငြား သင်သူတော် ကောင်းတို့ မဟာဂန္ဓာရီလမ်းမြတ်ဆီသို့ ရောက်မည်မလွဲဧကန်ပဲဟု လေးမြတ် သာလှ မြတ်ဩဝါဒကို အရေးတယူပေး တော်မူကာ. . .

ဟူ၍ ဖတ်ရှုမှတ်သားရပါသည်။

၂၄၊ ဧပြီ၊ ၁၉၇၀၊ စနေနေ့နံနက် စောစောတွင် -

"မောင်ချစ်ဖေ၊ ကားအဆင်သင့် ဖြစ်ပြီလား။ ငါခန္ဓာကိုယ်ကြီးမသယ်ချင် တော့ဘူးကွ"

ဟု ဆရာတော်ကြီးက မိန့်ဆိုပါ သည်။

ဤသို့ဖြင့် ဆရာတော်ကြီးသည် တောင်ကြီးမြို့နှင့် ခါတ်တူနံတူဖြစ်သော တောင်ငူမြို့ ဒေါ်ကြည်၏ နေအိမ်တွင် ၁၃၃၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ရက် (၂၄၊ ဧပြီ၊ ၁၉၇၀) စနေနေ့နေ့ လယ် (၂) နာရီတွင် ဘဝတစ်ခု၊ ခန္ဓာ တစ်ခုကို စွန့်တော်မူလျက် ထွက်တော် မူခဲ့ကြောင်း သာသနာပြု စာရေးဆရာ မောင်သွေးချွန်က ရက်ကန်းစင်တောင် ဆရာတော်ကြီး၏တပည့် အင်းလေး ဒေသမှ သက်တော်ရှည် သာသနာပြု ဆရာတော်ကြီး ဦးဂန္ဓမာ၊ ဝိဇ္ဇာရသစုံ မဂ္ဂဇင်း၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊ စာမျက်နှာ (၆၄) တွင် အတိအကျ ဖော်ပြထားလေသည်။

ဤဆောင်းပါးဖြင့် ရက်ကန်းစင် တောင်ဆရာတော်ဘုရားကြီး ဦးဩဘာ သနှင့် အဖေ ဦးရန်အောင်တို့ကို ဦးခိုက် လျက်။

တင်အောင် (စက်မှုဘက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ဆရာမောင်ပန်းမွှေး၊ မြန်မာစာ ဆရာ၊ တက္ကသိုလ်မြန်မာစာဌာန၏ ပြောကြားချက်များ။
၂။ ဝိဇ္ဇာရသစုံ မဂ္ဂဇင်း၊ ၂၀၀၈ ခု၊ စက် တင်ဘာလ၊ စာ ၆၄၊ မောင်သွေး ချွန်၏ ရက်ကန်းစင်တောင်ဆရာ တော်ဘုရားကြီး၏ မဟာဂန္ဓာရီ လမ်းမြတ်ဆီသို့ ဆောင်းပါးကြီး။
၃။ သာသနာပြု ဆရာကြီးဦးအောင် ဟန်၊ ရက်ကန်းစင်တောင်ဆရာ တော်ကြီးနှင့် ပန်းထိမ်ဆရာတစ်ဦး ဝတ္ထု၊ ပထမံတရားမဂ္ဂဇင်း၊ စာ- ၁၃။



www.burmeseclassic.com

www.burmeseclassic.com



**စစ်ကွင်းဆရာတော်ကြီး၏ထွက်ရပ်ခရီး**

ထို့နောက် မှန်ခေါင်းနှင့် ယာယီ စံနန်းဆောင်တို့၏ လုံခြုံရေးအတွက် ဆရာကြီး ဦးဘဟန်သည် အစောင့်များကိုချထားလိုက်၏။ ဤနေရာ၌ အစောင့်ချထားရခြင်းမှာ အရေးကြီး၍ချထားရခြင်း ဖြစ်၏။ အစောင့်မချလျှင်မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့၏ရုပ်ကလာပ်ကို ခိုးယူအသုံးချသူတို့၏ရန်ကလည်းရှိသေး၏။ သို့တည်းမဟုတ် ဖျက်လိုဖျက်ဆီးအနှောင့်အယှက်ပြုလိုသူတို့၏ရန်ကလည်းရှိနိုင်ပါသည်။ အဆိုပါ ဖျက်လိုဖျက်ဆီးပြုလိုသူတို့ဆိုသည်မှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ ထုံးစံအရ မီးမသဂြိုဟ်ရပေ။ ဂူသွင်းမြှုပ် နှံရသည့် အစဉ်အလာရှိရပေ၏။ ထိုတို မသိ၍ဖြစ်စေ၊ တမင်သိလျက်နှင့်ဖြစ်စေ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်က ဘုန်းကြီးရဟန်း



www.burmeseclassic.com

www.burmeseclassic.com



# ပထမံပိဋကဓရ
# ထွက်ရပ်ပေါက်လောကီပညာနှင့်
# ၂၆
# ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး

ပထမံဆရာဦးအေးရွှေ

ဖြစ်နေလျှင် အချို့က -

"ဟာ - ဘုန်းကြီးပျံဆိုတာ ဘယ့်နှယ်ဂူသွင်းရမှာလဲ။ ဘုန်းကြီးပျံ ဆိုရင် အန္တိမအဂ္ဂိစျာပနဆိုပြီး လောင်တိုက်သွင်း မီးသင်္ဂြိုဟ်ရတဲ့အစဉ်အလာ ပဲရှိပါတယ်။ ဒါကြောင့် ဂူသွင်းလို့မရဘူး။ မီးပဲသင်္ဂြိုဟ်ရမယ်။ ဒါအမှန်ဆုံးပဲ"

ဟူ၍ လည်းကောင်း -

အချို့ကလည်း -

"အဲဒီလို မီးသင်္ဂြိုဟ်ပြီး အန္တိမအဂ္ဂိစျာပနပွဲလုပ်မှ ဘုန်းကြီးပျံပီသတယ်၊ ပွဲလေးလမ်းလေးလည်း ထည့်လို့ရမယ် မဟုတ်လား"

ဟူ၍ လည်းကောင်း -

အချို့ကလည်း -

"ဘုန်းကြီးပျံဆိုတာ မီးသင်္ဂြိုဟ်မှ မြိုင်မြိုင်ဆိုင်ဆိုင် ဘုန်းကြီးပျံပွဲကျင်းပလို့ရတယ်"

ဟူ၍ လည်းကောင်း -

အချို့ကလည်း ဘာမသိညာမသိဖြင့် -

"ဘုန်းကြီးဆိုတာ ပျံတော်မူမှတော့ ကျန်နေတဲ့ ဟောဒီရုပ်ကြီးကို ဘာလို့ စွဲလမ်းတပ်မက်နေမှာလဲ။ သံယောဇဉ်တွယ်မနေနဲ့။ သေပြီးမှတော့ ဒီရုပ်ကြီး ဘာသုံးလို့ရဦးမှာလဲ။ တစ်ခါတည်း မီးသင်္ဂြိုဟ်လိုက်တာကအေးတယ်၊ ပြတ်တယ်၊ အကောင်းဆုံးပဲ။ ဗုဒ္ဓဝါဒနဲ့လည်း ကိုက်ညီတယ်"

ဟူ၍ လည်းကောင်း အမျိုးမျိုးဝေဖန်ပြောဆိုပြီး သင်္ဂြိုဟ်ရန် စီစဉ်တတ်ကြ၏။ ထို့အတူ ထွက်ရပ်ပေါက်လူပုဂ္ဂိုလ်များဆိုလျှင်လည်း အထက်နည်းအတိုင်းပင် -

"ဗုဒ္ဓဘာသာလည်းဆိုသေးတယ်၊ သေပြီးမှတော့ ဒီရုပ်အလောင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့ခင်တွယ်နေမှာလဲ၊ တစ်ခါတည်း မီးရှို့လိုက်တာ မပြတ်ဘူးလား”

စသည့်စကားများဖြင့် မီးသဂြိုဟ်ရန် အားထုတ်သူက အများစုဖြစ်တတ်၏။

ထိုအခြေအနေတွင် မီးသဂြိုဟ်ရန် ဆန္ဒပြုသူကများပြီး ထိုသူများအလိုအတိုင်း မီးသာသဂြိုဟ်လိုက်ပါက တစ်ဖက်မှ ထွက်ရပ်စခန်းသွားသူအတွက် အကြီးအကျယ်ပြဿနာပေါ် စေပါတော့သည်။ အဆိုပါ မီးသဂြိုဟ်ခြင်းကိစ္စသည် အခြားတစ်ပါးသောသာမန်ပုဂ္ဂိုလ်များအတွက် မည်သို့မျှမထူးသော်လည်း ထွက်ရပ်လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အတွက်ကား ထူး၏။ အရေးကြီး၏။

ထွက်ရပ်ဆိုင်ရာပုဂ္ဂိုလ်များသည် လက်ရှိခန္ဓာအား နောင်ထွက်ရပ်ပြုပြီး အချိန်တွင်လည်း ပြန်၍ တစ်နည်းတစ်ဖုံ အသုံးပြုကြရသောကြောင့် ဖြစ်၏။ ထို့ကြောင့် ထွက်ရပ်ပေါက်ဆိုင်ရာပုဂ္ဂိုလ်များအတွက် ယခင်ဘဝမှရုပ်ခန္ဓာသည် အရေးကြီး၍လိုအပ်ခြင်း ဖြစ်၏။

သို့ပါသောကြောင့်လည်း အဆိုပါ ရုပ်ခန္ဓာအား အခြားသော မသက်ဆိုင်သူများအနေဖြင့် မဆင်မခြင် မီးသဂြိုဟ်ခြင်းကို သတိပြုဆင်ခြင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ထွက်ရပ်ပေါက်စခန်းပြုသည့်ကိစ္စတွင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ ဂူသွင်းကြရခြင်း ဖြစ်ပါသည်။

ထို့ပြင် စပ်ကူးမပ်ကူးထွက်ရပ်ပြုသည့်ပုဂ္ဂိုလ်တို့၏ ရုပ်ကလာပ်ကိုလည်း အခြားသော လောကီပညာ၊ လောကီကိစ္စများတွင် အသုံးပြုလိုသဖြင့် အလိုရှိသူတို့ကလည်း ရှိကြပါသေးသည်။ သို့ဖြစ်ပါ၍ ထွက်ရပ်ပြုသည့်ပုဂ္ဂိုလ်၏ ရုပ်ကလာပ်နှင့် ပတ်သက်၍ဆိုရပါမူ ရန်သူများပတ်လည်ဝိုင်းနေသည်ဟု ဆိုရမည် ဖြစ်ပါသည်။

အဆိုပါ ပြဿနာအပေါင်းကို ကောင်းစွာသိထားသော ဆရာကြီး ဦးဘဟန်ခေါ် ဆရာတော်ဦးပညောဘာသက အသေအချာ အစောင့်အရှောက်ခိုင်းခြင်း ဖြစ်၏။ ဆရာတော်ဦးပညောဘာသလည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မှန်ခေါင်းထဲသွင်းပြီးနောက် အချိန်အနည်းငယ်ကြာသောအခါ ထူးခြားသော အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာလေ၏။

ထိုထူးခြားသည့်အဖြစ်အပျက်မှာ မှန်ခေါင်းထဲသို့ ထည့်သွင်းထားသော ဆရာတော်ကြီး၏ရုပ်ကလာပ်မှ အပုပ်နံ့ထွက်လာခြင်းပင်ဖြစ်၏။ အဆိုပါအပုပ်နံ့သည် တစ်စထက်တစ်စ ပို၍ပို၍နံလာ၏။ နောက်ဆုံးတွင် ထိုအနံ့သည် မနေနိုင်အောင်၊ မခံမရပ်နိုင်ဖြစ်လောက်အောင်ပင်နံလာသဖြင့် ဆရာတော် ဦးပညောဘာသသည် ကြံရာမရတော့ဘဲ သံခေါင်းတစ်ခုထပ်လုပ်ကာထည့်ထားလိုက်ရတော့၏။

အဆိုပါ စစ်ကွင်းဆရာတော်ကြီး၏ရုပ်ကလာပ်မှအပုပ်နံ့ မခံသာအောင် ထွက်ပေါ်လာသဖြင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်အနီးတွင် ရည်ရွယ်ချက်အမျိုးမျိုး၊ လိုလားချက်အဖုံဖုံနှင့် ရောက်ရှိလာကြသောပရိသတ်အတော်များများသည် အတော်ပင် ရှင်းသွားတော့၏။ သူတို့၏ မူလထင်မြင်ယူဆချက်မှာ စစ်ကွင်းဆရာတော်ကြီးသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဖြစ်၏။ ထို့ကြောင့် ဆရာတော်ကြီး၏ရုပ်ကလာပ်သည် ပုပ်ခြင်း၊ ပွခြင်း၊ နံစော်ခြင်း မည်သို့မျှမဖြစ်နိုင်ဟု မှတ်ထင်ထားကြ၏။ သို့သော် ယခုလက်တွေ့ အခြေအနေအရ အထင်နှင့်အမြင် ပါစင်အောင်လွဲကာ အလွန်တရာပင် ပုပ်စော်နံလာသဖြင့် မည်သို့မျှ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မဖြစ်နိုင်တော့။ သူတို့အထင်မှားပြီဟုဆိုကာ ပြန်သွားကြသဖြင့် မူလက တိုးမပေါက်အောင်ဖြစ်နေသော ပရိသတ်သည် အတော်ပင် ရှင်းသွားလေတော့၏။ အလျှိုလျှိုပြန်သွားကြလေတော့၏။

ထိုသို့ စစ်ကွင်းဆရာတော်ကြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မဖြစ်နိုင်ဟု ထင်မြင်ယူဆကာ ပြန်သွားကြသည့်ပရိသတ်ထဲတွင် အခြားသူများမဆိုထားဘိ သူ၏ လက်ရင်းတပည့်နှင့် ဤပွဲကို စီစဉ်ကျင်းပသူ ဆရာတော် ဦးပညောဘာသခေါ် ဆရာကြီး ဦးဘဟန်ပင် ပါဝင်၏။

ဆရာတော်ဦးပညောဘာသလည်း လက်တွေ့ကြုံရသည့်ဖြစ်ရပ်နှင့် ပတ်သက်၍ စိတ်ပျက်လက်ပျက်ဖြစ်ကာ လူအချို့အား နောက်ရက်တွင် စစ်ကွင်းဆရာတော်ကြီး၏ရုပ်ကလာပ်ကို ဂူသွင်းရန်ကိစ္စအဝဝကိုလုပ်ကိုင်ကြရန်၊ အမှားအယွင်းမရှိစေရန် အစီအစဉ်ချမှတ်ပြီးနောက် စစ်ကွင်းမှ ရန်ကုန်မြို့သို့ ခေတ္တခဏပြန်ကြွလာခဲ့၏။

ဆရာတော်ဦးပညောဘာသလည်း ရန်ကုန်မြို့ ရွှေတိဂုံဘုရားမြောက်ဘက်ရှိ ငါးဆူကုန်းကျောင်းသို့ရောက်သော အခါ စိတ်ပျက်အားလျော့စွာဖြင့် ခုတင်ပေါ်တွင် လဲလျောင်းကာ အောက်ပါအတိုင်း တစ်ကိုယ်တည်း စဉ်းစားခန်းဝင်[illegible]မိတော့၏။

'အင်း - ငါလည်းဝိဇ္ဇာဖြစ်ချင်လို့ ဒီပညာတွေဒီလမ်းစဉ်တွေကို နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ပြီးတော့ လုပ်ခဲ့လိုက်ရတာ။ အခုတော့ အားလုံး အလကားဖြစ်ကုန်ပြီ။ စစ်ကွင်းဆရာတော်ကြီးတောင် ဒီလိုပုပ်ပွနံစော်ပြီးသေ[illegible]မှတော့ ဘာလုပ်တော့မှာလဲ'

ဟု တစ်ကိုယ်တည်း မိမိပညာ မိမိလုပ်ကိုင်ခဲ့သမျှ သဲထဲရေသွန်အဖြစ် မျိုးကြုံရလေခြင်းဟု ယူကျုံးမရဖြစ်နေစဉ် အခြား မည်သူတစ်စုံတစ်ဦးမျှမရှိသည့် သူ၏ကျောင်းအပေါ်ထပ်မှ -

“အဟမ်း၊ အဟမ်း”

ဟု ချောင်းဟန့်သတိပေးသည့် အသံတစ်သံကို ကြားလိုက်ရသဖြင့် ဆရာတော် ဦးပညောဘာသလည်း အလန့်တကြားဖြစ်သွားခဲ့၏။ ထိုချောင်းဟန့်သံနှင့်အတူ တစ်ဆက်တည်းတွင် -

“ဟော့ - မောင်ပညော၊ မင်းဘာ မဟုတ်တာတွေကိုစဉ်းစားနေတာလဲ”

ဟူသော ဟန့်တားလိုက်သည့် အသံကို ကြားလိုက်ရပြန်သဖြင့် ခုတင်ပေါ်တွင် လဲလျောင်းနေရာမှ ကပျာ[illegible] သီကုန်းထပြီး အပေါ်ထပ်သို့ အပြေး[illegible] လွှား တက်ကြည့်လိုက်သောအခါ စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ[illegible] အထင်အရှားပင် ဖူးတွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာဖြစ်ကာ ဦးချကန်တော့[illegible] လိုက်တော့၏။ ပြီးနောက် သူ၏နှုတ်[illegible] လည်း -

“တပည့်တော်မှားပါတယ်ဘုရား မကြံအပ်မစည်ရာကိုကြံမိပါတယ်ဘုရား တပည့်တော်ကို ခွင့်လွှတ်တော်မူပါ”

ဟု လက်အုပ်ချီပြီး တောင်း[illegible] လိုက်၏။ ထိုအခါတွင်မှ စစ်ကွင်းဆရာ[illegible] တော်ကြီးလည်း ပျောက်သွားတော့၏။ ထိုအခါတွင်မှ ဦးပညောဘာသလည်း စိတ်ထဲရှင်းသွားတော့၏။ ထို့အတွက် နောက်တစ်နေ့တွင် ဦးပညောဘာသ[illegible] သည် ဆရာတော် ဦးစန္ဒောဘာသ[illegible] ရုပ်ကလာပ်ထားရှိရာ စစ်ကွင်းမြို့[illegible] အလျင်အမြန် သွားရောက်လေတော့၏။

ဦးပညောဘာသလည်း စစ်ကွင်း[illegible] မြို့သို့ ဂူသွင်းရန် အလျင်အမြန် ပြင်ဆင်[illegible] လေတော့၏။ ဦးစန္ဒောဘာသ၏အုတ်[illegible] ကို ယခု စစ်ကွင်းကျွန်းတောကျောင်း[illegible] ဂန္ဓာကုဋိတိုက်နေရာတွင် အပေါ်[illegible] လုပ်ကိုင်ကြ၏။ ဂူဆောက်လုပ်ပြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

သွားသောအခါ အခေါင်းကို အမြန်သွင်းရန် စီစဉ်ကြ၏။ ဦးစန္ဒောဘာသက အခေါင်းကို အသာလှပ်ကြည့်လိုက်၏။ သို့သော် ဆရာတော်ကြီးရုပ်အလောင်းကို အခေါင်းထဲတွင် မတွေ့ရတော့ပေ။ အဆိုပါအခေါင်းထဲတွင် ဆရာတော်ကြီး ဝတ်ရုံခဲ့သည့်သင်္ကန်းကိုသာတွေ့ရသဖြင့် အံ့ဩခဲ့ရပြန်၏။

စစ်ကွင်းဆရာတော်ကြီး၏ ထွက်ရပ်ဝှသည် ယခုဂန္ထကုဋိတိုက်အတွင်းရှိ ဘုရားဆင်းတုတော်ကြီး၏ ပလ္လင်ခုံအောက်တွင် တည်ရှိပါသည်။

စစ်ကွင်းဆရာတော်ဘုရားသည် ထွက်ရပ်စခန်းကြွမြန်းတော်မူပြီးနောက်တွင်လည်း စစ်ကွင်းဆရာတော်ကို အချို့သောပုဂ္ဂိုလ်တို့သည် နေရာဒေသအမျိုးမျိုးတွင်ဖူးတွေ့ကြရကြောင်း မကြာခဏ သတင်းများ ကြားနေရပါသည်။ ယနေ့အချိန်အထိ အချို့သောနေရာများသို့ ဆရာတော်ကြီးကိုယ်တိုင်ကြွရောက်လေ့ရှိကြောင်း သိရှိရပါသည်။

စစ်ကွင်းဆရာတော်ကြီး ထွက်ရပ်စခန်းမြန်းပြီးနောက် ပထမဦးဆုံး ပြင်ပတွင် ပြန်တွေ့ရသည့်ပုဂ္ဂိုလ်မှာ ဆရာတော် ဦးပညောဘာသဖြစ်၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မသင့်သောအတွေးမျိုးကို တွေးခဲ့သဖြင့် ဆရာတော်ကြီးကိုယ်တိုင်ကြွလာပြီး ထင်ရှားပြခြင်းဖြစ်၏။ အချို့သော ဆရာတော်ကြီးကိုယ်တိုင်ကြွလာပြီး ထင်ရှားပြခြင်း ဖြစ်၏။ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အဆိုအရမူ သူသည် စစ်ကွင်းဆရာတော်ကြီး ထွက်ရပ်စခန်းကြွမြန်းပြီး ရုပ်ကလာပ် စစ်ကွင်းရောက်ရှိနေချိန်ကာလတွင်ပင်ဖြစ်မည်။ သို့သော် ထိုပုဂ္ဂိုလ်သည် စစ်ကွင်းဆရာတော်ထွက်ရပ်စခန်းကြွမြန်းသွားကြောင်း မသိသေးပေ။ ထိုအချိန်တွင် သူသည် ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ စစ်ကွင်းဆရာတော် ဆွမ်းခံကြွသွားကြောင်း ဖူးတွေ့ရပါသည်။

ထို့ပြင် စစ်ကွင်းကျွန်းတောကျောင်းတွင် ကျောင်းထိုင်သည့် ဆရာတော်ကြီး ဦးပညာဝံသထံသို့ လေးကျွန်းမြင့်မိုရ်မဟာကုဒ္ဒိမယစေတီတော်တည်ထားရန်နှင့် မူလဘုရားပန္နက်ငုတ်ဟောင်းကို ရှာဖွေရန် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသကိုယ်တိုင်ကြွရောက်လာပြီး မိန့်ကြားခဲ့ပါသည်။

ထို့မှမက စစ်ကွင်းဆရာတော်ကြီး၏သားတပည့်ဆရာကြီးဦးစိုးမင်းအောင်ထံသို့လည်း စစ်ကွင်းဆရာတော်ကြီးသည် ယနေ့ထက်တိုင် မကြာခဏ ကြွရောက်လာလေ့ရှိကြောင်း၊ သူ့အင်းဆွဲလျှင်လည်း လိုအပ်သည်များရှိပါက ပြောဆိုညွှန်ပြလေ့ရှိကြောင်း၊ လိုအပ်သည့် ပညာလမ်းစဉ်များကိုလည်း ထပ်မံညွှန်ကြားလေ့ရှိကြောင်း ဆရာကြီးကိုယ်တိုင်က မကြာခဏ မြွက်ဟပြောကြားလေ့ရှိပါသည်။

အမေ ဒေါ်သန်းစိန်ကလည်း စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသသည် သူ့ထံသို့ မကြာခဏကြွလာလေ့ရှိကြောင်း၊ အမေဒေါ်သန်းစိန်က သိလိုသည်များရှိပါကလည်း ဆရာတော်ကြီးကို မေးမြန်းလျှောက်ထားလျှင် ကိုယ်တိုင်ဖြေကြားပေးလေ့ရှိကြောင်း ဆိုပါသည်။

မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်ဆရာကြီး ဦးထွန်းမြိုင်ထံသို့လည်း မကြာခဏကြွရောက်လာလေ့ရှိကြောင်းကို လည်းကောင်း၊ တစ်ခါတစ်ရံတွင် ဆရာကြီးကို ညဘက်အချိန်အခါများ၌ လာရောက်ခေါ်ငင်ပြီး ဘုရားစေတီပုထိုးများ၊ တောတောင်များ၊ ထူးခြားဆန်းကြယ်သောနေရာများသို့ သွားရောက်လေ့ရှိကြောင်း ဆရာကြီး၏ မိန့်ဆိုချက်များအရ သိရပါသည်။

အမေဒေါ်မြယဉ်ကလည်း အရေးပါသော အကြောင်းကိစ္စများပေါ်ပေါက်ပါက စစ်ကွင်းဆရာတော်ကြီးအားတ, ပါက ကြွရောက်လာလေ့ရှိကြောင်း၊ ကြုံတွေ့နေရသော ပြဿနာများအတွက် လိုအပ်သည်များကိုလည်း ညွှန်ကြားလေ့ရှိကြောင်း ဆိုပါသည်။

ထို့မှမက ယနေ့ထက်တိုင် စစ်ကွင်းဆရာတော်ကို ဖူးတွေ့ရသူများ စွာပင်ရှိနေပါသည်။ စစ်ကွင်းဆရာတော်သည် တပည့်၊ ဒကာ၊ သား၊ သမီး၊ မြေး၊ မြစ်များအပေါ်တွင် မေတ္တာတရားအားကြီးသလို သံယောဇဉ်လည်းကြီးလှပါသည်။ အမြဲတမ်း မပြတ်မလပ်လည်း စောင့်ရှောက်နေပါသည်။ ဆရာတော်သည် ပညာရပ်နှင့် ပတ်သက်လျှင် သိုသိပ်ကျစ်လျစ်သော်လည်း လိုအပ်ပါက တပည့်သားသမီးမြေးမြစ်များအတွက် ပညာရပ်ကို ထုတ်သုံးလေ့၊ ထုတ်ဖော်ပြသလေ့ရှိပါသည်။

ဆရာတော်ကြီးနှင့် ပတ်သက်၍ ထူးခြားပြီး လူပြောများသည့်အချက်တစ်ရပ်ရှိပါသည်။ ထိုအချက်မှာ တရားထိုင်သည့်ကိစ္စ ဖြစ်၏။ ထိုကိစ္စနှင့်ပတ်သက်၍ အနည်းငယ် ဖော်ပြလိုပါသည်။ စစ်ကွင်းကျွန်းတောကျောင်းတွင် ဆရာတော်တရားအားထုတ်သည့်နေရာရှိ၏။ ထိုနေရာကို ဂူနီဟုခေါ်၏။ ထိုဂူနီသည် ယခုနောက်ဝိုင်းတွင် တည်ထားသော သိမ်၏ အနောက်ဘက်တွင် တည်ရှိ၏။ အချို့သောစူးစမ်းလိုသည့်တပည့်ဒကာတို့က ဆရာတော်ကြီး ဂူနီတွင် တရားထိုင်လျှင် သွားရောက် လေ့လာ အကဲခတ်ကြ၏။ သူတို့အဆိုအရ ဆရာတော်ကြီး တရားထိုင်လျှင် မြေပြင်မှတစ်ထွာတစ်မိုက်လွတ်နေလေ့ရှိကြောင်း၊ အချို့သောပုဂ္ဂိုလ်တို့သည် ကိုယ့်မျက်စိကို ကိုယ်မယုံသဖြင့် ကိုယ်တိုင် လက်ဖြင့် သွားရောက်ပင်စမ်းသပ်ကြောင်း၊ အမှန်တကယ်ပင်လွတ်နေကြောင်း ဆိုကြပါသည်။

စစ်ကွင်းဆရာတော်ဘုရားသည် ထွက်ရပ်စခန်းမကြွမြန်းမီ အချိန်များမှာလည်း တစ်ချိန်လုံး ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်လုပ်ငန်းများကို တစ်လျှောက်လုံးလုပ်ကိုင်ခဲ့ပါသည်။

ဆရာတော်ကြီးသည် ကျိုက်ထီးရိုးရသေ့တောင်ရှိ သာသနိကအဆောက်အအုံများကို ပြုပြင်မွမ်းမံခဲ့၏။ ထို့အပြင် ရွှေတိဂုံဘုရားမြောက်ဘက်ရှိ သေွးဆေးကန်အနီး ငါးဆူကုန်းတွင် ကုဒ္ဒိမယနိမ္မိတစေတီတော်မြတ်ကို တည်ထားကိုးကွယ်တော်မူခဲ့၏။ ရွှေတိဂုံဘုရားသွေးဆေးကန်ဘက်ရှိ ရှေးနှစ်ပေါင်းနှစ်ရာကျော်က တည်ရှိခဲ့သည့် လောဟမဟာပါသာဒ ဝိဇ္ဇာ၊ ဇော်ဂျီရုပ်တုနှစ်ခုကို ပြန်လည်မွမ်းမံခဲ့၏။ ရွှေတိဂုံဘုရားရင်ပြင်မြောက်ဘက်ရှိ ဝိဇ္ဇာတန်ဆောင်းအတွင်း ဗုဒ္ဓရုပ်ပွားတော်များ၊ ဝိဇ္ဇာရုပ်များကို ထုလုပ်တည်ထားခဲ့၏။ မွမ်းမံခဲ့၏။ စစ်ကွင်းကျွန်းတောကျောင်းတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးများ၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်ခဲ့၏။

ထို့အပြင် ရွှေတိဂုံဘုရားဘဏ္ဍာတော်ထိန်းအဖွဲ့သို့ ငွေနှစ်သောင်းငါးထောင်ကို မ,တည်ငွေအဖြစ် လှူဒါန်းခဲ့၏။ ထိုငွေမှရသော အတိုးငွေများဖြင့် ချို့ယွင်းပျက်စီးနေသော တန်ဆောင်းများကိုပြုပြင်သွားရန်ဖြစ်ပါသည်။ အဆိုပါ တန်ဆောင်းများပြုပြင်ရန် လှူဒါန်းထားသည့်ငွေများဆိုင်ရာ ရေစ္စရီစာချုပ်ကို ၂၆-၁-၁၉၆၅ ခုနှစ်က ရွှေတိဂုံ



www.burmeseclassic.com

www.burmeseclassic.com

**ဘုရားလူကြီး** ပုဂံဦးဘဂျမ်းကိုယ်တိုင်တုသိုလ်ဖြစ်ရေးပေးခဲ့ပါသည်။

ဆရာတော်ကြီး၏ **ထွတ်ရုပ်စေနံ** ပြန်ခါနီးပြုခဲ့သော **အခြားအလှူများမှာ** ၆-၁၂-၁၉၆၄ ခုနှစ်၌ **ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံတို့**သို့ အလှူတော်ငွေ (၁၀၀၀၀) ကျပ်စီ လှူဒါန်းခဲ့ပါသည်။

ဆရာတော်ကြီး၏အထူးနှစ်ခြိုက်ပြီး ခံယူကျင့်သုံးလုပ်ကိုင်ခဲ့သည့်လုပ်ငန်းကြီးမှာ ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်လုပ်ငန်းပင် ဖြစ်ပါသည်။ ထိုလုပ်ငန်းကို သူ၏ ဘဝတစ်လျှောက်လုံးတွင် အထူးဝါယမစိုက်ထုတ်လုပ်ကိုင်ခဲ့ပါသည်။

ဆရာတော်ကြီး၏ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်လုပ်ငန်းဆိုသည်မှာ ဘုရား၊ ပုထိုး၊ ရုပ်ပွားတော်များနှင့် သိမ်၊ တန်ဆောင်း၊ ကျောင်းကန်၊ ဇရပ်များကို ပြုပြင်မွမ်းမံ ပြင်ဆင်သည့်လုပ်ငန်းပင်ဖြစ်ပါသည်။

ယခုဆက်လက်ပြီး စစ်ကွင်းဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သည့် လောကီရေးရာ၊ လောကုတ္တရာရေးတို့အတွက်ပါ အကျိုးစီးပွားများ တိုးပွားများပြားစေသည်။ ပရိတ်တော်၊ ဂါထာ၊ မန္တန်များကို မပျောက်ပျက်စေရန် လည်းကောင်း၊ နောင်လာနောင်သားလိုက်ပါဆောင်ရွက်လိုသူများ၏အကျိုးကို ရည်ရွယ်၍လည်းကောင်း၊ လူအပေါင်းတို့၏အကျိုးစီးပွားအားလုံး ကြီးပွားတိုးတက်စေရန်ကိုလည်းကောင်း ရည်ရွယ်၍ ဖော်ပြလိုပါသည်။

အဆိုပါ ဂါထာမန္တန်များနှင့် ပတ်သက်၍မူ အနည်းငယ် ဖော်ပြလိုပါသည်။ စာရေးသူသည် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက လူပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ဆုံတွေ့ခဲ့ရဖူး၏။ သူ၏အမည်မှာ ဦးဘကြည်ဖြစ်၏။ သူသည် ဝင်ဆာလမ်းတွင် နေထိုင်သူဖြစ်ပြီး လွန်စွာလည်းချမ်းသာကြွယ်ဝသူ ဖြစ်ပါသည်။

ဦးဘကြည်သည် စစ်ကွင်းဆရာတော်ကြီးကို ယုံကြည်သဖြင့် တပည့်အဖြစ် ဆည်းကပ်ကာ ကိုးကွယ်ခဲ့သူဖြစ်၏။ ထိုအခါ စစ်ကွင်းဆရာတော်ကြီးက ဦးဘကြည်အား ကျင့်သုံးဆောက်တည်ရန်အတွက် ဆုံးမဩဝါဒများ၊ ဘုရားရှိခိုးစာများ၊ အန္တရာယ်ကင်းဂါထာများ၊ ဆုတောင်းမေတ္တာပို့များကိုပါ မကျန်အောင် မိန့်ကြားခဲ့သဖြင့် နာယူမှတ်သားခဲ့၏။ ယုံယုံကြည်ကြည်၊ စွဲစွဲမြဲမြဲဝင် **ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အားထုတ်ခြင်းအမှုတို့ကို** ပြုလုပ်ခဲ့၏။ **ဦးဘကြည်သည်** ထိုသို့ အားထုတ်ခြင်း **တို့ကို** ၁၉၃၄ ခုနှစ်ကတည်းက **လုပ်ကိုင်ခဲ့၏။** ထို့ကြောင့်လည်း **ဦးဘကြည်သည်** ယခင်က သာမန်သူ့လိုင်ါလိုဘဝမျိုးမှ **စစ်ကွင်းဆရာတော်ကြီး၏** ဩဝါဒအတိုင်း ယုံကြည်စွာ လိုက်နာကျင့်သုံးပြီးနောက်ပိုင်းတွင် သူ့အဖို့ မျှော်မှန်းမထားသည့်ဘဝမျိုးအထိ ချမ်းသာကြွယ်ဝလာခဲ့ကြောင်း ဦးဘကြည်က သူလက်တွေ့ကြုံခဲ့ရသည့်ဘဝကိုပြန်ပြောင်းပြောပြခဲ့သည်ကို မှတ်သားခဲ့ရပါသည်။

ထို့ကြောင့် ဤနေရာတွင် အကြောင်းသင့်သဖြင့် စစ်ကွင်းဆရာတော်ကြီးဩဝါဒအတိုင်း နေထိုင်ကျင့်ကြံခဲ့သူ ဆရာကြီးဦးဘကြည်ကဲ့သို့ နောင်လာနောင်သား မြန်မာ့အမျိုးကောင်းသားအမျိုးကောင်းသမီးတို့ ကြီးပွားတိုးတက်အောင်မြင်ချမ်းသာစေရန် ရည်ရွယ်၍ ထပ်မံဖော်ပြလိုပါသည်။

အဆိုပါ စစ်ကွင်းဆရာတော်ကြီး၏ ဆုံးမဩဝါဒများ၊ ဘုရားရှိခိုးစာများ၊ အန္တရာယ်ကင်းဂါထာတော်များ၊ ဆုတောင်းမေတ္တာပို့စာများအား စုပေါင်း၍ ဆရာကြီး ဦးဘကြည်သည် စာအုပ်လေးတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ ထိုစဉ်က အဆိုပါစာအုပ်၏ အမည်ကို 'တက်ခေတ်မောင်မယ်ရှုကျင့်ဖွယ်' ဟုလည်းကောင်း၊ နောက်တစ်ကြိမ်ထုတ်ဝေသောအခါတွင် အတန်ငယ်ပြုပြင်မွမ်းမံပြီး 'ဇစေ၊ အောင်စေ' ဟု လည်းကောင်း အမည်များပေး၍ထုတ်ဝေခဲ့ဖူးပါသည်။

ယခုဆက်လက်၍ စာရေးသူသည် ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏တန်ဖိုးကြီးမားလှသော ဘုရားရှိခိုး မေတ္တာပို့၊ ဆုတောင်း၊ ဂါထာနှင့် ကြီးပွားချမ်းသာစေသောဂါထာများ၊ အန္တရာယ်ကင်းဂါထာတော်များကို မူရင်းမပျက် အပိုအလိုမရှိစေဘဲ ရေးသားတင်ပြလိုက်ပါသည်။

**ရတနာသုံးပါး၊ အမိအဘ၊ အဘသိကြားမင်း၊ သူရဿတီမယ်တော်ကြီးတို့အား ရှိခိုးဆုတောင်း**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တံ ဗုဒ္ဓံ အဟံ
နမာမိ၊ ဗုဒ္ဓေါ မေ ရက္ခတုနိစ္စံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တံ ဓမ္မံ
အဟံ နမာမိ၊ ဓမ္မော မေ ရက္ခတု
သဒါ၊
သံဃံ သရဏံ ဂစ္ဆာမိ၊ တံ သံဃံ
အဟံ နမာမိ၊ သံဃော မေ ရက္ခတု
ဒိနေ ဒိနေ၊
မာတာ ပိတရော ဂစ္ဆာမိ၊ တေ
မာတာ ပိတရော အဟံ နမာမိ၊
မာတာ ပိတရော မေ ရက္ခတု
ဒိနေ ဒိနေ၊
သဗ္ဗ အာစရိယေ အဟံ ဂစ္ဆာမိ၊
တေ သဗ္ဗ အာစရိယာမေ ရက္ခတု
သဒါ၊
သမ္မာ ဒေဝေ အဟံ ဂစ္ဆာမိ၊
တေ သဗ္ဗဒေဝေ၊ အဟံ နမာမိ၊
သမ္မာဒေဝါ မေ ရက္ခတု ဒိနေ
ဒိနေ။
သမ္မာ သူရဿတီဒေဝီယော
အဟံ ဂစ္ဆာမိ၊ တံ သမ္မာ သူရဿ
တီဒေဝီ ယော အဟံ နမာမိ၊
သမ္မာ သူရဿတီ ဒေဝီယော မေ
ရက္ခတု ဒိနေ ဒိနေ။

**ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **သရဏံ-သရဏံဂစ္ဆတိ** - ကိုးကွယ်ရာဟူ၍၊ **အဟံ**- ဘုရားတပည့်တော်/ တပည့်တော်မသည်၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **တံ ဗုဒ္ဓံ**- ထိုမြတ်စွာဘုရားသည်၊ **အဟံ** - ဘုရားတပည့်တော်/ တပည့်တော်မအား၊ **ရက္ခတု** - စောင့်ရှောက်တော်မူပါ အရှင်ဘုရား။

**ဓမ္မံ**-တရားတော်မြတ်ကို၊ **သရဏံ-သရဏံဂစ္ဆတိ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။ **တံဓမ္မံ**-ထိုတရားတော်မြတ်ကို၊ **နမာမိ**-ရှိခိုးပါ၏။ **ဓမ္မော**-တရားတော်မြတ်သည်၊ **မေ** - ဘုရားတပည့်တော်/ တပည့်တော်မအား၊ **သဒါ** - အခါခပ်သိမ်း၊ **ရက္ခတု** - စောင့်ရှောက်တော်မူပါအရှင်ဘုရား။

**သံဃံ** - သံဃာတော်မြတ်ကို၊ **သရဏံ-သရဏံဂစ္ဆတိ**-ကိုးကွယ်ရာဟူ၍၊ **နမာမိ**-ရှိခိုးပါ၏။ **သံဃော**-သံဃာတော်မြတ်သည်၊ **မေ** - ဘုရားတပည့်တော်/ တပည့်တော်မအား၊ **ဒိနေ ဒိနေ**-နေ့တိုင်းနေ့တိုင်း၊ **ရက္ခတု** - စောင့်ရှောက်တော်မူပါ အရှင်ဘုရား။

**မာတာပိတရော** - မိခင်၊ ဖခင် အနန္တကျေးဇူးရှင်နှစ်ပါးတို့ကို၊ **အဟံ** - တပည့်တော်သည်၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **တေမာတာပိတရော** - ထိုမိခင်ဖခင် အနန္တကျေးဇူးရှင်တို့ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏



www.burmeseclassic.com

www.burmeseclassic.com

**သုတ္တာပီတရော** - မိခင်၊ ဖခင် အနန္တာ ကျေးဇူးရှင်တို့သည်၊ **မေ** - အကျွန်ုပ်အား၊ **ဒိနေ ဒိနေ** - နေ့တိုင်းနေ့တိုင်း၊ **ရက္ခတု** - စောင့်ရှောက်တော်မူပါကုန်လော့။

**သဗ္ဗအာစရိယေ** - အလုံးစုံသော ဆရာသခင်အရှင်သူမြတ်တို့ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ဂရုသမိ**-ဆည်းကပ်ပါ၏။ **တေသဗ္ဗအာစရိယေ** - ထိုဆရာသခင် အရှင်မြတ်တို့ကို၊ **နမာမိ** - ရှိခိုးပါ၏။ **သဗ္ဗအာစရိယာ**-ဆရာသခင်အရှင်သူမြတ် အပေါင်းတို့သည်၊ **မေ** - အကျွန်ုပ်အား၊ **သဒါ** - အခါခပ်သိမ်း၊ **ရက္ခတု** - စောင့်ရှောက်တော်မူကြပါကုန်လော့။

**သမ္ဗုဒ္ဓေဝ** - သာသနာတော် စောင့်ကမ္ဘာစောင့်နတ်ကောင်းနတ်မြတ် အပေါင်းတို့နှင့် အဘိသိကြားမင်းတို့ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ဂရုသမိ** - ရိုသေ လေးမြတ် ဆည်းကပ်ပါ၏။ **တေသမ္ဗုဒ္ဓေဝ** - ထိုနတ်ကောင်းနတ်မြတ်တို့နှင့် အဘိသိကြားမင်းတို့ကို၊ **နမာမိ** - ရှိခိုးပါ၏။ **သမ္ဗုဒ္ဓေဝါ** - နတ်ကောင်းနတ်မြတ် အပေါင်းနှင့် အဘိသိကြားမင်းတို့သည်၊ **မေ** - အကျွန်ုပ်အား၊ **ဒိနေ ဒိနေ**-နေ့တိုင်း နေ့တိုင်း၊ **ရက္ခတု** - စောင့်ရှောက် တော်မူကြပါကုန်လော့။

**သမ္ဗာ သူရဿတီဒေဝီယော** - ကောင်းသော သူရဿတီဒေဝီအမည်ရှိ ကုန်သော နတ်သမီး မိခင်ကြီးတို့ကို၊ **အဟံ**- အကျွန်ုပ်သည်၊ **ဂရုသမိ**-ရိုသေလေးမြတ် ဆည်းကပ်ပါ၏။ **တေသမ္ဗာသူရဿတီ ဒေဝီယော** - ထိုကောင်းသောသူရဿတီ ဒေဝီအမည်ရှိကုန်သော နတ်သမီးမိခင် ကြီးတို့ကို၊ **နမာမိ** - ရှိခိုးပါ၏။ **သမ္ဗာသူရဿတီဒေဝီယော** - ကောင်းသော သူရဿတီဒေဝီအမည်ရှိကုန်သော နတ် သမီးမိခင်ကြီးတို့သည်၊ **မေ** - အကျွန်ုပ် အား **ဒိနေ ဒိနေ** - နေ့တိုင်းနေ့တိုင်း၊ **ရက္ခတု** - စောင့်ရှောက်တော်မူကြပါစေ ကုန်သတည်း။

**သူရဿတီမယ်တော်ကြီး မေတ္တာပို့ ဂါထာတော်**

*ကြောင်း - နမောဗုဒ္ဓါနုဘာဝေန၊ ကြောင်း-နမောဓမ္မာနုဘာဝေန၊ ကြောင်း-နမောသံဃာနုဘာဝေန။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးထိပ်ထား၍ ဂုဏ်တော် ကိုးကွယ်လွန်တင့်တယ်သည့် ကြွယ်ထင်ရှား မြတ်ဘုရား၏ ကိုယ်စား တော်မှာ ရှိခိုးပါ၏။*

*သမ္မာဒိဋ္ဌိ ကောင်းသည့်အယူ ကြည်ဖြူရွှင်လန်း ဆရာမြတ်၏ တပည့် ရင်းလျှင် တွင်းပြင်ပျံ့လွှင့် ရန်ကြိုင်သည် မဏ္ဍိုင်ထိပ်ပန်း ရွှင်လန်းညွှတ်ခ ဗုဒ္ဓသာ သနာတော်၌သာလျှင် ကြုံလာခဲ့ပြီ။ အမိမယ်ဒေဝီ ရှေးတည်ဘဝ သံသရာက မာတာအမိဖြစ်ခဲ့ဖူးသည့် ကျေးဇူးကြီးလှ သူရဿတီ နာမတွင်မည့် မယ်တော်ကြီး ကို ကြည်ညိုကိုးစား သဒ္ဒါပွား၍ ဘေး များအပေါင်း ကင်းစင်ကြောင်းဖြင့် သား က/သမီးက မေတ္တာကောင်းစွာ ပို့သပါ မည်။*

*သဗ္ဗေ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို အားလုံးကုန်ပြီးမြောက် အောင်မြင်အောင် စောင့်ရှောက်နိစ္စ မတတ်ပေသော ငါးထောင်ရှည်ကြာ သာသနာလည်း ဒေဝီဒေဝါစောင့်မအညီ သူရဿတီဒေဝီ အမည်ရှိကုန်သော နတ်သမီးမိခင်ကြီးတို့သည် အဝေယာ ပေဟာန္တု၊ အဗျာပဇ္ဇာပေဟာန္တု၊ အနီဃာ ပေဟာန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာ လဒ္ဓ သမ္ပတ္တိတော မာဝိ ဂစ္ဆန္တု။*

*ကြောင်း - နမော မမ သိရသာ၊ ဗုဒ္ဓံ ဓမ္မံ သံဃံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။ မာတာစန္ဒီနတ်သမီးကို သားကြီး/ သမီး ကြီး ကျွန်ုပ်က ပင့်ဖိတ်ခေါ်ပါသည်။ မဟီမန္တလာတောင်မြတ်စွာတွင် ကုဏ္ဍ လာအိုင် (ကုန်ဒလာအိုင်) လိုဏ်နန္ဒမူ နန်းရွှေဂူကို သူသာအစိုးရ ဂန္ဓဗ္ဗမာတာ အမည်သာသည် သညာတံဆိပ်ဘွဲ့ပုံနှိပ် ၍ ဗျာဒိတ်မှတ်သား သိကြားမည်ရ သူကမွေးမြူ ဖွားတော်မူသည် မိုးသူဇာ နတ်မယ် သူရသ်ဟု နာဂတ်နောင်လာ ကမ္ဘာပတ်လုံး တည်မြဲကုန်စင် မိခင်မိုးသူ ခုမှရောက်ကြောင်း ဆုပန်တောင်းသည်။ ကျိုးကြောင်းမြွက်ဖော် သားတော်၏/ သမီးတော်၏ (ခုသော်ကိစ္စ) ရှိသမျှကို တစ်စမကျန် မ,စဖန်၍ အမြန်ခုပင် ရောက်စေချင်သည် မိခင်မိုးသူ လာလှည့် ပါလော့။ မိခင်မိုးသူလာလှည့်ပါလော့၊ မိခင်မိုးသူလာလှည့်ပါလော့။ နရဒေဝ ဗြဟ္မနော ရာဇာ ရက္ခာ၊ ရာဇာစဂုရုကော၊ အလုံးစုံကုန်သော လူ၊ အလုံးစုံကုန်သော နတ်၊ အလုံးစုံကုန်သော ဗြဟ္မာ၊ အလုံး စုံကုန်သောမင်း၊ အလုံးစုံကုန်သော သူဌေး၊ အလုံးစုံကုန်သော သူကြွယ်၊ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့ ၏၊ စိတ္တ ပီယံ မမ ဒေဟိ ဒေဟိ ဒေဟိ။*

**ဆုတောင်း**

**မေ** - အကျွန်ုပ်၏၊ **မာတာ** - သံသရာဘဝအဆက်ဆက် အမိတော်ခဲ့ ဖူးသော၊ **သူရဿတီ**-သူရဿတီအမည် ရှိသော၊ **ဒေဝီ** - နတ်သမီး၊ **အနုကမ္ပံ** - အစဉ်သနားသည်ကို၊ **ဥပဒါယ** - အကြောင်းပြု၍၊ **ဉာဏ** - ဉာဏ်ကို၊ **ဒေဟိ** - ပေးသနားပါလော့။ **ပီယံ** - လူ၊ နတ်၊ ဗြဟ္မာ အလုံးစုံသော သတ္တဝါ အပေါင်းတို့၏ ချစ်ခြင်းကို၊ **ဒေဟိ** - ပေး သနားပါလော့။ **လာဘံ** - ကြီးကျယ်လှစွာ သောလာဘ်လာဘကို၊ **ဒေဟိ**-ပေးသနား ပါလော့။ **ဓနံ** - ပစ္စည်းဥစ္စာ ရွှေ ငွေ ရတနာကို၊ **ဒေဟိ** - ပေးသနားပါလော့။ **ဘောဂံ** - စည်းစိမ်ဥစ္စာကို၊ **ဒေဟိ** - ပေး သနားပါလော့။ **ဆာယံ** - အရိပ်အာဝါသ တိုက်တာအိမ်ဂေဟာကို၊ **ဒေဟိ** - ပေး သနားပါလော့။

**ရှင်သာရိပုတ္တရာသရဖူဂါထာ(အဖုံး)**

ဒေ ဝါ ကာ နိ ॥ နိ ကာ ဝါ ဒေ
ဝါ ဟိ ကာ သု ॥ သု ကာ ဟိ ဝါ
ကာကာယေ ဘ ॥ ယ ယေ ကာ ကာ
နိ သု ဘ ယံ ॥ ယံ ဘ သု နိ

**ရှင်မောဂ္ဂလာန်သရဖူဂါထာ (အခံ)**

ဝေ ဒါ သာ ကု ॥ ကု သာ ဒါ ဝေ
ဒါ ယ သာ ဒ ॥ ဒ သာ ယ ဒါ
သာ သာ မိ ကု ॥ ကု မိ သာ သာ
ကု ဒ ကု ဘု ॥ ဘု ကု ဒ ကု

ဤဂါထာကို သိကြားမင်းသည် အသူရာပြည်တွင် စစ်ထိုးရင်းရွတ်သည်။ အထက်ပါ ဂါထာ၏အနက်အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဝေ** - ရန်သူဟူသမျှအပေါင်းတို့ သည်၊ **ဒါ** - ဝေးသောအရပ်သို့၊ **သာ** - လျင်စွာ၊ **ကု** - ပြေးစေကုန်သတည်း။ **ကု** - မကောင်းသောသူတို့သည်၊ **သာ** - မိမိအလိုလို၊ **ဒါ**-အကြံအစည်ပျက်သော အားဖြင့်၊ **ဝေ**-ပျောက်စေကုန်သတည်း။

**ဒါ**-ဒါနစေတနာကြောင့်၊ **ယသာ**- အခြံအရံ အကျော်အမော်တို့သည်၊ **ဒ**- ပွားစေသတည်း။ **ဒသာ**-ဆယ်ပါးသော ရန်တို့သည်၊ **ယ** - ကုသိုလ်ဆယ်ပါး တန်ခိုးအားကြောင့်၊ **ဒါ** - မြောက်စေကုန် သတည်း။

**သာသာ** - မက်မောခြင်းဖြစ်သော သူတို့နှင့်၊ **မိ**-ရှည်ဖြင့်စွာ၊ **ကု**-မပေါင်း ဖော်ရသည်ဖြစ်စေကုန်သတည်း။ **ကုမိ**- အမျက်ဒေါသကြီးသောသူတို့ကို၊ **သာ သာ** - ဆုံးမသြဝါဒပေးသဖြင့်သာလျှင် အောင်စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

**ကု** - သူတော်ကောင်းတို့နှင့်၊ **ဒ** - မပြတ်၊ **ကု**-ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်တို့၌၊ **ဘု**-ပေါင်းဖော်ခြင်းကိုပြုရစေသတည်း။ **ဘု** - စက်ဆုပ်ရွံရှာဖွယ်ရာကောင်းသောသူတို့နှင့်၊ **ကု**-ဖြစ်လေရာရာအရပ်၌၊ **ဒ** - အခါခပ်သိမ်း၊ **ကု** - မတွေ့ရသည်ဖြစ်စေသတည်း။

**ဝေဒါသာကုဂါထာများနှင့် ပတ်သက်၍ အသုံးပြုခြင်း**

ဤဂါထာများနှင့် ပတ်သက်၍ အသုံးပြုနည်းကို လင်္ကာဖြင့် ဖော်ပြရပါမူ -

*မချာနေ့ည၊ တစ်လမြောက်အောင်*
*ကိုးကွယ်ဆောင်ယူကြိုးခေါင်အာဏာ*
*ပညာလျှင်လျှား၊ စွမ်းပကားနှင့်*
*ခွန်အားကြီးလှ၊ နန္ဒိယမင်း*
*အဆင်းတူစွာ၊ သွားလေရာရာ*
*ရပ်မျက်နှာကို၊ မကွာလှည့်တွေ*
*ရွှတ်ထပေသော်၊ ဝေးလေရှောင်ရှား*
*တောသားဆင်မြင်း၊ ခပင်းအားလုံး*
*ပြေးပုန်းရှောင်လစ်. . .။*
*ကျောက်စရစ်ကို ရှစ်လုံးဆို၍*
*ရွှတ်လို့(၇)အုပ်၊ မြှုပ်လေရှစ်မျက်နှာ၊*
*ရောဂါဘယကင်းထအန္တရာယ်။*
*တစ်သွယ်အိမ်မှာ လေးမျက်နှာကို*
*မြှုပ်ပါလေမူ ခိုးသားမဝင်*
*အောင်မြင်လေတည်း. . .။*
*တေလေးချပ်ကို တစ်ချပ် (၇) အုပ်*
*စုပ်လေဖြောင့်ဖြောင့် အိမ်လေးထောင့်*
*ကို မကြောင့်မကြ ပစ်ရလေမူ ရန်သူ*
*ကြီးလှမချင်းရသတည်း. . .။*
*ထိုမှတစ်ဖန် မြွေကိုက်ပြန်သော်*
*တစ်ဖန်ရေကို စုပ်ဆို (၇) အုပ် မန်း*
*မှုတ်သောက်က အဆိပ်ကျ၏။ ထိုမှ*
*တစ်သွယ် သက်တယ် (၇) ချောင်း*
*တစ်ချောင်း (၇) အုပ်စုပ်၍ နတ်စင်*
*သစ်ပင်တင်လေ မဖန်လေသတည်း။*
*မှတ်လေတစ်ခါ နံ့သာဆီရေမန်း*
*မှုတ်ပေး၍ လိမ်းလေ ကိုယ်မှာ ပြုရ*
*ပါမူ ကိုယ်မှာ ကျက်သရေတက်ပေ*
*သည်ပင်။*
*သဲကိုလျှင်မူ ဝန်းကျင်နေရာ မန်းပါ*
*အဟုတ် (၇) အုပ်လျှင် ပြုရချင်မူ*
*ရန်သူဟူသမျှ တုပ်ကွပေးလာ၊ ဤ*
*ဂါထာကို မှန်စွာလက်ဖွဲ့ တစ်ဆယ့်*
*ရှစ်အုပ်စုပ်၍ ဆောင်လျှင် မင်းပင်*
*ချစ်ပေ၊ လယ်လုပ်လေလည်း*
*ဆောင်ပေမှန်ငြား စပါးသူထက်*
*တိုးတက်ရငြား၊ အိမ်၌ထားသော်*
*စီးပွားချမ်းသာ သက်တစ်ရာလျှင်*
*ရှည်ကြာအမြဲ မျိုးပဲစပါး စသည်*
*များကို ဖွားဖွားရွှတ်ဖျန်း မန်း(၇)အုပ်*
*လုပ်သည့်စပါး သူထက်များ၏။*
*အခြားတဖန် ဂါထာပြန်ကို အမှန်*
*မကွာ မချာမြတ်နိုး ကိုးကွယ်၍ပင်*
*နေရခြင်းမူ ရန်သူကင်းဝေး လေးနှင့်*
*သေနတ် မှတ်လော အမြောက်*
*မရောက်နိုင်ငြား ပယ်ရှောင်ရှား၏။*
*အစားကွမ်းမှာ မန်းရပါမူ ထုံးမှာ*
*မပေါက်၊ သဗ္ဗသျှိသို့ အပြီးရောက်*
*၏။*
*ထို့နောက် သဗ္ဗေ ဆောင်သမျှကို*
*မှုန်းရပါမူ မကောင်းလည်းပျောက်*
*အကျိုးရောက်၏။*
*ထို့နောက်တခြား ဆေးဝါးတိုက်လျှင်*
*မန်းမှုတ်ချင်မူ ထက်ခွင်သိကြား ကု*
*သော်လားသို့ ဆေးဝါးလည်းထက်*
*တစ်ချက်ရေမှာ ချိုးသောအခါမူ*
*မန်းပါ (၇) အုပ် ထိုင်ကာချိုးလေ*
*ပျောက်ပေ ရောဂါ၊ တစ်နည်းမှာ*
*လည်း မှန်စွာသွန်လေ အထွေထွေ*
*လျှင် သင့်လေချင်၏။*
*ထိုပြင် တခြားရောင်းဝယ်များကို*
*မှတ်သားတိုင်မှာ ကပ်ပါလေးထောင့်*
*အမှောက်ဆုံးပင် မဝင်နိုင်တည်း။*
*ကြီးခိုင်တည်လောက် မြင့်မောက်*
*ဂါထာ မှန်စွာအဟုတ် (၇)အုပ်စီ ပီပီ*
*သသမန်းမှုတ်ရသော် တန်ခိုးပေါ်*
*သည် ကောင်းကျော် ဂါထာပြန်၏*
*အကျိုးတည်း -*

ဟု သီကုံးစပ်ဆိုထားပါသည်။ လိုအပ်သလို အသုံးပြုနိုင်ပါသည်။

**သရဏဂုံသုံးဆယ်ပုတီးစိပ်**

သရဏဂုံသုံးဆယ်ကို အကျဉ်းအားဖြင့်ဆိုရပါမူ ဇာ-ဘော-ဇီ-ယာ-မ မ-အ-အ-နိ-နိ ဟူ၍ ဖြစ်ပါသည်။

ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယန္တံ သံဃံ သရဏံဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
မရဏ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

**ဂုဏ်တော်ကိုးပါးပုတီးစိပ်**

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
၇။ သတ္ထာဒေဝမနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါတိ

အထက်ပါ ဂုဏ်တော်ကို ပွားများခြင်း၊ ရွတ်ဆိုခြင်း၊ နှလုံးသွင်းခြင်း၊ ပုတီးစိပ်ခြင်းတို့ကြောင့် ကြီးပွားသောသာဓကများ အမြောက်အမြားပင်ရှိပါသည်။ ထို့ကြောင့် ဂုဏ်တော်ကိုးပါးတို့သည် ရှင်ဘုရင်ပင်ဖြစ်စေသော ရာဇသိဒ္ဓိဆေးတော်ကြီးဟုပင် ခေါ်ဆိုခြင်းဖြစ်ပေသည်။ ဂုဏ်တော်ကိုးပါးတို့ အမြဲဌာန်ပြု၍စိပ်ပါက ပို၍ပင်အကျိုးပြုစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဂုဏ်တော်အနန္တသတိများကိုပွားလျှင် ဂုဏ်ကိုဆင်ခြင်ခြင်း**

**အရဟံ** - လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရား။

**သမ္မာသမ္ဗုဒ္ဓေါ** - အလုံးစုံသော တရားအပေါင်းကို ကောင်းစွာ သိမြင်တော်မူသော မြတ်စွာဘုရား။

**ဝိဇ္ဇာစရဏသမ္ပန္နော**-ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**သုဂတော** - ကောင်းသောစကားကိုဆိုတော်မူတတ်သော မြတ်စွာဘုရား။

**လောကဝိဒူ** - လောကသုံးပါး၌ အလုံးစုံကို သိမြင်တော်မူသော မြတ်စွာဘုရား။

**အနုတ္တရော ပုရိသ ဒမ္မသာရထိ** - အတုမရှိသော ယောကျ်ားမြတ်ဖြစ်၍ ယဉ်ကျေးသောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာဘုရား။

**သတ္ထာဒေဝမနုဿာနံ** - လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဆရာကြီးဖြစ်တော်မူသောမြတ်စွာဘုရား။

**ဗုဒ္ဓေါ** - သစ္စာလေးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

**ဘဂဝါ** - ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား။

**ဂုဏ်တော်တို့၏အကျိုးများ**

**အရဟံ**ဂုဏ်တော်ကို ပွားများပါက လာဘ်များခြင်း၊ စီးပွားတိုးတက်ခြင်း ဖြစ်၏။

**သမ္မာသမ္ဗုဒ္ဓေါ** ဂုဏ်တော်သည် အကြံဉာဏ်တိုးတက်ခြင်း၊ ကြံတိုင်းအောင်မြင်ခြင်း ဖြစ်၏။

**ဝိဇ္ဇာစရဏသမ္ပန္နော** ဂုဏ်တော်သည် အတတ်ပညာတိုးပွားနိုင်၏။

**သုဂတော**ဂုဏ်တော်သည် စကားပြောတတ်သည့်သူများနှင့်ယှဉ်ပြိုင်ပြောဆိုရာ မိမိအနိုင်ရ၏။

**လောကဝိဒူ** ဂုဏ်တော်သည် လောက၌ ထင်ပေါ်ကျော်စောသော ပညာရှိဖြစ်၏။

**အနုတ္တရော ပုရိသ ဒမ္မသာရထိ** ဂုဏ်တော်သည် အတုမရှိသော လူထူးလူချွန်ဖြစ်ရခြင်း၊ မည်သည့်ပုဂ္ဂိုလ်နှင့်ပဲ ပြိုင်ဆိုင်သည်ဖြစ်စေ မိမိကအနိုင်ရ၏။

**သတ္ထာဒေဝမနုဿာနံ** ဂုဏ်တော်သည် သူတစ်ပါးတို့အပေါ်၌ မိမိပြောဆိုသော စကားအောင်ရာ၏။ အာဏာတည်၏။

**ဗုဒ္ဓေါ**ဂုဏ်တော်သည် သမ္မာသမ္ဗုဒ္ဓေါနှင့် အကျိုးတူ၏။

**ဘဂဝါ**ဂုဏ်တော်သည် ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း ဖြစ်၏။

ထို့ကြောင့် အဆိုပါ ဂုဏ်တော်များကို ပွားများအားထုတ်၍ တစ်နေ့လျှင် တစ်ထောင်ထက်မနည်းအောင် ပုတီးစိပ်က ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းငြိမ်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ကပ်သုံးပါးမှလွတ်ကင်းခြင်း၊ ရန်သူမျိုးငါးပါးတို့မှ လွတ်ကင်းခြင်းတို့ကို လောက၌ ဒိဋ္ဌဓမ္မ ရရှိခံစားနိုင်၏။

နောင်သံသရာ၌လည်း အပါယ်လေးပါးမှလွတ်ကင်း၍ လူ၊ နတ်၊ ဗြဟ္မာချမ်းသာရခြင်း၊ မအို-မသေဘဲအမြဲနေရသောနိဗ္ဗာန်ကိုရခြင်း ကျေးဇူးတရားများကို ခံစားကြရပါလိမ့်မည်။ စနစ်တကျ ပုတီးစိပ်နည်းကိုသိသောသူသာ လောက၌လည်း အကျိုးများ၏။ သံသရာတွင်လည်း အကျိုးများ၏။ နိဗ္ဗာန်ကို အမြန်သွားနိုင်ရပါစေခြင်းအကျိုးများ ရရှိနိုင်ပါသည်။

**ဂုဏ်တော်ပွားများရာတွင် ပြည့်စုံရမည့် အင်္ဂါရှစ်ပါး**

၁။ အရွက်၊ အဖတ်၊ ဌာန်၊ ကရိုဏ်းကျနခြင်း၊
၂။ အဖြတ်အတောက်မှန်ကန်ခြင်း၊
၃။ အဓိပ္ပာယ်သိရှိခြင်း၊
၄။ သီလလုံခြုံခြင်း၊
၅။ ဂုဏ်တော်ကိုယုံကြည်ခြင်း၊
၆။ ပဉ္စာနန္တရိယကံမထိုက်ဘူးခြင်း၊
၇။ အဓိဋ္ဌာန်ပြု၍ လုပ်ကိုင်ခြင်း၊ (အကြိမ်အရေအတွက်)
၈။ အဓိပ္ပာယ်ကိုပွားများရင်း ထင်မြင်လာစေခြင်းတို့ ဖြစ်၏။

**ဣတိပိသောဂုဏ်တော်ကွန်ချာစီရင်နည်းများ**

*ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောက. . .*

*ဣတိပိသော တစ်ပုဒ်ကုန်က တစ်ပုဒ်ကစ၍ ကတွင်ရပ်သတ်နှင့်စား သုံးခါပြန် သုံးခါချီ ဆယ်လီပြန်မှ အမှန်ရှု။*

*နဝဂုဏ်ယုံလေ မင်းကြီးနှင့် သံခြေချင်း အကွင်းကျွတ်လွတ်နေကြ၊ ဆီကိုမန်း၊ ကြွက်ကိုသုတ်၊ ကြောင်မခုတ်၊ အဟုတ်မက်မောစွ။ မသိသူကျော်လေ၊ သိသူဖော်လေကုန်။ မယုံမရှိရာ ဣအစ ကအဆုံးနှစ်ဆယ့်ရှစ်လုံး မှန်လှစေ ပြည့္ဆန်လိုက်မည် မျိုးလေးမည်တို့စိပ်ရသည်မှတ်သား၊ ဉာဏ်ပွားစေကြောင်း အပေါင်းဝရိသတ် အို - လူမြတ်တို့ ရွှတ်ဖတ်သရဇ္ဈာယ် နှုတ်ဝယ်လည်းငုံ အာရုံဆောင်ကြ ကျိုးကြောင်းပြအံ့။*

**ပထမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | တိ | ပိ | သော | ဘ | ဂ | ဝါ |
| အ | ရ | ဟံ | သ | မ္မာ | သ | မ္ဗု |
| ဒ္ဓေါ | ဝိ | ဇ္ဇာ | စ | ရ | ဏ | သ |
| မ္ပ | န္နော | သု | ဂ | တော | လော | က |

ဤဂါထာသည် ရန်ပျက်ပြုန်းကျေစေသောအကျိုးရှိ၏။

**ဒုတိယဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | ဘ | ရ | သ | ဇ္ဇာ | သ | က |
| တိ | ဂ | ဟံ | မ္ဗု | စ | မ္ပ | တော |
| ပိ | ဝါ | သ | ဒ္ဓေါ | ရ | န္နော | လော |
| သော | အ | မ္မာ | ဝိ | ဏ | သု | က |

ဤဂါထာသည် ရာဇမျက်ဖြေ၊ ဆောင်လေတစ်နည်း ချစ်ရိုးမှန်၏။

**တတိယဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | ဇ္ဇာ | ဂ | မ္ပ | သ | လော | ပိ |
| ဘ | သ | ဟံ | တော | ဒ္ဓေါ | သော | န္န |
| ရ | က | မ္ဗု | ပိ | ရ | အ | သု |
| သ | တိ | စ | ဝါ | န္နော | မ္မာ | က |

ဤဂါထာသည် ပူး၊ စွဲ၊ ကျ၊ စုံ၊ ဖမ်း ဇရမ်းဗတာဖြစ်၍လာသော် လက်ယာ၊ လက်ဝဲစွဲ၍ မီးထွန်းမကျွမ်းစေရာ။

**စတုတ္ထဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | သ | သံ | သော | မ္ဗု | သု | ဝါ |
| ဇ္ဇာ | လော | ဟံ | န | ပိ | သ | န္နော |
| ဂ | တိ | တော | ရ | ရ | တိ | မ္မာ |
| မ္ပ | ဘ | ဒ္ဓေါ | က | အ | စ | က |

ဤဂါထာသည် ပျောက်လှ၊ ဥပ္ပဒ္ဒဝေါ၊ ဆရာဟူက အကာရ၏။

**ပဉ္စမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | မ္ဗု | လော | သ | တော | မ္မာ | က |
| သ | သု | ဟံ | န္နော | ရ | မ္ပ | အ |
| သ | ဝါ | န | ဂ | ရ | ဘ | စ |
| သော | ဇ္ဇာ | ပိ | ဝိ | တိ | ဒ္ဓေါ | က |

ဤဂါထာသည် လာဘပြောထူ၊



www.burmeseclassic.com

www.burmeseclassic.com

ရောင်းသူ မစွံမလွန်စေရ။ ကုန်တိုက်ရ၏။ မနစည်းစိမ် ရိပ်ငြိမ်ချမ်းသာ စံစားရာ၏။

**ဆဋ္ဌမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | တော | သု | မ္ဗ | နု | ခ | ဝိ |
| မ္ဗု | မွှာ | ဟံ | အ | ဂ | သော | တိ |
| လော | က | န္တော | သ | ရ | ဋ္ဌာ | ဒွေါ |
| သ | သ | ရ | ဝါ | ဘ | ပိ | က |

ဤဂါထာ၏ အကျိုးမှာကား မလိမ်မရှ စူးကားမဝင် ဆောက်လျင်ပဲ့ပေ မား၊ လှံ့စသော ကိုက်ဖဲ့မကြောက် မီးဖောက်သေနတ် ပစ်ခတ်မရ၊ ကာယသိဒ္ဓိ ရန်ပုံကိုယ်ကာလုံ၏။

**သတ္တမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | နု | မွှာ | သော | န္တော | ဒွေါ | ဝါ |
| တော | စ | ဟံ | တိ | သ | သ | ဘ |
| သု | ဝိ | အ | လော | ရ | သ | ပိ |
| မ္ဗ | မ္ဗု | ဂ | က | ဋ္ဌာ | ရ | တ |

ဤဂါထာသည် လုပ်ရာလယ်မြေပိုးမွှားတိရစ္ဆာန် ရောက်ပြန်လာသော် မကြာပျောက်စေ ထွက်ပြေးလေ၏။

**အဋ္ဌမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | န္တော | ဇ | သ | အ | ပိ | က |
| နု | ဒွေါ | ဟံ | ဘ | လော | မ္ဗ | ဋ္ဌာ |
| မွှာ | ဝါ | တိ | သု | ရ | မ္ဗု | ရ |
| သော | တော | သ | ဝိ | သ | ဂ | က |

ဤဂါထာသည် သွားလေခရီး ဘေးမရှိတည်း။ အားကြီးသစ်ပင် စိတ်တွင်အမှတ် စုံရပ်ရွတ်ကာ ဖြေပါမှုလေ သားစက်ပြေ၏။

**နဝမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | အ | ဒွေါ | မ္ဗ | တိ | ရ | ဝိ |
| န္တော | ပိ | ဟံ | ဋ္ဌာ | သု | သော | သ |
| စ | က | သ | မွှာ | ရ | တော | ဂ |
| သ | နု | လော | ဝါ | မ္ဗု | သ | က |

ဤဂါထာသည် တေဇမောက်ဖြိုး တန်ခိုးထင်ပေါ် အကျော်အစော အဟောမှန်စွာ ဒိသာပါမောက် ရောက်ရောက်သမျှ ခယကျိုးနွံ့ အမှန်အစက် ဘုန်းကျက်သရေ တက်တိုးလေသည်။ သပြေကျွန်းလုံး မှန်ကင်းတည်း။

**ဒသမဂါထာ**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | တိ | ပိ | သော | ဘ | ဂ | ဝါ |
| အ | ရ | ဟံ | သ | မွှာ | သ | မ္ဗု |
| ဒွေါ | ဝိ | ဋ္ဌာ | စ | ရ | ဏ | သ |
| မ္ဗ | န္တော | သု | က | တော | လော | က |

ဤ ဣတိပိသောဂါထာကို ဆယ်ကြိမ်ပြန်လျှင် မူလအတိုင်း အမှန်ပြန်ကျ၏။

**ကျွန်းလုံးမှန်ကင်းဂါထာတော်ကြီး**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဣ | ရ | ဋ္ဌာ | ဂ | ဏ္ဍ | ရှ | သာ | ဒါး |
| တိ | ဟံ | စ | တော | ရော | ထိ | နံ | ချစ်ဖွယ် |
| ပိ | သ | ရ | ဓော | ပု | သ | ဗု | ပယောဂ |
| သော | မွှာ | ဏ | က | ရိ | တ္တာ | ဒွေါ | ရွတ်ချစ် |
| ဘ | သ | သ | ဝိ | သ | ဒေ | ဘ | လွတ် |
| ဂ | မ္ဗု | မ္ဗ | ဒူ | ဒ | ဝ | ဂု | ဆီးဒါး |
| ဝါ | ဒွေါ | န္တော | အ | မ္မ | မ | ဝါ | ရွတ် |
| အ | ဝိ | သု | နု | သာ | နု | တိ | အဟာန့် |

***ဣရဋ္ဌာ*** - *ထမင်းမန်း၍စား မုချဒါးသွားမပဲ့လား။*

***တိ*** - *အသုံးမှာ ဆေး၊ ကွမ်းရရာ ရွတ်ကာ နေ့တိုင်းစား အများချစ်ခင်သနား။*

***ပိ*** - *ကိုတစ်ဖန် အနာပေါက်ပြန် မှန်စွာ ငရုတ် မန်းကာသုတ် မုချမပျောက်လား။ သုံးလိုပြန်မူ ရှင်ရင်မြတ်စွာ ဤဂါထာ ရေးပါ စက္ကူ ဖယောင်းဖြူ ချိန်မူ (၂)ကျပ်သား သူနာခံကို အရင်းထား။ ဘုရားလက်မှာထွန်းပါ၊ စုတ်လေ မနေမနား။*

***သော*** - *တဝ ဣတ္ထိယရွတ်ပနေ ထိုင်သွား မြင်ကချစ်သနား။*

***ဘ*** - *ကိုတစ်ဖန် အကျဉ်းခံ အမြန်မလွတ်လား။*

***ဂ*** - *မူတစ်လီ ဆုံတွင်းဆီ မန်းလိမ်းကာမူတ် ကိုယ်တွင်သုတ် မုချဧကန်ဒါး။*

***ဝါ*** - *အရေးရှိ ရွတ်တုံဘိ၊ သိဒ္ဓိဆာယာသွား။*

***အ*** - *ဝိအလိုဆန္ဒ ဆိုလိုရာ သုံးတော့လား။*

*'ဘ' စ 'ဘ' ပိတ်၊ 'ဂ' စ 'ဂ' ပိတ်၊ 'ဝါ' စ 'ဝါ' ပိတ် လုံးရေကိုစစ် (၂၁) ဖြစ် ရေမှာပစ်လည်း ရေမနစ်၊ မီးမှာပစ်လည်း မီးမခြစ် မသိသူကျော်လေထုံး သိတဲ့သူဖော်၍သုံး မယုံမရှိရ ဣတိပိသော ကွန်ချာပြီး၏။*

'အ' အစရှိသော နောက်ဆုံးဂါထာကို အပိတ်ရွတ်ပါ။ အရေးကြီး၍ လူကြီးများနှင့် စကားပြောရာတွင် လည်းကောင်း၊ တရားတဘောင်တွေ့ရာတွင် အဟာန့်အဖြစ်သုံးနိုင်ပါသည်။ ဤသည်ကိုနည်းယူ၍ ကျန်ဂါထာများကို သုံးနိုင်ပါသည်။

## ဘုရားလေးဆူပင့်တော်မူခြင်း

**ကကုသန်မြတ်စွာဘုရား**

*အရှေ့အရပ်၌ ဦး - ပုဗ္ဗဒါသာ ရန်သူလာလည်း ပါရမီဆယ်ပါးအပြား သုံးဆယ်ပြည့်တော်မူပြီး၍ မာန်ငါးပါးကို အောင်မြင်တော်မူသောကကုသန်ဂုံမြတ်စွာဘုရား၊ တပည့်တော်နှင့် ဝတ်လျားစောင့်တွေ အရှေ့မျက်နှာက ဗုဒ္ဓစက်ဖြင့် ကိုယ်တော်တိုင် ရပ်၍ကာတော်မူလျက်နေ၏။*

**ကောဏာဂုံမြတ်စွာဘုရား**

*တောင်အရပ်၌ ဦး - ဒက္ခိဏဒိသာ ရန်သူလာလည်း ပါရမီဆယ်ပါး အပြား သုံးဆယ်ဖြည့်တော်မူပြီး၍ မာန်ငါးပါးကို အောင်မြင်တော်မူသော ကောဏာဂုံမြတ်စွာဘုရား တပည့်သားနှင့် ဝတ်လျားစောင့်တွေ တောင်မျက်နှာက ဗုဒ္ဓစက်ဖြင့် ကိုယ်တော်တိုင်ရပ်၍ကာတော်မူလျက်နေ၏။*

**ကဿပမြတ်စွာဘုရား**

*မြောက်အရပ်၌ ဦး - ပစ္ဆိမဒိသာ ရန်သူလာလည်း ပါရမီဆယ်ပါး အပြား သုံးဆယ်ဖြည့်တော်မူပြီး၍ မာန်ငါးပါးကို အောင်မြင်တော်မူသောကဿပမြတ်စွာဘုရား တပည့်သားနှင့် ဝတ်လျားစောင့်တွေ အနောက်မျက်နှာက ဗုဒ္ဓစက်ဖြင့် ကိုယ်တော်တိုင်ရပ်၍ကာတော်မူလျက်နေ၏။*

**ဂေါတမမြတ်စွာဘုရား**

*အနောက်အရပ်၌ ဦး-ဥတ္တရဒိသာ ရန်သူလာလည်း ပါရမီဆယ်ပါး အပြား သုံးဆယ် ဖြည့်တော်မူပြီး၍ မာန်ငါးပါးကို အောင်မြင်တော်မူသော ဂေါတမမြတ်စွာဘုရား တပည့်သားနှင့် ဝတ်လျားစောင့်တွေ မြောက်မျက်နှာက ဗုဒ္ဓစက်ဖြင့် ကိုယ်တော်တိုင်ရပ်၍ ကာတော်မူ*



www.burmeseclassic.com

www.burmeseclassic.com

တ်နေ၏။

ဦ - သွားတော်လေးဆယ်၊ စွယ် ာ်လေးချောင်း၊ ညပ်ရိုးတော်နှစ် ချောင်း၊ ဓာတ်ပေါင်းရှစ်ရုပ်၊ ကျေညပ်တူ သင်းကျစ်၊ ပိဋကသုံးပုံ၊ ဗေဒင်လေးပုံ ည်းစုံကို ကျွန်ုပ်ထိပ်ထက် ထားတုံ ာ်ထိ ဂြိုဟ်ကြီးရှစ်လုံးလည်း ပြင်းဟုန် ်စွာ ရှစ်မျက်နှာက ရန်သူများကို းသည် မဟုတ်တုံလော။ မြေကိုပိုင် း နဂါးမင်းလည်း ပါးပျဉ်းအုပ်၍ကာ တည်း။ ဟိမဝန္တာတောင်ကို အစိုးရ ာ်မူသော ဂဠုန်မင်းလည်း အတောင် ်၍ကာသတည်း။ အထပ်ထပ်သုံးခါ ာ်မြက်သည့် အိုင်ကြီးသုံးတန်ဆည်း။ မဝန္တာသုံးတန်ကာ၏ စကြဝဠာလေး ာ်နှာက ဒသဒိသာရှစ်မျက်နှာက ာသည့်တမန် မကောင်းကျန်၊ ပြန် ည်း ဆရာပြန်၊ လဲလည်းဆရာလဲ။ ြာင်း-နမောဗုဒ္ဓါနုဘာဝေန၊ ဩောင်း- မောဓမ္မာနုဘာဝေန၊ ဩောင်း-နမော ံဃာနုဘာဝေန ဩောင်း - ဒူရေ ဒူရေ း ဟုံ ဟုံ ဟုံ။

## မာတင်မော့်ဂါထာ

ယဒိစိတ္တန္တိမံ စိတ္တံ ဟောန္တု ပီယံ ပီယံ။

ပီယေန စိတ္တေန ဒိသွာ ဟောန္တု မမ ပီယံ ပီယံ။

ယေယေ ပဿန္တိမံဇနံ၊ တေပဿန္တိ မနောရမ္မံ။

တဿ ဥမ္မတ္တကောဝိယ၊ ဒဿနေန မနောရမ္မံ။

ပီယဒေဝ မနုဿနံ၊ ပီယပြဟ္မဏာ မုတ္တမံ။

ပီယနာဂ သုပဏ္ဏာနံ၊ ပီယိန္ဒြိယာ နာမ မော်။

ပီယေနေဝ၊ သောသဗ္ဗေ၊ ပီယံပါပိ နော ပါဒါန။

ဓောဇိနော ကာသိတေ နမော ဟောန္တု မမ ပီယံ ပီယံ။

ယံယံ ဇနံပဒံယာတိ၊ သဗ္ဗဒိသာ သိန္နေဟာစ။

မမ သဿန္တော ကိရိယံ၊ သိဒ္ဓိဘဝ တုမေသဒ္ဒါ။

သစ္စာဟံ ဇိဝိတုံဂန္တေ၊ နရာဘူမိ တထာကတော။

မံ ပဿန္တိ ယထာကာလေ၊ မေဇယ ္တိ ပရာဇယော။

ငှင်းဂါထာကို အရကျက်၍ နေ့ ွတ်ဖတ်ပါက လူတို့အတွက် အကျိုး ၏။ မာတင်မော့် ပြောတိုင်းဆို တိုင်းအောင်၏။ လုပ်ကြည့်ပါက ထူးခြား မှုကို သိနိုင်ပါသည်။ သစ္စာလည်းရှိပါ။ အမိဋ္ဌာန်လည်း ပြုလုပ်ပါ။ သို့သော် ချက်ချင်းသိနိုင်ရန် ခဲယဉ်းသော်လည်း ကြာလေကောင်းလေဖြစ်၏။

## အကာအကွယ်ကောင်းသည့်ဂါထာများ

ဦးအ-ဥ-အုံ့ဣတိပိသောဘဂဝါ နံမောဗုဒ္ဓါယ ဦ - ဗုဒ္ဓါနံ၊ သုခံ ဥတ္တမော။

ဤဂါထာသည် ရန်သူလာလျှင် ကွယ်ကာ၏။ သွားလေရာရာနှင့် အိပ်ရာ ဝင်လျှင် နေ့တိုင်းရွတ်ပါ။

ဦ - ရှေ့ကဘုရား၊ နောက်က ရဟန္တာ၊ ဂုရုကာ ဆရာကာ ကွယ် ဆရာကွယ်။

ဦ - ရှေ့ကရဟန္တာ၊ အနောက်က ဘုရား ဂုရုကာ ဆရာကာ ကွယ် ဆရာကွယ်။

ဤဂါထာဖြင့် ဆန်ကို (၇) အုပ် မန်း၍ အိမ်အား စည်းသားပါ။ ရန်သူ မဝင်နိုင်။ သွားလာရာတွင် ဆန်ကို ဤ ဂါထာဖြင့်မန်း၍ ကိုယ့်အိတ်ထဲထည့် သွားလာပါ။ ပွဲတွေ့အကျော် အကွယ် အကာကောင်း၏။

ဦ - ဆင်နားရွက်မီးလောင် ခွေး ပေါင်ကျားဆွဲ ဦ-သွားဟ။

ခွေးမကိုက်နိုင်သောဂါထာဖြစ်၏။ အလိုရှိက အမြဲရွတ်ဆိုပါ။ ရန်သူလာ လျှင် ၎င်းဂါထာကိုရွတ်ပါက ရန်သူ မိမိ ကို မမြင်တွေ့နိုင်ပေ။

## နွားမသားဝှက်ဂါထာ

(က) ဦ - သယေသယံသုည် သစ္စာ ရ သွားဟ၊

(ခ) ဦ - ဂေါသုံတော ဂေါယော၊ သုညတ္တိဦ၊

(ဂ) ဦ - ဂါဝတော ဂါယော သုည တ္တိဦ။

ဤဂါထာတို့သည် နွားမသားဝှက် အဖုံးအပိတ်ဂါထာများ ဖြစ်၏၊ အရေး ကြုံလျှင်ရွတ်ပါ။

(ဃ) ဦ - ဂါဝေါဂေါဏော ရုက္ခမေ စ။ အဇ္ဇမေပုတ္တော ဠပိတော။ အာဂတဋ္ဌာနေန သက္ကံမံရက္ခ န္တု။

နွားသားဝှက်ဂါထာ - သစ်ပင်ကို ကိုင်၍မန်း လူဆိုးမမြင်မတွေ့ ကွယ်ကာ ၏။

ဤသည်တို့ကား စစ်ကွင်းဆရာ တော်ကြီး ဦးစန္ဒောဘာသကိုယ်တိုင် ဆရာကြီးဦးဘကြည်အား ချီးမြှင့်မိန့်ကြား ခဲ့သည့် ဂါထာ၊ ပရိတ်တို့ ဖြစ်ပါသည်။ တကယ်တမ်း ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ အားထုတ်ကြည့်ပါက အမှန်တကယ် လည်း အကျိုးထူးကြောင်း လက်တွေ့ ခံစားကြရမည် ဖြစ်ပါသည်။

စစ်ကွင်းဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ ရေးသားဖော်ပြရန်တို့ကား များပြားစွာပင် ကျန်ရှိနေပါသေးသည်။ သို့သော် အချို့သော အချက်တို့ကား ဂိဇ္ဇာဓရလုပ်ထုံးလုပ်နည်းစည်းကမ်းများ အရ လျှို့ဝှက်ထားရမည်ဖြစ်သောကြောင့် လည်းကောင်း၊ အချို့သော အကြောင်း အရာတို့ကား အများပြည်သူသို့ တင်ပြ ရန် မသင့်လျော်သဖြင့် လည်းကောင်း၊ အချို့သော အကြောင်းအရာတို့ကား ပုဂ္ဂိုလ်ရေးဆိုင်ရာတို့ပါရှိနေသဖြင့်လည်း ကောင်း စသည့်အကြောင်းကြောင်းတို့ ကြောင့် ချန်လှပ်ထားခဲ့ရသည်များ ဖြစ် ပါသည်။

သို့ဖြစ်ပါသောကြောင့် စစ်ကွင်း ဆရာတော်ကြီးနှင့် ပတ်သက်သမျှသော အကြောင်းခြင်းရာတို့ကို ဤမျှလောက် သာ ဖော်ပြရသဖြင့် အားမလိုအားမရရှိ သော်လည်း ဤမျှနှင့် ကျေနပ်နှစ်သိမ့် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆရာတော်ကြီးသည် ထွက်ရပ် စခန်း မကြွမြန်းမီအချိန်အထိ သူ့ဘဝ တစ်လျှောက်လုံး အမျိုးဘာသာ၊ သာသနာအတွက်လည်းကောင်း၊ ဗုဒ္ဓ ဝေယျာဝစ္စ အကျိုးဆောင်လုပ်ငန်းများ အတွက်လည်းကောင်း ၊မနေမနားအချိန် ရှိသရွေ့ အားထုတ်လုပ်ဆောင်တော်မူခဲ့ သည်များကို လည်းကောင်း၊ နောင်လာ နောက်သားများ ဝိဇ္ဇာဓရပညာရပ်နှင့် ပတ်သက်၍ အသိအမြင် ဗဟုသုတများ တိုးပွားစေရေးအတွက် လည်းကောင်း၊ ပညာလိုလားသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် ပညာ လမ်းစဉ်ဆိုင်ရာ အတွေ့အကြုံဗဟုသုတ နည်းလမ်းများ ရရှိစေရေးအတွက် ရည်ရွယ်ဖော်ပြရခြင်း ဖြစ်ပါကြောင်းနှင့် ကျေးဇူးရှင်စစ်ကွင်းဆရာတော်ဘုရားကြီး ၏ ဘဝနှင့်အတ္ထုပ္ပတ္တိကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါတော့သတည်း။

(ပြီးပါပြီ)

ပထမံဆရာဦးအေးရွှေ


www.burmeseclassic.com

# ဦးစန္ဒိမ(စလင်း)

ဥပစ္ဆေဒက

**ကမ္ဘာဝိပါကော ပေါတိ အစိန္တေယျာ**

ကံအရာက အင်မတန်မှလည်း ဆန်းကြယ်ပေတာကိုး။ ဘယ်အကြောင်း ကြောင်းကြောင့် ဘယ်လိုအကျိုးဖြစ်တယ်၊ ဘာကြောင့်ကောင်းတယ်၊ ဘာကြောင့်ဆိုးတယ် ဆိုတာတွေကို သင်ခန်းစာယူပြီး ကံသုံးပါးကိုကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ရပါလိမ့်မယ်။ လူ့ဘဝသက်တမ်းဆိုတာ တိုတိုလေး မဟုတ်လား။ နေရသခိုက်လေး အတိုင်း ရှိရှိ နေတတ်၊ သေတတ်ဖို့ မမြတ်တောင် အရှုံးမရှိဖို့ မြတ်ရင်တော့ အကောင်းဆုံး ပေါ့လေ။ ဒါတွေ သတိနဲ့ဆင်ခြင်သင့်ပါ တယ်။





www.burmeseclassic.com

www.burmeseclassic.com


နေခြင်းမှာ တွေ့ရပါသေးတယ်။ လေးတစ်ယောက် သူ့ထက်အငယ် ပေါက်လာတာနဲ့ မိဘတွေက င်မလေးအဖေဘက်က မိဘဆီမှာ အရွယ်လေးအပ်ထားတယ်လေ။အဲဒီ ်က အဘိုးအဘွားတွေက သိပ်ဆင်း တယ်။ အဲဒီမှာပဲ ကလေးက ပျော် ပြီး ဆင်းဆင်းရဲရဲနေရရှာသူပါ။ သော် အပြုစုအယုယအကြင်နာတော့ တော်ရပါတယ်။ ဘယ်သားသမီးမြေး ဘဲကိုး။ အဲဒီကလေးရဲ့အစ်ကို၊ ညီမတွေကတော့ ချမ်းသာတဲ့ မေဘက်က အဘိုးအဘွားအိမ်မှာ ပြည့်စုံစုံနေကြရပါတယ်။ မိဘရင်း အမေဘက်က ဘိုးဘွားတွေက ရှေး တ်ပဲလား၊ အနေဝေးလို့ပဲလားမသိ ရဲတဲ့အိမ်ရောက်သွားတဲ့ မြေးမလေး ချစ်ကြပါဘူး။ ပေးကမ်းထောက်ပံ့ လည်း မရှိကြပါဘူး။ ဘိုးနဲ့ဘွားတင် ဆိုတော့ မိဘရင်းတွေကိုက သမီး ရယ်လို့လှည့်မကြည့်ကြတာကလား။ တော့ ကလေးမလေးကလည်း အဖေ က အတူနေ အဘိုးအဘွားကိုပဲ ယောဇဉ်တွယ်ပြီး အမေဘက်က တွေကို ခင်တွယ်ရကောင်းမှန်း မသိ ပါဘူး။ ဪ - ချမ်းသာတဲ့မိဘ ပြီး ဆင်းရဲနေပါ့လားလို့ တွေးနေ

နောက် ချမ်းသာရာက ဆင်းရဲ တဲ့မိသားစု။ သူတို့ကို တစ်သက်လုံး ရဲသွားလိမ့်မယ်လို့ ဘယ်သူကမှ င်ကြဘူး။ ကျိကျိတက်ချမ်းသာကြ ။ တိုက်နဲ့ကားနဲ့၊ ရွှေနဲ့ငွေနဲ့၊ င်နဲ့ကလည်းအကြီးကြီး၊ အရှိန်အဝါ ည် ကြီးသလားမမေးနဲ့။ သို့ပေမယ့် ရဲသွားသမှတော့ ကိုယ်ပိုင်ဝိုင်းနဲ့ နဲ့ မနေနိုင်တဲ့အဆင့်ထိအောင်ကျ သွားပါရောလား။ ကံမကောင်းတာ ဉာဏ်မကောင်းတာက သာမယ် တယ်။ တလွဲဆံပင်ကောင်း လမ်း တ်သွားမိတာကိုး။ နောက်ဆုံး ကျတာထက် စိတ်ဓာတ်ကျတာက ရတယ်လေ။ ခေါ်သူပြောသူမရှိ၊ စောင်မသူမရှိ လောကဓံမြောင်း ရေစုန်မျောရရှာလေရဲ့။

နောက်တွေ့ရတဲ့လူတစ်ယောက် တော့ အတော်ဆင်းရဲရာကနေ တက် ချမ်းသာသွားတဲ့သူပါ။ ဘန်ထိုး တိုက်တွေကားတွေနဲ့ဖြစ် ရောလား။ သို့သော် သူချမ်းသာ နည်းကတော့ မသမာတဲ့နည်းမို့ သတင်း မလှရှာပါဘူး။ လူတွေက အထင်မကြီး ကြပါဘူး။ အနီးနေသူချင်းကျတော့ သိကြတယ်လေ။ ဒီလူဘယ်လောက် အခြေရှိတယ်မရှိဘူး။ ကြီးပွားနိုင်တယ်၊ မကြီးပွားနိုင်ဘူးဆိုတာပေါ့။ ထီမပေါက် ဘဲနဲ့၊ ရွှေအိုးမတွေ့ဘဲနဲ့၊ ဆွေမျိုးမတောင့် ဘဲနဲ့ ဒီလောက်မြန်မြန်ကြီးဖြစ်နိုင်၊ မဖြစ် နိုင်ဆိုတာ သိကြတယ် မဟုတ်လား။ ဒီလိုမစင်ကြယ်တဲ့နည်းနဲ့ကျတော့လည်း လူရာမဝင်ချင်ပါ။ မချမ်းသာချင်ပါ။ နောင်တတရားနဲ့ သံသယရဲ့သားကောင် မဖြစ်ချင်ဘူးလေ။ ဒါတွေက နေခြင်းရဲ့ ဆန်းကြယ်ပုံတွေပေါ့။

သေခြင်းရဲ့ ဆန်းကြယ်ပုံပြောပါ ဦးမယ်။ သစ်တုံးတွေသယ်လာတဲ့ကား တစ်စီးမှောက်လို့ လူ (၆) ယောက်ပွဲခြင်း ပြီးသေသလို တချို့ဆေးရုံတက်ရပါ သတဲ့။ အဲသလို မသေခင်အချိန် မိနစ် ပိုင်းမှာပဲ အဲဒီရွာက ဘုန်းကြီးကျောင်း တံတိုင်း(၆)ခန်း မြေငလျင်မလှုပ်၊ မိုးမရွာ လေမတိုက်၊ သစ်ပင်မပိ၊ တခြားထိခိုက် မှုမရှိပါဘဲ အလိုလိုပြိုကျသွားပါသတဲ့။ ဒီတော့ မေးကြလိမ့်မယ်။ ဒီဘုန်းကြီး ကျောင်းတံတိုင်း (၆) ခန်းပြိုတာနဲ့ ဒီလူ (၆) ယောက်သေတာနဲ့ ဘာဆိုင်တုံးလို့။ ဆိုင်တာတွေကို ပြောပြချင်ပါတယ်။ ဒီလူငယ် (၆) ယောက်က ဒီရွာဘုန်းကြီး နဲ့ ဆွေမျိုးမကင်းသူတွေ။ တစ်ယောက် က ဘုန်းကြီးတူအရင်းတဲ့။ ကျောင်းဝင် ထွက်အိပ်နေကြပါသတဲ့။ အနေများ တယ်ပေါ့။ ဘုန်းကြီးကလည်း ဆွေမျိုး ဆိုတော့ ခိုင်းစရာရှိတာခိုင်း၊ ကျွေးစရာ ရှိတာကျွေး၊ ညမှုညတာအဖော်ရတော့ အားကိုးရှာပေသပေါ့။

တစ်နေ့ ဒီလူငယ် (၆) ယောက်က သူတို့သစ်စက်ကခေါ်လို့ အထက်ကို



သစ်တိုက်လိုက်သွားမလို့ဆိုပြီး ကျောင်း ထိုင်ဘုန်းကြီးလေးကို လျှောက်ပါသတဲ့။ ဒီတော့ ဘုန်းကြီးက 'မသွားပါနဲ့။ အဲဒီ ကရမယ့်တစ်ယောက်ငွေတစ်သောင်းကို ငါပေးပါ့မယ်' ပေါ့။ တားလို့မရပါဘူးတဲ့။ သူတို့က ပျော်လို့ကို သွားကြမှာတဲ့လေ။ ဖြစ်ချင်တော့ အထက်စေတုတ္တရာက သစ်တွေတင်ပြီးအပြန် ကံပြားဘက်ဖြတ် ခဲ့ပြီး ချောင်းတစ်ချောင်းအဆင်းမှာ ကား မှောက်ပါလေရော။ သူတို့ (၆) ယောက် က ချမ်းလို့ဆိုပြီး ခင်းထားတဲ့မိုးကာကို တစ်ဝက်ခြုံလျက် သစ်တုံးတွေပိပြီးသေ ကြတယ်လေ။ ဒါက ပွဲခြင်းပြီးသေတာ တွေအပြင် ဆေးရုံတက်ရတာတွေလည်း ရှိရဲ့။

သေခြင်းတရား ဆန်းကြယ်လိုက် ပုံများပြောပါတယ်။ မသွားဖို့ ဘုန်းကြီး က အတန်တန်တားပါလျက်ကယ်နဲ့ သေကြရပုံတွေ၊ မသေခင်လေးမှာ ဘုန်း ကြီးကျောင်း တံတိုင်း(၆)ခန်း အလိုလို ပြိုပုံတွေ၊ သေတာလည်း (၆) ယောက်၊ တံတိုင်ကလည်း (၆) ခန်း ဆိုတာတွေ လေ။ ဪ - ကံကုန်ရင်ဉာဏ်ထုံတယ် ဆိုတာ ဒါမျိုးနေမှာပဲလို့ တွေးနေမိရဲ့။ ဪ - လူ့ဘဝအသက် (၂၀) ဝန်းကျင် လောက်နဲ့သေကြရတာ ဘာမှမှတ်တိုင် ထူမသွားကြရပါလား။ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက်မကွေးမီဆိုတာ တယ်ဟုတ်ပါ့မလား။ လူ့ဘဝသက်တမ်း ဆိုတာ တိုလှပါကလားလို့ ဆင်ခြင်ရင်း နေခြင်းနဲ့ သေခြင်းတွေကို ဆန်းစစ်နေ မိပါတော့တယ်။ သေပုံချင်းတောင် မတူ ဘူးလေ။ ခုလိုသေရတာက ဥပစ္ဆေဒက ကံနဲ့သေရတာကိုးလို့။

ဥပစ္ဆေဒကကံ-ကပ်၍ဖြတ်တတ် သောကံ - မီးလောင်၊ ရေမျော၊ ဓာတ် လိုက်၊ သူတစ်ပါးရိုက်နှက်၊ တိရစ္ဆာန် ဘေး စသည်ဖြင့် သေချိန်မတိုင်ဘဲ လျှပ်တစ်ပြက်သေခြင်း။

သေခြင်း (၄) မျိုး - အာယုက္ခယ သက်တမ်းကုန်၍သေခြင်း၊ ကမ္မက္ခယ - သက်တမ်းမကုန်ဘဲ ကုသိုလ်ကံကုန်၍ သေခြင်း၊ ဥဘယက္ခယ-သက်တမ်းရော ကံပါကုန်၍သေခြင်း၊ ဥပစ္ဆေဒ - ကံကုန် ၍ ဖြစ်တတ်သောကံကြောင့်သေခြင်း ဥပမာ - မီး လောင်၊ ရေမျော၊ ဓာတ် လိုက်၊ သူတစ်ပါးလက်ချက် စသည်ဖြင့် သေချိန်မတန်ဘဲသေခြင်း။


ဦးစန္ဒိမ (စလင်း)

www.burmeseclassic.com

## ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ဝဏ္ဏသိရိ

## ဗောဓိမဏ္ဍိုင်ပူဇော်ပွဲကြီး



ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် တေရသကနိပါတ် ကာလိင်္ဂဗောဓိဇာတ်တော်တွင် ကာလိင်္ဂမည်သော စကြဝတေးမင်းအဖြစ် ဘုရားအလောင်းတော် ပညာရှိအမတ်၏ ဆုံးမသွန်သင်ခြင်းကိုခံယူ၍ ဗောဓိမဏ္ဍိုင်ကို ပန်းမျိုးစုံ လှည်းစီးရေခြောက်သောင်းဖြင့် ပူဇော်ခဲ့ပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ အလောင်းအလျာမမွေးဖွားမီကပင် နှစ်ပေါင်းများစွာ ကြိုတင်၍ နိမိတ်ဖတ်ခြင်းကို ခံယူခဲ့ရ၏။ ကာလိင်္ဂနိုင်ငံ ဒန္တပူရမြို့၌ ထီးနန်းစိုးစံသော မဟာကာလိင်္ဂမင်းသည် စူဠကာလိင်္ဂမင်း၏နောင်တော်ဖြစ်၏။ နောင်တော် မင်းအဖြစ်သို့ ရောက်သောနေ့၌ပင် ညီတော်အား အိမ်ရှေ့မင်းအရာကို အပ်နှင်းထား၏။ အိမ်ရှေ့မင်းဟူသည်မှာ လက်ရှိပြည့်ရှင်မင်းနတ်ရွာစံလျှင် ထီးမွေနန်းမွေဆက်ခံရမည့်သူ ဖြစ်၏။ ကာလိင်္ဂနိုင်ငံတော်တစ်ခုလုံးတွင် ပြည့်ရှင်မင်းပြီးလျှင် တန်ခိုးဩဇာအကြီးမားဆုံး ဖြစ်၏။ သို့ရာတွင် သူသည် ပြည့်ရှင်မင်း၏ ဩဇာအာဏာကိုတော့ ကျော်လွန်၍ မရနိုင်ပါ။ ပြည့်ရှင်မင်းသက်ရှိထင်ရှားရှိနေသေးသည်နှင့်အမျှ ပြည့်ရှင်မင်း၏ အမိန့်ဩဇာအရပ်ရပ်ကို နာခံ၍ ပြည့်ရှင်မင်းအလိုကျ နေထိုင်ရမည်သာ ဖြစ်ပေသည်။

အိမ်ရှေ့မင်း စူဠကာလိင်္ဂသည်ကား ဤအစဉ်အလာကို လက်မခံနိုင်ပါ။ အခြားအခြားသောဘုရင့်ညီတော်များက လက်ခံထားခဲ့ကြသော်ငြားလည်း သူကတော့ လက်မခံနိုင်ပါ။ အကြောင်းမှာ မိမိသည် စကြဝတေးမင်းကြီး၏ ခမည်းတော် ဖြစ်လာမည့်သူ မဟုတ်ပါလော။ မိမိ၏ နောင်တော်က ကာလိင်္ဂနိုင်ငံလေးတစ်ခုတည်းသာ စိုးမိုးအုပ်ချုပ်ရ၏။ မိမိ၏သားတော်ကတော့ ကာလိင်္ဂနိုင်ငံလေးကို အသာထား ဤဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးရှိ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် တိုင်းနိုင်ငံအားလုံးကို ပိုင်စိုး အုပ်ချုပ်မည့်သူ ဖြစ်၏။

သို့ဖြစ်၍ အိမ်ရှေ့မင်းစူဠကာလိင်္ဂမင်းသားသည် နောင်တော် ပြည့်ရှင်မင်း၏အမိန့်အာဏာကို လက်မခံဘဲ မိမိစိတ်ဆန္ဒအတိုင်း ပြုမူနေထိုင်လာ၏။ နောင်တော်မဟာကာလိင်္ဂမင်းသည် တစ်ကြိမ်၊ နှစ်ကြိမ် သည်းခံနိုင်ပါ၏။ သုံးကြိမ်ကလေးကြိမ်အထိ ခွင့်လွှတ်ထားနိုင်ပါ၏။ ညီတော်နောင်ရင်း တစ်အူထုံ့ဆင်းပါကလား ဟူသောအသိဖြင့် သည်းအတိုင်းကြည့်နေနိုင်ပါသေး၏။ သို့ရာတွင် ညီတော် အိမ်ရှေ့မင်းကသည် ထက်သည်ပိုကဲ၍ အကြိမ်ပေါင်းများစွာ အာဏာဖီဆန်လာသည်တွင်ကား ညီတော်ကို ဖမ်းဆီးချုပ်နှောင်ဖို့ အစီအစဉ်ပြုရပါတော့သည်။

ဤသတင်းသည် အတွင်းနေအမတ်တစ်ဦးထံမှ ညီတော်အိမ်ရှေ့မင်းနားသို့ ပေါက်ရောက်သွား၏။ တိတ်တဆိတ်အကြောင်းကြားလာသော အမတ်သည် အိမ်ရှေ့မင်း၏ အကျိုးစီးပွားကို လိုလားခဲ့သူ ဖြစ်၍ ပြည့်ရှင်မင်းတို့၏အမျက်ဒေါသကိုလျှော့၍ မထွက်မိရန် သတိပေး၏။ ပြည့်ရှင်မင်းတို့ အမျက်ထွက်လာလျှင် သွေးရင်းသားရင်းဟူ၍ ညာတာ ထောက်ထားရိုးမရှိခဲ့ပုံ ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



စွဲကို တင်လျှောက်၏။

အိမ်ရှေ့မင်းစူဠတာလိဂ်မင်းသား ကလည်း ဤအချက်ကို သဘောပေါက် ၏။ ထို့ကြောင့် တင်လျှောက်လာသော အမတ်အား မိမိ၏ဘွဲ့မည်တံဆိပ်ခတ်နှိပ် ထားသောလက်စွပ်၊ နူးညံ့လှစွာသော ကမ္ဗလာအခင်းနှင့် သန်လျက်တို့ကို ထုတ်ယူပြသပြီးလျှင် -

"အို - အမတ်၊ ငါကိုယ်တော်က တော့ အသက်အန္တရာယ်လွတ်အောင် တိုင်းတော်ပြည်တော်ကထွက်ခွာရတော့ မယ်။ ငါကိုယ်တော်သွားလေရာမှာ ဒီ ပစ္စည်းသုံးမျိုးကို ကိုယ်နဲ့တစ်ပါတည်းယူ သွားမယ်။ နောင်တစ်ချိန် ငါ့မှာ သား တော်တစ်ပါးရလာလိမ့်မယ်။ အဲဒီသား တော်အရွယ်ရောက်လာတဲ့အခါ သင့်ဆီ ကိုလွှတ်လိုက်မယ်။ ဒီပစ္စည်းသုံးမျိုးကို လည်းပေးလိုက်မယ်။ ဒီပစ္စည်းတွေကြည့် ပြီးတော့ သင်ဟာ ငါ့သားတော်ပဲဆိုတာ ကောန်သိနိုင်မယ်။ အဲဒီအခါမှာ ဒီကလိဂ် နိုင်ငံရဲ့ ထီးနန်းအမွေကို ငါ့သားတော် ဆက်ခံနိုင်ဖို့ သင်ကကြိုးစားပေးပါ"

ဤသို့မှာကြားထားခဲ့ပြီးလျှင် စူဠ တာလိဂ်မင်းသားသည် ကလိဂ်နိုင်ငံမှ ထိတ်ထိတ်ထွက်ခွာလာခဲ့၏။ နောင် တော်မင်း၏ အာဏာပိုင်ရာနယ်မြေမှ လွတ်ရာသို့ထွက်လာခဲ့ပြီးလျှင် တောထဲ သို့ဝင်၍ ရသေ့အဖြစ်ကို ခံယူ၍ ဂင်္ဂါမြစ် ကမ်းနား၌ ကျောင်းသင်္ခမ်းဆောက်လုပ်

www.burmeseclassic.com

www.burmeseclassic.com

၍ နေထိုင်လေသည်။

ထိုအချိန်လောက်မှာ မဒ္ဒပြည်ကို အစိုးရသော မဒ္ဒရာဇ်မင်းမိဖုရားနှင့် သမီးတော်တို့သည်လည်း ထိုတောထဲသို့ ရောက်လာခဲ့ကြ၏။ မဒ္ဒနိုင်ငံ၏အချက်အချာ သာဂလမြို့တော်သည် သမီးချောသမီးလှတွေ မကြာခဏ ပေါ်ထွက်လာတတ်၍ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်လုံး၌ ထင်ပေါ် ကျော်ကြားလာခဲ့၏။ ယခုလည်း မဒ္ဒရာဇ်မင်းသမီးတော်၏ အချောအလှ ဂုဏ်သတင်းသည် ပျံ့လွင့်လာပြန်၏။ ထို့ပြင် ထိုမင်းသမီးမှ ဖွားမြင်လာသော သားတော်သည် ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးကို သိမ်းကျုံးစိုးအုပ်နိုင်သည့် စကြဝတေးမင်းဖြစ်လာမည်ဟူ၍လည်း နိမိတ်ဖတ်ပညာရှိကြီးတို့က အဟောထွက်ထား၏။

ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်လုံးမှာရှိနေကြသော ထီးဆောင်းမင်းအားလုံးက မဒ္ဒနိုင်ငံ၏သမီးတော်ကို မိမိအားပေးအပ်ရန် တောင်းဆိုကြ၏။ သမီးတော်ကိုတောင်းဆိုသည့်သဝဏ်လွှာတွေ ပို့လာကြ၏။

ဤတွင် ခမည်းတော်မဒ္ဒရာဇ်မင်းကြီးမှာ အခက်ကြုံရတော့၏။ မိမိတို့မှာရှိတာက ဒီသမီးတော်လေးတစ်ယောက်တည်းသာ။ တောင်းလာသည့်မင်းတွေက တစ်ရာကျော်။ ကျန်သည့်မင်းတွေက ရန်ပြုလာကြတော့မည်။ အကြောင်းမသင့်လျှင် အသက်အန္တရာယ်နှင့်ကြုံလာနိုင်သည်။ ထို့ကြောင့် ထိုရန်များမှ လွတ်မြောက်စေရန် မဒ္ဒရာဇ်မင်းသည် မိဖုရားနှင့် သမီးတော်ကို ခေါ်ယူကာ သာဂလမြို့တော်မှ တိတ်တဆိတ်ထွက်လာခဲ့ရပါတော့သည်။

မဒ္ဒရာဇ်မင်း၏ မိသားစုသည် တောထဲမှာ ရသေ့ဘဝကို ခံယူပြီးလျှင် တောအစပ်က ရွာလေးများတွင် ဆွမ်းခံ၍ အသက်မွေးနေကြလေသည်။

တောရွာကလေးများမှာ အလွန်တရာ ဆင်းရဲချို့တဲ့နေကြသည်ဖြစ်၍ တစ်ခါတစ်ရံ သူတို့သုံးဦးသား စားလောက်အောင် ဆွမ်းမလောင်းနိုင်ကြပေ။ ထိုအခါမျိုးတွင် မိဘနှစ်ပါးတို့က တောထဲသို့ဝင်၍ သစ်သီးရှာကြရ၏။ သမီးတော်ကိုမူ ကျောင်းသင်္ခမ်းထဲမှာ ထားခဲ့၏။

သင်္ခမ်းကျောင်းမှာ တစ်ယောက်တည်းနေခဲ့ရသော သမီးတော်သည် အဖော်မရှိဘဲနေရသည်ကို ငြီးငွေ့လှသဖြင့် တောထဲမှာ တွေ့ရသမျှ ပန်းမျိုးစုံတို့ကို ဆွတ်ခူး၍ ပန်းကုံးသီ၏။ ရလာသည့် ပန်းကုံးတို့ကို သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ချည်တန်း၍အလှကြည့်၏။ ကျန်နေသေးသောပန်းကုံးတို့ကို ခေါင်းမှာပန်ပြီးလျှင် ဂင်္ဂါမြစ်ကမ်းပါးက သရက်ပင်ပေါ် သို့တက်၍ကစား၏။ ထိုစဉ်တွင် သူ့ခေါင်းက ပန်းကုံးပြုတ်ကျကာ ဂင်္ဂါမြစ်ရေထဲမှာမျောပါသွားလေသည်။

မင်းသမီးတို့၏နေရာသည် စူဠကာလိင်္ဂရသေ့၏ အထက်ပိုင်းမှာရှိ၏။ သို့ဖြစ်၍ ဂင်္ဂါမြစ်ရေထဲမှာ မျောပါလာခဲ့သောပန်းကုံးသည် ဂင်္ဂါမြစ်ထဲမှာ ရေချိုးနေသော ကာလိင်္ဂရသေ့၏ခေါင်းမှာ ငြိတွယ်လာ၏။ စူဠကာလိင်္ဂရသေ့သည် ငြိတွယ်လာသောပန်းကုံးကိုယူ၍ကြည့်ရှုလိုက်ရာ အပျိုအရွယ်မိန်းမငယ်တစ်ယောက်သီကုံးထားသော ပန်းကုံးဟူ၍ သဘောပေါက်လာ၏။ ဤတွင် ရေထဲမှာ ကပျာကယာတက်လာပြီးလျှင် ပန်းကုံးရှင်ကို တွေ့မြင်ရအောင် မြစ်ကမ်းပါးအတိုင်းလျှောက်လာခဲ့ရာ သရက်ပင်ပေါ်မှ မင်းသမီး ဆင်းမလာသေးမီမှာပင် ရောက်လာ၏။ ထိုအချိန်၌ မင်းသမီးသည် သရက်ပင်ပေါ်မှာ သီချင်းဆိုနေ၏။ ကာလိင်္ဂရသေ့သည် သရက်ပင်ရင်းသို့ ချဉ်းကပ်လာ၍ -

"အို-ချစ်နှမ၊ သရက်ပင်ပေါ်က ဆင်းခဲ့ပါ"

ဟု ဆိုလေရာ -

"ကျွန်မကို ယောက်ျားပျိုတစ်ယောက်က ဆင်းဆိုတိုင်းမဆင်းနိုင်ပါ။ ကျွန်မက မင်းသမီးဖြစ်ပါတယ်"

ဟု တုံ့ပြန်ပြောဆိုသဖြင့် -

"ဒါဖြင့် သာပြီးဟန်ကျတာပေါ့။ ကျုပ်ကလည်း ကာလိင်္ဂနိုင်ငံက မင်းသားတစ်ပါးပါ"



"အလိုရှင် - နှုတ်ဖျားက မင်းသား ဆိုတိုင်း ယုံရပါ့မလား။ မင်းမျိုးမင်းနွယ် မှန်ရင် ကိုယ့်အချင်းချင်းသိနိုင်တဲ့အထိမ်း အမှတ်စကားဝှက်တွေရှိနေကြပါတယ် သင့်မှာကော အဲဒီလိုစကားဝှက်မျိုးရှိပါ သလား"

ဤမေးခွန်းကို စူဠကာလိင်္ဂရသေ့ က -

"ရှိပါတယ် နှမတော်"

ဟု ဖြေကြားကာ မိမိတို့မျိုးနွယ်၏ စကားဝှက်ကို ထုတ်ဖော်ပြောပြလိုက်၏။ ဤတွင်မှ မင်းသမီးသည် မိမိနှင့်မျိုးနွယ်တူ မင်းသားတစ်ပါးဖြစ်ကြောင်း ယုံ ကြည်စိတ်ချစွာ သရက်ပင်ပေါ်မှ ဆင်း လာလေသည်။

တောထဲမှ ရသေ့ဝတ်နှင့်နေလာခဲ့ သော စူဠကာလိင်္ဂမင်းသားသည် မင်း သမီးနှင့်တွေ့ဆုံရသောအခါ လူဘောင် သို့ ပြန်ဆင်းလာ၍ မင်းသမီးနှင့်အတူ ခမည်းတော်၊ မယ်တော်များရှေ့မှောက် သို့ဝင်ရောက်၏။ မင်းသမီးက အတူပါ လာသည့် လုလင်ပျိုမှာ ကာလိင်္ဂနိုင်ငံ၏ အိမ်ရှေ့စံမင်းသားတစ်ပါးဖြစ်ကြောင်း စ၍ ဖြစ်ရပ်အစုံကို ပြောပြ၏။ ဤတွင် ခမည်းတော်၊ မယ်တော်တို့က သတို့သား နှင့် သတို့သမီးတို့ကို လက်ထပ်ထိမ်းမြား ၍ပေးကြလေသည်။

ထို့နောက် စူဠကာလိင်္ဂမင်းသား နှင့် မဒ္ဒမင်းသမီးတို့သည် အနီးအပါးမှာ ပင် အိမ်တစ်ဆောင်ဆောက်၍ နေထိုင် ကြ၏။ အချိန်တန်သောအခါ ညီတော် အာနန္ဒာအလောင်းအလျာသည် မဒ္ဒ မင်းသမီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ တည်နေလာ၏။ နိမိတ်ဖတ်သောပညာ ရှင်ကြီးများက စူဠကာလိင်္ဂမင်းသား၏ စကြဝတေးမင်း၏ ခမည်းတော် ဖြစ် မည်။ မဒ္ဒမင်းသမီးကိုလည်း စကြဝတေး မင်း၏မယ်တော်ဖြစ်မည်ဟု ဟောကိန်း ထုတ်ထားခဲ့ကြလေရာ ယခု မင်းသမီး မှာ ရရှိလာသော ကိုယ်ဝန်သည် သား ယောက်ျားကလေးဖြစ်ပါက ဧကန်မုချ စကြဝတေးမင်းလောင်းလေးသာ ဖြစ် ရပါမည်။ သို့ဖြစ်၍ မင်းသမီး၊ မင်းသား နှင့်တကွ ခမည်းတော်၊ မယ်တော်တို့ ပါ ဂရုတစိုက်ပြုစုစောင့်ရှောက်လာခဲ့ကြ ရ၏။ ဆယ်လစေ့သောအခါ မိဘ ဘွားများ မျှော်လင့်ထားသည့်အတိုင်း သားယောက်ျားလေးဖြစ်နေသဖြင့် ဝမ်း မြောက်၍မဆုံးနိုင်ဖြစ်နေကြရပေသည်။

ခမည်းတော်စူဠကာလိင်္ဂမင်းသား သည် မိမိ၏ သားတော်လေးအား



www.burmeseclassic.com

www.burmeseclassic.com

မှီးရိုးအမည်ဖြင့် ကာလိင်္ဂမင်းသားဟူ ၍ခင် အမည်ပေး၏။ ကာလိင်္ဂမင်းသား ရွယ်ရောက်လာသောအခါ ခမည်း တော်ကိုယ်တိုင်က ယောက်ျားတို့ တတ် င့်တတ်ထိုက်သောပညာရပ်တို့ကိုသင် ကြားပေးလေသည်။

ဤသို့ဖြင့် မင်းမျိုးမင်းနွယ်မိသား စုသုံးဦးတို့ တောထဲမှာ နေလာခဲ့ကြရာ တစ်ခုသောညဉ့်ဦးယံတွင် စူဠကာလိင်္ဂ မင်းသားသည် အထက်ကောင်းကင်က နက္ခတ်တာရာတို့၏- အသွားအလာ၊ အနေးအယှဉ်ကို ကြည့်ရှုမိ၏။ ဤတွင် ကာလိင်္ဂနိုင်ငံ၏ပြည့်ရှင်မင်းနှင့် ပတ်သက် သောနက္ခတ်တစ်ခုက အရောင်အဝါ မှိန်နေသည်ကို တွေ့လိုက်ရ၏။ ဤ တွင် စူဠကာလိင်္ဂမင်းသားသည် သား တော်ကို ခေါ်ယူ၍-

"သားတော်၊ သားတော်ရဲ့ဦးရီး တော် မဟာကာလိင်္ဂမင်းကြီး နတ်ရွာစံ သွားပြီ။ သူ့မှာထီးမွေနန်းမွေဆက်ခံမယ့် သားတော်တစ်ပါးမျှ မထွန်းကားခဲ့ဘူး။ တော့ သားတော်က ခမည်းတော်ကိုယ် စား ကာလိင်္ဂနိုင်ငံက ဒန္တပူရမြို့တော်ကို သွားပြီး ထီးနန်းဆက်ခံရအောင် ကြိုး စားပေတော့။ နန်းတော်မှာရှိနေကြတဲ့ အကြီးမတ်ရာတွေက သားတော်ကို နတ်ရွာစံမင်းကြီးရဲ့ တူတော် အရင်းအ ချာဖြစ်ကြောင်း သိကြမယ်ဆိုရင် မင်း လောင်းအဖြစ်နဲ့ အလွယ်တကူလက်ခံ ကြမှာပါ။ အဲဒီလို လက်ခံနိုင်အောင် ခမည်းတော်ရဲ့ ကိုယ်နဲ့မကွာ ဆောင်ယူ သိမ်းလာခဲ့တဲ့ ဒီပစ္စည်းသုံးမျိုးကို သက်သေခံအဖြစ်နဲ့ ယူသွားပေတော့"

ဤသို့ ပြောဆိုပြီးလျှင် အမှတ် ခတ်နှိပ်ထားသော လက်စွပ်၊ ကမ္ဗလာအခင်းနှင့် သန်လျက်တို့ကို ပေး လိုက်၏။ ဒန္တပူရမြို့တော်သို့ရောက် သောအခါ ဝင်ရောက် တွေ့ဆုံရမည့် အမတ်၏ အမည်နှင့် အိမ်နေရာတို့ကို လည်းအစုံပြောပြလိုက်၏။

ကာလိင်္ဂမင်းသားသည် ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်၊ မယ်တော်တို့ ကို ဦးခိုက်ပြီးလျှင် ခရီးစဉ်အတိုင်း ခဲ့ရာ ဒန္တပူရမြို့တော်သို့ ဆိုက် ရောက်လာ၏။ ခမည်းတော်လမ်းညွှန် သော အမတ်၏အိမ်သို့ တန်းတန်း မတ် ရောက်လာ၏။ ကာလိင်္ဂမင်း မိမိအကြောင်းကို နှုတ်အားဖြင့် ပြီးလျှင် ခမည်းတော်ပေးလိုက် သက်သေခံပစ္စည်းသုံးမျိုးတို့ကို ထုတ်၍ပြ၏။ ဤတွင် အမတ် သည် ဝမ်းမြောက်ဝမ်းသာကြိုဆို၍ မိမိ အိမ်၌ ကောင်းမွန်စွာ ကျွေးမွေးပြုစုပြီး လျှင် နန်းတော်သို့ ခေါ်လာခဲ့၍ ပါလာ ခဲ့သော သက်သေခံပစ္စည်းသုံးမျိုးတို့ကို မှူးမတ်ဗိုလ်ပါပရိသတ်အစုံ အလယ်ရှေ့ မှောက်၌ ပြသလိုက်၏။ ဤတွင် မင်း လောင်းကို မျှော်နေကြသော မှူးမတ် ဗိုလ်ပါအပေါင်းက ကာလိင်္ဂမင်းသားကို ဝမ်းမြောက်ဝမ်းသာ နန်းတင်လိုက်ကြ လေသည်။

ထိုအချိန်၌ ဘုရားအလောင်း တော်သည် ဘာရဒွါဇမည်သော အမတ် ကြီးအဖြစ်ဖြင့် နန်းတော်၌ အမှုထမ်း လျက်ရှိ၏။ မင်းဖျိုမင်းလွင် ကာလိင်္ဂမင်း သည် ဘာရဒွါဇအမတ်ကြီးအား မူလ ရာထူးမှာပင် ဆက်လက် ခန့်ထား၏။ အလောင်းတော် ဘာရဒွါဇအမတ်ကြီး သည် ကာလိင်္ဂမင်းမှာ စကြဝတေးမင်း လောင်းဖြစ်ကြောင်း မဖွားမြင်ခင်ကပင် ကျော်ကြားခဲ့သူဖြစ်၍ စကြဝတေးမင်း တို့၏ ကျင့်ဝတ်တို့ကို ပြည့်ပြည့်စုံစုံ ဆောက်တည် ကျင့်သုံးရန် ကာလိင်္ဂမင်း အား လျှောက်တင်၏။ ကာလိင်္ဂမင်းက လည်း ပညာရှိအမတ်ကြီး၏ လျှောက် တင်ချက်ကို လေးလေးစားစား ခံယူကာ စကြဝတေးမင်းတို့၏ ကျင့်ဝတ်တို့ကို ပြည့်ပြည့်စုံစုံ ဆောက်တည်ကျင့်သုံးလေ သည်။

ဤပထဝီမြေပြင်ပေါ်၌ စကြဝတေး မင်းတို့ အကြိမ်ကြိမ်ပေါ်ထွက်လာခဲ့ကြ ၏။ စကြဝတေးမင်းတစ်ပါး နတ်ရွာစံ သွားသောအခါ ကျန်ရစ်သော သားတော် ကြီးက စကြဝတေးမင်းဖြစ်ထိုက်သော ဘုန်းကံပါရမီရှိနေမှသာ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံနိုင်၏။ စကြဝ တေးမင်းဖြစ်ထိုက်သော ဘုန်းကံပါရမီ မပါလာလျှင်ကား ခမည်းတော် စကြ ဝတေးမင်း၏ စကြာရတနာသည် နန်း တော်မှ ထွက်ခွာသွား၍ ရေအိုင်ကြီး တစ်ခုထဲက ရွှံ့နွံတွေအောက်မှာ ရောက် သွားတော့၏။ အခြားအခြားသော စကြ ဝတေးမင်း၏ သက်ရှိ သက်မဲ့ရတနာတို့ သည်လည်း မိမိတို့၏ မူရင်းနေရာသို့ ပြောင်းရွှေ့သွားကြတော့၏။

ဤသို့ဖြင့် စကြဝတေးမင်းတို့ ၏ ကျင့်ဝတ်တို့ကို ဆောက်တည်၍ တစ်ဆယ့်ငါးရက်ပြည့်သောအခါ နောက် ဆုံး စိုးစံခဲ့သော စကြဝတေးမင်း၏ စကြာရတနာသည် သူ့အလိုအလျောက် ဒန္တပူရရွှေနန်းတော်သို့ရောက်လာ၏။

ထို့အတူပင် ဥပေါသထမျိုးနွယ်မှ ဆင်ဖြူတော်တစ်စီးလည်း ရောက်လာ ၏။

ဝလာဟကမြင်းမျိုးမှ မြင်းရတနာ လည်း ရောက်လာ၏။

ဝေပုလ္လတောင်မှ ပတ္တမြားရတနာ သည်လည်း သူ့အလိုလိုပေါ်ထွက်လာ ၍ ရွှေနန်းတော်သို့ ရောက်လာ၏။

ဥတ္တရကုရုမည်သော မြောက်ကျွန်း မှ လူမကနတ်တမျှ ချောမောလှပသော မိဖုရားရတနာရောက်လာ၏။

ပြည့်ရှင်မင်းကြီး အလိုရှိသမျှ ရွှေ ငွေ၊ရတနာဘဏ္ဍာတိုက်ကြီးများမှ ထုတ် ပေးနိုင်လောက်အောင် ကြွယ်ဝချမ်းသာ သောသူဌေးကြီးရတနာရောက်လာ၏။

ထို့ပြင် ဖခမည်းတော်၏ယာလက် ရုံးတမျှ အားကိုးအားထားပြုလောက် အောင် အရည်အချင်းပြည့်ဝသော သားတော်ရတနာမှာလည်း ဘုန်းကံ အလျောက် ရောက်လာခဲ့ပေသည်။

ဤသို့ဖြင့် စကြရတနာခုနစ်မျိုးတို့ အပြည့်အစုံ ရောက်လာကြပြီဖြစ်၍ ကာလိင်္ဂမင်းသည် ဇမ္ဗူဒိပ်ကျွန်းကြီး တစ်ခုလုံးရှိ ထီးဆောင်းမင်းအပေါင်း တို့၏ ညီညွတ်ခစားခြင်းကို ခံယူရရုံမက လေးကျွန်းလုံးကို အစိုးရသော စကြဝ တေးမင်းကြီးဖြစ်လာပေသည်။

ကာလိင်္ဂမင်းသည် စကြဝတေး မင်းအဖြစ်သို့ ကြိုရောက်လာသည်နှင့် တစ်ပြိုင်နက် တောထဲမှာရှိနေရစ်ကြသော ခမည်းတော်၊ မယ်တော်နှင့် ဘိုးတော်၊ ဘွားတော်တို့ကို ရွှေနန်းတော်သို့ခေါ်ယူ ရန် အစီအစဉ်ပြုလုပ်၏။ ဤအစီအစဉ် ကို ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် အတူ လိုက်ပါရန် စုဝေးလာခဲ့ကြသော ပရိသတ်ကြီးမှာ တစ်ဆယ့်ခြောက်ယူဇ နာမျှ ကျယ်ပြန့်သောမြေအပြင်နှင့်အ ပြည့်ဖြစ်လာပေသည်။

ကာလိင်္ဂစကြဝတေးမင်းကြီးသည် ကေလာသတောင်ထွတ်တမျှ ခံ့ညားလှ သောရတနာဆင်ဖြူတော်ထက်သို့တက် ၍စံနေ၏။ စကြဝတေးမင်းကြီး နေသား တကျထိုင်မိသည်နှင့်တစ်ပြိုင်နက် ရတနာ ဆင်ဖြူတော်သည် ထက်ကောင်းကင် သို့တက်လာခဲ့ရာ လာလာသမျှ ပရိသတ် အပေါင်းကလည်း အထက်ကောင်းကင် သို့ အတူတကွပါလာခဲ့ကြလေသည်။

သို့ဖြင့် ဒန္တပူရမြို့တော်မှ ခမည်း တော်၊ မယ်တော်တို့ရှိရာ တောအုပ်ရှိရာ သို့ ပျံလာခဲ့ကြရာ တစ်နေရာအရောက် တွင် ရတနာဆင်ဖြူတော်က ရှေ့သို့သွား မြဲမသွားဘဲ ရုတ်တရက် ရပ်တန့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ဤတွင် အတူတကွ လိုက်ပါလာခဲ့သော ဘာရဒွါဇပညာရှိအမတ်ကြီးသည် ဆင်ဖြူတော်ရပ်တန့်သွားရခြင်းအကြောင်းရင်းကို စဉ်းစားရ၏။

'မိမိတို့သည် ကောင်းကင်ခရီးက လာခဲ့ကြခြင်းဖြစ်၍ မြေပြင်ပေါ်မှာကဲ့သို့ အတားအဆီးမရှိနိုင်ပါ။ ကောင်းကင်မှာ အတားအဆီးမရှိပါဘဲလျက် ဆင်ဖြူတော်ရပ်တန့်သွားရခြင်းမှာ မြေပြင်ပေါ်က အတားအဆီးတစ်ခုခုရှိနေ၍သာဖြစ်လိမ့်မည်'

ဤသို့ စဉ်းစားမိသဖြင့် ဘာရဒွါဇအမတ်ကြီးသည် အထက်ကောင်းကင်မှ ဆင်းသက်၍ မြေပြင်ပေါ် လျှောက်လှမ်းလာခဲ့ရာ အလွန်တရာ ထူးခြားဆန်းကြယ်နေသည့် မြေအပြင်ကို တွေ့လိုက်ရပေသည်။

ဤတွင် ဘာရဒွါဇအမတ်ကြီးသည် အထက်ကောင်းကင်သို့ ပျံတက်၍ စကြဝတေးမင်းကြီးဦးခိုက်ကာ-

"အရှင်မင်းမြတ်၊ ကောင်းကင်ခရီးက ခေတ္တဆင်းသက်တော်မူပါ။ အောက်က မြေပြင်ဟာ အလွန်တရာထူးမြတ်တဲ့မြေနေရာဖြစ်ပါတယ်။ ရှေးရှေးတုန်းက ဒီကမ္ဘာမြေပေါ်မှာ ဘုရားအဆူဆူ ပွင့်တော်မူခဲ့ကြတဲ့နေရာ ဖြစ်ပါတယ်။ အရှင်မြတ်ကြီးတို့ရဲ့ ဗောဓိဉာဏ်တော်ပေါ်ထွန်းရာ၊ ကွန့်မြူးရာမြေအပြင်ဖြစ်တာကြောင့် 'ဗောဓိမဏ္ဍလ' ဗောဓိမဏ္ဍိုင်လို့ ခေါ်ကြရပါတယ်။

အရှင်မင်းမြတ်၊ ဗောဓိမဏ္ဍိုင်မြေအဝန်းမှာ ပေါက်နေသမျှ သစ်ပင်ချုံနွယ်ရှိရှိသမျှဟာ လက်ယာရစ်လှည့်ပြီးတော့ အလယ်ဗဟိုကို ဦးညွတ်နေကြပါတယ်။ ကျွန်တော်မျိုးတို့ ပြာဟ္မဏမျိုးနွယ်ဝင်များ အစဉ်အဆက် သင်ယူလေ့ကျက်လာခဲ့ကြရတဲ့ ဝေဒကျမ်းကြီးများမှာ ဒီနေရာကို ပထဝီမြေပြင်ကြီးတစ်ခုလုံးရဲ့အချက်အချာလို့ ဆိုထားပါတယ်။ မဟာပထဝီ မြေပြင်ကြီးတစ်ခုလုံးမှာ ဘုရားအလောင်းတော်တို့ ဘုရားအဖြစ်သို့ရောက်တော်မူဖို့ ဗောဓိဉာဏ်တော်ကြည်လင်ထွန်းပတဲ့နေရာကလည်း ဒီနေရာသာ ဖြစ်ပါတယ်။

အရှင်မင်းမြတ်၊ ဘယ်လောက်အမျိုးမြတ်တဲ့ ဆင်ရတနာဖြစ်ပါစေ ဒီဗောဓိမဏ္ဍိုင်ရဲ့အထက်က ဖြတ်ကျော်မသွားရပါဘူး။ ဘယ်လိုဆင်မျိုးမှ ကျော်လွှားပြီးမသွားနိုင်ပါဘူး။ ဒါကြောင့် အရှင်မင်းမြတ်ရဲ့ ဆင်ဖြူတော်ကြီးရပ်တန့်နေရတာပါဘုရား"

ဤသို့ ဘာရဒွါဇပညာရှိအမတ်ကြီးက ပြည့်ပြည့်စုံစုံ လျှောက်လိုက်ရာ စည်းစိမ်မာန်ရစ်နေသော စကြဝတေးမင်းကြီးက ချက်ချင်းလက်ငင်း မနာယူသေးဘဲ -

"ကောင်းပြီ အမတ်ကြီး၊ အောက်မှာရှိနေတဲ့ မြေကွက်ပေါ်က ဒီဆင်ဖြူတော်ကြီး ကျော်ဖြတ်မသွားနိုင်ဘူးဆိုတာ လက်တွေ့စမ်းသပ်ကြည့်ကြသေးတာပေါ့။ တကယ်ဟုတ်၊ မဟုတ် စမ်းကြည့်ကြသေးတာပေါ့"

ဤသို့ တုံ့ပြန် မိန့်ကြားပြီးလျှင် ဆင်ဖြူတော်ကြီးကို ချွန်းနှင့်နာနာနှက်၍ ရှေ့သို့သွားအောင်လုပ်ပေးရန် ဆင်ဦးစီးကို အမိန့်ပေးလိုက်၏။

ဆင်ဦးစီးကလည်း အမိန့်တော်အတိုင်း ဆင်ဖြူတော်ကြီး၏ဦးကင်းအား ချွန်းသွားထက်ထက်နှင့် တအားကုန်နှက်လိုက်လေရာ ဆင်ဖြူတော်ကြီးမှာ ငယ်သံပါအောင် အော်ရှာ၏။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လှုပ်နေတော့၏။ ဆင်ဖြူတော်ကြီးသည် ဥပေါသထဆင်ဖြူမျိုးမှ ပေါက်ဖွားလာခဲ့သည်ဖြစ်၍ အသိအလိမ္မာပြည့်စုံ၏။ ဆင်ဦးစီး၏အမိန့်သံကို နားလည်ပါ၏။ သို့ရာတွင် ရှေ့သို့ကားလုံးဝမတိုးပါချေ။

ဤတွင် ကာလိင်္ဂစကြဝတေးမင်းသည် ရာဇမာန်ရှလာသဖြင့် သည့်ထက်သည်တိုး၍ နာနာကြီးနှက်ပေးဖို့ အမိန့်ပေးပြန်၏။ အမိန့်တော်အတိုင်း အားကုန်အင်ကုန် ချွန်းနှင့်နှက်လေရာ ဆင်ဦးကင်းကြီးတစ်ခုလုံးမှာ ကြည့်ရက်စရာမရှိလောက်အောင်ဖြစ်လာရ၏။ ဦးခေါင်းကြီးတစ်ခုလုံးမှာ သွေးသံရဲရဲဖြစ်လာရ



၏။ သို့ရာတွင် ဆင်ဖြူတော်ကြီး...
ခြေစုံရပ်မြဲရပ်နေသဖြင့် ဆင်ဦးစီး...
လက်မလျှော့ခံသေးပါ။ ပေးထားခဲ့သ...
အမိန့်အတိုင်း ချွန်းထက်ထက်ဖြင့် ဆ...
၍ဆက်၍သာနှက်နေလေရာ အတ...
ကြာသောအခါ တဆတ်ဆတ်တုန်နေ...
သော ဆင်ဖြူတော်ကြီး ငြိမ်သွားပါတော့...
သည်။ ဤအခြေအနေအထိအောင်...
ဆင်ဦးစီးက ချွန်းမရပ်ခံ့သေးပါ။ စကြ...
တေးမင်းကိုယ်တိုင်ကလည်း အဖြစ်မှ...
မသိသေးပါ။

သို့ဖြစ်၍ ဘာရဒွါဇအမတ်ကြီး...
က စကြဝတေးမင်းထံ ချဉ်းကပ်လာ၍...
"အရှင်မင်းမြတ်၊ ဆင်ဖြူတော်ကြီး...
သေသွားပါပြီ။ အခြားဆင်ဖြူတော်တ...
စီးမှ ပြောင်းပြီးစီးတော်မူပါ"

ဟု လျှောက်ရ၏။

သည့်တော့မှ ကာလိင်္ဂစကြဝတေး...
မင်းသည် ဆင်သေကောင်ကြီးပေါ်...
ပြောင်းရွှေ့ဖို့ ဟန်ပြင်လိုက်ရာ သူ့...
ကံအားလျော်စွာ အခြားသော ဆင်...
တော်ကြီးတစ်စီးက ဆင်သေကောင်ကြီး...
နှင့် ဘေးချင်းကပ်လျက် ရောက်လာ...
၏။ ဆင်ဖြူတော်အသစ်ကြီးပေါ်...
စကြဝတေးမင်း ရောက်သွားသည်...
တစ်ပြိုင်နက် ဆင်သေကောင်ကြီးသ...
အောက်သို့ကျသွားလေတော့သည်။

ဤတွင်မှ ကာလိင်္ဂစကြဝတေး...
မင်းသည် သတိသံဝေဂရလာ...
အောက်မှာရှိနေသော ဗောဓိမဏ္ဍိုင်...
အပြင်၏ဂုဏ်ကျေးဇူးကို မိမိက ဆ...
လောက်မှ မသိခဲ့နိုင်ပါလားဟု နောင်...
ကြီးစွာရလာ၏။

ထို့ကြောင့် ဆင်ဖြူတော်နှင့်တ...
မြေပြင်ပေါ်သို့ ဆင်းလာခဲ့ရာ လိုက်...
လာခဲ့ကြသောပရိသတ်များလည်း အ...
ဆင်းလာခဲ့ကြ၏။ ထို့နောက် ကာလိ...
စကြဝတေးမင်းသည် ဗောဓိမဏ္ဍိုင်...
ပူဇော်ရန် ပန်းများပို့လာဖို့ အမိန့်...
လိုက်ရာ စကြဝတေးမင်း၏ လ...
အောက်ခံ တိုင်းနိုင်ငံအသီးသီးက ...
များ ပို့ဆောင်ပေးကြရာ လှည်းစီး...
ခြောက်သောင်းတိုက်မျှရှိပါပေသည်။


ကာလိင်္ဂ စကြဝတေးမင်းသ...
ဗောဓိမဏ္ဍိုင်ကို ထိုပန်းများဖြင့် ပူ...
ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဆက်လ...
ထွက်ခွာ၍ ခမည်းတော်၊ မယ်တော်...
ဘိုးတော်၊ ဘွားတော်တို့ကို ဒန္တပူ...
တော်သို့ ခေါ်ဆောင်လာခဲ့လေသည်။

ဝဏ္ဏသ...



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏသျှံတောင်ခြေမှ ကြေးဆင်းတုတော်ကြီး

အာကာသ(သာဓည)

ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ကြီး တရားထူးရှာမှီးခဲ့ရာ

# ခရီးလမ်းပန်း ကြမ်းတမ်းခက်ခဲ
# တောင်တော်သုဝဏ္ဏသျှံ

ရှမ်းပြည်နယ် အရှေ့ပိုင်းတွင်ရှိ သုဝဏ္ဏသျှံတောင်သည် မိုင်းပြင်း ...အတွင်း သံလွင်မြစ်၏ အရှေ့ ...ခြမ်းတွင် တည်ရှိသည်။ ပင်လယ် ...နှာပြင်အထက် (၆၀၂၂) ပေ ...၍ ကျောက်သားအတိပြီးကာ ...လွင်ခုံတစ်ခုပမာ ဖြစ်သည်။

မြတ်စွာဘုရားနှစ်ဥကာလ တစ်ခု သောဘာဝက ဤတောင်ထက်တွင် သုဝဏ္ဏသာမသတို့သားဟူ၍ဖြစ်ခဲ့သည်။ မျက်မမြင်မိဘနှစ်ပါး ဒုကူလနှင့် ပါရိကာ အား လုပ်ကျွေးပြုစု၍ ပါရမီထူးဖြည့် ကျင့်ခဲ့ဖူးလေသည်။

ဘူမိနက်သန် နေရာမှန်ဖြစ်သော ဤတောင်ကို ပဋ္ဌာန်းဆက်များရှိရာ လှည့်လည်ကာ ကြွချီတော်မူသော ရဟန်းတစ်ပါး ရောက်ရှိ၍လာသည်။

ထိုနေ့ကား မြန်မာနှစ် ၁၃၅၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်ဖြစ်၍ နောင်တွင် 'မဟာဗောဓိမြိုင်ဆရာတော်' ဟုတွင်လာမည့် ရှင်ဥေ ယျမမွသာမိ ထေရ်ဖြစ်သည်။

ဆရာတော်သည် ထိုနေ့ (၁)နာရီ တွင် မော်တော်ကားလမ်းရှိရာ (၇) မိုင် ဟွေဟောင်ရွာမှ လမ်းပြ၏ အကူအညီဖြင့် သုဝဏ္ဏသျှံတောင်သို့တက်လာရာ ညနေ (၅) နာရီတွင် ရောက်သည်။ ဆရာတော် တစ်ပါးတည်း လူသူမနီး တောအုံမျက် မည်းကြီးတွင် ယောင်တိယောင်ချာကျန် ရစ်ခဲ့ရှာသည်။



ဘုန်းတော်ပြည့်တွင်ရှိသော ထီးတော်ကြီး

ဆရာတော်ကား တန်ဆောင်မုန်း လ ရှမ်းဒေသ၏ အေးမြခြင်း၊ တော တောင်အရိပ်တို့၏ စွတ်စိုခြင်းအား ကြံ့ကြံ့ခံ၍ တရားအားထုတ်တော်မူ သည်။ ရာသီဥတုဒဏ်က တောင်အမြင့် ထက် လေကြောသင့်လျက်ရှိ၍ ချမ်းရ သည့်ထဲ လေကပါကူနေသဖြင့် ဆိုးရွား လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ဟန်သာသနာပြုဆရာတော် သီတင်းသုံးသောကျောင်း



သုဝဏ္ဏသျှံတောင်ထိပ်ပေါ်တွင် ဦးပဥ္စင်း ဦးဓမ္မအနီးမှ စာရေးသူ

ဆရာတော်ကား တန်ဆောင်မှ
ရှမ်းဒေသ၏အေးမြခြင်း၊ တောတော
အရိပ်တို့၏ စွတ်စိုခြင်းအား ကြံ့ကြံ့ခံ
တရားအားထုတ်တော်မူသည်။ ရာ
ဥတုဒဏ်က တောင်အမြင့်ထက် ေ
ကြောသင့်လျက်ရှိ၍ ချမ်းရသည့်အ
လေကပါကူနေသဖြင့် ဆိုးရွားလွန်း
သည်။

ဝေးလံသော လားဟူ၊ လီရှော
များကိုဆင်း၍ ဆွမ်းခံကြွရာ လောင်း
သောဆွမ်းဟင်းက ထုံးစံအတိုင်း ဟ
ရွက်ပြုတ်ချည်း ဖြစ်သည်။ ရာသီဥ
ဒဏ်၊ အာဟာရဒဏ်များကား ပြင်းထ
လှချေသည်။ သို့နှင့် လူသူအရော
အပေါက်နည်း၍ သုဝဏ္ဏသျှံတောင်
လည်း လှမ်းမြင်ရသောနေရာမျိုးတွ
သီတင်းသုံးရန်ဆန္ဒ ဖြစ်ပေါ်လာသ

တပို့တွဲလအရောက်တွင်
လားဟူ၊ လီရှောတို့သည် ဝါးဖြင့်ချည်
သောကျောင်းနှင့် ဓမ္မာရုံကလေးအ
အားတက်သရော တည်ဆောက်
သည်။ လပြည့်ကျော် ၇ ရက်နေ့တ
ရေစက်ချလှူဒါန်း၍ 'ဘုန်းတော်ပြ
ဟူပြီး နာမည်ကမ္ပည်းမြည်ဟည်းခဲ့
သည်။

ဒေသခံ ရှမ်း၊ ပလောင်၊ လား
လီရှော အစရှိသော တိုင်းရင်းသား
ကား ရိုးသားလွန်းကြသည်။ ဗုဒ္ဓဘာ
ဝင်မဖြစ်သေးသူများ၊ နတ်ကိုးကွယ်
များလည်း ရှိကြသေးသည်။ သို့သေ
လည်း ဗုဒ္ဓဘာသာမှ ဆင်းသက်လာ
သူများဖြစ်၍ ဗုဒ္ဓဘာသာနှင့် ပိုမိုနီး
ကြသည်။

ဆရာတော် ကြွမလာမီကတ
က လားဟူကလေးငယ်ပါးစပ်မှ -

"လားဟူဘုရားပွင့်တော့မည်"

ဟူ၍ တဘောင်လွင့်နေသည်

ဆရာတော် ကြွလာချိန်တွ
လားဟူ၊ လီဇူရှာ၊ ရှမ်းတို့ ဝိုင်းအုံရော
ရှိလာပြီး ဆရာတော်ထံမှ သူတို့ကျန်း
ဖို့၊ နွားကျွဲတွေမာချာဖို့၊ ယာတွေကော
ဖို့သာ ဆုတောင်းကြသည်။

၁၃၅၆ ခု၊ တန်ခူးလပြည့်တွ
ဆရာတော်သည် သုဝဏ္ဏသျှံတောင်ေ
ပြန်တက်လာပြီး လွိုင်ပန့်တောင်ေ
တွင် ကျောင်းဆောက်၍ ဝါဆိုသည်
ထိုကျောင်းကို 'ဗောဓိမြိုင်ကျောင်း'
နာမည်ပေးရာမှစ၍ 'မဟာဗောဓိမြိ
ဟု တွင်ခဲ့လေသည်။

ဆရာတော်ကား ဤမျှ ေ
သောနေရာမှတောင်ကမ်းပါးအဆ



www.burmeseclassic.com

www.burmeseclassic.com

အတက်များအတိုင်း ဆင်းကြ၍ ရှမ်း၊ လားဟူ၊ လီရှောရွာများသို့ နေ့စဉ် ဆွမ်းခံကြသည်။ ဝါကျွတ်သည်နှင့် (၇) မိုင်တွေဟင်ရွာရှိရာ မော်တော်ကားလမ်းအထိဆင်းပြီး ဆွမ်းခံကြွတော်မူသည်။

ဆရာတော်သီတင်းသုံးတော်မူရာကျောင်း၏အနီးတွင် သုသာန်ရှိ၍ ရွှေ့ပြောင်းသွားကြသော ရွာဟောင်းနေရာရှိသည်။ ရွာဟုဆိုသော်လည်း တစ်ဆယ်၊ ဆယ့်ငါးအိမ်ခန့်သာရှိ၍ သူတို့ရွာတွင် လူတစ်ဦးနှစ်ဦးစ သေဆုံးပြီးသည်နှင့် ထိုနေရာ မနေရဲကြတော့ပေ။ မမြင်ရသောနတ်မိစ္ဆာသရဲတစ္ဆေတို့ကို ကြောက်လန့်ပြီး တစ်နေရာမှ တစ်နေရာကို ရွှေ့ပြောင်းသွားနေကြသည်။

အတည်တကျ နေထိုင်ခြင်းမရှိသဖြင့် အမာခံ သစ်သားနှင့် တည်ဆောက်သောအိုးအိမ်များမရှိကြဘဲ ဝါးအိမ်ကလေးများသာ ဖြစ်သည်။ နှစ်ရှည်သီးပင်ဖြစ်သော သရက်၊ ပိန္နဲ၊ ဒူးရင်း၊ ဆီးသင်း အစရှိသော စားပင်များလည်း စိုက်ပျိုးထားခြင်း မတွေ့ရချေ။

တစ်နှစ်စာစားသုံးနိုင်သော ယာစပါး၊ ပြောင်း၊ ပိန်းဥတို့ကိုသာ စိုက်ပျိုး၍ လျှော်ဒါန်းရာတွင်လည်း ယာဆန်၊ ပိန်းဥ၊ ပျားဖယောင်းများချည်း ဖြစ်သည်။ ကျွဲ၊ နွား၊ ကြက်၊ ဝက်များ မွေးမြူထားသော်လည်း ကျွဲ၊ နွားများကား သွားချင်ရာသွား လွှတ်ကျောင်းထားလေ့ရှိသည်။

၁၃၅၇ ခု၊ တပေါင်းလပြည့်တွင် ဘုန်းတော်ပြည့်၌ လားဟူ၊ လီရှောတို့ ဗုဒ္ဓဘာသာခံယူပွဲကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။ လားဟူ (၂၂) ရွာနှင့် လီရှော (၄) ရွာ၊ စုစုပေါင်း (၂၆) ရွာမှ လူနှစ်ထောင်ကျော် ဗုဒ္ဓဘာသာခံယူကြသည်။

ဆရာတော်သည် ဗုဒ္ဓဘာသာခံယူပြီးသော သွေးချင်းများအား ဘာသာရေးစိတ်ဓာတ်ခိုင်မာ၍ ဒေသန္တရဗဟုသုတများရစေချင်သည်။ ၁၃၅၈ ခု၊ တပေါင်းလဆန်း ၃ ရက်တွင် ရှမ်း၊ လီရှော၊ လားဟူ (၁၀၀) နှင့် အုပ်ချုပ်သူ (၁၀) ပေါင်း (၁၁၀) အား မြန်မာပြည်အနှံ့သို့ ဒေသစာရီခရီးလှည့်လည်ပြီး ပို့ဆောင်ပေးသည်။ ၁၃၅၉ ခု၊ တန်ခူးလဆန်း ၈ ရက်နေ့တွင် ဘုန်းတော်ပြည့်သို့ ပြန်လည်ရောက်ရှိသည်။

တန်ခူးလပြည့်တွင် ဘုန်းတော်ပြည့်၌ လားဟူ ထုံးစံအရ နှစ်သစ်ကူးပွဲကျင်းပသည်။ ဆရာတော်ကား ၁၃၅၉




ဆရာတော်ဦးပြညာဘာသနှင့် ဦးဃဥ္စင်းအား ဆွမ်းကပ်နေစဉ်



လားဟူ၊ လီရှောကလေးငယ်များအား ဆရာတော်မှ မုန့်ပဲသရေစာများပေးနေစဉ်



ဆရာတော်ကြီး [illegible]သီတင်းသုံးသွားသောနေရာနှင့်အိမ်အား မူလအတိုင်းထားရှိသည်



ဆရာတော်ကြီး (၃)ညသီတင်းသုံးတော်မူခဲ့သော ကွန်ဟိန်းမြို့ ဦးပေါ်လှိုင်+ဒေါ်ငွေးငွေးရီမိသားစုတို့၏[illegible]




www.burmeseclassic.com


www.burmeseclassic.com



ဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့သော မဟာဗောဓိမြိုင်ကျောင်း



မဟာဗောဓိမြိုင်ကျောင်းတော်ရှေ့မှ ဗောဓိပင်



ထီးရှောရွာမှ ဦးပဥ္စင်း ဦးဓမ္မ ကျောင်းထိုင်သော ဝါးကျောင်း



တောင်ပူစာထိပ်ရှိ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော သင်္ကြိုသုခကျောင်း

ခု၊ ကဆုန်လဆန်း ၁၀ ရက်တွင် ဇာတိ ဌာနေ နတ်တလူမြေသို့ ပြန်ကြွတော်မူခဲ့လေသည်။

နဂိုမူလ ဆရာတော် စတင်ပြီး တောထွက်လာရာကား သာစည် ရွှေကျောင်းတောင် ဖြစ်သည်။ ၁၃၄၁ ခု သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တွင် ရန်ကုန် သယ်န်းကျွန်း ဘောက်ထော် သာသနဗိမာန်ကျောင်းမှ တောထွက်ခရီး စတင်ပြီး ကြွလာသည်။ ရွှေကျောင်းကုန်းတောင်တွင် ကနဦးရောက်ရှိ တရားအားထုတ်ရာမှစပြီး ထင်ရှားလာခဲ့သည်။

၁၃၄၃ ခု၊ ကဆုန်လပြည့်ကျော် ၄ ရက်တွင် ရွှေကျောင်းကုန်းတောင်မှ မော်လမြိုင် ဇင်းကျိုက်တောင်သို့ ကြွသွားရာမှ နေရာဒေသအနှံ့ လှည့်လည်ပြီး သီတင်းသုံးခဲ့သည်။ ၁၃၄၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် တော့ မူလတောထွက်ရာ ရွှေကျောင်းကုန်းတောင်သာသနာ့မြေသို့ တစ်ပတ်ပြန်လည်၍ကြွချီတော်မူလာသည်။

ဆရာတော်ကြီးကား ပထမကြီး အောင်ပြီး ဓမ္မာစရိယတန်းအထိ စာဝါလိုက်ခဲ့သဖြင့် ပရိယတ်နှင့် ပြည့်စုံပြီး ပဋိပတ်၊ ပဋိဝေဓသာသနာ ကျင့်သုံးဖြာနှင့် ညီညွတ်တော်မူသည်။ ကိုယ်တိုင်ကျင့်၍ သိရှိသည်များကိုလည်း ဝေနေယျသတ္တဝါသိကြပါစေဟူသော မေတ္တာကား ကြီးမားလွန်းချေသည်။

ဆရာတော်သည် ရွှေကျောင်းကုန်းတောင်တွင် လူရှုပ်၊ လာဘ်ပေါ၊ ကျော်စော၊ ခြွေရံ စည်ပင်လာသောဒဏ်ကို မခံနိုင်အောင်ဖြစ်လာသည်။ တောလုံးပတ်လည် လှည့်လည် သီတင်းသုံးရန်ဆန္ဒဖြစ်လာသည်။ သို့နှင့် ၁၃၅၃ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့တွင် ရွှေကျောင်းကုန်းတောင်တော်မှ စွန့်ခွာကြွသွားတော်မူရာ ယနေ့ထက်တိုင် ဖြစ်သည်။

သာစည်ရွှေကျောင်းကုန်းတော်တွင် ယခု သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်မှာ အရှင်ဦးသြဘာသ ဖြစ်သည်။ ဦးသြဘာသသည် ဆရာတော်ကြီးရှိစဉ်ကတည်းက လူဝတ်ကြောင်နှင့်တစ်မျိုး၊ ရဟန်းဝတ်ပြီးတစ်မည် အနီးကပ်နေ၍ ပါရမီဖြည့်ဆည်းပေးခဲ့သည်။ ရွှေကျောင်းကုန်းတောင် သာသနာ ကိုယ်တော့်အရာ လွှဲအပ်နိုင်သောကြောင့်လည်း အရှင်ဦးသြဘာသ ပခုံးပေါ် လုံးလုံးလျားလျား ကျရောက်



www.burmeseclassic.com

www.burmeseclassic.com




...ချောင်းတို့မိသားစုလေးများနေသောအိမ်



...တောစိမ်းမြိုင်ကျောင်းတော်၏ရှေ့တွင် အမှတ်တရ



...တုံစံပြရွာ မူလတန်း(ခွဲ)ကျောင်းရှေ့မှ ဦးဟံညွန့်နှင့် ဦးကျွင်ပေါ်



...ဇေတုဗ္ဗသာသနာပြုကျောင်း

တော်မူခဲ့လေသည်။

ဆရာတော် ဦးသြဘာသကား ဆရာတော်ကြီး၏ နည်းနာနိဿယများ အတိုင်း သာသနာတော် ပြန့်ပွားထွန်းကားရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်တော်မူသည်။ ရွှေကျောင်းကုန်းတောင်သာသနာစည်ပင်လာသည်နှင့်အမျှ ဆရာတော်ကြီး၏ လက်ရာ သာသနိက အဆောက်အအုံများစွာနှင့် သိမ်ရှိရွှေပြည်လမ်းတို့ကို ပြုပြင်မွမ်းမံ ထိန်းသိမ်းလျက်ရှိသည်။

ရှေးက ဆရာတော်ကြီး ထွန်းညှိတော်မူခဲ့သော သာသနာ့အလင်းတန်းကိုလည်း ထာဝရလင်းလက်နေစေရန် မျှော်မှန်းခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓဘာသာခံယူပြီးခါစ သုဝဏ္ဏသျှံတောင်မှ ဒေသခံဟိုင်းရင်းသားများအား ဘာသာရေးစိတ်ဓာတ်များ ဆက်လက်၍ ခိုင်မာရှင်သန်သွားစေချင်သည်။

ကံရုဏာစိတ်စေကနာ့ယိုဖိတ်လာသော ဆရာတော် ဦးသြဘာသသည် ဆရာတော်ကြီး သာသနာပြုတော်မူခဲ့ရာ သုဝဏ္ဏသျှံတောင်တော်သို့ ကြွရောက်လေ့လာခဲ့သည်။ သုဝဏ္ဏသျှံတောင်ရှိ ဆရာတော်ကြီး ပန္နက်ချခဲ့သော သာသနာတော်ကိုလည်း ထိန်းသိမ်းချိန်တန်ပြီဟု ခံယူခဲ့သည်။ ထို့ကြောင့် ၁၃၇၆ ခုနှစ်တွင် သုဝဏ္ဏသျှံတောင် ဘုန်းတော်ပြည့်၌ ဝါဆိုဝါကပ်တော်မူလေသည်။

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း



အိန္ဒိယနွယ်ဖွားတိုင်းတစ်ပါးသားနှင့်တွေ့လာသော ဘပေါ ခေါ် ဦးပေါ်လှိုင်



www.burmeseclassic.com

၁၁ ရက်နေ့တွင် စာရေးသူတို့အဖွဲ့သည် သာစည်ရွှေကျောင်းကုန်းတောင်မှနေ၍ ဆရာတော် ဦးသြဘာသ သီတင်းသုံးတော်မူရာ သုဝဏ္ဏသျှံတောင်ရှိရာသို့ ခရီးထွက်လာကြပါသည်။ မြိုင်သာကိုဇော်ဝင်းတင်၏ လိုက်ထရပ်ကား (၃၀/၆၃၃၁) နှင့် ဆန်၊ ဆီ၊ ခဲဖွယ်ဘောဇဉ်အစုံအလင်တင်ပြီး ကျောင်းဒကာများချည်း (၁၇)ဦးလိုက်ပါလာကြသည်။

မနက်စော (၆) နာရီထွက်လာသော စာရေးသူတို့သည် အောင်ပန်းအရောက်တွင် (၁၁) နာရီရှိပြီဖြစ်၍ ထမင်းစားကြသည်။ ရွှေကျောင်းကုန်းတောင် ဂေါစရဂံအုတ်တွင်းရွာမှ တောင်ကြီးမြို့၌ ကျကျနနနေသော ကိုမောင်ဆန်းတိုက်ကို ခဏဝင်သည်။ စဝ်စံထွန်းဈေးအနီးတွင်ဖြစ်၍ ဆရာတော်အတွက် လှူဒါန်းရန်၊ ပစ္စည်းအနည်းငယ်ပါးလိုက်ရန် ဖြစ်သည်။

ဆရာတော်ကျောင်းတွင် လိုအပ်မည်ထင်သော သံသေတ္တာ၊ ခေါက်ဇီရိုအစ အသုံးအဆောင်မှန်သမျှတို့အား ကိုအောင်မြိုင်တို့ ဝယ်နေကြ၍ အချိန်အတန်ကြာသွားသည်။ နေ့ခင်း (၂)နာရီထိုးလောက်မှ တောင်ကြီးမြို့မှ ထွက်လာနိုင်သည်။

စာရေးသူတို့၏ မော်တော်ယာဉ်အား ကျိုင်းတုံ၊ တာချီလိတ်ကို မပြတ်သွားနေသောကိုအောင်ဆန်းဝင်းမောင်းသဖြင့် ကားမောင်းကျွမ်းကျင်လိမ္မာလှသည်။ ဟိုပုံးမြို့အလွန်ခပ်ဝေးဝေးတွင် ထန်စမ်းဂူအနီးမှဖြတ်သွား၍ သာယာလှပသော မိုင်းပွန်မြို့လေးကို ဝင်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးသွားရှာသော အာဇာနည်တိုင်းရင်းသားခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး ဦးအောင်မြတ်အား သတိရမိလိုက်သည်။

ဦးဟံညွန့်၊ ကိုလှလွန်းနှင့် စာရေးသူက ဝါတွင်းသုံးလပတ်လုံး နေ့စဉ်ဥပုသ်ယူထားသည်ဖြစ်၍ ကျန်သူများနမ့်စန်မြို့တွင် ထမင်းစားကြသည်။ မိုးကား တစိမ့်စိမ့်နှင့် ပြတ်တိပြတ်တောင်းရွာနေသော်လည်း နိုင်ငံ[illegible] ရာသီဥတုကကောင်းနေသည်။ကွန်ဟိန်း[illegible] ကျမှ ညအိပ်ပါဟု ဖုန်းဝင်လာသဖြ[illegible] တောက်လျှောက်မောင်းလာရာ ည (၉) နာရီ (၄၅) တွင် ကွန်ဟိန်းမြို့ကို ရောက်လာသည်။

ကွန်ဟိန်း ဦးပေါလှိုင်၊ ဒေါ်ငွေ[illegible] ငွေးရီတို့၏ မိသားစုအိမ်တွင် သုဝဏ္ဏသျှံ[illegible]



ဦးပေါလှိုင်နှင့်ဒေါ်ငွေငွေရီအား ကိုကျော်လွင် ကန်တော့နေစဉ်



သုဝဏ္ဏသျှံတောင်ထိပ်မှစီး၍မြင်ရသော သံလွင်မြစ်နှင့် တောင်စဉ်တောင်တန်းများ



အနီးကပ်မြင်လာရသော သုဝဏ္ဏသျှံတောင်

www.burmeseclassic.com

တိုကျော်လွင် လာပြီးကြိုနေသည်။ ရှေ့တွင် ရေများတဝေါဝေါစီးနေပြီး စစ်ထုတ်ထားသဖြင့် မီးရောင်ထိန် ညီးနေသည်။ တောတောင်၏အေး မိုးမတိတ်နိုင်ဘဲ တစိပ်စိပ်ရွာနေရာ သန်းလာသည်ဖြစ်၍ တစ်ချိုးတည်း ပျော်သွားခဲ့သည်။

ဘပေါ၊ ဦးပေါဟူ၍ အမြတ်တနိုး ဆွတ်ကာခေါ်သော ဦးပေါလှိုင် မြေပြန့်မှဖြစ်ပြီး သူ့ဇနီး ဒေါ်ငွေး ရှိလည်း သာစည်မြို့နယ် မရွှေရွာ ဖြစ်သည်။ ဆရာတော်ကြီးနှင့် နှီးဆက်ရှိခဲ့သည်လား မပြောတတ်။ တိုက်ဆိုင်ဆိုင် ဆရာတော်ကြီးနှင့်မှ ညေးတတ်လွန်းသည်။

သုဝဏ္ဏသျှံတောင်သို့ တောထွက် ကြွလာသော ဆရာတော်ကြီးသည် ၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် ကွန်ဟိန်းမြို့ကို ရောက်ရှိ သည်။ ဆရာတော်ကြီးစီးလာသော တော်ယာဉ်သည် ဦးပေါ၏အိမ်တွင် ဆိုက်မြိုက်မြိုက် ဝင်ရောက်တည်းခို မှ အကျွမ်းတဝင် ခင်မင်ရင်းနှီးခဲ့ကြ သည်၊ ဆရာတော်ကြီး ကြွမလာမီက ညီးက ဆရာတော်ကြီးနှင့်တစ်ထေရာ တူသောပုဂ္ဂိုလ်တစ်ပါး ကြွရောက် သည်ကို အိပ်မက်ရထားသဖြင့် ဆရာတော်ကြီးအား တစ်မိသားစုလုံးက ကြည်ညိုနေကြသည်။

ဆရာတော်ကြီးသည် ဦးပေါ၏ အိမ်တွင် (၃) ညမျှ သီတင်းသုံးခဲ့၍ သီတင်းသုံးခဲ့သောအိမ်နှင့်နေရာအား နေအထားမပျက်စေဘဲ မူလအတိုင်း ရှိသည်။ ဆရာတော်ကြီးကျိန်းစက် သောနေရာကိုလည်း အမြတ်တနိုးပြ စာရေးသူအား ဒေါ်ငွေးငွေးရီမှ တ်လံပြသသည်။

"ကျွန်မတို့က ဆရာတော် ကျိန်း သွားတဲ့ ဒီနေရာကို အမြတ်တနိုး ထားတာပါ။ ဒီအိမ်ကို မဖျက်တာနဲ့ ဟိုကမြင်ရတဲ့တိုက်ကို အသစ် တ်လိုက်တာပါ"

ဟု အိမ်ချင်းကပ်လျက်ရှိသော သစ်ဆောက်ထားသည့် တိုက်ကြီး လက်ညှိုးထိုးပြသည်။

ဦးပေါက စကားပြောအတော် င်းသည်။ အိန္ဒိယနွယ်ဖွား တိုင်း ပါးသားတစ်ဦးလားထင်ရသည်။

"ကျွန်တော်က ဆရာတော်ကြီးကို တိုးကွယ်တာ မဟုတ်ပါဘူး။ အခု ရာတော် (ဦးဩဘာသ) ကိုလည်း ဆရာတော်ကြီးနဲ့မခြား ကိုးကွယ်တာပါ။ ဆရာတော်ကြီးနဲ့ပတ်သက်ပြီး ရောက် လာသမျှ ဧည့်သည်တွေကို ကျွေးမွေး ဧည့်ခံနေတာဟာလည်း ဆရာတော်ကြီး ကို လှူဒါန်းနေရတာပဲလို့ သဘောထား ပါတယ်"

ဟု ပြောပြသည်။

မိသားတစ်စုလုံးက စာရေးသူတို့ တစ်ဖွဲ့လုံးအား ကြွကြွနေသော သား ချင်းရင်းချာများ ပြန်လည်ဆုံတွေ့ရသည့် အလား အူယားဖားယားနှင့် နှုတ်ဆက် ခင်မင်ကြသည်။ မနက်စောစာကို ဦးပေါ ၏မိသားစုအိမ်မှစားပြီး မနက် (၈) နာရီ ထိုးပြီးတွင် လက်ပြ နှုတ်ဆက် ထွက်ခွာ လာခဲ့သည်။

သာယာလှပသော တောတောင် အလှ သဘာဝရှုခင်းများကား ကွန်ဟိန်း မြို့အထွက် တံတားပေါ်မှ ရှုမငြီးနိုင် အောင် တွေ့နေရသည်။ သံလွင်မြစ်ကူး တာကော်တံတားအရောက်ဘွင် မှတ်ပုံ တင်ပြ၍ အစစ်ဆေးခံပြီး ယာဉ်တစ်စီး ချင်း ဖြတ်သန်းရသည်။ တံတားပေါ်မှ တစ်မျှော်တစ်ခေါ်မြင်နေရသော သံလွင် ကား လွမ်းမောဖွယ်ကောင်းလှချေသည်။ ဟွေဟင်ရွာ (၇) မိုင်ကို မနက် (၁၁)နာရီ ရောက်ရှိလာသည်။

စာရေးသူတို့ ဥပုသ်သည် (၃) ဦး ကို ကိုကျော်လွင်မှ ပြောပြ၍ထင်သည်။ ခင်သစ်စတိုးဆိုင်မှ မနက်စာကို ကမန်း ကတန်းပြင်ဆင်ပြီး ဧည့်ခံသည်။ တစ်နေ ရာတွင်လည်း မနက်စာစီစဉ်ထားသည် ဖြစ်၍ ကျန်သူများ သွားရောက် သုံး ဆောင်ကြသည်။ (၇) မိုင် ဟွေဟင်ရွာ ကား ကျိုင်းတုံ - တာချီလိတ်သွားရာ ကားလမ်းဘေးတွင်ဖြစ်၍ ရွာဟုဆိုသော် လည်း စတိုးဆိုင်ကြီးများ တခမ်းတနား ဖွင့်ထားကြသည်။

ဘုန်းတော်ပြည့်အထိ မိုးမရွာလျှင် တောက်လျှောက် ကားတက်နိုင်သော် လည်း မိုးကား ပြက်ကယ်ပြက်ကယ်ရွာ နေသည်။ ခင်သစ်စတိုးဆိုင်ရှေ့ ကား လမ်းကွေ့တွင် ကားထိုးထားခဲ့ပြီး တစ် နိုင်စီ ထမ်းပိုးသယ်ဆောင်၍ နေ့လယ် (၁)နာရီ၊ (၃၀)တွင် တက်လာကြသည်။

တောင်အတက်ကား မတ်စောက် လျက်ရှိပြီး မိုးရေစိုစွတ်နေသော ရွှံ့စေး များဖြစ်၍ ချော်ချွတ်နေသည်။ မိုးသေး မိုးဖွဲလေးကျနေသည့်ကြားမှ ကုတ်ကုတ် ကျစ်ကျစ်တက်လာရာ အသက်ရှူမှား လောက်အောင် မောဟိုက်၍ ချွေးပြိုက် ပြိုက်ထွက်လျက်ရှိသည်။

အလွန်တရာ ခပ်ကြာကြာမတက် လိုက်ရဘဲ (၁) နာရီခန့်နှင့် တောင်ကုန်း ထိပ်ပေါ် ရောက်လာသည်။ တောင် ကုန်းလွန်သည်နှင့် ချိုင့်ဝှမ်းခပ်ပြန့်ပြန့် တွင်ရှိသော သစ်သားသွပ်မိုးကျောင်း တစ်ကျောင်း၊ ဝါးကျောင်းသွပ်မိုးအချို့ နှင့် ထီးတော်မို့မို့ကြီးအား ဘွားခနဲမြင် လိုက်ရလေသည်။

သုံးပင်လေးပင် ပျဉ်ကာသွပ်မိုး ကျောင်းက မြတ်မွန်ရတနာကျောင်းဖြစ် ၍ ဆရာတော် သီတင်းသုံးသော သင်္ဃိ သုခ သစ်သားကျောင်းငယ်တစ်ကျောင်း က တောင်ပူစာထိပ်တွင် ရှိသည်။ ဆရာ တော် ဦးဩဘာသသည် ညနေ (၅)နာရီ တွင်မှ ဆင်းကြွလာသဖြင့် လှူဒါန်းဖွယ် ရာများ ဆက်ကပ်ပြီး ဝတ်ပြုကြရသည်။

ဆရာတော်သည် သင်္ဃိသုခ အထက်ကျောင်းတွင် သီတင်းသုံး၍ အောက်ကျောင်းရှိရာသို့ ဆွမ်းကွမ်းချိန် နှင့် အခါအားလျော်သာဆင်းကြွတော်မူ သည်။ မြတ်မွန်ရတနာအောက်ကျောင်း တွင်ကား ဦးပဍ္ဍင်း နန္ဒမိတ်နှင့် ရန်ကုန်မှ ကိုသောင်းဒန်၊ ရွှေကျောင်းကုန်းမှ ဇဝင်း ဘိုးထွန်းခင်၊ ယင်းမရိုးမှ ကိုကျော်လွင် တို့ ရှိကြသည်။ ဆရာတော်၏ ဝေယျာ ဝစ္စ၊ တည်ဆောက်ရေးကိစ္စများအား ဆောင်ရွက်ကြသည်။

စာရေးသူတို့သည် ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့တွင် သုဝဏ္ဏသျှံတောင်သို့တက်ရန် ခပ်စော စောထကြသည်။မနက်စောစော ထမင်း ကြော်သုံးပြီးအပြန်တွင် နေ့စာထမင်း စားချိန် မမီနိုင်သဖြင့် ထမင်းထုပ်များ ကိုယ်စီကိုယ်ငထုတ်ခဲ့ရသည်။ ဘုန်း တော်ပြည့်မှ မနက်(၆)နာရီ၊ (၃၀) တွင် တောင်ဝှေးများ အသုံးပြုကာ တရွေ့ရွေ့ တက်လာကြပါသည်။

လီရှော စံပြရွာလေးတွင် သီတင်း သုံးလျက်ရှိသော ဦးပဍ္ဍင်းဦးဓမ္မအား ညဦးကတည်းက ဖုန်းဖြင့်လှမ်းပြီး အကူ အညီတောင်းထားသဖြင့် လမ်းပြအဖြစ် လိုက်ပါပို့ဆောင်သည်။ လမ်းတွင် တိုင်းရင်းသားတို့၏ ရွာငယ်အချို့အား ဖြတ်သန်းသွားရပြီး အိမ်ခြေအနည်းငယ် သာရှိ၍ ကလေးသူငယ်တို့က ကြောက် လန့်တကြား အိမ်ထဲဝင်ပြေးသွားကြ သည်။ ခင်မင်မှုရှိစေရန်အတွက် တွေ့ တွေ့သမျှ လူကြီးလူငယ်မှန်သမျှတို့အား ပါလာသော မုန့်ပဲသရေစာများပေးကမ်း ကြရသည်။

တောင်ကမ်းပါးယံကလနားထက်



www.burmeseclassic.com

www.burmeseclassic.com

လှိုး၍တက်သွားသော လူသွားလမ်းကလေးကား ကျဉ်းမြောင်းလွန်းလှသည်။ သစ်တော သစ်ပင်၊ ဝါးတောများ၊ ချုံပိတ်ပေါင်း ဖုန်းဆိုးတောများ၊ ယာခင်းများအား ဖြတ်ကျော်သွားရသည်။ တောင်ကုန်းပေါ် တက်၊ လျှိုမြောင်ထက်ကျော် တစ်မျှော်တစ်ခေါ်ကြီး သွားနေလေရာ ချွေးများက ရေချိုးထားသည့်အလား တစ်ကိုယ်လုံးစိုစွတ်နေသည်။

တံခွန်တိုင် လွင့်ထူထားသည့်အလား ထီးထီးမတ်မတ်ရှိသော သုဝဏ္ဏသျှံကျောက်တောင်ကြီးအား အနီးကပ်၍ မြင်လာရသည်။ တောင်တို့မည်သည်ကား ဝေးလျှင်သေးကြသော်လည်း နီးလျှင် ကြီးလှပါတကား။ ဤမျှ မတ်စောက်သော သုဝဏ္ဏသျှံတောင်ကြီးအား ဘယ်လိုများတက်ကြမှာပါလိမ့်ဟု စာရေးသူ တွေးနေမိသည်။

ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော မဟာဗောဓိမြိုင်ကျောင်းသည် ဤတောင်ခြေတွင်ရှိသဖြင့် ကျောင်းနေရာကို လိုက်လံရှာရသည်။ တောအုံ၊ ချုံပုတ်များ ဖုံးလွှမ်းနေသော ကျောင်းနေရာအား တောတိုး၍ ရှာဖွေရသည်။ နေရာဒေသကျွမ်းကျင်သော ဦးပဥ္စင်းဦးခမ္မသည်ပင် မြက်တော၊ ချုံတော၊ သစ်ပင်ကြိုသစ်ပင်ကြား ကျော်လွှားပြီး သွားနေရာမှ ဒီနေရာထင်ပါရဲ့၊ ဟိုနေရာထင်ပါရဲ့နှင့် စမ်းတဝါးဝါးဖြစ်နေသည်။

ဦးပဥ္စင်း ဦးခမ္မ၏နောက်မှ စာရေးသူတို့လည်း ထပ်တူထပ်မျှ လိုက်နေရသည်။ ခဏမျှအကြာတွင် ဗောဓိပင်လေးအား လှစ်ခနဲမြင်ရပြီး မဟာဗောဓိမြိုင်ကျောင်းအား အထင်အရှား တွေ့လိုက်ရသည်။ လူသူပုဂ္ဂိုလ်မရှိ ငြိမ်သက်ခြင်းအတိနှင့်ကြိုနေသော ကျောင်းတော်အား မြင်လိုက်သည်နှင့် လွမ်းမောအောက်မေ့ဖွယ် ခံစားလိုက်ရသည်။

ကျောင်းတော်၏ရှေ့တွင် စိုက်ထားသော ဗောဓိပင်ကား သစ်တောသစ်ပင်ကြီးများ အုပ်မိုးထားသဖြင့် အလွန်မကြီးလှသေး။ ကျောင်းတော်ကို အုတ်ဖိနပ်ခံ၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးနှင့် အခိုင်အမာ တည်ဆောက်ထား၍ ဘာတစ်ခုမှမပျက်စီးသေးဘဲရှိသည်။

ဦးပဥ္စင်းဦးခမ္မတွင် အဆင်သင့်ယူလာသောသော့နှင့် ကျောင်းတံခါးအား ဖွင့်၍ဝင်ကြရာ ဘုရားဆောင်နှင့် ဆရာတော်ကြီး၏ ဓာတ်ပုံတော်အား ဖူးတွေ့ရသည်။ ဖုန်၊ အမှိုက်သရိုက်များ လှည်းကျင်းသန့်ရှင်း၍ ဆရာတော်ကြီးကို မှန်းဆပြီး ကန်တော့ကြသည်။ မနက် (၁၁) နာရီရှိပြီဖြစ်သဖြင့် ဦးပဥ္စင်းဦးခမ္မအား ဆွမ်းကပ်ကာ မနက်စာကို ကျောင်းပေါ်တွင်ပင် စားကြပါသည်။

အနိမ့်ပိုင်းတစ်နေရာတွင် ပျက်စီးယိမ်းယိုင်နေသော ကျောင်းတစ်ကျောင်းရှိ၍ ထိုကျောင်းလေး၏နံဘေးမှ လျှိုထဲဆင်းပြီး ရေသောက်ရသည်။ ကျောင်းတော်၏ရှေ့တွင် အမှတ်တရ ဓာတ်ပုံရိုက်၍ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်အား အပြင်မှပင် ဝတ်ပြုကြသည်။ ထို့နောက် လေးကန်နှေးတွေးကာ စိတ်မကောင်းခြင်းများစွာနှင့် ထွက်ခွာလာကြသည်။

ကျောင်းတော်နှင့် မလှမ်းမကမ်းတွင် သုသာန်ရှိ၍ ထိုနေရာမှဖြတ်ပြီး လျှောက်လာရာ ကျောက်သားထောင်မတ်မတ် သုဝဏ္ဏသျှံဆံတောင်တော်မြတ်သို့ တဖြည်းဖြည်းချင်း တက်လာသည်။ တောင်တက်လမ်းကား အထက်ကို ရောက်လေ ကျဉ်းကြုတ်မတ်စောက်လေလေရှိသည်။ နက်ရှိုင်းလှသော ချောက်ကမ်းပါးထက်တွင် လျှောက်နေရသည်ဖြစ်၍ လမ်းကား အတိမ်းအစောင်းခံမည် မဟုတ်ပေ။

နံဘေးတွင် မြက်ဖုတ်၊ ချုံပုတ်များကာရံပြီးကွယ်နေ၍သာ တော်ပါသေးသည်။ တိုးလျှိုပေါက်မြင်နေရမည်ဆိုလျှင် ကြောက်ကန်ကန်နှင့် လူတိုင်းတက်ရဲကြမည်မဟုတ်ချေ။ တဝုန်းဝုန်းတအုန်းအုန်းရေကျသံများ ဆူညံစွာ ကြားလာရပြီးနောက် ထောင်မတ်မတ် ကျောက်တောင်ကြီး၏အောက်ခြေကိုရောက်လာသည်။

မြင့်မားလှသော ကျောက်ထရန်းကြီးသည် ထီးပမာ အပေါ်မှအုပ်မိုးထား၍ မိုးမရွာဘဲနှင့် ရေအလိုအလျောက်ဖြာစီးကျနေသည်။ အိမ်တံစက်မြိတ်မှ ရေကျနေသကဲ့သို့ရှိပြီး ရေသံများနှင့်ပွက်စီညံနေသည်။ တောင်ကျရေအေးမြမြအား လက်ခုပ်ဖြင့်ခံယူကာ သောက်လည်းသောက်၊ မျက်နှာ လည်ကုပ်များအား ပွတ်သပ်ရသည်မှာ လန်းဆန်းတက်ကြွကာ အားရှိလှပါသည်။

အတွင်းဘက် ကျောက်နံရံဘေးတွင် ဇရာမကြေးဆင်းတုတော်ကြီးတစ်ဆူရှိ၍ အောက်ခြေတွင် ပျဉ်ချပ်များ အကျအနခင်းထားသည်။ စာရေးသူတို့လည်း အမောပြေနားနေ၍ ဝတ်ပြုဆုတောင်း အမျှပေးဝေပြီး အဆင်သင့်ရှိနေသော ကြေးစည်အား တီးခတ်ရာ တစ်တောတစ်တောင်လုံး မြည်ဟည်းသွားလေသည်။

ထိုမှ တက်လာပြန်ရာ ရောက်ခါနီးသဖြင့် အထောင်အမတ်တွေချည်းဖြစ်ရာ ခဲရာခဲဆစ် ကုတ်ကျစ်ပြီးတက်နေရသည်။ ညွှတ်ပျောင်းကွေးကျနေသော သစ်ကိုင်းများ၊ နွယ်မြက်သစ်ပင်များအားဆွဲ၍တက်ရာ ပုရွက်ဆိတ်နက်ကြီးများက ဝိုင်းအုံပြီးကိုက်တတ်သေးသည်။

နေ့ခင်း (၁၂) နာရီ (၃၀) တွင် သုဝဏ္ဏသျှံတောင်ထိပ်ပေါ်ကို ရောက်လာသည်။ တောင်ထိပ်ပေါ်ရောက်သည်နှင့် လေပြည်လေညင်း အရသာအေးမြကို တဝတပြ ရှူရှိုက်လိုက်ရသည်။ စာရေးသူလည်း ပြင်ကျယ်တစ်ခုထက် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ဝိဇ္ဇာဇော်ဂျီ၊ တပသီအစရှိသော ဥပါသကာတို့ ဆုံစည်းရာ၊ သူတော်စင် သူတော်ကောင်းတို့ ပျော်စံရာ သုဝဏ္ဏသျှံတောင်ပါလားဟု မှတ်ချက်ပြုမိလေသည်။

မြွေလိမ်မြွေကောက်စီးဆင်းနေသော သံလွင်မြစ်ကြီးကို အပေါ်စီးမှ မြင်နေရသည်။ ဟိုအဝေးတွင်လည်း တောင်စဉ်အထပ်ထပ်ကြားတွင်ရှိသော အဆောက်အအုံတချို့ကို ကြိုကြားကြိုကြားလှမ်းမြင်နေသည်။ ခပ်လှမ်းလှမ်းတွင်လည်း အတန်ငယ်အမြင့်ရှိသော ကျောက်ငုတ်ကျောက်ချပ်ကြီးကား ဝါးလုံးထောင်ထားသကဲ့သို့ရှိသည်။ သံထွေကားတစ်ခုတပ်ဆင်ထား၍ ထိပ်တည့်တည့်တွင် စေတီငယ်တစ်ဆူတည်ထားပြီး အောက်မှမော့ကြည့်ကာ ဖူးမြော်ခဲ့ပါသည်။

စာရေးသူတို့ ရောက်ရှိနေသော ပြန့်ကျယ်လေးပေါ်တွင် စေတီငယ်နှစ်ဆူတည်ရှိလျက်ရှိရာ တင့်အပ်လျောက်ပတ် ထူးမြတ်လှသည်။ ခပ်ကျဉ်းကျဉ်းသာရှိသော ရင်ပြင်ထက်တက်၍ ဝတ်ပြုဆုတောင်းကာ အမျှပေးဝေခဲ့ကြပါသည်။

နေ့လယ် (၁) နာရီ (၃၀) တွင် သုဝဏ္ဏသျှံတောင်ထိပ်မှ ပြန်လည်ဆင်းလာကြသည်။ အဆင်းတွင် ဖင်ထိုင်ပြီးဆင်းရသော နေရာအချို့မှလွဲ၍ လိမ့်ချနေသလိုဖြစ်ကာ ခရီးတွင်ကျယ်ပါသည်။ ညနေ (၄) နာရီတွင် ဘုန်းတော်ပြည့်ကျောင်းသို့ ပြန်လည်ရောက်ရှိကြသည်။

ကျောင်းပေါ်တွင် စိပ်ပုတီးတကိုင်ကိုင်နှင့်ထိုင်နေသော ဘိုးထွန်းခင်မှ -

"ဆရာတော်က ခင်ဗျားတို့ ခေါင်းမှာစိုးလို့ဆိုပြီး ဆရာတော်ကြီးနဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ပိုင်နတ်တွေကို တိုင်တည်ပြီး ဒီနေ့ မိုးထားထားတာဗျ"

ဟု ဆိုပါသည်။

တိုက်ဆိုသည်ပဲ ပြောရမည်လား၊ အမြဲတမ်းလိုရွာနေသောမိုးကား ယနေ့ တစ်နေ့ကုန် လုံးဝရွာသွန်းခြင်းမရှိသဖြင့် အံ့ဩစရာတော့ကောင်းလှချေသည်။

၁၃၇၆ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့တွင် ဘုန်းတော်ပြည့် ထီးတော်ကြီးကိုကာရံသော တံတိုင်းတည်ဆောက်ရန်၌ လုပ်အားဒါနများပေးလှူကြသည်။ တံတိုင်းကြီးအား ၂၄-ပစ္စည်း အချိုးကျ တွက်ချက်၍ ကာရံရာ တံတိုင်း၏ထိပ် အစ်ကွက်ချင်းတွင် သံပန်းများ တပ်ဆင်မည်ဟု သိရသည်။

ထီးတော်ကြီး၏ ပတ်ချာလည်တွင်လည်း ဆည်းလည်းများ တပ်ဆင်မည်ဖြစ်၍ စာရေးသူတို့အဖွဲ့တွင် သံပန်းလှူနိုင်သူက သံပန်း၊ ဆည်းလည်းစွမ်းသူကဆည်းလည်း အစရှိသဖြင့် လှူဒါန်းထည့်ဝင်ကြသည်။ သွေးချင်းတို့ ဗုဒ္ဓဘာသာခံယူရာ ထီးတော်ကြီး၏ အေးရိပ်မှာ ပျော်တပြုံးပြုံး မော်မဆုံးနိုင်ဘဲရှိခဲ့သည်။

နေ့ခင်း ထမင်းစားပြီးသည်နှင့် ...နေ့က သုဝဏ္ဏသျှံတောင်သို့ လိုက်...သော လားဟူ၊ လီရှောတို့နေရာ စံပြ... ဦးပဥ္စင်း ဦးဓမ္မနှင့် တခြားကျောင်း...ကျောင်းကို သွားရောက် ကန်တော့...သည်။ နေ့လယ် (၂) နာရီတွင် ဦးဓမ္မ...ကျောင်းထိုင်သော လီရှောရွာသို့ရောက်...သည်။

ဦးဓမ္မ၏ ကျောင်းကား ဝါးနှင့်...ဆောက်ထားပြီး ကျောင်းပေါ်တက်...နှင့် ကျိုးကျိုးကျည်ကျည်မြည်နေ...။ တွဲဖက်မူလတန်းကျောင်းရှိ၍...ခြေရာခြေက တစ်ဆယ့်ငါးအိမ်သာ...ည်ဟု သိရသည်။ စာရေးသူတို့...ဆန်၊ ဆီ အစရှိသော ခဲဖွယ်...စဉ်များနှင့် ကန်တော့ကြသည်။

အထက်ဘက် ကုန်းမို့မို့ပေါ်တွင်...(၁၂) အိမ်ရှိသော လားဟူရွာ...ရွာချင်းထိစပ်လျက်ရှိပြီး သူ့လူမျိုး...လေးများအလိုက် နေထိုင်ကြ... ထိုရွာတွင် သီတင်းသုံးသော...တော်က နိုင်ငံတော်မှလာသော...တန်းသာသနာပြုဆရာတော်ဖြစ်...သည်။

သစ်သား၊ သွပ်မိုးနှင့် အမာခံ...ဆောက်ထားသောကျောင်းဖြစ်၍...ကျယ်ပြန့်ပြန့်ရှိ၏။ ဘုရားကျောင်း...ခန်းဘေးတွင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ပုံတော်အား ပူဇော်ထားသည်။ ဆရာတော်အား ဝတ်ချကန်တော့ရာတွင် ဆရာတော်မှ သာသနာပြုရခြင်း၏ အခက်အခဲ၊ စိတ်ရှည်၊ ဇွဲရှိရပုံများအား ရှင်းလင်းမိန့်ကြားတော်မူသည်။

ဆရာတော်ကား မြေပြန့်ဒေသမှဟုသိရပြီး ဤသို့ရောက်ရှိသည်မှာ သိပ်ပြီးမကြာသေးဟုလည်း မိန့်သည်။ စာရေးသူတို့အား ကွမ်းခွက်၊ လက်ဖက်ရည်ကြမ်းဖြင့်ဧည့်ခံရာ စားသောက်ဖွယ်အမြည်းက လွယ်လင့်တကူမရှိ၍မပါခဲ့ပေ။ သို့သော်လည်း ကျွေးမွေးချင်သောဆန္ဒဖြင့် ဒကာ၊ ဒကာမများမှ သစ်အယ်စေ့ကို လှော်၍ လက်ဖက်ရည်မြည်းအဖြစ်နှင့် ဧည့်ခံရှာသည်။

တချို့သော လားဟူ၊ လီရှောရှမ်းတို့သည် ဆရာတော်ကြီး ဒေသစာရီလှည့်လည်ပြီး ပို့ဆောင်ပေးစဉ်ကသာစည် ရွှေကျောင်းကုန်းတောင်ကိုရောက်ဖူးကြသည်။ ဇာတ်ကျွမ်းသမျှသော ဗမာစကားဖြင့် ဝမ်းသာအယ်လဲ နှုတ်ဆက်ကြ၊ မှတ်တမ်းတင်ဓာတ်ပုံအရိုက်ခံကြနှင့် ပြန်သည်အထိ လက်တပြုပြုရှိကြသည်။ ညနေ (၄) နာရီတွင် ဘုန်းတော်ပြည့်ကျောင်းသို့ ပြန်လည်ရောက်ရှိကြသည်။

ဆရာတော် ဦးဩဘာသကား ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော သန္တိသုခအထက်ဘက်ကျောင်းတွင် သီတင်းသုံးတော်မူသည်။ ဆရာတော့်ကျောင်းကို မည်သူ့ကိုမျှ လာရောက်ခွင့်မပေးချေ။ ဆွမ်း၊ ကွမ်းချိန်နှင့် အခါအားလျော်စွာ အောက်ကျောင်းသို့ ကြွရောက်လာလေ့ရှိသည်။

စာရေးသူတို့လည်း မနက်ဖြန် ဝါခေါင်လပြည့်တွင် အောက်ပြန်ဆင်းကြတော့မည်ဖြစ်၍ မနက်ခပ်စောစောလေးဆင်းကြရန် စီစဉ်ထားသည်။ ဆရာတော်အား မနက်တွင် ကန်တော့ချိန်မရသဖြင့် ညဦးကတည်းက ကြိုတင်ပြီး ကန်တော့ထားကြရန် ဖြစ်သည်။

ည (၉) နာရီတွင် ဆရာတော်အား နမောတဿ အစချီ၍ ကန်တော့ကြသည်။ ဆရာတော်မှ မိန့်မှာစကားမြွက်ကြားရာ -

"တို့တစ်တွေ မနက်ဖြန်ဆိုရင် ပြန်ကြတော့မယ်။ ပြန်တော့မယ်ဆိုတော့ တို့နေခဲ့၊ သွားခဲ့၊ လည်ပတ်ခဲ့တဲ့နေရာတွေကို စောင့်ကြပ်ကြတဲ့ တောပိုင်တောင်ပိုင်နတ်တွေကို နှုတ်ဆက်ရလိမ့်မယ်။နှုတ်ဆက်တယ်ဆိုတာ မေတ္တာပို့ပေးတာပါပဲ။ ဒါမှ တို့သွားတဲ့ခရီးလမ်းပန်းက ဖြောင့်ဖြူးချောမွေ့မှာ၊ လိုရာခရီးကိုလည်း ဘေးမသီရန်မခနဲ့ ရောက်ကြမှာ"

အစရှိသဖြင့် လေးလေးနက်နက် မိန့်မြွက်တော်မူပါသည်။

ဝါခေါင်လဆန်း ၁၄ ရက်ည၏ သာသောလကား ထိန်လင်းဝင်းပနေရာက မိုးတိမ်ဖုံးလိုက်၍ ရုတ်ခြည်းမှောင်မည်းသွားသည်။ မိုးသည် ဖျိုးဖျိုးဖျောက်ဖျောက်ကျရာမှ တစ်မုဟုတ်ချင်းရွာလာသည်။ ဆရာတော်လည်း မိမိ၏ ဒကာရင်းချာများနှင့် တစ်ခဏသာဆုံစည်း၍ မနက်ဖြန်တွင် ခွဲခွာရတော့မည်ဖြစ်သဖြင့် ခံစားသွားဟန်တူသည်။ မိုးထဲရေထဲတွင်ပင် ထီးကိုဆွဲပြီး အထက်ကျောင်းသို့ တက်ကြွသွားတော်မူလေသည်။

၁၃၇၆ ခု၊ ဝါခေါင်လပြည့်နေ့ မနက်စော (၄) နာရီတွင် ဘုန်းတော်ပြည့်ကျောင်းမှ အထုပ်အပိုးကိုယ်စီနှင့် ဓာတ်မီးထိုး၍ဆင်းလာကြသည်။ မိုးကား ခပ်ဖွဲဖွဲ ခပ်သည်းသည်းရွာဆဲ ဖြစ်သည်။ အရုဏ်တက်ချိန်တွင် တောင်ခြေသို့ ရောက်လာခဲ့သည်။

စာရေးသူလည်း ခဏရပ်ပြီး သုဝဏ္ဏသျှံတောင်တော်မြတ်ကို သမင်လည်ပြန် လှည့်ကြည့်မိသေးသည်။ ရောင်ခြည်ပျိုးစဖြစ်၍ တောင်ခိုးများ တလူလူထွက်နေပြီး မှိုင်းရီနေသည်။ သွေးချင်းတို့သည်လည်း မိမိတို့ခံယူထားသော ဘာသာအယူကို ရောင်ခြည်နှင့်အတူ ထွန်းလင်းလာစေချင်သည်။ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ မေတ္တာရိပ်အောက်မှ နောက်မကျစေဘဲ သာသနာရောင်ဝါ ထွန်းလင်းဖြာကြပါစေဟု ဆုတောင်းမိပါတော့သည်။

အာကာသ (သာစည်)

**ကိုးကား -**

- မဟာဗောဓိမြိုင် ဆရာတော်ကြီး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ဘဝကန္တာရ သင်္ကေတကထာ ခရီးလမ်းကြမ်း စခန်းဖွေရှာ တစ်သက်တာ
- ကိုယ်တိုင်ရောက်ရှိ၍ မှတ်တမ်းယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မင်းရှိန်အောင်

## ဗုဒ္ဓကျမ်းဂန်ထဲက ( ၁ )
## ဂမ္ဘီရဖြစ်စဉ်တွေ့ပုံရိပ်များ

လွန်လေပြီးသောအခါက ဒက္ခိဏ တိုင်း ကမ္ဘောဇတီပြည့်ရှင် ဒက္ခိဏမင်း လက်ထက်တွင် နာမည်ကြီး ထိပ်တန်း ရောက်နေသော ပြည့်တန်ဆာမကို အပြစ်တစ်စုံတစ်ရာကြောင့် ရာထူးချပြီး



နှင်ထုတ်လိုက်သည်။ သို့ဖြစ်၍ ပြည့်တန်ဆာမသည် ဝမ်းနည်းကြေကွဲ နွမ်းပါးစွာဖြင့် နေပြည်တော်မှ ထွက်ခွာလာရာ မင်းဥယျာဉ်အနီးအရောက်တွင် နိမ့်ကျနေသော ကံကြမ္မာပြန်လည်တက်စေလိုလျှင် ဂင်္ဂါမြစ်ထဲ၌ ရေချိုးရမည်ဟု အတွေးရောက်သဖြင့် မြစ်ရေချိုးရန်အတွက် ဒန်ပူ (သွားတိုက်တံ) တိုက်ရင်းဖြင့် မြစ်ကမ်းပါးကိုသွားရာ လမ်းခုလတ် သစ်ပင်ရင်းတစ်ခု၌ ကိသဝစ္ဆရသေ့ကြီး တရားထိုင်နေသည်ကို တွေ့မြင်ရလိုက်ရာ အလွန်စိတ်ဆိုးဒေါသထွက်သွားလေသည်။ သူမအမြင်မှာတော့ ဆံထုံးဆံကျစ်ပွယောင်းယောင်း၊ မုတ်ဆိတ်ကျင်စွယ် ဗရပွနှင့် ကြေးညော်အထပ်ထပ်၊ သဲမှု ဖုန်မှုန့် အလူးလူးအကြံကြံ ညစ်ပေ စုတ်ပြတ်နေသော သင်္ကန်းဝတ်ရုံ ဆင်မြန်းထားသော ကိသဝစ္ဆရသေ့ကြီး ကိုမြင်လျှင် အနိဋ္ဌာရုံကောင်၊ အမင်္ဂလာ ကောင်ဟုမြင်သွားပြီး သူမ၏ကောင်းခြ ကောင်းကျိုးဖြစ်လာမည်ကို ပိတ်ပင်ဖျက် ဆီးသည်ဟု ယူဆသွားပြီး ရသေ့ကြီး ဦးခေါင်းပေါ်သို့ သူမ၏ တိုက်လက်စ ဒန်ပူတံကို ပစ်ချကာ တံတွေးများထွေး အညစ်အကြေးများပစ်တင်၍ ရသေ့ကြီး ကို စိတ်ရှိလက်ရှိ ကျိန်ဆဲလေသည်။

သို့တစေ ဘယ်လိုသောကံကြမ္မာ ပရိယာယ်ဗျူဟာကြောင့်မှန်းမသိ သီလ သမာဓိသိက္ခာနှင့် ပြည့်စုံသော ထိုကိ

www.burmeseclassic.com

စ္ဆရသေ့ကြီးကို သို့ကလို မဖွယ်မရာ ညစ်ညမ်းစွာ ပြုလုပ်လိုက်သော်လည်း ပြည့်တန်ဆာမသည် သူမ၏ မူလ ရာထူးကို အလွန်အလျင်အမြန်ပြန်လည် ရရှိခဲ့သည်ဟူ၏။ များမကြာမီလေးတွင် မင်းပုရောဟိတ်ပုဏ္ဏားကြီးသည် မည်သည့် အကြောင်းကြောင့်မှန်းမသိ သူ၏ ရာထူးမှကျလျော့ပြန်သည်။ ထို့အတွက်ကြောင့် ခြေမကိုင်မိလက်မကိုင်မိဖြစ် သွားသော ပုဏ္ဏားကြီးသည် ကြံရာမရ ဖြစ်တာ သူလို ရာထူးကျခဲ့ပေမယ့် ချက်လှည့်ပြသလို မူလရာထူးကို အလျင်အမြန် ပြန်လည်ရရှိခဲ့သော ပြည့်တန်ဆာမကို ချဉ်းကပ် ဆရာတင် လေသည်။

ပြည့်တန်ဆာမ၏ လမ်းညွှန်သင် ပြမှုဖြင့် မင်းဆရာ ပုဏ္ဏားကြီးသည် သီလ၊ သမာဓိ၊ သိက္ခာနှင့်ပြည့်စုံသော ကီသဝစ္ဆရသေ့ကြီးကို တိုက်ပြီးသား ပုတ်များ၊ အညစ်အကြေးအမျိုးစုံ များကို ပစ်ဖုံးခြင်း အကြိမ်ကြိမ်ပြုလုပ် ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကြီးသည် တရား၏လှည့်ဖြားညစ်ပတ်မှုကြောင့် ရာထူးကို ဆောလျင်စွာ ပြန်လည် ရရှိသွားသည်ကတော့ အမှန်ပင်။

သိပ်မကြာလွန်းသော အချိန်မှာ ပင် ကုမ္ဘဝတီပြည့်ရှင် ဒဏ္ဍကီမင်းသည် အနီးနားချင်းတိုင်းပြည်ကို ရန်စပြီး သွားရောက်တိုက်ခိုက်ရာ ခွက်ခွက်လန် အောင်နိုင်၍ ပြန်လာခဲ့ရသည်။ မျက်နှာလို မျက်နှာရလုပ်တတ်သော ပုဏ္ဏားကြီး သည် စစ်ရှုံး၍ စိတ်ညစ်နေသော ဒဏ္ဍကီမင်းကြီးကို စစ်နိုင်လိုလျှင် ကီသဝစ္ဆ ရသေ့ကြီးကို စက်ဆုတ်ရွံရှာစရာ အညစ်အကြေးများဖြင့်သွန်ဖုံးပါဟု အကြံပေး ခဲ့သည်။ မင်းကြီးသည် ပုဏ္ဏားကြီး အကြံပေးသည့်အတိုင်း ပြုလုပ်လျက် စစ်တိုက်လေသော် တိုက်ဆိုင်၍လား မသိ အောင်ပွဲသရဖူအကြိမ်ကြိမ်ဆောင်း ခဲ့သည် ဟူ၏။ ဤသို့သောသတင်းများ ကြားသော် တိုင်းသူပြည်သားတို့သည် အများ ကံကောင်းစေလို၍ အုတ်အော် သောင်းတင်း ကီသဝစ္ဆရသေ့ကြီးပေါ်သို့ အညစ်အကြေးများ စွန့်ပစ်ခြင်းကို တစ်ယောက်မကျန် အကြိမ်ကြိမ်ပြုလုပ် ခဲ့ကြသည် ဟူ၏။

ထိုရသေ့ကြီးအပေါ် တွင်ကြည်ညို သော စစ်သူကြီးသည် ထိုသို့ပြုမူနေ သော လူသူပရိသတ်အပေါင်းကို မောင်း ထုတ် ရေမိုးချိုးသန့်စင်ပေးကာ တောင်းပန် စကားဆိုလေသည်ဖြစ်သည်။

ထိုအခါ ရသေ့ကြီးက -

"မောင်မင်းက တောင်းပန်စကား ဆိုရမည်မဟုတ်။အပြစ်လည်းရှိကြသည် မဟုတ်။ သို့သော် အပြစ်ပြုသူများကို နတ်များ စိတ်ဆိုးသဖြင့် ဒဏ်ခတ်တော့ မည်။ မောင်မင်းနှင့် မောင်မင်းမိသားစု က (၇)ရက်အတွင်း ဒီတိုင်းပြည်ကထွက် ပြေးစွန့်ခွာကြလော့။ (၇) ရက်လွန်လျှင် နတ်တို့က ဒီတိုင်းပြည်ကို ဒဏ်ခတ်ဖျက် ဆီးကြတော့မည်"

ဟု မိန့်ကြားလေ၏။

တကယ်လည်း (၇)ရက်လွန်လျှင် ဒဏ္ဍကီမင်းကြီး၏ ကုမ္ဘဝတီတိုင်းပြည်ပေါ် သို့ ရေမိုးရွာချသည်။ နောက်သဲဖြူမိုးရွာ ချသည်။ ပြီး နတ်ပန်းမိုးရွာချသည်။ ယင်း နောက် ပဲမိုးရွာချသည်။ ထို့နောက် အသပြာမိုးရွာချသည်။ ပြီးနောက် နတ် ဝတ်တန်ဆာမိုးရွာချသည်။ ဆက်လက် ပြီး လက်နက်မိုးရွာချသည်။ ထပ်မံ၍ မီးကျီးမိုးရွာချသည်။ ထပ်ပြီး တောင် ထွက် (ကျောက်တုံး၊ ကျောက်ဆောင်) မိုးရွာချသည်။ နောက်ဆုံး သဲပူမိုးရွာချ သည်။ ဤသို့နှင့် ယူဇနာ (၆၀) အလျား၊ အနံရှိသော ဒဏ္ဍကီမင်း၏ ကုမ္ဘဝတီပြည် ကြီးသည် အတောင်(၆၀)ထုထည်ရှိသော သဲဖုံး၍ပျောက်ကွယ်ခဲ့ရလေသည်။ ဤ ကား ငါးရာ့ငါးဆယ် နိပါတ်တော်လာ သရဘင်္ဂဇာတ်တော်ထွက်ဖြစ်ပါသည်။

သို့လိုပင် မာတင်္ဂဇာတ်ထဲ၌ သီလ၊ သမာဓိ၊ သိက္ခာနှင့်ပြည့်စုံသော မာတင်္ဂ ရသေ့ကြီးကို ပြစ်မှားလုပ်ကြံသတ်ဖြတ် ကြသဖြင့် မဇ္ဈိတိုင်းတစ်ခုလုံးသည် ပြာပူ မိုး သဲသဲမဲမဲရွာချပြီး ပြာပူမှုန့်များဖုံးလွှမ်း ဖျက်ဆီးခြင်းကိုခံခဲ့ရသည်ဆိုလေပြီ။ ဓမ္မ ပဒ ဗီရဏထမ္ဘကဏ်ဝင် ဘရုဇာတ်တော် ထဲမှာလည်း ဘရုတိုင်း၊ ဘရုပြည့်ရှင်ဘရု မင်းကြီး လာဘ်စားသည်မှအစပြုလျက် မင်းနှင့်ပြည်သူ အဂတိလိုက်စား ကိုယ် ကျင့်တရားပျက်ပြုသည်ကို အကြောင်း ပြု၍ ဘရုတိုင်းပြည်တစ်ခုလုံး သမုဒ္ဒရာ ရေထဲရောက် ပျက်ပျောက်ခဲ့ရသည်ဟု ဆိုထားပြန်သည်။

ယင်းသို့ပင် သီဟိုဠ်ဝင် ဒီပါဝင်၌ လည်း ကလျာဏီပြည့်ရှင် ကလျာဏီ တိဿမင်းကို ရဟန်းယောင်တစ်ဦး၏ ကုန်းချောခြေထိုးမှုကြောင့် သီလ၊ သမာ ဓိ၊ ပညာနှင့် ပြည့်စုံသော ကလျာဏီယ မထေရ်ကို ဆီပူအိုးထဲထည့် နှိပ်စက်က လူပြုသည်ကိုအကြောင်းပြု၍ နတ်ဒေဝါ တို့ စိတ်ဆိုးမာန်ဆိုးဖြစ်ကာ ကလျာဏီ တိုင်းပြည်ကြီးကို သမုဒ္ဒရာရေပြင် အောက်ရောက်အောင် ပြုလုပ်ပစ်ကြ သည် ဟူ၏။

ဤသည်တို့နှင့် ဆက်နွှယ်ပြောရ လျှင် မဟာဝေဒဗ္ဗဇာတ်ထဲ၌ ဝေဒဗ္ဗမန္တန် ကြီးကို ရွတ်ဖတ်လျှင် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုးရွာသွန်းသည်ဟု ဆိုထားသလို ပင် ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ဝေဿန္တ ရာဇာတ်တော်၌လည်း ဝေဿန္တရာမင်း ကြီးတို့မိသားစု ပြည်တော်ဝင်နေ့၌ ပုဆစ် ဒူးနစ်အောင် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာသွန်းသည်ဟု ဆိုထားသည်။ နောက် ပဏ္ဏိတသာမဏေလောင်းလျာ မဟာဒုဂ် ဇာတ်၌လည်း မဟာဒုဂ်နေအိမ်ဝင်းထဲ တွင် ဒူးဆစ်ကျွံနစ်အောင် ရတနာမိုးရွာ သွန်းဖြိုးခဲ့သည် ဟုဆို၏။

ဗုဒ္ဓဘုရားရှင်လက်ထက် ရာဇ ဂြိုဟ်ပြည်၏ ထိပ်တန်းသူဌေးကြီးငါးဦး စာရင်းဝင်ဖြစ်လာမည့် လယ်သူရင်းငှား ဘဝက သူဌေးဖြစ်လာသော ပုဏ္ဏတို့ အိမ်တက်မင်္ဂလာပွဲအပြီးတွင် ရတနာမိုး ရွာသွန်းသည်ဟု ဆိုထားပြန်သည်။ နောက်စိတ်ဝင်စားစရာတစ်ခုက ဓမ္မ ကထိက ဇောတိဘွဲ့တံဆိပ်တော်ရ စိတ္တ သူကြွယ်သည် ဗုဒ္ဓဘုရားရှင်ကို ပထမ ဆုံး ဖူးမြော်ရန် လာရောက်ချိန်တွင် ပန်းမိုးရွာသည်ဟု ဆိုထားပြန်သည်။ နောက် ပေါက္ခရဝဿမိုးပင် ဖြစ်သည်။ ပေါက္ခရဝဿမိုးသည် တစ်နေရာတည်း မှာရွာသော်လည်း အတူတူရှိနေသောသူ များ၌ စိုစွတ်သောသူများရှိကြသကဲ့သို့ မစိုစွတ်သူများလည်းရှိကြသည် ဟူ၏။ ဗုဒ္ဓဘုရားရှင်က ကပိလဝတ်ပြည်ရောက် ခိုက် သာကီဝင်မင်းများတွေ့ဆုံပွဲတွင် ဤပေါက္ခရဝဿမိုးရွာခဲ့သည် ဟူ၏။ ဝေဿန္တရာဇာတ်တော်၌ ဤပေါက္ခရ ဝဿမိုးရွာကြောင်း ဖော်ပြထားသည်။

နောက်အလေးဂရုပြုဖွယ် တင်ပြ ချင်တာလေးတစ်ခုကတော့ 'မြေမျိုခြင်း' ပင် ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် လက်ထက် တော်ကာလ၌ မြေမျိုသူငါးဦးပေါ် ပေါက် ခဲ့သည်ဆို၏။ ထိုသူတို့မှာ -

၁။ စိဉ္စမာဏဝိကာ၊

၂။ သုပ္ပဗုဒ္ဓ၊

၃။ ဒေဝဒတ်၊

၄။ နန္ဒလုလင်၊

၅။ နန္ဒကဘီလူးတို့

ဖြစ်သည် ဟူ၏။

စိဉ္စမာဏဝိကာသည် ချောမွေ့ လှပသော ပရိဗိုဇ်မမိန်းမပျိုတစ်ဦး ဖြစ် သော်လည်း တိတ္ထိတက္ကတွန်းတို့၏



www.burmeseclassic.com

www.burmeseclassic.com

စည်းရုံးမှုကြောင့် ကိုယ်ဝန်ဆောင်အဖြစ် သရုပ်ဆောင်ကာ ဗုဒ္ဓဘုရားရှင်အား ပရိသတ်လူဘုံအလယ်တွင် မဟုတ်တမ်း တရားစွပ်စွဲသော်လည်း ချက်ချင်းပင် သူမ၏လုပ်ကြံမှုသည် ထိုလူဘုံပရိသတ်အလယ်မှာပင် ဘူးပေါ်သလိုပေါ်ခဲ့သဖြင့် သူမသည် မဟာပထဝီမြေကြီး၏ စုပ်မျိုခြင်းကို ခံခဲ့ရသည်။

အမှန်စင်စစ် ဒေဝဂဟာပြည့်ရှင် သုပ္ပဗုဒ္ဓမင်းသည် ဗုဒ္ဓဘုရားရှင်၏ ယောက္ခမတော်စပ်ခဲ့သူ ဖြစ်သည်။ သူသည် သူ့သမီး ယသောဓရာအား စွန့်ပစ်ခဲ့သူ၊ သူ့သား ဒေဝဒတ်ကို ရန်သူသဖွယ် ဆက်ဆံသည်ဟု ဗုဒ္ဓဘုရားရှင်အား စွပ်စွဲလျက် လိုက်လံနှောင့်ယှက်ခြင်း၊ ဆွမ်းခံလမ်းကြောင်းများကို ပိတ်ဆို့ခြင်းပြုသဖြင့် သူသည် နောက် (၇) ရက်လွန်လျှင် မြေမျိုခံရလိမ့်မည်ဟု မိန့်မြွက်ခြင်းခံခဲ့ရသည်။ သုပ္ပဗုဒ္ဓမင်းသည် မြေမျိုမခံရအောင် ပြာသာဒ်ဘုံခုနစ်ဆင့်တွင် နေထိုင်နေသည့်တိုင် အချိန်တန်လျှင် မြေမျိုခြင်းခံခဲ့ရခြင်းဖြစ်သည်။

သို့လိုပင် ဒေဝဒတ်သည် သံဃာသင်းခွဲခြင်း (သံဃဘေဒ)၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုခြင်း (လောဟိတုပ္ပာဒက)တို့ကိုကျူးလွန်သဖြင့် နောက်မှ နောင်တရသဖြင့် ဗုဒ္ဓဘုရားရှင်အား ကိုယ်ထိလက်ရောက် တောင်းပန်ရန်အားထုတ်သည့်တိုင် အထမမြောက်ဘဲ မြေမျိုခံခဲ့ရသည်ဖြစ်၏။ ယင်းကဲ့သို့ပင် ဥပလ္လဝဏ်ထေရီအား ကာမဂုဏ်ပြစ်မှု ကျူးလွန်သော နန္ဒလုလင်သည် လည်းကောင်း၊ ဂိဇ္ဈကုဋ်တောင်ခုလတ်တစ်နေရာ လရောင်အောက်တွင် တရားရှုမှတ်နေသော ရှင်သာရိပုတ္တရာမထေရ်၏ ရိတ်ပြီးစ ဦးခေါင်းကို လာရောက် တီးခေါက်သော နန္ဒကဘီလူးသည် လည်းကောင်း အချိန်မဆိုင်းဘဲ မြေမျိုခြင်းခံခဲ့ရသည်ဟူ၏။

မြေမျိုသည်ဆိုသည်မှာ သက်ရှိသတ္တဝါတစ်ဦးဦးကို မြေကြီးထဲ နစ်ကျွံစေ၍ (ဝါ) မြေကြီးက စုပ်မျို၍ ငရဲပြည်သို့ ရောက်ရှိသွားစေခြင်းဟု ဖွင့်ဆိုရမည်ဖြစ်သည်။ သို့ဖြစ်စေသည်မှာလည်း ထိုသူ၏ ကြီးမားလေးလံသော ပြစ်မှု၏ အရှိန်အဟုန်ကြောင့်ဟု ဆိုရမည်ထင်၏။ ဤသို့သော မြေမျိုခြင်းကိစ္စသည် ဗုဒ္ဓဘုရားရှင်လက်ထက်မှာသာ ဖြစ်ပျက်သလားဟုမေးစရာရှိသော်လည်း သီလဝနာဂရာဇဇာတ်၊ ခန္တိဝါဒီဇာတ်၊ စူဠနန္ဒိယဇာတ်၊ စူဠဓမ္မပါလဇာတ်၊ မဟာပိင်္ဂလဇာတ်တို့တွင် မြေမျိုခြင်းကိစ္စကို အထူးတလည် ဖော်ညွှန်းထားသည်ကို တွေ့ရှိရသည်။ ဤပစ္စုခတ်ကာလ၌ မြေမျိုခြင်းကိစ္စများဖြစ်ပေါ်မှုရှိသည်ဟု သတင်းစကားများရှိသော်လည်း ခိုင်လုံသောအထောက်အထားများဖြင့် မတွေ့သိရသေးပေ။

တစ်ခါ မြေကြီးနှင့် စပ်လျဉ်းနေသောအရာတစ်ခုကို ဖော်ညွှန်းခြင်းပါသေးသည်။ ရာဇဂြိုလ်ပြည်သား သုမနသူဌေးထံ လယ်ကျွန်အဖြစ် ဝင်ရောက်လုပ်ကိုင်နေရသော ပုဏ္ဏသည် တစ်နေ့တွင် သူလယ်ထွန်ထယ်ထိုးထားရ၍ဖြစ်ပေါ်လာသော မြေစိုင်ခဲများသည် ရွှေတုံးရွှေခဲများဖြစ်သွားခဲ့ရသည်ဟူ၏။ ထိုရွှေတုံးရွှေခဲများကို လှည်းတစ်ထောင်ဖြင့် တိုက်ယူရသည်ဆို၏။ ထူးခြားချက်တစ်ခုမှာ ထိုရွှေတုံးရွှေခဲများကို ပြည့်ရှင်မင်းကြီး၏ပစ္စည်းဟု ဆို၏။ လှည်းပေါ်တင်လျှင် မူလအတိုင်း မြေစိုင်မြေခဲများဖြစ်သွားတတ်သော်လည်း ပုဏ္ဏ၏ ပစ္စည်းဆိုပြီးတင်လျှင် ရွှေတုံးရွှေခဲများသည် မပြောင်းမလဲဘဲ ဆက်လက်ရှိနေသည်ဆို၏။

ဆက်နွှယ်၍ပြောရလျှင် သာဝတ္ထိပြည်သားသူဌေးတစ်ဦးတွင် သူပိုင်ကုဋေရှစ်ဆယ်ရှိသောရွှေငွေရတနာများသည် တစ်ခါသော် မီးသွေးခဲများချည်းဖြစ်သွားသည် ဟူ၏။ သို့သော် ကိသာဂေါတမီထေရီဖြစ်လာမည့် ကိသာဂေါတမီသတို့သမီးက ထိုမီးသွေးခဲများကို ထိတွေ့ကိုင်တွယ်လိုက်လျှင် မူလအတိုင်း ရွှေ ငွေရတနာများဖြစ်သွားသည် ဟူ၏။ ဤနေရာမှာ ဆက်စပ်ပြောစရာတစ်ခုက ဇဋိလသူဌေးဖြစ်လာမည့်ဇဋိလသတို့သားသည် သူ့မွေးစားဖခင် သူ ၂ကြီး၏ (၁၂) နှစ်တိုင် ရောင်းမထွက်နိုင်သော



ပစ္စည်းများကို သူ့လက်ဖြင့်ထိတွေ့ကိုင်တွယ်ရောင်းလျှင် တစ်နေ့တည်းမှာပင် အကုန်အစင် ရောင်းစွံသွားသည် ဟူ၏။

ထို့ပြင်တစ်ဝ ယှဉ်ဖက်ပြောစရာတွေကတော့ ဇောတိကသူဌေးကြီးတွင် မြေကြီးက အလိုအလျောက် ပေါ်ထွက်လာသော ရွှေအိုးကြီးလေးလုံးရွှေတုံးရွှေအပြည့်နှင့်ရှိသည်။ ပတ္တမြားသီးသော ရွှေကြံပင်လေးပင်ရှိသည်။ ၎င်းရွှေ ၎င်းပတ္တမြားကို ဇောတိကသူဌေးကိုယ်တိုင် ယူမှရသည်။ ဇဋိလသူဌေးတွင် မြေပေါ်၌အလိုလိုဖြစ်ပေါ်လာသော ရွှေတောင်ပို့ကြီး(၄)လုံးရှိသည်။၎င်းကို သူကိုယ်တိုင်တူးဆွယူမှရသည်။ မေဏ္ဍကသူဌေးကြီး၌ ယင်းသို့ပင် ဧရာမရွှေရုပ်ကြီးများ မြေကြီးမှ ပေါ်ထွက်လျက်ရှိသည်တလည်းကောင်း၊ ဆိတ်ပါးစပ်ထဲက လိုချင်သောအရာများကို သူကိုယ်တိုင်ယူမှရသည်ဆို၏။ ထိုသူဌေးကြီးတို့ ဗုဒ္ဓသာသနာဘောင် ဝင်ရောက်သောအခါတွင် သူတို့ပိုင်ပစ္စည်းများသည် ပျောက်ကွယ်သွားသည်ဆိုခြင်းက မေးစရာမေးခွန်းဖြစ်သည်။

နောက်စိတ်ဝင်စားစရာတစ်ခုက နန္ဒဇာတ်ထဲတွင် မယားအငယ်လေးတစ်ယူမိသော သူကြွယ်အိုသည် သူ၏ငယ်ရွယ်သော သားငယ်လေး အမွေမရစားသဖြင့် သူ၏ကျွန်ယုံ နန္ဒကိုခေါ်ပြီး သူ၏ဥစ္စာတချို့ကို မြေမြှုပ်ပြသပြီး သူ့သားအရွယ်ရောက်လျှင် ပြသတူးဖော်ယူစေရန် လမ်းညွှန်ပေးဖို့ ပြောကြားခဲ့ဖူးသည်။ ဖခင်သူကြွယ်ကြီး သေလွန်ပြီး သူ့ကလေးငယ် အရွယ်ရောက်သဖြင့် ကျွန်ယုံနန္ဒက ထိုသူဌေးသားကို ဥစ္စာရှိသောနေရာသို့ ခေါ်ယူခဲ့ရာ တစ်နေရာအရောက်၌ ကျွန်ယုံနန္ဒသည် သူဌေးသားအား ရုန်းရင်းကြမ်းတမ်းစွာ ကြိမ်းမောင်းဆဲဆိုသဖြင့် ဥစ္စာမရဘဲ ပြန်ခဲ့ရသည်မှာ အကြိမ်ကြိမ်ဖြစ်၏။

နောက်တော့ သူဌေးသားက ပညာရှိဇနီးအားမေးသော် ပညာရှိ၏ ညွှန်ဆိုချက်အရ ကျွန်ယုံနန္ဒ တစ်နေရာရောက်၍ ဆဲဆိုကြိမ်းမောင်းပြန်လျှင် သူဌေးသားသည် ကျွန်ယုံနန္ဒအား တွန်းလှဲပြီး ၎င်းမတ်တတ်ရပ်ခဲ့သောနေရာတွင် တူးဖော်လေသော် ဖခင်သူဌေးကြီး မြှုပ်နှံခဲ့သော ဥစ္စာပစ္စည်းများကို ရရှိလေသည် ဟူ၏။

ဆက်နွှယ်ပြောရလျှင် သောမဒဿဇာတ်ထဲမှ ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဘုရားလောင်း တက္ကသိုလ်ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

…သည် သူတက္ကသိုလ်ကျောင်းသားတပည့် …ားက သူ၏မြို့မှ သောမနဒသီခေါ် …သော ရက်ကန်းသည်မလေးကို ရုပ်ချော …သည်၊ စိတ်ကောင်းရှိသည်၊ စကားပြော …သိမ်မွေ့သည်၊ နူတ်ချိုသည်ဟု ချီးကျူး …လေ့ရှိသဖြင့် သူစမ်းသပ်မည်ဆိုပြီး …ရာကြီးသည် သူတပည့်တစ်ဦးအား …ရက်ကန်းသည်မလေး၏ ရက်ကန်း …သော ခြေနင်းခုံအောက်တွင် အသ …တစ်ထောင်ထုပ်ကိုမြှုပ်နှံရန် လျှို့ …စွာ စေခိုင်းလိုက်သည်။ သိပ်မကြာမီ …ခင် ထိုရက်ကန်းသည်မလေးသည် …တထောင်ထောင်နှင့် နူတ်ကြမ်းအာ …ဖြစ်လာခဲ့သည်။ မြှုပ်နှံထားသော …သပြာထုပ်ကို ပြန်လည်တူးဖော်ယူ …တ်မှ ထိုရက်ကန်းသည်မလေးသည် …လည် နူတ်ချို၊ စကားပြောသိမ်မွေ့ …သည် ဟူ၏။ မဟော်သဓာဇာတ် …တ်၌လည်း ဝိဒေဟရာဇ်မင်းကြီး၏ …ဥယျာဉ်တော်ထဲဝင်တိုင်း မုခ်ဦးတံခါးဝ …ထိပ်မှဆင်း၍ခရီးဦးကြိုလေ့ရှိသော …သင်ညိုကို တစ်ခါ၌ ပဲဝက်မျှရှိသော …သပြာကို ဆွဲပေးလိုက်သောအခါတွင် …ဥယျာဉ်တော်ထဲကိုဝင်လာသော ဝိဒေ …ရာဇ်မင်းကြီးကို ယခင်ကလို မုခ်ဦး …တိုင်မှဆင်း၍ ခရီးမကြိုတော့ဘဲ …ဦးတိုင်ထိပ်မှနေ၍ လည်တညိတ် …နှင့် မာနတံခွန်ဟန်ရေးပြနေသည် …

ဆက်နွယ်၍ ပြောစရာတစ်ခုက …သောသကသူဌေးဝတ္ထုထဲတွင် မိဘ …ထက်က မြှုပ်နှံခဲ့သော ဥစ္စာစနများ …လည်း ထုတ်ဖော်သုံးစွဲခြင်းမပြုဝံ့ …ရဲသားအယောင်ဆောင်၍ နိဗ္ဗာန် …အလုပ်နေသော ကမ္ဘာယောသက …၏ ရွာဆော်သံကို ကြားလေတိုင်း …တ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက …ခနရှင်၏အသံဟု အပ်ကျမပ်ကျ …လေ့ရှိသည်။ ၎င်းကို လျှို့ဝှက်စွာ …သောအခါတွင်လည်း ကမ္ဘာယော …လင်သည် ကုဋေကြွယ်ဥစ္စာစန …နေသည်ကို တွေ့ရှိရလေသည်။

ဆိုခဲ့လေသမျှကို အနှစ်ချုပ်လိုက် …စရာ၊ တွေ့စရာ တစီတတန်း …တ်လာသည်ကတော့ အမှန်ပင်။

တစ်ခါ ထည့်သွင်း ဖော်ပြချင်တာ …ခုကတော့ ရှေးစာပေပညာရှင် …သားခဲ့သော ထုံးမတိမ်၊ ငုံး၊ အိမ်၊ …နယ်၊ တူမျှစံနိုင်း။ ထပ်တည်၊ …ထိုက်တဲ့၊ ခင်သိုက်ညာမေနှင့်၊ …မိုင်း' ဟူသော ကပ္ပိဋ္ဌိမျိုး(၄)ပါး ဖြစ်သည်။ ၎င်းသည် နင္ဂပါဏဇာတ် ဇကနိပါတ်တော်က ကမ္ဘာကြီးတည်ရှိနေသရွေ့ ထာဝရတည်မြဲနေမည့် အရာ (၄) ပါးပင် ဖြစ်သည်။

ဒေဝဓမ္မဝတ္ထုအလိုအရ ရက်ရှိုသ်ဘီလူးစောင့်သောရေအိုင်တွင် ဘုရားလောင်း မျောက်မင်းက ကျူဆစ်ကို ဖောက်၍ ရေသောက်စုပ်ခဲ့သောကြောင့် ကမ္ဘာချဉ်းတိုင် ကျူရိုး၌ အဆစ်မရှိဘဲရှိနေသည် ဖြစ်၏။ ဝဋ္ဋသုတ်အလိုတော်ရ ဘုရားလောင်းငုံးမင်းသစ္စာဆိုခဲ့၍ လောင်ကျွမ်းနေသော တောမီးသည် (၁၆) မင်းပယ်စာရှိသောမြေကွက်ကို မီးမလောင်ဘဲကွင်းရှောင်သွားသည်ဟူ၏။ ဃဋီကာရဝတ္ထုအလိုအရ ကဿပဘုရားရှင်ကျောင်းတော် မိုးယိုနေသည်ကို မိမိအိမ်မှအမိုးကိုယူဖာထေးခဲ့သဖြင့် ထိုအိုးထိန်းသည် ဃဋီကာရအိမ်၌ ဘယ်သောအခါမှ မိုးမစိုမိုးမစွတ်ဆို၏။ နောက် ဘုရားလောင်းယုန်မင်းဝတ္ထုအလိုအရ မိမိခန္ဓာကိုယ်ကို မီးဖိုထဲဆင်းလှူဒါန်းခဲ့သောအစွမ်းကြောင့် မိုးကောင်းကင်ပေါ်က လဝန်းတွင် ယုန်ရုပ်ပေါ်နေသည်ဆို၏။

ထို့နောက်တစ်ဖန် အလေးဂရုပြုစရာညွှန်းချင်တာတစ်ခုက သီရိမ္မာသောကမင်းဒါယကာပြု၍ပြုလုပ်ခဲ့သော တတိယသင်္ဂါယနာတင်ပွဲကို အကူအညီပေးခဲ့သော ရှင်ဥပဂုတ္တမထေရ်သည် တစ်ခါ၌ နေ့ဆွမ်းစားလုလုဆဲတွင် နေမွန်းတည့်သွားမလိုဖြစ်နေသဖြင့် ထိုနေကို တားမြစ်၍ ဆွမ်းစားခဲ့သည်ဆို၏။

သို့လိုပင် တစ်အဝက မဟာဒုက်ဖြစ်ခဲ့သော ပဏ္ဍိတသာမဏေလေး အရဟတ္တဖိုလ်ဆိုက်အောင် ကျားကုတ်ကျားခဲ ကျင့်ကြံနေခိုက် အောင်မြင်လုဆဲဆဲတွင်(၀ါ)မွန်းတိမ်းသွားသဖြင့် ဆွမ်းဘုဉ်းမပေးလိုက်ရလျှင် ထိုသာမဏေလေး ကျန်းမာရေးထိခိုက်သွားမှာစိုးသဖြင့် သိကြားမင်း၏အမိန့်ဖြင့် နေနတ်သားက သွားနေသောနေဝန်းကို ရပ်တန့်စေခိုင်းခဲ့သည်ဟူ၏။ သို့လိုပင် သုခသာမဏေလေး အရဟတ္တဖိုလ်ဆိုက်အောင် အကျောက်အကန် တရားအားထုတ်ခဲ့သည့်အခါတွင် ဤသို့ နေနတ်သားက နေဝန်းသွားလာမှုကို ရပ်ဆိုင်းပေးခဲ့ရသည်ဆို၏။ ဤသည်တို့သည် ဗုဒ္ဓဘုရားရှင်မျက်မှောက်တော်ကာလက ဖြစ်ရပ်မှန်ပင် ဖြစ်သည်။

တစ်ခါ ဓမ္မပဒ၊ ယမကဝဂ်၊ တိဿမထေရ်ဝတ္ထုထဲတွင် ဘုရားလောင်းနာရဒရသေ့သည် ချဉ်ဆားအလို့ငှာ ဟိမဝန္တာမှ ဗာရာဏသီပြည်သို့လာခဲ့ရာ မြို့တံခါးပိတ်သွားသဖြင့် မြို့တံခါးအနီးအိုးထိန်းသည်တဲတွင် တည်းခိုနေရရာ ရှေ့ကကြိုရောက်နေသော ဒေဝီလရသေ့၏သဘောထားသေးသိမ်မှုကြောင့် မလိုလားအပ်သေး ပြဿနာများပေါ်ပေါက်လာပြီး ရသေ့နှစ်ပါး အပြန်အလှန်ကျိန်ဆိုကြသည်။ထိုအထဲတွင် နေထွက်သည်နှင့်တစ်ပြိုင်နက် ဦးခေါင်းရှစ်စိတ်ကွဲပါစေဟု ပါလာသည်။

၎င်းကို ဘုရားလောင်း ရှင်နာရဒရသေ့ ဆန်းစစ်ကြည့်လိုက်သောအခါတွင် သူထက် သီလ၊ သမာဓိ၊ သိက္ခာနိမ့်ကျလှသော ဒေဝီလရသေ့က ခံစားရမည်ကိုတွေ့သိသွားသဖြင့် ထိုနေ့အဖို့၌ နေထွက်မည်ကို ရှင်နာရဒရသေ့က တားမြစ်ထားလိုက်လေသည်။ နေမထွက်ဘဲ အရုဏ်တက်ချည်းဖြစ်နေသဖြင့် တိုင်းသူပြည်သားများဆူပူသဖြင့် ဗာရာဏသီမင်းက ဖြစ်ရပ်မှန်ကို စုံစမ်းရာ အဆိုပါရသေ့ကြီးနှစ်ပါး၏ လက်ချက်မှန်းသိရှိသွားလေသည်။

မင်းကြီးက ထိုရသေ့နှစ်ပါးကို ထပ်မံစစ်ဆေးသောအခါတွင် ဒေဝီလရသေ့ကလွန်နေသည်ကို သိရှိသွားသဖြင့် ဒေဝီလရသေ့က နာရဒရသေ့ကို တောင်းပန်ခိုင်းရာ ဒေဝီလရသေ့က မိုက်တွင်းနက်စွာ ငြင်းဆန်နေသဖြင့် မင်းချင်းများအား ခြေလက်ကိုင်၊ဦးခေါင်းချုပ်နှောင်၍ ဝပ်ထွားစေမှ ရှင်နာရဒရသေ့က နေထွက်ခြင်းအား တားမြစ်ထားမှုကို ပယ်ဖျက်လွှတ်ပေးလိုက်လေသည် ဟူ၏။

သို့လိုပင် မာတင်္ဂဇာတ်ထဲတွင်လည်း ဒေဝီလရသေ့က နာရဒရသေ့ကို စော်ကားပြစ်မှားသလိုပင် မာတင်္ဂရသေ့ကို ဇာတိမန္တရသေ့က စော်ကားမော်ကားပြုကျိန်ဆဲခဲ့ရာ ဇာတိမန္တရသေ့ပင် ခံစားရမည်ကို တွေ့သိသဖြင့် မာတင်္ဂရသေ့က နေထွက်ခြင်းကို တားမြစ်ခဲ့ရဖူးသည် ဟူ၏။

အထက်ဖော်ပြပါများကို ကံ၊ ကံ၏ ကြောင်းကျိုးဆက်နွယ်မှုဟူသော ဆိုင်းဘုတ်အောက်တွင် လုံးဝပစ်မထားဘဲနှင့် ဝေဖန်စောကြည့်လျှင် ပုညဗိဒ္ဓိ၊ ကမ္မဗိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိ၊ မဟိဒ္ဓိ၊ ဣဒ္ဓိဆိုသော စွမ်းရည်သတ္တိများကြောင့် (၀ါ) ဂမ္ဘီရလျှို့ဝှက်နက်ရှိုင်းစွာ ပေါ့လီနွယ်ယှက်မှုကြောင့်ဆိုသော ကောက်ချက်တစ်ခုကို ယူငင်၍ရနိုင်မည်ထင်သည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

## မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်သောခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခုဖြစ်ပါ၏။

အဘက်ဘက်မှ ယခုတိုးတက်နေသောခေတ်ကြီးတွင် ရောဂါတို့သည်လည်း နာမည်အမျိုးမျိုးနှင့်တိုးတက်ဖြစ်ထွန်း၍လာကြပါ၏။

အချို့သောရောဂါတို့ကို အမည်နာမမှည့်ခေါ်ထားကြသော်လည်း ထိုရောဂါကို ကုသရန်ဆေးကား မည်မည်ရရမရှိသေးပါ။ ဆေးပညာရှင်များက ရောဂါနှင့် သင့်တော်သောဆေးကို စမ်းသပ်နေကြ၏။ ဖော်ထုတ်နေကြ၏။

ရောဂါဆန်းပြားသလောက် ဆေးကလည်း ဆန်းပြားနေပြန်၏။ အချို့သော ဆေးရောင်းသူတို့သည် နိုင်ငံခြားမှလာသောဆေးများကို ဝေဒနာတစ်ခုအတွက် ဆေးသုံးမျိုး၊ လေးမျိုးတို့ကို ပေါင်းစပ်ကာ ရောင်းချနေကြ၏။

စားသုံးသူလူနာများသည် ရောဂါပျောက်ကင်းရန် ရည်ရွယ်၍ ထိုသို့ ဆေးရောင်းဆိုင်များမှ ပေါင်းစပ်ရောင်းပေးလိုက်သောဆေးကို စားသုံးနေကြရ၏။

ယင်းသို့ ပေါင်းစပ်ကာ ရောင်းချပေးသောဆေးတို့ကို တာရှည်စွာသုံးစွဲသူတို့သည် မျက်စိမွဲပြာခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အသားအရေမွဲပြာပြီး ခန်းခြောက်ခြင်း၊ ဆီးအိမ်နာကျင်လာခြင်း၊ ဆီးသွားမဖြောင့်ခြင်း၊ ကိုယ်လက်များကိုက်ခဲလာခြင်း၊ ခြေလက်ညောင်းလာခြင်း၊ အားကုန်ခန်းလာခြင်း စတဲ့ ရောဂါတို့ကို ခံစားလာကြရ၏။ ဤသို့ဖြစ်ရခြင်းသည် ဘေးထွက်ဆိုးကျိုးဟု ခေါ်ဆိုနိုင်ပါ၏။

ဆေးတစ်ခုနှင့်တစ်ခု ပေါင်းစပ်ပေးသောအားဖြင့် လူသားအတွက် အကျိုးဖြစ်ခြင်းရှိသကဲ့သို့ လူသားအတွက် မမျှော်လင့်သောဆိုးကျိုးလည်းဖြစ်တတ်လေရာ ဆေးတစ်မျိုးနှင့်တစ်မျိုး ပေါင်းစပ်သုံးဆောင်ခြင်းကို သတိချပ်ရမည့်အချက်ပင် ဖြစ်၏။

တချို့ကား နားကလေထွက်ပြီး နားပင်းသွားကြ၏။ ဤသို့ဖြစ်ရခြင်းသည် 'ပေါ့စေလို၍ ကြောင်ဆေးထိုးဆေးအတွက်လေး' ဟု ဆိုရမည်သာဖြစ်ပါ၏။ ခန္ဓာကိုယ်ပေါ်တွင် အဖုအပိမ့်ထွက်ပြီးယားယံခြင်း၊ နီရဲသောအကွက်၊ အစင်းအစင်းအတန်းအစက်များ ပေါ်ထွက်လာခြင်းတို့ ဖြစ်ပါ၏။

ဤသို့မဖြစ်စေရန် ကျွမ်းကျင်သော သမားတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးပြီး ဆေးတို့ကို သုံးဆောင်သင့်ပါ၏။ ကွမ်းယာဆိုင်များ၊ မကျွမ်းကျင်သော ဆေးလုပ်သားများပေးသောဆေးတို့ကို အထူးသတိပြုပြီး သုံးဆောင်သင့်ပါ၏။ ကြောက်စရာကောင်းလှပါ၏။ အများက သတိမထားကြပါချေ။

ဆေးတို့ကို သတိမထားဘဲ သုံးဆောင်မိသောသူသည် သုံးဆောင်သူ၏အတွက်သာ ဖြစ်ပါ၏။ ဆေးရောင်းသူတို့နှင့် မသက်ဆိုင်ပါ။ စဉ်းစားစရာပင်။

ယခုခေတ်တွင် လေးဖက်နာသည်လည်း လူသားတို့အပေါ်မှာ နှိပ်စက်နေသော ရောဂါဆိုးကြီးတစ်ခု ဖြစ်ပါ၏။ ထို့နောက် ငှက်ဖျားနှင့် အဖျားရောဂါတို့သည်လည်း လူသားတို့ကို ဆိုးကျိုးကိုသာပေးတတ်သောရောဂါတစ်မျိုး ဖြစ်ပါ၏။

လေးဖက်နာရောဂါသည် အလွန်ဆိုးသောရောဂါတစ်မျိုးဖြစ်ပါ၏။ ရောဂါ၏လက္ခဏာမှာ လေးဖက်နာနှင့်အညီ ခန္ဓာကိုယ်အစိတ်အပိုင်း မှန်သမျှတို့ကို ဒုက္ခပေးတတ်၏။

ခြေဆစ်၊ ဒူးဆစ်၊ ခါးဆစ်၊ လက်ဆစ်နှင့် တံတောင်ဆစ်များတို့ကား ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်း၊ နာကျင်ခြင်းဖြစ်လာ၏။ လမ်းမလျှောက်နိုင်။ ယင်းသို့ဖြစ်နေစဉ်တွင် တစ်ခါတစ်ရံမှာ အဖျားကဝင်ချင်လျှင်ဝင်ရောက်လာ၏။

လူနာမှာ ဆီး၊ ဝမ်းမမှန်ဖြစ်လာရ၏။ နာတာရှည်ရောဂါကို ခံစားလာရ၏။ လေးဖက်နာရောဂါသည် ဆေးဝါးနှင့် တည့်တည့်မကျပါက တော်တော်နှင့် မပျောက်နိုင်ပါ။ ပျောက်ခဲပါ၏။ လေးဖက်နာသည်လည်း ကြောက်စရာကောင်းသော ရောဂါတစ်မျိုးဖြစ်လာရ၏။

ဤနေရာတွင် ရှေးရခိုင်သမားတော်ကြီးများ လက်စွဲအသုံးပြုခဲ့[...] သော လေးဖက်နာနှင့် ငှက်ဖျား၊ အဖျ[...] အမျိုးမျိုး ပျောက်ကင်းစေသောဆေ[...] တစ်လက်ကို တင်ပြပါသည်။

ဆေးကား နွယ်မြက်သစ်[...] ဆေးဖက်ဝင်ပင် ဖြစ်ပါ၏။

၁။ ဆေးခါးပင် (၂၅) ကျပ်သား[...]
၂။ စဉ့်လက်ခါးခေါက် (၅၀) [...] သား၊
၃။ ချင်း (၂၀) ကျပ်သား၊
၄။ မီးသွေးလင် (၂၀) ကျပ်သား[...]
၅။ နနွင်းခါးဥ(နနွင်း)(၂၀)ကျပ်သာ[...]
၆။ ကွမ်းရွက်အခြောက် (၄၀) [...]
၇။ ကျပ်ခိုး လက်ဖက်ရည်အ[...] ပန်းကန်တစ်လုံးခန့်၊
၈။ ငရုတ်ကောင်းအစေ့ (၅၀) [...]
၉။ မဖောက်ထုံး ဟင်းစား[...] သံမဏိဇွန်းတစ်ဇွန်း

အားလုံးကို စုဆောင်းပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးကို သံဆုံမှာ ည[...] အောင်ထောင်းပါ။

**သုံးဆောင်ပါရန်**

ဆေးကို လက်ဖက်ရည်သော[...] ဇွန်းတစ်ဇွန်းသောက်ပါ။

**သုံးရန်အချိန်**

နံနက်တစ်ကြိမ်၊ ညတစ်ကြ[...] သောက်ပါ။

**ဆေးအကျိုးသွား**

လေးဖက်နာရောဂါ အမျိုး[...] ငှက်ဖျားရောဂါအမျိုးမျိုး၊ အဖျားရော[...] အမျိုးမျိုးတို့ ပျောက်ကင်း ချမ်းသာ[...] လိမ့်မည်။ လက်တွေ့ဖော်စပ်ပြီး [...] ဆောင်ကြပေါ့။ ဆေးက သက်သေခံ[...] လိမ့်မည်။

တိုင်းရင်းဆေးပညာကို သေ[...] မယူလိုပါ။ တိုင်းရင်းဆေးဗဟုသု[...] ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

တိုင်းရင်းဆေးအပေါ်မှာ သ[...] စွာဖြင့် -

*အားလုံးကျန်းမာချမ်းသာကြ[...]*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ကိုနဝင်းဆုတောင်းပြည့်စေတီ



ဘိုးတော်ဘုရား(ဗဒုံမင်း)ကောင်းမှု


# သိမ်(၄)သိမ်၊ ဂူ(၄)ဂူ ရွှေဂူစေတီတော်

မောင်စိမ်းတွေး(ထားဝယ်)


မြို့ဟောင်းနှင့်သာယာဝတီမြို့သစ်

ထားဝယ်မြစ် အနောက်ခြမ်းကို င်လျက် မြန်မာနှစ် ၁၁၃ ခုနှစ် သမန္တမင်း (၁၁၃ - ၁၂၈) သည် င်ဘက်တွင် ပဒတ်ချောင်း၊ မြောက် တွင် ဆင်ပုန်းချောင်းတို့ကို ကျုံး အရံအတားပြုကာ မြေသားမြို့ရိုးမြို့တာ နှစ်ထပ်ကာရံပြီး အကျယ်အဝန်း (၇၄) တာ၊ ပတ်လည် (၂) မိုင်ခွဲ၊ တံခါး (၄) ပေါက်၊ လမ်း (၄) သွယ်ဖြင့် သာဂရမြို့ (ယခုမြို့ဟောင်းရွာ)ကို တည်ထောင်၏။

မြန်မာနှစ် ၁၁၁၆ ခုနှစ်၊ တပေါင်း လဆန်း ၁၃ ရက်၊ စနေတွင် ထားဝယ် မြစ်အရှေ့ခြမ်းကို မေးတင်လျက် တောင်ဘက် ဘုမွှော်ချောင်းနှင့် မြောက်ဘက် မြောင်းပုလဲချောင်းတို့ကို ကျုံးကာရံပြီး ပတ်လည်အကျယ်အဝန်း (၈၂၄) တာ၊ သူရဲခို (၂၅၈) လုံး၊ တံခါး (၅) ပေါက်၊



ကြွေသွန်းဘုရားရုပ်ပွားတော်များ
(အနောက်ဘက်)



မြောက်ဘက်ဂူဘုရား
ဉာဏ်တော် (၂) ပေ (၆) လက်မ ထိုင်တော်မူဆင်းတုတော်နှင့် ဂူနံရံကပ်ရုပ်ကြွရှေးဘုရားများ

www.burmeseclassic.com



ထိုင်တော်မူရုပ်ပွားတော်များအား ဖူးမြော်ရပုံ (တောင်ဘက်သိမ်ဂန္ဓကုဋိတိုက်)



အရှေ့ဘက်ဂူဘုရား (ဉာဏ်တော် ၃ ပေခွဲ ထိုင်တော်မူဆင်းတုတော်)

ဗဟိုလမ်းမ (၄) သွယ်၊ အုတ်မြို့ရိုးမြေ
အဝင် (၄) ပေခွဲ၊ မြို့ရိုးအမြင့် (၉) ပေ
ရှိ သာယာဝတီမြို့သစ် (ယခု ထားဝယ်
မြို့) ကို မြို့စားမင်း ဦးနဲလှ (၁၁၁၆ -
၁၁၂၁) တည်ထောင်သည်။

သာယာဝတီမြို့သစ်၏ အလယ်
ဗဟိုတွင် သမုတ်သိမ်တော်နှင့် ဉာဏ်
တော် ကိုးတောင့်တစ်ထွာရှိ ဇိနသီ
ရုပ်ပွားတော်ကြီးနှင့် တောင်တံခါးအနီး
ဒက္ခိဏာရာမကျောင်းတိုက်၊ မြောက်တံခါး
အနီး သီပေါတိုက်၊ မြို့အင်္ဂါထောင့်တွင်
မြေတိုက်၊ အနောက်မြောက်ထောင့်အ
ပြင် မြို့ရိုးအနီး အနောက်တိုက်ကျောင်း
စသော သာသနိကအဆောက်အအုံများ
ကို သာဂရမြို့ဟောင်းအမည်နာမအတိုင်း
မြို့သစ်တွင် မှည့်ခေါ်တည်ထားသည်။
သာယာဝတီမြို့သစ်(ထားဝယ် မြို့)သည်
နှစ်ပေါင်း (၂၆၀) ကြာမြင့်ခဲ့ပြီ ဖြစ်သော်
လည်း မြေတိုက်ကျောင်းနှင့် အနောက်
တိုက်ကျောင်းကြီးတို့ကို ယနေ့တိုင်
အထင်အရှား တည်ရှိနေသည်ကို တွေ့
မြင်နိုင်ပါသည်။

**ဘိုးတော်ဘုရားကောင်းမှု**

ကျယ်ဝန်း ညီညာ ပြန့်ပြူးသော
သာသနာ့မြေ (၅. ၇၈၃) ဧကအကျယ်
ရှိသည့် အနောက်တိုက်ကျောင်းဝင်း
အတွင်း အနောက်တိုက်ကျောင်း၊ အင်း
ကျောင်း၊ ရွှေဂူကျောင်း၊ သစ်တိုး



တောင်ဘက်ဂူဘုရား (ဉာဏ်တော် ၂ ပေ ၄ ထက်မ ထိုင်တော်မူဆင်းတုတော်)



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတို့ တစုတဝေး တည်ရှိ၏။ မဟာသိမ်တော်ကြီးဘုရားရုပ်ပွားတော်မြတ်၊ ရှင်လေးပါးမထေရ်မြတ်သိမ်တော်နှင့် ရွှေဂူဘုရားသိမ်စေတီတော်မြတ်တို့ ထိန်းဝပ်စံပယ်တော်မူရာ မဟာမြေမြတ်ကြီး ဖြစ်သည်။

မြန်မာနှစ် ၁၁၄၄ ခုနှစ် အင်းဝနေပြည်တော်၌ ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားခေါ် ဗဒုံမင်း (ကောဇာ ၁၁၄၄ - ၁၁၈၁) နန်းတက်၏။ ဘိုးတော်ဘုရားသည် ရှေးမင်းကောင်းမင်းမြတ်များကဲ့သို့ပင် သာသနာစည်ပင်ရေးလှုံ့လရှိသောမင်းတစ်ပါး ဖြစ်သည်။ မဖွံ့ဖြိုးသေးသောဒေသ(၅၆)မြို့သို့ တစ်မြို့လျှင် ပိဋကတ်တော်တစ်စုံစီနှင့် အရှင်သူမြတ် (၅)ပါး သာသနာပြုစေလွှတ်တော်မူလေသည်။ ထို့အပြင် နိုင်ငံတော်အတွင်း (၁၂၃) ဌာနတို့၌ ရွှေဂူစေတီတော်များကို တစ်ပြိုင်နက်တည်း တည်ထားသော်မူရာ မြန်မာနှစ် ၁၁၄၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်နေ့တွင် သာယာဝတီမြို့ (ထားဝယ်မြို့)ရှိ အနောက်တိုက်ကျောင်း၌ ရွှေဂူစေတီတော်ကို တည်ထား ပူဇော်တော်မူခဲ့သည်ဟု မှတ်တမ်းမှတ်ရာများက ဆိုပါသည်။


ရွှေဆင်းတု၊ ငွေဆင်းတု၊ ကျောက်



ကြေးဘုရားသိမ် (အနောက်သိမ်) မတ်ရပ်ဘုရားများ




ထိုင်တော်မူဘုရားနှစ်ဆူလက်ဝဲဘက် မတ်ရပ်ဘုရား (အရှေ့သိမ်)



အရှေ့သိမ်ဂန္ဓကုဋိတိုက်အတွင်း ထိုင်တော်မူဘုရားများ(ဂူဝင်ပေါက်နှင့် ဂူဘုရားကိုဖူးတွေ့ရသည်)



ထိုင်တော်မူဘုရားနှစ်ဆူလက်ယာဘက် မတ်ရပ်ဘုရား (အရှေ့သိမ်)



တောင်ဘက်သိမ်ဂူဝင်ပေါက်




www.burmeseclassic.com

www.burmeseclassic.com



ကြေးသွန်းရှင်ဥပဂုတ္တမထေရ်



ဘိုးတော်ဘုရားကောင်းမှု
မြန်မာနှစ် ၁၁၄၅ တည် ရွှေဂူစေတီတော်



ခြူးပန်းခြူးနွယ်ရောင်စုံကျောက်များနှင့်
ရွှေပိန်းချကွမ်းစင်တိုင်ကြီး

ဆင်းတု ဓာတ်တော်မွေတော်များနှင့် တန်ဖိုးလက်ခများပေး၍ ထိုစဉ်က ထားဝယ်မြို့ဝန် မကွ္ခရာဗိုလ် (ကောဇာ ၁၁၄၄-၁၁၄၇) အား တာဝန်ပေး တည်ထားစေပြီး ထီးတော်တင်ခြင်း၊ စေတီတစ်ဆူလုံးအပြည့် ရွှေသင်္ကန်းကပ်လှူခြင်းဖြင့် ဘိုးတော်ဘုရားကောင်းမှုကုသိုလ်ပြုတော်မူသည်။

**ရွှေဂူစေတီတော်မြတ်**

ရွှေဂူစေတီတော်သည် ယခုအခါ နှစ် (၂၃၀) ကျော် သက်တမ်းရှိသော ထားဝယ်မြို့ပေါ် ရှေးဟောင်းဘုရားတစ်ဆူ ဖြစ်၏။ ထူးထူးခြားခြား ပုဂံခေတ်လက်ရာဟန်ကို တွေ့ရသည်။ လိုဏ်ဂူတစ်ထပ်စေတီဖြစ်ပြီး ဉာဏ်တော် (၂၇) ပေ မြင့်သည်။ အရပ်လေးမျက်နှာမှသိမ်(၄)သိမ်၊ ဂူကျောင်းဆောင် (၄) ဆောင်တို့က စေတီဖိနပ်တော်အား ဝန်းပတ်ငုံလျက်ရှိသည်။ ဂူကျောင်းဆောင်အမိုးတွင် စေတီတည်ထားသည်။ အရံစေတီ (၅) ဆူ ဝန်းရံနေသည်။ သိမ်ရော လိုဏ်ဂူပါရှိသဖြင့် ရွှေဂူဘုရားသိမ်ဟုတွင်သည်။ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဘုရားဒါယကာဘိုးတော်ဘုရားမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ ဘုရားပူဇော်နေဟန်ပုံတူရုပ်လုံးကို ယနေ့အထိတွေ့နေရသေးသည်။

ရွှေဂူဘုရားသိမ်အဝင်မုခ်ဦးတွင် ခြင်္သေ့ကြီးနှစ်ကောင် ခရီးဦးကြိုဆိုနေ၏။ ပေ (၂၀၀) ခန့် ဝင်သွားရသော စင်္ကြံစောင်းတန်းဝဲ၊ ယာတွင် အင်္ဂတေထိုင်ခုံတောက်လျှောက်ရှိသည်။ စောင်းတန်းတောင်ဘက်၌ အင်းဝဘုန်းကြီးကျောင်း၊ မြောက်ဘက်၌ ရွှေဂူဘုန်းကြီးကျောင်းတို့တည်ရှိသည်။ ဘိုလေးဆင့်တင် ရွှေဂူဘုန်းကြီးကျောင်းဆောင်ကို ရှေးကပုံစံအတိုင်း အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ရွှေဂူစေတီတော်မြတ်တွင် အာရုံခံတန်ဆောင်း၊ သိမ်၊ ဂန္ဓကုဋိလိုဏ်ဂူပေါက်တို့ တစ်ဆက်တည်း အဖြောင့်တွေ့ရှိရသည်။



မျက်နှာကြက်သစ်သားအား ရွှေချထားသည်ကို ဤသို့တွေ့ရပုံ

**ဒေါ်မျှင့်သိမ်**

အရှေ့ဘက်သိမ်ဖြစ်၍ ခြင်္သေ့မုခ်ဦးနှင့်တည့်သည်။၁၂၇၁ ခုနှစ် ထားဝယ်မြို့ တလိုင်းထိန်ရပ် စစ်ထော့မမျှင့် သားသမီးတစ်စု ကောင်းမှုနိဗ္ဗာန်ဆု ပြုပြင်သည့်စာတန်းကမ္ပည်းရှိသည်။ ဂန္ဓကုဋိတိုက်အတွင်း ကွမ်းစင်တိုင်ကြီး (၄) တိုင်ကို ရွှေပိန်းချထားပြီး ရောင်စုံကျောက်များ၊ အနုစိတ်ယိုးဒယားပန်းများ၊ ခြူး
ခြူးနွယ်များနှင့် တန်ဆာဆင်စီခြယ်ထား
သည်။ ထိန်းသိမ်းမှုအားနည်း၍လား
ရွှေရောင်ရွှေဆင်းမှေးမှိန်စပြုနေသည်
သတိပြုမိသည်။ ရွှေချထားသောသစ်
သားမျက်နှာကြက်အမိုးကို ကုန်းဘောင်
ခေတ် လက်ရာမပျက် တွေ့မြင်ရသည်
တစ်မူထူးခြားသော ရှေးကကြွေပြား
စွာခင်းထားသည်။

ဉာဏ်တော်(၃)ပေ၊(၆)လက်မ
သော ထိုင်တော်မူဘူမိဖဿမုဒြာရုပ်
နှစ်ဆူကို ပလ္လင်တစ်ခုစီနှင့်ဖူးမြင်ရသည်
ဘုရင်မကိုဋ်ပုံဆောင်းနှင့် မင်းဝတ်ဘု
ရာဇိဘိသေကမုဒ္ဒိဖြစ်၏။ ရပ်ပွား
ဝဲ၊ ယာတွင် ကြာပလ္လင်ပေါ် ရပ်တော်
နှစ်ဆူကိုပါ ဖူးရသည်။ မတ်ရပ်ဘု
နှစ်ဆူတို့၏ လက်ယာလက်
တံတောင်ကွေး၍ လက်ချောင်း



www.burmeseclassic.com


လှည့်ထောင်မတ်ကာ လက်ဝါး
…တ် လက်ဝဲလက်တော်က သင်္ကန်း
…သော သန္တိဒမုဒြာဟန် ဖြစ်
… ၍ရုပ်ပွားနှစ်ဆူ၏ တံကဲတော်၌
…ပန်းထုထား၏။ ထူးခြားသည်

အရှေ့ဘက်သိမ်ဂန္ဓကုဋီအတွင်း
…တော်မူလျက်ရှိသော အင်္ဂတေ
…တော်မြတ်တို့၌ သင်းကျစ်တော်
…ခေါင်းတော်ရောင်လျှံအချွန်များ
…ခြင်း ဖြစ်သည်။ တံကဲတော်နှင့်
…ပန်း၊ ရုပ်ပွားတော်နှင့် ရောင်လျှံ
…တို့ကို လေ့လာကြည့်ခြင်းဖြင့်
…ခေတ် ထင်ရှားသောလက်ရာဟု
…ပါသည်။ ပန်းရန်၊ ပန်းတော့၊
…မော့လက်ရာကောင်းများဖြစ်၍
…ကြည်ညိုဖွယ် ရှေးဟောင်းလက်ရာ
…တဝေးမြင်တွေ့ရသဖြင့် အလွန်
…ရာကောင်းလှပါတော့သည်။


…န္ဓကုဋီ အနောက်ဘက် နံရံ
…တွင် အလျား (၆) ပေ၊ အကျယ်
… အမြင့် (၅) ပေ၊ (၅) လက်မ
…ဝင်ပေါက်ရှိ၏။ ပုဂံခေတ်ဂူဘုရား
…သဏ္ဌာန်နှင့် ဆင်ဆင်တူသည်။
…တ်အပေါ်၌ 'မိန်းမမဝင်ရ'တားမြစ်
…ရေးထားသည်။ ထိုဝင်ပေါက်
…သည့် လိုဏ်ဂူအတွင်း ဉာဏ်တော်
… ထိုင်တော်မူဆင်းတုတစ်ဆူကို
…ရသည်။ အရှေ့လိုဏ်ဂူအလျား
… (၆) လက်မ၊ အကျယ်(၄)ပေ၊
… (၉) ပေ ရှိ၏။ အကျယ်(၄)ပေ
…ပတ်လမ်းဖြစ်၍ ရှေးက ဂူတစ်
…ည်ဖောက်ထားသော်လည်း လွန်
…နှစ်(၅၀)ခန့်က အနောက်သိမ်သို့
…သော စကြံပတ်လမ်းကို ပိတ်ထား
…ဖြင့် ယခုတောင်နှင့်မြောက်သိမ်
…ပေါက်တော့သည်။ စကြံပတ်
… ကြွေပြားခင်းပူဇော်ထား၏။

…သိမ်

…တောင်ဘက်သိမ် ဖြစ်သည်။
…နေရာတွင် ယခင်က ဇရပ်ငယ်
…င်ဖြစ်သော်လည်း ယခုအုတ်
…တ်တာဖြစ်နေပေပြီ။ အာ့ရုံခံသို့
…ပေါက်ဟောင်းနွမ်းယိုင်နဲ့စောင်း
…ကြီးမှာ အနောက်တိုက်ကျောင်း
… ရှည်လျားသည်။ ဦးချုံသိမ်
… ဉာဏ်တော်(၆)ပေစီရှိသော
…တော်မူရုပ်ပွားတော်မြတ်ကြီး(၄)ဆူ
…ရသည်။ လိုဏ်ဂူအတွင်း (၂) ပေ၊
…တ်မ ထိုင်တော်မူဆင်းတုအား
…ရ၏။ တောင်ဘက်လိုဏ်ဂူ



ဦးချုံသိမ်(တောင်ဘက်သိမ်)



ကြေးဘုရားသိမ်(အနောက်သိမ်)




ဒေါ်မျှင့်သိမ်(အရှေ့သိမ်)

အလျား (၂၀) ပေ၊ အကျယ် (၄) ပေနှင့် အမြင့် (၉) ပေရှိ၏။ ဦးချုံသိမ်နှင့် ဒေါ်မျှင့်သိမ်အကြား အရှေ့တောင်ထောင့်နေရာကွက်လပ်တွင် ထူပါစိုက်၍ အရိုးအိုးများရှိသည်ဟု ဂေါပကလူကြီး ဦးမြင့်ဦးက ပြောပြ၏။ သို့သော် ယခုမမြင်ရတော့ပါ။

## ဖွားမြူးသိမ်

မြောက်ဘက်သိမ်ဖြစ်၍ ရွှေဂူဘုန်းကြီးကျောင်း၏ခေါင်းရင်းကျသည်။ မင်းဘေးစိုးဘေးကြောင့် ထားဝယ်သို့ ရှောင်တိမ်းရောက်ရှိလာသော မြန်မာမင်းမှုထမ်း အခွန်ဝန်ဟောင်း ဦးစစ်ခါး သိမ်ဟု ဆိုသည်။ နောင်အခါ ဦးစစ်ခါး သမီးဒေါ်ချိုက မွေးသော သမီးဒေါ်မြူးက ဆက်လက်ပြုပြင်သဖြင့် ဖွားမြူးသိမ်ဟု ခေါ်ကြသည်။ သိမ်တော်ဂူဝင်ပေါက်ဝဲ၊ ယာ၌ ထိုင်တော်မူနှစ်ဆူနှင့် ဉာဏ်တော် (၂)ပေ၊ (၆)လက်မ ရှေးဟောင်း


www.burmeseclassic.com



ဖွားမြူးသိမ် (မြောက်ဘက်သိမ်)



ဘုရားဒါယကာဘိုးတော်ဘုရားမင်းကြီးနှင့်မိဖုရားခေါင်ကြီး ဘုရားဖူးတော်နေဟန်ပုံတူရုပ်ထုံး



ခြသေ့်မှန်ဦးနှင့်စောင်းတန်း



တောင်ဘက်သိမ်မှယိုင်နဲ့နဲ့စောင်းတန်းရှည်

ဆင်းတုဂူဘုရားကို ပလ္လင်တော်
ဖူးမြော်ရသည်။ ဂူဘုရားလက်ဝဲဘ
မဟာကရုဏာမုဒြာဟန်၊ လက်ယ
ဘက်၌ အဘယမုဒြာဟန် မတ်ရပ်
ဟောင်းဘုရားတို့ကိုလည်း စိတ်ဝင်
ဖွယ်ဖူးတွေ့ရ၏။ ဂူနံရံကပ်ရုပ်ကြွအ
များရှိ၏။ ဖွားမြူးသိမ်အနီး တိုးန
ဆုတောင်းပြည့်စေတီတည်ထားသ

## ကြေးဘုရားသိမ်

စေတီအနောက်ဘက်၌ ရှိသ
မန္တလေးမြို့မှ ပင့်ဆောင် ကိုးကွယ်
ကြေးသွန်းဘုရားရုပ်ပွားတော်မြတ်
ကိန်းဝပ်သဖြင့် ကြေးဘုရားသိမ်ဟ
သည်။ နှစ်(၅၀)ခန့်က အနောက်
ယိုယွင်းပျက်စီးသဖြင့် လက်ရှိသိ
တည်ဆောက်ခဲ့ကြောင်း သိရှိရသ
ထိုစဉ်က ရှေးဟောင်းဘုရားအဆူဆ
လိုဏ်ဂူအတွင်း ကိန်းဝပ်စေကာ
နှင့် မြောက် ဂူပတ်လမ်းစကြံကိုပါ
ထားလိုက်သည်မှာ ယနေ့အထိဟု
သည်။ ယခု ရောင်တော်ပွင့်ခိုက်
လမ်းပြန်ဖွင့်ရန် ဂေါပကအဖွဲ့က စ
နေကြောင်း သိရသည်။ ကြေးဘုရ
၏ လက်ဝဲ၊ လက်ယာတစ်ဖက်တစ်
တွင် မတ်ရပ်ဘုရားတို့ကို ဖူးမြင်ရသ
သိမ်နှင့်တပ်လျက် ကြေးသွန်းရှင်ဥပ
ထေရ်မြတ်အား ကျောင်းဆောင်
သီးခြားပူဇော်ထားသည်။

ရွှေဂူဘုရားကြီး၏ ဂန္ဓကုဋိ
လိုဏ်ဂူတို့ကို နေ့စဉ် ညနေ (၄)
သိမ်တံခါးဖွင့်ပေးပါသည်။ နံနက်(
မှ (၇) နာရီအထိတစ်ကြိမ်၊ ညနေ(
မှ (၈) နာရီအထိတစ်ကြိမ် တရား
နိုင်ပါသည်။ ညပိုင်းတွင် စေတီ
အား ဝတ်တက်ဝတ်ကပ်များဖြင့်
ဒေသနာတော်များ ရွတ်ဖတ်ပူဇော်

လွန်ခဲ့သော အနှစ်(၂၃၀)
က ဘိုးတော်ဘုရား(ဗဒုံမင်း)တော
တော် ထားဝယ်မြို့ပေါ် ရွှေဂူစေတီ
မြတ်သည် မြို့ကျက်သရေ
ရွှေတောင့်စား စေတီတော်မြတ်
အနောက်ဘက် မျဉ်းတစ်ဖြောင့်
ထန်းလျက်မြောင်းပုလဲရပ် ကမြော
လမ်းနှင့် ပုံကျွန်းလမ်းဆုံအနောက်
ကျောင်းဝင်းကြီးအတွင်း သိမ်ရော
ဂူပါရှိသော စေတီတစ်ဆူဖြစ်
ဗုဒ္ဓဘာသနာ့နွယ်ဝင် သံသရာခရီး
များ ကြည်ညိုဖူးမြော်နိုင်ရန် ‌
ပူဇော်လိုက်ရပေသည်။

မောင်စိမ်းထွေး (



www.burmeseclassic.com

www.burmeseclassic.com

ကြည်ပြာမောင်(သဇင်မြေ)

# အဘိုးပေးသောဆေးမြီးတို

တစ်ခုသော နွေတစ်မနက်တွင် ...တော်သည် အဘိုးနေထိုင်ရာ ...ပြိန်ကျေးရွာသို့ အမှတ်မထင် ...ရှိသွားလေ၏။ တပေါင်းလ၏ ...ချောင်သည်ကား ချစ်ချစ်တောက်ပူ ...၏။ ကျွန်တော်၏တစ်ကိုယ်လုံးသည် ...ဖြင့် စိုရွှဲနေကြ၏။ ကျွန်တော် အိမ်သို့ရောက်လျှင်ရောက်ချင်း ...ခန်းတွင် ဗိုင်းခနဲ လှဲချလိုက်၏။ ...ကိုယ်လုံးလည်း တုတ်နှင့်ရိုက်ထား ...တကျင်နေ၏။ သက်ပြင်းတစ်ချက် ...တ်လိုက်ပြီး မျက်လုံးကိုမှေးကာ ...ဖြေနေလိုက်သည်။

ကျွန်တော်ရောက်သွားသည့်အချိန် အဘိုးသည် အိမ်ရှေ့ကွပ်ပျစ်ပေါ် ...ပြီး နှီးဖြာနေသည်။ အချိန်ကား ...ယ် (၁၁) နာရီကျော်နေလောက် အဘိုးသည် ကျွန်တော်၏ နဖူးပြင် ...တ်နှင့်စမ်းကြည့်ပြီး လက်တောက် ...ကိုလည်း ဖိကြည့်၏။ ထို့နောက် ...ဆိုသည်။

"တဲ - ကိုယ်တော်၊ ဘယ်ကနေ ...တို့ကြွလာတာလဲ ပြောပြပါဦး"

"ဘယ်မှမဟုတ်ဘူး အဘိုးရေ။ ...ရှိတာနဲ့ ဒီကိုပဲတမင်သက်သက် ...တာ။ ပူလိုက်တာ အဘိုးရာ လွန်

"မင်းဟာက နေပူကျဲကျဲထဲကလာ ... မပူဘဲ အေးရမှာလားကွ"

ကျွန်တော်လည်း ကိုယ့်အပြစ်နှင့် ... ဘာမှမပြောတော့ဘဲ ငြိမ်နေ ...၏။ အဘိုးသည် မီးဖိုချောင်ထဲသို့ ...ပြီး ပန်းကန်ပြားနှင့် ဆန်စေ့ ...ဆုပ်စာခန့်ယူလာ၏။ ထို့နောက် ...ဆေးလိုက်သည်။ ကျွန်တော်သည် ...လုပ်သမျှကို ထိုင်ပြီးကြည့်နေလိုက် အဘိုးသည် ဆန်ဆေးရည်ကို ခွက် ...နှင့်ယူထားပြီး သကြားအနည်း ...ထည့်ကာ ဇွန်းနှင့် မွှေနေ၏။ ...များအရည်ပျော်သွားသောအခါ ...တော့်ကို တိုက်ပါတော့သည်။ ...တော်လည်း ဘုမသိဘမသိနှင့် ...ချလိုက်၏။

အဘိုးသည် ပြုံးရင်းမှ -

"ဘယ်လိုလဲ"

ဟု မေး၏။

"ကောင်းတယ်။ ရင်ထဲမှာ အေးခနဲအေးခနဲနဲ့ အမောကိုပြေသွားတာပဲ"

"အေး - ကောင်းကွာ၊ ခဏနေရင်း မင်းအပေါ့သွားလိမ့်မယ်။ ခဏမှေးနေလိုက်ဦး"

"ဟုတ်ကဲ့ အဘိုး"

အဘိုးသည် ကျွန်တော်၏လက်ကောက်ဝတ်ကို စမ်းကြည့်ပြီး ကွပ်ပျစ်ပေါ်သို့ ပြန်သွားကာ နှီးဖြာနေလိုက်၏။ ကျွန်တော်သည် ဟိုတွေးသည်တွေးနှင့် အဘိုးလုပ်သမျှကို ငေးနေမိ၏။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ ကျွန်တော်သည် အပေါ့သွားချင်စိတ်ပေါ်လာသဖြင့် အိမ်နောက်ဖေးကိုသွားပြီး အပေါ့စွန့်လိုက်၏။ သွားလိုက်သည့် အပေါ့ ဘယ်ပြောကောင်းမလဲ။ တစ်ခုထူးခြားသည်က အပေါ့ရည်သည် အဝါရောင်ဖျော့ဖျော့နှင့် ဆင်တူ၏။ အပေါ့သွားပြီးလျှင် ခန္ဓာကိုယ်တစ်ခုလုံးသည် လန်းဆန်းသွားသလို ခံစားရ၏။ ကျွန်တော် အိမ်ရှေ့ကိုပြန်လာတော့ အဘိုးသည် အကဲခတ်သလို တစ်ချက်ကြည့်လိုက်၏။

"ကဲ-ပြောစမ်းပါဦး၊ အခြေအနေ"

"အပေါ့ရည်က အဝါရောင်ဖျော့ဖျော့နဲ့တူတယ် အဘိုး"

"တူမှာပေါ့ကွ။ မင်းခန္ဓာကိုယ်မှာ အပူတွေအောင်းနေတာကိုး။ ဒါကြောင့် မင်းတစ်ကိုယ်လုံးမနေသာမထိုင်သာဖြစ်နေတာ အခုနေလို့ရသွားပြီမဟုတ်လား"

"ဟုတ်ကဲ့ အဘိုး၊ တစ်ကိုယ်လုံး လန်းဆန်းသွားသလို ခံစားရတယ်"

"အေး - မှတ်ထား၊ ဒါဟာ တိုင်းရင်းဆေးမြီးတိုပဲ။ အထင်သေးလို့မရဘူး။ သူ့နေရာနဲ့သူ အသုံးတည့်တယ်ဆိုတာ မင်းမြင်ပြီ မဟုတ်လား။ လောကမှာ ဘယ်အရာမဆို သုံးတတ်ရင် ဆေးတဲ့၊ မသုံးတတ်ရင်တော့ဘေးတဲ့။ ဒါပေမယ့် ဒီဆေးနည်းက ဘာဘေးမှမရှိဘူး။ ဆန်ဆေးရည်ဆိုတာ အပူကိုလျှော့စေတဲ့ ဆေးနည်းတစ်ခုလိုပဲ မှတ်ထားပေရော့ ငါ့မြေးရေ"

အဘိုးသည် ဤသို့ဖြင့် သူ၏ ဆေးမြီးတိုအကြောင်းကို မမောနိုင် မပန်းနိုင် ရှင်းလင်းပြ၏။ အဘိုးနှင့် စကားပြောလျှင် မှတ်သားစရာတစ်ခုတော့ တိုးရစမြဲပင်။ အခုလည်း နောက်ဆေးမြီးတိုတစ်ခုအကြောင်း ဆက်ပြောပြန်၏။

"ဒီလိုကွ ငါ့မြေးရ။ ဝမ်းသွားနေတဲ့လူကိုလည်း ဆန်ဆေးရည်နဲ့ကုလို့ရသေးတယ်"

"ပြောပါဦး အဘိုးရ။ ကျွန်တော်လည်း ဗဟုသုတတစ်ခုတိုးတာပေါ့"

"ပထမဦးဆုံးဆန်ဆေးပြီးအရည်ကိုလွှင့်ပစ်လိုက်၊ ဒုတိယဆေးတဲ့အရည်ကိုယူပြီးတော့ ဆေးထားတဲ့ဆန်ကို အိုးကင်းနဲ့လှော်ပြီး ခွက်သစ်တစ်ခုနဲ့ အမှုန့်ကြိတ်"

အဘိုးသည် ပြောလက်စ စကားကိုရပ်ပြီး တံတွေးတစ်ချက်ထွေးလိုက်၏။ ကျွန်တော်လည်း အမိကနေရာရောက်မှ ရပ်တန့်သွားသဖြင့် အားမလိုအားမရဖြစ်ကာ ဆက်မေးလိုက်၏။

"အမှုန့်ကြိတ်ပြီးရောဟင် အဘိုး"

"ပြီးတော့ ခုနဆန်ဆေးရည် အနည်းငယ်နဲ့ဖျော်ပြီး တိုက်လိုက်ရုံပေါ့။ နှစ်ဇွန်း၊ သုံးဇွန်းလောက်ဆိုရင်တော့ လုံလောက်ပြီ ရပ်လိုက်တော့။ ဆန်ဆေးရည်ကိုပဲ သကြားနဲ့ဖျော်ပြီး တိုက်လိုက်ရုံနဲ့ ဝမ်းသွားနေတာ ရပ်သွားလိမ့်မယ်။ ကဲကဲ - တော်လောက်ပြီ။ မင်းလည်း နားတော့၊ ငါလည်းနားတော့မယ်"

ဤသို့ဖြင့် အဘိုးသည် ကျွန်တော့်ကို ကြုံကြိုက်သလို ဆေးမြီးတိုတွေအကြောင်း ပြောပြခဲ့၏။ ကျွန်တော်၏ အဘိုးကား တိုင်းရင်းဆေးဆရာတစ်ဦး မဟုတ်စေကာမူ ဆေးမြီးတိုအကြောင်း ကောင်းကောင်းသိ၏။ သို့သော် အဘိုး၏ပညာတွေကို ကျွန်တော်တို့မရလိုက်ခြင်းမှာ အလွန်တရာမှ ရင်နာဖွယ်ကောင်းပေသည်။ အခုတော့ အဘိုးဆုံးသွားသည်မှာ (၁၀) နှစ်ပင် ကျော်ခဲ့ပြီ။ အဘိုး၏ ပညာအမွေအနှစ်များကို အလျဉ်းသင့်သလို မှတ်မိသမျှ တင်ပြပါဦးမည်။ သို့မှသာလျှင် တိမ်မြုပ်နေသော ဆေးမြီးတိုများ အများပြည်သူတို့အတွက် ပေါ်ထွက်လာမည် ဖြစ်သောကြောင့်တည်း။

ကြည်ပြာမောင် (သဇင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



နယ်လှည့်တရားဟောဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသိက္ခာစာရနှင့် ကျွန်ုပ်သည် တစ်ရပ်တည်းအတူနေ၊ တစ်ရေတည်း အတူသောက်ဟု ပြော၍ရပါသည်။

အကြောင်းမှာ ကျွန်ုပ်တို့နေသော လှိုင်မြို့နယ် (၁၂) ရပ်ကွက်အတွင်းတွင် ဆရာတော်၏ အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတည်ရှိသောကြောင့် ဖြစ်သည်။ ဆရာတော်၏ အသားအရေသည် ဖြူဝင်း၏။ အသံသြဇာနှင့်ပြည့်စုံ၏။ ဆရာတော်၏ ဘုန်းတော်ကြီးကျောင်းမှာ ကျွန်ုပ်တို့ရပ်ကွက်အတွင်း တည်ရှိသောကြောင့် တစ်ရပ်တည်းအတူနေဟု ဆိုရခြင်းလည်း ဖြစ်ပါသည်။ ဆရာတော်၏ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အဝီစိတွင်းမှရေကို ကျွန်ုပ်တို့ရပ်ကွက်အတွင်းရှိ လူအတော်များများ သောက်သုံးကြသောကြောင့် တစ်ရေတည်းအတူသောက်ဟု ဆိုရခြင်းလည်း ဖြစ်၏။

ဆရာတော်သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏သားတော်ပီပီ ကိုယ်ကျင့်သီလဖြူစင်၏။ အလိုလောဘနည်း၏။ ဝိပဿနာဓူတင်ဆောက်တည်၏။ နယ်လှည့်တရားဟောဓမ္မကထိကလည်း ဖြစ်၏။ ဆိုရသော် ဆရာတော်သည် (White) အဖြူရောင်သက်သက် ဖြစ်၏။ အဖြူရောင်သက်သက်ဟု ဆိုသော် မည်သူတွေသည် (Black) မည်းနေကြသနည်း။

မည်သူတွေမျှ မဟုတ်ကြပေ။ ကျွန်ုပ်နှင့် အပေါင်းပါအချို့သာဖြစ်၏။ ကျွန်ုပ်တို့ဆိုရသော်လည်း ရပ်ကွက်အတွင်းရှိ လူထုလူတန်းစားပေါင်းစုံကို ဆိုလိုခြင်းမဟုတ်ပေ။ ထို့ကြောင့်လည်း ကျွန်ုပ်တို့တစ်တွေသာဖြစ်၏ဟု ဆိုရခြင်းဖြစ်၏။

ကျွန်ုပ်တို့ဟုဆိုရာ၌လည်း ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ ဤရပ်ကွက်သည် ထိုစဉ်အခါက အရက်ပုန်းဆိုင်ပေါ၏။




www.burmeseclassic.com

www.burmeseclassic.com

# နန္ဒဝင်းကျော်ခေါင်

## ပါဏာတိပါတလူမိုက်



အပျော်အပျက်မိန်းမများ၏။

ထိုရပ်ကွက်အတွင်းမှ ကျွန်ုပ်၏ ဇာတ်လိုက်ကျော်ဖြစ်သူ ရွာဆော်ပွဲကြီး မောင်ဦးသည် အများတကာထက် ပိုထူး၏။ ပိုမူး၏။ ဇက်ရဲလူ့ကျက်ရဲနိုင်၏။ ရိုက်ရမှာလည်း ဝန်မလေး။ သတ်ရမှာလည်း လက်မနှေးဆိုသည့်လူစားမျိုး ဖြစ်၏။ ပါဏာတိပါတလူမိုက်တစ်ဦးသာ ဖြစ်၏။

ကျွန်ုပ်သည် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တတိက္ခစာရကိုယ်တော်၏

www.burmeseclassic.com

www.burmeseclassic.com

တရားဓမ္မများဖြင့် ဆိုဆုံးမတတ်မှုများကြောင့် လူယဉ်ကျေးတစ်ပိုင်းဖြစ်ရသလို လက်ရဲဇက်ရဲ ရှာဆော်ငပွကြီးမောင်ဦးနှင့် ပုလင်းတူဖြစ်၍ လူမိုက်နောက်လိုက် အရက်သမားတစ်ပိုင်းလည်း ဖြစ်၏။

ဆရာတော်၏ အရက်မသောက်ရန်၊ သူများအသက်ဆိုလျှင် ပုရွက်ဆိတ်မဆိုထားနှင့် ခြတို့၊ ကြမ်းပိုးတို့တောင် သတ်ဖြတ်ခြင်းမပြုရန်၊ သူများသားမယား မပြစ်မှားမစော်ကားရန်၊ သူများတကာ၏ပစ္စည်းဥစ္စာကို စိတ်နှင့်တောင် မပြစ်မှားမိစေရန်၊ လိမ်ညာပြောဆိုခြင်း မပြုရန် ကံငါးပါးကို အထူးရှောင်ကြဉ်သင့်ကြောင်း၊ ဗုဒ္ဓဘာသာ၏ အခြေခံ လူ့ကျင့်ဝတ်ငါးပါးသည် ဗုဒ္ဓဘာသာ၏ အသက်သွေးကြောပင်မတရားကြီးဖြစ်ကြောင်း ဆရာတော်မှာ ကျွန်ုပ်တို့ကို ဆုံးမတတ်လေသည်။

ကျွန်ုပ်တို့ဟုဆိုရာ၌ ဆရာတော်ထံသွားလျှင် ကျွန်ုပ်က ခေါင်းဆောင်ဖြစ်သော်လည်း အရက်ဆိုင်သွားလျှင်မူ မောင်ဦးက ဆရာကြီး ဖြစ်၏။ ခေါင်းဆောင်ဖြစ်၏။ သို့သော် အပြောအဆိုလိမ္မာ၏။ ညက်၏။ ပသို့ဆိုစေ လက်ရဲဇက်ရဲ ငပွကြီးမောင်ဦးသည် သူများအသက်လည်းသတ်ရဲ၏။ သတ်လည်းသတ်ခဲ့သည်ကို ကျွန်ုပ် ဝန်ခံပြောဆိုပါမည်။

မောင်ဦးသည် ထောင်ထွက်လူမိုက်တစ်ဦး ဖြစ်၏။ ထောင်ကျခြင်းအကြောင်းကလည်း လူသတ်ခြင်းကြောင့်ဖြစ်၏။

ဖြစ်ပွားပုံမှာ မောင်ဦးတွင် ချစ်သူရှိ၏။ မအေးပုံဟု ခေါ်၏။ မအေးပုံဟုခေါ်သည့် မောင်ဦးချစ်သူကို ကုလားကျောင်းလူမိုက်အန်ကူမှ လိုက်၍ရည်းစားစကားပြောသည်။ ဤတွင် မောင်ဦးနှင့် အန်ကူ ဆုံသည်။ စကားများကြသည်။ ရိုက်ကြနှက်ကြသည်။ မောင်ဦးမှ အန်ကူကို စကေဘာဖြင့်ကပ်၍ထိုးသည်။ ရင်အုံနေရာ အသည်းနှလုံးကို ထုတ်ချင်းခတ်ဖောက်ထွက်ပြီး အန်ကူသေသည်။ မောင်ဦး ထောင်ကျသည်။ နှစ်ကြီးဖြစ်၏။

ထိုအချိန်တွင် မအေးပုံ အိမ်ထောင်ကျသည်။ ညောင်ဦးမှ အညာသား မောင်တိုးနှင့် ဖြစ်၏။ မအေးပုံ အိမ်ထောင်ကျပြီး (၆) နှစ်၊ (၇) နှစ်ခန့်အကြာ ကလေးနှစ်ယောက်မိခင် ဖြစ်သွားသည်။

မအေးပုံ၏ ရင်သွေးနှစ်ယောက် (၆) နှစ်ပြည့်လွှန် (၇) နှစ်အရောက်မှာပင် အညာသား မောင်တိုး မအေးပုံယောကျ်ား ဆိုက်ကားနှင့် ကားတိုက်မိပြီး သေဆုံးသွားသည်။

အနှီကာလသမယမှာပင် နိုင်ငံတော်တွင် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီး ထောင်ကျအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတော့ လူသတ်သမား မောင်ဦးထောင်မှလွတ်၏။

မအေးပုံ၏လင်ယောကျ်ားဆုံးပြီး မောင်ဦး ထောင်မှလွတ်ခြင်း ဖြစ်၏။

မအေးပုံနှင့်နှင့် မောင်ဦး ပြန်ဆုံတော့ ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး ဆုံတော့ မောင်ဦးအဖို့ မောင်ကျန်တစ်တို့ မအေးပုံအဖို့ တစ်ပင်လဲမှုတစ်ပင်ထူလိုခြင်း ဖြစ်သော်လည်း မအေးပုံမှီသည့်အပင်သည်ကား ကျွန်းပင်မဟုတ်၊ ဒန်ကျဲပင်ဖြစ်နေ၏။

သည်လိုနှင့် မအေးပုံနှင့်မောင်ဦး ပိုနေမြဲ ကျားနေမြဲဆိုရသော် မောင်ဦးသည် လူသတ်ဖူးသည်။ ထောင်ကျဖူးသည်။ မိန်းမတော်တော်များနှင့်တွဲခဲ့ဖူးသည်။ ကွဲခဲ့ဖူးသည်။ နောက်ပိုင်းကျတော့ အကြောင်းသိမိန်းမတော်တော်များများမှ မောင်ဦးကို ရှောင်သည်။ မောင်ဦးကလည်း အများတကာယောကျ်ားများလို မိန်းမမကောင်းကြောင်း မပြော။ တစ်ယောက်သွားလျှင် နှစ်ယောက်လာလိမ့်မည်။

One go
Two Came
Three ဝေး
Four ရယ်ဒီဆိုတဲ့ လူစား။

မောင်ဦးအကြောင်းကို ကျွန်ုပ်နှင့်အောင်သိဒ္ဓိဆရာတော်တို့ လူချင်းရင်းနှီးသူချင်းမို့ ပြောဖြစ်ကြ၏။ ဆွေးနွေးဖြစ်ကြ၏။

မောင်ဦး၏ဘဝရပ်တည်မှု။
ခံယူချက်။
လက်ရှိဘဝအခြေအနေ။

ဤ၌ ဆရာတော်မှ ဤကဲ့သို့မိန့်ပါသည်။

"ဒကာကြီး၊ လူသားတွေဟာ အစွန်းနှစ်ပါးမှာရှိနေကြတယ်"

"ဘယ်လိုအစွန်းတွေမှာလဲဘုရား"

"တစ်စွန်းက ကာမသုခလ္လိကာနုယောဂဆိုတဲ့အစွန်း"

"နောက်တစ်စွန်းကကောဘုရား"

"နောက်တစ်စွန်းကတော့ အတ္တကိလမထာနုယောဂဆိုတဲ့ အစွန်း"

"တပည့်တော်တို့က ဘယ်အစွန်း[...]မှာပါလဲ ဘုရား"

"ဒကာကြီး စဉ်းစားကြည့်။ ကာ[မ]သုခလ္လိကာနုယောဂဆိုတာ [...]မဂုဏ်[...] အာရုံတွေအားလုံးကိုလိုက်စားတဲ့အစွန်း[...] ပဲ။ ဒကာကြီး အရက်သောက်တယ်"

"မှန်ပါ့ဘုရား"

"ဒီပြင်ကော"

"မှန်ပါ့ဘုရား၊ စုံပါတယ်"

"ဒါဆို ကာမသုခလ္လိကာနုယော[ဂ] ဆိုတဲ့အစွန်းမှာပေါ့"

"မှန်ပါ့ဘုရား၊ အတ္တကိလမထာ[...] နုယောဂဆိုတဲ့အစွန်းမှာကော ဘယ်[...] လူမျိုး၊ ဘယ်လိုလူတန်းစားတွေရှိနေ[...] သလဲဘုရား။ တပည့်တော် သိပါရစေ[...]"

"စဉ်းစားကြည့် ဒကာကြီး။ [...] တစ်ယောက်ဟာ ယောကျ်ားဖြစ်စေ[...] မိန်းမဖြစ်စေ အပျော်အပါးမလိုက်စ[...] ဘူး၊ အရက်သေစာမသောက်စားဘူး[...] သူများပစ္စည်းဥစ္စာလည်းမခိုးဘူး၊ မ[...] ဘူးမညာဘူး။ သူတစ်ပါးအသက်လည်း[...] မသတ်ဘူး။ ပြောရရင် ဒကာကြီးရယ်[...] ကာမသုခလ္လိကာနုယောဂဆိုတဲ့ အစွ[န်း] တစ်ပါးကလွတ်ပြီလို့ဆိုပါတော့။ အိန္ဒိ[...] က ဆာဒူးကြီးတွေကို တွေ့ဖူးလား"

"မှန်ပါ့ဘုရား၊ တွေ့ဖူးပါတယ်"

"အတ္တကိလမထဆိုတာ ဒီလို[...] စားတွေရဲ့အကျင့်ပဲ"

"သူတို့ရဲ့အကျင့်ကနိဗ္ဗာန်မရောက်[...] ဘူးလား ဘုရား"

"မရောက်ဘူး၊ ဘုရားဟော[...] တယ်။ ရုပ်ပြစ် (၈) ပါးဆိုတာ ကြား[...] လား"

"ကြားဖူးပါတယ် ဘုရား"

"တို့ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြ[တ်] ကြီး အလောင်းတော် သေတဘော[...] နတ်သားဘဝက စုတေပြီး ကပိလဝ[တ်] ပြည် မယ်တော်မာယာရဲ့ ဝမ်းကြာတို[က်] မှာ သန္ဓေတည်ခဲ့တယ်။ ရဂုံသာ[...] အင်းကြင်းတောမှာ မီးရှုးသန့်စင် ဖွား[...] တော်မူပြီး၊ တို့ဘုရားရဲ့ မယ်တော်မ[...] မာယာဒေဝီ နတ်ရွာစံခဲ့တယ်။ တို့ရဲ့ [...] အလောင်းအလျာဖြစ်တဲ့သိဒ္ဓတ္ထမင်းသ[ား] ရဲ့ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး[...] သူကိုယ်တိုင်ကိုးကွယ်တဲ့ နန်းဦးဆ[ရာ] တော်ကို သူ့ရဲ့သားတော်လေး သိဒ္ဓတ္ထ[...] ပြတယ်။

"နန်းဦးဆရာတော်ရဲ့နာမည်[...] ဘယ်သူပါလဲ ဘုရား"

"သူ့နာမည်က ဒေဝီဠတဲ့။ [...] ကြီးပေါ့။ ဒီဒေဝီဠရသေ့ကြီးဟာသူ[...]



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီးရဲ့ သားတော်လေးကိုကြည့် ပထမဆုံးပြုံးတယ်။ နောက်တော့ ယ်။ သုဒ္ဓေါဒနဘုရင်ကြီးနဲ့ မှူးမတ် ပါအမျှားတို့ဟာ အံ့ဩတုန်လှုပ်ကုန် တာပေါ့”

“ဘယ်လို ဘယ်လိုဖြစ်လို့ ငိုလိုက်၊ လိုက်ဖြစ်တာလဲဘုရား”

“ပြောမယ်လေ၊ ကပ္ပိလနန်းတော် တစ်ခုလုံး ရသေ့ကြီးဖြစ်နေပုံကိုကြည့် အံ့ဩဘနန်းဖြစ်ကုန်ကြတာပေါ့။ ဝိဠ္ဌရသေ့ကြီးကိုကြည့်ပြီး အံ့ဩတုန် ကြသလို သိဒ္ဓတ္ထမင်းသားလေးကို ပြီး ဒေဝိဠ္ဌရသေ့ကြီးလည်း အံ့ဩ လှုပ်နေတယ်လေ။ ဘာဖြစ်လို့အံ့ဩ လှုပ်ရသလဲဆိုတော့. အလောင်း သိဒ္ဓတ္ထမင်းသားလေးနဲ့ ဒေဝိဠ္ဌ ကြီးရဲ့ အနာဂတ်ကို ဉာဏ်နဲ့ကြည့် ဆိုရင်ပဲ သိဒ္ဓတ္ထမင်းသားလေးဟာ သေဘုရားဖြစ်မယ်ဆိုတာသိရတော့ သလာလို့ပြုံးတယ်။ တစ်ခါ သိဒ္ဓတ္ထ သားလေး ဘုရားအဖြစ်ရောက်ရင် ဝိဠ္ဌရသေ့ကြီးဟာ အသက်ရှင်နိုင်ပါဦး ဆိုပြီး ဉာဏ်နဲ့ထပ်စီစစ်ပြီးကြည့် ဆိုရင်ပဲ ဒေဝိဠ္ဌရသေ့ကြီးဟာ ငိုပြန် လရော။ တစ်နန်းတော်လုံး တွေး စဉ်းစားမရဖြစ်ပြီး ဘုရားအလောင်း လေးနဲ့ ဒေဝိဠ္ဌရသေ့ကြီးကို ဝိုင်း ကြည့်နေကြတာပေါ့။ နောက်တော့မှ ဒ္ဓေါဒနဘုရင်ကြီးက ဒေဝိဠ္ဌရသေ့ ကို ရယ်ခြင်းနဲ့ ငိုရခြင်းအကြောင်းကို တာပေါ့။

ဒေဝိဠ္ဌရသေ့ကြီးက ပထမဆုံး သူ့ ရယ်ရခြင်းအကြောင်းကို ဖြေတယ်။ ကြောင့်ရယ်ရသလဲဆိုရင်တဲ့ သုဒ္ဓေါ င်းကြီးရဲ့ သားတော်ကလေးဟာ သေ သုံးလောကထွတ်ထား ရှင် မြတ်ဘုရားဖြစ်မှာသိလို့ ရယ်ခြင်း၊ င်းဖြစ်တယ်လို့ ဖြေတယ်။ တစ်ခါ ပြီး ဘာကြောင့်ငိုရသလဲဆိုရင်တဲ့ ဒ္ဓေါဒနဘုရင်ကြီးရဲ့ သားတော်လေး အဖြစ်ရောက်တဲ့အချိန်မှာ လူ့ဘဝ သူအသက်ရှင်ရက်ရှိနိုင်ပါဦးမလား တာ ဉာဏ်နဲ့ကြည့်ပြန်တော့ အသက် နိုင်တော့ဘူး။ သေရတော့မယ်ဆို ပြီး ငိုရခြင်းဖြစ်တယ်လို့ ဖြေတယ် အသက်မရှည်လို့သေပြန်ရင်လည်း နာလို့မရတဲ့ အရူပဗြဟ္မာကြီးသွား ပြီး တရားမနာရလေခြင်းဆိုတဲ့ မရခြင်းကြီးစွာနဲ့ မျက်ရည်ကျတာ ဒါကြောင့် ရုပ်ပြစ် (၈) ပါးဆိုတာ ရုပ်ရှိလို့ နာမ်မရှိ၊ နာမ်ရှိလို့ ရုပ်မရှိတဲ့ ဗြဟ္မာကြီးတွေပေါ့ ဒကာကြီးရဲ့။

ဆိုတော့ကာ ကာမသုခလ္လိကာနု ယောဂဆိုတဲ့အစွန်းနဲ့ အတ္တကိလမထာနု ယောဂဆိုတဲ့ အစွန်း (၂) ပါးရဲ့ အလယ် အလတ်လမ်းစဉ်ဖြစ်တဲ့ မဇ္ဈိမပဋိပဒါဆို တဲ့ အလယ်အလတ်လမ်းစဉ်၊ တို့ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဘုရား အလုပ်၊ တရားအလုပ်ကိုမှ မောင်ဦးတို့၊ ဒကာကြီးကိုနန္ဒတို့ မလုပ်လို့ သေကြရင် . . .”

ကျွန်ုပ် ဘာဆိုဘာမှမဖြေနိုင်ပါ လေတော့။

“မဖြေနိုင်တော့ဘူးလား ဒကာ ကြီး ကိုနန္ဒ ဖြေပါဦး။ ကာမသုခလ္လိကာ နုယောဂကိုကြိုက်ရင် ငရဲသွား၊ အကြွေး ဆပ်”

ထိုနေ့က ဆရာတော်အား ဦးသုံး ကြိမ်ချကန်တော့၍ အတွေးပေါင်းများ စွာနှင့် ကျွန်ုပ် အိမ်သို့ပြန်ခဲ့ရပါတော့ သည်။

ဆရာတော်နှင့် ကျွန်ုပ် တွေ့ဆုံပြီး နောက်ပိုင်း၊ ကျွန်ုပ်သည် ဆရာ့တော် ထံသို့ မရောက်ဖြစ်တော့သလို လူမိုက် ကြီးမောင်ဦးရှိရာ တွေ့ဆုံနေကျ အရက် ဆိုင်ဖြစ်သည့် ကိုချစ်ညွန့် အခေါက်ကင် ဆိုင်သို့လည်း (၄)၊ (၅)၊ (၆) ရက် မသွား ဖြစ်တော့ပါချေ။

ကျွန်ုပ် ဘာလဲ၊ ဘယ်လဲ၊ ကာမ သုခလ္လိကာနုယောဂလား။ အတ္တကိလမ ထာနုယောဂလား။ မဇ္ဈိမပဋိပဒါလား။

ဆရာတော်ပြောလိုက်သည့်စကား သံများကို ကျွန်ုပ်၏ နားအာရုံအတွင်း ဝယ် ယနေ့တိုင် စွဲထင်၍ ပဲ့တင်ထပ်နေ ပါတော့သည်။

ငရဲသွား . . . အကြွေးဆပ် . . .၊
ငရဲသွား . . . အကြွေးဆပ် . . .၊
ငရဲသွား . . . အကြွေဆပ် . . .

မိုးများ သည်းထန်စွာ ရွာသွန်းနေ ၏။ ကျွန်ုပ်တို့ ရပ်ကွက်တွင်း ဖြတ်ဝင် စီးဆင်း၍ လှိုင်မြစ်တွင်း ပေါင်းဆုံစီဆင်း သည့် ဉာဏစာဂီကုန်းမြင့်လေးပေါ်မှ မြစ်ဖျားခံလာသည့် ချောင်းငယ်လေးပင် ရေပြည့်ရေလျှံဖြစ်ပြီး ဒေါသကြီးကြီးဖြင့် တစ်ရှိန်ထိုးစီးဆင်းနေပါသည်။

မိုးတိတ်သွားသည် မဟုတ်သော် လည်း တဖွဲဖွဲတည်းညင်းတော့ မှတ်သုန် မိုးကားစွေနေပါသေးသည်။

ကျွန်ုပ်လည်း အရက်မသောက် ချင်၍ အရက်ဆိုင်ဘက် ခြေဦးမလှည့် ဘဲ .အောင်ဆန်းဆရာတော်၏ ခန္ဓာ ဉာဏ်ရောက် ဝိပဿနာတရားမြင်ကွင်း စာအုပ်ကို ဆရာတော်သိက္ခာစာရထံမှ သွားငှားပြီး အိမ်သို့ပြန်လာစဉ် လမ်း၌ မောင်ဦးတို့၊ စောလင်းတို့အုပ်စုနှင့် ဆုံ တွေ့ပါတော့သည်။

“ဟ - ကိုနန္ဒ၊ ငြိမ်လှချေလားဗျ”

“အေးဗျာ၊ ဆရာတော်ကျောင်း က ပြန်လာတာ”

“ဘုန်းကြီးဝတ်တော့မလို့လားဗျ”

ကျွန်ုပ်မှာ ဘာမှပြန်မဖြေချင်၍ တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေလိုက် မိသည်”

“လိုက်ဦးမလား။ ဖားသွားရိုက် မလို့”

“မလိုက်တော့ပါဘူးဗျာ”

“ဖားရရင် အရက်နဲ့မြည်းမယ်လေ ဗျာ.”

“ဒီရက်တွေမှာ ကျွန်တော့်ကို ခွင့်လွှတ်ဗျာ၊ ကျန်းမာရေးသိပ်မကောင်း လို့ပါ”

“အိုးဂွမ်. . အိုးဂွမ်. . အုန်းဂွမ်”

ချောင်းစပ်တစ်လျှောက် ဖားအော် သံကြီးများကား ဆူညံ၍နေ၏။ ဖားများ ကား ဖားကြီး၊ ဖားသေး၊ ဖားလတ်၊ ဖားပေါက်စန အမည်စုံသလို စားဖား၊ ဖားလက်တက်၊ ကျော်စံကွေး၊ ဖားပြုပ်၊ ဖားခုံညင်းတို့မှာလည်း အမျိုးစုံလှတော့ ၏။

(၃) နာရီဝန်းကျင်ခန့် ကြာမည် ထင်ပါ၏။ မောင်ဦးနှင့် အဖော်အဖြစ် ပါသွားသည့် စောဝင်းနှင့် မှတ်ကြီးတို့ နှစ်ယောက် ကျွန်ုပ်အိမ်သို့ အပြေးတစ် ပိုင်း အမောတကြီးရောက်ရှိလာကြပါ သည်။

“ကိုနန္ဒ၊ ခင်ဗျားလူကြီး မြွေကိုက် ခံရလို့ လိုက်ခဲ့ပါဦး”

စောဝင်းနှင့်မှတ်ကြီးတို့နှစ်ယောက် စိုးရိမ်မှုလွန်ကဲနေသလို မောပန်းလွန်း သဖြင့် အသံများလည်း တုန်ယင်နေပါ သည်။

“ကိုဦး ဘယ်မှာလဲ စောလင်း၊ ဘာဖြစ်လို့တစ်ခါတည်းခေါ် မလာတာလဲ”

“မခေါ် ရဲလို့ပေါ့ဗျ”

“မခေါ် ရဲရအောင် ကိုဦးက ဘာ ဖြစ်နေလို့လဲ”

“လာပါဗျာ၊ ပြောနေကြာပါတယ် သွားစို့။ ဩော် - မှတ်ကြီး၊ မင်းက ကိုဦး တို့ အိမ်ဘက်သွားပြီး အကြောင်းကြား ချေ။ သွားစို့ ကိုနန္ဒ”



www.burmeseclassic.com

www.burmeseclassic.com

မှတ်ကြီးမှာ စောလင်း၏ စကားအဆုံး ကိုဦးတို့အိမ်ဘက်သို့ သုတ်ခြေတင်လေတော့သည်။ ကျွန်ုပ်နှင့် စောလင်းမှာ ဖားအော်သံများ ဆူညံနေသည့် ချောင်းဘက်သို့ အပြေးတစ်ပိုင်း သွားရချေတော့၏။

မိုးကား ဝုန်းဒိုင်းကြဲပြီးမရွာပေမယ့် ဖွဲဖွဲလေးတော့ရွာနေပါ၏။

တွေ့လိုက်ရပါချေပြီ။

ကိုဦးမှာ ချောင်းလေးအစပ် မြက်တောထဲတွင် ပက်လက်ကြီးလဲကျနေပါတော့သည်။ သူ၏ ခန္ဓာကိုယ်ပေါ်မှာတော့ မြွေမည်းမည်းလေးများ ပွစာကြဲပြီးတိုးဝင်တိုးထွက်၍သွားနေကြသည်။

ကျွန်ုပ်နှင့်စောလင်းတို့နှစ်ယောက်မှာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိဖြစ်နေသလို မြွေပွေးအသေးကောင်များမှာ ကိုဦး၏ အနီးတစ်ဝိုက်တွင်ရှိနေ၍ ကိုဦး၏အနီးအနားသို့ပင် မကပ်ရဲကြချေ။

စောလင်းမှာ မြွေပွေးအသေးကောင်လေးများကိုရိုက်ရန် တုတ်ရှာနေတော့၏။ ထိုအချိန်မှာပင် မှတ်ကြီးနှင့် အဖော်နှစ်ဦးတို့ သစ်သားတုတ်များဖြင့် ရောက်ရှိလာကြပြီး ကိုဦး၏ အနီးတစ်ဝိုက်ရှိ မြက်တောထဲတွင် သွားလာနေကြသည့်မြွေပွေးပေါက်အသေးကောင်လေးများကို တုတ်ဖြင့် ရှာဖွေရိုက်သတ်၍နေလေတော့သည်။

ကျွန်ုပ်နှင့် စောလင်းတို့မှာလည်း သတိမေ့လဲကျနေသည်လား၊ သေဆုံးနေပြီလား မသိရသေးသည့် ရောင်းရင်းရဲဘော်ကြီး ကိုဦးအား အထူးသတိထားပြီးကြည့်လိုက်ရာ မြွေပွေးအသေကောင်ကြီး ဦးခေါင်းပိုင်းမရှိတော့သော ခန္ဓာကိုယ်ကြီးအတွင်း ပြတ်နေသည့် ဦးခေါင်းနေရာနှင့် ဗိုက်နေရာတို့မှ မြွေပွေးပေါက်စလေးများ တိုးထွက်လျက်ရှိသည်ကို တွေ့လိုက်ရလေတော့၏။ စောလင်းမှာ မြွေပွေးအသေကောင်ကြီး၏ ခေါင်းမပါရှိတော့သည့်မြွေပွေးကိုယ်ထည်ကြီးအား တုတ်ဖြင့်ထိုးကလော်ပြီး ကိုဦးကိုယ်ခန္ဓာမှ ဖယ်ရှားပစ်လိုက်တော့၏။

ကိုဦး၏ တစ်ကိုယ်လုံးမှာလည်း မြွေပွေးအသေကောင်ကြီး၏သွေးများဖြင့် ရဲရဲနီနေတော့၏။ ကိုဦး၏ လည်တိုင်၊ ရင်ဘက်၊ ခါး စသည့် ခန္ဓာကိုယ်နေရာအနှံ့တွင်လည်း မြွေပွေးပေါက်စလေးများ၏ ကိုက်ခဲမှုကြောင့် သွေးပေါက်လေးများ ပွစာကြဲ၍နေလေတော့၏။ ကျွန်ုပ်မှာ သူငယ်ချင်းကိုဦးအား အသက်



မှရှိပါဦးမည်လားဟု လက်ကောက်ဝတ်ရှိ သွေးကြောကို စမ်းသပ်ကြည့်လိုက်သလို၊ နှာခေါင်းဝနှစ်ဖက်၏ လေတိုးမှုရှိ မရှိနှင့် သွေးခုန်မှုရှိ မရှိကိုလည်း စမ်းသပ်ကြည့်လိုက်ပါတော့၏။ ကျွန်ုပ်မှာ သူငယ်ချင်း ကိုဦး၏ ဖြစ်စဉ်အတွက် စိတ်ထိခိုက်စွာ ခံစားလိုက်ရပြီး -

"စောလင်း၊ ကိုဦး ဘယ်လိုဖြစ်တာလဲကွာ၊ ငါ့ကိုပြောပါဦး"

"ကျွန်တော်တို့ (၃) ယောက် ကိုနန္ဒတွေ့တဲ့အတိုင်း ဖားရိုက်ထွက်ခဲ့တောပဲဗျာ။ ရိုးချောင်းလေးအစပ်နားရောက်တော့ စားဖားကြီးတစ်ကောင်က ဂွမ်း. . . ဂွမ်းနဲ့ အော်နေလို့ သွားကြည့်တော့ ဖားကြီးကို မြွေကြီးက ခြေထောက်ကနေခဲပြီး မျိုနေတာတွေ့ရတာပဲဗျ။ အဲဒါ ကိုဦးက ပါလာတဲ့ဓားရှည်နဲ့ မြွေပွေးကြီးခေါင်းကို ခုတ်ဖြတ်လိုက်တာ မြွေပွေးကြီးရဲ့ခေါင်းကြီးပြတ်ထွက်သွားပြီး စားဖားကြီးရော မြွေပွေးခေါင်းပြတ်ကြီးပါချောင်းရေစီးထဲကျသွားတာပဲ ကိုနန္ဒရေ"

ကျွန်ုပ်မှာ စောလင်းဘာများဆက်ပြောဦးမလဲဟု ငြိမ်သက်စွာပင် နားထောင်နေလိုက်မိပါသည်။

"အဲဒီနောက် ကိုဦးက ခေါင်းမရှိတော့တဲ့ မြွေပွေးကြီးရဲ့ ကိုယ်လုံးကြီးကို လည်ပင်းမှာပတ်တဲ့အခါပတ်၊ ပုဆိုးခါးပုံစထဲ ထည့်တဲ့အခါထည့်ပြီး ဖားအော်သံကြားတဲ့ဆီ ကျွန်တော်တို့(၃)ယောက် လူစုခွဲပြီး ဖားလျှောက်ရိုက်ကြတာပေါ့။ ကိုဦးက မြွေသားတို့၊ ဖားသားတို့ကို ကြိုက်တတ်တာ ကိုနန္ဒ သိသားပဲဗျာ။ အဲဒီလိုနဲ့ ကျွန်တော်တို့ (၃) ယောက် လူခွဲပြီး ဖားရိုက်လိုက်တာ တစ်နာရီ လောက်လည်းကြာရော ကိုဦးအခုလဲကျနေတဲ့နေရာကနေ ကျွန်တော်တို့နှစ်ယောက်ကိုအော်ခေါ်လို့သွားကြည့်တော့ ကိုဦးတစ်ကိုယ်လုံးမှာလည်း သွေးတွေနဲ့ နီရဲ နေတာပဲဗျ။ ပြီးတော့ မြွေပွေးအသေကောင်ကြီးရဲ့ ပြတ်နေတဲ့ကိုယ်ထည်ကြီးကနေ မြွေပွေးပေါက်စလေးတွေ အများကြီး တိုးထွက်နေတာ ကျွန်တော်တို့တွေ့ရတာပဲဗျို့။ ချောင်းရိုးနားမှာ လဲကျနေတဲ့ ကိုဦးအနားမှာလည်း မြွေပေါက်စကလေးကို မွစာကိုကြဲနေတာပဲဗျာ။ ကျွန်တော်နဲ့ မှတ်ကြီးလည်း ကိုဦးအသက်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး ကယ်ဖို့ အားထုတ်ခဲ့ပေမယ့် ကိုဦးအနီးအနားမှာ မြွေပေါက်စကလေးတွေက တင်းကျမ်းဖြစ်နေတော့ ကိုနန္ဒကို ခေါ်ရင်း တုတ်ပြယူကြတာပေါ့ဗျာ"

မြွေသားကြိုက်သည့် ကိုဦး။

သူများအသက် သတ်ချင်ဖြတ်ချင်သည့် မောင်ဦး။

သူများသားမယား စော်ကားခဲ့သည့် ကာမေသုမိစ္ဆာစာရာသမားကြီး မောင်ဦး။

သူများပစ္စည်းဥစ္စာကို လုရဲ၊ ယူရဲ ခိုးရဲသည့် အဒိန္နာဒါနာသမားကြီး မောင်ဦး။

အရက်သေစာကို မိုးမလင်းတမ်း သောက်သုံးပြီး အမှားတစ်ထောင်ထိ အများရှောင်ပေမယ့် သူမရှောင်နိုင်သည့် သုရာမေယရသမားကြီး မောင်ဦး။

မုသားစကားကို ထမင်းစားရေ သောက်ပမာ ပြုမူပြောဆိုရဲသည့် မုသာဝါဒသမား ကျွန်ုပ်၏ချစ်သူငယ်ချင်းကြီး မောင်ဦး။

ကာမသုခလ္လိကာနုယောဂဆိုသည့် အစွန်းကို ခြေစုံပစ် ကျူးလွန်ရဲသည့် အတွက် ကျွန်ုပ်သူငယ်ချင်း၏ လားရာ ဂတိကား -

အလောင်းက သုသာန်။

ကံအကျိုးပေးကား အပါယ်လေး ပါးသာလျှင် ဖြစ်ပေတော့သတည်း။

ရုပ်ကျန်းမာ၍
စိတ်ချမ်းသာကြပါစေ

နန္ဒဝင်းကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com


ရွှေချီအောင်(ပဃိ)

# မြန်မာ့ဗုဒ္ဓသာသနာ့ဂုဏ်ဆောင် ရဟန္တာနှင့်ဓာတ်တော်များ


ဂေါတမမြတ်ဗုဒ္ဓသည် အနောက် မဒေသတွင် ပွင့်ထွန်းပေါ်ပေါက်ခဲ့ပါ သည်။ မဇ္ဈိမဒေသဟူသည်ကား အိန္ဒိယ င်နယ်ပယ်အဝန်း နယ်နိမိတ်ငါးရပ် ပိုင်းခြားအပ်သည့် အလျားယူဇနာ ရာ၊ အနံအကျယ်ယူဇနာ နှစ်ရာ့ငါး ယ် အဝန်းယူဇနာကိုးရာ အစရှိသည့် 'လှည်းဦးပုံသဏ္ဌာန်ဒေသ' ပင် ဖြစ်ပါ သည်။ သို့ရာတွင် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင် တော်မူပြီးသည့်နောက် သာသနာ ၂၅၀၀ နောက်ပိုင်းတွင် အဆိုပါဒေသများ၌ ဗုဒ္ဓသာသနာသည် ကွယ်ပျောက်လုနီး ဖြစ်နေခဲ့သည်ကို စိတ်နှလုံးကြေကွဲဖွယ် ရာ တွေ့ရှိရပေသည်။ အိန္ဒိယဒေသတွင်



ရဟန္တာအရှင်သူမြတ် မိုးကုတ်ဆရာတော်ကြီးဦးဝိမလ



မိုးကုတ်ဆရာတော်ဦးဝိမလ၏ မီးမလောင်သည့် မျက်လုံးတော်



မိုးကုတ်ဆရာတော်ကြီး၏ မီးမလောင်သည့် အံသွားတော်


မူလက ဟိန္ဒူဗြဟ္မဏဝါဒထွန်းကားလျက် နတ်ဘုရားအမျိုးမျိုးတို့ကို ကိုးကွယ်နေ ခဲ့ကြရာ သိဒ္ဓတ္ထဘုရားအလောင်းတော် မြတ်သည် ပါရမီတော်ကြီးမားသည့် အလျောက် ကျင့်ကြံကြိုးကုတ်အားထုတ် တော်မူခဲ့ရာ အိန္ဒိယပြည်ဝယ် လောက စင်စစ် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူ ခဲ့လေသည်။ အမှန်မူကား ကျောက်စရစ် မြေ ကုန်းခေါင်ခေါင် ခရောင်းမြေမှ ပွင့်လန်းပေါ်ထွက်လာသည့် ကြာပန်းပွင့် အလားနှယ် တူလှချေလေသည်။

စာရေးသူတို့၏ မြန်မာပြည်ကား မဇ္ဈိမဒေသနှင့် အလှမ်းပင်ကွာခြားလေ ငြားသော်လည်း ဗုဒ္ဓသာသနာ့ရေခံမြေခံ ကောင်းသဖြင့် တစ်ဆင့်ကူးညီပေးခံရ သည့်မီးတိုင်ကြီးပမာ သာသနာ့အရောင် အဝါသည် နေတစ်ဆူလတစ်ဆူန်းပမာ ထွန်းလင်းတောက်ပနေဆဲ ဖြစ် ပါသည်။ ထိုမျှသာမက မြန်မာ့သာသနာ့ အာဇာ နည် သာသနာပြုပုဂ္ဂိုလ်အကျော် ရဟန်း တော်များက ယနေ့တိုင် ကမ္ဘာအရပ်ရပ် ရှိ တိုင်းပြည်နိုင်ငံများတွင် သွားရောက် သာသနာပြုနေကြသဖြင့် ယခုအခါ စာရေးသူတို့၏ ပြည်မြန်မာမှာ ဗုဒ္ဓ သာသနာတစ်ဆင့်ဖြန့်ချိရာ နေရာဒေသ ကောင်းလည်း ဖြစ်နေပြန်လေသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ပြည်မြန်မာ သည် ရှေးအတိတေကာလပေါင်းများ စွာကပင် သာသနာပဋ္ဌာန်းဆက်ရှိနေခဲ့ ပေရာ မြတ်ဗုဒ္ဓပေါ်ပေါက်ပွင့်ထွန်းသည် နှင့်တစ်ပြိုင်နက် ဦးစွာပထမဖူးတွေ့ခွင့် ရရှိသူများမှာလည်း တပုဿနှင့်ဘလ္လိက အမည်ရှိ ကုန်သည်ညီနောင်များ ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ဆရာတော်ကြီး၏ဓာတ်တော်များ ဖူးတွေ့ရပုံ



မိုးကုတ်ဆရာတော်ကြီး၏ဆံပင်များ ရှေးလုံးနေစဉ်



ဆရာတော်ဦးယောသိတ၏အရိုးချိတ်ဆက်တော်



ဦးယောသိတ၏ မီးမလောင်သည့် မျက်လုံးတော်အစုံ



ရဟန္တာအရှင်သူမြတ် အရှင်ယောသိတ

ကြောင်း မြန်မာပြည်သားတိုင်း
ဂုဏ်ယူကြပါသည်။ မြတ်ဗုဒ္ဓချီးမြှင့်လို
သည့် ဆံတော်ဓာတ်ဖြင့် တည်ထား
သည့်ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ
သာသနာကိုးကွယ်ကြသည့် မည်သ
နိုင်ငံတွင်မျှမရှိဘဲ သာသနာ့အထွ
အခေါင် ရွှေတောင်ကြီးတမျှ တည်ရှိ
သဖြင့် နိုင်ငံခြားသားတိုင်း၏ နှုတ်
ဝယ် The Golden Land - မြန်မာ့ရွှေ
ဒေသဟု တင်စားပြောဆိုကြခြင်းကို
ခံယူရလျက်ရှိနေပါသည်။

ထို့အပြင် ဗုဒ္ဓ၏ သာသနာ့အ
အနှစ် ခြေတော်ရာအစစ်များကိုလ
မန်းရွှေစက်တော်တွင် လည်းကော
မအီဒေသတွင် လည်းကောင်း၊ မ
ကျွန်းဒေသတွင် လည်းကောင်း ကျေ
ဖျာထက်ဝယ် ဗုဒ္ဓသာသနာ့တံ
အဖြစ် ခတ်နှိပ်ချီးမြှင့်ပေးခဲ့သည်
လည်း ဗုဒ္ဓကိုယ်တော်တိုင် မြန်မာ့ရေ
ဒေသသို့ ကြွချီတော်မူခဲ့ကြောင်း သ
သေသာဓကအထောက်အထားကော
များ ဖြစ်လေသည်။ အထူးခြားဆုံး
မအီဒေသရှိ စက်ရာတော်ရာနှစ်
မှာ ကမ္ဘာ့အရှားပါးဆုံးရတနာစာရင်း
လက်ဝဲခြေတော်ရာနှင့် လက်ယာ
တော်ရာနှစ်ဆူ ဖြစ်နေခြင်းပင် ဖြစ်
သည်။ အခြားမထင်ရှားသေးသည့်
ခြေတော်ရာများလည်း မြန်မာပြည်
များစွာရှိနေပေသေးသည်။ မိမိတို့ဒေ
ဒေသရှိ ဗုဒ္ဓစက်တော်ရာများကိုလ
စာရေးဆရာများက ထုတ်ဖော်
သား၍ စာပေအကွာရာတင်စေလို
သည်။




www.burmeseclassic.com

www.burmeseclassic.com




သဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ



ဦးဥက္ကဋ္ဌ၏မျက်ရှင်တော်တစ်စုံ

ဆရာကြီးဦးလှသိန်းထွန်းရေးသား [illegible] 'ဗုဒ္ဓနှင့် မြန်မာလူမျိုး' စာအုပ်တွင် [illegible]သနစာတမ်းအရ တိကျခိုင်မာ [illegible] အကိုးအကား အထောက်အထား [illegible] ရေးသားပြဆိုထားပေရာ ဗုဒ္ဓ [illegible] သာကီဝင်မင်းမျိုးမှ ဆင်းသက်လာ [illegible] တကောင်းမင်း အဘိရာဇာသည် အိန္ဒိယဒေသမှ စစ်ရေးအရ မြန်မာ တကောင်းဒေသသို့ ရှောင်တိမ်းထွက် ပြေးလာခြင်း ဖြစ်လေသည်။ 'မြန်မာအစ တကောင်းက' ဟု ဆိုရိုးရှိသလို 'မြန်မာ အစ တကောင်းက' ဟူ၍ ရှိသဖြင့် မြန်မာဒေသအစတည်သူ အဘိရာဇာ သည် သာကီဝင်မင်းမျိုး ဖြစ်လေသည်။ ထို့ကြောင့် မြန်မာလူမျိုးများသည် ဘုရား နှင့် အနွယ်တော် လူမျိုးဖြစ်ကြောင်း လေ့လာသိရှိခွင့်ရခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ ပြည်ဝယ် ထေရဝါဒ ဗုဒ္ဓသာသနာသည် ဧကန်စင်စစ် ထွန်းကားလျက် စည်ပင် ဖွံ့ဖြိုးရာ ရေမြေကောင်းသဖွယ်ဖြစ်တည်




ဦးဥက္ကဋ္ဌ၏ကြွင်းကျန်သည့် ဆံတော်တစ်ဆူ




www.burmeseclassic.com

www.burmeseclassic.com


လယ်တီဆရာတော်ဘုရားကြီး


မိုးညှင်းတောရဆရာတော်ဘုရားကြီး


စဉ့်ကိုင်မဟာဂန္ဓာရုံဆရာတော်ကြီး


ဆရာတော်ဦးသာရှန်း (ဦးကဝိန္ဒ) ဓာတ်တော်များ

လျက်ရှိနေပေသည်။ ခေတ်အဆက်ဆက်ကပင် ဗုဒ္ဓသာသနာထွန်းတောက်ခဲ့သည်နှင့်အမျှ ဗုဒ္ဓသာသနာ့ဂုဏ်ဆောင် ရဟန္တာအရှင်သူမြတ်များ၊ သာသနာပြုပုဂ္ဂိုလ်ကျော်များ၊ ဝိပဿနာ ခုတင်ဆောင် ဆရာတော်ကြီးများသည် အထင်အရှား ပေါ်ထွက်လျက်ရှိနေကြဆဲ ဖြစ်သည်။ ထို့ပြင် သုတဗုဒ္ဓအမည်ရှိသည့် တိပိဋကရေသာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးဆယ့်သုံးပါးလည်း ပေါ်ထွန်းလျက်၊ ပေါ်ထွန်းဆဲပင်ဖြစ်ပါသည်။ ခေတ်အဆက်ဆက်မှသည် ထွဋ်ခေါင်ဆရာတော်၊ ဘုန်းတော်ကြီး ဦးသီလ၊ လယ်တီဆရာတော်၊ သေကျွတောင်ဆရာတော်၊ မိုးညှင်းဆရာတော်၊ သထုံဇေတဝန်ဆရာတော်၊ စွန်းလွန်းဆရာတော်၊ ကန္နီဆရာတော်၊ ဝေဘူဆရာတော်၊ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော်၊ ဆရာတော်ဦးကဝိန္ဒ၊ ပိန္နဲကွင်းဆရာတော် ဦးကလျာဏ၊ ပုသိမ်မိဂဒါရုံဆရာတော်၊ ပခုက္ကူသဲပုံစေတီတောရ ဦးကိတ္တိ၊ မိုးညှင်းတောရကိုယ်တော်ကြီး၊ ဆရာတော်ဦးမဏိသာရ၊ ကန္နီရွှေသိမ်တော်တောရဆရာတော်၊ သပိတ်အိုင်တောရဆရာတော်ဦးကိတ္တိ၊ နဲ့သမိန်ဆရာတော် ဦးကေသရ၊ ဇလွန်ဆရာတော် ဦးသုဇာတ၊ ညောင်ဝိုင်းဆရာတော်ဦးကေတု၊ သဲအင်းဂူဆရာတော်နှင့်ဆရာတော် ဦးယောသိတ စသည်ဖြင့် ရဟန္တာပုဂ္ဂိုလ် မြောက်မြားစွာတို့သည် မြန်မာ့ရေမြေ၊ မြန်မာ့တောတောင်သဘာဝ၊ မြန်မာ့ဗုဒ္ဓသာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးများ ဖြစ်ပါသည်။ စာရေးသူ လက်လှမ်းမမီနိုင်သေးသည့် သာသနာ့ဂုဏ်ဆောင်ရဟန္တာပုဂ္ဂိုလ်များ ရှိနိုင်ပါသေးသည်။ သိရှိသူများက သုဓမ္မ မဂ္ဂဇင်းတွင် ပါဝင် ရေးသား ပူဇော်ခြင်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်များ လေ့လာဖတ်ရှုကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

ယနေ့ မျက်မှောက်ခေတ် ပဋိပတ္တိသာသနာတော်၌ ဝေဘူဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့သည် မြန်မာ့သာသနာတော်၌ နေတစ်ဆူလတစ်နန်းမျှ ထွန်းလင်းတောက်ပနိုင်ခဲ့ကြလေသည်။ မဟာစည်ဆရာတော်ကြီးပြုစုခဲ့သော ဝိသုဒ္ဓိမဂ်မဟာဋီကာကြီး နိသယကျမ်းပြုစုရာတွင် သာမန်အနေဖြင့် ပါဠိကျမ်းကျင်ရုံ၊ ပဋိပတ်နိုင်နင်းရုံမျှနှင့် ပြန်ဆိုကျမ်းပြု... သည် မဟုတ်ချေ။ အိန္ဒိယရှေးဟော... အယူဝါဒများပါ ပါဝင်နေသဖြင့် ... သက္ကတ၊ အင်္ဂလိပ်စာတို့ကိုပါ ပိုင်... တတ်ကျွမ်းမှသာလျှင် စွမ်းဆောင်... သောကြောင့်ပင် ဖြစ်လေသည်။

အင်းဝမြို့ ရဟန္တာအရှင်သ... လက်ာရဆရာတော်ဘုရားသည် နိ... ခုတင်ဆောင် ဆရာတော်တစ်ပါး ဖြ... သည်။ နိသဇ္ဇခုတင် ဟူသည် နေ့... ညပါမအိပ်ဘဲ ဆောက်တည်ရ... အကျင့်မြတ်ပင် ဖြစ်လေသည်။ ဆ... တော်သည် နိသဇ္ဇခုတင်ဆောက်... တရားအားထုတ်ရင်း သေလု... ပြင်းထန်သည့်ရောဂါကို ရရှိခဲ့လေ... ဆရာတော်သည် ရောဂါကို သ...



www.burmeseclassic.com

www.burmeseclassic.com

...လှူတ် ဦးခေါင်းနှင့် ကျောကုန်းကို ...င်နှင့်မထိစေဘဲ၊ မအိပ်စက်ဘဲ ...တ်မြဲသာ အားထုတ်တော်မူခဲ့ ... ဆရာတော် ပျံလွန်တော်မူသည့် ...ချုပ်ကလာပ်တော်ကို မီးသဂြိုဟ်ခဲ့ ... မီးငြိမ်းသည်နှင့် ရေဖျန်း၍ ...ဒကာများက အရိုးကို ကောက်ယူ ...ဇော်ခဲ့ကြသည်။ အခြားအရိုး ...များမှာ မီးလောင်ကျွမ်း၍ ပြာကျ ...ကြသော်လည်း တံတောင်ဆစ်မှ ...တောက်ဝတ်အရိုးဖြစ်သည့် လက် ...ချောင်းမှာမူ အသစ်စက်စက် ...ထားသကဲ့သို့ ရွှေရောင်များ ...ဝင်းဝါတောက်ပလျက်ရှိသည်ကို ...ကြရဖူးလေသည်။

ဦးကဝိန္ဒခေါ် ဘုန်းတော်ကြီး ...ရွှန်းမှာ ညောင်ကန်ရွာအနီးရှိ ...တုန်းရွာဇာတိ ဖြစ်သည်။ ငယ် ...ပင် ဝိပဿနာတောရဆောက် ...ဝါသနာထုံလေ့ရှိသည်။ သားရဲ ...များအလွန်ထူပြောသည့် ဝက်ရဲ ... ဝွေးပင်ကျင်းတော၊ ဆည်ကြီး ...နှင့် ရွှေစာရေးတောင်များသို့ လှည့် ...တာ ကမ္မဋ္ဌာန်းတရားအားထုတ် ...မူလေသည်။ ထန်းပင်လုံးခန့်ရှိ ...ကြီးများ အလွန်ပင်ပေါများလှပါ ...သည်း ဆရာတော်ကဂရုမထားဘဲ ...ခါတ်ပေးပို့ကာ ထန်းရွက်သုံး၊ ...ရွက်ကို သစ်ပင်ပေါ်၌တင်ကာ ...င်းသခ်မ်းအမှတ်ဖြင့် တောရ ...တ်တည်လေသည်။ ထို့နောက် ...တော် တရားထိုင်နေစဉ် ထိန်လင်း ...သော အလင်းရောင်များ ပေါ် ...လေ့ရှိသည်။ဆရာတော်က ကပ္ပိယ ...ပေါ် အား အလင်းရောင်ပေါ်ထွက် ...မှာ နတ်၊ ဗြဟ္မာများလာရောက် ...ကြ၍ လင်းထိန်နေသည့် အလင်း ...မဟုတ်ဘဲ တရားရှုမှတ်ပွားများ ...ကြောင့် ဖြစ်ပေါ်လာသည့် ဘာဝ ...မ္မဋ္ဌာန်းတန်ခိုးပင် ဖြစ်လေသည်။ ...ကြောင်းကို မည်သူ့ကိုမျှ မပြော ...ရန် နှုတ်ပိတ်မိန့်ကြားတော်မူလေ ... ဦးပွားပေါ်သည် ဆရာတော်ကို ...ပ်လက်နယ်ပြုပေးရင်း ဆရာတော် ... တရားဓမ္မများကို အမြဲနာကြားရ ...ရှိလေသည်။

ဦးပွားပေါ်သည် ဆရာတော်ကို ...ပေးရင်း တရားသံကို နာကြားနေစဉ် ...ရာတော်၏တရားသံတိတ်ဆိတ်သွား ...သည်။ စာတိုက်ဗီရို၌ ထွန်းညှိထား ...သည့် လသာမှန်အိမ်မှာလည်း အလိုလို ငြိမ်း၍ ကျောင်းတိုက်ကြီးတစ်ခုလုံး မှောင်ကျသွားလေသည်။ စိတ်ထဲတွင် မသင်္ကာသဖြင့် ကပ္ပိယကြီးက မီးထွန်းညှိ၍ ဆရာတော်ကို လှေ့လာလိုက်ရာ ဆရာတော် ဦးကဝိန္ဒကား အာယုသင်္ခါရ ချုပ်ငြိမ်း၍ အသခ်တဓာတ် အငြိမ်းဓာတ်ဆီသို့ အပြီးသတ် ကိန်းဝပ်တော်မူရှာလေပြီ ဖြစ်လေသည်။ ဆရာတော် ပရိနိဗ္ဗာန်ပြုရက်မှာလည်း ထူးခြားစွာပင် (၉၉) နှစ်၊ (၉) လနှင့် (၉) ရက်ပြည့်မြောက်သောနေ့ပင် ဖြစ်နေလေသည်။ ဆရာတော်အား ဈာပနပြုချသည့်အခါ ပေါင်ရိုး၊ တင်ပဆုံရိုး၊ ခြေသလုံးရိုးများသာ ပကတိအတိုင်းကျန်ရှိနေလေသည်။ ကျန်အရိုးတော်၊ အသွေးတော်၊ အသားတော်များမှာ ဓာတ်တော်များအဖြစ် တည်ရှိကုန်ကြလေသည်။ အချို့ဓာတ်တော်များမှာ အရိုးကြီးသုံးခုတွင် အညှာခိုင်လေးများဖြင့် အဆုပ်ဆုပ်သီးနေသကဲ့သို့ ဖူးမြော်တွေ့မြင်ကြရလေသည်။

ပိန္နဲကွင်းဆရာတော် ဦးကလျာဏမှာလည်း ဝိပဿနာဂုဏ်ဆောင် ဆရာတော်အဖြစ် အထူးထင်ရှားလေသည်။ ဆရာတော်မှာ ရွှေတောင်မြို့ဇာတိ ဖြစ်လေသည်။ ဆရာတော်ကို ရွှေတောင်မြို့၌ ၁၁၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့၌ မယ်တော်ကြီး ဒေါ်ရစ်မှ မွေးဖွားသန့်စင်ခဲ့လေသည်။ ငယ်နာမည်မှာ မောင်ချိန် ဖြစ်လေသည်။ ငယ်စဉ်က ဗုဒ္ဓစာပေကျမ်းဂန်များကို ဆရာတော်အဆင့်ဆင့်ထံတွင် သင်ကြားတတ်မြောက်ခဲ့ပြီး ပိန္နဲကွင်းတွင် သီတင်းသုံးနေထိုင်ခဲ့သည်။ ဆရာတော်ကြီးသည် မိခင်ကြီးကို ရဟန်းဘဝဖြင့် ကောင်းစွာလုပ်ကျွေးပြုစုခဲ့လေသည်။ ရွာကျောင်းတွင် ခုနစ်ဝါမျှသာ နေထိုင်ပြီးနောက် ဝါတော် (၁၂) ဝါအရတွင် အနောက်ရိုးမတောင်တန်းကြီးပေါ်၌ အမြင့်မားဆုံးဖြစ်သည့် သစ်စေးတောင်၊ ကမ်းပြိုတောင်၊ ရန်ကင်းတောင်၊ ကျွဲမသနားတောင်၊ ကိုးကွယ်တောင်၊ ကိုးမောင်းတောင်၊ စိုင်တောင် စသည့် တောတောင်တို့တွင် လှည့်လည်၍ တရားအားထုတ်တော်မူခဲ့လေသည်။ ဆရာတော်သည် လူသူအရောက်အပေါက် အလွန်နည်းပါးလှသည့် တောကြီးမျက်မည်းထဲတွင် တရားအားထုတ်တော်မူခဲ့ရာ တောဆင်ရိုင်း၊ ကျားကြီးများနှင့် လူ၊ တိရစ္ဆာန်၊ ကျွဲနွားများကိုပင် ကိုက်သတ်ဝါးမျိုနိုင်သည့် မြွေဆိုးကြီးများနှင့်ပင် တွေ့ကြုံခဲ့ရလေသည်။ ထိုမျှသာမက တောတောင်ထဲတွင် မကျွတ်မလွတ်ရှိနေကြသည့် ဝေမာနိကများ၊ ပေတများနှင့်လည်း ကြိမ်ဖန်များစွာ ကြုံတွေ့ခွင့်ရရှိခဲ့လေသည်။

ဦးလူလှခေါ် ဆရာတော်အား သိမီလိုက်သူ၏ သားဖြစ်သူ ဦးအုန်းမြင့်ထံမှ သိရှိခွင့်ရလိုက်သည့် ဆရာတော် ဦးကလျာဏ၏ ထူးဆန်းအံ့ဩဖွယ်ရာများမှာ ဆရာတော်သည် ကျွဲမသနားတောင်၌ သီတင်းသုံးနေစဉ် လူအများလာရောက် ဖူးမြော်ကြရာ တစ်နေ့တွင် ဒကာမတစ်ဦးက နတ်ရေကန်တွင်ရေချိုးမိသဖြင့် ကန်အတွင်းရေများ အလိုလိုခန်းခြောက်သွားခဲ့ဖူးလေသည်။ ဆရာတော်အားလျှောက်ထားရာ ဆရာတော်၏ တန်ခိုးတော်အစွမ်းဖြင့် နတ်ရေကန်တွင် ရေများပြန်လည်ထွက်ရှိလာခဲ့ပြန်လေသည်။

ကမ်းပြိုတောင်တွင် တရားအားထုတ်ခဲ့စဉ်က နေ့စဉ်လိုလို ညသန်းခေါင်ယံအချိန်၌ ကောင်းကင်မှ တူရိယာသံများ တီးမှုတ်ထွက်ပေါ်လျက်ရှိခဲ့သည်ကို အနီးပတ်ဝန်းကျင်မှလူအများ ကြားခဲ့ကြရလေသည်။ ရန်ကင်းတောင်တွင် ရှေးစေတီတော်ဟောင်းကိုငုံ၍ အသစ်တစ်ဖန် ပြန်လည် ပြုပြင် တည်ဆောက်ကြရာ ထီးတော်ဟောင်းမှာ လူအားနှင့်ပင် ဆွဲချ၍မရနိုင်ဘဲရှိနေလေသည်။ မရနိုင်သဖြင့် လူအများ လက်လျှော့လိုက်စဉ်ပင် ချက်ချင်းမြေလျှင်ပြင်းစွာလှုပ်၍ ထီးတော်ဟောင်းမှာ ပျက်ယွင်းမှုမရှိဘဲ မြေသို့ခကာ ကျဆင်းလာခဲ့လေသည်။ ရန်ကင်းတောင်၌ပင် တရားအားထုတ်နေစဉ် လူလေးဆယ်ခန့် နေ့စဉ်လိုလို ဆွမ်းလာလှူကြရာ ဆရာတော်ကို ကျောင်းခန်းတွင်း၌ မဖူးတွေ့ကြရပေ။ သို့သော် ဆွမ်းစားတံးခေါက်အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဆရာတော်ကို မိမိတို့ရှေ့၌ပင်လျှင် အလိုလိုမြင်တွေ့ဖူးမြော်ကြရလေသည်။ နံကသူဂူ၌ ဒကာကပ္ပိယတစ်ယောက်နှင့် သီတင်းသုံးနေစဉ် နတ်မြွေနဂါးများလာရောက်၍ တရားနာကြားလေ့ရှိရာ ဆရာတော်က 'ဒကာကရှေ့တိုး၊ ဒကာမက နောက်ဆုတ်' ဟု မိန့်ကြားလေ့ရှိရာ ထိုနတ်နဂါးမြွေတို့က ဆရာတော်၏အမိန့်အတိုင်း လိုက်နာကြလေ့ရှိကြသည်။ ဂူအတွင်း ကျောက်မျက်ရတနာများ တွေ့ရှိရသဖြင့် ကပ္ပိယကြီးမှာ ပုထုဇဉ်ပီပီ လောဘစိတ်ဖြစ်ပေါ်မိသဖြင့် ဂူတံခါးကြီးပိတ်သွားရာ ဆရာတော်က ကပ္ပိယကြီးအား မာန်မဲကြိမ်းမောင်းရခဲ့ဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် သက်တော် (၈၂) နှစ်၌ ရွာကျောင်း၌ပင် ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်အား ဈာပနပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ကြပြီးနောက် မီးသဂြိုဟ်မည်ပြုသည့်အခါ ဆရာတော်၏ခန္ဓာကိုယ်မှာ လုံးဝ ချို့ယွင်း ပျက်စီးမှုမရှိဘဲ ပကတိအတိုင်း ကျိန်းစက်နေသကဲ့သို့ရှိနေသဖြင့် ဂူအတွင်းပူဇော်ထားရှိလေရာ အလောင်းတော်မှာ ယနေ့တိုင် ခြောက်သွေ့သွားခြင်းမရှိသည့်အပြင် မွေးညင်းကော်များပင် ပကတိ အထင်အရှားရှိနေဆဲပင် ဖြစ်ပါသည်။ ပိန္နဲကွင်းဆရာတော် ဦးကလျာဏသာမက နောက်ဆရာတော်များဖြစ်ကြသည့် ဒုတိယမြောက်ဆရာတော်၊ တတိယမြောက်ဆရာတော်တို့မှာလည်း ရုပ်ကလာပ်တော်များ မပုပ်မသိုးဘဲ ပကတိအတိုင်း ယနေ့တိုင်တည်ရှိနေကြဆဲပင်ဖြစ်သည်။

ပုသိမ်မိဂဒါရုံဆရာတော်ကြီးမှာ အမရပူရမြို့ဇာတိ ဖြစ်သည်။ မျိုးရိုးမှာ ပုဏ္ဏားမျိုးရိုး ဖြစ်သည်။ ရှမ်းကလေးကျွန်းဆရာတော်နှင့် နာမည်ကျော် သီလရှင်ဆရာကြီး ဒေါ်ကင်းတို့၏ အဆက်အနွယ် မဏိပူရကသည်းလူမျိုးဖြစ်သည်ဟု ဆိုကြသည်။ ဆရာတော်သည် ပုသိမ်မြို့သို့ ကြွတော်မူ၍ ပုသိမ်မြို့ မိဂဒါရုံကျောင်းမြောက်ဘက်ရှိ ကန်သုံးဆင့်အရပ်တွင် တောရဆောက်တည်သီတင်းသုံးခဲ့သည်။ ဆင်၊ ကျား သားရဲတိရစ္ဆာန်များ ထူထပ်ပေါများရာအရပ်ဖြစ်၍ ချုံနွယ်ပိတ်ပေါင်းများသည့် တောအရပ်ဖြစ်သည်။ အသည်းကြီးကုန်း စသည့် အရပ်များသို့ ဆွမ်းခံကြွလေ့ရှိသည်။

ဆရာတော်သည် တစ်နေ့သောအခါဝယ် ကျောင်းအနီး တောင်သူတစ်ဦး တောင်ယာခုတ်ထားသည့် အမှိုက်ပုံအနီးတွင် တရားရှုမှတ်နေလေသည်။ တောင်ယာရှင်က အမှတ်မဲ့မီးရှို့လေရာ ဆရာတော်အား မီးတောက်များဝိုင်းနေလေသည်။ တောင်ယာရှင်က တွေ့မြင်သဖြင့် ဆရာတော်ကို အတင်းပွေ့ချီကာ မီးလွတ်ရာသို့ပင့်ဆောင်ပေးရလေသည်။ တောင်ယာရှင်မှာ အလွန်စိတ်ထိခိုက်ကာ ဝန်ချတောင်းပန်လေရာ ဆရာတော်က သင်မသိ၍ လုပ်မိခြင်းသာဖြစ်သည်၊ ငါသည်းခံပါသည်။ သင့်မှာအပြစ်မရှိဟု မိန့်ကြားတော်မူခဲ့သည်။ ရဟန္တာဆွမ်းခံကြွလာတော်မူမည် စသည့်အိပ်မက်နှင့် ကောလာဟလများကြောင့် ဖူးမြော်လာသူ များပြားသဖြင့် တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ကြွချီကာ တရားအားထုတ်ခဲ့ရလေသည်။

ဆရာတော်က -

“ငါသေရင် ငါ့အလောင်းကို မီးမသဂြိုဟ်ကြနဲ့။ ပွဲလမ်းသဘင်မလုပ်ကြနဲ့။ လိုဏ်ဂူထဲမှာသာသွင်းထားကြ”

ဟု မိန့်မှာတော်မူကာ ၁၂၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့သက်တော် (၈၉) နှစ်တွင် ခန္ဓာဝန်ရုပ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့လေသည်။ အလောင်းတော်မှာ နုပျိုပကတိရွှန်းအိသပ္ပာယ်တော်မူနေဆဲဖြစ်သဖြင့် မျက်နှာတော်နှင့် ဦးခေါင်းတော်ကို ရွှေချပူဇော်ခဲ့ကြသည်။

အထူးခြားဆုံးပုဂ္ဂိုလ်မှာ ဘုန်းတော်ကြီး ဦးသီလပင် ဖြစ်လေသည်။ ဘုန်းတော်ကြီး ဦးသီလကို ၁၁၉၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ သောကြာနေ့တွင် ခမည်းတော် ဦးထွန်းအောင်နှင့် မယ်တော်ဒေါ်ချိုတို့မှ မွေးဖွားသန့်စင်ခဲ့သည်။ ဆရာတော်သည် တောထွက်၍ မုတင်ဆောက်ကာ ရဟန်းတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သည်။ ဆရာတော်သည် ဆင်မကြောက်၊ ကျားမကြောက် ဒုက္ခအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်ခဲ့သည့် သီလနှင့် တရားရှင် တစ်ဦးပင် ဖြစ်သည်။ ကျည်ဆန်မခဘဲ မီးရထားပင် စက်ရပ်ရလောက်အောင် စွမ်းအင်ကြီးမားသည့် ပုဂ္ဂိုလ်ကျော်ကြီး တစ်ပါးပင် ဖြစ်သည်။ သူတစ်ပါး၏ စိတ်အကြံကို ကြိုတင်သိနိုင်စွမ်းလေသည်။ နယ်အနှံ့လှည့်လည်၍ တရားအားထုတ်ရင်း တရားဟောကြားခဲ့သည်။ ၁၂၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင် ရောက်ရှိ သီတင်းသုံးရင်း နောက်တစ်နေ့ထွင် ခန္ဓာဝန်ကို အပြီးအပိုင် စွန့်လွှတ်တော်မူလေသည်။

ဆရာတော်၏ အရိုးပြာကို ရရှိသူများက ရေမွှေးပုလင်းအတွင်းထည့်၍ ကိုးကွယ်ထားရာမှ အလုံးကလေးများ ဖြစ်လာကာ ဓာတ်တော်များအဖြစ် ပုလင်းအတွင်း တက်ချည်၊ ဆင်းချည်ဖြင့် ကွန့်မြူးနေသည်ကို တွေ့ရှိကြရသည်။ ငွေဖလားနှင့် ထည့်ထားသည့် အရိုးပြာများမှလည်း ဓာတ်တော်အလုံးများအဖြစ် ပြောင်းလဲသွားကြသဖြင့် လူအများအံ့အားသင့်ခဲ့ကြရလေသည်။ ဈာပနပွဲပြီးစီးသွားသော်လည်း သင်္ချိုင်းတော်မှ မီးလုံးကြီးများ အမြဲပျံတက်လေ့ရှိသည်ဟု တစ်နယ်လုံး ဟိုးဟိုးကျော်လေသည်။

ဓာတ်တော်စစ်များဌာပနာ၍ သဲပုံ[...] တည်ပေးကြရာ ထိုစေတီမှ မီးလုံး[...] များ လွင့်ပျံကွန့်မြူးသည်ကို ထူးခြား[...] ဖူးတွေ့ကြရလေသည်။ သဲပုံစေတီ[...] မှ သဲများကို ရေ၍ထည့်ကြည့်လျှင်[...] သဘော်စေ့ခန့်ရှိ ပုလဲရောင်အလုံး[...] များမှာ ရေထဲတွင် ငုပ်ချည်ပေါ်ချည်[...] ပေါ်နေလေ့ရှိသည်ဟု သိရှိရပါသ[...]

မိုးကုတ်ဆရာတော်ဘုရား[...] ဦးဝိမလကို မန္တလေးခရိုင် မြစ်င[...] နယ် ဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်းရှိ ဥ[...] တော်ရွာ၌ မွေးဖွားသန့်စင်ခဲ့လေသ[...] ဖခမည်းတော်မှာ ဦးအောင်ထွန်း[...] မယ်တော်မှာ ဒေါ်ရွှေအိတ် ဖြစ်[...] သည်။ ဆရာတော်လောင်းလျာ[...] ဘုန်းကံပါရမီရှင်ပီပီ ငယ်စဉ် ကိုရင်[...] ကပင် အရွယ်နှင့် မလိုက်အောင် [...] တတ်ပြောတတ်ခဲ့သည်။ ဆရာဘုန်း[...] ကိုယ်စား ဥပုသ်သည်များကိုပင် [...] ပေး၊ ရေစက်ချ၊ တရားဟောခြင်း[...] ဆောင်ရွက်နိုင်ခဲ့သည်။ ရှင်ဝိမလ[...] သင်္ကန်းကိုခေါက်၍ တန်းပေါ်တင်[...] စဉ် ပျားများလာစွဲ၍ သင်္ကန်းပေါ်[...] အုံဖွဲ့နေကြသဖြင့် အလွန်ထူးခြား[...] ကြားမည့်ကိုရင်ဟု နိမိတ်ဖတ်ကြ[...] သည်။

ဆရာတော်သည် ကမ္မ[...] ဝိပဿနာကို ကြိုးစားအားထုတ်[...] မူခဲ့ရာ တရားထူးတရားမြတ်ကို ရရှိ[...] မူခဲ့လေသည်။ ဆရာတော်၏ မိုး[...] ဝိပဿနာတရားတော်သည် မြန်မာ[...] မက ကမ္ဘာသိပင် ထိုးဖောက်နိုင်စွမ်း[...] လေသည်။ ဆရာတော် ဟော[...] သည့်ဓမ္မဒေသနာတော်များသည် [...] အနှံ့ပင် ထင်ရှားပျံ့နှံ့လျက်ရှိပေသ[...] ကမ္ဘာ့အထင်ရှားဆုံး မိုးကုတ်ဝိပ[...] အာဇာနည်ကြီးတစ်ပါးဖြစ်သလို ရ[...] တစ်ပါးအဖြစ် ထင်ရှားပေါ်ထွက်ခဲ့[...] သည်။ ဆရာတော်ကြီးသည် မိုး[...] ဝိပဿနာ ပဋ္ဌာန်းဒေသနာတော်[...] ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းလည်ပုံ၊ [...] ဒေသနာမြတ်ကို တီထွင်တော်မူ[...] သည်။

ဆရာတော်ဘုရားကြီးသည် [...] အဖြစ်ရရှိသည်မှ ပရိနိဗ္ဗာန်စံဝင်[...] မူသည်အထိ သာသနာတော်အ[...] အလွန်အမင်း ကြိုးစားအားထုတ်[...] မူခဲ့လေသည်။ တစ်ဘဝတာလုံး[...] သာသနာတော်အတွက် အလုပ်[...] ကြီးပမ်း ဆောင်ရွက်တော်မူခဲ့[...] ဘဝတစ်လျှောက် ရွှေပိုင်ကွင် ပရိ[...]

www.burmeseclassic.com

www.burmeseclassic.com

နာတော်အတွက် ကြိုးပမ်း၍
ပိုင်းဘဝကာလတွင် ပဋိပတ်သာ
အတွက် မိမိကိုစွပြည့်စုံပြီးမြောက်
င် ဆောင်ရွက်တော်မူပြီးလျှင်
ပြည်သူတပည့်ဒကာတို့အတွက်
တိုင်လက်တွေ့တရားအားထုတ်မှု
တာပြောလမ်းညွှန်မှုပြုတော်မူနိုင်
သည်။ ဆရာတော်၏ တစ်ဘဝ
ကို လေ့လာ သုံးသပ်ကြည့်မယ်ဆို
အတ္တဟိတ၊ ပရဟိတဆိုသည့် ကိုယ့်
နှင့်အများအကျိုးကို ဆောင်ရွက်
နိုင်ခဲ့သည့် ရဟန္တာအရှင်သူမြတ်
စ်ပါးပင် ဖြစ်လေသည်။ ယနေ့
မြန်မာ့ပြည်တွင်သာမက ကမ္ဘာ့
မိုးကုတ်ဝိပဿနာတရားစခန်း
မြောက်မြားစွာ ဖွင့်လှစ်လျက်
နာဂုဏ်ဆောင်နေကြသည်မှာ
သူတို့အများသိပင် ဖြစ်ပါသည်။

ဆရာတော် ဟောကြားခဲ့သည့်
တွေ့ဝိပဿနာတရားတော်များမှာ
တစ်ထောင်ကျော်ကျန်ရှိနေသည်
သာမကတစ်ခုပင် ဖြစ်ပါသည်။
ငါးရာကျော်ကိုလည်း မိုးကုတ်
နာအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေပြီး
သည်။ မိုးကုတ်ဝိပဿနာတရား
နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏
ဟုလည်း ဆိုရမည်ဖြစ်ပေသည်။

ဆရာတော်ကြီးသည် ၁၃၂၄
တင်းကျွတ်လပြည့်ကျော် ၄ ရက်
နေတွင် ဘဝဇာတ်သိမ်း ချုပ်ငြိမ်း
တာ ခန္ဓာဝန်ကိုချတော်မူခဲ့လေ
ဆရာတော်ဘုရားကြီးအား
ပြာချသည့်အခါ ဓာတ်တော်များ
သည့်သာမက မီးသင်္ဂြိုဟ်ရာတွင်
တဲ မျက်သူငယ်အိမ် လုံးဝပျက်စီး
ခြင်းမရှိသည့် မျက်ရှင်တော်တစ်
တွေ့ကြရလေသည်။ ဓာတ်တော်
မှာ အရိုးမကြီး၍ အတွဲလိုက်
လိုက်သီးနေသကဲ့သို့ ဓာတ်တော်
၍နေလေသည်။ အရိုးတစ်ပိုင်း
တော်တစ်ပိုင်းရှိနေခဲ့သလို နှင်းနို့
င်၊ အဝါရောင်၊ ပန်းရောင်ဓာတ်
အလုံးလေးများကိုလည်း ဖူးတွေ့
လေသည်။

ကုတ်ဆရာတော်ဘုရား သက်ရှိ
ရှိစဉ်အခါက ပူဇော်ထားရှိခဲ့ကြ
ဆံတော်များမှာ ဆရာတော်ကြီး
န်စံဝင်တော်မူခဲ့ပြီးနောက် ဖန်
ထဲတွင် ဓာတ်တော်များကဲ့သို့
ဝန်းသွားခဲ့သည်ကိုလည်း တအံ့
ဖူးမြော်ခွင့်ကြုံကြရလေသည်။

အရိုးတော်များကို အိမ်၌ပူဇော်ထားကြရာ ဓာတ်တော်လုံးကလေးများ တဖြည်းဖြည်းဖြစ်လာခဲ့ကြသလို ဆင်ဆေးလိပ်ကုမ္ပဏီပိုင်ရှင် ဦးသောင်းနေအိမ်တွင် အရိုးတော်မှ ဓာတ်တော်လုံးကလေးများသို့ ပြောင်းလဲသွားခဲ့ရုံတင်မက ဓာတ်တော်ရောင်ခြည်တော်များသည်ပင်လျှင် ကွန့်မြူးခဲ့သည်ဟု သိရှိရပါသည်။ ဆရာတော်သည် ဝိပဿနာဂုဏ်ရောင်ကြောင့် မီးမခသော မျက်လုံးတော်အစုံကြွင်းကျန်နေခြင်း၊ ချိတ်ဆက်ဖြစ်နေသော လက်ဆစ်ရိုးတော်များကို တွေ့ရှိရခြင်း၊ အရိုးပိုင်းကလေးများတွင် ဓာတ်တော်လုံးကလေးများ အခိုင်လိုက်ရှိနေခြင်း၊ အရိုးတော် အသွေးတော်မှဖြစ်သော အရွယ်အစားအမျိုးမျိုးရှိသော၊ အရောင်အမျိုးမျိုးရှိသော ဓာတ်တော်များကျခြင်း၊ မီးမခသည့် ဆံတော်များ၊ သွားတော်၊ အံတော်များကို ထူးဆန်းအံ့ဩဖွယ်ရာ ဖူးမြင်ခွင့်ရကြလေတော့သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာကျမ်းကို ရေးသားပြုစုသည့် ဆရာတော်ကြီး ဦးယောသိတမှလည်း ဆရာ့အမွေကို ဆက်ခံလျက် နှစ်ပေါင်းသုံးဆယ်ခန့်မျှ ပရိယတ်သာသနာကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပြီး ပဋိပတ်သာသနာတော်ကို ဆက်လက်ကြိုးပမ်းတော်မူခဲ့ပါသည်။ ဆရာတော်ကြီး ၂၀၀၇ခုနှစ်တွင် ပျံလွန်တော်မူ၍ အခါ ဈာပနပြာချသည့်အခါ ဓာတ်တော်များကျခဲ့သည်သာမက မျက်လုံးတော်အစုံ မီးမခခြင်း၊ အရိုးချိတ်ဆက်တော်များ ဖူးမြင်ရခြင်း စသည်ဖြင့် ရဟန္တာအရှင်သူမြတ်ကြီး၏ဝိပဿနာဂုဏ်ရောင်ကို စာရေးသူအနေဖြင့် ဖူးတွေ့ခွင့်ကြုံခဲ့ပါသည်။ သဲအင်းဂူဆရာတော်ဘုရားကြီး အရှင်ဦးဥက္ကဋ္ဌ ပျံလွန်တော်မူသည့်အခါတွင်လည်း မျက်ရှင်တော်တစ်စုံနှင့် အံတော်မြတ်တို့ကိုလည်း ယနေ့တိုင် ဖူးမြော်နိုင်ကြပါသည်။

စာရေးသူတို့၏ သံတွဲမြို့တွင်လည်း ဇလွန်ရွာဆရာတော် ဦးသုဇာတနှင့် ညောင်ဝိုင်းဆရာတော်ဘုရားကြီး ဦးကေတုတို့မှာ ရဟန္တာအရှင်သူမြတ်များအဖြစ် စာရေးသူအနေဖြင့် ကိုယ်တွေ့ ရဟန္တာအရှင်သူမြတ်များအဖြစ် ဖူးတွေ့ခဲ့ရပါသည်။ ဇလွန်ဆရာတော်ကြီးမှာ နှစ်ပေါင်း (၃၀) ကြာသော်လည်း ချို့ယွင်းပျက်စီး တစ်စုံတစ်ရာမရှိဘဲနှင့် ၂၀၁၃ ခုနှစ်မှ စတင်၍ ယနေ့တိုင် ရွှေမှန်ရွှေမှား ဓာတ်တော်မှုန့်လေးများကျလျက်ရှိနေသည်ကို ၂၀၁၄ ခုနှစ်၊ မေလတွင် စာရေးသူကိုယ်တိုင် ဖူးမြင်ခဲ့ရပါသည်။

ပုထုဇဉ်တို့ သေလွန်ကြသည့်အခါ ကိလေသာထူပြော၍ ခန္ဓာပုပ်ပျက်ကြသော်လည်း ရဟန္တာများပရိနိဗ္ဗာန်ပြုကြသည့်အခါ ဝိပဿနာတရားဂုဏ်ရောင်ကြောင့် မပုပ်မသိုးဘဲ၊ ခန္ဓာမပျက်မယွင်းဘဲ တည်ရှိနေကြခြင်း ဖြစ်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလအရှင်သူမြတ်က မိန့်ကြားရာတွင် -

"အရိုး၊ အသွေး၊ အသားက ဓာတ်တော်ဖြစ်တယ်ဆိုတာ အမေမွေးကတည်းကဖြစ်လာတာမဟုတ်ဘူး။ တရားကို အားထုတ်လို့ တရားက ပြုပြင်သောကြောင့် တရားသဘောအရ ခန္ဓာတော်မပုပ်မသိုးမပျက်မယွင်းခြင်း၊ ဓာတ်တော်ကျခြင်းတို့ ဖြစ်လာရတယ်လို့ မှတ်ကြပါ"

ဟု မိန့်ကြားတော်မူခဲ့လေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက-

"အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်ကြရမယ်။ တဏှာကိုလည်း အလောဘဖြစ်အောင်လုပ်ကြရမယ်။ အဝိဇ္ဇာနဲ့ တဏှာချုပ်အောင် ခန္ဓာထဲဉာဏ်နဲ့ကြည့်ကြရမယ်။ ရုပ်၊ နာမ်နှစ်ပါး၊ ခန္ဓာငါးပါး ဖြစ်ပျက်တွေ ဖောက်ပြန်ပျက်စီးနေမှန်းသိလာပြီး လောဘက အလောဘဖြစ်လာမယ်။ အဝိဇ္ဇာနဲ့ တဏှာချုပ်ရင် အရိုးက ဓာတ်တော်တွေဖြစ်လာတော့တယ်။ တရားကလုပ်လို့ ဓာတ်တော်ဖြစ်လာရတာပဲ"

ဟု ရှင်းရှင်းကြီး မိန့်မှာတော်မူသွားလေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာနေတစ်ဆူလတစ်နွန်း ထွန်းတောက်နေသည့် မြန်မာပြည်ဝယ် ဝိပဿနာတရားဂုဏ်ရောင်ကြောင့် ရဟန္တာအရှင်သူမြတ်များ ဓာတ်တော်ဖြစ်တည်ကြကြောင်း လေ့လာ မှတ်သား ရေးသားပူဇော်လိုက်ရပါတော့သည်။

ရွှေချိုအောင် (ပေလဲ)

မှီငြမ်းကိုးကား -

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ
၂။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (မမွာစရိယဦးဌေးလှိုင်)
၃။ ဆရာတော်ဦးယောသိတဈာပန မှတ်တမ်း VCD အခွေ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ နေထိုင်ကြသော လူ့လောကကြီးသည် အလွန်ရှုပ်ထွေး ပွေလီပြီး နေရာတိုင်းအံ့မခန်းဆန်းကြယ်လှပေသည်။

ခေတ်မီတိုးတက်သောနောက်ဆုံးပေါ် စမ်းသပ်နည်းများနှင့် စမ်းသပ်၍မရနိုင်သော အဖြစ်အပျက် အကြောင်းအရာများ ဒုနှင့်ဒေးရှိနေကြပါသည်။ ထိုနည်းပေါင်းစုံထဲမှ အထူးခြားဆုံးမှာ လောကီဂမ္ဘီရပညာသည် အလွန်သိမ်မွေ့နက်နဲပြီး ထူးဆန်းအံ့ဩဖွယ်ရာကောင်းလှပေသည်။

# ပြည်စိုး (စစ်ကိုင်း)

# ဝိညာဉ်အငြိုး



ဂမ္ဘီရပညာသည် စုန်း၊ ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မှောက်လုံး၊ မှောက်ပြား၊ စုန်းတိုက်၊ နတ်တိုက်၊ ပုဏ္ဏကတိုက်၊ ပရလောက၊ နာနာဘာဝ၊ ပယောဂ၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာနှင့် မှင်စာ စသည့် လောကီဂမ္ဘီရပညာဆိုသော နည်းမျိုးပေါင်းစုံအဖုံဖုံသည် ပြောလို့မယုံ ကြုံမှသိ ကြောက်စရာအတိ တကယ်ရှိသည်။

ထိုအမျိုးမျိုးများထဲမှ နွေရာသီကျောင်းပိတ်ရက်မှာ အလည်ရောက်ခဲ့သော မြင်းမူမြို့နယ်အရှေ့ပိုင်း မူးမြစ်ကမ်းအနီး ရွာကြီးတစ်ရွာမှ ကျွန်ုပ်၏ ဘကြီး (အဖေကြီးနှင့် ညီအစ်ကိုရင်း) ဦးဘစံ၏ အတွေ့အကြုံကို တင်ပြပါရစေ။

ဘကြီးဦးဘစံသည် ငယ်ရွယ်စဉ်အချိန်က သန်မာထွားကျိုင်းပြီး မျက်စိလည်းလျင်၊ နားလည်းပါးကာ အလွန်လျင်မြန်သွက်လက်သည့်သူ ဖြစ်သည်။ ဘယ်လောက် သန်မာသွက်လက်သလဲဆို တောထဲက ယုန်ကို တုတ်ချောင်းနှင့် ရအောင်ပစ်နိုင်သူပါဗျာ။ ညနေတိုင်းအရက်သောက်ပြီး သောက်သော်လည်း ဆူပူရမ်းကားလေ့မရှိပါ။ အေးဆေးပါသည်။

တစ်နေ့ အဘစံ အရက်အနည်းငယ်မူးနေချိန် သူ့အိမ်ဝင်းထဲလှန်းထားသော နှမ်းများကို ယက်စားသောက်နေသော ကြက်ဖကြီးတစ်ကောင်ကို စိတ်ဆိုးသဖြင့် တုတ်နှင့်ပစ်လိုက်ရာ ကြက်ဖကြီး နေရာတွင် သေဆုံးသွားပါသည်။ အဘစံသည် ကြက်ကြီးကိုချက်ပြီး အရက်နှင့်အမြည်းလုပ်သောက်လိုက်သည်။

ထိုကြက်ဖကြီးပိုင်ရှင်မှာ အဘစံအိမ်နှင့် သုံး၊ လေးအိမ်ကျော်မှ မုဆိုးမကြီး ဒေါ်ဖွားမြ၏ကြက် ဖြစ်နေသည်။ အသက် (၇၀) ကျော် ဒေါ်ဖွားမြကို တစ်ရွာလုံးက ကြောက်လန့်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖွားမြသည် အလွန်ကြောက်စရာ ကောင်းသော ရုပ်လက္ခဏာနှင့် ပြည့်စုံသည်။ ရွာထဲမှ ကလေးများ ဒေါ်ဖွားမြကိုတွေ့ပါက ပြေးကြတော့သည်။ အဲသည်လောက် ရုပ်ဆိုးပါသည်။ မျက်နှာထက် သူ၏အတတ်ပညာကို ပို၍ကြောက်ရွံ့ကြပါသည်။

ထို့အတူပင် အဘစံကိုလည်း အရက်သောက်သမားလည်းဖြစ်၊ စကားလည်းနည်းကာ စိတ်လည်းဆတ်တော့ တစ်ရွာလုံးကလန့်ကြပါသည်။

ဒေါ်ဖွားမြ သူကြက်ဖကြီးပျောက်သွားတော့ ဒေါသအမျက်အတော်ထွက်နေသည်။ ပညာစွမ်းပြရန် စိုင်းပြင်းနေသည်။ သူကြက်သွားနေကျနေရာကိုလည်းသိသည်။ အဘစံလက်ချက်မှန်းလည်း သိသည်။

ဒါပေမယ့် အဘစံကိုလည်း မမေးရဲ။ နဂိုကမှ ပညာမာနနှင့်နေသည့် ဒေါ်ဖွားမြတစ်ယောက် ယခုတော့ နှပ်ပစ်ခံရလေခြင်း၊ စိတ်ထဲမှာ ဒေါသူပုန်ထနေတော့သည်။ 'ပျံလေတဲ့ ငှက်ခါးနားကာမှသိမည်' ဆိုသည့် စကားလို စိတ်ထဲမှ အခွင့်အခါကိုစောင့်နေသည်။

အဘစံတစ်ယောက်ကတော့ဖြင့် မေ့မေ့ပျောက်ပျောက် သောက်လိုက်စားလိုက် သူ့အလုပ်သူလုပ် ဘာမှသတိမရ နေရိုးနေစဉ်ပါပဲ။

❐

လယ်ယာလုပ်ငန်းသိမ်းပြီးသောအခါ အရပ်ဒေသဓလေ့ထုံးစံအတိုင်း မိမိတို့မြေနုကျွန်းပေါ် ထွက်သော ပဲဆီ၊ နှမ်းဆီ၊ ပဲဖတ်၊ နှမ်းဖတ်များကို လှည်းပေါ်တင်ပြီး ရွှေဘိုမြို့နယ်သို့ ဆန်,



www.burmeseclassic.com

www.burmeseclassic.com

ကောက်ညှင်းထွက်သောဒေသသို့ ဆန်၊ ကောက်ညှင်းနှင့်လဲလှယ်ရန် အုပ်စုဖွဲ့ပြီး နှစ်စဉ်သွားလေ့ရှိကြပါသည်။

ကိုယ့်အုပ်စုနှင့်ကိုယ်သွားလေ့ရှိကြပါသည်။ အဘစံတို့ကလည်း နေ့ကောင်းရက်သာများရွေးပြီး အဘစံနှင့် ဒေါ်အေး ဇနီးမောင်နှံတို့ တစ်လှည်း၊ ဦးစိန်၊ ဒေါ်ခင်ထွေးတို့က တစ်လှည်း၊ ဦးလှမောင်၊ဒေါ်စောခင်တို့ကတစ်လှည်း ပေါင်း လှည်း (၃) စီး ရွှေဘိုမြို့နယ်သို့ ထွက်ခဲ့ကြပါသည်။

လှည်း (၃) စီး ရွာကထွက်ခဲ့ပြီး အဘစံလှည်းက နောက်ဆုံးလှည်း။ အဘစံအချစ်တော် ခွေးကြီးကျားမောင် ကလည်း လှည်းနောက်မှလိုက်ခဲ့သည်။ လမ်းတစ်လျှောက်လုံး ကျားမောင်သည် နောက်ကို မကြာခဏလှည့်ပြီး သွားဖြဲလိုက်၊ မာန်ဖီလိုက်လုပ်လာသည်ကို အဘစံတို့ဇနီးမောင်နှံက သတိမထားမိပေ။

နေ့မွန်းတည့်သောအခါ လှည်း (၃) စီး အရိပ်ကောင်းသော သစ်ပင်ရိပ်အောက်မှာ ရပ်နားပြီး လှည်းပေါ်မှာပင် နံနက်စာကို စားသောက်ကြပါသည်။ ကိုယ့်ပါလာသော ထမင်းထုပ်များဖြေစားနေစဉ် ခွေးကြီးကျားမောင် လှည်းအောက်က ထမင်းစားနေတာကို မော့ကြည့်နေရင်း နောက်လှည့်ပြီး သွားဖြဲ မာန်ဖီလိုက်၊ လှည်းပေါ်မော့ကြည့်ပြီး စောင်နေလိုက်လုပ်သောအခါ -

"ဟဲ့-ကျားမောင်၊ နင်တစ်ကောင်တည်းပါကွ။ ဘယ်သူမှမရှိပါဘူး။ နင့်ကို ကျွေးမှာပါ ငါ့သားကြီးရ"

အဘစံတစ်ယောက် ဆိုလိုက်ပြောလိုက်နှင့် ထမင်းစားသောက်ပြီး ကျန်သော ထမင်းခဲကို ကျားမောင်အားပစ်ကျွေးကာ လှည်းမောင်းထွက်ခဲ့ကြပါသည်။ ကျားမောင်မှာ မာန်ဖီလိုက်၊ နောက်နှင့် ဘေးကိုရန်လုပ်လိုက်၊ ထမင်းခဲကိုစားလိုက်နှင့် နေရစ်ခဲ့ပြီး စားပြီးမှ လှည်းနောက်ပြေးလိုက်လာတော့သည်။

လှည်း(၃)စီး တစ်နေကုန်မောင်းလာခဲ့ပြီး နေဝင်မိုးချုပ်တော့မှ ရှေ့ကို ခရီးမဆက်နိုင်ဘဲ နီးရာ ဇီးကုန်းရွာသို့ ဝင်ခဲ့ပြီး ရွာဦးဘုန်းကြီးကျောင်းထဲသို့ မောင်းဝင်ခဲ့ကြပါသည်။

လှည်းတွေချွတ်ပြီး ဦးလှမောင်တို့ ဇနီးမောင်နှံနှင့် ဦးစိန်ဇနီးမောင်နှံတို့ ကျောင်းပေါ်သို့တက်သွားနှင့်ကြသည်။ နောက် ဘုန်းကြီးကို တည်းခိုခွင့်တောင်းကြပါသည်။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ ခရီးသွားတွေပါ။ တစ်ညတာတည်း ခိုခွင့်ပြုပါဘုရား"

"ရပါတယ်၊ တည်းခိုကြပေါ့။ ဘယ်အရပ်ကလာကြတာလဲ"

"မြင်းမူမြို့နယ် မြေနုကျွန်းပေါ်က ပါ ဘုရား"

"လှည်းဘယ်နှစီးလဲ ဒကာကြီး"

"လှည်း (၃) စီးပါ ဘုရား။ တစ်စီး ကအောက်မှာ ဆရာတော့်ဆီလာပါလိမ့်မယ်ဘုရား"

မကြာပါချေ၊ အဘစံတို့ ဇနီးမောင်နှံကျောင်းပေါ်တက်လာပြီး ဆရာတော်ကို ကန်တော့ကြပါသည်။

"ဒကာကြီးတို့က ဘယ်နှယောက်လဲ"

"ဇနီးမောင်နှံနှစ်ယောက်တည်းပါ ဘုရား"

"ဒကာကြီးတို့ နှစ်ယောက်မကဘူး၊ သုံးယောက်။ ကျောင်းလှေကားမှာ တစ်ယောက်ရပ်နေရစ်တယ်"

"နှစ်ယောက်တည်းပါ ဘုရား။ ဆရာတော်မျက်စိမှားလို့နေမှာပါဘုရား"

"ဒကာကြီးတို့နောက်မှာပါတဲ့တစ်ယောက်က လူစင်စစ်မဟုတ်ဘူး။ ပရလောကသား နာနာဘာဝ မိန်းမကြီး တစ်ယောက်ပဲ"

ဆရာတော့်စကားကြားသည့်လူတစ်စုမှာ အံ့သြခြင်း၊ ကြောက်လန့်ခြင်းများဖြစ်ကုန်ကြပါသည်။ အဘစံတစ်ယောက်ကတော့ အသောက်အစားသမားဆိုတော့ ပြုံးပြီး ဆရာတော်ကို ကြည့်နေသည်။

"ဒကာကြီးကြည့်ရတာ ဘုန်းကြီးပြောတာ ယုံကြည်မှုမရှိဘူးနဲ့တူတယ်"

"ကဲကဲ - ဘုန်းကြီးက လက်တွေ့ပြရမှာပေါ့လေ"

ဆိုပြီး ဆရာတော်သည် မျက်စိမှိတ်ပြီး နှုတ်မှ ဘာတွေဆိုမှန်းမသိဘဲ ကျောင်းလှေကားအတက်ကို လက်ညှိုးနှင့် သုံးခါထိုးလိုက်သည်။

မကြာပါချေ။ အားလုံးထိုင်နေသူများထဲမှ ဒေါ်ခင်ထွေးက မျက်လုံးတွေပြူးကျယ်လာပြီး လူတစ်ကိုယ်လုံးလည်း လှုပ်ပြီး ဒေါသထွက်သောမျက်နှာထားနှင့် အဘစံကို စိုက်ကြည့်နေပါသည်။

"နင်ဘယ်သူလဲ"

ဆရာတော်က မေးတော့သည်။

ဘာမှမပြောဘဲ အဘစံကိုသာ စိုက်ကြည့်နေသည်။

"ကဲ - မပြောချင်လည်း ပြောအောင်လုပ်ရတာပေါ့"

ပြောပြောဆိုဆို ဆရာတော်သည် အနောက်မှာရှိသော ခုတင်ပေါ်မှ နှစ်တောင်ခန့်ရှိ ကြိမ်ကွင်းဖြူဖြူလေးတို ဆွဲယူလိုက်ပြီး -

"ကဲ - မေးနေတာ ပြောမလား မပြောဘူးလား"

"ပြောပါ့မယ်၊ မချုပ်ပါနဲ့ ဘုရား"

"ဒါဖြင့်ဘယ်ကလိုက်လာတာလဲ"

"ရွာကလိုက်လာတာပါ ဘုရား"

"နင်ဘယ်သူလဲ"

"တပည့်တော် ဖွားမြပါ ဘုရား ဘစံကို မကျေနပ်လို့ အသေသတ်မလို့ အခွင့်စောင့်နေတာကြာလှပါပြီ"

"ဘာလို့ သူများအသက်ကို သတ်ချင်ရတာလဲ"

အဘစံမျက်နှာကို စားမတတ် ဝါးမတတ်ကြည့်ပြီး -

"သူ တပည့်တော်မရဲ့ ကြက်ဖကြီးကို သတ်စားလို့ပါ။ မကျေနပ်လို့ပါ။ သူ့ကို လက်စားချေမလို့ပါ။ စောင့်နေတာ ကြာပါပြီ။ သူ ကံကောင်းနေလို့ မလုပ်နိုင်တာပါ"

"နင်အခုလိုဘဝဆိုးကြီးရောက်နေတာဟာ အရင်ဘဝကလည်း ကောင်းမှု ကုသိုလ်မလုပ်ခဲ့ဘူး။ အခုဘဝလည်း အကုသိုလ်အလုပ်ကိုလုပ်နေပြန်ပြီ။ ဒီလို လုပ်နေလို့တော့ ကောင်းတဲ့ဘုံဘဝကို မရောက်ဘူး။ နောက်တစ်ဖန် ငရဲကိုလား ရမယ်။ မကောင်းတဲ့အကုသိုလ်အလုပ် တွေရပ်တော့။ ဒီဘဝကလွတ်အောင် ကောင်းတဲ့ဘဝရောက်အောင် ကုသိုလ် လုပ်ပေးပြီး အမျှဝေပေးမယ်၊ သာဓုခေါ် ပါ။ အဲဒီတော့ ငါ့စကား နားထောင် မလား၊ မထောင်ဘူးလား မှန်မှန်ပြော စမ်း"

"နားထောင်ပါ့မယ်ဘုရား"

"ကောင်းပြီ၊ ဒီလိုဆို နောက်ထပ် ဒီလူပေါ်ကိုလည်း အနှောင့်အယှက် မပေးပါဘူးကတိပြုပါ၊ ကတိပေးပါ။ သူ့ အပေါ်တင်မကဘူး။ သူ့အိမ်သားတွေ ရွာသူရွာသားတွေကို အန္တရာယ်မပေး ဘူးလို့ ကတိပြုပါ၊ ကြားလား"

"ကြားပါတယ် ဘုရား"

"ရော့ - ဒါကိုသောက်လိုက်"

ဆရာတော်ပေးတဲ့ရေကို သောက် လိုက်ပါသည်။

"နင် နေရပ်ပြန်တော့၊ တို့ကုသိုလ် လုပ်ပေးမယ်။ သာဓုခေါ်တော့"

"ပြန်ပါ့မယ် ဘုရား"

ပရလောကသား ပြိတ္တာမထွက်



www.burmeseclassic.com

www.burmeseclassic.com

# ဗောက်ကင်းစင်၍ ဆံကေသာနက်မှောင်သန့်စွမ်းလိုသော်

## စနေသား(မြောင်းမြ)

ဗောက်ကင်းစင်၍ ဆံကေသာ နက်မှောင်သန့်စွမ်းစေသောဆေးနည်းကို ထောင်မှတ်ဘဲရရှိသဖြင့် စာဖတ်သူများ ...ကြည့်ပါက အကျိုးများစွာရရှိစေလို သောဆန္ဒဖြင့် ရေးသား ဖော်ပြလိုက်ပါ သည်။

စာရေးသူသည် ဝန်ထမ်းတစ်ဦး ဖြစ်သဖြင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက် များတွင် ဇနီးဖြစ်သူအား မနက်ပိုင်း ...လွတ်ဈေးသို့ လိုက်လံပို့ဆောင်ပြီး ဇနီးဖြစ်သူ ဈေးဝယ်နေစဉ် ဈေးရှေ့ရှိ လက်ဖက်ရည်ဆိုင်ထိုင်၍ လက်ဖက်ရည် သောက်ရင်း ဇနီးဖြစ်သူ ဈေးဝယ် ပြီးသည်ကို စောင့်ဆိုင်းလေ့ရှိပါသည်။

ရုံးပိတ်ရက်တစ်နေ့ ဇနီးဖြစ်သူ အား ဈေးပို့ပြီးလက်ဖက်ရည်ဆိုင်ထိုင် နေစဉ် စာရေးသူနှင့် အလွန်ခင်မင်ရင်း ...မတွေ့သည်မှာ အလွန်ကြာနေ ...သော အစ်မကြီးအား တွေ့လိုက် ...ဖြင့် စာရေးသူမှာ လွန်စွာအံ့သြသွား ...သည်။ ယခင်က ဆံပင်မှာ သန်စွမ်းမှု မရှိ ကုပ်ဝဲဆံပင်သာရှိသူက ယခုမြင် လိုက်ရသည်မှာ ဆံပင်တွေသန်ပြီးနက် မှောင်ကာ ဖြန့်ထားသည့်ဆံပင်က တင် ပါးနားရောက်နေသဖြင့် စာရေးသူမှ -

"ဟာ - အစ်မကြီး၊ ဆံပင်တွေက ရှည်ပြီးနက်မှောင်နေတာပဲ။ ကျွန်တော် က အစ်မကြီးဟုတ်မှဟုတ်ရဲ့လားလို့ မနည်းကြည့်ရတယ်။ အစ်မကြီးဘာ ဆေးနည်းကောင်းတွေသုံးလို့ ဒီလောက် ဆံပင်တွေကောင်းရတာလဲ"

ဟု စာရေးသူမှပြောလိုက်ရာ -

"နင်သိချင်တာတွေကို လက်ဖက် ရည်သောက်ရင်းပြောပြမယ်"

ဟုဆိုကာ လက်ဖက်ရည်ဆိုင်သို့ ဝင်လာသဖြင့် စာရေးသူမှလက်ဖက်ရည် မှာပေးလိုက်ပါသည်။

စာရေးသူတို့နှစ်ယောက် လက် ဖက်ရည်သောက်ရင်း အစ်မကြီး ဒေါ်သန်းသန်းအေးမှ ဗောက်ပျောက်၍ ၎င်း၏ဆံပင်များ နက်မှောင်သန့်စွမ်းရ သည့်ဆေးနည်းကို ပြောပြသဖြင့် စာရေး သူမှ မဂ္ဂဇင်းတွင် ဖော်ပြခွင့်တောင်းရာ ခွင့်ပြုသဖြင့် စာဖတ်သူများလည်း ငွေ အကုန်အကျ သံက်သက်သာသာဖြင့် သုံးစွဲနိုင်ရန်အတွက် စိတ်စေတနာ ကောင်းဖြင့် ဖော်ပြလိုက်ပါသည်။

ဆေးနည်းမှာ -

ကင်ပွန်းသီး (၅) တောင့်၊ (၆) တောင့်၊ ရှောက်သီးတစ်လုံး၏ (၈)ပုံ(၁) ပုံ၊ ခရမ်းချဉ်သီး (၂) လုံးတို့အား ရေဖြင့် ပြုတ်ပါ။ ဆူလာပါက ထောလပတ် ရွက် လက်တစ်ဆုပ်ခန့်အား ထည့်ပါ။ တစ်အောင့်ကြာလျှင် မီးဖိုမှချ၍အအေး ခံပါ။ ၎င်းနောက် ပိတ်ပါးဖြင့် ရေစစ်ပြီး စစ်၍ရသောရေဖြင့် ခေါင်းလျှော်ရန် ဖြစ် ပါသည်။ တစ်ပတ်လျှင် တစ်ကြိမ် လျှော် ရပါမည်။ သုံးလခန့်မပျက်မကွက်ပြုလုပ် ပါက ဗောက်ကင်းစင်၍ နက်မှောင်သန့် စွမ်းသော ဆံကေသာအလှပိုင်ရှင်များ ဖြစ်လာပါမည်။

စနေသား (မြောင်းမြ)

---

...တော့သည်။ ဝင်ရောက်အပူးခံရ သော အမျိုးသမီးကြီးမှာ အနားလူတွေ ...ဘာဖြစ်တာလဲဟုမေးရတော့သည်။

"ဘယ့်နှယ် ဒကာကြီး၊ အားလုံး ...မို့လား"

"သိပါပြီ ဘုရား။ တပည့်တော်တို့ ...နားကပါ ဘုရား။ တစ်ရွာလုံးက ...ညာတတ်မှန်းသိလို့ ကြောက်ကြပါ ...ယ် ဘုရား။ တပည့်တော်လုပ်မိတာက ...နှစ်နီးပါးရှိပါပြီဘုရား။ တပည့်တော် ...တောင်မေ့နေပါပြီဘုရား"

"ဒါပေါ့ ဒကာကြီး။ ဒကာကြီး ...ရောက်ရင် တတ်နိုင်သလောက် ...လုပ်ပြီး ကတိအတိုင်း အမျှပေးဝေ ...ပါနော်"

"လုပ်ပါ့မယ်ဘုရား။ ဆရာတော် ...လည်း ကျေးဇူးမမေ့ပါဘူး ဘုရား။ ...ချရအောင်လည်း လုပ်ပေးပါဦး ဘုရား"

"စိတ်ချရအောင် ဘုန်းကြီးဆေး လည်းတိုက်လိုက်မယ်။ အဆောင်လက် ဖွဲ့လည်းပေးလိုက်ပါ့မယ်"

"မှန်ပါ့ဘုရား။ ဆရာတော့်ကျေးဇူး တစ်သက်မမေ့ပါဘူး ဘုရား"

"ဒကာကြီးသောက်တတ်စားတတ် တယ်မို့လား"

"အနည်းငယ်ပါဘုရား"

"အသောက်အစားတွေကြောင့် အမှားတွေ့ခဲ့ပြီး ကုသိုလ်ကံထောက်လို့ အသက်ရှည်ခဲ့တာ။ အသောက်အစား ဖြတ်နိုင်ပါ့မလား"

"မှန်ပါ့ ဘုရား၊ ဖြတ်နိုင်ပါတယ် ဘုရား"

"တကယ်ဖြတ်နိုင်မှနော်"

"ဖြတ်နိုင်ပါတယ် ဘုရား"

"ကဲ - ဒီလိုဆို ဘုန်းကြီးဖြဲ့ပေး လိုက်မယ်"

"ဖြတ်ပါ့မယ်ဘုရား"

"ဖြတ်ပြီးရင် ရတနာသုံးပါး၊ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ ဂုဏ်တော်တွေကို အချိန်ရတိုင်းရွတ်ဖတ် သရဇ္ဈာယ်ရင် အကောင်းဆုံးပေါ့ဗျာ။ ဘုရားအလုပ်၊ တရားအလုပ်ကိုလုပ်တဲ့ သူဟာ လူ၊ နတ်ချစ်ခင့်ရုံမကဘူး။ မမြင် အပ်၊ မြင်အပ်တဲ့ပုဂ္ဂိုလ်ထူးတွေကလည်း စောင့်ရှောက်တာကိုခံရပါတယ်။

ကဲ၊ ကဲ - ဆရာတော်လည်းပြော ခဲ့ပြီ။ သင့်တော်သလို နေကြထိုင်ကြပါ တော့"

"မှန်လှပါ ဘုရား"

"သာဓု၊သာဓု၊သာဓု၊ လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်းပြည့်စုံကြစေဗျာ"

ပြည်စိုး (စစ်ကိုင်း)



www.burmeseclassic.com

www.burmeseclassic.com



# ကျော်ဝင်း

(ရန်ကုန်တက္ကသိုလ်)

# ရာဇဝင်ထဲက အနောက်ပွဲတက်အခမ်းအနား

အနောက်ပွဲတက် ဆိုသည်မှာ မြန်မာမင်းတို့၏ နန်းတော်တိုင်းတွင် အနောက်စမုခ်နှင့် တစ်ဆက်တည်း ရှိသော သုံးထပ်ဇေတဝန်ဆောင်ကို အနောက်ပွဲတက်ဆောင်ဟု ခေါ် ဆိုခြင်း ဖြစ်သည်ဟု မှတ်သားရပါသည်။ ထို အဆောင်တွင် သီတင်းကျွတ်သောအခါ မင်းမိန်းမတို့ ကန်တော့ပွဲတက်ရသဖြင့် ပွဲတက်ဆောင်ဟု ခေါ် ဆိုသည်။ လူအမြဲ နေသောအဆောင် မဟုတ်ပေ။ ယင်း အဆောင်တွင် ပဒုမာသနရာဇပလ္လင် တော်ရှိသည်။ ယင်းပလ္လင်တော်တွင် မင်း ကေရာဇ်နှင့် မိဖုရားခေါင်ကြီးနှစ်ပါးအတူ စံတော်မူ ကန်တော့ခံရမြဲ ဖြစ်သည်။

အနောက်ပွဲတက်အခမ်းအနားသို့ အရာရှိမှူးတော်မတ်တော်၏ ကတော် နှင့်မယားများ၊ အခမ်းအနားပါဝင်သူတို့ သာ တက်ရောက် ပူဇော်ကန်တော့ရမြဲ ဖြစ်သည်။ ကန်တော့ပွဲတက်သောအခါ ရာထူးအဆင့်အတန်းအလိုက် နေရာများ ကို တင်ကြိုပြင်ဆင်သတ်မှတ်ပိုင်းခြား၍ အတိအကျ ပြုလုပ်နေရာချထားရသည်။ ပွဲတက်အခမ်းအနားအထုံးအမြိတ်အဆင် တန်ဆာများမှာ အမိန့်တော်နှင့် မိမိတို့ ရရှိထားသော အထုံးအမြိတ်အဆင် တန်ဆာကိုသာ ဝတ်ဆင်၍ ဝတ်ရိုး ထုံးစံအတိုင်း လိုက်နာရသည်။ အပို အလိုမရှိ အတိအကျ လိုက်နာရသည်။ ကန်တော့လက်ဆောင်များနှင့် တက် ရောက်ရသည်။ ယင်းအခမ်းအနားသည် အမျိုးသမီးလောကတွင် အလွန်ဂုဏ်ယူ ရသောအခမ်းအနားဖြစ်ကြောင်း သိရှိရ သည်။

**ဘကြီးတော်မင်းလက်ထက် အနောက်ပွဲ တက်အခမ်းအနား**

ဘကြီးတော်(စစ်ကိုင်းမင်း)သည် သက္ကရာဇ် ၁၁၈၁ ခု၊ နယုန်လဆန်း ၁၅ ရက်၊ တနင်္လာနေ့တွင် ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသည်။

ထိုနှစ် တန်ဆောင်းမုန်းလပြည့် ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ ကောင်းမြတ် သော မင်္ဂလာအခါတော်တွင် ပြာသာ[...] တော်ကြီးအတွင်း သီဟာသနရာဇပလ္လ[...] တော်ထက် အရှင်မိဖုရားခေါင်ကြီးဘုရား[...] နှင့်တကွ စံပယ်တော်မူသည်။ ထို့နောက် မင်္ဂလာဥကင်သဖွင့်တော်မူ၍ သီရိပဝ[...] သုဓမ္မမဟာရာဇမိရာဇာဟူသော တံဆိပ်[...] နာမံတော်ကိုခံတော်မူသည်။

အရှင်မိဖုရားခေါင်ကြီးဘုရားလည်း[...] သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေ[...] တံဆိပ်နာမံတော်ကိုခံတော်မူသည်။ မင်း[...] မိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မ[...] တော်တို့ကိုလည်း ဘွဲ့အမည်အရ[...] အဆောင်အရွက် ချီးမြှင့်သနားတော်[...] မူသည်။ ယင်းလပြည့်ကျော် ၉ ရက်[...] ဗုဒ္ဓဟူးနေ့တွင် ရွှေလွှတ်တော်ဇေတဝ[...] ဆောင် သီဟာသနရာဇပလ္လင်တော်[...] သိမ်းတော်မူသည်။

နတ်တော်လဆန်း ၂. ရက်[...] ကြာသပတေးနေ့တွင် မိဖုရား၊ သား[...] တော်၊ ညီတော်၊ ဆွေတော်မျိုးတော်[...] တော်မတ်တော်၊ ဗိုလ်မှူး၊ တပ်မှူး[...] အင်္ဂါလေးပါးခြံရံလျက် အရှင်နှစ်[...] ရတနာ ရွှေဝေါတော်စီးတော်မူ၍ အ[...] မျက်နှာ ဦးနှိမ်တံခါးတော်ကထွက်[...] မူပြီးလျှင် ရွှေမြို့တော်ကို လယ်ယာ[...] လှည့်လည်သိမ်းတော်မူသည်။

၁၁၈၂ ခု၊ ဝါဆိုလပြည့်ကျော်[...] ၁ ရက်နေ့တွင် အရှင်နှစ်ပါးတို့သ[...] သီဟာသနရာဇပလ္လင်တော်ထက် စံ[...] တော်မူပြီးလျှင် ပါဝင်ကန်တော့ခံတော်[...] သည်။ ထိုနှစ် သီတင်းကျွတ်လပြ[...] ကျော် ၁ ရက်နေ့တွင် သီဟာသနရာ[...] ပလ္လင်တော်ထက် အရှင်နှစ်ပါးစံတော်[...] ပြီးလျှင် ဝါကျွတ်ကန်တော့သုံးရက်ခံတော်[...] မူသည်။နောက်တစ်ရက်ဆိုင်း၍ သီတ[...] ကျွတ်လပြည့်ကျော် ၅ ရက်[...] အနောက်ပွဲတော် ဇေတဝန်ဆောင်[...]



www.burmeseclassic.com

www.burmeseclassic.com

…တော် ပဒုမာသနရာဇပလ္လင်တော် … အရှင်နှစ်ပါးစံတော်မူ၍ အနောက် …တန်တော့ခံတော်မူသည်။

**…ကပ်ပွဲတက်အခမ်းအနားအစီအစဉ်**

အခမ်းအနားတွင် ဘုရင်မင်းမြတ် …မှုနိမကိုဋ်တော်၊ မဟာမဏိဒုရင် …ကို ဆင်ယင်တော်မူသည်။ …ယာတော်က သန်လျက်၊ လက်ဝဲ …က သားမြီးယပ်ကို စွဲကိုင်တော်မူ … မိဖုရားခေါင်ကြီးမှာ ရတနာဥဂ္ဂတ် … မဟာလတ္တာအဆင်တန်ဆာတော် …ဆင်တော်မူသည်။ နောက်တော် … အဆောင်ရမိဖုရားကြီး၊ မိဖုရားလတ်၊ …ငယ်၊ ကိုယ်လုပ်တော်၊ မြို့စားရွာ …မှာ အထိုက်အလျောက် သူကောင်း …သည်။ ဥဂ္ဂတ်တံဆိပ်တော်များကို …၍ နောက်တော်ကလိုက်ရသည်။

ခရေ့တော်က အတွင်းဝန်၊ သံတော် … ဗိုက်သံဆင့် ဖောင်း၊ နားတောင်း …၍ ယပ်စွဲလျက်လိုက်ရသည်။ ထို့ … လက်စွဲကြီး၊ လက်စွဲကလေး၊ …သံးတော်၊ လက်ဖက်ရည်တော်တို့ … မျဉ်းရှည်ဆင်၍အပ်ရင်း လက် …ကို စွဲကိုင်၍လိုက်ရသည်။ နန်းရ … အဆောင်ရဒေဝီခံ၊ မဟေသီခံ၊ … မင်းတပ်ခံ၊ မြို့စားရွာစား၊ မိဖုရား … အလတ်၊ အငယ်များမှာ သနား …မှတ်ခံရသည်။ မဟာလတ္တာ၊ ယဏ … မလ္လိကာ၊ ဥဂ္ဂတ်၊ ဂုံး၊ မြိတ်ရစ်၊ …ခံများကိုဆင်၍ နောက်တော်က …ရသည်။

အဆင်တန်ဆာမရသည့် အပျို …များမှာ စည်းပုံ၊ သိုရင်းဆင်၍လိုက် …၊ အနောက်ဝန်၊ အနောက်ဝန် … အတွင်းစေမိန်းမစိုးတို့မှာ နောက် …တ ကြပ်မတ်၍လိုက်ရသည်။ စား …တွမ်းရေကိုင်တို့မှာ ဖောင်း၊ နား …င်းနှင့် ဟသ်ာအုပ်ထွေးခံတော် …က်တော်ရေမှစ၍ အဆောင်တော် …င့်လိုက်ရသည်။

ပွဲတက်ဆောင်ရာဇပလ္လင်တော်မှာ …တော်ကို နေရာခင်း၊ နေရာရတို့က …သည်။ ပွဲတက်ဆောင်တော်အရှေ့ …တ မိဖုရားအဆောင်ရ၊ ဒေဝီမဟေ … မင်းတပ်ခံအမည်ရများကိုလည်း ဝဲ၊ …နေရာစဉ်အတိုင်း နေရာချနေရာ …သားတို့က ခင်းထားစေရသည်။

ဤကဲ့သို့ ဂုဏ်ရှိသော အခမ်း …ကို တက်ရောက်ပါဝင်နိုင်ရန် မှူး …မတ်တော်ကတော်မယားများမှာ အာသာတောင့်တအလွန်ရှိကြလေသည်။ အနောက်ပွဲတက်အခမ်းအနားသို့တက် ရောက်နိုင်ရေးတွင် မိမိတို့၏ခင်ပွန်းသည် အဓိကပင်ဖြစ်သည်။ မိမိခင်ပွန်းလက်ရုံး ရည်၊ နှလုံးရည် အမှုတော်ထမ်းဆောင်ပုံ ကောင်းမွန်မှသာ ရာထူးမြင့်နိုင်သည်။ မိမိခင်ပွန်းရာထူးမြင့်မှသာ မိမိလည်း ရာထူးမြင့်၍ အခမ်းအနားဝင်နိုင်မည် ဖြစ်သဖြင့် မိမိ၏ခင်ပွန်းကို ဇနီးသည် သည် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ် လှသည်။ မင်းဧကရာဇ်စရိုက်တော်နှင့် ဝင်ဆံ့နိုင်ရေး၊ အမှုထမ်းရည်ကောင်းမွန် ရေး ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ မတိမ်းစောင်းရေး၊ ကျန်းမာရေး၊ စိတ် နှလုံးပျော်ရွှင်ချမ်းမြေ့စေရေးတို့အတွက် ဇနီးသည်တို့ကိုယ်တိုင် စောင့်ရှောက်ဖို့ လိုအပ်ပေသည်။

အနောက်ပွဲတက်ပုံဆိုင်ရာကိစ္စ၌ မိဖုရားကြီးသည် အဓိကပင် ဖြစ်သည်။ စောစောကပင် ကြိုတင်၍နှစ်စဉ်ပြင်ဆင် ပြုလုပ်ရသည်။မိဖုရားကြီးသည် နန်းတွင်း ၌ရှိသော အနောက်ပိုင်းဆိုင်ရာကို ထိန်း သိမ်းကြပ်မတ်၍ အလွန်လည်း ကျွမ်း ကျင် သိမြင်ရသည်။ နန်းတော်မှအပ ဖြစ်သော အရာရှိမယားများလောကကို လည်း အလွန်နားလည်သိမြင်ရသည်။

အရာရှိတို့၏ ကတော်မယားတို့ သည် နန်းမတော်ထံသို့ မပြတ်ဝင်ထွက် ခစားရသည်။ အရေးကြီးသောမှူးတော် မတ်တော်တို့နှင့် ယင်းတို့၏အိမ်တွင်းရေး ရာများကို မင်းဧကရာဇ်နှင့် မိဖုရားခေါင် ကြီးတို့သည် ကောင်းစွာသိရှိပြီးဖြစ်နေ ကြရသည်။

နေရာပုံတော်နှင့် ပတ်သက်၍ ပုရပိုက်ပေါ်တွင် ပုံကြမ်းပြုလုပ်ပြီးလျှင် ဂဏန်းစဉ်အကွက်များကို ဝဲ၊ ယာပြုလုပ် ၍ထားရှိသည်။ ရှေ့သွယ်နောက်သွယ် ထားသင့်၊ မယားတန်း၊ ကတော်တန်း၊ ကတော်ကြီး၊ အမေးတော်ခံကတော်ကြီး ပြင် အိမ်တော်စံမင်းသမီးများ၊ နန်းတော် ပေါ်ရှိ မြောက်နန်း၊ အလယ်နန်း၊ အနောက်နန်း၊ တောင်ဆောင်တော်၊ မြောက်ဆောင်တော်၊ တောင်ရွှေရေး၊ မြောက်ရွှေရေး၊ သီးခြားအဆောင်ရ ဒေဝီစု၊ မဟေသီစု၊ ဝတီစု၊ သီရိခံ၊ မင်း တပ်ခံ ပိုင်းခြားထားကြောင်း သိရှိရ သည်။

မိဖုရားကြီးကဲ့သို့သောပုဂ္ဂိုလ် စီမံ မှသာ ပြီးမြောက်မည်ဖြစ်၍ နေရာတော် ပုံကို နှစ်စဉ် အသစ်လုပ်ဆောင်ရသည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း မိဖုရား ကြီးကိုယ်တော်တိုင် လုပ်ဆောင်ရသည်။ နေရာတော်ကို နှစ်စဉ်အသစ်လုပ်ဆောင် ရခြင်းမှာ ကွယ်လွန်ခြင်း၊ ရာထူးအ ပြောင်းအလဲဖြစ်ခြင်း၊ အဝေးနေရာသို့ ပြောင်းလဲခန့်ထားခြင်း၊ အရာကျခြင်း စသော အပြောင်းအလဲတို့ကြောင့် နှစ်စဉ် ပုံစံပြင်ရခြင်း ဖြစ်သည်။

ပုံစံလုပ်ရာတွင်လည်း အနောက် ရုံးအရာရှိများ၊ အချို့မိဖုရားများ၏အကူ အညီကိုယူ၍ မိဖုရားကြီးက ပြုလုပ်ခြင်း ဖြစ်သည်။ အကြိမ်ကြိမ်ပုံစံကို သုတ်သင် ရှင်းလင်းပြီးမှသာလျှင် ပန်းချီဌာနသို့ပို့၍ ပုံချောပြုလုပ်သည်။ ထို့နောက် ပုံချော ကို မိဖုရားကြီးအား ပြန်လည်ဆက်သပြီး ပုံကြမ်းနှင့်တိုက်ဆိုင်ကြည့်ရှုစစ်ဆေးခြင်း၊ မင်းဧကရာဇ်ကို ပြသတင်လျှောက်ခြင်း တို့ကိုပြုလုပ်ရသည်။ ထို့နောက် အတည် ပြုလုပ်လာသည့် ကန်တော့ခံအခမ်းအ နားမှာ ပုံစံအတိုင်း မချွတ်ယွင်းစေရန် အနောက်ဝန်ဆိုင်ရာက တာဝန်ယူပွဲ တက်မည့် ပြင်အိမ်တော်စံမင်းသမီးများ ၏ဝန်များ၊ ကတော်မယားတို့အိမ်များသို့ အဆင့်ဆင့် အကြောင်းကြားရသည်။ ပြင်အိမ်တော်စံမင်းသမီး ဆိုသည်မှာ လက်ထပ်ပြီးနောက် နန်းတော်ပေါ်တွင် နေခွင့်မရှိသဖြင့် အိမ်တော်များတွင် သီးခြားစံနေရသော မင်းသမီးများကို ဆိုလိုကြောင်း သိရှိရသည်။

အချုပ်ဆိုရသော် အနောက်ပွဲ တက်အခမ်းအနားသည် မြန်မာမင်းတို့ လက်ထက် နှစ်စဉ် ပြုလုပ်နေကျ နန်း ဓလေ့တစ်ခုဖြစ်ကြောင်း၊ အခမ်းအနား ကို စနစ်တကျလုပ်ဆောင်ကြောင်း၊ မင်း နှင့် မိဖုရားခေါင်ကြီးကို သီတင်းကျွတ် ကာလတွင် မှူးကြီးမတ်ကြီးကတော် မယားတို့ကန်တော့ရသောအခမ်းအနား ဖြစ်ကြောင်း၊ အခမ်းအနားသို့တက်ရောက် ရာတွင် သတ်မှတ်ထားသော နေရာ အလိုက် တက်ရောက်ရကြောင်းတို့ကို သိရှိခွင့်ရသဖြင့် တစ်ချိန်က မြန်မာမင်း တို့နန်းဓလေ့များကို ပြန်ပြောင်းသတိရ စေရန် တင်ပြလိုက်ပါသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**


၁။ အနောက်ပွဲတက်အခမ်းအနား အမှတ်ပုံစံစာတမ်း၊ ဝက်မစွတ် မင်းစာစု

၂။ အနောက်ပွဲတက်ပုံစံ(၃)မျိုး




www.burmeseclassic.com

www.burmeseclassic.com

## ပြည်တော်ဝင်
## အဘအောင်မင်းခေါင်အကြောင်း

ကုလားကျော်စိုးသည် တောင်လုံးလှတောင်တွင် ရသေ့ဝတ်ပြီး တရားကျင့်သည်။ ကိုကျော်ရှိန်နှင့် ကျွန်တော်က နေ့စဉ်လိုလို တောင်လုံးလှသို့ရောက်၏။ နေ့ဘက်တွင် ရုံးကိစ္စများဆောင်ရွက်ပြီး ညနေ ရုံးဆင်းချိန်မှစ၍ ဆိုင်ကယ်ဖြင့် ဇရပ်ကုန်းကိုဖြတ်၊ တောင်ဦးကိုဖြတ်ကျော်ပြီး တောင်လုံးလှသို့ ရောက်၏။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်သည်။

အဘအောင်မင်းခေါင်သည် စင်မြင့်နှင့် တောင်လုံးလှသို့ မကြာမကြာလာသည်။ စင်မြင့်တွင်သာသနာပြုစရာများ ပြုလုပ်ပေးသလို တောင်လုံးလှတွင်လည်း ဘုရားပြင်ခြင်း၊ ထီးတင်ခြင်း၊ ပြည်တော်ဝင်ဘုရားတည်ဆောက်ခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ အညာကို ရောက်လာလျှင် ဇရပ်ကုန်းဓာတ်ခန်းတွင် တည်းခိုနားနေသည်။ ဇရပ်ကုန်းမှ စင်မြင့်သို့ လည်းကောင်း၊ တောင်လုံးလှသို့ လည်းကောင်း ကြွလာသည်။ ညနေဘက် ဇရပ်ကုန်းသို့ ပြန်ကြွသည်။

ကျွန်ုပ်တို့အဖွဲ့သည် အဘ၏သားသမီးအရင်း စာရင်းဝင်များဖြစ်ကြသဖြင့် အမြဲထိတွေ့ဆက်ဆံရပါသည်။ တောင်လုံးလှသာသနာပြုလုပ်ငန်းများကို အစ၊ အဆုံး တာဝန်ယူပေးရလေသည်။ တောင်လုံးလှတွင် အဘနှင့် ဆုံတွေ့သောအခါ အဘနှင့် ဆရာတော်၏ပြောဆိုဆွေးနွေးမှုများကို မှတ်သားရပါသည်။ အဘနှင့် ရင်းရင်းနှီးနှီးရှိလာသောအခါ ကျွန်ုပ်သိချင်သော အကြောင်းအရာများကို မေးမြန်းခဲ့ပါသည်။

"အဘ လူပြည်လူ့ဌာနကို[illegible]
ပြန်ဝင်လာတာလဲခင်ဗျ"

"အေး - ပြောရတာပေါ့။ [illegible]
စကားကို ဝိဇ္ဇာတွေပြောရင် နား[illegible]
တယ်၊ သဘောပေါက်တယ်။ ဝိဇ္ဇာ[illegible]
ကို လူတွေပြောတော့ နားမလည်[illegible]
သဘောမပေါက်ဘူး။ ပုံပြင်လိုလို[illegible]
လိုဖြစ်သွားတတ်ကြတယ်။ လူတွေ[illegible]
လည်အောင်၊ သဘောပေါက်အော[illegible]
တော့ပြောမယ်"

"ဟုတ်ကဲ့ အဘ"

"ဝိဇ္ဇာဌာနီ ဝိဇ္ဇာမြို့ဆိုတာရှိ[illegible]
အလုံမြို့လို့လည်း ခေါ်တယ်။ ဝိဇ္ဇာ[illegible]
တဖြစ်သူတွေ၊ ဝိဇ္ဇာဖြစ်ပြီးသူတွေ [illegible]
မှာရှိကြတယ်။ တချို့လည်း လူ[illegible]





www.burmeseclassic.com

www.burmeseclassic.com

...နေမှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့နေကြတယ်။ ...ကတာ ဘိုးဘိုးအောင်၊ ဒါက ဘိုးတော် ...ပေါက်ဆိန်ဆိုပြီးတော့ ထင်ထင်ရှားရှား ...နေကြဘူး"

"ဟုတ်ကဲ့ အဘ"

"သူ့အလုပ်၊ သူ့စခန်း၊ သူ့လမ်း၊ ...တာဝန်နဲ့နေကြတာ။ လူတွေနဲ့ဝေးဝေး ...နေကြတာ။ ဘယ်သူမှ လူ့ပြည်လူ့ဌာန ...ပြန်မဝင်ချင်ကြဘူးကွယ့်"

"ဟုတ်ကဲ့ - အဘ။ လူတွေဟာ ...လောဘ၊ဒေါသ၊မောဟတွေထူပြောကြ ...တယ်၊ ကိလေသာထူတဲ့ လူ့လောက ...ကြီးတာ အင်မတန်ပူလောင်တယ်။ လူ့ ...အဆင့်အတန်းနဲ့ မထိုက်တန်တဲ့ လူ့ကျင့် ...ဝတ်ကို ချိုးဖောက်ကြလို့ သီလတွေ ...စောင့်ထိန်းကြတော့ဘူး အဘ"

"အေးကွယ့်၊ လူတွေနဲ့တရင်းတနှီး ...ပေါင်းဆုံနေရင် သူတို့လိုဘပြည့်တယ်လို့ ...မရှိဘူး။ ဖောက်လွဲဖောက်ပြန်တွေက ...လည်းများကြတယ်။ ဒါကြောင့် ဘယ် ...ဝိဇ္ဇာမှပြန်မလာချင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ အဘ၊ ဒါနဲ့အဘက ဘာလို့ပြန်ဝင်လာတာလဲဆိုတာ သားသိချင်တယ်"

"အဘကလည်း ဘယ်ပြန်ဝင်လာချင်ပါ့မလဲ၊ မလာမဖြစ်လို့ပြန်ဝင်လာရတာ။ မောင်ကံမဲ့ပေါက်လို့ဝင်လာရတာ"

"ဟုတ်ကဲ့ အဘ၊ ဘယ်လိုမဲပေါက်တာလဲ"

"ငါတို့ ဝိဇ္ဇာအစည်းအဝေးခေါ်တယ်"

"အဘထက်ကြီးတဲ့သူတွေရှိသေးတယ်"

"အဘထက်ကြီးတဲ့သူတွေရှိတာပေါ့။ အဘ ဘိုးဘိုးအောင်ဆိုရင် အဘဆရာသမားအရင်းပဲ။ အခုလို ဝိဇ္ဇာဖြစ်အောင် အစစကူညီစောင့်ရှောက်သွန်သင်ပေးတဲ့ ဆရာသမားအရင်းပဲ"

"ဒါဆိုရင် အဘဘိုးဘိုးအောင်က အဘရဲ့ဆရာသမားပေါ့"

"ဟုတ်တယ်ကွယ့်။ အဘဘိုးဘိုးအောင်အပြင် ပုဂံခေတ်က ပြဒါးနဲ့ထွက်သွားတဲ့ ရှင်အဇ္ဇဂေါဏ၊ ရှင်မထီးဆရာတော်ကလည်း အဘရဲ့ဆရာသမားတွေပဲ။ အဘက ကိုယ့်သဘောနဲ့ကိုယ် ထင်တိုင်းလုပ်လို့မရဘူး။ အထက်ဆရာသမားတွေကို လွန်ဆန်ပြီး မလုပ်ရဘူး။ သူတို့အမိန့်နာခံရတယ်"

"သားလည်း မှတ်သားထားပါ့မယ်။ ဝိဇ္ဇာအကြောင်းဝိဇ္ဇာကိစ္စတွေဟာ သာမန်လူတွေအနေနဲ့လိုက်မမီဘူးအဘ။ သားတို့တစ်ခါမှမကြားဘူးတဲ့အကြောင်းကိစ္စတွေပဲ"

"တောင်သမုဒ္ဒရာမှာကြေးပြာသာဒ်နဲ့ စံမြန်းနေတဲ့ ရှင်ဥပ္ပဂုတ္တမထေရ်မြတ်ဆိုတာ ကြားဖူးသလား"

"ကြားဖူးတယ် အဘ"


"ဒီဆရာတော်က ဝိဇ္ဇာအချုပ်ပဲ။ သူ့ကျောင်းမှာ ဝိဇ္ဇာတွေခေါ်ပြီး ဝိဇ္ဇာညီလာခံကျင်းပတယ်"

"ဟုတ်ကဲ့ အဘ၊ လူတွေအစည်းအဝေးလုပ်သလိုပေါ့ အဘ"

"ဟုတ်တယ်ကွယ့်၊ ဆရာတော် စံမြန်းရာ တောင်သမုဒ္ဒရာက ကြေးပြာသာဒ်မှာ ဝိဇ္ဇာအစည်းအဝေးကျင်းပကြတယ်။ ပေါက်ဆရာ(၆၉)ပါးနဲ့ ဝိဇ္ဇာအားလုံးတက်ရောက်ကြရတယ်"

# အကျော်ဝါလှိုင်း ၄

## အဘအောင်မင်းခေါင်နှင့်ဝိဇ္ဇာကျော်များရှိခဲ့ရာစဉ်





www.burmeseclassic.com

www.burmeseclassic.com

"ပေါက်ဆရာလို့ ဘာလို့ခေါ်ရတာလဲ အဘ"

"ပေါက်ဆရာဆိုတာ ထွက်ရပ်ပေါက်လို့ ပေါက်ဆရာလို့ခေါ်တာ။ ဝိဇ္ဇာကိစ္စပြီးမြောက်ခြင်းလို့ခေါ်တာ။ ဝိဇ္ဇာကိစ္စပြီးမြောက်သူ (၆၉) ပါးပဲ ရှိသေးတယ်"

"အဘ၊ (၆၉) ပါးသော ပေါက်ဆရာတွေက အကုန်ဗမာတွေပဲလား"

"ဗမာတွေချည်းမဟုတ်ဘူး။ ဆိုင်းဘာသာတို့လို အခြားဝိဇ္ဇာကိစ္စပြီးမြောက်တဲ့ ပုဂ္ဂိုလ်တွေလည်းရှိကြတယ်ကွဲ့"

"ဟုတ်ကဲ့ - အဘ၊ အမိန့်ရှိပါဦး။ သားတို့ မကြားဘူးတဲ့ စကားတွေမို့ စိတ်ဝင်စားလို့ပါ အဘ"

"ဒီဝိဇ္ဇာညီလာခံမှာ စည်း(၃)စည်းသားထားတယ်။ အတွင်းစည်းမှာ ဆုကြီးပန်ပုဂ္ဂိုလ်တွေပဲဝင်လို့ရတယ်။ ဒုတိယစည်းမှာတော့ ဘုရားငယ်ဆုပန်တဲ့ ဝိဇ္ဇာတွေပဲ ဝင်လို့ရတယ်။ တတိယစည်းမှာတော့ သာဝကဆုပန်ကြတဲ့ ဝိဇ္ဇာတွေပဲ ဝင်လို့ရတယ်။ ဘာဆုမှမပန်တဲ့ သာမန်ပေါက်ဆရာတွေကျတော့ စည်း(၃)စည်းအပြင်က အစောင့်အနေနဲ့ စောင့်ကြပ်ပေးရတယ်။ ဒီအပြင်ဘက်မှာတော့ တခြားဝိဇ္ဇာတွေ တက်ရောက်ခွင့်ရှိပါတယ်။ ဝိဇ္ဇာမဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေတော့ ဒီညီလာခံမှာတက်ရောက်ခွင့်မရှိဘူး"

"ဝိဇ္ဇာမဖြစ်သေးတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ အဘ"

"လူတွေဟာ ဝိဇ္ဇာဖြစ်ဖို့ စရဏအကျင့်တစ်ခုခုကိုကျင့်ရတယ်။ ဆိုင်ရာစရဏအကျင့်ကို လုပ်ဆဲပြုဆဲကာလ လူ့အသက် ဆက်မရှင်သန်ဘဲ သေသွားရင် ဝိဇ္ဇာမဖြစ်တဖြစ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အလုံကိုရောက်တော့ ရောက်လာတယ် မြို့ထဲဝင်လို့မရသေးဘူး။ မြို့အပြင်မှာ ဆိုင်ရာစရဏကို ဆက်ကျင့်ရတယ်။ ကျင့်စဉ်ဆုံးမှဝိဇ္ဇာဖြစ်တာ"

"ဟုတ်ကဲ့ အဘ၊ ဝိဇ္ဇာညီလာခံကို အမိန့်ရှိပါဦးခင်ဗျ"

"ဝိဇ္ဇာညီလာခံမှာ ရှင်ဥပ္ပဂုတ္တမထေရ်က သာသနာ့ကိစ္စများ၊ ဝိဇ္ဇာကိစ္စများ တာဝန်ပြောင်းရွှေ့ရေးကိစ္စများကို ဆုံးဖြတ်ကြတယ်"

"အဘ၊ တာဝန်ပြောင်းရွှေ့ရေးဆိုတာ ဘာကိုပြောတာလဲ ခင်ဗျာ"

"မြန်မာပြည်မှာ ယက္ကန်းစင်တောင်ဆရာတော်ဘုရားဆိုတာ ကြားဖူးလား"

"ဟုတ်ကဲ့ အဘ၊ ကြားဖူးပါတယ်"

"ဆရာတော်က မြန်မာပြည်အထက်ပိုင်းကို တာဝန်ယူရတယ်။ အဘက မြန်မာပြည်အောက်ပိုင်းကို တာဝန်ယူရတယ်။ ဒီတာဝန်ကအမြဲတမ်းမဟုတ်ဘူး။ ဒီညီလာခံက တာဝန်ပြောင်းတာတွေ လုပ်ပေးတာ"

"ဟုတ်ကဲ့ အဘ၊ နားလည်ပါပြီဗျ"

"တခြားကိစ္စတွေ ထားတော့။ မြန်မာပြည်မှာ သာသနာညှိုးနွမ်းစေတဲ့ကိစ္စ၊ သာသနာဆုတ်ယုတ်စေတဲ့ကိစ္စတွေပေါ်လာနိုင်တယ်။ လူ့ပြည်လူ့ဌာနက ဆရာတော်ဘုရားများက တာဝန်ယူတယ်ဆိုပေမယ့် ဝိဇ္ဇာအပိုင်းကလည်း အတွင်းစည်းကတာဝန်ယူရမယ့်အပိုင်းတွေရှိတယ်"

"သာသနာကို ဝိဇ္ဇာတွေကလည်း စောင့်ရှောက်တာပေါ့နော် အဘ"

"လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ စောင့်ရှောက်ကြသလို ဝိဇ္ဇာတွေကလည်း သူ့အပိုင်းသူ့သဏ္ဍာန်နဲ့စောင့်ရှောက်ကြတယ်ကွယ့်"

"ဟုတ်ကဲ့ အဘ"

"မြန်မာပြည်ကို အနီးကပ်စောင့်ရှောက်ဖို့ လူ့ပြည်လူ့ဌာနကိုတစ်ယောက်ပြန်လွှတ်ရမယ်လို့ အမိန့်ချတယ်"

"ဟုတ်ကဲ့ အဘ"

"ဘယ်သူသွားချင်သလဲလို့ ဆန္ဒတောင်းခံတော့ ဘယ်သူမှမသွားချင်ကြဘူး။ ဒါဆိုရင် စည်း(၃)စည်းသားထားတယ်။ အတွင်းစည်းမှာရှိတဲ့ ဝိဇ္ဇာတွေကို တာဝန်ပေးတယ်"

"အဘ အတွင်းစည်းက ဆုကြီးပန်ဆိုတော့ ဘယ်နှပါးလောက်ရှိလဲ အဘ"

"ဒီတုန်းက ငါထမင်းဆာနေလို့ ဘယ်နှပါးရှိတယ်ဆိုတာ ရေမကြည့်မိဘူး"

နားထောင်နေသောပရိသတ်များ ရယ်မောကြလေသည်။အဘသည် စကားအကောင်းပြောရင်း တစ်ခါတလေ ဘေးချော်ပြောလေတော့သည်။ မသိစေချင်သောကိစ္စ၊ မဆိုင်သောကိစ္စများကို မပြောလိုပေ။

"အဘ၊ အတွင်းစည်းတဲ့ပုဂ္ဂိုလ်တွေ တာဝန်ပေးတော့ဘာဖြစ်လဲ အဘ"

"သူတို့လည်း လူ့ပြည်လူ့ဌာနကို ဘယ်သူမှပြန်မလာချင်ကြဘူး။ အားလုံးငြိမ်နေကြတယ်"

"ဒါဆိုရင် ဘယ်လိုဆုံးဖြတ်ကြသလဲ အဘ"

"ဘယ်သူမှ မသွားချင်ရင်တော့ မဲနှိုက်မယ်။ မဲ(၃)ကြိမ်နှိုက်လို့ ပေါက်တဲ့သူသွားရမယ်ဆိုပြီး မဲနှိုက်ကြတာ"

"ဒါဆိုရင် အဘက မဲပေါက်တာပေါ့"

"ဟုတ်တယ်၊ မောင်ကံ မဲ(၃)ကြိမ် ပေါက်လို့ပြန်လာရတာ"

"ဘာပဲပြောပြော သားတို့တော့ ကံကောင်းတာပဲ။ အဘကို ဒီတစ်သ[illegible] မတွေ့ရတော့ဘူး၊ မဖူးရတော့ဘူးလို့ထင် တာ။ မဲပေါက်တာဟာ သားတို့အတွက် တော့ကောင်းတာပဲ"

"မင်းက အမေးအမြန်းထူတယ်။ ငါတို့ကလည်း စည်းစောင့်ရတာ။ မေး မယ့်သူမရှိဘဲ ကိုယ့်သဘောနဲ့လျှောက် ပြောဖို့မသင့်ဘူး"

"ဟုတ်ကဲ့ အဘ၊ ဘာလို့(၃)ကြိမ် တိုင်တိုင်မဲပေါက်ရတာလဲ"

ဒီလူကတော့ ကြံကြံဖန်ဖန်မေး ပြန်ပြီ။ အတော်လျှာရှည်တဲ့သူဟု တ[illegible] ထင်ကြသည်။ မဲပေါက်ပါတယ်ဆို ကံ[illegible] ပစ်ချတာသိရဲ့သားနဲ့ ဘာတွေလျှောက် မေးတာလဲဟု အပြစ်ဖို့သူကဖို့ကြသည်။ ဒီလိုမေးတဲ့သူရှိလို့ ငါတို့စကားထူးစကား ဆန်းတွေကြားရတာ ကျေးဇူးတင်တဲ့သူ ကတင်ကြလေသည်။

"အဘက ဘာလို့(၃)ကြိမ်မဲပေါက် တာလဲဆိုတော့ အဘရဲ့ဆုတောင်း[illegible] ကွယ့်။ တခြားဝိဇ္ဇာတွေက ဘုရားဆု[illegible] ပန်ကြတယ်၊ အဘက ဘုရားဆုအပြ[illegible] သာဝကဆုရောပန်တာ။ ဒါကြောင့် မောင်ကံမဲပေါက်တာပေါ့ကွယ်"

အဘပြောသော ဆု(၂)ဆုပန်ဆင် တာ တစ်ခါမှမကြားဘူးပါ။ ဘုရားဟော ဒေသနာများ၊ ပိဋကတ်(၃)ပုံတွင်လည်း ဆု(၁)ဆုသာ ပန်ဆင်ကြတာကိုတွေ့ရ[illegible] သည်။ သာဝကဆုကိုပြည့်ပြီးမှ ဘုရား ဆုကိုပန်ဆင်ခြင်း ဖြစ်သည်။

ဘုရားရှင်လက်ထက်က ပေါဋ္ဌိလ မထေရ်ကြီးတစ်ပါးရှိပါသည်။ ပိဋကတ် (၃)ပုံကိုအာဂုံဆောင်ပြီး တပည့်(၅၀၀) ရှိသော ဂိုဏ်း(၁၀)ဂိုဏ်း၏ နာယကချု[illegible] ဆရာတော်လည်း ဖြစ်ပါသည်။ စာ[illegible] သင်ကြားပို့ချပေးသော စာချဆရာတော် ပရိယတ္တိအကျော်ဆရာတော် ဖြစ်သည်[illegible] ဘုရား(၇)ဆူတိုင်တိုင် ပိဋကတ်(၃)ပုံ[illegible] အာဂုံဆောင်ခဲ့ကြောင်း မှတ်သား[illegible] သည်။ ပေါဋ္ဌိလမထေရ်သည် ဘုရား[illegible] ဆူနှင့်အနီးကပ်နေခဲ့ရသောသာဝက[illegible] ခဲ့ကြောင်း မှတ်သားရပါသည်။ [illegible] ဘုရားရှင်လက်ထက်မှ ကိုရင်လေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘကမ္ဘဒ္ဒာန်းဖြင့် ရဟန္တာဖြစ်ခဲ့ရသည်။

သည်လိုဆိုလျှင် အဘအောင်မင်းခေါင်တောင်းသော သာဝကဆုမှာ ငြိလမထေရ်ကဲ့သို့ ဘုရားရှင်နှင့် အနီး သာဝကဖြစ်ပြီးမှ ဘုရားဆုပန်ခြင်း မည်။ ကျွန်ုပ်ဉာဏ်မမီသဖြင့် ဆက် တွေးနိုင်တော့ပါ။

"အဘမြန်မာပြည်ကိုပြန်ဝင်လာ ယ်တော့ ပုပ္ပားကိုဘာလို့ပြန်မဝင်တာ "

"အဘတို့လက်ထက်က ပုပ္ပားက န့်ရှင်းတယ်။ မရှုပ်ထွေးဘူး။ ခုချိန်မှာ ပွားမြေဟာ မသန့်ရှင်းတော့ဘူး။ ရှုပ် ထွေးနေတယ်။ အဘအောင်မင်းခေါင်ပဲ ပြန်ဝင်ရင် ရှုပ်ထွေးကုန်မှာပေါ့"

အဘဘာကိုပြောတာလဲ၊ ဘာကို လိုတာလဲ မသိပါ။ အဘပြောချင် သော အနက်အဓိပ္ပာယ် ဘာသာပြန်၍ ပါ။ ကျွန်ုပ်၏ သေးသိမ်သောအသိ အဘပြောချင်သော အဓိပ္ပာယ်ကို နိုင်ခဲ့ပါ။ သူတော်ကောင်းတို့သည် အကျိုးမဲ့ကိစ္စများကို မဆောင်ရွက်ပါ။ အောင်မင်းခေါင်ကို ကမ္ဘာသိအောင်၊ ည်ကြီးဖို့ပြန်ဝင်လာခြင်း မဟုတ်ပေ။ ရမည့် သာသနာကိစ္စများ ကျန်နေ သဖြင့် မလွှဲမရှောင်သာပြန်ဝင်လာ ဖြစ်သည်။ ယခင်ပုပ္ပားမင်းခေါင်အား ဖုံးကားချလိုက်ပါသည်။ ယခင်ဘဝ သာဝကများ သူလမ်းသူလျှောက် ပါစေ။ ပုပ္ပားမင်းခေါင်ကို ကြည်ညိုလို့ ည်းနိုးမဖြစ်ပါ။

"အဘ၊ ပုပ္ပားမှာ ဦးစံဖေဆိုတာရှိ ယ်၊ အဘသိလား"

"အဘမွေးစားသားပဲ။ သူ့ကို ကမွေးမသားလို့ခေါ်တာ"

"ဦးစံဖေဓာတ်ခန်းမှာ အဘရဲ့ တ်ဝဲအထက် သွားစွယ်တစ်ချောင်း ရတယ်။ အဲဒါအစစ်လား"

"ဒီမှာကြည့်၊ ဒီအထက်အစွယ်မှာ ပဲကျန်တယ်။ စံဖေထံမှာရှိတာ စ်ပါ"

အဘသည် မဆိုင်းမတွ ပါးစပ်ကို ၍ အစွယ်နေရာကို ပြသလေသည်။ ယ်သွားမရှိ။ နေရာလွတ်နေလေ ည်။

"ငါသည် ပုပ္ပားအောင်မင်းခေါင် စ်ဖြစ်သည်။ မင်းရင်ထဲက သံသယ ငါသိတယ်။ သွားအစွယ်နေရာမပြ ရင် ငါ့ကိုအတုလို့စွပ်စွဲမယ့်ကောင်"

ဟုပြောနေသလို ခံစားမိပါတော့ ည်။

ကျွန်ုပ်၏ မနောစိတ်ကို သိနေသဖြင့် အမြန်ဦးချကန်တော့လိုက်ရလေသည်။ သားကို ခွင့်လွှတ်ပါရန် တောင်းပန်ဝန်ချလိုက်ပါသည်။

"ဦးစံဖေကပြောတယ်။ အဲဘက အဆုန်မပါတဲ့ခေါင်းလောင်းလေးထား ခဲ့တယ်။ ငါတစ်ချိန်ချိန်ပြန်လာမယ်။ ငါ ပြန်လာရင် ဒီခေါင်းလောင်းလေးအသံ ပေးမယ်။ ခေါင်းလောင်းသံကြားရင် ငါ ပြန်လာပြီမှတ်ဆိုပြီး မှာခဲ့တာဟုတ် သလား"

"အေး - မှာခဲ့တာတွေကတော့ များတယ်။ ငါတစ်နေ့ပြန်လာမယ်။ ဒီ ညောင်ညိုပင်ကို ဓားထစ်ပြီးမှတ်ထားဆို ပြီးမှာခဲ့တာ

"အဘကလည်းမှာခဲ့တယ်။ ခေါင်းလောင်းကလည်းမြည်ပြီဆိုတော့ အဘ နဲ့အဘသားဦးစံဖေနဲ့တွေ့ဖို့ရှိသေးတယ်"

"ငါကတွေ့ဖို့ခေါ်တယ်။ ငါဘယ် သူလဲဆိုတာ မသိတော့ခက်တာပေါ့။ ဒါ လည်း သူ့အကြောင်းနဲ့သူပေါ့။ ပုပ္ပားကို ပြည်ဖုံးကားချထားတာ၊ သူလည်းပါတာ ပေါ့"

"သားလည်း တွေ့လို့ပြောကြည့် တယ်။ ဦးစံဖေကယုံပုံမပေါ်ဘူး"

"ကဲ - မင်းမေးတာတွေများနေပြီ။ ငါ့အကြောင်းတွေ ပေါက်ကရမရေးရ ဘူး။ ဓာတ်ပုံလည်း ငါ့ခွင့်ပြုချက်မရဘဲ မရိုက်ရဘူး"

"ဟုတ်ကဲ့ အဘ"

"ဒီတောင်လုံးလှဘဘုန်းရဲ့ကျောင်း ကပြိုကျတော့မယ်။အသစ်ဆောက်ပေး လိုက်။ အထဲမှာ အိမ်သာ၊ ရေချိုးခန်း ထည့်ပေးလိုက်"

"ဟုတ်ကဲ့ အဘ"

"မင်း ကျောင်းဒကာ ဖြစ်အောင် အဘပြောနေတာ။ အဘစကားကို နားထောင်၊ ဘဘုန်းကို ပြုစုစောင့်ရှောက်ပေး"

"ဟုတ်ကဲ့ အဘ"

"တောင်လုံးလှဆရာတော်ကဝိဇ္ဇာပဲ။ သူ့ကို 'သမန္တဝိဇ္ဇာ' လို့ အဘဘွဲ့ပေး ခဲ့တယ်"

"အေး၊အေး-ကောင်းပြီ၊ ကောင်းပြီ"

အဘအောင်မင်းခေါင်ပြည်တော်ဝင်လာသည်ကို မည်သူမျှ မယုံကြည်ကြပါ။ ရုပ်ရှင်ထဲက မင်းသားဝင်းဦးကို လူတိုင်းသိကြသည်။ ရုပ်ဖျက်ထားသော ရုပ်မတူသော အပြင်က ဝင်းဦးအစစ်ကို ဝင်းဦးဟု မသိနိုင်ကြပါ။ ဒါရုပ်ရှင်မင်းသား ဝင်းဦးပါဟု မည်သို့ပင်ပြောစေကာမူ မဟုတ်ဘူးဟုပြောကြမည်ဖြစ်ပါသည်။

ယခုလည်း အဘကို ပုပ္ပားမင်းခေါင်ပါဟု ပြောသော်လည်း ရုပ်မတူသဖြင့် အဘမဖြစ်နိုင်ဟုပြောကြမည်ဖြစ်သည်။ အဘကို ပထမဆုံးတွေ့ခဲ့ရသော ကိုလှအောင်ပင် အဘကို နှစ်ကာလကြာရှည်စွာ ကိုးကွယ်ဆည်းကပ်ခဲ့သော်လည်း အဘအောင်မင်းခေါင်ဟု မသိချေ။ ရိုးရိုးဘုရားတည်သောအဘ ဟူ၍သာ သိထားလေသည်။

ပြည်မြို့ဓာတ်ခန်းတွင် အဘ သီတင်းသုံးနေစဉ် ကိုလှအောင်လိုက်သွားသည်။ ဓာတ်ခန်းထဲတွင် အဘနှင့် ကိုလှအောင် နှစ်ယောက်တည်းရှိလေသည်။ ဓာတ်ခန်းထဲတွင် ပုပ္ပားအောင်မင်းခေါင်ရုပ်တုရှေ့တွင် အဘကထိုင်နေသည်။ ကိုလှအောင်သည် အဘကို ဖူးမြော်နေစဉ် ပုပ္ပားအောင်မင်းခေါင်ရုပ်တုမှ မျက်နှာသည် ယခုအဘမျက်နှာနေရာတွင် ဝင်ရောက်နေရာယူနေလေသည်။ ပုပ္ပားအောင်မင်းခေါင်ရုပ်တုကို ကြည့်လိုက်သောအခါ ယခုလက်ရှိမျက်မှန်အထူကြီးတပ်ထားသောပုံကိုမြင်ရပြန်သည်။ ရုပ်ရှင်ပြသလို ပြောင်းပြန်မြင်လိုက်၊ အတည့်မြင်လိုက်နှင့် ကိုလှအောင်ကို ပြောပြနေခြင်း ဖြစ်သည်။

"ဟောကောင် လှအောင်၊ မင်းကိုးကွယ်နေသောအဘက ပုပ္ပားအောင်မင်းခေါင်ပဲကွ"

ဟု ပြောနေခြင်း ဖြစ်ပါသည်။

တိုင်းရင်းသား ကချင်နွယ်ဖွား ကိုလှအောင်တစ်ယောက် ရိုးသားလေသည်။ 'အ'လေသည်။ အဘကဘာပြောမှန်းမသိလိုက်။ ထူးဆန်းပေစွဟုသာ သုံးသပ်နေမိပါတော့သည်။ ဦးဝေကြီး ဘာသာပြန်ပေးမှ ငါတို့အဘသည် ပုပ္ပားမင်းခေါင်အစစ်ပဲဟုသိရလေသည်။ ကိုလှအောင်တစ်ယောက် အဘအောင်မင်းခေါင်အား ပို၍ပို၍ကြည်ညိုလေတော့သည်။

## ပြည်တော်ဝင်ဘုရားစတင်တည်ခြင်း

ပြည်တော်ဝင်ဘုရားကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးရွာအနီး တောင်လုံးလှတောင်တွင် တည်ထား ကိုးကွယ်ကြသည်။ အဘအောင်မင်းခေါင်ပြည်တော်ဝင်လာခြင်းအထိမ်းအမှတ်အဖြစ် စေတီတည်ခြင်း ဖြစ်သည်။ မြန်မာပြည်တွင် 'ပြည်တော်ဝင်ဘုရား' အမည်ဖြင့် ဘုရား



www.burmeseclassic.com

www.burmeseclassic.com

(၁) ဆုသာရှိပါသည်။ ဘုရားအမမှာ ဒေါ်ခင်စိုးဝင်း ဖြစ်သည်။ မိတ္ထီလာတွင် နေထိုင်သည်။

ဒေါ်ခင်စိုးဝင်းသည် သားသမီး (၃) ယောက်ရှိသည်။ သမီး(၂)ယောက်၊ သား(၁)ယောက်ဖြစ်သည်။ ခင်ပွန်းသည်မှာ ဆိုင်ကယ်စီးရင်း ကားဖြင့်တိုက်မိရာမှ သေဆုံးသွားသည်။ မုဆိုးမလေး ခင်စိုးဝင်းမှာ အသက်(၄၀)အရွယ်တွင် မိသားစုတာဝန်ကို တစ်ဦးတည်း ရုန်းကန်လှုပ်ရှားရလေသည်။ ကလေးများ၏ ပညာရေး၊ နောင်ရေးကို ပွဲကိုင်ရသော မိခင်တစ်ဦး၏တာဝန်မှာ မသေးလှပေ။ စားဝတ်နေရေးရုန်းကန်ရသည့် တာဝန်ကို ပုံဖော်ရတာကတစ်ဖက်၊ တစ်ဦးတည်း ရုန်းကန်သည့်ကြားထဲမှာ ဘုရား(၁)ဆူ တည်ဦးမည်။ အရင်းနှီးဆုံးတူမလေးဖြစ်သောညိုစုက အဒေါ် အပေါ် ကရုဏာသက်မိလေတော့သည်။

"အစ်မခင်စိုးဝင်း၊ ဘာတွေလုပ်နေတာလဲ။ ဒီလောက်ကျပ်တည်းတဲ့ခေတ်ကာလကြီးမှာ ဘယ်လိုလုပ်ဘုရားတည်မှာလဲ။ ဘုရား(၁)ဆူဆိုတာ သိန်း(၅၀၀)လောက်ကုန်မှာ။ အစ်မမှာ ငွေဘယ်လောက်ရှိတယ်ဆိုတာ ကျွန်မအသိဆုံးပဲ။ ထင်တာတွေမလုပ်ပါနဲ့။ ကလေးတွေလည်း ကျောင်းမပြီးသေးဘူး။ သူတို့နောင်ရေးလည်းရှိသေးတယ်"

"ဟုတ်တယ် ညိုစု၊ နင့်စိတ်ထဲမှာ ကရုဏာစိတ်ဖြစ်ပေါ်နေတာ ငါသိပါတယ်။ ဒါပေမယ့် အဘကိုအိပ်မက်မက်ပြီး အပြင်မှာ တကယ်ဖြစ်လာတာ။ ငါ ပဋ္ဌာန်းဆက်ရှိတယ်လို့ ယုံကြည်တယ်။ အဘပြည်တော်ဝင်လာတာကို အမှတ်တရအနေနဲ့ ပြည်တော်ဝင်ဘုရားတည်ခွင့်ရတာပဲ မဟာကံထူးရှင်လို့ခံယူတယ်။ ငါပိုင်တာ ဒီနှစ်ထပ်တိုက်(၁)လုံးနဲ့ ဒီစီးနေတဲ့ကား(၁)စီးပဲရှိတယ်။ ဒီပစ္စည်းတွေကုန်ချင်ကုန်ပါစေ။ ငါဘုရားတည်မှာကိုတော့ နောက်မဆုတ်ဘူး။ ပြီးအောင်တည်မည်လို့ ဆုံးဖြတ်ပြီးပြီ"

"အစ်မရဲ့ ဆုံးဖြတ်ချက်ကိုတော့ ချီးကျူးပါတယ်။ ကျွန်မက စိုးရိမ်လို့ပြောတာပါ။ တကယ်အောင်မြင်သွားရင်တော့ အစ်မရဲ့စွန့်စားခန်းကို ချီးကျူးအံ့ဩလို့ပြီးမှာမဟုတ်ဘူး"

"အေး - ဒါနဲ့ ကိုကျော်ရှိန်တို့ ဆောက်လုပ်ရေးတပ်ကိုသွား။ ဒေါ်ချို့ဆီကို ဒီစိန်ပွင့်ပြလိုက်။ သူ့ကိုငါစျေးပြောပြီးပြီ"

"ဟုတ်ကဲ့ အစ်မ"

"အဘကိုတိုင်တည်သွား။ အဘရေ၊ ကျွန်မဘယ်သွားမယ်ဘာလုပ်မယ်ဆိုတာပြောရမယ်။ ပြန်လာရင်လည်း လုပ်ငန်းအောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာပြောရမယ်။ ကိုယ့်ဘေးမှာ အဘရှိနေတယ်လို့ သိထားရမယ်"

"ဟုတ်ကဲ့ အစ်မ"

ပြောပြောဆိုဆို ညိုစုတစ်ယောက် ဒေါ်ခင်စိုးဝင်းညွှန်ကြားရာ ဆောက်လုပ်ရေးတပ်သို့ ထွက်သွားလေတော့သည်။ မိမိမှာလည်း ဘုရားကျောင်းဆောင်ကို သန့်ရှင်းရေးလုပ်သည်။ အဘအား ရေနွေးကြမ်းကပ်သည်။ အမွှေးတိုင်၊ အလင်းတိုင်ဖြင့်ပူဇော်ကန်တော့လေတော့သည်။

"အဘ သမီး ကန်တော့ပါတယ်။ သမီးက ချမ်းသာလို့ ဘုရားတည်တာမဟုတ်ပါဘူး။ အဘကိုကြည်ညိုလွန်းလို့ ဘုရားတည်တာပါ။ သမီးအခြေအနေကို အဘအသိဆုံးပါ။ သမီးသွားလေရာ အဘစောင့်ရှောက်ပါ။ သမီးလုပ်သမျှ အောင်မြင်အောင် အဘစောင့်ရှောက်တော်မူပါ။ ဘုရား၊ တရား၊ သံဃာ ရတနာ(၃)ပါးရဲ့ ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း၊ ဘုရားမပြီးမချင်း စောင့်ထိန်းခဲ့တဲ့ (၈) ပါးသီလ ဂုဏ်ကျေးဇူးကြောင့် လည်းကောင်း အလုပ်ကိစ္စတွေ အဆင်ပြေပါစေ။ ဘုရားပြီးစီးအောင် တည်နိုင်တဲ့သူဖြစ်ပါစေ"

ဘုရားကိုအာရုံပြု၍ အဘတို့ကို တိုင်တည်၏။ ရတနာ(၃)ပါး၏ ဂုဏ်ရည်ကို လည်းကောင်း၊ သီလဂုဏ်ရည်ကို လည်းကောင်း တိုင်တည်၏။ ဆုတောင်း၏။ မိမိပြုလုပ်ခဲ့သော ကုသိုလ်အားလုံးကိုလည်း အမျှပေးဝေလေတော့သည်။

"အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"



မကြာမီ သမီးငယ်၏ ခေါ်သံ[...] ကြားသိရ၏။

"အမေ အမေ အမေ"

"လာပြီ သမီး၊ ဘာလဲ"

"အောက်မှာဧည့်သည်ရောက်[...] တယ်"

"အေး၊ အေး"

အောက်ထပ်တွင် ဆောက်လု[...] ရေးတပ်မှ ကိုကျော်ရှိန်တို့လာကြသည်[...]

"ဟော - ကိုကျော်ရှိန်တို့လား"

"ဟုတ်တယ် ဘုရားအမ"

"အတော်ပဲ မျှော်နေတာ၊ တိုင်[...] စရာလည်းရှိတယ်။ မလာရင်လည်း အခေါ်ခိုင်းရမှာ"

"လာမှာပေါ့။ ကူညီချင်တဲ့သူ[...] အကူအညီလိုတဲ့သူနဲ့ ကိုက်ပြီပေါ့ဗျာ"

"ဒီလို ကိုကျော်ရှိန်ရဲ့။ ကျွန်မ[...] ဘုရားတည်ချင်တာပဲသိတာ၊ အခြား[...] ဘာမှမသိဘူး။ ပစ္စည်းတွေဘယ်လောက်[...] လိုတယ်၊ ဘယ်အချိန်မှာ ဘာလုပ်ရမယ်[...] ဆိုတာ စီစဉ်တတ်တဲ့ အစ်ကိုကြီးတွေက[...] စီစဉ်ပေးပါ။ ညီမရေ ဒါတွေဒါတွေ[...] ကြိုစီစဉ်ထား၊ ဒါတွေ အပိုအလုပ်တွေ[...] မလုပ်နဲ့ စသဖြင့် အတွေ့အကြုံရှိသူ[...] စီစဉ်ညွှန်ကြားတာလိုချင်တာ"

"နင်ဖြစ်ချင်တဲ့ဆန္ဒကို အောင်မြင်[...] အောင် ငါတို့က ပါရမီဖြည့်ပေးမှာ"

"ကျေးဇူးလည်းတင်တယ်၊ အား[...] လည်းကိုးတယ်"

"ငါတော့ နင့်ကို သတိပေးမယ်[...] အဘက နင့်ကိုပစ်ထားမှာမဟုတ်ပါဘူး[...] နင့်အနားမှာ အရိပ်လိုအမြဲရှိနေတယ်[...] အဘမှာတဲ့သီလကိုတော့ လုံခြုံအောင်[...] စောင့်ထိန်းဖို့လိုတယ်"

"ကျွန်မ နေ့စဉ်(၈)ပါးသီလစောင့်[...] ပါတယ်"

"နောက်နင်ကရတနာရောင်းဝယ်[...] ရေးလုပ်ဘော့ ဘာပဲလုပ်လုပ် အဘကို[...] တိုင်တည်လိုက်ပါ။ ပြောတိုင်းဆိုတိုင်း[...] အောင်မြင်မှာပါ"

"ဟုတ်ကဲ့၊ အစ်ကိုကြီးလို့ ကျွန်[...] သတ်မှတ်ပါတယ်။ ညီမကိုလည်း ကို[...] ညီမလေးလို သဘောထားပြီး ဆုံးမသွန်[...] သင်ပါ။ နာခံပါ့မယ်"

"သာဓုကွယ်၊ လိမ္မာလိုက်တာ[...] ဒါနဲ့ ဘုရားက (၂၇) တောင် ဆိုတော့[...] ပစ္စည်းတွေစုထားဖို့လိုတယ်။ ကျောက်[...] ပေါ်တော့ (၆) လက်မ × (၉) လက်[...] ကျောက် ကျင်း (၈၀) လောက်လိုမယ်[...] အုတ်က (၃၀၀) လောက်ဖုတ်ရင်[...]

"ကိုကျော်ရှိန် ကောင်းသလို စီစဉ်[...]



www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်ငွေပေးဆိုရင်ပေးထားမယ်"

"ဒီလိုဆိုရင် ငါကစီစဉ်ပေးမယ်။ တော့ နင်ကိုယ်တိုင်ပေးချေပါ။ ငါ စီစဉ်ရုံပဲစီစဉ်ပေးမှာ"

"ကောင်းပါပြီ"

"အေးဟာ၊ နင့်ကိုငါတို့ဂုဏ်ယူပါ တယ်၊ ဘုရားတည်ခွင့်ရတာ နည်းတဲ့ ကုသိုလ်မဟုတ်ဘူး။ ပုဂံခေတ်က မုဆိုးမ အောင် ဘုရားတည်နိုင်တယ်ဆိုတာ ဖြစ်မယ်။ အခု ငါတို့အဘက လက် တည်ခိုင်းတာ နင်အောင်မြင် အောင်ကြိုးစား"

"ကျွန်မလည်း ရှိသမျှစည်းစိမ်တွေ ချင်ကုန်ပါစေ၊ နောက်မဆုတ်ဘူး"

"အားလုံးက ဝိုင်းဝန်းကူညီကြမှာ

"ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်တို့အဖွဲ့သည် မုဆိုးမလေး ခင်စိုးဝင်း ဘုရားတည်ခြင်းအမှုကို မြောက်အောင် ကိုယ်၏စောင်မခြင်း၊ ၏စောင်မခြင်းဖြင့် ကူညီဆောင် ပေးခဲ့ပါသည်။ တကယ်ရိုးရိုးသား ဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ တော်တို့သည် တောင်ဦးရွာမှ ဦးကံ တို့ကို ဘုရားတည်မည့် ကျောက် နိုင်က သွင်းရန်ပြောသောအခါ ကျောက်ကျင်း(၈၀)ကို သူ့ကားဖြင့်တိုက် ပို့ပေးလေသည်။ သဲ (၅၀) ကျင်းကို သူ့ကားဖြင့် ပို့ပေးလေသည်။ ကျောက်ဖိုး၊ သဲဖိုးများကို ချက်ချင်းပေး လိုပါ။ နောက်မှ ဖြည်းဖြည်းချင်းဆပ် ပြောသဖြင့် ဘုရားအမနေဖြင့် ငွေ တော့ပါ။

ဘုရားတည်မည့် ရင်ပြင်အား ခြင်း၊ မြေညှိခြင်း၊ ယာယီမဏ္ဍပ် ထိုးခြင်းများကို ဆောင်ရွက်ရသည်။ သာသနာ့အလံများကိုထူပြီး အသံချဲ့ ဖြင့် အဘအောင်မင်းခေါင်သီချင်း ဖွင့်ကြလေသည်။ နတောင်ဦးမှ ကောင်း၊ စင်မြင့်မှလည်းကောင်း၊ စင်အင်းမှ လည်းကောင်း ဘုရား သည် ဟူသော သတင်းကြောင့် ရောက်လာကြသည်။ တတ်အား လုပ်အားကုသိုလ်ယူကြလေ သည်။ တောင်ဦးမှ ဘဘုန်းအမျိုးတွေက ထွန်များဖြင့် ဘုရားရင်ပြင်ကို ကြလေသည်။ လူတွေအားလုံး တည်ခြင်းအမှုကို တတ်တတ်ကြွ ဆောင်ရွက်ကြလေသည်။

ရေပ်ကုန်းမှ ဦးဘိုကံတို့ဟိုင်းလတ် HILUXကားဖြင့် ရောက်လာကြသည်။ ကားပေါ်တွင် ဘုရားတည်မည့် မန္တလေး မှ ဦးတင်ဝင်း၏တပည့်များ ပါလာလေ သည်။ (၂၇) တောင်ဘုရား၏ ရင်ပြင် အကျယ်ကို တိုင်းတာပေးပါသည်။

"ဘုရားရင်ပြင်က ပေ(၁၀၀)စတု ရန်းရရင် လုံလောက်ပါတယ်"

"(၂၇)တောင်ဘုရားအတွက် ကုန် ကျမယ့် ပစ္စည်းစာရင်းလည်း တွက်ပေး ခဲ့ပါဦးခင်ဗျာ"

"ဟုတ်ကဲ့၊ ပစ္စည်းစုပုံဖို့ဆိုရင်တော့ ဒီမှာ စာရင်းထုတ်ထားတယ်"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ"

ဘုရားရင်ပြင်နေရာသည် အနိမ့် အမြင့်(၃)ပေခန့်ကွာလေသည်။ မြေပြန့် မြေညီရရှိရန် တောင်လုံးလှဆရာတော် ၏အမျိုးများမှ ဒွန်းများဖြင့်ထွန်၍ မြေညှိ ပေးလေသည်။ ငွေကြေးပေး၍မယူပါ။ သူတို့လည်း ပြည်တော်ဝင်ဘုရားတွင် လုပ်အားဒါန အလှူပြုကြလေသည်။ တောင်ဦးရွာမှ ဦးတင်ဝင်း၊ ဦးသာဝတို့ ရောက်လာပြီး ဘာကူညီပေးရင်ကောင်း မလဲဟု စုံစမ်းကြလေသည်။ ဦးသာဝက (၁၀) ဘီးကားရှိသည်။ ကားစိုက်မည်။ ဦးတင်ဝင်းက အပေါင်းအသင်းဝင်ဆံ့ သည်။ စည်းရုံးရေးကောင်းသည်။ လူစိုက် မည်။ ပြည်တော်ဝင်ဘုရားကြီးအတွက် ရွာဘေးချောင်းထဲမှ သဲတိုက်ပေးလေ သည်။ သဲဖိုးကျသင့်ငွေမယူပါ။ သူတို့၏ လုပ်အားဒါနဖြင့် ဘုရားတည်ကြလေ သည်။

ရေငန်ရွာမှ အုတ်သမား ကိုချစ် ခင်တို့လည်း ရောက်လာကြသည်။ ဘုရားတည်ဖို့အုတ် ဘုရားအရောက် (၁၅) ကျပ်ဖြင့်ပို့ပေးမည်ဟု အုတ်နမူနာ လာပြလေသည်။ ဒေါ်ခင်စိုးဝင်းက ဦးကျော်ရှိန်ကိုခေါ်၍ ပြောလေသည်။ ကိုကျော်ရှိန်က ဆောက်လုပ်ရေးတပ်မှ စာရေးဖြစ်သည်။ ယခု ကုန်ဈေးနှုန်းကို သိ၏။ အုတ်အရည်အသွေးကိုနားလည် ၏။ ဆောက်လုပ်ရေးပစ္စည်းများအ ကြောင်းလည်းသိလေသည်။

"အုတ်ဆရာတို့ ခင်ဗျားတို့ယူလာ တဲ့အုတ်က ဒု-ဖြတ်ပြည့်ပါတယ်။ အုတ် လည်းကျက်ပါတယ်။ ဒီနမူနာမျိုးမဟုတ် ရင်လက်မခံဘူး"

"ဒီအတိုင်းဖြစ်စေရမယ်၊ တာဝန် ယူပါတယ်ခင်ဗျာ။လာချလို့ ဒီနမူနာတိုင်း မဟုတ်ရင် ငွေမပေးပါနဲ့"

"ဒါပေမယ့် ဈေးများတယ်၊ ကျပ် တို့က အိမ်ဆောက်တာမဟုတ်ဘူး၊ဖိုက် ဆောက်တာမဟုတ်ဘူး။ ဘုရားတည် တာ"

"ကိုယ့်ဆရာ၊ အပြင်မှာ(၁၅)ကျပ် ဈေးပေါက်ပါတယ်။ စုံစမ်းကြည့်ပါ"

"အုတ်ဈေးက ကျပ်အသီဆုံးပါ၊ ဒါဘုရားတည်မှာမို့ ခင်ဗျားကိုလျှော့ခိုင်း နေတာ"

"(၁၂) ကျပ်ထားဗျာ"

"(၁၂) ကျပ်မလုပ်နဲ့၊ (၁၀)ထား ဗျာ။ အုတ် (၁) သိန်းပို့ပေး"

"ဟုတ်ကဲ့ (၁၀) နဲ့ အုတ်တစ်သိန်း ပို့ပေးပါ့မယ်"

ဤသို့ဖြင့် ပစ္စည်းများစုပုံ၍ ဘုရားတည်မည့်လုပ်ငန်းများကို စတင် အကောင်အထည်ဖော်သည်။ သာသနာ့ အလံတလူလူဖြင့် လူအား၊ စက်အားဖြင့် နေ့ရောညပါ ဘုရားတည်ခြင်းအမှုသည် လှုပြည်လှုဌာနီတွင်မက နတ်ပြည်၊ ဗြဟ္မာ့ပြည်အထိ ပျံ့နှံ့လေတော့သည်။

ဘုရားအမခင်စိုးဝင်းလည်း (၈)ပါး သီလကို လုံခြုံအောင် စောင့်ထိန်းသည်။ ရတနာရောင်းဝယ်ရေးအလုပ်ကို အိမ်ထဲ ရာရောက်ဝန်ဆောင်မှုဖြင့် ရောင်းဝယ် သည်။ ရန်ကုန်မှ ရောက်လာသော ရတနာကုန်သည်များထံမှ ကြိုက်နှစ် သက်ရာ စိန်လည်ဆွဲများ၊ လက်စွပ်များ ကို ဈေးချိုချိုဖြင့်ဝယ်ထားသည်။

ရတနာသည် မိမိလက်ဝယ် ရောက်ပြီး မိမိခန္ဓာကိုယ်ပေါ်တွင်ဆင် မြန်း၍ပြလိုက်သောအခါ တန်ဖိုးတက် သွားလေသည်။ တစ်သိန်းတန်ရတနာ သည် တစ်ခါတလေ ဆယ်သိန်းတန်ဖြစ် သွားလေသည်။

အဘတို့၏စောင့်ရှောက်မှု၊ ဝိဇ္ဇာ တို့၏ကူညီမှုကြောင့် အရောင်းအဝယ် ကောင်းခဲ့၏။ ဘုရားတည်ခြင်းအမှုကိစ္စ သည် မိမိပိုင်ပစ္စည်းများကို ထုခွဲရောင်းချ ပြီး ကြွေးဆပ်ရသည့်ဘဝသို့မရောက်ခဲ့ ပါ။ သိန်း(၂၀၀) မျှကုန်ပါသည်။ အောင် အောင်မြင်မြင်ဆောင်ရွက်နိုင်ပါသည်။

ဘုရားပန္နတင်မင်္ဂလာ၊ အုတ်စီ မင်္ဂလာ၊ ဌာပနာသွင်းမင်္ဂလာ၊ ရွှေထီး တော်တင်လှူခြင်းမင်္ဂလာတို့ကို အဘ ကိုယ်တိုင်ကြွ၍ဆောင်ရွက်ပေးပါသည်။ ပြည်တော်ဝင်ဘုရား၏ ကမ္ပည်းကျောက် စာအား ရေးထိုး၍ ကမ္ဘာတည်သရွေ့ မှတ်တမ်းမှတ်ရာများ ကျန်ရစ်ပါတော့ သည်။

အဏ္ဏဝါလှိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရာမည-ဝေသွးမွန်

# ဥပ္ပါတသန္တိအစီအရင်ဂါထာမြွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချက်အချာဖြစ်သော နေပြည်တော်သို့ အနယ်နယ်အရပ်ရပ်မှ ကိုယ်စီကိုယ်င အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိကြရလေ့ရှိရာ မဖြစ်မနေ ရောက်ရှိကြမည့်နေရာမှာ ဥပ္ပါတသန္တိစေတီတော်မြတ် ဖြစ်သည်။ ရန်ကုန်ရောက်လျှင် ရွှေတိဂုံဖူးပါမှ၊ နေပြည်တော်ရောက်လျှင် ဥပ္ပါတသန္တိဖူးပါမှ ရောက်ရှိခြင်းမည်ပေမည်။ ဌာနဆိုင်ရာဝန်ထမ်းများဖြစ်ပါက မီဒီယာများမှ တစ်ဆင့် အဝေးမြင်တစ်ဆင့်ဖူးတွေ့ကြရရာမှ ကိုယ်ထိလက်ရောက် အနီးကပ်ကြည်ညိုလိုကြသူတို့ တကူးတက လာရောက်ဖူးကြလေ့ရှိသည်။

အဝေး၊ အနီး မြင်ကွင်းစုံဖြင့် ကြည်ညိုစရာသပ္ပာယ်လှသော ဥပ္ပါတသန္တိ စေတီတော်ကို နေ့စဉ်လာရောက်ဖူး မြော်မပြတ်ရှိကြသည်မှာ မှန်သော်လည်း စေတီတော်၏ ဘွဲ့မည်အလေးအနက် အဓိပ္ပာယ်ကို သိရှိသူအလွန်နည်းပါးမည် ထင်ပါသည်။ မြန်မာ့လူမှုအသိုင်းအဝိုင်း ထေရဝါဒဗုဒ္ဓဘာသာ၏ အထွတ်အမြတ်ထားရာ စေတီတိုင်းသည် အဓိပ္ပာယ်မဲ့တည်ထားခြင်း မဟုတ်။ တည်ထားပူဇော်ရသည့် ရည်ရွယ်ချက်များလည်း ကိုယ်စီကိုယ်င ရှိကြသည်သာ ဖြစ်သည်။

ဥပမာ မကြာသေးသောကာလကပင် ပြီးပြည့်စုံစွာ တည်ထားပြီးသော သတ္တသတ္တာဟမဟာဗောဓိစေတီသည် ပင်လျှင် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဗုဒ္ဓစင်စစ်ဘုရားအဖြစ်သို့ ရောက်တော်မူစကပင် သတ္တသတ္တာဟခုနစ်ဌာနတွင် စံနေတော်မူသောအရပ်သို့ အာရုံပြုလျက် ကိုယ်တိုင်ကိုယ်ကျ ရောက်လိုကြသော ပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းရန် အဓိကတည်ထားခြင်း ဖြစ်ပါသည်။

ရခိုင်သမ္မုဒ္ဓ ပြည်ပတွင် မူလတည်ရှိသော ဘုရား၊ ပုထိုး အနေအထားပကတိကို ပုံစံယူတည်ထားခြင်း ဖြစ်သည်။ တည်ထားရေးအတွက် စိတ်ကူးဉာဏ်ရရှိကာ လမ်းညွှန်ကြသော နိုင်ငံအကြီးအကဲတို့၏ မေတ္တာစေတနာသည် သန့်စင်မွန်မြတ်သည်နှင့်အညီ ယနေ့တိုင် အနယ်နယ်အရပ်ရပ်မှ ပြည်သူတို့ လာရောက် ကြည်ညို ကုသိုလ်သဒ္ဒါပွားနေကြသည်ကို တွေ့ရမည် ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်သည် နေပြည်တော်နှင့်ထပ်တူ လူသိများထင်ရှားလျက်ရှိနေသော်လည်း ဥပ္ပါတသန္တိမည်သောဘွဲ့မည်ကိုမူ ဂယနဏာသိသူနည်းပါးပါလိမ့်မည်။ ထို့ကြောင့်လည်း မိမိသိရှိ လေ့လာရသမျှ အကျဉ်းချုပ်ဝေမျှလိုပါသည်။

လူတို့သည် တစ်ဦးတစ်ယောက်၏ သံသရာစက်ဝန်းတွင် ဘဝ၏ ကောင်းကျိုးချမ်းသာ ဂုဏ်ကျက်သရေမင်္ဂလာများ အစဉ်အဆက် ဖြစ်ပွားနေခြင်းမှာ ပရံပရ ရှေးရှေးဘဝများကပြုလုပ်ခဲ့သော ကောင်းမှု အကျိုးပေး ကုသိုလ်တရားများကြောင့်ဆိုသည်ကို သိနိုင်ကြသည်။

ယင်းသို့သော စည်သာဖွံ့ဖြိုး ကုသိုလ်ကျိုးတို့ ဝေဝေဆာဆာ ရယူခံစားနေသည်မှာ ရံဖန်ရံခါ ကုသိုလ်တရားများ မှေးမှိန်လျော့ပါးလာသော် အခွင့်ရသည်နှင့် ယခင့်ယခင်ဘဝများကပါလာသော ပါပခေါ်သည့်အကုသိုလ်ကံက တစ်စခန်းထ၍လာတတ်သေးသည်။ ထိုအခါ ကုသိုလ်အကျိုးဆက်ရှင်သန်နေသည့်ကြားမှ အကုသိုလ်မျိုးယုတ်မာဆိုးညစ်ဘေးအပြစ်တို့ ရုတ်ခြည်းဒုက္ခပေးတတ်ကြသည်။ ယင်းတို့သည် အန္တရာယ်များသာ ဖြစ်တော့သည်။

တွေ့ကြုံရသော အန္တရာယ်များ တားဆီးကာကွယ်ရန်မှာ မိမိတို့ ဗုဒ္ဓဘာသာနွယ်ဝင်တို့အဖို့ ယုံကြည်ကိုးစားစရာ မြတ်ရတနာသုံးပါးမှတစ်ပါး အခြားမရှိချေ။ အန္တရာယ်ဘေးမည်သည် ဆင်းရဲဒုက္ခအဝဝပင်ဖြစ်၍ ယင်းသို့သောဘေးဒုက္ခတို့၏ အရင်းအမြစ် အဝိဇ္ဇာတဏှာကို တွေ့ရမည်ဖြစ်သည်။ ဘုရား၊ တ[ရား]သံဃာ ရတနာသုံးပါးတို့တွင် ဘု[ရား]ရတနာသည် ဗောဓိပင်နှင့် ရွှေပလ္လင်[၌]သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘု[ရား]စင်စစ်အဖြစ်သို့ ရောက်တော်မူစက[ပင်]အဝိဇ္ဇာတဏှာမည်သော ကိလေသာ[...]မြူမှုမကျန်အောင် အပြီးတိုင် ပယ်သ[တ်]ခဲ့ပြီးဖြစ် သည်။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့်စပ်သော [...]တော်ဂါထာများသည်လည်း အ[...]တကယ် ထိထိရောက်ရောက် ရွတ်[...]ပွားများနေသူအား အထက်ပါအကြောင်းအချက်တို့ကို ထောက်ဆ၍ [...]အန္တရာယ်ကင်းမြောက်ကြောင်း ယုံကြ[ည်]နိုင်ပေသည်။

သမ္ဗုဒ္ဓေဂါထာ၊ ဒိဝါတပ[...]စသော သဗ္ဗမင်္ဂလာဂါထာ၊ နာည[...]ဂါထာ၊ နမောတေ စသော လနတ်သ[...]ဂါထာနှင့် လုံးချင်းအန္တရာယ်ကင်း[...]ဂါထာများ၊ အာဝေဏိကဂုဏ်တော်[...]ဓမ္မစကြာပါဠိတော် စသည့် သုတ္တန်[...]တော်များ၊ ပဋ္ဌာန်းစသော အဘိဓမ္မာပါဠိတော်များသာမက အ[...]ဇယမင်္ဂလာ အောင်ခြင်းဂါထာမျာ[း]ရတနာရွှေချိုင့်ဂါထာ၊ ပရိတ်ပါဠိတော်များနှင့် ဥပ္ပါတသန္တိကျမ်း စသော [...]ဂါထာများမှာ ဗုဒ္ဓဘာသာဝင်တို့[၏]အန္တရာယ်ကင်း လက်စွဲရွတ်ဆိုမြဲ [...]ဂါထာများပင် ဖြစ်တော့သည်။

ဆိုခဲ့သော ပဋ္ဌဂဋ္ဌ စုဏ္ဏိယဂါထာ အဖြာဖြာသော အန္တရာယ်ကင်းပါဠိ[...]တွင် ယခုအခါ မိမိတို့မြန်မာပြည်[...]'ဥပ္ပါတသန္တိကျမ်း' ဟူသော [...]တစ်စောင်ကို အသုံးအနှုန်းများလာ[...]



www.burmeseclassic.com

www.burmeseclassic.com

ည်ကို တွေ့ရသည်။ မိမိသည် နေပြည်တော်သို့ ရောက်ရှိမလာမီကပင် ဥပ္ပါတ တူသောဘွဲ့အမည်ကို မှတ်မှတ်ရရ နေမိပါသည်။ ဥပ္ပါတသန္တိ၏ ပါဠိ ပ္ပာယ်ကိုလည်း စဉ်းစားနေမိပါ သည်။ မိမိနည်းတူပင် မြန်မာတစ်နိုင်ငံ ဗုဒ္ဓဘာသာဝင်တို့သည်လည်း သားတူဖြစ်မည်ထင်ပါသည်။ ပါဠိ ကျင်ပုဂ္ဂိုလ်များမှအပ သိနိုင်မည် တ်။

မြန်မာစာမြန်မာမှုပါဠိအဘိဓာန် စ်တွင် ဤသို့ဆိုပါသည်။ **ဥပ္ပါတ** - နိမိတ်၊ ကောင်းကျိုး၊ မကောင်းကျိုး ပြတတ်သော 'အကြောင်းဘုတ်တို့၏ က်ပြန်ခြင်း' ဟု ဖွင့်ဆိုပါသည်။ **သန္တိ**- သက်ခြင်းဟု ဆိုသည်။ ဥပ္ပါတသန္တိ မ်းရင်းတွင်မူ **ဥပ္ပါဒ** - ဥပဒ် ဟူသည် ဘေး၊ ရန်ဘေး၊ ဘယာဘေး၊ အန္တရာယ်တည်း။ **ဥပ္ပါတ** - ဥကြွတ် သည်ကား နိမိတ်ထူးပြုမည်ပါသည်။ တိယက္ခရာဒနှင့် ပထမက္ခရာတကို တ်ထားလေ။ ထို ဒီသာဒါဟာဥကြွတ် တ်ဖြစ်သော ကိတ်ကား -

- ကောင်းကင်ဖြစ်သော ဒိဗျကိတ်။
- ကောင်းကင်နှင့် မြေအကြား၌ ဖြစ်သော အန္တလိက္ခကိတ်။
- မြေ၌ဖြစ်သော ဘောမကိတ်ဟူ၍ (၃) မျိုးရှိ နိမိတ်ဆိုးများ ဖြစ်ကုန်၏ဟု ဆိုထားသည်။

ယင်းနောက် သန္တိ ဟူသည်ကား အေး ချုပ်ပျောက်စေခြင်းပင် ဖြစ် သည်။ အထက်ဖော်ပြပါ ဥပ္ပါတ - တ် - ဥပဒ် ဟူသော အတိတ်ဆိုး၊ တ်ဆိုးတို့ကို ပယ်ရှင်းငြိမ်းအေးစေရာ အေးကြောင်း ဘုရား၊ တရား၊ သော ရတနာမြတ်သုံးပါးနှင့် တန်ခိုး ဝါ အာဏာထက်မြက်ကြသည့် တ်နတ်ဗြဟ္မာတို့၏ ဂုဏ်ကျေးဇူး ထူးကိုဖော်ပြရေးသားသောကျမ်း ဆိုလိုသည်။

ဥပ္ပါတသန္တိကျမ်းရင်းတွင် (ဂန္ထာ ဂ ဝါထာမပါ) (၂၇၁)ဂါထာရှိသည်။ ထာအမှတ် (၁) မှ (၃၆) အထိ တ်ရာမြတ်စွာဘုရားအစ၊ ဂေါတမ တ်စွာအဆုံး (၂၈) ဆူသော မြတ်စွာ ရားတို့ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ ထာအမှတ် (၃၇) မှ (၃၈) အထိ ဗ္ဗာန်ဝင်စံခဲ့ကြသော ဗုဒ္ဓမြတ်စွာ ရားအားလုံးအကြောင်းနှင့် (၃၉) မှာ င်ပွင့်လတ္တံ့သော အရိမေတ္တေယျ တ်စွာဘုရားကို ရည်ညွှန်းဖွဲ့ဆိုထား သည်။

ထိုမှ ဂါထာအမှတ် (၆၀) မှ (၆၁) မှာ သီခြားပွင့်တော်မူခဲ့ကြသော ပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ကျေးဇူးတို့ကို လည်းကောင်း၊ ဂါထာအမှတ် (၆၂)၊ (၆၃) မှ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့ဟောကြားတော်မူခဲ့သော တရားတော်များ၏ ဂုဏ်ကျေးဇူးအထူးကို လည်းကောင်း၊ ဂါထာအမှတ် (၆၄) မှ (၁၇၁) အထိကမူ အရှင်ကောဏ္ဍညမှ အင်္ဂုလိမာလအဆုံး (၁၀၀) မျှသော ရဟန္တာများ၏ ဂုဏ်ကျေးဇူးတို့ကို လည်းကောင်း၊ ဂါထာ (၁၇၂) မှ (၁၈၆) အထိမှာ မိထွေးတော်ဂေါတမီမှစ၍ ဧတဒဂ်ရထေရီ ရဟန္တာမ (၁၃) ပါးတို့ကို လည်းကောင်း၊ ဂါထာ အမှတ် (၁၈၇) မှ (၂၇၁) အထိကမူ နတ်၊ နဂါး၊ ဗြဟ္မာ၊ ပြိတ္တာ၊ အသုရာ အမည်အရည်များကို မဟာသမယသုတ်ဆန်ဆန် ဖော်ပြထားကြောင်း တွေ့ရမည်ဖြစ်သည်။

ကျမ်းစတင်ဖြစ်ပေါ်လာသည်မှာ ပြည်တွင်းမှာမဟုတ်။ တစ်ချိန်က ယိုးဒယားဟုခေါ်ခဲ့သော ထိုင်းနိုင်ငံရှိ ရဟန္တာတစ်ပါးက ရေးသားစီရင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာကောဇာနှစ် ၇၆၇ ခုနှစ် အင်းဝနေပြည်တော်ဘုရင် ပထမ မင်းခေါင် နန်းစံလျက် မွန်ဒေသ ဟံသာဝတီတွင် ရာဇာဓိရာဇ်တို့ ထီးပြိုင်နန်းပြိုင်ကာလ ဖြစ်သည်။ ယိုးဒယား (ထိုင်း) နိုင်ငံတွင် ဇင်းမယ်၊ ဇင်းရဲ၊ ဇင်းရှည် စသော ဇင်းမယ်ပြည့်ရှင် စောဗျာသံမင်းကို ဂန္ဓာလရာဇ်တိုင်း (တရုတ်) တို့က အလုံးအရင်းနှင့် ဝိုင်းဝန်းပိတ်ဆို့လာသည်။ အင်အားမမျှ အခြေမလှသည်တွင် ဟရိဘုဉ္စတိုင်း ဇင်းမယ်ပြည် ရဟန္တာ ရှင်မဟာသီလဝံသမဟာထေရ်မြတ်က ဥပ္ပါတသန္တိကျမ်းကို စီရင်ရေးသားသည်ဟု ဆိုသည်။ (ရှင်မဟာသီလဝံသ ဟူရာ၌ မိမိတို့သိထားသည့် ပေလေးပင်ရှင်လေးပါး ရှင်မဟာသီလဝံသနှင့် ကဝိကဏ္ဍပါသကျမ်းပြု ရခိုင်ရှင် သီလဝံသတို့နှင့် ကွဲပြားစေရန် ယခု ဥပ္ပါတသန္တိကျမ်းပြု ဇင်းမယ်ရှင်သီလဝံသ ဟု မှတ်ရမည်ဖြစ်သည်။)

ဇင်းမယ်နေပြည်တော်၏ အရပ်သုံးမျက်နှာတွင် အာယု၊ တေဇ၊ သီရိနာမပေးလျက် ပရိတ်တန်ဆောင်း အသီးသီးတို့ ဆောက်လုပ်ကာ ယင်းတန်ဆောင်းတိုင်း၏အလယ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ စံပယ်စေသည်။ သိကြား၊ စတုလောကပါလ နတ်မင်းလေးပါး ခြံရံစေလျက် ရဟန်းတော်များက မေတ္တာသုတ်ပရိတ်တော်နှင့် အာဋာနာဋိယသုတ်ပရိတ်တော်များ မပြတ်ရွတ်ဖတ်စေသည်။ ပြီးမှ ဥပ္ပါတသန္တိကျမ်းကို တစ်ပြိုင်တည်း ရွတ်ဖတ်သရဇ္ဈာယ်စေရာ ဝိုင်းရံလျက်ရှိသော ရန်သူများ စိတ်ပြောင်း စိတ်ပြေပျောက်လျက် ရန်ပြုခြင်းမရှိတော့ဘဲ တပ်ကို ရုတ်သိမ်းထွက်ခွာသွားကြသည်။

ယင်းဥပ္ပါတသန္တိကျမ်း၏ အနှစ်သာရမှာ မိမိအထက်တွင်ဖော်ပြသကဲ့သို့ ကမ္ဘာအသီးသီးတွင် ပွင့်တော်မူခဲ့ပြီးသော နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားရှင်များ၊ ဘုရားငယ် ပစ္စေကဗုဒ္ဓါများ၊ အသီတိမဟာသာဝက ရဟန္တာများ၊ ထေရီရဟန္တာမကြီးများ စသော အထွတ်အမြတ်ထားရာ ရတနာသုံးပါး၏ ဂုဏ်ပုဒ်များ ပြည့်စုံစွာ ပါရှိနေပေသည်။ ဤကျမ်းရွတ်ဖတ်သရဇ္ဈာယ်ကြသူအဖို့ ပရံပရာဘဝအဆက်ဆက်က ကုသိုလ်ကံဟောင်းများအား အဆင့်ဆင့်အားဖြည့်ပေးဆက်နိုင်မည် ဖြစ်သည်။ ထိုကံဟောင်းများက ပံ့ပိုးဖြည့်ဆည်းစေအပ်သည့် ဝိပါက်ခန္ဓာအစဉ်၏အန္တရာယ်ကိုပြုတတ်ကုန်သော ဥပပီဠက၊ ဥပစ္ဆေဒကကံတို့ကို ပိတ်ဆီးတားမြစ်ပြီးလျှင် ယင်းတို့ကြောင့်ဖြစ်လာမည့် မကောင်းကျိုးများကိုလည်း လုံးဝပယ်ဖျောက်နိုင်ပေမည်။

ထိုစဉ်မှစ၍ ဘေးအန္တရာယ်ကြုံလာလေတိုင်း စီရင်ရွတ်ဖတ်ကြရာ ဘေးကင်းလုံခြုံမှု အကျိုးပြီးစီးသည်ဟု ဆိုပါသည်။ မိမိတို့ မြန်မာနိုင်ငံမှာလည်း နှောင်းပိုင်းကာလများတွင် ပျံ့နှံ့အသုံးပြုခဲ့ကြဟန်တူပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာကောဇာနှစ် ၈၄၂ ခုနှစ် အင်းဝဒုတိယမင်းခေါင်လက်ထက်တွင်လည်း အသုံးတွင်လျက်ရှိကြောင်း သိရသည်။ ယင်းကျမ်း၏ နိဿယကိုကား ကုန်းဘောင်ဆက် ဆရာတော် ဦးဗုမ် စီရင်ခဲ့ကြောင်း အမှတ်အသားရှိသည်ဟု ဆိုသည်။

လကြွတ်ခြင်း စသော သဘာဝ ဘေးဥပဒ်များ၊ အတိတ်နိမိတ်ဆိုးများ၊ မကောင်းမှုကံသက်သက်ဖြစ်သော ဘေးဥပဒ်ခပ်သိမ်းတို့သည် ဥပ္ပါတသန္တိတန်ခိုးတော်ကြောင့် လွင့်ပြယ်ပျောက်ပျက်ကုန်၏။ သက္ကရာဇ် ၈၀၀ ပြည့်နှစ်ဝန်းကျင်ကပင် မြန်မာနိုင်ငံသို့ ရောက်နေဟန်တူပါသည်။ ၈၄၂ ခုနှစ်တွင် အင်းဝဗားမဲ့အစီအရင်မဟာသိဒ္ဓိကျမ်းရင်းတွင်လည်း တွေ့ရသည်။

မြန်မာကောဇာနှစ် ၉၉၁ တွင် နန်းတက်သော သာလွန်မင်းတရား၊



www.burmeseclassic.com

www.burmeseclassic.com

၁၀၃၄ ခုနှစ်တွင် ဝမ်းဘဲအင်းစံမင်း လက်ထက်တို့တွင် နန်းတွင်းသို့ပင် ပုန်ကန်သူများ စီးနင်းတိုက်ခိုက်မှုကို ရှင်းလင်း သုတ်သင်နိုင်ခဲ့သော်လည်း နန်းတွင်းမှာ နှစ်ဖက်စလုံးမှ အသေအပျောက်များသဖြင့် မနေနိုင်အောင် ခြောက်လှန့်၍ နတ်စက်ရောင်ဆရာတော်က မြန်မာနှစ် ၁၀၃၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့တွင် ရွတ်ဖတ်သည့်ဂါထာသည် ဥပ္ပါတသန္တိဂါထာပင်ဖြစ်သည်။ ဘေးရန်များ၊ ခြောက်လှန့်နေသည်များလွင့်ပြယ်ငြိမ်းအေးခဲ့သည်။

ထို့အတူ ကောဇာနှစ် ၁၁၉၈ ခုနှစ် ကုန်းဘောင်ဆက် ဘကြီးတော်နှင့် သာယာဝတီမင်း ထီးပြောင်းနန်းလွှဲ တိုင်းနိုင်ငံ မငြိမ်မသက်စဉ်ကလည်း ညောင်ကန်ဆရာတော် ဦးဗုမ် ရေးသားစီရင်ကာ သံဃာတော်၊ လူပုဂ္ဂိုလ်များအားလုံးရွတ်ဆိုကာ ဘေးကင်းပပျောက်စေခဲ့သည်။

ထိုထက်မက မိမိတို့ မော်လမြိုင်မှာပင် မြန်မာနှစ် ၁၂၇၀ ပြည့်က လယ်တီဆရာတော်ဘုရား ဦးဆောင်ကာ ကျိုက်သလွံတောင်ထိပ် အောင်လံတိုင်ကျောင်း၌ဝါကပ်တော်မူစဉ် ရတနာဘုံမြင့်ဆရာတော်နှင့် ညှိနှိုင်းလျက် ကူးစက်တတ်သော ရောဂါဘယဆိုးများ ပပျောက်စေရေး (မဟာသမယသုတ်နှင့် ဥပ္ပါတသန္တိ) ရောဂန္တရဒီပနီကျမ်းကို ရွတ်ဖတ်ခဲ့ကြဖူးပါသည်။

သို့ဖြစ်ရာ အကျော်ဇေယျ လူသိများထင်ရှားလာနေသော နေပြည်တော်၏ အထွတ်အမြတ်တွင် တည်ထားသော ဥပ္ပါတသန္တိစေတီတော် ဟူသောဘွဲ့မည်သည် မိမိတို့ အလွယ်တကူ မှတ်သား သိနားလည်ရမည်မှာ ကပ်ကျော်အန္တရာယ်ကင်းဂါထာဖြစ်၍ အတိတ်နိမိတ်ဘေးဆိုးမှ ကင်းပျောက်စေသော စေတီမြတ်ဟု ယူဆစရာဖြစ်ပါကြောင်း မြန်မာနိုင်ငံတစ်ဝန်းမှ ဗုဒ္ဓနွယ်ဝင် သူတော်စင်များသို့ စေတနာကောင်းဖြင့် လေ့လာမိသမျှ အသိပေး ရေးသားရပါသည်။

ရာမည-သွေးမွန်

**ကျမ်းကိုး -**

- ဥပ္ပါတသန္တိနှင့် ရတနာရွှေထီး (ပညာအလင်းပြ) ၁၉၉၁ ခုနှစ်၊ သြဂုတ်
- မြန်မာစာ၊မြန်မာမှုပါဠိအဘိဓာန်သစ် (ဦးမြတ်ကျော်) ၂၀၀၅

အေးချမ်းအောင် (ရမည်းသင်း)

# လက်တွေ့ကိုယ်ရောင်ရောဂါပျောက်ဆေးနည်း

အသက်ကြီးလာလျှင် ဖြစ်တတ်သောလူကြီးရောဂါများအနက် ဖြစ်တတ်လေ့ရှိသော ကိုယ်ရောင်ရောဂါကို ပျောက်ကင်းစေသည့် ဆေးနည်းအကြောင်း ပြောပြချင်ပါသည်။

စာရေးသူ၏အဘိုးသည် အသက် (၇၀) ကျော်ကတည်းက ကျန်းမာရေးမှာ ချူချာလာသည်။ လူကြီးဆိုတော့ ရောဂါမျိုးစုံတို့က နှိပ်စက်လေ့ရှိသည့်အထဲမှ ကိုယ်ရောင်ရောဂါက အဆိုးဆုံးဖြစ်လေသည်။

အဘိုးမှာ မကြာခဏ ဖောရောင်လေ့ရှိသည်။ ဆေးခန်းနှင့်အိမ် လွန်းထိုးနေရသည်။ ကြာလာတော့ အဘိုးမှာ ဆေးခန်းမသွားချင်တော့။ အသက်ကြီးသူများ ကိုယ်ရောင်လျှင် အသက်ရှည်ဖို့မလွယ်လှ။ အသက်ကြီးသူများ ကိုယ်ရောင်ပြီဆိုလျှင် မပျောက်နိုင်တော့ဘဲ ထိုရောဂါနှင့်ပင် အသက်ဆုံးရှုံးသွားကြသည်ကို အဘိုးကသိနေသူဆိုတော့ ဒီရောဂါနှင့်ပင် သေချင်လည်း သေစေတော့ဟု အဘိုးစိတ်လျှော့လာသည်။

အဘိုးဖောရောင်တာ အစကတော့ မျက်နှာ၊ ခြေ၊ လက်များလောက်သာ ရောင်လေ့ရှိပြီး ကြာလာတော့ ငါးပိုင်းကိုပါရောင်လာသည်။ ငါးပိုင်းဆိုသည်မှာ ခန္ဓာကိုယ်အလယ်ပိုင်းကို ဆိုခြင်းဖြစ်လေသည်။

ကိုယ်ရောင်တာ ငါးပိုင်းရောင်ပြီဆိုလျှင် ဒီတောင်ကို မကျော်တော့ဟု ပြောကြသလို အသက်ရှင်ရန်လမ်းလည်း မမြင်တော့။

အဘိုးကျန်းမာရေးအခြေအနေ မကောင်းတာကို ကြားတဲ့ ဟိုဘက်ရွာမှ အဘိုးမိတ်ဆွေ ဆရာကြီးဦးချစ်လှ ရောက်ရှိလာကာ ကိုယ်ရောင်ပျောက်ဆေးနည်းပေးသွားခဲ့သည်။

ထိုဆေးနည်းမှာ နံနက် ဦးစွာ စွန့်လိုက်သည့် နွား၏ နံနက်သေးကို ရှောက်သီးနှင့် ရောစပ်သောက်ခြင်း ဖြစ်သည်။

နံနက်သေးလက်ဖက်ရည်ပန်းကန်တစ်လုံးကို ရှောက်သီးစိတ် လက်သုံးသစ်ခန့် အရည်ညှစ်ထည့်သောက်ရခြင်း ဖြစ်သည်။

နွားသေးထည့်ထားသော ပန်းကန်ထဲ ရှောက်သီးအရည်ညှစ်ထ[ည့်] လိုက်သည်နှင့် ဘီယာခွက်ထဲ ထ[ည့်] လိုက်သကဲ့သို့ အမြှုပ်များအပြည့်တ[က်] လာသည်။ အမြှုပ်ငြိမ်သွားလျှင် ဆေး သောက်လို့ရပြီ ဖြစ်သည်။

တစ်နေ့ (၃) ကြိမ် (၃) ရက် (၅) ရက်ထက် ပိုသောက်ရခြင်းမရှိ ကိုယ်ရောင်ရောဂါမှာ ပျောက်ကင်းသွ ခဲ့ပါသည်။

ဆေးသောက်ဖို့ကို အစကတော့ အဘိုးကို အတော်ပင်စည်းရုံးခဲ့ရသည်။ တစ်ရက်က နှစ်ရက် ဆေးသောက်ပြီး တော့ ထူးထူးခြားခြား ကိုယ်ရောင်နေ တာ လျော့သွားသည်ကိုမြင်တော့ ဆေး သောက်ဖို့ တိုက်တွန်းနေစရာပင် မလို တော့။

နံနက်သေးကို တချို့က နွားနံ သေးဟူ အယူရှိကြသော်လည်း စာရေး သူတို့ကတော့ တစ်ညလုံး ခန္ဓာကိုယ်ထဲ မှာရှိနေသည့် အဦးဆုံးစွန့်လိုက်သော နံနက်သေးကိုသာ အသုံးပြုခြင်း ဖြစ်ပါ သည်။

နွားသေးကို ကျိုချက်ပြီးမှ ဆေး အဖြစ် အသုံးပြုလျှင်တော့ ကျန်းမာရေး ရှုထောင့်က ကောင်းပါသည်။ သို့သော် နွားသေးဟာ • မကျိုမချက်ပစ်ဘဲ မူလ အတိုင်း အသုံးပြုပါက ပို၍အစွမ်းထက် သည်ကိုလည်း လက်တွေ့သိရသည်။

မကြာမကြာကိုယ်ရောင်တတ်လေ့ ရှိသောအဘိုးမှာ ကိုယ်ရောင်တိုင်း နွား သေးနှင့် ရှောက်သီးကိုသာ သောက်သုံး ခြင်းဖြင့် ကိုယ်ရောင်ရောဂါ အမြစ်ပြတ် ပျောက်ကင်းသွားခဲ့ပြီး အသက် (၉၀) ကျော်မှပင် အခြားရောဂါဖြင့် သေဆုံး သွားခဲ့ပါသည်။

စာရေးသူတို့ အရပ်ဒေသတွင် ကိုယ်ရောင်သောသူများ ယခု နွားသေး နှင့် ရှောက်သီးဆေးကိုသာ သုံးစွဲကြခြင်း ဖြင့် ကိုယ်ရောင်ရောဂါ ပျောက်ကင်း သွားကြပါသည်။

ယခု တင်ပြခဲ့သော လက်တွေ့ ကိုယ်ရောင်ရောဂါပျောက်ဆေးနည်းအား ယုံကြည်စွာဖြင့် သုံးစွဲရန်သာလိုပါသည် ဟုသာ ပြောချင်ပါသည်။

အေးချမ်းအောင် (ရမည်းသင်း)

www.burmeseclassic.com

## ရသဂမ္ဘီရ-ကျော်ဝင်းအောင်

(၂)

# ဂုဏ်တော်ကိုးပါးကိုဂမ္ဘီရဆန်ဆန်ပူဇော်ခြင်း

ဂုဏ်တော်ကိုးပါးဟုဆိုလိုက်သည် ဗုဒ္ဓဘာသာဝင် ဟူသမျှသော ... လူကြီးအပေါင်းတို့သည် ...တော်မြတ်ဘုရား၏ အတုမရှိသော၊ ...ခွမ်းမရှိသော ဂုဏ်တော်ကိုးမျိုးကို ...ဘွန်းကြောင်း အကြမ်းအားဖြင့် သိရှိ ...ည်။ သို့သော်လည်း ထိုအတုမရှိ ... တုနိုင်စွမ်းမရှိသော ဂုဏ်တော် ...ါး၏ ဂုဏ်တော်တစ်ခုချင်းရဲ့ ...က်အဓိပ္ပာယ် အကျိုးသက်ရောက် ...ကို သေချာဂနသိရှိသူ နည်းပါးကြ ...ည်။ ဘာသာရေးကို အခြေခံမှုစပြီး ...ာလိုက်စားသူများ၊ သင်အံလေ့ ...သူများသာသိရှိကြသူများပါသည်။ ...က်တော်ကိုးပါးသည် မြတ်စွာဘုရား ... ဖူးပွင့်ပေါ်ထွန်းတော်မူတိုင်း ...စွာဘုရားရှင်နှင့်အတူ ပေါ်ပေါက် ...သော ဂုဏ်တော်ဆိုပါက မမှားပါ။ ...က်တော်ကိုးပါးမှာ မြတ်စွာဘုရား ...တစ်ပါး အခြားအခြားသော ...ာပုဂ္ဂိုလ်များတွင် မပါရှိသော ...တော်လည်း ဖြစ်သည်။ ထို့ကြောင့် ...ဂမ္ဘီရဆန်သော မနှိုင်းယှဉ်အပ် ... အထွတ်အမြတ်ဆုံး ဂုဏ်တော် ... ဖြစ်သည်။ ထိုဂုဏ်တော်ကိုးပါး ...ရှိရန်အတွက် မြတ်စွာသခင်တိုင်း ...ခြေအနန္တကမ္ဘာပေါင်းများစွာ ပါရမီ ...ည်းခဲ့ကြရသည်။

သို့သော်လည်း ယနေ့ဗုဒ္ဓဘာသာ ...ငယ်၊ လူကြီး၊ ကလေးမှအစ သိရှိ ...သော မြတ်စွာဘုရားသခင်၏ ...တော်ကိုးပါးမှာ အရဟံအစ ဘဂဝါ ...ရှိသော ကိုးပါးသော ဂုဏ်တော် ... ဖြစ်သည်။ ထိုဂုဏ်တော်ကိုးပါး ... အကြမ်းဖျဉ်းပါဠိသက်သက်အား ...န်တန်သော်လည်း ဘာသာရေးကို ...ာလိုက်စား ဖွားများသော ပုဂ္ဂိုလ် ...အတွက်ဆိုလျှင် အကျဉ်းမျှသာ ဖြစ် ... ဘာသာရေးလေ့လာလိုက်စား ...သူတို့အတွက်မှာ ပါဠိသက်သက် ...ဘဲ အနက်အဓိပ္ပာယ်ပါ ဆင်ခြင် ...သောကြောင့် ဖြစ်သည်။ သို့မှ ...မိရည်မှန်းထားသော နိဗ္ဗာန်မဂ် ... သွားရာလမ်းဖြစ်သော ဓမ္မပီတိ ...ကို အမှန်ရမည်ဖြစ်သည်။

ဤနေရာတွင် စာဖတ်သူများမှ ...ခွတက်ခွင့်ရှိပါသေးသည်။

အရဟံ ဟူသော ပါဠိသက်သက် ...ဆိုပွားများလျှင်ကော ကုသိုလ် ...ဘူးလားဟု မေးပါလိမ့်မည်။

ဟုတ်ကဲ့ - ကုသိုလ်ရပါ၏။ သို့သော်လည်း မဂ်ကုသိုလ်ဖိုလ်ကုသိုလ် ဖြစ်သော စေတနာသဒ္ဓါဇောဆိုက်အောင် ပွားများအားထုတ်ပါက ဝိဘက်ကုသိုလ်၊ ကြိယာကုသိုလ်ဖြစ်မည်ဟု အဘိဓမ္မာ ဒေသနာတွင်အကျယ်တဝင့်ပါရှိပါသည်။

ထို့ကြောင့် အရဟံဟု ပါဠိသက်သက်ဆိုလိုက်သည်နှင့် အရဟံဂုဏ်တော်သည် ဘာကြောင့် အရဟံဂုဏ်တော်ထိုက်သလဲ။ ဘာကြောင့် အရဟံဂုဏ်တော်ဟု ခေါ်သလဲ။ အရဟံဂုဏ်တော်တွင် ဘယ်လိုစွမ်းအားတွေပါဝင်ဖွဲ့စည်းနေသလဲ။ ဘာကြောင့် အရဟံဂုဏ်တော် အစွမ်းထက်သလဲ စသည့် မြောက်မြားစွာသော အနက်အဓိပ္ပာယ် အကျယ်အဝန်းကို ဆင်ခြင်သုံးသပ်ပြီး ပွားများအားထုတ်ပါက ပါဠိသက်သက်ရွတ်ဖတ်ပွားများတာထက် စေတနာသဒ္ဓါဇောထက်သန်စွာဖြင့် အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပွားများပါက စိတ်စွမ်းအင်အား၊ ကာယစွမ်းအင်အားများ တိုးတက်ကာ ဝိဘက်ကုသိုလ်၊ ကြိယာကုသိုလ်ဖြစ်ပြီး ဓမ္မပီတိတွေဖြစ်ကာ လွန်စွာအေးချမ်းနေလိမ့်မည်။ အပြောမဟုတ်ပါ။ လက်တွေ့လုပ်ကြည့်ပါက သိပါလိမ့်မည်။

ဤနေရာတွင် စာဖတ်သူဓမ္မမိတ်ဆွေများအတွက် အရဟံဂုဏ်တော် အနက်အဓိပ္ပာယ်ပွားများနည်းကို ဖော်ပြပေးလိုက်ပါသည်။ ဘာသာရေးဆိုင်ရာ စာအုပ်များတွင်ပါရှိပါ၏။

၎င်းမှာ -

**အရဟံ** - လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ပူဇော်မှုကို ခံယူထိုက်သော မြတ်စွာဘုရားအား ပူဇော်ပါ၏။

**အရ-ဟံ**-ကိလေသာရန်အပေါင်းကို အရဟတ္တမဂ်ဉာဏ်ဖြင့် ကြွင်းကျန်မရှိအောင် ပယ်သတ်တော်မူသော မြတ်စွာဘုရားအား ပူဇော်ပါ၏။

**အ-ရဟံ** - မကောင်းမှုကို ဆိတ်ကွယ်ရာနေရာတွင်ပြုတော်မမူ၊ ပြောတော်မမူသော မြတ်စွာဘုရားအား ပူဇော်ပါ၏။

**အရိဟံ** - ပြင်ပရန်ဟူသမျှကို အောင်ခြင်းရှစ်ပါးနှင့် အောင်တော်မူသော မြတ်စွာဘုရားအား ပူဇော်ပါ၏။

အရဟံဂုဏ်တော်အနက်အဓိပ္ပာယ်လေးမျိုးမှ အပေါ်ဆုံးအပုဒ် အနက်အဓိပ္ပာယ်ကိုသာသေချာကျနစွာပွားများအားထုတ်ကြည့်လျှင် သိသာပါလိမ့်မည်။ ဒါဟာ ဂုဏ်တော်ကိုးပါးထဲက နံပါတ်တစ် ဂုဏ်တော်တစ်ခုတည်းပါ။ ဒါကြောင့် အလွန်အစွမ်းထက်တဲ့ ဂုဏ်တော်တွေကို သိဒ္ဓိရှင်၊ မဟာိဒ္ဓိရှင်ပုဂ္ဂိုလ်တွေက ဣစ္ဆာသယ လိုတိုင်းရအောင် အောက်ပါအတိုင်း စီရင်သုံးစွဲခဲ့ပါသည်။ ခက်ခဲနက်နဲပြီး ပျောက်ကွယ်လုဖြစ်နေတဲ့ သုံးစွဲနည်းပွားများနည်းတွေဆိုလျှင်လည်း မမှားပါ။ စာရေးသူ ယခင်ရေးသားခဲ့သော ဂုဏ်တော်ကိုးပါးကို ဂမ္ဘီရဆန်စွာ အသုံးပြုပုံနှင့် ဆင်သယောင်ရှိသော်လည်း မူအားဖြင့် ကွဲပြားခြားနားနေသောကြောင့် ဆက်လက် ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။ ဂုဏ်တော်ကိုးပါးကို သိဒ္ဓိရှင်မဟာိဒ္ဓိရှင်လမ်းကိုလိုက်စားသောပုဂ္ဂိုလ်တို့၏ ဂမ္ဘီရဆန်စွာအသုံးပြုပုံမှာ -

**ဣတိ** နှစ်လုံးသည် 'ဘုရားသခင်သည် မာရ်နတ်ကို အောင်မြင်တော်မူသည်'။ တိရစ္ဆာန်သတ္တဝါတို့ ရန်မူလျှင် ပုဆစ်တုပ်လက်အုပ်ချီပြီးလျှင် (၁၀၈) ကြိမ်ရွတ်သော် ကြောက်လန့်ကုန်၏။ လေး၊ မြား၊ ဓား၊ လှံ၊ သေနတ်ဖြင့် ပစ်ခတ်သော် (၁၀၈) ခေါက်ရွတ်လျှင် မမှန်နိုင်။ ရေကြောင်းသွားသော် ဝသုန္ဒရေနတ်မင်းကို အောက်မေ့၍ (၂၀) ခေါက်ရေကိုမန်းပြီး တစ်လှေလုံးဖျန်းသော် ဘေးကင်း၏။ ကုန်းကြောင်းခရီးသွားသော် မြေမှုန့်ကို (၃၀) ခေါက်မန်းပြီး လမ်းရှေ့ကို ကြဲသွားသော်' ရန်ကင်း၏။ တောထဲ ခရီးသွားသော် အိပ်သောအခါ ကျောက်ခဲကို (၃၀) ခေါက်မန်းပြီး အရပ် (၈) မျက်နှာကို ပစ်ခတ်သော် ဘေးရန်ကင်း၏။ ခြင်ကိုက်သော် ခေါင်းပေါင်းကို (၁၀၀၀) စုတ်၍ပေါင်းသော် ခြင်ရန်တင်း၏။ ရေကိုလည်း ၎င်းနည်းအတိုင်းမန်း၍သောက်၊ ချွန်းကိုလည်း မန်း၍အုပ် ရန်မမူနိုင်ပါ။ ကျွဲ၊ နွား၊ မြင်း၊ ကြက်တို့ကို တိုက်သော်လည်းကောင်း၊ ပြေးခိုင်းသော်လည်းကောင်း ထိုနည်းအတိုင်း သောက်စေသော်နိုင်၏။

**ပိသော** နှစ်လုံးသည် စားကောင်းသောက်ဖွယ် အဝတ်ပုဆိုး၊ ဆီမွှေးနံ့သာတို့ကို (၁၀၈) ကြိမ်မန်းပြီး ပက်ဖျန်းသွားသော် မျက်နှာပွင့်လန်း၏။ သူတစ်ပါးဥစ္စာ ချေးငှားသွား၍ ပြန်မရသော် ခုနစ်ရက်ချက်နစ်ရှုံရေထဲဆင်းကာ (၁၀၈) ခေါက်မန်းပြီး စိတ်ထဲကတောင်း။ ခုနစ်ရက်စေ့လျှင် ၎င်းပစ္စည်းဥစ္စာကို သွားတောင်းပါ။ ရ၏။



www.burmeseclassic.com

www.burmeseclassic.com

**ဘဂဝါ** သုံးလုံးသည် ရန်သူဝိုင်းလျှင် လျှာကိုကော့၍ (၃၇) ခေါက် ရွတ်သော် အဟန့်ကောင်း၏။ မင်းမိန်းမတို့ မျက်သော် ဘုံးမျက်နှာလွှဲတွင် ဆီထည့်ကာ (၃၇) ခေါက်မန်းပြီး နားတွင်ပန်၍ ဆံပင်ကိုသပ်သွားသော် ရန်ပြေပျောက်၏။ အိမ်ကို ရန်သူမဝင်စေလိုသော် ပရိတ်ချည်မျှင် (၃၀) ကို (၁၀၈) ခေါက်မန်းပြီးလျှင် အိမ်ကိုပတ်ထားသော် ရန်သူမဝင်နိုင်။ တစ်နည်း 'ဦဘဂဝါ'ကို (၃၇) အုပ် နံ့သာကိုမန်းပြီး ကွမ်းယာ၍ထည့်ပြီးစားသော် မင်းအမျက်ပြေ၏။

**အရဟံ** သုံးလုံးသည် အလွန်ကြီးသော သစ်ပင်အောက်တွင် နေမွန်းတည့်ချိန်၌ (၁၀၈) အုပ်ရွတ်၍ မိမိအလိုရာကို တောင်းပါ။ နောက် ဥစ္စာရှင်သို့ သွားတောင်းပါ ရ၏။ မိန်းမကို အလိုရှိသော် မိမိအလိုရှိသော မိန်းမကို စိတ်ကမှန်းပြီးလျှင် ရေထဲချက်နစ်ရုံဆင်း၍ တစ်နေ့ (၃၀) အုပ် ရွတ်ပါ။ ခုနစ်ရက်စေ့အောင် ရွတ်သော် ရ၏။ (မှတ်ချက် - မတန်မရာ ကြံစည်လို့မရပါ။ ဖြစ်နိုင်သည်ကိုကြံပါ။ တန်ပြန်နိုင်သည်။)

**သမ္မာသမ္ဗုဒ္ဓေါ** ငါးလုံးသည် သူတစ်ပါး မကောင်းကြံစည်သော် နံနက်ကို စောစောထပြီး ပုဆစ်တုပ်လက်အုပ်ချီကာ တစ်နေ့ (၃၀) အုပ် ခုနစ်ရက်စေ့အောင်ရွတ်သော် သူတို့မကြံစည်နိုင်ကုန်။ ခရီးသွားရာ မြစ်ချောင်းခြား၍လှေမတွေ့သော် ငှင်းဂါထာကို (၁၀၀၀)ပြည့်အောင်ရွတ်။ လှေသွားလှေလာပေါ်လာလိမ့်မည်။ ရန်သူနှင့်တွေ့ကြုံ၍ ထိုးခုတ်ကြသော် ရေကို ဘုရားရှေ့တော်တွင် (၃၇) အုပ်မန်း၍ သောက်သွားပါ။ ကိုယ်ကိုလည်း လိမ်းပါ။ ထိခိုက်သော်လည်း မပေါက်မပြဲပါ။ရေကူးရာတွင် မိကျောင်းပေါ်သော် (၄၀၀) ပြည့်အောင်ရွတ်ပါ။ အားလုံးပြည့်စုံလာလိမ့်မည်။ တရားတွေ့၍ မတရားခံရသော် နံနက် ပန်းကို (၃၀) ပြည့်အောင်မန်း၍ဆောင်သော် တရားနိုင်၏။

**ဝိဇ္ဇာစရဏ** ငါးလုံးသည် ရေကို ကြေးနီခွက်တွင်ထည့်၍ (၁၀) အုပ်ပြည့်အောင်မန်း၍ အိမ်ကိုဖျန်းပက်က အိမ်ကို မီးမလောင်၊ ရန်သူလည်း မကြံစည်နိုင်။ ကုန်းကြောင်း၊ ရေကြောင်းသွားသော် ရေကို (၁၀၀၀) ပြည့်အောင်မန်း၍ သောက်ပါ။ ကိုယ်ကိုလည်းလိမ်းပါ။ မြင်မြင်သမျှ မေတ္တာရှိ၏၊ ရန်ကင်း၏။

**သမ္ပန္နော** သုံးလုံးသည် စားဖွယ်သောက်ဖွယ်များကို (၁၀၈) အုပ်ပြည့်အောင်မန်း၍စားက ပြေပြတိုင်းအောင်၏။ ဩဇာအာဏာရှိ၏။ မတရားသဖြင့် တရားဆိုင်ရာ မှန်သည့်ဘက်က တရားနိုင်လိုသော် တစ်ဖက်ဖြစ်သော မတရားအမှုသည်၏အိမ်ကို ရေကို (၃၀) အုပ်ပြည့်အောင်မန်းပြီး ရေနှင့်မှုတ်လေ တရားနိုင်၏။

**သုဂတော** သုံးလုံးသည် တနင်္ဂနွေ သမီးကညာဝတ်သောအဝတ်မှ ချည်မျှင်ကို ပူး၍ကျစ်ပါ။ ငှင်းဂါထာနှင့် (၁၀၀၀) ပြည့်အောင် မန်း၍ဆောင်ပါ။ မင်း၊ လူကြီးချစ်၏။ မိန်းမကို လူပျိုလှည့်သွားသော် ဤနည်းအတိုင်းဆောင်သွားလျှင် သူထစ်ပါး မိမိကိုမဖျက်ဆီးနိုင်။

**လောကဝိဒူ** လေးလုံးသည် စစ်မြေပြင်အရပ်သို့သွားမည်ပြုလျှင် လက်ဝါးကို ကြည့်ပြီး (၁၀၀၀) ပြည့်အောင်ရွတ်။ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီးလျှင် လျှာကို အထက်သို့ကော့ပြီး ကောင်းကင်ကိုကြည့်ပါ။ အဖြူမြင်လျှင် နိုင်၏။ အနီမြင်လျှင် ရှုံး၏။ အဝါမြင်လျှင် ထိခိုက်တတ်သည်။ အနက်မြင်လျှင် ဆင်းရဲပင်ပန်းတတ်သည်။

**အနုတ္တရော** လေးလုံးသည် ဆန်ပေါက်ပေါက်တို့ကို (၁၀) အုပ်ပြည့်အောင်မန်းပြီး အိမ်ပတ်လည်၌ကြဲသော် တိရစ္ဆာန်တို့မတက်ဝံ့။ ပုဆိုးအဝတ်အစားကို (၁၀၀၀) ပြည့်အောင်ရွတ်၍ ဝတ်သော် မင်းမိန်းမများချစ်၏။ စားကောင်းသောက်ဖွယ်များကို ဤနည်းအတိုင်းမန်း၍စားပါက မျက်နှာပွင့်လန်းသည်။

**ပုရိသဒမ္မ** ငါးလုံးသည် နံ့သာငါးပါးနှင့် သရဖီ၊ ပုန်းညက်၊ ကွမ်းသီးအဖူးအပွင့်တို့ကို ဆတူရေနှင့်ကြိတ်၍ အတောင့်လုပ်ထားပါ။ အရိပ်မှာနေသွေ့စေပြီး ငှင်းဂါထာနှင့်(၁၀၀၀)ပြည့်အောင် စုတ်၍ထားပါ။ ငှင်းဆေးကို လိမ်းကျံသည့်အခါ (၁၀၈) ကြိမ် ပြည့်အောင်ရွတ်၍ လိမ်းပါ။ ဆရာထံသွားသော် နဖူးမှာ မှန်ကူပါ။ မိန်းမထံသွားသော် လက်ဝဲပါးကို လိမ်းပါ။ ယောကျ်ားထံသွားသော် လက်ယာပါးကို လိမ်းပါ။ မေတ္တာသက်ဝင်ချစ်ခင်၏။

**သာရထိ** သုံးလုံးသည် ဆင်၊ မြင်း၊ ကျွဲ၊ နွားများကို ယဉ်ကျေးစေလိုသော် မြက်ကို (၁၀၈) ခေါက်ပြည့်အောင်မန်း၍ ကြိုးကိုလည်း ငှင်းနည်းအတိုင်းမန်း၍ ချည်ပါ။ ယဉ်ကျေးလိမ့်မည်။ လူဖြစ်မူ အစားအသောက်ကို မန်း၍ကျွေးလူမြင်တိုင်း မေတ္တာသက်ဝင်၏၊ သနားကြင်နာ၏။

**သတ္ထာဒေဝမနုဿာနံ** ရှစ်လုံးသည် နံနက်စောစော အိပ်ရာထတိုင်း ရေကို ခုနစ်ခေါက်မန်းပြီး မျက်နှာသစ် ပါ။ မင်း၊ မိန်းမချစ်၏။ ပုဆိုး၊ အဝတ်အစားကို လည်း ငှင်းနည်းအတိုင်း မန်း၍ဝတ်ပါ။ လူမြင်တိုင်း အလွန်ချစ်ခင်လေးမြတ်၏။

**ဗုဒ္ဓေါဘဂဝါတိ** ခြောက်လုံး... ဖယောင်းဖြူ၊ ဖယောင်းနီတို့ကို... အပြားလုပ်ပါ။ ဤအက္ခရာခြော... ကိုရေးပြီး ငှင်းဂါထာနှင့်ပင် (၁၀... စုတ်ပါ။ ဆီနှင့်ရောချက်ပါ။ ... အသစ်နှင့်ချက်ပါ။ ဖိုခနောက်သုံး... အုတ်ခဲအသစ်နှင့်လုပ်ပါ။ စားဝိ... လည်တွင် တံခွန်၊ ကြက်လျှာ... ဝတ်ဖြူစင်ကြယ်ဝတ်ကာ နံ့သာ... ထည့်ပြီး အရှေ့ဘက်သို့ မျက်နှာ... ချက်လေ။ အကျိုးကား မင်း၊ မိန်းမ... သွားသော် လျှာကိုသုတ်၍သွား... ရက်သားသမီးတို့ ချစ်ခင်စေလို... နှာခေါင်း၊ မျက်နှာ ရင်ဝတို့ကိုသု... လေပြိုင်သော် လေ့ဦးမှာသုတ်ပါ... နွား၊ ကျွဲပြိုင်သော် တိရစ္ဆာန်၏ ဦး... ဆံစကိုသုတ်လေ။ ။

❐

ဒါတွေဟာ ရှေးရှေးတုန်း... တဲ့ ခက်ခဲနက်နဲတဲ့ မြတ်စွာဘုရား... ဂုဏ်တော်ကိုးပါးကို စီရင်သုံးစွဲပုံ... စာရေးသူလည်းမတွေ့ဘူးပါ။ ဒါ... စာရေးသူဟာ ရောက်ရာအရပ်... အသီးသီးမှာရှိတဲ့ ဓလေ့ထုံးစံတွေ... တမ်းမှတ်ရာနှင့် ကူးယူမှတ်သား... ပါသည်။ အဓိကမှာတော့ ရှေးမိ... ဘကြီး၊ ဦးကြီးတွေရဲ့ ညဘက် လ... ရှည်ကြမ်းဝိုင်းတွေဟာ စာ... စာရေးစရာ အကြောင်းအရာကု... တွေ ထွက်ပေါ်လာရတဲ့ အဓိက... ပါပဲ။ ဒါတင်မကသေးပါ။ စာ... နာမည်နှင့်တကွ မိခင်ဌာန... တစ်တိုင်းပြည်လုံးသိအောင် ဂ... တွေပေးတဲ့ တောရွာက ဘကြီး... တွေရဲ့ လက်ဖက်ရည်ကြမ်းဝိုင်း... ကျေးဇူးရှင်တွေပါ။ မကြားဘူးတာ... မသိဘူးတာတွေကို ကြားရသိ... စာဖတ်သူထံ တင်ဆက်ခွင့်ရ... စာရေးသူဟာ စာဖတ်သူ... စွဲကျန်ရစ်မယ့် ဇာတ်သုတစ်ခုခုကို... အမြဲပါအောင် ရေးတဲ့သူပါ။ အ... အားလျှင် အားသလို ရေးပါ... မအားလပ်တဲ့အခါ စာဖတ်ပရိသ... တော်တော် အလှမ်းကွာသွားပါ... ယခုလည်း တော်တော်အလှမ်းကွာ... လို့ အားလပ်ချိန်မှာ အတိုချုပ်ပြီး ... တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်... ဆန်းတဲ့ နာမ်လောကအကြောင်... ကိုလည်း ဝတ္ထုပုံသဏ္ဌာန် တင်ဆ... သားပါဦးမည်ဟု ဆန္ဒပြုရင်းဖြင့်-

ရသဂမ္ဘီရကျော်ဝင်း...
(ပြည်-ဆ...)



www.burmeseclassic.com

www.burmeseclassic.com

…နှံအားရက် တနင်္ဂနွေနေ့တစ်ရက် ပုဏ္ဏားကျွန်းမြို့ ဆိပ်ကမ်းတွင် …တော်ဘုတ်ကြီး သုံး၊ လေးစီးဖြင့် …စောစောကပင် လှုပ်လှုပ်ရွရွနှင့် … သူကခေါ်၊လူစုသူကစုနှင့် အလုပ် …ကြပါ၏။ (၇)နာရီခွဲခန့်လောက်မှ … မော်တော်များစ၍ ခရီးထွက်ဖြစ် …သည်၊ ပုဏ္ဏားကျွန်းမြို့ ကျက်သရေ …င် ဦးရာဇ်တော်စေတီတော်မြတ် …ကို ဦးခိုက်၍ ခရီးဆက်နှင်ကြပါသည်။ မြောက်ဦးမြို့နယ် ကုလားပြုန်းကျွန်း ညောင်ပင်လယ်ရွာ မဟာကျန်ရုပ်ရှင်တော်မြတ်ဘုရားပွဲတော်သို့ ဘုရားဖူးသွားကြခြင်း ဖြစ်ပါသည်။ ညောင်ပင်လယ်ရွာသည် ပုဏ္ဏားကျွန်းမြို့၏ အရှေ့မြောက်ဘက် (၅) မိုင်ခန့် အကွာတွင် ကျရောက်ပါသည်။ ကစ္ဆပနဒီမြစ်ကြီးကို ဖြတ်ကျော်၍သွားကြရခြင်းဖြစ်ပါသည်။ကစ္ဆပနဒီမြစ်ကြီးကို ကန့်လန့်ဖြတ်သွားခြင်းမျိုးမဟုတ်ဘဲ ခပ်စောင်းစောင်းသွားခြင်းမျိုးသာ ဖြစ်ပါသည်။ ပုဏ္ဏားကျွန်း ကင်းချောင်းထဲမှ ကစ္ဆပနဒီမြစ်ကြီးသို့ထွက်သွားသည်နှင့် ကျွန်တော်တို့မော်တော်များရှေ့မှ ဖြတ်၍ မေခ၊ မလိခ သင်္ဘောများ သွားနေကြပေပြီ။ ဤသင်္ဘောများမှာလည်း စစ်တွေမြို့မှ ဘုရားဖူးခရီးသည်များဖြင့် လာကြခြင်းဖြစ် ပါသည်။ သင်္ဘောလိုင်း၊ မြောက်ပြန်လိုင်းများဖြင့် ကစ္ဆပနဒီမြစ်ရေဘောင်ဘင်ခတ်သွားပါ၏။ ဤကဲ့သို့ ဆောင်း

# ပန်းချီထူးလှ(ရွှေဟောင်းလှတေလန်)
# မဟာကျန်ရုပ်ရှင်တော်မြတ်


ဟာကျန်ရုပ်ရှင်တော်မြတ်လက်ဝဲရံ


ဟာကျန်ရုပ်ရှင်တော်မြတ်လက်ယာရံ


ရာဇဘိသေကကြွေးပလ္လင်တော်အသစ်၊ တံကဲအသစ်ဖြင့် စံမြန်းနေသော မဟာကျန်ရုပ်ရှင်တော်မြတ်



www.burmeseclassic.com


www.burmeseclassic.com

ရာသီမျိုးတွင် မြောက်ပြန်လေကြောင့် ကစ္ဆပနဒီမြစ်ထဲမှလှိုင်းများမှာ ခပ်လှုပ်လှုပ်ပင်။


ကုလားပြန်းကျွန်းဘက် မော်တော်ချဉ်းကပ်သွားသည်နှင့် ခါးမနိုင်ချောင်းထဲသို့ဝင်ကြရပါသည်။ ခါးမနိုင်ချောင်းမှာ စာရေးသူတို့ငယ်ငယ်က ရေစီးကြောင်းအဆင့်သာ တွေ့ဖူးပါ၏။ ယခုမော်တော်ကြီးများ၊ သင်္ဘောများပင် ဝင်ထွက်သွားလာနိုင်သည့် အခြေအနေသို့ ရောက်နေပေပြီ။ နဂိုက ကုလားပြန်းကျွန်းတစ်ကျွန်းလုံးကို ဆည်မြောင်းတာတမံဖြင့် ဝိုင်းရံပိတ်ဆီးထားသော ကျွန်းတစ်ကျွန်းပင် ဖြစ်ပါသည်။ ယခုအခါ ရေလုပ်ငါးဖမ်းသမားများ၏ လက်ချက်ကြောင့် ဆည်မြောင်းတာတမံများ ကျိုးပေါက်၍ သင်္ဘောများပင် ဝင်ထွက်သွားလာနိုင်သည့် အခြေအနေသို့ ရောက်သွားပါသည်။ ငါးမနိုင်ချောင်းမှ ညောင်ပင်လယ်ရွာချောင်းမမြောက်ဘက်သို့ ချိုးကွေ့လိုက်ပြီး မကြာမီမှာပင် ညောင်ပင်လယ်ရွာသို့ ရောက်ရှိသွားပါသည်။ ညောင်ပင်လယ်ရွာမှာ ချောင်းကို အမှီပြု၍ ရွာကြီး၊ ရွာငယ်ဖြင့် အရှေ့တစ်ရွာ၊ အနောက်တစ်ရွာ ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ရွာနှစ်ရွာကို တံတားတစ်စင်းဖြင့် ဆက်သွယ်ပေါင်းကူးထားပါ၏။ နှစ်ရွာပေါင်း အိမ်ခြေ (၂၀၀)ကျော်ခန့်ရှိပါလိမ့်မည်။ ရွာတောင်ဘက်တွင် စာသင်ကျောင်းတစ်ဆောင်မှာ ခြေတံရှည်ဖြင့် တွေ့ရှိရ၏။ စာသင်ကျောင်းကို လှူမည့်သူရှိက ကောင်းလေစွဟု အောက်မေ့ပါသည်။

မဟာကျန် ရုပ်ရှင်တော်မြတ်မှာ ညောင်ပင်လယ်အရှေ့ရွာ ကျောင်းဟောင်းကြီးတွင် ဖူးတွေ့ရပါသည်။ စာရေးသူတို့ ရောက်သွားသည့်အချိန်တွင် စစ်တွေမှ ဘုရားဖူးခရီးသည်အလှူရှင်များမှာ ကျောင်းတွင်ပြည့်ကျပ်နေပေပြီ။ စာရေးသူတို့အဖွဲ့ နေရာယူရန်နေရာပင် မရှိတော့ပေ။ သို့သော်လည်း စာရေးသူမှာ ဓာတ်ပုံရိုက်လိုဇောဖြင့် ပရိသတ်ကို တိုးဝှေ့ကာ ဘုရားဆီသို့ အရောက်သွားပါသည်။


မကြာမီမှာပင် မဟာကျန်ရုပ်ရှင်တော်မြတ်ကို ရာဇဘိသေက (ကြေး) ပလ္လင်တော်ပူဇော်ပွဲအခမ်းအနား ကျင်းပရန် ကြေညာဖတ်ကြားပြီး သီလဆောက်တည်ကာ ရွှေစေတီဆရာတော်မှ ဦးဆောင်၍ အနေကဇာတင် အခမ်းအနား ကျင်းပကြပါသည်။ အနေကဇာ



မဟာကျန်ရုပ်ရှင်တော်မြတ်



မူလ ပလ္လင်တော်ဟောင်းနှင့် ...



မဟာကျန်သံစည် (ကြေးစည်)




မဟာကျန်ရုပ်ရှင်တော်မြတ်ကို အနေကဇာတင်လှူပူဇော်နေကြသော ဆရာတော်ဘုရား...




www.burmeseclassic.com

www.burmeseclassic.com



မဟာကျန်ရုပ်ရှင်တော်မြတ် ရာဇဘိသေကကြေးပလ္လင်တော်ပူဇော်ပွဲကို ကျင်းပသော ရွှေစေတီဆရာတော်ဘုရား ဦးအရိယာဝံသ



ဆရာဦးကျော်ထွန်းအောင်၊ ရွှေစေတီဆရာတော်ဘုရား ဦးအရိယာဝံသနှင့် ဒေါက်တာမိုးကျော်တို့အဖွဲ့ မဟာကျန်ရုပ်ရှင်တော်မြတ်သမိုင်းကြောင်း၊ ရခိုင်စာပေသမိုင်းကြောင်းများကို ဆွေးနွေးနေကြစဉ်



ရွှေစေတီဆရာတော်ဘုရား၊ စစ်တွေမှ စာပေဝါသနာရှင်အချို့နှင့် မြောက်ဦးမှစာရေးဆရာများ အမှတ်တရ

တင်ပြီးသည်နှင့် မင်္ဂလာခရုသင်းမှုတ်ကာ ရခိုင်စည်တော်အဖွဲ့က တီးမှုတ်ပူဇော်ကြပါသည်။ မဟာကျန်ရုပ်ရှင်တော်မြတ်သမိုင်းကြောင်းနှင့်ပတ်သက်ပြီး ရွှေစေတီဆရာတော်ဘုရား ရေးသားစီကုံးထားသော ရတုပိုဒ်စုံကိုလည်း ရခိုင်အဆိုတော်ကြီး ဦးမောင်သိန်းက ရွတ်ဆိုပူဇော်ပါသည်။

ရတုရွတ်ဆိုပူဇော်ပြီးသည့်နောက် ရာဇဘိသေက(ကြေး)ပလ္လင်တော်လှူဒါန်းရခြင်း၏အကျိုးကို ရွှေစေတီဆရာတော်ဘုရား ဦးအရိယဝံသက ဗုဒ္ဓဂေါတမ ရခိုင်ဘုရင် စန္ဒသူရိယအား ဟောကြားတော်မူခဲ့သော သတ္တုဗိန္ဒပူဇနိယသုတ္တန်ကို ဟောကြားတော်မူပါသည်။ တရားဟောပြီးသည်နှင့်တစ်ပြိုင်နက် ရာဇဘိသေက(ကြေး)ပလ္လင်တော်ကို ရခိုင်ရှေးမူအတိုင်း သွန်းလုပ် ဖန်တီးပေးသော မြောက်ဦးမြို့ ညောင်ပင်စျေးရပ်ကွက်မှ ကြေးသွန်းဆရာကြီး ဦးကျော်သာညွန့်အား ဆုတံဆိပ်နှင့် ငွေသားများအသီးသီးချီးမြှင့်ကြပါသည်။ ဦးကျော်သာညွန့်အား ဆုချီးမြှင့်ပြီးသည့်နောက် ညောင်ပင်လယ်ရွာကျောင်းဟောင်းခြံထဲ၌ ဆောက်လုပ်စ စန္ဒသူရိယမဏ္ဍပ်ရုံတော်ကြီး ပြီးစီးရန်အတွက် စစ်တွေမြို့မှ အလှူရှင်များက ငွေသားများအသီးသီး လှူဒါန်းသွားကြသည်ကို တွေ့ရှိရပါသည်။

ငွေသားလှူဒါန်းအပြီး လာလာသမျှသော ဘုရားဖူးဧည့်သည်ပရိသတ်များကို ညောင်ပင်လယ်ရပ်သူရွာသားများက ဧည့်ခံကျွေးမွေးကြပါသည်။ ညောင်ပင်လယ် ရပ်သူရွာသားများမှာ မည်သည့်နေရာကပင်ဖြစ်စေ ညောင်ပင်လယ်ရွာ မဟာကျန်ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်သူများအား နှစ်စဉ် ဧည့်ခံကျွေးမွေးနေကျပင် ဖြစ်ပါသည်။ အရင်လွန်ခဲ့သည့်နှစ်များတွင် အခါအားလျော်စွာ ညောင်ပင်လယ် မဟာကျန်ရုပ်ရှင်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပကြပါသည်။ ကျင်းပတိုင်းလည်း လာသမျှသော ဘုရားဖူးဧည့်သည်များကို ညောင်ပင်လယ်ရပ်သူရွာသားများက စုပေါင်း၍ မညည်းမညူ တပျော်တပါး ဧည့်ခံကျွေးမွေးနေကျ အစဉ်အလာတစ်ခုရှိသည်ကို ညောင်ပင်လယ်ရွာတွင် ထူးခြားစွာ တွေ့ရှိရပါသည်။

ဘုရားဖူးဧည့်သည်များကို ဧည့်ခံကျွေးမွေးနေစဉ်မှာပင် မြောက်ဦးမြို့မှ



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်အဆိုတော်ကြီး ဦးမောင်သိန်းတို့စုံတွဲ
မဟာကျန်ရုပ်ရှင်တော်မြတ်ပွဲတော်ကို
သီဆိုပူဇော်နေကြစဉ်



ညောင်ပင်လယ်ရွာဆိပ်ကမ်းမှ ဘုရားဖူးချပ်ပျံရေယာဉ်များ



မဟာကျန်ရုပ်ရှင်တော်မြတ်ဘုရားပွဲမှ စာရေးသူတို့အပြန်ခရီး



မဟာကျန်ရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပျော်ရာ ညောင်ပင်လယ်ကျောင်းဟောင်း

ဘုရားဖူးတစ်ဖွဲ့ ထပ်မံရောက်ရှိလာပါသည်။ မြောက်ဦးမြို့နှင့် ညောင်ပင်လယ်ရွာမှ မိုင် (၂၀) ကျော်ခန့် ကွာဝေးသောကြောင့် အခမ်းအနားပြီးဆုံးမှ မြောက်ဦးအဖွဲ့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ကုလားပြုန်းကျွန်း ညောင်ပင်လယ်ရွာမှာ မြောက်ဦးမြို့နယ်အပိုင် ရွာတစ်ရွာဖြစ်ပြီး မြောက်ဦးမြို့နယ်၏ အနောက်တောင်ဘက်အဆုံးရွာတစ်ရွာပင် ဖြစ်ပါသည်။ စာရေးသူလည်း ပထမတော့ မြောက်ဦးမြို့မှ စာရေးဆရာများနှင့် ဤဘုရားပွဲသို့ အတူလာမည်ဟု ကြိုတင်စဉ်းစားခဲ့သော်လည်း နောက်ကျမည်စိုးသောကြောင့် ပုဏ္ဏားကျွန်းမြို့သို့ တစ်ညအိပ်ကြိုတင်သွားပြီး ပုဏ္ဏားကျွန်းမှ မော်တော်ဘုတ်စီး၍ ရောက်ရှိနေခြင်း ဖြစ်ပါသည်။

မြောက်ဦးမြို့မှ ရောက်ရှိနေသော ဘုရားဖူးစာရေးဆရာအဖွဲ့များကို ညှိခံကျွေးမွေးပြီးသည်နှင့် ကျောင်းကြီးပေါ်မှာပင် ရွှေစေတီဆရာတော်ဘုရားနှင့် စစ်တွေမြို့မှ ရခိုင်ဘုရား ပြုပြင်မွမ်းမံစေတနာရှင်များအဖွဲ့၊ မြောက်ဦးမြို့မှ စာရေးဆရာများအဖွဲ့ ဝိုင်းဖွဲ့၍ မဟာကျန်ရုပ်ရှင်တော်မြတ်သမိုင်းကြောင်း၊ ရခိုင်စာပေ အကြောင်းအရာများကို အချိန်ကြာမြင့်စွာ ဆွေးနွေးဖြစ်ကြပါသည်။ အဓိက ဆွေးနွေးကြသူများမှာ မြောက်ဦးမြို့မှ စာရေးဆရာ တက်ထွန်းနီ (မြောက်ဦး)၊ ဦးကျော်ထွန်းအောင်၊ နောင်အေး (အနောက်) နှင့် စစ်တွေမှ ဒေါက်တာမိုးကျော်၊ ဦးစံမောင် (စံပြမုန့်တိုက်)၊ ဦးရွှေမောင် (လှုပျံ လက်ဖက်ခြောက်)၊ ဦးဝင်းဇော် (ရွှေငါးမဆလာ) နှင့် ရွှေစေတီဆရာတော်တို့ပင် ဖြစ်ပါသည်။

မဟာကျန် ရုပ်ရှင်တော်မြတ် သမိုင်းအကျဉ်းမှာ မဟာသက္ကရာဇ်

၁၂၃ ခု၊ ဘီစီ ၅၅၄ ခုနှစ်၊ တ...
မညဝတီခေတ် ရခိုင်ဘုရင် စန္ဒသူ...
မင်းတရားကြီး နန်းစံ (၂၆) နှစ်တွင် ...
ဂေါတမမြတ်စွာဘုရားသည် ရခိုင်...
သို့ ကြွချီလာပြီး သက္ကရာဇ် ၁၂...



www.burmeseclassic.com

www.burmeseclassic.com

…နှ်လပြည့် ဗုဒ္ဓဟူးနေ့ ညနေတွင် …မြတ်မုနိရုပ်ရှင်တော်မြတ်ကို စတင် …လုပ်ပြီး ကြာသပတေးနေ့ နံနက် …သောက် အလင်းရောက်သည့်အချိန် … သွန်းလုပ်ပြီးစီးတော်မူပါသည်။ …ဗုဒ္ဓဂေါတမနှင့် ရခိုင်ဘုရင် စန္ဒ…ယမင်းတရားကြီးတို့သည် မဟာမြတ်…ရုပ်ရှင်တော်မြတ်ကြီးကို သွန်းလုပ်ပြီး … ကြွင်းကျန်သော ရတနာကိုးပါးကို …ကြား၊ ဝိသကြုံနတ်အပေါင်းတို့နှင့် …ကျန်မြတ်ဘုရားများ ထပ်မံ သွန်း…ခဲ့ကြပါသည်။ မဟာမြတ်မုနိရုပ်ရှင် …မြတ် သွန်းလုပ်ပြီး၍ ကြွင်းကျန် …သော ရတနာကိုးပါးဖြင့် သွန်းလုပ်သော …များကို မဟာကျန်ရုပ်ရှင်တော် …ဘုရားများဟု ခေါ်ပါသည်။

ထိုသို့သွန်းလုပ်ခဲ့သော မဟာကျန် …ရှင်တော်မြတ်များထဲတွင် ယခုဖော်ပြ …သော မြောက်ဦးမြို့နယ် ကုလပုတ္တကျွန်း … ကုလားပြုန်းကျွန်း ညောင်ပင်လယ် …ကြီးအာက်တွင် ကိန်းဝပ်စံပျော်လျက် …သော မဟာကျန်ရုပ်ရှင်တော်မြတ် …ဆူလည်း အပါအဝင်ဖြစ်သည်ဟု …သမိုင်းစာပေအထောက်အထားများ … သိရှိရပါသည်။ မဟာကျန်ရုပ်ရှင် …မြတ်များ သွန်းလုပ်၍ ကြွင်းကျန် …သော ရတနာများကိုလည်း မဟာကျန် …ည်(ကြေးစည်) (၂၈) လုံး ထပ်မံသွန်း …ခဲ့သည်ဟု သိရှိရပါသည်။ ထိုသံစည် … လုံးတို့ကိုလည်း မဟာကျန်သံစည် … ခေါ်တွင်ကြပါသည်။

ထိုမဟာမြတ်မုနိရုပ်ရှင်တော်မြတ်၊ …ကျန် ရုပ်ရှင်တော်မြတ်များနှင့် …ကျန်သံစည်များကို ရခိုင်ဘုရင်မင်း …တ်ဆက် ဓညဝတီ၊ ဝေသာလီ၊ …မြို့၊ မြောက်ဦးခေတ်ထိ ရခိုင်ပြည် … ထေရဝါဒ ဗုဒ္ဓသာသနာတော် အမွန် …ရှာ တည်တံ့ပြန့်ပွားစေရန် မင်းနှင့် …သူများ ကိုးကွယ် ဆည်းကပ်လာခဲ့ …သည်။ ထိုသို့ ကိုးကွယ်ဆည်းကပ် …ကြရင်း ကောဇာနှစ် ၁၁၂၆ ခုနှစ်၊ … ၁၇၆၄ ခုနှစ်၊ တတိယမြောက်ဦး … အဘယမဟာရာဇာမင်းမြတ် …ထက်တွင် မင်းညီမင်းသားများ …တော်သင်ရာ တေဇရာမသာသနာ …ကျောင်း၌ ဘုရားမင်းမြတ်က …သနာ့ဒါယကာခံလို၍ တေဇာရာမ …တော်ဘုရားကြီးထံတွင် ဘိုးလောင်း … ဘေးလောင်းတော်တို့ ခေတ် …တ်ဆက် ကိုးကွယ် ဆည်းကပ် …သိမ်းလာသော ရှေးဟောင်းမဟာ ကျန်ရုပ်ရှင်တော်မြတ်တချို့နှင့် သံစည် (ကြေးစည်) တချို့ကို လှူဒါန်းပြီး သားတော် သူရိယရာဇာမင်းသားကိုလည်း သာသနာ့အမွေ ရှင်ရဟန်းအဖြစ် သွတ်သွင်းကာ ရခိုင်ဘုရင်အဘယမဟာရာဇာမင်းမြတ် သာသနာ့ဒါယကာအဖြစ် ခံယူခဲ့ပါသည်။ သူရိယရာဇာမင်းသား ရဟန်းတော်သည်လည်း ဖခမည်းတော် လှူဒါန်းခဲ့သော မဟာကျန်ရုပ်ရှင်တော်မြတ်များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ မဟာကျန်သံစည်များကို ဗုဒ္ဓရက္ခိတ်အဖြစ် သာသနာတော်၌ ရဟန်းဘဝနှင့်ပင် စောင့်ရှောက် ထိန်းသိမ်းလာခဲ့ပါသည်။

ထိုကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်လာရင်းမှာပင် 'ဉာဏ်ရေသောက်မင်းဆက်ပျောက်' ဆိုသည့်အတိုင်း ၁၁၄၆ ခု၊ သောကြာနေ့တွင် ရခိုင်ပြည်ထီးနန်း အန္တရာယ်ကျရောက်သွားအခါ သူရိယရာဇာမင်းသားရဟန်းတော်သည် မဟာကျန်ရုပ်ရှင်တော်များ၊ မဟာကျန်သံစည်များနှင့်အတူ တိမ်းရှောင်သွားခဲ့ပါသည်။ သူရိယရာဇာမင်းသားရဟန်းတော်သည် စစ်မီးငြိမ်းသက်၍ ရခိုင်ပြည်သို့ ပြန်လည်ကြွ ရောက်လာသောအခါ မလွန်ဆန်နိုင်သော မြောက်ဦးရွှေမြို့တော်၏ သဓါရသဘောတရားကိုနှလုံးပိုက်ကာ မြောက်ဦးမြို့တော်ကို ပြန်လည်ကျောခိုင်းထွက်ခွာသွားပါသည်။

ကစ္ဆပနဒီမြစ်ရေ စုန်ဆင်းသည့်အတိုင်း ရေကြည်ရာမြက်နုရာသို့ ရှာကြံကြွလာသောအခါ အရှေ့ပါးတော်ခေတ်၊ အနောက်ဦးရာဇ်တော်ခေတ်များအကြား တသွင်သွင်စီးဆင်းနေသော မြစ်မင်း ကစ္ဆပနဒီထဲဝယ် တောင်၊ မြောက် အလျား ဦးရာဇ်တော်ခေတ်စေတီမြတ်ကို ဦးတိုက်ရှိခိုးလျက် ဝပ်နေသောလိပ်ကုန်းပမာ ဘူမိနက်သန်မြေ (ကုလပုတ္တ) ပေါ်ကျွန်းခေါ် ကုလားပြုန်းကျွန်းကို တွေ့လာခဲ့ပါသည်။ကောဇာနှစ် ၁၁၆၈ခု၊ အေဒီ ၁၇၆၂ ခုနှစ်တွင် 'ကုလားပြုန်းဆရာတော် နာမည်ကျော် ပြည်ရွာထိန်ထိန်ကြီးလတ္တံ့' ဟူ၍ ကုလားပြုန်းကျွန်းတွင် တဘောင်နိမိတ်ပေါ်လာပါသည်။ ထိုတဘောင်နိမိတ်နှင့်အတူ သူရိယရာဇာရဟန်းတော်သည် မဟာကျန်ရုပ်ရှင်တော်မြတ်နှစ်ဆူ မဟာကျန်သံစည်တစ်လုံး၊ အေဒီ ၈၄၇ ခု လေးမြို့ခေတ်ဘုရင် မင်းရင်ဖြူ သွန်းလုပ်ကိုးကွယ်ခဲ့သော ဘုရားတစ်ဆူနှင့်အတူ ကုလပုတ္တကျွန်းခေါ် ကုလားပြုန်းကျွန်း ညောင်ပင်လယ်ရွာသို့ ကြွရောက်လာပါသည်။ ထိုအချိန်မှစ၍ မင်းသား ရဟန်းတော် သူရိယရာဇာနှင့်အတူ မြတ်ဘုရား သုံးဆူ၊ သံစည် (ကြေးစည်) တစ်လုံးကို ကုလပုတ္တကျွန်း ညောင်ပင်လယ်ရွာသူရွာသားများ၊ ရခိုင်ပြည်သူပြည်သားများသည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ် အစစ်နှင့်မခြား ယခုထက်ထိ ကိုးကွယ်ဆည်းကပ်လာခဲ့ပါသည်။

ရခိုင်မင်းသားသူရိယရာဇာရဟန်းတော်ကို မြောက်ဦးမြို့ (ဝရဒတ်) ပညာရှိတို့က ရှေးရခိုင်မင်းမြတ်အဆက်ဆက်က ရခိုင်သာသနာပိုင်တို့ကို ဆက်ကပ်ခဲ့သော'စက်တော်ရထီးဖြူ'ဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။ ထို့ကြောင့် နောင်သောအခါ စက်တော်ရ ထီးဖြူဆောင်းဆရာတော်ဟု ထင်ရှားလာပါသည်။ စက်တော်ရထီးဖြူဆောင်းဆရာတော်သည် ရခိုင်ပြည် မြောက်ဦးမြို့ တေဇာရာမသာသနာဂိုဏ်းကို ဂိုဏ်းချုပ်အဖြစ် ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါသည်။ ထိုအချိန်ကပင် တေဇာရာမသာသနာပိုင်ဂိုဏ်းသည် ယခုလက်ရှိ စစ်တွေမြို့ (ရွှေစေတီဂိုဏ်း) ပင် ဖြစ်ပါသည်။

သူရိယရာဇာရခိုင်မင်းသားရဟန်းတော် စက်တော်ရ ထီးဖြူဆောင်း ဆရာတော်သည် မဟာကျန်ရုပ်ရှင်တော်မြတ်နှစ်ဆူနှင့် လေးမြို့ခေတ် ဘုရားတစ်ဆူ၊ သံစည်တစ်လုံးကို တပည့်တော်သောဇင်းထိန်းရံ ဆရာတော်အား မဟာကျန်တစ်ဆူ (ယခု စစ်တွေမြို့ အောင်တိုင်ရွာတွင် ကိန်းဝပ်စံပယ်လျက်ရှိသောဘုရားပင် ဖြစ်သည်။) နောက် ညောင်ပင်လယ်ချောင်းဝကျောင်းသို့ လေးမြို့ခေတ်သွန်းဘုရားတစ်ဆူ (ယခု စစ်တွေမြို့ ခေါင်းလောင်းကျောင်း၌ရှိသောဘုရား) အသီးသီး တပည့်များကို ပေးလှူခဲ့ပါသည်။ မိမိသီတင်းသုံးရာ ကုလားပြုန်း ညောင်ပင်လယ်ရွာကျောင်းတွင် လွန်စွာသမ္မာယ် စံပယ်လှသော မဟာကျန်ရုပ်ရှင်တော်မြတ်တစ်ပါးနှင့် မဟာကျန်သံစည်(ကြေးစည်)တစ်လုံးကိုသာ ပူဇော်သိမ်းဆည်း ထိန်းသိမ်းထားခဲ့ရပါသည်။ ထိုမဟာကျန်ရုပ်ရှင်တော်မြတ်နှင့် သံစည်တစ်လုံးမှာ သူရိယရာဇာ စက်တော်ရ ထီးဖြူဆောင်းဆရာတော်ထားခဲ့သည့်အတိုင်း ယခုထက်တိုင် ကုလားပြုန်းကျွန်း ညောင်ပင်လယ်ရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိနေပါသေးသည်။ ရုပ်သွ



www.burmeseclassic.com

www.burmeseclassic.com

ရွာသား ခေတ်အဆက်ဆက် ဆရာတော်များကလည်း ဤမဟာကျန်ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်ကို အသက်နှင့်လဲ၍ ယခုထက်တိုင် ထိန်းသိမ်းကာကွယ် ဆည်းကပ် စောင့်ရှောက်နေကြပါသေးသည်။

စက်တော်ရ ထီးဖြူဆောင်းဆရာတော်ဘုရားကြီးသည် သာသနာနှင့်တိုင်းပြည်ကို အများသတ္တဝါချမ်းသာရေးအတွက် 'မမာသီသာဟာစံ မမဥဒရာဗာမန္တိကိဥ္စိရောဂံ' ဟူသော သာသနာ့အာဇာနည်မဟာထေရ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူဘဲ သည်းခံတော်မူ၍ 'သာမဏကိစ္စတော အညာကိစ္စာနိ အဗ္ဗပေက္ခိတ္ဗာ ပိဋကတ္တာ' ဟူသော သာသနာ့အာဇာနည် မထေရ်မြတ်တို့၏ ကျင့်ထုံးအတိုင်း ကိုယ်ရေးကိုယ်တာကိစ္စအဝဝကို လျစ်လျူရှု၍ ရခိုင်ပြည် သာသနာပြုအဖြစ် ရွှေစေတီတေဇာရာမဂိုဏ်းကြီး၏ဂိုဏ်းချုပ်တာဝန်ထမ်းကာ နှလုံးသားမှာ ဘုရားတည်၍ သက်တော် (၉၂) နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ သူရိယရာဇာ စက်တော်ရ ထီးဖြူဆောင်းဆရာတော်ဘုရားကြီး၏ ကျေးဇူးအနန္တတရားကြောင့် ကုလားပြန်းညောင်ပင်လယ် ရွာသူရွာသားများနှင့် ရခိုင်ပြည်သူပြည်သား အနန္တသတ္တဝါများ ယခုထိတိုင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးနှင့်ထပ်တူတန်ခိုးကြီးသော မဟာကျန်ရုပ်ရှင်တော်မြတ်ကို ကိုးကွယ်နေကြရခြင်း ဖြစ်ပါသည်။

မဟာကျန် ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်တို့၏ဉာဏ်တော်အမြင့်အတိုင်းအတာနှင့် မုဒြာမှာ မဟာကျန်ရုပ်ရှင်တော်မြတ် ဉာဏ်တော်အမြင့် (၁၆) လက်မခန့်၊ ပခုံးစွန်းနှစ်ဖက်အကျယ် (၈) လက်မခန့်နှင့် ဒူးစွန်းနှစ်ဖက်အကျယ် (၁၁) လက်မခန့်ရှိပါသည်။ ဘုရား၏စမ္မခဏ်အကျယ်လည်း (၁၂) လက်မခန့်ရှိပါသည်။ ဘုရား၏မုဒြာအနေအထားမှာ ပဇင်မုဒြာအနေအထားမျိုး ဖူးတွေ့ရပါ၏။ မဟာကျန်သံစည်(ကြေးစည်)အမြင့်မှာ လေးတစ်ဆယ့်ခြောက်ပိုင်းတစ်ပိုင်းလက်မခန့်၊ နားနှစ်ဖက်အကျယ်ရှစ်ရှစ်ပိုင်းတစ်ပိုင်းလက်မခန့်နှင့် အထူလေးပိုင်းတစ်ပိုင်းလက်မခန့်ရှိပါသည်။ မဟာကျန်ရုပ်ရှင်တော်မြတ် လက်ရှိ ကိန်းဝပ်စံပယ်နေတော်မူသော ကျောင်းကြီးမဆောက်ခင်က ရှေးယခင် ကျောင်းမီးလောင်သွားခဲ့သည်ဟု ရွာရှိလူကြီးများက ပြောပြပါသည်။လက်ရှိကျောင်းပြန်ဆောက်ထားသည်မှာလည်း နှစ်ပေါင်း (၉၀) နီးပါးရှိနေပြီဟု သိရှိရပါသည်။ ရှေးယခင်ကျောင်းမီးလောင်သောအခါ မဟာကျန်ရုပ်ရှင်တော်မြတ်စွာဘုရားကို ကျောင်းဒကာကြီး ဦးသိန်းဟန်၏အဘိုးက ဖက်၍ ကျောင်းပေါ်က ခုန်ဆင်းလိုက်၍ မီးလောင်သည့်အထဲတွင် ပါမသွားဟု သိရှိရပါသည်။ လူတစ်ရပ်ကျော်နှစ်ရပ်နီးပါးခန့်မြင့်သည့် ဘုန်းကြီးကျောင်းပေါ်က ဘုရားအလေးနှင့် ခုန်ဆင်းသော်လည်း လဲလို့မကျဘဲ ဘုရားနှင့်ပင် ရပ်စောက်ကျသည်ဟုသိရှိရပါသည်။ မဟာကျန်ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့် လဲမကျခြင်းဖြစ်သည်ဟု ဆိုရမည်ပင်။ခန္ဓာကိုယ်တွင်လည်း မည်သည့်ဒဏ်ရာမျှ ရရှိထားခြင်း မတွေ့ရှိရပါ။

ယခင် ဘုန်းတော်ကြီးကျောင်းမီးလောင်သွား၍ မီးလောင်သည့်အထဲတွင် မဟာကျန်ရုပ်ရှင်တော်မြတ် ပါမသွားသော်လည်း မဟာကျန်သံစည်ကတော့ မီးထဲပါသွားပါသည်။ မဟာကျန်သံစည် (ကြေးစည်) မီးလောင်ထဲပါသွားသော်လည်း အရည်ပျော်သွားခြင်းမရှိဘဲ အသံပျက်စီးသွားသည်ဟု သိရှိရပါသည်။ သံစည်မီးလောင်ရာထဲ ပါမသွားခင်က တစ်ခါတီးလိုက်လျှင် ဘုန်းကြီးဆွမ်းတစ်စားပြီးထိ အသံကြားနေရသည်ဟု လူကြီးများက ပြောပြကြပါသည်။ စာရေးသူတို့ ငယ်ငယ်တုန်းကတော့ ဤသံစည်ကို အမြဲတီးဖူးပါသည်။ ဤသံစည်၏အသံမှာ အခြားသံစည်များနှင့်မတူဘဲ အလွန်ထူးခြားစူးရှပါသည်။ အသံစူး၍ အခြားသံစည်များထက် အသံနောင်းပါသည်။ ဤမဟာကျန်သံစည်ထက် အခြားသံစည်မည်မျှပင်ကြီးကြီး ပြိုင်တီးလိုက်လျှင် အခြားသံစည်များထက် အသံစူးရှ၍ အသံနောင်းကာ ဤသံစည်၏အသံ သီးခြားထွက်လာသည်ကို ကြားရပါသည်။ အသံလည်း အလွန်သာယာနာပျော်ဖွယ်ကောင်းပါသည်။ စာရေးသူတို့ကိုယ်တွေ့တီးဖူးပါသည်။

ယခုလက်ရှိ မဟာကျန်သံစည်မှာ အသံမြည်ခြင်း မရှိတော့ပေ။ မသမာသူတစ်ယောက်၏လက်ချက်ကြောင့် သံစည်၏အနားတစ်ဖက်ကို ထုခွဲချိုးဖဲ့ခြင်းခံလိုက်ရပါသည်။ ကျိုးပဲ့သောအနားတစ်ဖက်ကို ပြန်ဆက်ထားသော်လည်း တီးလိုက်လျှင် အသံမှာ နဂိုအတိုင်း ပြန်မထွက်တော့ဘဲ အက်ကွဲသံသာကြားရပါသည်။ ထို့ကြောင့် ဤမဟာကျန်သံစည်ကို ဆက်မတီးကြတော့ဘဲ ရှေးဟောင်းပစ္စည်းအနေဖြင့်သာ မဟာကျန်ရုပ်ရှင်တော်မြတ်အနီးတွင် ထိန်းသိမ်းစောင့်ရှောက်ထားကြပါတော့သည်။

ဗြိတိသျှခေတ် ရုပ်ရှာများကို ရွာလူကြီး များဖြင့် အုပ်ချုပ်သည့်အချိန်တ ဤမဟာကျန်ရုပ်ရှင်တော်မြတ်ဘုရားနှင့် မဟာကျန်သံစည်ကို ပေါက်တောမြို့နယ် ဖဒူရွာမှ ညောင်ပင်လယ်ကျောင်းတွင် ခေတ္တနေထိုင်ခဲ့သော ဘုန်းကြီးတစ်ပါးက သေတ္တာမှာထည့်၍ခိုးသွားခဲ့ဖူးပါသည်။ မဟာကျန်ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်ကို ထည့်သွားသောသေတ္တာကို ဘုန်းကြီး၏ ဇာတိရွာဖြစ်သော ဖဒူရွာ ဘုန်းကြီးညီမအိမ်၌ ထားခဲ့ပြီး ခရီးဆက်သွားပါသည်။ ထိုအခါ ကုလားပြန်းကျွန်း ညောင်ပင်လယ်ရွာသူကြီး ဦးလှဖြူ (ကွယ်လွန်) ဦးရာစ်တောင်စေတီတော်ဂေါပကဥက္ကဋ္ဌဟောင်းနှင့် ဘုရားဒကာတချို့ ဘုရားပျောက်ရှာကြပါသည်။ ဘုရားပျောက်ရှာဖွေရေးအဖွဲ့သည် လှေစီး၍သာ လိုက်ရှာကြရပါ၏။ လှေ(လောင်း)စီးသွားကြ၍ ဖဒူရွာကို ရောက်သည်နှင့် ရွာချောင်းဆိပ်ကမ်းရှိ တွေ့တွေ့ချင်းအိမ်တွင်တက်၍တည်းကြသည်ဟု ဆိုပါသည်။ တည်းခိုလိုက်သည့်အိမ်မှာ နတ်ညွှန်သည့်အလား ဘုရားနှင့်သံစည်ခိုးသွားသော ဘုန်းကြီးညီမအိမ်ပင် ဖြစ်နေ၏။ ဘုန်းကြီးညီမက ဦးလှဖြူတို့အဖွဲ့ကို မည်သည့်ကိစ္စဖြင့် ဖဒူရွာသို့ ရောက်လာကြသနည်းဟု မေးပါ၏။ ဦးလှဖြူတို့ဘုရား ဒကာအဖွဲ့က လည်း အမှန်အတိုင်းပင် မဟာကျန်ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည် ပျောက်သွားရာ လိုက်ရှာရင်း ရောက်လာခဲ့ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။ ထိုအခါ ဘုန်းကြီးညီမက ကျွန်မ မောင် ဘုန်းကြီးမှာ မည်ကဲ့သို့ပစ္စည်းထည့်ထားမှန်းတော့မသိ။ ကျွန်မတို့အိမ်တွင် သေတ္တာတစ်လုံးတော့ထားခဲ့သည်ဟု ဆို ပါသည်။ ထိုသေတ္တာထားခဲ့သည့်နေ့က ပင် ဘုန်းကြီးညီမတို့ တစ်အိမ်သားလုံး နေထိုင်မကောင်း ရောဂါကျရောက်ကြ သည်ဟု ဆိုပါသည်။

သို့နှင့် ဘုန်းကြီးညီမက ထိုသေတ္တာကို ထုတ်ပေးပြီး ဘုရားဒကာအဖွဲ့ကို ဖွင့်ခိုင်းပါသည်။ ဘုရားဒကာအဖွဲ့တွင် ပါသွားသောသော့နှင့် ဘုန်းကြီးခတ်ထားခဲ့သော သော့ခလောက်မှာ မတန်သော



www.burmeseclassic.com

www.burmeseclassic.com

လည်း သော့ခလောက်ကို ဖွင့်လိုက်သည်နှင့် ချက်ချင်း သော့ခလောက်သီး ပွင့်သွားသည်ဟု ဆိုပါသည်။ သေတ္တာအဖုံးကို ဖွင့်လိုက်သည်နှင့် မဟာကျန်ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်ကို အထင်းသားတွေ့ရသည်ဟု ဆိုပါသည်။

ထိုအခါ ဘုန်းကြီးညီမက ဦးလှဖြူနှင့် ဘုရားဒကာအဖွဲ့အား ဦးကြီးတို့တွင် ပျောက်နေသောဘုရားနှင့် သံစည်မှန်ပါက ဤဘုရားနှင့် သံစည်ကို ပြန်ယူသွားပါဟု သေတ္တာကိုပါ ပြန်ထည့်ပေးလိုက်ပါသည်။

မဟာကျန် ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်ကို ပြန်ရလာကြ၍ ဝမ်းသာအားရဖြင့် လှေဖြင့် ပြန်လာကြပါသည်။ ရပ်သူရွာသားများ ဘုရားနှင့် သံစည်ပြန်ရလာကြောင်းကို အဝေးကပင် သိကြစေရန် ကုလားပြုန်းကျွန်းချောင်းဝကို လှေရောက်လာသည်နှင့် မဟာကျန်သံစည်ကုတီးပြလိုက်ပါသည်။ သံစည်တီးလိုက်သည့် ချက်ချင်းမှာပင် သံစည်ကြိုးပြတ်ကျ၍ ချောင်းဝရေထဲသို့ ဆင်းသွားပါသည်။ သံစည်မပါဘဲနှင့်ပင် မဟာကျန်ရုပ်ရှင်တော်မြတ်ဖြင့်သာ ညောင်ပင်လယ်ရွာသို့ ဦးလှဖြူနှင့် ဘုရားဒကာအဖွဲ့ ပြန်ရောက်လာကြပါသည်။ မကြာမီမှာပင် ပိုက်သမားများပိုက်ချ၍ မဟာကျန်သံစည်မှာ ပိုက်မှာကျကာ ပိုက်သမားများက ပုဏ္ဏားကျွန်းမြို့ မြို့မဆရာတော်ကြီးထံ အပ်နှံကြပါသည်။ မြို့မဆရာတော်ကြီးမှာ ညောင်ပင်လယ်ရွာမှ မဟာကျန်သံစည်မှန်းသိ၍ ညောင်ပင်လယ်ဆရာတော်ကြီးထံသို့ မဟာကျန်သံစည်ကို လွှဲပြောင်းပေးအပ်လိုက်ပါသည်။ ညောင်ပင်လယ်ရွာသို့ မဟာကျန်ဘုရား ပြန်ရောက်လာသောနေ့က ကျောင်းခြံထဲရှိဗောဓိညောင်ပင်မှညောင်ရွက်များအားလုံးလိပ်၍ပူဇော်ကြသည်ဟု ဆိုပါသည်။ ဘုရား၏ ပေါင်တော်တစ်ဖက်တစ်ချက်တွင်လည်း နံ့ကောင်နှင့် မြွေတို့ တစ်ရက်၊ နှစ်ရက်နေခဲ့သည်ဟု သိရှိရပါသည်။ ကျောင်းကန်ထဲမှ ရေပြင်သည်လည်း လေမတိုက်ဘဲနှင့် ရေလှိုင်းဘောင်ဘင်ခိုက်ခတ်နေသည်ဟု စာရေးသူတို့ ရှင်ပြုပွဲအတွက် ရောက်ရှိနေသော စစ်တွေမြို့မှ သတင်းစာဆရာ၊ စာရေးဆရာ အဘိုးရှင် ဆရာကြီး သတိုးလှ (နော်မာန်လှ) အား အဘိုးဦးလှဖြူ ကကွယ်လွန်ခင်က ပြောပြခဲ့ဖူးပါသည်။

မဟာကျန် ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်ရောက်ပြီးများမကြာမီ ဒုတိယအကြိမ် အခိုးခံရပြန်ပါသည်။ ဒုတိယအကြိမ် မဟာကျန်ရုပ်ရှင်တော်မြတ်ကို ခိုးကြသောအခါ ကျောင်းမှာရှိသော ပဉ္စင်းကြီးတစ်ပါးက မြင်လိုက်၍ တုံးမောင်း(ခတောက်)ခေါက်လိုက်သောအခါ တစ်ရွာလုံးသိသွား၍ ထွက်လိုက်ကြပါသည်။ တစ်ရွာလုံးထွက်လိုက်လာမှန်းသိ၍ ဘုရားလာခိုးသူများ ဘုရားကို မရခဲ့ဘဲ ထွက်ပြေးသွားကြပါသည်။

သူခိုးများထွက်ပြေးသွား၍ မဟာကျန်ရုပ်ရှင်တော်မြတ်ကို ကြည့်ကြသည့်အခါ မဟာကျန်ရုပ်ရှင်တော်မြတ်မှာ ပလ္လင်မှာ တစ်ဝက်တင်ပြီး ကျန်တစ်ဝက်မှာ ပလ္လင်တွင်မထိဘဲ ဖူးတွေ့ရပါသည်။ ဘုရား၏ ခန္ဓာကိုယ်တွင်လည်း လက်ဆယ်ချောင်းရာမည်း၍စွဲထင်နေခဲ့သည်ဟု စာရေးသူတို့ အဘွားမကွယ်လွန်ခင် ပြောပြခဲ့ဖူးပါသည်။

ဤကဲ့သို့ မဟာကျန်ဘုရားနှင့် မဟာကျန်သံစည်မှာ အကြိမ်ကြိမ် အခိုးခံရသောကြောင့် လက်ရှိကျောင်းကြီးနှင့် လက်ရှိမဟာကျန်ဂန္ဓကုဋီတိုက်တော်ကို ခိုင်ခံ့စွာ တည်ဆောက် လှူဒါန်းထားခြင်းဖြစ်ပါသည်။ ဂန္ဓကုဋီတိုက်တော်ကို သံတံခါး၊ သစ်သားတံခါး၊ မှန်တံခါးတို့ဖြင့် အထပ်ထပ်ကာရံထားသည်ကို တွေ့ရှိရပါသည်။ ရွာတွင် မကောင်းမှုတစ်ခုခု၊ ဘေးဥပဒ်အန္တရာယ်တစ်ခုခုကျရောက်မည်ဆိုပါကလည်း မဟာကျန်ရုပ်ရှင်တော်မြတ်ခန္ဓာကိုယ်တော်မှာ မည်းညစ်နေသည့် နိမိတ်လက္ခဏာအနေအထားမျိုး ဖူးတွေ့ရသည်။ ရွာတွင် ကပ်ရောဂါဆိုးများကျရောက်နေသည်ဆိုပါကလည်း မဟာကျန်ရုပ်ရှင်တော်မြတ်ကိုပင့်ဆောင်၍ ရွာကို လှည့်ပတ်လိုက်လျှင် ရောဂါများ ပျောက်ကင်းသည်ကို စာရေးသူတို့ လက်တွေ့ မြင်တွေ့ဖူးပါသည်။ ယခုအချိန်တွင်လည်း ရွာတွင် နေမကောင်းထိုင်မကောင်းများဖြစ်ကြလျှင် မဟာကျန်ရုပ်ရှင်တော်မြတ်ကိုပင့်၍ ရွာကိုပတ်၍လှည့်လည်သည့် မလေ့အစဉ်အလာတစ်ခု ညောင်ပင်လယ်ရွာတွင် ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

၁၃၆၃ ခုနှစ် သင်္ကြန်ရက်ထဲတွင် ဤမဟာကျန်ရုပ်ရှင်တော်မြတ် ရောင်ခြည်တော်ကွန့်မြူးသည်ကို ရွာသားများ ပြောပြ၍ သိရှိရပါသည်။ စာရေးသူတို့အစ်ကို ဦးမောင်ဝင်းနုလည်း ဖူးတွေ့ခဲ့ဖူးပါကြောင်း ပြောပြပါသည်။ အစိမ်းနုပျော့ရောင် ရောင်ခြည်တော်များဖူးတွေ့ရသည်ဟုဆိုကြ၏။ တရားတဘောင်ရင်ဆိုင်နေရသောသူများမှာလည်း ဤဘုရားရှေ့တွင် အကျိန်ကိုင်ပါက ကျိန်သည့်အတိုင်းဖြစ်လာကြသည်ဟု သိရှိရသည်။ အဓိဋ္ဌာန်ပြုသူများလည်း အောင်ကြပါသည်။ စာရေးသူကိုယ်တိုင်လည်း အဓိဋ္ဌာန်ပြုဖူးပါ၏။ အခါကြီးရက်ကြီးနေ့ကြီးများတွင် မဟာကျန်ရုပ်ရှင်တော်မြတ်ကို ဂန္ဓကုဋီတိုက်ထဲမှ ပင့်ဆောင်၍ အပြင်တွင် အပူဇော်ခံ အဖူးမြော်ခံ၍ ပွဲလမ်းသဘင်ကျင်းပကြပါသည်။ ရွာဦးချောင်းစပ်ကြား သီသမျှနေရာများမှ ရဟန်းရှင်လူ ပြည်သူအများ ဘုရားလာဖူးသူမစဲတသဲသဲပင်။ မဟာကျန်ရုပ်ရှင်တော်မြတ်ကို လာရောက် ဖူးမြော်သူများအားလည်း ရွာသူရွာသားများက ဝိုင်းဝန်း စုပေါင်း၍ ထမင်းချက်ပြုတ်ကျွေးမွေးကြပါသည်။ ယခု မဟာကျန်ရုပ်ရှင်တော်မြတ်အား ရာဇဘိသေကကြေးပလ္လင်တော် လှူဒါန်းပွဲတွင်လည်း လာလာသမျှသော ဧည့်သည်များကို ရွာသားများက စုပေါင်း၍ ဧည့်ခံကျွေးမွေးနေကြသည်ကို တွေ့ရှိရပါသည်။

မဟာကျန် ရုပ်ရှင်တော်မြတ်အကြောင်း၊ ရခိုင်စာပေအကြောင်းများကို ဆွေးနွေးပြီးကြသည်နှင့် ကျောင်းရှေ့ရှိ ကွင်းပြင်စတိတ်စင်တွင် ရခိုင်အဆိုတော်ကြီး ဦးမောင်သိန်းတို့အဖွဲ့ သီဆိုဖြေဖျော်နေသည်ကို သွားရောက် အားပေးကြပါသည်။ ပရိသတ်များမှာ ကျွန်းရွာအတိုင်းအတာစတိတ်ရှိုးပွဲဆိုသော်လည်း ကျောင်းခြံထဲတွင်ပြည့်ကျပ်နေသည့် ပရိသတ်ကို တွေ့ရှိရပါသည်။ စာရေးသူ အပါအဝင် မြောက်ဦးမှ စာရေးဆရာအဖွဲ့ဝင်များမှာ စတိတ်ရှိုးပွဲမှ ဖယ်ခွာ၍ ကျောင်းခြံထဲတွင်ရှိသော ရှေးဟောင်းစေတီပျက်များကို လေ့လာကြပါသည်။ ညောင်ပင်လယ်ရွာကြီးဘက် ဘုန်းကြီးကျောင်းခြံထဲတွင် စေတီဟောင်း (၁၃) ဆူခန့်ကို ဖူးတွေ့ရပါသည်။ စေတီများမှာ အုတ်စေတီများပြီး ကျောက်စေတီနှစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ ကျောက်စေတီပျက်ခြေရင်းတွင် ကျောက်ထီးတော်နှင့် လေးမြို့ခေတ် ကျောက်ဆင်းတုတော်များကိုလည်း ဖူးတွေ့ရပါသည်။ ဆရာတော်ကြီးစေတီဟု နာမည်တွင်နေသော စက်တော်ရထီးဖြူဆောင်းစေတီဂူထဲတွင် ဗျာန်သိုင်းမြောက်ဦးခေတ် ကျောက်ဆင်းတုတော်တစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်လယ်ရွာပတ်ဝန်းကျင်မှာလည်း မြောက်ဦးခေတ်စေတီဟောင်းတော်တော်များများကို တွေ့ရှိရပါသည်။ ညောင်ပင်လယ်ရွာအနောက်ဘက်၊ ချောင်းဝကျောင်းတပ်တွင်းဘက်တွင် စေတီဟောင်းသုံးဆူ၊ ရွာအနောက်ဘက် ကန်ပေါင်ထောင့်တွင်တစ်ဆူ၊ ရွာမြောက်ဘက် ခမောင်ပင်ရင် ဆိုသော ကန်ပျက်ထောင့်တွင်လည်း ကျောက်ပုံနှင့်ကျောက်ဘုရားဆင်းတု အကျိုးအပဲ့များကို ဖူးတွေ့ရပါသည်။ ညောင်ပင်လယ်ရွာပတ်လည်တွင် ဘုရားများသည့်အပြင် ကန်ပတ်ပတ်လည်ကိုလည်း ရွာပတ်ပတ်လည်တွင် တွေ့ရှိရပါသည်။ ညောင်ပင်လယ်ရွာကို ကန်များသောစေတီ၊ ဘုရားများသောရွာဟု ခေါ် ဆိုထိုက်ပေသည်။

စာရေးသူမှာ ပုဏ္ဏားကျွန်းမြို့မှ မော်တော်ဘုတ်ကြီးဖြင့် ပြန်မသွားဘဲ မြောက်ဦးစာရေးဆရာများအဖွဲ့စီးလာသော စက်လှေဖြင့်ပင် မြောက်ဦးသို့ ပြန်လိုက်လာပါသည်။ ညောင်ပင်လယ်ရွာချောင်းကြောင်းအတိုင်း မြောက်ဘက်သို့သွားကာ ကုလားပြုန်းကျွန်း ဇီးပင်ကြီးရွာဘက်အပေါက်မှ ထွက်ကြပါသည်။ ညောင်ပင်လယ်ရွာသည် ကုလားပြုန်းကျွန်းခေါ် ကုလပုတ္တကျွန်း၏ အလယ်တွင် တည်ရှိပါသည်။ ကုလားပြုန်းကျွန်းဧရိယာ မိုင် (၂၀) ကျော် ပတ်ဝန်းကျင်ခန့်ရှိသည်ဟု မြေတိုင်းဌာနကပြောပြ၍ သိရပါသည်။ နဂိုက ကျွန်း၏ (၁၆) မိုင်ခန့်ဧရိယာကို ပတ်ပတ်လည်တာဆည်ထားခဲ့ပါသည်။ ယခုတာများမှာ အပိုင်းပိုင်းကျိုးပြတ်၍ ချောင်းကြီးများဖြစ်နေပေပြီ။ တာအဝင်းထဲတွင် ညောင်ပင်လယ်ရွာ၊ နတ်ချောင်းရွာ၊ ဂုင်ချေရွာ၊ ရွာသစ်ရွာ၊ ဇီးပင်ကြီးရွာ ဟူ၍ ရွာ(၅)ရွာရှိပါသည်။ တာတမံအပြင်ဘက်တွင် ကျွန်းဖျားခေါ် ရဲဖျားရွာ၊ သာယာကုန်းရွာတို့ရှိပြီး ဤကျွန်းကုလားပြုန်းတစ်ကျွန်းလုံးတွင် ရွာ(၇)ရွာခန့်ရှိပါသည်။ ဤကုလားပြုန်းကျွန်းသည် ရှေးခေတ်က ဝရာဇ်တောင်ရေတပ်စခန်းတို့အမှီပြု၍ စစ်တပ်ရွာများချခဲ့လိမ့်မည်ဟု ယူဆရပါသည်။ စစ်တပ်နှင့် ပတ်သက်သော အထောက်အထားများ ဤကျွန်းပေါ်တွင် တော်တော်များများ တွေ့ရှိရပါသည်။ ဤကုလားပြုန်းကျွန်း နတ်ချောင်းရွာ၏ အရှေ့ဘက်တွင် စစ်ကဲကန် ရေကန်ပျက်နှင့် နတ်ချောင်းရွာတောင်ဘက်က တပ်ရာကန် ဆိုသော ကန်ပျက်ကြီးဟောင်းများကို ယခုတိုင်တွေ့ရှိနေရပါသေးသည်။ ထို့နောက် ညောင်ပင်လယ်ရွာ၏အနောက်မြောက်ဘက်နှင့် ဇီးပင်ကြီးရွာ၏ အနောက်ဘက်စူးစူးတွင်လည်း တပ်ရာကန် ပျက်ဟောင်းကြီးကို တွေ့ရှိရပါသည်။ ဤတပ်ရာကန်ပျက်၏ အရှေ့တောင်ဘက် ဇေရိန့်ချောင်းဖျား၊ ကောင်းဗလာချောင်း ပတ်ဝန်းကျင်တို့တွင် လူနေခဲ့သည့်ရွာဟောင်းပျက်အနေအထားများ၊ အိုးခြမ်းကွဲ၊ ဟင်းစားကွဲအပိုင်းအစ တော်တော်များများ တွေ့ရှိရပါသည်။

ထို့နောက် ရခိုင်ရာဇဝင်သစ်ကျမ်း ဒုတိယတွဲ စာမျက်နှာ (၂၇)၊ စာပိုဒ် (၃) တွင်လည်း မြန်မာနှစ် ၁၁၃၀ ပြည့်နှစ်၊ တပေါင်းလတွင် အနောက်ပြည်က မောင်းကွပ်ကုလားတို့ စစ်ချီလာသည်ဟု ကြားတော်မူလေလျှင် ကုလားပြုန်းဆားလင့်ကန်သာရပ်က တပ်ကြီးတည်၍ ကိုယ်ရံတော်တို့ကို စောင့်ရှောက်တော်မူစေ၏လို့ ဖတ်ရှုရပါသည်။ အထက်ဖော်ပြပါ သက်သေအထောက်အထားများကို သုံးသပ်လေ့လာခြင်းအားဖြင့် ကုလပုတ္တခေါ် ကုလားပြုန်းကျွန်းမှာ ရှေးခေတ်ရခိုင်ဘုရင်များ လက်ထက်ကပင် စစ်တပ်ချခဲ့သော ကျွန်းတစ်ကျွန်းဖြစ်ခဲ့သည်ဆိုသည်မှာ သေချာသလောက်ပင် သက်သေခံ အထောက်အထားများ တွေ့ရှိရပါသည်။ ရခိုင်ရာဇဝင်သစ်တွင်ဆိုသော ဆားလင်းကန်အရပ် ဆိုသည်မှာ ယခု ကုလားပြုန်းကျွန်းပေါ်ရှိ ဇီးပင်ကြီးရွာအနောက်ဘက်တွင် ကုလားပြုန်းကျွန်းသားများခေါ် ဆိုနေကြသည့် သင်လင့်ကန်အရပ်ပင် ဖြစ်နိုင်ပါသည်။

ဤကုလပုတ္တခေါ် ကုလားပြုန်းကျွန်းထက်တွင် ရှေးခေတ်ဟောင်းသာသနိကအဆောက်အအုံများအဖြစ် နတ်ချောင်းရွာ အရှေ့မြောက်ဘက်မှ မောင်းချောင်းဘုရား၊ နတ်ချောင်းရွာမြောက်ဘက်၊ ညောင်ပင်လယ်ရွာအရှေ့ဘက် ကုလားပြုန်းရွာမစေတီနှစ်ဆူနှင့် ရွာဦးစေတီတော်တို့ကို ယခုထက်ထိ ဖူးမြော်တွေ့ရှိရပါသေးသည်။ မြောက်ဦးခေတ်လက်ရာစေတီများပင်ဖြစ်ပါသည်။ ကုလပုတ္တကျွန်း၏ ကုလားပြုန်း ရွာမရွာကို စာရေးသူတို့ ငယ်ငယ်တုန်းက အိမ်ခြေ (၁၉) ဆောင်ဖြင့် မြင်တွေ့ လိုက်ဖူးပါသည်။ ရွာသိမ်ရွာငယ်ဖြစ်နေသောကြောင့် ဖြတ်လေးဖြတ် စီမံကိန်းတွင် ကုလားပြုန်းရွာမရွာလေးကို ဖျက်၍ ပြောင်းရွှေ့လိုက်ပါသည်။ ကုလားပြုန်းရွာမရွာသားများမှာ ညောင်ပင်လယ်ရွာသို့တစ်ဝက်၊ နတ်ချောင်းရွာသို့တစ်ဝက် ပြောင်းရွှေ့သွားကြသည်ကို မြင်တွေ့လိုက်ရပါသည်။ ရှေးယခင်က ကုလားပြုန်းရွာမတွင် ပြိုင်းလှေကားတစ်ထောင်ရှိသည်ဟု အဆိုရှိပါသည်။ ပြိုင်းလှေကားတစ်ထောင်ရှိသည်ဆိုခြင်းမှာ ကုလားပြုန်းရွာမ၌ အိမ်ကြီးရခိုင်တစ်ထောင်ရှိသည်ဆိုခြင်းပင် ဖြစ်ပါသည်။ မြောက်ဦးမှ ကုလားပြုန်းကျွန်း ညောင်ပင်လယ်ရွာ မဟာကျန်ရုပ်ရှင်တော်မြတ်၏ ရဇဘိသေကကြေးပလ္လင်တော် လျှုဒါန်းပွဲအခမ်းအနားသို့ သွားရောက်ခဲ့ကြသော စာရေးဆရာများအဖွဲ့ ဦးကျော်ထွန်းအောင်၊ သား ကောင်းကောင်း၊ ဦးမောင်ကျော်ဇော၊ ဦးကျော်သာညွန့် - (ဇနီး)၊ မောင်သန်းနိုင်၊ မောင်သန်းလှိုင်၊ ဦးမောင်နု၊ ဦးစံမောင် (အခွန်)၊ ခိုင်မဉ္ဇူမေ၊ သူရခိုင်၊ စာရေးသူနှင့် စက်လှေသမား အပါအဝင် (၁၁) ယောက်ခန့်တို့သည် မဟာကျန်ရုပ်ရှင်တော်မြတ်အကြောင်း၊ ကုလားပြုန်းကျွန်းခေါ် ကုလပုတ္တကျွန်းအကြောင်းကို ဆွေးနွေး ပြောကြားလာကြရင်း ညနေမိုးချုပ်မှ မြောက်ဦးမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြပါတော့သည်။

*အနန္တောအနန္တငါးပါးတို့*
*ထာဝစဉ်ဦးထိပ်ပန်ဆင်*
*ကန်တော့လျှက်*

ပန်းချီထူးသာ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင်ကွင်းဆင်းမှတ်စု
၂။ အဋ္ဌမမြောက် ရွှေစေတီဆရာတော် အရှင်အရိယဝံသ(ရွှေစေတီပညာပါရမီ) ရေး လက်ကမ်းစာစောင်
၃။ ရမ်းပြဲတောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယတွဲ)
၄။ ရခိုင်-မြန်မာပဏ္ဍိတ်ဦးဦးသာထွန်း၏ မဟာကျန် ရုပ်ရှင်တော်မြတ်သမိုင်းအကျဉ်း
၅။ ပျံလွန်တော်မူသွားသော ညောင်ပင်လယ် ဆရာတော်ကြီး ဦးတေသရ၏ မဟာကျန်ရုပ်ရှင်တော်မြတ်နှင့် မဟာကျန်သံစည်သမိုင်းအကျဉ်းမှတ်စု
၆။ ဦးလှဖြူ၏ပြောပြချက်မှတ်စု
၇။ ဦးမောင်ဝင်းနှင့် စာရေးသူ အဘွား၏ ပြောပြချက်မှတ်စု




www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနတည်နေရာအကွာအဝေးများ (၂)

## ဉာဏ်လွင်မြင့်


အထက်ပါ အကြောင်းအရာပါ နှင့် ပတ်သက်၍ ဤစာရေးသူသည် ၂၀၁၃ ခု၊ အောက်တိုဘာလ သုရဿ မဂ္ဂဇင်း၊ အတွဲ (၁၃)၊ အမှတ် (၁၀)၊ စာမျက်နှာ (၂၉၉) ၌ မိမိလေ့လာဆည်းပူးမိသည့် စာအုပ်စာတမ်းများမှ တွေ့ရှိရသည်များကို မှီငြမ်းပြု၍ မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနတည်နေရာအကွာအဝေးများကို တင်ပြခဲ့ပါသည်။ ပထမဦးစွာ အမရပူရမြို့ မဟာဝိဇယရံသီ ပုထိုးတော်ကြီးဘုရားဌာပနာပုံစာတမ်း၌ တွေ့ရသည့် ဗောဓိပင်နှင့် သတ္တဋ္ဌာနတည်နေရာအကွာအဝေးများကို ပုံ (၁) ပါ အတိုင်း တင်ပြခဲ့ပါသည်။



ပုံ(၁)

ဤပုံ (၁) ၌ ဗောဓိပင်နှင့် အပရာဇိတပလ္လင်အကွာအဝေးမှာ (၁) လံကွာဝေးကြောင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဗောဓိပင်နှင့် အနိမိသသတ္တာဟ (၆) လံကွာ၍ အဇပါလသတ္တာဟနှင့် (၁၂) လံကွာ၊ မုစလိန္ဒသတ္တာဟနှင့် (၁၅) လံကွာ၊ ရာဇာယတနနှင့် (၄) လံကွာဝေးကြောင်းကို ဖော်ပြထားပါသည်။ စင်္ကမသတ္တာဟနှင့် ရတနာဃရသတ္တာဟတို့နှင့်ကား မည်မျှကွာဝေးကြောင်း မတွေ့ရပေ။


တစ်ဖန် စိတ္တသုခဝတ်ရွတ်စဉ်၌ တွေ့ရသည့် ဗောဓိပင်နှင့် သတ္တဋ္ဌာန အကွာအဝေးများကိုလည်း အောက်ပါပုံ (၂) ဖြင့် တင်ပြခဲ့ပါသည်။



ပုံ(၂)

ဤပုံ(၂)၌ ဗောဓိပင်နှင့် အပရာဇိတပလ္လင်မှာ (၁) လံကွာဝေးကြောင်း ပုံတွင် ဖော်မပြလောက်၍ ရေးမထားပါ။ ဗောဓိပင်နှင့် အနိမိသသတ္တာဟအကွာအဝေးမှာ (၁၀) လံ၊ စင်္ကမသတ္တာဟနှင့် (၂) လံ၊ အဇပါလသတ္တာဟနှင့် (၃၂)လံ၊ မုစလိန္ဒသတ္တာဟနှင့် (၁၅) လံ၊ ရာဇာယတနသတ္တာဟနှင့် (၁၁) လံ အသီးသီး ကွာဝေးကြောင်း ဖော်ပြထားပါသည်။ ရတနာဃရနှင့် မည်မျှကွာဝေးကြောင်း မတွေ့ရပါပေ။

တစ်ဖန် သမန္တစက္ခုဒီပနီ၌ တွေ့ရသည့်ဗောဓိပင်နှင့် သတ္တဋ္ဌာနတို့၏တည်နေရာအကွာအဝေးများကို အောက်ပါပုံ (၃) ဖြင့် တင်ပြခဲ့ပါသည်။




ပုံ(၃)

အထက်ပါပုံ (၃) ၌ ဗောဓိပင်နှင့် အပရာဇိတပလ္လင်မှာ မည်မျှဝေးကြောင်း မတွေ့ရပါ။ အနိမိသသတ္တာဟနှင့်လည်း မည်မျှကွာဝေးကြောင်း ဖော်ပြမထားပါ။ စင်္ကမသတ္တာဟ၊ အဇပါလသတ္တာဟ၊ မုစလိန္ဒသတ္တာဟ၊ ရတနာဃရသတ္တာဟနှင့် ရာဇာယတနသတ္တာဟတို့၏အကွာအဝေးများကိုသာ 'ပေ' ဖြင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။

မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနအကွာအဝေးများမှာ ယခုတင်ပြထားသည့်အတိုင်း တစ်ကျမ်းနှင့်တစ်ကျမ်း အကွာအဝေးဖော်ပြထားချက်များ တူညီခြင်း မရှိကြောင်း တွေ့ရပါသည်။ ဤစာရေးသူအနေဖြင့် သုရဿမဂ္ဂဇင်းမှနေ၍ စာဖတ်သူတို့အား တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် နောက်ထပ်လေ့လာတွေ့ရှိရသည့် ဗောဓိပင်နှင့် သတ္တဋ္ဌာနတို့၏အကွာအဝေးများကို ဤဆောင်းပါး အမှတ် (၂) ဖြင့် ဆက်လက် တင်ပြလိုပါသည်။

ယခုတွေ့ရှိရသည့်ကား ၂၀၁၄ ခုနှစ်၊ ဇွန်လထုတ် သုရဿမဂ္ဂဇင်းအတွဲ (၁၄)၊ အမှတ် (၆)၊ စာမျက်နှာ (၃၆၂) ၌ ပါရှိသည့် ဘဦး (ရွှေတောင်) ၏ ပြည်မြို့ ရတနာမာရ်အောင်တောရ၊ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီး၏ သတ္တဋ္ဌာနအဓိဋ္ဌာန်ပုတီးစိပ်နည်းဆောင်းပါးဖြစ်ပါသည်။ ၎င်းဆောင်းပါး၌အောက်တွင် ဖော်ပြထားသည့်ပုံ (၄) ပါအတိုင်း တွေ့ရ ပါသည်။



ပုံ(၄)



www.burmeseclassic.com


www.burmeseclassic.com

ဤပုံ (၄) ၌ ဗောဓိပင်နှင့် ရတနာဃရသတ္တာဟ၊ အဇပါလသတ္တာဟ၊ မုစလိန္ဒသတ္တာဟနှင့် ရာဇာယတနသတ္တာဟတို့၏ အကွာအဝေးကိုသာ (တောင်) ဖြင့် ဖော်ပြထားသည်ကို တွေ့ရပါမည်။ အနိမိသသတ္တာဟနှင့် စင်္ကမသတ္တာဟတို့၏ အကွာအဝေးကိုကား ဖော်ပြမထားသည်ကို သတိပြုမိကြမည် ဖြစ်ပါသည်။

ယခုတစ်ဖန် နောက်ထပ် တင်ပြအစီရင်ခံလိုသည့်ကျမ်းမှာ မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားကြီး၏မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ဖြစ်ပါသည်။ ထိုကျမ်းကြီး၌ ဗောဓိပင်နှင့် သတ္တဋ္ဌာနတို့၏ တည်နေရာအကွာအဝေးများပါရှိပါသည်။ ယင်းကျမ်းကြီး လင်္ကာပိုဒ်ရေ (၅၇၂) ၌ တွေ့ရှိရသည့်အတိုင်း စာဖတ်သူတို့လေ့လာစိစစ်နိုင်ရန်အတွက် မူရင်းအတိုင်း တင်ပြလိုက်ပါသည်။

*¬ ဘုရားဖြစ်စ၊ ကဆုန်လ၏ပုဏ္ဏာရက်ဝါ၊ နေ့ကသာလျှင်၊ နှယ်တာခေါ်လှည့်၊ ဝါဆိုပြည့်အောင်၊ ရက်ရှည်ခြောက်ဆယ်၊ နှစ်လဝယ်ကား၊ ဘယ်ဝါလူနတ်၊ မခြေချွတ်ဘဲ သတ္တရက်လုံး၊ ဆုံးပစေလျက်၊ ပလ္လင်ထက်၌ ဖွဲ့ယှက်သပ္ပာယ်၊ စံတင့်တယ်ရှင့်။ နောက်ဝယ်တို့မှ၊ ဒေဝများစွာ၊ နတ်တကာ၏မိစ္ဆာဝိတက်၊ ကြံတွေးချက်ကို၊ ပယ်ဖျက်ကင်းစေ၊ သက်ပြေအောင်၊ မီးရေနှစ်ပုံ၊ ယမိုက်စုံဖြင့်၊ ပြတုံခဲ့ပြီး၊ ပင်ဗောဓိမှ၊* ***အနိမိသဌာနတစ်ထောက်၊ တာဆဲ့ခြောက်ဝယ်၊*** *ရွှေမြောက်ဒိသာ၊ ရပ်မျက်နှာက၊ ရတနာစိန်ပြင်၊ ရွှေပလ္လင်ကို၊ မြတ်ရှင်ဇိနော်၊ ရည်ကာမျှော်၍ မျက်တော်မညိတ်၊ မမှိတ်ရှုကာ၊ ရက်လည်ကြာ၊* ***ဆယ်တာကျော်ဖြား။*** *ထိုအကြားတွင်၊ နတ်များဖန်လာ၊ ရွှေဒိသာ၌၊ ရတနာဝင်းလျှံ၊ ရွှေစင်္ကြာထက်၊ ကြွစံပယ်လစ်၊ ခုနစ်ရက်စင်၊ လွန်ပြီးကျင်သော်၊ နောက်ခွင်ရပ်သာ၊* ***ဆဲ့သုံးတာဝယ်၊ ရတနာဃရ၊*** *ရွှေအိမ်လှထက်၊ သတ္တရက်ကြာ၊ ဘိဓမ္မာကို မြတ်စွာဆင်ခြင်၊ ဉာဏ်တော်တင့်လျက် ကောင်းကင်စကြဝဠာ၊ ဖီလာထက်အောက် ထွင်းဖောက်နှံ့အောင်၊ တပြောင်ပြောင်လျှင်၊ ခြောက်ရောင်တော်လွှတ်၊ စံနေလွတ်၏။* ***တာခတ်ပြုဗ္ဗာ၊ ငါးရာကျွတွင်၊ အဇပါလ၊*** *နိဂြောဓနိုက်၊ အလှတုမဲ့၊ စံမဟဲ့သား၊ တဆယ့်နှစ်နှစ်၊ တစ်ဆဲ့သုံးနှစ်က၊ ပျိုစစ်ရယ်စင်၊ ယဏင်စုလည်း ကြက်တောင်စည်းလျက်၊ မျက်မည်းနုထွား၊ လျှလျှခါးဖြင့်၊ တသားမမြင်တသားမြင်တိ၊ ရွှေရင်ညံ့စိ၊ နှစ်သားမိနှင့်၊ ယဉ်အခါရုပ်ရည်၊ တည်ကြည်ငြိမ်မြတ်၊ ရွယ်လတ်ရွယ်ကြီး၊ မာရ်သမီးတို့၊ ခြောက်သီးခြောက်ပုံ၊ လိုတော်ကုံအောင် အာရုံတော်နှိုး၊ နတ်တန်ခိုးဖြင့် ကြိုး၍အားသွန်၊ ကြိမ်ဖန်ဖန်လျှင်၊ သဏ္ဌာန်ရုပ်ပြောင်း၊ ရာစီလောင်းလျက်၊ ဖြားယောင်းလုံ့လ၊ ပြုသမျှကို ယသ ဗိတံ နာဝဇီယံတိ အစရှိသား၊ ပါဠိဒေသနာ၊ ဂါထာသုံးပိုဒ်၊ မိန့်တော်ရိုက်၍ ဖိုလ်မြိုက်သုခ၊ စံချမ်းမြလျက်၊ သတ္တငင်း၊ ရက်ပေါင်းတွက်ဘွဲ့၊ လွန်ပြီးခဲ့ရှင့်။* ***နှစ်ဆဲ့ရှစ်တာ၊*** *ရွှေကောင်မှာလျှင်၊ မုစလိန္ဒအိုင်နား၊ နဂါးပူဇော်၊ စံပျော်ခုနစ်တွက်စစ်ရက်ပေါင်း၊ လွန်တုံရှောင်းပြီး၊ ငှင်းတောင်ရပ်၊ နားကပ်မဝေး၊* ***တာလေးဆယ်ကွာ၊*** *ရာဇာယတန၊ သာလှရိပ်ကွန်း၊ မြထီးဝန်းသို့ လင်းလွန်းပင်ရင်း၊ စံခြင်းငြိမ်သက်၊ ခုနစ်ရက်ဖြင့်၊ လွန်ထွက်တုံမြောက်၊ ထိုပြီးနောက်၌၊ ပြန်ခေါက်လှည့်ကာ၊ အဇပါလဝယ်၊ ဗြဟ္မာသဟံ၊ တောင်းခွင့်ခံသည်။ ထုံးစံရှေးကပဝေတည်း။*

ယခုတင်ပြခဲ့သည့် အထက်ပါ မဃဒေဝလင်္ကာသစ်အပိုဒ် (၅၇၂) ပါအရ ဗောဓိပင်နှင့် သတ္တဋ္ဌာနအကွာအဝေးများမှာ ပုံ(၅)ပါအတိုင်း တွေ့ရပါသည်။ ပုံ (၅) ကို ကြည့်ပါ။



ပုံ(၅)

ဤမဃဒေဝလင်္ကာအရ ဆိုလျှင် ဗောဓိပင်နှင့် အပရာဇိတပလ္လင် မည်မျှဝေးကွာကြောင်း မတွေ့ရ။ ကျန်သတ္တဋ္ဌာန (၆) ဌာနစလုံးနှင့်ကား မည်မျှကွာဝေးကြောင်းကို အသီးသီးဖော်ပြထားပါသည်။ သို့ရာတွင် ရတနာဃရသတ္တာဟတည်ရှိသည့် အရပ်ဒေသသည်ကား အခြားကျမ်းများကဲ့သို့ အနောက်မြောက်(ရာဟုထောင့်)မဟုတ်ဘဲ လင်္ကာအရ နောက်ခွင်ဒိသာ ဟူ၍ ဖြစ်နေခြင်းပင် ဖြစ်ပါသည်။ အကယ်၍ နောက်ခွင်ဒိသာမဟုတ်ဘဲ နောက်ခွင်မြောက်သာဟူ၍ လည်းကောင်း သို့မဟုတ် မြောက်ခွင်နောက်သာဟု လည်းကောင်း ဖြစ်ပါမူကား အခြားကျမ်းများ၏ ဖော်ပြချက်များနှင့် ကွဲလွဲမည်မဟုတ်ပေ။ ယခုမူကား ထူးခြားစွာပင် အနောက်ရပ်ဖြစ်နေသည်ကို တွေ့ရပါသည်။

ထို့ပြင် ဗောဓိပင်နှင့် အဇပါလသတ္တာဟအကွာအဝေးကို ဖော်ပြထားရာ၌ တာ (၅၀၀) ဒီဂရီဝေးကြောင်း တွေ့ရပါသည်။ လင်္ကာ၌ 'တာခတ်ပြုဗ္ဗာ၊ ငါးရာကျွတွင်၊ အဇပါလ၊ နိဂြောဓနိုက်' ဟုပါရှိနေရာ အကယ်၍များ တာခတ်ပြုဗ္ဗာ၊ ငါးတာကျွတွင်၊ အဇပါလ၊ နိဂြောဓနိုက်ဟုဖြစ်ပါမူ ဗောဓိပင်နှင့် အဇပါလသတ္တာဟမှာ (၅) တာမျှ ကွာဝေးမည် ဖြစ်ပါသည်။ ဤကား စာရေးသူ၏ယူဆချက်သာ ဖြစ်ပါသည်။

ဤစာရေးသူသည် မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနအကွာအဝေး ဖော်ပြချက်များ တစ်ကျမ်းနှင့် တစ်ကျမ်းမတူကွဲပြားနေသည်ကို စာဖတ်သူတို့အား တင်ပြခဲ့ပါသည်။ ဤသို့တင်ပြနေသည်မှာ စာရေးသူ လေ့လာမိသမျှ ကျမ်း (၅) ကျမ်းတို့၌ မတူကွဲပြားလျက်ရှိပြီး မည်သို့မျှ တစ်ကျမ်းနှင့် တစ်ကျမ်းညှိနှိုင်းမရလောက်အောင် ဖြစ်နေပါသည်။ စာရေးသူ လေ့လာမိသမျှကျမ်းများသည် မှီငြမ်းပြုကျမ်း အထောက်အထားမဲ့ ရေးသားခဲ့ကြမည်မဟုတ်ဟု ယူဆမိ၊ ယုံကြည်မိပါသည်။ ထိုကျမ်းပြုဆရာများ မှီငြမ်းပြု ရေးသားခဲ့သည့်ကျမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တင်ပြနေခြင်းဖြစ်ပါသည်။ သို့မဟုတ် မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနအကွာအဝေးများ တိတိကျကျ ကျမ်းအကိုးအထောက်နှင့် သိရှိသူများရှိပါကလည်း ဖော်ထုတ်ကြရန် ဖြစ်ပါသည်။ စိတ်ပါဝင်စားသူတို့ အနေဖြင့် ဝိုင်းဝန်းပါဝင်၍ ရှာဖွေဖော်ထုတ်ပေးကြပါရန် ပန်ကြား မေတ္တာရပ်ခံအပ်ပါသည်။


ဉာဏ်လွင်မြင့်

ရည်ညွှန်းသင်္ကေတ -
- ဗောဓိပင်
-အပရာဇိတပလ္လင်



www.burmeseclassic.com


www.burmeseclassic.com



...ထယ် မြတ်စွာဘုရားရှင်ခြေတော်ရာ



နဘုထယ် မြတ်စွာဘုရားခြေတော်ရာ
ဂန္ဓကုဋိတိုက်အတွင်းမှ
ရွှေဖယောင်းရုပ်ပွားတော်



နဘုလယ်မြတ်စွာဘုရားနင့်ခြေတော်ရာ
ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်အတွင်းမှ
သူ့အလိုလိုရွေ့လျားသွားသော ရုပ်ပွားတော်

# နဘုလယ်ဒေသမှ မြတ်စွာဘုရားရှင်၏ လက်ဝဲခြေတော်ရာတစ်ဆူ

အဖြူနု(မှန်နွယ်လေး)

BURMESE CLASSIC

နဘုလယ်ဒေသ ဆိုတာ ရှေးကရှိ ...ဲ့ ရွာကြီးတွေဖြစ်နေ၏။ ထားဝယ် ...င်အတွင်းရှိပေမယ့် သီးသန့်သဘော ...ာင်နေ၏။ စကားသံတွေကအစ ...ော်တော်လေးဝဲသည်။ တချို့လူတွေရဲ့ ...ည်အချို့ကိုကြည့်ပါ။ ‘စုပလောက် ...ခြောက်၊ အင်းသန်းသား’ ဆိုပြီး ...ခြားနေ၏။



နဘုလယ်မြတ်စွာဘုရားရှင်ခြေတော်ရာမုခ်ဦး

နဘုလယ်ဒေသဟာ တနင်္သာရီ ...ိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်းမှာ ...မယ့် နဘုလယ်ရွာရယ်လို့ မရှိပေ။ ...ကြီးရွာ၊ လဲရှောင်ရွာ၊ ပရဒပ်၊ မူးဒူး ...ရွာ အုပ်စုလေးစုကိုပင် နဘုလယ် ... ခေါ်ကြခြင်း ဖြစ်၏။ တောင်သူ ...လုပ်သား၊ ဥယျာဉ်ခြံလုပ်ကိုင်၍ ...ချမ်းစွာနေထိုင်ကြ၏။


ထားဝယ်ရေနက်ဆိပ်ကမ်း စီမံ ...ထဲမှာ ပါဝင်နေ၏။ မြေယာများစွာ ...ျော်ကြေးပေးပြီး သိမ်းယူထား၏။ ...ဘာ၊ သီဟိုဠ်ပင်၊ အုန်းပင်စတဲ့အပင် ...ပင်ကို လျော်ကြေးအဖြစ် တစ်သိန်း ...ဘာ တွေ့ရ၏။ အနာဂတ်ကာလ ... ဘာလုပ်စားကြမလဲဆိုတာကတော့ ရင်လေးစရာပင်။ ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် ကမ္ဘာကပင်သိတဲ့ နဘုလယ်ဒေသတွင် တစ်လနီးပါးမျှနေခွင့်ရခဲ့သည်။

ထားဝယ်မြို့ကအထွက် ထားဝယ်မြစ်ကိုဖြတ်၊ ကမြောကင်းတံတား၊ သောကြာပြင်၊ တောရှည်ရွာဖြတ်ပြီး မောင်းမကန်တောင်ကို ကွေ့ပတ်တက်ရတော့ ပြင်ဦးလွင်ကိုတောင်သတိရမိသေးသည်။ ကားလမ်းမဘေး ဝဲ၊ ယာတွေမှာတော့ သီဟိုဠ်ခြံ၊ ရော်ဘာခြံတို့ဖြင့် သာယာလှပနေတယ်။ သာဂရမြို့ဟောင်းနှင့် နဘုလယ်ဒေသကလည်း (၁၈) မိုင်ဝန်းကျင်လောက်ဝေးမည်။



www.burmeseclassic.com

www.burmeseclassic.com



နဘုလယ် မြစ်ဈွာဘုရားရှင်ခြေတော်ရာ

နယ်မြေဒေသလေ့လာကြည့်တော့ ဘုရားရှင်ခြေတော်ရာ (လက်ဝဲ) စက်တော်ရာတစ်ဆူကို ကကုသန်ဘုရားရှင်လက်ထက်မှာ ဇင်းမယ်ရွာ၊ ကောဏာဂုံဘုရားလက်ထက်မှာ သာဂရမြို့၊ ကဿပဘုရားရှင်လက်ထက်မှာ ဒွါရာဝတီမင်းနေပြည်တော်၊ ဂေါတမဘုရားရှင်လက်ထက်မှာတော့ မွေးပျံ့သင်းကြွယ် နဘုလယ်လေးမည်ရတဲ့ ဝဲတီမြင်မြစ်ကမ်းအနီးရှိတဲ့ သီရိသုဝဏ္ဏတောင်ကုန်းပေါ်မှာရှိသည်။ သမိုင်းကြောင်းကို လေ့လာကြည့်တော့ -

ဘုရားရှင်သည် ဝေမိဿကတောင် (ကနန်းတောင်) တွင် ဂဝံပတေ့ရသေ့၊ ဒူရကနတ်သား၊ ကုမ္ဘဏ္ဍနတ်ဘီလူးတို့အား အသီးသီးဗျာဒိတ်ပေးတော်မူပြီးနောက် ညီတော်အာနန္ဒာနှင့်အတူ နဘုလယ်ရွာအနီးရှိ သီရိသုဝဏ္ဏတောင်ကုန်း၌ရပ်တော်မူ၏။

ဘုရားရှင်ပြုံးတော်မူတာ အရှင်အာနန္ဒာမြင်တွေ့၍လျှောက်ထားလျှင် -

"ချစ်သား အာနန္ဒာ၊ ဤစက္ကပါလကျွဲမင်းသည် ငါဘုရားအား မြေစာမြက်လှူဒါန်းရသော ကောင်းမှုကြောင့် လူပြည်၌ သက္ကရာဇ် ၁၁၃ ခုနှစ်တွင် မင်းအဖြစ်ကို ရလတ္တံ့။ ငါဘုရား၏ သာသနာတော်ကို ချီးမြှင့်လတ္တံ့။ ငါဘုရားကြွသွားလျှင် ဤကျွဲမင်းသည် နှလုံးမသာယာ၍ မကြာမီ စုတေလတ္တံ့။ ငါဘုရားအား မပြတ်အမှတ်ရစေခြင်းငှာ ဤတောင်ကုန်း၌ ခြေတော်ရာတစ်ဆူကို ချထားခဲ့အံ့"

မိန့်ကြားကာ လက်ဝဲခြေတော်ရာတစ်ဆူချထားခဲ့သည်။ ဤစက္ကပါလကျွဲမင်း ဘုရားရှင်အား အကြိမ်ကြိမ်လှည့်လည်ဖူးမြင်ခြင်းကြောင့် 'ဖူးလည်မှ' 'နဘုလယ်' ဖြစ်လာသည်ဟု ဆိုကြ၏။ နဘုလယ်သည် ထားဝယ်မှ မိုင်(၂၀) ရှိပါသည်။ ရှေးက မြို့ပိုင်ရုံးစိုက်ရာဒေသဖြစ်သည်။

စာရေးသူသည် နဘုလယ်ဒေသမှာရှိနေစဉ် စက္ကပါလကျွဲမင်းဝင်စားသလား အောက်မေ့ရလောက်အောင်နေ့စဉ်လို ခြေတော်ဘုရားကိုရောက်ဖြစ်သည်။ ဒေသခံတွေ၊ ဂေါပကအဖွဲ့ဝင်တွေနှင့် စကားစမြည်ပြောဆိုမေးမြန်းရင်း စိတ်ဝင်စားဖွယ်ရာကောင်းတဲ့အဖြစ်အပျက်တို့ကိုပါ သိလာရတော့သည်။ ယခုခေတ်ကဲ့သို့ သတင်းမီဒီယာခေတ်မဟုတ်သောကြောင့် နာမည်မကျော်ကြားခဲ့ခြင်း ဖြစ်သည်။

ခြေတော်ရာကို မပြုပြင်ခင်ကသွေးစိမ်းထွက်သည်ဟုကြားခဲ့ရဖူးသည်။ ပြုပြင်ပြီးမှ ရောင်ခြည်တော်လွှတ်ခဲ့သေးသည်။ ခြေတော်ရာဂန္ဓကုဋီထဲမှာ သီတင်းသုံးနေတဲ့ ရှေးဟောင်းနိမိတ္တရုပ်ပွားလေးကိုင့်ပြီးတော့ ကြေးသွန်းဘုရားထဲ ထည့်သွင်း ပူဇော်ရန်လုပ်ကြသောအခါ မအောင်မြင်ခဲ့ပေ။ ရွာသားတွေကိုအိပ်မက်ပေး၏။

ရှေးဟောင်း နိမိတ္တဘုရား၏အနောက်ဘက်တည့်တည့်လောက်က ရုပ်ပွားတော်တစ်ဆူသည် သူ့အလိုလိုမြေငလျင်မလှုပ်ဘဲနှင့် (၄၀) ဒီဂရီလောက် တိမ်းစောင်းသွား၏။ တစ်ဆူတည်းကွက်ပြီးတော့ တိမ်းစောင်းခြင်းဖြစ်၏။ အရင်က ရုပ်ပွားတော်ရှေ့ကနေဖြတ်ပြီးတော့ အာရုံခံအတွင်းလှည့်လည်ဖူးကြရ၏။ အခုတော့ ရုပ်ပွားတော်ကစောင်းသွားသောကြောင့် လမ်းပိတ်သွားသလိုဖြစ်ကာ ရုပ်ပွားတော်နောက်ကနေ လှည့်လည်ဖူးကြရတော့သည်။

ဘုရားရှင်ခြေတော်ရာမှ (၁) မိုင်လောက်အကွာမှာတော့ စက္ကပါလကျွဲမင်းခြေတော်ရာကို ဖူးတွေ့နိုင်ပါသည်။ ယခုအခါ အဝေးမှဘုရားဖူးယာဉ်များဝင်ထွက်စပြုနေပြီ ဖြစ်သည်။

အဌနန (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## သဘာဝမှ

## ကိုးကွယ်ထိုက်စွာ ဆရာအစစ်



**စကားဦး**

*နမောတဿ ဘဂဝတော*
*အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

ယခု ဤစာကို စရေးသည့်အချိန်တွင် ကျွန်တော့်အသက်မှာ (၈၄) နှစ်အတွင်းသို့ဝင်ရောက်ပါပြီ။အသက်ရလာသည်နှင့်အမျှ ဘာသာရေးဗဟုသုတလည်း အသင့်အတင့်ရလာပါသည်။ ရလာသော ဗဟုသုတများကိုလည်း ဆင်ခြင်မိပါသည်။ စတင်ဆင်ခြင်မိသည်မှာ 'ဒုလ္လဘတရားငါးပါး' ဖြစ်ပါသည်။ အများသိကြသည့်အတိုင်း ဒုလ္လဘတရားငါးပါး ဟူသည်မှာ -

၁။ ဗုဒ္ဓုပ္ပါဒဒုလ္လဘ - ဘုရားအဖြစ်ကိုရခဲခြင်း၊
၂။ မနုဿတ္တဘာဝဒုလ္လဘ - လူ့ဘဝလူ့အဖြစ်ကိုရခဲခြင်း။
၃။ သဒ္ဓါသမ္ပတ္တိဒုလ္လဘ - ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းစိတ်ဓာတ်ကိုရခဲခြင်း၊
၄။ ပဗ္ဗဇိတဘာဝဒုလ္လဘ - ဘုရားသာသနာအတွင်းနှင့်ရှင်သာမဏေ ရဟန်းပဉ္စင်းအဖြစ်ကိုရခဲခြင်း၊
၅။ သဒ္ဓမ္မသဝနအတိဒုလ္လဘ-သူတော်ကောင်းတို့၏ တရားစစ်တရားမှန်ကို အလွန်တရာနာကြားရခဲခြင်း - ဟူ၍ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း (၃၁) ဘုံကို ယုံကြည် လက်ခံကြပါသည်။ (၃၁) ဘုံဟူသည် အပါယ်လေးပါး၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ် ဟူ၍ ဖြစ်ပါသည်။ လူ့ပြည်မှစပြီး အထက် (၂၇) ဘုံသည် သုဂတိဘုံဖြစ်သည်။ လာကောင်းသော၊ သွားကောင်းသော၊ သွားသင့်သော၊ ချမ်းသာသောဘုံ ဖြစ်သည်။ ထိုသုဂတိ (၂၇) ဘုံတွင် လူ့ဘုံပါသည်။ ထိုလူ့ဘုံ၊ လူ့ဘဝကိုရရန် ခဲယဉ်းသည်ဟုဆိုခြင်း ဖြစ်သည်။ မည်မျှခဲယဉ်းသနည်းဟူမူ 'လူ့ပြည်တွင် အပ်တစ်ချောင်းထောင်ထား၊ ဗြဟ္မာ့ပြည်က အပ်တစ်ချောင်းပစ်ချ၊ ထိုအပ်နှစ်ချောင်း အသွားအဖျားချင်းထိဖို့ထက်ပိုပြီးခဲယဉ်းသည်' ဟု ဆိုသည်။

ဤအဆိုမလွန်ပါ။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က တစ်ကြိမ်တွင် မြတ်စွာဘုရားသည် ရဟန်းတော်များအား မြေပေါ်မှ မြေမှုန့်အချို့ကိုယူပြီး လက်သည်းခွံပေါ် တင်လိုက်ပါသည်။ ပြီးတော့ ရဟန်းတော်များအား-

"ချစ်သားတို့၊ ငါဘုရားရဲ့လက်သည်းခွံပေါ်မှာရှိတဲ့မြေမှုန့်နဲ့ မဟာပထဝီမြေကြီးပေါ်မှာကျန်ခဲ့တဲ့မြေမှုန့် ဘယ်သင်းကများသလဲ"

ဟု မေးတော်မူပါသည်။

ထိုအခါ ရဟန်းတော်များက -

"မဟာပထဝီမြေကြီးပေါ်မှာကျန်ခဲ့တဲ့မြေမှုန့်နဲ့ နှိုင်းယှဉ်ရင် အရှင်ဘုရားရဲ့ လက်သည်းခွံပေါ်မှာရှိတဲ့မြေမှုန့်က မပြောပလောက်ပါဘူး ဘုရား"

ဟု ပြန်လည် လျှောက်ထားလိုက်ကြပါသည်။

ထိုအခါ မြတ်စွာဘုရားက -

"သေတဲ့အခါ သုဂတိဘုံရောက်ရတဲ့သတ္တဝါက ငါဘုရားရဲ့လက်သည်းခွံပေါ်ကမြေမှုန့်လောက်ရှိပြီး အပါယ်ဘုံရောက်ရတဲ့သတ္တဝါက မဟာပထဝီမြေကြီးပေါ်မှာ ကျန်ခဲ့တဲ့ မြေမှုန့်လောက်ရှိတယ်"

ဟု မိန့်တော်မူပါသည်။

(နခသိခသုတ်)

သုဂတိဘုံမှာ ရောက်ရှိရသည့် သတ္တဝါနှင့် အပါယ်ဘုံမှာ ရောက်ရှိရသည့် သတ္တဝါပမာဏ ဤမျှကွာခြားကြောင်း မိန့်တော်မူပြီးနောက် အပါယ်



www.burmeseclassic.com

www.burmeseclassic.com

ကျသွားသည့်သတ္တဝါများ သုဂတိဘုံကို ပြန်ရောက်ဖို့ မည်မျှခဲယဉ်းကြောင်းကိုလည်း မြတ်စွာဘုရားက -

"မဟာသမုဒ္ဒရာအလယ်မှာ မျက်စိနှစ်ဖက်စလုံးကန်းနေတဲ့ လိပ်ငယ်တစ်ကောင်ဟာ ရောက်မိရောက်ရာကူးနေတယ်ဆိုကြပါစို့။ ဒီမဟာသမုဒ္ဒရာထဲမှာပဲ အပေါက်တစ်ခုတည်းရှိတဲ့ သစ်သားတံပိုး(နွဲ့ကဲ့သို့သောအရာ)ငယ်တစ်ခုဟာလည်း လေဆောင်ရာ၊ လှိုင်းပုတ်ရာ ဟိုမှသည်မှ မျောချင်ရာမျောနေတယ်ဆိုကြပါစို့။ အဲဒီအခါမှာ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်ကြာမှ တစ်ခါလောက်ပေါ်တတ်လာတဲ့လိပ်ငယ်ရဲ့လည်ပင်းနဲ့ တံပိုးပေါက်စွပ်မိဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဒါပေမယ့် ကမ္ဘာ့သက်တမ်းကရှည်ကြာလွန်းတော့ လိပ်ငယ်လည်းမသေဘူး၊ တံပိုးငယ်လည်း မဆွေးမပုပ်သွားဘူးဆိုရင် စွပ်မိကောင်းစွပ်မိနိုင်သေးတယ်။ အပါယ်ဘုံရောက်သွားတဲ့ သတ္တဝါဟာ သုဂတိဘုံပြန်ရောက်ဖို့ အဲဒီလောက်တောင် အခွင့်အလမ်းမရှိဘူး"

ဟု မိန့်တော်မူပါသည်။

သုဂတိဘုံကို ရောက်ရန်လည်း ခက်ခဲပါသည်။ သုဂတိဘုံမှသေသောအခါ သုဂတိဘုံကိုပြန်ရောက်သူလည်း အလွန်ရှားပါသည်။ သုဂတိဘုံတွင် အောက်ဆုံးအဆင့်ဖြစ်သည့် လူ့ဘဝကိုပင် ရရန်ခက်ခဲလှပါသည်။ 'လူ (၁၀၀) သေလို့ တစ်ယောက်လူပြန်မဖြစ်ဘူး' ဟုလည်း ဆိုပါသည်။ အပါယ်ကျသွားသည်ကများပါသည်။ အပါယ်ဘုံက လူ့ဘုံလောက်ပြန်ရဖို့ပင် မြတ်စွာဘုရားဟောတော်မူသည့် လိပ်ငယ်နှင့် တံပိုးပမာဖြစ်နေပါသည်။ ကောင်းမှုမကောင်းမှုနှစ်မျိုးရှိပြီး ကောင်းမှုကအကျိုးပေးခွင့်အင်အားရှိသဖြင့် လူ့ဘဝကိုရခြင်း ဖြစ်ပါသည်။ လူ့ဘဝတွင်လည်း ကောင်းမှု၊ မကောင်းမှု နှစ်မျိုးစလုံးပင် ပြုခွင့်ရပါသည်။ ထို့ကြောင့် ကောင်းမှုအားသာချက်အရ လူ့ဘုံ၊ နတ်ဘုံများကိုရောက်ရပါသည်။

အပါယ်ဘုံသားတို့မှာ ကောင်းမှုပြုခွင့်မရှိပါ။ ကောင်းမှုပြုခွင့်မရှိဘဲ အဘယ်မှာလျှင် သုဂတိဘုံသို့ရောက်နိုင်ပါအံ့နည်း။ အများသိထားကြသည့် အတိုင်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူ၍ အပါယ်လေးပါးရှိပါသည်။ ဂတိအနေဖြင့်ဆိုသော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ် ဟူ၍ ဂတိငါးပါးရှိပြီး အသူရကာယ်ကို ပြိတ္တာနှင့် ရောပြပါသည်။ ဘုံများသည် 'ဆင်းရဲသောဘုံများ' ဖြစ်ပါသည်။ အဆိုးဆုံးက 'ငရဲ' ဖြစ်ပါသည်။ အဆက်မပြတ် ညှဉ်းပန်းညည်းညူနေရသောအချိန်ချည်းသာရှိပြီး သံဝေဂရနိုင်ဖွယ်၊ ယူနိုင်ဖွယ်အချိန်တစ်စက္ကန့်လေးမျှပင်မရှိနိုင်ပါ။ အချိန်တိုင်း 'ဒေါသ' ဖြင့်သာနေရသောကြောင့် ငရဲသက်တမ်းကုန်၍ သေချိန်ကျပြီးသေသော် တစ်ချိန်လုံး၊ တစ်သက်လုံး ရရှိစုဆောင်းမိထားသည့်အကုသိုလ်၊ဒေါသစိတ်အထုပ်ကြီး၏ အလေးချိန်ဖြင့် သူထက်ဆိုးသောအောက်ဘဝ၊ အောက်ငရဲတစ်ဆင့်ကိုဆင်းသွားရပေသည်။

ငရဲထက် အနည်းငယ်သက်သာသည်က တိရစ္ဆာန်ဖြစ်ပါသည်။ တိရစ္ဆာန်လောကသည် အချင်းချင်းညှဉ်းဆဲသတ်ဖြတ် စားသောက်နေသော လောက၊ ကြီးနိုင်ငယ်ညှဉ်းခံလောက၊ လူသားတို့၏ ညှဉ်းဆဲသတ်ဖြတ်စားသောက်ခြင်းကိုခံနေရသောလောကဖြစ်သည်။ ရုပ်သံထဲတွင် မြူးထူးခုန်ပေါက်ပြေးလွှားဆော့ကစားနေသော သမင်ဖျိုကလေး မျက်စိအောက်တွင် ကျားစားခံရသည်။ စား၍ တစ်ပိုင်းကုန်နေသည့်တိုင်အောင် မသေသေးဘဲ မျက်စိသူငယ် ပါးစပ်လှုပ်ရုံ ညည်းညူနေသည်ကို ထိတ်လန့်ဖွယ်၊ သံဝေဂယူဖွယ်တွေ့ရလေသည်။

လူတွေကလည်း တိရစ္ဆာန်မျိုးစုံကို နည်းမျိုးစုံဖြင့် ခိုင်းစေညှဉ်းဆဲသည်။ ပြီးတော့ ညှဉ်းဆဲသတ်ဖြတ်စားသောက်ကြသည်။ လူမစားသော တိရစ္ဆာန်အလွန်ရှားနေပြီ။ ဆင်အစ တီ၊ မျှော့အဆုံး အကုန်လုံးစားကြသည်။ သူတို့ဘဝတွင်လည်း ကုသိုလ်ကောင်းမှုဆိုသည်ကို သိလည်းမသိ၊ ပြုခွင့်လည်းမရှိကြ။ အချိန်တိုင်း လောဘ၊ဒေါသ၊မောဟအကုသိုလ်တရားများဖြင့်သာနေကြရသည်။

မျက်စိထဲ အကုသိုလ်အလွန်နည်းသည်ဟုထင်ရသော နွားကိုပင်ကြည့်ပါ။ နွားသည် ငါးပါးသီလလုံ၏။ သူတစ်ပါးအသက်မသတ်ရုံမက သတ်သတ်လွတ်ပင်စားသေးသည်။ ငါးပါးသီလကို အသိဖြင့် စောင့်ထိန်းခြင်းမဟုတ်။ မလုပ်တတ်၍၊ လုပ်လေ့မရှိ၍၊ သဘာဝမဟုတ်၍ မလုပ်ခြင်း၊ မကျူးလွန်ခြင်း ဖြစ်သည်။ ထို့ကြောင့် ခံယူဆောက်တည်ခြင်းမရှိဘဲ ငါးပါးသီလမကျူးလွန်သူကို 'ကျွဲသီလ၊ နွားသီလ' ဟု ဆိုကြခြင်း ဖြစ်သည်။

နွားက မွေးတဲ့အချိန်ကစပြီး နို့ခွဲသည့်အချိန်ထိ အမြဲနို့အလုခံရသည်။ သခင်က နွားနို့ညှစ်ယူဖို့အတွက် နွားမနို့အိမ်ချအောင် ရှေးဦးစွာ နွားကလေး... အစို့ခိုင်းသည်။ နွားကလေးစို့ဖို့ နွားမ... က နို့အိမ်ကိုချလိုက်သည်နှင့် နွား... မှာ အစမ္ပဆွဲထုတ်ခံရပြီး သခင်ကနို့... ယူသည်။ နွားကလေး မည်မျှဒေါသ... မည်နည်း။ နို့စို့ချင်သည့်လောဘ... မည်မျှဖြစ်မည်နည်း။

နည်းနည်းကြီးလာတော့ လည်... ပင်းမှာကြိုးချည်ပြီး ဆွဲမနိုင်တော့သ... ကြောင့် 'နဖားဖောက်' ခံရသည်။

နဖားဖောက်သည် ဆိုခြင်းမှာ... နှာခေါင်းပေါက်နှစ်ဖက်ကို ကန့်ထား... သည့် အသားနံရံကို အပေါက်ဖောက်... ကြိုးတပ်ခြင်း ဖြစ်ပါသည်။ မိမိနှာခေါင်း... ပေါက်နှစ်ဖက်ကို လက်မ၊ လက်ညိုး... ဖြင့်သွင်းပြီး ခပ်နာနာကလေးညှစ်ကြ... ပါ။ အလွန်နာကျင်ပါသည်။ အကယ်၍... တုတ်ချွန်ဖြင့်ထိုးဖောက်မည် (ထုံဆေး... မလိုဘဲ) ဆိုလျှင် မည်မျှနာမည်ကိုမ... ဝံ့ပါ။ နွားလေးလည်း ထိုမျှနာပါသည်... နှာခေါင်းကသွေးထွက်ပြီး စအိုနှင့်... ချောင်းမှ ကျင်ကြီး၊ ကျင်ငယ်များ... ထွက်ပါသည်။ နဖားကြိုးတပ်ပြီး ကြိုး... ချည်ဆွဲတော့ အနာမခံနိုင်၍ အင်အား... ပြန်သုံးပြီးတင်းမခံ၊ ပြန်မရုန်းဝံ့ဘဲ ဆွဲ... သို့ အသာတကြည်လိုက်ပါရသည်... ထို့နောက် အခိုင်းခံရပါတော့သည်။

စပါးရိတ်သည်ဆိုပါစို့။ စပါး (... တင်းထည့်ထားသောလှည်းကို ... ဘက်တစ်ကောင်နှင့်အတူရုန်းရပါသည်... ချိုင့်ထဲကျသော် အသေရုန်းရပါသည်... ထို့အတူ တောင်ကုန်းအတက်များတွင်... လည်း ကျင်ကြီး၊ ကျင်ငယ်ထွက်အောင်... ရုန်းရပါသည်။လှည်းမောင်းသူက သံချွန်... တပ်ထားသောတုတ်ဖြင့် သံချွန်နှင့်ထိုး... တစ်မျိုး၊ ထိုတုတ်ဖြင့် တဖြန်းဖြန်းရိုက်... တစ်ဖုံကူညီပါသည်။

ဝန်ရုန်းနေစဉ် လမ်းဘေးက... နေသောမြက်များကိုတွေ့၍ စား... သည့်လောဘ၊ မြောင်းထဲက ရေ... တွေ့၍သောက်ချင်သည့် လောဘ... သော်လည်း စားဖို့သောက်ဖို့မဆိုထား... စောင်းငဲ့ကြည့်ခွင့်တောင်မရ၍ ဒေါ... ဖြစ်ရသည်။ လှည်းလမ်းကြောင်းရှိ... တွင်းကဗွက်ရေကိုပင် ငုံ့သောက်... အရိုက်ခံရသဖြင့် ဒေါသထွက်ရပါသ... တစ်သက်လုံး အချိန်တိုင်း လော... ဒေါသဖြင့်နေရပြီး ညအိပ်နားချိန်ရ... လည်း မောဟဖြင့် အချိန်ကုန်သွား... သည်။

သူ့မှာ လျှော့ဖို့လည်း ပစ္စ...



www.burmeseclassic.com

www.burmeseclassic.com

အလှူခံမည့်သူလည်းမရှိ၊ လှူရကောင်း မှန်းလည်းမသိ၊ သီလဆိုသည်က ဝေလာ ဝေးပဲ။ သည်တော့သည် နွားသေလျှင် အထက် (သုဂတိ) တက်မည်လား၊ အောက် (ငရဲ စသည် အပါယ်ဘုံ) ဆင်း မည်လော မေးရန်မလိုပါ။

ပြီးခဲ့သည့် ဘဝကထက် ယခုဘဝ အကုသိုလ်ပိုများသည်၊ ယခုဘဝထက် နောက်ဘဝ အကုသိုလ်ပိုများမည်။ နောက်ဆုံး ဆက်ဆင်းစရာမရှိတော့ သည့် အဝီစီရောက်မှပဲအဆင်းရပ်တော့ သည်။

သည်တော့ အပါယ်ကျသွားသူ တစ်ဦး သုဂတိဘုံ ပြန်ရောက်ဖို့ရန်မှာ ချက်ကန်းလိပ်ငယ်နှင့် တံပိုးငယ်စွပ်မိ သည်ထက် ခဲယဉ်းသည်ဆိုသောအချက် မှာ စောဒကတက်ဖွယ်မရှိတော့ပါ။

ဤအချက်ကို သိရသောအခါ ကျွန်တော် အပါယ်ကျခံရမည်ကို ကြက်သီးဖြန်းဖြန်းထရလောက်အောင် ကြောက်ပါသည်။ ယခု ကျွန်တော့်ဘဝ သည် လိပ်ငယ်လည်ပင်းနှင့် တံပိုးပေါက် စွပ်မိသောဘဝဖြစ်ပါသည်။ မနုဿတ္တ ဘဝကို ရထားခြင်း ဖြစ်ပါသည်။ လွတ်ချင်နေ အရှုံးမခံလိုပါ။

ပြိတ္တာဘုံသည်လည်း ချမ်းသာ ခြင်းကင်းသည့်ဘုံပင်ဖြစ်ပါသည်။ ပေတ ဝတ္ထုများကိုဖတ်လျှင် ကြည်သီးထဖွယ် ဆင်းရဲဒုက္ခခံရသည်ကို တွေ့ရပါသည်။ ဘာသာဝင်တိုင်းလိုလိုသိကြပါသည်။ ရကာယ်ကို ပြိတ္တာထဲထည့်ထားပါ သည်။ ပြိတ္တာထက်အနည်းငယ်သက်သာ သော်လည်း ဆင်းရဲဒုက္ခခံရသည့် တွင် မချိမဆံ့ပင်ခံရပါသည်။ ဒုက္ခ ဘုံပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် သံသရာမှာ ဘဝများစွာ ကျင်လည်ခဲ့ပြီးပါပြီ။ ဘဝ မှာကျင်လည်ခဲ့ရသည်ကို မြတ်စွာ ဘုရားက -

"မဟာပထဝီမြေပြင်ပေါ်က မြေ ကိုယူပြီး ဆီးသီး (မြန်မာဆီးသီး ) လုံးခန့်လုံးပြီး တစ်ဘဝကိုတစ် သတ်မှတ်သော် မဟာပထဝီမြေ ရှိ မြေကြီးများကုန်သွားသည့် အောင် ကျင်လည်ခဲ့ရသည့် ဘဝ အတွက်ကိုပြည့်ဦးမှာမဟုတ်"

ဟု ပမာပြ မိန့်တော်မူခဲ့ပါသည်။ များအနက် (၉၁. ၉၉) ရာခိုင်နှုန်း သည် အပါယ်ဘဝသာဖြစ်ခဲ့ပါ

ထို့ကြောင့် -

"သုံးဆယ့်တစ်ဘုံသားတို့၏ အမြဲ တမ်းနေရပ်လိပ်စာသည် အပါယ်ဘုံသာ ဖြစ်သည်"

ဟု ဆိုကြခြင်း ဖြစ်သည်။

ကျွန်တော်သည် ဆိုခဲ့သည့် 'အပ် နှစ်စင်းပမာ' အတိုင်း ရတောင့်ရခဲ လူ့ ဘဝကိုရခဲ့ပါသည်။ အကယ်၍ ပမာဒ တရားဖြင့်နေပြီး အပါယ်ဘုံပြန်ကျသွား သော် သံသရာမှာ ဆောက်တည်ရာမရ ဘဲ တဝဲလည်လည်ဖြင့်မလွတ်နိုင်မကျွတ် နိုင် ကျင်လည်နေရပေဦးမည်။ တစ်မင် တစ်ဖိုလ်ရလိုက်မှ သံသရာမှ လွတ် မြောက်ဖို့ (အများဆုံး ခုနစ်ဘဝဖြင့်) အာမခံချက်ရှိပါသည်။ ယခုဘဝတွင် တစ်မဂ်တစ်ဖိုလ်မရသည့်တိုင်အောင် တစ်ဘဝ (ယခု သေပြီး နောက်ဘဝ) လောက်အပါယ်မကျနိုင်အောင်ကြိုးပမ်း နိုင်ပြီး မဂ်ဖိုလ်ရကြောင်း အကျင့်ကောင်း ပါရမီဖြည့်နိုင်လျှင် တစ်ဘဝထက်တစ် ဘဝ ပါရမီရင့်ပြီးကျွတ်လွတ်နိုင်ပါသည်။

သည်အတွက် ကျွန်တော့်တွင် ဒုတိယဒုလ္လဘတရားဖြစ်သည့် သဒ္ဓါသမ္ပတ္တိဒုလ္လဘလည်း ရရှိထားပါသည်။ ကျွန်တော့်မှာ ရတနာသုံးပါးကို ကြည်ညို ယုံကြည်ခြင်း၊ ကံ,ကံ၏ အကျိုးကို ယုံ ကြည်ခြင်း တည်းဟူသော ရတောင့်ရခဲ ဖြစ်သည့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ရအပ်ရှိအပ်သည့် အရည်အချင်းကို လည်းရရှိထားပါသည်။

ထို့အပြင် တတိယဒုလ္လဘတရား ဖြစ်သည့် သစ္စာလေးပါး အစရှိသည့် သံသရာမှ လွတ်မြောက်ကြောင်း သူတော်ကောင်းတရား အလွန်ကြားနာ ရခဲသောတရားများကို ကြားနာဖတ်ရှု ရခြင်း တည်းဟူသော သဒ္ဓမ္မသဝနအတိဒုလ္လဘနှင့်လည်း ပြည့်စုံနေပါသည် ထို့ကြောင့် ဤအခွင့်အလမ်းကောင်းကြီး များကို ရတုန်းရခိုက်အမြတ်ရအောင်၊ အနည်းဆုံး အရင်းမရှုံးရလေအောင် ကြိုးပမ်းအားထုတ်ရပေမည်။

ကျွန်တော်တို့ပြုရမည်က ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ဖြစ်ပါသည်။ ကျွန်တော်သည် ကြွယ်ဝချမ်းသာသူ တစ်ယောက်မဖြစ်ခဲ့ပါ။ ခပ်ရှားရှားနှင့် မရှိမရှားဘဝများကိုသာ ဖြတ်သန်းခဲ့ရ ပါသည်။ ထို့ကြောင့် ဝတ္ထုဒါနများများ စားစားမရှိခဲ့ပါ။ 'ဒါနအပေါင်းတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံး' ဟူသောအသိ ရလာသည့်အချိန်မှစပြီး ဘာသာရေး စာပေများကို ရေးသားခဲ့ပါသည်။ ဤသည်မှာ 'တရားဟောခြင်း၊ တရား လှူခြင်း၊ ဓမ္မဒါန' ဟူ၍ သိသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ဘာသာရေး စာပေများကို ကျွမ်းကျင်တတ်မြောက်သူ 'စာတတ်' တစ်ယောက်မဟုတ်ပါ။ လက် လှမ်းမီသမျှ ဉာဏ်မီသမျှ လေ့လာဖတ်ရှု ကြားနာမှတ်သားပြီး တစ်ဆင့်ပြန်လည် ဖြန့်ဝေရသော 'စာမှတ်' တစ်ယောက်သာ ဖြစ်ပါသည်။ ကျွန်တော်သိသမျှကလေး ကို သူတစ်ပါးအားလည်းသိစေချင်သည့် စေတနာဖြင့် ဓမ္မဒါနပြုခြင်း ဖြစ်ပါသည်။ ကျွန်တော်လည်း ဓမ္မဒါနကုသိုလ်ဖြင့် မျက်မှောက်၊ သံသရာ နှစ်ဖြာသော ချမ်းသာခြင်းကိုရစေ၊ ဖတ်ရှုသူများ လည်းရကြစေဟု စေတနာထားပါသည်။

ဤသို့ စာပေဖြင့် ဓမ္မဒါနပြုခြင်း သည် ကျွန်တော်တစ်ယောက်တည်းပြု ၍မရပါ။ ထုတ်ဝေပေးသူ (ထုတ်ဝေသူ) ရှိမှ ပြီးမြောက်ပါသည်။ ကျွန်တော့် ဘာသာရေးစာပေ ဓမ္မဒါနအတွက် ထောက်ပံ့ပေးကြသူကျေးဇူးရှင်များကား ထုတ်ဝေသူများ ဖြစ်ပါသည်။ ကျွန်တော့် စာများကို အများဆုံးထုတ်ဝေပေးသူ ကျေးဇူးကြီးသူကား ဆရာဦးအောင်မြတ် ဖြစ်ပါသည်။ အမြတ်အစွန်းရရန် မမျှော် လင့်နိုင်သည့် ကျွန်တော့်စာပေ (လုံးချင်း စာအုပ်) များကို ထုတ်ဝေပေးခဲ့သည့် ကျေးဇူးကား ဖော်မပြနိုင်လောက်အောင် ကြီးမားလှပါသည်။ ဓမ္မဒါနပြုရာတွင် ကျွန်တော်တို့ရေးသူများထက် ထုတ်ဝေ သူများကသာပါသည်။ အလွန်အမင်း သာပါသည်။

ကျွန်တော်သည် သီလကိုလည်း မကျိုးမပေါက်အောင် ကြိုးပမ်းစောင့် ထိန်းပါသည်။ ကျန်းမာရေးအခြေအနေ အရ နိုင်သရွေ့ ဘာဝနာ(သမထ၊ဝိပဿ နာ) မှုများကိုလည်း ပြုပါသည်။

တရားအလှူအမြတ်ဆုံးဖြစ်ရခြင်း မှာ ပစ္စည်းအလှူသည် ရသူ အလှူခံ ပုဂ္ဂိုလ်အဖို့ ခဏနှင့် အကြာဆုံးတစ်ဘဝ သာချမ်းသာသုခကို ဖြစ်စေပြီး တရား အလှူကား မျက်မှောက်၊ သံသရာနှစ်ဖြာ သောဘဝများတွင်သာမက နိဗ္ဗာန်အထိ ချမ်းသာသုခကို ဖြစ်စေသောကြောင့် တည်း။

မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်က မလ္လိကာ အမည်ရှိသော ကောသလမင်းကြီး၏ မိဖုရားတစ်ပါး သည် ကုသိုလ်ကောင်းမှုအလွန်ပြုသူဖြစ် ၏။ သို့သော် တစ်ကြိမ်တွင် တစ်ခုသော မကောင်းမှုကိုပြုမိပြီး ထိုအကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိဇ္ဇာပညာရပ်များဖြင့်ပစ္စည်းပျောက်ကိုဆပွတ်မာတ်ဆင်၍ရှာနည်း

မိမိပျောက်သော ပစ္စည်းနှံ၏ ခြောက်ခုမြောက် ဆပွတ်မာတ်အစာကို စား၍ လည်းကောင်း၊ ဆပွတ်မာတ်နံ ပစ္စည်းကိုကိုင်၍ လည်းကောင်း ရှာရမည်။ သို့သော် ရှာရမည့်အရပ်ဒေသကို သိရှိရန် လိုသေးသဖြင့် ပစ္စည်းဥစ္စာ ပျောက်အရပ်ဒေသညွှန်းသောဒဏ်သေကိန်းကို မှတ်သားပြီး ရှာရ၏။

၁ ဒဏ်သေကိန်းအညွှန်း ဥစ္စာပျောက်ရှာရန် ဆောင်ပုဒ်မှာ -

*၁ သူရဇ္ဇ-သောကြာ၊ ထောက်ဆကွဲ၊ အိမ်တွင်းမှာ၊ ဗုဒ္ဓဆို တောင်အရပ်ကယ်နှင့်၊ မြောက်အရပ်မှာ ဂုရုထား၊ များမှတ်ကြရာ၊ ဘောမမှာတော့ ရှေ့ပြုဗ္ဗာ၊ နောက်ရပ်မှာဆိုပါက စန္ဒြာသောရီပဲရယ်လို့ မလွဲအောင် ရပ်ကိုပိုင်းလိုက်မယ်၊ ကိုင်း - ခုရှာကြ။*

ရွှေပျောက်သော် ငွေကိုကိုင်၍ ကျောက်ကျောစားပြီးရှာရာသည်။ ငွေပျောက်သော် တုတ်ကိုကိုင်ပြီး ထန်းလျက်စား၍ရှာရ၏။ မြင်းပျောက်ခဲ့သော် ဖွန်းကိုကိုင်၍ဆီးသီးစားပြီးရှာပါ။ နွားပျောက်သော် ပဲ၊ ပေါင်မုန့်၊ ပေါက်ပေါက် တစ်ခုခုစား၍ မှန်ကိုကိုင်ပြီး ရှာရမည်။ လက်စွပ်ပျောက်လျှင် အုန်းသီးစားပြီး အုန်းဖူးကိုင်၍ရှာပါ။ သော့ပျောက်ပါက လမုန့်စား ရေသောက်၍ ဝါးလုံးကိုင်ပြီး ရှာပါ။ ဓားပျောက်လျှင် ပေါက်ပေါက်စားပြီး မေမြို့ပန်းကိုင်၍ ရှာရာ၏။ တနင်္ဂနွေနံ အိုး၊ အိတ်၊ အကျီပျောက်သော် သီဟိုဠ်စေ့စား၍ သော့ကိုင်ပြီးရှာပါ။

**ဥစ္စာပျောက်အရပ်ညွှန်းဒဏ်သေကိန်း**

| | | |
|---|---|---|
| | ၃<br>အရှေ့ | |
| မြောက်<br>၅ | ၁-၆<br>အိမ်တွင်း | ၄<br>တောင် |
| | ၂-၇<br>အနောက် | |

*၁ သူရဇ္ဇ-သောကြာ၊ ထောက်ဆကွဲ၊ အိမ်တွင်းမှာ၊ ဗုဒ္ဓဆို တောင်အရပ်ကယ်နှင့်၊ မြောက်အရပ်မှာ ဂုရုထား၊ များမှတ်ကြရာ၊ ဘောမမှာတော့ ရှေ့ပြုဗ္ဗာ၊ နောက်ရပ်မှာဆိုပါက စန္ဒြာသောရီပဲရယ်လို့ မလွဲအောင် ရပ်ကိုပိုင်းလိုက်မယ်၊ ကိုင်း - ခုရှာကြ။*

**အဟောကား -**

တနင်္ဂနွေအခါ၊ သောကြာအခါ မေးလာသော်၊ ပစ္စည်းပျောက်သော် အိမ်အတွင်းမှာရှိသည်။ အိမ်အာရာမ်တွင်းမှာလည်းရှိသည်။ ရှာပါ။ အင်္ဂါအခါ ပျောက်သော်၊ မေးလာသော်၊ အရှေ့အရပ်မှာပျောက်သောပစ္စည်းရှိ၏။ ဗုဒ္ဓဟူးအခါပျောက်သော်၊ မေးလာသော် တောင်အရပ်မှာရှိ၏။ စန္ဒြအခါ၊ သောရီအခါ တနင်္လာ၊ စနေအခါများမှာပျောက်သော်၊ လာမေးလာလျှင် အိမ်အနောက်အရပ်မှာရှိသည် ရှာဖွေပါ။ ဂုရုအခါ ကြာသပတေးအခါမှာ ပျောက်သော် လာမေးလျှင် အိမ်၏မြောက်ဘက်အရပ်၌ရှိသည်ဟုဟောပါ။ ထိုအရပ်မှာရှာခိုင်းပါ။ မကြာခဏ ပစ္စည်းများကို သတိမေ့ အထားမှား၊ အသိမ်းလွန် မမှတ်မိသူ၊ ပေါ့ပေါ့ဆဆနေတတ်သူ၊ စိတ်သောကများ၍ မေ့တတ်သူများအတွက် လက်ဆောင် မြန်မာ့အင်္ဂလိဇ္ဇာဗေဒင်ပညာရပ်မှ ဆပွတ်မာတ်ဆင်းနည်းတစ်ခုကို စေတနာအရင်းခံထား၍ မျှဝေလိုက်ပါသည်။

ကိုယ်ကျန်းမာကြ၍
စိတ်ရွှင်လန်းချမ်းမြေ့ကြပါစေ
မုဒိတာ (ကျိုက်လတ်)

---

အပေါ် နောင်တ၊ သောကအဖန်ဖန်ပွားမိသောကြောင့် သေသောအခါ ငရဲကျသွားသည်။ တစ်မင်္ဂ၊ တစ်ဖိုလ်ရမထားသမျှ ဂတိအမြဲရကား ကုသိုလ်များသော်လည်း ငရဲကျသွားရရှာသည်။

သို့သော် -

ကုသိုလ်ကောင်းမှုတို့သည် သူ့အား လျစ်လျူရှုမထားပါ။ စုပေါင်းကယ်တင်ကြသဖြင့် လူ့အချိန်(၇)ရက်၊ ငရဲချိန်တစ်ခဏမျှဖြင့် ငရဲမှသေပြီး နတ်ပြည်ရောက်သွားရသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုကို ပြုနိုင်သမျှပြုပါ။ ဂတိမမြဲသေး၍ ငရဲကျ၊ အပါယ်ကျသွားသည့်တိုင်အောင် ကုသိုလ်များကပြန်ကယ်ပါလိမ့်မည်။ ကုသိုလ်၊ အကုသိုလ်တို့သည် သူတို့၏ အကျိုးပေးခွင့်ကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြသည်။ အခွင့်ရသည်နှင့်အကျိုးပေးပါသည်။ ကျွန်တော်လည်း ဤသည်ကို မျှော်ကိုးပြီး ဓမ္မဒါနနှင့်တကွ ဒါန၊ သီလ၊ ဘာဝနာတရားများကို ကြိုးစားအားထုတ်ပါသည်။

သံသရာဘေးကို အကာအကွယ်ပေးနိုင်သည်ဟု စိတ်ချယုံကြည်စွာ အားကိုးရမည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသာရှိသည်။ ရတနာသုံးပါးသည်သာလျှင် ကိုးကွယ်ရာအစစ် ဖြစ်ပါသည်။ သဘာဝဓမ္မအပေါ် အခြေခံပြီး ကျွန်တော်မှတ်သားရသမျှ ဗဟုသုတလေးဖြင့် အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံလေးဖြင့်အောင် ဤ 'သဘာဝဓမ္မ' ခန်းဆက်ဆောင်းပါးကိုရေးခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် တရားဟောသူအဖြစ်ထက် တရားနာသူအဖြစ်သာနေလိုပါသည်။ ထို့ကြောင့် ဖတ်ရသည့် စာအုပ်များ၊ ဆောင်းပါးများနှင့် နာရသည့် တရားများကို စုပေါင်းပြီး တရားဟောသူ 'ဆရာတော်ဦးပညာ' အဖြစ် ဖန်တီးပါသည်။ ပြီးတော့ ကျွန်တော့်ကို ဟောသည့်ပုံဖြင့်ရေးပါသည်။

ဤသည်ကို မကြာမီကမှ ကျွန်တော့ ရှင် ဓမ္မမိတ်ဆွေတစ်ဦးက -

"ခင်ဗျားက ခပ်ညံ့ညံ့ဆိုတော့ ခင်ဗျားဖန်တီးထားတဲ့ တရားဟောသူလည်း ခပ်ညံ့ညံ့ပဲပေါ့။ ဒီတော့ တရားဟောသူကို ဘုန်းတော်ကြီးအဖြစ် ဖန်တီးတာ မသင့်ဘူးလို့ထင်တယ်"

ဟု ဆိုပါသည်။

ကျွန်တော် ကြက်သီးထလောက်အောင်ကြောက်ပြီး နောင်တအကြီးအကျယ်ရသွားပါသည်။ ထို့ကြောင့် ယခု ဓမ္မမိတ်ဆွေသုံးယောက် တရားဆွေးနွေးကြသည့်ပုံဖြင့် ပြင်ဆင် တင်ပြအပ်ပါသည်။

စာရှုသူများ မျက်မှောက်၊ သံသရာနှစ်ဖြာသော ချမ်းသာသုခနှင့် နိဗ္ဗာန်ချမ်းသာကိုပါ ရရှိခံစားနိုင်ကြပါစေသတည်း။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



# ဗေဒင်ကျောက်တိုင်

## မနောမယဂန္ဓာရီ (၂)

ဂန္ဓာရီပညာကို ဝင်ရောက်နိုင်တဲ့ မုခ်ဦးစောင်းတန်းတွေထဲမှာ မနောမယ အိပ်မက်ဟာလည်း စောင်းတန်းတစ်သွယ်ပါပဲ။ ဒီစောင်းတန်းကတစ်ဆင့် ဂန္ဓာရီနယ်ထဲရောက်သွားတဲ့ပုဂ္ဂိုလ်ထူးတွေလည်း အထင်ကရ ထွက်ပေါ်ခဲ့ဖူးတယ်။

အိပ်မက်စောင်းတန်းကဝင်ရောက်သွားသူတွေဟာ ရှေးခေတ်ကရော အခုခေတ်မှာပါ ရှိနေဆဲပါ။ ရှေးခေတ်က ပိုက်သာဂိုရပ်၊ နဘူးစနက်ဇာဘုရင်ကြီး၊ ကောသလမင်းကြီးတို့ဟာ အထင်အရှားပါပဲ။ ခုခေတ်မှာတော့ မေ့းစက်နေတဲ့ ပုရောဟိတ်ကြီး အဂ္ဂါကေစီနဲ့ ကာစတင်နီဒါတို့ဟာ ကမ္ဘာကျော်တွေပါပဲ။

မေ့းစက်နေတဲ့ ပုရောဟိတ်ကြီး အဂ္ဂါကေစီဟာ အိပ်မက်ပေါင်း (၁၆၅၀) ကို အဓိပ္ပာယ်ဖွင့်ပေးခဲ့တဲ့ အိပ်မက်ဝိဇ္ဇာကြီးပါပဲ။ နှစ်ပေါင်း(၄၀) ကျော်အတွင်း လူ (၆၀၀၀) လောက်ရဲ့ ပြဿနာတွေကို မျက်စိမှိတ်ပြီး မေ့းစက်ရင်းဟောခဲ့တာ အကြိမ်ပေါင်း(၁၄၀၀၀) ကျော်တယ်။

အဂ္ဂါကေစီဟာ စိတ်ညှို့ခံလိုက်လို့ အိပ်မက်စိတ်လို့ခေါ်တဲ့ မေ့းစက်တဲ့အတတ်ကို တတ်ကျွမ်းသွားတယ်။ သူ့ဆီကိုလာမေးတဲ့ပြဿနာတွေကို မေ့းစက်စိတ်ကလေးပေါ်လာအောင် ဆိုဖာပေါ်မှာ အသာလေးမှေးစက်လိုက်တဲ့အခါ အာရုံထူးတွေ၊ အိပ်မက်ထူးတွေပေါ်လာပါတယ်။ ဒီအာရုံထူးတွေ၊ အိပ်မက်ထူးတွေဟာ မေးမြန်းလာတဲ့ပြဿနာတွေရဲ့ အဖြေတွေပါပဲ။

အဂ္ဂါကေစီ ကွယ်လွန်သွားတော့ သူ့ရဲ့ဟောကိန်း (၁၄၀၀၀)ကိုခွဲခြမ်းစိတ်ဖြာပြီးလေ့လာဖို့ အဂ္ဂါကေစီဖောင်ဒေးရှင်းအဖွဲ့တည်ထောင်ထားတယ်။သူဟာ အခကြေးငွေယူဟောတဲ့ မနောဗေဒင်ဆရာမဟုတ်ပေမယ်လို့ သူ့လုပ်ငန်းနဲ့ စေတနာကို ယုံကြည်လေးစားသူတွေ၊ အသင်းအဖွဲ့တွေက လှူဒါန်းတဲ့ငွေနဲ့ ထူထောင်ထားတဲ့ဖောင်ဒေးရှင်းပါ။ သူ့ရဲ့ ဟောချက်တွေကို ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ ဂန္ဓာရီကိစ္စ စသဖြင့် ဘာသာရပ်တွေခွဲခြားပြီးတော့ ဒီဟောချက်တွေဘယ်လောက်မှန်သလဲ၊ ဘယ်လောက်မှားသလဲ၊ အမှားအမှန်ဘယ်လောက်ရှိသလဲ ဆိုတာကို သုတေသနပြုတဲ့ ဖောင်ဒေးရှင်းပါ။

ဒီလိုဟောချက်တွေထဲက လူ (၇၀၀)ရဲ့အိပ်မက် (၁၆၅၀) ကို ဟောခဲ့တာတွေကို စုပေါင်းပြီးတော့ ON DREAM ဆိုတဲ့ စာအုပ်ကို နှောင်းသုတေသီတွေက ရေးသားခဲ့တယ်။ ဒီစာအုပ်ထဲမှာ အိပ်မက်တစ်ခုချင်းရဲ့ ဟောပြောချက်တွေသာမက အိပ်မက်ဘာသာရပ်ကြီးရဲ့ သဘောသဘာဝတွေကိုလည်း စစ်တမ်းထုတ်ထားတယ်။ အဂ္ဂါကေစီက အိပ်မက်တွေအားလုံးကိုခြုံကြည့်ရင် အိပ်မက်လေးမျိုးလေးစားရှိတယ်။

ဒီလေးမျိုးကတော့ -

ပထမအမျိုးအစားဟာ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက်ဖြစ်တယ်။

ဒုတိယအမျိုးအစားကတော့ မိမိရဲ့ဆန္ဒပုံးတွေကိုဖော်ပြတဲ့ အိပ်မက်ဖြစ်တယ်။

တတိယအမျိုးအစားကတော့ ဘဝပြဿနာတွေကို လင်းကျင်းဖြေရှင်းပေးတဲ့ ပွင့်အိပ်မက်ဖြစ်တယ်။

စတုတ္ထအမျိုးအစားကတော့ ကိန်းနေတဲ့ပါရမီတွေကိုဖွင့်ပြတဲ့ ဖွင့်အိပ်မက်ဖြစ်တယ်။

ပထမအမျိုးအစား အိပ်မက်ဟာ ခန္ဓာအင်္ဂါအစိတ်အပိုင်းတွေမှာဖြစ်ပေါ်နေတဲ့ရောဂါကို အိပ်မက်နဲ့ နိမိတ်ပြတာ ဖြစ်တယ်။ အဆက်အစပ်မရှိသလို တစ်ပိုင်းတစ်စမက်တတ်တယ်။ ရောက်တတ်ရာရာအိပ်မက်၊ အစာမကြေလို့ မက်တဲ့ တောက်တီးတောက်တဲ့အိပ်မက်လို့ထင်ကြတယ်။ အခုခေတ်ကျတော့ ဒီလိုအိပ်မက်မျိုးဟာ ကျန်းမာရေးအတွက် မက်တဲ့အိပ်မက်ဆိုတာကို သိပ္ပံပညာက သိလာလို့ အိပ်မက်ကုထုံးတောင်ပေါ်နေပါပြီ။

ဒုတိယအမျိုးအစားကတော့ မိမိရဲ့အတွေး၊ မိမိရဲ့ခံစားချက်တွေဟာ မိမိမသိလိုက်ရဘဲ စိတ်ထဲဖြစ်ပေါ်သွားတာ၊ အတွင်းကြိတ်ခံစားရတဲ့စိတ်ဝေဒနာတွေ၊ အယူအစွဲတွေကို ထုတ်ဖော်ပြတာ ဖြစ်တယ်။ ဒါကြောင့် ဘဝပြဿနာတချို့ ပြေလည်သွားတယ်။ ဒီအိပ်မက်နှစ်မျိုးဟာ ဂန္ဓာရီပညာရဲ့တိုက်ရိုက်မသက်ဆိုင်ဘူး။ ကျန်တဲ့အိပ်မက်နှစ်မျိုးကတော့ ဂန္ဓာရီနဲ့ သက်ဆိုင်တယ်။

တတိယအမျိုးအစားအိပ်မက်ကတော့ ဘဝနဲ့ဆိုင်တယ်။ လူတွေဟာ ရုပ်ခန္ဓာရောစိတ်ခန္ဓာပါ ဆင့်ကဲဖြစ်စဉ်တိုးတက်မှုအရ အနိမ့်ဆုံးဘဝက အမြင့်ဆုံးဘဝကို တက်လှမ်းလာတာဖြစ်တယ်။ လူအားလုံးဆင့်ကဲတိုးတက်လာတဲ့အခါ လူ့ဘောင်ကြီးတစ်ခုလုံး တိုးတက်လာရမှာ ဖြစ်တယ်။ ဒါကြောင့် လူတစ်ဦးချင်းရဲ့ အသိဉာဏ်တိုးတက်မှုတွေကို သိလာအောင်၊ ဉာဏ်ပွင့်လာအောင် အိပ်မက်နဲ့ ဖွင့်ပေးလိုက်တဲ့ပွင့်အိပ်မက်ပါပဲ။ ဒီလိုပွင့်အိပ်မက်တွေဟာ ထင်ရှားပြတ်သားတယ်။ ဇာတ်လမ်းဇာတ်ကွက်တွေပါတယ်။ တစ်ခါတစ်ရံ သင်္ကေတတွေနဲ့ပြတယ်။မဖြစ်သင့်တာမဖြစ်အောင်၊ မလုပ်သင့်တာမလုပ်အောင် နည်းပေးလမ်းပြလုပ်တဲ့အိပ်မက်ပါပဲ။ဂန္ဓာရီပညာရဲ့အန္တိမရည်ရွယ်ချက်က ရုပ်ရောစိတ်ပါ အဘက်ဘက်ကတိုးတက်လာတဲ့ လူ့ဘောင်ကြီးတည်ဆောက်ဖို့ဖြစ်တယ်။ ဒီအန္တိမရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးတဲ့ ပွင့်အိပ်မက်ဟာလည်း ဂန္ဓာရီပညာရည်မှန်းချက်ကို ပံ့ပိုးပေးတာဖြစ်တယ်။

နောက်ဆုံးအမျိုးအစားအိပ်မက်ကတော့ ရှေးဘဝက ဖြည့်ဆည်းပေးခဲ့တဲ့ ပါရမီတွေကိုဖွင့်ပေးတဲ့ အိပ်မက်ပါပဲ။ တချို့ပါရမီရှင်တွေ ဘဝသစ်မှာခန္ဓာသစ်နဲ့လူဖြစ်လာတော့ ဘဝဟောင်းကပါလာတဲ့ မိမိရဲ့ပါရမီတွေကို မသိနိုင်ဘူးဖြစ်နေတယ်။ ဒါကြောင့် အလွဲအမှားတွေကို လုပ်မိရက်သားဖြစ်နေတယ်။ ဒီလိုလူတွေကို သူတို့ရဲ့ ပါရမီတွေကို ပြန်သတိရအောင်၊ သူ့အမှားတွေ၊ အားနည်းချက်တွေကိုဖွင့်ပြတဲ့ အိပ်မက်ဖြစ်တယ်။ ကြောက်စရာကောင်းတဲ့ ခြောက်အိပ်မက်တွေဟာ ဖွင့်အိပ်မက်တွေပါပဲ။ သူ့အမှားတွေသတိရအောင် ခြောက်ပြတာဖြစ်တယ်။ လမ်းမှန်ပေါ်ရောက်အောင် တွန်းထိုးတင်ပေးတဲ့အိပ်မက်တွေပါပဲ။

တချို့ပါရမီရင့်သူတွေဟာ လူ့ဘဝကိုရောက်လာတာ လောကအကျိုးကို သယ်ပိုးဖို့၊ လူ့ဘောင်ရဲ့အသိဉာဏ်ကို ဖွံ့ဖြိုးအောင်လုပ်ဖို့ ရည်ရွယ်ချက်နဲ့ရောက်လာကြတာဖြစ်တယ်။ သိပ္ပံပညာရှင်တွေ၊ ဂီတပညာရှင်တွေ၊ အနုပညာရှင်တွေပါပဲ။ ဒါကြောင့် သူတို့စွမ်းဆောင်မယ့် ပညာခွင်မှ အိပ်မက်ထူးတွေမက်ပြီး သိပ္ပံတွေ့ရှိချက်တွေ တွေ့သွားတာဖြစ်တယ်။

ဓာတုဗေဒပညာရှင်ကြီး မင်ဒီလိယက်ဟာ အိပ်မက်နဲ့ဓာတုဗေဒဇယားကိုဖော်ထုတ်တယ်။ ဓာတုဗေဒပညာရှင် ကာကူလီဟာ အင်ဇိုင်းဓာတ်ဖွဲ့စည်းပုံကို အိပ်မက်ထဲကရတယ်။ အဏုမြူတည်ဆောက်ထားပုံကို လေ့လာနေတဲ့ ရူပဗေဒပညာရှင် နီမယ်ဘိုးဟာ အိပ်မက်ထဲမှာ အဏုမြူတည်ဆောက်ပုံကိုမက်ခဲ့လို့အဏုမြူတည်ဆောက်ပုံကို တွေ့ရှိသွားတာ ဖြစ်တယ်။ ဒေါက်တာစီဂျီယွန်းဟာ သူ့ရဲ့စုပေါင်းမသိစိတ်ခေါ် အနန္တမနောဝိညာဉ်သဘောတရားကို အိပ်မက်ထဲကရသွားတာဖြစ်တယ်။

ဂီတစာဆိုကမ္ဘာကျော်မိုးဇက်တာ မှေးစက်ချိန်မှာ ဂီတသံစဉ်တွေကိုရသွားတယ်။ ဂီတဆရာ ရှုဆိုပီတာတိနီဟာ အိပ်မက်ထဲက တေးသွားကို သီချင်းကြီးအဖြစ်ရေးဖွဲ့တယ်။ ပြင်သစ်မှ ဂီတဆရာကြီးနော့ဒီးဟာ အိပ်မက်ထဲကရတဲ့သံစဉ်ကို လိုဒီယားဆိုတဲ့တေးဖွဲ့ကြီးအဖြစ် ဖွဲ့ဆိုခဲ့သည်။

အုတ်ဖိုဆရာတော်ကြီးက သူ့ရဲ့ကျမ်းမှာ ကောင်းကင်တောင်ဘက်ထအရပ်က **စန္ဒမဏ္ဍလ** - လပြည့်ဝန်းတို့လည်းကောင်း၊ **ဣတ္ထိကုမသာ** - ဤလဝန်း၏၊ **ဥပေ** - အောက်အနီး၌၊ **သုက္ကံ** - သောက်ရှူးကြယ်ကို လည်းကောင်း **အဟံ** - ငါသည်၊ **ပဿံ** - မြင်မက်၏ - လို့ ရေးခဲ့ဖူးပါတယ်။ ငှက်တွင်းဆရာတော်ကြီးကလည်း သာသနာဝိသောမနိကျမ်းမှာ ဘုရား၊ ရဟန္တာတို့တိအိပ်မက်ထဲမှာ ဖူးမြော်ရပုံ၊ ရဟန္တာတို့ဟောပြောသော တရားကိုနာခဲ့ရပုံတွေကို ရေးသားတာ ဖတ်ရှုရပါတယ်။

ဒီလိုအိပ်မက်ထူးတွေဟာ လူတွေတရားရဖို့ အသိဉာဏ်ပွင့်လင်းဖို့ လူတွေရဲ့မီးခဲပြာဖုံးဖြစ်နေတဲ့ပါရမီတွေကို ယပ်ခတ်ပေးလိုက်သလိုဖွင့်ပေးတဲ့ ပါရမီအိပ်မက်တွေပါပဲ။

အဂ္ဂါကေစီက -

အိပ်မက်ဆိုတာ အဓိပ္ပာယ်မရှိအလကားမက်တာမဟုတ်ဘူး။ တစ်ဦးတစ်ယောက်ချင်းမှသည် လူ့ဘောင်တစ်ခုလုံးတိုးတက်ဖို့အတွက် အိပ်မက်မက်တာဖြစ်တယ်။ ပထမနဲ့ဒုတိယအမျိုးအစားအိပ်မက်ကို လူ့ရဲ့စိတ်က အိပ်မက်ပေးတာဖြစ်တယ်။ တတိယအိပ်မက်ကတော့ သူ့ရဲ့မနောဝိညာဉ်က သူ့ကိုပေးတဲ့ အိပ်မက်ဖြစ်တယ်။ စတုတ္ထအမျိုးအစားအိပ်မက်ကတော့ အာကာသဗဟိုချက်ကလာတဲ့အိပ်မက် ဖြစ်တယ်။ အာကာသဗဟိုချက် ဆိုတာဟာ ဒေါက်တာယွန်းပြောတဲ့ အနန္တမနောဝိညာဉ်ဆီကလာတဲ့ အိပ်မက်ဖြစ်တယ်။ ဒါကြောင့် အိပ်မက်တိုင်းဟာ အဓိပ္ပာယ်ရှိတယ်။ လောကကောင်းကျိုးအတွက် ဖြစ်တယ်လို့ အဂ္ဂါကေစီက ဆိုပါတယ်။

အဂ္ဂါကေစီလို ကမ္ဘာကျော်တဲ့ ဂန္ဓာရီပညာရှင် နောက်တစ်ဦးကတော့ ကယ်လီဖိုးနီးယားတက္ကသိုလ်က ကာလိုကပ်စတင်နီဒါဖြစ်တယ်။ သူဟာ မနုဿဗေဒဘာသာရပ်ကိုလေ့လာရင်း တောင်အမေရိကတိုက်မှာရှိတဲ့ ရှာမင်လောကီပညာရှင်တွေနဲ့ အမှတ်မထင် ဆုံစည်းမိသွားတယ်။ ရှာမင်လောကီပညာရှင်တွေဟာ အိပ်မက်ကို ပညာရပ်အဖြစ် အသုံးပြုနိုင်တဲ့ ပညာရှင်တွေဖြစ်တယ်။ ရှာမင်တွေရဲ့ အိပ်မက်ဂန္ဓာရီပညာကို လေ့လာပြီးတော့ 'အိပ်မက်ကျင့်စဉ်နည်းပညာ' ဆိုတဲ့ ကျမ်းကို ၁၉၉၃ ခုနှစ်မှာ တခမ်းတနား ရေးသွားပါတယ်။

မောင်ကျောက်ရိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဖန်ခါးမောင်မောင်(စား/တွေ)

# ကြက်မျက်သင့်ဝေဒနာ မစိုးရိမ်ပါနှင့်

လူသားများသည် တိရိစ္ဆာန်များကို မွေးမြူကြသည်။ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ ခွေး၊ ကြောင်၊ ငါး၊ ကြက်၊ ဘဲ၊ ငှက် စသဖြင့်များစွာရှိကြရာ စီးပွားရေးအရ လည်းကောင်း၊ အလှကြည့်သတ္တဝါအဖြစ် လည်းကောင်း၊ မိသားစုဝင်အဖြစ်လည်းကောင်း သံယောဇဉ်တွယ်ကာမွေးကြသူများလည်းရှိရာ ဦးအုန်းမောင်(မြင်ကွန်းတိုက်နယ်ဥက္ကဋ္ဌ) သည် သူ၏ ဝါသနာအရ ကြက် (တိုက်ကြက်) များ မွေးထားရာ ဗန္ဓုလအမည်ရှိ (တည်မြဲ/သန့်ရှင်း) အနီရောင်၊ အဝါရောင် ရောယှက်နေသည့် ကြက်ဖသည် အလှဆုံး၊ သံယောဇဉ်အရှိဆုံး၊ အချစ်ဆုံးဖြစ်ပြီး တခြားကြက်များထက် သာလွန်ပိုကဲစွာ အခွင့်အရေးရထားသဖြင့် ညအိပ်ရာတွင် စစ်ခြင်ထောင်ဖြင့် တင့်တင့်တယ်တယ်အိပ်ရသလို အစာစားရာတွင်လည်း ငကျွဲ၊ စပါးနတ်၊ ပေါ်ဆန်းမွှေး စသည့် (ရှယ်) ဆန်များကို အမြဲစားနေရပြီး တိရိစ္ဆာန်ပင်ဖြစ်သော်လည်း ကုသိုလ်ကံကောင်း၍ အလွန်အကင်းပါးသည်။ သူ့အား ဂရုစိုက်သူ၊ သံယောဇဉ်ပိုမိုရှိသူ ဦးအုန်းမောင်ကို ယုယုယယ ပွတ်သီးပွတ်သပ် အနီးကပ်နေ၏။ (ဗန္ဓုလကျော်စိန်ဇာတ်အဖွဲ့လာရောက်ကပြစဉ်မွေး၍ မှတ်မှတ်ရရအမည်ပေးထားခြင်း ဖြစ်သည်။)

ဦးအုန်းမောင်အကြောင်းကိစ္စရှိ၍ အိမ်မှအပြင်သို့ထွက်သွားပြီးပြန်ဝင်လာလျှင် နောက်မှပြေးလိုက်လာပြီး လူပေါ်ခုန်တက်၍ သူ့နှုတ်သီးလေးဖြင့် ခပ်ဖွဖွထိုးဆိတ်ကျီစယ်သဖြင့် ဖမ်းယူပွေ့ပိုက်ကာ မီးဖိုဆောင်အတွင်းရှိ ဆန်အိုးထဲမှ ဆန်ကိုအမြဲကျွေး၏။ (ဦးအုန်းမောင်နှင့် ဗန္ဓုလတို့၏ အာစိဏ္ဏကံနေ့စဉ်စီးရိုးဖြစ်သည်) ဦးအုန်းမောင်ခရီးထွက်လျှင် သားအကြီး မောင်စိုးအား တာဝန်ပေးသဖြင့် မောင်စိုးကလည်း ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံလျက် တာဝန်မပျက်ကွက်အောင်ဆောင်ရွက်ခွင့်ရနေ၍ ဦးအုန်းမောင်ခရီးထွက်ပါစေဟုကျိတ်ပြီးဆုတောင်းနေ၏။ သားငယ် မောင်သောင်းက ဗန္ဓုလကို သူ့တာဝန်မယူရ၍ မကျေနပ်မနာလိုသူက လူပို အလကားလူဖြစ်နေပြီး ကြက်တိုက်ခြင်းဝါသနာအလွန်ကြီးသူဖြစ်သည်။

လွန်ခဲ့သောနှစ်(၆၀)ကျော် ၁၉၅၄ ခုနှစ်တွင် မောင်စိုးက (၉) နှစ်အရွယ် ချာတိတ်လေးဖြစ်ပြီး ဗန္ဓုလအတွက် ဦးအုန်းမောင်သည် မရှိမဖြစ် အဓိက အရေးကြီးသည့် ပထမလူဖြစ်သလို မောင်စိုးက အရန်ဒုတိယလူဖြစ်သည်။ ဗန္ဓုလကျော်စိန် ဇာတ်သဘင်အဖွဲ့ကြီးသည် မြင်ကွန်းမြို့ (ယခင် မြင်ကွန်းမင်းသားကြီးစိုးစံခဲ့သည့်မြို့ကြီးဖြစ်သော်လည်း ယခု တိုက်နယ်အဆင့်မျှသာရှိသည်။) ဦးမောင်အိ၊ ဒေါ်အေးခင်ပိုင် ဇာတ်ရုံကြီးတွင်ကပြရာ ဗန္ဓုလကျော်စိန်သည် ထင်ပေါ်ကျော်ကြားသည်။အောင်မြင်သည်။ လူကြီး၊ လူငယ်ကြိုက်ကြသည်။ ဒေါ်အေးခင်က ကျွန်တော်တို့ ချာတိတ်တစ်စုအား ခင်မင်၍ စေတနာထားကာ ရုံဝင်ခမတောင်းသဖြင့် ညတိုင်း သုံးညလုံးကြည့်ကြရသည်။

ဗန္ဓုလကျော်စိန်သည် လက်နှစ်ဖက်စလုံးတွင် ဓားတစ်လက်စီကိုင်ထားပြီး ဇာတ်ခုံအလယ်သေတ္တာကြီးပေါ်မှ ရှေ့သို့ ကျွမ်းထိုးခုန်ချလိုက်၊ ပြန်တက်လိုက်နှင့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ဓားစွမ်းပြပြီးကရာ ကြည့်၍ အလွန်ကောင်းသည်။ လက်ခုပ်သံများ ဆူညံနေသည်။ ကျွန်တော်တို့အုပ်စု၏ အားပေးမှုအသံက ချန်ပီယံစံတင်လောက်သည်မို့ ဇာတ်ရှုပိုင်ရှင် ဇနီးမောင်နှံမှာ ပြုံးရယ်ကာ သဘောကျနေကြသည်။ ကျွန်တော်တို့အဖွဲ့သည် ယခုလို ထူးထူးဆန်းဆန်း ဓားအစွမ်းပြပြီး ကသည်ကို ယခင်တုန်းက တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးကြ၊ မကြည့်ဘူးကြ။ 'မမြင်ဘူး မှုးမြစ်ထင်၊ ရှမ်းကြိုက် နွားချော၊ ကိုယ်ထင်ခုတင်ရွှေနန်း' ဆိုတဲ့ စကားတွေဟာ ကျွန်တော်တို့ကျေးတောသားတစ်စုအတွက် တမင်သီးသန့် (စပါယ်ရှယ်) ပေါ်ပေါက်လာသည်ဟု ပြောလျှင်လည်း မမှားပါ။ (ကိုယ့်အိမ်ကိုယ့်ရွာကိုယ့်ဒေသမှလွဲပြီး တခြားဘယ်ဒေသဘယ်အရပ်မှ မရောက်ဘူးကြတဲ့ ကျေးတောသားငတုံးအချာတိတ်လေးတွေပါ။)

မောင်စိုးသည် နေ့တိုင်း ဗန္ဓုလနှင့် ထိတွေ့ဆက်ဆံနေရသဖြင့် ပျော်နေပြီး ဗန္ဓုလသည် ဦးအုန်းမောင်အား ခင်မင်တွယ်တာသလို မောင်စိုးကိုလည်း သံယောဇဉ်ရှိသည်။ အိမ်အပြင်ထွက်ပြီး ပြန်ဝင်လာလျှင် ဦးအုန်းမောင်လိုပင် ပြုမူဆက်ဆံ၏။ ကျီစယ်၏။ မီးဖိုဆောင်ထဲမှ ဆန်တစ်ဆုပ်လောက် နှိုက်ယူကျွေးလိုက်မှ အားရပါးရတွန်ကာ အံဖော်များထံသွားသည်။

ဦးအုန်းမောင် ခရီးသွားနေ၍ မောင်စိုးနှင့် ဗန္ဓုလ ထိတွေ့မှုပိုများလာပြီး ကြက်အိပ်တန်းဝင်ချိန် ည (၆) နာရီ၊ (၇) နာရီဝန်းကျင်တွင် ဖြစ်တတ်သော ကြက်မျက်သင့်ဝေဒနာအကြောင်းလည်း မကြားဘူး၍မသိ။ ထိုဝေဒနာဖြစ်လိမ့်မည်ဟူ၍လည်း လုံးဝမထင်။ အမှုမဲ့အမှတ်မဲ့သာနေလာခဲ့ရာ (၆) လခန့်အကြာ ညဘက် ကြက်အိပ်တန်းဝင်ချိန်ရောက်တိုင်း မောင်စိုးသည် အောက်ထပ်တွင်မနေတော့ဘဲ အိမ်အပေါ်သို့တက်ပြီး အိပ်ရာတွင် ထာဝစဉ်လဲလျောင်းနေရာ ဦးအုန်းမောင်သည် အကင်းပါးသူပီပီ ရိပ်မိ၏။ မောင်စိုး၏ နေထိုင်လှုပ်ရှားမှုအခြေအနေမှာ တစ်ပတ်ကျော် နှစ်ပတ်ရှိလာပြီး ပြောင်းလဲမှုဖြစ်မလာ။

ကြက်အိပ်တန်းဝင်ချိန် ညတစ်ညတွင် မောင်စိုးအား (၅) တောင်ခန့်အကွာ မျက်နှာချင်းဆိုင်တွင် ထိုင်စေပြီး

www.burmeseclassic.com

လက်ချောင်းများထောင်၍ လက်တွေ့စမ်းသပ်၏။ (၂) ချောင်းထောင်ပြလျှင် (၃) ချောင်း၊ (၁)ချောင်းတည်းထောင်ပြလျှင် (၅)ချောင်း မမြင်ဘဲ ထင်သလို ရမ်းပြီးဖြေနေ၍ အခြေအနေမှန်ကိုသိသွားကြပြီး ကုသရေးအတွက် အခက်တွေ့နေကြသည်။ မတွေ့ဘူး၊ မကြုံဘူး၍ မည်သို့လုပ်ရမည်ကိုမသိနားမလည်ကြ။ ညကြက်အိပ်တန်းဝင်ချိန်ရောက်မှာကို မောင်စိုးက ကြောက်နေသလို သူ့ကို ကြည့်ပြီး မိသားစုအားလုံး စိတ်ဆင်းရဲနေကြရာတွင် အဘွား(အဖေ့အမေ)က မြေးဦးလေးဖြစ်သဖြင့် သူများတွေထက် ပိုမိုစိုးရိမ်နေ၏။

"ငါ့မြေးလေးမောင်စိုးရဲ့ဝေဒနာလည်း သေသေချာချာလေ့လာပြီးလုပ်ကြဦး။ အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလို ခေတ်သစ် စူဠသမ္မဝ၊ မဟာသမ္မဝဖြစ်သွားမှာစိုးရိမ်ရတယ်"

"ဟာ - အမေကလည်း မဟုတ်ကဟုတ်ကတွေပြောနေပြန်ပြီ။ ကျွန်တော်လည်း ကုပေးချင်လို့ စုံစမ်းနေတာပဲ။ သေသေချာချာ သိနားလည်တဲ့သူ တစ်ယောက်မှမတွေ့လို့ ဒီလောက်ကြာနေတာပါ။ ကုပေးမှာပါ၊ စိတ်ချပါ အမေရာ"

"ဒီလိုပြောလိမ့်မယ်ဆိုတာ အမေထင်သားပဲ။ ငါကတော့ အမိမဲ့ငါ့မြေးလေးအတွက် အကဲပိုတယ်ပြောလည်း ခံရမှာပဲ။ သူများတွေထက် ပိုပြီးစိုးရိမ်တယ်ဟေ့။ နင့်သား နင်ကုချင်ကု မကုချင်နေ။ နင်ကအဖေ၊ ငါကအဘွား၊ နေသာကြီး ပြောရတာမောတယ်"

ဟု ပြောပြောဆိုဆို အပြင်သို့ ဆောင့်ကာအောင့်ကာထွက်သွားသည်။

"ဩော်- အမေ၊ အမေ၊ သူ့မြေးကို ချစ်လိုက်တာ လွန်လွန်းတယ်။ သားအချစ်၊ မြေးအနှစ် ဆိုတဲ့စကားက တို့အမေအတွက် သီးသန့်စပါယ်ရှယ်ဖြစ်နေပြီ ဟား ဟား ဟား"

ရယ်မောနေရင်း သူ့အချစ်တော် ပန္နလ သူ့ရှေ့မှဖြတ်သွားသဖြင့် အာရုံပြောင်းကာလိုက်ဖမ်းပါတော့သည်။

တနင်္ဂနွေနေ့ ကျောင်းပိတ်ရက်တစ်ရက်တွင် မိသားစုစုံစွာ နံနက်စာစားနေကြစဉ် လွယ်အိတ်တစ်လုံးလွယ်လျက် အသက် (၄၀) ဝန်းကျင် လူတစ်ယောက် အိမ်ထဲဝင်လာ၍ ဦးအုန်းမောင်က စတင်နှုတ်ဆက်လိုက်သဖြင့် ကျန်လူများက ဧည့်သည်ကို ငေးကြည့်နေကြလေသည်။ ထိုသူကား ဦးအုန်းမောင်၏ ညီဝမ်းကွဲ မကွေးမြို့တွင်နေသည့် ဦးညီသန်းဖြစ်သည်။

"ဟာ - ညီသန်း၊ ဘယ်ကလှည့်လာတုံး။ မတွေ့ရတာလည်းကြာပြီ။ မင်းကြည့်ရတာ ညှိုးသိုးသိုးနဲ့နေမကောင်းဘူးလား"

"မင်းလှဘက်က အကြွေးတောင်းပြီးပြန်လာတာ။ မတွေ့ရတာကြာလို့ လမ်းကြုံတာနဲ့ဝင်လာတာ၊ ကျွန်တော်နေကောင်းပါတယ်။ ခရီးပန်းလာလို့ပါ"

ဦးညီသန်းသည် မကွေးမြို့မှ သူ့မိတ်ဆွေ (ပွဲရုံပိုင်ရှင်) တစ်ဦးထံတွင် နေထိုင်သည့် သားတစ်ယောက်ဖခင် မုဆိုးဖိုဖြစ်သည်။ စိတ်ရင်းကောင်းပြီး လူမှုဝန်ထမ်းစိတ်ရှိသဖြင့် လူတိုင်းက ချစ်ခင်ကြသည်။ လေးစားကြသည်။

"ဝင်လာတော့တွေ့ရတာပေါ့ကွာ။ ရောက်တုန်း အေးအေးဆေးဆေးနေပါ။ လေး၊ ငါးရက်လောက်တော့နေကွာ"

"အစ်ကို့စေတနာကို လေးစားပါတယ်။ ဒါပေမယ့် အစ်ကိုပြောသလိုနေလို့မဖြစ်သေးဘူး။ အကြွေးတောင်းရင်း ဝင်လာတာမို့ ဒီတစ်ညအိပ်ပြီး မနက်ဖြန်ပြန်မယ်။ ကျွန်တော့်ပွဲရုံပိုင်ရှင် ဦးစိန်ပွင့်အကြောင်းလည်း အစ်ကိုသိရဲ့သားနဲ့"

"အေး အေး - မနေနိုင်တာတော့ ငါဇွတ်မတားပါဘူး။ အခက်အခဲရှိရင်လည်း ညီအစ်ကိုချင်း ပွင့်ပွင့်လင်းလင်း ပြောပေါ့"

"တခြားအခက်အခဲကမရှိပါဘူး၊ အဆင်ပြေပါတယ်။ ဦးစိန်ပွင့်ကလည်း ကျွန်တော့်ကို သံယောဇဉ်တော်တော်ရှိပါတယ်။ တစ်ခါတလေ ညီလေးအုန်းရွှေတို့အိမ် အလည်သွားတာတောင်မကြိုက်ဘူး။ သူက ကျွန်တော် သူ့အိမ်ပြန်မလာမှာ သိပ်စိုးရိမ်တာ"

"မင်းလို အစစအရာရာသိတတ်တဲ့လူကတော့ ဘယ်နေနေအဆင်ပြေမှာပါ။ ဘဝတူ၊ ဆန္ဒတူ တိုင်ပင်ဖော်တိုင်ပင်ဘက်တွေဖြစ်လို့ ပိုပြီးအဆင်ပြေမှာပါ ဟား ဟား ဟား။ ငါ့ဆီရောက်တုန်း အေးအေးဆေးဆေးလွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေကွာ။ ဘာမှအားမနာနဲ့။ ငါကိစ္စရှိလို့ အပြင်ခဏသွားလိုက်ဦးမယ်"

ဟု ပြောကာ ထွက်သွားသည်။

ညစာစားသောက်ပြီး ငါးခြောက်ကင်၊ လက်ဖက်သုပ်များနှင့် ရေနွေးကြမ်းသောက်ပြီး ညီအစ်ကိုနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်ပြော[ပြ]နေရင်း ဦးညီသန်းက တူတော်မောင် မောင်စိုးကိုမမြင်သဖြင့် အစ်ကိုဦးအုန်းမောင်အား မေးလိုက်၏။

"မောင်စိုးမမြင်ပါလား၊ ထမင်းစားပြီး အလည်ထွက်ပြီလား"

"ဘယ်ကအလည်ထွက်ရမှာတုန်း မင်းတူမောင်စိုးအကြောင်းတော့ မပြော ချင်တော့ပါဘူးကွာ။ ညညရောက်မှာ ငါဖြင့်ကြောက်နေတယ်။ ဒီကြားထဲ မင်း အဒေါ် ငါ့အမေကလည်း တစ်မျိုး သူ့စိတ်ချည်းပဲ"

ဦးအုန်းမောင်သည် ဦးညီသန်းအား မောင်စိုး၏ဝေဒနာကို အသေးစိတ် ပြောပြလိုက်ရာ ဦးညီသန်းက ထိုင်ရာမှ ရုတ်တရက်ထ၍ ဦးအုန်းမောင်အား သေသေချာချာကြည့်ပြီး -

"ဟား ဟား ဟား - ဒါလေးများ စိတ်ညစ်မနေပါနဲ့။ ဒီညတော့ လိုအပ်တဲ့ အစားအစာတွေ ကျွန်တော်မပြောရ သေးလို့ မနက်ဖြန် ညဆက်ဆက် ကျွန် တော်ကုပေးမယ်။ ကြက်မြစ်ကြက်သည်း တစ်ခြမ်းနဲ့ ပဲကြီးလှော်(၂၅)ကျပ်သား အောင်ရှာပြီး ကြက်မြစ်ကြက်သည်း ကျွတ်ကျွတ်လေးကြော်ထား၊ လိုရမည် နောက်ညဆက်လုပ်သင့်ရင်လုပ်ဖို့ ကြ မျက်သင့်တာမှန်ရင် ကျွန်တော့်ရာ မှာ တစ်ခါနဲ့ပျောက်ပါတယ်။ ကျွန်တော် တာဝန်ယူပါတယ်။ မောင်စိုးကိုတော့ လုံးဝအသိမပေးကြနဲ့၊ အားလုံး နှုတ် ဖို့တော့လိုတယ်"

"စိတ်ချ ငါ့ညီ၊ မင်းပြောတဲ့အတိုင်း အားလုံးဖြစ်စေရမယ်။ တစ်ည ငါ့အိမ် မှာထပ်ပြီးအိပ်ရတာ ငါတောင်းပန် တယ်ကွာ။ ဘယ်လိုမှမအောက်မေ့ပါနဲ့"

"ဟာ - ရပါတယ်၊ မမျှော်လင့် ကျွန်တော့်တူအတွက် တစ်ညပိုအိပ် တာကို အစ်ကိုက ကျေးမွေးဧည့်ခံနေ လို့ နှမြောနေလို့သား ဟား ဟား ဟား"

ဟု ရယ်မောနေရာ-

"မင်းတော်တော်နောက်တဲ့ကောင် အသက်က(၄၀)နားကပ်နေပြီ။ ခုထက် ထိ စတဲ့နောက်တဲ့အကျင့်က မပျောက် သေးဘူး။ တို့အမျိုးထဲမှာ မင်းက စ မိန်းမလည်း နောက်ထပ်မယူဘူး။ တော တော်နေနိုင်တဲ့ကောင်။ ဒီလိုပဲဆက်နေ တော့မှာလား။ မင်းသားလေးရဲ့ရှေ့ရေး လည်းကြည့်ဦးနော်"

"အစ်ကိုက စေတနာနဲ့ပြော မယ့် ကျွန်တော်မယူရဲသေးဘူး။ နော



www.burmeseclassic.com

www.burmeseclassic.com

ဆပ်ယူလို့ ကောင်းရင်တော်သေးပါရဲ့၊ ကောင်းရင် ကျွန်တော်တို့သားအဖနှစ်ယောက်စလုံး စိတ်ဆင်းရဲနေကြမှာ။ လောကကြီးမှာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ထူတိုင်းနေချင်ကြပေမယ့် အခြေအနေပေးတော့လည်း ဘာတတ်နိုင်မှာလဲ အစ်ကိုရာ။ ကျွန်တော့်ကုသိုလ်ကံပေါ့ဗျာ။ သားလေး အခုနေတဲ့ အစ်ကိုညီ၊ ကျွန်တော့်ညီအုန်းရွှေက သူ့တူကို ကျွန်တော့်ထက်တောင် ပိုပြီးဂရုစိုက်ပါသေးတယ်၊ တော်တော်သဘောကောင်းတာ။ သူ့ကျေးဇူးကို ဘယ်လိုပြန်ပြီးဆပ်ရမှန်းတောင်မသိပါဘူး။ တစ်နေ့နေ့တော့ဆပ်နိုင်ကြံလောက်ပါရဲ့ဗျာ"

ဟုပြောရင်း သူ့ဘဝအတိတ်ဖြစ်စဉ်ကို ပြန်လည်စဉ်းစားပြီး ပူဆွေးဟန်အသွင်သဏ္ဍာန်ပြနေ၍ ပြောလက်စစကားကိုလမ်းကြောင်းလွှဲကာ -

"ရေနွေးသောက်ကွာ၊ ငါးခြောက်ကင်နဲ့ လက်ဖက်သုပ်တွေလည်းကုန်အောင်စားဦး။ မင်းအိမ်ငါလိုက်မစားပါဘူးဆိုတာလည်းယုံပါ။ ကျိန်စေချင်ရင်လည်း ကျိန်ပါ့မယ် စိတ်ချပါ"

ဦးညီသန်း၏ ဘဝခရီးလမ်းမှာ ကြမ်းတမ်း၏။ ငယ်ငယ်ရွယ်ရွယ်နှင့် ဇနီးဆုံးသွား၍ သားကို မကွေးမြို့မှ ညီတော်သူ ဦးအုန်းရွှေထံ အပ်နှံထားခဲ့ပြီး သူ့ဘဝအတွက် ရေကြည်ရာမြက်နုရာဆိုသလို အပေါင်းအသင်းများနှင့်လိုက်နေသူဖြစ်ပြီး မိုးသားဖြောင့်မတ်၍ တစ်ဖက်သားကိုကူညီလိုစိတ်ရှိပြီး အသောက်အစား၊ ကောင်းကစားနှင့်ပွေ့ရှုပ်ခြင်းကင်းသူဖြစ်သည်။

ညီအစ်ကို (၂) ယောက် ရေနွေးတစ်ခရားကုန်သည်အထိ စားသောက်ပြီး အိပ်ရာအသီးသီးဝင်ကြ၏။ ဦးညီသန်းက ဘုရားဝတ်ပြုပြီး ခရီးပန်းလာ၍ ချက်ချင်း အိပ်ပျော်သွားသော်လည်း ဦးအုန်းမောင်က တော်တော်နှင့်အိပ်မပျော်။ မောင်စိုး၏ ကြက်မျက်သင့်ဝေဒနာအကြောင်းစဉ်းစားကာ ဖခင်တစ်ယောက်ပီသစွာ ဟုတ်မှဟုတ်ပါ့မလား၊ အတယ်ကော ပျောက်ပါ့မလား။ ဟုတ်တော့ ဟုတ်လောက်ပါတယ်၊ ငါ့ညီ ညီသန်းကို အထင်သေးလို့မဖြစ်ဘူး။ ဒီကောင်က နေရာတကာရောက်ပြီး ဗဟုသုတစုံတယ်။ ပျောက်သွားရင်တော့ ကျေးလောက်ဝမ်းသာမယ့်သူ ဒီကမ္ဘာမှာမရှိလောက်ဘူးဟု အတွေးဝင်ကာဖြင့်ပင် အိပ်ပျော်သွားသည်။

(ဦးညီသန်း၏ ကြက်မျက်သင့်ရောဂါကုနည်းမှာ လွယ်လွန်းသဖြင့် တခြားလူများမှပြောကြလျှင် ယုံနိုင်ဖွယ်ရာမရှိ။ ထိုပြောသူကိုပင် မလေးစားဘဲ စော်ကားမိမည်မှာ အမှန်ပါ။)

ဦးအုန်းမောင်ရယ်၊ ဦးညီသန်းရယ်၊ မောင်စိုးရယ် အလင်းရောင်ကင်းမဲ့သည့် လကွယ်ညတစ်ည၌ ကွပ်ပျစ်ကြီးတစ်လုံးပေါ်တွင် ဖိုခုံလောက်ဆိုင်ထိုင်နေကြပြီး အလယ်တွင် ရေနွေးတစ်ခရားနှင့် ကြက်မြစ်ကြက်သည်းကြော်၊ ငါးခြောက်ကင်၊ လက်ဖက်သုပ်များနှင့် ဘုန်းကြီးပွဲပမာ တင့်တင့်တယ်တယ် စားချင့်စဖွယ်ဖြစ်နေသည်။ ကြက်မြစ်ကြက်သည်း (၅) ခု ထည့်ထားသည့် ပန်းကန်က မောင်စိုး၏အနီးတွင်ရှိနေသည်။

ဦးအုန်းမောင်မှ -

"ကြက်မြစ်ကြက်သည်းတွေ ကုန်အောင်စားပြီး ရေနွေးလေးသောက်လိုက်ကွာ"

မောင်စိုးက -

"ကြက်သား ကျွန်တော်မစားတာ အဖေသိသားပဲ။ဒါပေမယ့် (၃)ခုလောက်တော့ ကြိုးစားပြီးစားပါ့မယ်။ ဖြစ်တယ်မဟုတ်လား။ ဒီလောက်စားတာတောင် လွန်လှပါပြီဗျာ"

"ငါ့တူက လိမ္မာပါတယ်၊ အကုန်လုံးစားလိုက်ပါကွာ။ ဒါမှမင်းအခုခံစားနေရတဲ့ဝေဒနာပျောက်သွားပြီး အားလုံးလည်း စိတ်ချမ်းသာကြမှာ။ မင်းအဖေက တော်တော်ဘာက်လိုက်တယ်။ တစ်ခါတလေလာတဲ့ငါ့ကိုတောင် လုံးဝမကျွေးဘူး"

ဟုပြောရင်းကြက်မြစ်ကြက်သည်း (၃) ခုကို မောင်စိုးလက်ထဲ ထည့်လိုက်၍ ရိုသေလေးစားမှုနှင့်ယှဉ်ကာ စေတနာတုံ့ပြန်သောအားဖြင့် စားနေရာ ဦးအုန်းမောင်က ညီနှင့် သားဖြစ်သူကို သေသေချာချာကြည့်ပြီး ဝမ်းသာနေလျက် မောင်စိုးနားတိုးကာ -

"ငါ့သားက လိမ္မာပါတယ်။ ဒီကျန်တာလေးပါ ဆက်ပြီးစားလိုက်ပါ။ မဖြစ်စလောက်နဲ့ ချန်မထားပါနဲ့။ မင်းထွေးလေးက စားချင်နေတာ"

ဟု ပြောပြောဆိုဆို မောင်စိုး၏ လက်ထဲသို့ ကျန်ကြက်မြစ်ကြက်သည်း (၂)ခုထည့်လိုက်ရာ ခွန်းတုံ့မပြန်ရဲ၍ စားနေစဉ်ကုန်ခါနီးတွင် -

ဦးညီသန်းနှင့် မောင်သောင်းတို့က ဘယ်အချိန် ကြိုတင်တိုင်ပင်ထားမှန်းမသိ နှစ်ဖက်ညှပ်ပြီး ရေပုံးတစ်ပုံးစီဖြင့် ရုတ်တရက် 'ဗွမ်း'ခနဲ လောင်းလိုက်ကြရာ မောင်စိုးခမျာ ကြွက်စုတ်ကလေးပမာထပြေးသဖြင့် ရယ်မောကြရင်း 'အောင်ပြီ၊ အောင်ပြီ' ဟူသော အသံဆူညံစွာ ထွက်ပေါ်လာပါတော့သည်။ တစ်ဆက်တည်း မောင်သောင်းက ပဲကြီးလှော်များထည့်ထားသော ပုံးတစ်ပုံးကိုယူလာပြီး မောင်စိုးအား ကြက်အစာကျွေးသလို တစ်စေ့ချင်းပစ်ကျွေးရာ မောင်စိုးခမျာ လူစင်စစ်က ကြက်ဖြစ်သွားပြီး ပဲကြီးလှော်များကောက်စားရင်း ဖြည်းဖြည်းချင်း အမှောင်ထုကို ဖောက်ထွင်းမြင်လာကာ ကြက်မျက်သင့်ရောဂါပျောက်သွားပါတော့သတည်း။ မောင်စိုး၏ မျက်စိနှစ်ကွင်း မူလပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိသွားပါတော့သတည်း။

(နောက်ထပ်လုံးဝပြန်မဖြစ်တော့ပါ။)

**မှတ်ချက်** ။ ။ မောင်စိုးသည် ဆောင်းပါးရှင် စာရေးသူဖြစ်၍ မောင်သောင်းသည် မြန်မာ့သစ်လုပ်ငန်း (ငြိမ်း) ညီအရင်းဖြစ်ပြီး ဦးအုန်းမောင်သည် စာရေးသူ ၏ဖခင်၊ ဦးညီသန်းနှင့် ဦးအုန်းရွှေတို့သည် စာရေးသူ၏ ထွေးလေးများဖြစ်ပြီး ယခု ၎င်းတို့ (၃) ဦးစလုံးမရှိကြတော့၍ လွမ်းဆွတ်သတိရသဖြင့် အမှတ်တရ ဂုဏ်ပြုသည့်အနေနှင့် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကြက်မျက်သင့်ဝေဒနာကို ဆေးနည်းမသိကြ၍ မည်သို့ကုရမည်ကို မသိနားမလည်ကြသော ကြက်မျက်သင့်ဝေဒနာ ခံစားနေကြရသူများအားလုံးအတွက် ကိုယ်တိုင်ခံစားတွေ့ကြုံခဲ့ရသည့် အတိတ်ပုံရိပ်ဖြစ်ရပ်မှန်ကို ပညာဒါနအဖြစ် စာပေစွမ်းအားဖြင့် အလှသီရေးဖွဲ့တင်ပြထားခြင်းဖြစ်၍ လက်တွေ့အသုံးချနိုင်ကြပါစေ။ ရေးရကျိုးနပ်ပါရစေ။ ချစ်ပရိသတ်များအားလုံး ကိုယ်စိတ်နှလုံးရွှင်ပြုံးကာ ကျန်းမာချမ်းသာကြပါစေ။

(ဝေဖန်အကြံပြုလိုပါက စီ-၁၃၇၊ (၁၅) လမ်း ( အနောက်)၊ ကန်သာရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီးလိပ်စာဖြင့် ပေးပို့နိုင်ကြပြီး လေးစားတုံ့ပြန်သောအားဖြင့် ဂုဏ်ယူဝမ်းသာစွာစောင့်မျှော်ကြိုဆိုလျက်ပါ။)

မေတ္တာကုဋေကုဋာဖြင့်

ဖန်ခါးမောင်မောင်(စား/ထွေ)



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

## ရှင်ပြုမသာ

**ရှေးခလေ့တစ်ခု**

သေသူကို ရှင်ပြုပေးလို့ရနိုင်ပါသလား။

စာရှုသူတို့ ဒီမေးခွန်းကို ဖြေကြည့်ကြပါ။ မရနိုင်ပါဘူးလို့သာ ဖြေကြမယ်ထင်ပါတယ်။ သေသူကို မဆိုထားနဲ့ ရှင်သူတောင် ခုချိန်မှာ မိန်းကလေးဆိုရင် ရှင်ပြုလို့မရပါဘူး။ မြတ်စွာဘုရားလက်ထက်တော်အခါနဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်း ဘိက္ခုနီလို့ခေါ်တဲ့ ရဟန်းမိန်းမတွေဟာ သာသနာကွယ်တာနဲ့တစ်ပြိုင်နက် ဘိက္ခုနီမျိုးဆက်သုဉ်းသွားပြီမို့ သာမဏေမ ဆိုတာ မရှိတော့ပါဘူး။ ရဟန်းမိန်းမတွေအတွက် ပညတ်တော်မူခဲ့တဲ့ သိက္ခာပုဒ်တော်တွေသာ ဗုဒ္ဓစာပေတွေမှာ ကျန်ရစ်ခဲ့ပါတယ်။ ဆိုရရင်တော့ မိန်းကလေးတွေကို ရှင်ပြုပေးလို့ မရပါဘူး။ ယောကျ်ားလေးများသာ ရှင်ပြုပေးလို့ရပါတယ်။

ယောကျ်ားကလေးများမှာလည်း သရဏဂုံတည်ဆောက်နိုင်မှသာ ရှင်ပြုလို့ ရပါတယ်။ ယောကျ်ားမှန်ရင် ကြီး၊ ငယ် မဟူ ရှင်သာမဏေဝတ်လို့ ရကြပါတယ်။ ရှင်ပြုလို့ရကြပါတယ်။ သေသူကို ရှင်ပြုလို့မရနိုင်ပါဘူး။

ခုဟာက သေသွားတဲ့ကလေးကို ရှင်မပြုရမီမှာ သေသွားတဲ့အတွက် ရှင်ပြုမသာလုပ်ကြခြင်းပါ။ ဒီဓလေ့ဟာ အခြားဒေသတွေမှာရှိကြမှာ မဟုတ်ပေမယ့် ကျွန်တော်တို့ နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်မှာတော့ ယခုထိတိုင်ရှိနေသေးတာ မျက်ဝါးထင်ထင်မြင်တွေ့ရတာမို့ အထူးအဆန်းဖြစ်ရပြန်ပါတယ်။

ဟိုးရှေးတုန်းက ပြန်ကပြေးရွာဖြစ်ခဲ့တဲ့ ကျွန်တော်တို့ ဇာတိမြေဟာ ခုဇမ္ဗူသီရိမြို့ရဲ့ ရပ်ကွက်တစ်ခုအသွင်ပြောင်းလဲခဲ့ပါပြီ။ တိုးတက်တဲ့အခြေအနေကိုလည်းရောက်ခဲ့ပါပြီ။ ဒါပေမယ့် ရှေးတုန်းကလုပ်ခဲ့ကြတဲ့ ရှင်ပြုမသာလုပ်တဲ့အလေ့ကတော့ မပျောက်သေးပါဘူး။

ကျွန်တော်တို့ငယ်ငယ်မှန်ကျောင်းမှာ ဘုန်းကြီးကျောင်းသားဘဝနဲ့နေစဉ်ကာလမှာ ကျွန်တော်နဲ့ရွယ်တူလောက်ရှိမယ်ထင်ပါရဲ့။ အလွန်ပျော်တတ်တဲ့ တင်ဝင်းဆိုတဲ့ ကျောင်းသားလည်း ရှိတယ်။ ဒီကောင်က သဘောမနောကောင်းပြီး ရယ်စရာမောစရာလေးတွေ လုပ်ပြတတ်တယ်၊ ပြောတတ်တယ်။ နှစ်ဆောင်ပြိုင်ရပ်ကွက်ထဲကပါပဲ။ သူ့မိဘအမည်တွေတော့ မမှတ်မိတော့ပါဘူး။ သူများကို ရန်မစတတ်ဘဲ ပျော်စရာဖန်တီးတတ်တော့ သူ့ကို ချစ်ခင်သူများပါတယ်။

တင်ဝင်းကို ရှင်ပြုတော့မယ်လို့ သူ့မိဘတွေက ဘုန်းတော်ကြီးကို လာလျှောက်တော့ ဘုန်းတော်ကြီးက တင်ဝင်းကို သင်္ကန်းတောင်းတွေ သင်ပေးနေပါတယ်။ ဒါကရှေးတုန်းကဓလေ့ပါ။ ခုခေတ်မှာ ဘုန်းကြီးကျောင်းသားဆိုတာ မရှိတော့ပါဘူး။ ရှင်ပြုတော့မယ်ဆိုရင် ဥပဇ္ဈာယ်ဆရာက သင်္ကန်းတောင်းကို ရှေ့ကချပေးရတဲ့ခေတ်ပါ။ ရှေးတုန်းကတော့ စနစ်တကျသင်ပေးထားတော့ ရှင်ပြုရင် ကိုယ်တိုင်ရွတ်ဆိုပြီး သင်္ကန်းတောင်းကြရတယ်။

တင်ဝင်းကို ရှင်ပြုပေးဖို့ရက်အတော်လေးနီးကပ်လာတဲ့အခါမှာတော့ ဘုန်းတော်ကြီးဟာ အလှူတစ်ခုကို ကြွသွားပါတယ်။ ရပ်ဝေးအလှူပါ။ ရပ်ဝေးအလှူဆိုတော့ ညနေကျမှ ပြန်ကြွလာမှာပါ။ ဒီတော့ ကျောင်းမှာရှိတဲ့ ကျောင်းသား၊ ကိုရင်တွေ လွတ်လပ်ရေးရပြီး ... မကျက်တော့ပါဘူး။ ထင်ရာမြင်ရာဆော့ကြတော့တာပါပဲ။ သိတော်မူတဲ့အတိုင်းပါပဲ။ ဆော့တဲ့နေရာမှာ ဂင်းနစ်စံချိန်ထိ ... လောက်တဲ့အကောင်တွေပါ။

ဒါပေမယ့် အလွန်ပျော်တတ်တဲ့ တင်ဝင်းဟာ မဆော့ဘဲ သိမ်ထဲမှာသွားပြီး အိပ်ပျော်နေပါတယ်။ သိမ်ဆိုတာ ... မှန်ကျောင်းဆွေတော်မျိုးတော်သချိုင်း ... တစ်လံကျော်ကျော်သာ ဝေးတာ ... ဘယ်သူမှသွားမအိပ်ရဲကြပါဘူး။ ထူးထူးဆန်းဆန်းသွားပြီးအိပ်နေခြင်းပါပဲ။ ကျွန်တော်တို့က ဆော့သာဆော့ရဲတာ သူ့လို မအိပ်ရဲကြဘူး။

ဒီလိုနဲ့ အိပ်ရာက နိုးလာတဲ့အခါ တင်ဝင်းဟာ အဆုတ်အအေးပတ်သွား... ရပါတယ်။ ဖျားတော့တာပါပဲ။ အဲဒီနေ့ ညမှာပဲ တင်ဝင်းဟာ သူတို့အိမ်မှာ ဆုံး...





www.burmeseclassic.com

www.burmeseclassic.com

ပါးသွားပါတော့တယ်။ မြန်လိုက်ပုံကတော့ တကယ့်ကိုမယုံနိုင်စရာပါဘဲဗျာ။ ချိုင်ခုပျောက်ဆိုတဲ့အတိုင်းပါပဲ။

ဘုန်းတော်ကြီးလည်း သောကဖြစ်၊ ကျွန်တော်တို့လည်း စိတ်ဆင်းရဲ သူ့ဒိဘတွေဆိုတာတော့ ပြောစရာလိုမယ် မထင်ဘူး။ ပဉ္စာမြေလူးမျှခံစားကြရမှာပါ။ အလှူလုပ်ဖို့ အသင့်ဖြစ်နေပြီး သင်္ကန်းသပိတ်ပရိက္ခရာတွေဝယ်ပြီးပြီ၊ သင်္ကန်းတောင်းလည်း ညက်ညက်ကျေအောင်ရပြီး အားလုံးအသင့်ဖြစ်ပါမှ၊ ရှင်ဖြစ်နီးပါမှ လူ့ဘဝကို စွန့်ခွာသွားခြင်းပါ။ ဘယ်လောက်ရင်နာဖို့ကောင်းလဲ။

အဲဒီတင်ဝင်းမသာချတဲ့အခါ ရှင်ပြုမသာချတာကို ပထမဦးဆုံး မြင်ဖူးခဲ့တာပါ။ ရှင်လောင်းလှည့်ရာမှာ မြင်ဆင်ကြတဲ့ မြင်းကုန်းနှီးအလှအပတွေ ဆင်ထားတဲ့မြင်းဟာ ရှင်လောင်းဝတ်စုံတွေကိုတင်ပြီး ရွှေထီးမိုးကာ ရွှေ့ဆုံးကသွားပါတယ်။ အဲဒီနောက်မှာမှ တင်ဝင်းရဲ့အလောင်း၊ မသာဆိုင်းတထိထိ ကြေးစည်တဒေါင်ဒေါင်နဲ့ ချသွားပုံရိပ်ဟာ ခုထိ မျက်စိထဲကမထွက်သေးဘူး။ ဒီရှင်ပြုမသာချတဲ့ဓလေ့ဟာ ဘယ်တုံးဘယ်ကာလက စခဲ့တယ်ဆိုတာ မပြောတတ်ပါဘူး။ ဒါကလည်း ကြုံတောင့်ကြုံခဲအဖြစ်ပါ။ ငယ်ငယ်က မျက်စိနဲ့ အသေအချာမြင်ဖူးခဲ့တာ။ အဲဒီ တစ်ကြိမ်သာပါပဲ။

ကျွန်တော် သာမဏေဘဝနဲ့ မြင်းခြံကိုးဆောင် မဟာဝိသုတယာမိကပါဠိတက္ကသိုလ်မှာ ဗုဒ္ဓစာပေတွေသင်နေခိုက်မှာတော့ ပြန်ကပြေးမဒေါ့ပင် သူဌေးတိုက်က ရွာရဲ့မျက်နှာဖုံး ဦးအောင်သောင်း၊ ဒေါ်မြကြည်တို့ရဲ့ တစ်ဦးတည်းသောသား တင်မောင်ဝင်းဟာ မြင်းစီးရာမှ မြင်းပေါ်ကလိမ့်ကျပြီး သေဆုံးသွားခဲ့ပါတယ်။ တင်မောင်ဝင်းလည်း ရှင်မပြုရသေးမီ သေတယ်ဆိုတော့ ရှင်ပြုမသာချကြောင်း သတင်းကြားသိရပါတယ်။ မျက်စိနဲ့တော့ မမြင်လိုက်ရပါဘူး။ ဒါက ရှင်ပြုမသာနဲ့ဆယ်နှယ်လို့ ပြန်လည်တင်ပြရခြင်းပါ။

ဘာသာသာသနာအလွန်ဖွံ့ဖြိုးတိုးတက်နေတဲ့ခေတ်ကြီးမှာ ရှင်ပြုမသာဆိုတာကို မေ့တောင်မေ့နေပါပြီ။ ဒီဓလေ့ပျောက်သွားပြီလို့တောင်ထင်နေတာပါ။ ဒါပေမယ့် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒါက ကျွန်တော့်အရင်းအနှီးဆုံး ကျောင်းနေဖက် ငယ်သူငယ်ချင်း မွတ်တားအိမ်မှာပါပဲ ခင်ဗျား။

**မွတ်တားလေလား**

ကျွန်တော် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ကနေပြီး ညနေ (၃) နာရီလောက်မှာ ကျွန်တော်တို့ အောင်ဇမ္ဗူရပ်ကွက်ကို ပြန်ခဲ့ပါတယ်။ စက်ဘီးအိုလေးနဲ့ဆိုပါတော့။ လူကအို၊ စက်ဘီးကအိုဆိုတော့ တနွံ့နွံ့နဲ့ပေါ့ဗျာ။

ပျဉ်းမနား-တောင်ညိုလမ်းမကြီးကနေပြီး ကိုတင်ထွန်းရယ်၊ မွတ်တားရယ်၊ ကျွန်တော်ရယ် လူမိုက်ကြီးသုံးဦးဦးဆောင်ပြီးဖောက်ထားတဲ့ အောင်ဇမ္ဗူကျောက်ခင်းလမ်းကလေးအတိုင်း ရပ်ကွက်ဆီဝင်ခဲ့ကြပါတယ်။ မှန်ကျောင်းသချိုင်းလွန်တယ်ဆိုရင်ပဲ ကိုက်အနည်း







www.burmeseclassic.com

www.burmeseclassic.com

ငယ်နင်းလိုက်ရင် ရွာလယ်လမ်းမကြီးကို ရောက်ပါတယ်။ အဲဒီရွာလမ်းရဲ့မြောက်ဘက်ခြမ်းမှာ ကျွန်တော့်သူငယ်ချင်း မွတ်တားတို့အိမ်ကို လှမ်းမြင်ရပါတယ်။ 'အင်ကြင်းပန်းစာပေ'ဆိုတဲ့ ဆိုင်းဘုတ်က အထင်အရှားပါ။ ကျွန်တော်ရဲ့နားခိုရာနေရာတစ်ခုပါပဲ။

ဒီနားရောက်ရင် အဲဒီအိမ်ကိုလှမ်းကြည့်စမြဲပါ။ မွတ်တားကို မြင်လိုမြင်ငြား ပေါ့လေ။ မွတ်တားတော့မတွေ့ရပါဘူး။ မွတ်တားတို့အိမ်နှင့်တွဲလျက် ဆိုင်ခန်းလေးရှေ့မှာတော့ ထိုင်ခုံတွေချထားပြီး မိန်းမတွေအများကြီးထိုင်နေတာကိုတွေ့ရပါတယ်။ ပြုံးရယ်နေသူဆိုတာမရှိဘဲ အားလုံးမျက်နှာမသာမယာတွေ့ရတာကြောင့် ဒါဟာ နာရေးဆိုတာ အလိုလိုသိလိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော် မဝင်သေးပါဘူး။ နေကပူတော့ လူမှာ ချွေးတွေနဲ့ဆိုတော့ လူတောမတင့်တယ်တာကြောင့် အိမ်မှာ ခေတ္တနားနေပြီးမှ ပြန်လာမေးမယ်ဆိုပြီး အိမ်ကိုပြန်ခဲ့ပါတယ်။

အိမ်ကိုရောက်တယ်ဆိုရင်ပဲ မွတ်တားတို့အိမ်က နာရေးသတင်း ကြား၊ မကြားစုံစမ်းပါတယ်။ မကြားမိဘူးလို့ဘဲ ပြောကြပါတယ်။ ဒါဆိုရင် ဒီနာရေးကိစ္စက လောလောလတ်လတ်ဖြစ်တာပဲဆိုတာသိလိုက်ပါတယ်။ ရွာထဲမှာအလွန်ကြီး သတင်းမပျံ့နှံ့သေးဘူး။

အဲဒီမှာ ကျွန်တော်က မွတ်တားကိုပြေးပြီးသတိရလိုက်တယ်။ မွတ်တားများလေလားပေါ့။ ကျွန်တော် လမ်းမလျှောက်ဖြစ်တာတစ်ကြောင်း၊ ရွှေကြာပင်ရပ်ကွက်က ညီဖြစ်သူ မောင်မောင်ရဲ့အိမ်မှာ ခေတ္တသွားနေတာတစ်ကြောင်းကြောင့် မွတ်တားနဲ့မဆုံဖြစ်တာအတော်ကြာပါပြီ။ အဲဒါကြောင့် မွတ်တားများလေလားလို့ တွေးမိခြင်းပါ။ သူတို့အိမ်မှာဆိုတာက အသက်ကြီးတာဆိုလို့ မွတ်တားသာရှိတာကိုး။ မွတ်တားက ကျွန်တော့်ထက် လပိုင်းကြီးပါတယ်။

ဒါပေမယ့် မိန်းမတွေ စုရုံးထိုင်နေကြတာက သူ့သားငယ်ရဲ့အပ်ချုပ်ဆိုင်ရှေ့မှာဆိုတော့ အတွေးရကျပ်နေပါတယ်။ အဲဒီဆိုင်မှာက သူ့သားငယ်ရယ်၊ စက်ချုပ်တဲ့ သူ့ချွေးမရယ်၊ သူ့မြေးလေးရယ် ဒါပဲရှိတာပါ။ တကယ့်အရွယ်ကောင်း ကျန်းကျန်းမာမာတွေဆိုတော့ မထင်တတ်အောင်ရှိနေရပါတယ်။

တကယ်ဆို ကျွန်တော့်ထက်ကြီးတဲ့မွတ်တားက အားကောင်းမောင်းသန်ပါ။ ကျွန်တော့်လို ခပ်နုံ့နုံ့မဟုတ်ဘူး။ အုန်းသီးခြောက်အလုံးတစ်ရာကိုတောင် တစ်ထိုင်တည်း ခွာနိုင်စွမ်းရှိသေးတယ်။ အဲဒီတော့ သူ့ကိုထင်ရအောင်ကလည်း ခပ်ခက်ခက်ပါ။ မွတ်တား ဆိုပါက သူ့အိမ်ရှေ့မှာပဲ မိန်းမတွေထိုင်နေကြမှာပေါ့။

**ရေတိမ်နစ်ရတဲ့ကလေး**

ကျွန်တော် အိမ်မှာ အတန်ကြာထိုင်ကာ မောင်မြအေးတို့နဲ့ စကားပြောအပြီးမှာတော့ ကျွန်တော် မွတ်တားတို့အိမ်ကို စက်ဘီးနဲ့လာခဲ့ပါတယ်။ ကျွန်တော်တို့ထိုင်နေကျ သစ်ဆိမ့်ပင်အောက်ကထိုင်ခုံမှာ စွပ်ကျယ်အကျႌနဲ့ထိုင်နေတဲ့ မွတ်တားကို အဝေးကနေ မြင်တွေ့လိုက်ရတယ်ဆိုရင်ပဲ မွတ်တားမဟုတ်ဘူးဆိုတာကို သိလိုက်ရပါတယ်။ ဒါဆို ဘယ်သူပါလိမ့်။

အိမ်အနီးရောက်လို့ လူတွေဝိုင်းအုံငိုယိုနေတဲ့ဆီကြည့်လိုက်တော့ ခုံလေးပေါ်မှာ ကလေးမသာတစ်ခု ခင်းကျင်းထားတာကို တွေ့လိုက်ရတာပါပဲ။ ဘယ်က ကလေးလဲဆိုတာ သေချာမမြင်ရလို့ မသိသေးပါဘူး။

ဒါနဲ့ မွတ်တားဆီဝင်ထိုင်လိုက်ပြီး မေးကြည့်ရပါတယ်။ မွတ်တားလည်း မျက်နှာမသာမယာနဲ့ဆိုတော့ သူ့အပူကိုယ့်ဆီကူးစက်သလို ခံစားရပါတယ်။

"မွတ်တားရေ၊ ဘယ်သူဆုံးတာလဲဟ"

"ငါ့မြေးလေးကွာ၊ ငါ့သားအငယ်ဆုံးကောင်ရဲ့ကလေးပေါ့"

"ဒါဆို တို့တွေ ဒီမှာထိုင်နေရင် လာဆော့နေကျ ကလေးပေါ့နော်"

"အေးလေကွာ"

"ဟာ - ဘယ်လိုဖြစ်လို့ ဆုံးတာတုန်း"

"မနက်ပိုင်း ငါ့ဆီလာနေတော့ ငါ ထိန်းနေတာကွ။ အဲဒါ ထမင်းစားချိန်ရောက်တော့ ကလေးကို ထမင်းကျွေးတာပေါ့ကွာ။ ထမင်းကျွေးပြီးတော့ ငါတို့လည်း ထမင်းစားကြမှာမို့ သမီးကို ထမင်းခူးခိုင်းပြီး ကလေးကို သူ့အဖေလက်ထဲပြန်ထည့်လိုက်တယ်။ အဲဒီမှာ ထမင်းတောင်မစားလိုက်ရသေးဘူးတော့။ ထမင်းစားမလို့ လက်ဆေးကာရှိသေးတယ် အပြင်မှာ ရုတ်ရုတ်သဲသဲဖြစ်သံကြားလို့ ထွက်ကြည့်လိုက်တော့ ကလေးရေနစ်လို့ဆိုတာ သိရတာပဲ"

"ရေကဘယ်မှာနစ်တာလဲ"

"ဟောဟိုရေကန်မှာ ရာမတို့ အိမ်ရှေ့ကရေကန်လေ"

ရေကန်ကိုလှမ်းကြည့်လိုက်တော့ လမ်းဘေးမှာရှိတဲ့ရေတွင်းနဲ့ ပူးတွဲထားတဲ့အုပ်ရေကန်လေးပါ။ လူတွေရေထည့်ချိုးဖို့လုပ်ထားတဲ့ ရေကန်ပါ။ အမြင့်ထား ဒူးကျော်ကျော်လောက်သာရှိပါတယ်"

"ရေကအပြည့်မို့လား"

"ဘယ်ကလာ၊ ရေက တစ်ထွာလောက်ပဲရှိတာကွ။ ကလေးက သူ့ကစားစရာကျသွားလို့ ရေကန်ထဲကနေ ကောက်ပုံရှိပါတယ်။ အဲဒီမှာ ကျွမ်းပြန်ကျသွားတာနေမှာ။ ကျကျချင်း ရေမွန်းသွားတော့ ကလေးဟာ ပြန်ထနိုင်စွမ်း မရှိတော့ဘဲ ရေတိမ်မှာနစ်ရတာပါပဲကွာ"

"ကလေးထိန်းတဲ့ သူ့အဖေ မမြင်ဘူးလား"

"သူကလည်း ကလေးလွှတ်ထားလိုက်ပြီးလိုက်ကြည့်မနေတော့ဘဲ အိမ်ရှေ့ကုလားထိုင်မှာထိုင်နေတာကွ။ သတိရလို့ ကလေးပျောက်သွားတယ်ဆိုတာ သိမှ လိုက်ကြည့်တော့ ကလေးရေကန်ထဲမှာမှောက်ပြီး လျှာတောင်ထွက်နေပါပြီကွာ။ အချိန်မီလို့မီငြား ဆေးရုံကို ကားခေါ်သွားပေမယ့် မရတော့ပါဘူး။ ဆုံးသွားခဲ့ပါတယ်"

"ဖြစ်မှဖြစ်ရလေတယ်ကွာ"

လို့ မချိတင်ကဲဆိုမိပါရဲ့။

မွတ်တားတို့အိမ်နဲ့ ခြံချင်းကပ်လျက် အိမ်က ရာမတို့အိမ်ပါ။ ကလေးရဲ့ ဖခင်ထိုင်နေတဲ့နေရာနဲ့ အခင်းဖြစ်တဲ့ ရေကန်ဆိုတာ ဘာမှဝေးတာမဟုတ်ပါဘူး။ ကိုက်အနည်းငယ်ပဲဝေးပါတယ်။ ကလေးဟာ မအော်နိုင်တာကြောင့် မသိခြင်းပါ။

ဒီကလေးဟာ ပြေးတတ်လွှားတတ်စ (၁၀) လကျော်ကျော်လောက်မှာ မွတ်တားက ဆိုင်ခန်းအသစ်ဆောက်ပေးတာကြောင့် သူ့သားငယ်တို့မိသားစု စက်ချုပ်ဆိုင်ဖွင့်ဖို့ ရောက်လာခဲ့ခြင်းပါ။ မနက်မှာ ဆိုင်ကယ်နဲ့ မိသားစု (၃) ယောက် ရောက်လာပြီး ဆိုင်ဖွင့်ကာ ညနေမိုးချုပ်စမှာ သူတို့အိမ်ကို ပြန်လေ့ရှိပါတယ်။

ကလေးဟာ သန်မာထွားကျိုင်းပြီး ငယ်ငယ်နဲ့ လမ်းလျှောက်တတ်တာ အလွန်ဆော့ပါတယ်။ သူ့အခေါ်ဖြစ်တဲ့ မွတ်တားရဲ့သမီး သွယ်သွယ်ဖြိုးက အမြဲ ထိန်းပေးလေ့ရှိပါတယ်။ သွယ်သွယ်ဖြိုးက အပျိုကြီးဆိုတော့ သူ့တူကို အလွန်ချစ်ပါတယ်။ တစ်နေကုန်ထိန်းပေးတာပါ။

လမ်းမကြီးရဲ့ဘေးမှာနေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့ ကလေးဟာ လစ်တာနဲ့ လမ်းမကြီးပေါ် ပြေးပြေးတက်တာမို့ ကား၊ ဆိုင်ကယ်ရှုပ်ထွေးတဲ့လမ်းမှာ ကား၊ ဆိုင်ကယ်အတိုက်ခံရမှာစိုးလို့ လိုက်လိုက်ဆွဲရတာကိုလည်း ကြိမ်ဖန်များစွာ မြင်တွေ့ရပါတယ်။

ခုဟာလည်း သွယ်သွယ်ဖြိုး ထမင်းပွဲပြင်နေချိန်လေးမှာပဲ မျက်စိအောက်က ပျောက်တာနဲ့ ခုလိုဖြစ်သွားခြင်းပါ။ ရေတိမ်မှာနစ်ရလေခြင်းဆိုတဲ့ စကားဟာ အကျယ်အားဖြင့် ပရိယာယ်ဆိုစ်များလှပေမယ့် ခုဟာက တိုက်ရိုက်ကို ရေတိမ်မှာနစ်ပြီး အသက် (၁) နှစ်နဲ့ (၉)လသာရှိသေးတဲ့ မောင်ပိုင်လင်းထက်ယံဟာ ဘဝတစ်ခုအဆုံးသတ်သွားခဲ့ပါပြီ။

ဒီကလေး ငိုနေတာ ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး။ အမြဲတမ်းရယ်မောပျော်ရွှင်စွာ လှည့်ပတ်ပြေးလွှားဆော့ကစားနေတဲ့ကလေးပါ။ သူ့ပုံရိပ်တွေ မျက်စိထဲကထွက်မှာမဟုတ်တော့ပါဘူး။ သူ့ရဲ့မိဘဘိုးဘွားမဆိုထားနဲ့ ကျွန်တော်တို့တောင် ရင်နင့်အောင်ခံစားရတာကလား။

**အတူလုပ်ဖို့**

မွတ်တားရယ်၊ ကိုတင်ထွန်းရယ်၊ ကျွန်တော်ရယ်က အဲဒီတုန်းက မနက်တမ်းလျှောက်ပြန် တစ်ကြိမ်၊ ညနေတစ်ကြိမ် ပုံမှန်တွေ့နေကျပါ။ အဲဒီလို (၃) ယောက်လုံးမိတ်ကြောင့်လည်း အောင်ဇမ္ဗူလမ်းကို အောင်မြင်စွာဖောက်နိုင်ခဲ့ခြင်းပါ။ အောင်ဇမ္ဗူလမ်းဟာ အများအတွက် အသုံးဝင်တဲ့ လမ်းတစ်လမ်းဖြစ်နေခဲ့ပါပြီ။

အဲဒီလို ထိုင်နေကြတဲ့အချိန်မှာ ကိုတင်ထွန်းက ကလေးအတွက် မုန့်တွေဆွဲလာတတ်တယ်။ ဒီကလေးကို ကြည့်ပြီး ကျွန်တော်တို့ ပီတိဖြစ်ကြရတာပေါ့လေ။

မွတ်တားဆိုရင် -

"ကိုရင်ရဲ့၊ ငါ့မှာ ရှင်ပြုပေးစရာဆိုလို့ ဒီမြေးလေးတစ်ယောက်ပဲရှိတာ။ အခုငါပိုက်ဆံစုနေတယ်။ သူအရွယ်ရောက်ရင် ဘယ်လောက်ကုန်ကုန်ကွာ မဟာဆည်ရိပ်သာမှာ ငါသွားလှူမယ်။ ဒီတောင်က ခြေထောက်လက်ထောက်တွေနဲ့ပြီးသန်တော့ ခဏနဲ့ကြီးမယ့်ကောင်ပါ"

လို့ မကြာခဏ ပြောလေ့ရှိပါတယ်။ ခုချိန်မှာ မွတ်တားဟာ ပြည့်စုံတယ်လို့ဆိုနိုင်တဲ့အခြေအနေပါ။ လှူနိုင်၊ တန်နိုင်ပေး နိုင်ကမ်းနိုင်တဲ့အဆင့်ပါ။

ဦးသိဟခေါ် ဦးမွတ်တားနဲ့ ဒေါ်မြမြတို့မှာ ကျော်သူရ၊ ဆန်နီ၊ ကျော်မြတ်သူ၊ မသွယ်သွယ်ဖြိုး၊ ပိုင်မျိုးဆွေဆိုပြီး သား (၄) ယောက်၊ သမီးတစ်ယောက် ဖွားမြောက်ခဲ့ပါတယ်။ အဲဒီ (၅) ယောက်မှာ မောင်မြတ်သူက ညောင်ပင်ကြီးစုရွာမှာ အိမ်ထောင်ကျပြီး အမြွှာပူးသမီး (၂) ယောက် မွေးပါတယ်။ အငယ်ဆုံး မောင်ပိုင်မျိုးဆွေနဲ့ မတင်စန်းညိုတို့မှာသာ သားဦးဖြစ်တဲ့ မောင်ပိုင်လင်းထက်ယံကို မွေးခဲ့ခြင်းပါ။ ကျန်တာတွေက လူပျိုကြီး အပျိုကြီးအဖြစ်နဲ့ နေနေကြဆဲပါ။

အဲဒီမြေးလေးကို ရှင်ပြုပေးမယ်လို့ အားခဲပြီး ပိုက်ဆံစုနေကာမှ ကလေးဟာ ရေတိမ်မှာနစ်လို့ ဘဝတစ်ပါးပြောင်းသွားခဲ့ရခြင်းပါပဲ။ အခုတော့ မွတ်တားရဲ့ရည်ရွယ်ချက်တွေက တစ်စစီကြေမွ သွားခဲ့ပါပြီ။ ဘယ်မျှ မွတ်တားဒေါသထွက်သလဲဆိုရင် သူ့သားအငယ်ဆုံးကောင်ကို အသုံးမကျရမလားဆိုပြီး လက်သီးနဲ့တောင်ဆွဲထိုးပါတယ်။

အသိမကြွယ်သေးတဲ့ကလေးငယ်မှန်ရင် ဆော့သည်ဖြစ်စေ၊ မဆော့သည်ဖြစ်စေ မျက်စိအောက်က အပျောက်မခံဘဲ ထိန်းနိုင်မှတော်ရုံကျတာပါ။ မထိန်းနိုင်ရင် မမျှော်လင့်ဘဲ ဆိုးကျိုးတွေဖြစ်ပေါ်တတ်ပါတယ်။ ဆက်နွယ်လို့ တင်ပြပါဦးမယ်။

မြောက်ဘက်ကမ်းလို့ ခေါ်တဲ့ ဆိတ်နံ့တုန်းရွာက ကျွန်တော့်ညီမကြီး မခင်ထွေးနဲ့ တင်မောင်လတ်တို့ဟာ သူတို့ရဲ့ ဒုတိယသားရဲ့ ကလေး (၄) ယောက်ကို ထိန်းသိမ်းကျွေးမွေးစောင့်ရှောက်ရပါတယ်။အဲဒီအထဲမှာ တတိယမြောက်ကလေး ဘိုးဘိုဆိုတာ အလွန်ဆော့ပါတယ်။

တစ်နေ့မှာ ကျွန်တော်တို့ခြံရဲ့မြောက်ဘက်က ဒေါ်ကျင်လှိုင်ရဲ့ခြံထဲကလူတွေ အလုပ်သွားနေတဲ့ မြေစိုက်ထရံအိမ်တစ်အိမ်ကို ဘိုဘိုနဲ့ သူ့သူငယ်ချင်းတစ်ဦးဟာ မီးမွှေးပြီးမီးရှို့နေတာကို ကျွန်တော်တို့အိမ်ရဲ့ အရှေ့ဘက်အိမ်ကမြင်းစာမြက်စဉ်းနေတဲ့ ကိုအေးကျော်က မြင်တာပါပဲ။

မြင်မြင်ချင်းပဲအော်လို့ ကျွန်တော်တို့ပြေးသွားတဲ့အချိန်မှာတော့ ဘိုဘိုနဲ့ သူ့သူငယ်ချင်း မြောက်ဘက်ကမ်းကို ပြေးသွားကြပါပြီ။ မီးဖိုရဲ့မီးတောက်ဟာ အတော်မြင့်နေပြီး ထရံကိုဟပ်စပြုနေပါပြီ။ ခဏနောက်ကျရင် အိမ်ကို မီးကူးတော့မှာပါ။ ချက်ချင်းပဲ မီးကို ငြိမ်းသတ်နိုင်ကြပါတယ်။ ကိုအေးကျော်သာ မမြင်ရင်တော့ တွေးဝံ့စရာမရှိပါဘူး။ အိမ်တွေစိပ်တော့ အိမ်အတော်များများ ပြာကျမယ့်ကိန်းက သီသီလေးလွတ်ခဲ့ရတာပါ။ ဆော့ကစားတတ်အရွယ်တွေဆိုတာ ထိန်းကျောင်းနိုင်မှ တော်ရုံကျတာပါ။

ကျွန်တော်တို့ငယ်ငယ်က မိုးကုတ်အနောက်ပိုင်းမှာ ကျွန်တော်နဲ့ အတူနေတဲ့ ဖွားငြိမ်းရဲ့သား ကိုရွှေထွန်းဟာ ကျောက်ပြဿဒ်မှာ မခင်ရီနဲ့အိမ်ထောင်ကျပြီး သား (၃) ယောက် မွေးပါတယ်။ (၃) ယောက်စလုံး မျောက်နီးနီးဆော့ကြတဲ့အကောင်တွေဆိုတော့ ညီအစ်ကို (၃) ယောက် မိဘတွေမရှိခိုက် ဘာလုပ်တယ်ထင်လဲ။

အိမ်ခေါင်မိုးပေါ် သစ်ပင်ပေါ်က တစ်ဆင့် ထင်းတွေသယ်တင်ပါတယ်။ နောက်တော့ မီးဖိုကြီးဖိုတော့တာပါပဲ။ ခေါင်က ခေါင်ပြန့်ဆိုတော့ မီးမွှေးလို့ အဆင်ပြေတယ်လေ။ သူတို့ညီအစ်ကိုတစ်တွေ ခေါင်မိုးပေါ်တက် မီးမွှေးပြီး ထမင်းဟင်းချက်စားကြမယ့်ပုံပါပဲ။ သွပ်မိုးမို့သာ မီးမလောင်တာပါ။ ခေါင်မိုးပေါ်မှာ မီးခိုးတအူအူနဲ့ မြင်လို့ကြည့်ပါမှ ခေါင်မိုးပေါ်မှာ မီးတက်ဖိုထားတာကို ကြောက်လန့်ဖွယ်မြင်တွေ့ရခြင်းပါ။ အဲဒီမှာ အိမ်နီးချင်းတွေ ချက်ချင်းပဲ မီးတက်ငြိမ်းလိုက်ကြရပါတယ်။ ကလေးဆိုတာ ကျားဖြစ်စေ၊ မဖြစ်စေ ကြုံကြုံဖန်ဖန်ဆော့တတ်ကြတာ ထုံးစံပါ။ အဲဒီတော့ ဆိုးကျိုးဆိုတာတွေမဖြစ်ရအောင် ထိန်းနိုင်မှ တော်ရုံရယ်ပါ။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ကလေးတစ်ယောက်တောင်မှ အိမ်နောက်က ရေကန်ထဲမှာ ရေနစ်သေဆုံးခဲ့ရတဲ့ သာဓကရှိပါတယ်။ ဒါကြောင့် အရွယ်မရောက်မီ အတတ်နိုင်ဆုံး ထိန်းကျောင်းသင့်ကြပါတယ်။ အခုလို မွတ်တားရဲ့ ရည်ရွယ်ချက်ပျက်ရခြင်းဟာ ထိန်းကျောင်းမှုညံ့ဖျင်းလို့ပါပဲ။ ဖခင်အသုံးမကျလို့ဖြစ်ရခြင်းပါ။ မိခင်ဆိုတာက တစ်နေကုန် အကုပ်ကုပ်နဲ့စက်ချုပ်နေရတာပါ။

**ဒေါ်ခွေးရဲ့သံဝေဂစကား**

ကလေးငယ် ဆုံးတာက ၁၉-၃-၂၀၁၃ ပါ။ ရှေးတုန်းကလိုဆိုရင်တော့ မသာကို (၃) ရက်ထားပြီး မှန်ကျောင်းရှိ သူတို့ရဲ့ဆွေတော်မျိုးတော်သင်္ချိုင်းမှာ သဂြိုဟ်မှာပါ။ နေပြည်တော်



www.burmeseclassic.com

www.burmeseclassic.com

ကြီး တည်ပြီးတဲ့အခါမှာတော့ သချိုင်းတွေဖျက်ပြီးအားလုံး ဖိုးစောင့်တောင်ကြားမှာရှိတဲ့ ကွေ့ကြီးသုသာန်မှာ မီးသဂြိုဟ်ရတော့ကာ ရက်ကြာကြာထားပြီး ဆိုင်းတငြိမ့်ငြိမ့်နဲ့မသာခင်းကြတဲ့ ဓလေ့ကကုန်ခဲ့ပါပြီ။ အချိန်မီရင် နေ့ချင်းသဂြိုဟ်ကြတယ်။ အချိန်မမီဘူးဆိုရင်တော့ တစ်ရက်ထားကြရတာပေါ့လေ။ ခုလည်း အချိန်မမီတာကြောင့် တစ်ညသိပ်လိုက်ရပါတယ်။

၂၀ ရက်နေ့ နေ့လယ် (၁၂) နာရီကျော်ကျော်မှာ ကျွန်တော် အသုဘအိမ်ကိုရောက်ပါတယ်။ မွတ်တားကကြိုဆိုနေရာချပေးပါတယ်။ လူတွေအတော်များများ ရောက်နေကြပါပြီ။ အများအားဖြင့်တော့ မိန်းကလေးတွေပါပဲ။ အဲဒီမှာ အလယ်ပိုင်းကဒေါ်ခွေးတို့အုပ်စုလည်းရောက်လာကာ ဒေါ်ခွေးက ကျွန်တော့်နားမှာထိုင်ပြီး သံဝေဂစကားပြောလာပါတယ်။

"ဒီမှာမင်းအသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် မွတ်တားနဲ့ မတိမ်းမယိမ်းဘဲ၊ (၆၇) နှစ်ရှိပြီ။ ဒေါ်ခွေးကော အသက်ဘယ်လောက်ရှိပြီလဲ"

"ငါလား၊ အေး - (၇၁) နှစ်ရှိပြီကွယ့်။ လူဆိုတာ ကြီးတယ်၊ ငယ်တယ် မဟုတ်ဘူးကွယ့်။ သူ့သက်တမ်းနဲ့သူလာကြတာ။ မွေးပြီဆိုကတည်းက သူ့သက်ဏမ်းကပါပြီးသား။ ခုဒီကလေးကိုကြည့်လေ (၂) နှစ်တောင် မပြည့်သေးဘူး။ သူ့သက်တမ်းက ကုန်သွားပြီ။ ရွာထဲမှာ (၈၀) ကျော် (၉၀) အရွယ်တွေတောင်ရှိတယ်။ သီးမှည့်တဝင်းဝင်း၊သီးကင်းတဖြုတ်ဖြုတ်ဆိုသလိုပေါ့ကွယ်။ ငယ်ရွယ်တဲ့လူတွေလည်း သေနေကြတာပါပဲ။ မင်းတို့ငါတို့ဆိုတာက မွေးပြီဆိုကတည်းက တစ်နေ့မှာ သေဖို့မွေးလာကြတာလေ။ ဒီတော့ မသေမီကြားကာလလေးမှာ အကုသိုလ်ကင်းအောင် အတတ်နိုင်ဆုံး ကြိုးစားပါမှ တော်ရုံကျတာကွယ့်။

ဒီကလေးဆိုရင်ကြည့်။ ဒီအရွယ်ဆိုတာ ကုသိုလ်၊ အကုသိုလ်အတော်ကင်းတဲ့အရွယ်လို့ဆိုနိုင်တယ်။ ဒီတော့ သံသရာလည်တဲ့အခါ လူ့ဘဝနဲ့အတော်လေးပြန်ပြီးနီးစပ်နိုင်တာပေါ့။

မြတ်စွာဘုရား အလောင်းတော်တောင်မှ ဘုရားဖြစ်ဖို့ ဗျာဒိတ်ရပြီးနောက်ပိုင်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဘဝမျိုးစုံနဲ့ သံသရာလည်ရတာပဲကွယ်။ မင်းတို့ငါတို့မပြောနဲ့ ဘုရားအလောင်းတော်တောင်မှ သံသရာလည်တဲ့အခါ တိရစ္ဆာန်ဘဝတွေကို ရောက်ရတယ်ကွယ့်။ ဒါပေမယ့် မင်းတို့ငါတို့လိုတော့ မဟုတ်ဘူးပေါ့ကွယ်။ တိရစ္ဆာန်ဖြစ်တယ်ဆိုရင်လည်း ငုံးမင်း၊ ဒေါင်းဖြစ်ရင်လည်း ဒေါင်းမင်း စသည်ဖြင့်ပေါ့ကွယ် ကျင်လည်ရတာပေါ့။ မင်းတို့ငါတို့ဆိုတာကတော့ အပါယ်လေးဘုံမှာ ခေါက်တုံ့ခေါက်ပြန် ရောက်နေကြမှာ သေချာတယ်။ ဘာပြုလို့လဲဆိုတော့ ခုဘဝမှာပဲကြည့်လေ။ အရွယ်တွေကြီးလာတာနဲ့အမျှ ကုသိုလ်ဆိုတာလည်းရှိမယ်၊ အကုသိုလ်ဆိုတာကတော့ တစ်နေ့တာ မျက်စိနှစ်လုံးဖွင့်ပြီဆိုကတည်း တရစပ်ဖြစ်ပေါ်နေကြတာ။ အများအားဖြင့် အကုသိုလ်ကအလေးသာတာပေါ့ကွယ်။ ဒီတော့ အပါယ်ဘုံနဲ့သာနီးကြတာပေါ့။

ဒီတော့ ကုသိုလ်မဖြစ်ရင်နေ၊ အကုသိုလ်မဖြစ်အောင်တော့ အတော်လေးကို ဂရုစိုက်နိုင်မှ တော်ရုံကျတာကွယ့်"

စသည်ဖြင့် ကျွန်တော့်ကို တရားစကားပြောနေရှာပါတယ်။ဒေါ်ခွေးလေးရဲ့မျက်နှာဟာ ကြည်ပြီးရွှင်နေတာတွေ့ရတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ မိုင်းရှူးအကြောင်း ရောက်သွားကြပြန်ပါတယ်။ ဒေါ်ခွေးလေးကို မိုင်းရှူးရတနာမြေမှာ ခင်မင်ခဲ့တာပါ။ မိုင်းရှူးရတနာမြေမှာ ကျွန်တော့်မွေးဇာတိရွာ ပြန်ကပြေးသူပြန်ကပြေးသား အများအပြားရှိတယ်လို့ သိထားတာကြောင့် ကိုလှစိုး၊ မန္တဲ့တို့ရဲ့ အိတ်ခွဲလုပ်ငန်းကို ရောက်ခိုက် စပ်စုမိပါတယ်။ မိန်းမအတော်များများ အိတ်ခွဲဟောင်းတွေ ပြုပြင်ချုပ်လုပ်နေကြတာပါ။

"ဒီအထဲမှာ ပျဉ်းမနား (နေပြည်တော်) က အမျိုးသမီးပါသလား"

"ပါပါတယ်။ ကျွန်မ ပျဉ်းမနား (နေပြည်တော်)ကပါ"

"ဒါဆို ပျဉ်းမနား (နေပြည်တော်) အနောက်ဘက်က ပြန်ကပြေးကို သိလား"

"သိတာပေါ့၊ ကျွန်မ ပြန်ကပြေးသူလေ"

"ဒါဆိုရင် အလယ်ပိုင်းက ကိုသာအောင်ကြီးကို သိလား"

"သိတာပေါ့၊ အဲဒါ ကျွန်မအစ်ကိုလေ။ ခုတော့ ရွှေခဲအင်းဘက်မှာ ဘုန်းကြီးဝတ်နဲ့ ပျံလွန်သွားတာကြာပြီ။ ကျွန်မက ကိုသာအောင်ကြီးရဲ့ ညီမအရင်း မခွေးလေးလို့ခေါ်တယ်"

ကျွန်တော် ကလေးဘဝတုန်းက ကိုသာအောင်ကြီးရဲ့ လက်ကမြင်းထားတဲ့ ကျောင်းနံရံမီးသွေးခဲနဲ့ ဆွဲထားတဲ့ ပန်းချီပုံတွေကိုကြည့်ပြီး ပန်းချီလေ့ကျင့်ခဲ့ရလို့ ပန်းချီလက်ဦးဆရာလို့ သတ်မှတ်ထားသူပါ။ အဆို၊ အတီးအလွန်ကောင်းတဲ့လူပါ။ သူ့ခေတ်နဲ့သူ့အခါထင်ပေါ်ခဲ့သူ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ရေးတဲ့ 'ကိုစိန်ငွေးနှင့် ဓာတ်တော်ကြုတ်' ဆိုတဲ့ ဝတ္ထုကလည်း ၂၀၀၉ ခု၊ မတ်လထုတ် သုရဿမဂ္ဂဇင်းမှာပါလာတော့ ကိုစိန်ငွေးကို သတိတရရှိတာနဲ့ ဒေါ်ခွေးလေးကို မေးဖြစ်ပြန်ပါတယ်။

"ဒေါ်ခွေးလေး၊ ကိုစိန်ငွေးကို သိသလား"

"သိတာပေါ့၊ ကိုစိန်ငွေးက ကျွန်မ ယောက်ျားပဲ"

"အလို - ကိုစိန်ငွေးက ဒေါ်ခွေးလေးနဲ့ရတယ်ဟုတ်လား။ ခုရှိသေးသလား"

"မရှိတော့ဘူး မန်နေဂျာရဲ့။ ကိုစိန်ငွေးလည်း ဘုန်းကြီးဝတ်နဲ့ပဲ ပျံလွန်သွားတယ်။ သူ့သမီးတွေကျန်ရစ်တယ်လေ"

"ဩော် - ဟုတ်လား၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ"

လို့ပြောပြီး အံ့သြနေရပါတယ်။ မေးလိုက်သမျှဟာ ဒေါ်ခွေးလေးနဲ့ အကုန်ပတ်သက်နေလို့ပါပဲ။ ဒီလိုနဲ့ ခင်မင်သွားကြတာပါ။ ဒေါ်ခွေးလေးတို့ မိသားစုတွေက ရွာကို အရင်ရောက်နေကြတာပါ။ ကျွန်တော်က နောက်ကျပြီးမှ ရွာကိုပြန်ရောက်ရခြင်းပါ။ ရောက်တယ်ဆိုရင်ပဲ ငယ်သူငယ်ချင်း မွတ်တားနဲ့ ပြန်တွဲမိခြင်းဆိုပါတော့။

**ရှင်ပြုမသာချခြင်း**

"ဘယ်နှနာရီချမှာလဲ မွတ်တား"

"စည်ပင်ကားက နေ့လယ် (၂) နာရီမှရတော့ (၂) နာရီကျမှ ချရမှာပေါ့ကွာ"

လို့ ပြောပြပါတယ်။

ပြန်ကပြေးလို့ ရှေးကခေါ်ခဲ့တဲ့ အောင်ဇမ္ဗူရပ်မှာရှိနေတဲ့ ပုညကာမီနာရေးအသင်းကကားတွေက နာရေးမသာချခွင့်မရှိတော့ပါဘူး။ ပုညကာမီအသင်းဟာ အောက်ဆီဂျင်ဘူးလှူတဲ့အလုပ်ကို ပြောင်းလဲ လုပ်ကိုင်နေပါတယ်။

ဘာလို့ချခွင့်မရှိတော့သလဲ ဆိုတော့ ၂၀၁၁ ခုနှစ် သင်္ကြန်ကာလမှာ တောက်ထိန်ရွာမှာနေတဲ့ ကျွန်တော့်အိမ်မြောက်ဘက်က ဒေါ်ကျင်ရှိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

မိခင်ကြီးဆုံးပါတယ်။ သင်္ကြန်ကာလဆိုတော့ နေ့ချင်းသင်္ဂြိုဟ်ပါတယ်။ အဲဒီမှာ နာရေးကားမောင်းတဲ့ဒရိုင်ဘာဟာ ရှေ့ဆုံးကနေပြီး ဒုံးမောင်းပါတော့တယ်။ နာရေးလိုက်ပို့ကြတဲ့ ကားတွေလည်း နောက်ကနေ မနည်းမီအောင်လိုက်ကြရတယ်လို့ ဆိုပါတယ်။

နာရေးကားမောင်းသူဟာ မူးနေပုံရှိပါတယ်။ ကားကို ဝဲ၊ ယာရဲ့မျဉ်းအလယ်က မောင်းနေတယ်လို့ ဆိုပါတယ်။ အရှိန်ကပြင်း၊ မျဉ်းကမှားတဲ့အခါ မျက်နှာချင်းဆိုင်ကလာတဲ့ ကားနဲ့တိုက်မိပြီး ကားပေါ်ကအလောင်းရော လူတွေပါ အောက်ကိုလွင့်ကျကုန်ပါတယ်။ အဲဒီမှာ မသာခေါင်းနံဘေးမှာထိုင်ပြီးပါလာတဲ့ ဒေါ်ကျင်လှိုင်ရဲ့မောင် လူပျိုကြီးနဲ့ ဆိတ်နံတုန်းလို့ ရှေးကခေါ်ခဲ့တဲ့ အောင်[illegible]ခရွာက မောင်ဝမ်းကွဲတို့ဟာ ပွဲချင်းပြီးဆုံးပါတယ်။ မိခင်ကိုပို့ရင်း သားပါဆုံးရတဲ့အဖြစ်ပါ။

မျက်နှာချင်းဆိုင်က ကားလည်း တိုက်မိပြီး ရုတ်တရက် လမ်းမှာကန့်လန့်ဖြစ်သွားတဲ့အခါ အရှိန်နဲ့စီးလာတဲ့ ဆိုင်ကယ်တွေက ဝင်အောင်းကြပြန်ပါတယ်။ အဲဒီမှာလည်း သေကြ၊ ဒဏ်ရာရကြနဲ့ လူတွေအတော်ဒုက္ခရောက်ကုန်ပါတယ်။

လိုက်ပို့တဲ့ကားတန်းကြီးမီလာတဲ့အခါမှာတော့ ပိုးစိုးပက်စက်သေနေတာတွေကို နာရေးပို့တဲ့လူတွေ ကြုံရတော့တာပါပဲ။ သင်္ကြန်ကာလဆိုတော့ လူတွေ မူးကြရူးကြတဲ့အချိန်မို့ ခုလိုဖြစ်သွားခြင်းပါ။ နာရေးလိုက်ပို့သူတွေတစ်သက်မမေ့ရက်စရာပါပဲ။

အဲဒီရဲ့နောက်မှာတော့ တဖြည်းဖြည်းချင်း စနစ်တကျမောင်းတဲ့ စည်ပင်ကားတွေကိုသာ အခမဲ့နာရေးချခွင့်ပြုပါတော့တယ်။ အဲဒီမှာ ထူးဆန်းတာက သေဆုံးသူဟာ ရှင်စဉ်က ကားတိုက်ခံရဘဲ သေလို့ အသုဘချပါမှ ကားတိုက်ခံလိုက်ရတဲ့ အဖြစ်အပျက်ပါ။ အဲဒီကားတိုက်ခံရတဲ့ နာရေးကိစ္စဟာ တိုင်းပြည်ကျော်သွားတဲ့ ပြစ်မှုတစ်ခုပါ။ အဲဒီမှုဖြစ်ချိန် ကျွန်တော် မန္တလေးရောက်နေပါတယ်။

"သရဏဂုံက အိမ်မှာပဲတင်မှာ ဟုတ်လား"

"ဟုတ်တယ်၊ သရဏဂုံမတင်မီ ငါ့မြေးကို ရှင်ပြုပေးဦးမှာကွ။ ငါ့မြေးကို ရှင်ပြုဖို့ အရမ်းအားခဲခဲ့တာ။ ခုလိုဖြစ်သွားတော့လည်း အထုံပါရမီပါအောင် ရှင်ပြု[illegible]ချပေးလိုက်ရမှာပေါ့ကွာ"

လို့ ပြောပြီး ဧည့်သည်တွေနေရာချဖို့ ကျွန်တော့်နားကထသွားပါတယ်။ ဧည့်သည်တွေ အတော်များလာပါပြီ။ မုန့်ကျောင်းဝင်းရှေ့က သစ်ပင်ရိပ်အောက်မှာလည်း ယောကျ်ားတွေ အများအပြားပါ။

ခဏနေတော့ ရှင်လောင်းစီးဖို့ အလှဆင်ထားတဲ့ မြင်းတစ်ကောင်ရောက်လာပြီး မုန့်ကျောင်းသစ်ရိပ်အောက်မှာ နေရာယူပါတယ်။ ရှင်လောင်းဝတ်ဖို့ ရှင်လောင်းဝတ်စုံကိုလည်း မိန်းမတွေက ယူလာပါတယ်။ ရှင်လောင်းပုဆိုးကို စတီသဘောနဲ့ အပေါ်ကလွှမ်းပါတယ်။ စလွယ်ကိုလည်း စတီသဘော ရင်ဘတ်ပေါ်တင်ပေးပါတယ်။ ပြီးတော့ ဆောင်းတဲ့ မကိုဋ်ကိုလည်း ဦးခေါင်းမှာ စွပ်ပေးပါတယ်။

ကလေးရဲ့ မိဘတွေ၊ ဆွေမျိုးတွေကတော့ အော်ဟစ်ငိုယိုခြင်းမပြုကြပေမယ့် အားလုံးဟာ မျက်ရည်တတွေတွေနဲ့ပါ။ ဟိုးရှေးတုန်းကဝလေ့လိုဆိုရင်တော့ ခုနှစ်အိမ်ကြားရှစ်အိမ်ကြားဝက်ဝက်ကွဲအောင်အော်ငိုတတ်တာ ဓမ္မတာပါ။ ခုလို ကလေးငယ်ဆိုရင်တော့ ဘာပြောကောင်းမလဲ။ ကျွမ်းပစ်ပြီးကို-လူးလိမ့်ငိုကြမှာ။ ခုခေတ်မှာ တိုးတက်ပြောင်းလဲခဲ့ပြီမို့ တိုးတိုးတိတ်တိတ် ယဉ်ယဉ်ကျေးကျေးပဲ ငိုညည်းကြတာတွေ တွေ့ရပါတယ်။ ရှေးတုန်းကဘာရမလဲ။ မသာဆိုရင် အားကျမခံ အပြိုင်အဆိုင် ပြောဆိုဖွဲ့နွဲ့ပြီးငိုကြတာ။ သူကတစ်မျိုး ငါကတစ်ဖုံပေါ့လေ။ ငိုမယ့်သူမရှိရင် မသာမှာ မျက်နှာအလွန်ငယ်ရတာမို့ ငိုချင်းသည်ငှားပြီး ငိုခိုင်းလေ့ရှိတယ်။ ငိုချင်းသည်ဆိုတာက ခုခေတ် ဇယဉ်ကျူးတဲ့အခါ သီဆိုငိုယိုတတ်တဲ့ မင်းသမီးတွေရဲ့သဘောပါပဲ။ ငိုချင်းသည်ဆိုတာ သတ်သတ်ငှားလို့ရကြတယ်။ မသာဆိုင်းတငြိမ့်ငြိမ့်နဲ့ ပြောဆိုငိုယိုနေတော့တာပါပဲ။ သူ့ရဲ့ ပရိယေသနဝမ်းစာရှာမှုကလည်း အံ့သြကုန်နိုင်ဖွယ်ပါပဲဗျာ။

ငိုချင်းသည် ငှားတယ်ကြားလို့ကတော့ ကျွန်တော်တို့ ကလေးတုန်းက တကူးတက မြင်ဖူးတယ်ရှိအောင် သွားကြည့်လေ့ရှိကြတယ်။ သူ့ရဲ့အပြောအဆိုအငိုအယိုကိုကြည့်ပြီး မဆီမဆိုင်လာငိုနေတာကြောင့် ကျွန်တော်တို့ကလေးတွေ ကျိတ်ပြီးရယ်လေ့ရှိကြတယ်။ ကွယ်ရာမှာ ပြောင်ကြလှောင်ကြပေါ့လေ။ ဘုန်းကြီးကျောင်းသားဆိုတာ မျောက်နဲ့နင်လားငါလားအကောင်တွေဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ဗျာ။

ဒါနဲ့ ကလေးအလောင်းမှာ ခေတ္တ ရှင်လောင်းဝတ်စုံ ဝတ်အပြီးမှာတော့ မြင်းဆရာက ရှင်လောင်းဝတ်စုံတွေ ပြန်ယူပြီး ကလေးရဲ့ဝိညာဉ်ကို မြင်းဆီခေါ်သွားပြီး ရှင်လောင်းဝတ်စုံကို မြင်းပေါ်တင်ကာ ဝိညာဉ်ကိုလည်း မြင်းပေါ်တင်ပေးလိုက်ပါတယ်။ မြင်းဆရာက မြင်းဇက်ကြိုးကို ကိုင်ထားသလို ရှင်လောင်းထိန်း (၂) ယောက်ကလည်း ဝဲ၊ ယာညှပ်လို့ ထုံးစံအတိုင်း ရှင်ထိန်းပေးပါတယ်။ ရှင်ထိန်းတယ်ဆိုတာက မြင်းကုန်းနှီးပေါ်က ရှင်လောင်းဝတ်စုံကို ဘယ်၊ညာထိန်းပေးထားခြင်းပါ။

ရွှေထီးမိုးမယ့်သူကလည်း ရွှေထီးအလိုက်သင့်မိုးပေးပါပြီ။ ရှင်လောင်းရဲ့ဖခင်ဖြစ်တဲ့ကိုပိုင်မျိုးကလည်း ထုံးစံအတိုင်း သပိတ်ကိုလွယ်လို့ မိခင်ဖြစ်တဲ့ မတင်စန်းညိုကလည်း သင်္ကန်းနဲ့ ပန်းထည့်ထားတဲ့မောင်းထောင်ချိုင့်ကို ပွေ့လို့ပေါ့ဗျာ။ ရွာဦးနတ်စင် မြင်းဖြူရှင်ကိုပြရမှာမို့ ရှေ့က ကန်တော့ပွဲရွက်သူကရွက်ပေါ့လေ။ လူ (၂၀) လောက်ဟာ ရှင်လောင်းလှည့်ပြီး နတ်ကပြဖို့ ရွာဦးနတ်စင်စီ တန်းပြီးထွက်သွားကြလေရဲ့။

အဲဒီမှာ လူကြီးတစ်ဦးက -

"ဟေ့ကောင်တွေ၊ ရှင်လောင်းလှည့်တာ မောင်ရှင်လောင်းသီချင်းဆိုရတယ်ကွ။ သီချင်းဆိုကြလေကွာ"

လို့ ပြောပေမယ့် အားလုံးဟာ သောကအပူတွေမို့ ရှင်လောင်းသီချင်းသီဆိုမယ့်သူမရှိပါဘူး။ ပေါက်ပေါက်ထဲမှာ သကြားလုံးတွေ၊ ပိုက်ဆံတွေနဲ့ ရောကြဲတာ ထုံးစံဆိုတော့ ကလေးတစ်ယောက်စနှစ်ယောက်စသာ ပိုက်ဆံလိုက်ကောက်တာ တွေ့ရပါတယ်။ ရှင်သူကို ရှင်ပြုတယ်ဆိုရင်တော့ ကလေးတွေအပျော်လိုက်ကောက်ကြတာ ထုံးစံပါ။ ခုဟာက ရှင်ပြုမသာဆိုတော့ ကလေးတွေကို အဟာန့်ဖြစ်စေတယ် ထင်ပါရဲ့။ လိုက်ကောက်မယ့်သူအတော်နည်းတာတွေ့ရပါတယ်။

ဒီလိုနဲ့ နတ်စင်မှာ နတ်ပြပြီး သင်္ကန်းသပိတ်ပရိက္ခရာတွေကို ဘုန်းတော်ကြီးကျောင်းမှာ ဝင်လှူပြီး ရေစက်သွန်းချကာ သေဆုံးသူကလေးနဲ့တကွ အားလုံးကို အမျှပေးဝေကာ ပြန်ခဲ့ကြပါတယ်။

## ဝိညာဉ်ဆိုတဲ့အစွဲ

နေ့လယ်တစ်နာရီကျော်ကျော်မှာ မဟာစည်ဆရာတော် ဦးအာစိဏ္ဏ ဦးဆောင်တဲ့ သံဃာတော် (၅) ပါးဟာ သရဏဂုံတင်ပေးဖို့အတွက် ကြွလာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။ သရဏဂုံတင်တယ်ဆိုတာက သေဆုံးသူဟာ ဘုရားမေ့၊တရားမေ့နဲ့သေဆုံးသွားခဲ့ပေမယ့် သရဏဂုံဆောက်တည်နိုင်တဲ့ ပေတဂတိကို ရောက်နေမယ်ဆိုရင် သူ့ဘဝဆောက်တည်ရာရအောင် သရဏဂုံသီလပေးခြင်းပါပဲ။ အဲဒီလိုသရဏဂုံကို ဆောက်တည်နိုင်ခဲ့ရင် ပြုပေးတဲ့ကုသိုလ်ဟာ သေသူအတွက် အလွန်အကျိုးရှိပါတယ်။ ကောင်းရာသုဂတိဘဝကို ရနိုင်စွမ်းရှိပါတယ်။ သေသူကုသိုလ်ရ၊ မရမသိပေမယ့် ရှင်သူကတော့ ရကြပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာတွေဟာ ဝိညာဉ်ဆိုတဲ့အစွဲလေးရှိတယ်။ လူတိုင်းကို မဆိုလိုပါဘူး။ ဗုဒ္ဓစာပေတတ်ကျွမ်းသူ၊ ဘာသာရေးသဘောတရား သိနားလည်သူတွေကို မဆိုလိုပါဘူး။ ဒါပေမယ့် ဒါကအနည်းစုပါ။ အများစုက မသိတာများတယ်။ လူသေရင် အဲဒီလူရဲ့ဝိညာဉ်ဆိုတဲ့စိတ်ကလေးက ပုံစံထုဒြပ်မရှိတဲ့အငွေ့လိုလို၊ လေညင်းလိုလို ဝိညာဉ်လေးက အဲဒီအိမ်မှာဘယ်မှမသွားဘဲ (၇) ရက်နေနေတယ်။ (၇) ရက်ပြည့်မှ အဲဒီဝိညာဉ်က အိမ်ကထွက်ခွာသွားရတယ်ဆိုတဲ့ အယူအဆလေးပါ။ အဲဒီဝိညာဉ်လေးကို သရဏဂုံဆောက်တည်နိုင်အောင်၊ သာဓုခေါ်နိုင်အောင်ဆိုပြီး သံဃာတော်တွေပင့်ပြီး ကုသိုလ်မှုပြုကြခြင်းပါ။

ဝိညာဉ် ဆိုတာ စိတ်ပါ။ စိတ်မှာ ထုဒြပ်မရှိပါဘူး။ အဲဒါကြောင့် ဝိညာဉ်သက်သက်ဆိုပါက ရုပ်မရှိတာမို့ မြင်နိုင်တဲ့မျက်စိ၊ ကြားနိုင်တဲ့နား၊ သာဓုခေါ်နိုင်တဲ့ပါးစပ်မရှိပါဘူး။ ဝိညာဉ်သက်သက်ရယ်လို့ တည်တာ (၃၁) ဘုံမှာ အရူပ (၄) ဘုံပဲရှိတယ်။ အရူပဘုံဆိုတာ ရုပ်မရှိဘဲ နာမ်ချည်းသက်သက်တည်တဲ့ ဗြဟ္မာ (၄) ဘုံပါပဲ။ အဲဒီဗြဟ္မာကြီးတွေဆိုတာက အဆင့်အမြင့်ဆုံး၊ သက်တမ်းအရှည်ကြာဆုံး ဗြဟ္မာကြီးတွေပါ။ သို့သော်လည်း တရားမရနိုင်တဲ့ ရုပ်ပြစ်ရှစ်ပါးမှာ ပါတယ်ဆိုတော့ ဒါဟာလည်းတယ်တော့ မနိပ်ပါဘူး။ နာမ်လို့ခေါ်တဲ့စိတ်ချည်းသက်သက် တည်နေတဲ့အခါ ကမ္ဘာပေါင်းများစွာမှာ ဘုရားအဆူဆူသာပွင့်သွားမယ်။ ရုပ်မရှိတော့ မျက်စိမရှိဘူး၊ နားမရှိဘူး၊ ပါးစပ်မရှိဘူး။ ဒီတော့ ဘုရားမဖူးနိုင်ဘူး၊ တရားမနာနိုင်ဘူး၊ တရားစကား မမေးလျှောက်နိုင်ဘူး။ ဒီတော့ အရူပဗြဟ္မာရဲ့ ချမ်းသာမှုဟာ ထာဝရမဟုတ်ဘူး။ သူ့သက်တမ်းမကုန်သရွေ့တော့ ရုပ်ရဲ့ဒုက္ခတွေ ငြိမ်းနေတာပေါ့။ သက်တမ်းလည်းကုန်ကရော သူလိုကိုယ်လို သံသရာပြန်လည်ရပြန်တာပါပဲ။ အရူပ (၄) ဘုံကလွဲရင် အားလုံးရုပ်ရှိတယ်။ အသညသတ် (၁) ဘုံသာရုပ်ချည်းသက်သက်တည်ပြီး ကျန်တဲ့ဘုံတွေ ရုပ်နဲ့နာမ် တရစပ်မခွဲတမ်းတည်နေပါတယ်။ ပဋိသန္ဓေစိတ်ဆိုတာ ခန္ဓာဟောင်းမှာ စုတိစိတ်ကျတာနဲ့ တစ်ဆက်တည်းမှာပဲ ပဋိသန္ဓေစိတ်ပြန်တည်တာပါပဲ။ ပဋိ တစ်ဖန် သန္ဓိ ဆက်စပ်ခြင်းပါ။ တစ်ဘဝနဲ့တစ်ဘဝဆက်စပ်နေခြင်းကို ပဋိသန္ဓေလို့ ခေါ်ခြင်းပါ။ ဘဝသစ်အတွက် အမီမရမချင်း ဘဝဟောင်းကို စွန့်ခွာရိုးထုံးစံမရှိပါဘူး။ အိမ်မှာလာပြီး ချိုးချိုးချောက်ချောက်လုပ်ပြတာတို့၊ အနံ့ပေးတာတို့၊ ကိုယ်ထင်ပြတာတို့၊ အသံပေးတာတို့ဆိုတာတွေက အဲဒါ ပေတဂတိအစွမ်းနဲ့ သံယောဇဉ်ရှိရာဆွေဟောင်းမျိုးဟောင်းဆီ တွယ်ကပ်နိုင်ခြင်းပါ။ ဝိညာဉ်အနေနဲ့လာတာမဟုတ်ပါဘူး။ သူ့မှာ ရုပ်က မိတွယ်ပါလာပြီးသားပါ။ ဥပပတ္တိကပဋိသန္ဓေဆိုတာ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ နတ်ဗြဟ္မာတို့ရဲ့ ပဋိသန္ဓေပါ။ ခန္ဓာဟောင်းစွန့်လိုက်တာနဲ့စက္ကန့်မခြား ဘွားခနဲသွားဖြစ်ရတဲ့ ခန္ဓာပါ။ ငရဲကိုရောက်သွားမယ်။ အသူရကာယ်ဖြစ်သွားမယ်။ နတ်ဖြစ်သွားမယ်။ (ဗြဟ္မာဖြစ်သွားမယ်၊ ဗြဟ္မာကျတော့ ဈာနအကျင့်ကျင့်ကြတဲ့ ဟိန္ဒူဆာဒူးတွေ၊ တိဗက်က လားမားဘုန်းတော်ကြီးတွေလောက်သာ အကျင့်သန်ပြီး သမထစွမ်းအားနဲ့ ရောက်ကြရတဲ့ဘုံပါ။ ကျွန်တော်တို့ သာသနာတော်မှာလည်း ဝိပဿနာမလုပ်ဘဲ သမထသာကျင့်ကြရင် သမထစွမ်းအားနဲ့ လောကီဈာန်အဘိညာဉ်ရကြတဲ့ ပုဂ္ဂိုလ်တွေရှိကြပါလိမ့်မယ်။ အဲဒီလောကီဈာန်အဘိညာဉ်တွေရကြရင် ဗြဟ္မာ့ဘုံကို မိမိတို့ရရှိထားတဲ့ ဈာန်အလျောက် ရောက်ကြရခြင်းပါ။ ကျွန်တော်တို့လို သာမန်လူတွေ ဗြဟ္မာဖြစ်ခွင့်မရှိပါဘူး။) ပြီးတော့ လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံကျတော့ အမိဝမ်းရေမှာ ပဋိသန္ဓေတည်ရတာမို့ လူ့ခန္ဓာ၊ တိရစ္ဆာန်ခန္ဓာမှာ သန္ဓေတည်ရမယ်ဆိုရင် အဲဒီသေဆုံးသွားသူဟာ အိမ်မှာလုံးဝလာမကပ်နိုင်တော့ပါဘူး။ လာကပ်နိုင်တယ်ဆိုတာ ပြိတ္တာတစ်မျိုးပဲရှိတယ်။ ဝိညာဉ်မဟုတ်ပါဘူး။ လူတွေ ဝိညာဉ်လောကလို့ ခေါ်ဝေါ်သုံးစွဲနေကြခြင်းဟာ ပြိတ္တာလောကကို ခေါ်ဆိုနေကြခြင်းပါ။ ပြိတ္တာတောင်မှ ပြိတ္တာတိုင်း သာဓုခေါ်နိုင်စွမ်းရှိတာ မဟုတ်ပါဘူး။

သေသူကို ရည်စူးလှူဒါန်းရာမှ ပရဒတ္တူ... ပဇီဝိတပြိတ္တာတစ်မျိုးသာ သာဓုခေါ်နိုင်... စွမ်းရှိပါတယ်။ ပြိတ္တာဆိုတာ ငရဲနဲ့စာ... အများကြီးသက်သာတဲ့ဘဝပါ။ သို့သော်... လည်း ပြိတ္တာကနေ ငရဲကိုလည်းကျ... တယ်။ လူ့ဘဝကိုလည်း ပြန်ရောက်နိုင်... ကြပါတယ်။ ပြိတ္တာ ဆိုတာ မလုမ... စက်ဆုပ်ရွံရှာဖွယ်အသွင်ကို ပိုင်ဆိုင်ထား... ကြသူများပါ။ အမြင့်မတင့်တဲ့ဘဝ... သူတို့ရဲ့ မွေးရာပါကမ္မဇိဒ္ဓိတန်ခိုးနဲ့ တွယ်... ထားကြခြင်းပါ။ လူတွေအနားမှာ၊ ဆွေ... မျိုးမိဘတွေအနီးမှာရှိနေနိုင်တယ်ဆို... အဲဒါ ပေတဂတိလားနေတဲ့လူများသာ... ဖြစ်ကြပါတယ်။ ဝိညာဉ်အနေနဲ့ သီးခြား... မနေနိုင်ပါဘူး။ သီးခြားနေနိုင်တဲ့ဝိညာဉ်... က လူဟာမသေဆုံးသေးဘဲ နာရီပိုင်း... ရက်အတန်ကြာ မေ့မြောနေတဲ့လူမှာ... သူ့ဝိညာဉ်ဟာ ခန္ဓာက ခေတ္တခွာပြီး... မျောနေနိုင်ကြပါတယ်။ အဲဒီလို မေ့မြော... နေချိန်မှာတော့ ဝိညာဉ်ဟာ နတ်ပြည်... လည်းရောက်နိုင်တယ်။ ငရဲပြည်လည်း... ရောက်နိုင်တယ်။ ပြိတ္တာလောကတ... လည်း ရောက်နိုင်ကြပါတယ်။ ဒါပေမယ့်... အချိန်တန်တော့ အိမ်ပြန်ရတယ်ဆို... စကားအတိုင်းပဲ လွင့်မြောနေတဲ့ဝိညာဉ်... ဟာ အချိန်တန်ရင် ခန္ဓာအိမ်ကို ပြန်... ပြီး သတိပြန်လည်ကြရပါတယ်။ ဒါ... တွေ လူ့လောကမှာ များစွာဖြစ်ခဲ့ကြ... တယ်။ အဲဒါကြောင့် ဝိညာဉ်ကို ရှ... တယ်၊ သေသူကို ရှင်ပြုတယ်ဆို... တကယ်တော့ ကျန်ရစ်သူတွေအတွက်... ဖြေသိမ့်နိုင်စွမ်းရှိအောင် ရှေးလူတွေ... ကြံဆပြီး ဓလေ့တစ်ခုလုပ်ခဲ့ဟန် တူ... တယ်။ သေသူအတွက် အကျိုးဘယ်... ရ၊ မရဆိုတာ မခန့်မှန်းနိုင်ပေမယ့် ကျ... ရစ်သူတွေအတွက်မှာတော့ ဒါ... ရသေ့စိတ်ဖြေဆိုတာမျိုးမို့ အကျိုးရှိတ... လို့ဆိုနိုင်ပါတယ်။ ပြုသမျှသာ ကုသို... တွေရကြပါတယ်။

ရှေးတုန်းကတော့ ရဟန်းသံ... တွေကို ပင့်ရာမှာ အသုဘကမ္မဋ္ဌာန်း... ဖြန်းရန် ကြွတော်မူပါလို့ ပင့်ရတာ... ဒီတော့ ရဟန်းသံဃာတွေ ကြွလာ... အသုဘကမ္မဋ္ဌာန်းစီးဖြန်းကြမယ်။ သီ... ပေးမယ်။ ပရိတ်ရွတ်မယ်၊ ရေစက်... မယ်၊ အမျှပေးဝေကြမယ်ပေါ့။

နေပြည်တော်မတည်မီ... သချိုင်းမှာ သဂြိုဟ်တာဆိုတော့ သ... အထိ ကြွကြရတယ်။ ခုဟာက ဖိုး... တောင်ခြေမှာရှိတဲ့ ကွေ့ကြီးသုသာန်... မီးသဂြိုဟ်ရမှာဆိုတော့ ဘယ်မသာ... အိမ်မှာပင့်ပြီး သရဏဂုံတင်ရတ...



www.burmeseclassic.com

www.burmeseclassic.com

မှ ကွေ့ကြီးသုသာန်ကို ပို့ကြရတာကိုး။ ဒီတော့ ရဟန်းသံဃာ ဝေးဝေးကြွစရာ မလိုဘဲ သက်သာတာ တွေ့ရပါတယ်။ ကြာလှပါဘူး၊ သရဏဂုံတင်ခြင်းကိစ္စ ပြီးစီးတာနဲ့ ကြေးစည်ရိုက်ကာ အမျှဝေပါတယ်။ သံဃာတော်များလည်း ကားနဲ့ ပြန်ကြွကြပါတယ်။

**ကွေ့ကြီးသုသာန်**

နေ့လယ်တစ်နာရီခွဲကျော်ကျော်မှာ စည်ပင်က အသုဘတင်ယာဉ် ရောက်လာပါတယ်။ လူဆိုတဲ့အမျိုးဟာ သေသွားတာနဲ့ တကယ့်ကို အသုံးမဝင်တဲ့ လူသားအမှိုက်ဖြစ်သွားခဲ့တာပါ။ ကြက်၊ ဝက်၊ ကျွဲ၊ နွားတွေလောက်တောင် တန်ဖိုးမရှိပါဘူး။ ကြက်၊ ဝက်၊ ကျွဲ၊ နွားဆိုတာက သေရင် ချက်စားလို့ ရကြပါသေးတယ်။ လူတွေ နှစ်သက်ခုံမင်ကြပါသေးတယ်။ လူသေပြီဆိုလို့ကတော့ ယုတ်စွအဆုံး ကိုင်ချင်သူတောင် သိပ်မရှိကြပါဘူး။ ဟိုးရှေးတုန်းက (၃) ရက်ထား၊ (၅) ရက်ထားပြီး သင်္ဂြိုဟ်တဲ့ ခေတ်ကများဆိုရင် ကျွန်တော်တို့ဒေသဆိုတာ ပူတဲ့ဒေသဆိုတော့ အပုပ်နံ့က တထောင်းထောင်းနဲ့ လူတိုင်း နှာခေါင်း ရှုံ့တာ အော့နှလုံးနာကြပါတယ်။ ပူတော့ ပုပ်လွယ်ပါတယ်။ အေးတဲ့မိုးကုတ်ဒေသ ကျတော့ (၃) ရက်ထားရုံလောက်နဲ့ မပုပ်ကြပါဘူး။ အေးတော့ ခဲနေတဲ့သဘောပါ။ အဖောရောဂါနဲ့ သေမှသာ ပုပ်ကြပါတယ်။ ကျန်တာတွေက ပုပ်ခဲပါတယ်။

နေပြည်တော်တည်ပြီးနောက်မှာတော့ ရှေးကဓလေ့တွေပယ်ကြရပါပြီ။ အများဆုံး (၂) ရက်သာထားကြတော့ သောပုပ်မှာ မကြောက်ရတော့ပါဘူး။ အချို့ဆို တစ်နေ့တည်း အပြီးသင်္ဂြိုဟ်လိုက်ကြတာပါ။ ဒီတော့ မသာပုပ်ရင် အနံ့ကို စုပ်ယူနိုင်စွမ်းရှိတဲ့ ကျောက်ဖရုံသီးရှာစရာလည်း မလိုတော့ပါဘူး။ ပေချည်ရှာပြီး ခေါင်းရိုက်ရတဲ့ကိစ္စလည်း မရှိတော့ပါဘူး။ မသာချဖို့ ထမ်းစင်လုပ်ရတဲ့ကိစ္စ၊ မသာမြှုပ်ဖို့ ကျင်းတူးရတဲ့ကိစ္စဆိုတွေလည်း သက်သာသွားခဲ့ပါတယ်။ ဒါတာ တိုးတက်ခြင်းရဲ့ရလဒ်တွေလို့ ဆိုရမှာပေါ့။

ထုံးစံအတိုင်းပေါ့လေ အလောင်းစင်ပေါ်ကနေ အသုဘယာဉ်ရဲ့ခေါင်းထဲ ပြောင်းထည့်တော့ကာ လူတွေထုံးစံ ငိုကြွေကြပေါ့ဗျာ။ တစ်ဘဝတစ်ခန္ဓာ ကြောမီ ရုတ်သိမ်းချုပ်ငြိမ်းတော့မှာကိုး။ ဒါလိုနဲ့ အသုဘယာဉ်က ရှေ့ဆုံးကထွက်ပြီး အလယ်ပိုင်းရပ်က မမွှစကြာဝတ်အသင်းကားက သံဝေဂလင်္ကာတွေ ရွတ်ဖတ်ရင်း နောက်ကလိုက်ပါတယ်။ လိုက်ပို့မယ့်ကားဟာ အစင်း (၂၀) မျှရှိပေမယ့် လိုက်ပို့မယ့်သူတက်တဲ့အခါ လိုက်ထရက် (၁၀) စင်းမျှသာရှိပါတယ်။ အဲဒါကြောင့် ကား (၁၀) စင်းသာ လိုက်ပို့ပါတယ်။ စည်ပင်ကားဟာ ပုံမှန်သာမောင်းတာကြောင့် ကားတွေ သက်သောင့်သက်သာလိုက်လို့ရကြပါတယ်။

ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကနေ ပျဉ်းမနား၊ ရွာတော်၊ မင်္ဂလာဈေးကနေ မင်္ဂလာအဝိုင်းဆီကွေ့၊ အဲဒီကနေ ဥတ္တရသီရိမြို့ရဲ့ ဟိုတယ်ဇုန်၊ ဟိုတယ်ဇုန်ဆုံးတော့ ခွာညိုပန်းအဝိုင်း၊ အဲဒီခွာညိုပန်းအဝိုင်းလွန်ပြီး ခဏတာ လမ်းမကြီးအတိုင်းမောင်းပြီးတာနဲ့ ကွေ့ကြီးသုသာန် သွားရာလမ်းကို ချိုးဝင်လိုက်ပြီး တောင်ကြားထဲမှာတည်ထားတဲ့ကွေ့ကြီးမီးသင်္ဂြိုဟ်စက်ဆီကိုရောက်ကြပါတယ်။

နေပြည်တော်မှာ သေသူမှန်သမျှ မလွဲမသွေရောက်ကြရမယ့်နေရာဆိုပါတော့။ သုသာန် ဆိုပေမယ့် စည်ပင်ဝန်ထမ်းအဆောက်အအုံတွေ၊ ပန်းခြံတွေနဲ့ လှလှပပ တည်ဆောက်ထားခြင်းပါ။ ဘုန်းတော်ကြီးကျောင်းလည်းရှိပါတယ်။ ရပ်ကွက်ကနေ တစ်နာရီကျော်ကျော် မောင်းရပါတယ်။

အဲဒီမှာ ကျွန်တော့်နားထဲ ဘာကိုပြေးပြီးကြားသလဲဆိုတော့ ကျွန်တော် မြင်းခြံကိုးဆောင်တိုက်မှာ သာမဏေဘဝနဲ့ စာသင်နေခိုက်မှာ ပေါင်းတည်က ဦးပဏ္ဍိက ကျွန်တော့်ကို လက္ခဏာကြည့်ပြီး ဗေဒင်ဟောတာပါပဲ။ ဦးပဏ္ဍိက အဲဒီတုန်းက မဟာစရိယတန်းပါ။

"ကောင်လေး နင်အိမ်ထောင်ရေးကံမကောင်းဘူး၊ အသက်လည်းတိုမယ်၊ ပြီးတော့ နင်သေရင် နင့်မွေးရာဇာတိမှာ ပြန်ရ သေရမယ်။ ငါပြောတာမြဲမြဲမှတ်ထား"

ဆိုတဲ့စကားပါပဲ။ ဦးပဏ္ဍိဆိုတာ မျက်နှာလေးထောင့်ကျကျ၊ အသားဖြူဖြူ၊ ခပ်ပုပုပါ။ ခုချိန်ရှိရင် သက်တော် (၇၀) ကျော် (၈၀) နီးပါးရှိလောက်ပါပြီ။ သူက အဲဒီ (၃) ခွန်းပဲ ဟောတာ။ အိမ်ထောင်ရေးကံမကောင်းတာကတော့ မှန်တယ်။ အသက်တိုမယ်ဆိုတာကျတော့ အသက်ကို ဉာဏ်စောင့်တာမို့ ခုချိန်ထိ အသက်ရှင်နေခြင်းပါ။ တတိယအချက်ဖြစ်တဲ့ နင့်မွေးရာဇာတိမှာ ပြန်သေရမယ်ဆိုတဲ့စကားကျတော့ ကျွန်တော် မိုးကုတ်မှာနေစဉ်က ဟုတ်မှဟုတ်ပါ့မလားနဲ့ တွေးနေမိတယ်။ ငါမွေးဇာတိမှာ ပြန်နေဖြစ်ပါ့မလားပေါ့။ ဟော-ခုလို အရွယ်အိုမင်း ဇရာချဉ်းတဲ့အခါ မွေးရာဇာတိကို ပြန်ရောက်နေပါပြီ။ အကယ်၍သာ ခုချိန် ငါသေခဲ့ရင် ကွေ့ကြီးမီးသင်္ဂြိုဟ်စက်ထဲဝင်ရမှာပါလားလို့ သေခြင်းတရားကို အောက်မေ့နေမိပါတယ်။ လူဆိုတာ သေမျိုးဆိုတော့ မြေကြီးကို လက်နဲ့ခတ်လို့ လွဲရင်လွဲမယ် သေမှာကတော့ လုံးဝမလွဲနိုင်ပါဘူး။ အဲဒါကြောင့် မရဏာနုဿတိပွားမိသပေါ့ဗျာ။ နေဖို့ထက် သေဖို့က အချိန်အတော်နီးနေပါပြီ။

ကျွန်တော်စီးလာတဲ့ကားပေါ်မှာ ကျွန်တော်နဲ့ အမြဲစကားဝိုင်းဖွဲ့နေကျကိုအောင်မြင့်ဆွေပါပါတယ်။ ကျွန်တော်တို့လည်း ကားပေါ်ကဆင်းပြီး ကလေးအလောင်းကို နောက်ဆုံးကြည့်ကြပါတယ်။ တတောက်တောက်နဲ့ အလွန်ဆော့တဲ့ကလေးဟာ ရုတ်ချည်းပဲ အားလုံးကို စွန့်ခွာလို့ ဘဝသစ်တစ်ခုကို ကူးပြောင်းသွားခဲ့ပါပြီ။ သံဝေဂရစရာပါ။

ကလေးရဲ့မိဘတွေ၊ သူ့ဆွေမျိုးတွေ၊ ပြီးတော့ အဘိုးဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်း မွတ်တား အားလုံးပေါ့လေ။ ကလေးရဲ့မျက်နှာကိုနမ်းပြီး မျက်ရည်ကျကာ နှုတ်ဆက်ကြပါတယ်။ မွတ်တားဆိုရင် သူ့မြေးကို ချစ်လွန်းလို့ သင်္ဂြိုဟ်စက်ထဲသွင်းခါနီးအထိနမ်းပြီး နှုတ်ဆက်နေပါတယ်။ ပြီးတော့မှ လွှတ်ပေးလိုက်ပါတယ်။

"ကဲ - သင်္ဂြိုဟ်လိုက်တော့မယ်နော်"

လို့ ဝန်ထမ်းဆွေကပြောပြီး တွန်းလှည်းနဲ့ အထဲသွင်းကာ သံတံခါးပိတ်လိုက်ပါတော့တယ်။ ခဏအတွင်းမှာပဲ ခေါင်းတိုင်က မည်းမှောင်တဲ့မီးခိုးငွေ့တွေ ထွက်လာပါတယ်။ မီးခိုးငွေ့တွေကိုကြည့်ပြီး ကျွန်တော်တို့ကားပေါ်ပြန်တက်ကြရပါတယ်။ ကားတွေပြန်ထွက်ခဲ့ကြပါပြီ။ ခေါင်းတိုင်က မီးခိုးမည်းမည်းတွေတလူလူလွင့်နေတဲ့ မြင်ကွင်းဟာ ခဏအတွင်းမှာပဲ မြင်ကွင်းကနေ ကျန်ရစ်ခဲ့ပါပြီ။

ကျွန်တော့်နှလုံးထဲမှာတော့ မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ -

အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမောသုခေါ ဆိုတဲ့ သံဝေဂဂါထာတော်ကို နှလုံးသွင်းနေမိပါရဲ့ဗျာ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ခင်မောင်လေး

## (၇) မုတ္တမပြည့်ရှင် ဝါရီရူ

မုတ္တမမြို့၏ အနောက်မြောက်ထောင့်တွင် ကမ္ဗလာနီမည်သော မြို့တစ်မြို့ရှိ၏။ ထိုစဉ်က ကမ္ဗလာနီမင်းသည် တောကစားထွက်နေသည်ဟုကြားရ၏။ (ကမ္ဗလာနီမင်းသည် ရှမ်းမင်းတစ်ပါးဖြစ်ဟန်ရှိ၏။)ဝါရီရူသည် ဗိုလ်ပါအလုံးအရင်းနှင့် ကမ္ဗလာနီသို့ အပြင်းချီတက်လာ၏။ သည့်နောက် ကမ္ဗလာနီမင်း၏ သမီးတော်နှင့် အမတ်၊ သူရဲ ဆင်၊ မြင်းဟူသမျှကို သိမ်းယူ၏။

ကမ္ဗလာနီမင်း တောကစားရာမှ ပြန်ရောက်သော် မိမိသမီးနှင့် ကျွန်များကို ဝါရီရူမင်းသိမ်းယူသွားကြောင်း သိရ၏။ ကမ္ဗလာနီမင်းအမျက်ဒေါသထွက်သည်မှာ တားဆီးမရတော့။ သူရဲသူခက် ဗိုလ်ပါများနှင့် မုတ္တမကို သွားရောက်ဝိုင်းရံ၏။

ဝါရီရူမင်းလည်း မှူးမတ်သေနာပတိများကိုစုရုံး၍ -

"ကမ္ဗလာနီမင်းသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး ကမ္ဗလာနီမှချီလာကာငါတို့ကို ဝိုင်းရံထားသည်။ သင်းတို့ကို ထွက်မတိုက်ရဘဲ ဥပါယ်တံမျဉ်ဖြင့် ငါအနိုင်ယူပြမည်။ သင်းတို့ကို မပင်ပန်းစေရပါ။ အခက်အခဲနှင့်မကြုံစေရပါ"

ဟု မိန့်၏။

ထို့နောက် လက်ဆောင်ပဏ္ဏာများနှင့် အဆိပ်ခတ်ထားသော အရက်ကောင်းများစီရင်ပြီး ကမ္ဗလာနီမင်းအား ဆက်သရန် သေနာပတိများကို စေလွှတ်၏။

မိမိ၏ သေနာပတိများကိုလည်း ကမ္ဗလာနီမင်းအား လျှောက်တင်ရန် အောက်ပါအတိုင်း မိန့်မှာလိုက်၏။

"အရှင်မင်းကြီး၏ သမီးငယ်ကို ကျွန်ုပ် ဆောင်ယူခဲ့သည်မှာ ကျွန်အဖြစ်ထားသည် မဟုတ်ပါ။ ရွှေနန်းပြာသာဒ်ပေါ်တွင် ပုဏ္ဏားရှစ်ယောက်တို့က လက်ယာရစ်ခရုသင်းရေဖြင့် သွန်းလောင်း၍ ဂါထာမန္တန်များ ရွတ်ဖတ်ပြီး အဂ္ဂမဟေသီမိဖုရားကြီးအရာ မြှောက်စားခြင်း ဖြစ်ပါသည်။ မင်းသမီးနှင့်အတူပါလာသော အရှင်မင်းကြီး၏ ကျွန်များနှင့် ဆင်၊ မြင်းတို့ကို အရှင်မင်းကြီးထံသို့ အရောက်ပြန်ပို့ပေးပါမည်"

သေနာပတိများသည်လည်း ဝါရီရူမင်း မှာကြားသည့်အတိုင်း ကမ္ဗလာနီမင်းအား လျှောက်တင်၏။ လက်ဆောင်ပဏ္ဏာများကိုလည်း ဆက်သ၏။ ကမ္ဗလာနီမင်းကလည်း အမျက်ပြေပြီး လက်ဆောင်ပစ္စည်းများကို လက်ခံ၏။ ငယ်သားများကိုလည်း ဝေငှပေး၏။ ရှမ်းတို့သည် အရက်ကောင်းကို ကြိုက်ကြ၏။ သည့်ကြောင့် ပေးဆက်သော အရက်များကို မင်းရော ငယ်သားပါ တပျော်တပါးသောက်သုံးကြ၏။ အဆိပ်မိသဖြင့် ကမ္ဗလာနီမင်းနှင့်တကွ စစ်သည်ဗိုလ်ပါအမြောက်အမြား သေကျေပျက်စီးခဲ့ရ၏။ မသေဘဲ ကြွင်းကျန်ရစ်သော စစ်သည်တပ်သားများနှင့် ဆင်၊ မြင်း၊ လက်နက်ကိရိယာများကို ဝါရီရူမင်းကိုယ်တိုင်ထွက်၍သိမ်းယူ၏။ သို့နှင့် မုတ္တမတွင် လူသူလက်နက်အင်အားများစွာ တိုးပွားလာ၏။



ထိုခေတ်က ပဲခူးသည် ပုဂံလက်အောက်ခံ ဖြစ်၏။ ပုဂံကို အခွန်တော်ဆက်ရ၏။ ပဲခူးသားတို့သည် ပုဂံတွင် အချိန်ပိုင်း တာဝန်ထမ်းဆောင်ရ၏။ တာဝန်ချိန်ပြီးသောအခါ ပဲခူးသို့ ပြန်ခွင့်ရ၏။ ထိုစဉ်က ပဲခူးသူ မွေ့ကြကစ်တွင် အခမန်း မည်သော သားတစ်ယောက်ရှိ၏။ အခမန်း သာမဏေဝတ်စဉ်က ကျောက်ပြားတစ်ခုပေါ်တွင် အမြဲအပေါ့သွားလေ့ရှိ၏။ တစ်နေ့ အပေါ့သွားစဉ် ကျောက်ပြားပေါက်သွား၏။ ယင်းကိစ္စကို ဆရာတော်အား လျှောက်ထား၏။

ဆရာတော်က-

"မောင်ရှင်သည် ဘုရင်ဖြစ်မည့် လက္ခဏာပါသည်။ နောင်အခါ အကြီးအကဲဖြစ်လိမ့်မည်"

ဟု နိမိတ်ဖတ်၏။

နိမိတ်ကောင်းရသဖြင့် လူထွက်ပြီး မတယောက်သမီးကို တောင်းရမ်း၏။

မတယောက်က-

"ပုဂံတွင် ငါ့ကိုယ်စား တာဝန်ထမ်းဆောင်ပေးလျှင် သမက်အဖြစ် လက်ခံမည်"

ဟု ဆို၏။

အခမန်းလည်း တာဝန်ယူပါမည်ဟု ကတိပြု၏။ မတယောက်လည်း နှုတ်ကတိကို မယုံကြည်သဖြင့် စာချုပ်တစ်စောင်ရေးရန် ပြော၏။ အခမန်းလည်း စာချုပ်ကို ဤသို့ရေး၏။

'ယောက္ခမအမှုထမ်းလျှင် သမက်





www.burmeseclassic.com

www.burmeseclassic.com

အိမ်စောင့်ရမည်၊ သမက်အိမ်စောင့်လျှင် ယောက္ခမအမှုထမ်းရမည်'

ယင်းစာချုပ်ကို သုံးကြိမ်ဖတ်ပြ၏။ လူအများက စာချုပ်၏ အနက်အဓိပ္ပာယ်ကို မတွေးကြဘဲ ယောက္ခမတစ်ကြိမ်၊ သမက်တစ်ကြိမ် အမှုထမ်းရမည်ဟုသာ ထင်ကြ၏။

မတယောက်လည်း စာချုပ်ကို သိမ်းထားပြီး သမီးကို အခမန်းနှင့် ပေးစား၏။ ထို့နောက် သမက်ကို အိမ်စောင့်ထား၍ မတယောက် ပုဂံတွင် အမှုထမ်း၏။ တာဝန်ပြီးဆုံးသောအခါ ပဲခူးသို့ ပြန်လာ၏။ နောင်အမှုထမ်းဆောင်ရမည့်အလှည့်ရောက်သော် ပုဂံသို့ သွားရောက် အမှုထမ်းရန် သမက်အားပြော၏။ သမက်က စာချုပ်ကို ဖတ်ကြည့်ရန် ပြော၏။ မတယောက်လည်း သမက်အိမ်ကမခွဲလိုသဖြင့် ထိုသို့ပြောသည်ဟု ထင်၏။ သမက်ကို ငဲ့သောအားဖြင့် ပုဂံတွင် အမှုထမ်းရန်သွားပြန်၏။ ထိုသို့ (၄) ကြိမ်မြောက်ရှိသောအခါ သမက်ပြောသည့်အတိုင်း စာချုပ်ကိုဖောက်ဖတ်ကြည့်၏။ စာချုပ်တွင် သမက်က အမြဲတမ်း အိမ်စောင့်ရ၍ ယောက္ခမမှာ အမြဲအမှုထမ်းသွားရမည်ဟု ရေးထားသည်ကို နားလည်လာရ၏။

အခမန်းလည်း ယောက္ခမအား ထိုမျှလှည့်စားရသည်ကို အားရကျေနပ်သွား၏။ သည့်ကြောင့် မိမိပုဂံတွင်သွားရောက်အမှုထမ်းမည်ဆိုပြီး မယားအားစားနပ်ရိက္ခာပြင်စေ၏။ ထိုညတွင်ပင် အာခမန်းအိပ်မက်ဆန်းတစ်ခုမြင်မက်၏။

အိပ်မက်တွင် ပထမပုဂံနှင့် ပဲခူးကို ခြေတစ်ဖက်စီနင်းထား၏။ သည့်နောက် ပဲခူးကို ခြေနှစ်ဖက်စလုံးနင်းထားပြန်၏။ အခမန်း လန့်နိုးပြီး နံနက်မိုးသောက်သော် နိမိတ်ဆရာတစ်ဦးအား အိပ်မက်ကို ပြောပြ၏။ ပဲခူးကို အုပ်စိုးရမည်ဟု နိမိတ်ဆရာဆို၏။ အခမန်း အလွန်ဝမ်းမြောက်သွား၏။

အခမန်း တာဝန်ထမ်းဆောင်ရန် ပုဂံသို့ရောက်သောအခါ ဘုရင့်လှေတော်ကို လှော်ခတ်ရ၏။ တာဝန်ထမ်းဆောင်ရာ၌ အခမန်းသည် ထကြွလုံ့လ





www.burmeseclassic.com

www.burmeseclassic.com

ရှိ၏။ စောစောစီးစီးထ၍အလုပ်လုပ်တတ်၏။ အိပ်ရာမှနိုးလွယ်၏။ အမှုကိစ္စကို မအိပ်မနေ ဆောင်ရွက်တတ်၏။ ရိုးသားဖြောင့်မတ်၏။ ဘုရင်ကပင် အခမန်းကို ချီးကျူးရ၏။ လှေလှော်ရာတွင်လည်း လှော်တက်ကျိုးအောင် အားစိုက်လှော်သဖြင့် ဘုရင်က ဆုလာဘ်ချီးမြှင့်ရ၏။ တာဝန်ကုန်ဆုံး၍ ပဲခူးသို့ ပြန်သောအခါ ဘုရင်က အခမန်းကို ပဲခူးတွင် ရာဖြတ်အရာရှိအဖြစ် ခန့်ထား၏။

အခမန်းသည် ပဲခူးတွင် ကုန်သည်များထံမှ အခွန်ကောက်ခံရ၏။ ကုန်စည်နှင့်ပတ်သက်သည့်မှုခင်းများကို စီရင်ဆုံးဖြတ်ရ၏။ သည်အခွင့်အာဏာများကို ရရှိလာသောအခါ အခမန်း စိတ်ကြီးဝင်လာ၏။ ယောက္ခမနှင့်သော် လည်းကောင်း၊ ဩဇာရှိသောမြို့မျက်နှာဖုံးများနှင့်သော် လည်းကောင်း တည့်အောင်ပေါင်း၏။ သည့်နောက် ဗဂိုးတွင် မြို့ပြကျုံးမြောင်းခံတပ်များကို ခိုင်ခံ့စွာ တည်ဆောက်၏။

သက္ကရာဇ် ၆၄၇ တွင် အခမန်း ပုဂံကို ပုန်းစား၍ ပဲခူးမင်းအဖြစ်ခံယူ၏။ ပုဂံဘုရင် လွန်စွာအမျက်ထွက်၏။ ထို့ကြောင့် သမက်တော် စေတသူကြီးကို ပဲခူးသို့ချီစေ၏။ စေတသူကြီး စစ်ချီလာချိန်တွင် အခမန်း မြို့ပြကျုံးမြောင်းပြုပြင်စီရင်၍ မပြီးသေး။ ပြင်ဆင်ချိန်ရအောင် ပရိယာယ်ဆင်ရ၏။ စေတသူကြီးတပ်များ စောစောစီးစီးရောက်မလာနိုင်အောင် လှည့်စားရန် ကြံစည်ရ၏။ လှည့်စားဟန်ကား မိမိယောက္ခမကို ကျောက်ခွဲအောင်ရိုက်စေ၏။ ယောက္ခမဖြစ်သူ မတယော့က်လည်း ဒဏ်ရာကြီးကြီးကျယ်ကျယ်ရထားသည့်အလား ပရိယာယ်ပြု၍သွားလေ၏။

မတယော့က်ကိုမြင်လျှင် စေတသူကြီး အကျိုးအကြောင်းမေး၏။

"ကျွန်တော်မျိုးသည် အခမန်း၏ ယောက္ခမဖြစ်ပါသည်။ ပုဂံကို ပုန်းစားသည်ကို မနှစ်သက်၍ တားဆီးမိသဖြင့် ကျွန်တော်မျိုးအား ဤမျှ နှိပ်စက်ညှဉ်းဆဲပါသည်။ ကျွန်တော်မျိုး သေဘေးမှ လွတ်အောင် မနည်းပြေးခဲ့ရပါသည်။ ကျွန်တော်မျိုးကို ကယ်ပါ"

ဟု မတယော့က် ငိုယို၍ဆို၏။

စေတသူကြီးလည်း -

"သည်ကိစ္စထားဦး၊ ပဲခူးကို အမြန်ဆုံးရောက်ဖို့ မင်းငါ့ကိုလမ်းပြပါ"

ဟု ပြော၏။

"ကျွန်တော်မျိုးတာဝန်ထားပါ"

ဟု မတယော့က်ဆိုပြီး လမ်းဖြောင့်မသွားဘဲ ခရီး ကကြာန်းရှာသော တောထူသည့်လမ်းက ခေါ်ဆောင်သွား၏။ ထို့ကြောင့် နှစ်ညကြာမှ ပဲခူးကို ရောက်၏။

အခမန်းလည်း စေတသူကြီး ဝင်လာသည့် ပဲခူးအရှေ့တံခါးမျက်နှာချင်းဆိုင်တန်ဆောင်းအတွင်းတွင် ဘုရင်ရုပ်နှင့် သားမြီးယပ်ကိုင်သော ကျွန်ရုပ် (၄) ကို ထုလုပ်ထား၏။ အရှေ့တံခါးမှ ဝင်လာသည့်စေတသူကြီး ဘုရင်ရုပ်ကိုမြင်သော် လေးနှင့်ပစ်၏။ ဒေါသတကြီးပစ်သဖြင့် လက်သည်းပင်ကွဲ၏။

ထိုအခါ အခမန်း ဝင်လာပြီး ကျွန်ခံဟန်ပြု၏။

"ဤအရုပ်သည် အရှင်မင်းကြီးကို ရည်စူး၍ ကျွန်တော်မျိုး ထုလုပ်ထားပါသည်။ အရှင်မင်းကြီးကို ကြိုဆိုပါသည်"

ဟု ဆိုပြီး လက်ဆောင်ပဏ္ဏာနှင့် အဆိပ်ရည်စိမ်ထားသော ဆတ်သားခြောက်ကို ဆက်သ၏။ စေတသူကြီးလည်း မိမိအား အမှန်တကယ် ကျွန်ခံ၍ဆက်သည်ထင်သဖြင့် သံသယကင်းစွာ လက်ခံ၏။ စေတသူကြီးသည် ဆတ်သားကို အလွန်နှစ်သက်မက်မောသူ ဖြစ်၏။ သည့်ကြောင့် ဆတ်သားခြောက်ကို ရလျှင် မီးဖုတ်စေပြီး အရက်နှင့်မြည်းကြ၏။ ထိုညမှာပင် အဆိပ်တက်၍ စေတသူကြီးသေ၏။ မသေဘဲကျန်ရှိသူများက စေတသူကြီးကို မီးသင်္ဂြိုဟ်၍ အရိုးကို မြေမြှုပ်ကာ 'မင်းကြီးနေရစ်တော့ ကျွန်ုပ်တို့ သွားတော့မည်' ဟု ဆိုပြီး ကန်တော့ကြ၏။ သည့်နောက် ပုဂံသို့ ပြန်ကြ၏။ ထိုအချိန်မှစ၍ ပဲခူးအရှေ့တံခါးကို 'နေတော့တံခါး' ဟူ၍လည်းကောင်း၊ 'နေရစ်တံခါး' ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့ကြ၏။

စေတသူကြီး၏ စစ်သည်တော်များ ပုဂံသို့ပြန်ရောက်သောအခါ စေတသူကြီးကျဆုံးကြောင်း ပုဂံမင်းအား လျှောက်တင်၏။ ပုဂံမင်းလည်း သမက်တော် မင်းချစ်သခကို ပဲခူးသို့ချီစေပြန်၏။ သို့သော် အခမန်းကို မနိုင်သဖြင့် တပ်ခေါက်ပြန်ခဲ့ရ၏။ သည့်နောက်ပိုင်း ပုဂံသည် ပဲခူးကို ဆက်မတိုက်ဘဲ သည်အတိုင်းထားလိုက်၏။

တစ်နေ့သောအခါ အခမန်း၏ ယောက်ဖတော် လက္ခယာဗျူသည် ပျဉ်ထောင်အိမ်တစ်ဆောင် ဆောက်လုပ်ပြီးစီး၍ အိမ်တက်မင်္ဂလာ အခမ်းအနားကျင်းပ၏။ ထိုအခမ်းအနားသို့ ပေါက်ရောက်ရန် ယောက်ဖတော် အခမန်းကို ဖိတ်ကြား၏။ အခမန်းလည်း ယောက်ဖတော်ကို မြှောက်စားသည့်အနေဖြင့် တက်ရောက်လာ၏။ လက္ခယာဗျူသည် လက်ဆောင်ပဏ္ဏာများကို စီရင်ထားသော်လည်း မျက်နှာမပြုဘဲနေ၏။ အခမန်း သံသယဖြစ်ပြီး ယောက်ဖတော်၏ အိမ်သည် ငါ့အိမ်နှင့်မတူဆိုပြီး ရုတ်တရက်ပြန်ထွက်သွား၏။ မိဖုရားလည်း အဘယ်ကြောင့် ပြန်ထွက်သွားသည်ကို နှစ်ကြိမ်၊ သုံးကြိမ်မေး၏။ သို့သော် အခမန်း ပြန်မဖြေ။

ထိုအကြောင်းကို လက္ခယာဗျူ ကြားရ၏။

'အခမန်း ငါ့ကို စိတ်ပျက်နေပြီ၊ ငါကြာကြာနေရမည်မဟုတ်'

ဟု စိတ်ထဲကဖြစ်လာ၏။ သည့်ကြောင့် မိမိကျွန်များအား လက်နက်လျှို့ဝှက်ယူဆောင်လာစေပြီး အခမန်းနောက်လိုက်သွားကြ၏။

လက္ခယာဗျူနှင့် ကျွန်များ လက်နက်ကိုယ်စီနှင့် လိုက်လာသည်ကိုမြင်လျှင် လက္ခယာဗျူ ထိတ်လန့်တုန်လှုပ်ချောက်ချားသွား၏။ သည့်ကြောင့် မိမိကိုမသတ်ရန် လက္ခယာဗျူအား တောင်းပန်၏။ သို့သော် မရ။ လက္ခယာဗျူ လက်ချက်ဖြင့် အခမန်း သေပွဲဝင်ရှာ၏။ ပဲခူးတွင် လက္ခယာဗျူကို အမတ်မတယော့က် မနှစ်မြို့။ သည့်ကြောင့် သမက်တော်အချဲမွန် (အချေဟ်မန်) ကို ခေါ်လိုက်၏။ ထိုအချိန်တွင် အချဲမွန်နှင့် အပေါင်းအပါ လူတစ်ထောင်တို့သည် ကျိုက်မွေခေါင် (ကျာ်မော့ံခိုင်) စေတီတည်နေ၏။ ဘုရားမပြီးသေးသော်လည်း ယောက္ခမခေါ်၍ အချဲမွန် ပြန်လာ၏။ ပဲခူးရောက်သော် အမတ်မတယော့က်၏အစီအမံဖြင့် လက္ခယာဗျူကို အချဲမွန် သတ်ပြန်၏။ လက္ခယာဗျူ ပဲခူးတွင် ရှစ်ရက်သာ နန်းစံရ၏။ အချဲမွန်သည် တရဖျား (တရာဗညာ) အမည်ခံ၍ ပဲခူးကို အုပ်စိုးပြန်၏။

ဗဂိုးတွင် တရဖျား မင်းပြုနေစဉ် မုတ္တမတွင် ဝါရီရူမင်းနန်းစံနေ၏။ မင်းနှစ်ပါးသည် အပြန်အလှန် သံတမန်စေလွှတ်ကြ၏။ တရဖျား၏သမီး ရှင်စောလှကို ဝါရီရူထံ ဆက်သ၏။ ဝါရီရူ၏သမီး နှင်းသိန်ဒျာကို တရဖျားထံ ဆက်သ၏။ မင်းနှစ်ပါးသည် အချင်းချင်း သမီးပေး သမီးယူ မိတ်ဖွဲ့ကြ၏။ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ကြ၏။ တစ်[illegible] ၏ ရန်စစ်ကို တစ်ဦးက ကူညီရမည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကတိသစ္စာပြုကြ၏။ စာချုပ်စာတမ်း ချုပ်ဆိုထားကြ၏။

ဆိုခဲ့သည့်အတိုင်း ထိုစဉ်က ပုဂံပြည့်ရှင်ကား နရသီဟပတေ့ တရုတ်ပြေးဖြစ်၏။ နရသီဟပတေ့သည် အမတ်ကြီးရာဇသင်္ကြံကို တပ်မင်းခန့်၍ ဒလမြို့ကို သိမ်းကြံစေ၏။ တူတော်မင်းချစ်စောအား ဝါတနောကို ဝိုင်းရံစေ၏။ ထိုအခါ တရဖျား ကြောက်ရွံ့သဖြင့် မုတ္တမမင်း ဝါရီရူ ထံ စစ်ကူတောင်း၏။ ဝါရီရူမင်းလည်း အင်အားအလုံးအရင်းဖြင့် ဗဂိုးကို စစ်ကူ မန်း အပြင်းချီတက်လာ၏။ ထိုနှစ်တွင် တပ်ဆိုက်သဖြင့် လူအများအပြား မျှစ်နှင့် ကျွေဥများကိုသာ စားရ၏။ ပဲခူးတွင် ဝါရီရူမင်းနှင့် တရဖျားမင်းပေါင်း၍ ဝါတနောကို ဝိုင်းတိုက်ကြ၏။ မင်းချစ်စော မခံနိုင်၍ခွာသဖြင့် ဝါတနောကို ရ၏။ ဒလသို့ချီတက်ပြန်ရာ ရာဇသင်္ကြံမခံနိုင်သဖြင့် ဆုတ်ပြေးလေ၏။ ဒလကိုရပြီး ဟင်္သာတသို့ ချီပြန်၏။ ဟင်္သာတစား ငပေါက်ဖြူမခံနိုင်သဖြင့် တိမ်းရှောင်သွားရာ ဟင်္သာတကိုရပြန်၏။ ဟင်္သာတမှ ပြန်လှည့်ပြီး သထုံကို တိုက်ပြန်၏။ သထုံစား ငမြတ်နောက်ကိုမိ၍သတ်၏။ ဝါရီရူနှင့် တရဖျား မင်းနှစ်ပါးညီညွတ်၍ ရာမညပြည်မြို့ပြကျေးရွာနယ်ပယ်တို့တွင် မြန်မာတို့ထားခဲ့ကြသည့် မြို့စားနယ်စားများကို တိုက်ခိုက်အောင်နိုင်လိုက်ကြ၏။

ထိုသို့ တိုက်ခိုက် အောင်မြင်ပြီးနောက် တရဖျားနှင့် ဝါရီရူမင်းနှစ်ပါး တပ်ရုပ်၍ လှာခေါင် (မော်လှာခိုင်-အင်းလျားကြီး) လမ်းကြောင်းဖြင့် ပြန်လာကြ၏။ မွေ့လှာခေါင်တွင် စခန်းချစဉ် တရဖျားက အကောက်ကြံလို၍ -

"အဆွေတော်ဝါရီရူမင်းနှင့်အဆွေတော်၏သူရဲများကကူညီသဖြင့် ကျွန်ုပ်တို့ ဤကဲ့သို့အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။ အဆွေတော်နှင့် သူရဲကောင်းများကို ကျွန်ုပ်ကျွေးမွေးပြုစုလိုပါသည်။ မဟာမိတ်အဖြစ် ကျွန်ုပ်တို့ မင်းနှစ်ပါး အောင်ပွဲခံပျော်ရွှင်လိုပါသည်"

ဟု ဆို၏။

ဝါရီရူမင်းသည် တရဖျားကို ယုံကြည်သဖြင့် စိတ်ရင်းစေတနာကောင်းဖြင့်ပြောသည်ဟု မှတ်၏။ သည့်ကြောင့် ထိုစခန်းတွင် တပ်ချ၍ စောင့်နေ၏။ တရဖျားလည်း ပဲခူးမြို့တွင်းသို့ဝင်ပြီး ရှိသမျှ ရသမျှ သူရဲသူခက် ကုလားဗာရီ အင်္ဂလိမျိုးများပါမကျန် သေနတ်ကိုင်များပါ စစ်အင်္ဂါဖြင့်ဆင်စီး၍ထွက်လာပြီး မွေ့လှာခေါင်စခန်းအနီးသို့ရောက်သော် တောမီးရှို့ကြ၏။

တရဖျား၏ ဧည့်ခံပွဲကို စောင့်မျှော်နေသည့် ဝါရီရူမင်းသည် တောမီးကိုမြင်လျှင် လွင်ပြင်ဘက်ထွက်လာကြ၏။ ရဲတံခွန်အလံတို့ဖြင့် တရဖျားတပ်ချီလာသည်ကို အဝေးကပင် မြင်နေရ၏။ သည်အခါ ဝါရီရူမင်းက -

"တရဖျား သစ္စာဖျက်၍ ငါ့ကို တိုက်ခိုက်သတ်ဖြတ်ရန် လာပြီ"

ဟု ဆိုကာ ရွှေရေတကောင်းဖြင့် မြေသို့ ရေသွန်း၍ -

"စကြဝဠာတစ်သောင်းအတွင်းရှိသည့် ဤပထဝီမြေကြီးကို စောင့်ကြကုန်သော နတ်ကောင်းနတ်မြတ်အပေါင်းတို့ကို ကျွန်ုပ် သက်သေအဖြစ်ထားလို၏။ ကျွန်ုပ်နှင့် တရဖျားတို့သည် မိတ်ကောင်းဆွေကောင်းအဖြစ် ကတိသစ္စာထားခဲ့ကြပါသည်။ တရဖျား၏ ရန်စစ်များကို ကျွန်ုပ်လာ၍ကူညီခြင်းဖြစ်သည်။ အရပ်လေးမျက်နှာစလုံးတွင်ရှိသော ရန်သူဟူသမျှတို့ကို တွန်းလှန်ပေးခဲ့ပြီ ဖြစ်ပါသည်။ တရဖျားသည် ပဲခူးတွင် စိတ်အေးချမ်းသာစိုးစံနိုင်ပါလျက် ကျွန်ုပ်၏ကျေးဇူးကိုမထောက် မိတ် (၁၀) ပါး တရားပျက်ပြီး ကျွန်ုပ်၏ ပျက်စီးရာပျက်စီးကြောင်း အကောက်ကြံလာ၏။ ထိုသို့ အကောက်ကြံရန် လာသည်ဖြစ်ပါမူ ကျွန်ုပ်၏ ပျက်စီးခြင်းသည် သူ့အားတန်ပြန်ဖြစ်ပါစေသတည်း"

ဟု တိုင်တည်အဓိဋ္ဌာန်ပြု၏။

သည့်နောက် ဝါရီရူမင်းသည် တရဖျား စစ်ဆိုက်ရောက်သည်နှင့် ရောက်ချင်း တရဖျားနှင့် ဆင်စီးချင်းတိုက်ကြ၏။ ထိုအခါ ဝါရီရူ၏သူရကော့မှုတ်ရွာသား (မြန်မာမှုတွင် ကော့မှူသောက်) သည် တရဖျား၏ဆင်စွယ်ဖုံးနှင့် နှုတ်ခမ်းဝကြားကို မှိန်းဖြင့်ထိုးလိုက်၏။ ဆင်လည်း နာကျင်၍ပြေးလေ၏။ တရဖျားပြေးသော် ငယ်သားများလည်း ပြေးကြ၏။ ဝါရီရူသည် ကော့မှုတ်ရွာသားအား ဆုမပေးချင်၍ ပိုးလက်ကိုင်ပဝါပစ်ပေးလိုက်၏။ တရဖျားလည်း ကျိုက်ပွန်တောတွင်းသို့ ပြေးဝင်လေ၏။

ဝါရီရူ၏သူရဲများလိုက်၍ တရဖျားကို မိခဲ့၏။ သတ်မည်ပြုရာ သံဃာတော်များ မေတ္တာရပ်သဖြင့် အသက်ချမ်းသာပေးပြီး သားမယားနှင့်တကွ မုတ္တမသို့ ခေါ်ဆောင်လာ၏။ သမီးတော်မျက်နှာကိုထောက်၍ တရဖျား၏အသက်ကို ချမ်းသာပေးခြင်း ဖြစ်၏။ တရဖျားအစား လိုက်ဂီအမတ်အား ပဲခူးစားခန့်၏။ တရဖျား၏ဆင်ကိုထိုးသော ကော့မှုတ်ရွာသားသူရဲကို ထပစ်ဗိုလ်အမတ် (အမာတ်ထပေက်ဗို - ဗိုလ်ထုဖျက်သောအမတ်) ဘွဲ့နှင့် သိန်းခိုစည်တို့ကို ပေးသနား၏။ ထပစ်ဗိုလ်အမတ်၏ မိဖရွာမှ သိန်းခိုစည် (သီဟိုဠ်စည်) တီးလျှင် အရပ်လေးမျက်နှာရှိ စည်သံကြားသမျှ ဒေသအားလုံးကို အပိုင်စားပေး၏။ မုတ္တမသို့ အခွန်ဆက်သခြင်းမှ ကင်းလွတ်ခွင့်ပြု၏။

မုတ္တမသို့ပြန်ရောက်ပြီးများမကြာမီ တရဖျားသည် ဝါရီရူမင်းအား လုပ်ကြံရန် အားထုတ်ပြန်၏။ ဝါရီရူမင်း မြို့လှည့်လည်သောအခါ မီးဖောက်ဖြင့် ပစ်သတ်ရန် ကြံစည်၏။ ထိုအကြံကို မယားဖြစ်သူ မေနှင်းသိန်ဒျာက ခမည်းတော်အား လျှောက်ထား၏။ ဝါရီရူမင်း အလွန်ဒေါသထွက်၏။

"ပဲခူးအနီးတွင် ငါ့ကိုသစ္စာဖောက်၍ သတ်ရန်ကြံပြီး ထိုအခါကပင် သေတန်သော်လည်း သံဃာတို့ မေတ္တာရပ်သဖြင့် သူ့အသက်ကိုငါလွှတ်သည်။ ငါ့သမီးမျက်နှာကိုထောက်၍ ငါနှင့်အတူထားသည်။ ယခု ငါ့အား ပြစ်မှားရန် ကြံပြန်ပြီ။ သူ့ကိုထား၍မဖြစ်တော့ပါ"

ဟုဆို၍ သူသတ်သမား ပါးကွက်အာဏာသားလက်သို့ အပ်လိုက်လေ၏။ သမီးဖြစ်သူ တောင်းပန်သော်လည်း ချမ်းသာမပေးတော့။ သမီးဖြစ်သူ မေနှင်းသိန်ဒျာသည် လင်ဖြစ်သူ တရဖျားကို ချစ်လွန်းသဖြင့် ဆံပင်ချင်းဆက်ကာနေ၏။ သူသတ်တို့က မသတ်ဝံ့။

"အရှင့်သမီးတော်ဆံနှင့် တရဖျားဆံ ဆက်၍နေကြသဖြင့် ကျွန်တော်မျိုးတို့ မဆွဲထုတ်ဝံ့ပါ"

ဟု သူသတ်တို့လျှောက်၏။

ဝါရီရူမင်းလည်း -

"ငါ့သမီးဆံကိုလွှတ်စေ။ သင်းဆံရင်းကဖြတ်၍ ဆွဲထုတ်ပါ။ တရဖျားကို နောက်ထပ်ငါမမြင်လို"

ဟု မိန့်၏။

သူသတ်တို့လည်း အမိန့်အတိုင်း တရဖျားဆံရင်းကဖြတ်၍ကွပ်၏။ မေနှင်းသိန်ဒျာတွင် တရဖျားနှင့်ရသော သားနှစ်ယောက်ရှိ၏။ ဘိုးတော်က ချစ်၍ ရှင်ကြီး၊ ရှင်ငယ်ဟု မှည့်၏။ အဖကိုသတ်ပြီးသော်လည်း မြေးနှစ်ယောက်ကို ချစ်လွန်းသဖြင့် အပါးတွင်ခစားစေ၏။

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

# နေညိုညို ရေဝိုဝိုနှင့် ပေပျို

နေဝိဇ္ဇာ



**နိဒါန်း**

ချောင်းရေက မိုးဦးကျပြီဆိုလျှင် တဝေါဝေါနှင့် အသံပေးနိုးထလာသည်။ အထက်ပိုင်း တောင်ကုန်းတောင်ကြား တွေဆီကနေ အောက်ဘက်အနိမ့်ပိုင်းသို့ စီးဆင်းလာနေသောကြောင့် ရေ အဟုန်ကပြင်း၏။ သစ်တုံး၊ ဒိုက်၊ သစ်ပင်၊ သစ်ခက်တို့ကလည်း ရောပြွမ်း လျက်။ သည်အချိန်ဆိုလျှင် မည်သူ တစ်ဦးတစ်ယောက်မျှ ဖြတ်မကူးဝံ့ကြ။ မြစ်တွေသာအကွေ့အကောက်များသည် မဟုတ်။ သည်ချောင်းကဖြင့် ပစောက် ကွေ့ပင်မကဘဲ ယပက်လက်ကွေ့မျိုး၊ ဂငယ်ကွေ့မျိုး အစုံရှိနေတော့သည်။ ပုလောမြို့နှင့် လှည်းကျွန်းဝရွာကလေး ပါ၏။ တိမ်သယောင်နှင့်နက်၏။ နတ် သည့်ထင်ပေမယ့် တိမ်နေတာတ်၏။ ကြ တော့ သည်ချောင်းဘေးတစ်လျှောက် ချောင်း၏ တစ်ဖက်ကမ်းမှာ ရင်ခွန်စေ တော့လာမ်းလေးက မထင်မှတ်တဲ့အ မျိုးမှာ အမှတ်တမဲ့ ပေါ်ပေါ်လာတ သည်။ နေညိုညိုအချိန်မျိုးရောက်

က အနီးကလေးရယ်။ ဆိုင်ကယ်နှင့်သွား လျှင် (၁၀) မိနစ်ကျော်ရုံလေးရှိသော် လည်း စက်လှေနှင့်ဆိုလျှင်တော့ ဖျင် နေအောင်စီးရလိမ့်မည်။ မညီညာသော တောင်ကုန်းတွေအကြား ကွေ့ဝိုက်စီး ဆင်းရတော့ ချောင်းကတချို့ကျဉ်း တစ်နေရာကျတော့ကျယ်နှင့်မို့ သွားလာ ရအလွန်ခက်၏။ နောက် လှည်းကျွန်း ချောင်းက မာယာများ၏။ ဝက်နွှတွင်



www.burmeseclassic.com

www.burmeseclassic.com

ဦးဆိုလျှင် ရေစိုစိုနှင့် မေပျို့ချောချောလေးတစ်ယောက်ကို မြင်မြင်လာရသည်။

ဟော - သူမ၊ သူမ တက်လာသေပြီ။


*

ကျော်စိုးတစ်ယောက်သည် ခနိတော၌နေလာသည်မှာ ကြာပြီ။ အရင်က အဖေသာ ဦးစီးလုပ်ကိုင်ခဲ့သည်။ သူလူပျိုဖြစ်လာစမှာတော့ အဖေ့ရင်ကျပ်ပန်းနာရောဂါက ပိုဖောက်လာသဖြင့် အနားပေးစေပြီး ကျော်စိုးတစ်ဦးတည်း ဦးဆောင်လာခဲ့သည်။ ခုတော့ ငါးမိုးပင်ကျွတ်ခဲ့ပြီကော။

အိမ်တွင် ကျော်စိုးက အကြီးဆုံး။ သူ့အောက်က ညီမနှစ်ဦးနှင့် ညီငယ်အထွေးတစ်ယောက်၊ မိဘနှစ်ပါးနှင့်ဆို မိသားစုခြောက်ဦး။ အစ်ကိုကြီး အဖအရာ ဆိုသည်နှင့်အညီ ကျော်စိုးမှာ ပင်ပန်းလှသည်။ ခနိတောတာဝန်တွေကိုတော့ ညီမတွေပေးမခိုင်းရက်။ သက်သောင့်သက်သာအလုပ်မျိုးဘက်လွှဲထားရသည်။ တကယ်တော့ ခနိပျားကျို (ခနိတင်လဲချက်)အလုပ်က ထန်းသမားဘဝနှင့်မခြားနားလှ။ ထန်းက အပင်ပေါ်တက်ပြီး ထန်းရည်ခံရသည်။ ခနိကတော့ လတာနွံပြင်ထဲသို့ တဗွမ်းဗွမ်းနင်းကာ တစ်ပင်မှတစ်ပင်ကူး၍ ဒေါင်ချာစိုင်းအောင် ခနိရည်ခံရသည်။ နောက် ထန်းပင်လို သီးခိုင်နုနုတွေကို ညှပ်ရ၊ လှီးရ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆင်းရ၏။ မိုးမလင်းမီ အိပ်ရာထ၍ ခနိရည်သိမ်းရ၏။ ဖိုကြီးတွေနှင့်ရရှိသော ခနိရည်များအား ပျစ်ခဲအောင် ကျိုချက်ခြင်းဖြင့် နေ့စဉ်လည်နေတော့၏။

သည်နေ့တော့ ပျားပုံးများကိုပို့ရန် အိမ်သို့ လှေနှင့်ကူးခဲ့သည်။ အိမ်ကချောင်းကမ်းနှင့် သိပ်မဝေးပါ။ လှေဆိုက်ပြီး ပျားပုံးများကို အိမ်အောက်သို့ သယ်ယူချထားပြီးသည်နှင့် -

"သားကြီးရေ၊ မနေ့ညနေက နေအေး ရောက်လာတယ်။ သားက တစ်ဖက်ကမ်း ခနိတောမှာနေတယ် ပြောပြလိုက်လို့ သည်နေ့နေ့ခင်းဘက် ကူးလာမယ်တဲ့"





www.burmeseclassic.com

www.burmeseclassic.com

"လမ်းဆုံက သားတို့အစ်ကို နေအေးလား အမေ"

"အေးပေါ့ သားရဲ့။ သားအစ်ကိုက ဟိုဘက်နိုင်ငံရဲ့ ထီဆုတစ်ခုပါပေါက်ခဲ့သတဲ့။ အမေ့ကိုလည်း ကန်တော့သွားသေးတယ်"

သတင်းကောင်းတစ်ပုဒ်ပင်။ အမေနှင့် နေအေးအဖေက မောင်နှမအရင်းတွေဖြစ်ပါသည်။ နေအေးက ကျော်စိုးထက် လေးလကြီးပါသည်။ အရွယ်ရောက်စ ဆယ်တန်းဖြေအပြီးမှာပင် နေအေးတစ်ယောက် သူ့အမေဘက်က ဆွေမျိုးတော်သူတစ်ဦးနှင့် ကော့သောင်းမြို့တစ်ဖက်ကမ်းတွင် သွားရောက်အလုပ်လုပ်ပါတော့သည်။ ပြီးခဲ့သည့် သုံးနှစ်ကျော်ခန့်က ရွာသို့တစ်ခေါက်ပြန်လာခဲ့သည်။ သိပ်အဆင်မပြေဟု နေအေးဆိုခဲ့သေး၏။ ငါးဖမ်းလှေပိုင်းဆိုင်ရာ အင်ဂျင်စက်များအကြောင်း လေ့လာသင်ယူနေသည်။ တက်ကျွမ်းလျှင် ဝလပ်သင်္ဘောတွင် အင်ဂျင်ဆရာလုပ်ရင်းပင်လယ်မှာပျော်တော့မည်ဟု မပြန်မီ နေအေးကပြောခဲ့သည်ကို အမှတ်ရနေမိသည်။

"အမေ ဒါဆိုရင် အစ်ကို့အတွက်ရော စားစရာတွေ ဝယ်သွားဦးမှဖြစ်မယ်"

"အမေစီစဉ်ပြီးသားပါ။ ညထဲက မိဝေချက်ထားတဲ့ဟင်းတွေ အဆင်သင့်ပဲ"

ညီမဖြစ်သူ မိဝေချက်ထားသည့် ကြက်သားအိုးနှင့်အတူ လိုအပ်ရာယူပြီး လှေဆီဆင်းခဲ့သည်။ကျော်စိုးနှင့်နေအေးက ဝါသနာချင်းမတူ။ ကျော်စိုးက မိဘရပ်ထံကနေ တစ်ဖဝါးခွာမသွားချင်။ လှည်းကျွန်းဝနယ်လေးတွင်သာလျှင် ရိုးရာအလုပ်တွေနှင့် ဘဝကိုမွေ့လျော်နေသူ၊ နေအေးကဖြင့် နာမည်လိုက်အောင် လူပုံကအေးသည်။ ရည်မှန်းချက်မြင့်သည်။ သူ့ထံက စကားတစ်ခွန်းပြောထွက်ဖို့ ခက်ခဲသည်။ အများစကားသံတွေကိုပဲ သူကနားထောင်လေ့ရှိသူ။ ပြီးတော့ ကိုယ့်ရပ်ကိုယ့်ဒေသတွင် မမွေ့လျော်။ တခြားတွင် စွန့်စားချင်သည်။ ဆိုရလျှင် နေအေးတို့မိသားစုမှာ မချောင်လည်ကြသော လက်လုပ်လက်စားဘဝ။ ရွာပြန်လာပြီးနောက်ပိုင်းမှာ နေအေးက သူ့မိဘများထံ ပုံမှန်ထောက်ပံ့ပို့ပေးနေသည်ကိုတော့ ကျော်စိုးသိပါ၏။ အေးလေ - ဒါကြောင့် သူ့ညီမ ခင်မိုးအေးပင် ဘွဲ့ယူပြီး အလုပ်ဝင်နေလေပြီ။ တွေ့မှပဲ အကြောင်းစုံမေးရတော့မည်။

ကျော်စိုးတစ်ယောက် စဉ်းစားရင်း တစ်ဖက်ကမ်း ပြန်ကူးခဲ့သည်။ ချောင်းက ကျယ်သော်လည်း ရေကခဲတစ်ပစ်သာသာ။ အလယ်မှာလည်း ကျောက်ဆောင်တွေက ထိုးထိုးထောင်ထောင်နှင့် လှေကို ကွေ့ပတ်လှော်ရ၏။ နေ့စားငှားထားသည့် ဝက်တိုးရွာက ကိုကျော်ကြီးလင်မယားတော့ ပြန်သေးမည်မထင်။ ထင်းတစ်စည်းလောက်မှာခိုင်းမှဖြစ်မည်။ ပျားချက်ဖို့က ထင်းနည်းနေပြီ။

✳

အစ်ကိုလာလျှင် အသင့်ပင်ရှိတာနှင့်တော့ ကျော်စိုးတစ်ယောက် စီစဉ်ထားလိုက်သည်။ ခနိခါးရည်ပါ အရန်သင့်။ ငယ်တုန်းကတော့ နေအေးက လက်ဖက်ရည်ပင်မသောက်။ အကျင့်စွဲသွားမှာစိုးလို့ဟုပြောပြီး ရှောင်တတ်သည့် တကယ့်ပုဂ္ဂိုလ်လေး။ မျှော်နေရင်းနှင့်ပင် ကိုကျော်ကြီးလင်မယားနှင့်အတူ ချွေးတလုံးလုံးနှင့် ပျားကျိုနေရသည်။ သည်တစ်ဒယ်ကျလျှင် တစ်နေ့တာကိစ္စပြီးပြီ။

နေ့ခင်း(၂)နာရီကျော်မှ ညီမမိဝေလိုက်ပို့၍ နေအေး ပေါက်ချလာပါတော့သည်။ မိဝေက တဲအတွင်းရှိ ကျိုပြီးသားပျားပုံးများကိုယူပြီး တန်းပြန်သွားသည်။ ဥရောပသူတို့နှစ်သက်စေသော ညိုညို့ခံ့ခံ့မောင်းမောင်းကြီးအဖြစ် ပြောင်းလဲလာသည့်နေအေး၏ ပင်ကိုငယ်ရုပ်ကို မနည်းပုံဖမ်းယူခဲ့ရသည်။ တဲဝတွင် ဆီးကြိုပွေ့ဖက်ရင်း -

"ဟာ - အစ်ကို မျှော်လိုက်ရတာကွာ။ ငါကဖြင့် လာမှလာတော့ပါ့မလားလို့။ ရုပ်က အတော်ပြောင်းလဲနေပါလား"

"အေးကွာ၊ ရုပ်ပုံရွာထဲက သူဌေးမကြီးဒေါ်ပညာအိမ်ကို ပစ္စည်းတွေသွားပို့နေရတဲ့အတွက် ကြာသွားတယ်။ အင်း - မင်းကတော့ အရင်အတိုင်းပါပဲနော်"

ပြောပြီး ခေါင်းရင်းရှိကုလားထိုင်တွင် ဝင်ထိုင်ရင်းနှင့် ကျောပိုးအိတ်ကို ဆွဲဖွင့်နေသည်။

"ဟင်းဟင်း-နောက်သီတင်းကျွတ်ဆိုရင်တော့ တစ်မျိုးပြောင်းလိမ့်မယ်ထင်တယ်။ အစ်ကိုကော ဘယ်လိုလဲ။ ဟိုမှာထီပေါက်ခဲ့တယ်ဆို"

"ရော့ကွာ၊ ဒါတွေ မင်းဝတ်ဖို့ ရှမ်းကမ်း(ထိုင်းနိုင်ငံ)က ဝယ်ခဲ့တာ။ ဂျင်းတစ်စုံနဲ့ (T.W.Z) ဟန်းဖုန်း။ ထီတွေဘာတွေ ငါဝါသနာမပါဘူးကွာ။ ငါတို့လုပ်တဲ့ ဝလပ်ငါးဖမ်းလှေက ဦးစီးအားလုံးတို့ ရနောင်းမှာနေတဲ့ ရှမ်းသူဌေးက လစဉ်တိုင်း သူနဲ့စပ်တူတစ်ယောက်စီကို ဖြတ်ပိုင်းထီလက်မှတ်တွေ ဆုအဖြစ်ပေးတတ်တယ်။ ငါလိုက်ဖူးတဲ့နှစ်တွေကြာပြီပေါ့။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အကုန်ကျမှ ငါ့နဲ့ ရှယ်ယာဖြတ်ပိုင်းက နည်းနည်းပါးပါး ကံစပ်ပြီး ပေါက်တာကွ။ ကဲ - ဒါတွေ ထားပါကွာ၊ ဘယ်မလဲ။ ယူခဲ့"

ပြုံးလျက် လက်မကို ထောင်၍ နှုတ်ခမ်းဝရှေ့တော့ပြသည်။ နေအေးရဲ့ လက်မှာ ဟမ်းချိန်းဘတ်ကြိုးကြီးက ဝင်းခနဲ။ ကျော်စိုးလည်း ဘာမှမတုံ့ပြန်တော့ဘဲ ကျည်တောင့်နှင့် ခွက်ပါချပေးလိုက်သည်။ သူပေးခဲ့သောဖုန်းကို လှမ်းယူကာ -

"အတော်ပဲဟေ့၊ မကြာခင် တို့ရွာမှာ ဆင်းကတ်တွေ မဲနှိုက်ရောင်းတော့မယ်။ ငါဝယ်မယ်လို့ စိတ်ကူးနေတာ ကျေးဇူးပဲ အစ်ကို"

"မလိုပါဘူးကွာ၊ ခုလိုတောထဲမှာ အေးအေးဆေးဆေးနဲ့ နေရတာ ငါ ကြည်နူးမိတယ်။ အမြဲတမ်း ပင်လယ်ပြင်ထဲမှာ ဘဝကိုမြှုပ်ထားရတာ။ စာမဖတ်ရ၊ မြေပြင်မတွေ့ရနဲ့ သိပ်ငြီးငွေ့စရာပဲကွ။ အင်း - ကမ်းကပ်တဲ့အခါတွေလည်း ပူလောင်ပြီး ငွေကုန်မယ့်အပျော်မျိုးတွေကိုတော့ ငါမခံစားတတ်ဘူးကွာ"

ဖုန်းထဲက သီချင်းသံခပ်တိုးတိုးနှင့်အတူ ခနိရည်ခါးရောစပ်ပြီး စည်းစိမ်ခံနေသည့် နေအေးအား ကျော်စိုးငေးနေမိသည်။ တကယ်တော့ နေအေးနှင့် သူသည် အသက်က (၂၄) နှစ်ထဲဝင်ခဲ့ကြပြီမို့ ဘဝကသီးကင်းနုရမည့်အရွယ်။ ကျော်စိုးအဖို့က မကြာတော့။ ပင်လယ်ပျော်ကြီးမှာကော။

"အစ်ကို မင်းအိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား"

ခွက်ကို လှည့်ကစားနေသည်။ အတန်ကြာမှ -

"ငါ့အိမ်အတွက်တော့ ပြည့်စုံပါပြီ။ အငယ်ဆုံးညီမလေး ကျောင်းပြီးရင် ငါအိမ်ထောင်ပြုမယ်လို့ စိတ်ကူးထားတယ်။ ဒါပေမယ့် ငါ့မှာ ရည်းစားဆိုလို့"

"ဘာလဲ၊ မူးလို့တောင် ရှုစရာမရှိဘူးလို့ ပြောချင်တာလား"

နှစ်ဦးသား ရယ်လိုက်ကြသည်။

"စစ်ပြင်ကြီး၊ ပုလော၊ သတ်



www.burmeseclassic.com

www.burmeseclassic.com

သည်နယ်က မင်းစိတ်ဝင်စားသူရှိ ပြောလေ။ ဒါမှမဟုတ် ငါရှာပေးရ
"

"ဟေ့ကောင်၊ ငါသည်မှာ အဝေး တ်နေပေမယ့် အားလုံးအကြောင်း ပါတယ်ကွ။ ငါစိတ်ဝင်စားရမယ့် ကလေးတစ်ယောက်မှ မရှိသေးဘူး ဝဲ"

"ဒါဆိုရင်လည်း ထမင်းထုပ်သိုး အထိရှာဦးပေါ့ကွာ။ မတွေ့ရင်လည်း မပူနဲ့။ လှည်းကျွန်းဝဘုန်းကြီး ကျောင်းမှာ သင်္ကန်းဝတ်နေလိုက်ပေါ့"

ဇီဇာကြောင်လွန်းတဲ့ နေအေးကို ပြောလိုက်ကာ ကျော်စိုး ရေတွင်း ထွက်ခဲ့သည်။ အချိန်က ဆောင်းတွင်း သည်။ နေဝင်စပြုလာတော့မည်။ ၊ ထမင်းစားပြီး ကဝက်တိုးရွာသို့ စားဝင်ရဦးမည်။ သည်တစ်ယောက် နောက်ဆုံးဘူတာ။ ကျော်စိုးကဖြင့် သန်းခဲ့ရာ ဘူတာတွေက အစုံအ ခုံမင်စရာအမျိုးမျိုး။ ရေချိုးအပြီး င်းပန်းကန်ပြားထဲ ဟင်းများပုံထည့် နေအေးနှင့် ဝိုင်းထိုင်လိုက်သည်။

"အေး - ဖြည်းဖြည်းစား။ ရော့ - လေးပါသောက်လိုက်ဦး"

ခွက်ကို ယူမော့လိုက်ရင်း -

"အစ်ကို၊ နေရဲပါတယ်နော်။ ငါ နာရီလောက် ပြန်ရောက်မှာပါ"

"မင်းဘာသာမင်း ကြိုက်သလို နေ မပူနဲ့။ မဂ္ဂဇင်းစာအုပ်ဖတ်ရဦး ၊ အိပ်ချင်စိတ်လည်းမရှိပါဘူးကွာ"

ကျော်စိုး ခပ်မြန်မြန်လက်စသတ် ၊ မာတ်မီးကိုဆွဲပြီး တဲအပြင်သို့ တ်လိုက်သည်။ ဘောင်းဘီအိတ်ထဲ ခုန်းကိုနှိပ်ရင်း နေအေးအား တစ်စုံ ခုပြောရန် လှည့်ကြည့်လိုက်စဉ် -

"ဟေ့ကောင် ငေးမနေနဲ့၊ သွားမှာ သွားစမ်း။ သည်လောက်ကလေးနဲ့ သေးဘူး"

ကျော်စိုး လက်ဝှေ့ယမ်းကာထွက် သည်။ သူပြောချင်သည်က နေအေး လည်သည့်ဘာသာတစ်ခု။ ချောင်း င်သို့ မာတ်မီးနှင့် ထိုးကြည့်မိသည်။ မှမမြင်။ ခနိုပင်တို့က မည်းညို့ပိတ် ကျ်။

*

ကျော်စိုးမရှိတော့ နေအေး တွက် ပိုပြီး အေးငြိမ်းသယောင်။ ဘက်၌ ဆန်းဆယ်ရက်လဝန်းက လုံ့လဲ့။ ချိုအီအီမနိပျားနံ့က တဲတစ်ခုလုံး လွှင့်ပျံ့နေသည်။ ကော့သောင်းမြို့နေသူ မဆုမြင့်မို လက်ဆောင်ပေးလိုက်သည့် စောဘွဲ့မှူးရဲ့သမီး ကဗျာဘွဲ့မှူးသီချင်းခွေကို တိုးဖွဖွဖွင့်၍ နားနှင့်မျက်စိပါ အလုပ်ပေးထားလိုက်သည်။ သီချင်းရှင်ကိုတော့ ငယ်စဉ်က ကြားဖူးသည်။ သီချင်းတွေကို နေအေးတို့ သတိမထားနိုင်သေး။ ခုတော့ သတိထားမိလေပြီ။ အဟောင်းဆိုပေမယ့် နားမထောင်သေးလျှင် အသစ်ပင်။ စာအုပ်ကိုပိတ်ပြီး သံစဉ်အကြား လွင့်မျောနေခဲ့သည်။ ရိတီတီခနိခါးရည်ကလည်း ရင်ထဲရှိ လစ်ဟာနေသော ဝေဒနာအိမ်ကို ဂီတဖြင့်အလှဆင်ဆန်းသစ်ပေးနေသည့်နှယ်။

သည်ညလို လွတ်လပ်ပေါ့ပါးစွာ မရှင်သန်ရသည်ကကြာချေပြီ။ ပင်လယ်ပြင်စက်များ၊ ငါးများနှင့် လေကြမ်းရိုင်းတွေနှင့်ပဲ တွေ့ထိခဲ့ရသည့် အတိတ်ရှည်။ အပြင်ထွက်၍ အပေါ့သွားရင်း အရှေ့ဘက်ရှိ ဝက်တိုး၊ တောင်ပုလဲရွာတွေ မျှော်ကြည့်တော့ မီးကလေးတွေ တလက်လက်၊ ဂီတသံတို့ကလည်း သဲ့သဲ့ကြားရလေသည်။ ခုမှ (၇)နာရီသာသာ ရှိလိမ့်မပေါ့။ မှန်သည်။ အထဲမှာပဲထိုင်၍ ကဗျာဘွဲ့မှူးရဲ့သီချင်းနှင့် ကျည်ထောက်ရည် အဖော်ပြုနေတာကောင်းသည်။ အသံကိုချဲ့လိုက်သည်။ ချဲ့နေရင်း နှာခေါင်းဝသို့ ရနံ့တစ်ခုကဝင်တိုးလာသည်။ အမွှေးနံ့။ ဟုတ်သည်၊ အသေအချာရှူရှိုက်လိုက်တော့ ကွဲပြားမိပြီ။ စံပယ်ပန်း၊ လတ်ဆတ်သော စံပယ်ရနံ့။

နေ့ခင်းမှာ ကြည့်မိတော့ ကျော်စိုးတို့တဲခြံထဲ ပန်းဝင်မရှိ၊ မတွေ့ရခဲ့ပေ။ စံပယ်နံ့က တစ်ချက်တစ်ချက် ပျံ့မွှေးနေဆဲ။ မသိချင်တော့။ ခနိရည်ကိုပဲ အငမ်းမရမော့ချလိုက်သည်။ မျက်စိမှေး၍သီချင်းသံထဲပို့ထားလိုက်သည်။ ထိုစဉ် တဲဝကခြေသံကြောင့် ရုတ်ခြည်း မျက်စိဖွင့်၍ကြည့်လိုက်မိသည်။

"ဟင်"

မိန်းကလေးတစ်ဦး။ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ပမာ ကောက်ကြောင်းတို့က မီးရောင်အောက်မှာ မပီဝိုးဝါးမြင်ရသည်။

နေအေး ရပ်လိုက်ပြီး -

"ဝင်နိုင်ပါတယ်ခင်ဗျာ။ ကျွန်တော်က ကျော်စိုးရဲ့ တစ်ဝမ်းကွဲအစ်ကို နေအေးပါ။ ကော့သောင်းဘက်မှာ အလုပ်သွားလုပ်နေပြီး သည်ကိုခဏ ပြန်ရောက်လာတာပါ"

နေအေး နှုတ်က တရားခံလို ဖွင့်ဟမိသည်။ သူမသည် မကြားသည့်နှယ် ပျားကျိုချက်ရာ မီးဖိုဆီသို့ တရွေ့ရွေ့လှမ်းသွားနေသည်။ သူမကိုယ်ခန္ဓာကိုကြည့်မိမှ ကပျာကယာ အိတ်ထဲရှိ အဝတ်တစ်စုံထုတ်ယူပြီး -

"ရော့ - ခင်ဗျားအဝတ်တွေလဲလို့ ရအောင် ဒါတွေဝတ်ထားလိုက်ပါလား"

"မလိုဘူး၊ ရှင်ရှေ့တိုးမလာနဲ့"

သူမနှုတ်ဖျားမှ ဒေါသပေါက်ကွဲသံကြောင့် နေအေး တုန်လှုပ်သွားရ၏။ ရှေ့မတိုးမိတော့ဘဲ ထိုင်ချလိုက်သည်။ ဆံဖျားမှသည် ဖဝါးအထိ သူမတစ်ကိုယ်လုံးရေတွေရွှဲရွှဲစိုနေ၏။သိလျက်၊ရှိလျက်နှင့် နေအေးမကူညီဘဲ မနေလို။ သူ့စေတနာကို သူမက လက်မခံချင်တော့လည်း သည်အတိုင်းကြည့်နေမိသည်။

မီးဖိုဘေးတွင် သူမက ရပ်လျက် ဆံနွယ်စတွေကို လက်နှင့်စုကိုင်ကာ ရေတွေညှစ်ချသည်။ ဂျင်းစကတ်လုံချည်က သူမ၏ ဒူးခေါင်းအောက်သာသာ။ အပေါ်မှာလည်း ဂျင်းလက်ပြတ်ဝတ်စုံတစ်ထည်တည်း။ ပခုံးသိုင်းကြိုးရှည် အိတ်မည်းမည်းလေးက ခါးနောက်ပိုင်းတွင်ရှိပြီး ရေစက်တွေက အကျမရပ်သေး။ ပေါ်လွင်သောနှာတံ၊ သွယ်လျှလျှမျက်နှာကို ချွန်သောမေးစေ့က အနားကွပ်ထားသည်။ ရေထဲကကူးလာလို့ဖြစ်မည်။ သူမနှုတ်ခမ်းအစုံက ဖြူလွလွ တင်းကျပ်စွာ ပိတ်ဆို့ထားဟန်က ဘာကိုအလိုမကျသည် နေအေးမသိနိုင်။ ဖွဲ့သတ္တိပြည့်ဝသည့်ဟန်မျိုးက ပေါ်လွင်လှသည်။

"ချောင်းကို သည်အတိုင်းဖြတ်ကူးလာတာလား"

သူမနှင့် (၈) ပေခန့်မျှဝေးရာ ကုလားထိုင်ပေါ်ကနေ စကားရှာပြောသော်လည်း သူမက ခေါင်းကိုပဲ တစ်ချက်ညိတ်လိုက်ပြီး မီးဖိုဘေးမှာ စောင်းလျက် ဒူးတစ်ချောင်းကို လက်နှစ်ဖက်ယှက်ချည်၍ထိုင်နေသည်။ ရီဝေဝေဖြစ်ခဲ့သော ခနိရည်သည် သူမ၏ အလှလောက် မယစ်မူးနိုင်တော့။ ပန်းရိုက်ဆေးဆိုးအလှမျိုးတို့၏ ကျက်စားရာ ရပ်ဝန်းမှာပင် နေအေးရင်ကမပွင့်ခဲ့။ ခုတော့ သူမကြောင့် အချစ်စိတ်က ပေါက် ကွဲပွင့်ထွက်လာခဲ့ပြီးကော။ လာခြင်းကောင်းသော ညဦးဖြစ်ပြီပေါ့လေ။

"ဆာရင်လည်း ထမင်း၊ ဟင်း တွေအစုံရှိပါတယ်။ နောက် ကတ်ကြေး ကိုက်ထုပ်ပါရှိတယ်။ ကြိုက်တာယူစား



www.burmeseclassic.com

www.burmeseclassic.com

ပါ။ အားနာစရာမလိုပါဘူး"

စေတနာဒီလှိုင်းပုတ်သံနှင့် ဧည့်ဝတ်ပြုမိပါသည်။ သူမက ခြေဆန့်လျက် လက်နှစ်ဖက်ကို နောက်ဘက်ထောက်ကာ ခေါင်းမော့ရင်းက နေအေးထံ အကြည့်တစ်ချက် ပထမဆုံးပစ်လွှတ်လိုက်သည်။ မျက်နှာက လဝန်းပမာ ဆွဲညှို့စေနိုင်၏။

"ဟင့်အင်း - ကျေးဇူးနော်"

ကြည်မြစွာပွင့်လာ၏။ သူမ၏ ကျေးဇူးစကားကြားရသဖြင့် သိန်းတစ်ထောင်ထီပေါက်တာထက် နေအေး ပျော်မိပြီပဲလေ။ သူမကို နာမည်နှင့် နေရပ်မေးကြည့်ချင်၏။ မမေးဝံ့တာထက် မမေးထိုက်ဘူးဟု ထင်သည်။ တချို့က စပ်စုတာ မကြိုက်ကြ။ သူမအနေနှင့်ကော။

ဗမာတော့ မဟုတ်နိုင်။ သူမသည် တိုင်းရင်းသူအနွယ်ဖြစ်ပေမည်။ အရှေ့ဘက်တောင်တစ်ခေါကြာတွင် သူမ၏ အသားအရေ ဟန်ပန်အမူအမိူးတွေနေကြသည်။ သူမ၏ ရှည်သောအရပ်အမောင်းမှာ စွင့်ကားသောတင်၊ မြင့်ထွားသောရင်အစုံက ရေစိုစိုအဝတ်အစားကြောင့် ရှိုက်ဖိုကြီးငယ်အသွယ်သွယ်သည် 'တင့်တယ်စေမူ၊ သိကြားထုသို့' ဟူသော ဥပမာဒဏ္ဍီပျို့နှင့် တစ်ထပ်တည်း။

ကဗျာဘွဲ့မှူး၏ သီချင်းတွေက ဆက်တိုက်ကြားနေဆဲ။ တစ်ပုဒ်က နေအေး နားမလည်နိုင်သည့် ဘာသာသံစဉ်မို့ ပိတ်လိုက်စဉ် -

"ဆက်ဖွင့်လေ၊ မပိတ်နဲ့"

အမိန့်သံပေးရင်းနှင့် သူမထရပ်လာလေပြီ။ ပြန်တော့မည်လားမသိ။ အပြုံးတစ်ခုကို သူမကမ်းလင့်ပေးလာ၏။ နေအေး စိတ်တွေ မတည်ငြိမ်တော့။ ဒါပေမယ့် သူမကမပြန်သေးပါ။ နေအေးဘက်ကျောပေးပြီး ဂျင်းထည်စကတ်ကို စုကိုင်၍ ရေညှစ်ချနေသည်။ သူမ၏ ခါးသည် ပိုပြီးညွတ်ကိုင်းကျလာသည်။ နောက် နောက်ပြီး အထက်သို့ ပင့်တင်လျက်။

နေအေးရှေ့ဆက်မကြည့်ရဲတော့။ သွေးမည်းသွေးညစ်တို့က နေအေးထံသို့ တိုက်ခိုက်နှိပ်စက်နေရာယူစပြုလာလေသည်။ စိတ်မိစ္ဆာတို့ကပါ တွန်းပို့နေလေပြီ။ မျက်စိကိုမှိတ်၍ နောက်သို့မှီချလိုက်၏။ ကိုယ့်အသားကို ကိုယ်ပြန်ခပ်ကြမ်းကြမ်းဆိတ်ဖဲ့ရင်း -

'နေအေး မင်းမယုတ်မာချင်နဲ့၊ ခွေးစိတ်တွေ ဖျောက်ပစ်စမ်း၊ ငြိမ်ငြိမ်နေစမ်းဟေ့'

ဟု ကိုယ့်စိတ်ကိုကိုယ်တိုင်ချိုးနှိမ်ပစ်လိုက်သည်။ ဟော - သူမ၏တခစ်ခစ်ရယ်သံက ထပ်ဝင်လာပြန်သည်။ အဝတ်ဖြန့်ခါသံကလည်း ပုံးသံထက်ကျယ်နေသည်ဟု နေအေး ထင်၏။ ခွင့်တောင်း၍ ခွင့်ပြုသည်တိုင် တွေ့ခွင့်က ဘာမှမကြာသေး။ ယောကျ်ားကောင်းတို့၏ နှလုံးကိုခွင့်ဆိုသည်နှင့် အနိုင်မယူချင်။

သူမခြေသံ၊ရယ်သံတို့က နေအေး၏ အနားကလိုလို၊ အဝေးကလိုလိုနှင့် ဇဝေဇဝါ။ မဖွင့်၊ မျက်စိမဖွင့်၊ ပိတ်စမ်း။

"ပြန်မယ်၊ သည်မှာပဲနေရစ်နော်"

အို-ပြန်မည်ဆိုပါလား။ မျက်စိဖွင့်၍ ဆောက်တည်ရာမဲ့ရပ်ရင်း ကြည့်လိုက်တော့ နေအေးရှေ့တွင် ဘေးစောင်းရပ်လျက် နေအေးနှုတ်မှတစ်ခုခု ပြောရန် အားယူခဲ့ပေမယ့် ဘာမှထွက်မလာ။ ခြေလှမ်းတို့ သူမစတင်လေပြီ။ တဲဝမှာရပ်ပြီး နေအေးကို ပြုံးပြရင်း -

"နောက်မှ ပြန်တွေ့ကြတာပေါ့"

မြင်ကွင်းရှေ့က မရှိတော့ သူမသွားလေပြီ။ ခုမှ စံပယ်ရနံ့က ထပ်မွှေးလာသည်။ အေးလေ-စံပယ်ပန်းမဟုတ်ပေမယ့် သူမ၏အသုံးအဆောင် ရေမွှေးရနံ့လည်းဖြစ်မှာပေါ့။ နေအေး သူမစကားကို မလိုက်နာနိုင်ပါ။ ထွက်ကြည့်လိုက်စဉ် လရောင်အောက်၌ သူမ၏သဏ္ဌာန်က လယ်ကွင်းအစပ်ရှိ တဲစုအိမ်ဘက်သို့ သွားနေသည်။ သေချာပြီ။ သည်ညတွင် ဝက်တိုးရွာမှာ အိပ်၍ နံနက်တွင် မိကျောင်းသိုက်ရွာဘက် ခရီးဆက်ပေလိမ့်မည်။ အားလပ်သောသည်ရက်တွေကို သူမအတွက် အသုံးချရတော့မည်။ မတွေ့စရာအကြောင်းမရှိ။ ကမ္ဘာသစ်ကို ရှာဖွေတွေ့ရှိရာ သည်ညကဖြင့် မေ့နိုင်တော့မည်မဟုတ်။ ကျော်စိုးတော့ သူမကို ကောင်းကောင်းသိလိမ့်မည်။

နာရီကြည့်လိုက်တော့ ကိုးနာရီထိုးခဲ့ပြီ။ လယ်ကွင်းထဲကနေ ကျော်စိုးရဲ့ သီချင်းသံ ကြားလာသည်။ မင်းပျော်တာထက် ငါ့အပျော်ကို မမီနိုင်ပါဘူးဟု တွေးရင်း မနီရည်ကို မော့ပစ်လိုက်သည်။ အပြင်ကမီးရောင်ဝင်လာသည်။နေအေးလည်း -

"ဟေ့ ဟေ့ - အစ်ကို၊ ယောကျ်ားချင်း ဖက်နမ်းရတယ်လို့ ပေါက်နေပြီလား"

ဘာမပြောညာမပြောနှင့် ကျော်စိုးအထဲသို့အဝင် နေအေးက အလစ်မြူးပြလိုက်ရင်းကနေ -

"ဟားဟား ဟေ့ကောင် ကျော်စိုး ခုပဲ ငါ့နှလုံးသားတံခါးပေါက်ကို ဘုဒ်ိဇာနဲ့ ထိုးဖောက်ဝင်ရောက်ခဲ့သူရှိခဲ့ပြီကွ မင်း ငါ့အတွက် ရှေ့နေလုပ်ပေးရတော့မယ် သိလား"

ကျော်စိုးခမျာ နေအေးကို အူကြောင်ကြောင်စိုက်ကြည့်ရင်း ဝေခွဲမ ဖြစ်လာသည်။ နေအေးစကားတွေက ဆန်းလှ၏။ သူ့အသွင်ကရော လန်းကြ နေ၏။

"ပြောစမ်းပါဦး၊ ငါမရှိတုန်း မင်းက"

နေအေးကဖြင့် စရိုက်အသစ် ပြောင်းလိုက်သည့်နှယ် သွယ်လက်စွာ ဇာတ်ကြောင်းလှန်ချေပြီ။ အမည်ပင် မမေးရက်သောသူမ၏အလှကို အထွတ်တပ် ကနုတ်ဆင်၍ ဋီကာချဲ့ပြောပြ သဖြင့် ကျော်စိုးတစ်ယောက် စိတ်ရှ ဟန်ဆောင်ပြီး နားထောင်ရသည် ဇာတ်လမ်းကိုသာ အလိုက်သင့်နားဆင် နေသော် သည်ညအိပ်ရမည်မဟုတ် ကွပ်ပျစ်ပေါ် ပစ်လှဲလျောင်းရင်းဖြင့် -

"အဲဒီကောင်မလေးအကြောင်း ငါ အကုန်သိပါတယ်ကွ။ သူက အပျိုလေး ပဲ။ စိတ်ချ မိုးလင်းရင် မင်းကိုပြော မယ်။ ဒီည ငါ့ကောင်မလေးနဲ့ ကိုင်တ လာခဲ့လို့ စိတ်ထွေနေတယ်။ အိပ်တော့ မယ်ကွာ"

"နာမည်လေးတော့ အရင်ပြော စမ်းပါဦးဟ၊ စိတ်ကူးနဲ့ ခေါ်ကြည့်ချ လို့ပါ"

"အေးပါ"

ဟု မအေးသောရင်အပူနှင့် 'စု လို့ ဖြေရင်း ကျော်စိုးအိပ်ပစ်လိုက်သည် အနီရောင်အရာတစ်ခုက စိတ်ထဲ၌ စိုးနေသည်။ သူကဖြင့် သည်ပုံစံအတိုင်း မိုးလင်းမည့်ပုံ။

*

နယုန်လပိုင်းဝင်ခါစ၌ပင် ချောင်း ရေက မာန်ဟုန်သံပြင်းပြနေတော့သည် မိုးက ကောင်းကင်ထက် စုထားသမျှ အကုန်သွန်မှောက်ချနေရော့သလား မှတ်ရအောင် ရွာပဲ့ရွာနိုင်လွန်းပါး ဟိုအထက်တောင်ရိုးတွေဆီကလည် ပြီးခဲ့သောအပတ်များက မှိုင်းမှိုင်းမှိုင်နေ ခဲ့သည်။အဲသည်ဘက်မိုးကြောင့် ချောင်း ရေက ပိုကြီးခဲ့တာဖြစ်လိမ့်မည်။ သည် ပုလောမြို့နယ်တွင် အတာလွန် နှင့် ကိုရွှေမိုးက ဝင်လာလေ့ရှိ၏ သည်



www.burmeseclassic.com

www.burmeseclassic.com

နေ့တော့ မိုးက သဘောကောင်းပြနေသည်။ မှုန်ပျပျနှင့် အုံ့ဖွဲ့နေတုန်း။

နေ့ခင်းနှစ်နာရီခန့်၌ ကျော်စိုးတို့အိမ်ရှေ့သို့ ဆိုင်ကယ်တစ်စီးရောက်လာသည်။ အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ဦးနှင့် နှစ်ဆယ်စွန်းစ မိန်းကလေးတစ်ဦးပင်။ ငယ်သူမိန်းကလေးရဲ့ ဝတ်စားဆင်ယင်ပုံက မြို့သူနှင့်မခြားဖျင်းအထည်စ စကက်ထဘီနှင့် အဖြူရောင်အတွင်းခံပြီး အပေါ်က ဖျင်းတီရှပ်လက်ပြတ်အင်္ကျီ ထပ်ဝတ်ထားသည်။ ဖြူသော အသားအရေကြောင့် သူမ၏ နှုတ်ခမ်းနီရည်က ပေါ်လွင်လွန်းလှသည်။

အိမ်ရှင်ကို စကားခွန်းတုံ့ခြေဖို့ထက် ကမ်းစပ်ရှိ လှေကိုသာ စိတ်ဝင်တစားကြည့်နေကြတာမို့ အဖေကလည်းစနာစိတ်ဖြင့် -

"ကလေးမတို့ ဦးကြီး ဘာအကူအညီပေးရမလဲ"

"ကျွန်မတို့က ပုလောဘက်ပြည်ခြားရွာက လာတာပါ။ မိကျောင်းသိုက်ရွာက ကျွန်မသူငယ်ချင်း အသည်းအသန်ဖြစ်နေတဲ့အတွက် သွားမလို့။ ဝတ်တိုးမှာလာကြိုမယ်တဲ့ ဦးကြီးရဲ့"

"ပြည်ခြားက ဘယ်သူ့သမီးလဲကွယ့်။ ဦးကြီးနေ့ဖူးလို့ပါ"

"ဦးစောလှရဲ့သမီးငယ် စုစန္ဒီပါရှင့်"

"ဟ - ဒါဆို ဦးကြီးရဲ့ ကျေးဇူးရှင်သမီးပဲ။ သမီးအဖေရဲ့ဆင်တွေနဲ့ တောင်ပေါ်မှာ သစ်လုပ်ငန်းတွေလုပ်ခဲ့ဖူးတယ်ကွယ့်"

စုစန္ဒီ ဆိုသော မိန်းမချောလေးအခုမှ စိတ်အေးသွားပုံရသည်။ ကျော်စိုးတို့ငယ်စဉ် အဖေကတောင်ပေါ်ဒေသရွာတွေဘက်၌ အလုပ်သွားလုပ်ခဲ့ဖူးသည်။ ဒါဆိုလျှင် စုစန္ဒီသည် တောသူဌေး သမီးလေးပေါ့။

အဖေကဖြင့် ချောင်းရေစီးကြမ်းနေသဖြင့် မသွားစေချင်။ ပုလောကနေဆိုင်ကယ်ဖြင့်သာသွားဖို့ ချော့မော့ပြောနေသည်။ အဖော်ပါသူ အမျိုးသမီးကြီးက တစ်ခွန်းတစ်ပါဒမှဝင်မစွက်။ စုစန္ဒီကနတ်တရွတ်သွားလိုသည်ကိုသာ နောက်ဆုတ်တမ်းပို့ရန်ပြောနေသည်။ ဘူးဆိုဖရုံမသီးနိုင်သည့်အသွင်မျိုး။ အဖေလည်း ဆုံးဖြတ်ချက်ချလိုက်ပြီး အိမ်လည်ရောက်လာသူ လမ်းဆုံအရပ်က ဦးစိန်ဝင်းနှင့်အတူ ပို့ပေးရန် စီစဉ်ကြသည်။

ကျော်စိုးအနေနှင့် လိုက်လိုပါသော်လည်း ဆိုင်ကယ်မှောက်ထားသဖြင့် ခြေနှင့်လက်တွေမှာ ပတ်တီးတို့က အဖွေးသား။ အိမ်ရှေ့ဝရန်တာကနေ ထိုင်ကြည့်ရုံသက်သက်။ အားလုံး လှေဆီသွားကြစဉ် စုစန္ဒီ၏ကျစ်ဆံမြီးအရင်းမှာ စံပယ်ပန်းကုံးကလေးနှင့်အတူ ခါးနောက်သိုင်းလွယ်ထားသော အိတ်မည်းမည်းလေးကပါ ခုန်ပေါက်လိုက်ပါသွားသည်ကို ငေးမောကြည့်နေမိသည်။

နောက်တော့ ရင်မောတုန်လှုပ်ဖွယ်သတင်းဆိုးတစ်ခုက ကျော်စိုးတို့မိသားစုနှင့် လှည်းကျွန်းဝတစ်ရွာလုံးဖုံးအုပ်သွားလေပြီ။ လှေမှောက်လို့တဲ့။ ကမ်းနှစ်ဖက်မီးရောင်တလက်လက်၊ လူသံတွေကလည်း တကျက်ကျက်။ သုံးယောက်တော့ ကမ်းသို့ရောက်အောင် ကူးခပ်နိုင်သော်လည်း တစ်ယောက်ကဖြင့် . . .။

မိန်းကလေးငယ်ခများတော့ ရေစီး၌မျောပါသွားကြောင်း၊ တစ်ရွာလုံးရှိ ယောကျ်ားတွေက ချောင်းရေထဲဆင်းရှာနေကြောင်း၊ သူမ၏မိဘများထံ ဖုန်းနှင့်ဆက်သွယ်၍ ညတွင်းချင်းလိုက်လာကာ အပူတပြင်းရှာနေကြောင်း သတင်းအစုံကို ကျော်စိုး စိတ်မကောင်းခြင်းများစွာဖြင့် ကြားမြဲကြားနေသည်။ တစ်ညလုံးအိပ်မရတော့။အားလုံးလည်းထို့အတူပင်။

နောက်တစ်နေ့ မိုးလင်းခဲ့ပေမယ့် မတွေ့ကြသေး၊ ရှာနေဆဲ။ မွန်းတည့်ခါနီးမှာ သူမစုစန္ဒီရဲ့ခန္ဓာကိုယ်လေးအားပုလောမြို့မရောက်မီ အကွေ့တစ်ခုရှိ သစ်ချုံထဲ ငြိတွယ်နေရှာသည်ကို တွေ့ခဲ့ကြသည်တဲ့။

"ကလေးမရဲ့အလောင်းကို ဦးစောလှတို့တစ်ခါတည်း ရွာတန်းသယ်သွားကြတယ်။ ဦးကြီးပါလိုက်သွားသေးတာပေါ့"

နေအေး အဖြစ်အပျက်၏ စ၊ ဆုံးကို နားထောင်နေသော်လည်း သူတွေ့ခဲ့သော မိန်းကလေးက သီးခြားတစ်ဦး၊ ဦးကြီးတို့ပြောသော စုစန္ဒီကတစ်ယောက်စီဟု မှတ်ထင်နေဆဲပင်။ နားဆင်ရင်းက မဝါးစဖူး ကွမ်းအစ်ထဲရှိ ကွမ်းများအားတစ်ယာပြီးတစ်ယာဝါးနေမိသည်။ ဝါးပြီး ထွေးသည်၊ မထွေးသည် သူသတိမထားနိုင်တော့။

သူသတိထားမိသည်က ညရဲ့ စုစန္ဒီသည် ပကတိ ထင်ရှားလွန်းလှ၏။ သဏ္ဌာန်မဟုတ်။ အရိပ်မဖြစ်ခဲ့။ သူ့စိတ်ကပါ မထွေးညစ် တကယ့် လူမှန်မှုမှန်ညပဲလေ။

"ဦးကြီးရယ် ကျွန်တော် ဦးကြီးတို့ပြောတာတွေကို မယုံကြည်လို့တော့ မဟုတ်ပါဘူး။ ဖြစ်ခဲ့တာ အမှန်တွေချည်းပဲဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် . . . "

အားလုံးက နေအေးစကားကို အာရုံစိုက်ငံ့လင့်နေကြ၏။ စိုးရိမ်သော အကြည့်တွေနှင့်။

ဦးစိန်ဝင်းက -

"ပြောစမ်းပါဦးကွ၊ ဒါဆိုရင်"

"ကျွန်တော် သူ့ကို စကားပါပြောခဲ့သေးတာပဲ၊ သံသယဖြစ်စရာမျိုးဘာမှမတွေ့ပါဘူး။ တကယ့်ပကတိလူပါဗျာ"

"ဒါကတော့ ငါတူရယ်။ မင်းကမျက်နှာစိမ်းဖြစ်တာရယ်၊ ကလေးမလေးကလည်း မင်းကို အတိတ်ဘဝထဲက ရေစက်ပါလို့"

"တော်စမ်း ကိုထွန်းနိုင်။ ကျုပ်တူကို မဟုတ်တာတွေ ပြောမနေနဲ့"

ဒေါ်ကြီးရဲ့စကားမိုးကြိုးသံကြောင့် ဦးကြီး၏စကား ရပ်တန့်သွားသည်။ နေအေးထရပ်လိုက်ပြီး ဝရန်တာကနေချောင်းဆီသို့ မျှော်ကြည့်နေမိသည်။ ခုတော့လည်း ချောင်းက ပျော့ပျောင်းညင်သာစွာ မစီးဆင်းသို့ စီးဆင်းသို့ 'ငါက ငါ့တာဝန် ဆက်လက်ထမ်းရွက်နေတာ' ဟု နေအေးကို ပြောနေသလိုလို။ တစ်ခုတော့လုပ်ရမည်။

*

လုပ်စရာရှိသောတာဝန်ကို အချိန်မဆိုင်းဘဲလုပ်လိုက်သည်။ လမ်းဆုံကလူတွေကဖြင့် လေသံတွေအမျိုးမျိုးနှင့် ပစ်ဖောက်ကြပြန်သည်။ နေအေးသည် ဂရုမစိုက်အား။ မိမိ၏ လုပ်ရပ်သည် အများနှင့် မိမိပတ်ဝန်းကျင် မထိခိုက်စေဘဲ ပစ္စက္ခ၊ တမလွန် အကျိုးရှိသည်မှန်လျှင် နောက်မတွန့်လို။ ပါလာခဲ့သော ဘတ်ကြိုးကုံးအား ပုလောမြို့ရှိ ဦးသန်းဟိုရွှေဆိုင်တွင် ရောင်း၍ လှည်းကျွန်းဝရွာကျောင်းဆောင်သစ် တံခါးပေါက်များအတွက် မိဘများနှင့် တိုင်ပင်ပြီး လှူဒါန်းလိုက်သည်။

ဆရာတော် ဦးဇောတိကကတော့ အလှူရှင်နှင့်အမည်ကမ္ပည်းထိုးရန် မိန့်ကြားသည်ကိုပင် နေအေး ငြင်းခဲ့သည်။ အေးလေ - ကိုယ်က သူမအတွက် ရည်စူးပြီးလှူခဲ့သည်မို့ အခြားအရာတွေ မစွက်ရက်နိုင်။ သူမရဲ့အနာဂတ် တံခါးပေါက်တွေပွင့်လို့ လိုရာခရီးသွားနိုင်



www.burmeseclassic.com

www.burmeseclassic.com

### ထင်ကျော်စွာ(ဂမ္ဘီရရွာစု)

# ကျွဲငမန်းနှင့်ဂမ္ဘီရနည်းထွေတလာ

လောကီထုပ္ပတ် လူတို့ဇာတ်၌ လူအတော်များများပင် အခက်ခဲများ ရင်ဆိုင်ဖြတ်သန်းကြရသည်။ နည်းလမ်းမသိ၍ ပိုမိုခက်ခဲသွားသလို နည်းလမ်းသိ၍ လွယ်ကူသည်လည်းရှိသည်။ နည်းလမ်းရှာဖွေ၍ ညွှန်ပြကြသူများမှာ လောကလူသားတို့အပေါ် စိတ်ကောင်းစေတနာထားသူများ ဖြစ်သည်။ ယခုထိုသို့ နည်းလမ်းများကို ရှာဖွေပြသခဲ့သူများအနက်မှ ဖော်ထုတ်လက်ဆင့်ကမ်းခဲ့သူတစ်ဦးအကြောင်းကို တင်ပြပါမည်။ ထိုသူကား မြေလတ်မြို့လေးတစ်မြို့ရှိ ကုမုဒြာစုရွာသား ကျွဲငမန်းခေါ် လူငယ်လေးတစ်ယောက်ပင် ဖြစ်သည်။

အချိန်ကာလအားဖြင့် ခရစ်နှစ် ၁၉၇၀ ပြည့်နှစ်ကို ကျော်စွန်းခဲ့သော တစ်နှစ်ကာလလောက်ကပင် ကုမုဒြာစုရွာလေးရှိ ကျွဲငမန်း နေထိုင်ရာ အိမ်ဝင်းထဲသို့ (၁၆) နှစ်ခန့်အရွယ် လူငယ်တစ်ယောက် ကသုတ်ကနှင်ဝင်လာပါသည်။ ကျွဲငမန်းငယ်သူငယ်ချင်း ဒီရွာသား ကြည်ရှင်းဖြစ်ပါသည်။ ကျွဲငမန်းကို မိခင်ဒေါ်စိမ်းခင် ရက်ကန်းရုံအနောက်ဘက် သရက်ပင်ရိပ်အောက် ကွပ်ပျစ်ပေါ်၌ အခန့်သင့်တွေ့ရပါသည်။ကြည်ရှင်းကား ကရောသောပါးပြောလိုရာကို ပြောကြားပါလေတော့သည်။

"ကိုမန်းရေ ငါ့ကိုနည်းနာပေးပါဦးကွာ။ ငါ့ခေါင်းတွေကိုက်နေတယ်။ လုပ်ပါဦး။ တစ်ခါတည်းယူပစ်သလို ပျောက်မယ့်နည်းလေးရှိရင် ပြောစမ်းပါ"

"ကြည်ရှင်းရာ၊ ငါ့ဆီကို ဒီပုံစံမျိုးနဲ့ မင်းလာဖူးတယ်နော်။ ဟိုစဉ်ကလည်း ငါညွှန်ပြပေးပေမယ့် မင်းလုပ်ခဲ့ဟန်မပေါ်ဘူး။ နည်းနာဆိုတာ ရရင် လက်တွေ့ဖော်ဆောင်မှ အောင်တော့မှပေါ့"

"ဟုတ်တယ် ကိုမန်း၊ လွန်ခဲ့တဲ့နှစ်လလောက်က ငါခေါင်းကိုက်နေလို့ ပြောဖူးတယ်။ ဘာတဲ့ကွာ ကိုးကွက်ရှိတဲ့ အင်းပုံစံဘောင်အကန့်နဲ့ ဆွဲရမယ်၊ အပေါ်ဘယ်ဘက်ထောင့်ကစပြီး ၁ တနေ ၁၊ ၂၊ ၃၊ ၄၊ ၀၊ ၅၊ ၈၊ ၆ စတဲ့ နေ့နံဂဏန်းတွေထည့်ရမယ်။ အလယ်ကောင်အကွက်မှာ ခေါင်းကိုက်သူရဲ့ မွေးနံကို ထည့်ရမယ်လို့ပြောသေးတယ်၊ တနင်္ဂနွေသားဆို (၁)၊ အင်္ဂါသားဆို (၃) စသဖြင့် မဟုတ်လား"

ကြည်ရှင်းက စက္ကူကတ်ပြားတွင် ဆွဲသားနည်းကို ပြန်ပြောပြနေသည်၊ ကိုငမန်းက သူ့စကားကို မစောင့်ဘဲ ပြောပြန်သည်။

လျှင်၊ သွားလမ်းပွင့်လျှင် ကျေနပ်ပါပြီ။ စစ်ပြင်ကြီးဆရာတော် လမ်းဆုံတောရသီတင်းသုံးသည့် ဦးဝိဇ္ဇာလင်္ကာရနှင့် လှည်းကျွန်းဝဆရာတော် သုံးပါးသာ ပင့်၍ ဆွမ်းကပ်လှူဖြစ်ခဲ့သည်။

ပရိသတ်က အနည်းငယ်နှင့် ရေစက်ချပြီးတော့ အမေက မျက်ရည်အရွှဲသားနှင့် သားဖြစ်သူ နေအေးကို ကြည့်နေသည်။ နောက်ဆုံးလုပ်ရန်ကျန်သေး၏။ ရှေ့တွင်ရှိသော စံပယ်ပန်းအပြည့်နှင့် ရေစက်ခွက်ဖလားကြီးကို နေအေးမ, ယူရင်း ကျော်စိုးနှင့်ထွက်လိုက်သည်။ ရွာဘေးက ချောင်းဆီသို့ နှစ်ဦးစလုံး စကားများများနှယ် အသံမထွက်ကြ။ ဆိုင်ကယ်စက်သံကသာလျှင် အလိုက်မသိထွက်နေသည်။

"အစ်ကို၊ သူတို့ ဒီကမ်းကနေ စထွက်သွားတာ"

ချောင်းစပ်တွင် ဆိုင်ကယ်ရပ်လျက် ကျော်စိုးကဆိုသည်။ ဖလားကို ကိုင်ရင်း နေအေး ကမ်းစပ်အထိဆင်းပြီး ဘေးဘက်ဆီငေးကြည့်မိသည်။ သည်ဘက်ကမ်းရှိ သစ်ပင်သစ်နွယ်တို့ကဖြင့် ရွှံ့နွံရောင် လိမ်းခြယ်သထားသည်မို့ ညိုညစ်ညစ်အဆင်းနှင့် သွေ့ခြောက်နေကြသည်။ တစ်ဖက်ကမ်း သူမနှင့် တွေ့ခွင့်ရခဲ့ရာ တစ်ဖက်ကမ်းမှာတော့ ကိုယ်ပိုင်အရည်အသွေးနှင့် အစိမ်းရောင်ပက်ဖျန်းထားသော ဓနိပင်တို့က ယိမ်းနွဲ့ကခုန်နေကြသည်။

အလယ်တွင် ကျောက်ဆောင်တွေက သရုပ်အမျိုးမျိုးနှင့် ငြိမ်သက်နေသည်။ ချောင်းရေက လူမမာရဲ့မျက်ကွင်းလို ဟောက်ပက်ကြီးလဲလျောင်းနေဆဲ။ နေအေးချောင်းထဲသို့ဆင်းလိုက်သည်။ ရေက မကြည်လင်။ ရွှံ့နှစ်ရောင်တွေက ပွက်ထနေသည်၊ စံပယ်လက်တစ်ဆုပ် ရေထဲပစ်ကြလိုက်သည်။ ရုတ်ခြည်း မြုပ်သွားပြီး တစ်ပွင့်မျှပင် မမြင်လိုက်ရတော့။ တစ်ဆုပ်ချင်းတစ်ဆုပ်ချင်းလွင့်မျောနေရင်း နှုတ်မဟမိဘဲ ရင်ထဲကနေ စကားတွေလည်း-တစ်ခွန်းချင်း ချောင်းရေထဲ သွန်ချမိလေပြီ။

"မစုစန္ဒီရေ ကျွန်တော် ယနေ့ မစုစန္ဒီအတွက်ရည်စူးပြီး ရတနာသုံးပါးရဲ့ အထွတ်အမြတ်ထားရာ ကျောင်းဆောင်သစ်အတွက် တတ်နိုင်သရွေ့လှူဒါန်းခဲ့ပါတယ်။ ခင်ဗျား သာဓုခေါ်နိုင်ပါစေတော့။ ကျွန်တော့်ရဲ့ စေတနာအပြည့်လုပ်ရပ်ကို ကျေနပ်စရာကောင်းမွန်တဲ့ ကူညီမှုပဲလို့ မှတ်ယူရင် ခင်ဗျားအတွက် ခရီးတံခါးပွင့်ပါလိမ့်မယ်။

မစုစန္ဒီရေ သံသရာလည်နေတဲ့ ဘဝဘဝတွေက သည်ချောင်းရေတွေလိုပါပဲ။ ခုဘဝ အခိုက်အတန့် ဇိညာဉ်အဖြစ်တွေ့ဖူးတာနှင့်ပင် ကျွန်တော့်အရင်နင့်နာကျင်ခံစားခဲ့ရပါပြီ။ နောက်နောင်ဘဝတွေမှာ ပြန်လည်ဆုံတွေ့ပါရစေလို့ ကျွန်တော် ဆုမတောင်းဝံ့ပါဘူး။ သွားပါ၊ ဆက်သွားပါတော့။ သောတဒေါသဟူသမျှ ကင်းဝေးရာ ခင်ဗျားတို့ရဲ့ ရည်မှန်းရာအထိ ဇကန်အမှန် သွားရောက်နိုင်ပါစေလို့ပဲ ဆုတောင်းပေးပါတယ်. မစုစန္ဒီရယ် သွားပါတော့နော်"

ထိုနေ့ (၁၂) နာရီတွင် နေအေး မြိတ်မြို့သို့ ပြန်သည်။ ကျော်စိုးက ဆိုင်ကယ်နှင့် လိုက်ပို့ပေးခဲ့သည်။ စကားတစ်ခွန်းကို အချိန်နှောင်းခဲ့ပြီဖြစ်သဖြင့် နေအေးကို ပြန်မပြောတော့ပါ။ နေအေးနှင့် တစ်ညတည်းသာ ဓနိတဲ အိပ်ဖူးခြင်းပင်။ ကိုကျော်ကြီးအိမ်၌ သွား အိပ်သည်ဆိုတာ. . . ။

နေဝိ



www.burmeseclassic.com

www.burmeseclassic.com

"ဒါတွင်မကပါဘူး ကြည်ရှင်းရာ၊ ဘေးက ခေါင်းမကိုက်သူကတစ်ယောက်က ခေါင်းကိုက်နေသူကို ပြောရတယ်လေ။ "သတိကြပ်ကြပ်ထားနော်

ခေါင်းကိုက်သူကို အိပ်စေရမယ်။ စောစောက ကတ်ပြားလေးကို သေတ္တာသို့မဟုတ် စားပွဲအလွတ်တစ်ခုအပေါ်မှာ တင်ရမယ်။ ပြီးရင် ကျောက်ပျဉ်နဲ့ ထားရမယ်။ခေါင်းကိုက်သက်သာတော့တာပေါ့။ ဒါတွေပါ မှာလိုက်ပါသေးတယ်"

ထိုအခါ ကြည်ရှင်းမှာ ကိုမန်းကို ထောက်ခံစကားပြောပါသည်။ သို့သော် ဆခုထပ်၍တောင်းဆိုသည်မှာ ယူပစ်သလိုပျောက်သွားနိုင်သည့် ဂမ္ဘီရနည်းလမ်းရှိလျှင်ပေးပါဟု စောဒကတက်နေပြန်သည်။ ကိုမန်းက ရှိကြောင်းပြောလိုက်တော့ ကြည်ရှင်းခမျာ မရမက အသဲအမဲမေးပါတော့သည်။ ကြည်ရှင်းတို့လည်း တကယ်လုပ်မှပေးမည်ဟု ပြောရင်းက နည်းနာကို ပြောပြလေသည်။

"ပထမဆုံး လူတစ်ယောက် အာမန်အုံးလို့ရမယ့် ခေါင်းအုံးပုံစံအသေးလေးအရင်ချုပ်ပါ။ ရပြီဆိုရင် မန်ကျည်းပင်က မန်ကျည်းရွက်ကြမ်းတွေကို ခူးရပါမယ်။ မှို့အစား မန်ကျည်းရွက်ကြမ်းတွေအပြည့်သိပ်ပြီး အဝပိတ်လိုက်ပါ။ ခေါင်းအုံးလေးတစ်ခုသဖွယ်ဖြစ်သွားပြီဆိုရင် ခေါင်းကိုက်သူ အလွန်အမင်းကိုက်နေချိန်မှာအုံးပြီး အိပ်စေရမယ်။ ညဘက်ကအိပ်တယ်ဆိုရင် မနက်ကျတော့ ရေအမြဲစီးနေတဲ့ ရေစီးမြောင်းတို့ ချောင်းတို့မှာ သွားမျှောရမယ်။ မျှောတာကို ကြည့်နေစရာ မလိုဘူး။ ပြန်လှည့်ထွက်ခဲ့ပါ။ ကိုယ်တိုင်သွားမမျှောနိုင်ရင် သေချာအောင်လုပ်ပေးမယ့်လူကိုခိုင်းပါ"

ကြည်ရှင်းမှာ လျှာရှည်နေကျဖြစ်၍ မည်သည့်သဘောတရားပါနည်းဟု သိချင်ပြန်သည်။ ကိုမန်းက ရှင်းပြသည်မှာ 'မကိုက်' ဆိုသော နံတူ 'မန်ကျည်း' ကို ခေါင်းအုံးတွင် ကူးပါစေ၊ ယူပစ်သလို မျှောလိုက်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ 'ဓာတ်တူနံတူ ဆေးဖက်ကူ' ဓာတ်သဘော ဖြစ်ပါသည်။ ခေါင်းအုံးလုပ်ရာမှာ သေးသေးလွယ်လွယ်ကူကူလုပ်ပါ။ ခေါင်းမကိုက်တဲ့သူတွေက ခေါင်းကိုက်သူ အုံးထား၊ အိပ်ထားတဲ့ သည်ခေါင်းအုံးကို ယောင်လို့တောင် သွားမအိပ်မိဖို့တော့ ကိုမန်းကမှာပါသေးသည်။ ကြည်ရှင်းက ဘာဖြစ်လို့လဲ မေးတော့ ကိုမန်းက နောက်အုံးတဲ့လူဆီကို ခေါင်းကိုက်ကူးသွားတယ်လို့ဆိုပါသည်။

ကြည်ရှင်းမှာ အလိုပြည့်၍ပြန်မည်ပြုပြီးမှ တစ်ခုခုသတိရသွားဟန်ဖြင့် စကားဆက်ပြန်ပါသည်။

"ဩော် - ကိုလေးမန်းကို ရောက်စကတည်းက ပြောမယ့်စကားမေ့နေတယ်။ မနက်က ဈေးရောက်လို့ ထိန်ကုန်းက ကိုဘမှုန်နဲ့တွေ့ခဲ့တယ်။ မြလေးနွယ်အစ်ကိုဝမ်းကွဲလေကွာ။ မင်းသတင်းမေးတယ်။ ရှိတယ်လို့ပြောတော့ သည်နေ့နေ့ခင်းလောက် မင်းဆီကိုလာဖြစ်မယ်တဲ့။ ငါ့ကိုမှာလိုက်တယ်။ တခြားအရေးကြီးကိစ္စမရှိရင် စောင့်ပေးပါလို့ ပြောလိုက်တယ်"

ကိုမန်းမှခေါင်းညိတ်လိုက်မှ ကြည်ရှင်း ထွက်ခွာသွားလေသည်။ ကြည်ရှင်းထွက်သွားပြီး ညကအိပ်ချိန်နောက်ကျခဲ့၍ မျက်စိကိုအသာလေးပိတ်၍ မှေးမှိတ်လိုက်မည်ကြံလိုက်သည်။ ရက်ကန်းရုံဘက်က လူရိပ်တစ်ခု ရိပ်ခနဲမြင်လိုက်သော်လည်း ဂရုမပြုအားတော့ဘဲ ခေါင်းငိုက်စိုက်ချလိုက်သည်။ ခြေသံမှာ နီးသထက်နီးလာသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ မလေးမှုံရောက်လာခြင်းပင်။

"ဩော် - ကိုမန်း၊ အိပ်မလို့လား။ အိပ် အိပ်တော့၊ ဘာမှမဟုတ်ပါဘူး။ စောစောက ကြည်ရှင်းပြောတာ ကြားလိုက်တယ်။ မလေးနွယ်ရဲ့အစ်ကိုဝမ်းကွဲ လာမယ်ဆိုလား ဟုတ်လား ကိုမန်း၊ ဘာကိစ္စနဲ့လဲဟင်"

"ဘာကိစ္စရယ်တော့ မသိရပါဘူး။ တစ်ယောက်ယောက်ရဲ့ အခက်အခဲရှိလို့နေမှာပေါ့။ ဘာဖြစ်လို့လဲ မလေး"

"သိပါဘူး။ မြလေးနွယ်တို့ဆီကဆိုတော့ မြလေးနွယ်နဲ့ဘာများပတ်သက်စရာတွေပေါ် လာသလဲလို့ပါ"

"သိပြီ၊ သိသွားပြီ၊ မြလေးနွယ်သာ ကိုမန်းဆီကိုလာဖြီးပတ်သက်မယ်ဆိုရင် ဟောသည်က မလေး မလေးရယ်တဲ့မှုံက စိတ်တော့မဆိုးဘူး၊ ကွဲမြီးတိုတယ်ဆိုပါတော့။ ဒီလိုမဟုတ်လား မလေး"

"ဟာကွာ၊ ကိုမန်း ကောင်းဖူးကွာ။ တော်တော်လူကို ကလိချင်ရိချင်ပါလားနော်။ ကဲ၊ ကဲ. . . ရော့၊ ရော့"

နှုတ်မှပြောသလို လက်ကလည်း ဘယ်ဘက်လက်က စိပယ်ပန်းကုံးမှ ခြွေဖြုတ်ပြီး ပန်းကြွေလေးတွေကို ညာလက်ဖြင့် ကိုမန်းကို ပစ်ပေါက်လိုက်သည်။ ကိုမန်းက မလေးကို ရွှန်းရွှန်းစားစားကြည့်ရင်း စကားဆိုလိုက်သည်။

"မလေးရယ်၊ ပန်းကလေးတွေက မလေးကို သည်လိုပြောနေတယ်"

*'ပန်းကလေးတွေ သီကုံးစေတဲ့ အနေဘဝပြန်မရရင် ထားလိုက်တော့ မျှားမြင်ကွင်းမှာခြွေနေပါတော့ စိတ်နာရသည်၊ ပန်းဘဝက မတည်ကြည်'*


"တတ်တယ် သူတတ်တယ်၊ ဒီလိုကဗျာတွေလက်တန်းစပ်ပြီး ဘယ်နှယောက်လောက်ကြွေခဲ့ပြီလဲ ဆရာကြီး။ ကြပ်ကြပ်သတိထားနော်"

ပြောပြောဆိုဆိုနှင့် မလေးထွက်သွားပါလေပြီ။ ကိုမန်းက ဥစ္စာပေါ၊ ရုပ်ချော၊ အပြောကောင်း အဟောကောင်း စိတ်ကောင်းရှိ တည်တည်ကြည်ကြည်ဆိုတော့ မလေးအဖို့ မဆွတ်ခင်ကညွှတ်ချင်လှသည်။ အလှတွင် အယဉ်ဆင့်လို့ မယားတောသူစကားနှင့် ပီသညီမျှသူ မလေးကိုလည်း ကိုမန်းနှလုံးအိမ်က မဖယ်ရှားနိုင်ခဲ့ပါပေ။ ကိုမန်း၏ စိတ်အတွေးလှိုင်းများကို ခေါ်သံတစ်ခုက ရပ်တန့်လိုက်ပါသည်။

"ဆရာလေးကိုမန်းခင်ဗျား၊ ကိုမန်းကိုတွေ့ချင်တဲ့ဧည့်သည် ရောက်ရှိလာကြောင်းပါ ခင်ဗျာ"

ကြည်ရှင်းက ဘေးမှပါလာသော ကိုဘမှုန်နှင့်အတူပင် လာရင်း နောက်ပြောင်သောစကားလုံး ခွန်းဆင့်လိုက်သည်။ ကိုဘမှုန်တို့ကို ကွပ်ပျစ်တွင် နေရာထိုင်ခင်းပေးပြီးသော် လာရင်းကိစ္စ

နေ့တာ(ဂ)ချိန်ပိုင်းပုံ






www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | |
|---|---|---|---|---|---|---|---|
| လင်္ကာ ၁- | ကျိုး- | သိန်း - | ဆို- | တာ- | ဝဲ- | အုံး- | မှာ |
| နေ့စဉ်- | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၅တေး | ၆ကြာ | ၇နေ |
| ရောက်မည့် အကြိမ်- | ၂* | ၆ | ၃ | ၇ | ၄ | ၁ | ၅ |

ဥပမာ - တနင်္ဂနွေနေ့(စရေ)ဓာတ်ပေါ်ချိန် (*)ပြထားသော (၂)ကြိမ်မြောက်၊ ဒုတိယအကြိမ် (၇)နာရီခွဲမှ (၉)နာရီ။

မေးရသည်။ ကိုဘမှန်က သူလိုအပ်သော အကူအညီအတွက် ပြောပြပါတော့သည်။

"သည်လို ကိုမန်းရေ၊ ကျုပ်နဲ့ဆို ညီဝမ်းကွဲ မှတ်စိုးတဲ့။ ကာလသားပေါက်ကလေးပေါ့ဗျာ။ မြလေးနွယ်နဲ့ဆိုတော့ မောင်နှမဝမ်းကွဲတော်တယ်။ ကျုပ်တို့ ထိန်ကုန်းအနောက်ဘက် မြစ်သုံးဆိုင်ဘက်ထွက်သွားတယ်။ သူငယ်ချင်းတွေဆီ ဟိုမှာလောင်းကြေး ဘော်လီဘောကစားတယ်ဆိုပါတော့။ ခုဆိုသွားတာ တစ်လကျော်သွားပြီ ပြန်မလာပါဘူး။ ခရီးကြုံလူကြုံတွေနဲ့မေးတော့ မြစ်သုံးဆိုင်မှာရှိတယ်လို့ ပြောကြတယ်။ အိမ်ကမိဘတွေက စာကြုံပါး၊ လူကြုံနဲ့ခေါ်ခိုင်းလုပ်တယ်။ ဒါလည်းမလာဘူးဗျ။ အိမ်ကလိုက်ခေါ်ရင်လည်း ရှောင်နေမလားဆိုပြီး ကျုပ်ကို တိုင်ပင်တယ်။ ကျုပ်က ခင်ဗျားကိုသတိရသွားတယ်။ ကိုမန်းကတော့ လူစုံ၊ ပညာလည်းစုံတယ်။ အားကိုးပါတယ်ဗျာ"

"ကိုဘမှန်၊ မှတ်စိုးကို ဂမ္ဘီရပညာတစ်ခုခုနဲ့ပြန်ခေါ်ပေးစေချင်တယ်ဆိုပါတော့"

"ဟုတ်သပ့်ဗျာ၊ ဆရာမန်းပြောရင် ရေးမှတ်သွားဖို့ မင်တံ၊ စာအုပ်ပါယူလာတယ်။ ပြောဆရာရယ်"

ထွက်သွားတဲ့သူ အိမ်ကို အမြန်ပြန်ရောက်အောင် ဓာတ်ဆင်နည်းလို့ဆိုရပါမည်။ ဦးစွာ စရေဓာတ်ပေါ်ချိန်မှာ ဆင်ဖို့လိုပါသည်။ (၇)ရက်စဉ်တွင် စရေဓာတ်သည် တစ်နေ့လျှင် (၁)နာရီခွဲစီ တစ်ချိန်ပေါ်ပါသည်။ နေ့တာ (၁၂)နာရီကို(၈)ချိန်ပိုင်းရမည်။ တစ်ချိန်တွင် (၁)နာရီခွဲစီရှိသည်။ ပထမ၊ ဒုတိယမှသည် အဋ္ဌမချိန်ထိပိုင်းပြီးကြည့်ပါ။ မနက်(၆)နာရီမှ(၇)နာရီခွဲသည် ပထမချိန်ဖြစ်ပါသည်။ ထို့အတူ (၇)နာရီခွဲမှ (၉)နာရီ၊ (၉)နာရီမှ(၁၀)နာရီခွဲတို့ ဒုတိယချိန်၊ တတိယချိန်ဟု နားလည်ပါ။

အဲဒီလို ပ-ဒု-တ စသည့်အချိန်တွေဟာ ဘယ်နာရီပိုင်းမှ ဘယ်နာရီပိုင်းထိဆိုတာ လက်တွေ့ဆွဲကြည့်ပါ။ ပြီးရင် တနင်္ဂနွေနေ့မှ စနေနေ့ထိ (စရေ)ဓာတ်ဖော်ချိန်တွေကို အက္ခရာ (နံ) ကောက်ယူပြီး ဘယ်အချိန်ဆိုတာကိုသိနိုင်တဲ့ လင်္ကာနဲ့တိုက်ကြည့်ပါ။ ဒါဆို နေ့စဉ် (၇) ခုရဲ့ စရေဓာတ်ပေါ်ချိန်တွေ သိနိုင်ပါတယ်။ လင်္ကာကိုအရင်မှတ်ပါ။ တနင်္ဂနွေကနေ စနေအထိ (၇) ရက်ရှိလို့ ဘယ်အကြိမ်မြောက်မှာကျတာလဲ (၇) ခုရှိမယ်။ ဒါကြောင့် လင်္ကာက 'ကျိုး-သိန်း-ဆို-တာ-ဝဲ-အုံး-မှာ' တဲ့။

နေ့ခုနစ်ခုနဲ့တိုက်ကြည့်ရင် တနင်္ဂနွေဟာ-ကျိုး၊ တနင်္လာဟာ-သိန်း၊ အင်္ဂါဟာ-ဆို၊ ဗုဒ္ဓဟူးဟာ-တာ၊ကြာသပတေးက-ဝဲ၊ သောကြာက-အုံး၊ စနေက-မှာပေ့ါ။ သိမြင်လွယ်ပါတယ်။ အက္ခရာတွေကိုကောက်ပြီး ဂဏန်းသွင်းရင် ကျိုး တနင်္လာက (၂)၊ သိန်း သောကြာက(၆)၊ ဆို အင်္ဂါက (၃)၊ တာ-စနေက (၇)၊ ဝဲ-ဗုဒ္ဓဟူးက(၄)၊ အုံး-တနင်္ဂနွေက (၁)၊ မှာ-ကြာသပတေးက (၅) ရပြီနော်။ ပြန်တိုက်ကြည့်ရင် တနင်္ဂနွေနေ့မှာ ကျိုး-တနင်္လာကျလို့ (၂) ဂဏန်း၊ ဒုတိယအချိန်-တနင်္လာနေ့မှာ သိန်း-သောကြာကျလို့(၆)ဂဏန်း၊ ဆဋ္ဌမချိန် အဲဒီ ပ-ဒု-တ အချိန်တွေကို နေ့စဉ်(၈)ချိန်ပိုင်းမှာတိုက်ကြည့်ရင် (၇)ရက်စဉ် စရေဓာတ်ရပြီဖြစ်ပါတယ်။ စာရွက်ပေါ်မှာလည်း ဆွဲပြပါမည်။

ကိုယ်ယူဆတာ မှန်၊ မမှန်သိရအောင် တိုက်ရိုက်ကျချိန်တွေပြောမည်။ တနင်္ဂနွေနေ့ မနက် (၇)နာရီခွဲမှ (၉)နာရီ၊ တနင်္လာနေ့ နေ့လယ် (၁)နာရီခွဲမှ (၃)နာရီ၊ အင်္ဂါ - မနက် (၉)နာရီမှ (၁၀)နာရီခွဲ၊ ဗုဒ္ဓဟူးနေ့ ညနေ (၃)နာရီမှ (၄)နာရီခွဲ၊ ကြာသပတေး နေ့လယ် (၁၀)နာရီခွဲမှ (၁၂) နာရီ၊ သောကြာနေ့ မနက် (၆) နာရီခွဲမှ (၇)နာရီခွဲ၊ စနေနေ့ နေ့လယ် (၁၂)နာရီမှ (၁)နာရီခွဲတို့ ဖြစ်ပါတယ်။ ကဲ - ကိုဘမှန်လည်း စရေဓာတ်ပေါ်ချိန်တွက်လို့ရပြီဆို ကြိုက်တဲ့ရက်နဲ့ စရေဓာတ်ပေါ်ချိန်ကိုယူလုပ်နိုင်ပါတယ်။

လုပ်ရမှာက ပြန်လာလိုသူရဲ့ နာမည်ကို အိမ်လျှောက်တန်းပေါ်မှာ ရေးရမယ်။ မြေဖြူ မီးသွေးခဲတစ်ခုခုနဲ့ ပေါ်လွင်အောင်ရေးပါ။ ခေါ်လိုသူ၊ ပြန်လာစေလိုသူရဲ့နေ့နံဂြိုဟ်သက် အချက်ရေယူပြီး လက်ဝါးဖြင့်ရိုက်ခေါ်ပါ။ ဂြိုဟ်သက်ကိုမသိရင် ဘုရားမှာဂြိုဟ်တိုင်သွားကြည့်။ သိတဲ့သူလည်းမေးနိုင်ပါတယ်။

ဒါလည်း မှတ်လို့လွယ်တဲ့ပညာပေးလိုက်ပါမယ်။ ပါပလို့ခေါ်တဲ့ ၁နွေ ၃ဂါ၊ ၇နေ၊ ဇဟုလေးခုက (၆) ကနေ (၂) ခု စီတိုးပြီးမှတ်။ ၆-၈-၁၀-၁၂ ရမယ် နော်။ နောက် ၂လာ၊ ၄ဟူး၊ ၅တေး ၆ကြာဆို တဲ့ သောမ (၄) ခုက (၁၅)က နေ (၂)ခုစီတိုးမှတ်ရင် ၁၅-၁၇-၁၉-၂၁ (၄) ခုဆိုရင် (၈)ခုစုံသွားပြီ။ ဘယ်နှယ့်လဲ၊ မှတ်လို့ လွယ်သွားပြီ မဟုတ်လား"

ကိုဘမှန်မှာ အကုန်လုံးရေးမှတ်သွားပြီး ပြန်ရန်အချိန်လင့်မည်စိုး၍ ပြန်သွားခဲ့ပါသည်။ တစ်ပတ်ခန့်အကြာတွင် ကြည်ရှင်းတစ်ယောက် ငမန်းထံသို့ ညနေဘက်ပေါက်၍လာပါသည်။

"ကိုမန်းရေ၊ ငါ့ဆီကို ကိုဘမှန် လူကြုံလွှတ်ပြီးသတင်းပါးလိုက်တယ်။ ဓာတ်ရိုက်ခေါ်တဲ့ မှတ်စိုးပြန်ရောက်လာပြီတဲ့ကွ။ မင်းကို ကျေးဇူးတင်တဲ့အကြောင်း၊ သူ့မိဘတွေကလည်း ကိုဘမှန်ကို ဆရာကိုကန်တော့ဖို့ စီစဉ်နေတယ်တဲ့။ ကိုဘမှန်ကပဲ လာကန်တော့ပါလိမ့်မယ်။ မှတ်စိုးကိုပါခေါ်လာမယ်လို့ပြောတယ်ကွ။ မြလေးနွယ်ကလည်း သူ့မောင်ဝမ်းကွဲအတွက် ကျေးဇူးတင်ပါသတဲ့။ ဒါကတောင် တွန့်လိုက်သေးတယ် ဆရာရေ။ ကိုဘမှန်ညီ ဘဟန်တို့ကော မြလေးနွယ်တို့ပါ လာမယ့် တို့ဆီကဘုရားပွဲ နောက်တစ်ပတ်သောကြာနေ့ လာခဲ့ကြဖို့ ဖိတ်ခေါ်တယ်ဟေ့။ မင်းနဲ့မြလေးနွယ်က မိဘတွေ နေရာကို အမိအရ နယ်မြေလို့ ဇာတ်လမ်းပြတ်ရတာပဲ။ မြလေးနွယ်နဲ့ မင်းက သံယောဇဉ်မပြတ်ပါဘူးကွာ။ အများအကျိုးဆောင် ကိုယ့်အကျိုးလည်း အောင်မှာပါ"

ဟု ပြောရင်း ကြည်ရှင်းတစ်ယောက်ထွက်ခွာသွားပါတော့သည်။

ထင်ကျော်စွာ(ဂမ္ဘီရ)



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ဆွမ်းစားပြီးချိန် ဖြစ်၏။ ဆွမ်းချိုင့်နှင့် ပန်းကန်ခွက်ယောက်များအား ဆေးကြောသန့်စင်ပြီး သက်နိုးပိုင်း မြင့်ပွတ်တိုက်နေခိုက် ကပ္ပိယကြီး ကျွန်ုပ် အနီးရောက်ရှိလာကာ -

"စနေ"

"ဗျို့"

"ငါ့ကို မုဆိုးကြီးဖိုးလွဲအိမ်လိုက်ပို့ ပါလား"

"စပ်စပ်ဖားဖားဗျာ၊ ကပ္ပိယနဲ့ မုဆိုး ဘာဆိုင်လို့လဲ"

"ကပ္ပိယနဲ့ မဆိုင်ပေမယ့် ဆေးကုတဲ့အလုပ်နဲ့တော့ ပတ်သက်တယ်ကွ"

ကျွန်ုပ် ကပ္ပိယကြီးအား စိတ်ပျက်သလို ရှုံ့ရှုံ့တွတွလုပ်၍ကြည့်ရင်း -

"အဲဒါကပိုတောင်ဆိုးသေးတယ်။ မုဆိုးဆိုတာက သတ္တဝါတွေအသက်ကို ရှာကြံပြီးသတ်နေတာ။ ဆေးကုတဲ့သူက သတ္တဝါတွေအသက်ကို ကယ်ဆယ်နေတာ ဘာဆက်စပ်လို့လဲ။ သွားစမ်းပါ ကပ္ပိယကြီးရယ်၊ အလုပ်တွေပျက်လွန်းလို့ ကိုယ့်ဘာသာနေစမ်းပါ"

"မုဆိုးနဲ့ ဆေးဆရာ ပတ်သက်တဲ့ အကြောင်းတွေရှိတယ်ကွ"

"ကဲပြော၊ပတ်သက်တဲ့အကြောင်း"

"တိရစ္ဆာန်တွေရဲ့ အရိုး၊ အရေ အခွံ၊ အစွယ်တွေဟာ ရောဂါအချို့အတွက် အများကြီးအသုံးဝင်တယ်ကွ။ ဥပမာဆိုပါတော့ကွာ ကလေးတွေ ကျန်းမာရေးကောင်းအောင် အရိုးကို လည်ပင်းဆွဲပေးတာတို့၊ ကျားရိုးသွေးတိုက်တာတို့၊ သင်းခွေချပ်အကြေးခွံကို လည်ပင်းဆွဲပေးတာတို့ပေါ့ကွ"

"ဟာ - ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျုပ်ငယ်ငယ်ကလည်း ဖားရိုးကိုအပ်ချည်နဲ့ ဆွဲဖူးတယ်ဗျ"

"အဲဒါပြောတာပေါ့၊ တောတိရစ္ဆာန်တွေရဲ့ အရိုးတို့၊ ခေါင်းခွံတို့၊ ချိုတို့များ ရနိုင်မလားလို့ မုဆိုးကြီးဆီသွားချင်တာကွ"

ကပ္ပိယကြီးစကားအဆုံး၌ ကျွန်ုပ် အူတက်မတတ် တဟားဟားအော်ရယ်မိလေသည်။ ကပ္ပိယကြီးမှာ ကျွန်ုပ်၏ အပြုအမူအား နားမလည်သလို ပြူးကြောင်ကြောင်ကြည့်ပြီး -

"ဟကောင် - ငါပြောတဲ့အထဲမှာ ဘာရယ်စရာပါလို့လဲ"

"အား. . ဟား. . ဟား. . ဟား - ကပ္ပိယကြီးပြက်လုံးထက်ကောင်းတဲ့ပြက်လုံး ကမ္ဘာမှာတောင်ပေါ်ဦးမယ်မထင်ဘူး ဟား. . ဟား. . ဟား။ နောက်ပြီး ကပ္ပိယကြီးကိုလူကဲခတ်အလွန်ကောင်းတယ်လို့ထင်ထားတာ။ အခုမှပဲ အတော်ရှော်တဲ့လူမှန်းသိရတော့တယ် ဟား. . ဟား. . . ဟား"

"ဆိုစမ်းပါဦး၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဗျ၊ မုဆိုးကြီး နာမည်ကိုက ဖိုးလွဲဆိုမှတော့ ဘာသား



# ကိုစနေ

## ကပ္ပိယတိုင်းနှင့် ဂန္ဓာလရာဇ်ဆေးကုထုံးများ



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကရဦးမှာလဲဗျ။ ကပ္ပိယကြီး အတော်ဒိုးဝေးသေးတာပဲ ဟား. . . ဟား. . . ဟား"

"ငါ သူ့အိမ်ကို ဆွမ်းချိုင့်သွားယူ တုန်းက အိမ်နံရံမှာ တောတိရစ္ဆာန်ခေါင်း တွေ၊ ချိုတွေချိတ်ထားတာ တွေ့မိတယ်ကွ"

"အဲဒါ သူ့အဘိုး၊ သူ့အဖေတွေ လက်ထက်ကရထားတာတွေဗျ။ သူရထားတာမဟုတ်ဘူး။ သူလည်း ဟိုးအရင်ကတော့ ဒူးလေးကြီးတကားကားနဲ့ တောဝင်ဖူးပါတယ်။ ဒါပေမယ့် ကြီးကြီးမားမားသားကောင်ရတယ်လို့ တစ်ခါမှမကြားမိဘူး။ ကြာတော့ သူ့ဒူးလေးထမ်းပြီး တောပစ်ထွက်ရင် အနီးအနားမှာနေတဲ့ ခါတ်သိကလေးတွေက ဝိုင်းအော်ကြသတဲ့"

"ဘယ်လိုအော်တာလဲ"

"ချေမကြီးရေ မုဆိုးကြီး ဖိုးလွဲ တောပစ်ထွက်လာပြီ။ စားမြဲတိုင်းစား၊ သွားမြဲတိုင်းသွား၊ နင့်ကလေးတွေအတွက်လည်း ဘာမှမပူလေနဲ့တဲ့"

ကပ္ပိယကြီး တဟားဟားရယ်လေသည်။

"အဲဒီလိုနဲ့ နောက်တော့ ဒူးလေးကို ယောင်လို့တောင်မကိုင်တော့ဘူး။ တောကြီးထဲလည်း မသွားတော့ဘူး။ တောစပ်မှာပဲ ကြက်ထောင်၊ ချိုးထောင်၊ ပုတတ်ထောင်လုပ်နေတော့တယ်။ အဲဒီလိုမုဆိုးမျိုးဆီကိုများ သွားပြီး သားကောင်အရိုး အရေဝယ်ဦးမလို့တဲ့။ ဖြစ်ရလေဗျာ ဟား. . . ဟား. . . ဟား"

"ဘာပဲဖြစ်ဖြစ်ကွာ၊ သွားရင်အရှုံးတော့မရှိနိုင်ဘူး။ အသုံးဝင်တာ တစ်ခုခုတော့ရမယ်ထင်တာပဲ"

ဆိုကာ အတင်းခေါ်သဖြင့် ဆွမ်းချိုင့်များအား နေသားတကျထားပြီး လိုက်ခဲ့ရလေသည်။ မွန်းတည့်လုပြီဖြစ်သဖြင့် သူရိန်နေမင်းကြီးသည် ခေါင်းပေါ်မှနေ၍ အစွမ်းကုန် နှိပ်စက်လျက်ရှိ၏။ ကပ္ပိယကြီးတွင် ခေါင်းပေါင်းပါသော်လည်း ဆောင်းစရာမပါသောကျွန်ုပ်မှာ ပုဆိုးအပေါ်စကို နောက်ဘက်မှနေ၍ ခေါင်းပေါ်သို့ ဆွဲတင်လိုက်၏။ ထို့ကြောင့် ကိုယ်အောက်ပိုင်းရှေ့ဘက်မှာ လုံသော်လည်း နောက်ပိုင်းမှာမူ တင်ပါးအစပ်ထိ ပေါ်လျက်ရှိ၏။

"ကြည့်လည်းလုပ်ပါ စနေရယ်၊ ရွာထဲကျခွေးလိုက်ဆွဲနေပါ့မယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ဒါအတွက်တော့မပူနဲ့။ ရွာထဲကခွေးတွေအားလုံးနဲ့ ကျုပ်က အဆင်ပြေပါတယ်။ လူတွေနဲ့ သာမတည့်တာဗျ"

ကျွန်ုပ်စကားကြောင့် ကပ္ပိယကြီး တဟဲဟဲရယ်ပြီး -

"ဘယ်တည့်မလဲ၊ မင်းကိုက ညစ်ကတ်ကတ်ပေစောင်းစောင်းကိုးကွ"

"ဒါလည်းဟုတ်ပါ့တယ်။ ဒါပေမယ့် ကပ္ပိယကြီးစဉ်းစားကြည့်လေဗျာ။ လူတွေက အများအားဖြင့် သစ္စာမရှိဘူး။ ခွေးက သစ္စာရှိတယ်ဗျ။ ဘယ်တော့မှ စိတ်ထားတစ်မျိုးပြီးတစ်မျိုးမပြောင်းဘူး။ သူ့ကို ထန်းလျက်ခဲလေးဖြစ်ဖြစ် တစ်ခါလောက်ကျွေးလိုက်ရင် အဲဒီလူကို တစ်သက်လုံး သစ္စာရှိရှိခင်သွားတယ်။ လူတွေကတော့ အဲဒီလိုမဟုတ်ဘူး။ ဘယ်လောက်ပဲ ကျေးဇူးပြုဖူးပြုဖူး တစ်ကြိမ်တစ်ခါလောက် သဘောထားမတိုက်ဆိုင်ရင် ရန်သူကြီးလိုဖြစ်သွားတော့တာပဲ။ အဲဒါနဲ့ပတ်သက်ပြီး ဆရာတော်လည်း မကြာမဏသတိပေးဆုံးမဖူးတယ်။ လူတွေကို သတိနဲ့ပေါင်းတဲ့။ ကဗျာလေးတစ်ခုရွတ်ပြဖူးတယ်။ ကျုပ်ဖြင့် ကြိုက်လွန်းလို့ အလွတ်ကျက်ထားတယ်။ ဘာတဲ့ - 'လူ့ရဲ့အကြိုက်၊ ဘယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏' တဲ့။ တိုတိုလေးနဲ့ ဘယ်လောက်ထိမိသလဲ။ ဒါကြောင့် ကျုပ်လည်း ကပ္ပိယကြီးကို အထပ်ထပ်သုံးသပ်ပြီးမှပေါင်းနေရတာဗျ"

ကျွန်ုပ်စကားကို သဘောအကျကြီးကျကာ ကပ္ပိယကြီးတဟားဟားရယ်ပြန်လေသည်။

"လူကသာသေးတယ်၊ စကားလုံးကတော့ထွားပ့ါကွာ။ အခုထက်ထိ ငါ့ကို မသင်္ကာဖြစ်နေတုန်းဘဲလားဟ"

"ယုံနိုင်ပ့ါမလားဗျာ၊ မပြောမဆိုနဲ့ မကြာခဏပျောက်ပျောက်သွားတတ်တော့ ပိုဆိုးတာပေါ့"

"ငါသာ လူကောင်းသူကောင်း တစ်ယောက်မဟုတ်ရင် ဆရာတော်က လက်ခံထားပါ့မလားကွာ။ အင်းလေ - ဒီအကြောင်းတွေကို မကြာခင် မင်းသိရတော့မှာပါ"

"ကဲဗျာ - ဦးနှောက်ခြောက်စရာတွေထားပါတော့။ တိရစ္ဆာန်တွေရဲ့အရိုး၊ အရေ၊ အစွယ်တွေရဲ့ဆေးဖက်ဝင်ပုံတွေကို ပြောပြပါဦး"

"အေး-ဟုတ်တယ်ကွ။ လမ်းသွားတာ မောမှန်းလည်းမသိရအောင်၊ မင်းလည်း ပညာရအောင် စကားပြောရင်းသွားကြတာပေါ့။ ဒီလို ကောင်လေးရေ ကမ္ဘာ့မြေပြင်ပေါ်မှာပေါက်တဲ့ သစ်ပင်ဝါးပင်မှန်သမျှ သူ့နေရာနဲ့သူ ဆေးစွမ်းထက်ကြတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ သမားတော်ကြီးဇီဝကက အသုံးမဝင်တဲ့အပင်ရယ်လို့မရှိဘူးလို့ ဆိုခဲ့တာကွ။ ဒီလိုပဲ တောရိုင်းတိရစ္ဆာန်တွေရဲ့အရိုး၊ အစွယ်၊ ချို၊ သည်းခြေတွေဟာ သူ့နေရာနဲ့သူ အစွမ်းထက်တယ်ကွ။ ငါအခုပြောမယ့်နည်းတွေက တရုတ်ရှေးဟောင်းကုထုံးနည်းတချို့ပေါ့"

"အင်း၊ အင်း"

"တရုတ်ဘာသာနဲ့ ဟူးလို့ ခေါ်တဲ့ ကျားရဲ့ဦးခေါင်းရိုး၊ လည်တိုင်ရိုးတွေကို မီးနဲ့ကျွမ်းအောင်ဖုတ်ပြီး အမှုန့်ထောင်း။ အဲဒီအမှုန့် တစ်မတ်သားလောက် နူနာရှိတဲ့သူကို စားခိုင်းရင် ပျောက်ကင်းတယ်လို့ဆိုတယ်"

"ဟာ - တယ်စွမ်းပါလားဗျ"

"အေး - ဟုတ်တယ်။ ဝမ်းကိုက်ရောဂါကြာရှည်လို့ဖြစ်တဲ့ လိပ်ခေါင်းရောဂါ၊ မီးပူ၊ ရေပူလောင်တဲ့အနာမျိုးကိုလည်း အဲဒီကျားရိုးအမှုန့်ဖြူးပေးရင် အမြန်ပျောက်တယ်"

"တယ်ဟုတ်ပါလား ကပ္ပိယကြီးရဲ့"

"အိပ်မက်ဆိုး မကြာခဏမက်ပြီး လန့်တတ်တဲ့လူတွေအဖို့ ကျားဦးခေါင်းရိုးကို ခေါင်းအုံးပြီးအိပ်ရင် အိပ်မက်ဆိုးလုံးဝမမက်တော့ဘူး။ ကျားဦးခေါင်းရိုး လည်တိုင်ရိုးတွေကို မနက် (၄) နာရီတစပြီး (၆) နာရီကြာအောင် ရေနဲ့ပြုတ်၊ အဲဒီပြုတ်ရည်နဲ့လူးပေးရင် ထုံနာကျွဲနာ၊ ညောင်းညာကိုက်ခဲတဲ့ ရောဂါသွက်ချာပါဒလို့ခေါ်တဲ့ သွေးလေထိုင်းမှိုင်းတဲ့ရောဂါ၊ ကိုယ်မှာပေါက်တဲ့ အနာရောဂါမှန်သမျှ ပျောက်စေတယ်ကွ"

"ကောင်းလိုက်လေ ကပ္ပိယကြီးရယ်"

"တရုတ်လို ဟူးရိုးကုလို့ခေါ်တဲ့ ကျားရဲ့ရင်ဘတ်ရိုးကို ထောပတ်လူးပြီး မီးနဲ့မွှနေအောင်ကင်၊ အမှုန့်လုပ်။ အဲဒီအမှုန့်တစ်မတ်သားကို ချင်းရည်နဲ့ တစ်နေ့သုံးကြိမ်သောက်ရင် ဉာဏ်ပညာတိုးတက်ပွင့်လင်းခြင်း၊ စိတ်အားကိုယ်အားထက်သန်ခြင်း၊ သတိကောင်းခြင်းရဲရင့်တက်ကြွခြင်းဖြစ်စေသတဲ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ - အမျိုးသားများမှတ်သားစရာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

စကားတပြောပြောနှင့် လှမ်းလာကြရာမှ မုဆိုးကြီးအိမ်ရှေ့သို့ ရောက်လာပြီဖြစ်သဖြင့် စကားပြတ်သွားကြသည်။ ခြံဝင်းတံခါးဖွင့်ထားသော်လည်း အိမ်တံခါးမှာပိတ်လျက်တွေ့ရ၍ ကျွန်ုပ်အသံအကျယ်ကျယ်ဖြင့် -

"ဗျို့ - မုဆိုးကြီး၊ မုဆိုးကြီးရှိလားဗျို့၊ ကျုပ်တို့လာချင်လို့ပါ"

အတန်ကြာသည်အထိ တုံ့ပြန်သံမကြားရသဖြင့် အိမ်အနီးထိသွားကာ -

"ဗျို့- မုဆိုးကြီးရှိလားဗျို့"

"ရှိပါတယ်ဗျာ၊ ဝင်ခဲ့ပါ"

ဟု ညောင်နာနာအသံဖြင့် ပြန်ထူးသံကြားရင်း -

"လာ - ကပ္ပိယကြီး၊ ရှိတယ်ဗျ။ ဗျားနဲ့ နပန်းလုံးထားရလို့ အသံတောင်ထွက်နိုင်တော့ဘူးထင်တယ်"

ဟု ပြောင်ချော်ချော်ပြောရင်း အိမ်ထဲသို့ဝင်ခဲ့ကြသည်။ အိမ်ထဲအရောက်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် အတော်လေးစိတ်ပျက်သွားမိလေသည်။ အကြောင်းမှာ မုဆိုးကြီးသည် အိပ်ရာထဲတွင် ခွေခွေလေးလဲနေပြီး မျက်နှာမှာလည်း သရက်သီးနွမ်းမှည့်တစ်လုံးမှာ ရှုံ့တွပြုရော်နေသောကြောင့် ဖြစ်၏။

ကပ္ပိယကြီးမှ အံ့သြသလိုကြည့်ရင်း -

"မုဆိုးကြီးဘယ်လိုဖြစ်နေတာလဲဗျ"

"ဝမ်းကိုက်နေတယ်ဗျာ"

ပြန်ဖြေသံမှာ စောစောကအသံထက်ပင် အားပျော့နေ၏။

"ဖြစ်ရလေဗျာ၊ ကျုပ်ကို ခေါ်ခိုင်းလိုက်ရောပေါ့"

"ခိုင်းရဖို့လူလည်းမရှိပါဘူးဗျာ"

"နို့ - အိမ်သားတွေကဘယ်သွားကြိုလဲ"

"ကျုပ်ယောက္ခမကြီးနေမကောင်းလို့သွားကြတာ (၃) ရက်ရှိပြီ"

"ဒုက္ခပါပဲဗျာ၊ ဝမ်းကိုက်တာဘယ်နှရက်ရှိပြီလဲ"

"နှစ်ရက်ရှိပြီပြောပါတော့"

"ဟာဗျာ - ဝမ်းကိုက်တာကြာရင်အန္တရာယ်ရှိတယ်ဗျ။ ပေါ့လို့မဖြစ်ဘူး။ ဟဲ - စနေ၊ ကြက်မွေးလက်တစ်ဆုပ်စာလောက်ရှာစမ်းကွာ။ ဆေးတိုက်ဖို့လုပ်ရအောင်"

ထိုအခါ မုဆိုးကြီးမှ ညောင်နာနာအသံဖြင့် -

"အာတော့နာတယ် ကပ္ပိယကြီး



ရယ်။ သူတို့သားအမိမသွားခင်က လူမမာအတွက် ကြက်သားချက်ကြတယ်။ အမွေးတွေကို အင်ဖက်နဲ့ထုပ်ပြီး နောက်ဖေးဘက်ပစ်လိုက်တာတွေ့မိတယ်။ ရှာသာကြည့်ပေတော့ဗျာ"

ဆိုသဖြင့် ကလေးပီပီ ကျွန်ုပ်ဆင်းရှာရလေတော့သည်။ အိမ်နောက်ဖေးတွင် အင်ဖက်ထုပ်များတွေ့ရသော်လည်း မတော်တရော်အထုပ်နှင့် တွေ့မည်စိုးသဖြင့် အထုပ်တိုင်းအား ရဲရဲမဖြေရဲပေ။ အတော်သတိထား ရှာဖွေနေရ၏။ ကံအားလျော်စွာ စတုတ္ထမြောက်အထုပ်မှာ ကြက်မွေးထုပ်ဖြစ်ကြောင်း တွေ့ရသဖြင့် ယူသွားပြီး ကပ္ပိယကြီးနှင့်အတူ မီးဖိုအတွင်းဝင်ခဲ့ကြ၏။

မီးဖိုထဲအရောက်တွင် ကြက်မွေးလက်တစ်ဆုပ်ခန့်အား ဒယ်အိုးအတွင်းထည့်၍ မီးပြင်းပေးလေသည်။ ကြက်မွေးအားလုံး ပြာဖြစ်သွားချိန်တွင် ခွက်တစ်ခုထဲသို့ ကြက်မွေးပြာတစ်ပဲသားခန့်ထည့်ပြီး ရေအေးအနည်းငယ်နှင့်ဖျော်၍ မုဆိုးကြီးအား တိုက်လိုက်၏။ ဆေးတိုက်ပြီး မကြာခင် မုဆိုးကြီး အိမ်သာတက်လိုကြောင်း ပြောသဖြင့် တွဲပို့ပေးရင်း အခြေအနေအား အကဲခတ်နေစဉ် မိနစ် (၂၀) ခန့်အကြာ တစ်ခါပို့ပေးရင်း နောက်ထပ် နာရီဝက်ခန့်အကြာပို့ပေးရပြန်သည်။

"ဗိုက်ထဲမှာ အရင်လောက်မနာတော့ဘူး ကပ္ပိယကြီးရေ။ စအိုအောင့်တာလည်း အတော်လေးသက်သာသွားပြီ။ ကျေးဇူးတင်လိုက်တာ ကပ္ပိယကြီးရယ်။ ခင်ဗျားတို့မလာခင်က အိမ်သာခဏခဏသွားရလွန်းလို့ ဒူးတွေတောင်ညောင်းချိနေတာဗျ။ အိမ်သားတွေကလည်း နောက်နှစ်ရက်၊သုံးရက်မှပြန်လာမှာဆိုတော့ ကျုပ်အိမ်ထဲမှာသေနေရင်တောင် ဘယ်သူမှသိမှာမဟုတ်ဘူးဗျ။ တိုက်တိုက်ဆိုင်ဆိုင် ကပ္ပိယကြီးတို့ရောက်လာလို့သာပေါ့ဗျာ။ ဒါနဲ့ ကပ္ပိယကြီးတို့က ကျုပ်ကို ဘာကိစ္စနဲ့တွေ့ချင်တာလဲ။ ပြောသာပြောပါ အားမနာနဲ့။ ကျုပ်အတတ်နိုင်ဆုံးကူညီမယ်"

အားတက်သရောပြောနေသော မုဆိုးကြီးစကားကြောင့် ကပ္ပိယကြီးမှာ လာရင်းကိစ္စကို စကားစလိုက်၏။

"ဒီလိုပါ မုဆိုးကြီးရယ်။ ကျုပ်တို့ကုသိုလ်ဖြစ်ဆေးကုနေတာ မုဆိုးကြီးလည်းကြားမှာပါ"

"ဟုတ်ကဲ့ သိပါ. . . အာ. . . အာ. . . စနေ ငါ့ကို အိမ်သာကိုတွဲပို့ပါဦး"

ဆိုသဖြင့် တွဲပို့ရပြန်လေသည်။

ခဏအကြာ မုဆိုးကြီးအား တွဲခေါ်လာခဲ့၏။ ကပ္ပိယကြီးစကားဆက်ပြန်၏။

"ကျုပ်တို့ အဲဒီလို ဆေးကုရာမှာ အချို့ရောဂါတွေတွက် တောတိရစ္ဆာန်တွေရဲ့ အရိုး၊ အရေ၊ အစွယ်၊ ခေါင်းစတာတွေဟာ မရှိမဖြစ်လိုအပ်ပါတယ်။ မုဆိုးကြီးမှာ တိရစ္ဆာန်တွေရဲ့အရိုး၊ ခေါင်း၊ အစွယ်၊ ချိုတွေများရှိရင် ဝယ်ချင်ပါတယ်။ ရောင်းနိုင်မလားလို့ပါ"

ကပ္ပိယကြီးစကားကြောင့် မုဆိုးကြီးမှာ ပြုံးပြုံးပျာပျာဖြင့် လက်တကာကာလုပ်ရင်း -

"ဟာ - မရောင်းပါဘူးဗျာ"

ဆိုသဖြင့် ကျွန်ုပ်တို့နှစ်ဦး များစွာစိတ်ပျက်လက်ပျက်ဖြစ်သွားရလေသည်။ မုဆိုးကြီးမှဆက်၍ -

"ရောင်းလို့ဘယ်ဖြစ်မလဲဗျာ။ အခုဆို ကျုပ်မှာ ကပ္ပိယကြီးတို့ပေးတဲ့ အသက်ပဲရှိပါတော့တယ်။ ကျုပ်ဘယ်ရောင်းပါ့မလဲ။ ဒါတွေကို အိမ်မှာ အလှချိတ်ထားတာကလွဲလို့ ဘာမှတိုးပြီး အကျိုးမထူးပါဘူး။ ကပ္ပိယကြီးတို့ကို လှူလိုက်ရင် ကျုပ်လည်း ကုသိုလ်ရတာပေါ့ဗျာ။ ရှိတာတွေအကုန်သာယူသွားကြပါဗျာ"

ဆိုကာ ပေးလိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ သာခုအကြိမ်ကြိမ်ခေါ်၍ နှစ်ဦးသား အထုပ်အပိုးထမ်းပြီးပြန်ခဲ့ကြလေတော့သည်။

"အင်း. . . ဒီလိုဆိုတော့လည်း မုဆိုးကြီးကအဟုတ်သား"

ကိုစနေ

www.burmeseclassic.com

www.burmeseclassic.com

ညဉ့်၏ ဂီတသံသည် တွင်းအောင်းပုရစ်တို့၏ တကျီကျီမြည်သံ၊ ညဉ့်ငှက်တို့၏ အစာရှာရင်း အော်ဟစ်သံ၊ ဖားကွက်တို့၏ တကွိကွိအသံများဖြင့် စည်းချက်ညီလိုက်မညီလိုက်ရှိနေသည်။ ညဦးယံက မိုးလေးတစ်ပြိုက်နှစ်ပြိုက်ခန့် ရွာလိုက်ပြီး တိမ်တို့သည် အနောက်အရပ်သို့လွင့်သွား၏။ လဆုတ်ည၏ ကြယ်ရောင်၊လရောင်တို့ပြန်လင်းလာကြသည်။

သက်ကယ်ခြံရွာ၏တောင်ဘက်တောထူထပ်ပြီး ယာခင်းတချို့တစ်ဝက်ဖြင့် မညီမညာရှိသောနေရာ၌ မုဆိုးကိုဖိုးထောင်နေသည်။ ထိုနေရာသည် ကျစ်ကုန်းများ၊ စရစ်ကုန်းများ၊ လျှိုချပ်ကြားများရှိသလို မိုးရွာလျှင် ရေစီးဆင်းသော ရိုးချပ်မြောင်တစ်ခုက မညီညာသောမြေပြင်၌ အရှေ့မှ အနောက်သို့ ဖြတ်ဆင်းသွားသည်။ ယာထွင်၍ရသော မြေနီ၊ မြေနက်၊ သဲနုန်းအကွက်များ၌ ထွန်ယက်ပြီး နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုးတို့အား စိုက်ပျိုးရသည်။ သို့ပေမယ့် မြေပြင်အနှံ့စိုက်ပျိုး၍မရပါ။ သို့အတွက်ကြောင့် တောအုပ်များ၊ဆူးချုံကြီးများ၊ ဝါးရုံတောများနှင့် ယာခင်းတို့သည် ဟိုသည်တစ်ကွက်စီပြန့်ကျဲနေ၏။

ကိုဖိုးထောင်တို့မိသားစုက သက်ကယ်ခြံရွာထဲမှာမနေပါ။ ယာခင်းနှင့်မနီးမဝေး သရက်ပင်အုပ်များအကြားတဲကြီးထိုး၍နေသည်။ တောင်သူတစ်ယောက်ဖြစ်သော်လည်း မုဆိုးအလုပ်ကိုဝါသနာကြီး၏။ အချိန်အားရသည်နှင့် ယုန်ပစ်၊ ကြောင်လိုက်၊ သမင်ထောင်စသည်ဖြင့် ဟင်းစားလေးများ ရှာဖွေသည်။ အကောင်ပလောင်ရလာလျှင် မိခင်ဖြစ်သူက ရွာထဲတစ်ပတ်လှည့်လိုက်သည်နှင့် ကုန်သွားသည်သာ ဖြစ်၏။ ညဦးကမိုးရွာနေသဖြင့် သူမိုးကိုစောင့်နေရင်း တောလိုက်ကိရိယာများအား ပြင်ဆင်ပြီး မိုးတိတ်သွားသည်နှင့် အနောက်ဘက်ကုန်းကြောသို့ ထွက်လာခဲ့သည်။ မြေပြင်သည် ညီညာမှုမရှိ လျှိုများ၊ ကမူများနှင့် နိမ့်လိုက်၊ မြင့်လိုက်လှိုင်းထနေသည်။ လျှိုထဲမှာက သန်း၊ ဒဟတ်၊ နီပစေးပင်များတောထနေသည်။ ကမူများပေါ်၌ ထနောင်း၊ ရှားပင်၊ ပျဉ်းကတိုး၊ သစ်ရာပင်များက နေရာအနှံ့ မိုးထိုးနေကြ၏။ လျှိုကမ်းပါးသည် ခလောက်ချုံ၊ ဆေးရိုးချုံ၊ ခံပင်များဖြင့် ရှုပ်ပွနေသော်လည်း လျှိုထဲမြေညီသည့်နေရာ၌ ဆင်ငိုမြက်၊ မြေစာမြက်တို့က ကြိုက်တတ်သည့် တောသတ္တဝါလေးများအတွက် ညဈေးတန်း စားသောက်ဆိုင်များသဖွယ် စိမ်းစိုနေ၏။

မိုးတိတ်သွား၍ ညဘက်အစာရှာထွက်ကြသည့် ယုန်၊ သမင် အစရှိသည့် အကောင်ငယ်လေးများသည် ဤလျှိုကြားသို့ကျိန်းသေဆင်းလာမည်ကို မုဆိုးကိုဖိုးထောင် အတပ်သိ၏။ နေ့ခင်းဘက်ကတည်းက လျှိုတစ်ဝိုက်အား ခြေရာခံထားပြီး ကုန်းစောင်းတစ်လျှောက် ဆူးခြစ်ချုံ၊ စွန်လက်သည်းချုံကျဲကျဲအနီး... ယုန်ခြေရာများအား တွေ့ထား၍ ... သည်။တောယုန်တွေက ချုံသိပ်ထူသော... နေရာ၌မနေကြ။ ခြင်ကိုက်သဖြင့် တဲ... သော ချုံပုတ်အလယ်၌ ဝပ်ကျင်းယ... ထားတတ်ကြသည်။ ထို့အပြင် အနီး... နား မြက်ပင်အစပ်သဲပြင်များ၌လည်း... လူးကျင်းများ ... တတ်သည်။ ယုန်သ... အစာစားရင်း ... ကိုက်လာသောအ... သဲကျင်းများ၌ လူးလိမ့်ခုန်ပေါက်... အယားဖြေတတ်၏။ အစာစားလိုက် ... ကျင်း၌ လူးလိမ့်လိုက်ဖြင့် တစ်ညလုံး... အလုပ်ရှုပ်နေတတ်၏။ အစာဝသည်... တောင်ပြေးမြောက်ပြေး မြူးထူးသော... ကစားပြီးသော် ခြေရာဖျောက်၍ ဝပ်ကျ... ရှိရာချုံထဲသို့ခုန်ဝင်တတ်သည်။ ဤသ... မှာ တောယုန်တို့၏ အလေ့အထ... သည်။

ကိုဖိုးထောင်က ... တောသ... ဝါတွေ၏အလေ့အထကို ... ဖြစ်၏။တရုတ်ပြည်မှလာသော နဖူးစည်း... အယ်(လ်)အီးဒီမီးဆလိုက်အား နဖူး... သေသေချာချာချည်လိုက်သည်။ ... ဘက်ထရီအိုးအသေးအား ... လွယ်သိုင်း... လိုက်ပြီး ခါးပတ်၌ ... မှမော်တာလေးနှင့် ဝါယာကြိုးသေးသေး... လေးဖြင့်ဆက်လိုက်၍ တစ်... ထားလိုက်သည်။ လွယ်အိတ်ထဲ၌ ...

# သန့်ဇင်


# ကြောင်အပြေး ခွေးအလိုက်





www.burmeseclassic.com

www.burmeseclassic.com



မီးချောင်းကြီး[illegible]လတ်[illegible]ရှင်နှစ်ထပ်ဖြင့် လေး[illegible]ကြီး၊ လေ[illegible]လုံးများကို အပြည့်[illegible]ထားဏ်။ [illegible]လောက်ဆိုလျှင် မှု[illegible]ကတ်နက်တရိုးယ[illegible]ပြီဖြစ်သည်။ [illegible]ခင့်ယာထားသော ကွမ်းထုပ်နှင့် [illegible]ပါလိပ်၊ မီးခြစ်တို့အား[illegible] [illegible]ပြီး တောစီးရော်အာဝိနှစ်[illegible]ထိုက်သည်။ သူတို့ဒေသ[illegible]မြွေပွေးပေါသဖြင့် ညဘက် တော[illegible]လျှင် ဤ[illegible] မြွေအန္တရာယ်မှ[illegible]ကွယ်ပေးပါသည်။ ငပွေးတွေတာ[illegible] ညဘက်ဆိုလျှင် အစာရှာထွက်ကြ၍ ကိုယ်က သတိမထားမိဘဲ တက်နင်းမိလျှင် ကိုက်ချသွားနိုင်၏။

လမရောင်ပျပျ၌ ကုန်းလျှောအတိုင်း လှို့မြောင်ချုပ်ကြားဆက်ထွက်လာခဲ့သည်။ ဝါးရုံပင်အုပ်ကျော်၍ ခလောက်ချုံများအကြားတိုးဆင်းပြီး ရိုးခြောက်ချပ်ကြားအနီးရောက်တော့ နဖူးမှမီးလုံးအားဖွင့်လိုက်သည်။ ခါးပတ်မှာချိတ်ထားသော

www.burmeseclassic.com

www.burmeseclassic.com

မော်တာလေးကို ဝါယာကြိုးအစတပ်လိုက်သဖြင့် မော်တာလည်သံသည် တရှိန်းရှိန်းမြည်လာ၏။ ထိုအခါ ကိုဖိုးထောင်တောတိုးသောခြေသံမှာ ပျောက်သွားပြီး မော်တာလည်သံကသာ ဖုံးလွှမ်းနေပါသည်။

ထိုအခါ ယုန်သည် မော်တာလည်သံတရှိန်းရှိန်းအား ဘာသံလဲဟု စူးစမ်းရင်း အယ်(လ်)အီးဒီမီးရောင်ဖြူဖွေးဖွေးကို တွေ့လိုက်သည်နှင့် မပြေးတော့ပါ။ သူထင်ထားသည့်အတိုင်း ယုန်ကြီးတစ်ကောင်သည် မြက်ခင်းစပ်သဲပြင်၌ လူးလိမ့်နေ၏။ ကျောနှင့်လူးလိုက်၊ ဘေးစောင်းပွတ်လိုက်၊ခုန်လိုက်ဖြင့် ယုန်သည် ခြင်ကိုက်အယားဖြေနေသည်။ နဖူးမှမီးရောင်အား ယုန်ရှိရာတည့်တည့်ထိုးလိုက်သောအခါ ယုန်ကြီးသည် မီးရောင်ကို စူးစိုက်ပြီးကြည့်နေ၏။ ခေါင်းကို နိမ့်လိုက်၊ မြင့်လိုက်ဖြင့် မီးကစားရင်း ယုန်အား အနီးသို့မျှားခေါ်၏။ မြေနီရောင်နှင့်အနက်ကြား ယုန်ကြီးသည် မီးရောင်အတိုင်း တဖြည်းဖြည်းတိုးကပ်လာသည်။ ကိုဖိုးထောင်လက်မှ သားရေပင်နှစ်ထပ်ဖြင့် လေးခွကြီးသည် တစ်ဆုံးဆန့်ထွက်လာပြီး လောက်စာအိတ်မှ လောက်စာလုံးသည် ယုန်လည်ပင်းဆီသို့ ဖြန်းခနဲအသံမြည်၍ သေနတ်ကျည်ဆန်အလားပြေးဝင်သွားပါတော့သည်။ လောက်စာလုံးထိမှန်သွားသော ယုန်လည်ပင်းသည် ကြေမွသွားပြီး သဲပြင်ထက်၌ သွေးရဲရဲဖြင့်လဲနေ၏။ နားရွက်မှဆွဲမ,ကြည့်တော့အနည်းဆုံး တစ်ပိဿာငါးဆယ်ခန့်ရှိမည့်အကောင်ကြီးဖြစ်သည်။

ဤချုံများချပ်ကြားတွင် ဤယုန်ကြီးတစ်ကောင်သာနေသည်ကို သူသိသည်။ အနောက်ဘက်မြေပဲခင်းများဆီသို့ ကိုဖိုးထောင် ထွက်လာခဲ့သည်။ ဤရာသီသည် မြေပဲဥပြီး တောင်သူများမြေပဲနုတ်သောကာလဖြစ်၍ တောယုန်တချို့သည် မြေပဲခင်းထဲဝင်ပြီး တူးဆွစားတတ်ကြသည်မဟုတ်ပါလား။ ထိုညက ကိုဖိုးထောင် ယုန်ငါးကောင်ရ၏။ ငါးတစ်လုံးခုတ်၍ ရှေ့နောက်ယုန်လေးများအားချိတ်ဆွဲပြီး တဲရှိရာသို့ပြန်လာခဲ့သည်။

❐

တောတိရိစ္ဆာန်များသည် သူတို့၏အသက်ဘေးအန္တရာယ်မှ ကာကွယ်ရန် သဘာဝကပေးထားသောအသိကြောင့် လူသားတွေဘက်မှကြည့်လျှင် အလွန်လည်သည်ဟု ထင်ရသည်။ ယုန်၊ ငုံးစသည့် သတ္တဝါလေးများအား ပိုက်ဖြင့်ထောင်၍ဖမ်းချင်လျှင် သူတို့၏ဝပ်ကျင်းမှသွားနေကျလမ်းအား သေသေချာချာသိအောင် နှစ်ရက်၊ သုံးရက်ခန့် ခြေရာခံပြီးသော ဝင်လမ်း၊ ထွက်လမ်းမှာ ပိုက်ထောင်ထားပြီး လူက မလှုမ်းမကမ်းချုံပုတ်၌ စောင့်နေရ၏။ လူမစောင့်ခဲ့သော် ပိုက်ကိုကိုက်ဖြတ်ပြီး လွတ်ထွက်သွားတတ်သည်။ တချို့ယုန်များသည် သူတို့ဝပ်ကျင်းရှိရာ တောချုံအနီး ခြေရာများအား အရှေ့၊ အနောက်၊ တောင်မြောက် ဦးတည်ရာမဲ့လုပ်ခြင်းဖြင့် မုဆိုးအား ရှုပ်အောင်လုပ်တတ်ကြ၏။ ထိုအခါ မုဆိုးသည် ယုန်ဘယ်ကိုထွက်သွားမှန်းမသိဘဲ အူလည်လည်ဖြစ်တတ်၏။

ပါးနပ်သော ကိုဖိုးထောင်တို့လို မုဆိုးကျတော့ ထိုရှုပ်ထွေးနေသည့်ခြေရာများအားမကြည့်တော့ဘဲ တစ်လမ်းတည်းခြေရာနောက်သို့သာ လိုက်ကာပျောက်သွားသောနေရာမှ ယုန်ခြေရာ၏ဦးတည်ချက်နှင့် ယုန်ခုန်နိုင်သောအကွာအဝေးအားတွက်ပြီး ဝင်သွားသောတောချုံအား ခန့်မှန်း၍ရသည်။

တစ်ခါက ကိုဖိုးထောင်၏ မုဆိုးသက်တမ်းတစ်လျှောက် အလွန်ထူးဆန်းသော ထိတ်လန့်ကြောက်မက်ဖွယ်ရာအဖြစ်အပျက်တစ်ခု ကြုံတွေ့ခဲ့ရဖူးပါသည်။ သူသည် ထိုတောရှိမန်ကျည်းပင်များတန်းနေသောသစ်ပင်များကြား ခြေသွားလမ်းလေးအား ဘယ်တော့မှ ယုန်၊ ကြောင်ထောင်ခြင်း မပြုလုပ်တော့ပါ။ ထိုတောဆိုသည်မှာ ပဲပျစ်တောင်ချောင်းရိုးအလွန် စိုင်ပြင်ကြီးသို့မရောက်ခင် လက်ယာဘက်ရှိ အုတ်ဖိုတောင်နှင့် တစ်ဆက်တည်း လက်ပံတောင်ရိုး၏ အရှေ့ဘက် ပေနှစ်ပင်တောစပ်မှ မန်ကျည်းပင်၊ ရှားပင်များအုပ်ဆိုင်းနေသောနေရာဖြစ်ပါသည်။

သက်ကယ်ခြံရွာ၏အရှေ့ဘက်နှစ်မိုင်ခန့်အကွာ၌ ဆည်ကြီးတော၊ ဟင်္သာမရွာများရှိပြီး အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ၌ သပြေသာရွာရှိသည်။ထိုရွာသည် တောအုပ်များ ထူထပ်စွာ ဝန်းရံနေပြီး ယာခင်းအချို့က ကွက်တိကွက်ကြားရှိ၏။ ထိုမှတစ်ဆင့် အိမ်ယာတော၊ ချုံတောကြီးများက ဟိုသည်တစ်စုစီပေါက်ရောက်နေပြီး မုံရွာအရှေ့ဘက်တောင်ရိုးမှ ဘေးမဲ့တောနှင့်ဆက်သွားပါတော့သည်။ ထိုဘေးမဲ့တောမှ သမင်၊ ချေ၊ ယုန်၊ ကြောင်၊ ဖွတ်တို့သည် အစာရေစာပေါများပြီး တောထူရာ မြောက်ဘက်သို့ကူးသန်းရာမှ တောသတ္တဝါတွေအမြဲလိုလိုတွေ့နေရခြင်းဖြစ်သည်။

တစ်ခါသောညက ကိုဖိုးထောင် တစ်ယောက် ယုန်ထောင်ပိုက်အား ဝန်းပေါ်တင်ပြီး ပေနှစ်ပင်တောစပ် မန်ကျည်းပင်အုပ်သို့ထွက်ခဲ့သည်။ နေ့ခင်းဘက် ခွေးတစ်ကောင်ဖြင့် ကြောင်လိုက်ထွက်ရင်း ထိုတောစပ်ခြေသွားလမ်းလေး၌ ယုန်ခြေရာများတွေ့ခဲ့ရ၍ဖြစ်သည်။ ခြေရာသစ်၊ အဟောင်းများက ယုန်တစ်ကောင်တည်း ဖြတ်သန်းသွားနေသည် မဟုတ်။ သုံး၊ လေးကောင်လောက် ထိုလမ်းလေးအတိုင်း အစာရှာထွက်ကြသည်ကို ခန့်မှန်းမိ၍ဖြစ်သည်။

❐

လဆန်းရက် ဖြစ်သောကြောင့် အလင်းရောင်က မပျတပျ။ တိမ်ကင်းသဖြင့် ကြယ်ရောင်၊ လရောင်တို့သည် ယာခင်းများအား ဖြူဖျော့ဖျော့အလင်းခတ်ပေးနေသလို တောထူသောနေရာများ၌ကား သစ်ကိုင်းသစ်ခက်များကြားက တိုးဝင်လာသော အလင်းရောင်တတောအခြေအား ကွက်တိကွက်ကျားဖြင့် မှုန်တိမှုန်ဝါးဖြစ်နေပါသည်။ သို့သော် လုံးဝမှောင်မည်းနေသည်တော့မဟုတ်။ တောပုရစ်သံလေးများက တကျည်ကျည်မြည်လျက်ရှိသလို ညဉ့်ငှက်များကလည်း တကွစ်ကွစ်နှင့်အသံပေးလျက်ရှိသည်။ တစ်ချက်တစ်ချက် တိုးဝှေ့၍တိုက်ခတ်လာသောမြောက်လေက အေးစိမ့်နေပြီး သစ်ကိုင်းသစ်ရွက်များအားဝှေ့ယမ်းသွားသဖြင့် မြည်သံတရှဲရှဲများက ကြောက်တတ်သူများအဖို့ ထိတ်လန့်အားငယ်ဖွယ်ဖြစ် သည်။

ယုန်ထောင်သည့်ပိုက်သည် သမင်ထောင်သလောက် မကြီးပါ။ အလျားငါးတောင်၊ အနံနှစ်တောင်ခန့်ရှိပြီး အိတ်ရှုံ့သဖွယ်ယက်ထား၏။ ကိုဖိုးထောင် ခြေသွားလမ်းတစ်ဖက်တစ်ချက်ရှိ ရှားပင်ပေါက်နှစ်ပင်၌ ပိုက်စနှစ်ခုအား ချည်လိုက်ပြီး ခပ်လှမ်းလှမ်းလောက် ချုံအနီးထိုင်လိုက်၏။ ဆေးပေါ့လိပ်တစ်လိပ်ထုတ်၍ဖွာလိုက်ပြီး ဝိုင်းလာသောဖြုတ်များအား ဆေးပေါ့လိပ်ငွေ့ဖြင့် မောင်းထုတ်နေရသည်။ ဖြုတ်အလွန်ကိုက်သောတောဖြစ်သည်။ လရောင်ပြောက်တိပြောက်ကျားအောက်၌တည်ရှိနေသော သူ့ပိုက်လေးရှိရာသို့ ငေးကြည့်နေမိ၏။ ထိုနေရာ၌ စိတ်ရှည်လက်ရှည်စောင့်ဖမ်းလျှင် ယုန်သုံး၊ လေးကောင်မိနိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ စိုင်ပြင်မှ ပွဲရုံပိုင်ရှင်က ယုန်တစ်ပိသာ ခုနစ်ထောင်ပေးမည်၊ ရ သလောက်ယူမည်ဆို၍ သူဒီနေရာသို့ ယုန်ထောင်ထွက်လာခြင်းဖြစ်၏။ ပေနှစ်ဝင်တော၏ မန်ကျည်းပင်တန်း ထိုနေရာသည် အခြောက်အလှန့်ကြီးသည်ဟု လူပြောသူပြောများသည်။ ဒါပေမယ့် ကိုဖိုးထောင်သည် သူ့ဘဝတစ်လျှောက် တစ်ခါမျှ သရဲအခြောက်မခံရသဖြင့် အယုံအကြည်မရှိပါ။ သရဲတွေ့လျှင် လက်စွဲတော် လေးခွကြီးနှင့် ပစ်မှာပေါ့ဟု မကြာခဏပြောတတ်၏။

ထိုစဉ် သူ့ယုန်ထောင်ပိုက်၏ ထောင်ဘက် မလှမ်းမကမ်းမှ မန်ကျည်းပင်တစ်ပင်သည် လေမတိုက်ဘဲ ယိမ်းထိုးလှုပ်ရှားလာသည်။ သူမျက်လုံးအား ခွတ်၍ လှုပ်ရှားနေသော ထိုအပင်ကြီးအား သေချာစွာကြည့်မိ၏။ ဘေးနားမှ ရှားပင်၊ ဒဟတ်ပင်များက တုတ်တုတ်မှ မလှုပ်။ လေကလည်း ထိုအချိန်၌ ငြိမ်သက်နေလှသည်။ သို့သော် ထိုမန်ကျည်းပင်ကြီးကတော့ ပို၍လှုပ်ခါယမ်းလာ၏။ ကိုဖိုးထောင် ရုတ်တရက် ကြက်သီးထသွားသည်။ လက်က လွယ်အိတ်ထဲမှ လေးခွအားစမ်းမိလိုက်သည်။

ထိုအခိုက်မှာပင် မန်ကျည်းပင်ပေါ်မှ မည်းမည်းအလုံးကြီးတစ်လုံးလိမ့်ဆင်းလာနေသည်ကိုတွေ့ရသည်။ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်တော့ ဆူးချုံပုတ်အလုံးကြီးဖြစ်နေသည်။ ထိုအရာကြီးသည် လိမ့်လာပြီး ယုန်ထောင်ပိုက်အား တိုးဝင်ဖြတ်သန်း၍ သူရှိရာသို့တိုးဝင်လာသည်။ ကိုဖိုးထောင် ရုတ်တရက်ဘေးသို့ခုန်ရှောင်လိုက်နိုင်သောအခါ ဆူးချုံပုတ်ကြီးသည် မြောက်ဘက်သို့ ဝေါခနဲအသံမြည်ပြီးပျောက်သွားပါသည်။

သူ့ယုန်ပိုက်လေး တစ်စစီပျက်ပါပြီဟု စိုးရိမ်ပြီးကြည့်လိုက်တော့ ယုန်ထောင်ပိုက်က အကောင်းပကတိ။ သရဲခြောက်သည်ဆိုသည်မှာ ဒါလားဟုတွေးပြီး ခေါင်းမွေးများထောင်လာ၍ နှုတ်ကလည်း ဣတိပိသောဟု မပီမသရွတ်မိသည်။ နောက်တစ်လုံး မန်ကျည်းပင်ပေါ်မှ ဆင်းလာပြန်ပါသည်။ ပိုက်အားတိုး၍ သူ့ဆီသို့ဦးတည်လာနေသည်။ လေးခွအားအမြန်ထုတ်ပြီး ထိုဆူးချုံပုတ်လုံးကြီးအား နှစ်ချက်၊ သုံးချက်ပစ်ထည့်လိုက်သည်။ သို့သော်လည်း ဆူးချုံလုံးကြီးသည် ရပ်တန့်မသွားဘဲ သူ့ဆီသို့တိုးဝင်လာနေသဖြင့် ကမန်းကတန်း ဘေးသို့ရှောင်ပေးလိုက်ရ၏။

သူတဖြည်းဖြည်းကြောက်လာ၏။ ဒီနေရာမှာဆက်နေလျှင် ဘာဖြစ်တော့မည်ကို သူမစဉ်းစားတတ်။ ဤနေရာမှ ပြေးမှဖြစ်တော့မည်ဟုတွေးပြီး ယုန်ထောင်ပိုက်အား အမြန်ဖြုတ်၍ ပြေးထွက်လာခဲ့ပါတော့သည်။ ခပ်ဝေးဝေးရောက်မှ လှည့်ကြည့်မိတော့ ထန်းပင်အမြင့်ခန့် အရိပ်ဖြူဖြူကြီး တောစပ်၌ရပ်နေသည်ကို တွေ့ရ၏။ ကိုဖိုးထောင် ကြက်သီးမွေးညင်းများထလာပြီးကြောက်လန့်သွားသည်မှာ တဲပြန်ရောက်သည်အထိ အကြောက်ကမပြေ။ တစ်သက်နှင့်တစ်ကိုယ် သရဲအခြောက်ခံရသည်မှာ သည်တစ်ခါ ပထမဆုံးအကြိမ်ဖြစ်သည်။ မိခင်ဖြစ်သူက ကိုးနဝင်းဆရာတော်ကြီး ပရိတ်ရေတိုက်လိုက်တော့မှ အကြောက်ပြေသွားသည်။

❐

"ဟား ဟား ဟား- မင်းက တစ္ဆေတာတေရဲ့တောစပ်မှာမှ သွားပြီးယုန်ထောင်တာကိုးကွ။ ငါလည်း မင်းလိုတစ်ခါခံခဲ့ရဖူးတယ်။ လူကြီးတွေပြောပြမှ အဲဒီတောစပ်မှာ တာတေကြီးနေတာကိုသိရတယ်။ ဒီကောင်ကြီးက လူ့ဘဝတုန်းက အရပ်တော်တော်ရှည်တယ်။ ထန်းပင်တက်တဲ့အလုပ်လုပ်တာ။ အဲဒီတောစပ်မှာပဲ မြွေပွေးကိုက်ပြီးသေသွားတာ။ ညဘက်ဆို အဲဒီလမ်းလေးမှာလျှောက်နေတတ်တယ်။ မင်းက သူလျှောက်တဲ့လမ်းမှာ ပိုက်တားပြီး ယုန်ထောင်တာကိုး။ ဒီတော့ မင်းကိုခြောက်လှန့်လွှတ်တာပေါ့"

ကျောက်မဲတောရွာမှ မုဆိုးကြီးဦးပုက ကိုဖိုးထောင်အား ထိုတောစပ်ရာဇဝင်အားပြောပြ၏။ ဦးပုသည် သက်တယ်ခြံရွာ၌ မုဆိုးကြီး ဦးဘရီမရှိသည့်နောက်ပိုင်း မုဆိုးအမွေဆက်ခံသည့်သူဖြစ်သည်။အသက်ကြီးလာတော့ အကုသိုလ် အလုပ်တွေမလုပ်ချင်တော့၍ သားသမီးတွေ၏ယာအလုပ် ကူလုပ်ပေး၊ သရက်ခြံစောင့်ရင်း ဥပုသ်စောင့်၊ သီလယူ စသည်ဖြင့် ကုသိုလ်ရှာနေပါသည်။ ဒါတောင် ဝါသနာကိုမစွန့်နိုင်၍ တစ်ခါတစ်ရံ သားနှစ်ယောက်ဖြစ်သူ သက်နိုင်နှင့် နိုင်ဝင်းတို့ ယုန်လိုက်၊ ကြောင်လိုက်ရာမှာမရခဲ့၍ မကျေမနပ်ဖြစ်နေလျှင် ပုတီးကြီးကိုင်လျက်နှင့် ဘယ်လိုလိုက်၊ ဘယ်လိုထောင် စသည်ဖြင့်ပြောပြီးမှ 'ငါ့ကွာ၊ ဥပုသ်ကြီးနဲ့' ဟု ဆိုပြီး ပါးစပ်ပိတ်သွားတတ်သည်။

❐

သီတင်းကျွတ်လပြည့်ကျော်လာပြီ ဖြစ်သည်။ မြေပဲပင်များရင့်ပြီးဥချနေပြီဖြစ်သောကြောင့် ကျောက်မဲတောတစ်ရွာလုံး အလုပ်ရှုပ်နေကြသည်။ ကလေး၊ လူကြီး၊ သက်ကြီးရွယ်အိုများမှအစ မနားကြရပါ။ လူရွယ်လူလတ်ကျား၊ မတွေက ယာခင်းတွေမှာ မြေပဲနုတ်ရသည်။ နုတ်ပြီးသော မြေပဲပင်များအား လှည်းဖြင့် တိုက်လာပြီး အိမ်ဝိုင်းထဲရှိ တလင်း၌ စုထောင်ထားပြီး မြေပဲဆွတ်ရ၏။ ကလေးများနှင့် အသက်ကြီးရွယ်အိုတွေက ယာခင်းမှပို့လာသမျှ မြေပဲပင်များအားဆွတ်၍ အပင်သတ်သတ်၊ မြေပဲဥသတ်သတ်ခွဲရ၏။မြေပဲပင်သည် ခိုင်းနွားများအတွက် အစာဖြစ်သလို မြေပဲဥအား စိုင်ပြင်ရှိပွဲရုံသို့ တချို့တစ်ဝက်ပို့၊ တချို့အား အခွံခွာ၍ အိမ်စားမည့်ဆီအဖြစ် ဆီစက်သို့ပို့ရသည်။

မုဆိုးကြီးဦးပုက မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပေမယ့် သားနှစ်ယောက်ကတော့ အဖေ့အမွေကို ဆက်ခံ၏။ သက်နိုင်နှင့် နိုင်ဝင်းသည် ယုန်၊ ကြောင်လိုက်ဖို့ ခွေးနှစ်ကောင်မွေးထား၏။ တစ်ကောင်မှာ အမဲလိုက်တော်သော်လည်း အလွန်ဆိုး၍ အမြဲလိုလို သံကြိုးဖြင့်ချည်ထားရသည်။ အိမ်ရှိလူများမှလွဲ၍ တစ်ရွာလုံးရှိလူများကို ကိုက်ချင်နေသည့်ခွေးဖြစ်သည်။ ခြွင်းချက်အနေဖြင့် မောင်ပုတစ်ယောက်ကိုတော့ အလွန်ကြောက်သည်။ မောင်ပု နိုင်ဝင်းတို့အိမ်လာလည်ပြီး ထန်းပလပ်ခြောက်ဖြင့် ခွေးကြီးအား မှတ်လောက်သားလောက် အောင်ရိုက်ဖူးသည်။ ပြီးတော့ ခွေးကြီးက ပြောက်အိုးကိုအလွန်ကြောက်သည်။ ပြောက်အိုးသံကြားလျှင် ခုတင်အောက်ထဲ အတင်းတိုးဝင်၍ အမြီးကုပ်နေတတ်၏။ မောင်ပုက ပြောက်အိုးဖောက်လိုက်၊ တုတ်ဖြင့်ရိုက်လိုက်လုပ်တော့ မောင်ပုအသံကြားလျှင် ထိုခွေးကြီး နေစရာမရှိတော့။

ဦးပု၏အိမ်၌ တည်ချိုး၊ ချိုးထောင်သည့် လှောင်ချိုင့်၊ ယုန်ထောင်သည့်ပိုက်၊ ကြောင်ထောင်သည့်သုတ်ကိုင်း စသည်ဖြင့် မုဆိုးလက်နက်ကိရိယာအစုံအလင်ရှိသည်။

❐

တစ်နေ့ -

ညဦးက မိုးလေးတစ်ပြိုက်ခန့်ရွာလိုက်သည်။ တောင်တရုတ်ပင်လယ်မြင်



www.burmeseclassic.com

www.burmeseclassic.com

မှ မုန်တိုင်းသည် အညာဒေသအတွက် ဆောင်းသီးနှံများစိုက်ပျိုးရန် ရွှေမိုး၊ ငွေမိုးများရွာချပေး၏။ ရွာသားတွေပျော်ကြသည်။ မြေပဲများနုတ်ပြီးသည်နှင့် အမြန်ထွန်ယက်ကြသည်။ ဆောင်းမြေပဲစိုက်မည့်သူ၊ ကုလားပဲ၊ မတ်ပဲစိုက်မည့်သူတို့ တက်သုတ်ရိုက်ပြီး ထွန်ကြ၊ ထယ်ထိုးကြဖြင့် အလုပ်ရှုပ်ကြပြန်ပါသည်။ အညာဒေသသည် နွေလယ်ခင်း၌ အလွန်ပူ၍ လူရော နွားပါ ပင်ပန်းသဖြင့် မွန်းတည့်သည်နှင့် အလုပ်ဆက်မလုပ်နိုင်ကြ။ ထွန်ဖြုတ်၍ အိမ်ပြန်နားကြရသည်။ နွားများကလည်း ရွာတဲရောက်သည်နှင့် အစာစားပြီး တမာပင်ရိပ်၌ စားမြုံ့ပြန်ရင်း အမောဖြေကြသည်။

သက်နိုင်နှင့် နိုင်ဝင်းတို့ ညီအစ်ကို နှစ်ယောက်ကတော့ မနားနိုင်ကြ။ ထယ်ထိုးပြီးသည်နှင့် ယာခင်းတောင်ဘက် တောခြုံများရှိရာ လျှိုချပ်ကြားသို့ဆင်းသွားကြသည်။ ညဦးကမိုးရွာလိုက်သဖြင့် ကျစ်ကုန်းသဲမြေများသည် မိုးပေါက်ကြောင့် ပြန့်ပြူးနေ၏။ ညဉ့်နက်ပိုင်းမှာ တီရိစ္ဆာန်ကလေးများ အစာရှာထွက်ကြသဖြင့် ခြေရာတွေက အထင်းသားတွေ့ရတတ်သည်။ သူတို့နှစ်ယောက်တွက်ထားသည့်အတိုင်း ချပ်ကြားရေစီးမြောင်း သဲပြင်တစ်လျှောက် ခြေရာလေးများက စီတန်းလျက် တွေ့ရပါလေ၏။ ကလေးပေါက်စလက်သီးဆုပ်ခန့် အဝိုင်းလေးသုံးခုနှင့် ကျပ်ပြားခန့်အဝိုင်းလေးတစ်ခုပုံသဏ္ဌာန် ကြောင်ခြေရာများသည် ချောင်းရိုးသဲပြင်အတိုင်း ချပ်ကြားကမ်းပါးသို့ ဦးတည်နေလေ၏။ ကြောင်ပါး၊ ကြောင်နံ့သာ၊ ကြောင်မြင်း၊ ကြောင်ဝံပိုက်အစရှိသည့်တောကြောင်များသည် ညဘက်၌ အစာရှာပြီး နေ့ဘက်၌ လျှိုများ၊ ချပ်ကမ်းပါးအကြား ပပ်ကြားအက်တွင်းများ၊ ကလိုဏ်များ၌ တွင်းယက်၍ နေတတ်ကြသည်။ ကြောင်က ယုန်နှင့်မတူ။ ယုန်က ချုံကြား၌ ဝပ်ကျင်းလုပ်တတ်သည်။ ဒါတောင်မှ ချုံထူလျှင် ယုန်မနေပါ။ ခြင်အလွန်ကိုက်၍ဖြစ်သည်။ ကြောင်ခြေရာများက ကမ်းပါးရှိ ရေတိုးဝင်၍ ကလိုဏ်ဖြစ်နေသော မြေပပ်ကြားအက်အပေါက်သို့ ဦးတည်သွား၏။

"နိုင်ဝင်း၊ မင်းသေသေချာချာကြည့်။ ဒီတွင်းပေါက်မှာ ခြေရာပျောက်သွားပြီ"

"ဟုတ်တယ် အစ်ကို၊ တွင်းထဲကို တိုးဝင်သွားလို့ အပေါက်ဝနှုတ်ခမ်းမှာ ကြောင်တိုးရာဖြစ်နေတယ်"

တွင်းနှုတ်ခမ်း၌ ကပ်နေသော ကြောင်မွေးနှစ်ပင်ခန့်အား ယူလိုက်ပြီး နမ်းကြည့်သည်။ ကြောင်းမြင်းဟု မှတ်ချက်ချသည်။ အနည်းဆုံး လေး၊ ငါး ပိဿာစီးမည့်အကောင်ကြီးဟုသိလိုက်သည်။ အမွေးအား နမ်းကြည့်သည်မှာ ကြောင်နံ့သာဆိုလျှင် အ နံ့က အခြားကြောင်များနှင့်မတူဘဲ စူးစူးဝါးဝါးနံ့တတ်၍ဖြစ်သည်။ ပြီးတော့ ထိုကြောင်က အိမ်မွေးကြောင်သာသာ သေးသေးလေးဖြစ်သည်။ ကြောင်ပါးတို့ ကြောင်မြင်းတို့က အကောင်ကြီးသည်။

အိမ်ပြန်ကြ၍ နွားစာကျွေးပြီး ထမင်းအမြန်စားကာ ခွေးနှစ်ကောင်ဆွဲ၊ ပေါက်တူး၊တူးရွင်း၊ငန်းပြားယူ၊ ဓားလွယ်ကိုသိုင်း၊ တောခုတ်ဓားမအား ခါးကြားထိုး၊ လေးခွနှင့်လောက်စာလုံးလွယ်အိတ်လွယ်လျက် ညီအစ်ကိုနှစ်ယောက်ထွက်လာခဲ့ကြသည်။

မောင်ပုတို့အိမ်နားရောက်တော့-

"မောင်ပုရေ ငါတို့ကြောင်လိုက်မလို့၊ မင်းလိုက်မလား"

ထမင်းစားနေရာမှ နိုင်ဝင်းအသံကြား၍ လက်ဆေးပြီး ဝူးခနဲထူးလိုက်သည်။

"လိုက်မယ် ခဏစောင့်"

တုတ်တစ်ချောင်းအမြန်ယူ၍ အိမ်ရှေ့ထွက်ခဲ့သည်။

"မောင်ပု၊ မင်းတုတ်ကြီးက ဘာလုပ်မလို့လဲ"

"မင်းခွေးကြီးက ငါ့မှာတုတ်မပါရင် အလစ်မှာ ငါ့ကိုကိုက်ရင် ဘယ်လိုလုပ်မလဲ"

ခွေးကြီးက မောင်ပုနှင့် တုတ်ဘယ်အရာကို ကြောက်သည်လဲတော့ မသိပါ။ တုတ်ကိုင်လာသော မောင်ပုကိုမြင်သည်နှင့် ရှေ့မှပြေးပါလေတော့သည်။ သို့သော် အဝေးသို့ပြေးခြင်းတော့ မဟုတ်။ မလှမ်းမကမ်းမှ မောင်ပု၏ အရိပ်အခြည်ကိုကြည့်ပြီးသွားနေခြင်းဖြစ်သည်။ တစ်ခါက ကြောင်လိုက်ကြရင်း အတူပါသူ ထန်းရည်သမား တင်ထွန်းအား ကိုက်လိုက်၍ ခြေသလုံးစုတ်သွားဖူးသည်။

❒

ကျောက်မဲတောရွာတောင်ဘက်သည် တောချုံများ၊ ယာခင်းစိမ်းစိမ်း၊ လူတစ်ရပ်ခန့် ပဲစဉ်းငုံခင်းများ၊ လျှိုမြောင်း၊ ချပ်ကြား၊ ကုန်းကမူများဖြင့် သာယာလှ၏။ ပျဉ်းကတိုး၊ အင်ကြင်း၊ သန်း၊ ဒဟတ်ရှားပင်၊ မန်ကျည်း၊ တမာပင်များက တောထူ၍ အုပ်ဆိုင်းနေကြသည်။

"ဒီနေရာပဲ ခြေရာတွေထင်းနေတာပဲ"

မောင်ပုက ခြေရာလေးများကိုငုံ့ကြည့်နေသည်။ ခွေးနှစ်ကောင်က တွင်းဝမှာအနံ့ခံပြီး တရှူးရှူးဖြစ်နေကြ၏။

"သေချာပြီ၊ ခွေးတွေဂုနာမပြီးတော့ဘူး။ သက်နိုင်၊ မင်းခွေးတွေကိုထိန်းထား။ မောင်ပုနဲ့ငါတွင်းကိုဖြိုမယ်"

ခွေးနှစ်ကောင်အား ဖတ်... အတင်းဆွဲထားရ၏။ ခွေးတွေက အမဲလိုက်ခွေးများပီပီ ကြောင်နံ့ရသည်နှင့် တွင်းဝအားယက်မည်လုပ်နေ၍ မနည်းထိန်းထားရ၏။ မောင်ပုက ကမ်းပါးနံရိုး တွင်းပေါက်အား တူးရွင်း၊ ငန်းပြားဖြင့် ထိုးချနေသည်။ ထိုကမ်းပါးတွင်း၀နှင့် အနီး ဆယ်ပေခန့်အကွာ၌ တစ်ထွာခန့် ပပ်ကြားအက်တစ်ခုရှိသည်။ အမှန်မှာ ထိုတွင်းသည် ရေဝင်၍ တိုက်စားပြီး တစ်ဖက်ပပ်ကြားအက်မှ ရေပြန်ထွက်သဖြင့် မိုးမရွာသောအခါ တောကြောင်ခိုအောင်းရန် အကောင်းဆုံးနေရာဖြစ်နေပါသည်။

နိုင်ဝင်း တစ်ဖက်မှ ပပ်ကြားအက်အား ပေါက်တူးဖြင့်ပေါက်၍ ကမ်းပါးစောင်းအတိုင်း တွင်းကို အလျားလိုက်ဖော်နေသည်။ တွင်းရှိရာကမ်းပါးသည် ပေါက်တူးနှင့် တူးရွင်း၊ ငန်းပြားတူးချက်ကြောင့် တစ်ခြမ်းပြတ်၍ ရှည်လျားလျားတွင်းကြီးပေါ် လာ၏။

"ဟော-အထဲကအသံကြားလား"

"အေး - တခွီးခွီးနဲ့အသံကြားတယ်"

လူထက် နားပါးသောခွေးများက တအီအီအသံပေးရင်း ထိန်းမရဖြစ်လာသည်။ မောင်ပုနှင့် နိုင်ဝင်းတို့ တစ်ဖက်တစ်ချက်မှတူးနေသည်မှာ တဖြည်းဖြည်း နီးကပ်လာပြီး တစ်လံခန့်အလို ခွေးများသည် သက်နိုင်လက်မှ လွတ်ထွက်သွား၍ တွင်းတစ်ဖက်စီမှခေါင်းတိုးပြီး ရှေ့လက်များဖြင့် ယက်ကြတော့သည်။

"သက်နိုင်၊ မဆွဲနဲ့တော့၊ လွှတ်ထားလိုက်။ ဒီကောင်ကြီးတွေ မြေကြီးကိုယက်ရင်းနဲ့ ကြောင်ကိုဆွဲထုတ်လိမ့်မယ်"

အမဲလိုက်ခွေးနှစ်ကောင်မှာ မြေကြီးကိုယက်လိုက်၊ တဝုတ်ဝုတ်ဟောင်လိုက်၊ အီသံပေးလိုက်လုပ်ရင်း ဖွဲ့ဖွဲ့စွာ တူးဆွနေကြပါတော့သည်။

"ဝုတ်. . . ဝုတ်. . . ခွီး. . .



www.burmeseclassic.com

www.burmeseclassic.com

တွင်းထဲ ဝပ်ကျင်း၌ ခိုနေသော ကြောင်ကြီးအား ခွေးများမိသွားသော အခါ ဆိုးသည့်ခွေးကြီးက မှီရာကြောင် ခြေထောက်အားကိုက်ခဲပြီး တွင်းထဲမှဆွဲ ထုတ်ပါတော့သည်။ ထိုအခါ တစ်ဖက် တွင်းဝမှယက်နေသော ခွေးနီကျားက ပြေးလာပြီး တွင်းပြင်ရောက်လာသော ကြောင်ကြီး၏လည်ပင်းကို ဝင်ခဲပါတော့ သည်။ ကြောင်ကြီးမှာ ခွေးနှစ်ကောင်၏ ကိုက်ခဲမှုကြောင့် လက်သည်းဖြင့်တယမ်း ယမ်းလုပ်ရင်း သွေးသံရဲရဲဖြစ်နေ၏။ ခွေး နှစ်ကောင်ကလည်း မလွှတ်တမ်းကိုက် ထားပြီး ဆွဲခါနေပါသည်။

"ဟိတ်-တော်တော့၊ နောက်ဆုတ် စမ်း ဖုန်း. . . ဖုန်း"

မောင်ပုက လက်မှာ ကိုင်ထား သောတုတ်ဖြင့် အနီးရှိချုံပုတ်အားရိုက် ၍ အသံပြင်းပြင်းအော်လိုက်သည်။ မောင်ပု၏အသံအား ခွေးကြီးကြားသွား ပြီး ခဲထားသော ကြောင်အား လွှတ်၍ နောက်ဆုတ်လိုက်တော့ ခွေးနီကျားကပါ လွှတ်လိုက်သည်။ ပြီးနောက် သခင်နှစ် ယောက်အနီးသွား၍ အမြီးနှန့်ပြနေပါ ၏၊ သဘောမှာ ကျုပ်တို့တာဝန်ကျေပြီ ဟူ၍ဖြစ်သတည်း။ ကြောင်ကြီးမှာ တော့ကုန်း၌ အနက်စင်းကြီးနှင့် အမြီး ရှည်ပြီး အနက်ကျားကြီး ဖြစ်သည်။ ကြောင်မြင်းကြီးဖြစ်ပြီး ငါးပိဿာခန့် စီးမည့်ကောင်ကြီး ဖြစ်သည်။ ကြောင် သေအား ခြေ၊ လက်များတုပ်၍ တူးရွင်း ခန်းပြားရိုးမှာချိတ်ပြီး ရွာဘက်ပြန်လာ ခဲ့ကြတော့၏။ ညရောက်လျှင် ကြောင် သားဟင်းနှင့် ထန်းရည်အား တွဲဖက်၍ သူတို့ပျော်ကြပါဦးမည်။ တောသူတောင် သားတို့၏ ချစ်စရာလေ့ကား ဘယ် တော့မှ ပျောက်ကွယ်သွားမည် မဟုတ် သောအမူအကျင့်များဖြစ်ပါတော့သည်။

ရှားပင်ကြီးထက်မှ ချိုးလေးတွေ က တကူးကူးအသံပေးလျှက်။ ကျောက်မဲ တောရွာဘက်မှ ကြက်တွန်သံသဲ့သဲ့ကြား ရသည်။ ဆိတ်ကျောင်းသည့်ကလေးမ လေးများပင် ဆိတ်အုပ်ကြီးအား တဟဲ့ဟဲ့ အသံပေးရင်း ရွာဘက်သို့ ပြန်လာနေ သည်ကို တွေ့ရ၏။ မြောက်ဘက်မှ ဆိမ်စိုင်တစ်အုပ်မည်း၍တက်လာသည်။ သနေ့ည မိုးရွာဦးမှာပါလား။

*(မှတ်ချက်-ကျောက်မဲတောရွာမှ ရွာသူရွာသားများအား ကျေးဇူးအထူး တင်ပါသည်။)*

သန့်ဇင်

# သီးနှံပိုးမွှားကျနေလျှင်

အကျွန်ုပ်သည် စိုက်ပျိုးရေးလုပ် ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုနေ သူ ဖြစ်၏။ အထူးသဖြင့် ဆောင်းသီးနှံ များဖြစ်သော ကြက်သွန်ဖြူ၊ နီ၊ အထုပ် ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ အချို့အခေါ် တစ်ထုပ်မုန်လာ၊ ပန်းမုန်လာ၊ ဥစား မုန်လာ၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ နံနံ၊ သခွား၊ မေမြို့ပန်း၊ စိန်ခြယ်ပန်း၊ ကိုက်လံ၊ ဆလတ် စသည်တို့ကို စိုက်လေ့စိုက်ထ ရှိ၏။ အချို့နှစ်များ၌ ပိုးမွှားအကျများ ၏။ အချို့နှစ်များ၌ ပိုးကျသက်သာ၏။ (ဝါ) နည်းပါး၏။

ပိုးကျနည်းပါးသောနှစ်များ၌ အဆင်ပြေသယောင်ရှိသော်လည်း ပိုး ကျများသောနှစ်များ၌မူ ထိုင်၍ငိုချင် လောက်အောင်ပင် စိတ်ပျက်စရာ ကောင်းလှ၏။ ဒီကြားထဲ ဈေးမကောင်း လျှင်ပို၍ဆိုး၏။ ခေတ်ပေါ်ပိုးသတ်ဆေး များကို သုံးစွဲပြန်တော့လည်း ဝယ်စားသူ များက ကြောက်ရွံ့ပြီး အင်တင်တင်ရှိ ပြန်၏။ ထိုအခါ စိုက်ပျိုးရေးလုပ်စားသူ များ အခက်တွေ့ရပြန်၏။ ထိုနည်းလမ်း ကို မည်သို့ဖြေရှင်းရမှန်းမသိသောအချိန် တွင် အကျွန်ုပ်သည် မင်းတုန်းမြို့နှင့် (၄) တိုင်ခန့်ခရီးဝေးသော အရှေ့တောင် ထောင့်အရပ်ရှိ စကတဲတောင်ရွာသို့ အလုပ်ကိစ္စတစ်ခုဖြင့် ရောက်သွားသော အခါ ကျွန်ုပ်ထိုနည်းလမ်းကိုရလေတော့ ၏။

ကျွန်ုပ်နှင့် ရင်းနှီးသောအစ်ကိုကြီး ဦးထွန်းပိုင်နှင့် တွေ့ဆုံခိုက် ဟိုဟိုဒီဒီ ရောက်တတ်ရာရာ ပြောဆိုနေရာမှ စိုက် ပျိုးခင်း ပိုးကျများ၍ စိတ်ညစ်နေရ ကြောင်း ရောက်သွား၏။ ထိုအခါ ဦးထွန်းပိုင်က-

"ဆရာရယ် ရာသီသီးနှံ ကုလားပဲ၊ မြေပဲ၊ စားတော်ပဲ၊ ဘာခင်းပဲဖြစ်ဖြစ် ဒါ မှမဟုတ် စိုက်ပျိုးခင်းပဲဖြစ်ဖြစ် ပိုးမကျ အောင်လုပ်တဲ့နည်းက အလွယ်လေးပါ ဗျ"

ဟု ပြောလေရာ စိတ်ဝင်စားသွား ပြီး ဒရောသောပါးလေသံဖြင့်-

"ဟာ - ဒါဖြင့် အတော်ပဲ အစ်ကို ကြီးရာ၊ ကျုပ်ကိုပြောပါဦးဗျ။ ကျုပ်ဒီ နည်းကိုလိုချင်နေတာကြာပါပြီဗျ"

ဟု ပြောမိလေတော့၏။

ထို့နောက် အစ်ကိုကြီး ဦးထွန်းပိုင် သည် ဖွာရှိုက်နေဆဲ ဆေးပေါ့လိပ်ကို ပြာခြွေလိုက်ပြီး -

"ဒီလိုလုပ်ရတယ်ဗျ။ မိမိလုပ်ခင်း ရဲ့ လေညာကနေ လေစုန်တဲ့ဘက်ကို မျက်နှာလှည့်ပြီး မတ်တတ်ရပ်ဗျာ"

"ပြီးတော့ကော"

"အဲဒီလိုရပ်တဲ့အခါမှာ အသုံးပြု ပြီးသား ထွန်သွားနှစ်ချောင်းကို လက် တစ်ဖက်တစ်ချက်မှာ တစ်ချောင်းစီကိုင် ထားရမယ်"

"ဟုတ်ကဲ့"

"ပြီးတော့ လက်ခုပ်လက်ဝါးတီး သလို ထွန်သွားနှစ်ချောင်းကို အသံမြည် အောင်တီးရမယ်။

နှုတ်ကလည်း-

'အမလေး ကိုရွှေပိုးရဲ့၊ ဒီလိုသာ သီးနှံတွေမှာ ပိုးကျနေရင် ခက်ပဲခက်ရ ချည့်ရဲ့။ ဘယ်လိုလုပ်ပြီး ကျုပ်တို့လျှို နိုင်တန်းနိုင်မှာတုံး။ ကျုပ်တို့ကို သနားပါ ကိုရွှေပိုးရဲ့'

လို့ အသံထွက်ပြီး (၃) ကြိမ်အော် ရမယ်။ မကြာခင်ရက်ပိုင်းအတွင်းမှာပဲ အံ့သြစရာကောင်းလောက်အောင် ပိုး မွှားကင်းသွားလိမ့်မယ်ဆရာ"

ဟု ပြောလေတော့၏။ ဦးထွန်းပိုင် စကားဆုံးသည်နှင့်-

"အစ်ကိုကြီးရဲ့နည်းက လွယ်ပဲ လွယ်လှချည့်လားဗျ။ တကယ်ကော လက်တွေ့ဟုတ်ရဲ့လား"

ဟု ကျွန်ုပ်က မယုံတယုံနှင့်မေး လိုက်၏။

ထိုအခါ သူက -

"ဆရာရယ်၊ ကျွန်တော်နဲ့ဆရာတို့ ဟာ လိမ်ရမယ့်ညာရမယ့်သူတွေမှ မဟုတ်တာ။ ကျုပ်ကိုယ်တိုင် အကြိမ် ကြိမ်အခါခါ တကယ့်ကိုယ်တွေ့လုပ်ကိုင် ခဲ့ဖူးလို့ ပြောတာပါဗျာ"

ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်က -

"အင်း - ဒီလိုဆိုရင်တော့ ကျုပ်အ ထူးကျေးဇူးတင်သဗျိုး။ ကျုပ်ဒီနည်းကိုလို ချင်နေတာကြာပြီ အစ်ကိုကြီးရ။ ဒီနည်း က ပိုးသတ်ဆေးသုံးစရာမလိုလို့ အကု သိုလ်လည်းကင်းတယ်လေ။ ပြီးတော့ လည်း ဒုက္ခသုက္ခလည်း နည်းတာပေါ့ အစ်ကိုကြီးရာ"

ဟု ဝမ်းသာအားရပြောလိုက်လေ ၏။

ကောင်းစံသာ (မင်းတုန်း)



www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်သန်းထွန်း

## လူဝင်စား



ရေကြည်မြို့နယ် သမင်ခြံရွာတွင် ကြီးပြင်းခဲ့ရသည့် နော်ထွေးခင်က ကရင်တိုင်းရင်းသား။ သူတို့ဘာသာတွင် လူဝင်စားကို လက်မခံ။ ကလေးတစ်ယောက် မွေးဖွားလာပြီး အခြားလူတစ်ယောက် အကြောင်း ကလေးက လုံးစေ့ပတ်စေ့ ပြောနေလျှင် နတ်ဆိုးတစ်မျိုးက နောက်နေတာဟု ယူဆထားကြသည်။ ကြီးလာလျှင် ဒီအပြောတွေ တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မယ်ဟုသာ စိတ်ယူထားကြသည်။ ဒီအမြင်ဒီအတွေးရှိနေတဲ့ နော်ထွေးခင်က အခုတော့ လူဝင်စားကို ရင်ထဲက လက်ခံလိုက်ရတော့သည်။

လက်မခံလို့လည်း ဘယ်လာဖြစ်ပါမလဲ။ ဒီလူဝင်စားပြဿနာက သူ့ဗိုက်ထဲ တိုက်ရိုက်ကြီးရောက်လာခဲ့တာကိုး။ တစ်နေ့ ဘိုးသူတော်လိုလို မြန်မာအခေါ် ဘိုးတော်လိုလိုလူတစ်ယောက်က ကလေး (၃)ယောက် ခေါ်လာတယ်။ အားလုံးက ကုလားလေးတွေ။ ဒီလူကြီးက နော်ထွေးခင်အိမ်ရှေ့ရောက်တော့ ရပ်လိုက်ပြီး -

"မင်းဒီကလေး(၃)ယောက်ကိုမွေးပါ ကလေးမ။ သူတို့မှာ နေစရာ၊ စားစရာမရှိပါဘူး ကယ်တင်ပါဦး"

ဟု အတင်းတောင်းပန်နေသောကြောင့် -

"အငယ်ဆုံး ကုလားလေးတစ်ယောက်ပဲ ယူမယ်။ (၃) ယောက်စလုံးတော့ မမွေးနိုင်ဘူး"

ဟု ငြင်းလိုက်၏။

ဘိုးသူတော်ကြီးက -

"မင်းကို ဒီအစ်မကြီးက လက်ခံတယ်တဲ့။ မင်းနေခဲ့တော့"

ဟု ထားခဲ့၍ ကျန်တဲ့ကလေး (၂) ယောက်နှင့်ထွက်သွား၏။ အငယ်ဆုံးကုလားလေးက နေခွင့်ရသွား၍ အားရဝမ်းသာ နော်ထွေးခင်၏ရင်ခွင်သို့ ပြေးဝင်လိုက်စဉ် အိပ်မက်က လန့်၍နိုးသွား၏။

အဲဒီအချိန်ကစပြီး ဒီကောင်လေးကို ကိုယ်ဝန်ရှိတာပါပဲ။ ဒီကုလားလေးကို ကိုယ်ဝန်ရှိချိန်မှာ နော်ထွေးခင်က ပဲတုလားဟင်းကို နေ့တိုင်းချက်ချက် မြို့ကကုလားမုန့်တွေကိုမှာပြီးစားလို့ရအေ နားကပ်ပန့်နေရာက နားကွင်းကိုပြောင်းလုပ်လိုလုပ်နှင့် ကုလားသွေးဇာတိကပြလာ၏။

သူ့ဘာသာမှာ ဖော်ပြထားတာက မွေးလာတဲ့ကလေး စကားပြောတတ်စမှာ နတ်ဆိုးကဝင်ပြီး အယောင်ဆောင်ပြောတာလေ။ အခုကိစ္စက ဒီကုလားလေးကို ကိုယ်ဝန်ရှိပါပြီဆိုကတည်းက ကုလားစာတွေ၊ ကုလားသီချင်းတွေ၊ ကုလားမုန့်တွေ ကြိုက်နေတာကို ငါ့လူကြီးတွေတွေ့ရင် ဘယ်လိုဝေဖန်ကြမလဲ။ ငါကတော့ ဝမ်းနဲ့လွယ်ထားတဲ့ ကိုယ်ဝန်ဟာ ကုလားလေးဝင်စားတာတော့ မှန်နေပြီလို့ တစ်ကိုယ်တော် တိတ်တိတ်ကလေးပဲ လက်ခံထားလိုက်၏။ သူက လက်တွေ့ကြုံနေရတဲ့သူကိုး။

မွေးလာတော့လည်း ပီဘိကုလားလေးမှ ကုလားလေး။ အသားကလည်း မည်းမည်းလေး။ သူ့အထက် ကလေး (၂) ယောက်က ဖြူဖြူဖွေးဖွေး။ ဒီကောင်လေးကျမှ အသားအရောင်ကြောင့် မွေးစကပင် ကုလားလေးဘွဲ့ထူးကို ရလိုက်၏။ ကုလားလေးစကားပြောတတ်သည့် အချိန်တွင် အရင်ဘဝကအကြောင်းများ ပြောလေမလားဟု မိဘတွေက နား[...] နေကြ၏။ ကိုရွှေကုလားလေးက အ[...] အမြွက်တောင်မဟာခဲ့။

ကုလားလေး (၄) နှစ်သားခန့်[...] တော်တော်လေး အဖျားကြီးပြီး ငါးသို[...] ချောင်းဆေးရုံတက်ပြီးကုတဲ့အထိ မ[...] ခြား။ တစ်နေ့တခြား အစားဆုတ်[...] ဖော့ မိဘတွေ ခေါင်းမီးတောက်[...] တာပေါ့။ ပစ်လိုက်ရမယ့်အခြေအနေ[...] အထိဖြစ်လာချိန်မှာ သူ့ကိုလာ[...] အပေါ်ဖြူအောက်ဖြူအဘိုးကြီးပေါ်လာ၏။

"မင်းကလေးက ဆေးကုလို့[...] ဘူး။ ပုသိမ်မြို့ကိုသွား၊ ဘုရားကြီးတ[...] ဘုရားဘေးမှာ ဒါရကာရှိတယ်။ ဘယ်[...] ဝင်ဝင် လက်ခံတယ်။ စံပယ်ပန်းကုံး[...] သွား။ ကလေးလည်းခေါ်သွား။ [...] ရောက်ရင် သူတို့လှူထားတဲ့ စံပယ်[...] ကုံးအဟောင်းကိုယူ၊ နင်တို့ယူလာ[...] အသစ်ပန်းကုံးကိုထားခဲ့။ ပြီးရင် ဒါရကာ[...] မြေကြီးကို လက်ညှိုးနဲ့တို့ပြီး နင့်ကလေး နဖူးကို စတိတို့ပေးလိုက်။ တစ်ခါတည်း ယူပစ်သလိုပျောက်သွားလိမ့်မယ်"

ဒီလို အိပ်မက်ပေးပြီး နော်ထွေးခင်နှင့် စောပောကြီးတို့က ဒါရကာ[...] ရောက်အောင်သွားကြ၏။ ဒီကုလား



www.burmeseclassic.com

www.burmeseclassic.com

လေးကလည်း ဒါရကာသွားမယ်ဆိုမှ ငုတ်တုတ်ထထိုင်ပြီး ထမင်းတောင်စား နေလေရဲ့။ ဒီထူးခြားချက်ကြောင့် နော်ထွေးခင်က အိပ်မက်ရှင်လမ်းညွှန် တဲ့အတိုင်းလုပ်လိုက်တော့ ကလေးက ဘာဆေးမှမသောက်ရဘဲ ကောင်းသွား ၏။ ဒီလိုကလေးကိုမွေးဖူးတဲ့ အမေဆို တော့ လူဝင်စားကို မယုံလို့မဖြစ်တော့ ဘူးပေါ့။

နော်ထွေးခင် နောက်ထပ် လက် တွေ့မြင်နေရတဲ့ လူသားတစ်ဦးလည်းရှိ ပါသေးသည်။ သူကတော့ နော်ထွေးခင် ရဲ့ ညီမတစ်ဝမ်းကွဲ နော်စေကလေးပါပဲ။ နော်စေကလေးနေတာက ငသိုင်းချောင်း တာဘေးက တစ်ပင်ကျွန်းရွာကပါ။ နော်စေကလေး စကားပြောတတ်တော့ သူ့အကြောင်းထက် သူ့အစ်ကိုအကြောင်း ကို အရင်ပြော၏။

"ငါ့မှာ အရင်ဘဝက အစ်ကိုတစ် ယောက်ရှိတယ်။ သူ့နာမည်က ကိုလှခင်။ မြန်မာလူမျိုးတဲ့။ အခုတော့ ဘုန်းကြီး ဦးလှခင်ပေါ့။ တာအောက်ရွာမှ အခုရှိ သေးတယ်။ ငါ့အစ်ကိုဆီကို လိုက်ပို့ပေး ကြပါ"

ဟု တဂျီဂျီပြောအားကြီးတော့ နော်စေကလေးရဲ့မိဘတွေဟာ တာ အောက်ရွာကို လိုက်ပြီးပို့ရတာပေါ့။ နော်စေကလေးမိသားစုက ကရင်တိုင်း ရင်းသား။ သွားနေတာက တာအောက် ရွာ ဘုန်းတော်ကြီးကျောင်း။ ကျောင်း ပေါ်ရောက်တော့ လူမျိုးမတူတဲ့ တိုင်း ရင်းသားတွေဖြစ်နေတာနဲ့

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ဟု ဘုန်းတော်ကြီးက မေးလိုက် သည်။

နော်စေကလေးအဖေက -

"ဒီသမီးက နင့်ကိုတွေ့ချင်တယ် ဆိုလို့ ခေါ်လာတာတော့"



www.burmeseclassic.com

# အဆိပ်မိခြင်း၊ သွေးသွန်ခြင်း၊ သွေးလွန်ခြင်းများအတွက် ဆေးနည်းကောင်းနှစ်လက်

၁၀-၈-၂၀၁၄ နေ့က ကြေးမုံသတင်းစာတွင် သည်းခြေကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ် ကျောက်တည်ရောဂါ ပျောက်ကင်းစေရန် ပန်းသီးကိုစားဖို့ညွှန်းဆိုလာ၏။ တစ်ဖန် ၁၂-၈-၂၀၁၄ နေ့ထုတ် ကြေးမုံသတင်းစာ၌ပင် ကင်ဆာပျောက်စေသော မင်းကွတ်သီးအကြောင်း စာအုပ်တွင် ကြော်ညာပါလာပြန်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ၁၄-၈-၂၀၁၄ နေ့ နံနက် စာရေးသူ၏အိမ်ကို စုံစမ်းပြီး လက်တွေ့ပျောက်တိုင်းရင်းဆေးနည်းကောင်းနှစ်လက်ပေးလိုကြောင်း ပြောပြီး လူကြီးတစ်ဦး ရောက်ရှိလာပါသည်။ ထိုသူက သူ့ဆေးနည်းကို ယုံကြည်လက်ခံ၍ သုံးလိုက်ကြသူတို့ဝေဒနာများ ဒိဋ္ဌပျောက်ကင်းသွားပါမည်။ အခြားရည်ရွယ်ချက်မရှိ ကုသိုလ်ဖြစ်သက်သက် လာရောက် သတင်းပေးပို့ခြင်း ဖြစ်သည်ဟု ပြောပြပါသည်။ သူပေးသော ဆေးနည်းများဖြင့် ရောဂါများ အမှန်ပျောက်ကင်းသွားခဲ့ပါက အလွန်မှ အကျိုးများ၍ သူ့ဆေးနည်းကား အဖိုးအနဂ္ဃအထူးထိုက်တန်လှပါမည်။ သို့သော် သူပေးခဲ့သောဆေးနည်းက လွယ်ကူလွန်း၊ ဈေးပေါလွန်းနေခဲ့၍ ကြားသိသူတို့ ယုံကြည်လက်ခံနိုင်ကြပါမည်လော။ စာရေးသူက အတန်ကြာချင့်ချိန်နေခဲ့ပါသည်။ နောက်ဆုံးမှာတော့ ဤဆေးနည်းကို ဆက်လက်ဖြန့်ဝေပေးလိုက်ခြင်းဖြင့် မည်သူ့မှုအကျိုးမယုတ်နိုင်ပါ။ ယုံကြည်သူများက သုံးကြည့်ကြပြီး မယုံကြည်သူများက ဥပေက္ခာပြုထားကြပါလိမ့်မည်။ထိုထက်မပိုနိုင်ပါဟု ဆုံးဖြတ်ပြီး ဤဆေးနည်းကို မျှဝေပေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုသူပေးခဲ့သော ပထမဆေးနည်းကား အဆိပ်ပြင်းသောဝါဆေး စသည့် အခြား ပိုးသတ်ဆေးတစ်မျိုးမျိုးကို အကြောင်းကြောင်းကြောင့် သောက်ချလိုက်မိကြပါက နေရာတိုင်းမှာ အလွယ်တကူရနိုင်သော ဟင်းငုတ်ပင်၏ အမြစ်ခေါက်၊ မရက ပင်စည်ခေါက်ကို ရေနွေးဖြင့် ကျိုချက်၍ တိုက်ချလိုက်ပါ။ အဆိပ်များ အမြန်ပြေသွားပါမည်။ ထိုနည်းတူ အဆိပ်ပြင်းသော မြွေပွေးအကိုက်ခံရပါကလည်း ဟင်းငုတ်ခေါက်ပြုတ်ရည်တိုက်က သက်သာပျောက်ကင်းစေနိုင်သည်။ ဟင်းငုတ်ပင်မှာ ပင်စောက်ကြီးမျိုး ဖြစ်သည်။ အပွင့်မှာ ဖြူပြီး လေးလက်မခန့် ရှည်လျားပါသည်။ အပွင့်ကို ကြော်စားလျှင် အရသာမှာ ခါးသက်သက်ဖြစ်ပါ၏။ ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ သုံးကြည့်ပါက လူနာနှင့် လူနာရှင်နှစ်ဦးလုံးတို့အတွက် အရှုံးမရှိနိုင်ပါ။ ဝေဒနာနှင့် ထိုလူမေးသောဆေးတည့်သွားခဲ့ပါက လူ့အသက်ကို ကယ်တင်နိုင်ပါမည်။

နောက်ထပ်ဆေးနည်းတစ်မျိုးမှာကျား၊ မအသက်ကြီးငယ်မရွေးတို့ သွေးသွန်၊ သွေးလွန်ခြင်းဖြစ်ခဲ့ပါက နေရာတိုင်းမှာ တွေ့နိုင်သော ပုတ်သင်ညိုသားကို မီးကင်ပြီးကျွေးပါ။ လူနာက စားသုံးရန် ခက်နေပါက ပုတ်သင်ညိုသားတို့ စွပ်ပြုတ်လုပ်ပြီး တိုက်လိုက်ပါ။ ထွက်နေသောသွေးများ၊ လွန်နေသောသွေးများ အမြန်ရပ်တန့်ပြီး သက်သာလာပါလိမ့်မည်ဟုဆို၏။

ကဲ-စာရှုသူအပေါင်းတို့ ဤဆေးနည်းများကို ယုံကြည်၍တိုက်ဆိုင်ပါက သုံးစွဲကြည့်ကြပါ။ ခံစားနေရသော ဝေဒနာရှင်များ လက်တွေ့ ရောဂါပျောက်ကင်းသွားကြမည်ဆိုပါက ဤဆေးနည်းပေးသူ၊ ဤစာရေးသူ နှစ်ဦးနှစ်ဝတို့မှာ ဇီဝိတဒါနဖြစ်ပြီး ပီတိကိုခံစားရတော့မည်ဖြစ်ပါကြောင်း ဝေနေယျအပေါင်းတို့ကို သတင်းကောင်းပါးလိုက်ရပါသည်။

သဗ္ဗေသတ္တာအဝေရာဟောန္တု

တက္ကသိုလ်မောင်လုထား

---

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

နော်စေကလေးပေါက်စက သူ့အဖေစကားဆုံးသည်နှင့် ပျာပျာသလဲ -

"အဖေကစကားမပြောတတ်လို့ပါ။ ကရင်တွေက ဒီလိုပဲ။ နင်တစ်လုံး၊ ငါတစ်လုံးပြောလေ့ရှိပါတယ် အရှင်ဘုရား။ မမြခင်ကို မှတ်မိသလား ဘုရား"

"သိတာပေါ့ကွယ်၊ မမြခင်ဆိုတာ ဘုန်းကြီးရဲ့ ညီမပဲ။ အခုမရှိတော့ဘူး၊ သေသွားပြီ"

"အဲဒီ သေသွားတဲ့ မမြခင်ဟာ သမီးပါပဲ။ အခုဒီကိုလာတာ အစ်ကိုဘုန်းကြီးကို သတိရလို့လာတာပါ"

"အင်း - မမြခင်ဝင်စားတယ်ဆိုတော့ အဖေ၊ အမေနာမည်တွေပြောပါဦး"

"ဦးအုန်းခင်နဲ့ဒေါ်မေရှင်ပါ"

"မမြခင်ဘယ်အသက်အရွယ်မှာ ဘာရောဂါနဲ့သေတာလဲ"

"အသက် (၂၇) မှာ ပိုးထိပြီး သေပါတယ်"

"သေတဲ့နေ့က မမြခင် ဘာထဘီဝတ်ထားလဲ"

"ကရင်လုံချည်အနီရောင်ပါ"

"သေတော့ဘယ်လိုသင်္ဂြိုဟ်သလဲ"

"မိဘတွေကအစိမ်းသေသေတယ်ဆိုပြီး မီးရှို့ပါတယ်"

အခုလို အမေး၊ အဖြေတွေလုပ်ပြီးတာနှင့် ဘုန်းတော်ကြီးက ဒီကလေးကို မွေးစားဖို့တောင်း၏။ မိဘရှင်တွေကလည်း တစ်ဦးတည်းသမီးဖြစ်လို့ မပေးနိုင်။ နော်စေကလေးကိုယ်တိုင်က မိဘအရင်းထက် အစ်ကိုကြီး ဦးလှခင်ကို သံယောဇဉ်ပိုနေ၏။ ကျောင်းနေသည့်အရွယ်တွင် နော်စေကလေးကိုယ်တိုင်က တာအောက်ရွာမူလတန်းကျောင်းမှာထားမှတက်မယ်ဟု ဂျီတိုက်နေ၍ မိဘတွေက မလိုက်လျောလို့မဖြစ်တော့။

သည်လိုနှင့် နော်စေကလေး အပျိုဖြစ်လာရာ ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို (၂) မျိုးစလုံး ကိုးကွယ်သူဖြစ်နေပါ၏။ တစ်ပင်ကျွန်းရွာမှာရှိနေလျှင် ခရစ်ယာန်ဘာသာနှင့်ပတ်သက်တာတို့ ဟစ်ဟာမှုမရှိအောင် ပြုလုပ်၏။ ဒါပေမယ့် တာအောက်ရွာဘုန်းကြီးကျောင်း ရောက်သည်နှင့် ဗုဒ္ဓဘာသာပြန်ဖြစ်သွားတော့၏။ ကျောင်းကိုရောက်ပြီဆိုတာနှင့် နော်စေကလေးက သူကိုယ်တိုင် ဆွမ်းချက်ကပ်ခြင်းကို ရောက်တဲ့နေ့တိုင်း ဝတ်ပျက်သည်ဟူ၍ မရှိခဲ့။

နော်ထွေးခင် တွေးမိတာတကယ်လို့ နတ်ဆိုးဝင်နှောင့်တယ်ဆိုရင်တောင် ဘာသာနှစ်မျိုးစလုံးကိုးကွယ်အောင်တော့ ဘယ်နတ်ဆိုးမှစွမ်းဆောင်နိုင်မှာမဟုတ်ပါဘူး။ အဖြစ်ဟောင်းတွေလောက်သာပြောတာမျိုး ဆောင်ရွက်နိုင်မှာပါ။ ငါလက်တွေ့မြင်နေရတဲ့ ဘဝင်စားနှစ်ဦးကတော့ တကယ်ကို ဘဝတစ်ခုကနေ ပြန်ဝင်စားတဲ့ လူဝင်စားတွေပဲဖြစ်တာကို သူကတော့ အကြွင်းမဲ့လက်ခံလိုက်ပါပြီ။

မောင်မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

## ဆရာစိုး-ရွှေအာရုဏ်ဦး

([illegible])

# တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း

# (အဓိကကားချပ်များ/ Major Arcana)

## VI. The Lovers




❒ မျက်မမြင်ပုဏ္ဏား (၆) ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော့ပုံပြင် (၁) ဆောင်းပါးအား ဖတ်ပြီးမှ တားရော့ကားချပ် ဆောင်းပါးများအား လေ့လာဖတ်ရှုပါက ပိုမို သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

**အမည်ကွဲများ**

- Eros
- Marriage
- Hermes

**ဆက်နွယ်မှုများ**

- ဟီဘရူးအက္ခရာ Zain
- ရာသီက မေထုန်
- ဂြိုဟ်က သောကြာ

**သရုပ်ဖော်ပုံ**

သရုပ်ဖော်ပုံက ရိုးစင်းပါတယ်။ မိန်းမပျိုနှစ်ဦးအလယ်မှာ ယောကျ်ားပျိုတစ်ဦး၊ ကောင်းကင်မှာ နေမင်းကို နောက်ခံပြီး မြားနတ်မောင်က လေး၊ မြားနဲ့ချိန်နေဟန်။

ဒီပုံရဲ့ Key က အရောင်တွေနဲ့ မိန်းမပျို (၂) ဦးရဲ့လက်ဟန်အနေအထားတွေ ဖြစ်ပါတယ်။ သုံးထားတဲ့အရောင်တွေက သိသာထင်ရှားပေမယ့် လက်ဟန်အနေအထားတွေကတော့ ပြောမပြနိုင် မမြင်၊ မတွေးနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။

နေမင်းကြီးက ထွက်ပေါ်နေတဲ့ ရောင်ခြည်တန်းတွေက ဝါ၊ ပြာ၊ နီ၊ ထိမွှာ်အရောင်တွေကို သီးခြားစီ ထင်ရှားစွာ ကွဲပြားထွက်ပေါ်နေပါတယ်။ ယောကျ်ားပျိုရဲ့ဝတ်စုံမှာလည်း အဲဒီအရောင်တွေကိုပဲ ကွဲပြားစွာအစင်းလိုက်ဖော်ပြထားပါတယ်။ ဘယ်ဘက်က မိန်းမပျိုရဲ့ဝတ်စုံက အပြာရောင်အောက်ခံမှာ အနီရောင် အပေါ်ဝတ်ခြုံထားပါသည်။ ညာဘက် မိန်းမပျိုရဲ့ဝတ်စုံက အနီရောင်အနည်းငယ်၊ အဖြူရောင်အကျီလက်များတွေနဲ့ အပြာရောင် (ပြာနု + ပြာရင့်) အတွင်း၊ အပြင်ဝတ်ရုံတွေအဖြစ်မြင်ရပါတယ်။

သူတို့ (၃) ဦးရဲ့ ဦးခေါင်းပိုင်းဝန်းကျင်မှာ အစိမ်းရောင်ကို မသိမသာ မထင်မရှား ထည့်သွင်းထားပါတယ်။ ဘယ်ဘက်ကမိန်းမပျိုရဲ့ဆံပင်ကို အစိမ်းရောင်နဲ့ ထူးခြားစွာ ဖော်ပြထားတယ်။

ဒီကားချပ်ရဲ့ အဓိက ရည်ညွှန်းချက်ကတော့ Choice = ရွေးချယ်ဆုံးဖြတ်မှုပဲ ဖြစ်ပါတယ်။ ကွဲပြားခြားနားမှုတွေကို ထင်ရှားတဲ့ အရောင်တွေနဲ့ ဖော်ပြပြီး ပေါင်းစည်းဖြစ်ထွန်းမှုဆိုတဲ့ အနာဂတ်၊ ရည်မှန်းချက်ကိုတော့ အစိမ်းရောင်ဝိုးတဝါးနဲ့ မသိမသာဝှက်ထားခဲ့ပါတယ်။

ရွေးချယ် - ဆုံးဖြတ်မှုဆိုတာ ဘဝတစ်ခုလုံးနဲ့ ပတ်သက်တဲ့ အဓိက အခန်းကဏ္ဍ (တစ်ခုလုံး) နဲ့ ပတ်သက်ပါတယ်။ သို့သော် အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ဆက်နွယ်မှုက (၇၀) ရာခိုင်နှုန်းလောက် လွှမ်းမိုးနေတာကို တွေ့ရပါတယ်။ အဲဒီအချက်ကိုတော့ မိန်းမပျိုနှစ်ဦးရဲ့လက်ဟန်အနေအထားတွေက ဖော်ညွှန်းနေပါတယ်။

အစစ်နဲ့ အတု၊ အကာနဲ့အနှစ်၊ အသွင်သဏ္ဌာန်နဲ့ အရည်အချင်းတွေကို ကွဲပြားစွာ ခွဲခြားတတ်ဖို့ လိုပါတယ်။ အချက်အလက် အရှုံး၊ အမြတ်ကိုတွက်တတ်တဲ့ ဦးနှောက်နဲ့ မစဉ်းစားမဆုံးဖြတ်ဘဲနဲ့ ခံစားတတ်တဲ့နှလုံးသားနဲ့ စဉ်းစား/ဆုံးဖြတ်ဖို့ တိုက်တွန်းထားပါတယ်။

ရာထူး/အဆင့်အတန်း/စည်းစိမ်ငွေကြေးကြွယ်ဝမှုတွေဆိုတဲ့ ရုပ်ပစ္စည်းတွေနဲ့ တစ်ဖက်ဆွဲဆောင်ထားသလို အခြားတစ်ဖက်ကလည်း ငယ်ရွယ်ပျိုမျစ်မှု၊ လှပတင့်တယ်မှု၊ ရင်ခုန်ကြည်နူးစေမှုဆိုတဲ့ စိတ်ခံစားမှုဆိုင်ရာအာရုံတွေနဲ့ ညို့မြူဖမ်းစားထားပါတယ်။

စဉ်းစားရွေးချယ်ပါ။ ပြတ်သားစွာဆုံးဖြတ်ပါ။ ဘဝတစ်ခုလုံးအတွက် အဆုံးအဖြတ်ဖြစ်ပါတယ်။

ရံဖန်ရံခါမှာ စာမေးပွဲဖြေဆိုရတာတွေ၊ လူတွေ စစ်ဆေးခြင်းကြုံရတာတွေကိုလည်း ပုံဖော်ပေးတတ်ပါတယ်။ လူတစ်ဦးအလိုက်ဖြစ်စေ/မိသားစုအလိုက်ဖြစ်စေ/ ရှေးရိုးစဉ်လာဘာသာရေး၊ ယဉ်ကျေးမှု/သမားရိုးကျအတွေးအခေါ်အဟောင်းတွေနဲ့ ဆန့်ကျင်တဲ့ ဘာသာရေး ယဉ်ကျေးမှု/ အတွေးအခေါ်သစ်တွေရဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့ကြုံရမှုတွေလည်းကြုံရပါတယ်။

**နမူနာ (၁)**

"ဆရာ၊ ကျွန်မသမီးရဲ့ပညာရေး၊ စာမေးပွဲအခြေအနေလေးကို သိချင်လို့ပါ"

"သမီးပါလာလား"

"ဟုတ်ကဲ့ - ပါတယ်၊ သူပါ"



www.burmeseclassic.com

www.burmeseclassic.com

"သမီးရှေ့တိုး"

ထုံးစံအတိုင်း ပြဖွယ်တွေပြင်ဆင်ပြီး တားရော့ကတ်ထုပ်ကို ချိုးစေပါတယ်။

"မဟောခင် ညည်းတို့သားအမိနှစ်ယောက်ရဲ့ဆက်ဆံရေးပုံစံကို သိချင်တယ်"

"ဘာကိုပြောတာလဲ ဆရာ။ သမီးနားမလည်ဘူး"

"သိချင်တာက ဒီလိုပါ၊ သမီးနဲ့အမေက တစ်ယောက်နဲ့တစ်ယောက် ရိုရိုသေသေလေးလေးစားစားရှိသလား၊ ဒါမှမဟုတ် ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးရှိသလား၊ အဲဒါသိချင်တာ"

"ကျွန်မနဲ့ သမီးက သားအမိဆိုပေမယ့် ညီအစ်မလိုပဲ ပွင့်ပွင့်လင်းလင်းတိုင်တိုင်ပင်ပင်ရှိပါတယ်။ ဆရာဟောစရာရှိတာကို အရှိအတိုင်းသာဟောပါ"

"အဲဒီအချက်ကိုလိုချင်တာ၊ အမေ့ရှေ့မှာ သမီးကိုဟောလို့ ပြောလို့ မသင့်တော်တဲ့အနေအထားဖြစ်မှာစိုးလို့"

"မရှိပါဘူးဆရာ၊ ဆရာတွေ့တာကိုသာ ပွင့်ပွင့်လင်းလင်းဟောပါ။ ကျွန်မတို့မှာ ပြဿနာမရှိပါဘူး"

"ဒါဆိုကောင်းပြီ ပြောတော့မယ်"

"သမီးကို ချစ်ရေးဆိုထားတာ (၂) ဦးရှိတယ်နော်"

(သမီးဖြစ်သူက ရှက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့)

"တစ်ဦးက အသက်နည်းနည်းကြီးဟန်ပေါ်တယ်။ ရုပ်နည်းနည်းရင့်မယ်၊ ငွေကြေးတောင့်တင်းတဲ့မိသားစုက ဖြစ်နိုင်တယ်။ နောက်တစ်ယောက်က"

(သမီးဖြစ်သူက မျက်ခုံးမြင့်တက်၊ မျက်လုံးဝိုင်းစက်သွား)

"နောက်တစ်ယောက်တော့ သမီးနဲ့ရွယ်တူလောက်ရှိမယ်။ မွန်မွန်ရည်ရည်သန့်သန့်ပြန့်ပြန့်ဖြစ်မယ်။ နည်းနည်းတော့ နွမ်းပါးပုံရတယ်။ သမီး အဖြေမပေးရသေးဘူး။ မဆုံးဖြတ်ရသေးဘူး။ တရားဝင်သာ အဆုံးအဖြတ်မပေးရသေးတာ သမီးရင်ထဲမှာတော့ အဖြေက ကွဲပြားပြီးသားဖြစ်နေမှာပါ"

(သမီးဖြစ်သူ မျက်နှာနီရဲလာခဲ့)

"သမီးကိုယ်တိုင်က အငယ်ဖြစ်သူ၊ သမီးနဲ့ ရွယ်တူဖြစ်သူကို သံယောဇဉ်ပိုနေတာမဟုတ်လား"

သမီးဖြစ်သူက ခေါင်းငုံ့ပြီးရှက်ပြုံးပြုံး ဝန်ခံတဲ့သဘောနဲ့အမေဖြစ်သူက -

"ကဲ - သမီး အခုတော့ အကုန်ပေါ်ပြီမဟုတ်လား။ စာကျက်ပါဆို စားပွဲမှာထိုင် စာအုပ်ရှေ့ချပြီး ငူတူတူငိုင်တိုင်တိုင်နဲ့ အခုမှ အဖြေပေါ်တယ်။ ဆရာရယ် သမီးကငယ်ပါသေးတယ်။ ဒီလိုစိတ်မျိုးတွေ မဝင်လောက်သေးပါဘူးလို့ထင်ထားတာ။ ဒါကြောင့် စိတ်ချလက်ချလွှတ်ထားတာ။ ဒီနှစ်ကိုးတန်း၊ ရှေ့နှစ်ဆိုဆယ်တန်း။ အနည်းဆုံး ဆယ်တန်းတော့ အောင်စေချင်တာပေါ့။ သူ့ဝါသနာပါရင် ဘွဲ့ရအောင်ထိထားချင်တာ၊ ခုတော့ . . ."

"ဒါကတော့ သဘာဝတရားပဲလေ။ ဖူးချိန်တန်ဖူး၊ ပွင့်ချိန်တန်ပွင့်တာ သိပ်မစိုးရိမ်ပါနဲ့။ သမီးပုံစံက လိမ္မာမှာပါ။ ဟုတ်တယ် မဟုတ်လား သမီး၊ ပန်းပွင့်ရှိရာ လိပ်ပြာလာတာ ဓမ္မတာပါ။ ဒါပေမယ့် ပညာရေးကို ဆုံးခန်းတိုင်အောင် ကြိုးစား၊ မိဘတွေလည်း စိတ်ချမ်းသာအောင်၊ ကိုယ့်ဘဝလည်း တိုးတက်မြင့်မားအောင်"

"ကျွန်မကလည်း အဲဒီလိုပဲဖြစ်စေချင်တာပါ။ ကျွန်မတုန်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့ပြီး လူ့ဘဝရဲ့ဒုက္ခသုက္ခတွေထဲမှာ အခုထိ ရုန်းကန်နေရတုန်း။ သမီးကိုတော့ အဲဒီလိုမဖြစ်စေချင်ဘူး။ ကဲ - သမီး၊ အဲဒီ သမီးကို ကြိုက်နေတဲ့နှစ်ယောက်က ဘယ်သူတွေလဲ။ ပထမပြောတဲ့အသက်ကြီးတယ်ဆိုတဲ့တစ်ယောက်ကတော့ အမေထင်တာမမှားဘူးဆိုရင်တော့ ရွာတောင်ပိုင်းက လယ်သူကြီးသားမဟုတ်လား။ သမီးကျောင်းဆင်းချိန်ဆို ရွာထိပ်က စောင့်ကြည့်လိုကြည့်၊ ဘီလိယက်ခုံက ကစားဟန်ဆောင်ရင်းစောင့်ကြည့်လိုကြည့် ငါတို့အိမ်ဘက် အကြောင်းမရှိအကြောင်းရှာပြီး လျှောက်လိုလျှောက်နဲ့ ငါသတိထားမိတာတော့ ကြာပြီ။ သူဟုတ်လား၊ နောက်တစ်ယောက်ကကော"

"ကဲ - နောက်မှ အေးအေးဆေးဆေးမေးမြန်းဆွေးနွေးပါ။ တခြားပြောစရာကျန်တာလေးတွေ ပြောရအောင်"

**နမူနာ(၂)**

"ဆရာ၊ သမီးတားရော့နဲ့ ဗေဒင်ကြည့်ချင်လို့ပါ"

"သမီးက ဘာအကြောင်းတွေသိချင်တာလဲ။

သမီးသိချင်တဲ့အကြောင်းတွေကို ဖွင့်ပြောရင်လည်း ရတယ်။ ဖွင့်မပြောဘဲ ရင်ထဲက မေးလို့လည်းရတယ်။ Unseen Question ပေါ့။ အကြောင်းအရာတစ်ခုကိုပဲ သီးသန့်မေးချင်တာဆိုရင် မေးခွန်းကို သိထားရတာ ပိုကောင်းတယ်။ ဒါမှ ထွက်ပေါ်လာတဲ့ကားချပ်ရဲ့ အဖြေတွေထဲက သမီးမေးတဲ့မေးခွန်းနဲ့ ဆီလျော်တာကိုထုတ်နုတ်ပြီးပြောရတာ၊ ပိုသဘာဝကျတာပေါ့"

"သီးသန့်သိချင်တာရယ်လို့ မရှိပါဘူး။ သမီးဗေဒင်တစ်ခါမှမမေးဘူးပါဘူး။ သူငယ်ချင်းတွေက ဆရာဟောတဲ့ တားရော့အကြောင်းတွေ ကြားနေရလို့ တားရော့နဲ့ ဗေဒင်မေးစစ်ကြည့်တာပါ။ ဆရာတွေ့တာ မြင်တာကိုသာဟောပါ"

"ဒါဆို သမီး ကားချပ်တွေကိုင်ပြီး တားရော့အစောင့်အရှောက်ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပါ။ ပြီးရင် သမီးရဲ့ဘဝတစ်ခုလုံးအနေနဲ့ သိသင့်သိထိုက်တဲ့ကိစ္စတွေ ဘာရှိလဲသိပါရစေလို့အာရုံပြုပြီး တားချပ်တွေကို Shuffle လုပ်ပါ"

ထွက်ပေါ်လာတာက The Lovers ကားချပ်။

"သမီးမှာချစ်သူရှိနေပြီလား"

"မရှိပါဘူး ဆရာ"

"သေချာရဲ့လား၊ တရားဝင်ချစ်သူအဆင့်မရောက်သေးတောင်မှ Propose လုပ်ထားတာတော့ ရှိနေမယ်ထင်ပါတယ်။ စဉ်းစားကြည့်ပါဦး"

"အဲဒီလိုဆိုရင်တော့ ဟုတ်ပါတယ်။ သမီးနဲ့အတူတူ Final Year တက်နေတဲ့ မူလတန်းကတည်းက လက်တွဲလာတဲ့ သူငယ်ချင်း။ သူကသမီးကိုဒီနှစ်ကျောင်းဖွင့်စကတည်းက Propose လုပ်ထားတယ်။ သမီးက ဒီအကြောင်းတွေ မစဉ်းစားသေးဘူး။ ကျောင်းပြီး အလုပ်ထဲဝင် မိဘတွေကို လုပ်ကျွေးပြီးမှ အိမ်ထောင်ရေးစဉ်းစားမယ်လို့ ပြောထားတယ်။ သူကလည်း ပြန်ပြောပါတယ်။ အခုချက်ချင်း လက်ထပ်ဖို့ မဟုတ်ပါဘူး။ အဖြေတောင်းထားရုံပါ။ သူများနောက်ပါသွားမှာစိုးလို့ . စိတ်မချတာကတစ်ကြောင်း ကျောင်းပြီးသွားရင် အနေဝေးသွားတော့မှာမို့ ပြောဖြစ်အောင် ပြောထားတာပါ။ အခုလိုပြောဖြစ်ဖို့ (၁၀) တန်းမအောင်ခင်ကတည်းက ကြိုးစားခဲ့တာ။ အခု ပြောဖြစ်ခဲ့တဲ့အကြောင်း ပြောပါတယ်"

"ဒါဆို သူ့ကိုချစ်သူအဖြစ် လက်ခံသင့်သလား။ သူနဲ့အိမ်ထောင်ပြုမှာလား၊ အိမ်ထောင်ကျပြီးရင်ကော တစ်သက်တာ စိတ်ချမ်းသာရပါမလား ဆိုတာသိရပါစေ"

**နမူနာ(၃)**

"ဆရာ ကျွန်တော် အိမ်ထောင်ပြုဖို့ စီစဉ်ထားပါတယ်။ လက်ထပ်ဖို့ အဆင်ပြေ၊ မပြေနဲ့ လက်ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းချေးမြို့)

# ဘကြီးပေးသောမြွေဆေး

ကျွန်ုပ်သည် ငယ်စဉ်က ကျေးရွာလေးတစ်ရွာတွင် နေထိုင်ခဲ့ရပါသည်။ ထိုရွာပတ်ဝန်းကျင်တွင် မြွေများအလွန်ပေါများရာ ရွာသူရွာသားများ မကြာခဏပိုးထိခြင်း (မြွေကိုက်ခြင်း) ခံရတတ်ပါသည်။ ပိုးထိခံရတိုင်းလည်း ရွာသူရွာသားတို့သည် ဘကြီးဖိုးမောင်ကျန်ဆီ အရောက်သွား၍ ဆေးကုသကြရစမြဲဖြစ်သည်။

ဘကြီးဖိုးမောင်ကျန်သည် ရောက်လာသော ပိုးထိလူနာအား သူ၏ ဆေးစုတ်တံကြီးဖြင့် ငယ်ထိပ်ကို အချက်ပေါင်းများစွာပေါက်၍ပြီးလျှင် မြွေကိုက်ထားသောဒဏ်ရာအား ထပ်မံ၍ပေါက်ပြန်သည်။ သူသည် ထိုသို့ဆေးမပေါက်မီ အသင့်ဖျော်ထားသော ဆေးကလေးကို ဦးခေါင်းနှင့် ဒဏ်ရာအရေပြားများကို ပေါက်၍ ထိုးနှံ့ပေးပါသည်။ ထိုသို့ဆေးတော်ထိုးပြီး မကြာမီတွင် တက်နေသော မြွေဆိပ်များကျဆင်း၍ အသက်အန္တရာယ်လွတ်မြောက်ရစမြဲပင် ဖြစ်သည်။

ဘကြီး ဖိုးမောင်ကျန်သည် ထိုဆေးနည်းကို လျှို့ဝှက်ထားဟန်ရှိသည်။ မည်သူ့ကိုမျှ ပြောမပြခဲ့ချေ။ မေးမြန်းသင်ကြားသူမရှိ၍လည်း ပြောမပြခြင်းဖြစ်နိုင်ပါသည်။

သို့သော် အသက်အရွယ်ကြီးရင့်လာသောအခါ ဘကြီးဖိုးမောင်ကျန်သည် သူ၏မြွေဆေးနည်းကို အစွမ်းထက်ကြောင်း ညွှန်းဆို၍ ဆေးနည်းကို နှုတ်မှ ထုတ်ဖော်ပြောကြားပေးပါသည်။ ရွာသူရွာသားအချို့ကလည်း မှတ်သားထားခဲ့ပါသည်။

တစ်နေ့တွင် ဘကြီးဖိုးမောင်ကျန်သည် ဆိုက်ဆိုက်မြိုက်မြိုက် ကျွန်ုပ်၏အိမ်သို့ ရောက်ရှိလာလေသည်။ အလွှာပသလ္လာပပြောကြရင်း ဘကြီးသည် အထက်ပါ မြွေဆေးနည်းကို ကျွန်ုပ်အား အမွေအဖြစ်ပေးခဲ့ပါသည်။

ဤဆေးနည်းနှင့်ကုသပုံမှာ ဆေးဆရာမဟုတ်သူတို့အတွက် အနည်းငယ်အခက်တွေ့တတ်ပါသည်။ ဆေးအမည်များ အစုံအလင်ရအောင် ရှာဖွေရန်နှင့် ဆေးစုတ်တံကိုကိုင်၍ ထိုးနှံ့တတ်ရန်မှာ သာမန်အရပ်သားတို့အဖို့တော့ လွယ်ကူလိမ့်မည်မဟုတ်ပါ။ သို့သော် ဤဆေးနည်းမှာ မြန်မာပြည်အရပ်ဒေသပျံ့နှံ့စွာ အသုံးပြုနေသောနည်းဖြစ်၍ တတ်ကျွမ်းနားလည်သူများ အလွန်ပေါများသည်ဟု သိရပါသည်။ လောကီဂိုဏ်းအချို့တွင်လည်း ဤဆေးနည်းကို အသုံးပြုကြပါသည်။

ရှေးဦးစွာ ဆေးဖော်စပ်နည်းကို ဖော်ပြပါမည်။ ကျောက်ချဉ်၊ ဇဝက်သာ၊ မြင်းသီတာ၊ ဒုတ္တာ၊ စိန်နီ၊ ဆေးဒန်း၊ လက်ချား၊ ရှိန်းခို၊ ချင်း၊ ပြဒါး၊ ကန့်၊ ဆိပ်ဖူး၊ လင်းနေတို့ကို ဆတူရော၍ သံပရာရည်နှင့် ကြိတ်ပါ။ ထို့နောက် အတောင့်ကလေးများပြုလုပ်ထားပါ။ လူနာရောက်လာလျှင် ထိုဆေးတောင့်ကို သံပရာရည်ဖြင့်ပင်ဖျော်၍ ငယ်ထိပ်တွင် ကြက်ခြေခတ် စုတ်နှင့်ထိုးပြီး မြွေကိုက်ရာအနီးတစ်ဝိုက်ကို လိမ်းလည်းလိမ်း၊ စုတ်ဖြင့်လည်းထိုးပါ။ ချက်ချင်း မြွေဆိပ်ကျ၍ သက်သာ ပျောက်ကင်းစေပါသည်။

တင်နိုင်ဝင်း(ထမင်းချေးမြို့)

တော အိမ်ထောင်သာယာပါ့မလားဆိုတာတွေကို တားရော့နဲ့ကြည့်ချင်လို့ပါ"

တည်ကြည် ဖြောင့်မတ်ဟန်ရှိတဲ့ ရည်သန့်လူရွယ်တစ်ဦး။ အသက် (၃၀) နှစ်ခန့်။

ပထမဦးဆုံးထွက်ပေါ်လာတာက The Lovers.

"ညီလေးတို့နှစ်ယောက် ချစ်သူဖြစ်ခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ"

"ကျောင်းကတည်းကပါ ဆရာ၊ (၅) နှစ်လောက်ရှိပါပြီ။ ဘာဖြစ်လို့ပါလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အခုထွက်လာတဲ့ကားချပ်က The Lovers။ အဓိပ္ပာယ်က ချစ်သူတွေ့ခြင်း၊ ရွေးချယ်ခြင်း၊ ဘဝရဲ့ အရေးပါသောအကြောင်းအလဲတစ်ရပ်အတွက် စဉ်းစားဆုံးဖြတ်ခြင်းဆိုတဲ့အဓိပ္ပာယ်တွေရတယ်။ ညီလေးတို့က အိမ်ထောင်ပြုဖို့တောင်ဆုံးဖြတ်ပြီးသားဆိုတော့ ကားချပ်က ပြောတဲ့ ပထမအဓိပ္ပာယ်တွေနဲ့ နည်းနည်းဝေးနေတယ်။ချစ်သူတွေ့တဲ့အဆင့် ရွေးချယ်တဲ့အဆင့်မဟုတ်တော့ဘူး။ ဒါဆို အခု ညီလေးမှာ ဘာများရွေးချယ်စဉ်းစားဆုံးဖြတ်စရာရှိသေးလို့လဲ။ အားလုံးက ပြီးနေပြီပဲ။ အဲဒါက စဉ်းစားစရာဖြစ်နေလို့ပါ"

"ဆရာ၊ တားရော့ကပြောတာမှန်ပါတယ်။ လက်ထပ်ဖို့သာ စဉ်းစားဆုံးဖြတ်ခဲ့တာ။ ဒါပေမယ့် ကျွန်တော့်ခေါင်းထဲမှာ မှားလား၊ မှန်လား၊ ဝေခွဲမရနိုင်သေးတဲ့ကိစ္စရှိနေတယ် ဆရာ။ တခြားတော့ မဟုတ်ပါဘူး။ မိဘတွေနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်က တစ်ဦးတည်းသောသားပါ။ တစ်သက်လုံး မိဘတွေနဲ့ မခွဲဘဲ လုပ်ကျွေးလာခဲ့တာ။ မိန်းကလေးလည်း တစ်ဦးတည်းသောသမီး။သူ့မိဘတွေမှာက လက်ငုတ်လက်ရင်းစီးပွားရေးလုပ်ငန်းလေးတွေရှိတယ်။ လက်ထပ်ပြီးရင် အဲဒါတွေကို ကျွန်တော်က ဦးစီးရတော့မှာ။ မိဘတွေနဲ့အတူနေလို့မဖြစ်တော့ဘူး။ အမေတို့ကလည်း မခွဲစေချင်။ ဒါပေမယ့် အိမ်ထောင်တော့ ပြုစေချင်တယ်။

မိဘတွေကို ခွဲထားရခဲ့ရမှာရယ်။ အိမ်ထောင်ပြုပြီး မိဘတွေကို စိတ်တိုင်းကျ ထောက်ပံ့ လုပ်ကျွေးနိုင်ပါတော့မလားဆိုတာရယ်။ ကျွန်တော့်ရင်ထဲမှာ မကောင်းဘူး။ လက်ထပ်ဖို့ကိစ္စကိုတောင် ပြန်စဉ်းစားရမလားလို့တွေးနေတာ"

*စေတနာရှိုးသားစွာဖြင့်*

ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်းစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

# ကိုဇော်ဝင်း

(လှုဂေဝ)

## မောင်နှံခုနှစ်ဖော်ရေကန်တော်မှ ခန့်ကြီးသော ငွေမတ်စေ့ကလေး



လေပြည်အေးအေးကလေးက ကန်ရေပြင်ကိုဖြတ်လျက် တသုန်သုန် တိုက်ခတ်လို့နေပါသည်။ ကန်နှစ်ကန်ကြားကန်ပေါင်ပေါ် မြောက်ဘက်စေတီငယ်မှ ခေါင်းလောင်းသံ ချိုချိုလွင်လွင်လေးက သာလှဘိခြင်း။ စေတီငယ်ရှေ့မှာ ကျောက်ပြားခင်း နှစ်ခန်းပတ်လည် သွပ်မိုးဇရပ်တစ်ဆောင်ရှိသည်။ ဇရပ်ရှေ့ဝါးသုံးရိုက်ခန့်အကွာ ကန်နှစ်လုံးကို အသားတံတားလေးတစ်စင်းက ဆက်သွယ်ထားသည်။

ကန်နှစ်လုံးက ကန်ပေါင်ခြားဆက်နေပြား အလယ်ကန်၏ အရှေ့မြောက်ထောင့်ချင်းဆက်ကန်တစ်လုံး ရှိသည်။ ထောင့်ချင်းဆက် ကန်ပေါင်ပေါ်တွင် မန်ကျည်းပင်သုံးပင်က ဖိုခုံလောက်ဆိုင်ဖောက်လျက် အရိပ်အဝါသကောင်းလွန်းသည်။

ကန်ပေါင်များက ကျယ်ဝန်းခိုင်မာသည်နှင့်အမျှ သန့်ရှင်းမှုရှိသည်။

ထိုကန်သုံးလုံးကို ကျီးကန်ရွာက မောင်နှံခုနစ်ဖော်ရေကန်တော်ဟု ခေါ်သည်။

စစ်ကိုင်း-ရွှေဘိုကားလမ်းအရှေ့ဘက်ရွာလမ်းက အရှေ့၊ အနောက် မိုင်ဝက်နီးပါးအကွာမှာ ကျီးကန်ရွာ။

ရွာအဝင်လမ်းနှင့်ကပ်လျက် ရေကန်နှစ်လုံးတွင် ရေက ကြည်လင်အေးမြကြာဖြူ၊ ကြာနီပင်များက ရှုချင့်စဖွယ်။ အသားတံတားလေးကို ဖြတ်ကျော်ပြီး စေတီငယ်ကို ဖူးမြော်နိုင်ပါ၏။ စေတီငယ်က ကြည်ညိုဖွယ်။

ရေကန်သုံးလုံးအတွင်း ငါးကြီး၊ ငါးငယ်အသွယ်သွယ်နှင့် လိပ်မျိုးစုံကို တွေ့ရသည်။ မြင်ကြရသည်။

နွေဦးကာလရေနည်းချိန် ကျီးကန်ရွာသားများက ငါးပက်၊ လိပ်ရှာပြား တစ်ကောင်တလေမျှမရ။ သို့သော် ရေပြန်ပြည့်သောအခါ ငါးနှင့် လိပ်တို့ရှိနေပြန်သည်။ မြင်နေပြန်သည်။

ဆောင်းကာလာ ငွေလဝန်းရွှန်းရွှန်းမြမြသာချိန် ညဥ့်နက်လာသည့်အခိုက် ကန်ပေါင်ပေါ်တွင် ယောကျ်ားလေးသုံးဦး၊မိန်းကလေးလေးဦး စုစုပေါင်းကလေးငယ် ခုနစ်ယောက် ပြေးတမ်းလိုက်တမ်း ဆော့ကစားကြသည်ကို မနီးမဝေးက မြင်ကြတွေ့ကြရသည်။ ထိုမောင်နှံ ခုနစ်ဖော်ကို ဝတ်ဖြူစင်ကြယ်နှင့် ဘိုးဘိုးက စောင့်ကြည့်နေသည်။ ရွာသူရွာသားများ အနီးရောက်အောင်တိုးကြည့်သောအခါ မတွေ့မမြင်ကြတော့။ ခပ်လှမ်းလှမ်းမျှကြည့်သောအခါ မြင်ကြရတွေ့ကြရပြန်သည်။

ကန်သုံးလုံး၏ မြောက်ဘက်နှင့် အရှေ့ဘက်တွင် လယ်ကွင်းများက တမျှော်တခေါ်ရှိသည်။ မောင်နှံခုနစ်ဖော်နှင့်ဘိုးဘိုးသည် စေတီငယ်နောက်ကျောလယ်ကွင်းပြင်ဘက်မှတက်လာကြပြီး မနက်အရုဏ်ဦးအလင်းရောင်ကောင်းစွာမလာမီ ဆော့ကစားကြရာမှ ရပ်နားပြီး ပြန်ဆင်းသွားတတ်သည်ဟုဆိုသည်။

ကျီးကန်ရွာသားများ ညပိုင်း ရေကန်များအနီးရှိ လယ်များတွင် လယ်ရေသွင်းကြ၊ လယ်ရေလျှော့ကြလုပ်ကြ... လယ်ရေမြောင်းများကြား အိုးကြီး... ငယ်များဖြင့် ငါးကျင်းချခြင်း၊ မြှုံးများ... ငါးထောင်ခြင်းများ ပြုလုပ်ကြသည်။

ငါးကျင်းအိုးများ၊ ငါးများ ညပိုင်း... တွင်ပြည့်လျှံစွာကျပြား၊ မြှုံးများတွင်ပြည့်... လျှံစွာဝင်ပြား မနက်မိုးလင်း၍လိုက်... ချိန် တစ်ကောင်တစ်မြီးမျှမရှိ။ ... မကျေနပ်ကြသောကြောင့် တစ်ညလုံး... ငါးအိုးများ၊ မြှုံးများဖော်ယူကြသူကို ... ရန်စောင့်ကြသည်။

တွေ့ခဲ့ကြပါသည်။ မြင်ခဲ့ကြ... သည်။ သို့ဖြစ်ပြား ငယ်သံပါအောင်... အော်လျက် ရွာထဲပြေးဝင်ကြရတော့... သည်။ မည်မျှသတ္တိကောင်းသည်ဆို... ဦး သုံး၊ လေးရက်ထက်မနည်း ဖျား... သည်။

ဖိုခုံလောက်ဆိုင် မန်ကျည်းသုံး... အရှေ့ဘက် အပင်ပေါ်မှ လူတို့... အရပ်ပိုရှည်ပြီး တစ်ကိုယ်လုံး ... မည်းနက်လှစွာ အမွေးရှည်အမှင်...



www.burmeseclassic.com

www.burmeseclassic.com



များဖုံးလွှမ်းလျက် အစွယ်ချွန်းချွန်း၊ မျက်လုံးပြူးပြူး၊ ပါးစပ်ကျယ်ကြီးဖြင့် သတ္တဝါတစ်ကောင်ခုန်ဆင်းလာလျက် ကျီးကန်ရွာသားတို့ချထားသော ငါးအိုးများ၊ မြွေများ၊ မိထားသမျှငါးများတို့ ဂျိုးဂျိုးဖွတ်ဖွတ်မြည်အောင် ကိုက်ဝါးစားပြီး အားရောက်သောအခါ တယောင်းယောင်းအသံ [illegible] မြန်ခုန်တက်သွားလေသည်။

တစ်လှမ်းတည်းဖြင့်သာဟု စောင့်ကြပ်မြင်ကြသူတို့ အပြောများသည်။

သို့အတွက် ကျီးကန်ရွာသားတို့ ညပိုင်းတွင် မကပ်ဝံ့မချဉ်းဝံ့ကြ။

လယ်လုပ်ငန်းလုပ်ဆောင်ဖွယ်မှန်သမျှ နေမဝင်မီ ပြီးအောင်လုပ်ကိုင်ထားကြရသည် ဆို၏။

မောင်နှံခုနစ်ဖော်ရေကန်တော်ကို အစောင့်ကြီးသည်ဟု ပြောစမှတ်တွင်ခဲ့ယုံကြည်ခဲ့ကြသည်။

ရေကန်သုံးလုံးအတွင်းမှ ရေများကို ဥပုသ်အတွင်းမှာ ခြေ၊လက်၊မျက်နှာ မဆေးဝံ့မကြောဝံ့။

သို့သော် ကျီးကန်ရွာတစ်ရွာလုံး သောက်သုံးရေအတွက် အားထားကြရသည်ကား အမှန်ပင်။

ညနေခင်းသောက်သုံးရေအတွက် လုံမပျိုတို့ ရေအိုးဖြင့်ခပ်ယူရွက်ကြသကဲ့သို့ လုလင်ပျိုတို့ ရေထမ်းကြ၊ ရေစည်လှည်းတိုက်ခြင်းများကို ပြုလုပ်ကြပါသည်။

❐

ကျီးကန်ရွာ၏အလယ်တည့်တည့်တွင် စာရေးတော်ကြီးအိမ်ဝင်းရှိသည်။ မြို့မှာ ဆည်မြောင်းဘက်အမှုထမ်း ဖြစ်

www.burmeseclassic.com

သည်။

သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊အုတ်ဖိနပ်ခံ သုံးခန်းပတ်လည် အိမ်ကြီးသည် လွန်စွာခံ့ညားလျက် ကာရံထားသော ပျဉ်ချပ်များသည် အမြဲပင် ရေနံချေးများဖြင့် စိုအိလျက်ရှိသည်။

အောက်ထပ်တစ်ခုလုံး အကာအရံမရှိ။ ခုတင်များ၊ ဗီရိုများ၊ စားပွဲ၊ ကုလားထိုင်၊ တန်းလျားများရှိသည်။ အိမ်ကြီးနောက်တွင် သွပ်မိုး၊ အုတ်ခံ၊ အုတ်ခင်း သုံးခန်းနှစ်ခန်းမီးဖိုဆောင်ရှိသည်။

စာရေးကြီးက ရွာမှာ အစဉ်မရှိ။ မြို့နှင့် ကူးချည်သန်းချည်နေသည်။ စာရေးကတော်ကြီးက သမီးပျိုသုံးဦးနှင့် အုပ်အုပ်ချုပ်ချုပ်နေသည်။ စိတ်ရင်းစေတနာကောင်းပြီး သဒ္ဓါတရားရှိသည်။ ဘာသာရေးကိုင်းရှိုင်းသည်။

မမယ်ဝင်း၊ မမယ်ပွင့်၊ မမယ်တင့်ဟု သမီးပျိုသုံးဦးတွင် အကြီးဆုံးသမီး မမယ်ဝင်းတစ်ယောက်သာ ယဉ်ကျေးသိမ်မွေ့လျက် ဘာသာရေးကိုင်းရှိုင်းသူဖြစ်ပါ၏။ အလတ်မနှင့် အငယ်မနှစ်ယောက်က ပစ္စည်းဂုဏ်ရှိန်ဖြင့်မောက်မာသည်ဆို၏။

ရွာအဝင်လမ်းကားလမ်းအနောက်ဘက်သဲကုန်းသုံးလေးကုန်းခြားပြီး တောရကျောင်းတစ်ကျောင်းရှိသည်။

စာရေးကြီးကတော်နှင့် သမီးကြီးတို့သည် ထိုတောရကျောင်းဆရာတော်ကြီးထံမှ သီတင်းရက်တိုင်း ဥပုသ်ယူသည်။ တရားနာသည်။

မနက်ခင်း ထမင်းချိုင့်၊ ရေဘူး၊ ရေခွက်အစုံအလင်နှင့်အတူ ဆရာတော်ကြီးအတွက် လှူရန်ပစ္စည်းအစုံအလင်သားအမိရွက်လျက်သွားလာသည်။

အသွား၊ အပြန် ရေကန်တော်ကန်ပေါင်ရိုးအနီးမှဖြတ်ရသည်။

အပြန်ချိန်သည် နေကျချိန်ဖြစ်၏။

စိတ်သဘောကောင်းမွန်လှသော မမယ်ဝင်းက တောရကျောင်းမှအပြန် ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာများ၊ ပြန်ပါလာသမျှကို ကန်ပေါ်ချပြီး ကျွေးမွေးသည်။ ထမင်းလုံးများ ရေကန်တွင်းချသည်။ ကန်ပေါင်ရိုးတွင် ကျီး၊ ဆက်ရက်များ၊ ချိုးကလေး၊ စာကလေးများကို စားစေသည်။ ရေကန်တွင်း သတ္တဝါများကိုလည်း စားစေသည်။ ကျွေးခဲ့သည်။

ထိုထက် ကန်ပေါင်တွင် မေတ္တာပို့ ပြုပြုသမျှဒါနအစုစုကို အမျှအတန်းပေးဝေသည်။ သာဓုခေါ် စေခဲ့သည်။

သီတင်းပတ်တိုင်း အပြန်မှာ ဝတ္တရားမပျက် အလုပ်တစ်ခုနှယ် ပြုလုပ်ခဲ့သည်။

တစ်ညသ၌ မယ်ဝင်းကို ဝတ်ဖြူစင်ကြယ်ဘိုးဘိုးက အိပ်မက်ပေးသည်။

"သမီးကစိတ်သဘောထားပြည့်ဝတယ်။ သမီးကိုကူညီမယ်။ မနက်အရုဏ်တက်ချိန် ဘုရားရှေ့ကဇရပ်ကလေးကို သမီးတစ်ယောက်တည်းလာခဲ့နော်၊ဆက်ဆက်လာနော် သမီး"

ဟု ဖြစ်သည်။

မမယ်ဝင်း အံ့ဩသွားသည်။ တစ်ယောက်တည်းလည်း မသွားဝံ့။ မည်သူ့ကိုမျှ အိပ်မက်အကြောင်းမပြော။ သို့သော် ညဘုရားကန်တော့ပြီးချိန် ဝတ်ဖြူစင်ကြယ်ဘိုးဘိုးကို အထူးပင် မေတ္တာပို့၊ အမျှအတန်းပေးဝေမိသည်။

နောက် နှစ်ညဆက်ပြီး မမယ်ဝင်းကို အိပ်မက်ပေးသည်။

မမယ်ဝင်းက ကျေးဇူးရှင်မိခင်ကြီးကို ဖွင့်ဟတိုင်ပင်သည်။ ကျေးဇူးရှင် မိခင်ကြီးက အတန်ငယ်စဉ်းစားပြီးမှ အဖြေပေးသည်။

"တစ်ယောက်တည်း မသွားပါနဲ့ သမီးရယ်၊ မောင်လေး ထွန်းရှင်ကို ဘာမှ မပြောဘဲ အဖော်ခေါ်သွားပါ"

ဟု ပြောခဲ့၏။

မောင်လေးထွန်းရှင်က မမယ်ဝင်း၏ မောင်ဝမ်းကွဲလေးဖြစ်သည်။ အိမ်အောက်ထပ်အခန်းမှာ လာနေသည်။ အိမ်လုပ်ငန်းအစုံကို ကူညီလုပ်ကိုင်ပေးနေသူဖြစ်သည်။

"ဘာမှန်းလဲမသိဘူးဗျာ၊ မမကြီး သိပ်အလုပ်ရှုပ်တာပဲဗျာ"

ဟု အိပ်မှုန်စုံမွှားနှင့် လိုက်လာရှာသည်။

မမယ်ဝင်းစိတ်ထဲမှာ စိုးရိမ်စိတ်ကရှိသည်။ လာမိတာမှားလေပြီလားဟုလည်း အတွေးကဝင်သည်။

တံတားလေးကို မောင်နှမနှစ်ယောက်ဖြတ်မိချိန် . . .

"မွှေးလိုက်တာဗျာ မမကြီး၊ ဒီအနီးအနားမှာ ဘာပန်းပင်မှမရှိပါဘူးဗျာ။ စံပယ်ပန်းနံ့၊ ဇွန်ပန်းနံ့၊ နှင်းဆီပန်းနံ့၊ ရွှေပန်း၊ ငွေပန်းနံ့တွေ အစုံပါပဲဗျာ"

ဟု ထွန်းရှင်က ပြောလာသော အခါ မမယ်ဝင်း ကြက်သီးမွေးညင်းများ ထသွားသည်။

အမှန်ပင် ထိုအမွှေးနံ့များကို မမယ်ဝင်းလည်းရသည်။

ဇရပ်ကလေးထဲမဝင်မီ အနောက်ဘက်ကန်ရေပြင်ပေါ်မှာ အလင်းရောင်ကောင်းစွာမရသေးငြား တစ်ထွာသာသာ ငွေဖလားတစ်လုံးက မမယ်ဝင်းတို့ရှိရာ လာနေသလားထင်ရသည်။

"ဟောဗျ-မမကြီး၊ ငွေဖလားလေး ဗျ‌ေ တွ့လား။ ကျွန်တော်ဆင်းဆယ်မယ် မမကြီး"

ဟု ဆိုပြီး မောင်ထွန်းရှင် ပုဆိုးခါးတောင်းကျိုက်လျက် ရေစပ်မဆင်းရသေးမီ -

မမယ်ဝင်းနှုတ်ဖျားက -

"ဟဲ့ ဟဲ့"

ဟု စကားလေးနှစ်ခွန်းဆိုရပါသေးငြား -

ငွေဖလားလေးက မမယ်ဝင်းတို့ရှိရာကူးမလာတော့ဘဲ အခြားတစ်ဖက်ကူးနေပြန်ပြီး ချာလည်လည်နှင့် မျက်စိအောက်မှာပင် ရေထဲနစ်ဝင်ပျောက်ကွယ်သွားပါတော့သည်။

မောင်နှမနှစ်ဦးသား ပါးစပ်ပဟောင်းလောင်းဟလျက် အံ့ဩကျန်ခဲ့ကြသည်။

ထိုနေ့ ညသန်းခေါင်ကျော်ချိန် မမယ်ဝင်းကိုအိပ်မက်ထပ်ပေးပြန်သည်။

"သမီးက အဖော်ခေါ်လာသကိုး အေးကွယ် သမီးရယ်၊ လူသားတွေဆိုတာ လောဘသားတွေကွယ့်။ လောဘဦးဆောင်လာပြီဆိုရင် ဘာကိုမှမကြောက်တော့ဘူးကွယ်။ ဘဘတို့ မြေအောက်တွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဘဝလေး ပျက်သွားမှာပါကွယ်။ နောက်သုံးရက်အကြာ သမီးတစ်ယောက်တည်းလာပါ။ အဘစောင့်ရှောက်မှာပါကွယ်"

ဟုဆိုလျက် ဘိုးဘိုးပျောက်သွားသည်။

မမယ်ဝင်း အိပ်မက်အကြောင်း ကျေးဇူးရှင်မိခင်ကြီးကိုပင် အသိပေးပြောကြားခြင်းမရှိ၊ မည်သူ့ကိုမျှလည်း မဖွင့်ဟတော့။

သုံးရက်ပြည့်သောနေ့ မမယ်ဝင်း တစ်ယောက်တည်းလာခဲ့သည်။ လမ်းမှာ တောသွားများဖြင့်တွေ့၏။ အားလုံး အဆန်းတကြယ်ကြည့်သွားခဲ့ကြသည်။

ခပ်လှမ်းလှမ်းရှိ ဇရပ်ကလေးဆီ မျှော်ကြည့်မိချိန် မမယ်ဝင်းရှိရာမျှော်ကြည့်နေသော ဘိုးဘိုးကို တွေ့မြင်လိုက်ရသည်။

ဇရပ်ကလေးအနီးကိုရောက်သော အခါ ထိုဘိုးဘိုးက မရှိတော့။

ဇရပ်ကလေးရှေ့ မြေပြင်သည်



www.burmeseclassic.com

www.burmeseclassic.com

အမှိုက်လှည်းကျင်းထားသည့်အလား အထူးပင် သန့်ရှင်းနေသည်။

မမယ်ဝင်း ရေပြင်ကို ဟိုဘက်သည်ဘက်ကြည့်၏။ မည်သည့်အရာမျှ မြင်မတွေ့မရှိ။ တစ်ခဏမျှရပ်ကြည့်လျက် နောက်ကြောင်းပြန်လှည့်ရန် စိတ်ကူးမိချိန် ကန်ပေါင်မြေပြင်ပေါ် လွန်စွာဝိုင်းစက်သောစည်ဝိုင်းကလေးကို တွေ့လိုက်ရသည်။ စည်ဝိုင်းကလေးက တုတ်တစ်ချောင်းဖြင့် ရေးခြစ်ထားသည်သို့ရှိ၏။

စည်ဝိုင်းလေးအလယ်တည့်တည့်တွင် ငွေသားမတ်စေ့ကလေးတစ်စေ့ကို ထောင်လျက်တွေ့ရသည်။

"ယူသွားကွယ့်။ သမီးကိုပေးချင်တာ အဲသဟာလေးကွယ့်"

ဟု ဘုရားဆီမှ ဘိုးဘိုးကိုမမြင်ရပါဘဲ အသံကိုသာကြားလိုက်ရပါသဖြင့် ငွေသားမတ်စေ့ကို လက်ဖြင့်လျင်မြန်စွာကောက်ယူပြီး မြဲမြဲဆုပ်ထားလျက် ရွာထဲအိမ်ရှိရာ မပြေးရုံတစ်မည် မမယ်ဝင်းပြန်လာသည်။

အိမ်သားများ အိပ်ရာမှမနိုးကြသေး၊ မထကြသေး။

အရှေ့ဆီမှာတော့ အလင်းရောင်အားကောင်းစွာပျို့အန်ကျလာနေပေပြီ။ မမယ်ဝင်း အိပ်ခန်းထောင့်စားပွဲပေါ်ရှိ အပ်နှင့် အပ်ချည်လုံးထည့်ထားသော ယွန်းအစ်လေးကိုဖွင့်လျက် ထိုငွေသားမတ်စေ့ကိုထည့်သည်။

❐

ငွေသားမတ်စေ့လေး ယွန်းအစ်လေးထဲထည့်ထားသည်ကို မေ့နေခဲ့၏။ တစ်လတိတိကြာသွားမှ မျက်နှာသုတ်ပဝါထောင့်စွန်းလေးစုတ်သွားသဖြင့်ချုပ်ရန် အပ်ဘူးကိုယူလိုက်မှ ငွေသားမတ်စေ့ကို သတိရခဲ့၊ ကိုင်ကြည့်မိခဲ့သည်။

ထိုနေ့ည အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်ဘိုးဘိုးက ပြုံးပြုံးရွှင်ရွှင်ဖြင့် ရောက်လာသည်။

"အေး - သမီးသာသနာပြုရမယ့်အချိန်ရောက်ပြီ။ ငွေသားမတ်စေ့လေးက ဆေးမတ်စေ့လေးကွယ်။ သမီးလိုသလိုသုံးနိုင်တယ်။ သို့ပေမယ့် သမီးရယ် ပေးတတ်နိုင်သူတွေကို အခကြေးငွေမယူပါနဲ့။ စိတ်ချမ်းသားပါစေ သမီး"

ဟု မှာပြီး ဘိုးဘိုးမရှိတော့။ အိပ်ရာလန့်နိုးချိန်ထိ ဘိုးဘိုးအသံကို မမယ်ဝင်း ကြားနေသည်။

မမယ်ဝင်းတို့အိမ်ဝိုင်း အနောက်ဘက်က ကိုချစ်လှတို့အိမ်ဝိုင်း ဖြစ်သည်။ ကိုချစ်လှက သားသမီးများလှျက် ဆင်းရဲလှဘိခြင်း။ လယ်ပိုင်ယာပိုင်မရှိ။ မိသားစုကို မိုးရောနွေပါ လယ်ပိုင်ရှင်ကြီးများထံမှ အခငွေကြေးဖြင့် လူငှားနေပြီး လုပ်ကျွေးနေသူ ဖြစ်သည်။

ကိုချစ်လှသား အလတ်ကောင် ခွေးရူးကိုက်ခံရသည်။ မြို့ဆေးရုံမှအခြေအနေမကောင်းသဖြင့် အိမ်ကိုပြန်ခေါ်လာကြသည်။ ခွေးရူးပြန်နေပြီဟု ဆိုသည်။

ကိုချစ်လှအိမ်ဝိုင်းထဲတွင် သတင်းမေးသူများဖြင့်ပြည့်နေသည်။

မမယ်ဝင်း ငွေမတ်စေ့ကလေးဆုပ်လျက် ကိုချစ်လှအိမ်ဝိုင်းထဲဝင်ခဲ့သည်။

လူနာက အော်ဟစ်ရုန်းကန် မြင်မြင်သမျှ ကိုက်ဖဲ့နေသဖြင့် သံကြိုးဖြင့်ချည်တုပ်ထားရ၏။ ပါးစပ်မှ သွားရည်များက မြင်မကောင်းအောင် စီးကျနေသည်။

ငွေမတ်စေ့လေး သောက်ရေခွက်ထဲစိမ်လျက် ထိုရေဖြင့်လူနာကိုတောက်လိုက်သည်။ လူနာက အလွန်သောင်းကျန်းနေရမှ ငြိမ်ကျသွားသည်။ တစ်ခဏချင်းအိပ်မောကျသွားသည်။

အိမ်ဝိုင်းအတွင်းရှိသမျှ လူများ၏နှုတ်ဖျားက ဟာခနဲ၊ ဟင်ခနဲဖြစ်သွားသည်။ အချို့ကလူနာသေဆုံးပြီဟုပင်ဆိုကြသည်။

မမယ်ဝင်းက ကိုချစ်လှကို နှမ်းဆီတစ်ပန်းကန်ယူခိုင်းသည်။ ငွေမတ်စေ့လေး နှမ်းဆီမှာစိမ်သည်။ ထိုနှမ်းဆီဖြင့် ခွေးရူးကိုက်သောဒဏ်ရာကို စိမ့်ဝင်သွားအောင်လိမ်းပေးသည်။ လူနာအိပ်ရာမှနိုးလာချိန် အော်ဟစ်ရုန်းကန်ခြင်းမရှိတော့။ ပကတိ အံ့ဩဖွယ် တည်တည်ငြိမ်ငြိမ်။

ငွေမတ်စေ့ရေစိမ်ရည်ကို လူနာကို တိုက်၏။ အနေ့နေ့အရက်ရက် ရေငတ်လာသူကဲ့သို့ လူနာက အငမ်းမရသောက်သည်။

ကြည့်နေသူများနှင့် ကိုချစ်လှတို့မိသားစုအံ့ဩရပြန်သည်။

ခွေးရူးကိုက်လူနာသည် ရေကြောက်၏။ မည်သည့်အခါမျှ အသက်ရှင်ရိုးမရှိ၊ အသက်ချမ်းသာရာမရ။

ရက်သတ္တပတ်အကြာ ကိုချစ်လှသား အလတ်ကောင် ခွေးရူးပြန်ရောဂါ ရှင်းရှင်းပျောက်သွားခဲ့၏။ ကျီးကန်ရွာတစ်ရွာလုံးသာမက တစ်နယ်လုံး မမယ်ဝင်းနှင့် ဆေးမတ်စေ့ကလေးသတင်းပြန့်သွားပါတော့သည်။

ငွေကြေးတစ်စုံတစ်ရာမတောင်း၊ စေတနာဖြင့် တတ်နိုင်သမျှပေးသည်ကိုမငြင်း၊ မပေးနိုင်လည်း ကုပေးသည်။ သက်သာပျောက်ကင်းချိန်အထိကု၏။

ရောဂါအစုံကို မမယ်ဝင်း ကုပေးသည်။ ခွေးရူးပြန်၊ ဝက်ရူးပြန်ရောဂါများ ဦးစားပေးကုသည်။ ခွေးရူးကိုက်အနာကို မတ်စေ့စိမ်နှမ်းဆီဖြင့်လိမ်းပေးပါက အနာဝမှညိုညိုအရည်များကျလာသည်ဆို၏။ မြင်ကြသူတွေရှိသည်။

လူနာရှင်များစေတနာအလျောက်ထည့်ဝင်ကြသောငွေကြေးဖြင့် မမယ်ဝင်း တောရကျောင်းတွင် သုံးခန်းပတ်လည်နှစ်ထပ်ကျောင်းဆောက်လှူဒါန်းသည်။

ဆွမ်းကျွေး၊ ဆွမ်းကပ်၊ ကထိန်ခင်း၊ ရွာတွင်းရှိကလေးအားလုံး ရှင်ပြု၊ နားသအလှူပြုလုပ်ပေးသည်။

နောက်နှစ်မှာ တောရကျောင်းအတွင်းမှာပင် ဥပုသ်သည်များနားနေရန် ဇရပ်တစ်ဆောင်နှင့် ဆရာတော်ကြီးအတွက် ဆွမ်းစားကျောင်းဆောင်ဆောက်လုပ်လှူဒါန်းသည်။

ရေစက်ချ အမျှအတန်း ပေးဝေသည်။

မမယ်ဝင်း အသက် (၇၆) နှစ်မှာ ကွယ်လွန်သည်။ မြေချသင်္ဂြိုဟ်ပြီး ရက်လည်ဆွမ်းကျွေးတရားနာပင့်သံဃာများပြန်ကြွသွားသောအချိန်။

အပ်ချည်လုံးနှင့် အပ်ထည့်ထားသော ယွန်းအစ်လေးကို သတိတရဖြင့်ဖွင့်ကြည့်ခဲ့ကြ၏။ ဆေးငွေမတ်စေ့လေးက မရှိတော့။ အခြားမည်သည့်နေရာမျှလည်းမရှိ၊ မတွေ့။

ဆေးငွေမတ်စေ့ကလေး ပျောက်ဆုံးသွားခဲ့ပြီဟု ကျွန်တော့်အမေကပြောပြသည်။

ကျွန်တော့်အမေသည် မမယ်ဝင်း၏ တစ်ဦးတည်းသောသမီးကြီး ဖြစ်ပါသည်။ အဘွားငွေမတ်စေ့ကလေးဖြင့် ဆေးကုသွားသောနေရာတိုင်း အဘွားနှင့်အတူ ကျွန်တော့်အမေ လိုက်ပါခဲ့ရသည့်အကြောင်း ကျွန်တော်တို့ကိုပြောပြခဲ့သည်။

နှစ်ကာလများကြာခဲ့ပြီ။

ကျွန်တော်တို့သည် ဆောင်းကာလ ငွေလဝန်းရွှန်းရွှန်းမြမြသာချိန် ညဥ့်နက်လာသည်အထိ ဝတ်ဖြူစင်ကြယ်ဘိုးဘိုးနှင့် မောင်နှံခုနစ်ဖော်တို့ ပြေးပြေးလွှားလွှားကစားသည်ကို ကြည့်ချင်မြင်တွေ့ချင်ကြသဖြင့် စောင့်ကြည့်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသော)

အကြိမ် (၃၁၂) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပြန်ပါပြီ။

ချမ်းသာ ကြွယ်ဝကြတော့မည့် ပုဂ္ဂိုလ်တို့အား အကောင်းဆုံးအကျိုးပေးတော့မည့်ဂဏန်းလုံးများနှင့် ပါရမီဖြည့်လိုက်ရမည်ရှိသော် -

**တနင်္ဂနွေသားသမီးများ**

ဒီဇင်ဘာလ ၁၃၊ ၁၆၊ ၁၇၊ ၃၀ ရက်များမှာ ထီထိုးပါ။ ယခုလ အားလပ်ရက်တစ်ရက်ကိုရွေးပါ။ ထိုနေ့တွင် မနက် (၆) နာရီမှ (၁၂) နာရီအတွင်း ဘုရားသုံးဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းတွင် ဂုဏ်တော် (၉) ပါးကို ပုတီး (၉) ပတ်စိပ်ပါ။ အပြန်မှာထီထိုးပါ။

ဇန်ဝါရီလတွင် ၅၊ ၆၊ ၁၊ ၇ ဂဏန်းများနှင့်ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဒီဇင်ဘာလ ၁၀၊ ၁၄၊ ၁၇၊ ၂၈ ရက်များမှာ ထီထိုးပါ။ ယခုလတစ်လလုံး နေ့စဉ်အမိဋ္ဌာန်မပျက်မကွက်ထားပြီး ဓမ္မစကြာရွတ်ပါ။ ပြီးမှထီထိုးပါ။

ဇန်နဝါရီလတွင် ၇၊ ၅၊ ၃၊ ၄ ဂဏန်းများကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဒီဇင်ဘာလ ၉၊ ၁၁၊ ၁၅၊ ၁၉ ရက်များမှာ ထီထိုးပါ။ ရုပ်ဝေးဘုရားဖူးခရီး (သို့) မင်္ဂလာခရီးသွားကြမည့် နိမိတ်ကောင်းတွေ့လျှင် ထီထိုးလိုက်ပါ။

ဇန်နဝါရီလတွင် ၅၊ ၇၊ ၁၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဒီဇင်ဘာလ ၁၂၊ ၁၃၊ ၁၆ ရက်များမှာ ထီထိုးပါ။ အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူ (ရန်ကုန်မှာဆိုလျှင် ဇီနမာန်အောင်၊ စွယ်တော်၊ ဆယ်တော်မူ၊ စိန်ရောင်ခြည်) သို့ ဘုရားတစ်ဆူဆူ၏အင်္ဂါထောင့်တွင် (၃) ရက်ဆက်၍ သရဏဂုံပုတီး တစ်နေ့ (၃) ပတ်ရအောင်စိပ်ပါ။

ဇန်နဝါရီလတွင် ၇၊ ၆၊ ၅၊ ၃ ဂဏန်းများကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဒီဇင်ဘာလ ၁၀၊ ၁၃၊ ၁၄၊ ၁၇ ရက်များမှာ ထီထိုးပါ။ တစ်နိုင်အလှူတစ်ခုခုပြုလုပ်လိုက်ပါ။ (သို့) ကြာဆံကြော်ကြော်၍ ကလေးဆယ်ယောက်ခန့်ကို ဝေကျွေးလိုက်ပါ။ ထိုနေ့မှာထီထိုးပါ။

ဇန်နဝါရီလတွင် ၅၊ ၇၊ ၁ ဂဏန်းများကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဒီဇင်ဘာလ ၁၁၊ ၁၄၊ ၁၅၊ ၁၈ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရား (၇) ဆူပြည့်အောင် ပူဇော်ပါ။ ဘုရားရုပ်ပွားတော်တစ်ဆူတိုင်း၏ရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဇန်နဝါရီလတွင် ၅၊ ၆၊ ၃၊ ၂ ဂဏန်းများနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

ဒီဇင်ဘာလ ၉၊ ၁၂၊ ၁၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

ကိုယ့်မိတ်ဆွေထဲမှ တစ်ဦးဦးအိမ်ပြောင်းအရွှေ့ကိစ္စဖြစ်လျှင် (သို့) ကြား လျှင် (သို့) ကိုယ်တိုင်ရွှေ့ပြောင်းနေရလျှင် ထီထိုးလိုက်ပါ။

ဇန်နဝါရီလတွင် ၇၊ ၅၊ ၃၊ ၁ ဂဏန်းများနှင့် ကံစပ်ပါသည်။

ဂ ဒီဇင်ဘာလ ၁၄ ရက်၊ တနင်္ဂနွေနေ့တွင် (၇) ရက်သားသမီးများအားလုံး ထီထိုးဖြစ်အောင်ထိုးပါ။ (၁၄) ဂဏန်းပါအောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

ကြသည်။

ကျွန်တော်တို့ မတွေ့ခဲ့၊ မမြင်ခဲ့ကြရပါ။

သို့ဖြစ်ငြား -

ရွာမှာ အနောက်ကျောင်းဘုရားပွဲရှိသည်။ မြောက်ဘက်ရွာက ဝက်ပေါ်သဖြင့် ကျွန်တော့်သူငယ်ချင်း စိမ်းညိုသည် ဟင်းတွဲများပြန်ရောင်းရန်ဝယ်ပြီး ထန်းခေါက်တောင်းနှင့်ထမ်းလျက် ပြန်လာသည်။ ပိသာတွဲနှစ်ဆယ်ပါခဲ့၏။

စိမ်းညိုနောက်မှာ အိမ်ခွေးနှစ်ကောင်ပါလာသည်ဆို၏။

စိမ်းညို မြန်မြန်ရွာတွင်းဝင်လိုဇောဖြင့် အရှေ့ကန်ရိုးကိုဖြတ်သည်။ မန်ကျည်းသုံးပင်အနီးရောက်သောအခါ ထမ်းလာသော ထန်းခေါက်တောင်းပေါ့သွားသည် ထင်၏။ နောက်ကပါလာသော အိမ်ခွေးနှစ်ကောင်က စူးစူးဝါးဝါး ထိုးဟောင်သည်။

စိမ်းညို ထန်းခေါက်တောင်းကို ပခုံးပေါ်ကချသည်။ တောင်းထဲမှာ ဟင်းက သုံး၊ လေးတွဲသာရှိတော့သည်။

စိမ်းညို ဒေါသဖြစ်သွားသည်။

'ငါ့ဟင်းတွဲခိုးတဲ့နိုက်တဲ့အကောင်တွေ့ ကြသေးတာပေါ့'

ဟု ကြိမ်းဝါးလျက် ခါးကြားက ကိုင်းခုတ်ဓားမကိုဆွဲသည်။ လက်နှင့်ဆသည်။

ထိုအချိန် အရှေ့မန်ကျည်းပင်ပေါ်က အမွေးအမှင်ရှည်များဖြင့် ဖုံးလွှမ်းနေသောလက်ကြီးတစ်ဖက်ကျလာပြီး ဟင်းတွဲများကိုဆွဲသည်။

"ကိုင်းကွာ၊ ကိုင်းကွာ"

ဟု စိမ်းညို ပါးစပ်ကအော်ပြီး ထိုလက်ကြီးကို ဓားမဖြင့်ခုတ်သည်။ တဟင်းဟင်းနှင့်အသံနက်ကြီးကြားရပြီး လက်ကြီးက ဟင်းတွဲများဖြင့် အပေါ်တက်သွားသည်။ မန်ကျည်းပင်ပေါ်ပါ သွားသည်။

စိမ်းညိုနှင့် အိမ်ခွေးနှစ်ကောင် ရွာထဲဒရောသောပါး ပြေးဝင်ခဲ့ကြသည်။ ထန်းခေါက်တောင်းကိုပင် မကောက်နိုင်တော့။

သူငယ်ချင်း စိမ်းညို ဖျားသော သတင်းကြားသဖြင့် ကျွန်တော် ရောက် ခဲ့၏။

ကျွန်တော့်သူငယ်ချင်း စိမ်းညိုသည် ကျွန်တော်တို့အထဲမှာ သတ္တိ အကောင်းဆုံးသူဖြစ်၏။ ကြောက်တတ် သူမဟုတ်ပါ။

ထိုနေ့က ကျွန်တော့်သူငယ်ချင်း မျက်နှာကလေး ဖြူဖပ်ဖြူရော်နှင့် သူကြုံ ခဲ့ရသမျှ အသံလေးယဲ့ယဲ့ဖြင့် ကျွန်တော့် ကို ပြောပြနေခဲ့သည်။

ကိုဇော်(လှတော)



www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်

# သာသနာဖျက်အခံခက်



သာစည်သည် လမ်းဆုံမြို့ ဖြစ်သည်။

သာစည်သို့ တစ်ခါတစ်ခေါက် ပြန်လည် ရောက်လာရပြန်သည်။ ကိုတင်ဆွေဝင်းနှင့် မလဲ့လဲ့ဝင်း ဇနီးမောင်နှံတို့၏ပုလဲတည်းခိုခန်းတွင် တည်းဖြစ်သည်။

လူချင်းက ဆွေမျိုးမက ရင်းရင်းနှီးနှီး။ တည်းခိုခလည်း မပေးရ။ ဧည့်သည်မို့ ဝတ္တရားမပျက် ထမင်းကျွေးသေးသည်။ သည်ရွှေသည်မျှကောင်းလှသည့် သူငယ်ချင်းလင်မယား။ ထမင်းပြီးလျှင် အချိုပွဲကအဆင်သင့်။ ထွေထွေပြားပြား စကားတပြောပြော။

"သူကြီးမရှိတော့ ရွာဆူသတဲ့၊ အမြည်းမရှိတော့ အာပူသတဲ့ လဲ့လဲ့ဝင်းရေ"

ဟု ဆိုလိုက်လျှင် နောက်တစ်ပွဲ အားစရာရောက်လာသည်။

ထိုစဉ် ကိုတင်ဆွေဝင်းက အိမ်ခေါက်ဝဆီမှ ရိပ်ခနဲ တွေ့လိုက်သူကို အကြည့်ရင်း-

"ကန်တော့ပါသေးရဲ့"

ဟု နှုတ်မှလည်းလွှတ်ခနဲအပြော- မြင်ကွင်းထဲသို့ သံဃာတစ်ပါးဝင်လာသည်။ သူ့လက်ထဲ၌ လက်နှစ်လုံးစာ အရွက်ပိုင်းကလေးများနှင့်။ မျက်နှာအေးက တင်းတင်းမာမာ။ ဝင်လာပုံက ဆောင့်ကြီးအောင့်ကြီး။ ပြောလိုက်သည့် အသံက မာမာကျောကျော။

"ကျုပ်ကဘာမှမပြောရသေးဘဲနဲ့ ခင်ဗျားက ဘာလို့ကန်တော့ပါသေးရဲ့လို့ ပြောရတာလဲ"

ကိုတင်ဆွေဝင်းက လိုက်လိုက်လျောလျော သဘောကောင်းသူ။ ထို့ကြောင့် စကားနည်းရန်စဲစေလိုသဖြင့် အိမ်တွင်းသို့ပြန်ဝင်ပြီး ငွေနှစ်ရာတန်ယူကာ ပြန်ထွက်လာသည်။ သူက ငွေကို ကပ်ပေးရန်ဟန်အပြင် ကျွန်တော်က ဘာမှ တားသော်လည်းမမီလိုက်။ အလှူခံသူက ငွေကို ဖျာဖျာသလဲလှမ်းယူသည်။ သာစာအုပ်ကြားထဲသို့ ကမန်းကတန်း ညှပ်ထည့်သည်။ စာအုပ်ကြားတွင် ငွေစက္ကူများက တထပ်ကြီး။

စီးနင်းထားသည့်ဖိနပ်က ဘုန်းကြီးစီးဖိနပ်အမျိုးအစား မဟုတ်။ ဆင်ကြယ်တံဆိပ်မျိုး ယိုးဒယားဖိနပ်။ သင်္ကန်းက ဖရိုဖရဲ။ မတ်လကဲ့သို့သော ပူအိုက်သည့် ရာသီတွင် သင်္ကန်းရောင်ဆွယ်တာကို ဝတ်ထားသည်။ လွယ်အိတ်တစ်လုံးကလည်း ဖောင်းဖောင်းပွပွ။ သာစည်တွင် ရဟန်းသံဃာများစွာရှိသည့်အနက် ဒီပုံစံက တစ်မူထူးခြား၏။ စကားပြောပုံဆိုပေါက်ကိုလည်း စိတ်တိုင်းမကျချင်။ ထို့ကြောင့် စကားတစ်ခွန်းဝင်ပြောလိုက်မိသည်။

"ကန်တော့ပါသေးရဲ့လို့ပြောမိတဲ့ အပေါ် ကိုယ်တော်က ဒီလောက်စိတ်တို၊ စိတ်ဆိုးစရာအကြောင်းမရှိပါဘူး"

"ကျုပ်ကအလှူခံရတဲ့အကြောင်း ဘာမှမပြောရသေးဘဲနဲ့ ကန်တော့ပါသေးရဲ့လို့ ဆိုလိုက်တာကိုမခံချင်လို့ပါ"

"မခံချင်စရာလည်း မလိုအပ်ပါဘူး"

"လိုတာပေါ့ဗျ"

"ဒီလိုရှိတယ်၊ ကိုယ့်တော်ကို မလှူချင်လို့၊ မပေးချင်လို့ကန်တော့ပါသေးရဲ့ လို့ပြောတာ ဘာမှားသွားလို့လဲ။ သွားပါဦးလို့ပြောရမှာလား"

"ဗုဒ္ဓဘာသာဆိုရင်လှူရမှာပေါ့"

"ဒီလိုပြောလို့ဘယ်ရမှာလဲ။ ကိုယ်တော့်ကို မကြည်ညိုရင် ဘယ်သူကလှူချင်မှာလဲ"

"ကျုပ်က ဘာဖြစ်နေလို့ မကြည်ညိုရမှာလဲ။ ကျုပ်စိတ်တိုလာပြီလုပ်မိတော့မယ်"

"အခုပဲ ဘုန်းကြီးက လူမိုက်စကားပြောနေပြီ"

သင်္ကန်းဝတ်သူ ရှူးရှူးရှဲရှဲဒေါသတကြီး တစ်စုံတစ်ရာလုပ်ရှားရန်ဟန်ပြင်သည်။ လက်ထဲမှဖုန်းဖြင့် နံပါတ်တစ်ခုကို နှိပ်လိုက်သည်။ ကိုတင်ဆွေဝင်းက နှစ်ဦး၏ ကြားထဲသို့ဝင်လျက် အလှူခံသူကို ဆွဲထုတ်သွားသည်။ ထွက်သွားရင်းဆဲဆိုသံကိုကြားလိုက်ရသည်။ ထိုစဉ် တယ်လီဖုန်းမှ ထူးသံကြားသည်။

"ဘာများကူညီရမလဲခင်ဗျာ"

ထို့နောက် သတင်းကြားရသည်။

"ဘယ်ကျောင်းတိုက်ကလဲ"

"ဘူးဘော်ကျောင်းကပါ"

'ဘူးဘော်' ဆိုသည်မှာ မြည်သံစွဲလကာ။ မီးရထားဥဩဆွဲသည့်အသံ။ ဆိုလိုသည်က သာစည်မြို့ မီးရထားဘူတာတွင် သီတင်းသုံးနေသူများ။

"သူ့ကို ဘယ်မှာမိသလဲ"

"သာစည်ဘူတာ ပလက်ဖောင်းပေါ် မှာမှောက်နေတုန်းဆွဲခေါ်လာရပါတယ်"

"ဘာလို့မှောက်နေရတာလဲ"

"အရက်မူးနေလို့ပါ"

စဉ်းစား၍သာကြည့်ကြပါတော့ဗျာ။

❐

ဗုဒ္ဓဘာသာဝင်မြန်မာတို့က အလှူဒါနအရာ စိတ်ပါဝင်စားသည်။ ရဟန်း သံဃာများအပေါ် ရိုသေလေးစားကြသည်။ သည်အချက်များကို အားပြုလျက် လိမ်လည်နေကြခြင်း။

အိမ်တံခါးကို ခေါက်လာသံက ပြင်းပြင်းထန်ထန်။ ဧည့်သည်ဖြင့်မဟုတ်တန်။ အိမ်သားများလည်း ဤသို့မလုပ်။ ထူးခြားသံဖြင့် တံခါး၏ မှန်ဘီလူးတပ်အပေါက်ထဲမှ ချောင်းကြည့်မိသည်။ ဘုရား၊ ဘုရား အလှူခံလာသောရဟန်းတစ်ပါးပါလား။

"xxxကျောင်းတိုက်ကပါ၊ ပထမလတ်ဖြေပြီးပါပြီ။ ဇာတိအရပ်ကို ခဏပြန်ချင်လို့ ခရီးစရိတ်အလှူခံပါတယ်။ ကျုပ်ကို အခန်းထဲဝင်ပြီးထိုင်ခွင့်ပေးပါ"

"အောက်ထပ်က စုပေါင်းတံခါးသော့ခတ်ထားပါလျက် ကိုယ်တော်က ဘယ်လိုဝင်လာတာလဲ။ ကိုယ်တော့်အရပ်ကိုပြန်တာက သာသနာပြုကိစ္စမှ မဟုတ်တာ၊ မလှူလိုပါဘူး"

သူလှည့်ထွက်သွားသည်။ ဆောင့်ဆောင့်အောင့်အောင့်လျှောက်လှမ်းသွားပုံက ရဟန်းနှင့်မတူ။ အလွန်စိတ်ပျက်စရာဖြစ်ရပ်များမို့ ရင်မောသည်။



www.burmeseclassic.com
237-244 B.pdf; Plate 1

www.burmeseclassic.com

ညနေပိုင်းတွင် အောက်ထပ် အခန်းများဆီမှ ဆူဆူညံညံအသံများ ကြားရသည်။ အခန်းဝများတွင် ချွတ်ထားမိသောဖိနပ်အကောင်းများ ပျောက်ဆုံးသွားသည့်သတင်း။ မည်သူ့ကိုမျှ မစွပ်စွဲလို။ သို့သော် တစ်စုံတစ်ရာ တိုက်တိုက်ဆိုင်ဆိုင် သတိရလိုက်သည်။

❐

ဖိနပ်နှင့်ဆက်စပ်၍ ရွှေတိဂုံဘုရားပေါ်တွင်ကြုံရသည်။

"ဒကာလာပါဦး၊ ဒီမှာ ဘုန်းကြီးဖိနပ်ပြတ်သွားလို့ ဒုက္ခရောက်နေတယ်။ ဖိနပ်တစ်ရန်ဖိုးလှူခဲ့ပါ"

ဖိနပ်က ပြတ်နေသည်မှာ အမှန်။ အိတ်ထဲမှ ငွေကျပ်ငါးရာတန်တစ်ရွက် ထုတ်လိုက်သည်။ ငွေကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေကိုင်တွယ်ကပ်လှူသည့်အခါ ရဟန်းကလက်မခံ။

"ဖိနပ်တစ်ရန်ကို ငွေငါးရာနဲ့ဘယ်မှာဝယ်လို့ရမှာလဲ"

မှန်သည်။ သည်အချက်ကို သိလည်းသိသည်။ သို့သော် လှူဒါန်းသည်ဆိုသည်က သဒ္ဓါသမျှကိုယ့်စွမ်းအားနှင့်မျှမျှတတချင့်ချင့်ချိန်ချိန်မဟုတ်ပါလား။ ဖိနပ်တစ်ရန်စာကို မိမိက မတတ်နိုင်။ သို့မဟုတ် မလှူလို။ နောက်တစ်ဦးသို့ ဆက်လက် အလှူခံလိုက်လျှင် ဖြစ်မြောက်နိုင်ပါသော်လည်း တစ်ဦးတည်းကို တာဝန်ပေးနေသည်က မနိုင်ဝန်။ စိတ်တွင် အလိုမကျသဖြင့် ငွေကိုပြန်သိမ်းလိုက်သည်။

"ဆိုင်ကိုလိုက်လာခဲ့ပါ။ နှစ်သက်ရာဖိနပ်ကိုဝယ်လှူပါမည်"

ဟု ဆိုလျှင် သူမည်ကဲ့သို့တုံ့ပြန်လေမည်မသိ။ အဘယ်ကြောင့်ဆိုသော် သူလိုချင်သည်က ဖိနပ်ဟုတ်ဟန်မတူ။ ငွေသားသက်သက်သာ လိုချင်သောကြောင့်။

ပြန်လှည့်ထွက်လာသည့်အခါတွင် နောက်ဘက်ဆီမှ ကြားလိုက်ရသည်က ဆဲသံလိုလို။ စိတ်အလိုလိုက်၍ ပြန်လှည့်လိုက်ချင်သော်လည်း ဆင်ခြင်စိတ်ဖြင့် ဆက်လက် လျှောက်လှမ်းလာသည်။

❐

ဈေးဝယ်စဉ် အနီးသို့တိုးဝင်လာသော ဘုန်းကြီးယပ်တောင်တစ်ချောင်း။ မော့ကြည့်မိသည့်အခါ ယပ်တောင်ကိုင်ထားသူက လူသားတစ်ယောက်။ ဘုန်းကြီးက အသက်အရွယ်ခပ်ကြီးကြီး တုန်တုန်ချည့်ချည့် ပကတိ ဂိလာန။ ဆေးဝါးကုသလို၍ ဈေးထဲတွင် အလှူခံနေခြင်း။ ဈေးသည်ထံမှ ပြန်အမ်းသည့်ငွေများကို ယပ်တောင်ပေါ်သို့ တင်လှူလိုက်သည်။

ထိုနေ့က မိတ်ဆွေတစ်ယောက်၏နာရေးကိစ္စကြောင့် ထိန်ကန်သို့လိုက်ပို့ရသည်။ အသွားခရီးတွင် ယာဉ်တန်းဖြင့် စနစ်တကျ။ အပြန်ကျတော့ ကိုယ့်အစီအစဉ်နှင့်ကိုယ်။ မည်သည့်ကားကိုမျှ စောင့်စရာမလို။ ထိုစဉ် လမ်းကိုဖြတ်ကူးလာသောလူတစ်ယောက်။ လျှင်လျှင်မြန်မြန်သွက်သွက်လက်လက်လျှောက်လှမ်းနေပုံက မပြေးရုံတစ်မည်။ သူ့မျက်နှာကို မှတ်မိနေသည်။

လူချင်းတူသူဟု အထင်မှားနိုင်သော်လည်း ဝတ်ထားသော ဘုန်းကြီးဝတ်ဆွယ်တာက မနက်ကအတိုင်း။ တံတောင်ဆစ်နေရာတွင်စုတ်ပြဲနေသည်က အထင်အရှား။ ကားဘရိတ်ကို အမှတ်မထင် နင်းလိုက်မိသေးသည်။ သို့သော် ကားကိုမရပ်ဖြစ်။ မနက်က လှူမိလိုက်သောငွေစများကို မြင်ယောင်မိသည်။ အလိမ်ခံလိုက်ရသည်ကို ခံပြင်းဖွယ်။

❐

ရထားပေါ်တွင် ကိုယ့်အတွေးနှင့်ကိုယ်ဟိုငေးသည်ငေး။ ထိုစဉ် ပေါင်ပေါ်သို့ တစ်စုံတစ်ရာ တင်ပေးလာသည်။ သေသေချာချာကြည့်လျှင် စာအိတ်လေးတစ်လုံး။ မိမိသာမက အခြားခရီးသွားများထံသို့လည်း ထိုနည်းလည်းကောင်း လူတစ်ကိုယ် အိတ်တစ်လုံး။ မည်သို့လုပ်ရမည်ကို အလိုလိုသိနေသည်။

စာအိတ်ကို လိုက်လံဝေငှနေသူက ဘုန်းကြီးနှစ်ပါး။ နှုတ်ကလည်း တတွတ်တွတ်။ မော်လမြိုင်ဘက်ရှိ စေတီတစ်ဆူပြန်လည်ပြုပြင်ရန် အလှူခံသည် ဟုပြောသည်။ ဘုရားစေတီက မွန်ပြည်နယ်တွင်။ အလှူခံနေသည်က မန္တလေး - ရန်ကုန် စာပို့ရထားပေါ်တွင်။ မဆီမဆိုင်ဟုလည်း တွေးချင်သည်။

ဤကဲ့သို့ အလှူခံမှုမျိုးမကြာခဏကြုံဖူးသည်။အချို့က စကားမပြောတတ်သည့် ဒုက္ခိတပုံသဏ္ဌာန်။ အမှန်က သူတောင်းစား။ သူတို့အား ရထားအမှုထမ်းများကလည်း မဖယ်ရှား လက်မှတ်မစစ်။ မသိသလိုသိသလို။

အချို့လည်း ငွေတစ်ရာ၊ နှစ်ရာကို စာအိတ်တွင် ထည့်ပေးလိုက်ကြသည်။ ကျွန်တော်ကမူ စာအိတ်ကို ဒီအတိုင်းလေးထားလိုက်သည်။ ကိုယ်ကမလှူလိုက၊ မစွန့်ကြဲမပေးကမ်းလိုက ဒီအတိုင်းထားခွင့်ရှိသည်မဟုတ်ပါလား။ သူတို့စာအိတ်ကို သူတို့လာသိမ်းသွားတတ်သည်က အလေ့အထ။ ယခုမှ ဤသို့မဟုတ်။

"ဒကာကြီးကဘာလို့မလှူတာလဲ"

အသံက စီးစီးပိုးပိုး။ မျက်နှာထားက တင်းတင်းမာမာ။

"ခရီးသွားရင်း ငွေကုန်နေပြီ လှူစရာမရှိတော့လို့ပါ"

အားနာပါးနာထိန်းထိန်းသိမ်းသိမ်း ဆင်ခြင်လိုက်သည့်စကား။ တည့်တည့်မှန်မှန်ဆိုရလျှင် 'မလှူချင်လို့ မလှူတာ' ဟု ပြောလိုက်ရုံသာ။

"ဒကာကြီးက ဗုဒ္ဓဘာသာမဟုတ်ဘူးလား"

ဆိုလာပြန်သည် ထိုစကား။

"ဗုဒ္ဓဘာသာမှန်ပါတယ်"

"ဗုဒ္ဓဘာသာဆိုရင် လှူရမှာပေါ့"

"ဘာဆိုင်လို့လဲ၊ ကိုယ့်ငွေကိုယ့်ပစ္စည်း ကိုယ်လှူချင်မှ လှူမှာပေါ့"

နောက်ထပ်တစ်ယောက် သတ်[illegible] ဝတ်က -

"ဘာလဲ ဘာလဲ၊ ဘာဖြစ်တာလဲ"

ဟု စစ်ကူရန်ဝင်လာသည်။ [illegible] ယောက်နှင့် တစ်ယောက် အနိုင်[illegible] တော့မည့်ဟန်။ အနီးရှိ မိမိနှင့်သဘော ထားချင်းတိုက်ဆိုင်သူတစ်ယောက်[illegible] ကြားဝင်လိုက်သဖြင့် တော်သေးသည်။

သူတို့နောက်တွန့်သွားကြသည်။ သာစည်ဘူတာတွင် လုံခြုံရေးများက[illegible] ချသွားသည်။ သူတို့အား စစ်မေးစု[illegible] မည့်သူက ဆရာတော် ဦးကောသလ[illegible] သာစည်မြို့နယ်လုံးဆိုင်ရာသံဃာ့အ[illegible] တော်ဆောင်အတွင်းရေးမှူး။ ပဋိပ[illegible] ဂဏအဖွဲ့' ၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ 'သာသနာတော်သုတ်သင်ရှင်းလင်း[illegible] အဖွဲ့' ဟုလည်း လူသိများသည်။

ဤသို့သောအမှုမျိုးက ဆရာ[illegible] တော်ထံ မကြာခဏ ရောက်လာတ[illegible] သည်။ ထိုအခါ ဆရာတော်စိစစ်ရသည်[illegible] အတုနှင့် အစစ် ခွဲခြားရတော့သည်[illegible] သာစည်ဆိုသည်က ဘာသာဝင်သုံး[illegible] တို့ စုပေါင်းနေထိုင်ရာအရပ်။ မြန်[illegible] ဗုဒ္ဓဘာသာဝင်က အများစုဖြစ်သော် လည်း အစ္စလာမ်ဘာသာဝင်တို့၏အ[illegible] အတွက်ကလည်းမနည်းလှ။ ခရစ်ယာ[illegible] ဘာသာဝင်များက ငြိမ်းငြိမ်းချမ်း[illegible] တည်တည်ငြိမ်ငြိမ် သူ့အစုအဖွဲ့နှင့်သူ[illegible]

ဘာသာသုံးပါးတွင် ရဟန်း[illegible] ရဟန်းယောင်လိမ်လည်လှည့်စားသူ[illegible] ကြောင့် ရှက်စရာ။ အခြားဘာသာ[illegible] များရှေ့တွင် ဗုဒ္ဓဘာသာဝင်များအ[illegible] ဖြင့် ဂုဏ်သိက္ခာညှိုးနွမ်းစရာ။ဆရာ[illegible] က အမှုကို စတင်စစ်ဆေးကြားနာ[illegible] မှုသည်။

"ကိုယ်တော်တို့ရဲ့ သာသ[illegible] စိစစ်ရေးကတ်ပြားပြကြပါ"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဝေ့လည်လည်။ ကျန်ခဲ့သလိုလို မေ့ခဲ့လိုလို။

"ရပါတယ်၊ ကိုယ်တော်တို့ ရဟန်းရက်ချုပ်ကလေးများ ပါလာရင်လည်း ဖြစ်ပါတယ်။ ပြတော်မူကြပါ"

ဆရာတော်က ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့။ သို့သော် ရဟန်းတုများမှာမူ အပူလောင်နေကြသကဲ့သို့ မျက်နှာများနီနီရဲရဲ။

"ဩော် - ကိုယ်တော်များ ရဟန်းရက်ချုပ်လည်း မပါခဲ့ကြဘူး ထင်တယ်။ ဒါဆို နောက်တစ်နည်းပေ့ါ။ ကိုယ်တော်တို့ ဆရာတော်နဲ့အတူ ဒေသနာကြားကြရအောင်"

'ဒေသနာကြားသည်'ဆိုသည်မှာ တရားတော်တစ်ပါးပါးကို နှစ်ပါးတွဲဖက် ရွတ်ဖတ်ပူဇော်ခြင်းအမှုဖြစ်သည်။ရဟန်း သံဃာတော်များအဖို့ အလွယ်တကူ ဆောင်ရွက်နိုင်ကြသော်လည်း အတုအယောင်များအဖို့ ကြီးမားလှစွာသောအခက်အခဲ။အရှက်ကွဲစေနိုင်သည့် ထိန်း။

အမှုမှန်ပေါ် လေသည်။ မည်သို့မျှ ငြင်း၍မရကြ။ဝန်ခံစာရွက်ပုံစံတွင် လက်မှတ်ရေးထိုးရုံမှတစ်ပါး အခြားမရှိ။ ရဟန်းအတုတို့ လူဝတ်လဲကြရတော့သည်။ သည်လိုလူများကို ဆရာတော်ဦးကောသလ္လကိုယ်တော်တိုင် လူဝတ်လဲအရေးယူလာခဲ့သည်မှာ အပါး (၇၀) ကျော်သည်။ ရာဇသတ်ကြီးပုဒ်မ (၂၉၅) အရ ရဲလက်သို့ အပ်နှံလိုက်သည်။ သာသနာ့ရေးဦးစီးဌာန သို့မဟုတ် ရဲတပ်ဖွဲ့တို့က တရားလိုပြု၍ တရားစွဲဆိုလေ့ရှိကြသည်။

သည်မျှ ကြိုးကြိုးစားစား တိုက်ဖျက်နေကြပါလျက် အတုအယောင်တို့ လျော့နည်းမသွား။

❐

လူတို့၏ဖောက်ပြန်သော အတွေးစိတ်ကူးများက ကြောက်ခမန်းလိလိ။

"ရယ်စရာဖြင့် အကောင်းသား။ ကျုပ်ကိုယ်တိုင် အလိမ်ခံလိုက်ရဖူးတာ ကိုပြန်ပြောရမှာတောင် ခပ်ရှက်ရှက်"

ရှက်ရယ်ရယ်နေသောဆရာတော်ဦးကောသလ္လ၏မျက်နှာကို ဖူးတွေ့ရသည်။

"ဘယ်လိုများကြုံဖူးလို့လဲ ဘုရား"

ဟု စကားထောက်ရသည်။

"ပြဉ်ညောင်ဘုန်းကြီးပွဲမှာပေ့ါဗျာ"

ဟု အစချီသည်။

ပြဉ်ညောင်၊ မြင်းတိုက် စသည့် ကျေးရွာအုပ်စုများသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အပိုင် တောင်ပေါ် ဒေသများဖြစ်ကြသည်။ ကလောမြို့နယ်နှင့်နီးသည်။ ရှမ်းပြည်နယ်နယ်စပ်မို့ အအေးပိုလွန်သည်။ ဧည့်သည်အဖြစ် ရောက်ရှိနေသော ဆရာတော်ဦးကောသလ္လသည်ပင်လျှင် ဆွယ်တာသာမက သင်္ကန်းနှင့် စောင်အထပ်ထပ်ဖြင့်ပင် မန္ဒေးချင်။

ကျောင်းဝင်းအတွင်းသို့ မော်တော်ဆိုင်ကယ်တစ်စီးဝင်လာသံကြားရသည်။ သို့သော် ဝင်လာသူက သံဃာတစ်ပါး။ လက်အုပ်ချီလျက် ခွင့်တောင်းလာသည်။

"တပည့်တော်ကို တည်းခိုခွင့်ပြုပါဘုရား။ အပြင်မှာအေးလွန်းလို့ ကျောင်းထဲမှာခိုလှုံပါရစေဘုရား"

"အေးကွယ်၊ တည်းခိုပါ"

ဟု ကျောင်းထိုင်ဆရာတော်က ခွင့်ပြုသည်။ ထို့နောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည်။ နံနက်အရုဏ်တက်ချိန်တွင် အိပ်ရာမှနိုးလာကြသည်။ အရုဏ်အလှူဆွမ်းကိုဘုဉ်းပေးမည်အပြု ကျောင်းထိုင်ဆရာတော်က -

"ညက ရောက်လာတဲ့ အာဂန္တုကိုယ်တော်ဘယ်ရောက်သွားပြီလဲ။ သူ့ကိုလည်း ဆွမ်းကပ်ပေးကြပါဦး"

"ဘယ်တုံးကကြွသွားတာလဲ၊ဘယ်သူမှမသိလိုက်ကြဘူးလား"

အခြေအနေက ထူးထူးခြားခြား။ ဧည့်သည်သည် အိမ်ရှင်အား နှုတ်မဆက်ဘဲ ထွက်ခွာသွားသည်မျိုးက မဖြစ်သင့်မဖြစ်ထိုက်။ အရာရာကိုသတိထားနေ၍လားမသိ ဆရာတော် ဦးကောသလ္လ စိုးရိမ်သွားသည်။ ထိုင်ရာမှထ၍ ကျိန်းစက်ရာ ခုတင်ညောင်စောင်းဆီသို့သွားသည်။ ခေါင်းအုံးအောက်တွင်ထားသော ငွေအိတ်ကို လက်ဖြင့် စမ်းကြည့်သည်။ မတွေ့ရတော့။

ပြဉ်ညောင်ဆရာတော်ကလည်း သူ့အိတ်ကိုစစ်ဆေးသည်။ ငွေများသာမက ဟမ်းဖုန်းပါ ပါသွားသည်။ နှစ်ဦးပေါင်းသော် ငွေသားက တစ်သိန်းကျော်နှင့်ဟမ်းဖုန်းတစ်လုံးအဆုံးခံလိုက်ရသည်။ အရုဏ်ဆွမ်းလည်း မစားဖြစ်ကြ။ ညက ကြားလိုက်မိသော မော်တော်ဆိုင်ကယ်သံကိုသတိရသည်။သည်အမှုတွင် စတင်ခြေရာခံရမည်က မော်တော်ဆိုင်ကယ်။

ပြဉ်ညောင်၊ မြင်းတိုက်၊ ယင်းမာပင်၊ ရေပေါင်းဆုံရွာများရှိ ဆိုင်ကယ်သမားများထံမှ သဲလွန်စမရ။ သာစည်အထိ ပြန်ဆင်းလာကြသည်။ သာစည်တက္ကစီသမားများထံ စုံစမ်းနာလိုက်သည့်အခါ ညက ပြဉ်ညောင်သို့ သံဃာတစ်ပါးအား လိုက်ပို့ခဲ့ရသည့်သူပေါ် လာသည်။

"သာစည်က ငှားတာ၊ အသွားအပြန်စရိတ်ငြိမ်းသုံးသောင်း။ မနက်စောစောပြန်ဆင်းလာတယ်။ ×××ထဲကို ပို့ခဲ့ရတယ်"

များစွာမခက်ခဲတော့။ ××× ထဲသို့ လိုက်ရှာသာရှိတော့သည်။ တွေ့ကြဆုံကြသည့်အခါ သူခိုးကိုယ်တော်က အိပ်ပျော်နေဆဲ။ သူ့ဘေးတွင် ဓားမြှောင်တစ်ချောင်းကချ၍။ သူကခုခံနေသေးသဖြင့် လူအင်အားသုံးလျက်ဖမ်းရသည်။

"ငွေကတော့ အပြည့်ပြန်မရဘူး။ ဆိုင်ကယ်ငှားခကို တက္ကစီသမားက ပြန်ပေးတယ်။ သူ့ကိုတော့ ရဲတပ်ဖွဲ့ဖမ်းလိုက်တယ်။ တရားစွဲတယ်။ ကျုပ်ကတော့ ကျုပ်မှန်းသိလို့ တမင်လုပ်တယ်လို့ထင်မိပါရဲ့"

ဆရာတော့်မျက်နှာပေါ် တွင် ပွင့်လန်းနေသော ခွင့်လွှတ်အပြုံး။ တရားသမားမို့ ခွင့်လွှတ်နိုင်သည်ဆိုစေကာမူ ခွင့်မလွှတ်သင့်သောအဖြစ်။ ဘာသာသာသနာတွင် ပြောစရာဖြစ်လာနိုင်သည်။သည်အဖြစ်မျိုးက အခြားဘာသာများတွင် မတွေ့ရ၊ မမြင်ရ၊ မကြားရ။ လူမသိအောင် ထိမ်ချန်ထိန်းသိမ်းထားလေသလားမသိ။

သာစည်ငါးဆူကျောင်းဆရာတော်ထံမှ ဘုရားငွေ ကျပ်သိန်းထောင်ကျော် ပျောက်ဆုံးမှုကြီးကို သတိရသည်။ ခိုးမှုကျူးလွန်သူမှာ ကျောင်းနေသံဃာတုတစ်ပါး။ ဂေါပကများ၊ ဒကာတော်များက ရိပ်မိကြသည်။ မြို့နယ်ရဲတပ်ဖွဲ့ကလည်းရိပ်မိသည်။ ဖမ်းမည်ဆီးမည် တကဲကဲ။ ဆရာတော်၏ စကားက အားလုံးကို ဟန့်တားလိုက်သည်။

"ငါ့ငွေလည်းမဟုတ်ဘူး။ မင်းတို့ငွေလည်းမဟုတ်ဘူး။ ဘုရားငွေမို့ မသုံးထိုက်သူတွေသုံးမိရင် သူ့အပြစ်နဲ့သူခံသွားရလိမ့်မယ်။ မင်းတို့ငါ့ကျောင်းထဲမှာ ဖမ်းတာဆီးတာ ရုတ်ရုတ်သဲသဲခွင့်မပြုနိုင်ဘူး"

သည်းခံနိုင်လွန်းသော တရားရှင်များမို့ လိမ်လည်သူတို့ အတင့်ရဲနေကြသည်လားဟု တွေးမိသည်။ သာသနာကို ဖျက်ဆီးမည့်သူများကြောင့် စိတ်အနှောင့်အယှက်ကြုံကြရသည်။ အခြားသူများ၏ မထတတ်ထိကလိစကားကြောင့် အခံရခက်သည်။ ပိုမိုပြင်းထန်သော အရေးယူမှု လိုအပ်နေသည်လား တွေးမိသည်။

သာသနာတော်
သန့်ရှင်းစင်ကြယ်စေလိုသောဆန္ဒဖြင့်

[illegible]နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဤကမ္ဘာမြေပေါ်တွင် ရှိကြကုန်သော ဘယ်နိုင်ငံ၊ ဘယ်မြို့၊ ဘယ်ဒေသကိုပဲကြည့်ကြည့် ကောင်းသည့်အကြောင်းအရာဖြစ်စေ၊ မကောင်းသည့်အကြောင်းအရာဖြစ်စေ၊ ဘုရားသမိုင်း၊ လူသမိုင်း၊ မြို့သမိုင်း၊ ရွာသမိုင်း စသည့်ဖြင့် အတိတ်၏ ဖြစ်ရပ်များက ပစ္စုပ္ပန်တွင် သူ့အကြောင်းနှင့် သူ့သမိုင်းအဖြစ်တွင် ကျန်ရစ်ခဲ့သည်ချည်း ဖြစ်၏။ ထို့အတူ ပစ္စုပ္ပန်မှအဖြစ်အပျက်များသည်လည်း နောင်အနာဂတ်တွင် အကြောင်းအရာအမျိုးမျိုးဖြင့် သမိုင်းတွင်ကျန်ရစ်ပေဦးတော့မည်က မလွဲမသွေပင် ဖြစ်ပါပေ၏။

ထို့သို့ အတိတ်မှသမိုင်းတွင်ကျန်ရစ်ခဲ့သော အဖြစ်အပျက်ကလေးတစ်ခုသည်ကား ကျွန်မတို့မြို့လေး ရွှေတွံတေးသို့တည်းမဟုတ် ယခင်အခေါ် ပေါက္ခရဝတီမြို့တော် သို့မဟုတ် ဒလမြို့ဟောင်းတစ်နေရာဖြစ်သော တွံတေးတောကြီးတန်းတစ်နေရာတွင် လွမ်းမောတမ်းတဖွယ် ဖြစ်တည်ခဲ့ပါ၏။

ထို့သို့ လွမ်းမော တမ်းတဖွယ်ကောင်းသော အဖြစ်ကလေးကို တွံတေးတောကြီးတန်းတစ်လျှောက်ရှိ ငှက်အော်စမ်းဟု ယခုတိုင်ခေါ်တွင်နေသည့်ရွာ၏ အစပ်နားတောထဲတွင် တွေ့မြင်ခဲ့ရခြင်း ဖြစ်ပေသည်။

ငှက်အော်စမ်းရွာတောအစပ်မြေချိုင့်(တွင်း)ကြီးတစ်ခုအတွင်းမှ မပုပ်မသိုးစေရန် စဥ့်အိုးကြီးတစ်လုံးတွင် ဆေးရည်စိမ်ထားသည့် မင်းသားလေးတစ်ပါး၏ ရုပ်အလောင်းကို တွေ့ရခြင်း ဖြစ်သည်။

ထိုရုပ်အလောင်းကား ဥဇနာမင်း၏ သားတော်ကြီးဖြစ်သော သီဟသူ၏ ရုပ်အလောင်းပင် ဖြစ်လေသည်။

သို့သော် ထိုရုပ်အလောင်းကို မြန်မာလူမျိုးများ တွေ့ရှိခဲ့တာ မဟုတ်သလို မြန်မာနိုင်ငံတွင်လည်း ထိုရုပ်အလောင်းရှိမနေခဲ့ပါ။

ထိုရုပ်အလောင်းကို တွေ့ရှိသွားသော အမေရိကန်ရှေးဟောင်းသုတေသနပညာရှင်တစ်ဦး၏ လျှို့ဝှက်စွာ ယူဆောင်သွားမှုကြောင့် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိသွားပြီ ဖြစ်ပါ၏။

အချိန်ကာလအားဖြင့် နှစ်ပေါင်းထောင်သောင်းမက ကြာခဲ့ပြီဖြစ်သော်လည်း သမိုင်း၏အကြောင်းသည် သမိုင်းထဲမှာပဲရှိနေသည်မို့ စိတ်ဝင်စားဖွယ်၊ လွမ်းမော တမ်းတဖွယ်ကောင်းသော မြန်မာမင်းသားလေးတစ်ပါး၏ ရင်နင့်စရာဇာတ်လမ်းလေးကို လေ့လာမှတ်သားခဲ့ရသမျှ ရေးသား တင်ပြလိုက်ရပါသည်။

ကွင်းဆက်ပြတ်နေသော တွံတေးသမိုင်းကို ကြိုးစားရှာဖွေနေသော်လည်း အနည်းအကျဉ်းမျှသာ ရှာဖွေတွေ့ရှိခြင်း အထောက်အထားမခိုင်လုံသည့်အတွက် ရေးသားခွင့် မရခဲ့ချေ။ သို့သော် ဆရာမှော်ဝန်းကြည်မြတ် ရေးသားသော ‘ပါတော်မူကြေးနန်းစာနှင့် သမိုင်းတစ်ခေတ်ပွဲတင်သံ’ စာအုပ်အား လေ့လာခွင့်ရလိုက်ချိန်တွင် ကျွန်မ ဆရာ့အား အထူး ကျေးဇူးတင်မိရပါ၏။ မျှော်လင့်သလို မဟုတ်ခဲ့ပေမယ့် ပါးစပ်ရာဇဝင်လောက်သာသိထားခဲ့သော ဆေးရည်စိမ်မင်းသားလေး၏ အကြောင်းစုံကို အထောက်အထား ပြည့်စုံစွာဖြင့် လေ့လာခွင့်ရလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် အကြောင်းရင်းမှန်ကို မသိကြသေးသောသူများအတွက် ဆရာ့အရေးအသားများထဲမှအကြောင်းအရာအချို့ကို ကောက်နုတ် တင်ပြလိုက်ရပါသည်။



6:30 pm 11/28
www.burmeseclassic.com

www.burmeseclassic.com

ရွှေပိုင်းစာမျက်နှာတွင် ရေးသားခဲ့သည့်အတိုင်း မင်းသားကလေး၏ ရုပ်အလောင်းသည် အမေရိကန် ရှေးဟောင်း သုတေသန ပညာရှင်တစ်ဦး၏ လျှို့ဝှက်စွာ ယူဆောင်သွားမှုကြောင့် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိသွားခဲ့ရ ၏။

တွံတေးတောကြီးတန်းတစ်နေရာမှ ဆေးရည်စိမ်ရုပ်ကလာပ်တစ်ခုပါဝင်သော ဇရာမစဥ့်အိုးကြီးတစ်လုံး အမှတ်မထင် တွေ့ရှိခဲ့သည့်သတင်းကို အမေရိကန်သုတေသနပညာရှင်သည် လုံခြုံစွာ ဖုံးဖိထားနိုင်သည်ဟု သူ့ကိုယ်သူယုံကြည်နေခဲ့မိသော်လည်း မြန်မာနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့သည် ထိုသတင်း၏ အငွေ့အသက်များကို တစ်နည်းနည်းဖြင့် ရရှိသွားခဲ့သည်။ မြန်မာနိုင်ငံအစိုးရအဖွဲ့မှ ထိုသတင်းကို ရရှိချိန်တွင် မြန်မာမင်းသားလေး၏ ရုပ်ကလာပ်သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေချေပြီ။

မြန်မာအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံ အရာရှိကြီးတစ်ဦးကို အမေရိကန်သုတေသနပညာရှင်ကြီးရှိရာ အမေရိကန်ပြည်ထောင်စုသို့ လျှို့ဝှက်စေလွှတ်လိုက်တော့သည်။

အမေရိကန်ပညာရှင်ကြီးကလည်း အလွန်ပိရိပါ၏။ (ဒလ) တွံတေးတောကြီးတန်းမှတွေ့ရှိခဲ့သော စဥ့်အိုးကြီးကို ဆိပ်ကမ်းအကောက်ခွန်အာဏာပိုင်များရှေ့တွင် ပြည်တော်ပြန်မည့် ပင်လယ်ကူးသင်္ဘောကြီးပေါ်သို့ မထိမခိုက် မကွဲမရှစေရန် ကောက်ရိုးခြောက်အထပ်ထပ်ဖြင့် ရစ်ဖုံးလျက် တင်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အများအမြင်တွင် သာမန်စဥ့်အိုးကြီးထက်ပို၍ ထူးခြားမှုမရှိနိုင်။ နိုင်ငံခြားသားတစ်ယောက် တွံတေးစဥ့်အိုးကြီးတစ်လုံးကို သူ့နိုင်ငံသို့ အမှတ်တရသယ်ဆောင်သွားသည်ဟူ၍သာ ထင်မှတ်စရာရှိလေသည်။

# ငွေလသာ

(ဓမ္မဓရေး)

## တွံတေးတောကြီးတန်းတစ်နေရာမှ ရင်နင့်ဖွယ်ရာ အတိတ်ဇာတ်လမ်းလေးတစ်ပုဒ်



www.burmeseclassic.com

ထိုစဉ်က 'နှောင်ကြိုးမဲ့ အကူအညီ' ဟူသော နဖူးစည်းကို ကိုင်ဆောင်ထားသော အမေရိကန်ကျွမ်းကျင်မှုဆိုင်ရာပညာရှင်များမှာ သံတမန်အခွင့်အရေးကဲ့သို့သော အထူးအခွင့်အလမ်းကို ရရှိထားသူများဖြစ်ရာ ပင်လယ်ကူးသင်္ဘောပေါ်သို့တင်ဆောင်မည့် ထိုစဉ့်အိုးကြီးကို မည်သည့်အကောက်ခွန်အရာရှိကမျှ အရေးတယူ စစ်ဆေးခြင်းမရှိခဲ့ပေ။ ထို့ကြောင့်သာ ရှေးနှစ်ပေါင်းများစွာက မြန်မာနိုင်ငံသားတစ်ဦး၏ ဆေးရည်စိမ်ပြီး ထည့်သွင်းထားသော ရုပ်အလောင်းသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ် သည်။

မြန်မာနိုင်ငံမှ လွှတ်လိုက်သော မြန်မာအရာရှိကြီးသည် အမေရိကန်သုတေသနပညာရှင်ကြီးထံရောက်ရှိသွားပြီး ထူးဆန်းအံ့ဩဖွယ် မြန်မာ့ဆေးရည်စိမ်မင်းသားလေး၏ ရုပ်ကလာပ်ကို တွံတေးစဉ့်အိုးကြီးနှင့်အတူ တွေ့လိုက်ရသောအခါ ပို၍အံ့ဩသွားရသည်။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်ပညာရှင်ကြီး ပြည်တော်ပြန်စဉ်က သင်္ဘောဆိပ်သို့လိုက်ပါပို့ဆောင်ရာတွင် ထိုမြန်မာအရာရှိကြီး ပါဝင်ခဲ့သောကြောင့်ဖြစ်သည်။

သူကိုယ်တိုင် ထိုစဉ့်အိုးကြီးကို မြင်တွေ့လိုက်ရသူဖြစ်ကြောင်း သူ၏ ဆောင်းပါးတစ်နေရာတွင် ဤသို့ ဝန်ခံထားသည်ဟု ဆိုသည်။

ထိုစဉ်က ရှေးဟောင်းပစ္စည်းတူးဖော်ရေးဆိုင်ရာ ပါရဂူ ဒေါက်တာကကြီးသည် စဉ့်အင်တုံတစ်လုံးကို မောက်ကာ အဝပိတ်ထားသော ပိသာချိန်နှစ်ရာခန့်ဝင် စဉ့်အိုးကြီးတစ်လုံးကို မကွဲမရှစေရန် ကောက်ရိုးကြိုးခွေများပတ်ခံလျက် သစ်သားဝက်ခြံသေတ္တာထဲထည့်ပြီး ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းပေါ်သို့ ဂရုတစိုက် တင်ဆောင်သွားသည်ကို လိုက်ပို့သူများတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သော ကျွန်ုပ်သည်ပင်လျှင် မြင်ယောင်နေသေးသည်။

နှစ်ရာဝင်စဉ့်အိုးထဲ၌ မည်သည့် ပစ္စည်းများ ပါသွားပေလိမ့်မည်နည်းဟု ထိုစဉ်က ကျွန်ုပ်လည်း အမှတ်မထင်ပင် မစဉ်းစားမိခဲ့။ မြန်မာ့လက်ရာကို နှစ်သက်၍သာ ယူဆောင်သွားခြင်း ဖြစ်သည်ဟု ရိုးရိုးသာမန်ပင် လူအများထင်မြင်ယူဆမည်ကဲ့သို့သာယူဆမိခဲ့ကြောင်း ဝန်ခံရပေသည်။ သို့ရာတွင် ကျွန်ုပ်အား တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က တစ်စုံတစ်ရာသောကိစ္စအတွက် ဒေါက်တာကကြီးထံသို့ စေလွှတ်သဖြင့်သွားရသော အချိန်တွင် ထိုစဉ့်အိုးအတွင်းပါသွားသောပစ္စည်းသည် မည်သည့်ပစ္စည်းမျိုးဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ရသော ကျွန်ုပ်မှာ မအံ့ဩဘဲမနေနိုင်တော့ချေ။

ထိုပစ္စည်းသည်ကား အသက်နှစ်ဆယ်ပင်ပြည့်ပုံမရသေးသော လုလင်ပျိုတစ်ယောက်၏အလောင်းဖြစ်သတည်း။

ဆောင်းပါးရှင် မြန်မာအရာရှိကြီးက ဒေါက်တာကကြီး၏ နေအိမ်အနေအထားနှင့် ပြတိုက်ဆန်ဆန်အခန်းများဖွဲ့ထားသော မြေအောက်ပြခန်းများ၊ ပြခန်းအတွင်းတွင် ခင်းကျင်းထားသော ကမ္ဘာ့အရပ်ရပ်မှ ရှေးဟောင်းပစ္စည်းများနှင့်အတူ မြန်မာ့ဆေးရည်စိမ်ရုပ်အလောင်းကို စိတ်ဝင်စားဖွယ် ဆက်လက် ရေးသားထားလေသည်။

ဒေါက်တာကကြီး၏ နေအိမ်မှာ တောင်ငယ်ကျောပေးထားသောမြို့ပြင်ဘက်၌ ဝင်းကျယ် ခြံမြေအတွင်းတွင် တည်ရှိသည်။ (အမေရိကန်ပြည်ထောင်စုတွင် အပါအဝင် ပြည်နယ်တစ်နယ်ရှိ အလွန်ချောင်ကျသော မြို့ငယ်တစ်မြို့ဖြစ်သည်ဟု ဖော်ပြထားသည်)။ အမြင်အားဖြင့် တစ်ထပ်သာရှိသည့် ထုထည်ကြီးမားသော အိမ်အိုတစ်ဆောင်မျှသာဖြစ်သော်လည်း မြေအောက်ထပ်တွင်မူ အခန်းခန်းဖွဲ့ထားသည်ကို တွေ့ရသည်။ မြေအောက်ထပ်မှာ မြေပြင်ပေါ်ရှိအိမ်ထက် အဆများစွာ ကျယ်ဝန်းရာ ဝင်းတစ်လုံး၏ မြေဧရိယာနှင့်အမျှပင်ရှိပေလိမ့်မည်ဟု ခန့်မှန်းထင်မြင်မိသည်။ အခန်းတိုင်းတွင်လည်း တူးဖော်ရရှိထားသော ကမ္ဘာ့အရပ်ရပ်မှ ကြည့်ရှုဖွယ်ရာ ရှေးဟောင်းပစ္စည်းများဖြင့် သပ်ရပ်စွာ ပြင်ဆင်ထားသည်ဖြစ်ရာ နှစ်ရာဝင်စဉ့်အိုးနှင့်ယှဉ်လျက် ကျောက်ညိုစားပွဲရှည်တစ်လုံးပေါ်တွင် လေလုံမှန်ခေါင်းတစ်လုံးတင်ထားသည်။ ထိုမှန်ခေါင်းထဲတွင် ဆီစိမ်ထားသောလုလင်၏ အလောင်းကို ကျွန်ုပ်မြင်ရခြင်းပင် ဖြစ်သည်။

မှန်ခေါင်းတွင် 'မင်းသားသီဟသူ၊ ပုဂံခေတ် မြန်မာနိုင်ငံ၊ ၁၂၅၄ အေဒီ' ဟူသော ကမ္ပည်းစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားခြင်းဖြင့် အံ့ဩစွာ တွေ့မြင်ရလေသည်။ ရုပ်လက္ခဏာကို လေ့လာကြည့်ရာ သျှောင်တစောင်းထုံး၊ နှုတ်ခမ်းမွေးရေးရေး၊ ကိုယ်လုံးကိုယ်ပေါက် ထောင်ထောင်မောင်းမောင်း၊ အသားဝါ၊ ခြသေ့်ရုပ်ကလေးများ ဖော်ပြထားသော ငွေချည်ဖောက်ဖဲပုဆိုးနှင့် ဘင်္ဂါလီကုလားများဝတ်သည့်အင်္ကျီရှည်မျိုးဆန်ဆန်သဏ္ဌာန်ရှိသော ပိုးအင်္ကျီအဖြူကို ဆင်မြန်းထားသည်။ လက်ယာဘက်လက်က ပဝါနှင့်တူသောရွှေဖလားရောင်နှစ်တောင်ခန့်ရှိပိုးစကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ပါးမြို့များထလောက်အောင် အံကြိတ်ထားသည့် မျက်နှာပြင်ကိုလည်း မြင်ရသည်။ မျက်လုံးများက ပြူးကြောင်လျက်ရှိသည်။ ဤသို့မြင်ရသဖြင့် ဒေါက်တာကကြီးအား အကျိုးအကြောင်းစုံလင်စွာ မေးကြည့်မိတော့သည်။

ဒေါက်တာကကြီးအမည်ခံ အမေရိကန်ပညာရှင်က မခြွင်းမချန် ရှင်းလင်းပြောပြသမျှကို မြန်မာအရာရှိကြီးက သူ၏ ဆောင်းပါးတစ်နေရာတွင်-

"မြန်မာပြည်မှာ နှစ်နှစ်နီးနီးနေပြီး ခင်ဗျားတို့အစိုးရရဲ့ အလုပ်အစီအစဉ်တစ်ခုအတွက် စီမံကိန်းတစ်ရပ် ရေးဆွဲပေးခဲ့ရာမှ ကျွန်ုပ်နဲ့ဆိုင်တဲ့ဘက်က အမြတ်ထွက်ခဲ့တာကတော့ ယခုလူကြီးမင်း မြင်တွေ့ရတဲ့အလောင်းကို တွေ့ရှိရယူနိုင်ခဲ့ခြင်းပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင် ပတ်ဝန်းကျင်လောက်က နေထိုင်ကြတဲ့ ပုဂံပြည်သားတွေကို ဒီအလောင်းကြည့်ပြီးလေ့လာနိုင်တာပေါ့။ ဒါထက် လူ့အလောင်းကို နှစ်ပေါင်းခုနစ်ရာခန့်က ယနေ့ထိတိုင် မပုပ်မသိုး မပျက်မစီးအောင် နှောင်လည်း နှစ်ပေါင်းထောင်ချီဦးမယ်ထင်ရတဲ့ မြန်မာ့နည်းနဲ့ ဆီစိမ်ထားတာဟာ မှတ်သားစရာ အချက်သစ်တစ်ရပ်ပဲလို့ ကျုပ်ဆိုချင်တယ်။ အဲဒီဆီဝါတွေကို မူလသဏ္ဌာန်လည်း ပျက်မသွားရအောင် ဓာတ်နည်းနဲ့ချတ်ပြီး ကြည်ကြည်ထင်လင် အဖြူရောင်ပြောင်းထည့်ထားတော့ ကောင်းကောင်းကြီး လူ့အလောင်းကို မြင်နိုင်ကာ သေသေချာချာ လေ့လာနိုင်တာပေါ့ဗျာ"

ဆက်လက်၍ အမေရိကန်သုတေသနပညာရှင်ကြီးက -

"ဟုတ်ကဲ့၊ ဒီအလောင်းရတဲ့နေရာနဲ့ရပုံကတော့ လူကြီးမင်းတို့နိုင်ငံ ဗြိတိသျှအစိုးရ ၁၉၂၆ ခုနှစ်လောက်တည်းက ရှေးဟောင်းပစ္စည်းတူးဖော်ရေးကိစ္စကို အရေးမပေးတော့ဘဲ ရုပ်စဲထားခဲ့တဲ့ ကျောက်စာဌာနအား အသက်သွင်းရအောင် ရှေးဟောင်းပစ္စည်းတူးဖော်ရေးဆိုင်ရာလုပ်ငန်းအတွက် စီမံကိန်းရေးဆွဲနေတဲ့အချိန် ရှေးဟောင်း

www.burmeseclassic.com

နေရာများကို လှည့်လည်ကြည့်ရှုကြရာမှာ 'တကောင်း'နဲ့ 'ပုဂံ' ကအပြန် တစ်နေ့တော့ တွံတေးတောကြီးတန်းကို ရောက်သွားခဲ့တယ်။ ရှေးဒလမြို့ဟောင်း နေရာတိုင်းထွာရန် စုံစမ်းရေးအတွက် နောက်ပြီးလူကြီးမင်းတို့ရဲ့ပုဂံရာဇဝင်မှာ အထင်ရှားဆုံး ပညာရှိအမတ်ကြီး 'ရာဇသင်္ကြန်' ဆိုတာရှိတယ်။ အဲ-သူ့ရဲ့သင်္ချိုင်းဂူဟာ ဒလမှာဆင်နင်းခံရလို့ သေသွားသတဲ့ ဥဇနာဘုရင်ရဲ့ ဂူပြဿဒ်နဲ့ယှဉ်ကပ်ပြီး တည်ဆောက်ထားခဲ့တယ်လို့ စုံစမ်းသိရှိထားရတော့ အဲဒီရှင်ဘုရင်နဲ့အမတ်ကြီးရဲ့ အုတ်ဂူတို့လည်းရှာဖွေရန် ဖြစ်တယ်။ ရှာလိုတာက ဘုရင်နဲ့ အမတ်ကြီး။ တွေ့တော့ ကံအားလျော်စွာ မင်းသားဖြစ်နေတယ်။ ငှက်အော်စမ်းအထက်နားကတောထဲမှာ သစ်ပင်ကြီးတစ်ပင်ပြိုလဲနေတယ်။အဲဒီသစ်ပင်ကြီးဟာ တွတ်တပတ်ပင်လို့ခေါ်သတဲ့။ အမြစ်ကကျွတ်လဲထားတော့ တွင်းချိုင့်ကြီးဖြစ်နေတယ်။ အဲဒီတွင်းချိုင့်ကြီးထဲမှာ ကံကောင်းချင်တော့ မမျှော်လင့်ဘဲ စဉ့်အိုးကြီးကိုတွေ့ရတာပဲ။

ပထမတော့ အဖုံးကိုတွေ့တယ်။ ဘာရယ်လို့မသိဘဲ မြေကိုနည်းနည်းပက်ကြည့်မိရာက အဲ့ဒီအိုးကိုတွေ့ပြီး မကြာခင်မှာပဲ မြန်မာနိုင်ငံကပြန်ကြရတော့ တွံတေးက လက်ဆောင်ရတဲ့ အိုးကြီးလို့ သတင်းလွှင့် လူအများ နားလည်စေပြီး ကျုပ်ပြတိုက်မှာထားဖို့ယူခဲ့တာပဲ။

နောင် လူကြီးမင်းတို့နိုင်ငံမှာ ထိုက်ထိုက်တန်တန် အမျိုးသားပြတိုက်ကြီး တည်ဆောက်ပြီးတဲ့အခါ ပြန်ပို့ပေးမယ်လို့ စိတ်ကူးထားတယ်။ လူကြီးမင်းတို့ ပုဂံရာဇဝင်မှာ ရာဇသင်္ကြန်အမတ်ကြီးကို အိမ်ရှေ့မင်းသား သီဟသူက ကွမ်းသွေးနဲ့ထွေးလို့ သီဟသူကို ဒလမှာ ခဲ အမတ်တွေကဖမ်းပြီး မင်းသားခွေးချေးကို နန်းတင်ပေးလိုက်တယ်ဆိုတာဖတ်ဖူးရင် ကျုပ်တွေ့ရတဲ့အလောင်းဟာ မင်းသားသီဟသူအပြင် ဘယ်သူဖြစ်ရဦးမှာလဲဗျ"

ဟု ရှည်လျားပွင့်လင်းစွာ ရှင်းပြခဲ့လေသည်။

ရာဇသင်္ကြန်အမတ်ကြီးနှင့် မင်းသား သီဟသူတို့၏ အဖြစ်အပျက်အား လေ့လာရာတွင် အောက်ပါအတိုင်းတွေ့ရှိရ၏။

ပုဂံခေတ်က ထင်ရှားသော မင်းတစ်ပါးဖြစ်သည့် နရသီဟပတေ့မင်းသည် မင်းသားဘဝက အမတ်ကြီး ရာဇသင်္ကြန်အိမ်သို့လာပြီး -



"အဘိုး၊ ကျွန်ုပ်ကို မ,စပါ"

ဟု ဆိုသည်ကို ရာဇသင်္ကြန်က-

"အရှင့်သားဖို့သာ"

ဟူ၍ လျှောက်ထားသည်။

ဤစကားနှစ်ခွန်း၏ နောက်ကွယ်တွင် အရေးပါသောဖြစ်ရပ်တစ်ခုရှိခဲ့၏။ ပုဂံမင်းဆက်(၅၁)ဆက်မြောက်(၁၂၄၉-၁၂၅၆) ဥဇနာမင်းတွင် သားတော်နှစ်ပါးရှိသည်။ သီဟသူနှင့်နောင်တစ်ချိန်တွင် နရသီဟပတေ့မင်းဟု အမည်တွင်လာမည့် မင်းခွေးချေးတို့ ဖြစ်သည်။ ဥဇနာမင်းက သားကြီးသီဟသူကို နန်းလျာထားသည်။ သီဟသူမှာ မာန်ကြီးသည်။ တစ်ခါတွင် ရာဇသင်္ကြန်က သီဟသူနောက်ကလာသည်ကို မမြင်မိ၍ အကျီ(ဖျင်)လက်ကို မသိမ်းမိဘဲရှိရာ သီဟသူက အကျီ(ဖျင်)လက်ကို ကွမ်းသွေးနှင့် ထွေးဖူးသည်။

ရာဇသင်္ကြန်က -

"အရှင့်သားလာတာကို မမြင်မိလေ"

ဟု တောင်းပန်လိုက်သော်လည်း စိတ်ထဲမှာမပြေ။ ထိုအကျီကို တံတင်း(သေတ္တာ) ထဲမှာ သိမ်းထားသည်။ ထိုအချိန်မှာ မင်းခွေးချေးက ရာဇသင်္ကြန်အား အထက်ပါအတိုင်းပြောရာ ရာဇသင်္ကြန်ကလည်း သီဟသူအပေါ် မကျေနပ်သည့်စိတ်အခံရှိနေဆဲမို့ 'အရှင့်သားဖို့သာ' ဟု အာမခံလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်အချိန်က သက်ဦးဆံပိုင် မင်းဧကရာဇ်များကို နားဝင်အောင် ဖျောင်းဖျလျှောက်ထားနိုင်သူ မှူးမတ်ပညာရှိများထဲတွင် ရာဇသင်္ကြန်အမတ်လည်း အပါအဝင်ဖြစ်ခဲ့၏။ ထို့ကြောင့် မင်းခွေးချေးအား အာမခံလိုက်ခြင်း ဖြစ်သည်။

ဥဇနာမင်း ခရီးလှည့်စဉ် ယခုတွံတေးမြို့ တောကြီးတန်း ယခင် ဒလမြို့တွင် နတ်ရွာစံသည်။ထိုအခါ သီဟသူက နန်းတက်ရန် ပြင်ဆင်သည်။ ရာဇသင်္ကြန်က မှူးမတ်များ ခမည်းတော်၏သင်္ချိုင်းကိုဦးတိုက်ပြီး ပြန်လာမှ ဘိသိက်ခံပါရန်ပရိယာယ်ဖြင့် အချိန်ဆွဲလိုက်သည်။ ထို့နောက် သင်္ချိုင်းတော်တွင် မှူးမတ်များနှင့်စုရုံးမိစဉ် ရာဇသင်္ကြန်က မိမိအကျီလက်ကို သီဟသူ ကွမ်းသွေးနှင့်ထွေးသည့် ဇာတ်လမ်းကို ပြန်ပြောပြပြီး အကျီကိုလည်းပြသည်။ သီဟသူအမျက်စောင်မာနကြီးပုံ၊ မိမိကဲ့သို့သော မှူးမတ်ကြီးကိုပင် အလေးမထားပုံများအား ပြောပြပြီး စည်းရုံးလေသည်။ မှူးမတ်တို့သဘောတူပြီး သီဟသူကို ဖမ်းလိုက်ပြီး နောက် ညီတော်မင်းခွေးချေး (နရသီဟပတေ့) ကို နန်းတင်လိုက်လေသည်။ ဤသို့ရှိခဲ့သော အမတ်ကြီးရာဇသင်္ကြန်နှင့် မင်းသားလေး သီဟသူတို့၏ အငြိုးအတေးတို့ဖြင့်ဖြစ်တည်ခဲ့သော ဇာတ်လမ်းမှာ မင်းသားလေးဘဝဇာတ်သိမ်းမလှခဲ့ခြင်း ဖြစ်ဟန်တူ၏။

ဘယ်လိုအကြောင်းမျိုးကြောင့်ပဲဖြစ်တည်ခဲ့ဖြစ်တည်ခဲ့ ကျွန်မတို့မြို့လေးရွှေတွံတေးတွင် (တွံတေးတောကြီးတန်းတစ်နေရာ၌) အထက်ပါအဖြစ်အပျက်လေးသည် ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်ပေါင်းများစွာဆီက ရင်နင့်ဖွယ်ဖြစ်ရပ်လေးတစ်ခု အမှန်တကယ်ရှိခဲ့သည်ကို အထောက်အထားများစွာဖြင့် ရေးသားတင်ပြရပါသည်။

ပို၍ စုံလင်စွာသိရှိနိုင်ရန်အတွက် ဆရာမော်ဝန်းကြည်မြတ် ရေးသားသော 'ပါတော်မူကြေးနန်းစာနှင့် သမိုင်းတစ်ခေတ်၏ ပွဲတင်သံများ' စာအုပ်အား ဖတ်ရှုလေ့လာနိုင်ပါသည်။

ကမ္ဘာသူကမ္ဘာသားအပေါင်း
ကျန်းမာရွှင်လန်း စိတ်မပင်ပန်းဘဲ
လိုရာဆန္ဒပြည့်ဝကြပါစေ

ငွေလသာ-တွံတေး

မှီငြမ်း -

မော်ဝန်းကြည်မြတ်၏
ပါတော်မူကြေးနန်းစာနှင့်
သမိုင်းတစ်ခေတ်ပွဲတင်သံ

မောင်ခင်မင်(ဓနုဖြူ)၏
စစ်ထိုးခြင်းတို့၏သဘောသည်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာစစ်စစ်ဖြစ်သောမြန်မာနိုင်ငံသည် ဘာသာရေးနှင့် ပတ်သက်သော ဂမ္ဘီရဆန်သည့်အဖြစ်အပျက်များ၊ စိတ်နယ်လွန်ဖြစ်ရပ်ခေါ် နာမ်လောက၊ ပရလောက၏ ဂမ္ဘီရဆန်သော အဖြစ်အပျက်များသည် စိတ်ကူးယဉ်မဟုတ်ဘဲ လက်တွေ့ကြုံကြိုက်ရသော ဖြစ်ရပ်မှန်များဖြစ်ကြသည်။တချို့သော ကမ္ဘာပေါ်ရှိ နိုင်ငံတချို့မှ ဂမ္ဘီရဆန်သော အဖြစ်အပျက် ဖြစ်ရပ်မှန်သည် မြန်မာနိုင်ငံမှ ဂမ္ဘီရဆန်သော ဖြစ်ရပ်မှန်များနှင့် နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာပေါ်ရှိ တချို့နိုင်ငံများကအဖြစ်အပျက်သည် လက်သည်းခွံပေါ်က သဲမှုန်ပမာသာရှိပြီး မြန်မာနိုင်ငံမှဖြစ်ရပ်များသည် အဆမြောက်မြားစွာသာလွန်ကြောင်းကို မြန်မာနိုင်ငံ ရောက်ဖူးသော ခရီးသွားနိုင်ငံခြားသားတိုင်း လက်ခံရကြောင်း သိရသည်။

အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်တို့၏ ဂမ္ဘီရဆန်သော အဖြစ်အပျက်များမှာ တစ်ကမ္ဘာလုံးနီးပါးရှိ နိုင်ငံရပ်ခြားတိုင်းပြည်များအထိ နာမည်ကျော်ကြား လူသိများလှပါသည်။ သို့သော် နိုင်ငံခြားသားများ၏အသိမှာ မြန်မာနိုင်ငံ၏ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဝိဇ္ဇာ ဟူသော အသိမျိုး မဟုတ်ဘဲ မျက်လှည့်ပညာကို တစ်ဖက်ကမ်းမြောက်တတ်မြောက်သူ ပါရမီရှင်တစ်ဦးအဖြစ်သာ သိကြသည်။ ဂမ္ဘီရဆန်သော ပညာရှင်တချို့သာ သိဒ္ဓိရှင်အဖြစ် သိသည်။ ပမာဆိုရသော် အုန်းသီးရဲ့အပေါ်ယံအခွံလောက်သာ သိသောသူနှင့်တူပေသည်။ မြန်မာလူမျိုးများနှင့် ဂမ္ဘီရဆိုင်ရာပညာရှင် ဗဟုသုတသုတေသီများက အုန်းသီးရဲ့အထဲက ဖြူဖွေးသောအသားနှင့် ဆိမ့်ချိုသောအရသာကို သိပုံချင်း မတူညီကြသလို ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘာသာရေးအခြေပြုသော အထက်လမ်းခေါ် ဂမ္ဘီရဆိုင်ရာပညာရပ်များနှင့် ယုတ်ညံ့နိမ့်ကျသော အသုံးအနှုန်း အစီအရင်များကို အခြေပြုသော အောက်လမ်းဆိုင်ရာ ဂမ္ဘီရဆန်သောပညာရပ်ဟူ၍ နှစ်မျိုးနှစ်စားရှိကြသည်။ ငါးပါးသီလထဲမှ သေရည်သေရက် သောက်စားခြင်း၊ သူတစ်ပါးလင်ရှိ သားမယားကို ကျူးလွန်ခြင်းနှင့် ကျွဲသား၊ နွားသား၊ ခွေးသား၊ မြွေသားများကို စားသောက်ခြင်းများကို အထက်လမ်းပညာလိုက်စားသူများက ရှောင်ကြဉ်ထားသည့်အပြင် အခါအားလျော်စွာ သီလရက်ရှည်ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ သမထဘာဝနာပွားခြင်းကို လုပ်ကိုင်ကြရသည်။

အောက်လမ်းပညာ ဟူသည်မှာ ကြားနားဝ ဗဟုသုတ အတွေ့အကြုံရ တင်ပြရသော် အစိမ်းသေ၏ဆံပင်များ၊ ဦးခေါင်းခွံများ၊ အမင်္ဂလာမရှိသော ခေါင်းပျဉ်မှသံများ၊ ကြွက်ထီးယမိန်းမများ၏ ယုတ်နိမ့်သော ပစ္စည်းအရာဝတ္ထုများဖြင့် စီရင်လေ့ရှိပြီး ဘုရား၊တရား၊သံဃာရာနာသုံးပါးမှီငြိုသောပညာဖြစ်သည်။ သေကျေအောင်၊ လင်ရှိမယားကိုပင် ရအောင်ယူနိုင်စွမ်းရှိကြ သည်။ ဖန်တီးနိုင်ကြသည်။ အဓိကမှာ ခတ်ဆေးဖြစ်သည်။

စာရေးသူကိုယ်တိုင် မြန်မာပြည်အထက်ပိုင်းဒေသတွင် မျက်မြင်တွေ့ဖူးသည်။ ယနေ့တိုင်အောင် အထက်ပိုင်းဒေသများတွင် တချို့ရှိနေဆဲပင်ဖြစ်သည်။ ဤသည်ကား ဗဟုသုတအဖြစ်သိစေရန်သာ ဖြစ်ပါသည်။ (စကားချပ် အခွင့်သာပါက ဘာသာတရားဖြင့်ကာကွယ်စောင့်ရှောက်ပုံ၊ မေတ္တာဖွဲ့ပုံကို ရေးသားပါဦးမည်။) ထို့ကြောင့် အရာရာကိုနာကြည်းစိတ်ဖြစ်အောင် မနှိပ်စက်ဖို့လိုပေသည်။ နှိပ်စက်မိလို့ ထိုပညာရှင်နှင့်တွေ့ပါက သေလမ်းသွားဖို့သာရှိပါသည်။ ဒါကြောင့် ဂမ္ဘီရပညာကို အထင်မသေးသင့်ပါ။

ဂမ္ဘီရဆန်သောအဘဘိုးမင်းခေါင်နှင့် ဆက်စပ်ပတ်သက်သော ဇာတ်လမ်းအစကား -

❒

"မင်းက ဘာမို့လို့လဲ၊ ငါဘယ်သူဆိုတာ သိလား"

"အေးကွာ၊ ငါကဘယ်သိမလဲ၊ မင်းဘယ်သူဆိုတာပြောပြလေကွာ"

"အေး-မင်းသိချင်ရင်တော့ ပြောပြရတာပေါ့။ ငါက ဘိုးမင်းခေါင်ကွ သိလား"

ဆရာကြီး ဦးသိန်းဝင်းက တစ်ဖက်မှ လူနာရှင်ကို ပူးကပ်နေသူ၏ ပြောစကားကို ခဏမျှစဉ်းစားရင်း ငြိမ်နေမိတယ်။ အဘဘိုးမင်းခေါင်





www.burmeseclassic.com

www.burmeseclassic.com

စာမည်ကျော်ကြား လူသိများတဲ့ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တစ်ဦးဟာ ဒီလိုအမျိုးသမီးတွေ ကိုလည်း ဝင်ပူးသလားဆိုတာပေါ့။ ဝင်ပူးခံရတဲ့အမျိုးသမီးကိုလည်းကြည့်ပါဦး စီးပွားရေးမပြေလည်လို့ ဆင်းရဲစွာ တဲကုပ်နဲ့ သူတစ်ပါးအိမ်ဘေးနေရပြီး ခံပင်ဖြတ်ရောင်းထားလို့ ခေါင်းတုံးတုံး ထားတဲ့သူလေ။ စာဖတ်သူတွေပဲစဉ်းစား ကြည့်။ အခုလည်းကြည့်ဦးလေ။ ဝင်ပူး ခံရတဲ့အမျိုးသမီးကရောဂါသည်၊ ပိန်ပိန် ပါးပါးနဲ့ ယောက်ျားလုပ်သူက အရက် သမား၊ နေ့ညမပြတ် မူးနေတဲ့သူ။

ဒါကြောင့် ပိန်ပိန်ပါးပါး ရောဂါသည် ခေါင်းတုံးနဲ့အမျိုးသမီးဟာ ဘယ်လိုမှ မျက်စိထဲကြည့်လို့မလှရတဲ့အထဲ အဘ က ဝင်ပူးနေတယ်ဆိုတော့ စဉ်းစားရပြီ ပေါ့။ အဘရယ်၊ ဝင်ပူးချင်ရင်လည်း ချောချောလှလှဖြူဖြူဖွေးဖွေးအမျိုးသမီး တွေကို ဝင်ပူးတာမှ အဆင့်မြင့်လှပါ တယ်လို့ မဆီမဆိုင် တွေးမိသေးတယ်။ ဒါက ရွှေရင်ကျော် ဣစ္ဆာသယမဟိဒ္ဓိစေ ဂိုဏ်းက ဆရာကြီးဦးသိန်းဝင်းရဲ့အတွေး ပါ။ ဒါနဲ့ -

"ဒါဆိုရင် အဘက ဘာလို့ကြွ လာပါသလဲ ခင်ဗျာ"

ဆရာကြီး ဦးသိန်းဝင်းဟာ အဘ ဘိုးမင်းခေါင်ကို ရိုသေလေးစားရှိရင်းစွဲ မို့ ရိုသေစွာမေးမြန်းလိုက်ပါတယ်။

"ငါဘာလို့ကြွလာရတယ်ဆိုတာ မင်းသိချင်လား"


"ဟုတ်ကဲ့-သိချင်ပါတယ်ခင်ဗျာ"

အဘမို့သာ ရိုရိုသေသေဖြေကြား နေရသော်လည်း လူနာရှင်အမျိုးသမီးကို ယနေ့ခေတ်စားတဲ့စတိုင်လို ဘိုးတော်တု လုပ်ပြီး လူပူးဆိုရင်တော့ မလွယ်ဘူးနင် တော့ဟု စိတ်ထဲက မခံချိမခံသာဖြစ်နေ ပါတယ်။

"အေး - ဘာလို့ကြွလာလဲဆိုရင်

# ရသဂမ္ဘီရ-ကျော်ဝင်းအောင်

## အဘဘိုးမင်းခေါင်ရဲ့ ဂမ္ဘီရဆန်သောလက်တွေ့ပြသမှု





www.burmeseclassic.com

www.burmeseclassic.com

ဒီဝေဒနာရှင်ကလေးမကို မင်းတို့က သူ့မိတ်ဆွေမိန်းကလေးနဲ့တိုင်ပင်ပြီး သိုက်ဆက်ဖြတ်မှာမို့ ငါက အချိန်မီလာတားတာလေကွာ"

ဝင်ပူးနေတဲ့အမျိုးသမီးထံမှ နာမ်လောကရှိ အဘဘိုးမင်းခေါင်ရဲ့စကားကြောင့် ဆရာကြီး ဦးသိန်းဝင်းဟာ အမှတ်မထင် မျက်လုံးပြူးသွားပါတယ်။ အမျိုးသမီးဝေဒနာရှင်ကို သိုက်ကြိုးဖြတ်ဖို့လာတာဟာ ဝေဒနာရှင်လည်း မသိပါဘူး။ သိထားသူကတော့ ဆရာကြီး ဦးသိန်းဝင်းရဲ့တပည့်ရယ်၊ ဆရာကြီး ဦးသိန်းဝင်းသာသိတာပါ။ တပည့်မရဲ့ သူငယ်ချင်းဖြစ်တဲ့ ဝေဒနာရှင် အမျိုးသမီးတောင် မသိပါဘူး။ ဝေဒနာရှင်ဟာ နာတာရှည်ရောဂါဖြစ်နေလို့ ဆင်းရဲလွန်းလို့ ဝေဒနာရှင်ရဲ့ သူငယ်ချင်း တပည့်မက အကူအညီတောင်းခံမှုကြောင့် ဆရာကြီး ဦးသိန်းဝင်းဟာ စေတနာသက်သက်နဲ့ လာကုပေးတာပါ။ ဒီလိုနဲ့ ဝေဒနာရှင်ကို ရောဂါစမ်းကြည့်တဲ့အခါမှာ သိုက်စွဲဆိုတာကိုသိပြီး တပည့်မနဲ့ တိုင်ပင်ကာ သိုက်စွဲဖြတ်ဖို့ လုပ်နေတုန်း အဘဘိုးမင်းခေါင်က ဝင်ရောက်လာတာပါ။

ဒါကိုတွေ့ကြုံလိုက်ရတဲ့ ဆရာကြီး ဦးသိန်းဝင်းဟာ အဘဘိုးမင်းခေါင်အစစ်လို့ ယုံကြည်ပုံမရသေးပါဘူး။ သိတယ်မဟုတ်လား၊ ရွှေရင်ကျော်ဆေးကုပွဲတွေမှာ လမိုင်းက ဝင်နှောင့်တာတွေရှိဖူးတော့ ဒါတွေဟာ လမိုင်းတွေ၊ အကွက်ဆင်တာပဲဖြစ်မှာဆိုပြီး ဘုရားကျောင်းဆောင်ဘက်လှည့်ကာ လက်အုပ်ချီပြီး ရွှေရင်ကျော် အဘဆရာတော်ကြီးများကို စိတ်ထဲက တိုင်တည်လိုက်ပါတယ်။

"ရွှေရင်ကျော် ဣန္ဒာသယ မဟိဒ္ဓိစေတိုက်တော်မှ အဘဆရာတော်ကြီးများခင်ဗျား။ ယခု သားတော်ကြီး ကုသနေသော ဝေဒနာရှင်ကို ဝင်ရောက်ပူးကပ်နေသည့် အဘဘိုးမင်းခေါင်ဆိုသူသည် အစစ်အမှန်မဟုတ်ဘဲ လိမ်ညာပြောဆိုနေသူသည် လူဖြစ်စေ၊ လမိုင်းဖြစ်စေ ဝင်ရောက်နှောင့်ယှက်နေပါက အဘဆရာတော်ကြီးများရဲ့တောင်ဝှေးနဲ့ ခေါင်းကို ရိုက်ခွဲတော်မူပါ"

"ဟားဟားဟား-မင်းရဲ့ဘိုးတော်တွေက ငါ့ကို တောင်ဝှေးနဲ့ ဘယ်ရိုက်မလဲကွ။ ငါက အတုအယောင်မှမဟုတ်တာ အစစ်၊ အစစ်ကွ"

ဆရာကြီး ဦးသိန်းဝင်းဟာ ဝင်ပူးနေသူရဲ့ စကားကြောင့် ဝင်ပူးနေသူ ရောဂါဝေဒနာရှင်ရဲ့မျက်နှာကို စေ့စေ့ကြည့်နေပါတော့တယ်။ အဲဒီအခါမှာ ရောဂါသည်ဝေဒနာရှင်ထံမှ အသံထွက်ပေါ်လာပြန်ပါတယ်။

"ငါ့သားက အဘကို မယုံသေးဘူးကိုးကွ။ ငါ့သား ဆယ်ထပ်ကြီးဘုရားကို ပုတီးလာစိပ်တိုင်း အဘရဲ့ဓာတ်ခန်းထဲမဝင်ဘဲ အပြင်ကနေ လက်အုပ်ချီ ဂါဝရအမြဲပြုတာ ငါသိသားပဲကွ။ ငါ့သားက ခုထိ အဘကို မယုံသေးဘူးဆိုရင် မင်းအားတဲ့တစ်နေ့ အဘဓာတ်ခန်းထဲလာခဲ့။ သားကို ထူးခြားမှုတစ်ခုပြရင် မင်း အဘကို ယုံမှာလား"

"ဒါဆိုရင်တော့ယုံပါတယ် အဘ။ ဒါပေမယ့် အဘက ဝေဒနာရှင်ကို အဘသားသမီးတွေလို သဘောထားတယ်ဆိုရင် အဘက ဘာဖြစ်လို့မှ စမှုမရှိတာလဲ။ အခုပဲကြည့်လေ၊ နေတာက တဲအိမ်သာသာ၊ ယောကျ်ားက အရက်သမား၊ စီးပွားရေးကမပြေလည်၊ ဆံပင်ကို ဖြတ်ရောင်းရသေး၊ ခေါင်းတုံးနဲ့ဆိုတော့ လူပုံတောင်မပေါက်တော့ဘူး"

"အေး-မင်းကမယုံတော့ ယုံကြည်အောင် အဘကသက်သေတစ်ခုပြမယ်။ အဲဒါဆို မင်းလက်ခံမှာလား"

"ဒီလိုသက်သေအထောက်အထားနဲ့ဆိုရင် လက်ခံပါတယ် အဘ"

"ဒီမှာသားရဲ့၊ ဒီကလေးမလေးရဲ့ ပေါင်မှာ သိုက်က ရိုက်ပေးလိုက်တဲ့ လက်ဝါးရာရှိတယ်ကွ။ ဒါဆိုရင် မင်းတို့ သူ့ကို သိုက်ကြိုးမဖြတ်ပါနဲ့ကွာ။ အဘ မေတ္တာရပ်ခံပါတယ်နော်"

ဆရာကြီးဦးသိန်းဝင်း တစ်ချက်စဉ်းစားလိုက်ပြီး အဘဘိုးမင်းခေါင်ဆိုသူကို သူသိလိုတဲ့အချက်ကို ပြန်မေးလိုက်ပါတယ်။

"သားတို့ဆေးကုပွဲတွေမှာ အဘနဲ့ တွေ့ကြုံတိုင်း သိုက်ကြိုးမဖြတ်ဖို့ အမြဲပြောတယ်။ အဲဒါဘာကြောင့်လဲ အဘ"

"ဒီမှာ ငါ့သားကို အဘသိအောင် ပြောပြမယ်။ မင်းတို့လူတွေမှာလည်း တာဝန်ကိုယ်စီရှိကြသလို အားလပ်ရက်လိုချင်ရင် ခွင့်ယူကြရတယ်လေ။ ခွင့်ပြုမှ မိမိကြိုက်နှစ်သက်ရာ သွားကြလာကြတာမဟုတ်လား။ သိုက်ထဲမှာလည်း ဒီလိုပဲကွ သူတို့က လူ့ပြည်လာချင်လွန်းလို့ ခွင့်ယူပြီး လာကြရတဲ့သူတွေချည်းပဲကွ"

အဘဘိုးမင်းခေါင် ဆိုသူဟာ စကားကို ခေတ္တရပ်ပြီး ဆရာကြီးဦးသိန်းဝင်းမျက်နှာကို အကဲခတ်နေပါတယ်။ ပြီးမှ -

"သားတို့လူတွေက ခွင့်ရက်စေ
အလုပ်ပြန်ဝင်ကြပေမယ့် တို့ရဲ့သိုက်ပိုင်
ဆိုင်ရာတွေက မင်းတို့လိုမဟုတ်ပြန်ဘူး
သိုက်ထဲက ခွင့်ရတဲ့သူတွေဟာ သူတို့
မူလရုပ်ကလာပ် (သိုက်နန်းရှင်ပုံစံ)
ခွာထားခဲ့ရတယ်။ အဲဒီရုပ်ကလာပ်
သိုက်ထဲမှာ မှန်ခေါင်းနဲ့ထည့်ထားတာ
ကွ။ အဲဒါကို သက်တမ်းပြည့်လို့လာခေါ်
တော့ လူ့ပြည်ကလူတွေက အထက်
လမ်းဆရာတွေနဲ့ သိုက်ထဲပြန်ပါမသွား
အောင် သိုက်ကြိုးဖြတ်လိုဖြတ်
မဟုတ်ရင် သိုက်နန်းထဲမှာရှိတဲ့
ကလာပ်ကို သူ့ထက်အင်အားကြီးသူ
အမိန့်ပေး၊ မီးရှို့ဖျက်ဆီးခိုင်းလိုခိုင်း
ဘုရားပွင့်တဲ့အထိစောင့်ပြီး တာဝန်ထမ်း
ဆောင်နေရတဲ့အလုပ်က တစ်ယောက်
လျော့သွားရင် အဲဒီတစ်ယောက်အစား
မင်းတို့ကလာထမ်းဆောင်ပေးမှာလား
မင်းတို့လာထမ်းဆောင်လည်းမရဘူး
တို့တွေက နောင်ပွင့်မယ် ဘုရားအ
တော်တွေကို ဗျာဒိတ်နဲ့စောင့်ရှောက်
ရတာ အဲဒါကို သားတို့နားလည်

နောက်တစ်ခါ သားတို့နဲ့ သိုက်
ပိုင်းဆိုင်ရာတွေ့ခဲ့ရင် အဘအကြံပေး
မယ်။ သိုက်ကြိုးမဖြတ်နဲ့၊ မူလ
ကလာပ်ပေါင်းကို မဖျက်ဆီးနဲ့၊ သာ
နာပြုဖို့ သက်တမ်းတိုးပြီး မေတ္တာရပ်
လိုက်ပါ။ ဒါဆိုရင် နှစ်ဦးနှစ်ဖက်အဆင်
မယုတ်တော့ဘူးကွ။

ကဲ - သားလည်း ဒီကလေးမ
မှတ်အသားတွေ့ရင် အဘပြောသ
လုပ်ပါ"

အဲဒါနဲ့ ဆရာကြီး ဦးသိန်းဝင်း
ဝေဒနာရှင်ဟာ မိန်းကလေးဖြစ်နေ
ကြောင့် ပေါင်ကိုလှန်မကြည့်တော့
သို့သော်လည်း ရောဂါဝေဒနာရှင်ရဲ့
သူငယ်ချင်းဖြစ်တဲ့တပည့်မကို ကြည့်
လိုက်ပါတယ်။ တပည့်မဟာ ရော
ဝေဒနာရှင်ကို အိပ်ခန်းထဲတဲ့ခေါ်
ပေါင်လှန်ကြည့်တဲ့အခါ ဘယ်ဘက်
မှာ ထူးခြားစွာ လက်ငါးချောင်း
လက်ဝါးပုံပါကြောင်းပြောပြလို့ ဆရာ
ကြီး ဦးသိန်းဝင်းဟာ သိရှိပြီး အံ့ဩ
ပါတယ်။

"ဒီလိုဆိုရင် ကျွန်တော် အဘ
ခွင့်တစ်ခုတောင်းမယ်။ ပေးနိုင်မလား
ပေးနိုင်ရင် သိုက်ကြိုးမဖြတ်ဘူး၊ ပေး
နိုင်ဘူးဆိုရင် သိုက်ကြိုးဖြတ်မှာနော်"

"ငါ့သားက ရောဂါဝေဒနာ
အတွက် ဘာတောင်းမှာလဲ"

"သားက ဝေဒနာရှင်ဆင်းဆင်း



www.burmeseclassic.com

www.burmeseclassic.com

ရဲနေရတာကိုမကြည့်ရက်ဘူး။ဒါကြောင့် အဘက ဝေဒနာရှင်ကို ရောဂါပျောက်ပြီး ရွှေနဲ့ငွေနဲ့ဖြစ်အောင် မ,စပေးပါ။ ကတိပေးရဲလား အဘ"

"အေး၊ အေး - အဘကတိပေးတယ်။ ဒါပေမယ့် ငါ့သားသိအောင် အဘထပ်ပြောပါရစေ။ ငါ့သားကလည်း တပည့်သား၊မြေးတွေပြန်ပြောပြ။ သိုက်ဆက်ရှိသူတွေဆိုတာ သူ့မှာလည်း တာဝန်တွေနဲ့ကွ။ လူ့ပြည်လာရတာလည်း အချိန်ကာလတွေနဲ့ လာရတာ။ ဒီမှာ ရုပ်ရှိနေပေမယ့် သိုက်ထဲမှာ ရုပ်အဟောင်းထားခဲ့ရတာ။ ငါ့သားတို့က ဝမ္မီရဆန်တဲ့ ဝိဇ္ဇာမရပညာနဲ့ သိုက်ထဲမှာရှိတဲ့ရုပ်ကလပ်ဟောင်းကို မီးရှို့ပစ်တော့ တို့ရဲ့ သိုက်ပိုင်းဆိုင်ရာတွေမှာ တာဝန်ကိုယ်စီ ထမ်းဆောင်နေရတာ အလုပ်ရှုပ်ကုန်တာပေါ့ကွာ။ ဒီတော့ သားလည်း သိုက်ဆက်တွေ့တိုင်း ဘယ်တော့မှ သိုက်ဆက်မဖြတ်ပါနဲ့။ အဘထပ်ပြီးမေတ္တာရပ်ခံပါရစေ။ သိုက်ဆက်တွေ့ရင် မေတ္တာနဲ့ တောင်းပန်၊ တရားဘာဝနာပွားပြီး သက်တမ်းကို နှစ်တိုးသာတောင်းပါကွာ။ သိုက်ပိုင်းမှာလည်း လူတွေလိုပဲ တာဝန်ကိုယ်စီတွေနဲ့ကွ"

"ဒါဆိုရင် ဝေဒနာရှင်ကို သိုက်ကြိုးမဖြတ်တော့ပါဘူး အဘ"

"အေး၊ အေး - ကျေးဇူးပဲ ငါ့သား။ မင်းလည်း အဘဓာတ်ခန်းမှာလာပြီး ဘာဝနာအလုပ်လုပ်ကြည့်ပါ။ ငါ့သား ထူးခြားလာပါလိမ့်မယ်။ ကဲ-အဘသွားပြီဟေ့"

ရောဂါဝေဒနာရှင်ကို ပူးကပ်နေတဲ့အဘဟာ သူ့ရဲ့နာမ်တရားထွက်ခွာသွားတဲ့အခါ ရောဂါဝေဒနာရှင်ဟာ မူလသာမန်စိတ်ကို ရောက်သွားပါတော့တယ်။ ဒါပေမယ့် ရောဂါဝေဒနာရှင်ဟာ မောပန်းနွမ်းနယ်မှုဖြစ်နေလို့ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်တို့ လွှမ်းခြုံထားတဲ့ ရေစင်နဲ့တောက်ပြီး ထိုရေစင်ကိုပဲ ရောဂါဝေဒနာရှင်ကိုတိုက်ကာ အိပ်ခိုင်းထိုက်ပါတယ်။

စော့စောက ဝေဒနာရှင်ကို ဝင်ရောက်ပူးကပ်နေတဲ့အဘကို ဘိုးမင်းခေါင်အစစ်အမှန်ဆိုတာ ဆရာကြီးဦးသိန်းဝင်းတစ်ယောက် ရာနှုန်းပြည့် ယုံကြည်စိတ်ချမှုမရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အဘဘိုးမင်းခေါင်ကိုယ်တိုင် မိန့်ကြားသွားသလို အဘရဲ့ ဓာတ်ခန်း (ပြည်မြို့ ဆယ်ထပ်ကြီးဘုရားရှိ ဓာတ်ခန်းကိုဆိုလိုသည်။) ရောက်လို့ အဘဘိုးမင်းခေါင်ပြောသွားသလို သူ့ကိုထူးခြားမှုတစ်စုံတစ်ရာ အတိုင်းအတာပြမှဆိုရင်တော့ ဆရာကြီး ဦးသိန်းဝင်းဟာ အဘဘိုးမင်းခေါင်ဝင်ရောက်ပူးကပ်တာကို ရာနှုန်းပြည့် ယုံကြည်စိတ်ချမယ်လို့ စိတ်ထဲက ပိုင်းဖြတ်ထားပါတယ်။

ဒါကလည်း ဂမ္ဘီရလောကရဲ့ ဆန်းကြယ်မှု အကြောင်းတရားကြောင့်ပါ။ ဂမ္ဘီရလောကမှာ ဆိုရိုးစကားရှိပါတယ်။ ဟန်ဆောင်တဲ့အရာမှာဆိုရင် အပလိန်းမာယာအနန္တလို့ဆိုထားတယ်လေ။ ဒါကသိဒ္ဓိရှင်မဟိဒ္ဓိရှင်တွေရဲ့မိန့်ကြားချက်ပါ။ ဒါကြောင့် အတုတစ်ထောင်၊ အယောင်တစ်သိန်း၊ အပလိန်းအနန္တလို့ ဆိုကြတာပါ။ လောကကြီးမှာ သတိထားတာတောင် တန်ကာမကျချင်တာတွေ အများကြီးရှိတာပဲလေ။ အဲဒီလို သတိမထားခဲ့လို့ ဘဝတွေပျက်ခဲ့သူတွေလည်းများလှပါပြီ။ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ အမြဲလိုလိုပါနေတာပဲ မဟုတ်လား။

❐

အချိန်ဆိုတဲ့ကာလယန္တရားဟာ-
တရွေ့ရွေ့နဲ့ ရွေ့လျားနေတာ
လူတိုင်းအသိပဲလေ။

စက္ကန့်ကို မိနစ်စား၊
မိနစ်ကို နာရီစား၊
နာရီကို ရက်တွေစား၊
ရက်တွေကို လတွေစား၊

လတွေကို နှစ်တွေစား ဆိုသလို အချိန်ကာလ တော်တော်ကြာခဲ့ပါပြီ။ အဘဘိုးမင်းခေါင်နှင့် ပတ်သက်ခဲ့သော ထိုရောဂါဝေဒနာရှင် အမျိုးသမီးထံသို့လည်း မရောက်ဖြစ်တော့ပါ။ အဘဘိုးမင်းခေါင် ပြောသွားသည်ကိုလည်း ဆရာကြီးဦးသိန်းဝင်းတစ်ယောက် အမှတ်မရတော့ပါ။ ဒါကလည်း မိမိ၏စားဝတ်နေရေးအတွက် အိမ်ရှိ မုန့်ဟင်းခါးစက်ရုံအတွက် မုန့်စံချိန်မီရန် ဆန်ရှာဖွေရခြင်း၊ ဟာသာတရောက်အောင် သွားရောက်ဝယ်ယူရခြင်း၊ စက်ရုံအတွက် အလုပ်သမားကိစ္စ၊ သန့်ရှင်းရေးအတွက် ရေမြောင်းတူးဖော်ခြင်း စသောလုပ်ငန်းများက မိမိ စီစဉ်ပေးရ၊ ဆောင်ရွက်ပေးရသောကြောင့်ဖြစ်သည်။ ပယောဂဝေဒနာကုသည်ဆိုရာတွင်လည်း တပည့်သားမြေးများ လာပင့်က သွားရောက် ကုသပေးခြင်း၊ တချို့မကင်းရာမကင်းကြောင်းခင်မင်လွန်း၍ အိမ်တိုက်၊ မြဲတိုက်များ ရှင်းလင်းပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထိုသို့ ပြုလုပ်ပေး၊ ကုသပေးရာတွင်လည်း မတော်လောဘနှင့်ပတ်သက်သောငွေကြေးကို ဘယ်သောအခါမှ မတောင်းခံခဲ့ပေ။ စေတနာကြေးပေးသမျှယူပြီး အလှူခံပုံးထဲထည့်ကာ နှစ်စဉ်ပူဇော်မြဲဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေရင်ကျော်ဂူစွာသယ မဟိဒ္ဓိစေတီဂိုဏ်းတော်ကြီး၏ အဘဆရာတော်ကြီးများကိုပူဇော်ကန်တော့ခဲ့သည်။

ထိုသို့ မိမိလည်း အလုပ်များနေချိန် တစ်နေ့တွင် မိမိကုသခဲ့သော ရောဂါဝေဒနာရှင်အမျိုးသမီး၏ သူငယ်ချင်း မိမိတပည့်မကို တွေ့မြင်ရ၍ -

"ဟေ့သမီး၊ ဘယ်သွားမလို့လဲကွ"

"ဟာ - ဆရာကြီးပါလား။ မတွေ့တာတောင် တော်တော်ကြာသွားပြီနော်"

"အေးကွ၊ ဆရာလည်း မုန့်ဟင်းခါးစက်အတွက် အလုပ်တွေရှုပ်နေတာကို"

"ဒါနဲ့ ဆရာကြီးကော ဘယ်သွားမလို့လဲ"

"ဆရာ ဘုရားကို ပုတီးစိပ်သွားမလို့။ ဩော် - ဒါနဲ့ သမီးရဲ့သူငယ်ချင်း ဟိုသိုက်ဆက်မိန်းကလေးကော ကျန်းမာရေးကောင်းရဲ့လား"

"ခုမှ ဆရာကြီးမေးလို့ သမီးပြောပြမလို။ ထူးတော့ထူးဆန်းတာအမှန်ပဲ။ ပေါင်မှာလက်ဝါးရာပါတာ သမီးကြည့်လို့သိပေမယ့် အဲဒီထက်ထူးတာတော့ အိပ်မက်ကြောင့် ချဲပဲပေါက်သလိုလို၊ ထီပဲပေါက်သလိုလို သတင်းကြားရတယ် ဆရာကြီး။သူကလည်း ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးနဲ့၊ ပြီးတော့ ရွှေတွဲလဲငွေတွဲလဲ ခေါ်ရမလိုပြေလည်နေတယ် ဆရာကြီး"

"အခုသူတို့အဲဒီမှာပဲနေတုန်းလား"

"အဲဒါကိုပြောမလို့ ဆရာကြီး။ သူတို့တွေ အဲဒီကနေဘယ်ပြောင်းသွားတယ်ဆိုတာ သူတို့နေတဲ့အိမ်ကတောင် မသိဘူးတဲ့။ သမီးဆိုတာ ဝေလာဝေးရောပေါ့။ သူတို့နေတဲ့ပတ်ဝန်းကျင်ကတော့ ပြောတာတော့ ညနေစောင်းမှောင်ရီပျိုးစမှာ ရည်ရည်မွန်မွန်နဲ့ လူတစ်ယောက် ဒိုင်နာကားနဲ့ သူတို့ပစ္စည်းတွေအားလုံးတင်သွားတာ။ ဒါပေမယ့် သူတို့တင်သွားတဲ့ကားက ကားနံပါတ်မပါတော့ မှတ်ထားဖို့ ခက်ခဲတာပေါ့။ အဲဒါထူးဆန်းတာ ဆရာကြီး"

"ဩော် - အေး၊ အေး"

"ဒါဆိုရင် သမီးသွားဦးမယ်၊ အားတဲ့နေ့ကျရင် ဆရာကြီးဆီလာပြီး အေးအေးဆေးဆေးပြောပြဦးမယ်"

ဆရာကြီး ဦးသိန်းဝင်းမှာ တပည့်



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်သူ ပြောပြသွားသော ရောဂါဝေဒနာရှင်၏ အလွန်တရာ အံ့ဩဖွယ်ကောင်းသော ဖြစ်ရပ်များကို ကြားသိရအတွက် အဘဘိုးမင်းခေါင်များ ကတိပေးထားသလို ကူညီသွားသလားဟု စဉ်းစားနေမိသည်။ ဆရာကြီးဦးသိန်းဝင်းမှ ထိုရောဂါဝေဒနာသည်ကို အဘဘိုးမင်းခေါင်မှ သိုက်ဆက်မဖြတ်ရန်ကတိတောင်းသောကြောင့် သိုက်ကြိုးမဖြတ်ဘဲ ထိုရောဂါဝေဒနာကို သမထဘာဝနာစသောအလုပ်များလုပ်ပြီး ပုတီးစိပ်ကာ ရောဂါဝေဒနာကို မိမိကိုယ်တိုင်မိမိကုကြည့်ပါဟု ပြောကြားခဲ့သည်။ ကာလအတော်ကြာသည်အထိ သတိမရ အမှတ်မထားခဲ့ပေ။ တပည့်မဖြစ်သူ ပြောကြားသွားချက်အရ သုံးလုံးတိုက်ပဲဖြစ်ဖြစ်၊ ထီပဲဖြစ်ဖြစ်ပေါက်သွားတာလည်း အံ့ဩစရာပါ။ ထို့အတူ ဘယ်မှာနေတယ်၊ ဘယ်ကိုပြောင်းတယ်လို့ပြောမသွားခြင်းကလည်း အံ့ဩစရာပါ။ ရွှေနှင့်ငွေနှင့် ပြေပြေလည်လည်ဖြစ်သွားသည်ကိုတော့ ဆရာကြီးဦးသိန်းဝင်း မုဒိတာပွားရပါသည်။ အဘဘိုးမင်းခေါင်ကလည်း ကတိအတိုင်း သူ့သားသမီးတွေကို စောင့်ရှောက်ပေးခဲ့သလို ခြေရာပျောက်၊ နေရာပြောင်းသွားသည်ကတော့ ဂမ္ဘီရဆန်လွန်းလှသည်။ သိုက်ပိုင်းဆိုင်ရာတွေရဲ့ လျှို့ဝှက်ရှားစေခိုင်းမှုတွေလားဆိုတာ မဝေခွဲနိုင်တော့ပါ။

ဒီလိုနဲ့ -

ကာလအတော်ကြာတဲ့ နှစ်ပိုင်းလောက်မှာ -

ရွှေတံခါးရပ်ကွက် ဘောဘောကြီးဘုရားသို့သွားသော လမ်းဘေးသီဟိုဠ်ခြံထဲမှ ရောဂါဝေဒနာရှင်တစ်ဦးက ကုသရန်ဖြစ်ပေါ်လာပါတယ်။ ထိုရောဂါဝေဒနာရှင်ကို ကုသရန်အတွက် အသိမိတ်ဆွေတစ်ဦး၏ ပင့်ဖိတ်မှုကြောင့် ရောဂါဝေဒနာရှင်ရဲ့ ရောဂါဝေဒနာကို စစ်ကြည့်ရာ -

"ဟာ - လာတွေ့ပြန်ပြီ"

ဒါက အပြင်ကို ပေါ်မထွက်လာတဲ့ ဆရာကြီးဦးသိန်းဝင်းရဲ့ ရင်ထဲက စကားသံပါ။ ဒါတင်မကသေးပါဘူး။ ထပ်မံပြီး မှတ်ချက်ချလိုက်တဲ့ ရင်ထဲက စကားသံကတော့ -

'သေချာအောင် အဘဘိုးတော်ဆရာတော်ကြီးတွေကို တိုင်တည်သစ္စာပြုပြီး စမ်းသပ်ကြည့်လိုက်ဦးမှ'

ဆရာကြီး ဦးသိန်းဝင်းဟာ ရောဂါဝေဒနာသည်ကို ခေတ္တခဏထားပြီး ဘုရားကျောင်းဆောင်ဘက်မျက်နှာမူကာ လက်အုပ်ချီပြီး ရွှေရင်ကျော် ထွက်ရပ်ပေါက် အဘဆရာတော်၊ ဘိုးတော်များကို သစ္စာပြုတိုင်တည်နေပါတယ်။

"ငါးဆူသော မြတ်စွာဘုရားရှင်အပေါင်းနှင့် ပွင့်ထွန်းခဲ့ပြီးသော ဘုရားရှင်အပေါင်း၊ ပစ္စေကဗုဒ္ဓါအပေါင်း၊ ရဟန္တာအပေါင်းနှင့် ရွှေရင်ကျော်ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်၏ ဂိုဏ်းချုပ် အဘ ဘိုးတော်ဟန် အမှူးပြုပြီး အဘဘိုးတော်အေးခေါ် စကြာမင်းသား၊ ဂိုဏ်းစည်းကမ်းကို ထိန်းသိမ်းစောင့်ရှောက်ပေးသော အဘဘိုးတော်ပြူးခေါ် အဘရသေ့၊ အဘဘိုးတော်ပွင့်၊ အဖေကြီးဦးမြခင်တို့မှ သားတော် ကုသနေသည့်ဝေဒနာရှင်သိုက်ဆက်မှန်၊ မမှန်ကို ထင်ရှားစွာပြတော်မူပါ အဘဆရာတော်ကြီးများ"

ဒါက ဘုရားကိုသစ္စာပြုတိုင်တည်နေတဲ့ ဆရာကြီးဦးသိန်းဝင်းရဲ့ရင်တွင်း သစ္စာပြုချက်စကားတွေပါ။ သစ္စာပြုပြီးသွားတာနဲ့ ဆရာကြီး ဦးသိန်းဝင်းဟာ လက်ထဲမှာ ကိုင်ထားတဲ့ရေစင်နဲ့ ရောဂါဝေဒနာရှင်ကို လှမ်းတောက်လိုက်ပါတယ်။ ပြီးမှ စိတ်ထဲကနေ အမိန့်ပေးစေခိုင်းလိုက်ပါတယ်။

'မင်းသိုက်ဆက်ကလာတာမှန်ရင် ခြေထောက်ကို ဖက်ရွက်ကလေးလို ပေါ့ပြလိုက်ပါ'

"အေး-ဟုတ်ပြီ၊ ဖက်ရွက်တလေးလိုပေါ့ပြီးရင် ကျောက်စိုင်ကျောက်ခဲလို ကြွလို့မရဘဲလေးပြလိုက်စမ်းကွာ"

"ကဲကဲ - လူနာရေ ဘယ်ခြေထောက်မြှောက်ကြည့်စမ်းရရဲ့လား"

"အား အား အား ကြွလို့မရဘူးဆရာ"

"ကဲ - ဒါဆိုရင် ညာဘက်ခြေထောက် တအားကုန်မြှောက်ကြည့်စမ်းရရဲ့လား"

"အား အား အမလေး - ကျွတ်ကျွတ် ဘယ်လိုမှမြှောက်မရဘူးဆရာ"

ဆရာကြီး ဦးသိန်းဝင်းဟာ ပြုံးပြီးခေါင်းညိတ်ပြလိုက်ပါတယ်။ သူသိတာပေါ့။ သိုက်ဆက်အစစ်အမှန်ဆိုရင် မြှောက်လို့မရအောင် သစ္စာပြုပြီး စိတ်ထဲကနေ အမိန့်ပေးထားတာပဲ။ ဒါကြောင့် ဆရာကြီးဦးသိန်းဝင်းဟာ သိုက်နန်းက လူပြည်ကိုလာကြောင်း တိကျသေချာသွားသောကြောင့် သိုက်နန်းရှင်များသည် လူပြည်လူ့ရွာကို တော်တော်ပျော်ပုံပေါက်သည်ဟု မှတ်ချက်ချလိုက်ပါသည်။ ထို့နောက် အဘဘိုးမင်းခေါင်၏ ဆုံးမစကားကို နားထဲမှာပြန်လည်ကြားယောင်လာပါသည်။

'ငါ့သား၊ သိုက်ဆက်တွေကိုတွေ့ခဲ့ရင် ဘယ်တော့မှသိုက်ကြိုးမဖြတ်နဲ့ကွ။ အသက်ကို ဓာတ်နိုင်သလောက် တိုးတောင်းပြီးတော့ ကာယကံရှင်ကိုလည်း ဘာသာရေးအလုပ်တွေ စွဲစွဲမြဲမြဲခိုင်းကွ။ ဒါဆို နှစ်ဦးနှစ်ဖက် အဆင်ပြေတယ်ကွ"

ဒါကြောင့် အဘဘိုးမင်းခေါင်စကားကို ကြားယောင်လာပြီး လူနာကို ဟိုဟိုဒီဒီအကြောင်းအရာလေးတွေပြောဆိုပြီး ဘာသာရေးလုပ်အောင်ဆွဲဆောင်နေပါတော့တယ်။

"ကဲ-လူနာလည်း ပိုပြီးတော့ စိတ်ရွှင်လန်းပြီး ပိုပြီးကျန်းမာသွားအောင် ဘောဘောကြီးဘုရားအမြဲသွား၊ ပုတီးစိပ်၊ ကုသိုလ်ကောင်းမှုတွေကို အမိတ္တအားဖြင့် သိုက်နန်းရှင်တွေ၊ သိုက်ချုပ်ဘိုးတော်တွေကို အမျှဝေပေး၊ ဒီထက်ပိုပြီး ကျန်းမာချမ်းသာလာမှာသိလား"

"ဟုတ်၊ ဟုတ်ကဲ့ပါ ဆရာ"

"ဘုရားနဲ့ကမဝေးပါဘူး။ နာရီဝက်လောက်လျှောက်ရင်ရောက်ပါတယ်။ လမ်းလျှောက်တာ ကျန်းမာရေးအရလည်းကောင်း၊ ဘုရားသွားတော့ ကုသိုလ်ရတာထပ်တိုးတာပေါ့ကွာ။

ပြီးတော့ သိုက်နန်းရှင်တွေ၊ သိုက်ချုပ်ဘိုးတော်တွေကို လေးလေးစားစားနဲ့ မေတ္တာများများပို့ မိတ်ဖွဲ့ပြီးနေ ကြားလား။ ဒါဆိုရင် ရောဂါပျောက်သွားမှာပါ။ ကဲ၊ ကဲ - ဆရာလည်း ပြန်လိုက်ဦးမယ်နော်"

ဒီလိုပြောပြီးပြန်ဖို့ထမယ်အလုပ်မှာ သိုက်ဆက်စွဲရှိနေသော အမျိုးသမီးသည် ချက်ချင်း အမူအရာပြောင်းလဲသွားကာ -

"နေပါဦး ငါ့သားရဲ့ ငါ့သား အဘကို မှတ်မိသေးလားကွ။ အဘ ငါ့သားကိုမှာထားတာ နှစ်နဲ့တောင်ချီနေပြီ။ အဘဓာတ်နန်းကို ရောက်မလာသေးဘူးနော်"

"ဟုတ်ကဲ့ပါ အဘ"

"အေးပါကွာ၊ အားတဲ့အခါလာပေါ့။ ဒါပေမယ့် အဘငါ့သားကိုမှာထားတာကို ငါ့သားက နားထောင်လို့ အဘအရမ်းဝမ်းသာတယ်ကွာ"

ထိုအခါ ဆရာကြီး ဦးသိန်းဝင်းမှာ ခေါင်းတွေကြီးပြီး အဘဘိုးမင်းခေါင်နှင့် လာပြီးတွေ့ရပြန်ပါလားလို့ စိတ်ထဲမှ မှတ်ချက်ချမိပါသည်။

အဲဒါနှင့် အဘဘိုးမင်းခေါင်တို့ -



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အဘဓာတ်နန်းသာ မရောက်တာပါ။ အဘတို့ဓာတ်ပန္နက် ချတဲ့ဘုရားတိုင်း သားပုတီးစိပ်ရောက် ပါတယ် အဘ"

"အေး - အဲဒါကိုလည်း အဘသိ ပါတယ်ကွာ။ ဒါပေမယ့် သားကို အဘ ကိုယ်တိုင် သိဒ္ဓိဖွင့်ပေးချင်လို့ခေါ်နေတာ ငါ့သား"

"အဘကဒီလောက်ဖိတ်ကြားနေ မှတော့ အားလပ်တဲ့တစ်နေ့ ဆက်ဆက် လာခဲ့ပါ့မယ် အဘ"

"အေးအေး-ဆက်ဆက်လာခဲ့ကွ။ အဘမျှော်နေမယ်ကွ"

အဲဒီလို အဘဘိုးမင်းခေါင်နဲ့ အချီ အချပြောရင်း အဘထွက်သွားတဲ့အခါ ဝေဒနာရှင်ဟာ လန်းလန်းဆန်းဆန်းမို့ ခေတ္တခဏ စကားတွေပြောပြီး တပည့် များနှင့်အတူ မြို့ထဲကိုပြန်ခဲ့ပါသည်။ စိတ်ထဲမှာတော့ တွေးထားလိုက်သည်။ အဘက ဒီလောက်ဖိတ်ကြားနေမှတော့ အားတဲ့တစ်နေ့မှာ ပြည်မြို့ လေးဆူဓာတ် ပျော် ရွှေဆံတော်ဘုရားဘေးက ဆယ် ထပ်ကြီးဘုရားမှာရှိတဲ့ အဘဘိုးမင်း ခေါင်ဓာတ်ခန်းကိုတော့ မရောက် ရောက်အောင်သွားဖို့ ဆုံးဖြတ်လိုက်ပါ တယ်။

ဂမ္ဘီရဆန်တဲ့ဂန္ဓာရီလိုင်းကလည်း တိမ်မယောင်နဲ့နက်၊ လွယ်မယောင်နဲ့ ခက်တာမို့ စဉ်းစားလို့လိုက်မမီဘူး ဖြစ် နေပါသည်။

❐

ဆည်ထပ်ကြီးဘုရားမှာ ပြည်မြို့ တွင်သာမက မြန်မာပြည်အနှံ့ ထူးခြား ကျော်ကြားသောဘုရားတစ်ဆူဖြစ်သည်။ ထိုသို့ ထူးခြားသော ဖြစ်ရပ်များတွင် ဆယ်ထပ်ကြီးဘုရား ရုပ်ပွားတော်မြတ် မှာ ရှေးခေတ်အဆက်ဆက် နိုင်ငံတော် လူကြီးများမှ အမိုးအကာဆောက်လုပ် လှူဒါန်းပေးရန် ကြိုးစားခဲ့ကြသော်လည်း အောင်မြင်မှုမရှိခဲ့ကြပေ။ လှူဒါန်းရန် ကြိုးစားမှုတွင် ဂမ္ဘီရဆိုင်ရာနည်းအမျိုးမျိုး ဖြင့် ကြိုးစားခဲ့ကြခြင်းကို ဆိုလိုပါသည်။

ဤတွင် ရှေးမီနောက်မီလူကြီး သူမများ၏ ပြောကြားချက်အရ ဗဟု သုတအနေဖြင့်ပြုရသော် မြန်မာ တစ်နိုင်ငံလုံးတွင် သာသနာပြုရာ၌ ကျော်ကြားလှသော ပြည်မြို့ရတနာ မာန်အောင် ရွှေဖျိုင်းနားဆရာတော် ဘုရားကြီးသည် ဆယ်ထပ်ကြီးဘုရား အမိုးအကာဖြင့် ပြုလုပ် လှူဒါန်းရန် ကြိုးစားသော်လည်း အောင်မြင်မှုမရှိ ဟု သိကြားရဖူးသည်။ ဆယ်ထပ်ကြီး ဘုရားကြီးသည် လွင်တီးခေါင်ခေါင် တွင် ကိန်းဝပ် စံပယ်လိုဟန်ရှိမည်ဟု ယူဆရန်ရှိသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်လက်ထက်တော်တွင် လွင်တီးခေါင်ခေါင်တွင် ဓူတင်ဆောက် တည်သော ရဟန္တာအချို့ရှိသည်ဟု စာပေကျမ်းဂန်များတွင် လေ့လာဖတ်ရှု ရဖူးပါသည်။ (ဒါက စာဖတ်သူတွေ အတွက် ဗဟုသုတအလို့ငှာတင်ပြရခြင်း ဖြစ်သည်။) ဗုဒ္ဓစာပေများတွင် ဓူတင် (၁၃) ပါးရှိသည်ဟု သိရပါသည်။ ထို့ကြောင့် ဆယ်ထပ်ကြီးဘုရားသည် တစ်မူထူးခြားကာ တန်ခိုးကြီးလှသော ရုပ်ပွားတော်ကြီးတစ်ဆူ ဖြစ်ပါသည်။

ထိုဆယ်ထပ်ကြီးဘုရားကို ပြည် မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီ တော်မြတ်ကြီးပေါ်မှ ဖူးတွေ့နိုင်ပြီး ဖူးတွေ့ဖူးသူတိုင်း၊ အကြိမ်ကြိမ်အခါခါ ဖူးတိုင်း ဖူးမဝသော ဆယ်ထပ်ကြီးရုပ် ပွားတော်ဘုရားတစ်ဆူဖြစ်သည်။ ယနေ့ လည်း အဖိတ်နေ့ဖြစ်သောကြောင့် ဘုရားဖူးသူများနှင့် စည်ကားလှသည်။ သို့သော်လည်း ဆယ်ထပ်ကြီးဘုရား ကျောဘက်နားတွင်ရှိသော အဘဘိုး မင်းခေါင် ဓာတ်ခန်းထဲတွင်ရှိသော လူ သုံး၊ လေး၊ ငါးဦးမျှသည် တိတ်ဆိတ် ငြိမ်သက်စွာ ဖြင့် ပုတီးစိပ်နေကြသည်။ အဘဘိုးမင်းခေါင်ဓာတ်ခန်းမှ အလှူခံ နိဗ္ဗာန်ဆော်မှာ အလှူခံစားပွဲတွင် စာအုပ် တစ်အုပ်ကို ဖတ်ရှုလျက်ရှိသည်။

ဆရာကြီးဦးသိန်းဝင်းသည် ဓာတ် ခန်းထဲရှိဘုရားခန်းတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းပြီး ဘုရားကို ပူဇော် ကာ ဝိဇ္ဇာအပေါင်း၊ သိဒ္ဓိရှင်အပေါင်းကို ပင့်ဖိတ်လိုက်ပါသည်။ ထို့နောက် အမေ မမြစိမ်းနှင့် ဘောဝဝတီနဂါးမယ်တော် ကိုလည်း ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းပြီး ဘုရားအမှူးရှိသော ရဟန္တာ အပေါင်းကို ပူဇော်ရန် ဒါနကုသိုလ်ပြု လိုက်ပါသည်။

(စကားချပ် - ဤနေရာတွင် ဘုရား၊ ရဟန္တာအရိယာနှင့် သက်ရှိ ရဟန်းသံဃာ၊ မိဘ၊ ဆရာသမားများမှ လွဲ၍ တခြားသောနတ်တို့ကို ပူဇော်ရာ တွင် သူတို့ကို ပူဇော်ရာမဟုတ်ဘဲ နတ် များက ဘုရား၊ ရဟန္တာ အစရှိသော အရိယာပုဂ္ဂိုလ်များကို ပူဇော်နိုင်ရန် အတွက် ဒါနပြုပေးရခြင်း ဖြစ်သည်။)

"ဖောင်း"

အဲသည် သာမန်မျှထက်ကျယ် လောင်သော်လည်း ဓာတ်ခန်းအတွင်း တွင် ဖြစ်နေတာကြောင့် ဓာတ်ခန်းမ ဆောင်တစ်ခုလုံး ဟိန်းထွက်သွားပါ တယ်။ ဒါကို နားထဲကြားလိုက်ရတဲ့ ဆရာကြီး ဦးသိန်းဝင်းဟာ ပုတီးစိပ်နေ ခြင်းကို ခေတ္တခဏရပ်ပြီး မျက်လုံးဖွင့် ကာ ဝေ့ဝိုက်ကြည့်လိုက်တဲ့အခါ နောက် မှရောက်လာသူ အပါအဝင် ပုတီးစိပ်နေ တဲ့ ရှစ်ယောက်၊ ကိုးယောက်စလုံးဟာ ဘာမှကြားမိဟန်မတူတဲ့ပုံနှင့် ပုတီးစိပ် နေကြပါသည်။ အဲဒီမှာ ထူးခြားတာက အညာဖွင့်ထွက်သွားပြီး ပန်းထွက်လာတဲ့ အနုန်းစိမ်းရည်တွေဟာ ဘေးဘက်က ပုတီးစိပ်နေသူတွေကိုမစင်ဘဲ မိမိတစ်ဦး တည်းကိုသာ ရေနှင့် လှမ်းပက်လိုက် သလို ရွှဲရွဲစိုကုန်ပါသည်။ ဒါကို ဓာတ်ခန်း ထဲရှိသူအားလုံး တစ်ဦးတစ်ယောက်မှ သိရှိပုံမပေါ်တာ ထူးခြားလှပါသည်။ တိုက်ပုံအညို၊ ပုဆိုးကွက်တုံးကြီးနှင့် အဘဘိုးမင်းခေါင်ရုပ်တုကို မော့ကြည့် လိုက်တဲ့အခါ ကြက်သီးထလောက် အောင် ပြုံးပြုံးကြီးနှင့် အသက်ဝင်သလို စိုက်ကြည့်နေတာကို ခံစားသိရှိရပါ သည်။ ဒါနှင့် ပုတီးစိပ်ခြင်းကို အဆုံး သတ်ပြီး အဘနှင့်တကွ သိဒ္ဓိရှင်မဟိဒ္ဓိ ရှင်ပုဂ္ဂိုလ်အားလုံးကို အမျှဝေပြီး အဘ ဘိုးမင်းခေါင်ကို စိတ်ထဲမှဂါရဝပြုလိုက် ပါတယ်။

"ကျွန်တော် အဘကိုယုံပါပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိ ခဲ့ရင်လည်း ခွင့်လွှတ်ပေးပါ အဘ"

အဘဘိုးမင်းခေါင်ရုပ်တုကြီးက တော့ ပြုံးပြုံးကြီးခေါင်းညိတ်ပြနေ သယောင်ပါပဲ။ အနုန်းစိမ်းရည်တွေဟာ အင်္ကျီမှာစိုနေတာကြောင့် ဆယ်ထပ်ကြီး ဘုရားကနေ လေးဆူဓာတ်ပျော် ရွှေဆံ တော်ဘုရားရဲ့ မြတ်စွယ်တော်တိုက်ကို တက်ခဲ့ပြီး ညီအစ်ကိုလို တပည့်လိုဖြစ်တဲ့ သူ့ဆီကိုသွားပြီး လက်ဖက်ရည်ဆိုင် ဘက်ခေါ်ကာ အကြောင်းစုံပြောပြမိ သည်။

"ဒါကို ကျွန်တော်က ဆရာအိုက် လို့ ရေတွေလောင်းတာလားလို့တောင် မေးတော့မလို့လုပ်နေတာ"

"ဘယ်ဟုတ်ရမှာလဲကွာ၊ မင်းမယုံ ရင် နမ်းကြည့်ပါလားကွ"

"မသိဘူးလေ ဆရာရဲ့"

"ငါလည်း မယုံတဝက်ယုံတဝက်နဲ့ ဖြစ်နေလို့ အဘကို စိတ်ထဲကတောင်းပန် ခဲ့ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း၊ အင်း"

"ငါလည်း အဘဘိုးမင်းခေါင်က အကြိမ်ကြိမ်ခေါ်နေလို့ မယုံတဝက်ယုံတဝက်နဲ့လာတာ အဘက သိလောက်တယ်ကွ"

"ဒါနဲ့ ဆရာက"

"အေး - ငါလည်း မာတ်ခန်းထဲမှာ ငါးပါးသီလခံပြီး စမကြီးလေးလုံးဂါထာကို ပုတီးစိပ်နေတာ နာရီဝက်သာသာလောက်ကြာတော့ အုန်းပွဲထဲက အုန်းသီးစိမ်းဟာ အညှာကနေပွင့်ထွက်သွားတာကွ"

"အင်း၊ အင်း"

"အဲဒီမှာ အုန်းစိမ်းရည်တွေဟာ ငါ့တစ်ယောက်တည်းဆီကို ရေပိုက်နဲ့ လှမ်းထိုးသလိုထိတာကွ။ အဲဒါကို ငါလည်း ရှက်သွားပြီး ဘေးဘီဝဲ၊ ယာကိုကြည့်လိုက်တော့ ငါ့ရဲ့ဖြစ်ပျက်ပုံကို တစ်ဦးတစ်ယောက်မှ သိပုံမရတဲ့အပြင် အုန်းသီးထပေါက်သံကိုလည်း ကြားပုံမရဘူးကွ"

"ဒါကတော့ ဆရာတစ်ယောက်တည်းသိအောင် ပညာပေးလိုက်တာနေမှာ"

"အေး - အဲဒါကြောင့် မင်းကို လက်ဖက်ရည်ဆိုင်ခေါ်လာပြီး ပြောတာပေါ့"

"ဒါကတော့ ဆရာက အဘဘိုးမင်းခေါင်ကို အတုလို့ထင်မှားမှာစိုးလို့ အစစ်ဖြစ်ကြောင်း လက်တွေ့ပြလိုက်တာထင်တယ်နော်"

"အေး - အဲဒါထူးဆန်းတာပဲကွ။ အုန်းသီးက အစိမ်းလတ်လတ်ဆတ်ဆတ်ကြီးနဲ့ အညှာကကျွတ်ထွက်အောင်ပေါက်သွားတာက အံ့ဩစရာပဲ"

"ဒါတွေက သိဒ္ဓိရှင်၊မဟိဒ္ဓိရှင်တွေရဲ့ ဂမ္ဘီရပညာတွေထဲက သဲတစ်ပွင့်လောက်ရှိတဲ့ ပညာစွမ်းလောက်နဲ့တင် ဆရာ့ကိုပညာပေးသွားတာ"

"အေးကွ၊ ငါက အဲဒီအချိန်မှာ အဘရုပ်တုကို လှမ်းကြည့်လိုက်တဲ့အခါ ရုပ်တုက အဘမျက်လုံးတွေဟာ အရည်လဲ့ပြီး တကယ့်သက်ရှိအတိုင်း ပြုံးပြုံးကြီးနဲ့ ငါ့ကိုစိုက်ကြည့်နေတာကွ"

"အဲဒီတော့ ဆရာကလည်း မနောသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ဝီယသိဒ္ဓိတွေနဲ့ ပြည့်စုံပါရစေ အဘလို့ တောင်းလိုက်ရောပေါ့"

"ဟာကွာ၊ တောင်းဖို့နေနေသာ ရုပ်တုက အသက်ဝင်သလိုဖြစ်နေတာကို ငါကစိုက်ကြည့်ပြီး မှင်တက်နေတာပေါ့ကွ"

"အဲဒါဆိုရင် ဒီနေ့ဒီရက်ကစပြီး ဆရာထူးခြားမှာကျိန်းသေပြီ သတ်မှတ်လိုက်ပေတော့"

"အေး- ငါလည်း ဒီလိုပဲသတ်မှတ်ရမလိုဖြစ်နေပြီကွ"

ဆရာတပည့်နှစ်ဦး စကားပြောဆိုမှု အတန်ကြာသွားတဲ့အခါ လက်ဖက်ရည်ဆိုင်ထဲက ပြန်ထွက်လာကြပါသည်။ အဲဒီမှာ ဆရာတပည့်နှစ်ဦးသား လမ်းခွဲသွားကြပြီး တပည့်ဖြစ်သူဟာ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ မြတ်စွယ်တော် အလှူခံတာဝန်ကျရာ ဘုရားပေါ်ကို တက်သွားပါတော့သည်။ အဲဒီလိုထူးခြားမှုတွေဖြစ်ပျက်ပြီး ဆရာကြီးဦးသိန်းဝင်းလည်း သူ့ရဲ့တပည့်ပြောကြားခဲ့သလို ဂမ္ဘီရဆန်လွန်းတဲ့ ထူးခြားမှုတွေ စဉ်ဆက်မပြတ်ဖြစ်ခဲ့ပါသည်။ သူ့ဆီရောက်လာတဲ့ ပယောဂဝေဒနာရှင်တွေဆိုလျှင် ဟိန္ဒူကုလားလူမျိုးတွေ အဖွဲ့လိုက်လာရောက်ကုသခြင်းအပြင် မိမိရဲ့အိမ်မှုစီးပွားရေးလုပ်ငန်းကိုင်ငန်းကောင်းမွန်တိုးတက်လာခြင်းတို့နှင့် ဆေးကုသမှုတိုးတက်များပြားလာခြင်း ဖြစ်ပါသည်။ ဒါ့အပြင် ကုသိုလ်ကောင်းမှုတွေကိုလည်း ပြုလုပ်ရခြင်းဆိုတဲ့အတွေ့အကြုံတွေကိုလည်း ကြုံခဲ့ရပါသည်။

ဒါကြောင့် လောကကြီးမှာ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်ဆိုတဲ့ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်အပေါင်းတွေကို မယုံကြည်ပါဘူးဆိုတဲ့သူတွေအတွက် ဂမ္ဘီရဆန်ဖြစ်ရပ်မှန် လက်တွေ့ကြုံကြိုက်ခဲ့ရတဲ့ အဖြစ်အပျက်တွေထဲက တစ်ပိုင်းတစ်စအနည်းငယ်လောက်မျှသာဖော်ပြခြင်း ဖြစ်ပါသည်။ သည့်ထက်နက်နဲတဲ့ အဖြစ်အပျက်တွေ ကျန်ပါသေးသည်။ လောကကြီးမှာ ဘယ်အရာမှမယုံကြည်ချင်နေလို့ရပါသည်။ ဒါပေမယ့် ပုတ်ခတ်စော်ကားလာလျှင်တော့ အသက်အန္တရာယ်နှင့် ဒုက္ခတွေ့သွားနိုင်ပါသည်။ မယုံကြည်လို့နေတာဟာ ဒုက္ခမတွေ့ပါ။ မြန်မာနိုင်ငံအနှံ့အပြား ဒေသတွေမှာ ရှေးရိုးရာဆန်တဲ့ ဂမ္ဘီရဆန်ဆန်ပညာတွေ ရေတွက်လို့မကုန်ပါဘူး။ တချို့ဆိုရင် သူစိမ်းတွေကိုတောင် သင်မပေးတဲ့ ရှပ်ပြောင်းအတတ်ပညာတွေ ချင်းတွင်းမြစ်ဖျားက ထမံသီဆိုတဲ့ဒေသတစ်ဝိုက်မှာ ယနေ့တိုင်ရှိနေဆဲပါ။

လပြည့်၊ လကွယ်နေ့တွေဆိုလျှင် လူသားစင်စစ်က ကျားဘဝပြောင်းပြီး သတ်မှတ်ကာလအချိန်မှာ လူစင်စစ်ပြန်ဖြစ်တဲ့ပညာတွေပါ။ တစ်ချိန်က မြန်မာနိုင်ငံကို အုပ်စိုးခဲ့တဲ့ အင်္ဂလိပ်တွေတောင် လက်ဖျားခါရတဲ့ပညာရပ်ပါ။ ကလေးဝလမ်းကနေ ချင်းပြည်နယ်ကိုသွားရင် မဟာမြိုင်ဆိုတဲ့တောကြီးကို ဖြတ်သန်းသွားရပါသည်။ အဲဒီတောကြီးထဲက တချို့ရွာတွေဆိုလျှင် မျှားဖွပ်သည့်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းတာပါ။ သူတို့မျှားဖွပ်တာဟာ ပျားတစ်ကောင်မှ မသေစေရပါ။ သူတို့ရဲ့မန္တန်တစ်ခုကို ရွတ်လိုက်လျှင် ပျားတွေက ဖယ်ပေးကြသည်။ ဒါပေမယ့် ပျားအုံမှ ပျားလဘို့ကို အကုန်မယူပါဘူး။ မိမိဝမ်းစာအတွက် သုံးပုံပုံတစ်ပုံပဲဖဲ့ယူကြလေ့ရှိပါသည်။ အဲဒီမန္တန်ကို ဘယ်သူ့မှမသင်ပေးပါ။ အဲဒီရွာမှာ နေထိုင်ခေါင်းချသွားမှသာ သင်လို့ရပါသည်။ သည်မန္တန်နှင့်တခြားဒေသမှာလုပ်ကိုင်၍မရပါ။ ဒါဟာ မဟာမြိုင်တောတွင်းရွာတွေရဲ့ ဂမ္ဘီရဆန်သည့်နည်းပညာတွေပါ။ သူတို့တွေဟာ တစ်သက်လုံး ပျားဖွပ်ပြီး ပျားရည်ရောင်းချခြင်းနှင့်ပဲ အသက်မွေးကြပါသည်။

ဒါတွေဟာ မြန်မာနိုင်ငံရဲ့ဂမ္ဘီရဆန်တဲ့ပညာတွေပါ။ ဒါပေမယ့် လူတိုင်းကိုတော့ ယုံပြီးပုံမအပ်မိဖို့အရေးကြီးပါသည်။ အရာရာကိုလေ့လာပါ။ စူးစမ်းပါ။ သုံးသပ်ပါ၊ ဒါတောင် လူလိမ်နှင့်တွေ့သဖြင့် ဒုက္ခရောက်သူတွေလည်းရှိပါသေးသည်။ မြန်မာနိုင်ငံမှာဆိုလျှင် ဘိုးတော်တု၊ ဘိုးတော်လိမ်တွေ၊ နတ်ကတော်တု၊ နတ်ကတော်လိမ်တွေ၊ ဓာတ်စီးနတ်စီးလုပ်နေကြတာ ရေတွက်လို့မကုန်နိုင်ပါ။ သိဒ္ဓိရှင်၊မဟိဒ္ဓိရှင်တွေနှင့်ဆိုင်ရာ ရိုးရာနတ်အပေါင်းတို့က အလှူဒါနပြုခြင်း၊ မေတ္တာပို့ပေးခြင်း၊ မေတ္တာပွားခြင်းကို ပိုနှစ်သက်ပါသည်။

အဘဘိုးဘိုးအောင်ကို သက်ရှိထင်ရှားမြင်တွေ့ရတဲ့အကြောင်းနှင့်ဆုံးမစကားပြောကြားခဲ့ပုံများကို ရေးသားတင်ဆက်ပါဦးမည်။

အရာရာကိုမရှိမသေမလေးမစားမလုပ်ဘဲ ရိုရိုသေသေ ဆက်ဆံပါလျှင် အန္တရာယ်မရှိနိုင်ဘူးဆိုတာ တင်ပြရင်း-

*ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ပြောပြသော ရွှေရင်ကျော်ကျွှာသဃမဟိဒ္ဓိစေ ဂိုဏ်းတော်မှ ဆရာကြီးဦးသိန်းဝင်းအား ကျေးဇူးပြု၍။*

ရသဂမ္ဘီရ-ကျော်ဝင်းအောင်

(ပြည့်-ဆည်းမြောင်း)



www.burmeseclassic.com

www.burmeseclassic.com

ဇာတိဂုဏ်-မျိုးမြင့်အောင်

# နှာခေါင်းရောဂါအတွက် ဆေးတစ်လက်



ကျွဲကောပင်၏ အပင်၊ အရွက်၊ အဖူးနှင့်အပွင့်ပုံ

ကျွန်ုပ်သည် မြန်မာတိုင်းရင်းဆေးဆရာကြီးများ လက်စွဲထား၍ အသုံးပြုခဲ့ရှိသော ဆေးနည်းများကို တကူးတက လေ့လာမှတ်သားလျက် မှတ်တမ်းတင်သောအလုပ်ကို အလွန်ပင် ဝါသနာပါသူတစ်ဦး ဖြစ်ပါသည်။ အသက် (၁၈) နှစ်အရွယ်မှအစပြု၍ အလျဉ်းသင့်သလို မှတ်တမ်းပြုလာခဲ့သည်မှာ ယခုထက်တိုင် ပြုလုပ်နေဆဲ ဖြစ်ပါသည်။ အမှန်တကယ် လက်တွေ့ကုသမှုတွင် လွန်စွာအစွမ်းထက်သည်နှင့်အမျှ လွယ်ကူ၍ ရိုးရှင်းနည်းလှသော ဆေးမြီးတိုကဏ္ဍကို သီးခြားမှတ်တမ်းတင်ထားခဲ့ပါသည်။ ဆေးနည်းများထဲမှ တချို့သောဆေးနည်းများကိုလည်း မဂ္ဂဇင်းများတွင် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုဖော်ပြမည့် ဆေးနည်းသည် အကြိမ်ကြိမ်အခါခါ လက်တွေ့ပျောက်ကင်းစေခဲ့သောနည်းပင် ဖြစ်ပါသည်။ ထိပ်ခတ်နာကို တချို့က ထိပ်ကပ်နာဟုလည်း ခေါ်ကြပါသည်။ ထိုထိပ်ကပ်နာနှင့် နှာပုပ်နာတို့ကို လွယ်ကူလျင်မြန်စွာ ပျောက်ကင်းစေနိုင်သောဆေးနည်း ဖြစ်ပါသည်။

ထိပ်ကပ်နာ၏ အဓိကရောဂါလက္ခဏာမှာ နှာခေါင်းမှ မည်သည့်အနံ့အသက်ကိုမျှ မခံစားရခြင်းနှင့် တစ်ခါတစ်ရံ နှာခေါင်းယားယံ၍ တခွီးခွီးဖြစ်တတ် မှုတ်ထုတ်လေ့ရှိခြင်းပင် ဖြစ်၏။

နှာပုပ်နာ၏ အဓိကလက္ခဏာမှာ နှာခေါင်းအတွင်းမှ ဆိုးဆိုးရွားရွားအပုပ်နံ့ထွက်ခြင်းနှင့် နှာခေါင်းအတွင်း၌ရောင်ရမ်းနာကျင်ခြင်းပင် ဖြစ်၏။

ဤဆေးနည်းကို လက်စွဲထား၍ အသုံးပြုခဲ့သူမှာ ရေနံချောင်းမြို့မှ တိုင်းရင်းဆေးဆရာကြီး ဦးဟံရ ဖြစ်ပါသည်။ ဦးဟံရသည် လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်ခန့်က အသက် (၉၅) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

ထိုဆရာကြီးအသုံးပြုကုသခဲ့ပုံမှာ ပြောင်းဖူးဖက်ဖြင့် ဆေးရွက်ကိုလိပ်၍ အသုံးပြုကုသခဲ့ပါသည်။ ထိုစဉ်အခါက အညာဒေသများတွင် ပြောင်းဖူးဖက်ဖြင့် ဆေးလိပ်လိပ်၍ သောက်ကြသူများ ပေါများလှပါသည်။ အညာဒေသအခေါ် ကျွဲဘောက်ပင်မှ အရွက်များကို ခူး၍ နုပ်နုပ်ပါအောင် ဓားဖြင့်လှီးပြီးနောက် အခြောက်လှန်းရပါသည်။ ခြောက်သွားသောအခါ ပြောင်းဖူးဖက်ကို အသုံးပြု၍ ကျွဲဘောက်ရွက်အခြောက်များကို ထည့်လျက် ဆေးလိပ်ဖြစ်အောင် ပြုလုပ်ပါသည်။ ထိုဆေးလိပ်ကို မီးညှိ၍ ရောဂါဖြစ်သူ၏ နှာခေါင်းထဲသို့ ပါးစပ်ဖြင့် ဖွာရှိုက်ပြီး အကြိမ်ကြိမ်မှုတ်သွင်းပေးရပါသည်။ ဆေးလိပ်သောက်သူများဖြစ်ခဲ့ပါလျှင် ကုသရာ၌ ပိုမိုလွယ်ကူ၏။ ကျွဲဘောက်ရွက်ခြောက်ဖြင့် ပြုလုပ်ထားသောဆေးလိပ်ကို ဖွာရှိုက်၍ နှာခေါင်းမှ မှုတ်ထုတ်လိုက်ရုံပင် ဖြစ်၏။

ယခုအခါတွင် ပြောင်းဖူးဖက်ဆေးလိပ်ခေတ်ကုန်ခဲ့သောကြောင့် သနပ်ဖက်ဆေးလိပ်ကို ဝယ်ယူ၍ အသုံးပြုရပါသည်။ ဆေးလိပ်ထဲမှ ဆေးရိုးများကို ကုန်စင်အောင်ထုတ်ပစ်ပြီး ကျွဲဘောက်ရွက်အခြောက်များကို ပြန်လည်ထည့်သွင်းရပါသည်။ ထိုဆေးလိပ်ဖြင့် ဆေးခိုးမှုတ်ကုသခြင်းအားဖြင့်လည်း ပျောက်ကင်းစေပါသည်။

ထိပ်ကပ်နာအတွက် တစ်နေ့ (၅) ကြိမ်မှ (၁၀) ကြိမ်အထိ ဆေးမီးခိုးမှုတ်ခြင်း (ဆေးမှိုင်းတိုက်ခြင်း) ကို ပြုလုပ်ပေးနိုင်ပါသည်။ (၁၀) ရက်ခန့်အကြာတွင် နှာခေါင်းမှ အနံ့အသက်များ ခံစားလာနိုင်ပြီး တခွီးခွီးဖြစ်ခြင်းမှလည်း ပျောက်ကင်း သက်သာသွားသည်ကို တွေ့မြင်ကြပါမည်။

နှာပုပ်နာသည်လည်း အလွန်ပင် ဆိုးဝါး၍ ခံစားရခက်လှသော ရောဂါတစ်မျိုးပင် ဖြစ်ပါသည်။ ၎င်းနှာပုပ်နာကို ကုသရာတွင် တစ်နေ့ (၃) ကြိမ်မှ (၅) ကြိမ်အထိ ဆေးမီးခိုးမှုတ်ပေးရပါမည်။ ဆေးမီးခိုးမှုတ်ခြင်းကို ပြုလုပ်ရာတွင် တစ်ခါမှုတ်လျှင် (၂၅)ကြိမ် အနည်းဆုံးထား၍ မှုတ်ပေးရပါမည်။ နှာပုပ်နာဖြစ်သူများသည် နှာခေါင်းမှ စေးခဲခဲ့ပျစ်ပြီး အပုပ်နံ့ထွက်နေသည့် နှပ်ခဲ၊ နှပ်ရည်များထွက်ကျလာသည်ကို တွေ့ကြရပါမည်။ (၅) ရက်အတွင်းမှာပင် နှာပုပ်နာ ပျောက်ကင်းသွားလေ့ရှိသည်ကို တွေ့ကြရပါမည်။

လက်တွေ့ကုသ ပျောက်ကင်းခဲ့ပုံများကို စာလေးမည်စိုး၍ မရေးတော့ပြီ။ ဆေးပင်၏ အခေါ်အဝေါ်မှာ အရပ်ဒေသအပေါ် မူတည်၍ အခေါ်အဝေါ်များကွဲလွဲမှုရှိနိုင်သဖြင့် သေချာစွာသိရှိနိုင်စေရန် ဓာတ်ပုံဖြင့် ဖော်ပြပေးထားပါသည်။ ရန်ကုန်မြို့အဖို့ မီးရထားသံလမ်းဘေးတစ်လျှောက် တချို့နေရာများတွင် တွေ့ရှိနိုင်ပြီး သာမကန်တစ်ဝိုက်တွင်လည်း ပေါက်ရောက်လေ့ရှိသည်ကို တွေ့ရပါသည်။ ကျွဲဘောက်ပင်သည် တော်သတင်းလနှင့် သီတင်းကျွတ်လများတွင် ပွင့်သီးလေ့ရှိပါသည်။ ဘေးထွက်ဆိုးကျိုးမရှိခြင်း၊ အမြစ်ပြတ်အောင် ပျောက်ကင်းခြင်း၊ လွယ်ကူစွာကုသနိုင်ခြင်းနှင့် ငွေကုန်သက်သာခြင်းတို့ကြောင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် မြန်မာ့ဆေးမြီးတိုတစ်မျိုးအား ခုနစ်ရက်သားသမီးများအတွက် ရေးသား တင်ပြလိုက်ပါသည်။

ဇာတိဂုဏ်-မျိုးမြင့်အောင်




www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ဖုန်းရွှေပညာ သိကောင်းစရာ




**ကြီးပွားချမ်းသာခြင်း ကွာနှင့် ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာတို့ ဆန့်ကျင်ဘက်၊ မျက်နှာချင်းဆိုင် ဆွဲဆောင်နေပုံ**

**ကြီးပွားချမ်းသာခြင်း'ကွာ'အား ကိုယ်စားပြုသည့် အင်္ဂါအစိတ်အပိုင်း**

ကြီးပွားချမ်းသာခြင်း'ကွာ'သည် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော တင်ပါးအားကိုယ်စားပြုပြီး ကိန်းဂဏန်းအားဖြင့် (၈) ဂဏန်းအား ရည်ညွှန်းသည်။

ဂဏန်းဗေဒင်ရှုထောင့်အရ (၈) ဂဏန်းသည် ရုပ်ဝတ္ထုပစ္စည်းများ ပိုင်ဆိုင်ရရှိခြင်းသဘောကို ရည်ညွှန်းသည်။ ထို့အတူ (၁) မှ (၉) အထိရှိသော ဂဏန်းများသည် အိမ်နံပါတ်တစ်ခုခုဖြစ်နေပါက ပေါင်းခြင်းဂဏန်းသည် သင်နေသောအိမ်အား စိုးမိုးထားသောဂဏန်းဖြစ်သည်။

ဥပမာ အိမ်နံပါသည် (၂၄၈၈၁) ဖြစ်ပါက ၎င်းတို့အား ပေါင်းရာတွင် (၂+၄+၈+၈+၁=၂၃, ၂+၃=၅) ဟူ၍ ရရှိသော (၅) ဂဏန်းသည် ၎င်းအိမ်အား စိုးမိုးသောဂဏန်းပင် ဖြစ်သည်။

ကိန်းဂဏန်းများသည် ၎င်းတို့ စိုးမိုးထားသော အမည်၊ အိမ်နံပါတ်များအလိုက် တစ်သက်သာအတွင်း စိန်ခေါ်မှုအမျိုးမျိုးကို ဖန်တီးပေးတတ်သည်။ ကိန်းဂဏန်းများအနက် (၈) ဂဏန်းသည် အကောင်းဆုံးဖြစ်ပြီး ကြီးပွားချမ်းသာခြင်း'ကွာ'အား ကိုယ်စားပြုလျက်ရှိသည်။ (၇) ဂဏန်းသည် စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့ရတတ်ပြီး စိတ်ပိုင်းဆိုင်ရာအခြေအနေနှင့် စဉ်စားတွေးခေါ်မှုများအား ကိုယ်စားပြုထားသည်။

**ကြီးပွားချမ်းသာခြင်း'ကွာ'အတွက်အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စများ**

ကြီးပွားချမ်းသာခြင်း'ကွာ'အတွက် ဖုန်းရွှေနှင့်အညီ အလျင်အမြန်ဆောင်ရွက်နိုင်စေရန် အဆိုပါ'ကွာ' နေရာ၌ အောက်ပါအတိုင်း ပြုလုပ်ရမည်။

၁။ အိမ်ရှိကြီးပွားချမ်းသာခြင်း 'ကွာ'နေရာအား ကောင်းမွန်စွာ သန့်ရှင်းထားပေးပါ။

၂။ အကျိုးအပဲ့ပစ္စည်း၊ ကိရိယာများအား ဖယ်ရှားရှင်းလင်းပါ။

၃။ ကြီးပွားချမ်းသာခြင်း'ကွာ'တွင် ရေအိမ်ရှိနေပါက နေရာရွှေ့ပေးပါ။

၄။ စွမ်းအင်မြှင့်တင်မည့် အစိအရင်များအား လျင်မြန်စွာဆောင်ရွက်ပေးပါ။

**ကြီးပွားချမ်းသာခြင်း'ကွာ'အတွက်အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

ခရမ်း၊ အစိမ်း၊ အနီ၊ ရွှေရောင်များ၊ ရွေ့လျားနေသော ရေ၊ အရွက်ဝိုင်းသောအပင်ငယ်များ၊ ရွေ့လျားနေသောဝတ္ထုပစ္စည်းများ။

**အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ**

ညစ်ပေသော၊ ဖုန်တက်နေသော အရာများ၊ ကျိုးပဲ့စုတ်ပြတ်နေသော ပစ္စည်းများ၊ အမှိုက်ပုံး၊ အပင်သေ၊ မီးလင်းဖို၊ ရေအိမ်။

**ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်တွင်ရှိသော 'ကွာ'**


ကူညီတတ်သူများနှင့် ခရီးသွားခြင်း'ကွာ'။

**ကိုယ်စားပြုကိုယ်အင်္ဂါအစိတ်အပိုင်း** - တင်ပါး

**ဆက်စပ်ပတ်သက်နေသောကိန်းဂဏန်း** - (၈)

## အပိုင်း (၃)

## ထင်ပေါ်ကျော်ကြားခြင်း ကိုယ်စားပြုသော'ကွာ'




သင့်အိမ်ရှိ ထင်ပေါ်ကျော်ကြား ခြင်းဆိုင်ရာ'ကွာ'အား စွမ်းအင်မြှင့်တင် ပေးပါက အောက်ပါ အကျိုးရလ ကောင်းများတို့ ရရှိသည်။

- စီးပွားရေးလုပ်ငန်းများအဆ ပြေချောမွေ့ခြင်း၊ လုပ်ငန်းသစ်လုပ်ကို ခြင်းနှင့် လုပ်ငန်းဟောင်းများ တိုးချဲ့လု ကိုင်နိုင်ခြင်း။

- အစဉ်အမြဲကြောက်ရွံ့နေရခြ ကြောင့် မလုပ်ကိုင်ဖြစ်ခဲ့သောလုပ်င အားလုံးအား သတ္တိရှိရှိလုပ်ရဲကိုင်ရဲလာ ခြင်း။

- မိမိအိမ်ထောင်ဖက်ထံမှ ရိုး လေးစားမှုရရှိခြင်း၊ မိသားစု၏ လေ မှုခံရခြင်း၊ မိတ်ဆွေအပေါင်းအသင်း

www.burmeseclassic.com

၏ ယုံကြည်မှုခံရခြင်း။

- ကောင်းသောကျော်ကြားမှုများအား ကာကွယ်စောင့်ရှောက်နိုင်ခြင်း။

- ထင်ပေါ်ကျော်ကြား လူသိများလာခြင်း။

- အဘက်ဘက်၌ လူတကာ၏ ယုံကြည်လေးစားခြင်းခံရသောကြောင့် နာမည်ကောင်းလက်မှတ်ရရှိခြင်း။

- သင့်အားတန်းဖိုးထား လေးစားသူတို့ထံမှ ကူညီထောက်ပံ့မှုမျိုးစုံရရှိခြင်း၊

- သင်မည်သူဖြစ်သည်ကို ကိုယ်တိုင်ယုံကြည်လက်ခံလာနိုင်ခြင်းတို့ပင်ဖြစ်သည်။

ထင်ပေါ်ကျော်ကြားခြင်း 'ကွာ' သည် အနီရောင်၊ တြိဂံပုံချွန်ထက်နေသောပုံစံများနှင့် ဆက်စပ်လျက်ရှိပြီး မီးဓာတ်ကို ကိုယ်စားပြုသည်။

**ထင်ပေါ်ကျော်ကြားခြင်း 'ကွာ' အတွက် စွမ်းအင်မြှင့်ပေးနိုင်သည့်အရာများ**

**မီးဓာတ်**

မီးဓာတ်သည် ထင်ပေါ်ကျော်ကြားခြင်း'ကွာ'နှင့်ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် အိမ်ရှိ ၎င်း'ကွာ'ရှိသောနေရာ၌ မီးလင်းဖို၊ မီးအိမ်၊ ဖယောင်းတိုင်သည့် မီးဓာတ်ကိုယ်စားပြုပစ္စည်းများ ထားရှိပေးပါ။ သို့သော်လည်း မီးအလင်းရောင်အတွက် မီးလုံး၊ ဖယောင်းတိုင်တို့အား အဆိုပါ'ကွာ'ရှိရာအခန်း၌ တစ်ချိန်လုံး ထွန်းထားပေးရန် မလိုအပ်ပါ။

**အလင်းရောင်**

မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းသော ဖယောင်းတိုင်အတုကိုလည်း မီးဓာတ်ကိုယ်စားပြုအဖြစ် အသုံးပြုပေးနိုင်သည်။

**အနီရောင်ရှိသောပစ္စည်းများ**

ထင်ပေါ်ကျော်ကြားခြင်း'ကွာ'နေရာ၌ အနီရောင်ရှိသော ဖယောင်းတိုင် (သို့) အနီရောင်ရှိဆေးနှင့် အခြား အနီရောင်ရှိပစ္စည်းများ ထားရှိပေးပါ။

**တြိဂံပုံရှိချွန်သောသဏ္ဌာန်ပါပစ္စည်းများ**

တြိဂံပုံချွန်သောပုံစံရှိသည့်ပစ္စည်းများသည် မီးဓာတ်အား ကိုယ်စားပြုပြီး ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ 'ကွာ' အား စွမ်းအင်မြှင့်တင်ပေးနိုင်သည်။

တစ်နည်းအားဖြင့် မီးဓာတ်သည် သေိစိတ်ကိုလည်း စိုးမိုးထားသည်။ သင်သည် မီးဓာတ်ကိုယ်စားပြု ချွန်သော ထက်နက်ပုံစံများအား ထင်ပေါ်ကျော်ကြားခြင်း'ကွာ'တွင် ထားရှိမည်ဆိုပါက လှံတံ၊ မှိန်း၊ မြား၊ ဓားမြှောင်၊ ခုတ်ဓားတို့အားထားရှိပေးနိုင်သည်။

**သစ်သားဓာတ်**

ဖုန်းရှွေ၏ မွေးဖွား၊ ဖြစ်တည်၊ ဖန်တီးနိုင်ခြင်းပြုစက်ဝိုင်းအရ သစ်သားသည် မီးဓာတ်အား ပိုမိုအားကောင်းစွာ တောက်လောင်နေစေရန် အားဖြည့်ပေးသည်။ မီးတောက်အရှိန်အဟုန်ကြီးမားသလောက် သင့်ထင်ပေါ်ကျော်ကြားမှုများကလည်း တစ်ဟုန်ထိုးမြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် မီးဓာတ်ကိုယ်စားပြုသည့် ထင်ပေါ်ကျော်ကြားခြင်း'ကွာ'နေရာ၌ သစ်သားနှင့်ပြုလုပ်သောပရိဘောဂများ၊ ဓာတ်ပုံ၊ ပန်းချီပေါင်များ၊ ခရစ္စမတ်သစ်ပင်တို့အားထားရှိပေးပါ။

**အစိမ်းရောင်**

သစ်သားဓာတ်အား ရည်ညွှန်းသည့်အရောင်ဖြစ်သည်။ အစိမ်းရောင်ရှိ သစ်ပင်မှရသော သစ်သားထည်များအား ဖော်ပြပါကွာ၌ ထားရှိပေးပါ။

**ရုပ်/သံစက်**

မီးဓာတ်ကိုယ်စားပြုပစ္စည်းတစ်ခုဖြစ်ခြင်းကြောင့် ထင်ပေါ်ကျော်ကြားခြင်း'ကွာ'၌ထားရှိသင့်သည်။

**ထောင့်မှန်စတုဂံပုံစံနှင့် ကျောက်တိုင်၊ ကော်လံတိုင်များ**

ထင်ပေါ်ကျော်ကြားခြင်း 'ကွာ'ရှိရာ အခန်းနံရံတွင် ဒေါင်လိုက်ပုံစံရှိပစ္စည်းများ၊ ထောင့်မှန်စတုဂံပုံစံများ၊ ကော်လံ၊ ကျောက်တိုင်ပုံစံပစ္စည်းများရှိနေပါက (ဥပမာ - မတ်ရပ်နာရီ) ဖြစ်ပါကလည်း ကောင်းသောစွမ်းအင်ကို ရစေသည်။

**မီးဓာတ်ကိုယ်စားပြုပစ္စည်းများ**

ရှေးကြယ်များ၊ လေဘာတီရုပ်တုပုံစံ၊ မီးပုံပွဲဓာတ်ပုံ၊ မီးတောင်ဓာတ်ပုံ၊ နေလုံးပုံ၊ ကြောက်အိုး၊ မီးပန်းတို့အား ထားရှိပေးပါက ထင်ပေါ်ကျော်ကြားခြင်းအတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည်။

**အရောင်စုံပါမှန်တပ်ဆင်ခြင်း**

ထင်ပေါ်ကျော်ကြားခြင်း'ကွာ'ရှိရာအခန်းတွင် ပြတင်းပေါက်နေရာ၌ အရောင်စုံပါမှန်များ တပ်ဆင်ထားပေးပါ။ အနီနှင့် အစိမ်းရောင် ဆေးသုတ်ထားသည့်မှန်အား အဓိကအသုံးပြုပါ။

**တိရစ္ဆာန်များနှင့် တိရစ္ဆာန်များမှရရှိသော အသုံးအဆောင်များ**

သားရေ၊ သိုးမွေး အစရှိသော တိရစ္ဆာန်များမှရရှိသည့်ပစ္စည်းများသည် ထင်ပေါ်ကျော်ကြားခြင်း'ကွာ'အတွက် စွမ်းအင်မြင့်တက်စေသည်။ အကယ်၍ သက်ရှိတိရစ္ဆာန်များဖြစ်ပါက ပို၍ပင် အကျိုးပေးကောင်းတတ်သည်။ တိရစ္ဆာန်များတွင် မီးဓာတ်ပါရှိပြီး ဖြစ်သည်။

ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ 'ကွာ'တွင်ရှိအခန်းတွင် သစ်သားဖြင့်လုပ်သောစာအုပ်စင်၌ အနီရောင်လယ်သာ အဖုံး ဖုံးထားသောစာအုပ်များထားရှိပါက (သို့) တိရစ္ဆာန်ရုပ်ပုံများ ချိတ်ဆွဲထားရှိပါက ပိုကောင်းပါသည်။

**အပင်များ**

အပင်များသည်လည်း ထင်ပေါ်ကျော်ကြားခြင်း'ကွာ'အတွက် စွမ်းအင်မြှင့်ပေးနိုင်ကြသည်။ ထို့ကြောင့် ၎င်း'ကွာ' နေရာ၌ အပင်ရှင်သန်ကြီးထွားလေ ထင်ပေါ်ကျော်ကြားမှု ပိုမိုမြင့်တက်လာလေဖြစ်ပါမည်။

**အသိအမှတ်ပြုခြင်းခံရပုံကို ဖော်ပြသည့်ပစ္စည်းများ**

ဘွဲ့တံဆိပ်၊ ဒီဂရီလက်မှတ်၊ ဘွဲ့ရဓာတ်ပုံ၊ ဆုတံဆိပ်များ၊ အားကစားထူးချွန်၍ ချီးမြှင့်ခံရသော ဆုဖလားများ၊ အော်စကာရုပ်တု၊ အကယ်ဒမီဆုရုပ်တုများထားရှိပါကလည်း ထင်ပေါ်ကျော်ကြားခြင်း'ကွာ'အတွက် စွမ်းအင်မြင့်လာစေပါသည်။

**ကိုယ်ပိုင်အလိုဆန္ဒအတွက် စာရင်းပြုစုခြင်း**

အနီရောင်ရှိသော စက္ကူ(စာရွက်)ပေါ်၌ မိမိလိုချင်၊ ရချင်၊ ဖြစ်ချင်သော ဆန္ဒများအားချရေးပါ။ ထိုသို့ ရေးပြီးသောစာရွက်အား ထင်ပေါ်ကျော်ကြားခြင်း'ကွာ'ရှိရာအခန်းနံရံ၌ ကပ်ထားပေးပါ။

**အပေါ်မော့ကြည့်ရမည့်ပစ္စည်းများ ထားရှိခြင်း**

မီးတောင်ကဲ့သို့ ထိပ်ချွန်သော အစုအပုံပစ္စည်းများ၊ ငှက်ရုပ်များ၊ ကြယ်ပုံစံများ၊ နေ၊ လ အစရှိသည့် ကောင်းကင်ယံမှ ဂြိုဟ်များ၏ ရုပ်ပုံကားချပ်များအား အပေါ်မော့ကြည့်ရလောက်သည့်အမြင့်နေရာ၌ ထားရှိပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**တောင်တန်းများရုပ်ပုံထားရှိခြင်း**

ထင်ပေါ်ကျော်ကြားခြင်း'ကွာ'ရှိရာ အခန်းတံခါးအနောက်ဘက်၌ တောင်တန်းများရုပ်ပုံထားရှိပေးပါ။ တောင်တန်းများသည် မီးဓာတ်အား လိုသည်ထက် ပိုမိုစွမ်းအင်မမြင့်လာစေရန် ထိန်းချုပ်ပေးသည်။

**ထင်ပေါ် ကျော်ကြားခြင်း 'ကွာ'အတွက် အန္တရာယ်ပေးနိုင်သည့်အရာများ**

**ရေဓာတ်**

ဖုန်းရွှေရှုထောင့်အရ ရေသည် မီးအား ငြိမ်းသတ်ပေးနိုင်သည့် စွမ်းအင်ရှိသည်။ ဖုန်းရွှေ၏ ဖျက်ဆီးပျက်သုဉ်းခြင်းပြစက်ဝိုင်းအရ ရေက မီးအား ဖျက်ဆီးပျက်သုဉ်းစေသည်။

မီးဓာတ် ကိုယ်စားပြုနေသော ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ'ကွာ'၌ ရေဓာတ်ကိုယ်စားပြုအရာများရှိနေခြင်းကို သတိပြုပေးပါ။ အကယ်၍ ဖော်ပြပ'ကွာ'တွင် ရေဓာတ်ကိုယ်စားပြု ရေဘုံဘိုင်ရှိနေပါက ရေဓာတ်အား နှိမ်နင်းနိုင်သော မြေဓာတ်ကိုယ်စားပြု ပန်းအိုး၌ အပင်ငယ်စိုက်ပြီးထားရှိပေးပါ။

**အမည်းရောင်ရှိပစ္စည်းများ**

အမည်းရောင်ရှိပစ္စည်းများသည် ရေဓာတ်အား ကိုယ်စားပြုထားသည်။ ထို့ကြောင့် ထင်ပေါ်ကျော်ကြားခြင်း 'ကွာ'မှာ မီးဓာတ်စိုးမိုးထားသောကြောင့် မီးဓာတ်အား ငြိမ်းသတ်နိုင်သည့် ရေဓာတ်ကိုယ်စားပြု အမည်းရောင်ပစ္စည်းများအား ထိုကွာနေရာမှ ဖယ်ရှားပေးထားပါ။ သို့သော်လည်း အရွယ်အစားသေးလွန်းသည့် အမည်းရောင်စာအုပ်များဖြစ်ပါက ထိခိုက်မှုမဖြစ်နိုင်ခြင်းကြောင့် မူလအတိုင်းထားရှိပါ။

**ဝမ်းနည်းကြေကွဲခြင်းနိမိတ်ပြပစ္စည်းများရှိခြင်း**

ဝမ်းနည်းကြေကွဲမှုအဓိပ္ပာယ်ဖြစ်စေသည့် သတ်ဖြတ်ခံနေရသောသားရဲတိရစ္ဆာန်ပုံများ ငတ်မွတ်ခေါင်းပါးနေပုံပေါ် အောင်ရေးဆွဲထားသည့်ပန်းချီကားများ၊ နာမည်မကျော်ကြားသောသရုပ်ဆောင်တို့၏ ရုပ်ပုံပန်းချီကားများထားရှိမိပါက သင့်အတွက် ထင်ပေါ်ကျော်ကြားနိုင်မည့်စွမ်းအင်များအား လျော့ကျသွားစေတတ်သည်။

ပင်လယ်ရေသတ္တဝါများဖြစ်သည့် ငါးမန်း၊ ပင်လယ်မျှော့များ၊ ဖားများ၊ ဝက်များ၊ ကြွက်များတို့၏ရုပ်ပုံတို့သည်လည်း ထင်ပေါ်ကျော်ကြားခြင်းကွာအား စွမ်းအင်လျော့ကျစေမည် ဖြစ်သည်။

**ကြည့်မှန်များ**

မှန်များသည် ရေဓာတ်အားကိုယ်စားပြုထားသည်။ အကယ်၍ ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ'ကွာ'ရှိအခန်းတွင် မီးလင်းဖိုအထက်၌ ကြည့်မှန်ချိတ်ဆွဲထားပါက မီးဓာတ်အား ရေဓာတ်က အပေါ်မှဖျန်း၍ ငြိမ်းသတ်သည့်သဘောကို ဖြစ်စေသည်။

သို့သော်လည်း မီးလင်းဖိုအထက်တွင် ထားရှိမည့် မှန်အရွယ်အစားသေးငယ်ပါက (ကြည့်မှန်သည် မီးလင်းဖိုအရွယ်ထက်မကြီးပါက) တစ်စုံတစ်ရာ ထိခိုက်မှုမရှိနိုင်ပေ။

**ထင်ပေါ်ကျော်ကြားခြင်း'ကွာ'၌ ရေကူးကန်ရှိနေခြင်း**

အိမ်ရှိ ထင်ပေါ်ကျော်ကြားခြင်း 'ကွာ' ရှိသောနေရာတွင် ရေကူးကန်ရှိနေပါက ရေဓာတ်လွန်ကဲမှုအား ထိန်းချုပ်ရန်၊ ရေဓာတ်အား နိုင်နင်းသည့်မြေဓာတ် အစီအရင်ပြုလုပ်ပေးရန် လိုအပ်သည်။

ထို့ကြောင့် မြေဓာတ်ကိုယ်စားပြု ကျောက်တုံး၊ ကျောက်ခဲများစွာအား အိမ်ပတ်ပတ်လည်နှင့် ရေကူးကန်အနီးကာရံပြီး သစ်သားဓာတ်က မီးဓာတ်အား မြင့်တက်လာစေရန် သစ်ပင်များစီတန်းစိုက်ထားပေးပါ။ အရွက်များချွန်၍ အနီရောင်ပန်းများပွင့်ပါက မီးဓာတ်ကို ပိုမိုရရှိသည်။


အကယ်၍ ရေကူးကန်အရွယ်အစားကြီးနေပါက အနီရောင်ပန်းအိုး (၉) အိုး၌ အပင် (၉) ပင်စိုက်ထားပေးပါ။

**ထင်ပေါ်ကျော်ကြားသော'ကွာ'တွင် ရေကူးကန်ရှိနေခြင်းကြောင့် ရေဓာတ်လွှမ်းမိုးခြင်းမဖြစ်ရန် ဖုန်းရွှေနည်းလမ်းဖြင့် ကုစားခြင်း**

သစ်သားဓာတ်သည် မီးဓာတ်အား အားကောင်းစေပြီး ထင်ပေါ်ကျော်ကြားခြင်းကို အရှိန်မြှင့်တင်ပေးသည်။

ရေကူးကန်အနီး မြေဓာတ်ကိုယ်စားပြုသော ကျောက်တုံးကျောက်ခဲများထားရှိပြီး အပင်စိုက်သောပန်းအိုးမှ အနီရောင်ပါရှိသည့်အပင်မှအရွက်သည်ချွန်သောပုံစံရှိပြီး အနီရောင်ပန်းပွင့်ပါက မီးဓာတ်ကို ပိုမိုရရှိကာ ထင်ပေါ်ကျော်ကြားမှု 'ကွာ' အား စွမ်းအင်မြင့်တက်လာစေသည်။

အကယ်၍ ထင်ပေါ်ကျော်ကြားမှုကွာတွင် လိုအပ်သလို စွမ်းအင်မြှင့်တင်မှုများမလုပ်ထားပါက ကြံစည်လုပ်




www.burmeseclassic.com

www.burmeseclassic.com

ကိုင်သမျှအားလုံး၌ ဆုံးဖြတ်ချက်များ သွင်းပြီး နောက်ဆက်တွဲပြဿနာများစွာ ရင်ဆိုင်ရတတ်သည်။

**အများ၏ရိုသေလေးစားမှုကိုရယူခြင်း**

သင်သည် နေ့စဉ်လူနေမှုဘဝ၌ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်၊ မိသားစုဝင်၊ ချစ်သူတို့နှင့် ပြောဆိုဆက်ဆံရာ၌ မိမိအပေါ် အလေးမမူ မရိုမသေမလေးစား သုံးပ်ခြင်းနှင့် ကြုံတွေ့ရပါက ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ'ကွာ'ကပင် စွမ်းအင်မြှင့်တင်ရန် ဆုံးဖြတ်သင့်သည်။

ထို့ကြောင့် အနီရောင်စာရွက်တစ်ရွက်တွင် -

**ရိုသေလေးစားမှု**

ဟူသည့် စကားလုံး ရေးသား၍ ထင်ပေါ်ကျော်ကြားခြင်း'ကွာ'၌ ထားရှိပေးပါ။ အကယ်၍ သင်သည် လူအများ မဟုတ်ဘဲ သက်ဆိုင်သူတစ်ဦးဦးထံမှ သီးခြားရိုသေလေးစားမှု ခံယူလိုပါက အနီရောင်စာရွက်ပေါ်၌ -

**. . . . ထံမှ လေးစားမှုခံယူလိုပါသည်။**

ဟုရေးပေးပါ။ ထို့နောက် ၎င်းစာရွက်အား ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ'ကွာ' တွင် ထားရှိပါ (သို့) အိပ်ခန်းအတွင်း၌ ထားရှိပေးပါ။

အကယ်၍ သင်သည် စာရွက်၌ စာဖြင့်ရေးသားရသော အစီအရင်အား နှစ်သက်ပါက ဆုများသောရှားစောင်း ပင် (သို့) ဆုများသောနှင်းဆီပန်းအိုးအား ထင်ပေါ်ကျော်ကြားခြင်း'ကွာ'တွင် ထားရှိပေးပါ။

**ထင်ပေါ်ကျော်ကြားခြင်းသည် (Fame) ဟူသောစာလုံး (၄) လုံးကြောင့်မဟုတ်**

ထင်ပေါ်ကျော်ကြားခြင်းအတွက် ၎င်း'ကွာ'၌ အရှုပ်အထွေးများ ဖယ်ရှားရှင်းလင်းကာ ဖုန်းရွှေအစီအရင်များ အောက်ပါအတိုင်း ပြုလုပ်သင့်သည်။ သင်သည် ရုပ်/သံအစီအစဉ်တွင် ပါရှိသူ၊ ရုပ်/သံတွင် လူအများသိအောင် ဖော်ပြခြင်းခံရသည့် ထင်ပေါ်ကျော်ကြားသူဖြစ်လိုပါက ပိုစတာဘုတ်ပြားတစ်ခုပေါ်၌ တီဗွီ (ရုပ်/သံ)၏ ရှေ့ပိုင်းပုံအား ရေးဆွဲပါ။ ရေးဆွဲပြီးသော ဘုတ်ပြားအား တီဗွီပုံစံဖြစ်လာအောင် ဖြတ်၊ ညှပ်ခြင်းပြုလုပ်ပါ။ ထို့နောက် ရရှိလာသော တီဗွီရှေ့ပိုင်း ပုံစံငယ်အား သင်နေ့စဉ်အသုံးပြုသည့် ကြည့်မှန်ပေါ်၌ ကပ်ထားပေးပါ။

ထို့နောက် အပေါက်ဖြစ်နေသည့် မှန်ပေါ်မှ တီဗွီရှေ့ပိုင်းပုံအား ကြည့်လိုက်သည်နှင့် သင်က တီဗွီထဲတွင် ပေါ်နေသည့်ပုံ ပေါ်လာပါမည်။

တီဗွီရှေ့ပိုင်းပုံအား မှန်ပေါ်တင်၍ ကြည့်ပေးရသည့် အစီအရင်ကို (၂၇) ရက်တိုင်တိုင် ပြုလုပ်ပေးပါ။ ၎င်းပြင် တီဗွီပုံအား ကြည့်ချိန်တိုင်း -

'ငါက အောင်မြင်ကျော်ကြားသူ၊ လူတကာထက်ထင်ပေါ်သူဖြစ်သည်'

'ငါသည် နာမည်ကျော် ရုပ်ရှင်မင်းသား/မင်းသမီး၊ သတင်းထုတ်လွှင့်သူဖြစ်သည်'

ဟူ၍ နှုတ်မှ ရွတ်ဆိုပေးရပါမည်။

အထက်ပါ ဖုန်းရွှေဆိုင်ရာလေ့ကျင့်မှုအား ရက်ပေါင်း (၂၇) ရက်ကြာ လုပ်ပါ။ မတတ်နိုင်ပါက အနည်းဆုံး (၉) ရက်ကြာ လုပ်ပေးပါ။ အဆိုပါ လေ့ကျင့်ခန်းသည် တစ်ရက်ထက်တစ်ရက်ကြာသည်နှင့် စွမ်းအင်များ တစ်စစီမြင့်တက်ကာ အမှန်တကယ်ထင်ပေါ်ကျော်ကြားသူ ဖြစ်လာစေပါသည်။

**အနီရောင်ကော်ဇောကို အသုံးပြုခြင်း**

စာရေးသူနှင့်ရင်းနှီးသောဟောလီးဝုဒ်မှမိတ်ဆွေသည် ဖုန်းရွှေပညာရပ်အား အထူးစိတ်ဝင်စားပြီး အောင်မြင်ကျော်ကြားလိုစိတ်ရှိသည့် ဒါရိုက်တာတစ်ဦးဖြစ်သည်။

မိတ်ဆွေဒါရိုက်တာ၏ အိမ်ကိုလေ့လာစစ်ဆေးရာ၌ ထင်ပေါ်ကျော်ကြားခြင်း'ကွာ'ရှိသောနေရာတွင် ရေချိုးခန်းရှိနေသည်ကို တွေ့လိုက်ရသည်။ ထို့နောက်ပိုင်း စာရေးသူ၏ ညွှန်ကြားချက်အတိုင်း ထင်ပေါ်ကျော်ကြားခြင်းကွာနေရာတွင်ရှိ ရေချိုးခန်း၊ ရေအိမ်တို့အား နေရာရွှေ့၍ ၎င်း'ကွာ' ၌ ထင်ပေါ်ကျော်ကြားမှု စွမ်းအင်ကို ဖြစ်စေသည့် အနီရောင်ရှိပစ္စည်းများထားရှိစေလိုက်သည်။ အထူးသဖြင့် ၎င်း'ကွာ'ရှိရာ အခန်းနံရံများ၊ ကြမ်းခင်းများ၊ တံခါးများ၊ မျက်နှာကျက်များပေါ်၌ အနီရောင်ဆေးများသုတ်ပေးသင့်သည်။ ထို့နောက် အနီရောင်လွှမ်းခြုံသောအခန်းဖြစ်လာစေရန် ကြမ်းပြင်တစ်ခုလုံးအား အနီရောင်ကော်ဇောခင်းပေထားသင့်သည်။

အကယ်၍ ရေချိုးခန်းနှင့် ရေအိမ်တို့အား ထင်ပေါ်ကျော်ကြားခြင်း'ကွာ'မှ အခြားသို့ မရွှေ့ပြောင်းနိုင်သောအခြေအနေဖြစ်ပါက ၎င်းရေချိုးခန်းနှင့် ရေအိမ်အတွင်း အနီရောင်ဆေးများအနှံ့သုတ်ပေးထားသင့်သည်။

**ထင်ပေါ်ကျော်ကြားခြင်းကို စွမ်းအင်မြှင့်တင်ပေးစေသည့်သင်္ကေတများ**

စာရေးသူနှင့်ရင်းနှီးသူ မက်ဂီဆိုသူသည် အဆိုတော်အဖြစ် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ပြီး ဂီတပညာအား စနစ်တကျသင်ယူနိုင်စွမ်းမရှိခဲ့ခြင်းကြောင့် တိုးတက်မှုနှေးကွေးနေသူ ဖြစ်သည်။

စာရေးသူ၏ ဖုန်းရွှေအစီအရင်များအားပြုလုပ်ရန်သဘောတူပြီးနောက် ထင်ပေါ်ကျော်ကြားခြင်း'ကွာ'နေရာ၌ရှိသောအခန်းမှတံခါးများတွင် -

'ကျွန်ုပ်၏ မီးအလင်းရောင်တောက်ပပါစေ'

ဟု ရေးသားပါ။ အဆိုပါ စာသားသည် မီးဓာတ်ကို ရည်ညွှန်းသောစကားလုံးပင် ဖြစ်သည်။

**အလုပ်အကိုင်အတွက် အင်တာဗျူးဖြေဆိုခြင်း**

သင်သည် အလုပ်အကိုင်အတွက် အင်တာဗျူးဖြေဆိုရာ၌ သင့်အား မေးမြန်းသူနှင့် သင်တို့အကြား စွမ်းအင်မျှတမှုရှိစေရန် လိုအပ်သည်။

ထို့ကြောင့် သင်၏ အင်တာဗျူးဖြေဆိုအောင်မြင်ရေးအတွက် ထင်ပေါ်ကျော်ကြားမှုဆိုင်ရာ'ကွာ'တွင် စွမ်းအင်မြှင့်တင်ပေးပြီး သင့်အား အင်တာဗျူးမေးမည့်သူ၏ အမည်အား ကူညီတတ်သူများ/ခရီးသွားခြင်း'ကွာ'၌ ရေးချပြီး စွမ်းအင်မြှင့်တင်ပေးပါ။ ထို့နောက် သင်နှင့် သင့်အား မေးမြန်းသူတို့အကြား စွမ်းအင်မျှတမှု ရှိ၊ မရှိပြန်စိစစ်ပါ။ ကျေနပ်လောက်သော အစီအရင်လုပ်ပေးပြီးမှ အင်တာဗျူးဖြေဆိုရန် သွားရောက်ပေးပါ။

**သူရသတ္တိရှိခြင်းကိုဖြစ်စေသည့် အနီရောင်ဘက်(ဒ်)တံဆိပ်**

သင်သည် ခက်ခဲသောပြဿနာရှိနေနိုင်သော အခြေအနေတစ်ခုအား ရင်ဆိုင်ကျော်ဖြတ်ဖြေရှင်းရန် သတ္တိနည်းနေသည်ဆိုပါက ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ'ကွာ'ရှိရာအခန်းတွင်နေ၍ အနီရောင်ဘက်(ဒ်)တံဆိပ်ပါဝတ်စုံအား မကြာခဏဝတ်ထားပေးပါ။

ဦးအောင်လှိုင်(သုခ ဣာ)



www.burmeseclassic.com

www.burmeseclassic.com

စင်စစ်တော့ ကျွန်တော်သည် ကျောင်းဆရာတစ်ယောက်ဖြစ်ခဲ့ပြီး ထို အလုပ်ဖြင့်ပင် အသက်မွေးဝမ်းကျောင်း ခဲ့သူ ဖြစ်ပါသည်။ သို့သော် တစ်ဖက်က လည်း ဖြေဖျောက်မရသောဝါသနာတစ် ခုက ငယ်စဉ်ကတည်းက စွဲကပ်လာခဲ့ပါ၏။ ထိုဝါသနာကား စာဖတ်၊ စာရေးလို သောဝါသနာဖြစ်သည်။ ထို့ကြောင့် ဝါသနာအလျောက် စာတိုပေစများရေး သား၍ မဂ္ဂဇင်းများ၊ ဂျာနယ်များသို့ပေး ပို့ခဲ့မိရာ ကံအားလျော်စွာ မကြာခဏ ဖော်ပြပေးခြင်းခံခဲ့ရပါသည်။ သို့ဖြင့် ကျွန်တော့်မှာ ကျောင်းဆရာဘဝ တစ်ပိုင်း၊ စာရေးသူဘဝတစ်ပိုင်းဖြင့် ကျင်လည်လာခဲ့ရပါတော့သည်။

စာဖတ်သူများသို့ ယခုတင်ပြမည့် အကြောင်းအရာကလေးနှင့်ပတ်သက်၍ နိဒါန်းသွယ်သည့်သဘောနှင့် အနည်း ငယ် အစီရင်ခံလိုပါသည်။ အခြား မဟုတ်ပါ။ ယခုတင်ပြမည့် အကြောင်း အရာသည် စာရေးသူတို့၏ စိတ်ကူး စိတ်သန်ဖြင့် တင်ပြရသော စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ် (လုံး၀ လုံး၀) မဟုတ် ရပါသော ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ် မှန်အကြောင်းခြင်းရာတစ်ခုဖြစ်ပါကြောင်း ပင်။

လောကကြီး၌ တစ်ခါတစ်ရံ မိမိ ၏ ဦးနှောက်အသိဉာဏ်ဖြင့် လိုက်မမီ သည့် ဖြစ်ရပ်ဆန်းကြယ်တို့ အမှန် တကယ်ရှိနေပါသည်ဟုဆိုလျှင် မကြုံ ဘူးသူတို့ ယုံနိုင်လိမ့်မည် မထင်ပါ။ သို့သော် ဆန်းကြယ်လှသော ဖြစ်ရပ်တို့ သည် လောကကြီးထဲမှာ အမှန်တကယ် ရှိနေကြပြီး ကြုံခွင့်တွေ့သူများသာ ကြုံ တွေ့နေကြရတာကလည်း အသေအချာ ပဲဖြစ်ကြောင်းကိုတော့ ကျွန်တော် ယုံကြည် လက်ခံမိခဲ့ပြီ ဖြစ်ပါသည်။ မယုံ ကြည်လည်းခံနိုင်ပါရိုးလား။

ကျွန်တော့်ဘဝတွင် ဇာတိဿရ ဉာဏ်ဟုဆိုကြသည့် မိမိ၏အတိတ်ဘဝ အကြောင်းခြင်းရာများကို အတိအကျ ပြန်ပြောပြနိုင်သောဉာဏ်ကို ရရှိသည့် ပုဂ္ဂိုလ်တစ်ဦး(တစ်ပါး)နှင့် မမျှော်လင့်ဘဲ ဆုံတွေ့လာခဲ့ရပါသည်။ အခြားတစ်ပါး သူတို့၏ တစ်ဆင့် ပြန်လည် ပြောပြ ချက်မျိုးမဟုတ်ဘဲ တိုက်ရိုက် ကိုယ်တွေ့ ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည့်အတွက် ကျွန်တော့်မှာ ထူးထွေတည့် အံ့ရသော် ဖြစ်ခဲ့ရပါလေတော့သည်။

❐

# နန္ဒာစိုး (ဆင်ဖြူကျွန်း)

# အဖြေမဲ့လောကလိုပုစ္ဆာ



မြန်မာပြည်အလယ်ပိုင်း မကွေး တိုင်းဒေသကြီးအတွင်း၌ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့နယ်များတွင် စလင်းမြို့နယ်သည်လည်း တစ်မြို့နယ် အဖြစ် ပါဝင်ပါသည်။ ထိုမြို့နယ်အတွင်း ၌ ခင်ပလှူဟုအမည်ရသော ရွာကလေး တစ်ရွာလည်းရှိပါသည်။ စလင်းမြို့မှ အနောက်ဘက် ဆင်ကျုံးရွာအထွက် ကားလမ်းမကြီးအတိုင်း သွားရသည်။

ထိုခင်ပလှူရွာကျောင်း၌ (မူ-အုပ်) မူလတန်းကျောင်းအုပ်အဖြစ် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ကျွန် တော့်လက်အောက်တွင် လက်ထောက် ဆရာ၊ ကျောင်းအကူလုပ်သားတို့လည်း ရှိကြလေသည်။

ကျွန်တော်ကား ထိုခင်ပလှူရွာ၌ သာတာဝန်ကျနေသည်။ ကျွန်တော့်အိမ် ထောင်ဖက်နှင့် နေထိုင်သောမြို့က ဆင်ဖြူကျွန်းမြို့ ဖြစ်သည်။ ပြောရလျှင် ခင်ပလှူရွာနှင့် ဆင်ဖြူကျွန်းမြို့က အတော်ကလေး ဝေးသေးသည်။ နေ့ တစ်ဝက်သာသာ စက်ဘီးနင်းရသည်။ ကျွန်တော့်မှာလည်း ခြေမြန်တော်ဆို၍ စက်ဘီးကလေးသာရှိရာ ကျောင်းပိတ် ရက်တိုင်း အပင်ပန်းခံ၍ မြို့သို့မပြန်၊ တာဝန်ကျရာ ခင်ပလှူရွာကျောင်းမှာပင် အထိုင်ချနေပြီး တစ်လတစ်ကြိမ် လစာ ထုတ်ရက်ကျမှသာ အိမ်သို့ပြန်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါတောင် ခင်ပလူရွာမှထွက်ခဲ့၍ ဆင်ဖြူကျွန်းက နေအိမ်ကို ရောက်သည်နှင့် မလှုပ်နိုင်တော့ပါ။ စက်ဘီးနင်းလာခဲ့ရ၍ ခြေသလုံးတွေ၊ ပေါင်တွေတောင့်တင်းနေသဖြင့် သားသမီးတွေကို တက်အနင်းခိုင်းရသည်ချည်း ဖြစ်ပါသည်။ ထိုဒုက္ခတွေကိုမခံချင်သောကြောင့် ကျွန်တော်သည် ဆင်ဖြူကျွန်းမြို့ကအိမ်ကို မပြန်ဘဲ ခင်ပလူရွာကျောင်း၌သာလျှင် သေကတ်နေထိုင်သည်ကများပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့နေထိုင်မှုက သင်ကြားရေးဘက်တွင်တော့ အချိန်ပိုတွေထွက်လာသဖြင့် အကျိုးရှိတာအမှန်ပင်။ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင်ပါ နံနက်ပိုင်း အချိန်ပိုအဖြစ် ကျောင်းသူကျောင်းသားတွေကိုခေါ်၍ သင်ကြားပေးနိုင်သည်။ ပြဌာန်းချက်သင်ခန်းစာများ စောစောပြီးပြတ်လျှင် ပြန်လှန်လေ့ကျင့်ခန်းအဖြစ်နှင့် နောက်တစ်ကြိမ်ပြန်လှန် စစ်ဆေးသင်ပြပေးနိုင်သည်။ ဒါကို ကျွန်တော်တို့ ပညာရေးလောကသုံးစကားအဖြစ် ရီဗီးရှင်း (Revision) ပြန်သည်ဟုခေါ်ပါ၏။ ဒါက ကျွန်တော် နှစ်စဉ်လုပ်လေ့ရှိသောအလေ့အထဖြစ်သည်။

သို့သော် အချို့ စနေ၊ တနင်္ဂနွေများ၌ ကျောင်းမှကလေးတွေ၏ အလုပ်အကိုင် အားလပ်မှုရှိမရှိအပေါ် မူတည်၍ အနားပေးရသည့်အခါမျိုးလည်းရှိပါသည်။ ဥပမာ သူတို့မိဘများ၏စိုက်ပျိုးရေးလုပ်ငန်းခွင်သဘောအရ အလုပ်လိုင်သည့်ကာလမျိုး၊ ပဲစင်းငုံနုတ်ရက် (ချိတ်ရက်)၊ နှမ်းရိတ်ရက် စသဖြင့် အပေါ်မူတည်၍ အနားပေးရခြင်းမျိုးဖြစ်သည်။ ကျောင်းကို ကိုယ်ခေါ်ချင်တိုင်းခေါ်၍မရပါ။ မသင့်ပါ။ ကလေးတို့မိဘများ၏ လုပ်ငန်းခွင်အရ အလုပ်လိုင်သည့်ရက်များတွင် ကိုယ်က အလိုက်သိသိ အနားပေးကာ သူတို့မိဘများကို ကူညီစေရပါသည်။ ကျွန်တော်တို့ကျေးရွာများတွင် ထိုသို့ ဆရာနှင့် မိဘ၊ ကျောင်းသားတို့ သုံးပွင့်ဆိုင်အပေးအယူမျှရတာမျိုးတွေလည်းရှိလေသည်။

ထိုသို့ အနားပေးထားရသည့်ရက်များထဲက တစ်ရက်မှာပဲဖြစ်ပါသည်။ ကျောင်းသားများကိုလည်းခေါ်မထား၊ ကျွန်တော်ကလည်း မြို့သို့မပြန်ဖြစ်သဖြင့် အားလပ်နေသော စနေတစ်နေ့မှာ ကျွန်တော့်တွင် စိတ်ကူးတစ်ခုပေါ်လာခဲ့လေသည်။ ရွာအနောက်ဘက်တောထဲတွင် နေထိုင်ကြသော ကျွန်တော်မိတ်ဆွေများဖြစ်ကြသည့် ဦးလှမောင်၊ ဒေါ်မြမယ်တို့တဲသို့ အလည်အပတ်သွားရန် စိတ်ကူးဖြစ်သည်။ သူတို့တဲသို့ မရောက်တာကြာခဲ့ပြီ။

စင်စစ်၌ ထိုစိတ်ကူးမှာ ပေါ်သင့်ပေါ်ထိုက်သောစိတ်ကူး မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုစိတ်ကူးပေါ်လာချိန်က နံနက် (၁၀) နာရီထိုးနေပြီ ဖြစ်သည်။ မနက်စာ သို့မဟုတ် နေ့လယ်စာစားရန် ကပ်နေပြီဆိုသော အချိန်နာရီတွင်မှ ပေါက်ပေါက်ရှာရှာပေါ်လာသောစိတ်ကူး ဖြစ်၏။ သို့သော် အဲဒီတုန်းက နေ့လယ်စာထမင်းလေးစားပြီးမှသွားလျှင် ကောင်းမည်ဟူသောအတွေးမျိုး ကျွန်တော့်မှာ လုံးဝမဝင်။ ဦးလှမောင်နှင့် ဒေါ်မြမယ်တို့တဲသို့ မြန်မြန်ရောက်ချင်သောစိတ်ကပင် ဦးစီးလျက်ရှိနေခဲ့သည်မှာ နောက်မှပြန်တွေးတော့ တော်တော်အံ့သြစရာပင်ဖြစ်နေရတော့၏။

အဘယ်သို့သော ဆွဲငင်အားတစ်ရပ်က ကျွန်တော့်ကို ညို့ငင်နေခဲ့သည်မသိ။ကျွန်တော်သည် ဘာမှမတွေးတော့ဘဲ ခင်ပလူရွာကျောင်းမှ ငေါက်ခနဲထထွက်လာမိတော့သည်ကတော့ အမှန်ပင်။ ရွာအနောက်တံခါးမှ ကျွန်တော်တစ်ယောက်တည်း စိုက်စိုက်စိုက်စိုက်ဖြင့် ထွက်ခွာခဲ့မိတော့သည်။ ထိုအချိန်က နေသည် ကောင်းကောင်းကြီး ပူပြင်းလျက်ရှိသည်ကိုပင် သတိမထားခဲ့မိပါ။ ကျွန်တော့်မိတ်ဆွေကြီးများဖြစ်သော ဦးလှမောင်တို့တဲသို့ရောက်ဖို့စိတ်ကသာ ဦးဆောင်နေခဲ့ပါလေသည်။

ရွာအနောက်ဘက်တွင် ပုသိမ် - မုံရွာကားလမ်းမကြီး (မြေနီ-ကျောက်စရစ်ခင်း)ရှိပါသည်။ ထိုလမ်းမကြီးကို ကျော်၍ အနောက်ဘက်သို့ဆက်လာခဲ့သော် တောတန်းတောင်တန်းတို့သာရှိပါတော့သည်။ တောထဲသို့သွား၍ မျှစ်ရှာ၊ မှိုရှာကြသူများ၊ ဝါး၊ ထင်းခုတ်ကြသူများလောက်ကလွဲလျှင် လူသူကင်းမဲ့ပြတ်လပ်သွားပြီဖြစ်တော့သည်။ သို့သော် ထိုအနောက်ဘက်တောတောင်တစ်ကြော၌ မြေသစ်ထွင်ကာ နေကြာစိုက်သူများ၊ သစ်ဝါးခုတ်ခြင်း၊ အိမ်အမိုး ဝါးသက်ငယ်ရက်ခြင်းတို့ဖြင့် အသက်မွေးသူများကတော့ ထိုတောထဲမှာပင် မိမိတို့ကိုယ်ပိုင်တဲငယ်များထိုးကာ နေထိုင်ကြပါသည်။ ထိုတောသည် ခင်ပလူရွာနှင့် ကျောက်အိုးရွာအကြားက တောဖြစ်ပါသည်။ တောထဲတွင် နေထိုင်ကြသဖြင့် သောက်ရေ၊ သုံးရေအတွက် မပူရပါ။ တောအုပ်တောင်ဆွယ်အများကြားတွင် ဖြတ်စီးနေသည့် တရုးချောင်းခေါ် ရေချိုချောင်းရှိသဖြင့် ထိုချောင်းမှ သောက်ရေးသုံးရေအပြင် လက်ပစ်ကွန်ပစ်တတ်သူများ၊ ပိုက်တန်းချတတ်သူများမှာ ငါး၊ ပုစွန်တို့ပင် ဟင်းစားရကြပေသေးသည်။ ကျွန်တော့်မိတ်ဆွေ ဦးလှမောင်၊ ဒေါ်မြမယ်တို့မှာ ထိုရွာနှစ်ရွာအကြားရှိ တောထဲတွင် ယာသစ်ထွင်စိုက်ပျိုးသော နေကြာခင်းကိုစောင့်ရင်း တဲထိုးကာနေထိုင်ကြသည့် ခင်ပလူရွာသားများ ဖြစ်ကြလေသည်။

ကျွန်တော်သည် ထိုအနောက်ဘက်တောင်တန်းများပေါ်သို့တက်လာခဲ့ရင်း အဘယ်အကြောင်းကြောင့်မသိရဘဲ မျက်စိလည်လျက်ရှိ၏။ ကျွန်တော် ရောက်ဖူးသွားဖူးသောနေရာများဖြစ်ပါလျက်နှင့် ရည်မှန်းချက်ထားမိရာ ဦးလှမောင်တို့တဲကို ဘယ်ဆီမှာရှိသည်ဟု မှန်းဆရှာဖွေမရဘဲ တဝဲလည်လည်ဖြစ်နေပါတော့သည်။

သည်လိုနှင့် လက်မှနာရီကိုကြည့်မိတော့ နေ့လယ် (၁၂) နာရီကျော်ခဲ့ပေပြီ။ အာခေါင်တွေခြောက်ကပ်နေအောင် ရေငတ်သည့်ဒဏ်နှင့်အတူ ဝမ်းဗိုက်ထဲမှ တကျုတ်ကျုတ်မြည်အောင် ဆာလောင်မွတ်သိပ်ခြင်းဝေဒနာကပါ ကျွန်တော့်ကို ဖိစီးနှိပ်စက်လာခဲ့လေတော့သည်။ သို့ဖြင့် ကျွန်တော်သည် အမြင့်ဆုံးတောင်ထိပ်သို့ရောက်နေပါလျက်နှင့် ဘယ်ဘက်ကိုမျှော်ကြည့်ကြည့် ကျွန်တော် ဦးတည်ရည်ရွယ်ခဲ့သည့် မိတ်ဆွေကြီးဦးလှမောင်တို့တဲကိုရှာမတွေ့ဘဲ တောင်ထိပ်ပေါ်မှာပဲ ဟိုလျှောက်သည်လျှောက်ဖြင့် အူချာပေါက်နေခဲ့ရတော့၏။ နောက်ဆုံးတော့ ရေငတ်သည့်ဒဏ်၊ ဆာလောင်မွတ်သိပ်သည့်ဒဏ်၊ ပင်ပန်းနွမ်းနယ်သည့်ဒဏ်တို့ကြောင့် ကျွန်တော့်မှာ တောင်ထိပ်ရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ အမောဖြေနေရပါတော့၏။

ထိုအချိန်မှာပဲ ဖြစ်ပါသည်။ ကျွန်တော်နားနေရာ သစ်ပင်ကြီးနှင့် အနောက်အရပ်တည့်တည့်ဆီမှ လှမ်းကြွလာသော ရသေ့ကလေးတစ်ပါးကိုမြင်တွေ့လိုက်ရသဖြင့် ကျွန်တော်အားတက်သွားပါသည်။ ရသေ့ကလေးသည် အညိုရောင်သင်္ကန်းကို ဆင်မြန်းထားပါသည်။ ပြီးတော့ ကျွန်တော်နားခိုနေရာ သစ်ပင်ကြီးအရိပ်အောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လှမ်းကြွလာပါလေတော့သည်။

ကျွန်တော်သည် အဆောတလျင်ပင် ပုဆစ်တုပ်ကာ ရသေ့ကလေးကို ကန်တော့လိုက်ပါသည်။ ရသေ့ကလေးသည် များစွာ အသက်မကြီးလှသေးဟု တွက်ဆလိုက်မိ၏။ သို့သော် သူ့မျက်နှာကား ထူးခြားစွာ ဝင်းပကြည်လင်လျက်ရှိသည်ကို သတိပြုလိုက်မိပါသည်။ အေးမြကြည်လင်လှစွာသော မျက်နှာတော်ကို ဖူးမြင်ရသည်ကပင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ှာ အမောပြေသွားသလို ခံစားရသည်။ ရသေ့လေးသည် ကျွန်တော်လက်အုပ်ချီ ၍ ကန်တော့သည်ကို တည်ငြိမ်စွာ ခံယူ ပါသည်။ ပြီးမှ ကျွန်တော်နှင့် စကား မြည်ပြောဆိုလာပါတော့၏။

"ဒကာလေးက ဒီတောဒီတောင် တစ်ဝိုက်နဲ့စိမ်းတဲ့အထဲကမဟုတ်ပါဘူး။ မကြာခဏဖြတ်သန်းသွားလာခဲ့ဖူးတယ် မဟုတ်လား"

"မှန်ပါ့၊ ရောက်နေကျသွားလာဖူး နေကျနေရာတွေပါပဲဘုရား။ အခုတစ်ခါ ကျမှသာ တပည့်တော်မှာ မျက်စိလည် ချင်သလိုလိုဖြစ်နေလို့ အံ့အားသင့်နေမိ ရပါတယ်ဘုရား။ ဒီလိုတစ်ခါမှမဖြစ်ခဲ့ဖူး ပါဘူး"

ထိုအခါ ရသေ့လေးက ပြုံးလိုက် ပါသည်။

ပြီးနောက် -

"အမှန်ကတော့ မျက်စိလည်နေ တာမဟုတ်ပါဘူးဒကာလေးရယ်။ ဒကာ လေးက ဆာလောင်မွတ်သိပ်မှုဝေဒနာ ဒုက္ခနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးနေရလို့ အမှတ်မှားသွားတဲ့သဘောပါ။ ဒကာ လေးရှာနေတဲ့တဲစုက ဟောဟိုမှာမဟုတ် လား"

ရသေ့ကလေးက လက်ညိုးညွှန်ပြ လိုက်သဖြင့် ကျွန်တော်အံ့အားသင့်သွား ရ၏။ ဟုတ်ပေသည်။ ရသေ့ကလေး လက်ညိုးညွှန်ရာအရပ်တွင် ကျွန်တော် ရှာဖွေနေခဲ့သော မိတ်ဆွေကြီး ဦးလှ မောင်တို့တဲစုကို မီးခိုးငွေ့တန်းကလေး တလူလူဖြင့် တွေ့ရှိလိုက်ရပါချေတော့ သည်။ သို့ဆိုလျှင် စောစောတုန်းက ကျွန်တော် ဘာကြောင့်များ မတွေ့နိုင် မမြင်နိုင်ခဲ့လောက်အောင် မျက်စိရလျှမ်း နေခဲ့မိပါလိမ့်။ ကျွန်တော်ရောက်နေ သောတောင်ကုန်းထိပ်သည် ဤဝန်းကျင် ၀ယ် အမြင့်ဆုံးနေရာဖြစ်သည်။ ရသေ့ လေးမညွှန်ပြမီကတည်းက ကျွန်တော် တွေ့သင့်မြင်သင့်သည်ဟု ကိုယ့်ကိုယ် ကိုယ် အားမလိုအားမရဖြစ်မိရပါသည်။

ပြီးတော့ သည်တောတောင်ဝန်း ကျင်တွင် ကျွန်တော်ကျင်လည်ကျက်စား သာခဲ့သော နှစ်ကာလမနည်းတော့။ သို့သော် ကျွန်တော်နှင့်ယခုတွေ့ဆုံနေရ သော ရသေ့ကလေးကို တစ်ကြိမ်တစ်ခါ မျှ ဟိုစဉ်ကမတွေ့ကြုံခဲ့ဖူးပေ။ ယခုတစ် ကြိမ်တွင်မှ တော့တော့ဆိုင်ဆိုင်တွေ့လာရ ခြင်းဖြစ်သည်။ ဆိုရလျှင် တစ်ယောက် အကြောင်းတစ်ယောက်သိနေကြလောက် အောင် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးခြင်း မရှိပါ။ သည်ကြားထဲကပင် ရသေ့ကလေးမှာ ကျွန်တော်ဆာလောင်မွတ်သိပ်နေသည် ကိုသာမက ကျွန်တော် ရှာဖွေနေသော တဲစုသည် ထိုတဲစု (ဦးလှမောင်တို့တဲစု) ဖြစ်ကြောင်း အဘယ်ကြောင့် တပ်အပ် သေချာသိနေနှင့်ရပါသနည်း။ ကျွန်တော့် အတွေးစဉ်တွင် ရုတ်ခတ်လာသော ထို ထူးခြားဆန်းကြယ်မှုကပင် ကျွန်တော့်ကို ဆွံ့အသွားစေခဲ့ပေတော့သည်။

"ကဲ - ဒကာလေးထထ။ ရသေ့ ရဲ့ ယာယီကျောင်းသင်္ခမ်းကိုလိုက်ခဲ့ပါ။ ဝမ်းမီးငြိမ်းရအောင် ကျုပ်တတ်နိုင်သမျှ ကျွေးမွေးပြုစုလိုက်မှာပေါ့ကွယ်"

ရသေ့လေး၏အသံကို ကရုဏာ တရားဖြင့် ငြိမ်းအေးနေသောအသံဟု ကျွန်တော်ခံစားရ၏။ သို့နှင့် သူ့အမိန့် အတိုင်း ကျွန်တော်ထိုင်နေရာမှထလိုက် လာခဲ့မိရာ တည်ပင်ကြီးတစ်ပင်အောက် မှ ယာယီထိုးထားပုံရသောတစ်ဖက်ယပ် တဲကလေးတစ်လုံးသို့ ရောက်ရှိလာခဲ့ရ တော့၏။ ဟိုးယခင်က ဒီတောင်ကုန်း ပေါ် တွင် မည်သည့်တဲငယ်မျှမရှိခဲ့။ မည်သည့်ကျောင်းသင်္ခမ်းမျှ မရှိခဲ့သည် ကို ကျွန်တော့်သတိတရားမှာ မီးနီလေး တဖျပ်ဖျပ်ပြ၍ လက်တို့သတိပေးနေ သလို ဆင်ခြင်နေမိ၏။ တဲကလေးမှာ အရိပ်ရသည်ဆိုရုံမျှ ထန်းရွက်အနည်း ငယ်ဖြင့်မိုးထားသော မည်ကာမတ္တတဲ ကလေးသာ ဖြစ်လေသည်။ ကျွန်တော် တို့ တဲကလေးသို့ရောက်သည်နှင့် ရသေ့ ကလေးက-

"ကဲ - စားကြည့်လိုက်ပါဦး ဒကာ လေး။ ရသေ့မှာတော့ ကျွေးမွေးစရာဆို လို့ ဒီတည်သီးပဲရှိတာပဲ"

ဟု ဆိုကာ တဲအမိုးအခြင်တန်း တွင်ချိတ်ထားသော လွယ်အိတ်ထဲမှ တည်သီးမှည့်များကို ကျွန်တော့်ရှေ့သို့ ချပေးလေသည်။ ကျွန်တော့်မှာ လွန်စွာ ဆာလောင်နေသည်ဖြစ်၍ ခပ်ဝေးဝေး တွင်လှမ်းမြင်နေရသော မိတ်ဆွေကြီး ဦးလှမောင်တို့တဲစုသို့ နောက်မှသွား တော့မည်ဟုဆုံးဖြတ်ကာ ရသေ့ကလေး ကျွေးလာသည့် တည်သီးမှည့်များကို ဟန်မျှပင်မဆောင်နိုင်တော့ဘဲ တစ်လုံး ပြီးတစ်လုံးစားမိပါတော့သည်။

တည်သီး (စကားပြောအသံထွက် မှာ တယ်သီး) ၏ မူရင်းအရသာမှာ အချိုတွင် အဖန်ဓာတ် ပူးပေါင်းနေသော ဖန်ချိုအရသာ ဖြစ်သည်။ သို့သော် ယခု ရသေ့ကလေးကစွန့်သော တည်သီးမျိုး ကိုကား တစ်ခါမျှ မကြုံဘူး၊ မစားဖူးခဲ့ ချေ။ လုံးဝမဖန်ဘဲ အရသာချိုမြိန်ထူးကဲ လှသည့်အပြင် ရနံ့ကလည်း လွန်စွာ မွှေးကြိုင်နေသည်ကို တွေ့ရလေသည်။ ထို့ကြောင့် မချုပ်တည်းနိုင်တော့ဘဲ (၂၅) လုံးကျော်ကျော်အထိ ဆက်တိုက် စားလိုက်မိသည်။

ပြီးတော့ ရသေ့ကလေးထပ်မံပေး ကမ်းလာသည့် ဘူးသီးခြောက်ဖြင့်ထည့် ထားသည့် သောက်ရေကိုကျိုက်ချလိုက် မိသည်။ ရေကလည်း အထူးအေးမြချို မြိန်နေလေရာ ထိုရေကိုသောက်သုံးပြီး သည့်ခဏမှာပင် လန်းဆန်းအပန်းပြေရုံ မျှမက အားအင်ပြည့်ဖြိုးလာသည်ဟု ခံစားမိရပါသည်။ ထို့ကြောင့် ထိုသို့ကျွေး မွေးပြုစုသောကျေးဇူးကို အောက်မေ့ ဆင်ခြင်ကာ ရသေ့ကလေးကို ဒုတိယ အကြိမ် ဦးချဝတ်ပြုကန်တော့လိုက်မိပါ သည်။

"ဘယ်လိုလဲ၊ ပြည့်စုံပြီလား ဒကာ လေး"

"တင်ပါ့၊ တပည့်တော်ဝသွားပါပြီ ဘုရား"

"အင်း - ဝသွားပြီဆိုရင်တော့ မေး ရဦးမယ်။ ဒကာလေးရဲ့စိတ်ထဲမှာ ကျုပ် ကျွေးတဲ့တည်သီးဟာကောင်းလှပါလား။ အရင်က ဒါမျိုးတစ်ခါမှမစားခဲ့ဖူးရဘူး။ အရသာရော အနံ့မှာပါ နှစ်မျိုးစလုံး ပြည့်စုံထူးခြားလှတယ်လို့ အောက်မေ့နေ မိတယ်မဟုတ်လား"

ကျွန်တော်ကား အတော်လန့်ဖျပ် သွားမိလေသည်။ အဘယ်ကြောင့်ဆို သော် ကျွန်တော်၏စိတ်ထဲ၌ အမှန် တကယ်ပင် ထိုသို့အောက်မေ့နေမိသည် ကို ရသေ့ကလေးက အပိုင်သိနေသလို မေးခွန်းထုတ်လာသောကြောင့် ဖြစ် သည်။ ထို့ကြောင့် မဆိုင်းမတွပင် ဝန်ခံ လိုက်ပါရလေသည်။

"ဟုတ်ပါတယ် ဘုရား၊ တပည့် တော်တစ်သက်မှာတော့ အကောင်းဆုံး အရသာရှိတဲ့ တည်သီးမှည့်ကို စားဖူးရ တာပါပဲဘုရား"

ကျွန်တော်၏ ဝန်ခံချက်ကို ရသေ့ ကလေးက ခေါင်းညိတ်ပြလိုက်ကာ မှတ် ချက်ချလေသည်။

"တကယ်တော့ မဆန်းကြယ်လှပါ ဘူး ဒကာ။ ကျုပ်ရဲ့စေတနာ၊ သဒ္ဓါ ထက်သန်မှုနဲ့ ဒကာရဲ့ ပင်ကိုအခံဆာ လောင်မွတ်သိပ်မှုတို့ ထိပ်တိုက်တွေ့ဆုံ လိုက်တာမို့ ထူးကဲတဲ့အရသာရယ်လို့ ဖြစ်ပေါ်လာရတာပါ။ ခင်ရာ ဆွေမျိုး၊ မြိန်ရာဟင်းကောင်းဆိုသလိုပေါ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

သဘောမျိုးပါပဲ"

ရသေ့ကလေးကိုကြည့်ရသည်မှာ အသက်အရွယ်ကြီးရင့်ပုံ မရသေးပါ။ သည်တောသည်တောင်ပတ်ဝန်းကျင်သို့ ရောက်ရှိလာသည်မှာလည်း သိပ်ကြာမြင့်ပုံမပေါ်သေးဟု မှန်းဆမိသည်။ ထို့ကြောင့် ဘယ်အရပ်၊ ဘယ်ဒေသဆီမှ ကြွချီရောက်ရှိလာခဲ့လေသနည်းဟု ကျွန်တော်စဉ်းစားတွေးဆနေမိပြန်သည်။

ထိုအချိန်မှာပင် ရသေ့ကလေးက မိန့်ကြားပြန်ပါ၏။

"အင်း- ဒကာလေးက အရင်တုန်းက မတွေ့မမြင်ခဲ့ဘူးတဲ့ကျုပ်အကြောင်းကို မှန်းဆတွေးတောနေပြန်တာကိုး။ ကျုပ်ရဲ့အကြောင်းကို သိလိုနေပြန်တယ်ပေါ့လေ"

ကျွန်တော်မျက်လုံးပြူးသွားရပြန်ပါလေသည်။ ရသေ့ကလေးသည် ကျွန်တော့်အတွေးရိပ်များကို ကြိုတင်သိမြင်နေသည်မှာ သေချာလှတော့သည်ဟု ကြက်သီးထသွားမိရတော့သည်။

"ဒကာလေး၊ ဒီတောဒီတောင်ဒီပတ်ဝန်းကျင်ကို ဘာကြောင့်ရောက်လာခဲ့ရသလဲ"

"တင့်ပါ့၊ တပည့်တော်က ကျောင်းဆရာတစ်ယောက်ပါဘုရား။ဟိုးအရှေ့ဘက် ပုသိမ်-မုံရွာကားလမ်းမကြီးနံဘေးက ခင်ပလူရွာကလေးက မူလတန်းကျောင်းမှာ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းရွက်နေပါတယ်။ နောက်ပြီးတော့ တပည့်တော်က စာပေရေးသားခြင်းကို ဝါသနာပါလေတော့ တစ်ဖက်တစ်လမ်းကလည်း စာရေးဆရာအဖြစ် မဂ္ဂဇင်းတွေမှာ ဝတ္ထု၊ ဆောင်းပါးတွေ အလျဉ်းသင့်သလို ရေးသားနေပါတယ် ဘုရား"

"ဒါဖြင့် ဒကာလေးက ဘယ်လိုအကြောင်းအရာဘယ်လိုစာတွေကိုရေးဖြစ်နေပါသလဲ ဒကာလေး"

"မှန်လှပါ၊ တပည့်တော်ကတော့ သက်ရှိသက်မဲ့မခွဲပါဘူးဘုရား။ သက်ရှိလောကထဲက ကြုံရကြားရတဲ့ ထူးဆန်းအံ့သြဖွယ်ရာကိစ္စတွေကိုရေးမိသလို ပရလောကထဲက ဆန်းဆန်းပြားပြားအဖြစ်သနစ်ပေါင်းစုံကိုလည်း ရေးသားဖြစ်တာပါပဲဘုရား။ ရေးသားနိုင်အောင် အထူးပြု ဂရုတစိုက်နဲ့ လေ့လာလိုတဲ့ ဝါသနာလည်းရှိပါတယ်ဘုရား"

ကျွန်တော်၏လျှောက်ထားချက်အဆုံးတွင် ရသေ့လေးက ခေါင်းတဆတ်ဆတ်ညိတ်ပါသည်။ ပြီးမှ အေးဆေးတည်ငြိမ်သောလေသံဖြင့် မိန့်ကြား၏။

"ဩော် - ခက်တော့တာပဲ ဒကာလေးရယ်။ အင်းလေ၊ ဒကာလေးက ပုထုဇဉ်ပဲဆိုတော့ ဝါသနာအလျောက်စူးစိုက်မိတဲ့ အကြောင်းအရာတွေကိုပဲ ရှေ့တန်းတင်လေ့လာမိမှာပါ။ ဒါမဆန်းပါဘူး။ အမှန်တကယ် ဒကာလေးလေ့လာရမှာက ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရကိစ္စတွေကိုပဲ။ ဒကာလေးရဲ့ခန္ဓာငါးပါးကိုပြန်လေ့လာရမှာ။ ဒကာလေး သစ္စာဆိုတာကိုသိရဲ့လား"

"မှန်ပါ့၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ သစ္စာလေးပါးကို အများသိသလို သာမန်မျှသာ အပေါ်ယံသိလောက်ပဲသိပါတယ်။ တရားအားထုတ်ကြတဲ့ အရိယာသူတော်စင်တို့ရဲ့ သိခြင်းမျိုးနဲ့ ထဲထဲဝင်ဝင် နက်နက်ရှိုင်းရှိုင်းတော့ မသိသေးပါဘူးလို့ဘဲ ဝန်ခံရမှာပါပဲ ဘုရား"

ကျွန်တော် ရိုးရိုးရှင်းရှင်းပင် ဝန်ခံလိုက်ပါသည်။

ထိုအခါ ရသေ့လေးက အေးချမ်းစွာပြုံးလိုက်၏။

"ဒကာကလေးက အရိုးခံသမားပေပဲ။ ဟုတ်တယ် ဒကာလေး။ မြတ်စွာဘုရားက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာလေးပါးကို ဟောကြားတော်မူခဲ့တယ်။ သို့ပေမယ့် ဒီသစ္စာလေးပါးကို တကယ်နက်နက်ရှိုင်းရှိုင်း မသိမှုအတွက်ကြောင့်ဘဲ သတ္တဝါတွေဟာ သံသရာခရီးသွားတွေအဖြစ် လည်ပတ်ကျင်လည်ကြရင်း (၃၁) ဘုံထဲက ရုန်းမထွက်နိုင်ဘဲဖြစ်နေခဲ့ကြရတာပါ"

ထို့နောက် ရသေ့ကလေးသည် သူ၏ လွန်မြောက်ခဲ့ပြီးသော သံသရာမှ ဘဝနှစ်ဆက်ကို ပြန်လည်မိန့်မြွက်ကြားပါလေတော့သည်။

"ဒကာလေးက စာရေးသူဖြစ်ပြီး ဒီလိုအကြောင်းအရာတွေကို လေ့လာလိုတဲ့ ဝါသနာလည်းရှိတယ်ဆိုတဲ့အတွက်ကြောင့် ကျုပ်လက်လှမ်းမီလိုက်တဲ့ ဘဝနှစ်ဆက်အကြောင်းကို ပြောပြရဦးမှာပေါ့လေ။ တစ်ခုတော့ရှိပါတယ်။ လက်ရှိလက်ငင်းဘဝမှာ တရားအလုပ်ကို အားထုတ်ကြိုးစားနေတဲ့သူတစ်ယောက်အနေနဲ့ ကျုပ်ဟာ စိတ်ကူးယဉ်ဆန်ဆန်နဲ့ မုသားတွေပြောနေတာမဟုတ်ဘူးဆိုတာကိုတော့ ယုံကြည်ပေးစေချင်ပါတယ်"

"တင့်ပါ့၊ တပည့်တော် လေးလေးစားစားနားထောင်ပါ့မယ် ဘုရား"

"ကောင်းပြီ ဒကာလေး။ ဒါဆိုလည်း ပြောပြရသေးတာပေါ့။ ကျုပ်တသောကြာနေ့ဖွားပါ။ အခုဘဝလူ့အမည်က မောင်သောင်းတန်တဲ့။ ကျုပ်ရဲ့အမေက ကျောင်းဆရာမတစ်ဦးဖြစ်ပါတယ်။ အဲဒီ အခုဘဝကျုပ်ရဲ့မွေးမိခင်ကျေးဇူးရှင်ဟာ ကျုပ်ရဲ့ဘဝတစ်ဆက်ကျော်တုန်းက ကျုပ် အင်မတန်ချစ်တဲ့ သမီးတစ်ယောက်ပဲ။ သူဟာ ကျုပ်ရဲ့သမီး။ ကျုပ်က သူရဲ့အဖေဖြစ်ခဲ့ဖူးတယ်။ အဲဒီတုန်းက ကျုပ်နာမည်က ဦးဘအုပ်တဲ့။ ဟောဒီမြို့နယ်ရဲ့ အနောက်တောင်ခြမ်းမှာရှိတဲ့ ကျေးရွာတွေရဲ့ အလှမ်းမဝေးကွာလှသေးတဲ့ အုပ်ချုပ်သူ အုပ်စုသူကြီးတွေရဲ့ သမိုင်းကြောင်းကို သက်ဆိုင်ရာ အစိုးရမှတ်တမ်းဟောင်းတွေမှာ ပြန်ရှာရင် ဦးဘအုပ် ဆိုတဲ့ အုပ်စုသူကြီးတစ်ယောက်ရဲ့နာမည်ကို တွေ့ရလိမ့်မယ်။ ကဲ - ဒကာလေး၊ သေသေချာချာနားထောင်"

❐

ဦးဘအုပ်သည် စလင်းချောင်းအနောက်ဘက်တွင် ကျေးရွာခြောက်ရွာကို အုပ်ချုပ်ခဲ့သော အုပ်စုသူကြီးတစ်ယောက်ဖြစ်သည်။ ဇနီး ဒေါ်ကောင်းသားသမီးသုံးဦးနှင့်အတူ သာယာချမ်းမြေ့စွာနေထိုင်ရင်း သူ့လက်အောက်မှရွာခြောက်ရွာကို တရားမျှတစွာ အုပ်ချုပ်ခဲ့၏။

တစ်နေ့သောအခါတွင် မိမိရွာသို့ ကြွရောက်လာခဲ့သော နယ်လှည့်တရားဟောဆရာတော်ကြီးတစ်ပါး၏ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားကို နာကြားခွင့်ရရှိလေသည်တွင် ဦးဘအုပ်၏ စိတ်နှလုံးသည် တရားဓမ္မဘက်သို့ လုံးဝပြောင်းလဲရောက်ရှိသွားခဲ့လေတော့သည်။ ထို့ကြောင့် မပြုပြင်စတမ်းသော ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုကိုချကာ မိမိအိမ်သူအိမ်သားများသာမက ရပ်ရွာဒေသကိုပါ တစ်ခါတည်း ကြေညာချက်ထုတ်ပြန်လိုက်လေတော့၏။

"တော်ပါပြီကွယ်၊ ငါဒီလောကီကိစ္စတွေကို လုံးဝစိတ်မပါတော့ဘူး။ လောကီအလုပ်တွေကိုလည်း မလုပ်ချင်တော့ဘူး။ ဒါကြောင့် ငါ့ရဲ့သူကြီးတာဝန်ကို ငါ့သားအကြီးဆုံးနဲ့လွှဲအပ်ပေးခဲ့တော့မယ်။ ငါကတော့ ဆရာတော်ကြီးရဲ့နောက်ကနေ ရေပူရေချမ်းကပ္ပိယကြီးအဖြစ်နဲ့လိုက်ပါရင်း တရားဓမ္မကိစ္စတွေကိုပဲ လုံ့လစိုက်ထုတ်တော့မယ်။ ငါဒီ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တဲ့ လယ်ယာကျွဲနွားတွေနဲ့ မိသားစု ဆက်လက် လုပ်ကိုင်စားသောက်ရစ်ကြပေတော့"

ဦးဘအုပ်သည် အမှန်တကယ်ပင် ပြောသည့်အတိုင်း ဆောင်ရွက်နိုင်သူဖြစ်လေသည်။ အုပ်စုသူကြီးအဖြစ်မှ လုံးဝအနားယူလိုက်သည်။ ပြီးနောက် ထိုဆရာတော်ကြီးနှင့်အတူ မြန်မာပြည်အနှံ့ ဟောပြောသော တရားပွဲများသို့ လိုက်ပါသွားပြီး တရားနာယူမှတ်သားသည်။ ထို့အပြင် ငွေကြေးလည်း တတ်နိုင်သူဖြစ်၍ ထိုခေတ်ကာလကပင် ငွေရှစ်ရာကျော်ပေးရသော ပေါ်ခါစတိပ်ရိကော်ဒါကြီးတစ်လုံးကိုဝယ်ယူပြီးနောက် ဆရာတော်ကြီး၏ဟောပြောသမျှတရားပွဲများမှ တရားဓမ္မများကို အသံသွင်းယူစုဆောင်းခဲ့လေသည်။

နှစ်အတန်ကြာ၍ မိမိရွာသို့ပြန်ရောက်လာသောအခါ သူစုဆောင်းခဲ့သော တရားတိပ်ခွေကြီးများကို ရွာသူရွာသား ဓမ္မမိတ်ဆွေများကို ပြန်လည်ဖွင့်လှစ်နာယူစေ၏။ သူကိုယ်တိုင်လည်း အကြိမ်ကြိမ်အထပ်ထပ် နာယူရုံမျှမက အာနာပါနကမ္မဋ္ဌာန်းကိုလည်း နေ့စဉ်စီးဖြန်း ကျင့်ကြံ အားထုတ်ခဲ့လေသည်။ ထို့ကြောင့် ကာလကြာလာသည်နှင့်အမျှ ရင့်ကျက်လာသော ပါရမီကံအလျောက်၊ ပညာဉာဏ်အလျောက်၊ ကျင့်ကြံအားထုတ်မှုဝီရိယအလျောက်၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို အမှန်ပင် သိမြင်လာခဲ့ပြီ။ သေနည်းကိုလည်းသိပြီ၊ သေရဲပြီဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရင့်သန်စိတ်ချသူတစ်ဦးဖြစ်လာခဲ့တော့၏။

သည်လိုနှင့် ဦးဘအုပ်သည် အသက်(၆၆)နှစ်အရွယ်သို့ရောက်လာခဲ့ချိန်တွင် မြတ်စွာဘုရားသော်မှ မလွန်ဆန်နိုင်သော မရဏလမ်းကို ကျော်ဖြတ်ရတော့မည့်အခါကာလသို့ ဆိုက်ရောက်လာခဲ့ရလေပြီ။ အိပ်ရာပေါ်က သူ၏နောက်ဆုံးအချိန်တွင် တရားရှုမှတ်ပွားများရင်း ဇီဝိန်ချုပ်ကာ ဤဘဝကို အဆုံးသတ်တော့မည်ဟု ဦးဘအုပ် ဆုံးဖြတ်ချက်ချလိုက်သည်။

ဇနီးဒေါ်ကောင်းနှင့်သားသမီးများကိုလည်း သူ၏နောက်ဆုံးအချိန်တွင် သူ့ကိုပြုစုဖို့ အနီးအနားသို့ လာစရာမလို။ နောက်ဆုံးအချိန်တွင် တရားနှလုံးသွင်း၍သာနေတော့မည်ဟု အပြီးအပြတ်အမိန့်ချထားလိုက်၏။ ပြီးနောက် တစ်ချိန်လုံးပင် ဝေဒနာအနိစ္စကိုသာ စွဲမြဲနှလုံးသွင်းနေကာ ပြင်းထန်သောဝေဒနာကို မတုန်မလှုပ်ဘဲ ရှုမှတ်နေခဲ့သည်။ ထိုတစ်ချိန်လုံး တရားစစ်တရားမှန်ကို ငါမသေမီတွေ့ခဲ့ပြီဟုလည်း တရားဓမ္မကို သာမုခေါ်ကာ ပီတိဖြစ်နေခဲ့၏။

သို့သော် ထိုအချိန်ကာလကလေးမှာပင် ဦးဘအုပ်အတွက် ကြီးစွာသော အနှောင့်အယှက်ကြီးတစ်ရပ်က မမျှော်လင့်ဘဲ ဝင်ရောက်လာခဲ့လေတော့သည်။ အခြားမဟုတ်။ သူ၏ သမီးလတ်နှင့် သားအငယ်တစ်ယောက်တို့၏ ငြင်းခုံသံများပင်တည်း။

"အဖေ မရှိတော့ဘူးဆိုရင်တော့ ငါအဲဒီတရားတိပ်ခွေကြီးတွေကိုဖျက်ပြီး ပြည်လှဖေတို့၊ မေရှင်တို့သီချင်းတွေသွင်းမယ်။ မကွေးမြို့မှာဆိုရင် အဲလိုတိပ်ခွေကြီးတွေကို အသံသွင်းပေးနိုင်တဲ့ တေးသံကူးဆိုင်ကြီးတွေပေါ်နေပြီတဲ့"

"အံမယ်-ဒီလိုဘယ်ရမလဲ။ ငါကလည်း ဥဩဘသောင်တို့၊ ခင်မောင်ရင်တို့သီချင်းတွေသွင်းရမှာပေါ့။ တိပ်ခွေတွေကို နင်တစ်ယောက်တည်းယူလို့ ဘယ်ရမလဲ။ ငါလည်းငါကြိုက်တဲ့သီချင်းတွေသွင်းဖို့ ဝေစုခွဲယူရဦးမှာပေါ့"

"ဟဲ့ - ငြင်းခုံမနေကြနဲ့။ ဟိုမှာ နင်တို့အဖေကတရားမှတ်နေတာ။ နင်တို့အသံတွေကြားပြီး တရားနှလုံးသွင်းတာပျက်သွားလိမ့်မယ်။ တိတ်တိတ်နေကြ"

သားငယ်နှင့် သမီးဖြစ်သူတို့က ဦးဘအုပ်၏ အမြတ်တနိုးစုဆောင်းလာသောတရားတိပ်ခွေကြီးတွေကို ဝေစုခွဲတမ်းချနေကြသည်။ ဇနီးဒေါ်ကောင်းက တရားနှလုံးသွင်းနေသည့် ဦးဘအုပ်၏ နောက်ဆုံးအချိန်ကိုသိ၍ သားနှင့်သမီးကို ဟန့်တားနေ၏။ ထိုစကားသံများက ဦးဘအုပ် တရားရှုမှတ်ခြင်းကို မေ့လျော့ပျက်စီးသွားစေခဲ့တော့သည်။

ဦးဘအုပ်က သူစုဆောင်းလာခဲ့သော တရားတိပ်ခွေကော်ဒါခွေကြီးများကို မွေစေတီထိုက်သည်ဟု ယူဆယုံကြည်သူဖြစ်သည်။ အခုတော့ ဓမ္မစေတီထိုက်သော တရားတိပ်ခွေကြီးတွေကို တန်ဖိုးနားမလည်သည့် သားမိုက်နှင့် သမီးမိုက်တို့က ဖျက်ဆီးကြတော့မှာပါလားဆိုသောအသိကြောင့် ရှုမှတ်ဆဲ တရားနေရာတွင် ဒေါသက အစားထိုးဝင်ရောက်လာခဲ့တော့၏။ ဦးဘအုပ်မှာ ကျန်းမာရေးကောင်းခဲ့စဉ်ကာလတုန်းကလို ထိုဒေါသကို အဒေါသဖြစ်အောင် မထိန်းချုပ်မပြောင်းလဲနိုင်တော့။ ထိုဒေါသဝေဒနာအပူမီးက ဦးဘအုပ်၏ နှလုံးကို ပြင်းထန်စွာ အရှိန်ဖြင့် ဝင်ဆောင့်လာတော့သည်။ ဒေါသနှင့် ဝိညာဉ်ချုပ်ရတော့ခြင်းပင်။

တရားဓမ္မနှင့် မွေ့လျော်ခဲ့သော ဦးဘအုပ်သည် နောက်ဆုံး သေလွန်ခါနီးအချိန်လေး၌ ကံပ်၍ နှလုံးသွင်းတစ်ချက်မှားလိုက်မိသည်နှင့်ပင် အရှုံးကြီးရှုံးသွားရပေတော့သည်မှာ သူကိုယ်တိုင်အိမ်ရှေ့၌စိုက်ပျိုးထားခဲ့သည့် ရွက်လှပင်၊ ဆပွားပင်များကြားတွင် ခွေ၍နေသည့် ထန်းမြွေမကြီး၏ဝမ်းဗိုက်၌ ရွှေ့ပြောင်းသန္ဓေတည်စွဲဝင်ခဲ့ရခြင်းပင်ဖြစ်လေတော့သည်။

❐

ကျွန်တော်ကား ရသေ့ကလေး၏ မိန့်ကြားချက်များကို နားထောင်နေရင်းမှ ကြက်သီးမွေးညင်းများထသွားသည်အထိ အံ့ဩတုန်လှုပ်သွားရလေသည်။အထိတ်တလန့်ပင် မေးမိလျက်သားဖြစ်သွားရပါတော့သည်။

"ဒါဆိုရင် သူကြီးဦးဘအုပ်က ဒေါသနဲ့ ကွယ်လွန် ဝိညာဉ်ချုပ်ပြီးတဲ့နောက်တစ်ဘဝမှာ ထန်းမြွေဖြစ်သွားရတယ်လို့ ဆိုလိုတာလား ဘုရား"

"အမှန်ပဲ ဒကာလေး၊ အဲဒီထန်းမြွေလေး ပေါက်ဖွားကြီးပြင်းလာတော့ ဘယ်ကိုရောက်နေတယ်ထင်သလဲ။ သူစွဲလမ်းတန်ဖိုးထားတဲ့ တရားတိပ်ခွေကော်ဒါခွေကြီးတွေကြားမှာ တိပ်ခွေအစောင့်အရှောက်သဘောမျိုးနဲ့ နေခဲ့ရတယ်။ အစာရှာဖွေချိန်ကလွဲရင် အဲဒီတိပ်ခွေအထပ်လိုက်အပုံကြီးကြားမှာပဲ ပြန်နေတယ်။ ဒါဟာ ဝိဘဝတဏှာ'သဘော၊ စွဲလမ်းမှုရဲ့သဘောပဲ။ အဲဒီထန်းမြွေဘဝဟာ ကျုပ်မှတ်မိတဲ့ ကျုပ်ရဲ့ ဒုတိယဘဝပဲပေါ့။ သံသရာလည်ရပုံ ဘယ်လောက်ဆန်းကြယ်ပြီး ကြောက်စရာကောင်းလိုက်သလဲဆိုတာ စဉ်းစားသာကြည့်ပေတော့"

ရသေ့ကလေးက အေးချမ်းစွာပင် ပြန်လည်ဖြေကြားပါသည်။

ကျွန်တော်က ထပ်မေးလိုက်မိပြန်၏။

"ဒါဖြင့် အဲဒီထန်းမြွေဘဝက တော့ ဘယ်လိုနိဂုံးချုပ်ခဲ့ရပြန်ပါလဲဘုရား"

"ပြောပြမယ် ဒကာလေး။ တစ်နေ့တော့ ဦးဘအုပ်ရဲ့မိတ်ဆွေတစ်ဦးဖြစ်တဲ့ စလင်းမြို့က တိုင်းရင်းဆေးဆရာကြီး ဦးမြင့်ကြူဟာ ရွာကိုရောက်လာတယ်



www.burmeseclassic.com

www.burmeseclassic.com

ကက်ဆက်တွေပေါ်လာခါစဖြစ်လို့ သူက ကက်ဆက်တစ်လုံးလည်း ဝယ်လာတယ်။ ဦးမြင့်ကြူက ကွယ်လွန်သူ ဦးဘအုပ်ရဲ့ တိပ်ရီကော်ဒါတရားခွေကြီးတွေထဲက တရားတွေကိုကူးယူရရင် ကောင်းမှာပဲဆိုပြီး ဒေါ်ကောင်းတို့မိသားစုဆီ ရောက်လာတယ်။ ဦးဘအုပ်ရှိစဉ်က ဦးမြင့်ကြူကလည်း အဲဒီတိပ်ခွေကြီးတွေထဲက တရားတွေကို နာယူခဲ့ဖူးတာကိုး။ ဒါကိုသတိရလို့ သူ့ကက်ဆက်ခွေတွေထဲကို ကူးယူရအောင်လို့လာခဲ့တာပဲ။ အဲဒီအချိန်မှာတော့ ဦးဘအုပ်ရဲ့ သားသမီးတွေလည်း အိမ်ထောင်တွေကျကုန်ကြပြီးပြီပေါ့လေ။ ဦးမြင့်ကြူ အလိုရှိတဲ့ တိပ်ခွေတွေကိုရွေးမယ်လို့ ရီကော်ဒါကြီးနဲ့ တိပ်ခွေပုံကြီးအနားလည်းကပ်လိုက်ရော တိပ်ခွေတွေကြားမှာခွေအိပ်နေတဲ့ ထန်းမြွေကြီးကို မြင်ကြရတော့တာပဲ။ မြွေဆိုတာမျိုးကလည်း သူက အန္တရာယ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ရုတ်တရက်မှာတော့ မြင်သူကို အထိတ်တလန့်ဖြစ်စေတတ်တဲ့သတ္တဝါကိုး။ ဒီမှာတင် ခြေမြန်လက်မြန်ရှိတဲ့ ဦးဘအုပ်ရဲ့သားက နှင်တံနဲ့ကော်ထုတ်ပြီး ရိုက်သတ်တာခံလိုက်ရတော့တာပဲ။ ဒါပေမယ့် ဦးဘအုပ်ရဲ့ အတိတ်ဘဝက ပြုခဲ့တဲ့ ဒါန၊ သီလ၊ သမာဓိတရားတွေက တစ်လှည့်ပြန်အကျိုးပေးလာပြီး မြွေဘဝအဆုံးမှာ ဦးဘအုပ်ဘဝတုန်းက သူ့သမီးကြီးရဲ့ဝမ်းထဲကို သန္ဓေတည်ခဲ့ရပြန်တယ်။ နောက်တော့ မောင်သောင်းတန်ဆိုတဲ့ သောကြာသားကလေးအဖြစ်နဲ့ ကျုပ်ကို ပြန်လည် မွေးဖွားလာခဲ့တယ်ဆိုပါတော့"

"တင်ပါ့၊ မောင်သောင်းတန်ဘဝမှာကော ဘာတွေထူးခြားပါသေးသလဲဘုရား"

"မောင်သောင်းတန်ဟာ အသက်လေးနှစ်သားအရွယ်ကစပြီး လွန်ခဲ့တဲ့ သံသရာနှစ်ဆက်က ဘဝဟောင်းနှစ်ခုကို ပြန်သတိရပြီး ပြောပြနိုင်ခဲ့တယ်။ ဦးဘအုပ် သူကြီးဘဝက ပိုင်ဆိုင်ခဲ့သမျှ မြေယာဇကာ အတိအကျကအစ အကုန်ပြန်ပြောနိုင်တယ်။ သူ့တိပ်ရီကော်ဒါကြီးကို ဘယ်လိုဖွင့်ရပိတ်ရမယ်၊ ပျက်ရင် ဘယ်လိုပြင်ရမယ်ဆိုတာတွေကိုလည်း ဘယ်သူကမှ မသင်ရမပြရဘဲနဲ့ အလိုအလျောက် ကျွမ်းကျင်တတ်မြောက်နေတယ်။ သူ့မိတ်ဆွေဦးမြင့်ကြူက ရီကော်ဒါတိပ်ခွေတွေလာယူတဲ့နေ့မှာ သူ့ကို မြွေတစ်ကောင်အဖြစ်နဲ့ သူ့သားက ရိုက်သတ်ခဲ့ကြောင်းကိုလည်း ပြောပြနိုင်တယ်လေ။ မောင်သောင်းတန်ဟာ လေးနှစ်သားအရွယ်ကတည်းက ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အဖန်တလဲလဲ ဖြစ်ပျက်သံသရာလည်ခြင်းဒုက္ခကြီးကိုသိမြင်ကြောက်လန့်ခဲ့လို့ ရှင်သာမဏေဝတ်ပေးဖို့ချည်းပဲ နေ့တိုင်း ပူဆာတောင်းဆိုခဲ့တယ်။ နောက်တော့ ရှင်သာမဏေဘဝ၊ အရွယ်ရောက်လို့ အသက်(၂၀)ပြည့်ပြီးတော့ ရှင်ရဟန်းဘဝတွေနဲ့ တရားဓမ္မကိုပဲ တစ်သက်တာလုံးကျင့်ကြံအားထုတ်ခဲ့တာ ဒီနေ့အထိပဲဆိုပါတော့ ဒကာလေး"

"ဒါဖြင့် ဘယ်အရပ်တွေမှာ လှည့်လည်အားထုတ်ခဲ့ပါသလဲဘုရား။နောက် ရဟန်းဘဝကနေ ဘယ်လိုကြောင့် ခုလို ရသေ့ဘဝကို ကူးပြောင်းခဲ့ရပါသလဲဘုရား"

ကျွန်တော်က ထပ်ဆင့်၍မေးမိပြန်ပါသည်။

"ဒါကိုတော့ မသိချင်ပါနဲ့ ဒကာလေး။ ရသေ့ရဟန်းဘဝနဲ့ လှည့်လည်သွားလာအားထုတ်ခဲ့ဖူးတဲ့ တောတောင်အရပ်ဒေသအသီးသီးက မရေတွက်နိုင်လောက်အောင်များပြားခဲ့လို့ ပြောမပြတော့တာပါ။ရဟန်းဖြစ်တဲ့အခါ ကျောင်းနဲ့နေရတယ်။ သာမန်နာမူလူ့လောကီကိစ္စအဝဝတွေကြောင့် လူ့လောကနဲ့ဆက်ဆံထိတွေ့နေရတယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အစရှိတဲ့ ပစ္စည်းလေးပါးအထောက်အပံ့တွေအလို့ငှာ လူတွေနဲ့ အရောဝင်နေရတယ်။ ကိုယ့်အတွက် အလုပ်လုပ်ရတဲ့အချိန်ကနည်းပါးကြပြီး ဆက်ဆံနေရတဲ့ ရပ်ရေးရွာရေး လူ့ကိစ္စတွေမှာ မလွှဲမရှောင်သာအချိန်ဖဲ့ပေးနေကြရတယ်။ ပြီးတော့ ထိန်းသိမ်းရတဲ့ ဝိနည်းတော်တွေကလည်းအလွန်များပြားတော်မူကြပါတယ်။ (၂၂၇) သွယ်သော သိက္ခာတော်ပုဒ်တွေလို့ ဆိုပေမယ့် အနုစိတ် အကျယ်ချဲ့ရင် ကုဋေပေါင်းကိုးထောင်ကျော်တယ်လေ။ ဒါကြောင့် ဝိနည်းထိန်းရနည်းပါးပြီး သလုံးမြင်းခေါင်းကို အားကိုးလို့ လွတ်လပ်စွာသွားလာလှုပ်ရှား အားထုတ်နိုင်တဲ့ ရသေ့ဘဝကို တမင်ကူးပြောင်းခံယူလာခဲ့တာပဲ။ ရသေ့ဘဝနဲ့ပဲ သံသရာခရီးကို အနှောင်အဖွဲ့ကင်းကင်း ဆက်လျှောက်နေတဲ့ ခရီးသွားတစ်ဦးပဲ ဆိုပါတော့ ဒကာလေးရယ်"

"တင်ပါ့၊ ရှင်ရသေ့ကလေးရဲ့မိဘတွေကောရှိကြပါသေးသလားဘုရား"

"မရှိကြတော့ပါဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်းခြောက်ဆယ်လောက်ကတည်းက ကွယ်လွန်ခဲ့ကြပါပြီ။ ရသေ့ရဲ့မိခင်ဟာ စလင်းမြို့မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ကျောင်းဆရာမကြီးတစ်ယောက်ဖြစ်ခဲ့တယ်လို့ပဲ ပြောပါရစေတော့"

ကျွန်တော်ပါးစပ်အဟောင်းသားဖြစ်သွားရပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၆၀)လောက်က သေဆုံးသွားခဲ့ပြီးဖြစ်သည့် မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သော ဤရသေ့ကလေး၏အသက်သည် ဘယ်မျှရှိနေပြီနည်း။ ယခု ကျွန်တော်နှင့်ဆုံကြစဉ်ကာလမှာ အမြင်အရ ခန့်မှန်းမိရသည်မှာ ရသေ့ကလေး၏အသက်သည် လေးဆယ်ဝန်းကျင်ခန့်သာရှိမည်ဟုထင်မိ၏။ ကြည်လင်သော မျက်နှာထားနှင့် ငြိမ်းချမ်းသောအသံကို ပိုင်ဆိုင်သည့် ရသေ့ကလေး၏အသက်ကို မည်၍မည်မျှဟု တပ်အပ်မမှန်းဆသာအောင်ရှိနေရတော့သည်။

ထိုအခိုက်မှာပင် ရသေ့ကလေးက ကျွန်တော့်အတွေးကို သိနေသည့်အလား မိန့်ကြားလာပါလေသည်။

"ဘာကိုမှတွေးထင်မှန်းဆမနေနဲ့ ဒကာလေး။ အသက်အရွယ်ဆိုတာ အချိန်ကာလအတွက် ပညတ်ချက်တွေပဲ။ ပရမတ်နယ်မြေမှာမရှိဘူး။ ကဲ-ဒကာလေးလည်း ခရီးဆက်ပေဦးတော့။ ဆာလောင်မွတ်သိပ်မှု ပြေပျောက်သွားပြီမို့ ဒကာလေး အလိုရှိတဲ့နေရာကို မမှားမယွင်းဘဲ အမြန်ဆုံးရောက်ပါလိမ့်မယ်။ ကျုပ်မှာလည်း ဆက်စရာခရီးတွေရှိနေတာပဲလေ။ ဒီနေရာမှာ ကျုပ်ကိုတွေ့ခဲ့ရပေမယ့် နောက်တစ်ခါလာရှာရင်တော့ တွေ့လိမ့်မယ်လို့ မမျှော်လင့်နဲ့နော်။ အကြောင်းတိုက်ဆိုင်ရင်တော့လည်းတွေ့ကောင်းတွေ့လိမ့်မပေါ့လေ။ ကဲ - ကျုပ်လည်း ခရီးဆက်လိုက်ဦးမယ်။ သံသရာခရီးသည်တွေအားလုံး မဂ်လမ်းဖိုလ်လမ်းကို အမြန်တွေ့ရှိလျှောက်လှမ်းနိုင်ကြပါစေ"

ကျွန်တော့်ကိုနှုတ်ဆက်ပြီးနောက် သတ္တဝါဝေနေယျတို့ကို မေတ္တာပို့သည်။ ပြီးနောက် အညိုရောင်လွယ်အိတ်နှင့် ဘူးသီးခြောက်ရေဘူးကိုပခုံးမှာလွယ်၍ တောင်ဝှေးကိုထောက်ကာ လှမ်းထွက်သွားသော ရသေ့ကလေးကို ငေးမောကြည့်ရင်း ကျွန်တော် ကျန်ရစ်ခဲ့သည်။ ရသေ့ကလေးကား တောတောင်သစ်ပင်အုပ်များအကြားသို့ တရွေ့ရွေ့တိုးဝင်လျှောက်လှမ်းသွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း မမျှော်လင့်သော တွေ့ကြုံ ဆုံစည်းလိုက်ရမှုအတွက် အံ့အားသင့်ကာ မည်မျှကြာအောင် တွေဝေမိန်းမောနေခဲ့မိလေသလဲ မပြောတတ်တော့ပေ။ မျက်မှောင်တကြုတ်ကြုတ်နှင့်သာ တစ်ကိုယ်တည်း အတွေးနယ်ချဲ့၍ ကျန်ရစ်နေခဲ့လေတော့သည်။

"ဟော - ဆရာကြီး ဘယ်တုံးက ဒီတောထဲတောင်ထဲရောက်နေသလဲ။ ဪ - ဟုတ်သားပဲ၊ ဒီနေ့ကျောင်းပိတ်ရက်ကိုး။ ဦးလှမောင်တို့တဲစုကိုသွားဖို့ ရွာအထွက်လာခဲ့ဟန်တူတယ်"

ရုတ်တရက် ထွက်ပေါ်လာသော နှုတ်ဆက်သံကိုကြားရတော့မှလှည့်ကြည့်သည်။ တောထဲတွင် ယာလုပ်ငန်း၊ သစ်ဝါးလုပ်ငန်းများ လုပ်ကိုင်နေလေ့ရှိသည့် ခင်ပလူရွာသား လူငယ်လေး မောင်ညိုကို တွေ့လိုက်ရ၏။

"ရသေ့တစ်ပါးနဲ့တွေ့လို့ စကားပြောနေတာကွ။ မင်းကဘယ်ဘက်က ပြန်လာတာလဲ"

"အနောက်ဘက်တောအုပ်ထဲကပဲ ဆရာကြီး"

"ဒါဆို ရသေ့တစ်ပါးနဲ့မတွေ့ခဲ့ဘူးလား။ သူလည်း မင်းပြောတဲ့အနောက်ဘက်တောအုပ်ထဲဝင်သွားတာပဲ။ သွားတာတောင်ဘာမှမကြာသေးဘူး"

"ဟာ - ဆရာကြီးကလည်း၊ ကျွန်တော် တစ်မနက်လုံး အဲဒီအနောက်ဘက်ကြောမှာပဲဝါးခုတ်နေတာ ဘယ်သူနဲ့မှ မတွေ့ပါလား။ ဒီနားမှာ ဘယ်ရသေ့ရဟန်းမှမတွေ့မိပါဘူး။ ကျောက်အိုးရွာနဲ့လည်း အဝေးကြီး၊ ခင်ပလူရွာနဲ့လည်း အဝေးကြီး။ ဧကန္တတော့ ဆရာကြီး မောမောနဲ့ သစ်ပင်ရိပ်မှာနားရင်း မေ့ခနဲအိပ်ပျော်သွားပြီး အိပ်မက်မက်နေရာက လန့်နိုးလာသလားပဲ"

မောင်ညို၏စကားကြောင့် ကျွန်တော်မအီမလည်ဖြစ်သွားရ၏။မောင်ညိုပြန်ထွက်လာခဲ့သည်ဆိုသော အနောက်ဘက်တောအုပ်ထဲသို့ ရသေ့ကလေး လှမ်းဝင်သွားခဲ့တာက ကျွန်တော့်မျက်မြင်မဟုတ်လား။ ခုတော့ မောင်ညိုက ဘယ်သူနှင့်မှမတွေ့ခဲ့ပါဘူးဟုဆိုနေပြန်တော့ အစဉ်းစားရကျပ်လှတော့သည်။

"ပေါက်ပေါက်ရှာရှာကွာ၊ ငါကတောထဲက တောင်ကုန်းထိပ်သစ်ပင်ရိပ်မှာ နေ့ခင်းကြောင်တောင်လာအိပ်နေရမလားကွ။ ဦးလှမောင်တို့တဲစုကိုသွားဖို့ ထွက်အလာမှာ အဲဒီရသေ့တစ်ပါးနဲ့တွေ့ကြတာပဲ။ ဟောဟိုတဲကလေးထဲမှာ သူကစွန့်လို့တည်သီးတွေစားဘူးသီးခြောက်ထဲကရေတွေ သောက်ခဲ့ရသေးတယ်။ မယုံရင်လိုက်ခဲ့ပြီးကြည့်စမ်း၊ ငါပြမယ်"

"ဟာ - ဆရာကြီးကလုပ်ချလိုက်ပြန်ပြီ။ အဲဒီတဲက သွားရင်းလာရင်း ခဏတစ်ဖြုတ်နားဖို့ ကျွန်တော်တို့ ဝါးခုတ်သမားတွေထိုးထားတဲ့ တစ်ဖက်ယပ်တဲပဲ။ တဲထိုးပြီးတာမှ သုံး၊ လေးရက်ရှိသေးတာ။ ဘယ်ရဟန်းရသေ့မှ ဒီတဲကိုမလာဖူးဘူး"

"ခက်ပါပေ့ကွာ၊ ငါနဲ့တွေ့လိုက်ရတာကတော့ အဲဒီတဲမှာပဲ။ တဲအမိုးအခြင်ဝါးလုံးတန်းမှာ ချိတ်ထားတဲ့ လွယ်အိတ်ထဲကနေ ထုတ်ကျွေးတဲ့ တည်သီးတွေ ငါစောစောလေးတုန်းကမှ စားခဲ့တာ မောင်ညိုရ"

ကျွန်တော်နှင့် မောင်ညိုတို့ ထိုတဲကလေးဆီသို့ ပြန်လျှောက်ကြသည်။ ဝါးသုံး၊လေးပြန်ထက်မဝေးသောတဲလေးထဲရောက်တော့ မြေပြင်တွင် လတ်လတ်ဆတ်ဆတ် အခွံသင်ပြီးစ တည်သီးအခွံများကို တွေ့ကြရ၏။ အခွံများမှာ နွမ်းပင်မနွမ်းလှသေးပေ။

"ကဲ - အဲဒီမှာ တည်သီးအခွံတွေ ကြည့်ပေတော့။ ငါကမင်းကိုမဟုတ်တာပြောပါ့မလား၊ မင်းနဲ့တွေ့မှ ငါလည်းရှုပ်ချင်သလိုလိုဖြစ်လာပြီ"

ကျွန်တော်က မကျေမချမ်းနှင့် တည်သီးအခွံများကို လက်ညှိုးထိုးပြီး သက်သေထူလိုက်တော့မှ မောင်ညိုလည်း ပါးစပ်ဟောင်းလောင်းဖြစ်သွားလေတော့သည်။ ထို့နောက် ဦးလှမောင်တို့တဲသို့ ကျွန်တော်ရောက်သွားပြီးစုံစမ်းကြည့်မိပြန်၏။သူတို့လင်မယားကလည်း 'ဘယ်ရသေ့မှ မတွေ့မိပါဘူးဗျာ'ဟု ဆိုလေသဖြင့် ကျွန်တော့်မှာ ယီးတီးယောင်တောင်ဖြစ်ရပါဘိတော့သည်။ ညနေစောင်းတော့မှ ရွာသို့ ကျွန်တော်ပြန်လာခဲ့ပါသည်။ သို့သော် ထိုကိစ္စက ကျွန်တော့်အတွက်တော့ ဇာတ်မပဟေဠိကြီးပင်။

ညဘက်ရောက်တော့ ထုံးစံအတိုင်း ရပ်ရွာထဲမှ ရေနွေးကြမ်းဝိုင်းဖွဲ့နေကျ မိတ်ဆွေများနှင့် ရေနွေးသောက်၊ လက်ဖက်သုပ်မြည်းရင်း စကားဝိုင်းဖွဲ့မိကြရာ ကျွန်တော်က ပူပူနွေးနွေးကြုံခဲ့ရသော ထိုကိစ္စကို ရင်ဖွင့်မိပါ၏။ ခက်ချေပြီ။ မည်သူကမျှ မယုံကြည်ကြဘဲ ခေါင်းကုတ်သူကုတ်၊ ခေါင်းခါသူခါဖြစ်ကုန်ကြတော့၏။ 'ကြုံကြီးစည်ရာဗျာ၊ ကျုပ်တို့ဖြင့် မကြုံဖူးပေါင်' ဟု အဆိုမြုကြကုန်၏။

သို့ရာတွင် ရွာ၏အသက်အကြီးဆုံးတန်းထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော ဘကြီးဦးကြာအေးကတော့ ကျွန်တော့်ကို ထောက်ခံသည့်စကား ပြောလာပါ၏။

"ဘယ်သူမယုံယုံ ကျုပ်ယုံတယ် ကျောင်းဆရာ။ ရသေ့လေးက အလွန်ချိုအလွန်မွှေးတဲ့ တည်သီးတွေကျွေးပြီး ဘူးသီးခြောက်ရေဘူးထဲက သောက်ရေအေးအေးကလေးလည်း တိုက်လိုက်သေးတယ်မဟုတ်လား။ ဘကြီးလည်း လွန်ခဲ့တဲ့အနှစ် (၂၀) လောက်က အဲဒီအနောက်ဘက် တောအုပ်ထဲမှာ အခုပြောသလိုမျိုး တစ်ကြိမ်ကြုံခဲ့ရ၊ စားခဲ့ရ၊ သောက်ခဲ့ရဖူးတယ်။ အဲဒီနောက်တော့ လုံးဝမတွေ့ရ၊ မဆုံရတော့ဘူး။ အခုကျောင်းဆရာတွေ့ခဲ့တယ်ဆိုတာ ပြောသံကြားမှ ပြန်သတိရလာမိတာ။ ဘကြီးတုန်းကလည်းတွေ့ခဲ့ပါတယ်ပြောတာကို ဘယ်သူမှမယုံခဲ့ကြဘူး။ ဘကြီးပဲ စိတ်ဖောက်ပြန်ပြီးထင်ရာလျှောက်ပြောသလိုလိုဝိုင်းမှတ်ချက်ချခဲ့ကြတာကလား"

ကျွန်တော် ဘယ်လိုမှ ညဏ်မီအောင် မတွေးတတ်တော့ပါ။ ဘကြီးကြာအေးက လွန်ခဲ့သော အနှစ် (၂၀) လောက်က ကြုံခဲ့ရဖူးသည်ဆိုသဖြင့် ပို၍အတွေးရခက်ကာ အဖြေရှာမတွေ့သော ပုစ္ဆာတစ်ပုဒ်အဖြစ်သာ မှတ်တမ်းတင်ရပါတော့မည်။ မည်သို့ဖြစ်စေ ကျွန်တော့်ဘက်က ထောက်ခံသူ ဘကြီးကြာအေးတစ်ယောက် ပေါ်လာသေးသဖြင့် 'တော်ချေသေးရဲ့' ဟု သက်ပြင်းရှိုက်မိရပါသည်။

'နောက်ဆုံးတော့ ရသေ့ဘဝနဲ့ပဲ သံသရာခရီးကို ဆက်လျှောက်နေတဲ့ သံသရာခရီးသွားတစ်ဦး ဆိုပါတော့ ဒကာလေးရယ်'

ဟူသော သူ၏မိန့်ကြားချက်အရ ဆိုလျှင် ကျွန်တော်သည် မထင်မှတ်သော သံသရာခရီးသည်ကြီးတစ်ပါးနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်လိမ့်မည်ဟူ၍သာ။

(ဝန်ခံချက် - ယခင် ခင်ပလူရွာ (မူ-ကျောင်းအုပ်ကြီး) ဦးသိန်းထွန်း (ခ) စာရေးဆရာ သိန်းထွန်း (မူဆယ်)၊ ယခု ရဟန်းတော် ဦးသံဝရ (ထူးပေါက်ရွာ ကျိုက်ထီးရိုးတောရကျောင်း စလင်းမြို့နယ်) ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် မိန့်ကြားပြောပြချက်ကို ရေးဖွဲ့ပါသည်။

နန္ဒာစိုး(ဆင်ဖြူကျွန်း)


www.burmeseclassic.com

www.burmeseclassic.com

လှမျိုးထက်

# ဂျပန်ဒိုမေသတင်းထောက်၏ သေရွာပြန်စာရင်း

၁၉၉၀ ပြည့်နှစ်ခန့်လောက်ဟု ထင်မိပါသည်။ နေ့၊ လ၊ ရက်ကိုမူ တိတိကျကျ မမှတ်မိတော့။ အင်္ဂလန်နိုင်ငံ ပို့(စ်)မောက်မြို့တွင် အခြေချနေထိုင်သည့် ကျွန်တော့်ကျောင်းနေဖက် မေ့ဆေးဆရာဝန်ကြီးတစ်ဦးထံမှ စာရေးဆရာ သောမတ်(စ်)တွမ်ကော်နယ်လီ ဆိုသူ ရေးသားပြုစုသော (Schindler's List) 'ရှင်ဒလား၏ သေရွာပြန်စာရင်း' ဟူသော စာအုပ်ထူကြီးတစ်အုပ်ကို လူကြုံဖြင့် ကျွန်တော့်ထံ ပို့ပေးခဲ့သည်။ ကျွန်တော့် ကျောင်းနေဖက်ဖြစ်သူမှာ ကျွန်တော် မည်သည့်စာအုပ်များ ဖတ်သည်ကို သိသူဖြစ်ပါသည်။ ထိုစာအုပ်မှာ အော်စကာရှင်ဒလာဆိုသူ ဂျာမန်နွယ်ဖွား ဂျူးအမျိုးသားတစ်ယောက်၏ သည်းထိတ်ရင်ဖိုဖွယ်ရာ၊ လွမ်းမောတသဖွယ်ရာဘဝဇာတ်ကြောင်းကို ဝတ္ထုဆန်ဆန် ရေးသားထားသောစာအုပ် ဖြစ်ပါသည်။ (ထိုစာအုပ်အား ကွယ်လွန်သူ စာရေးဆရာကြီး လင်းယုန်မောင်မောင်မှ 'သေရွာပြန်စာရင်း'အမည်ဖြင့် လုံးစေ့ပတ်စေ့ ဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။)

ထိုဖြစ်ရပ်မှန်ဝတ္ထုမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နှစ်ပေါင်း(၁၀၀၀)ကျော် တည်မြဲမည့် တတိယဂျာမန်နိုင်ငံတော်ကြီးကို တည်ထောင်မည်ဟု ကြွေးကျော်ခဲ့ကြသော နာဇီဂျာမန်တို့၏ ဂျူးလူမျိုးပြဿနာဖြေရှင်းရေးနှင့် တစ်စိတ်တစ်ဒေသ ဆက်နွယ်နေသောဖြစ်ရပ် ဖြစ်ပါသည်။ ထိုကာလက နာဇီဂက်စတာပိုတို့သည် ဥရောပတိုက်နိုင်ငံအသီးသီးမှ ဂျူးလူမျိုးအများအား ဖမ်းဆီး၍ အစုလိုက်အပြုံလိုက် သုတ်သင် ရှင်းလင်းနေသည့်အချိန် ဖြစ်သည်။ ဤကဲ့သို့ ဂျူးလူမျိုးများအား သုတ်သင် ရှင်းလင်းရာတွင် ဂျာမန်ပြည်သူအများများက်ကွယ်၍သာ ပြုလုပ်ခဲ့ပြီး ဂျူးလူမျိုးများအား ထိန်းသိမ်းထားသည်။ ငရဲခန်းများကိုအထူးပြုစုပေးသောချွေးတပ်စခန်းများဟု ကင်ပွန်းတပ်ထားခဲ့၏။

ထိုစခန်းများတွင် ဂျူးလူမျိုးများ ဥရောပတိုက်နိုင်ငံအသီးသီးမှ အပြစ်မဲ့ပြည်သူများကို လူသားမဆန်သောနည်းလမ်းများဖြင့် နှိပ်စက်ညှဉ်းပန်း၍ သတ်ဖြတ်ခဲ့ကြသည်။ ဂျူးလူမျိုးအများကိုမူ ထိုစခန်းများတွင် အစုလိုက်အပြုံလိုက် ဓာတ်ငွေ့ပေးသတ်ဖြတ်ခဲ့သည်။ ဤငရဲခန်းများတွင် ပိုလန်နိုင်ငံ အော့ဇဝစ်မြို့ ငရဲခန်းမှာ ကမ္ဘာကျော်အောင် နာမည်ဆိုးခဲ့သည်။ ထိုစဉ်က မှတ်တမ်းများအရ ဆိုဘီနာအကျဉ်းစခန်း၊ ထရီဘလင်ကာချွေးတပ်စခန်း၊ မော်သော်ဆင်ချွေးတပ်စခန်း၊ မေဒါနက်ငရဲခန်း၊ ဘဲ(လ်)ဇက်အကျဉ်းခန်းများ စသော အကျဉ်းစခန်းများမှ ဂျူးလူမျိုးပေါင်း တစ်ဆယ့်တစ်သန်းနီးပါးအသတ်ခံခဲ့ရသည်ဟု သိရ၏။

အထက်ဖော်ပြပါ ဂျာမန်ပြည်ဖွား ဂျူးအမျိုးသား အော်စကာရှင်ဒလား







www.burmeseclassic.com

www.burmeseclassic.com

သည့် နာဇီဂျာမန်တို့၏ လောကငရဲခန်း
သူအများက ကင်ပွန်းတပ်ထားသည့်
ကျင်းစခန်းသို့ ကျရောက်တော့မယ့်
လူမျိုးအကျဉ်းသား (၁၂၀၀) ကို နာဇီ
ဂျာမန်အက်(စ်)အက်(စ်) တပ်သားများ
လက်မှ နည်းလမ်းအမျိုးမျိုးနှင့် ထုတ်ယူ
၍ သူ့ဒန်အိုးဒန်စက်ရုံ၌ အလုပ်သမား
များဖြင့်ခန့်ထားပြီး ကယ်ဆယ်ခဲ့ရသည့်
ဇာတ်လမ်းဖြစ်၏။ တစ်နည်းပြောရမည်
ဆိုလျှင် အော်စကာရှင်ဒလား၏ အံ့ဖွယ်
ဇာခန်း ထူးဆန်းသော သမိုင်းဝင်ဖြစ်ရပ်
ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌
နာဇီဂျာမန်အက်(စ်)အက်(စ်)ဂက်စတာပို
အရာရှိအရာခံ၊ အကြပ်တပ်သားများ
အား ရင်းနှီးအောင်ပေါင်း၍ ဂျူးလူမျိုး
(၁၂၀၀) ကျော်ကို သေတွင်းမှ ထုတ်ယူ
နိုင်ခဲ့၏။ သူ့ဆောင်ရွက်ချက်မျိုးလုပ်
ဆောင်ခဲ့သူမှာ သူတစ်ဦးတည်းသာရှိ
၏။ သူ့ကျေးဇူးကြောင့် သေကံမရောက်
သက်မပျောက်ဘဲ ကျန်ရစ်သူများ၏
မျိုးဆက်သစ်များသည် သူ့ကို မမေ့နိုင်
ကြ။ ရှင်ဒလား ကွယ်လွန်ခဲ့သည်မှာ
နှစ်ပေါင်း (၄၀) ရှိခဲ့ပြီ ဖြစ်သော်လည်း
သူ့ကိုတသသဖြစ်ဆဲဖြစ်၏။

ဤကဲ့သို့အောင်မြင်ပေါက်ရောက်
သောစာအုပ်ထွက်ပေါ်လာခဲ့ပြီးနောက်
ထိုစာအုပ်အား အခြေခံ၍ ကမ္ဘာကျော်
ရုပ်ရှင်ဒါရိုက်တာကြီး စတီဖင်စပီး(လ်)
ဘတ်(ဂ်)က ရုပ်ရှင်ရိုက်ကူးတော့မည်
ဟူသောသတင်းထွက်ပေါ်လာသောအခါ
အထက်ဖော်ပြပါစာအုပ်မှာ သောက်
သောက်လဲရောင်းချရပြီး အရောင်းရ
စံချိန်တင်နိုင်သော စာအုပ်တစ်အုပ်ဖြစ်ခဲ့
သည်။ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရ၏။

ကျွန်တော်တို့ မြန်မာစာဖတ်
ပရိသတ်အဖို့ ရုပ်ရှင်ဒါရိုက်တာ စပီး(လ်)
ဘတ်(ဂ်)၏ အခြားအခြားသော နာမည်
ကျော်ရုပ်ရှင်ကားများကိုကြည့်ရှုပြီး ဖြစ်
ပါသည်။ ထိုရုပ်ရှင်ကားများမှာ ကင်မရာ
လှည့်စားချက်များ၊ သည်းထိတ်ရင်ဖိုဖွယ်
စွန့်စားခန်းများကိုသာ အသားပေးရိုက်
ကူးပြီး သူရိုက်ကူးသည့်ရုပ်ရှင်ကားများ
မှာလည်း ဆေးရောင်စုံ ရုပ်ရှင်ကားများ
ဖြစ်ပါသည်။ သို့သော် ယခု သူရိုက်ကူး
သည့် 'ရှင်ဒလား၏သေစာရင်း'
ရုပ်ရှင်ကားမှာမူ တကယ့်ဖြစ်ရပ်တကယ့်
ဇာတ်လမ်းနှင့် တကယ့်မှတ်တမ်းကို
စိတ်ကူးဉာဏ်ကွန့်၍ ရိုက်ကူးထားသည်
ဟုဆိုရာ နိုင်ငံတကာမှ ရုပ်ရှင်ကြည့်ပရိ
သတ်သည် မျှော်တလင့်လင့်နှင့်စောင့်ခဲ့
ကြသည်။


The New York Times.
LATE CITY EDITION
JAPAN SURRENDERS, END OF WAR!
EMPEROR ACCEPTS ALLIED RULE;
M'ARTHUR SUPREME COMMANDER;
OUR MANPOWER CURBS VOIDED
PRESIDENT ANNOUNCING SURRENDER OF JAPAN
YIELDING UNQUALIFIED, TRUMAN SAYS
Japan Is Told to Order End of Hostilities, Notify Allied Supreme Commander and Send Emissaries to Him
MACARTHUR TO RECEIVE SURRENDER
Third Fleet Fells 5 Planes Since End
SECRETS OF RADAR GIVEN TO WORLD
PETAIN CONVICTED, SENTENCED TO DIE
Terms Will Reduce Japan To Kingdom Perry Visited
TREATY WITH CHINA SIGNED IN MOSCOW
World News Summarized
Two-Day Holiday Is Proclaimed; Stores, Banks Close Here Today
Cruiser Sunk, 1,196 Casualties; Took Atom Bomb Cargo to Guam
MacArthur Begins Orders to Hirohito

ရုပ်ရှင်ကြည့်ပရိသတ်အဖို့ ပို၍
တအံ့တသြဖြစ်ကြရသည်မှာ ဆေးရောင်
စုံရုပ်ရှင်ကားများ ခေတ်စားနေစဉ်တွင်
အထက်ဖော်ပြပါရုပ်ရှင်ကားကြီးကို အစ၊
အဆုံး အဖြူ အမည်းနှင့် ရိုက်ကူးခဲ့ကြ
သည်ဟူသောကြောင့်လည်း ဖြစ်သည်။
ထိုရုပ်ရှင်ကားကြီးပြသသည့်အခါ ဝင်ငွေ
သောက်သောက်လဲ ရခဲ့သည်သာမက
စံချိန်တင်နိုင်သည့် ရုပ်ရှင်ကားတစ်ကား
ဖြစ်ခဲ့သည်။ ထိုရုပ်ရှင်ကားမှာ
အော်စကာခုနစ် ဆုချီးမြှင့်ခြင်းခံရသည်
ဟု သတင်းထွက်ပေါ်လာသောအခါ
ကမ္ဘာကျော် ရုပ်ရှင်ဒါရိုက်တာကြီး စပီး
ဘတ်(ဂ်) ပို၍ ဟိုးဟိုးကျော်ခဲ့ရ၏။ ထို
ရုပ်ရှင်ကား အခြေခံ၍ ရိုက်ကူးခဲ့သော
'ရှင်ဒလားသေစာရင်း' စာအုပ်မှာ
ထူးခြားသော စာအုပ်တစ်အုပ်အဖြစ်
စာပေအကဲဖြတ်သူများက တညီတ
ညွတ်တည်း အကဲဖြတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌
အော်စကာရှင်ဒလားကဲ့သို့ စိတ်ဝင်စား
ဖွယ်ရာကောင်းသော ပုဂ္ဂိုလ်မျိုးရှိခဲ့ပါ
သလားဟုဆိုလျှင် ရှိသည်ဟုဆိုရမည်
ဖြစ်၏။ ထိုပုဂ္ဂိုလ်မှာ ဒုတိယကမ္ဘာစစ်ကြီး
ကာလက ဗြိတိသျှဘုရင်အစိုးရ၏ နာမည်
ကျော် စင်ကာပူရေကြောင်းခံတပ်ကြီး
တည်ရှိသည့် စင်ကာပူနိုင်ငံတွင် ဂျပန်
ဘုရင့်အစိုးရ 'ဒိုမေဆုရှင်ရှား' သို့မဟုတ်
အရပ်အခေါ် ဒိုမေသတင်းကိုယ်စားလှယ်
မစ္စတာမမိုရုရှင်နိုဇာကေဆိုသူဖြစ်သည်။
သူ့အား နိုင်ငံတကာမှ သတင်းမီဒီယာ
များကမူ ဂျပန်အမျိုးသား အော်စကာ
ရှင်ဒလားဟု ကင်ပွန်းတပ်ထားခဲ့ကြ
သည်။ ၁၉၇၅ ခုနှစ်တွင် မစ္စတာရှင်နို
ဇာကေသည် (My Story) 'ဘဝအတွေ့
အကြုံ' အမည်ဖြင့် ကိုယ်ရေးအတ္ထုပ္ပတ္တိကို
ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်
လဲရောင်းချရသည့်စာအုပ် ဖြစ်သည်။
ထိုစာအုပ်တွင် ဒုတိယကမ္ဘာစစ်ကြီး
အတွင်း စင်ကာပူနိုင်ငံအား ဖက်ဆစ်
ဂျပန်တို့ သိမ်းပိုက်ထားစဉ် ဂျပန်စစ်
ဘက်အာဏာပိုင်များက ဖမ်းဆီးထား

www.burmeseclassic.com

သော ဗြိတိသျှအမျိုးသားစစ်သုံ့ပန်းများ၊ အိန္ဒိယလူမျိုးများ၊ ဒပ်(ချ်)အမျိုးသား၊ အရှေ့အိန္ဒိယကျွန်းစု (ယခု အင်ဒိုနီးရှား) မှ တိုင်းရင်းသားများ၊ ဖိလိပိုင်တိုင်းရင်းသားများ၊ တရုတ်အမျိုးသားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ သေမင်းတမန်ခရီးရှည်များကို ခြေလျင်သွားစေခြင်း၊ ကိုယ်လက်အင်္ဂါများကို ခုတ်ဖြတ်ခြင်း၊ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခြင်း၊ နာရီပေါင်းများစွာ မနေမနားအလုပ်လုပ်ခိုင်းခြင်း၊ ရောဂါဝေဒနာခံစားရသူများကို ဆေးကုသပေးခြင်းမရှိဘဲ လျစ်လျူရှုထားခြင်း၊ အပြစ်ရှိသည်ဟုယူဆသူများကို လက်သည်းခွံခွာခြင်း၊ ရေနွေးပူလောင်းခြင်း၊ အကျဉ်းသမားများ၏ပါးစပ်သို့ ရေများထိုးသွင်းခြင်း စသော လူသားမဆန်သော ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြသည့် အကြောင်းများကို အသေးစိတ် ဖော်ပြခဲ့၏။

ဤအနိဋ္ဌာရုံများကို မျက်မြင်ကိုယ်တွေ့ကြုံရသော ဒိုမေသတင်းထောက် မာမိုရုရှင်နိုဇာကေသည် သူ့အသက်ကို စွန့်၍ သူတတ်နိုင်သလောက် ဖက်ဆစ်ဂျပန်တို့လက်တွင်း ကျရောက်နေသော အကျဉ်းသမားများကို နည်းလမ်းအမျိုးမျိုးနှင့်ကယ်ဆယ်ခဲ့၏။ သူသည် ဒုတိယကမ္ဘာစစ်ကြီးကာလကပင် စင်ကာပူနိုင်ငံတွင်နေထိုင်ခဲ့သူဖြစ်ရာ ဒေသခံ တရုတ်အမျိုးသားများ၊ မလေးလူမျိုးများ၊ အိန္ဒိယလူမျိုးများ၊ ဥရောပတိုက်သားများနှင့် ခင်မင်သည်။ ဂျပန်ဘုရင်စစ်အစိုးရကလည်း သူ့အား လေးစားသည်။ ဂျပန်စစ်ဘက်၊ နယ်ဘက်၊ အရာရှိများအပေါ်တွင်လည်း ဩဇာအထိုက်အလျောက်ရှိသဖြင့် တရုတ်လူမျိုးများ အပါအဝင် အပြစ်မဲ့ အကျဉ်းသား (၂၀၀၀) ကျော်ကို ဂျပန်ဖက်ဆစ်ငရဲခန်းများမှ ကယ်တင်နိုင်ခဲ့၏။ သူမည်သို့မည်ပုံကယ်တင်ခဲ့ရသည့်အကြောင်း၊ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် အသေးစိတ် ဖော်ပြခဲ့သည်။ သူသေတွင်းမှကယ်ယူခဲ့သောသူများကလည်း မာမိုရုရှင်နိုဇာကေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင်ဖော်ပြခဲ့သောဖြစ်ရပ်များသည် ရာခိုင်နှုန်းပြည့်မှန်ပါသည်ဟုဆိုသည်။ စင်ကာပူနိုင်ငံရှိ တရုတ်အမျိုးသားအသင်းအဖွဲ့များ၊ အခြားလူမှုရေးအသင်းဖွဲ့များကလည်း ဒိုမေသတင်းထောက် မာမိုရုရှင်ဒိုဇာကေ၏လုပ်ရပ်သည် ဒုတိယကမ္ဘာစစ်အတွင်း ထူးခြားပြောင်မြောက်၍ ရှားပါးလှသောလုပ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ဥရောပတိုက်သားအများကမူ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ချွေးတပ်သား(၁၂၀၀)အား သေတွင်းမှဆယ်ယူခဲ့သော ရှင်ဒလားလိုလူတစ်ယောက်သာ ရှိသည်ဟု ထင်ကြသည်။ သို့သော် ဒိုမေသတင်းထောက် ဂျပန်အမျိုးသားမစ္စတာ မာမိုရုရှင်နိုဇာကေ၏သတင်းကို ကြားရသောအခါ အံ့အားသင့်သွားခဲ့၏။ မှန်ပါသည်။ ဒိုမေသတင်းထောက် မစ္စတာ မာမိုရုရှင်နိုဇာကေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိသည် စာရေးဆရာ သောမတ်(စ်)တွမ်ကော်နယ်လီ ရေးသော ရှင်ဒလား၏ သေရွာပြန်စာရင်းစာအုပ်ထက် (၃) နှစ်ခန့်စော၍ထုတ်ဝေခဲ့သဖြင့် ရှင်နိုဇာကေ၏ သေရွာပြန်စာရင်းမှာ ပို၍စိတ်ဝင်စားဖွယ်၊ အံ့ဩဖွယ်ဖြစ်ခဲ့ရ၏။ အကျဉ်းသားပေါင်း (၂၀၀၀) ကျော်ကို ဖက်ဆစ်ငရဲခန်းများမှ ကယ်ယူနိုင်ခဲ့၏။ ထိုအကျဉ်းသားများ၏ မျိုးဆက်သစ်များသည် ဒိုမေသတင်းထောက် ရှင်နိုဇာကေကို မမေ့နိုင်ကြ။ ယနေ့အထိ တသသဖြစ်ခဲ့ကြရ၏။ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အိန္ဒိယရှိ အဝေးရောက် တရုတ်နိုင်ငံသားများအသင်းနှင့် အခြားလူမှုရေးအသင်းများမှ တာဝန်ရှိသူအများကမူ ရှင်နိုဇာကေအား ဂုဏ်ပြုခဲ့ကြသည်။ မှန်ပါသည်။ ဒိုမေသတင်းထောက် မာမိုရုရှင်နိုဇာကေမှာ နံ့ထဲက ပေါက်သောကြာပွင့်တစ်ပွင့် ဖြစ်သည်။ နိုင်ငံတကာမှ စစ်ကြီးအတွင်း အကြောင်းအမျိုးမျိုးနှင့် ဖက်ဆစ်နေမျိုးနွယ်တို့၏ ငရဲခန်းများအတွင်းကျခဲ့ရသူများအား လိုက်လံရှာဖွေသော အဖွဲ့အစည်းများကလည်း ဒိုမေသတင်းထောက်ကြီးအား လာရောက် တွေ့ဆုံခဲ့ကြသည်ဟု ဆိုသည်။

အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း စင်ကာပူနိုင်ငံအကျဉ်းထောင်ကြီးအတွင်း အကျဉ်းသားအဖြစ်ကျခဲ့သူများသည် ရှင်နိုဇာကေအား သူ့ရဲကောင်းဘွဲ့ပေး၍ ဂုဏ်ပြုခဲ့ကြ၏။

အရှေ့တောင်အာရှ၏အော်စကာရှင်ဒလားဟု ကင်ပွန်းတပ်ခံရသော မာမိုရုရှင်နိုဇာကေအား ၁၉၀၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ ဖူကူအိုကာမြို့တွင် ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူမှာ ကျောက်မီးသွေးတွင်းပိုင်ရှင်တစ်ဦးဖြစ်သဖြင့် အတော်အသင့် ချမ်းသာကြွယ်ဝသူ ဖြစ်သည်။ ရှင်နိုဇာကေမှာ ငယ်စဉ်က သူ့အဘွား၏အချစ်တော်ဖြစ်ခဲ့ရကာ အဘွားနှင့် ကြီးပြင်းလာခဲ့ရသူဖြစ်၏။ ဉာဏ်ရည်ထက်သူတစ်ဦးလည်းဖြစ်၊ စာဖတ်ဝါသနာပါသူတစ်ယောက်လည်းဖြစ်၏။ ငယ်စဉ်ကပင် ဆင်းရဲတွင်းနက်သော ကျောက်မီးသွေးတွင်းအလုပ်သမားများ၊ သူ့ဖခင်၏ ကျောက်မီးသွေးတွင်းတည်ရှိရာဒေသမှ လယ်မဲ့၊ ယာမဲ့၊ ပစ္စည်းမဲ့ ကျေးရွာသူကျေးရွာသားများနှင့် လက်ပွန်းတတီးနေခဲ့ရာမှ ဆင်းရဲသားများ၏ဘဝကို ကိုယ်တွေ့ကြုံလာခဲ့ရာ အထက်တန်းကျောင်းသားဘဝကပင် ကာ(လ်)မတ်(စ်)နှင့် ဖရက်ဒရစ်အင်ဂျယ်တို့ ရေးသားပြုစုခဲ့သည့် စာပေများကို လေ့လာဖတ်ရှုခဲ့၏။ ဆိုရှယ်လစ်ဝါဒသာလျှင် အလုပ်သမား လယ်သမားများ၏ဆင်းရဲတွင်းနက်သောလူ့ဘောင်ကို ကယ်တင်နိုင်မည်ဟု ခံယူထားခဲ့၏။

တိုကျိုအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့စဉ် ထိုကာလက ဂျပန်ဘုရင့်အစိုးရကပိတ်ပင်ထားသော လက်ဝဲယိမ်းဆိုရှယ်လစ် ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်ဖြစ်လာခဲ့ရာမှ ကျောင်းမှထုတ်ပယ်ခြင်းခံခဲ့ရသည်။ သို့သော် သူ့ဖခင်၏ မိတ်ဆွေများ အကူအညီနှင့် တိုကျိုအထက်တန်းကျောင်းတစ်ကျောင်းတွင် ဆက်လက် ပညာသင်ကြားခွင့်ရခဲ့ပြီး ၁၉၃၁ ခုနှစ်တွင်မူ ရှင်နိုဇာကေသည် မီဂျိတက္ကသိုလ်မှ စာနယ်ဇင်းပညာဘွဲ့ ထူးရရှိခဲ့သည်။

ဤတွင် ဂျပန်ဘုရင့်အစိုးရသတင်းနှင့်ဝါဒဖြန့်ချိရေး (ပြန်ကြားရေး) ဌာန (ဒိုမေဆူရှင်ရှာ) တွင် အထူးသတင်းထောက်အဖြစ် ခန့်ထားခြင်းခံခဲ့ရသည်။ ၁၉၃၄ ခုနှစ်တွင်မူ ရှင်နိုဇာသည် ဒိုမေသတင်းထောက် ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ ရှန်ဟဲမြို့သို့ သွားရောက်ခဲ့ရသည်။

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသည် ခရစ်နှစ် ၁၈၉၄ ခုနှစ်တွင် စစ်ဖြစ်ခဲ့ကြသည်။ ၁၈၉၅ ခုနှစ်တွင်မူ ထိုစစ်ပွဲကို အဆုံးသတ်ခဲ့ကြ၏။ အမှန်အားဖြင့် တရုတ်နိုင်ငံတွင် ဥရောပတိုက်သားနယ်ချဲ့နိုင်ငံများသည် သမိုင်းအဆက်ဆက် နည်းလမ်းအမျိုးမျိုးနှင့် တရုတ်နိုင်ငံအပေါ် လွှမ်းမိုးနိုင်ရန် ကြိုးစားခဲ့ကြသည်။ နယ်ချဲ့ဝါဒအား ကျင့်သုံးလာသော ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် အနီးဆုံးနိုင်ငံ ဖြစ်သည်။ သို့ဖြစ်၍ တရုတ်နိုင်ငံအား လွှမ်းမိုးနိုင်ရမည့်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ရမည်။ တရုတ်နိုင်ငံ

www.burmeseclassic.com

သည် ဂျပန်နိုင်ငံအတွက် စားကျက်ဖြစ်ရမည်ဟု ဂျပန်ဘုရင့်အစိုးရတာဝန်ရှိသူများက ခံယူထားပြီး 'အရှေ့အာရှတိုက်သာတူညီမှုအတူတိုးတက်ရေး' ဆိုသောကြွေးကြော်သံနှင့် 'အာရှတိုက်သည်အာရှတိုက်သားများအတွက်သာ ဖြစ်ရမည်' ဟု ဆိုကာ တရုတ်နိုင်ငံတွင် မကြေငြာသောစစ်ပွဲများ တိုးချဲ့လာခဲ့သည်။ ထိုအချိန်တွင် ရှင်နိုဇာကေသည် တရုတ်နိုင်ငံ နန်ကင်နှင့် ဟန်ကောမြို့တို့တွင် ဒိုမိုသတင်းကိုယ်စားလှယ်တာဝန်ယူခဲ့ရ၏။

ဤတွင် တရုတ်နိုင်ငံတွင် ဂျပန်ဖက်ဆစ်တပ်မတော်မှာ တရုတ်တိုင်းရင်းသားအများအပေါ် ရက်ရက်စက်စက်လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းမှုများကို ရှင်နိုဇာကေသည် မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသည်။ ၁၉၃၆ ခုနှစ်တွင်မူ မာမိုရုရှင်နိုဇာကေသည် ဂျပန်ဘုရင့်အစိုးရနိုင်ငံခြားရေးဌာန၏သတင်းနှင့်ပြန်ကြားရေးအရာရှိအဖြစ် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရာ နာဇီဂျာမန်ဂက်စတာပိုတို့၏ ဂျူးလူမျိုးအများအားရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခဲ့ခြင်းများကို ကြုံခဲ့ရပြန်သည်။

၁၉၃၆ ခုနှစ်တွင် ရှင်နိုဇာကေသည် စင်ကာပူနိုင်ငံ ဂျပန်ကောင်စစ်ဝန်ရုံးတွင် ပြန်ကြားရေးအရာရှိအဖြစ်ပြောင်းရွှေ့အမှုထမ်းခဲ့ရသည်။ သူသည် တရုတ်ဘာသာစကားကို တရုတ်အမျိုးသားတစ်ဦးကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်သူဖြစ်သည်သာမက တရုတ်လူမျိုးများနှင့် လက်ပွန်းတတီး နေထိုင်သူဖြစ်ရာ သူ့အား တရုတ်လူမျိုး အလိုတော်ရိတစ်ဦးဟု အများက မှတ်ယူခဲ့သည်။ တရုတ်လူမျိုးများအားလည်းလေးစား ခင်မင်သူဖြစ်သည်သာမက စင်ကာပူဒေသခံ မလေးလူမျိုး၊ အိန္ဒိယလူမျိုးများနှင့်လည်း ခင်မင်ရင်းနှီးသူ ဖြစ်၏။

ဗြိတိသျှအစိုးရ၏ စင်ကာပူတော်လှန်ရေးအဖွဲ့ကမူ စင်ကာပူဒေသခံများ၏ အလိုတော်ရိဖြစ်သော ဒိုမေသတင်းကိုယ်စားလှယ်နှင့် ဂျပန်ကောင်စစ်ဝန်ရုံးပြန်ကြားရေးအရာရှိဖြစ်သူ ရှင်နိုဇာကေသည် ဂျပန်တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု ယူဆထားသဖြင့် သူ့အားစောင့်ကြည့်ခဲ့ကြ၏။ ထိုကာလက နိုင်ငံရေး၊ စစ်ရေးအခြေအနေများမှာ အလျင်အမြန် ပြောင်းလဲနေခဲ့သည်။ ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်မီးကြီး တောက်လောင်လာခဲ့ရာ နာဇီဂျာမန်တို့မှာ အောင်ပွဲခံရန် သေချာနေပြီ ဖြစ်၏။ ဥရောပတိုက်သည် နာဇီဂျာမန်တို့၏သံဖိနပ်အောက် ကျရောက်ခံရသည်။ အင်္ဂလန်နိုင်ငံတစ်နိုင်ငံတည်းသာ တစ်ကောင်ကြွက်နိုင်ငံဖြစ်လာခဲ့ရပြီး နာဇီဂျာမန်လေတပ်မတော်၏ဗုံးဒဏ်ကို ခါးစည်းခံနေရသည်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းအား ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံများသည် စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမေရိကန်ပြည်ထောင်စုပါဝင်လာခဲ့ရသည်။ လိုနေ့ သန်းခေါင်ကျော်တွင် ဗြိတိသျှပိုင် မလေးရှားပြည်နယ်နှင့် ယိုးဒယားနယ်စပ် ဗြိတိသျှပိုင် စင်ကာပူခံတပ်ကြီးမှ မိုင် (၄၀၀) ကွာဝေးသော ဆင်ဂိုရာကမ်းဆွယ်ကို ဂျပန်ဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး ရာမရှိတာ ခေါင်းဆောင်သော ဂျပန်တပ်များက ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

ဤတွင် စင်ကာပူရှိ ဗြိတိသျှတော်လှန်ရေးအဖွဲ့ဝင်များသည် ဂျပန်ကောင်စစ်ဝန်ရုံးမှ ပြန်ကြားရေးအရာရှိတာဝန်နှင့် ဒိုမေသတင်းကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နေသူ ရှင်နိုဇာကေအား ဂျပန်သူလျှိုဟုစွပ်စွဲကာ တရားရုံးတင်စစ်ဆေးခဲ့ပြီး ထောင်ဒဏ် သုံးနှစ်နှင့် ခြောက်လကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့၏။

စင်ကာပူ ချင်ဂီအကျဉ်းထောင်အတွင်း အကျဉ်းသားတစ်ဦးဖြစ်ခဲ့သော ရှင်နိုဇာကေအတွက် ဒေသခံပြည်သူအများက သောကဝေဒနာအဖြာဖြာကျခဲ့ကြရသည်။ ထိုစဉ်ကာလက ဗြိတိသျှအစိုးရ၏ နာမည်ကျော် ခံတပ်ကြီးကို တာဝန်ယူထားရသူမှာ ဗြိတိသျှဗိုလ်ချုပ်ကြီး ပါစီဗယ်ဖြစ်သည်။ စင်ကာပူခံတပ်ကြီးအား မည်သည့်ရန်သူမျှတိုက်ခိုက်သိမ်းယူခြင်းမပြုနိုင်ဟု ကမ္ဘာ့နိုင်ငံအသီးသီးက မှတ်ယူထားခဲ့ကြသည်။ မှန်ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီး ပါစီဗယ်ခေါင်းဆောင်သော ဗြိတိသျှတပ်များသည် အစစအရာရာတွင် ဂျပန်ဘုရင်၏ဗိုလ်ချုပ်ကြီး ရာမာရှိတာကပ်ထက် အင်အားကြီးမား၏။ ထိုစဉ်က မှတ်တမ်းများအရ ဗိုလ်ချုပ်ကြီးပါစီဗယ်လက်အောက်တွင် အရာရှိအရာခံ၊ အကြပ်တပ်သားပေါင်း တစ်သိန်းကျော်ရှိခဲ့၏။ ထိုစဉ်ကာလက ဗြိတိသျှစစ်အာဏာပိုင်များကမူ မည်းမှောင်နေသော သစ်တောအုပ်များ၊ သွားလာရန်ခက်ခဲသော ဝါးတောများ၊ လျှိုမြောင်းများ၊ ရွှံ့နွံ့ဖုံးလွှမ်းနေသောစိမ်းမြေများ၊ ဒိုက်တောများကို ဂျပန်တို့ ထိုးဖောက် ဝင်ရောက်နိုင်မည်မဟုတ်ဟု ယူဆထားသော်လည်း ဂျပန်ဘုရင့်တပ်မတော်သည် ရက်သတ္တပတ်အနည်းငယ်အတွင်း စင်ကာပူခံတပ်ကြီးကို သိမ်းပိုက်နိုင်ခဲ့သည်။

ဗြိတိသျှတို့၏အစဉ်အလာကြီးမားသောတပ်မတော်ကြီးမှာ ခြွင်းချက်မရှိလက်နက်ချခဲ့ကြရသည်။ ဗြိတိသျှတပ်မဟာကြီးမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအား ၎င်းစင်ကာပူနိုင်ငံမှ ဒေသခံ တရုတ်လူမျိုးများ၊ အိန္ဒိယလူမျိုးများ၊ မလေးရှားလူမျိုးများ၊ အင်္ဂလိပ်၊ အိန္ဒိယကပြားများ အပြစ်မဲ့အခြားပြည်သူများအား ချွေးတပ်စခန်းများအား ပို့ဆောင်ခဲ့သည်။ အချို့ကိုမူ စင်ကာပူ ချင်ဂီအကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။

ဤတွင် ဒိုမေသတင်းထောက် မာမိုရုရှင်နိုဇာကေ၏အခန်းကဏ္ဍပါဝင်လာခဲ့၏။ သူ၏ဩဇာအာဏာကိုသုံး၍ ၎င်း ထိုစဉ်က စင်ကာပူနိုင်ငံ ဖက်ဆစ်စစ်ထောက်လှမ်းရေး ကင်ပေတိုင်အဖွဲ့မှ သူမိတ်ဆွေများ၏ အကူအညီနှင့် ဖက်ဆစ်ငရဲခန်းများမှ အပြစ်မဲ့ပြည်သူ (၂၀၀၀)ကျော်အား လွတ်မြောက်အောင်ဆောင်ရွက်ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ စင်ကာပူဒိုမေသတင်းထောက်နှင့် ယခင် ဂျပန်ကောင်စစ်ဝန်ရုံး ပြန်ကြားရေးအရာရှိဖြစ်သူ မာမိုရုရှင်နိုဇာကေအား အခြားဂျပန်ဘုရင့်တပ်မတော်မှ တာဝန်ရှိသူအများနှင့်မတူ စစ်တရားခံများအဖြစ် စစ်ခုံရုံးတွင်တရားစွဲဆိုခဲ့၏။

စင်ကာပူလူထုကမူ စစ်အတွင်း ဒိုမေသတင်းထောက် ရှင်နိုဇာကေ၏ စွမ်းဆောင်ချက်များကို သက်သေအထောက်အထား ခိုင်ခိုင်မာမာနှင့် စစ်ခုံရုံးအား တင်ပြခဲ့သဖြင့် စစ်ခုံရုံးတော်က ရှင်နိုဇာကေအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ပါကြောင်း

လျှမ်းထက်

ကျမ်းကိုး -

၁။ အင်တာနက်

၂။ Sehindler's List



www.burmeseclassic.com

www.burmeseclassic.com

နီရဲသောမျက်လုံးများ

"အောင်မလေး - လာကြပါဦး၊ ကယ်ကြပါဦး။ အောင်မလေး - ကိုက်တယ်။ လာကြပါဦး၊ ကယ်ကြပါဦး"

ဟူသော မိန်းမတစ်ဦး၏အော်သံသည် ညဉ့်ယံကိုဖောက်ထွက်လာသဖြင့် အိမ်နီးချင်းတို့ ပြတင်းပေါက်ဖွင့်ကာ ထွက်ကြည့်ကြ၏။ သူ့အိမ်ကိုယ့်အိမ် တံခါးပွင့်ကြည့်၍ အေးချမ်းစွာ တစ်ညဉ့်တာ အနားယူနေကြသောလူတို့ ယောက်ယက်ခတ်သွားကြ၏။

"လာကြပါဦး၊ ဟောဒီမှာ ကျွန်မကိုကိုက်နေပြီ။ အမြန်လာကြပါ။ ကယ်ကြပါ"

ဟူသော အသံသည် ထပ်မံထွက်ပေါ်လာပြန်သောအခါ မနေသာသော ယောကျ်ား၊ မိန်းမတို့သည် အော်သံကြားရာ မောင်ထင်ပေါ်တို့အိမ်သို့ပြေးသွားကြတော့၏။ ဦးစွာ အိမ်ချင်းကပ်လျက်မှ အော်သူ မသင်းသင်း၏ ဖခင်ဆရာရသည် ဦးစွာရောက်နေ၏။

လက်ထဲမှမှာတ်မီးဖြင့် မောင်ထင်ပေါ်ကိုထိုးထားရာ မောင်ထင်ပေါ်သည် သာမန်မဟုတ်တော့ဘဲ မီးရောင်အောက်တွင် ပြူးထွက်နေသော မျက်ဝန်းအစုံသည် မီးကျီးခဲပမာနီရဲလျက် လင်းလက်တောက်ပလျက်ရှိ၏။ ညအချိန် ကျားမျက်လုံး၊ ဖားမျက်လုံး၊ မြွေမျက်လုံးတို့အား မီးမောင်းဖြင့်ထိုးလျှင် နီရဲပြီးရောင်ပြန်လွှတ်သကဲ့သို့ မောင်ထင်ပေါ်၏မျက်ဝန်းအစုံမှာလည်း ပြူးကျယ်နီရဲစွာ ရောင်ပြန်ထွက်နေလေ၏။

မောင်ထင်ပေါ်၏ ပါးစပ်တွင် သွေးများစွန်းနေသကဲ့သို့ ကိုယ်ဝန်အရင့်အမာနှင့် မသင်းသင်းမှာလည်း လက်တစ်ဖက်ကို လက်တစ်ဖက်က ဆုပ်ကိုင်ကာ ငိုယိုလျက်ရှိလေ၏။

"ဘာဖြစ်တာလဲ မသင်းသင်း"




www.burmeseclassic.com

www.burmeseclassic.com

"ကိုထင်ပေါ် ဘာဖြစ်တယ်မသိဘူး။ မီးလုံ့နေရင်းက ကျွန်မလက်ကို အတင်းကုန်းကိုက်တာ လွှတ်ကိုမလွှတ်ဘူး။ အဲဒါကြောင့် ကျွန်မအော်တာပါ"

ဟု ဆိုလေ၏။

မောင်ထင်ပေါ်မှာမူ မျက်ထောင့်နီကြီးဖြင့်လူတွေကိုကြည့်နေ၏။ ရေအားလျှပ်စစ်စွမ်းအင်ဖြင့်ပေးသော (၂) ပေ မီးချောင်းကလည်း အားလုံးကို ထင်သာမြင်သာဖြစ်အောင် အလင်းပေးလျက်ရှိ၏။ မောင်ထင်ပေါ်မှာ မီးဖိုနားတွင်ရပ်လျက်အနေအထားရှိနေရာ ဆရာရက-

"ဒါသွေးရိုးသားရိုးမဟုတ်ဘူး။ သူ့ကို ဖမ်းချုပ်ထားမှရမှာ။ အုန်းမောင်ပါလားဟေ့"

"ပါပါတယ် ဆရာ"

"အုန်းမောင်၊ ကြိုးသွားရှာကွာ။ ဒီကောင့်ကို တုပ်ထားရအောင်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဟု ပြောကာ ပြေးဆင်းသွား၏။

ခဏအကြာ ဖောက်တွင်းလုပ်ရာတွင်သုံးသော စက်သီးကြိုးကြီးပါလာ၏။ တွင်းသုံးပစ္စည်းဖြစ်သဖြင့် အိမ်တိုင်းလိုလိုရှိကြ၏။ ကြိုးမှာ နိုင်လွန်ကြိုးဖြစ်သည်။

"အုန်းမောင်ရေ ကြိုးနဲ့တုပ်ကွာ။ ပြီးရင် ဒို့အိမ်ပေါ် ဆွဲခေါ်ခဲ့ဟုတ်လား"

ဟု ပြောကာ ဆရာရ [illegible] [illegible] ဖြစ်ရာ [illegible] ကြည့် [illegible] ပေါ် [illegible] အောင်ရှိ၏။

"ဟေ့ [illegible] ဒါကို ကူကြည့် [illegible]

လေးကွာ"

ဟု ပြောလေမှ ယောကျ်ားများက မောင်ထင်ပေါ်ကို ဝိုင်းဖမ်းချုပ်ကြ၏။ သို့သော် သူတို့ထင်သလိုမလွယ်ပါ။ မောင်ထင်ပေါ်မှာ လွန်စွာ အားကောင်းနေပြီး ဖမ်းချုပ်မရဖြစ်နေ၏။ လူလေး၊ ငါးဦး ဖမ်းချုပ်သော်လည်း ရုန်းထွက်နေလေရာ -

"ဟေ့ - ရပ်ကြည့်မနေကြနဲ့ကွ၊ ဝိုင်းကြဦး"

ဟု ဆိုလေမှ ရှိသမျှ လူ (၈) ဦးခန့် ဝိုင်းဖမ်းချုပ်နိုင်ခဲ့၏။

ကိုမြင့်ဝေမှ -

"အုန်းမောင်၊ လာ၊ လာ-ကြိုးတုပ်မြဲမြဲတုပ်ကွာ"

ဆိုသည်နှင့် ကိုအုန်းမောင်လည်း ကြိုးကို စိတ်ရှိလက်ရှိလက်မြဲမြဲ [illegible] တုပ်၏။

[illegible] ကိုမြင့်ဝေမှ [illegible] မေးကာလဲ [illegible] ညီးတုပ်ပါကွ။ ငါမပြေးပါဘူး"

ဟု ဆိုလေရာ -



www.burmeseclassic.com

www.burmeseclassic.com

"အောင်မာ၊ ဒီသရဲက ငါ့ကိုသိသဟ"

ဟု ကိုအုန်းမောင်က ဆိုလေ၏။ မောင်ထင်ပေါ် အနေနှင့်မူ ကိုယ့်ထက်ကြီးသော ကိုအုန်းမောင်အား ဘယ်သောအခါမှ အုန်းမောင် ဟူ၍ မခေါ်ခဲ့ပါ။ ရိုသေစွာ ကိုအုန်းမောင်ဟုသာ သုံးပါသည်။ သို့နှင့် မောင်ထင်ပေါ် အား အနောက်ဘက် ဆရာရအိမ်သို့ခေါ် သွားကြတော့၏။ လူတွေမှာလည်း အထူးအဆန်းမို့ လိုက်ကြည့်နေကြ၏။

ဆရာရမှာမူ မြတ်စွာဘုရားအား ဆီမီး၊ ဖယောင်းတိုင်များ ပူဇော်လျက်ရှိသည်ကိုတွေ့ရ၏။ မောင်ထင်ပေါ် ကိုလည်း ဘုရားကျောင်းဆောင်ရှေ့တွင် နေရာချထားပေးလိုက်၏။ မသင်းသင်းမှာမူ လက်ဖျံပေါက်ပြသွားသဖြင့် ဆေးထည့်ပေးကြလေ၏။

**သည်မြေနေရာ**

မိုးကုတ်ပတ္တမြားမြေသည် တောင်စဉ်တောင်တန်းများဖြစ်ရာ ပြန့်ပြူးသောမြေဟူ၍ ဖျာတစ်ခင်းစာမျှပင် မရှိချေ။ ထို့ကြောင့် ရပ်တိုင်းရွာတိုင်းတို့တွင် အိမ်ဆောက်လိုပါက အိမ်ရာတစ်ရာစာရအောင်ကျောက်တုံး၊ကျောက်ခဲ၊ကျောက်စိုင်တို့ဖြင့်တည်လျက်ရှိသော မြေအားနိမ့်သည့်ဘက်တွင် ကျောက်တုံးတို့ဖြင့် ကျောက်စီပေးကာ မြင့်သောဘက်သို့ဖြို၍ နိမ့်ရာသို့ဖို့ကြရ၏။ ကျောက်တုံးတို့ကို ယမ်းဖြင့်ခွဲရ၏။ တူကြီးဖြင့်ရိုက်ခွဲရ၏။ လူတစ်ဦးတစ်ယောက်နှင့်မရပါ။ လူအများ အားလပ်ချိန်တွင် ဝိုင်းဝန်းကူညီပေးကြရ၏။

မြေနေရာ လွန်စွာ ရှားပါးသော တောင်စောင်းတွင်တည်ရှိသည့် မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာကလေးတွင် ဆရာရအိမ်၏ အရှေ့ဘက်ခြမ်းမှ ကျောက်တိုက်အား အိမ်ရာပေးပါရန် ကိုအောင်မြင့်မှ တောင်းရာ ကိုအောင်မြင့်နှင့် ဆရာရသည် မယားညီအစ်ကိုတော်သဖြင့် ပေးလိုက်၏။ ဆရာရ၏ဇနီးမှာ ဘွားငြိမ်း၏သမီးကြီးဖြစ်သည်။

ထိုစဉ်က ကိုအောင်မြင့်၏ ဇနီး အုန်းမေမှာ ကိုယ်လေးလက်ဝန်ဖြင့်ရှိရာ ယောက္ခမဖြစ်သူ ဘွားငြိမ်းအိမ်မှခွဲ၍ ကိုယ့်အိမ်ဖြင့်ကိုယ်ဖွားရန် အချိန်မီအိမ်ဆောက်မည်ဖြစ်၍ ဘွားငြိမ်းမိသားစုများနှင့်အတူနေသော ကျွန်ုပ်မှာလည်း နေ့စဉ် နံနက်အားချိန်နှင့် ညပိုင်းတို့တွင် အိမ်ရာဝိုင်း၍ဖြန့်ရလေ၏။

ကြီးမားသော ကျောက်တိုက်ကြီးများကို ယမ်းခွဲ၍ လမ်းအခြေမှစ၍စီရ၏။ ခဲများ၊ မြေများဖြင့်ဖို့ရ၏။ လမ်းဘေးမှ အိမ်ရာကျောက်စီသည် လက်ခုပ်တစ်ဖောင်ကျော်မျှမြင့်မားလေမှ တစ်လမျှအကြာတွင် အိမ်ရာတစ်ကွက်ရ၏။

ထိုမြေတွင် လက်သမားဆရာ ကိုပုကိုငှားကာ သုံးပင်ပတ်လည်သွပ်မိုးထရံကာ၊ ပျဉ်ခင်း၊ ခြေတံရှည်အိမ်လေးဆောက်၏။ အိမ်ဆောက်၍ပြီးသည်နှင့် ကိုအောင်မြင့်တို့ အိမ်ခွဲကြပါသည်။ ထိုအိမ်ရောက်၍ မကြာမီမှာပင် မအုန်းမေသည် ဒုတိယကိုယ်ဝန်မီးဖွားရာ သမီးမိန်းကလေး မွေးဖွားလေ၏။

ထိုသို့ မီးဖွားပြီး (၉) ရက်အရတွင် အလွန်ဆော့သော သမီးအကြီး မခင်မာချိုကို စိတ်မရှည်သဖြင့် ခြောက်လှန့်ရာမှ မီးနေသည် မအုန်းမေသည် လန့်သွားကာ မီးယပ်သွေးတက်၍ သွားလေ၏။

မအုန်းမေမှ -

"မွှေကြီး၊ မွှေကြီး လုပ်ကြပါဦး"

ဟု မကြာခဏလန့်၍အော်ရာ ပယောဂထင်၍ ကုသပါသော်လည်း အနာတခြားဆေးတခြားဖြစ်ကာ မေးတို့ခိုင်လာသဖြင့် ကားငှားကာ မိုးကုတ်ဆေးရုံသို့တင်ရလေ၏။ မအုန်းမေကိုဝိုင်းပွေ့တင်သည်တွင် ကျွန်ုပ်လည်း ပါဝင်၏။

နောက်နေ့ ကျွန်ုပ်တို့ မိုးကုတ်ဆေးရုံလိုက်သွားရာ မျက်စိအောက်၌ပင် မအုန်းမေ ဆုံးပါးသွားခဲ့ရပြီး မိုးကုတ်ဗမွန်သချိုင်း၌သင်္ဂြိုဟ်ကာ ဆွေစုမျိုးစုများ စိတ်မကောင်းခြင်းကြီးစွာဖြင့် ရွာသို့ပြန်ခဲ့ကြရပါသည်။

အိမ်တက်ပြီး၍ မကြာမီမှာပင် ထိုအိမ်သည် အသုဘအိမ်ဖြစ်သွားကာ ဖဲဝိုင်းတို့ဖြင့် (၆) ရက်တိုင်တိုင် စည်ကားနေလေ၏။ (၇) ရက်မြောက်တွင်မူ ရက်လည်ဆွမ်းကျွေးပါသည်။ နေရင်းထိုင်ရင်း ကလေးသည် ဘွားငြိမ်းလက်ထဲရောက်သွားတော့၏။

တရားမဲ့ဖြင့် မွေ့လျော်လိုသော ဘွားငြိမ်းမှာ နို့စို့မြေး၊ နို့ညှာမြေး (၂) ယောက်ဖြင့် မငြိမ်းချမ်းနိုင်ရှာတော့ပေ။ ချက်ပြုတ်လုပ်ကိုင်ရင်း မြေးတွေထိန်းနေရတော့၏။ ကိုအောင်မြင့်မှာလည်း မ,မရှိသောအခါ ဥကို မခင်တွယ်တော့ပေ။ ထို့ကြောင့် မ,ရှိမှ ဥခင် ဟူသော စကားဖြစ်ပေါ်လာခဲ့ခြင်းဖြစ်၏။ လွန်စွာမှန်သောစကားဖြစ်ချေ၏။

**ခြောက်သောအိမ်မှာ**

ထိုသို့ ရက်လည်ပြီးသည်နှင့် တစ်ယောက်တည်းနေသော ကျွန်ုပ်အား ကိုအောင်မြင့်မှ -

"ကိုကျော်စိုး၊ ခင်ဗျားက တစ်ယောက်တည်းဆိုတော့ အတော်ပဲ။ ကျွန်တော့်အိမ်မှာလာနေပါ။ ကျွန်တော်ကတော့ အကျိုးမပေးတဲ့ဒီအိမ်ကို စိတ်နာတယ်ဗျာ"

ဟု ဆိုရာ ကျွန်ုပ်ကလည်း -

"တော်ပါပြီ ကိုအောင်မြင့်ရာ၊ ကိုဘစိုးခြံထဲ ကိုယ်တဲနဲ့ကိုယ်ပဲနေရတာကောင်းပါတယ်"

ဟု ပြန်လည်ငြင်းဆန်လေ၏။

ထိုအခါ တစ်ရစ်တက်လာပြန်၏။

"မဟုတ်ပါဘူး ကိုကျော်စိုး၊ ကျွန်တော့်ကို ကူညီတဲ့အနေနဲ့နေပေးပါဗျာ။ အဆောက်အအုံဆိုတာ လူရှိမှ လူငွေ့ မီးခိုးငွေ့နဲ့ခိုင်တာပါ။ ကျွန်တော်ကအကူအညီတောင်းတာပါ"

ဟု ဆိုလာပြန်သဖြင့် အားနာတတ်သော ကျွန်တော်သည် ထိုအိမ်သို့ ရွှေ့ပြောင်းခဲ့ရလေတော့၏။ ရက်လည်ပြီးသည်နှင့် ထိုအိမ်တွင် တစ်ယောက်တည်း အိပ်ရတော့မည်ဆိုသောအခါ အကာအကွယ်အရံအတားအဖြစ် ပရိတ်ကြီး (၁၁) သုတ် စသော ယခင်ရွတ်နေကျ မြတ်စွာဘုရား၏ နှုတ်ကပါဌ်များကို မိုးချုပ်သည်နှင့် အသံထွက်ရွတ်ဖတ်တော့၏။ ထိုသို့ရွတ်ဖတ်ခြင်းဝတ်ပျက်ခဲ့သည်မှာကြာခဲ့ပြီ ဖြစ်သည်။ ယခုအခါ သရဲတစ္ဆေကြောက်စိတ်ဖြင့် ပြန်လည်ရွတ်ဖတ်နေခြင်း ဖြစ်ပေ၏။

ထိုသို့ ရွတ်ဖတ်နေသည်ကို မိုးကုတ်မြို့ မြို့လယ်ရပ်ကွက်မှ ကုလားတင်ဝင်း အလည်လာရင်း တွေ့သောအခါ -

"ကိုကျော်စိုးက ပါဠိပထမပြန် စာမေးပွဲတွေပြန်ဖြေမှာမို့ စာတွေရွတ်နေတာလား"

ဟု မေး၏။

ကျွန်ုပ်က မဟုတ်ကြောင်း၊ ဒီခြေသည်အိမ်အား စိတ်ထဲတွင် မသန့်၍ အကာအကွယ်အဖြစ်ရွတ်ကြောင်း ပြောပြရ၏။

ကုလားတင်ဝင်းသည် သူကြီးဦးထွန်းညို၏အိမ်တွင် တွင်းသားလုပ်ရန် ကျွန်ုပ်က ပို့ပေးထားခြင်း ဖြစ်သည်။ အစောပိုင်းတွင် ကျွန်ုပ်ထံလာလည်မှု များရှိသော်လည်း အိပ်ချိန်တန်သော



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တစ်ဦးတည်းသာ ငေါင်းစင်းစင်း ကျန်ရစ်ရာ အမှန်ပင် စိတ်ချောက်ချားစရာ ကောင်းလှပေ၏။ (မြင်ကွင်း ပျော်ဖွယ်ဖြစ်ပေ၏။)

အိမ်သာမှာ ဆရာရ၏အိမ်သာ ကွင်တက်ရပြီး အိမ်သာသည် ကုန်းထိပ် အမြင့်ကြီးပေါ်တွင်တည်ထားရာ ညရေး ညတာ ကြောက်စရာကောင်းလှပေ၏။ ထိုသို့ ညရေးညတာသွားတိုင်း ကျွန်ုပ် မွေးထားသော ခွေးကလေးဖိုးဝါက အမြဲ လိုက်၍စောင့်ရှောက်ပေး၏။ ထိုခြံထဲတွင် ဆရာရမွေးထားသောအစောင့်များ ရှိ၏။ မြင်ဖူးသူတို့ မြင်ဖူးကြောင်း ပြောပြသာရာ မမြင်ရသော်လည်း ခပ်ကြောက်ကြောက်ဖြစ်သည်။ သို့သော် သတိလက်လွှတ် အလွန်ကြီးကြောက်ခြင်းမျိုးတော့ မဖြစ်ပါ။ အလွန်ကြောက်တတ်သော လောလောလတ်လတ်ကိုယ်နှင့်မောင်နှမ ကွဲသို့ရင်းနှီးသောအုန်းမေသေထားသဖြင့် နေရဲစရာအကြောင်းပင်မရှိချေ။

ခေါင်းအုံးနှင့်နားကပ်အိပ်ရသော ခြေသံများကဲ့သို့ ကြားရတတ်သဖြင့် တက်လက်လှုပ်အနေအထားသော အခါများ၏။ အနေအထိုင်ကြာသောအခါ ကြောက်စိတ်တို့ လျော့ပါးစပြုလာပါသည်။

တစ်ညတွင်မူ အိမ်အောက်ရှိ တိုင်ကြားများတွင်စီထားသော ထင်းလုံးများပြိုကျသံကြောင့် ဆူညံသွားပြီး သန့်နိုးလာ၏။ ထိုအချိန်က ရွာတွင် ထင်းသူခိုးတစ်ဦးရှိရာ ထင်းလာခိုးရင်း ထင်းဆွဲရာမှ ထင်းလုံးပြိုကျဟန်တူသည်ဟု အောက်မေ့ပြီး ထမကြည့်တော့ဘဲ သူခိုး၏ခြေသံကို နားစွင့်မိ၏။ ခြေသံတား မကြားရပါ။

ထင်းပြိုကျသံသည် နောက်ဆုံးတလုံကလောင်ဟူ၍ပင် လက်ကျန်ထင်းချောင်းကျသံအထိပါ အစ၊ အဆုံး ကြားရရာ 'အင်း - မနက်ကျရင် ထင်းတွေ ပြန်စီရဦးမယ်။ ပျင်းစရာကောင်းလိုက်တာ' ဟု တွေးရင်း မကြာမီပင် ပြန်၍ အိပ်ပျော်လေ၏။

နံနက်လင်းသောအခါ ထင်းများ ပြန်စီရန် အိမ်အောက်သို့ဝင်ကြည့်သော အခါ လွန်စွာအံ့ဩရလေ၏။ အဘယ်ကြောင့်ဆိုသော် ထင်းလုံး (၃) ကန့်သည် လက်ရာခြေရာမပျက် ပကတိအတိုင်း မပြိုမပျက်ရှိနေခြင်းပင် ဖြစ်သည်။ ကျွန်ုပ်မှာ ဟုတ်မှဟုတ်ပါလေစဟု တွေးရင်း အသေအချာကြည့်နေမိ၏။

ထိုအခါကျမှ 'ခြော် - ငါ့ကို သက်သက်ခြောက်တာပါလား၊ အိပ်ရေးပျက်အောင်လုပ်တာပါလား' ဟူ၍ သဘောပေါက်လိုက်၏။ ထိုကိစ္စကို ခင်မင်သူတို့အားပြောပြဖြစ်၏။ အတော် အတန်လူဆိုလျှင် အိပ်ရာလိပ်ကာပြေးမည်သာဖြစ်သော်လည်း ကျွန်ုပ်မှာမူ နေသားကျနေပြီဖြစ်၍ ထူး၍မကြောက်တော့ဘဲ ပရိတ်အားကိုးဖြင့် နေမြဲတိုင်း နေလေ၏။

ထိုအိမ်တွင် တစ်ဆောင်း၊ တစ်နွေ တစ်မိုးနေအပြီးတွင် ကျွန်ုပ် ဦးဆောင်သော ဦးထွန်းကြိုင်၊ ထွန်းဝေ၊ အောင်ခန့်တို့သည် ဆောင်းရာသီဖောက်တွင်းလုပ်ရန် မိုးကုတ်မြို့၏မြောက်ဘက်ရှိ ချောင်းကြီး လီရှောကုန်း စံရွာသို့ ချီတက်ကြရာ ကိုအောင်မြင့်၏အိမ်ကလေးနှင့် ခွဲခွာခဲ့ရပါတော့သည်။ ထိုခြောက်တတ်သော အိမ်ကလေးတွင် ကျွန်ုပ် တစ်ဦးတည်း တစ်နှစ်ခန့်နေခဲ့ဖူးပါသည်။

နေ့စဉ် ပရိတ်အရံအတားသာ မပြုလုပ်ခဲ့သော် ကျွန်ုပ်နေရဲမည်မထင်ပေ။ အမှန်သော် ပရိတ်အားကိုးဖြင့်နေခဲ့ခြင်း ဖြစ်ပေ၏။ ထိုမြေသည် နဂိုက ကျောက်လုပ်တိုက်ကြီးဖြစ်ရာ အချို့က ထိုနေရာအား မြေမသန့်၍၊ သိုက်ရှိ၍၊ အစောင့်ရှိ၍ စသည်ဖြင့် အမျိုးမျိုး ဝေဖန်ပြောဆိုကြသော်လည်း ကျွန်ုပ်မှာမူ မရဲသော်လည်း ပြေးခဲ ဟူဘိသို့ ခပ်ကြောက်ကြောက်ဖြင့်ပင် နေခဲ့ကြောင်းဝန်ခံပါသည်။

## တစ်ပင်လဲမှတစ်ပင်ထူပြီးနောက်

ကျွန်ုပ် လီရှောကုန်းစံတွင် တွင်းလုပ်ရာ ရှစ်လကြာသွား၏။ ထိုမှရွာပြန်ရောက်သော် ကိုအောင်မြင့်မှာ နောက်အိမ်ထောင်ပြုကာ သူ၏ အိမ်ကလေးအား ကျောက်ဖျာရွာအောက်ပိုင်းသို့ ရွှေ့သွားခဲ့၏။ ထိုမြေသည် ကွက်လပ်အဖြစ် ကျန်ရစ်ပါသည်။

နောက်ပိုင်း ဆရာရ၏ သမီးကြီး မသင်းသင်းသည် မောင်ထင်ပေါ်နှင့် အိမ်ထောင်ကျ၏။ ထိုမြေကွက်အား ကိုအောင်မြင့်ထံတောင်းရာ အလွယ်တကူပင်ပေးလိုက်လေ၏။

မသင်းသင်းသည် မိဘ၏ အိမ်အနီးတွင်နေရရာ သဘောကျပါသည်။ မကြာမီပင် မောင်ထင်ပေါ်တို့ စီးပွားရေးအဆင်ပြေရာ ရွာထဲတွင် ရှောင်းရန်အသင့်ရှိနေသော ပျဉ်ထောင်အိမ်တစ်လုံးအား ဝယ်ယူလျက် ထိုမြေနေရာသို့ ရွှေ့ဆောက်ကာနေလေ၏။ အစတွင် ထူးခြားခြင်းမရှိသော်လည်း ဒုတိယကိုယ်ဝန်အရင့်အမာဖြစ်ချိန်တွင် အထက်ပါ ပြဿနာကြုံရခြင်း ဖြစ်လေ၏။

## မင်းဘယ်သူလဲ

ဆရာရသည် ပယောဂဆရာဖြစ်ရာ မောင်ထင်ပေါ်အား ဝင်ပူးသူကို ချုပ်ကာ ဆေးဖျော်၍ စုတ်ဖြင့် မျက်နှာ၊ ကုပ်ပိုး စသော နေရာတို့ကို ထိုးလေ၏။ ထိုအခါ မောင်ထင်ပေါ်မှာ လူးလွန့်နေအောင် ခံစားရကာ အသံအောအော ဖြင့်

"ကြောက်ပါပြီ ဆရာ၊ တော်ပါတော့"

ဟူ၍ အကြိမ်ကြိမ်တောင်းပန်လေ၏။

ထိုအခါ ဆရာရက -

"မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ခုလိုလုပ်တာလဲ"

ဟု အကြိမ်ကြိမ်မေးသော်လည်း ဘာမှပြန်မပြောဘဲ ပြူးကြောင်ကြောင်ကြီးသာကြည့်၍နေလေရာ ကြာသော် ဆရာရ လက်လျှော့ရတော့၏။ ဘာအဖြေမှမရချေ။ ထိုအခါ ချုပ်ထားသည်ကို ဖြေလွှတ်လိုက်၏။ မောင်ထင်ပေါ်မှာမူ တွေတွေကြီးဖြစ်၍နေလေ၏။

မောင်ထင်ပေါ်သည် ဆရာရအိမ်တွင် အိပ်ရရာ သူ့အားထိန်းချုပ်နိုင်ရန် ဘေးမှ ယောကျ်ားများရံ၍ အိပ်ရလေ၏။ ထိုအခါ ဆရာရသည် သူ့ထက် အစွမ်းများစွာထက်သော ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆမ်မြို့နယ် တော့ဆန်ရွာမှ သူ့အား ပယောဂပညာသင်ပေးသော သူ၏ဆရာကြီး ဩစိဏ္ဏကို သွားပင့်ရန် အကြံရလေတော့၏။ ထို့ကြောင့် နောက်နေ့တွင် ဆရာရသည် သားဖြစ်သူအား ဆရာကြီးဩစိဏ္ဏကိုပင့်ရန် တော့ဆန်သို့ လွှတ်လိုက်လေ၏။

မိုးကုတ်မှသွားသော် မိုးကုတ် - မိုင်းလုံကားကို ဦးစွာစီး၍ မိုင်းလုံသို့သွားရ၏။ ထိုမှတစ်ဆင့် မိုင်းလုံ - ကျောက်မဲကားစီးကာ တော့ဆန်သို့သွားရခြင်း ဖြစ်၏။

## အလှူတွင်

ဆရာကြီးဩစိဏ္ဏမရောက်မီတွင် ကျောက်ဖျာရွာ၌ အလှူကြီးတစ်ခုရှိ၏။ မောင်ထင်ပေါ်မှာမူ ပင်ကိုစိတ်ပျောက်သလိုဖြစ်နေရာ ထမင်းကျွေးအဖွဲ့တွင်ပါသော်လည်း သူ့ကို ထမင်းကျွေးမခေါ်ကြပါ။ သို့သော် သူသည် အလှူသို့လာ၏။ သူ့သမီးအကြီးလေးကိုမူ လက်တွင်ဆွဲထား၏။ မျက်နှာတွင် ကြေးစနှင့်



www.burmeseclassic.com

www.burmeseclassic.com

ထိုးထားသဖြင့် စုတ်ပေါက်ရာများဖြင့် ပြည့်နေပြီး မျက်နှာမှာ ရောင်အမ်းအမ်းဖြစ်နေပြီ။ ခေါင်းကို ခပ်ငိုက်ငိုက်နေကာ ဘယ်သူ့ကိုမှစကားမပြောချေ။

ထိုအချိန်တွင် ကျွန်ုပ်လည်း ထမင်းကျွေးဖြစ်ပါသည်။ ထို့ကြောင့် မောင်ထင်ပေါ်ကိုမြင်နေရလေ၏။ ဧည့်သည်များ ထမင်းစကျွေးသည်နှင့် မောင်ထင်ပေါ်မှာ ထမင်းဝင်၍စားတော့၏။ သူ့သမီးကလေးကိုမူ သူနှင့်မကွာထား၍ စားစေ၏။ ကျွန်ုပ်တို့သည် ပင်ကိုစိတ်ပျောက်နေဟန်တူသော မောင်ထင်ပေါ်အား စိတ်ဝင်တစားကြည့်ကြ၏။ မောင်ထင်ပေါ်မှာမူ ထမင်းကို အားပါးတရစားလေ၏။

အမှန်သော် သာရေး၊ နာရေးကိစ္စတို့တွင် ရွာခံကျွန်ုပ်တို့သည် ဧည့်များကုန်မှစားကြရခြင်း ဖြစ်သည်။ ဤသည်ကို တစ်ရွာလုံး လိုက်နာကြပါသည်။ မောင်ထင်ပေါ်မှာမူ ပင်ကိုစိတ်ရှိဟန်မတူကြောင်း တစ်ရွာလုံး နားလည်သဘောပေါက်ကြလေ၏။

ပထမတစ်သုတ်၊ဒုတိယတစ်သုတ် စသည်ဖြင့် ပြင်ဆင်ပြီးပါမှ ကျောင်းပေါ်တွင်လှောင်ထားသောဧည့်များအားခေါ်ကျွေးခြင်း ဖြစ်၏။ ထမင်းကျွေးသည့်နေရာမှာ ကျောင်းအောက်ထပ်တိုက်ခံခန်းမကြီးတွင် ဖြစ်သည်။ အချို့ပွဲကိုလည်း လူပျိုများက ထိုကျောင်းအောက်ထပ်တွင်ပင် ပြင်ဆင်ဧည့်ခံရာ အဆင်ပြေလှ၏။ ထမင်းကျွေးခန်းမနှင့် အချိုပွဲ၊ လက်ဖက်ရည်ခန်းမကို လိုက်ကာဖြင့်ကာ၍ခွဲထားခြင်း ဖြစ်သည်။ ထမင်းစားပြီးသော် လက်ဖက်ရည်ဆောင်သို့ ကူးရန်သာ ဖြစ်သည်။

နောက်တစ်သုတ်ခေါ်ကျွေးသော် မောင်ထင်ပေါ်မှာ ဝင်၍အားပါးတရစားပြန်လေ၏။ ကျွန်ုပ်တို့မှာ လွန်စွာအံ့သြနေကြ၏။ စားပြီးသော အစားအစာတို့ ဘယ်ရောက်ကုန်သနည်း။ လူဟူသည် တစ်ခါစားပြီးသော် နောက်ထပ်စားနိုင်ရန် မလွယ်ကူချေ။ မောင်ထင်ပေါ်မှာမူ တစ်ခါခေါ်ကျွေး တစ်ခါဝင်စားလုပ်နေပေရာ ထိုစားသမျှတို့သည် မောင်ထင်ပေါ်စားသည်မဟုတ်မှန်း လူတိုင်းက သဘောပေါက်ကြလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့အချင်းချင်းလက်တို့ကာ ပြုံးမိကြပါသည်။ ပြောတော့မပြောရဲကြပေ။

**ရွှေလက်ညှိုး**

ဆရာရင်ယဉ်စဉ်က ဆရာရတွင် ရွှေလက်ညှိုးရှိသည်ဟု ကြားဖူးပြီး ရွှေလက်ညှိုးသည် ဝိဇ္ဇာသိဒ္ဓိပြီးသည်ဟု ဆိုကြပါသည်။ ဆရာလုပ်တော့မည်ဆိုပါက ထိုပယောဂဆရာတွင် အစွမ်းထက်ပစ္စည်းများ အဆောင်အဖြစ်ရှိရန် လိုအပ်လေ၏။ ထို့ကြောင့် ဆရာဩစိဏ္ဏသည် သူ့တပည့်ဆရာရအတွက် ရွှေလက်ညှိုးစီရင်ပေးရန် သူ့လက်ထောက်ဆရာဦးပညာ၊ ဆရာနန္ဒိယတို့၏ ကျောက်ဖျာသို့ရောက်လာခဲ့ပြီး ရွာစဉ်လှည့်ကာ ပယောဂအစွဲချွတ်ခြင်း၊ ဆေးကုပေးခြင်း စသောအလုပ်တို့ကိုလုပ်နေခဲ့လေ၏။ ထိုခေတ်ထိုအခါက မိုးကုတ်ကျေးလက်တို့၌ ခေတ်မီကြသေးချေ။ ဒေါက်တာရမ်းကုခေါ် ပဋိဇီဝဆေးကိုင်သူများလည်း မပေါ်ပေါက်သေးရာ ခေတ်မီဆေးဝါးနှင့် လွန်စွာအလှမ်းကွာဝေးချိန် ဖြစ်၏။ အချိန်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရစကအချိန် ဖြစ်ပါသည်။

ရွှေလက်ညှိုးရယူရန်မှာ မွေးကင်းစကလေးသေဆုံးသွားသော် ထိုကလေးသည် ယောကျာ်းလေးဖြစ်ရပါမည်။ ထိုယောကျာ်းလေးအလောင်းမှ ညာလက်ညှိုးကို ပါးစပ်ဖြင့်ကိုက်ဖြတ်၍ယူရမည် ဖြစ်သည်။ ထိုလက်ညှိုးကိုဆေးစီရင်ပါမှ ရွှေလက်ညှိုးရလေ၏။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေမည်။ ကျောက်ဖျာရွာမှ အိမ်ရှင်မတစ်ဦး မီးဖွားရာ ယောကျာ်းလေးဖြစ်ပြီး ဖွားပြီးမကြာမီမှာပင် သေဆုံးရလေ၏။ တော၏ထုံးစံမှာ ချက်ကြိုးကို သံဆိပ်မတတ်အောင် ဝါးနှီးကြောဖြင့်ဖြတ်လေ့ရှိရာ ထိုဝါးနှီးကြောတွင်လည်း မေးခိုင်ပိုးရှိမှန်းမသိကြရာ မွေးပြီးမကြာမီပင် မေးခိုင်းပိုးဝင်ကာ မွေးကင်းစကလေးများဆုံးကြရပါသည်။ ထို့ကြောင့် ဘွားပုသည် ကလေး (၁၄) ဦးမွေးသော်လည်း (၂)ဦးသာ အဖတ်တင်ခဲ့သည်မှာ သာဓကဖြစ်ပြီး တစ်ရွာလုံးထိုနည်းနှင်နှင်ဖြစ်ကြလေ၏။

ထိုသို့ အခွင့်အရေးကြုံလေရာ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဆရာ (၄) ဦးသည် ညဉ့်နက်သန်းခေါင်လူခြေတိတ်ဆိတ်ချိန်တွင် ရွာစည်းနှင့် မဝေးလှသောကျောက်ဖျာသင်္ချိုင်းသို့လာခဲ့ကြ၏။ ထို့နောက် ကလေးအလောင်းမြှုပ်ထားသောမြေပုံကိုရှာကြ၏။

တွေ့သောအခါ ဆရာဩစိဏ္ဏသည် စည်းကိုလုံခြုံစွာချလျက် ဆေးဖယောင်းတိုင်(၃)တိုင် ထွန်းညှိလိုက်၏။ ထို့နောက်တွင်မူ ကြိမ်ကိုမန်းကာ မြေပုံသို့ ရိုက်ချလိုက်လေ၏။ ထိုအခါ မြေပုံသည် ဖွားခနဲကြွတက်လာကာ ကလေးအလောင်းပေါ်၍လာ၏။ အလောင်းကား ပုဆိုးစုတ်ဖြင့် ရပ်ပတ်ထားလေ၏။ နောက်တစ်ချက် မြေကိုရိုက်သောအခါ ပတ်ထားသောအဝတ်တို့ ကွာကျလျက် ကလေးအလောင်းဖြူဖြူလေးသည် အိပ်ပျော်နေသည့်အလား ပေါ်၍လာတော့၏။

ထိုအခါ ဆရာရသည် ဝတ်ထားသောအဝတ်တို့ကို လျင်မြန်စွာ ချွတ်ချကာ ကျားကဲ့သို့ နောက်ကျွမ်းထိုး၍ဝင်သွားပြီး ကလေးအလောင်း၏ညာဘက်လက်ညှိုးကို ပါးစပ်ဖြင့် ကိုက်ဖြတ်တော့၏။ ဆရာရ၏သွားများမှာ အရွယ်ငယ်သည်တစ်ကြောင်း၊ ညီညာဖြောင့်တန်းသည်တစ်ကြောင်းကြောင့် ကိုက်ဖြတ်၍ရနိုင်ကြောင်း ဆရာဩစိဏ္ဏမှ ညွှန်ပြသင်ကြားထားပြီးဖြစ်ရာ လက်ညှိုးအားကိုက်ဖြတ်ရာတွင် မုန့်ကိုကိုက်ဖြတ်သကဲ့သို့ ဟိခနဲမနေဘဲ အကြောမျှင်များရှိနေခြင်းကြောင့် အတန်ပင် အားစိုက်ကိုက်ဖြတ်လေမှ ပြတ်လေ၏။ ပြတ်သည်နှင့် လက်ညှိုးတိုင်ကာ ဆရာရသည် နောက်ကျွမ်းပစ်၍ပြန်ထွက်လေ၏။

လက်ညှိုးရသည်နှင့် ဆရာဩစိဏ္ဏသည် ကြိမ်ဖြင့် မြေကိုရိုက်လိုက်ရာ မြေကြီးသည် ဖွားခနဲတက်လာ... ကလေးအလောင်း မြေကျင်းထဲသို့ ပြန်ရောက်သွားလေတော့၏။ ဆရာရလည်း အမြန် ပုဆိုး၊ အင်္ကျီကောက်ဝတ်၏။

"ကဲ - ရပြီ မြန်မြန်ပြန်ကြမယ်"

ဟု ပြောကာ ဆရာရအား ကြား... တွင်ထားကာ မဝေးလှသော ရွာထဲသို့ အမြန်ပြေးခဲ့ကြလေ၏။

ထိုအခါ နောက်မှ ဩသံဗလဲ...

"လိုက်ဟ၊ သတ်ဟ၊ ငါတို့ပစ္စည်း... ယူသူတွေ မိအောင်ဖမ်းကြ"

စသည့် အသံများ ထက်ကြပ်... မကွာပါလာကြောင်း သူတို့ဆရာ (၄)ဦး... ကြားနေရတော့၏။

ရွာထဲသို့ ရောက်သော်လည်း... ထက်ကြပ်မကွာပါလာကြသော ... လောကသားများသည် ဆရာ... ပျဉ်ထောင်အိမ်ကြီးရှေ့မှနေ၍ -

"ငါတို့လက်ညှိုးပြန်ပေး"

ဟူ၍ အော်ဟစ်တောင်းဆို... ကြ၏။

ထိုအခါ တစ်ရွာလုံးရှိခွေး... အူကာဟောင်ကာ တညံညံဖြစ်နေ... ၏။ သို့သော် ထိုသံတို့အား ရွာလူ...

www.burmeseclassic.com

မကြားကြရပါ။ ဆရာရ၏ ဇနီးလည်း ဆရာရ၏အမေလည်း မကြားရပါ။ သူတို့ဆရာ (၄) ဦးသာ ကြားကြရပြီး စည်းအတန်တန်ချကာ လုံခြုံစွာနေ၍ ထိုရွှေလက်ညှိုးအား ဆရာကြီးဩစိဏ္ဏ မှ မန္တန်များစုတ်ကာ ဆေးစီရင်လေတော့၏။

နံနက်မိုးလင်းသည်နှင့် ထိုနာနာဘာဝများ ပြန်သွားကြလေ၏။ ညလူခြေတိတ်သည်နှင့် အိမ်ရှေ့မှအော်ဟစ်ကာ တောင်းနေကြပြန်၏။ အမျိုးမျိုးကြိမ်းဝါးဆဲရေးတိုင်းထွာကြ၏။ သို့သော် သူတို့အထဲသို့ မဝင်နိုင်ကြ။ အိမ်ရှေ့လမ်းမပေါ်တွင်သာ ဆူညံပူညံဆန္ဒပြနေကြခြင်းဖြစ်ရာ တစ်ညလုံး ခွေးအူသံ၊ ခွေးဟောင်သံတို့ဖြင့် ညံနေတော့၏။

ရွာမှလူတို့မှာမူ ခွေးတွေနေ့စဉ် အူကြဟောင်ကြနှင့်တစ်ညလုံးလုပ်သည်။ ဘာကြောင့်ဟူ၍ မည်မည်ရရမသိကြပါ။ ရွာထဲ မကောင်းဆိုးဝါးဝင်သည်ဟု သိကြလေ၏။

ထိုအခါ ငွေးပင်ရွာမှလူတို့က -

"နင်တို့ရွာမှာ အော်သံဟစ်သံတွေကြားတယ်။ လိုက်ဟ၊ လိုက်ဟ ဆိုတဲ့အသံတွေလည်းကြားတယ်။ နေ့စဉ်လိုလိုပဲ။ အဲဒါရွာထဲဓားပြဝင်တာလား၊ သူခိုးဝင်တာလား ဒါမှမဟုတ် အမှောင်ရိပ်ခိုပြီး သူများသမီးပျိုကို လာချောင်းလို့လား"

ဟု မေးကြရာ ရွာကလူတွေက သူခိုးလည်းမလာကြောင်း၊ ဓားပြလည်းမလာကြောင်း၊ အပျိုလည်း မချောင်းကြောင်း၊ နေ့စဉ် ခွေးတွေအူနေဟောင်နေတာသာ ကြားရကြောင်း ပြောကြရာ ထိုအသံတို့သည် (၇) ရက်တိုင်တိုင် ငွေးပင်ရွာမှ ကြားကြားနေရရာ ပဟေဠိသဖွယ်ဖြစ်၍နေလေ၏။ ရွှေလက်ညှိုးကိစ္စ ထိုစဉ်က မည်သူမျှမသိကြပေ။

(၇)ရက်ပြည့်ပါမှ နာနာဘာဝများ အရှုံးပေးကာ နောင်တွင်မလာကြတော့ပေ။ ရွှေလက်ညှိုးအစီအရင်မှာ အောင်ခဲ့ပြီ ဖြစ်သည်။ ထိုလက်ညှိုးလေးခြောက်သွားသောအခါ ရွှေဆိုင်းဝယ်၍ရွှေချလိုက်သဖြင့် ရွှေလက်ညှိုးအစစ်ဖြစ်သွားတော့၏။

စိတ်ချရသောအချိန်ရောက်ပါမှ ဆရာဩစိဏ္ဏက တပည့်ဖြစ်သူဆရာရထံ ရွှေလက်ညှိုးပေးအပ်ကာ သစ္စာဆိုစေပါသည်။ ထိုရွှေလက်ညှိုးဖြင့် သူများသမီးပျိုကို မဖျက်ဆီးပါဟူသော သစ္စာဖြစ်လေ၏။ ထို့နောက် ဆရာ (၃) ဦးတော့ဆန်သို့ပြန်သွားကြတော့၏။

ဤသည်မှာ ဆရာရမှ ပြန်ပြောပြသဖြင့် ရွှေလက်ညှိုးအကြောင်း ရွာက သိရခြင်း ဖြစ်လေ၏။

**ရွှေလက်ညှိုးစမ်းပြီ**

ရွှေလက်ညှိုးတစ်ချောင်းအောင်မြင်ရန် အတော်အတန်သတ္တိ၊ အတော်အတန်ပညာ၊ အတော်အတန်အတွေ့အကြုံနှင့်မရနိုင်ကြောင်း သဘောပေါက်ရပါသည်။ နက်နဲ၍ ဂမ္ဘီရဆန်သော အတတ်ပညာ ဖြစ်သည်။ သာမန်ဂမ္ဘီရ ပညာစွမ်းလောက်ဖြင့် အောင်နိုင်ရန် မလွယ်ကူလှပါ။ အလွန်လည်းအန္တရာယ်ကြီးကာ ပရလောကသားတို့နှင့် နင်လားငါလား ယှဉ်ပြိုင်အနိုင်ယူရသောပွဲ ဖြစ်သည်။

ထိုရွှေလက်ညှိုးရချိန်တွင် ဆရာရအိမ်ထောင်ကျပြီးပြီ ဖြစ်သည်။ သို့ကြောင့် ထိုရွှေလက်ညှိုးအစွမ်းဖြင့် နောက်ထပ် အိမ်ထောင်တစ်ခုတည်ဆောက်ရန် မလွယ်ပါ။ တည်ဆောက်လိုစိတ်လည်း မရှိရိုးအမှန် ဖြစ်သည်။ သို့သော် ရွှေလက်ညှိုးစွမ်း၊ မစွမ်းတော့ သိချင်လှပါသည်။ သို့တွက် လူထူထပ်ရာ တစ်ခုသော ကျပ်ပြင်ဈေးနေ့တွင် စမ်းသပ်ရန် ဆုံးဖြတ်လိုက်လေ၏။

သို့ကြောင့် ဆရာရသည် ရွှေလက်ညှိုးကို ပဝါဖြင့်ထုပ်လျက် တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲထည့်ကာ ကျပ်ပြင်ဈေးနေ့တွင် ဈေးသို့လာခဲ့လေ၏။ ဦးစွာဈေးအတွင်းသို့ လှည့်လည်ကာ လှပပျော်မောသော မိန်းကလေးကို လှည့်ပတ်ရှာဖွေနေမိ၏။

မည်သည့်ရပ်ကွက်ကမှန်းမသိ။ လွန်စွာ လှပချောမွေ့၍ ဖွေးဖွေးဖြူပြီး သူဌေးသမီးဖြစ်ဟန်တူသောမိန်းကလေးကို တွေ့သောအခါ ထိုမိန်းကလေးကို စမ်းမည်ဟု တွေးလိုက်ပြီး တိုက်ပုံအင်္ကျီအတွင်းမှ ပဝါဖြင့်ထုပ်ထားသော ရွှေလက်ညှိုးကို ထုတ်လိုက်တော့၏။ ရွှေလက်ညှိုးဖြင့်ထိုးကာ -

"အဲဒါ မင်းရဲ့အမေပဲ။ ခေါ်ခဲ့ပေတော့"

ဟု ပြောကာ ဆရာရ ဈေးထဲမှ ထွက်လေ၏။

လှပကြော့ရှင်းသော မိန်းကလေးသည် ဆရာရနောက်အမီလိုက်လာကာ နောက်မှ ကပ်၍ပါလာ၏။ ဤသည်မှာ မသေချာသေးပေ။ ခရီးလမ်းကြောင်းတူ၍လည်းဖြစ်နိုင်၏။ ထို့ကြောင့် ကျောက်ဖျာသို့ပြန်သောလမ်းကြောင်း လမ်းမကြီးအတိုင်း အနောက်သို့လျှောက်လေ၏။ မိန်းကလေးမှာ ဈေးခြင်းကလေးဆွဲကာ သူ့နောက်နားမှပင် ထက်ကြပ်မကွာပါ၍ လာလေ၏။

သေချာသည်ထက်သေချာအောင် ဆရာရသည် ဈေးဘက်သို့ ခြေဦးလှည့်ပြန်၏။ ကလေးမမှာ သူ့နောက်သို့သာ ပါလာပြန်၏။ ထိုအခါ ဈေးထဲပြန်ဝင်ပြန်၏။ ကလေးမလည်း သူ့နောက်မှာကပ်ပါနေ၏။ ထိုအခါ ရွှေလက်ညှိုးသည် အမှန်တကယ် စွမ်းကြောင်း သိရလေတော့၏။ ထို့ကြောင့် ကောင်မလေးရှေ့မှ ပိတ်ရပ်ကာ -

"နင်သွားချင်ရာသွားတော့"

ဟု ပြောလိုက်လေမှ ကောင်မလေးသည် သူ့ကိုပင်မကြည့်တော့ဘဲ၊ သူလုပ်ခဲ့သမျှကို သိဟန်မတူဘဲ ဈေးဆက်ဝယ်နေသည်ကို တွေ့ရရာ ရွှေလက်ညှိုး၏အစွမ်း အံ့မခန်းသည်ကို ဆရာရကိုယ်တိုင်တွေ့ရတော့၏။ ထို့နောက်တွင်မူ ဘယ်အခါမှ ရွှေလက်ညှိုးမစမ်းတော့သလို ရွှေလက်ညှိုး၏အစွမ်းကိုလည်း ရင်းနှီးသူတို့ကို ပြောပြသဖြင့် ကျွန်ုပ်တို့တစ်ဆင့်သိရခြင်း ဖြစ်ပေ၏။

**ရွှေလက်ညှိုးဆုံးခြင်း**

"ဟာ - ဆရာလေးပါလား။ ဘယ်က လှည့်လာတာတုံး"

"ဆရာရဆီလာတာပါ။ အကူအညီတောင်းချင်လို့ဗျို့"

"အချင်းချင်းပဲဗျာ၊ တတ်နိုင်တာရှိရင် ကူညီရတာပေါ့"

"တကယ်ပြောတာနော် ဆရာရ"

"တကယ်ပါ ဆရာလေးရဲ့။ ဆရာတို့ကျုပ်တို့က အချင်းချင်းတွေပဲဗျာ။ ပြောစရာလိုသေးလား"

"ဒါဆို ကျုပ်ဆရာရဆီက ရွှေလက်ညှိုးခဏငှားချင်တယ်ဗျာ"

"ရွှေလက်ညှိုးဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော့်မှာကိစ္စလေးရှိလို့ပါ"

"ကျွန်တော် သစ္စာဆိုထားတယ်။ သူတစ်ပါးသမီးပျိုကို မပြစ်မှားပါဘူးလို့ ဆိုထားတာ။ အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ဆရာလေးရဲ့။ ခင်ဗျားတို့ကျုပ်တို့ဟာ သူများဒုက္ခကိုကယ်တင်တဲ့ ဆရာတွေလေ။ သူများဒုက္ခရောက်အောင်တော့ မလုပ်သင့်ကြပါဘူး"

"မဟုတ်ဘူးဆရာရရဲ့။ ခုဟာက ကျွန်တော်က သားမှတ်မှတ်မယားမ

www.burmeseclassic.com

မှတ် ပေါင်းမှာပါဗျာ။ ကောင်မလေးက သိပ်ငယ်ပြီးသိပ်လှပါတယ်။ မာနလည်းကြီးတယ်။ ဒါပေမယ့် သူတို့ရွာကိုရောက်လို့ သူ့ကိုမြင်တဲ့နေ့ကစပြီး ကျုပ်မှာ အဲဒီစိတ်နဲ့ နေမထိထိုင်မသာဖြစ်နေရတာဗျ။ အဲဒါကြောင့် ဆရာရဲ့ရွှေလက်ညှိုးအကူအညီရမှကိုဖြစ်မှာ။ အဲဒါကြောင့် လာခဲ့တာပါ"

"နေပါဦး ဆရာရဲ့၊ မိန်းမကြီးနဲ့ သားသမီးတွေက သဘောတူပါ့မလား"

"အဲဒါကိုလည်း ဆရာရကိုပြောပြချင်တာပါ။ ကျုပ်မိန်းမက ကျုပ်ကိုစိတ်ကုန်ပြီး မပေါင်းတာ နှစ်အတော်ကြာပြီဗျ။ သူဟာသူသားသမီးတွေနဲ့တွင်းလုပ်၊ ကနဲ(ကနယ်)ဆေးလုပ်စားနေတာလည်း ဆရာရမြင်မှာပါ။ ကျုပ်ကို နောက်အိမ်ထောင်ပြုချင်ပြုဆိုပြီး ခွင့်ပြုထားတာလည်း ကြာပါပြီ။

ကျုပ်ကလည်း ဆရာမြင်တဲ့ အတိုင်းပဲလေ။ ဒုက္ခိတဆိုတော့ ဘယ်လိုမိန်းမကကြိုက်မှာလဲ ဆရာရယ်။ သူများလို ခွန်နဲ့အားနဲ့လုပ်မစားနိုင်တာမို့လည်း ခုလို ဆရာလိုင်းကိုလိုက်ခဲ့တာ ဆရာလည်းအသိပါ။ အဲဒီတော့ ကျုပ်ဘဝမှာ အိမ်ထောင်လေးနဲ့ စိုစိုပြည်ပြည်ဖြစ်ချင်တယ်ဗျာ။ အဲဒါကြောင့် ကျုပ်ကို ကူညီပါ။ တစ်သက်မှာ တစ်ခါသာ ကူညီပါ ဆရာရယ်။ ဆရာ့ရွှေလက်ညှိုး ကျုပ်ရဲ့ ဆန္ဒပြည့်ဝတာနဲ့ တစ်ခါတည်းပြန်လာပို့ပါ့မယ်"

ဟုတ်ပါသည်။ ဆရာလေးသည် မွေးရာပါ ခါးကုန်းဒုက္ခိတလေးဖြစ်၏။ သို့သော် သူ့ပညာကလည်းစွမ်းသဖြင့် နာမည်ကြီးကာ လူတို့လေးစားကြလေ၏။ မြန်မာတို့ဓလေ့အရ တစ်ဖက်သားက သနားအောင်ပြောသော် အားနာပြီး သနားတတ်ပေရာ ဆရာရမှာ တင်း၍ မနေသာတော့ဘဲ ရွှေလက်ညှိုးထုတ်၍ ငှားလိုက်ရလေတော့၏။

မကြာမီမှာပင် ထိုဆရာလေးသည် မိန်းကလေးငယ်ငယ် သမီးအရွယ်ချောချောကလေးကို သူ့အိမ်ပေါ်ခေါ်လာနိုင်ခဲ့ကြောင်း သတင်းရကြလေ၏။ ထိုမိန်းကလေးနှင့် သားသမီးများသာ ပွားစီးလာသော်လည်း ဆရာရထံသို့ ရွှေလက်ညှိုးက မပို့တော့သဖြင့် ဆရာရမှ လမ်းကြုံ၍ သူ့ရွာရောက်ခိုက် ဝင်မေးသော် ရွှေလက်ညှိုးမှာ မပို့လို၍မဟုတ် လုံးဝပျောက်ဆုံးသွားပါသဖြင့် အားနာလာကာ လာရောက်မပြောဆိုနိုင်တော့ကြောင်း ပြောပြလေ၏။

ဆရာရမှာမူ သူ့ပင်ပန်းကြီးစွာ ရယူခဲ့ရသော ရွှေလက်ညှိုးပျောက်ဆုံးသွားရသဖြင့် များစွာသောကရောက်ရှာပါသည်။ အမှန်တကယ် ပျောက်ဆုံးသလော သို့မဟုတ် ပြန်မပေးလို၍ယူထားသလောဟူသည်မှာ ကာယကံရှင်ဆရာလေးသာသိပါမည်။ ထိုသည်မှစ၍ ဆရာရမှာ အဆောင်ကောင်းတစ်ခု လက်လွှတ်ဆုံးရှုံးခဲ့ရလေတော့၏။

ထိုဆရာလေး၏ ရွှေလက်ညှိုး အစွမ်းဖြင့်ရယူခဲ့သော ဒုတိယဇနီးအား ကျွန်ုပ်တို့ နောင်တွင် မကြာမကြာတွေ့ဖူး၏။ မှန်ပါသည်။ ငယ်၏၊ ချော၏ဟု ဆိုရပါမည်။ သို့သော် စာဖွဲ့လောက်အောင်လှသောအလှကား မဟုတ်ပါချေ။ တောချောတောအလှသာ ဖြစ်ပါသည်။ ရေညာဦးရွာဘက်မှဟု သိရ၏။ ရေညာဦးသည် ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်း သပိတ်ကျင်းမြို့၏ အထက်ဘက်တွင် တည်ရှိ၏။ ဆေးကုသွားရာမှ တွေ့ခဲ့ခြင်း ဖြစ်ပေ၏။ မြင်ဖူးခြင်းမှာ ကျွန်ုပ်တို့သရက်ပင်ပြန့်လုပ်ကွက်၌လုပ်စဉ် ကနယ်ဆေးလာ၍ဖြစ်ပါသည်။ ဤသည်တို့မှာ ဆရာရနှင့် ဆက်နွယ်၍ အနည်းငယ်တင်ပြခြင်း ဖြစ်ပေ၏။

## ဆရာကြီးညြစ်ဏ္ဍရောက်ပြီ

ပတ္တမြားမြေ၌မွေးလျက် ပတ္တမြားမတူးသူ ဟူ၍ ကျောက်ဖျာရွာတွင် ဆရာရတစ်ဦးသာရှိလေ၏။ သူ၏ ပယောဂကုခြင်းပညာဖြင့်သာ ဘဝကို ရပ်တည်လျက်ရှိပြီး သားသမီးများရမှသာ အရွယ်ရောက်သော သားသမီးတို့မှကျောက်မျက်လုပ်ငန်းလုပ်ကြလေ၏။ ဆရာရမှာ တွင်းလုပ်သော်လည်း ခေတ္တသာလုပ်၏။ စွဲစွဲမြဲမြဲလုပ်လေ့မရှိပေ။ ထိုပယောဂကုပညာကိုသာ တစိုက်မတ်မတ်လိုက်စားခဲ့လေ၏။ သို့ကြောင့်လည်း 'ကျောက်ဖျာဆရာရ' ဟူ၍ နာမည်ကြီးပါသည်။ စွမ်းလည်းအတော်စွမ်းပါသည်။ ရောဂါစုံလာရောက်ကုသူများလည်း မပြတ်ရှိနေတတ်ပါသည်။

မည်မျှစွမ်းသည်ဆိုသော်လည်း မိမိ၏သမက်ဖြစ်သူအား ပရလောကသားတစ်ဦးက ဝင်ရောက်ပူးကပ်သောအခါတွင် ထိုပုဂ္ဂိုလ်အား စစ်မေးသော်လည်း ပမာမခန့်ရှိရာ အခက်ကြုံရသဖြင့် သူ၏ဆရာ ဆရာကြီးညြစ်ဏ္ဍအားသွားရောက်ပင့်ရချေ၏။ ယခုသော် ဆရာကြီးညြစ်ဏ္ဍရောက်ခဲ့လေပြီ။

ထိုအချိန်တွင် ဆရာကြီးသည် အသက် (၇၀) နားသို့ရောက်နေပြီ ဖြစ်သည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့် ခပ်ပိန်ပိန်၊ ခပ်ကိုင်းကိုင်းနှင့် ရှမ်းတိုက်ပုံ ရှမ်းဘောင်းဘီအနက်ကို ဝတ်ဆင်ထား၏။ ဦးခေါင်းတွင်မူ ရောင်စုံတဘက်တစ်ထည်ကိုထုပ်၍ပေါင်းထားသည်။ သူ၏ မျက်ဝန်းတို့မှာမူ အရွယ်နှင့်မမျှ စူးရှရဲရှိလှ၏။ သွားများလည်းကျိုးခြင်းမရှိ သေးရာ အမြင်အားဖြင့် တင့်တယ် သေးသည်။ လွန်စွာအိုမင်းခြင်းမရှိလှ

ရွာမှလူတို့သည် မောင်ထင်ပေါ် အား မှီတွယ်ကပ်ငြိနေသောပရလောက သားသည် သရဲလော၊ တစ္ဆေလော၊ နတ် လော၊ သိုက်လော၊ ဘုမ္မစိုးလော၊ ရုက္ခစိုး လော စသည်ဖြင့် သိလိုလှ၏။

သူ့မြေတွင်နေသဖြင့် မကြိုက်၍ လော၊ အမှားတစ်ခုခုပြု၍မကြိုက်၍ လော စသည်ဖြင့် အမျိုးမျိုးဝေဖန်ပြော ဆိုလျက်ရှိကြလေ၏။ ယခုသော် ထိုပရ လောကသားတို့ကို နိုင်နင်းသည့် ဆရာ ကြီး ညြစ်ဏ္ဍရောက်လာခဲ့ချေပြီ။ အချေ မှန်ကို မကြာမီသိရပေတော့မည်။ ဆရာ ကြီးအစွမ်းအား အားလုံးက ယုံကြည်ပြီး ဖြစ်သည်။

## ငှါးအိမ်

"ကဲ - မင်းကို ငါမေးမယ်။ ငါ့ ကောင်းကောင်းမွန်မွန်ပြန်ဖြေပါ။ ငါ မေတ္တာနဲ့ပဲ မင်းအပေါ် ဆက်ဆံ တယ်။ အဲဒီတော့ မင်းဘယ်သူလဲဆိုတာ ပြောပါ"

မောင်ထင်ပေါ်သည် ဆရာကြီး ကို လက်အုပ်ချီကာ တဆတ်ဆတ်တုန် လျက်ရှိသည်။ ဆရာကြီးနှင့် ဆရာ တွဲထိုင်လျက်ရှိ၏။ မောင်ထင်ပေါ်၏ နှုတ်မှ စကားသံထွက်မလာပါ။

"ဟေ့ - ပြောလေ။ မင်း အကြောင်းမသိသေးဘူးထင်တယ်"

"သိပါတယ် ဆရာကြီးရယ်၊ သိ တယ်"

"သိရင်ပြော"

"ကျွန်တော်. . . ကျွန်တော်"

"ပြောဆိုပြောတာမဟုတ်ဘူး"

"ကြောက်ပါပြီ ဆရာကြီး ပြောပါ့မယ်။ ကျွန်တော်ရှက်လို့မ တာပါ။ ကျွန်တော် မောင်ပုပါ ဆရာ ရယ် အီး. . . ဟီး. . . ဟီး. . . ကျွန်တော် မောင်ပုပါဗျာ။ အီး. . . . . . ဟီး. . . ဟီး"

"အို - မောင်ပု၊ မင်းမောင်ပု လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ဟုတ်ပါတယ် အီး. . . ဟီး. . . ဟီး . . . ဟီး"

မောင်ပုဟုဆိုသဖြင့် လူတွေ ဟင်ခနဲ ဟာခနဲဖြစ်ကုန်ကြလေ၏။ မည်သို့မျှ ထင်မှတ်မထားသော လက်သမားဆရာ ကိုပုဖြစ်နေသောကြောင့် ဖြစ်လေ၏။

ကိုပုမှာ ရှိုက်ကြီးတငင်ငိုနေရှာ၏။

"ဖြစ်မှဖြစ်ရလေ မောင်ပုရယ်။ မင်းဟာက ဘယ်လိုဖြစ်တာလဲ ငါ့ကို ပြောပြပါဦး။ ကဲ၊ ကဲ - ငိုမနေပါနဲ့တော့ကွာ၊ ပြီးခဲ့တာတွေကပြီးခဲ့ပြီပဲ။ မင်းပြောပြမှ ငါက မင်းကို ကူညီနိုင်မှာ"

"ဟုတ်ကဲ့ပါ ဆရာကြီးရယ်၊ အခု မောင်ထင်ပေါ်နေတဲ့အိမ်က ကျွန်တော် ကျောက်ကြီးရလို့ ဆောက်ထားတဲ့ ကျွန်တော့်အိမ်ပါဗျာ။ ကျွန်တော်သေတော့ ကျွန်တော့်အိမ်မှာပဲ ကျွန်တော်နေတာပါ။ အဲဒီလိုနေရင်း မောင်ထင်ပေါ်က ဖျက်ပြီး ဒီနေရာမှာလာဆောက်တော့ ကျွန်တော့်အိမ်ကိုလိုက်နေတာပါ။ အဲဒါ ကျွန်တော့်အိမ်ကို အပိုင်စီးလို့ ကျွန်တော် ခုလို သူတို့ကံအနိမ့်မှာ မနေရဲအောင် ဒုက္ခပေးမိတာပါ ဆရာကြီးရယ်"

"အေးကွာ၊ ငါလည်း မင်းတို့ရွာ အမြဲမရောက်တော့ ဒါတွေ မသိဘူးပေါ့ကွာ။ ကဲ - ဆရာရဲ့ ဒီအိမ်ကိစ္စပြောပြပါဦး"

"ဟုတ်ကဲ့ ဆရာကြီး၊ ကိုပုဟာ ကျောက်ကြီးရပြီးတော့ အဲဒီငွေနဲ့ သုံးခန်းပတ်လည် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ပျဉ်ထောင်အိမ်ကြီးဆောက်ပါတယ်။ အဲဒီအိမ်ကြီးမှာ သူတို့မိသားစုနှစ်အတန်ကြာနေအပြီးမှာ သူ့မိန်းမ မသန်းရီ နာမကျန်းဖြစ်ပြီး ဆုံးပါတယ်။ နောက် သိပ်မကြာမီမှာ ကိုပုလည်း ကျန်းမာရေး ချို့တဲ့လာပါတယ်။ ဆေးကုဖို့ ငွေကြေးကျပ်တည်းနေတာနဲ့ကြုံပြီး ကိုပုပါဆက် ပြီးဆုံးပါတယ်။ ကိုပုဆုံးတော့ သူ့သမီး အကြီးမက အိမ်ထောင်ကျနေပါပြီ။

အဲဒီအိမ်ထောင်ကျနေတဲ့သမီးကြီး ရဲ့ယောကျ်ားလည်း တစ်နှစ်လောက် အကြာမှာ အကြီးအကျယ်နေမကောင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီဆိုတာက ကျောက်ရမှ ပိုက်ဆံရှိကြတာပါ။ ကျောက်မရရင် ပိုက်ဆံမရှိကြပါဘူး။ အဲဒီမှာ သမီးအကြီးက သူ့ယောကျ်ား အသက်ကိုကယ်ဖို့ အိမ်ကြီးပဲရှိတဲ့အခါ သူ့အိမ်ရောင်းမယ်လို့ ကြေညာပါတယ်။ အငယ်တွေကလည်း ငယ်သေးတော့ ဘာမှမကန့်ကွက်ကြပါဘူး။ အကျပ်အတည်းကြားက ရောင်းရတာဆိုတော့ ဈေးအင်မတန်ချောင်တာနဲ့ မောင်ထင်ပေါ်က ဝယ်ပြီး ကျွန်တော့်ဝိုင်းထဲမှာ ပြောင်းဆောက်လိုက်တာပါ။ နေစတုန်းကတော့ ဘာမှမဖြစ်ဘူး၊ ခုမှဖြစ်တာပါ"

"ကဲ - မောင်ပု ကြားတယ်မဟုတ်လား။ မင်းရဲ့ သမီးက မင်းရဲ့ အိမ်ကို တန်ရာတန်ဖိုးနဲ့ရောင်းပြီးပြီကွ။ အဲဒီတော့ မင်းနဲ့ဘာမှမဆိုင်တော့ဘူး။ မင်းကတော့ ငါ့အိမ်၊ ငါ့အိမ်ဆိုတဲ့အစွဲနဲ့ အိမ်နားက မခွာနိုင်ဘူးဖြစ်နေတယ်။ အင်း- မင်းရဲ့အစွဲက မင်းကို ဒုက္ခပေးနေတာပါလား မောင်ပုရာ။ မင်းကို ဒီမှာနေခွင့် လုံးဝမပေးတော့ဘူး။ မင်းနဲ့ဘာမှမဆိုင်တော့ဘူး ကြားသလား မောင်ပု"

"ဟုတ်ကဲ့ - ဒါဆို ဆရာကြီးရယ် ကျွန်တော့်ကို သနားပါဦး။ နေစရာနေရာလေးတစ်ခုခုတော့ရှာပေးပါဦး ဆရာကြီးရယ်"

"အေး၊ အေး - မောင်ပု၊ မင်းနေဖို့ ငါကြည့်လိုက်ပါဦးမယ်။ ခဏလေးကွာ၊ ခဏလေး ဟုတ်ပြီလား"

ဟု ပြောကာ မျက်စိမှိတ်လျက် အတန်ကြာ အာရုံပြုနေလေ၏။ ကြည့်နေသူပရိသတ်များမှာလည်း စိတ်ဝင်စားနားစွင့်လျက်ရှိကြလေ၏။ တစ်သက်နှင့်တစ်ကိုယ် လူနှင့် ပရလောကဖြစ်နေသူတို့ စကားပြောခြင်းကိုလည်း ယခုမှ ကြုံဖူးကြခြင်း ဖြစ်လေ၏။ အိမ်အစွဲနှင့် မကျွတ်မလွတ်ဖြစ်နေသော လက်သမားဆရာကိုပုအတွက်လည်း စိတ်မကောင်းခြင်းကြီးစွာရှိကြရလေ၏။ ကိုပုကား ဖြစ်လေရာဘဝကို ခင်တွယ်လျက်ရှိကာ အချို့သော ပရလောကသားတို့ ကဲ့သို့ ကုသိုလ်ပြု၍ အမျှဝေပေးပါဟူ၍ မပြောပါ။ နေစရာအမှီအတွယ်ကိုသာ ရှာခိုင်းခြင်း ဖြစ်လေ၏။ အတန်ကြာသော် ဆရာကြီးမျက်စိဖွင့်လာ၏။

"ကဲ - မောင်ပု၊ မင်းအတွက်နေစရာနေရာ ငါတောင်းပေးပြီးပြီ။ မင်းတို့ရွာရဲ့အနောက်ဘက်မှာ ငမုန်းချောင်း လုပ်ကွက်ရှိတယ်။ အဲဒီကနေတက်သွားရင် အနောက်ဘက်မှာ သူရိန်တောင်ကြီးရှိတယ်။ အဲဒီမှာ ကျောက်ပြာသာဒ်နဲ့ သစ်ဆိမ့်ကုန်းစခန်းကြီး လူသွားလမ်းရှိတယ် သိတယ်မဟုတ်လား မောင်ပု"

"ဟုတ်ကဲ့ - သိပါတယ်"

"အေး -အဲဒီလူသွားလမ်းအတိုင်း တောင်ဘက်ကို နည်းနည်းသွားလိုက်ရင် လမ်းအရှေ့ဘက်ကျောက်အုံတောမှာ သဖန်းပင်ကြီးတွေရှိတယ်။ ခဲလုံးအကြီးကြီးတွေကြားမှာပေါက်နေတာ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ - သိပါတယ်"

"အဲဒီသဖန်းပင်တွေရဲ့အစောင့်တွေဆီမှာ ငါပြောထားပြီးပြီ။ မင်းကိုနေစရာပေးလိမ့်မယ်။ အဲဒီကိုပြောင်းပေတော့"

"ကျေးဇူးပါပဲ ဆရာကြီးရယ်"

ဟု ပြောကာ လက်အုပ်ချီ၍ ဦးတင်ရှိခိုးလေ၏။

"မောင်ပု၊ မင်းပြောင်းရွှေ့ဖို့ပြင်ဆင်ပေတော့။ သွားချင်ရာသွားလို့ရပြီ"

ဟု ခွင့်ပြုလိုက်သည်နှင့် မောင်ထင်ပေါ်မှာ ရှေ့သို့စိုက်ခနဲလဲကျသွားတော့၏။

**ကိုပုဘဝ**

ကိုပုသည် လက်သမားနောက်လိုက်လုပ်ရင်း မိုးကုတ်နယ်သို့ရောက်လာသော ရွှေဘိုနယ်သား ဖြစ်သည်။ ကျောက်ဖျာရွာတွင် သူ့ဇနီး မသန်းရီကို ပြန်ခေါ်၍ အခြေချနေထိုင်လေ၏။ ကျောက်ဖျာတွင်မွေးသော ကိုပု၏သားသမီးများမှာ ကျောက်ဖျာရှမ်းတို့အကြားကြီးပြင်းရသဖြင့် မြန်မာစကားအပြောနည်းသောခေတ်ဖြစ်သဖြင့် ရှမ်းစကားကို ရှမ်းတို့ကဲ့သို့ တတ်ကျွမ်းနားလည်ကာ ရှမ်းနှင့်မခြား ပြောနိုင်စွမ်းရှိကြ၏။ ရုပ်ရည်မှာမူ ရှမ်းသွေးနှင့်လွန်စွာကွာခြားပါသည်။ လှပခြင်းသိပ်မရှိကြပါ။

ကိုပုမှာ နာမည်နှင့်လိုက်လျောညီထွေစွာပင် ခပ်ပုပု၊ မျက်နှာဝိုင်းဝိုင်း၊ ဆံပင်တိုတိုညှပ်ကာနေလေ့ရှိ၏။ သူကား အလွန်သဘောကောင်းသူ ဖြစ်ကာ စကားပြောအလွန်ဝါသနာပါ၏။ သူ့မျက်နှာသည် ဘယ်သို့ဒုက္ခကြုံကြုံ ညှိုးငယ်ခြင်း အလျှင်းမရှိဘဲ ခပ်ပြုံးပြုံး ခပ်အေးအေးပင်နေတတ်လေ၏။

ရွာတွင် အတော်အတန်အိမ်သေးသေးဆောက်ပါက သူ့လက်ထဲအပ်လေ့ရှိကြ၏။ အိမ်ကြီးအိမ်ကောင်းဆောက်ပါမှ အခြားလက်သမားအုပ်စုကို ငှားကြရ၏။ ကိုပု၏တပည့်မှာ သူ့သားကြီးသာလျှင် ဖြစ်သည်။ ပြုစရာပြင်စရာရှိပါက ကိုပုကိုသာငှားကြ၏။

ဝိသေသအနေနှင့်မူ ရွာတွင် အသုဘရှိပါက ကိုပုသည် လွန်စွာအရေးရောက်၏။ သူဦးစီးသောလူငယ်အဖွဲ့သည် အစဉ်အမြဲ ခေါင်းရိုက်ရ၍ဖြစ်သည်။ ခေါင်းရိုက်ပြီးသော် [illegible] လက်ဖက်ပွဲနှင့် ပိုက်ဆံထည့်ကာ ခေါင်း

www.burmeseclassic.com

ရွေးရ၏။

ထိုအခါ မသာရှင်က -

"နောင်မခိုင်းတော့ပါဘူး"

ဟု ပြော၏။

ထိုအခါ ကိုပုက -

"နောင် ဘယ်တော့မှမလုပ်ပေးတော့ပါဘူး"

ဟူ၍ ပြန်၍ပြောရသည်။

ဤသည်မှာ ရှမ်းထုံးစံ၊ ရွာထုံးစံ ဖြစ်သည်။

ထိုသို့ လက်သမားအလုပ်ကို အလျဉ်းသင့်သလို လုပ်ရသောအခါ ကိုပုသည် ကျောက်တွင်းလုပ်ငန်းကို သူများနှင့်တွဲမလုပ်ပါ။ သူတစ်ဦးတည်းသာလျှင် ကျောက်ဖျာချောင်းရိုး၌ မျှောတွင်းလုပ်၏။ သူသွားမှာ သူများနှင့်တွဲလုပ်၏။

ကိုပု တွင်းသွားရန် ဓားကောက်ကလေးကိုင်ကာ ထွက်လာပါက လမ်းတွင် စကားပြောမည့်သူနှင့်တွေ့လျှင် မည်မျှကြာပါစေ စကားရပ်ကာပြောနေလေ့ရှိ၏။ အချို့အားလပ်နေသူများက လာပါ၊ အိမ်ပေါ်ရေနွေးသောက်ပါဦးဟု ခေါ်ပြီးပြောနေခဲ့သော် သူသည် တွင်းမသွားတော့ဘဲ တစ်နေကုန်စကားထိုင်ပြောနေလေတော့၏။ အိမ်တွင် ဆန်ရှိ၊ မရှိ သူမသိ။ မရှိလည်း လုံးဝမပူပါ။ မိန်းမဖြစ်သူသည် သူဟာသူရှာ၍ချက်ပေလိမ့်မည်ဟု သဘောထားသူဖြစ်ရာ ပူပင်ခြင်းဟူသောတရားကား သူ့အတွက် မဟုတ်ချေ။ သို့အတွက် သူသည် ကြောင့်ကြစိတ်ကင်းသူဖြစ်ကာ မျက်နှာမှာ ထာဝရကြည်နေလေ့ရှိ၏။ လောဘနည်းသလို ဒေါသလည်းနည်းသူ ဖြစ်သည်။

သားသမီးတွေကများ၊ မိန်းမကလည်း မီးယပ်ထောင့်တန်းဆွဲထားရာ စီးပွားရေးအားဖြင့် မပြေလည်ကြပါ။ ထိုသည်တို့ကိုကြည့်၍ မနေသာသူမှာ ဘုန်းတော်ကြီး ဦးနာဂိန္ဒဖြစ်ချေ၏။ တစ်နေ့တာပို့ကြသော ဆွမ်းများ၊ ဆွမ်းဟင်းများ အမြဲပိုလျှံနေရာ နေ့စဉ်နီးပါး ကိုပုအိမ်သို့ပို့ခိုင်းလေ၏။ စီးပွားရေး ကျပ်တည်းသည်ကိုသိသော ဘုန်းတော်ကြီးသည် အလဟဿသွန်ပစ်ရမည်ဖြစ်သော ဆွမ်းကျန်၊ ဆွမ်းဟင်းကျန်တို့ကို အကျိုးရှိစွာ ထိုမိသားစုသို့ ပြန်၍စွန့်ခြင်းခြင်း ဖြစ်သည်။ ဘုန်းတော်ကြီး၏ စေတနာအား ရွာမှအသိအမှတ်ပြုကာ သာဓုခေါ်ကြပါသည်။

ဘုန်းတော်ကြီးကျောင်းကား ရွာအနောက်ထိပ် ကုန်းပေါ်တွင်ရှိ၏။ ကိုပုအိမ်သည် ကျောင်းကုန်းအထက်နားတွင်ရှိရာ ရွာအနောက်စွန်၌ဖြစ်၏။ ခိုင်းစရာရှိက ကိုပုကို ဘုန်းတော်ကြီးကခိုင်းတတ်၏။

တစ်ခါသော် ဘုန်းတော်ကြီးက ကျွန်ုပ်ကို ပြောဖူးသည်။

"ကျော်စိုးကြီးရေ၊ ရွာမှာလောဘနည်းပြီး အပူအပင်ရှသောကကြောင့်ကြမဲ့စိတ်နဲ့နေနိုင်တာ ကိုပုတစ်ယောက်ပဲ မြင်သကွ။ ရှိလည်းမပူဘူး။ မရှိလည်းမပူဘူး။ သူဟာသူခပ်အေးအေးနေတာကွ။ တရားတော်နဲ့ကြည့်ရင် ရောင့်ရဲတင်းတိမ်နိုင်သူလို့ဆိုရမှာပေါ့ကွာ။ ဒါမျိုးလူ ဒီရွာမှာ ဒီတစ်ယောက်ပဲရှိသကွ"

ဟု ပြောဖူး၏။

သို့သော် လူဟူသည် မိုးကုတ်၌ ကံထမ်းလာသောအခါ ပြော၍မရပေ။ တစ်နေ့တွင် ကိုပုကျောက်ကြီးရလာလေ၏။ ထိုကျောက်ရောင်းရာ ငွေကြေးအတန်ပင်ရလေ၏။ ထိုအခါ ရွာက ဝမ်းသာကြသလို ဘုန်းတော်ကြီးလည်း ဝမ်းသာ၏။ ထို့ကြောင့် ထိုခေတ်သည် ကျောက်ရသည်နှင့် ကက်ဆက်၊ ဘက်ထရီ၊ တိပ်ခွေများဝယ်သောခေတ်ဖြစ်ရာ ရသောငွေအလဟဿဖြစ်မည်စိုး၍ ကိုပုကိုခေါ်ပြော၏။

"ကိုပု၊ ပိုက်ဆံကလေးရတုန်း အဖတ်တင်အောင် အိမ်ဆောက်ပါ။ ပိုရင် ရွှေဝယ်ထားပါ။ သူများအိမ်တွေလို ကက်ဆက်တွေဘာတွေ မဝယ်ပါနဲ့။ ပိုက်ဆံအလကားကုန်သွားမယ်"

ဟု ဆိုသောအခါ ကိုပုသည် သူ့သားသမီးများ နားထောင်စေရန် ကက်ဆက်ဝယ်ရန်မေ့နေ၏ဟု နှလုံးသွင်းကာ ကျောင်းမှအပြန် ကျပ်ပြင်တက်ပြီး ကက်ဆက်ဝယ်ခဲ့လေတော့၏။ လက်ထဲ ငွေရှိနေသောအခါ ဆင်ခြင်တုံတရားမရှိတော့ပေ။ ထိုနေ့ညတွင် ကက်ဆက်ကို ဆူညံအောင်ဖွင့်နေတော့၏။ ဘုန်းတော်ကြီးမှာလည်း မပြောသာတော့ပေ။

ကျွန်ုပ်ကိုမူ ဘုန်းတော်ကြီးက -

"ကျော်စိုးကြီးရဲ၊ ကိုပုကို ငါက ကက်ဆက်တွေဘာတွေဝယ်မှာစိုးလို့ခေါ်ပြီး သတိပေးလိုက်ကာမှ ချက်ချင်းကို ကျပ်ပြင်တက်ပြီး ကက်ဆက်ဝယ်လာခဲ့သဗျား။' ဟိုပုံပြင်လိုဖြစ်နေပြီဗျ။ အရူးတစ်ယောက်က ကောက်ရိုးပုံကြီးပေါ်ထိုင်ပြီး ပြောင်ဖူးဖက်ဆေးလိပ်ကြီးမီးတဖွားဖွားနဲ့သောက်နေသတဲ့ကွ။ ဒါကို မြင်တဲ့သူက -

'ဟေ့ကောင်- ဆေးလိပ်မီးတဖွားဖွားနဲ့ ကောက်ရိုးပုံကြီးမီးလောင်သွားဦးမယ်' လို့ သတိပေးတော့ အရူးက 'ဟုတ်သားပဲ၊ ကောက်ရိုးပုံမီးရှို့ဖို့ မေ့နေလိုက်တာ' ဆိုပြီး မီးရှို့တော့တယ်ကိုးကွ။ ... လည်း ကက်ဆက်ဝယ်မှာစိုးလို့ သတိပေးကာမှ မေ့နေသူကို သတိပေးလိုက်သလို ဖြစ်သွားတော့တာပေါ့ကွာ"

ဟု မှတ်မှတ်ရရ ပြောခဲ့ဖူး၏။

ထိုငွေဖြင့် အိမ်ကြီးတစ်လုံး ဆောက်ဖြစ်ခဲ့လေ၏။ ထိုအိမ်ကိုစွဲသော အခါ ထိုအစွဲဖြင့် ပေတဂတိလားလျက် အထက်ပါအဖြစ်အပျက်တို့ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပေ၏။

**လှည်းမောင်းသံ**

ဆရာကြီးဩစိဏ္ဏမှ မောင်ထင်ဒေါ်၏အစွဲကိုချွတ်ပေးပြီး နောက်နေ့၌ ... သည်။ ကျွန်ုပ်သည် ထိုအချိန်၌ ကိုဘ... တို့နှင့်အတူ သူရိန်တောင်ပေါ်၌ကျောက်တွင်းတူးခြင်းလုပ်ငန်းလုပ်ကိုင်ရာ ကျွန်... တို့အဖွဲ့တန်းစီကာ ရွာအနောက်သို့ ချီတက်ခဲ့ကြပြီး ဘုန်းကြီးကျောင်းတ... သောကျောက်လှေကားထစ်များအတိုင်း တက်ခဲ့ကြ၏။ လှေကားထစ်ဆုံးလျှင် ငမုန်းချောင်းသို့သွားသောရေမြောင်းနှင့် ညောင်ပိန္နဲပင်ကြီးသို့ရောက်၏။ ထို... စောင်းတန်းလှေကားအတိုင်း ကျော... သို့တက်ရသည်။ ထိုရေမြောင်းအတိုင်း လိုက်ကာ ငမုန်းချောင်းလမ်းသို့ ကျွန်... တို့က သွားကြရ၏။ သူရိန်တောင်လမ်း ဖြစ်သည်။

ထိုအခါ ညောင်ပိန္နဲရွက်များ တံမြက်လှည်းနေသော ကျောင်း... ဦးပဥ္စင်းကြီးဦးမာသည် တံမြက်စည်း... ကိုင်ကာ ကျွန်ုပ်တို့သွားသောလမ်းသို့ ... ငေးနေလေ၏။

ထိုအခါ ကျွန်ုပ်က -

"ဘာကြည့်နေတာတုံး ဦးမာရဲ့"

ဟု နှုတ်ခွန်းဆက်လိုက်၏။

"အတော်နေတုန်းက ကျုပ်တံမြက်... လှည်းနေတာ ဟောဒီနားက လှည်းတ... စီးဖြတ်မောင်းသွားသံ ကြားရတယ်... အနားကကပ်မောင်းသွားတာ။ နွားမြည်... သံ၊ လှည်းသံ၊ လှည်းဆောင့်သံအတ... ကြားရတယ်။ ဒါပေမယ့် လှည်းကို မ... ရဘူး။ ဘာရယ်မသိဘူး၊ ထူးဆန်းလွ... လို့ အဲဒီဘက်ကို ကြည့်နေတာ"

"ဘယ်ကိုမောင်းသွားတာလဲ ဦး... မာ"

"ခင်ဗျားတို့သွားမယ့်လမ်းအတိုင်း မောင်းသွားလေရဲ့"



www.burmeseclassic.com

(မောရ)

# မောင်ပွင့်ညာဏ်

## လူတိုင်းအတွက် မိုးတိုင်းမုန်းအကြောင်း သိကောင်းစရာ



၂၀၀၈ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ မွန်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှာ ကျွန်တော် ဥက္ကဋ္ဌတာဝန်ယူခဲ့တယ်။ ၂၀၁၁ - ၂၀၁၂နှစ်နှစ်မှာ မွန်ပြည်နယ် (၁၀) မြို့နယ်က အထက်တန်း/ အလယ်တန်း ကျောင်းပေါင်း (၆၀) လောက်မှာ ကျွန်တော်တို့အသင်းက ကွန်ပျူတာနည်းပညာဟောပြောပွဲတွေပြုလုပ်ခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ ကျွန်တော် ဥက္ကဋ္ဌနေရာက အနားယူလိုက်တော့ ကျွန်တော့်ကို နာယကနေရာမှာ ဆက်ထားကြပါတယ်။

၂၀၁၅ ခုနှစ်မှာ မွန်ပြည်နယ် (၅) မြို့နယ်က ကျောင်းပေါင်း(၃၄)ကျောင်းမှာ ဟောပြောပွဲတွေပြန်လုပ်တော့ ဟောချင်ပြောချင်တဲ့ဝါသနာက မကုန်သေးတဲ့အတွက် ကိုယ်တတ်နိုင်သလောက်

'အင်း - ကိုပုတော့ သူနေရမယ့် သဖန်းပင်တွေဆီပြောင်းသွားရှာပြီ'

ဟု တွေးမိလေ၏။

ကျွန်ုပ်တို့ ထိုလမ်းအတိုင်း ချီတက်ကြလေ၏။ ဦးမာမှာမူ တံမြက်စည်းထောင်၍ကိုင်ကာ ရပ်ကြည့်နေဆဲရှိလေ၏၊ (ဦးနဂိန္ဒနှင့် ဦးပဥ္စင်းကြီးဦးမာတို့ ပျံလွန်သည်မှာလည်း ကြာခဲ့ပြီဖြစ်၏။)

**မောင်ထင်ပေါ်နှင့်ပဌာန်း**

မောင်ထင်ပေါ်သည် ဘာသာရေးတိုင်းရှိုင်းသူဖြစ်ရာ အထက်ပါအဖြစ်အပျက်များဖြစ်ပြီးနောက် အဘိဓမ္မာ (၇) ကျမ်းတွင် အမြတ်ဆုံးကျမ်းဖြစ်သော ပဌာန်းကျမ်းကြီးဖြင့် မြတ်စွာဘုရားအား ရွတ်ဖတ်ပူဇော်ရန် အကြံရသဖြင့် ဘုန်းတော်ကြီးထံ သွားလျှောက်၏။ ဘုန်းတော်ကြီးမှ ပဋ္ဌာန်းကျမ်းစာအုပ်ကြီးများ ကူညီသဖြင့် ညစဉ် အိမ်ရှိဘုရားကျောင်းဆောင်ရှေ့၌ (၂) နာရီခန့် စာအုပ်ကြီးများ ဖတ်ကာ ရွတ်ဖတ်ပူဇော်ပါတော့သည်။

ထိုအခါ စိတ်ထဲတွင် ချမ်းမြေ့ကြည်နူးရကြောင်း ပြောပြ၏။ ထိုမှဆက်၍ ရွတ်ဖတ်သောအခါ ရွတ်၍ (၁၅) မိနစ်ခန့်ကြာလျှင် အထက်လေဝင်မှန်ပြတင်းမှ အလင်းတန်းများ ပုံမှန်ဝင်ရောက်လာကြောင်း ကျွန်ုပ်ကို ပြောပြပါသည်။ ပဋ္ဌာန်းတန်ခိုးစီးပွားတိုးဟူသည့်အတိုင်း စီးပွားရေးလည်း တိုးတက်ပြောင်းလဲလာခဲ့၏။ ကျန်းမာရေးလည်း ကောင်းကြ၏။ နောင်တွင် မန္တလေး၌ ဝပ်ရှော့တစ်ခုသွားထောင်သည်အထိပင် စီးပွားရေးကောင်းကြလေ၏။ ထိုပဋ္ဌာန်းစာအုပ်ကြီးများအား အစမှအဆုံး အကြိမ်ကြိမ်ရွတ်ဖတ်ကြောင်း [illegible] ကျွန်ုပ်တို့ပင်လျှင် မော[illegible]င်ပေါ်ကဲ့သို့ ပဋ္ဌာန်းကျမ်းကြီးဖြင့် ရွတ်ဆိုပူဇော်ခြင်း မပြုနိုင်ပါ။ ဘုန်းတော်ကြီးအားပေးသကဲ့သို့ ကျွန်ုပ်ကလည်း အားပေးရပါသည်။

ယခုအချိန်သော် ဆရာတို့ဆုံးကုန်ကြသည်မှာ ကြာပြီဖြစ်ပြီး မောင်ထင်ပေါ်သည်ပင် ဦးထင်ပေါ်ဖြစ်၍နေလေပြီ။ ချမ်းမြေ့သောမိသားစုကို တည်ဆောက်နိုင်ခဲ့ပါပြီ။

*ချမ်းမြေ့ [illegible]*

*ကျောက်ဖျာရွာသို့အမှတ်တရ*

ရွှေပြည်စိုး (မိုးကုဘ်)

www.burmeseclassic.com

လိုက်ပြီးဟောပြောခဲ့တယ်။ ဒီနှစ်မှာ ထူးခြားတာက ကွန်ပျူတာနည်းပညာအကြောင်းအပြင် ကျွန်တော်တို့အသင်းမှာ မိုဘိုင်းဖုန်းကျွမ်းကျင်သူပညာရှင်တွေလည်းပါတာမို့ ခေတ်နဲ့အညီ မိုဘိုင်းဖုန်းနည်းပညာအကြောင်းကိုပါ တွဲပြီးဟောပြောခဲ့ကြပါတယ်။

အခုအခါ တောရောမြို့ပါ လူကြီး၊ လူငယ်အားလုံး မိုဘိုင်းဖုန်းတွေကိုင်နေကြပြီဖြစ်လို့ မိုဘိုင်းဖုန်းနဲ့ပတ်သက်လို့ သိထားသင့်တဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို မျှဝေပေးလိုက်ပါတယ်။

အင်္ဂလိပ်စကားလုံး 'Mobile' ဆိုတာ 'ရွေ့လျားနေသော' လို့ အဓိပ္ပာယ်ရတာမို့ မိုဘိုင်းဖုန်းဆိုတာ ယူသွားယူလာလို့ရတဲ့ဖုန်းလို့ဆိုလိုပါတယ်။ ကြိုးဖုန်းကျတော့ အထိုင်ဖုန်း (stand-alone) ဖြစ်ပါတယ်။ ( mobile နဲ့ပတ်သက်တဲ့ တခြားစကားလုံးတွေက mobile team - ရွေ့လျားစစ်ဆေးရေးအဖွဲ့၊ mobile library- ရွေ့လျားစာကြည့်တိုက်တို့ဖြစ်ပါတယ်။)

**(၁) မိုဘိုင်းဖုန်းကို အချိန်အကြာကြီးတစ်ဆက်တည်းမသုံးပါနဲ့။**

တရုတ်နိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်မှာ ဇူဇိုမြို့က အသက် (၃၁) နှစ်အရွယ် ဆူဂျင်း ဆိုတဲ့ အမျိုးသမီးဟာ i Phone 5S ကိုသုံးပြီး သူ့ရည်းစားနဲ့ အချိန်အကြာကြီးစကားပြောခဲ့ပါတယ်။ ဖုန်းပြောနေရင်း ဖုန်းအင်မတန်ပူလာတာကို သတိထားလိုက်မိတဲ့အချိန်မှာတော့ သူ့ပါးပြင်မှာ အပူလောင်ဒဏ်ရာရခဲ့ပါတယ်။ အဲဒီ အပူလောင်ကွက်ကြီးဟာ တစ်လကျော်ကြာတဲ့အထိလည်း မပျောက်ဘူးလို့သိရတယ်။ ရည်းစားနဲ့ စကားပြောနေရင် အချိန်ကြာလို့လည်း ကြာမှန်းမသိသူတွေ သတိထားဖို့ပါ။

**(၂) ဖုန်းကို ဘယ်ဘက်နားနဲ့ကပ်ပြီး ပြောပါ။**

ဖုန်းကို ညာလက်နဲ့ကိုင်ပြီး ညာဘက်နားနဲ့ကပ်ပြီးပြောရင်း အဲဒီနေရာနဲ့ နီးတဲ့ ဦးနှောက်ရဲ့အစိတ်အပိုင်းဟာ ပိုပြီးထိခိုက်ပျက်စီးလွယ်ပါတယ်။ ဒါကြောင့် ဖုန်းကို ဘယ်လက်နဲ့ကိုင်ပြီး ဘယ်ဘက်နားနဲ့ကပ်ပြီးပြောပါ။ ဖြစ်နိုင်ရင် (ကိုယ်အပြန်အလှန်ပြောနေတာကို သူများကြားလည်းကိစ္စမရှိဘူးဆိုရင်) ဖုန်းမှာပါတဲ့ စပီကာကိုဖွင့်ပြီး မျက်နှာအရှေ့တည့်တည့်ထားပြောတာပိုကောင်းပါတယ်။

**(၃) ကလေးငယ်တွေကို ဖုန်းခဏခဏ ပေးမကိုင်ပါနဲ့။**

ကလေးငယ်တွေရဲ့ ဦးနှောက်က အင်မတန်မှ နုနယ်တာမို့ မိုဘိုင်းဖုန်းကထွက်တဲ့ လျှပ်စစ်သံလိုက်လှိုင်း (electro-magnetic wave) တွေကြောင့် ပိုပြီးထိခိုက်လွယ်ပါတယ်။ မိုဘိုင်းဖုန်းလို့ပြောရင် တက်ဘလက် (Tablet) လို့ခေါ်တဲ့ သင်ပုန်းကွန်ပျူတာတွေလည်း ပါပါတယ်။

ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် ဖုန်းနဲ့ ဂိမ်းအကြာကြီးကစားရင် အာရုံကြောထိခိုက်ပါတယ်။ ကလေးတွေရဲ့ ဦးနှောက်၊ အာရုံကြော၊ မျက်စိတွေက ပိုပြီးနုနယ်တာမို့ အာရုံကြောထိခိုက်တာ၊ အမြင်ချို့ယွင်းတာ၊ မျက်စိစွေစောင်းတာတွေဖြစ်တတ်ပါတယ်။ သတိထားကြည့်လျှင် အခုခေတ်ကလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန်တပ်များလာတာ တွေ့နိုင်ပါတယ်။

**(၄) မိုးခြိမ်းပြီး လျှပ်စီးလက်နေချိန်၊ မိုးကြိုးပစ်နေချိန်တွေမှာ ဖုန်းကိုပိတ်ထားပါ။**

၂၉-၉-၂၀၁၄ နေ့ထုတ် ဒီမိုကရေစီတူဒေးသတင်းစာထဲမှာ 'မိုးရွာထဲ ဖုန်းပြောနေသူတစ်ဦး ဖုန်းပေါက်ကွဲ၍သေဆုံး' ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ပါလာတယ်။ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ယက်မကျေးရွာမှာနေတဲ့ အောင်စိုး (အသက် ၂၄ နှစ်) ဟာ မိုးရေထဲ လက်ကိုင်ဖုန်းနဲ့ စကားပြောနေတုန်း လျှပ်စစ်ဝင်ပြီး ဖုန်းပေါက်ကွဲသွားတဲ့အတွက် ဘယ်ဘက်နားထင်သွေးယိုစီးဒဏ်ရာ၊ ဘယ်ဘက်နားရွက်ညိုမည်းဒဏ်ရာတွေနဲ့ လဲကျသေဆုံးသွားခဲ့ပါတယ်။

ဖုန်းထဲမှာ ဖုန်းလိုင်းဖမ်းဖို့ဧရိယာတိုင်တွေပါပါတယ်။ အဲဒီဧရိယာတိုင်တွေက ကောင်းကင်က လျှပ်စီးကို ဖိတ်ခေါ်နေသလိုဖြစ်ပြီး မိုးကြိုးရဲ့ပစ်မှတ်ဖြစ်သွားရတာပါ။ ဖုန်းတင်မဟုတ်ပါဘူး၊ မိုးခြိမ်းပြီး လျှပ်စီးလက်၊ မိုးကြိုးပစ်နေတဲ့အချိန်မှာ အိမ်မှာရှိတဲ့ တီဗွီ၊ ရေခဲသေတ္တာ၊ ကွန်ပျူတာ စတဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေကို ခလုတ်ပိတ်ပြီး ပလပ်ပါဖြုတ်ထားသင့်ပါတယ်။

**(၅) ဖုန်းအားသွင်းရင် အားပြည့်တာနဲ့ဖြုတ်ပါ။**

တချို့က ဖုန်းအားကုန်မှာစိုးရိမ်ပြီး နည်းနည်းလျော့တာနဲ့ ထပ်သွင်းတတ်ပါတယ်။ ဖုန်းဘက်ထရီတွေမှာ ဘယ်နှကြိမ်ပဲအားသွင်းနိုင်တယ်ဆိုပြီးသတ်မှတ်ချက်ရှိတတ်ပါတယ်။ ဖုန်းအား (၂၀) ရာခိုင်နှုန်းအောက်ရောက်မှ အားသွင်းတာပိုကောင်းပါတယ်။ ဒီလိုမှမဟုတ်ရင် ဘက်ထရီသက်တမ်း အကုန်မြန်ပါလိမ့်မယ်။ ဖုန်းဘက်ထရီရဲ့အလယ်မှာ ဖောင်းလာပြီဆိုရင် မကောင်းတော့ပါ။ ဘက်ထရီအားအပြည့်သွင်းထားလျက်နဲ့ အကုန်မြန်တယ်ဆိုရင် ဘက်ထရီအသစ်လဲရ[illegible]တော့မယ်။ ဈေးပေါတဲ့ဘက်ထရီအညံ့စားထက် အကောင်းစားကိုဝယ်တာ[illegible] ပိုစိတ်ချရပါတယ်။ (ဒါတော့ မင်းပြော[illegible]လားဆိုရင်ခံပါ့မယ်။)

ဖုန်းအားသွင်းတဲ့အခါ အားပြည့်တာနဲ့ဖုန်းရော အားသွင်းပစ္စည်း (char-ger)ကိုပါ တစ်ပါတည်း ဖြုတ်ဖို့လို[illegible]တယ်။ အားပြည့်နေပါလျက် မဖြုတ်[illegible]ရင် ဖုန်းလောင်တာ၊ အားသွင်းပစ္စည်းလောင်တာကနေ နေအိမ်ပါ မီးဘေးအန္တရာယ်ကျရောက်တတ်ပါတယ်။ ဒီလို[illegible]နည်းနဲ့ မီးလောင်တဲ့သတင်းတွေလည်း ဖတ်ရပါတယ်။ ပိုစိတ်ချရအောင် အားပြည့်တဲ့အခါ အချက်ပေးသံမြည်တဲ့ဆော့ဖ်ဝဲတင်ထားစေချင်ပါတယ်။ ဘက်ထရီပဲဖြစ်ဖြစ်၊ အားသွင်းပစ္စည်းပဲဖြစ်ဖြစ်[illegible]ဆိုင်မှာသွားဝယ်ရင် (၅) မိနစ်၊ (၁၀)မိနစ်[illegible]လောက်တပ်ပြီးစမ်းကြည့်ပါ။ အားဝင်တယ်ဆိုမှယူပါ။ နို့မဟုတ်လို့ အိမ်[illegible]ရောက်မှမဝင်ဘူးဆိုရင် ခင်ဗျားစိတ်ညစ်ရမှာသေချာပါတယ်။

**(၆) ဖုန်းကိုအကျႌအိတ်ထဲမှာမထည့်ပါနဲ့။**

ရှပ်အကျႌအိတ်ကပ်တွေဟာ [illegible]ဘတ်ရဲ့ဘယ်ဘက်မှာရှိပါတယ်။ ပြော[illegible]ရင် ရင်ဘတ်ရဲ့ဘယ်ဘက်မှာရှိတဲ့ နှလုံးသားနဲ့တည့်နေပါတယ်။ ဖုန်းတွေဟာ လိုင်းမမိတဲ့နေရာကိုရောက်ရင် ဖုန်းလိုင်းကို အသည်းအသန်ရှာရင်း လှိုင်းအားများပြီး ပူလာတတ်ပါတယ်။ ပူတာလွန်[illegible]ရင် ပေါက်ကွဲပါတယ်။ မပေါက်ကွဲရင်တောင်မှ ဖုန်းကထွက်တဲ့လှိုင်းဟာ နှလုံးကိုရိုက်ဖန်များရင် နှလုံးရောဂါရစေနိုင်[illegible]တယ်။ ဖုန်းလိုင်းလုံးဝမမိတဲ့နေရာ[illegible]မှာ ဖုန်းကိုပိတ်ထားလိုက်တာအကောင်း[illegible]ဆုံးပါပဲ။

သတင်းတစ်ပုဒ်မှာ အမျိုးသ[illegible] တစ်ယောက်ဟာ အကျႌအိတ်ထဲ[illegible] ထားတဲ့ဖုန်းပေါက်ကွဲတာကြောင့် နှ[illegible] ထိပြီး သေဆုံးသွားတယ်လို့ ဖ[illegible] တယ်။ ဒီအကြောင်းကို ဘီ[illegible]

www.burmeseclassic.com

ချောင်းဆုံမြို့နယ်ထဲက ကျေးရွာအထက်တန်းကျောင်းတစ်ခုဟောပြောပွဲမှာ ကျွန်တော်ထည့်ပြောတဲ့အခါ ကျောင်းသားတွေက 'ဆရာကလည်း ဖုန်းကို အင်္ကျီအိတ်ထဲထည့်ထားမှတော့ နှစ်လုံးထိတာပေါ့' လို့ပြောရင်း အားရပါးရရယ်ကြတော့ ကျွန်တော့်မှာ သူတို့ကို ဆလံနှစ်ဆပ်ကွမ်းတပ်ခဲ့ရတယ်။

**(၇) အားသွင်းရင်းတန်းလန်း ဖုန်းမပြောပါနဲ့။**

ဖုန်းကို အားသွင်းထားနေတုန်း ဖုန်းလာရင်မြည်သံပေးပါတယ်။ အဲဒီအခါ အားသွင်းကြိုးကိုမဖြုတ်ဘဲ ဖုန်းကိုပြန်မထူးမိပါစေနဲ့။ သာမန်အချိန်ထက် အားသွင်းထားချိန်မှာ လှိုင်းအားကပိုပြင်းတာကြောင့် လူကိုပိုထိခိုက်စေပါတယ်။

သာမန်အားဖြင့်တော့ မိုဘိုင်းဖုန်းကထွက်တဲ့ဖုန်းလှိုင်းတွေဟာ ဘာမှမဖြစ်လောက်ဘူးလို့ထင်ရပေမယ့် ရေရှည်ထိခိုက်ခတ်တာများလာရင် ဒုက္ခပေးပါတယ်။ ဒါကြောင့် ပညာရှင်တွေက ဖုန်းတွေကို ကိုယ်နဲ့ကပ်ပြီးမထားသင့်ဘူးလို့ အကြံပြုကြပါတယ်။ အိပ်တဲ့အခါ ခေါင်းအနားမှာကပ်ပြီးမထားသင့်သလို ဘောင်းဘီအိတ်ထဲလည်းထည့်မထားသင့်ပါဘူး။ ပေါင်ခြံနေရာက မျိုးဥအိတ်တွေနဲ့နီးကပ်နေတာမို့ ခင်ဗျားမျိုးကန်းသွားတာထက် မွေးလာတဲ့ကလေးက မျိုးရိုးဗီဇချို့ယွင်းပြီး ပုံပျက်ပန်းပျက်မွေးလာရင် ပိုဆိုးပါလိမ့်မယ်။

လူတွေ နေ့စဉ်နဲ့အမျှ အသုံးပြုနေတဲ့ မိုဘိုင်းဖုန်းတွေဟာ ကျန်းမာရေးနဲ့ဆက်စပ်နေတာမို့ သုံးစွဲပုံစနစ်မကျမမှန်ဘန်ရင် ကျန်းမာရေးထိခိုက်စေနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO-World Health Organisation) က သတိပေးထားပါတယ်။

**(၈) မီးလောင်လွယ်တဲ့နေရာတွေမှာ ဖုန်းမသုံးပါနဲ့။**

ဓာတ်ဆီဆိုင်တွေမှာ မိုဘိုင်းဖုန်းမသုံးရဆိုပြီး စာနဲ့ဖြစ်စေ၊ ရုပ်ပုံသင်္ကေတနဲ့ဖြစ်စေ သတိပေးထားတာ တွေ့ဖူးမှာပါ။ ဆေးရုံဓာတ်ခွဲခန်းတွေနဲ့ လေယာဉ်တွေပေါ်မှာလည်း ဖုန်းမသုံးရပါဘူး။ ဖုန်းကထွက်တဲ့လှိုင်းတွေက ဓာတ်ခွဲခန်းသုံးစက်ကိရိယာတွေနဲ့ လေယာဉ်ဆက်သွယ်ရေးကိရိယာတွေကို ထိခိုက်နှောင့်ယှက်တတ်ပါတယ်။ လေယာဉ်ပေါ်မှာ ဖုန်းကိုမပိတ်ချင်ရင် ဖုန်း settings ထဲက Flight mode ကို ပြောင်းထားလိုက်ပါ။



ဖုန်းအဝင်၊ အထွက်ပိတ်သွားပြီး ကျန်တဲ့ဓာတ်ပုံရိုက်တာ၊ သီချင်းနားထောင်တာစတာတွေသုံးလို့ရပါမယ်။

**(၉) ဖုန်းရေစိုရင်ဘယ်လိုလုပ်မလဲ**

ဖုန်းဆိုတာ အီလက်ထရွန်နစ်ပစ္စည်းဖြစ်လို့ ရေဝင်ရင် shock ဖြစ်ပြီး ပျက်တတ်ပါတယ်။ ဖုန်းကို ရေစိုတယ်ဆိုတာနဲ့ အဖုံးဖွင့်ပြီး ဘက်ထရီကိုချက်ချင်းထုတ်လိုက်ပါ။ ပြီးရင် ဖုန်းဆိုင်ကိုပို့ပါ။ ဒါလေးများ နေပူလှန်းလိုက်ရင် ဒါမှမဟုတ် ဆန်အိုးထဲ ထည့်ထားလိုက်ရင် မပြီးဘူးလားလို့ မေးစရာရှိပါတယ်။ ဖုန်းထဲဝင်သွားတဲ့ရေဟာ ဖုန်းကို နေပူလှန်းလိုက်ရုံနဲ့ ခြောက်မသွားဘဲ အထဲမှာ ရေငွေ့အနေနဲ့အောင်းနေတတ်ပါတယ်။ ဖုန်းထဲက တချို့ပစ္စည်းတွေဟာ ပုရွက်ဆိတ်ခေါင်းလောက်ပဲရှိတာမို့ အလွန်နုနယ်ပါတယ်။ ဒါကြောင့် ဖုန်းတစ်ခုလုံးကိုဖွင့်ပြီး ရေငွေ့ပါခြောက်အောင်လုပ်မှ စိတ်ချလက်ချသုံးနိုင်ပါလိမ့်မယ်။

**(၁၀) အစည်းအဝေးတွေ၊ အခမ်းအနားတွေမှာ ဖုန်းသံကို ပိတ်(သို့)တိုးထားပါ။**

အစည်းအဝေးတစ်ခုမှာ အရေးကြီးကိစ္စတစ်ခုကို အချေအတင်ဆွေးနွေးနေတုန်း လက်ကိုင်ဖုန်းတစ်ခုက အကျယ်ကြီးထမြည်တော့ အားလုံးစိတ်အနှောင့်အယှက်ဖြစ်သွားကြရတတ်ပါတယ်။ တချို့ အရေးကြီးအခမ်းအနားတွေမှာ လက်ကိုင်ဖုန်းတွေကိုပိတ်ထားဖို့ကြိုတင် သတိပေး မေတ္တာရပ်ခံတတ်ကြတယ်။ ဒါကြောင့် ကိုယ့်ဖုန်းသံအတွက်နဲ့ သူများအနှောင့်အယှက်မဖြစ်ရအောင် အများနဲ့သက်ဆိုင်တဲ့ အခမ်းအနားတွေ၊ တရားပွဲတွေမှာ ဖုန်းကိုမပိတ်လိုက်ရင်တောင်မှ ဖုန်းသံကိုပိတ်ထားလို့ရပါတယ်။ ဖုန်းလာတဲ့အခါ တုန်ခါပြီး (vibrate) အချက်ပေးပါလိမ့်မယ်။ ဒါမှမဟုတ် ကိုယ်ကြားလောက်ရုံတိုးထားသင့်ပါတယ်။ ဒါဟာ မိုဘိုင်းယဉ်ကျေးမှု (mobile phone etiquette) ဖြစ်ပါတယ်။

**(၁၁) ဖုန်းပြောလို့အကောင်းဆုံးဖုန်း**

လူဆိုတာ 'အဆာကျယ်' တဲ့ သတ္တဝါဖြစ်တယ်။ ဒါကြောင့် ဖုန်းကို ဖုန်းပြောဖို့တင်မကဘဲ ဓာတ်ပုံလည်းရိုက်ချင်၊ သီချင်းလည်းနားထောင်ချင်၊ ဟိုဟာဒီဟာတွေလည်းကြည့်ချင်ဆိုတာနဲ့ပဲ ဖုန်းတစ်လုံးဟာ အသုပ်စုံပမာ အလုပ်အစုံကို လုပ်ရရှာပါတော့တယ်။ အလုပ်အကုန်ခိုင်းထားပြီးကာမှ ဘက်ထရီကြာကြာမခံဘူးလို့ ငြီးငြူပါတယ်။ ဒီတော့ ခင်ဗျားဖုန်းလိုင်းကောင်းကောင်းမိပြီး ဘက်ထရီကြာကြာခံတဲ့ဖုန်းလိုချင်တယ်ဆိုရင် ကင်မရာပါတဲ့ ရေဒီယိုတိုင်နဲ့ဖုန်းတစ်လုံးကိုတစ်သောင်း၊တစ်သောင်းခွဲလောက်နဲ့ စိတ်ချရတဲ့ဆိုင်မှာ မေးဝယ်ပါ။ အားတစ်ခါသွင်းထားရင် တစ်ပတ်လောက် အသာလေးသုံးနိုင်ပါတယ်။ ဘက်ထရီအားတစ်တုံးလောက်ပဲကျန်ရင်တောင် (၂) ရက်၊ (၃) ရက်လောက် ကောင်းကောင်းသုံးလို့ရပါလိမ့်မယ်။

**(၁၂) ကွန်ပျူတာမကိုင်တတ်ရင်နေပါ။**

အခုခေတ်ဟာ ကွန်ပျူတာခေတ်ဖြစ်လို့ လူကြီးအတော်များများကို ကွန်ပျူတာကိုင်ဖို့ပြောရင် တီကောင်ကိုဆားနဲ့တို့လိုက်သလို တွန့်ခနဲဖြစ်သွားတတ်ကြပါတယ်။ ကွန်ပျူတာတစ်လုံးမှာပါတဲ့ မားသားဘုတ် (motherboard)၊ စီပီယူ(CPU)၊ယာယီမှတ်ဉာဏ်(RAM)၊ သိုလှောင်ပစ္စည်း (storage) စတာတွေ အားလုံးဟာ လက်ကိုင်ဖုန်းထဲမှာပါတယ်။ ပြောရရင် လက်ကိုင်ဖုန်းဟာ ကွန်ပျူတာပဲဖြစ်ပါတယ်။ ဒါကြောင့် လူကြီးများ ကွန်ပျူတာမကိုင်တတ်ရင် နေပါ၊ လက်ကိုင်ဖုန်းကို ကျွမ်းကျွမ်းကျင်ကျင်သုံးတတ်အောင် ကလေးတွေဆီကပြန်သင်ရင်း ဟောဒါ ငါ့အိတ်ဆောင်ကွန်ပျူတာပေါ့ဟု ကြွားတတ်ကြစေချင်ပါတယ်။

မောင်ပွင့်ဉာဏ် (မောရ)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်လန်း

## ပညာရှင်



နောက်နေ့ -

ဘကြီးအိမ်သို့ အဖေရောက်သွားပါသည်။

သို့သော် ဘကြီးအိမ်လေးမှာ တံခါးပိတ်ထား၏။ ဆံပင်ညှပ်ဆိုင်လေးထဲမှ ဆုံလည်လေးသာ တိတ်တိတ်ဆိတ်ဆိတ်ရှိနေ၏။

ထိုအိမ်လေးဘေးမှ ဖွားညိုဟု အမည်ရသည့်အဘွားအား မေးကြည့်လေရာ -

"ဩော် - စခန်းမှူးကြီးလား။ ဒီဘက်က. . . ဟုတ်တယ်၊ ဆံပင်ညှပ်တဲ့သူတော့ အမိဋ္ဌာန်ထွက်ရမယ်လို့ ချက်ချင်းဖြစ်လာလို့တဲ့။ မနက်ဝေလီဝေလင်းကတည်းကသွားပြီ"

"ဟင်"

"ဟုတ်တယ် စခန်းမှူးကြီးရဲ့။ ဧည့်သည်လာလိမ့်မယ်။ လာရင် အဲဒီဧည့်သည်ကို ရတနာသုံးပါးမမေ့ပါနဲ့လို့ မှာသွားတယ်ဆိုပြီးပြောလိုက်ပါလို့ပြောသွားတာပဲ"

"ဗျာ - ဧည့်သည်ဆိုတာ. . ."

"သူပြောပြီးကတည်းက ရောက်လာတဲ့ဧည့်သည်ဆိုလို့ စခန်းမှူးကြီးပဲရှိသေးတယ်။ ဘယ်ဧည့်သည်မှမလာဘူး၊ ဒိပြင်"

"ဩော်. . ."

"တခြား အထွေအထူးကိစ္စများဘာရှိတုံး စခန်းမှူးကြီး။ ရှိရင်တော့ သူပြန်လာတဲ့ထိ စောင့်ပေရော့ပဲ။ သူက ပြောမနိုင်ဘူး။ တစ်ခါတစ်ခါထွက်ရင် တစ်လကြာရင်လည်းကြာတယ်၊ ဆယ်ရက်ကြာရင်လည်းကြာတယ်။ အိမ်ပေါ်တက်ပါဦး"

"ရတယ်အစ်မကြီးခင်ဗျာ၊ မတက်တော့ပါဘူး။ သူဟာထူးဆန်းတဲ့သူတစ်ယောက်လို့ကြားလို့ပါ"

"အဲ-အဲဒါတော့မသိဘူး။ တစ်ခါတစ်ခါ ထမင်းစားတာမတွေ့ဘူး၊ ငှက်ပျောသီးပဲစားနေတာတွေ့တယ်။ တစ်ခါတစ်ခါ ဟိုဘက်ထိပ်နားက ကိုးတောင်ပြည့်စေတီလေးမှာ ပုတီးသွားစိပ်နေရင် တစ်နေကုန်တယ်မထဘူး။သူက ကလေးတွေနဲ့ပဲနေတာများတယ်။ ကလေးတွေက သူ့ကိုချစ်ကြတယ်။ လူကြီးတွေနဲ့ဆိုရင် စကားသိပ်မပြောဘူး။ ခုစခန်းမှူးကြီးတို့လာလို့ အတော့်ကို အံ့ဩနေတာ"

အဖေဘာမှမပြောတော့။ လှည့်ပြန်လာခဲ့ပါတော့သည်။

သို့သော် ဘာရယ်မသိ ခြေလှမ်းများ လေးကန်နေသလို ခံစားရ၏။ ဘာကိုမှစိတ်မပါတော့သလို။

မကြာပါ။

အဖေနှင့် သူ့တပည့်(၆)ဦး၊(၇)ဦးခန့် တောဘက်ဆင်းကြ၏။ ကျွန်ုပ်သည် အဖေတို့တောဘက်ဆင်းလျှင် ပျော်လွန်း၍ လိုက်သွားတတ်၏။ အဖေတို့သည် တစ်ရွာဝင်တစ်ရွာထွက် လှည်းတစ်တန်၊ လှေတစ်တန်နှင့်သွားတတ်ပြီး အိပ်ချင်သည့်ရွာတွင် ညအိပ်ကြ၏။ ရွာမှလူကြီးများနှင့် ညဉ့်နက်သည်အထိ စကားပြောတတ်၏။ အဖေ ထမ်းဆောင်နေသော တာဝန်များကို ကလေးမကလူကြီးမကျဖြစ်နေသည့်ကျွန်ုပ် ဘာမှနားမလည်ပါ။ လျှောက်လိုက်ရရင် ပြီးရောဟုသာ လျှောက်လိုက်၏။

ပြီးခဲ့သောတစ်ကြိမ်က အဖေနှင့်အတူလိုက်သွားရင်း စခန်းချသည့်ရွာ အရောက် အဖေ့တပည့် ရဲတပ်ကြပ် ကိုလှမောင်ခေါ်၍လိုက်သွား၏။ တော တော်လေးသွားမိလျှင် ကောင်းကင်ယံ သစ်ပင်ကြီးများထိပ်ဆီ၌ ပြေးလွှားနေ သော မျောက်ကြီးများကို တွေ့ရ၏။ ကျွန်ုပ်မှာ ကြောက်ရကောင်းမှန်းမသိ သဘောကျနေ၏။ ကိုလှမောင်သည် ကျွန်ုပ်ကို ငြိမ်နေရန် လက်ကာပြလိုက် ရင်း သစ်ပင်ထိပ်ဖျားဆီသို့ သေနတ်နှင့် ထိုးချိန်လိုက်၏။ ကျွန်ုပ်မှာ နားနှစ်ဖက် လုံးပိတ်ပြီးကြည့်နေလိုက်၏။

"ဒိုန်း. . ."

ကျယ်လောင်လှသောအသံမြည် ဟည်းသွားပြီး သစ်ပင်ထိပ်ဖျားဆီမှသွေး များ တစက်စက်ကျလာ၏။ ကျွန်ုပ်လည်း မော့ကြည့်လိုက်ရာ သစ်ရွက်များ တဖြောင်းဖြောင်း ရိုက်ခတ်သံနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းစွာကျလာသည့် မည်းမည်းကြီးမှာ ကျွန်ုပ်ရှေ့တွင် ဗုန်းခနဲ မြည်သွား၏။

မျောက်မကြီး။

ကိုယ်ဝန်ရှိနေသလို ဗိုက်ကြီးမှာပူနေ၏။ ဘေးတိုက်အနေအထားနှင့် ဆန့်ငင်ဆန့်ငင်ဖြစ်နေပြီး ပါးစပ်ကဟာလျက်။ မျက်လုံးက လူမျက်လုံးလိုပုတ်ခတ်ပုတ်ခတ်နှင့်။



www.burmeseclassic.com

www.burmeseclassic.com

သူပြုတ်ကျလာပြီးသည်နှင့် အခြား မျောက်တစ်ကောင်၊ နှစ်ကောင်အော်သံများ၊ တစ်ပင်နှင့်တစ်ပင်ပြေးလွှားကူးသံများ၊ ထွက်ပြေးကြသံများ ဆူညံနေ၏။

မျောက်မကြီး ဘယ်ကိုထိသွားသည်မသိပါ။ ခေါင်းငိုက်စိုက်ချ၍မလှုပ်တော့ပါ။ အောက်မှာ သွေးများစီးဆင်းနေချေပြီ။ မျက်လုံးကမပိတ်သော်လည်း အနည်းငယ်မှေးသွားပြီ ဖြစ်၏။ ကျွန်ုပ်ရင်ထဲတွင် ဘာဖြစ်သွားမှန်းမသိ ကြည့်ကောင်းကောင်းနှင့်ကြည့်နေရင်းမှ ရင်တွေတုန်လာပြီး မျောက်မကြီးကိုကြည့်ရင်း သနားနေတော့၏။

"လာ - ညီလေး၊ သွားစို့"

ကိုလှမောင်သည် မျောက်ကြီးကို ပခုံးပေါ်ထမ်းရင်း ရှေ့ကသွား၏။ ကျွန်ုပ်က နောက်ကလိုက်၏။

ထိုည မျောက်သားဟင်းနှင့် ထမင်းစားကြ၏။ ကျွန်ုပ်လုံးဝမစားခဲ့ပါ။ မျောက်မကြီး၏မျက်နှာနှင့် ဝေဒနာခံနေရပုံကို မျက်စိထဲကမထွက်၍ဖြစ်ပါသည်။

ထိုအခေါက်ပင်ဖြစ်၏။

အပြန်တွင် လှည်းနှင့်ပြန်ကြရင်း ရှေ့ကသွားနေစဉ် သေနတ်သံကြား၍ လှည်းရပ်ပြီး နောက်ကြောင်းပြန်လှည့်ခိုင်း၏။ နောက်မှာကျန်ခဲ့သောလှည်းတွင် သူတပည့်လေးယောက်ပါလာသည်ကို အဖေစိတ်ပူသွားပုံရ၏။

လှည်းနှစ်စီးအဆုံတွင် မြင်ကွင်းမှာ စိတ်မချမ်းသာစရာ။ ဆတ်တစ်ကောင်ရင်အုံတွင် သေနတ်ဒဏ်ရာနှင့်သေနေသောမြင်ကွင်း ဖြစ်၏။ ထိုဆတ်သည်လည်း ဗိုက်ကြီးနှင့်ဖြစ်၏။

ယခုတစ်ခေါက်တွင် အသွားတုန်းက ကိုယ်ဝန်ဆောင်မျောက်မကြီး၊ အပြန်တွင် ကိုယ်ဝန်ဆောင်ဆတ်မကြီးပစ်သတ်မိပြီဖြစ်၍ အဖေလုံးဝမျက်နှာပျက်နေပြီဖြစ်၏။

"ဟင်းစားဆိုပြီး ပစ်လိုက်တာ ဆရာကြီး"

"မင်းတို့ကွာ၊ ကြည့်စမ်းပါဦး။ အသက်က တစ်သက်တင်မကဘူး၊ နှစ်သက်ကြီးကွာ"

ပစ်လိုက်သူမှာ မူးနေဟန်ရှိ၏၊ မျက်ထောက်နီနီနှင့်။ ကြည့်ရသည်မှာ ပြန်ထွက်လာခါနီးမှ သောက်လာဟန်ရှိ၏။

အဖေဘာမှဆက်မပြောတော့ပါ။ ဆတ်မကြီးကို နောက်လှည်းပေါ်တင်၍ စခန်းကို ပြန်လာကြပြီ ဖြစ်၏။

ဤအဖြစ်အပျက်တို့ဖြစ်ပြီး ယခုနှစ်လခန့်ကြာမှ ရွာများဆီသို့တစ်ခေါက်ဆင်းခြင်း ဖြစ်ပါသည်။

နွေသို့ရောက်ပြီဖြစ်ရာ ညီမလေးလည်း ကျောင်းပိတ်၍ ကျောက်ထုံးကြီးသို့ရောက်လာပြီဖြစ်၏။ အမေသွားခေါ်ခြင်းဖြစ်၏။ ညီမလေးရောက်ပြီး နောက်နေ့ တောဘက်ဆင်းခြင်းဖြစ်သောကြောင့် အဖေနှင့် ညီမလေး တစ်ရက်သာဆုံ၏။

ယခုတစ်ခေါက်မှာ -

ကျွန်ုပ်တို့မိသားစု ဘဝတစ်ဆစ်ချိုးပြောင်းမည်မှန်း မည်သူမျှ ကြိုမသိခဲ့ပါ။

တစ်ရွာဝင်တစ်ရွာထွက်နှင့် နှစ်ရက်မြောက်သောနေ့တွင် အဖေ့တပည့်များ တောပစ်လာပြန်ပါ၏။ တောဝက်ကြီးနှစ်ကောင်ဖြစ်၏။ ထူးထူးခြားခြား အထီးတစ်ကောင်၊ အမတစ်ကောင် ဖြစ်၏။

အဖေသည် တောဝက်ကြီးများကိုကြည့်ရင်း ခေါင်းတခါခါနှင့်ဖြစ်နေတော့၏။ သက်ပြင်းကြီးများဆက်တိုက်ချ၏။

နောက်နေ့ စခန်းသို့အားချင်းပြန်လာတော့၏။ ခရီးမဆက်တော့။ ကြည့်ရသည်မှာ ကျန်းမာရေးမကောင်းပုံဖြစ်နေ၏။

"အသိန်း"

"ဟင်"

"ငါအလုပ်ထွက်တော့မယ်"

"ဟောတော် - ဘယ်လိုပြောလိုက်တယ်"

"ငါအလုပ်ထွက်တော့မယ်။နေလို့တော်တော်မကောင်းတော့ဘူး။ ငါ့ခေါင်းထဲမှာဘာတွေနဲ့ပြည့်ကျပ်နေလဲမသိဘူး။ အိပ်လို့လည်းမပျော်တော့ဘူး။ ငါ့ကျန်းမာရေးတော်တော်ယိုယွင်းသွားပြီ။ ဘာဖြစ်မှန်းမသိဘူး။ ငါအလုပ်ထွက်ပြီး လူဝတ်ကြောင်ကို စွန့်တော့မယ်။ မင်းခွင့်ပြုပါ"

အမေသည် ကျွန်ုပ်နှင့် ညီမလေးကိုဖက်ထားရင်းမှ ဘာမှန်းမသိသော အဖေ့စကားကြောင့် ရှိုက်ကြီးတငင်ငိုလေတော့၏။

အဖေသည် လုပ်စရာရှိသည်များကိုလုပ်ရင်း အလုပ်ထွက်ပါပြီ။

စခန်းမှူးဘဝပြီးသွားပါပြီ။

နှုတ်ဆက်ခဲ့ပါပြီ ကျောက်ထုံးကြီး။

သာယာလှသော ကျောက်ထုံးကြီး၊ ရိုးသားဖြူစင်ကြသူများနေထိုင်ကြရာ ကျောက်ထုံးကြီး။

ရောဝတီမြစ်ကြီး၏ ဘေးမှ ကျောက်ထုံးကြီး။

ကျွန်ုပ် အလွန် နှစ်သက်သော ဆီးပင်ကြီးများရှိရာ ကျောက်ထုံးကြီး။

ထူးဆန်းသော ပညာရှင်များနှင့် ဆုံခဲ့ဖူးသော ကျောက်ထုံးကြီး။

ရေကူးစတတ်ခဲ့သော ဖောင်ကြီးများရှိရာ ကျောက်ထုံးကြီး။

နှုတ်ဆက်ခဲ့ပါပြီ။

"အင်း-မင်းအဖေဟာ အတော့်ကို ထူးဆန်းတယ်တွေ့လား။အကောင်းသားနေရင်းကနေ"

"ဟုတ်တယ်နော် အမေ"

"မနှစ်ကထဲက သားတို့လိုက်သွားပါရောလား၊ သူတောဆင်းစစ်တော့"

"ဟုတ်ကဲ့"

"အေး-ဗိုက်ထဲမှာကလေးရှိနေတဲ့ မျောက်မကြီးကိုသတ်ပြီးစားခဲ့ကြတာတွေ ဗိုက်ထဲမှာကလေးရှိနေတဲ့ဆတ်ကို သတ်ပြီးစားခဲ့ကြတာတွေ။ အဲဒါဘယ်လောက်အပြစ်တွေကြီးတယ်မှတ်လဲ။ အမေကသိတယ်။ သူအဲဒီအခေါက်ပြန်လာပြီးကတည်းက အစ်မတော်ဘုရားက လာလာခေါ်တယ်။ လာ-ပြန်ရအောင်၊ ဒုက္ခတွေရောက်တော့မယ် ပြန်ရအောင်ဆိုပြီး လာလာခေါ်တယ်။ အမေက ကလေးတွေ ငယ်ပါသေးတယ်ဆိုပြီးငြင်းနေတာ။ ခုလိုဖြစ်တော့မယ်ဆိုတာ ဟိုကသိကြတယ်။ ခုကြည့်လေ၊ သူ့ကျန်းမာရေးမကောင်းတော့ အလုပ်ထွက်လိုက်ရပြီ။ သွားပြီ၊ အမေတို့ဘဝပြောင်းသွားပြီ"

ခြောက်တန်းကျောင်းသားအရွယ်သာရှိသေးသော ကျွန်ုပ်သည် အမေဘာတွေပြောနေမှန်းမသိသလို၊သိသလိုနှင့်။

အဖေက သင်္ကန်းဆီးသွားပါပြီ။

ရဟန်းခံခဲ့သော သားဦးပဥ္စင်း၏ သူငယ်ချင်းဖြစ်သည့် ဦးပဥ္စင်းထံတွင်ဖြစ်၏။ ကရင်ပြည်နယ်ဘက်ဖြစ်၍ အလွန်ဝေး၏။

ရှိတာလေးများ ထိုင်စားရင်းထိုင်စားရင်း -

"သားလေး"

"ဗျာ"

"ခုဆို အမေတို့ထိုင်စားလာတာ အခါလည်တော့မယ်။ မင်းညီမလေးက တော့ ပူစရာမလိုဘူး။ ဟိုကသူကြီးတော်တွေက ချမ်းသာတော့ ကိစ္စမရှိဘူး။ တို့သားအမိက ဒီအိမ်ကြီးနဲ့နေရင်း ရွှေကျောင်းပြောင်ပြောင်ဝမ်းခေါင်ခေါင်ဖြစ်နေပြီ။ လူတွေကလည်း သိတယ်မို့လား မလေးမခန့်နဲ့"

"သား ဟိုနေ့က ကြည့်နေတယ်။ ဦးလေး ဦးထွန်းခိုင်ကြီးက အသိန်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးမလွဲနဲ့။ ကိုယ့်မှာ သားလေးရှိသေးတယ်ဆိုတာ ဘာကိုဆိုလိုတာလဲဟင်"

"အေး - အမေ့ကို သူလိုချင်လို့ပြောနေတာ"

"ဗျာ၊ ဟာ - အမေတို့ အဖေတို့နဲ့ ဒါလောက်ခင်နေတာနော်"

"အေး - ဟုတ်တယ် သား။ လူဆိုတာ ဒီလိုပဲ။ အားနည်းချက်ရှိသွားပြီဆိုရင် နင်းချင်ကြတယ်။ ငါ့သားမှတ်ထား၊ နင့်အဖေသူငယ်ချင်းတွေထဲက ဟိုဂွတ္တလစ်မှာနေတဲ့ ဦးလှဆိုလည်း ဒီလိုပဲလာပြောနေတာကြည့်။ သူတို့ကပိုက်ဆံရှိကြတယ်လေ။ အမေကလည်း သားလေးနဲ့ ဘာလုပ်ကိုင်စားရမှန်းမသိဘူးဆိုပြီးပေါ့"

အမေသည် လှတုန်းဖြစ်၏။ အဖေဘုန်းကြီးဝတ်သွားချိန်တွင် အမေ့ဆံပင်မှာ အုံကြီးပြီးလှိုင်းတွန့်များနှင့်နက်မှောင်ကာ တင်ပါးအထိရောက်နေသေး၏။ အလွန်လှသောမျက်ခုံးကြောင့် အမေ့အလှမှာ ဆွဲဆောင်မှုရှိလှ၏။ အသားမှာ ဝင်းနေပြီး ကျက်သရေရှိလွန်းသောကြောင့် ယောကျ်ားများ ဤသို့ဖြစ်နေကြသည်မှာ မဆန်းပါပေ။

ကျွန်ုပ်ဘာမှမပြောလိုပါ။

ပြောလည်းမပြောတတ်ပါ။

"အမေ"

"ဟေ"

"သားကျောင်းထွက်မယ်၊ ကျောင်းမနေတော့ဘူး"

နူးညံ့လှပချောမောသော အမေ့မျက်နှာသည် ပြုံးပြုံးအေးအေးလေးနေရာမှ ကျွန်ုပ်အား ဆတ်ခနဲလှည့်ကြည့်လိုက်၏။ မျက်နှာမှာ ခပ်တင်းတင်းနှင့်-

"ဘာဖြစ်လို့လဲသား"

"ဟို ဗဟန်းဈေးက ဦးစိန်ဝှက်ဆီမှာ သားအလုပ်ဝင်လုပ်ချင်တယ် အမေ"

"အမလေး-မလိုဘူးသား။ ငါ့သားက ကျောင်းနေရမယ့်အရွယ်၊ ကျောင်းတက်ရမယ်။ စာမတတ်ရင် လူရာမဝင်ဘူး။ မင်းညီမလေးက ပူစရာမလိုဘူး။ ဟိုကချမ်းသာတယ်။ အမေပူတာငါ့သားအတွက်ပဲ။ ငါ့သားလေးရှေ့ရေးကရှိသေးတယ်။ ဒီတော့ အမေ ဈေးရောင်းတော့မယ် သား"

"ဟင် - ဘာရောင်းမှာလဲ အမေ"

အများက ဆရာကတော်၊ ဆရာတော်၊ စခန်းမှူးကတော်အစ်မကြီးဟုချစ်စနိုးအခေါ်ခံခဲ့ရသည့်အမေ၊ ဝင့်ဝင့်ထည်ထည်နှင့်နေခဲ့ရသည့်အမေ ဈေးရောင်းတော့မည်ဆိုတော့ ကျွန်ုပ်တွေဝေသွား၏။

အမေသည် ရှည်လျားလှသော သူ၏ဆံပင်ကြီးအား ဘီးနှင့်ခုတ်ခုတ်ဖီးရင်း ဆံထုံးထုံးလိုက်ပြီး -

"ဘာမှမှမလုပ်တတ်ဘဲ။အသိတွေကတော့ပြောတယ်။ ပိုက်ဆံချေးပါလားတဲ့။ ဂါတ်တဲတုန်းကတော့ ပိုက်ဆံချေး၊ အထည်လေးတွေ လပေးရောင်းနဲ့ ပိုက်ဆံစုစုလာလို့ အမေ့ပိုက်ဆံတွေတော်တော်များများရလာလို့ ဒီအိမ်ကိုဝယ်နိုင်တာ။ ခု နင့်အဖေရဲ့ အရှိန်အဝါမရှိတော့ဘူးလေသားရဲ့။ အမေကဘယ်သူ့သွားချေးရမှာလဲ။ မှန်မှန်ပြန်မဆပ်ရင် အမေ့မှာခက်ဦးမယ်။ ဒီတော့ရှိတာလေးထိုင်စားရင်း မပွန်းမပဲ့အောင် အမေဈေးရောင်းမယ်"

"အင်းလေ၊ အမေဘာရောင်းမှာလဲလို့"

❒

"သံပရာရည်၊ သံပရာရည်၊ လာနော် အေးအေးလေး"

နေရာကား -

ရန်ကုန်မြို့ ကမ်းနားရှိ ကီလီလမ်းမှ ဂိုဒေါင်ကြီးများဘေးတွင်ဖြစ်ပါသည်။

ဇလုံကြီးထဲတွင် ရေခဲတုံးကြီးထည့်၍ ကော်ခွက်နှင့် ဇလုံနှုတ်ခမ်းကို အမေကခေါက်၏။ ကျွန်ုပ်ကအော်၏။

အော်လိုက်၊ရောင်းလိုက်နှင့်ရောင်းရင်းရောင်းရင်း ကျန်သောရေများမှာ ရေခဲတုံးအရည်ပျော်သွားသောကြောင့် ဘာမှအရသာမရှိတော့။

"ဟင်း - သံပရာရည်ကလည်း ဘာမှကိုအရသာမရှိဘူး"

"ဘယ့်နှယ်တော်၊ သံပရာခွံသာထည့်ထားတယ် ရေခဲရေကြီး"

ကျွန်ုပ်မှာ အော်ရင်းအော်ရင်းနှင့် ဘာထပ်အော်ရမှန်းမသိတော့။

"သားလေး၊ ရေခဲရေလို့အော်"

"ရေခဲရေ၊ ရေခဲရေ အေးအေးလေး ရေခဲရေ"

သံပရာရည်မှ ဘဝပြောင်းသွားသော ရေခဲရေကို သားအမိနှစ်ယောက် ခပ်တည်တည်ဆက်ရောင်း၏။

အတော်လေးရောင်းပြီးသည်နှင့် ဇလုံကြီးထဲမှရေများကို သားအမိနှစ်ယောက် မ,ပြီးမြောင်းထဲသွန်ချလိုက်ရတော့၏။

နောက်နေ့ -

"ရေခဲရေ၊ ရေခဲရေ အေးအေးလေး၊ ရေခဲရေ"

"ဒီမှာ"

"ရှင်"

"ဒီနားမှာ ငါတို့က ရေပုံးနဲ့ ရေခဲချိတ်ပြီးရေခဲရေရောင်းတာ။နေမကောင်းလို့နားနေတာ။ ခုနက်ဖြန်ပြန်ထွက်မယ်၊ နင်တို့သားအမိတခြားဖယ်ပေး။ ဟိုဘက်ဂိုဒေါင်ရှေ့သွားရောင်း"

"ဩော် - အစ်မရယ်၊ ဟိုဘက်ဂိုဒေါင်ကလူမှမရှိဘဲ။ ဒီမှာရောင်းလို့ရှိရင်လည်း ကိုယ့်ကြိုက်ရင်ကိုယ့်သောက်၊ သူ့ကြိုက်ရင်သူ့သောက်ပေါ့"

"ဟင်း-ပြောပြီးပြီနော်၊ မနက်ဖြန်ကစပြီး ငါပြန်ရောင်းပြီ။ မဖယ်ရင်တော့"

"အစ်မရယ် ဘယ်လိုဖြစ်တာလဲ။ စကားကောင်းကောင်းပြောပါ"

"ဟေ့ - ဒါကီလီနော်၊ ဘာမှတ်လဲ ပြန်လမ်းမရှိဖြစ်သွားမယ်။ မတိုးတဲ့၊ တစ်တိုးတည်းရှိတယ်"

ထိုမိန်းမကြီးသည် စကားကိုအော်ကြီးဟစ်ကျယ်ပြောရင်းမှ သူ၏လက်ညှိုးကြီးနှင့် အမေ့မျက်နှာကို ငေါက်ငေါက်ထိုးရင်းကပ်လာလေရာ -

"ဝုန်း ဝုန်း ဖြန်း"

မြန်လိုက်သည့်ဖြစ်ခြင်း။

အမေသည် သူ့မျက်နှာရှေ့ရောက်လာသော မတိုးလက်ကိုဆွဲ၍လှဲချလိုက်ပြီး မတိုးပါးကို ဘယ်ပြန်၊ ညာပြန်ရိုက်တော့၏။ ထိသည်လည်းရှိသလို ချော်နေသည်လည်း ရှိ၏။ မတိုးကလည်း အမေ့ဆံပင်ကြီးအား လက်နှင့်ရစ်ဆွဲ၍ ပြန်ရိုက်ရင်း လုံးထွေးသတ်ပုတ်နေကြတော့၏။

"မိတိုးဟေ့"

"ငွေသိန်း၊ တစ်သိန်းတည်းရှိတယ်ဟေ့"

အော်ကြဟစ်ကြ၊ လုံးထွေးလိုက်ကြ၊ လုံ့ချည်ပြင်ဝတ်ကြ၊ ထပ်လုံးကြနှင့် ကျွန်ုပ်မှာ ရေခဲရေဇလုံနှင့် ခေါက်သောကော်ခွက်ကို လက်ကကိုင်၍ ဟိုဘက်ပြေးဒီဘက်ပြေးပြေးပြီး ဘာလုပ်ရမှန်းမသိ။

ထဘီတွေကျွတ်သူကကျွတ်နှင့်လုံးထွေးကောင်းနေစဉ် ဂိုဒေါင်မှလူများပြေးထွက်လာပြီးဆွဲမှလူချင်းခွာသွားကြတော့၏။

"ဟဲ့-မိတိုး၊ နင်ကဟိုဘက်နားမှာပါဟယ်။ သူကဒီမှာရောင်းတာ။ ဘာဖြစ်လို့ပြဿနာလာရှာရတာလဲ။ နင့်နှယ် - ပင်လယ်ရေပဲသောက်မကုန်ပါဘူးဟယ် သွား၊ သွား သွားတော့"

အမေ့ကို သနားသွားကြပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com

အမေ့မျက်နှာတစ်ခြမ်းမှာ နီရဲနေ၏။ မီတိုးမျက်နှာမှာ ရစရာမရှိ ရောင်ကိုင်းသွား၏။ ဂိုဒေါင်ထဲမှလူလာပြောအပြီး မီတိုး ယောင်ပေပေနှင့်လှည့်ထွက်သွားတော့၏။

ကျွန်ုပ်မှာ ကိုယ့်အမေနှင့် အခြားသူ လုံးထွေးသတ်ပုတ်နေသည်ကို ဝင်ဆွဲရကောင်းနိုးနိုး၊ မဆွဲရကောင်းနိုးနိုးနှင့် ဘာလုပ်ရမှန်းမသိ ရင်တွေပန်းတွေတုန်နေပြီး လူမှာတဆတ်ဆတ်တုန်နေ၏။

"လာ-သားလေး သွားမယ်။ ဒီလိုတော့ မတရားလုပ်လို့မရဘူး"

ပါးစပ်ကလည်းပြော၊ လက်ကလည်း ကျွန်ုပ်၏ ပခုံးကိုဖက်၊ ကျွန်ုပ်က ဇလုံကြီးကိုကိုင်နှင့် သားအမိနှစ်ယောက် ပြန်ကြတော့၏။

နောက်နေ့ -

"ချလွှမ်"

"လာဟေ့ - ရေခဲရေ ရေခဲရေ ရမယ်"

အမေသွားလေရာ ဆောင်လေ့ရှိသော ကျွန်ုပ်၏အဘိုး ဘိုးဘိုးခက်ကြီး လှူဆိုးဖမ်းသောဓားမြှောင်ပါလာမှန်းပင် ကျွန်ုပ်မသိ။

ဓားကို သူထိုင်မည့်နေရာဘေးပစ်ချလိုက်ပြီး ဈေးအော်ရောင်းတော့မှ ဓားပါလာမှန်း ကျွန်ုပ် သိတော့၏။

"အမေရာ၊ ဓားကြီးက ဘာလုပ်ဖို့လဲ"

"အို-မတရားလာလုပ်လို့ကတော့ သင်းကိုအရင်သတ်မယ်"

"အမေတို့ဟာ မဟုတ်သေးပါဘူး၊ ဘာမှန်းလဲမသိဘူး"

"ဟဲ့- နင်ကြောက်တတ်ရင် ထဘီဝတ်ထား။နင်ယောက်ျားမဟုတ်ဘူးလား။ ဟင်-ကိုယ့်အမေကို စော်ကားမော်ကားလုပ်နေတာကိုတောင် နင်ဘယ်လိုမှမနေဘူးလား"

အမေ့စကားသည် ကျွန်ုပ်၏ရင်ထဲတွင် စူးစူးနစ်နစ်ဝင်ရောက်လာ၏။ ဟုတ်ပါသည်။ ဘာမှန်းညာမှန်းမသိ ကြောက်တတ်သောစိတ်ကြောင့် အမေ ရန်ဖြစ်သည်ကို ဘာမှဝင်မစွက်ရဲခဲ့ပါ။ ကျွန်ုပ်သာသတ္တိရှိခဲ့ရင် 'ခင်ဗျား၊ ကျုပ်အမေကို ထိရဲထိကြည့်' ဟု အမေ့ရှေ့က နေမိမှာ သေချာ၏။

"ဟဲ့ - အော်၊ ဘာငေးနေတာလဲ"

"ရေခဲရေ ရေခဲရေ၊ လာနော်၊ ရေခဲရေ အေးအေးလေး"

သံပရာရည်သည်သည်ဘဝ၊ ရေခဲရေသည်ဘဝကို ဖြတ်သန်းရင်း သားအမိနှစ်ယောက် နန္ဒဝန်ဈေးတွင် နေရာလေး တစ်နေရာရလာသည်ထိ စီးပွားရေးနယ်ပယ် ကျယ်ပြန့်လာပြီဖြစ်၏။

ကီလီကဝေးလှသည်။ နန္ဒဝန်ဈေးမှာ အိမ်နှင့်နီးသောကြောင့် ဈေးထွက်ရသည်မှာ ဟန်ကျချေပြီ။

"ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ငရုတ်သီးစိမ်း၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ငရုတ်သီးစိမ်း"

ကျွန်ုပ်၏အော်သံများ ပြောင်းလဲသွားချေပြီ။ ရေခဲရေသံမှ ကုန်စိမ်းသံသို့ ပြောင်းလဲသွားပြီ ဖြစ်၏။ အမေလည်း ဇလုံကို ကော်ခွက်နှင့်ခေါက်သောလက်မှ ကန်စွန်းရွက်စည်းလိုက်၊ ချဉ်ပေါင်ရွက်စည်းလိုက်နှင့်ပြောင်းလဲသွားပြီဖြစ်တော့၏။

နန္ဒဝန်ဈေးထဲတွင် နေရာဦးကြသောကိစ္စနှင့် မကြာခဏ အမေစကားများရ၏။ သတ်ကြပုတ်ကြသည့်အဆင့်တော့မရောက်။ သို့သော် ခဏခဏ စကားများနေသည်ကို ကြားနေရ၍ ကျွန်ုပ်မှာ စိတ်မချမ်းသာ။ အမေလည်း အသားတွေမည်းလာသလို ကျွန်ုပ်လည်း ကပ္ပလီဖြစ်နေချေပြီ။ ကျောင်းပိတ်ရက်များပြီး၍ ကျောင်းများစဖွင့်သည်နှင့် အမေ့ကို ဈေးပိုင်းရောင်း၊ အိမ်ပြန်ထမင်းစား၊ ကျောင်းသွားတည်းဟူသောအချိန်ဇယားမှာ နေ့စဉ်ဆွဲပြီးသားဖြစ်လာလေတော့၏။

ကျောင်းပိတ်ရက်များရောက်လျှင် ညီမလေးကိုသွားခေါ် ၏။

အမေနှင့် မောင်နှမနှစ်ယောက် ဈေးအတူရောင်းကြ၏။

ညဘက် ဈေးကြိုသော ကားကြီးများပေါ်တွင် သားနှင့် သမီးကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် ဖက်ထား၍ လက်မှဓားမြှောင်ကို မသိမသာကိုင်ထားသော မငွေသိန်းဘဝအပြောင်းအလဲကို မည်သူမျှမထင်။

ဓားမြှောင်ကိုင်ထားရခြင်းမှာ ဈေးကားကြီးများနှင့်လိုက်ရသည့်အခါ အချို့ ဈေးသည်များ၊ ကုန်ထမ်းသူများက မူးပြီး ရိသဲ့သဲ့ပြောတတ်သောကြောင့် ဖြစ်၏။

ဝေလီဝေလင်းရောက်လျှင် နန္ဒဝန်ဈေးရှေ့သို့ ကားကြီးဆိုက်လာ၏။ ရောက်သည်နှင့် ဈေးပြေးခင်းရောင်းရ၏။

သားနှင့် သမီးကို ရင်အုပ်မကွာ ဂရုစိုက်ပြီး ဘဝ၏အနိမ့်အမြင့်လောကဓံတရားကိုကြံ့ကြံ့ခံကာ ရပ်တည်ပေးသော အမေ့၏ အရိပ်ကြီးမှာ ကျွန်ုပ်အတွက် အလွန်လုံခြုံလှပါ၏။

အမေသည် သတ္တိရှင်မေမေပင် ဖြစ်ပါ၏။

ရက်မှ လ -

လမှနှစ်သို့တရိပ်ရိပ်ပြောင်းလာသည့်နောက်ပိုင်း -

ကုန်စိမ်းသည်ကြီးမေမေ၏ကျေးဇူးကို ကျွန်ုပ် တဖြည်းဖြည်းစတင်သိလာပြီ ဖြစ်၏။

ကုန်စိမ်းထိုင်ရောင်းနေသောအမေ့ အသားလေးတွေညိုချေပြီ။

အမေ့ဆံပင်တွေ ကွက်ကျားကွက်ကျား ဖွေးဖွေးလှုပ်လာချေပြီ။ ဆံထုံးမှာ တဖြည်းဖြည်း သေးလာပြီ ဖြစ်၏။

အမေ့မျက်နှာသည် သားသမီးတွေအတွက် အမြဲတမ်း ပြုံးနေပါသော်လည်း ဇရာ၏အရိပ်လေးများ စတင်နေပြီ။

တစ်နှစ်၊ နှစ်နှစ်အတွင်း ဈေးထောင်သွားရှာပြီဖြစ်သော အမေ့အား သူများတကာက ရန်လုပ်လျှင်၊ နင်းကန်ပြောလျှင် ကျွန်ုပ်ရင်ထဲ၌ အမျိုးအမည်မသိသောခံစားမှုတစ်ခုဖြစ်ဖြစ်လာတတ်ပြီ ဖြစ်၏။

ဘာမှန်းတော့မသိပါ။

ကျွန်ုပ်တို့ဈေးရောင်းသောနန္ဒဝန်ဈေးတွင် အမေနှင့် အလွန်ခင်သည့် မညွန့်စိန်တို့ သားအမိ(၃)ယောက်ရှိ၏။ သူတို့မှာ မင်္ဂလာဒုံဘက်တွင် နေထိုင်ကြသူများဖြစ်ပြီး မညွန့်စိန်နှင့် သူ့သား မောင်ထွေးမှာ သိုင်းတတ်ကြ၏။ မောင်ထွေးက ကျွန်ုပ်နှင့် ရွယ်တူဖြစ်ပြီး သူ၏ညီမလေးက ကျွန်ုပ်၏ညီမလေးနှင့် ရွယ်တူ၏။ သို့သော် ဒေါ်လေး မညွန့်စိန်က အမေ့ထက် အများကြီးငယ်၏။ ပိုက်ဆံထည့်ထားသော လွယ်အိတ်ကို စလွယ်သိုင်း၍ လုံချည်ကိုဒူးလောက်ထိ ထားပြီး ပြောဟန်ဆိုဟန်မာန်ပါလှသော မညွန့်စိန်မှာ အမေ့ကို အလွန်ချစ်၏။ သူတို့သားအမိသည် သိုင်းတတ်သည် သိထားကြသော်လည်း အေးချမ်း ကုန်စိမ်းရောင်းကြသူများသာ ဖြစ်၏။

တစ်နေ့ -

အလွန် ရောင်းကောင်းသော မညွန့်စိန်တို့နေရာကို ခပ်တည်တည် ခင်းသည့် လင်မယားနှစ်ယောက် လာ၏။ ဈေးထဲမှပင်ဖြစ်၏။

"ဒါအစ်မကြီးနေရာပါ ညီမ"

"အစ်မကလည်း၊ ဒါပဲ့ကျ အတွက်ပေးထားတဲ့ကွက်လပ်ပဲ။ သူခင်းရောင်းရောင်းပေါ့။ သူများ လည်း ဒီလိုပဲ ဦးသူခင်းနေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ညီမကဟိုဘက်နားမှာခင်းရောင်းနေကျပဲ အစ်မကြီး သိတယ်လေ။ အဲဒီမှာပဲရောင်းပေါ့ ဘာဖြစ်လို့ . . ."

"ပျံ့ကျနေရာဆိုတာ ဘယ်သူမှ လိုင်စင်ယူထားတာမဟုတ်ဘူး။ သူဦးသူခင်း၊ ကိုယ်ဦးကိုယ်ခင်းပဲ"

ပြောပြောဆိုဆို ဆက်ခင်းရောင်းနေသောအမျိုးသမီး၏ ယောကျ်ားသည် နောက်ဘက်တွင် ရပ်နေရာမှ မညွန့်စိန်နားသို့ တိုးလာ၏။ သူတို့မှာ ငါးခြောက်ရောင်းကြသောအုပ်စုဖြစ်ပြီး ခပ်ဝေးဝေးတွင် ခင်းရောင်းကြသူများဖြစ်ကြောင်း ကျွန်ုပ်လည်း တွေးနေ၏။

"ခင်းရောင်းတာပဲဗျာ၊ ဘာဖြစ်လဲ"

"ဘာဖြစ်လဲမမေးနဲ့လေ၊စည်းကမ်းတော့ရှိပေါ့ဟဲ့"

"ခင်ဗျားက စွာလှချည်လား။ ဘာလုပ်ချင်လို့လဲ"

ပြောပြောဆိုဆိုနှင့် မညွန့်စိန်၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်နှင့်-

"ဗုန်း"

"အွပ်"

မြန်လိုက်သည့်မောင်ထွေး။ မအေ အနည်းငယ် ယိုင်သွားသည်နှင့်တစ်ပြိုင်နက် ထိုလူ၏မျက်နှာဆီသို့ လက်ဝါးစောင်းရောက်သွားပြီး ထိုသူမှာ ပက်လက်လန်ကျသွားတော့၏။ အတင်းပြန်တုန်းထပြီး မောင်ထွေးနားပြန်အလာ -

"ဗုန်း"

"အွပ်"

ဒူးနှင့် ဆောင့်တိုက်လိုက်ပြန်ရာ နောက်တစ်ကြိမ် ပက်လက်လန်သွားပြီး တော်တော်နှင့် ထမလာတော့။ လူတွေ ရှုတ်ရှက်သဲသဲဖြစ်ကုန်ပြီး အော်သူက အော်၊ ငါးခြောက်သည်အမျိုးသမီးက ဆဲရင်းအော်ရင်းနှင့် သူ့လူများကို လှမ်းခေါ်နေ၏။

"တစ်ယောက်မှမကပ်နဲ့နော်၊ လူချင်းရင်းရဲတယ်လာ"

လက်ထဲမှာ ဓားမြှောင်ကို ကိုင်ထားရင်း မညွန့်စိန် စိန်ခေါ်နေခြင်း ဖြစ်၏၊ သူ၏ အမူအရာနှင့် အရုပ်လေးမျက်နှာကို ဓားဦးတဝင့်ဝင့်လုပ်နေခြင်းကြောင့် မည်သူမျှမကပ်ရဲ၊ မောင်ထွေးက တခွပ်ခွပ်နှင့်လိမ့်ထိုးနေ၏။ မညွန့်စိန်က သူ့သားစိမ်ပြေနပြေထိုးနေခြင်းကို ဓားနှင့်အကာအကွယ်ပေးထားခြင်း ဖြစ်၏။

ဈေးထဲမှ လူကြီးများ ရောက်လာပြီး အတင်းဝင်ဆွဲမှ မောင်ထွေးရပ်သွားတော့၏။

"မင်း ငါ့အမေကို ရင်ဘတ်တွန်းရုံမို့ အဲသလောက်ပဲလုပ်လိုက်တယ်မှတ်ထား။ ငါ့အမေကိုသာ ထိုးလိုက်လို့ကတော့ မင်း ခုဆိုလူ့ပြည်မှာမရှိတော့ဘူးကွ"

ပြောရင်း ပြေးကန်ပြန်ရာ လူကြီးတွေ မနည်းဆွဲထားရ၏။ ငါးခြောက်ရောင်းသူ၏မျက်နှာမှာ နှာခေါင်းသွေးများလျှံပြီး သွေးအလိမ်းလိမ်းဖြစ်နေ၏။ သူသည် အသက် (၂၅)၊ (၃၀) ခန့်ရှိမည် ထင်ရသော်လည်း (၁၆) နှစ်သား မောင်ထွေး၏လက်သီးချက်၊ဒူးတိုက်ချက်များကြားမှာ မရှုမလှဖြစ်သွားတော့၏။ သူတို့နှင့် ရောင်းဖော်ရောင်းဖက် ငါးခြောက်သမားများလည်း မညွန့်စိန်လက်ထဲမှဓားကို ကြောက်၍ ဝင်မလာရဲတော့။

ကျွန်ုပ်သည် -

ထိုအဖြစ်ကို အစမှအဆုံးကြည့်နေပြီး ဒူးများတဆတ်ဆတ်တုန်နေ၏။ ရင်တွေတုန်နေ၏။

သို့သော် -

'မင်း ငါ့အမေကိုသာ ထိုးလိုက်လို့ကတော့ ခုဆိုလူ့ပြည်မှာမရှိတော့ဘူးကွ'

ဟူသော မောင်ထွေး အော်ဟစ်ကြုံးဝါးသံသည် ကျွန်ုပ်၏ ရင်ထဲတွင် ပဲ့တင်ထပ်နေ၏။ ဘာရယ်မသိ ထိုအသံကို အထပ်ထပ်ကြားယောင်ရင်း လက်သီးကို မသိမသာဆုပ်မိလာ၏။ အံကို မသိမသာကြိတ်မိလာ၏။ အတွေ့အကြုံဘာမှမရှိ၍ လူမှာတဆတ်ဆတ်တုန်ရင်း ငါ့အမေ ကီလီမှာ ပါးရိုက်ခံလိုက်ရတုန်းက ခင်ဗျား ကျုပ်အမေကိုလုပ်လို့ ခင်ဗျားကို သတ်တယ်ဗျာဆိုပြီး ငါမပြောရဲခဲ့ပါလားဟု တွေးပြီး စိတ်မကောင်းတော့ပါ။ မောင်ထွေးလိုမျိုး သတ္တိမရှိ၍ မအေတစ်ယောက်လုံး ကိုယ့်ရှေ့တွင် လုံးထွေး



သတ်ပုတ်နေပါသော်လည်း ကြောင်တောင်ကြည့်နေခဲ့ရပါသည်။

ငါသာ မောင်ထွေးလို သိုင်းတတ်ရင် ကီလီလမ်းမှာ ရန်ဖြစ်တုန်းက ဟိုမိန်းမကြီးသွားပြီဟုတွေးရင်း အမေ့မျက်နှာကိုကြည့်လိုက်မိ၏။

ရဲရဲမကြည့်ရဲပါ။ ခိုးကြည့်သလို ကြည့်ရ၏။ ငါကသာ ကြောက်တတ်လို့ ဘာမှဝင်မလုပ်ရဲခဲ့ပေမယ့် တကယ်တမ်းကျတော့ ငါ့အမေဟာ ငါ့အတွက် ကျောင်းစရိတ်ရှာဖို့ ဈေးရောင်းရင်း ဖြစ်ခဲ့ရတာပါလားဟုလည်း အတွေးတွေ ရောက်လာ၏။

"ဒေါ်လေး"

"ဟေ - ဘာလဲ သား"

"သိုင်းက ကချင်ပြည်မှာနေခဲ့တုန်းက (၁၂) ကွက်ထိတော့သင်ခဲ့ဖူးတယ်။ ဒါပေမယ့် ဘာမှမလုပ်တတ်ဘူး။ ဒေါ်လေးတို့ကျ အရမ်းမြန်တာ၊ မောင်ထွေးဆို လျှပ်စီးလက်သလိုပဲ"

"ဇန်တိုလေ သားရဲ့"

"ဗျာ - ဇန်တို၊ ဒါလည်း သိုင်းပဲမို့လား"

"သိုင်းပဲလေ၊ လက်နက်မကိုင်ဘဲ သူများကို ခုခံနိုင်တယ်။ တိုက်ခိုက်နိုင်တယ်။ ဘယ်လိုရန်သူပဲဖြစ်ဖြစ် ပြန်တိုက်နိုင်တယ်"

"ဟာ - ကောင်းလိုက်တာ"

"သူများလက်ထဲက လက်နက်ဟာ ကိုယ့်လက်နက်ဖြစ်သွားနိုင်တယ်"

"ဟာ-တကယ်ကောင်းတယ်နော်၊ ကျွန်တော်သင်ချင်လိုက်တာ"

"မောင်ထွေးကလည်း မအားလို့ပါ။ နို့မို့ရင် ပြိုင်းပေးတယ်။ အားတဲ့ အခါ သင်ပေးမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ထိုနေ့မှစ၍ ကျွန်ုပ်မုန့်စားတိုင်း မောင်ထွေးကို ကျွေးတတ်ပြီ ဖြစ်၏။

"မောင်ထွေး၊ ငါ့နည်းနည်းသင်ပေးပါလား သူငယ်ချင်း"

"ငါသင်ပေးချင်ပါတယ်၊ အမေတို့ဆရာက ခွင့်ပြုမှာ မဟုတ်ဘူး။ မင်းသင်ချင်ရင် မင်္ဂလာဒုံလာခဲ့လေ။ ပွဲတင်ရမယ်။ ရေစင်ဖိုးငါးမတ်တော့တင်ရလိမ့်မယ်။ ငါပြောပေးမယ်"

"ဩော် - အေး၊ ငါကြိုးစားမယ်"

ငါသာသိုင်းတတ်ရင် ဈေးထဲမှာ ငါ့အမေကို လာပြောရဲပြောကြည့်၊ မောင်ထွေးလို ချပြီသာမှတ်ဟုတွေးရင်း အခြောက်တိုက်ဘဝင်မြင့်၍ စိတ်ကူးတွေယဉ်နေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"အမေ၊ အမေ"

"ဟေ - သားဘာလဲ"

"သားရှစ်တန်းအောင်တယ်၊ ဒါ ပေမယ့် ဝိဇ္ဇာနဲ့"

"ဟုတ်လား၊ အို - ဘာနဲ့အောင် အောင်အောင်ရင်ပြီးရော။ အမေပင်ပန်း ရကျိုးနပ်တယ်။ အမေဝမ်းသာတယ်"

ကိုးတန်းစတင်တက်ရတော့မည့် နှစ်သည် ကျွန်ုပ်၏ ဘဝတစ်ဆစ်ချိုး အပြောင်းအလဲများ စတင်စပြုလာပြီဖြစ် သောနှစ်ဖြစ်၏။

ကျွန်ုပ်တို့ ရှစ်တန်းလောက်က ရန်ကုန်မြို့ ပလေဒီယံရုပ်ရှင်ရုံ (နောက် ပိုင်း ပပဝင်းရုံ) တွင် ဂျူဒိုဇာတ်ကားတော် တော်များများပြ၏။ ထိုဇာတ်ကားများကို အမှတ်မထင်ဝင်ကြည့်ရာမှ ထိုကိုယ်ခံ ပညာများကို တတ်ချင်စိတ်ပြင်းပြလာပါ တော့၏။

JUDO MAN ဇာတ်ကားကို ပလေ ဒီယံရုံတွင်ကြည့်ရစဉ်က အသားဖြူဖြူ နှဲ့နှောင်းနှောင်း၊ ဆံပင်ကုပ်ဝဲနှင့် ကရာ တေးသမား ကင်ရှင်ကို ကြည့်ရတိုင်း ကျွန်ုပ်မှာ သဘောကျလွန်း၍ မျက် တောင်ပင်မခတ်မိ။

ထိုဇာတ်ကားကို ခြောက်ခါထက် မနည်းပြန်ကြည့်၏။ ကင်ရှင်လို ဆံပင် အရှည်ထား၏။ သူ့လို မျက်နှာကြောမာ ထား၏။ ဘာမှမတတ်သော်လည်း လမ်း သွားလျှင် လက်ကားကားကြီးနှင့်လျှောက် ၏။ ဘာမှတော့မဟုတ်။

တစ်နေ့ -

မှတ်မှတ်ရရ ရှစ်တန်းအောင် စာရင်းထွက်ပြီးခါစ -

ပလေဒီယံရုံတွင်ပင် ရုံတင်လာ သော KARATE HERO ဇာတ်ကားကို သွားကြည့်ဖြစ်၏။ ပထမပွဲစဉ်မှာ လက် မှတ်မရ၍ ဒုတိယပွဲစဉ်ကို တန်းစီစောင့် ၏။

လက်မှတ်တန်းစီရင်း ကရာတေး အကြောင်းပြောနေသံကြား၍သတိထား လိုက်မိပြီး စတင်၍ အောက်ကျခံကာ မိတ်ဖွဲ့လိုက်၏။

ထိုသူသည် သူ၏သူငယ်ချင်းများ ကို စကားပြောနေရင်းမှ မျက်နှာချိုသွေး နေသောကျွန်ုပ်ကို သေချာစိုက်ကြည့် လိုက်ပြီး -

"မင်းက ကရာတေးစိတ်ဝင်စားလို့ လား၊ တတ်လား"

"ဟုတ်တဲ့၊ ကျွန်တော် တကယ်ကို ဝါသနာကြီးလွန်းလို့ သင်ချင်လို့ပါ။ မတတ်ပါဘူး"

"ပင်ပန်းတယ်ကွ၊ ကြမ်းကယ်"

"ကျွန်တော် ကြိုးစားပြီး သင်ပါ့ မယ်။ ရအောင်ကြိုးစားပါ့မယ်"

"အေးလေ - မင်းဝါသနာပါရင် ငါ့ဆီလာခဲ့။ ငါ အင်းစိန် (က) (၃) လမ်း မှာနေတယ်။ လာခဲ့လေ"

(ထိုပုဂ္ဂိုလ်မှာ ကျွန်ုပ်အား နောင်တစ်ချိန် ခါးစည်းနက်ရသည့်ထိ ကရာတေးပညာ သင်ကြားပေးခဲ့သော လက်ဦးဆရာ ဆရာဦးထွန်းအောင် ကျော်စိုးပင် ဖြစ်ပါတော့သည်။ ဆရာ သည် ကျန်းမာသန်စွမ်းပြီး ယခုအချိန် အထိ THAMASHIWARI - KARATE CLUBကို ဖွင့်လှစ်ထားပြီး သင်ကြားပေး နေဆဲပင် ဖြစ်ပါသည်။ မျက်လုံးလှလှ၊ လူပုံက ချောချောနှင့် သိမ်မွေ့သော် လည်း ကစားသည့်အခါ လျှပ်စီးလက် သလို မြန်ဆန်ပြီး ပြင်းထန်လွန်းလှ၍ ကျွန်ုပ်အလွန်မှလေးစားရသော ကိုယ်ခံ ပညာရှင် ဖြစ်၏။)

သူလမ်းညွှန်သည့်အတိုင်းရောက် သွားပါပြီ။

လက်သီးစတင်ဆုပ်ရသည်မှစ၍ -

'ဩော် - ငါတတ်ချင်တဲ့ကရာတေး ပညာဟာ စည်းကမ်းတွေ၊ စနစ်တွေကြီး လှချည်လား'

ဟု တွေးရင်း ပျော်နေမိပါတော့ သည်။

ဆရာနေသော အင်းစိန်သို့ မြို့ ပတ်ရထားနှင့်သွားရ၏။ ဆရာ့ထံတွင် နှစ်ရက်၊ သုံးရက်နေပြီးသင်ရ၏။ ဆရာ က ထမင်းကျွေးပြီးသင်ပေး၏။ 'ကီ' ဟု ခေါ်သော ကရာတေးကစားသည့်ဝတ်စုံ ကိုပင် အလကားပေး၍ သင်ကြားပြသ ပေးခဲ့သော စေတနာရှင်ဆရာ ဖြစ်ပါ သည်။

ကျောင်းမဖွင့်ခင် မနားတမ်း တရကြမ်းသင်ခဲ့လေရာ ပီနန် (၁)၊ (၂)၊ (၃)၊ (၄) အထိရောက်သွားပြီး၊ ကျွန်ုပ်မှာ ကရာတေးသမားဘဝသို့ ရောက်မှန်း မသိရောက်သွားခဲ့ရပါသည်။ ပြင်းထန် လှသော တိုက်ခိုက်သတ်ပုတ်မှုများကြား မှာ ပျော်နေပြီဖြစ်၏။ ထိချက်ပြင်း၍ရ ခဲ့သော ဒဏ်ရာဒဏ်ချက်များလည်း ဗရပွဖြစ်နေတော့၏။ အမေနှင့်ဈေးကူ ရောင်းရသည့်အခါ ကျွန်ုပ်၏မျက်နှာ သည် တင်းမာနေပြီ ဖြစ်၏။ ငါ့အမေကို ထိရဲထိကြည့် ဟူသော စိတ်ဓာတ်တို့ စတင် ကိန်းအောင်းလာပြီ ဖြစ်၏။ အလွန်တတ်ချင်လွန်းလှသောကရာတေး ပညာကို အတော်လေးတတ်လာပြီဖြစ် ရာ လူမှာလည်း အတော်ငြိမ်သက်လာ ပြီ ဖြစ်၏။ မကြီးမားသော်လည်း အတန် အသင့်ကာရံထားနိုင်သည့် တံတိုင်း အဖြစ် အမေ့နားတွင်ရှိနေပြီဖြစ်၏။

ကျွန်ုပ်ကရာတေးကစားသည်ကို ဒေါ်လေးညွန့်စိန်ရော မောင်ထွေးကပါ အားရဝမ်းသာအားပေး၏။ အတွေ့အ ကြုံများကိုမေးကြ၊ အားပေးကြ၏။ သူ တို့ သိုင်းသင်ပေးရန် အချိန်ဘယ်လိုမှ မရတော့မှ ကျွန်ုပ်ကရာတေးသွားသင် မှန်း သူတို့သိပြီးအားနာနေကြ၏။

ကျောင်းဖွင့်ပါပြီ။

မနက်စောစော အမေ့ကို ဈေး လိုက်ပို့၊ အိမ်ပြန် ထမင်း၊ ဟင်းချက် အမေ့အဝတ်အစားများလျှော်၊ ရေချိုး ကျောင်းသွား၊ ညနေ ဈေးဝိုင်းသိမ်း ကျောင်းပိတ်ရက်များမှာ အမေ့ကို ခွင့် တောင်း၍ ကရာတေးသွားသင်နှင့် အလုပ်များချေပြီ။ နားမနေရတော့။

ဆရာ့ထံတွင် ကရာတေးသင်လာ သည်မှာ အခါလည်လုလုရောက်မှ ဆရာကလည်း ကျွန်ုပ်နေထိုင်ရာ တောင်ဥက္ကလာသို့ မကြာမကြာအလည် ရောက်ရောက်လာတတ်၏။ ညီအစ်ကို ရင်းလိုချစ်ကြ၏။

အင်းစိန်ကမ်းနားရှိ နွံထဲဆင်း၍ အပြေးလေ့ကျင့်ရခြင်း၊ ရင်ခေါင်းလောက် ထိ ရေထဲဆင်း၍ ရေကိုထိုးကျင့်ရခြင်း ရေထဲတွင်ခုန်ရခြင်း၊ ကမ်းနားမှာလေ့ကျင့် ရခြင်း၊ မာကီဝါရာဟုခေါ်သောလက်သီး ထိုးကျင့်သည့်တိုင်ကိုထိုး၍ လေ့ကျင့်ရ ခြင်းတို့ကြောင့် ကျွန်ုပ်မှာ ကရာတေး သမားစစ်စစ်ဖြစ်လာပါတော့သည်။

ခါးစည်းအဆင့်ဆင့်ဖြေဆိုရသည့် အခါ ခြေကုန်လက်ပန်းကျခမန်း အမောင်း ခံရ၏။ ကန်ချက်များ ဘယ့်နှစ်ရာ၊ ညာ နှစ်ရာ၊ လက်သီးတစ်ဖက်နှစ်ရာ၊ ဒိုက် အကြိမ်လေးဆယ်ထိုးခိုင်းပြီး မောဟိုက်ပြီ ဆိုမှ သုံးယောက်တစ်ယောက်၊ ငါး ယောက်တစ်ယောက် တိုက်ခိုက်ရ၏။ 'ဂျေရူဆွဲသည်'ဟုခေါ်သလို ယခုအခေါ် 'ကူမီတေး' ဖြစ်၏။

အဖြူမှ အဝါ၊ အဝါမှ လိမ္မော်၊ လိမ္မော်မှ အစိမ်း၊ အစိမ်းမှ အပြာအထိ ဖြေဆိုအောင်မြင်ခဲ့ပြီးချိန်တွင် ဘာမဆို အားအင်များပြည့်နေသလို ဖြစ်နေ၏။ 'ကီဘာဒါချီ' ဟုခေါ်သော မြင်းထိုင်ကို နေ့စဉ်(၁၅)မိနစ်ထိုင်ရလွန်းသောကြောင့် လားမသိ ကုန်စိမ်းများဝိုင်းခင်းပေးလျှင် ပင် အားမာန်ပါနေတော့၏။

လူက ကရာတေးသမားဖြစ်မှ



www.burmeseclassic.com

www.burmeseclassic.com

အမေ့အတွက် တံတိုင်းကြီးဖြစ်ပြီဆိုမှ အမေလည်းရန်မဖြစ်တော့ပါ။ အေးအေး ဆေးဆေးပင် ဈေးထွက်နေပြီ ဖြစ်၏။

သို့သော် သူဝါသနာပါလွန်းသော ပေဒင်မေးခြင်းကိုမူ အချိန်အားရတိုင်း မေးတတ်၏။ ဘယ်နေရာဘာဆိုလျှင် သန့်ခနဲရောက်သွားတတ်၏။

တော်တော်ကလေး ကြာအောင် ဝင်ပူးကပ်ခြင်းများဝေးသွားပြီးမှ ယခု နောက်ပိုင်း ပူးချင်လာပြန်လေရာ -

တစ်နေ့ -

"ဟယ် - မှန်လိုက်တာတော် အရမ်းပဲ"

အမေသည် ဒေါ်ကြီးဒေါ်လှမေကို အားရဝမ်းသာပြောနေ၏။ မျက်နှာမှာလည်း အံ့ဩနေဟန်နှင့်-

"ကျွန်မ ရွှေပုံပေါ်မှာစံခဲ့တာကိုလည်း ဒက်ခနဲပဲ။ ခုဒုက္ခရောက်သွားတော့လည်း ဒီဘဝကို ဒက်ခနဲပဲ။ တော်တော်မှန်တဲ့ဘုန်းဘုန်း"

"အေး - မငွေသိန်း ဒုက္ခရောက်တော့မယ်ဆိုပြီး ဘဝဟောင်းကလာခေါ်တာတွေကအစနော် တန်းနေတာပဲ။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတာတွေ၊ သမီးကိုခွဲထုတ်ထားတာတွေ၊ ဒီသား ငယ်သေးလို့စောင့်ကြည့်နေတာတွေ၊ ဟား - တန်းနေတာပါရောလား အသိန်းရယ်။ ငါ့ဖြင့် အံ့ဩလွန်းလို့ ငါ့အကြောင်းတွေတောင်မမေးရဲတော့ဘူး။ နေပါဦး၊ ဘယ်နေ့ပွဲတွေနဲ့ကုမယ်ဆိုတာ"

"နောက်တနင်္လာနေ့လေ မမလှမေ"

ကုပြန်ချေပြီ။

အမေ့အား တတိယမြောက်တားသောပုဂ္ဂိုလ်ထူးပင် ဖြစ်ပါသည်။ ဘုန်းဘုန်းသည် မျက်လုံးများ အရောင်တောက်နေ၏။ .အလွန်တည်ငြိမ်၏။ နဂါးဆေးပေါ့လိပ်ကို မနားတမ်းဖွာတတ်၏။ ဗဟန်းကြားတောရလမ်းရှိ ကျောင်းတိုက်တွင် သီတင်းသုံး၏။ အလွန်မှ သီလသမာဓိကောင်းလှပြီး အတော်ထက်လှ၏။

အမေ၏ခေါင်းရင်းဘက် ငါးပေ၊ ခြောက်ပေအကွာမှထိုင်ရင်း စကားလေးပြောရင်း ကုသွားခြင်း ဖြစ်၏။ ကြမ်းပြင်ကို လက်နှင့် တစ်ချက်တောက်လိုက်သည်နှင့် အမေဝင်ပူးသည်မှာ အတော့်ကို အံ့ဩစရာကောင်းလှ၏။ မမြင်ဘူးသည်များ မြင်ရ၏။

အမေသည် နတ်ဖဲဗေဒင်ဆရာလှ အပြင် ဆရာစုံ၏။ အလွန်ဝါသနာပါ၏။ ထစ်ခနဲဆို ဗေဒင်မေးချင်၏။ ကျွန်ုပ်က အယုံအကြည်မရှိကြောင်း . ပြောလျှင် အဆူခံရ၏။

အိမ်ကို ရောက်ရောက်လာသည့် ဗေဒင်ဆရာများမှာ ပုံစံမျိုးစုံလှ၏။ ဘိုးတော်ယောင်ယောင်တွေလည်း ပါ၏။ ကျွန်ုပ်က အယုံအကြည်မရှိသည်ကတစ်ကြောင်း၊ ကရာတေးကစားသူဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် မည်သူကိုမှ ဧည့်မခံတတ်။ ခပ်တင်းတင်းနေလေ့ရှိ၏။

အိမ်တွင် အိမ်ဆိုင်လေးမတောက်တခေါက်တည်ထားပြီး နန္ဒဝန်ဈေးတွင်လည်း ကုန်စိမ်းဆိုင်ရှိသောကြောင့် ဣန္ဒြေမပျက်စားနေရသော်လည်း အမေကတော့ ရုပ်အတော်ကျသွားပါပြီ။

"အမေ၊ သားအလုပ်လုပ်ချင်တယ်"

"ဟင် - အလိုတော်၊ လာပြန်ပြီ ဒီစကား။ ဆယ်တန်းတောင်မအောင်သေးဘဲ မင်းကဘာလုပ်မှာလဲ"

"အမေဈေးမရောင်းနဲ့တော့၊ သားရောင်းမယ်"

"မဟုတ်တာသားရယ်၊ ခုအမေဒီ အ-ထ-က(၂)မှာ ကျောင်းဈေးရောင်းဖို့ မေးတောင်ပြီးပြီ"

"ဟာ - ဒါဆို အမေ ကုန်စိမ်းမရောင်းတော့ဘူးပေါ့"

"အေး - ကျောင်းမှာ မုန့်ဟင်းခါးရောင်းတော့မယ်"

ကျွန်ုပ်ဖင်ထိုင်ကျသွားပါသည်။

အမေ။

ကုန်စိမ်းသည်ကြီးဘဝမှလွတ်မည်ဟု ဝမ်းသာရန် တာစူတုန်းရှိသေး မုန့်ဟင်းခါးသည်ဖြစ်သွားပြန်ချေပြီ။

"သားလေး၊ ပင့်ပေး"

တောင်းမှာမနည်းပင့်ရ၏။ ဟင်းရည်ပူပူကြီးကို ဒန်အိုးကြီးထဲထည့်၊ ဘေးမှာ မုန့်ထည့်စားမည့် ဒန်ဇလုံလေးများ၊ ဇွန်း၊ ငရုတ်သီးမှုန့်ပုလင်း၊ နံနံပင်ထုပ်၊ ပဲတောင့်ရှည်သီးမှအစထည့်၊ လက်တစ်ဖက်က မုန့်ဖတ်များထည့်ထားသော ချိုင့်ကြီးကိုကိုင်၍ အမေဈေးစထွက်ပါပြီ။

ပထမဆုံးနေ့ဖြစ်၍ အမေ့လက်ထဲမှ ချိုင့်ကြီးကို လှမ်းယူပြီး လိုက်ပို့လိုက်ပါသည်။ ကျောင်းကြီးရောက်သည်နှင့် ရွယ်တူများကို ဆုံရသည့်အခါ ရှက်သလိုလို အမ်းတမ်းတမ်းကြီးဖြစ်နေပြန်၏။ ကျောင်းရောက်မှ တောင်းကိုမနည်းချပေးရ၏။ လူကဘေးဘီမကြည့်ရဲ။

အမေ့အတွက် တံတိုင်းကြီးပီပီပြင်ပြင်ဖြစ်မလာသေးပါ။

အမေသည် ထ -၂ မှာ မုန့်ဟင်းခါးသည်ဘဝရောက်တော့မှ ငယ်ထိပ်ထဆံပင်အကွက်လိုက်ကျွတ်ကုန်ပါတော့သည်။ ဘေးနားသယ်များမှာ ဒန်အိုးမှ ဟင်းရည်ပူများ တစ်ခါတစ်ခါစီးကျ၍ ဆံပင်ပြောင်စပြုချေပြီ။ ဒန်အိုးကြီးဘေးပတ်လည်တွင် ပုဆိုးများပတ်လည်ခုထားသည့်ကြားမှ ဟင်းရည်များ ဘောင်ဘင်ခတ်လျှင် စီးကျသောဒဏ်အမေခံရရှာ၏။

တစ်လလောက်အကြာ အမေဒူးနည်းနည်းနာချင်၍ မုန့်ဖတ်ချိုင့်ကို ကျွန်ုပ်လိုက်ပို့ရပြန်၏။

ကျွန်ုပ်သည် အိမ်နှင့် ကျောင်း (၁၀) မိနစ်၊ (၁၅) မိနစ်လျှောက်လျှင် ရောက်နိုင်ပါသော်လည်း.တောင်းကြီးကိုသာ အမေ့ခေါင်းပေါ် ပင့်ပေးခဲ့၏။ လိုက်မပို့ခဲ့။ ယနေ့ လိုက်ပို့ရင်း ကျောင်းထဲအဝင် ထုံးစံအတိုင်း ခေါင်းငုံ့ထား၏။

"အန်တီ၊ သားလာပြီ"

"အန်တီ ဖြည်းဖြည်း၊ ဖြည်းဖြည်း သားတို့လာပြီ"

ကျောင်းဝင်းထဲ စဝင်သည်နှင့် အမေ့ဘေးသို့ပြေးလာသော ကျွန်ုပ်နှင့် ရွယ်တူ (၃)၊ (၄) ဦးကြောင့် ကျွန်ုပ်မှာ အကဲခတ်နေ၏။ မုန့်ဆိုင်ခင်းသည့်နေရာ ရောက်သည်နှင့် သူတို့သည် အမေ့ခေါင်းပေါ်မှ တောင်းကြီးကို အသာမပြီး ဝိုင်းကူချပေးကြ၏။

"အဲဒီလိုပဲ သား၊ ဒီရောက်ရင် သူတို့ပဲ ဝိုင်းချပေးကြတာ။ တစ်ယောက်မတွေ့ တစ်ယောက်ကတော့ ဝိုင်းကူချပေးကြတာပဲ"

"ဪ"

ဘယ်လိုမှထင်မထားသော ကျွန်ုပ်သည် ထိုသူများမျက်နှာကို တစ်လှည့်စီကြည့်လိုက်ပြီး -

"အမေ့ကိုကူပေးလို့ ကျေးဇူးအရမ်းတင်ရပါတယ် သူငယ်ချင်းတို့ရယ်"

ကျွန်ုပ်၏နှလုံးသားမှာ ထိုသူငယ်ချင်းများလောက် မလှသောကြောင့် ကိုယ့်ကိုယ်ကိုယ်ရှက်နေမိပါတော့သည်။

အမေ့ကိုသိတတ်တော့မလိုလိုနှင့် အဖျားရှူးနေသေးသော ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ်မကျေမနပ်ဖြစ်လာ၏။

အမေလုပ်ကျွေးနေတဲ့ငါက မုန့်ဟင်းခါးချိုင့်လိုက်ပို့ရမှာ ရှက်နေတယ်။ ဘာမဆိုင်ညာမဆိုင် သူငယ်ချင်းတွေက အမေပူမှာစိုးလို့ အမေ့ခေါင်းပေါ်က ဟင်းအိုးကြီးကို တယုတယဝိုင်းကူယယ်



www.burmeseclassic.com

www.burmeseclassic.com

ချပေးကြတယ်။

ငါဘာတွေဖြစ်နေလဲ။

ငါကဘာကောင်မို့လို့လဲ။

ရေခဲရေရောင်း၊ ကုန်စိမ်းရောင်းရတဲ့ကောင်ကများ ကြီးကြီးကျယ်ကျယ်။

"သားပြန်တော့လေ အိမ်ကို"

"ရဟယ်အမေ၊ သားဒီလိုအမေ့ကို ဝိုင်းကူရောင်းပေးနေရတာပျော်လို့"

"အေး-နေ့တိုင်းချည်းဖြစ်နေတော့ ငါ့သားလေးပင်. . ."

"အမေကလည်း၊ အမေရွက်သွားတဲ့ဟင်းအိုးကြီးကို ဒီအထိရောက်အောင် သားအစွမ်းအစနဲ့ မသယ်နိုင်ဘူး အမေ။ အမေက အဲဒီပုပုကြီးရွက်ရွက်လာရတာ၊ သားက ချိုင့်လေးဆွဲရုံပဲဥစ္စာ"

မုန့်ဟင်းခါးသည်ဘဝကို ဖြတ်သန်းနေစဉ် -

အဖေ ပြန်ရောက်လာပါတော့သည်။

အဖေ။

နှစ်ပေါင်းများစွာ မိသားစုနှင့် ဝေးကွာခဲ့သောအဖေ။ သက်န်းဝတ်နှင့် မဟုတ်တော့။ လူဝတ်နှင့် ပြန်ရောက်လာပါတော့သည်။

ထိုနောက်ပိုင်း -

အမေနှင့် အဖေသည် အုန်းသီးရောင်းကြသော အုန်းသီးသည်များဘဝနှင့် နန္ဒဝန်ဈေးတွင် တစ်ကျော့ပြန်ဝင်ကြပေပြီ။

မုန့်ဟင်းခါးသည်ဘဝကို ကျောခိုင်းသွားပြန်တော့၏။

တစ်နှစ်ဟူသည် -

ဘာမှမကြာလိုက်ပါ။

အဖေသည် အုန်းသီးများကို ဆိုင်ဖွင့်ပေးခဲ့ပြီး ကျောက်စိမ်းလုပ်ရန်ဟုဆိုကာ ကချင်ပြည်နယ် ဟိုပင်ရှိ သူ၏မိတ်ဆွေများဆီ ထွက်သွားပါတော့သည်။ သုံးလခန့်ကြာမည်ဟု ဆို၏။

ထိုနှစ်သည် -

ကျွန်ုပ်အတွက် အပြောင်းအလဲအများဆုံးနှစ်ဟုဆိုရပါချေသော် -

❒

"ဟေ့ - ဝင်းသန်း၊ မင်းပြောတာသူလား"

"ဟုတ်ကဲ့"

(၁၁) ရပ်ကွက် မီးသတ်ဝင်းထဲမှ အိမ်တစ်အိမ်တွင် ဖြစ်၏။

အသားညိုညို၊ ဒေါင်ကောင်းကောင်း၊ တင်းမာခက်ထန်သောမျက်နှာနှင့် ဝင်းဝင်းတောက်နေသော မျက်လုံးပိုင်ရှင်သည် ကျွန်ုပ်ကို စိုက်ကြည့်နေ၏။ ကျွန်ုပ်မှာ သူ့အကြည့်ကိုမခံနိုင်၍ ကိုဝင်းသန်းကို စကားမရှိစကားရှာပြီးပြောနေလိုက်ပါသည်။

"ငါ့ဆရာပဲ၊ ကရာတေးသင်ပေးတာ။ မင်းသင်ချင်တယ်ဆိုလို့ငါပြောပေးတာ"

"ဟုတ်ကဲ့ ကိုဝင်းသန်း၊ သင်ချင်ပါတယ်"

"ဆရာ၊ ဒါကျွန်တော့်သူငယ်ချင်းပါ၊ ကျောင်းနေဖက်တွေပါ၊ ဆရာ့ဆီအပ်ပါတယ်"

"အေးအေး-မင်းအပ်တော့လည်း သင်ပေးရမှာပေါ့။ မင်းကစားဖူးပုံရတယ်"

"ဟုတ်ကဲ့ - အပြာအထိတော့ ကစားခဲ့ပါတယ် ဆရာ"

"အေး - ဒါဆိုဖြစ်တယ်၊ ငါ့ဆီမှာ သင်ရင်တော့ ဝင်းသန်းလို စိတ်ပိုင်းဆိုင်ရာကျင့်စဉ်တွေအများကြီးကျင့်ရမယ်"

"ဟုတ်ကဲ့၊ ဆရာခိုင်းတာလုပ်ပါ့မယ်"

နောက်နေ့မှစ၍ တရားထိုင်ရ၏။ တင်ပျဉ်ခွေ၊ ဘယ်လက်ပေါ် ညာလက်တင်ပြီး ညာလက်ပေါ်တွင် ရေထည့်ထားသော အကြွမ်းပန်းကန်တင်ပေးထား၏။စိုက်ကြည့်ရ၏။ ရေမှလွဲ၍ဘာမှ မမှတ်ခိုင်းပါ။

ညမှောင်ထဲတွင် အမွှေးတိုင်ထွန်း၍ အမွှေးတိုင်မီးကို စိုက်ကြည့်ရ၏။

လျှာကိုခေါက်၊ ဘယ်လက်ဝါးက ညာနားရွက်ကိုပိတ်၊ ညာလက်ဝါးက ဘယ်နားရွက်ကိုပိတ်ပြီး ကိုယ့်အသက်ရှူသံကို ကြာမြင့်စွာမှတ်ရသော ကျင့်စဉ်ကိုလည်း ကျင့်ရ၏။

ဆရာသည် အမာခံမသင်ပါ။စက္ကူတစ်ရွက်ကို အပ်ချည်ကြိုးနှင့် တွဲလောင်းဆွဲချည်ထားပြီး ထိုးခိုင်း၏။ စက္ကူနှင့် လက်သီးမထိမီ တစ်ထွာအလိုတွင် ရပ်ရ၏။ နေ့စဉ်ကျင့်ခိုင်း၏။

မာကီဝါရာတိုင်ထိုး၍ လက်ညှိုးနှင့်လက်ခလယ်ဆစ်များ ကွဲပြခုံးထနေသော ကျွန်ုပ်၏လက်သီးကြီးများမှာ ပြန်လည် နုပျိုသွားရပြန်ပြီ ဖြစ်၏။

အင်းစိန်သို့ မရောက်ဖြစ်တော့သည့်နောက်ပိုင်း ဆရာ့ထံတွင် ကရာတေးပညာများ ဆက်သင်ရ၏။ ဆရာ၏ လက်သီးချက်များမှာ ဝီခေါ်နေ၏။ လက်ဝါးစောင်းခုတ်လျှင် လေသံမှာ ကြောက်ခမန်းလိလိ။

ကိုဝင်းသန်းသည် ကျွန်ုပ်ထက်ပိုစောသောတပည့် ဖြစ်၏။

သူသည် လူတစ်ရပ်နီးပါး ခြေလွတ်လက်လွတ်ခုန်နိုင်သူ ဖြစ်၏။ ဆရာ လေ့ကျင့်ပေးထားသောကြောင့် သူ၏ ကန်ချက်များမှာ လူတစ်ယောက် တုံးခနဲ လဲကျသွားနိုင်၏။ သူနှင့်တွဲ၍ လေ့ကျင့်ရသောကြောင့် ကျွန်ုပ်မှာ ဖူးရောင်ထိခိုက်မှုများလှ၏။

ဆရာသည် ဗဟိုရ်ဈေးရှိသော ရပ်ကွက်မှာနေထိုင်၏။

ကျွန်ုပ်တို့နှစ်ယောက်ကို အင်းယားဂျူဘန်းကွန်းသို့ ခေါ်ခေါ်သွားပြီး လေ့ကျင့်ပေး၏။ အခြားကိုယ်ခံပညာရှင်များနှင့်လည်း လွှတ်ပေး၍ တိုက်ခိုက်စေသောကြောင့် ကျွန်ုပ်မှာ တိုက်ခိုက်တတ်သောသူဖြစ်မှန်းမသိဖြစ်လာတော့၏။ ဂျူဘန်းကွန်းသည် ကိုယ်ခံပညာရှင်အမျိုးမျိုးနှင့် ကျွန်ုပ်သတ်ရပုတ်ရသော ကစားကွင်းကြီးဖြစ်နေတော့၏။

"မင်း၊ ကိုထွန်းအောင်ကျော်စိုးဆီ ရောက်သေးလား"

"ရောက်တယ် ဆရာ၊ တစ်လတစ်ရက်၊နှစ်ရက်လောက်တော့ ရောက်တယ်"

"အေး - မပြတ်စေနဲ့။ သူက ခါးစည်းပေးထားတာဆိုတော့"

"ဟုတ်ကဲ့"

ထိုနှစ်တွင်ပင် တိုက်ခိုက်မှုများ အတွေ့အကြုံ များလာသည်နှင့်အမျှ နာမည်ကြီးပြီဆိုလျှင် သွားရောက်စိန်ခေါ် ကစားခြင်းများ စိပ်လာ၏။ တိုက်ခိုက်ရင်း တားမရဆီးမရဖြစ်လာသောစိတ်မှာ မြန်မာ့လက်ဝှေ့ထိုးချင်ခြင်းပင် ဖြစ်၏။ သို့သော် လုံးဝမထိုးတတ်ပါပေ။

အိမ်နောက်ဖေးဘက် ကားလမ်းကူးလိုက်လျှင် (၉) ရပ်ကွက်ဘက်ခြမ်းရှိ သူငယ်ချင်း ဟုတ်စွမ်နေအိမ်ရှိ၏။ ဟုတ်စွမ်တို့အိမ်တွင် ဆံပင်ညှပ်ဆိုင်ဖွင့်ထားသော မွန်တိုင်းရင်းသား ကိုလွန်းတင်နှင့် စကားစပ်မိရာမှ မြန်မာ့လက်ဝှေ့သင်ခွင့်ရ၏။ မတောက်တခေါက်သင်ပြီး မိုးကောင်းဘုရားပွဲတွင် သွားထိုးလေရာ ပထမအချီမပြီးခင် သတိလစ်သွားပြီး မနည်းနှာနှပ်ယူခဲ့ရ၏။

"မတူဘူးကွ။ မင်းတို့တတ်တာ တတ်တာပဲ၊ လက်ဝှေ့က လက်ဝှေ့ပဲ။ သတ်လုံးသတ်ကွက်စိပ်တယ်။ အဝင် (၉) ချက်၊ အထွက်(၉)ချက်ရှိတယ်။ မင်းထိုးချင်ရင် ရေနံဆီတွန်းရောင်းတဲ့ ငါ့သူငယ်ချင်း ထွန်းရီဆီမှာ ငါအပ်ပေးမယ်။ သူကထိုးဖူးတယ်၊ မွန်တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

သားပဲ"

"ဟုတ်ကဲ့ - သင်မယ်"

ရေနံဆီရောင်းသော မွန်တိုင်းရင်းသားကိုထွန်းရီထံတွင် မြန်မာ့လက်ဝှေ့သင်တန်းသားအဖြစ် ရောက်ရှိသွားပြီးသည့်နောက်ပိုင်း -

"ဟိုင်းရော. . . ပြည်သိန်းကျော်တဲ့ဟေ့။ ဘက်တူရင်လူမရွေးဘူး။ ကိုျ(ချ) မပါရင်ပြီးရော။ စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မယ့် ပြည်သိန်းကျော်တဲ့ဟေ့။ ရွာစား ဗိန်းမောင်း. . ."

မြန်မာ့ဆိုင်းဝိုင်းကြီးများနှင့် စင်ပေါ်တွင် လက်ခမောင်းတဖြောင်းဖြောင်းခတ်၍လက်ဝှေ့ရေးပြလိုက်သည်နှင့် ကျွန်ုပ်နှင့် ထိုးသတ်ချင်သူတို့ တက်လာကြတော့၏။ မြန်မာ့လက်ဝှေ့ဟန်ရေးပြသည့်အခါ မြန်မာ့လက်ဝှေ့ပညာရှင်ကြီး ဗိုကင်း (ယခု-ပေကျင်း) ပြန် ဦးဗိုလ်စိန်က အော်ပေးခြင်း ဖြစ်၏။

ကျွန်ုပ်က မြန်မာ့လက်ဝှေ့ကျော်ကြီးများကို အမြဲတမ်း ဂါရဝပြုထိုင်ကန်တော့၏။ ထိုခေတ်က ဦးဗိုလ်စိန်၊ ဦးချစ်စပယ်တို့ကို ကျွန်ုပ် အမြဲကန်တော့ပြီးမှ ထိုး၏။

ရှုံးလျှင် (၈) ကျပ်၊ နိုင်လျှင် (၁၂) ကျပ်၊ သရေကျလျှင် (၁၀) ကျပ်ရ၏။

ပွဲနှစ်ပွဲ၊ သုံးပွဲကို ဆရာလိုက်ကြည့်၍ အားပေးဖူး၏။

ဒိုင်လူကြီးများကို ထိုင်ကန်တော့ထား၍ ထိုးရင်းသတ်ရင်း ခွပ်ခနဲထိပြီး ဟက်ခနဲ ကွဲသွားသည့်အခါ သူတို့၏ လက်ဖနောင့်နှင့် ချက်ချင်းဖိပွတ်ပေး၏၊ ထွက်လာသောသွေးမှာ ဘယ်ဆီရောက်သွားမှန်းမသိ။ မူးဝေသွားပြီး စင်ပေါ်မှ ထမ်းထုတ်လိုက်ရသောအချီများလည်း ရှိ၏။ သရေကျသည်လည်းရှိ၏။ အနိုင်ရသည့်အခါ ပွဲကြည့်ပရိသတ်များတက်လာပြီးချီးမြှင့်သော ငါးကျပ်တန်ငွေစက္ကူကို ပါးစပ်မှာကိုက်၍ လက်ဝှေ့ရေးပြရသောအရသာမှာ ဘာနှင့်မှမတူ။

"ယောကျ်ား . . . ဗိန်းမောင်း . . ."

အလယ်တံခွန်တိုင် ရွှေချူးနှင့် ထိုးရသောပွဲဖြစ်၏။

ပထမအချီတွင် ဘတစ်ပြန်ကျားတစ်ပြန်ထိုးနေရာမှ သူ့အား အားရပါးရ ကန်လိုက်သော ကျွန်ုပ်၏ခြေဖမိုးမှာ သူ၏တံတောင်နှင့်ထိသွားပြီး ထောက်မရအောင် နာသွားသောကြောင့် အရှုံးပေးလိုက်ရ၏။

"အဖေရာ၊ အဖေလိုက်ကြည့်တဲ့ပွဲကျမှပဲ သားရှုံးတယ်"

"သားက တရကြမ်းဝင်တာကိုး။ ရွှေချူးက ပညာပါတယ်ကွ၊ သွေးအေးတယ်"

အဖေက တစ်ခါတစ်ခါလိုက်ကြည့်ပြီး အားပေး၏။ လိုအပ်သည်များကို အကြံပေး၏။ လွတ်ကွက်များကို ထောက်ပြ၏။ အဖေသည် ဘောက်ဆာကျွမ်းကျင်သူ ဖြစ်၏။ ကျွန်ုပ်ငယ်စဉ်က ဆိုဆုံးမသည့်အခါ အဖေ့လက်သီးတစ်ချက်မိလျှင် ဖင်ထိုင်သွားရ၏။

အဖေလိုက်ကြည့်သော နောက်တစ်ပွဲမှာ ကျွန်ုပ်၏သူငယ်ချင်း ထိုးဖော်ထိုးဖက် စောဘရှင်နှင့်ထိုးရသောပွဲ ဖြစ်၏။

လေးချီတိုင်တိုင်ထိုးသတ်ရသောပွဲဖြစ်၏။ စောဘရှင်သည် တုတ်ခိုင်သန်စွမ်းသူဖြစ်သောကြောင့် တော်ရုံနှင့်ဖြိုမရ။ ကရာတေးပညာတွင် 'ဂေဒန်းရိုက်သည်' ဟု ခေါ်သော အောက်ခြေပိုင်းကို ဝိုက်ဖြတ်ကန်ခြင်းတွင်တွင်သုံးရ၏။ ပြီးမှ ဒူးဆစ်တွေကိုကန်လိုက်၊ ညှို့သကျည်းကို ကန်လိုက်နှင့် ဖြိုရ၏။ စောဘရှင်နှင့်ပွဲမှာ ကျွန်ုပ်မျက်ခုံးကွဲသွား၏။ ဒိုင်လူကြီးလက်နှင့်ပွတ်ပေး၍ သွေးတိတ်သွားပြီး ပြန်ထိုးခွင့်ရ၏။ ပွဲတွဲသရေကျသွားပါသည်။

ကိုယ်ခံပညာများကို ဝါသနာပါလွန်းပြီး ကရာတေးကစားရာမှ မြန်မာ့လက်ဝှေ့ပညာကို မြတ်မြတ်နိုးနိုး သဘောကျလွန်း၍စင်ပေါ်တက်ထိုးခဲ့သော်လည်း ထဲထဲဝင်ဝင်မတတ်ခင်ထိုးခဲ့ခြင်းကြောင့် အထိနာ၏။ မြေပြင်တွင် သတ်ပုတ်ရသည်နှင့်မတူ။ စင်ရှိန်၏။ ကြိုးဝိုင်းထဲရောက်သည်နှင့် တားမြစ်ထားသော စည်းကမ်းများကို အလေးထားရ၏။ ထို့ကြောင့် လက်ဝှေ့ပညာကို ထိုးရင်းနှင့် သင်ယူခဲ့ရပါသည်။ ထိုးရင်းထိုးရင်း ဝင်တတ်၊ ထွက်တတ်လာခြင်း ဖြစ်၏။

ကုန်းဘောင်လမ်းမကြီးတွင် နေထိုင်သော မြန်မာ့ရိုးရာလက်ဝှေ့နှင့်သိုင်းပညာရှင်ကြီး 'ဘကြီးမျှင်'။

တစ်နေ့ ကေတုမတီလမ်းထဲရှိ သူငယ်ချင်းအိမ်ခြံထဲတွင် မြန်မာ့လက်ဝှေ့အပျော်ထိုးသတ်နေစဉ် ဘကြီးမျှင်လာရပ်ကြည့်၏။

သူ့ကိုကြည့်ရသည်မှာ တိုင်းတစ်ပါးသားများရှေ့တွင် ဝါးပိုးဝါးကို ဖြန်းဖြန်းကွဲအောင်ထိုးပြခဲ့သော မြန်မာ့လက်ဝှေ့ကျော်ကြီးတိုးလုံနှင့်တူလှသည်ဟု ကျွန်ုပ်အလွန် သဘောကျစွာ ကြည့်နေမိ၏။ အလွန်ဒေါင်ကောင်းလှပြီး တုတ်ခိုင်သန်စွမ်းသောခန္ဓာပိုင်ရှင် ဘကြီးမျှင်သည် ဆေးတံကို ဟန်ပါပါခဲ၍ ခါးထောက်ရင်း ကျွန်ုပ်ကို အကဲခတ်နေ၏။ ရှမ်းဘောင်းဘီကြီးနှင့်။

"မင်း စင်ပေါ်ထိုးဖူးတယ်မဟုတ်လား။ မင်းထိုးပုံက အတွေ့အကြုံရှိထားတဲ့ပုံပဲ။ အဝင်၊ အထွက်ကောင်းတယ်"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော်ထိုးဖူးပါတယ်"

"ဘယ်မှာသင်လဲ"

"ဒီထိပ်က ဆံပင်ညှပ်တဲ့ ကိုလွန်းတင်နဲ့ ရေနံဆီတွန်းရောင်းတဲ့ ဆရာကိုထွန်းရီဆီမှာပါ"

"ဪ - ဟိုပုပုနဲ့မွန်လား"

"ဟုတ်ကဲ့ - နောက်ပိုင်းကတော့ ထိုးရင်းနဲ့ပဲတတ်လာတာပါ"

"ကြားပွဲပဲလား"

"ဟုတ်ကဲ့ - ကြားပွဲပါ"

"အေးပေါ့၊ ကြားပွဲပဲရမယ်။ မင်းပုံက ဖြူဖြူနွဲ့နွဲ့နဲ့မင်းသားဂိုက်ဖြစ်နေတော့ အလံသွားလုရင်ကျိုးပဲ့သွားမယ်"

"အလံလုတဲ့အထိတော့ မထိုးရဲဘူး အဘ"

"အေး၊ အေး - မင်းလွတ်နေတာလေးတွေ ငါပြမယ်၊ လာ-ငါ့ကိုထိုးစမ်း"

ကျွန်ုပ်က အဘအား လက်အုပ်ချီ၍ မတ်တတ်ကန်တော့လိုက်ပြီး စတင်ထိုးတော့၏။

"ထိုး"

"ဖြောင်း"

"ထိုးစမ်း"

"ဖောင်း၊ ဖြောင်း"

"ကန်စမ်း"

"ဖောင်း ဖောင်း"

အဘမျှင်၏ အော်သံဟစ်သံ ကြီးဝါးသံကြောင့် ကျွန်ုပ်မှာ အားတက်လာပြီး အတင်းဝင်ထိုး၊ အတင်းဝင်ကန်လုပ်၏။ အဘကသာသာလေးပုတ်ဖယ်၏။ အားနှင့်ဝင်လျှင် ကျွန်ုပ်အားနှင့် ကျွန်ုပ်ပိုခံရ၏။ အဘမှာ ဆေးတံသောက်မပျက် ပုတ်ဖယ်ပြသွားပြီး -

"ဒီမှာ"

"အား"

"ဒီမှာ"

"အား-နာတယ်အဘ၊ နာတယ်"

ကျွန်ုပ်၏ဦးခေါင်းကို သူ၏လက်ကြီးနှစ်ဖက်နှင့် ဆုပ်ကိုင်၍ လက်မကနားထင်နှစ်ဖက်ကို တအားပွတ်လေရာ ကျွန်ုပ်မှာ ငယ်သံပါအောင် အော်လိုက်ရ၏။ နားထင်မွေးများပြောင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com

သလားပင် အောက်မေ့ရ၏။

နောက်ပိုင်း အဘထံတွင် မြန်မာ့လက်ဝှေ့ကွက်များ သင်ရပြန်၏။ အဘထံရောက်မှ ပေါင်တွင် ကျားခါးပြတ်ဆေးထိုးခွင့်ရ၏။ လက်ဝှေ့ပညာရပ်များသာမက ငယ်ငယ်က ဒေါ်လေးမညွန့်စိန်တို့ထံတွင် မသင်ခဲ့ရသော မြန်မာ့သိုင်းကိုပါသင်ရတော့၏။ တစ်မိုးလုံးသင်ခဲ့ပြီး တုတ်ကြမ်း၊ ဓားကြမ်းကို (၁၂) ကွက်ထိ ရိုက်နိုင်ခဲ့၏။

ထိုနှစ်များက ပညာရှင်ပေါင်းစုံနှင့် တွေ့ရ၏။

မိုးကောင်းဘုရား မြန်မာ့လက်ဝှေ့ပွဲသို့ အဘကိုယ်တိုင်လိုက်ကြည့်၏။ စင်ပေါ်တက်ခါနီး အဘကိုထိုင်ကန်တော့ပြီးမှ ပေါ့ပေါ့ပါးပါးတက်သွား၏။

ထိုနေ့က မှတ်မှတ်ရရ ကျွန်ုပ်လက်ဝှေ့ရေးပြ၍စင်ပေါ်တက်လာသော လူမျိုးခြားနှင့် ထိုးသတ်ရသောပွဲ ဖြစ်၏။

ထိုသူမှာ လက်သီးအတော်မြန်လှ၏။ စလွှတ်ဟော့ဆိုကတည်းက ကျွန်ုပ်၏မျက်နှာပေါ်သို့ လက်သီးများမိုးရွာသလို တရစပ်ကျလာပြီး ကျွန်ုပ်မှာ ဖင်ထိုင်လဲကျသွား၏။ သွေးတော့မထွက်။

သူ၏သတ်ကွက်ကို သိလိုက်ပြီဆိုသည်နှင့် ခွာထိုးထိုးတော့၏။ အကပ်မခံတော့။ တဖြည်းဖြည်းနှင့် အောက်ပိုင်းကိုတဖြောင်းဖြောင်းကန်၍ဖြိုရတော့၏။ သူ၏ညို့သကျည်းများကို ခြေဦးဖြင့်ဆောင့်ဆောင့်ကန်သည့်အချက်များလာချိန်တွင် ထိုသူမှာ တဖြည်းဖြည်းနောက်ဆုတ်သွားတော့၏။

ဒုတိယအချီတွင် အတင်းဝင်ထိုးသော သူ့အား အဘသင်ထားသည့်အကွက်နှင့် လုံးဖက်၍ဒူးခံပြီးလှဲချလိုက်ရာ သူက ပက်လက်အကျ ကျွန်ုပ်၏ဒူးက သူ့ရင်ဝကိုဖိချလိုက်သလိုဖြစ်သွားပြီး ထိုသူမှာ သတိလစ်သွားတော့၏။

"ပြည်သိန်းကျော် လက်ဝှေ့ရေးပြပါ"

လက်ခမောင်းကိုတဖြောင်းဖြောင်းခတ်၍ လေးကင်းပြသောဆိုင်းသံနှင့်အညီ မြန်မာ့လက်ဝှေ့ရေးပြနေစဉ် အဘကို လှမ်းမြင်နေရ၏။ ဆေးတံကြီးခဲပြီး ခါးထောက်ရပ်ရင်း ပြုံးကြည့်နေ၏။

"နင်ဟာလေ၊ အဲဒါ ဟိုဘဝက ကြက်တိုက်တဲ့ ကြက်သမားဖြစ်ခဲ့လို့။ ဘာမှတ်လဲ"

မနက်မိုးလင်းလျှင် ချက်ချင်း မျက်နှာသစ်၍မရ၊ ဇလုံထဲကို ရေနွေးထည့်အအေးခံပြီးမှ ဂွမ်းစနှစ်၍ မျက်နှာပေါ်တဖြည်းဖြည်းအုပ်ရ၏။ ဖူးရောင်နေသောကြောင့် အထိမခံနိုင်။ အမေက တွင်တွင်ဆူ၏။

"ဘယ့်နှယ်တော်၊ ဘာတွေမှန်းမသိဘူး၊ တစ်ခါလာလည်း ထိုးဟဲ့ကြိတ်ဟဲ့နဲ့ အိမ်ကဖအေကလည်း ဆုံးမမလားမှတ်တယ်၊ သူကိုယ်တိုင်လိုက်ကြည့်သတဲ့တော်"

အမေတော်တော်ဆူ၏။ အဖေက မသိချင်ယောင်မကြားချင်ယောင်ဆောင်နေ၏။ ကျွန်ုပ်က အသံပင်မထွက်ရဲ။

သူငယ်ချင်းများရှိရာ ခဝဲခြံတွင်လည်း အပျော်ထိုးဖူး၏။

မှတ်မှတ်ရရ ပွဲကြီးအဖြစ် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပသော ကျိုက္ကဆံကွင်းကြီးတွင် ထိုးခဲ့ဖူး၏။ ထိုစဉ်က ဗဟိုရုပ်ရှင်လာရိုက်၏။ အနိုင်ထိုးနိုင်၍ ငွေ (၂၅) ကျပ်ရခဲ့ဖူး၏။

မြန်မာ့လက်ဝှေ့ကို ချစ်လွန်း၍၊ မြတ်နိုးလွန်း၍ (၂) နှစ်အတွင်း ပွဲပေါင်း (၁၅) ပွဲကျော်ကျော်ထိုးခဲ့ပြီးသော်လည်း ကိုယ့်ကိုယ်ကိုယ်လှုလှုပပနေတတ်သောကြောင့်လားမသိ ကရာတေးသမား၊ လက်ဝှေ့သမားဘဝမှ -

"ညီလေး၊ မင်းရုပ်ရှင်ရိုက်မလား"

"အစ်ကိုနဲ့လား"

"အေးပေါ့"

"အစ်ကို့သူငယ်ချင်းအခန်းကဆိုရိုက်မယ်လေ။ လူဆိုးခန်းတော့မရိုက်ချင်ဘူး"

"အစ်ကို့သူငယ်ချင်းအခန်းကပေါ့ကွ။ ဇာတ်လမ်းက ရုပ်ရှင်လက်မှတ်မှောင်ခိုရောင်းကြတာလေ။မင်းက ဦးဆုံးအဲဒီအလုပ်မလုပ်တော့ဘဲ ကောင်းကောင်းမွန်မွန်အလုပ်ဝင်သွားပြီး အစ်ကို့အတွက်ပါ အလုပ်ရှာပေးတဲ့ သူငယ်ချင်းအခန်းက"

"အိုကေ - ဖြစ်ပါ့မလားမသိဘူး၊ မလုပ်ဘူးတော့"

"ဟိုနေ့က အိမ်လာတာ အဲဒါဒါရိုက်တာလေ။ ညီလေးဂစ်တာထိုင်တီးပြီးသီချင်းဆိုနေတာမြင်သွားတော့ မင်းညီ ရုပ်ရှင်ရိုက်မလားမေးကြည့်ပေးပါဆိုလို့"

အမေ့တူတော်သူ ကိုမျိုး ဖြစ်ပါသည်။

သူသည် ကျွန်ုပ်နှင့် လာနေပြီး ရုပ်ရှင်ရိုက်၏။

ယခု သူပြောသောဇာတ်ကားမှာ သုခမ္မာစာရီရုပ်ရှင်မှ ရိုက်ကူးခဲ့သော 'အလင်းရောင်' ဇာတ်ကား ဖြစ်၏။

ရုပ်ရှင်ကင်မရာကြီးများရှေ့ဆီသို့ ရောက်ရပြန်ပါပြီ။

မလုပ်ဘူးသည်များ လုပ်ရသော်လည်း ကျွန်ုပ်မှာ စိတ်ဓာတ်ရဲရင့်၍ ခပ်တည်တည်လုပ်ဖြစ်၏။

အခန်းပေါင်းများစွာရိုက်ကူးခဲ့ရသော်လည်း ဆံပင်ကြီးရှည်သည့်အခန်းအားလုံး ဆင်ဆာဖြတ်ခံခဲ့ရသောကြောင့် ကျွန်ုပ်၏ အခန်းများမှာ (၁၅) ခန်းခန့်သာ ပါတော့၏။

(ထိုစဉ်က နေပြည်တော်လား၊ ရွှေဆောင်လား မမှတ်မိတော့ ရုံတင်ပြသွားခဲ့ပါသည်။)

(ထိုမင်းသားကိုမျိုးမှာ ယခု နိုင်ငံကျော် ဗီဒီယိုဇာတ်လမ်းများ ဇာတ်ညွှန်းများရေးနေသော ကြို့ပင်ကောက်စိုးခန့်ပင် ဖြစ်ပါသည်။

အစ်ကိုသည် အနုပညာကို အလွန်ချစ်သူဖြစ်သောကြောင့် ယခုထိ အနုပညာနှင့်ပင် ရှင်သန်ရပ်တည်နေ၏။ အလွန်မှ အေးချမ်း၏။ သူဒေါသဖြစ်သည်ကို မတွေ့ဘူးပါ။)

ရုပ်ရှင်ရိုက်ခဲ့ဖူးသူဖြစ်၍ ကရာတေးကလပ်တွင်လည်း မျက်နှာပွင့်လှ၏။

အင်းစိန်တွင် သွားရောက်မကစားအားတော့၍ ဆရာ၏ အကြံပေးချက်အရ စဉ်ဆက်မပြတ် လေ့ကျင့်နိုင်ရန် ရန်ကင်း ကျောက်ကုန်း 'ဘန်ဇိုင်းကလပ်' တွင် ဆက်ကစားဖြစ်၏။

အဘထံတွင်တုတ်ကြမ်း၊ဓားကြမ်း သင်ရင်း ဓားရေး (၃၇) ချင်း အခြေခံသင်ရင်း ကရာတေးကစားရင်းနှင့် အချိန်တို့ တရွေ့ရွေ့ကုန်မှန်းမသိကုန်လာခဲ့တော့၏။

"ဘိုစိန်၊ ကျိုက္ကဆံဘုရားမှာ ကြွေရိုက်ဟောတဲ့ဆရာကျော်ဆိုတာရှိတယ်။ သွားကြည့်ရအောင်"

"ကောင်းသားပဲ"

ကျွန်ုပ်၊ ဘိုစိန်၊ ကိုမျိုးမြင့် သုံးယောက်သား ကျိုက္ကဆံဘုရားရှိ သူရဿတီမယ်တော်ကြီး ပုံတော်ဘေးတွင် ကြွေရိုက်၍ဗေဒင်ဟောသော နတ်ထိန်းဆရာကျော်ထံရောက်သွား၏။

ဆရာကျော်မှာ အမရပူရ ဗောင်းဆောင်းဘွဲ့ရထားသူဖြစ်၍ (၃၇) မင်းနှင့်ဆိုင်သမျှ အတော်ပညာရခဲ့၏။ အတော်ဗဟုသုတရခဲ့၏။

ကြွေရိုက်ဟောလျှင်မှန်သလောက် အပူးအခွာလည်း အလွန်ညက်သော[illegible] ကျွန်ုပ်တို့က သူ့အား အစ်ကိုဟု[illegible]၏။




www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ ဆရာခေါ်ဖြစ်၏။

"ဆရာ၊ ပူးတာတကယ်လား။ လူစိတ်ပျောက်လား"

"ဟယ် - ဒီကောင်လေးရှာရှာဖွေဖွေမေးတယ်။ ကြွတော့ကြွလာတာပေါ့ဟဲ့ အငွေ့ပေါ့။ ကျန်တာတော့ နှုတ်ပဲစီးတာပေါ့။ လူစိတ်ကတော့ ဘယ်ပျောက်မလဲ"

သည့်နောက်တွင်တော့ -

"စိန်တစ်ပင်၊ မြတစ်ပင် ဘိုးတော်ကြီးပါဘုရား။ လက်ဝဲ ကိုးသိန်း၊ လက်ယာကိုးသိန်း ခြံရံပြီးတော့ ဒီ. . . နေ့သားလေးရဲ့. . ."

ပူးခြင်းခွာခြင်းများကို အနီးကပ်လေ့လာခွင့်ရပြီ ဖြစ်၏။

ဆရာကျော်သည် ဟောချက်မှန်လွန်း၍ ပ,သပုံ စနစ်ကျလွန်း၍ ပွဲတော်တော်များများလက်ခံရ၏။ လူချစ်လူခင်ပေါ၏။ သူ့တွင် မွေးစားသား ကိုမောင်မောင်ရှိ၏။ ကျွန်ုပ်တို့နှင့်အလွန်ခင်၏။

ပထမဆုံး စတင်လိုက်ရသော သောက်ပွဲကျင်းခြင်းမှာ ကိုငယ်၊ မကျင်မြိုင်တို့အိမ်တွင် ဖြစ်၏။ ကျိုက္ကဆံဘုရားကြီးအနီး ကျောက်စာတော်ဘုရားဘေးမှ ရပ်ကွက်တွင် ဖြစ်၏။

စားပွဲကြီးပေါ်တွင် စားကောင်းသောက်ဖွယ်များစုံနေအောင် ခင်းကျင်းထားပြီး ဆရာကျော်ကပူးခြင်း ဖြစ်၏။ မကျင်မြိုင်ပါပူး၏။ အရက်များတိုက်၍ ကြက်ကြော်များကျွေးသည့်အခါ ဘိုစိန်နှင့် ကျွန်ုပ်က အသားမစား၍ရှောင်၏။ ကိုမျိုးမြင့်ကစား၏။ ကိုငယ်တို့သည် ဘိုစိန်အား သမာဓိစမ်းသည်ဆိုပြီး အရက်အတင်းတိုက်ရာ ဘိုစိန်သည် အရက်ဖန်ခွက်ကြီးကို ကိုင်မြှောက်၍ ဘာကိုတိုင်တည်လိုက်သည်မသိ တိုင်တည်လိုက်ပြီး တဂွပ်ဂွပ်နှင့်သောက်ပြ၏။ ဖန်ခွက်ကြီးသာ ကုန်သွားသည်၊ အာမီရမ်သည် ဘိုစိန်ကို မည်သို့မျှ မူးအောင်မလုပ်နိုင်မှန်း ကိုငယ်တို့ တအံ့တသြတွေ့ရ၏။ ကျွန်ုပ်ပင်လျှင် အံ့သြသွား၏။

တစ်ကြိမ်၊ နှစ်ကြိမ် 'သောက်ပွဲကျင်း' အတွေ့အကြုံများရလာခဲ့ပြီးနောက်ပိုင်း -

"ညီလေး"

"ဗျာ - ကိုမျိုး"

"မင်မလာတဲ့နေ့က ကိုငယ်တို့အိမ်မှာ အင်္ဂုဝက ပူးတာလှတယ်ကွ၊ မာန်အပြည့်ပဲ"

"ဟုတ်လား"

"ဟုတ်တယ်၊ မနက်ဖြန် ကိုငယ်တို့မိတ်ဆွေအိမ်မှာ သောက်ပွဲကျင်းရှိတယ်"

"လိုက်မယ်လေ"

ခမ်းနားစွာ ပြင်ထားသော စားပွဲကြီးနှင့် ပွဲများရှေ့တွင်ထိုင်ရင်း ဆရာကျော် ဘုရားဝတ်ပြုနေ၏။ အထက်ပုဂ္ဂိုလ်ကြီးများကိုလည်း ဝတ်ပြုနေ၏။ ပြီးမှ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း တစ်မင်းမကျန်ပင့်ပါတော့သည်။

"အုန်း . . . ဝုန်း"

ကျယ်လောင်သော အသံကြီးကြောင့်လှည့်ကြည့်လိုက်ရာ အင်္ဂုဝက ဝင်ပူးနေသူ ဖြစ်ပါသည်။ အလွန်လှ၏။ မသိလျှင် ဇာတ်ထဲမှလူတစ်ယောက် ဘီလူးကကနေဟန်နှင့်တူ၏။ ကြမ်းပြင်ကိုထိုးလိုက်သော လက်သီးချက်မှာ တော်တော်ပြင်း၏။

"ငါ့ကိုမယုံရင် ငါခုန်မယ်"

"မခုန်ပါနဲ့ အဘိုး၊ ယုံပါတယ်"

"ငါခုန်မယ်"

"မခုန်ပါနဲ့၊ တောင်းပန်ပါတယ်"

ကျွန်ုပ်က ထိုပုဂ္ဂိုလ်ကို စိုက်ကြည့်ပြီး အခြေအနေကို အကဲခတ်နေ၏။ ဘိုစိန်နှင့် ကိုမျိုးမြင့်က ကျွန်ုပ်ကို အကဲခတ်နေကြ၏။ ဆရာကျော် ဘယ်လိုတောင်းပန်လိုက်သည်မသိ ထိုဝုန်းဒိုင်းကြကြီးစွ ပြီးသွားပါသည်။ အိမ်ရှင်များရော ဧည့်သည်များပါ တစ်လှည့်စီပူးကြသည်မှာ နာရီပြန်နှစ်ချက်ဖြစ်သွား၏။

ဆရာကျော်၏ ကျော်ကြားသော ပူးကွက်မှာ ကျားဝင်ခြင်း ဖြစ်ပါသည်။ ကျားဝင်လာပြီဆိုလျှင် လေးဖက်ထောက် ရပ်လျက် ခါးကို ကြိုးချည်ထားရ၏။ သက်ဆိုင်ရာပွဲမှ အုန်းသီးကို ပြေးချီပြီး ရှေ့လက်နှစ်ဖက်နှင့်ပေါက်ခွဲ၊ ပါးစပ်နှင့်ကိုက်ခွာပြုလုပ်ရင်း အုန်းသီးအစိတ်စိတ်ကွဲသွားသည်ကို အံ့သြစွာ တွေ့ရ၏။ မျက်နှာကြီးမှာ ဘယ်လိုကြီးမှန်းမသိ မေးချင်းတဂွပ်ဂွပ်ရိုက်နေ၏။ သူ့ကိုဘေးမှ ကြည့်နေသော သူ့သား မောင်မောင်သည် တစ်ခါတစ်ရံ နောက်ထပ်ကျားဝင်ပြန်၏။ ထိန်းမရ။

သူ ကျားဝင်ပုံမှာ အတော်ကြမ်း၏။ နောက်ကျွမ်းများပင်ပစ်၏။

ဆရာကျော်နှင့် အလွန်မှ ရင်းနှီးရုံမက ကျွန်ုပ်တို့ကပါ အမေဟု ချစ်စနိုးခေါ်သော ကနားစီးအမေသန်းမှ မနည်းချော့ရ၏။ အမေသန်းချော့မှ ရ၏။ ကိုမောင်မောင်ကျားဝင်ပုံမှာ ကြောက်စရာကြီးဖြစ်၍ ကျွန်ုပ်တို့ (၃) ယောက် ခပ်ရှောင်ရှောင်နေ၏။

(အမေသန်းကို နတ်ပိုင်းဆိုင်ရာယုံကြည်ပ,သကြသောပုဂ္ဂိုလ်တော်တော်များများသိကြပါသည်။ သူ့နေရာနှင့်သူ အစွမ်းထက်သူဖြစ်၏။ နယ်တော်တော်များများတွင် ကနားပွဲကြီးများဦးစီးကျင်းပနိုင်သူ ဖြစ်၏။ ကနားပွဲပေးနေစဉ် မဏ္ဍပ်အပြင်ဘက်မှ ရပ်ကြည့်နေသူများအား တစ်ချက်ကြည့်လိုက်ပြီးပူးပြလိုက်သည်နှင့် တစ်ခါမှ မပူးဘူးသူများ အတင်းတိုးဝေ့ဝင်လာပြီး ပူးကြကြသည်ကို မျက်မြင်တွေ့ခဲ့ဖူးပါသည်။ အမေသန်း ပယောဂကုသည်ကိုလည်း မြင်ခဲ့ဖူး၏။ အမေသန်းကဲ့သို့ အစွမ်းထက်သော ကနားစီးအမေတစ်ဦးကိုလည်း မြင်ခဲ့ဖူးပါသည်။

(၇) ရပ်ကွက်လမ်းမကြီးမှ အိမ်တစ်အိမ်တွင် ကနားပေးစဉ်က ဖြစ်၏။ ထိုစဉ်က အမေရေယဉ်ကချိန် ဖြစ်၏။ ကနားထဲမှ တစ်ဦးသည် ဝတ်စုံဝတ်၍ ကျားအသွင်ဝင်က,ပါသည်။ ထိုအမေသည် ဓားနှစ်လက်ကို ဟန်ပါပါကိုင်ရင်း -

"ဟေ့ - ဒါအမေ့ကျားမဟုတ်ဘူး၊ အမေ့ကျားက ဟိုထဲမှာရောက်နေပြီ"

ဟု လူအုပ်ထဲကို ဓားဦးဝင့်ပြလိုက်လေရာ -

"ဟဲ့ဟဲ့ - အမလေးလုပ်ကြပါဦး"

ဟူသောအသံများ အုန်းအုန်းထသွားပြီး လူတွေရုတ်ရုတ်သဲသဲဖြစ်နေရာ ထိုအမေသည် ကြမ်းပြင်ကို ဓားဦးနှင့် လက်ပြန် ဆတ်ခနဲ ထောက်လိုက်၏။ ဝုန်းခနဲ ကျွမ်းပစ်ဝင်လာသူမှာ (၁၆) နှစ်ဝန်းကျင်ခန့်ရှိ မိန်းကလေးငယ်လေး ဖြစ်၏။ တစ်ကိုယ်လုံး ဆိုးဆိုးဆတ်ဆတ်တုန်ပြီး မေးချင်းတဂွပ်ဂွပ်အဖျားတက်သလိုရိုက်နေပြီး လေးဖက်ထောက်နေရာ ကြိုးများဝိုင်းချည်ပေးရ၏။

"ဒါမှအမေ့ကျားဟေ့၊ ဟေ့ - ရှာစား"

ပြောပြောဆိုဆိုနှင့် ထိုကလေးမလေးကျောကုန်းပေါ် ခွေ့ခနဲ ဘေးတိုက်တက်ထိုင်လိုက်ရာ ပူးနေသောကျားမှာ ဘယ်ပညာယိမ်း၍ ဟန်ပါပါကလေတော့၏။ အမေက ကျားပေါ်ထိုင်ရင်း ဓားနှစ်လက်ကို ဝင့်ကာဝင့်ကာကနေသည်မှာ ပွဲကြည့်ပရိသတ်များ လက်ခုပ်ဩဘာသံ ညံမစဲတော့ပါ။

(၁၀) မိနစ်ခန့် ကပြီးမှ ကျားမှာလဲသွားပြီး ကလေးမလေး သတိဝင်၍ ဟိုကြည့်ဒီကြည့်ကြည့်နေရင်း ရှက်သွေး



www.burmeseclassic.com

www.burmeseclassic.com

၍ရှိုက်ကြီးငင်ကြီးငိုလေရာ တော်တော်များများဝိုင်းချော့ရ၏။ ပြီးမှ သူလွတ်ကျသွားသော ချိုင့်လေးကိုကိုင်ရင်း ပြန်ထွက်သွားတော့၏။ လက်ဖက်ရည်ထွက်ဝယ်ရင်း ရပ်ကြည့်နေရာမှ ဝင်ပူးခြင်းဖြစ်ပါသည်။ မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ရသော အံ့မခန်းများ ဖြစ်၏။)

"သူက အာဋ္ဌာဝကအရမ်းပူးတယ်။ လက်သီးလက်မောင်းကြီးတွေတန်းပြီး ဝုန်းဒိုင်းကြဲတော့ သောက်ပွဲကျင်းရတာ စိတ်ဆင်းရဲတယ်။ ပြီးတော့ တော်တော်နဲ့မထွက်ဘူး"

နောက်တစ်ကြိမ် သောက်ပွဲကျင်းသည်မှာ ကျိုက္ကဆံသချိုင်းဘေးနားမှ အိမ်တွင်ဖြစ်၏။

"အုန်း. . . ဝုန်း"

"ငါ့ကိုမယုံရင် ငါခုန်မယ်"

ဖြစ်လာပြန်၏။

ကျွန်ုပ်က နေရာထောင့်ရွေး၍ ထိုင်လိုက်၏။ ကျူးကျော်ရပ်ကွက်ဖြစ်ပြီး သူတို့နေရာဖြစ်နေ၍ ရုန်းရင်းဆန်ခတ်ဖြစ်လျှင် ဘယ်အပေါက်က ဘယ်လိုထွက်ရမည်၊ ဘယ်နားမှာထမ်းပိုးရှိသည်၊ ဘယ်နားမှာ ဝါးလုံးရှိသည်၊ ချိတ်ရှိသည် ကအစ မျက်စိကစားထားလိုက်၏။ဘိုစိန်နှင့် ကိုမျိုးက ကျွန်ုပ် အကဲကိုခတ်နေ၏။ တော်တော်ကြာသော် တိုင်ပင်ထားသည့်အတိုင်း ကိုမျိုးကို မျက်စပစ်ပြလိုက်ရာ -

"ခွန်သာကွ၊ ဟိတ်"

ပွဲပေါ်မှ ငှက်ကြီးတောင်ဓားနှစ်လက်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး ဟန်ပါပါ သိုင်းကွက်နင်းလိုက်သူမှာ ကိုမျိုးဖြစ်၏။ ပြီးမှ ထိုင်ချလိုက်ပြီး ဓားနှစ်လက်နှင့် တဝှီးဝှီးကနေပါတော့၏။

(ကိုမျိုးမှာ မြန်မာ့ဓားရေးကို ကောင်းကောင်းကစားနိုင်၏။)

ကိုမျိုး ဝုန်းဒိုင်းကြဲလိုက်သည်နှင့် အာဋ္ဌာဝကပူးနေသူမှာ ဟိုယောင်ယောင်ဒီယောင်ယောင်ကြည့်ပြီး ဘာမှမဖြစ်တော့သလို ငြိမ်သွား၏။ မလှုပ်တော့။ ဤလိုမျိုး နှစ်ပွဲခန့်ကြုံပြီးနောက်ပိုင်း ထိုသူမှာ ကျွန်ုပ်တို့ရှေ့တွင် မပူးတော့၊ ကျွန်ုပ်တို့ (၃) ယောက်နားကပ်လာ၏။

"ခင်ဗျား၊ မပူးတော့ဘူးလား"

"ဟုတ်တယ်၊ မပူးတော့ပြန်ဘူး"

"အေးဗျာ၊ ကျွန်တော်တို့ကလည်း စမ်းမလို့"

"ဘယ်လိုစမ်းမှာလဲ"

"ဒီလိုပူးနိုင်တဲ့သူဟာ မျက်စိထဲကို ငရုတ်သီးကုလားအော်သီးဖျော်ပြီး မျက်စဉ်းခတ်ရင်တောင်ဘာမှမဖြစ်ဘူးတဲ့ဗျ။ အဲဒါ ဒီတစ်ခါ ခင်ဗျားပူးရင် ကျွန်တော်တို့ (၃) ယောက် ငရုတ်သီးဖျော်ခတ်မလို့ စီတောင်စီစဉ်ထားပြီးပြီ"

"ဟား - မလုပ်ပါနဲ့ကွာ၊ မင်းတို့ကလည်း ကြံကြံဖန်ဖန်"

ရယ်ကြကြနှင့်ပြောနေသော်လည်း သူ့မျက်လုံးမှာ ကြောက်ရွံ့နေမှန်း ကျွန်ုပ်သိနေ၏။ ဘိုစိန်ကလည်း စက္ကူအိတ်ထဲမှ ကုလားအော်သီးများကို ထုတ်ပြ၏။

"ကျွန်တော်တို့က ပုဂ္ဂိုလ်ကို ယုံတယ်။ ဘယ်လိုပုဂ္ဂိုလ်ကိုမဆို ယုံတယ်၊ မယုံမကြည် ဘယ်တော့မှမလုပ်ရဲဘူး။ လုပ်လည်းမလုပ်ဘူး။ အဲ - လူကိုတော့ မယုံဘူးဗျာ။ ပူးနေတဲ့လူဆိုရင် ယုံကိုမယုံတာ။ ပြောလက်စနဲ့ ပြောရဦးမယ်။ အဲလိုပဲ ပူးပြီးမခွာနိုင်ဖြစ်နေတဲ့လူကို ကျွန်တော်တို့ သုံးယောက် ဝိုင်းချုပ်ပြီး ငရုတ်သီးရည်ခတ်ထည့်တာ ကျွန်တော်တို့ပဲ မနည်းပြန်ကုပေးရတယ်ဗျာ။ သူလည်း အော်လိုက်တာမှ အသံကိုပြာနေတာပဲ။ ကံကောင်းလို့ မျက်လုံးတွေပေါက်မထွက်တယ်။ ဘယ့်နှယ်-မထွက်နိုင်ဘူး။ တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ ပစ္စည်းတွေပေါက်ခွဲ၊ ပန်းကန်တွေပေါက်ခွဲနဲ့ ဘယ်သူမှလဲထုတ်လို့မထွက်ဘူး။ သုံးယောက်သား တိုင်ပင်ပြီး အဲလိုချတော့မှ ထွက်ရောဗျို့။ နောက်ပိုင်း ပူးကိုမပူးရဲတော့တာ"

စကားပြောရင်း ထိုသူကို အကဲခတ်နေ၏။ မျက်နှာပုံစံမှာ ကျွန်ုပ်တို့ရှေ့တွင် ဘယ်တော့မှ ပူးတော့မည်မဟုတ်သောအသွင်သို့ပြောင်းသွား၏။ တကယ်လည်း မပူးတော့။

ကျွန်ုပ်တို့(၃)ယောက်သည် ကနားစီးဆရာကျော်အနီးတွင် (၁၇) မင်းနှင့် ပတ်သက်သော ဗဟုသုတများကိုယူကြ၏။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါသွား၏။ တစ်ခါတလေ ရက်ဆက်သွား၏။ သောက်ပွဲကျင်းရှိသောညများ ဆိုလျှင် အိမ်ပြန်မအိပ်ကြ။

တစ်နှစ်သာသာခန့်တွင် ဆရာကျော်ထံလာလည်သော ဆရာကြီးတစ်ဦးနှင့် ခင်မင်ကြပြန်၏။

ဆရာကြီး၏အမည်မှာ ဦးသောင်းဖြစ်ပြီး ရှမ်းစပ်သောသူဟု သူကိုယ်သူပြော၏။ ဒေါင်ကောင်းပြီး ဓားနှစ်လက်ကို လုံအောင်ကစားနိုင်သော ဆရာကြီးလည်း ဖြစ်၏။

"ဟော့ - မင်းတို့ ထိုးလို့မကွဲတာလက်တွေ့ပြမယ်ကြည့်"

သူ၏ညာလက်ထဲတွင် ထုံးသုံးလုံးကို ငရုတ်ကောင်းစေ့အရွယ် လုံး၍တင်ထားပြီး -

"ဦ - ဗုဒ္ဓမာတုဇိန်၊ ဓမ္မမာတုဇိန်၊ သံဃမာတုဇိန်။

မာတုဇိန် မည်သော နတ်သားသည် ငါ့သာလျှင်တည်ရမည် သွားဟ"

အသက်အောင့်ပြီး ခုနစ်ခေါက်ရွတ်ပြီးသည်နှင့် အနီးရှိ ရေထည့်ထားသော ဖန်ခွက်ထဲထည့်လိုက်ရာ ထုံးသုံးလုံးအနက် နှစ်လုံးမှာ ဝေ့ဝိုက်ပြီးပြေးနေ၏။

"ကဲ - ဘယ်သူသောက်မလဲ"

"ကျွန်တော်သောက်မယ်"

ကျွန်ုပ်ကို ဆတ်ခနဲ ကြည့်လိုက်ပြီး ရော့သောက်ဟုဆိုကာ ဖန်ခွက်ပေး၏။ ကျွန်ုပ်ကလည်း သောက်ချလိုက်၏။ ထုံးမှာ မခါးဘဲ အရသာတစ်မျိုးပြောင်းနေ၏။ ပြီးသည်နှင့် အနီးမှ တုတ်တစ်ချောင်းကို ယူလိုက်ပြီး ကျွန်ုပ်၏ ညာလက်မောင်းအား လွှဲရိုက်လိုက်ရာ လူကအင့်ခနဲဖြစ်သွားသော်လည်း ထုံသလိုလိုဖြစ်သွား၏။

"မင်းဗမာ့လက်ဝှေ့ထိုးတဲ့အခါချကြည့်ပေါ့ကွာ"

"မကွဲဘူးလား ဆရာကြီး"

"ရေစိမ်ထိုး၊ မကွဲဘူး။ ဒါပေမယ့် တစ်ပွဲပဲနော်၊ တစ်ပွဲပြီးရင် နောက်ပွဲကျကွဲသွားမယ်၊ သွားမလုပ်နဲ့"

"ဩော် - တစ်ပွဲပြန်ပေါ့"

"အေး- ပြီးတော့ ကံတွေမထိန်းနိုင်ရင်လည်းသွားမလုပ်နဲ့၊ မစွမ်းဘူးကွ"

"ဩော် - အဲလိုလည်းရှိသေးတာကိုး"

"ဟား - ရှိတာပေါ့ တပည့်ရ။ ဒီလိုသာကန့်သတ်ချက်တွေမရှိရင် လူတိုင်းလုပ်ကုန်တော့မပေါ့။ လူဆိုးလူမိုက်တွေလက်ထဲကို ဒီလိုပညာတွေရောက်မသွားအောင် အထိန်းတွေအချုပ်တွေ ထားရစ်ခဲ့ကြတာပေါ့ကွ တပည့်ရ"

ထိုဆရာကြီးနောက်သို့ ကျွန်ုပ်တို့ (၃) ယောက်လိုက်ကြပြန်၏။ ဝေးဝေးလံလံတော့မဟုတ်။

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓရ မြန်မာ့အင်္ဂါရတ်ပညာအစဉ်အလာ

(အာယုဗ္ဗေဒ)

ဆရာဦးဆက်ထွန်းလင်း



ယခုအပတ်မှစတင်ပြီး မြန်မာ့အင်္ဂါရတ်ပညာလမ်းစဉ်အကြောင်းကို စတင် ဖော်ပြသွားမည် ဖြစ်ပါသည်။ ဤနေရာ၌ မြန်မာ့အင်္ဂါရတ်ပညာကို ဖော်ပြရာတွင် မြန်မာ့အင်္ဂါရတ်ပညာ၏သမိုင်းကြောင်းကြီးတစ်ခုလုံးကိုကား အပြည့်အစုံ ဖော်ပြနိုင်မည် မဟုတ်ကြောင်းကို ဦးစွာပထမ ဝန်ခံလိုပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ဝိဇ္ဇာဓရပညာ၏လမ်းစဉ်တစ်ခုဖြစ်သောအင်္ဂါရတ်ပညာသည် လွန်စွာရှေးကျလှပါသည်။ မည်သည့်နည်းနှင့်မျှ စတင်ဖြစ်ပေါ်သည့်သမိုင်းအစ အတိအကျကို သိနိုင်မည်ကားမဟုတ်ပေ။ 'အနုမာနနည်း' ဟုခေါ်သော အထောက်အထားများ ပြုလုပ်နည်းဖြင့်သာယူရခြင်း ဖြစ်ပါသည်။ ထို့ပြင် အင်္ဂါရတ်ပညာရပ်သည် အခြားသောပညာရပ်များကဲ့သို့ မဟုတ်ပေ။ ဝိဇ္ဇာဓရပညာရပ်ဖြစ်နေ၏။ ထို့ကြောင့်လည်း ပေါ်ပေါ်ထင်ထင်သိမြင်လွယ်ရန်လည်း မည်သို့မျှမဖြစ်နိုင်ပါ။ အလွန်ပင်ခက်ခဲနက်နဲလွန်းလှပါသည်။ ရှာနိုင်လွန်းသောအခါတွင်မှ၊ ထွင်းဖောက်နိုင်လွန်းသောအခါတွင်မှ၊ ပညာ, ဉာဏ်, ပါရမီလည်း အတိတ်ကြောင်းကံကြီးမားစွာ ပါရှိလာသောအခါတွင်မှ သိမြင်နိုင်မည့်၊ သဘောပေါက်နိုင်မည့်ပညာရပ်မျိုးဖြစ်ပါသည်။

ထို့အပြင် အထက်ပါအတိုင်းကောင်းစွာ ကြံဆနိုင်သည့် ရှေးဆရာအရှင်တို့၏ဉာဏ်ကိုလိုက်နိုင်ခြင်းရှိသည်ဆိုသော်လည်း ထိုကိစ္စကို လက်တွေ့လုပ်ကိုင်ကာ ဖြစ်မြောက်အောင် အကောင်အထည်ဖော်နိုင်ရေး ဆိုသည်ကလည်း လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ပေ။ ထိုအပိုင်းကိစ္စသည်ပင်လျှင် သမုဒ္ဒရာပညာရပ်ကြီးတစ်ခုပမာ ကျယ်ဝန်းလွန်းလှပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ရှေးအင်္ဂါရတ်ပညာရှင်ကြီးများက 'ဉာဏ်ရည်တူသူဖော်၍ယူ' ဟူ၍ လည်းကောင်း၊ 'ပစ္စည်းဥစ္စာအရာ မြင်းမိုရ်တောင်' ဟူ၍ လည်းကောင်း၊ 'ပညာဉာဏ်အရာ နေရောင်၊လရောင်' ဟူ၍ လည်းကောင်း မိန့်ဆိုခဲ့သည့် စကားရပ်များရှိပါသည်။ ထို့ကြောင့် ဤပညာရပ်ကိုလုပ်မည့်ပုဂ္ဂိုလ်သည် ပညာဉာဏ်အားဖြင့် လွန်စွာကြီးကျယ်ရမည်။ ဥစ္စာပစ္စည်းအရလည်း အလွန်ကြွယ်ဝချမ်းသာရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ဤအချက် အနည်းငယ်ကိုထောက်ရှုခြင်းအားဖြင့်ပင် ဤပညာရပ်မည်မျှကြီးကျယ်ကြောင်းကို သိမြင်ထင်ရှားစေနိုင်ပါသည်။ ထိုသို့ ကြီးကျယ်ခြင်းနှင့်အတူပင် သူ၏နောက်မှ တန်ဖိုးဟူသည့် အခြင်းအရာက တွဲဖက်ကာကပ်လျက် လိုက်ပါလာသည်ကိုလည်း သတိပြုရပါမည်။

**အင်္ဂါရတ်ပညာရပ်၏တန်ဖိုး**

အင်္ဂါရတ်ပညာရပ်ကို အချို့က ဓာတုဗေဒပညာရပ်နှင့် ခိုင်းနှိုင်း ဖော်ပြကြသည်လည်းရှိပါသည်။ ဤကဲ့သို့ ခိုင်းနှိုင်းမှုမျိုးကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် အနောက်တိုင်းအင်္ဂါရတ်ပညာရပ်များတွင် အပ်ကြောင်းထပ်မျှဖော်ပြထားသည်ကို အထင်အရှားတွေ့ခဲ့ရမည် ဖြစ်ပေသည်။

ဓာတုဗေဒပညာရပ်သည် ပွင့်လင်းမြင်သာခြင်း၊ စနစ်ကျခြင်း၊ ပညာရပ်ခိုင်မာတိကျခြင်းတို့ကြောင့် တစ်စထက်တစ်စ တိုးတက်လာပြီး ယနေ့အချိန်တွင် ကမ္ဘာ့အရေးကြီးသောပညာရပ်များထဲတွင် ထိပ်တန်းပညာရပ်ကြီးတစ်ခု ဖြစ်လာနေပြီဟု ဆိုကြ၏။ ဓာတုဗေဒပညာရပ်ကြောင့် ယနေ့ကမ္ဘာသူကမ္ဘာသားတို့၏ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးများတွင် လည်းကောင်း၊ ဆေးပညာရပ်များတွင် လည်းကောင်း၊ လူသုံးကုန်ပစ္စည်းများတွင် လည်းကောင်း၊ ဓာတုလက်နက်များကြောင့် စစ်ရေးအခြေအနေများတွင် လည်းကောင်း၊ အရေးပါသောနည်းပညာများတွင် လည်းကောင်း၊ ဓာတုပိုးသတ်ဆေး၊ အသီးအရွက်ဆေး၊ ဓာတ်မြေဩဇာ စသည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လည်းကောင်း၊ အခြားသောလူနေမှုအဆင့်အတန်း မြင့်မားခြင်းစသည့်ကိစ္စရပ်များတွင် လည်းကောင်း လွန်စွာအရေးပါလာကြောင်း ဆိုကြ၏။

မှန်ပါသည်။ တစ်ဖက်မှ အင်္ဂါရတ်ပညာရပ်နှင့်ပတ်သက်ပြီး သုံးသပ်ရန်လည်းလိုပါသည်။ အင်္ဂါရတ်ပညာသည် လျှို့ဝှက်၏။ သိပ်သည်း၏။ အခိုင်အမာစနစ်တကျ သိမြင်နားလည်နိုင်ရန်ဖြစ်နိုင်ခြေ နည်းပါးလွန်း၏။ အတားအဆီးများ၏။ ကန့်သတ်ချက်များကလည်း သခ်ေျအနန္တရှိ၏။ ဘေးအန္တရာယ်အပေါင်းတို့ကလည်း ထူပြောလွန်းလှပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထို့အပြင် အဂ္ဂိရတ်လုပ်ငန်းကို အားထုတ်သည့်ပုဂ္ဂိုလ်သည် ပညာဉာဏ် အရာအားဖြင့် နေရောင်၊ လရောင်ပမာ မည်မျှကြီးမားသော်လည်း လုပ်နည်းကိုင်နည်းစနစ် အနည်းငယ် လွဲချော်ရုံမျှဖြင့် ထိုပုဂ္ဂိုလ်ပိုင်ဆိုင်သည့် မြင်းမိုရ်တောင်တမျှရှိသော ဥစ္စာပစ္စည်းတို့သည် မည်သို့မျှ မတတ်နိုင်ဘဲ တစ်စထက်တစ်စ ကုန်ခန်းပျောက်ကွယ်သွားရုံသာရှိပါမည်။

ဤအဖြစ်အပျက်အခြင်းအရာနှင့် ပတ်သက်ပြီး ဆရာတော်ရှင်အဇ္ဇဂေါဏ၏ထုံးကိုလည်း နှလုံးမူရပါမည်။ ဆရာတော်ကြီးသည် ပညာဉာဏ်အရာတွင် နေရောင်၊ လရောင်တမျှ ကြီးကျယ်စွာရှိသည့် ပုဂ္ဂိုလ်ထူးဖြစ်သော်လည်း လုပ်နည်းကိုင်နည်းစနစ် အနည်းငယ်မျှ လွဲချော်သွားသဖြင့် ဆရာတော်ကြီးကိုကိုးကွယ်ခဲ့သည့် ပုဂံဧကရာဇ်ဘုရင်နှင့်တကွ တိုင်းပြည်တစ်ခုလုံးပါမွဲကြရ၏။

ဤသာဓကကို နမူနာကြည့်လျှင် သိနိုင်ပါသည်။ သို့သော် ဤမျှခက်ခဲသော၊ နက်နဲသော၊ ဒုက္ခအပေါင်းတို့ဖြင့် ဝန်းရံနေသောအဂ္ဂိရတ်ပညာကို လူသားတို့သည် မည်သည့်အတွက်ကြောင့် စိတ်ဝင်စားကြရပါသနည်း။ စဉ်းစားကြည့်ရန်လိုပါသည်။ ထိုပညာရပ်ကို စိတ်ဝင်စားသူများအားကြည့်ပြန်လျှင်လည်း အနည်းနှင့်အများ ဉာဏသမ္ပယုတ်နှင့်ယှဉ်သောပုဂ္ဂိုလ်များ ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် သူတို့လိုချင်ကြသည်မှာ အဂ္ဂိရတ်ပညာရပ်၏ အန္တိမပန်းတိုင်တွင်ရှိနေသော ပြဒါးရှင်လုံးကို အလိုရှိကြသောကြောင့် ဖြစ်၏။ အဆိုပါ အန္တိမဓာတ်လုံးသည်သာ မိမိ၏ စိတ်အလိုအတိုင်း ပြီးမြောက်စေရန်ကိုသော်လည်းကောင်း၊ 'အမတ'ကိုသော်လည်းကောင်း ပေးစွမ်းနိုင်ဓသောကြောင့်ပင် ဖြစ်၏။ တကယ်တမ်းဆိုရပါမူ ရှေးဆရာစဉ်ဆက်၏ မိန့်မှာချက်အရ ရွှေနန်းမြေနှင့် မလဲနိုင်ဟုဆိုခြင်း ဖြစ်ပါသည်။ထို့ကြောင့် မင်းဧကရာဇ်ဖြစ်ရခြင်းထက် အဂ္ဂိရတ်ပညာရှင် ဝိဇ္ဇာမိုရ်အဖြစ်ကိုသာ လိုလားကြခြင်း ဖြစ်၏။

အများအားဖြင့် အဂ္ဂိရတ်ပညာရပ်နှင့်ပတ်သက်ပြီး အငြင်းအခုံဖြစ်နေကြသည်မှာ ရွှေဖြစ်၊ ငွေဖြစ် တကယ်ဖြစ်၊ မဖြစ်လောက်သာ ဖြစ်၏။ အမှန်တကယ်ကား ဤရွှေဖြစ်ခြင်း၊ ငွေဖြစ်ခြင်းတို့သည် ပဏာမအဆင့်မျှလောက်သာ ဖြစ်ပါသည်။

တကယ်တမ်း စဉ်းစားကြည့်လျှင် ဉာဏ်ကြီးရှင်တို့သည် အဆိုပါ ရွှေဖြစ်ခြင်း၊ ငွေဖြစ်ခြင်းလောက်မျှဖြင့် မိမိတို့၏ တောင်ပုံရာပုံဥစ္စာစီးပွားတို့ကို အကုန်ခံမည်မဟုတ်ပေ။ ရွှေလိုချင်သည်ဖြစ်စေ၊ ငွေလိုချင်သည်ဖြစ်စေ ငွေကြေးဥစ္စာပြည့်စုံချမ်းသာသူအဖို့ လိုသလောက်ဝယ်ယူရနိုင်ပါသည်။ ထို့ကြောင့် ဤကိစ္စသည် ပဓာနမဟုတ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် အဂ္ဂိရတ်ပညာလမ်းစဉ်၏ နောက်တွင် ထိုထက်မက ပိုမိုလေးနက်သော အကြောင်းအရာရှိမည်ကို ခန့်မှန်းတွက်ဆနိုင်ပါသည်။

အထက်ပါအကြောင်းများကြောင့် အဂ္ဂိရတ်ပညာရပ်သည် သာမန်ပညာရပ်မျိုး မဟုတ်ပေ။ ထိုပညာရပ်ကြီး အောင်မြင်စေရန်အတွက် အခြားသော အထောက်အကူပြု ပညာရပ်ပေါင်းမြောက်မြားစွာလို၏။ အခြားသော အထောက်အကူပြု ပညာရပ်များမှာ သတ္တုဗေဒပညာ၊ ဓာတုဗေဒပညာ၊ ရုပဗေဒပညာ၊ ဆေးပညာ၊ မီးပညာ၊ ဖိုပညာ၊ နက္ခတ္တဗေဒပညာ၊ ဂမ္ဘီရပညာ၊ မှော်ပညာ၊ရုက္ခဗေဒပညာ၊ဒဿနပညာ၊ စာပေပညာ၊ ဘာသာရေးပညာ စသည်တို့အားလုံး လိုအပ်ပါသည်။

ဤနေရာ၌ ဘာသာရေးဟုဆိုရာတွင် ဗုဒ္ဓဘာသာဆိုင်ရာ ဝိဇ္ဇာဓရပညာဖြင့်လုပ်ကိုင်သော အဂ္ဂိရတ်လုပ်ငန်းဖြစ်သဖြင့် ဗုဒ္ဓဘာသာနှင့်ဆိုင်သည့်ကိစ္စတို့ကိုသာဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဆိုင်ရာတွင်လည်း သီလလုပ်ငန်း၊ သမာဓိလုပ်ငန်း၊ ပညာလုပ်ငန်းများအားလုံး အကျုံးဝင်သည်ဟုဆိုရမည် ဖြစ်ပါသည်။

အထက်ပါအတိုင်း အဂ္ဂိရတ်ပညာဟုသာ အပေါ်ယံပြောသော်လည်း ပဓာနနှင့် အခြံအရံအဖြစ် မသိမဖြစ် မရှိမဖြစ် လိုအပ်သောပညာရပ်ပေါင်းမှာ (၁၀)မျိုးကျော်မျှ လိုအပ်ပါသည်။ ထို့ကြောင့် ဓာတုဗေဒပညာရပ်သည် အဂ္ဂိရတ်ပညာရပ်နှင့်ယှဉ်လျှင် အလွန်ပင် သေးငယ်ကျဉ်းမြောင်းသော အခြံအရံပညာရပ် တစ်ခုသာဖြစ်ကြောင်း တွေ့မြင်ရမည် ဖြစ်ပေသည်။

ထို့ကြောင့် အဂ္ဂိရတ်ပညာရပ်နှင့် ဓာတုဗေဒပညာရပ်တို့သည် နှိုင်းယှဉ်၍ ပြောနေကြသော်လည်း တကယ်တမ်းတွင်မူ ရည်ရွယ်ချက်ရော လုပ်ငန်းစဉ်ပါ လုံးဝမတူသည့်ပညာရပ်များဖြစ်ကြောင်း အထင်အရှားပင်သိနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ ဓာတုဗေဒသည် သာမန်လောကီပညာရပ်တစ်ခုသာ ဖြစ်သော်လည်း အဂ္ဂိရတ်ပညာ လောကုတ္တရာပညာရပ်မျိုးစစ်စစ်ဟု မသတ်မှတ်နိုင်သည့်တိုင် လောကီလွန်ပညာရပ်မျိုး တစ်ခုအဖြစ်ကား ဆိုရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့်လည်း အဂ္ဂိရတ်ပညာရပ်ကို အချို့သော ပညာရှင်များက မြင့်မြတ်သောပညာရပ်အဖြစ် သတ်မှတ်ကြခြင်း ဖြစ်၏။

အဂ္ဂိရတ် အစရှိသည့် ဝိဇ္ဇာဓရပညာရပ်တို့၏ ထူးခြားချက်မှာ ဆရာပင်ဖြစ်၏။ ပညာရပ်အားလုံးတွင် ဆရာလိုသည်မှန်သော်လည်း ဝိဇ္ဇာဓရပညာရပ်များတွင်ကား ဆရာသည် အထူးပင် အရေးကြီးဆုံး ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အခြားသောပညာရပ်များတွင် ဆရာသည် ပညာရပ်တစ်ခုကို အစမှအဆုံးတိုင် နားလည်သဘောပေါက်ပြီး အခြားသော တပည့်များကို ပြန်လည်သင်ကြားပို့ချပေးလျှင် လုံလောက်ပြီ ဖြစ်ပါသည်။ဝိဇ္ဇာဓရပညာရပ်များကား ထိုမျှဖြင့် မရပေ။ ဆရာကိုယ်တိုင်ဖြစ်ပါမှ သို့တည်းမဟုတ် ဆရာကိုယ်တိုင် ပေါက်မြောက်ပြီးပါမှ တပည့်ဖြစ်သူလည်း ပေါက်မြောက်နိုင်မည်ကိုကား အထူးသတိပြုရမည် ဖြစ်ပါသည်။

**မြန်မာ့ဝိဇ္ဇာဓရ အဂ္ဂိရတ်ပညာရပ်ဆိုင်ရာ ဝိဝါဒများ**

အဂ္ဂိရတ်ပညာရပ်နှင့်ပတ်သက်၍ ဝိဝါဒများသည် မြန်မာ့အဂ္ဂိရတ်ပညာတွင် ကြီးမားစွာရှိနေသည်ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း အဂ္ဂိရတ်ပညာနှင့် ဝိဝါဒဟူသည် အစဉ်ဒွန်တွဲလျက် ခွဲခြားမရအောင် ဖြစ်ပေါ်လေ့ရှိသည့်ဖြစ်စဉ်ဟုသာ ဆိုရမည်ဖြစ်ပေသည်။ ရှေးပိုင်းတွင် ဖော်ပြခဲ့သော ကမ္ဘာ့အဂ္ဂိရတ်ပညာရပ်များတွင်လည်း လွန်စွာ ကွဲပြားရှုပ်ထွေး ဝိဝါဒကွဲပြားကြကြောင်းတွေ့ခဲ့ကြရပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဂ္ဂိရတ်ပညာရပ်ကို အားထုတ် ကြိုးပမ်းရာတွင် ဝိဝါဒကွဲပြားမှုများကြောင့် စိတ်ပျက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းမျိုးမဖြစ်သင့်ဟု ဆိုရပါမည်။ ထို့ကြောင့် အဂ္ဂိတ်ပညာရပ်နှင့်ပတ်သက်လာလျှင် ဝိဝါဒတို့သည် သဘာဝဖြစ်စဉ်သဘော ဟူ၍သာ ဆိုသင့်ပါသည်။

အလားတူ မြန်မာ့အဂ္ဂိရတ်ပညာတွင်လည်း ဝိဝါဒပေါင်းမြောက်မြားစွာ ရှိပါသည်။ ထိုဝိဝါဒများတွင် လုပ်ထုံးလုပ်



www.burmeseclassic.com

www.burmeseclassic.com

နည်း၊ အမည်နာမအခေါ်အဝေါ်၊ ဓာတ်ပစ္စည်းအကောက်အယူများ၊ အယူအဆများ၏ဝိဝါဒကို အသာထား၍ မြန်မာ့အဂ္ဂိရတ်ပညာရပ်၏ စတင်ဆင်းသက်သည့် ဝိဝါဒများကိုပင် အတော်ဖြေရှင်းယူရမည် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် မြန်မာ့အဂ္ဂိရတ်ပညာရပ်၏ ရှေးထုံးအစဉ်အလာဆင်းသက်ရာလမ်းကြောင်းသည် ပုဂံခေတ်မတိုင်မီနှင့် ပုဂံခေတ်ကာလကတည်းက မဟာယာနဘုန်းတော်ကြီးများ(ဝါ)အရည်းကြီးများမှဆင်းသက်လာသည့်ပညာရပ်ဟု ဆိုရိုးရှိပါသည်။ မြန်မာလူထုနှင့် ဗုဒ္ဓဘာသာဝင်အားလုံးတို့က ရှုမြင်လက်ခံထားကြသည်မှာ အရည်းကြီးရဟန်းတော်များကို ယုတ်ညံ့သူများဟု အထင်အမြင်ရှိနေကြခြင်းပင် ဖြစ်၏။ ဤဝိဝါဒကိုပင် ဦးစွာပထမ ဖော်ပြသင့်သည်ဟု ယူဆပါသည်။

**အရည်းကြီးတို့သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်ပါသနည်း**

အရည်းတို့သည် ယုတ်ညံ့သည့် ပုဂ္ဂိုလ်များဖြစ်သည်ဆိုလျှင် ထိုအရည်းတို့မှ ဆင်းသက်လာသော မြန်မာ့အဂ္ဂိရတ်ပညာကို မည်သို့လက်ခံရပါမည်နည်း။ ထို့အတူ မြန်မာ့ဝိဇ္ဇာရေ အဂ္ဂိရတ်ပညာရပ်၏ နေ၊ လများပမာ လက်ခံထားကြသည့် ဆရာတော်ရှင်အဇ္ဇဂေါဏကို လည်းကောင်း၊ ဆရာတော်ရှင်မထီးကို လည်းကောင်း၊ ဆရာတော်ရှင်ကဿာစရိယကို လည်းကောင်း မည်သို့လက်ခံကြရပါမည်နည်း။ လွန်စွာပင်စဉ်းစားဖွယ်ကောင်းသည့် ဝိဝါဒဖြစ်နေပါသည်။ အဆိုပါ ဆရာတော်ကြီးများ၏ ကျမ်းဂန်၊ စာပေများ၊ လုပ်ရပ်များ၊ လုပ်ဆောင်ချက်များကို ကြည့်ရှုမှုနှင့်ပင် ယုတ်ညံ့သူများ မည်သို့မျှမဖြစ်နိုင်ကြောင်း တွေ့မြင်နိုင်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ထင်ရှားသောသာဓကများမှာ ဆရာတော်ရှင်အဇ္ဇဂေါဏတည်ထားသည့် မြန်မာနိုင်ငံ ရန်ကုန်မြို့၏ အထင်ကရ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်၌ရှိသော ရှင်အဇ္ဇဂေါဏ တန်ဆောင်းအတွင်းတွင်ပင် ရှင်အဇ္ဇဂေါဏဘုရားကို ယနေ့တိုင် ထင်ရှားကြီးကျယ်စွာ ဖူးမြင်ကြည်ညိုနိုင်ပါသည်။ ထိုရုပ်ပွားတော်မြတ်ကြီးကို ဆရာတော်ရှင်အဇ္ဇဂေါဏကိုယ်တိုင် တည်ထားခဲ့ကြောင်း နှောင်းလူများ ထင်ရှားစွာ သိစေလိုသဖြင့် ထိုရုပ်ပွားတော်ကြီး၏ မျက်လုံးတော်များကို တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်သင်္ကေတသဘောဖြင့် ဖော်ပြသွားခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် သူ၏ အဂ္ဂိရတ်လမ်းစဉ် ချွတ်ချော်တိမ်းပါးမှု ကာလရှည်ကြာနေသဖြင့် သူ၏ ကတိကဝတ်များအတိုင်း သူ၏ မျက်လုံးနှစ်ဖက်စလုံးကို အဖောက်ခံခဲ့ရ၏။ နောက်ပိုင်း ဓာတ်လုံးအောင်သွားသော အခါတွင်မှ ဈေးမှမရရရာဆိတ်မျက်လုံးတစ်လုံး၊ နွားမျက်လုံးတစ်လုံးဝယ်ယူပြီး ပြန်ထည့်ကာ ဓာတ်လုံး၏ သတ္တိဖြင့် စက္ခုနှစ်ကွင်း အလင်းပြန်ရခဲ့၏။ ထို့ကြောင့် ဆရာတော်ကြီး၏ မျက်လုံးများသည် အကြီး၊ အသေးမတူဘဲ တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်ဖြစ်နေရခြင်း ဖြစ်၏။ ထိုသင်္ကေတ၏အကြောင်းခြင်းရာကို သူ၏ဘုရားတွင် ထင်ဟပ်စေခဲ့ခြင်းဖြစ်ဟန်ရှိသည်ဟု ယူဆဖွယ်ရှိပါသည်။

ထို့အပြင် အခြားသောဘာသာရေးဆိုင်ရာ သင်္ကေတတစ်ရပ်အရလည်း အဆိုပါ ရုပ်ပွားတော်ကြီး၏ မျက်လုံးတော်တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်နေခြင်းသည် သံသရာ၏ ကျဉ်းရာ၊ ကုန်ရာ၊ ဆုံးရာ၊ ပြတ်ရာကိုလည်းကောင်း၊ ပါရမီဖြည့်ဆည်းခြင်း၏ ကျယ်ပြန့်ပုံ၊ ကြီးပုံသဘောကိုလည်းကောင်း နှစ်ဖက်စလုံးအား သိသည်၊မြင်သည်ဟူသည့်သဘောသင်္ကေတကို ဖော်ဆောင်ထားသည်ဟုလည်း ယူဆနိုင်ပါသည်။

ထို့အပြင် ဆရာတော်ကြီးရှင်အဇ္ဇဂေါဏတည်ထားသည့် ဘုရားတစ်ဆူကိုလည်း အထင်ကရ ပုဂံမြို့တွင် ထပ်မံတွေ့မြင်နိုင်ပါသည်။ အဆိုပါ ရှင်အဇ္ဇဂေါဏဘုရားသည် ပုဂံ - ညောင်ဦးလေယာဉ်ကွင်းအနီး ပုဂံမြို့သစ်သို့ သွားရာလမ်းဘေးအနီးတွင်ရှိပါသည်။ အဆိုပါဘုရားသည် ကျယ်ဝန်းသော မဟာရံတံတိုင်းအတွင်းတွင် ရှင်အဇ္ဇဂေါဏဘုရားနှင့် ဂူကျောင်းအုတ်ဆောင်ကြီးတစ်ခုကို ယှဉ်လျက်ဖူးတွေ့ရှိရပါသည်။

အစရှိသည့် အထင်ကရဘုရားစေတီများကို ဆရာတော်ရှင်အဇ္ဇဂေါဏသည်တည်ထားခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။ ထိုဘုရားစေတီများကို ယနေ့တိုင် မိမိဗုဒ္ဓဘာသာများသည် ယုံကြည်ကိုးကွယ်နေကြရပါသည်။

ထို့အတူ ရှင်မထီးဆရာတော်ကြီး၏ ဘုရားရုပ်ပွားတော်ကြီးကို ရှင်မထီးတန်ဆောင်းအတွင်း၌ပင် ဖူးမြော်နိုင်ပါသည်။ အဆိုပါ ရှင်မထီးရုပ်ပွားတော်ကြီးသည်လည်း မြန်မာပြည်၏ အထင်ကရ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်၌ပင် ရှိပါသည်။ အဆိုပါ ရှင်မထီးတန်ဆောင်းသည် နောင်တော်ကြီးဘုရား၏ မြောက်ဘက်တွင် တည်ရှိပါသည်။ အဆိုပါ ရှင်မထီးတန်ဆောင်းတွင်း၌ပင် ရှင်မထီးရုပ်ပွားတော်ကြီးသည် ပုဂံမြို့ရှိရာ မြောက်ဘက်သို့ မျက်နှာတော်မူလျက် တည်ရှိနေပါသည်။ အဆိုပါ ရုပ်ပွားတော်ကြီး၏အတွင်း၌ ရှင်မထီးဆရာတော် ပေါက်မြောက်အောင်မြင်ခဲ့သည့် လမ်းစဉ်များကို ဌာပနာခဲ့သည်ဟုလည်း ဆရာစဉ်ဆက်မိန့်ဆိုချက်ရှိပါသည်။ ထိုရှင်မထီးရုပ်ပွားတော်ကြီးကိုလည်း မိမိတို့ ဗုဒ္ဓဘာသာဝင်များ ယနေ့တိုင် ကြည်ညိုပူဇော်နေကြရပါသည်။

ထို့အပြင် ဆရာတော်ကဿာစရိယသည်လည်း ဗုဒ္ဓ၏တပည့်သာဝကစစ်စစ်တစ်ဦးပင် ဖြစ်ပါသည်။ ဆရာတော်သည် နောင်တော်ကြီးမင်းလက်ထက်တွင် ထင်ရှားပေါ်ပေါက်ခဲ့သူ ဖြစ်ပါသည်။

ဆရာတော်၏နေရပ်မှာ အင်းဝမြို့ အောင်ချမ်းသာရွာ ရွာဟောင်းရှိ တောရကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။ ဆရာတော်သည် မြန်မာ့အဂ္ဂိရတ်ပညာ၏ အထင်ကရအဖြစ်ဆုံး၊ အကြီးကျယ်ဆုံးဖြစ်သော ကဿာစရိယဓာတ်ကျမ်းကို ပြုစုတော်မူခဲ့ပါသည်။ ဆရာတော်ကိုယ်တိုင်လည်း ဓာတ်ဖြင့်ကိစ္စပြီးခဲ့သူဖြစ်ပါသည်။ ဓာတ်ဆိုရာတွင်လည်း အတိအကျဆိုရပါမူ ပြဒါးဝိဇ္ဇာဓိုရ်ဖြစ်သည်။ ထို့အတူ အထက်တွင် ဖော်ပြခဲ့သော ဆရာတော်ရှင်အဇ္ဇဂေါဏနှင့် ဆရာတော်ရှင်မထီးတို့သည်လည်း ပြဒါးဖြင့် ကိစ္စပြီးသော ပြဒါးဝိဇ္ဇာဓိုရ်များ ဖြစ်ပါသည်။

ဆရာတော် ရှင်အဇ္ဇဂေါဏနှင့် ဆရာတော်ရှင်မထီးတို့သည် ပုဂံခေတ်ကတည်းက ပေါ်ထွန်းခဲ့ပြီး ဆရာတော်ရှင်ကဿာစရိယသည် ကုန်းဘောင်ခေတ်ဦးတွင် ပေါ်ထွန်းခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ဆရာတော် (၃) ပါးသည် ဆရာတပည့်စဉ်ဆက် ပညာလမ်းစဉ်တူသူများ ဖြစ်ပါသည်။

ထိုဆရာတော်များသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် လမ်းစဉ်၊ လုပ်ထုံးလုပ်နည်းမတူသဖြင့် ထေရဝါဒနှင့် မတူသည့် အခြားတစ်ဖက်ရှိ ဗုဒ္ဓဘာသာဟု ဆိုရပါမည်။ ထိုကို အချို့သောပုဂ္ဂိုလ်

www.burmeseclassic.com

များက မဟာယာနဗုဒ္ဓဘာသာဝင်များဟု လည်းကောင်း၊ အရည်းကြီးပုဂ္ဂိုလ်များနှင့် ခိုင်းနှိုင်းဖော်ပြကြသည်လည်းရှိပါသည်။ ဤနေရာ၌ အရည်းကြီးဟုဆိုလိုက်သည်နှင့် အရည်းကြီးတို့၏ ပန်းဦးလွှတ်ပွဲကို ပြေး၍မျက်စိထဲမြင်မိကြသဖြင့် နိမ့်ချသော၊ ယုတ်ညံ့သော အမြင်များသာ ဖြစ်ပေါ်လေ့ရှိကြ၏။

အဆိုပါ ပန်းဦးလွှတ်ပွဲနှင့် ပတ်သက်ပြီး စောကြောစစ်ဆေးရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စသည် လူ့သမိုင်းဆိုင်ရာနှင့်ပတ်သက်၍သော်လည်းကောင်း၊ လူ့ယဉ်ကျေးမှုနှင့် ပတ်သက်လျှင်သော် လည်းကောင်း၊ ဗုဒ္ဓဘာသာ၏အစဉ်အလာကြီးမားမှုနှင့် ပတ်သက်လျှင်သော် လည်းကောင်း၊ မြန်မာလူမျိုးတို့၏ အမျိုးသားရေးဂုဏ်သိက္ခာအရသော် လည်းကောင်း အတိတ်၏ အမည်းစက်ကြီးတစ်ခုသဖွယ်ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။ တိုင်းပြည်၏အတိတ်သမိုင်းနှင့် ပတ်သက်၍လည်း ရှက်ဖွယ်လိလိဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာဝင် အရည်းကြီးဘုန်းတော်ကြီးများ၏ ပန်းဦးလွှတ်ပွဲအစဉ်အလာသည် အမှန်တကယ်ဟုတ်,မဟုတ်၊ အထောက်အထားခိုင်ခံ့မှုရှိ, မရှိ ရှိသည်ဆိုပါကလည်း မည်သည့်ရည်ရွယ်ချက်ဖြင့်လုပ်ပါသနည်း။ မဟာယာနဗုဒ္ဓဘာသာတွင်လည်း အထက်ပါအစဉ်အလာမျိုးရှိ မရှိစသည်တို့ကို အသေအချာ စစ်ဆေးသုံးသပ်ရန် လိုအပ်ပါသည်။ ထို့အပြင် အရိမဒ္ဒနပူရခေါ် ပေါက္ကံပြည်ကြီးခေါ် ရှေးခေတ် ပုဂံပြည်သား ရှေးမြန်မာကြီးတို့၏ အသိဉာဏ်ပညာ အဆင့်အတန်းတို့ကိုလည်း သုံးသပ်သင့်ပါသည်။

**ဗုဒ္ဓဘာသာနှင့်ဝိဇ္ဇာဓရလမ်းစဉ်**

အရည်းကြီးများ၏အယူဝါဒသည် ဗုဒ္ဓဝါဒသာဖြစ်သည်ဟု ဆိုလျှင်လည်း လက်ခံကြရမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓဝါဒကို ထပ်မံစိစစ်လိုက်သောအခါတွင်မူ ဗုဒ္ဓပါဒတွင် အဓိကအားဖြင့် အစိတ်အပိုင်း (၀၂) အယူဝါဒနှစ်ရပ်ရှိပါသည်။ ထေရဝါဒနှင့် မဟာယာနဝါဒတို့ ဖြစ်၏။ အဆိုပါ မဟာယာနဗုဒ္ဓဘာသာတွင်လည်း တန္တရဗုဒ္ဓဘာသာ ဟူသည့် ဝါဒတစ်ရပ်လည်း ရှိပါသေး၏။

အဆိုပါ ပုဂံတွင် ပေါ်ပေါက်ခဲ့သော ဗုဒ္ဓဝါဒသည် သမားရိုးကျ မဟာယာနဗုဒ္ဓဘာသာမဟုတ်ပေ။ တန္တရဗုဒ္ဓ



ဘာသာသာလျှင်ဖြစ်ပါသည်။ထို့ကြောင့် တန္တရဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့သည် အခြေခံသဘောတရားအားဖြင့် တူသော်လည်း အဆင့်မြင့်ပိုင်းတွင်မူ ထင်ရှားသိသာစွာ ကွဲလွဲသွား၏။ ထိုတွင် တန္တရဗုဒ္ဓဘာသာက ပို၍တင်းကျပ်သော၊ ပြင်းထန်သော ဝိနည်းစည်းကမ်းများရှိ၏။

မဟာယာနဗုဒ္ဓဘာသာရော တန္တရဗုဒ္ဓဘာသာပါ ဘုရားဆုပန်သည့် ဘုရားအလောင်းဝါဒကို ယုံကြည် လက်ခံကြသူများ ဖြစ်၏။ ၎င်းတို့သည် သာဝကလမ်းစဉ်ဖြစ်သော မိမိတစ်ဦးတည်း လွတ်မြောက်သည့် နိဗ္ဗာန်ချမ်းသာကို မယူကြချေ။ ထေရဝါဒဗုဒ္ဓဘာသာကား ဘုရားဆုပန်သည့် ဘုရားအလောင်းဝါဒကိုလည်း လက်ခံ၏။ မိမိတစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကိုရယူနိုင်သော မဂ်လမ်းစဉ်၊ ဖိုလ်လမ်းစဉ်ဖြစ်သည့် သာဝကလမ်းစဉ်ကိုလည်း ကျင့်သုံးကြပါသည်။ သို့သော် သာဝကလမ်းစဉ်ကို ကျင့်သုံးသည့်အင်အားက ပိုမိုများပြားပါသည်။

တန္တရဗုဒ္ဓဘာသာသည် မဟာယာနဗုဒ္ဓဝါဒကဲ့သို့ပင် ပါရမီလမ်းစဉ်ကို ကျင့်သုံး၏။ ထိုပါရမီသည် ဘုရားဖြစ်ရန် လုံလောက်သည့်ပါရမီမျိုးဖြစ်သည်အထိ ဖြည့်ကျင့်ကြခြင်း ဖြစ်၏။ အနည်းဆုံးအားဖြင့် ဗုဒ္ဓဂေါတမကိုယ်တော်တိုင် ဖြည့်ကျင့်ခဲ့သည့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသည့် ပါရမီမျိုးပင် ဖြစ်၏။

ထိုသို့ ဘဝပေါင်းများစွာ ပါရမီဖြည့်ကျင့်ရာတွင် တန္တရဗုဒ္ဓဘာသာတို့သည် တစ်ကိုယ်တည်း (ဝါ) မိမိတစ်ဦးတည်း ပါရမီဖြည့်ခြင်းထက် အများနှင့်စုပေါင်းကာ ပါရမီဖြည့်သည့်နည်းကို ကျင့်သုံးကြ၏။ တန္တရဘုန်းတော်ကြီးများမှလွဲ၍ ကျန်လူများသည် စနစ်ရှိသော လောကီစည်းစိမ်များ၊ ကာမဂုဏ်များကို ခံစားရင်း၊ ခံစားရင်းဖြင့် ပါရမီဖြည့်ကျင့်ကြ၏။ သူတို့က သူတို့၏ ပါရမီဖြည့်သည့်လမ်းစဉ်သည် အခြောက်လမ်းမဟုတ်ဘဲ အစိုလမ်းဟု ဆိုကြ၏။ သူတို့ကား ဘုရားဖြစ်သည်အထိ ပါရမီမပြည့်ဘဲ ဤသံသရာမှ ထွက်ခွာသွားရခြင်းကို အလိုမရှိကြပေ။ ထို့ကြောင့် သူတို့၏ ဖြည့်ကျင့်မှုမှာ သံသရာမှ စောနိုင်သမျှစောစော လွတ်မြောက်ရန် ရည်သန်သည့် ကိလေသာကာမဂုဏ်အာရုံတို့ကို ဖြတ်တောက်ပြီးကျင့်ရသောအကျင့်မျိုး မဟုတ်သည့် ပါရမီသဘောဖြည့်ကျင့်မှုမျိုးသာ ဖြစ်၏။ ထို့ကြောင့် သူတို့၏ အကျင့်ကို မည်သူမဆို ပေ့ါပေ့ါပါးပါး ကျင့်သုံးနိုင်ကြသည် ဆို၏။ ထို့ကြောင့် တန္တရဗုဒ္ဓဘာသာတို့သည် လောကီတွင်ပင် နေထိုင်ရင်း ဃရာဝါသအမှုများကို လူ့သဘာဝအတိုင်း ပုံမှန်ပြုရင်း ပျော်ပျော်ရွှင်ရွှင်ပင် ပါရမီလမ်းစဉ်အတိုင်း ပါရမီတို့ကို ဖြည့်ဆည်းကြခြင်း ဖြစ်၏။ ဤကား ပုံမှန်တန္တရဗုဒ္ဓဘာသာဆိုင်ရာ လူ့ဘဝဖြစ်၏။

ထိုထက်ထူးသည်ကား ပုံမှန်တန္တရ လူ့ဘဝမှထွက်၍ တရားကျင့်သူများ ဘုန်းတော်ကြီးများ ဖြစ်၏။ သူတို့သည်လည်း ဘုရားဖြစ်ရန် ပါရမီပြည့်သည်အထိ ဖြည့်ကျင့်ကြမည့် ဆုကြီးပန်များပင် ဖြစ်ပါသည်။ သို့သော် သူတို့သည် သာမန်လူများကဲ့သို့ မွေး၊ သေ သံသရာတွင် အဖန်တလဲလဲကျင်လည်ရခြင်းမျိုးကို မလိုလားဘဲ ယခုဘဝရရှိလာသော ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာနှင့်ပင် လက်ရှိအာယုကပ်ထက်ကျော်လွန်အောင် နေထိုင်ကျင့်ကြံသွားသော ဘဝနေနည်းမျိုးဖြင့် နေထိုင်သွားကြခြင်း ဖြစ်၏။ အာယုကပ်ထက် ကျော်လွန်သည်ဟုဆိုရာတွင် နှစ်ပေါင်းရာတန်း၊ ထောင်တန်းများမှသည် သောင်းတန်း၊ သိန်းတန်း၊ ကမ္ဘာတန်းများတိုင်အောင် နေထိုင်သွားရေးပင် ဖြစ်ပါသည်။ သူတို့၏ ရည်ရွယ်ချက်မှာ ဘဝနည်းနည်း၊ ခန္ဓာဖြစ်စဉ်နည်းနည်းဖြင့် သတ်မှတ်သော ပါရမီပြည့်ရေးပင် ဖြစ်ပါသည်။ ဤသည်ကိုပင် ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်၏ ဘဝနေနည်းဟု ဆိုရပါမည်။

သူတို့၏ ရည်မှန်းချက်မှာ မင်္ဂိုရာ မနာရာ၊ မသေရာ အမတလမ်းစဉ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ထို့ကြောင့် သူတို့သည် သာမန်တန္တရ လူ့ဘဝနှင့်မတူသော ပြင်းထန်သည့်၊ ခက်ခဲသည့်၊ စနစ်ကျသည့် ကျင့်စဉ်များကို ကျင့်သုံးကြရ၏။ ဤသို့ ကြိုးစားသည့် ကျင့်စဉ်များသည် လူသားတို့၏ ပုံမှန်ကြုံတွေ့နေကျ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့၏ ဖြစ်စဉ်များကို ပုံမှန်အတိုင်း မဖြစ်စေဘဲ ပြောင်းလဲအောင် ကြိုးပမ်းကြခြင်း ဖြစ်၏။

ဤသို့ ကြိုးပမ်းသည့်လုပ်ငန်းနှင့် ပတ်သက်၍ လမ်းစဉ်များ၊ စနစ်များကို အတိအကျလိုက်နာကာ လုပ်ဆောင်ကြရ၏။ ထိုသို့ လုပ်ကိုင်ကြရသည့် လုပ်ထုံးလုပ်နည်းစနစ်တို့သည် လွယ်ကူသည်တော့ မဟုတ်ပေ။ လူသား၏ ရုပ်၊ နာမ်၊ ခန္ဓာတို့ဆိုင်ရာသက်တမ်းသည် ကန့်သတ်ချက်ရှိ၏။ ဓမ္မတာသဘောရှိ၏။ သူ့သက်ဆိုင်ရာ သက်တမ်းအတိုင်းသာ တည်လေ့ရှိ၏။ သင်္ခါရဟူသည့် ဘောင်သတ်မှတ်ချက်အတွင်း၌သာ ဖြစ်တည်ကြရ၏။ ထို့ကြောင့် တိရစ္ဆာန်သက်တမ်း၊ လူ့သက်တမ်း၊ နတ်သက်တမ်း၊ ဗြဟ္မာသက်တမ်းဟူ၍ အဆင့်ဆင့်ခွဲခြားဖြစ်တည်ကြရ၏။ အချို့သော တိရစ္ဆာန်များ၏ သက်တမ်းသည် မိနစ်ပိုင်း၊ နာရီပိုင်းမျှသာရှိကြသကဲ့သို့ အချို့သော ဗြဟ္မာများ၏ သက်တမ်းသည် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ခန့် ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ဤနေရာ၌ သင်္ခါရဟုဆိုသော်လည်း သက်တမ်းကား အလွန်ပင် ကွာခြားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဝိဇ္ဇာမိုရ်ရှိတို့၏ ဘဝနေနည်းသည် သင်္ခါရဆိုတိုင်း သင်္ခါရလမ်းစဉ်အောက်၌ လည်စင်းပေးရန် မဟုတ်ပေ။ သင်္ခါရပြုသမျှ နုကြသည် မဟုတ်ပါ။ သင်္ခါရစီမံသမျှ နာခံကြသည် မဟုတ်ပါ။ ထိုသို့ ပြုပြင်စီရင်တတ်သည့် သင်္ခါရကိုပင် ပြောင်းလဲရသည့် လုပ်ငန်းသည် ဝိဇ္ဇာလုပ်ငန်းစဉ် ဖြစ်၏။ ဝိဇ္ဇာလုပ်ငန်းစဉ်ဆိုသည်မှာ ပုံမှန်လူသားဘဝ၏သက်တမ်းမှ နတ်တို့၏သက်တမ်း၊ ဗြဟ္မာတို့၏ သက်တမ်းသို့ ရောက်ရှိစေနိုင်ရေးပင် ဖြစ်ပါသည်။

ထိုသို့ လူ့အားဘဝဖြင့်ပင် နတ်သက်တမ်း၊ ဗြဟ္မာသက်တမ်းသို့ ရောက်ရှိသည့် လူသားကို ဝိဇ္ဇာမိုရ်ရှိဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သင်္ခါရနှင့် ပတ်သက်၍ ပို၍ရှင်းလင်းအောင် ဥပမာပြုရပါက ကောက်ရိုးသင်္ခါရကို သံသင်္ခါရဖြစ်အောင်ပြုခြင်းပင်ဖြစ်သည်။ ကောက်ရိုးကဲ့သို့ တိုတောင်းအားနည်းသောသတ်တမ်းမှသည် သံကဲ့သို့ရှည်လျားမာကျောတောင့်တင်းသည့်သက်တမ်းသို့ ပြောင်းလဲစေရန် ပြုပြင်စီရင်သည့်လုပ်ငန်းကို ဝိဇ္ဇာဓရလမ်းစဉ်ဟု ခေါ်ရမည်ပင် ဖြစ်ပါသည်။

အဆိုပါ မြန်မာ့ဝိဇ္ဇာဓရလမ်းစဉ်အား လေ့လာကြည့်ရာတွင် လုပ်ထုံးလုပ်နည်းစနစ်အားဖြင့် မူအမျိုးမျိုးရှိပါသည်။ ၎င်းတို့မှာ -

၁။ အင်းစမဆိုင်ရာ ဝိဇ္ဇာဓရလမ်းစဉ်၊
၂။ အဂ္ဂိရတ်ဆိုင်ရာ ဝိဇ္ဇာဓရဓာတ်လမ်းစဉ်၊
၃။ မန္တန်ဆိုင်ရာ ဝိဇ္ဇာဓရလမ်းစဉ်၊
၄။ ဆေးပညာဆိုင်ရာ ဝိဇ္ဇာဓရလမ်းစဉ်၊
၅။ သမထဆိုင်ရာ ဝိဇ္ဇာဓရလမ်းစဉ်တို့ ဖြစ်၏။

အထက်ပါ ဝိဇ္ဇာဓရလုပ်ငန်းစဉ် (၅) မျိုးတွင် သမထဝိဇ္ဇာဓရလမ်းစဉ်ကို ဖော်ပြရခြင်းမှာ သီးသန့်သမထအလုပ်ဖြင့် ဝိဇ္ဇာဓရလမ်းစဉ်ကိုလုပ်ခြင်းမျိုးလည်း ရှိသောကြောင့် ဖော်ပြရခြင်း ဖြစ်ပါသည်။ အခြားသော ဝိဇ္ဇာဓရလုပ်ငန်းစဉ်များတွင် အင်းစမ၊ အဂ္ဂိရတ်ဓာတ်၊ မန္တန်၊ ဆေး ဟူ၍ ကွဲပြားသော်လည်း လုပ်ငန်းစဉ်အားလုံးတွင် သမထလုပ်ငန်းကို မဖြစ်မနေတွဲဖက်လုပ်ကိုင်ကြရသောကြောင့် ဖြစ်၏။

သမထသည် ဝိဇ္ဇာဓရလုပ်ငန်းစဉ်အားလုံးအတွက် အဓိကမောင်းနှင်သော စွမ်းအင်ဖြစ်၏။ အဆင့်မြင့်သော သမထစွမ်းအင်ဖြစ်သည့် ပဋိဘာဂနိမိတ်၊ အပ္ပနာ သမာဓိအဆင့်တို့ကို ကောင်းစွာကျွမ်းကျင်ပိုင်နိုင်အောင် အားထုတ်ရပါမည်။ ပဋိဘာဂနိမိတ်ကြောင့် ဖြစ်ပေါ်လာသည့်ပဋိဘန်ဉာဏ်မျိုးရရှိသောအခါတွင်မှ ဝိဇ္ဇာဓရလမ်းစဉ်၏ အထက်အထက်သောလမ်းစဉ်များကို ဖောက်ထွက်ရရှိနိုင်မည် ဖြစ်ပါသည်။

ယခုကဲ့သို့ သာသနာတွင်းအခါတွင်ကား မည်သည့်ဝိဇ္ဇာဓရလမ်းစဉ်များကို လုပ်ကိုင်သည်ဖြစ်စေ ဗုဒ္ဓ၏ ဝိဇ္ဇာစရဏဆိုင်ရာ၊ ကျင့်သုံးဆောက်တည်မှုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရမည်ဖြစ်၏။ ဗုဒ္ဓ၏လမ်းစဉ်မပါဘဲ မိမိအားထုတ်သော ဝိဇ္ဇာဓရလမ်းစဉ်သည် တိုးတက် အောင်မြင်မှု ဖြစ်နိုင်ခြေ အလွန်ပင် နည်းပါးလိမ့်မည်။

သာသနာပကာလတွင်ကား မိမိကြိုက်နှစ်သက်ရာ ဝိဇ္ဇာဓရလမ်းစဉ်ကို အားထုတ်နိုင်၏။ မိမိ၏ အားထုတ်လုပ်ကိုင်နိုင်မှုပေါ် မူတည်၍ ဖြစ်နိုင်စွမ်းအခြေအနေကို အဆုံးအဖြတ်ပြုစေပါသည်။ အင်းစမလမ်းစဉ်ကြိုက်လျှင် ထိုလမ်းစဉ်ချည်းပဲ သီးသန့်လုပ်နိုင်၏။ ဓာတ်လမ်းစဉ်ကြိုက်လျှင်လည်း ထိုလမ်းစဉ်ချည်းပဲ သီးသန့်လုပ်နိုင်၏။ အထူးခြင်းချက်ကား သာသနာတွင်းကာလတွင်မူ ဝိဇ္ဇာဓရသီးသန့်လမ်းစဉ်ကြီးသက်သက်ဖြင့် မရနိုင်ကြောင်း သတိပြုရမည်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်၏ သီလ၊ သမာဓိ၊ ပညာတို့ကို မဖြစ်မနေ ထည့်သွင်းအားထုတ်မှသာ ဖြစ်နိုင်ခြေရှိပါသည်။

ဤနေရာ၌ ဗုဒ္ဓလမ်းစဉ်ဟူသည် ထေရဝါဒပဲဖြစ်ဖြစ်၊ မဟာယာနပဲဖြစ်ဖြစ်၊ တန္တရဗုဒ္ဓဘာသာပဲဖြစ်ဖြစ်၊ ဝဇီရယာနပဲဖြစ်ဖြစ် သီလ၊ သမာဓိ၊ ပညာတို့ကို အခြေခံကြသည့် ချမ်းသာဖြစ်၏။ ဗုဒ္ဓဝါဒလမ်းစဉ်အားလုံးတို့သည် အခြေခံချင်းတူကြသော်လည်း အထက်ပိုင်းလမ်းစဉ်များ လုပ်ကိုင်ရာတွင် လုပ်နည်းလုပ်ဟန်အရ လည်းကောင်း၊ သဘောသဘာဝအရလည်းကောင်း မတူခြားနားကွဲပြားမှုများ ရှိကြ၏။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်တွင်း အချိန်အခါများတွင် ဝိဇ္ဇာဓရလမ်းစဉ်ကို ကျင့်သုံးမည်ဆိုပါက တစ်မျိုးမျိုးသောဗုဒ္ဓဝါဒများကို ကျင့်သုံးရမည် ဖြစ်၏။ မည်သည့် ဗုဒ္ဓဝါဒကို ရွေးချယ်မည်နည်း။ ဆိုလိုသည်မှာ ဝိဇ္ဇာဓရလမ်းစဉ်ကိုလည်းလုပ်ကိုင်မည်၊ ဗုဒ္ဓဝါဒကိုလည်း ကျင့်သုံးမည်ဆိုလျှင် မည်သည့်ဗုဒ္ဓဝါဒသည် ဝိဇ္ဇာဓရလမ်းစဉ်နှင့် အလိုက်ဖက်ဆုံးသဟဇာတအဖြစ်ဆုံးဖြစ်ပါမည်နည်းဟု သုံးသပ်ကြည့်ပါကလည်း ဝိဝါဒများ ဖြစ်ပေါ်လာတော့မည် ဖြစ်ပါသည်။

ထို့ကြောင့် အရည်းကြီးဗုဒ္ဓဝါဒ၏ ရင်းမြစ်ဝိဝါဒကိုလည်းကောင်း၊ ဝိဇ္ဇာဓရလမ်းစဉ်နှင့် သဟဇာတဖြစ်မည့် ဗုဒ္ဓဝါဒဆိုင်ရာ ဝိဝါဒများကို လည်းကောင်း၊ ဦးစွာပထမ လေ့လာသုံးသပ်ရန် လိုအပ်လာပါတော့၏။

*(ရှေ့လဆက်ပါမည်)*

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၁)

ဦးမင်းငြိမ်(ရွှေနဝင်း)

ဤကမ္ဘာလောကကြီး၌ အသက်ရှင် ရပ်တည်နေထိုင်ကြသော သတ္တဝါအပေါင်းတို့သည် 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဟုဆိုအပ်သော အစာအာဟာရအပေါ်တွင် မှီတည်၍ အသက်ရှင်သန်နေကြရပေသည်။

ထိုသတ္တဝါအနန္တထဲမှ လူဟူသော အသိဉာဏ်ကြွယ်ဝကြသည့်ပုဂ္ဂိုလ်များက ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် (ဆိမ့်) ဟူသောအရသာ (၆)ပါးတို့အပေါ်တွင် မိမိတို့အာသီသရှိရာ အလိုဆန္ဒဖြစ်ပေါ်ရာ အရသာတို့ကို စိတ်တိုင်းကျ ဖန်တီးပြီး လိုသလို စားသောက်သုံးဆောင်နေကြသည့် အဆင်မြင့်ဆုံးပုဂ္ဂိုလ်သတ္တဝါများဖြစ်ကြလေသည်။

ထိုသို့ မိမိတို့၏စိတ်ဆန္ဒဖြစ်ပေါ်ရာ ရသာအာရုံတို့ကို ဖန်တီးစားသောက်ရာတွင် ရသတဏှာကို ဦးစားပေးလို့ စိတ်ကြိုက်အစာအာဟာရများကို စိတ်ရှိတိုင်း သဘောရှိ လွန်မင်းစွာ စားသောက်လာကြသောအခါ -

လျှာ၏အလိုကို ရုပ်ခန္ဓာကိုယ်ကြီးက မလိုက်နိုင်တော့ဘဲ အဝလွန်အဆီပိတ်လေးလံထိုင်မှိုင်းပြီး အထွေထွေသော အနာရောဂါကိုယ်တွင်းဝေဒနာတို့ စွဲကပ်လာကြလေသည်။

'ရောဂံ မူလံ အဇိဏ္ဏကံ' ဟု ဆိုသကဲ့သို့ စားခဲ့သမျှသောအစာအာဟာရတို့မှ 'မကြေ ပတ်ဖွဲ့'၍ ရောဂါနိဒါန်းအစပျိုးကြလေတော့သည်။

ထိုသို့ ရောဂါဝေဒနာများစွဲကပ်လာသောအခါ မိမိတို့ကိုယ်တိုင် သတိပြုဆင်ခြင်၍ စားသောက်နေထိုင်မှု (Life style) ကို ကျန်းမာရေးနှင့် ညီညွတ်မျှတစေမည့် စားသောက်နေထိုင်မှုပုံစံကို ပြောင်းလဲ ပြုပြင်ပေးသွားမည်ဆိုလျှင် လူတိုင်းလူတိုင်းသည် ကျန်းမာပြီး သက်တမ်းစေ့ အသက်ရှည် ရပ်တည်နေထိုင်နိုင်ကြမည့်သူများဖြစ်လာကြပေမည်။

သို့ဖြစ်၍ လူတိုင်းကျန်းမာရေးနှင့် ညီညွတ်စေသည့်ဆေးဖက်ဝင်ပြီး ရသစုံလင်သည့် 'ဆေးဖက်ဝင် ဟင်းလျာ ဆေးဓာတ်စာဟင်းချက်နည်း' များကို မိမိတို့ကိုယ်တိုင် ဖန်တီးချက်ပြုတ်၍ စားသောက်ပြီး အသက်ရှည်ကျန်းမာစွာ ရပ်တည်နေထိုင်နိုင်ကြစေရန် ရည်ရွယ်၍ စာရေးသူမှ ဆေးပညာနှင့် ချက်ပြုတ်မှုအတတ်ပညာနှစ်ခု ပေါင်းစပ်ထားသော ဆေးဖက်ဝင်အစာအာဟာရ ဖြစ်သည့် **'ရသာစုံလင် ဆေးဖက်ဝင် ဟင်းလျာဆေးဓာတ်စာဟင်းများ'** ကဏ္ဍကို အထူးအလေးထား၍ စာဖတ်ပရိသတ်ကြီးအတွက် လစဉ်တင်ဆက်ပေးသွားပါမည်။

ဤသို့ တင်ဆက်ရေးသားရာတွင် ပထမဦးဆုံး ဘုရားရှင်ကိုယ်တော်တိုင် တပည့်သား ရဟန်းသံဃာတော်များအတွက် အထူးအလေးထားပြီး 'ဂိလာနဘေသဇ္ဇ' ဆေးအစာအာဟာရအဖြစ် ခွင့်ပြုပေးတော်မူခဲ့သည်။

'ဆီးဖြူ ဖန်ခါး ရဟန်းစား' ဟုဆိုအပ်သော ဆေးဖက်ဝင် အစာအာဟာရအသီးများ၏ ဆေးအာနိသင်ထက်မြက်ပုံနှင့် ဆေးဖက်ဝင်ဟင်းလျာဖန်တီးချက်ပြုတ်ပုံတို့ကို ဦးစွာပထမ တင်ဆက်ပေးပါမည်။

ရဟန်းသံဃာများသည် နေ့လွဲညစာစားသုံးခြင်းကို ဘုရားရှင်က ဝိနည်းစည်းကမ်းသတ်မှတ်၍ စားသုံးခြင်းမပြုခဲ့ပါ။

သို့သော် ဆေးဝါးအစွမ်းအလွန်ထက်မြက်ပြီး လူ့ခန္ဓာကိုယ်ကို အကျိုးပြုသည့် (ယခုခေတ်တွင် အင်တီအောက်စီဒင့်ဓာတ် လွန်စွာ ပေါကြွယ်ဝသော) သဘာဝ တောင်တောရမှီသော နေရာဒေသတိုင်းတွင် အလွယ်တကူ ရှာဖွေရရှိနိုင်သည့် ထိုဆီးဖြူဖန်ခါးအသီးတို့ကို ဘုရားရှင်သည် တပည့်သား ရဟန်းသံဃာတော်များ ရောဂါဘယကင်းစေပြီး ရဟန်းတရားကို ချမ်းသာစွာ ပွားများအားထုတ်နိုင်စေရန်အတွက် နေ့လွဲညစာ အချိန်မရွေး စားသောက်သုံးဆောင်ခွင့်ကို ဂိလာနဘေသဇ္ဇအဖြစ် ခွင့်ပြုပေးတော်မူခဲ့ပါသည်။

ထို့ကြောင့် 'ဆီးဖြူ ဖန်ခါး ရဟန်းစား' ဆိုသည့် စာဆိုလေး ပေါ်ထွန်းခဲ့ပေသည်။ ဘုရားရှင် သက်တော်ထင်ရှားရှိခဲ့စဉ်အချိန်မှစ၍ ယနေ့တိုင်အောင် အမှန်တကယ်ပင် ဆီးဖြူ ဖန်ခါးသီးတို့၏ဂုဏ်နှင့်စွမ်းရည်တို့မှာ လူသားတို့၏ ကျန်းမာရေးကို အံ့မခန်းအကျိုးကျေးဇူးပြုနေခဲ့သည်ကို ယနေ့သိပ္ပံသုတေသီများ သုတေသနစမ်းသပ်လေ့လာရှာဖွေတွေ့ရှိချက်များက အထင်အရှား သက်သေပြုနေပေသည်။

ဆီးဖြူကို ဆေးဘက်အသုံးအနေဖြင့် အသီးနှင့် အရွက်ကို အဓိကထားပြီး သုံးစွဲကြပါသည်။

ဆီးဖြူတွင် Vit C, Polyphenols, Flavnoids, tannins စသော ဓာတုဒြပ်ပေါင်းများ ပါဝင်နေပါသည်။

ဆီးဖြူသီးတွင် Vit C ပမာဏကြွယ်ဝစွာ ပါဝင်ပါသည်။ ဆီးဖြူသီး 100 gm ( ၆ ကျပ်သား) တွင် Vit C 207mg ပါဝင်နေကြောင်း သိရပါသည်။

၎င်းအပြင် ဆီးဖြူသီးတွင် ပါဝင်သည့် emblicanin A နှင့် B, Pedunculagin စသည့် ဓာတ်များကြောင့် အင်တီအောက်ဆီဒင့် ဂုဏ်သတ္တိများ ပေါကြွယ်ဝစွာ ပါဝင်နေပေသည်။

ဆီးဖြူသီးတွင် အချို့သော ဗက်တီးရီးယားနှင့် မှိုပိုး (Fungus) များကို တိုက်ဖျက်နှိမ်နင်းနိုင်သော (Anti microbial activity) အာနိသင်ရှိပါသည်။

ဆီးဖြူသီး၏ ရေနှင့်ပြုတ်ထုတ်ထားသော ဆေးအနှစ်သည် (Zine) သွပ် စသော သတ္တုဓာတ်များ၏ အဆိပ်အတောက်တို့ကိုပြေပျောက်စေပါသည်။

ဆီးဖြူသီးတွင် ရောင်ရမ်းမှုကို လျော့ကျစေသော Anti inflammatory အာနိသင်နှင့် အသည်းရောဂါများအား ဟန့်တား ကာကွယ်ပေးနိုင်သော အာနိသင် (Hepato-protective)၊ သွေးတွင်းကိုလက်စရောကိုကျစေသည့်အာနိသင် (Cholesterol Lowering effect) များ ပါဝင်နေကြောင်းကို အိန္ဒိယနိုင်ငံ Kerala တွင်ပြုလုပ်သော သုတေသနတွေ့ရှိချက် မှတ်တမ်းများအရ သိရှိရပါသည်။

Anti-Viral activity သတ္တိအာနိသင်တို့ကြောင့် ဆီးဖြူသီးမှ မက်သနော ဖြင့်ထုတ်ယူသောဆေးအနှစ်သည် HIV ဗိုင်းရပ်(စ်)ပိုး၏ reverse transcriptase အပေါ် ဟန့်တားနိုင်သောအာနိသင်ရှိ၍ နောင်တစ်ချိန်တွင် AIDS ရောဂါဆိုးကြီးကုသရေးအတွက် အသုံးဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ထို့အပြင် ဆီးဖြူပင်၏အရွက်များတွင် အရောင်လျော့ကျစေသောအာ



www.burmeseclassic.com

www.burmeseclassic.com

သင် (Anti Inflammatory Action) နှင့် အဖျားလျော့ကျစေသောအာနိသင်များ ရှိကြောင်း သိရပါသည်။

ထို့ကြောင့် 'မီးလောင်သောအနာများအတွက်' ဆီးဖြူရွက်ကို ပြာချပြီး အုန်းဆီနှင့်ဖျော်၍ မကြာခဏလိမ်းပေးလျှင် အနာအရောင်လျော့၍ အနာအကျက်မြန်၊ အမာရွတ်ထင်ကျန်ခြင်း၊ သက်သာသည်ကို လက်တွေ့သိရပါသည်။

ဆီးဖြူသီးသည် အေး၍ ချဉ်၊ ဖန်သောအရသာ ဦးစီးပြီး အငန်မှတစ်ပါး အရသာငါးပါးပါဝင်ကာ ဝမ်းမီးကို တောက်စေသည်။ ဆီး၊ ဝမ်းကိုရှင်စေပြီး မျက်စိအမြင်ကို ရှင်သန်တိုးပွားစေ၏။

ဒေါသသုံးပါးကိုနိုင်၍ အသက်ရှည်နုပျိုစေသော ရသာယနဂုဏ်သတ္တိရှိပေသည်။ သွေးအား၊ ခွန်အားနှင့်အသိဉာဏ်ကို တိုးပွားစေသည်။

အဆိစသောမလအညစ်အကြေးများကို သုတ်သင်ဖယ်ရှားနိုင်ပြီး ခန္ဓာကိုယ်ကို စောင့်ရှောက်နိုင်သည့် ဂုဏ်သတ္တိများနှင့် ပြည်စုံစေသည့် ဘုရားပေးသော ဘေသဇ္ဇဆေးဟု တိုင်းရင်းဆေးကျမ်းများတွင် ဖော်ညွှန်းထားကြပါသည်။

ဆီးဖြူသီး၏အကျိုးသွားနှင့် ထူးခြားသည့်စွမ်းအင်ဂုဏ်သတ္တိများကို စာရှုသူများသိရှိရပြီးဖြစ်၍ ယခုဆီးဖြူသီး၏ အစွမ်းသတ္တိကို အသုံးချ၍ ကုသပျောက်ကင်းနိုင်သောရောဂါများအတွက် ဆေးဖက်ဝင်ဟင်းလျာ ဆေးခတ်စာဟင်းချက်နည်းတို့ကို ရေးသား တင်ပြပါမည်။

❒

ပထမဦးစွာ လူတော်တော်များများတွင် တွေ့ကြုံရတတ်သော ဒူလာသွေးဝမ်းရောဂါနှင့် ၎င်းရောဂါနှင့်တွဲလျက်ဖြစ်ပေါ်တတ်သော အမျိုးသားပန်းအားနည်း၊ ပန်းသေ၊ ပန်းညှိုးရောဂါသည်များအတွက် ဆီးဖြူသီးနှင့်ငါးရှဉ့်ကို ဆေးဟင်းချက်အဖြစ် ချက်စားစေခြင်းဖြစ်ပါသည်။

ထိုဒူလာသွေးဝမ်းရောဂါနှင့် ပန်းအားနည်းရောဂါအတွက် အချို့က အလွယ်တကူ အထက်ပါဆေးဟင်းလျာကို ချက်စားပါဟု တိုက်တွန်းတတ်ကြသော်လည်း အမှန်တကယ် ဆေးစွမ်းထက်မြက်သည့် ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်အဖြစ် စနစ်တကျ ချက်ပြုတတ်သူက နည်းလှပေသည်။ စနစ်တကျ စီမံနိုင်မှ ဟင်းတစ်ခွက်ဆို ဆိုသလောက် ရောဂါကို ထိရောက်စွာ ပျောက်ကင်းသက်သာစေမည်ဖြစ်ပေသည်။

၎င်းဆေးဟင်းလျာအတွက် သုံးသည့် ဆီးဖြူသီးသည် ဆီးဖြူသီးဖြစ်လျှင်ပြီးရောဆိုသည့်အနေဖြင့် တွေ့ကရာဆီးဖြူသီးကိုသုံး၍မရပါ။ ဆီးဖြူသီးတွင် 'အစေ့ကြီးပြီး အသားနည်းအလုံးသေးသေးဆီးဖြူမျိုး'နှင့် 'အစေ့သေးအသားထူပြီး အလုံးကြီးသောဆီးဖြူမျိုး'ဟု (၂)မျိုးရှိပေရာ -

ထိုဆေးဟင်းလျာအတွက် အသုံးဝင်ဆေးစွမ်းထက်သည်မှာ 'အစေ့သေးအသားထူပြီး အလုံးကြီးသောဆီးဖြူသီး' ကိုသာ ရွေးချယ်၍သုံးရပါမည်။

တစ်ဖန် ထိုဆီးဖြူသီးကိုလည်း ငါးရှဉ့်ဟင်းထဲ တစ်ခါတည်းတန်းထည့်၍ချက်ရခြင်းမျိုးမဟုတ်ဘဲ ၎င်းဆီးဖြူသီးကိုချက်မည့် ငါးရှဉ့်အလေးချိန်၏ (၄)ပုံပုံ (၁) ပုံကို သေချာနူးနပ်အောင် ရေဖြင့်ပြုတ်ပြီး အစေ့ထုတ် အနှစ်တိုက်ကာ အသင့်လုပ်ထားပါ။ တစ်ဖန် ငါးရှဉ့်ကိုလည်း အရေခွံထူပြီးအရောင်မွဲခြောက်ခြောက်အချွဲဓာတ်များသည့် ငါးရှဉ့်မွဲမျိုးကိုမသုံးဘဲ အရေခွံပါးပြီး အရောင်နီဝါရောင်သန်းနေသည့် ငါးရှဉ့်ပါးနီမျိုးကို သုံးရပေသည်။

ထိုငါးရှဉ့်မျိုးမှ ဝေဒနာရှင်အတွက် လိုအပ်သောသွေးအားနှင့် ဆေးစွမ်းကို ပေးနိုင်စေပါသည်။

အထက်ပါအတိုင်း ဆေးဖက်ဝင်သောငါးရှဉ့်ကိုရွေးချယ်ပြီးပါက သေချာစွာ ဆေးကြောတုံးထစ်ပြီး ဆား၊ နနွင်း၊ ငံပြာရည်ကောင်းကောင်းနှင့်နယ်၍ မိနစ် (၃၀) ခန့် နှပ်ထားပါ။ ပြီးလျှင် အနှစ်ပြုလုပ်ထားသော ဆီးဖြူသီးပြုတ်အနှစ်ကို ထိုဆား၊ နနွင်းနှပ်ထားသည့် ငါးရှဉ့်နှင့် သေချာစွာနယ်၍ နောက်နာရီဝက် ထပ်နှပ်ထားပါ။

ပြီးလျှင် ဆေးဟင်းလျာချက်မည့် ငါးရှဉ့်၏ (၅)ပုံပုံ(၁)ပုံ ကြက်သွန်ဖြူကို အခွံခွာ၍ ဓားပြားရိုက်ပြီး အသင့်လုပ်ထားပါ။

အထက်ပါ ဆေးဖက်များနှင့် သေချာစွာ နှပ်ထားသော ငါးရှဉ့်ကို နှမ်းဆီစစ်စစ်မွှေးမွှေး၊ နှမ်းဆီ (ဆီချေးနံ့မနံသည့်နှမ်းဆီ) ဖြင့် ထုံးစံအတိုင်း ငရုတ်၊ ကြက်သွန်နီထောင်းပြီးသားကို ဆီသတ်၍ ကြက်သွန်နီလိပ်လာသည့်အနေတွင် အထက်ပါ ငါးရှဉ့်အသားများကိုထည့်၍ မီးအေးအေးဖြင့် ငါးရှဉ့်အသားထဲ ဆေးအာနိသင်များဝင်သွားစေရန် သေချာစွာ ဆီသတ်ပေးပါ။ ငါးရှဉ့်အသားများလုံးပြီးကျစ်လာသည့်အနေတွင် စောစောက ဓားပြားရိုက်ထားသောကြက်သွန်ဖြူများများကိုထည့်၍ မီးအေးအေးဖြင့် ကြက်သွန်ဖြူကျက်လာသည်အထိ ဆီသတ်ပေးပါ။

ထိုအဆင့်ထိပြီးသွားတော့မှ ရေနွေးဆူဆူ ငါးရှဉ့်အသားများမြုပ်ရုံထည့်ပြီး မီးအေးအေးနှင့်တစ်ရေခန်းချက်ပါ။ ပြီးလျှင် နောက်ထပ် ရေနွေးဆူဆူကို အရင်အတိုင်းထည့်၍ ၎င်းနည်းအတိုင်း သုံးရေခန်းအောင်ချက်ပါ။

ထို့နောက် ငါးရှဉ့်အသားများနူးနပ်၍ အရိုးကွာပြီးလာသည့်အနေတွင် ဆေးဟင်းလျာအိုးကို မီးဖိုမှချ၍ ထိုဆေးဟင်းလျာကို ဝေဒနာရှင်အား ပူပူနွေးနွေးတဝကြီးကျွေးလိုက်ပါက ခံစားနေရသော ရောဂါဝေဒနာမှ သိသာစွာပျောက်ကင်း၍ အားအင်တိုးပွားလာမည်ကို လက်တွေ့သိမြင်ရပေမည်။

ဤနေရာတွင် စာရေးသူ သတိပေးချင်သည်မှာ ဆီးဖြူသီးနှင့်ငါးရှဉ့်ချက်စားပါဆိုပြီး ဖြစ်သလိုကြုံသလို ချက်စားသည့်ဟင်းသည် လုံးဝဆေးဖက်မဝင်သလို ရောဂါကို ထိရောက်အောင်၊ ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ပါ။

ထို့ကြောင့် အရာရာတွင် ဆရာမပြ နည်းမကျ ငါးပိဖုတ်တောင် ဆရာမပြလျှင်ပုံစံမကျ ဆိုသည့် စကားရပ်သည် ရှေးလူကြီးများ အလကားထားခဲ့ခြင်း မဟုတ်ပါ။

အရာရာတွင် နည်းစနစ်ဆိုတာရှိပေသည်။ ထိုနည်းစနစ်အတိုင်း လုပ်ဆောင်ကြလျှင် ညွှန်းဆိုထားသည့်အတိုင်း အကျိုးကျေးဇူးကို ခံစားရပေမည်။

သို့မဟုတ်ပါက ဆီကုန်၊ ဆန်ကုန်တာသာ အဖတ်တင်ပြီး ရောဂါကတော့ ပျောက်မည် မဟုတ်ပါ။

အထက်ဖော်ပြပါအတိုင်း ဆီးဖြူသီးနှင့် ငါးရှဉ့် ဆေးဖက်ဝင်ဟင်းလျာကို စနစ်တကျ ချက်ကျွေးလိုက်ပါက ဒူလာ၊ သွေးဝမ်းရောဂါနှင့် အမျိုးသားပန်းအားနည်း၊ ပန်းသေ၊ ပန်းညှိုး ရောဂါရှင်များ၊ ၎င်းဆေးဖက်ဝင်ဟင်းလျာကို (၃) ကြိမ်ထက်ပိုပြီး ကျွေးစရာမလိုဘဲ ငေါက်ခနဲထထိုင်လာပါလိမ့်မည်။

ရှေ့လတွင် ဆီးဖြူသီးနှင့်ပျောက်ကင်းအောင်ကုသနိုင်သည့် ဆေးဖက်ဝင်ဟင်းလျာဆေးခတ်စာဟင်းချက်နည်းများကို ဆက်လက် ဖော်ပြပါမည်။

*သတ္တဝါများ*
*စားသမျှအားဖြစ်ကြ၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

## ရွှေကျွန်းပင်မောင်နှမနတ်

ရွှေကျွန်းပင်မောင်နှမနတ်သည် ဒေသန္တရနတ်များ ဖြစ်သည်။ ထိုနတ်ပွဲကို နှစ်စဉ် ဝါခေါင်လဆန်း ၂ ရက်နေ့မှ ၆ ရက်နေ့အထိကျင်းပရာ တောင်ပြုန်းပွဲထက် တစ်ပတ်ခန့်စောသည်ဟု ဆိုရမည်။ တောင်ပြုန်းပွဲသို့သွားသူများအချို့သည် ရွှေကျွန်းပင်မောင်နှမနတ်ပွဲသို့ သွားတတ်ကြသည်။ သို့သော် အရှင်နှစ်ပါးက (တောင်ပြုန်းမင်းနှစ်ပါး) သူတို့ထက် မည်သူကိုမျှ ဦးစားပေးသည်ကို မကြိုက်ဟုယူဆကြသောကြောင့် မသွားရဲကြပါ။ သိပ်အယူသီးသူများသည် မန္တလေး မဟာမုနိဘုရားကြီးကိုပင်လျှင် တောင်ပြုန်းပွဲပြန်မှ ဝင်ဖူးလေ့ရှိကြသည်။

ရွှေကျွန်းပင်မောင်နှမ နတ်ပွဲသို့ မန္တလေး မရမ်းခြံရေဆိပ်မှ စက်လှေဖြင့် သွားရသည်။ ရွှေကျွန်းပင်မောင်နှမနတ်ပွဲတွင် နတ်ပွဲတိုင်း၌တွေ့ရသည့် မူးယစ်သောက်စားထားသူအချို့ နတ်နန်းအပေါ်တွင် နတ်ဝင်သည်များနှင့်အတူ ကခုန်နေကြသည်။ နန်းပေါ်တွင် ရိုးရာနတ်ပန်းဆက်သူများလည်းရှိသည်။

မင်းကွန်းသို့လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်အချို့သည်လည်း ရွှေကျွန်းပင်မောင်နှမနတ်ပွဲသို့လာရောက်လေ့လာကြသည်ကိုတွေ့ရသည်။ နတ်ပွဲကို ဝါခေါင်လဆန်း ၂ ရက်နေ့တွင် စတင်ခဲ့ပြီး ထိုနေ့တွင် နတ်မောင်နှမချိုးရေတော်သုံးသည်။ လဆန်း ၃ ရက်တွင် မောင်တော်၊ နှမတော်တို့သည် နေ့လယ် (၁၂) နာရီအချိန်တွင် ဒန်းစီးသည်။ (ပုံတော်များကို ဒန်းပေါ်တင်၍ လွှဲပေးခြင်း ဖြစ်သည်။) လဆန်း ၄ ရက်နေ့တွင် သက်ဆိုင်ရာ နတ်ထိန်းများ ဒန်းစီး၍ နတ်မောင်နှမကိုချော့သည်။ နတ်ဝင်သည်များလည်း ဒန်းစီးသည်။ လဆန်း ၅ ရက်တွင် နတ်နန်းပေါ်၌ ပန်းဥယျာဉ်လှည့်သည်။ လဆန်း ၆ ရက်နေ့တွင် နတ်နန်းပေါ်၌ သပြေပင်စိုက်၍ သပြေခုတ်သည်။ လဆန်း ၇ ရက်နေ့တွင် အပြီးသတ်ကျင်းပသည်။

ရွှေကျွန်းပင်မောင်နှမနတ်ပွဲသည် ဝါခေါင်လနတ်ပွဲများ၌ ပထမဆုံးကျင်းပသောနတ်ပွဲ ဖြစ်သည်။ ထို့ကြောင့် အထက်အညာတစ်လွှားမှ ဈေးသည်များသည် ဤနတ်ပွဲမှစ၍ ဈေးရောင်းဈေးဝယ်ပြုကြသည်။ နတ်ပွဲဈေးတန်းထဲတွင် ကျောက်ပျဉ်သည်၊ ဖျာ၊ သင်ဖြူးသည်၊ မြေအိုးသည်၊ ထန်းခေါက်တောင်းသည်နှင့် အခြားဈေးသည်အစုံတို့ကို တွေ့ရသည်။ ပွဲတော်ဈေးတန်းတွင် ရောင်းချသော လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများထဲတွင် ဝက်လက်နယ် ရှိမ္ဘကားရွာသစ်လုပ် မြေထည်ပစ္စည်းအရောင်းဆိုင်များမှာ နတ်ကွန်းအောက်ရောဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် ခင်းကျင်းရောင်းချမှုအများဆုံးဖြစ်သည်။

မြေထည်ပစ္စည်းများမှာ ပွဲတော်ရက်မတိုင်မီကပင် မော်တော်ကြီးများဖြင့်

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့

# မောင်သန်းဆွေ (ထားဝယ်)

## ရွှေကျွန်းပင်မောင်နှမနတ်



www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်ရောက်ရှိပြီး ခင်းကျင်းရောင်းချခြင်း ဖြစ်သည်။ သောက်ရေအိုး၊ ထမင်းချက်အိုး၊ ဟင်းချက်အိုး၊ ဒယ်အိုး၊ ပေါင်းအိုး၊ မြေမုန့်လုပ်အိုး၊ ရေနွေးခရားနှင့် ကလေးကစားစရာအရုပ်များပါဝင်သည်။ မင်းကွန်းတိုက်နယ်နှင့် ကျွန်းရွာများမှ ကျေးလက်ဒေသသုံးအဖြစ် ပွဲတော်ဈေးရောက်ချိန် စောင့်ဆိုင်းဝယ်ယူမှုရှိရာ ပွဲတော်ဈေးတန်းတွင် ရောင်းချသော မြေထည်ပစ္စည်းများမှာ ပွဲတော်ရက်ပြီးချိန်တွင် ပါသလောက် ရောင်းကုန်သော ပစ္စည်းများ ဖြစ်သည်။

မင်းကွန်း ရွှေကျွန်းပင် မောင်နှမ နတ်မှာ (၃၇) မင်းနတ်တွင် ပါဝင်ခြင်းမရှိသော်လည်း ဆိုင်ရာဒေသနတ်ပွဲတော်များတွင် အစောဆုံးကျင်းပသည့်နတ်ပွဲဖြစ်သဖြင့် 'နတ်ပွဲအစ ကျွန်းပင်က' ဟု အဆိုပင်ရှိသည်။

နတ်ပွဲကို ဝါခေါင်လဆန်း ၂ ရက်နေ့တွင် စတင်ကျင်းပပြီး ထိုနေ့တွင်မူ ပုံတော်များအား ချိုးရေတော်သုံးပေးသည်ဆိုရာ နတ်မောင်နှမပုံတော်များကို နတ်နန်းမှ ဝေါဖြင့်လှည့်လည်၍ ဧရာဝတီမြစ်ဆိပ်တွင် အသင့်ပြုလုပ်ထားသော မော်တော်ပေါ်ယာယီနန်းတွင် ထားရှိကာ ဧရာဝတီမြစ်ဆန်တက်၍ မင်းကွန်းရွာ ပုထိုးတော်ကြီးအရောက် မြစ်လယ်တွင် ချိုးရေတော်သုံးပေးခြင်း



www.burmeseclassic.com



ရွှေကျွန်းပင်မောင်တော်



ရွှေကျွန်းပင်နှမတော်



ရွှေကျွန်းပင်မောင်နှမနတ်နန်း



ရွှေကျွန်းပင်မောင်နှမနတ်ပွဲမှ ရှိမ္မကားရွာလုပ် မြေအိုးမြေခွက်များ ရောင်းချစဉ်

ဖြစ်သည်။ ထို့ကြောင့် တောင်ပြုန်းမင်းနှစ်ပါး ချိုးရေတော်သုံးပွဲနှင့် ချင်းတွင်းမြစ်အတွင်း ပခန်းမင်းချိုးတော်ရေသုံးပွဲများကဲ့သို့ အထူးစည်ကားသည်။

**နတ်ဖြစ်စဉ်သမိုင်း**

နတ်ဖြစ်စဉ်သမိုင်းမှာ ရေရေရာရာသိပ်မရှိသည်ကို တွေ့ရသည်။ မြန်မာပြည်မြောက်ပိုင်းမှ စော်ဘွားကြီးတစ်ဦး၏သားနှင့်သမီးဖြစ်သည်ဟု ဆိုသည်။ သေဆုံးပြီးနောက် နတ်ဖြစ်၍ ကျွန်းတုံးကြီးနှင့် မျောပါလာရာ ယခု ရွှေကျွန်းပင်မောင်နှမနတ်နန်း ရှိသည့်နေရာတွင် သောင်တင်နေပြီးသည်ကအစ ရွှေကျွန်းပင်မောင်နှမနတ် ဖြစ်ပေါ်လာသည်ဟုသာ ပြောကြပါသည်။

မင်းကွန်းဆရာတော်ကြီးက နတ်နှင့်ပတ်သက်၍ မိန့်ကြားတော်မူခဲ့သည်ကို ယခုထိမှတ်မိနေပါသည်။ စာရေးသူသည် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးက အသင်းလူကြီးများနှင့် ဝါခေါင်လထဲတွင် မင်းကွန်းသို့သွားကြသည်။ မင်းကွန်းဆရာတော်ကြီးကျောင်းသို့မရောက်မီ လမ်း၏ ဘယ်ဘက်တွင် ရွှေကျွန်းပင်မောင်နှမနတ်နန်းကို တွေ့ရပြီး နတ်ပွဲကျင်းပရန် ပြုလုပ်နေကြသည်ကို မြင်ရသည်။

စာရေးသူတို့ ဆရာတော်ကြီးကျောင်းပေါ်သို့ တက်ရောက်၍ ဖူးကြသောအခါ အညာသားကြီးနှစ်ယောက်သည် မျက်နှာသုတ်ပဝါများကို ခေါင်းပေါင်းပေါင်း၍ ဆရာတော်ကြီးအားဦးချနေသည်ကို တွေ့ရသည်။ သူတို့ကို မြင်သည်နှင့် ဆရာတော်ကြီးက -

"ဩော် - မင်းတို့ပွဲတောင်စတော့မယ်မဟုတ်လား"

"တင်ပါ့ဘုရား"

"ဟဲ့ - ကိုရင်ကြီး သူတို့ကို ထုံးစံအတိုင်းပေးလိုက်ကြ"

ဟု မှာလေသည်။

ကိုရင်ကြီးကလည်း စာရေးသူတို့ရှေ့တွင်ပင် သူတို့နှစ်ယောက်ကိုခေါ်၍ ပစ္စည်းများပုံပေးနေလေသည်။ ဆန်နှစ်အိတ်၊ ဆီနှစ်ပုံး၊ မျက်နှာသုတ်ပဝါနှစ်ပိုင်း အစရှိသဖြင့် နှစ်ခုစီပေးလိုက်သည်။ စာအိတ်ဖြင့် ငွေလည်းနှစ်အိတ်ပေးလိုက်သည်ကို တွေ့ရသည်။ ထိုလူကြီးနှစ်ဦး ကျောင်းပေါ်မှ ဆင်းသွားသောအခါ မလွန်ဈေးဆန်လှူအသင်းကြီး ဥက္ကဋ္ဌ ဦးမောင်မောင်မြက -

"အရှင်ဘုရား၊ ဒါတွေယုံလားဘုရား"

"ဟဲ့-မောင်မောင်မြရဲ့၊ ဗိုလ်ချုပ်နေဝင်းနဲ့ ခင်တယ်ဆိုပြီးတိုင်းလည်းရပ်ကွက်လူကြီးကို အလေးမထားဘဲ မထိလေးစားနဲ့ ဖဲဝိုင်းထောင်လို့မရဘူး။ ရပ်ကွက်လူကြီးနဲ့ဆိုင်ရာကလာဖမ်းမှာပဲ"

ဟု ပြန်၍မိန့်ကြားလိုက်ပါသည်။

မင်းကွန်းဆရာတော်ကြီး၏စကားကို အစဉ်မှတ်မိနေ၍ ဤနေရာတွင် ဤကိစ္စကို ရေးသား ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



# တင်နိုင်တိုး

## ညောင်ရမ်းထိပ်တင်မကြီး၏ ဈာပန

ရန်ကုန်မြို့ ရှိုင်ရယ်ရုပ်ရှင်ရုံတွင် ၁၉၆၈ ခုနှစ်လောက်က 'ညောင်ရမ်းညီနောင်' အမည်ရှိ ရုပ်ရှင်ဇာတ်ကားရုံတင်ပြသခဲ့ဖူးပါသည်။ ရှိုင်ရယ်ရုံဟူသည် ဗိုလ်ချုပ်လမ်း ယခု စင်ထရယ်ဟိုတယ်နေရာတွင်ရှိခဲ့ဖူးသည့် ရုပ်ရှင်ရုံဖြစ်ပါသည်။ ညောင်ရမ်းညီနောင်သည် မင်းရှင်နောင်၏ဇာတ်ညွှန်းဖြစ်ပြီး ဖန်တီးထားသော ဇာတ်လမ်းဇာတ်ကွက် ဖြစ်ပါသည်။ ရတနာပုံခေတ်က ညောင်ရမ်းညီနောင်ဟု ခေါ် ဆိုရမည်။ ညောင်ရမ်း၊ ညောင်အုပ်မင်းသားများ အမှန်တကယ်ရှိခဲ့ဖူးပါသည်။ မင်းတုန်းမင်း၏ သားတော်များ ဖြစ်ပါသည်။

ညောင်ရမ်းညီနောင်မင်းသားများသည် သီပေါမင်းနန်းတက်စတွင် ဗြိတိသျှသံရုံးအကူအညီဖြင့် လွတ်မြောက်သွားကြရာမှ အိန္ဒိယသို့ ရောက်ရှိသွားကြသည်။ ညောင်ရမ်းမင်းသားမှာ အိန္ဒိယတွင် ကံကုန်သွားပါသည်။ ညောင်ရမ်းမင်းသားနှင့် ကိုယ်လုပ်တော် ခင်လေးဘုရားတို့မှ သားတော်၊ သမီးတော်(၅)ပါး ထွန်းကားခဲ့ရာ အကြီးဆုံးမှာ သားတော် ထိပ်တင်ဦးဌွန်းဖြစ်ပြီး ညောင်ရမ်းထိပ်တင်မကြီးက သမီးတော်များထဲတွင် အကြီးဆုံးဖြစ်ပါသည်။ (ညောင်ရမ်းမင်းသား၏ဆွေစဉ်မျိုးဆက်စာရင်းကျယ်ကို အန်ကယ်ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၏ 'ကုန်းဘောင်အလွန်' စာအုပ်တွင်လေ့လာဖတ်ရှုနိုင်ပါသည်။)

ညောင်ရမ်းထိပ်တင်မကြီးကို ၇၊ စက်တင်ဘာ၊ ၁၈၆၄၊ (မြန်မာနှစ် ၁၂၂၆ ခု၊ တော်သလင်းလဆန်း ၇) ဗုဒ္ဓဟူးနေ့တွင်ဖွားမြင်ခဲ့ခြင်း ဖြစ်ပါသည်။ အသက် (၇၃) နှစ်အရွယ် (၁၈၊ ဩဂုတ်၊ ၁၉၃၇) တွင် ကံကုန်ခဲ့ခြင်းဖြစ်ပါသည်။ မင်းသမီးကြီး၏ ဈာပနသတင်းကို ၂၆-၈-၁၉၃၇ ရက်စွဲပါ သူရိယသတင်းစာ၌ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**ညောင်ရမ်းထိပ်တင်မကြီး**
**နတ်ရွာစံတော်မူခြင်း၊**
**အစိုးရထံမှ အထောက်အပံ့ငွေ**
**မပေးသေးဟုဆိုခြင်း**

ရန်ကုန်မြို့ ကြည့်မြင်တိုင် ကွမ်းရွံ့တန်း အိမ်နံပါတ် (၁၂) နေ ညောင်ရမ်းထိပ်တင်မကြီးသည် ဩဂုတ်လ ၁၈ ရက်နေ့က အထက်ပါအိမ်တော်တွင် လူကြီးရောဂါနှင့် နတ်ရွာစံလွန်တော်မူပြီ ဖြစ်ကြောင်း။

ညောင်ရမ်းထိပ်တင်မကြီးသည် မန္တလေး မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရားနှင့် သီရိမဟာဒေဝီ မြောက်ရွှေရေးမိဖုရားကြီးတို့၏ သားတော်ဖြစ်သော ညောင်ရမ်းကိုယ်တော်ကြီး၏ သမီးတော်အကြီးဆုံးဖြစ်ကြောင်း၊ ညောင်ရမ်းထိပ်တင်မကြီးမှာ မြန်မာနှစ် ၁၂၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူ၍ ယခု နတ်ရွာစံသည့်အချိန်အထိ သက်တော် (၇၃) နှစ်ရှိပြီဖြစ်ကြောင်း၊ ညောင်ရမ်းထိပ်တင်မကြီး၏ ခမည်းတော် ညောင်ရမ်းကိုယ်တော်နှင့် ညီတော် ညောင်အုပ်ကိုယ်တော်တို့မှာ ၁၂၄၀ ပြည့်နှစ်ကပင်လျှင် မြန်မာပြည်မှ ကာလကတ္တားမြို့သို့ ပို့လိုက်ပြီးနောက် အလွန်ရင်းနှီးသော မိတ်ဆွေများကဲ့သို့ သဘောထားကာ အစိုးရက လစာရိက္ခာများကို လုံလောက်စွာ ထောက်ပံ့ခဲ့ကြောင်း၊ သမီးတော် ထိပ်တင်မကြီးမှာ နတ်ရွာစံသည်အထိ လစာငွေ တစ်လလျှင် (၁၃၀)ဖြင့် အစိုးရတို့က ချီးမြှင့်လျက်ပင်ရှိကြောင်း၊ ယခုကဲ့သို့ ညောင်ရမ်းထိပ်တင်မကြီး နတ်ရွာစံလွန်တော်မူသွားသဖြင့် ညောင်ရမ်းကိုယ်တော်ကြီး၏သားတော်၊ သမီးတော် တစ်ပါးမျှ မရှိတော့ချေ။ ညောင်ရမ်းထိပ်တင်မကြီးတွင် ယခုအခါ အသက် (၃၃) နှစ်ရှိ ထိပ်တင်ချစ် သမီးတော် တစ်ပါးသာလျှင် ကျန်ရစ်ခဲ့ကြောင်း၊ ထိပ်တင်ချစ်မှာမူကား အစိုးရ၏ အထောက်အပံ့မရဟု သိရှိရလေသည်။ ကာလကတ္တားမြို့၌ ကံကုန်သော စန္ဒာဒေဝီမင်းသမီးမှာ ညောင်ရမ်းထိပ်တင်မကြီး၏ တူမတော်ဖြစ်ကြောင်း။

ထိုကဲ့သို့ ရုတ်တရက် နတ်ရွာစံလွန်တော်မူသောကြောင့် ကျန်ရစ်တော်မူသော သမီးတော် ထိပ်တင်ချစ်မှာ အားကိုးရာ ကင်းမဲ့နေသောကြောင့် ဩဂုတ်လ ၁၈ ရက်နေ့က ထုံးစံအတိုင်း ဆွေတော်မျိုးတော်များကို စောင့်ရှောက်ရသူ ရန်ကုန်မြို့ ပုလိပ်မင်းကြီးထံသို့ ဝင်ရောက်ကာ မသာတော်အတွက် အလျင်စလိုသုံးစွဲရန် ငွေ(၃၀၀) တောင်းဆိုရာ ပုလိပ်မင်းကြီးက မိမိမတတ်နိုင်ကြောင်း၊ ပြည်ထဲရေးဌာနဝန်ကြီးချုပ်ထံသို့ သွားရောက် လျှောက်ခိုင်းသည်ဟု သိရသည်။ သို့သော် ဩဂုတ်လ ၁၉ ရက်နေ့အထိ တစ်ပြားတစ်ချပ်မျှမရဘဲ ရှိနေသေးသဖြင့် အရေးကြီးသော မသာတော်ကိစ္စနှင့်သက်ဆိုင်သည့် ကိစ္စအဝဝတို့ကို လုံးဝဆောင်ရွက်ခြင်းမပြုရသေးဟု ကြားသိခဲ့ရကြောင်း။

မသာတော်ချရန်ကိုမူ ဩဂုတ်လ ၁၉ ရက်နေ့ထိ အစိုးရထံမှ အထောက်အပံ့ငွေ မရသေးသဖြင့် ဆိုင်းငံ့ထားရသည်ဟု သိရှိရကြောင်း။

ညောင်ရမ်းထိပ်တင်မကြီး၏ဓာတ်ပုံရရှိသော်လည်း အလွန်မှုန်နေသဖြင့် မထည့်လိုက်ရပါကြောင်း ဟူ၍ ဖြစ်ပါသည်။

ယင်းသတင်း ပါလာပြီးနောက် ၂၃ - ၈ - ၃၇၊ သူရိယသတင်းစာတွင် သတင်းပါလာပြန်ပါသည်။ သင်္ဂြိုဟ်စရိတ်ငွေရရှိရေးအတွက် သမီးတော် ထိပ်တင်ချစ်နှင့် တူမတော် ထိပ်တင်စုတို့ ပြည်ထဲရေးဝန်ကြီးချုပ်ထံသို့ အကြိမ်ကြိမ်သွားရောက်ကြသော်လည်း အလုပ်များနေ၍ မတွေ့ရကြောင်း၊ နောက်ဆုံး အကျိုးတော်ဆောင် ဦးမောင်မောင်သန့်ကိုယ်တိုင်သွားမှ ပြည်ထဲရေးဝန်ကြီးချုပ်နှင့် ဝန်ကြီးဒေါက်တာဘမော်တို့က ငွေထုတ်လာရန် သက်ဆိုင်ရာသို့ ညွှန်ကြားပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့သည်ဆိုသည်။

သို့ဖြင့် ၂၈-၈-၃၇ တွင် ပထမအရစ် (၅၀၀) ပေးရန် အမိန့်ချမှတ်လိုက်ရာ စက်တင်ဘာလ ၂ ရက်နေ့တွင် ရရှိကြသည်။ ဤတွင်မှ ဈာပနအခမ်းအနားကို ဆောင်ရွက်နိုင်ကြလေတော့သည်။

တင်နိုင်တိုး

www.burmeseclassic.com

တစ်နေ့ -

အလုပ်ကလေးအားတုန်း အိမ်မှာထိုင်ပြီးစာဖတ်နေရင်း -

"ဆရာမင်းပြည့် ရှိပါသလားခင်ဗျာ"

အိမ်ရှေ့ကနေ လှမ်းခေါ် လိုက်တဲ့ ယောကျ်ားတစ်ယောက်အသံ။ အသံက ခပ်ငယ်ငယ်အသံမျိုး။

နာရီကိုကြည့်လိုက်တော့ အချိန်က (၃) နာရီထိုးတော့မယ်။ တစ်နေ့တာအတွက် အလုပ်ချိန်တော့ပြီးသွားပြီလေ။ ဒါပေမယ့် ဘယ်သူများပါလိမ့်၊ ဘာကိစ္စများအရေးကြီးလို့လဲလို့တွေးရင်း အသံလာရာဘက်ကိုလှမ်းကြည့်လိုက်တော့ -

ဘယ်သူလဲမှတ်တယ်၊ ငယ်သူငယ်ချင်း ကိုမိုး။ မျက်နှာက ပြုံးဖြီးဖြီးနဲ့ ကျွန်တော့်ကိုလည်းတွေ့ရော ထပ်ပြီးမေးပြန်တယ်။

"ဆရာမင်းပြည့်နဲ့ တွေ့ချင်လို့ပါခင်ဗျာ" တဲ့ပြီး -

ငယ်သူငယ်ချင်း နှစ်ယောက်ကျောင်းပြီးကတည်းက သူကလည်း သူ့အလုပ်နဲ့သူရှုပ်၊ ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်။ အလုပ်အားရင်အားသလို၊ အချိန်မပေးရရင်ရသလို ရောက်ရောက်လာတတ်တဲ့ သူငယ်ချင်းကိုမိုး။

လာပြန်ရင်လည်း -

"မင်းကို သတိရလွန်းလို့ အချိန်လုပြီးလာရတာ၊ အလုပ်ပြန်ဝင်ရဦးမယ်ကွ။ နောက်မှလာခဲ့မယ်ကွာ"

လို့ ပြောပြောပြီးပြန်ပြေးတာပဲ။

"မင်းကလည်းကွာ၊ တရော်ချောင်းကို ဖင်ခုထိုင်နေရသလိုပဲ"

လို့ ကျွန်တော်က အမြဲပြောလေ့ရှိတယ်။

အခုလည်း ဒီကောင်ရောက်လာပြန်ပြီ။

"ဟေ့ကောင်၊ အပိုတွေလုပ်မနေနဲ့၊ လာ - အိမ်ထဲကို"

ဆိုပြီး တံခါးဖွင့်ပေးလိုက်တော့ သူက အိမ်ထဲဝင်လာရင်း -

"မသိဘူးလေကွာ၊ မင်းက ဆရာမင်းပြည့် ဆရာမင်းပြည့်ဆိုဖြစ်နေတော့ ငါကလည်း ဆရာမင်းပြည့်လို့ ခေါ် လိုက်တာပါကွာ"

လို့ ပြောရင်းထိုင်မယ်အလုပ် -

"မင်းနောက်လည်းလာခဲ့ဦးနော်"

"ဟာကွာ . . . မင်းကလည်း၊ ထိုင်တောင်မထိုင်ရသေးဘူး"

"မသိဘူးလေကွာ၊ မင်းကလာရင် ဖင်ပူအောင်တောင် မထိုင်ရသေးဘူး ပြန်ပြန်ပြေးနေလို့ ငါကကြို့ပြောထားတာ"

"မဟုတ်ဘူးကွ၊ ငါဒီတစ်ခါလာတာ မင်းနဲ့တိုင်ပင်စရာရှိလို့။ တိုင်ပင်စရာဆိုတာထက် မင်းကို ပြောပြစရာလေးတွေရှိလို့။ ပြီးတော့ မင်းရဲ့ အကူအညီလည်းလိုတယ်ကွ။ အဲဒါကြောင့် ငါဒီနေ့အချိန်ယူပြီးလာခဲ့တာ၊ ငါ့ကိုကူညီပါဦးကွာ"

"မင်းက ဘာတွေဖြစ်နေလို့လဲ။ အခုကောဘာဖြစ်လာလို့လဲ"

"တစ်လကျော်ကျော် နှစ်လလောက်ရှိပြီကွ၊ ငါအလုပ်ထဲမှာအဆင်မပြေဘူး။ လခကတော့ ပုံမှန်ရတာပေါ့ကွာ။ ဒါပေမယ့် တစ်မျိုးဖြစ်နေသလိုပဲကွ၊ ပြီးတော့ ငါမိန်းမနဲ့လည်း အဆင်မပြေဘူး၊ ခဏခဏရန်ဖြစ်ဖြစ်နေတယ်၊ စကားဆယ်ခွန်းပြောရင် ငါးခွန်းကရန်ဖြစ်နေတယ်။ ဘာတွေဖြစ်နေလဲတော့ မသိတော့ဘူးကွာ"

"အရင်ကတော့ မင်းတို့လင်မယားရန်မဖြစ်တာကျနေတာဘဲ။ လင်မယားပဲကွာ လျှာနဲ့သွားလိုပေါ့။ တစ်ခါတလေတော့လည်း ကတောက်ကဆလေးတွေတော့ရှိမှာပေါ့"

"မဟုတ်ဘူးကွ၊ အရင်က ဒီလောက်မဖြစ်ဘူး၊ ခုနောက်ပိုင်း ခဏခဏပဲ။ ဘာမဟုတ်တာလေးနဲ့ ထထပြီး စကားများများနေတယ်။ ပြီးတော့ ငါ



# မင်းပြည့်

## မှန်မသာတည်ကိန်းနှင့်ကြည့်လေသော်



www.burmeseclassic.com

www.burmeseclassic.com



သည်း ခဏခဏချူချာတယ်"

"မင်းကဘာဖြစ်နေလို့လဲ"

"ပြီးခဲ့တဲ့လကလည်း ဖျားပြီးဆေးခန်းပြရသေးတယ်"

အခုလည်း မင်းဆီမလာခင် သုံးလေးရက်လောက်ပဲရှိသေးတယ် ဖျားသိက်တာကွာ။ အလုပ်မှာ ခွင့်နှစ်ရက်ယူလိုက်ရတယ်။

အ ဒ ၇

ဒါဘာ တွေ ဖြစ် နေ လဲ ဆို တာ မသိတော့ဘူး။ မင်း ငါ့ကို တွက်ပေးပါကွာ။ ကူညီပါဦး ဆရာရယ်"

လို့ မျက်နှာက ငိုပ်ဖြုဖြုနဲ့ ပြောရင်း -

"အေး - ခဏနေဦး။ ငါစာအုပ်နဲ့ ဘောလ်ပင်ယူလိုက်ဦးမယ်"

ဆိုပြီး နေ့တိုင်းနေ့တိုင်း ခုနစ်ရက်သားသမီးတွေရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးနေရတဲ့အလုပ်မှာ မရှိမဖြစ် အသုံးပြုနေရတဲ့ စာအုပ်နဲ့ ဘောလ်ပင်လေးကိုယူပြီး ပြန်အထိုင် -

"ဩော် - မင်းကို ငါ ပြစရာတစ်ခုလည်းရှိသေးတယ်"

ဆိုပြီး သူ့အိတ်ကပ်ထဲမှ စက္ကူအပိုင်းလေးတစ်ခုနဲ့ ထုပ်ထားတဲ့ နှစ်လက်မလောက်ရှိ ဘောလ်ပင်လုံးခန့် သစ်သားကိုင်းခြောက်လေးတစ်ခုကိုထုတ်ပြတယ်။

"အဲဒါဘာလဲကွ"

လို့ ကျွန်တော် မေးလိုက်တော့ -

"အင်ကြင်းကိုင်း။ ငါ့အစ်ကိုတစ်ယောက်က ဆောင်ထားဆိုပြီး ငါ့ကိုပေးထားတာကွ။ သူက စာအုပ်တွေဘာတွေဖတ်တယ်။ စာအုပ်ဆိုတာကွာ ဂမ္ဘီရစာအုပ်တွေဘာတွေပေါ့။ ဒါပေမယ့် ဟိုစပ်စပ်ဒီစပ်စပ်ပါကွာ။ ငါလည်း ယူထားလိုက်မိတယ်။ ဘာအတွက်လဲလို့ ငါ မေးတော့ ငါ့နာမည်က ကြာသပတေးနာမည်၊ အဲဒါကြောင့် အင်ကြင်းသား ဆောင်ထားရမယ်ဆိုပြီးပေးတာပဲကွာ"

"မင်းသွားတဲ့နေရာတိုင်း အဲဒီအင်ကြင်းသားအကိုင်းလေးတကောက်ကောက်ပါတယ်ဆိုပါတော့"

"အေး - ငါလည်း ငါ့အစ်ကိုက ဆောင်ထားဆိုတာနဲ့ ဘယ်သွားသွား အိတ်ထဲထည့်သွားတာပဲ"

"အင်း - အဲဒီမှာစတွေ့တာပဲ"

"ဘာကြီးလဲ"

"ဘာကြီးမှမလဲဘူး။ မင်းကို အထူးတလည် တွက်ပေးစရာတောင် မလိုတော့ဘူး သူငယ်ချင်း။ မင်း အဲဒီ အင်ကြင်းသားအကိုင်းလေးဝင်လာပြီးကတည်းက အခုလို အဆင်မပြေတာတွေဖြစ်ဖြစ်နေတာမဟုတ်လား။ ပြန်စဉ်းစားကြည့်"

ကိုမိုး ဟိုကြည့်ဒီကြည့်နဲ့ စက္ကန့်အနည်းငယ်ခန့် မျက်လုံးကိုအပေါ်ကြည့်လိုက်၊ အောက်ကိုပြန်ကြည့်လိုက်လုပ်နေပြီး တွေဝေနေတဲ့ပုံစံနဲ့။ ပြီးမှ -

"အေး - ဖြစ်နိုင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် - ဖြစ်နိုင်တာမဟုတ်ဘူး၊ ဖြစ်ကိုဖြစ်နေတာ၊ ဖြစ်ကိုဖြစ်နေတာနော် ကိုယ့်လူ။ အဖြေကရှင်းနေတာပဲ"

လို့ ကျွန်တော်ပြောလိုက်ရော -

ကိုမိုး အဲဒီသစ်ကိုင်းလေးကိုကိုင်ပြီး -

"ဒါဆိုရင် ငါဘာလုပ်ရမလဲ သူငယ်ချင်း၊ ဒါလေးကို ဘယ်လိုလုပ်လိုက်ရမလဲ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွာ။ မင်း အခု ငါ့ဆီကပြန်ရင် ဟာ - နေဦးကွ၊ အေး - ဟုတ်ပြီ၊ မင်းတို့နေတဲ့အနားမှာ ညောင်ပင်ရှိလား"

"ရှိတယ်၊ ရှိတယ်"

"အေး - အဲဒီညောင်ပင်မှာသွားထားလိုက်တော့။ မင်းကို လမ်းမှာမပစ်ခိုင်းတာ ဒီအင်ကြင်းသားအကိုင်းလေးက ဘယ်နေရာကလာလဲမသိဘူးလေ။ တော်ကြာ မြတ်တဲ့နေရာကလာတဲ့အင်ကြင်းကိုင်းဖြစ်နေမှာစိုးလို့ ငါက ဒီအတိုင်း လမ်းမှာမပစ်ခိုင်းတာ။ မင်းသဘောပေါက်လား"

"ဩော်-အဲလိုလည်းရှိသေးလား"

"ဟ - ရှိတာပေါ့ကွ။ ဒါပေမဲ့ ဘာမှစိတ်မပူပါနဲ့ကွာ။ စိတ်ထဲမှာလည်း ဘာမှထားမနေနဲ့တော့။ ဒါလေးထုတ်လိုက်ပြီးရင် မင်းပြန်ပြီး အဆင်ပြေလာမှာပါကွာ။ ကိစ္စရှိရင်၊ တိုင်ပင်စရာရှိရင် ငါ့ကိုဖုန်းလှမ်းဆက်ပေါ့ကွာ"

"မဟုတ်ဘူးကွ။ ငါက မင်းကို အားနာလို့၊ ငါဖုန်းဆက်တဲ့အချိန်နဲ့ မင်းအလုပ်တွေရှုပ်နေတဲ့အချိန်နဲ့ဖြစ်မှာစိုးလို့ပါကွာ"

သူငယ်ချင်းနှစ်ယောက် စကားလေးများပြောကြရင်း ခဏကြာတော့ ကိုမိုး ထုံးစံအတိုင်း သူ့လက်က နာရီကို တကြည့်ကြည့်နဲ့ -

"ဒါဆို ငါသွားလိုက်ဦးမယ်ကွာ သူငယ်ချင်း၊ နောက်မှငါထပ်လာခဲ့မယ်။ မင်းကို ကျေးဇူးအများကြီးတင်ပါတယ်ကွာ"


"မင်းကလည်းကွာ၊ တို့နှစ်ယောက်ကြားမှာ ကျေးဇူးဆိုတဲ့တံတိုင်းကြီးမခြားစမ်းပါနဲ့ကွာ။ မလိုပါဘူးကွ"

"အေးပါ သူငယ်ချင်း၊ ဒါဆို ငါလစ်ပြီနော်"

"အေး၊ အေး"

ကိုမိုးက ကြာသပတေးနာမည်။ သူ့နာမည်အရင်းက မိုးဝေ။

သူ့အဆောင်အဖြစ်နဲ့ဆောင်ထားတာက အင်ကြင်းသား။




(အင်ကြင်းသည် ကြာသပတေးရဲ့ ပင်းယဇေက်ထိုးဖြစ်ပြီး မူလအလယ်အခြာ ကြာသပတေးကို စိတ်အကြံအစည်ကိုရော လူရုပ်သွင်ကိုပါ ထိခိုက်နိုင်စွမ်းလေရာ မိုးဝေအတွက် အဆောင်ကောင်းဖြစ်မလာခဲ့ပါ။)

နောက်တစ်လကျော်လောက်ကြာတော့ ကိုမိုးထပ်ရောက်လာပြန်တယ်။

"ဟော့ကောင်၊ ဘာဖြစ်လာပြန်ပြီလဲ"

လို့ ကျွန်တော်က အိမ်ဝကနေစီးပြီးမေးလိုက်တယ်။

"နေပါဦးကွာ မင်းကလည်း၊ အမောလေးဘာလေးတော့ ဖြေပါရစေဦး"

"ကဲ-ထိုင်၊ ပြောစမ်းပါဦး။ဘာတွေဖြစ်လာပြန်ပြီလဲ"

"မင်းပြောသလို အင်ကြင်းကိုင်းလေးထုတ်ပြီးတဲ့နောက်ပိုင်း ငါတဖြည်းဖြည်းနဲ့ ပြန်အဆင်ပြေလာတယ်ကွ သိလား"

"မင်းမိန်းမနဲ့ရော ခဏခဏရန်ဖြစ်နေသေးလား"

"အေး - သိပ်မဖြစ်တော့ဘူးကွ၊ မဖြစ်တော့သလောက်ပါဘဲ။ လင်မယားဆိုတော့လည်း မင်းပြောသလို တစ်ခါတလေ နည်းနည်းပါးပါး ကတောက်ကဆတော့ရှိတာပေါ့ကွာ။အဲဒါကလည်း မေ့လောက်သင့်မှ တစ်ခါလောက်ပါ။ အခုဆို တော်တော်ကို အဆင်ပြေလို့ဟဲဟဲ"

"မင်းအလုပ်ထဲမှာရော အဆင်ပြေလား"

"ပြေတယ်၊ ပြေတယ်၊ အားလုံးလိုလို အဆင်ပြေတယ် သူငယ်ချင်း။ ဒါလေးတွေလည်း မင်းကိုပြောပြချင်လို့လာခဲ့တာ"

"အေးပါကွာ၊ ငါအဲဒီအသံမျိုးပဲကြားချင်ပါတယ်။ မင်းတစ်ယောက်ထဲမှ မဟုတ်ပါဘူး။ လူတိုင်းကို အဆင်ပြေစေချင်ပါတယ်။ ဒါကြောင့် လူတွေရဲ့အခက်အခဲတွေကို ငါသိသလောက်၊ တတ်သလောက် ကူညီနေတာပေါ့ကွာ"

သူငယ်ချင်းနှစ်ယောက် စကားတွေပြောနေကြရင်း ထုံးစံအတိုင်း ကိုမိုး လက်ကနာရီကိုကြည့်ပြီး -

"ငါလစ်တော့မယ် သူငယ်ချင်း၊ အလုပ်ပြန်ဝင်ရဦးမယ်ကွ။ နောက်မှ အေးအေးဆေးဆေးလာခဲ့မယ်"

"အိုကေ - သူငယ်ချင်း၊ တာ့တာ တာ့တာ"

ဒီလိုမျိုး နောက်ထပ်တစ်ယောက် ထပ်တွေ့ပြန်တယ်။

သူ့နာမည်က ဦးဝင်းတဲ့။

ဦးဝင်းရဲ့ဖြစ်ပုံတွေက တစ်မျိုး။ ကိုမိုးနဲ့ မတူဘူး။ ဒါပေမယ့် အဆင်မပြေတာတွေချင်းတော့တူတယ်။

ဦးဝင်းက ရှိစုမဲ့စုပိုက်ဆံလေးနဲ့ တက္ကစီ(အငှားကား)လေးတစ်စီးထောင်ထားတယ်။

ဒါပေမယ့် သူကိုယ်တိုင်မောင်းတာတော့မဟုတ်ဘူး။

သူ့မိန်းမရဲ့မောင် ဦးဝင်းရဲ့ယောက်ဖပေါ့။ နာမည်က ကိုသန်းကျော်တဲ့။ အဲဒီလူကိုမောင်းခိုင်းတယ်။ ကားက မကြာခဏပျက်ပျက်နေတယ်။ တစ်ခါတလေ အုံနာခမရတဲ့အပြင် ဦးဝင်းကတောင် ပြန်ပြီးပေးနေရတဲ့အခါမျိုးတွေလည်းရှိတယ်။

ဒီကြားထဲ မကြာသေးဘူး။ ကားက သူ့ဟာသူရပ်ထားတာ တခြားကားတစ်စီးက နောက်ကနေဝင်ဆောင့်လိုက်ရော။

အခုတော့ ကားကပြန်ပြင်လိုက်ရတယ်လေ။

ဦးဝင်း စိတ်ပျက်လက်ပျက်နဲ့ သူ့ရဲ့အကြောင်းလေးတွေ ပြောပြနေတာကို ခဏနားထောင်ပေးနေရသေးတယ်။

ပြီးတော့မှ -

"ကဲ - ဦးဝင်း၊ ကျွန်တော်တစ်ခုတော့ ပြောပြချင်တယ်"

"ပြောပါ ဆရာလေး"

"ဦးဝင်း အရင်ဆုံးလုပ်ရမှာက အားနာတတ်တဲ့စိတ်ကို အရင်ဖျောက်ပစ်ရမယ်။ နေရာတိုင်းတော့ မဟုတ်ပါဘူး။ စီးပွားရေးလုပ်တဲ့နေရာမှာ ပြောတာ"

"ဟုတ်ကဲ့"

"ဦးဝင်းရဲ့ယောက်ဖ ကိုသန်းကျော်ကို မမောင်းခိုင်းနဲ့တော့"


"ဦးမောင်းခိုင်းတာမဟုတ်ဘူး၊ ဦးရဲ့မိန်းမက သူ့မောင်လေးအလုပ်မရှိလို့ ပေးမောင်းလိုက်ပါဆိုလို့ ဦးကလည်း သူစိမ်းမှမဟုတ်ဘဲ ကိုယ့်ယောက်ဖပဲလေဆိုပြီး ပေးမောင်းထားလိုက်တာ"




www.burmeseclassic.com

www.burmeseclassic.com

"ဦးဝင်းက ဗုဒ္ဓဟူးသား။ ပြီးတော့ နာမည်ကလည်း ဗုဒ္ဓဟူးနာမည်။ ကိုသန်းကျော်ကို မကောင်းဘူးလို့ ကျွန်တော် မပြောဘူးနော်။ ဒါပေမယ့် ဗုဒ္ဓဟူးသားသမီး ဒါမှမဟုတ် ဗုဒ္ဓဟူးနာမည်ရှင်တစ်ယောက်ရဲ့အဆောင်က တနင်္လာနဲ့ သောကြာတွဲတဲ့နာမည်မျိုး ဥပမာ ကသစ်လိုအတွဲမျိုး။ အခု ဦးဝင်းယောက်ဖ နာမည်က သန်းကျော်။ ကသစ်နဲ့ပြောင်းပြန်ဖြစ်နေတယ်။ သူ့ကို ဦးဝင်းက အမိကနေရာမှာမှသွားထားတာကိုး"




(အမှား)




(အမှန်)

"ဒါဆို ဆရာလေး၊ သန်းကျော်ကို မမောင်းခိုင်းတော့ဘူးဆိုရင် ဒီလိုတွေနောက်ထပ်မဖြစ်တော့ဘူးပေါ့နော်"

"ဦးဝင်း သူ့ကို စေတနာရှိရင် နေ့တိုင်း မုန့်ဖိုးပေးထားလိုက်ရတယ်၊ ဘာမှမဖြစ်ဘူး။ ဒါပေမယ့် ဦးဝင်းရဲ့စီးပွားရေးမှာ သူ့ကိုဦးမဆောင်ခိုင်းနဲ့တော့။ ဦးဝင်းရဲ့ဇနီးကိုလည်း နားလည်အောင် ပြောပြလိုက်ပေါ့"

"ပြောပြလိုက်မယ် ဆရာလေး၊ မနက်ဖြန်ကစပြီး သန်းကျော်ကို လုံးဝမမောင်းခိုင်းတော့ဘူး။ ဦးဝင်းကိုယ်တိုင်ပဲ မောင်းတော့မယ် ဆရာလေးရာ"

"အဲဒါ အကောင်းဆုံးပဲ ဦးဝင်းရေ"

နောက်ထပ် တွေ့ရပြန်တဲ့ တစ်ယောက်ကတော့ -

ကိုကျော်ဦး။ တနင်္လာနာမည်ရှင်။

သူ့အလုပ်တွေ အဆင်မပြေလို့၊ ဟုတ်မလိုလိုနဲ့ အဖျားရှူးနေလို့၊ နောက်တစ်ခုဆိုးတာက အလုပ်ထဲမှာ ပြဿနာဖြစ်ပြီး အလုပ်သမားတချို့ထွက်ကုန်လို့ ဆိုပြီးရောက်လာတဲ့ ကိုကျော်ဦး။

သူ့အလုပ်က ဆောက်လုပ်ရေးလုပ်ငန်းလုပ်တာ။

သူ ဘာကြောင့် ခုလိုဖြစ်နေလဲ။ သူ့လုပ်ငန်းအတွက်ပေးထားတဲ့နာမည်ကို မေးလိုက်တော့ နာမည်ကလည်း ကောင်းနေတာပဲ။

"လုပ်ငန်းကိစ္စတွေ၊ အလုပ်သမားကိစ္စတွေ၊ ငွေကြေးကိစ္စတွေပြောရင် ကိုယ်တိုင်ပြောလား ဒါမှမဟုတ် ကြားခံလူယုံရှိသေးလား"

မေးကြည့်လိုက်တယ်။

"ရှိတယ် ဆရာ"

"နာမည်ဘယ်သူလဲ"

"သူ့နာမည်က ဝင်းငွေးတဲ့ဆရာ"

"ဪ - ခုမှအဖြေကပေါ်တယ်။ အဲဒီ ကိုဝင်းငွေးက ကိုကျော်ဦးနဲ့ ဘာတော်လဲ။ သူ့ကိုခန့်ထားတာကြာပြီလား"

"သိပ်တော့မကြာသေးဘူး ဆရာ။ အင်း - နှစ်လကျော်ကျော်လောက်တော့ ရှိမယ်ထင်တယ်။ ကျွန်တော့်ညီဝမ်းကွဲလေးပါ။ အလုပ်မရှိလို့ ကျွန်တော်လည်း ခန့်ထားလိုက်တာ"

"စောစောက ကိုကျော်ဦး ကျွန်တော့်ကိုပြောပြတဲ့ပြဿနာတွေက အဲဒီ ကိုဝင်းငွေး ဝင်လာပြီးမှ ဖြစ်တာလား၊ မဝင်လာခင်တည်းကဖြစ်တာလား"

"ပြဿနာတွေဖြစ်တာက တစ်လကျော်လောက်ရှိပြီဆိုတော့ မောင်ဝင်းငွေး ဝင်လာပြီးမှဖြစ်မယ် ဆရာ။ ထွက်သွားတဲ့အလုပ်သမားတွေကလည်း သူနဲ့ စကားများပြီးထွက်သွားကြတာ"


"ဒါဆိုရင် ကျွန်တော်တစ်ခုတော့ ပြောပြမယ်။ ကိုကျော်ဦးစိတ်တော့မရှိနဲ့"

"ဟုတ်ကဲ့ - ရပါတယ် ဆရာ"


"ကိုကျော်ဦးစေတနာရှိရင် ကိုဝင်းငွေးကို ဒီအတိုင်းသာ မုန့်ဖိုးပေးထားလိုက်၊ ထမင်းကျွေးထားလိုက်။ အလုပ်မှာမထားနဲ့တော့။ ဒါမှမဟုတ်ဘဲ အလုပ်ခန့်ချင်တယ်ဆိုရင် သူ့ကို အမိကနေရာမှာမထားနဲ့တော့။ အမိကကျတဲ့အလုပ်တွေ၊ နောက်ပြီး ငွေကြေးကိစ္စတွေအတွက် ကိုဝင်းငွေးကိုမလုပ်စေနဲ့တော့။ သူ့ဝင်မပြောစေနဲ့တော့။ သူ့ကို တခြားတောက်တိုမည်ရလုပ်ရမယ့်နေရာမျိုးမှာ သာထားလိုက်"

"ဘာဖြစ်လို့လဲဆရာ၊ ကျွန်တော် မသိလို့မေးတာပါ"

"ဒီလိုလေ ကိုကျော်ဦးက တနင်္လာသား။ ပြီးတော့ နာမည်ကလည်း တနင်္လာနာမည်။ တနင်္လာသားသမီး ဒါမှမဟုတ် တနင်္လာနာမည်ရှင်တစ်ယောက်ကို ဒုက္ခရောက်စေတာက ဗုဒ္ဓဟူး၊ စနေအတွဲရှိတဲ့ ယင်းတိုက်လို အသားမျိုးပဲ။ အဲဒီအသားနဲ့ ဓာတ်ရိုက် ထုတ်လိုက်ရင် တနင်္လာသားသမီး၊ တနင်္လာနာမည်ရှင်ဘယ်ခံနိုင်မလဲ။ ကိစ္စပြတ်တယ်။ အခု ယင်းတိုက်နဲ့တူတဲ့ ဝင်းငွေးလေ။ အဲတော့ ကိုကျော်ဦးထိပြီပေါ့"




(အမှား)




(အမှန်)

"ဟာ - တော်ပြီ တော်ပြီ ဆရာ။ ဒါဆိုရင် မနက်ဖြန်ကစပြီး ဝင်းငွေးကို ဖြုတ်လိုက်တော့မယ်"

"ဖြုတ်တော့မဖြုတ်ပါနဲ့။ သူ့ကို အခုခန့်ထားတဲ့နေရာကနေ တခြားကို ရွှေ့လိုက်။ ကျွန်တော် စောစောကပြောသလိုပေါ့။ သူ့ကို အမိကကျတဲ့နေရာမှာ မထားနဲ့တော့။ အမိကကျတဲ့ကိစ္စတွေ သူမပြောစေနဲ့တော့။ တခြားအလုပ်သမားတွေနဲ့ တန်းတူလုပ်ရမယ့်နေရာမျိုးမှာထားလိုက်။ ဒါဆိုရင် ကိုကျော်ဦးရဲ့အလုပ်တွေ ပြန်အဆင်ပြေလာမှာပါ"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

နေ့တိုင်းနေ့တိုင်း ခုနစ်ရက်သားသမီးတွေရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးနေရတဲ့ ကိစ္စလေးတွေထဲက တချို့တဝက်ကို စာဖတ်ပရိသတ်ကြီး၊ စာပေချစ်ပရိသတ်ကြီးအတွက် ဗဟုသုတအဖြစ် တင်ပြလိုက်တာပါ။

*ဆက်လက်ကြိုးစားသွားပါဦးမည်*

မင်းညီ



www.burmeseclassic.com


www.burmeseclassic.com



# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း

△ဗြိုဟ်ရတနာ-ဆရာဇေယျာလင်း

**နမူနာအင်းအမှတ် (၃-၆) ကျေးဖို၊ ကျေးမ ပီယအစီအရင်**




အထက်ဖော်ပြပါ ကျေးဖို၊ကျေးမ အစီအရင်တို့ကို လေ့လာကြည့်သော် အင်းဆန်ဂဏန်းများအဖြစ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၀ စသော ဂဏန်း နံပါတ်အင်းများဖြင့် စီရင်ထားကြောင်း တွေ့ရပေမည်။ ထိုကျေးဖို၊ ကျေးမတို့အား ရွှေပြားတွင်ဖြစ်စေ၊ ငွေပြားတွင် ဖြစ်စေ ရေးစီရင်ပြီးနောက် တစ်တောင်ခန့် အရှည်ရှိသော တုတ်တံနှစ်ချောင်းတွင် အဖျားတို့ခွဲ၍ ယင်းကျေးဖို၊ ကျေးမ စမရုပ်အစီအရင်တို့ကိုညှပ်လျက် လူနှစ်ယောက် တစ်ယောက်တစ်ခုစီကိုင်ပြီး တစ်တောင်ခန့်ခြား၍ထား။ ပွဲနတ်ယကာကိုလည်း အစုံအလင်ပြင်၍ထား။ ထို့နောက် အောက်ပါ သုဝဏ္ဏဘုမ္မိ ဂါထာနှင့် (၁၀၀၀)စုတ်။

*ဂ ဦ သုဝဏ္ဏဘုမ္မိဂန္ဓန၊ သောနုတ္တရာ မဟိဒ္ဓိကာ၊ ပီသာစေနိဒ္ဓ မိတ္တာန ဖြပ္ပဇာတ မဒေသဲယျုံ။*

မန္တန်နှင့် အထက်ပါအတိုင်း စုတ်လိုက်သောအခါ ကျေးနှစ်ကောင်ပူးလာလိမ့်မည်။ ပူးလာသောအခါ တစ်ပြိုင်နက်တည်း ထပ်၍လိပ်ထား။ လက်ဖွဲ့ပြု။ အသုံးကား မင်းအစိုးရရှေ့၊ ကြီးသူ ရှေ့သွားသော် လကယ်ာလက်မှာ ကိုင်၍သွား။ ပီယအတွက်သုံးလိုလျှင် လက်ဝဲလက်မှာကိုင်၍သွား။ လိုအပ်သောဆန္ဒ ပြီးစေ၏။ ကုန်တိုက်ကို သုံးလိုလျှင်၊ အရောင်းအဝယ်စကားပြောလိုလျှင် နှုတ်မှာငုံ၍သွားလေ။ကုန်စုံစေလိုသော် ရေစိမ်၍ပက်။ နံ့သာရည်ဆိုမူ ပိုကောင်း၏။

**နမူနာအင်းအမှတ် (၃-၇) ကမ္ဘီရကြွက်စမ**


မြန်မာ့ဂမ္ဘီရဝိဇ္ဇာအင်းပညာ၌ ရုပ်ပုံဆောင်ဂဏန်းအင်းများအနက် ဤ ဂမ္ဘီရကြွက်စမမှာလည်း ထူးခြားသဖြင့် ဖော်ထုတ်တင်ပြလိုက်ပါသည်။



ဤကြွက်ရုပ်ပုံဂဏန်းနံပါတ်အင်းအား မျက်စိသုည၊ နား ဧကနှင့် ဆကားနားရောင်၊ ပါးစောင်ဒွေးတပ်၊ သတ္တကျောရိုး၊ သုံးကို နောက်ခြေ၊ ဝမ်းနေအဋ္ဌ၊ ဇာယံပဉ္စာ ရှေ့လက်မှာတည်း၊ သချ်ာပြီးမြောက်၊ ဝမ်းကိုဖောက်၍ ဇောက်ထိုးဆွဲရာ၊ ဘေးရန်ကာသည်၊ သချ်ာကြွက်ရုပ်ဂဏန်းတည်း။

ဤလင်္ကာအရ မျက်စိနေရာတွင် သုည(၀)၊ နားနေရာတွင်(၁)၊ နားရောင်အဖြစ် (၆)၊ ပါးစောင်ကို (၂) ဖြင့်၊ (၇) ကိုကျောရိုး၊ (၃)နှင့်(၉)ကို နောက်ခြေ၊ (၄)နှင့်(၅)ကိုရှေ့ခြေ၊ ဝမ်းပိုင်းကို (၈)ဖြင့် အသီးသီးရေးဆွဲထားသော ကြွက်စမ (ဝါ) ကြွက်ရုပ်ပုံဂဏန်းနံပါတ်အင်း ဖြစ်ပေသည်။ ဤကြွက်ရုပ်ပုံဂဏန်းအင်းကို ဝမ်းမှဖောက်၍ ဇောက်ထိုးဆွဲဆောင်ထားသော် ဘေးရန်အန္တရာယ်တို့မှ အကာအကွယ်ရပေ၏။

**နမူနာအင်းအမှတ် (၃-၈) ပီယသိဒ္ဓိလိပ်မန်းအစီအရင်**



ဖော်ပြပါ ပီယသိဒ္ဓိလိပ် (ဝါ) လိပ်ပုံဂဏန်းနံပါတ်အင်းသည်ကား လိပ်ပုံတွင် အင်းဆန်ဂဏန်းနံပါတ်များအဖြစ် ၁၊ ၁၊ ၂၊ ၃၊ ၃၊ ၄၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉ တို့ကို အသုံးစီရင်ထားပေသည်။

ဤပီယလိပ်ပုံဂဏန်းနံပါတ်အင်းအား အသုဘအိမ်က ဆေးလိပ်ဖက်ကို ခိုးယူပြီး ထိုလိပ်ပုံဂဏန်းနံပါတ်အင်းကို ချ။ ထို့နောက် 'ဦ - နယေပရံယုတ္တေ သွာဟ' ဂါထာဖြင့်စုတ်။ ထို့နောက် ထိုစီရင်ထားသော ဆေးလိပ်နှင့် လေတင်က အငွေ့ကိုလျက်။ တောင်းလျှင်မပေးနှင့်။ ရှူတတ်သည်။

ယခုအခါ ကျွန်ုပ်သည် ကျွန်ုပ်တို့၏ မြန်မာ့ဂမ္ဘီရဂန္ဓာဝိဇ္ဇာမယအင်းပညာရှိ အင်းအမျိုးအစားများ ခွဲခြားခြင်းကို ဆွေးနွေးတင်ပြခဲ့ရာ ယခုတင်ပြခဲ့ပြီးသောနမူနာ့အင်းသက်သေသာဓကများနှင့် ရှင်းလင်း ဆွေးနွေးချက်များအရ မြန်မာ့အင်းပညာ၌-

၁။ အက္ခရာစမအင်းများ

၂။ ဂါထာမန္တန်အင်းများ

၃။ ဂဏန်းနံပါတ်အင်းများ

ဟူ၍ အဓိကအမျိုးအစား (၃) မျိုးရှိကြောင်းကို နားလည် လက်ခံလောက်ကြပြီဟု ယူဆပါသည်။

သို့ဖြစ်ရာ ယခုနောက်ဆုံးအနေ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အက္ခရာစမအင်းများ၊ ဂါထာမန္တန် အင်းများ၊ ဂဏန်းနံပါတ်အင်းများသာမက ထိုအင်းအမျိုးအစား (၃) မျိုး (ဝါ) ထိုအင်းအမျိုးအစား(၃)မျိုးတို့ကို အမျိုးမျိုးရောနှောပေါင်းစပ်ထားသည့် 'ပေါင်းအပ်စပ်အင်းအမျိုးအစား' အင်းအုပ်စုကြီးတစ်ခုကိုလည်း ထပ်မံဖော်ထုတ်တင်ပြလိုက်ပါသည်။

**၄။ ပေါင်းစပ်အင်းအမျိုးအစားများ (Combination of Different Types of Magic Squares)**

ကျွန်ုပ်တို့၏ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇမယအင်းပညာတွင် အင်းအစီအရင်ပေါင်းများစွာရှိသလောက်ပင် အမျိုးအစား၊ အင်းပုံစံများမှုလည်း အမျိုးမျိုးရှိပေသည်။ ဤသို့ အင်းအစီအရင်များများပြားသလောက် အင်းများ၏အသက်ဟုခေါ်ရမည့် (ဝါ) အင်းတို့၏ အဓိကသော့ချက်ဟုခေါ်ရမည့် အင်းဆန်များဖြစ်ကြသော ဗျည်းအက္ခရာစမများ၊ ဂါထာမန္တန်များ၊ ဂဏန်းနံပါတ်များကိုလည်း တစ်ခုချင်း သို့မဟုတ် ရောနှော၍ဖြစ်စေ၊ သို့မဟုတ် တွဲဖက်ပေါင်းစပ်၍ဖြစ်စေ အမျိုးမျိုးအဖုံဖုံ စီရင်ထားသည့် အင်းအစီအရင်မျိုးများမှာလည်း မနည်းလှပါချေ။ သို့ဖြစ်ရာ ဤကဏ္ဍတွင် ထိုအင်းဆန်အမျိုးမျိုးကို ရောနှောပေါင်းစပ်စီရင်ထားသည့် အင်းမျိုးအစားများကို စုပေါင်းလျက် ပေါင်းစပ်အင်းအမျိုးအစားဟု ဆိုအပ်သော အင်းအုပ်စုကြီးတစ်ခုအဖြစ် သတ်မှတ်ရခြင်း ဖြစ်ပါသည်။ ထိုသို့ သီးခြားခွဲထုတ်ခြင်းမရှိကရှေ့အသုံးများတွင် ရောနှောဆွေးနွေးတင်ပြခဲ့သော ဗျည်းအက္ခရာစမများအဖြစ် ပီပြင်ရှင်းလင်းစွာမဖြစ်တော့ဘဲ ထွေးရောယှက်တင်ဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့် ထိုကဲ့သို့ ရောနှောပေါင်းစပ်နေသော အင်းအမျိုးအစားများကို ဤသို့ အင်းအမျိုးအစားအုပ်စုကြီးတစ်ခုအဖြစ် ခွဲထုတ်သတ်မှတ်လိုက်ရခြင်း ဖြစ်ပေတော့သည်။

မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာအင်းပညာဖြင့် စီရင်အပ်သော ဤပေါင်းစပ်အင်းအမျိုးအစားများကို လေ့လာကြည့်သောအခါ တွဲဖက်ပေါင်းစပ်ပုံအမျိုးမျိုးရှိနေကြောင်းကို တွေ့ရသဖြင့် ထိုတွဲဖက်ပေါင်းစပ်ပုံအမျိုးမျိုးကိုလိုက်၍ အောက်ပါအတိုင်း အုပ်စုခွဲများ အဖြစ်ထပ်မံခွဲခြားလေ့လာ တွေ့ရှိရပြန်ပါသည်။

(၁) အက္ခရာစမများနှင့် ဂါထာမန္တန်ပေါင်းစပ်အင်းများ။

(၂) အက္ခရာစမများနှင့်ဂဏန်းနံပါတ်ပေါင်းစပ်အင်းများ။

(၃) ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ်ပေါင်းစပ်အင်းများ။

(၄) အက္ခရာစမများ၊ ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ်အားလုံး ပေါင်းစပ်ထားသောအင်းများ။

**(၄-၁) အက္ခရာစမများနှင့် ဂါထာမန္တန်ပေါင်းစပ်အင်းအမျိုးအစားများ**

မြန်မာ့အင်းများတွင် အက္ခရာစမအင်းများ၊ ဂါထာမန္တန်အင်းများရှိသကဲ့သို့ ထိုအင်းနှစ်မျိုးအစားနှစ်မျိုးတွင် အသီးသီးပါဝင်ကြသော အင်းဆန်များဖြစ်ကြသည့် ဗျည်းအက္ခရာစမများနှင့် ဂါထာမန္တန်အင်းဆန်တို့ ပေါင်းစပ်လျက်စီရင်အပ်သော အင်းမျိုးများလည်း များစွာရှိပါသည်။ ဤအချက်ကို ထင်ရှားစေရန်အလို့ငှာ အောက်ပါ အင်းနမူနာတစ်ခုကို ဖော်ထုတ် တင်ပြအပ်သည်။

**နမူနာအင်းအမှတ် (၄-၁-၁) ဣန္ဒိတံနမောဗုဒ္ဓါယဗျည်းအက္ခရာစမအင်း**

ယခု ဖော်ပြအံ့သော ဤဣန္ဒိတံနမောဗုဒ္ဓါယဗျည်းအက္ခရာစမအင်းမှာ 'နမောဗုဒ္ဓါယသိဒ္ဓံ' ဟူသော ဂါထာနှင့် ဗျည်း(၃၃)လုံး၊ သရ(၇)လုံးတို့ကို ပေါင်းစပ်စီရင်ထားသော အင်းအစီအရင်တစ်ခုဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| သိ | ခ | ဍ | လ | အ | ယ | ဏ |
| ဋ္ဌ | ဗ | ဒ္ဓံ | ဂ | ဃ | မော | အာ |
| က | ဈ | ရ | န | ဝ | တ | င |
| ဘ | ဋ္ဌ | ဖ | နံ | ဗု | ဣ | သ |
| ပ | ဩ | ဒ္ဓါ | ဈ | အ | စ | ဆ |
| ည | မ | ဦ | ဓ | ဇ | ဟ | ဤ |
| ဧ | န | ဈ | ဠ | ဉ | ဒ | ဆ |

အထက်ပါနမူနာအင်း၏အင်းဆန်များမှာ - (နမောဗုဒ္ဓါယသိဒ္ဓံဂါထာ) + အ၊ အာ၊ ဣ၊ ဥ၊ ဦ၊ ဧ၊ ဩ (သရ ၇- လုံး) + ကမှ အ အထိ (ဗျည်း၃၃လုံး) တို့အား ပေါင်းစပ်စီရင်ထားကြောင်း တွေ့ရပေသည်။ သို့ဖြစ်၍လည်း ဤအင်းကို ဗျည်းအက္ခရာစမများနှင့် ဂါထာမန္တန်ပေါင်းစပ်အင်းအဖြစ် ဖော်ပြရခြင်းဖြစ်ပါသည်။

အင်းအဟိန်းဂါများကား (၁) ဂုဏ်တော် (၁၀၀၀) စုတ်၊ (၂) နမောဗုဒ္ဓါယသိဒ္ဓံ (၁၀၈) အုပ်စုတ်။

ဤအင်းတော်၏ အကျိုးမှာ မိုင်းကိုင်စက္ကူတွင် ရေးစီရင်ပြီး မိမိမွေးရက်နှင့် ရက်ကောင်းရက်မြတ်အခါတိုက်သည့်အခါ စသောက်ရပါမည်။ တစ်နေ့ (၃) ခါ အင်းသောက်ရပါမည်။ အကျိုးကား -

အင်းတစ်လသောက်ပြီးလျှင် စုန်း၊ နတ်၊ ဖော်ဂနီ၊ ကဝေ၊ ဘီလူး၊ သဘက်၊ ပယောဂဟူသမျှကို နိုင်၏။ နှစ်လသောက်ပြီးက အကြားအမြင်ရပါသည်။ သုံးလသောက်ပြီးလျှင် မနောမယသိဒ္ဓိရ၏။ ငါးလသောက်က ဝိဇ္ဇာမယဉာဏ်ရ၏။ တစ်ဆယ့်ရှစ်လသောက်က ပထဝီ၊ ဥဒက၊ တေဇော၊ ဝါယောသိဒ္ဓိလေးပါးရ၏။ နှစ်ဆယ့်ခုနစ်လသောက်သော် သိဒ္ဓိဆယ်ပါးပေါက်၏ဟု ဆိုထားပေသည်။ ရွှေ၊ ငွေ၊ ကြေးပြားတို့တွင် စီရင်၍လည်း ဆောင်ထားနိုင်ပါသည်။

**(၄-၂) အက္ခရာစမများနှင့် ဂဏန်းနံပါတ်ပေါင်းစပ်အင်းများ**

ဤအမျိုးအစားအင်းများမှာ အင်းဆန်များအဖြစ် ဗျည်း (၃၃)လုံးဝင် အက္ခရာစမများဖြစ်စေ၊ သရအက္ခရာများနှင့်ဖြစ်စေ ဂဏန်းနံပါတ်များနှင့် ပေါင်းစပ်လျက် အင်းအစီအရင်ဖြစ် စီရင်လုပ်ဆောင်ထားသောအင်းမျိုးများဖြစ်သည်။ ဤအင်းအမျိုးအစား နမူနာတစ်ခုအဖြစ် အောက်ပါ အင်းအစီအရင်တစ်ခုကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

**နမူနာအင်းအမှတ် (၄-၂-၁) စမ္မာနဝသိုက်ထွက်ပဋ္ဌမမှော်အင်းအစီအရင်**

| | | | | | | |
|---|---|---|---|---|---|---|
| လ | ဂ | မ | စ | မ | ဂ | လ |
| ဂ | မ | စ | ၁၅ | စ | မ | ဂ |
| မ | စ | ၂ | ၉ | ၄ | စ | မ |
| စ | ၇၈ | ၇ | ၅ | ၃ | ၂၄ | စ |
| မ | စ | ၆ | ၁ | ၈ | စ | မ |
| ဂ | မ | စ | ၃၆ | စ | မ | ဂ |
| လ | ဂ | မ | စ | မ | ဂ | လ |

အထက်ဖော်ပြပါအင်းမှာ သိဒ္ဓိမှော်ဝင်ကျင့်စဉ်တစ်ခု၏ ပဋ္ဌမမှော်အင်းအစီအရင်ဖြစ်ပေသည်။

အင်းဆန်မှာ လ၊ ဂ၊ မ၊ စ (ဗျည်းအက္ခရာစမလေးလုံး)၊ ၂- ၉- ၄- ၇-



www.burmeseclassic.com

www.burmeseclassic.com

၅- ၃- ၆- ၁- ၈ (စမ္ဗနဝဂဏန်းများ) ၁၅- ၂၄- ၃၆- ၇၈ (အောင်ပ-ကုလား- သွေးသား-တော်ရင်း)။

သို့ဖြစ်ရာ အင်းဆန်၌ ဗျည်း အက္ခရာစမနှင့် ဂဏန်းနံပါတ်အင်းဆန် များ ပေါင်းစပ်လျက် စီရင်ထားသော အင်းဖြစ်ကြောင်း တွေ့ရလေသည်။ ဤ အင်းကို မိုင်းကိုင်စက္ကူ၌ စီရင်၍ သောက်သော် စုန်း၊ နတ်၊ အစွဲ၊ ပယောဂအရှုးအမျိုးမျိုးကို ကင်းပျောက် စေနိုင်၏။ စုန်း၊ နတ်၊ ပယောဂအမျိုးမျိုး တို့ကိုလည်း ကောင်းစွာနိုင်၏။ ကာယ သိဒ္ဓိဘက်၌လည်း ပြီးမြောက်စေနိုင်ပေ သည်။

## (၄-၃) ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ် ပေါင်းစပ်အင်းမျိုးများ

ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ် ပေါင်းစပ်အင်းမျိုးများမှာ သက်ဆိုင်ရာ အင်းတို့၏ အင်းဆန်များတွင် ဂါထာ မန္တန်များနှင့် ဂဏန်းနံပါတ်အမျိုးမျိုးတို့ ရောနှောပေါင်းစပ်လျက်စီရင်ထားသော အင်းမျိုးများကို ဆိုလိုပါသည်။ ဤအမျိုး အစားအင်းမျိုးများ မြန်မာ့အင်းပညာ၌ များစွာရှိသော်လည်း ထင်ရှားသိသာ စေရန် သင့်လျော်သောအင်းတစ်မျိုးကို ရွေးချယ် ကောက်နုတ် တင်ပြလိုက်ပါ သည်။

### နမူနာအင်းအမှတ် (၄-၃-၁) မဟာ သရဏဂုံကြီးအင်း

ဤမဟာသရဏဂုံကြီးအင်းတွင် အင်းဆန်များမှာ သရဏဂုံသုံးဂါထာနှင့် လက္ခဏာရေးသုံးပါးဂါထာတို့နှင့် စမ္ဗာ နဝအင်းဆန်ဂဏန်းများကို ပေါင်းစပ် စီရင်ထားသောအင်းဖြစ်သဖြင့် ဤသို့ ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ်ပေါင်း စပ်အင်းများ အမျိုးအစားတွင် နမူနာ အဖြစ် ကောက်နုတ်တင်ပြလိုက်ခြင်းဖြစ် ပေသည်။ နမူနာပြအင်းတွင်ကြည့်ပါက ပို၍ ရှင်းလင်းနားလည် သဘောပေါက် နိုင်ကြမည် ဖြစ်ပေသည်။

ဤမဟာသရဏဂုံအင်း၏ အင်း ဆန်များကိုကြည့်လျှင် (၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော သရဏဂုံ (၃) ဂါထာ၊ (၂) အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခ ဏာရေးသုံးပါးဂါထာ၊ (၃) ပု၊ ဒိ၊ အာ ဂါထာ၊ (၄) စမ္ဗာနဝင်းဇာလင်းသတ္တပဥ္စ တြိဆကေအဋ္ဌ-၂၊ ၉၊ ၄၊ ၇၊ ၅၊ ၃၊ ၆၊ ၁၊ ၈ ဟူသော စမ္ဗာနဝအင်းဆန်ဂဏန်းများ ဟူ၍ တွေ့ရမည်ဖြစ်ရာ ဂါထာမန္တန်များ နှင့် ဂဏန်းနံပါတ်များအား ရောနှော ထားသည့် ပေါင်းစပ်အင်းအမျိုးအစား ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပေသည်။ ဤအင်းကို နံနက်၊ ညတစ်ခါစီသောက်။ ဤသို့ တစ်နေ့(၂)အင်းနှုန်းဖြင့် (၉)ရက် ပြည့်အောင်သောက်ရမည်ဖြစ်ပေသည်။ အင်းသောက်တိုင်း နံ့သာရည်၊ ဂ္ဂသရ မှုလီရေများနှင့်သောက်ရပါမည်။

အင်း၏အကျိုးကား (၃၇) မင်း နတ်တို့မှစ၍ နတ်ကောင်းနတ်မြတ်များ အထိ ခေါ်နိုင်သွင်းနိုင်သည်။ ကဝေ(၉၉) မျိုးကို နိုင်၏။ စကြဝဠာအတွင်းရှိ နတ် ဖုတ်၊ ပြိတ္တာ၊ သရဲ၊ သဘက် ဟူသမျှ တို့ကိုနိုင်၏။ (၇) ရက်သားသမီးအပေါင်း တို့ ချစ်ခင်လေးမြတ်၏။ ဘုန်းတန်ခိုး ကြီး၏။ ဩဇာတိက္ကမကြီး၏။ အာဏာ စက်ထက်၏။ ဓား၊ လှံ၊ လက်နက်စသည့် ဘေးအမျိုးမျိုး၏အန္တရာယ်မှ ကင်းလွတ် ၏။

## (၄-၄) အက္ခရာစမများ၊ ဂါထာမန္တန်များ နှင့် ဂဏန်းနံပါတ်အားလုံးပေါင်းစပ်ထား သောအင်းများ

မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာ ဖြင့် စီရင်အပ်သောအင်းများ၌ အင်းဆန် များအဖြစ် အသုံးပြုလေ့ရှိသော ဗျည်း အက္ခရာစမများ၊ ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ်များကို သီးခြားစီ စီရင် အပ်သောအင်းမျိုးများ၊ ဗျည်းအက္ခရာ စမ + ဂါထာမန္တန်၊ ဗျည်းအက္ခရာစမ+ ဂဏန်းနံပါတ်များ၊ ဂါထာမန္တန်+ဂဏန်း နံပါတ်အင်းဆန်များကို ရောနှောပေါင်း စပ်ထားသည့် အင်းအမျိုးအစားများစွာ ရှိသော်လည်း ဗျည်းအက္ခရာစမများ ဂါထာမန္တန်များ၊ ဂဏန်းနံပါတ်များ အားလုံး (၃)မျိုးလုံးကို ရောနှောပေါင်း စပ် စီရင်အပ်သောအင်းမျိုးများလည်း ရှိနေပါသေးသည်။ သို့သော် ထိုသို့သော အင်းအမျိုးအစားများမှာ 'ရှိတော့ရှိ၏ ရှား၏' ဟူသော အင်းအမျိုးအစားမျိုး ဖြစ်ပေသည်။ သို့မဟုတ် ကျွန်ုပ်လက် လှမ်းမမီသောကြောင့် များများစားစား မတွေ့နိုင်ခဲ့ခြင်းလည်း ရှိကောင်းရှိပေ လိမ့်မည်။ သို့သော် ရှိ၍ရှားသော်လည်း ရှိနေပါလျက် မဖော်ထုတ်ခဲ့ပါက မြန်မာ့ ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုးအစား များကို ခွဲခြားလေ့လာရာတွင် ပြည့်စုံနိုင် မှုရှိလိမ့်မည်မဟုတ်ချေ။ သို့ဖြစ်၍ ကျွန်ုပ် လက်လှမ်းမီ လေ့လာတွေ့ရှိရသော ရှားရှားပါးပါး အက္ခရာစမ၊ ဂါထာမန္တန် ဂဏန်းနံပါတ်သုံးမျိုး ရောနှောပေါင်းစပ် ထားသည့်အင်းအမျိုးအစားကို နမူနာ နှင့်တကွ ဖော်ထုတ်တင်ပြလိုက်ပါသည်။

ဤယခုနမူနာပြထားသောအင်း ကား ကပ္ပလက်ာရကျမ်းအလိုနှင့်အညီ တန်ခူးလ စန်းယှဉ်နက္ခတ် (၁) လ သူရဇ္ဇတေဇောရာသီအတွက် အဝင် အကြယ်စီရင်ထားသော အဋ္ဌာရသအင်း တော်ကြီးပုံဖြစ်ပေသည်။ ဤအင်း သို့မည်ပုံဖြစ်လာသည်၊ မည်သည့်


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဗု | ရ | စ္ဆာ | ဓ | ရ | စ္ဆာ | သံ | ရ | စ္ဆာ |
| ဂ | ပု | ဒ္ဓံ | ဂ | ဒိ | မ္မံ | ဂ | အာ | ယံ |
| သ | မိ | ဏံ | သ | မိ | ဏံ | သံ | မိ | ဏံ |
| ၂ | ၉ | ၄ | ပု | သံ | မ | ၂ | ၉ | ၄ |
| ၇ | ၅ | ၃ | ပ | ယျ | ဒိ | ၇ | ၅ | ၃ |
| ၆ | ၁ | ၈ | အာ | ရ | ဂုံ | ၆ | ၁ | ၈ |
| အ | ဒု | နှ | အ | ဒု | နှ | အ | နု | နှ |
| အ | ပု | နိ | အ | ဒိ | နိ | အ | အာ | နိ |
| စ္စ | တ္တ | က္ခ | စ္စ | က္ခ | စ္စ | စ္စ | တ္တ | က္ခ |

မဟာသရဏဂုံကြီးအင်း



www.burmeseclassic.com

www.burmeseclassic.com



**တန်ခူးလ စန်းယှဉ်နက္ခတ် (၁) လုံး သူရဇ္ဇတေဇောရာသီအတွက် အစင်အကြယ် စီရင်ချထားသော အဋ္ဌာရသအင်းတော်ကြီး**

အကြောင်းခံသည်ကို ရေးရပါမူကား ဆောင်းပါးတစ်ပုဒ်စာမျှမက ရေးရမည့် အပြင် ကပ္ပလက်ာရကျမ်းကို ကျွမ်းဝင် လေ့လာထားဖူးခြင်းမရှိက နားလည် ရန်ခက်ခဲလှသည့်အတွက် အင်းအကြောင်းကိုမူ မဖော်ပြတော့ဘဲ ဤအင်းကြီးသည် ဗျည်းအက္ခရာစမများ၊ ဂါထာမန္တန်နှင့် ဂဏန်းနံပါတ်အင်းဆန် (၃) မျိုးလုံး ရောနှောပေါင်းစပ် စီရင်ထားသည့် အင်းအမျိုးအစားဝင်အင်း ဖြစ်ကြောင်း သိသာရန်သာ ရှင်းလင်းဖော်ပြလိုက်ပါသည်။ ဤအင်းကြီး၏ အင်းဆန်များကို လေ့လာကြည့်သောအခါ-

၁။ မောဗုဒ္ဓါယသိဒ္ဓံ ဟူသောဂါထာ၊

၂။ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား ဟူသော သရ (၁၂) လုံး။

၃။ 'က' အစ 'အ' အဆုံး ဗျည်း (၃၃) လုံး။

၄။ က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော၊ ကော်၊ ကံ၊ ကား (၁၂) လုံး။

၅။ ၎-သ-ည-က၊ တ-ဟ-ဆ-ခ၊ ပ-ဟ-ဈ-ယ၊ ၃-သ-ဇ-ဂ အက္ခရာ စမတွဲများ။

၆။ ၇-၈-၇-၂၊ ၃-၇-၈-၂၊ ၄-၅-၃-၄ ဟူသော အသီတိဂဏန်းအင်းဆန်များဟူ၍ဖြစ်ကြရာ ဤအဋ္ဌာရသအင်းကြီးတွင် ဂါထာ+အက္ခရာစမ+ ဂဏန်းနံပါတ်အင်းဆန် (၃) မျိုးလုံး ရောနှောပေါင်းစပ် စီရင်ထားသောအင်းဖြစ်ကြောင်း ကောင်းမွန်ထင်ရှားစွာ သိရမည် ဖြစ်ပေသည်။

ယခုအခါ ကျွန်ုပ်သည် ကျွန်ုပ်တို့ ရှေးမြန်မာ ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ်တစ်ခုဖြစ်သော မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တစ်ခု ဖြစ်သည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်း ပညာရပ်၏ အင်းအမျိုးအစားအမျိုးမျိုးတို့ကို သက်သေသာဓက နမူနာအင်း အစီအရင်များဖြင့် ကျွန်ုပ်လက်လှမ်းမီ လေ့လာနိုင်သလောက်၊ ဉာဏ်မီသလောက် ဖော်ထုတ် ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တင်ပြဆွေးနွေးရာတွင် မပါဝင်သော အင်းအမျိုးအစား ရှိပါကလည်း ပညာရှင်ကြီးများ ဖြည့်စွက်ဖော်ထုတ်ပေးကြပါဟု မေတ္တာရပ်ခံအပ်ပါသည်။ အချို့ကမူ 'အို - အင်းပဲကွာ၊ အင်းအစီအရင်တတ်ရင်၊ အင်းချတတ်ရင်ပြီးတာပဲ။ အင်းအမျိုးအစားတွေ ခွဲခြားတတ်တော့ကော ဘာထူးမှာလဲ'ဟု ဆိုချင်ကောင်းဆိုကြပါလိမ့်မည်။သို့သော် ကျွန်ုပ်အဖို့မူကား ရှေးဘိုးဘေးတို့၏ ပညာအမွေအနှစ်များကို ယခုလို စနစ်တကျ ရေးသားပြုစု မှတ်တမ်းတင်ထားနိုင်မှသာလျှင် နောင်လာနောက်သား မျိုးဆက်သစ်တို့အတွက် စနစ်ကျသော ပညာရပ်မှတ်တမ်းတို့ ကျန်ရစ်ကြပါလိမ့်မည်။

ဘိဓိရတနာ-ဆရာဇေယျာလင်း

www.burmeseclassic.com

လွန်ခဲ့သည့် အနှစ် (၅၀) ခန့်က ဖြစ်ပါ၏။

ဆားငန်သမုဒ္ဒရာ ရစ်ပတ်ဖြာလျက် သီတာရစ်ဝန်း မာန်အောင်ကျွန်းတည့်။ ကျွန်းမာန်အောင်မှ လယ်သမားတစ်စုသည် နွားများကို ဝယ်ယူစုဆောင်းနေကြ၏။

မာန်အောင်ကျွန်းမှာ အလှဆုံးဆိုသည့်နွားများကိုသာ လိုက်လံဝယ်ယူနေကြ၏။ ထိုအချိန်က ထိုင်းနိုင်ငံသားများသည် မြန်မာနိုင်ငံမှ နွားများကို ကြိုက်နှစ်သက်ကြ၏။ ယင်းကြောင့်လည်း ထိုင်းနိုင်ငံသားများသည် မြန်မာတို့၏ နွားများကို လာရောက် ဝယ်ယူနေကြသည့်အချိန်လည်း ဖြစ်၏။

လရာသီမှာကား လက်ပံ၊ ပေါက်၊ လဲငုံစ တပို့တွဲလဖြစ်ပါ၏။ ထိုင်းနိုင်ငံမှ နွားဝယ်သူတို့သည် နွားများကို ငွေကြေးပေးကာ ဝယ်ယူခြင်းမဟုတ်။ မြန်မာနိုင်ငံ

ပတ်ဝန်းကျင်တစ်ခုလုံးသည်ကား ရာသီဥတုသာယာလှပါ၏။ မိုးသားတိမ်တိုက်များ ကင်းစင်၍ ပင်လယ်ပြင်တွင်လည်း လှိုင်းတံပိုးတို့ကား ငြိမ်သက်ကာ အေးချမ်းသာယာလျက်ရှိကြ၏။

နွားများကို ခအုန်းမော်ဆိပ်ကမ်းမှ ဆယ်လံလှေကြီးဖြင့်တင်ဆောင်ကာ သံတွဲကမ်းခြေသို့ ဦးတည်၍ တိုက်ခတ်လာကြ၏။ သူတို့မှာ နွားကောင်ရေ (၃၈) ကောင် ပါရှိကြ၏။

သူတို့သည် ကျန်းမာချမ်းသာစွာဖြင့် သံတွဲကမ်းခြေသို့ ရောက်ရှိလာကြ၏။ သံတွဲကမ်းခြေတွင် ခရမ်းမော်ကျေးရွာသို့ နွားများကို မောင်းနှင်ကာ ယူဆောင်လာကြ၏။ နွားပိုင်ရှင်များသည် ဝမ်းမြောက်ပျော်ရွှင်စွာရှိကြ၏။ အားတက်ကြ၏။ တစ်ခေါက်သာ ကျန်းမာချမ်းသာစွာဖြင့် ခရီးပေါက်လာလျှင် စားနိုင်သောက်နိုင်ဖြစ်လာနိုင်မည်ဟု

တွေးတောထားကြ၏။

သူတို့သည် ရခိုင်ရိုးမကြီးကို နွားများနှင့်အတူ ဖြတ်သန်းကျော်သွားကြရမည်သာဖြစ်၏။ နွားပိုင်ရှင်များသည် လူအများသွားလာနေကျလမ်းကို မသွားမူဘဲ လူသူကင်းရှင်းဝေးကွာသည့် မြေလမ်းကိုသာ ရွေးချယ်ကြ၍သွားကြရမည်သာ ဖြစ်၏။

သမားရိုးကျ ရိုးမလမ်းအတိုင်းသာသွားပါက လမ်းတွင် အဖမ်းအဆီး အဟန့်အတား အနှောင့်အယှက်ရှိလိမ့်မည်ဟု သူတို့က ယုံကြည်ထားကြ၏။ ယင်းကြောင့်လည်း မှောင်ခိုသွားရသည့်လမ်းကိုသာ ရွေးချယ်ကြ၏။

မှောင်ခိုသွားရမည့် လမ်းကိုကား နွားပိုင်ရှင်များက မသိကြပါချေ။ သံတွဲမြို့နယ် သိမ်တောင်ကျေးရွာမှ ကိုလှတင်ဆိုသူအား လမ်းပြအဖြစ် ငှားရမ်းလိုက်ကြ၏။

"အစ်ကိုလှတင်၊ မှောင်ခိုသွားရတဲ့လမ်းကို ကျွမ်းကျွမ်းကျင်ကျင်သိတယ်နော်"

မေး၏။

"သိတာပေါ့ဗျာ သိတာပေါ့။ ကျွန်တော်သွားနေကျလမ်းပါဗျာ၊ စိတ်ချပါ"

# (မနိုးအေဏ္ဏသိုခေ်)

# မဟာနွယ်

## ရခိုင်ရိုးမတားပြ



မှနွားများကို သူတို့တွင်ပါလာကြသော ရွှေထည်ပစ္စည်းများဖြင့် ဖလှယ်ကာ ယူဆောင်သွားကြ၏။

ထိုအချိန်က မြန်မာနွားတစ်ကောင်ကို ရွှေသား (၃) ကျပ်မှ (၅) ကျပ်သားအထိ ရရှိခဲ့ကြ၏။ ယင်းကြောင့်လည်း မာန်အောင်ကျွန်းမှ လယ်သမားတစ်စုသည် အထူးစိတ်ဝင်စားလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အာမခံချက်ပေးလာ၏။

"အေးအေး - ကျွန်တော်တို့က တော့ ဘာမှမသိတာအမှန်ပါ။ ကိုလှတင်ကိုပဲ အစစအရာရာ အားကိုးပါရစေနော်"

"စိတ်သာချပါဗျာ ဘာမှမပူပါနဲ့"

လမ်းပြကိုလှတင်နှင့် စကားလက်ဆုံကျကာ နှစ်ဦးနှစ်ဖက် သဘောတူလက်ခံကြ၏။

နောက်တစ်နေ့ နံနက် (၄) နာရီအချိန်တွင် ခရမ်းမော်ကျေးရွာမှ နွားများနှင့်အတူ ခရီးစတင်ထွက်ခွာလာကြ၏။

ခရီးစမထွက်မီ ကိုလှတင်က နွားပိုင်ရှင်များထဲမှ ခေါင်းဆောင်ဖြစ်သူအား သွားရမည့်လမ်းခရီးစဉ် အနေအထားကိုပြောပြသေး၏။

နွားပိုင်ရှင်များ၏ ခေါင်းဆောင်မှာ ဦးစိန်နုဖြစ်၏။

"အခု ကျွန်တော်တို့ ရခိုင်ရိုးမကို ဖြတ်သန်းကျော်ရမယ့်လမ်းကို အကြမ်းအားဖြင့် ပြောရရင်တော့ ပြည့်ချောင်း (ပြည့်ချောင်း)၊လက်မည်းချင်းရွာ၊ ကညင်စမ်း၊ ကျွဲလန်တောင်၊ ခါတောင်၊ တည့်မချောင်း၊ ချောင်းစုံ(၁၁၂)တန် ဖြတ်သန်းရမယ်။ ပြီးတော့ ရေတွင်းချေပါးတက်၊ ရေတွင်းချေပါးရောက်မယ်။ ပြီးတော့ ဖောင်ကြီး၊ သစ်စိမ်းကိုင်း၊ ပြီးတော့ ကျောက်ဖူးချောင်းကိုဖြတ်၊ ပုသိမ်-မုံရွာလမ်းကိုထပ်ဖြတ်ပြီး ဥသျှစ်ပင်ကျေးရွာကို ရောက်မယ်"

စသဖြင့် ခရီးစဉ်များကို အကြမ်းအားဖြင့် ပြောပြ၏။ နွားပိုင်ရှင်များသည် ဝမ်းမြောက်ဝမ်းသာရှိကြ၏။ ပျော်ရွှင်ကြ၏။ အားတက်ကြ၏။ ရခိုင်ရိုးမခရီးသည် မည်မျှပင်ကြမ်းတမ်းပါစေ ဖြတ်သန်းကျော်သွားရမည်သာဖြစ်ပါ၏။ အားကိုကားမလျှော့ကြ။ သတ္တိရှိကြ၏။ တောင်ကြီးလျှင် ဖဝါးအောက်၊ လှိုင်းကြီးလျှင် လှေအောက် ဆိုရိုးစကား ရှိလေသားပဲဟုလည်း နွားပိုင်ရှင်များက ခံယူထားကြ၏။



နွားပိုင်ရှင်များသည် ပြည့်ချောင်းလမ်းက စတင်ပြီးတော့ နွားများကိုမောင်းနှင်လာကြ၏။ တောလမ်းတောင်လမ်းခရီးကြမ်းကို ဖြတ်သန်းမောင်းနှင်လာရသဖြင့် လူရောနွားပါ မောပန်းလာကြ၏။ ပင်ပန်းလာကြ၏။

ရေစမ်းကောင်းပြီး အရိပ်အာဝါသလည်း ကောင်းမွန်သည့် နေရာတစ်ခုသို့ ရောက်ရှိလာကြ၏။ ထိုနေရာတွင်ပင်ခေတ္တနားကြပြီး နွားများကိုလည်း ရေတိုက်ကြ၏။ ကိုယ်တိုင်လည်း တစ်ထောက်အနားယူကြသည်။

ထိုခေတ်ထိုအခါက ရခိုင်ရိုးမကြီးမှာ တောင်ကောင်သတ္တဝါကျားများက ပေါလွန်းလှ၏။ နွားအုပ်နှင့် ရခိုင်ရိုးမကြီးထဲမှာ လျှောက်မောင်းနေရခြင်းသည် အလွန်အန္တရာယ်များလှပါ၏။ သို့သော် လမ်းပြကိုလှတင်၏ အစီအစဉ်ဖြင့် သွားလာနေကြရ၏။

ကျားများနှင့်တွေ့ဆုံရသော်လည်း ကိုလှတင်ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရ၏။ ကျားများသည်လည်း ရှောင်တိမ်းသွားခဲ့၏။ လမ်းဖယ်သွားကြရ၏။ ညအချိန်သို့ ရောက်လာသည့်အခါ နွားများကို သင့်တော်သည့် နေရာတွင်ထားကြ၏။ ထင်းမီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

မွေးထားကြ၏။

မီးအလင်းရောင်သည် လူသားတို့၏ စိတ်ဓာတ်ကို ရဲရင့်စေ၏။ မီးအလင်းရောင်သည် တောကောင်တို့ကိုကြောက်ရွံ့စေ၏။ ညဘက်အိပ်စက်နားနေကြသည်။ သို့သော်လည်း သတိ၊ ဝီရိယ၊ သတ္တိတို့ကို အခြေခံထားကာ နေကြရ၏။ နိုးနိုးကြားကြားအိပ်စက်ကြရ၏။

တစ်ခါတစ်ရံ တချို့နေရာများတွင် တောတောင်များလည်း လာရောက်ကြ၏။ နွားများသည် ကျားအနံ့ကိုရရှိကြသဖြင့် အိပ်နေရာမှ ဖြုန်းခနဲ ထရပ်လိုက်ကြ၏။ နွားရှင်များကလည်း မီးကို အလင်းရောင်ရအောင် ပြုလုပ်ကြရ၏။ လှူသံများလည်းပေးကြ၏။ ဝါးဖောက်ကြ၏။ လှူသံများကြားရသဖြင့် တောင်ကောင်များသည် ရှောင်တိမ်းသွားခဲ့ရ၏။

ဤသို့ဖြင့် နွားပိုင်ရှင်များသည် နွားများကို သယ်ဆောင်မောင်းနှင်ကာ စခန်းတစ်ခုမှသည် စခန်းတစ်ခုဆီသို့ အခက်အခဲပေါင်းများစွာဖြင့် ရခိုင်ရိုးမကြီးကို ဖြတ်ကျော်လာကြရ၏။ တောလမ်းခရီး တောမြိုင်ကြီးထဲမှာ ခရီးကြမ်းနှင်လာရသဖြင့် မောပန်းလာကြ၏။ တစ်နေရာမှ တစ်နေရာသို့ အချိန်မီရောက်ရှိအောင်ကိုလည်း ခပ်ပြင်းပြင်းနှင်လာကြရ၏။ မောပန်းမှုကိုကား သတိမထားမိပါချေ။ ဤသို့ဖြင့် ရခိုင်ရိုးမကြီးထဲမှာ နှစ်ညတိုင်တိုင် အိပ်ခဲ့ကြရလေပြီ။

❒

မောင်မောင် ဦးဆောင်သည့် ဓားပြအဖွဲ့သည် ရခိုင်ပြည်နယ် ဘက်မှ နွားများကို ယူဆောင်ကာ ရခိုင်ရိုးမကြီးကို ကျော်ဖြတ်လာကြသည့် သတင်းကို ရရှိထားကြ၏။ ထိုဓားပြအဖွဲ့မှာ ယောကျ်ားခုနစ်ယောက်၊ အမျိုးသမီး နှစ်ယောက် ပေါင်း အဖွဲ့ဝင်(၉)ယောက်တို့ ပါဝင်သည့် ဓားပြအဖွဲ့တစ်ဖွဲ့။

ထိုဓားပြအဖွဲ့သည် ရောက်ရှိလာကြသည့်လူများကို ဖမ်းဆီးသတ်ဖြတ်ကာ ပါလာကြသည့် နွားများကို လုယူကြမည်သာ ဖြစ်၏။ ဓားပြအဖွဲ့သည် ရေတွင်းချေပါးစခန်းနှင့် မနီးမဝေးသည့် တစ်နေရာက စောင့်ခိုင်းကာနေကြ၏။

"ကဲ၊ ကဲ - ရဲဘော်တို့ နွား (၃၈) ကောင်ကို မောင်းနှင်လာကြတယ်လို့ သတင်းရရှိတယ်။ ဒီနွားတွေကို လက်မလွတ်စေဖို့က အရေးကြီးတယ်နော်"

မောင်မောင်ကပြောလာ၏။

"ဟုတ်ကဲ့ပါ၊ နွားပိုင်ရှင်များလာရင် ကိစ္စကပြီးတာပါပဲ။ ကျွန်တော်တို့တာဝန်သာထားပါ"

မိုက်တူးကြီးက ဆိုလာ၏။

အမျိုးသမီးခေါင်းဆောင်မိစံက -

"ကျွန်မတစ်ခုတင်ပြပါရစေ။ ဒီနွားပိုင်ရှင်တွေကို အပြတ်ရှင်းပစ်ရင် မကောင်းဘူးလား"

တင်ပြ၏။

"အေးအေး၊ ဒီအစီအစဉ်ဟာလည်း ကောင်းပါတယ်။ နို့မဟုတ်ရင် တစ်ယောက်တစ်ပေါက်ပြောကြဆိုကြနဲ့ အစိုးရဆီ သတင်းပေါက်ကြားသွားလိမ့်မယ်"

ခေါင်းဆောင်ဖြစ်သူ မောင်မောင်က ထောက်ခံကာ ပြောဆိုလာ၏။

"ဒီလိုဆိုရင် နွားပိုင်ရှင်များကို အပြတ်ရှင်းပစ်ရမယ်"

ဟန်ထွန်းက ဆိုလာ၏။

"ဒီအစီအစဉ်ဟာ အလွန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပေတယ်"

ဓားပြအားလုံးက ထောက်ခံကြ၏။

ဓားပြအဖွဲ့ခေါင်းဆောင်ဖြစ်သူ မောင်မောင်၊ ဟန်ထွန်း၊ ချစ်ဝေ၊ လှဘု၊ ဓားပိုင် မိုက်တူးကြီး၊ ဓားပိုင်ရဲဘော်ရဲလှ၊ ဓားပိုင်ရဲဘော်ရဲနောင်၊ အမျိုးသမီးခေါင်းဆောင် မိစံနှင့် မိမိထူးတို့ဖြစ်ကြ၏။

သူတို့သည် အစိုးရတပ်မတော်စစ်တပ်မှ အဝတ်အစားယူနီဖောင်းတို့ကို ဝတ်ဆင်ထားကြ၏။ လှျပ်တစ်ပြက်ကြည့်မည်ဆိုပါလျှင် နိုင်ငံတော်အစိုးရတပ်မတော်တပ်ဖွဲ့ဝင်များဟု ထင်မှတ်ရ၏။ ပခုံးပေါ်တွင်လည်း ရွှေလှိုင်းများတပ်ဆင်ထားကြ၏။ အကျႌများတွင်လည်း မဟာဗန္ဓုလအမှတ်အသားတံဆိပ်များပါသည့် စစ်အကျႌတို့ကို ဆင်တူဝတ်ဆင်ထားကြ၏။

သူတို့တပ်ဖွဲ့ဝင်များသည် မည်သည့်စစ်တပ်မဆို မရှောင်ဘဲ တိုက်ခိုက်စရာဖြစ်ပေါ်လာပါက တိုက်ခိုက်ကြ၏။ မိုက်မိုက်ကန်းကန်းပြုလုပ်ကြ၏။ ရက်စက်ရိုင်းစိုင်းကြ၏။ ကြမ်းကြုတ်ခက်ထန်ကြ၏။ မိမိတို့၏ သဘောဆန္ဒတစ်ခုတည်းကိုသာ ရှေ့တန်းတင်ကာ ပြုလုပ်ကြ၏။ သူတို့၏ဆန္ဒပြည့်ဝစေရန်ကိုသာ လုပ်ဆောင်တတ်ကြ၏။ ဆန့်ကျင်ဘက်မှန်သမျှတို့ကို အပြတ်ရှင်းလင်းပစ်တတ်ကြ၏။ ခေတ်မီလက်နက်များကို ကိုင်ဆောင်ထားကြ၏။

"နွားပိုင်ရှင်များဟာ ရေတွင်းချေပါးစခန်းမှာရပ်နားပြီး ထမင်းဟင်းချက်ပြုတ်စားသောက်ကြလိမ့်မယ်"

ခေါင်းဆောင်ဖြစ်သူ မောင်မောင်က မှတ်ချက်ချ၏။

"ဒါဟာ ငါတို့အတွက် အကွက်တစ်ခုပါပဲ"

ဟန်ထွန်းက မှတ်ချက်ချပြန်ပါ၏။

"ဒီလိုဆိုရင် သူတို့ကို ရှင်းပစ်ဖို့ အတွက်နက်ရှိုင်းတဲ့တောင်ချောက်ကမ်းပါးယံမှာ ဝါးတံတားကလေးတစ်ခုကို ဆောက်ထားရမယ်"

ဓားပိုင်ရဲလှကတင်ပြလာ၏။

သူတို့အားလုံးကလည်းသဘောတူလက်ခံကြ၏။

"နွားပိုင်ရှင်တွေကို ဗိုလ်ကြီးက တွေ့ချင်တယ်လို့ဆိုပြီး ငါတို့ဆီကိုခေါ်ယူလာကြရမယ်။ တံတားကလေးပေါ်ရောက်ရင်ရောက်ချင်း တစ်ခါတည်း သူတို့ရဲ့လည်ပင်းကို ခုတ်ဖြတ်ချ၊ ချောက်ထဲ ကန်ချလိုက်ကြပေါ့ ဟုတ်လား"

အမျိုးသမီးခေါင်းဆောင် မိစံက တင်ပြလာ၏။

"ဒါလည်းကောင်းတဲ့ အကြံဉာဏ်တစ်ခုပါပဲလေ"

ဟု ဓားပိုင်ရဲနောင်က ထောက်ခံပြောကြားလာ၏။

"ဒီလိုဆိုရင် အရင်ဝါးတံတားတစ်ခု ဆောက်ကြရမယ်။ ဝါးတံတားပေါ်မှာ ဓားပိုင်ရဲလှ၊ ဓားပိုင်ရဲနောင်တို့က စောင့်နေကြရမယ်"

မောင်မောင်က အမိန့်ထုတ်ကာ အစီအစဉ်ချထားလေ၏။

"ရောက်ရှိလာကြတဲ့ နွားပိုင်ရှင်တွေကို လည်ပင်းပိုင်းဖြတ်ပြီး ချောက်ကန်ချကြရမယ်"

ဆက်လက်ပြီး တာဝန်ပေးအပ်ထားလေ၏။

ဓားပြတို့သည် ဝါးတံတားတစ်ခုကို ချက်ချင်းတည်ဆောက်လိုက်ကြ၏။ ခိုင်ခံ့တောင့်တင်းမှုရှိစေရန် တံတားကလေးကို နွယ်များဖြင့် ချည်နှောင်ထားကြ၏။

တံတားကလေး တည်ဆောက်ခြင်းမှာ ပြီးစီးသွားခဲ့လေပြီ။

ရေတွင်းချေပါးစခန်းသည် နွားမောင်းသူတို့၏ ခိုနားရန်နေရာတစ်ခု နွားမောင်းသမားများသည် ရေတွင်းချေပါးစခန်းကို ကျော်လွှားရှ်ကား မသွားနိုင်။ ရေတွင်းချေပါးစခန်းမှာ ရပ်တန့် ရေချိုးခြင်း၊ သောက်ရေသုံးရေခပ်ခြင်း ထမင်းဟင်းချက်ပြုတ်စားသောက်ခြင်း စသည်တို့ကို ပြုလုပ်ကြရ၏။ ထို့ကြောင့်လည်း ရေတွင်းချေပါးစခန်းကို နွားမောင်းသမားများက ရှောင် ကား မရကြတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

နွားမောင်းသမားများအလာကို ရေတွင်းချေပါးစခန်း မနီးမဝေးတဲ့ တစ်နေရာက စောင့်ကြည့်နေကြရမယ်။

ကဲကဲ - ဟန်ထွန်း၊ ချစ်ဝေတို့ နွားမောင်းသမားများအလာကို စောင့်ကြည့်နေကြရမယ်"

မောင်မောင်က တာဝန်ပေးပြန်၏။

သူတို့သည် ခေါင်းဆောင်ဖြစ်သူ၏ တာဝန်ပေးချက်အရ နွားမောင်းသမားများအလာကို စောင့်ကြည့်နေကြ၏။

ဆက်လက်ပြီး ခေါင်းဆောင်ဖြစ်သူ မောင်မောင်က -

"နွားမောင်းသူ ဘယ်နှယောက်၊ နွားကောင်ရေ ဘယ်နှကောင်တို့ကိုပါ တိတိကျကျ မှတ်သားယူလာပြီး သတင်းပေးပို့ရမယ်"

ဟု ထပ်မံတာဝန်ပေးအပ်ထားပြန်၏။

လက်အောက်ခံငယ်သားများက လုပ်ဆောင်ရန် သဘောတူကြ၏။

သူတို့စောင့်မျှော်နေဆဲမှာပင်လျှင် နွားမောင်းနှင်လာသူများကို မြင်ရလျှင် သူတို့၏မျက်စိကိုပင် မယုံကြည်နိုင်စရာဖြစ်ခဲ့ကြ၏။

"ဟိုမှာ နွားမောင်းသူတွေလာနေကြပြီ"

ချစ်ဝေက လက်ညှိုးညွှန်ကာပြလေ၏။

"ဟာ - ဟုတ်သားပဲ။ သူတို့ ဒီရေတွင်းချေပါးမှာ စခန်းချကြလိမ့်မယ်"

ဟန်ထွန်းကပြော၏။

"အခုချက်ချင်းလူဘယ်နှယောက်၊ နွားဘယ်နှကောင်တို့ကို သတင်းပို့ကြရမယ်"

လူက (၁၂) ယောက်၊ နွားကောင်ရေ (၃၈) ကောင် အားလုံးကို မှတ်တမ်းတင်ကာ ဗိုလ်ကြီးမောင်မောင်ထံသို့ သတင်းပေးပို့ရန် သွားကြ၏။

စခန်းချသည့်နေရာသို့ ရောက်လာကြ၏။

"ဆရာ၊ နွားမောင်းသူများ ရေတွင်းချေပါးစခန်းရောက်ရှိနေကြပါပြီ"

"နွားကဘယ်နှကောင်လဲ၊ လူကဘယ်နှယောက်လဲ"

"နွားက (၃၈) ကောင်၊ လူက (၁၂) ယောက်"

"ကဲကဲ - ကောင်းပြီ။ ငါတို့လုပ်စရာရှိတာကို ဆက်လက်လုပ်ကြရမယ်။ အားလုံးသတ်မှတ်ထားတဲ့နေရာမှာနေကြ။ မိစံ၊ မိမိထူး၊ မိုက်တူးကြီး၊ ရဲလှ၊ ရဲနောင်တို့ နွားမောင်းလာသူများဆီကို သွားပြီးတော့ နွားပိုင်ရှင်များကို ဗိုလ်ကြီးက တွေ့ချင်တယ်။ ဗိုလ်ကြီးဆီလိုက်ခဲ့ကြပါလို့သွားခေါ်ကြချေ"

နွားပိုင်ရှင်များကို တစ်ပါတည်းခေါ်မလာရ။ နှစ်ယောက်တစ်တွဲစီသာ ခေါ်လာရမည်ဖြစ်၏။

သို့ဖြင့် ဓားပြတပ်ဖွဲ့ဝင်တို့က နွားပိုင်ရှင်များထံသို့ သွားရောက်ကာ -

"ဗိုလ်ကြီးက နွားပိုင်ရှင်တွေကို တွေ့ဆုံလိုတယ်တဲ့။ နှစ်ယောက်တစ်တွဲစီလာရောက်ပြီး ဗိုလ်ကြီးအား တွေ့ဆုံကြရမယ်"

ဟု ပြောကြားကြ၏။

နွားပိုင်ရှင်များသည် စစ်အဝတ်အစား၊ လက်နက်ခဲယမ်း မီးကျောက်တို့ကိုမြင်ကြရသဖြင့် အစိုးရတပ်မတော်ဗိုလ်ကြီးတစ်ဦးက ခေါ်သည်ဟုထင်မှတ်နေကြ၏။

ဓားပြတပ်ဖွဲ့ဝင်တို့မှာ ခေတ်မီသေနတ်လက်နက်မျိုးစုံတို့ကို ကိုင်ဆောင်ထားကြ၏။ သူတို့သည် အစိုးရစစ်တပ်အဖွဲ့ဝင်များနှင့်မခြား။ အစိုးရတပ်ဖွဲ့ဝင်များဟုသာ နွားပိုင်ရှင်တို့၏ စိတ်ထဲတွင် ထင်မှတ်နေကြ၏။

အစိုးရစစ်တပ်က လာခေါ်နေသဖြင့် မသွားဘဲ မနေဝံ့ကြ။ မနေရဲကြ။ ရှေးဦးစွာ နွားပိုင်ရှင်ခေါင်းဆောင်နှစ်ဦးကို ခေါ်ယူသွားကြ၏။

အသင့် စီမံပြုလုပ်ထားသည့် တံတားကလေးအနီးသို့ ရောက်ရှိလာကြ၏။

"ကဲကဲ-တံတားပေါ်တက်ကြပါ"

ဟု ဆိုလာ၏။

နွားပိုင်ရှင် ခေါင်းဆောင်နှစ်ဦးသည် တံတားပေါ်သို့ အလိုက်သင့်တက်လိုက်ကြ၏။ တံတားအလယ်သို့ ရောက်လျှင်ရောက်ချင်း ဓားပိုင်ရဲလှနှင့် ဓားပိုင်ရဲနောင်တို့က နွားပိုင်ရှင်နှစ်ဦး၏ လည်ပင်းကို ဓားထက်ထက်နှင့် ခုတ်ပိုင်းလိုက်ကြကာ တံတားပေါ်၌ တင်နေသည့် ဦးခေါင်းကို ကန်ချကာ နက်ရှိုင်းသည့် ချောက်ထဲသို့ ကျရောက်သွားစေ၏။

ဤသို့ဖြင့် နွားပိုင်ရှင်များကို နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲစီ ခေါ်ယူပြီး တံတားပေါ်မှ အပြတ်ရှင်းပစ်လိုက်ကြ၏။ ယင်းသို့ သတ်လာခဲ့သည်မှာ နောက်ဆုံး လမ်းပြအဖြစ် လိုက်ပါလာသူ တစ်ယောက်တည်းသာ ကျန်ခဲ့လေ၏။

နောက်ဆုံး လမ်းပြကိုခေါ်ယူလာကြ၏။

ထိုအခါ လမ်းပြက-

"ကျွန်တော် နွားပိုင်ရှင်မဟုတ်ပါ။ ကျွန်တော်က လမ်းပြသာဖြစ်ပါတယ်။ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး။ ကျွန်တော့်ကို မသတ်ပါနဲ့၊ ချမ်းသာပေးပါ"

တောင်းပန်လေ၏။

"မင်းကိုလည်း အရှင်မထားနိုင်ဘူး။ မင်းကိုပါသတ်ရလိမ့်မယ်"

ဆိုလာ၏။

ထိုအခါ လမ်းပြဖြစ်သူ သံတွဲသိမ်တောင်ကျေးရွာမှ ကိုလှတင်သည် သူ့ကို မသတ်ကြရန် ထပ်မံတောင်းပန်လာ၏။ သို့သော် ဓားပြတို့က ၄ ကို ခွင့်မပြုကြပါချေ။ အသေသတ်ရန် တံတားပေါ်သို့ ဆွဲခေါ်လာကြ၏။ တံတားပေါ်သို့ရောက်လျှင် ကိုလှတင်အား ဓားနှင့် လည်ပင်းကိုခုတ်ပိုင်းသည့်အခါ အမှောင်ထုက လွှမ်းမိုးထားသဖြင့် လည်ပင်းကိုကား ဓားကမကျ၊ ကျောကုန်းပေါ်မှာသာ ဓားကကျ၍ ဓားဒဏ်ရာရရှိခဲ့၏။ သူ့ကိုလည်း ထုံးစံအတိုင်း တံတားပေါ်ကနေ ပေထောင်ပေါင်းများစွာနက်ရှိုင်းသည့် ချောက်ထဲသို့ ကန်ချလိုက်လေ၏။ နွားပိုင်ရှင်များအားလုံးလည်း ထိုချောက်ထဲသို့ကျရောက်ကာ သေပွဲဝင်ခဲ့ကြလေပြီ။

ရခိုင်ရိုးမတောင်ကြီးတစ်ခုလုံးမှာ အမှောင်ထုက ဖုံးလွှမ်းထားသဖြင့် ချောက်ထဲသို့ ကြည့်ရှုလို့ကား မမြင်နိုင်။ ဓားပြများသည် နွားပိုင်ရှင်များကို အသေသတ်ဖြတ်ပြီးသဖြင့် အူရွှင်နေကြ၏၊ ပျော်မြူးနေကြ၏။ သူတို့အားလုံးသည် ရေတွင်းချေပါးစခန်းသို့ ရောက်ရှိလာကြ၏။ နွားပိုင်ရှင်များထားခဲ့ကြသည့် နွားများကို နှစ်ကောင်တစ်တွဲစီတွဲချည်ကာ ရခိုင်ရိုးမတောင်ကြီးမှ ဉသျှစ်ပင်ကျေးရွာဘက်သို့ မောင်းနှင်သွားကြလေ၏။

နောက်ဆုံး အသတ်ခံရသည့် လမ်းပြကိုလှတင်သည် သေနေကြသည့် နွားပိုင်ရှင် အလောင်းကောင်များထဲသို့ ကျရောက်သွားခဲ့၏။ သူကား မသေပါ။ ဓားဒဏ်ရာ (၃) ချက်ရရှိခဲ့၏။ ဓားပြတို့ ဓားနှင့်ခုတ်သတ်သည့်အခါ ကိုလှတင်မှာ လက်နှင့်ကာခံသဖြင့် လက်နှစ်ဖက်၌ ဓားဒဏ်ရာ တစ်ချက်စီ ရရှိခဲ့၏။ ဓားပြသည် ကိုလှတင်၏ လည်ပင်းကို ခုတ်ပိုင်းသည့်အခါမှာလည်း ရှေ့သို့တိုးသွားသဖြင့် လည်ပင်းကိုမကျဘဲ ကျောကုန်းကိုသာ ဓားကကျသွား၏။ ယင်းကြောင့်လည်း ကိုလှတင်၏ ကျောကုန်းမှာ ဓားဒဏ်ရာတစ်ချက်ရရှိခဲ့၏။

❐

ရခိုင်ရိုးမကြီး၏ ညသည်ကား အလွန်အေးမြလှပါ၏။ ကိုလှတင် သတ်လစ်သွားခဲ့သည်မှာ (၈) နာရီခန့်ကြာ



www.burmeseclassic.com

www.burmeseclassic.com

မြင့်လိမ့်မည်ဟု ထင်မှတ်မိ၏။

သတိရလာသည့်အချိန် လူသေကောင်များကြားထဲမှ ရုန်းကန်လှုပ်ရှားကာ ထွက်လာခဲ့ရ၏။ သူသည် ဒူး၊ လက်ထောက်ကာ ဖြည်းညင်းစွာထွက်လာခဲ့ရ၏။ သူသည် မတ်တတ်ရပ်ကြည့်၏။ လက်၌ ရရှိထားသည့် ဓားဒဏ်ရာများကနာကျင်လာ၏။ ကျောကုန်းထက်၌ ရရှိထားသည့် ဓားဒဏ်ရာမှလည်း သွေးများ စီးကျလာ၏။ သူသည် တဖြည်းဖြည်းလမ်း လျှောက်လာခဲ့၏။

သူသည် ရိုးကျချောင်းလေး ဖြတ်သန်းစီးဆင်းသွားသည့် လမ်းအတိုင်း စုန်ဆင်းလာ၏။ အချို့သောနေရာတို့တွင် စမ်းချောင်းရေများက ခန်းခြောက်စပြုနေပြီ။ သောင်ပြင်များထွန်းနေကြ၏။

သူလှမ်းလာသည့် လမ်းခရီးတစ်နေရာမှာ သူ၏ရှေ့မှ ကျားကြီးတစ်ကောင်ကထိုင်နေ၏။ သူ့ခြေထောက်များသည် တုံ့ခနဲရပ်တန့်သွားခဲ့၏။ ရှေ့သို့တိုး မို့မသွားရဲ။ ကျားကြီး၏ အခြေအနေကို စောင့်ကြည့်နေရ၏။

ကျားကြီးသည် သူ့အား ရန်မပြုဘဲ နေရာမှထကာ တောင်ကျချောင်းရိုးအတိုင်းသာသွားနေ၏။ သူသည်လည်း ကျားကြီးသွားသည့် လမ်းအတိုင်းသာ ကျားကြီး၏နောက်က လိုက်လာ၏။ ကျားကြီးက ရပ်တန့်လျှင် သူကလည်း ရပ်တန့်၏။ ကျားကြီးက ဆက်လက်သွားနေလျှင် သူသည် ကျားကြီး၏နောက်က ထက်ကြပ်မကွာလိုက်ပါလာ၏။ သူသည် တစ်ညလုံး ကျားကြီးနှင့်အတူ သွားနေရ၏။ သူကား မည်သည့်နေရာသို့ ရောက်နေသည်ကိုမူ မသိ။ ရှေ့သို့သာ သွားမြဲသွားနေ၏။

ကျားကြီးသည် သူ့အား တောကြီးမျက်မည်းထဲတွင် မထားခဲ့ပေ။ ကျားကြီးက ဆက်လက်ပြီး လမ်းပြသည့်အနေဖြင့် ရှေ့ကသွားနေ၏။ ကျားကြီးသွားသည့်လမ်းအတိုင်း သူသည် ကျားကြီး၏နောက်မှ တကောက်ကောက်လိုက်ပါလာ၏။

သူသည် ရခိုင်ရိုးမကြီးထဲမှထွက်၍ ကွင်းပြင်တစ်ခုသို့ ရောက်ရှိလာအောင် ကြိုးစားပမ်းစားလမ်းလျှောက်လာ၏။ သို့သော် အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်မျက်နှာတို့ကိုကား မသိရှာတော့ချေ။

သူသည် ရောက်ရှိနေသည့်နေရာက မှန်းမျှော်ကြည့်လိုက်သည့်အခါ မည်သည့်အရာကိုမျှ ပြတ်ပြတ်သားသား မမြင်ရ။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိ ဖုံးလွှမ်းလျက်ရှိကြ၏။

တောချောင်တောင်ကြားနေရာများမှ တောကြက်တောငှက်တို့၏ တွန်သံမြည်သံတို့ကြောင့် မိုးလင်းရန်အချိန်သို့ နီးကပ်လာပြီဟု သူကယူဆထား၏။

ကျားကြီးသည် သူ၏ရှေ့မှ ဆီးတားလာပြန်ပါ၏။ သူသည် ကျားကြီးကို မြင်ရသည့်အခါ သူ၏ခြေထောက်များက တုံ့ခနဲရပ်တန့်သွားပြန်ပါ၏။

သူသည် ကျားကြီး၏ အခြေအနေကို စောင့်ကြည့်နေရ၏။ ကျားကြီးကား ဆက်လက်၍ သူ၏ရှေ့က သွားမြဲသွားနေပြန်၏။ သူကလည်း ကျားကြီး၏နောက်မှ ဆက်လက်လိုက်မြဲလိုက်ပါလာ၏။

ယင်းသို့ သွားရင်းလာရင်းနှင့်ပင် ရိုးမကြီးထဲတွင် မိုးစင်စင်လင်းလာ၏။ မိုးလင်းလာသည့်အခါ ကျားကြီးသည် ချုံအုပ်ကြီးတစ်ခုအထဲသို့ ဝင်ကျန်ရစ်ခဲ့၏။

ကိုလှတင်သည် ဆက်လက်၍ လမ်းလျှောက်လာခဲ့ရာ ရခိုင်ရိုးမတောင်တန်းကြီးများကို လွန်မြောက်လာခဲ့၏။ သို့သော် ရိုးမကြီးနှင့် ဆက်စပ်နေသည့် တောင်ကုန်းကြီးများ၊ တောင်တန်းကြီးများကိုတစ်ဖန်ဖြတ်သန်းကျော်ဖြတ်ကာ လျှောက်လှမ်းလာရပြန်ပါ၏။ ဓားဒဏ်ရာများကလည်း အလွန်နာကျင်လာ၏။ တောစပ်တစ်နေရာသို့ ရောက်လာရာ အမျိုးသမီးတစ်ဦးကို မြင်တွေ့ရ၏။

အချိန်ကား နံနက် (၈) နာရီခန့်ရှိ၏။

"ကယ်ကြပါ၊ ကယ်ကြပါ၊ ကယ်ကြပါဗျာ"

ဟု လှမ်းအော်လိုက်၏။

အမျိုးသမီးသည် အသံကြားရာသို့ လှမ်းကြည့်လိုက်ရာ သွေးသံတရဲရဲနှင့် လူတစ်ယောက်ကို တွေ့သဖြင့် ကြောက်လန့်၍ သူမ၏ အမျိုးသားရှိရာသို့ အော်ဟစ်ကာပြေးလာ၏။

"အမလေး-ကြောက်စရာကောင်း စရာကောင်းလိုက်တာ ဘုရားရေ"

ထင်းခုတ်နေသည့် သူမ၏အမျိုးသားကြီးသည် ဇနီးသည်အော်သံကို ကြားရသဖြင့် -

"ဘာလဲ၊ ဘာလဲ၊ ဘာဖြစ်တာလဲ"

ဟု အော်ဟစ်ကာ မေးလေ၏။

"သွေးသံရဲရဲနဲ့ လူတစ်ယောက် လာနေတယ်"

ဟု အမျိုးသမီးကြီးက ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်ဖြင့် ပြောလာ၏။

အမျိုးသားကြီးက ဇနီးသည် လက်ညှိုးညွှန်ပြသည့်နေရာဘက်သို့ လှမ်းကြည့်လိုက်ရာ သွေးသံရဲရဲနှင့်သူ့အား တွေ့လေရာ -

"ဘာဖြစ်လာတာလဲ"

"ကျွန်တော့်ကို ဆေးရုံသာပို့ပေးပါဗျာ"

ဟု တစ်ခွန်းမျှသော စကားကို ပြောဆိုပြီး သတိလစ်သွားလေတော့၏။

အမျိုးသားကြီးနှင့် ဇနီးတို့သည် သူတို့တွင်ပါလာသည့် နွားလှည်းပေါ်သို့ သူ့အားတင်ကြလေ၏။

သူတို့သည် လူနာအား လှည်းဖြင့် တင်ဆောင်ကာ ဥသျှစ်ပင်ဆေးပေးခန်းသို့ ပို့ဆောင်ကြ၏။ လူနာမှာ ဒဏ်ရာများသောကြောင့် ဥသျှစ်ပင်ဆေးပေးခန်းမှတစ်ဆင့် ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ပေးကြ၏။ ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုကို ခံယူခဲ့လေ၏။

ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာအား ရဲတပ်ဖွဲ့ဝင်တို့က စစ်ဆေးချက်များကို ယူထားကြ၏။ ရခိုင်ရိုးမဓားပြများသည် နွားများကို မောင်းနှင်ကာ ပန်းတောင်းမြို့မှတစ်ဆင့် ကျီးသဲ၊ ရွှေတောင်မြို့များဘက်သို့ စက်လှေများဖြင့် တင်ဆောင်ကာ ပို့ခဲ့ကြ၏။

လမ်းပြကိုလှတင်၏ ပြောပြချက်အရ ရဲတပ်ဖွဲ့မှ မှတ်တမ်းတင်ကာ အမှုဖွင့်ထားခဲ့၏။ ခုနစ်ရက်အတွင်းမှာပင် နွားများကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြ၏။ နွားပိုင်ရှင်များကို သတ်ခဲ့ကြသည့် ဓားပြများကိုလည်း ဖမ်းဆီးနိုင်ရန် စုံစမ်းလျက်ရှိကြ၏။

တစ်နေ့တွင် ပန်းတောင်းမြို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်နေစဉ် မောင်မောင်နှင့် ချစ်ဝေတို့နှစ်ဦးအား ရဲတပ်ဖွဲ့မှ စခန်းမှူး ဦးသာနိုးအောင်နှင့်အဖွဲ့က ဖမ်းဆီးရမိလိုက်၏။

သူတို့နှစ်ဦးက ဖော်ကောင်လုပ်ကြသဖြင့် ဓားပြတပ်ဖွဲ့ဝင်အားလုံးကို ဖမ်းဆီးမိကြ၏။ ခုနစ်ရက်အတော အတွင်းမှာပင် သူတို့ယူဆောင်ကြသည့် နွားများကိုပါ ရွှေတောင်၊ ကျီးသဲမြို့နယ်များတစ်ဝိုက်တွင် ပြန်လည် ဖမ်းဆီးသိမ်းပိုက်ရမိလိုက်ကြ၏။

ဓားပြများကို ပြည်မြို့သို့ ခေါ်ဆောင်လာကြ၏။ သူတို့ကို ပြည်မြို့ ရဲစခန်းတွင် ချုပ်နှောင်ထားလိုက်ကြ၏။

(အထက်ဖော်ပြပါ အကြောင်းအရာများသည် ဖြစ်ရပ်မှန်အကြောင်းအရာတစ်ခုဖြစ်ပါသည်။)

မဟာနွယ် (မန်းကျော်သိုက်)



www.burmeseclassic.com

www.burmeseclassic.com

## ၂ ၀ ၁ ၅ ခု နှ စ် ၊ ဇ န် န ဝါ ရီ လ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကိုပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ပြာသိုလဆန်း | ၅တေး | ၂<br>၃ | ၀၈း၄၈း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂ | ၁၃ | ဖြော | ၃<br>၄ | ၀၈း၄၈း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၃ | ၁၄ | စနေ | ၄<br>၅ | ၀၈း၅၆း၅၇ | □ ဝရ<br>△ ဥပါဒ် |
| ၄ | ◯ | ၁နွေ | ၅<br>၆ | ၀၉း၄၁း၀၃ | * အမြိတ္တ<br>* လာဘ |
| ၅ | လဆုတ် | ၂လာ | ၆<br>၇ | ၁၁း၀၈း၃၄ | △ ဥပါဒ်<br>△ မိတ္တ |
| ၆ | ၂ | ၃ဂါ | ၇<br>၈ | ၁၂း၅၁း၂၆ | * လာဘ<br>* သိဒ္ဓိ |
| ၇ | ၃ | ၄ဟူး | ၈<br>၉ | ၁၄း၅၀း၁၁ | △ မိတ္တ<br>△ ကာဏ |
| ၈ | ၄ | ၅တေး | ၉<br>၁၀ | ၁၇း၂၀း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၉ | ၅ | ဖြော | ၁၀<br>၁၁ | ၂၀း၀၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၀ | ၆ | စနေ | ၁၁<br>၁၂ | ၂၂း၄၀း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၁ | ၇ | ၁နွေ | ၁၂ | မပြောင်း | * အမြိတ္တ |
| ၁၂ | ၈ | ၂လာ | ၁၂<br>၁၃ | ၀၀း၅၂း၂၂ | □ ဝရ<br>△ ဥပါဒ် |
| ၁၃ | ၉ | ၃ဂါ | ၁၃<br>၁၄ | ၀၃း၀၀း၀၀း | * အမြိတ္တ<br>* လာဘ |
| ၁၄ | ၁၀ | ၄ဟူး | ၁၄<br>၁၅ | ၀၄း၃၇း၅၄ | △ ဥပါဒ်<br>* မိတ္တ |
| ၁၅ | ၁၁ | ၅တေး | ၁၅<br>၁၆ | ၀၅း၄၇း၃၅ | * လာဘ<br>* သိဒ္ဓိ |
| ၁၆ | ၁၂ | ဖြော | ၁၆<br>၁၇ | ၀၆း၃၀း၃၁ | △ မိတ္တ<br>△ ကာဏ |
| ၁၇ | ၁၃ | စနေ | ၁၇<br>၁၈ | ၀၆း၄၁း၁၉ | * သိဒ္ဓိ<br>□ ဝရ |
| ၁၈ | ၁၄ | ၁နွေ | ၁၈<br>၁၉ | ၀၆း၁၇း၄၂ | △ ကာဏ<br>* အမြိတ္တ |
| ၁၉ | ● | ၂လာ | ၁၉<br>၂၀<br>× | ၀၅း၄၈း၂၃<br>၂၃း၁၃း၃၃ | □ ဝရ<br>△ ဥပါဒ်<br>△ မိတ္တ |
| ၂၀ | တပို့တွဲလဆန်း | ၃ဂါ | ×<br>၂၁ | ၁၀း၄၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၂၁ | ၂ | ၄ဟူး | ၂၁<br>၂၂ | ၀၃း၄၅း၀၀ | △ မိတ္တ<br>△ ကာဏ |
| ၂၂ | ၃ | ၅တေး | ၂၂<br>၂၃ | ၀၂း၃၇း၀၅ | * သိဒ္ဓိ<br>□ ဝရ |
| ၂၃ | ၄ | ဖြော | ၂၃<br>၂၄<br>၂၅ | ၀၀း၂၂း၃၀<br>၂၂း၅၂း၃၀ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၂၄ | ၅ | စနေ | ၂၅<br>၂၆ | ၂၁း၀၂း၄၆ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၅ | ၆ | ၁နွေ | ၂၆<br>၂၇ | ၁၉း၄၈း၃၄ | * လာဘ<br>* သိဒ္ဓိ |
| ၂၆ | ၇ | ၂လာ | ၂၇<br>၁ | ၁၈း၂၂း၃၀ | △ မိတ္တ<br>△ ကာဏ |
| ၂၇ | ၈ | ၃ဂါ | ၁<br>၂ | ၁၇း၂၅း၁၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၈ | ၉ | ၄ဟူး | ၂<br>၃ | ၁၆း၃၈း၄၃ | △ ကာဏ<br>* အမြိတ္တ |
| ၂၉ | ၁၀ | ၅တေး | ၃<br>၄ | ၁၆း၂၄း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၃၀ | ၁၁ | ဖြော | ၄<br>၅ | ၁၆း၅၇း၅၆ | * အမြိတ္တ<br>* လာဘ |
| ၃၁ | ၁၂ | စနေ | ၅<br>၆ | ၁၈း၂၅း၄၃ | △ ဥပါဒ်<br>△ မိတ္တ |

၂၀ - နက္ခတ် • ၄၅ ယဋ္ဌိ
× - နက္ခတ် • ၃၀ ယဋ္ဌိ } ဖြင့် ထွက်သည်။
၂၁ - နက္ခတ် = ၄၅ ယဋ္ဌိ

* = အဝင်နက္ခတ် ◯ = လပြည့်နေ့
□ = ခပါဒ်နက္ခတ် ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၅-၁-၂၀၁၄ တနင်္လာနေ့ နံနက် ၁၁း၂၂း၀၇ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ

ဦးအောင်ဇော်လှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇေယျသည် ကားကို ကိုယ်တိုင်မောင်း၍ အိမ်ကထွက်ခဲ့လေသည်။ သူငယ်ချင်းတစ်ဦးက ကန်တော်မင်ပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်တွင် မွေးနေ့အတွက် ညစာဖိတ်ကြားထားသဖြင့် သွားရခြင်း ဖြစ်သည်။ အိမ်ကစောစောထွက်ရန် ရည်ရွယ်ထားသော်လည်း ဧည့်သည်တစ်ဦးရောက်လာ၍ စကားပြောနေရသဖြင့် အချိန်နောက်ကျခဲ့ရသည်။ အချိန်နောက်ကျသဖြင့် ကားကိုအမြန်မောင်းခဲ့သည်။ ဦးဝိစာရလမ်းတစ်လျှောက်တွင် ကားများပိတ်ဆို့နေသဖြင့် မြေနီကုန်း မဟာဝိဇယမှ ဦးဝိစာရအဝိုင်းအထိ နာရီဝက်နီးပါး အချိန်ကုန်ခဲ့ရသည်။ ဦးဝိစာရအဝိုင်းအလွန် ပန်းခြံသို့ကွေ့၍အဝင်တွင် တောင်ဘက်မှလာသော ကားတန်းကို လွတ်အောင်အမြန်မောင်း၍ ပန်းခြံထဲအရောက်ဝင်ခဲ့သည်။

ပန်းခြံသို့အဝင်တွင် ရှေ့ကဝင်သွားသော အမျိုးသမီးသုံးဦးကို သတိထား၍ကြည့်မိသည်။ အလယ်မှ အပြာရောင်ဝမ်းဆက်နှင့် အမျိုးသမီး၏အလှမှာ ထူးခြားပေါ်လွင်နေသဖြင့် ငေးစိုက်ကြည့်လိုက်မိသည်။ ပန်းခြံသို့ ကားကိုအရှိန်ဖြင့်ကွေ့ဝင်လိုက်စဉ် ကားအရှိန်ကြောင့် ရှေ့မှသွားသော အမျိုးသမီးသုံးဦးမှာ ကားနှင့်လွတ်အောင် ဘေးသို့ရှောင်လိုက်သဖြင့် ချောမောလှပသော အမျိုးသမီးမှာ ခြေခေါက်၍လဲကျသွားသည်ကို မြင်လိုက်ရသည်။ လဲကျသွားသော အမျိုးသမီးကို ဘေးမှအမျိုးသမီးနှစ်ဦးက တွဲမ၍ ထူလိုက်သည်ကို မြင်လိုက်ရသဖြင့် ကျော်ဇေယျသည် ကားကို မိန်းကလေးသုံးဦးအား ကျော်လွန်ပြီး လမ်းဘေးတွင်ရပ်၍ ကားပေါ်မှဆင်းကာ သူတို့ဆီသို့လျှောက်သွားခဲ့သည်။

"ဘာဖြစ်သွားသေးသလဲ ခင်ဗျာ"

ကျော်ဇေယျအမေးကြောင့် ချောမောလှပသောအမျိုးသမီးက ပြန်၍ဖြေလိုက်သည်။

"ဘာမှမဖြစ်ပါဘူးရှင်၊ ရုတ်တရက်ခြေခေါက်ပြီးလဲရုံလဲတာပါ"

# ကောင်းသော်

## သိုက်နန်းသို့မပြန်ရအောင်





www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးမှာ အနီးကပ်ကြည့်မှ မှန်းဆသည်ထက် အဆပေါင်းများစွာ ချောမောလှပကြောင်း တွေ့ရသည်။ အသံမှာလည်း ချိုလွင်သာယာလှသည်။

"ကျွန်တော့်ကားကြောင့်ဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်ဘာကူညီရမလဲ၊ ဘယ်လိုက်ပို့ပေးရမလဲ"

"အို - မဟုတ်တာရှင်၊ ဘာမှမဖြစ်ပါဘူး။ ကျွန်မတို့က ဒီပန်းခြံမှာ ဆွေမျိုးတွေနဲ့တွေ့ရအောင်လာခဲ့တာပါ။ ဘယ်မှသွားဖို့မရှိပါဘူး။ ခြေထောက်က ခဏကြာရင်ကောင်းသွားမှာပါ"

အမျိုးသမီးနှစ်ဦးက တွဲခေါ်ပြီး ပန်းခြံအတွင်းသို့ ဝင်သွားသဖြင့် သူကားဆီပြန်လာကာ ကားကိုမောင်း၍ဝင်ခဲ့သည်။ သူငယ်ချင်းများ၏ကားများ အစီအရီရပ်ထားသည့်နေရာတွင် ကားကိုရပ်လိုက်ပြီး ရွှေဘဲဟိုတယ်သို့ဝင်ခဲ့သည်။ ဖိတ်ကြားထားသည့် တောင်ကြီးအခန်းမှာ အပေါ်ထပ်တွင်ရှိသဖြင့် အပေါ်ထပ်သို့တက်ခဲ့ပါသည်။ အခန်းထဲတွင် လူစုံရောက်နေသဖြင့် စားသောက်နေကြပြီဖြစ်သည်။ ငယ်သူငယ်ချင်းများဖြစ်၍ နှောင်းအတိတ်က အကြောင်းများကို ပြန်ပြောင်းပြောကြရင်း ပျော်ရွှင်ရယ်မောတသောသောရှိကြပါသည်။

သူငယ်ချင်းများက စားသောက်ရင်း ရယ်မောပျော်ရွှင်နေချိန် သူ ခုနက တွေ့မြင်ခဲ့ရသော အပြာရောင်ဝတ်စုံနှင့် မိန်းကလေးကို တရေးရေးမြင်ယောင်လျက်ရှိပါသည်။ ထိုမိန်းကလေး ဘယ်ကလာတာလဲ၊နာမည်ဘယ်လိုခေါ်သလဲ၊ ဘယ်မှာနေသလဲ မမေးလိုက်မိသည်ကို နောင်တရလျက်ရှိပါသည်။ သူငယ်ချင်းများက အစားကောင်းများကို ပျော်ပါးစွာ စားသောက်နေကြသော်လည်း ကျော်ဇေယျမှာ ဟုတ်တိပတ်တိမစားမိဘဲ ပြတင်းပေါက်မှ ပန်းခြံဘက်သို့ ငေးမောနေခဲ့သည်။ အခမ်းအနားပြီးဆုံး၍ ပြန်ရန်ထလိုက်ကြမှ ပြန်ရန်သတိရပြီး အရင်ဆုံးထွက်ခဲ့ပါသည်။ ကားမောင်း၍ ထွက်ခဲ့ရင်း ပန်းခြံအတွင်း လှည့်ပတ်ကြည့်ခဲ့ပါသေးသည်။ တွေ့လိုသူကို မတွေ့ရသဖြင့် ငေးငိုင်လျက် ဦးဝိစာရလမ်းမပေါ် သို့ထွက်ခဲ့ပါသည်။

"ဟော"

မြင်လိုက်ရသောမြင်ကွင်းကြောင့် နှုတ်မှအလိုလိုထွက်သွားပါသည်။ပလက်ဖောင်းတစ်နေရာတွင် အမျိုးသမီးသုံးဦးက တက္ကစီကားကို တားနေကြောင်း တွေ့လိုက်ရပါသည်။ ကျော်ဇေယျသည် ကားကို သူတို့အနီးတွင်ရပ်လိုက်ပြီး ကားပေါ် ကဆင်းခဲ့သည်။

"ညီမတို့ဘယ်သွားကြမလို့လဲ"

"ဟော-အစ်ကိုပါလား။ ညီမတို့က ရွှေတိဂုံဘုရားအနောက်မုခ်ကိုသွားမလို့ပါ"

"လာပါ၊ ကားပေါ်တက်ကြပါ။ လိုက်ပို့ပေးပါမယ်"

"အားနာစရာ အစ်ကိုရယ်။ နေပါစေ၊ ကားငှားသွားပါမယ်"

"လမ်းကြုံနေတာပဲ။ လာပါ၊တက်ကြပါ"

အမျိုးသမီးများမှာ ငြင်းဆန်မနေတော့ဘဲ နောက်ခန်းသို့ ဝင်ရောက်ထိုင်လိုက်ကြပါသည်။

"ခြေထောက်ကနာသေးသလား"

ကားမထွက်မီ ကျော်ဇေယျကမေးလိုက်သည်။ ကျော်ဇေယျက ကားကိုမှန်မှန်မောင်းရင်းမေးလိုက်သည်။

"သိပ်မနာတော့ပါဘူး"

"ညီမတို့က ဒီအချိန် ဘုရားပေါ် တက်ကြဦးမှာလား"

"ဘုရားပေါ်မတက်တော့ပါဘူး၊ ဘုရားပေါ်ကဆင်းလာမယ့် အစ်ကိုကြီးနဲ့ အစ်မကြီးတို့ကို စောင့်ရုံပါ။ သူတို့လာရင် ပြန်ကြတော့မှာပါ"

"ဘယ်ကိုပြန်ကြမှာလဲ"

"ပဲခူးကို"

"အို - ပဲခူးအထိပြန်ရမှာလား"

"ပဲခူးတောင်ကျော်ပြီးသွားရဦးမှာပါ။ ညီမတို့ကသွားနေကျပါ၊ ကိစ္စမရှိပါဘူး"

မကြာမီ ကားသည် အနောက်မုခ် ဝန်းအတွင်းဝင်ရောက်ခဲ့သည်။ ဘုရား၏ခြေရင်းတွင် ကားကိုရပ်ပေးလိုက်ပြီး ကျော်ဇေယျက မိတ်ဆက်ပါသည်။

"အစ်ကိုနာမည်က ကျော်ဇေယျပါ။ ဝါသနာအရ စာရေးပါတယ်။ အင်းယားလမ်းမှာ နေပါတယ်။ ဒီမှာ အစ်ကို့လိပ်စာပါ၊ ရန်ကုန်ရောက်ရင် ဝင်ခဲ့ကြပါ"

ကျော်ဇေယျက လိပ်စာကတ်ကို ထုတ်ပေးလိုက်သည်။

"ညီမက မြစိမ်းနွယ်ပါ၊ အစ်ကို့ကို ပြောစရာတစ်ခုရှိပါတယ်။ အစ်ကို့ကို မြင်မြင်ချင်း အစ်ကိုတစ်ယောက်လို ခင်မင်မိပါတယ်။ အစ်ကိုကော ဘယ်လိုခံစားရသလဲ အစ်ကို"

"အစ်ကိုလည်းခင်တတ်ပါတယ်"

"အစ်ကို ယုံချင်မှယုံပါ။ အစ်ကို





www.burmeseclassic.com

www.burmeseclassic.com

ဟာ အရင်ဘဝက ညီမရဲ့အစ်ကိုအရင်းပါ"

"သေချာရဲ့လား ညီမရဲ့"

"သေချာလို့ပြောပြတာပေါ့။ ဘဝဟောင်းကအစ်ကိုက လူပြည်ကိုထွက်ခွာသွားတော့ (၂၅) နှစ်ပြည့်ရင် ညီမတို့ဆီ ပြန်လာပါ့မယ်လို့ ကတိပေးသွားတာ။ လပြည့်ကျော်တစ်ရက်နေ့ဆိုရင် အစ်ကို (၂၅) နှစ်ပြည့်တဲ့နေ့ပဲ"

ကျော်ဇေယျ အံ့ဩသွားပါသည်။ သူ၏မွေးနေ့ကို တိတိကျကျသိနေခြင်းဖြစ်သည်။

"ဒါဆို အစ်ကို လူပြည်ကပြန်ရတော့မှာလား၊ ဒါဆို ဘဝပြောင်းရတော့မှာလား"

"အစ်ကိုကတိပေးသွားတဲ့အတိုင်း ပြောရတာပါ"

"အစ်ကို လူပြည်မှာလုပ်ကိုင်စရာတွေကျန်သေးတယ်။ ချက်ချင်းတော့ မလိုက်ပါရစေနဲ့။ ဒါန၊ သီလ၊ ဘာဝနာ လုပ်ပြီးမှလိုက်ပါရစေ။ အစ်ကိုမသိသေးတဲ့အကြောင်းကို ညီမက ဘယ်လိုသိနေတာလဲ"

"အကြောင်းစုံသိချင်ရင် ညီမဆီလာခဲ့ပေါ့၊ အားလုံးပြောပြမယ်။ ဟောဟိုမှာ အစ်ကိုကြီးနဲ့ အစ်မကြီးတို့ ဘုရားပေါ်ကဆင်းလာကြပြီ"

မြစိမ်းနွယ်က ဘုရားပေါ်ကဆင်းလာသည့် လူကြီးနှင့် အမျိုးသမီးကြီးတစ်ဦးကိုညွှန်ပြရင်း ကားပေါ်ကဆင်းလိုက်ကြသည်။ အစ်ကိုကြီးနှင့်အစ်မကြီးတို့မှာလည်း အသင့်ရပ်ထားသည့် ကားမည်းကြီးတစ်စီးပေါ်သို့ တက်လိုက်ကြသည်။ မြစိမ်းနွယ်က ကျော်ဇေယျကိုလက်ပြပြီး နှုတ်ဆက်လိုက်သည်။

"ကဲ - အစ်ကို၊ သွားပြီနော်"

"ညီမခဏနေပါဦး၊ ဒီအကြောင်းတွေကို အစ်ကိုသိပ်သိချင်နေတာ။ အစ်ကို လူ့ပြည်မှာ ဆက်လက်နေခွင့်ရအောင်ကူညီပါ။ အစ်ကိုညီမဆီလာတွေ့ပါရစေ။ ပဲခူးကိုလာခဲ့မယ်။ ဘယ်နေ့၊ ဘယ်ကိုလာရမယ်ဆိုတာသာပြောခဲ့ပါ"

"အစ်ကို တကယ်လာမယ်ဆိုရင် တန်ဆောင်မုန်းလပြည့်နေ့ညနေအရောက်လာခဲ့ပါ"

"ဘယ်ကိုလာခဲ့ရမလဲ"

"ဒေးစွန်းပါဘုရား"

"နေ့လယ်ဘက် လာလို့မရဘူးလား"

"ညီမတို့က ညဘက်မှ အချိန်ရတယ်လေ။ အစ်ကိုတကယ်လာမှာလား။ အစ်ကို့ဘဝအတွက် အဆုံးအဖြတ်ကိုသိချင်ရင် အစ်ကိုလာသင့်ပါတယ်"

"အစ်ကို မဖြစ်မနေ လာပါ့မယ်။ ဘယ်လိုကိစ္စမျိုးရှိရှိ အစ်ကိုဖြစ်အောင်လာခဲ့မယ်။ အစ်ကို့ကိုကူညီပါနော်"

"အစ်ကို့ဘဝအတွက် ဆုံးဖြတ်ရမယ့်အချိန်ပဲ။ အစ်ကိုလာဖြစ်ရင် ကံကောင်းမယ်။ အစ်ကိုမလာနိုင်ရင်တော့ ဝမ်းနည်းစရာကြုံရမှာပဲ။ ကဲ - နှုတ်ဆက်ပါတယ် အစ်ကို"

မြစိမ်းနွယ်တို့ ကားမည်းကြီးပေါ်သို့ တက်လိုက်သည်နှင့် ကားကြီးက မောင်းထွက်သွားပါသည်။ ကျော်ဇေယျသည် ကားကြီးထွက်ခွာသည်ကို ငေးကြည့်နေပြီး ထိုကားကြီး၏နောက်သို့ ဆက်၍လိုက်ခဲ့သည်။ ကျော်ဇေယျ လမ်းမပေါ်သို့ ရောက်သည့်အခါ မြစိမ်းနွယ်တို့၏ကားကြီးကို မမြင်ရတော့ပါ။ အိမ်ပြန်ရောက်သော်လည်း မြစိမ်းနွယ်ကို မြင်ယောင်နေဆဲ ဖြစ်သည်။ ညအိပ်ရာဝင်ရာတွင် မြစိမ်းနွယ်၏ စကားသံများကို နားတွင် ကြားယောင်လျက်ရှိပါသည်။

"ဘဝဟောင်းက မြစိမ်းရဲ့အစ်ကိုအရင်းပါ"

"အစ်ကို့ဘဝအတွက် ဆုံးဖြတ်ရမယ့်အချိန်မှာ အစ်ကိုလာသင့်တာပေါ့။ အစ်ကိုမလာနိုင်ရင်တော့ ဝမ်းနည်းစရာကြုံရမှာပဲ။ လာဖြစ်ရင်အစ်ကိုကံကောင်းမယ်"

မြစိမ်းနွယ်၏ စကားများက ဆန်းကြယ်သလို မြစိမ်းနွယ်နှင့်တွေ့ပုံကလည်း ဆန်းကြယ်သည်။ မမျှော်လင့်ဘဲ တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ မြစိမ်းနွယ်က တွေ့ဆုံအောင် တမင်ဖန်တီးခြင်းဖြစ်နိုင်သည်။ အမည် မြစိမ်းနွယ်၊ တွေ့ဆုံသည့်နေရာမှာလည်း ကန်တော်မင်ပန်းခြံ။ ကျော်ဇေယျသည် တွေ့ဆုံပုံကို အပြန်ပြန်အလှန်လှန် စဉ်းစားသည်။ တွေ့ဆုံရမည့်နေရာကလည်း ဒေးစွန်းပါဆိုသဖြင့် သိုက်နှင့် ဆက်နွယ်နေသောအရာချည်းဖြစ်နေသည်။ မယုံကြည်နိုင်သော်လည်း မယုံကြည်၍မရပါ။ မိမိဘဝနှင့်ရင်းရမည့်ကိစ္စဖြစ်၍ အလေးအနက်ထားရတော့မည်။ မိမိဘဝ ရှင်သန်ခွင့်ရရေးအတွက် မြစိမ်းနွယ်ရှိရာသို့ သွားသင့်ပါသည်။ မြစိမ်းနွယ်နှင့်တွေ့မှ ကံကောင်းနိုင်မည်ဖြစ်၍ မဖြစ်မနေသွားရန် ဆုံးဖြတ်မိပါသည်။ ရခဲလှသည့် လူ့ဘဝမှ မထွက်ခွာချင်သေးပါ။ မြစိမ်းနွယ်၏ စကားအရ မိမိမှာ လူ့ဘဝသို့ခဏရောက်လာသည့်ဧည့်သည်စာဖြစ်နေသည်။ကတိပေးခဲ့သည့်အတိုင်း အသက်ပြည့်ကသိုက်နန်းကိုပြန်ရမည်။ မြစိမ်းနွယ်က မိမိမသိခဲ့ရသောဘဝ၊ လုံးဝမမျှော်လင့်မထားသောဘဝအကြောင်းကို သိလိုက်ရ၍ တုန်လှုပ်အံ့ဩခဲ့ရပါသည်။ သိုက်ကလာသည်ဟု တစ်ခါမှမခံစားဘူး၍ထူးဆန်းနေသည်။ မိဘများကလည်း မပြောခဲ့ဘူးပါ။ ပတ်ဝန်းကျင်ကလည်း မသိကြသဖြင့် အသက်(၂၅)နှစ်ပြည့်မှသိရခြင်းအတွက် ထိတ်လန့်ခဲ့ရသည်။ မိမိအဖြစ်ကို မိဘများနှင့်အပေါင်းအသင်းများအား ဖွင့်ဟတိုင်ပင်၍မဖြစ်သဖြင့် တစ်ကိုယ်တည်းကျိတ်၍ခံစားနေရပါသည်။

ကျော်ဇေယျသည် အချိန်ရှိတိုင်း မြစိမ်းနွယ်ကိုသတိရနေသည်။ ဒေးစွန်းပါကိုသွားပြီး မြစိမ်းနွယ်ကို တွေ့လိုက်ချင်သည်။ တန်ဆောင်မုန်းလပြည့်နေ့ကိုရောက်ချင်နေသည်။ တွေ့ရမည့်အချိန်က ညဘက်ဖြစ်သည်။ သာမန်အချိန်တွင် ညဘက်တစ်ယောက်တည်းသွားရမည်ကို ကြောက်ချင်ကြောက်မည်ဖြစ်သော်လည်း ယခုလိုအချိန်တွင် ဘာကိုမှ ကြောက်စရာမရှိတော့ပါ။ ချက်ချင်းတွေ့၊ ချက်ချင်း အဖြေသိချင်နေသည်။ အသက်ရှည်ရာရှည်ကြောင်းနည်းလမ်းများကို တွေးတောနေမိသည်။ တရားပွဲတစ်ပွဲတွင် ဆရာတော်ကြီးတစ်ပါးဟောကြားသည်ကို ပြန်လည်ကြားယောင်မိပါသည်။

"အသက်ရှည်လိုပါက ဘုရားစေတီအဟောင်းပြင်ရမယ်။ ဇရပ်၊ တန်ဆောင်းအိုတွေကို ပြင်ရမယ်"

ကျော်ဇေယျသည် မာတ်ပေါင်းစုစေတီသို့သွား၍ ကျောင်းထိုင်ဆရာတော်ကို ဖူးတွေ့ပါသည်။ မာတ်ပေါင်းစုစေတီဝင်းအတွင်းရှိ ဇရပ်အိုဇရပ်ဟောင်းတစ်ခုကို ပြုပြင်မွမ်းမံရန် ခွင့်တောင်းလိုက်ပါသည်။

"တပည့်တော် လပြည့်နေ့မှာ ခရီးသွားစရာရှိပါတယ်ဘုရား။ တပည့်တော်ပြန်ရောက်ရင် ဒီဇရပ်ကို ပြုပြင်ချင်ပါတယ်ဘုရား။ တပည့်တော် အသက်ရှည်ရှည်နေချင်လို့ပါ ဘုရား၊ ဇရပ်ပြုပြင်ရင် အသက်ရှည်တယ်ကြားဖူးလို့ပါ"

ကျော်ဇေယျစကားကိုနားထောင်ပြီး ဘုန်းကြီးက ပြန်လည် မိန့်ကြားပါသည်။

"လူတွေဟာ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာသေရမယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုအကျိုးတော့ ခံစားရမှာပါ။ ဇရပ်ပြင်တဲ့အတွက် အသက်ရှည်နိုင်တယ်။အသက်ဘေးနဲ့ကြုံတွေ့ရင်တောင် လွတ်မြောက်နိုင်တယ်။ အကယ်၍ သေရသည့်တိုင် ဒီကောင်းမှုဟာ ကိုယ့်နောက်ကိုပါတဲ့အတွက်- အလွန်အကျိုးထူးတဲ့ကုသိုလ်ကို ရမှာမလွဲပါဘူး"

ဆရာတော်၏ စကားကြောင့် အားရှိရသည်။ ဒေးစွန်ပါမှပြန်ရောက်ပါက ဇရပ်ကိုပြီးအောင်ပြင်ရန်စီစဉ်လိုက်ပါသည်။ ကုသိုလ်ကောင်းမှုပြုလုပ်ရန်အတွက် မြစိမ်းနွယ်တို့ထံတွင် အသက်ရှင်ခွင့်ရနိုင်မည်ဟု မျှော်လင့်ခဲ့ပါသည်။ တန်ဆောင်မုန်းလပြည့်နေ့ကို မြန်မြန်ရောက်ချင်နေပါသည်။

တန်ဆောင်မုန်းလပြည့်ခါနီးမှာမှ အရေးကိစ္စတစ်ခုပေါ်လာသည်။မန္တလေးရှိသူငယ်ချင်းတစ်ဦး၏မင်္ဂလာပွဲကို ကားဖြင့် ပျော်ပျော်ပါးပါးသွားကြရန် သူငယ်ချင်းများက တိုင်ပင်ကြသည်။ လပြည့်နေ့တွင် ဒေးစွန်ပါကို သွားခဲ့ရပါက နောက်တစ်နေ့ မန္တလေးသွားရန် အချိန်ကပ်နေသဖြင့် လိုက်၍မဖြစ်နိုင်ပါ။ ဒေးစွန်ပါခရီးမှာ အသက်နှင့်အမျှ အရေးကြီးသဖြင့် ဖျက်၍မရသဖြင့် အခက်ကြုံအကြပ်ခက်ပါသည်။ သူငယ်ချင်းများကလည်း လိုက်ဖြစ်အောင်လိုက်ရန် စည်းရုံးကြပါသည်။

"ပဲခူးမှာ မင်းချိန်းထားတဲ့ကိစ္စက ကိစ္စပြီးတာနဲ့ချက်ချင်းပြန်ရင်ရနိုင်တာပဲ။ ပဲခူးနဲ့ ရန်ကုန် တစ်နာရီလောက် ကားမောင်းရုံနဲ့ရောက်တာပါ။ တို့က နောက်နေ့ မနက်စောစောထွက်မှာဆိုတော့ ကောင်းကောင်းမီပါတယ်။ မင်းလိုက်ဖြစ်အောင်လိုက်ခဲ့ပါကွာ"

"အေးပါ၊ ငါကလည်း လိုက်ချင်ပါတယ်။ ငါချက်ချင်းပြန်နိုင်အောင် ကြိုးစားမှာပါ၊ အကယ်၍ ညဘက်ပြန်မရောက်ခဲ့ရင်သာ ငါ့ကိုခွင့်လွှတ်ကြပါကွာ"

"အို - ဘာမှမမီစရာမရှိဘူး၊ မင်းလိုက်ဖြစ်တယ်လို့ တို့မှတ်လိုက်ပြီ"

သူငယ်ချင်းများက လိုက်စေချင်သလို သူကလည်း လိုက်ချင်ပါသည်။ ဒေးစွန်ပါကိစ္စသည် သေရေးရှင်ရေးကိစ္စဖြစ်၍ ဦးစားပေးရခြင်း ဖြစ်သည်။ လပြည့်ရက်နီးလာလေ ရင်ခုန်လေဖြစ်သည်။ မိမိအသက်ရှင်ရေးအတွက်လည်း နေ့စဉ်ဆုတောင်းနေခဲ့ရသည်။ စိုးရိမ်ခြင်း၊ ရင်ခုန်ရင်းဖြင့် တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်ခဲ့ရသည်။

မြစိမ်းနွယ်က ညနေမှတွေ့ဆုံရန်ချိန်းသော်လည်း စောစောတွေ့ခွင့်ရပါက ရန်ကုန်သို့ စောစောပြန်နိုင်မည်ဖြစ်၍ နေ့လယ်စာစားပြီးချိန်တွင် ရန်ကုန်မှ ထွက်ခဲ့သည်။ ကားကို ဖြည်းဖြည်းမှန်မှန်မောင်းလာခဲ့ရာ ညနေပိုင်းတွင် ပဲခူးသို့ ရောက်ပါသည်။ ပဲခူးတွင် လက်ဖက်ရည်သောက်ပြီး ဆက်လက်ထွက်ခဲ့ပါသည်။ ပဲခူးမှ မန္တလေးလမ်းအတိုင်း ကားမောင်းလာခဲ့ရာ လမ်းခရီးတွင် ချောမွေ့ခဲ့သော်လည်း ဒေးစွန်ပါလမ်းခွဲ ဝမ်းဘဲအင်းသို့ အဝင်မှစ၍ ပြဿနာနှင့်တိုးတော့သည်။ လပြည့်နေ့ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဒေးစွန်ပါသို့ရောက်နေသောကားများပြန်ချိန်ဖြစ်၍ ကားများအဆက်မပြတ်လာနေပါသည်။ လမ်းကျဉ်းသဖြင့် အပြန်ကားကို ရှောင်နေရသဖြင့် ခရီးမတွင်ခဲ့။ ဒေးစွန်ပါသို့သွားသည့်ကားမှာ ကျော်ဇေယျ၏ကားတစ်စီးသာရှိသော်လည်း အပြန်ကားများ များလှပါသည်။

ပဲခူးနှင့် ဒေးစွန်ပါခရီးမဝေးသော်လည်း ညနေငါးနာရီခန့်မှ ဒေးစွန်ပါသို့ ရောက်ပါသည်။ ဒေးစွန်ပါသို့ရောက်ချိန် ဘုရားဖူးကားများ မရှိတော့ပါ။ ဘုရားဖူးများလည်းပြန်ကုန်သဖြင့် ဥပုသ်သည် တစ်ယောက်နှစ်ယောက်သာ တွေ့ရပါသည်။ ကျော်ဇေယျ ဘုရားရှိခိုးချိန်တွင် လူရှင်းနေပါသည်။ သူဘုရားရှိခိုးပြီးချိန်တွင် ဘုရားပေါ်တွင် လူမကျန်တော့ပါ။ ကျော်ဇေယျသည် ဘုရားပေါ်တွင်လှည့်ပတ်၍ ပရိတ်ရွတ်မေတ္တာပို့နေခဲ့သည်။ နေဝင်တော့မည်ဖြစ်၍ တောရိပ်တောင်ရိပ်ကြောင့် အအေးဓာတ်ရရှိပါသည်။ မြစိမ်းနွယ်၏အရိပ်အယောင်မျှပင်မတွေ့ရသဖြင့် ဘုရားပေါ်ကဆင်းခဲ့သည်။ မြစိမ်းနွယ်မှာ ဥစ္စာစောင့်ဖြစ်၍ လူမရှိချိန်မှရောက်လာလိမ့်မည်ထင်ရသည်။

ဘုရား၏အနောက်ဘက်သို့ကြည့်လိုက်ရာ သစ်ပင်ကြီးတစ်ပင်အောက်တွင် အသက်ငါးဆယ်ခန့် အသားဖြူဖြူ လူဝဝကြီးတစ်ဦးကို မြင်လိုက်ရသည်။ ထိုလူဝကြီးဆီသို့လျှောက်ခဲ့သည်။ဗေဒင်ဟောသည်ဟူသော ဆိုင်းဘုတ်ကြောင့် ထိုလူကြီးကို ဗေဒင်ဆရာမှန်း သိလိုက်ရသည်။ ထိုလူကြီးကို စကားပြောကြည့်ရန် စိတ်ကူးမိသည်။

"ဆရာကြီးက ဗေဒင်ဟောတာလား"

"ကျုပ်က ဗေဒင်သာမကဘူး၊ လက္ခဏာလည်း ဟောတယ်။ အကြားအမြင်လည်းဟောတယ်၊ ယတြာလည်းချေပေးတယ်။ ဒီနေ့တော့ လူများလွန်းလို့ နားချိန်တောင်မရပါဘူးကွယ်"

"ဆရာကြီးကဘယ်မှာနေတာလဲ"

"ဒီဘက်နားက ဘုန်းကြီးကျောင်းမှာနေပါတယ်။ မောင်ရင်က ဗေဒင်မေးမလို့လား"

"လူတစ်ယောက်ကို စောင့်ရင်း ဗေဒင်မေးရင် ကောင်းမလားလို့ပါ"

"ဒီအချိန်ဆို ဒီကို ဘယ်လိုလူက လာမှာလဲ။ မဟုတ်မှလွဲရော မောင်ရင် မြစိမ်းနွယ်နဲ့တွေ့ဖို့များလာတာလား"

"ဆရာကြီးကအကြားအမြင်ဆရာဆိုတော့ သိနေတာပဲ၊ ဟုတ်ပါတယ်။ မြစိမ်းနွယ်ချိန်းထားလို့လာခဲ့တာပါ"

"မောင်ရင်ရဲ့နာမည်က"

"ကျော်ဇေယျပါ"

"ဒါဆို မြစိမ်းနွယ်ရဲ့ အစ်ကိုငယ်ပေါ့"

"ဆရာကြီးက ဒါတောင် သိနေတာကိုး"

"ဒါထက် ပိုသိထားတာက မောင်ရင်ပြန်လာဖို့အချိန်ကျပြီဆိုတာပဲ"

"ဒါဆို ကျွန်တော်ဟာ သိုက်က လာတယ်ဆိုတာမှန်နေပြီပေါ့။ကျွန်တော် လူ့ဘဝမှာ နေချင်ပါသေးတယ်။ ဆရာကြီး ကျွန်တော့်ကိုကယ်ပါဦး"

"မောင်ရင်ပြန်လာဖို့၊ မလာဖို့ဆိုတာ မြစိမ်းနွယ်အပေါ်မှာ မူတည်နေတယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့် မြစိမ်းနွယ်နဲ့တွေ့ရအောင်လာခဲ့တာပါ"

"ချိန်းထားတယ် ဆိုရင်တော့ မြစိမ်းနွယ်လာတော့မှာပါ"

"ကျွန်တော်အသက်ရှင်နိုင်အောင် ယတြာချေလို့ရနိုင်မလား ဆရာ"

"မောင်ရင်ရဲ့လက္ခဏာကိုပြပါဦး"

ကျော်ဇေယျက လက်ဝါးနှစ်ဖက်ကိုဖြန့်၍ ဆရာကြီးကိုပြသလိုက်သည်။

"သတ်မှတ်ကာလနဲ့ အချိန်ကိုက်ဖြစ်နေတာကိုး။ အချိန်ပိုင်းလေးကာလအတွင်းမှာ အပြောင်းအလဲတစ်ခုဖြစ်တော့မှာပါ"

"ကျွန်တော် အသက်ရှင်ပါတယ်နော် ဆရာကြီး"

ကျော်ဇေယျ အသံတုန်တုန်ဖြင့် မေးလိုက်သည်။

"ပြောဖို့ခက်တယ်။ အောင်မြင်ခြင်းနဲ့ ဆုံးရှုံးခြင်းရဲ့ အလယ်ဗဟိုမှာ ချိန်သီးကရပ်နေတယ်။ မကြာမီ လှုပ်ရှားတော့မှာပဲ"

ထိုစဉ် ဆရာကြီးက ဘုရားသို့



www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပြပြောဆိုပါသည်။

"ဟောဟိုမှာ မြစိမ်းနွယ် ဘုရားပေါ် တက်သွားပြီ"

နေဝင်တော့မည့်ကာလ မှုန်ပျပျတွင် အမျိုးသမီးတစ်ဦး ဘုရားပေါ်သို့ တက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ မြစိမ်းနွယ်ဖြစ်မည်ထင်ရသည်။

"မောင်ရင်သွားတော့လေ မြစိမ်းနွယ်စောင့်နေလိမ့်မယ်။ ညရောက်ရင်သာ ကျုပ်ဆီမှာလာအိပ်လှည့်ပါ"

"အိပ်ဖြစ်မှာမဟုတ်ဘူး ဆရာကြီး၊ ကျွန်တော်က သူနဲ့တွေ့ပြီး ချက်ချင်းပြန်မှာပါ"

"ကျုပ်စောင့်နေပါ့မယ်လေ၊ဒီလမ်းအတိုင်းသာလာခဲ့ပါ"

ကျော်ဇေယျသည် ဆရာကြီးကို ပြန်ပြောမနေတော့ဘဲ ဘုရားဆီသို့ အမြန်လျှောက်ခဲ့သည်။ မြစိမ်းနွယ် ဘုရားရှိခိုးနေသည်ကိုတွေ့၍ စောင့်နေခဲ့သည်။ ဘုရားရှိခိုးပြီးသည်နှင့် ဘေးတွင်ထိုင်နေသော ကျော်ဇေယျကို တွေ့သွားသည်။

"အစ်ကိုရောက်နေတာ ကြာပြီလား"

"ကြာပြီဆိုပါတော့။ အစ်ကို့ကို အသက်ရှင်ခွင့်ပေးမယ် မဟုတ်လား မြစိမ်း နွယ်"

"အစ်ကိုက ဘာကြောင့် လူပြည်မှာနေချင်ရတာလဲ"

"အစ်ကို့မှာ ဘာကုသိုလ်မှမရသေးပါဘူး။ လောလောဆယ် ဇရပ်တစ်ဆောင်ဆောက်ဖို့ပြင်ဆင်ထားပါတယ်။ နောက်ပြီး ဒါန၊ သီလ၊ ဘာဝနာအလုပ်တွေဆက်တိုက်လုပ်ဖို့စီစဉ်ထားပါတယ်။ လူပြည်မှာနေရခိုက် ကုသိုလ်အလုပ်လုပ်မှ လူဖြစ်ကျိုးနပ်မှာပေါ့။ အစ်ကို့ကို နေခွင့်ပေးပါနော်"

"ကုသိုလ်လုပ်တာကောင်းပါတယ်။ အစ်ကိုက ကောင်းမှုလုပ်ချင်တာကို တားမြစ်ဖို့မရှိပါဘူး။ မြစိမ်းမှာ အစ်ကိုနှစ်ယောက်၊ အစ်မတစ်ယောက်ရှိတယ်လေ။ အစ်ကိုက လူ့ပြည်မှာဆိုတော့ သိုက်ထဲမှာ သုံးဦးပဲရှိနေတယ်။ အစ်ကို့ကို လူ့ပြည်မှာ (၂၅) နှစ်အထိ နေခွင့်ပြုခဲ့တာ။ ဒါပေမယ့် အစ်ကိုကောင်းမှုကုသိုလ်အလုပ်တွေဆက်ပြီးလုပ်ချင်သေးတယ်ဆိုတော့ အစ်ကိုကြီးကိုပြောပေးပါ့မယ်"

"ဒါဆို အစ်ကိုလူ့ပြည်မှာနေခွင့်ရပြီပေါ့နော်"

"နေခွင့်ပြုမှာပါ၊ အစ်ကိုပြုသမျှကုသိုလ်ကောင်းမှုတွေကို အစ်ကိုကြီး၊ အစ်မကြီးနဲ့ မြစိမ်းတို့အတွက် အမျှပေးစေချင်ပါတယ်"

"ဒါတော့ စိတ်ချ။ အစ်ကို့မှာ လက်ရှိမိသားစုအပြင် ဘဝဟောင်းက မိသားစုပါ သိုက်ထဲမှာရှိနေကြောင်းသိရပြီဆိုတော့ ကောင်းမှုကုသိုလ်အလုပ်များများလုပ်မယ်။ ကောင်းမှုလုပ်တိုင်းလည်း အမျှပေးမှာပါ"

"ဒါဆို အစ်ကို စိတ်ချပါတော့။ မြစိမ်းသွားပြီနော်။ ဒီည ဆရာကြီးဆီမှာ စားဖို့နဲ့အိပ်ဖို့စီစဉ်ထားပါတယ်"

"အစ်ကိုကဒီညရန်ကုန်အရောက်ပြန်မှာ"

ကျော်ဇေယျက သူ့ဆန္ဒကို ပြောလိုက်သော်လည်း မြစိမ်းနွယ်နားမထောင်တော့ဘဲ ဘုရားပေါ်က ဆင်းသွားပါသည်။ ရန်ကုန်ရောက်ရန် အရေးကြီးသဖြင့် ကားဆီအမြန်လာခဲ့သည်။ သူ့ဘဝအတွက် စိတ်အေးရပြီဖြစ်၍ မနက်ဖြန် မန္တလေးသို့လိုက်နိုင်ရန် ရန်ကုန်ရောက်ဖို့ အရေးကြီးနေပါသည်။ ရန်ကုန်ရောက်ရန် ကားကို စက်နှိုးသော်လည်း စက်နှိုး၍မရ။ တတ်သမျှမှတ်သမျှ ပြင်ဆင်ကြည့်သော်လည်း စက်နှိုးမရ၍ စိတ်ပျက်ရပါသည်။

"မောင်ကျော်ဇေယျ၊ ဒီညရန်ကုန်မပြန်နိုင်ဘူးလို့ ကျုပ်ပြောခဲ့တယ်လေ"

ရုတ်တရက် နောက်ကအသံကြားသဖြင့်လှည့်ကြည့်ရာ ဆရာကြီးကိုတွေ့လိုက်ရသည်။

"လာပါ မောင်ရင်။ ကျုပ်မောင်ရင့်အတွက် ညစာရော အိပ်ရာပါ ပြင်ဆင်ထားပါတယ်။ ကားအတွက် စိတ်မပူပါနဲ့။ ကျုပ်တပည့်တွေ ပြင်ဆင်ထားပါလိမ့်မယ်။ လာပါကွယ်"

ကားမှာ ပြင်ဆင်၍ မရနိုင်တော့သဖြင့် လက်လျှော့လိုက်ပြီး ဆရာကြီး၏နောက်သို့လိုက်ခဲ့ပါသည်။ ဆရာကြီးမှာ ညစာကို ဖွယ်ဖွယ်ရာရာစီစဉ်ထားသည်ကို တွေ့ရသည်။ စားသောက်ပြီးချိန်တွင် ပြင်ဆင်ထားသောအိပ်ရာတွင်အိပ်လိုက်ပါသည်။ တစ်နေ့လုံး လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်ခဲ့၍ အိပ်လိုက်သည်နှင့် အိပ်ပျော်သွားပါသည်။ အိပ်ကောင်းကောင်းဖြင့် အိပ်လိုက်ရာ အိပ်ရာကနိုးသည့်အခါ နံနက်ကိုးနာရီကျော်နေသည်ကို တွေ့ရသဖြင့် အမြန်အိပ်ရာမှထ မျက်နှာသစ်လိုက်သည်။

"မောင်ရင်နိုးလာပြီလားဟေ့။ စိတ်ချမ်းသာရပြီဆိုတော့ အိပ်ပါစေဆိုပြီး ကျုပ်မနှိုးဘဲထားခဲ့တာ။ ကဲ - လာ၊ ကော်ဖီသောက်မယ်"

ကျော်ဇေယျသည် ဆရာကြီးနှင့်အတူ လက်ဖက်ရည်သောက်လိုက်သည်။ ဆရာကြီးက ပန်းစည်းတစ်စည်းပေးပြီးပြောလိုက်သည်။

"ရန်ကုန်မပြန်ခင် ဘုရားမှာ ယတြာချေလိုက်ပါ။ ဒီကြာပန်းကို တနင်္လာထောင့်မှာကပ်လှူပြီး လိုရာဆုကိုတောင်းပေါ့။ လူ့ပြည်မှာ ကြာကြာနေရမယ့်ယတြာပေါ့"

ကျော်ဇေယျသည် ဆရာကြီးထံမှ ကြာပန်းကိုယူပြီး ဆရာကြီးကို နှုတ်ဆက်ကာ ဘုရားဆီထွက်ခဲ့ပါသည်။ တနင်္လာထောင့်တွင် ကြာပန်းလှူပြီး ဆုများတောင်းလိုက်မှ စိတ်ချမ်းသာရပါသည်။ ဘုရားမှဆင်းကာ ကားကိုစက်နှိုးကြည့်လိုက်ရာ ချက်ချင်းနှိုးသဖြင့်မောင်းထွက်ခဲ့ပါသည်။ မန္တလေးသို့လိုက်ရန်လည်း မဖြစ်နိုင်တော့သဖြင့် စိတ်လျှော့လိုက်ပြီးဖြစ်ရာ ကားကို ပုံမှန်မောင်းခဲ့သည်။


ပဲခူးသို့ ဆယ်နာရီတွင် ရောက်ရှိပြီး ငယ်သူငယ်ချင်း ကိုတင်အုန်းနှင့် မမျှော်လင့်ဘဲ တွေ့ခဲ့သည်။ ကိုတင်အုန်းမှာ ပဲခူးကောလိပ်တွင် လက်ထောက်ကထိကဖြစ်ပြီး ပဲခူးသို့ရောက်ခိုက် တွေ့မွေးချင်သဖြင့် ရန်ကုန်သို့မပြန်ဖြစ်တော့ဘဲ ကိုတင်အုန်းနှင့်လိုက်ခဲ့မိသည်။ ပဲခူးရှိ ဘုရားစုံလိုက်ပို့သဖြင့် ညနေမှရန်ကုန်သို့ပြန်ခဲ့ရာ ခြောက်နာရီကျော်မှ ရန်ကုန်သို့ပြန်ရောက်ပါသည်။ အိမ်သို့ရောက်သည်နှင့် သတင်းဆိုးက အသင့်ကြိုဆိုနေပါသည်။ မန္တလေးသို့သွားသော သူငယ်ချင်းများအားလုံး လမ်းခရီးတွင် သဲတင်ကားနှင့်တိုက်မိပြီး ကားချောက်ထဲကျ မီးလောင်ပျက်စီးပြီး အားလုံးအသက်ဆုံးခဲ့ကြရသည်။ အကယ်၍ မြစိမ်းနွယ်က ဒေးစွန်ပါသို့လာရန်မခေါ်ပါက မန္တလေးသို့လိုက်မိမည်ဖြစ်သည်။ မန္တလေးသို့သာလိုက်ဖြစ်ပါက သူငယ်ချင်းများနှင့်အတူ ကွယ်လွန်ပြီး ဘဝဟောင်းမှ သိုက်နန်းသို့ (၂၅) နှစ်ပြည့်သည့်အချိန်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။ မိမိကို သိုက်နန်းသို့ပြန်မလာစေရန် မြစိမ်းနွယ်က ဒေးစွန်ပါသို့ ချိန်းဆိုခဲ့ကြောင်း သဘောပေါက်ရတော့သည်။ သိုက်နန်းသို့မပြန်ရဘဲ လူ့ပြည်တွင်နေရခိုက် ကောင်းမှုကုသိုလ်လုပ်ရန် ဆုံးဖြတ်လိုက်မိပါတော့သည်။

ကောင်းသော်

www.burmeseclassic.com

ဆရာမော်

# အလွယ်လေ့လာ လက္ခဏာပညာ



တည်ဆောက်ပုံရှင်းလင်းထင်ရှားသော ကျန်းမာရေးလမ်းကြောင်း

**ကျန်းမာရေးလမ်းကြောင်း (Hepatic Line)**

ကျန်းမာရေးလမ်းကြောင်းကို အသည်းနှင့်ဆိုင်သောလမ်းကြောင်းဟုလည်း ခေါ်သည်။ ကျန်းမာရေးဆိုင်ရာ အခြေအနေအရပ်ရပ်ကို ဖော်ပြသည့် ကျန်းမာရေးလမ်းကြောင်းအား နေရာအတိအကျသိရှိနိုင်ရန်အတွက် လက်သန်း၏အောက်ခြေမှ အောက်သို့ဆင်းလျက်ခြေရာခံခြင်းက အကောင်းဆုံးဖြစ်သည်။

ကျန်းမာရေးလမ်းကြောင်းသည် တနင်္ဂနွေဂြိုဟ်လမ်းကြောင်း၊ ကံလမ်းကြောင်းတို့၏ပုံစံနှင့်မတူဘဲ လက်ဝါးပြင်အား ထောင့်ဖြတ်ပုံစံဖြတ်နေသည်ကို တွေ့ရှိရသည်။

လက္ခဏာပညာ ထုံးတမ်းအရ အဆိုပါလမ်းကြောင်းကို ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းဟုလည်း ခေါ်သည်။ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းသည် စီးပွားရေးလုပ်ငန်းအခြေအနေများအား ကိုယ်စားပြုသည်။ တစ်နည်းအားဖြင့် ကျန်းမာရေးလမ်းကြောင်းသည် လက္ခဏာရှင်၏ စီးပွားရေးနှင့် ကျန်းမာရေးအခြေအနေများကို ရည်ညွှန်းသည်။

**ကျန်းမာရေးလမ်းကြောင်း (သို့) ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းပျောက်နေပါသလား**


ကျန်းမာရေးလမ်းကြောင်းပျောက်နေပါက စီးပွားရေးလုပ်ငန်းများ၌ ထူးထူးခြားခြားထိခိုက်မှုမရှိဘဲနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများအတွက် သတိထားဖွယ်ရာများရှိနေကြောင်း ဖော်ပြသည်။

**ကျန်းမာရေးလမ်းကြောင်းရှည်လျားဖြောင့်တန်းပြီး တည်ဆောက်ပုံ ကောင်းမွန်နေပါသလား**

ကျန်းမာရေးလမ်းကြောင်း ရှင်းလင်းထင်ရှားနေပြီဆိုသည်နှင့် ကျန်းမာရေးဆိုင်ရာ အထူးသတိပြုစရာများရှိနေကြောင်း အသိပေးနေပါသည်။ ကျန်းမာရေးလမ်းကြောင်း ရှင်းလင်းရှည်လျားခြင်းကြောင့် အသည်းနှင့် အစာခြေအင်္ဂါအဖွဲ့အစည်းဆိုင်ရာရောဂါများ နာတာရှည်ခံစားရတတ်ကြောင်း၊ မိမိရောဂါအခြေအနေအပေါ် အလွန်စိုးရိမ်စိတ်ထားရှိခြင်းကြောင့် စိတ်ကျရောဂါရရှိတတ်ကြောင်း သိရှိနိုင်ပါမည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်း ကံလမ်းကြောင်း (သို့) အသက်လမ်းကြောင်းတို့ ပါဝင်နေသည့် လက်ဝါးပြင်အလယ်ဗဟိုနေရာတွင် ထင်ရှားသော တြိဂံတစ်ခုရှိနေခဲ့ပါက ရောဂါအားသက်သာပျောက်ကင်းစေသည့် နိမိတ်လက္ခဏာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းပြင် လက္ခဏာရှင်သည် စီးပွားရေးလုပ်ငန်းများ၌ အထုံပါရမီကောင်းပိုင်ဆိုင်သူ၊ စီးပွားရေးလုပ်ငန်းအမျိုးမျိုး၌ အောင်မြင်မှုရသူဖြစ်ကြောင်း ဖော်ပြသည်။

**ကျန်းမာရေးလမ်းကြောင်းသည် ကွေးကောက်ခြင်းရှိနေပါသလား**



ကွေး-ဝိုက်နေသော ကျန်းမာရေးလမ်းကြောင်း

ကျန်းမာရေးလမ်းကြောင်းသည် ကွေးကောက်နေခဲ့ပါက အသည်းရောဂါဆိုင်ရာပြဿနာများ၊ အစာခြေရန် ခက်ခဲနေသည့် အင်္ဂါအစိတ်အပိုင်းများ၊ စိတ်တိုခြင်း၊ အများအားဖြင့် ကျန်းမာရေးညံ့ခြင်း၊ ကျန်းမာရေးမကောင်းခြင်းကြောင့် လုပ်ငန်းများ ပုံမှန်အဆင်ပြေချောမွေ့အောင် မလုပ်ကိုင်နိုင်ခြင်းတို့ကို ဖော်ပြသည်။


**ကျန်းမာရေးလမ်းကြောင်း၏ အရောင်မှိန်ဖျော့ပြီး ကျယ်ဝန်းနေပါသလား**

ကျန်းမာရေးလမ်းကြောင်းအရောင်မှိန်ဖျော့ပါက အစာခြေအင်္ဂါအဖွဲ့နှင့်ဆိုင်သောရောဂါဝေဒနာများ၊သွေးလှည့်ပတ်မှုဆိုင်ရာရောဂါများကို ရည်ညွှန်းသည့်အပြင် အလုပ်ကြိုးစား၊ ပင်ပန်းစွာလုပ်သော်လည်း အကျိုးအမြတ်အနည်းငယ်သာရရှိခြင်းကိုပါ ဖော်ပြသည်။

**ကျန်းမာရေးလမ်းကြောင်း၏အရောင်နီနေပါသလား**

နီရဲနေခဲ့ပါက နှလုံးရောဂါရရှိခြင်းနှင့် လုပ်ငန်းအဆင်မပြေခြင်းတို့ကို ရည်ညွှန်းသည်။

**သေးငယ်သော လမ်းကြောင်းများက ကန့်လန့်ဖြတ်နေပါသလား**



ကျန်းမာရေးလမ်းကြောင်းအား သေးငယ်သောလမ်းကြောင်းများက ဖြတ်နေပုံ


ကျန်းမာရေးလမ်းကြောင်းအား သေးငယ်သော အခြားလမ်းကြောင်းများက ကန့်လန့်ဖြတ်နေခဲ့ပါက ခေါင်းတစ်ခြမ်းကိုက်ဝေဒနာခံစားရသူ၊ အခက်အခဲပြဿနာများစွာကြားမှ လုပ်ငန်းအောင်မြင်အောင်အကောင်းဆုံးလုပ်နိုင်သူဖြစ်ကြောင်း ကိုယ်စားပြုဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com


**ကျန်းမာရေးလမ်းကြောင်း၌ ကျွန်းများရှိနေပါသလား**



**ကျန်းမာရေးလမ်းကြောင်း၌ ကျွန်းခံနေပုံ**

အကယ်၍ရှိနေပါက အသက်ရှူအင်္ဂါအဖွဲ့အစည်းနှင့်ဆိုင်သော ရောဂါဝေဒနာများ၊ လုပ်ငန်းဆိုင်ရာ ပြဿနာအခက်အခဲများ၊ အနားယူနေရသည့် ကြာရှည်သောကာလများကို ရည်ညွှန်းသည်။

**ကျန်းမာရေးလမ်းကြောင်းသည် နှလုံးလမ်းကြောင်း၌ အစပြုပါသလား**




**ကျန်းမာရေးလမ်းကြောင်းသည် နှလုံးလမ်းကြောင်း၌ အစပြုပုံ**

နှလုံးလမ်းကြောင်းမှ အစပြုနေပါက နှလုံးရောဂါရရှိသူ၊ လုပ်ငန်းရှင်တစ်ဦးဖြစ်လာမည့်ဝါသနာနှင့် စိတ်ဝင်စားများရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ကျန်းမာရေးလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်း၌ အစပြုနေပါသလား**

ဦးခေါင်းလမ်းကြောင်းတွင် အစပြုနေပါက စိတ်ခံစားတင်မာမှုများခြင်း၊ စိတ်ဖိစီးခြင်း၊ မည်သူ့မျှမယုံခြင်းစသည့် စိတ်ခံစားမှုများ ဖြစ်ပေါ်ကြောင်း ဖော်ပြသည်။




**ကျန်းမာရေးလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်း၌ အစပြုပုံ**

**ဂြိုဟ်ခုံများ (The Mounts)**

ဂြိုဟ်ခုံများသည် သက်ဆိုင်ရာလက္ခဏာရှင်တစ်ဦးချင်းစီအတွက် စိတ်ခံစားမှုအခြေအနေအရပ်ရပ်အား ကိုယ်စားပြုထားသည့် လက်ဝါးပြင်ပါနေရာများပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ဂြိုဟ်ခုံများသည် တဏှာရမ္မက်၊ မသိစိတ်၊ ဝိညာဉ်စိတ်တို့အား ကိုယ်စားပြုထားသည့်နေရာများဟု ဆိုနိုင်သည်။ ဂြိုဟ်ခုံများ၏ ဖွံ့ဖြိုးမှုအားကောင်းခြင်း၊ မကောင်းခြင်းသည် သက်ဆိုင်ရာ လက္ခဏာရှင်၏ ပင်ကိုစရိုက်လက္ခဏာများနှင့်တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။

တစ်ခါတစ်ရံ ဂြိုဟ်ခုံတစ်ခု (သို့) နှစ်ခုသည် ကျန်သော ဂြိုဟ်ခုံများထက် ထင်ရှားသိသာစွာ ကြီးမားနေကြောင်း တွေ့ရတတ်သည်။ ယင်းမှာ ဆိုင်ရာလက္ခဏာရှင်၏ ထူးခြားသော စွမ်းဆောင်နိုင်ရည်များကို ဖော်ပြခြင်းပင်




**ဂြိုဟ်ခုံများ၏တည်နေရာ**

ဖြစ်သည်။


လက္ခဏာရှင်တစ်ဦးချင်းစီ၏လက်ဝါးပြင်ပါ ဂြိုဟ်ခုံတစ်ခုစီအား သေချာစွာ စစ်ဆေးပေးပါ။ ဂြိုဟ်ခုံများအား အမြင်ဖြင့်သာမက သေချာစွာ ဖိနှိပ်ပေးခြင်းဖြင့် စမ်းသပ်ပါ။

**ဂြိုဟ်ခုံ (၁)**

**ကြာသပတေး/ စနေဂြိုဟ်ခုံ**

**ဂြိုဟ်ခုံ (၁) သည် ဖွံ့ဖြိုးမှုအားကောင်းပြီး တင်မာမို့မောက်နေပါသလား**

တင်းမာ မို့မောက်သည့် ဖွံ့ဖြိုးမှုအားကောင်းသောဂြိုဟ်ခုံဖြစ်ပါက ကျားသဘာဝအရ ကျားကျားလျားလျားရှိသည့်သဘော yang (ယန်-အဖိုဓာတ်) နှင့် ရန်လိုမုန်းတီးတတ်သည့်သဘော၊ လှုပ်ရှားတက်ကြွရှင်လန်းသည့်သဘော၊ ဂုဏ်၊ ဩဇာအာဏာ၊ ရည်မှန်းချက်၊ ပြိုင်ဆိုင်ခြင်းသဘောများကို ကိုယ်စားပြုထားသည်။



**ဂြိုဟ်ခုံ (၁) ၏ တည်နေရာ**

ရင်းပြင် ဂြိုဟ်ခုံ (၁) သည် စိတ်ဓာတ်ခွန်အားကောင်းသူ၊ စီမံခန့်ခွဲမှုများ၌ ကျွမ်းကျင်သူ၊ မြင့်မားသောရာထူးနေရာရရှိရေးအတွက် ရည်မှန်းချက်ကြီးကြီးထားသူ၊ အစီအစဉ်အတိုင်း စနစ်တကျဆောင်ရွက်တတ်သူ၊ အနုပညာရပ်အား မြတ်နိုးသူ၊ သတင်းအချက်အလက်များ စုဆောင်းတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဂြိုဟ်ခုံ (၁) ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား**

ဖွံ့ဖြိုးမှုလွန်ကဲနေပါက လက္ခဏာရှင်၏ ပင်ကိုစရိုက်လက္ခဏာ၌ အဖိုဓာတ်(ယန်)လွန်ကဲနေကြောင်း၊ ထို့ကြောင့် ကျားသဘာဝဆိုင်ရာအရည်အသွေးများလွန်ကဲပြီး အမဓာတ်(ယင်)

www.burmeseclassic.com

www.burmeseclassic.com

၏စွမ်းအင် အားလျော့ကျစေကာ ယင်နှင့် ယန်ဓာတ်နှစ်မျိုး မမျှမတဖြစ်သွားတတ်ကြောင်း ဖော်ပြသည်။ ထိုအခါ တစ်ကိုယ်ကောင်းဆန်စိတ်များ လျော့နည်းသွားပြီး အများ/ တစ်ပါးသူအပေါ် စာနာထောက်ထားနားလည်းစိတ် ပိုမိုလာမည်ဖြစ်သည်။


ဂြိုဟ်ခုံ (၁) ဖွံ့ဖြိုးမှုလွန်ကဲခြင်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် ကောက်ကျစ်ယုတ်မာစိတ်ရှိသူ၊ အများအပေါ် အပြစ်မြင်တတ်သူအဖြစ် တွေ့ရတတ်သည်။

**ဖွံ့ဖြိုးမှုမရှိသော ပြားချပ်၍ (သို့) ချိုင့်နေသော ပုံစံရှိပါသလား**

ဂြိုဟ်ခုံနေရာသည် ဖွံ့ဖြိုးမှုမရှိဘဲ ပြားချိုင့်နေပါက ကျားအရည်အသွေး (ဖိုဓာတ်) လျော့ကျနေသူ၊ ပြိုင်ဆိုင်နိုင်သော အင်အားမရှိသူ၊ ဩဇာအာဏာမရှိသူများဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဂြိုဟ်ခုံ (၁) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**

အကယ်၍ဖြတ်နေပါက ရုပ်ပိုင်းဆိုင်ရာအရ လက်ရှိရပ်တည်နေနိုင်သည့် ဘဝအခြေအနေ အဆင့်အတန်းနှင့်အောင်မြင်မှုကို သက်သေပြနိုင်သည့် ကြိုးစားအားထုတ်မှုများအား ရည်ညွှန်းသည်။ ၎င်းပြင် လက္ခဏာရှင်သည် ရည်မှန်းချက် ရောက်ရှိအောင်မြင်အောင် အပြုသဘောဖြင့် ရိုးသားစွာ ကြိုးစားအားထုတ်ခဲ့သူဖြစ်ကြောင်း ဖော်ပြသည်။




**ဂြိုဟ်ခုံ (၁) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

အကယ်၍ ဂြိုဟ်ခုံ (၁) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေသောနေရာတွင် ကံလမ်းကြောင်းအဆုံးသတ်နေပါက အောင်မြင်မှုများ ရရှိမည့်သဘောနှင့် ရရှိသောအောင်မြင်မှုသည်လည်း ထာဝစဉ် တည်တံ့ခိုင်မြဲမည့်သဘောကို ဖော်ပြသည်။

**ဂြိုဟ်ခုံ(၁)အားအလျားလိုက်လမ်းကြောင်းများကဖြတ်နေပါသလား**

အကယ်၍ ဖြတ်နေပါက မိမိလုပ်ကိုင်နေသော လုပ်ငန်းနယ်ပယ်နှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာ၌ အခက်အခဲရှိနေသည့်သဘော၊ စိတ်ဖိစီးနှိပ်စက်ခံစရာအကြောင်းများနှင့် ရင်ဆိုင်ရသည့်သဘော ဖော်ပြသည်။



**ဂြိုဟ်ခုံ (၁) အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

အကယ်၍ ဂြိုဟ်ခုံ (၁) အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေသောနေရာတွင် နှလုံးလမ်းကြောင်း အဆုံးသတ်နေပါက မေတ္တာစိတ်ဖြင့် ချစ်ခင်တွယ်တာတတ်သူ၊ ချစ်သူ၊ အိမ်ထောင်ဖက်အပေါ် စွဲစွဲမြဲမြဲသစ္စာရှိသူဖြစ်ကြောင်း ဖော်ပြသည်။


**ဂြိုဟ်ခုံ (၂)**
**စနေ / အပိုလို**

**ဂြိုဟ်ခုံ (၂)သည် ကောင်းစွာဖွံ့ဖြိုးပြီး တင်းမာမို့မောက်နေပါသလား**

အကယ်၍ အထက်ပါပုံစံအတိုင်းရှိပါက ကျိုးကြောင်းညီညွတ်စွာ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသူ၊ ရည်မှန်းချက်ပန်းတိုင်သို့ ဖြည်းဖြည်းမှန်မှန်လျှောက်လှမ်းတတ်သူ၊ အရာရာပြီးပြည့်စုံအောင်စွမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

၎င်းပြင်လက္ခဏာရှင်သည် ပညာဗဟုသုတရှာမှီးတတ်သူ၊ ဘာသာရေးလိုက်စားတတ်သူ၊အမြော်အမြင်ကောင်းများရှိသူလည်းဖြစ်သည်။ တစ်ဖန် အဆိုပါလက္ခဏာရှင်သည် ခေါင်းဆောင်နိုင်သည့် အရည်အချင်းရှိသူ၊ အများကယုံကြည်အားကိုးနိုင်လောက်သည့် စွမ်းရည်များအားပိုင်ဆိုင်သူ၊ သည်းခံနိုင်စွမ်းကြီးမားသူဖြစ်ကြောင်းလည်း ရည်ညွှန်းသည်။

ဂြိုဟ်ခုံ (၂) ကဲ့သို့သော ဂြိုဟ်ခုံ



**ဂြိုဟ်ခုံ (၂) ၏ တည်နေရာ**

အမျိုးအစားသည် ဘဏ္ဍာရေးရာလုပ်ငန်းများ၌ ကျွမ်းကျင်သူ/ငွေရှာကောင်းသူ ဟုတ်၊ မဟုတ် စစ်ဆေးတိုင်းတာနိုင်သောဂြိုဟ်ခုံလည်း ဖြစ်သည်။

**ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား (တွေ့ရခဲသော အခြေအနေဖြစ်သည်)**

ဂြိုဟ်ခုံ (၂) ဖွံ့ဖြိုးမှု လွန်ကဲနေပါက ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးနှင့် ဦးဆောင်နိုင်မှုများက အယူသီးတတ်သူ။ အာဏာအလွဲသုံးစားလုပ်တတ်သူအဖြစ်သို့ ပြောင်းလဲသွားစေသည့်သဘောကို ရည်ညွှန်းသည်။ ၎င်းပြင် ဂြိုဟ်ခုံဖွံ့ဖြိုးမှု လွန်ကဲနေခြင်းကြောင့် အများအပေါ် နိုင်လိုမင်းထက်ပြုမူလွှမ်းမိုးလိုတတ်သူ၊ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ အခြားသူများကုန်ကျစရိတ်ဖြင့် ဝယ်ယူထားသော ပစ္စည်းမှန်သမျှအား လိုချင်မျက်စိရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**ဖွံ့ဖြိုးမှုမရှိဘဲ ပြားချပ်ချိုင့်ဝင်နေပါသလား**

ထိုသို့ဖြစ်နေပါက အရာရာအဆိုးမြင်ဝါဒဖြင့် ရှုမြင်တတ်သူ၊ မကောင်းသောအခြေအနေအရပ်ရပ်အား ဖန်တီးတတ်သူ၊ တစ်ဖက်သားအပေါ် ဖိနှိပ်အနိုင်ကျင့်တတ်သူ၊ အဆိုးသံသရာလည်စေမည့် မကောင်းမှုများအား ပြုလုပ်သူဖြစ်ကြောင်း ဖော်ပြသည်။

အထက်ပါအခြေအနေမျိုးအတွက် လက္ခဏာရှင်ကိုယ်တိုင်က ပြောင်းလဲခြင်းများလုပ်ပေးနိုင်သည်။ ကောင်းသောပြုမူမှုများ၊ ကိုယ်တိုင်တာဝန်ယူခံယူနိုင်မှုများတိုးတက်လာပါက ကောင်းသော အခြေအနေဘက်သို့ ပြောင်းလဲရောက်ရှိလာမည် ဖြစ်သည်။


**ဂြိုဟ်ခုံအား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**

အကယ်၍ဖြတ်နေပါက ဒိုးတက်

www.burmeseclassic.com

www.burmeseclassic.com


အောင်မြင်အောင် ကြိုးစားအားထုတ်နိုင်သည့် စွမ်းရည်ကောင်းများရှိသူ၊ အခြေအနေအရပ်ရပ်၏ မျက်နှာသာပေးမှုကြောင့် မြင့်မားသောဘဝသို့ ရောက်ရသူဖြစ်ကြောင်း ရည်ညွှန်းသည်။



**ဂြိုဟ်ခုံ (၂) အား ဒေါင်လိုက်လမ်းကြောင်းများကဖြတ်သန်းနေပုံ**

အကယ်၍ ဂြိုဟ်ခုံ(၂)အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေသည့်နေရာတွင် ကံလမ်းကြောင်းအဆုံးသတ်နေပါက အဓိကအရေးပါသော စွမ်းရည်ကောင်းများက အသက်အရွယ်ကြီးရင့်အိုမင်းချိန်အထိ တည်တံ့ခိုင်မြဲနေမည့်သဘောကို ဖော်ပြသည်။

**ဂြိုဟ်(၂)အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**




**ဂြိုဟ်ခုံ (၂) အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

အကယ်၍ဖြတ်နေပါက အနုပညာသည်အဖြစ် လျှောက်လှမ်းနေသောဘဝနှင့် စီးပွားရေးလောကအတွင်း စိတ်ရှုပ်ထွေးခေါင်းရှုပ်စရာပြဿနာများ ရင်ဆိုင်ရမည့်သဘောကို ရည်ညွှန်းသည်။

## ဂြိုဟ်ခုံ (၃)
## အပိုလို / ဗုဒ္ဓဟူး

**ဂြိုဟ်ခုံ(၃)သည် ကောင်းစွာဖွံ့ဖြိုးပြီး တင်းမားမို့မောက်နေပါသလား**

အထက်ပါအတိုင်း တွေ့ရှိရပါက



**ဂြိုဟ်ခုံ (၃) ၏ တည်နေရာ**

မ- ဆိုင်ရာအရည်အသွေးပြည့်ဝသူ ယင် - yim (အမဓာတ်)၊ တည်ငြိမ်အေးဆေးသည့်သဘောတို့ကို ရည်ညွှန်းသည်။ ၎င်းပြင် လက္ခဏာရှင်သည် စိတ်သဘောထားသင့်တင့်မျှတတတ်သူ၊ ဖန်တီးနိုင်စွမ်းရှိသူ၊ နှစ်ဖက်မျှစဉ်းစားတတ်သူ၊ အကောင်းမြင်ဝါဒ လက်ကိုင်ထားပြီး ပျော်ပျော်နေတတ်သူ၊ အများအားဖြင့်နားလည်းလက်ခံနိုင်စွမ်းရှိသူ အနုပညာရပ်နှင့် လက်တွေ့ကျကျလုပ်ကိုင်မှုများ၌ မျှတသူ၊ စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းကျအောင်လုပ်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား**


ဖွံ့ဖြိုးမှုလွန်ကဲသော ဂြိုဟ်ခုံ (၃) သည် ယင် - yim (အမဓာတ်) လွန်ကဲပြီး မူလရှိနေသော မ-စွမ်းအင်များ ပုံစံတစ်မျိုးပြောင်းသွားတတ်သည်။ ၎င်းပြင် လက္ခဏာရှင်သည် လိမ်ညာပြောဆိုသူ၊ ရိုးသားဖြောင့်မတ်မှုမရှိသူ၊ မကောင်းသောလုပ်ငန်းများ၌ ကျွမ်းကျင်သူဖြစ်ကြောင်းရည်ညွှန်းသည်။

**ဖွံ့ဖြိုးမှုမရှိဘဲ ပြားချပ်ချိုင့်ဝင်နေပါသလား**

မေးခွန်းပါအတိုင်း ဖွံ့ဖြိုးမှုမရှိပါက ခေါင်းမာတတ်သူ၊အလွယ်တကူအလျှော့အပေးတတ်သူ၊ သည်းခံနိုင်စွမ်းမရှိသူ၊ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ၌ ကျွမ်းကျင်မှုမရှိသူ၊ လုပ်ငန်းတိုးတက်ရေးအတွက်လက်တွေ့မစွမ်းဆောင်နိုင်သူဖြစ်ကြောင်းဖော်ပြသည်။

**ဂြိုဟ်ခုံ (၃) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**

အကယ်၍ဖြတ်နေပါက အနုပညာရပ်နယ်ပယ်၌ ကြိုးစားအားထုတ်သူ၊ အခက်အခဲအတားအဆီးများအား ရင်ဆိုင်ကျော်လွှားနိုင်သူ၊ စွမ်းရည်ကောင်းများအား ပိုင်ဆိုင်သူဖြစ်ကြောင်း ဖော်ပြ




**ဂြိုဟ်ခုံ (၃) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

သည်။

အကယ်၍ ဂြိုဟ်ခုံ (၃) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေသောနေရာတွင် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းက အဆုံးသတ်နေပါက အသက်အရွယ်အိုမင်းချိန်အထိ အနုပညာဆိုင်ရာလှုပ်ရှားမှုများ လုပ်သွားနိုင်မည့်အခြေအနေကို ဖော်ပြသည်။

၎င်းပြင် လက္ခဏာရှင်သည် ဝေဒနာများခံစားခဲ့ရပါက မိမိကိုယ်ပိုင်နည်းလမ်းဖြင့် သက်သာအောင် စွမ်းဆောင်နိုင်သူ၊ ကိုယ်တိုင်နှိပ်နယ်ပေးရုံမျှဖြင့် ဝေဒနာသက်သာတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**



**ဂြိုဟ်ခုံ (၃) အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

အကယ်၍ဖြတ်နေပါက လုပ်ငန်းနယ်ပယ်အတွင်း အခက်အခဲအတားအဆီးများနှင့်ကြုံရသူ၊ စိတ်ထိခိုက်စရာကိစ္စများကြောင့် စိတ်ဖိစီးခံရသူ၊ ဆက်သွယ်ရေးနှင့် အနုပညာရပ်နယ်ပယ်၌ ကျွမ်းကျင်သူဖြစ်ကြောင်းရည်ညွှန်းသည်။

ဆရာမော်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဒေဒ္ဓမန္တန်တော်ကြီး အပါအဝင် ဓန်လာဘ်ဆိုင်ရာမန္တန်ဂါထာများကို ရွတ်ဖတ်ပူဇော်လျှင်၊ ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မုချဧကန်ဖြစ်သည်။ စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို ၂၀-၁-၂၀၁၅ နေ့နံနက် (၁၀း၄၉း၄၈) နာရီတွင် ဝင်ရောက်ပြီး ၎င်းနေ့ ည (၉း၅၁း၅၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်တွဲနေမည်ဖြစ်ကာ ၂၁-၁-၂၀၁၅ နေ့ နံနက် (၉း၅၆း၅၈) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည်ဖြစ်သည်။ လဂ်သည် ၂၁-၁-၂၀၁၅ နေ့နံနက် (၇း၃၇း၄၂) မှ (၈း၂၅း၅၀) နာရီထိ ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်နေမည်ဖြစ်ကာ မွန်းတည့်မျဉ်းသည် ၂၀-၁-၂၀၁၅ နေ့ညနေ (၁၃း၂၇း၄၃) နာရီမှ (၁၄း၃၄း၄၉) နာရီထိ ဓနသိဒ္ဓိနက္ခတ်ဖြင့် ယှဉ်နေမည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၈း ၅၇း ၂၂ | ၉း ၄၄း ၃၀ | ၁ | ၁၄း ၄၂း ၂၈ | ၁၅း ၄၂း ၄၁ |
| ၂ | ၈း ၅၃း ၂၆ | ၉း ၄၀း ၃၄ | ၂ | ၁၄း ၃၈း ၃၂ | ၁၅း ၃၈း ၄၅ |
| ၃ | ၈း ၄၉း ၃၀ | ၉း ၃၆း ၃၈ | ၃ | ၁၄း ၃၄း ၃၆ | ၁၅း ၃၄း ၄၉ |
| ၄ | ၈း ၄၅း ၃၄ | ၉း ၃၂း ၄၂ | ၄ | ၁၄း ၃၀း ၄၀ | ၁၅း ၃၀း ၅၃ |
| ၅ | ၈း ၄၁း ၃၈ | ၉း ၂၈း ၄၆ | ၅ | ၁၄း ၂၆း ၄၄ | ၁၅း ၂၆း ၅၇ |
| ၆ | ၈း ၃၇း ၄၂ | ၉း ၂၄း ၅၀ | ၆ | ၁၄း ၂၂း ၄၈ | ၁၅း ၂၂း ၀၁ |
| ၇ | ၈း ၃၃း ၄၆ | ၉း ၂၀း ၅၄ | ၇ | ၁၄း ၁၈း ၅၂ | ၁၅း ၁၈း ၀၅ |
| ၈ | ၈း ၂၉း ၅၀ | ၉း ၁၆း ၅၈ | ၈ | ၁၄း ၁၄း ၅၆ | ၁၅း ၁၄း ၀၉ |
| ၉ | ၈း ၂၅း ၅၄ | ၉း ၁၃း ၀၂ | ၉ | ၁၄း ၁၁း ၀၀ | ၁၅း ၁၀း ၁၃ |
| ၁၀ | ၈း ၂၁း ၅၈ | ၉း ၀၉း ၀၆ | ၁၀ | ၁၄း ၀၇း ၀၄ | ၁၅း ၀၆း ၁၇ |
| ၁၁ | ၈း ၁၇း ၀၂ | ၉း ၀၅း ၁၀ | ၁၁ | ၁၄း ၀၃း ၀၈ | ၁၅း ၀၂း ၂၁ |
| ၁၂ | ၈း ၁၃း ၀၆ | ၉း ၀၁း ၁၄ | ၁၂ | ၁၃း ၅၉း ၁၂ | ၁၄း ၅၈း ၂၅ |
| ၁၃ | ၈း ၀၉း ၁၀ | ၈း ၅၇း ၁၈ | ၁၃ | ၁၃း ၅၅း ၁၆ | ၁၄း ၅၄း ၂၉ |
| ၁၄ | ၈း ၀၅း ၁၄ | ၈း ၅၃း ၂၂ | ၁၄ | ၁၃း ၅၁း ၂၀ | ၁၄း ၅၀း ၃၃ |
| ၁၅ | ၈း ၀၁း ၁၈ | ၈း ၄၉း ၂၆ | ၁၅ | ၁၃း ၄၇း ၂၄ | ၁၄း ၄၆း ၃၇ |
| ၁၆ | ၇း ၅၇း ၂၂ | ၈း ၄၅း ၃၀ | ၁၆ | ၁၃း ၄၃း ၂၈ | ၁၄း ၄၂း ၄၁ |
| ၁၇ | ၇း ၅၃း ၂၆ | ၈း ၄၁း ၃၄ | ၁၇ | ၁၃း ၃၉း ၃၂ | ၁၄း ၃၈း ၄၅ |
| ၁၈ | ၇း ၄၉း ၃၀ | ၈း ၃၇း ၃၈ | ၁၈ | ၁၃း ၃၅း ၃၆ | ၁၄း ၃၄း ၄၉ |
| ၁၉ | ၇း ၄၅း ၃၄ | ၈း ၃၃း ၄၂ | ၁၉ | ၁၃း ၃၁း ၃၉ | ၁၄း ၃၀း ၅၃ |
| ၂၀ | ၇း ၄၁း ၃၈ | ၈း ၂၉း ၄၆ | ၂၀ | ၁၃း ၂၇း ၄၃ | ၁၄း ၂၆း ၅၇ |
| ၂၁ | ၇း ၃၇း ၄၂ | ၈း ၂၅း ၅၀ | ၂၁ | ၁၃း ၂၃း ၄၇ | ၁၄း ၂၃း ၀၁ |
| ၂၂ | ၇း ၃၃း ၄၆ | ၈း ၂၁း ၅၄ | ၂၂ | ၁၃း ၁၉း ၅၁ | ၁၄း ၁၉း ၀၅ |
| ၂၃ | ၇း ၂၉း ၅၀ | ၈း ၁၇း ၅၈ | ၂၃ | ၁၃း ၁၅း ၅၅ | ၁၄း ၁၅း ၀၉ |
| ၂၄ | ၇း ၂၅း ၅၄ | ၈း ၁၄း ၀၂ | ၂၄ | ၁၃း ၁၁း ၅၉ | ၁၄း ၁၁း ၁၃ |
| ၂၅ | ၇း ၂၁း ၅၈ | ၈း ၁၀း ၀၆ | ၂၅ | ၁၃း ၀၇း ၀၃ | ၁၄း ၀၇း ၁၇ |
| ၂၆ | ၇း ၁၇း ၀၄ | ၈း ၀၆း ၁၀ | ၂၆ | ၁၃း ၀၃း ၀၇ | ၁၄း ၀၃း ၂၁ |
| ၂၇ | ၇း ၁၃း ၀၈ | ၈း ၀၂း ၁၄ | ၂၇ | ၁၂း ၅၉း ၁၁ | ၁၃း ၅၉း ၂၅ |
| ၂၈ | ၇း ၀၉း ၁၂ | ၇း ၅၈း ၁၈ | ၂၈ | ၁၂း ၅၅း ၁၅ | ၁၃း ၅၅း ၂၉ |
| ၂၉ | ၇း ၀၅း ၁၆ | ၇း ၅၄း ၂၂ | ၂၉ | ၁၂း ၅၁း ၁၉ | ၁၃း ၅၁း ၃၃ |
| ၃၀ | ၇း ၀၁း ၂၀ | ၇း ၅၀း ၂၆ | ၃၀ | ၁၂း ၄၇း ၂၃ | ၁၃း ၄၇း ၃၇ |
| ၃၁ | ၆း ၅၇း ၂၄ | ၇း ၄၆း ၃၀ | ၃၁ | ၁၂း ၄၃း ၂၇ | ၁၃း ၄၃း ၄၁ |



www.burmeseclassic.com

www.burmeseclassic.com

### သရောဒယဆိုတာ

အမှန်တော့ သရောဒယဟာ ဘာလဲဆိုတာ ပထမဦးဆုံးဆောင်းပါးမှာ ရေးသင့်တာပါ။စာရေးသူက ဟောကိန်းတွေကို ရှင်းပြချင်ဇောနဲ့မို့ ပရိသတ်နဲ့ သရောဒယမိတ်ဆက်ပေးဖို့ အကြွေးကျန်သွားရပါတယ်။ ဒါတောင် ကလေးတွေပြောလို့ သတိထားလိုက်မိတာပါ။

ဆရာဥရေးတဲ့ သရောဒယ ဆိုတာကို ကျွန်တော်တို့၊ ကျွန်မတို့က မစိမ်းတော့ဘူးဆိုပေမယ့် ကျွန်တော်တို့၊ ကျွန်မတို့နဲ့သိတဲ့ ဗေဒင်ဆရာဆယ်ယောက်မှာ တစ်ယောက်တောင် ဒီနာမည်ကိုမကြားဖူးကြဘူး။ ကြားဖူးတဲ့သူကလည်း ဗေဒင်ပညာရပ်တစ်မျိုးမျိုးလို့ပဲသိတာ ဘာရယ်လို့ ရှင်းပြနိုင်တာမဟုတ်တော့ ဒီဘက်မျိုးဆက်သစ်တွေအတွက် သရောဒယဆိုတာ လက်ရိုးလား၊ လက်ဆန်းလား၊ အနောက်တိုင်းဗေဒင်လား၊ အရှေ့တိုင်းဗေဒင်လား ဂဃနဏရှင်းပြပေးရင် ကောင်းမယ်ဆရာလို့ အကြံပေးကြလို့ သရောဒယ ဆိုတာ ဘာလဲ ဆိုတဲ့ ဗဟုသုတလေးရအောင် အခုဆောင်းပါးကို ရေးသားလိုက်ပါတယ်။ သိတဲ့ပညာရှင်တွေကလည်း စာရေးသူလို ဘောင်ဘင်မခတ်ဘဲ ငြိမ်းငြိမ်းချမ်းချမ်းနေနေကြတဲ့အတွက် စာရေးသူက မပြည့်အိုးပိုပို သိသလောက်ထဲက အချို့တစ်ဝက်ကို ရေးလိုက်တာပါ။

ရေးတဲ့အခါ ပေစာထဲမှာပါတဲ့အတိုင်း ရှေးအသုံးတွေ၊ ရှေးဟောင်းသတ်ပုံတွေနဲ့တင်ပြရင် ဖတ်ရတဲ့သူရှုးချင်စိတ်ပေါက်သွားစေနိုင်တာမို့ ဒီဘက်ခေတ် မြန်မာစကားပြေနဲ့ပဲ အများဆုံးဖော်ပြသွားပါ့မယ်။

ကုန်းဘောင်မင်းဆက်ဟာ ၁၁၁၄ ခုကနေ ၁၂၄၇ ခုအထိ နှစ်ပေါင်း(၁၃၃) နှစ်ကြာပါတယ်။ သိကြတဲ့အတိုင်း အလောင်းဘုရားခေါ် ဦးအောင်ဇေယျဟာ ကုန်းဘောင်ဆက်ကို စတင်တည်ထောင်သူပေါ့။ မြန်မာ့သမိုင်းမှာ နိုင်ငံကို တစည်းတလုံးတည်းဖြစ်အောင်စွမ်းနိုင်တဲ့မင်းတွေဟာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားနဲ့ ဗိုလ်ချုပ် (အောင်ဆန်း) လို့ မှတ်သားရပါတယ်။

ဦးအောင်ဇေယျမှာ သားခြောက်ပါးရှိပါတယ်။ သူမရှိတော့တဲ့အခါ သူ့သား နောင်တော်ကြီး၊ နောင်တော်ကြီးမရှိတော့ သူညီ မြေဒူးမင်းခေါ် ဆင်ဖြူရှင် နန်းတက်ပါတယ်။ သားတော်ကြီးတွေဖြစ်တဲ့ နောင်တော်ကြီးတို့၊ မြေဒူးမင်းတို့ဟာ ခမည်းတော်ရှိစဉ်ကတည်းက အတူတူလိုက်ပြီး ကိုယ်တိုင်စစ်တိုက်ခဲ့ကြတဲ့ မင်းသားတွေမို့ စစ်ရေးစစ်ရာကျွမ်းကျင်ကြပါတယ်။ ဆင်ဖြူရှင်ခေါ် မြေဒူးမင်းဟာ လေးလစလုံးဝိုင်းထားလို့မရတဲ့ အယုဒ္ဓယကို မြေအောက်တ

# သရောဒယခရီးသည်

၄

# သရောဒယခရီးသည်





www.burmeseclassic.com

www.burmeseclassic.com

ဥမင်ကြီးတွေဖောက်ပြီး ဝင်သိမ်းခဲ့တာပါ။

အိုစမာဘင်လာဒင်အိမ်ကို ဝင်စီးဖို့ အမေရိကန်တွေ စဉ်းစားခဲ့ကြတဲ့နည်းတွေထဲကတစ်နည်းပေါ့။ အမေရိကန်တွေဟာ အိုစမာရဲ့အိမ်အောက်ကမြေကို ဥမင်မတူးဖြစ်ခဲ့ကြပါဘူး။မြေအောက်ရေစိမ့်ဝင်မှုပြဿနာရှိနေတာ သိပ္ပံနည်းကျကြိုတင်တွက်ချက်မိတဲ့အတွက်ကြောင့်ပါ။ ဒါဆို ဆင်ဖြူရှင်တို့ခေတ်ကလည်း ဘယ်လောက်တော်တယ်ဆိုတာ မှန်းလို့ရတာပေါ့နော်။ ပြီးတော့ တရုတ်တွေကိုလည်း ၁၁၂၇ ကနေ ၁၁၃၀ အတွင်း ငါးနှစ်နီးပါးကြာအောင် လေးကြိမ်တိုင်တိုက်ခိုက်ခဲ့တဲ့ တရုတ်မကြောက်တဲ့မင်းပေါ့။ ကောင်းတုံတိုက်ပွဲ၊ ဗန်းမော်တိုက်ပွဲ၊ ကျိုင်းတုံတိုက်ပွဲ စတဲ့ စစ်ပွဲလေးပွဲစလုံး တရုတ်တွေ ပက်ပက်စက်စက်စစ်ရှုံးလို့ ကောင်းတုံမှာ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်လက်ဆောင်ပဏ္ဏာတွေဆက်ပြီး ပြည်ကြီးပြန်ကြရပါတယ်။

စစ်ဖြစ်ရတဲ့အကြောင်းတွေထဲမှာ မြန်မာတွေက တရုတ်ကိုအောက်ကျို့ပြီး ဆက်ဆံရမယ်၊ လက်ဆောင်ပဏ္ဏာဆက်ရမယ်လို့ တောင်းဆိုတဲ့ အချက်လည်း ပါပါတယ်။ တရုတ်တပ်မှူးဟန်ပန်အပြည့်နဲ့ လောထိ ဆိုတဲ့ တရုတ်ဟာ ကောင်းတုံဗန်းမော်ဘက်ကိုရောက်လာပြီး တာပင်မြစ်ကူးတံတားဆောက်ဖို့လုပ်တဲ့အခါ မြန်မာဘက်ကစစ်ကဲက တရုတ်တွေ မြန်မာပြည်ဘက်ကို ကျူးကျော်ဖို့ ဗျူဟာမြောက်နေရာဖြစ်နေမှန်း ရိပ်မိတဲ့အတွက် ကိုယ့်မြေမှာ တရုတ်တံတားထိုးလာမယ့်ကိစ္စကို လက်မခံဘဲ ဆင်ဖြူရှင် မြေဒူးမင်းထံ အစီရင်ခံတာကို လောထိက မချေမငံပြောရုံသာမက တရုတ်ပြည်ပြန်ပြီး တရုတ်အစိုးရကိုတိုင်တဲ့ကိစ္စလည်းပါပါတယ်။ နောက်တခြားအချက်တွေလည်း ပါပါသေးတယ်။ စာလေးမှာစိုးလို့ပါ။

ဒီစစ်ပွဲကြီးတွေပြီးဆုံးတဲ့နောက် တရုတ်တွေ မြန်မာကို မထိပါးတော့ဘဲ ဆယ်နှစ်တစ်ကြိမ် သံတမန်အဆက်အသွယ်လုပ်ပြီး ကူးသန်းရောင်းဝယ်မှုတိုးတက်ခဲ့ရာက အခု ၂၀ ရာစုကုန်ခါနီးနဲ့ ၂၁ ရာစုကျမှ တရုတ်တွေ မြန်မာပြည်ကို ကုပ်သွေးပြန်စုပ်ရဲလာကြတာပါ။ ရွှေတိဂုံစေတီတော်ကြီးကို အခုဖူးနေရတဲ့အတိုင်း (၃၂၆) ပေမြှင့်ခဲ့တာလည်း ဆင်ဖြူရှင်ပါပဲ။ ထူးခြားတာက ဗန်းကောက်၊ ချင်းမိုင်တို့ကို တိုက်ခဲ့ရတဲ့စစ်ပမ်းနေချိန်နဲ့တစ်ပြိုင်နက် ကိုယ့်ထက်အင်အားအဆမတန်များတဲ့ တရုတ်တွေကိုပါ အနိုင်တိုက်ခဲ့တာပါ။ စစ်မျက်နှာတစ်ခုတည်းဖွင့်ရတာမဟုတ်ပါဘူး။

ဆင်ဖြူရှင် မြေဒူးမင်း နတ်ရွာစံတော့ သူ့သား စဉ့်ကူးမင်းက ငါးနှစ်၊ နောင်တော်ကြီးသား ဖောင်းကားစား မောင်မောင်က ခုနစ်ရက်၊ ပြီးတော့ နောင်တော်ကြီးတို့၊ မြေဒူးမင်းတို့ရဲ့ညီ အလောင်းဘုရားရဲ့သား ဘိုးတော်ဘုရား နန်းတက်လာပါတယ်။ အလောင်းမင်းတရားနဲ့ သူ့သားတော်သုံးယောက်ဟာ ကုန်းဘောင်ခေတ်မှာ ထက်မြက်ခဲ့တဲ့ဘုရင်တွေပါ။ အဲဒီမင်းတွေလွန်ပြီးမှ အင်္ဂလိပ်-မြန်မာစစ်စဖြစ်ပြီး သီပေါမင်းလက်ထက်ကျတော့ တစ်နိုင်ငံလုံး ကျွန်ဖြစ်ရပါတယ်။ ဒါကြောင့်လည်း သီပေါနန်းတက်တော့ **'တုံးအောက်ကတီတွန်လူလွန်မသား မုန့်ဆီကြော်အလယ်အက်တယ် ပြည်ဖျက်မယ့်သား'** လို့ တဘောင်ပေါ်ခဲ့တာပါ။ တုံး ဆိုတာ မင်းတုန်း၊ တီ ဆိုတာ သီပေါမင်းကို ပြောတာပါ။ ဘိုးတော်ဘုရားလွန်တော့ သူ့မြေး ဘကြီးတော်နန်းတက်ပါတယ်။ ဘကြီးတော်ပြီးတော့ ဘကြီးတော်ရဲ့ညီ သာယာဝတီမင်း၊ သာယာဝတီမင်းလွန်တော့ သာယာဝတီမင်းရဲ့သား ပုဂံမင်း၊ ပုဂံမင်းနောက်မှာ ပုဂံမင်းရဲ့ညီမင်းတုန်း၊ မင်းတုန်းလွန်တော့ သူ့သား သီပေါနန်းတက်ပါတယ်။ ဘိုးတော်ဘုရားလို့ခေါ်ရတာကတော့ နောက်ပိုင်း ကုန်းဘောင်မင်းတွေရဲ့ အဘိုးတော်လို့ပါ။ ဒီတော့ သီပေါဟာ ဘိုးတော်ဘုရားရဲ့တီတော်ပါတယ်။ အလောင်းဘုရားရဲ့တွတ်တော်ပါမယ်။ သီပေါရဲ့အမေ လောင်းရှည်မိဖုရားဟာ မင်းတုန်းမင်းကမျက်လို့ သီလရှင်ဘဝနဲ့နေရာက သီပေါကို မွေးလာခဲ့လို့ လူလွန်မသားလို့ သီပေါကို ခေါ်တာပါ။ မုန့်ဆီကြော်ကတော့ မြန်မာပြည်ကို ရည်ရွယ်တာပါ။ ဒီတော့ ပေါ်လာတဲ့တဘောင်ဟာ သီပေါလိုမင်းရေမင်းရာမန္တစပ်တဲ့သူနဲ့ ထိုက်တန်လှပါတယ်။

ဘိုးတော်ဘုရားလက်ထက်က အင်္ဂလိပ်တွေဟာ မြန်မာပြည်ကို စစ်မတိုက်ရဲလို့ အသာလျှိုနေခဲ့ကြရတာပါ။ ဘိုးတော်ဘုရားရဲ့ရှေ့ဘက် ကုန်းဘောင် (၆၆) နှစ်ဟာ မြန်မာကို ဘယ်သူမှမော်မကြည့်ရဲကြဘဲ ဘိုးတော်ဘုရားလွန်ပြီးနောက် (၆၆)နှစ်ကြာမှာတော့ အင်္ဂလိပ် - မြန်မာ စစ်သုံးကြိမ်ဖြစ်ပြီး ကျွန်ဘဝရောက်၊ ဘာသာခြားလူမျိုးခြားတွေကို အလုံးအရင်းလိုက် အင်္ဂလိပ်တွေကခေါ်သွင်းလာနဲ့ အခု ဌာနေတိုင်းရင်းသားတွေ အဲဒီဒဏ်ခံနေကြရပါပြီ။

ကုန်းဘောင်ဆက် (၁၁) ဆက်ရှိတဲ့အနက် (၆) ဆက်မြောက်ဖြစ်တဲ့ ဦးဝိုင်းခေါ် ဘိုးတော်ဘုရားဟာ သမိုင်းမှာထင်ရှားတဲ့ ဘိုးတော်ဘုရားစစ်တမ်း (နိုင်ငံတော်စစ်တမ်းများ) ကိုလည်း ရေးသားစေခဲ့ပါတယ်။ ဆည်တွေ၊ ကန်တွေ မွမ်းမံပါတယ်။ သူလုပ်ခဲ့တဲ့ တိုင်းကျိုးပြည်ပြုတွေ ဒီနေရာမှာချန်ခဲ့ပြီး သရောဒယသမိုင်းကိုဆက်ရရင် မင်းကြီးဟာ ပညာပါရမီ အားသန်တဲ့သူဖြစ်တဲ့အလျောက် မြန်မာပြည်မှာရှိနေတဲ့ လောကီကျမ်း၊ တတ်ကျမ်း၊ ဓမ္မသတ်ကျမ်း အစရှိတဲ့ ကျမ်းတွေကျမ်းတွေနဲ့တင် အားရတော်မမူဘဲ မှူးမတ်ပညာရှိတွေကို အိန္ဒိယပြည်လွှတ်ပြီး ဆေးကျမ်း၊ မာတ်ကျမ်း၊ ဗေဒင်ကျမ်း စတဲ့ ကျမ်းပေါင်း (၁၀၀)ကျော်ကိုယူလာပြီး မြန်မာဘာသာပြန်ဆိုစေပါတယ်။

အခုပြောနေတဲ့ သရောဒယကိုတော့ သူ နန်းတက်ပြီး သုံးနှစ်မြောက် ၁၁၄၆ ခုနှစ်မှာ မြန်မာဘာသာနဲ့ ပေထက်အက္ခရာတင်ခဲ့တာပါ။ မောင်းထောင်ဆရာတော်ကြီးက ပေမူတင်ဖို့ ဦးဆောင်ခဲ့တာပေါ့။ ကျမ်းကို သရောဒယ (ရေမြေသနင်းတို့၏အောင်ကြောင်းအစီရင်ကိုပြသော). နရပတိဇယတယျကျမ်းလို့ ခေါ်ပါတယ်။ အဲဒီသရောဒယကျမ်းကိုပဲ သရဒွေးကျမ်းလို့ ခေါ်ပြန်ပါသေးတယ်။ ဘာလို့ခေါ်တာလဲဆိုတာ နောက်ဆောင်းပါးကျမှ သီးသန့်ထပ်ရေးပါ့မယ်။

ဒီနေရာမှာ ဘိုးတော်ဘုရားကိုယ်တိုင်က လောကီပညာတွေနဲ့ပတ်သက်ရင် မခေတာကိုစပ်မိလို့ပြောချင်ပါသေးတယ်။ ကုန်းဘောင်ဆက်ကိုထောင်ခဲ့တဲ့ အလောင်းမင်းတရားဟာ 'ငါမရှိရင် ငါ့သားတော်ကြီးများ အစဉ်အတိုင်း မင်းပြုရစ်ကြ' လို့ မှာသွားပါတယ်။ ဒါပေမယ့် ဆင်ဖြူရှင်ဟာ ယိုးဒယားကအပြန် အလောင်းမင်းတရား နတ်ရွာစံတော့ ယိုးဒယားနယ်စပ်မှာ သူ့ကိုယ်သူ ဘုရင်အဖြစ် ကြေညာပါသေးတယ်။ ပြည်သူအပေါင်းနဲ့ ဗိုလ်မှူး၊ တပ်မှူးတွေက အလောင်းမင်းတရားမရှိရင် သားကြီးနောင်တော်ကြီးခေါ် မောင်လောက်က သာနန်းမွေခံရမှာမို့ မောင်ရွှေခေါ် ဆင်ဖြူရှင်လောင်းဆီမှာသစ္စာမခံကြတဲ့အတွက်

www.burmeseclassic.com

နောင်တော်ကြီးထံမှာ လက်နက်ချခဲ့ရပါတယ်။ အသတ်အပုတ်နဲ့ လက်ရုံးရည်အရာမှာ သမိုင်းတင်ခဲ့တဲ့ နောင်တော်ကြီးဟာ အစ်ကိုကြီးပီပီ သဘောထားကြီးခဲ့လို့ ဆင်ဖြူရှင်လောင်း အကွပ်မျက်မခံခဲ့ရတာပါ။

နောင်တော်ကြီး လွန်တော့ ဆင်ဖြူရှင်တက်တယ်၊ အဲဒီမှာ ပြဿနာစတာပါပဲ။ ဆင်ဖြူရှင်ဟာ အလောင်းမင်းတရားမှာခဲ့တဲ့အတိုင်း သူ့အောက်က ညီ အမြင့်မြို့စားကို နန်းလျာထားရမယ့် သူ့သား စဉ့်ကူးမင်းကို နန်းရံထားလိုက်တဲ့အတွက် ညီအစ်ကိုတွေ မကျေမနပ်ဖြစ်ခဲ့ရပါတယ်။ နောင်တော်ကြီးတုန်းက သူ့မှာ သားဖြစ်သူမောင်မောင်ရှိပါလျက် အဖေ့စကားနားထောင်ပြီး ညီဖြစ်သူကို နန်းလျာထားခဲ့တာပါ။ ဖအေလွန်ရင် သားက မင်းဖြစ်ရမယ့်ထုံးစံကို ဆန့်ကျင်ပြီး ၁လောင်းမင်းတရားဟာ သူ့သားတွေ အားလုံးနန်းရစေချင်တဲ့ (သားတွေကလည်း အရည်အချင်းရှိကြတာကိုး။) စေတနာကြောင့် ထီးနန်းအတွက် အရှုပ်အထွေးတွေပေါ်လာတာပါ။

ဒီတော့ စဉ့်ကူးမင်း နန်းတက်တဲ့အခါ သူ့ဦးရီးတော်ဖြစ်သူ အမြင့်မြို့စားကို ကွပ်မျက်ပါတယ်။ ဘထွေးတော်တွေဖြစ်တဲ့ မင်းသားကြီးတွေကိုလည်း နေပြည်တော်မှာမထားဘဲ ဦးဝိုင်းခေါ်ဘိုးတော်ဘုရားအလောင်းကို စစ်ကိုင်းပို့၊ ပခန်းမင်းကို ပင်းယပို့၊ ပင်းတလဲမင်းကို ရွာသစ်ကြီးပို့နဲ့ လူခွဲထားလိုက်ပါတယ်။ နောင်တော်ကြီးရဲ့သားတော်မောင်မောင်ကိုတော့ ဖောင်းကားရွာကို ပို့လိုက်ပါတယ်။

၁၁၄၃ ခုမှာ စဉ့်ကူးမင်း အညာသီဟတောကို ဘုရားဖူးထွက်နေတုန်း ဖောင်းကားစားမောင်မောင်ဟာ နန်းတော်ကိုဝင်စီးပြီး ညတွင်းချင်း ဓားကွပ်ပြီး အမတ်တွေကို သစ္စာရေတိုက်ပါတယ်။ ဖောင်းကားစားဟာ ဦးဝိုင်းတို့ညီအစ်ကိုသုံးယောက်ကိုလည်း အင်းဝကိုတိုင်ပင်ဟန်ပြုပြီး ဆင့်ခေါ်ပါတယ်။ သုတ်သင်ဖို့ခေါ်တာကိုသိတဲ့ ဦးဝိုင်းဟာ နန်းတော်ကို ဝင်တိုက်တဲ့အတွက် မောင်မောင့်ကိုမိပြီး ထုံးစံအတိုင်း စီရင်လိုက်ရတယ်။ အညာသီဟတောကပြန်လာတဲ့ စဉ့်ကူးမင်းကိုလည်း ဦးဝိုင်းဟာ သုတ်သင်လိုက်ပါတယ်။ ဦးဝိုင်းဟာ စစ်ကိုင်းဘက်မှာ ဆင်းဆင်းရဲရဲနေခဲ့ရာက (၇) ရက်လောက်အကြာမှာ မမျှော်လင့်ဘဲ မင်းဖြစ်ခဲ့ရတာပါ။

ဖောင်းကားစားမောင်မောင် နန်းစံတဲ့ (၇) ရက်အတွင်းမှာ သူကိုးကွယ်တဲ့ဆရာတော်တစ်ပါးက နန်းတော်ပေါ်တက်ပြီး 'ထီးနန်းစည်းစိမ်နဲ့အသက်ရှင်လိုသော် မြို့နောက်ဘက်က ကုက္ကိုပင်ကိုသတ်ရမည်'လို့မိန့်ပြီး ကျောင်းပြန်ကြွသွားပါတယ်။ ဆရာတော့်အမိန့်အတိုင်း မောင်မောင်ဟာ မြို့နောက်ဘက်က ကုက္ကိုပင်တွေကို သတ်ခိုင်းပါတယ်။ ဒီသတင်းတွေကို ဦးဝိုင်းကြားတဲ့အခါ -

"ကုက္ကိုပင်ကား အခြားမဟုတ်။ ငါ့ကို သတ်ခိုင်းသည်သာတည်း။ မောင်မောင်ခမျာ ပရိယာယ်ကို နားမလည်၍ ပကတိသစ်ပင်ကိုသတ်သည်။ ငါကား တနင်္လာသားဖြစ်သည်။ နံတူသစ်ပင်ကိုသတ်ပစ်သည့်အတွက် ကျိန်းကျေလေပြီ။ ငါသည် မုချ အထွတ်အမြတ်သို့ရောက်တော့မည်"

ဆိုပြီး နိမိတ်ဖတ်ပါတယ်။

ဘိုးတော်ဘုရားဟာ အင်္ဂဝိဇ္ဇာပညာထဲက ဘာသာရပ်တစ်ခုဖြစ်တဲ့ နိမိတ်ဖတ်ခြင်းကို ကိုယ်တိုင်တီးမိခေါက်မိသူဖြစ်တဲ့အတွက် သူ့လက်ထက်မှာ အယူတော်မင်္ဂလာဦးနိုးလိုပုဂ္ဂိုလ်တွေကို နေရာပေးရမှန်းသိခဲ့တာ။ သရောဒယလို ဗေဒင်ကျမ်းတွေကို မှတ်တမ်းတင်ခိုင်းခဲ့တာ သဘာဝကျပါတယ်။

ဒီတော့ သရောဒယပညာရပ်ဟာ နရပတိဇယတယ်၊ ဆိုတဲ့ အတိုင်း 'မင်းတွေရဲ့ အောင်ရာအောင်ကြောင်းအခါပေးပုံအစီအရင်ပြုပုံတွေကို အဓိကထားပြီးသုံးရတဲ့ပညာရပ်' ပါ။ အင်္ဂုတ္တိုရ်ထဲမှာ ဘုရားဟောထားခဲ့သလို 'မင်းတို့မည်သည် နယ်နိမိတ်ဖြင့် မရောင့်ရဲ' လို့ဆိုတဲ့အတိုင်း ရှေးခေတ်က (အခုခေတ်လည်း မထူးပါဘူး။) နယ်မြေအတွက် တစ်ချိန်လုံး တိုက်ပွဲတွေဖြစ်နေတော့ ဘုရင်တွေအတွက် အောင်ရာအောင်ကြောင်းပညာတွေနဲ့ စီရင်ပေးရပါတယ်။ စစ်တိုက်ဖို့အခါပေးခဲ့ရတဲ့ ပညာရှင်တွေကတော့ သေရင် ငရဲကျမည်ထင်ပါတယ်။

သို့သော်လည်း သာမန်အရပ်သားတွေအတွက်ကတော့ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြိုင်အဆိုင်တွေ၊ အားကစားယှဉ်ပြိုင်ပွဲတွေ၊ အမှုအခင်းတွေမှာ အသုံးပြုလို့ရသလို ကိုယ့်ရဲ့ကျန်းမာရေး၊ စီးပွားရေး စတဲ့ လောကီရေးရာတွေမှာလည်း အခြားသော ဗေဒင်ပညာရပ်တွေနည်းတူ သုံးလို့ရပါတယ်။ မင်္ဂလာဆောင်၊ ခရီးထွက် စတဲ့ အဟောတွေ၊ အခါပေးတွေ အနေနဲ့လည်း သုံးလို့ရပါတယ်။ ကုန် အပေါ်အရှား၊ ကုန်ဈေးနှုန်းအတက် အကျ၊ (သိုက်တူးတယ်လို့ခေါ်ချင်ခေါ်) မြေအောက်ပစ္စည်းရှာဖွေဖို့၊ လက်ငင်း ပြဿနာတွေဖြေရှင်းရအောင် ဟူး အနေနဲ့သုံးဖို့၊ ယတြာချေဖို့၊ မိုးလေဝ ကြည့်ဖို့၊ သဘာဝဘေးအန္တရာယ် ပေါ်,မပေါ်၊ သားရဲတိရစ္ဆာန်တွေသော ကျန်း,မသောင်းကျန်း၊ သူပုန်သူကန် မထကြည့်ဖို့၊ ကမ္ဘာပေါ်က ဘယ်နိုင် တွေမှာ စစ်မီးတောက်,မတောက်ကြည့် အကြောင်းအရာမျိုးစုံသုံးလို့ရပါတယ် အကုန်မဖော်ပြဘဲ ချုံ့ရေးပါရစေ။

သရောဒယကို သုံးမယ်ဆို တော့ အက္ခရာသရတွေကို နားလည် မယ်။ ပြီးရင် အသဝနီ၊ ဘရဏီ စ နက္ခတ်(၂၈)လုံးကို သိရပါမယ်။ (အဘိ နက္ခတ်ကိုပါထည့်တွက်တဲ့အတွက် လုံး မဟုတ်ဘဲ ၂၈ လုံးဖြစ်နေတာ ဂေါဇာမှာ ဘယ်ဂြိုဟ်တွေရှိနေသလဲ ရပါမယ်။ ဒီတော့ သရတွေကို အဓိ ထားပြီး အသုံးချရတဲ့ပညာပါလို့ ရင်လည်း မမှားပါဘူး။ အခုပေမူထဲ စာတချို့ကို သူ့ခေတ်အရေးအသား နဲ့တင်ပြပါဦးမယ်၊ ဖတ်ကြည့်ပါ။

*ဆင်မြင်းရထားခြေသည် ဤစစ်အ လေးပါးသည် အကယ်၍ ပြည့်စုံသ ဖြစ်စေ၊ ထိုသို့ပြည့်စုံငြားသော်လ မင်းသည် ယုပ်သောသရဥဒည်ရှိ သော် ပျက်စီးခြင်းသို့ရောက်တတ် မည်သို့ယုပ်သောသရဥဒည်ရှိသည် အထက်မှာဆိုလတ့ံ ကြမ်းကုန်သော ချုပ်သောသရဟု ဆိုအပ်ကုန်သော မီးကြီးတို့သည် အကြင်မျှလော ကာလပတ်လုံးမကျကုန်၊ ထိုမျှလော သော ကာလပတ်လုံး ထိုရဲရင့် သောသူတို့သည် အလွန်ကြောက် ရှိသော စစ်ပြိုင်ခြင်း တည်းဟူသော သမုဒ္ဒရာကို ကူးမြောက်ကုန်၏။ တတ်သောသူကိုကင်း၍ မင်းသ စစ်ပြိုင်ရာန္ဒိက် အသို့မူ၍အောင်မြ အံ့နည်း။ အကြင်စစ်ပြိုင်ခြင်း၌ ဝိ ပါစုရုံးခြင်းသည်ရှိ၏။ ထိုသို့ စုရုံး သည်ကား ခြသတ္တဝါလျှင်အတူ ရှိ၏။ အဓိပ္ပါယ်ကား ခြသတ္တဝ သည် နိုင်းရှည်ဆင်ခြင်ခြင်းမရှိ ထ သစ်တို့ကိုခဲကုန်ဘိသကဲ့သို့ သရတ သောသူကိုကင်း၍ ဗိုလ်ပါစုရုံး သည်လည်း နိုင်းရှည်ဆင်ခြင်ခြ သည် မည်လေရာ၏။ အကြင်မင်း၏အိမ်န္ဒိက်*



www.burmeseclassic.com

www.burmeseclassic.com

*ငယ်မျှလည်း သရကျမ်း၏အဆုံးသို့ ရောက်သော သူ့ခမိန်သည်မရှိ၊ ထို မင်း၏ မင်းအဖြစ်သည် (တိုင်းနိုင်ငံသည်) မချွတ် ငှက်ပျောနှစ်လျှင်ဥပမာ ရှိ၏၊ မခိုင်မခန့်လေရာ။ သရကျမ်းနှိုက် လွန်စွာပြုအပ်သော လေ့လာခြင်းရှိသော သူ့ခမိန်သည် အကြင်အရပ်၌ ကားရှိ၏။ ထိုအရပ်ကို အကြင်သူသည် ပြုစုတတ်၏။ ထိုသို့ အရပ်ကို ပြုစုလိုသောသူသည် ရန်အောင်ခြင်းငှာ အလိုရှိသောမင်းကို ခစားစေရာ၏။ သရ၏ဥဒည်မှုခြင်းတည်းဟူသော အားအစွမ်းသည် ရောက်လတ်သော် တယောက်ခြင်းဖြင့် တကျိပ်တို့ကိုနိုင်ကုန်၏။ ထိုတကျိပ်သောသူတို့လည်း တရာသောသူကို နိုင်ကုန်၏။ တရာအရေအတွက်ဖြင့် တထောင်သောသူကို နိုင်နှင်းကုန်၏။ ဤသို့ ဆယ်ဆတက်သောသူကို တွန့်တိုခြင်းမရှိကုန်သည်ဖြစ်၍ နိုင်ကုန်၏။*

*မင်းသည် ယုတ်သော သရဥဒည်ရှိလေသော် ရှေးဦးနှိုက်လည်း စစ်မမှုအပ်၊ သရဥဒည်း ဟူသောအားအစွမ်းသည် ရောက်သည်ဖြစ်မူကား ကျမ်း၏အစွမ်းအန်တို့ဖြင့် စစ်မှုသော်လည်း သင့်၏။ သရတတ်သောသူသည် အမျိုးကို သိသောသူလည်း မည်၏။ နတ်ကို သိသောသူလည်း မည်၏။ ဗေဒင်၏အဆုံးကို ရောက်သောသူလည်းမည်၏။*

*မင်းအား **အ ဣ ဥ ဧ ဩ** ဟူသော သရဆိုအပ်သော ရတနာငါးပါးကို စင်စစ်အကျယ်အားဖြင့် ဤသရဒွေးကျမ်း၌ဆိုလတ့်။*

ဒါသူ့ပေမူမှာပါတဲ့ နိဒါန်းအချို့ကို ဖော်ပြတာပါ။ ဒီတော့ ဘယ်မင်း၊ ဘယ်နိုင်ငံ၊ ဘယ်အမည်မဆို သရတစ်ခုခုရဲ့အောက်မှာ သူ့အစုနဲ့သူရှိကြပါတယ်။ အဲဒီသရတွေကို ကျွမ်းကျင်တဲ့သူသာ မင်းဆရာဖြစ်သင့်တယ်။ စစ်နိုင်ဖို့၊ စစ်ရှောင်ဖို့ အခါပေးနိုင်တယ်လို့ဆိုတာပါ။

သရောဒယကျမ်းမှာ သရစက်က (၂၀) ရှိပါတယ်။ စက်တွေဟာ ဗေဒင်ဟောဖို့၊ အစီအရင်လုပ်ဖို့ အသုံးချရပါတယ်။ (၁၄)နှစ်ပြည့်အထူးထုတ်မဂ္ဂဇင်းမှာဆိုရင် စာရေးသူဟာ ကောဋ္ဌစက်(ဝါ) ကောတစက်ကိုသုံးပြီး နေရာတစ်ခုကို ဘယ်လို ဝင်ရောက် စီးနင်းတိုက်ခိုက်ရတယ်ဆိုတာ တစ်စိတ်တစ်ပိုင်း ဖော်ပြထားပါတယ်။

သရစက်(၂၀)ပြီးတော့ အခုပြောခဲ့တဲ့ ကောဋ္ဌစက်တွေလို နာမနက္ခတ်နဲ့ဟောရတဲ့စက်၊ စန်းစီးနက္ခတ်နဲ့ဟောရတဲ့စက် စတဲ့ နက္ခတ်စက်တွေကိုဖော်ပြတဲ့ စက် (၈၄) စက် ရှိပါတယ်။ ပြီးရင် အောင်မြေရွေးတာတို့၊ စစ်တိုက်ဖို့အရပ်မျက်နှာ မူရာရွေးတာတို့ကိုပြတဲ့ ဘူမိစက် (၈၄)စက်ရှိပါတယ်။ အခုပြောတာချည်းပဲတင် စက်ပေါင်း (၁၈၈) ဖြစ်နေပါပြီ။ တက္ကာလိကစန်း၊ သန္တိအစီအရင် ဒါတွေပါပေါင်းလိုက်ရင် လေ့လာရမှာ တော်တော်ကြီးများပါတယ်။

သရောဒယရဲ့နိဒါန်းကို အဆုံးသတ်တဲ့စကားလုံးတွေကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဖတ်ကြည့်ပါ။

*ဤတွင်ရွှေ့ကား အမရပူရရွှေမြို့ကြီးတည် ရွှေနန်းသခင် ဆင်ဖြူများရှင်ဘဝရှင်မင်းတရားကြီး၏ ရွှေဘုန်းတော်ကြောင့် ကာသီကရာဇ်တိုင်း ဗာရာဏသီကျေး နဝဒီမပေါ် ရောက်လှာသော မဒိုမာဒေသဌာနတို့နှိုက် ရသေ့၊ ဇော်ဂီ၊ တပသီ၊ ဖြပ္ပဘာ မယူဆနှိုင် ဂုဋ္ဌတရဒုဗ္ဘောဖေဟု သမုတ်အပ်သော နရပတိဇယစရိယမည်သော သရဒွေးကျမ်း၏ အနက်အဓိပ္ပာယ်ကို လောကကျမ်းတို့မှ သက်နွယ်သဖြင့် သာသနာတော်ဝယ် သဒ္ဒါတရားပွားစိမ့်သောငှာ ပညာပါရမီကို ရှေ့ရှု၍ပြုရာဖြစ်သော နိဿျည်း၌ ပဌမပရိစ္ဆေဒအပြီးသို့ ရောက်သတည်း။*

ဒီတော့ ဗာရာဏသီကနေ ကာလကတ္တားမြို့နားက နဝဒီပကိုဖြတ်ပြီး အမရပူရကိုရောက်လာတဲ့ သရောဒယကျမ်းဟာ အိန္ဒိယနဲ့ကွဲလွဲသွားပြီး မြန်မာတွေရဲ့ထုံးစံအတိုင်း ကိုယ့်မူနဲ့ကိုယ်ဖော်ထုတ်ကြရာက အမရပူရမူ သရဒွေးဆိုပြီးဖြစ်လာသလို အမရပူရမူနောက် နှစ်နှစ်နောက်ကျပြီးပေါ်လာတဲ့ ဓညဝတီသရဒွေး၊ မဏိပူရသရဒွေးတွေလည်းရှိခဲ့ပါတယ်။ မြန်မာမှာတောင် ညောင်ကန်မူသရဒွေးဆိုပြီး ထွက်ခဲ့သေးတယ်။ ဒါပေမယ့် မြန်မာပြည်တွင်းက သရောဒယကျမ်းတွေဟာ တစ်ခုနဲ့တစ်ခု တက်တက်စင်လွဲအောင် မူကွဲနေကြတာမျိုးတော့ သိပ်မရှိလှပါဘူး။ ရှင်းပြပုံတွေကွဲနေတာမျိုးလောက်ပါ။ သဗ္ဗတောဘဒြစက်အနေနဲ့ ဘယ်ရာသီမှာ၊ ဘယ်အရပ်ဒေသကို ဘယ်အချိန်အတွင်း ရှောင်ကြဉ်ရမယ် ဆိုတာမျိုးတွေကတော့ ဓညဝတီမှာပဲတွေ့မိပါတယ်။ စနေစက်ကိုလည်း ဓညဝတီပေမူမှာ တွေ့ရပြန်ပါတယ်။

အင်္ဂဝိဇ္ဇာ၊ ဆန်းကျမ်းဗေဒင်၊ သုံးတန်ပေါ်နိစ်၊ မဟာဘုတ်၊ အာယုစန်းဗေဒင် စတာတွေကို ဘယ်နိုင်ငံ၊ ဘယ်ယဉ်ကျေးမှုဆီကမှမဆင့်ပွားဘဲ ကိုယ်ပိုင်ဖော်ထုတ်တီထွင်ခဲ့တဲ့ မြန်မာတွေဟာ သရောဒယကို ကိုယ့်မူနဲ့ကိုယ်ပုံဖော်နိုင်ခဲ့ကြတယ်ဆိုတာလည်း ယုံမှားစရာမရှိပါဘူး။(ဒီနေရာမှာ ဆန်းကျမ်းဗေဒင်ဟာ သီရိလင်္ကာကလာတယ်ဆိုတဲ့သူတွေနဲ့ သဘောထားမတူနိုင်တာကိုတော့ ခွင့်လွှတ်ပါ။ ကိုယ့်ဗဟုသုတနဲ့ကိုယ်ပေါ့။ စကားစပ်မိလို့ပြောရရင် စာရေးသူ ပထမဆုံးရခဲ့တဲ့ဘွဲ့က သမိုင်းအဓိကပါ။ ပြီးတော့ သမိုင်းကြောင်းနဲ့ဆက်စပ်နေတဲ့ ဘာသာရပ်တစ်ခုမှာလည်း Credit တွေနဲ့ ဘွဲ့လွန်ရခဲ့ပါတယ်။ မြန်မာပြည်မှာ သိပ်မသိကြတဲ့ဘွဲ့မို့ နာမည်မဖော်ပြတော့ပါဘူး။ တခြားဘွဲ့တွေကတော့ သမိုင်းကြောင်းနဲ့မဆိုင်ပါဘူး။ ဝါကြွားလိုတဲ့သဘောမဟုတ်သော်လည်း ဝါကြွားသလိုဖြစ်သွားတဲ့အတွက် သည်းခံကြပါ။ သမိုင်းကြောင်းတွေကိုလေ့လာတဲ့သူမှန်းရိပ်မိစေချင်လို့ပါ။ ဒီခေတ်မှာ ဘွဲ့ရတယ်ဆိုတာ ဘာမှမထူးဆန်းပါဘူး။)

မြန်မာ့ကိုယ်ပိုင်ဟန်နဲ့ သရောဒယလို့ပြောရတာက စာရေးသူသုံးနေတဲ့ သရောဒယအဟောတွေ၊ အစီအရင်ယတြာတွေမှာတောင် ပေမူထဲမှာထည့်သွင်းမထားတဲ့ အာစရိယဝါဒနည်းနာတွေအများကြီးရှိနေလို့ပါ။ ရှေးကမြန်မာကြီးတွေဟာ မသူတော်တွေ တလွဲသုံးမှာစိုးလို့ အစီအရင်ပိုင်းတွေကိုမြှုပ်ရေးသွားပုံရပါတယ်။ ဒါကြောင့်လည်း ပေမူထဲမှာမတင်ထားတဲ့ အချို့အချို့သောပညာရပ်ပိုင်းတွေဟာ တိုးတိုးတိတ်တိတ်လက်ဆင့်ကမ်းပြီး ရှားရှားပါးပါးတိမ်မြုပ်တည်ရှိနေပုံရတာပါ။

ဒီလောက် အရိပ်အမြွက်ဖော်ပြရရင် သရောဒယဆိုတာကို နားစိမ်းနေတဲ့သူတွေ ဗဟုသုတဖြစ်လောက်ပြီထင်ပါတယ်။ နောက်တစ်ခေါက်ကျမှ သရောဒယကို ဘာကြောင့် သရဒွေးလို့လည်းခေါ်တယ်ဆိုတာ ဆွေးနွေးကြတာပေါ့။ အခုတော့ ဘိုးတော်ဘုရား (အိမ်နိမ့်စံ ၃၈ နှစ်၊ နန်းစံ ၃၇နှစ်)ကြောင့် မြန်မာပြည်မှာ သရောဒယပညာရှင်တွေပေါ်ထွက်လာတယ်ဆိုတဲ့မှတ်ချက်နဲ့ နိဂုံးချုပ်လိုက်ပါရစေ။

သရောဒယခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

ဖအေက ကိုလှမြတ်။

သားက မြတ်ကျော်။

မှန်ပါတယ်၊ မထိပါဘူး။ တကယ်ကို မထိပါဘူး။ သူတို့သားအဖနာမည်တွေကိုကြည့်လိုက်ရင် သူ့သားဟာ ကျိန်းသေတယ် ထိကိုထိခိုက်မှာ၊ ဖြစ်ကိုဖြစ်မှာ။

ဒါဖြင့်ဘာလို့မထိတာလဲ။

ဘယ်ထိမှာလဲ။ မြတ်ကျော်ကို သူ့အိမ်မှာရော၊ သူ့သူငယ်ချင်းတွေကရော မြတ်လေးပဲ ခေါ်ကြတယ်။ သူ့အဖေကိုကျတော့ မြတ်ကြီးတဲ့။ မြတ်ကြီး၊ မြတ်လေးပေါ့။ ဟုတ်တယ် မထိဘူး။ ဒါပေမယ့် သူ့အဖေကတော့ မြန်မာပြည်မှာ။ မြတ်လေးက သင်္ဘောသား။ ပင်လယ်သမုဒ္ဒရာထဲမှာချည်းပဲ အချိန်ပြည့်။ ပြန်ရောက်လည်းခဏပဲ၊ ချက်ချင်းပြန်ထွက်ရတယ်။ လူကြီးက မည်းမည်းဝဝကြီးဖြစ်ပြီး ငယ်ရုပ်ပျောက်တယ်။ ပင်ပန်းလိုက်တာအရမ်းပဲ။ သူ့အဖေနဲ့ယှဉ်လိုက်ရင် သူက သားသမီးဆိုတော့ မြတ်လေးပေါ့။ သူ့အဖေကို မြတ်လေးခေါ်ပြီး သူ့ကိုအကောင်ထွားလို့ မြတ်ကြီးဆိုလိုက်လို့ကတော့ သွားပြီ။

ခုတောင် အိမ်မှာကို နေရတယ်မရှိဘူး ရေထဲမှာချည်းပဲ။

ဒါကြောင့် -

မိုးရင်၊ ကျော်ရင် မထိဘူးဆိုတာလည်းရှိတယ်ဆိုတာ မှန်ပါတယ်။

မထိပါဘူး။

ဒါပေမယ့် ထိသွားတာကို မြင်အောင်ကြည့်တတ်ဖို့ပဲလိုပါတယ်။

ပညာကမမှားပါဘူး။

မြင်ဖူးပါတယ်။ ဒေါ်ရွှေရင်၊ သူ့သမီးက ယဉ်ယဉ်ကျော်။

သူတို့တွေကို ဆန်းကျမ်းပညာရှင်ဆရာတစ်ယောက်က မျက်နှာစုံညီပြောပြီး ယဉ်ယဉ်ကျော်ကို နာမည်ပြောင်းခိုင်းလိုက်တာလည်းသိပါတယ်။

ဘယ်ပြောင်းမလဲ။

အဖေနာမည်က ဦးခင်ကျော်ဆိုတော့ ဘယ်ပြောင်းတော့မလဲ။

မအေနာမည်နဲ့ ဖအေနာမည်တို့ပေါင်းမှည့်ထားလိုက်တာ။

ကောင်းပါတယ်။


မိဘကို ဦးထိပ်ထားပြီး မိဘတွေရဲ့နာမည်တွေကို မှည့်တာကောင်းပါတယ်။ မကောင်းဘူးလို့မပြောပါဘူး။

ကောင်းပေမယ့် ပညာခန်းနဲ့ကျတော့ ပညာက ခွင့်မပြုတော့ဘူး။

ဘာကို ခွင့်မပြုသလဲ ဆိုတော့

# ဆရာဦးမောင်မောင်သန်း
( ရှ ဝ် ကို မ အေး ၊ မြ မ စ ထ ၁ ၊ )

## နာမည်မြင်ကွင်း





www.burmeseclassic.com

www.burmeseclassic.com

အဓိပ္ပာယ်ကို ခွင့်မပြုတော့တာ။

သူဟာသူ 'ယ' နဲ့ပဲ ယဉ်ယဉ်၊ 'ရ' နဲ့ပဲရင်ရင်၊ 'ယဉ်ယဉ်ကျော်' ဆိုလိုက်တာနဲ့ 'ရင်' - ရင်ရင်ကျော်၊ ဒီလိုပဲမြင်ကြမှာပဲ။ အသံက တစ်သံတည်းထွက်နေတာကိုး။

တတ်ကျွမ်း နားလည်တဲ့ ပညာရှင် ပြောတာကို လက်မခံဘူး။

ဒီတော့ -

ယဉ်ယဉ်ကျော်ထိတာပဲ။

အများအမြင်မှာတော့ ယဉ်ယဉ်ကျော်ဟာ သူဌေးချွေးမဖြစ်သွားတယ်၊ ချမ်းသာသူတွေလက်ထဲကိုရောက်သွားတယ်။

ဟုတ်တယ်၊ ချမ်းသာသွားတယ်။

လူချမ်းသာတွေသွားချင်တဲ့နေရာ ကိုယ်ပိုင်ကားနဲ့။ လက်ဝတ်လက်စားလည်းဆင်ထားတယ်။ ဒါပေမယ့် ယောက္ခမက ငွေပေးမကိုင်ဘူး။ အားလုံးကို ချုပ်ကိုင်ထားတယ်။ ကျွေးတယ်၊ ဆင်တယ်။ ယောကျ်ားရဲ့ဝင်ငွေကို မကိုင်ရဘူး။ ယောကျ်ားက တိတ်တိတ်ပေးတဲ့ မုန့်ဖိုးပဲရတယ်။ ပြီးတော့ မိသားစုတွေပဲ ဘာညာနဲ့ဆိုပြီး ဝိုင်းလုပ်ဝိုင်းစားဆိုပြီး လုပ်လိုက်ရတာ အိမ်အလုပ်တွေ။ ဒေါ်ရွှေရင်နဲ့နေတုန်းက မလုပ်ခဲ့ရပေမယ့် ခုတော့ နားမနေရတော့ဘူး။

သူဟာ ချမ်းသာပေမယ့် သူများ သံပတ်ပေးမှလှုပ်ရှားရတဲ့ သံပတ်စက်ရုပ်ကြီးလိုပဲ။

ဟော-ယောကျ်ားကကားတစ်စီးနဲ့ သွားလာနေရာကနေ နီးစပ်တဲ့ကိစ္စလေးတွေဖြစ်တယ်။ သူမှာပြောခွင့်မရှိသလိုပဲ ကြိတ်ခံနေရတယ်။ ယောက္ခမတွေက ဖျောင်းဖျသလိုလိုနဲ့ သိမ်းသွင်း



www.burmeseclassic.com

ထားတယ်။ သူကလည်း အပြင်မထွက်ရတော့ ဘာကိုမှ ဂဃနဏမသိရှာဘူး၊ တစ်နေကုန် သူကလေးတွေနဲ့ အိမ်အလုပ်နဲ့ပဲ။

ဒါကြောင့် -

ချမ်းသာပါတယ်၊ မှန်ပါတယ်၊ လူပဲချမ်းသာသွားတာပါ။

ဒီလို မထိတထိထိကနန်တဲ့သူတွေ အများကြီးရှိနေပါတယ်။ ဒါ ဂတော့ မြင်အောင်ကြည့်တတ်ဖို့ပါ။

ကြည့်တတ်ရင်မြင်ပါတယ်။

မကြည့်တတ်ရင်တော့ မမြင်ပါဘူး။

မကြည့်ချင်လို့ မသိချင်ယောင်ဆောင်နေရင်လည်း မမြင်နိုင်ပါဘူး။

ဘာလို့လဲဆိုတော့ -

အများကြီး တွေ့ခဲ့၊ မြင်ခဲ့၊ ကြုံခဲ့ဖူးလို့ပါ။

လူငယ်တစ်ယောက်ဆို စာအရမ်းတော်ခဲ့တဲ့ကလေးပါ။ အတန်းထဲမှာ နံပါတ်တစ်ကို သူအပိုင်ယူထားသလိုကို ရတာပါ။ သိပ်တော်တဲ့ကလေး။

သူ(၉)တန်းရောက်တဲ့နှစ်မှာပဲ သူ့သူငယ်ချင်းတွေနဲ့ မီးထွန်းပွဲလျှောက်ကြည့်ပါတယ်။ အဲဒီမှာ ဘယ်ကဘယ်လိုပစ်လွှတ်လိုက်တဲ့မီးရှူးမီးပန်းလဲမသိပါဘူး။ အဲဒီကလေးရဲ့ မျက်နှာကိုလာမှန်ပါလေရော။ မျက်လုံးတစ်ဖက်ပျက်သွားရှာပါတယ်။ ဘယ်လိုပဲကုကု အမြင်အားနည်းသွားပါပြီ။

သူ့အကြောင်းကိုကြားတော့ စိတ်မကောင်းတာနဲ့ စပ်စပ်စုစုမေးကြည့်ခဲ့ဖူးပါတယ်။ ဒီတော့မှ ဩော်ဆိုပြီး အဖြေသွားတွေ့ပါတော့တယ်။

သူ့အဖေနာမည်က ကိုတင်မိုးပါ။

ကလေးက 'မိုးကျော်သူ' ဖြစ်နေပါတယ်။

နာမည်ကို နားထောင်လိုက်ရုံနဲ့ ဖခင်ကို ကျော်လွှားတဲ့သူမှန်း ပေါ်လွင်ထင်ရှားနေပါတယ်။ ဘာပညာမှစဉ်းစားစရာမလိုသေးပါဘူး။ ရိုးရိုးနားထောင်ရုံနဲ့တင် ဘာမှတတ်တတ်၊ မတတ်တတ် သိသာထင်ရှားနေပါပြီ။

မသင့်တော်ပါဘူး။

ဖခင်ဖြစ်တဲ့သူရဲ့နာမည် 'မိုး' ကို ကျော်လို့မကောင်းသလို ကောင်းကင်အဖြစ် ပညတ်ထားတဲ့ 'မိုး' ကို ကျော်လို့လည်း မကောင်းပါဘူး။ ဒီလိုနာမည်ရှင်တော်တော်များများကို လေ့လာလိုက်ရင် ဦးခေါင်းပိုင်းထိတဲ့သူထိသလို ခြေထောက်တွေမကောင်းတဲ့သူတွေကိုလည်း တွေ့ရပါတယ်။

ခုနပြောတဲ့ မိုးကျော်သူလေးဆိုရင် ဦးခေါင်းပိုင်းထိခိုက်သွားပါပြီ။ အမြဲတမ်း နံပါတ်တစ်ဖြစ်ခဲ့တဲ့ ကလေးဟာ အသွားမတော်တစ်လှမ်းနဲ့တင် ဘဝတစ်ဆစ်ချိုးပြောင်းသွားပါပြီ။ ဘယ်လိုမှ အစားပြန်မရတော့တဲ့ မျက်လုံးကို ထိခိုက်သွားပါပြီ။ သူ့အမြဲတမ်းသိမ်းပိုက်ခဲ့တဲ့ အဆင့်တစ်ကို စွန့်လွှတ်ခဲ့ရပါပြီ။ ရုတ်တရက် ဟာခနဲ၊ ဟင်ခနဲဖြစ်သွားချိန်မှာ ဘယ်လိုမှအစားပြန်ထိုးလို့မရတော့တဲ့ မျက်လုံးဆုံးရှုံးမှုဖြစ်သွားပါပြီ။

သူ့မိဘတွေကကော -

ဘာပြောလို့ရမှာလဲ။

အမလေး - ဒီလိုမှန်းသိရင်တော် ဘယ်လွှတ်ပါ့မလဲ ဆိုတဲ့စကားကလွဲပြီး ဘာမှထပ်ပြောစရာမရှိဘူးလေ။

ဒါဖြင့် သူ့သူငယ်ချင်းတွေကရောဟာ - ဒီလိုမှန်းသိရင် မိုးကျော်သူကို ကျွန်တော်တို့လာမခေါ်ပါဘူး ဆိုတာနဲ့ပဲ ပြီးသွားရုံပါပဲ။ မိုးကျော်သူဟာ မျက်လုံးအစားပြန်မရတော့တာပါ။

သူဖြစ်ချိန်တန်လို့ဖြစ်တာ ဆိုပြီးတော့ပဲ ပြောကြမှာသေချာပါတယ်။

ဒါပေါ့။

သူဒီလိုဖြစ်ချိန်တန်လို့ဖြစ်တာပေါ့။

မှန်တယ်လေ၊ ဒါပေမယ့် သူဖြစ်ပုံကြမ်းသွားတဲ့ထိတွန်းအားပေးလိုက်တာက သူ့နာမည်ပဲလို့ပြောလိုက်ရင် -

အိုကွာ၊ မိုးကျော်သူဆိုတာနဲ့ပဲဖြစ်ရောလားဆိုပြီး ကတ်သီးကတ်သတ်ပြောချင်ကြပါလိမ့်ဦးမယ်။

မှန်တယ်။

မိုးကျော်သူဆိုတာနဲ့တော့ မဖြစ်ပါဘူး။ မဖြစ်တဲ့မိုးကျော်သူတွေရှိပါတယ်။ သူက ငိုချင်လျက်လက်တို့ဖြစ်သွားရတာက သူ့အဖေနာမည်က 'မိုး' ပါနေလို့ပါပဲ။

ဖခင် ဆိုတာ သားသမီးရဲ့အထွတ်အမြတ်ဖြစ်ပါတယ်။

တစ်နည်းပြောရရင် သားသမီးရဲ့ ဦးခေါင်းပိုင်းပါပဲ။

ဒီဦးခေါင်းပိုင်းနဲ့တူတဲ့ ဖခင်ကို ကျော်တဲ့သူလို့ အဓိပ္ပာယ်ရတဲ့အတွက် သူ့ခမျာ ဦးခေါင်းပိုင်းထိသွားရတာ မဆန်းပါဘူး။

ပညာခန်းကရိုးစင်းပါတယ်။

သိပ်ရှည်ရှည်ဝေးဝေးစဉ်းစားစရာ မလိုပါဘူး။

နောက် မိုးကျော်သူ။

သူကတော့ သူ့အဖေနာမည်ထဲ ဘာမိုးမှမပါဘဲ သူ့အမေနာမည်မှာ မိုးတွေ နှစ်လုံးတောင်ပါနေပါတယ်။

သူငါးတန်းကျောင်းသားဘဝတုန်းက ပြောခဲ့ဖူးပါတယ်။

ကလေးကို နာမည်ပြောင်းလိုက်ပါလို့။

ဒါပေမယ့် သူ့မိဘက ငွေကြေးကလည်းချမ်းသာ၊ လူချစ်လူခင်ပေါတဲ့ အရှိန်အဝါကလည်းရှိတော့ ရပ်ထဲရွာထဲမှာ သူတို့ဩဇာညောင်းသလိုဖြစ်နေတာပေါ့။ ငါတို့လုပ်တိုင်းဖြစ်တယ်၊ ပြောတိုင်းပြီးတယ်ပေါ့။

ဒီတော့ဘာပြောကြလဲဆိုတော့ -

ဟုတ်တယ်၊ ငါတို့ကို ဒီကလေးနာမည်ပြန်ပြောင်းခိုင်းတဲ့သူတွေ နှစ်ဦးသုံးဦးမကတော့ဘူး။ ဒါပေမယ့်ကွာ မင်းစဉ်းစားကြည့်။ ငါတို့က ဘိုးအေ၊ ဘွားအေတွေ။ မြေးဆိုတာ ငါတို့ထက်ပိုမြင့်ရမယ်။ ပိုပြီးကြီးကျယ်ခမ်းနားသူဖြစ်ရမယ်။ ဒီတော့ ဒီမဟာပထဝီမြေကြီးကို မဆိုထားနဲ့ ကောင်းကင်ကမိုးကိုတောင် ကျော်မယ့်လူဆိုပြီး ကလေးအတွက် နိမိတ်ကောင်းပေးထားတာပေါ့ကွာ။ ဒါ နိမိတ်ကောင်းပဲလေ ဟုတ်တယ်မို့လား ဆိုပြီး အားရပါးရ ပြောကြရယ်ကြရင်း သူတို့ဖြစ်ချင်တဲ့ စိတ်ဆန္ဒကို သူတို့ ချမ်းသာမှုတွေနဲ့စီးထားပြီး အဖော်ညီကြပါတယ်။

မပြောတော့ပါဘူး။ မပြောချင်တော့ပါဘူး။

အဲဒီမိုးကျော်လေးဟာ (၁၀)တန်းလည်းရောက်ရော အပေါင်းအသင်းစများတော့တာပါပဲ။ ဆေးလိပ်လေးတမြမြနဲ့၊ အရက်လေးတမြမြနဲ့ သွားတတ်လာတတ်၊ စားတတ်သောက်တတ်လာပါပြီ။

ဆယ်တန်းကို ဘယ်လိုမှမအောင်တော့ပါဘူး၊ ကျောင်းကိုမနေချင်တော့ဘူးဆိုပြီး ကျောင်းပြေးပြေးနေလို့ နောက်ဆုံးကျောင်းထုတ်လိုက်ရပါတော့တယ်။

ဒီကလေးရဲ့ဘဝရှေ့ရေး။

ဒါစဉ်းစားဖို့ပါ။

သူ့မှာဘာမှမထိခိုက်ပါဘူး။ ခြေလက်လည်းမထိခိုက်ဘူး။ မျက်လုံးလည်း မထိခိုက်ဘူး။ နာမည်ခိုက်သွားပါလား။ မြင်ကွင်းကြီးကြီးနဲ့ လက်ညှိုးထိုးပြစရာ ဒိုပြင်မရှိပါဘူး။

အသိမှားအမြင်မှားဖြစ်တယ်ဆိုတာ အတွေးအခေါ် အယူအဆတွေသွား



www.burmeseclassic.com

www.burmeseclassic.com

လို့ မဟုတ်ဘူးလား။ အမြင်လွဲတွေ၊ အတွေးလွဲတွေဖြစ်ကုန်လို့ အကောင်းကို မကောင်းထင်ပြီး မကောင်းကို အကောင်းထင်ဖြစ်ကုန်တာပေါ့။

ဒါကြောင့် -

ပညာမသင်ချင်ဘာမသင်ချင်တွေ ဖြစ်ကုန်ပြီး မကောင်းမှန်းသိတဲ့ ဆေးလိပ်တို့၊ မကောင်းမှန်းသိတဲ့ အရက်တို့ကို အကောင်းထင်သွားတော့တာပေါ့။ အဲဒီဘက်ကိုဆွယ်တဲ့သူငယ်ချင်းကိုကျတော့ သူငယ်ချင်းကောင်းထင်သွားတော့တာပေါ့။

သိသာထင်ရှားတဲ့ခေါင်းတို့၊ ခြေလက်တို့မထိခိုက်ပေမယ့် ဒါဟာဦးခေါင်းပိုင်းထိခိုက်သွားတာပါပဲ။

အတွေးမှား၊ အမြင်မှား၊ အသိမှား၊ အယူမှားဖြစ်သွားတယ်ဆိုတာ ဦးနှောက်အတွေးအခေါ် ပျက်ယွင်းသွားတာနဲ့ အတူတူပါပဲ။ အတွေးအခေါ် ပျက်သွားတယ်ဆိုတာ ခေါင်းထိတာပါ။

သွေးထွက်သံယိုဖြစ်တဲ့ထိခြင်းမှထိတယ်လို့ မခေါ်ပါဘူး။

ဒီထိခြင်းဟာ ယဉ်ယဉ်လေးထိသွားတဲ့ထိခြင်းပါ။

နောက်ထပ်တွေ့တဲ့ မိုးကျော်သူ။

သူလည်း ဒီလိုပဲ။ စိတ်ကျန်းမာရေးဆရာဝန်နဲ့ပြပြီး ဆေးတောင်ဖြတ်ခဲ့ရတဲ့သူပါ။ သူ့အဖေနာမည်မှာ 'မိုး'ပါနေပေမယ့် သူ့အဖေကို အများက ချစ်စနိုးနဲ့ 'မိုးကြီး'၊ 'မိုးကြီး' ခေါ်လေတော့ အဲဒီမိုးကျော်သူဟာ အလိုလိုနေရင်း ထိခိုက်သွားရတော့တာပါပဲ။

မိုးကိုကျော်တဲ့သူဘဝနဲ့ ဆေးတက်ဖြတ်ခဲ့ရပါတယ်။

နောက်တစ်ယောက်ကျတော့ ခြေထောက်ထက်ပိုင်းကျိုးထားတဲ့ မိုးကျော်သူဖြစ်ပါတယ်။

သူ့ကိုကြည့်လိုက်တာနဲ့ ဒီနာမည်မျိုးရဲ့သတ္တိဟာ အလိုလိုပေါ်လာခဲ့ရပါတယ်။

တစ်နည်းမဟုတ်တစ်နည်းနဲ့ ထိကုန်ကြတာပါပဲ။

နယ်မြို့လေးတစ်မြို့ကို ရောက်တော့ ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားပြီး ချမ်းသာနေတဲ့ မိုးကျော်သူကို မြင်ခဲ့ဖူးပါတယ်။

သူက ခြေ၊ လက်လည်းကောင်းပါတယ်။ အသောက်အစားလည်း နည်းနည်းပဲရှိပါတယ်။ ပြည့်စုံပါတယ်။ မပြည့်စုံတာကတော့ အိမ်ထောင်ရေးကိစ္စပါပဲ။ ဟုတ်ပါတယ်၊ အဲဒီမိုးကျော်သူကျတော့ သူ့ဇနီးကိုယ်ဝန်ပျက်ကျတာ နှစ်ခါရှိသွားပါပြီ။

တစ်နည်းနည်းနဲ့ကတော့ ထိကြတာတွေတွေ့ခဲ့ဖူးပါတယ်။

စာရိတ္တပိုင်း ထိခိုက်သွားတဲ့သူ၊ ကျန်းမာရေးပိုင်း ထိခိုက်သွားတဲ့သူတော်တော်များများကို တွေ့ခဲ့ဖူးပါတယ်။

ထိသွားတာတူပေမယ့် ထိပုံချင်းသာမတူတာပါ။

ဒါက မိုးကိုကျော်ကြတဲ့သူတွေအကြောင်း တစေ့တစောင်းပဲရှိပါသေးတယ်။

သူ့လိုပဲ ဆင်ဆင်တူတဲ့ 'အောင်' တွေဆီ ထပ်သွားလိုက်ကြရအောင်။

'အောင်' နဲ့ ပတ်သက်သူတွေကို သတိရရင်၊ စဉ်းစားလိုက်ရင် ကလေးတစ်ယောက်ကို အမြဲလိုလိုသတိသွားရတတ်ပါတယ်။

သူကတော့ -

အပေါင်းအသင်းလုံးဝမှားသွားပြီး မူးယစ်ရဲ့သားကောင်ဘဝနဲ့ အညွန့်ကျိုးသွားတဲ့ ညိုလင်းအောင် ဆိုတဲ့ ကလေးပါပဲ။ လူငယ်တစ်ယောက်ပေါ့။

မအေနာမည်က မထက်မြတ်ညို၊ ဖအေက ကိုလင်းရှိန်၊ ကလေးက ညိုလင်းအောင်။ မအေနာမည်နဲ့ ဖအေနာမည်ကို ပေါင်းစပ်မှည့်ထားတာ။

ဒါပေမယ့် ခုနပြောသလိုမျိုး ပညာရပ်နဲ့ ပေါင်းစပ်ကြည့်လိုက်တော့ ညိုလင်းအောင်မှာ အပြစ်ရှိလာပါတယ်။ ဒီအပြစ်က ဘယ်သူ့ကိုမှ ချမ်းသာခွင့်မပေးပါဘူး။ ထိတာကတော့ထိတာပါပဲ။

ကြီးလာမှတွေ့ရတဲ့အပေါင်းအသင်းတွေက ဆေးစွဲတဲ့သူတွေပါလာတော့ သူပါတဖြည်းဖြည်းဆေးသုံးလာတာပါ။

အပေါင်းအသင်းမှားတယ်ဆိုတာက လူတိုင်းခပ်လွယ်လွယ်ပြောတတ်ကြတဲ့စကားပါ။ မှန်ပါတယ်၊ အပေါင်းအသင်းမှားတာမှန်ပါတယ်။ ဒါပေမယ့် လူတင်ပါလို့ နွားကျားကိုက်တာဆိုပြီး ပြောရမယ့်သဘောကိုလည်း မမေ့သင့်ပါဘူး။

လူကလည်းပါလို့ပါ။ လူမပါဘဲနဲ့ ဘယ်သူကမှဘာမှမဖြစ်ပါဘူး။

ဒီလိုအပေါင်းအသင်းတွေကြားကနေ လွတ်သွားတဲ့သူတွေကိုလည်း မြင်ဖူးပါတယ်။ အပေါင်းအသင်းဖျက်လို့ပျက်တယ်ဆိုတိုင်း အပြည့်အဝမှန်တယ်ပြောလို့ မရနိုင်သေးပါဘူး။

အပေါင်းအသင်းကလက်မတို့ခင် ထဲကပါချင်သူတွေကိုကျ ဘယ်လိုပြောမလဲ။

ဒီလိုနာမည်ရှင်မျိုးဟာ ဘယ်လိုမျိုးပါလိမ့်လို့ တွေးတော့မယ်ဆိုတာနဲ့ ညိုလင်းအောင်ကို မျက်လုံးထဲမှာ မြင်ယောင်လာပါတော့တယ်။

မှန်ပါတယ်။ ဖခင်နာမည် ကိုလင်းရှိန်ထဲက 'လင်း' ကို အော◌်သူလို့ အဓိပ္ပာယ်ရနေပါတယ်။

ဖခင်ရဲ့နာမည်ပညတ်ချက် 'လင်း' ကို ထည့်မှည့်ချင်ရင် နောက်က 'အောင်' ကိုထည့်လို့မရပါဘူး။

ဖခင်ကို အောင်သူ၊ လင်းကို အောင်သူလို့ အဓိပ္ပာယ်ရလိုက်တာနဲ့ အဲဒီကလေးလေးရဲ့ဘဝဟာ တစ်ဆစ်ချိုးပြောင်းသွားပါတော့တယ်။ ဒီအပြောင်းအလဲက သူ့ကိုယ်သူ ထိန်းမနိုင်သိမ်းမရဖြစ်သွားတဲ့ အပြောင်းအလဲပါ။ အပေါင်းအသင်းဆွယ်တယ်ဆိုတာထက် သူပါပါသွားတဲ့ထိ၊ သူ့စိတ်ပါပါသွားတဲ့ထိဖြစ်သွားရတဲ့ အပြောင်းအလဲပါပဲ။

မရပါဘူး။

ဖခင်ကို အောင်နိုင်သူဖြစ်သွားပြီဆိုကတည်းက သူ့အတွက် ဘေးထွက်ဆိုးကျိုးတစ်ခုခုက လာပြီသာမှတ်ပေရော့ပဲ။

မဖြစ်ဘူးဆိုတာမရှိပါဘူး။

ဖခင်ကိုအောင်၊ မိခင်ကိုအောင်တဲ့နာမည်ရှင်တွေဟာ တစ်ခုမဟုတ်တစ်ခု ပေးဆပ်ရပါလိမ့်မယ်။

သိသိနဲ့ ပေးဆပ်လိုက်ရတာရှိသလို မသိဘဲနဲ့ပေးဆပ်လိုက်ရတာတွေလည်းရှိပါတယ်။ တချို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ပေးဆပ်သွားရပါတယ်။ တချို့ကျတော့ ငယ်ငယ်ရွယ်ရွယ်ကထဲက မပေးဆပ်ခဲ့ရဘဲ ကြီးမှ၊ အရွယ်လေးရလာမှ ပေးဆပ်ရတဲ့သူတွေရှိပါတယ်။

ဒီလိုပြောရင်းနဲ့ မောင်လဝန်းအောင်ဆိုတဲ့ကလေးကို ပြေးသတိရမိလို့။

အဲဒီကလေးရဲ့အဖေက တခြားနာမည်တစ်ခုပါ။ သူ့အမေကျတော့ ဒေါ်စန္ဒာဖြစ်နေပါတယ်။ ဒါဖြင့် စန္ဒာရဲ့အဓိပ္ပာယ်ကို 'လ'၊ ခပ်လွယ်လွယ်ဖွင့်ဆိုရင် 'လ'ဖြစ်နေလေတော့ လဝန်းအောင်ဟာ နေရင်းထိုင်ရင်း ဂြိုဟ်စီးဂြိုဟ်နင်း မကင်းတဲ့နာမည်ရှင်ဖြစ်သွားပါလေရော။

ဒီကလေးတကယ်တော်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်ကထဲက စာတောက်လျှောက်တော်လာတဲ့ ကလေးပါ။ (၉) တန်းအောင်လို့ (၁၀) တန်းနှစ်ရောက်တဲ့အချိန်ကစပြီး ဘယ်လိုဖြစ်သွားတယ်မသိပါဘူး။ ဆေးလိပ်လည်းသောက်တာမဟုတ်ပါဘူး။ အရက်လည်းသောက်တာမဟုတ်ပါဘူး။ အပေါင်းအသင်းလည်းမမှားပါဘူး။ ဒါပေမယ့် စာကိုဘယ်လိုမှ ကျက်မှတ်လို့မရတော့သလိုသူကိုယ်တိုင်လည်း စာကိုစိတ်မဝင်စားတော့ပါဘူး။

ဘာဖြစ်သွားမှန်းမသိလို့ သူ့အမေဆိုရင် ရောဂါတောင်စွဲတဲ့အထိ စိတ်သောကအကြီးအကျယ်ရောက်သွားရှာပါတယ်။

ဘယ်လိုဖြစ်သွားမှန်းကို မသိပါဘူး။

လူကြီးက ကြက်ကြီးလည်လိမ်ချိုးထားသလိုကြီးငိုင်လို့၊ မျက်လုံးကြီးကစိုက်တိုက်တိုက်နဲ့စင်းလို့။

ပြလိုက်ရတဲ့ ဆေးဆရာပေါင်းစုံတယ်။ ဟုတ်မလိုလို၊ ကောင်းမလိုလိုနဲ့ အပြီးသတ်တော့ ဒုံရင်းဒုံရင်းပါပဲ။ ပြန်ဖြစ်ပြီးရင်းဖြစ်နေရင်းပါပဲ။

အမြဲတမ်းတက်ကြွတဲ့ကလေးဟာ စကားပြောရင်လည်းလေးသွားသလို ပြုံးရင်တောင် ယဲ့ယဲ့ပဲပြုံးတော့တယ်။ မေးနိုင်မှတစ်ခွန်းပဲ။ လူမြင်ရင်ရှောင်သွားသလိုပဲ။ သူ့တစ်ယောက်ထဲပဲ အမှောင်ထဲမှာ အနေများလာထယ်။

သူ့အသိုင်းအဝန်းက နေရာအနှံ့တော်တော်ရောက်ကြတော့ ဒီကလေးစာတော်လွန်းလို့ သူများလုပ်ထားတာ။ သူ့နဲ့စာတော်တဲ့ ပြိုင်ဘက်ကလေးဘက်ကလုပ်ထားတာဆိုပြီး အခြေအမြစ်မရှိတဲ့စကားတွေကိုပြောပါတယ်။ တချို့ကျတော့လည်း သူ့အမေကိုမုန်းလို့လုပ်လိုက်ရင်း ကလေးကိုထိသွားတာလို့ ပြောလိုပြော။

ဒါနဲ့ပဲ ပယောဂဆရာတော်တော်များများဆီရောက်ကြပြန်ပါတယ်။ စုံနေတာပဲ။ ကလေးကလည်း ကောင်းတော့မလိုလိုနဲ့ ဒုံရင်းဒုံရင်းပြန်ဖြစ်ပြန်ရော။

ပြောကြပြန်ရော။

တစ်ဖက်က တော်တော်အစွမ်းထက်တယ်တို့၊ သူတို့ပညာက လုပ်ပြီးရင် တစ်ဆုံးတစ်စတို့၊ ပြန်နုတ်လို့မရဘူးတို့ဖြစ်ပြန်ရော။

ထုံးစံအတိုင်းပေါ့။

ကုလို့ရရင်ရ၊ ကုလို့မရရင် ကြံဖန်ဆင်ခြေပေးကြသူတွေရဲ့ ထုံးစံအတိုင်းပေါ့။

သူတို့တွေက အမြင်အမျိုးမျိုးတွေနဲ့ ရှုထောင့်အမျိုးမျိုးက မြင်ကြပေမယ့် နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့အမြင်ကတော့ သူတို့နဲ့မတူပါဘူး။ မဖြစ်နိုင်တာကိုလည်း ကြံဖန်ပြောလို့မရပါဘူး။ လဝန်းကိုအောင်တဲ့သူကို မြင်တဲ့အမြင်အတိုင်းပဲကြည့်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ပိုဆိုးသွားတာက သူ့အမေရဲ့နာမည်ပညတ်က လဝန်းလို့အဓိပ္ပာယ်ရတဲ့ ဒေါ်စန္ဒာဖြစ်နေလို့ပါပဲ။ လဝန်းကိုအောင်တယ်ဆိုတော့ သူ့အမေကို အောင်တာနဲ့ အတူတူပဲ။

ဒီတော့ နာမည်ပညာအရ ကလေးမှာ အပြစ်ကမကင်းပြန်ဘူး။

ကိုလှမြတ်ရဲ့သား မြတ်ကျော်ထိပုံကတစ်မျိုး။

ရင်ရင်ကျော် ထိပုံကလည်း မတူပြန်ဘူး။

လဝန်းအောင်ကတစ်မျိုး။

သူ့ကျတော့ ထိချက်ပြင်းတယ်လို့ပြောလို့ရပါတယ်။

အညွန့်ကျိုးသွားတာကိုး။

တဖြည်းဖြည်း တအိအိနဲ့ထိသွားတဲ့ထိချက်ပေါ့။

ဒီလိုပြောကြစတမ်းဆိုရင် လဝန်းအောင်ထိတာ ဘာမှမဟုတ်သေးပါဘူး။ ပြောပြပါဦးမယ်။

အသိတော့မဟုတ်ပါဘူး။

အသိတွေထဲကတစ်ဆင့်သိကြတဲ့ အသိပေါ့။

အဖေက ကိုကျော်၊ ဦးကျော်၊ သားက ကျော်မိုးအောင်။

သူကကြာသပတေးသား။နာမည်က မိုးအောင်။ သူ့အဖေက သူ့နာမည်ကို ဦးထိပ်ထားရာရောက်အောင်ဆိုပြီး နာမည်ကိုဝိတ်ပေးထားလိုက်တော့ 'ကျော်မိုးအောင်' ဖြစ်သွားပါတော့တယ်။

ရိုးရိုးပဲနားထောင်ကြည့်လိုက်ပါ။

ဖအေ ဦးကျော်၊ သားက ကျော်မိုးအောင်။

ဖအေကိုမိုးပြီးအောင်ထားပြီ။

အဓိပ္ပာယ်လွန်သွားပြီ။

ဒီတော့ နာမည်ပညာက မျက်နှာမလိုက်တဲ့အတွက် သူ့ကိုချမ်းသာမပေးတော့ဘူး။

သူဟာ အဝေးပြေးလမ်းမှာပဲ လူ့ဘဝကြီးကို ကျောခိုင်းသွားခဲ့ပါပြီ။ သူ့အဖေကို သူ့ဘဝသက်တမ်းအရှည်ကြီးဖြစ်တဲ့အထိ မမိုးနိုင်၊ မအောင်နိုင်တော့ပါဘူး။ လမ်းခုလတ်မှာတင်သွားပါပြီ။

သူ့လိုပဲထိချက်ပြင်းသွားကြသူတွေမနည်းတော့ပါဘူး။

ဒါပေမယ့် -

လူတိုင်းကိုတော့မမြင်ပါဘူး၊ မသိပါဘူး။

နာမည်မြင်ကွင်းထဲကိုရောက်လာမှပဲသိရတာပါ။

နာမည်မြင်ကွင်းထဲကကြည့်မှမြင်ရတာပါ။

ဒီတိုင်းနေရင် ဘာမှမသိနိုင်ပါဘူး။

သိအောင်မကြိုးစားရင်လည်းမသိနိုင်ပါဘူး။

ဒီလိုမျိုးကြုံဖူးပါတယ်။

တစ်ခါက လူတစ်ယောက်နဲ့စကားပြောဖူးပါတယ်။

သူက ထွန်းဆောင်၊ သူ့သားက ထွန်းနောင်။ သူ့သားရဲ့သား၊ သူ့ရဲ့မြေးက ထွန်းထွန်းအောင်။

မှည့်ထားလိုက်တာ တန်းကိုစီနေတာပဲ။

သူတို့တွေဟာ ခဲထိုးသဲထိုးအလုပ်သမားတွေဘဝနဲ့ပဲ ဘဝရဲ့ဆည်းဆာချိန်ကိုစောင့်နေကြသူတွေ ဖြစ်ပါတယ်။

ကိုထွန်းဆောင်ဟာ ထွန်းနောင်မမွေးခင်က သဲသမ္ဗန်နှစ်စီးတောင်ပိုင်တဲ့သူပါ။ ထွန်းနောင်လေး ကြီးလာလေ သူ့ဘဝဟာ ဘာမှအဆင်မပြေသလိုဖြစ်ပြီး သဲသမ္ဗန်တွေရောင်းစားပစ်ရတဲ့ဘဝရောက်တဲ့ထိ ဒုက္ခတွေရောက်ရပါတော့တယ်။

ဘာလို့ထွန်းနောင်လို့မှည့်တာလဲဆိုတော့ နောင်မှထပ်ပြီးထွန်းကားလာတဲ့ကလေးမို့ ထွန်းနောင်လို့ခေါ်တာတဲ့။ ထွန်းနောင်ဟာ သူ(၁၃)နှစ်သားသာသာလောက်ကစပြီး သူ့အဖေ ခဲထိုး၊ သဲထိုးတာလျှောက်လိုက်လို့ လုပ်ငန်းအတွေ့အကြုံရခဲ့ပါတယ်။

ဒီလိုနဲ့ ဘဝကို ရုန်းကန်ကြရင်း ထွန်းနောင်က တစ်ခါအိမ်ထောင်ကျပြန်တော့ ထွန်းထွန်းအောင်ဆိုတဲ့ကလေးဖြစ်လာပြန်တာပါပဲ။

သူတို့တွေဟာ အလုပ်တကယ်ကြိုးစားကြပါပေတယ်။

ဒါပေမယ့် ပင်ပန်းလိုက်တာ။ သူတို့ကိုကြည့်ရတဲ့သူတောင် ကြည့်ရင်းစိတ်မောရတယ်။ အလုပ်နဲ့လက်တွေ့ပြတ်ကိုမပြတ်ကြဘူး။ ဒါလည်း စ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပိုတယ်လျှံတယ်ဆိုတာဝေလာဝေး။

သူတို့ဆိုရင် -

သူတို့အလုပ်နဲ့သူတို့လေ။

သူတို့ဘဝကိုသူတို့မနည်းရုန်းကန်ကြိုးစားနေကြရရှာတာမို့ -

သူတို့တွေဟာ သိအောင်မကြိုးစားကြတဲ့သူတွေလို့ပြောလို့ရသလို သိအောင်ကြိုးစားဖို့ အချိန်မပေးနိုင်ကြသူများလို့လည်းပြောလို့ရတယ်။

သူတို့ရဲ့ရိုးသားမှုလေးတွေကိုမြင်ရတော့၊ ကိုထွန်းဆောင်နဲ့ စကားပြောကြည့်ဖြစ်တော့ စိတ်မကောင်းဘူး။

ဒီလိုတွေများဗျာ၊ ဘာဖြစ်လို့မှည့်ထားရတာလဲဆိုတော့ -

ဒီလိုပဲ ရိုးရိုးပဲခေါ် ကောင်းကောင်းနဲ့ခေါ် ရင်းတွင်သွားတာပါတဲ့။ထွန်းနောင်ကတော့ နောင်မှထွန်းကားလာတဲ့ကလေးမို့ ထွန်းနောင်လို့ခေါ် တာဆိုတဲ့ တစ်ခွန်းပဲ သူပြောတတ်တယ်။ ထွန်းထွန်းအောင်လေးကျ ခေါ် ကောင်းလို့တဲ့။

ကဲ -

ဒီလို ရိုးသားသူတွေကျတော့ ဘယ်လိုလုပ်ပြီးအပြစ်ပြောရက်ပါတော့မလဲ။

ခင်ဗျားတို့နှယ်ဗျာ မှည့်မှည့်တတ်လွန်းတယ်ဆိုတဲ့စကားမျိုး မပြောရက်တော့ဘူး။ ပြောမထွက်တော့ဘူး။

အဆင်ကောပြေကြရဲ့လား ဆိုတော့ -

ပြေပါတယ်၊ ဘာဖြစ်လို့လဲတဲ့။

သူကတောင်ပြန်မေးသေးတယ်။

ကြည့်ရတာ ပင်ပန်းလွန်းသလားလို့ဆိုတော့ ဘဝကဒီလိုပဲအကျိုးပေးတော့ ဒီလိုပဲရှာကြဖွေကြရတာပေါ့ ဆရာလေးရယ်တဲ့၊နေသားကျသွားကြပါပြီတဲ့၊ကိုယ့်ဘဝလေးနဲ့ကိုယ်ပျော်ကြပါတယ်တဲ့။

ဘယ်လိုပြောမလဲ။

အမှန်တကယ် မနားတမ်းအလုပ်လုပ်ကြတဲ့မိသားစု၊ မခိုမကတ်အလုပ်လုပ်ကြတဲ့မိသားစု၊ ပုံမှန်လေးစားနေရတာကိုပဲကျေနပ်နေတဲ့မိသားစု၊ ပင်ပန်းလွန်းတာနဲ့ သူတို့ရဲ့နေမှုထိုင်မှုတောင်မတန်တဲ့မိသားစု၊ ပြောရမယ်ဆိုရင် ဇွဲလုံ့လ၊ ဝီရိယတွေနဲ့ ကြိုးစားကြပေမယ့် လက္ခဏာရှားပါးကြတဲ့မိသားစုပါ။

ဒီမိသားစုလေးဟာ နာမည်မြင်ကွင်းထဲကို ရောက်လာတာမို့ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

ပြင်လို့တော့မရတော့ပါဘူး။

နာမည်နဲ့ပတ်သက်ပြီး မှည့်တာတို့၊ ပြင်တာတို့ဆိုတာမျိုးတွေကိုလည်း သူတို့စိတ်မဝင်စားကြပါဘူး။

ဒါကြောင့် -

ထွန်းဆောင် -

သူ့ထက်အကြီးကို မှည့်ရမယ့်နာမည်မျိုး ထွန်းနောင်ဆိုတဲ့ ပညတ်တွေကိုပဲ ဟိုတွေးဒီတွေးတွေးရင်း ဒီမိသားစုလေးကို ကျောခိုင်းခဲ့ရပါတယ်။

ဒါက -

မသိတဲ့သူတွေ -

ပညာခန်းနဲ့ နည်းနည်းစိမ်းနေတဲ့သူတွေ -

ဗဟုသုတကိုအများကြီးမရှာအားတဲ့သူတွေ -

သူတို့ကိုသွားပြီးအပြစ်ပြောလို့မရပါဘူး။

သိသိနဲ့မှည့်ထားတာမျိုးကျတော့ တစ်မျိုးပေါ့။

တစ်မျိုးပေါ့ဆိုလို့ -

သူကတော့ ဘယ်သူနဲ့သွားမှည့်တယ်၊ ဘယ်ဝါနဲ့သွားမှည့်တယ်ဆိုပြီး ပြောတာပဲ။ သူ့နာမည်က ကိုတင်မြတ်။ သိပ်အခင်ကြီးရယ်လို့တော့မဟုတ်ဘူး။ သူ့သားကို မှည့်ထားတာ တင်အောင်ကျော်။ ကိုကျော်မိုးအောင်တို့သားအဖလိုမျိုးပဲ ဖခင်ကို အောင်ပြီးကျော်နေတယ်။

ပြောပြခဲ့မိပါသေးတယ်။ -

ဒါပေမယ့် -

စောစောကပြောသလိုပေါ့။ ဒါဘယ်သူနဲ့ပေးထားတာ၊ ဘယ်ဝါနဲ့ပေးထားတာဆိုတဲ့ တလွဲဆံပင်ကောင်းမာနကြောင့် တင်အောင်ကျော်လေးဟာ ဆိုင်ကယ်မှောက်ပြီး ခေါင်းမကောင်းဖြစ်သွားရပါတယ်။

ပြောကြမှာပေါ့လေ။

သူ့ဟာသူ မှောက်ချင်လို့မှောက်တာပဲ၊ စီးတာမဆင်ခြင်လို့မှောက်တာဘဲဆိုပြီးပြောကြမှာပေါ့။ ခေါင်းကလည်း သူ့ဟာသူထိသွားလို့ မကောင်းတာဘဲ ပြောကြမှာပေါ့။

ခု -

သိစိတ်မရှိတော့ပါဘူး။

ရှင်လျက်နဲ့ သေနေသလိုပါပဲ။ ကြောင်တောင်ဖြစ်နေပါပြီ။

ကုလိုက်ကြတာလည်းမပြောပါနဲ့တော့။ နိုင်ငံခြားသွားကုဖို့ အခက်အခဲရှိလို့သာ နိုင်ငံခြားသွားမကုတာ။ တတ်နိုင်သလောက်တော့ကုကြတာပါပဲ။မျက်လုံးတစ်ခြမ်းက နှိမ့်နှိမ့်ကြီးလိုပဲ။ ဘယ်လိုပုံဖြစ်သွားမှန်းမသိဘူး။ အနားမှာတစ်ယောက်က အချိန်ပြည့်လိုနေပေးနေရပါတယ်။ တင်အောင်ကျော်လေးဟာ အသက်တော့ရှင်နေပါသေးတယ်။ အသိကတော့ လွတ်လွတ်သွားပါပြီ။ ငါးနှစ်လောက်တောင်ရှိမလားဘဲ။ အဲဒီကလေးရဲ့အိမ်ရှေ့ဖြတ်သွားတိုင်း စိတ်မကောင်းပါဘူး။ သူဟာ စားတော့စားပါတယ်။ အိပ်ပါတယ်။ ဘယ်လိုကြီးမှန်းမသိဘူး၊ လေးလေးကြီး။ စကားပြောရင်လည်း အကြာကြီးနေမှတစ်ခွန်း လေးလေးကြီး။

ဒါကတော့ -

သိသိနဲ့မှည့်ထားတာမို့ ဘယ်လိုပြောရတော့မလဲ ကဲ။

ဖအေက ကိုတင်မြတ်၊ သားက တင်အောင်ကျော်။ ရိုးရိုးပဲနားထောင်ကြည့်ပါ။ မှည့်သင့်၊ မမှည့်သင့်။

ဟာ - ငါမှည့်လိုက်တဲ့နာမည်က ပြိုင်ဘက်ကင်းကွ၊ ငါကွ ဆိုပြီး စိတ်နဲ့မမှည့်သင့်ပါဘူး။

ကလေးရဲ့ဘဝကို ကြည့်သင့်ပါတယ်။

ကိုယ်မှည့်လိုက်တဲ့ နာမည်ဟာကလေးကို အကျိုးပြုမှာလား၊ အကျိုးယုတ်စေမှာလားကစပြီး ကြည့်ရပါလိမ့်မယ်။

ဆင်တူရှိတာ၊ မရှိတာ၊ ပြိုင်ဘက်ကင်းတာ၊ မကင်းတာက ကလေးရဲ့ဘဝကို လှပအောင် မတည်ဆောက်နိုင်ပါဘူး။

ကလေးလေးရဲ့ဘဝကိုအကျိုးပေးတော့မယ်ဆိုရင် ဆင်တူရှိနေရင်လည်း မှည့်သင့်မှည့်ရပါလိမ့်မယ်။ ဒီကလေးဟာ ဒီနာမည်နဲ့ အကျိုးပေးပြီ ဆိုတာတွေ့တာနဲ့ မှည့်ကိုမှည့်ရပါလိမ့်မယ်။

ဘယ်သူနဲ့ပေးထားတာ၊ ဘယ်ဝါနဲ့ပေးထားတာဆိုတာက ကိုယ့်ကလေးရဲ့ဘဝအောင်မြင်တိုးတက်မှုမှာ မလိုလားအပ်တဲ့အတွေးတွေပါ။ ဘယ်သူနဲ့ပေးပေး ကလေးလေးကောင်းရင် မကောင်းဘူးလား။

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော အနှစ်နှစ်ဆယ်နီးပါး ခန့်က ဖြစ်သည်။ ထိုအချိန်က ရန်ကုန်မှ ပုဂံသို့ မော်တော်ကားများဖြင့်သာ တိုက်ရိုက်သွားလာ၍ရသော်လည်း မီးရထားဖြင့် ရန်ကုန်မှ ပုဂံသို့ တိုက်ရိုက်သွားလာ၍မရပေ။ အဘယ်ကြောင့်ဆိုသော် မီးရထားလမ်းမှာ ရန်ကုန်မှ ပြည်မြို့သို့ ယခင်ကတည်းက ဖောက်လုပ်ထားပြီး ဖြစ်သဖြင့် သွားလာ၍ရသော်လည်း ပြည်မြို့မှ အောင်လံမြို့ဘက်သို့ ဆက်သွား၍မရတော့ဘဲ ပြည်မြို့၌ပင် ရထားလမ်း ဆုံးသွားခဲ့သည်။

ထို့ကြောင့် ပြည်မြို့မှအောင်လံမြို့ အထိ၊ အောင်လံမြို့မှ တောင်တွင်းကြီး ဆက်သွားအထိ မီးရထားလမ်းမရှိဘဲ ဆက်သွားမှ ကျောက်ပန်းတောင်းအထိ မူလလမ်းဟောင်းရှိသည်။

ရိုးမ၏ အရှေ့ဘက်တွင် ရန်ကုန် တောင်ငူ၊ မန္တလေးရထားလမ်းမကြီးရှိပြီး ရိုးမ၏အနောက်ဘက်တွင် ပြည်မြို့မှ တောင်တွင်းကြီး၊ ဆက်သွားအထိ ရထား လမ်းမရှိဘဲဖြစ်နေသဖြင့် ထိုနေရာများတွင် ရထားလမ်းသစ်ဖောက်လုပ်လိုက်ပါက ရိုးမပတ်လမ်းကြီးဖြစ်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိ သူများက ပြည်မှ အောင်လံသို့လမ်းပိုင်း





www.burmeseclassic.com

www.burmeseclassic.com

အောက်လံမှ ဆတ်သွားအထိလမ်းပိုင်း၊ တစ်ဖန် ကျောက်ပန်းတောင်းမှ ပုဂံအထိ လမ်းပိုင်း စသဖြင့် အပိုင်းများခွဲကာ တပ်မတော် တပ်ရင်းတပ်ဖွဲ့များကို တာဝန်ပေးဖောက်လုပ်စေခဲ့တော့သည်။

ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရန်အတွက် ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကိုသာ တပ်မတော်သားများက အဓိက လုပ်ဆောင်ခဲ့ကြပြီး ရထားလမ်းချောင်း ကူးတံတားအလတ်စားနှင့် အသေးစားများကိုမူ ပြင်ပမှ လုပ်ကိုင်လိုသော ဆောက်လုပ်ရေးကန်ထရိုက်အဖွဲ့လေးများအား တာဝန်ယူ ဆောက်လုပ်စေခဲ့သည်။

ထို့ကြောင့် မြို့ပေါ်ရှိ ကန်ထရိုက်အဖွဲ့လေးများ၊ ပန်းရန်လက်သမား သံချည်သံကွေးအဖွဲ့လေးများ အားလုံးလိုလိုပင် ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ ဝင်ရောက် လုပ်ကိုင်ကြတော့သည်။

ထိုကဲ့သို့ လုပ်ကိုင်ကြသည့် အဖွဲ့ကလေးများထဲတွင် အောင်လံမြို့မှ ဦးအောင်မင်း ခေါင်းဆောင်သော ဆောက်လုပ်ရေးကန်ထရိုက်အဖွဲ့လေးလည်း အပါအဝင်ဖြစ်သည်။

❐

ဦးအောင်မင်း၏ဇာတိမှာ ပြည်မြို့တစ်ဖက်ကမ်းရှိ ပန်းတောင်းမြို့မှဖြစ်ပြီး ငယ်ရွယ်စဉ်ကပင် ပန်းရန်အလုပ်ကိုလုပ်ကိုင်ခဲ့သူဖြစ်သည်။ တဖြည်းဖြည်းနှင့် လုပ်ငန်းကျွမ်းကျင်လာသောအခါတွင် ပန်းရန်ခေါင်းဆောင်အဖြစ် လုပ်ငန်းအဖွဲ့ကလေးပေါင်းစုမိပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ကန်ထရိုက်ယူကာ ဆောက်လုပ်ခဲ့သည်။

နောက်ပိုင်းကာလများ၌ တိုက်ပေါင်၊ ငွေချေးသူများ ပေါ်များလာသောအခါတွင် ရေကြည်ရာမြက်နုရာ ရှာဖွေရင်း လုပ်ငန်းကောင်းသည့် အောင်လံမြို့လေးသို့ တိုက်များကိုကန်ထရိုက်ယူကာ ဆောက်လုပ်ရန် မိသားစုများပါ အပြီးပြောင်းရွှေ့လာခဲ့တော့သည်။

တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သည့်အတွက် မိမိနှင့်လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေသည့် သန်လျက်ကိုင်ပန်းရန်ဆရာ သုံး၊ လေးဦး၊ လက်သမားဆရာ သုံး၊လေးဦးခန့်နှင့် သံချည်သံကွေးသမား သုံး၊ လေးဦး စုစုပေါင်း ဆယ့်လေးငါးယောက်ခန့် အဖွဲ့ကလေးတစ်ဖွဲ့ဖွဲ့ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အခြား အထွေထွေလုပ်ငန်းများ လုပ်ကိုင်ရသည့် လူကြမ်းခေါ် အလုပ်သမားများကိုမူ လုပ်ကိုင်ရသည့်လုပ်ငန်းအကြီး၊ အသေးအလိုက် လိုအပ်သမျှ ရပ်ကွက်အတွင်းမှ လုပ်ကိုင်လိုသောသူများအား ခေါ်ယူအသုံးပြုခဲ့သည်။



(အောင်လံ)

# တင်အေးကျော်

## ရထားလမ်းသစ်မှ မျက်နှာစိမ်းများ



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ လုပ်ကိုင်နေရင်းမှ ရိုးမ ပတ်လမ်းကြီးအဖြစ် ရထားလမ်းသစ်များ ဖောက်လုပ်ခဲ့သောအခါ လိုအပ်သည့် ချောင်းကူးတံတားကလေးများကို ကန်ထရိုက်ယူကာ ဆောက်လုပ်ပေးခဲ့သည်။ ပြည်မြို့နှင့် အောင်လံမြို့ကြားတွင် ကြီးကြီးမားမား တံတားကြီး သုံး၊ လေးစင်းခန့်နှင့် အောင်လံနှင့်ဆတ်သွားကြားတွင်လည်း တံတားကြီးသုံး၊ လေးစင်းခန့်သာရှိသည်။

သို့သော်လည်း ချောင်းကူး၊ မြောင်းကူးတံတားလေးများကမူ ရေတွက်၍မရနိုင်လောက်အောင်ပင် ပေါများလှသည်။ ယခုဆိုလျှင် ဦးအောင်မင်းအဖွဲ့မှာ တံတား သုံး၊ လေးစင်းမက ဆောက်လုပ်ပြီးဖြစ်သဖြင့် မြို့ရွာများနှင့် တဖြည်းဖြည်း အလှမ်းကွာဝေးလာခဲ့ပြီဖြစ်သည်။

မြို့ရွာများနှင့် အလှမ်းကွာဝေးလာသည်နှင့်အမျှ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း အခက်အခဲလေးများကလည်း အနည်းနှင့်အများဆိုသလိုရှိလာခဲ့သည်။ အထူးသဖြင့် တံတားဆောက်လုပ်ရာတွင် မဖြစ်မနေ သုံးစွဲရန် လိုအပ်သည့် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံချောင်း၊ သစ် စသည့် အခြေခံပစ္စည်းများကို မြို့ပေါ်မှ ကားများဖြင့် လမ်းပေါက်အထိ သယ်ယူရပြီး တစ်ဖန် ကားလမ်းမကြီးမှ တံတားဆောက်လုပ်ရမည့် ချောင်းကူးလေးများရှိရာသို့ နွားလှည်းများငှားကာ သယ်ယူရပြန်သည်။

ထို့ပြင် ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ရာတွင် မရှိမဖြစ် အဓိကလိုအပ်သည့်ရေကိုလည်း လုပ်ငန်းမစတင်မီကပင် လုပ်ငန်းဆောင်ရွက်ရမည့်နေရာသို့ ကြိုတင် သယ်ယူကာ သိုလှောင်ထားရသည်။

တံတားဆောက်လုပ်ရမည့်ချောင်းကလေးများကလည်း များသောအားဖြင့် သဲချောင်းကလေးများဖြစ်၍ မိုးတွင်းကာလ၌ပင် မိုးရွာနေစဉ်ကလွဲ၍ ရေမရှိတတ်ပေ။ ထို့ကြောင့် လုပ်ငန်းမစတင်မီ ရက်အနည်းငယ်ကပင် ယာယီတဲကြီးများဆောက်လုပ်ကာ လိုအပ်သည့် ပစ္စည်းများကို ကြိုတင်စုဆောင်းထားပါမှ လုပ်ငန်းမြန်မြန်ပြီးကာ အဆင်ပြေသည်။

ယခုလည်း နံနက်ပိုင်းကပင် လုပ်ငန်းဆောင်ရွက်ရမည့် ချောင်းကလေးဘေးတွင် ယာယီမိုးကာတဲကြီးတစ်လုံးဆောက်လုပ်ထားပြီးဖြစ်ကာ လိုအပ်သည့်ပစ္စည်းများ ကြိုတင် သယ်ယူ စုဆောင်းရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။

တံတားဆောက်လုပ်ရမည့်ချောင်းကလေးမှာလည်း ခါတိုင်းဆောက်လုပ်နေကျ ချောင်းကလေးများလိုပင် ပေ သုံးဆယ်ကျော်ခန့်သာရှိသည့် ချောင်းခြောက်ကလေးဖြစ်ပြီး ချောင်းလေး၏ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးကြီးမားမားမရှိဘဲ သစ်ပင်ငယ်ကလေးများနှင့် ချုံပုတ်များသာရှိသော ဖုန်းဆိုးကွင်းပြင်များသာ ဖြစ်သည်။

ယာယီတဲ ဆောက်ထားသော ချောင်း၏ခပ်လှမ်းလှမ်း ဖုန်းဆိုးကွင်းပြင်၏ အစွန်တွင်သာ ကြီးမားလှသော လက်ပံပင်ကြီးတစ်ပင်က ထီးထီးကြီးကြီးရှိနေပြီး ဆောင်းအကုန်နွေအကူးကာလဖြစ်သဖြင့် နီရဲနေသောလက်ပံပွင့်များက တစ်ပင်လုံး ဝေဆာနေအောင်ပွင့်လျက်ရှိပြီး ကျေးငှက်သာရကာများ၏ အော်မြည်သံများက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံလျက်ရှိသည်။

ယာယီတဲကြီးက နှစ်ဆယ့်ငါးပေ ပတ်လည်ရှိပြီး အမိုးကိုသာ မိုးကာအထူဖြင့် လုံခြုံအောင်မိုးထားပြီး မိုးလေကင်းစင်သောရာသီဖြစ်သဖြင့် ဘေးပတ်ပတ်လည်ကို အကာကာမထားပေ။

ညနေစောင်းလာပြီ ဖြစ်သောကြောင့် နံနက်ပိုင်းက ယာယီမိုးကာတဲကြီးဆောက်ရန်လာကြသော ဦးအောင်မင်းတို့အဖွဲ့ မြို့သို့ပြန်ကြရန် လှည်းများပြင်လိုက်ကြသည်။ လောလောဆယ်အားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသယ်မလာနိုင်သေးဘဲ တဲကြီးတွင် ညအိပ်စောင့်မည့် ဖထီးဦးစောဘမောင် ချက်ပြုတ်စားရန်အတွက် စားအိုး စားခွက်အချို့၊ ဆန် ဆီ ဆားအစရှိသည့် ပစ္စည်းများနှင့် ဟင်းချက်စရာ အနည်းငယ်ကိုသာ သယ်ယူလာခဲ့ရသေးသည်။

ဦးစောဘမောင်က ဗုဒ္ဓဘာသာ ကရင်တိုင်းရင်းသားဖြစ်ပြီး တပ်မတော်မှ သက်ပြည့်အငြိမ်းစားယူလာသော စစ်သားဟောင်းကြီးတစ်ယောက် ဖြစ်သည်။ အိမ်ထောင်မရှိဘဲ ညီမဖြစ်သူနှင့် အတူနေကာ အရက်သေစာသောက်စားခြင်းမရှိသော်လည်း ဆေးလိပ်ကိုမူ ငယ်စဉ်ကတည်းက စွဲစွဲလမ်းလမ်းနှစ်ခြိုက်စွာ သောက်လာခဲ့သဖြင့် ယခုအချိန်ထိဖြတ်မရခဲ့ပေ။

ဦးအောင်မင်းထံတွင် နေ့လယ် နေ့ခင်းပိုင်း အုတ်သယ်၊ ကျောက်သယ်၊ မဆလာသယ် စသည်တို့ဖြင့် အလုပ်မျိုးစုံလုပ်ကိုင်ခဲ့ပြီး ညအချိန်ရောက်လျှင် ဆောက်လုပ်ရေးပစ္စည်းများအား စောင့်ရှောက်ရသည့် လုံခြုံရေးတစ်ဦးအဖြစ် လုပ်ကိုင်လာခဲ့သည်မှာ နှစ်ကာလ အတော်အတန်ပင်ကြာခဲ့ပြီ ဖြစ်သည်။

“ကဲ - ဖထီး၊ ကျွန်တော်တို့ပြန်တော့မယ်။ ဘာလိုသေးလဲ၊ လိုတာမှာလိုက်လေ။ မနက်ဖြန် ဘိလပ်မြေနဲ့ သံချောင်းကတော့ အဆင်ပြေရင် ပါလာလိမ့်မယ်။ ရွာတွေနဲ့လည်း နည်းနည်းလှမ်းတော့ ဂရုတော့စိုက်နေပေါ့။ တစ်ယောက်တည်းမဖြစ်ရင် ကလေးတစ်ယောက် ခေါ်ထားလိုက်ပါလား။ လောလောဆယ် ပစ္စည်းတွေမရှိသေးပေမယ့် ပတ်ဝန်းကျင်က ကိုယ်နဲ့အကျွမ်းဝင်တဲ့နေရာမဟုတ်သေးလို့ ကျွန်တော်သိပ်စိတ်မချဘူး၊ ဖထီးဖြစ်ပါ့မလား”

“ဖြစ်ပါတယ် ဆရာ၊ ကျွန်တော်နေရဲပါတယ်။ တပ်ထဲမှာတုန်းကဆို ဒီလိုပဲနေလာခဲ့ရတာပဲ။ တစ်ခါတလေ သချိုင်းကုန်းတွေမှာ အုတ်ဂူတွေကို ခေါင်းအုံးပြီး အိပ်ခဲ့ရတဲ့ညတွေတောင်ရှိခဲ့ပါတယ်။ ဒီလောက်တောင်တော့ အသေးအဖွဲပါ ဆရာ”

“ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားမကြောက်တတ်မှန်း ကျွန်တော်လည်းသိပါတယ်။ ဒါပေမယ့် သတိဆိုတာ ပိုတယ်မရှိဘူးဗျ။ ဒါကြောင့် ဒီနေ့ည ကျွန်တော့်တူ ထွန်းလွင်ကို ဒီမှာထားခဲ့မယ်။ နောက်နေ့တွေကျမှ ခင်ဗျား အဆင်ပြေတယ်ဆိုရင် တစ်ယောက်တည်းနေချင်နေပေါ့”

“နေပါစေ ဆရာ၊ ဒီနေ့တော့ ကျွန်တော်တစ်ယောက်တည်းလည်းဖြစ်ပါတယ်။ ဘာပစ္စည်းတွေမှလဲရှိသေးတာမဟုတ်လို့ ကိစ္စမရှိပါဘူး။ နောက်ရက်တွေကျရင်သာ ပစ္စည်းတွေရောက်လာရင် သူခိုးတွေဘာတွေခိုးမှာစိုးလို့ အဖော်ရအောင် ထွန်းလွင်ကို ခေါ်ထားပါ့မယ်”

မှာစရာရှိသည်များကို သေသေချာချာမှာကြားပြီး ဦးအောင်မင်းတို့အဖွဲ့ လှည်းများဖြင့် ပြန်သွားကြသည်။ ဆောင်းအကုန် နွေအကူးကာလဖြစ်သောကြောင့် ညနေစောင်းဖြစ်သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းမှုန်ကလေးများက တဖွဲဖွဲကျဆင်းစပြုလာပြီး အအေးဓာတ်လည်း အနည်းငယ်ဝင်စပြုလာပြီဖြစ်သည်။

ဖထီး ညနေစာကို ခပ်သွက်သွက်ပင် ချက်ပြုတ်လိုက်သည်။ ထမင်းအိုးတစ်လုံး၊ ရေနွေးတစ်အိုးဆူပြီးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ညနေစာစားရန် အဆင်သင့်ဖြစ်သွားပြီဖြစ်သည်။ ဟင်းအတွက်ကိုတော့ ပူစရာမလိုပေ။ အမဲခြောက်ကြော်တစ်ပုလင်းနှင့် ငါးပိကြော်တစ်ပုလင်းကို အိမ်မှကြော်ယူလာသည့်အတွက် ရေနွေးကြမ်းသောက်ပြီး စားလိုက်ပါက အဆင်ပြေသည်။

ညနေစာ ချက်ပြုတ်ပြီးသည်နှင့် အရင်ဦးဆုံး လုပ်စရာရှိသည့်အလုပ်တစ်ခုကို ဖထီးလုပ်ရန် တဲအပြင်ဘက်သို့ ထွက်လာခဲ့သည်။ တဲအပြင်ဘက်ရှိ မြေကွက်လပ်ထောင့်လေးထောင့်၌ ယာယီသဘော ငုတ်ကလေးများ ရိုက်လိုက်ပြီး ပန်းရန်ဆရာများသုံးသော ကြိုးလေးများဖြင့် တဲလေးဖက်လေးတန်ကို စတိသဘောပတ်ကာလိုက်ကာ ယာယီနယ်နိမိတ်သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

နယ်မြေစိမ်းတွင် ညအိပ်ည၌နေနေရမည်ဆိုပါက ထိုကဲ့သို့ အကာအရံပြုလုပ်ပြီးမှ အိပ်တတ်သည်မှာ ဖထီး၏ အကျင့်တစ်ခု ဖြစ်သည်။ ထို့နောက် တဲထဲသို့ပြန်ဝင်ကာ ခေါင်းရင်းဘက်တွင် အိမ်မှယူလာသော မြတ်စွာဘုရားရှင်၏ ရုပ်ပုံတော်ပန်းချီကားချပ်ကို ချိတ်ဆွဲလိုက်ပြီး ရှေ့တွင် ခုံလေးတစ်ခုံချကာ ယာယီဘုရားကျောင်းဆောင်လေးတစ်ခု အဖြစ် ဖန်တီးလိုက်သည်။

မှောင်ရီပျိုးစပြုလာ၍ ညစာစားပြီးချိန်လောက်တွင် နှင်းမြူများက တဖွဲဖွဲဆက်တိုက် ကျဆင်းလာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်ကာ မှောင်မည်းသွားတော့သည်။ ဖထီး အိမ်မှယူလာသော ဖယောင်းတိုင်သုံးတိုင်ထွန်းလိုက်ကာ ဘုရားရှိခိုး၊ အမျှအတန်းဝေပြီးသည်နှင့် ပဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ကာ အရပ်ရှစ်မျက်နှာသို့ စည်းချလိုက်သည်။ ဘုရားမီးပူဇော်ထားသော ဖယောင်းတိုင်များ ကုန်သွားသောအခါ မီးထပ်မထွန်းတော့ဘဲ မှောင်ထဲမှာပင် ခုံတစ်လုံးပေါ်တွင်ထိုင်ကာ ဘုရားရှင်အား အာရုံပြု၍ ခါတိုင်းစိပ်နေကျ ၂၄-ပစ္စည်း ပဌာန်းဒေသနာတော်ကြီးအား ဖထီးပုတီးစိပ်နေလိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲအော်သံ စသည်ဖြင့် မြေတွင်းအောင်းသတ္တဝါလေးများ၏ တစီစီနှင့်အော်မြည်သံကို သာကြားရပြီး တစ်ခါတစ်ရံခပ်လှမ်းလှမ်းရှိ လက်ပံပင်ကြီးပေါ်မှ အိပ်တန်းတက်နေသောငှက်များ၏ အိပ်တန်းလုရင်းဝုန်းခနဲဝုန်းခနဲလန့်ပျံသံများကို တစ်ချက်တစ်ချက်ကြားနေရသည်။

ထိုအခိုက် တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ဖြိုခွဲလျက် ငှက်ဆိုးခေါ် လင်ကောင်ပိုးငှက်တစ်ကောင်၏ ဂီးခနဲ ထိုးလိုက်သံကြောင့် ဖထီးပုတီးစိပ်အာရုံပျက်သလိုဖြစ်သွားခဲ့သည်။ လက်တွင်ပတ်ထားသောနာရီကိုကြည့်လိုက်သောအခါ ညကြည့်မီးစုန်းလက်တံလေးများက ကိုးနာရီထိုးပြီးနေမှန်း တွေ့လိုက်ရသည်။

အနားတွင်ချထားသော ရေနွေးအိုးထဲမှ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်စဉ်မှာပင် ရုတ်တရက် ကျယ်လောင် စူးရှလှသောအသံတစ်ခုကို ကြားလိုက်ရသည်။

"အမဲသားယူကြဦးမလား၊ အမဲသားလတ်လတ်ဆတ်ဆတ်တွေပါတယ်"

အမျိုးသမီးတစ်ယောက်၏ ကျယ်လောင်လှသောအသံစူးစူးကြောင့် ဖထီးရုတ်တရက် စိတ်ထဲတွင်လန့်သလိုဖြစ်သွားမိခဲ့သည်။ ဤနေရာတစ်ဝိုက်တွင် လူသူအရောက်ပေါက်မရှိဟု အကြမ်းဖျင်းသိထားသော်လည်း နေရာဒေသစိမ်းဖြစ်နေ၍ အနီးအပါးတွင် ရွာများရှိနေသလားဟု ဖထီးစိတ်ထဲတွင်ထင်လိုက်မိသည်။

သို့သော်လည်း ပြန်လည်၍ စဉ်းစားကြည့်လိုက်သောအခါ အချိန်မဟုတ်အခါမဟုတ် ညဉ့်နက်နေပြီဖြစ်သည့်အပြင် အမျိုးသမီးလည်းဖြစ်နေပြန်သောကြောင့် ဖထီးစဉ်းစားရကျပ်သွားပြန်သည်။ ထို့ကြောင့် စိပ်လက်စပုတီးကိုဘေးတွင် အသာချကာ သုံးထောင့်ထိုးဓာတ်မီးနှင့် လိုရမည်ရဆောင်ထားသော ငှက်ကြီးတောင်ဓားရှည်ကို လက်တွင်အဆင့်သင့်ကိုင်ကာ အခြေအနေကို စောင့်ကြည့်နေမိသည်။

တစ်ခုထူးခြားနေသည်မှာ အမဲသားသည် အမျိုးသမီးသည် တဲအနီးသို့ ကပ်မလာဘဲ ညနေစောင်းက ဖထီးယာယီတားကာ ပဌာန်းဖြင့်စည်းချထားသော ကြိုးပတ်လည်အပြင်ဘက်မှသာ တဲကိုပတ်ပြီး အော်နေခဲ့သည်။ ဖထီး အခြေအနေကို ကြည့်နေစဉ်မှာပင် တဲကြီးကို နှစ်ပတ်၊ သုံးပတ်ပတ်အော်လိုက်ပြီး ခပ်လှမ်းလှမ်းရှိ လက်ပံပင်ကြီးရှိရာဘက်သို့ ပြန်သွားသည့်အသံကို ကြားလိုက်ရပြီး တဖြည်းဖြည်း အသံပျောက်သွားခဲ့သည်။

ပုံမှန်အခြေအနေမဟုတ်မှန်း ဖထီးရိပ်မိလိုက်သဖြင့် လက်ထဲမှ ဓားနှင့်ဓာတ်မီးကို အသာချကာ မေတ္တာသုတ်တော်ကိုရွတ်ဖတ်၍ မေတ္တာပို့၊ အမျှအတန်းဝေလိုက်ပြီး စိပ်လက်စ ပဌာန်းဒေသနာတော်ကြီးကိုသာ အာရုံပြု၍ ပုတီးပြန်စိပ်နေလိုက်သည်။

"ဟောဒီမှာငါးယူကြဦးမလား၊ ငါးလတ်လတ်ဆတ်ဆတ်တွေပါတယ်ဗျို့"

ခဏအကြာတွင် မှောင်မည်းတိတ်ဆိတ်နေမှုကို ဖြိုခွင်းလျက် ယောကျ်ားကြီးတစ်ယောက်၏ ငါးလာရောင်းသောအသံကို ကြားလိုက်ရပြန်သည်။ သူကလည်း ခပ်စောစောက အမဲသားလာရောင်းသည့် အမျိုးသမီးလိုပင် တဲအနားသို့ကပ်မလာဘဲ တဲပတ်ပတ်လည်တွင် တားထားသော ကြိုးတစ်လျှောက်တွင်သာ နှစ်ပတ်၊ သုံးပတ်ပတ်အော်လိုက်ပြီး လက်ပံပင်ကြီးဆီသို့သာ ပြန်သွားသံကို ကြားလိုက်ရပြန်သည်။

အချိန်အနည်းငယ်သာ ခြားပြီး မိန်းမလာလိုက်၊ ယောကျ်ားလာလိုက်နှင့် တစ်ယောက်ပြီး တစ်ယောက် ဈေးလာရောင်းနေသည်မှာကြာလာတော့ ဖထီးရိုးသလိုဖြစ်သွားပြီး ဂရုမထားမိတော့ပေ။ အားလုံး တူညီသည့်အချက်မှာ လာရောင်းသည့်ပစ္စည်းကလည်း ဟင်းသီးဟင်းရွက်များတစ်ခုမှမပါဘဲ အသား၊ ငါးများသာ လာရောင်းနေခြင်းဖြစ်ပြီး လာသမျှအားလုံးကလည်း တဲအနီးသို့ တစ်ယောက်မှကပ်မလာရဲကြဘဲ စည်းချထားသောကြိုး၏ အပြင်ဘက်မှာသာ လှည့်ပတ်ကာ အော်နေကြခြင်း ဖြစ်သည်။ ညဉ့်အတော်နက်လာတော့မှ တဖြည်းဖြည်းနှင့် ဈေးလာရောင်းသည့်အသံများ ရပ်သွားခဲ့သည်။ ထို့ကြောင့် ဖထီးပုတီးစိပ်ရပ်လိုက်ပြီး ယာယီရိုက်ထားသော ကွပ်ပျစ်လေးပေါ်တွင် အညောင်းအညာပြေ ခဏလှဲလိုက်သည်။

တစ်နေကုန် အလုပ်လုပ်ထား၍ ပင်ပန်းညောင်းညာနေသည့်အထဲ ပတ်ဝန်းကျင်အနေအထားကလည်း အေးမြတိတ်ဆိတ်နေသောကြောင့် ဖထီး မေ့ခနဲ အိပ်ပျော်သွားမိခဲ့သည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိလိုက်ရဘဲ ခပ်လှမ်းလှမ်းတစ်နေရာဆီမှ ကြားလိုက်ရသော လူသံသူသံများကြောင့် ဖထီး ရုတ်တရက် လန့်နိုးလာခဲ့သည်။

ကြားနေရသော အသံများက အကျယ်ကြီးမဟုတ်သော်လည်း နှစ်ပေါင်းများစွာကြာအောင် တပ်မတော်ထဲတွင် တာဝန် ထမ်းဆောင်ခဲ့သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အအိပ်ဆတ်၍ နားပါးသည်မှာ အလေ့အကျင့်ဖြစ်နေပြီ ဖြစ်သည်။

အိပ်ရာပေါ်တွင် ထထိုင်လိုက်ပြီး အနားတွင် အသင့်ချထားသော မာတ်မီးနှင့် မားကို အသာစမ်း၍ လက်ထဲတွင် အသင့်ကိုင်ထားလိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည့်အပြင် ညဥ့်နက်လာလေလေ မြူနှင်းများကကျလာလေလေဖြစ်သဖြင့် အသည်းငယ်ပြီး ကြောက်တတ်သူများဆိုလျှင် မလွယ်ပေ။

သေသေချာချာ အာရုံစိုက်၍ နားထောင်ကြည့်လိုက်သောအခါမှ အသံများကို သဲသဲကွဲကွဲကြားလိုက်ရတော့သည်။ တစ်ယောက်နှင့်တစ်ယောက် စကားလှမ်းပြောနေသံများ၊ တစ်နေရာမှ တစ်နေရာလှမ်းခေါ်နေသံများ၊ ကလေးငိုသံ၊ ကလေးချော့နေသံ၊ ကြက်တွန်သံ၊ ဆန်ဖွပ်မောင်းထောင်းနေသံများကအစ အသံမျိုးစုံ စုံလင်လှသည်။

ရွာကြီးတစ်ရွာ၌ နေ့လယ်နေ့ခင်းဘက်တွင် တွေ့နေမြင်နေကျပုံစံအတိုင်း ဖြစ်နေသဖြင့် ဖထီးအလွန်အံ့ဩသွားမိသည်။ အသံများကို ပြတ်ပြတ်သားသား သဲသဲကွဲကွဲပင် ကြားနေရသဖြင့် အပြင်ထွက်ကြည့်ရန် ဖထီးခုတင်အောက်ဆင်းလိုက်ပြီး ဖိနပ်စီးလိုက်သည်။

တဲအဝသို့ထွက်ပြီး နားစွင့်ကြည့်လိုက်သောအခါ ထိုကြားနေရသော အသံများမှာ အဝေးကြီးကမဟုတ်ဘဲ မလှမ်းမကမ်းတွင်ရှိသော လက်ပံပင်ကြီးနှင့် မိမိ၏တဲကြားရှိ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိသော မြေကွက်လပ်ကြီးထဲမှထွက်ပေါ်နေခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။

လက်မှနာရီကိုကြည့်လိုက်သောအခါ နံနက်သုံးနာရီထိုးခါနီးနေပြီ ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဘယ်လိုမှ မစဉ်းစားတတ်တော့သဖြင့် ဖထီး တဲထဲသို့ ပြန်ဝင်ကာ အိပ်ရာပေါ်ပြန်လှဲလိုက်သည်။သာမန်ဖြစ်ရိုးဖြစ်စဉ်အနေအထား မဟုတ်မှန်း သိလိုက်ရသောကြောင့် သတိဝီရိယထားပြီးနေရန် ဆုံးဖြတ်လိုက်သည်။

သတိထား၍ နေသော်လည်း တစ်နေကုန် ပင်ပန်းထားသည့်ဒဏ်နှင့် ခိုက်ခိုက်တုန်အောင်အေးလှသည့်ပတ်ဝန်းကျင်အခြေအနေကြောင့် ဖထီး ပြန်လည် အိပ်ပျော်သွားမိပြန်သည်။

❒

"တဲရှင်တို့၊ တဲရှင်တို့"

တဲရှေ့မှအော်ခေါ်နေသောအသံကြောင့် ဖထီး အိပ်ရာပေါ်မှထလိုက်ပြီး တဲရှေ့သို့ အမြန်ထွက်ကြည့်လိုက်သည်။ ဆံပင်သျှောင်ထုံးထုံးထားသောအသက် ခပ်ကြီးကြီးလူကြီးတစ်ယောက်နှင့်အတူ ယောကျ်ား၊ မိန်းမများနှင့် ကလေးများ အပါအဝင် လူတော်တော်များများကိုတွေ့လိုက်ရသည်။ အနည်းဆုံး အယောက်သုံးဆယ်ကျော်ကျော်ခန့်ရှိမည်ဟု ဖထီး ခန့်မှန်းလိုက်မိသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသည့် အသက်ကြီးကြီးလူသာ တဲနှင့်ခပ်လှမ်းလှမ်းနားသို့ကပ်လာသော်လည်း ကျန်သည့်လူများကတော့ တဲနှင့်အတန်ငယ်ဝေးသောနေရာများတွင်သာ ထိုင်သူထိုင်၊ မတ်တတ်ရပ်သူရပ်နှင့် ကျန်နေခဲ့ကြသည်။

ဖထီးအခြေအနေကို အကဲခတ်ကြည့်လိုက်ရင်း မိမိရှေ့ရှိ လူကြီးအားစကားစပြောလိုက်သည်။

"ဘာကိစ္စများရှိလို့ပါလဲဗျာ။ ပြောစရာဆိုစရာရှိတယ်ဆိုရင်လည်း အေးအေးဆေးဆေးပြောရဆိုရအောင် တဲထဲကို ဝင်ပါဦးဗျာ"

"တဲထဲကိုတော့ မဝင်တော့ပါဘူးဗျာ။ ကျုပ်တို့က ဒီအနီးအနားတစ်ဝိုက်မှာနေကြတဲ့သူတွေပါ။ နေလာကြတဲ့ နှစ်ပေါင်းကလည်း မနည်းတော့ပါဘူး။ ဒါပေမယ့် ကလေးတွေ အပါအဝင် ကျုပ်တို့အားလုံး အစားအစာမစားရ မသောက်ရတာ နှစ်ပေါင်းတော်တော်ကြာနေပါပြီ။ အဲဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင်တော့ ကျုပ်တို့ကိုအစားအစာနည်းနည်းပါးပါးကျွေးပါလို့ လာတောင်းပန်တာပါ။ ညဦးပိုင်းတုန်းကလည်း ခင်ဗျားကို အနှောက်အယှက်ပေးရအောင်၊ အန္တရာယ်ပေးရအောင် လုပ်တာမဟုတ်ပါဘူး။ ကျုပ်တို့ ဒီနေရာမှာရှိနေကြောင်း အသိပေးရုံသက်သက် ကျုပ်လူတွေလာကြတာပါ။ ကျေးဇူးမမေ့ပါဘူးဗျာ။ ခင်ဗျားတို့ ဒီမှာနေသခိုက် ကျုပ်တို့ဘက်ကလည်း အတတ်နိုင်ဆုံး စောင့်ရှောက်မှာပါ"



ဖထီးသတိထားမိသည့်အချက်မှာ အစားကျွေးရန် လာရောက် တောင်းပန်နေသည့်လူကြီးသည် တဲထဲသို့ဘယ်လိုပင်ခေါ်ခေါ် ခေါ်၍မရဘဲ တဲအနားသို့ပင် ကပ်မလာပေ။ ဖထီးညနေစောင်းက ပဌာန်းဖြင့် စည်းချကာတားထားသော ကြိုးနယ်နိမိတ်အပြင်ဘက်တွင်သာရပ်နေခဲ့သည်။

ဖထီး ဘာမှပြန်မပြောနိုင်သေးဘဲ စဉ်းစားနေဆဲမှာပင် ထိုလူကြီးသည် စိတ်မရှည်စွာဖြင့် ချာခနဲလှည့်ကာ နောက်ကြောင်းပြန်ထွက်သွားတော့သည်။ သူ့အနောက်မှ ယောကျ်ား၊ မိန်းမ၊ ကလေးများအားလုံး တသီတတန်းကြီး လိုက်ပါသွားသည်ကိုတွေ့လိုက်ရသည်။ ထိုအခါကျမှ ဖထီးသတိပြန်ဝင်လာပြီး ကပျာကယာ လှမ်းခေါ်လိုက်မိသည်။

"ဒီမှာ ဒီမှာ ခဏနေပါဦးဗျာ"

"ဖထီး၊ ဖထီး"

ခေါ်နေသံက ခပ်ဝေးဝေးကလိုလို အနားကလိုလိုကြားလိုက်ရသောကြောင့် ဖထီး မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး နေရောင်ခြည်ကြောင့် လင်းထိန်နေသည်ကို တွေ့လိုက်ရပြီး ခေါ်နေသံကလည်း တဲရှေ့မှဖြစ်ကြောင်း သိလိုက်ရသဖြင့် ဖထီး အိပ်ရာပေါ်မှလူးလဲထလိုက်ကာ တဲအပြင်ဘက်သို့ အမြန်ထွက်ကြည့်လိုက်သည်။

"ဖထီး - အိပ်လှချေလားဗျ။ နေမကောင်းဘူးလား"

တဲရှေ့တွင် နွားလှည်းသုံးစီး ရပ်လျက်သား တွေ့လိုက်ရပြီး လှည်းများပေါ်တွင် ဘိလပ်မြေအိတ်များအပြည့် တင်ထားသည်ကို တွေ့လိုက်ရသည်။ လှည်းဘေးတွင် ဦးအောင်မင်းအဖွဲ့မှ ပန်းရန်ဆရာ ကိုခင်အောင်ကို တွေ့လိုက်ရသဖြင့် ဖထီးလှမ်းပြောလိုက်သည်။

"နေကောင်းပါတယ် မောင်ခင်အောင်ရာ။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားလို့ပါ။ ဒါထက် မင်းတို့တော့ အစောကြီးပါလား။ ဆရာဦးအောင်မင်းကော မပါဘူးလား"

"မပါဘူး ဖထီး။ သရက်ကို ဘိလပ်မြေသွားထုတ်တဲ့ကားက မနေ့ညနေကတည်းက နောက်ဆုံးဇက်နဲ့ပါလာတာ။ အဲဒါ ဒီနေ့မနက် မြန်မြန်ချပေးပါဆိုလို့ အစောကြီးထွက်လာတာ"

"ကဲ - ဒါဆိုရင်လည်း ငါတို့ဝိုင်းပြီး ခပ်သွက်သွက်ချလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

ကွာ"

တင်လာသည့် ဘိလပ်မြေအိတ်များကို လှည်းသမားများပါ ဝိုင်းချလိုက်ကြ၍ ခဏအတွင်းမှာပင် အလုပ်ပြီးသွားခဲ့သည်။

"ကျွန်တော်တို့ ပြန်တော့မယ် ဖထီး ဘာမှာလိုက်ဦးမလဲ။ ပစ္စည်းတွေကတော့ အခုရက်ပိုင်းမှာ အဆင်ပြေရင် ပြေသလို ခပ်မြန်မြန်ရောက်လာလိမ့်မယ်။ ပစ္စည်းတွေနဲ့ ဖထီးတစ်ယောက်တည်း ဖြစ်ပါ့မလား။ နည်းနည်းတော့ ဂရုစိုက်နေပေါ့"

"ကောင်းပါပြီ မောင်ခင်အောင်ရာ၊ ဖထီးအတွက် စိတ်မပူပါနဲ့။ တစ်ယောက်တည်းလည်း နေရဲပါတယ်။ ပစ္စည်းတွေအတွက်လည်း စိတ်သာချနေ။ အပျောက်အရှမရှိစေရဘူး"

လှည်းများ ထွက်သွားတော့မှ မနက်စာ ထမင်းဟင်းချက်ရင်း ညကအဖြစ်အပျက်များနှင့် မက်ခဲ့သည့် အိပ်မက်ကို ပြန်စဉ်းစားကြည့်မိရာ အဖြေကပေါ်လာခဲ့သည်။ ဤတဲနှင့် အနီးအနားတစ်ဝိုက်တွင် မကျွတ်မလွတ်သေးသော ပရလောကသားများရှိနေသည်ဆိုသည့်အချက်ပင် ဖြစ်သည်။

လူသားများနှင့်ဝေးသည့်နေရာဖြစ်သည့်အပြင် အစုအဖွဲ့နှင့်လည်းဖြစ်သောကြောင့် သရဲ၊ တစ္ဆေမဖြစ်နိုင်ဘဲ ပြိတ္တာမျိုးဝင်ဖြစ်သော ကျွတ်၊ တစ္ဆေများသာ ဖြစ်နိုင်သည်။မိမိကြားဖူးသည်မှာ ကျွတ်၊ တစ္ဆေများသည် လူသဏ္ဍာန်ကဲ့သို့ ဖန်ဆင်းနိုင်ပြီး အိမ်သဏ္ဍာန်၊ နွားလှည်း၊ မြင်းလှည်း၊ လူနေအိမ်ရာများနှင့် စားစရာများကို ဖန်တီးနိုင်ကြသည်။

မြို့ကြီးပြကြီးများ၌ မနေတတ်ဘဲ လူသားများနှင့်ဝေးရာ သုသာန်များ၊ တောတောင်၊ ချုံနွယ်များအကြားတွင်လည်းကောင်း၊ လွင်တီးခေါင်ကုန်းမြေ၊ ဖုန်းဆိုးမြေတို့တွင် လည်းကောင်း နေတတ်ကြသည်။ လူကို တစ်စုံတစ်ရာ အန္တရာယ်မပြုတတ်ကြသော်လည်း လူကဲ့သို့ ဖန်ဆင်း၍ ရွာအဖြစ်၊ နေအိမ်အဖြစ်၊ ပွဲဈေးတန်းအဖြစ် ဖန်တီး၍ နောက်ပြောင် ကျီစယ်တတ်ကြသည်။

ထို့ကြောင့် လူကြီးသူမများက တောတောင်ထဲသွားလာလျှင် တစ်ဦးနှင့်တစ်ဦး အမည်တပ်၍ အော်မခေါ်ရ။ ကျွတ်၊တစ္ဆေတို့ကြားလျှင် ယင်းအမည်ကို လိုက်ခေါ်တတ်ကြောင်း၊ ထို့ကြောင့် တောထဲတောင်ထဲရောက်၍ မိမိ၏အမည်ကို ခေါ်သံကြားလျှင် ချက်ချင်းပြန်မထူးရ။ ပြန်ထူးမိပါက ကျွတ်၊ တစ္ဆေများဖမ်းစား၍သေတတ်သည်ဟု ဆိုကြသည်။

တစ်ခါတစ်ရံ မိမိ၏ အမည်ကိုခေါ်သံကြားရ၍ လိုက်လံရှာဖွေလျှင် ဘာကိုမှမတွေ့ရဘဲ နောက်ဆုံး သင်းခွေချပ်ကိုသာ တွေ့ရတတ်သည်ဟု ပါးစပ်စကားဆိုသူက ဆိုကြသည်။

မမြင်အပ်သည့် ပရလောကသားဆိုသည်ကလည်း မိမိက ဘုန်းကံမြင့်မားနေချိန်တွင် အကြောင်းမဟုတ်သော်လည်း ကံနိမ့်နေသည့်အချိန်တွင် အချိန်အခါမရွေး အန္တရာယ်ပေးနိုင်ကြောင်း ဖထီးသတိထားမိသည်။ မိမိကဲ့သို့ ဘာမှမဟုတ်သည့် သာမန်လူသားတစ်ဦးမဆိုထားနှင့်။ မြန်မာရာဇဝင်တွင် အလွန်တရာ ဘုန်းတန်ခိုးကြီးမားသော အနော်ရထာမင်းကဲ့သို့ ဘုန်းရှင်ကံရှင်မင်းတစ်ပါးပင်လျှင် ကံဇာတာနိမ့်ကျသောအခါ ထိမ်ပင်စောင့်နတ်က ကျွဲယောင်ဆောင်၍ခတ်သောကြောင့် နတ်ရွာစံခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် လွန်ခဲ့သည့်ညက အိပ်မက်ထဲတွင် လာရောက်တောင်းပန်ပြောကြားခဲ့သည့်အတိုင်း အပန်းလည်း မကြီးသည့်အတွက် ရှိသည့်ထမင်းဟင်းနှင့်သာ အလှူဒါန်သဘောကျွေးမွေးပေးရန် ဖထီးဆုံးဖြတ်လိုက်သည်။

အမှန်တကယ် ကျွေးမွေးရမည်ဆိုရပါလျှင် ကြက်ဖို၊ ကြက်မကိုအစိမ်းရောအကျက်ပါ ကျွေးမွေးရမည် ဖြစ်သည်။ ယခုတော့ ကြက်လည်း အဆင်သင့်မရှိ၍ ညနေစောင်းမှောင်ရီပျိုးစအချိန်ရောက်သောအခါ တဲနှင့်မလှမ်းမကမ်းရှိ မြေကွက်လပ်ပေါ်တွင် တွင်းလေးနှစ်တွင်းတူးကာ ဖက်ခင်းလိုက်ပြီး အသင့်ချက်ယူလာသောထမင်းကို ထည့်လိုက်သည်။ ထမင်းအပေါ် အမဲခြောက်ကြော်အချို့ကို ပုံလိုက်ပြီးလျှင် နှုတ်မှလည်း-

'ဤနေရာတွင် နေထိုင်ကြသော ကျွတ်ဖို၊ ကျွတ်မအပေါင်းကို ဒါနအဖြစ်ကျွေးမွေးပါသည်။ လာရောက်၍ သုံးဆောင်ကြပါရန်နှင့် မိမိကိုလည်း အနှောင့်အယှက်မပြုကြဘဲ တတ်နိုင်သမျှ စောင့်ရှောက်ပါရန်' ဖထီး ခပ်တိုးတိုးပင် ရေရွတ်ပြောဆိုလိုက်ပြီး မေတ္တာပို့ကာ အမျှအတန်းဝေလိုက်သည်။

ထို့နောက် တဲဆီသို့ပြန်လာခဲ့ပြီး ညစာမစားမီ ယမန်နေ့ကကဲ့သို့ပင် ပဋ္ဌာန်းဖြင့်စည်းချလိုက်သည်။ မှောင်လာသည်နှင့် အလင်းတိုင်ထွန်းကာ ဘုရားရှိခိုး၍ အမျှအတန်းပေးဝေလိုက်သည်။ ညစာစားပြီးသောအခါ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်၍ ပဋ္ဌာန်းဒေသနာတော်ကြီးကိုသာ အာရုံပြု ပုတီးစိပ်နေလိုက်သည်။

တစ်ခုထူးခြားသည်မှာ ယမန်နေ့ညကကဲ့သို့ ဈေးလာရောင်းသောသူများ တစ်ဦးတလေမှ မပေါ်လာတော့သလို ညသန်းခေါင်ရောက်သည်အထိလည်း လူသံသူသံများမကြားရဘဲ ထိုနေ့တစ်ညတာကို အေးချမ်းစွာဖြင့် ဖထီးဖြတ်ကျော်ခဲ့ရသည်။

❒

လမိုက်ညဖြစ်သဖြင့် ကောင်းကင်တစ်ခုလုံး မှိတ်တုတ်မှိတ်တုတ်နှင့် ကြယ်လေးများသာရှိပြီး ဆောင်းအကုန် နွေအကူးကာလဖြစ်သည့်အတွက် ညဉ့်နက်လာလေလေ မြူနှင်းများကကျလာလေလေဖြစ်သည်။ ညသန်းခေါင်ကို ကျော်လာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်လောကတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်ငြိမ်သက်နေသည်။

တစ်ချက်တစ်ချက်တွင် ခပ်ဝေးဝေးတစ်နေရာဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံကိုသာ ကြားရတတ်ပြီး အများအားဖြင့် ပုရစ်ကဲ့သို့သော မြေတွင်းအောင်း ပိုးကောင်ငယ်ကလေးများ၏တစီစီနှင့်အော်မြည်နေသံကိုသာကြားရသည်။

သို့ရာတွင် မှောင်မည်းတိတ်ဆိတ်နေသော ပတ်ဝန်းကျင်အနေအထားကို သတိမထားမိလောက်အောင်ပင် နွားလှည်းတစ်စီးက ခပ်သွက်သွက်မောင်းနှင်လျက်ရှိသည်။ သေသေချာချာကြည့်လိုက်ပါက နွားလှည်းပေါ်တွင် လူသုံးဦးပါရှိပြီး စကားမပြောကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာကြသည်။

အတန်ကြာသောအခါမှ တိတ်ဆိတ်ခြင်းကို ဖြိုခွဲလျက် လေသံခပ်တိုးတိုးဖြင့် မြင့်ကျော်က မေးလိုက်သည်။

"ဟေ့ကောင် အောင်ခိုင်၊ အခုရက်ပိုင်း ပစ္စည်းလှည်းတွေ ရထားလမ်းဘက်ကို သွားတာသေချာပါတယ်နော်"

"သေချာပါတယ်ကွာ၊ ဟိုတစ်နေ့ကတောင် ပစ္စည်းပို့တဲ့လှည်းတွေနောက်ကနေ ငါ မယောင်မလည်နဲ့ လိုက်သွားကြည့်ခဲ့ပြီးပြီ။ ဘိလပ်မြေတွေ၊ သံချောင်းတွေမှ အများကြီးပဲ။ သဲနဲ့ကျောက်စုံရင် လုပ်ငန်းစမယ်လို့ ပြောသံကြားခဲ့တယ်၊ ဒီနေ့တစ်နေ့လုံးတော့ ပစ္စည်းသွား[illegible]



www.burmeseclassic.com

www.burmeseclassic.com

လှည်းတွေသွားတာ မတွေ့ရသေးဘူး။ ပြီးတော့ အစောင့်ကလည်း ညဘက်ဆိုရင် အဘိုးကြီးတစ်ယောက်ပဲရှိတာကွ။ စိတ်မပူပါနဲ့ကွာ။ ငါသေသေချာချာ လေ့လာကြည့်ပြီးပါပြီ"

မြင့်ကျော်တို့ သူငယ်ချင်းသုံးယောက်မှာ လက်ရှိဖောက်လုပ်လျက်ရှိသော ရထားလမ်းသစ်နှင့် မနီးမဝေးတွင်ရှိသော ကျေးရွာတစ်ရွာမှဖြစ်ပြီး လွန်ခဲ့သည့်ရက်ပိုင်းကပင် ရွာထဲမှ အသုဘအိမ်တစ်အိမ်တွင် ဖဲဝင်ကစားရင်း နောက်ဆုံး ပါလာသည့် ငွေအားလုံးကုန်သည့်အပြင် အကြွေးများပါထပ်တင်ခဲ့သည့်အတွက် လောလောဆယ်ပေးရန် ကြွေးပူကရှိနေသည်။

လောလောဆယ် ငွေရစရာလမ်းကလည်း ဘယ်လိုမှမရှိတော့သည့်အတွက် နောက်ဆုံး ကြံရာမရဘဲ ရထားလမ်းဖောက်လုပ်ရာတွင် တံတားဆောက်မည့် ဘီလပ်မြေနှင့် သံချောင်းများအား ခိုးယူရန်နှင့် အကယ်၍ လူမိသွားပါကလည်း အပြတ်ရှင်း၍ ပစ္စည်းယူရန်အကြံဖြင့် သူငယ်ချင်းသုံးယောက်တိုင်ပင်ကာ ထွက်လာကြခြင်းဖြစ်သည်။

တဖြည်းဖြည်းနှင့် လာခဲ့ကြရာ တံတားဆောက်မည့် ချောင်းလေးနှင့် မလှမ်းမကမ်းရှိ လက်ပံပင်ကြီးနားသို့ ရောက်လာခဲ့သည်။ လက်ပံပင်ကြီးအောက်တွင် လှည်းကို အသာရပ်ပြီး ချောင်းလေးရှိရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်ကြရာ သုံးယောက်စလုံး အံ့အားသင့်သွားမိခဲ့သည်။

မြင်လိုက်ရသည့် မြင်ကွင်းက ယာယီဆောက်ထားသော တဲကြီးဘေးဘက်တွင် မီးဖိုကြီးတစ်ဖိုကို လင်းထိန်နေအောင်ဖိုထားပြီး အနားတွင်လည်း နွားလှည်းသုံးစီးရပ်ထားသည်ကို တွေ့လိုက်ရသည်။ လူများက မီးဖိုကြီးဘေးတွင် ဝိုင်းထိုင်ကာ ရေနွေးကြမ်းသောက်သူသောက်၊ စကားပြောသူပြောနှင့် အေးအေးဆေးဆေးပင်ရှိနေကြသည်။

"ဟေ့ကောင် အောင်ခိုင်၊ ဘယ်လိုလုပ်ကြမလဲ။ ဒီအချိန်ကြီးကျမှဆိုရင် ညမပြန်ကြဘဲ ညအိပ်ကြမယ့်ပုံပဲကွ။ ဒီလူအုပ်ကြီးနဲ့တော့ အလုပ်ဖြစ်မယ်မထင်ပါဘူးကွာ။ နောက်တစ်နေ့မှ ထပ်ပြီးလာကြရအောင်"

သုံးယောက်သား မကျေမနပ်နှင့် တောက်ခေါက်ကာ ပြန်ခဲ့ကြသည်။

❐

နောက်တစ်နေ့မနက်ပိုင်းတွင် သဲနှင့် ကျောက်များလာပို့သည့်လှည်းများနှင့်အတူ အောင်ခိုင် တစ်ဦးတည်း နောက်မှ မယောင်မလည်နှင့်လိုက်လာခဲ့သည်။ အစောင့်ဖြစ်သူ ကရင်အဘိုးကြီးနှင့် ပစ္စည်းလာပို့ကြသော လှည်းသမားများ၏ ပြောစကားများအရ ယမန်နေ့က မည်သည့်ပစ္စည်းမျှ လာမပို့ကြောင်းနှင့် မည်သည့်နွားလှည်းမှလည်း မလာကြောင်း အောင်ခိုင် သိလိုက်ရသည်။

ထို့အပြင် သဲနှင့်ကျောက်များစုံလင်ပါက နောက်တစ်ရက်၊ နှစ်ရက်တွင် လုပ်ငန်းစတင်ရန် အသေအချာဖြစ်သဖြင့် လူများရောက်လာတော့မည်ဖြစ်ပြီး အလုပ်ဖြစ်ရန် မလွယ်တော့ပေ။ ထို့ကြောင့် ယနေ့ညတွင်ပင် မဖြစ်မနေလာရန်ဆုံးဖြတ်လိုက်ပြီး ရွာသို့အမြန်ပြန်လာခဲ့သည်။

ရွာသို့ပြန်ရောက်၍ မြင့်ကျော်ကို ပြန်ပြောပြလိုက်သောအခါ မယုံနိုင်စွာ မြင့်ကျော်က ပြောလာခဲ့သည်။

"ဟုတ်ရဲ့လား အောင်ခိုင်ရာ။ ညတုန်းက ငါတို့သုံးယောက်စလုံး သေသေချာချာကို မြင်ခဲ့ရတာပဲ။ မှောင်မှောင်မည်းမည်းကြီးထဲမှာတောင် မဟုတ်ဘူး။ မီးဖိုကြီးကလည်း လင်းထိန်နေပြီး လူတွေကလည်း ဒီလောက်တောင် ဆူညံနေအောင် စကားတွေပြောနေကြတာ။ လူသုံးယောက်၊ မျက်လုံးခြောက်လုံး ဘယ်လိုမှ မမှားနိုင်ဘူး။ ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီညတော့ မဖြစ်မနေသွားကြမယ်။ ညတုန်းက မလုပ်မဖြစ်ခဲ့တာ ငါတော့ နည်းနည်းမှ မကျေနပ်ဘူး"

ညရောက်သော် ယမန်နေ့ညကလိုပင် သူငယ်ချင်းသုံးယောက် လှည်းတစ်စီးနှင့်ထွက်ခဲ့ကြပြန်သည်။ ချောင်းနှင့် မလှမ်းမကမ်းရှိ လက်ပံပင်ကြီးအောက်သို့ရောက်၍ တဲရှိရာဘက်သို့ ကြည့်လိုက်သောအခါ သုံးယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ကြသည်။

ယာယီမိုးကာတဲကြီးအနီးတစ်ဝိုက်တွင် အောက်လင်းဓာတ်မီးကြီးတစ်လုံးကို ထိန်နေအောင်ထွန်းထားသည့်အပြင် မီးဖိုကြီးနှစ်ဖိုကိုလည်းဖိုထားလေသည်။ ယောက်ျား၊ မိန်းမနှင့် ကလေးများ စုစုပေါင်းအယောက်သုံးဆယ်ခန့်ကို တွေ့လိုက်ရသည့်အပြင် သဲနှင့်ကျောက်ကိုတောင်းများနှင့် သယ်နေသူများ၊ မဆလာဖျော်နေသူများ၊ ဖျော်ပြီးသား မဆလာများကို ဇန်းများဖြင့်ရွက်ကာ သယ်နေကြသူများနှင့် ညတွင်းချင်းပင် လုပ်ငန်း အရေးကြီးသဖြင့် မီးထွန်းကာလုပ်နေကြပုံရသည်။

ထို့အပြင် ငိုနေကြသော ကလေးများနှင့် ငိုနေသောကလေးများကို ချော့နေကြသူများကိုလည်း တွေ့နေရသည့်အပြင် လင်းထိန်နေသော မီးရောင်အောက်တွင် လှည့်ပတ်ပြေးလွှားကာ ဆော့ကစားနေကြသည့် ကလေးများပင်ရှိသည်။

"ဟေ့ကောင် အောင်ခိုင်၊ ဒီနေ့လည်း သွားပါပြီကွာ။ မင်းပြောတော့ သဲတွေ၊ ကျောက်တွေမစုံသေးဘူးဆို။ အခုပုံကြည့်ရတာ ကျောက်လောင်းနေကြတဲ့ပုံပဲကွ။ နေ့ခင်းက မင်းသေသေချာချာမကြည့်ခဲ့ဘူးလားကွာ"

"နေ့ခင်းတုန်းက ငါသေသေချာချာကြည့်ခဲ့တဲ့အပြင် အလုပ်စမယ့်ရက်ကိုတောင် မသိမသာမေးကြည့်ခဲ့သေးတယ်။ ကျောက်လောင်းရအောင် နေ့ခင်းပိုင်းက ငါတွေ့ခဲ့တာကတော့ကျောက်ဖိုးကျောက်ခွက်တွေ တစ်ခုမှမရိုက်သေးတဲ့အပြင် ဘာမှလဲပြင်ဆင်ထားတာမရှိသေးပါဘူးကွာ။ အခုတော့ ဘယ်လိုပြောရမှန်းတောင်မသိတော့ပါဘူး"

"ကဲပါကွာ၊ ဒီအလုပ်ကို လက်လျှော့လိုက်တာပဲကောင်းမယ် ထင်ပါတယ်။ ပြန်ကြရအောင်၊ တော်ကြာ တစ်ယောက်ယောက် တွေ့ပြုသွားရင် မလွယ်ဘူး"

သုံးယောက်သား စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့ကြသည်။ အမှန်တကယ်အားဖြင့် ထိုတံတားတည်ဆောက်သည့်လုပ်ငန်းသည် မြင့်ကျော်တို့တွေ့ခဲ့ရသည့်ည၏နောက်ပိုင်း သုံးလေးရက်ခန့်ကြာမှသာ လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်းကျမှ မြင့်ကျော်တို့ သိရှိခဲ့သည်။

ထို့ကြောင့် ထိုရက်ပိုင်းက တွေ့ခဲ့ရသည့် လူစိမ်းများသည် အမှန်တကယ်သက်ရှိလူသားများဖြစ်သလား ဒါမှမဟုတ် ထိုအနီးအနားတစ်ဝိုက်ရှိ ကျတ်ကုန်းမှ ကျတ်၊ တစ္ဆေများက သူတို့အစားအစာကျွေးမွေးခဲ့ဖူးသည့် ဖထီးအားကျေးဇူးဆပ်သည့်အနေနှင့် လူသားများအယောင်ဆောင်ကာ အန္တရာယ်မှကာကွယ်ပေးခဲ့ခြင်းလား ဆိုသည်ကတော့ မြင့်ကျော်တို့ အဖြေရှာမရခဲ့ကြပါ။


တင်အေးကျော်(အောင်ပင်)



www.burmeseclassic.com

www.burmeseclassic.com





# လေငန်းရောဂါ ကင်းဝေးအောင်

# ပြည့်စုံ လေငန်းရောဂါဆေး ကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 007565 (0714) လိုင်စင် ၅/၂၀၁၀/တဆဆလ/တိုး...

လေငန်းရောဂါရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ရပ်လေးလံထိုင်းမှိုင်းခြင်း၊ နှုတ်လေးဆွံ့အတတ်ခြင်း၊ ကိုယ်တစ်ခြမ်းထုံကျဉ်ကိုက်ခဲခြင်း၊ အစာစားလျှင် နင်တတ်ခြင်း၊ ရေသောက်လျှင် သီးတတ်ခြင်း၊ လမ်းသွားလျှင် ခလုတ်တိုက်တတ်ခြင်း၊ ခြေဖျားလက်ဖျားထုံကျဉ်တတ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက်မူးဝေတတ်ခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းနံခြင်း၊ ဆီးမကြာခဏသွားခြင်း (ဆီးဖြူခြင်း)၊ နားအူခြင်း၊ ရင်ထဲကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါ၊ အမျိုးသားအားနည်းရောဂါဖြစ်တတ်ခြင်း၊ ဤလက္ခဏာများသည် လေငန်းရောဂါ ရှေ့ပြေးလက္ခဏာများဖြစ်ပါသည်။

ရောဂါကို ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုခရီးရောက်ပါသည်။ တိုင်းရင်းဆေး မှတ်ပုံတင်ထားသော **ပြည့်စုံ** လေငန်းဆေး၊ **အောင်ပန်း** အကြောပြေဆေး၊ **ပြည့်စုံ** အမျိုးသားအားဆေးတို့ကို သုံးစွဲပြီး အကြောများပြုပြင်ကာ ဆရာနှင့်တိုင်ပင်၍ ကုသလျှင် ရောဂါများ သက်သာပျောက်ကင်းနိုင်ပါသည်။

နေ့စဉ် နံနက် (၈း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ ထိ ဆေးခန်းဖွင့်သည်။

ပြည့်စုံ တိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန

အမှတ်(၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

# " ကျားမှန်လျှင် အားသန်ရမည် "

ဝေးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး ...ဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လှုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ ...မာပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ...နာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး၊ ခြေဆစ် ...က်ဆစ်ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက်... ဆေးကုသက် ...၅) နှစ်ကျော် ကုသ၍ အောင်မြင်နေသော မြန်မာ့နန်းအတွင်း အကြောပညာရှင် နေလဝိဇ္ဇာ ...ဆရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာ ဦးစိုးမော် (တဆ-၀၂၆၁၁) တို့က ...အကြောပညာ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

## ပြည့်စုံ တိုင်းရင်းအထူးကုဆေးခန်း

အမှတ်(၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊

ကျိုက္ကဆံဘုရားဝင်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# POWER.5

# ခြနှင်ဆေးမှုန့်

**သုံးစွဲရန်အညွှန်း-** ခြတွေ့ရင်သတ်စရာမလိုဘဲ ပြေးစေတဲ့ဆေး

ခြသွားရာလမ်းကြောင်းတစ်လျှောက် (၂) ပေခြား အပေါက်ကလေးများဖောက်၍ ဆေးမှုန့်များကို ဖြူးပေးပါ။ အိမ်တွင်းအိမ်ပြင်တွင် ခြများရှိရာနေရာများ၊ ခြအိမ်ဖွဲ့ထားသည့်နေရာများတွေ့ပါက ခြများကိုမသတ်ဘဲ ၎င်းတို့၏ခန္ဓာကိုယ်အပေါ်နှင့် အသိုက်ကို ခြနှင်ဆေးမှုန့်များ ဖြူးပေးပါ။ အသိုက်ကြီးလျှင်ကြီးသလို များများဖြူးပေးပါ။ ဆေးမှုန့်များဖြူးပြီး ၎င်းနေရာကို မူလအတိုင်းပုံစံမပျက် ပြန်ထားပါ။ သုံး၊လေးရက်ခန့်ကြာသောအခါ ၎င်းနေရာတွင် ခြများ လုံးဝတွေ့ရတော့မည်မဟုတ်သကဲ့သို့ နောင်တွင်လည်း ပြန်လာတော့မည် မဟုတ်တော့ပါ။ လက်တွေ့သုံးစွဲပြီးမှ တင်သွင်းဖြန့်ချိသော ဆေးဖြစ်ပါသည်။

ဈေးနှုန်း ၅၀ဂရမ်ပါ တစ်ဘူး (၈၀၀၀) ကျပ်။

ပင်ရင်းဆိုင်

- ပညာရွှေတောင်စာအုပ်တိုက် ၀၁ ၃၈၈၃၁၈
  အမှတ်(၉၀၊၉၂) ပန်းဆိုးတန်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

# ကြယ်ပေါ်မြူမင်း

**အမှတ်တံဆိပ်**

## ဆီးချို၊ သွေးချိုသောက်ဆေး



ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအော... ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအား... ကုန်ခမ်း နုံးချိခြင်း၊ မော်ပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်း... မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်... ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း **ကြယ်ပေါ်မြူမင်း ဆေးတိုက်**

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃မိ)ရပ်ကွက်၊ မြောက်ဒဂုံ


☎ ၀၉-၇၃၀၁၄၀၄၄ 📱 ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၃၉၀၇၂၊ ၀၉-၅၁၃၉၈၇၈၅

မြန်မာ့ရှိရေး (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေခေါင်းလောင်းဆေးဆိုင်)
(ဝမ်းတွင်းမြို့ - မြဖူးပွင့်ဆေးခန်း)၊ (ပဲခူးမြို့ - ဟသာ်တနှ်ထွေးသန့်ဆေးဆိုင်၊ ဟင်္သာတနှ်...)

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊၈၈၀၀၀ပ၊(၂၃၈၅)

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်း၏ရှာပနတွင် ကို(လ်)ဘက် တွေ့မြင်ခဲ့သော မြန်မာတပ်သုံးလက်နက် ဘရောင်းဘက်စ်မတ်စကတ်သေနတ် ၁

ကိုလိုနီခေတ်မြို့တော်ကြီးတစ်ခုမှတ်တမ်း

# အနောက်တံခါးမှုးဟောင်းမှုး

## ခရစ်ယာန်ဘုန်းကြီးဂျိန်း(စ်)အယ်ဖရက်ကို(လ်)ဘက်၏ မန္တလေးမြို့တော်မှပေးစာများကိုတင်ပြခြင်း

ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး ဂျိန်းမ်အယ်ဖရက်ကိုလ်ဘက် (James Alfred Cold beck) သည် အင်္ဂလိပ်ဂိုဏ်းအသင်းတော်ဟု အများသိကြသော Society for the Propagation of the Gospel နှင့် စစ်ဘက်ဆိုင်ရာ ဓမ္မဆရာ (military chaplanin) အဖြစ် မန္တလေးတွင် ခရစ်နှစ် ၁၈၇၈မှ ၁၈၇၉ နှစ်အထိ အသင်းတော်၏ ဓမ္မဆရာ ဘုန်းတော်ကြီးအဖြစ် နေထိုင်ခဲ့သည်။ ထိုစဉ်က အောက်မြန်မာနိုင်ငံကို ဗြိတိသျှဘားမား (British Burma) ဟု ဗြိတိသျှတို့က ခေါ်ဝေါ်သမုတ်ကြလေပြီး၊မြန်မာဘုရင်အုပ်ချုပ် မင်းလုပ်သော အထက်မြန်မာနိုင်ငံကို (Burma Proper) ဟု သူတို့၏ အစီရင်ခံစာများတွင် ဖော်ပြကြလေပြီ။ အရှင်နှစ်ပါး ပါတော်မူပြီးနောက် ခရစ်နှစ် ၁၈၈၅- ခရစ်နှစ် ၁၈၈၆ အထိ မန္တလေး၌ နေထိုင်ခဲ့သည်။ မန္တလေးမြို့တွင် ကွယ်လွန်လေသည်။ သူ၏စာများကို နှစ်ပိုင်းခွဲထားသည်။ ပထမပိုင်း (၁၈၇၈-၁၈၇၉)၊ ဒုတိယပိုင်း (၁၈၈၅-၁၈၈၆) ဟုဖော်ပြပြီး သူ၏ညီ George H.Coldbeck က တည်းဖြတ်၍ ၁၈၉၂ တွင် ထုတ်ဝေသည်။ ယခင်စာများတွင် မင်းတုန်းမင်းတရားကြီး နတ်ပြည်စံခါနီး နန်းတွင်းရေးများအကြောင်း၊ သောင်ရမ်းမင်းသားမိသားစု၊ ညောင်အုပ်မင်းသားမိသားစုတို့ကို လက်ခံ၍ မန္တလေးရှိ ဗြိတိန်အစိုးရဌာနေကိုယ်စားလှယ်ဖြစ်သူ မစ္စတာရှောအိမ်တော်သို့ပို့ဆောင်ခဲ့ရပုံ၊ မင်းတုန်းမင်း နတ်ပြည်စံပြီးနောက် နိုင်ငံမငြိမ်မသက်ဖြစ်ပုံ၊ မြန်မာတပ်မတော်၏ လက်နက်များခေတ်မမီပုံတို့ကို ဖော်ပြထားလေသည်။

ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး ကိုလ်ဘက်သည် မန္တလေးမြို့မှ သူ၏ ခရစ်နှစ် ၁၈၇၈၊ နိုဝင်ဘာ ၁ ရက်နေ့စွဲပါစာကို ဖော်ပြပါမည်။

### ၁၈၇၈ ခု၊ နိုဝင်ဘာလ (၁)

ကောလဟာလတို့သည် မန်းနေပြည်တွင် ပြန့်လျက်ရှိသည်။ ဘုရင်ကလေး သီပေါမင်းသည် စိတ်လိုက်မာန်ပါ သူမကျေနပ်သော ထိုသူတို့ကိုလုံ့ဖြင့်ပစ်သည်ဟု သတင်းဖြစ်သည်။ အကယ်၍ ထိုသတင်းမှန်ပါက နန်းသက်ရှည်မည်မထင်။ ခရစ်ယာန်ဘုန်းကြီးအိမ်တွင်လည်း ဒုက္ခသည်အများရှိနေပြီ။ သောင်ရမ်းမင်းသား၏ ဝမ်းကွဲညီအစ်ကိုနှစ်ဦးလည်း ကျွန်ုပ်အိမ်၌ရှိသည်။ သူတို့လွတ်မြောက်အောင် ကျွန်ုပ်ကူညီပေးရသည်။ သူတို့ကို ကုလီသင်္ကန်းဝတ်ဆင်စေပြီး ကျွန်ုပ်၏ဥယျာဉ်အတွင်းတွင် ဝန်းထရံများလုပ်စေသည်။ သူတို့နှစ်ဦးအနက် တစ်ဦးမှာ ရန်ကုန်မြို့ဝန်၏သား ဖြစ်သည်။ လွန်ခဲ့သော အတိတ်ကာလကို ကြည့်လျှင် ခရစ်နှစ် ၁၈၅၂ - ၁၈၅၃ ကာလတွင် ရန်ကုန်မြို့ဝန်အကြောင်းပြု၍ အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲဖြစ်ရသည်။ ရန်ကုန်မြို့နှင့် ပဲခူးတိုင်း အပါအဝင် ဗြိတိသျှတို့ ရလိုက်သည်။ ရန်ကုန်မြို့ဝန်ဟောင်းနှင့် သူ့သားဖြစ်သူသည် သင်္ကန်းရုံ၍ ဘုန်းကြီးကျောင်းတွင် ဝင်ရောက် ပုန်းခိုနေသည်။ လိုက်လံစုံစမ်းဖမ်းဆီးရာ သားဖြစ်သူကို ကျွန်ုပ်နှင့် ဆက်မိပြီး ကယ်တင်နိုင်ခဲ့သည်။ ဖခင် (ယခင် ရန်ကုန်မြို့ဝန်) မှာ ဖမ်းဆီးနှိပ်စက်ခြင်းခံရပြီးနောက် ထောင်သွင်းအကျဉ်းချခံရသည်။ အချို့ကမူ ရိုက်အသတ်ခံရသည်ဟု ဆိုသည်။ သူတို့အဖမ်းခံရခြင်းမှာ သောင်ရမ်းမင်းသားနှင့် ဆွေမျိုးတော်စပ်သည်၊ သောင်ရမ်းမင်းသားအတွက် ဆောင်ရွက်စီစဉ်ပေးသည်ဟုယူဆ၍ဖြစ်သည်ဟုဆိုကြသည်။

လွန်ခဲ့သောနှစ်ရက် ညအချိန်တွင် မိန်းမတစ်ဦးသည် သမီးကလေးငယ်နှင့်အတူ ကျွန်ုပ်ထံလာ၍ ကယ်တော်မူပါဟု အသနားခံလာသည်။ အခြားနေရာများတွင် လက်မခံဝံ့သဖြင့် ကျွန်ုပ်ထံလာခြင်း ဖြစ်သည်။ ရန်ကုန်မြို့ဝန်၏ သားတစ်ဦး၏ဇနီးဖြစ်ခြင်းသည် သူမအတွက် အပြစ်ဖြစ်လေတော့သည်။ ကျွန်ုပ်လည်း သူမ၏အသနားခံချက်ကို ငြင်းပယ်နိုင်စွမ်းမရှိနိုင်သဖြင့် လက်ခံကာ ဗြိတိသျှဌာနေကိုယ်စားလှယ်တော်အိမ်ရှိ သူမ၏ဆွေမျိုးများရှိရာသို့ပို့ပေးရန် နည်းလမ်းရှာရပါဦးမည်။

ကျွန်ုပ်၏ စွန့်စားခန်းကလေးကို ရေးရပါဦးမည်။ ကျွန်ုပ်သည် ဂိုဏ်းချုပ်ဆရာတော်တစ်ပါးထံမှ ဖိတ်ကြား၍ သွားထံသွားရာ လမ်းတွင် လမ်းပြသူနှင့် မျက်ခြေပြတ်သွားသောကြောင့် တစ်ဦးတည်း မှန်းဆလျက် ဆရာတော်ကြီးကျောင်းကို ရှာဖွေရပါသည်။ မြန်မာတပ်ကင်းစခန်းရှေ့သို့ မမျှော်လင့်ဘဲရောက်သွားရာ ကျွန်ုပ်သိလိုသောအချက်များကို မေးမိပါသည်။ မေးခွန်းများကိုဖြေမည့်အစား အစောင့်တစ်ဦးက ရိုင်းစိုင်းစွာ သူကစ၍ မင်းကဘယ်သူလဲ၊ ဘယ်ကလာတာလဲဟုမေးတော့သည်။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံသည်ကို ယုံကြည်မစိုးနိုင်သဖြင့် မြင်းကိုပြန်လှည့်၍စီးရာ ထိုသူလိုက်လာသဖြင့် အခြေအနေမဆိုးမီ သူ့အား စောင့်လျက် သူစိတ်ကျေနပ်စေရန် အလျှော့ပေးလိုက်ပါသည်။ သို့သော် သူက ကျွန်ုပ်အား မြင်းပေါ်မှဆင်းရန် ပြောသည်။ မြင်းပေါ်ကမဆင်းပါ။

ထပ်မံ၍ သူက -

အင်္ဂလိပ်ဘုန်းကြီးဖြစ်စေ၊ အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်စေ မြန်မာဘုန်းတော်ကြီးများနှင့် တွေ့ဆုံခွင့်မပြုရန် အမိန့်ရထားသည်ဟု ဆိုပါသည်။ သူ့စကားအရ မြန်မာအစိုးရသည် ကျွန်ုပ်တို့ကို မည်မျှကြောက်လန့်စိုးရိမ်သည်ကို သိသာနိုင်ပါသည်။ စကားပြောစဉ်ချဉ်းကပ်လာပြီး သူ့အထက်က တပ်မှူးနှင့်တွေ့ရန်ပြော၍ ခေါ်တော့သည်။ ကျွန်ုပ်က သူ့တပ်မှူးနှင့်မတွေ့လို။ ဆရာတော်ကြီးနှင့်တွေ့လိုသည်ဟုပြောသော်လည်း သူ့တပ်မှူးနေထိုင်ရာသို့ အရောက်ခေါ်ပါသည်။ အိမ်ရှေ့ဝိုင်းတံခါးရှေ့ရောက်သော် မြင်းပေါ်ကဆင်း၍ အိမ်ဝိုင်းထဲသို့ဝင်ရန်ပြောရာ ကျွန်ုပ်ကလည်း မြင်းပေါ်မှမဆင်းနိုင်။ 'မောင်မင်းအရာရှိကိုသာခေါ်ခဲ့ပါ' ဟု ပြောရာတွင် လူတစ်ယောက်ထွက်လာပြီး အရာရှိ ယခု အိမ်တွင်မရှိဟု ပြောပါသည်။ ကျွန်ုပ်ကလည်း တွေ့လိုရခြင်းအကြောင်းကို မဖော်ပြသည့်အတွက် ဆရာတော်ကြီးထံသို့ သူတို့နှစ်ဦး လိုက်ပါစောင့်ကြည့်မှုအောက်တွင် ပို့ပါသည်။

ဆရာတော်ကြီးကျောင်း ရောက်သောအခါ ဆရာတော်ကြီးမှာ ဝန်ကြီးကပင့်၍ ကျောင်း၌မရှိကြောင်း သိရသဖြင့် ကျောင်းရှိ သံဃာတော်များကို အစောင့်တစ်ဦးရှေ့၌ စကားပြောပြီး ပြန်လာခဲ့သည်။ နောက်တစ်နေ့တွင် ဆရာတော်ကြီးထံမှ အကယ်၍ အရေးအကြောင်းရှိသော် ဆရာတော်ကြီးအား ခေတ္တခိုလှုံခွင့်ပြုပါရန် လူလွှတ်၍ အကြောင်းကြားလာသည်။ ကျွန်ုပ်ကလည်း လက်ခံမည်ဖြစ်ကြောင်း ပြန်ကြားပါသည်။ ထိုကိစ္စနောက်ပိုင်းတွင် သံဃာတော်များစွာကို ဖမ်းဆီးလျက်ရှိကြောင်း၊ ဆရာတော်ကြီးများထဲမှ (၃) ပါးကို ဖမ်းဆီးထားသည်ဟု သတင်းရသည်။ ထို့ကြောင့် ဌာနေဗြိတိသျှကိုယ်စားလှယ်တော်အား အဖြစ်အပျက်အစုံအလင်ကို အစီအရင်ခံရသည်။ ကိုယ်စားလှယ်တော်က ကျွန်ုပ်အား အစောင့်များက ရိုင်းပျစွာ တားဆီးမှုကို မြန်မာအစိုးရထံ အကြောင်းကြားပြီး နောက်နောင် ယင်းကဲ့သို့မဖြစ်စေရန် သတိပေးခဲ့သည်။

သံဃာတော်အပါး (၁၀၀၀) ခန့်သည် ဗြိတိသျှပိုင် မြန်မာနိုင်ငံအောက်ပိုင်းသို့ ခိုလှုံသည်ဟု သိရသည်။ ဘုန်းကြီးကျောင်းထွက် ဘုရင်သစ်သည် သူ့ဖခင်ဘုရင်၏ ဆောင်ရွက်မှုတစ်ဝက်မျှပင် သာသနာအကျိုးဆောင်ရွက်နိုင်ပါမည်လားဟု ယူဆရသည်။

(ဤတွင် ကိုလ်ဘက်၏ မန္တလေးမှရေးသော ၁-၁၁-၁၈၇၈ ခုနေ့စွဲပါစာ ပြီးဆုံးသည်။)

## ခရစ် ၁၇၇၇၊ နိုဝင်ဘာလ ၂ရက် မန္တလေး

မင်းတုန်းမင်းတရားကြီး၏ဈာပနအကြောင်းကိုရေးပါမည်ဟု ယခင်စာတွင် ကတိပြုခဲ့သည့်အတိုင်း ယခုရေးပါမည်။ ၁၈၇၈ ခု၊ အောက်တိုဘာ ၇ ရက်၊ တနင်္လာနေ့တွင် ကျွန်ုပ်သည် ဗြိတိသျှဌာနေကိုယ်စားလှယ်တော်၏အိမ်တော်၌ နံနက် (၉) နာရီတွင် ရောက်ရှိနေရာယူပါသည်။ ကိုယ်စားလှယ်တော်သည် ရာထူးအလိုက်ဝတ်ဆင်ရသောသံတမန်ရေးရာ အခမ်းအနားဝတ်စုံကို အခမ်းအနားကိုင်ဆောင်သောဓားရှည်ပါမကျန်ဆင်မြန်း၍ မြန်မာအစိုးရက စေလွှတ်ရသော ဆင်ပြောင်ကြီးပေါ်တွင် စီးနင်းသည်။ လက်ထောက်ကိုယ်စားလှယ်တော်သည် ဒုတိယဆင်တစ်စီးပေါ်တွင် စီးနင်း၍ ကိုယ်စားလှယ်တော်၏နောက်မှ နေရာယူသည်။ အင်္ဂလိပ်ဘုန်းကြီးကျွန်ုပ်မှာ တတိယနေရာတွင် မြင်းစီးလိုက်ရသည်။ မြင်းမှာ ဆင်များကို လန့်၍ နှစ်ခါမျှ ထွက်ပြေးရန်ခုန်လိုက်သေးသည်။ ကျွန်ုပ်မနည်းထိန်းလျက်စီးရပါသည်။ ကျန်အစောင့်ဝန်ထမ်းများမှာ လက်နက်မဲ့ဖြင့် ကျွန်ုပ်တို့နောက်မှ ခြေလျင်လိုက်ရသည်။ ကျွန်ုပ်တို့ နန်းတော်မြို့ရိုးအရှေ့တံခါးသို့ ရောက်သောအခါ မြန်မာအရာရှိများက ကြိုဆို၍ ကျွန်ုပ်တို့အတွက် သီးသန့်ပြုလုပ်ထားသောမဏ္ဍပ်အတွင်းသို့ ခေါ်ဆောင်သွားပါသည်။ ယခင်က နန်းတွင်းသို့ နိုင်ငံခြားသားများကို ဓားများယူဆောင်ခွင့်မပြုသော်လည်း ယခုလျှော့ပေါ့ခွင့်ပြုသည်ကို သတိမူမိသည်။ တန်းစီထားသောမြန်မာတပ်သားများရှေ့မှ လမ်းလျှောက်၍ ကော်ဇောများခင်းထားသောခုံပေါ်သို့ နေရာယူရသည်။ မြန်မာတပ်သားတို့မှာ ခေတ်မမီသောလက်နက်များကိုင်ဆောင်ကြသည်။ ဘရောင်းဘက်စ်မတ်စကက်သေနတ် (Brown Bess Musket)ကိုကိုင်ဆောင်ကြသည်။အချို့မှာ တူမီးသေနတ်များလည်း ကိုင်ဆောင်ကြသည်။ ဘရောင်းဘက်စ်သေနတ်သည် ဝါတာလူးစစ်ပွဲခေတ်က သုံးသောသေနတ်ဖြစ်ပြီး ပြောင်းဝမှကျည်ထိုး[၆]ပစ်ရသောသေနတ်ဖြစ်သည်။ ပြောင်းရင်းမှကျည်ထိုး[၇]ရသောသေနတ်ကိုင်ဆောင်ထားသည်ကို မတွေ့ရပါ။

ကျွန်ုပ်တို့သည် မိမိတို့ပေးသောနေရာမှ ဝတ်စုံပြည့်(ဦးထုပ်၊ ဖိနပ်ပါ)ဖြင့် အခမ်းအနားကို တက်ရောက်ရသော်လည်း မြန်မာအရာရှိ ဝန်ထောက်တော်ကြီးများမှာ ဖိနပ်ချွတ်လျက်နေရ၏။ အထူးအံ့ဩစရာတစ်ခုတွေ့ရသည်မှာ အင်္ဂလိပ်လူမျိုး ဆရာဝန်တစ်ဦးလည်း ဖိနပ်ချွတ်လျက် အခမ်းအနားသို့ တက်ရောက်နေကြောင်း တွေ့ရသည့်အတွက် ဖြစ်သည်။ အခမ်းအနားတက်ရောက်သူများအတွက် သီးသန့်မဏ္ဍပ်တစ်ဆောင်ကျထားပေးသည်။ ကျွန်ုပ်တို့နေရာမှ ကြည့်သော် အခမ်းအနားကျင်းပပုံကို အလုံးစုံမြင်နိုင်သည်။ တပ်များ ထပ်မံရောက်ရှိပြီးနောက် ဆွေတော်မျိုးတော်များ၊ မင်းပရိသတ်များလည်း အခြွေအရံများနှင့် ရောက်လာကြသည်။ အဝတ်အစားအဖြူများသာ ဆင်မြန်းကြသည်။ ရုပ်ကလာပ်ကို ထီးဖြူခုနစ်လက်မိုး၍ မိဖုရားများကခြံရံလာသည်။ ရုပ်ကလာပ်တင်ဆောင်လာသော စင်တော်ကို ပိတ်ဖြူစကြိုးဖြင့် မင်းသမီးများကဆွဲလာသည့်သဏ္ဌာန် ပို့ဆောင်ကြလေသည်။ ထမ်းစင်ပေါ်တွင် ပလ္လင်လွတ်ရှိသည်။ ထောင့်လေးထောင့်တွင် မိန်းမပျိုလေးဦးသည် ရှိခိုးလျက် လိုက်ပါလာသည်။ ထိုထမ်းစင်နောက်မှ လောင်တိုက်တလားပါလာသည်။ ထိုအရာများနောက်တွင် အဆောင်တိုင်တို့သည် ဝတ်လဲတော်၊ ကွမ်းအစ်တော်၊ ဓားတော်၊ ကွမ်းအစ်စသည့် အသုံးအဆောင်များကို ကိုင်ဆောင်လိုက်ပါလာကြသည်။

အချိန်အနည်းငယ်ကြာလတ်သော် ဘုရင်ထွက်တော်မူလာသည်။ ဝေါတော်ဖြင့် ထွက်တော်မူသည်။ အလွန်ခံ့ညားသောဝေါတော်ဖြစ်သည်။ မိန်းကလေးလေးဦးတို့က ရှိခိုးလျက်လိုက်ပါလာကြသည်။ တည်ငြိမ်စွာဖြင့် ခစားလိုက်ပါလာရခြင်း ဖြစ်သည်။ မှူးမတ်များသည် ဒူးခေါင်းအထိ နိမ့်မြန်းသော အင်္ကျီရှည်တွင် အစိမ်းရောင်ဘောက်ကြယ်ခတ်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်။ တပ်သားတို့လည်း စစ်ဝတ်တန်ဆာများ အပြည့်အစုံဝတ်ဆင်ကြသည်။ ဘုရင်ထွက်တော်မူလျှင် မြန်မာအရာရှိ ပရိသတ်များလည်း ဝပ်တွားလျက်နေကြရသည်။ ကျွန်ုပ်တို့က ဦးထုပ်ချွတ်သည်၊ ထိုင်ရာမှထ၍သည်။ ဤသည်မှာ လေးစားမှုပြုခြင်းဖြစ်၏။

ဘုရင်သည် တည်ငြိမ်စွာ လိုက်ပါလာသည်ဖြစ်သော်လည်း ကျွန်ုပ်တို့ဘက်သို့ မျက်နှာမလှည့်သော်လည်း မျက်လုံးများဖြင့်တစ်ချက်စေ့ကြည့်သည်ကို တွေ့လိုက်ရပါသည်။ ထွက်တော်မူလာပြီးသည့်နောက် ဈာပနကျင်းပရာ နေရာရောက်သော် ဘုရင်အား နတ်ရွာစံဘုရင်ကြီး၏ ရုပ်ကလာပ်တော်အား သဂြိုဟ်ခြင်းအမှု ဆက်လက်လုပ်ဆောင်ရန် အမိန့်တောင်းခံသည်။

"ထုံးစံနှင့်အညီ ကောင်းမြန်စွာ သဂြိုဟ်စေ"

အမိန့်ပေးပြီး နန်းတော်ရှိရာသို့ အခမ်းအနားဖြင့် ပြန်ဝင်တော်မူသည်။ ထုံးစံအရ မီးသဂြိုဟ်ရမည်ဖြစ်သဖြင့် မီးသဂြိုဟ်ရန်အတွက် မီးဖို၊ ထင်းစသည်တို့အသင့်ထားသော်လည်း နတ်ရွာစံဘုရင်ကြီးဆန္ဒအရ ပြာသာဒ်ပုံဂူသွင်းမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ဗြိတိသျှအဖွဲ့အား အမေးအမြန်းမရှိ အခမ်းအနားကို လှည့်လည်၍ကြည့်ခွင့်ပြုပါသည်။ ဂူသွင်းမြှုပ်နှံမည့်နေရာ၌ မိဖုရားကြီးကြွရောက်ကြပ်မတ်နေသောကြောင့် သွားရောက်မကြည့်ခဲ့ရပါ။ ကျွန်ုပ်တို့လည်း အခမ်းအနားကပြီးသည့်အတွက် လာစဉ်ကအတိုင်း နန်းမြို့တံခါးမှ အခမ်းအနားဖြင့် ပြန်လာခဲ့ရပါသည်။ နေကလည်းပူသဖြင့် ဆင်များနောက်မှ မလိုက်တော့ဘဲ မြင်းကိုအသကျစီးကာ အိမ်သို့ပြန်လာခဲ့ပါသည်။

ဈာပနအခမ်းအနားတွင် ကျွန်ုပ်တို့ကို ဧည့်ခံကြိုဆိုသောသူများအနက် တရားရုံးချုပ်မှ စာရေးတော်ကြီးသည် အင်္ဂလန်၌နေခဲ့သည်ဟု သိရသည်။ ထိုသူက ကျွန်ုပ်အား ဘုရားရှိခိုးကျောင်း ဂေါပကကြီး"ဟုခေါ်ဆိုရာ ပြုံးနေရပါသည်။ မြန်မာဘုနီးတော်ကြီးများခေတ်ကုန်ပြီ။ ယခင်ကကဲ့သို့ အခွင့်အရေးများ ရတော့မည်မဟုတ်ဟု စာရေးတော်ကြီးထံမှ သိရသည်။ အိမ်တော်တွင် ကျွန်ုပ်တို့မရှိစဉ် မင်းသားများနှင့်တကွ သူတို့၏မိသားစုကို အတင်းအကြမ်းဖက်၍ ဖမ်းဆီးခေါ်ဆောင်သွားမည်ကို စိုးရိမ်ရသည်အခြေအနေတွင်ရှိရာ ကျွန်ုပ်ပြန်ရောက်သောအခါတွင် အိမ်တော်သို့ ကျွန်ုပ်ပြန်လည်ရောက်ရှိခြင်းမှာ သူတို့အတွက် အသပြာသိန်းသန်းမကတန်ပါပေသည်ဟု ပြောကြ၏။

ဘုရင်ထွက်တော်မူရာတွင် ဝတ်စုံမှာ ရွှေချည်ထိုးထားသည်။ မကိုဋ်မှာ ပုပ်ရဟန်းမင်းကြီးဆောင်းသည့် မကိုဋ်နှင့်တူသည်။ ဘုရင်စီးတော်မူသော ဝေါတော်တွင် ခန်းဆီးများပါသည်။ မကြာခဏ ခန်းဆီးစနှင့်ငြိသည်ကိုမြင်ရသည်။ ဘုရင်သည် ပုန်ကုန်ထကြွသော သူပုန်အဖွဲ့တစ်ခုကို အောင်နိုင်ခဲ့သဖြင့် ကျေနပ်နေသည်ဟု သိရ၏။ ယခင်မိဖုရားဟောင်းများကို နန်းတော်ပြင်ပသို့ထွက်စေသည်။ အဆောင်အယောင်တို့ကို ပြန်လည်သိမ်းသည်။ ဤသို့ဆောင်ရွက်တော်မူခြင်းမှာ ထုံးစံအရသာ ဖြစ်သည်ဟု ဆို၏။ အဖေတူအမေကွဲနှမတော်များနှင့် လက်ဆက်ရသည်မှာလည်း ထုံးစံနှင့်အညီဖြစ်သည်ဟုဆို၏။ တောင်ညာစံမိဖုရားမြှောက်ရန်လျာထားသော မင်းသမီးနှစ်ပါးအနက် တစ်ပါးသော မင်းသမီးသည် မယ်သီလရှင်ဝတ်သွားကြောင်း သိရသည်။ ထိုကိစ္စကို မည်သို့စီစဉ်မည်ကို ကျွန်ုပ်မခန့်မှန်းနိုင်။ ဝန်ကြီးများလက်ထဲတွင် အာဏာရှိသေးသည်။ လုပ်ကြံရန်ကြံစည်မှုတစ်ခုပေါ်ပေါက်သည်ဟုလည်း သိရသည်။ ခိုလှုံနေသောမင်းသားနှစ်ပါးတို့ အိန္ဒိယထွက်ခွာမသွားမချင်း ထီးနန်းလုယူရန် အကြံအစည်များ တစ်ခုပြီးလျှင်တစ်ခု ပေါ်ပေါက်နေမည်ဖြစ်သည်ဟု ဆိုကြသည်။ အကျဉ်းကျမင်းသားများ မည်သို့ဆောင်ရွက်မည်ကို စဉ်းစားရပါမည်။ မန္တလေးမြို့ပေါ်တွင် ကုန်သွယ်မှုမရှိ၊ လူအများတို့ စုဝေးလျက်ရှိသည်ကို တွေ့ရသည်။

(၁၈၇၈၊ နိုဝင်ဘာလ ၂ ရက်နေ့တွင်ရေးသောစာမှာ ဤတွင်ပြီးပါသည်။ နိုင်ငံခြားသားတစ်ဦးအမြင်ဖြင့် မင်းတုန်းမင်းရုပ်ကလာပ်တော်ကို သဂြိုဟ်ပုံကို ဖော်ပြသည်။ တစ်ဆက်တည်း မိဖုရားတင်မြှောက်ရန်နှင့် ညောင်ရမ်းမင်းသားအခြေအနေကို ဖော်ပြထားသည်။)

ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးကိုလ်ဘက်၏ ၁၈၇၈ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့ ရေးစာတွင် ဗြိတိသျှပိုင်ရောဝတီဖလုပ်တီလာသင်္ဘောကို မြင်းခြံအနီးတွင် မြန်မာတပ်သားတို့က စီးနင်း၍ မင်းသား(၂)ပါးရှာပုံကို ဖော်ပြပါသည်။

၁၈၇၈ ခု၊ နိုဝင်ဘာလ ၉ရက်
မန္တလေး

ယခင်အပတ်က သည်းထိတ်ရင်ဖိုဖြစ်စရာအကြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ကျွန်ုပ်တို့သင်္ဘော (ဗြိတိသျှအလံတင် ရောဝတီဖလုပ်တီလာကုမ္ပဏီပိုင်မီးသင်္ဘော) ကို မန္တလေးမြို့အောက်မိုင်(၈၀) ခန့်ဝေးသော မြင်းခြံ၌ မြန်မာတပ်သား (၂၀၀) ခန့် တက်ရောက်၍ မာလိန်မှူးအား ထွက်ပြေးတိမ်းရှောင်နေသော မြန်မာဘုရင်၏ ကျေးကျွန်များကိုအပ်ရန် မြန်မာအရာရှိက တောင်းဆိုသည်။ မာလိန်မှူးက ပေးအပ်ရန် သော်လည်းကောင်း၊ သူ့သင်္ဘောပေါ်တွင် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းမပြုရဟု ငြင်းဆန်သည်။ သင်္ဘောပေါ်တွင် ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားပြီး လူ (၃၀) ခန့်ကို ဖမ်းဆီးသွားသည်။ အချင်းဖြစ်ပွားမှုမှာ နံနက် (၃) နာရီခန့်တွင် ဖြစ်ပွားပါသည်။ အိန္ဒိယ(ဗြိတိသျှ)အစိုးရက မြန်မာတို့ထံ ပြင်းပြင်းထန်ထန်စကားပြောလိမ့်မည်။ မင်းသား (၂) ပါးကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှကိုယ်စားလှယ်တော်သည် မြန်မာနန်းရင်းဝန်ကြီးနှင့် ဆွေးနွေးလျက်ရှိသည်။ မြန်မာတို့သည် ဗြိတိန်နှင့် အာဖကန်နစ်စတန်စစ်ပွဲ အနိုင်၊ အရှုံး၊ သူတို့နည်းသူတို့ဟန်နှင့် လုပ်လိုသည့်သဘောဆောင်သည်။ အကယ်၍ ဤကိစ္စတွင် သူတို့အလိုကျ ဗြိတိသျှတို့က လိုက်လျောသော် မှားမည်။ အလားတူကိစ္စမျိုး ပေါ်ပေါက်နိုင်သည်။ ဒီကိစ္စတစ်ခုတည်းနှင့် ဗြိတိသျှလက်အောက်ခံ အိန္ဒိယအစိုးရနှင့် မြန်မာတို့ စစ်မဖြစ်နိုင်။ သို့သော် အတွေးအခေါ်မရှိသော ဝန်ကြီးအချို့တို့တွင်မူ ဗြိတိသျှအလံတော်အောက် ခိုလှုံနေသော မင်းသားများကို ယူဆောင်လာပါမည်ဟု ပြောဆိုသော သူတို့အလိုကျပြောဆိုလုပ်ဆောင်မည့်သူများလည်း ရှိကြသည့်အတွက် မြန်မာများ၏ မိုက်ရူးရဲလုပ်ဆောင်တတ်မှုကို ထည့်တွက်ထားရသည်။

အကယ်၍ ကျွန်ုပ်သည် ဗြိတိသျှဘားမားအောက်မြန်မာပြည်တွင်ရှိလျှင် ခွေးလှေးခုန်၍ဖုန်မထပါဘူးကွာဟုပြောမည်ဖြစ်ပါသည်။ အချက်များပါသည်။

(ကိုယ်လ်ဘက်သည် ဗြိတိသျှအလံလွှင့် ရောဝတီဖလုပ်တီလာကုမ္ပဏီပိုင်မီးသင်္ဘောကို မြင်းခြံ၌ မြန်မာတပ်မှ

www.burmeseclassic.com

တက်ရောက်ပြီးစီးနင်း ပြည်ပြေးရှာမှုကို ရေးသားစာမှာ ဤတွင် ပြီးပါသည်။ မင်းသား (၂) ပါးကိစ္စ ဆွေးနွေးမှုမှာ မည်သည့်အချက်များပါသည်ကို မသိရသော်လည်း ခရစ်နှစ် ၁၈၇၈ ခု၊ နိုဝင်ဘာလ ၁၄ ရက်တွင် ညောင်ရမ်းညီနောင်၊ သူတို့၏မိသားစုနှင့် နောက်လိုက်များသည် မန္တလေးမှ ဗြိတိသျှပိုင် ဧရာဝတီဖလုပ်တီလာကုမ္ပဏီမီးသင်္ဘောဖြင့် ထွက်ခွာသွားကြပုံကို ဖော်ပြထားချက်မှာ -

## ခရစ်နှစ် ၁၈၇၈ ခု၊ နိုဝင်ဘာ ၁၆ရက် မန္တလေး

ဗြိတိသျှအလံအောက်၌ ခိုလှုံလာသော မင်းသား (၂) ပါးသည် ယခုသော် မန္တလေးမှ ဘေးရန်ကင်းစွာဖြင့် ဗြိတိသျှသင်္ဘောတစ်စီးပေါ်တွင် လိုက်ပါသွားပါပြီ။ ကျွန်ုပ်တို့အတွက်လည်း တာဝန်တစ်ခုပေါ့သွားသည်နှင့်အမျှ တိုက်ခိုက်ခံရန်စမှုပြုရန်အကြောင်းလည်း နည်းပါးသွားမည် ထင်ပါသည်။ ဤကိစ္စ မပြေလည်မီ အကြိမ်အခါများစွာ ရှုန်းကန်လာပြီးနောက် အကယ်၍များ မြန်မာတို့က အင်အားသုံးလျက် မင်းသားတို့ကို ဗြိတိသျှကိုယ်စားလှယ်တော်အိမ်မှ လုယူခဲ့လျှင် ဗြိတိသျှနှင့် မြန်မာတို့စစ်ဖြစ်ပြီ။ အထက်မြန်မာပြည်ကို သိမ်းယူရန် ဗြိတိသျှတို့က စီမံလိမ့်မည်။ ထိုသို့ မဖြစ်စေလိုပါ။ ကမ္ဘာ့အရှေ့ပိုင်း ချောင်ကျသည့်နေရာကလေး လွတ်လပ်စေချင်ပါသည်။ ဗြိတိသျှအလံတင်ခရီးသည်တင်သင်္ဘောပေါ်မှ လူ (၃၀) အား တက်ရောက် ဖမ်းဆီးသည့်ကိစ္စမှာ ဗြိတိသျှအလံအား မရိုမသေမလေးစားပြု၍ ဗြိတိသျှအား စော်ကားရာရောက်သည်ဟု ယူဆသည့်အတွက် တက်ရောက်ဖမ်းဆီးမှုပြုသည့်အရာရှိကို အရေးယူရန် ဗြိတိသျှပိုင် အိန္ဒိယအစိုးရက တောင်းဆိုသည်။ မြန်မာဘက်ကလည်း ခိုလှုံနေသော မင်းသားများကို ဗြိတိသျှကိုလိုနီတစ်ခုတွင် အိမ်နှင့်ထားရန် တောင်းဆိုသည်။ ယခုသော် မင်းသားများလည်း ယမန်နေ့ ဗုဒ္ဓဟူးနေ့က အောက်မြန်မာပြည်သို့ သင်္ဘောဖြင့် စုန်ဆင်းသွားကြပြီ။ ထုံးစံအတိုင်း အစီအစဉ်အလိုက် ကျေးဇူးတင်ကြောင်း၊ အားလုံးကို နှုတ်ဆက် စတင်ထွက်ခွာသည်။ ညောင်ရမ်းမင်းသားသည် စိတ်ရင်းကောင်းသူဖြစ်သည်။ သူ့ဇနီးနှင့်

သားတော်၊ သမီးတော်များမှာ နန်းတွင်းအဝတ်အစားများဝတ်ဆင်ထားကြသည်။ ကျောက်မျက်ရတနာများ၊ စိန်များတို့ကို ဝတ်ဆင်ကြသည်။ ကျွန်ုပ်အားနှုတ်ဆက်ရာတွင် အချို့မှာ မျက်ရည်ကျကြသည်။ ခေတ်ပုံချင်းလဲလှယ်ကြရသည်။

ကြာသပတေးနေ့၊ နိုဝင်ဘာလ ၁၄ ရက်နေ့မနက်တွင် သင်္ဘောထွက်ပါမည်။ ကျွန်ုပ်တို့ထံ၌ ရှိသမျှ ခိုလှုံသူတို့ကို ယင်းသင်္ဘောနှင့် ထည့်ပေးလိုက်ပါသည်။ မင်းသားများအတွက် သူတို့စီးနင်းရန် ဆင်၊ မြင်း စသည်တို့ကို နန်းတော်မှ မစေလွှတ်ပါ။ ထီးတစ်ချောင်း၊ လှည်းတစ်စီးမျှပင် မကူညီပါ။ အိမ်တော်မှ သင်္ဘောဆိပ်သွားရာတွင် -

တပ်မှူးဦးဆောင်သော လုံခြုံရေးတပ်၊ သူတို့နောက်မှ လှည်းမျိုးစုံနှင့် တင်လာသော မင်းသားများ၏ ပစ္စည်းများ၊ ထိုလှည်းများ၏နောက်မှ မင်းသားနှင့် ၎င်း၏မိသားစုပါသောလှည်း၊ ညီတော်မင်းသားနှင့် သူ၏မိသားစုလိုက်ပါသောလှည်း၊ လက်ထောက်ဌာနေကိုယ်စားလှယ်တော်၊ ဆရာဝန်၊ ကျွန်ုပ်က မြင်းကိုယ်စီနှင့် လိုက်ပါကြသည်။

နောက်ဆုံးတွင် လှည်း (၁၃) စီးနှင့် မင်းသား (၂) ပါး၏ နောက်လိုက်များသည် လိုက်ပါလာပါသည်။

ယခုသော် သူတို့သွားကြလေပြီ။ ရင်ထဲ၌ ပေါ့သလိုခံစားရသည်။ ရှေ့ဘာဖြစ်ဦးမှာလဲဟု ချင့်ချိန်ရသေးသည်။ မင်းသားများ ထွက်ခွာသွားသည်ကို ကြည့်ကြသူများလည်းရှိသလို ညောင်ရမ်းမင်းသားကို ဗြိတိသျှတို့က နန်းတင်ပေးမည်ဟုထင်ကြသူများလည်းရှိသည်။ သင်္ဘောသို့ ရောက်သောအခါ မြန်မာတပ်ထူထပ်စွာချထားသည်။ မင်းသားများစီးသောသင်္ဘောကို မလှမ်းမကမ်းမှ မြန်မာတပ်ပါသောသင်္ဘောက လိုက်လံစောင့်ကြည့်မည်ဖြစ်၏။ ညောင်ရမ်းမင်းသားသည် ဇာတိမြေကိုစွန့်ရမည်ဖြစ်၍ ဝမ်းနည်းနေပါသည်။ ကလေးများလည်း ဝမ်းနည်းကြသည်။ ဘင်္ဂလားက ဘာဘူတွေကြားမှာ ကြီးပြင်းရမှာကို မြင်ယောင်မိပါသည်။

တိမ်မည်းညိုများ အုံ့ဆိုင်းနေသလို ရှေ့ဖြစ်မည့်အရေးကို ကောင်းစွာမမြင်၊ ဘုရင်ကလေးကို မည်သူမျှမတွေ့၊ ဝန်ကြီးများအလယ်တွင် အကျဉ်းကျသူပမာရှိ၏။ သူနှင့်မတွေ့ရသဖြင့် ကျွန်ုပ်အပေါ်အမြင်၊ သာသနာပြုအဖွဲ့များအတွက် သဘောထားတို့လည်း မသိရနိုင်။ ရိုမင်ကတ်သလိပ်ဘစ်ရှော့ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့်တွေ့ဆုံရာ သူတို့လည်း ကျွန်ုပ်နည်းတူရှိချေသည်။ ရန်ကုန်မှသတင်းစာဆရာများကမူ ဗြိတိသျှတို့က မြန်မာတို့အား ရာဇသံပေး၍ (၂) ပြည်ထောင် ဆက်ဆံသင့်သည်ဟု ရေးကြသည်။

ကျွန်ုပ်သည် ဘုရားသခင်ရှေ့တော်တွင် အစစ်အဆေးခံရာ၌ သစ္စာရှိသူဖြစ်ကြောင်း သက်သေပြနိုင်ပြီး သမ္မာကျမ်းစာနှင့်အညီ ကျင့်ကြံအားထုတ်ရန်၊ အများစုမှာ မှောင်ထဲတွင် နေထိုင်ခံစားရစဉ် သူတို့အား အလင်းရောင်ပြရန်တာဝန်ကို ဆောင်ရွက်ရမည့်အစား သူရဲဘောနည်းစွာ ထိုင်ကြည့်နေသူတစ်ဦး မဖြစ်စေရန် ကြိုးစားပါမည် ဘုရားသခင်။

ကိုလ်ဘက်၏ ၁၈၇၈ ခု၊ နိုဝင်ဘာလ ၁၆ ရက်စွဲပါစာ ဤတွင် ပြီးဆုံးသည်။

## ခရစ်နှစ် ၁၈၇၉ ခု၊ ဖေဖော်ဝါရီ ၂၅ မန္တလေး

ထိတ်လန့်ဖွယ်ရာ အကောင်းဆုံးအချိန်ဟု ဆိုရပါမည်။ ဘုရားသခင်ကျေးဇူးတော်ကြောင့် ကျွန်ုပ် အပါအဝင် ဥရောပတိုက်သားအားလုံး ယခုအချိန်အထိ အဖမ်းအဆီးမရှိ ပကတိအတိုင်းရှိပါသည်။

ဘုရင်၏ ရွှေစိတ်တော်ငြိ အလိုမကျ ဒေါသအမျက်တော်ထ၍ ဆွေတော်မျိုးတော်များကို အဆုံးစီရင်သည်။ မင်းညီမင်းသား (၃၀) မှာ အသတ်ခံရသည်။ သူတို့နှင့် ဆက်နွယ်၍ လူပေါင်း (၆၀) မှ (၂၅၀) ခန့်အထိ အသတ်ခံရသည်။ ကျွန်ုပ်တို့သည်လည်း အကျဉ်းအကျပ်ထဲသို့ရောက်နေပြီ။ အစောင့်တပ်ရောက်လာသည်။ တပ်သား (၃၀) သာပါသည်။ ဝင်ရောက်တိုက်လျှင်တော့ ပြန်တိုက်ရတော့မည်။ ဘုရားရှိခိုးကျောင်းသည် ကျွန်ုပ်တို့ ခံတပ်ဖြစ်အံ့။

(အထက်ပါစာအရ မင်းညီမင်းသားတို့ အသတ်ခံရပြီဖြစ်ကြောင်း။)

အနောက်တံခါးမှူးမောင်ရှု

၅- Brown Bess Filinklock Musket

၆- Muzzle Loader

၇- Breech Loader

၈- High Church man



www.burmeseclassic.com

www.burmeseclassic.com




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ယေပုံ့မယ်မမမြင့်ရယ်၊ ရှေ့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကို"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ." **ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၄

www.burmeseclassic.com

www.burmeseclassic.com

၁၃၆၀ပြည့်၊ တပေါင်းလပြည့်နေ့ ညဦးယံ၏အထက်မိုးကောင်းကင်သည် မိုးသားတိမ်လိပ်များကင်းစင်လျက်ရှိ၏။ လရောင်နှင့်အတူ ကြယ်တာရာအပေါင်းတို့သည် ငွေရောင်တောက်ပနေသော လမင်းကြီးအား ဝိုင်းအုံခစားနေကြ၏။

လရောင်၏ အရိပ်အောက်တွင် ကိုစိုးတို့နေထိုင်သော မွေ့လယ်ရွာလေးသည် တိတ်ဆိတ်ငြိမ်သက်စပြုနေပြီး မကြာသောအချိန်တွင် အိပ်စက်အနားယူကြတော့မည်ဖြစ်၏။


ကိုစိုး၏ဇနီးသည်နှင့် သားသမီးလေးယောက်တို့သည် နေ့ခင်း အပူရှိန်ကြောင့် အိမ်ထဲတွင် ပူအိုက်လွန်းကြသဖြင့် မအိပ်နိုင်ကြပေ။ အပြင်ဘက်တွင် လေနုလေအေး တိုက်ခတ်သည်ဖြစ်၍ အိမ်ရှေ့တည့်တည့်ရှိ အမြင့်တစ်တောင်၊ အကျယ် ဆယ်ပေပတ်လည်ရှိသော ဝါးကွပ်ပျစ်ပေါ်တွင် ဖျာတစ်ချပ်ခင်း၊ ကွပ်ပျစ်ထောင့်လေးထောင့်တွင် တစ်လံမျှ ဝါးလုံးလေးလုံးစိုက်ထောင်ကာ ပန်းနုရောင်ဖျော့ဖျော့ဇာခြင်ထောင်အဟောင်းနှစ်မိုးခွဲအား တောင့်တင်းစွာချည်နှောင်၍ အိပ်ရာ၊ ခေါင်းအုံး၊ စောင်တို့ဖြင့် ဇနီးဖြစ်သူပြင်ဆင်နေ၏။

အိပ်ရာပြင်ပြီးသည်ဖြစ်၍ လရောင်အောက် ဆေးကာစားနေသော သူ၏ သားသမီးလေးယောက်အား ခြင်ထောင်အတွင်းဝင်အိပ်ရန် အမေဖြစ်သူ အော်ခေါ်နေ၏။ ကလေးလေးယောက်သည် သူ့အမေ၏ခေါ်သံကြောင့် အလိုက်သိအိမ်နောက်ဖေးသို့ သွားရောက်ကာ အပေါ့စွန့်ကြ၏။ ခြင်ထောင်အတွင်းမှ အမေဖြစ်သူ၏ နောက်ထပ်ခေါ်သံကြောင့် သားသမီးလေးဦးစလုံး အပြေးအလွှားရောက်လာကြကာ ခြင်ထောင်ထဲသို့ အလျှိုလျှိုဝင်အိပ်ကြတော့၏။

အိမ်ရှေ့ ကုလားထိုင်ဖြင့်ထိုင်နေသော ကိုစိုးသည် သူတို့သားအမိငါးယောက်တို့၏ပြုမူနေပုံအားကြည့်၍ ပြုံးနေမိ၏။ အမေဖြစ်သူသည် လူပုစိတ်တိုသူခေါ်လျှင် ချက်ချင်းလာမှကြိုက်၏။

ရိုးမှင်း
(မြောက်ဥက္ကလာ)

# အိပ်မက်မဟုတ်သောဘုံထံမှ





www.burmeseclassic.com

www.burmeseclassic.com

သွားဆိုလျှင်သွား၊ စားဆိုလျှင်စား၊ အိပ်ဆိုလျှင်အိပ်၊ သူပြောသလို ချက်ချင်းမလုပ်လျှင် အသံကျယ်ကျယ်ဖြင့် အော်ဟစ်ကြိမ်းမောင်းကာ ရိုက်မည်တကဲကဲပြင်၏။ ဇနီးသည်မှာ သားသမီးဆက်၍ တစ်ယောက်နှင့် တစ်ယောက် တစ်နှစ်ကျော်စီမျှသာခြားသည်မို့ ကလေးများသည် အရွယ်မတိမ်းမယိမ်းသာရှိကြ၏။ အကြီးဆုံးသားနှင့် သမီးသည် နှစ်တန်း၊ အငယ်ဆုံးသားနှစ်ယောက်သည် သူငယ်တန်း၊ အငယ်နှစ်ယောက်သည် အဆိုးဆုံးဖြစ်ကာ ယခုလည်း ခြင်ထောင်ထဲတွင် ကြိမ်းမောင်းသံကြားနေရပြန်၏။ အမေ၏အမိန့်အား သူတို့မလွန်ဆန်နိုင်။ ကလေးလေးယောက် အသံတိတ်ကာ အိပ်ကြတော့၏။

ကလေးများအိပ်ပြီဖြစ်၍ ခြင်ထောင်အတွင်းမှ ဇနီးသည်ထွက်ကာ ကိုစိုးရှိရာသို့လာပြီး စကားပြော၏။

"ကဲ-ခင်ဗျားလည်းလုပ်စရာရှိတာလုပ်တော့၊ ညနက်လာပြီ။ ကျွန်မလည်း အိပ်တော့မယ်"

ဟု ပြောဆိုနှုတ်ဆက်၍ ဇနီးသည် ခြင်ထောင်အတွင်းဝင်အိပ်တော့၏။

ထိုအချိန်တွင် ကိုစိုးသည် ရထားဌာနတွင် တာဝန်ထမ်းဆောင်ချိန်ဖြစ်၍ ပြီးခါစ ဝန်ထမ်းအိမ်တစ်ထပ်တိုက်၊ သွပ်မိုးနှစ်ခန်းတွဲအဆောင်တွင် နေထိုင်ကြ၏။ တောင်ဘက်ခန်းတွင် ကိုစိုးတို့မိသားစုနေထိုင်၍ မြောက်ဘက်အခန်းတွင် တပည့်နှစ်ယောက်နေကြ၏။

ကိုစိုးတို့နေသောအိမ်တွင် အခန်းလေးခန်းပါရှိပြီး ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်းနှင့် ကျန်တစ်ခန်းအား ဘုရားခန်းထား၏။ဘုရားခန်းအတွင်း တစ်ယောက်အိပ်ခုတင်ကြမ်းတစ်လုံးထည့်ထား၏။ ခုတင်ထည့်ထားခြင်းမှာ ထိုစဉ်က ကိုစိုးသည် အစိုးဌာန်ပုတီးစိပ်နေသောအချိန်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ဤခုတင်ပေါ်၌သာအိပ်နေချိန်ဖြစ်၏။

အမိဌာန်ပုတီးစိပ်ခဲ့သည်မှာ (၈) လပြည့်၍ (၉) လအတွင်းသို့ ရောက်ရှိလာကာ ယနေ့ တပေါင်းလပြည့်နေ့ပင် ရောက်လာခဲ့၏။ ပုတီးစိပ်ခဲ့သော (၉)လအတွင်း ထူးခြားသောအဖြစ်အပျက်များများစွာရှိခဲ့သော်လည်း စာရှည်မည်စိုး၍ ချန်ခဲ့ပါသည်။

လရောင်၏ အလင်းအောက်တွင် တစ်ရွာလုံးတိတ်ဆိတ်သွား၏။ အိမ်ဒရှေ့ကွပ်ပျစ်ပေါ် ခြင်ထောင်ထဲရှိ ဇနီးနှင့်သားသမီးများ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။ ပတ်ဝန်းကျင်တိတ်ဆိတ်၍ ပုတီးစိပ်ရန် ဘုရားခန်းအတွင်းသို့ဝင်ကာ ဘိုးသူတော်အဝတ်အစားများပြောင်း၍ ဆီမီး၊ သောက်တော်ရေလှူပြီးသောအခါ နေ့ခင်းအပူရှိန်ကြောင့် အုတ်ငွေ့များပြန်နေသဖြင့် ဘုရားခန်းသည် ပူရှိန်းနေ၏။ ဤနေ့အတွက် အလုပ်လုပ်ရန် ခက်ခဲလှ၏။သို့ဖြစ်၍ ဘုရားခန်းအတွင်း ပုတီးမစိပ်တော့ဘဲ အိမ်အပြင်ဘုရားခန်း၏ရှေ့တည့်တည့်တွင် ထိုင်ခုံတစ်ခုချကာ ပုတီးစတင်စိပ်တော့၏။ အချိန်အတော်ကြာသွား၍ သတ်မှတ်ထားသော ပုတီးပတ်ရေပြည့်သွားသဖြင့် အလုပ်ရပ်လိုက်၏။ မေတ္တာပို့လွှတ်ရဦးမည်ဖြစ်၍ ထိုင်ခုံသိမ်းကာ အိမ်ထဲအဝင် အိမ်ရှေ့ခြင်ထောင်အတွင်းမှ ဇနီးနှင့် ကလေးများအား အနီးကပ်ငုံ့ကြည့်ရာ နှစ်ခြိုက်စွာအိပ်မောကျနေ၏။

ထိုအချိန် လပြည့်ည၏ လမင်းသည် ကိုစိုး၏ ဦးခေါင်းပေါ်တည့်တည့်သို့ ရောက်နေ၏။ ဘုရားခန်းအတွင်းဝင်သောအခါ ညဦးယံကဲ့သို့ အပူငွေ့များမရှိ အေးနေ၏။ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရမည်ဖြစ်၍ ဘိုးသူတော်အဝတ်အစားမချွတ်သေး။ ခုတင်ပေါ်ပက်လက်လှန် မျက်စိများမှိတ်၍ မေတ္တာစိတ်ပို့လွှတ်နေစဉ် မှေးခနဲအိပ်ပျော်သောအခါ ကိုစိုး၏မှိတ်ထားသောမျက်စိနှစ်လုံးသည် တဆတ်ဆတ်တုန်ခါလာကာ ဘုရားခန်းသည် မီးဆလိုက်ထိုးထားသည့်ပုံစံဖြင့် လင်းနေသည်ကို သိနေ၏။ စိတ်ဖြင့်အဖြေရှာကြည့်ရာ အိပ်မက်များလေလား။ တစ်ဖန် မျက်စိနှစ်လုံးအား အားထည့်ကြည့်သောအခါ ထိုအလင်းရောင်ထက် ပိုလင်းသော အလင်းရောင်အဖြစ်ပြောင်းသွား၏။ ပတ်ဝန်းကျင်တစ်ခုလုံးပြောင်းလဲသွားသည်ကိုလည်း ထင်ရှားစွာ တွေ့လိုက်ရ၏။

မျက်နှာအပေါ်တည့်တည့် အိမ်အမိုးသွပ်တို့သည် မရှိ။ ကောင်းကင်ကြယ်တာရာများနှင့် လမင်းကြီးအား အထင်းသားမြင်နေရ၏။ အိမ်ခေါင်းရင်းဘက်သို့ကြည့်ပြန်သော် ဘုတာရုံနှင့်နေ့ခင်းဘက်အရာများအားလုံး၊ ညာဘက်ခြမ်းတွင် လရောင်အောက်က တစ်ရွာလုံးတိတ်တိတ်ဆိတ်ဆိတ်၊ ခြေရင်းဘက်တွင် တစ်ဖက်ခန်းမှတပည့်များအိပ်မောကျလျက်၊ အနောက်ဘက်အိမ်ရှေ့တည့်တည့်သို့ကြည့်သောအခါ ကိုစိုးရင်ထိတ်သွား၏။ ကွပ်ပျစ်ပေါ်ခြင်ထောင်ထဲတွင် ဇနီးသည်၊ သားသမီးလေးယောက်တို့ အိပ်မောကျနေသော်လည်း သူတို့၏နံဘေး (၁၀) တောင်ခန့်အကွာတွင် အသားမည်းမည်းတစ်မီးလူနှစ်ယောက်မတ်တတ်ရပ်နေပြီး သူတို့၏နောက်ကျောဘက်၌ ပိန်းကောလှေတစ်စင်းအား ထင်ရှားစွာမြင်နေရ၏။

အပြင်မှ တစ်စီမ်းလူနှစ်ယောက်သည် အိမ်ထဲရှိ ကိုစိုးအား လှမ်းကြည့်နေသလို ကိုစိုးသည်လည်း သူတို့နှစ်ယောက်အား ပြန်လည်ကြည့်နေရင်း ရင်ထဲမှာ စိုးရိမ်စိတ်ဝင်ကာ ထိတ်ထိတ်ပျာပျာဖြစ်လာ၏။

သူတို့နှစ်ယောက်အား ကြည့်နေသော်လည်း ခြင်ထောင်အတွင်းမှ ဇနီးသည်နှင့် ကလေးများအား သတိရ၍ စိတ်ပူလာ၏။ အိမ်အတွင်းဘုရားခန်းမှ သူတို့နှင့်ရင်ဆိုင်ရန် အိပ်ရာပေါ်မှထထိုင်ကာ မျက်စိဖွင့်ကြည့်ပြန်သော်လည်း ထိုမြင်ကွင်းပြောင်းလဲမှုမရှိ။

ဇနီးနှင့် ကလေးများအား စိတ်ပူလာ၍ အိပ်ရာပေါ်မှ ချက်ချင်းထကာ အိမ်အပြင်ပြေးထွက်၍ တစီမ်းယောကျ်ားနှစ်ယောက်၏ရှေ့ (၅)တောင်ခန့်အကွာတွင် မျက်နှာချင်းဆိုင်ရင်ဆိုင်လိုက်၏။

သူတို့နှစ်ယောက်သည် ကိုစိုးအား စိုက်ကြည့်ကာ စကားမပြော ရပ်ကြည့်နေ၏။ သူတို့နှစ်ယောက်အားကြည့်၍ ကိုစိုးအံ့ဩသွား၏။ တစ်ခါမှမတွေ့ဘူး၊ မကြုံဘူးသောသူများဖြစ်၍ ကြက်သီးများထကြောက်စိတ်ဝင်ကာ စကားပြောမိနေ၏။

'ဒီလူတွေက ဘယ်သူတွေလဲ၊ ဘာလာလုပ်တာလဲ၊ ဘာအကြောင်းရှိလို့လဲ'

တွေးရင်းတွေးရင်း အဖြေမသိ။ သူတို့နှစ်ယောက်အား စေ့စပ်စွာကြည့်သောအခါ အရပ် (၆)ပေနီးပါး၊ အသားမည်းမည်း၊ မည်းသော်လည်း အဆီပြန်သလိုဝင်းနေ၏။ မျက်ကွင်းခွက်ခွက်၊ ပိန်ပိန်ပါးပါး၊မျက်လုံးများသည် ကြည်ကြည်လင်လင်သာရှိ၍ စူးရှမှုမရှိ။ အပေါ်ပိုင်းအောက်ပိုင်း အဝတ်အစားမပါ အရှက်လုံရုံ အညိုရောင်သားရေသားနှင့် ဖုံးအုပ်ထားပြီး ဦးခေါင်းပေါ်တွင် တစ်ထွာခန့်ရှိ နွားဦးချိုနှစ်ချောင်းအား အညိုရောင်သားရေဖြင့်ချုပ်ထားသောခေါင်းဆောင်းတစ်ခုစီဆောင်းထား၏။ ညာဘက်လက်များတွင် (၆) ပေခန့်ရှည်သော အသွား (၅)ချောင်းပါသံခက်ရင်းခွတစ်ချောင်းစီအား မြေပြင်ထောက်လျက် တစ်ယောက်နှင့်တစ်ယောက် (၅) တောင်ခန့်အကွာရပ်နေ၏။ သူတို့၏ နောက်ကျောတွင် (၁၂)ပေခန့်ရှည်သောခဲရောင်ပိန်းကောလှေပုံစံတစ်စင်း မြေပေါ်ရှိ၏။

ကိုစိုးသည် သူတို့အားငေးကြည့်နေရာမှ ညာဘက်မှလူစိမ်းသည် မေးငေါ့ကာ လက်ဟန်ဖြင့် လှေပေါ်တက်ရန်အချက်ပြနေ၏။ ကိုစိုးသည် အဖြေမပေး။ တစ်ဖန် ဘယ်ဘက်မှ လူစိမ်းသည်လည်း ပထမလူကဲ့သို့အချက်ပြပြန်၏။ သူတို့နှစ်ဦး မေးငေါ့၊ လက်ဖြင့်အချက်ပြအပြီးတွင် ကိုစိုးသည် ခေါင်းယမ်းဖြေမိပြန်၏။ လူစိမ်းနှစ်ယောက်သည် ဘဝင်မကျသည့်ပုံစံနှင့် ဒုတိယအကြိမ် အချက်ပြပြန်၏။ သူတို့အားကြည့်၍ ခေါင်းယမ်းပြပြန်၏။ ဤတစ်ကြိမ်တွင် လူစိမ်းနှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မျက်နှာထားတင်းတင်းနှင့် ကိုစိုးအား စူးစူးစိုက်စိုက်ကြည့်ကြ၏။ သူတို့၏ အကြည့်ကြောင့် ကိုစိုးသည် ဒူးတုန်၍ကြောက်လာ၏။ သူတို့၏ပုံစံသည် ဒေါသထွက်သည့်ပုံစံပေါ်နေ၍ အခက်တွေ့နေ၏။ သူတို့ခိုင်းစေချက်အတိုင်း လှေပေါ်မတက်ပါက ကိုစိုးအား သူတို့ဘာလုပ်ကြမည်နည်း။ ဤအဖြေအား ကိုစိုးမတွေးရဲ။ မသိစိတ်များသည် အဖန်ဖန်တွေးမိပြန်၏။

သူတို့ကမည်သူတွေနည်း၊ ဘယ်ကလာ၍ဘယ်ကိုသွားမည်နည်း၊ ကိုစိုးနှင့် မည်သို့ပတ်သက်နေသနည်းစသော မေးခွန်းများနှင့် စိတ်မှာရှုပ်ထွေးနေ၏။ ကွပ်ပျစ်ပေါ်ခြင်ထောင်အတွင်းမှ ဇနီးနှင့် ကလေးများအားငဲ့စောင်းကြည့်၊ တစ်ခါ သူတို့အားပြန်ကြည့်ဖြင့် ဗျာများနေရ၏။

သူတို့၏ အမူအရာများသည်



www.burmeseclassic.com

www.burmeseclassic.com

လွယ်လွယ်နှင့် အရှုံးပေးမည့်သူများ မဟုတ်ကြောင်း သိသာလာ၏။ သူတို့နှစ်ဦးသည် အသံများနှင့် အော်ဟစ်အမိန့်ပေးပြန်ရာ ထိုအသံကြောင့် ကိုစိုးသည် ကြောက်သည်ထက် ပိုကြောက်လာကာ ဆုံးဖြတ်ချက်ချရန်သာရှိတော့၏။ စိတ်ထဲမှ တစ်ဦးတည်းရေရွတ်၍-

'တကယ်လို့ ငါကသူတို့နဲ့မလိုက်ဖူးဆိုရင် သူတို့ ငါ့ကို ဘာလုပ်ကြမှာလဲ၊ ငါ့ကိုသတ်မှာလား။ ငါ့ကိုသတ်ရင်တော်သေးတယ်၊ ငါ့ကိုမသတ်ဘဲ မိန်းမနဲ့ကလေးတွေကိုထိုးသတ်သွားရင်ဒုက္ခ။ ငါ့ကိုသတ်ရင်လည်း ငါတစ်ယောက်တည်းသေမှာ။ ဒီတော့ မိန်းမနဲ့ ကလေးတွေ အသေမခံနိုင်ဘူး။ ငါသေရင်သေပါစေတော့။ သူတို့ခေါ်ရာလိုက်သွားတော့မယ်"

ကိုစိုးသည် ရဲဝံ့စွာ ဆုံးဖြတ်လိုက်၏။ သူစိမ်းနှစ်ယောက်အား ခေါင်းညိတ်အချက်ပြလိုက်ရာ သူတို့သည် ကျေနပ်သွား၍ လှေပေါ်တက်ရန် အချက်ပြ၏။ ကိုစိုးသည် လှေအနီးသွား၍ကြည့်ရာ လှေအတွင်း ဘာပစ္စည်းမှမရှိ။ လှေ၏အလယ်တည့်တည့် တောင်ဘက်သို့ မျက်နှာမူ၍ဝင်ထိုင်လိုက်၏။

ဘိုးသူတော်ဝတ်စုံနှင့် လှေပေါ်မှနေ၍ လရောင်၏အလင်းရောင်အောက် ဇာခြင်ထောင်အတွင်းမှ ဇနီးနှင့်ကလေးများအား အားငယ်စွာကြည့်နေမိ၏။ တောင်ဘက်သို့ ဦးလှည့်ထားသော ခဲရောင်ပိန်းကောလှေပေါ်သို့ အစောင့်နှစ်ယောက်သည် ကိုစိုးအား အလယ်ထား၍ ရှေ့တစ်ယောက်၊ နောက်တစ်ယောက် တောင်ဘက်မျက်နှာမူ၍ဝင်ထိုင်လိုက်သည်နှင့် လှေသည် သိမ့်ခနဲ တုန်ခါသွား၏။ အပေါ်တည့်တည့်သို့ ဝါးသုံး၊ လေးပြန်ခန့် ဖြည်းညင်းစွာ တက်နေစဉ် လှေ၏ကိုယ်ထည်တစ်ဖက်တစ်ချက်အား လက်နှစ်ဖက်ဖြင့် မြဲမြံစွာ ကိုင်ထားလိုက်၏။ အပေါ်မှအောက်သို့ ငုံ့ကြည့်ရာ ဇာခြင်ထောင်သေးသေးလေးသာမြင်ရချိန်တွင် ရှိုးဟူသော လေတိုးသံမြည်၍ အလွန်မြန်သောအရှိန်ဖြင့် တောင်တည့်တည့်သို့ ဦးတည်ပျံသန်းသွား၏။

လှေယာဉ်ထွက်ခါစ ခြင်ထောင်သေးသေးလေးနှင့် အိမ်၏သွပ်မိုးဖွေးဖွေးအား မျက်စိတစ်မှိတ်အတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွား၏။ လမင်းသည် ထိန်ထိန်သာလျက် ကြယ်တာရာများစုံနေ၏။ လေပေါ်တွင် ပျံသန်းနေသော ပိန်းကောလှေပုံစံယာဉ်သည် အလွန်မြန်သောအရှိန်ဖြင့် ပျံသန်းနေသော်လည်း လေခွင်နှုန်းသည် ကိုစိုး၏ခန္ဓာကိုယ်သို့ ပြင်းပြင်းထန်ထန် မရိုက်ခတ်။ လေပြည်လေညင်းပမာမျှသာရိုက်ခတ်၍ အံ့ဩနေမိပြန်၏။

ယာဉ်သည် အပေါ်သို့ပို၍မတက်၊ အောက်သို့ကျမသွား မြေပြင်မှ ဝါး (၄) ရိုက်ခန့်မျှအကွာမှ ဖြောင့်တန်းစွာ ပျံသန်းနေ၏။ မြင့်မားသော သစ်ပင်ကြီးများ၏ထိပ်ဖျားများနှင့် လွတ်ရုံမျှ ပျံသန်းလျက် တစ်ခါတစ်ရံ လှေ၏ ကိုယ်ထည်နှင့်လည်းကောင်း၊ လှေ၏တစ်ဖက်တစ်ချက်ကိုင်ထားသော ကိုစိုး၏လက်တို့နှင့်လည်းကောင်း ထိခတ်ပွတ်မိသေး၏။

ခေါင်းပေါင်းစအား ကျွတ်ထွက်မသွားရန် လက်ဖြင့်မကြာမကြာစမ်းနေသောကိုစိုးသည် တိတ်ဆိတ်စွာငေးမောကြည့်၍လိုက်ပါလာရာ အမြင်တစ်မျိုးပြောင်းသွားသည်ကို သတိထားမိလိုက်၏။ ခေါင်းပေါ်မှလနှင့် ကြယ်တာရာတို့သည် ပြောင်းလဲခြင်းမရှိ၊ အောက်သို့ငုံ့ကြည့်သောအခါ မြင်နေကျရိုးရိုးသစ်ပင်အကြီး၊ အငယ်များမဟုတ်တော့ပေ။ အရွက်ချွန်ချွန်ပြောင်ချောချောသစ်ပင်များပေါ်မှ ဖြတ်သန်းနေ၏။

ဤသစ်ပင်မျိုး ကိုစိုးအနေဖြင့် တစ်ခါမျှမမြင်ဘူးချေ။ ဤတောကြီးအပေါ်မှဖြတ်ကျော်လာရာ မိနစ်ပိုင်းအတွင်း အမြင်တစ်မျိုးပြောင်းသွားပြန်၏။ သစ်ပင်အားလုံးတို့သည် တစ်တောလုံးနီမြန်းနေ၏။ ထိုတောအား ခဏမျှအကြာဖြတ်ကျော်လျက် ကြာမျိုးစုံပွင့်သော ရေကန်ကျယ်ကြီး၊ ပန်းမျိုးစုံပွင့်သော ပန်းခင်းများအား ဖြတ်ကျော်ပြီးသောအခါ လှေယာဉ်သည် လေထဲတွင် သိမ်ခနဲတုန်ခါ၍ထိတ်လန့်သွား၏။ ဘာဖြစ်သွားသည်ကို တွေးမရ။

လှေယာဉ်သည် လေထဲ၌ စက္ကန့်ပိုင်းမျှ ရပ်တန့်၍ ရှိုးဟူသောအသံနှင့်အတူ အောက်တည့်တည့်သို့ အရှိန်မြန်စွာ တည့်တည့်ဆင်းနေတော့၏။ ကိုစိုး၏ခေါင်းနှင့် ခန္ဓာကိုယ်တစ်ခုလုံး ပုဝင်သွား၍ ကြက်သီးများထကာ ချောက်ချားနေ၏။ မိနစ်ပိုင်းကြာသောအခါ ကိုစိုး၏မျက်လုံးတို့သည် တဆတ်ဆတ်တုန်၍ အားယူကြည့်သောအခါ မျက်လုံး၏အမြင်ဓာတ်များ ကြည့်စရာဘာမှမရှိ။ ဟာလာဟင်းလင်းဖြစ်နေ၏။

ကိုယ့်စိတ်ကိုယ်မယုံ၊ မျက်လုံးအား သေချာပွတ်ကြည့်သောအခါတွင်လည်း ရှင်းနေပြန်၏။ ကြည့်စရာအရာဝတ္ထုမရှိ။ မိမိစိတ်ထဲမှ ဘာတွေလဲ၊ ဘယ်နေရာလဲ။ ဒီအဝါရောင်၊ အဖြူရောင်တွေက ဘယ်ကလာတာလဲတွေးရင်း ကြောက်လာ၏။ အောက်သို့ လျှင်မြန်စွာဆင်းနေသော လှေယာဉ်ပေါ်မှ ခေါင်းပေါ်တည့်တည့်ကြည့်သောအခါ ကိုစိုးမျက်လုံးပြူးလာ၏။ တစ်ယောက်တည်းစကားပြောမိပြန်၏။

"လတွေ၊ ကြယ်တွေ၊ ကောင်းကင်တွေ ဘယ်ရောက်ကုန်ပါလိမ့်။ တစ်ခုမှမရှိတော့ပါလား"

အောက်တည့်တည့်သို့သာ လျှင်မြန်စွာဆင်းနေသော လှေယာဉ်ပေါ်မှ အပေါ်တည့်တည့်ကြည့်၊ ဘေးတစ်ဖက်တစ်ချက်ကြည့်၊ အောက်တည့်တည့်ငုံ့ကြည့် ကြည့်စရာဘာတစ်ခုမှမရှိ။ ဆန်းကြယ်လှ၏။ တစ်ခါမျှမရောက်ဘူးသေးသောနေရာတစ်ခုသို့ ရောက်နေသည်ကိုလည်းသိနေပြန်၏။

ယာဉ်ပေါ်မှ ဉာဏ်မီသမျှ တွေးသော် လေထုကြီးအတွင်းရောက်နေမှန်းအသက်ရှူရှိုက်မှုသည်ပုံမှန်၊ လေနုလေအေးရှိသော်လည်း အပူရှိန်ကဲနေသည်ကို ခံစားသိနေ၏။

လူစိမ်းနှစ်ယောက်သည် တိတ်ဆိတ်စွာလိုက်ပါနေကြသလို ကိုစိုးသည် အတွေးများစွာနှင့်သာ လိုက်ပါလာရ၏။ ဤနေရာသို့ မည်သို့မည်ပုံရောက်လာသည်ကိုတွေး၍ စဉ်းစားမိပြန်၏။ မိနစ်ပိုင်းစောစောမှ ယာဉ်တုန်ခါသွားစဉ်အခါ အောက်သို့မဆင်းမီ အပေါ်မှ အမှောင်ထုနှင့် အောက်တည့်တည့်အလင်းရောင်သည် စက္ကန့်ပိုင်းအတွင်း ရုတ်ခြည်းပြောင်းလဲသွားတာဖြစ်မည်။ ထိုသို့ ရုတ်ခြည်းပြောင်းလဲပြီး ယခုဟင်းလင်းပြင်လေထုကြီးထဲရောက်နေခြင်းဖြစ်၏။

နေလုံးနေရောင်မရှိဘဲ ဘယ်ကဘယ်လိုလာသောအလင်းများသည် ဤသို့လင်းနေသနည်း။ အတွေးထဲတွင် နစ်မျောနေခိုက် လှေယာဉ်သည် လေထဲ၌ သိမ့်ခနဲရပ်သွားရာ ဖြူဝါရောင်ဟင်းလင်းပြင်ထဲ ဟိုကြည့်ဒီကြည့်လုပ်နေစဉ် ရှေ့မှလူစိမ်းသည် ကိုစိုးဘက်သို့လှည့်၍ အောက်သို့လက်ညှိုးနှင့်ထိုးပြသောအခါ ကိုစိုးငုံ့ကြည့်လိုက်၏။ အံ့ဩစွာဖြင့် ထူးထူးခြားခြားအရာများ မပီမသမြင်နေရ၏။ လှေယာဉ်သည် မြေအပြင်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com

ပေ (၁၅၀၀၀) ခန့်အကွာ (ဤအမြင့်ခန့် မှန်းခြင်းသည် လေယာဉ်နှစ်ခါမျှ စီးဖူးထား၍ဖြစ်၏။) ရပ်လျက် လိမ္မော်ရောင်မြေပြင်ကျယ်ကြီးနှင့် လှုပ်လှုပ်ရွရွ အမည်းရောင် အတန်းရှည်ကြီးတစ်ခု၊ တောင်ကုန်းပုံစံတစ်ခုတို့အား ဝေဝါးမြင်နေရ၏။

ထိုသို့ငုံ့ကြည့်နေစဉ် ယာဉ်သည် အောက်သို့ အရှိန်လျှော့၍ဆင်းနေ၏။ ဆင်းရင်းဆင်းရင်း မြေပြင်နှင့်နီးသည်ထက်နီးလာကာ ခန့်မှန်းမီတာ (၁၀၀)ခန့်သို့ နီးလာသောအခါ ကိုစိုး၏မျက်လုံးများ ပြူးကျယ်သွား၍ ပါးစပ်မှရေရွတ်လိုက်မိ၏။

"အလိုလေး-လူတွေအများကြီးပါလား။ ဘုရား၊ ဘုရား သူတို့ဘာလုပ်နေကြပါလိမ့်"

သူတို့အားငုံ့၍ငေးကြည့်ရင်းတွင် လှေယာဉ်သည် မြေပြင်အပေါ်သို့ ဆင်း၍ရောက်၏။ ကိုစိုးသည် လှေပေါ်မှ မဆင်းသေးပေ။ လူအုပ်ကြီးကိုသာ အံ့ဩငေးကြည့်နေမိ၏။ ယောကျ်ားတွေ၊ မိန်းမတွေ သူတို့ဘာလုပ်ကြတာပါလိမ့်ဟုတွေးနေရင်း အစောင့်နှစ်ယောက်သည် လှေပေါ်မှဆင်းကာ ကိုစိုးအား အောက်ဆင်းကြည့်ရန် အချက်ပြနေ၍ ကြောက်ကြောက်နှင့် ဆင်းလိုက်ရ၏။

လှေသည် လူအုပ်ကြီး၏ နံဘေးပေ(၃၀)ခန့်အကွာ မြေပြင်ပေါ်ရပ်ထားနေ၏။ ကိုစိုးသည် လှေပေါ်မှဆင်း၍ သူတို့အနီး (၁၅)ပေခန့်အကွာမှ ကပ်ကြည့်လိုက်မိ၏။ သူတို့သည် တစ်ဖက်သတ် အနောက်တည့်တည့်သို့သွားနေကြပြီး ကိုစိုးတို့၏ရှေ့ ခန့်မှန်းပေ (၁၀၀၀) ခန့်အကွာ တောင်ကုန်းတစ်ခုဆီသို့ ဦးတည်သွားနေ၏။

တစ်ယောက်နှင့် တစ်ယောက် တိုးဝှေ့သွားနေသည်မှာ အလုအယက်။ ခြေထောက်နှင့် မြေကြီးထိသည်မထင်။ ညှပ်၍ပါသွားသလိုမြင်နေရ၏။ သူတို့နှင့် ကိုစိုးသည် အကြည့်ချင်းဆုံသော်လည်း စကားမပြောဖြစ်။ သူတို့သည် စကားကျယ်ကျယ်မပြောကြ။ တစ်ဦးနှင့်တစ်ဦး ထိခိုက်ပွတ်တိုက်သံများသာကြားရ၏။ သူတို့၏အဝတ်အစားများသည် ခပ်နွမ်းနွမ်းသာရှိ၍ မိန်းမများသည် ဆံပင်ဖားလျားနှင့် ရွှေငွေလက်ဝတ်လက်စား တစိုးတစိမျှမရှိကြ။ သူတို့၏မျက်နှာများပေါ်တွင် စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ အားငယ်ခြင်းများနှင့်ပြည့်နေ၏။



သူတို့သွားနေသော လိမ္မော်ရောင်မြေနီလမ်းမ၏အကျယ်သည် ပေ(၁၀၀) နီးပါးကျယ်၍ လမ်းဘေးနှစ်ဖက်အစွန် (၅) ပေခန့်မျှသာ လူမရှိ။ ကျန်သောလမ်းမအကျယ်တစ်ခုလုံးသည် ပွတ်သိပ်ခတ်နေသော လူအုပ်ကြီးသာဖြစ်၏။ လူတန်းကြီး၏နောက်သို့ လှမ်းမျှော်ကြည့်သောအခါ ဆုံးသည့်နေရာမရှိ ရှည်လျားလှ၏။

လူတန်းကြီး၏ရှေ့ ဒယ်အိုးမှောက်ထားသည့်ပုံစံ တောင်ကုန်းဘက်တွင် စက်ဝိုင်းခြမ်းပမာ ဝင်ပေါက်ကြီးတစ်ခုအား အဝေးမှမြင်နေရကာ ထိုဝင်ပေါက်ကြီးဆီမှ လူတစ်ယောက်စ၊ နှစ်ယောက်စသည် တိုးထွက်လာလျက် အဝင်လူအုပ်ကြီးနှင့် မျက်နှာချင်းဆိုင်ဆန့်ကျင်၍အားကုန်ရုန်းထွက်လာသော သူတို့ကိုလည်း မြင်နေရပြန်၏။ သူတို့သည် ချွေးများရွဲရွဲစိုလျက် အလွန်ပင့်ပန်းစွာ တိုးထွက်လာနေကြခြင်း ဖြစ်လေ၏။ လူအုပ်၏ပုံစံသည် မစင်တွင်းထဲ တိုးဝှေ့ပွတ်သိပ်ခတ်နေသော လောက်များနှင့် ပုံစံတူလှ၏။

ရပ်ကြည့်နေသောကိုစိုးအား လူစိမ်းနှစ်ယောက်သည် ယာဉ်ပေါ်သို့ပြန်တက်ရန် အချက်ပြ၏။ ဤနေရာတွင် ကိုစိုးသည် ယာဉ်ပေါ်သို့ပြန်မတက်ချင်ပေ။ ထွက်ပြေးချင်စိတ်သာပေါက်နေ၏။ ထွက်ပြေး၍ သူတို့လက်မှမလွတ်ခဲ့လျှင် အသတ်ခံရမည်ကိုလည်း တွေး၍ကြောက်မိပြန်၏။ လေးလံသောခြေလှမ်းများနှင့်သာ ယာဉ်ပေါ်ပြန်တက်ရ၏။

သုံးဦးသား လှေပေါ်ထိုင်အပြီးတွင် ယာဉ်သည် သိမ့်ခနဲ အပေါ်သို့ ဝါးနှစ်ပြန်နိမ့်နိမ့်ပျံတက်၍ လူအုပ်ကြီး၏ ညာဘက်ခြမ်းတစ်ဖက်သို့ ပျံသန်းသွားရာ မိနစ်အနည်းငယ်အကြာ ယာဉ်သည် လေထဲ၌ သိမ့်ခနဲရပ်၍ အောက်သို့ ဖြည်းညင်းစွာဆင်းကာ မြေပြင်ပေါ်ရောက်၏။

လှေယာဉ် မြေပြင်ပေါ်ရပ်သည်နှင့် စောစောမှ မြင်ကွင်းများမရှိကြတော့ပေ။ မြင်ကွင်းတစ်မျိုးပြောင်းပြန်၏။

လူအုပ်ကြီးမရှိတော့ပေ။ ဘေးပတ်ပတ်လည် လိမ္မော်ရောင်မြေနီပြင်ကျယ်ကြီးနှင့် လက်နှစ်သစ်ခန့် မြက်စိမ်းနုနု ကျိုးတိုးကျဲတဲပေါက်နေကြသလို လူတစ်ဦးတစ်ယောက်မျှမရှိ။ အပေါ်တည့်တည့် ဖြူဝါရောင်ဟင်းလင်းပြင်ကြီးသာရှိ၏။

လှေပေါ်မှ ကိုစိုးသည် အောက်သို့ မဆင်းရဲသေး။ လှေ၏ဘယ်ဘက်၌ ထူးထူးခြားခြား ရှေ့ပေ(၅၀)ခန့်အကွာမှ ပေ (၁၀၀) နီးပါးမြင့်သော တောင်ကုန်းကမူကြီးနှင့် မြေပြင်အထက် ပေ(၂၀)ခန့်ကျယ်သော စက်ဝိုင်းခြမ်းပမာ လိုဏ်ခေါင်းအပေါက်တွင် နီညိုရောင်သံတံခါးနှစ်ချပ်ပိတ်လျက် တံခါး၏ဘေးတစ်ဖက်စီတွင် လက်ကိုင်သံကွင်းတစ်ခုစီအား ငေးကြည့်နေမိ၏။

လိုဏ်ဂူအမြင့်သည် (၁၅) ပေခန့်ရှိ၍ လိုဏ်၏ အပေါ်အနားအားကျောက်တုံးတစ်ဖက်ချောများနှင့်အနားကွပ်ထား၍ ရေညှိများကပ်နေသည့် အခြောက်ပုံစံခပ်နွမ်းနွမ်းအားမြင်ရ၏။

လှေပေါ်မှ အစောင့်နှစ်ယောက်ဆင်း၍ နောက်မှလူစိမ်းသည် သံတံခါးရှိရာသို့သွားကာ ကျန်တစ်ယောက်သည် ကိုစိုးအား လှေပေါ်မှအဆင်းခိုင်းသဖြင့် ဆင်းလိုက်ရ၏။ ရှေ့မှအစောင့်သည် ကိုစိုး၏ ညာဘက်လက်မောင်းအား ဆုပ်ကိုင်လျက် တံခါးဆီသွားသူအား မျှော်ကြည့်နေ၏။ ငေး၍ကြည့်နေရသော ကိုစိုး၏ဒူးများ တုန်ခါ၍နေ၏။

တံခါးဝသို့ လူစိမ်းရောက်သွားသောအခါ တံခါးခေါက်အချက်ပေး၏။ 'ဂျိန်း' ဟူသောအသံ ကျယ်မြည်လျက် အတွင်းမှ အစောင့်နှစ်ယောက်နှင့်အတူ သံတံခါးပွင့်သွား၏။ အတွင်းမှအစောင့်နှစ်ယောက်သည် အထဲသို့ဝင်ရန်အချက်ပြရာ တံခါးခေါက်သူအား ခေါင်းညိတ်၍ အထဲဝင်သွား၏။

တံခါးခေါက်သောသူသည် ကိုစိုးတို့ထံပြန်လှည့်လာကာ ကိုစိုး၏ဘယ်



www.burmeseclassic.com

www.burmeseclassic.com

ဘက်လက်မောင်းအား သူ၏ညာလက်ဖြင့်ဆုပ်ကိုင်လိုက်၏။ သူတို့နှစ်ယောက်ကြားမှ ကိုစိုးသည် ထိတ်လန့်တုန်လှုပ်ချောက်ချားသွားကာ အားကုန်ရုန်းကြည့်၏။ မရပေ။ သူတို့သည် အားအလွန်သန်လှ၏။ ရုန်းရင်းလိုက်ပါလာသော ကိုစိုးတို့သုံးဦး အပေါက်ဝမှ အခန်းအတွင်းသို့ဝင်လိုက်သည်နှင့် သံတံခါးကြီးနှစ်ချပ်သည် ဂျိန်းဟူသောအသံမြည်ကာပိတ်သွား၏။တံခါးနှင့် (၁၀)ပေအကွာ ကျောပေးလျက်ရပ်ကြည့်နေမိရာ အစောင့်နှစ်ယောက်သည် လက်များလွှတ်၍ထွက်သွားကြ၏။

ခန်းမကြီးတစ်ခုအတွင်းရောက်နေမှန်းသိလိုက်၏။ ခန်းမကြီးအား အကဲခတ်ကြည့်ရာ ရွှေချထားသောအခန်းဆောင်၊ ရေကန်တစ်ခု၊ မီးတိုင်များ၊ လာခေါ်သောအစောင့်နှင့် ပုံစံတူအစောင့်တော်တော်များများနှင့် အောက်ခံသမံတလင်းခင်းထား၏။

ဤအချိန်၌ အခန်းထဲရောက်နေသော ကိုစိုး၏စိတ်များ ပေ့ါပါးသွား၏။ နဂိုမူလ ကြောက်စိတ်များ ကွယ်ပျောက်၍ ဝမ်းသာမိသွား၏။ အကြောင်းမှာ ဤသို့ နှစ်လိုဖွယ်နေရာအား တစ်သက်တစ်ခါမျှ မမြင်ဘူးသေး၍ဖြစ်၏။

ခန်းမကြီးတစ်ခုလုံး လင်းထိန်လျက် ရွှေရောင်များနှင့်ဝင်းလက်နေ၏။ ခန်းမကြီးသည် မြေတိုက်ခန်းပုံစံဖြစ်၍ အလယ်၊ ဘေးပတ်ပတ်လည် တိုင်တစ်တိုင်မျှမရှိ။ တိုက်ဖျောက်ဖြစ်၏။ ကိုစိုးသည် နံရံအားအနီးကပ်သွား၍ကိုင်ကြည့်ရာ ထူပိန်းစွာချထားသောရွှေများသည် ဘေးပတ်ပတ်လည်နံရံ၌ အပေါ်မျက်နှာကြက်များအထိအပြည့်ဖြစ်၏။

အပေါ်မျက်နှာကြက်တွင် ပန်းခက်ပန်းပွင့်ရုပ်လုံးရုပ်ကြွများ ဖော်ကျူးထားကာ ကျန်နံရံလေးဖက်စလုံးသည် အလှပန်းခက်များဆင်ထားခြင်းမရှိဘဲ ပြောင်ချောဖြစ်၏။ နံရံကိုင်ကြည့်ပြီးသောအခါ ရေကန်ဆီသို့သွားကြည့်လိုစိတ်ပေါ်လာ၏။ ခြေလှမ်း (၁၅) လှမ်းမျှအရောက် ကန်၏နှုတ်ခမ်းအနီးတစ်ထောင်ခန့်အကွာရပ်ကြည့်လိုက်၏။

ကန်ရေသည် တောက်ပနေသောအရည်လဲ့နေသည့် လိမ္မော်ရောင်ပုံစံဖြစ်သော်လည်း ရွှေရောင်ရောစပ်ထားသည်ထင်ရ၏။ ထိုရေပြင်သည် လှိုင်းကြက်ခွပ်ကလေးများထနေကာ သူတို့၏အပေါ်ယံမှ အဖြူရောင်အခိုးအငွေ့ကလေးများသည် တစ်ထွာတစ်ထောင်အမြင့်ခန့်တွင် ပျောက်ကွယ်နေကြ၏။

ကန်၏အလျားသည် အတောင် (၂၀) ခန့်၊ အနံသည် (၁၅)တောင်ခန့်၊ ကန်၏နှုတ်ခမ်းအား ကျောက်ပြားအဖြူတစ်တောင်ခန့်ဖြင့် လေးထောင့်ပတ်ပတ်လည်အံချောကိုင်ထား၏။ ကြည့်နေရင်းဖြင့် ကိုစိုး၏စိတ်များ မထိန်းနိုင်။ ကန်၏ရှေ့နှုတ်ခမ်းတွင် ရှေ့တိုးကာဆောင့်ကြောင့်ထိုင်ချလိုက်၏။ လိမ္မော်ရောင်ကန်ရေအားကိုင်ကြည့်၊ ပက်ကြည့်ချင်လာ၏။ ကန်နှုတ်ခမ်းအောက်တစ်ထွာခန့်တွင် ရေပြင်ရှိ၍ ညာလက်ဖြင့် ထိုရေအားကိုင်ကြည့်ရာ လက်လှမ်းလိုက်သည်နှင့်ရေပြင်သည် အနည်းငယ်နိမ့်သွားသည်ထင်ရ၏။

လက်နှင့်ရေမထိ၊ ရေပြင်နှင့်လက်လေးသစ်ခန့်အလိုတွင် ကိုစိုး၏လက်ရှေ့တိုး၍မရ၊ ထိလုထိခင်ဖြစ်သောရေအားလက်နှင့်ထိရန်ကြိုးစားသော်လည်း ထိမရ။ တုံ့ဆိုင်းနေသည့်ပုံစံ။ ဘာကြောင့်ထိ၍မရသည်ကို စဉ်းစားရခက်နေမိ၏။ အခိုးအငွေ့များထွက်နေ၍ အနည်းငယ်ပူနိုင်သည်ဟုသာ စိတ်မှထင်မိ၏။ ဤလိမ္မော်ရောင်အရည်များသည် ရွှေဒင်္ဂါးသွန်းလုပ်ဖို့ အရည်ကျိုထားတာဖြစ်မည်ဟုသာ ခန့်မှန်းနိုင်တော့၏။

ထိုနေရာမှ ထရပ်ကြည့်ပြန်ရာ အရှေ့ဘက်ထိပ်မှ ထူးခြားလှ၍ ထိုနေရာသို့ ကန်နှုတ်ခမ်းမှလျှောက်လာစဉ် ကိုစိုးသည် ရင်ထိတ်သွား၏။ ကိုစိုး၏ရှေ့တည့်တည့် (၁၀)ပေခန့်အကွာတွင် ဆောင့်ကြောင့်ထိုင်နေသော အဝတ်အစားခပ်နွမ်းနွမ်း အသက်(၄၀)အရွယ်အမျိုးသားတစ်ယောက် လက်နှစ်ဖက်ဒူးပေါ်တင်လျက်၊ သူ၏နံဘေးကပ်ရက်တွင် တစ်ထွာခန့် နွားဦးချိုတပ် အညိုရောင်သားရေသားဦးထုပ်ဆောင်းလျက် ရင်ဖုံးအင်္ကျီလက်ရှည်အဝါရောင်ခပ်နွမ်းနွမ်းနှင့် ပိုးစအဝါရောင်ပုဆိုးဝတ်၍ မှုဆိုးထိုင်ထိုင်ကာ သူ၏ဘယ်ဘက်လက်ပေါ်တွင် အမြင့်တစ်ထွာ၊ ဗျက်တစ်ထွာရှိ ကတ်ထူအဖုံးအဝါစာအုပ်တစ်အုပ်အားကိုင်လျက် စာရွက်တစ်ရွက်ချင်းစီအားလှန်၍ ဆောင့်ကြောင့်ထိုင်နေသူအားမေးမြန်းနေသလို မေးသူ၏ နံဘေးအနီးတွင် နောက်ထပ်အပိုကတ်ထူစာအုပ်တစ်အုပ် သမံတလင်းပေါ်ရှိ၏။

သူတို့၏ ရှေ့တည့်တည့်(၁၀)ပေခန့်အကွာ၊ ကိုစိုး၏ရှေ့ ဘေးစောင်း (၁၅) ပေခန့်အကွာတွင် (၃)ပေမြင့်သော ရွှေပလ္လင်တစ်ခုပေါ်၌ ခံ့ခံ့ချောချော အသက်(၄၀)ခန့်အရွယ် အမျိုးသားတစ်ယောက်သည် တင်ပျဉ်ခွေထိုင်ကာ မေးသူနှင့် ဖြေသူအား စိုက်ကြည့်နားထောင်နေ၏။

ပလ္လင်ပေါ်မှ ခံ့ချောသော ပုဂ္ဂိုလ်ကြီးအား သေချာစွာကြည့်၍အံ့ဩနေမိ၏။ ထိုင်နေသော်လည်း မတ်တတ်ရပ်လျှင် အရပ် (၆) ပေကျော်ကျော်ရှိမည်။ ခန္ဓာကိုယ်မှာ တောင့်တောင့်တင်းတင်း၊ အသားအရေမည်းမည်း၊ မည်းပေသည့် အဆီရောင်သန်းနေ၍စိုနေ၏။ မျက်ခုံးမွေးမည်းမည်းထူထူနှင့် မျက်လုံးနှစ်လုံးမှာ စူးရှတောက်ပ ဝိုင်းစက်၍ လှ၏။ နှာခေါင်းချွန်ချွန်ဖြင့် ကြည့်ကောင်းကာ နှုတ်ခမ်း၊ ပါးစပ်၊ သွားတို့သည် လေးထောင့်မကျသော ဝိုင်းစက်စက်မျက်နှာနှင့် လိုက်ဖက်လှ၏။ ဦးခေါင်းတွင် တစ်တောင် (ပြောင်ချိုကဲ့သို့) ခန့် ရှည်သောချိုနှစ်ခုအား အညိုရောင်သားရေသားနှင့်ချုပ်ထားသော ခေါင်းဆောင်းဆောင်းထား၏။ သစ်လွင်သော ပိုးဖဲစရွှေအိုရောင်ရင်ဖုံးအင်္ကျီလက်ရှည်အဝါရောင်တွင် လက်စည်းနှင့်ရင်ဘတ်အနားအား ပန်းပွင့်များ အလှဆင်ထား၏။ ရေလှိုင်းသဏ္ဌာန် ချိတ်အဖြူရောင်ဇာချည်နှင့် အလှဆင်ထားသော ရွှေအိုရောင်ပိုးစပုဆိုးဝတ်ဆင်၍ ဖိနပ်မပါ။ လက်တွင် ဘာမှကိုင်မထားသည်ကိုတွေ့ရ၏။

ပလ္လင်ပေါ်မှ ခံ့ချောသော ပုဂ္ဂိုလ်ကြီးသည် ကိုစိုးအား ရှိသည်ဟုမထင်။ တစ်ချက်မျှ ငဲ့စောင်းမကြည့်ပေ။ ဤတွင် ကိုစိုးသည် လာခေါ်သောအစောင့်မရှိ၊ အရေးလုပ်သူမရှိသဖြင့် နောက်ကျောမှ ရေကန်ဘက်သို့ လက်ယာရစ်ပြန်လျှောက်ခဲ့ရာ ရေကန်အနီးရောက်၍ကြည့်ပြန်၏။

ရေကန်၏နှုတ်ခမ်းနှင့်(၃)တောင်ခန့်အကွာတွင် (၆)ပေမျှမြင့်သော သံမီးတိုင်ပေါင်း (၃၀) တိတိသည် ကန်ပတ်ပတ်လည်စိုက်ထူန်းထား၏။ မီးတိုင်ထိပ်တွင် (၁) ပေပတ်လည် ဖန်ပေါင်းချောင်အဝိုင်းတပ်ဆင်ထား၍ အပေါ်ထိပ်ဘက်တွင် အပေါက်ဖောက်ထားကာ ပေါင်းချောင်အတွင်းမှ မီးစတစ်ခုဖြင့် မီးထွန်းထားလျက် မီးစမှမီးတောက်သည် လှုပ်ရှားမှုမရှိ ငြိမ်သက်စွာဖြင့် ခန်းမကြီးတစ်ခုလုံးအား လင်းထိန်နေခြင်း ဖြစ်၏။

ခန်းမအကျယ်အား ခန့်မှန်းကြည့်သောအခါ အမြင့် (၁၅) တောင်ခန့်၊ အလျား အတောင် (၇၀) ခန့်၊ အနံ

www.burmeseclassic.com

အတောင် (၅၀) ခန့် ထောင့်မှန်စတုဂံပုံဖြစ်၏။ ဝင်လာသောအပေါက်နှင့် မျက်နှာချင်းဆိုင်နံရံတွင် တံခါးတစ်ဖက်ပိတ်ရိုးရိုးလူဝင်ပေါက်တစ်ခု၊ အရှေ့ဘက်နံရံထိပ်တွင် ရိုးရိုးလူဝင်ပေါက်တစ်ခု၊ အနောက်ဘက်တွင် ရိုးရိုးလူဝင်ပေါက်တစ်ခုစီရှိ၏။ ခန်းမ၏ အရှေ့တောင်ထောင့်တွင်ပလ္လင်ကျောပေးအခန်းတစ်ခု၊ အနောက်ဘက်ထိပ် ဝင်ပေါက်အနီးအခန်းတစ်ခုဖွဲ့ထား၏။ ခန်းမတစ်ခုလုံးပြတင်းပေါက်တစ်ခုမျှမရှိပေ။

မီးတိုင်ပေါင်း(၃၀)၏နောက် (၂) တောင်ခန့်တွင် လာခေါ်သော လူစိမ်းများ၏ပုံစံတူ အရပ် (၆) ပေခန့်ရှိသော အစောင့်ပေါင်း (၃၀) သည် သံခက်ရင်းခွတစ်ချောင်းစီထောက်ကိုင်လျက် ရေကန်ဘက်သို့မျက်နှာမူ၍ ရပ်နေကြ၏။

ကိုစိုးသည် ရေကန်အား လက်ယာရစ်တစ်ပတ်ပတ်၍ ပလ္လင်ရှိရာသို့ပြန်လှည့်ကာ (၁၅)ပေခန့်အကွာတွင် ရပ်လိုက်သည်နှင့် ပလ္လင်ပေါ်မှ ခံ့ချောသောပုဂ္ဂိုလ်ကြီးအား ကြည့်လိုက်ရာ ထိုပုဂ္ဂိုလ်ကြီးသည် ရှေ့မှစစ်မေးသူနှင့်ဖြေသူတို့ထံမှ မျက်နှာလွှဲ၍ ကိုစိုးအားစူးစူးစိုက်စိုက်ကြည့်ရာ အကြည့်ချင်းဆုံ၍ ကိုစိုး မျက်လုံးများပြာဝေသွား၏။ အားကောင်းသောဓာတ်မီးနှင့် အထိုးခံလိုက်ရသလို ဝင်းလက်သွား၏။ သူ့မျက်လုံးအကြည့်ကြောင့် ချက်ချင်းပြန်မဖွင့်နိုင်။ အမြင်ဝါးနေ၍ အတန်ကြာမှ အားယူကြည့်ရာ စောစောကကဲ့သို့ပြာမသွားတော့ဘဲ ကြည့်ကောင်းလာလေ၏။ ကြက်သီးမွေးညင်းများထောင်၍ ဇောချွေးများပြန်လာ၏။ ဤတွင် ပလ္လင်ပေါ်မှ ပုဂ္ဂိုလ်ကြီးသည် ပြုံးယောင်သန်း၍ ကိုစိုးအား စကားစပြော၏။

"ဘယ်ကလဲ၊ဘာလာလုပ်တာလဲ"

ဟုမေးရာ ခန်းမတစ်ခုလုံး အသံဟိန်းသွား၏။ သူ၏အသံသည် လူတို့၏အသံနှင့်များစွာကွဲပြားနေကြောင်းသိသာလှ၏။ တုန်ခါသံ၊ ဩဇာသံ၊ ကရုဏာသံတို့ဖြင့် ပေါင်းစပ်ထားသောအသံရှင်ဖြစ်၏။ တုန်ခါသံသည် သူ၏အသက်မည်မျှကြီးကြောင်း ဖော်ပြနေ၏။ ဩဇာသံသည် သူ၏ဝမ်းခေါင်းနှင့်လည်ချောင်းမှ အားစိုက်ပြောသော (ဝါ) အမိန့်ပေးနိုင်သောအသံဖြစ်နေ၏။ ကရုဏာသံသည် သူ၏မျက်နှာ၊ မျက်လုံးများမှအစ ပျော့ပျောင်း နူးညံ့နေခြင်းတို့ကြောင့်ဟု ခန့်မှန်းရပေသည်။

မြင်လျှင်မြင်ချင်း အဘယ်ကြောင့်ပြုံးယောင်သန်း၍ပြသည်ကို ကိုစိုး မသိနိုင်သေးပါ။ သူ၏အမေးအား ရွံ့တွန့်တွန့်ဖြင့် မဖြေရဲဖြေရဲပြန်ဖြေမိ၏။

"အလည်လာတာပါ"

စကားအဆက်အစပ်မရှိ မှန်းရမ်းဖြေမိခြင်းသာဖြစ်ပါသည်။

ထိုအခါ ခံ့ချောသော ပုဂ္ဂိုလ်ကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့် ပို၍ရယ်ပြုံးနေပြန်၏။ သူ၏အပြုံးအား ငေးကြည့်နေမိရင်း ကြောက်စိတ်တစ်ဝက်မျှလျော့ပါးသွား၏။

ခံ့ချောသော ပုဂ္ဂိုလ်ကြီးသည် ဘိုးသူတော်ဝတ်စုံနှင့်ရပ်နေသော ကိုစိုးအား စေ့စေ့စပ်စပ်ကြည့်ကာ -

"အလည်လာတာ၊ အလည်လာတာ"

ပြုံးရင်း စကားဆက်ပြောပြန်၏။

"အလည်လာတာဆိုတော့ အင်းလေ - အလည်လာတာပဲပေါ့။ ကဲ၊ ကဲ- ရောက်တုန်းရောက်ခိုက် အချိန်မီသလောက်ကြည့်သွား"

ခံ့ချောသောပုဂ္ဂိုလ်ကြီး၏ စကားအဆုံးတွင် ကိုစိုးသည် အလိုက်သင့်ခေါင်းညိတ်ပြလိုက်မိ၏။

ထိုအချိန်တွင် ဘယ်အချိန်ကရောက်နေမှန်းမသိသော အစောင့်နှစ်ဦးသည် ကိုစိုး၏နံဘေးတစ်ချက်တစ်ဖက်၌ရပ်လျက် ခံ့ချောသောပုဂ္ဂိုလ်ကြီး၏အမိန့်အား စောင့်နေ၏။ ပုဂ္ဂိုလ်ကြီးမှ အစောင့်နှစ်ယောက်အား အမိန့်ပေးလိုက်၏။

"ကဲ - သူ့ကိုအချိန်မီသလောက်လိုက်ပြလိုက်"

ဟုပြောရာ အစောင့်နှစ်ယောက်သည် ပြိုင်တူခေါင်းညိတ်ပြ၏။

ထိုအချိန်တွင် စောစောပိုင်းမှ မေးမြန်းသူနှင့် ဖြေကြားသူတို့သည် ပထမစာအုပ်တစ်အုပ်ကုန်၍ ဒုတိယစာအုပ်တစ်အုပ်ပင်ကုန်ခါနီးနေ၏။ မေးခွန်းများသည် ဖြေကြားသူကျူးလွန်ခဲ့သော အပြစ်များအား တစ်ချက်ချင်းတစ်ချက်ချင်းတိတိကျကျမေး၍ စာရွက်များကိုလည်း တစ်ရွက်ချင်းလှန်၍မေးရာ စာအုပ် (၂) အုပ်ကုန်သွားတော့၏။

ကိုစိုးသည် မေးသူနှင့်ဖြေသူအား သတိထားကြည့်ရာ ဘယ်အချိန်ဘယ်ကာလက မှတ်ထားသော မေးခွန်းများလဲ။ ဖြေသူသည် မေးခွန်းတိုင်းလိုလိုခေါင်းညိတ်ဖြေနေခြင်းသာရှိ၏။ တစ်ခါတလေ ခေါင်းယမ်းသည့်အဖြေ (တစ်နည်း) ငြင်းချက်အဖြေမပြုနိုင်ခြင်းသည် ဘာကြောင့်နည်း။ ကိုစိုးသည် စဉ်းစား၍ ဉာဏ်မမီ။

ဤတွင် ပလ္လင်ပေါ်မှ ပုဂ္ဂိုလ်ကြီးသည် ခန်းမကြီး၏ အကြီးအကဲခေါင်းဆောင်မှန်း ကိုစိုးသိလိုက်ရ၏။ထိုပုဂ္ဂိုလ်ကြီးသည် ကိုစိုးတို့သုံးယောက်အား တစ်ချက်ငဲ့ကြည့်ကာ မေးသူဘက်သို့ချက်ချင်းပြန်လှည့်၍ မေးငေါ့အချက်ပြရာ မေးသူသည် ခေါင်းညိတ်ပြ၏။ ပုဂ္ဂိုလ်ကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ မျက်နှာထားရုတ်ခြည်းပြောင်း၍တင်းသွား၏။ အသံကျယ်ကျယ်ဖြင့် ဖြေသူအား မေးလိုက်၏။

"ကဲ - မင်းကိုငါမေးမယ်၊ မှန်မှန်ဖြေ"

ဤတွင် ကိုစိုးသည် လှုပ်လှုပ်ရွရွဖြစ်လာကာ ဆောက်တည်မရဖြစ်လေ၏။ ဘေးမှအစောင့်နှစ်ယောက်မှ ဘယ်၊ညာလက်မောင်းများ ဆုပ်ကိုင်ထား၍ လှုပ်မရ။ ကြောက်ဒူးတုန်နေ၏။

"မင်း လူ့ပြည်မှာတုန်းက ငါ့ကိုဘယ်နှခါအမျှဝေဖူးသလဲ မှန်မှန်ဖြေ"

ဗုဒ္ဓေါ - ကိုစိုး၏နှုတ်မှ အမှတ်မထင်ထွက်လာသောအသံနှင့်အတူ တစ်ယောက်တည်း တီးတိုးစကားပြောနေမိပြန်၏။

"ဒုက္ခပဲ၊ ဒုက္ခပဲ။ ဒါ. . . ဒါဘယ်နေရာလဲ။ ဟိုလူက လူ့ပြည်ကနေလာတာဆိုပါလား။ ငါလည်း လူ့ပြည်ကနေလာတာ။ ငါ့ကိုလည်း သူတို့ဘာလုပ်ကြမှာလဲ ဘုရား. . . ဘုရား"

ကိုစိုးသည် ဇောချွေးများပြန်၍ကြောက်လှ၏။အမေးခံရသူသည် ခေါင်းယမ်းပြ၏။

ပုဂ္ဂိုလ်ကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်၍ ဒုတိယအကြိမ်မေးပြန်၏။

"မင်းလူ့ပြည်မှာနေတုန်းက ငါ့ကိုဘယ်နှခါ အမျှဝေဖူးသလဲ မှန်မှန်ဖြေ"

ပုဂ္ဂိုလ်ကြီး၏အသံသည် ပထမအကြိမ်အသံထက် တစ်ဝက်မျှတိုးသွားကာ မေးပြန်၏။ အမေးခံရသူသည် ချက်ချင်းပြန်မဖြေ။ ဟိုစဉ်းစားဒီစဉ်းစားလုပ်နေ၏။ နံဘေးမှ ကိုစိုးသည် သူ့အစား မနေနိုင်မထိုင်နိုင်ဖြစ်လာကာ ကြားမှဝင်၍ဖြေပေးချင်စိတ်ပေါ်လာ၏။ သူ ယခုလိုသာ ခေါင်းယမ်းနေမည်ဆိုလျှင် သူ့အား တစ်ခုခုအပြစ်ပေးခံရမည်ကို သိနေမိ၏။ ထင်သည့်အတိုင်း ကိုစိုး၏စိတ် တား၍မရ၊ အမေးခံရသူအား ကြည့်၍ အသံတိုးတိုးဖြင့် -

"ပော့လူ ဖြေလိုက်။ ကျွန်တော်

www.burmeseclassic.com

အမျှဝေဖူးပါတယ်လို့။ ဟော့လူဖြေလိုက်လေ၊ ခင်ဗျားဒုက္ခရောက်လိမ့်မယ်"

အံကြိတ် တိုးတိုးပြောပေးသော်လည်းမရ။ အမေးခံရသူသည် ကိုစိုး၏ စကားပြောသံအား ကြားသည်မထင်။ ခေါင်းမော့၍မကြည့်။ ခေါင်းငိုက်စိုက်ချလျက်သာနေ၏။ ထိုအချိန် ထိုပုဂ္ဂိုလ်ကြီးသည် ကိုစိုးအား စူးစူးစိုက်စိုက် မျက်နှာထားတင်းတင်းဖြင့်စိုက်ကြည့်ရာ တုန်ခါ၍ ကြောက်သွား၏။ ကျောက်ရုပ်ပမာ ရပ်ကြည့်နေရတော့၏။ ဖြေကြားသူ၏ နောက်ဆုံးအဖြေကား ခေါင်းယမ်း၍သာဖြစ်၏။ ကိုယ်နှင့်မဆိုင်ဘဲ ကြားဝင်ရှုပ်မိ၍ သတိပေးခံရခြင်းဖြစ်သည်ကို သဘောပေါက်မိ၏။

ပုဂ္ဂိုလ်ကြီး၏ တတိယအကြိမ် အသံထွက်ပေါ်လာပြန်၏။ ဤအသံသည် ယခင်အသံများနှင့်မတူ၊ အလွန်သနားကရုဏာသက်သောအသံမျိုးဖြစ်၏။

"ကဲ - မင်းကို ငါ နောက်ဆုံးမေးမယ် မှန်မှန်ဖြေ။ မင်းလူ့ပြည်မှာတုန်းက ငါ့ကိုဘယ်နှခါအမျှဝေဖူးသလဲ"

ခန်းမတစ်ခုလုံး တိတ်ဆိတ်နေ၏။ ဩဇာသံ၊ အာဏာသံကင်းမဲ့နေသော အကြီးကဲ၏အသံသည် ကြေကွဲသံပါနေ၏။ ကိုစိုးသည် ပုဂ္ဂိုလ်ကြီးအားငေး၍ ကြည့်နေမိရာ စောစောမှ အပြုံးများ မတွေ့။ ကြေကွဲဝမ်းနည်းနေသည့်မျက်နှာအား မြင်ရသောအခါ သူ့အား သနားကရုဏာဖြစ်နေမိ၏။ ခဏမျှကြာသော် ဖြေသူသည် ခေါင်းယမ်းပြလိုက်ရာ အကြီးကဲသည် သက်ပြင်းရှည်ကြီးမှုတ်ကာ ခေါင်းယမ်းနေမိ၏။

ထိုပုဂ္ဂိုလ်ကြီးသည် ကိုစိုးဘက်လှည့်ကြည့်၍ -

"ဒီတစ်ခန်းကြည့်သွား"

ကိုစိုးသည် ပါးစပ်မှအသံမထွက် အလိုက်သင့်ခေါင်းညိတ်ပြမိ၏။ ပုဂ္ဂိုလ်ကြီး၏အသံထွက်ပေါ်လာ၏။

"ကဲ - သူ့ကို လုပ်စရာရှိတာသာ လုပ်လိုက်ကြတော့"

သူတို့ဘာလုပ်ကြမည်နည်း။ ထိုအချိန် နောက်ကျော ရေကန်နံဘေးမှ အစောင့်နှစ်ယောက် ပြေးလာကာ ဆောင့်ကြောင့်ထိုင် အမျိုးသားအားဘယ်၊ ညာလက်မောင်းနှစ်ဖက်အား တစ်ယောက်တစ်ဖက်ကိုင်လျက် မတ်တတ်ရပ်ရန် ဆွဲဆန့်ကြ၏။ အမေးခံရသူသည် မတ်တတ်ကောင်းကောင်းမရပ်၊ ပေတိပေကတ်ရုန်းနေရာ အစောင့်နှစ်ယောက်သည် ကြမ်းပြင်ပေါ်မှ တရွတ်တိုက်ဆွဲ၍ခေါ်သွားကာ ရေကန်နံဘေး နှုတ်ခမ်းအနီး (၁) တောင်ခန့်အကွာ ရေကန်ဘက် မျက်နှာမူ၍ ထိုသူ၏လက်မောင်းနှစ်ဖက်အားမ,၍ မတ်တတ်ရပ်ခိုင်းသော်လည်း မရ၍ နံဘေးရှိ အခြားအစောင့်တစ်ယောက်မှ ခက်ရင်းခွဖြင့် ထိုလူ၏ကျောပြင်အား တစ်ချက်ဆောင့်ထိုးလိုက်၏။ 'အား' ဟူသော အသံကျယ်ကြီးနှင့်အတူ သူ၏ ကျောပြင်မှ အသားများ ပေါက်ပြဲထွက်၍ သွေးပွက်ပွက်ယိုစီးကျနေ၏။ ထိုသူသည် ရှုံ့မဲ့ရင်းညည်းရင်းခံနေရ၏။

ထိုစဉ် ကိုစိုး၏ လက်မောင်းနှစ်ဖက်ကိုင်ထားသောအစောင့်နှစ်ယောက်သည် စောစောမှတရားခံကဲ့သို့ ရေကန်အနီးဆွဲခေါ်လာရာ တရားခံ၏နောက်ကျော (၅)ပေခန့်အကွာမှရပ်၍ အကြည့်ခိုင်း၏။ တရားခံ၏ကျောပြင်သည် စုတ်ပြဲလျက် အသားစများပဲ့ထွက်လျက် သွေးများယိုစီးကျနေကာ သူ၏ခြေရင်းပြင်တွင် သွေးများအိုင်ထွန်းနေ၏။ အသက်ရှူရန်ပင်မေ့မိသော ကိုစိုးသည် ငေး၍ကြည့်နေရင်း အခြားတစ်မိမ်းတစ်ယောက်သည် ကိုစိုးအနား လာရပ်၏။ ကန်ရေပြင်သည် နီဝါရောင်။ အပေါ်မှ အဖြူရောင်အခိုးငွေ့များပျံ့နေ၏။ လှိုင်းကြက်ခွပ်ကလေးများထ၍ ခန်းမကြီးတိတ်ဆိတ်နေစဉ် ရှုံ့နေသောတရားခံအား အနီးလာရပ်သောလူစိမ်းမှ သူ၏နောက်ကျောတည့်တည့်သို့ အားကုန်ကန်ချလိုက်ရာ ထိုသူသည် လေထဲသို့ (၅)ပေခန့်မြောက်တက်သွားပြီး ရေကန်အလယ်တည့်တည့်သို့ ဝုန်းခနဲပြုတ်ကျသွား၏။ ကန်ရေပြင်ပွင့်ထွက်သွားကာ ဖျစ်ဖျစ်ဖျစ် ဟူသော အသံများနှင့် တရားခံ၏ ခန္ဓာကိုယ်တစ်ခုလုံးအား စားပစ်လိုက်တော့၏။ တရားခံ၏ 'အား' ဟူသောအသံပင် ဆုံးအောင်အော်လိုက်ရသည်မထင် အလွန်မြန်ဆန်လှ၏။စက္ကန့်ပိုင်းအတွင်း ထိုသူပျောက်ကွယ်သွား၏။ ငုပ်ချည်ပေါ်ချည်မရှိ ကန်ရေပြင်သည် မူလအတိုင်းပြန်ဖြစ်နေ၏။

ကန်ရေထဲသို့ ထိုသူပြုတ်ကျစဉ် ရေစက်ရေပေါက်များ (၁၀) ပေခန့်အထိ ပွင့်ထွက်သွားသော်လည်း ထိုရေစက်ရေပေါက်များသည် တခြားသူများအား မထိခိုက်မစင်ဘဲ ကန်ထဲသို့သာပြန်ကျ၏။

မြင်ကွင်းအားကြည့်ပြီးသောအခါ ကိုစိုးသည် စိတ်တုံးတုံးချလိုက်မိ၏။ အခုလိုအချိန်မျိုးတွင် မိမိအား ကယ်သူဝေးနေ၏။ ဘာမှမတတ်နိုင်။ သူတို့ပြုသမျှကိုသာ ခံရုံရှိတော့၏။ အစောင့်နှစ်ယောက်သည် ရေကန်အနီးမှ လက်မောင်းများကိုင်လျက် ခန့်ချောကြီးရှိရာ ပလ္လင်ဘက်သို့ဆွဲခေါ်လာကာ လေးလံသောခြေလှမ်း၊ ညှိုးငယ်သောမျက်နှာနှင့် ကိုစိုးသည် သူတို့ပြုသမျှအားခံပေးရန်သာအသင့်ပြင်ထားမိ၏။

ပလ္လင်ရှေ့ရောက်သောအခါတွင် အကြီးအကဲသည် ပလ္လင်ပေါ်မှဆင်း၍ ကိုစိုး၏အနီးသို့ သုံးတောင်ခန့်အကွာလာရပ်၍ ညှိုးငယ်နေသော ကိုစိုးအား အပြုံးနှင့်ကြည့်ကာ စကားပြောပြန်၏။

"ဘယ့်နှယ်လဲ၊ တော်တော်ကြောက်သွားပြီလား။ ဒီနေရာက မင်းလာရမယ့်နေရာမဟုတ်ပါဘူးကွာ။ မင်းက ဟိုမှာတုန်းက တတွတ်တွတ်တတွတ်တွတ်နဲ့ ဒီနေရာမရှိပါဘူး။ အလကားပါ၊ လျှောက်ပြောနေကြတာ၊ စာထဲမှဖတ်ဖူးတာနဲ့ ရမ်းပြောနေကြတာဆိုပြီး မင်းတကယ်မယုံဘူးမဟုတ်လား။ ကဲ - အခု ဘယ့်နှယ်လဲ"

ထိုပုဂ္ဂိုလ်ကြီး၏စကားကြားသည်နှင့် ကိုစိုးသည် ပြောမပြတတ်လှအောင် ဝမ်းသာအားတက်သွား၏။ ကိုယ့်ထက်အရပ်ပိုမြင့်သောပုဂ္ဂိုလ်ကြီးအား မော့၍ ပြန်ပြောမိ၏။

"ဟုတ်ကဲ့၊ အခုကျွန်တော်ယုံပါပြီ။ နောက်ကိုကျွန်တော်မပြောတော့ပါဘူး"

ဟု ဖြေမိ၏။

"ဟိုမှာ မင်းက ငါ့ကို ခဏခဏ အမျှဝေတော့ ငါဝမ်းသာတယ်ကွာ။ ဟိုပြန်ရောက်ရင်လည်း ငါ့ကို ခဏခဏ အမျှဝေပါကွာ၊ ငါဒါပဲမှာချင်တယ်"

ခံ့ချောသော ပုဂ္ဂိုလ်ကြီးသည် မျက်နှာများညှိုးငယ်သွား၍ အသံသည် တိမ်ဝင်နေ၏။ သူ၏အသံနှင့် မျက်နှာအားကြည့်၍ သနားနေမိပြန်၏။ ကိုစိုးသည် ပုဂ္ဂိုလ်ကြီး၏ စကားအတိုင်း ခေါင်းညိတ်ပြမိ၏။ ထိုအခါမှ ပုဂ္ဂိုလ်ကြီးသည် မိမိ၏အသက်အား မသတ်တော့မှန်းသိရတော့၏။ မိမိ၏စိတ်များ ကြည်လင် အားတက်လာကာ အရဲစွန့်၍ တောင်းဆိုလိုက်၏။

"ကျွန်တော်ပြန်တော့မယ်ခင်ဗျ။ ဟိုမှာ မိန်းမနဲ့ကလေးတွေရှိပါသေးတယ် အဲဒါ . . ."

စကားပင်မဆုံး ပုဂ္ဂိုလ်ကြီးမှ ဆီးတားလိုက်၏။

"ကဲ၊ ကဲ - အချိန်မီပါသေးတယ်



www.burmeseclassic.com

www.burmeseclassic.com

ကွာ၊ နောက်တစ်ခန်းကြည့်သွားဦး"

ပုဂ္ဂိုလ်ကြီးအား စောဒကမတက်ရဲပေ။ အလိုက်သိခေါင်းညိတ်ပြရ၏။

ထိုစဉ် အရှေ့ဘက်ထိပ်တံခါးပွင့်၍ အဝတ်အစားခပ်နွမ်းနွမ်း အသက် (၄၀) အရွယ် တောင့်တောင့် အသားညိုညို၊ အရပ်(၅)ပေခွဲခန့် အမျိုးသားနှစ်ယောက်သည် ရှေ့နောက်ဆင့်၍ ခန်းမထဲဝင်လာရာ ပလ္လင်ရှေ့(၁၀)ပေခန့်တွင် တစ်ယောက်နှင့်တစ်ယောက် တစ်တောင်ခန့်ခြား၍ ဆောင့်ကြောင့်ထိုင်လိုက်ကြ၏။

ထိုအခါ စစ်မေးသူသည် ချက်ချင်းရောက်လာကာ သူ့လက်များနှင့်ပွေ့ပိုက်၍ အမြင့်၊ ဗြက်တစ်ထွာခန့်ရှိသော အဝါရောင်ကတ်ထူစာအုပ် (၄)အုပ်အား ကိုင်လျက် အမျိုးသားနှစ်ယောက်အနီး ထိုင်လိုက်ရာ ကိုစိုး၏ရှေ့၌ရပ်နေသော အကြီးအကဲမှလက်ကာ တားထားလိုက်၏။ စစ်မေးသူသည် ခေါင်းညိတ်ပြကာ စာအုပ်(၄)အုပ်အား ကြမ်းပေါ် ချထား၍ နောက်ဆုတ်သွား၏။ အကြီးကဲမှ အမျိုးသားနှစ်ယောက်အား ငုံ့ကြည့်ရာ သူတို့အား အမေးရှိလိုက်၏။

"မင်းတို့နှစ်ယောက် ဟိုမှာတုန်းက ကြက်တိုက်ခဲ့ကြတယ် မဟုတ်လား"

အမျိုးသားနှစ်ယောက်စလုံး ပြိုင်တူခေါင်းညိတ်ပြ၏။

အကြီးကဲသည် ဆက်၍ပြောပြန်၏။

"အေး - မင်းတို့ထိုက်နဲ့မင်းတို့ကံခံကြပေါ့ကွာ"

ပုဂ္ဂိုလ်ကြီးသည် မပြုံးမရယ်၊ တည်တံ့သောမျက်နှာဖြင့် ပြတ်ပြတ်ပြောပြန်၏။

"ကဲ - သူတို့ကိုကြက်တက်တစ်စုံစီ ပေးလိုက်"

ဟု ပြောလိုက်ရာ နောက်ကျောရေကန်နံဘေးမှ အစောင့်နှစ်ယောက်သည် ပြေးထွက်လာကာ အကြီးကဲ၏ ရှေ့ အရောက်လာပြီး ခေါင်းငုံ့အရိုသေပြုကြ၏။ အရိုသေပြုပြီး ရေကန်နံဘေး အနောက်ဘက်ထိပ်ရှိအခန်းဆီသို့ ပြေးသွားကာ အခန်းတံခါးဖွင့်သံနှင့်အတူ အခန်းထဲမှ ချွင်ချွင်ချွမ်ချွမ်အသံများ ကြားနေ၏။

နောက်ပြန်ကြည့်နေသော ကိုစိုးသည် ရင်တထိတ်ထိတ်နှင့်သာ မျှော်ကြည့်နေ၏။ အခန်းထဲမှ သံချွန်အတက်များနှင့် သံကြိုးများတွဲလျက် တစ်ယောက်လျှင်တစ်စုံစီ သမံတလင်းပေါ်မှ တရွတ်တိုက်ဆွဲ၍ ကိုစိုးတို့ဘက်သို့လာရာ ခန်းမကြီးတစ်ခုလုံး ဆူညံနေ၏။ ချွင်ချွင်ချွမ်ချွမ်အသံများသည် သံအချွန်အတက်များတစ်ခုနှင့်တစ်ခု ပွတ်တိုက်မိသံများဖြစ်ကာ မီးစများပင်ပွင့်ထွက်သွား၏။ အစောင့်နှစ်ယောက်သည် လေးလံသောအတက်များအား အားကုန်ဆွဲလာကြ၍ ကိုစိုးတို့ဘေး ပလ္လင်နှင့် အတောင် (၃၀) ခန့်နေရာတွင် ပစ်ချလိုက်၏။

သံအချွန်များရှိရာသို့ ချက်ချင်းသွားကြည့်ရာ သံသည် စိမ်းနုရောင်၊ လေးကိုင်းညွတ်သည့်ပုံ အရှည် (၂) တောင်ခန့်၊ ထု လက်(၂)သစ်ခန့်၊ ဗြက် (၆)လက်မခန့်ရှိသော သံချွန်အား ခါးပတ်ပုံစံတွဲထား၍ ဖြုတ်၊ တပ်လွယ်ကူရန် မောင်းခလုတ်များနှင့် ထိုသံအချွန်(၂)ချောင်းအား (၃)ပေခန့်ရှိသော သံကြိုးဖြင့် ခိုင်ခံ့စွာဆက်ထား၏။

ထိုအစောင့်နှစ်ဦးသည် ငုတ်တုတ်ထိုင်နေသောအမျိုးသားနှစ်ယောက်အား တစ်ဦးစီ လက်မောင်းတစ်ဖက်တစ်ချက်ဆုပ်ကိုင်လျက် သံခြေချင်းရှိရာသို့ တွဲခေါ်လာကာ မတ်တတ်ရပ်ခိုင်းထား၏။ သူတို့အနီး (၁၅) ပေခန့်မှ ကိုစိုးသည် ကြောက်စိတ်ပေါ့နေသော်လည်း ရင်တထိတ်ထိတ်ဖြင့်ကြည့်နေမိ၏။

တရားခံနှစ်ယောက်သည် သံခြေချင်းကြက်တက်များတပ်ဆင်လျက်ဖြင့် (၄)တောင်ခန့်အကွာ မျက်နှာချင်းဆိုင် ငုတ်တုတ်ထိုင်လိုက်ကြ၏။ သူတို့သည် သံခြေချင်း၏အလေးကြောင့် ကြာကြာမရပ်နိုင်။ ညောင်းလှ၍ထိုင်ကြသည်ထင်၏။ သူတို့ထိုင်သည်နှင့် အစောင့်များက အလစ်မပေး။ သူတို့နောက်ကျောမှ အစောင့်နှစ်ဦးက ခက်ရင်းခွနှင့် တစ်ယောက်တစ်ချက်ပြေး၍ဆောင့်ထိုးလိုက်၏။ အားဟုသာ ပြိုင်တူအော်လျက် ရှေ့သို့ဒူးထောက်ကျသွား၏။ သူတို့၏ကျောပြင်များပေါက်ပြဲထွက်လျက် အသားစများပြုထွက်ကာ သွေးများပွက်ပွက်ဆူစီးကျနေ၏။ အကျီ၊ ပုဆိုးနှင့် ကျောတစ်ပြင်လုံး သွေးအလိမ်းလိမ်းစီးပေနေ၏။ သူတို့သည် အား၊ အီးဟူသော အသံများနှင့်ညည်းနေကြ၏။

ထိုအခါ အစောင့်နှစ်ယောက်သည် တစ်ယောက်စီ၏ကုပ်မှကိုင်၍ နောက်သို့အနည်းငယ်ဆွဲကာ မတ်တတ်ရပ်ဖြင့် သံကြက်တက်တစ်စုံစီမှ မောင်းခလုတ်သံဖျောက်၊ဖျောက်ဟုမြည်လျက် တင်းကျပ်စွာဝတ်ပေးလိုက်၏။

သံအတက်များဝတ်ပြီးသောအခါ အစောင့်များ သူတို့နောက်ကျောမှစောင့်နေကြ၏။ တရားခံနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် (၅)တောင်ခန့်အကွာမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ညှိုးငယ်နေ၏။ ကြက်တက်များတပ်ပေးပြီးသောအခါ ကိုစိုးသည် ကြောက်စိတ်ဝင်လာ၍ ပုဂ္ဂိုလ်ကြီးရှိရာသို့ပြန်လာခဲ့မိရာ သူ့အနား မရောက်မီ ပုဂ္ဂိုလ်ကြီးမှဆီး၍စကားပြော၏။

"ဘာဖြစ်လို့ပြန်လှည့်လာတာလဲ။ အနီးကပ်သွားကြည့်၊ဒါမှသေသေချာချာ မြင်ရမှာ"

အမိန့်အားမလွန်ဆန်ရဲ။ တရားခံများအနီး (၁၀)ပေကျော်မှ ရပ်ကြည့်နေရ၏။ အစောင့်နှစ်ယောက်သည် ခွပ်ဖို့ အမိန့်ပေးနေ၏။ အမိန့်အားကြားသော်လည်း မခွပ်ကြပေ။ ငေး၍ကြည့်နေကြ၏။

အစောင့်များစိတ်မရှည်တော့ပေ။ ထို့ကြောင့် သူတို့နောက်ကျောမှ သံခက်ရင်းခွဖြင့် တစ်ချက်စီဆောင့်၍ထိုးလိုက်ပြန်ရာ 'အား'အသံကုန်အော်လျက် လေထဲသို့ (၅)ပေခန့်မြောက်တက်သွားကာ ကြက်ခွပ်သကဲ့သို့ ရင်ဘတ်၊ ခြေထောက် အတက်များနှင့်လုံးထွေးသွားရာ 'ဝုန်း'ဟူသောအသံကြီးထွက်ပေါ်လာ၍ ခန်းမကြီးတုန်ခါသွား၏။ လေထဲတွင် မီးပွင့်မီးစများပွင့်ထွက်သွား၍ ကိုစိုး၏မျက်လုံးများ ပြာဝေသွား၏။ နားများအူသွား၏။ မျက်လုံးပြာ၊ နားအူသွားသော်လည်း သူတို့အား သတိမလစ်ကြည့်နေရင်း သူတို့သည် ကားရားမှောက်လျက် တစ်ဦးနှင့်တစ်ဦး (၃) တောင်ခန့် ခေါင်းဆိုင်လျက် အား အီး အူးအသံများနှင့်ညည်းနေကြ၏။ သူတို့၏ကျောပြင်တစ်ခုလုံးနှင့် ခြေထောက်များ သွေးအလိမ်းလိမ်းထွက်၍ အသားများပေါက်ကွဲထွက်ကုန်၏။

ကြက်တက်နှစ်ချောင်း မိုးပေါ် ထောင်လျက် ညည်းနေကြသော်လည်း ကြာကြာနားခွင့်မပေး။ ချက်ချင်းထ၍ ခွပ်ရန် အမိန့်ပေးနေ၏။ သူတို့သည် ညည်းရင်း အားထုထ မတ်တတ်ရပ်ကာ အရှိန်နှင့်ပြေးပြီး လေထဲသို့ (၄) ပေခန့် မြောက်တက်သွား၍ခွပ်ကြပြန်ရာ 'ဝုန်း' ဟူသောအသံနှင့်အတူ မီးပွင့်မီးစများ အသားတိုအသားစများနှင့် သွေးစ များသည် ပွင့်ထွက်ပြန်၏။

အား၊ အီးအသံများညည်းလ ဝမ်းလျားမှောက်ပြုတ်ကျပြန်၏။ သူ နှစ်ယောက် ခွပ်သော (၁၀) ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com

သမံတလင်းတွင် သွေးနှင့်အသားစများ မြင်မကောင်းရှိနေ၏။ သူတို့နှစ်ယောက်မှာ စောစောကကဲ့သို့မဟုတ် ပုံသဏ္ဌာန်များပြောင်းကုန်၏။ မျက်နှာနှင့် ဦးခေါင်းတို့မှာ အသားတစ်ဝက်ခန့်မရှိကြတော့ပေ။ အရိုးနှင့် အသား၊ သွေးများ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်ကုန်၏။ အင်္ကျီ၊ ပုဆိုးတို့စုတ်ပြတ်၍ အတိုအစအနည်းငယ်သာ သွေးများနှင့်ကပ်၍ကျန်၏။

ဝမ်းလျားမှောက်ညည်းနေသော သူတို့အားကြည့်၍ စိတ်မနည်းထိန်းထားရ၏။ သနားလွန်းလှ၍ မျက်ရည်များ ပင်ဝဲလာ၏။ အစောင့်များသည် အချိန်မပေးဘဲ ဆက်ခွပ်ရန် အမိန့်ပေးကာ ခက်ရင်းခွနှင့်ထိုးမည့်ဟန်ဖြင့် ခြောက်လှန့်နေကြ၏။

နှစ်ဦးသား တုန်တုန်ယင်ယင်နှင့် ဖြည်းညင်းစွာထ၍ မျက်နှာချင်းဆိုင်လိုက်သောအခါ ကိုစိုးသည် မျက်လုံးပြူး၍ အံ့သြသွား၏။ သူတို့မျက်နှာတွင် မျက်စိတို့သည်ကျွတ်ထွက်၍ ပါးပြင်ပေါ်တွင်တန်းလန်းကျ၍ သွေးများနှင့် ကပ်တွယ်နေသလို မျက်ကွင်းထဲမှသွေးများ ဖြိုင်ဖြိုင်ယိုစီးဆင်းနေကြ၏။ ဤအချိန်တွင် သူတို့သည် မျက်စိလုံးဝမမြင်ရတော့ပေ။ မျက်စိမမြင်ကြသော်လည်း သူတို့သည် ဘယ်၊ ညာလက်နှစ်ဖက်ဆန့်တန်း၍ လေထဲတွင် တစ်ဦးနှင့်တစ်ဦး စမ်းနေကြ၏။

အစောင့်များသည် ခွပ်ရန်အမိန့်ပေး၍ အော်ပြန်၏။ သူတို့သည် မခွပ်၍ မရမှန်းသိနေကြ၍ အချိန်ဆွဲနေလျှင် နောက်ကျောမှ ခက်ရင်းခွနှင့်အထိုးခံရမည်ကိုလည်း သိနေကြ၏။ ဤသို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် (၃)ပေခန့် အမြင့်သို့ခုန်တက်ခွပ်ပြန်ရာ 'ဝီး'ဟူသော အသံမြည်ကာ ပွတ်ကာသီကာလွဲ၍ ဆန့်ကျင်ဘက်သို့ ဝမ်းလျားမှောက်ပြုတ်ကျ၏။ ညည်းသံပေါ်လာပြန်လေ၏။ အစောင့်နှစ်ယောက်သည် သူတို့၏ကုပ်မှ တစ်ယောက်စီဆွဲကိုင်၍ မျက်နှာချင်းဆိုင်တည်ကာ အခွပ်ခိုင်းပြန်၏။ ဤအကြိမ် ခွပ်ရာတွင်လည်း မခွပ်မိပြန်။ လွဲ၍ ဝမ်းလျားမှောက်ကျပြန်၏။ အစောင့်များ ကုပ်မှဆွဲထူ မတ်တတ်ရပ်ဖြင့် လက်မလွှတ်သေးဘဲ မျက်နှာချင်းဆိုင် (၃) တောင်ခန့် အကွာတည်ပေးထား၏။

အစောင့်နှစ်ယောက်သည် အားအလွန်သန်သူများဖြစ်ကြ၏။ သူတို့၏ လက်ထဲတွင် ပေါ့ပါးစွာ ကိုင်ထားသလိုထင်ရ၏။ လည်ကုပ်မှဆွဲထူရပ်ပေးထားသော်လည်း ရုပ်သေးရုပ်ပမာ နှစ်ဦးစလုံး ခေါင်းငိုက်စိုက်ကျလျက် အားအင်ကုန်ခန်းနေပြီ ဖြစ်၏။ ခန္ဓာကိုယ်တစ်ခုလုံး သွေးအလိမ်းလိမ်းနှင့် အရိုးများကျိုးကြေလျက် အသားစများပြတ်ထွက်နေသည်မှာ ခန္ဓာကိုယ်တစ်ဝက်မျှပင်မရှိတော့ပေ။ အီး၊ အီးဟူသော ညည်းသံတိုးတိုးသာကြားနေရ၏။

ခန်းမကြီးတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၍ ကိုစိုးနှင့် အကြီးအကဲ၊ အစောင့်များအားလုံးသည် တရားခံနှစ်ဦးကိုသာ အာရုံစိုက်နေကြ၏။ အကြီးကဲနှင့်အစောင့်မှာ ရိုးနေပြီဖြစ်မည်ထင်၍ မျက်စိမျက်နှာမပျက်။ ကိုစိုးတစ်ယောက်တည်းသာ သနားကရုဏာသက်၍ ရင်တဖိုဖိုကြည့်နေရ၏။

အစောင့်နှစ်ယောက်ကိုင်ထိန်းထားသည်မှာ ဒယီးဒယိုင် သူမမြင်ကိုယ်မမြင်နှင့် ရင်တဖိုဖိုကြည့်နေမိသော ကိုစိုးသည် အစောင့်များ မည်သို့လုပ်မည်ကို စိုက်ကြည့်နေစဉ် အစောင့်နှစ်ဦးသည် သူတို့၏ လက်များအား အားကုန်တွန်း၍ တစ်ပြိုင်တည်း တရားခံနှစ်ဦးအား မျက်နှာချင်းဆိုင် တိုက်ခွပ်လိုက်ရာ ဝုန်းဟူသောအသံနှင့်အတူ ခန်းမကြီး ဟိန်းထွက်သွား၏။

တရားခံနှစ်ဦးစလုံးသည် ဝမ်းလျားမှောက်ကျလျက် ခေါင်း၊ ခါး၊ ခြေလက်များမလှုပ်ကြတော့ပေ။ ခန်းမကြီး တိတ်ဆိတ်လျက် ကြောင်ကြည့်နေမိသောကိုစိုးသည် အသက်ရှူသံသာကြား၍ သူတို့နှစ်ဦးထံသို့ အပြေးသွားကြည့်လိုက်မိ၏။ သူတို့အား ထိုင်၍ငုံ့ကြည့်သောအခါ အသားအရေကျဲကျဲသာကျန်ပြီး အရိုးများမှာ ခန္ဓာကိုယ်တစ်ခုလုံးကျိုးကြေနေ၏။ သွေးများအလိမ်းလိမ်းဖြင့် ကြမ်းပြင်တစ်ဝိုက်တွင် အသားစများ၊ အရိုးအတိုအစများ၊ သွေးခဲသွေးစက်များနှင့် အိုင်ထွန်းကာ မြင်မကောင်းရှိ၏။

သူတို့ခန္ဓာကိုယ်များ လုံးဝမလှုပ်ရှားတော့ပေ။ သို့သော် အသက်ရှူသံသည် ရှူးရှူးဖြင့်ကြားနေရ၏။ အသက်ရှူသောနေရာအား သေသေချာချာကြည့်ပြန်သော် အံ့သြမိပြန်၏။ နှာခေါင်း၊ ပါးစပ်မှရှူနေသည်မဟုတ်။ နှာခေါင်း၊ ပါးစပ်တို့မှာ ပြတ်ထွက်သွားပြီဖြစ်၍ လည်ချောင်းဝမှသာ အသက်ရှူနေရခြင်း ဖြစ်၏။ လည်ချောင်းဝမှ အသားစတစ်ခုလှုပ်လိုက်၊ပိတ်လိုက်မြင်မိ၍ သိရခြင်းဖြစ်၏။

သူတို့ကိုကြည့်၊ အကြီးအကဲနှင့် အစောင့်တွေပြန်ကြည့်နှင့် ကိုစိုး၏စိတ်နှင့်ခန္ဓာကိုယ်သည် ယိုင်လဲမတတ်ချည့်နဲ့နေ၏။ ဇောချွေးများထွက်၍ဘာလုပ်ရမှန်းမသိ။ သူတို့လိုများ ငါ့ကိုသတ်ကြဦးမယ်ဆိုရင် အတွေးစသည် မတွေးရဲအောင် ဖျောက်နေရ၏။ ပြန်လမ်းမရှိသူအဖြစ် စိတ်ထဲမှထင်မိနေ၏။

လူ့ပြည်တွင်ကြက်တိုက်ခဲ့ကြသော သူများ၏ ပေးဆပ်မှုသည် အလွန်ကြောက်စရာကောင်းကြောင်း မျက်ဝါးထင်ထင်တွေ့ရသောအခါ ကိုစိုး၏ငယ်စဉ်ကဘဝကို တဒင် သတိရမိသေး၏။

ဦးလေးဖြစ်သူ သံချောင်းနှင့်ကျောက်ခဲသည် ကြက်တိုက်အလွန်ဝါသနာပါ၏။ သူတို့နှစ်ယောက်စလုံး တိုက်ကြက်များမွေးထားကြ၏။ ရက်ခြားရက်ခြား ကြက်တိုက်သွားသောအခါ ကိုစိုးလည်း ကြက်ပွဲကိုခဏခဏကြည့်ဖြစ်ပါသည်။ အလောင်းအစားတော့ တစ်ခါမှမလုပ်။ ဒီအတိုင်းဆို ဆုံးသွားပြီဖြစ်တဲ့ ဦးလေးနှစ်ယောက်မှာ ယခုလိုပဲ သံခြေချင်းအတက်တွေနှင့် ကြက်ခွပ်ကြရဦးမယ်ထင်ပါရဲ့ဟု တွေးနေရင်း။ အစောင့်နှစ်ယောက်သည် မှောက်လျက် တရားခံနှစ်ဦးအား တစ်ဦးစီငုံ့ကြည့်၍ ခက်ရင်းခွတစ်ချောင်းစီဖြင့် ခပ်ဆတ်ဆတ်ထိုးဆွနေ၏။ တရားခံများ မလှုပ်၊ အသက်ရှူသံသာကြားနေရ၏။ တစ်ဖန်သူတို့အား ပက်လက်အနေအထားသို့ ဆွဲလှန်လိုက်ရာ မြင်မကောင်းလှပါ။ ပြောရက်စရာမရှိ။ ကျိုးကြေစုတ်ပြတ်လျက်ဖြင့်သာ မြင်နေရ၏။ ပက်လက်အနေအထားတွင် ခက်ရင်းခွများနှင့် ခန္ဓာကိုယ်ရင်ဘတ်အား တဆတ်ဆတ်ထောက်ထိုးကြည့်ပြန်ရာ လှုပ်ရှားမှုမရှိ။ လည်ချောင်းဝမှသာ ရှူးရှူးအသံထွက်၍ အသက်ရှူနေကြ၏။

ထိုအခါ အစောင့်နှစ်ယောက်သည် ပလ္လင်ရှိရာ အကြီးအကဲထံသို့ ခပ်သုတ်သုတ်သွားကာ ခေါင်းငုံ့အရိုအသေပေး၍ အမိန့်တောင်းခံရာ ခေါင်းဆောင်မှ ခေါင်းညိတ်ပြ၏။ အစောင့်များ တရားခံများထံသို့လာ၍ ခြေချင်းဝတ်တွင်တပ်ထားသော သံထူကြိုးကို တစ်ယောက်စီကိုင်၍ အနောက်ဘက်ထိပ်ရှိအခန်းဆီသို့ တရွတ်တိုက်ဆွဲသွားကာ အခန်းထဲသို့ ဆွဲပစ်ထည့်လိုက်ရာ 'ဝုန်း. . . ဝုန်း'ဟူသော အသံများနှင့် အခန်းတံခါးပိတ်သွား၏။ ဆွဲသွားရာလမ်းတစ်လျှောက်တွင် သွေးကွင်း



www.burmeseclassic.com

www.burmeseclassic.com

သွေးခဲများသည် သမံတလင်းပြင်တွင် အကြောင်းလိုက်ကျန်ရစ်ခဲ့၏။

ငေး၍ကြည့်နေသောကိုစိုးသည် အခန်းထဲမှကြက်သမားနှစ်ယောက်ထံမှ စိတ်မထွက်သေး။ သူတို့သည် တကယ် မသေသေး။ နောက်ထပ် မည်သို့ဒဏ်ပေးဦးမည်၊ သို့မဟုတ် အကူအညီမည်သို့ပေးမည် အဖြေမထွက်။

ထိုစဉ် အရှေ့ထိပ်တံခါးပေါက်ပွင့်၍ နောက်ထပ်အမျိုးသားနှစ်ယောက်အား အစောင့်နှစ်ယောက်မှတွဲခေါ်၍ အခန်းထဲသို့ဝင်လာကြပြန်၏။ ဤတွင် ကိုစိုးသည် စိတ်ထဲမှစကားပြောမိပြန်၏။

'အလို - ဒီလူနှစ်ယောက်လည်း စောစောကလို ကြက်သမားတွေထင်ပါရဲ့။ တော်ပြီ ထော်ပြီ ငါမကြည့်ချင်တော့ဘူး။ ငါမကြည့်သင့်ဘူး ငါပြန်မှဖြစ်မယ်'

ထိုမှ ကိုစိုးသည် ရဲဆေးတင်ကာ အကြီးကဲရှိရာ ပလ္လင်ဆီသို့သွား၍ မျက်နှာချင်းဆိုင်ကြည့်၍ ဖွင့်ပြောလိုက်မိ၏။

"ကျွန်တော်ပြန်တော့မယ်၊ ကျွန်တော်ကိုပြန်ခွင့်ပေးပါ"

အသနားခံသောအသံဖြင့် ပလ္လင်ထက်မှ အကြီးအကဲအား ခွင့်တောင်းလိုက်ပါသည်။

အကြီးကဲသည် အနည်းငယ်ပြုံးလျက်ဖြင့် စကားပြန်၏။

"ဟေ-ပြန်တော့မလို့လား။ အချိန်ရပါသေးတယ်ကွာ။ နောက်ထပ်အခန်းတွေအများကြီးရှိသေးတယ်၊ ဒီအခန်းနဲ့ဆက်ရက်အခန်းတွေအားလုံးကြည့်စရာတွေချည်းပဲ။ ဒါအကင်းပဲရှိသေးတယ်"

အသံတုန်၍ အထစ်ထစ်အငေါ့ငေါ့ဖြင့် အသနားခံသောစကားဖြင့် -

"ဟုတ်၊ ဟုတ်ကဲ့ - ကျွန်တော်မကြည့်တော့ပါဘူးခင်ဗျာ။ အိမ်ကိုပဲပြန်ပို့ပေးပါ"

အကြီးအကဲသည် ကိုစိုး၏စိတ်အားသိပုံရ၍မတားတော့ချေ။

"အေးလေ၊ ပြန်မယ်ဆိုရင်လည်း ပြန်ပေါ့။ ဟိုရောက်ရင် ငါမှာတာမမေ့နဲ့"

သူအား အမှာပေးဝေရမှာ သိပြီးသားဖြစ်၍ ချက်ချင်းခေါင်းညိတ်ဖြေမိ၏။

"ဟုတ် ဟုတ်ကဲ့၊ ကျွန်တော်မမေ့ပါဘူး"

"အေးအေး - မင်းပြန်သွားလည်း နောက်တစ်ခေါက်ရောက်ဦးမှာပါကွာ။ ကဲ၊ ကဲ - သူ့ကိုအချိန်မီပြန်ပို့လိုက်"

ခေါင်းဆောင်၏အမိန့်စကားကြား၍ ပြောမပြတတ်တောင်ဝမ်းသာသွားမိ၏။ ထိုစဉ် အစောင့်နှစ်ယောက်သည် ကိုစိုး၏အနီးလာရပ်၍ ဘယ်၊ညာလက်မောင်းတစ်ဖက်စီအား ညင်သာစွာကိုင်၍ မြောက်ဘက်ရှိ နီညိုရောင်အဝင်သံတံခါးမကြီးဆီသို့ခေါ်လာရာ တံခါးဝအရောက် တာဝန်ကျအခြားအစောင့်နှစ်ယောက်မှ တံခါးတစ်ဖက်တစ်ချက်ရှိသံကွင်းကြီးနှစ်ခုအား ပြိုင်တူဆွဲလိုက်ရာ 'ဂျိန်း'ဟူသောအသံဖြင့် တံခါးမကြီးပွင့်သွား၏။ တံခါးပွင့်လျှင်ပွင့်ချင်း အပြင်ဘက်သို့ကြည့်လိုက်ရာ နေ့ခင်းဘက်အလင်းရောင်ကဲ့သို့ ကြည်လင်လျက် ပေ(၅၀)ခန့်အကွာတွင် စီးလာခဲ့သော ပိန်းကောလှေသည် ဘေးတိုက်အနေအထားနှင့် မြေနီပြင်ပေါ်မှ ကိုစိုးအားစောင့်မျှော်နေ၏။ အစောင့်များနှင့် ကိုစိုးတို့ လှေရှိရာရောက်သော် လှေ၏အလယ်တည့်တည့်တွင် ကိုစိုးသည် အလိုက်သင့်ဝင်ထိုင်လိုက်၏။

အထွက်တံခါးပေါက်ပိတ်သံ'ဂျိန်း' ဟူသောအသံကြားသော်လည်း လှည့်မကြည့်ဖြစ်၊ မကြားသလိုနေလိုက်မိ၏။ လှေပေါ်သို့ အစောင့်နှစ်ယောက်သည် ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ဝင်၍ထိုင်လိုက်စဉ်မှာပင် လှေသည် အပေါ်သို့ သိမ့်ခနဲ ပျံတက်သွား၏။ ရုတ်တရက်မို့ ရင်ထဲ၌ ကြောက်စိတ်ပိုမိ၏။

ယခု လှေယာဉ်သည် လာလမ်းမှာကဲ့သို့မဟုတ်။ မြောက်ယွန်းယွန်းသို့ ဝါးနှစ်ပြန်အမြင့်လောက်မှတည့်တည့်ပျံသန်းနေသည်ထင်ရ၏။

စက္ကန့်ကြီးကြီးမျှသာကြာမည်ထင်၏။ လှေယာဉ်သည် ဖြူဝါရောနေသော ဟင်းလင်းပင်ကြီးထဲသို့ ရောက်နေ၍ အပေါ်ဘေးတစ်ဖက်တစ်ချက်၊ အောက်ဘက်တို့တွင် ဘာအရာဝတ္ထုမှမရှိ။ အောက်မှ အပေါ်သို့ တရိပ်ရိပ်ဖြင့် မောင်းနှင်လာသည်မှာ အရှိန်မြန်လှ၏။ စိတ်များပေ့ါပါး၍ကြည်လင်လှ၏။ မိနစ်အနည်းငယ်ကြာလာသောအခါ ယာဉ်သည် သိမ့်ခနဲအရှိန်လျော့သွား၍ 'ရွှီ' ဟူသော လေတိုးသံနှင့်အတူ မြောက်တည့်တည့်(ခန့်မှန်း)သို့ ဦးတည်ပျံသန်းခိုက် အမြင်အာရုံများရုတ်ခြည်းပြောင်းလဲသွား၏။

ကိုစိုး၏မျက်လုံးများ ပြာဝေသွားကာ တစ်စတစ်စဖြင့် အမှောင်ထုနှင့်အလင်းရောင် ရောပြွမ်းနေသော နေရာ သစ်တစ်ခု လေဟာပြင်သို့ရောက်ရှိပြန်၏။ ဤမြင်ကွင်းသို့ရောက်လျှင်ရောက်ချင်း ကိုစိုး၏သတိများ ပြန်လည်အမှတ်ရကာ ပြောမပြတတ်သောဝမ်းသာမှုဖြစ်သွား၏။

"ဟော့ - လမင်းကြီး၊ ကြယ်တွေ၊ တိမ်တွေ ဟုတ်ပြီ၊ ငါတို့နေရာရောက်ပြီ"

နှုတ်မှ တိုးညင်းစွာပြောမိ၏။ လရောင်၏အလင်းဖြင့် အပေါ်စီးယာဉ်ပေါ်မှ နီရဲသောသစ်တောများ၊ ပန်းခင်းများနှင့်ရေအိုင်ကြီးများကိုလည်း အပျော်လွန်နေ၍ ဝေဝေဝါးဝါးသာမှတ်မိလိုက်ရ၏။

အိမ်ပြန်ရောက်တော့မည့်အတွေးသည် ကိုစိုး၏စိတ်အား စိုးမိုးနေစဉ် လှေယာဉ်သည် သိမ့်ခနဲရပ်တန့်သလိုဖြစ်ရာမှ အောက်သို့ဖြည်းညင်းစွာဆင်းသက်နေ၏။ ကိုစိုးသည် ထိတ်ထိတ်ပျာပျာဖြစ်သွားကာ အောက်သို့ငုံ့အကြည့် သွပ်မိုးဖွေးဖွေးလေးနှင့်ဇာခြင်ထောင်သေးသေးလေးအား အထင်းသားမြင်ရ၍ ဝမ်းသာပီတိဖြစ်ကာ ချိတုံချတုံဖြစ်နေမိပြန်၏။

လှေယာဉ်သည် အိမ်ရှေ့မြေပြင်ပေါ်ရောက်သည်နှင့် ကောက်ကာငကာဆင်းလိုက်မိချိန်တွင် 'ရွှီ'ခနဲအသံမြည်ကာ အပေါ်ပျံတက်၍ တောင်ဘက်ဆီသို့ပျံသွားတော့၏။ အစောင့်နှစ်ယောက်အား ကျေးဇူးတင်ကြောင်းမပြောလိုက်ရ။

ဇာခြင်ထောင်ရှိရာသို့ ခြေလှမ်းလေးလှမ်း၊ ငါးလှမ်းအရောက်တွင် နားထဲသို့ အဦးဆုံးအသံကြားလာ၏။

"တုံ. . . တုံ. . . တုံ. . . တုံ"

"ဟော - ရွာဦးကျောင်းက တုံးမောင်းခေါက်သံပါလား"

**စာကြွင်း -**

ထိုစဉ်က အကြီးအကဲ၏ စကားများနှင့် စစ်မေးသူ၏စကားများသည် ပါဠိပျက်မာသထစကားများ တစ်နည်းငရဲစကားများသာဖြစ်၏။ ကိုစိုး၏စကားသည် မြန်မာစကားစစ်စစ်ဖြစ်၍ ထိုသူက သူတို့၏စကားများအားနားလည်၏။ တရားခံများ၊ ကျန်အစောင့်များ စကားလုံးဝမပြောပါ။ ခေါင်းညိတ်၊ ခေါင်းခါသာပြုကြ၏။ ၁၉၉၇ ခုနှစ်၊ တပေါင်းလပြည့်ည၏ စာရေးသူ ကိုစိုး၏ ဖြစ်ရပ်မှန်ဖြစ်ပါသည်။ ၂၀၀၃ ခု၊ ဒုတိယအကြိမ်ဖြစ်ရပ်မှန်အားရေးပါဦးမည်။

စိုးမင်း (မြောက်စည်း)




www.burmeseclassic.com

www.burmeseclassic.com

ပြည်မြန်မာ၏ ၂၀၁၄ ခုနှစ် မကာရရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၅-၁-၂၀၁၅) နေ့မှ (၁၂-၂-၂၀၁၅) နေ့အထိကာလ




၁၅-၁-၂၀၁၅ ရက်နေ့ နံနက် (၆း၁၂း၁၄) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် မကာရရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် ဓနုရာသီ (၂၁) ဒီဂရီ၊ (၅၂) မိနစ်၌ ထွက်ပေါ်နေခဲ့သည်။ ဤကား ၂၀၁၅ ခုနှစ်၊ မကာရရာသီပြောင်းမန်ဒိန်းဇာတာဖြစ်သကဲ့သို့ ၂၀၁၅ခုနှစ် မကာရရာသီ စူဠသင်္ကြန်ဂါထာပင် ဖြစ်သည်။

ဤဇာတာ၏ ထူးခြားချက်မှာ ယူရေးနပ်ဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် ပူးထပ်နေကြပြီး ပလူတိုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့လည်း ပူးထပ်နေကာ ဥဒယလဂ်နှင့် (၃) ဒီဂရီအတွင်း ပူးကပ်နေကြသည်။ အင်္ဂါဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် (၃) ဒီဂရီအတွင်း ပူးကပ်လျက်ရှိနေသည့်အပြင် အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ ရာသီအိမ်ချင်း ဖလှယ်နေကြသည်။ ထို့အတူ နက်ပကျွန်းဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်တို့သည်လည်း ရာသီအိမ်ချင်း ဖလှယ်နေကြသည်။

စိတ်ဝင်စားစရာတစ်ခုက ဥဒယလဂ်နှင့်ပူးနေသော ပလူတိုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်က ယူရေးနပ်ဂြိုဟ်နှင့် ကိတ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင့်ဖြင့် လည်းကောင်း၊ ယူရေးနပ်ဂြိုဟ်နှင့် ကိတ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင့်ဖြင့် လည်းကောင်း၊ ကြာသပတေးဂြိုဟ်က ဥဒယလဂ်၊ ပလူတိုဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်တို့ကို (၁၄၄) ဒီဂရီအမြင့်ဖြင့် လည်းကောင်း ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ မြင့်ထားသည်။ ရာဟုဂြိုဟ်က ပလူတိုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်ကို (၉၀) ဒီဂရီအမြင့်၊ စနေဂြိုဟ်က အင်္ဂါဂြိုဟ်နှင့် နက်ပကျွန်းတို့ကို (၉၀) ဒီဂရီအမြင့်၊ စနေဂြိုဟ်က ယူရေးနပ်ဂြိုဟ်နှင့် ကိတ်ဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင့်၊ ကြာသပတေးဂြိုဟ်က တနင်္လာဂြိုဟ်ကို (၉၀) အမြင့်တို့သည်လည်း သာမန်မဟုတ်သော ထူးခြားသောအမြင့်များ ဖြစ်ကြသည်မှာ ဧကန်ဖြစ်၏။

အားလုံးကိုခြုံ၍ သုံးသပ်ကြည့်လျှင် နယ်စပ်လုံခြုံရေးကိစ္စ၊ အိမ်နီးနားချင်းနိုင်ငံများဆက်ဆံရေးကိစ္စ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စ၊ ပြည်ပနိုင်ငံတချို့နှင့် ပြည်ပအဖွဲ့အစည်းများ ဖိအားပေးမှုကိစ္စများကို အခြေခံ၍ စောဒကတက်မှု၊ ဆန္ဒထုတ်ဖော်မှု၊ တင်းမာမှုများရှိမည်။ အင်တာနက်၊ တယ်လီဖုန်းစသော ဆက်သွယ်ရေးကိစ္စများ၊ စာနယ်ဇင်း မီဒီယာဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဝိဝါဒကွဲပြားမှု၊ အပြန်အလှန်တုံ့လှယ်မှုများရှိမည်။ ရေကြောင်းဆိုင်ရာ၊ လေကြောင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးကိစ္စများ၌ ပြဿနာအရှုပ်အထွေးများ ဝင်ရောက်လာမှု၊ မတော်တဆထိခိုက်မှုများရှိတတ်မည်။

ငွေကြေးဆိုင်ရာ၊အခွန်အကောက်ဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာတို့၌ တိုးတက်သောအလားအလာကောင်းများကို တွေ့ရသလို မပွင့်လင်းမမြင်သာမှုများ၊ မသန့်ရှင်း မကောင်းမွန်မှုများကိုလည်း တွေ့ရတတ်သည်။ ထုတ်ကုန်၊ သွင်းကုန်၊ ကုန်သွယ်ရေးကိစ္စများ၌ အခွန်ရှောင်မှု၊ မရိုးရှင်းမှု၊ မှောင်ခိုမှုများတို့ကို တွေ့မြင်လာရမည်။ ဈေးငွေကိစ္စများ၊ ကရုဏာကြေးများ၊ လျော်ကြေးများ၊ အာမခံကြေးများနှင့်စပ်လျဉ်း၍ အခြေခံလူတန်းစားများ၊ ဆင်းရဲနွမ်းပါးသူများ၏ ပဋိပက္ခဆန်သော တုံ့ပြန်ချက်များကို တွေ့မြင်လာရမည်။

စာနယ်ဇင်း၊ မီဒီယာ၊ ခရီးသွားလာရေး၊ ဆက်သွယ်ရေး၊ ဘာသာရေး၊ အမျိုးသားရေး၊ တရားစီရင်ရေးတို့နှင့် ဆက်နွှယ်နေသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အစိုးရနှင့် လွှတ်တော်တို့သည် ပြစ်တင်ဝေဖန်ခြင်းကို ပြင်းပြင်းထန်ထန် ခံနေရလိမ့်မည်။

ပြည်နယ်ဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာ၊ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာနှင့်စပ်လျဉ်း၍ ဖြေရှင်းချက်မကုန် လိုရာမရောက်ဖြစ်နေလိမ့်မည်။ ဘာသာရေး၊ စီးပွားရေး (သို့) ဥပဒေရေးရာ၊ တရားစီရေးရာတို့နှင့်ဆက်နွှယ်နေသော အစိုးရဆိုင်ရာ၊ လွှတ်တော်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးအတွက်စိတ်မကောင်းစရာဖြစ်လိမ့်မည်။ လူမျိုးရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့်ပတ်သက်၍ စောဒကတက်မှု၊ အငြင်းပွားမှုများ ပိုသိသာလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောသေဆုံးမှု၊ သက်ကြီးရွယ်အိုသေဆုံးမှုများ ပိုမိုများပြားလာသလိုရှိသည်။ လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်၊ ပဋိပက္ခတို့ ဖွဲ့မီးထတောက်နိုင်သည်။ ဘာသာရေးဆန်သော၊ အမျိုးသားရေးဆန်သော ပဋိပက္ခများ၊ ဝိရောဓိများ ပုံစံတစ်မျိုးနှင့်ရှိနေဦးမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

၂၇-၁၀-၂၀၁၄၊ တနင်္လာနေ့။

မနက် (၇) နာရီထိုးသည်နှင့် -

ကျွန်ုပ်နှင့် သားသည် ဇီးကုန်းရောက်တိုင်း စားနေကျဖြစ်သည့် အ-ထ-က (မြို့မ) ကျောင်းကြီးရှေ့မှ အပျိုကြီးညီအစ်မများ ထမင်းသုပ်ဆိုင်လေးဆီသို့ ရောက်ရှိသွားတော့၏။ ကျောင်းတက်ချိန်ဖြစ်နေ၍ ဆိုင်တွင် ကလေးလေးများနှင့် ပျော်ဖို့ကောင်း၏။

ဤတစ်ကြိမ်တွင်တော့ ညီမလေး အေးအေးသန်းနှင့် သူ့ခင်ပွန်း ဦးဝင်းမောင်ရော တူလေး သီဟကျော်ဝင်းပါ လိုက်လာကြ၍ ပျော်ဖို့ကောင်းနေပါသည်။

ထမင်းသုပ်သက်သတ်လွတ်နှင့် အလွန် ဆီသန့်လှသော ပဲကပ်ကြော်သည် ကျွန်ုပ်တို့သားအဖ ဇီးကုန်းရောက်တိုင်း မစားရမနေနိုင်သောအစားအစာများဖြစ်၏။ စေတနာကောင်းရုံမက သန့်ရှင်းသန့်ပြန့်လှသော ဤဆိုင်လေးမှ ထမင်းသုပ်မစားရလျှင် သားအဖနှစ်ယောက် တစ်ခုခုလိုနေသလိုဖြစ်နေတတ်၏။

"ကဲ"

"အဖေယူဦးမလား"

"တော်ပြီလေ၊ နှစ်ပန်းကန်တောင်ရှိနေပြီ။ သားရော"

"သားလည်း နှစ်ပန်းကန်ပဲ၊ ဝပြီ"

"ညီမလေးတို့ရော ကိုဝင်းမောင်"

"အမလေးလေ၊ ဗိုက်ကိုတင်းနေပြီ"

အေးမြသာယာကွက်သစ်(၇)လမ်း နေအိမ်သို့ နောက်တစ်ကျော့ပြန်ဝင်ဖြစ်ပါတော့သည်။

သားက ကျွန်ုပ်ကို အကဲခတ်ရင်း အဓိပ္ပာယ်များစွာရှိသည့် အကြည့်နှင့် ကြည့်နေ၏။ တစ်အောင့်လောက်ကြာမှ -

"ကဲ - ခရီးဆက်မယ်"

ပြောပြောဆိုဆိုနှင့် တူလေး မောင်လှဝင်းမောင်းသော SUUCCEED ကား ခဲနုရောင်လေးမှာ ရန်ကုန် ပြည်လမ်းမကြီးပေါ်တွင် တရိပ်ရိပ်စတင်ပြေးပြီ ဖြစ်၏။

သားသည် သူ၏အဒေါ်၊ သူ၏ဦးလေး၊ သူ့ညီတို့နှင့် တစ်လှည့်စီ စကားများအားရပါးရပြောလိုက်၊ နောက်လိုက်၊ တဟားဟားရယ်လိုက်နှင့် အလွန်ပျော်နေပုံရ၏။

မှန်ပါသည်။

နေ့စဉ်နှင့်အမျှ ကျွန်ုပ်ထံ လာရောက်ကြသောမိတ်ဆွေများ၏ ကောင်းခြင်း၊ ဆိုးခြင်းကိစ္စအဝဝကို သူပါဝိုင်းဝန်း၍ အကြံပြုနေပြီဖြစ်ရာ ကျွန်ုပ်ကဲ့သို့ပင် စဉ်းစားရ၊ တွေးခေါ်ရ၊ ဦးခေါင်းပူအောင် တွေးပေးရဖြစ်နေလေရာ -

ယခုလို ခရီးထွက်လာသည်နှင့် သူ့ခမျာ လန်းဆန်းပျော်ရွှင်သွားပါတော့သည်။

ကျွန်ုပ်လည်း ဖိုးဦးတောင် တောင်ပိုင်ကြီးနှင့်တကွ နောက်လိုက်နောက် တစ်လမ်းလုံး တောက်လျှောက်နီးပါး အရိပ်အာဝါသကောင်းလှပါသည်။ နေရောင်ခြည်ဒဏ်ကိုကာပေးထားဘိသည့် အလား လမ်းဘေး ဝဲ၊ ယာတွင် သစ်ပင်ကြီးများ စိုက်ပျိုးပေးခဲ့ကြသူများကို အေးမြသောအရိပ်ဖန်တီးပေးခဲ့သည့် အရိပ်ဖန်တီးရှင်များအဖြစ် ကျေးဇူးအလွန်တင်စွာ မေတ္တာများပို့နေမိပါသည်။ ကျေးဇူးကြီးကြပါပေသည်။

ကားလေးမှာ တစ်လမ်းလုံး နေရိပ်စွာနှင့် တရိပ်ရိပ်ပြေးနေ၏။

အရိပ်ကြီးများအဖြစ် မိုးပေးနေသလို မြင့်မားလှသော လမ်းဘေးဝဲ၊ယာမှ သစ်ပင်ကြီးများကို ဟိုမော့ကြည့်လိုက် ဒီမော့ကြည့်လိုက်နှင့် ရုက္ခစိုးကြီးများကို မေတ္တာပို့နေစဉ် -

"မရဘူး တီတီ။ အဲလိုမျိုးကျတော့ သားတို့လုပ်ပေးလို့မရနိုင်ဘူး"

သားစကားတစွန်းတစကြောင့် -

"ဘာလဲ သား"

"ဩော် - တီတီကမေးလို့ပြောပြနေတာ အဖေ။ အဖေပြောပြောနေတဲ့ ကြွေးတောင်းမရနိုင်သူတွေကိစ္စ"

"အေးလေ၊ အားနာတတ်သူတွေပေါ့"

"ဟုတ်တယ် အဖေ၊ အဲဒါ"

သားစကားကို နားထောင်ရင်း မနေ့ကလာသွားသော အမျိုးသမီးကြီးတစ်ဦးအကြောင်းကို သတိရနေ၏။

"ကျွန်မ ရစရာရှိတာတွေ ရချင်လို့

# ဆရာဦးမောင်မောင်သန်း

(ရှဝိကိုဓအား၊မြို့ဓဓထာ၊)

## အားနာတတ်သူများ



ကိုဝင်းမောင်၏ လေသံနှင့် အမူအရာမှာ ပါးစပ်စေ့မနေရ။ သူနှင့်တွေ့လျှင် စိတ်ညစ်စရာများဘယ်ရောက်သွားမှန်းပင် မသိတော့။ အလွန်ပျော်ပျော်နေတတ်သောယောက်ဖဖြစ်၏။

"ဒါဖြင့် အိမ်ခဏပြန်ဝင်မယ်။ ပြီးမှ ခရီးဆက်မယ်"

အားလုံးမျက်နှာများကြောင်သွား၏။ ကျွန်ုပ်ကို အကဲခတ်နေကြသော်လည်း ဘာမှမပြောကြ။

သို့နှင့် -

ပါတပည့်သားသမီးများ၊ တောစောင့်တောင်စောင့်များ၊ သိုက်နန်းရှင်များ၊ သွားမည့်ခရီးတစ်လျှောက်မှ မြို့တော်ရှင်ကြီးများ၊ ကွင်းပိုင်ကြီးများ၊ ရုက္ခစိုးကြီးများကို အထူးမေတ္တာပို့သနေလိုက်၏။

လမ်းဘေး ဝဲ၊ ယာတစ်လျှောက်တွင် အလွန်လှပစွာအစီအရီစိုက်ထားသော ကျွန်းပင်များ အတော်ကြီးများလာရုံမက ကျွန်းပင်ကြီးများကြားတွင် အရိပ်ရစိုက်ကြသောအခြားအပင်ပေါင်းစုံကြောင့် ရန်ကုန် ပြည်လမ်းမကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ။ မရတာကို နှစ်နဲ့ချီနေပြီ"

"ဟင် - ဘယ်လိုဖြစ်လို့လဲ"

"အဲဒီကောင်လေးက တူလေးပါပဲ။ သားသမီးလိုပဲနေတာ။ ခင်တာက အဲလောက်ခင်တာ၊ သူ့မှာ အခက်အခဲတွေဖြစ်တော့ ကျွန်မကို အကူအညီတောင်းတာနဲ့ ပေးရင်းပေးရင်း တစ်နှစ်၊ နှစ်နှစ်အကြာမှာ သိန်းသုံးရာနီးပါးဖြစ်သွားတယ်"

"ဟာ - များလှချည်လား၊ သူက ဘာအလုပ်လုပ်တာလဲ"

"ကျောက်လုပ်တာ ဆရာ၊ ကားလည်းဝယ်ရောင်းလုပ်တယ်"

"အဲသလောက်တောင် များသွားတယ်ဆိုတော့ သူကရော အဆင်ပြေပုံမရဘူး"

"ဟုတ်တယ်ဆရာ၊ သူလည်းလုပ်ရင်းရှုံးနေတာပဲ"

"တွေ့လား၊ လာပြောလား"

"လာလာတော့ပြောနေတာပေါ့။ ဘယ်ကျောက် ဘယ်လိုထိသွားတယ်။ ဘယ်ကားက မြတ်ရင် ဘယ်လောက်တောင်မြတ်မှာ၊ ခုလိုရှုံးတော့ ဘယ်လောက်ထိသွားတယ်ဆိုတာမျိုးပေါ့"

"ဒါနဲ့ တဖြည်းဖြည်း သိန်းသုံးရာနီးပါးဖြစ်သွားရော"

"ဟုတ်ပါတယ်"

"သူဘယ်လိုပြန်ဆပ်မယ်ပြောလဲ"

"သူ့မှာ ချွတ်ခြုံကျသွားတော့ အခုမလေးရှားကိုထွက်သွားပြီ။ ကျွန်မအကြွေးတွေကိုဆပ်ဖို့ထွက်တာပဲ ထွက်တာကတော့"

"ပြေလား"

"ပြေတယ်၊ ဒေါ်ကြီးအကြွေးတွေဆပ်ဖို့ ကျွန်တော် မလေးမှာအလုပ်သွားလုပ်မယ်ဆိုပြီးထွက်တာ"

"ခုစဆပ်ပြီးလား"

ဟိုရောက်တော့ သုံးလလောက်လည်းကြာရော ဟိုမှာအိမ်ထောင်ကျသွားပြီကြားတယ် ဆရာ။ ဘာအဆက်အသွယ်မှလည်း မရတော့ဘူး။ သွားကတည်းက တစ်ခါပဲဖုန်းရတယ်၊ နယ်စပ်မှာ အလုပ်လုပ်နေရလို့တဲ့။ ဖုန်းဆက်လို့မရတဲ့နေရာရောက်နေလို့ ရရင်ဆက်လိုက်မယ်တဲ့"

"ဪ - ခုဆက်လား"

"တစ်နှစ်ကျော်သွားပြီဆရာ။ ဘာအဆက်အသွယ်မှမရတော့ဘူး။ အဲဒါ သူ့ဆီကပိုက်ဆံပြန်လိုချင်လို့"

ရေထဲကို ခဲလုံးတစ်လုံးပစ်ချလိုက်လျှင်ပင် ပလုံဟူသောအသံမြည်နိုင်မှန်း ကျွန်ုပ်သိ၏။ ယခုဘာသံမှမြည်နိုင်တော့မည်မဟုတ်။

"ကျွန်မက သူ့ကိုအရမ်းသနားပြီးပေးခဲ့တာ။ သူကလာမညည်းပြနဲ့၊ ညည်းတာနဲ့သနားနေပြီးပေးလိုက်မိတာချည်းပဲ။ သိန်း (၃၀) ပေးလိုက်၊ (၅၀) ပေးလိုက်နဲ့ တဖြည်းဖြည်းနဲ့ သိန်း (၃၀၀) နီးပါးဖြစ်သွားတာဆရာ"

"ဪ - သနားလို့"

"ဟုတ်တယ် ဆရာ။ ကျွန်မက အရမ်းသနားတတ်တာ၊ ခုလည်း သူ့မှာ အဆင်ပြေပါ့မလားဆိုပြီး"

သူမနောက်ထပ်ဘာတွေပြောနေမှန်း ကျွန်ုပ်မသိတော့ပါ။

ကျွန်ုပ်၏ အတွေးတို့သည် သူနှင့်အလားသဏ္ဌာန်တူသူထံသို့ ဆိုင်းမဆင့်ဗုံမဆင့်ရောက်ရှိသွားတော့၏။

"ပေးထားတဲ့ပိုက်ဆံတွေ ပြန်လိုချင်လို့"

"ဟုတ်လား"

"ပြောလေ ခုနှစ်သက္ကရာဇ်"

"xxxx"

သူ့ကံသည် သူပိုင်ငွေမှ အများပိုင်ငွေအဖြစ်သို့ ရောက်ရှိနေသည့်ကံဖြစ်နေပါသည်။ လုံးခနဲကုန်သွားတတ်သောကံဖြစ်နေ၏။

"ဘယ်သူ့ဆီကလဲ"

"xxxဆီ"

သူပြောသော နာမည်ရှင်မှာ ပထမ ဟုတ်တော့မလိုလို နီးနီးစပ်စပ်ပေါင်းပြီးမှ နောက်ပိုင်း အဖျားရှူးသွားသောကံတည်ရာနေရာတွင်ရောက်နေ၏။

"ကျွန်မက အရမ်းအားနာတတ်တာဆရာ။ သူ့မှာက အခက်အခဲတွေရှိနေတော့ ဪ - ကိုယ်မှမပေးရင် သူ ခများဒုက္ခပဲဆိုပြီးပေးလိုက်မိတာ။ ပထမ တစ်လ၊ နှစ်လတော့ အတိုးမှန်သား။ နောက်ပိုင်းလည်းကျရော အတွေ့တောင်မခံတော့ဘူး၊ ရှောင်ရှောင်နေရော"

"အဲဒါနဲ့ ဘယ်လိုဆက်တောင်းလဲ"





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက အရမ်းအားနာတတ်တယ်ဆရာ။ ပြီးတော့ လူတစ်ဖက်သားကိုလည်း သနားတတ်တာ အရမ်းပဲ။ ဒီတော့ ကျွန်မ မတောင်းချင်ဘူး။ သူ့ဟာသူပေးချင်စိတ်ဖြစ်လာအောင်ဆရာလုပ်ပေးပါ"

ကျွန်ုပ်သည် အင်္ဂလိပ်ဗ္ဗာပညာကို မြတ်နိုးလေးစားသူဘဝမှ စေပိုင်ဆရာတစ်ဆူဖြစ်သွားမှန်း ကိုယ့်ကိုယ်ကိုယ်ပင် မသိပါချေ။ သူပြောမှ ဘ ၁မြင့်ချင်သလိုလိုဖြစ်လာ၏။ ဟာ-ငါဒါလောက်အစွမ်းထက်နေတာ ငါ့ကိုယ်ငါတောင်မသိပါလားဟုတွေးရင်း ဘေးဘီကိုမကြည့်ရဲကြည့်ရဲကြည့်၍ရှက်နေမိ၏။

ထိုသို့ရှက်နေရင်းမှ -

"တော်တော်စည်တယ်နော်အဖေ"

"ဟေ - အေး၊ ပေါင်းတည်မြို့ကတော့ အမြဲစည်ကားပြီးလှပနေတာပါပဲ။ ကောင်းလိုက်တဲ့ တိုက်တာအဆောက်အအုံကြီးတွေနဲ့"

ပေါင်းတည်မြို့ကိုပင်ဖြတ်နေပြီဖြစ်ရာ ပေါင်းတည်မှနေ၍ ကျွန်ုပ်ထံလာရောက် အကြံဉာဏ်ယူတိုင်ပင်ကြသော ကျွန်ုပ်၏ မိတ်ဆွေများ၊ ထမင်းရှင်၊ ကျေးဇူးရှင်များကို မေတ္တာပို့သနေလိုက်ပါသည်။

ပေါင်းတည်မှ မိတ်ဆွေများ ကျန်းမာခြင်း၊ ချမ်းသာခြင်းတွေပြည့်ကြပါစေ။ ရှိပြီးရင်းရှိကြပါစေ။ ပြည့်ပြီးရင်း ပြည့်ကြပါစေ -

မေတ္တာပို့နေရင်းမှ-

ပေါင်းတည်မြို့မှထွက်လာသည်နှင့် -

"ကျွန်မလူတစ်ယောက်ကိုပိုက်ဆံချေးမလို့ဆရာ။ အဲဒါဘယ်နေ့ဘယ်လိုပေးလိုက်ရမလဲဆိုတာ ရက်ရွေးပေးပါဦး"

"ပိုက်ဆံချေးတာက ရက်ရွေးစရာမလိုပါဘူး"

ကျွန်ုပ်ပြောနေစဉ် သူမ၏ ဘေးတွင်ထိုင်နေသူသည် သူမအား တစ်ချက်ကြည့်လိုက်၏။

"ဘယ်လောက်ချေးမှာလဲ"

"မများပါဘူး ဆရာ၊ ငါးရာထဲပါ"

"ဘယ်လိုငါးရာလဲ"

"သိန်းငါးရာပါ"

"ဒါဖြင့် ခုနစ်သက္ကရာဇ်တော့ ပြောပါဦး"

"xxx"

"ဒီလိုလုပ်ပါလား၊ သူကဘာတော်လဲ"

သူမ၏ဘေးမှပုဂ္ဂိုလ်အား ကြည့်၍မေးလိုက်ရာ -

"အမျိုးသားပါ ဆရာ"

"ဒါဖြင့် နှစ်ယောက်သားတိုင်ပင်လိုက်ကြပါဦး"

"ကျွန်တော်သဘောပေါက်တယ်ဆရာ၊ အဲဒါ သူ့မောင်ပဲ။ သူ့မောင်က သူ့ကို ပိုက်ဆံတောင်းနေတာ"

"ဪ"

"ဟုတ်တယ် ဆရာ။ မောင်လေးအလုပ်လုပ်မလို့ ပိုက်ဆံလိုနေလို့"

"မောင်လေးနာမည်က"

"xxx"

ကျွန်ုပ်၏မျက်လုံးတို့ သူမ၏ဘေးရှိထိုင်နေသူထံရောက်သွား၏။ ကံတွင် ဘယ်လိုမှ ကောင်းကျိုးမပြုမည့်နာမည်ဖြစ်နေ၏။ ပညာသည် မျက်နှာမလိုက်ပါ။ အကျိုးမပေးတော့ဟုဆိုလျှင် မည်သူ့ကိုမျှ မျက်နှာလိုက်မည်မဟုတ်။

"ဆရာရက်ပဲရွေးပေးပါ။ ဒီငွေငါးရာလည်း သူ့ဆီရောက်ရင်ပွားလာစေ့ချင်လို့"

"ပြောရမလား"

"ပြောပါဆရာ၊ ဟုတ်ကဲ့"

"ချေးလို့မရဘူး"

ထိုစကားပြီးသည်နှင့် သူ့ခင်ပွန်းသည် သူမအား ချာခနဲလှည့်ကြည့်နေပြန်၏။ ဤတစ်ကြိမ်တော့ မိုက်ကြည့်ဖြစ်၏။

"ဘာဖြစ်လို့လဲဆရာ"

"သူ့နာမည်က ကိုယ့်ကံမှာ အကျိုးမပေးလို့"

"မောင်နှမပဲလေ"

"ဟုတ်တယ်၊ ကျွန်တော်တို့ပညာက မျက်နှာမလိုက်ဘူး။ မရရင်မရဘူးဘဲ ပြောလို့ရပါတယ်"

"ဟယ် - မောင်လေးကို အားနာပါတယ်။ သနားလည်းသနားတယ်"

အကြိတ်အနယ်ပြောရင်း ထိုဇနီးမောင်နှံထပြန်သွားတော့၏။

စိတ်အထင်နှင့်ပြောရလျှင် ငါးလကျော် ခြောက်လခန့်အကြာ ထိုဇနီးမောင်နှံပြန်ရောက်လာ၏။ ထိုအမျိုးသမီးမှာ ပုံစံတော်တော်ပြောင်းလဲသွားပြီဖြစ်၏။

"ဆရာ၊ ပိုက်ဆံရစရာရှိလို့"

"ဪ - လာဖူးတယ်နော်"

"လာဖူးတယ် ဆရာ။ သူ့မောင်ပိုက်ဆံတောင်းတော့ ဆရာတားလိုက်တာလေ"

"အဲ - မှတ်မိပြီ"

"ခု - သွားပြီဆရာ။ စင်ကာပူထွက်သွားတယ်ပြောပြီး ဘာအဆက်အသွယ်မှ မရတော့ဘူး။ ပိုက်ဆံယူပြီးထဲက အတွေ့မခံတော့တာ။ သူ့သူငယ်ချင်းတွေကတော့ ဟိုမှာတွေ့ ဒီမှာတွေ့နဲ့ တော်တော်ကိုသုံးနေတာတွေ့တယ်တဲ့။ သူကတော့ ဘယ်လိုမှမဆက်သွယ်တော့ဘူး။ ဖုန်းလည်းပြောင်းသွားပြီ။ အစအနတောင်ရှာလို့မတွေ့တော့ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်က မဖြစ်ခင်မှာ တားပဲတားတတ်တာ။ ဒီလိုမျိုးကျတော့ ပြန်မတောင်းပေးတတ်ဘူးခင်ဗျ"

"အဖေ၊ ဘုရားစာရွတ်နေတာမပြီးသေးဘူးလား။ တိတ်နေလို့"

ဖအေတိတ်ဆိတ်စွာနေလျှင် မနေတတ်သောသားသည် ကျွန်ုပ်၏ပခုံးကို နောက်မှအသာထိရင်း မေးလိုက်၏။

"အေး - ပြီးပြီ၊ ရှုခင်းတွေကိုကြည့်ရတာ စိတ်ချမ်းသာလို့"

ပြောရင်းနှင့် ပြည်နဝဒေးတံတားကြီးကိုရောက်ပါပြီ။

ကြီးမားလှသော သံဘောင်ကြီးများနှင့် အလွန်လှပသောနဝဒေးတံတားကြီးကို ဖြတ်ကျော်နေပါပြီ။ ခမ်းနားထည်ဝါလှပါဘိ။

ဝက်ပုတ်၊ အင်းမ၊ ရွှေတောင်မြို့များကို ဘယ်လိုဘယ်လိုဖြတ်ကျော်လာခဲ့မှန်းပင်မသိ။ ခရီးရောက်လာသည်မှာ မြန်လိုက်သည့်ဖြစ်ခြင်း။

ဖိုးဦးတောင်သို့သွားရာမုခ်ဦးဝမှသည် ဖိုးဦးတောင်ဆီသို့ စတင်ထွက်ခွာခဲ့ကြပါပြီ။

ကျွန်ုပ်အထင် ငါးမိနစ်ခန့်မောင်းလိုက်သည်နှင့် ရောက်မည်ထင်ခဲ့၏။

ယခုမောင်းလိုက်ရသည့်ဖြစ်ခြင်း ကုန်းဆင်း၊ ကုန်းတက်များ ကျော်လိုက်ရ ဟွန်းသံပေးမောင်းရသောလမ်းကျဉ်းလနီးပါးကို ဖြတ်လိုက်ရသည်နှင့် အတော်မောင်းရ၏။ ဘေးဘယ်ညာတွင် ပဲခင်းစိမ်းစိမ်းကြီးများမှာ ကတ္တီပါကော်ဇောစိမ်းကြီးများခင်းထားဘိသကဲ့သို့ မျက်လုံးအေးလှပါ၏။ လှပစိမ်းစိုသော သဘာဝစိုက်ခင်းများကြောင့် မျက်လုံးအေးလိုက်ပါဘိ။ လေကောင်းလေသန့်များရလိုက်ပါဘိ။ စိတ်ချမ်းသာလိုက်သည့်ဖြစ်ခြင်း။

နောက်တွင်ထိုင်လိုက်လာသော ကိုဝင်းမောင်က စိုက်ခင်းများ၏သဘာဝကို သားအား ပြောပြနေ၏။

တောင်ကြောဘေးတွင် သစ်တောပင်များ မကြာမကြာတွေ့ရ၏။ သဘာဝ



www.burmeseclassic.com

အသီးများပွင့်ခိုင်လှပစွာသီးနေကြသောကြောင့် အလွန်မှုကြည်နူးစရာကောင်းလွန်းလှပါသည်။

အသီးကြီးများပွင့်နေအောင်သီးနေသောသဘော်ပင်ကြီးများကို စိုက်ခင်းတစ်ခုအနေနှင့် စိုက်ထားကြသည်ကိုလည်း တွေ့ရ၏။ ညာဘက်ခြမ်းတွင် တောရိပ်တောင်ရိပ်ကြားမှ တစ်ချက်တစ်ချက် ဧရာဝတီမြစ်ကြီးကို မြင်နေရ၏။ ရိပ်ခနဲမြင်လိုက်၊ စိုက်ခင်းများ တောင်ကြောများ ကွယ်သွားလိုက်နှင့် အတော့်ကိုမောင်းဝင်ခဲ့ရပါသည်။

ကျွန်ုပ်သည် မရောက်ဘူးသောဒေသ၊ မရောက်ဘူးသောလမ်းများကို မရောက်ရောက်အောင်သွားရခြင်းအား အလွန် နှစ်သက်သူဖြစ်သောကြောင့် ယခုလာကြသူအားလုံး လုံးဝမသွားဘူးသောလမ်းကြောကို တမင်ရွေး၍လာခဲ့ကြခြင်း ဖြစ်ပါသည်။

တဖြည်းဖြည်းတဖြည်းဖြည်းနှင့် လူပြတ်သထက် ပြတ်လာသော်လည်း လမ်းတွင် တစ်စီးတလေတွေ့ရသော ဆိုင်ကယ်စီးသူများကိုမေးရင်း ဆက်မောင်းလာခဲ့ရ၏။ မေးလိုက်သည့်သူတိုင်းသည် အားရဝမ်းသာလမ်းညွှန်ကြပါသည်။ စိတ်ရှည်လက်ရှည်လမ်းညွှန်ကြ၏။

ချစ်စရာ့ရွာလေးများဖြစ်သည်။ တော်တော်လာပြီးမှ အိမ်စုလေးများကိုလည်း တွေ့လာရ၏။ လမ်းတွင် ဆိုင်ကယ်စီးသူ ငါးဦးခန့်မေးပြီး လာရင်းလာရင်း -

ရောက်ပါပြီ ဖိုးဦးတောင်။

ကားရပ်ထားခဲ့ကြပြီး မော့ကြည့်လျှင် အလွန်မြင့်မားရှည်လျားသော အုတ်လှေကားများအတိုင်း စတင်တက်ခဲ့ကြတော့၏။ ညာဘက်ခြမ်းမြင်ကွင်းတွင် ဧရာဝတီမြစ်ကြီး။

တဖြည်းဖြည်း တက်လာရင်း တဖြည်းဖြည်းမောလာတော့၏။ သားတို့က အပြုံးမပျက်။ စကြနောက်ကြနှင့် တက်နေကြ၏။ ယောက်ဖ ကိုဝင်းမောင်ပင်လျှင် အပြုံးမပျက်။ ကျွန်ုပ်လည်း သူတို့နှင့်အတူတက်နိုင်သလိုလိုဘာလိုလိုနှင့် ခပ်တည်တည်တက်လာခဲ့သော်လည်း လှေကားထစ် (၁၅) ထစ်၊ အထစ် (၂၀) လောက်ရောက်လျှင် မရတော့။ နားနားတက်ရ၏။ ကြွေမပျက် လေမှန်မှန်ရှူရင်း ခပ်တည်တည်တက်သွားသော်လည်း အသက်ဘယ်ကထွက်ရမှန်းမသိလောက်အောင် မောလွန်း၍ ခဏနားရတော့၏။ ဟိုးအောက်ခပ်လှမ်းလှမ်းနောက်ဆုံးမှာ ညီမလေး အေးအေးသန်းက တလှုပ်လှုပ်နှင့်။

အုတ်လှေကားများကို သေချာစွာပြန်လည်ပြုပြင်နေသည်ကို တွေ့ရပြီး ဆွဲကိုင်တက်ရနိုင်ရန် လှေကားအလယ်တစ်ကြော အလူမီနီယမ်လက်ရန်းများ တောက်လျှောက်ပြုလုပ်ပေးထားသောကြောင့် လက်ကိုင်များကို ဆွဲကိုင်တက်ရင်း ထိုကုသိုလ်ရှင်များကို လှိုက်လှိုက်လှဲလှဲမေတ္တာပို့သနေမိပါသည်။

'ဘုရားဖူးလာကြသူများအား အမောပြေအောင်၊ တောင်ဆင်းတောင်တက်အဆင်ပြေအောင် ဖန်တီးပေးထားကြသူများ လိုရာဆန္ဒပြည့်ဝကြပါစေ။ ဘုန်းကြီးလို့သက်ရှည်ပါစေ၊ သက်ရှည်လို့ဘုန်းကြီးပါစေ'

ကျွန်ုပ်တို့သာလျှင်ရှိပြီး အခြားတစ်ဦးတစ်ယောက်မှမတွေ့။

တဖြည်းဖြည်းတရွေ့ရွေ့တက်လာရင်း ဦးဆုံးအလွန်ကြည်ညိုဖွယ်ကောင်းလှသော ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးကို ဖူးရပြီ ဖြစ်၏။

ရောက်ကြပါပြီ။

ဖိုးဦးအောင်ထိပ်သို့ ရောက်ကြပါပြီ။

ဘာမပြောညာမပြောနှင့် ခပ်လှမ်းလှမ်းတွင်တွေ့သော ခုံတန်းလျားလေးဆီပြေးပြီး ပက်လက်လှဲချကာ အမောဖြေလိုက်တော့၏။

ပြီးမှ -

'ဥဏ္ဏာလုံမွေရှင်တော် ရွှေစေတီတော်' ကို စတင်ဖူးရပါပြီ။ တောင်ထိပ်တွင် ရွှေရောင်တဝင်းဝင်းနှင့် အလွန်ကြည်ညိုဖွယ် သပ္ပာယ်လှသော စေတီတော်မြတ်ကို ဦးတင်ဖူးမြော်လိုက်ရသည်နှင့် မောပန်းခြင်းများဘယ်ရောက်သွားကုန်သည် မသိတော့ပါ။

တောင်ပေါ်မှ မြင်ရသော ဧရာဝတီမြစ်ကြီးနှင့် ရှုမျှော်ခင်းအလှများကိုကြည့်ရင်း လေကောင်းလေသန့်များကို အားပါးတရရှူရှိုက်လိုက်ပါသည်။

မွေရှင်တော်မြတ်များကို ဌာပနာ၍ တည်ထားသော သမိုင်းဝင်စေတီတော်မြတ်ကြီးဖြစ်ရာ -

ဒုအဂ္ဂိရသသာ ဥဏ္ဏာယ၊
ဒါဌာဟိ သေတရံသိယော၊
ဝဇိရာဝ ဝိရောစန္တိ၊
ဇိနော မေ ဌာတု သီသကေ။

ဟူသော ဥဏ္ဏာလုံမွေးရှင်တော်ဘုရားရှိခိုးကို အကြိမ်ကြိမ်အထပ်ထပ်ရွတ်ဆို၍ အားရပါးရ ကြည်နူးခြင်းများစွာနှင့် ရှိခိုးနေမိပါတော့သည်။

ပြီးမှ ဗျာဒိတ်ပေးဘုရားရုပ်ပွားတော်မြတ်ရှေ့တွင် ဘုရားဝတ်ပြု၏။ ခရီးကပန်းလွန်း၍ ဘုရားရှိခိုးဂါထာများနှင့်သာ ရှိခိုးပြီး အမျှဝေမည်ဟု စဉ်းစားလိုက်ရာ လူမှာ တစ်မျိုးကြီးဖြစ်လာပါတော့သည်။ ရှိခိုးပြီးသော်လည်း ဆိုးဆိုးဆတ်ဆတ်နှင့် ဘာဖြစ်၍ဖြစ်မှန်းမသိပါ။ ကျွန်ုပ်လည်း ဘေးဘီကိုကြည့်ရင် ဘယ်လိုကြီးဖြစ်နေမှန်းမသိ။ ဘေးတွင် သားသည် အေးချမ်းစွာ ပုတီးစိပ်နေ၏။ ညီမလေးက နောက်နားခပ်လှမ်းလှမ်းတွင် ပုတီးစိပ်၏။

ဘယ်လိုမှနေမရတော့သည့်အဆုံး -

'ဪ - တကူးတကလာရောက်ပြီး တောင်ပေါ်ကို အားရပါးရတက်၍လာရောက် ကြည်ညိုရသော တန်ခိုးကြီးဘုရားတည်ရှိရာ တန်ခိုးကြီးတောင်တော်ဖြစ်နေပါလား။ ဒီလိုတောင်တော်မြတ်ကိုရောက်တုန်း၊ ဘုရားရှင်၏မွေရှင်တော်မြတ်များကို ဌာပနာ၍ တည်ထားသောစေတီတော်မြတ်ကြီးနှင့် ဗျာဒိတ်ပေးဘုရားကို ဖူးမြော်ရတုန်း ငါးပဋ္ဌာန်းဒေသနာတော်ကြီးနှင့်ပူဇော်မည်'

ဟု ဆုံးဖြတ်လိုက်ပြီး သီလခံယူဆောက်တည်၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးနှင့် စတင်ပူဇော်ပါတော့သည်။

ပူဇော်ရုံနှင့် မရသေးပါ။ ဒီလိုတောင်မြတ်မျိုး ရောက်တာတောင် သေသေချာချာ မပူဇော်ချင်တဲ့ကောင် လုပ်စမ်းဟု တစ်စုံတစ်ယောက်က ခိုင်းလေသလားမသိ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို ရွတ်ဖတ်ရင်း ပစ္စည်းတစ်ပစ္စည်းပြီးလျှင်တစ်ကြိမ် ဘုရားဝတ်ပြုရသောကြောင့် အားလုံး (၂၄) ကြိမ်တိတိ ရှိခိုးဝတ်ပြုပြီးသားဖြစ်သွားပါတော့သည်။ ဝတ်ပြုနေရင်းမှ မောပန်းခြင်းများဘယ်ရောက်သွားလေသည်မသိတော့။

ပြီးမှ ပရိတ်များရွတ်ပြီး (၃၁) ဘုံလုံးကို ကြာမြင့်စွာ အမျှဝေ၊ မေတ္တာပို့သလိုက်ပါသည်။ ပြီးမှ အားရပါးရလှူရ၏။ ဘာမှန်းညာမှန်းမသိပါ။ ဘုရားဝတ်ပြုပြီးသည်နှင့် ရွှေစေတီအားပတ်ရင်း 'ဗုဒ္ဓေါအောင်ပြီ'ဟု အကြိမ်များစွာ အားရပါးရအော်ဟစ်နေမိပါသည်။

အားလုံး ဝတ်ပြုပြီးကြပြီဖြစ်၍ တောင်၏အောက်ဘက်နားလေးတွင်ရှိသော ဘဘကြီးဘိုးဘိုးအောင်ဂူသို့ဝင်ပြီး ကျင့်ကြံအားထုတ်အောင်မြင်သွား



www.burmeseclassic.com

www.burmeseclassic.com

သောဂူတွင်းကို ရည်မှန်း၍ ကန်တော့၏။

လာရင်းဦးတည်ချက်ပြည့်ဝသွားကြပြီဖြစ်၍ တောင်အောက်သို့ ဖျော်ရွှင်စွာ ပြန်ဆင်းလာကြပါသည်။ လမ်းတစ်လျှောက်တွင် မျောက်လေးများနှင့် ပျော်စရာကောင်း၏။

"ဟိုမှာ ဩဇာပင်တွေ သဘာဝအတိုင်းပေါက်နေကြတာ ကြည့်စမ်းသား"

ကိုဝင်းမောင် လှမ်းပြ၍ သားက ကြည့်လိုက်ရင်း -

"အဖေ၊ ဒါ တနင်္လာနံရဲ့ အမြစ်၊ အညွန့်ဆိုတော့ ငွေဝင်အားကောင်းအောင်လည်း စီရင်လို့ရတာပေါ့နော်"

သားပြောသောကြောင့် တောင်စောင်းရှိ ဩဇာပင်များကိုကြည့်ရင်းနှင့်-

"ရတော့ရတယ်။ ဒါပေမယ့် အဖေသင်ပေးထားတယ်မို့လား။ တနင်္လာနံအားမကောင်းတဲ့သူကို အဲဒီ တနင်္လာအရင်မချေဘဲ ဩဇာပေးလိုက်လို့က အဝင်မရှိဘဲ အထွက်ချည်းဖြစ်ကုန်လိမ့်မယ်ဆိုတာ"

"သားမှတ်ထားပါတယ်၊ အခု သားလည်း အဖေ့ရှေ့တင်ပဲလေ တနင်္လာမကောင်းရင် တနင်္လာကို အရင်ချေပြီးမှ ရွှေလာ၊ ငွေလာထိုးပြီး ဘုရားပူဇော်ခိုင်းတာတို့ဘာတို့ အကြံပေးတာပဲ။ သားပြောတာက တနင်္လာညံ့ရင် အဲဒီတနင်္လာကို ချေပြီးတာနဲ့ ဩဇာဆောင်ခိုင်းရင် ဘယ့်နှယ်နေမလဲလို့။ တချို့ ရွှေလာငွေလာပင်ကို မသိကြဘူး"

"ရတယ်လေ၊ သားက ဘယ်လိုဆောင်ခိုင်းမှာလဲ"


"ဩဇာ (၁၄) ညွန့်ကို တနင်္လာနဝင်းပေါ်ချိန်မှာ အိမ်ကဘုရားမှာ အိုးတစ်လုံးသတ်သတ်နဲ့ ရေထည့်ပြီး ပူဇော်ခိုင်းမလားလို့။ နွမ်းတိုင်းတော့ လဲပေးပေါ့"

"ဘယ်အခါမှာလဲ"

"ဗုဒ္ဓဟူးနေ့၊ ကြာသပတေးအခါမှာလေ"

၁
၅
၂
ဗုဒ္ဓဟူးနေ့ ၄
၀
၃
၆

၂ *
၆
၃
ကြာသပတေးအခါ ၅
၁
၄
၀




မင်းပြည့်ပြောသော ဗုဒ္ဓဟူးနေ့ ကြာသပတေးအခါဖြစ်ပါသည်။ ဗုဒ္ဓဟူးနေ့မနက် (၁၀) နာရီခွဲနှင့် (၁၂) နာရီကြားဖြစ်ပါသည်။

ထိုအချိန်တွင် တနင်္လာနံသည် ဆပွတ်မှသည် နဝင်းသို့တက်သွားပုံကို ကြည့်ပါ။

ထိုသို့ မြင့်တက်အားကောင်းသွားသောတနင်္လာနံကိုခိုင်မာစေရန်၊ ကောင်းမွန်စေရန်အတွက် တနင်္ဂနွေစ အင်္ဂါပိတ်သောနံတွဲဖြစ်သည့် ဩဇာကို တင်လှူစေခြင်းအစီအရင် ဖြစ်ပါသည်။

ဩ-တနင်္ဂနွေဂြိုဟ်သက် (၆) နှစ်၊

ဇာ-အင်္ဂါဂြိုဟ်သက် (၈) နှစ်၊

စုစုပေါင်း (၁၄) ဖြစ်၍ (၁၄) ညွန့်ကို တင်လှူစေခြင်း ဖြစ်ပါသည်။

ဤအစီအရင်သည် အလွန်မှငွေနံ (သို့) တနင်္လာနံကို အားကောင်းစေသောအစီအရင် ဖြစ်ပါသည်။

"သားပြောတာမှန်တယ်။ ဒါပေမယ့် အဖေသတိထားခိုင်းတာလေးတွေလည်း မမေ့နဲ့ဦး"

"ဟုတ်ကဲ့ - သောကြာသားသမီးတွေ၊ ကြာသပတေးသားသမီးတွေဆိုရင် မတင်ခိုင်းဖို့ သားအမြဲသတိရှိပါတယ်"

"အေး - မှန်တယ်၊ သောကြာက ခုလို တနင်္လာအားကောင်းအောင်တင်လိုက်ရင်"

"သောက တန်းဝင်လာမှာ အတွင်းရန်"

"အေး-ဟုတ်တယ်၊ ကြာသပတေးတင်ရင် အပြင်ရန် မှန်တယ်"

သားအဖနှစ်ယောက် စကားတပြောပြောနှင့် တောင်အောက်ရောက်မှန်းမသိရောက်လာပြီဖြစ်သောကြောင့် အပြန်ခရီးကို စတင်လိုက်ပါပြီ။

လာရာလမ်းအတိုင်း စိမ်းလန်းစိုပြည်လှသော ပဲစိုက်ခင်းကြီးများ၊ သဘော်ပင်များ၊ တောင်စောင်းများမှ စိမ်းစိမ်းစိုစိုအပင်များကို ကြည့်ရင်း ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးသို့ ရောက်လာပြီ ဖြစ်၏။

"ပြန်မောင်းလာတော့ ခဏလေးလိုပဲနော်"

"အပြန်ကတော့ ဒီလိုပေါ့"

ယောက်ဖနှင့် စကားပြောရင်း ရွှေဘုံသာမုနိဘုရားကြီးကိုရောက်တိုင်း ပူဇော်နေကျဖြစ်သည့် ဘုရားပွဲနှင့် ပူဇော်ကြ၏။ သားက သောက်တော်ရေများနှင့်ပါ ထပ်ပူဇော်၏။ အားရပါးရလှူကြရ၏။

ပြီးမှ အစ်မတော်မမြစိမ်းအား ပွဲလှူ၏။ အစ်မတော်မှနေ၍ ဘုရားကြီးအား တစ်ဆင့်ပူဇော်ပါ။ ဘုရားကြီးကို အစ်မတော်ပူဇော်နိုင်ဖို့ ဒီပွဲကို ဒါနပြုပါတယ်ဟုပြောရင်း လှူခြင်း ဖြစ်၏။ ပြီးမှ အမျှအတန်းဝေ၊ မေတ္တာပို့၏။

ကျွန်ုပ်တို့အားလုံး ရွှေဘုံသာမုနိဘုရားကြီးတန်ဆောင်းတစ်ခုအတွင်းတွင် ထမင်းစားကြ၏။ ညီမလေးက မိုးမလင်းခင်ထချက်ပြီး ချိုင့်နှင့်ယူလာသောကြောင့် စားရသောက်ရသည်မှာ အတော်အဆင်ပြေသွား၏။ သားက ကိတ်မုန့်ခြောက်များ၊ ထမင်းဟင်းအကျန်များကို ခွေးများအားကျွေး၏။ ရောက်လေရာတွင် တွေ့သည့်ခွေးကိုကျွေးတတ်၏။ ခွေးများက သူ့မြင်လျှင် အမြီးတနှန့်နှန့်နှင့်။

ထိုတန်ဆောင်းတွင် ခေတ္တထိုင်နေစဉ် -

"သား ခုန ငှက်လေးတွေ လွှတ်လိုက်တာ အကောင်ပေါင်းကို မနည်းဘူးနော်"

"ဟုတ်ကဲ့"

"ကောင်းတယ်၊ ဒါ ခုန သားတစ်လမ်းလုံးပြောလာတဲ့ ငွေကြေးကိစ္စကြုံနေသူတွေလည်းလုပ်သင့်တယ်"

"ဒါကြောင့် တနင်္လာနံပျက်ရင် သား ဒီလိုပဲ ငှက်တွေလွှတ်ခိုင်းတာပါတယ်လေ"

"ဟုတ်တယ်၊ သိတယ်"

"သားကတော့ အဖေသင်ပေးထားတဲ့အတိုင်းပဲ လူတစ်ယောက်ရဲ့ကံကို သေချာကြည့်လိုက်လို့ တနင်္လာနံတော်တော်ပျက်နေပြီ ဆိုလို့ကတော့ မနက်ငှက်စာကျွေး၊ ညပိုင်းခွေးစာကျွေးကို မပျက်မကွက်လုပ်ခိုင်းလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့"

"နည်းနည်းချင်းကနေ ပြန်ပြန်ရ ကြတာပဲလေ။ အဖေမြင်တဲ့အတိုင်း

"ဒါပေါ့ သားရဲ့"

"မနက် ၄က်စာကျွေး၊ ညပိုင်း ခွေး ျူး၊ ရွှေလာငွေလာပင်ကို အိုးတစ်လုံး က်သတ်နဲ့ ရေထည့်ထိုး ဘုရားပူဇော်။ ပင်မညှိုးအောင် ဂရုစိုက်"

"မှန်တယ်"

"တချို့ကျတော့ ရွှေလာငွေလာ ကို မသိကြရင် စောစောက ဖိုးဦး ာင်က အပြန်မှာတုန်းက အဖေ့ကို းမေးသလို ဩဇာနဲ့စီရင်ရင်လည်း ာပေါ့နော်ဆိုတာ ဩဇာကျတော့ းဒီလိုလုပ်ချင်တာ"

"ဘယ်လိုလုပ်ချင်လဲ"

"တချို့ဒေသတွေမှာ ဩဇာမပေါက် လေ အဖေ။ ပြီးတော့ အဖေပြော လိုပြောရရင် ဩဇာက ဗျူဟာတွက်လည်း ာင်းတယ်။ ဒါကြောင့် ဩဇာကိုပဲ စားပြီးပြောရရင် ဩဇာ (၁၄) ညွန့် နွှမ်းတိုင်းလဲပေးဖို့ မပြောနဲ့၊ ရှာတင် ာင် မလွယ်တဲ့နေရာတွေရှိတယ်။ ဒီလို နေရာမျိုးတွေကျတော့ ဩဇာ းကို ခုနလို ဗုဒ္ဓဟူးနေ့ ကြာသပ းအခါမှာ အတုံးလေးလုပ်ပြီးသားကို ှားမှာတင်။ အဲဒီအပေါ်မှာ သောက် က်ရေတင်ကပ်ရင်ကောင်းမလားလို့"

"ရတာပဲ"

"ဒီလိုမှမဟုတ်ရင် အဲဒီအချိန်က ဩဇာသား (၉) လုံးပုတီးကို ာင်ခိုင်းတာတို့၊ သားဟိုတစ်လော ုပ်ပေးသလို"

"ဒါလည်း ရတာပဲ၊ လက်တွေ့ပဲ "

"သားကအဲဒါပြောတာပါ။ ဩဇာ ခက်တဲ့နေရာတွေမှာ အဲဒီလိုသုံးလို့ းလို့၊ စီရင်လို့ရတာပေါ့နော်လို့ ှ့ကိုပြောတာ"

"အေးပါ-ရတယ်လေ၊ သားပြော ုန်တယ်လေ။ မင်းဟိုဒလဘက်က ာ့ကို ပိုက်ဆံပြန်တောင်းပေးလိုက် ဩဇာသား(၉)လုံးပုတီးနဲ့ ဒိဝါတ ပ်ခိုင်းလိုက်တာလေ၊ သားလုပ်ပေး းလေ"

"ဟုတ်တယ်၊ သူ့ကို သားမနက် ာကျွေး၊ ည ခွေးစာကျွေးပြီး ဩဇာ (၉) လုံးပုတီးနဲ့ ဒိဝါတပတိဂါထာ ဒ္ဓဟူးနေ့မနက် (၁၀) နာရီခွဲနဲ့ (၁၂) ကြားမှာ စစိပ်ခိုင်းခဲ့တာ။ သူ့ကြွေး တွေပြန်ရလာလို့ ၇၇ ကိတ်ကြီးဝယ်လာ တာ"

"အေး"

"ဒါပေမယ့် နှစ်လ၊ သုံးလလောက် တော့ စောင့်ရတယ်နော် အဖေ၊ နည်း နည်းတော့ကြာလားလို့"

"ဒါ ကြာတယ်လို့မခေါ်ဘူး သား။ လုံးလုံးဆုံးပြီး တောင်းမရဖြစ်သွားတာ ထက်စာရင် ဘယ်ကြာတယ်ခေါ်မလဲ"

"အဖေ၊ သားစိပ်ခိုင်းတာဟုတ် လား"

"ဟုတ်တယ်လေ"

"မဟုတ်ဘူး၊ သားမေးတာက ဗုဒ္ဓ ဟူးနေ့မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီ ကြားမှာ စစိပ်ခိုင်းပေမယ့် နောက်နေ့ကျ အဆင်ပြေသလိုပဲစိပ်ဆိုတာဟုတ်လား"

"သြော် - ဟုတ်လို့ပဲ မကျော့ငွေ တွေပြန်ဝင်နေပြီလေ။ ဘယ်မှာလွဲလို့လဲ"

"မဟုတ်ဘူး၊ သားက မေးမယ် မေးမယ်နဲ့ ခုမှမေးဖြစ်လို့။ နောက်ရက် တွေကျတော့ တနင်္လာနဝင်းပေါ်ချိန် တွေမဟုတ်တော့လို့"

"သားအစပျိုးပေးလိုက်တာ တန င်္လာနဝင်းပေါ်ချိန်လေ၊ ရပြီလေ။ အခါ ကောင်းအချိန်ကောင်း၊ အဆောင် ကောင်းနဲ့ အစပြုလိုက်ပြီးပြီပဲ။ သား ခုန ပြောတဲ့ ဩဇာသားပေါ် သောက်တော် ရေတင်ပြီး ကပ်လှူတာလည်း ရတာပဲ။ ဒါအောင်မြင်တဲ့ခတ်တွေပဲ။ တနင်္လာ နဝင်းပေါ်ချိန်ကစပြီး ဩဇာသားကို စအသက်သွင်းလိုက်တာ။ ဒီတိုင်းတင် ထားတာမှမဟုတ်ဘဲ။ အဲဒီဩဇာသား ပေါ်မှာ သောက်တော်ရေတင်ပြီး ကပ် လှူတာပဲ။ ဘယ်လောက်ကောင်းလဲ"

"ကဲ - ဒီသားအဖကလည်း၊ နေ့ တိုင်းအတူတူတွဲဟောနေကြတာတောင် ဒီနေရာမှာလာပြီး စကားလက်ဆုံကျရ တယ်လို့ဟယ်"

"မဟုတ်ဘူး ညီမလေး၊ နင့်တူက အဲ့လိုပဲ သွားရင်းလာရင်းသင်တာ။ အစ်ကိုကလည်း သူ့ကိုလက်တွေ့တွေပြ ပြပြီးသင်တာ။ ဒါကြောင့် သူဒါလောက် ရနေတာပေါ့။ သူ့မှာဘာမှတ်စာအုပ်မှ မရှိဘူး။ တစ်ခါထဲမှတ်တာ"

"အေးပါ၊ ဘုရားလည်းသွားကြဦး မယ်ဆို"

"အေး-ရွှေဆံတော်ဘုရားကြီးမှာ ပွဲလှူမယ်။ ပြီးရင် ဘဘဘိုးဘိုးအောင် ရဲ့အောင်မြေမှာ ပွဲလှူမယ်လေ"

"ဒါဖြင့်သွားကြမယ်"

ပြည်ရွှေဆံတော်စေတီတော်မြတ် ကြီး။

သားနှင့် ကျွန်ုပ်သည် ဘုရားပွဲမှာ လိုက်ပြီး ဘုရားကြီးအား ပူဇော်ကြ၏။ ရွှတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြ၏။

ပြီးမှ ဘဘဘိုးဘိုးအောင် အောင် မြေသို့သွား၍ ကန်တော့ပြီး ပွဲလှူ၏။ အောင်မြေတွင် ဝစကြာဂါထာကို အချိန် ကြာမြင့်စွာ ရွတ်ဖတ်၍ ဘုရားပူဇော်၏။

"ကိုင်း - သား၊ ဖိုးဦးတောင်ရော၊ ရွှေဘုံသာမုနိရော၊ ပြည်ရွှေဆံတော်ရော တို့တွေ ဖူးပြီးကြပြီ။ ရွတ်ကြဖတ်ကြ၊ ပုတီးစိပ်ကြ၊ လှူကြ၊ အမျှဝေကြ၊ မေတ္တာ ပို့ကြနဲ့ အတော်လေးစုံသွားပြီ။ ဇီးကုန်း ပြန်ရုံပဲရှိတော့တယ်"

ပြည်ရောက်နေစဉ် ကျွန်ုပ်ထံသို့ မကြာခဏရောက်ရောက်လာကြသော ပြည်မြို့မှ မိတ်ဆွေများကို မေတ္တာပို့နေ လိုက်ပါသည်။

ရန်ကုန်ပြည်လမ်းတစ်ကြောရှိ မြို့ ကြီးများမှ မိတ်ဆွေများကို ကျွန်ုပ်သတိ တရနှင့် မေတ္တာပို့နေပါသည်။

ပြည်သို့ ကျွန်ုပ်လာမှန်းသိလျှင်၊ ဇီးကုန်းသို့ ကျွန်ုပ်လာမှန်းသိလျှင် ဝမ်းသာကြမည်ဖြစ်၏။

"ဩဇာပင်ဟာ တော်တော့်ကို အသုံးဝင်တယ်နော် အဖေ"

သားစကားစလိုက်၍ မိတ်ဆွေ များကို မေတ္တာပို့နေရာမှ -

"အေး - သားဆိုလိုတာ ငွေဝင် အဆောင်အစီအရင်အတွက်မို့လား"

"ဟုတ်ကဲ့"

"ဒါပေမယ့် သား။ ကျွန်မက အရမ်းအားနာတတ်တာ။ သနားလည်း သနားတတ်တာအရမ်းပဲ။ ဒါကြောင့် တစ်ခွန်းလောက်ပြောရသေးတယ်။ ပေး လိုက်မိတာဆိုတဲ့သူတို့၊ ကျွန်တော်က ကူညီချင်တဲ့စိတ်အပြည့်ရှိတယ်။ သူ့မှာ အခက်အခဲတွေဖြစ်နေချိန်မှာ ကူညီလိုက် တာ။ ခုသူ့မှာရှိလာတော့ အတွေ့မခံ တော့ဘူးဆိုတဲ့သူတို့၊ ပြောရမယ်ဆိုရင် သားရယ် အားနာတတ်သူများပေါ့"

"သြော် - အားနာတတ်သူများ ဟုတ်ကဲ့"

"အေး - ကိုယ်ပြောပြနေတဲ့ကြား က မဖြစ်မနေအဲသလိုပေးလိုက်တဲ့သူမျိုး တွေဆိုရင်တော့ ပြန်ကြွေးတောင်းပေးရ တာ သိပ်မလွယ်ဘူးသား။ ဩဇာလည်း မရဘူး၊ ဒါတော့ သတိထားရမယ်။

ဥပမာကွာ အဖေပြောမယ်။ လူ တစ်ယောက်ဆိုပါတော့။ ဘာအလုပ်မှ

www.burmeseclassic.com

မယ်မယ်ရရမရှိဘူးဆိုကြပါစို့။ လောင်းကစားလုပ်တဲ့လူတစ်ယောက်။ သူက ငွေလိုလို့ တစ်နေရာမှာရှိတဲ့ သူ့အသိဆီသွားချေးမယ်။ ဒါကို သူ့အသိက သိသိနဲ့ ချေးလိုက်တယ်။ ပြီးတော့ ဟိုလူက လောင်းကစားလုပ်လိုက်တာကုန်ရော။ အတွေ့လုံးဝမခံတော့ဘူး။ ဒီလိုငွေမျိုးကျ ဘယ်တော့မှ တောင်းမပေးလေနဲ့။ ဘယ်တော့မှ မရဘူးမှတ်။ မဖြစ်နိုင်ဘူး။ သဘာဝကျကျစဉ်းစားကြည့်၊ မချေးခင်ထဲက သူစဉ်းစားရမှာလေ"

"ဟုတ်တယ်နော်"

"တချို့ နှလုံးသားရေးရာကိစ္စတွေနဲ့နွယ်ပြီး ကလေးမလေးတွေက ချေးလိုက်တယ်။ ဟိုတစ်ယောက်က သုံးလို့လည်းကုန်ရော မပတ်သက်တော့ဘူး။ ဖုန်းတောင်မကိုင်တော့ဘူး။ နေပါဦးလား၊ ပေးမှာ ပါ့နဲ့ပဲပြီးသွားပြီ။ အဲ - အဲဒါမျိုးအတွက်လည်းဘာအစီအရင်မှလုပ်မပေးလေနဲ့ မဖြစ်နိုင်ဘူး။ မပေးချင်လို့ရှောင်သွားတဲ့သူ၊ ရှောင်နေတဲ့သူဆီက ငွေကိုဘယ်လိုမှ ဓာတ်ရိုက်လို့မရဘူး သား၊ မှတ်ထား"

"ဥပမာတစ်ခုထပ်ပြောမယ်။ အင်္ဂါသားတစ်ယောက် ဆိုပါတော့။ သူက (၄၇) နှစ်ဆိုပါတော့။ တကယ်ရှိနေတဲ့ သူတစ်ယောက်အကြောင်း အဖေပြောမယ်။ သူ့ဘာသက်ရောက်လဲ"

သားသည် (၁၅) စက္ကန့်မျှ စဉ်းစားလိုက်ပြီး -

"တနင်္ဂနွေသက်ရောက် အဖေ။ ၄၊ ၅၊ ၆ တိုင်"

"ဟုတ်ပြီ ဘိုင်ကို မျက်လုံးထဲပေါ်လား"

"ပေါ်တယ် အဖေ"

၆ ၂
၅ ၁
၄ ၀
* ၃ ၆
၂ ၅
၁ ၄
၀ ၃ *

"သူ့ကံကိုစဉ်းစားလိုက်တာနဲ့ သူ့ရဲ့ကိုယ်ပိုင်ငွေဟာ လုံးခနဲ့ထွက်တတ်တဲ့နေရာမှာရှိမနေဘူးလား"

"ရှိနေတယ်၊ ပြထဲမှာ"

"သူဟာ သူ့ရဲ့တူလိုသားလိုနေတဲ့ လူတစ်ယောက်ကို ငွေ သိန်း (၅၀) ပေးလိုက်တဲ့သူ။ ဒါဖြင့် တူလိုသားလိုနေပါတယ်ဆိုတဲ့ ပရိယာယ်အရ သူ့ရဲ့အတွင်းမိတ်ဂြိုဟ် စိန်ပန်း (၃-၅) တော်တဲ့ ကြာသပတေးက ဘယ်မှာလဲ"

"ပြထဲမှာပဲ အဖေ"

"ကောင်လေးနာမည်က အင်္ဂါပဲ၊ ဘယ်မှာရှိလဲ"

"အထွက်မှာရှိတယ်အဖေ၊ မမြဲတဲ့နေရာမှာ"

"ဒါဖြင့် သူ့ကို အဖေတားလိုက်တယ်၊ မပေးသင့်ဘူးဆိုပြီး။ ဒါပေမယ့် သူပေးဖြစ်အောင်ပေးခဲ့တယ်။ ကောင်လေးက နယ်စပ်မှာ သွားအလုပ်လုပ်တယ်ဆိုပြီးထွက်သွားတယ်။ ဘာအဆက်အသွယ်မှမရတော့ဘူး"

"ဩော်"

"အဲဒါတွေက ကံမှာပေါ်မနေဘူးလား"

"ပေါ်နေတယ်"

"ဒါဖြင့် တားရုံကလွဲပြီး ဘာလုပ်လို့ရမှာလဲ။ ဒါ သဘာဝကျကျ အဖေပြောတာ။ ခင်ဗျား ပေးသာပေးလိုက်၊ ကျွန်တော်ရအောင်ပြန်တောင်းပေးမယ်ဆိုရင် သဘာဝကျနိုင်ပါ့မလား"

"ဟုတ်တယ် အဖေ၊ မကျနိုင်ပါဘူး"

"မဖြစ်နိုင်ဘူးလေ။ ကံရဲ့သဘောအရ မဖြစ်နိုင်တာကို ဖြစ်နိုင်တယ်လို့ အဖေပြောလိုက်ရင် ပညာပေါ်မှာအဖေ သစ္စာမရှိဖြစ်သွားမှာပေ့ါ။ ပညာရပ်တွေဆိုတာ အလကားထားခဲ့ကြတာမှမဟုတ်ဘဲ"

"ဟုတ်ကဲ့"

"အေး- သားက ဩဇာပြောလွန်းလို့ပါ။ ဒါလေးတွေတော့ သတိထားရလိမ့်မယ်။ ကြွေးလိုချင်တဲ့သူဆိုတာ သူများဆီက ငွေမရခင်သာ အေးအေးဆေးဆေးပြောတာကွ။ ကျုပ်ခင်ဗျားဆီကငွေချေးချင်တယ်။ ခင်ဗျားပေးမလား၊ မပေးဘူးလားလို့ ဘယ်သူမှမပြောဘူး"

နောက်တွင် ထိုင်နေသော ယောက်ဖထံမှ အားရပါးရအော်ရယ်သံ တစ်ချက်ထွက်လာ၏။

"အဲဒီလိုချော့ပြောပြီး လက်ထဲကို ပိုက်ဆံလည်းရောက်ရော ပြန်ပေးဖို့စိတ်ကူးမရှိတော့ဘူး။ အဖေတော်တော်လေ့လာကြည့်တယ်။ သူများကြွေးကို ပြောင်ပြောင်နေပြီး မျက်နှာပြောင်ပြောင်နဲ့ မဆပ်ဘဲ သုံးဖြုန်းနေတဲ့သူတွေများသားလား။ ဩော် - ဒီလ ငါဒီလောက်ရတယ်။ ကြွေးအတွက် ဒါလောက်လေးတော့ ဖယ်ထားလိုက်ဦးမယ်ဆိုတာမျိုးဘယ်သူမှမရှိဘူး။ နေပါဦးလား၊ ဒီမှာတောင် အဆင်မပြေရတဲ့ကြားထဲတို့၊ တိုင်ချင်ရာတိုင်ဗျာ မပေးနိုင်ဘူးတို့၊ မပေးတော့ ခင်ဗျားက ဘာလုပ်ချင်လဲတို့၊ နောက်တစ်ခါလာတောင်းကြည့် ငါ့အကြောင်းသိရမယ်တို့၊ အို-လုပ်မနေနဲ့၊ ပိုက်ဆံရှိတယ်ဆိုပြီးမောက်မာလို့၊ ကြည့်မရလို့ တမင်ရအောင်ချေးလိုက်တာတို့နဲ့ပဲ နိဂုံးချုပ်သွားကြတာများတယ်"

"ဟုတ်ကဲ့"

"အေး- ကြွေးကိစ္စကတော့အများကြီးပေ့ါသားရယ်။ ငွေနံ့ပျက်ပြီဆိုတာနဲ့ ပျက်သလို တောင်းမရကြတော့တာများတယ်။ ဘာပဲဖြစ်ဖြစ် ငွေကြေးဆုံးရှုံးနေကြပြီဆိုရင်တော့ အဖေကတော့ ဒိဝါတပတိဂါထာ (၃၀၀) ရအောင်ရွတ်ခိုင်းလိုက်တာများတယ်။ တစ်ဖက်မှာ လုံးခနဲ ကုန်သွားပေမယ့် တစ်ဖက်မှာတော့ ဒိပြင်ကပြန်ဝင်လာတာပေါ့"

"ဒိဝါတပတိ (၃၀၀) က သားလည်း ရွတ်ခိုင်းတယ်လေ"

"အေး - ဒါမမှားဘူး"

"ကဲကဲ-သားအဖနှစ်ယောက်ကတို့နဲ့စကားပြောမှာလား၊ နင်တို့သားအဖချည်းပဲပြောနေမှာလား။ ရန်ကုန်မှာဒါလောက် အတူတူထိုင်ဟောနေတာတောင် ခရီးထွက်လာတဲ့ထိမပြီးနိုင်ဘူး"

ညီမလေးပြောလိုက်သောစကားကြောင့် သားကတဟားဟားသဘောကျစွာရယ်၏။ ညီမလေးပြောလည်း ပြောလောက်ပါသည်။ သားသည် ပညာယူနေသည်ဖြစ်၍ ကျွန်ုပ်သွားလေရာ တကောက်ကောက်လိုက်ရင်း သူသိချင်သည်များကို ယခုလိုမေးလေ့ရှိ၏။ ကျွန်ုပ်ကလည်း လက်တွေ့များစွာနှင့် ရှင်းပြ၏။ လူနာမည်၊ ဆိုင်းဘုတ်နာမည်များကအစ ရှင်းပြ၏။

ရွှေတောင်ကျော်လာခဲ့ပါပြီ။

အတော်စည်ကားလှသောအင်းမနှင့် ဝက်ပုတ်ကို ဖြတ်ကျော်ပြီးမှ ပေါင်းတည်ကို ရောက်မည်။

ပေါင်းတည်ရောက်လျှင် သားသမီးလိုနေသော ကိုစိုးဆီဝင်မည်ဟု တွေးရင်း -

တရိပ်ရိပ်ပြေးနေသောကားလေးပေါ်မှာထိုင်ရင်း မေတ္တာသုတ်ကို တောက်လျှောက်ရွတ်နေလိုက်ပါတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော်နက္ခတ်ဗေဒင်ပညာရှင် လျှပ်စစ်ဗေဒင်ဆရာကြီးဦးအုန်းသင်

ဆရာချမ်းမင်း (LL.B)



မိုးနှောင်းဆောင်းဝင်စကာလ၏
ခုသောနေ့တစ်နေ့တွင် ဖြစ်သည်။
အားဖြင့် ၁၉၈၃ ခုနှစ်၊ ထိုစဉ်က
တော်သည် အမှတ် ၂၁၅၊ ပထမ
(၃၅) လမ်း (အထက်ဘလောက်)
ရုံးခန်းဖွင့်၍ လက္ခဏာဗေဒင်ဟော
လျက်ရှိစဉ် မျက်နှာသွယ်သွယ်၊
ားလတ်လတ်၊ အရပ်ရှည်ရှည်လူ
ာစ်ဦးသည် လက်ထဲတွင် အထုပ်
ထုပ်ကိုင်၍ ရုံးခန်းထဲသို့ ဝင်လာ
။ အသက်အရွယ်အားဖြင့် (၂၇)၊
နှစ်ခန့်ရှိမည်ဟု ထင်ရပါသည်။
ာတော့်စာရေးသည် သူ့အား နေရာ
၍ ခေတ္တစောင့်ဆိုင်းစေခဲ့သည်။
လက္ခဏာဗေဒင်ဆွေးနွေးသူများ
ပ်သွားသည့် အခိုက်အတန့်၌
ည် ကျွန်တော့်စားပွဲရှိရာဆီသို့
ာန်းမတ်မတ်ဝင်လာပြီး ရိုသေ
ားသော ဟန်အမူအရာဖြင့် -
"ဆရာ ကျွန်တော့်ကို မှတ်မိသေး
း"
ဟု မေးလိုက်ရာ -
ကျွန်တော်သည် သူ့မျက်နှာကို
ပင်ကြည့်နေသော်လည်း အတွေး
တွင် ကြေးမုံပြင်နှယ် ကြည်လင်
သားမှုရှိမလာဘဲ ဝိုးတဝါးမှုန်ရီဝါး
ရှိ၏။သူမည်သူမည်ဝါဖြစ်ကြောင်း
ာခွဲ၍မရနိုင်။

"ဆရာ၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးထင်တယ်"

"မှတ်မိသလိုတော့ရှိသားပဲ။ ဒါပေမယ့် လူနဲ့ နာမည်တွဲပြီး မသိတော့တာ"

"ဖြစ်နိုင်ပါတယ်၊ ဆရာက တပည့်တွေအများကြီးနဲ့ ထိတွေ့ဆက်ဆံလာရတာဆိုတော့ ဒီလောက်တော့ရှိမှာပေါ့။ ဒါနဲ့ ကိုစိုးနိုင်တို့ညီအစ်ကိုတစ်တွေကို ဆရာသိမှာပေါ့"

"သိပ်မှတ်မိတာပေါ့။ သူတို့တစ်တွေက ဆရာ့တပည့်ရင်းတွေပဲ။ တစ်ယောက်က ဆေးကျောင်းမှာ၊ တစ်ယောက်က ရန်ကုန်စက်မှုတက္ကသိုလ်ရောက်သွားတယ်"

"ကိုစိုးနိုင်က ဆေးတက္ကသိုလ်မှာ၊ သူ့အစ်ကိုက R.I.T မှာ တက်နေတယ်။ ဆရာ သူတို့တောင်မှတ်မိရင် ကျွန်တော့်လည်း မှတ်မိရမှာပေါ့"

သူ့စကားကြောင့် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ရာ -

"ဟာ-မောင်တင်နိုင်ထွန်းမဟုတ်လား။ ရုတ်တရက်ဆိုတော့ ဇဝေဇဝါဖြစ်နေတာ။ ဒါနဲ့မင်းအခုကျောင်းပြီးသွားပြီလား"

"ပြီးသွားပြီ ဆရာ။ အစိုးရအမှုထမ်းမလုပ်ဘဲ စီးပွားရေးလုပ်နေတယ်"

"ဩော် - မင်းက သူဌေးဖြစ်ချင်တဲ့လူပဲကောင်းပါတယ်။ ငွေကြေးစီးပွားမနည်းစွာကြွယ်ဝချမ်းသာလာရင် မိဘနှစ်ပါးရဲ့ကျေးဇူးကိုဆပ်နိုင်ရုံတင်မကဘူး၊ လောကလူမှုအကျိုး၊ သာသနာအကျိုးတွေကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တာပေါ့"

"ကျွန်တော့်ရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်ကလည်း ဆရာပြောသလိုပါပဲ။ ဖြစ်၊ မဖြစ်တော့ မသိနိုင်သေးဘူးပေါ့ ဆရာ"

"အလိုဆန္ဒသိပ်ပြီးပြင်းထန်လာရင် မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ ဒါနဲ့ မောင်တင်နိုင်ထွန်းလာရင်းကိစ္စကိုလည်း ပြောပါဦး"

"အဖေက စာအုပ်တွေပေးခိုင်းလိုက်တာ"

"ဘာစာအုပ်တွေများလဲမသိဘူး"

"နက္ခတ်ဗေဒင်ပညာမဂ္ဂဇင်းစာအုပ်တွေပါ"

"ဟာ - ဆရာလိုချင်နေတာနဲ့ အတော်ပဲ။ လန်ဒန်ကထုတ်တဲ့ PREDICTION မဂ္ဂဇင်းစာအုပ်တွေ မဟုတ်လား"

"မဟုတ်ပါဘူး ဆရာ။ နက္ခတ်ဗေဒင်ဆရာကြီး ဦးအုန်းသင်ကိုယ်တိုင်ထုတ်တဲ့ နက္ခတ်ဗေဒင်ပညာမဂ္ဂဇင်းစာအုပ်တွေပါ"

"အဲဒီစာအုပ်တွေက အင်မတန်ရှားပါးတာ။ မြန်မာပြည်မှာ အဲဒီဗေဒင်မဂ္ဂဇင်းစာအုပ်ထုတ်ခဲ့တာ ကြားပဲကြားဖူးတာ။ မြင်တောင်မမြင်ဖူးဘူး။ ဒါနဲ့နေပါဦး၊ ဒီလောက် ရှားပါးတဲ့စာအုပ်တွေကို မင်းအဖေက ဘယ်လိုများရရှိလာတာလဲ"

"အဖေနဲ့ ဆရာကြီးဦးအုန်းသင်တို့ဟာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေမို့ ဆရာကြီးက သူကိုယ်တိုင်တာဝန်ခံအယ်ဒီတာလုပ်တဲ့ နက္ခတ်ဗေဒင်ပညာမဂ္ဂဇင်းကို လစဉ်လက်ဆောင်အဖြစ်ပေးပါတယ်။ ဒါကြောင့်မို့ အဖေ့လက်ထဲမှာ ဒီစာအုပ်တွေရောက်နေတာ။ မနေ့ညက အဖေကကျွန်တော့်ကိုခေါ်ပြီး မင်းဆရာကိုသွားပေးလိုက်လို့ဆိုပြီးပြောလို့ ကျွန်တော် အခုလာပေးတာပါ ဆရာ။ ဆရာ့အတွက်တော့ အသုံးဝင်လိမ့်မယ်ထင်တယ်"

"ဘယ့်နှယ်ပြောလိုက်တာလဲ။ အသုံးဝင်တာမှ သိပ်ကိုအသုံးဝင်တာပေါ့။ ဆရာကြီး ရေးသားပြုစုခဲ့တဲ့ နက္ခတ်ဗေဒင်ကျမ်းတွေကို လက်လှမ်းမီသရွေ့ဝယ်ယူပြီး ဖတ်မှတ်လေ့လာမှုပြုနေတယ်။ ဆရာ့အတွက် နက္ခတ်ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com

ပညာဉာဏ်ကို ပိုပြီးအသိဉာဏ်တိုးတက်ထက်မြက်စေတယ်"

"ဆရာကြီးဦးအုန်းသင်ဆီမှာကော နက္ခတ်ဗေဒင်ပညာသင်ယူခဲ့ဖူးလား"

"မသင်ဖူးဘူး၊ ဆရာကြီးကို မြင်တောင်မမြင်ဖူးဘူး။ ဆရာကြီးရဲ့သား ဆရာဦးတင့်ထူးနဲ့တော့ ခင်မင်ရင်းနှီးတယ်။ သူကတော့ အင်မတန်ခင်မင်စရာကောင်းတယ်။ ဆရာတို့နှစ်ယောက်တွေ့လိုက်ရင် နောက်ဟယ်ပြောင်ဟယ်နဲ့ တဝါးဝါးတဟားဟားပဲ"

"ဆရာကြီးရဲ့ တပည့်ရင်းတစ်ယောက်ရှိသေးတယ်။ ကျွန်တော်တော့ မသိဘူး။ အဖေတော့ သိတယ်လို့ပြောတာပဲ။ အဲဒီဆရာရဲ့နာမည်ကို ကျွန်တော် ပါးစပ်ဖျားတင် မေ့နေတယ်"

"ဆရာခန့်ကျော်ကို ပြောတာလား"

"ဟာ-ဟုတ်ပါတယ်ဆရာ။ ဆရာနဲ့ကော သိလား"

"ဆရာကြီးဦးအုန်းသင်ကို မမြင်ဘူး၊ မတွေ့ဘူးပေမယ့် ဆရာကြီးရဲ့ တပည့်ရင်းဖြစ်တဲ့ ဆရာခန့်ကျော်နဲ့တော့ မကြာခဏလူချင်းဆုံဖူးပါတယ်။ ဗေဒင်ဆရာတွေထဲမှာတော့ ရှားရှားပါးပါး အင်မတန်ရုပ်ချောတဲ့ ဆရာတစ်ဦးပဲ။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း အင်မတန်လှတဲ့သူပဲ။ ဥပမိရုပ်ကောင်းသလောက် သဘောမနောလည်းကောင်းပါတယ်"

"ဆရာ့အတွက် အသုံးတည်တယ်ကြားရလို့ အဖေလည်း ဝမ်းသာမှာပါ။ ဆရာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကျွန်တော်လည်း သွားစရာလေးတွေရှိနေသေးလို့"


"အေးအေး - ဒါနဲ့ မင်းအဖေကိုလည်း ဆရာကအခုလိုရှားပါးတဲ့စာအုပ်တွေလာပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောလိုက်ဦးနော်"

"ဟုတ်ကဲ့ ဆရာ၊ ဆက်ဆက်ပြောလိုက်ပါ့မယ်"

ဟု ဆိုကာ ကျွန်တော့်ရုံးခန်းမှ ထွက်ခွာသွားခဲ့သည်။

❐

ကမ္ဘာကျော် နက္ခတ်ဗေဒင်ပညာရှင် လျှစ်စစ်ဗေဒင်ဆရာကြီး ဦးအုန်းသင်သည် မြန်မာနိုင်ငံ၏ နက္ခတ်ဗေဒင်မိုးကောင်းကင်တွင် နေတစ်ဆူလတစ်စင်းနှယ် ထွန်းလင်းတောက်ပခဲ့သူ ဆရာတစ်ဦး ဖြစ်သည်။ လူပင်သေသွားသော်လည်း နာမည်မသေ။ အဖိုးထိုက်တန်သောပညာအမွေကို မျိုးဆက်သစ်နက္ခတ်ဗေဒင်ဝါသနာရှင်တို့အတွက် အမွေပေးထားနိုင်ခဲ့သည်။



မူရင်းညာလက်ပုံစံ

ဆရာကြီးသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ နက္ခတ်ဗေဒင်ပညာမဂ္ဂဇင်း (ASTROLOGICAL MAGAZINE) ကို အယ်ဒီတာချုပ်လုပ်၍ ယင်းမဂ္ဂဇင်းတွင် လစဉ် နက္ခတ်ဗေဒင်ဆောင်းပါးများ ရေးသားခဲ့သည်။

၎င်းအပြင် -

၁။ နက္ခတ်ဗေဒင်မူရင်းကျမ်း (၁၉၅၄)
၂။ သာသနာသက္ကရာဇ် (၂၅၀၀) မှ ရွှေ့ နှစ်ပေါင်း (၅၀) တွင် ဘာဖြစ်မည်နည်း (၁၉၅၆)
၃။ ဝိသောတ္တရီဒသာကျမ်း (၁၉၅၇)
၄။ နက္ခတ္တဝေဒစိန္တာမဏိကျမ်း (၁၉၇၅)
၅။ လင်္ဂနှင့် ဘာဝစက်ကောက်ကိန်းကျမ်း (၁၉၇၇)
၆။ ခေတ်မီနက္ခတ်ဟောနည်းကျမ်း (၁၉၈၃) တို့ကို ပြုစုရေးသားခဲ့သည်။

ဆရာကြီးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအခါပေး၊ မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးနှင့် ဆဋ္ဌသင်္ဂါယနာတင်အခါပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် ဆရာကြီးသည် လကမ္ဘာသို့ အမေရိကန် ပထမဦးစွာ ရောက်ရှိမည်ဖြစ်ကြောင်း ကြိုတင်ဟောကိန်းထုတ်ခဲ့ရာ မှန်ကန်ခဲ့သောကြောင့် အမေရိကန်နိုင်ငံမှ သက်ဆိုင်ရာပုဂ္ဂိုလ်တို့က ရွှေတံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်၍ တပ်မတော်၏ဖခင် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ အသက်သည် သက်လတ်တန်းမျှသာ အသက်ရှည်နိုင်မည်ကို ကြိုတင်၍ ဟောကိန်းထုတ်ခဲ့ရာ သက်ဆိုင်ရာပုဂ္ဂိုလ်တို့က ဖြတ်တောက်လိုက်သည်။

'သာသနာသက္ကရာဇ (၂၅၀၀) မှ ရွှေ့နှစ်ပေါင်း(၅၀)တွင်ဘာဖြစ်မည်နည်း' စာအုပ်၏ စာမျက်နှာ (၃၃)၊ အပိုဒ် (၃) ၌ '၉-၂-၁၉၆၀ ခုနှစ်မှ ၁၀-၁၁-၁၉[illegible] ခုနှစ် အတွင်း မြန်မာနိုင်ငံတော်အစိုးရ



www.burmeseclassic.com


www.burmeseclassic.com

အဖွဲ့ အပြောင်းအလဲပြုလုပ်ရမှုတွေ့ကြုံရစေတတ်လေသည်' ဟူ၍ ဟောကိန်းထုတ်ခဲ့ရာ ဆရာကြီးကြိုတင်ဟောကိန်းထုတ်ထားခဲ့သည့်အတိုင်း ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်ကြီး နေဝင်းက သိမ်းယူကာ တော်လှန်ရေးကောင်စီဖွဲ့ခဲ့သည်။

ဆရာကြီးသည် မိမိသက်တမ်းကိုလည်း 'ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဝိုင်အမ်ဘီအေတွင် ကျင်းပခဲ့သော ဆရာကြီး၏ ဟောပြောပွဲတွင် မိမိသည် အသက် (၈၃) နှစ်ကျော်သည်အထိ နေရတော့မည်မဟုတ်ကြောင်းကို ဟောပြောပွဲ တက်ရောက်လာကြသော ပရိသတ်ရှေ့တွင်ကြိုတင်ပြောဆိုခဲ့သည်။ ငါသေတော့မည်။ ငါမသေခင် ဆရာများနှင့် နောက်ဆုံးမိတ်ဆုံစားပွဲလုပ်ချင်သည်ဟု တပည့်ရင်းဖြစ်သူ ဆရာခန့်ကျော်အားပြောရာ ဆရာခန့်ကျော်မှ မိမိဆရာ၏ နောက်ဆုံးဆန္ဒကိုဖြည့်ဆည်းပေးလိုသဖြင့် ဆရာမိုးတားဦးထွန်းရှိန်၊ ဆရာနေလင်းတို့နှင့် တိုင်ပင်ကာ ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့တွင် 'ပထမအကြိမ် ဝေဒလက္ခဏာပညာရှင်ကြီးများပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ' ကို ဝိုင်အမ်ဘီအေတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ယင်းအခမ်းအနားကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ခြင်းမှာ ဆရာကြီး၏တပည့်ရင်းဖြစ်သူ ဆရာခန့်ကျော်က အစမှအဆုံးတိုင် အောင် ကြိုးပမ်းဦးဆောင်ဦးရွက်ပြုလုပ်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ထိုပွဲကိုအကြောင်းပြုပြီးသကာလ 'သက်ကြီးဝေဒလက္ခဏာပညာရှင်ကြီးများပူဇော်ပွဲ'ဟူ၍ပေါ်လာရာ အင်းလျားကန်ပေါင်အနီး L.B.C ခန်းမတွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက်သက်ကြီးဝေဒလက္ခဏာပညာရှင်ကြီးများအားပူဇော်ပွဲတွင် လည်းကောင်း၊ ၁၉၈၈ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့က ကရဝိက်ခန်းမတွင်ကျင်းပခဲ့သော ပဥ္စမအကြိမ်မြောက်သက်ကြီးဝေဒလက္ခဏာပညာရှင်ကြီးများအားပူဇော်ပွဲတွင် လည်းကောင်း ကျွန်တော်ကိုယ်တိုင် သူငယ်ချင်းလက္ခဏာဗေဒင်ပညာရှင်များနှင့် စုပေါင်းကျင်းပပြုလုပ်နိုင်ခဲ့သည်။ ယခု ဆောင်းပါးရေးနေချိန်တွင် ထိုသူငယ်ချင်းလက္ခဏာဗေဒင်ပညာရှင်အချို့မှာ ကွယ်လွန်သွားခဲ့ရှာပြီ ဖြစ်သည်။

❐



သရုပ်ပြ ညာလက်ပုံစံ

ဖော်ပြပါ လက်ပုံစံသည် နက္ခတ်ဗေဒင်ပညာရှင် လျှပ်စစ်ဗေဒင်ဆရာကြီးဦးအုန်းသင်၏ လက်ပုံစံပင် ဖြစ်သည်။ လက်ပုံစံသည် လေးထောင့်လက်ပုံစံအမျိုးအစားဖြစ်ကာ လက်မ အပါအဝင်လက်ချောင်းအသီးသီးတို့သည် ဖြောင့်တန်းအားကောင်းစွာဖြင့် ရပ်တည်လျက်ရှိသည်။ ယင်းအမှတ်အသားမှာ နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာတို့ကို စနစ်တကျ စိစစ်လေ့လာကာ ရှင်းလင်းပြတ်သားစွာ ဟောပြောရေးသားတင်ပြနိုင်မည့်အမှတ်အသားဖြစ်သည်။နက္ခတ်ဗေဒင်သဘောတရားတို့ကို ကိုယ်တွေ့နှင့် ဆက်နွယ်ပေါင်းစပ်၍ တိကျမှန်ကန်စွာ အဖြေထုတ်နိုင်ခြင်းကိုလည်း ညွှန်ပြသည်။

လက်မသည် ခိုင်ခံ့၍ ခါးသိမ်လျက်ရှိသောကြောင့် စိတ်ဓာတ်ခိုင်မာခြင်း၊ စိတ်တန်ခိုးအင်အားကြီးမားခြင်း၊ လိမ္မာပါးနပ်၍ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပညာရှင်များနှင့်မဆို လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံတတ်သည်ကို ဖော်ပြလျက်ရှိ၏။ ဆရာကြီး၏လက်ဝါးပြင်တွင် ဂြိုဟ်ခုံအားလုံးနီးပါးခန့် ကျယ်ဝန်းပြည့်ဖြိုးလျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ ကြာသပတေးဂြိုဟ်ခုံသည်. ခိုင်ခံ့ဖြောင့်တန်းသော လက်ညှိုးအောက်တွင် ကျယ်ဝန်းပြည့်ဖြိုးစွာ ရပ်တည်လျက်ရှိသောကြောင့် နက္ခတ်ဗေဒင် ပညာရပ်ဆိုင်ရာတို့ကို ရည်မှန်းချက်ကြီးမားစွာဖြင့် သင်ယူလေ့လာကာ နာယကဂုဏ်နှင့်အညီ နေထိုင်ပြောဆို ကျင့်ကြံတတ်ခြင်း၊ အသပြာထက် ပညာဂုဏ်သိက္ခာကိုသာ ပိုမိုတန်ဖိုးထားတတ်ခြင်း၊ ရတနာသုံးပါးအား ရိုသေကိုင်းရှိုင်း၍ မိမိတတ်မြောက်ထားသော နက္ခတ်ဗေဒင်ပညာရပ်တို့ကို စာပေရေးသားခြင်းဖြင့်သော် လည်းကောင်း၊ ဟောပြောခြင်းဖြင့်သော် လည်းကောင်း၊ နက္ခတ်ဗေဒင်ကျမ်းများရေးသားပြုစုခြင်းဖြင့်သော် လည်းကောင်း၊ သင်တန်းပို့ချခြင်းဖြင့်သော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

မျိုးဆက်သစ် နက္ခတ်ဗေဒင်ဝါသနာရှင်များနှင့်သုတေသီရှင်များအတွက် ပညာအမွေကိုဖြန့်ဝေပေးနိုင်မည်ကို ဖော်ညွှန်းသောအမှတ်လက္ခဏာဖြစ်သည်။

လက်ညှိုးအောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံတွင် ကြာသပတေးခါးပတ်ခေါ် ဆော်လမွန်လက်စွပ်အား ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။(အမှတ် A)

ယင်းအမှတ်သားလက္ခဏာသည် တစ်ပါးသူတို့၏ ကြည်ညိုလေးစားမှုကို ခံရခြင်း၊ ဂုဏ်သိက္ခာမြင့်မားခြင်း၊ ဗေဒင်ဟောပြောရာတွင် နှုတ်စီး၍ မှန်ကန်မှုရှိခြင်းနှင့် နက္ခတ်ဗေဒင်ပညာတွင် ဆရာတစ်ဆူအဖြစ် ရပ်တည်နိုင်ခြင်းတို့ကို ဖော်ပြသည်။ လက်ညှိုးဖြောင့်တန်း၍ ကြာသပတေးဂြိုဟ်ခုံ ကျယ်ဝန်းပြည့်ဖြိုးကာ ဆော်လမွန်လက်စွပ်ပါရှိခြင်းကြောင့် ဆရာကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေးအခါပေးမြန်မာနိုင်ငံပြက္ခဒိန်အကြံပေးနှင့် ဆဋ္ဌသင်္ဂါယနာတင်အခါပေးအဖြစ် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်၏။

ဤနေရာတွင် စကားဖြတ်၍ လက္ခဏာဝါသနာရှင်များအား ပြောလိုသည်မှာ ကြာသပတေးဂြိုဟ်ခုံ ပြည့်ဖြိုးအားကောင်းခြင်း၊ ဆော်လမွန်လက်စွပ်ပါရှိခြင်းတို့နှင့်အတူ ဆရာကြီး၏ဉာဏ်လမ်းကြောင်း ရပ်တည်ပုံအနေအထားနှင့် တွဲဖက်ဆက်စပ်၍ ကောက်ချက်ချသွားရန် အထူးလိုအပ်မည် ဖြစ်သည်။

လက်သူကြွယ် ဖြောင့်တန်းအားကောင်းပြီး လက်သူကြွယ်အောက်ခြေရှိ တနင်္ဂနွေဂြိုဟ်ခုံသည် ကျယ်ဝန်းပြည့်ဖြိုးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းအပြင် ယင်းဂြိုဟ်ခုံပေါ်တွင် အောင်မြင်ရေးလမ်းကြောင်းသုံးကြောင်းသည် ထင်ရှားပြတ်သားစွာ ရပ်တည်လျက်ရှိသည်။ (အမှတ်-B)

ယင်းအမှတ်အသားသည် ဆရာကြီးအား လျှပ်စစ်ဗေဒင်ပညာရှင်အဖြစ် ထူးခြားစွာအောင်မြင်ကျော်ကြားအောင် ပို့ဆောင်လိုက်သောအမှတ်လက္ခဏာပင် ဖြစ်သည်။

သို့သော် ဆရာကြီး၏လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံပေါ်တွင် (လက်ခလယ်အောက်တည့်တည့်) ထင်ရှားသော ကြက်ခြေခတ်သင်္ကေတန်အမှတ်အသားတစ်ခုကို ထင်ရှားစွာတွေ့မြင်ရ၏။ ယင်းအမှတ်အသားသည် သေနတ်ကျည်ဆန်၊ ဗုံးနှင့် ပေါက်ကွဲစေတတ်သော ဘေးအန္တရာယ်နှင့်တွေ့ကြုံရခြင်း၊



ဥပဒ္ဒဝေကကံနှင့် ရင်ဆိုင်တွေ့ကြုံရခြင်းတို့ကိုဖော်ပြသော အမှတ်လက္ခဏာဖြစ်သည်။ (အမှတ် - C)

၎င်းအမှတ်လက္ခဏာအပြင် ဆရာကြီး၏လက်ဝါးပြင်တွင် လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံမှဆင်းလာသော ဥပဒ်လမ်းကြောင်းသည် နှလုံးလမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ကိုဖြတ်ကာ အင်္ဂါအဖို့ဂြိုဟ်ခုံတွင် အဆုံးသတ်သွားသည်ကို တွေ့ရ၏။ (အမှတ်- D)

ယင်းအမှတ်လက္ခဏာသည် ရှောင်တခင်ထိခိုက်မှုအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံရမည်ကိုဖော်ညွှန်းသောအမှတ်လက္ခဏာဖြစ်သည်။

၎င်းအမှတ်လက္ခဏာတို့နှင့်အတူ ဆရာကြီး၏လက်ဝါးပြင်ရှိ အသက်လမ်းကြောင်းသည် အသက် (၈၀) နှစ်တွင် တိခနဲပြတ်တောက်လျက်ရှိသည်ကိုတွေ့ရ၏။ (အမှတ် - E)

ယင်းအမှတ်လက္ခဏာသည် ယေဘုယျအားဖြင့် ရုတ်တရက်သေဆုံးနိုင်သည်ကို ဖော်ပြသော အမှတ်လက္ခဏာဖြစ်သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအနေနှင့် ကြက်ခြေခတ်အမှတ်အသားပါရှိခြင်း၊ ဥပဒ်လမ်းကြောင်း ထင်ရှား ပြတ်သားစွာ ပါရှိခြင်းနှင့် အသက်လမ်းကြောင်း ရုတ်တရက်တိခနဲပြတ်တောက်သွားခြင်းတို့ကို ဆက်စပ်စုစည်း၍ ရှောင်တခင်ထိခိုက်မှုဖြင့် အသက်သေဆုံးမည်ကို ရဲဝံ့စွာဖြင့် ကောက်ချက်ချနိုင်မည် ဖြစ်သည်။ ဆရာကြီးသည် ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ရှောင်တခင်ကားတိုက်ခံရခြင်းကြောင့် ဘဝတစ်ပါးသို့ပြောင်းသွားခဲ့ရရှာသည်။

ထိုကဲ့သို့ ကားတိုက်ခံရခြင်းသည် နမော်နမဲ့နိုင်ခြင်း၊ လက်လွှတ်စပယ်သွားလာခြင်း၊ သတိမမူဂရုမမြင်ခြင်း၊ အသက်ကို ဉာဏ်မစောင့်ခြင်းတို့ကြောင့် မဟုတ်ဘဲ ဝဋ်ကြွေးကြမ္မာမလွတ်သာ ဟူ၍ မှတ်ယူရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး၏ ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ထိစပ်ပြီး စတင်ထွက်ရှိလာသည်ကို တွေ့ရမည် ဖြစ်သည်။ (အမှတ်- F)

ယင်းအမှတ်လက္ခဏာသည် လွန်စွာ သတိကြီးမားသည်ကို ဖော်ပြသော အမှတ်အသားဖြစ်၏။ ၎င်းပြင် ထိုဉာဏ်လမ်းကြောင်းသည် လက်ခလယ်အောက်တည့်တည့်မှစတင်၍ ဖြောင့်တန်းစွာဖြင့် ဆင်းလာပြီး အင်္ဂါအမဂြိုဟ်ခုံပေါ်တွင် ခက်ရင်းခွသင်္ကေတန်ဖြင့် အဆုံးသတ်သွားသည်ကို တွေ့ရမည်ဖြစ်၏။

(အမှတ် - G)

ယင်းအမှတ်လက္ခဏာသည် လွန်စွာဉာဏ်ပညာထက်မြက်၍ သင်ဉာဏ်အပြင် ဖြတ်ထိုးဉာဏ်ပါ ထူးခြားစွာ ကောင်းမွန်မည်ကို ဖော်ပြသော အမှတ်လက္ခဏာဖြစ်သည်။

ဆရာကြီးသည် ၁၉၀၂ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့သူဖြစ်၍ ကွယ်လွန်ချိန်တွင် အသက် (၈၀) ပြည့်ပြီး (၉) လနှင့် (၁၂) ရက်ရှိပြီဖြစ်ကြောင်း လက္ခဏာဝါသနာရှင်များအတွက် ရေးသားလိုက်ရပါသည်။

**ခံရာချမ်းမင်း (LL.B)**

**စာကိုး -**

၁။ ကျွန်တော့်ဆရာဦးအုန်းသင်
ဆရာခန့်ကျော် (မြဝတီမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၈၄)
၂။ နက္ခတ်ဗေဒင်ပညာမဂ္ဂဇင်း (ဇန်နဝါရီ ၁၉၄၈၊ ဖေဖော်ဝါရီ ၁၉၄၈၊ မတ်လ ၁၉၄၈၊ ဧပြီ ၁၉၄၈၊ မေ ၁၉၄၈၊ ဇွန် ၁၉၄၈)
၃။ သာသနာသက္ကရာဇ် ၂၅၀၀ မှ ရွှေနှစ်ပေါင်း (၅၀) တွင် ...ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

ဟိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ \ ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/ပ၅၁၃)




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟေ့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်၊ "ဩော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ချည့်နဲ့နဲ့ နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီးရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟေ့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင်သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သခွားသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နီးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ, ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ, ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်းစေတဲ့ဆေး ဖြစ်ပါတယ်၊

"မင်္ဂလာပါ ဆရာကြီး" "ဟေ့ မောင်ထွန်းကျော် ကျန်းမာစိုပြည်လို့ပါလားကွယ်" "ဆရာကြီးညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . .သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄၊

www.burmeseclassic.com

www.burmeseclassic.com

ငွေယားတောင်ဆိုသည်မှာ ယခင်က ပြည်လမ်းမကြီးအနီး ကုန်းတွင်းတော ခေါ် သာမုကုန်တော၏ အရှေ့ဘက် တောစပ်၌ တည်ရှိပါသည်။ ယခုအချိန်တွင်တော့ ရန်ကုန်-ပြည်လမ်းမကြီး၏ အနောက်ဘက် တောင်ပူစာလေးပေါ်တွင် အထိမ်းအမှတ်ကျောက်တိုင်ကလေးစိုက်ထူထားခြင်းသာရှိတော့ပြီး လှော်ကားကန်အတွင်းမှ အလှစီးများ ဝန်ထမ်းများ လိုင်းကားစီးရန်အတွက် ငွေယားတောင်မှတ်တိုင်ဟူ၍သာ ခေါ်တွင်ကျန်ခဲ့တော့သည်။

အဘယ်ကြောင့် ငွေယားတောင်ဟု ခေါ်တွင်ခဲ့သည်ကိုစေ့ငုပါလျှင် ယခင်ရှေးအခါကာလများစွာက ထိုနေရာလေး၌ အဏုမြူရောင်ငွေပြားကြီးများ





www.burmeseclassic.com

www.burmeseclassic.com

(ထမင်းစားဒန်ပန်းကန်ခွန့်) အစုလိုက် အပုံလိုက် မြေပေါ်တွင်စုပုံနေပြီး ထိုနေရာတွင် ကိုင်တွယ်ကြည့်ပါက မယားပါ။ လောဘစိတ်ဖြင့် အိမ်သို့ယူဆောင်သွားမိပါက တစ်အိမ်လုံး မနေနိုင်အောင် တစ်ကိုယ်လုံး ယားယံကြသောကြောင့် ညတွင်းချင်း မူလနေရာသို့ ပြန်ပို့ပါမှ အယားပျောက်သည်ဟု ကျွန်တော်၏ မိဘများက ပြောကြားပြီး သတိပေးခဲ့ပါသည်။

ထိုတောင်ပူစာကလေးအပေါ်၌လည်း ဉာဏ်တော် သုံး၊လေးတောင်သာ မြင့်သော ရှေးဟောင်းစေတီပျက်လေး တစ်ဆူလည်းရှိသေးသည်။ ထီးတော်မြေခပြီး ငှက်ပျော်ဖူးအရင်းမှ ပြတ်ကျနေရာ ဘုရားငုတ်တိုအဆင့်သာရှိပါတော့သည်။ လူနေရပ်ရွာနှင့် ဝေးလံပြီး ထင်းခုတ်၊ ဝါးခုတ်၊ အမဲလိုက်သမားများ သာလာလေ့ရှိသောကြောင့် ဘုရားငုတ်တိုလေးအား ပြန်လည် ပြုပြင်မည့်သူလည်း မရှိပါ။ ကျွန်တော့်မိဘများကတော့ ထိုဘုရားငုတ်တိုကလေးမှာ ငွေယားတောင်သိုက်ဘုရားဖြစ်ကြောင်းပြောဆိုခဲ့ကြပါသည်။

ကျွန်တော်တို့ရွာမှာ သယ်န်းကျွန်းကြီးရွာဖြစ်သည်။ ကန်တွင်းတောခေါ် သာစုကန်တောဖြင့် လေး၊ ငါးမိုင်ခန့်ဝေးသည်။ ကျွန်တော်တို့ ငမိုးရိပ်ချောင်း တစ်ဖက်တစ်ချက်ရှိ ကျေးရွာများဖြစ်ကြသော သယ်န်းကျွန်းကြီးရွာ၊ ပေါက်တ

ထိုသို့သောအခါမျိုးတွင် ကျွန်တော်က အဖေတို့လှည်းများဖြင့်လိုက်ခါ ကန်တွင်းတောအတွင်း၌ တောထွက်သီးနှံရှာခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းများပြုလေ့ရှိရာ လှည်းသမား လူအင်အားများသောကြောင့် မုဆိုးအဖွဲ့က သား၊ ငါး၊ ဟင်းရွက်ရှာပေးပြီး စုပေါင်းချက်ပြုတ်စားကြရသည်မှာ အလွန်ပျော်စရာကောင်းလှပါသည်။

ကျွန်တော်တို့ ဝါးခုတ်သမားများ စခန်းချရာနေရာမှာ အထက်က ဖော်ပြခွန်းခဲ့သော ငွေယားတောင်စေတီပျက်လေး၏ မြောက်ဘက်မြေပြန့်တွင်ဖြစ်သောကြောင့် မဝေးပါ။ ငွေယားပုံကြီးများအား လှမ်းမြင်နေရပါသည်။ ကျွန်တော်မှာ (၁၀)နှစ်သားအရွယ်ခန့်ဖြစ်သောကြောင့် အလွန်ဆော့သည်။ တပ်မက်သောစိတ်

# တောင်မျှော်ကြီးသိန်းဝင်း

## ငွေယားတောင်



လောက်၊ ထားဝယ်ချောင်၊ စစ်ပင်၊ မဒ၊ ဆင်ဖုန် ဟူသောရွာများက သစ်ဝါးအတွက် ကန်တွင်းတော်ကိုသာ အဓိကမှီခိုနေကြရပါသည်။

ကန်တွင်းတောနှင့် အတန်ငယ်နီးသော ကျွန်တော်တို့ သယ်န်းကျွန်းကြီးရွာသူရွာသားများကတော့ ရာသီပေါ်တောထွက်အသီးအနှံ၊ သာစုကန်ကြီးမှ ငါးများနှင့် တောအတွင်းမှ မှိုအမျိုးမျိုး၊ မျှစ်၊ ဖလံတောင်ဝှေး၊ ဇရစ်ရိုး စသည်တို့ ပေါများစွာရရှိသောကြောင့် လည်းကောင်း၊ အိမ်ဆောက်ရန် အိမ်ပြင်ရန် သစ်ဝါးများကို ရရှိသော ပဒေသာပင် တောကြီးဖြစ်ပါသည်။ တောလိုက်မုဆိုးများအတွက်လည်း ကျား၊ ဆင်၊ မျောက်၊ တောဝက်၊ ချေ၊ စိုင်၊ ဆတ် အလွန်ပေါသောတောကြီး ဖြစ်ပါသည်။

ကျွန်တော့် ဖခင်ကတော့ ဓနိခြံလုပ်ငန်းလုပ်ကိုင်ရာ ဓနိပျစ်များထိုးရန်အတွက် ဓနိပျစ်အနှောင့်ဝါးခြမ်းပြားမှာ ကြသောင်းဝါးဖြင့် လုပ်ရသောကြောင့် မိုးဦးကျခါနီး ဓနိရာသီတွင်ဝါးများအလွန်လိုအပ်ရာ တစ်လလျှင်နှစ်ကြိမ်၊သုံးကြိမ် ရွာမှ နွားလှည်းများဖြင့် ကန်တွင်းတောအတွင်းသို့ နှစ်ညအိပ်သုံးရက်ခန့်တက်ကာ ဝါးခုတ်ရတတ်ပါသည်။

ဖြင့်တော့ ငွေယားပြားများအား မပြစ်မှားမိပါ။ သို့သော် ငွေယားပြားများအား တောအနှံ့တောင်အနှံ့သို့ ပစ်ကစားလေ့ရှိသည်မှာ ကျွန်တော်၏ ဝါသနာ။ ငွေယားပြားများ ပန်းကန်ပြားပျံလို သစ်ပင်များထိပ်က ပျံဝဲသွားသည်ကို ကျွန်တော် မျက်စိတစ်ဆုံးလိုက်ကြည့်ပြီး အလွန်သဘောကျမိသည်။ ငွေယားပြားများ အပုံကြီးများမှ အတော်လျော့သွားပြီး ကျွန်တော့်တစ်ကိုယ်လုံး ချေးများရွှဲစိုလာမှရပ်နားပြီး ညအိပ်တည်းခိုရာ တဲစခန်းကြီးသို့ပြန်သည်။ ရေတဝသောက်ပြီး ချေးတိတ်အောင်စောင့်၍ ကန်စပ်ဆင်းကာ ရေချိုးသည်။ ပြီးသည်နှင့် အဝတ်အစားသစ်ဝတ်၍ အဆာပြေစားပြီးနားတော့သည်။

ထိုသည်မျာမှာ ကျွန်တော်၏ ညနေခင်း ကန်တွင်းတောထဲ ရောက်သည်နှင့် ပုံမှန်ကစားသော လေ့ကျင့်ခန်းသဖွယ်ဖြစ်ပါသည်။ စခန်းတွင် ဝါးခုတ်လုပ်သားများအတွက် ချက်ပြုတ်ပေးသော ဖိုခေါင်း အဘကျော်နှင့် တပည့်တစ်ဦးသာ ကျန်ရှိနေခဲ့ပြီး အဖေတို့ဝါးခုတ်အလုပ်သမားများအား လုံခြုံရေးကြီးကြပ်ရသည်။ အဖေတပည့်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဦးသံချောင်းက သာမုကန်ထဲ၌ ငါးရှာသည်။ ညနေ နေဝင်ခါနီးမှ တည်းခိုရာစခန်းတွင် ပြန်ဆုံကြရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်အား တားမြစ်မည့်သူလည်း မရှိပါ။ ကန်တွင်းတောမှာ ကျွန်တော် (၇) နှစ်သားအရွယ်ခန့်ကပင် အဖေတို့နှင့် အတူလိုက်လေ့ရှိသောကြောင့် မစိမ်းတော့ပါ။ ထူးဆန်းသည်ကတော့ ကျွန်တော် ငွေယားပြားများအား တောတွင်းသို့ရောက်စဉ် အမြဲတမ်း တောအနံ့တောင်အနံ့ ပစ်လွှတ်ကစားလေ့ရှိသော်လည်း ယားယံခြင်း မရှိပါ။ နောက်တစ်နေ့တွင် ငွေယားပြားများက နဂိုနေရာတွင် အစုလိုက်အပုံလိုက် ပြန်လည်ရောက်ရှိနေမြဲပင် ဖြစ်ပါသည်။

တစ်ခုတော့ရှိသည်။ကျွန်တော်က မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် တောသူတောင်သားမိသားစုမှ ပေါက်ဖွားလာသူတစ်ဦး ဖြစ်သောကြောင့် သရဲတစ္ဆေနှင့် ဥစ္စာစောင့်များကို ယုံပါသည်။ မိဘများဆိုဆုံးမထားသလို တောထဲတောင်ထဲသို့ရောက်သည်နှင့် တောစောင့်၊ တောင်စောင့်နတ်များအား မေတ္တာပို့၍ အမျှဝေတတ်သည်။ တစ်ခါတစ်ရံ စားဦးစားဖျားများကိုလည်း ဦးချ၍ပူဇော်တတ်ပါသည်။ ထို့ကြောင့်လားတော့မသိ။ ကျွန်တော့်အသက် (၇) နှစ်သားခန့်မှစ၍ ယခုအသက် (၁၀) နှစ်သားခန့်အထိ နှစ်ပေါက်အောင် ငွေယားပြားများအား ကိုင်တွယ်ဆော့ကစားခဲ့သော်လည်း ဘေးအန္တရာယ်တစ်စုံတစ်ရာမျှကြုံဆုံခဲ့ရဖူးခြင်း မရှိခဲ့ပါ။

ကျွန်တော် အသက် (၁၀) နှစ်ကျော် အလယ်တန်းကျောင်းသားဖြစ်တော့ အဖေက လေသေနတ်နံပါတ်ဝမ်းကလေးဝယ်ပေးသည်။ ယခင်ငယ်စဉ်က လောက်လေးခွကိုင်ရာမှ အဆင့်မြင့်လာခြင်းဖြစ်သည်။ ထိုလေသေနတ်လေးဖြင့် လေ့ကျင့်ပါများတော့ ကျွန်တော် အလွန်လက်ဖြောင့်လာသည်။ ပုံသေပစ်မှတ်မှ Fly Shot ဟု ခေါ်သော လှုပ်ရှားပစ်မှတ်အဖြစ် ပျံနေသော ငှက်ကိုပင် ပစ်ချနိုင်သည်။

ကျွန်တော်တို့၏ အဖေဘက်က အစဉ်အဆက် သုကြီးမျိုးရိုးဖြစ်ပါသည်။ သယ်န်းကျွန်းကြီးရွာသာမက ပေါက်တလောက်၊ ထားဝယ်ချောင် ဟူသော ရွာများကိုပါ အုပ်ချုပ်ရသော (၃) ရွာအုပ်သုကြီးဖြစ်သောကြောင့် အင်္ဂလိပ်မင်းလက်ထက်ကပင် ချီးမြှင့်ခြင်းခံရသော ရွှေစလွယ်နှင့် ငွေဓားအပြင် စိုင်ပေါင်နှစ်လုံးပြူးသေနတ်ကြီးလည်း ရှိသေးသည်။ ကျွန်တော့်အဖေက သုကြီးသားပီပီ ထိုနှစ်လုံးပြူးသေနတ်ကြီးကို တောတက်ရာ၌ အမြဲတမ်းကိုင်ပါသည်။

အဖေမှာ လယ်သမားမျိုးရိုးဖြစ်သော်လည်း စပါးပွဲစား၊ ဆန်ပွဲစားလုပ်ရာမှ ခနိုခြံလုပ်ငန်းလုပ်ကိုင်ရင်း စပါး (၅၀၀၀) ပါ တုံကင်းကြီးတစ်စီးကိုဝယ်ပြီး ငမိုးရိပ်ချောင်းအတွင်း သွားလာရောင်းဝယ်ရာမှ ကုန်သည်ပွဲစားတစ်ဦးဖြစ်လာပါသည်။ အဖေတို့၏ နှစ်ဖက်မိဘများက တောသူဌေးများဖြစ်ကြပြီး လူချမ်းသာစာရင်းဝင်များ ဖြစ်ကြသောကြောင့် သားဖြစ်သူ အဖေတို့လက်ထက်တွင် ပို၍ပြည့်စုံပြီးချမ်းသာကြွယ်ဝလာခြင်း ဖြစ်ပါသည်။

ကျွန်တော် အထက်တန်းကျောင်းသား လူပျိုပေါက်အရွယ် အသက်က (၁၆) နှစ် မိုးဦးကျခါစအချိန် ဖြစ်ပါသည်။ အဖေတို့ ကြသောင်းဝါးများ အရေးပေါ်လိုသောကြောင့် ကန်တွင်းတောသို့ ဝါးခုတ်တက်ချိန်တွင် မြို့ပေါ်တွင် ကျောင်းတက်နေသော ကျွန်တော် ကျောင်းပိတ်ရက် ရွာပြန်ချိန်နှင့်ကြုံသောကြောင့် ကျွန်တော်လည်း ရွာမှ ဝါးခုတ်လှည်းတန်းကြီးနှင့် တောတက်ရာတွင် လိုက်ပါသွားသည်။ အလွန်လည်းပျော်စရာကောင်းပါသည်။ ထိုနေ့က အဖေ၊ သူ၏မိတ်ဆွေ တောခေါင်းကြီး ဦးစံရွှေနှင့် ဌာနာအုပ် ကြီးဦးဘသာတို့အားလည်း တောပစ်ရန် ချိန်းဆိုထားသောကြောင့် သူတို့လည်း ကျွန်တော်တို့ ဆုံစည်းကြရာ ယာယီတဲစခန်းကြီးသို့ ရောက်ရှိနေကြပါသည်။

"ကိုကြိုင်၊ ဒီနေ့ နောက်ကျလှသဗျာ။ ကျုပ်တို့တောလည်ရင်တောင် တောဝက်တစ်ကောင်လောက်ကတော့ ကျိန်းသေရလောက်ပြီ"

"ဟုတ်ပ၊ တောခေါင်းကြီးနဲ့ဌာနာအုပ်ကြီးရယ် တောတက်ဖို့ မနေ့ကတည်းက စီစဉ်ထားတာ။ ဒီမနက်မှလှည်းတစ်စီးက နွားတစ်ကောင်က နေမကောင်းဖြစ်လို့ ဘက်ညီအောင် နွားကရှာရသေးတယ်လေ။ တစ်ခါလှည်းသမားတစ်ယောက်က ဖျားပြန်တာနဲ့ လူစားလဲရသေးတယ်။ ဒီနေ့တယ်အဆင်မပြေဘူးဗျာ။ ဒါကြောင့် နောက်ကျတာပါ။ သားကောင်မရလည်း မပူပါနဲ့ဗျာ၊ ကျွန်တော့်တပည့်သံချောင်းပါလာပါတယ်။ သူငါးရှာကျွေးမှာပေါ့"

"ပူတော့မပူပေါင်ဗျာ၊ ဒီလိုအချိန် မိုးဦးကျကာလမှာ ဒီတောထဲမှာ စားစရာကပေါပါ့။ မျှစ်အမျိုးမျိုးနဲ့ မှိုတွေ၊ ဖလံတောင်ပှေးနဲ့ ဇရစ်ရိုးတွေပေါ့လှသဗျာ"

"နေပါဦး၊ ဆရာတို့က ဒီနေ့သက်သတ်လွတ်ဟင်းနဲ့ ထမင်းစားမယ်လို့ ပြောနေတာလား"

"ဟဲဟဲ - သဘောပြောတာပါဗျာ။ ဒီတောထဲဝင်တာနဲ့ ဘာကောင်မှမရရင်တောင် တောကြက်နဲ့ မျောက်ညိုတွေ၊ တောဝက်တွေက ပေါမှပေါ၊ တောလည်တာနဲ့ မရမရှိစေရပါဘူး။ တောဝင်နောက်ကျတော့ ရှာရဖွေရတာအလုပ်များ ဝေးသွားရတယ်လို့ ပြောချင်တာပါဗျာ"

"ဝေးဝေးလျှောက်ရတော့လည်း ကျန်းမာရေးပေါ့ဗျာ။ ထမင်းစားချိန်ကတော့ အတူတူပါပဲ။ ကျွန်တော့်တပည့်တွေက ချက်တာပြုတ်တာလုပ်တာကိုင်တာ မြန်ပါတယ်။ ဒီနေ့တော့ တောကောင်ရတာနဲ့ သားငယ်ကို သေနတ်ကြီးပစ်သင်ပေးမလို့ဗျ။ သူက လေသေနတ်နဲ့ လေ့ကျင့်ထားတော့ (RIFLE) သေနတ်ရှည်ပစ်ခတ်နည်းကို ကျွမ်းကျင်နေပြီ။ ယမ်းသေနတ်ကြီးတွေရဲ့ တုန်ခါမှုကိုပဲ ထိန်းသိမ်းနည်းသင်ပေးရတော့မှာ"

"ရပ့ါဗျာ၊ ကျုပ်ကိုင်တဲ့ ကာဘိုင်သေနတ်က တွန်းကန်အားနည်းတော့ အရင်သင်ပေးမယ်။ ပြီးမှ ကိုကြိုင်ရဲ့ ပြောင်းချောနှစ်လုံးပြူးသေနတ်ကြီးနဲ့သင်၊ နောက်ဆုံးတော့ တောခေါင်းကြီးရဲ့ ဒသမ- ၃၀၃ ရိုင်ဖယ်သေနတ်ကြီးနဲ့ သင်ပေါ့ဗျာ။ ဒါဆို ပြည့်စုံပါပြီ။ အတိုတွေဖြစ်တဲ့ ခြောက်လုံးပြူးပစ်ခတ်နည်းကိုတော့ ကျွန်တော်အချိန်အားတဲ့နေ့မှာ သီးသန့်သင်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ သားကို ဘွဲ့ရတာနဲ့ လက်နက်ကိုင်အဖွဲ့အစည်းထဲသွင်းပေးမယ်လို့စိတ်ကူးထားတာ။ ဒါကြောင့် ယောက်ျားပီပီသေနတ်မျိုးစုံပစ်တတ်ခက်တတ်အောင် သင်ပေးချင်တာပါ"

"ရပ့ါဗျာ၊ လုပ်ပေးကြရမှာပေါ့။ ကိုကြိုင့်သားလည်း ကျုပ်တို့သားပါပဲ။ အခု လောလောဆယ်တော့ ဟင်းစားကလေးများရှာလိုက်ကြဦးစို့။ သေနတ်ပစ်အရင်သင်ရင် တောကောင်တွေလန့်ကုန်မယ်။ ဟင်းစားရမှ သင်ကြတာပေါ့"

သို့နှင့် ကျွန်တော်တို့အဖွဲ့ တောဝင်ခဲ့ကြရာ ဂုံမင်းလျှိုတောင်ကြား အဆင်း၌ပင် တောကြက်ဖတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

ကိုတွေ့၍ ကျွန်တော့်အား ဌာနအုပ်ကြီး က အကဲစမ်းသည့်အနေဖြင့် ပစ်ခိုင်းရာ ကျွန်တော် ပေ (၁၀၀) ခန့်အကွာ ဝါးရုံ ၁င်ပေါ် ကတွန်နေသော တောကြက်ဖ ကြီးကို လေသေနတ်ဖြင့် ခေါင်းကိုတစ် ချက်တည်း ပစ်လိုက်ပါသည်။

"အောက် အီး အီး၊ ဖြန်း- ဂစ်၊ ၃န်း"

တောကြက်ဖကြီး ပြုတ်ကျလာ ၁တော့ ကျွန်တော်ပြေးကောက်ပြီး ဌာနာ အုပ်ကြီးအားပေးရာ -

"အေး-သားငယ်၊ မဆိုးဘူးကွ။ ၁ဆိုးလာဘ်ဦးကောင်းသွားပြီ။ ဒီနေ့ ၁တော့ တောကောင်တွေ တထောကြီးရ ၁တော့မှာပဲ"

ဟုတ်ပါသည်၊ ဌာနာအုပ်ကြီးပြော ၁လိုပင် ဂုံမင်းလျှိုအဆင်း ဝါးရုံတော ၁ကျော်သည်နှင့် တောကောင်မျိုးစုံအသံ ကို ကျောက်တစ်လုံးရေအိုင်ဘက်မှ ကြားရတော့သည်။ ထို့ကြောင့် တော ၁ုပ်ကြီးက အချက်ပြသည်နှင့် ကျွန် ၁တ်တို့ စုဝေးရာမှ လူစုခွဲ၍ ခြေသံ ပုံလုံဖြင့် လေတင်၊ လေအောက် ရွှေ ၂ယ်ကာ တရွေ့ရွေ့ချီတက်ခဲ့ကြတော့ ၁ည်။ ရှေ့ရေအိုင်အနီးတွင် တောငှက် ပျာတောနှင့် ရေငန်းပင်များက ကာ ဦးထားသဖြင့် ရေအိုင်ကိုပင် မမြင်ရ သေးပါ။ အသံများသာကြားနေရသည်။

အနီးရောက်မှ ရေအိုင်အတွင်း ၁သာချောင်းကြည့်တော့ တောဝက် ၁ကောင် (၂၀) ခန့်အုပ်ကြီးက ရေစိမ် နပြီး တောဝက်တောင်းကြီးက ကန်စပ် ၃င် ကင်းစောင့်နေသည်။ ကန်၏ ၁နောက်ဘက်ကမ်းတွင် ချေများနှင့် ၁တ်များကလည်း အစုအဝေးဖြင့် ရေ သောက်ဆင်းလာကြသည်။ ပစ်ကွင်းက ဂ်က် (၁၀၀) အတွင်း၌သာ ဖြစ်သည်။

ကျွန်တော်၏ လေသေနတ်ဖြင့် ဘာ့ အလှမ်းမမီပါ။ ထို့ကြောင့် လူကြီး ၁း၏ သေနတ်မျိုးစုံဖြင့် ပစ်ခတ်သော ဆိုးအတွေ့အကြုံကိုသာ လုံခြုံသော ၊ကွယ်အကာမှ စောင့်ကြည့်ရန်သာ ၁ါသည်။ တောခေါင်းကြီးက သူတို့ ဆိုးချင်း နားလည်သော လက်ဟန် ခြဟန်ဖြင့် အချက်ပြသည်။ ပြီးသည် ; နေရာယူကြပြီး ပစ်ခတ်ကြတော့ ည်။

"ဒိုင်း ဒိန်း ဒိန်း၊ ဖောင်း ဖောင်း ာင်း"

သေနတ်သံများ ဆူညံသွားပြီး မ်းခိုးများ ဖုံးလွှမ်းနေရာမှ ပြယ်သွား တော့ ကန်ပေါင်ပေါ် တွင် ဝက်တောင်း ကြီးလဲနေပြီး ရေအိုင်ထဲမှ ဝက်အုပ်မှာ လေး၊ ငါးကောင်လဲပြိုနေ၏။ အနောက် ဘက်ကမ်းပေါ် မှ ချေပေါက်နှစ်ကောင် နှင့် ဆတ်တစ်ကောင်လည်း လဲကျပြီး အသက်ပျောက်နေပါတော့သည်။

သူတို့က မုဆိုးအထာနှင့် တာဝန် ခွဲဝေပစ်ခတ်ကြခြင်း ဖြစ်ပါသည်။ ဒသမ ၃၀၃ ရိုင်ဖယ်ကိုင် တောခေါင်းကြီးက အန္တရာယ်ကြီးသော တောဝက်တောင်း ကြီးကို လည်းကောင်း၊ အဖေက နှစ်လုံး ပြူးသေနတ်ကြီး၏ ဘယ်ပြောင်း၊ ညာ ပြောင်းဖြင့် ရေကန်ထဲမှ တောဝက်မ အုပ်ကို လည်းကောင်း၊ ဌာနာအုပ်ကြီးက အနောက်ဘက်ကန်စပ်မှာ ရေသောက် ဆင်းလာသော ချေနှင့် ဆတ်အုပ်ကို လည်းကောင်း အသီးသီးကိုင်ဆောင် ထားသောသေနတ်အမျိုးအစားအလိုက် ပစ်ခတ်ကြခြင်း ဖြစ်ပါသည်။

ပစ်ခတ်ပြီးမှ ဌာနာအုပ်ကြီးက ကျွန်တော့်အား -

"သေနတ်အမျိုးအစားနဲ့ သားကောင်ကို မုဆိုးလုပ်တဲ့သူက ချိန်ဆ တတ်ရတယ် သားငယ်ရဲ့။ အခု ဦးတို့ ပစ်သလိုပေါ့။ မုဆိုးချင်း နားလည်ပြီး သားဆိုတော့ ဖွင့်ဟပြောစရာမလိုဘူး။ ဦးက ကာဘိုင်ကိုင်တဲ့မုဆိုး၊ တစ်တောင့် ချင်းစီနဲ့ အတွဲလိုက်ပစ်လို့ရတယ်။ ကာဘိုင်သေနတ်ဆိုတာက ပစ်လိုက်တဲ့ ကျည်ရဲ့ယမ်းခိုးနဲ့ နောက်တစ်တောင့်က အလိုအလျောက် မောင်းတင်ပြီးသား။ တစ်တောင့်ချင်း ဆက်တိုက်ပစ်နိုင်သလို အတွဲလိုက်လည်းပစ်လို့ရတယ်။ ဒါပေ မယ့် တောကောင်ကြီးကြီးကျတော့ ကာဘိုင်သေနတ်က စိတ်မချရပြန်ဘူး။ အဲဒီအခါမှာကျတော့ ဒသမ-၃၀၃ စစ်သုံး ရိုင်ဖယ်ကြီးတွေက စိတ်ချရတယ်။ တစ်ချက်ဆိုတစ်ချက် ထိရောက်တယ်။ ဖောက်ထွင်းအားအလွန်ကောင်းတယ်။

အဲ - နှစ်လုံးပြူးရိုင်ဖယ်ကြီးတွေ ကျတော့ ဘယ်ပြောင်း၊ ညာပြောင်းရှိ တော့ (၂) ချက်ဆင့်ပစ်လို့ရတယ်။ ပြောင်းချောသေနတ်ကြီးဖြစ်ပြီး ပြောင်း အရစ်မပါဘူး။ (၆) လုံးကျည်၊ (၉) လုံး ကျည်တွေကို ကျည်မကြီးလို့ ခေါ်တယ်။ သားကောင်ကြီးတွေကိုပစ်တာ သူ့ကျည် ဆန်ခဲလုံးတွေက ပြောင်းကထွက်တာနဲ့ ပြန့်ကျဲသွားပြီး ဝေးလေကားလေပဲ။ တောကောင်အုပ်စုကို ပစ်လို့ရတယ်။ (L.G) လို့ ခေါ်တယ်။ (S.G) ဆိုတာက စရိုပ်ကျည် တောကြက်လို၊ ရေဝမ်းဘဲလို အုပ်စုလိုက် ကြက်ငှက်တွေကို ပစ်ရတာ၊ မှတ်သားနော် သားငယ်။ အဲ - ဒသမ ၃၀၃ စစ်သုံးရိုင်ဖယ်ကြီးတွေကတော့ ပြောင်းရစ်ပါတယ်။ လေးတယ်။ ယမ်း အားအလွန်ပြင်းတယ်။ထိမှန်ချက်ကောင်း တယ်။ တောကောင်ကြီးတွေပစ်နိုင် တယ်။ ကျည်ကတ်ထဲမှာ ကျည် (၁၀) တောင့်ထည့်ထားနိုင်ပြီး တစ်တောင့်ချင်း ပစ်နိုင်တယ်။ ကျွမ်းကျင်တဲ့သူတွေက တော့ တစ်တောင့်ချင်းဆက်တိုက်ပစ် နိုင်ကြတယ်"

ကျွန်တော်တို့ တောကောင် အသေများအား သေနတ်သံများကြောင့် လာရောက်သယ်ဆောင်ကြမည့် အလုပ် သမားများအား စောင့်ဆိုင်းနေကြစဉ် ကျွန်တော့်အား ယမ်းသေနတ်ကြီးများ အားအသုံးပြုပုံနှင့် လက်တွေ့ပစ်ခတ်ပုံ များအား ဌာနာအုပ်ကြီးက အသေးစိတ် သင်ကြားပြသနေခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်ကလည်း အသေးစိတ်မှတ်၍ လက်တွေ့သင်ယူရပါသည်။ လေသေ နတ်(ရိုင်ဖယ်)အရှည်ကို ပစ်ခတ်ရာတွင် ကျွမ်းကျင်သဖြင့် ယမ်းသေနတ်ကြီးများ ၏ တွန်းကန်အားကိုသာ ထိန်းနိုင်ရန် သတိထားရပါတော့သည်။

ထိုနေ့က နေ့လယ်စာကို မွန်းလွဲ (၁) နာရီခန့်မှ စားကြရသည်။ ထမင်း စားပြီးသည်နှင့် ကျွန်တော်မောမောပန်း ပန်းဖြင့် တဲစခန်းကြီးအတွင်း၌ တစ်ရေး အိပ်သည်။ ညနေချမ်းတစ်ရေးနိုးတော့ ထုံးစံအတိုင်း တဲစခန်းအနောက်ဘက် သို့ထွက်ခဲ့ပါသည်။ အဖေတို့အဖွဲ့က အရက်ဝိုင်းစရန်စီစဉ်နေကြသောကြောင့် ကျွန်တော် ပန်းကန်ပြားတစ်ချပ်တွင် တောကောင်သားဟင်းများအားစုပုံထည့် ၍ ငွေယားတောင်စေတီပျက်လေးအနီး တွင် အစောင့်အရှောက်များအား လှူ ဒါန်းကျွေးမွေးပါသည်။

ပြီးသည်နှင့် ပြုနေကျအတိုင်း ငွေယားပြားများအား ပန်းကန်ပြားပုံ လွှတ်တမ်း ကစားတော့သည်။ ငွေယား ပြားများမှာ တောအနှံ့တောင်အနှံ့ ပျံဝဲ ၍ ကျသွားကြတော့သည်။ တစ်နာရီခန့် ကစားပြီး ချွေးစို့မှ တဲစခန်းသို့ပြန်ပြီး ခေတ္တနား ရေအဝသောက်ပြီး ရေချိုး ဆင်းသွားသည်။ ရေချိုးပြီးတော့လည်း အဝတ်အစားလဲ ညစာစောစောစားကာ အိပ်ရာဝင်ခဲ့ပါတော့သည်။

အိပ်ပျော်သည်နှင့် အိပ်မက်မက် တော့သည်။ အိပ်မက်ထဲ၌ ကျွန်တော် ငွေယားတောင်စေတီပျက်ကလေးအနီး



www.burmeseclassic.com

www.burmeseclassic.com

ငွေယားပုံကြီးများရှေ့တွင် ရောက်ရှိနေစဉ် အနောက်ဘက်မှ ခြေသံကြားသဖြင့် လှမ်းကြည့်တော့ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးတစ်ဦးကို တွေ့ရသည်။ အဘိုးက ကျွန်တော်ကိုတွေ့သည်နှင့် နှစ်လိုဖွယ် ရာပြုံးပြီး -

"ငါ့မြေး၊ ငွေပြားတွေနဲ့ ကစားတော့မလို့လား"

"ဟုတ်ပါတယ် အဘိုး"

"ငွေပြားတွေနဲ့ကစားရတာ ပျော်ရဲ့လားကွယ့်"

"ဟုတ်ကဲ့ - ပျော်ပါတယ် အဘိုး။ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သလိုလည်း ဖြစ်လို့ ဟန်ကျပါတယ် အဘိုး"

"အေးကွယ့်၊ ငွေပြားတွေက ငါ့မြေးကစားပြီး နောက်နေ့တွေမှာ ပြန်ပြန်ရောက်နေတာကိုကော ငါ့မြေးမအံ့သြဘူးလား"

"ကျွန်တော်သတိထားမိပါတယ် အဘိုး။ သိုက်စောင့်တွေက ပြန်သိမ်းပေးတာဖြစ်မှာပေါ့။ ဒါကြောင့်လည်း ကျွန်တော်က အစောင့်တွေကို အပေါင်းအသင်းလုပ်ပြီး တတ်နိုင်သမျှ မုန့်တွေနဲ့ စားစရာတွေ ပြန်ပြီးကျွေးတာပါ"

"အေးကွယ့်၊ ငါ့မြေးကသိတတ်ပါတယ်။ ဒါကြောင့်လည်း ယက္ခညီနောင်ကငြိမ်နေတာ။ သူတို့ခမျာ ငါ့မြေး ငွေပြားတွေကို ပစ်လွှတ်ကစားပြီးတာနဲ့ သူတို့တပည့်တွေနဲ့ တစ်ညလုံး ပြန်ကောက်ပြီးပြန်စုရတာကွယ့်"

"ဟာ - အဲဒါဆိုရင် အတော်ပင်ပန်းမှာပဲ။ နောက်ဆို ကျွန်တော် မကစားတော့ပါဘူး။ ယက္ခညီနောင်ကိုလည်း တောင်းပန်ပေးပါ အဘိုး"

"ရပါတယ်ကွယ်၊ ငါ့မြေးတို့က တစ်ခါတလေမှ လာကြတာပဲ။ ငါ့မြေး ဆက်ကစားပါ။ အဘိုး သူတို့ကို ပြောထားပါတယ်"

"ဟုတ်ကဲ့ပါ အဘိုး၊ ကျေးဇူးတင်ပါတယ်"

"ကဲ - ဒါဆို၊ ငါ့မြေး အဘိုးနဲ့ ငွေယားတောင်သိုက်အထဲကို လိုက်လည်ပေတော့။ ငါ့မြေးကို မင်းအစ်မတော်တွေက စောင့်မျှော်နေကြတယ်။ မြန်မာမုန့်မျိုးစုံကိုလည်းကျွေးကြမလို့တဲ့"

"ဪ - ဟုတ်ကဲ့ပါ အဘိုး၊ ကျွန်တော်လိုက်ခဲ့ပါ့မယ်"

ငွေယားတောင်သိုက်နန်းမှာ အဝေးကြီးသွားရခြင်းမဟုတ်။ ငွေယားပုံကြီးများရှိသည့်အပေါ် ကုန်းမြင့်မှ အောက်ဘက်လျှိုထဲသို့ဆင်းလိုက်သည်နှင့်ရောက်



သည်။ ချုံနွယ်များ ဖုံးအုပ်နေသည့် လျှို့ဝှက်ဝင်ပေါက်မှဝင်ကြသည်နှင့် ဂူအတွင်း သပ္ပာယ်စွာ ပူဇော်ထားသော ဘုရားခန်းကြီးတစ်ခုအထဲသို့ ရောက်သည်။ ခန်းမကြီးတစ်ခုလုံး လင်းထိန်နေပြီး ရွှေဘုရားရုပ်ပွားတော်တစ်ဆူအား ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံ၊ မြန်မာမုန့်မျိုးစုံဖြင့် တင်လျှူပူဇော်ထားရာ တစ်ခန်းလုံးလည်း မွှေးကြိုင်နေပါသည်။ ကျွန်တော် အဘိုးနှင့်အတူထိုင်ကန်တော့ကြသည်။ ပြီးမှ အဘိုးက အတွင်းခန်းသို့ ဝင်သည်။ ဥမင်စကြံအခန်းအဝတွင် ဆင်စွယ်(၂) ချောင်းဖြင့် ချိတ်ဆွဲထားသော ရွှေမောင်းကလေးကို မောင်းထုဘုကလေးဖြင့် (၃) ချက်ထုလိုက်ပါသည်။

"ဒူ. . . ဒူ. . . . ဒူ"

အတွင်းခန်းမှ ထိုင်မသိမ်းအကျႌ ကိုယ်စီဖြင့် မင်းသမီးလိုဝတ်စားထားကြသော ညီအစ်မ (၃) ဖော်ထွက်၍ ကြိုဆိုသည်။ အဘိုးကတော့ ဘုရားခန်းတွင် ကျန်ခဲ့ပြီး ကျွန်တော့်အား စင်္ကြံလမ်းအတိုင်း ခေါ်ဆောင်သွားရာ ဖွင့်ထားသောအခန်းတိုင်းတွင် ရွှေတုံးရွှေခဲများနှင့် ရတနာသေတ္တာများကို စနစ်တကျ ပုံထားသည်။ အချို့အခန်းများ၌ လက်ဝတ်ရတနာများနှင့် ရွှေဒင်္ဂါးပြားများက ရာဇဝင်စဉ့်အိုးကြီးများအထဲမှ အပြင်သို့ပင် လျှံကျနေသည်။ အခန်းတစ်ခုအထဲ၌တော့ ကျွန်တော်မကြာခဏကိုင်တွယ်ဆော့ကစားလေ့ရှိသော ငွေပြား၊ငွေခွက်များအရွယ် ရွှေပြား၊ ရွှေခွက်များဖြစ်ကြသည်။အခန်းနှင့်ပင်မဆံ့ဘဲ အပေါ် ခေါင်မိုးသို့ပင် ထိုးဖောက်ပြီး အပြင်သို့ပင် ထွက်ပြူနေသည်။ အခန်းတိုင်းတွင် မည်သည့်နေရာက အလင်းရောင်ရသည်မသိ။ အခန်းများအတွင်း၌ လင်းထိန်နေသည်။ အစောင့်အကြပ်ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိပါ။

အခန်းများဆုံးတော့မှ ကျွန်တော့်အား သူမတို့နားနေသောအခန်းတစ်ခုအတွင်းသို့ ခေါ်သွားသည်။ အခန်းမကြီးအထဲရှိ ကျောက်စီစားပွဲဝိုင်းကြီးပေါ် တွင် အငွေ့တလူလူဖြင့် မြန်မာမုန့်မျိုးစုံထည့်၍ ခင်းကျင်းထားသော ရွှေပန်းကန်၊ ငွေပန်းကန်တို့ကို အစီအရီတွေ့ရသည်။ အမျိုးသမီးငယ်တစ်ဦးက အသင့်စောင့်ကြိုနေပါသည်။

ကျွန်တော့်အား ကျွေးမွေးသော မုန့်များမှာ တောရွာလုပ်မြန်မာမုန့်စစ်စစ်များပုံစံဖြစ်ကြပါသည်။ ကျွန်တော်ကလည်း အားရပါးရစားသည်။ ညီအစ်မလေးဖော်က ပြုံးရွှင်စွာ ဝိုင်းကြည့်နေကြပြီး ဖော်ရွေစွာဧည့်ခံပါသည်။ ကျွန်တော် မြန်မာမုန့်များစားပြီးတော့ ညီအစ်မလေးဖော်က သီးနှံမျိုးစုံဖြင့် ဧည့်ခံပြန်သည်။ ကျွန်တော် သဘောကျသည်က တကယ့်ရွှေရောင်အခွံနှင့် ရွှေငှက်ပျောသီး၊ ငွေရောင်အခွံနှင့် ငွေငှက်ပျောသီးများဖြစ်ကြပါသည်။ ချိုအေးပြီး မွှေးနေသည်။ ကျွန်တော် စားသောက်၍ပြီးလောက်သောအချိန်တွင် ရှေ့ဝင်ပေါက်ဘက်မှ ရွှေမောင်းသံ (၃) ချက်ကို ကြားရပြန်သည်။

"ဒူ. . . ဒူ. . . ဒူ. . ."

စင်္ကြံလမ်းထိပ် ဘုရားခန်းအဝတွင် အဘိုးက ကျွန်တော့်အား ဆီးကြိုသည်။ ကျွန်တော် ရွှေဘုရားအား ဦး(၃) ကြိမ်ချရှိခိုး၍ ပြန်ခဲ့ပါတော့သည်။

ကျွန်တော် အိပ်မက်မှ လန့်နိုးတော့ ဗိုက်က တကယ်ပင်ပြည့်တင်းနေသည်။ ကျွန်တော် အဘိုးနှင့်အစ်မတော်များကို မျက်စိထဲ၌ အထင်အရှား ကွင်းကွင်းကွက်ကွက်ပြန်မြင်နေပါသည်။ ကျွန်တော် ငွေယားတောင်သိုက်နန်းအတွင်း တကယ်ပင်ရောက်ရှိခဲ့သလို ခံစားနေမိပါတော့သည်။ ထူးခြားဆန်းကြယ်သောအိပ်မက်ဖြစ်ပါသည်။

ထို့နောက်ပိုင်း တော်လှန်ရေးအစိုးရတက်ပြီး ၁၉၆၂ ခုနှစ်အချိန်တွင် ငွေယားပုံကြီးများ အလိုအလျောက် ပျောက်ကွယ်သွားပါတော့သည်။ ယခုအခါတွင် မင်္ဂလာဒုံမြို့ အလွန် ပျဉ်းမပင် အစိုးရ ကြက်မွေးမြူရေးခြံမရောက်မီ လှော်ကားကန်အဝင်ဝအနီးတွင် ငွေယားတောင်မှတ်တိုင်လေးကို ရန်ကုန်-ပြည်သွား ကားလမ်းမကြီးအနီးတွင် အထင်အရှားတွေ့နိုင်ပါသေးသည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်ဗေဒပညာနယ်မှ ⊙ အစွမ်းထက်သောဓာတ်ယတြာများ

ဦးကြည်ဝင်း(ရွှေဝင်)ရေးသော

နေ့နံသား တစ်ဦးချင်းစီအတွက် ရာသက်ပန် ခိုင်လုံသော၊ အစွမ်းထက်၍ လွယ်ကူသောယတြာများကို ဆက်လက်ရေးသားပါမည်။ ကိုယ်ပိုင်အဖြစ် စဉ်းစားချင့်ချိန်၍အသုံးပြုနိုင်ပါသည်။

ယခုဖော်ပြမည့် ယတြာပညာရပ်ကို ကျမ်းရင်းတွင် မိတ်ကို ဓာတ်ဆင်သော မိတ်ဓာတ်ဟု ဖော်ပြထားပါသည်။ ဤယတြာအခန်းကိုမရေးသားမီ စာဖတ်သူသည် နေ့သားတစ်ဦး၏ 'အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း' ဟူသော အပြင်မိတ်နှင့် 'အနွှော၊ ဂဗ္ဗော၊ စရေဝံသေ' ဟူသော ဓာတ်မိတ်တို့ကိုသိထားရပါမည်။

အပြင်မိတ်၊ ဓာတ်မိတ်နှင့် ဓာတ်တွဲ ဓာတ်တွဲနံသားတို့ကို ဇယား(၁) ဖြင့် ဖော်ပြပါထားပါသည်။

ဖော်ပြပါ ဇယား(၁) ကို အသုံးမပြုမီ နေ့သားတစ်ဦးအတွက် မိတ်နေ့မဟုတ်သော်လည်း ထိုနေ့ရဲ့ အခါတစ်ချိန်ချိန်သည် မိတ်ဖြစ်နိုင်သည်ကို သိရပါမည်။

ဇယား(၁)

| မူလနံသား | အပြင်မိတ် | ဓာတ်မိတ် | ဓာတ်တွဲ | ဓာတ်တွဲနံသား |
|---|---|---|---|---|
| ၁ | ၅ | ၀ | (၅+၀) | ပိတောက် |
| ၂ | ၄ | ၅ | (၄+၅) | လက်ပံ |
| ၃ | ၆ | ၈ | (၆+၈) | ဆစ်ရာ |
| ၄ | ၂ | ၆ | (၂+၆) | ကသစ် |
| ၅ | ၁ | ၂ | (၁+၂) | အင်ကြင်း |
| ၆ | ၃ | ၄ | (၃+၄) | ဆူးလေ |
| ၀ | ၈ | ၁ | (၈+၁) | ရေအိုး |
| ၈ | ၀ | ၃ | (၀+၃) | နှင်းဆီ |

ဇယား (၂) မှာ နံနက် (၆:၀၀) နာရီမှ ညနေ (၆:၀၀)နာရီထိ သတ်မှတ်ထားရာ အခါတစ်ခုလျှင် (၁:၃၀) နာရီ မိနစ်(၉၀)ရှိပါသည်။

ညအခါကိုလည်း ညနေ(၆:၀၀) နာရီမှ နံနက်(၆:၀၀) နာရီအထိ (၈) ခါ သတ်မှတ်၏။ တစ်ရက်ကို (၁၆) ခါစနစ်ဖြင့် ပိုင်းခြားထားခြင်းဖြစ်ပါသည်။

တနင်္ဂနွေနေ့ကို ဥပမာထား၍ ဖော်ပြပါမည်။

- တနင်္ဂနွေနေ့ နံနက် (၆:၀၀) နာရီ မှ (၇:၃၀)နာရီအထိ (၁) တနင်္ဂနွေအခါဟု သတ်မှတ်ပါသည်။
- ထိုတနင်္ဂနွေပထမအခါသည် ၅တေးသားအတွက် (အောင် ပ) (၁+၅) မိတ်အခါဖြစ်သည်။
- ဒုတိယသောကြာအခါသည် ၃ဂါသားအတွက် (ဆွေသား) (၃+၆) မိတ်အခါဖြစ်သည်။
- တတိယဗုဒ္ဓဟူးအခါသည် ၂လာသားအတွက် (ကုလား) (၂+၄)မိတ်အခါဖြစ်သည်။
- စတုတ္ထ၂လာအခါသည် ၄ဟူးသားအတွက် (ကုလား) (၂+၄)မိတ်အခါဖြစ်သည်။
- ပဉ္စမစနေအခါသည် ရာဟု (ဗုဒ္ဓဟူး) သားအတွက် (တော်ရင်း) (၀+၈) မိတ်အခါဖြစ်သည်။

ဇယား(၂)

မာနေ့စဉ်အခါ(၈)ပါးသတ်မှတ်ချက် ၁
(အခါတစ်ခုတွင် ၁နာရီ ၃၀မိနစ်နှုန်း)

| နေ့အမည် | နံနက်၆:၀၀မှ နံနက်၇:၃၀ | နံနက်၇:၃၀မှ နံနက်၉:၀၀ | နံနက်၉:၀၀မှ နံနက်၁၀:၃၀ | နံနက်၁၀:၃၀မှ မွန်းတည့်၁၂:၀၀ | မွန်းတည့်မှ မွန်းလွဲ၁:၃၀ | မွန်းလွဲ၁:၃၀မှ မွန်းလွဲ၃:၀၀ | မွန်းလွဲ၃:၀၀မှ မွန်းလွဲ၄:၃၀ | မွန်းလွဲ၄:၃၀မှ နေဝင်၆:၀၀ |
|---|---|---|---|---|---|---|---|---|
| | ပထမအခါ | ဒုတိယအခါ | တတိယအခါ | စတုတ္ထအခါ | ပဉ္စမအခါ | ဆဋ္ဌမအခါ | သတ္တမအခါ | အဋ္ဌမအခါ |
| ၁ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| ၂ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| ၃ | ၃ | ၁ | ၆ | ၄ | ၂ | ၁ | ၅ | ၃ |
| ၄ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ၅ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| ၆ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| ၀ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၄ |



www.burmeseclassic.com

www.burmeseclassic.com

- ဆဋ္ဌမ ၅တေးအခါသည် တနင်္ဂနွေသားအတွက် (အောင်ပ) (၁+၅)မိတ်အခါဖြစ်သည်။

- သတ္တမအင်္ဂါအခါသည် ၆ ကြာသားအတွက် (ဆွေသား) (၃+၆) မိတ်အခါဖြစ်သည်။

-အဋ္ဌမတနင်္ဂနွေအခါသည် ၅တေးသားအတွက် (အောင်ပ) (၁+၅) မိတ်အခါဖြစ်သည်။

ကျန်သောနေ့များကိုလည်း ဤသို့ ခွဲခြားစိစစ်အသုံးပြုနိုင်ပါသည်။

ဥပမာ တနင်္ဂနွေသားတစ်ဦးသည် မိတ်ဖြစ်သော ၅တေးအခါကို ကြာသပတေးနေ့အထိစောင့်ရန်မလိုဘဲ တနင်္ဂနွေနေ့၏ ဆဋ္ဌမအခါ မွန်းလွဲ(၁း၃၀)နာရီမှ (၃း၀၀) နာရီအတွင်း ဆောင်ရွက်ရန်ရှိသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

ဤရှင်းလင်းချက်ဖြင့် 'နေ့'ဟူသော သတ်မှတ်ချက်နှင့် 'အခါ' ဟူသောသတ်မှတ်ချက်များကို ရှင်းလင်းစွာ နားလည်မည်ဟု ယူဆပါသည်။

အမှတ် (၁) ဇယားကို အခြေခံ၍ ယတြာများကို ရေးသားပါမည်။

**(၁) စီးပွားရေးကောင်းမွန်၍ လိုရာဆန္ဒပြည့်ဝရန်**

တနင်္ဂနွေသားသမီးတစ်ဦးသည် ကြာသပတေး ဟူသော မိတ်အခါတွင် ဓာတ်မိတ် စနေနံ ပစ္စည်း ဒေါနပန်း၊ ဒန်းပန်း၊ နွားနို့တို့ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့ပြီး လိုရာဆုကိုတောင်းနိုင်ပါသည်။

တနင်္လာသားသမီးတစ်ဦးသည် ဗုဒ္ဓဟူးဟူသောမိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော မေမြို့ပန်း၊ ပေါင်မုန့်တို့ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့၊ အမျှဝေပြီး လိုရာဆုကို တောင်းနိုင်ပါသည်။

အင်္ဂါသားသမီးတစ်ဦးသည် သောကြာဟူသောမိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော ယာဂုဆွမ်းကို ဘုရားရှင်အားလှူဒါန်း၍ သတ္တဝါများအားမေတ္တာပို့၊ အမျှဝေပြီး လိုရာဆုကိုတောင်းနိုင်ပါသည်။

ဗုဒ္ဓဟူးသားသမီးတစ်ဦးသည် တနင်္လာ ဟူသော မိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော သီးညွန့်၊ သင်္ဘောသီးတို့ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့ အမျှဝေပြီး လိုရာဆုကိုတောင်းနိုင်ပါသည်။

ကြာသပတေးသားသမီးတစ်ဦးသည် တနင်္ဂနွေ ဟူသော မိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော ကံ့ကော်ညွန့် (သို့) ကြံပန်းခိုင်တို့ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့၊ အမျှဝေပြီး လိုရာဆုကိုတောင်းနိုင်ပါသည်။

သောကြာသားသမီးတစ်ဦးသည် အင်္ဂါဟူသောမိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော လသာပန်း(သို့)ရွက်လှပန်းတို့ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့၊ အမျှဝေပြီး လိုရာဆုကိုတောင်းနိုင်ပါသည်။

စနေသားသမီးတစ်ဦးသည် ဗုဒ္ဓဟူး (နေ့လယ်ပိုင်း) ဟူသော မိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော အုန်းညွန့်ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့၊ အမျှဝေပြီး လိုရာဆုကို တောင်းနိုင်ပါသည်။

ရာဟုသားသမီး (ဗုဒ္ဓဟူးနေ့လယ်ပိုင်း) ဖွားသားသမီးတစ်ဦးသည် စနေဟူသောမိတ်အခါတွင် ဓာတ်မိတ်ဖြစ်သော ဇွန်ညွန့် (သို့) စံပယ်ပန်းတို့ကို ဘုရားရှင်အား လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့၊ အမျှဝေပြီး လိုရာဆုကို တောင်းနိုင်ပါသည်။

ဤအပြင် မိတ်နှင့် ဓာတ်မိတ်တို့ကို အသုံးပြု၍ ပစ္စည်းပျောက်ရှာယတြာကိုလည်းပြုလုပ်နိုင်ပါသည်။

ပျောက်ဆုံးသောပစ္စည်း၏ မိတ်ဖက် နံသင့်ပစ္စည်းတစ်ခုခုကို ဓာတ်မိတ်ကျသောဘုရားမှာ ပျောက်သောနံပစ္စည်း ပဉ္စပွတ် (နဝင်း) ကျသောအခါ၌ လှူဒါန်း၍ သတ္တဝါများအား မေတ္တာပို့ပြီး ပျောက်သောပစ္စည်းပြန်ရရပါလို၏ဟု ဆုတောင်းပါ။ အမျှဝေပါ။

- ပျောက်သောပစ္စည်းနံအလိုက် မည်ကဲ့သို့လှူဒါန်းရမည်ကို ဖော်ပြထားပါသည်။

အပြင်မိတ်နှင့် ဓာတ်မိတ်တို့ကို အသုံးပြု၍ ယတြာအမျိုးမျိုးပြုလုပ်နိုင်ပုံကို တနင်္ဂနွေနံအား ဥပမာထား၍ ဖော်ပြပါဦးမည်။

၁။ မည်သည့် နေ့သားမဆိုက တနင်္ဂနွေနံပစ္စည်း ရယူလိုပါက ၁ နွေနှင့် မိတ်ဖြစ်သော ၅တေးနေ့ (သို့) ၅တေးအခါတွင် မိတ်ဓာတ်အတွဲဖြစ်သော ပိတောက်ပန်းကို ဘုရားရှင်အား ကပ်လှူ၍ ဆုတောင်းရန်ဖြစ်ပါသည်။

၂။ တနင်္ဂနွေသားသမီးတစ်ဦး ခရီးမှပြန်မရောက်လေဘဲဖြစ်နေသော် တနင်္ဂနွေ၏မိတ်ကျသော ၅တေးနေ့(သို့)ဘယ်နေ့မဆို ၅တေးအခါတွင် မိတ်ဓာတ်စနေနံပစ္စည်းအားကပ်လှူ၍ တနင်္ဂနွေသားသမီးပြန်လာပါစေရန် ဆုတောင်းနိုင်ပါသည်။

၃။ ရပ်ဝေးမြေခြားနေသူများအတွက် ထိုနေ့သားသမီးများ၏ မိတ်ဖြစ်သောနေ့နှင့် မိတ်အခါကို ရွေးချယ်၍ ဓာတ်မိတ်ပစ္စည်းများကို ဘုရားရှင်အား လှူဒါန်းပြီး ရပ်ဝေးမြေခြားနေသူများ ကျန်းမာပါစေ၊ အလုပ်အကိုင် အကြံအစည်များပွင့်လန်းပါစေ၊ အန္တရာယ်များ ကင်းရှင်းပါစေဟု မိဘနှင့် ဦးကြီး၊ ဦးလေးများက ဆုတောင်းနိုင်ပါသည်။

၄။ မည်သည့်နေ့သားသမီးမဆို တနင်္ဂနွေသားသမီးတစ်ဦးနှင့် အဆင်မပြေဖြစ်နေပါက တနင်္ဂနွေသားသမီး၏ မိတ်ဖြစ်သော (အောင်ပ) (၁+၅) ကြာသပတေးမိတ်အခါတွင် ကြာသပတေးနံပစ္စည်းကို လှူဒါန်း၍ မိမိနှင့် အဆင်မပြေသူများ၏မျက်နှာကို အာရုံပြု၍ မေတ္တာပို့ပေးပါ။ မကြာမီ တနင်္ဂနွေသားသမီးသည် စိတ်ဓာတ်ပြောင်းလျက် မိမိကိုခင်မင်လာပါလိမ့်မည်။

၅။ မိမိတွင် ရရန်ကြွေးများမရဘဲ ကြန့်ကြာနေပါက ၂လ်ာနံကို အဓိကထား၍ ၂လ်ာ၏မိတ်ဖြစ်သော ၄ဟူးအခါတွင် ၂လ်ာ၏ဓာတ်ဘက်ဖြစ်သော ၅ တေးနံပစ္စည်းကိုလှူဒါန်း၍ ရရန်ကြွေး

| ပျောက်သောနံ | လှူမည့်မိတ်နံ | လှူရမည့်ဓာတ်ဘုရား | လှူရမည့်အခါ |
|---|---|---|---|
| ၁ | မေမြို့ပန်း | စနေနံ | ၄ဟူး |
| ၂ | ရွက်လှပန်း | ၅တေးနံ | ၅တေး |
| ၃ | သီးညွန့် | ရာဟုနံ | ၆ကြာ |
| ၄ | ကံ့ကော်ညွန့် | သောကြာနံ | စနေ |
| ၅ | အုန်းညွန့် | ၂လ်ာနံ | ၁နွေ |
| ၆ | ဇွန်ပန်း | ၄ဟူးနံ | ၂လ်ာ |
| ၀ | ယင်းမာပန်း | ၁နွေနံ | ၃ဂါ |



www.burmeseclassic.com

www.burmeseclassic.com

များပြန်ရပါစေကြောင်း ဆုတောင်းပါ။

၆။ မိမိမှလည်း ဆပ်ရန်အကြွေးများပေးဆပ်ရန် အခက်အခဲရှိပါကလည်း ၂လ်ာမိတ်၊ ၄ဟူးအခါတွင် ၅တေးနံဓာတ်မိတ်ပစ္စည်းကို လှူဒါန်း၍ ပေးရန်အကြွေးများ ပေးဆပ်နိုင်ပါစေလို၏ဟု ဆုတောင်းပါ။

၇။ အိမ်ထောင်ရေးတွင် မိမိလင်သားသည် အငယ်အနှောင်းယူ၍ တစ်ခြားတစ်ပါးတွင်ရောက်နေပါက မိမိလင်သား၏မွေးနံနှင့် မိတ်ကျသောနေ့ (သို့) မိတ်ကျသောအခါတွင် မိမိလင်သား၏ ဓာတ်မိတ်ပစ္စည်းကို ဘုရားရှင်အား လှူဒါန်း၍ မိမိလင်သားအိမ်သို့ပြန်လာပါစေကြောင်း ဆုတောင်းပါ။

၈။ စာမေးပွဲဖြေမည့်သူ၊ အလုပ်အကိုင် လျှောက်ထားမည့်သူများသည်လည်း မိမိနေ့နံ၏မိတ်နေ့(သို့) မိတ်အခါတွင် ဓာတ်မိတ်ပစ္စည်းများကို ဘုရားရှင်အားလှူဒါန်း၍ မိမိ၏ကိစ္စအောင်မြင်ပါစေကြောင်း ဆုတောင်းနိုင်ပါသည်။

ဤမိတ်ဓာတ်နှစ်ပါးကို အခြေခံလျက် အမည်ပေးမှုများကိုလည်း အသုံးပြုနိုင်ပါသည်။

တနင်္ဂနွေသားကို (၅+၀) မင်းဒင်
တနင်္လာသားကို (၄+၅) ဝေဖြိုး
အင်္ဂါသားကို (၆+၄) သက်ရှည်
ဗုဒ္ဓဟူးသားကို (၂+၆) ကျော်ဟိန်း
ကြာသပတေးသား (၁+၂) အေးကျော်

ဆရာတစ်ဦး၏ ဩဝါဒအရ -
ပင်းယကြီးအတည့် -
'ကျော်အေး' ဟူ၍လည်း ညွှန်ပြထားသည်။

သောကြာသားကို (၃+၄) စိန်ဝင်း (၄+၃) ဝင်းစိန်လည်း ကောင်းပါသည်။

စနေသားကို (၈+၁) ရွှေအောင်
ရာဟုသားကို (၀+၃) ထွန်းဖော်

ယတြာများကို ပြုလုပ်ရာတွင် စရဏအကျင့်တရားမပါသော ယတြာများသည် အစွမ်းထက်သင့်သလောက် မထက်မြက်ပါ။ သို့ပါ၍ ယတြာပြုလုပ်မည့်သူသည် မိမိထိန်းသိမ်းထားသော အကျင့်စရဏ သီလတရားတစ်ခုခုကို စောင့်ထိန်းကြောင်း အဓိဋ္ဌာန်ပြု၍ ယတြာများကို ပြုလုပ်သင့်ကြောင်းကိုလည်း မှာကြားလိုက်ပါသည်။

ယတြာပြုလုပ်သောအခါ ဓာတ်ပန်း - ဓာတ်သားတို့ကို ဆန်ဂိုဏ်းဖြင့် ရွေးချယ်ခြင်းပြုရပါသည်။ ဤဆောင်းပါးတွင် ဓာတ်သား-ဓာတ်ပန်းရွေးချယ်ရန် အကျဉ်းကိုဖော်ပြပါမည်။ အကျယ်သိလိုသူများသည် ဆန်းဂိုဏ်းနာမည်ရွေးချယ်ခြင်းကို သီးခြားလေ့လာရန်ဖြစ်ပါသည်။

ရှေးဦးစွာ အသံ၊ အတိုအရှည်ကို သိထားရပါမည်။ 'အ၊ ဣ၊ ဥ'တို့သည် အသံတိုဖြစ်၍ ကျန်သောအသံများသည် အသံရှည်များဖြစ်ကြပါသည်။

သို့ပါ၍ -
(အ) (ဣ) (ဥ)
(မ) (မိ) (မု)
(စ) (စိ) (စု)

စသည်တို့သည် အသံတိုများဖြစ်ကြ၏။ အမည်များကို သုံးလုံးကို တစ်ဂိုဏ်းယူ၍ (၆) လုံးကို (၂) ဂိုဏ်းယူပါသည်။

အမည်သည် (၂) လုံးဖြစ်နေလျှင် (၁) လုံးပြည့်ယူရပါသည်။ ဥပမာ မောင်ညိုအေး(၂)လုံးမြင်နေ၍ (၁) လုံးတိုးယူ။

မောင်ညိုအေး + အေး

အမည်(၄)လုံးဖြစ်နေလျှင် နောက်ဆုံးအလုံးကိုဖယ်ရပါသည်။

ဥပမာ မောင်ဝေယံခန့်ကျော် (၄) လုံးဖြစ်၍ နောက်ဆုံးတစ်လုံးပယ်။

မောင်ဝေယံခန့် (ကျော်) ကိုပယ် (၃)လုံး(၁)ဂိုဏ်း။

အမည်သည် (၁) လုံးတည်းဖြစ်နေလျှင် (၂) လုံး ထပ်ဖြည့်ရပါမည်။

ဥပမာ ကိုအေးတစ်လုံးတည်းဖြစ်၍ (၂) လုံး ထပ်ပေါင်းပါ။

ထို့ကြောင့် ကိုအေး+အေး+အေး (၃)လုံး(၁)ဂိုဏ်း။

အမည်သည် (၅) လုံးဖြစ်နေပါလျှင် ရှေ့ (၁) လုံးပယ် နောက် (၁)လုံးပယ်။

ဥပမာ မြမန်းမေမျိုးမြတ် (၅) လုံးဖြစ်နေ၍ ရှေ့တစ်လုံးပယ်၊ နောက်တစ်လုံးပယ်။

သို့ပါ၍ မန်းမေမျိုး (၃)လုံး(၁) ဂိုဏ်း။

မောင်သန်းလွင်အေး ရှည်+ရှည်+ရှည်
မနုနုမော် တို+ တို+ ရှည်
မလင်းပပ ရှည်+ တို+ တို
ဆင့်ဆင့်သိန်း တို+ တို+ ရှည်

အောက်မြင့်သံ၊ ဟထိုးသံတို့သည် သံတိုများဖြစ်ကြပါသည်။

ဤမျှဆိုလျှင် အသံကိုရှည်ဟူပုံကို သိလွယ်လောက်ပြီဟု ယူဆရပါသည်။

လူအမည်လုပ်ငန်းအမည်အသုံးပြုမည့် ဓာတ်သား၊ ဓာတ်ပန်းအမည်အမျိုးမျိုးကို အမည်သုံးလုံးအရ (အသံတိုရှည်) အရ ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ကြည့်ရှုရန် ဇယားဖြင့်ဖော်ပြထားမည်။

အသံအတိုအရှည်အရ ကောင်းကျိုး ဆိုးကျိုးဖော်ပြချက်ဇယား
ဇယား(၃)

| သံတို+သံရှည် | (၇)နေ့နံစဉ် | | | | | | | |
|---|---|---|---|---|---|---|---|---|
| အမည်(၃)လုံး | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၅တေး | ၆ကြာ | ၈နေ | မှတ်ချက် |
| ရှည်+ရှည်+ရှည် | ၃ | (၆) | ၂ | (၅) | ၁ | (၄) | (၀) | မ ဂိုဏ်း |
| တို+တို+တို | ၁ | (၄) | (၀) | ၃ | (၆) | ၂ | (၅) | န ဂိုဏ်း |
| ရှည်+တို+တို | (၄) | (၀) | ၃ | (၆) | ၂ | (၅) | ၁ | ဘ ဂိုဏ်း |
| တို+ရှည်+ရှည် | ၃ | (၆) | ၂ | (၅) | ၁ | (၄) | (၀) | ယ ဂိုဏ်း |
| တို+ရှည်+တို | (၆) | ၂ | (၅) | ၁ | (၄) | (၀) | ၃ | ဇ ဂိုဏ်း |
| တို+တို+ရှည် | (၀) | ၃ | (၆) | ၂ | (၅) | ၁ | (၄) | သ ဂိုဏ်း |
| ရှည်+တို+ရှည် | ၂ | (၅) | ၁ | (၄) | (၀) | ၃ | (၆) | ရ ဂိုဏ်း |
| ရှည်+ရှည်+တို | (၅) | ၁ | (၄) | (၀) | ၃ | (၆) | ၂ | တ ဂိုဏ်း |

www.burmeseclassic.com

www.burmeseclassic.com

# ကြ္ကသရမှုလီအရွက် ကင်ဆာရောဂါတကယ်ပျောက်သလား

မြန်မာ့တိုင်းရင်းဆေးပင်တစ်မျိုးဖြစ်သော ကြ္ကသရမှုလီပင်မှ အရွက်ကို သဘာဝအတိုင်း တစ်နေ့လျှင် (၄)၊ (၅) ရွက်စားပေးခြင်းဖြင့် မြစ်ပွားနာခေါ် ကင်ဆာရောဂါအမျိုးမျိုး ပျောက်ကင်းသည်ဟုသတင်းများထွက်လာပြီးနောက် ကင်ဆာရောဂါဝေဒနာရှင်များ စိတ်ဝင်စားမှုရှိလာကြ၏။ တချို့မှာ လက်တွေ့စားသုံးခြင်းပင်ပြုနေကြပြီ ဖြစ်၏။ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ လည်ချောင်း၊ အူမကြီး၊ ရင်သား၊ ခံတွင်း၊ စအို စသည့် ကင်ဆာရောဂါဖြစ်သည်ဟု သိလိုက်ရသည်နှင့် ဝေဒနာရှင်အပါအဝင် မိဘဆွေမျိုးသားချင်းတို့ စိုးရိမ်ကြောက်လန့်ကြစမြဲ ဖြစ်သည်။ အထူးသဖြင့် ကာယကံရှင်ဖြစ်သူ လူနာတိုင်း စိတ်ကျ၊ ချောက်ချားခြင်းကိုပါ ပူးတွဲခံစားလာရပြီး ရောဂါဖြစ်နေစဉ် မသိရှိသေးခင်က အစားမပျက်၊ အသောက်မပျက်၊ အအိပ်မပျက်ကြသော်လည်း ရောဂါကို သိပြီးသည့်နောက် စားမဝင်အိပ်မပျော်ကြတော့ပါ။ ဘာကင်ဆာဖြစ်ဖြစ် ကင်ဆာရောဂါဖြစ်လာမှာကို လူတိုင်းကြောက်ကြပါသည်။

ကင်ဆာဖြစ်သည်ကို ကာယကံရှင်လူနာကိုယ်တိုင် သိသွားပြီဆိုလျှင် လူနာနှင့်ပတ်သက်ဆက်နွယ်နေသောသူများအနေဖြင့် အဓိကလုပ်ဆောင်ရန်မှာ လူနာကို စိတ်ချမ်းသာစွာထားရန် ဖြစ်သည်။ အားပေးစကားပြောသည်ဆိုရာ၌ စိတ်ဓာတ်ကျသွားစေနိုင်သော အားပေးစကားမျိုး မပြောသင့်ပါ။ ဥပမာ နောင်ရေးကို ဘာမှမပူပါနှင့်။ ကျွန်တော် တာဝန်ယူပါတယ်။ ကျွန်မတာဝန်ယူပါတယ်။ ငါတို့ တာဝန်ထားပါ ဆိုသည့် စကားများသည် အားပေးသလိုလိုနှင့် လူနာကို ပို၍ပင်စိတ်ဓာတ်ကျစေနိုင်သောစကားများဖြစ်သွားနိုင်သည်ကို ဂရုပြုကြပါ။

စာရေးသူအနေနှင့် အကြံပေးလိုသည်မှာ ကင်ဆာရောဂါကို ဆေးရုံမှာပဲကုကု၊ မြန်မာ့သမားတော်ကြီးများနှင့်ကုကု၊ ဆေးမြီးတိုများနှင့်ကုကု ရောဂါပျောက်ဖို့ရန်သာ အဓိကဖြစ်သော်လည်း စိုးရိမ်ပူပန်ကြောက်လန့်စိတ်သိပ်မများကြဖို့ အရေးကြီးပါသည်။ မိမိတို့၏ အရပ်ဒေသ၊ ငွေကြေးအခြေအနေများကြောင့် ဆေးကုသရန် ဦးစွာ စဉ်းစားတိုင်ပင်ကြရာတွင် အဓိကကျသောလူနာရှင်သည် ပတ်ဝန်းကျင်၊ မိတ်ဆွေသင်္ဂဟတို့နှင့် အများဆုံးပတ်သက်လာရတော့သည်။ ကျွန်တော်တို့မြန်မာလူမျိုးများသည် အများအားဖြင့် ကူညီချင်စိတ်ရှိကြသည်။ မိမိတို့ သိရာ၊ နီးစပ်ရာ၊ ကြားရာ ရောဂါနှင့် ပတ်သက်သည့် အကြောင်းအမျိုးမျိုး၏အကျိုးအကြောင်း၊ အဆိုး၊ အကောင်းတို့ကို ပြောကြဆိုကြ

| | | | |
|---|---|---|---|
| (၁) | ဆိုသည် | ဥပဒ် | ဆိုးကျိုး |
| (၂) | ဆိုသည် | မိတ္တု | ပျက်စီး |
| (၃) | ဆိုသည် | ကာဏ | ကျိုးကန်း |
| (၄) | ဆိုသည် | အမြိတ္တ | ကောင်းကျိုး(ပိယ) |
| (၅) | ဆိုသည် | လာဘ | လာဘ်(မန) |
| (၆) | ဆိုသည် | သိဒ္ဓိ | အောင်မြင်(ကာယ) |
| (၀) | ဆိုသည် | ဝရ | ထွတ်မြတ်(အာယုဝဍ္ဎန) |

ရှင်းလင်းချက်

(က) ဖော်ပြပါ ဇယား (၃) အရ (၁-၂-၃) တို့သည် မကောင်း။ (၄-၅-၆-၀) တို့သည် ကောင်း၏။

(ခ) (၁-၂-၃) ကို ရှောင်ရ၏။

(ဂ) (၄) ကို ပိယကိစ္စ၊ (၅) ကို မနကိစ္စ၊ (၆) ကို ကာယကိစ္စ၊ (၀) ကို အာယုဝဍ္ဎနကိစ္စတို့တွင် ပညာရှင်များသုံးကြ၏။ ဇယား(၃) ကြည့်ရှုနည်းကိုဖော်ပြပါမည်။

ဥပမာ ဇီဇဝါဓာတ်သားကို အသုံးပြုမည်ဆိုလျှင် -

ဇီဇဝါ ရှည် + တို + ရှည်ဖြစ်၍-

အသံ ရှည်+ တို+ ရှည်သည် 'ရ' ဂိုဏ်းဖြစ်၍ နေ့သားအလိုက်ကြည့်ပါက

ဥပမာ -

လုံအမည် ဝင်းလှိုင် (၂)လုံးဖြစ်၍ (၁)လုံးတိုးပါ။

ဝင်းလှိုင်+လှိုင်(၃)လုံး ရှည်+ရှည်+ရှည်

ဗုဒ္ဓဟူးသားဖြစ်၍ ဗုဒ္ဓဟူးနေ့တွင် ရှည်+ရှည်+ရှည် (မဂိုဏ်း ကြ္ကဍ္ဍဂိုဏ်း (၅) လာဘ (မန) ကောင်း၏။)

သို့ဖြစ်ပါ၍ တနင်္ဂနွေသား ပြန်ရောက်ရန်အတွက် ဓာတ်သားပိတောက်ကို အသုံးပြုမည်ကိုကြည့်ပါက -

ပိတောက် (၂) လုံး။ သို့ဖြစ်၍ (၁) လုံးတိုးပါ။

ပိတောက် + တောက် (၃) လုံးတို+ ရှည် + ရှည် (ယ) ဂိုဏ်း။

ကြ္ကဍ္ဍဖြစ်သော်လည်း တနင်္ဂနွေသားကိစ္စအတွက် (၃) ဂဏန်းကို တွေ့ရ၏။ ထို့ကြောင့် (၃)သည် (ကာန)ဖြစ်ပေ၏။

| | | |
|---|---|---|
| တနင်္ဂနွေသားအတွက် | ၂ (မိတ္တု) | မကောင်း။ |
| တနင်္လာသားအတွက် | ၅ (လာဘ) | ကောင်း၏ |
| အင်္ဂါသားအတွက် | ၁ (ဥပဒ်) | မကောင်း။ |
| ဗုဒ္ဓဟူးသားအတွက် | ၄ (အမြိတ္တာ) | ကောင်း၏။ |
| ကြာသပတေးသားအတွက် | ၀ (ဝရ) | ကောင်း၏။ |
| သောကြာသားအတွက် | ၃ (ကာဏ) | မကောင်း။ |
| စနေသားသမီးအတွက် | ၆ (သိဒ္ဓိ) | ကောင်း၏။ |

သို့အတွက် တနင်္ဂနွေသားသည် ပိတောက်ကို အသုံးပြု၍ ယတြာပြုလုပ်ပါလျှင် မအောင်မြင်နိုင်ပါ။

ဤမျှဆိုလျှင် ဓာတ်သားဓာတ်ပန်းအသုံးပြုနည်းကို စာဖတ်သူများ သိနိုင်မည်ဟု မှတ်ယူနိုင်ပါသည်။

ဦးကြည်ဝင်း (ရွှေစင်) ချောက်


www.burmeseclassic.com

www.burmeseclassic.com

စမြဲ ဖြစ်သည်။ ထိုအချိန်တွင် လူနာရှင်ဖြစ်သူသည် အရေးအကြီးဆုံးအချိန်ဖြစ်သည်။ တစ်ယောက်စ တစ်ရာအဆုံး သူများပြောတိုင်း လိုက်လုပ်နေ၍မဖြစ်ပေ။

ဥပမာ တချို့က ဆေးကုခြင်းနှင့်ပတ်သက်၍ ဘယ်ဆေးရုံ၊ ဘယ်ဆေးခန်း၊ နိုင်ငံခြားဆေးရုံတွေမှာကုရန်ပြောမည်။ တချို့က မခွဲစိတ်နှင့်၊ ဓာတ်မကင်နှင့် ဆေးရုံမတက်နှင့်၊ မြန်မြန်သေမည်ပြောသူကပြောမည်။ တချို့က ဘယ်မြို့ဘယ်ရွာရှိ ဘယ်မြန်မာသမားတော်ကြီးကစွမ်းသည်။ အဲဒီမှာကုရန် အကြံပေးမည်။ တချို့က ဆေးမန်း၊ ကွမ်းမန်း၊ ထုံးဆနွင်းမန်း၊ ဆေးစည်း၊ ကျပ်စည်းခိုင်းမည်။ တချို့က ဓာတ်ရိုက်ဓာတ်ဆင်ယတြာလုပ်၍ ရောဂါကို ကုခိုင်းမည်။ များသောအားဖြင့် ဟိုအပင်က ဟိုအရွက်ကိုဝါးစား၊ သုံးခွက်တစ်ခွက်တင်ကျိုသောက်၊ အခြောက်လှန်းပြီး အမှုန့်ကို ပျားရည်နှင့်တေပြီးစားရင် ရောဂါပျောက်သည်ဟု အကြံဉာဏ်များပေးခြင်း၊ တိုက်တွန်းခြင်း၊ ကိုယ်တိုင်လိုက်ပို့ကူညီခြင်းများလုပ်ကြသည်ကို တွေ့ကြရစမြဲ ဖြစ်သည်။ ထိုသူတို့သည် လူနာအား ပျက်ရာပျက်စီးကြောင်းစိတ်ဖြင့် ပြောဆိုကြခြင်းမဟုတ်တာကို လက်ခံနိုင်ပါသည်။ ကျေးဇူးတင်ပါသည်။ သို့သော် ပြောသမျှဆိုသမျှညွှန်သမျှ လိုက်မလုပ်ကြဖို့ သတိပြုကြစေချင်ပါသည်။ ရောဂါသက်သာ ပျောက်ကင်းစေချင်သော ပြောလာသမျှကို နားထောင်ပါ။ ချက်ချင်းမလုပ်ပါနှင့်။ အချိန်နည်းနည်းပေးပြီး စဉ်းစားပါ။ တိကျအောင်စုံစမ်းပါ။ ပျောက်ကင်းသွားသောသူနှင့် တွေ့ဆုံနိုင်အောင် ကြိုးစားပါ။ တစ်ဆင့်စကားဖြင့် ပြောကြားသမျှကို လိုက်မလုပ်မိရန် အရေးကြီးပါသည်။ 'မေးပါများ စကားရ' ဆိုသလို ပျောက်ကင်းသွားသည့်လူနာနှင့်တွေ့အောင် စုံစမ်းမေးမြန်းပြီးမှ မိမိလူနာကို ဘယ်လိုဆေးဝါး၊ ဓာတ်စာမျိုးနှင့်ကုမည်ဟု ဆုံးဖြတ်ချက်ချခြင်းသာ အမှန်ကန်ဆုံးဖြစ်ပေလိမ့်မည်။ စာရေးသူကိုယ်တွေ့ ပူပူနွေးနွေး အတွေ့အကြုံတစ်ခုကို ရေးပြချင်ပါသည်။

၂-၈-၂၀၁၄ ရက်က ကရင်ပြည်နယ် ဘားအံမြို့မှ စာရေးသူ၏ မိတ်ဆွေဖြစ်သူ ဖုန်းဆက်လာပါသည်။ စာရေးသူနေထိုင်သော မှော်ဘီမြို့လေးတွင် ကြက်သရေမှုလီပင်ရှိသလားဟု မေးပါသည်။ စာရေးသူချက်ချင်းစုံစမ်းကြည့်ရာ ယခင် ဆရာကြီးမင်းသိခ် နေထိုင်သွားခဲ့သော မရမ်းတလင်းနယ်မြေထဲတွင်ရှိသည်ဟု သိရပါသည်။ ဘာလုပ်မို့လဲဟု မေးကြည့်ရာ မိတ်ဆွေဖြစ်သူတွင် အသည်းကင်ဆာဖြစ်နေ၍ ထိုကြက်သရေမှုလီရွက်ကို တစ်နေ့ (၄) ရွက် အစိမ်းတိုင်းစားပေးပါက ကင်ဆာရောဂါ ပျောက်ကင်းသည်ဟု လူတိုင်းကပြော၍ သူ့ထံ အမြန်ပို့ပေးပါဟု အကူအညီတောင်းပါလေသည်။ စာရေးသူက ပိုမိုသေချာစေရန်အတွက် မြို့လယ်ရှိ မှော်ဘီဆရာသိန်းစာကြည့်တိုက်သို့သွားကာ ကြက်သရေမှုလီပင်နှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ရှာကြည့်ရာ ကံကောင်းစွာဖြင့် ၁၃ - ၃ - ၂၀၁၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် စာရေးသူ အိသဥ္စာကျော်နှင့် ထွယ်ဆန်းအောင်တို့ ရေးသား တင်ပြထားသော ကြက်သရေမှုလီနှင့် ပတ်သက်သည့် မှတ်တမ်းဆောင်းပါးကို ဖတ်လိုက်ရ၍ မိတ္တူဆွဲကာ ဘားအံသို့ အချိန်မီပို့လိုက်ရပါသည်။

ဆောင်းပါးတွင်ပါသော အဓိကကျသည့်အချက်များကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် -

မြန်မာတိုင်းရင်းဆေးပင်မျိုးတွင် ပါဝင်သော ကြက်သရေမှုလီပင်မှ အရွက်တွင် ကင်ဆာဖြစ်ပွားနိုင်သော ဓာတုပစ္စည်းတစ်မျိုး ပါဝင်နေသည်။ Aristolochic Acid ပါဝင်နေကြောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဆေးဝါးအဆိပ်သုတေသနဌာနမှ ဒေါက်တာခင်ချစ်က ပြောကြားခဲ့သည်။ ထို့ပြင် ထိုအရွက်ကို နေ့စဉ်စားသုံးခြင်းဖြင့် ကျောက်ကပ်ပျက်စီးသွားနိုင်သည်။ ကျောက်ကပ်ကင်ဆာ ဆက်၍ဖြစ်နိုင်သည်။ အဆိုပါ ကြက်သရေမှုလီပင်သည် Aristolochia မျိုးစုတွင် ပါဝင်ပြီး မျိုးစိတ်ပေါင်း (၅၀၀) ကျော်ရှိ၍ မြန်မာ့တိုင်းရင်းဆေးများတွင် ထည့်သွင်းအသုံးပြုသောဆေးပင်ဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ရုက္ခဗေဒပညာရှင် ဒေါ်သီတာဆွေက ဖော်ထုတ်ပေးခဲ့သည်။

အသည်းရောင်၊ အသားဝါ၊ B ပိုး C ပိုး၊ ကင်ဆာရောဂါ၊ အဆစ်မြစ်ကိုက်ခဲခြင်းရောဂါများကို ကြက်သရေမှုလီအရွက် (၂) ရွက်မှ (၄) ရွက်အထိ စားလျှင် ပျောက်ကင်းသည်ဟု သတင်းထွက်ပေါ်လာပြီးနောက် ကြက်သရေမှုလီရွက်များ ရောင်းကောင်းလာသဖြင့် (၁၀) ရွက်လျှင် ကျပ် (၃၀၀၀) မှ (၅၀၀၀) ထိပင် ဈေးပေါက်ခဲ့သည်။ လူအများ စားသုံးလာခြင်းကြောင့် တိုင်းရင်းဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဆေးဝါးအဆိပ် သုတေသနဌာနတို့ ပူးပေါင်းကာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြလေသည်။

ထိုသို့ စမ်းသပ်စစ်ဆေးချက်အရ ကြက်သရေမှုလီအရွက်မှသတ္တုရည်ကိုထုတ်၍ ကြွက်များကို တိုက်ကျွေးပြီး (၁၄) ရက်အကြာ စောင့်ကြည့်ခဲ့ကြသည်။ ထိုစမ်းသပ်ခံကြွက်များကို စစ်ဆေးကြည့်ရာ ကျောက်ကပ်ထိခိုက်မှုကိုပြသော Urer နှင့် Creatinine ပမာဏမှာ 2G/kg ဆေးပမာဏထိ မြင့်တက်လာပြီး Urea Creatinine ပမာဏမှာ သိသိသာသာ မြင့်တက်လာကြောင်း စစ်ဆေးတွေ့သိကြရသည်။ ယင်းသို့ မြင့်တက်လာမှုကြောင့် ကြွက်များ၏ ဦးနှောက်၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ ဗေလုံး၊ အစာအိမ်၊ အူသိမ်၊ အူမကြီးများအားလုံးကို ပြင်ပသို့ ထုတ်ယူစစ်ဆေးခဲ့ကြသည်။ အသားများကို အလွှာလိုက်လှီးဖြတ်၍ အဏုကြည့်မှန်ပြောင်းဖြင့် ထပ်မံစစ်ဆေးကြည့်သောအခါ ကျောက်ကပ်များ ရောင်ရမ်းနေပြီး သွေးယိုစီးမှုများကို တွေ့ရှိကြရ၍ ထိုကြက်သရေမှုလီဆေးရွက်သည် ကျောက်ကပ်ကို လုံးဝ ပျက်စီးသွားစေနိုင်ကြောင်း သိပ္ပံနည်းကျ စစ်ဆေးတွေ့ရှိခဲ့ကြသည်။ ကင်ဆာရောဂါကို အားပေးပြန့်ပွားစေနိုင်သော ဒြပ်ပေါင်းများစွာ ပါဝင်နေသည်ဟု အတည်ပြုထားသောဆေးရွက်ဖြစ်သည်ဟု ဖတ်လိုက်ရ၍ အချိန်မီ အန္တရာယ်ဖြစ်စေသော ဆေးပင်၊ ဆေးရွက်ဖြစ်ကြောင်း သိလိုက်ရ၍ တော်ပေသေးသည်။

နိဂုံးချုပ်၍ တင်ပြလိုသည်မှာ ကင်ဆာကဲ့သို့ ကြောက်စရာကောင်းသောရောဂါကြီးများ ဖြစ်ပွားလာခဲ့ပါက လူနာရှင်နှင့် လူနာကိုယ်တိုင် စိတ်ကို အေးအေးထား၍ အကောင်းဆုံးကုသမှုကို စနစ်တကျ ရှာဖွေကာ နည်းမှန်လမ်းမှန်ဖြင့် ကုသခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ဟု စေတနာထား၍ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ထွန်းအောင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ကပ် ဘယ်လိုဆေးသလဲ

ရီရီဌေး

ယခုတစ်လော ကျောက်ကပ်ရောဂါရှင်အတော်များများနှင့် တွေ့ဆုံနေရပါတယ်။ ကျောက်ကပ်မကောင်းတဲ့အတွက် ကျောက်ကပ်ဆေးရမယ်လို့ ဆရာဝန်ကြီးက ပြောလိုက်တဲ့အခါမှာ ရောဂါရှင်က ကျောက်ကပ်ဆေးတယ်ဆိုတာ ဘယ်လိုလုပ်မှာလဲ၊ ရေနဲ့ဆေးတာလား၊ ကျောက်ကပ်ဆေးပြီးရင်ကော တစ်သက်တာလုံး ကောင်းသွားလား၊ မကြာခဏ ကျောက်ကပ်ဆေးရဦးမှာလား စတဲ့ မေးခွန်းပေါင်းများစွာ မေးကြပါတယ်။ ဒါကြောင့် ကျောက်ကပ်ဆေးခြင်းနဲ့ပတ်သက်ပြီး ဘာသာပြန်တင်ပြလိုက်ရပါတယ်။

ကျောက်ကပ်ဆိုတာ ပဲခြမ်းပုံသဏ္ဌာန်ရှိပြီး လူတိုင်းမှာ (၂) ခု ပါရှိပါတယ်။ ကျောက်ကပ်ရဲ့လုပ်ငန်းကတော့ ခန္ဓာကိုယ်မှ စွန့်ထုတ်လိုက်တဲ့ အဆိပ်အတောက်များကို ခန္ဓာကိုယ်အပြင်ဘက်သို့ စွန့်ထုတ်ပေးတဲ့ ကိုယ်တွင်းအင်္ဂါရပ်ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောက်ကပ်မကောင်းပါကရင်းရဲ့ ဇီဝကမ္မလုပ်ငန်းရပ်များကို ကောင်းစွာမလုပ်နိုင်ပါ။ ထိုအခါ အဆိပ်အတောက်များဟာ ကိုယ်ခန္ဓာထဲတွင် စုပြီး သွေးထဲမှာလှည့်ပတ်နေတဲ့အတွက် လူနာအဖို့ နောက်ဆက်တွဲဆိုးကျိုးများနဲ့ ရင်ဆိုင်ရကာ နောက်ဆုံးမှာ အသက်အန္တရာယ်ရှိတဲ့အထိ အခြေအနေဆိုးများနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

**ကျောက်ကပ်ပျက်စီးစေသော အကြောင်းရင်းများ**

ကျောက်ကပ်ဟာ သာမန်အားဖြင့် ပျက်စီးရန်မလွယ်ကူပေ။ သို့သော် ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ စတဲ့ နာတာရှည်ရောဂါများကို တာရှည်စွာ ခံစားနေရပြီး ဆေးကုသမှု ကောင်းစွာမခံယူတဲ့ ရောဂါရှင်များအတွက် ကျောက်ကပ်ပျက်စီးခြင်းနဲ့ တွေ့ကြုံခံစားရပါတယ်။

ဒါကြောင့် ဆီးချို သွေးချိုမဖြစ်အောင် အချိုဓာတ်လွန်ကဲတဲ့ အစားအစာများကို အများကြီးမစားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ကစီဓာတ်များပါဝင်တဲ့ အစားအစာများကို လျှော့စားရမှာဖြစ်ပါတယ်။

သွေးတိုးရောဂါမဖြစ်ပွားအောင် အငန်ဓာတ် လွန်ကဲသော အစားအစာ ဥပမာ ငါးပိ၊ ငါးဆားနယ်၊ ငံပြာရည် စတာတွေကို လျှော့စားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောက်ကပ်ပျက်စီးစေတဲ့အကြောင်းရင်းမှာ မသင့်တင့်တဲ့ အစားအစာစားသောက်ခြင်းလည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။

ကျောက်ကပ်ကို ပျက်စီးစေတဲ့ အစားအစာတွေထဲမှာ အဓိကအဆိုးဆုံး အစားအစာကတော့ တညင်းသီးပဲဖြစ်ပါတယ်။ တညင်းသီးဟာ ကျောက်ကပ်ကို အန္တရာယ်အပေးနိုင်ဆုံးအစားအစာဖြစ်ပါတယ်။ တညင်းသီးကို နှစ်ရှည်လများစွာ နှစ်နှစ်ခြိုက်ခြိုက် စားသုံးသူများဟာ အသက်အရွယ် ကြီးရင့်လာတဲ့အခါမှာ ကျောက်ကပ်ပျက်စီးမှုနဲ့ တွေ့ကြုံရင်ဆိုင်ရတတ်ပါတယ်။ အထူးသဖြင့် ကလေးအရွယ်နှင့် ငယ်ရွယ်လွန်းသူများအတွက် တညင်းသီးတစ်လုံးတည်းနှင့်ပင် ကျောက်ကပ်ပျက်စီးနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကလေးငယ်များကို တညင်းသီး မကျွေးသင့်ပါ။

ဒါ့အပြင် မှျစ်၊ မှို စတဲ့အစားအစာများဟာ အဆိပ်အတောက်များ ပါဝင်တဲ့အတွက် အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။ ထိုအစားအစာများကို အလွန်အကျွံစားသူများဟာ သွေးတိုးရောဂါဖြစ်စေနိုင်ပြီး ထိုမှတစ်ဆင့် ကျောက်ကပ်ပျက်စီးခြင်း ဖြစ်စေပါတယ်။

အစားအသောက်တွေထဲမှာ ဆိုးဆေးသုံးထားတဲ့ အစားအစာများဟာလည်း ကျောက်ကပ်ပျက်စီးခြင်း ဖြစ်စေပါတယ်။ အများအားဖြင့် ဆိုးဆေးသုံးစွဲထားတဲ့ အစားအစာများကတော့ လက်ဖက်၊ စိမ်းစားငါးပိ၊ မှျစ်၊ ဆိုးဆေးပါဝင်တဲ့ အချိုမုန့်မျိုးစုံ၊ အချိုရည်အမျိုးမျိုးတို့ ဖြစ်ပါတယ်။ အထက်ပါအစားအစာများကို တာရှည်စွာ စားသုံးပါက ကျောက်ကပ်ပျက်စီးစေပါတယ်။

ခဲပတ်ထားတဲ့ငါးခြောက်၊အရောင်လှအောင်ဆေးဆိုးထားတဲ့ ပုစွန်ခြောက်တို့ဟာလည်း ကျောက်ကပ်ပျက်စီးစေနိုင်တဲ့အစားအစာဖြစ်ပါတယ်။

အီးကိုလိုင်းပိုးပါတဲ့ အစားအစာကို စားသုံးခြင်းကြောင့် ဝမ်းမကြာခဏသွားခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း စတဲ့ ဝမ်းရောဂါများဖြစ်တတ်ပါတယ်။ အီးကိုလိုင်းပိုးကြောင့်လည်း ကျောက်ကပ်ပျက်စီးခြင်းဖြစ်စေနိုင်ပါတယ်။

နောက်တစ်မျိုးကတော့ မြွေဆိုးကိုက်ခံရသူများဟာ ခွဲစိတ်ကုသမှုပြုပြီးနောက် ကျောက်ကပ်ပျက်စီးခြင်းဖြစ်နိုင်ပါတယ်။ မြွေဆိပ်ဟာ လူ့ရဲ့ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများထဲသို့ရောက်သွားပြီး အချိန်တိုအတွင်းမှာ သွေးခဲပြီး လူသေဆုံးသွားတတ်ပါတယ်။ မြွေဆိပ်များမပျံ့နှံ့မီ ဆေးကုသမှုကိုထိရောက်စွာခံယူမှသာလျှင် အသက်ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်မှာဖြစ်ပါတယ်။ တချို့မြွေကိုက်ခံရတဲ့ လူနာတွေဟာ ခွဲစိတ်ကုသမှုခံယူပြီး အသက်ရှင်သွားပေမယ့် တချို့မှာ ကျောက်ကပ်ပျက်စီးခြင်းနဲ့ ရင်ဆိုင်ရပါတယ်။

**ဆေးဝါးများကြောင့် ကျောက်ကပ်ပျက်စီးခြင်း**

အချို့သော စိတ်ဝေဒနာရှင်များက လစ်သီယမ်လို့ခေါ်တဲ့ ဆေးဝါးကို ကြာရှည်စွာ သောက်သုံးရင် ကျောက်ကပ်ပျက်စီးတတ်ပါတယ်။ အဲဒီလစ်သီယမ်ဆေးဝါးကို စွဲမြဲစွာ သောက်နေရတဲ့

www.burmeseclassic.com

လူနာများအတွက် ကျောက်ကပ်ကောင်း၊ မကောင်း ပုံမှန်စစ်ဆေးမှုများကို ပြုလုပ်သင့်ပါတယ်။

**ကျောက်ကပ်ဆေးရန် လို/မလို စမ်းသပ်စစ်ဆေးခြင်း**

လူနာဟာ ကျောက်ကပ်ပျက်စီးနေတဲ့အတွက် ကျောက်ကပ်ဆေးရန် လို/မလိုကို သွေးစစ်ဆေးခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဤသွေးစစ်ဆေးခြင်းမှာ သွေးရည်ကြည်ထဲတွင် ခရီတစ်နင်းဓာတ် (Serum Creatininelevel) ကို စစ်ဆေးခြင်း ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် အမျိုးသမီးများမှာ Creatininelevel မှာ (၁၀၀) အောက်ဖြစ်ရပါမယ်။ Level တက်နေပါက အဆိပ်အတောက်များကိုထုတ်ပစ်ရန် လိုအပ်ကြောင်း သိနိုင်ပါတယ်။

သွေးစစ်ရာတွင် Serum Creatininelevel ဟာ (၁၀၀) ထက်ကျော်နေပါက သောက်ဆေးနဲ့အရင်ဆုံးကုသရပါတယ်။သောက်ဆေးနဲ့ကုသမရအောင် Level အရမ်းမြင့်လာပါက စက်နဲ့ဆေးခြင်းအဆင့်သို့ ရောက်ရှိသွားပါပြီ။ ထို့ထက် အခြေအနေဆိုးပါက ကျောက်ကပ်အစားထိုးလဲလှယ်ခြင်းအဆင့်အထိ ရောက်ရှိသွားပါပြီ။

ကျောက်ကပ်အစားထိုးလဲလှယ်ခြင်းဟာ ငွေကုန်ကြေးကျအလွန်များပါတယ်။ ကျောက်ကပ်မလဲရဘဲ ကျောက်ကပ်ဆေးရသူများဟာလည်း မသေမချင်း ကြိမ်ဖန်များစွာ ဆေးနေရတဲ့အတွက် ငွေကြေးအကုန်အကျများပါတယ်။

**ကျောက်ကပ်ဆေးခြင်းဆိုသည်မှာ**

ကျောက်ကပ်ဆေးခြင်း ဆိုသည်မှာ ကျောက်ကပ်ပျက်စီးသွားတဲ့အတွက် ကိုယ်ခန္ဓာတွင်းရှိ အဆိပ်အတောက်များကို မပယ်ရှားနိုင်ပေ။ ထို့အတွက် သွေးထဲတွင် အဆိပ်အတောက်များစုပုံနေပါတယ်။ ထိုအဆိပ်အတောက်များကို ခန္ဓာကိုယ်ရဲ့အပြင်ဘက်သို့ ရောက်အောင် စက်မှတစ်ဆင့်ထုတ်ပစ်ခြင်းကို ကျောက်ကပ်ဆေးခြင်းလို့ ခေါ်ပါတယ်။

အဆိပ်အတောက်များဟာ သွေးထဲကြာရှည်စွာရှိနေပါက လူနာအတွက် အသက်အန္တရာယ်နဲ့တွေ့ကြုံနိုင်ပါတယ်။ ကျောက်ကပ်ဆေးရပြီဆိုရင် တစ်ခါတည်းနဲ့မပြီးဘဲ မကြာခဏဆေးရတဲ့အတွက် ငွေကြေးကုန်ကျမှုရှိသလို လူနာအတွက်လည်း ပင်ပန်းပါတယ်။ ကျောက်ကပ်တစ်ကြိမ်ဆေးကြောပါက အချိန် (၃)၊ (၄)နာရီ ခန့်ကြာမြင့်တတ်ပြီး တစ်ပတ် အနည်းဆုံး နှစ်ကြိမ်ခန့် ဆေးကြောရပါတယ်။ လိုအပ်ပါက (၃) ကြိမ်ခန့်အထိ ဆေးကြောရပါတယ်။

အဲဒီလို ကျောက်ကပ်ဆေးတဲ့အခါမှာလည်း သာမန်လူတစ်ယောက်လို စားချင်တာစားလို့မရသလို နေချင်သလိုနေလို့လည်း မရပါ။ ကျောက်ကပ်ဆေးနေစဉ် ဆီးဆေးအလွန်အကျွံသောက်သုံးခြင်း၊ အသီးအနှံများကို လွန်ကဲစွာစားသုံးခြင်းမပြုရပါ။

**ကျောက်ကပ်ရောဂါရှင်များအတွက်ရှောင်ရန်အစားအစာများ**

- ပိုတက်စီယမ် (Potassium) ဓာတ်ပါဝင်တဲ့ သစ်သီးဖျော်ရည်၊ ကော်ဖီ ခါးခါး၊ စောင်းလျားသီး၊ စပျစ်သီး၊ မက်မွန်သီး၊ မာလကာသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ သရက်သီး၊ ဂရိတ်ဖရုသီး၊ စွန်ပလွံသီး၊ အုန်းသီး။
- အခြောက်ခံထားတဲ့အသီးများ၊ မျှစ်၊ တညင်းသီး၊ မှိုအမျိုးမျိုး။
- ခရမ်းချဉ်သီး၊ ပြောင်းဖူး၊ ဟင်းနုနယ်၊ ပဲပင်ပေါက်၊ အာလူး။
- ဆီဖြင့်ထပ်ကာကြော်ထားတဲ့ အစားအစာများ။
- ဖုတ်ထားသောအစားအစာများ။
- အချိုမှုန့် အသုံးပြုထားတဲ့ အစားအစာ။

**အသင့်အတင့်စားသုံးနိုင်တဲ့အစားအစာ**

- လက်ဖက်ရည်၊ ပန်းသီး၊ သစ်တော်သီး။
- အစိမ်းရောင် ဟင်းသီးဟင်းရွက်၊ မုန်လာဥ၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ဆလတ်ရွက်။
- ပျားရည်၊ ဆန်၊ ဂျုံ ပြောင်းနဲ့လုပ်ထားတဲ့အစားအစာများ။
- ခေါက်ဆွဲ၊ ပေါင်မုန့်ကြွမ်း။
- ကြက်သား၊ ငါး (အချိုမှုန့်ထည့်မချက်ရပါ။)

လူသားတို့ရဲ့ခန္ဓာကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းအမျိုးမျိုးရှိသကဲ့သို့ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံခြင်းလည်း မတူပေ။ ခန္ဓာကိုယ်အတွင်းသို့ အစားအသောက်မှတစ်ဆင့် အဆိပ်အတောက်များ ရောက်ရှိစုပုံလာပါတယ်။ထိုအဆိပ်အတောက်များကို ကျောက်ကပ်ကစစ်ထုတ်ပေးခြင်းဖြင့် အဆိပ်အတောက်များဟာ ဆီးနဲ့အတူ ခန္ဓာကိုယ်အပြင်ဘက်သို့ ရောက်ရှိပြီး အဆိပ်အတောက်ကင်းစင်တဲ့ခန္ဓာကိုယ်ဖြစ်လာပါတယ်။

ထိုအခါ ခန္ဓာကိုယ်ဟာ ကျန်းမာတဲ့လူသားဘဝကို ပိုင်ဆိုင်နေမှာ ဖြစ်ပါတယ်။သို့သော်လည်း အစားအသောက်၊ အနေအထိုင်၊ ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါအပြင် အခြားအကြောင်းကြောင်းကြောင့် ကျောက်ကပ်ပျက်စီးလာပါတယ်။ ဒီအခြေအနေရောက်ရှိပါက ကျောက်ကပ်မကြာခဏဆေးရခြင်း၊ ကျောက်ကပ် လဲလှယ်ရခြင်းအဆင့်သို့ ရောက်ရှိပြီး ငွေကုန်ကြေးကျများသကဲ့သို့ လူနာမှာ ပင်ပန်းမှုများစွာနဲ့ တွေ့ကြုံခံစားရမှာ ဖြစ်ပါတယ်။

**ကျောက်ကပ်အန္တရာယ်ကြိုတင်ကာကွယ်**

ကျောက်ကပ်ရောဂါဟာ ကမ္ဘာပေါ်ရှိ လူသားများရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ ကမ္ဘာ့သုတေသနပညာရှင်များရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေရဲ့ (၁၀) ရာခိုင်နှုန်းမျှ ကျောက်ကပ်ရောဂါဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

ကျောက်ကပ်ရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းဟာ ကုသမှုထက် ပိုမိုကောင်းမွန်ပါတယ်။ ဒါကြောင့် ဆီးချို၊ သွေးချိုရောဂါမဖြစ်ပွားအောင်၊ သွေးတိုးရောဂါမဖြစ်ပွားအောင် အစားအစာများကို ထိန်းပြီး စားသုံးရမှာ ဖြစ်ပါတယ်။

ငယ်ရွယ်စဉ်မှာ ကျောက်ကပ်ရောဂါမဖြစ်ပွားအောင် ရှောင်သင့်တဲ့အစားအစာများကိုရှောင်ပြီး သင့်တင့်တဲ့ အစားအစာများကို စားသုံးရန် ဖြစ်ပါတယ်။ အဆိပ်အတောက်များခန္ဓာကိုယ်အတွင်း ကင်းစင်မှသာ သက်တမ်းစေ့ကျန်းမာ ပျော်ရွှင်စွာနေနိုင်မှာ ဖြစ်ပါတယ်။ မိမိအနေနဲ့ ကျောက်ကပ်နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ သံသယရှိမယ်ဆိုရင် သမားတော်ကြီးများနဲ့ ပြသပြီး အစောဆုံး စမ်းသပ် စစ်ဆေးမှု ခံယူသင့်ပါတယ်။ ရောဂါတွေ့ရှိပါက အစောဆုံး ကုသမှုကိုခံယူခြင်းဖြင့် ကျောက်ကပ်ဆေးခြင်း၊ ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း စတဲ့ဒုက္ခအပေါင်းမှ ကင်းဝေးစေမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ရီရီဌေး

*Ref -*

*Renal failure & haemodialysis.*
*from Internet.*




www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# ကိုလိုနီခေတ်အရာရှိတစ်ဦးမှ သရေခေတ္တရာမြို့ဟောင်း




ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းစဉ်ကြေညာချက်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်**
**သရေခေတ္တရာမြို့ဟောင်းနှင့်**
**စပ်လျဉ်း၍**
**ဆက်လက်ဆောင်ရွက်ရမည့်**
**လုပ်ငန်းစဉ်များ**
**ဒေသခံများအားရှင်းလင်း**

*နေပြည်တော် ဇူလိုင်လ ၇*

*(၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် အတည်ပြု သတ်မှတ်ခံရသည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပျူရှေးမြို့ဟောင်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ပညာရှင်များက ဇူလိုင်လ ၄ ရက်နှင့် ၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာ ရတနာမြို့တော်ခန်းမ၌လည်းကောင်း၊ သရေခေတ္တရာမြို့ဟောင်း မှော်ဇာအထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ ခေတ္တရာမြို့သစ်ရွှေတံခါးခန်းမ၌ လည်းကောင်း၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူးများနှင့် ပြည်ခရိုင် ဒေသဆိုင်ရာများ အုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။*

*တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပျူရှေးမြို့ဟောင်းများသည် ဘီစီ ၂၀၀ မှ အေဒီ ၉၀၀ အတွင်း အဦးအစပြု မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်း၊ ဘာသာတရား၊ စာပေ၊ အနုပညာ၊ အတတ်ပညာ၊ အသိပညာ၊ ဆင်ခြင်တုံတရားနှင့်*


www.burmeseclassic.com

www.burmeseclassic.com

အတူ ယဉ်ကျေးမှုအဆင့်မြင့်မားခြင်း၊ အရှေ့တောင်အာရှတွင် အရေးပါသော မြို့ပြ (City) အဖြစ် ရှားပါးစွာ ကျန်ရစ်နေခြင်း စသည်တို့ကို ညွှန်ပြနေသော အထောက်အထားများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာတည်ရှိသည့်အနက် ပျူရှေးဟောင်းမြို့များကို ကမ္ဘာ့အမွေအနှစ်အဖြစ် ဦးစွာတင်သွင်းရခြင်းမှာ တူးဖော်တွေ့ရှိပြီးဖြစ်သည့် အထောက်အထားဟောင်းများအပေါ် ပြည်တွင်း၊ ပြည်ပဘာသာရပ်ဆိုင်ရာပညာရှင်များ၏သုတေသနမှတ်တမ်းများ လုံလောက်စွာရှိခြင်း၊ မြေပေါ်မြေအောက်ကြွင်းကျန် ခိုင်မာစွာ တည်ရှိနေခြင်း၊ ထိုခေတ်ထိုကာလကို ကိုယ်စားပြုနိုင်သည့် စစ်မှန်မှုရှိခြင်း စသည့် အထောက်အထားများအရ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း ကမ္ဘာ့အမွေအနှစ်အဖြစ် စာတွဲများရေးသား ပြုစု တင်သွင်းနိုင်ရေးအတွက် Unescoမှ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များသည် ၂၀၁၁ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်း၊ပြည်ပတွင်ပြုလုပ်သည့် ညီလာခံများဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆည်းပူး လေ့လာ အကြံဉာဏ်များ ရယူဆောင်ရွက်ခဲ့ရပါကြောင်း၊ မြို့ဟောင်းများ၏ယဉ်ကျေးမှုဖြစ်ပေါ် ပြောင်းလဲမှု၊ သက်သေအထောက်အထားခိုင်လုံမှု ၊ရှေးဟောင်းအမွေအနှစ်ပုံသဏ္ဌာန်ပေါ်လွင်မှုတို့သည် ကမ္ဘာ့လုံးဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များနှင့် ကိုက်ညီသဖြင့် လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်များ စနစ်တကျ ရေးဆွဲထားရှိပြီးဖြစ်သဖြင့် လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဇွန်လအတွင်း ပြုလုပ်ခဲ့သည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးက အတည်ပြုသတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးနောက် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များလည်း ကျန်ရှိပါသေးကြောင်း၊ ၂၀၁၆ ခုနှစ်၊ အကြိမ် (၄၀) မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးမတိုင်မီ သတ်မှတ်ချက်များ ပြီးစီးအောင် ဆောင်ရွက်ရေးတွင် ဒေသခံများက မိမိတို့နှင့်အတူ လက်တွဲ ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့၏။

အထက်ဖော်ပြပါ စာပိုဒ်သည် သတင်းစဉ်ထုတ်ပြန်ကြေညာချက်အားကောက်နုတ် တင်ပြချက် ဖြစ်ပါသည်။ ဤသတင်းနှင့်အတူ . မြန်မာ့ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့နှင့် ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်နှင့် ပညာရှင်များ၏ တွေ့ဆုံဆွေးနွေးခန်းကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်သွားသဖြင့် ကျွန်တော်တို့အဖို့ ထူးထူးခြားခြား ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ခဲ့ရသည်။ ထိုသတင်းကိုပင် မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များကလည်း ပျူမြို့ဟောင်းသုံးမြို့ဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းတို့ကို .ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် World Heritage List အဖြစ် ဇွန်လ ၂၂ ရက်နေ့က သတ်မှတ်လိုက်ခြင်း ဖြစ်၏။ ဤသို့ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ပြီးနောက် ယင်းအခြေအနေကို အသုံးပြု၍ စီးပွားရေးအခွင့်အလမ်းများ နိုင်ငံတော်အစိုးရအနေဖြင့် ဖန်တီးနိုင်မည်ဖြစ်၏။ ခရီးသွားလုပ်ငန်းလည်း အရှိန်အဟုန်မြင့်တက်လာနိုင်မည်ဖြစ်ရာ ထိုအခွင့်အရေးကိုမှီ၍ စီးပွားရေးအခွင့်အလမ်းများလည်း အကောင်အထည်ဖော်နိုင်မည် ဖြစ်၏။

မှန်ပါသည်။ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းသုံးမြို့သည် ရှေး လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်မှစတင်၍ ယဉ်ကျေးမှုထွန်းကားခဲ့သည်သာမက ရှေးမြို့ဟောင်းများဖြစ်သည့်အကြောင်းကို ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝက သင်ကြားခဲ့ရသော မြန်မာနိုင်ငံသမိုင်းအရ အတော်အသင့် သိခွင့်ရခဲ့ကြ၏။ ကျွန်တော်တို့ ငယ်စဉ်က နားထောင်ခဲ့ရသော အိပ်ရာဝင်ပုံပြင်များတွင် သရေခေတ္တရာမြို့ (ပြည်မြို့) နှင့် ပတ်သက်သော အကြောင်းအရာများ ပါဝင်ခဲ့ပါသည်။

ထိုပုံပြင်အရဆိုရသော် တကောင်းပြည့်ရှင် သတိုးနဂါးနိုင်မင်းသည် ယခင်က နဂါးနှင့် သင့်မြတ်ခဲ့သော မိဖုရားမှ သားတော်နှစ်ပါး ဖွားမြင်ခဲ့သည်။ ထိုသားတော်နှစ်ပါးမှာ ၎င်းတို့၏မိခင် ယခင်ဖွားမြင်ခဲ့ဖူးသော နဂါးပဋိသန္ဓေအငွေ့အသက်ကြောင့် နဂါးငွေ့သင့်၍ မျက်မမြင်များ ဖြစ်ကြသည်။ သို့ဖြစ်၍ မင်းကြီးသည် သားတော်နှစ်ပါးအား တာရှည်ခံသည့် စားရေရိက္ခာများနှင့် ဖောင်ဖွဲ့၍ မြစ်အတွင်းမျှောခဲ့၏။

ဖောင်သည် ဧရာဝတီမြစ်အတွင်း စုန်ဆင်းလာရာ စစ်ကိုင်းမြို့အနီး စစ်ပင်ကြီးလဲနေသောနေရာမှ စန္ဒမုခိဘီလူးမသည် ဖောင်ပေါ်သို့တက်ပြီး မင်းသားတို့၏ရိက္ခာများကို စားသောက်ခဲ့၏။ သို့သော် ဘီလူးမအား ညီနောင်နှစ်ပါးက လက်ဆုပ်လက်ကိုင် ဖမ်းမိခဲ့၏။ ဘီလူးမက မင်းသားတို့၏ မျက်စိရောဂါကို ကုသပေးရာမှ မင်းသားနှစ်ပါးမှာ မျက်စိရောဂါဝေဒနာ ပျောက်ကင်းလာခဲ့သည်။ ဤသို့ဖြင့် ဖောင်တော်သည် တဖြည်းဖြည်းစုန်ဆင်းလာခဲ့ရာ ပြည်မြို့သို့ ရောက်ရှိလာခဲ့တော့သည်။

ထိုမင်းသားနှစ်ပါး၏ဦးရီးတော်သူ ပြည်မြို့မှ ခေပဒူတရသေ့ကြီး၏ မွေးစားသမီး ဗေဒါရီမှာ ရုပ်အဆင်းရှိသူဖြစ်၏။ ဗေဒါရီမှာ သမင်မကမွေးသောသမီးဖြစ်၍ ရသေ့ကြီးမှ ကောက်ယူမွေးစားထားခြင်း ဖြစ်သည်။ ဗေဒါရီ အရွယ်ရောက်လာသောအခါ ရသေ့ကျောင်းတွင်နေရန် မသင့်လျော်ရကား ဘူးသီးခြောက်တစ်လုံးအား အပ်ဖျားနှင့် အပေါက်ငယ်ဖောက်၍ မြစ်သို့ ဤရေဘူးဖြင့် ရေခပ်စေခဲ့ရာ တစ်နေကုန်မှ ရေပြည့်ပြီးလျှင် ကျောင်းသို့ပြန်လာခဲ့ရသည်။

ပြည်မြို့သို့ ဖောင်တော်ဆိုက်ကပ်ရောက်ရှိလာသော မဟာသမ္ဘဝနှင့် စူဠသမ္ဘဝညီနောင်သည် အပ်ပေါက်မျှသာရှိသောဘူးဖြင့် ရေခပ်နေသည့် ဗေဒါရီကို တွေ့၏။ ဤတွင် နောင်တော်သမ္ဘဝမင်းသားသည် သန်လျက်ဖြင့် ဘူးကိုဖောက်၍ပေးလိုက်သည်။ သို့ဖြင့် ဘူးမှာ ရေပြည့်ပြီးလျှင် ကျောင်းသို့ပြန်လာလေရာ ဖခင်ဖြစ်သူရသေ့ကြီးက အကျိုးအကြောင်းမေးမြန်းကြည့်ရာမှ မင်းသားနှစ်ပါးအကြောင်း သိရ၏။ မင်းသားနှစ်ပါးကိုခေါ်စေ၍ စုံစမ်းခဲ့သည်။ ရသေ့ကြီးက မိမိသည် တကောင်းမင်း၏ သားဖြစ်ကြောင်း ဝက်ကြီးတစ်ကောင်ကိုလိုက်လာရာမှ ခရီးလွန်၍ ဤအရပ်သို့ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ သံဝေဂရ၍ ရသေ့ပြုလုပ်နေခြင်း ဖြစ်ကြောင်း၊ ဗေဒါရီမှာလည်း မိမိသမီးဖြစ်ကြောင်း ဇာတ်စုံခင်း၍ပြောပြပြီး တူတော်မင်းသားကြီးနှင့် ဗေဒါရီကို လက်ဆက်ပေး၏။

သူပြောကိုယ်ပြော ပါးစပ်ပြောသမိုင်းများအရ ဝက်ကြီး[illegible]ရာအိုင်ကြီး

www.burmeseclassic.com

ဖြစ်ခဲ့သဖြင့် ဝက်ကြီးအိုင်ဟူ၍ လည်းကောင်း၊ ဝက်ကြီးတိုးသွားသည့် ပြည်မြို့အရှေ့ဘက်တွင်တည်ထားခဲ့သောစေတီကို ဝက်တိုးဘုရား ဟူ၍ လည်းကောင်း၊ ပြည်မြို့မှ ပေါင်းတည်သို့သွားသောလမ်း၌ ဝက်ကြီးသေ၍ပုပ်သောနေရာ၌ ဝက်ပုပ်ရွာ ဟူ၍ လည်းကောင်း၊ ရွာအနီးရှိချောင်းကို ဝက်ပုပ်ချောင်းဟုလည်းကောင်း ခေါ်ဆိုသည်။

ဤသည်တို့ကား ရှေးဟောင်းအစဉ်အလာ ပါးစပ်ဂဇက်များ၊ သမိုင်းများဖြစ်တော့၏။ မှန်ပါသည်။ ရှေးပဝေသဏီက ပျူမင်းများမင်းပြုခဲ့သော နဝဝါသီမည်သော ပြည်မြို့မှ ရှေးဟောင်းအဆောက်အအုံများ၊ ပျူမင်းများတည်ထားခဲ့သောစေတီပုထိုးများနှင့် ကျောက်စာ၊ သိုက်သမိုင်း၊ ဒဏ္ဍာရီမှအစ ပြောပ၍မကုန်နိုင်လောက်အောင်များသောမြို့ဖြစ်ပေသည်။

မှတ်တမ်းအရဆိုရလျှင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းသုံးမြို့တွင် သရေခေတ္တရာမှာ အကျယ်အဝန်းဆုံးနှင့် လူနေအများဆုံးမြို့ ဖြစ်သည်။ ၎င်းမြို့ဟောင်းမှာ စတုရန်းကီလိုမီတာ (၃၀၀၀) ကျယ်ပြီး လက်ရှိတွင် ရွှေတံခါးရပ်ကွက်နှင့် ကျေးရွာပေါင်း (၁၇) ရွာ၊ လူနေအိမ်ခြေပေါင်း (၃၀၀၀) ကျော် ရှိသည်။ ဟန်လင်းမှာ စတုရန်းကီလိုမီတာ(၁၀၀၀)နှင့် ဗိဿနိုးမြို့မှာမူ စတုရန်းမီတာ (၂၂၉၀) ကျော်ကျယ်ဝန်းပြီး မြို့ဟောင်းနှစ်ခုတွင် ကျေးရွာတစ်ရွာစီသာရှိသည်ဟု ဆိုကြ၏။ ပျူမြို့ဟောင်းသုံးမြို့အနက် သရေခေတ္တရာ၊ ပျူမြို့ဟောင်းမှာ ပျူခေတ်ယဉ်ကျေးမှုအထွန်းကားဆုံးမြို့ဟောင်းဖြစ်ပြီး ကုန်သွယ်မှု၊ ယဉ်ကျေးမှုလက်ရာများ၊ မြို့ရိုးဟောင်းများ၊ ထိုခေတ်က လူအများသုံးစွဲခဲ့သော လူအသုံးအဆောင်များ၊ အိုးခွက်များတို့မှာ ပျူခေတ်ဟောင်းကို အခိုင်အမာ ဖော်ပြထားသော သာဓကအထောက်အထားများဖြစ်ကြ၏။

ယခုရေးသားဖော်ပြမည့် ဆောင်းပါးမှာ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ထားစဉ် ကိုလိုနီခေတ်အရှက်ဦးကာလက မြန်မာနိုင်ငံတွင် ဗြိတိသျှအုပ်ချုပ်ရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးက သရေခေတ္တရာ ပျူမြို့ဟောင်းအကြောင်း ရေးသားဖော်ပြခဲ့သော ဆောင်းပါးတစ်စောင် ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် မြန်မာနိုင်ငံ ကိုလိုနီခေတ်အကြောင်း အနည်းငယ်ဖော်ပြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကိုလိုနီခေတ်သမိုင်းအား သမိုင်းပညာရှင်များ၊ သုတေသီများက ခေတ်ကာလ (၄) ရပ်ရှိသည်ဟု သတ်မှတ်ခဲ့ကြ၏။ ထိုခေတ်ကာလများမှာ ဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သော ခေတ်ကာလ၊ ဒုတိယဘုရင်ခံအုပ်ချုပ်သောခေတ်ကာလ၊ ဒိုင်အာခီအစိုးရအုပ်ချုပ်သောခေတ်ကာလနှင့်(၉၁)ဌာန အုပ်ချုပ်ရေးခေတ်ကာလတို့ ဖြစ်ကြသည်။

ကျွန်တော် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော စာရေးဆရာ ဗြိတိသျှအုပ်ချုပ်ရေးအရာရှိတစ်ဦးဆိုသူမှာ ဗီစီစကောအိုကွန်နာဆိုသူ စာရေးဆရာ အုပ်ချုပ်ရေးအရာရှိတစ်ဦး ဖြစ်ပါသည်။ သူ့ကို ခရစ်နှစ် ၁၈၆၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အီဒင်ဘာရာမြို့တွင် မွေးဖွားခဲ့ပြီး ခရစ်နှစ် ၁၈၉၁ ခုနှစ်မှ ၁၈၉၅ ခုနှစ်ထိ မြန်မာနိုင်ငံတွင် နေထိုင်သွားလာခဲ့သူတစ်ဦး ဖြစ်ပါသည်။ ထိုကာလများအတွင်း အိုကွန်နာသည် မြန်မာနိုင်ငံ တစ်နံတစ်လျားသွားရောက်ခဲ့သူဖြစ်ပါသည်။ ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် အိုကွန်နာသည် မြန်မာနိုင်ငံသို့ တာဝန်ဖြင့် ဒုတိယအကြိမ်လာခဲ့ရပြန်သည်။ ဤကဲ့သို့ တာဝန်ဖြင့် မြန်မာနိုင်ငံတွင်နေထိုင်စဉ် မြန်မာပြည်သူအများနှင့် လက်ပွန်းတတီးနေထိုင်ခဲ့သူဖြစ်ရကား မြန်မာနိုင်ငံအကြောင်းနှင့် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှုအစရှိသည်တို့ကို တိတိပပ လေ့လာခွင့်ရခဲ့သူ ဖြစ်သည်။ မြန်မာနိုင်ငံအပေါ်တွင်လည်း သံယောဇဉ်ရှိသူ ရှားပါးသော ဗြိတိသျှအုပ်ချုပ်ရေးအရာရှိတစ်ဦးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သူအတွေ့အကြုံများ၊သူမှတ်သားထားသည့်မှတ်တမ်းများ၊ သူနားထောင်ခဲ့ရသည့် အကြားအမြင်များကို အခြေတည်၍ စာအုပ်နှစ်အုပ်ရေးသားထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်များမှာ 'ပိုးသားမျှင်အရှေ့တိုင်း' (The Silken East) ဟူသောစာအုပ်နှင့် (Mandalay And other cities of Burma) 'မန္တလေးနှင့် အတိတ်မြို့တော်များ' ဟူသော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏မြို့တော်ဟောင်းများဖြစ်သော မန္တလေး အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ တကောင်း၊ ပုဂံ၊ ပြည်၊ သရေခေတ္တရာ၊ ဖိုးဦးတောင်၊ သထုံ၊ ပဲခူးနှင့် မြိတ်တို့ ပါဝင်ခဲ့ပါသည်။ (ထိုစာအုပ်မှ မန္တလေး၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်းမြို့များအကြောင်းကို) 'သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း' အမည်နှင့် ဆရာမြသန်းတင့်က မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်သည်။)

ပထမစာအုပ်ဖြစ်သော 'ပိုးသားမျှင်အရှေ့တိုင်း' စာအုပ်၏ အမှာစာကို မြန်မာလူမျိုးများ အထူးလေးစားသော မြန်မာနိုင်ငံဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက အမှာစာရေးခဲ့သည်။ ဆာဟာကုတ်သတ္တလာမှ မြန်မာနိုင်ငံအား ဒုတိယဘုရင်ခံအုပ်ချုပ်သောခေတ်တွင် ဒုတိယဘုရင်ခံအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး (၉၁) ဌာန အုပ်ချုပ်ရေးခေတ်တွင် ဘုရင်ခံအဖြစ် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်၏။ ထိုပိုးသားမျှင်အရှေ့တိုင်းစာအုပ်မှာလည်း ထူးထူးခြားခြား အောင်မြင် ပေါက်ရောက်သောစာအုပ်ဖြစ်ရာ ယနေ့အထိ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသောစာအုပ် ဖြစ်၏။ ထိုစာအုပ်အား စာပေဝေဖန်သူ သုတေသီအချို့ကမူ ထိုစာအုပ်ပါအချက်အလက်အချို့မှာ ရက်ရက်စက်စက် သွေးထွက်အောင်မှန်ကန်သည်ဟု ဆိုခဲ့သည်။

ထို့အတူ'မန္တလေးနှင့်အတိတ်မြို့တော်များ'ဟူသောစာအုပ်မှာပါဝင်သည့် အိုကွန်နား၏တွေ့ရှိချက်၊ အထောက်ထားပြုချက်များမှာ အခြားမြန်မာနိုင်ငံခေတ်ဟောင်းအကြောင်း ရေးသားထားသည့်စာအုပ်များတွင် ပါဝင်ခဲ့ခြင်းမရှိသည်သာမက အလွန်ရှားပါးသော ဓာတ်ပုံပေါင်း (၂၅၀) ကျော် ပါဝင်ခဲ့ပေသည်။ မှန်ပါသည်။ ဗီစီအိုကွန်နာ၏ စာအုပ်နှစ်အုပ်ထုတ်ဝေခဲ့သည်မှာ ရာစုနှစ်တစ်စုကျော်လွန်ခဲ့သော်လည်း သမိုင်းသုတေသီများ၊ သမိုင်းပညာရှင်များ၊ မြန်မာနိုင်ငံသမိုင်းအား လေ့လာနေသူများအပေါ် ဆွဲဆောင်လွှမ်းမိုးဆဲဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထိုစာအုပ်များသည် ယနေ့ ကမ္ဘာ့ခရီးသွားလမ်းညွှန်စာအုပ်(Guide Book)များတွင် အထက်ဖော်ပြပါ အိုကွန်နာစာအုပ်မှ အချက်အလက်အချို့ကို ကောက်နုတ် ဖော်ပြခဲ့ကြပါသည်။

(၉၁) ဌာနအုပ်ချုပ်ရေးခေတ်တွင် လျှမ်းလျှမ်းတောက်ဟိုးဟိုးကျော်ခဲ့သော မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကမူ အိုကွန်နား၏ မြန်မာနိုင်ငံအကြောင်းရေးခဲ့သော စာအုပ်နှစ်အုပ်သည် အထောက်အထားခိုင်မာ၍ စံပြုရသော သမိုင်းကျမ်းများဟုလည်းဆိုနိုင်



www.burmeseclassic.com


www.burmeseclassic.com

ပါသည်။ တက္ကသိုလ်ကျောင်းတိုက်ကြီးများရှိ စာကြည့်တိုက်များတွင်လည်း လက်မလည်အောင် ငှားရမ်းရသည့် စာအုပ်ဖြစ်သည်သာမက ခရီးသွားမှတ်တမ်းစာအုပ်အဖြစ်လည်း ဖတ်ရှုနိုင်သည်ဟု ဆိုသည်။ မှန်ပါသည်။ အိုကွန်နား၏ အထက်ဖော်ပြပါ စာအုပ်နှစ်အုပ်သည် သမိုင်းသုတေသီများအဖို့ အထောက်အထားပြုနိုင်သော ရည်ညွှန်းကျမ်းများဟုလည်း ဆိုနိုင်ပေသည်။ သို့ဖြစ်၍ ယနေ့အထိ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေနေရခြင်း ဖြစ်ပါသည်။

ယခု ရေးသား ဖော်ပြမည့် အကြောင်းမှာ ဗီစီအိုကွန်နားရေးသားခဲ့သော ကိုလိုနီခေတ် အရှေ့ဦးကာလက သရေခေတ္တရာပျူမြို့ဟောင်းအကြောင်း ဖြစ်ပါသည်။ ဗီစီအိုကွန်နားသည် သရေခေတ္တရာမြို့ဟောင်းအကြောင်း၊ သမိုင်းကြောင်းနှင့် ကိုလိုနီခေတ် အရှေ့ဦး၏ အခြေအနေကို 'ပိုးသားမျှင် အရှေ့တိုင်း' စာအုပ်တွင် လည်းကောင်း၊ မန္တလေးနှင့် အတိတ်မြို့တော်များစာအုပ်တွင် ခရေစေ့တွင်းကျ ရေးသား ဖော်ပြခဲ့ပါသည်။

အိုကွန်နာ ပြည်မြို့နှင့် သရေခေတ္တရာမြို့တော်ဟောင်းသို့ ရောက်ရှိသွားသည့်အချိန်မှာ ဗြိတိသျှမြန်မာနိုင်ငံ၏ ကိုလိုနီခေတ်အရှေ့ဦးဟု ကင်ပွန်းတပ်ထားသောအချိန် ဖြစ်၏။ ထိုစဉ်က ဗြိတိသျှအစိုးရမှ တရားဝင် ထုတ်ဝေသော အစီရင်ခံစာစာအုပ်အရ ပြည်မြို့နှင့် သရေခေတ္တရာမြို့တော်ဟောင်းတွင် လူဦးရေ (၃၀၀၀၀) ရှိသည်ဟု သိရ၏။ ထိုမြို့သည် ခရိုင်မြို့ကြီးတစ်မြို့ဖြစ်၍ အရေးပိုင်(ခရိုင်အုပ်ချုပ်ရေးမှူး)အုပ်ချုပ်သောမြို့ ဖြစ်သည်။ မြို့ပြသာယာရေးအတွက် စည်ပင်သာယာရေးကော်မတီတစ်ရပ်ဖွဲ့စည်းထားရှိ၏။ အကျဉ်းထောင် ခရိုင် တရားရုံး စသည့် မြို့တော်အဂ်ါရပ်များနှင့် ညီညွတ်အောင် စနစ်တကျ အကွက်ချ တည်ထောင်ထားသောမြို့ ဖြစ်၏။

သမိုင်းမှတ်တမ်းများအရ ဗြိတိသျှအစိုးရ အောက်မြန်မာနိုင်ငံတော်သိမ်းယူစဉ်က ပြည်မြို့ အပါအဝင် အောက်မြန်မာနိုင်ငံ၏ အဓိက လမ်းပန်းဆက်သွယ်ရေးမှာ မြစ်၊ ချောင်းများ၊ မြင်းဖြင့်သွားနိုင်၍ လှည်းဖြင့်မသွားနိုင်သော မြေလမ်းများ၊ လယ်ကွက်များကို အလျဉ်းသင့်သလို ဖြတ်ဖောက်ထားသဖြင့် နွေရာသီသာ အသုံးပြုနိုင်သော လှည်းလမ်းများသာရှိခဲ့ပြီး စနစ်တကျ ဖောက်လုပ်ထားသော ကုန်းလမ်းမရှိခဲ့ပေ။ ဤကဲ့သို့




လမ်းပန်းအဆက်အသွယ် ညံ့ဖျင်းနေမှုကြောင့် ရန်ကုန်မှာ မိုင် (၁၆၀) ကျော်ခန့်သာကွာဝေးသော ပြည်မြို့သို့ (၁၀)ရက်ကျော်ခန့်ကြာမြင့်အောင်သွားကြရသည်။ သို့ဖြစ်၍ သယ်ယူပို့ဆောင်ရေးစရိတ်မှာ ကြီးမားလှ၏။ စူးအက်တူးမြောင်းကြီး ဖွင့်လှစ်ပြီးနောက် အင်္ဂလန်နိုင်ငံမှ ကုန်များတင်ဆောင်လာသော သင်္ဘောကြီးများသည် မြန်မာနိုင်ငံသို့ တိုက်ရိုက်ဆိုက်ကပ်လာခဲ့ပြီး မြန်မာနိုင်ငံမှဆန်များကို ပြန်လည် တင်ဆောင်သွားခဲ့၏။ ဤသို့ဖြင့် မြန်မာနိုင်ငံမှ ဆန်စပါး အနုတ်အသိမ်းများလာသည်အခါ လယ်သမားကြီးများသည် စပါးများကို တိုးချဲ့စိုက်ပျိုးကြ၏။

ဆန်နည်းတူ သစ် စသော သစ်တောထွက်ပစ္စည်းများ၊ ချည်ကြမ်းများ စသောကုန်များကို တိုးတက်ပို့ဆောင်လာသကဲ့သို့ အင်္ဂလန်နိုင်ငံမှ အထည်အလိပ်၊ ကျောက်မီးသွေး၊ သကြား၊ ဖန်ထည်နှင့် အခြားကုန်ပစ္စည်းများကို အင်္ဂလန်နိုင်ငံမှ တင်သွင်းယူလာခဲ့ကြ၏။ ထို့ကြောင့် ကုန်ပစ္စည်းများ အစုန်၊ အဆန် တွင်ကျယ်စွာ တင်ပို့နိုင်ရန် ထိရောက်သော မီးရထားလမ်းဖောက်လုပ်ရန် ဗြိတိသျှ မဟာဝန်ရှင်တော်မင်းကြီး ဆာအက်(ရှ)အီဒင်က စီစဉ်ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့မှ အရေးပါအရာရောက်သော ဧရာဝတီမြစ်ကမ်းပေါ်ရှိ ပြည်မြို့သို့ (၁၆၁) မိုင်အရှည်ရှိသော မီးရထားလမ်းဖောက်လုပ်ခဲ့သည်။ ဤသို့ ရန်ကုန်မြို့၊ ပြည်မြို့သို့ မီးရထားဖောက်လုပ်နိုင်ခဲ့သဖြင့် ပြည်မြို့နှင့်ခေတ္တရာမြို့ဟောင်းမှာ တိုးတက်မှုအရှိန်အဟုန်မြင့်မားလာခဲ့၏။

ပြည်မြို့တွင် ထင်ရှား၍ လူသိများသော ချောင်းနှစ်ချောင်းရှိ၏။ တစ်ချောင်းမှာ မြို့၏တောင်ဘက်စွန်းတွင်ရှိသော ဘူးခါးချောင်းဖြစ်၍ အခြားချောင်းတစ်ချောင်းမှာ မြို့၏ မြောက်ဘက်စွန်းတွင်ရှိသော နဝင်းချောင်း ဖြစ်လေသည်။ အမှန်အားဖြင့် ပြည်မြို့သည် အလျားအားဖြင့် အထက်ဖော်ပြပါ ချောင်းနှစ်ချောင်းအကြား တည်ရှိလေသည်။

မဟာဝင်ရာဇဝင် မှတ်တမ်းများအရ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပြည်မြို့အနောက်မြောက်ဘက်ရှိ သီဟပဗ္ဗတတောင်(ဖိုးဦးတောင်)သို့ကြွလာစဉ် ပွေးဖို၊ ပွေးမမောင်နှံသည် တောင်ကမ်းပါးယံမှထွက်၍ ဆုပန်ခဲ့သည့် ဗျာဒိတ်ကြောင့် သီရိခေတ္တရာမြို့ (ယခု ပြည်မြို့) တွင် ဒွတ္တဘောင်မင်းကြီးနှင့် ဗိဿနိုးမိဖုရားဖြစ်လာလေ၏။ ဒွတ္တဘောင်မင်းကြီးသည် ဗိဿနိုးမိဖုရား၊ ဥမ္မရဒေဝီ၊ ဘေစန္ဒီ၊ စန္ဒာဒေဝီမိဖုရားလေးယောက်တို့နှင့် သီရိခေတ္တရာရသေ့၏ကျောင်းသင်္ခမ်းနေရာတွင် သရေခေတ္တရာပြည်ကြီးကို တည်ထောင်ခဲ့သည်။ ဒွတ္တဘောင်မင်းကြီးသည် တိုင်းသူပြည်သားအများအား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တော်မူပြီး ဗုဒ္ဓဘာသာ သာသနာတော်ကို ချီးမြှောက်ကာ သက်တော်(၁၀၅)နှစ်တိုင် စိုးစံခဲ့သည်။ ထိုအချိန်မှစ၍ ဒွတ္တဘောင်မင်းကြီး တည်ထား ကိုးကွယ်ခဲ့သော ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဥမင်လိုဏ်ဂူ၊ ရေတွင်း၊ ရေကန် အစရှိသည်တို့ကို ပြည်သူအများက အပျက်အစီးများပြုပြင်ကာ ကိုးကွယ်ခဲ့ကြသည်။


နှစ်ပေါင်း(၅၆၀)ခန့် ကြာမြင့်လာခဲ့သောအခါ ဒေသတွင်း လူမျိုးရေးစစ်ပွဲများကြောင့် သရေခေတ္တရာမြို့ကြီးမှာ ပျက်စီးခဲ့ရသည်ဟု ဆိုသည်။ ခရစ်နှစ် ၁၈၂၅ ခုနှစ်နှင့် ၁၈၅၂ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ် - မြန်မာစစ်ပွဲများတွင်လည်း ပြည်မြို့မှာ စစ်တလင်းဖြစ်ခဲ့ရ၏။ အိုကွန်နားသည် ပြည်မြို့သစ်နှင့် သရေခေတ္တရာမြို့ဟောင်း ပတ်ဝန်းကျင်တွင် ခြေကျင်သွား၍ လေ့လာမှုများပြုလုပ်ခဲ့၍ ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံခဲ့သည်ဟု ဆိုခဲ့ပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -

၁။ Mandalay And Other cities of The Past in Burma By - V.C.Scott O'Connor
၂။ သတင်းစာများ

www.burmeseclassic.com



(မြင်းခြံ)

# ဝင်းထွန်းအောင်

## အောင်စေနိုင်စေ

မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲမှာ နှစ်စဉ်ကျင်းပသည့်ပွဲတော်ကြီးတစ်ခုဖြစ်သည်။ ဈေးသည်များ၊ ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာရှိလှသည်။ နယ်ပေါင်းစုံမှ ဈေးသည်များ၊ ဈေးဝယ်များ၊ မျက်လှည့်ဆရာ၊ အလမ္ပာယ်ဆရာများ၊ ဆေးရောင်းသူများစုံလင်လှသည်။

မြင်းခြံမြို့၏အထင်ကရရှိလှသည့် ရန်အောင်မြင်မြတ်စွာဘုရားကြီး၏ရှေ့တွင် လူများ စုဝေး၍ မျက်လှည့်ပွဲကြည့်နေကြသည်။ ကျွန်တော် လက်ဖက်ရည်သောက်သွားရာလမ်းဘေးတွင် တွေ့မြင်လိုက်ရသည်။ ကျွန်တော် အမှတ်မထင်ကြည့်လိုက်မိသည့်အချိန်တွင် အမှတ် (၁၇) ရပ်ကွက်မှ ကျော်ဆန်းဦးကို မြင်တွေ့လိုက်ရ၏။ ကျွန်တော့်အား လက်ယပ်ခေါ်နေသဖြင့်သွားလိုက်မိသည်။

"လာပါဦးဗျ၊ ဒီမှာစိတ်ဝင်စားစရာကောင်းတဲ့ကိစ္စတွေ့လို့ ကြည့်နေတာ။ ခင်ဗျားအတွက် ဇာတ်လမ်းတစ်ပုဒ်ရနိုင်တယ်"

"ဘာလဲကွ၊ မျက်လှည့်ပြ၊ အလမ္ပာယ်ပြပြီးဆေးရောင်းတဲ့ကိစ္စလား။ ဒါက လုပ်နေကျတွေပါကွာ"

"မဟုတ်ဘူးဗျ၊ အဲ - ဟုတ်လည်းဟုတ်တယ်ပေါ့ဗျာ။ သေသေချာချာကြည့်ပါဦး။ ထူးခြားစိတ်ဝင်စားစရာတွေ့ရပါလိမ့်မယ်"

ကျော်ဆန်းဦးနှင့် သူ၏အဖော်ပါသူကပြောသဖြင့် ကျွန်တော်မျက်လှည့်ဝိုင်းထဲသို့ကြည့်လိုက်မိသည်။

ကျိုးတိုးကျဲတဲဆံပင်အရှည်အားစုစည်းချည်နှောင်ထားပြီး ကျိုးတိုးကျဲတဲနှုတ်ခမ်းမွေးရှည်ရှည်၊ မုတ်ဆိတ်မွေးရှည်ရှည်နှင့် မျက်လှည့်ဆရာမှာ တစ်ကိုယ်လုံး အင်းကွက်များ၊ စမများထိုးထားသည်။ ရှမ်းဘောင်းဘီအနက်အား ဝတ်ဆင်ထားပြီး ပဝါအနီရောင်အား ခါးမှာ ဟန်ပါပါနှင့် ချည်နှောင်ထားကာ ဆေးရောင်းရန် အာပေါင်နေသည်။ သူ့ရှေ့တွင် အရပ်ရှည်ရှည်၊ နှုတ်ခမ်းမွေးစစ၊ မျက်ထောက်နီနီနှင့် လူတစ်ယောက်ရပ်နေသည်။ ထိုသူက မျက်မှောင်ကုတ်ကုတ်ဖြင့် မျက်လှည့်ဆရာအားကြည့်နေသည်။

"ဟောဒီအဆောင်ကို လက်ထဲမှာကျစ်ကျစ်ပါအောင်ဆုပ်ထား၊ အင်မတန်မှ အဆိပ်ပြင်းလှပါတယ်ဆိုတဲ့ မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ ငန်းပုပ်၊ တောကြီးမြွေဟောက် စတဲ့ အဆိပ်ရှိသတ္တဝါတွေနဲ့တွေ့ရင် လုံးဝကြောက်စရာမလိုပါဘူး။ ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး၊ အထက်ပုဂ္ဂိုလ်ကြီးများပေးတဲ့ဆေးဆိုပြီး ရဲရဲဝံ့ဝံ့သွားပါ။ အလိုလိုရှောင်ရှားသွားပါလိမ့်မယ်။ မမြင်မတွေ့လိုက်ရလို့ ထိမိနင်းမိခဲ့ပြီး ကိုက်ခဲ့ရင် ဘာမှမဖြစ်ပါဘူး အာမခံပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော် လက်တွေ့ပြပါမယ်။ ဟောဟိုပခြုပ်ထဲမှာ အလွန်အဆိပ်ပြင်းတဲ့ မြွေပွေးရှိပါတယ်။ မြွေပွေးဟာ သူ့ကို ထိမိရင် ယင်ကောင်တောင်မလွတ်အောင်ပေါက်နိုင်တဲ့မြွေပါ။ ကဲ - ကိုယ့်ဆရာ၊ ရှေ့ကိုတိုးပါ မကြောက်ပါနဲ့။ ကျွန်တော်က ခင်ဗျားလက်ထဲက အဆောင်ကို အစောင့်သွင်းပေးပြီးရင် ဟောဟိုထဲကမြွေပွေးကိုကိုင်ရပါမယ်"

"ဘယ်မှာလဲဗျ ခင်ဗျားမြွေက၊ ကျုပ်ကိုပြပါဦး"

မျက်မှောင်ကုတ်ကုတ်၊ မျက်နှာစူပုပ်ပုပ်နှင့် အဆောင်ကိုင်ထားသူက ပြောသည်။

မျက်လှည့်ဆရာက သူ၏မြွေထည့်ထားသည့် ထန်းခေါက်လေးအား မ,ယူလာပြီးစကားဆက်ပြောပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီအထဲမှာ မြွေပွေးရှိပါတယ်။ ကျွန်တော်က ဆေးစောင့်အပ်လိုက်ပြီဆိုတာနဲ့ ဒီအဆောင်က အစွမ်းပြသွားမှာပါ။ အဲ - တစ်ခုတော့ရှိတယ်။ ဒီနေ့ဒီရက်ကစပြီး ခင်ဗျားက မြွေတွေ့ရင်မသတ်ရပါဘူး၊ မြွေခွတွေကို မေတ္တာထားရပါမယ်။ မြွေသားကိုလည်း မစားရပါဘူး။ ငါးလမြွေ၊ ပဲလင်းမြွေဆိုတဲ့ မြွေအမည်ပါတာတွေကိုလည်း မစားရဘူး။ ဒါမှ အဆောင်က အစွမ်းထက်ပါလိမ့်မယ်။ ကဲ - ဟောဒီမှာကြည့်၊ ဒါမြွေပွေးအစစ်ပါ။ အကွက်ဆက်မြွေပွေးပါ"

မျက်လှည့်ဆရာက ထန်းခေါက်ဖာအား လက်တစ်ဖက်မှကိုင်ပြီး ကျန်လက်ဖြင့်ဖွင့်၍ပြသလိုက်သည်။ ကျပ်လုံးခန့်ရှိမြွေပွေးမှာ ဖာထဲတွင်ခွေနေ၏။

ထိုစဉ်မှာပင် အဆောင်ကိုင်ထားသူက -

"အိုဗျာ - ရော့၊ ခင်ဗျားအဆောင်ကျုပ်မယူချင်ဘူး။ ဒီမြွေလောက်တော့ အဆောင်မလိုပါဘူး"

ဟု ပြောပြီး မျက်လှည့်ဆရာပေးထားသည့်အဆောင်အား ဖာအဖုံးထဲသို့ ပစ်ထည့်လိုက်၏။ ဘယ်ဘက်လက်က တောင်းထဲရှိမြွေအား ခါးမှ ဆွဲယူလိုက်သည်။ မြွေပွေးမှာ ပါးစပ်ကြီးဖြဲ၍ ထိုလူငယ်အား လျင်မြန်စွာပေါက်လိုက်၏။

"ကဲ - ပေါက်စမ်းကွာ၊ ချလိုက်၊ ကြိုက်သလောက်ချကွ"

ပြောလည်းပြော၏။ လက်ယာလက်နှင့် မြွေပွေး၏ဖက်နားသို့ လျင်မြန်စွာဖမ်းလိုက်သည်။ မြွေပွေးမှာ ပါးစပ်ဖြဲလေးနှင့်ဖြစ်သွားသည်။ ထိုပါးစပ်ထဲသို့ ဘယ် ဘက်လက်ညှိုးထိုး၍ထည့်လိုက်ပြန်သည်။

"ခင်ဗျားမြွေကို ကျုပ်ကိုက်စားလိုက်ရမလား"

"ဟာ ဟာ - မလုပ် . . . မလုပ်ပါနဲ့ဗျာ။ မြွေ . . . မြွေက အဆိပ်ထုတ်မထားဘူးနော်။ ခင်ဗျား ဒုက္ခ . . . . ဒုက္ခဖြစ်လိမ့်မယ်"

"အိုး - အလုပ်ရှုပ်လွန်းလို့၊ ကျုပ်က ဆယ်ခါကိုက်လည်း အရေးမလုပ်ဘူး။ အဲ - စိတ်တိုလာရင်တော့ အဲဒီမြွေရဲ့ခေါင်းကို အစိမ်းလိုက်ဝါးစားချင်တာဗျာ။ ကဲ - ရော့ ခင်ဗျားရဲ့မြွေ"

ပြောပြောဆိုဆို ဖာထဲသို့မြွေအားပစ်၍ထည့်လိုက်သည်။ မျက်လှည့်ဆရာက ပျာပျာသလဲ အဖုံးပိတ်လိုက်ပြီး ပစ္စည်းများ ကောက်၍သိမ်းလေတော့သည်။

ကျွန်တော်က ကျော်ဆန်းဦးအား အံ့ဩစွာလှည့်၍ကြည့်လိုက်၏။

"ဘာလဲ၊ စိတ်ဝင်စားသွားပြီလား။ ဟိုလူကထွက်သွားပြီဗျ။ ကျွန်တော်က အဲဒါမြင်လို့ ခင်ဗျားကိုလှမ်းပြီးခေါ်လိုက်တာ ဦးကျော်ရ"

"အေးကွ၊ ငါက မျက်လှည့်ပွဲပဲဆိုပြီး မထူးဆန်းဘူးလို့ထင်ထားတာ။ ဘာလဲ၊ သူတို့ လူအချင်းချင်း ဆေးစွမ်းပြနေကြတာလား"

"ဟာ - ဘယ်ဟုတ်ရမှာလဲ။ မြွေကိုက်ခံပြီးပြသွားတဲ့လူက ကျွန်တော်တို့မြင်းခြံသားဗျာ။ သူ့ကိုမြင်လို့ ကျွန်တော်တို့လည်း ဝင်ပြီးကြည့်တာ။ ဒါကတော့ ကျောက်ရန်ရွာက ကိုလှမိုးတဲ့။ ဦးကျော်ကိုလည်း မှတ်ထားကွ။ ငါ့ရဲ့မိတ်ဆွေရင်းပေါ့ကွာ။ စာရေးဆရာလေ"

"ဟုတ်ကဲ့ဗျ။ ကျွန်တော်က ကျော်ဆန်းဦးနဲ့ အလွန်ရင်းနှီးပါတယ်"

"ဩော် - အေး အေး၊ ကဲ-လာကြကွာ။ ဂန္ဓဝင်လက်ဖက်ရည်ဆိုင်ကို သွားကြရအောင်။ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ကျွန်တော်က ကျော်ဆန်းဦးနှင့် လှမိုးအား လက်ဖက်ရည်ဆိုင်သို့ခေါ်



www.burmeseclassic.com

လာခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာ ခေတ္တသာထိုင်ကြသည်။

"ကဲ - ဦးကျော်၊ ကျွန်တော်သိပါတယ်။ ဒီကိစ္စကိုစိတ်ဝင်စားလို့ခေါ် လာတာ မဟုတ်လား။ ကျွန်တော်တို့က လက်ဖက်ရည်နဲ့ မတည့်တော့ဘူးဗျ။ စောစောကလူရဲ့အကြောင်းကိုသိချင်တာ မဟုတ်လား။ မနက်ဖြန်အားတဲ့အချိန် ကျွန်တော့်အိမ်လာခဲ့ပါ။ သူက လှမိုးရဲ့ သူငယ်ချင်းပါ။ သူတို့က ပေဖော်ပေဖက်တွေလေ။ ဦးကျော်အားတဲ့အချိန်ပြောလိုက်၊ ကျွန်တော်တို့လိုက်ပို့ပေးမယ်"

"အေး အေး၊ ဒါဆိုရင် မနက်ဖြန် မနက်(၁၀)နာရီလောက်လာခဲ့မယ်လေ"

"ဟုတ်ကဲ့၊ ကာယကံရှင်နဲ့ကိုယ်တိုင်တွေ့ရတော့ ဦးကျော်အတွက် ပိုပြီးကောင်းတာပေါ့။ အကြောင်းအရာပြည့်ပြည့်စုံစုံသိရတာပေါ့။ ကဲ-ကျွန်တော်တို့ သွားပြီနော်"

"ဩော် - အေး အေး၊ မနက်ဖြန် သေချာပေါက်လာခဲ့မယ်"

"သိပါတယ်၊ ဦးကျော် မဖြစ်မနေ လာမယ်ဆိုတာ။ ကဲ သွားပြီနော်"

ကျော်ဆန်းဦးက ကျွန်တော်၏ အကြောင်းသိသူပီပီ မချိုမချဉ်မျက်နှာနှင့်ပြောသွားသည်။ မှန်ပါ၏။ 'ကွမ်းသီးကြိုက်တောင်ငူပို့' ဟုပြောပြော၊ 'ရေငတ်နေသူ ရေတွင်းထဲကျ' ဟုပဲဆိုဆို ကျွန်တော် အရောက်သွားမည်ကတော့ အသေအချာပင်တည်း။

❒

ကျွန်တော် ကျော်ဆန်းဦးတို့ အိမ်ရောက်သွားတော့ လှမိုး မရှိသေး။ ထို့ကြောင့် အမှတ် (၁၈) ရပ်ကွက်သို့ ကျော်ဆန်းဦးနှင့် နှစ်ယောက်တည်း သွားခဲ့ကြ၏။ မေးမြန်းစုံစမ်းပြီး ဦးအောင်ညွန့် ထန်းရည်ဆိုင်သို့ရောက်ခဲ့ရသည်။

"ဒီဆိုင်မှာ ကိုအောင်နိုင် မလာဘူးလားဗျ"

"ဘယ်အောင်နိုင်လဲ"

"မြွေအောင်နိုင်ပါ"

"ဟိုမှာလေ"

ကျွန်တော်တို့၏ နောက်ကျောဘက်မှာထိုင်နေသည့် အောင်နိုင်အား ညွှန်ပြသဖြင့် တွေ့လိုက်ရသည်။ ကျော်ဆန်းဦးကစတင်၍ မိတ်ဆက်စကားဆိုသည်။

"ကျွန်တော်က ကျောက်ရန်လှမိုးရဲ့သူငယ်ချင်းပါ။ သူကတော့ မဂ္ဂဇင်းတွေမှာ စာတွေရေးနေတဲ့ စာရေးဆရာ ဦးကျော်လို့ခေါ်ပါတယ်။ ကိုအောင်နိုင်နဲ့တွေ့ရအောင်လာတာပါ"

"ဘာလဲ၊ မြွေဖမ်းဖို့လား"

"ဟာ - မဟုတ်ပါဘူး၊ ခင်ဗျားအကြောင်းလေးသိချင်လို့ပါ"

"ကျုပ်အကြောင်း။ ကျုပ်ကဘာမှ မထူးပါဘူး။ ဘာမှလဲပြောစရာမရှိဘူး။ ကျုပ်မှာ ဘာဆေး၊ ဘာအဆောင်မှလဲ မရှိဘူး။ နာမည်ကြီးအောင်လည်းမလုပ်ချင်ဘူး။ အဲဒီလိုလာမေးတဲ့သူတွေအများကြီးပဲ။ ဘယ်သူနဲ့မှမတွေ့ချင်ဘူးလို့ ပြောထားတယ်"

"ဒီလိုပါ ညီလေး၊ ညီလေးနာမည်ကြီးအောင်လုပ်မှာမဟုတ်ပါဘူး။ ဆေးတို့၊ အဆောင်တို့အကြောင်းသိချင်တာလည်း မဟုတ်ပါဘူး။ မနေ့က ပါလက်လမ်း၊ ရန်အောင်မြင်ဘုရားရဲ့ရှေ့မှာ ညီလေး မြွေကိုကိုင်သွားခဲ့တာကြည့်ပြီး စိတ်ဝင်စားသွားလို့ပါ။ ညီလေးလို မြွေကိုနိုင်တဲ့သူရှိတယ်ဆိုတာ သိစေချင်တာရယ်၊ ဘယ်အချိန်၊ ဘယ်အရွယ်ကစပြီး ဒီလိုနိုင်ခဲ့တယ်ဆိုတာသိချင်လို့ လာခဲ့တာပါ"

"အဲဒီတော့ ကိုအောင်နိုင်ရာ၊ ဟို - ဦးကျော်မေးတဲ့ကိစ္စလေးတွေပြည့်ပြည့်စုံစုံလေးပြောပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ကျော်ဆန်းဦးနှင့် ကျွန်တော်၏ ပြောစကားကြောင့် အောင်နိုင် မျက်မှောင်ကုတ်၍စဉ်းစားနေသည်။ ဆိုင်ရှင်ဦးအောင်ညွန့်နှင့်အတူ ထန်းရည်သောက်နေသော တပ်မတော်သားဟောင်း ဆရာကြီးမောင်ဖြူကပါဝင်ရောက်ပြောပြန်သည်။

"ဟုတ်တယ် ညီလေးရ၊ အစ်ကိုဒီရပ်ကွက်ထဲရောက်တာ (၁)လလောက်ရှိပါသေးတယ်။ ညီလေးအကြောင်း တစ် စွန်းတစ်စကြားရတာ စိတ်ဝင်စားဖို့ကောင်းတယ်ကွ။ ဒီဆရာပြောသလို နာမည်ကြီးဖို့မဟုတ်ပါဘူး။ အဲ-ဘယ်လိုခေါ်မလဲ၊ ညီလေးရဲ့တန်ခိုးခေါ်မလား"

"အစွမ်းပေါ့ဗျာ၊ ကိုအောင်နိုင်ရဲ့ အစွမ်းအစကို ရင်သပ်ရှုမောဖော်ပြချင်တာပါ"

"အဲ-ဟုတ်တယ်၊ ပင်ကိုအစွမ်းပေါ့ နော်"

"ကဲ - ဒါဆိုရင်လည်းမေးဗျာ"

"ကိုအောင်နိုင် .မိသားစုဘယ်နှယောက်ရှိသလဲ"

"သုံးယောက်ပါ။ သမီးတစ်ယောက်နဲ့ ကျွန်တော့်မိန်းမနဲ့ပေါ့ဗျာ"

"ကိုအောင်နိုင်ရဲ့ဇနီးနာမည်က"

"မြဝင်းကြည်ပါ"

"ကိုအောင်နိုင်အသက်က"

"(၄၂)နှစ်ပါ"

"မိဘတွေရှိသေးလားဗျ"

"အဖေရှိပါတယ်။ နာမည်က ဦးဘိုနီပါ"

"အလုပ်အကိုင်က ဘာလုပ်ပါသလဲဗျ"

"ကျုပ်က ထင်းငုတ်တူး၊ ထင်းခွဲပြီးရောင်းတယ်။ အမြဲတော့မဟုတ်ဘူးပေါ့ဗျာ၊ ရပ်ကွက်ကိစ္စရှိရင်တော့မလုပ်ပါဘူး"

"ရပ်ကွက်ကိစ္စဆိုတော့ လူကြီးလုပ်တာလား"

"မဟုတ်ပါဘူး၊ လူကြီးမလုပ်ပါဘူး။ ရပ်ကွက်သာရေး နာရေး၊ လူမှုရေးလုပ်ငန်းကိုပြောတာပါ"

"လူမှုရေးလုပ်ငန်းထဲက အများအကျိုးဖြစ်စေတဲ့လုပ်ငန်းတစ်ခုလောက်ပြောပြပါလား"

"အများကြီးပဲဗျ၊ အဲ - တစ်ခုဆိုတော့ နွေရာသီမှာသောက်ရေရှားပါးတဲ့အတွက် နှစ်စဉ် ရေတွင်းတူးတာ နှစ်ပေါင်းမနည်းတော့ဘူး၊ အများအသုံးပြုအောင်ပေါ့ဗျာ။အဲ-လုပ်အားကူညီရမယ့်အလုပ်မှန်ရင် အကုန်လုပ်ပေးတယ်။ အိမ်အတွက် ဝင်ငွေရှိတာ၊ မရှိတာ သိပ်ပြီးမစဉ်းစားဘူး"

"ကိုအောင်နိုင် မြွေကိုနိုင်တယ်ဆိုတာ ဘယ်လိုကနေစပြီးသိတာလဲ။ တစ်ယောက်ယောက်ကပြောလို့လား ဒါမှမဟုတ် ဟိုဘာဝင်စားခဲ့တာတို့ပေါ့ဗျာ။ အဲဒီလိုရှိလား"

"အင်း - ကျုပ်က (၇) နှစ်သားလောက်ကတည်းကစပြီးသိတာဗျ။ မြွေကိုမြင်ရင် ကျုပ်လည်းကြောက်တာပေါ့ဗျာ။ အဲ-ထူးခြားတာက မြွေကိုမြင်လိုက်လို့ ကြက်သီးဖြန်းခနဲထားသွားပြီဆိုရင်တော့ မကြောက်တော့ဘူးဗျ။ လိုက်ပြီးဖမ်းတော့တာပဲ။ ငယ်ငယ်တုန်းကဆိုရင် တစ်ခါတစ်ရံ ခြေထောက်နဲ့တက်နင်းဖြစ်တယ်။ မြွေပွေးဖြစ်ဖြစ်၊ မြွေဟောက်ဖြစ်ဖြစ် ခါးကနေပြီးဖမ်းတယ်။ မြွေဆိုတာကတော့ သိတဲ့အတိုင်းပဲလေ။ ထိရင်ကိုက်တာပဲပေါ့။ ကျုပ်လည်းကိုက်တာပဲ။ ဒါပေမယ့် ကျုပ်ကဘာမှမဖြစ်ဘူးဗျ။ အဲ-တစ်ခါတလေ မြွေကို ဖမ်းထားရင်းနဲ့ ကျုပ်နှုတ်ခမ်းတွေတဆတ်ဆတ်လှုပ်လာ

www.burmeseclassic.com

ရင် မြွေရဲ့ခေါင်းကိုဝါးစားဖြစ်တာဗျာ"

"ဗျာ - အစိမ်းဝါးစားတာလား"

"ဟုတ်တယ်၊ ဖမ်းမိထားတဲ့မြွေက ခေါင်းတယမ်းယမ်း၊ ပါးစပ်တဖြဲဖြဲလုပ်ရင် အဲဒီမြွေရဲ့ခေါင်းကိုဝါးစားမိတဲ့အခါမျိုးရှိဖူးတယ်"

"အခုတော့ကော"

"အခုတော့ အစိမ်း ှည်းမစားတော့ဘူး၊ ချက်ပြီးလည်းမစားတော့ဘူး။ ကန်ရိုးကျောင်းဆရာတော်ကြီးက ပြောတာနဲ့ မစားတော့ဘူး။ အရင်ကတော့ မြွေတွေ့ရင်ဖမ်းတယ်၊ အိုးထဲထည့်ထားပြီးပိတ်ထားတယ်။ ကျုပ်အိမ်ဘေးမှာ အနည်းဆုံး အိုး (၄)၊ (၅)လုံးလောက်ရှိတယ်။ စားချင်စိတ်ရှိရင်ထသတ်ပြီးချက်စားလိုက်တာပဲ"

"ဩော် - ဟုတ်လား။ ဒါနဲ့ ကန်ရိုးကျောင်းဆရာတော်ကြီးကဘယ်လိုပြောလို့လဲ။ အခုလက်ရှိဆရာတော်လား"

"မဟုတ်ဘူးဗျ၊ ပျံတော်မူသွားတဲ့ဆရာတော်ကြီးပါ။ ဆရာတော်ကြီးက အဆောင်လည်းမလို၊ ဆေးလည်းမကုဘဲ မြွေကိုနိုင်တဲ့သူဟာ ရှားမှရှားပါကွာတဲ့။ နောက်ဘဝတွေမှာပါ အထုံပါသွားအောင် မြွေကိုနိုင်ပေမယ့် မြွေသားကို မစားပါနဲ့၊ မြွေကိုမသတ်ပါနဲ့၊ မေတ္တာထားပေးပါလို့ပြောတဲ့အတွက် ကျုပ်မစားတော့၊ မသတ်တော့တာပါ"

"ဟုတ်ကဲ့ပါ၊ နောက်တစ်ခုလောက်သိချင်တာက မြွေနဲ့ပတ်သက်ပြီး ဖမ်းခဲ့တာတို့၊ အများပြည်သူကို အကူအညီပေးခဲ့တာကို မှတ်မိသလောက်လေးပြောပြပါလား"

"အဲဒါကတော့ အများကြီးပဲဗျ။ ကျုပ်တို့ရပ်ကွက်ထဲမှာကို မနည်းဘူး။ ရပ်ကွက်နယ်မြေမှူးရဲ့အိမ်မှာ မြွေပွေးကြီးခွေနေလို့ ကျုပ်ကို လာခေါ်တယ်။ ကျုပ်ရောက်သွားတော့ မြွေကြီးကခွေနေရာကနေ ခေါင်းထောင်ကြည့်ပြီး အခွေဖြေတယ်။ ကျုပ်က ခါးကုနေပြီးဖမ်းလိုက်တယ်။ အဲဒီအချိန်မှာပဲ နောက်တစ်ကောင်ထပ်ပြီးတွေ့လို့ (၂)ကောင်စလုံးဖမ်းပြီး ကျောပိုးအိတ်ထဲထည့်ယူလာခဲ့တယ်။ လူတွေဝိုင်းအုံလိုက်လာပြီး ပြပါဦးခိုင်းလို့ ကျုပ်ထုတ်ပြလိုက်တယ်။ နယ်ထိန်းရဲတပ်ဖွဲ့နဲ့တွေ့လို့ အငေါက်ခံလိုက်ရသေးတယ်"

"ဘယ်လိုငေါက်သွားတာလဲဗျ"

"လူတွေအထိတ်အလန့်ဖြစ်စေနိုင်ပြီး အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် နောက်ကို ဒီလိုမလုပ်ဖို့ ဥက္ကဋ္ဌရှေ့မှာ လက်မှတ်ထိုးခိုင်းတာပေါ့ဗျာ"

"အင်းလေ၊ ဒါလည်းဟုတ်တာပဲ။ မတော်တဆ ကလေးတစ်ယောက်ယောက်ကိုကိုက်မိရင် ပြဿနာဖြစ်နိုင်တာပဲ"

"ကျုပ်ရှိနေတုန်းကတော့ အဲဒီလိုမဖြစ်ပါဘူးဗျာ။ မြွေပွေးဆိုတာမပြောနဲ့ မြွေဟောက်တောင်မဖြစ်ဘူး။ မြွေဟောက်က ကျုပ်လက်ထဲရောက်နေတာတောင် ရုန်းနေတတ်တာဗျာ။ ကလိန်ခြုံရွာဘုရားတည်တဲ့ပွဲမှာ အုတ်ပုံထဲက ထွက်လာတဲ့မြွေဟောက်က ကျုပ်တစ်ရပ်ကျော်သေးတယ်။ ဘုရားတည်တဲ့ပွဲဆိုတော့ လူတွေအများကြီးပေါ့ဗျာ။ ပါးပျဉ်းကြီးထောင်နေတာ နည်းတာမဟုတ်ဘူး။ အရစ်(၃)ရစ်နဲ့ဗျ။ ကျုပ်ခါးကနေဝင်ပြီးဖမ်းလိုက်တယ်။ ဒီကောင်အတင်းရုန်းတာပေါ့ဗျာ။ တော်တော်ဝေးတဲ့တောထဲသွားပြီး လွှတ်လိုက်ပါတယ်။ 'မင်းကလည်း ဘယ်သူ့မှရန်မလုပ်နဲ့။ ဒီလူတွေက ဘုရားတည်ရာမှာ လာပြီးကုသိုလ်ယူနေကြတဲ့သူတွေ။ မင်းကိုဘေးကင်းရာပို့ပေးမယ်မရုန်းနဲ့'လို့ပြောမှ ငြိမ်ငြိမ်လေးလိုက်လာတာဗျ"

"ဩော် - ဟုတ်လား၊ ဒါဆိုရင် ခင်ဗျားကိုမကိုက်ဘူးလား"

ကျွန်တော်က အံ့ဩမိသည့်အတွက် မေးမြန်းမိသည်။ ကျော်ဆန်းဦးက ထန်းရည်တစ်ခွက်ငှဲ့ပြီး အောင်နိုင်ကိုပေးလိုက်သည်။

"ကဲ - ကိုအောင်နိုင်၊ တစ်ခွက်လောက်မော့လိုက်ဦး။ စာရေးဆရာက စိတ်ဝင်တစားနဲ့ဇွတ်မေးနေတော့ မောလောက်ပြီ"

"အင်း - ဟုတ်တယ်၊ နည်းနည်းတော့မောပြီဗျ။ တစ်ခွက်တော့ချလိုက်ဦးမယ် ဆရာ"

"ချပါ ချပါ၊ အားမနာပါနဲ့။ ကျွန်တော်စိတ်လောသွားလို့ပါ"

အောင်နိုင်က ထန်းရည်ခွက်ပြန်၍ချသည့်အချိန် ကျွန်တော်က ဓာတ်ပုံရိုက်လိုက်သည်။ ကျွန်တော်ဓာတ်ပုံရိုက်သည်ကိုသိသဖြင့် ခေါင်းငုံ့ထားသည်။ သူ၏ခေါင်းပြန်မော့သည်နှင့် ကျွန်တော်က တစ်ပုံထပ်၍ရိုက်လိုက်သည်။ မျက်နှာလွှဲသွားပြန်သည်။

"ညီလေး၊ ဘယ်လိုမှမအောက်မေ့ပါနဲ့။ ခွင့်ပြုချက်မယူဘဲ ဓာတ်ပုံရိုက်မိတာ အစ်ကိုမှားပါတယ်။ ညီလေးရဲ့ မြွေပိုင်နိုင်ပုံက အခုသိရသလောက်နဲ့တင် အံ့မခန်းပါပဲ။ ဒါကြောင့် ညီလေးဓာတ်ပုံပါထည့်ပေးချင်လို့ပါ"

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်က သိပ်ပြီး စကားပြေပြစ်အောင် ပြောတတ်တာမဟုတ်ဘူး။ နာမည်ကြီးမှာလည်းကြောက်တယ်။ ဓာတ်ပုံတော့ မထည့်ပါနဲ့ဗျာ"

အောင်နိုင်က ဇွတ်အတင်းငြင်းနေသည်။ ကျွန်တော်ဘာမှမပြောရသေးခင်မှာပင် အနီးအနားရှိနေကြသည့် ကျော်ဆန်းဦး၊ ဆိုင်ရှင် ဦးအောင်ညွန့်၊ ကလောမြို့ ခ-လ-ရ (-) မှ တာကကမောင်ဖြူတို့က ဓာတ်ပုံရိုက်ရန်တိုက်တွန်းကြသည်။

"ဒီလိုလုပ်ပါလား အောင်နိုင်ရာ၊ မင်းအိမ်သွားတဲ့လမ်းဘေးတောစပ်မှာ တစ်ပုံလောက်ရိုက်လိုက်ပေါ့။ ပိုပြီး ထင်ထင်ရှားရှားဖြစ်သွားအောင်လို့ပါ"

"ဟုတ်ပါပြီလေ၊ လုပ်ပါရိုက်ပေါ့"

"ကိုအောင်နိုင်ရဲ့ အိမ်ကိုလည်း ရောက်ဖူးအောင်လိုက်ဦးမယ်လေ။ ပြီးတော့ ကိုအောင်နိုင်အဖေနဲ့လည်း တွေ့ရတာပေါ့"

"ရပါတယ်၊ လိုက်ခဲ့ပါ"

"ကဲ - စကားဆက်ပါဦး။ မြွေက ခင်ဗျားကိုမကိုက်ဘူးလား"

"ကိုက်တဲ့အခါ ကိုက်တာပေါ့။ ဒါပေမယ့် ကျုပ်ကိုကိုက်ရင်လည်း အင်္ကျီအိတ်ထောင်နဲ့ ပုဆိုးခါးပုံစကိုပဲ ကိုက်တယ်။ ကျန်တဲ့နေရာမကိုက်ဘူးဗျ"

"ဟင် - ဘယ်လို၊ အဲဒါဘယ်လိုကြောင့်လဲဗျာ"

"ကျုပ်လည်း မသိဘူးဗျ၊ ကျုပ်ကိုကိုက်တဲ့မြွေတိုင်း ကျန်တဲ့နေရာမကိုက်ဘူးဗျ။ ကျုပ်အသားကိုထိခဲတယ်"

"မြွေနဲ့ပတ်သက်ပြီး အကူအညီတောင်းလို့လိုက်ပြီး ဖမ်းပေးတာတွေရှိဖူးသလား"

"ရှိတာပေါ့ဗျာ၊ ရွာတွေအတော်များများကို လိုက်ပြီးဖမ်းပေးဖူးပါတယ်။ ထနောင်းကုန်း၊ ထနောင်းတိုင်ကလာပြီး ခေါ်တာတော့ ဘုန်းကြီးနေမကောင်းတာ ပြုစုနေရတာနဲ့ မလိုက်နိုင်ဘူး။ ဒါနဲ့ ကျုပ်အင်္ကျီယူသွားဗျာလို့ပြောပြီး ပေးလိုက်တယ်"

"ခင်ဗျားအင်္ကျီယူသွားပြီး ဘယ်လိုလုပ်ရတာလဲ"

"သူတို့ရဲ့လယ်တို့ယာတို့ပေါ့ဗျာ၊ ဥပမာ စပါးရိတ်၊ ပြောင်းရိတ်၊ ပဲနှုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါ မြွေတွေ့တာများတာကိုဗျ။ အဲဒါ ကျုပ်မလိုက်နိုင်လို့ အကျီပေးလိုက်တာ တစ်ကောင်မှမတွေ့ဘူးတဲ့။ ကျုပ်က အဆောင်တွေ၊ ဆေးတွေမှမရှိတာဘဲ။ ဒါနဲ့ ကျုပ်အကျီနဲ့စမ်းကြည့်ခိုင်းလိုက်တာပါ"

"ဒါဆိုရင် ခင်ဗျားကို ဒီကောင်တွေ ကြောက်တာပေါ့။ ခင်ဗျားရဲ့အကျီပါတာနဲ့ မတွေ့ဘူးဆိုတော့"

"အဲဒါကတော့ ဒီလိုဆရာရေ"

ဆိုင်ရှင် ဦးအောင်ညွန့်က ကျွန်တော်တို့စကားဝိုင်းနားသို့ရွှေ့လာသည်။

"အောင်နိုင်က မြွေရဲ့အနံ့ကိုသိသလို မြွေကလည်း အောင်နိုင်ရဲ့အနံ့ကို သိတဲ့သဘောပဲဗျ။ တစ်ခါတုန်းက အောင်နိုင်တို့ ပြောင်းရိတ်ကြတာ အတူတူရိတ်တဲ့လူရဲ့ရှေ့မှာရှိနေတဲ့ မြွေရဲ့အနံ့ကို အောင်နိုင်ကရသွားတယ်။ ဟော့လူ အဲဒီနားရပ်နေ၊ ရှေ့မတိုးနဲ့ဦးလို့ လှမ်းပြောတယ်။ သူ့ရှေ့ကို အောင်နိုင်ရောက်သွားတော့မှ မြွေပွေးကြီးကိုပြတော့ လန့်သွားတာပေါ့။ အကြီးကြီးပဲဗျာ။ အောင်နိုင်ရှေ့တိုးသွားတော့မှ မြွေကြီးကအခွေဖြေပြီးသွားတာဗျ။ အဲဒါ အောင်နိုင်က လိုက်ပြီး ခြေထောက်နဲ့ တက်နင်းပြီး သတ်ပစ်လိုက်တာ"

"ဟာ - တုတ်နဲ့မရိုက်ဘူးပေါ့"

"မရိုက်ဘူးဗျ၊ ကျုပ်ကလက်နဲ့ဖမ်းရင်ဖမ်း၊ လက်နဲ့မဖမ်းရင် ခြေထောက်နဲ့ နင်းပစ်တာပဲ"

"မြွေရဲ့အနံ့ကို ဘယ်လိုရတာလဲ ကိုအောင်နိုင်"

"အနံ့ရယ်လို့တော့ မဟုတ်ပါဘူး။ ဘယ်လိုလဲတော့မသိဘူးဗျ၊ အနီးအနားမှာ မြွေရှိရင် ကျုပ်စိတ်ထဲကနေသိနေတယ်။ စိတ်ထဲထင်လို့လိုက်ရှာလိုက်ရင် တွေ့တာပဲ"

"ဪ - ဟုတ်ပြီ၊ ဟုတ်ပြီ၊ သဘောပေါက်ပါပြီ။ ကဲကဲ - ကိုအောင်နိုင်တို့အိမ်သွားရအောင်ဗျာ။ ကိုအောင်နိုင်ရဲ့အဖေနဲ့တွေ့ရတာပေါ့"

"ကျုပ်အိမ်တော့ သွားမနေပါနဲ့တော့ဗျာ။ အဖေနဲ့တွေ့ချင်ရင်တော့ လိုက်ပို့လိုက်ပါ့မယ်။ ကျုပ်ကတော့ ထန်းရည်သောက်ထားလို့ အဖေ့အနားမထိုင်ရဲဘူး။ ဆရာတို့ပို့ပြီးပြန်မှာနော်"

"ဟုတ်ကဲ့ပါ"

အောင်နိုင်၏ အဖေအိမ်သို့ မရောက်မီ ဓာတ်ပုံတစ်ပုံရိုက်ကြသည်။ အောင်နိုင်၏အဖေအိမ်ကိုရောက်တော့ အသင့်တွေ့လိုက်ရသည်။

"အဖေနဲ့ စကားပြောချင်လို့တဲ့။ အမှတ်(၉)ထဲက စာရေးဆရာတဲ့အဖေ။ ဒါကျုပ်အဖေပဲဗျာ။ ကဲ-စကားပြောကြဦး။ ကျုပ်အိမ်မှာ လူမရှိလို့ပြန်လိုက်ဦးမယ်"

အောင်နိုင်က ရှပြောပြောဆိုဆိုပြန်သွားသည်။ ဦးဘိုနီအား အကျိုးအကြောင်းစကားပြော၍ မေးလိုသည်များအားမေးလိုက်တော့သည်။

"ဦးလေးရဲ့သား ကိုအောင်နိုင်က မြွေနိုင်လို့ အကျိုးအကြောင်းသိချင်လို့ပါ။ ဆေးလည်းမဆောင်၊ အဆောင်လည်းမရှိဘဲနဲ့ သူမြွေကိုဘယ်လိုနိုင်သလဲသိချင်တာခင်ဗျ"

"ဒီကောင်ကဘာပြောသလဲ"

"သူကတော့ မြွေနဲ့ သူရဲ့အတွေ့အကြုံပဲပြောပြတယ်။ ဘာကြောင့် နိုင်သလဲဆိုတာ သူလည်းမသိဘူးဖြစ်နေတယ်"

"ခင်ဗျားတို့ကတော့ ဒီအကြောင်းသိတော့ဘာထူးမှာလဲ"

"ဪ - ဒီလိုပါ ဦးလေးရဲ့"

အစချီပြီး စည်းရုံးသိမ်းသွင်းစကားပြောရပြန်ပါသည်။ ထိုအခါမှ ဦးဘိုနီက သဘောပေါက်သွားသဖြင့် ပြောပြပါတော့သည်။

"အင်း-ခင်ဗျားတို့မေးလို့သာပြောရမှာ။ တကယ်တော့ ဒီအကြောင်းကို ကျုပ်ဘယ်သူမှမပြောခဲ့ဖူး။ ပြောလို့မယုံမှာလည်း စိုးရိမ်လို့ပေါ့ဗျာ။ ကျုပ်တို့ ဒီအပူပိုင်းဒေသတို့၊ အောက်ပိုင်းဒေသတို့တွေမှာ အလွန်အဆိပ်ပြင်းတဲ့မြွေတွေက သိပ်ပြီးဒုက္ခပေးတာကိုဗျ။ ကျုပ်ရဲ့ယောက္ခမနဲ့ ကျုပ်ရဲ့ယောက်ဖဟာ တောင်သူလုပ်ရင်းနဲ့ မြွေကိုက်ပြီးသေခဲ့တာဗျ။ တစ်လတည်း (၂) ယောက်ဖြစ်တော့ ကျုပ်မိန်းမက မြွေကိုသိပ်ပြီး စိတ်နာ၊ သိပ်ပြီးကြောက်သွားတော့ပေါ့ဗျာ။ ကျုပ်တို့ရှမ်းပြည်နယ်တောင်ပိုင်းကို အလုပ်သွားလုပ်တဲ့အချိန်မှာ ထူးခြားတဲ့ ရသေ့ကြီးတစ်ပါးနဲ့တွေ့တာဗျ။ ရသေ့ကြီးက ကျန်းမာရေးမကောင်းဖြစ်နေတဲ့အတွက် ကျုပ်တို့လင်မယားက ပြုစုစောင့်ရှောက်ခဲ့တာပေါ့ဗျာ။ (၁၅) ရက်လောက်နေတော့ ရသေ့ကြီးကျန်းမာရေးကောင်းသွားတယ်။ ရသေ့ကြီးပြန်ခါနီး ကျုပ်တို့လင်မယားကို လိုရာဆုတောင်းလို့ခိုင်းတော့ ကျုပ်မိန်းမက သူ့မှာကိုယ်ဝန်ရှိနေပြီဖြစ်တဲ့အတွက် သူမွေးလာတဲ့သားသမီးဟာ မြွေကြောင့် အသက်အန္တရာယ်မရှိရအောင်လုပ်ပေးဖို့လျှောက်တော့ ရသေ့ကြီးက ပြုံးရယ်ပြီး ကျုပ်မိန်းမရဲ့ဦးခေါင်းကို လက်နဲ့အုပ်ကိုင်ပြီး 'လိုရာပြည့်စေ' လို့ ဆုတောင်းပေးခဲ့တယ်။ ကျုပ်မိန်းမက ထပ်ပြီး အမှန်တကယ်ပြည့်ဝအောင်ကူညီပေးပါဘုရားလို့ ထပ်ပြီးလျှောက်တဲ့အတွက် 'စိတ်မပူပါနဲ့ကွယ်။ ကဲ၊ကဲ - အောင်စေ၊ နိုင်စေဗျာ' ပြော ပြီး ကျုပ်မိန်းမရဲ့နဖူးကို သူ့လက်ဝါးနဲ့ (၃) ချက်ရိုက်ပေးခဲ့တယ်ဗျ။ အဲဒါကြောင့် ရသေ့ကြီးဆုတောင်းအတိုင်း အောင်နိုင်လို့ နာမည်ပေးခဲ့တာပေါ့ဗျာ"

"အဲဒါကြောင့် မြွေတွေကိုနိုင်တာလို့ ဦးလေးထင်တာလား"

"မဟုတ်ဘူးဗျ၊ အောင်နိုင်မွေးလာတော့ သူ့ရဲ့နဖူးထိပ်မှာ နီနီရဲရဲအမှတ်ကလေးပါလာတယ်။ သေချာကြည့်ရင် ပင့်ကူလေးနဲ့တူတယ်။ တစ်ခါတလေ ပျောက်သွားတယ်။ လက်မှာတွေ့တဲ့အခါတွေ့တယ်။ ခြေထောက်မှာတွေ့တဲ့အခါတွေ့တယ်။ ကျုပ်တို့က မှဲ့ရှင်လို့ထင်တာပေါ့ဗျာ။ နောက်မှ သူ့အမေက အိပ်မက်မက်တယ်။ ရသေ့ကြီးက ကျုပ်မိန်းမရဲ့ဆုတောင်းကိုဖြည့်ပေးတဲ့အမှတ်အသားလို့သိရတယ်။ ဒီလောက်စွမ်းမယ်လို့တော့ မထင်ခဲ့ပါဘူး။ ကျုပ်တို့က ကာယသိဒ္ဓိတွေဘာတွေဖြစ်မယ်ထင်လို့ ဒီကိစ္စဘယ်သူ့မှမပြောခဲ့ပါဘူး။ အောင်နိုင်သိရင် မိုက်လုံးကြီးသွားမှာလည်း စိုးရိမ်တယ်ပေါ့ဗျာ။ အခုတော့ စိတ်အေးသွားပါပြီ။ ကန်ရိုးဆရာတော်ရဲ့အဆုံးအမကြောင့် အတော်လေးလည်း လိမ္မာနေပါပြီ။ ဒါကြောင့် ခင်ဗျားတို့လာမေးတာနဲ့တိုက်ဆိုင်လို့ ရင်ဖွင့်လိုက်တာပဲဗျာ"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော် ကိုအောင်နိုင်ရဲ့အကြောင်းကို အမြန်ဆုံးရေးပြီးပို့လိုက်ပါ့မယ်။ တကယ်လို့ မဂ္ဂဇင်းကသုံးမယ်ဆိုရင် စာအုပ်လက်ဆောင်လာပြီးပို့ပါမယ်ဗျာ"

ကျွန်တော်တို့က စကားပြောပြတ်သားသော၊ စိုးရိမ်မှုလွန်ကဲနေသော ဦးဘိုနီစိတ်ပြောင်းမသွားခင် စကားဖြတ်၍အမြန်ပြန်ခဲ့ကြပါတော့သည်။

*ဝင်းထွန်းအောင်*
*သစ်လွင်ဓာတ်ပုံဆိုင်တောင်ဘက်*
*အမှတ် (၉/၅၃၁) မြင်းခြံမြို့*

ဝင်းထွန်းအောင်([illegible])



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ

# ကောင်းကျိုးပေးကြောင်း တစ်နေ့တာလမ်းညွှန် (၈)

ဒေါ်ခင်ဝါလှ (B.Sc)

**ဇန်နဝါရီလ ၁ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၆)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က ပန်းနုရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော(၉)ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၂၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၃ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၃၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့် 'လောကဝိဒူ'(၉)ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၄ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၁၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ'(၉)ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၆ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက် တောင်ဘက်လှည့်၍ 'နမော တဿ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၈ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနက်ရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၉ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၀ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၁ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၂ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အပြာရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်၊အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍'အရဟံသိဒ္ဓိ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၅ ရက်၊ ကြာသပ**



www.burmeseclassic.com

www.burmeseclassic.com

တေးနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၆ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၇ ရက် စနေနေ့** - လာဘ်ဂဏန်း(၆)။ စိုးမိုး ဂဏန်း (၂၊ ၇၊ ၁)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ အသားရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၈ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၉ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၄၊ ၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၀ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၂ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အပြာရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၃ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေဇိနော' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉)ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၅ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနက်ရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉)ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၆ ရက် တနင်္လာနေ့**- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခေါက် ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၃၀ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခေါက်ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၃၁ ရက် စနေနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ဖေဒါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခေါက်ရွတ်ဆိုပါ။

ဒေါ်ခင်စံညွှန့် (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဥ္စယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဖိန ပုံဂဝံ ဂဝံ။ ။



## တနင်္ဂနွေ

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မကြာမကြာကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး(၂) ပတ်၊ (၃)ပတ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင်ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ယခုလ အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာပုတီးသွားစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ရ။ တနင်္လာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များစွန့်ပေးခြင်း၊ အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများကုသိုလ်ပြုပါ။

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လလှည့်စီအစာကျွေးပါ။

**ကျန်းမာရေး** - ဒုက္ခိတဖြစ်နေသော ဆင်းရဲနွမ်းပါးသူကို ငွေကြေး၊ ဆေးဝါးများကူညီပံ့ပိုးပါ။

**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော ထီကား(၂)စီးပြည့်အောင် ကံစမ်းထားလိုက်ပါ။ (၂)ဂဏန်းများစွာပါသော နှစ်စောင်တွဲလေးများနှင့် ကံစပ်နေပါသည်။

## တနင်္လာ

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ပုတီး(၃)ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို နံနက်စောစော ဝေလီဝေလင်း အရက်ဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်စတိပက်ဖျန်းပြီး တနင်္ဂနွေနာမည်ရှင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - တန်ဆောင်း၊ ရင်ပြင်တော် စသည်တို့တွင် တံမြက်စည်းလှည်းခြင်း၊ တံမြက်စည်းလှည်းခြင်းများ ကုသိုလ်ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဃဂါထာ(၇)ခေါက်ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ(၅)မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးတစ်ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား(၅)ဆူလှည့်ဖူး၍ ပဋ္ဌာန်းရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် (၂)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ(၇)မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တပင် တပင် အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိအသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - နေ့စဉ် ရေကို ဖုဋ္ဌသဃဂါထာရွတ်မန်းပြီးသောက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းပါလိမ့်မည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီတွင် ရွှေသင်္ကန်းကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားဆောင်၊ ဧည့်ခန်းဆောင်များတွင် ဖုန်၊ အမှိုက်များရှင်းလင်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ(၇)ခေါက်ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေသားသမီးများနှင့် ထီစပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ ထီကံကောင်းတတ်ပါသည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်း အရုဏ်ဆွမ်းခံကြွလာသောသံဃာတော်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် စတီခေါက်ပြီးမှ ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ရေသန့်ဘူးခွံအဟောင်းများ၊ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက သွားရင်းလာရင်းရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသော သက်ကြီးရွယ်အိုများကို ငွေကြေး၊ ဆေးဝါး၊ ဓာတ်စာများ လှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား(၅)ဆူပြည့်အောင်သွား၍ ပန်းပေါင်းစုံ (၅)မျိုးပူဇော်ပြီး ပဌာန်းရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့် တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ သစ်ဟောင်းသစ်ဆွေးများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - တန်ဆောင်း၊ ရင်ပြင်တော်စသည်တို့တွင် တံမြက်စည်းလှူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကိုကြုံသည့်နေရာတွင် ကြုံသလို အစာ ကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဓာရဏပရိတ်ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်လေးများနှင့်ကြုံပါက (၄) အစ (၄)အဆုံးဂဏန်းလေးများကံစပ်နေပါသည်။

---

ယခုလတွင် -

တနင်္ဂနွေ-စနေပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ပူဇော်ကျင့်ကြံအားထုတ်ရင်း အောင်မြင်မှုများစွာကို ရယူပါ။

ဥပမာ - အံ့တိုး၊ အေးထက်၊ အိထက်၊ အိမ့်နိုင်

---

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ။*
*ပြည်သိန်းကျော်*


www.burmeseclassic.com

www.burmeseclassic.com

အနန္တကျေးဇူးတော်ရှင်

# ဇေတဝနမောဓိမြို့ဝိဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသည်

(၁)ပီတိမှသည် - - - ဘဝပန်းတိုင်ဆီသို့
(၂)နံနက်ခင်းမှာ ရှင်းစရာ
(၃)အိပ်မက်ဖြင့်ပွင့်ပြောသောစကားများ
(၄)ဉာဏ်စဉ်တို့ကိုအုပ်စုဖွဲ့၍ဝေဖန်ခြင်း
(၅)ပညတ်မှ ပရမတ်သို့
(၆)ရေပျော်ငါးတို့၏နောက်ဆုံးခရီး
(၇)သခ်ီရမှအလွတ်နေလိုသူများသို့
(၈)သတ္တဝါတို့၏သွားမြဲလမ်း
(၉)ကောင်းစားချမ်းသာလိုသူများသို့
(၁၀)သွေးကပြောသောဘာသာစကား
(၁၁)ချမ်းသာဆင်းရဲစကားနှစ်လုံးတို့၏ညွှန်းဆိုရာများ
(၁၂)အမှတ်တရလက်ဆောင်ပေးခြင်း
(၁၃)စကြာရှင်

ပင်မဖြန့်ချိရေး
မဟာမြိုင် စာပေဖြန့်ပွားရေးအဖွဲ့
မန္တလေးမြို့
ဖုန်း ၀၉-၂၀၃၈၈၅၀၊ ၀၉-၉၁၀၂၄၇၉၀

www.burmeseclassic.com

www.burmeseclassic.com

"အင်း - ပြောလေ ကိစ္စ"

"လိပ်စာလား၊ လိပ်စာက"

"မဟုတ်ဘူး ကိစ္စ၊ လာရင်းကိစ္စလေ"

"ဩော် - ပြောစကားတွေဘယ်လိုမှမအောင်လွန်းလို့ပါ ဆရာ။ တော်တော်ကို ကလနက်ဆန်တွေလုပ်နေကြလွန်းလို့"

"ဘယ်သူတွေကလဲ"

"ဟင်း . . ."

မျက်စပစ်ပြီး မေးတစ်ချက်ငေါ့ပြလိုက်လို့ ကြည့်လိုက်တော့ သူ့သားနဲ့တူပါတယ်။ ဘေးမှာ၊ ဆံပင်က အင်း - ဘာပုံမှန်းကိုမသိတော့ပါဘူး။ အရောင်ကလည်း လျှော်ကြိုးလိုလို၊ ဂုန်နီအိတ်ကြီးလိုလိုနဲ့။ မျက်နှာကဖုန်းကိုစိုက်ကြည့်ပြီး လက်နှစ်ဖက်ကဖုန်းကိုစုံကိုင် ဟိုနှိပ်ဒီနှိပ် ခေါင်းကတညိတ်ညိတ်။

"သူက"

"ကျွန်မသားပါ။ သူတို့တွေလေ ပြောမရတာ။ သူတို့တွေနဲ့ ဝေးလွန်းတဲ့နေရာကို ထွက်ကိုသွားချင်တော့တယ်။ အဲဒါ ဒင်းတို့ကြောင့်"

ပြောရင်း အဲဒီလူငယ်ရဲ့ လက်မောင်းကို သူ့တံတောင်ဆစ်နဲ့ထိလိုက်ပါတယ်။

"ဟာဗျာ - အမေကလည်း၊ သောက်ပြဿနာရှာပြန်ပြီ။ ကိုယ့်ဟာကိုယ်ဂိမ်းနှိပ်နေတဲ့ဟာကို"

နားက သွေးကြောတွေထောင်သွားသလိုဖြစ်သွားပြီး နားထင်မွေးတွေဟာ ကောင်းကင်ရောက်သွားလားအောက်မေ့လိုက်ရပါတယ်။ အံ့ဩလွန်းလို့ အဲဒီကလေးမျက်နှာကိုသေချာကြည့်နေလိုက်ပါတယ်။

"အဲဒါသာကြည့်ဆရာ။ မအေကိုဂရုကိုမစိုက်တဲ့ဟာတွေ။ စကားပြောရင်သာ သောက်ကြီးသောက်ကျယ်နဲ့"

နားထင်မွေးဟာ စကြဝဠာတစ်တိုင်းလုံးပြည့်တဲ့ထိ ထောင်သွားသလိုဖြစ်သွားပြီး လူက ထူအမ်းအမ်းနဲ့ -

ပထမ ဟိုကလေးပြောတော့ အင်း - သူ့ဒီလိုပြောတတ်သားပဲဆိုတဲ့စိတ်နဲ့ ကလေးကိုအာရုံစိုက်မယ်ရှိသေး သူ့အမေဆီကထွက်လာတဲ့အသံက ဟာ- သူလည်း ဒီလိုပြောတတ်တာကိုး။ ဒီတော့ ကလေးပြောတတ်တာ ဘာဆန်းတော့မလဲလို့ဘဲ တွေးနေလိုက်ပါတော့တယ်။

ဩော် . . .။

❒

"ဟော့ကောင် - သောက်ရေးမပါတာ၊ လာ"

လန့်ဖျပ်ပြီး မျက်လုံးတွေအတော်လေးပြူးကျယ်သွားပါတယ်။ ရှေ့မှာထိုင်နေတဲ့လူတစ်ယောက်နဲ့ စကားအေးအေးဆေးဆေးပြောနေတုန်း ခပ်ကျယ်ကျယ်အော်လိုက်တဲ့အသံဖြစ်ပါတယ်။

ရှေ့မှာထိုင်နေတဲ့လူက -

"ဩော်-သားကြီး သားကြီး သူ့ညီကိုလှမ်းခေါ်နေတာနဲ့တူတယ်။ ခုနထဲက ဟိုအငယ်ကောင်က ရုပ်ရှင်မမီမှာစိုးလို့ဆိုပြီး ကားထဲမှာ စိတ်ကောက်နေတာ။ အဲဒါ အကြီးကောင်က သူ့ညီကို စိတ်တိုနေတာဆရာ။ ကျွန်တော့်ဆီကိုလှမ်းခေါ်နေတာနဲ့တူတယ်"

(၁၅) နှစ်သာသာလောက်ရှိတဲ့ လူငယ်လေးတစ်ယောက်ဝင်လာပါတယ်။ နောက်နားက သူ့ထက်ငယ်ပုံရတဲ့ ချာတိတ်လေးနဲ့။

သူတို့နှစ်ယောက် ဝင်လာသံကို သူ့အဖေ တစ်ချက်နားစွင့်ရာက လှည့်ကြည့်လိုက်ပြီး -

"ဟော့ကောင် သားငယ်၊ ဘာသောက်ကျင့်လဲဟင်။ ဒါ - ပြင်စမ်း၊ ပြင်စမ်း"

အံ့ဩပြီး ကလေးတွေဆီရောက်နေတဲ့မျက်လုံးတွေဟာ ဘယ်လိုဘယ်လို



ဆရာဦးမောင်မောင်သန်း
(ရှင်ကြီး အေးမြမေဓာ၁၊)
အောင်မြင်မည့်နတ်များ စကားအရာမှလည်
သူရဲ့လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

သူတို့အဖေဆီ ပြန်ရောက်သွားပြီမှန်း တောင်မသိတော့ပါဘူး။

❐

ကြုံရတွေ့ရတာတွေကိုသိပ်မပြော ချင်တော့ပါဘူး။

ဥပမာတွေပြောပြနေရတာကိုက ရှက်လို့ပါ။

ဟုတ်ပါတယ်။

တော်တော်လေးကို မြိန်ရေရှက် ရေသုံးလာကြတဲ့ အသုံးအနှုန်းဖြစ်ပါ တယ်။

ဒီကလေးလေးတွေဟာ ဒီလိုတိုင်း ထွာပြောတာကို အာတွေ့နေပါလား၊ ခပ်ပေါ့ပေါ့လေးပြောထဲ့လိုက်တာပါလား လို့ စဉ်းစားတုန်းရှိသေး။ သူတို့ရဲ့ မိဘ တွေကိုယ်တိုင် အာတွေ့ပြီးပြောနေတာ ကြားတော့မှ ဩော် - ကလေးတွေမှာ အပြစ်မရှိပါလားဆိုတာ သိရပါတော့ တယ်။

အပြစ်မရှိပါဘူး။

သူတို့ဟာ အနီးဆုံးမှာရှိနေတဲ့ မိဘကို အတုယူကြမှာပါ။

ကောင်းတဲ့အတုတော့ယူဖြစ်ချင် မှယူဖြစ်ပါလိမ့်မယ်။ ဥပုသ်စောင့်တဲ့ မိဘ တွေရဲ့သားသမီးတွေ ဥပုသ်မစောင့်ကြ ပေမယ့်၊ ပုတီးနဲ့လက်နေတဲ့မပြတ်တဲ့မိဘ တွေရဲ့သားသမီးတွေ ပုတီးဘယ်ဆီနေ မှန်းမသိရပေမယ့်၊ ရိပ်သာမကြာမကြာ ဝင်ကြတဲ့မိဘတွေရဲ့ သားသမီးတွေ တရားထိုင်တယ်ဆိုတာ ဘာမှန်းမသိဖြစ် နေကြပေမယ့် ဆဲတတ်တဲ့မိဘ၊ တိုင်းထွာ ပြောတတ်တဲ့မိဘတွေရဲ့သားသမီးတွေ တော်တော်များများ တိုင်းထွာပြောတတ် ကြပါပေရဲ့။ ရှေ့ကအသံနဲ့ တဖြုတ်ထဲ ဖြစ်အောင် ဆဲတတ်ပြောတတ်ကြပါပေ တယ်။

ဒါဖြင့် -

မိဘဆိုတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် အားရပါးရ ပျစ်ပျစ်နှစ်နှစ်ဆဲဆိုပြီးမှ စကားလုံးတည်ဆောက်လို့ရမယ်ထင်နေ မှတော့-

အဲဒီလိုကြီး မြိန်ရေရှက်ရေ တွတ် ခနဲတွတ်ခနဲပြောနေမှတော့ ဒီကလေး လေးတွေ ဆဲတတ်တာမဆန်းတော့ပါ ဘူး။

မိဘက သူတို့အတွက် လက်ဦး ဆရာလေ။

ဒီတော့ -

ဒီလိုတွေ ပြောတတ်ဆိုတတ်၊ ဆဲ တတ်လာကြတာ မဆန်းတော့ဘူးပေါ့။







အမှန်က စဉ်းစားကြည့်ပါ။

ဘာပညာခန်းမှမပါပါနဲ့ဦး။

ဆဲထဲ့လိုက်ပြီ၊ တိုင်းထဲ့လိုက်ပြီဆို ပါတော့။

ဒီစကားဟာ ကောင်းတဲ့စကား လား၊ မကောင်းတဲ့စကားလားဆိုတာ သိ ကြပြီးသားပါ။

ဒါပေမယ့်နော် -

အခုဖြစ်နေတာက (၁၀)နှစ်၊ (၁၂)

www.burmeseclassic.com

www.burmeseclassic.com

နှစ် (၁၃)၊ (၁၄) အရွယ်လေးတွေ သူတို့ကိုယ်တိုင်တိုင်းထွာပြောနေတဲ့ အဲဒီမြိန်ရေရှက်ရေအဆဲစကားတွေကို သူတို့ကိုယ်တိုင် အဓိပ္ပာယ်ဘာမှန်းမသိကြပါဘူး။ လွှတ်ခနဲခပ်ပေါ့ပေါ့လေးပြောလိုက်ကြတာပဲရှိပါတယ်။

ကလေးလေးတွေနဲ့ စကားလက်ဆုံကျဖူးပါတယ်။

အဲလိုဆဲလိုက်တော့ ဘယ်လိုနေလဲဆိုပြီးမေးလိုက်တဲ့အခါ မျက်လုံးလေးကလယ်ကလယ်ဟိုကြည့်ဒီကြည့်နဲ့ ဘယ်လိုမှမနေပါဘူး၊ ပြောနေကျဖြစ်နေတာပဲ၊ ဘာရယ်မဟုတ်ပါဘူးတဲ့။

တစ်ယောက်ကျတော့ -

ဩော် - ဒါဆဲတာလားတဲ့။ လူတိုင်းပြောနေတာပဲလေတဲ့။ ကြည့်ရတာ အမြဲဆဲနေတဲ့လူတွေနဲ့ နီးနီးနားနားနေတာနဲ့တူပါရဲ့။

တစ်ယောက်က -

ဒီလိုပြောတာရိုင်းလို့လားတဲ့။ ဒါစိတ်ပါလက်ပါ တအားပြောထဲ့လိုက်တဲ့စကားမဟုတ်ဘူးလားတဲ့။

မှန်ပါတယ်။

သူတို့ကို မှားတယ်မပြောလိုပါဘူး။

ကလေးလေးတွေဟာ အဓိပ္ပာယ်ဘာမှန်းကိုမသိဖြစ်နေပါတယ်။ ပိုဆိုးတာက လေးနှစ်ကျော်ခါစကလေးလေး။

ဟိုတစ်လောက သူ့အမေနဲ့ လမ်းလျှောက်လာရင်း သူ့အမေက ရပ်နှုတ်ဆက်တော့ သူကမုန့်ဆိုင်ကိုဆက်သွားဖို့ အတင်းခေါ်တယ်။ သူ့အမေက 'နေပါဦး သားလေးရဲ့' ဆိုပြီး အတင်းဆွဲနေလို့ ငိုယိုပြီး 'မေကြီးကို ကျောက်ညင်တပ်တယ်၊ မေကြီးကို ကျောက်ညင်တပ်တယ်'လုပ်နေပါလေရော။

"ဟဲ့-ကလေးကဘာပြောတာလဲ"

ဆိုတော့ -

"ဆရာရေ၊ သူခေါ်တာမရလို့ မေကြီးကို သောက်မြင်ကတတ်တယ်ပြောနေတာ တတ်မှတတ်"

သူတို့သားအမိနဲ့ စကားပြောပြီးနောက်ပိုင်းမှာ တော်တော်လေး မိုင်ပေါင်းများစွာ ရှည်လျားလောက်မယ်လို့ထင်ရတဲ့ သက်ပြင်းရှည်ကြီးကိုချလိုက်မိပါတယ်။

အဲဒီအရွယ်လေး -

သွားပြီ။

နားထဲစွဲသွားပြီ။

ဒီ'သောက်'ဆိုတာကို ဘာအဓိပ္ပာယ်မှန်းမသိဘဲ သူ့ပါးစပ်ထဲမှာ အားရပါးရပြောတတ်နေပြီ။ ရိုးရိုးစကားပဲထင်နေပြီ။ စကားသင်တဲ့အရွယ်မို့ ဘာပြောမှန်းမသိပြောနေပြီ။

ဒီစကားလုံးကို ဆဲကြတဲ့အရှိအတိုင်း၊ တိုင်းထွာကြတဲ့အရှိအတိုင်း ပြန်ရေးပြရမှာတောင် ထမင်းရှင်ဖြစ်တဲ့ သူရဇ္ဇပရိသတ်ကြီးကို စော်ကားရာရောက်မှာစိုးလို့ 'စ' အစား၊ 'သ' နဲ့ပဲရေးရတာဖြစ်ပါတယ်။

အသံထွက်အတိုင်းမရေးဝံ့ပါဘူး။

မရေးရဲပါဘူး။

မရေးရက်ပါဘူး။

စာဖတ်ပရိသတ်ကြီးကို အမြဲတမ်းဂါရဝပြုနေကျမို့ 'သ' နဲ့ပဲ ရေးပြရတာဖြစ်ပါတယ်။

ဒါဖြင့် -

ကောင်းပါပြီ။

ကြည့်ရအောင်။

ဆဲဆိုတိုင်းထွာပြောတယ်ဆိုကတည်းက မဟုတ်တဲ့စကားလုံးကို ပါးစပ်ထဲမှာ အားရပါးရပြောရပြီဖြစ်ပါတယ်။

လူတစ်ယောက်ဟာ အဆဲမပါရင် စကားမပြောတတ်ဘူးဆိုပါတော့။ အဲဒီသူကို အကဲခတ်ကြည့်ပါ။

သူကိုယ်တိုင် စိတ်ဖိစီးမှုတွေ တအားများနေတဲ့သူဖြစ်ပါလိမ့်မယ်။

ဒီလိုမှမဟုတ်ရင် ဘာလုပ်လုပ် အပျက်အစီးတွေများ၊ အရှုံးပေါ်တာတွေများနေတဲ့သူသာဖြစ်ပါလိမ့်မယ်။

ဒီလိုမှမဟုတ်ရင် သားသမီးတွေက လုံးဝခွန်းတုံ့မခံပြန်ပြောခံရတဲ့သူဖြစ်မှာ သေချာပါတယ်။

ဘာကြောင့်လဲ။

ရှင်းပါတယ်။

နှုတ်ဝစီဟာ အင်မတန်မှမြင့်မြတ်တဲ့နေရာပါ။

လွယ်လွယ်ပြောရရင် ဘုရားဝတ်ပြုတာ၊ ဘုရားရှိခိုးတာ၊ ပရိတ်ရွတ်တာ၊ သုတ်တွေရွတ်တာ၊ ဂါထာတွေ၊ မန္တန်တွေရွတ်တာ၊ ပုတီးစိပ်တဲ့အခါ ရွတ်ဖတ်ပွားများတာဟာ နှုတ်ဝစီပါပဲ။

ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်မယ်။

ဓမ္မစကြာဒေသနာတော်ကြီး၊ မဟာသမယသုတ်၊ အနတ္တလက္ခဏာသုတ်၊ ပရိတ်ကြီး (၁၁) သုတ်၊ ဓာရဏပရိတ်၊ ပရိမိတ္တဇာလသုတ် စတဲ့ ပရိတ်တွေကို ရွတ်ဖတ်ပူဇော်ရတာဟာ နှုတ်ဝစီနဲ့ပါပဲ။

အင်မတန်မှ ကျက်သရေရှိလှတဲ့ ပါးစပ်ပါ။

ဒီပါးစပ်လေးနဲ့ရွတ်ဖတ်ရတာပါ။

ဘုရားဂုဏ်တော်တွေကို ပွားများနေရင်လည်း နှုတ်ဝစီပါပဲ။

သမ္ဗုဒ္ဓေဂါထာ တစ်ထောင်ကို အဓိဋ္ဌာန်နဲ့ ရွတ်ရပြီဆိုရင်လည်း နှုတ်ဝစီပါပဲ။

အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီလို့ အော်ရတာလည်း နှုတ်ဝစီပါပဲ။

သာဓု၊ သာဓု၊ သာဓုလို့ အားရပါးရခေါ်တာလည်း နှုတ်ဝစီပါပဲ။

ကြားကြားသမျှ အမျှ၊အမျှ၊အမျှဆိုပြီး ကိုယ်ပြုတဲ့ကုသိုလ်တွေကို အားရပါးရအမျှဝေပြန်ရင်လည်း နှုတ်ဝစီပါပဲ။

ငါးပါးသီလ -

အာဇီဝဋ္ဌမကသီလ -

ရှစ်ပါးသီလ -

ကိုးပါးသီလတွေကို ခံယူဆောက်တည်တဲ့အခါမှာလည်း နှုတ်ဝစီဟာ အင်မတန်မှ ကျက်သရေရှိလှပါတယ်။

ဒီလိုမြင့်တဲ့မြတ်တဲ့နှုတ်ထဲကို ယုတ်နိမ့်တဲ့အကြောင်းအရာတွေ အလုံးလိုက်အရင်းလိုက်ပြည့်နေမှတော့ ဒီနှုတ်ဟာ ကောင်းနိုင်ပါဦးတော့မလား။ ဒါရိုးရိုးလေးစဉ်းစားပြတာပါ။

ကြားဖူးကြမှာပါ။

ခုဆို ကလေးလေးတွေရဲ့ပါးစပ်ထဲမှာ တော်တော်များများရောက်နေပါပြီ။

"အေးကွာ - ဒီကောင့်စက်ဘီးက ငါ××× ကောင်းသလားမမေးနဲ့"

"ဟုတ်တယ်၊ ငါ့စက်ဘီးက ချိန်းခဏခဏကျတယ် ငါ×××"

သူတို့ပြောလိုက်တဲ့ မြိန်ရေရှက်ရေထဲမှာ ကျက်သရေမရှိတဲ့ စကားအသုံးအနှုန်းတစ်ခုပါနေတယ်ဆိုတာ သူတို့သတိထားမိချင်လည်းထားမိပါလိမ့်မယ်။ ထားမိချင်မှလည်းထားမိပါလိမ့်မယ်။ ဒါပေမယ့် စကားတစ်ခွန်းဆိုရင် ငါ-ငါနဲ့က သုံးခွန်းလောက်ဖြစ်နေတယ်။

လူကြားလို့တောင်မကောင်းတော့ဘူး။

ဆရာ၊ ဆရာမတွေ၊ မိဘတွေရှေ့မှာ အဲသလိုများလွှတ်ခနဲပြောမိမှာ မကြောက်တော့ဘူးလား၊ မရှက်တော့ဘူးလားမသိတော့ပါဘူး။

ပိုဆိုးတဲ့ နေရာတွေကတော့ အသက် (၁၂) နှစ်၊ (၁၃) နှစ်ဝန်းကျင်ရှိကြတဲ့ကလေးတွေတော့ ကလေးတွေပါပဲ။ ဒါပေမယ့် ဘဝကို ကြမ်းကြမ်းတမ်းတမ်းရင်ဆိုင်နေကြရတဲ့ နေရာမျိုးက ကလေးတွေဆိုရင် သူတို့ကြီးလမ်းလျှောက်သွားရင်၊ သူတို့ကြီးကစားနေ

www.burmeseclassic.com

www.burmeseclassic.com

ကြရင်၊ သူတို့စုပြီးထိုင်စကားပြောနေကြရင် နားထောင်ကြည့်ပါ။

ငါ - ငါ - ငါဆိုတာတွေထပ်နေတာကြားရပါလိမ့်မယ်။ သောက် - သောက်ဆိုတာတွေထပ်နေပါလိမ့်မယ်။

အမှန်က ဒါဟာ ကောင်းတဲ့အလားအလာမဟုတ်ပါဘူး။

သူတို့လေးတွေရဲ့ ပါးစပ်ထဲမှာ မိုက်ရိုင်းတာတွေဟာ ထမင်းစားရေသောက်လိုဖြစ်နေတာ မကောင်းပါဘူး။

မကောင်းတာကို မကောင်းမှန်းသိအောင်၊ မြင်အောင်၊ ကြားနိုင်အောင် ပြုပြင်ပေးနိုင်သူတွေက ပြုပြင်ပေးသင့်ပါတယ်။

တကယ်ရှင်းပြရင် တကယ်ပြုပြင်လို့ရပါတယ်။

မကောင်းမှန်းသိအောင် သဘာဝကျကျရှင်းပြနိုင်ရင် သူတို့လက်ခံပါတယ်။ ရှင်းမပြကြလို့ပါ။

ဒီနေရာမှာ တစ်ခုအကြံပေးချင်ပါတယ်။

အရက်သောက်တတ်တဲ့ ဖခင်ကသားလုပ်တဲ့သူကို ဟော့ကောင် - မင်းအသောက်အစားမလုပ်ရဘူး။ တွေ့ရင်မသက်သာဘူးမှတ်ဆိုလို့က မရပါဘူး။ အဓိပ္ပာယ်မရှိပါဘူး။

ကလေးကို အရက်သောက်တတ်လာမှာကြောက်ရင် သူကိုယ်တိုင်အရက်မသောက်မှဖြစ်မှာပါ။ ကလေးကိုမသောက်စေချင်ရင် သူကိုယ်တိုင်ဆင်ခြင်ရပါလိမ့်မယ်။

အရက်သံထွက်နေတဲ့ ပါးစပ်၊ အရက်နံ့ထွက်နေတဲ့ပါးစပ်နဲ့ ကလေးကို အရက်မသောက်အောင် တားလို့မရပါဘူး။

လက်တွေ့တွေ လေ့လာကြည့်လိုက်ပါ။

ကျွန်တော့်တော့ ပြောနေတယ်။ အဖေကရောဆိုလိုက်ရင် ဘာပြန်ပြောမလဲ။

ဆေးလိပ်သောက်တတ်တဲ့သူကကိုယ့်သားကို ဆေးလိပ်မသောက်အောင်တားတော့မယ်ဆိုရင် ကိုယ်တိုင်ဆေးလိပ်မသောက်တော့မှရပါလိမ့်မယ်။

ပါးစပ်က ဆေးလိပ်ငွေ့တထောင်းထောင်းနဲ့ မင်းဆေးလိပ်မသောက်နဲ့ဆိုလို့ကတော့ ကလေးက သူ့အဖေရဲ့နှုတ်ခမ်းပြာပြာမည်းမည်းကြီးကို လှမ်းကြည့်ပြီးပြုံးနေပါလိမ့်မယ်။

ဒီလိုပါပဲ။

ဟော့ကောင် မဆဲနဲ့။ ငါ×××ဆဲလို့ကတော့ ပါးပိတ်ရိုက်ပစ်မယ်ဆိုလို့ သဘာဝကျပါ့မလား၊ စဉ်းစားကြည့်ပါ။

ဒါဖြင့် -

ထပ်ကြည့်ရအောင်။

ငါ-ငါနဲ့ တွတ်ခနဲတွတ်ခနဲဆဲပြီးမှ ပြောတတ်တဲ့ ဉာဉ်စရိုက်ရှိတဲ့သူတွေ၊ သောက်-သောက်နဲ့တိုင်းထွာပြီးမှ စကားပြောတတ်တဲ့ဉာဉ်စရိုက်ရှိသူတွေ -

အဲဒီလူတွေကို လေ့လာကြည့်လိုက်ပါ။

အလုပ်ကြမ်းကြမ်းလုပ်နေပြီး ဘဝကို ကြမ်းကြမ်းတမ်းတမ်းလျှောက်နေကြရတဲ့သူတွေများပါတယ်။

သူတို့ ဒီလို ဆဲကြဆိုကြ၊ စရိုက်ကြမ်းကြတယ်။

ဒီလိုဆို သူတို့မှာရှိတဲ့ မြင့်မြတ်တဲ့အပိုင်းဖြစ်တဲ့ နှုတ်ဝစီထဲကို တော်တော်လေး ညစ်ညစ်စုတ်စုတ်တွေပြည့်နေအောင် တည်ရှိနေတာနဲ့ မတူဘူးလား။

ကောင်းတဲ့ပါးစပ်ထဲမှာ မကောင်းတာကြီးတွေပြည့်နေတာနဲ့မတူဘူးလား။

စဉ်းစားကြည့်လေ။

မြင့်မြတ်တဲ့နေရာမျိုးမှာ မဟုတ်တာတွေရောက်နေသလိုကြီးဘဲ။

ဘာဆိုင်လို့လဲဆိုရင် -

သေသေချာချာတစ်မိနစ်စိမ့်စဉ်းစားပြီးတွေးကြည့်ပါ။

ပြီးမှ ဟုတ်၏၊ မဟုတ်၏ ဆုံးဖြတ်ပါ။

ဟုတ်ပြီ ဆိုပြီး လက်တွေ့ကျကျသိရပြီ၊ ပုံပေါ်လာပြီ၊ မြင်လာပြီဆိုရင် ကိုယ့်သူငယ်ချင်းတွေထဲမှာ အဲသလိုမျိုးဆဲတတ်ဆိုတတ်၊ ဆဲပြီးစကားပြောတတ်၊ တိုင်းထွာပြီးမှစကားပြောတတ်တဲ့သူငယ်ချင်းများတွေ့ခဲ့ရင် အကျိုးအကြောင်းရှင်းပြပြီး အကြံပြုလိုက်ပါ။ တစ်လကို ဆယ်ယောက်လောက်ပဲပြင်ပေးနိုင်ပြင်ပေးနိုင် ပြင်ပေးလိုက်ပါ။ သူတို့ကနေ တစ်ဆင့်လက်ဆင့်ကမ်းသွားပါလိမ့်မယ်။

လက်တွေ့လည်းကြည့်ကြည့်ပါ။

ပြည့်စုံချမ်းသာတဲ့ အကြီးအကဲတစ်ယောက်ဟာ လုပ်ငန်းကြီးတွေနဲ့ ပတ်သက်ပြီး သူ့တပည့်တွေ၊ သူ့လုပ်ဖော်ကိုင်ဖက်တွေကို စကားပြောရင် ဆဲပြောပါ့မလား၊ တိုင်းထွာပြောပါ့မလား။

မင်းတို့ကွာ ဒီအဆောက်အအုံနဲ့ ပတ်သက်ပြီး စဆောက်ပြီဆိုတာနဲ့ ငါ××× ငါ့ပြစ်မ်းလို့ပြောပါ့မလား။

မင်းတို့ဖွင့်ထားတဲ့ ကုမ္ပဏီရုံးခန်းကလည်းကွာ ငါ×××ညံ့လိုက်တာ၊ ဘယ်လိုလုပ်ပြီးသောက်လုပ်ဖြစ်ပါ့မလဲဆိုပြီး ပြောပါ့မလား။

ကိုယ့်ဆီအလုပ်လုပ်ဖို့ အင်တာဗျူးလာဖြေတဲ့သူကို မင်းဝတ်ထားပုံကလည်းကွာ ငါ×××ဘာပုံပေါက်နေမှန်းမသိဘူး။ အလုပ်လျှောက်လွှာမှာတော့ သောက်ကြီးသောက်ကျယ်နဲ့ဆိုပြီးပြောပါ့မလား။

ရိုးရိုးလေးစဉ်းစားကြည့်ပါ။

ကြီးကဲသူတွေ၊ ပြည့်စုံသူတွေ ဒီလိုမပြောကြပါဘူး။ ပြောသံမကြားမိပါဘူး။ ဒါကြောင့်လည်း သူတို့တွေဟာ အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြတာပါ။

ဥပမာတစ်ခုထပ်ပြောရရင် -

ဘာသာရေးဝတ်အသင်းတစ်ခုခုပါတော့။

စေတီတော်မြတ်ကြီးတစ်ဆူဆူမှာ တံမြက်စည်းလှည်းကြတဲ့ဝတ်အသင်းက ကလေးတွေပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာ ဝိုင်းဝန်းကုသိုလ်ပြုအလှူခံကြတဲ့ကလေးတွေပဲဖြစ်ဖြစ် လေ့လာကြည့်ပါ။ ဒီလိုတိုင်းထွာမပြောကြသလို ဆဲမပြောကြပါဘူး။

ဒါဟာ -

ပြောလေ့မရှိတဲ့ ပတ်ဝန်းကျင်မှာ နေထိုင်ပျော်မွေ့ရင်းနဲ့ ပြောလေ့မရှိဖြစ်သွားတဲ့သဘောပါဘဲ။

စရိုက်ခပ်ကြမ်းကြမ်းနေရာမျိုးမှာ နေကြတဲ့ လူငယ်လေးတွေဆိုရင်တော့ သူတို့နားတွေထဲမှာ မိုးလင်းက မိုးချုပ် တိုင်းထွာပြောသံဆဲဆိုပြောသံတွေချည်းပဲတောက်လျှောက်ကြားနေရတာမို့ -

ပြောလေ့ရှိတဲ့ ပတ်ဝန်းကျင်မှာ နေထိုင်ပျော်မွေ့ရင်းနဲ့ပြောကျင့်ဖြစ်သွားရတာဖြစ်ပါတယ်။

တစ်ခါက -

မြေသယ်တဲ့ကားတစ်စီးဘေးနားမှာ ကိစ္စလေးတစ်ခုရှိလို့ ခဏရပ်နေမိပါတယ်။ မြေသယ်ကားနဲ့ ပါလာပြီး မြေသယ်ကြရတဲ့ လူငယ်လေးတွေဟာ တစ်ယောက်နဲ့တစ်ယောက် အဆဲမပါရင်၊ ပျစ်ပျစ်နှစ်နှစ်တိုင်းထွာဆဲဆိုပြီး စကားမပြောရင် စကားလုံးမဖြစ်ပါဘူး။ တော်တော်လေးကို အားရပါးရ တစ်တစ်ခွခွပြောဆိုနေကြတာဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ရန်ဖြစ်နေကြတာမဟုတ်ပါဘူး။

ရယ်ရယ်မောမောနဲ့ ပြောဆိုနေကြတာပါ။

"ဒီနေ့တော့ကွာ၊ ထမင်းဆိုင်က ငါ×××ပဲပင်ပေါက်ကြော်"

www.burmeseclassic.com

"ဟင်း - မင်းကလည်း၊ သောက်ရေးမပါတာ။ ငါ့ချိုင့်လည်းကြည့်ဦး၊ မျှစ်ကြော်ပဲ ငါ×××"

"ဟား - ငါ ××× ငါကတော့ အကြော်ဝယ်စားမယ်"

ဒါ သူတို့လေးတွေ အားရပါးရ ပြောဆိုနေကြတဲ့ စကားတွေပါပဲ။

တချို့စကားတွေဆို မအေး၊ နှမပါ မခံနိုင်တော့ပါဘူး။

တကယ့်ကို အရသာတော်တော်ရှိနေသလို အားရပါးရ ပျစ်ပျစ်နှစ်နှစ်ဆဲဆိုပြောနေကြတာပါ။ ဒါပေမယ့် ရယ်ရယ်မောမောနဲ့။

ကဲ -

အဲဒါပါပဲ။

ပတ်ဝန်းကျင်မှာ ပျော်မွေ့ခြင်းဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောလို့မရပါဘူး။

မနှစ်က -

သူငယ်ချင်းတစ်ယောက်နဲ့ဆုံတော့ သူက အားရပါးရ အယ်လဲဝမ်းသာနှုတ်ဆက်ပြီး စကားပြောပါရစေဆိုတာနဲ့ သူငယ်ချင်းနှစ်ယောက် အအေးဆိုင်တစ်ဆိုင်မှာထိုင်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ နှစ်ယောက်လုံးနဲ့ ခင်တဲ့ သူငယ်ချင်းတစ်ယောက်ဟာ ခပ်လှမ်းလှမ်းခုံကနေထလာပြီး သူ့ဘေးနားမှာလာထိုင်ပါတယ်။ ရယ်ရယ်မောမောပေါ့။

ဒါပေမယ့် ပထမသူငယ်ချင်းက ပြုံးပဲနေလိုက်ပြီး စကားသိပ်ပြန်မပြောပါဘူး။ ဟိုတစ်ယောက်လည်း ငါးမိနစ်လောက် တိတ်ဆိတ်နေတာနဲ့ နှစ်ယောက်လုံးကို နှုတ်ဆက်ပြီး ပြန်ထွက်သွားပါတယ်။

ဟိုတစ်ယောက် ပြန်ထသွားတော့ ပထမသူငယ်ချင်းက -

"သောက်လေ သူငယ်ချင်း၊ ဒီလူက တအားရိုင်းတယ်။ မင်းလည်းသိပါတယ်။ စကားပြောရင် ဆဲဆိုမပြောရင် မပြီးဘူး။ တိုင်းထွာမပြောရင်မပြီးသေးဘူး။ လူတောထဲကျတော့ သိက္ခာကျတယ်ကွ"

ဆိုတဲ့ စကားရှည်ကြီးကို တစ်ဆက်တည်းပြောလိုက်ပါတယ်။

မှန်ပါတယ်။

အဲဒီတစ်ယောက်ဟာ စိန်ပွန်းဈေးတုန်းကထဲက စကားပြောရင် တိုင်းထွာဆဲဆိုပြောလွန်းလို့ ဘယ်သူမှသိပ်ပြီး ဆေးဖော်ကြောဖက်မလုပ်ချင်ကြပါဘူး။

ဒါဟာ ပါးစပ်ထဲမှာ ညစ်တီးညစ်ပတ်အမြဲရှိနေသူတို့အတွက် ရလဒ်ပါပဲ။

ဒါဖြင့် -

ပညာပိုင်းနဲ့ လေ့လာကြည့်ရအောင်။

ဦးခေါင်းပိုင်းဟာ ဣန္ဒြေပါပဲ။ ကောင်းခြင်းနဲ့ဆိုင်ပါတယ်။

ခေါင်းဆေးမင်္ဂလာပဲရှိပါတယ်။

ဦးခေါင်းပိုင်းဟာ မင်္ဂလာယူတဲ့ အပိုင်းပါ။

အဲဒီဦးခေါင်းပိုင်းဆိုတဲ့ မင်္ဂလာယူတဲ့အစိတ်အပိုင်းမှာမှ ပါးစပ်ဟာ ပိုပြီး မင်္ဂလာယူကြတာ များပါတယ်။

ဒီလို ကောင်းခြင်းတွေနဲ့ပြည့်စုံတဲ့ ဦးခေါင်းပိုင်းက ပါးစပ်ထဲမှာ ညစ်ညစ်ပတ်ပတ်စုတ်စုတ်ပွဲပွဲ ဆိုတဲ့ အနိဋ္ဌတွေ ပြည့်နေမှတော့ ဒီပါးစပ်ဟာ ကျက်သရေရှိပါဦးမလား။

စဉ်းစားကြည့်ပါ။

ဒီလိုပါးစပ်မျိုးနဲ့ လုပ်ဆောင်နေရတဲ့ အပြောအဆို အကြံအစည်တွေကကော အောင်မြင်ပါတော့မလား တွေးကြည့်ပါ။

ဒါရိုးရိုးလေးပါပဲ။

ဣဋ္ဌနေရာမှာ အနိဋ္ဌရောက်သွားမှတော့၊ ဣဋ္ဌနဲ့ အနိဋ္ဌတွေ့မှတော့ ကောင်းခြင်းတွေ ပေါက်ဖွားလာပါဦးတော့မလား။

BURMESE CLASSIC

ဒါ -

ဒီလအတွက် ပေးချင်လွန်းတဲ့ သူရဇ္ဇလက်ဆောင်ပါပဲ။

အလုပ်အတွက်ပြောရင်ပဲဖြစ်ဖြစ်-

သူငယ်ချင်းအချင်းချင်း နောက်ပြောင်ကျီစယ်ရင်းပဲဖြစ်ဖြစ် -

ငယ်ရွယ်တဲ့ကလေးတွေကို ပြောချင်ရင်ပဲဖြစ်ဖြစ် -

သားသမီးလေးတွေကို ဆုံးမချင်ရင်ပဲဖြစ်ဖြစ် -

ဆဲနေမှ၊ တိုင်းထွာပြောနေမှ မဟုတ်ပါဘူး။

တိုင်းထွာတဲ့ ညစ်တီးညစ်ပတ်စကားလုံး၊ ဆဲဆိုတဲ့ညစ်တီးညစ်ပတ်စကားလုံးတစ်လုံးမှမပါဘဲနဲ့ ပြောလို့ရပါတယ်။

ဒါတွေပါမှစကားမဟုတ်ပါဘူး။

ဒီတော့ ကောင်းခြင်းတွေနဲ့ ပြည့်စုံနေတဲ့ ဦးခေါင်းပိုင်းကို မင်္ဂလာရှိအောင်၊ ကျက်သရေရှိအောင် ထားဖို့လိုပါလိမ့်မယ်။

အဲဒီအတွက် စကားလုံးတွေလှပနေရပါလိမ့်မယ်။

ဒီလိုမင်္ဂလာရှိအောင်၊ကျက်သရေရှိအောင်နေပြီဆိုတာနဲ့ ကောင်းခြင်းတွေ ဆက်ကာဆက်ကာ ရောက်ရှိလာပါလိမ့်မယ်ဆိုတဲ့ စကားကိုတော့ ရဲရဲကြီးပြောလိုက်ချင်ပါတယ်။

ဘာလုပ်လုပ် ဘာမှမဖြစ်ပါလားဆိုရင် အဲဒါလေးတွေကို သတိထားကြည့်လိုက်ပါ။

တကယ်လို့ ဆင်ခြင်သင့်တယ်ထင်ရင် ဆင်ခြင်ကြည့်လိုက်ပါ။

ဘာဖြစ်လဲကွာ - တိုင်းထွာပြောတာ၊ ဆဲပြောတာဆိုတဲ့သူမျိုးတွေကိုတော့ မဆိုလိုပါဘူး။

ဣဋ္ဌနဲ့ အနိဋ္ဌကို အမှန်တကယ်မြတ်နိုးပြီး အမှန်တကယ်သိချင်ကြသူများအတွက်ကိုသာ ရည်ညွှန်းလိုက်တဲ့ သူရဇ္ဇလက်ဆောင်ဖြစ်ပါတယ်။

လိုအပ်သူတွေ ဗဟုသုတပွားစေဖို့ပါ။

မလိုအပ်ဘူးထင်တဲ့သူတွေအတွက် မလိုအပ်ပါဘူး။

ကလေးတွေအတုခိုးမမှားဖို့ ပိုပြီးတော့ ရည်ရွယ်ပါတယ်။

အောင်မြင်ချင်သူတွေအတွက် အထစ်အငေါ့လေးတွေ ဘာမှမရှိနိုင်အောင် အကြံပေးလိုက်ရတာလည်း ဖြစ်ပါတယ်။

တစ်ခါတစ်ခါ မထင်မှတ်ထားတာလေးတွေကြောင့် ဖြစ်နေရတဲ့ အထစ်အငေါ့လေးတွေဆိုတာ ကြည့်နိုင်မှမြင်ရပါတယ်။

သတိမထားမိရင် မမြင်နိုင်ပါဘူး။

အဲဒါကြောင့် -

၂၀၁၅ ခု နှစ်ဦးနှစ်ဖျားကစပြီး ကိုယ့်နှုတ်ကိုကိုယ် မင်္ဂလာရှိရှိနဲ့ ဘဝကို မင်္ဂလာကျက်သရေပြည့်ပြည့် ဖြတ်သန်းချင်သူတွေအတွက်၊ အောင်မြင်ချင်ကြသူတွေအတွက်၊ ပြောစကားဆိုစကားတည်ချင်သူတွေအတွက်၊ ဘုန်းကောင်းလာဘ်လာဘတွေပွင့်သထက်ပွင့်အောင် မမြင်နိုင်တဲ့ပုဂ္ဂိုလ်တွေရဲ့မေတ္တာတွေကို ခံယူချင်ကြသူတွေအတွက် -

သူရဇ္ဇလက်ဆောင်ပါးလိုက်ပါပြီ။

အောင်မြင်ကြီးပွားချမ်းသာများကြပါစေ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

ဘုန်းကျက်သရေတိုးကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com




၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်နှင့် သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေမကြာခဏဝင်လာမည်။ ကားအသစ်ဝင်မည်။ ကားရှိပြီးသူများ နောက်ထပ်ကားတစ်စီးထပ်ဝင်လာပါဦးမည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ ထစ်ငေါ့နေမည်။ ရန်များတတ်သူများနှင့် ဝေးဝေးရှောင်နေပါ။ အလုပ်တစ်ခုပြီးတစ်ခုဆက်နေ၍ ပင်ပင်ပန်းပန်းဖြစ်နေမည်။ အာရုံကြောများ မကြာခဏအနားပေးပါ။ ခရီးယာယီမကြာခဏပေါ်မည်။ ရပ်ဝေးမှာရှိသောစက်ရုံများ၊ စက်ပစ္စည်းများ အကျိုးပေးနေပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရရှိမည်။ မိတ်ဆွေများထံမှ အကူအညီအချို့တစ်ဝက်ရရှိပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် လေထိုး၊ လေအောင့်စေသော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ရေချိုးလည်း ဆင်ခြင်ရပါမည်။ ပညာရေးကံများကောင်းနေပါသည်။ စာကိုအထပ်ထပ်လေ့လာကျက်မှတ်ဖို့တော့လိုပါလိမ့်မည်။ လက်ဝက်ရတနာမမြဲသောကာလဖြစ်ပါသည်။ ရွှေဝင်လာလျှင် မိသားစုထဲမှတစ်ဦးဦးကို ဆင်ထားပေးလိုက်ပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ပျော်ရွှင်ချမ်းမြေ့မှုများရရှိမည်။ မင်္ဂလာကိစ္စများ စီစဉ်ဆောင်ရွက်ရတတ်သည်။ အလှူဒါနများလည်း မကြာမကြာပြုဖြစ်မည်။ ထီထိုးမည်ဆိုပါက ကားနှင့်ရောင်းသောထီကားလေးများတွင် နှစ်စောင်တွဲလေးများကို နိုင်သလောက်ထိုးထားလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

**ယတြာ ။ ။** ***ဘုရားရှင်ကို တနင်္လာနံ့အသီး၊ အပွင့်များနှင့်မပြတ်ပူဇော်ပါ။***

**တနင်္လာသားသမီးများ**

အောင်မြင်လိုသောမည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၆) ဂဏန်း၊ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများဖြင့် ထစ်ငေါ့နေသောငွေကြေးကိစ္စများ အဆင်ပြေချောမွေ့သွားပါလိမ့်မည်။ စပ်တူရှယ်ယာလုပ်ငန်းများ အောင်မြင်မှုရရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ ထီကံကောင်းနေပါသည်။ ထီထိုးထားလိုက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိလာမည်။ မိတ်ဟောင်းဆွေဟောင်းများထံမှ မမျှော်လင့်ဘဲ အကူအညီများရရှိမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားပြီး ရှောင်လိုက်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုရရှိသွားမည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ကိုယ့်ဘက်ကစကားပြောလျှော့ပါ။ ချစ်သူကိုစကားဖြင့် အနိုင်မယူပါနှင့်။ ချစ်သူ၏အတိတ်ကအကြောင်းများကို ပြန်ပြောမနေပါနှင့်။ ချစ်သူအား စိတ်ချမ်းသာအောင်ထားပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် စကားပြောလျှော့ပါ။ စကားကြောင့်အမှားပါသွားတတ်ပါသည်။ ထီထိုးရန်အတွက် တနင်္ဂနွေနာမည်ရှင်များနှင့် စပ်တူထိုးခြင်း၊ စနေနံ့ထီဆိုင်တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းခြင်းများဖြင့် ထီကံကောင်းပါလိမ့်မည်။

**ယတြာ ။ ။** ***ဘုရားရှင်အား အင်္ဂါနံ့အသီး၊ အပွင့်၊ ပန်းများနှင့် ပူဇော်ပါ။***



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံး ကူညီမည့် နာမည်ရှင်များမှာ တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၇)ဂဏန်း၊ (၄)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ထင်သလောက်အကျိုးအမြတ်မရရှိတတ်ပါ။ မမျှော်လင့်ဘဲ ခရီးယာယီပေါ်မည်။ အဘက်ဘက်မှ ငွေဝင်ပါလိမ့်မည်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေဝင်လာတိုင်း တစ်နိုင်အလှူလေးတစ်ခု ပြုလုပ်ပေးပါ။ လက်ဝတ်ရတနာမဝယ်ပါနှင့်။ စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ စက်ပစ္စည်းအကျိုးမပေးသေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာမည်။ မိတ်ဆွေဟောင်းများထံမှ မမျှော်လင့်ဘဲ အကူအညီရရှိမည်။ လိုအပ်နေသောကိစ္စများအတွက် ကူညီပံ့ပိုးပေးပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအအေးမခံပါနှင့်။ လေအောင့်၊ လေချုပ်စေတတ်သော အစားအသောက်များ သတိထားပြီး ရှောင်လိုက်ပါ။ ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ပေးခြင်းများ ဆောင်ရွက်ပါ။ ပညာရေးကံများကောင်းပါသည်။ မွေးနေ့တွင် အသားစားရှောင်ပြီး ကျင့်ကြံအားထုတ်မှုများ မမေ့မလျော့ ဆောင်ရွက်ပါ။ အညံ့များလျော့နည်းသွားပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ မျက်နှာပွင့်လွန်းနေပါသည်။ ချစ်သူအပေါ် သစ္စာရှိရန်လိုပါသည်။ ထီကံစမ်းရန်အတွက် တနင်္လာနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ရွှေဘွဲ့အမည်ရှိဘုရားတစ်ဆူဆူသို့သွား၍ အဓိဋ္ဌာန်ပုတီးစိပ်လိုက်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ


အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီပေးမည့် နာမည်ရှင်များမှာ စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၅)ဂဏန်း၊ (၁)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးတစ်ခုသွားရန်စီစဉ်ပြီးမှ မသွားဖြစ်ဘဲ ပျက်သွားတတ်ပါသည်။ ထီကံကောင်းသောကာလဖြစ်သည်။ လာဘ်လာဘအတွက် ငွေဝင်စေသော ဒိဝါတပတိဂါထာ၊ ရှင်သီဝလိ(၁၀)ဂါထာ၊ မဟာဝေဒဗ္ဗမန္တန်များကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ လက်ဝတ်ရတနာအဟောင်းပြန်ဝင်မည်။ အိမ်တွင်းရေးများ စိတ်ချမ်းသာမှုရှိစေရန် စကားပြောလျှော့ပါ။ အိမ်ဆူအိမ်ပူအောင်မလုပ်ပါနှင့်။ မိတ်ဆွေများကူညီသော်လည်း အရာမရောက်ဘဲဖြစ်နေတတ်ပါသည်။ ရပ်ဝေးမှ မိတ်ဆွေဟောင်းများဖြစ်ပါက အဆင်ပြေအောင်ကူညီပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ရင်၊ ဝမ်းနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပါ။ ပညာရေးကံများကောင်းလာပါမည်။ ကျက်ထားသောစာများ မမေ့အောင် အကြိမ်ကြိမ်လေ့ကျင့်မှတ်သားပါ။ အောင်မြင်မှုရရှိပါတော့မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ သာယာချမ်းမြေ့မှုရှိစေရန် ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။ ရပ်ဝေးမှာရှိသော စက်ရုံ၊ အလုပ်ရုံ၊ စက်ပစ္စည်းများ အကျိုးပေးနေမည်။ ထီထိုးရန်အတွက် စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့်ရောင်းသောထီသည်များထံတွင် (၇)ဂဏန်း၊ (၄)ဂဏန်းများပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်များကို ဆေး၊ မျက်စဉ်း၊ ငွေ၊ မျက်မှန်လှူပေးပါ။*

BURMESE CLASSIC

## ကြာသပတေးသားသမီးများ


အောင်မြင်လိုသောမည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၆)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဝင်ငွေကောင်းနေပါမည်။ ရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ်မှုများဖြင့် အရာရာကိုအောင်မြင်စေပါလိမ့်မည်။ အလုပ်အကိုင်ရှာဖွေနေသူများ၊ အလုပ်လျှောက်ထားသူများ ရွေးချယ်ခံရပါလိမ့်မည်။ ခရီးထွက်ရန်အကြောင်းကိစ္စပေါ်မည်။ ရပ်ဝေးမှာရှိသော စက်ရုံ၊ အလုပ်ရုံ၊ စက်ပစ္စည်းများအတွက် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ ကာလအတန်ကြာဝေးကွာနေသော ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် မမျှော်လင့်ဘဲပြန်လည်ဆုံတွေ့ရမည်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများ အခက်အခဲများဖြစ်ပြီးမှ အောင်မြင်မှုရရှိပါလိမ့်မည်။ အတိုက်အခံများရှိနေပါက လမ်းလျှောက်သွား၍နီးသောဘုရားစေတီ၏ရင်ပြင်တော်တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ပန်းခြောက်များစွန့်ခြင်းကုသိုလ်များဆောင်ရွက်ပါ။ စကားပြောဆင်ခြင်ရမည့်ကာလဖြစ်သည်။ ကျန်းမာရေးကောင်းမည်။သို့သော်





www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့်မတည့်သောအစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကံများကောင်းပါသည်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာရမည်။ အလှူမင်္ဂလာများပြုလုပ်ရခြင်း၊ မင်္ဂလာပွဲများသွားရခြင်းများရှိပါသည်။ ထိုထိုးရန်အတွက် ကားနှင့်ရောင်းသောထီကားလေးများ အိမ်ရှေ့လာရောင်းပါက (၂)ဂဏန်းများစွာပါအောင်ထိုးလိုက်ပါ။

ယတြာ ။ ။ *ဘုရားရှင်အား သောကြာနံ အသီး၊ အပွင့်၊ ပန်းများနှင့်ပူဇော်ပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကူအညီပေးသူ၊ အကြံပေးနိုင်သူများမှာ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသော ဂါထာ၊ မန္တန်များကို နေ့စဉ် အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ ထိုကံကောင်းသောလဖြစ်ပါသည်။ ရှင်သီဝလိ(၁၀)ဂါထာကိုလည်း အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ လူမျိုးကွဲအကျိုးပေးမည်။ နိုင်ငံခြားစီးပွားရှာသွားမည့်သူများ ထွက်ခွာဖြစ်ပါမည်။ အလုပ်များပြီးပြတ်မှုမရှိသဖြင့် စိတ်ရောကိုယ်ပါပင်ပန်းရသောကာလ ဖြစ်ပါသည်။ အာရုံကြောများမကြာခဏအနားပေးပါ။ လွန်ကဲစွာ အအေးမခံပါနှင့်။ ရင်၊ ဝမ်းနှင့်ဆိုင်သောရောဂါများမဖြစ်အောင် ကျန်းမာရေးဂရုစိုက်ပေးပါ။ မိတ်ဆွေကောင်းများရှိနေ၍ ဘာမဆို အကူအညီများရရှိပြီး အဆင်ပြေသွားပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ ပူညံပူညံဖြစ်တတ်ပါသည်။ မေတ္တာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ပြန်လည်သာယာလာပါမည်။ ပညာရေးကံများကောင်းနေသော်လည်း ဖွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုများရရှိပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရရှိနေပါမည်။ ထိထိုးရန်အတွက် စနေနံထီဆိုင်တွင် (၃)ဂဏန်းများစွာပါအောင် ရွေးချယ်ဘံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ယခုလအတွင်း ဘုရား(၇)ဆူပြည့်အောင်လှည့်လည်ဖူးမြော်ပါ။*

BURMESE CLASSIC

## ၁နေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၆)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများ ရွတ်ဖတ်ပူဇော်ပါ။ စပ်တူလုပ်ငန်း၊ ရှယ်ယာလုပ်ငန်းများ ထစ်ငေါ့ပြီးမှ းအာင်မြင်တတ်ပါသည်။ အများနှင့်စုပေါင်းလုပ်ကိုင်ရသော လူမှုရေးလုပ်ငန်းများတွင် လူသိများလာမည်။ နာမည်ကောင်း ရရှိမည်။ စကားကို နူးညံ့သိမ်မွေ့စွာ ပြောဆိုပါ။ စကားပြောမလောပါနှင့်။ အမှားပါသွားတတ်ပါသည်။ အိမ်တွင်းရေးများ ိတ်ချမ်းသာမှုရှိလာမည်။ ကျန်းမာရေးကောင်းပါမည်။ သို့သော် အစားများတတ်၍ ကိုယ်နှင့်မတည့်သော အစားအသောက် ျား သတိထားပြီးရှောင်လိုက်ပါ။ သွားနှင့်ဆိုင်သောကျန်းမာရေးလည်း ဂရုစိုက်ပေးပါ။ ပညာရေးကောင်းနေပါသည်။ ကြိုးစား ပလောက် အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ချစ်သူကို အခြားသူတစ်ဦး င့်နှိုင်းယှဉ်ပြီး အပြစ်မပြောမိပါစေနှင့်။ ခို၊ ကျီး၊ ခွေးလေးများကိုလည်း မကြာမကြာအစာကျွေးပါ။ ထိုကံကောင်းနေ၍ ဝီထိုးရန်မမေ့ပါနှင့်။ တနင်္ဂနွေသားသမီးများနှင့်စပ်တူထိုးကြည့်ပါ။ (၁)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေ ါသည်။

ယတြာ ။ ။ *ရပ်ဝေးခရီးသို့ကြွမည့် သံဃာတော်အရှင်သူမြတ်တစ်ပါးကို ခရီးအတွက်ဝတ္ထုငွေပြည့်စုံစွာ လှူဒါန်းကန်တော့လိုက်ပါလေ။*

ရ င် ကို အေ း မြ စေ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း။ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com